ttp://www.dhammadownload.com

ရွှေညဝါ + ဒီကာမ္ဗိက

ရွှေညဝါ ဦးသုန်

စိရရှိခြယ်မှုန်း တင်ပြထားသော

၁၅

# ရွှေသီလကျွန်း

(ပထမတွဲ)

GRAPHIC NAY WINN AUNG 099081597

ttp://www.dhammadownload.com




မွှာစရိယတန်း၊ သီလက္ခန်ကျမ်းစာ၊ ဒုတိယနေ့
စည်းမျဉ်း (၁၀)ချက် နှင့် အမိပွဲါယ် (၁၀၀၀)တို့ကို
အကောင်းဆုံး စီရရီခြယ်မှုန်း တင်ပြထားသည်။

ttp://www.dhammadownload.com




မဟာစရိယတန်း၊ သီလကျွန်ကျမ်းစာ၊ ဒုတိယနေ့
စည်းမျဉ်း (၁၀)ချက် နှင့် အဓိပ္ပါယ် (၁၀၀၀)တို့ကို
အကောင်းဆုံး စီရရီခြယ်မှုန်း တင်ပြထားသည်။

(ပထမတွဲ) ရွှေသီလကျွန်
ရွှေညဝါ ဦးသုန်

ရွှေညဝါ + ဒိကာမ္မိကာ

# ရွှေညဝါ ဦးသုန်

စီရရီခြယ်မှုန်း တင်ပြထားသော

# ရွှေသီလကျွန်

(ပထမတွဲ)

GRAPHIC NAY WINN AUNG

ttp://www.dhammadownload.com



ဓမ္မာစရိယ [ဓာချ] တန်းဝင် အရှင်တို့အတွက်

# ရွှေသီလက္ခန် (ပထမတွဲ)

ဓမ္မာစရိယတန်း သီလက္ခန်ကျမ်းစာ ဒုတိယနေ့
စည်းမျဉ်း(၁၀)ချက်နှင့် အဓိပ္ပါယ် (၁၀၀၀)တို့ကို
အကောင်းဆုံး စီရရီ ခြယ်မှုန်းတင်ပြထားသည်။

ရွှေညာဝါ-ဦးသုန်
ရွှေညာဝါ+ဒီကာမ္ဗိက

ttp://www.dhammadownload.com



**အဖုံး အညွှန်း**

ဤကျမ်းစာအုပ်ကို စတင်ဖတ်ရှုချိန်၌ စာဖတ်သူသည် (များသောအားဖြင့်) တပည့်စာသင်သား ဘဝ၌သာ ရှိသေးမည်။ ဤကျမ်းစာအုပ်ကို ဖတ်ရှုလေ့လာပြီးသော (ဝါ) ဤကျမ်းစာအုပ်၌ ပါရှိသည့် နည်းစနစ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ပြီးသော အချိန်၌ကား စာဖတ်သူသည် မြင့်မြတ်သည့် ဆရာ (ဝါ) ပဋ္ဌမမြင်းမိုရ် ဘဝသို့ တက်လှမ်းနိုင်ပြီး ဖြစ်ပေတော့မည်။

ထို့ကြောင့် အစဖြစ်သော ရှေ့မျက်နှာဖုံး၌ ထိုင်ခင်းနှင့် ပန်းဖူးကလေးတို့ဖြင့် တပည့်၏ သင်္ကေတ နိမိတ်ပုံကိုလည်းကောင်း၊ အဆုံးဖြစ်သော နောက်ကျောဖုံး၌ စာပြဘောနှင့် ပန်းပွင့်ကလေးတို့ဖြင့် ဆရာ (ဝါ) ပဋ္ဌမမြင်းမိုရ်၏ သင်္ကေတနိမိတ်ပုံကိုလည်းကောင်း ဖော်ကျူးပူဇော်အပ်ပါသည် သံဃာတော် အရှင်မြတ်တို့ဘုရား။

ရိုသေစွာဖြင့် တပည့်ဒါယကာ -
နေဝင်းအောင် **(Graphic Design)**

**အတွင်း ကွန်ပျူတာစာစီ**

အရှင်ပညာသိရီ (ရှာင်)
စေတီကြီးပရိယတ္တိစာသင်တိုက်
ပင်းတယမြို့
ရှမ်းပြည်နယ် တောင်ပိုင်း။
**ph. 01-3337616**

**မျက်နှာဖုံး ဒီဇိုင်း**

နေဝင်းအောင် **(Graphic Design)**
အမှတ် (၁၅၄)
ပထမထပ်၊ စမ်းချောင်းလမ်း
စမ်းချောင်းမြို့၊ ရန်ကုန်။
**ph. 09-9061597**

**ရွှေညာဝါ+ရွှေသီလက္ခဏ် ပြည်လုံးကျွတ် ဖြန့်ချိရေး**

ဒေါ်သွန်းဝေ ပိဋကတ်စာအုပ်ဆိုင်
အမှတ် (၃၉၊ ၄၀)
ရွှေတိဂုံဘုရား တောင်ဘက်မုခ်ဈေးတော်ရုံ
ဒဂုံစာတိုက်၊ ရန်ကုန်မြို့။
ဖုံး။ ၀၁-၃၈၃၅၁၁ (လိုင်းခွဲ) ၂၀၆

ttp://www.dhammadownload.com



# ကျေးဇူးဆပ်ပါ၏

ရှင်သာမဏေ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူသော ဘဒ္ဒန္တပညာဒီပ (ပျံလွန်)၊ သတိပဋ္ဌာန် ကျောင်းဆရာတော်၊ ပန်းတနော်မြို့။

ရဟန်း ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူသော ဘဒ္ဒန္တသောဘိတ (ပျံလွန်)၊ ရွှေဂူကျောင်း ဆရာတော်၊ ဓနုဖြူမြို့။

ကန့်ကူလက်လှည့် ငယ်ဆရာအရင်း ဖြစ်တော်မူသော ဓနုဖြူ၊ ရွှေဂူ–အရှင်ဇာဂရိယ၊ ပန်းတနော်မြို့။

အလင်္ကာ, ဆန်း, သဒ္ဒါ, ကဗျာ စသော စာဝါများကို သင်ကြားပို့ချပေးတော်မူသော ဘဒ္ဒန္တကုမာရ၊ မြတောင်စာသင်တိုက်၊ ပန်းတနော်မြို့။

အဘိဓမ္မာ၏ အခြေပါဒက သင်္ဂြိုဟ်ကျမ်းကို ပိုင်နိုင်စွာ သင်ကြားပို့ချပေးတော်မူသော ဘဒ္ဒန္တအာစာရ၊ မြတောင်စာသင်တိုက်၊ ပန်းတနော်မြို့။

သဒ္ဒါ, ပဋ္ဌာန်း, ပါရာဇိကဏ် စသော စာဝါများကို သင်ကြားပို့ချပေးတော်မူခဲ့သော သတ္တမစံကျောင်း ဆရာတော်၊ ရွှေဟသံ်ာတောရ ပါဠိတက္ကသိုလ်၊ ညောင်တုန်းမြို့ အစရှိသော ဆရာမြတ်များနှင့် ...

ပုဗ္ဗာစရိယဟု ဆိုအပ်သည့် ခမည်းတော် ဦးခင်ရွှေ+မယ်တော် ဒေါ်ခင်လှ၊ ပန်းတနော် မြို့၊ ရောဝတီတိုင်း။

မိခင်ကဲ့သို့ ကျေးဇူးများလှသည့် အမကြီး ဒေါ်ချော (ရွှေမြင့်မိုရ်)၊ ရန်ကုန်မြို့။

သာမဏေဘဝ၌ ပစ္စည်းလေးပါးတို့ဖြင့် လိုလေသေးမရှိအောင် ချီးမြှောက် ထောက်ပံ့ ပျိုးထောင်ပေးခဲ့သော ဦးခင်အောင်+ဆရာမဒေါ်ခင်မီမီအောင်၊ ဘုရင့်နောင်လမ်း၊ (ငွေသော်တာ ရွှေပန်းတိမ်)၊ ပန်းတနော်မြို့။

ရဟန်းဘဝ၌ ပစ္စည်းလေးပါးတို့ဖြင့် လိုလေသေးမရှိအောင် ချီးမြှောက်ထောက်ပံ့ လှူဒါန်း ပြုစုပေးသော ရဟန်းမယ်တော်ကြီး ရွှေဥဒေါင်း ဒေါ်ခင်ကြည်နှင့် သား/သမီး/မြေး တစ်စု၊ ဓနုဖြူမြို့။

မိခင်ရင်းပမာ မေတ္တာထားကာ စောင့်ရှောက်ရှာသည့် အမေလွမ် (ခ) ဒေါ်ရင်မေ၊ စလင်းလမ်း၊ ကြည့်မြင်တိုင်မြို့ ... အစရှိသော ကျေးဇူးရှင်တို့၏ မြင့်မြတ်များပြား လှသော ကျေးဇူးများကို ဤကျမ်းစာ ရေးသားအားထုတ်ခြင်းဖြင့် ကျေးဇူးဆပ်ပါ၏။

ttp://www.dhammadownload.com



## ပုံနှိပ်ခြင်း

သာသနာရေးဦးစီးဌာန၊ စာအမှတ် ၁၁၉/ ၀၁/ (ပုံနှိပ်) သသန-၀၉ ညွှန်ကြားရေးမှူး ဦးဝင်းနိုင် မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)ဖြင့် ထုတ်ဝေ၍ ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၁၇၅)၊ မြေညီထပ်၊ ၃၆-လမ်းရှိ ဦးအောင်မြ၏ ဝသန်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ကွန်ပျူတာစာစီ | အရှင်ပညာသိရီ (ရှာငံ၊ အုတ်တွင်း) |
| မျက်နှာဖုံးဒီဇိုင်း | နေဝင်းအောင် |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ဓမ္မဒါန |
| ထုတ်ဝေသည့်ခုနှစ် | ၂၀၁၀ ခုနှစ်၊ ဧပြီလ |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| ဖြန့်ချိရာဌာန | ဒေါ်ညွန့်ဝေ ပိဋကတ်စာအုပ်ဆိုင်<br>အမှတ် (၃၉၊ ၄၀)<br>ရွှေတိဂုံဘုရား တောင်ဘက်မုခ်ဈေးတော်ရုံ<br>ဒဂုံစာတိုက်၊ ရန်ကုန်မြို့။<br>ဖုံး။ ၀၁-၃၈၃၅၁၁ (လိုင်းခွဲ) ၂၀၆ |

ttp://www.dhammadownload.com



ဧရာဝတီတိုင်း၊ ပန်းတနော်မြို့
မြို့တောင်စာသင်တိုက်
၃၅–နှစ်ပြည့် သန္တာရတုအား
အမှတ်တရ ဂုဏ်ပြုပူဇော်ပါသည်။

သာသနာ–၂၅၅၂ ကောဇာ–၁၃၇၀ ခရစ်–၂၀၀၉

ttp://www.dhammadownload.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ရွှေသီလက္ခန် (ပထမတွဲ)

## ပဏာမနှင့် ပဋိညာဉ်

အနန္တဂုဏာသမ္ပန္နံ၊ ဗုဒ္ဓံ ဓမ္မံ ဂဏံ သေဋ္ဌံ။
ဝန္ဒိတွာန ဣမံ ဂန္ထံ၊ သောတူနတ္ထာယ ဘာသိဿံ။

### မြတ်ဆရာများ

စာရေးသူသည် ဓမ္မာစရိယတန်း၊ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ ကျမ်းစာကို . . .

မန္တလေးမြို့, မစိုးရိမ်တိုက်သစ်နှင့် မစိုးရိမ်ကျောင်းတိုက်တို့မှ စာချဆရာတော်များ၊ ပဲခူးမြို့, ကြခတ်ဝိုင်းကျောင်းတိုက်မှ စာချဆရာတော်များ၊ ဦးနန္ဒက (ထားဝယ်)၊ ပါဠိဆရာကြီး ဦးအောင်ခိုင် အစရှိသော ဆရာမြတ်တို့၏ အထံမှလည်းကောင်း။

“ရှေးရှေးသော ကျမ်းတို့သည် နောက်နောက်သော ကျမ်းတို့၏ ဆရာဖြစ်စမြဲ”ဟူသော ဆိုရိုးအတိုင်း ရှေးရှေးသော ကျမ်းပြုဆရာမြတ်တို့ ရေးသားပြုစု အားထုတ်တော်မူခဲ့ကြသော, စာရေးသူ ဖတ်ရှုလေ့လာခဲ့ရသော စာချတန်းဆိုင်ရာ ကျမ်းစာများမှလည်းကောင်း နည်းယူခဲ့ပါ၏။

အထူးအားဖြင့် အမရပူရမြို့, မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ရေးသားပြုစုတော်မူသော ဘာသာဋီကာကျမ်းများနှင့် သဒ္ဒါကျမ်းများ၊ ရန်ကုန်တိုင်း, မှော်ဘီမြို့, သာသနာ့ဝန်ဆောင်ကျောင်းတိုက်ဆရာတော် အရှင်ကုမာရ ပြုစုတော်မူသော ဓာတွတ္ထပန်းကုံး၊ မန္တလေးမြို့, မဟာဝိသုဒ္ဓါရုံတိုက်သစ်, မင်္ဂလာသိရီအုတ်ကျောင်းမှ ဘဒ္ဒန္တစန္ဒောဘာသာဘိဝံသ စုစည်းတင်ပြတော်မူသော တိပိဋကဝိဂ္ဂဟမဉ္ဇူသာ၊ ဟင်္သာတမြို့, မိုးကောင်းပရိယတ္တိစာသင်တိုက်မှ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဓမ္မာစာရ ရေးသားပြုစုတော်မူသော အမြန်သင်ဓမ္မာစရိယ ပို့ချချက်(မူကြမ်း)၊ မန္တလေးမြို့, မစိုးရိမ်တိုက်မှ ဘဒ္ဒန္တကောဝိဒါဘိဝံသ ရေးသားပြုစုတော်မူသော မစိုးရိမ်သီလက္ခန်၊ မစိုးရိမ်တိုက်မှ ဘဒ္ဒန္တဇယဒိသာဘိဝံသ ရေးသားပြုစုတော်မူသော မစိုးရိမ်သီလက္ခန်အဖြေသစ်၊ မစိုးရိမ်တိုက်သစ်မှ ဘဒ္ဒန္တသုစိတ္တာဘိဝံသ ရေးသားပြုစုတော်မူသော သီလက္ခန်ဝါကျဥယျာဉ်၊ ပဲခူးမြို့, ကြခတ်ဝိုင်းကျောင်းတိုက်မှ ဘဒ္ဒန္တကဿရိယာဘိဝံသ ရေးသားပြုစုတော်မူသော သီလက္ခန်အောင်ပန်း၊ ရန်ကုန်မြို့, ရန်ကင်း-ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်မှ ဘဒ္ဒန္တပညာသီဟာဘိဝံသ ရေးသားပြုစုတော်မူသော သီလက္ခန်စာစဉ်၊ ရန်ကုန်တိုင်း, ခရမ်းမြို့, ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်မှ တတိယနာယကဆရာတော် ဘဒ္ဒန္တဇောတိက စီရင်ရေးသားအပ်သော သီလက္ခန်စည်းမျဉ်း အလင်းကျမ်း၊ မန္တလေးမြို့, မိုးကောင်းတိုက်, ညောင်ရမ်းပါဠိတက္ကသိုလ်, သိန်းသန်းဆရာတော် ပို့ချတော်မူအပ်သော ဓမ္မာစရိယပို့ချချက်၊ မိုးကောင်းတိုက်, ညောင်ရမ်းပါဠိတက္ကသိုလ်, သုဓမ္မဝတီအုဋ္ဌကျောင်းမှ ဘဒ္ဒန္တသာသနာဘိဝံသ ရေးသားပြုစုတော်မူသော သီလက္ခန်အဖြေ၊ ဘုရားကြီးတိုက် ပဓာနနာယက, နယားဆရာတော် စီရင်တော်မူအပ်သော သံဝဏ္ဏနာနိယံအဖြေသစ်ကျမ်း၊ နိယံကျမ်းပြု ဆရာတော်အသီးသီးတို့ ရေးသားပြုစုတော်မူခဲ့ကြသော ဘုရားကြီးနိယံ, ရွှေရေးဆောင်နိယံ အစရှိသော နိယံကျမ်းများ၊ ပဲခူးမြို့, ဝင်းနိမ္မိတာရုံကျောင်းတိုက်မှ ပဓာနနာယကဆရာတော် အရှင်မုနိန္ဒာဘိဝံသ ရေးသားပြုစုတော်မူသော အနက်ပေးပုံ နည်းမျိုးစုံ၊ မြောင်းမြ, အရှင်နန္ဒာလင်္ကာရ ရေးသားပြုစုတော်မူသော အနက်ပေးနည်းလမ်းညွှန်၊ ရန်ကုန်မြို့, ကမာရွတ်မြို့နယ်, သိရီမင်္ဂလာပျော်ဘွယ်ကျောင်းတိုက်မှ အရှင်ပညာဗလ (ဓမ္မာစရိယ၊

ttp://www.dhammadownload.com



ဝိနယဝိဒူ၊ **M.A**, အိန္ဒိယ) ပြုစုသော အနက်ပေးနည်း ပို့ချချက်၊ ပဲခူးမြို့, သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ စာချအရှင်ဂါရဝ ရေးသားပြုစုတော်မူသော အလင်္ကာမှတ်စု, ဆန်းမှတ်စု၊ မြောင်းမြမြို့, တိုက်သစ်ပဓ္ဓောတာရုံကျောင်းတိုက်မှ အရှင်ကာရုဏိက (ခေါ်) ဆရာကြီး မျက်ရှူဦးကျော်လွင် ရေးသားပြုစုအပ်သော ဓမ္မာစရိယမျက်ရှု၊ ပခုက္ကူမြို့, မဟာဝိဇယာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်မှ အရှင်ရာဇိန္ဒ (ခေါ်) ဆရာဦးတင်စိုး ရေးသားပြုစုအပ်သော ပခုက္ကူဓမ္မာစရိယ၊ ရန်ကုန်မြို့, မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှ ဘဒ္ဒန္တသီလာစာရာဘိဝံသ (ခေါ်) လေးဘွဲ့ရဓမ္မာစရိယ ဆရာကြီးဦးသာဌေးမြင့် ရေးသားပြုစုအပ်သော နည်းပြဓမ္မာစရိယ (ပ+ဒု)၊ ပဲခူးမြို့, သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ ဘဒ္ဒန္တဓမ္မာနန္ဒာစာရ (ခေါ်) ဆရာဦးထွန်းဦး (မဟာဓမ္မာစရိယ၊ **M.A**, ပါဠိပါရဂူ, ပိဋကတ္တယပါရဂူ) ရေးသားပြုစုအပ်သော ဓမ္မဗိမာန် သီလက္ခန်စည်းမျဉ်းအဖြေ အစရှိသော ကျမ်းစာများမှလည်းကောင်း သင်ကြားဆည်းပူး နည်းယူခဲ့ပါ၏။

ဖော်ပြခဲ့ပြီးသော ဆရာတော်အရှင်သူမြတ်များသည် ရွှေသီလက္ခန်ကျမ်းစာနှင့် ဆက်စပ်သည့် စာရေးသူ၏ မြတ်ဆရာများပင် ဖြစ်ပါတော့၏။

## လျှောက်တင်လွှာ

ဤကျမ်း၌ ရေးထားသော စာများသည် များသောအားဖြင့် ဆရာမြတ်တို့၏ စာများသာ ဖြစ်ကြ၏။ စာပိုဒ်တိုင်း စာပိုဒ်တိုင်း၌ ဆရာမြတ်တို့၏ ဘွဲ့နှင့် ကျမ်းအမည်တို့ကို မော်ကွန်းထိုးချင်ပါသော်လည်း ဂန္ထဂရု အစရှိသော ဒေါသများ သင့်ရောက်မည် စိုးသောကြောင့် ကမ္ပည်းမထိုးခြင်းကိုလည်း သည်းခံခွင့်ပေးတော်မူကြပါရန် ဤနေရာမှ ရိုသေလေးမြတ်စွာ ရှိခိုးဦးညွှတ် လျှောက်တင်အပ်ပါ၏။

## ထပ်ဆင့်လျှောက်တင်လွှာ

ဆရာမြတ်အသီးသီးတို့၏ နည်းစနစ်များကို တိုက်ရိုက်သော်လည်းကောင်း, ပြင်ဆင်၍သော်လည်းကောင်း ဤကျမ်း၌ သုံးခွင့်ပြုတော်မူပါရန် ဆရာမြတ်အပေါင်းအား ဤနေရာမှ ရိုသေလေးမြတ်စွာ ရှိခိုးဦးညွှတ် လျှောက်ထားအပ်ပါ၏။ ဤရွှေသီလက္ခန်ကျမ်းစာကို အမှားအယွင်း ကင်းနိုင်သမျှ ကင်းအောင် စာရေးသူ အတတ်နိုင်ဆုံး အားထုတ်ထားပါ၏။ စာရေးသူ၏ ပမာဒ,ဘမ အစရှိသော အကြောင်းများကြောင့် ချွတ်ယွင်းချက်များလည်း ပါကောင်း ပါနိုင်ရာ၏။ ချွတ်ယွင်းချက် အမှားများကို ရှုမြင်မိသော် အမှန်ပြင်တော်မူပါ၊ မသင့်မြင်သော် အသင့်ဆင်ပါဟု ပန်ကြားအပ်ပါ၏။

## ပန်ကြားလွှာ

ပညာရှင်အသီးသီးတို့၏ အဆိုအမိန့်များကိုလည်း သောတုဇနတို့ ဘဝအားမာန် တိုးတက်ပါစေခြင်း အကျိုးငှာ ဤကျမ်း၌ အလျင်းသင့်သလို ဖော်ပြထားပါ၏။ ထိုအဆိုအမိန့်တို့ကို သုံးခွင့်ပြုပါရန်လည်း ပညာရှင် အပေါင်းတို့အား အနူးအညွတ် ပန်ကြားအပ်ပါ၏။

**သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ**

ရွှေညာဝါ ဦးသုန်
ရွှေညာဝါ+ဒီဓာမ္မိက
၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်နေ့

ttp://www.dhammadownload.com



# မာတိကာ


၁။ စာချုတန်းအခြေခံ သဒ္ဒါကဏ္ဍ — နှာ ၁–မှ ၂၆–အထိ
၂။ စည်းမျဉ်း ၁၀–ချက် — နှာ–၂၇
၃။ (၁) နံပါတ် အနက်ပေးနည်း စည်းမျဉ်း — နှာ ၂၈–မှ ၁၂၂–အထိ
၄။ (၂) နံပါတ် အတက်,အထွက် စည်းမျဉ်း — နှာ ၁၂၃–မှ ၂၂၈–အထိ
၅။ (၃) နံပါတ် စောဒကာဘောဂါဒိ စည်းမျဉ်း — နှာ ၂၂၉–မှ ၂၅၃–အထိ
၆။ (၄) နံပါတ် ဝိဂ္ဂဟ စည်းမျဉ်း — နှာ ၂၅၄–မှ ၂၉၄–အထိ
၇။ (၅) နံပါတ် ဟိတ်+သမ္ဗန် စည်းမျဉ်း — နှာ ၂၉၅–မှ ၃၁၄–အထိ
၈။ (၆) နံပါတ် အာဘော်+သံဝဏ္ဏနာ စည်းမျဉ်း — နှာ ၃၁၅–မှ ၃၆၈–အထိ
၉။ (၇) နံပါတ် နိရုတ္တိ စည်းမျဉ်း — နှာ ၃၆၉–မှ ၃၇၀–အထိ
၁၀။ (၈) နံပါတ် အဓိပ္ပါယ် စည်းမျဉ်း — နှာ ၃၇၁–မှ ၃၇၇–အထိ
၁၁။ (၉) နံပါတ် ဆန်း+ဂါထာ စည်းမျဉ်း — နှာ ၃၇၈–မှ ၃၉၀–အထိ
၁၂။ (၁၀) နံပါတ် ဘာဝါလင်္ကာရ စည်းမျဉ်း — နှာ ၃၉၁–မှ ၄၀၆–အထိ
၁၃။ ဂါထာတို့၌ ဆန္ဒာလင်္ကာရ — နှာ ၄၀၇–မှ ၄၅၄–အထိ
၁၄။ အဓိပ္ပါယ် (၁၀၀၀) — နှာ ၄၅၅–မှ ၇၄၅–အထိ
၁၅။ ဖြည့်စွက်ကဏ္ဍ — နှာ ၇၄၆–မှ ၇၄၈–အထိ
၁၆။ ဓမ္မမှတ်တမ်းလွှာ၊ ရွှေဆုမွန်၊ ရွှေစာစဉ် — နှာ ၇၄၉–မှ ၇၅၂–အထိ


နန်စီပါးလ် (Nancy Pearl)က ပြောတယ်။ စာအုပ်တစ်အုပ်
ကောင်း/မကောင်း သိချင်ရင် စာမျက်နှာ ၅၀–ပြည့်အောင် ဖတ်ကြည့်ပါတဲ့။
ရွှေဥဒေါင်း ဦးသုန်က ပြောတယ်။ ရွှေသီလကွန် (ပထမတွဲ)
ကောင်း/မကောင်း သိချင်ရင် စာမျက်နှာ ၂၀–ပြည့်အောင် ဖတ်ကြည့်ပါကွဲ့။

ttp://www.dhammadownload.com



## စာချတန်းအခြေခံ သဒ္ဒါကဏ္ဍ

သဒ္ဒါအခြေခံ မပိုင်သော အရှင်မြတ်များအတွက် စာချတန်းအခြေခံ သဒ္ဒါကဏ္ဍကို ရေးသားဖော်ပြအပ်ပါ၏။ ဖော်ပြလတ္တံ့သော အခြေခံ သဒ္ဒါကဏ္ဍကို သေချာစွာ ကြည့်ရှုလေ့လာပါ။ အားလပ်သော အချိန်၌လည်း နာမ်ဂိုဏ်း, အာချာတ်ဂိုဏ်း, အဘိဓာန်ကျမ်းတို့ကိုလည်း ကြည့်ရှုလေ့လာ ကျက်မှတ်တော်မူကြပါ။

### ပုဒ် (၂)မျိုး

ဝိဘတ်မသက်လျှင် ပုဒ်အရာ မဝင်သောကြောင့် ပုဒ်ဟူသမျှ၌ ဝိဘတ်သက်ရ၏။ ဝိဘတ်သည်လည်း နာမ်ဝိဘတ်နှင့် အာချာတ်ဝိဘတ်ဟူ၍ ဝိဘတ်နှစ်မျိုးသာ ရှိသောကြောင့် ပုဒ်သည်လည်း ၁။ နာမ်ဝိဘတ်သက်သော ပုရိသော စသော နာမ်ပုဒ် ၂။ အာချာတ်ဝိဘတ်သက်သော ဂစ္ဆတိ စသော အာချာတ်ပုဒ်ဟူ၍ (၂)မျိုးသာ ရှိ၏။ ထိုနှစ်မျိုးတို့တွင် အရာကျယ်သော နာမ်ပုဒ်တို့၏ အပြားကို ရှေးဦးစွာ ဖော်ပြပါအံ့။

### နာမ်ပုဒ် (၇)မျိုး

နာမ်ပုဒ်သည်လည်း ၁။ ဥပသာရ နာမ်ပုဒ် ၂။ နိပါတ် နာမ်ပုဒ် ၃။ သဗ္ဗနာမ နာမ်ပုဒ် (သဗ္ဗနာမ်ပုဒ်) ၄။ ကဿပေါ, အာနန္ဒော စသည်ဖြင့် အမည်ကို ဟောသော နာမ နာမ်ပုဒ် ၅။ သမာသ် နာမ်ပုဒ် ၆။ တဒ္ဓိတ် နာမ်ပုဒ် ၇။ ကိတ် နာမ်ပုဒ်အားဖြင့် နာမ်ပုဒ်သည် (၇)မျိုး ရှိ၏။

သတိ။ ဥပသာရ, နိပါတ်, သဗ္ဗနာမ်ပုဒ်တို့နှင့်မဖက် သူ့ချည်းသက်သက် သီးသန့် ကြွင်းကျန်နေသော နာမ်ပုဒ်များကို သုဒ္ဓနာမ်ပုဒ်ဟုလည်း ခေါ်ကြသေး၏။

### ဥပသာရပုဒ် (၂၀)

ပ၊ ပရာ၊ နိ၊ နီ၊ ဥ၊ ဒု၊ သံ၊ ဝိ၊ အဝ၊ အနု၊ ပရိ၊ အဓိ၊ အဘိ၊ ပတိ၊ သု၊ အာ၊ အတိ၊ အပိ၊ အပ၊ ဥပ။

### ဗာလာဝတာရကျမ်းလာ နိပါတ်ပုဒ် (၁၃၈)

စ၊ န၊ ဝ၊ ဝါ၊ မာ၊ ဟိ၊ ခိ၊ စိ၊ ကု၊ တု၊ နု၊ စေ၊ ရေ၊ ဟေ၊ သွေ၊ ဝေ၊ ဝေါ၊ ခေါ၊ နော၊ တော၊ ယံ၊ နံ၊ တံ၊ ကိံ၊ ဧ၊ ဟန္ဒ၊ ကိရ၊ ကိဝ၊ ယာဝ၊ တာဝ၊ ဝတ၊ ဝထ၊ အထ၊ အင်္ဂ၊ ဣဃ်၊ တဂ္ဃ၊ အာမ၊ နာမ၊ နူန၊ ပုန၊ ပန၊ အာဟ၊ သဟ၊ မုသာ၊ သက္ကာ၊ လဗ္ဘာ၊ ဟေဋ္ဌာ၊ အာရာ၊ ဒူရာ၊ ဒိဝါ၊ နဝါ၊ ဝိနာ၊ နာနာ၊ အဒ္ဓါ၊ မုဓာ၊ မိစ္ဆာ၊ ပစ္ဆာ၊ အာဝိ၊ သက္ခိ၊ သစ္စိ၊ သဋ္ဌိ၊ ဗဟိ၊ ယဒိ၊ ဣတိ၊ ကိန္တိ၊ အတ္ထိ၊ သောတ္ထိ၊ ခလု၊ နနု၊ တိမု၊ အဿု၊ ယဗ္ဗေ၊ သစေ၊ ဟဝေ၊ သုဝေ၊ သုဝေါ၊ အရေ၊ ပုရေ၊ နမော၊ တိရော၊ အဓော၊ အထော၊ အဟော၊ ရဟော၊ ဟိယျော၊ ဘိယျော၊ အန္တော၊ ပါတော၊ သုဒံ၊ ကလ္လံ၊ ဧဝံ၊ ခုဝံ၊ အလံ၊ ဟလံ၊ သယံ၊ သာယံ၊ သမံ၊ ကာမံ၊ သာမံ၊ ပါရံ၊ ဩရံ၊ စိရံ၊ ဟုရံ၊ အဟံ၊ သဟံ၊ ဥစ္စံ၊ နီစံ၊ သကိံ၊ သဒ္ဓိံ၊ အထဝါ၊ အန္တရာ၊ အာရကာ၊ ဗာဟိရာ၊ ဗဟိဒ္ဓါ၊ ယာဝတာ၊ တာဝတာ၊ သမန္တာ၊ သာမန္တာ၊ အာမန္တာ၊ သမ္မုခါ၊ ပရမ္မုခါ၊ စရဟိ၊ တရဟိ၊ ဧတရဟိ၊ သမ္ပတိ၊ အာယတိ၊ ဥပရိ၊ ယာဝဒေ၊ တာဝဒေ၊ တိရိယံ၊ သဏိကံ၊ သသက္ကံ၊ ဧတ္တာဝတာ၊ ကိတ္တာဝတာ၊ အညဒတ္ထု၊ သေယျထိဒံ၊ အပ္ပဝနာမ၊ ဘိယျောသောမတ္တာယ။

အမှာ။ ဗာလာဝတာရ၌ အပ္ပဝနာမ–ဟု ရှိသော်လည်း ပါဠိတော်များ၌ကား အပ္ပေဝနာမ–ဟူ၍သာ ရှိ၏။

ttp://www.dhammadownload.com



မှတ်ချက်။ နာမ်ကျမ်း–ပဌမပိုင်းလာ တော,ထံ,ဒါနိ စသော ပစ္စည်း အဆုံးရှိသည့် ပုဒ်၊ တဒ္ဓိတ်ကျမ်းလာ ဏ္ဏတ္တုံ စသော အဗျယပစ္စည်း အဆုံးရှိသည့် ပုဒ်၊ မော်လမြိုင် တောင်ပေါက်ဆရာတော်ကြီး၏ အလိုအားဖြင့် တဒ္ဓိတ်ကျမ်းလာ ပုဒ်နှင့်ပစ္စည်း မတွဲမူ၍ ပုဒ်ပြီးထားသော တာလီသံ,စတ္တာလီသံ စသော ပုဒ်များ၊ ကိတ်ကျမ်းလာ တဝေ,တုံ, တုန,တွာန,တွာ စသော ပစ္စည်း အဆုံးရှိသော ပုဒ်များ၊ သဒ္ဒနီတိ အလိုအားဖြင့် ပဌမာနှင့် အာလုပ်ဝိဘတ်တို့၌သာ တွေ့မြင်ရသော သမ္မ,သမ္မာ, မာရိသ,မာရိသာ ဟူသော လေးပုဒ် ဤပုဒ်တို့ကိုလည်း နိပါတ်ပုဒ်အဖြစ် ရေတွက်ရ၏။

"နိပါတ်ပုဒ်, ပစ္စည်းတို့သည် များစွာ ရှိကုန်၏"ဟူသော ရူပသိဒ္ဓိနှင့်အညီ နိပါတ်ပုဒ်များသည် အမှန်တကယ် အားဖြင့်ကား အရေအတွက် ပိုင်းခြားသတ်မှတ်၍ မရနိုင်ချေ။ သို့သော် ဤနေရာ၌ကား အသုံးများသော နိပါတ်ပုဒ် တို့ကို စုစည်း၍ ဖော်ပြခဲ့ပါ၏။

* နာမ်ပိုင်း ပဌမ၊ ကျမ်း၌ပြ၊ တော–စ ပစ္စယာ။
* တဒ္ဓိတ် ကျမ်းပြ၊ အဗျယ၊ မှတ်ကြ တာလီသာ၊
  စတ္တာလီသာ၊ ထူးပဒ၊ ခွဲကြ နိပါတာ။
* ကိတ်ကျမ်း၌ပြ၊ တုံ, တုန၊ တွာန, တွာ, တဝေ။
* နီတိညွှန်ပြ၊ မာရိသ၊ သမ္မ–နိပါတေ၊
  နိပါတ် ပဒ၊ စာရင်းပြ၊ ကျက်ကြ, မှတ်ကြစေ။

သတိ။ အပိသဒ္ဒါသည် ဓာတ်၏ ရှေ့၌ ကပ်၍ မဖြစ်လျှင် နိပါတ်ပုဒ် ဖြစ်၏။ ဓာတ်၏ ရှေ့၌ ကပ်၍ ဖြစ်မှသာ ဥပသာရပုဒ် ဖြစ်သည်ကို သတိပြုပါ။

## သဗ္ဗနာမ်ပုဒ် (၂၇)ပုဒ်

သဗ္ဗ၊ ကတရ၊ ကတမ၊ ဥဘယ၊ ဣတရ၊ အည၊ အညတရ၊ အညတမ၊ ပုဗ္ဗ၊ ပရ၊ အပရ၊ ဒက္ခိဏ၊ ဥတ္တရ၊ အဓရ၊ ယ၊ တ၊ ဧတ၊ ဣမ၊ အမု၊ ကိံ၊ ဧက၊ ဥဘ၊ ဥဘယ၊ ဒွိ၊ တိ၊ စတု၊ တုမှ၊ အမှ။

အမှာ။ အမည်ကို ဟောသော နာမနာမ်ပုဒ်ကား လူအမည်, ဘုန်းကြီးအမည်, သီလရှင်အမည်, ကြောင်အမည်, သစ်ပင်အမည် စသည်ဖြင့် အမည်မှည့်တိုင်း နာမနာမ်များ ဖြစ်ပေါ်ချေရကား နာမနာမ်ပေါင်း မြောက်များစွာ ရှိချေ၏။ သမာသ်နာမ်ပုဒ်, တဒ္ဓိတ်နာမ်ပုဒ်, ကိတ်နာမ်ပုဒ်တို့၏ အကြောင်းကို ဤကျမ်း၏ (၄)နံပါတ် ပုစ္ဆာလာ ဝိဂ္ဂဟစည်းမျဉ်း ကဏ္ဍ၌ အကျယ်တဝင့် ရေးသားဖော်ပြထားပါ၏။

## ဥပသာရ (၃)မျိုး

"ဇယတိ–အောင်၏"ဟူသော ပုံစံ၌ ဇိဓာတ်သည် အောင်ခြင်းအနက် ဟောသည်ကို သတိပြု၍လည်း ကောင်း၊ "သယတိ–အိပ်၏"ဟူသော ပုံစံ၌ သီဓာတ်သည် အိပ်ခြင်းအနက် ဟောသည်ကို သတိပြု၍လည်းကောင်း ဖော်ပြလတ္တံ့သော နည်းအတိုင်း ဥပသာရပုဒ် သုံးမျိုးကို ကြည့်ရှုလေ့လာပါ။

၁။ ဓာတ်၏အနက်အတိုင်း ဟောသော ဥပသာရပုဒ်သည် ဓာတွတ္ထာနုဝတ္တက ဥပသာရပုဒ် မည်၏။ (ပုံစံ) 'အနု'ဇယတိ–အောင်၏။

၂။ ဓာတ်၏အနက်ကို ပို၍ ထူးခြားအောင် ပြုတတ်သော ဥပသာရပုဒ်သည် ဓာတွတ္ထဝိသေသက ဥပသာရပုဒ် မည်၏။ (ပုံစံ) 'ဝိ'ဇယတိ–ဂုဏ်ထူးဖြင့် အောင်၏။

၃။ ဓာတ်၏အနက်ကို တားမြစ်တတ်သော ဥပသာရပုဒ်သည် ဓာတွတ္ထဗာဓက ဥပသာရပုဒ် မည်၏။ (ပုံစံ) 'ပရာ'ဇယတိ–ကျရှုံး၏။

ttp://www.dhammadownload.com



၁။ ဓာတွတ္ထာနုဝတ္တက ဥပသာရပုဒ် (ပုံစံ) 'ပရိ'သယတိ–အိပ်၏။
၂။ ဓာတွတ္ထဝိသေသက ဥပသာရပုဒ် (ပုံစံ) 'အတိ'သယတိ–တအားအိပ်၏။
၃။ ဓာတွတ္ထဗာဓက ဥပသာရပုဒ် (ပုံစံ) 'နိ'သယတိ–မအိပ်။

## အာဂမအက္ခရာနှင့် လာရာဌာနများ

ပုဒ်ပြီး, ရုပ်ပြီးရာ၌ သိသင့်သော ကစ္စည်း၊ သဒ္ဒနီတိကျမ်း၊ ယဝမဒနတရလာစာ ဂမာသုတ်, ပရဒွေဘာဝေါ ဌာနေသုတ်, ဝဂ္ဂေ ဃောသာဃောသာနံ တတိယပဌမာ သုတ်တို့၌လာသည့် အာဂမအက္ခရာနှင့် လာရာဌာနတို့ကို ဖော်ပြပါအံ့။ ကျက်မှတ်လေ့လာပါ။ ပုံစံများကိုကား ရူပသိဒ္ဓိကျမ်း၌ ရှုပါ။

၁။ ယထာ, ဝိ, ပရိ–နောက်၊ ယ–ဗျည်းရောက်။
၂။ တိ–စသည်နောက်၊ ဝ–ဗျည်းရောက်။
၃။ လဟု–စသည့်၊ သဒ္ဒါ၏ နောက်၊ မ–ဗျည်းရောက်။
၄။ ဥ–ဥပသာ၊ သမ္မာ, သကိ၊ ကေနစိနှင့်၊ ကိဉ္စိ, ကိသ္မိဉ္စိ၊ ကောစိ, ယာဝ၊ တာဝ, ပုနာ၊ နိပါတ်မှာ ကိုး၊ နာမ်မျိုး–ယ, တ၊ ဧတနှင့် သ၊ အတ္တနောက်သာ၊ ဒ–ဒွေး လာ။
၅။ အာယတိ သဒ္ဒါ၊ အစမှာ၊ လာပါ နငယ်၊ မှတ်အလွယ်။
၆။ ဣဟ, အဂ္ဂ၊ ယင်းသဒ္ဒကြောင့်၊ မှတ်ပ–ယသ္မာ၊ တသ္မာ, အဇ္ဇ၊ ထိုနောင်မှ၊ လာဗျ တ–က္ခရာ။
၇။ ပုန, စတု၊ နိ, ဓီ, ဒု၊ ပါတု, ပါတ နောင်၊ သရ နောင်းက၊ အာဂမ၊ ရကောက် အမြဲဆောင်။
၈။ သရ နောက်မှ၊ ဣဝေဝ ပင်၊ နောင်းလေလျှင်၊ လာချင် ရ–ဗျည်းသာ။
၉။ ဆ၏ နောက်မှာ၊ လ, ဠ–လာ။
* ဥ, ဒု, နိ–နောက်၊ ဒွေဘော်ရောက်။
* ယဝတံ သုတ်၊ ပြီးပြယုဂ်၊ မုချ ဒွေဘော်လာ။
* ပ, ပတိနှင့်၊ ပဋိ, ကမု၊ ကုသ, ကုဓ၊ ကီ, ဂဟ–ဟု၊ ဇုတ, ဉာ, သိ၊ သုသု, သမ္ဘု၊ သရ, သသ၊ သောဋသတို့၊ အစ ဗျည်းမှာ၊ ဒွေဘော်လာ။
* ရဿ သရနောက်၊ ဒွေဘော်ရောက်။
* စတု, ဆ–နောက်၊ ဒွေဘော်ရောက်။
* သန္တကို ပြု၊ သ–ဗျည်းစု နောက်၊ ဒွေဘော်ရောက်။

အမှာ။ ဒွေဘော်အတွက် ဝိသုဒ္ဓါရုံ ဒွေဘော်လင်္ကာကြီးကို ကျက်မှတ်လေ့လာသော် အလွန်ကောင်း၏။

## ပုဗ္ဗ/သဒ္ဒူပပဒ

ဓာတ်၏ ရှေ့၌ ဥပသာရပုဒ်နှင့် နိပါတ်ပုဒ်တို့ ရှိခဲ့သော် ဓာတ်+ပစ္စည်း ခွဲရာဝယ် "ပ–ပုဗ္ဗ, စ–ပုဗ္ဗ"စသည်ဖြင့် သုံး၏။ ဓာတ်၏ ရှေ့၌ ဥပသာရပုဒ်နှင့် နိပါတ်ပုဒ်တို့မှ တစ်ပါး သဗ္ဗနာမ်ပုဒ်နှင့် ကြွင်းနာမ်ပုဒ်တို့ ရှိခဲ့သော် "သဗ္ဗ–သဒ္ဒူပပဒ, ဗုဒ္ဓ–သဒ္ဒူပပဒ" စသည်ဖြင့် သုံး၏။

ttp://www.dhammadownload.com



## ပန်ကြားလွှာ

ပုဒ်ပြီး, ရုပ်ပြီးရာ၌ ပုဒ်, ဓာတ်+ပစ္စည်း မှန်ကန်စွာ ခွဲနိုင်ခြင်းသည် အလွန်အရေးကြီး၏။ ပုဒ်, ဓာတ်+ပစ္စည်း ခွဲရာ၌ အသုံးဝင်သော နည်းသည် နှစ်နည်းရှိ၏။ ထိုနှစ်နည်းကား (၁) အခြေခံ တွေးခေါ်နည်း (၂) သဒ္ဒါနည်းတို့ ဖြစ်၏။ ထိုနှစ်နည်းတို့တွင် အခြေခံ တွေးခေါ်နည်းအားဖြင့် ပုဒ်, ဓာတ်+ပစ္စည်း ခွဲနည်းကို ရှေးဦးစွာ ဖော်ပြအပ်ပါ၏။

### အခြေခံတွေးခေါ်နည်း

ပုဒ်တစ်ပုဒ်ကို ဓာတ်+ပစ္စည်း ခွဲလိုသော် = ယင်းပုဒ်ထဲ၌ ပါဝင်သော (က) ဥပသာရပုဒ်, နိပါတ်ပုဒ် (ခ) သဗ္ဗနာမ်ပုဒ်နှင့် ကြွင်းနာမ်ပုဒ်ဟု ဆိုအပ်သော သဒ္ဒါများ (ဂ) အာဂမအက္ခရာ (ဃ) မြင်လွယ်သော ဖြစ်နိုင်သော ဓာတ်, ပစ္စည်းတို့ကို ဖြုတ်၍ ခွဲပါ။ ဥဏ္ဏောက် သက်သာ၏။

### အခြေခံတွေးခေါ်နည်း ပုံစံ(၁)

ပက္ကမန္တ ပုဒ်ကို ဓာတ်+ပစ္စည်း ခွဲလိုသော် = ပ–ဥပသာရပုဒ်နှင့် အာဂမဒွေဘော် က–အက္ခရာ တစ်လုံးတို့ကို ဖြုတ်၍ထား၊ ကမန္တ–ဟုသာ ကျန်တော့၏။ ကမန္တ–ကား အန္တ ပစ္စည်း ဖြစ်နိုင်၏။ ပစ္စည်းအတွက် န္တ ကို ဖြုတ်၍ထား၊ ကမ–သာ ကျန်၏။ ယင်း ကမ–သည် ဓာတ်အတွက် ဖြစ်နိုင်၏။ ကမ–ဓာတ်ဟု မတွေ့ဘူး၊ ကမုဓာတ်သာ တွေ့ဘူး၏။ ကမုဓာတ်ဟု ဆုံးဖြတ်ပါ။ ဓာတ်+ပစ္စည်းခွဲသော် ပက္ကမန္တကား = ပ ပုဗ္ဗ (ဥပသာရပုဒ်အတွက်)၊ ကမု ဓာတ် + အန္တ ပစ္စည်းဟုသာ အဖြေထွက်တော့၏။

### အခြေခံတွေးခေါ်နည်း ပုံစံ(၂)

ကုမ္ဘကာရ ပုဒ်ကို ဓာတ်+ပစ္စည်း ခွဲလိုသော် = ကုမ္ဘ သဒ္ဒါကို ဖြုတ်၍ထား၊ ကာရ–ဟုသာ ကျန်တော့၏။ ကာရ–ကား ကရ–ဓာတ်သာ ဖြစ်နိုင်၏။ ပစ္စည်းကို မမြင်ရ၊ ပစ္စည်း ကျေပျောက်နေ၏။ ကရဓာတ်၌ ဓာတ်အစ က–၏ အ–ကို အာ ဝုဒ္ဓိပြု၍ ကာရဟု ပုဒ်ပြီးသည်ကို ထောက်သော် ကျေပျောက်နေသော ပစ္စည်းကား ဏ ပစ္စည်းသာ ဖြစ်နိုင်၏ဟု ဆုံးဖြတ်ပါ။ ဓာတ်+ပစ္စည်း ခွဲသော် ကုမ္ဘကာရကား = ကုမ္ဘ သဒ္ဒူပပဒ (ကုမ္ဘသဒ္ဒါအတွက်)၊ ကရ ဓာတ် + ဏ ပစ္စည်းဟုသာ အဖြေထွက်တော့၏။

### အခြေခံတွေးခေါ်နည်း ပုံစံ(၃)

ပရိယောဒါတ ပုဒ်ကို ဓာတ်+ပစ္စည်းခွဲလိုသော် = ပရိ–ဥပသာရပုဒ်နှင့် အာဂမ ယ–အက္ခရာ တစ်လုံးတို့ကို ဖြုတ်၍ထား၊ ဩဒါတ–ဟုသာ ကျန်၏။ ဩ–သည် အဝ–၏ ကာရိယသာ ဖြစ်နိုင်၏။ ယင်း အဝ–ဥပသာရပုဒ်ကို ဖြုတ်၍ထား၊ ဒါတ–သာ ကျန်၏။ ဒါတ–ကား တ ပစ္စည်း ဖြစ်နိုင်၏။ ပစ္စည်းအတွက် တ–ကို ဖြုတ်၍ထား၊ ဒါ–သာ ကျန်၏။ ယင်း ဒါ–ကို ဒါ–ဓာတ်ဟု ဆုံးဖြတ်ပါ။ ဓာတ်+ပစ္စည်း ခွဲသော် ပရိယောဒါတကား = ပရိ ပုဗ္ဗ (ဥပသာရပုဒ်အတွက်)၊ အဝ ပုဗ္ဗ (ဩ–၏ ကာရိယ အဝ–ဥပသာရ ပုဒ်အတွက်)၊ ဒါ ဓာတ် + တ ပစ္စည်းဟုသာ အဖြေထွက်တော့၏။

### အခြေခံတွေးခေါ်နည်း ပုံစံ(၄)

နိဗ္ဗုတ ပုဒ်ကို ဓာတ်+ပစ္စည်း ခွဲလိုသော် = နိ–ဥပသာရပုဒ်နှင့် အာဂမဒွေဘော် ဗ–အက္ခရာ တစ်လုံးတို့ကို ဖြုတ်၍ထား၊ ဗုတ–ဟုသာ ကျန်၏။ ဗုတ–ကား တ ပစ္စည်း ဖြစ်နိုင်၏။ ပစ္စည်းအတွက် တ–ကို ဖြုတ်၍ထား၊ ဗု–သာ ကျန်၏။ ယင်း ဗု–၌ ဗ–သည် ဝ–၏ ကာရိယသာ ဖြစ်နိုင်၏။ ဗု–ကို ဝု–ဟု မြင်ပါ။ ယင်း ဝု–ကို ဝု–ဓာတ် (သို့မဟုတ်) ဝါ–ဓာတ်ဟု ဆုံးဖြတ်ပါ။ ဓာတ်+ပစ္စည်းခွဲသော် နိဗ္ဗုတကား = နိ ပုဗ္ဗ (ဥပသာရပုဒ်အတွက်)၊ ဝု ဓာတ် (တစ်နည်း) ဝါ ဓာတ် + တ ပစ္စည်းဟုသာ အဖြေထွက်တော့၏။

ttp://www.dhammadownload.com



## အခြေခံတွေးခေါ်နည်း ပုံစံ(၅)

အသဿ ပုဒ်ကို ဓာတ်+ပစ္စည်းခွဲလိုသော် = အသဿ၌ အ-သည် န-၏ ကာရိယသာ ဖြစ်နိုင်၏။ ယင်း န-နိပါတ်ပုဒ်ကို ဖြုတ်၍ထား၊ သဿ-ကျန်၏။ သဿ-၌ သ-တစ်လုံးကား ပစ္စည်းအတွက် ဖြစ်နိုင်၏။ ပစ္စည်းအတွက် သ-တစ်လုံးကို ဖြုတ်၍ထား၊ သ-တစ်လုံးသာ ကျန်၏။ သ-ဓာတ်ဟု မတွေ့ဘူး၊ သိ-ဓာတ်သာ တွေ့ဘူး၏။ ယင်း သ-ကို သိ-ဓာတ်ဟု ဆုံးဖြတ်ပါ။ ဓာတ်+ပစ္စည်းခွဲသော် အသဿကား = န ပုဗ္ဗ (အ-၏ ကာရိယ န-နိပါတ်ပုဒ်အတွက်)၊ သိ ဓာတ် + သ ပစ္စည်းဟုသာ အဖြေထွက်တော့၏။

(တစ်နည်း) အသဿ ပုဒ်ကို ဓာတ်+ပစ္စည်းခွဲလိုသော် = အသဿ၌ သ-တစ်လုံးကား ပစ္စည်းအတွက် ဖြစ်နိုင်၏။ ပစ္စည်းအတွက် သ-တစ်လုံးကို ဖြုတ်၍ထား၊ အသ-ကျန်၏။ ယင်း အသ-ကို အသ-ဓာတ်ဟု ဆုံးဖြတ်ပါ။ ဓာတ်+ပစ္စည်းခွဲသော် အသဿကား = အသ ဓာတ် + သ ပစ္စည်းဟုသာ အဖြေထွက်တော့၏။

## မှန်/မမှန် ဆုံးဖြတ်နည်း

ဓာတ်+ပစ္စည်းခွဲထားသော ပုဒ်တစ်ပုဒ်ကို မှန်/မမှန် သိလိုသော် (၁) မိမိ ခွဲထားသော ဓာတ်+ပစ္စည်းတို့သည် ပုဒ်ပြီး၊ ရုပ်ပြီးရာ၌ သဒ္ဒယုတ္တိ ရှိခြင်း (၂) ဓာတ်အနက်သည် နိဗ္ဗစနပုဒ်နှင့် လျော်ညီသော အတ္ထယုတ္တိ ရှိခြင်း ဤအင်္ဂါနှစ်ချက်နှင့် ညီညွတ်မှသာ မှန်၏ဟု ဆုံးဖြတ်ပါ။

ရှင်း။ ပထမနည်းဖြင့် အသဿပုဒ်ကို န ပုဗ္ဗ၊ သိ ဓာတ် + သ ပစ္စည်းဟု ခွဲခဲ့သည်။ န ကို အ ပြု၊ သိ-၏ ဣ ကိုချေသော် အသဿပုဒ် ပြီး၏။ သဒ္ဒယုတ္တိ ရှိ၏။

သိ ဓာတ်သည် 'အိပ်'ခြင်း အနက်ကို ဟော၏။ သိ-ဓာတ်သည် န-နိပါတ်ပုဒ်နှင့် တွဲသောအခါ 'မအိပ်' ဟူသော အနက်ကို ဟော၏။ အသဿဟူသော နိဗ္ဗစနပုဒ်နှင့် လျော်ညီစွာ န ပုဗ္ဗ၊ သိ-ဓာတ်ကို အနက်ပြန်လျှင် "မအိပ်တတ်သောကြောင့် မြင်း"ဟု ပြန်ရ၏။ ဓာတ်အနက်သည် နိဗ္ဗစနပုဒ်နှင့် လျော်ညီ၏။ အတ္ထယုတ္တိ ရှိ၏။

ဤသို့လျှင် သဒ္ဒယုတ္တိ၊ အတ္ထယုတ္တိ အင်္ဂါနှစ်ချက်နှင့် ညီညွတ်သောကြောင့် ပထမနည်းဖြင့် အသဿပုဒ်ကို န ပုဗ္ဗ၊ သိ ဓာတ် + သ ပစ္စည်းဟု ခွဲခြင်းသည် မှန်၏ဟု ဆုံးဖြတ်နိုင်ပါသည်။

ဒုတိယနည်းဖြင့် အသဿပုဒ်ကို အသ ဓာတ် + သ ပစ္စည်းဟု ခွဲခဲ့သည်။ ဓာတွန် သ-၏ အ-ကိုချေသော် အသဿပုဒ် ပြီး၏။ သဒ္ဒယုတ္တိ ရှိ၏။

အသ ဓာတ်သည် 'စားခြင်း၊ လွှင့်ပစ်ခြင်း' နှစ်နက်ကို ဟော၏။ အသဿဟူသော နိဗ္ဗစနပုဒ်နှင့် လျော်ညီစွာ အသ-ဓာတ်ကို အနက်ပြန်လျှင် "စားတတ်သောကြောင့် မြင်း၊ (အစာကို) လွှင့်ပစ်တတ်သောကြောင့် မြင်း"ဟု ပြန်ရ၏။ ဓာတ်အနက်သည် နိဗ္ဗစနပုဒ်နှင့် လျော်ညီ၏။ အတ္ထယုတ္တိ ရှိ၏။

ဤသို့လျှင် သဒ္ဒယုတ္တိ၊ အတ္ထယုတ္တိ အင်္ဂါနှစ်ချက်နှင့် ညီညွတ်သောကြောင့် ဒုတိယနည်းဖြင့် အသဿ ပုဒ်ကို အသ ဓာတ် + သ ပစ္စည်းဟု ခွဲခြင်းသည် မှန်၏ဟု ဆုံးဖြတ်နိုင်ပါသည်။

နိယံ။ သဒ္ဒယုတ္တိ၊ နက်ယုတ္တိ၊ ရှိမှ အခွဲမှန်။

အမှာ။ ဖော်ပြခဲ့သော အခြေခံတွေးခေါ်နည်းများကို မှီး၍ အဋ္ဌကထာလာ ပုဒ်တို့၌ ဓာတ်+ပစ္စည်း ခွဲကြည့်ပါ။ ထို့နောင် အဘိဓာန်ဋီကာ၊ အဘိဓာန်သူစိ၊ ကစ္စည်း၊ ရွှေသီလက္ခန်-ဒုတိယတွဲ နိရုတ္တိ ၁၀၀၀-ကဏ္ဍ စသော ကျမ်းတို့နှင့် တိုက်ဆိုင်ကြည့်ပါ။ လေ့ကျင့်စဉ်ကား အလွန်ခက်ခဲပါ၏။ လေ့ကျင့်မှု ရင့်သန်လာသောအခါ အထိုက်အလျောက် လွယ်ကူလာသည်ကို တွေ့မြင်ခံစားရပါမည်။

ttp://www.dhammadownload.com



## ပန်ကြားလွှာ

သဒ္ဒါနည်းအားဖြင့် ပုဒ်, ဓာတ်+ပစ္စည်းခွဲနည်းကို ဖော်ပြပါအံ့။ ဖော်ပြလတ္တံ့သော သဒ္ဒါနည်းတို့သည် များသောအားဖြင့် ကစ္စည်းကျမ်း–ကိတ်ပိုင်း၌ လာ၏။ သုတ်စဉ်, သုတ်နက်များကို အာရုံပြု၍ လေ့လာသော် ပို၍ စွဲ၏။ မှတ်မိလွယ်၏။ သဒ္ဒါနည်း ဟူသမျှကို "သဒ္ဒါဟူက၊ ယေဘုယျ"နှင့်အညီ ယေဘုယျနည်း ဟူ၍သာ မှတ်စေလိုပါ၏။

အမှာ။ ဖော်ပြလတ္တံ့သော ပုံစံများ၌ အက္ခရာ နှစ်လုံး,သုံးလုံး စသည်ဖြင့် ရှိသောပုဒ်ဟု ဆိုရာဝယ် ဉပသာရပုဒ်, နိပါတ်ပုဒ်နှင့် သဒ္ဒျုပပဒ သဒ္ဒါတို့မှ အလွတ်ဖြစ်သော ကြွင်းကျန်သော အက္ခရာကိုသာ ရည်ရွယ်၍ ဆို၏ဟု မှတ်ပါ။

## သဒ္ဒါနည်းအားဖြင့် ပုဒ်၊ ဓာတ်+ပစ္စည်း ခွဲနည်း

### သဒ္ဒါနည်း (၁)

န(ဝါ)ဏ ဆုံးသော ပုဒ်၏ရှေ့၌ ဤ သရ ရှိအံ့၊ အက္ခရာ တစ်လုံးတည်းသာရှိသော ဓာတ် + တ ပစ္စည်း။

ပုံစံ။ ဟီနော = ဟာ ဓာတ် + တ ပစ္စည်း။ သလ္လီနော = သံ ပုဗ္ဗ၊ လီ ဓာတ် + တ ပစ္စည်း။
ခီဏံ = ခီ ဓာတ် + တ ပစ္စည်း။

သုတ်။ ဘိဒါဒိတော ဣန္န အန္န ဤဏာ ဝါ။ (ရူ အဖွင့်)

### သဒ္ဒါနည်း (၂)

န(ဝါ)ဏ ဆုံးသော ပုဒ်၏ရှေ့၌ ဤ သရ မရှိအံ့၊ ယု ပစ္စည်း။

ပုံစံ။ နန္ဒနံ = နန္ဒ ဓာတ် + ယု ပစ္စည်း။ ဂဟဏံ = ဂဟ ဓာတ် + ယု ပစ္စည်း။

သုတ်။ အနကာ ယုဏွူနံ။

အမှာ။ န(ဝါ)ဏ ကိုဖြုတ်၊ ဓာတ် ပေါ်လာမည်။

### သဒ္ဒါနည်း (၃)

အက္ခရာ သုံးလုံးရှိသော ပုဒ်၌ က အက္ခရာ ဆုံးနေပါအံ့၊ ဏွု ပစ္စည်း။

ပုံစံ။ ပါစကော = ပစ ဓာတ် + ဏွု ပစ္စည်း။ ဘောဇကော = ဘုဇ ဓာတ် + ဏွု ပစ္စည်း။

သုတ်။ အနကာ ယုဏွူနံ။

အမှာ။ ဝုဒ္ဓိကိုဖျောက်, ဏွု ပစ္စည်း၏ ကာရိယ က ကိုဖျောက်သော် ဓာတ်ပေါ်လာမည်။

### သဒ္ဒါနည်း (၄)

အက္ခရာ နှစ်လုံးရှိသော ပုဒ်၌ ...

(က) က အက္ခရာ ဆုံးနေအံ့၊ စ ဆုံးသော ဓာတ် + ဏ ပစ္စည်း။
ပုံစံ။ ပါကော = ပစ ဓာတ် + ဏ ပစ္စည်း။ ဝိဝေကော = ဝိ ပုဗ္ဗ၊ ဝိစ ဓာတ် + ဏ ပစ္စည်း။

သုတ်။ ကဂါ စဇာနံ။

(ခ) တ္တ အက္ခရာ ဆုံးနေအံ့၊ စ ဆုံးသော ဓာတ် + တ ပစ္စည်း။
ပုံစံ။ ပက္က = ပစ ဓာတ် + တ ပစ္စည်း။ ဩမုက္က = အဝ ပုဗ္ဗ၊ မုစ ဓာတ် + တ ပစ္စည်း။

သုတ်။ သုသ ပစ သကတော က္ခ က္ကာ စ။

ttp://www.dhammadownload.com



## သဒ္ဒါနည်း (၅)

အက္ခရာ နှစ်လုံးရှိသော ပုဒ်၌ ...

(က) ဂ အက္ခရာ ဆုံးနေအံ၊ ဇ ဆုံးသော ဓာတ် + ဏ ပစ္စည်း။

ပုံစံ။ ယောဂေါ = ယုဇ ဓာတ် + ဏ ပစ္စည်း။ ရာဂေါ = ရဉ္ဇ ဓာတ် + ဏ ပစ္စည်း။

သုတ်။ ကဂါ စဇာနံ။ ဏမှိ ရဉ္ဇဿ ဇော ဘာဝကရဏေသု။

(ခ) ဂ္ဂ အက္ခရာ ဆုံးနေအံ့၊ ဇ ဆုံးသော ဓာတ် + တ ပစ္စည်း။

ပုံစံ။ ဘဂ္ဂ = ဘဉ္ဇ ဓာတ် + တ ပစ္စည်း။ နိမုဂ္ဂ = နိ ပုဗ္ဗ၊ မုဇ ဓာတ် + တ ပစ္စည်း။

သုတ်။ ဘဉ္ဇတော ဂ္ဂေါ စ။

## သဒ္ဒါနည်း (၆)

ဏ္ဏ ဆုံးသောပုဒ် ဖြစ်အံ့၊ ရ ဆုံးသော ဓာတ် + တ ပစ္စည်း။

ပုံစံ။ တိဏ္ဏော = တရ ဓာတ် + တ ပစ္စည်း။ အာစိဏ္ဏော = အာ ပုဗ္ဗ၊ စရ ဓာတ် + တ ပစ္စည်း။

သုတ်။ တရာဒီဟိ ဣဏ္ဏော။

## သဒ္ဒါနည်း (၇)

န္န ဆုံးသောပုဒ် ဖြစ်အံ့၊ ဒ ဆုံးသော ဓာတ် + တ ပစ္စည်း။

ပုံစံ။ ဆိန္နော = ဆိဒိ ဓာတ် + တ ပစ္စည်း။ ဒိန္နော = ဒါ ဓာတ် + တ ပစ္စည်း။

သုတ်။ ဘိဒါဒိတော ဣန္န အန္န ဤဏာ ဝါ။

## သဒ္ဒါနည်း (၈)

တ ပစ္စည်း ဆုံးသော ပုဒ်၏ ရှေ့၌ ဟိအက္ခရာ ရှိအံ့၊ ဓာ ဓာတ် + တ ပစ္စည်း။

ပုံစံ။ ပိဟိတ = အပိ ပုဗ္ဗ၊ ဓာ ဓာတ် + တ ပစ္စည်း။ နိဟိတ = နိ ပုဗ္ဗ၊ ဓာ ဓာတ် + တ ပစ္စည်း။

သုတ်။ ဓာဿ ဟိ။ (မောဂ္ဂလာန်)

(တစ်နည်း) "ကွစိ ဓာတူ"တိ အာဒိနာ ဓိဿ ဟိ တပ္ပစ္စယေ။ (ရူ)

## သဒ္ဒါနည်း (၉)

ဠှ ဆုံးသောပုဒ် ဖြစ်အံ့၊ ဟ ဆုံးသော ဓာတ် + တ ပစ္စည်း။

ပုံစံ။ မူဠှော = မုဟ ဓာတ် + တ ပစ္စည်း။

သုတ်။ ဟန္တေဟိ ဟော ဟဿ ဠော ဝါ အဒဟနဟာနံ။

## သဒ္ဒါနည်း (၁၀)

ဋ္ဌ ဆုံးသောပုဒ် ဖြစ်အံ့၊ သ ဆုံးသော ဓာတ် + တ ပစ္စည်း။

ပုံစံ။ ဒိဋ္ဌ = ဒိသ ဓာတ် + တ ပစ္စည်း။ တုဋ္ဌော = တုသ ဓာတ် + တ ပစ္စည်း။

ပုံစံ။ နဋ္ဌော = နသ ဓာတ် + တ ပစ္စည်း။ ဝုဋ္ဌော = ဝသ ဓာတ် + တ ပစ္စည်း။

သုတ်။ သာသ ဒိသတော တဿ ရိဋ္ဌော စ။ သာဒိ သန္တ ပုစ္ဆ ဘဉ္ဇ ဟန္သာဒီဟိ ဋ္ဌော။

အမှာ။ ပုဋ္ဌော = ပုစ္ဆ ဓာတ် + တ ပစ္စည်း၊ ဘဋ္ဌော = ဘဉ္ဇ ဓာတ် + တ ပစ္စည်းတို့၌ ခြွင်းချက်ဖြင့် မှတ်။ ဋ္ဌ ဆုံးသော ဟဋ္ဌော စသော ပုဒ်တို့၌ကား သ ဆုံးသော ဓာတ် + တ ပစ္စည်းဟုလည်းကောင်း၊ ဋ္ဌိ, ဋ္ဌိ, ဋ္ဌိ–ဆုံးသော ပုဒ်တို့၌ကား တိ ပစ္စည်းဟုလည်းကောင်း၊ တုံ, ဋ္ဌုံ, ဋ္ဌုံ–ဆုံးသော ပုဒ်တို့၌ကား တုံ ပစ္စည်းဟုလည်းကောင်း မှတ်ပါ။

ttp://www.dhammadownload.com



### သဒ္ဒါနည်း (၁၁)

ဥ ကာရန် ဆုံးသော ကိတ်ပုဒ် ဖြစ်အံ့၊ တုံ ပစ္စည်း။

ပုံစံ။ ဂန္တုံ = ဂမု ဓာတ် + တုံ ပစ္စည်း။ ဒဋ္ဌုံ = ဒိသ ဓာတ် + တုံ ပစ္စည်း။

သုတ်။ တုံပစ္စယ ဝိဓာန သုတ်များကို ရှုလေ။

အမှာ။ ဥ ကာရန် ဆုံးသော ပုဒ်များ၌ ဓာတွန်တစ်ခြမ်း ပျောက်နေတတ်၏။

### သဒ္ဒါနည်း (၁၂)

တာ, တာရ ဆုံးသောပုဒ် ဖြစ်အံ့၊ တု ပစ္စည်း။

ပုံစံ။ ကတ္တာ, ကတ္တာရော = ကရ ဓာတ် + တု ပစ္စည်း။

သရိတာ, သရိတာရော = သရ ဓာတ် + တု ပစ္စည်း။

သုတ်။ သဗ္ဗတော ဏွု တွာဝီ ဝါ။ ကရဿ စ တတ္တံ တုသ္မိံ။

အမှာ။ တု ပစ္စည်း ဆုံးသော ပုဒ်များ၌ ဓာတ်မြင်လွယ်၏။

### သဒ္ဒါနည်း (၁၃)

စ္စ, လ္လ, ည, ဇ္ဇ – ဆုံးသောပုဒ် ဖြစ်အံ့၊ အစဉ်အတိုင်း တ, လ, န(ဝါ)ဏ, ဒ–ဆုံးသော ပုဒ် + ဏျ ပစ္စည်း။

ပုံစံ။ ပဏ္ဍိစ္စံ = ပဏ္ဍိတ ပုဒ် + ဏျ ပစ္စည်း။ ကောသလ္လံ = ကုသလ ပုဒ် + ဏျ ပစ္စည်း။

သာမညံ = သမဏ ပုဒ် + ဏျ ပစ္စည်း။ ပါမောဇ္ဇံ = ပမောဒ ပုဒ် + ဏျ ပစ္စည်း။

သုတ်။ တေသံ ဏော လောပံ။ ယဝတံ တလဏဒကာရာနံ ဗျဉ္ဇနာနိ စလဉဇကာရတ္တံ။

နိယံ။ ယဝတံသုတ်၊ ပြီးပြယုဂ်၊ မုချ ဒွေဘော်လာ။

အမှာ။ သုည ပုဒ်၌ကား = သုနပုဒ် (ဝါ) သုနဓာတ် + ယပစ္စည်းဟု ခွဲခြင်းချက်အားဖြင့်မှတ်ပါ။

### သဒ္ဒါနည်း (၁၄)

ယျ ဆုံးသော ပုဒ်ဖြစ်အံ့၊ ဏျ ပစ္စည်း။

ပုံစံ။ ဒေယျံ = ဒါ ဓာတ် + ဏျ ပစ္စည်း။ ဉေယျံ = ဉာ ဓာတ် + ဏျ ပစ္စည်း။

ပုံစံ။ ဓေယျံ = ဓိ ဓာတ် + ဏျ ပစ္စည်း။ နေယျံ = နီ ဓာတ် + ဏျ ပစ္စည်း။

သုတ်။ ဝဒ မဒ ဂမု ယုဇ ဂရဟာကာရာဒီဟိ ဇ္ဇ မ္မ ဂ္ဂ ယှေယျာ ဂါရော ဝါ။

အမှာ။ ဓေယျ ကိုဖြုတ်၊ အာ, ဣဝဏ် စသော သရတစ်လုံး ထည့်၊ ဓာတ် ပေါ်မည်။

### သဒ္ဒါနည်း (၁၅)

"ဗျ" ဆုံးသောပုဒ် ဖြစ်အံ့၊ အက္ခရာ တစ်လုံးတည်းသာ ရှိသော ဓာတ် + ဏျ ပစ္စည်း။

ပုံစံ။ ဘဗျ = ဘူ ဓာတ် + ဏျ ပစ္စည်း။

သုတ်။ ဏာနုဗန္ဓ လောပဝိဓိ သုတ်များကို ရှုလေ။

### သဒ္ဒါနည်း (၁၆)

ယ ဆုံးသောပုဒ် ဖြစ်အံ့၊ ယင်းပုဒ်၏ အနက်သည် "၍" ဆုံးနေအံ့၊ အက္ခရာ တစ်လုံးတည်းသာ ရှိသည့် ဓာတ် + တွာ ပစ္စည်း။

ပုံစံ။ နိဿာယ (မှီ၍) = နိ ပုဗ္ဗ၊ သိ ဓာတ် + တွာ ပစ္စည်း။

အဘိညာယ (သိ၍) = အဘိ ပုဗ္ဗ၊ ဉာ ဓာတ် + တွာ ပစ္စည်း။

သုတ်။ သဗ္ဗေဟိ တုနာဒီနံ ယော။ (တုနာဒီနံ၌ အာဒိသဒ္ဒါဖြင့် = တဝေ, တွာန, တွာ ပစ္စည်းတို့ကို ယူပါ။)

ttp://www.dhammadownload.com



## သဒ္ဒါနည်း (၁၇)

မ္မ ဆုံးသောပုဒ် ဖြစ်အံ့၊ ယင်းပုဒ်၏ အနက်သည် "၍" ဆုံးနေအံ့၊ မ ဆုံးသော ဓာတ် + တွာ ပစ္စည်း။

ပုံစံ။ အတိက္ကမ္မ (ရှေ့သို့ တက်၍) = အတိ ပုဗ္ဗ၊ ကမု ဓာတ် + တွာ ပစ္စည်း။
ပဋိက္ကမ္မ (နောက်သို့ ဆုတ်၍) = ပဋိ ပုဗ္ဗ၊ ကမု ဓာတ် + တွာ ပစ္စည်း။
အာဂမ္မ (လာ၍) = အာ ပုဗ္ဗ၊ ဂမု ဓာတ် + တွာ ပစ္စည်း။

သုတ်။ သမ္မေဟိ တုနာဒီနံ ယော။

အမှာ။ စ္စ ဆုံးသော ပုဒ်၏ အနက်သည် "၍" ဆုံးနေအံ့၊ တွာ ပစ္စည်းသာတည်း။ ပုံစံကား ဝိဝိစ္စ = ဝိ ပုဗ္ဗ၊ ဝိစ ဓာတ် + တွာ ပစ္စည်း။ ပဋိစ္စ (စွဲ၍) = ပဋိ ပုဗ္ဗ၊ ဣ ဓာတ် + တွာ ပစ္စည်း။

သုတ်။ စနန္တေဟိ ရစ္စံ သုတ်၏ ယောဂဝိဘာဂ။ (ရူ)

## သဒ္ဒါနည်း (၁၈)

ပုဒ်၏ အစ၌ ဒီဃရှိ၍ ပ္ပ ဆုံးသောပုဒ် ဖြစ်အံ့၊ ပ ဆုံးသော ပုဒ် (ဝါ) ပ ဆုံးသော ဓာတ် + ဏျ ပစ္စည်း။

ပုံစံ။ သာရုပ္ပ = သရူပ ပုဒ် + ဏျ ပစ္စည်း။
အာတပ္ပ = အာ ပုဗ္ဗ၊ တပ ဓာတ် + ဏျ ပစ္စည်း။

သုတ်။ ယဝတံ တလဏဒကာရာနံ ဗျဉ္ဇနာနိ စလဉ ဇကာရတ္တံ သုတ်၏ ကာရသဒ္ဒါ။ (ရူ)

## သဒ္ဒါနည်း (၁၉)

အက္ခရာသုံးလုံး ရှိသော ပုဒ်၏ အလယ်၌ ဝ အက္ခရာ ရှိအံ့၊ အက္ခရာ တစ်လုံးတည်းသာ ရှိသည့် ဥဝဏ် ဆုံးသော ဓာတ်။ (ပစ္စည်း လွယ်၏။)

ပုံစံ။ သာဝက = သု ဓာတ် + ဏွု ပစ္စည်း။ ဘာဝန = ဘူ ဓာတ် + ယု ပစ္စည်း။

သုတ်။ အဉေသု စ။ တေ အာဝါယာ ကာရိတေ။ ဩ အဝ သရေ။

## သဒ္ဒါနည်း (၂၀)

အက္ခရာသုံးလုံး ရှိသော ပုဒ်၏ အလယ်၌ ယ အက္ခရာ ရှိအံ့၊ အက္ခရာ တစ်လုံးတည်းသာ ရှိသည့် ဣဝဏ် (ဝါ) အာ ဆုံးသော ဓာတ်။ (ပစ္စည်း လွယ်၏။)

ပုံစံ။ ဇယန္တ = ဇိ ဓာတ် + အန္တ ပစ္စည်း။ နယန = နီ ဓာတ် + ယု ပစ္စည်း။
ဒါယက = ဒါ ဓာတ် + ဏွု ပစ္စည်း။

သုတ်။ အဉေသု စ။ ဧ အယ။ အာကာရန္တာန မာယော။

## သဒ္ဒါနည်း (၂၁)

အက္ခရာနှစ်လုံး ရှိသော ပုဒ်၌ ...

(က) ဝ အက္ခရာ ဆုံးအံ့၊ အက္ခရာ တစ်လုံးသာ ရှိသည့် ဥဝဏ် ဆုံးသော ဓာတ် + အ ပစ္စည်း။
ပုံစံ။ အာသဝေါ = အာ ပုဗ္ဗ၊ သု ဓာတ် + အ ပစ္စည်း။ ဘဝေါ = ဘူ ဓာတ် + အ ပစ္စည်း။

သုတ်။ အဉေသု စ။ ဩ အဝ သရေ။

(ခ) ယ အက္ခရာ ဆုံးအံ့၊ အက္ခရာ တစ်လုံးသာ ရှိသည့် ဣဝဏ် ဆုံးသော ဓာတ် + အ ပစ္စည်း။
ပုံစံ။ နိဿယော = နိ ပုဗ္ဗ၊ သိ ဓာတ် + အ ပစ္စည်း။ နယော = နီ ဓာတ် + အ ပစ္စည်း။

သုတ်။ အဉေသု စ။ ဧ အယ။

ttp://www.dhammadownload.com



## သဒ္ဒါနည်း (၂၂)

ဓာတွန်တစ်ခြမ်း ပျောက်၍ န္တ ဆုံးသောပုဒ် ဖြစ်အံ့၊ မှ ဆုံးသော ဓာတ် + တ ပစ္စည်း။

ပုံစံ။ ပက္ကန္တော = ပ ပုဗ္ဗ၊ ကမု ဓာတ် + တ ပစ္စည်း။ သင်္ကန္တော = သံ ပုဗ္ဗ၊ ကမု ဓာတ် + တ ပစ္စည်း။

သုတ်။ ပက္ကမာဒီဟိ န္တော စ။

## သဒ္ဒါနည်း (၂၃)

ဓာတွန် မပျောက်မူ၍ န္တ ဆုံးသောပုဒ် ဖြစ်အံ့၊ မှ ဆုံးသော ဓာတ် + အန္တ ပစ္စည်း။

ပုံစံ။ ပက္ကမန္တော = ပ ပုဗ္ဗ၊ ကမု ဓာတ် + အန္တ ပစ္စည်း။

သင်္ကမန္တော = သံ ပုဗ္ဗ၊ ကမု ဓာတ် + အန္တ ပစ္စည်း။

သုတ်။ ဝတ္တမာနေ မာနန္တာ။

အမှာ။ အန္တ ပစ္စည်း အဆုံးရှိသော ပုဒ်များ၌ ဓာတ် မြင်လွယ်၏။

## သဒ္ဒါနည်း (၂၄)

ဒ္ဓ ဆုံးသောပုဒ် ဖြစ်အံ့၊ ဓ, ဘ, ဟ တစ်ခုခု ဆုံးသော ဓာတ် + တ ပစ္စည်း။

ပုံစံ။ ဗုဒ္ဓေါ = ဗုဓ ဓာတ် + တ ပစ္စည်း။ ကုဒ္ဓေါ = ကုဓ ဓာတ် + တ ပစ္စည်း။

လုဒ္ဓေါ = လုဘ ဓာတ် + တ ပစ္စည်း။ လဒ္ဓေါ = လဘ ဓာတ် + တ ပစ္စည်း။

ဩနဒ္ဓေါ = အဝ ပုဗ္ဗ၊ နဟ ဓာတ် + တ ပစ္စည်း။

အသန္နိဒ္ဓေါ = န ပုဗ္ဗ၊ သံ ပုဗ္ဗ၊ ဒိဟ ဓာတ် + တ ပစ္စည်း။

သုတ်။ ဓ ဎ ဘ ဟေဟိ ဓ ဎ စ။

## သဒ္ဒါနည်း (၂၅)

င,ဏ,န,မ–ဟူသော ဝဂ္ဂန္တဗျည်းများ ဆင့်ရာ၌ ယင်းဝဂ္ဂန္တ ဗျည်းများကို ဖြုတ်၊ ဣ ထည့်၊ ဓာတ်ပေါ်လာမည်။

ပုံစံ။ ကခ်ီ = ကခိ ဓာတ် + အ ပစ္စည်း + ဣတ္ထိဇောတက အာ ပစ္စည်း။

မဏ္ဍနော = မဍိ ဓာတ် + ယု ပစ္စည်း။

ဖန္ဒနော = ဖဒိ ဓာတ် + ယု ပစ္စည်း။

ကမ္ပနော = ကပိ ဓာတ် + ယု ပစ္စည်း။

ဒဏ္ဍော = ဒဍိ ဓာတ် + က ပစ္စည်း။

(နိယံ) ဣ အက္ခရာ၊ အစဉ်ပါလတ်၊ ယင်းသည့် ဓာတ်မှာ၊ ဗိန္ဒုလာ။ လာသည့် ဗိန္ဒု၊ ဝဂ္ဂန် ပြု။

## ဏွိ ပစ္စည်း ဖမ်းနည်း

(က) ရှေ့၌ ဥပသာရပုဒ်၊ နိပါတ်ပုဒ် (သို့မဟုတ်) သဒ္ဒါတစ်ခုခု ရှိခြင်း (ခ) ဓာတွန်တစ်ခြမ်း ပျောက်ခြင်း (ဂ) ပစ္စည်း ပျောက်နေခြင်း ဤအချက်တို့နှင့် ညီညွတ်သော် ဏွိပစ္စည်း ဖြစ်နိုင်၏။

ပုံစံ။ သခေါ် = သံ ပုဗ္ဗ၊ ခန ဓာတ် + ဏွိ ပစ္စည်း။

ဘုဇဂေါ = ဘုဇ သဒ္ဒူပပဒ၊ ဂမု ဓာတ် + ဏွိ ပစ္စည်း။

သုတ်။ ဏွိလောပေါ စ။

နိယံ။ ဏွိပစ္စယ၊ နှောင်းတုံက၊ ဓာတွန်လည်း ကျေ၊ ဏွိလည်း ကျေ။

ttp://www.dhammadownload.com



## အ ပစ္စည်းနှင့် ဏ ပစ္စည်း ခွဲခြားနည်း

ပုဒ်တစ်ပုဒ်သည် (က) ဝုဒ္ဓိ မပြုခြင်း (ခ) အယ,အဝ – ပြု၍ ပြီးခြင်း ဤအင်္ဂါနှစ်ချက်တို့တွင် တစ်ချက်ချက်နှင့် ညီညွတ်သော် အ ပစ္စည်း ဖြစ်နိုင်၏။

(ပုံစံ) တက္ကရ = တ သဒ္ဒူပပဒ၊ ကရ ဓာတ် + အ ပစ္စည်း။

(ပုံစံ) ဝိနယ = ဝိ ပုဗ္ဗ၊ နီ ဓာတ် + အ ပစ္စည်း။

(ပုံစံ) ယဝ = ယု ဓာတ် + အ ပစ္စည်း။

ပုဒ်တစ်ပုဒ်သည် (က) အဆုံး၌ သံယုဂ် မရှိခြင်း (ခ) ရှေ့၌ အာ,ဧ – စသော ဝုဒ္ဓိများ ရှိခြင်း ဤအင်္ဂါနှစ်ချက်လုံးနှင့် ညီညွတ်သော် ဏ ပစ္စည်း ဖြစ်နိုင်၏။

(ပုံစံ) ဝိဟာရ = ဝိ ပုဗ္ဗ၊ ဟရ ဓာတ် + ဏ ပစ္စည်း။

(ပုံစံ) ပဝေသ = ပ ပုဗ္ဗ၊ ဝိသ ဓာတ် + ဏ ပစ္စည်း။

သတိ။ ပုဒ်၏ ရှေ့၌ ဝုဒ္ဓိအပြု မထင်ရှားသော်လည်း သံယုဂ် အဆုံးရှိသော် ဏ ပစ္စည်း ဖြစ်နိုင်သေး၏။

(ပုံစံ) ဖဿ = ဖုသ ဓာတ် + ဏ ပစ္စည်း။

### မှတ်သားဘွယ် (၁)

ပုဒ်တစ်ပုဒ်၏ အစ၌ "ဝေါ" အက္ခရာ ပါလာပါအံ့။ ဝိ ပုဗ္ဗ၊ အဝ ပုဗ္ဗ–ဟု ဆုံးဖြတ်၍ ဓာတ် + ပစ္စည်း ခွဲပါ။

ပုံစံ။ ဝေါဟာရ = ဝိ ပုဗ္ဗ၊ အဝ ပုဗ္ဗ၊ ဟရ ဓာတ် + ဏ ပစ္စည်း။

ဝေါဒါန = ဝိ ပုဗ္ဗ၊ အဝ ပုဗ္ဗ၊ ဒါ ဓာတ် + ယု ပစ္စည်း။

### မှတ်သားဘွယ် (၂)

ပုဒ်တစ်ပုဒ်၏ အစ၌ "ဗျ" အက္ခရာ ပါလာပါအံ့။ ဝိ ပုဗ္ဗ–ဟု ဆုံးဖြတ်၍ ဓာတ် + ပစ္စည်း ခွဲပါ။

ပုံစံ။ ဗျာကရဏ = ဝိ ပုဗ္ဗ၊ အာ ပုဗ္ဗ၊ ကရ ဓာတ် + ယု ပစ္စည်း။

ဗျုပ္ပတ္တိ = ဝိ ပုဗ္ဗ၊ ဥ ပုဗ္ဗ၊ ပဒ ဓာတ် + တိ ပစ္စည်း။

### မှတ်သားဘွယ် (၃)

ပုဒ်တစ်ပုဒ်၏ အစ၌ "သ"အက္ခရာကို တွေ့ခဲ့သော် = ယင်းသအက္ခရာသည် သဒ္ဒ, သဟ, သမာန, ပသတ္ထ ပုဒ်တို့၏ ကာရိယ သအက္ခရာ ဖြစ်နိုင်၏။

(ပုံစံ) သပ္ပုရိသ = သန္တ ပုဒ် + ပုရိသ ပုဒ်။ (သန္တ၏ ကာရိယ သ)

(ရုပ်ပြီး) သပ္ပုရိသကား = သန္တ ပုဒ် + ပုရိသ ပုဒ်ဖြင့် သန္တ ပုရိသ ဟူလိုလျက် သန္တ ကို သ ပြု၊ ပ ဒွေဘော်လာ၍ ပြီး၏။

(ပုံစံ) သာပဒေသ = သဟ ပုဒ် + အပဒေသ ပုဒ်။ (သဟ၏ ကာရိယ သ)

(ရုပ်ပြီး) သာပဒေသကား = သဟ ပုဒ် + အပဒေသ ပုဒ်ဖြင့် သဟာပဒေသ ဟူလိုလျက် သဟ ကို သ ပြု၍ ပြီး၏။

(ပုံစံ) ဝယသ = ဝယ ပုဒ် + သမာန ပုဒ်။ (သမာန၏ ကာရိယ သ)

(ရုပ်ပြီး) ဝယသကား = ဝယ ပုဒ် + သမာန ပုဒ်ဖြင့် ဝယ သမာန ဟူလိုလျက် သမာန ကို သ ပြု၍ ပြီး၏။

(ပုံစံ) သေဋ္ဌ = ပသတ္ထ ပုဒ် + ဣဋ္ဌ ပစ္စည်း။ (ပသတ္ထ၏ ကာရိယ သ)

ttp://www.dhammadownload.com



(ရုပ်ပြီး) သေဋ္ဌကား = ပသတ္ထ ပုဒ် + ဣဋ္ဌ ပစ္စည်းဖြင့် ပသတ္ထ ဣဋ္ဌ ဟူလိုလျက် ပသတ္ထ ကို သ ပြု၊ ဣ ကို ဧ ပြု၍ ပြီး၏။

(နိယံ) သန္တ, သဟ၊ သမာန နှင့်၊ ပသတ္ထ စီ၊ သ ကာရီတည်း။

## သုဒ္ဓဝါကျနှင့် ဟေတု (ဝါ) ကာရိုက်ဝါကျ

ဏယ, ဏာပေ, အလ, ဏေ, ဏာပယ–ဟူသော ကာရိုက်ပစ္စည်းနှင့် မယှဉ်သည့် ကြိယာထိုင်သော ဝါကျမျိုးကို သုဒ္ဓဝါကျဟု ခေါ်၏။ ကာရိုက်ပစ္စည်းနှင့် ယှဉ်သည့် ကြိယာထိုင်သော ဝါကျမျိုးကို ဟေတုဝါကျ (ဝါ) ကာရိုက်ဝါကျဟု ခေါ်၏။

ပုံစံ။ ပုရိသော မဂ္ဂံ ဂစ္ဆတိ။ (ဂစ္ဆတိ = ဂမုဓာတ်+အပစ္စည်း+တိဝိဘတ်) ။သုဒ္ဓဝါကျ။

သာမိကော ပုရိသံ မဂ္ဂံ ဂမာပေတိ။ (ဂမာပေတိ = ဂမုဓာတ်+ဏာပေပစ္စည်း+တိဝိဘတ်) ။ကာရိုက်ဝါကျ။

နိယံ။ ဏယ, ဏာပေ၊ အလ, ဏေ၊ တစ်ထွေ ဏာပယ၊

ကာရိတခေါ်၊ ပစ္စည်းကျော်၊ ငါးဖော် ရှိသည်ပ။

သုတ်။ ဓာတူဟိ ဏေ,ဏယ,ဏာပေ,ဏာပယ–ကာရိတာနိ ဟေတွတ္ထေ။ (ကစ္စည်း)

## (သုဒ္ဓ) ကတ္တားဟော၊ ကံဟော၊ ဘောဟောဝါကျ

သုဒ္ဓဝါကျ၌လည်း ၁။ ကတ္တားဟော ဝါကျ ၂။ ကံဟော ဝါကျ ၃။ ဘောဟော ဝါကျဟူ၍ သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် (သုဒ္ဓ)ကတ္တားဟော ဝါကျ၌ ကတ္တားပုဒ်ကို ပဌမာဝိဘတ်နှင့် ရေးရမည်။ ကံပုဒ်ကို ဒုတိယာဝိဘတ်နှင့် ရေးရမည်။ အာချာတ်ကြိယာ ဖြစ်လျှင် ကတ္တရိ ပရဿပဒံ သုတ်ကို ထောက်၍ ကြိယာကို ပရဿပုဒ်ဝိဘတ်နှင့် ရေးရမည်။ ကိတ်ကြိယာ ဖြစ်လျှင် ကိတကာ ဘိဓေယျာလိင်္ဂါ–ဟူသော ပရိဘာသာကို ထောက်၍ ကြိယာကို ကတ္တားပုဒ်နှင့် လိင်,ဝုစ်,ဝိဘတ် တူအောင် ရေးရမည်။

ပုံစံ။ (အာချာတ်) ပုရိသော မဂ္ဂံ ဂစ္ဆတိ။ (ကိတ်) ပုရိသော မဂ္ဂံ ဂတော။

ပုံစံ။ (အာချာတ်) ပုရိသော နဂရံ ဂစ္ဆတိ။ (ကိတ်) ပုရိသော နဂရံ ဂတော။

(သုဒ္ဓ)ကံဟော ဝါကျ၌ ကံပုဒ်ကို ပဌမာဝိဘတ်နှင့် ရေးရမည်။ ကတ္တားပုဒ်ကို တတိယာဝိဘတ်နှင့် ရေးရမည်။ အာချာတ်ကြိယာ ဖြစ်လျှင် အတ္တနောပဒါနိ ဘာဝေ စ ကမ္မနိ သုတ်ကို ထောက်၍ ကြိယာကို အတ္တနောပုဒ်ဝိဘတ်နှင့် ရေးရမည်။ ကိတ်ကြိယာ ဖြစ်လျှင် ကိတကာ ဘိဓေယျာလိင်္ဂါ–ဟူသော ပရိဘာသာကို ထောက်၍ ကြိယာကို ကံပုဒ်နှင့် လိင်,ဝုစ်,ဝိဘတ် တူအောင် ရေးရမည်။

ပုံစံ။ (အာချာတ်) ပုရိသေန မဂ္ဂေါ ဂစ္ဆီယတေ။ (ကိတ်) ပုရိသေန မဂ္ဂေါ ဂတော။

ပုံစံ။ (အာချာတ်) ပုရိသေန နဂရံ ဂစ္ဆီယတေ။ (ကိတ်) ပုရိသေန နဂရံ ဂတံ။

ဘောဟော ဝါကျ၌ ကတ္တားပုဒ်ကို တတိယာဝိဘတ်နှင့် ရေးရမည်။ ကံပုဒ်ကို ဒုတိယာဝိဘတ်နှင့် ဖြစ်စေ, ဆဋ္ဌီဝိဘတ်နှင့် ဖြစ်စေ ရေးရမည်။ အာချာတ်ကြိယာ ဖြစ်လျှင် အတ္တနောပဒါနိ ဘာဝေ စ ကမ္မနိ သုတ်နှင့် ရူပသိဒ္ဓိ အဖွင့်တို့ကို ထောက်၍ ကြိယာကို အတ္တနောပုဒ်, ပဌမာပုရိသ်, ဧကဝုစ်ဝိဘတ်နှင့် ရေးရမည်။ ကိတ်ကြိယာဖြစ်လျှင် ကြိယာကို နပုလ္လိင်, ဧကဝုစ်ဝိဘတ်နှင့် ရေးရမည်။

အမှာ။ ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၌ကား ဘောဟောဝါကျ အလွန်ရှား၏။

ttp://www.dhammadownload.com



ပုံစံ။ (အာချာတ်) ပုရိသေန မဂ္ဂံ ဂစ္ဆီယတေ။ (အာချာတ်) ပုရိသေန မဂ္ဂသ ဂစ္ဆီယတေ။
(ကိတ်) ပုရိသေန မဂ္ဂံ ဂတံ။ (ကိတ်) ပုရိသေန မဂ္ဂသ ဂတံ။
ပုံစံ။ (အာချာတ်) ပုရိသေန နဂရံ ဂစ္ဆီယတေ။ (အာချာတ်) ပုရိသေန နဂရသ ဂစ္ဆီယတေ။
(ကိတ်) ပုရိသေန နဂရံ ဂတံ။ (ကိတ်) ပုရိသေန နဂရသ ဂတံ။
နိယံ။ ကတ္တားဟောက၊ ကတ္တား-ပ၊ ကမ္မ ဒုတိယာ။
ကံကိုဟောက၊ ကံလျှင်-ပ၊ ကတ္တား တတိယာ။
ဘောကိုဟောက၊ ကတ္တား-တ၊ ကမ္မ ဒု,ဆဋ္ဌာ။

## ကာရိုက်ဝါကျ

ကာရိုက်ဝါကျ၌ = ဓာတ်ကတ္တား, ဓာတ်ကံ, ကာရိုက်ကတ္တား, ကာရိုက်ကံဟူသော အချက်လေးချက်တို့ကို သေချာစွာ ခွဲခြား၍ သဘောပေါက်မှသာ ကာရိုက်ဝါကျကို ရေးတတ်မည်။ ယင်းလေးချက်ကို သေချာစွာ နားလည် သဘောပေါက်ရန်အတွက် ပုံစံနှင့်တကွ ရှင်းလင်းရေးသားပါအံ့။

ပုံစံ။ သာမိကော ဂေါပါလံ ခီရံ ဒုဟာပေတိ။

အနက်။ သာမိကော-သည်၊ ဂေါပါလံ-ကို (ဝါ) သည်၊ ခီရံ-နို့ရည်ကို၊ ဒုဟာပေတိ-ညှစ်စေ၏။

| (ခွဲ) | သာမိကော | ဂေါပါလံ | ခီရံ | ဒုဟာပေတိ(ဒုဟဓာတ် | ဏာပေပစ္စည်း | တိဝိဘတ်) |
|---|---|---|---|---|---|---|
| | | ↓ | ↓ | ↓ | | ↓ |
| | | ဓာတ်(ဝါ)သုဒ္ဓကတ္တား | ဓာတ်ကံ | ညှစ်(ဓာတ်နက်) | | ၏ |

ရှင်း။ ဖော်ပြပါ ပုံစံကို သေချာစွာ ကြည့်ပါ။ ဒုဟဓာတ်သည် "ညှစ်"ခြင်း အနက်ကို ဟော၏။ "ဒုဟ" ညှစ်တတ်သောသူမှာ ဂေါပါလ ဖြစ်၏။ ထို့ကြောင့် ဂေါပါလသည် ဓာတ်ကတ္တား ဖြစ်၏။ အညှစ်ခံရသော အရာမှာ ခီရ ဖြစ်၏။ ထို့ကြောင့် ခီရသည် ဓာတ်ကံ ဖြစ်၏။

အမှာ။ ဒုဟဟူသော ကာရိုက်ပစ္စည်းနှင့် မယှဉ်သည့် ဓာတ်သက်သက်၏ ကတ္တားသာ ဖြစ်သောကြောင့် ဓာတ်ကတ္တားကိုပင် သုဒ္ဓကတ္တားဟုလည်း ခေါ်သေး၏။

| (ခွဲ) | သာမိကော | ဂေါပါလံ | ခီရံ | ဒုဟာပေတိ(ဒုဟဓာတ် | ဏာပေပစ္စည်း | တိဝိဘတ်) |
|---|---|---|---|---|---|---|
| | ↓ | ↓ | | | ↓ | ↓ |
| | ကာရိုက်(ဝါ)ဟေတုကတ္တား | ကာရိုက်ကံ | | | စေ(ကာရိုက်အနက်) | ၏ |

ရှင်း။ ဖော်ပြပါ ပုံစံကို သေချာစွာ ကြည့်ပါ။ ကာရိုက် ဏာပေ ပစ္စည်းသည် "စေခိုင်း"ခြင်း အနက်ကို ဟော၏။ "ဏာပေ" စေခိုင်းတတ်သောသူမှာ သာမိက ဖြစ်၏။ ထို့ကြောင့် သာမိကသည် ကာရိုက်ကတ္တား ဖြစ်၏။ အခိုင်းခံရသောသူမှာ ဂေါပါလ ဖြစ်၏။ ထို့ကြောင့် ဂေါပါလသည် ကာရိုက်ကံ ဖြစ်၏။

အမှာ။ "ဓာတူဟိ ဏေဏယဏာပေဏာပယာကာရိတာနိ ဟေတွတ္ထေ"သုတ်ကို ထောက်၍ ကာရိုက်နှင့် ဟေတုသည် သဘောသွား တူ၏။ ထို့ကြောင့် ကာရိုက်ကတ္တားကိုပင် ဟေတုကတ္တားဟုလည်း ခေါ်သေး၏။

ttp://www.dhammadownload.com



## (ပုံစံအချုပ်) သာမိကော ဂေါပါလံ ခီရံ ဒုဟာပေတိ။

| (ခွဲ) သာမိကော | ဂေါပါလံ | ခီရံ | ဒုဟာပေတိ(ဒုဟဓာတ် | ဏာပေပစ္စည်း | တိဝိဘတ်) |
|---|---|---|---|---|---|
| ↓ | ↓ ဓာတ်(ဝါ)သုဒ္ဓကတ္တား | ↓ ဓာတ်ကံ | ↓ ညှစ်(ဓာတ်နက်) | ↓ | ↓ |
| ကာရိုက်(ဝါ)ဟေတုကတ္တား | ↓ ကာရိုက်ကံ | | | စေ(ကာရိုက်အနက်) | ၏ |

## (ပုံစံ-၂) ပုရိသော ဠတ္တိံ သြဒနံ ပါစာပေတိ။

| (ခွဲ) ပုရိသော | ဠတ္တိံ | သြဒနံ | ပါစာပေတိ (ပစဓာတ် | ဏာပေပစ္စည်း | တိဝိဘတ်) |
|---|---|---|---|---|---|
| ↓ | ↓ ဓာတ်(ဝါ)သုဒ္ဓကတ္တား | ↓ ဓာတ်ကံ | ↓ ချက်(ဓာတ်နက်) | ↓ | ↓ |
| ကာရိုက်(ဝါ)ဟေတုကတ္တား | ↓ ကာရိုက်ကံ | | | စေ(ကာရိုက်အနက်) | ၏ |

## (ကာရိုက်) ကတ္တားဟော၊ ကံဟောဝါကျ

ကာရိုက်ဝါကျ၌လည်း ၁။ ကတ္တားဟော ကာရိုက်ဝါကျ ၂။ ကံဟော ကာရိုက်ဝါကျဟူ၍ နှစ်ပါးအပြားရှိ၏။ ကတ္တားဟော ကာရိုက်ဝါကျ၌ ကာရိုက်ကတ္တားပုဒ်ကို ပဌမာဝိဘတ်နှင့် ရေးရမည်။ ကာရိုက်ကံပုဒ်ကို ဒုတိယာ, တတိယာ, ဆဋ္ဌီဝိဘတ် သုံးမျိုးတို့တွင် တစ်မျိုးမျိုးနှင့် ရေးရမည်။ ဓာတ်ကံပုဒ်ကို ဒုတိယာဝိဘတ်နှင့် ရေးရမည်။ အာချာတ်ကြိယာ ဖြစ်လျှင် ကတ္တရိ ပရဿပဒံ သုတ်ကို ထောက်၍ ကြိယာကို ပရဿပုဒ် ဝိဘတ်နှင့် ရေးရမည်။ ကိတ်ကြိယာ ဖြစ်လျှင် ကိတကာ ဘိဓေယျလိင်္ဂါ-ဟူသော ပရိဘာသာကို ထောက်၍ ကြိယာကို ကတ္တားပုဒ်နှင့် လိင်,ဝုစ်,ဝိဘတ် တူအောင် ရေးရမည်။

ပုံစံ။ (အာချာတ်) ပုရိသော ဠတ္တိံ သြဒနံ ပါစာပေတိ။ (ကိတ်) ပုရိသော ဠတ္တိံ သြဒနံ ပါစေတော။
(အာချာတ်) ပုရိသော ဠတ္တိယာ သြဒနံ ပါစာပေတိ။ (ကိတ်) ပုရိသော ဠတ္တိယာ သြဒနံ ပါစေတော။
(အာချာတ်) ပုရိသော ဠတ္တိယာ သြဒနံ ပါစာပေတိ။ (ကိတ်) ပုရိသော ဠတ္တိယာ သြဒနံ ပါစေတော။

နိယံ။ ကာရိုက်ကံမှာ၊ ဒုတိယာနှင့်၊ တတိယာ,ဆဋ္ဌီ၊ သုံးလီဝိဘတ်၊ သက်တုံလတ်ဟု၊ ကျမ်းမြတ် ဤသို့မိန့်သတည်း။

ကံဟော ကာရိုက်ဝါကျ၌ ကာရိုက်ကံပုဒ်ကို ပဌမာဝိဘတ်နှင့် ရေးရမည်။ ကာရိုက်ကတ္တားပုဒ်ကို တတိယာဝိဘတ်နှင့် ရေးရမည်။ ဓာတ်ကံပုဒ်ကို ဒုတိယာဝိဘတ်နှင့် ရေးရမည်။ အာချာတ်ကြိယာ ဖြစ်လျှင် အတ္တနောပဒါနိ ဘာဝေ စ ကမ္မနိ သုတ်ကို ထောက်၍ ကြိယာကို အတ္တနောပုဒ် ဝိဘတ်နှင့် ရေးရမည်။ ကိတ်ကြိယာ ဖြစ်လျှင် ကိတကာ ဘိဓေယျလိင်္ဂါ-ဟူသော ပရိဘာသာကို ထောက်၍ ကြိယာကို ကံပုဒ်နှင့် လိင်,ဝုစ်,ဝိဘတ် တူအောင် ရေးရမည်။

ပုံစံ။ (အာချာတ်) ပုရိသေန ဠတ္တိ သြဒနံ ပစာပီယတေ။ (ကိတ်) ပုရိသေန ဠတ္တိ သြဒနံ ပါစေတဗ္ဗာ။

ttp://www.dhammadownload.com



## ပကတိနှင့် ဝိကတိ

မူလပင်ကိုယ် ပကတိသဘာဝအတိုင်း တည်ရှိကြကုန်သော ကတ္တား,ကံတို့သည် ပကတိကတ္တား, ပကတိကံတို့ မည်ကုန်၏။ မူလပင်ကိုယ် သဘာဝမှ ပြောင်းလွှဲ၍ တည်ရှိကြကုန်သော ကတ္တား,ကံတို့သည် ဝိကတိကတ္တား, ဝိကတိကံတို့ မည်ကုန်၏။

(တစ်နည်း) အလွယ်မှတ်လိုသော် = ဝါကျ တစ်ဝါကျ၌ အနက်ပေးသောအခါ "သည်နှစ်ချက် (ဝါ)ကို နှစ်ချက်" ဆုံးသော ပုဒ်များ ပါလာပါအံ့။ ပဌမ "သည်(ဝါ)ကို" ဆုံးသော ပုဒ်များသည် ပကတိကတ္တား (ဝါ) ပကတိကံ၊ ဒုတိယ "သည်(ဝါ)ကို" ဆုံးသော ပုဒ်များသည် ဝိကတိကတ္တား, ဝိကတိကံပုဒ်တို့ မည်ကုန်၏။

ပုံစံ။ ပုရိသော သာမဏေရော အဟောသိ။

အနက်။ ပုရိသော–ယောကျ်ားသည်၊ သာမဏေရော–သာမဏေသည်၊ အဟောသိ–ဖြစ်လေပြီ။

အခွဲ။ ပုရိသော (ပကတိကတ္တား)၊ သာမဏေရော (ဝိကတိကတ္တား)။

ပုံစံ။ သာမဏေရော ပဏ္ဍိတော အဟောသိ။

အနက်။ သာမဏေရော–သာမဏေသည်၊ ပဏ္ဍိတော–ပညာရှိသည်၊ အဟောသိ–ဖြစ်လေပြီ။

အခွဲ။ သာမဏေရော (ပကတိကတ္တား)၊ ပဏ္ဍိတော (ဝိကတိကတ္တား)။

ပုံစံ။ လဟုမတ္တာ တယော ရဿာ။

အနက်။ လဟုမတ္တာ–ပေါ့ပါးလျင်မြန်သော အတိုင်းအရှည် ရှိကုန်သော၊ တယော–သုံးလုံးကုန်သော သရတို့သည်၊ ရဿာ–ရဿတို့ မည်ကုန်သည်၊ (ဟောန္တိ–ဖြစ်ကုန်၏။)

အခွဲ။ တယော (ပကတိကတ္တား)၊ ရဿာ (ဝိကတိကတ္တား)။

ပုံစံ။ ပထဝိံ ကုမ္ဘံ ကရောတိ။

အနက်။ ပထဝိံ–မြေကြီးကို၊ ကုမ္ဘံ–အိုးကို၊ ကရောတိ–ပြုလုပ်၏။

အခွဲ။ ပထဝိံ (ပကတိကံ)၊ ကုမ္ဘံ (ဝိကတိကံ)။

ပုံစံ။ သုဝဏ္ဏံ ကဋကံ ကရောတိ။

အနက်။ သုဝဏ္ဏံ–ရွှေကို၊ ကဋကံ–လက်ကောက်ကို၊ ကရောတိ–ပြုလုပ်၏။

အခွဲ။ သုဝဏ္ဏံ (ပကတိကံ)၊ ကဋကံ (ဝိကတိကံ)။

## တုလျတ်နှင့် လိင်္ဂတ်

ကြိယာမပါသော ဝါကျတို့၌ (ပကတိကတ္တားပုဒ်နှင့် အနက်အရတူ ဖြစ်သော ဝိကတိကတ္တား) နာမ်ပုဒ်ကို ကြိယာကဲ့သို့ "တည်း/၏"တို့ဖြင့် အဆုံးသတ်၍ အနက်ပေးရာ၌ ပကတိကတ္တားပုဒ်ကို တုလျတ်ပုဒ်ဟု ခေါ်၏။ ကြိယာကဲ့သို့ "တည်း/၏"တို့ဖြင့် အဆုံးသတ်၍ အနက်ပေးသော (ဝိကတိကတ္တား) နာမ်ပုဒ်ကို လိင်္ဂတ်ပုဒ်ဟု ခေါ်၏။

ပုံစံ။ ဧသော မေ အာစရိယော။

အနက်။ ဧသော–ဤသူသည်၊ မေ–ငါ၏၊ အာစရိယော–ဆရာတည်း။

အခွဲ။ ဧသော (တုလျတ်ပုဒ်)၊ အာစရိယော (လိင်္ဂတ်ပုဒ်)။

ပုံစံ။ အယံ ဗုဒ္ဓရက္ခိတော နာမ။

အနက်။ အယံ–ဤသာမဏေသည်၊ ဗုဒ္ဓရက္ခိတော နာမ–ဗုဒ္ဓရက္ခိတ အမည်ရှိ၏။

ttp://www.dhammadownload.com



အခွဲ။ အယံ (တုလျတ်ပုဒ်)၊ ဗုဒ္ဓရက္ခိတော နာမ (လိင်္ဂတ်ပုဒ်)။

ပုံစံ။ လဟုမတ္တာ တယော ရဿာ။

အနက်။ လဟုမတ္တာ-ပေါ့ပါးလျင်မြန်သော အတိုင်းအရှည် ရှိကုန်သော၊ တယော-သုံးလုံးကုန်သော သရတို့သည်၊ ရဿာ-ရဿတို့ မည်ကုန်၏ (ဝါ) ရဿတို့ မည်ကုန်သတည်း။

အခွဲ။ လဟုမတ္တာ (ဝိသေသနပုဒ်)၊ တယော (တုလျတ်ပုဒ်)၊ ရဿာ (လိင်္ဂတ်ပုဒ်)။

နိယံ။ ကြိယာ မသတ်၊ နာမ်မှာသတ်၊ တုလျတ်+လိင်္ဂတ်သာ။

## ဝိသေသန (၃)မျိုး

အထူးပြုတတ်သော ပုဒ်ကို ဝိသေသနပုဒ်ဟု ခေါ်၏။ အထူးပြုခံရာ ဖြစ်သော ပုဒ်ကို ဝိသေသျပုဒ်ဟု ခေါ်၏။ ယင်းဝိသေသန + ဝိသေသျပုဒ်တို့သည် မြောက်များစွာ ရှိ၏။ သို့သော် အသုံးများသော ဝိသေသန+ဝိသေသျ ပုဒ်တို့ကား သုံးမျိုးသာ ရှိ၏။ ယင်းသုံးမျိုးကား (၁) ကြိယာပုဒ်ကို အထူးပြုရာ၌ ခေါ်ဝေါ်သုံးစွဲကြသော ကြိယာဝိသေသန+ကြိယာဝိသေသျ (၂) နာမ်ပုဒ်ကို အထူးပြုရာ၌ ခေါ်ဝေါ်သုံးစွဲကြသော တုလျာဓိကရဏဝိသေသန+တုလျာဓိကရဏဝိသေသျ (၃) နာမ်ပုဒ်ကို အထူးပြုရာ၌ ခေါ်ဝေါ်သုံးစွဲကြသော ဘိန္နာဓိကရဏဝိသေသန+ဘိန္နာဓိကရဏဝိသေသျ-တို့သာ ဖြစ်၏။ ယင်းပုဒ်တို့ကို သဘောနည်းအားဖြင့် မှတ်သားလိုသော် . . .

ကြိယာကို အထူးပြုတတ်သော ပုဒ်ကို ကြိယာဝိသေသနပုဒ်ဟု ခေါ်၏။ ယင်းပုဒ်၏ အထူးပြုခံရာ ဖြစ်သော ကြိယာပုဒ်ကို ကြိယာဝိသေသျပုဒ်ဟု ခေါ်၏။ နာမ်ပုဒ်ကို အထူးပြုရာ၌ ဝိသေသနနှင့် ဝိသေသျ ပုဒ်နှစ်ခုတို့၏ အရသည် တူညီပါအံ့။ ယင်းပုဒ်မျိုးကို တုလျာဓိကရဏဝိသေသန+တုလျာဓိကရဏဝိသေသျပုဒ်ဟု ခေါ်၏။ နာမ်ပုဒ်ကို အထူးပြုရာ၌ ဝိသေသနနှင့် ဝိသေသျ ပုဒ်နှစ်ခုတို့၏ အရသည် မတူညီပါအံ့။ ယင်းပုဒ်မျိုးကို ဘိန္နာဓိကရဏဝိသေသန +ဘိန္နာဓိကရဏဝိသေသျပုဒ်ဟု ခေါ်၏။

(တစ်နည်း) အလွယ်မှတ်လိုသော် "အောင်,လျောက်,လျက်,စွာ,၍"ဟု အနက်ဆုံးသော ပုဒ်များကို ကြိယာဝိသေသနပုဒ်ဟု ခေါ်၏။ ယင်းပုဒ်၏ အထူးပြုခံရာ ဖြစ်သော ကြိယာပုဒ်ကို ကြိယာဝိသေသျပုဒ်ဟု ခေါ်၏။ "သော,ထသော"ဟု အနက်ဆုံးသော ဝိသေသနပုဒ်မျိုးကို တုလျာဓိကရဏဝိသေသနပုဒ်ဟု ခေါ်၏။ ယင်းပုဒ်၏ အထူးပြုခံရာ ဖြစ်သော ပုဒ်ကို တုလျာဓိကရဏဝိသေသျပုဒ်ဟု ခေါ်၏။ "အားဖြင့်"ဟု အနက်ဆုံးသော ဝိသေသန ပုဒ်မျိုးကို ဘိန္နာဓိကရဏဝိသေသနပုဒ်ဟု ခေါ်၏။ ယင်းပုဒ်၏ အထူးပြုခံရာ ဖြစ်သော ပုဒ်ကို ဘိန္နာဓိကရဏ ဝိသေသျပုဒ်ဟု ခေါ်၏။

ပုံစံ။ ဒါရကော သုခံ သယတိ။

အနက်။ ဒါရကော-သူငယ်သည်၊ သုခံ-ချမ်းသာစွာ၊ သယတိ-အိပ်၏။

အခွဲ။ ဒါရကော (ကတ္တား)၊ သုခံ (ကြိယာဝိသေသနပုဒ်)၊ သယတိ (ကြိယာဝိသေသျပုဒ်+ကြိယာပုဒ်)။

ပုံစံ။ ပုရိသော ဂန္တွာ နဂရံ ဂတော။

အနက်။ ပုရိသော-ယောကျ်ားသည်၊ ဂန္တွာ-သွား၍၊ နဂရံ-မြို့သို့၊ ဂတော-ရောက်ပြီ။

အခွဲ။ ဂန္တွာ (ကြိယာဝိသေသနပုဒ်)၊ ဂတော (ကြိယာဝိသေသျပုဒ်)။

အမှာ။ နူးနူးညံ့ညံ့, ချမ်းချမ်းသာသာ, ဆင်းဆင်းရဲရဲ စသည်ဖြင့် အနက်ပေးရသော ကြိယာကို အထူးပြုသော ပုဒ်များကိုလည်း ကြိယာဝိသေသနပုဒ်ဟု ခေါ်၏။

ttp://www.dhammadownload.com



ပုံစံ။ မုဒုံ ဘုဥ္ဇာမိ (မုဒုံ–နူးနူးညံ့ညံ့၊ ဘုဥ္ဇာမိ–စားရ၏)။
သုခံ သယတိ (သုခံ–ချမ်းချမ်းသာသာ၊ သယတိ–အိပ်ရ၏)။
ဒုက္ခံ နိသီဒတိ (ဒုက္ခံ–ဆင်းဆင်းရဲရဲ၊ နိသီဒတိ–ထိုင်ရ၏)။

ပုံစံ။ မဟန္တော ပုရိသော။

အနက်။ မဟန္တော–မြတ်သော၊ ပုရိသော–ယောကျ်ားသည်။

အခွဲ။ မဟန္တော (တုလျာဓိကရဏ ဝိသေသနပုဒ်)၊ ပုရိသော (တုလျာဓိကရဏ ဝိသေသျပုဒ်)။

ပုံစံ။ ဂေါတ္တေန ဂေါတမော နာထော။

အနက်။ နာထော–မြတ်စွာဘုရားသည်၊ ဂေါတ္တေန–အနွယ်အားဖြင့်၊ ဂေါတမော–ဂေါတမအနွယ် ဖြစ်တော်မူ၏။

အခွဲ။ ဂေါတ္တေန (ဘိန္နာဓိကရဏ ဝိသေသနပုဒ်)၊ ဂေါတမော (ဘိန္နာဓိကရဏ ဝိသေသျပုဒ်)။

သတိ။ ဝိသေသျပုဒ်များသည် ဒြဗ်ကို ဟော၏။ ဝိသေသနပုဒ်နှင့် နီးစွာတည်ရှိ၏။ တုလျာဓိကရဏဝိသေသန ပုဒ်နှင့် တုလျာဓိကရဏဝိသေသျပုဒ်တို့သည် များသောအားဖြင့် လိင်,ဝုစ် တူ၏။ ဝိဘတ်ကမူ လုံးဝတူ၏။

နိယံ။ ဝိသေသန၊ ဝိသေသျ၊ ဤနှစ်ပါးကား၊ လိင်,ဝုစ်ပြားလည်း၊ ဝိဘတ်ကမူ၊ တူမြဲဟူ၏။

## ဧကကတ္တုက (ဝါ) သမာနကတ္တုက

ဝါကျတစ်ခု၌ ပုဗ္ဗကာလ ကြိယာဝိသေသနနှင့် အပရကာလ ကြိယာဝိသေသျဟူ၍ ကြိယာနှစ်ခု ပါရှိလျှင် ယင်းကြိယာနှစ်ခုတို့၏ ကတ္တားသည် ပုံသေတစ်ခုတည်းသာ ဖြစ်၏။ ယင်းကဲ့သို့ ကတ္တားတစ်ခုတည်းသာ ဖြစ်ခြင်း (ဝါ) ကတ္တားတူခြင်းကို ဧကကတ္တုက (ဝါ) သမာနကတ္တုကဟု ခေါ်၏။

ပုံစံ။ ပုရိသော ဂန္တွာ နဂရံ ဂတော။

အနက်။ ပုရိသော–ယောကျ်ားသည်၊ ဂန္တွာ–သွား၍၊ နဂရံ–မြို့သို့၊ ဂတော–ရောက်ပြီ။

အခွဲ။ ပုရိသော (ကတ္တား)၊ ဂန္တွာ (ပုဗ္ဗကာလ ကြိယာဝိသေသန)၊ ဂတော (အပရကာလ ကြိယာဝိသေသျ)။

ရှင်း။ ဖော်ပြပါဝါကျ၌ ဂန္တွာ ဟူသော ပုဗ္ဗကာလ ကြိယာနှင့် ဂတော ဟူသော အပရကာလ ကြိယာဟူ၍ ကြိယာနှစ်ခု ပါရှိ၏။ ယင်းကြိယာနှစ်ခုတို့၏ ကတ္တားသည် ပုရိသောဟု ပုံသေ တစ်ခုတည်းပင် ဖြစ်ခြင်း (ဝါ) ပုရိသော–ဟု ကတ္တားတူခြင်းကို ဧကကတ္တုက (ဝါ) သမာနကတ္တုကဟု ခေါ်၏။

ပုံစံ။ ဒဏ္ဍော တက္ကစ္စ ပတတိ။

အနက်။ ဒဏ္ဍော–တောင်ဝှေးသည်၊ တက္ကစ္စ–တက်,တက်မြည်၍၊ ပတတိ–ကျ၏။

အခွဲ။ ဒဏ္ဍော (ကတ္တား)၊ တက္ကစ္စ (ပုဗ္ဗကာလ ကြိယာဝိသေသန)၊ ပတတိ (အပရကာလ ကြိယာဝိသေသျ)။

ရှင်း။ ဖော်ပြပါဝါကျ၌ တက္ကစ္စ ဟူသော ပုဗ္ဗကာလ ကြိယာနှင့် ပတတိ ဟူသော အပရကာလ ကြိယာဟူ၍ ကြိယာနှစ်ခု ပါရှိ၏။ ယင်းကြိယာနှစ်ခုတို့၏ ကတ္တားသည် ဒဏ္ဍောဟု ပုံသေ တစ်ခုတည်းပင် ဖြစ်ခြင်း (ဝါ) ဒဏ္ဍောဟု ကတ္တားတူခြင်းကို ဧကကတ္တုက (ဝါ) သမာနကတ္တုကဟု ခေါ်၏။

ပုံစံ။ တမတ္ထံ သမောဓာနေတွာ "ဇေဟ် သမယ"န္တိ အာဟ။ (သီ၊ ၄၊ နှာ–၃၃)

အနက်။ (အာယသ္မာ အာနန္ဒော–အရှင်အာနန္ဒာသည်၊) တမတ္ထံ–ထိုအနက်ကို၊ သမောဓာနေတွာ–ပေါင်း၍၊ "ဇေဟ် သမယ"န္တိ–ဇေဟ် သမယံ ဟူ၍၊ အာဟ–ဆိုပြီ။

ttp://www.dhammadownload.com



အခွဲ။ အာယသ္မာ အာနန္ဒော (ကတ္တား)၊ တမတ္ထံ (ကံ)၊ သမောဓာနေတွာ (ပုဗ္ဗကာလ ကြိယာဝိသေသန)၊ "ကော သမယော"တိ (အာကာရ)၊ အာဟ (အပရကာလ ကြိယာဝိသေသျ)။

ရှင်း။ ဖော်ပြပါဝါကျ၌ သမောဓာနေတွာ ဟူသော ပုဗ္ဗကာလ ကြိယာနှင့် အာဟ ဟူသော အပရကာလ ကြိယာဟူ၍ ကြိယာနှစ်ခု ပါရှိ၏။ ယင်းကြိယာ နှစ်ခုတို့၏ ကတ္တားသည် အာယသ္မာ အာနန္ဒောဟု ပုံသေ တစ်ခုတည်း ပင် ဖြစ်ခြင်း (ဝါ) အာယသ္မာ အာနန္ဒောဟု ကတ္တားတူခြင်းကို ဧကကတ္တုက (ဝါ) သမာနကတ္တုကဟု ခေါ်၏။

## နိဒဿန, အာကာရ, အဝဓာရဏ

"သို့"အဆုံးသတ်၍ အနက်ပေးသော ပုဒ်များကို နိဒဿနတ္ထပုဒ်ဟု ခေါ်၏။ "ဟု(ဝါ)ဟူ၍" အဆုံးသတ် အနက်ပေးသော ပုဒ်များကို အာကာရတ္ထပုဒ်ဟု ခေါ်၏။ "သာ(ဝါ)သာလျှင်" အဆုံးသတ်၍ အနက်ပေးသော ပုဒ်များ ကို အဝဓာရဏတ္ထပုဒ်ဟု ခေါ်၏။

ပုံစံ။ ဧဝံ မေ သုတံ။

အနက်။ ဧဝံ-ဤသို့ (နိဒဿနတ္ထ)၊
ဧဝံ-တစ်ခုတည်းသော အခြင်းအရာအားဖြင့် (အာကာရတ္ထ)၊
ဧဝံ-ဘုရားဟောကိုသာလျှင် (အဝဓာရဏတ္ထ)။

အမှာ။ အာကာရ သဒ္ဒါသည် = အခြင်းအရာဟူသော အနက်ကိုသာ တိုက်ရိုက်ဟော၏။ ထို့ကြောင့် "ဟု(ဝါ)ဟူ၍" အနက်အစား "အခြင်းအရာ"ဟု အနက်ပေးသော ပုဒ်တို့ကိုလည်း အာကာရတ္ထပုဒ်ဟုပင် ခေါ်နိုင်၏။

(နိယံ) "သို့"လည်း ပေးရာ၊ နိဒဿနာ၊ "ဟူ၍" အာကာရ။
"သာ"လည်း ပေးရာ၊ အဝဓာ၊ သုံးဖြာ မှတ်လိုက်ကြ။

## အာကာရနှင့် အာကာရဝန္တဝါကျ

ပြောဆိုပုံ, ပြုလုပ်ပုံ စသော အခြင်းအရာတို့ကို ပြဆိုသော ဝါကျကို အာကာရဝါကျဟု ခေါ်၏။ အာကာရ ဝါကျ၏ အပြင်ဘက်၌ ရှိသော ဝါကျကို အာကာရဝန္တဝါကျဟု ခေါ်၏။

အလွယ်မှတ်လိုသော် "..............." ကော်မာ (ဝါ) မျက်တောင် အဖွင့်အပိတ်၏ အတွင်း၌ ရှိသော ဝါကျကို အာကာရဝါကျဟု ခေါ်၏။ "..............." ကော်မာ (ဝါ) မျက်တောင် အဖွင့်အပိတ်၏ အပြင်၌ ရှိသော ဝါကျကို အာကာရဝန္တဝါကျဟု ခေါ်၏။

သတိ။ အာကာရဝါကျကို အနက်ပေးသော အခါ၌ "ဟု(ဝါ)ဟူ၍" အဆုံးသတ် အနက်ပေးရသည်။

ပုံစံ။ မောင်ဘသည် မောင်မြကို "လာဦး"ဟု ခေါ်၏။

အခွဲ။ "လာဦး"ဟု (အာကာရဝါကျ)၊ မောင်ဘသည် မောင်မြကို ခေါ်၏။ (အာကာရဝန္တဝါကျ)

ပုံစံ။ ဝုတ္တဉ္စေတံ ဘဂဝတာ "ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"တိ။ (သီ၊ ၄၊ နှာ-၃)

အနက်။ ဟိ သစ္စံ-ထိုစကား မှန်၏၊ ဘဂဝတာ-သည်၊ "ယော ဝေါ အာနန္ဒ ။ပ။ သော ဝေါ မမစ္စယေန သတ္ထာ"တိ- ယော ဝေါ အာနန္ဒ ။ပ။ သော ဝေါ မမစ္စယေန သတ္ထာ-ဟူ၍၊ ဧတံ ဝစနံ-ဤစကားကို၊ ဝုတ္တံ-ဟောတော် မူအပ်ပြီ။

ttp://www.dhammadownload.com



အခွဲ။ "ယော ဝေါ အာနန္ဒ ။ပ။ သော ဝေါ မမစ္စယေန သတ္ထာ"တိ (အာကာရဝါကျ)၊
ဝုတ္တဥ္စေတံ ဘဂဝတာ (အာကာရဝန္တဝါကျ)။

နိယံ။ ကော်မာတွင်းမှာ၊ ဝါကျလာ၊ ခေါ်ပါ အာကာရ။
အာကာရဝန်၊ စာကြွင်းကျန်၊ အမှန် ခေါ်လိုက်ကြ။

**စတုက္က ပုံသေထုတ်နည်းများ**

စတုက္ကကို ပုံသေထုတ်ရာ၌ ၁။ အလွယ်နည်း ၂။ သဘောနည်းဟူ၍ နှစ်နည်းရှိ၏။ ထိုနှစ်နည်းတို့တွင် ဤနေရာ၌ အလွယ်နည်းကိုသာ ဖော်ပြပါအံ့။ သဘောနည်းကိုကား (၈)နံပါတ်ပုစ္ဆာလာ အဓိပ္ပါယ်ကဏ္ဍ၌ ရေးသား ဖော်ပြပါအံ့။

**လက္ခဏစတုက္က ပုံသေထုတ်နည်း**

၁။ လက္ခဏ ၂။ လက္ခဏဝန္တ ၃။ လက္ချ ၄။ လက္ချဝန္တ ဟူသော လက္ခဏ ခေါင်းဆောင်သော အချက် လေးချက်ကို လက္ခဏစတုက္ကဟု ခေါ်၏။ ထိုတွင် . . .

ဝါကျတစ်ဝါကျ၌ "သော်"ဟူ၍ အနက်ဆုံးသော ပုဒ်များသည် လက္ခဏပုဒ် မည်၏။ ယင်းလက္ခဏနှင့် ပတ်သက်သော ကတ္တားပုဒ်, ကံပုဒ်တို့သည် လက္ခဏဝန္တပုဒ် မည်၏။ ကျန်သော ကြိယာပုဒ်သည် လက္ချပုဒ် မည်၏။ ယင်းလက္ချ ကြိယာနှင့် ပတ်သက်သော ကတ္တားပုဒ်, ကံပုဒ်တို့သည် လက္ချဝန္တပုဒ် မည်၏။

ပုံစံ။ ဘိက္ခူသု ဘောဇိယမာနေသု ပုရိသော ဂတော။

အနက်။ ဘိက္ခူသု–ရဟန်းတို့ကို၊ ဘောဇိယမာနေသု–ဆွမ်းကျွေးအပ်ကုန်သည် ရှိသော်၊ ပုရိသော–ယောကျ်ားသည်၊ ဂတော–သွားပြီ။

အခွဲ။ ဘိက္ခူသု (လက္ခဏဝန္တ ကံပုဒ်)၊ ဘောဇိယမာနေသု (လက္ခဏပုဒ်)၊ ပုရိသော (လက္ချဝန္တ ကတ္တားပုဒ်)၊ ဂတော (လက္ချပုဒ်)။

**အနာဒရစတုက္က ပုံသေထုတ်နည်း**

၁။ အနာဒရ ၂။ အနာဒရဝန္တ ၃။ အနာဒရိယ ၄။ အနာဒရိယဝန္တ ဟူသော အနာဒရ ခေါင်းဆောင်သော အချက်လေးချက်ကို အနာဒရစတုက္ကဟု ခေါ်၏။ ထိုတွင် . . .

ဝါကျတစ်ဝါကျ၌ "စဉ်"ဟူ၍ အနက်ဆုံးသော ပုဒ်များသည် အနာဒရိယပုဒ် မည်၏။ ယင်းအနာဒရိယနှင့် ပတ်သက်သော ကတ္တားပုဒ်, ကံပုဒ်တို့သည် အနာဒရိယဝန္တပုဒ် မည်၏။ ကျန်သော ကြိယာပုဒ်သည် အနာဒရပုဒ် မည်၏။ ယင်းအနာဒရ ကြိယာနှင့် ပတ်သက်သော ကတ္တားပုဒ်, ကံပုဒ်တို့သည် အနာဒရဝန္တပုဒ် မည်၏။

ပုံစံ။ ရုဒတော ဒါရကဿ ပဗ္ဗဇိ ပိတာ။

အနက်။ ဒါရကဿ–သူငယ်သည်၊ ရုဒတော–ငိုနေစဉ်၊ ပိတာ–အဖသည်၊ ပဗ္ဗဇိ–ရဟန်းပြုပြီ။

အခွဲ။ ဒါရကဿ (အနာဒရိယဝန္တ ကတ္တားပုဒ်)၊ ရုဒတော (အနာဒရိယပုဒ်)၊ ပိတာ (အနာဒရဝန္တ ကတ္တားပုဒ်)၊ ပဗ္ဗဇိ (အနာဒရပုဒ်)။

ttp://www.dhammadownload.com



## ဥပမာစတုက္က ပုံသေထုတ်နည်း

၁။ ဥပမာန ၂။ ဥပမေယျ ၃။ ဥပမာ ၄။ ဥပမာဇောတက ဟူသော အချက် လေးချက်ကို ဥပမာစတုက္ကဟု ခေါ်၏။ ဖော်ပြလတ္တံ့သော ပုံစံကို သေချာစွာ ကြည့်ရှုလေ့လာပါ။

ပုံစံ။ ဗိုလ်အောင်ဒင် (လို) ငါ (လွမ်းပြမည်)။

↓ ဥပမာန ↓ ဥပမေယျ

အခွဲ။ ဗိုလ်အောင်ဒင် (ဥပမာန)၊ ငါ (ဥပမေယျ)၊ လို (ဥပမာဇောတက)၊
ဗိုလ်အောင်ဒင်နှင့် ငါတို့၏ လွမ်းပုံခြင်း တူညီသော သဘောသည် ဥပမာ။

သတိ။ မြန်မာဘာသာ၌ "ဥပမာ, ကဲ့သို့, အတူတူ, လို, လိုဘဲ"စသော ပုဒ်များနှင့် ပါဠိဘာသာ၌ လာသော "ဣဝ, ဝိယ, ယထာ, ဇဝံ"စသော ပုဒ်များသည် အနက်,အဓိပ္ပါယ် တူ၏။

ပုံစံ။ တောင်ကြီး (ကဲ့သို့) သံဃာသည် (မတုန်မလှုပ်ကျင့်ရမည်)။

↓ ဥပမာန ↓ ဥပမေယျ

အခွဲ။ တောင်ကြီး (ဥပမာန)၊ သံဃာ (ဥပမေယျ)၊ ကဲ့သို့ (ဥပမာဇောတက)၊
တောင်ကြီးနှင့် သံဃာတို့၏ မတုန်မလှုပ်ခြင်းအားဖြင့် တူညီသော သဘောသည် ဥပမာ။

ပုံစံ။ သံဃော ပဗ္ဗတံ ဣဝ အာစရတိ။

အနက်။ သံဃော–သံဃာတော်သည်၊ ပဗ္ဗတံ ဣဝ–တောင်ကြီးကို ကဲ့သို့၊ အာစရတိ–ပြုကျင့်၏။

အခွဲ။ ပဗ္ဗတံ (ဥပမာန)၊ သံဃော (ဥပမေယျ)၊ ဣဝ (ဥပမာဇောတက)၊
တောင်ကြီးနှင့် သံဃာတို့၏ မတုန်မလှုပ်ခြင်းအားဖြင့် တူညီသော သဘောသည် ဥပမာ။

## ဥပမာနနှင့် ဥပမေယျဝါကျ

နှိုင်းယှဉ်မှုကို ပြတတ်သော ဝါကျကို ဥပမာနဝါကျဟု ခေါ်၏။ နှိုင်းယှဉ်မှုကို ခံရသော ဝါကျကို ဥပမေယျဝါကျဟု ခေါ်၏။ ပါဠိဝါကျတို့၌ အလွယ်မှတ်နည်းကား = "ဣဝ, ဝိယ, ယထာ"စသည့် ပုဒ်များ ထိုင်သော ဝါကျကို ဥပမာနဝါကျဟု ခေါ်၏။ ကျန်သော ဝါကျကို ဥပမေယျဝါကျဟု ခေါ်၏။

ပုံစံ။ မထေရ်မြတ်ကြီး၏ မျက်နှာတော်သည် ဝန်းဝိုင်း၏။ (ဥပမေယျဝါကျ)
လပြည့်ဝန်းကြီးနှင့် တူ၏။ (ဥပမာနဝါကျ)

ပုံစံ။ သံဃော အာစရတိ။ (ဥပမေယျဝါကျ)
ပဗ္ဗတံ ဣဝ။ (ဥပမာနဝါကျ)

ပုံစံ။ သဝတိ စေတံ အတ္ထေ။ (ဥပမေယျဝါကျ)
သဃမိဝ ဖလံ။ (ဥပမာနဝါကျ) ။သီ၊ ၄၊ နှာ–၁၈။

ttp://www.dhammadownload.com



## အရကောက်နည်းများ

## ကြိယာပုဒ်တို့၏ အရကောက်နည်း

ကြိယာသည် အာချာတ်ကြိယာနှင့် ကိတ်ကြိယာဟူ၍ နှစ်မျိုး ရှိ၏။ ယင်းနှစ်မျိုးတို့တွင် အာချာတ်ကြိယာ၏ ဓာတ်အရကောက်နည်းနှင့် ကိတ်ကြိယာ၏ ဓာတ်အရကောက်နည်းတို့သည် တူ၏။ အာချာတ်ကြိယာ၏ ဝိဘတ် အရကောက်နည်းနှင့် ကိတ်ကြိယာ၏ ပစ္စည်းအရကောက်နည်းတို့သည် တူ၏။ ထို့ကြောင့် တူရာ,တူရာကိုသာ စုပေါင်း၍ အရကောက်ပြပါအံ့။

### ကတ္တားဟော+ကံဟော ကြိယာတို့၏ ဓာတ်အရကောက်နည်း

ကတ္တားဟော+ကံဟော အာချာတ်ကြိယာနှင့် ကိတ်ကြိယာတို့၏ ဓာတ်ကို အရကောက်လိုသော် ကတ္တား၏ အရကို "ပရမတ္ထ၊ ဓာတ် အရ၊ ဝိဘတ်, ပစ္စယ၊ ပညတ္တ"နိယံနှင့်အညီ ပရမတ္ထဆိုက်အောင် အရကောက်ပါ။

ပုံစံ။ (အာချာတ်) ပုရိသော မဂ္ဂံ ဂစ္ဆတိ။ (ကိတ်) ပုရိသော မဂ္ဂံ ဂတော။ (ကတ္တားဟောဝါကျ)

ပုံစံ။ (အာချာတ်) ပုရိသေန မဂ္ဂေါ ဂစ္ဆီယတေ။ (ကိတ်) ပုရိသေန မဂ္ဂေါ ဂတော။ (ကံဟောဝါကျ)

ရှင်း။ ဂစ္ဆတိ+ဂစ္ဆီယတေ ဟူသော အာချာတ်ကြိယာနှင့် ဂတော ဟူသော ကိတ်ကြိယာတို့၌ ရှိသည့် ဂမု ဓာတ်၏ အရကို ကောက်လိုသော် = ပုရိသော ဟူသော ကတ္တားပုဒ်၏ အရဖြစ်သည့် ယောကျ်ား၏ သန္တာန်၌ ဖြစ်သော ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို အရကောက်ပါ။

### ကတ္တားဟော+ကံဟော အာချာတ်ဝိဘတ်နှင့် ကိတ်ပစ္စည်းတို့၏ အရကောက်နည်း

၁။ ကတ္တားဟော အာချာတ်ဝိဘတ်နှင့် ကတ္တားဟော ကိတ်ပစ္စည်းတို့၏ အရကောက်လိုသော် = ကတ္တား၏ အရကို "ပရမတ္ထ၊ ဓာတ် အရ၊ ဝိဘတ်, ပစ္စယ၊ ပညတ္တ"နိယံနှင့်အညီ ပညတ်ဆိုက်အောင် အရကောက်ပါ။

ပုံစံ။ (အာချာတ်) ပုရိသော မဂ္ဂံ ဂစ္ဆတိ။ (ကိတ်) ပုရိသော မဂ္ဂံ ဂတော။ (ကတ္တားဟောဝါကျ)

ရှင်း။ ဂစ္ဆတိဟူသော အာချာတ်ကြိယာ၌ ရှိသော တိဝိဘတ်နှင့် ဂတောဟူသော ကိတ်ကြိယာ၌ ရှိသော တပစ္စည်းတို့၏ အရကို ကောက်လိုသော် = ပုရိသော ဟူသော ကတ္တားပုဒ်၏ အရဖြစ်သည့် ယောကျ်ားဟူသော ပညတ်ဒြဗ်ကို အရကောက်ပါ။

၂။ ကံဟော အာချာတ်ဝိဘတ်နှင့် ကံဟော ကိတ်ပစ္စည်းတို့၏ အရကောက်လိုသော် = ကံပုဒ်၏ အရကို "ပရမတ္ထ၊ ဓာတ် အရ၊ ဝိဘတ်, ပစ္စယ၊ ပညတ္တ"နိယံနှင့်အညီ ပညတ်ဆိုက်အောင် အရကောက်ပါ။

ပုံစံ။ (အာချာတ်) ပုရိသေန မဂ္ဂေါ ဂစ္ဆီယတေ။ (ကိတ်) ပုရိသေန မဂ္ဂေါ ဂတော။ (ကံဟောဝါကျ)

ရှင်း။ ဂစ္ဆီယတေဟူသော အာချာတ်ကြိယာ၌ ရှိသော တေဝိဘတ်နှင့် ဂတောဟူသော ကိတ်ကြိယာ၌ ရှိသော တပစ္စည်းတို့၏ အရကို ကောက်လိုသော် = မဂ္ဂေါ ဟူသော ကံပုဒ်၏ အရဖြစ်သည့် လမ်းဟူသော ပညတ်ဒြဗ်ကို အရကောက်ပါ။

အမှာ။ ဂစ္ဆတိ ဟူသော အာချာတ်ပုဒ် တစ်ပုဒ်လုံးကို အရကောက်ပါဟု မေးသော် = အာချာတ်ပုဒ်၏ ပုဒ်လုံး အရကောက်နှင့် အာချာတ်ဝိဘတ်၏ အရကောက်နည်းသည် မတူးရကား ဂစ္ဆတိ ဟူသော ပုဒ်လုံးအရကောက်ကို တိဝိဘတ်၏ အရကောက်အတိုင်း ကောက်ရံသာ။ ဂတော ဟူသော ကိတ်ပုဒ် တစ်ပုဒ်လုံးကို အရကောက်ပါဟု မေးသော် = ကိတ်ပုဒ်၏ ပုဒ်လုံးအရကောက်နှင့် ကိတ်ပစ္စည်း၏ အရကောက်နည်းသည် မထူးရကား ဂတော ဟူသော ပုဒ်လုံးအရကောက်ကို တပစ္စည်း၏ အရကောက်အတိုင်း ကောက်ရံသာ။

ttp://www.dhammadownload.com



## ဘောဟော ကြိယာတို့၏ အရကောက်နည်း

ဘောဟောဝါကျများ၌ အာချာတ်ကြိယာ၏ ဓာတ်နှင့် ဝိဘတ်၊ ကိတ်ကြိယာ၏ ဓာတ်နှင့် ပစ္စည်းတို့၏ အရကောက်နည်းသည် တူ၏။ ဘောဟောကြိယာတို့၌ ဓာတ်နှင့်ဝိဘတ်, ဓာတ်နှင့်ပစ္စည်းတို့၏ အရကောက်သည် အထူး မရှိပြီ။ ယင်းတို့၏ အရကောက်ကို ပုံစံရှုကာမျှဖြင့်ပင် နားလည်နိုင်ပါ၏။

ပုံစံ။ (အာချာတ်) ပုရိသေန မဂ္ဂေ ဂစ္ဆီယတေ။ (ကိတ်) ပုရိသေန မဂ္ဂေ ဂတံ။ (ဘောဟောဝါကျ)

ရှင်း။ ဂစ္ဆီယတေ ဟူသော အာချာတ်ကြိယာ၌ ရှိသည့် ဂမုဓာတ်+တေဝိဘတ်နှင့် ဂစ္ဆီယတေ ဟူသော အာချာတ်ပုဒ်လုံးအတွက် ဖြစ်စေ၊ ဂတံ ဟူသော ကိတ်ကြိယာ၌ ရှိသည့် ဂမုဓာတ်+တပစ္စည်းနှင့် ဂတံ ဟူသော ကိတ်ကြိယာတို့၏ ပုဒ်လုံးအတွက် ဖြစ်စေ အရကောက်လိုသော် = သွားခြင်းကြိယာကိုသာ အရကောက်ပါ။

သတိ။ အာချာတ်ကြိယာပုဒ် ဟူသမျှ၌ ပစ္စည်း၏ အရကောက်ကား = ပဒသိလိင်္ဂတာ ဘောဂုဏ်ကိုသာ အရကောက်ရမည်။

## ကြွင်းနာမ်ပုဒ် အချို့၏ အရကောက်နည်း

၁။ (တုလျာဓိကရဏ) ဝိသေသနပုဒ်အတွက် (တုလျာဓိကရဏ) ဝိသေသျပုဒ်၏ အရကို အရကောက်ပါ။ ၂။ လက္ခဏပုဒ်အတွက် လက္ခဏဝန္တပုဒ်၏ အရကို အရကောက်ပါ။ ၃။ အနာဒရိယပုဒ်အတွက် အနာဒရိယဝန္တပုဒ်၏ အရကို အရကောက်ပါ။

ပုံစံ ၁။ မဟန္တော ပုရိသော။

ရှင်း။ မဟန္တော ဟူသော တုလျာဓိကရဏ ဝိသေသနပုဒ်၏ အရကို ကောက်လိုသော် = ပုရိသော ဟူသော တုလျာဓိကရဏ ဝိသေသျပုဒ်၏ အရဖြစ်သော ယောကျ်ားကိုသာ အရကောက်ပါ။

ပုံစံ ၂။ ဘိက္ခူသု ဘောဇီယမာနေသု ပုရိသော ဂတော။

ရှင်း။ ဘောဇီယမာနေသု ဟူသော လက္ခဏပုဒ်၏ အရကို ကောက်လိုသော် = ဘိက္ခူသု ဟူသော လက္ခဏဝန္တပုဒ်၏ အရဖြစ်သော ရဟန်းကိုသာ အရကောက်ပါ။

ပုံစံ ၃။ ရုဒတော ဒါရကဿ ပဗ္ဗဇိ ပိတာ။

ရှင်း။ ရုဒတော ဟူသော အနာဒရိယပုဒ်၏ အရကို ကောက်လိုသော် = ဒါရကဿ ဟူသော အနာဒရိယဝန္တပုဒ်၏ အရဖြစ်သော သူငယ်ကိုသာ အရကောက်ပါ။

အမှာ။ ကြွင်းကျန်သေးသော နာမ်ပုဒ်တို့၏ အရကောက်နည်းများကိုကား (၄)နံပါတ် ဝိဂ္ဂဟစည်းမျဉ်းကဏ္ဍ၌ ဝစနာဒိဆက္က ထုတ်ပုံကို လေ့လာလျှင် နားလည်မည် ဖြစ်သောကြောင့် ဤနေရာ၌ မရေးသားတော့ပြီ။

## အနိယမနှင့် နိယမဝါကျ

အတိအကျ မသတ်မှတ်နိုင်, မသိနိုင်သေးသော ဝါကျမျိုးကို အနိယမဝါကျဟု ခေါ်၏။ အတိအကျ သတ်မှတ်နိုင်, သိနိုင်ပြီဖြစ်သော ဝါကျမျိုးကို နိယမဝါကျဟု ခေါ်၏။

ပါဠိဝါကျတို့၌ အလွယ်မှတ်နည်းကား = ယော,ယာ,ယံ,ယေန,ယဿ,ယသ္မာ,ယသ္မိံ,ယတ္ထ စသည်ဖြင့် ယသဒ္ဒါ ထိုင်သော ဝါကျမျိုးကို အနိယမဝါကျဟု ခေါ်၏။ သော,သာ,တံ,တေန,တဿ,တသ္မာ,တသ္မိံ,တတ္ထ စသည်ဖြင့် တသဒ္ဒါ ထိုင်သော ဝါကျမျိုးကို နိယမဝါကျဟု ခေါ်၏။ ဖော်ပြလတ္တံ့သော ပုံစံများကို သေချာစွာ စဉ်းစား၍ ကြည့်ရှုလေ့လာပါ။

ttp://www.dhammadownload.com



ပုံစံ။ မြန်မာပြည်၌ ဘုရားတစ်ဆူ ရှိ၏။ (အနိယမဝါကျ)
ထိုဘုရားမှာ ရွှေတိဂုံဘုရားပင် ဖြစ်၏။ (နိယမဝါကျ)
ပုံစံ။ ယော ဘိက္ခု အတ္ထိ။ (အနိယမဝါကျ)
သော ဘိက္ခု နော အာစရိယော ဟောတိ။ (နိယမဝါကျ)

## အတ္ထုဒ္ဒါရနှင့် အတ္ထုဒ္ဒေသဝါကျ

သဒ္ဒါ၏ ဟောနိုင်သမျှ အနက်များကို ထုတ်ဆောင်၍ ပြသော ဝါကျကို အတ္ထုဒ္ဒါရဝါကျဟု ခေါ်၏။ သဒ္ဒါ၏ ဤနေရာ၌ အလိုရှိအပ်သော အနက်ကိုသာ ညွှန်ပြသော ဝါကျကို အတ္ထုဒ္ဒေသဝါကျဟု ခေါ်၏။

ပုံစံ။ (က) **ပရိယာယ**သဒ္ဒေါ ဝါရဒေသနာကာရဏေသု ဝတ္တတိ။
(ခ) သွာယမိဓာပိ ကာရဏေ ဝတ္တတိ။ (သီ၊ ၄၊ နှာ-၃၇)

အနက်။ (က) ပရိယာယသဒ္ဒေါ-ပရိယာယ သဒ္ဒါသည်၊ ဝါရဒေသနာကာရဏေသု-အလှည့်, ဒေသနာ, အကြောင်းတို့၌၊ ဝတ္တတိ-ဖြစ်၏။
(ခ) သွာယံ သော အယံ ပရိယာယသဒ္ဒေါ-ထိုပရိယာယသဒ္ဒါသည်၊ ဣဓာပိ-ဤနေရာ၌လည်း၊ ကာရဏေ-အကြောင်းဟူသော အနက်၌၊ ဝတ္တတိ-ဖြစ်၏။

အခွဲ။ (က) ပရိယာယသဒ္ဒေါ ဝါရဒေသနာကာရဏေသု ဝတ္တတိ။ (အတ္ထုဒ္ဒါရ ဝါကျ)
(ခ) သွာယမိဓာပိ ကာရဏေ ဝတ္တတိ။ (အတ္ထုဒ္ဒေသ ဝါကျ)

ရှင်း။ (က) ဝါကျသည် ပရိယာယသဒ္ဒါ၏ ဟောနိုင်သမျှ အနက်များကို ထုတ်ဆောင်၍ ပြသောကြောင့် (က) ဝါကျကို အတ္ထုဒ္ဒါရဝါကျဟု ခေါ်၏။ (ခ) ဝါကျသည် ပရိယာယသဒ္ဒါ၏ ဤနေရာ၌ အလိုရှိအပ်သော ကာရဏ အနက်ကိုသာ ညွှန်ပြသောကြောင့် (ခ)ဝါကျကို အတ္ထုဒ္ဒေသဝါကျဟု ခေါ်၏။

## အနုသန္ဓေဝါကျ

"သင့်လျော် လျောက်ပတ်၊ ရှေ့နောက်စပ်၊ ခေါ်လတ် နုသန္ဓေ" နိယံနှင့်အညီ ရှေ့စကားနှင့် နောက်စကားဟူသော စကားနှစ်ရပ်တို့ကို ဆက်စပ်၍ ပြတတ်သော ဝါကျမျိုးကို အနုသန္ဓေဝါကျဟု ခေါ်၏။ အနုသန္ဓေဝါကျ၌ "၍-တိုင် ပုဗ္ဗာ၊ ၏-ပရာ၊ နှစ်ဖြာ ရှိပါစေ"နိယံနှင့်အညီ '၍'အဆုံးသတ်သော ပုဗ္ဗာနုသန္ဓေပြ (ရှေ့ပိုင်း)ဝါကျနှင့် '၏'အဆုံးသတ်သော အပရာနုသန္ဓေပြ (နောက်ပိုင်း)ဝါကျဟူ၍ ဝါကျနှစ်ပိုင်း ရှိ၏။

ပုဗ္ဗာနုသန္ဓေပြ ဝါကျ၌ 'သို့'အနက်ဆုံးသော နိဒဿနပုဒ်၊ 'ဖြင့်'အနက်ဆုံးသော ကရိဏ်းပုဒ်၊ 'ကို'အနက်ဆုံးသော ကံပုဒ်၊ '၍'အနက်ဆုံးသော ကြိယာဝိသေသနပုဒ်ဟူ၍ ပုဒ်လေးပါးနှင့် များသောအားဖြင့် ပြည့်စုံရမည်။ အပရာနုသန္ဓေပြ ဝါကျ၌ '၌'အနက်ဆုံးသော ဩကာသပုဒ်၊ 'ကို'အနက်ဆုံးသော ကံပုဒ်၊ 'သော(ဝါ)၍'အနက်ဆုံးသော ဝိသေသနပုဒ်၊ 'ကို'အနက်ဆုံးသော ကံပုဒ်၊ '၏'အနက်ဆုံးသော ကြိယာပုဒ်ဟူ၍ ပုဒ်ငါးပါးနှင့် များသောအားဖြင့် ပြည့်စုံရမည်။ (ယေဘုယျနည်းဟူ၍သာ မှတ်ပါ)

နိယံ။ နိဒဿန၊ ကရဏ၊ ကမ္မ, ဝိသေသနေ၊
အင်္ဂါလေးထွေ၊ ပြည့်စုံပေ၊ ပုဗ္ဗာနုသန္ဓေ။
ဩကာ, ကမ္မ၊ ဝိသေသ၊ ကမ္မ, ကြိယေ၊
အင်္ဂါငါးထွေ၊ ပြည့်စုံပေ၊ ပရာနုသန္ဓေ။ (ယေဘုယျ)

ttp://www.dhammadownload.com



အမှာ။ အပရာနုသန္ဓေပြ ဝါကျဝယ် = ကြိယာ၏ ရှေ့၌ ကပ်လျက်ရှိသော 'ကို'အနက်ဆုံးသော ကံပုဒ်နေရာ၌ 'ဟူ၍'အနက်ဆုံးသော အာကာရ ပုဒ်ကိုလည်း တွေ့မြင်နိုင်သည်။ ကံပုဒ်နှင့် အာကာရပုဒ်တို့သည် အနက်အဓိပ္ပါယ် အရကောက် အတူတူပင် ဖြစ်၏။

ပုံစံ။ ဧဝံ ပဌမေန နယေန မနောပဒေါသံ နိဝါရေတွာ ဒုတိယေန နယေန တတ္ထ အာဒီနဝံ ဒဿေန္တော အာဟ **"တတြ စေ တုမှေ အဿထ ကုပိတာ ဝါ အနတ္တမနာ ဝါ၊ တုမှံယေဝဿ တေန အန္တရာယော"**တိ။ (သီ၊ ဋ္ဌ၊ နှာ-၅၂)

အနက်။ ဧဝံ-သို့၊ ပဌမေန-သော၊ နယေန-ဖြင့်၊ မနောပဒေါသံ-စိတ်၏ အမျက်ထွက်ခြင်းကို၊ နိဝါရေတွာ-မြစ်၍၊ ဒုတိယေန-သော၊ နယေန-ဖြင့်၊ တတ္ထ-ထိုနှလုံးပြစ်မှားခြင်း၌၊ အာဒီနဝံ-အပြစ်ကို၊ ဒဿေန္တော-ပြတော်မူလိုသည် ဖြစ်၍၊ "တတြ စေ ။ပ။ အန္တရာယော"တိ ဣဒံ ဝစနံ-ကို၊ အာဟ-ပြီ။

အခွဲ။ ဧဝံ (နိဒဿန)၊ ပဌမေန နယေန (ကရိဏ်း)၊ မနောပဒေါသံ (ကံ)၊ နိဝါရေတွာ (ကြိယာဝိသေသန)၊ (ပုဗ္ဗာနုသန္ဓေဝါကျ)
ဒုတိယေန နယေန တတ္ထ (ဩကာသ)၊ အာဒီနဝံ (ကံ)၊ ဒဿေန္တော (ဝိသေသန)၊ "တတြ စေ ။ပ။ အန္တရာယော"တိ ဣဒံ ဝစနံ (ကံ)၊ အာဟ (ကြိယာ)၊ (အပရာနုသန္ဓေဝါကျ)

ပုံစံ။ ဧဝံ အဝဏ္ဏဘူမိယံ တာဒိလက္ခဏံ ဒဿေတွာ ဣဒါနိ ဝဏ္ဏဘူမိယံ ဒဿေတုံ **"မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုံ"**န္တိ အာဒိ' အာဟ။ (သီ၊ ဋ္ဌ၊ နှာ-၅၃)

အနက်။ ဧဝံ-သို့၊ အဝဏ္ဏဘူမိယံ-ကဲ့ရဲ့ခြင်း၏ အရာ၌၊ တာဒိလက္ခဏံ-သည်းခံခြင်း လက္ခဏာကို၊ ဒဿေတွာ-၍၊ (ပုဗ္ဗာနုသန္ဓေဝါကျ)
ဣဒါနိ-၌၊ ဝဏ္ဏဘူမိယံ-ချီးမွမ်းခြင်း၏ အရာ၌၊ (တာဒိလက္ခဏံ-ကို၊) ဒဿေတုံ-ပြတော်မူခြင်းငှာ အလိုရှိတော်မူသော၊ (ဘဂဝါ-သည်၊) "မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုံ"န္တိ အာဒိ'-အစရှိသော စကားကို၊ အာဟ-ပြီ။ (အပရာနုသန္ဓေဝါကျ)

အခွဲ။ ဧဝံ (နိဒဿန)၊ အဝဏ္ဏဘူမိယံ တာဒိလက္ခဏံ (ကံ)၊ ဒဿေတွာ (ကြိယာဝိသေသန)၊ (ပုဗ္ဗာနုသန္ဓေဝါကျ)
ဣဒါနိ ဝဏ္ဏဘူမိယံ (ဩကာသ)၊ (တာဒိလက္ခဏံ-ပါဌသေသ ကံ)၊ ဒဿေတုံ (ဝိသေသန)၊ "မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုံ"န္တိ အာဒိ' (ကံ)၊ အာဟ (ကြိယာ)။ (အပရာနုသန္ဓေဝါကျ)

အမှာ။ အထက်ပါ အဋ္ဌကထာပါဠိကို ရှု၍ ပုဗ္ဗာနုသန္ဓေဝါကျ၌ ကရိဏ်းပုဒ် မပါလည်း သင့်၏။

## ပဓာန/အပ္ပဓာန

ဥပမာနဝါကျနှင့် ဥပမေယျဝါကျ နှစ်ပါးတို့တွင် ဥပမာနဝါကျသည် အပ္ပဓာန ဖြစ်၏။ ဥပမေယျဝါကျသည် ပဓာန ဖြစ်၏။ အနိယမဝါကျနှင့် နိယမဝါကျ နှစ်ပါးတို့တွင် အနိယမဝါကျသည် အပ္ပဓာန ဖြစ်၏။ နိယမဝါကျသည် ပဓာန ဖြစ်၏။ ကိဋ္ဌာပိ ထိုင်ရာဝါကျနှင့် ပန, တထာ ပိ ထိုင်ရာဝါကျ နှစ်ပါးတို့တွင် ကိဋ္ဌာပိ ထိုင်ရာဝါကျသည် အပ္ပဓာန ဖြစ်၏။ ပန, တထာ ပိ ထိုင်ရာဝါကျသည် ပဓာန ဖြစ်၏။ ရှေ့ကြိယာနှင့် နောက်ကြိယာ နှစ်ပါးတို့တွင် ရှေ့ကြိယာသည် အပ္ပဓာန ဖြစ်၏။ နောက်ကြိယာသည် ပဓာန ဖြစ်၏။ ဝိသေသနပုဒ်နှင့် ဝိသေသျပုဒ် နှစ်ပါးတို့တွင် ဝိသေသနပုဒ်သည် အပ္ပဓာန ဖြစ်၏။ ဝိသေသျပုဒ်သည် ပဓာန ဖြစ်၏။

နိယံ။ ပမာ, ပမေ၊ အနိယေ, နိ၊ ကိဋ္ဌာပိ, ပန၊ ပုဗ္ဗ, ပရာ၊ ကြိယာနှင့်၊ တစ်ဖြာ ဝိသေ၊ စဉ်ပေ-သျ၊ နောက်-ပဓာန။

ttp://www.dhammadownload.com



## အန္တရာသဒ္ဒါ

ရူပသိဒ္ဓိ၊ ကွစိ ဒုတိယာ ဆဋ္ဌီနမတ္ထေ သုတ်၏အဖွင့်၌ အန္တရာသဒ္ဒါ, အဘိသဒ္ဒါ, ပရိသဒ္ဒါ, ပတိသဒ္ဒါ, ပဋိဘာသဒ္ဒါတို့နှင့် ယှဉ်လျှင် ဒုတိယာဝိဘတ်သည် ကံအနက်၌ မသက်၊ ဆဋ္ဌီအနက်၌သာ သက်၏ဟု ဆို၏။

ပုံစံ။ အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ။ (သီလက္ခန်ပါဠိတော်၊ နှာ-၁)

အနက်။ ရာဇဂဟံ-ရာဇဂြိုဟ်မြို့၏၊ အန္တရာ စ-အကြား၌လည်းကောင်း၊ နာဠန္ဒံ-နာဠန္ဒမြို့၏၊ အန္တရာ စ-အကြား၌လည်းကောင်း။

ရှင်း။ ဖော်ပြပါဝါကျ၌ ရာဇဂဟံနှင့် နာဠန္ဒံသဒ္ဒါတို့သည် အန္တရာသဒ္ဒါနှင့် ယှဉ်သောကြောင့် ယင်းသဒ္ဒါတို့၌ ရှိသော ဒုတိယာ, ဧကဝုစ် အံဝိဘတ်သည် ကံအနက်၌ မသက်၊ ဆဋ္ဌီအနက်၌သာ သက်၏။

သတိ။ ရာဇဂဟံနှင့် နာဠန္ဒံ ပုဒ်တို့ကား ၏ဟူ၍ အနက်ပေးသောကြောင့် အန္တရာ ပုဒ်တို့၌ သမ္ဗန္ဓ၊ အန္တရာ ပုဒ်တို့ကား သမ္ဗန္ဓီ အဖြစ်ဖြင့် စာစပ်ရမည်။ ဤသို့ ရာဇဂဟံနှင့် နာဠန္ဒံ ပုဒ်တို့ကို အန္တရာ ပုဒ်တို့၌ "စာစပ်၍ ရခြင်းကိုပင် သဒ္ဒါကျမ်း၌ ယှဉ်သည်"ဟု ဆိုလို၏။ သင်္ဂြိုဟ်ကျမ်း၌ကဲ့သို့ စိတ်ယှဉ်, စေတသိက်ယှဉ်နည်းမျိုးဖြင့် ယှဉ်ခြင်းကို သဒ္ဒါကျမ်း၌ ယှဉ်သည်ဟု မဆိုလိုပါ။

အမှာ။ စာစပ်ပုံ, စာစပ်နည်းများကို (၂)နံပါတ် အတက်,အထွက်စည်းမျဉ်း စာစပ်ကဏ္ဍ၌ အကျယ်တဝင့် ရေးသား ဖော်ပြထားပါ၏။

## အဓိပုဗ္ဗ၊ အာပုဗ္ဗ၊ ဝသဓာတ်

ရူပသိဒ္ဓိ၊ တတိယာသတ္တမီနဉ္စ သုတ်၏အဖွင့်၌ ဓာတွတ္ထာနုဝတ္တက ဖြစ်သော အဓိပုဗ္ဗ၊ အာပုဗ္ဗ၊ ဝသဓာတ်နှင့် ယှဉ်လျှင် ဒုတိယာဝိဘတ်သည် ကံအနက်၌ မသက်၊ သတ္တမီအနက်၌သာ သက်၏ဟု ဆို၏။

ပုံစံ။ ဥက္ကဋ္ဌံ အဇ္ဈာဝသတိ။ (အဇ္ဈာဝသတိ=အဓိပုဗ္ဗ၊ အာပုဗ္ဗ၊ ဝသဓာတ်) ။သီလက္ခန်ပါဠိတော်၊ နှာ-၈၂။

အနက်။ ဥက္ကဋ္ဌံ-ဥက္ကဋ္ဌမြို့၌၊ အဇ္ဈာဝသတိ-နေ၏။

ရှင်း။ ဖော်ပြပါဝါကျ၌ ဥက္ကဋ္ဌံ သဒ္ဒါသည် အဓိပုဗ္ဗ၊ အာပုဗ္ဗ၊ ဝသဓာတ်နှင့် ယှဉ်သောကြောင့် ဥက္ကဋ္ဌံ၌ ရှိသော ဒုတိယာ, ဧကဝုစ် အံဝိဘတ်သည် ကံအနက်၌ မသက်၊ သတ္တမီအနက်၌သာ သက်၏။

အမှာ။ အဓိ+အာ-တို့သည် ဓာတွတ္ထဝိသေသက ဥပသာရပုဒ် ဖြစ်ခဲ့သော် ဥက္ကဋ္ဌံ၌ ရှိသော အံဝိဘတ်သည် သတ္တမီ အနက်၌ မသက်၊ ကံ အနက်၌ သက်၏။

ပုံစံ။ ဥက္ကဋ္ဌံ အဇ္ဈာဝသတိ။ (သီလက္ခန်ပါဠိတော်၊ နှာ-၈၂)

အနက်။ ဥက္ကဋ္ဌံ-ဥက္ကဋ္ဌမြို့ကို၊ အဇ္ဈာဝသတိ-စိုးအုပ်၍ နေ၏။

## ဘာဝပ္ပဓာန, ဘာဝလောပပုဒ်

ဘာဝအနက် ပေါ်လွင်အောင် ယောဇနာလျက်၊ ဘာဝတဒ္ဓိတ် အနက်၌ သက်သည့် ဏျ,တ္တ,တာ စသော ပစ္စည်းများလည်း မပါ, ဘာဝသဒ္ဒါလည်း တိုက်ရိုက်မပါသည့် ပုဒ်မျိုးကို "ဘာဝပ္ပဓာန ဘာဝလောပပုဒ်"ဟု ခေါ်သည်။

(ဘာဝပ္ပဓာန-ဘာဝအနက် ပြဓာန်းလျက်၊ ဘာဝလောပ-ဘာဝသဒ္ဒါ ကျေနေသောပုဒ်)

အချုပ်ကား = အနက်ပေးရာ၌ "အဖြစ်"ဟူသော ဘာဝအနက်သံ ပါလျက် ဘာဝပစ္စည်းများ မပါလာသော ပုဒ်မျိုးကို ဘာဝပ္ပဓာန, ဘာဝလောပ ပုဒ်ဟု ခေါ်၏။ ယင်းပုဒ်မျိုးကို များသောအားဖြင့် တော-ပစ္စည်း အဆုံးသတ်၍ ရေးလေ့ရှိ၏။

ပုံစံ။ ပရူပဝါဒဝိဝဇ္ဇနတော-သူတစ်ပါးတို့ ကဲ့ရဲ့ခြင်းမှ ရှောင်ကြဉ်တော်မူလိုသည်၏ အဖြစ်ကြောင့်။ (၄-၅)

ttp://www.dhammadownload.com



## ကံ/ကတ္တား ဘာဝပ္ပစာန, ဘာဝလောပပုဒ်

ဘာဝပ္ပစာန, ဘာဝလောပ ပုဒ်သည် ကံပုဒ်ကို အရကောက်ရသည်လည်း ရှိ၏။ ကတ္တားပုဒ်ကို အရကောက်ရသည်လည်း ရှိ၏။ ကံပုဒ်ကို အရကောက်ရသော ဘာဝပ္ပစာန, ဘာဝလောပ ပုဒ်မျိုးကို တဗ္ဗနောင် တောဆက်၍ "တဗ္ဗတော"ဆုံးသော ပုဒ်မျိုးဖြင့် ရေးလေ့ရှိ၏။

ပုံစံ။ **ဓေတ္တိ စ မေတိ စ** တံ တံ ဥပါဒါယ ဝတ္တဗ္ဗတော ဥပါဒါပညတ္တိ။ (သီ၊ ၄၊ နှာ-၃၀)

ယင်းဝါကျ၌ ပါသည့် ဝတ္တဗ္ဗတော ဟူသော ဘာဝပ္ပစာန, ဘာဝလောပ ပုဒ်၏ အရသည် "ဓေတ္တိ စ မေတိ စ အယံ ပညတ္တိ"ဟူသော ကံပုဒ်ကို ရ၏။

ပုံစံ။ **မေထုနာ**တိ ရာဂပရိယုဋ္ဌာနဝသေန သဒိသတ္တာ "မေထုနကာ"တိ လဒ္ဓဝေါဟာရေဟိ ပဋိသေဝိတဗ္ဗတော မေထုနာတိ သင်္ချံ ဂတာ အသဒ္ဓမ္မာ။ (သီ၊ ၄၊ နှာ-၇၁)

ယင်းဝါကျ၌ ပါသည့် ပဋိသေဝိတဗ္ဗတော ဟူသော ဘာဝပ္ပစာန, ဘာဝလောပ ပုဒ်၏ အရသည် "မေထုနာ" ဟူသော ကံပုဒ်ကို ရ၏။

ကတ္တားပုဒ်ကို အရကောက်ရသော ဘာဝပ္ပစာန, ဘာဝလောပ ပုဒ်မျိုးကို တဗ္ဗမပါဘဲ တောဆုံးသော ပုဒ်ဖြင့် ရေးလေ့ရှိ၏။

ပုံစံ။ အထ ကသ္မာ န ဥစ္စိနိတောတိ? ပရူပဝါဒဝိဝဇ္ဇနတော။ (သီ၊ ၄၊ နှာ-၅)

ယင်းဝါကျ၌ ပါသည့် ပရူပဝါဒဝိဝဇ္ဇနတော ဟူသော ဘာဝပ္ပစာန, ဘာဝလောပ ပုဒ်၏ အရသည် "မဟာကဿပတ္ထေရော"ဟူသော ကတ္တားပုဒ်ကို ရ၏။

ပုံစံ။ ကာယိကဝါစသိကအဇ္ဈာစာရနိသေဓနတော စေသ ကာယံ ဝါစဥ္စ ဝိနေတိ။ (သီ၊ ၄၊ နှာ-၁၇)

ယင်းဝါကျ၌ ပါသည့် ကာယိကဝါစသိကအဇ္ဈာစာရနိသေဓနတော ဟူသော ဘာဝပ္ပစာန, ဘာဝလောပ ပုဒ်၏ အရသည် "သေ - ဧသော ဝိနယော"ဟူသော ကတ္တားပုဒ်ကို ရ၏။

## ဘာဝပ္ပစာန, ဘာဝလောပ ကြံရမည့် နေရာများ

(က) အရတူလျှင် ကွဲစေလိုသော ဌာန၌လည်းကောင်း (ခ) အရကွဲလျှင် တူစေလိုသော ဌာန၌လည်းကောင်း (ဂ) စာစပ်ရမည့် ပုဒ်ကို ရှေ့မျှော်၍ စာကို အကျဉ်းအားဖြင့် ရေးလိုသော ဌာန၌လည်းကောင်း ဘာဝပ္ပစာန, ဘာဝလောပ ကြံရမည်ဟု ဆရာမြတ်တို့ မိန့်ဆိုတော်မူ၏။ ပုံစံများနှင့်တကွ အကျယ်ဖွင့်ပြရသော် ကျမ်းလေး၍ စာသင်ငယ်တို့၏ အသိဉာဏ်လည်း ရှုပ်ထွေးနိုင်ရာ၏။ ထို့ကြောင့် အကျယ် မပြတော့ပြီ။

**အခြေခံ သဒ္ဒါကဏ္ဍ ပြီးပါပြီ။**

ဆူးသာ မှန်ပါစေ၊ အချိန်တန်တော့ အိတ်ထဲမှ ဖောက်ထွက်သည်။

ttp://www.dhammadownload.com



## စည်းမျဉ်း (၁၀) ချက်

သီလက္ခန် ဒုတိယနေ့၌ . . .

၁။ အနက်

၂။ အတက်, အထွက်

၃။ စောဒကာဘောဂါဒိ စတုက္က

၄။ ဝိဂ္ဂဟနှင့် ဝစနာဒိဆက္က

၅။ ဟိတ်ပြင်, သမ္ဗန်ခံ

၆။ အာဘော်, သံဝဏ္ဏနာ

၇။ နိရုတ္တိနည်း

၈။ အဓိပ္ပါယ်

၉။ ဂါထာစီ, ဂါထာစစ်, ဆန်းစစ်

၁၀။ ဘာဝါလင်္ကာရ ထုတ်ခြင်းဟူသော စည်းမျည်း ၁၀-ချက်တို့ဖြင့် ၁၀-ပုစ္ဆာ စဉ်၍ မေး၏။ ထို့ကြောင့် စည်းမျဉ်းဆယ်ချက်တို့ကို အစဉ်အတိုင်း ပြပါအံ့။

နိယံ။ နက်, တက်, စောဒကာ၊ ဝိဂ်-ဆက္ကာ၊ ဟိတ်ဖြာ-သမ္ဗန္ဓ။
အာဘော်, နိရုတ္တာ၊ ဓိပ္ပါယာ၊ ဆန္ဒာ, လင်္ကာရ။

==================

### ဓမ္မာစရိယတန်းကို အရည်ချင်းရှိရှိ အောင်မြင်ဖို့ရာ အင်္ဂါ ၁၀-ချက်

၁။ အောင်ရမည်ဟူသော စိတ်ဓာတ် ရှိရမည်။

၂။ ဓမ္မာစရိယတန်းကို ပုံမှန်ပို့ချသော ကျောင်းတိုက်၌ သီတင်းသုံးရမည်။

၃။ ပုံမှန်လေ့ကျင့်ခဏ်း စာမေးပွဲလုပ်သော ကျောင်းတိုက်၌ သီတင်းသုံးရမည်။

၄။ အနက် ကြေညက်အောင် လှည့်ရမည်။

၅။ စည်းမျဉ်းကို ပိုင်အောင်လုပ်ရမည်။

၆။ ကြောက်သော ပုစ္ဆာနံပါတ်ကို ရွေး၍ တစ်ပုဒ်စီ သီးသန့်လုပ်ရမည်။

၇။ သန့်ရှင်းသော စာဖြေဌာနဥ်သာ ဖြေရမည်။

၈။ စာဖြေသောအခါ၌ ရိုးရိုးသားသား ကြိုးကြိုးစားစားဖြင့် အစွမ်းကုန် ဖြေဆိုရမည်။

၉။ ခင်ပွန်းကြီး ဆယ်ပါးကို မပြစ်မှားရ။ ပြစ်မှားမိသော် ဝန်ချတောင်းပန်ရမည်။

၁၀။ ဗုဒ္ဓါနုဿတိ ဘာဝနာကုသိုလ်ကို ပုံမှန်ပွားရမည်။

ဤအချက် ၁၀-ချက်နှင့် ပြည့်စုံလျှင် ဓမ္မာစရိယတန်းကို အရည်အချင်းရှိရှိဖြင့် မုချအောင်မြင်မည်။

ttp://www.dhammadownload.com



# ၁–နံပါတ် အနက်ပေးနည်း စည်းမျဉ်း

ဤ ၁–နံပါတ် ပုစ္ဆာ၀ယ် အဋ္ဌကထာလာ ပါဠိများ၌ အနက်ယောဇနာခြင်းကို အနက်ပေးနည်း အမျိုးမျိုးတို့ဖြင့် မေး၏။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟူသော တစ်ဝါကျတည်း၌ပင် အနက်ပေးနည်းပေါင်း ၁၂၀၀–ကျော်တို့ဖြင့် ပခုက္ကူဆရာတော် ဦးရာဇိန္ဒ အနက်ပေးထားသည်ကိုလည်းကောင်း၊ ဧဝံ မေ သုတံ ဟူသော တစ်ဝါကျတည်း၌ပင် အနက်ပေးနည်းပေါင်း ၁၂၀၀၀–ကျော်တို့ဖြင့် သန်လျင်ဆရာတော် အနက်ပေးထားသည်ကိုလည်းကောင်း စာရေးသူ ဖတ်ရှုလေ့လာဘူး၏။ ထို့ကြောင့် အနက်ပေးနည်းသည် သမုဒ္ဒရာသဖွယ် ကျယ်ဝန်းလှပေ၏။

သမုဒ္ဒရာသဖွယ် ကျယ်ဝန်းလှသော အနက်ပေးနည်းတို့တွင် စာချတန်း၌ အသုံးပြုများသော အနက်ပေးနည်းတို့ကို နမူနာပုံစံများနှင့် တွဲဖက်၍ အမြွက်မျှ ဖော်ပြအပ်ပါ၏။ ယင်းနမူနာပုံစံများကို အနက်ပေးရာ၌လည်း အများသုံးဖြစ်သော နေရင်းနိသျမူကိုသာ အဓိကထားပြီး ရေးသားထားပါ၏။ ဖတ်ရှုလေ့လာတော်မူကြပါ။ ကျက်မှတ်သင့်သည်ကိုလည်း ကျက်မှတ်တော်မူကြပါဟု ရိုသေစွာ လျှောက်ထားအပ်ပါ၏။

၁။ ပါဠာနုသာရီ အနက်ပေးနည်း။

ပါဠိရှိသည့်အတိုင်း အနက်ပေးနည်း (ဝါ) ပါဠိလျှောက် အနက်ပေးနည်းသည် ပါဠာနုသာရီ အနက်ပေးနည်း မည်၏။

ပုံစံ။ ရတနတ္တယံ အဟံ ဝန္ဒာမိ။

ရတနတ္တယံ–ရတနာသုံးပါး အပေါင်းကို၊ အဟံ–သည်၊ ဝန္ဒာမိ–ရှိခိုးပါ၏။

အမှာ။ ထည့်ပါဠိများကို ထည့်၍ အနက်ပေးသော နည်းသည် ပါဠသေသ ထည့်၍ အနက်ပေးနည်း (ဝါ) ဝစနသေသ အနက်ပေးနည်း မည်၏။

၂။ တုလျတ်+လိင်္ဂတ် အနက်ပေးနည်း။

ကြိယာ မပါသော ဝါကျတို့၌ ကြိယာကို မထည့်ဘဲ (ဝိကတိကတ္တား) နာမ်ပုဒ်ကို ကြိယာကဲ့သို့ "တည်း/၏" တို့ဖြင့် အဆုံးသတ်၍ အနက်ပေးရသော နည်းသည် တုလျတ်+လိင်္ဂတ် အနက်ပေးနည်း မည်၏။

ပုံစံ။ လဟုမတ္တာ တယော ရဿာ။ (ကစ္စည်း)

လဟုမတ္တာ–ပေါ့ပါးလျင်မြန်သော အတိုင်းအရှည်ရှိကုန်သော၊ တယော–သုံးလုံးကုန်သော သရတို့သည်၊ ရဿာ–ရဿတို့ မည်ကုန်၏ (ဝါ) ရဿတို့ မည်ကုန်သတည်း။

အမှာ။ ကြိယာ အဆုံးမသတ်ဘဲ နာမ်ပုဒ်ဖြင့်သာ အဆုံးသတ်၍ အနက်ပေးသောကြောင့် ဤအနက်ပေးနည်းကို "နာမသတ်" (ဝါ) "နာမတ္တ" (ဝါ) "နာမဝါစက"အနက်ပေးနည်းဟုလည်း ခေါ်သေး၏။

ပုံစံ။ အယံ ဗုဒ္ဓရက္ခိတော နာမ။ (ပါဠိသိက္ခာ)

အယံ–ဤသာမဏေ၏ ဘွဲ့တော်သည်၊ ဗုဒ္ဓရက္ခိတော နာမ–ဗုဒ္ဓရက္ခိတဟူသော ဘွဲ့အမည် ရှိ၏။

နိယံ။ ကြိယာ မသတ်၊ နာမ်မှာသတ်၊ တုလျတ်+လိင်္ဂတ်သာ။

၃။ (က) တုလျတ်+လိင်္ဂတ် (ခ) ပကတိ+ဝိကတိ (ဂ) နိယမာနိယမ အနက်ပေးနည်း။

တုလျက်+လိင်္ဂတ် အနက်ပေးနည်း ရသော နေရာတိုင်း၌ ပကတိ+ဝိကတိ အနက်ပေးနည်းနှင့် နိယမာနိယမ အနက်ပေးနည်းတို့ကိုလည်း ပေး၍ ရ၏။

နိယံ။ တုလျတ်+လိင်္ဂတ်၊ သတ်မှတ်လေဘိ၊ ပကတိ, ဝိကတိ ရရာ၊
နိယမာ နိယမ၊ နက်လည်းရ၊ ဌာန ခပ်သိမ်းမှာ။

ttp://www.dhammadownload.com



ပုံစံ။ ဘဂဝါ ။ပ။ သမိတပါပေါ။ (သီ၊ ၄၊ နှာ-၂၁၉)

(က) ဘဂဝါ-သည်၊ သမိတပါပေါ-ငြိမ်းပြီးသော မကောင်းမှု ရှိတော်မူ၏။ (တုလျတ်+လိင်္ဂတ်)

(ခ) ဘဂဝါ-သည်၊ သမိတပါပေါ-သည်၊ ဟောတိ-၏။ (ပကတိ+ဝိကတိ)

(ဂ) ယော ဘဂဝါ-သည်၊ အတ္ထိ-၏၊ သော ဘဂဝါ-သည်၊ သမိတပါပေါ-သည်၊ ဟောတိ-၏။ (နိယမာနိယမ)

အမှာ။ တုလျတ်+လိင်္ဂတ် အနက်ပေးနည်း၌ "ဟောတိ"စသော ကြိယာထည့်လျှင် ပကတိ+ဝိကတိ အနက်ပေးနည်း ဖြစ်၏။ ပကတိပုဒ်၏ ရှေ့၌ ယ,ဟူသော အနိယမသဒ္ဒါနှင့် ပါဌ်သေသ ကြိယာထည့်၊ ယင်းပကတိပုဒ်၏ ရှေ့၌ပင် တ, ဧတ ဟူသော နိယမသဒ္ဒါတို့ကို ထည့်၍ ပါဌ်သေသ ကြိယာနှင့် အဆုံးသတ်၍ အနက်ပေးလျှင် နိယမာနိယမ အနက်ပေးနည်း ဖြစ်၏။

နိယံ။ ကြိယာ မသတ်၊ တုလျတ်၊ လိင်္ဂတ် မြဲမှတ်ပါ။
ပကတိ, ဝိကတိ၊ ကြိယာ ထည့်၊ သတိ ရှိဖို့ရာ။
နိယမာနိယမ၊ ဟူတုံက၊ ယ,တ ထည့်လေပါ။

၄။ ပကတိ+ဝိကတိ အနက်ပေးနည်း။

အနည်းဆုံး ကတ္တားနှစ်ချက် (ဝါ) ကံနှစ်ချက်တို့ဖြင့် ကြိယာ၌ အဆုံးသတ်၍ အနက်ပေးသော နည်းသည် ပကတိ+ဝိကတိ အနက်ပေးနည်း မည်၏။

ပုံစံ။ လဟုမတ္တာ တယော ရဿာ။ (ကစ္စည်း)

လဟုမတ္တာ-ကုန်သော၊ တယော-ကုန်သော၊ သရာ-တို့သည် (ပကတိကတ္တား)၊ ရဿာ-ကုန်သည် (ဝိကတိကတ္တား)၊ ဟောန္တိ-ဖြစ်ကုန်၏။

ပုံစံ။ ရာဇဂဟံ ခေါ မဟာဂေါစရံ ပဟူတသေနာသနံ။ (သီ၊ ၄၊ နှာ-၆)

ရာဇဂဟံ-သည်၊ မဟာဂေါစရံ-ကျယ်သော ဆွမ်းခံရွာ ရှိသည်၊ ပဟူတသေနာသနံ-များသော ကျောင်း ရှိသည်၊ ဟောတိ-၏။

၅။ နိယမာနိယမ အနက်ပေးနည်း။

ဝါကျတစ်ခု၌ ယ,ဟူသော အနိယမသဒ္ဒါ၊ တ, ဧတ ဟူသော နိယမသဒ္ဒါတို့ဖြင့် အနက်ပေးသော နည်းသည် နိယမာနိယမ အနက်ပေးနည်း မည်၏။

ပုံစံ။ လဟုမတ္တာ တယော ရဿာ။ (ကစ္စည်း)

လဟုမတ္တာ-ကုန်သော၊ တယော-ကုန်သော၊ ယေ သရာ-အကြင်သရတို့သည် (အနိယမ)၊ သန္တိ-ရှိကုန်၏၊ တေ သရာ-တို့သည် (နိယမ)၊ ရဿာ-ရဿတို့ မည်ကုန်သည်၊ ဟောန္တိ-ကုန်၏။

အမှာ။ တုလျတ်ပုဒ်, ပကတိပုဒ်, သံဝဏ္ဏနာပုဒ်တို့ကို အနိယမဝါကျ အနေအားဖြင့် ကြံနိုင်၏။
ထိုအခါ လိင်္ဂတ်ပုဒ်, ဝိကတိပုဒ်, သံဝဏ္ဏေတဗ္ဗပုဒ်တို့ကို နိယမဝါကျ အနေအားဖြင့် ကြံရမည်။

ပုံစံ။ ရာဇဂဟံ ခေါ မဟာဂေါစရံ ပဟူတသေနာသနံ။ (သီ၊ ၄၊ နှာ-၆)

ယံ ရာဇဂဟံ-သည်၊ အတ္ထိ-၏၊ တံ ရာဇဂဟံ-သည်၊ မဟာဂေါစရံ-သည်၊ ပဟူတသေနာသနံ-သည်၊ ဟောတိ-၏။

သတိ။ ပကတိပုဒ်၌ အနိယမ ယသဒ္ဒါ ထည့်၍ အတ္ထိကြိယာ အဆုံးသတ်ထားသည်ကို သတိပြုပါ။

ttp://www.dhammadownload.com



ပုံစံ။ သုဏောဟိ သာဓုကံ မနသိ ကရောဟိ။ (သီ၊ ပါဠိတော်၊ နှာ–၅၈)
ယသ္မာ–ကြောင့်၊ အယံ ဓမ္မော–ဤတရားတော်သည်၊ ဓမ္မဂမ္ဘီရော စ–လည်းကောင်း၊ အတ္ထဂမ္ဘီရော စ–လည်းကောင်း၊ ဒေသနာဂမ္ဘီရော စ–လည်းကောင်း၊ ပဋိဝေဓဂမ္ဘီရော စ–လည်းကောင်း၊ ဟောတိ–၏၊ တသ္မာ–ကြောင့်၊ သာဓုကံ–မြဲမြံစွာ (ဝါ) ငါဘုရား၏ အမိန့်အာဏာတော်ဖြင့် (ဝါ) ကောင်းမွန်စွာ၊ တွဲ–သင်မင်းကြီးသည်၊ သုဏောဟိ–နာလော့၊ မနသိ ကရောဟိ–စိတ်၌ ထားလော့ (ဝါ) စိတ်၌ ကောင်းစွာ ဆောင်လော့ (ဝါ) ပျံ့လွင့်သော စိတ်ရှိသူ မဖြစ်ဘဲ စူးစူးစိုက်စိုက် နာလော့။

၆။ သံဝဏ္ဏေတဗ္ဗ+သံဝဏ္ဏနာ ဝါကျ၌ နိယမာနိယမ အနက်ပေးနည်း။
အဖွင့်ခံပုဒ်ကို သံဝဏ္ဏေတဗ္ဗပုဒ်ဟု ခေါ်၏။ ဖွင့်ပြသောပုဒ်ကို သံဝဏ္ဏနာပုဒ်ဟု ခေါ်၏။
သံဝဏ္ဏေတဗ္ဗ+သံဝဏ္ဏနာ ဝါကျ၌ သံဝဏ္ဏနာကို အနိယမသဒ္ဒါ ထိုင်၍ အနက်ပေးပြီး၊ သံဝဏ္ဏေတဗ္ဗကို နိယမသဒ္ဒါ ထိုင်၍ အနက်ပေးသော နည်းသည် သံဝဏ္ဏေတဗ္ဗ+သံဝဏ္ဏနာ ဝါကျ၌ နိယမာနိယမ အနက်ပေးနည်း မည်၏။

အမှာ။ သံဝဏ္ဏေတဗ္ဗ+သံဝဏ္ဏနာ အကြောင်းကို (၆)နံပါတ် စည်းမျဉ်းကဏ္ဍ၌ အကျယ်တဝင့် ရေးသားထားပါ၏။

ပုံစံ။ အန္တေ ဝသတီတိ **အန္တေဝါသီ**။ (သီ၊ ဋ၊ နှာ–၃၆)
ယော ဇနော–သည်၊ အန္တေ–ဆရာ၏ အနီး၌၊ (ဝတ္တပဋိဝတ္တာဒိကရဏဝသေန–ဝတ်ကြီး,ဝတ်ငယ် စသည်ကို ပြုခြင်း၏ အစွမ်းဖြင့်၊) ဝသတိ–နေတတ်၏၊ ဣတိ တသ္မာ–ကြောင့်၊ သော ဇနော–သည်၊ အန္တေဝါသီ–မည်၏။

အမှာ။ "ဝတ္တပဋိဝတ္တာဒိကရဏဝသေန"ကား ငြိသစ်နှင့်အညီ ထည့်သော ကြိယာဝိသေသန ပုဒ်တည်း။

ပုံစံ။ **သူရာတိ** ကေန္တသူရာ။ (သီ၊ ဋ၊ နှာ–၁၄၃)
ယေ–အကြင်သူတို့သည်၊ ကေန္တသူရာ–သူရဲစစ်ဖြစ်ကုန်သော သူရဲတို့တည်း၊ တေ–ထိုသူရဲစစ်ဖြစ်ကုန်သော သူရဲတို့သည်၊ သူရာတိ သူရာ နာမ–သူရာတို့ မည်ကုန်၏။

အမှာ။ ဤအနက်ပေးနည်းမျိုးကို ကြိယာ၌ အဆုံးမသတ်ဘဲ နာမ်ပုဒ်၌သာ အဆုံးသတ်၍ အနက်ပေးသောကြောင့် နာမတ္ထ (ဝါ) နာမဝါစက (ဝါ) နာမသတ် အနက်ပေးနည်းဟုလည်း ခေါ်သေး၏။

ပုံစံ။ အလဂ္ဂနဋ္ဌေန အဗ္ဘောကာသော ဝိယာတိ **အဗ္ဘောကာသော**။ (သီ၊ ဋ၊ နှာ–၁၆၂)
ယာ ပဗ္ဗဇ္ဇာ–အကြင်ရှင်ရဟန်းအဖြစ်သည်၊ အလဂ္ဂနဋ္ဌေန–ငြိစွန်းခြင်းမရှိသော အနက်ကြောင့်၊ အဗ္ဘောကာသော ဝိယ–လွင်တီးခေါင်ကဲ့သို့၊ ပဝတ္တတိ–၏၊ ဣတိ တသ္မာ–ကြောင့်၊ သာ ပဗ္ဗဇ္ဇာ–သည်၊ အဗ္ဘောကာသော–မည်၏။

အမှာ။ နေရင်း၌ "ယော ပဗ္ဗဇိတော, သော ပဗ္ဗဇိတော"ဟု ထည့်၏။

၇။ "ယံ,တံ သဒ္ဒါ၊ နိစ္စသမ္ဗန္ဓာ" နိယံနှင့်အညီ အနက်ပေးနည်း။
ယသဒ္ဒါနှင့် တသဒ္ဒါတို့ကို အမြဲစပ်ရမည်။ ထို့ကြောင့် အနိယမ ယသဒ္ဒါသာ ရှိ၍ နိယမ တသဒ္ဒါ မရှိသော ဝါကျ၌ နိယမ တသဒ္ဒါကို ဖြည့်စွက်၍ အနက်ပေးသော နည်းသည် "ယံ,တံ သဒ္ဒါ၊ နိစ္စသမ္ဗန္ဓာ" နိယံနှင့်အညီ အနက်ပေးနည်း မည်၏။

အမှာ။ ဤနည်းကိုပင် ပါဠိ၌ ယဟူသော အနိယမ တစ်ဘက်ကိုသာ ပြထားသော်လည်း တဟူသော နိယမ တစ်ဘက်ကိုလည်း လိုက်စေ၍ အနက်ပေးရသောကြောင့် ဧကပက္ခဒဿန အနက်ပေးနည်းဟုလည်း ခေါ်သေး၏။

ttp://www.dhammadownload.com



ပုံစံ။ ယဿ ဒါနိ ကာလံ မညသိ။ (သီ၊ ၌၊ နှာ-၁၃၅)

ယင်းဝါကျ၌ အနိယမ ယသဒ္ဒါသာ ပါ၏။ နိယမ တသဒ္ဒါ မပါချေ။ ယင်းကဲ့သို့ အနိယမ ယသဒ္ဒါသာ ပါရှိ၍ နိယမ တသဒ္ဒါ မပါသော ဤဝါကျ၌ နိယမ တသဒ္ဒါထည့်၍ အနက်ပေးထားပုံကို ဆက်လက်ရှုပါ။ မဟာရာဇ-မင်းကြီး၊ ဒါနိ ဣဒါနိ-ယခုအခါ၌၊ ယဿ-အကြင်သွားခြင်း၏၊ ကာလံ-ကို၊ တွံ-သင်မင်းကြီး သည်၊ မညသိ-သိ၏၊ တဒေဝ-ထိုသွားခြင်းကိုသာလျှင်၊ အတ္တနော-၏၊ ရုစိယာ-အလိုအားဖြင့်၊ ကရောဟိ -ပြုလော့။

(တစ်နည်း) တယာ-သင်မင်းကြီးသည်၊ ယံ ဟတ္ထိယာနကပ္ပနံ-အကြင်ဆင်ယာဉ်ကို ကစိမ့်သည်ကို၊ အာဏတ္တံ-စေအပ်၏၊ တံ ဟတ္ထိယာနကပ္ပနံ-ထိုဆင်ယာဉ်ကို ကခြင်းကို၊ မယာ-သည်၊ ကတံ-ပြုအပ်ပြီ၊ ဒါနိ ဣဒါနိ-ယခုအခါ၌၊ တွံ-သည်၊ ယဿ ဂမနဿ ဝါ-အကြင်သွားခြင်း၏လည်းကောင်း၊ ယဿ အဂမနဿ ဝါ-၏လည်းကောင်း၊ ကာလံ-ကို၊ မညသိ-သိတော်မူ၏၊ တဒေဝ-ထိုသွားခြင်း, မသွားခြင်းကို သာလျှင်၊ အတ္တနော-၏၊ ရုစိယာ-အလိုအားဖြင့်၊ ကရောဟိ-လော့။

အမှာ။ ပဌမနည်းသည် ဘုရားရှင်ထံမှ ပြန်လိုသော အဇာတသတ်မင်းအား ဘုရားရှင်က "ယဿ ဒါနိ ကာလံ မညသိ"ဟု ပြောသည်ကို ရည်၍ ယောဇနာသော ပါဠိတော်နိသျနည်း ဖြစ်၏။ ဒုတိယနည်းသည် ဘုရားရှင်ထံသို့ သွားလိုသော အဇာတသတ်မင်းအား ဇီဝကက "ယဿ ဒါနိ ကာလံ မညသိ"ဟု ပြောသည် ကို ရည်၍ ယောဇနာသော အဋ္ဌကထာ အဖွင့်ကို ရှု၍ ပေးသောနည်း ဖြစ်၏။ သာမညမေးသော် ပဌမ နည်းကိုသာ ဖြေပါ။ ပါရာဇိကဏ် ပါဠိတော်ဝယ် ယင်းဝါကျ၌ ယဿကို ယော+အဿဟု ပုဒ်ဖြတ်ပြီး အနက်တစ်နည်း ပေးထားသေး၏။

ပုံစံ။ ယေနိစ္ဆကံ သုခံ ပက္ကမတိ။ (သီ၊ ၌၊ နှာ-၁၈၅)

ယေန-အကြင်အရပ်သို့၊ ပက္ကမိတုံ-သွားခြင်းငှာ၊ ဣစ္ဆတိ-အလိုရှိ၏၊ တေန-ထိုအရပ်သို့၊ ဣစ္ဆကံ-အလို ရှိတိုင်း၊ သုခံ-ချမ်းသာစွာ၊ ပက္ကမတိ-သွားရ၏။

နိယံ။ ရှေ့ အနိယတ်၊ ရှိတုံလတ်၊ နိယတ် နောက်နေစေ။
အကယ်တည့်တည့်၊ မရှိလှည့်၊ ထည့်ရမည် မှတ်လေ။

၈။ "ယံ,တံ သဒ္ဒါ၊ နိစ္စသမ္ဗန္ဓာ" နိယံနှင့်အညီ အနက်ပေးနည်း။

ယသဒ္ဒါနှင့် တသဒ္ဒါတို့ကို အမြဲစပ်ရမည်။ ထို့ကြောင့် နိယမ တသဒ္ဒါသာ ရှိ၍ အနိယမ ယသဒ္ဒါ မရှိသော ဝါကျ၌ အနိယမ ယသဒ္ဒါကို ဖြည့်စွက်၍ အနက်ပေးသော နည်းသည် "ယံ,တံ သဒ္ဒါ၊ နိစ္စသမ္ဗန္ဓာ" နိယံနှင့် အညီ အနက်ပေးနည်း မည်၏။

အမှာ။ ဤနည်းကိုပင် ပါဠိ၌ တဟူသော နိယမ တစ်ဘက်ကိုသာ ပြထားသော်လည်း ယဟူသော အနိယမ တစ်ဘက်ကိုလည်း လိုက်စေ၍ အနက်ပေးရသောကြောင့် ဧကပက္ခဒဿန အနက်ပေးနည်းဟုလည်း ခေါ်သေး၏။

ပုံစံ။ ဧသော နော သတ္ထာ။ (ပါဠိသိက္ခာ)

ယော-သည်၊ အတ္ထိ-၏၊ ဧသော-သည်၊ နော-တို့၏၊ သတ္ထာ-သည်၊ ဟောတိ-၏။

ပုံစံ။ တံ ကိံ မညသိ မဟာရာဇ။ (ပါဠိတော်၊ နှာ-၅၇)

မဟာရာဇ-မင်းကြီး၊ မယာ-ငါဘုရားသည်၊ ပုစ္ဆမာနံ-မိန့်တော်မူအပ်လတ္တံ့သော၊ ယံ ဝစနံ-အကြင်စကား သည်၊ အတ္ထိ-၏၊ တံ ဝစနံ-ကို၊ တွံ-သင်မင်းကြီးသည်၊ ကိံ မညသိ-အသို့ အောက်မေ့သနည်း။

ttp://www.dhammadownload.com



ပုံစံ။ သဗ္ဗေသံ ဒေဝမနုဿာနံ ဣမသ္မိံ ဓမ္မေ အဿဒ္ဓိယံ ဝိနာသေတိ၊ သဒ္ဓါသမ္ပဒံ ဥပ္ပါဒေတိ။ တေနေတံ ဝုစ္စတိ
"ဝိနာသယတိ အဿဒ္ဓံ၊ သဒ္ဓံ ဝဍ္ဎေတိ သာသနေ။
'ဧဝံ မေ သုတ' မိစ္စေဝံ၊ ဝဒံ ဂေါတမသာဝကော"တိ။ (သီ၊ ဋ၊ နှာ-၃၂)
ယေန ကာရဏေန-အကြင်အကြောင်းကြောင့်၊ သဗ္ဗေသံ-ကုန်သော၊ ဒေဝမနုဿာနံ-တို့၏၊ ဣမသ္မိံ ဓမ္မေ-၌၊ အဿဒ္ဓိယံ-မယုံကြည်ခြင်းကို၊ ဝိနာသေတိ-ဖျောက်၏၊ သဒ္ဓါသမ္ပဒံ-သဒ္ဓါ၏ ပြည့်စုံခြင်းကို၊ ဥပ္ပါဒေတိ -ဖြစ်စေ၏၊ တေန ကာရဏေန-ကြောင့်၊ "ဝိနာသယတိ ။ပ။ ဂေါတမသာဝကော"တိ-ဝိနာသယ ။ပ။ ဂေါတမသာဝကော ဟူ၍ (ဝါ) ဟူသော၊ ဧတံ ဝစနံ-ကို၊ မယာ-ငါသည်၊ ဝုစ္စတိ-၏။

ပုံစံ။ 'ဘဂဝါ'တိ ဝစနံ သေဋ္ဌံ၊ 'ဘဂဝါ'တိ ဝစနမုတ္တမံ။
ဂရု ဂါရဝယုတ္တော သော၊ ဘဂဝါ တေန ဝုစ္စတိ။ (သီ၊ ဋ၊ နှာ-၃၄)
ဘဂဝါတိ ဝစနံ-ဘဂဝါဟူသော သဒ္ဒါသည်၊ သေဋ္ဌံ သေဋ္ဌဝါစကံ-အထူးသဖြင့် ချီးမွမ်းအပ်သော အနက်ကို ဟောတတ်၏၊ ဘဂဝါတိ ဝစနံ-သည်၊ ဥတ္တမံ ဥတ္တမဝါစကံ-မြတ်သော အနက်ကို ဟောတတ်၏၊ (တထာ ဂတော-သည်၊) ဂါရဝယုတ္တော-အရိုအသေ ပြုခြင်းငှာ ထိုက်တော်မူ၏၊ ယေန ကာရဏတ္တယေန-အကြင် အကြောင်းသုံးပါး အပေါင်းကြောင့်၊ သော ဘဂဝါ-သည်၊ ဂရု-လူ,နတ်တို့၏ဆရာ ဖြစ်တော်မူပေ၏၊ တေန ကာရဏတ္တယေန-ကြောင့်၊ သော ဘဂဝါ-ကို၊ ဘဂဝါ ဘဂဝါ ဣတိ-ဘဂဝါဟူ၍၊ ဝုစ္စတိ-၏။

ပုံစံ။ သမီပတ္ထေ ဟောတ ဘုမ္မဝစနံ။ (သီ၊ ဋ၊ နှာ-၁၂၂)
ရာဇဂဟေတိ-ရာဇဂဟေ ဟူ၍၊ ယံ ဝစနံ-ကို၊ မယာ-သည်၊ ဝုတ္တံ-၏၊ တံ ဝစနံ-သည်၊ ဟိ ယုတ္တံ-သင့်၏၊ ဧတံ-ဤရာဇဂဟေဟူသော ပုဒ်သည်၊ သမီပတ္ထေ-သမီပအနက်၌၊ ဘုမ္မဝစနံ-သတ္တမီဝိဘတ် ရှိသော ပုဒ်တည်း။

နိယံ။ နောက်မှာ နိယတ်၊ ရှိတုံလတ်၊ ရှေ့တွက် အနိယေ။
အကယ်တည့်တည့်၊ မရှိလှည့်၊ ထည့်ရမည် မှတ်လေ။

၉။ အာကာရဝါကျ အနက်ပေးနည်း။
အာကာရဝါကျတို့၌ အာကာရဝါကျကို (က) အတွင်းသွင်း၍ အနက်ပေးနည်း (ခ) အပြင်ထုတ်၍ အနက် ပေးနည်းအားဖြင့် နှစ်နည်းပေးနိုင်၏။

(က) အာကာရ အတွင်းသွင်း၍ အနက်ပေးနည်း။
အာကာရဝန္တ ဝါကျ၌ရှိသော ဥပသာရပုဒ်၊ နိပါတ်ပုဒ်, ကတ္တားပုဒ်, ကံပုဒ် စသည်တို့နှင့် ကြိယာပုဒ် တို့၏ အကြားဝယ် အာကာရဝါကျကို ထား၍ အနက်ပေးခြင်းသည် အာကာရ အတွင်းသွင်း၍ အနက် ပေးနည်း မည်၏။

ပုံစံ။ ဝုတ္တဉ္စေတံ ဘဂဝတာ "ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"တိ။ (သီ၊ ဋ၊ နှာ-၃)
ဟိ သစ္စံ-ထိုစကား မှန်၏၊ ဘဂဝတာ-သည်၊ "ယော ဝေါ အာနန္ဒ ။ပ။ မမစ္စယေန သတ္ထာ"တိ-ယော ဝေါ အာနန္ဒ ။ပ။ မမစ္စယေန သတ္ထာ ဟူ၍၊ ဧတံ ဝစနံ-ဤစကားကို၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ။

အမှာ။ ဤကားသဒ္ဒါအားဖြင့် အာကာရ အတွင်းသွင်းခြင်းတည်း။ အနက်အားဖြင့် အတွင်းသွင်း၍ ပေးလိုလျှင် အာကာရဝါကျကို အနက်ထည့်၍ ပေးရုံသာတည်း။

(ခ) အာကာရ အပြင်ထုတ်၍ အနက်ပေးနည်း။

* အာကာရဝန္တ ဝါကျကို ရှေးဦးစွာ အနက်ပေးပါ။

ttp://www.dhammadownload.com



* အာကာရဝန္တ ဝါကျ၌ရှိသော ပဓာန ကြိယာကို ကိံ သဒ္ဒါနှင့် တွဲဖက်၍ ပုစ္ဆာဝါစက အနက်ပေးပါ။
* အာကာရဝါကျကို အနက်ပေးပါ။
* ပုစ္ဆာဝါစက ပြုလုပ်ခဲ့သော ကြိယာကို ပုစ္ဆာဝါစက ကိံသဒ္ဒါ ဖြုတ်ပြီး အနက်ပေးရှုံသာတည်း။

ပုံစံ။ ဝုတ္တဉ္စေတံ ဘဂဝတာ "ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"တိ။ (သီ၊ ၄၊ နှာ-၃)

* ဟိ သစ္စံ-ထိုစကားသည် မှန်၏၊ ဘဂဝတာ-သည်၊ ဧတံ ဝစနံ-ဤစကားကို၊ ဝုတ္တံ-ပြီ။
* ကိံ-သို့၊ ဝုတ္တံ-နည်း။
* "ယော ဝေါ အာနန္ဒ ။ပ။ မမစ္စယေန သတ္ထာ"တိ-ယော ဝေါ အာနန္ဒ ။ပ။ မမစ္စယေန သတ္ထာ ဟူ၍၊
* ဝုတ္တံ-ပြီ။

သတိ။ အာကာရဝါကျ အပြင်ထုတ်၍ အနက်ပေးနည်းကိုပင် "ဣတိသဒ္ဒါ၊ အာကာရတ္ထ၊ နောက်၌ပြမူ၊ ဝါစကပုစ္ဆာ၊ ကိံသဒ္ဒါကို၊ ရှေ့မှာစွက်၍၊ အနက်သမ္ဘန်မြဲ"ဟူသော နိယံနှင့်အညီ အနက်ပေးနည်းဟုလည်း ခေါ်သေး၏။

နိယံ။ ကတ်, ကံ, ကြိယာ၊ အတွင်းမှာ၊ ထားပါ အာကာရ။
အာကာရသွင်း၊ နက်ပေးခြင်း၊ မယွင်း မှတ်လိုက်ကြ။
အာကာဝန္တာ၊ ပဌမာ၊ နောက်မှာ ပုစ္ဆာပြ (ကိံ)။
နောက် အာကာရံ၊ ကြိယံ၊ ခေါ်ရန် ပြင်ထုတ်ကြ။
တွင်း,ပြင် အာကာ၊ ယောဇနာ၊ သေချာမှတ်လိုက်ကြ။

အမှာ။ ဤဆိုအပ်ပြီးသော အနက်ပေးနည်းတို့ကား သဒ္ဒါအားဖြင့် အာကာရ အတွင်းသွင်း/အပြင်ထုတ်၍ အနက်ပေးနည်းတို့ ဖြစ်၏။ အနက်အားဖြင့် အတွင်းသွင်း/အပြင်ထုတ်၍ အနက်ပေးလိုလျှင် အာကာရဝါကျကို အနက်ပေးရှုံသာတည်း။

အာကာရဝါကျ၌ သဒ္ဒါအားဖြင့် အတွင်းသွင်း၍ အနက်ပေးနည်းကို သဒ္ဒါကာရန္တောဂဓ အနက်ပေးနည်းဟူ၍လည်းကောင်း၊ အာကာရဝါကျ၌ အနက်အားဖြင့် အတွင်းသွင်း၍ အနက်ပေးနည်းကို အတ္ထာကာရန္တောဂဓ အနက်ပေးနည်းဟူ၍လည်းကောင်း၊ အာကာရဝါကျ၌ သဒ္ဒါအားဖြင့် အပြင်ထုတ်၍ အနက်ပေးနည်းကို သဒ္ဒါကာရဗဟိကရဏ အနက်ပေးနည်းဟူ၍လည်းကောင်း၊ အာကာရဝါကျ၌ အနက်အားဖြင့် အပြင်ထုတ်၍ အနက်ပေးနည်းကို အတ္ထာကာရဗဟိကရဏ အနက်ပေးနည်းဟူ၍လည်းကောင်းဟု ပါဠိဘာသာဖြင့် ခေါ်ဝေါ်သုံးစွဲကြ၏။

၁၀။ ဟိတ် အတွင်းသွင်း၍ အနက်ပေးနည်း၊ ဟိတ် အပြင်ထုတ်၍ အနက်ပေးနည်း။
ကြောင့်ဟု အနက်ပေးအပ်သော "တော, တ္တာ, တာယ"ဆုံးသော ပုဒ်များကို ဟိတ်ဟု ခေါ်သည်။
ယင်းဟိတ်ပုဒ်များကို အတွင်းသွင်း/အပြင်ထုတ်၍ အနက်ပေးနည်းသည်လည်း အာကာရ အတွင်းသွင်း/အပြင်ထုတ်၍ အနက်ပေးနည်းနှင့် မထူးပြီ။ ဖော်ပြလတ္တံ့သော ပုံစံများကို သေချာစွာ လေ့လာပါ။

ပုံစံ။ တတ္ထ ဟိ ဝိနယပိဋကံ အာဏာရဟေန ဘဂဝတာ အာဏာဗာဟုလ္လတော ဒေသိတတ္တာ **အာဏာ ဒေသနာ**တိ ဝုစ္စတိ။ (သီ၊ ၄၊ နှာ-၂၀)

(က) ဟိတ် အတွင်းသွင်း၍ အနက်ပေးနည်း။
ဟိ-ချဲ့၊ တတ္ထ-ဤသုံးပါးကုန်သော ပိဋကတို့တွင်၊ ဝိနယပိဋကံ-ကို၊ အာဏာရဟေန-အာဏာထားခြင်းငှာ ထိုက်သော၊ ဘဂဝတာ-သည်၊ အာဏာဗာဟုလ္လတော-အာဏာ များသောအားဖြင့်၊ ဝိနယပိဋကဿ-၏

ttp://www.dhammadownload.com



(ဝါ) ကို (သမ္ဗန်)၊ ဒေသိတတ္တာ–ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်၊ အာဏာဒေသနာတိ–ဟူ၍၊ ဝုစ္စတိ–၏။

အမှာ။ ဒေသိတတ္တာ–ကား ဟိတ်ပုဒ် ဖြစ်၏။ ယင်းဟိတ်၏ သမ္ဗန်ကို ဝိနယပိဋကဿဟု ပါဌ်သေသ ထည့်၍ အနက်ယောဇနာ ထားသည်။ ဟိတ်အတွင်းသွင်း၍ အနက်ပေးနည်းကို = ဟေတုအန္တောကရဏ ယောဇနာ နည်း (ဝါ) ဟေတုအန္တောနီတ ယောဇနာနည်းဟုလည်း ခေါ်ကြသေး၏။

(ခ) ဟိတ် အပြင်ထုတ်၍ အနက်ပေးနည်း။

ဟိ–ချဲ့၊ ဧတ္ထ–တို့တွင်၊ ဝိနယပိဋကံ–ကို၊ အာဏာရဟေန–သော၊ ဘဂဝတာ–သည်၊ အာဏာဒေသနာတိ–ဟူ၍၊ ဝုစ္စတိ–၏၊ ကသ္မာ–အဘယ်ကြောင့်နည်း ဟူမူကား၊ အာဏာဗာဟုလ္လတော–ဖြင့်၊ ဝိနယပိဋကဿ–၏ (ဝါ) ကို၊ ဒေသိတတ္တာ–ကြောင့်တည်း။

အမှာ။ ဟိတ် အပြင်ထုတ်၍ အနက်ပေးနည်းကို = ဟေတုဗဟိကရဏ ယောဇနာနည်း (ဝါ) ဟေတုပိဋ္ဌိ ယောဇနာ နည်းဟုလည်း ခေါ်ကြသေး၏။

ပုံစံ။ ဝိနယပိဋကေ စ **ဝီတိက္ကမပ္ပဟာနံ** ကိလေသာနံ ဝီတိက္ကမပဋိပက္ခတ္တာ သီလဿ။ (သီ၊ ဋ္ဌ၊ နှာ–၂၀)

(က) ဟိတ် အတွင်းသွင်း၍ အနက်ပေးနည်း။

စ–ဆက်၊ ဝိနယပိဋကေ–၌၊ သီလဿ–၏၊ ဝီတိက္ကမပဋိပက္ခတ္တာ–လွန်ကျူး၍ ကျင့်ခြင်း၏ ဆန့်ကျင် ဘက် ဖြစ်သည်၏ အဖြစ်ကြောင့်၊ ကိလေသာနံ–တို့ကို၊ ဝီတိက္ကမပ္ပဟာနံ–လွန်ကျူးခြင်းကို ပယ်ခြင်းကို၊ ဝုတ္တံ–၏။

(ခ) ဟိတ် အပြင်ထုတ်၍ အနက်ပေးနည်း။

စ–ဆက်၊ ဝိနယပိဋကေ–၌၊ ကိလေသာနံ–တို့ကို၊ ဝီတိက္ကမပ္ပဟာနံ–ကို၊ ဝုတ္တံ–၏၊ ကသ္မာ–မူကား၊ သီလဿ–၏၊ ဝီတိက္ကမပဋိပက္ခတ္တာ–လွန်ကျူး၍ ကျင့်ခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သည်၏ အဖြစ်ကြောင့် တည်း။

ပုံစံ။ သော ဟိ ဘိက္ခုသံဃော ဂုဏေဟိပိ မဟာ အပ္ပောသိ အပ္ပိစ္ဆတာဒိဂုဏသမန္နာဂတတ္တာ။ (ဋ္ဌ၊ နှာ–၃၆)

(က) ဟိတ် အတွင်းသွင်း၍ အနက်ပေးနည်း။

ဟိ တဒေဝ ယုတ္တံ–၏၊ သော ဘိက္ခုသံဃော–သည်၊ အပ္ပိစ္ဆတာဒိဂုဏသမန္နာဂတတ္တာ–နည်းသော အလို ရှိသည်၏အဖြစ် အစရှိသော ဂုဏ်တို့နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့်၊ ဂုဏေဟိပိ–တို့ဖြင့်လည်း၊ မဟာ–မြတ်သည်၊ အပ္ပောသိ–ဖြစ်ပြီ။

(ခ) ဟိတ် အပြင်ထုတ်၍ အနက်ပေးနည်း။

ဟိ တဒေဝ ယုတ္တံ–၏၊ သော ဘိက္ခုသံဃော–သည်၊ ဂုဏေဟိပိ–တို့ဖြင့်လည်း၊ မဟာ–မြတ်သည်၊ အပ္ပောသိ–ဖြစ်ပြီ၊ ကသ္မာ–နည်းဟူမူကား၊ အပ္ပိစ္ဆတာဒိဂုဏသမန္နာဂတတ္တာ–နည်းသော အလို ရှိသည်၏ အဖြစ် အစရှိသော ဂုဏ်တို့နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့်တည်း။

၁၁။ ဥပရိက္ခာ အတွင်းသွင်း၍ အနက်ပေးနည်း၊ ဥပရိက္ခာ အပြင်ထုတ်၍ အနက်ပေးနည်း။

ပြုလုပ်တတ်သော ကတ္တုသတ္တိ မရှိပါဘဲလျက် ကတ္တုသတ္တိ ရှိသကဲ့သို့ (ဝါ) နိဗ္ဗာပါရ, နိဿတ္တိကသဘော ရှိသည် ဖြစ်ပါလျက် သဗ္ဗာပါရ, သဿတ္တိကသဘော ရှိသကဲ့သို့ အလွန်အကျွံ အနက်ကို ဟောတတ်, ထွန်းပြတတ်သော စကားရပ်တို့ကို ဥပရိက္ခာဟု ခေါ်၏။

ttp://www.dhammadownload.com



ယင်းဥပရိက္ခ႒ာကို အတွင်းသွင်း/ အပြင်ထုတ်၍ အနက်ပေးနည်းသည်လည်း အာကာရ အတွင်းသွင်း/ အပြင်ထုတ်၍ အနက်ပေးနည်းနှင့် မထူးပြီ။ ဖော်ပြလတ္တံ့သော ပုံစံကို သေချာစွာ လေ့လာပါ။

ပုံစံ။ သာဓုကာရံ ဝိယ ဒဒမာနာ အယံ မဟာပထဝီ ဥဒကပရိယန္တံ ကတွာ အနေကပ္ပကာရံ ကမ္ပိ။ (ဌ၊ နှာ–၂၆)

(က) ဥပရိက္ခ႒ာ အတွင်းသွင်း၍ အနက်ပေးနည်း။

အယံ မဟာပထဝီ–သည်၊ ဥဒကပရိယန္တံ–ရေအဆုံး ရှိသည်ကို၊ ကတွာ–၍၊ သာဓုကာရံ–ကောင်းချီးကို၊ ဒဒမာနာ ဝိယ–ပေးသကဲ့သို့၊ အနေကပ္ပကာရံ–အကြိမ်များစွာ၊ ကမ္ပိ–လှုပ်၏။

(ခ) ဥပရိက္ခ႒ာ အပြင်ထုတ်၍ အနက်ပေးနည်း။

အယံ မဟာပထဝီ–သည်၊ ဥဒကပရိယန္တံ–ကို၊ ကတွာ–၍၊ အနေကပ္ပကာရံ–စွာ၊ ကမ္ပိ–၏၊ (ကီဒိသီ–အဘယ်သို့ သဘောရှိသည်၊ ဟုတွာ–၍၊ အနေကပ္ပကာရံ–စွာ၊ ကမ္ပိ–နည်း၊) သာဓုကာရံ–ကို၊ ဒဒမာနာ ဝိယ–သို့၊ အနေကပ္ပကာရံ–စွာ၊ ကမ္ပိ–၏။

သတိ။ ဤဝါကျ၌ "သာဓုကာရံ ဒဒမာနာ ဝိယ"သည် ဥပရိက္ခ႒ာ ဖြစ်၏။

အမှာ။ အလွန်အကျွံ ပြောဆိုထားသော စကားမှန်သမျှသည် ဥပရိက္ခ႒ာ စကားချည်းသာ ဖြစ်၏။ ယင်းဥပရိက္ခ႒ာ စကားတို့ကို ရူပကအလင်္ကာ မြောက်၏ဟူ၍လည်း နိယံဆရာက ဆို၏။

နိယံ။ နိဿတ္တိကို၊ သတ္တိ ရှိစွာ၊ ကျမ်း၌ ပါမူ၊ ဝါစာသိလိဋ္ဌ၊ ဥပရိက်၊ ကျမ်းရိပ် ထောက်ဆ၊ ရူပက။

၁၂။ ဥပမာဇောတက နိပါတ်ပုဒ်တို့ကို အနက်ပေးနည်း။

ယထာ, တထေဝ, ယထာ နာမ, ယထာ ဟိ, ယထရိဝ, သေယျထာပိ, သေယျထာ နာမ, ဝိယ, ဣဝ စသော ဥပမာဇောတက နိပါတ်ပုဒ်တို့ကို ကြိယာနှင့် ယှဉ်၍ အနက်ပေးရမည်။

ပုံစံ။ သဝတိ စေတံ အတ္တေ သသာမိဝ ဖလံ။ (သီ၊ ဌ၊ နှာ–၁၈)

စ–အဖို့တစ်ပါးကား၊ သသံ–ကောက်ပင်သည်၊ ဖလံ–အသီးကို၊ သဝတိ ဣဝ–ပွားစေသကဲ့သို့။

နိယံ။ ဥပမာဇောတက၊ ထိုပဒမှာ၊ ကြိယာနှင့်၊ ယှဉ်ကာ စပ်လျက်၊ အနက် သမ္ဗန်မြဲ။

၁၃။ ဥပမာ မဟုတ်သော ယထာ,တထာ ဝါကျအနက်ပေးနည်း။

ဥပမာ မဟုတ်သော ယထာ,တထာကို တွေ့လျှင် = ယင်းယထာ,တထာ သဒ္ဒါတို့ကို အာကာရတ္ထ ကြံရမည်။ တထာ(ဇဝံ) စပ်ရာ ကြိယာပုဒ်ကို လက္ခဏပုဒ်အဖြစ် ပြင်ထည့်၍ အနက်ပေးရမည်။

ပုံစံ။ ယန္နူနာဟံ ဓမ္မဥ္စ ဝိနယဥ္စ သင်္ဂါယေယျံ ယထယိဒံ သာသနံ အဒ္ဓနိယံ အဿ စိရဋ္ဌိတိကံ။ (ဌ၊ နှာ–၃)

ယန္နူန ယဒိ ပန–အကယ်၍၊ အဟံ–သည်၊ ဓမ္မဥ္စ–သုတ်,အဘိဓမ္မာကိုလည်းကောင်း၊ ဝိနယဥ္စ–ကိုလည်းကောင်း၊ ယထာ ယေန အာကာရေန–ဖြင့်၊ သင်္ဂီယမာနေ–သင်္ဂါယနာ တင်အပ်သည် ရှိသော်၊ ဣဒံ သာသနံ–ဤဘုရားသာသနာတော်သည်၊ အဒ္ဓနိယံ–အရှည်ခံသည်၊ အဿ ဘဝေယျ–ဖြစ်ရာ၏၊ စိရဋ္ဌိတိကံ–ကြာမြင့်စွာ တည်ခြင်းရှိသည်၊ အဿ ဘဝေယျ–ဖြစ်ရာ၏၊ တထာ တေန အာကာရေန–ဖြင့်၊ ဓမ္မဥ္စ–သုတ်,အဘိဓမ္မာကိုလည်းကောင်း၊ ဝိနယဥ္စ–ကိုလည်းကောင်း၊ သင်္ဂါယေယျံ–သင်္ဂါယနာ တင်ရမူကား၊ သာဓု ဝတ–ကောင်းလေစွ။

အမှာ။ ပါဠိသေသ တထာ စပ်ရာ "သင်္ဂါယေယျံ" ကြိယာကို သင်္ဂီယမာနေဟု လက္ခဏပုဒ် ပြင်သည်။

ပုံစံ။ ယထာ နေဝ မယှံ, န ဘဂဝတော ဂရဟာ ဥပ္ပဇ္ဇတိ၊ ရညော စ ရက္ခာ သုသံဝိဟိတာ ဟောတိ၊ တထာ ကရိဿာမိ။ (သီ၊ ဌ၊ နှာ–၁၃၄)

ttp://www.dhammadownload.com



ယထာ ယေန အာကာရေန–ဖြင့်၊ ကရီယမာနေ–သော်၊ မယှံ–အား၊ ဂရဟာ–ကဲ့ရဲ့ခြင်းသည်၊ နေဝ ဥပ္ပဇ္ဇတိ–မဖြစ်၊ ဘဂဝတော–အား၊ ဂရဟာ–ကဲ့ရဲ့ခြင်းသည်၊ န ဥပ္ပဇ္ဇတိ–မဖြစ်၊ ရညော စ–၏လည်း၊ ရက္ခာ–အစောင့်အရှောက်ကို၊ သုသံဝိဟိတာ–ကောင်းစွာ စီရင်အပ်သည်၊ ဟောတိ–၏၊ တထာ တေန အာကာရေန–ဖြင့်၊ ကရိဿာမိ–အံ့။

အမှာ။ တထာ စပ်ရာ "ကရိဿာမိ" ကြိယာကို ကရီယမာနေဟု လက္ခဏပုဒ် ပြင်သည်။

ပုံစံ။ ယထာ ဒါနေ တေ အတ္တမနာ ဟောန္တိ၊ တထာ ကရိဿာမိ။ (သီ၊ ၃၊ နှာ–၂၆၅)
ယထာ ယေန အာကာရေန–ဖြင့်၊ ကရောန္တေ–ပြုလတ်သော် (လက္ခဏပုဒ်)၊ တေ ခတ္တိယာဒယော–ထိုခတ္တိယ အစရှိသူတို့သည်၊ ဒါနေ–၌၊ အတ္တမနာ–ကုန်သည်၊ ဟောန္တိ–ကုန်၏၊ တထာ တေန အာကာရေန–ဖြင့်၊ ကရိဿာမိ–ပြုအံ့။

ပုံစံ။ ယထာ နံ သာ မုဥ္စတိ စေဝ၊ မုဉ္စိတွာ စ န ပုန ဂဏှာတိ၊ ဧဝံ ကရောတိ။ (သီ၊ ၃၊ နှာ–၁၈၉)
ယထာ ယေန အာကာရေန–ဖြင့်၊ ကရီယမာနေ–သော်၊ သာ အဘိဇ္ဈာ–ထိုအဘိဇ္ဈာသည်၊ နံ စိတ္တံ–ကို၊ မုဥ္စတိ စေဝ–လွတ်လည်း လွတ်၏၊ မုဉ္စိတွာ စ–လွတ်ပြီး၍လည်း၊ ပုန–ဖန်၊ န ဂဏှာတိ–မယူ၊ ဧဝံ တထာ တေန အာကာရေန–ဖြင့်၊ ကရောတိ–ပြု၏။

အမှာ။ ဧဝံ(တထာ) စပ်ရာ "ကရောတိ" ကြိယာကို ကရီယမာနေဟု လက္ခဏပုဒ် ပြင်သည်။ ဧဝံ ပုဒ်ကိုလည်း ဥပမာ မဟုတ်ဟု ကြံသော် ဥပမာ မဟုတ်သော ယထာ,တထာ ပုဒ်တို့၏ အနက်ပေးနည်းကဲ့သို့ပင် ဧဝံ ပုဒ်ကို အာကာရတ္ထ အနက်ယောဇနာရမည်။

နိယံ။ ယထာ, တထာ၊ ဥပမာ မဟုတ်၊ အာကာရ ထုတ်မူ၊
တထာ စပ်ရာ၊ ကြိယာသည်၊ မှန်စွာ လက္ခဏ ဖြစ်မြဲတည်း။

၁၄။ (က) ဥပမာန အတွင်းသွင်း၍ အနက်ပေးနည်း (ခ) ဥပမာန အပြင်ထုတ်၍ အနက်ပေးနည်း။

(က) ဥပမာနဝါကျ အတွင်းသွင်း၍ အနက်ပေးနည်း။

* ဥပမေယျ ဝါကျထဲ၌ရှိသော နိပါတ်, ကတ္တား စသည်တို့ကို အနက်ပေးပါ။
* ဥပမာန ဝါကျကို အနက်ပေးပါ။
* ဥပမေယျ ဝါကျ၌ တထာ,ဧဝံ သဒ္ဒါတို့ မပါခဲ့လျှင် တထာ,ဧဝံ သဒ္ဒါတို့တွင် သင့်ရာသဒ္ဒါ တစ်ခုခုကို ထည့်၍ အနက်ပေးပါ။
* ဥပမေယျ ဝါကျကို အနက်ပေးပါ။

ပုံစံ။ သဝတိ စေတံ အတ္ထေ။ (ဥပမေယျဝါကျ)
သဿမိဝ ဖလံ။ (ဥပမာနဝါကျ) ။သီ၊ ၃၊ နှာ–၁၈။

* စ–အဖို့တစ်ပါးကား၊
* သဿံ–ကောက်ပင်သည်၊ ဖလံ–အသီးကို၊ သဝတိ ဣဝ–ပွားစေသကဲ့သို့၊
* တထာ–ထို့အတူ၊
* ဧတံ ပိဋကံ–ဤသုတ္တန် ပိဋကသည်၊ အတ္ထေ–အကျိုးတို့ကို၊ သဝတိ–ပွားစေ၏။

ပုံစံ။ နာပိ ဥဋ္ဌာရေသု ဘောဂေသု စိတ္တံ နမတိ။ (ဥပမေယျဝါကျ)
မဟာရောရုဝံ ဥပပန္နဿ သေဋ္ဌိဂဟပတိနော ဝိယ။ (ဥပမာနဝါကျ) ။သီ၊ ၃၊ နှာ–၂၆၈။

* (ရညော–၏၊) စိတ္တံ–သည်၊

ttp://www.dhammadownload.com



* မဟာရောရုဝံ–မဟာရောရုဝသို့၊ ဥပပန္နဿ–ရောက်သော၊ သေဋ္ဌိဂဟပတိနော–သူဌေးကြီး၏၊ စိတ္တံ–သည်၊ (ဥဠာရေသု–မြတ်ကုန်သော ၊ဝါ– များကုန်သော၊ ဘောဂေသု–တို့၌၊) န နမတိ ဝိယ–မညွတ်သကဲ့သို့၊

* တထာ–တူ၊

* ဥဠာရေသု–ကုန်သော (ဝါ) ကုန်သော၊ ဘောဂေသု–တို့၌၊ နာပိ နမတိ–ညွတ်လည်း မညွတ်။

နိယံ။ ကတ္တား, နိပါ၊ အစဖြာ၊ လယ်မှာ ဥပမာ။

နောက်ဆုံး၌မှာ၊ ပမေယျာ၊ သေချာ တွင်းသွင်းပါ။

အမှာ။ ဥပမာနဝါကျ အတွင်းသွင်း၍ အနက်ပေးနည်းကို ဥပမာနန္တောကရဏ ယောဇနာနည်း (ဝါ) ဥပမာနဂဗ္ဘ ယောဇနာနည်းဟုလည်း ခေါ်သေး၏။

(ခ) ဥပမာနဝါကျ အပြင်ထုတ်၍ အနက်ပေးနည်း။

* ဥပမေယျ ဝါကျကို ပဌမ အနက်ပေးပါ။

* ကိမိဝ (ဝါ) ကိံ ဝိယ (ဝါ) ကော ဝိယ (ဝါ) ကိဿ ဝိယ (ဝါ) ကဿ ဝိယ စသည်ဖြင့် ပုစ္ဆာ ဆင်၍ အနက်ပေးပါ။ များသောအားဖြင့် "ကိမိဝ"ကိုသာ အသုံးပြုပါ။

* ဥပမာန ဝါကျကို အနက်ပေးပြီး ပဓာနကြိယာကို "တည်း"ဟု အဆုံးသတ်၍ အနက်ပေးပါ။

ပုံစံ။ သဝတိ စေတံ အတ္တေ။ (ဥပမေယျဝါကျ)

သဿမိဝ ဖလံ။ (ဥပမာနဝါကျ) ။သီ၊ ၄၊ နှာ–၁၈။

* စ–အဖို့တစ်ပါးကား၊ ဧတံ ပိဋ္ဌကံ–သည်၊ အတ္တေ–တို့ကို၊ သဝတိ–၏၊

* ကိမိဝ–ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား၊

* သဿံ–သည်၊ ဖလံ–ကို၊ သဝတိ ဣဝ–သကဲ့သို့တည်း။

ပုံစံ။ နာပိ ဥဠာရေသု ဘောဂေသု စိတ္တံ နမတိ။ (ဥပမေယျဝါကျ)

မဟာရောရုဝံ ဥပပန္နဿ သေဋ္ဌိဂဟပတိနော ဝိယ။ (ဥပမာနဝါကျ) ။သီ၊ ၄၊ နှာ–၂၆၈။

* (ရဋ္ဌော–၏၊) စိတ္တံ–သည်၊ ဥဠာရေသု–ကုန်သော (ဝါ) ကုန်သော၊ ဘောဂေသု–တို့၌၊ နာပိ နမတိ–ညွတ်လည်း မညွတ်။

* ကဿ–အဘယ်သူ၏၊ စိတ္တံ ဝိယ–စိတ်ကဲ့သို့နည်း၊

* မဟာရောရုဝံ–မဟာရောရုဝသို့၊ ဥပပန္နဿ–ရောက်သော၊ သေဋ္ဌိဂဟပတိနော–သူဌေးကြီး၏၊ စိတ္တံ ဝိယ–စိတ်ကဲ့သို့တည်း။

နိယံ။ ဥပမေယျာ၊ ပဌမာ၊ နောက်မှာ ကိမိဝ။

ဥပမာန၊ "တည်း"သတ်ရ၊ မှတ်ကြ ပြင်ထုတ်ပ။

အမှာ။ ဥပမာနဝါကျ အပြင်ထုတ်၍ အနက်ပေးနည်းကို ဥပမာနဗဟိကရဏ ယောဇနာနည်း (ဝါ) ဥပမာနပိဋ္ဌိ ယောဇနာနည်းဟုလည်း ခေါ်သေး၏။ အာကာရ, ဟိတ်, ဥပရိက္ခာ, ဥပမာနများကို အတွင်းသွင်း/အပြင်ထုတ်၍ အနက်ပေးနည်းများကို မှီးပြီး သရုပ(သရုပ်) စသည်တို့၏ အတွင်းသွင်း/အပြင်ထုတ်၍ အနက်ပေးပုံကိုလည်း သိတော်မူပါ။

သတိ။ ဥပမေယျ+ဥပမာန ဝါကျ၌ ဥပမေယျဝါကျသည် ပဓာနဝါကျ မည်၏။ ဥပမာနဝါကျသည် အပဓာနဝါကျ မည်၏။ ဥပမေယျ+ဥပမာန ဝါကျ၌ ပဓာန+အပဓာန အစဉ်ကျအောင် အနက်ပေးပါဟု မေးလျှင် ဥပမာန ဝါကျ အပြင်ထုတ်၍ အနက်ပေးနည်းအတိုင်း ပေးပါ။

ttp://www.dhammadownload.com



၁၅။ ဥပမာန, ဥပမေယျ ကွဲပြားအောင် အနက်ပေးနည်း။
ဥပမာန, ဥပမေယျ ကွဲပြားအောင် အနက်ပေးလိုသော် . . .

* ဝါကျဇောတက နိပါတ်ပုဒ် ရှိလျှင် ယင်းနိပါတ်ပုဒ်ကို အနက်ပေးပါ။
* ဥပမာန ဝါကျကို အနက်ပေးပါ။
* ဥပမေယျ ဝါကျ၌ တထာ,ဧဝံ သဒ္ဒါတို့ မပါခဲ့လျှင် တထာ,ဧဝံ သဒ္ဒါတို့တွင် သင့်ရာသဒ္ဒါ တစ်ခုခုကို ထည့်၍ အနက်ပေးပါ။
* ဥပမေယျ ဝါကျကို အနက်ပေးပါ။

ပုံစံ။ သဝတိ စေတံ အတ္တေ။ (ဥပမေယျဝါကျ)
သသာမိဝ ဖလံ။ (ဥပမာနဝါကျ) ။သီ၊ ၄၊ နှာ-၁၈။

* စ-အဖို့တစ်ပါးကား၊ (ဝါကျဇောတက နိပါတ်ပုဒ်)
* သသာံ-ကောက်ပင်သည်၊ ဖလံ-အသီးကို၊ သဝတိ ဣဝ-ပွားသကဲ့သို့ (ဥပမာန)၊
* တထာ-တူ၊
* စေတံ ပိဋ္ဌက-သည်၊ အတ္တေ-တို့ကို၊ သဝတိ-ပွားစေ၏။ (ဥပမေယျ)

နိယံ။ ပမာ ရှေ့နေ၊ နောက် ပမေ၊ ကွဲစေ အနက်များ။

သတိ။ ဤနည်းကိုပင် ဥပမာန, ဥပမေယျ ထင်ရှားစေလျက် အနက်ပေးနည်း (ဝါ) "ပမာ,ပမေ ထင်စေလျက်" အနက်ပေးနည်းဟုလည်း ခေါ်သေး၏။

၁၆။ ဝါကျပရိဝတ္တန (ဝါကျအပြန်အလှန်) အနက်ပေးနည်း။
ဤဝါကျ အပြန်အလှန် အနက်ပေးနည်းကို . . .

(က) ဥပမာန+ဥပမေယျ ဝါကျ၊
(ခ) အနိယမ+နိယမ ဝါကျ၊
(ဂ) ဒဋ္ဌိကရဏ+ဒဋ္ဌိယ ဝါကျ၊
(ဃ) ကာရဏ+ဖလ ဝါကျများ၌ ရနိုင်၏။

နိယံ။ ပမာ, နိယေ၊ ဒဋ္ဌိယေ၊ ဖလေဝါကျ၊ ပြန်လှန်ရ။

အမှာ။ ဥပမာန+ဥပမေယျ, အနိယမ+နိယမ ဝါကျတို့၏ အကြောင်းကို စာချတန်းအခြေခံ သဒ္ဒါကဏ္ဍ၌ ဖော်ပြခဲ့ပြီး ဖြစ်၏။ ဒဋ္ဌိကရဏ+ဒဋ္ဌိယ, ကာရဏ+ဖလ ဝါကျတို့၏ အကြောင်းကို နံပါတ် (၂)စည်းမျဉ်း ဝါကျခွဲကဏ္ဍ၌ ဖော်ပြထားပါ၏။

**(က) ဥပမာန+ဥပမေယျ ဝါကျတို့၌ ဝါကျအပြန်အလှန် နည်းအားဖြင့် အနက်ပေးနည်း။**

ဥပမာန+ဥပမေယျ ဝါကျတို့ဝယ် ဝါကျအပြန်အလှန် နည်းအားဖြင့် အနက်ပေးရာ၌ . . .

(၁) ဧဝံ, တထာ, ယထာ သဒ္ဒါတို့ မပါသော ဥပမာန+ဥပမေယျ ဝါကျတို့၌ ဝါကျအပြန်အလှန် အနက်ပေးနည်း၊

(၂) ဧဝံ, တထာ, ယထာ သဒ္ဒါတို့ ပါသော ဥပမာန+ဥပမေယျ ဝါကျတို့၌ ဝါကျအပြန်အလှန် အနက်ပေးနည်းဟူ၍ နှစ်နည်းရှိ၏။ ထိုနှစ်နည်းတို့တွင် =

ttp://www.dhammadownload.com



(၁) ဇဝံ, တထာ, ယထာ သဒ္ဒါတို့ မပါသော ဥပမာန+ဥပမေယျ ဝါကျတို့၌ ဝါကျအပြန်အလှန် အနက်ပေးလိုသော် . . .

* ဥပမေယျ ဝါကျကို အနက်ပေးပါ။

* ကော,ကာ,ကိံ စသည်ဖြင့် ပုစ္ဆာဝါစက ကိံသဒ္ဒါကို ကြိယာနှင့်တွဲပြီး ဣဝ(ဝါ)ဝိယတို့ စွက်၍ အမေးထုတ်ပါ။ (သို့မဟုတ်) ကိမိဝ–ဟု အမေးထုတ်ပါ။ (ကိမိဝ–ဟု သုံးသော် ကြိယာစသည် မထည့်ရတော့ပါ)

* ဥပမာန ဝါကျကို အနက်ပေးပါ။

* ဇဝံ(ဝါ)တထာ သဒ္ဒါတို့တွင် သင့်ရာသဒ္ဒါ တစ်ခုခုကို ထည့်၍ အနက်ပေးပါ။

* ဥပမေယျဝါကျကို ပြန်၍ အနက်ပေးပါ။

ပုံစံ။ (က) သဝတိ စေတံ အတ္တေ။ (ဥပမေယျဝါကျ)

(ခ) သဿမိဝ ဖလံ။ (ဥပမာနဝါကျ) ။သီ၊ ၄၊ နှာ–၁၈။

* စ–အဖို့တစ်ပါးကား၊ ဧတံ ပိဋကံ–သည်၊ အတ္တေ–တို့ကို၊ သဝတိ–ပွားစေ၏၊

* ကိံ–အဘယ်အရာကို၊ သဝတိ ဣဝ၊ ပွားစေသကဲ့သို့နည်း၊ (ဝါ) ကိမိဝ–အဘယ်ကဲ့သို့နည်း၊

* သဿံ–ကောက်ပင်သည်၊ ဖလံ–အသီးကို၊ သဝတိ ဣဝ–ပွားစေသကဲ့သို့၊

* တထာ–ထို့အတူ၊

* ဧတံ ပိဋကံ–သည်၊ အတ္တေ–တို့ကို၊ သဝတိ–ပွားစေ၏။

ပုံစံ။ နာပိ ဥဠာရေသု ဘောဂေသု စိတ္တံ နမတိ။ (ဥပမေယျဝါကျ)

မဟာရောရုဝံ ဥပပန္နဿ သေဋ္ဌိဂဟပတိနော ဝိယ။ (ဥပမာနဝါကျ) ။သီ၊ ၄၊ နှာ–၂၆၈။

* (ရဋ္ဌော–၏၊) စိတ္တံ–သည်၊ ဥဠာရေသု–မြတ်ကုန်သော (ဝါ) များကုန်သော၊ ဘောဂေသု–တို့၌၊ နာပိ နမတိ–ညွတ်လည်း မညွတ်။

* ကဿ–အဘယ်သူ၏၊ စိတ္တံ ဝိယ–စိတ်ကဲ့သို့နည်း၊ (ဝါ) ကိမိဝ–အဘယ်ကဲ့သို့နည်း၊

* မဟာရောရုဝံ–သို့၊ ဥပပန္နဿ–ရောက်သော၊ သေဋ္ဌိဂဟပတိနော–သူဌေးကြီး၏၊ စိတ္တံ–စိတ်သည်၊ (ဥဠာရေသု–မြတ်ကုန်သော ၊ဝါ– များကုန်သော၊ ဘောဂေသု–တို့၌၊) န နမတိ ဝိယ–မညွတ်သကဲ့သို့၊

* တထာ–တူ၊

* (ရဋ္ဌော–၏၊) စိတ္တံ–သည်၊ ဥဠာရေသု–ကုန်သော (ဝါ) ကုန်သော၊ ဘောဂေသု–တို့၌၊ နာပိ နမတိ–ညွတ်လည်း မညွတ်။

နိယံ။ ဥပမေယျာ၊ ပဌမာ၊ နောက်မှာ ပုစ္ဆာပြု။

၎င်းနောက်မှာ၊ ဥပမာ၊ စဉ်ကာ နက်ပေးရ။

ဇဝံ, တထာ၊ ပမေယျာ၊ စဉ်ကာ ဆုံးသတ်ကြ။

(၂) ဇဝံ, တထာ, ယထာ သဒ္ဒါတို့ ပါသော ဥပမာန+ဥပမေယျ ဝါကျတို့၌ ဝါကျအပြန်အလှန် အနက်ပေးလိုသော် . . .

* ဥပမေယျ ဝါကျရှိ ဇဝံ,တထာမှ တစ်ပါး ကျန်ပုဒ်အားလုံးကို အနက်ပေးပါ။

* ကော ဝိယ, ကိမိဝ, ကာ ဝိယ စသည်ဖြင့် ပုစ္ဆာဆင်၍ အနက်ပေးပါ။

* ဥပမာန ဝါကျကို အနက်ပေးပါ။

ttp://www.dhammadownload.com



* ဓဝံ,တထာ ထိုင်သော ဥပမေယျ ဝါကျကို ဓဝံ,တထာတို့နှင့်အတူ အနက်ပေးပါ။

ပုံစံ။ (က) ယထာ ဘိက္ခု ဝိဟာရံ ဂစ္ဆတိ။ (ဥပမာန)

(ခ) ဓဝံ သာမဏေရောပိ။ (ဥပမေယျ) ။မျက်ရှု။

* သာမဏေရောပိ–သာမဏေသည်လည်း၊ (ဝိဟာရံ–သို့၊ ဂစ္ဆတိ–၏၊)

* ကော ဝိယ–အဘယ်သူ သွားသကဲ့သို့နည်း၊

* ဘိက္ခု–သည်၊ ဝိဟာရံ–သို့၊ ဂစ္ဆတိ ယထာ–သွားသကဲ့သို့၊

* ဓဝံ–တူ၊ သာမဏေရောပိ–သည်လည်း၊ (ဝိဟာရံ–သို့၊ ဂစ္ဆတိ–၏။)

နိယံ။ တထာ, ဓဝံ၊ ပုဒ်ကိုချန်၊ ပေးရန် ပမေယျာ။

ၚင်းနောက်မှာ၊ ပုစ္ဆာလာ၊ ဖြေကာ ညှိလိုက်ပါ။

ဥပမာ နား၊ ပမေ သွား၊ ပေးငြား ဝတ္တနာ။

**(ခ) အနိယမ+နိယမ ဝါကျ၌ ဝါကျအပြန်အလှန် အနက်ပေးလိုသော် . . .**

* နိယမဝါကျကို ပထမ အနက်ပေးပါ။

* ကော,ကံ,ကိံ,ကတရံ စသည်တို့တွင် သင့်ရာ သဒ္ဒါတစ်ခုကို ထည့်၍ အနက်ပေးပြီး နိယမဝါကျကို ပုစ္ဆာဝါစက အနက်ပေးပါ။

* အနိယမဝါကျကို အနက်ပေးပါ။

* နိယမဝါကျကို ပြန်၍ အနက်ပေးပါ။

ပုံစံ။ သော နိရယေ ဥပ္ပဇ္ဇိဿတိ။ (နိယမဝါကျ)

ယော အကုသလံ ကရောတိ။ (အနိယမဝါကျ) ။မျက်ရှု။

* သော–ထိုသူသည်၊ နိရယေ–ငရဲ၌၊ ဥပ္ပဇ္ဇိဿတိ–ဖြစ်လတ္တံ့၊

* ကော–အဘယ်သူသည်၊ နိရယေ–ငရဲ၌၊ ဥပ္ပဇ္ဇိဿတိ–ဖြစ်လတ္တံ့နည်း၊

* ယော–အကြင်သူသည်၊ အကုသလံ–အကုသိုလ်ကို၊ ကရောတိ–ပြု၏၊

* သော–ထိုသူသည်၊ နိရယေ–ငရဲ၌၊ ဥပ္ပဇ္ဇိဿတိ–ဖြစ်လတ္တံ့။

ပုံစံ။ ယံ ယံ ဣစ္ဆတိ။ (အနိယမဝါကျ)

တံ တံ လပတိ။ (နိယမဝါကျ) ။သီ၊ ၄၊ နှာ–၂၄၁။

* တံ တံ–ထိုထို အရာကို၊ လပတိ–မြည်၏၊

* ကတရံ–အဘယ်အရာကို၊ လပတိ–မြည်သနည်း၊

* ယံ ယံ–အကြင်အရာကို၊ ဣစ္ဆတိ–အလိုရှိ၏၊

* တံ တံ–ထိုထို အလိုရှိသော အရာကို၊ လပတိ–မြည်၏။

နိယံ။ နိယတ်မှာ–ပ၊ အမေးပြ၊ နောက်မှ အနိယာ၊

နိယတ် ဆက်ပ၊ ယင်းဝါကျ၊ မှတ်ကြ ဝတ္တနာ။

ttp://www.dhammadownload.com



(ဂ) **ဒဠီကရဏာ ဝါကျ၌ ဝါကျအပြန်အလှန် နည်းအားဖြင့် အနက်ပေးနည်း။**

ဒဠီကရဏာ ဝါကျ၀ယ် ဝါကျအပြန်အလှန် နည်းအားဖြင့် အနက်ပေးရာ၌ . . .

(၁) အာဂမ ဒဠီကရဏာ ဝါကျ၌ အပြန်အလှန်ပေးနည်း၊

(၂) သဘာဝယုတ္တိ ဒဠီကရဏာ ဝါကျ၌ အပြန်အလှန်ပေးနည်းဟူ၍ နှစ်နည်းရှိ၏။ ထိုနှစ်နည်းတို့တွင် =

(၁) အာဂမ ဒဠီကရဏာ ဝါကျ၌ ဝါကျအပြန်အလှန် အနက်ပေးလိုသော် ...

* ဒဠှီယဝါကျကို အနက်ပေးပါ။

* ယင်းဒဠှီယဝါကျကို ကသ္မာဖြင့် အစချီလျက် ပုစ္ဆာဝါကျ ဆင်၍ အနက်ပေးပါ။

* ဒဠီကရဏာဝါကျ၌ ပါသော ဟိ–ကို ဟိ ယသ္မာ–ဟု ကာရဏာကြံ၍ ဒဠီကရဏာဝါကျကို အနက်ပေးပါ။

* တသ္မာဖြင့် အစချီလျက် အမေးပုစ္ဆာ ဝါကျကို အဖြေဝိသဇ္ဇနာ ဝါကျအဖြစ်သို့ ပြောင်း၍ အနက်ပေးပါ။

ပုံစံ။ **ဓမ္မောတိ ဟေတု။** (ဒဠှီယဝါကျ)

ဝုတ္တဥ္စေတံ "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ"တိ။ (အာဂမဒဠီကရဏာဝါကျ) ။သီ၊ ဋ္ဌ၊ နှာ–၂၁။

* ဓမ္မောတိ–ဓမ္မဟူသည်ကား၊ ဟေတု–အကြောင်းတည်း။

* ကသ္မာ–ကြောင့်၊ ဓမ္မသဒ္ဒဿ–ဓမ္မသဒ္ဒါ၏၊ ဟေတွတ္ထော–ဟိတ်အနက် ဟောသည်၏ အဖြစ်ကို၊ ဝိညာယတိ–သိအပ်ပါသနည်း၊

* ဟိ ယသ္မာ–ကြောင့်၊ "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ"တိ–ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ ဟူသော၊ ဇတ်–ဤစကားတော်ကို၊ (ပဋိသမ္ဘိဒါဝိဘင်္ဂ–၌၊ ဘဂဝတာ–သည်၊) ဝုတ္တံ–ဟောတော်မူအပ်ပြီ။

* တသ္မာ–ကြောင့်၊ ဓမ္မသဒ္ဒဿ–ဓမ္မသဒ္ဒါ၏၊ ဟေတွတ္ထော–ဟိတ်အနက် ဟောသည်၏ အဖြစ်ကို၊ ဝိညာယတိ –သိအပ်၏။

နိယံ။ ဒဠှီယ ဝါက်၊ ပြောဆိုချက်၊ အနက် ပထမာ။

ကသ္မာ ထည့်ပါ၊ ဒဠှီယာ၊ မေးလာ ဒုတိယာ။

ဟိ ယသ္မာ၊ အစဖြာ၊ ပေးလာ ကရဏာ။

တသ္မာ ထည့်ပါ၊ ဒဠှီယာ၊ ဖြေလာ ဝတ္တနာ။

(တစ်နည်း) အာဂမ ဒဠီကရဏာ ဝါကျ၌ ဝါကျအပြန်အလှန် အနက်ပေးလိုသော် . . .

* ဒဠှီယဝါကျကို အနက်ပေးပါ။

* ဣတိ ယံ သကဝစနံ မယာ ဝုတ္တံ၊ တံ ဝစနံ ဣမိနာ ပရဝစနေန ဟိ သစ္စံ ထည့်ပါ၍ အနက်ပေးပါ။

* ကေန သစ္စံ ဣတိ စေ ပုစ္ဆေယျ ထည့်ပါ၍ထည့်၍ အနက်ပေးပါ။

* အာဂမဒဠီကရဏာ (အကိုးသာကေ)ဝါကျကို အနက်ပေးပါ။

* ဣမိနာ ပရဝစနေန သစ္စံ ဣတိ ဝိဿဇ္ဇေယျ ထည့်ပါ၍ထည့်၍ အနက်ပေးရုံသာတည်း။

ပုံစံ။ **ဓမ္မောတိ ဟေတု။** (ဒဠှီယဝါကျ)

ဝုတ္တဥ္စေတံ "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ"တိ။ (အာဂမဒဠီကရဏာဝါကျ) ။သီ၊ ဋ္ဌ၊ နှာ–၂၁။

* ဓမ္မောတိ–ဓမ္မဟူသည်ကား၊ ဟေတု–အကြောင်းတည်း။

* ဣတိ–သို့၊ ယံ သကဝစနံ–အကြင်မိမိဥစ္စာ ဖြစ်သော စကားကို၊ မယာ–ငါသည်၊ ဝုတ္တံ–ဆိုအပ်ပြီ၊ တံ ဝစနံ–ထိုစကားသည်၊ ဣမိနာ ပရဝစနေန–ဤဆိုလတ္တံ့သော သူတစ်ပါး စကားဖြင့်၊ ဟိ သစ္စံ–မှန်၏။

ttp://www.dhammadownload.com



* ကေန–အဘယ်မည်သော သူတစ်ပါး စကားဖြင့်၊ သစ္စံ–မှန်သနည်း၊ ဣတိ–ဤသို့၊ စေ ပုစ္ဆေယျ–အကယ်၍ မေးငြားအံ့။

* "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ"တိ–ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ ဟူသော၊ ဇော်–ဤစကားတော်ကို၊ (ဘဂဝတာ–သည်၊) ဝုတ္တံ–ဟောတော်မူအပ်ပြီ။

* ဣမိနာ ပရဝစနေန–ဤမည်သော သူတစ်ပါး စကားဖြင့်၊ သစ္စံ–မှန်၏၊ ဣတိ–ဤသို့၊ ဝိဿဇ္ဇေယျ–ဖြေဆိုရာ၏။

နိယံ။ ဒဋ္ဌိယ ဝါက်၊ ပြောဆိုချက်၊ အနက် ပထမာ။
သကာဝစနံ၊ စသည်မှန်၊ ဖြေရန် ဒုတိယာ။
ကေနာတိ စေ၊ မေးခွန်းစေ၊ တစ်ထွေ "အာဂမာ"။
ဣမိနာ ပရာ၊ ဖြေပေးပါ၊ ဝါကျာ ဝတ္တနာ။

အမှာ။ ဒဋ္ဌိကရဏ ဝါကျများဝယ် အနက်နှစ်နည်းပေးရာ၌ နှစ်သက်ရာနည်းကို အသုံးပြု၍ ဖြေနိုင်၏။

(၂) သဘာဝယုတ္တိ ဒဋ္ဌိကရဏ ဝါကျ၌ ဝါကျအပြန်အလှန် အနက်ပေးလိုသော် ...

* ဒဋ္ဌိယဝါကျကို အနက်ပေးပါ။

* ယင်းဒဋ္ဌိယဝါကျကို ကသ္မာဖြင့် အစချီလျက် ပုစ္ဆာဝါကျ ဆင်၍ အနက်ပေးပါ။

* ဒဋ္ဌိကရဏဝါကျ၌ ပါသော ဟိ–ကို ဟိ ယသ္မာ–ဟု ကာရဏကြံ၍ ဒဋ္ဌိကရဏဝါကျကို အနက်ပေးပါ။

* ဒဋ္ဌိယဝါကျကို တသ္မာဖြင့် အစချီလျက် ဝိဿဇ္ဇနာဝါကျ အဖြစ်သို့ ပြောင်း၍ အနက်ပေးပါ။

ပုံစံ။ **မောဟီတိ** အဟောသိ။ (ဒဋ္ဌိယဝါကျ)
အတီတကာလတ္ထော ဟေတ္ထ ဟောတိသဒ္ဒေါ။ (သဘာဝယုတ္တိ ဒဋ္ဌိကရဏဝါကျ)

* ဟောတီတိ–ဟောတိ ဟူသည်ကား၊ အဟောသိ–ဖြစ်ပြီ။

* ကသ္မာ–ကြောင့်၊ ဟောတိသဒ္ဒဿ–၏၊ အဟောသီတိ အတ္ထော–ကို၊ တယာ–သင်အဋ္ဌကထာဆရာသည်၊ ဝတ္တဗ္ဗော–ဖွင့်ဆိုအပ်ပါသနည်း၊ ဣတိ အယံ–ကား၊ ပုစ္ဆာ–အမေးတည်း၊

* ဟိ ယသ္မာ–ကြောင့်၊ ဧတ္ထ–အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ ဟူသော ပါဠ်၌၊ ဟောတိသဒ္ဒေါ–ဟောတိ သဒ္ဒါသည်၊ အတီတကာလတ္ထော–အတိတ်ကာလ အနက်ရှိ၏။

* တသ္မာ–ကြောင့်၊ ဟောတိသဒ္ဒဿ–၏၊ အဟောသီတိ အတ္ထော–ကို၊ မယာ–ငါအရှင်အဋ္ဌကထာ ဆရာသည်၊ ဝတ္တဗ္ဗော–ဖွင့်ဆိုအပ်၏၊ ဣတိ–သို့၊ ဝိဿဇ္ဇေယျ–ဖြေဆိုရာ၏။

နိယံ။ ဒဋ္ဌိယ ဝါက်၊ ပြောဆိုချက်၊ အနက် ပထမာ။
ကသ္မာ ထည့်ပါ၊ ဒဋ္ဌိယာ၊ မေးလာ ဒုတိယာ။
ဟိ ယသ္မာ၊ အစဖြာ၊ ပေးလာ ကရဏာ။
တသ္မာ ထည့်ပါ၊ ဒဋ္ဌိယာ၊ ဖြေလာ ဝတ္တနာ။

(တစ်နည်း:) သဘာဝယုတ္တိ ဒဋ္ဌိကရဏ ဝါကျ၌ ဝါကျအပြန်အလှန် အနက်ပေးလိုသော် . . .

* ဒဋ္ဌိယဝါကျကို အနက်ပေးပါ။

* ဣတိ နိယုတ္တိကံ ယံ ဒဋ္ဌိယဝစနံ မယာ ဝုတ္တံ၊ နိယုတ္တိကံ တံ ဒဋ္ဌိယဝစနံ သယုတ္တိကေန ဣမိနာ ဒဋ္ဌိကရဏဝစနေန ဟိ သစ္စံ (ဟိ ယုတ္တံ–ဝါ) ဟူသော ထည့်ပါ၍ထည့်၍ အနက်ပေးပါ။

ttp://www.dhammadownload.com



* ကေန ဟိ သစ္စံ (ဟိ ယုတ္တံ–ဝါ) ဣတိ စေ ပုစ္ဆေယျ ဟူသော ထည့်ပါင်ထည့်၍ အနက်ပေးပါ။

* သဘာဝယုတ္တိ ဒဋ္ဌီကရဏ ဝါကျကို အနက်ပေးပါ။

* ဣတိ သယုတ္တိကေန ဣမိနာ ဒဋ္ဌီကရဏဝစနေန ဟိ သစ္စံ (ဟိ ယုတ္တံ–ဝါ) ဣတိ ဝိဿဇ္ဇေယျ ဟူသော ထည့်ပါင်ထည့်၍ အနက်ပေးပါ။

ပုံစံ။ **မောဇီတိ** အဟောသိ။ (ဒဋ္ဌီယဝါကျ)

အတီတကာလတ္တော ဟေတ္ထ ဟောတိသဒ္ဒေါ။ (သဘာဝယုတ္တိ ဒဋ္ဌီကရဏဝါကျ)

* ဟောတီတိ–ဟောတိ ဟူသည်ကား၊ အဟောသိ–ဖြစ်ပြီ။

* ဣတိ–ဤသို့၊ နိယုတ္တိကံ–ယုတ္တိကင်းသော၊ ယံ ဒဋ္ဌီယဝစနံ–အကြင်ဒဋ္ဌီယစကားကို၊ မယာ–သည်၊ ဝုတ္တံ–ဆိုအပ်ပြီ၊ နိယုတ္တိကံ–သော၊ တံ ဒဋ္ဌီယဝစနံ–ကို၊ သယုတ္တိကေန–ယုတ္တိနှင့် တကွဖြစ်သော၊ ဣမိနာ ဒဋ္ဌီကရဏဝစနေန–ဤဆိုအပ်လတ္တံ့သော ဒဋ္ဌီကရဏ စကားဖြင့်၊ ဟိ သစ္စံ–မှန်၏ (ဝါ) ဟိ ယုတ္တံ–သင့်၏။

* ကေန–အဘယ်စကားဖြင့် (ဝါ) အဘယ်စကားကြောင့်၊ ဟိ သစ္စံ–မှန်သနည်း (ဝါ) ဟိ ယုတ္တံ–သင့်သနည်း၊ ဣတိ–ဤသို့၊ စေ ပုစ္ဆေယျ–အံ့။

* ဧတ္ထ–ဤအဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ ဟူသော ပါဌ်၌၊ ဟောတိသဒ္ဒေါ–ဟောတိသဒ္ဒါသည်၊ အတီတကာလတ္တော–အတိတ်ကာလ အနက်ရှိ၏။

* ဣတိ–ဤသို့၊ သယုတ္တိကေန–သော၊ ဣမိနာ ဒဋ္ဌီကရဏဝစနေန–ဖြင့်၊ ဟိ သစ္စံ–မှန်၏ (ဝါ) ဟိ ယုတ္တံ–သင့်၏၊ ဣတိ–ဤသို့၊ ဝိဿဇ္ဇေယျ–ဖြေဆိုရာ၏။

နိယံ။ ဒဋ္ဌီယ ဝါက်၊ ပြောဆိုချက်၊ အနက် ပဌမာ။

နိယုတ္တိကံ၊ ဒဋ္ဌီယံ၊ ဖြေရန် ဒုတိယာ။

ကေန သစ္စံ၊ မေးထုတ်လှန်၊ ပေးမှန် "ကရဏာ"။

ဣတိ စပုဒ်၊ ပြန်၍အုပ်၊ အချုပ် ဝတ္တနာ။

## (ဃ) ကာရဏ+ဖလ ဝါကျဝယ် ဝါကျအပြန်အလှန် နည်းအားဖြင့် အနက်ပေးနည်း။

ကာရဏ+ဖလ ဝါကျဝယ် ဝါကျအပြန်အလှန် နည်းအားဖြင့် အနက်ပေးရာ၌ . . .

(၁) ယသ္မာ,တသ္မာ အစုံပါသော ကာရဏ+ဖလ ဝါကျ၌ ဝါကျအပြန်အလှန် အနက်ပေးနည်း၊

(၂) တေနာဟ စသည်ဖြင့် ချီတက်လာသော ကာရဏ+ဖလ ဝါကျ၌ ဝါကျအပြန်အလှန်ပေးနည်း၊

(၃) တထာ ဟိ စသည်ဖြင့် ချီတက်လာသော ကာရဏ+ဖလ ဝါကျ၌ ဝါကျအပြန်အလှန်ပေးနည်း၊

(၄) ဟိတ်ပုဒ်ဆုံးသော ကာရဏ+ဖလ ဝါကျ၌ ဝါကျအပြန်အလှန်ပေးနည်း၊

(၅) နိပါတ်ထွန်းသော ကာရဏ+ဖလ ဝါကျ၌ ဝါကျအပြန်အလှန်ပေးနည်းအားဖြင့် ငါးမျိုးရှိ၏။
ထိုငါးမျိုးတို့တွင် =

(၁) ယသ္မာ,တသ္မာ အစုံပါသော ကာရဏ+ဖလ ဝါကျ၌ ဝါကျအပြန်အလှန် အနက်ပေးလိုသော် ...

* တသ္မာ ထိုင်သော ဖလဝါကျ၌ တသ္မာကို ချန်၍ ကြွင်းပုဒ်များကို အနက်ပေးပါ။

* ကသ္မာကို အနက်ပေးပြီး ဖလဝါကျကို ပုစ္ဆာဝါစက အနက်ပေးပါ။

* ယသ္မာ ထိုင်သော ကာရဏဝါကျ တစ်ဝါကျလုံးကို အနက်ပေးပါ။

* တသ္မာကို အနက်ပေးပြီး ဖလဝါကျကို အနက်ပေးပါ။

ttp://www.dhammadownload.com



ပုံစံ။ (က) ယသ္မာ ဘိက္ခု ဂါမံ ပိဏ္ဍာယ ပါဝိသိ။ (ကာရဏဝါကျ)
(ခ) တသ္မာ သော ပိဏ္ဍပါတံ လဘတိ။ (ဖလဝါကျ)
* သော–ထိုရဟန်းသည်၊ ပိဏ္ဍပါတံ–ဆွမ်းကို၊ လဘတိ–ရ၏၊
* ကသ္မာ–ကြောင့်၊ သော–ထိုရဟန်းသည်၊ ပိဏ္ဍပါတံ–ဆွမ်းကို၊ လဘတိ–ရသနည်း၊
* ယသ္မာ–ကြောင့်၊ ဘိက္ခု–သည်၊ ဂါမံ–ရွာသို့၊ ပိဏ္ဍာယ–ဆွမ်းအလို့ငှာ၊ ပါဝိသိ–ဝင်ပြီ၊
* တသ္မာ–ကြောင့်၊ သော–ထိုရဟန်းသည်၊ ပိဏ္ဍပါတံ–ဆွမ်းကို၊ လဘတိ–ရ၏။
နိယံ။ တသ္မာ ချန်၊ ဖိုလ် ဝါကျ၊ ပေးရန် ပဋ္ဌမာ။
ငင်းနောက်မှာ၊ ကသ္မာ၊ မေးပါ ဖိုလ်ဝါကျာ။
ကာရဏ ယသ္မာ၊ ဖိုလ် တသ္မာ၊ စဉ်ကာ ဖြေလိုက်ပါ။
သတိ။ ယသ္မာထိုင်သော ဝါကျကို အနိယမ၊ တသ္မာထိုင်သော ဝါကျကို နိယမဝါကျဟူ၍လည်း ယူနိုင်၏။

(၂) တေနာဟ စသည်ဖြင့် ချီတက်လာသော ဝါကျ၌ ဝါကျအပြန်အလှန် ပေးလိုသော် ...
* တေနာဟ ဝါကျ၏ ရှေ့၌ရှိသော ဝါကျ (ဝါ) ဖလဝါကျကို အနက်ပေးပါ။
* ကေန ကာရဏေန ထည့်၍ ယင်းဖလဝါကျကိုပင် အနက်ထပ်ပေးပါ။ "ဣတိ ဝိညာယတိ"ဟု အဆုံးသတ်၍ ပုစ္ဆာဝါစက အနက်ပေးပါ။
* တေနာဟ ဝါကျ၌ ယေန ကာရဏေန အစချီ၍ တေနမှ တစ်ပါး အားလုံးကို အနက်ပေးပါ။
* တေန ကာရဏေန အစချီ၍ ဖလဝါကျကို အနက်ပေးပါ။ "ဣတိ ဝိညာယတိ"ဟု အဆုံးသတ်၍ ဝိဿဇ္ဇနာ ဝါစက အနက်ပေးပါ။
ပုံစံ။ အစိရပဗ္ဗဇိတဿ ဟိ ကထာ ဩကပ္ပနီယာ န ဟောတိ။ (ဖလဝါကျ)
တေနာဟ "စိရပဗ္ဗဇိတော"တိ။ (ကာရဏဝါကျ) ။သီ၊ ဋ္ဌ၊ နှာ–၁၃၁။
* အစိရပဗ္ဗဇိတဿ–ရဟန်းပြု၍ မကြာသေးသော သူ၏၊ ကထာ–စကားသည်၊ ဩကပ္ပနီယာ–ယုံကြည်လောက်သည်၊ န ဟောတိ–မဖြစ်၊
* ကေန ကာရဏေန–အဘယ်အကြောင်းကြောင့်၊ အစိရပဗ္ဗဇိတဿ–၏၊ ကထာ–သည်၊ ဩကပ္ပနီယာ–သည်၊ န ဟောတိ–မဖြစ်၊ ဣတိ–သို့၊ ဝိညာယတိ–သိအပ်ပါသနည်း။
* ယေန ကာရဏေန–ကြောင့်၊ စိရပဗ္ဗဇိတောတိ ဣဒံ ပဒံ–ကို၊ (ဘဂဝါ–သည်၊) အာဟ–၏၊
* တေန ကာရဏေန–ကြောင့်၊ အစိရပဗ္ဗဇိတဿ–၏၊ ကထာ–သည်၊ ဩကပ္ပနီယာ–သည်၊ န ဟောတိ–မဖြစ်၊ ဣတိ–သို့၊ ဝိညာယတိ–၏။
အမှာ။ "တေနေဝါဟ၊ တေနာဟ၊ မှတ်ကြ အတူနော်" နိယံနှင့်အညီ တေနေဝါဟ စသည်ဖြင့် ချီတက်လာသော ဝါကျ၏ ဝါကျအပြန်အလှန် အနက်ပေးနည်းသည်လည်း တေနာဟ စသည်ဖြင့် ချီတက်လာသော ဝါကျ၏ ဝါကျအပြန်အလှန် အနက်ပေးနည်းနှင့် တူ၏။
ပုံစံ။ ပရိဝိတက္ကပုဗ္ဗဘာဂေ ပနေသ သဗ္ဗဗုဒ္ဓါနံ လဗ္ဘတိ။ (ဖလဝါကျ)
တေနာဟ "ယံနူနာဟ"န္တိ။ (ကာရဏဝါကျ) ။သီ၊ ဋ္ဌ၊ နှာ–၃၀၁။
* သေ သော ပရိဝိတက္ကပုဗ္ဗဘာဂေ ပန–ဤရှေးအဘို့၌ ဖြစ်သော အကြံကိုကား၊ သဗ္ဗဗုဒ္ဓါနံ–တို့အား၊ လဗ္ဘတိ–ရအပ်၏၊
* ကေန ကာရဏေန–ကြောင့်၊ သေ သော ပရိဝိတက္ကပုဗ္ဗဘာဂေ ပန–ကိုကား၊ သဗ္ဗဗုဒ္ဓါနံ–တို့အား၊ လဗ္ဘတိ–

ttp://www.dhammadownload.com



၏၊ ဣတိ–သို့၊ ဝိညာယတိ–နည်း၊

* ယေန ကာရဏေန–ကြောင့်၊ ယံနူနာဟန္တိ ဣဒံ ဝစနံ–ကို၊ (ဘဂဝါ–သည်၊) အာဟ–ပြီ၊

* တေန ကာရဏေန–ကြောင့်၊ သေ သော ပရိဝိတက္ကပုဗ္ဗဘာဂေါ ပန–ကိုကား၊ သဗ္ဗဗုဒ္ဓါနံ–တို့အား၊ လဗ္ဘတိ–၏၊ ဣတိ–သို့၊ ဝိညာယတိ–၏။

နိယံ။ တေနာဟ ဖြာ၊ တက်၍လာ၊ ပေးပါ ဖိုလ်ဝါကျ။
ကေန ပုစ္ဆာ၊ နောက်၌မှာ၊ စဉ်ပါ ဖိုလ်ဝါကျ။
ဣတိ ဝိညာ၊ ဆုံးသတ်ခါ၊ ညီညာ စိစစ်ကြ။
ယေန တက်ကာ၊ ကာရဏာ၊ စဉ်ကာ နက်ပေးရ။
တေန နောက်မှာ၊ ကျိုးဖလာ၊ ဖြေကာ အုပ်လိုက်ကြ။

(၃) တထာ ဟိ စသည်ဖြင့် ချီတက်လာသော ဝါကျ၌ ဝါကျအပြန်အလှန် ပေးလိုသော် ...

* တထာ ဟိ ဝါကျ၏ ရှေ့၌ရှိသော ဖလဝါကျကို အနက်ပေးပါ။

* ကသ္မာ ထည့်၍ ယင်းဖလဝါကျကိုပင် အနက်ထပ်ပေးပါ။ "ဣတိ ဝိညာယတိ"ဟု အဆုံးသတ်၍ ပုစ္ဆာဝါကျအဖြစ် အနက်ပေးပါ။

* တထာ ဟိ ဝါကျ၌ ဟိ–ကို ဟိ ယသ္မာ–ဟု အစချီ၍ တထာမှတစ်ပါး အားလုံးကို အနက်ပေးပါ။

* တထာ (တသ္မာ) အစချီ၍ တထာ ဟိ ရှေ့၌ရှိသော ဝါကျကို အနက်ပေးပါ။ "ဣတိ ဝိညာယတိ"ဟု အဖြေ ဝါကျအဖြစ် အဆုံးသတ်၍ အနက်ပေးပါ။

ပုံစံ။ မေသဒ္ဒေါ တီသု အတ္ထေသု ဒိဿတိ။
တထာ ဟိဿ "ဂါထာဘိဂီတံ မေ အဘောဇနေယျ"န္တိအာဒီသု မယာတိ အတ္ထော။ (သီ၊ ဋ္ဌ၊ နှာ–၂၈)

* မေသဒ္ဒေါ–ကို (ဝါ) သည်၊ တီသု–ကုန်သော၊ အတ္ထေသု–တို့၌၊ ဒိဿတိ–ရှုအပ်၏ (ဝါ) ထင်၏၊

* ကသ္မာ–ကြောင့်၊ မေသဒ္ဒေါ–ကို (ဝါ) သည်၊ တီသု–ကုန်သော၊ အတ္ထေသု–တို့၌၊ ဒိဿတိ–၏ (ဝါ) ၏၊ ဣတိ–သို့၊ ဝိညာယတိ–သိအပ်သနည်း၊

* ဟိ ယသ္မာ–ကြောင့်၊ အဿ–ထိုမေသဒ္ဒါ၏၊ "ဂါထာဘိဂီတံ မေ အဘောဇနေယျ"န္တိအာဒီသု–တို့၌၊ မယာတိ အတ္ထော–ကို၊ ဒဋ္ဌဗ္ဗော–၏၊

* တထာ (တသ္မာ)–ကြောင့်၊ မေသဒ္ဒေါ–ကို (ဝါ) သည်၊ တီသု–ကုန်သော၊ အတ္ထေသု–တို့၌၊ ဒိဿတိ–၏၊ ဣတိ–သို့၊ ဝိညာယတိ–အပ်၏။

နိယံ။ တထာဟိ ဖြာ၊ တက်၍လာ၊ ပေးပါ ရှေ့ဝါကျ။
ကသ္မာ ပုစ္ဆာ၊ ရှေ့ဝါကျာ၊ ပုစ္ဆာ နက်ပေးရ။
ဣတိ ဝိညာ၊ ဆုံးသတ်ခါ၊ ညီညာ စိစစ်ရ။
ယသ္မာ တက်ကာ၊ နောက်ဝါကျာ၊ ဖော်ကာ နက်ပေးကြ။
တထာ တသ္မာ၊ ရှေ့ဝါကျာ၊ ပြန်ကာ ဖြေလိုက်မှ။

(၄) ဟိတ်ပုဒ်ဆုံးသော ကာရဏ+ဖလ ဝါကျ၌ ဝါကျအပြန်အလှန် ပေးလိုသော် . . .

* အကျိုးဖလ ဝါကျကို စပြီး အနက်ပေးပါ။

ttp://www.dhammadownload.com



* ကသ္မာ ထည့်၍ ယင်းဖလဝါကျကို အနက်ထပ်ပေးပါ။ ဣတိ ဝိညာယတိ ဟူသော ပါဌသေသဖြင့် အဆုံးသတ်၍ ပုစ္ဆာဝါကျအဖြစ် အနက်ပေးပါ။
* အကြောင်းပြ ကာရဏဝါကျကို အနက်ပေးပါ။
* ဖလဝါကျကို အနက်ပေး၍ ဣတိ ဝိညာယတိ ဟူသော ပါဌသေသဖြင့် အဆုံးသတ်၍ ဝိသဇ္ဇနာဝါကျအဖြစ် အနက်ပေးပါ။

ပုံစံ။ (က) ဝိနယပိဋကေ စ **ဝီတိက္ကမပ္ပဟာနံ** ကိလေသာနံ (ဝုတ္တံ)။ (ဖလဝါကျ)
(ခ) ဝီတိက္ကမပဋိပက္ခတ္တာ သီလဿ။ (ကာရဏဝါကျ) ။သီ၊ ဋ၊ နှာ-၂၀။

* စ-အဖို့တစ်ပါးကား၊ ဝိနယပိဋကေ-၌၊ ကိလေသာနံ-ကိလေသာတို့ကို၊ ဝီတိက္ကမပ္ပဟာနံ-လွန်ကျူးခြင်းကို ပယ်ခြင်းကို၊ ဝုတ္တံ-ဟောတော်မူအပ်၏၊
* ကသ္မာ-ကြောင့်၊ ဝိနယပိဋကေ-၌၊ ကိလေသာနံ-တို့ကို၊ ဝီတိက္ကမပ္ပဟာနံ-ကို၊ ဝုတ္တံ-၏၊ ဣတိ-သို့၊ ဝိညာယတိ-သိအပ်ပါသနည်း၊
* သီလဿ-သီလ၏၊ ဝီတိက္ကမပဋိပက္ခတ္တာ-လွန်ကျူး၍ ကျင့်ခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သည်၏ အဖြစ်ကြောင့်၊
* ဝိနယပိဋကေ-၌၊ ကိလေသာနံ-တို့ကို၊ ဝီတိက္ကမပ္ပဟာနံ-ကို၊ ဝုတ္တံ-၏၊ ဣတိ-သို့၊ ဝိညာယတိ-သိအပ်၏။

ပုံစံ။ အဘိဓမ္မေ သုပ္ပဋိပန္နော ပညာသမ္ပဒံ နိဿာယ စတဿော ပဋိသမ္ဘိဒါ ပါပုဏာတိ။ (ဖလဝါကျ)
တာသဉ္စ တတ္ထေဝ ပဘေဒဝစနတော။ (ကာရဏဝါကျ) ။သီ၊ ဋ၊ နှာ-၂၂။

* အဘိဓမ္မေ-အဘိဓမ္မာ၌၊ သုပ္ပဋိပန္နော-ကောင်းစွာကျင့်တတ်သော၊ (ဘိက္ခု-သည်၊) ပညာသမ္ပဒံ-ပညာ၏ ပြည့်စုံခြင်းကို၊ နိဿာယ-အမှီသဟဲပြု၍၊ စတဿော-လေးပါးကုန်သော၊ ပဋိသမ္ဘိဒါ-ပဋိသမ္ဘိဒါတို့သို့၊ ပါပုဏာတိ-ရောက်၏၊
* ကသ္မာ-ကြောင့်၊ အဘိဓမ္မေ-၌၊ သုပ္ပဋိပန္နော-သော၊ (ဘိက္ခု-သည်၊) ပညာသမ္ပဒံ-ကို၊ နိဿာယ-၍၊ စတဿော-ကုန်သော၊ ပဋိသမ္ဘိဒါ-တို့သို့၊ ပါပုဏာတိ-ရောက်၏၊ ဣတိ-သို့၊ ဝိညာယတိ-သိအပ်ပါသနည်း၊
* တတ္ထေဝ-ထိုအဘိဓမ္မာ၌သာလျှင်၊ တာသဉ္စ-ထိုလေးပါးကုန်သော ပဋိသမ္ဘိဒါတို့၏လည်း၊ ပဘေဒဝစနတော-အပြားကို ဟောသောကြောင့်၊
* အဘိဓမ္မေ-၌၊ သုပ္ပဋိပန္နော-သော၊ (ဘိက္ခု-သည်၊) ပညာသမ္ပဒံ-ကို၊ နိဿာယ-၍၊ စတဿော-ကုန်သောပဋိသမ္ဘိဒါ-တို့သို့၊ ပါပုဏာတိ-ရောက်၏၊ ဣတိ-သို့၊ ဝိညာယတိ-သိအပ်၏။

အမှာ။ ဟိတ်ပုဒ်ဆုံးသော ကာရဏဝါကျမျိုးကို = ဟိတ်ပါဋ်ထွန်းသော ကာရဏဝါကျ ဟူ၍လည်းကောင်း၊ ဉာပကဟေတုဝါကျ ဟူ၍လည်းကောင်း၊ ဟေတုပိဋ္ဌိဝါကျ ဟူ၍လည်းကောင်း ခေါ်ကြသေး၏။

နိယံ။ ဉာပကမှာ၊ ကျိုးဖလာ၊ သေချာ ပဌမ။
ကသ္မာ နောက်မှာ၊ ယင်းဝါကျာ၊ သေချာ နက်ပေးပြ။
ဣတိ ဝိညာ၊ အမေးဖြာ၊ စဉ်ပါ ဒုတိယ။
၎င်းနောက်မှာ၊ ကာရဏာ၊ ဝါကျာ စဉ်လိုက်ကြ။
၎င်းနောက်မှာ၊ ကျိုးဖလာ၊ ပြန်လာ နက်ပေးရ။
ဣတိ ဝိညာ၊ ဆုံးသတ်ခါ၊ ဖြစ်လာ ဝတ္တန။

ttp://www.dhammadownload.com



(၅) နိပါတ်ထွန်းသော ကာရဏ+ဖလ ဝါကျ၌ ဝါကျအပြန်အလှန် ပေးလိုသော် ...
* ဝါကျဇောတက နိပါတ်ပုဒ်မှတစ်ပါး ဖလဝါကျကို စပြီး အနက်ပေးပါ။
* ကသ္မာကို ထည့်၍ အနက်ပေးပြီး ယင်းဖလဝါကျကိုပင် ပုစ္ဆာဝါစက အနက်ပေးပါ။
* ဟိ–ကို ဟိ ယသ္မာ–ဟု ကြံ၍ အကြောင်းပြ ကာရဏဝါကျကို အနက်ပေးပါ။
* တသ္မာကို ထည့်၍ ဖလဝါကျကို ဝိသဇ္ဇနာဝါစက အနက်ပေးပါ။

ပုံစံ။ (က) တေနဟာယသ္မတာ သဟာပိ န သက္ကာ ဓမ္မသင်္ဂီတိံ ကာတုံ၊ (အကျိုးဝါကျ)
(ခ) သော ဟာယသ္မာ သေက္ခော သကရဏီယော။ (အကြောင်းဝါကျ) ။သီ၊ ဋ၊ နှာ–၅။
* အာယသ္မတာ–သက်တော်ရှည်သော၊ တေန အာနန္ဒေန–ထိုအာနန္ဒာနှင့်၊ သဟာပိ–တကွလည်း၊ ဓမ္မသင်္ဂီတိံ–သုတ်,အဘိဓမ္မာကို သင်္ဂါယနာ တင်ခြင်းသည် (ဝါ) ကို၊ ကာတုံ–ပြုခြင်းငှာ၊ န သက္ကာ–မတတ်ကောင်း၊
* ကသ္မာ–အဘယ်ကြောင့်၊ အာယသ္မတာ–သော၊ တေန အာနန္ဒေန–နှင့်၊ သဟာပိ–လည်း၊ ဓမ္မသင်္ဂီတိံ–သည် (ဝါ) ကို၊ ကာတုံ–ငှာ၊ န သက္ကာ–သနည်း၊
* ဟိ ယသ္မာ–အကြင်ကြောင့်၊ အာယသ္မာ–သော၊ သော အာနန္ဒော–ထိုအာနန္ဒာသည်၊ သေက္ခော–သေက္ခသာတည်း၊ သကရဏီယော–အထက်မဂ်သုံးခု အလို့ငှာ ပြုဘွယ်ကိစ္စ ရှိသေး၏၊
* တသ္မာ–ထို့ကြောင့်၊ အာယသ္မတာ–သော၊ တေန အာနန္ဒေန–နှင့်၊ သဟာပိ–လည်း၊ ဓမ္မသင်္ဂီတိံ–သည် (ဝါ) ကို၊ ကာတုံ–ငှာ၊ န သက္ကာ–မတတ်ကောင်း။

ပုံစံ။ ဒုတိယာ ဒုတိယာ ရသ္မိယော ပုရိမာယ ပုရိမာယ ယမကယမကာ ဝိယ ကေကုဏေ ဝိယ ပဝတ္တန္တိ။ (ဖလ) ဒွိန္နဥ္စ စိတ္တာနံ ကေကုဏေ ပဝတ္တိနာမ နတ္ထိ။ ဗုဒ္ဓါနံ ပန ဘဂဝန္တာနံ ဘဝင်္ဂပရိဝါသဿ လဟုကတာယ, ပဥ္စဟာကာရေဟိ အာစိဏ္ဏဝသိတာယ စ တာ ကေကုဏေ ဝိယ ပဝတ္တန္တိ။ (ကာရဏ) ။သီ၊ ဋ၊ နှာ–၅၇။
"ဒွိန္နဥ္စ–၌ စ–ကို ကာရဏတ္ထဇောတက ကြံ၍ ဝါကျအပြန်အလှန် အနက်ပေး"
* ဒုတိယာ ဒုတိယာ–ကုန်သော၊ ရသ္မိယော–ရောင်ခြည်တော်တို့သည်၊ ပုရိမာယ ပုရိမာယ–ရှေးရှေး၌ ဖြစ်သော၊ ယမကယမကာ ဝိယ–အစုံအစုံတို့ကဲ့သို့၊ ကေကုဏေ ဝိယ–တပြိုင်နက်၌ကဲ့သို့၊ ပဝတ္တန္တိ–ကုန်၏၊
* ကသ္မာ–ကြောင့်၊ ဒုတိယာ ဒုတိယာ–ကုန်သော၊ ရသ္မိယော–တို့သည်၊ ပုရိမာယ ပုရိမာယ–သော၊ ယမကယမကာ ဝိယ–တို့ကဲ့သို့၊ ကေကုဏေ ဝိယ–၌ကဲ့သို့၊ ပဝတ္တန္တိ–နည်း၊
* စ ယသ္မာ–ကြောင့်၊ ဒွိန္နံ–ကုန်သော၊ စိတ္တာနံ–တို့၏၊ ကေကုဏေ–တပြိုင်နက်၌၊ ပဝတ္တိ နာမ–ဖြစ်ခြင်းမည်သည်၊ နတ္ထိ–မရှိ၊ ဘဂဝန္တာနံ–ဘုန်းတော်ရှိကုန်သော၊ ဗုဒ္ဓါနံ ပန–တို့၏ကား၊ ဘဝင်္ဂပရိဝါသဿ–ဘဝင်၏ အစွမ်းဖြင့် ဖြစ်ခြင်း (ထုံခြင်း)၏ (ဝါ) ဘဝင်ကျခြင်း၏၊ လဟုကတာယ စ–လျင်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ပဥ္စဟိ–ကုန်သော၊ အာကာရေဟိ–တို့ဖြင့်၊ အာစိဏ္ဏဝသိတာယ စ–အလေ့အလာ ပြုသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ တာ–ထိုရောင်ခြည်တော်တို့သည်၊ ကေကုဏေ ဝိယ–ကဲ့သို့၊ ပဝတ္တန္တိ–ကုန်၏၊
* တသ္မာ–ကြောင့်၊ ဒုတိယာ ဒုတိယာ–ကုန်သော၊ ရသ္မိယော–တို့သည်၊ ပုရိမာယ ပုရိမာယ–၌ ဖြစ်သော၊ ယမကယမကာ ဝိယ–တို့ကဲ့သို့၊ ကေကုဏေ ဝိယ–၌ကဲ့သို့၊ ပဝတ္တန္တိ–ကုန်၏။

နိယံ။ ကျိုးပဌမာ၊ နောက် ကသ္မာ၊ နောက်ဖြာ အကျိုးသွား။
ငင်းနောက်မှာ၊ အကြောင်းလာ၊ ကျိုးမှာ ပြန်ဆုံးသွား။
နိပါတ်ထွန်းပါ၊ ကာရဏာ၊ သေချာ ပြန်လှန်ထား။

ttp://www.dhammadownload.com



## ဝါကျအပြန်အလှန် အနက်ပေးနည်း အချုပ်

(က) ဥပမာန+ဥပမေယျ ဝါကျ၌ ၁။ ဥပမေယျဝါကျ ၂။ ဥပမာနဝါကျ ၃။ ဥပမေယျဝါကျ၊
(ခ) အနိယမ+နိယမ ဝါကျ၌ ၁။ နိယမဝါကျ ၂။ အနိယမဝါကျ ၃။ နိယမဝါကျ၊
(ဂ) ဒဠှီကရဏ+ဒဠှီယ ဝါကျ၌ ၁။ ဒဠှီယဝါကျ ၂။ ဒဠှီကရဏဝါကျ ၃။ ဒဠှီယဝါကျ၊
(ဃ) ကာရဏ+ဖလ ဝါကျ၌ ၁။ ဖလဝါကျ ၂။ ကာရဏဝါကျ ၃။ ဖလဝါကျ

ဟူသော အစီအစဉ်ဖြင့် အနက်ပေးလျှင်လည်း ဝါကျအပြန်အလှန် အနက်ပေးနည်းပင် ဖြစ်ပေတော့၏။

အမှာ။ ကသ္မာဖြင့် အမေးထုတ်သော ဝါကျ၌ ကြိယာကို ပုစ္ဆာဝါစက အနက်ပေးရမည်။ ကသ္မာဖြင့် အမေးထုတ်သော ဝါကျ၌ ကြိယာကို ပုစ္ဆာဝါစက အနက်မပေးခဲ့သော် "ဣတိ အယံ၊ ပုစ္ဆာ" (တစ်နည်း) "ဣတိ–သို့၊ ဝိညာယတိ–သိအပ်ပါသနည်း"ဟူသော ပါဌ်သေသတို့ကို ထည့်၍ အနက်ပေးရမည်။ တသ္မာဖြင့် အဖြေထုတ်သော ဝါကျ၌လည်း ကြိယာကို ဝိသဇ္ဇနာဝါစက အနက်ပေးရမည်။ တသ္မာ–ဖြင့် အဖြေထုတ်သော ဝါကျ၌ ဝိသဇ္ဇနာဝါစက "ဣတိ အယံ၊ ဝိသဇ္ဇနာ" (တစ်နည်း) "ဣတိ၊ ဝိညာယတိ–သိအပ်၏"ဟူသော ပါဌ်သေသတို့ကို ထည့်၍ အနက်ပေးရမည်။

၁၇။ ပါဌ်သေသ ဇွေ ထည့်၍ အနက်ပေးနည်း။

သံဝဏ္ဏေတဗ္ဗပုဒ် နှစ်ခု,သုံးခု,လေးခု စသည်ကို တစ်ပေါင်းတည်း တည်ထားပြီးသည့်နောက် အစိတ် အစိတ် တစ်ပုဒ်စီ တစ်ပုဒ်စီကိုသာ ဖွင့်ပြရာ၌ ဇွေ ဟူသောပါဌ် ရှိရမည်။ ယင်းနေရာမျိုး၌ ဇွေ အကယ်၍ မရှိသော် ပါဌ်သေသ ဇွေ ထည့်၍ အနက်ပေးရမည်။

ပုံစံ။ **အန္တရာ စ ရာဇဂဟံ, အန္တရာ စ နာဠန္ဒန္တိ အန္တရာသဒ္ဒေါ။** (သီ၊ ဋ္ဌ၊ နှာ–၃၅)

အန္တရာ စ ရာဇဂဟံ, အန္တရာ စ နာဠန္ဒန္တိ ဇွေ ပါဌ်ေ–အန္တရာ စ ရာဇဂဟံ, အန္တရာ စ နာဠန္ဒံ ဟူသော ဤပါဌ်၌၊ သမဘိနိဝိဋ္ဌော–အကျုံးဝင်သော၊ အန္တရာသဒ္ဒေါ–သည်။

နိယံ။ အပေါင်းတည်ထ၊ စိတ်ဖွင့်ပြ၊ ဇွေမရှိ ထည့်လေမြဲ။

၁၈။ ဇွောဟ (တတ္ထာဟ) ပုဒ်၌ အနက်ပေးနည်း။

ဇွောဟ (တတ္ထာဟ) ပုဒ်ကို တွေ့ခဲ့လျှင် . . .

တွာပစ္စယန္တ ပုဗ္ဗကာလ ကြိယာဝိသေသနပုဒ်, ကတ္တားပုဒ်, ကံပုဒ် (၃)မျိုးထည့်၍ အနက်ပေးရမည်။

ပုံစံ။ ဇွောဟ။

ဇွေ–ဤနေရာ၌၊ ဌတွာ–ရပ်တန့်၍ (ပုဗ္ဗကာလ ကြိယာဝိသေသန)၊ စောဒကော–စောဒကပုဂ္ဂိုလ်သည် (ကတ္တား)၊ စောဒနံ–စောဒနာကို (ကံ)၊ အာဟ–ဆိုပြီ။

နိယံ။ ဌတွာ, စောဒကော၊ နောက်မှာရော၊ မှတ်ပြော စောဒနံ။

ဇွောဟ မှာ၊ ဤသုံးဖြာ၊ ထည့်ပါ ဝေကန်။

၁၉။ တတ္ထ သိယာ, ဇွေ သိယာ ပုဒ်တို့၌ အနက်ပေးနည်း။

တတ္ထ သိယာ, ဇွေ သိယာ ပုဒ်တို့ကို တွေ့ခဲ့လျှင် . . .

တွာပစ္စယန္တ ပုဗ္ဗကာလ ကြိယာဝိသေသနပုဒ်, သမ္ပန်ပုဒ်, ကတ္တားပုဒ် (၃)မျိုးထည့်၍ အနက်ပေးရမည်။

ttp://www.dhammadownload.com



ပုံစံ။ တတ္ထ သိယာ၊ နနု ဣဒံ သီလံ နာမ ယောဂိနော အင်္ဂဝိဘူသနံ။ (ဋ္ဌ၊ နာ–၅၅)
တတ္ထ–ထို အပ္ပမတ္တကံ ခေါ ပနေတံ အစရှိသော စကားရပ်၌၊ ဠတွာ–ရပ်တန့်၍ (ကြိယာဝိသေသန)၊ ကဿစိ–တစ်စုံတစ်ယောက်သော၊ စောဒကဿ–စောဒကပုဂ္ဂိုလ်၏ (သမ္ဗန်)၊ စောဒနာ–စောဒနာခြင်းသည် (ကတ္တား)၊ သိယာ–ဖြစ်ရာ၏၊ ကီဒိသီ–အဘယ်သို့ သဘောရှိသော၊ စောဒနာ–သည်၊ သိယာ–နည်း။

နိယံ။ တတ္ထ သိယာ၊ (ဌတွ သိယာ)၊ ရှိတုံပါမူ၊ ကြိယာဝိသေသန၊
သမ္ဗန္ဓ နှင့်၊ ကတ္တု သုံးပါး၊ ထည့်ငြား မလွဲ၊ သမ္ဗန်မြဲ။
(တစ်နည်း) ဌတွာ၊ ကဿစိ စောဒကဿ၊ တစ်ရပ် စောဒနာ၊ ပိုထည့်ပါ၊
တတ္ထ သိယာ–ရှိ။ (ဌတွ သိယာ–ရှိ။)

အမှာ။ ဌတွ သိယာ ရှိရာ၌လည်း နည်းတူမှတ်ပါ။ ဤတတ္ထ သိယာ, ဌတွ သိယာ ပုဒ်တို့၌ တစ်ပါးသော အနက်ပေးနည်းများလည်း ရှိသေး၏။ ဖော်ပြခဲ့သော နည်းကား အများသုံး ဖြစ်သော ဘုရားကြီးနိယံနည်းတည်း။

၂၀။ ကိဉ္စတ္တ ပုဒ်၌ အနက်ပေးနည်း။
ကိဉ္စတ္တ ပုဒ်ကို တွေ့ခဲ့လျှင် . . .
ကိဉ္စိ+ဌတ္တ ဟုပုဒ်ဖြတ်ပါ။ ဌတ္တ ပုဒ်ကို ဌာနေ ပုဒ်နှင့် တွဲ၍ ရှေးဦးစွာ အနက်ပေးပါ။ ထို့နောင် တဝ, စောဒနာ, အသမတ္တာ, ကိဉ္စိ, အဝသိဋ္ဌံ, ယံ, အတ္ထိ, တံ, ဗြူဟိ ပုဒ်တို့ကို ထည့်၍ အနက်ပေးပါ။

ပုံစံ။ ကိဉ္စတ္တ။
ဌတ္တ ဌာနေ–ဤသို့ စောဒနာရာ၌၊ တဝ–သင်စောဒကဆရာ၏၊ စောဒနာ–သည်၊ အသမတ္တာ–အပြီးသို့ မရောက်သေး (ဝါ) မပြည့်စုံသေး၊ ကိဉ္စိ–အနည်းငယ်သော၊ (ဝတ္တဗ္ဗံ–ဆိုသင့်ဆိုထိုက်သော၊) အဝသိဋ္ဌံ–ကြွင်းကျန်သော၊ ယံ–အကြင်စောဒနာသည်၊ အတ္ထိ–ရှိသေး၏၊ တံ–ထိုကြွင်းကျန်သော စောဒနာကို၊ (တွံ–သင်အဋ္ဌကထာဆရာသည်၊) ဗြူဟိ–ဆိုပါဦးလော့။

နိယံ။ ကိဉ္စတ္တပုဒ်၊ ထုတ်၍ ရှိမူ၊ ဌာနေ ဌတ္တ၊ တဝ, စောဒနာ၊ အသမတ္တာနှင့်၊
ကိဉ္စိ နောက်ကား၊ အဝသိဋ္ဌံ၊ ယံ, အတ္ထိ နှင့်၊ တံ, ဗြူဟိကို၊ ထည့်ဆိုမလွဲ၊ သမ္ဗန်မြဲ။

အမှာ။ ပြဆိုပြီးသော နည်းကား အများသုံးဖြစ်သော ဘုရားကြီးနိယံနှင့်အညီ အနက်ပေးခြင်း ဖြစ်၏။ ဤကိဉ္စတ္တ ပုဒ် ရှိရာ၌ တစ်ပါးသော ဆရာတို့၏ ဝါဒကိုလည်း ဖော်ပြဦးမည်။
ဌတ္တ ဌာနေ–ဤသို့ စောဒနာရာ၌၊ ကိဉ္စိ–အနည်းငယ်၊ ဝတ္တဗ္ဗံ–ဆိုသင့်သေး၏၊ တေ–သင်၏၊ စောဒနာ–သည်၊ အသမတ္တာ–မပြည့်စုံသေး၊ အဝသိဋ္ဌံ–ကြွင်းကျန်သော စောဒနာကို၊ တာဝ–စွာ၊ ဗြူဟိ–ဆိုပါဦးလော့။
(ဤကား မူလဋီကာ အလိုတည်း။)
ဌတ္တ ဌာနေ–ဤသို့ စောဒနာရာ၌၊ တဝ ဝါဒေ–သင်၏ စကားရပ်၌၊ ကိဉ္စိ–အနည်းငယ်သော၊ ဝတ္တဗ္ဗံ–ဆိုဖွယ်စကားသည်၊ အတ္ထိ–၏၊ တေ–၏၊ စောဒနာ–သည်၊ အသမတ္တာ–သေး၊ အဝသိဋ္ဌံ–ကို၊ တာဝ–စွာ၊ ဗြူဟိ–လော့။ (ဤကား နျာသ အလိုတည်း။)

အမှာ။ သာမညမေးသော် ဘုရားကြီး နိယံနည်းကိုသာ ဖြေပါ။

၂၁။ ဝုစ္စတေ ပုဒ်၌ အနက်ပေးနည်း။
ဝုစ္စတေ ပုဒ်ကို တွေ့ခဲ့လျှင် . . .
အာစရိ, သမ္ဗန်, ကံ, ကတ္တား (၄)မျိုးထည့်၍ အနက်ပေးရမည်။

ttp://www.dhammadownload.com



ပုံစံ။ ဝုစ္စတေ။

တ္ထေ ဌာနေ–၌ (အာတာရ)၊ စောဒကာသ–စောဒကပုဂ္ဂိုလ်၏ (သမ္ဗန်)၊ ပရိဟာရော–အဖြေကို (ကံ)၊ မယာ–သည် (ကတ္တား)၊ ဝုစ္စတေ–ဆိုအပ်၏။

နိယံ။ ဝုစ္စတေ ပုဒ်၊ အဖြေ ထုတ်ရာ၊ အာဓာ လည်းကောင်း၊

တစ်ကြောင်း သမ္ဗန်၊ ကံနှင့် ကတ္တား၊ လေးပါး စွက်၍၊ အနက် သမ္ဗန်မြဲ။

၂၂။ ဝုစ္စတိ ပုဒ်၌ အနက်ပေးနည်း။

ဝုစ္စတိ ပုဒ်ကို တွေ့ခဲ့လျှင် . . .

အာကာရအနက်ဟော ဣတိသဒ္ဒါ ပါရှိလျက် အနက်ပေးရမည်။ အာကာရအနက်ဟော ဣတိသဒ္ဒါ မရှိခဲ့သော် ထည့်၍ အနက်ပေးရမည်။

ပုံစံ။ လေံ ဝုစ္စတိ ဒေါသော။ (သီ၊ ဌ၊ နှာ–၇၄)

ဒေါသော–အပြစ်ကို၊ လေံ လေံ ဣတိ–လေဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏။

နိယံ။ ဝုစ္စတိ ပုဒ်၊ ထုတ်၍ အရာ၊ ရှိသည်မှာ၊ အာကာရဣတိ ရှိမြဲ။ မရှိက ထည့်မြဲ။

၂၃။ သစ္စံ ပုဒ်၌ အနက်ပေးနည်း။

သစ္စံ ပုဒ်ကို တွေ့လျှင် . . .

တဝ ဟူသော သမ္ဗန်ပုဒ်၊ ဝစနံ ဟူသော ကတ္တားပုဒ်တို့ကို ထည့်၍ အနက်ပေးရမည်။

ပုံစံ။ သစ္စံ။

တဝ–သင်စောဒက၏၊ ဝစနံ–စကားသည်၊ သစ္စံ–မှန်၏။

နိယံ။ သစ္စံ ရှိက၊ တဝ, ဝစနံ၊ သမ္ဗန်, ကတ္တား၊ ဤနှစ်ပါး၊ မမှား လာရမြဲ။

၂၄။ အပရော နယော ပုဒ်၌ အနက်ပေးနည်း။

အပရော နယော ပုဒ်ကို တွေ့လျှင် ယထာဝုတ္တနယတော ဟူသော အပါဒါန်ပုဒ်, မယာ ဟူသော ကတ္တားပုဒ်, ဝုစ္စတေ ဟူသော ကြိယာပုဒ်တို့ကို ထည့်၍ အနက်ပေးရမည်။

ပုံစံ။ အပရော နယော၊ ဓမ္မောတိ ဟောတု။ (ဌ၊ နှာ–၂၁)

ယထာဝုတ္တနယတော–အကြင်အကြင် ဓမ္မောတိ ပါဋ္ဌိ အစရှိသည်ဖြင့် ဆိုအပ်ခဲ့ပြီးသော နည်းမှ (အပါဒါန်)၊ အပရော–တစ်ပါးသော၊ နယော–နည်းကို၊ မယာ–ငါသည် (ကတ္တား)၊ ဝုစ္စတေ–ဆိုအပ်၏ (ဝါ) ဆိုဦးအံ့။

အမှာ။ "ပုဗ္ဗနယတော–ရှေ့နည်းမှ"ဟု အပါဒါန် ထည့်လျှင်လည်း မှန်သည်သာတည်း။

နိယံ။ အပရော နယော၊ ပုဒ်သဘောမှာ၊ ယထာဝုတ္တနယတော၊ မယာ, ဝုစ္စတေ၊ ထည့်လေ ယောဇနာ၊ နက်ပေးပါ။

၂၅။ "ကတ္တားလွန်တို့၊ စပ်စေဖို့ရာ"စသော နိယံနှင့်အညီ အနက်ပေးနည်း။

စပ်ပုဒ်မဲ့သော ကတ္တားကို ကတ္တားလွန်ပုဒ်ဟု ခေါ်၏။ ယင်းကတ္တားမျိုးကို ဟုတွာဟူသော ပါဌသေသ ပုဒ်၌ စပ်၍ အနက်ပေးရမည်။

ပုံစံ။ ကေနစိ ပါရိဇုညေန အနဘိဘူတော အဖရိက္ခိဏ်ယော တံ ကုလံ ပဟာယ သဒ္ဓါယ ပဗ္ဗဇိတော။ (သီ၊ ဌ၊ နှာ–၂၁၉+၂၂၀)

ကေနစိ–တစ်စုံတစ်ခုသော၊ ပါရိဇုညေန–ဘေးရန်သည် (ပကတိကတ္တား)၊ အနဘိဘူတော–မနှိပ်စက်အပ်သည် (ဝိကတိကတ္တား ၊ဝါ– ကတ္တားလွန်)၊ ဟုတွာ–ဖြစ်၍ (ကတ္တားလွန်စပ်ရာ ပါဌသေသ)၊ အပရိက္ခိဏ်ယေဝ–မပြုန်းတီးနိုင်သည်သာလျှင် ဖြစ်သော၊ တံ ကုလံ–ထိုသာကီဝင်မင်းမျိုးကို၊ ပဟာယ–ပယ်စွန့်၍၊

ttp://www.dhammadownload.com



သဒ္ဒါယ–၍၊ သမဏော ဂေါတမော–ရဟန်းကြီး ဂေါတမသည် (ပဗ္ဗဇိတော၏ ကတ္တား)၊ ပဗ္ဗဇိတော–ရဟန်းပြု၏။

ပုံစံ။ အစလာ ပတိဋ္ဌပေတဗ္ဗာ။ (သီ၊ ၄၊ နှာ–၂၆၇)

အစလာ–တုန်လှုပ်ခြင်း မရှိသည်၊ ဟုတွာ–ဖြစ်၍ (ကတ္တားလွန်စပ်ရာ ပါဌသေသ)၊ ပတိဋ္ဌပေတဗ္ဗာ–တည်စေအပ်၏။

နိယံ။ ကတ္တားလွန်တို့၊ စပ်စေဖို့ရာ၊ ပုဒ် မပါ၊ ဟုတွာ စွက်လေမင်း။

၂၆။ "ကမ္မ လွန်တို့၊ စပ်စေဖို့ရာ"စသော နိယံနှင့်အညီ အနက်ပေးနည်း။

စပ်ပုဒ်မဲ့သော ကံကို ကံလွန်ပုဒ်ဟု ခေါ်၏။ ယင်းကံမျိုးကို ကတွာဟူသော ပါဌသေသ ပုဒ်၌ စပ်၍ အနက်ပေးရမည်။

ပုံစံ။ ပုဗ္ဗမဓောဋ္ဌိတမသာရံ သရေန ဝိယောဇယေ။ (ကစ္စည်း)

ပုဗ္ဗံ–ရှေးဗျည်းကို (ပကတိကံ)၊ အဓောဋ္ဌိတံ–ရှေ့ဟူသော အောက်၌ အစဉ်မပျက် တည်သည်ကိုလည်းကောင်း (ဝိကတိကံ)၊ အသာရံ–သရမရှိသည်ကိုလည်းကောင်း (ဝိကတိကံ)၊ ကတွာ–ပြု၍ (ကမ္မလွန်စပ်ရာ ပါဌသေသ)၊ သရေန–သရမှ၊ ဝိယောဇယေ–ခွဲရာ၏။

နိယံ။ ကမ္မလွန်တို့၊ စပ်စေဖို့ရာ၊ ပုဒ် မပါ၊ ကတွာ စွက်လေမင်း။

၂၇။ အပိုအလွန် ဖြစ်သော ကံပုဒ်ကို အနက်ပေးနည်း။

အကမ္မက ကြိယာ၌ ကံပုဒ် တစ်ခုရှိလျှင် ထိုကံသည် အပိုအလွန် ဖြစ်၏။ ထို့အတူ ဧကကမ္မက ကြိယာ၌ ကံပုဒ် နှစ်ခုရှိလျှင် ဒုတိယ ကံပုဒ်၊ ဒွိကမ္မက ကြိယာ၌ ကံပုဒ် သုံးခုရှိလျှင် တတိယ ကံပုဒ်သည် အပိုအလွန် ဖြစ်၏။ ထိုအပိုအလွန် ဖြစ်သော ကံပုဒ်ကို အာကာရတ္ထ ဣတိသဒ္ဒါ ထည့်၍ အနက်ပေးရမည်။

ပုံစံ။ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ။ (ပါဠိတော်၊ နှာ–၈၀)

ဘဂဝန္တံ–ကို၊ သရဏံ သရဏံ ဣတိ–ဆင်းရဲကို ဖျောက်ပေတတ်၏, ချမ်းသာကို ဆောင်ပေတတ်၏ဟူ၍၊ ဂစ္ဆာမိ ဘဇာမိ–ဆည်းကပ်ပါ၏။

သတိ။ သရဏံသည် အပိုအလွန် ဖြစ်သော ကံပုဒ်သာတည်း။

၂၈။ "အာချာတ်ပုဒ်ကား၊ ရံခါငြား၊ ကတ္တား,ကံ ဖြစ်မြဲ" နိယံနှင့်အညီ အနက်ပေးနည်း။

အာချာတ်ပုဒ်တို့ကို ရံဖန်ရံခါ ကတ္တား(ဝါ)ကံ ဟူသော နာမ်ပုဒ်အဖြစ်ဖြင့် ကြံ၍ အနက်ပေးရမည်။

ပုံစံ။ ကော မေ ဝန္ဒတိ ပါဒါနိ။ (အာချာတ်ပုဒ်ကို ကတ္တားကြံသော ပုံစံတည်း။)

မေ–ငါ၏၊ ပါဒါနိ–ခြေတို့ကို၊ ဝန္ဒတိ–ရှိခိုးသူကား၊ ကော–အသူနည်း။

အမှာ။ ဤပုံစံ၌ ဝန္ဒတိဟူသော အာချာတ်ပုဒ်ကို ကတ္တားကြံ၍ အနက်ပေးထားသည်။ ယင်းဝါကျ၌ ဝန္ဒတိ ဟူသော အာချာတ်ပုဒ်ကို ကတ္တား မကြံဘဲ အာချာတ်ပုဒ် အဖြစ်ဖြင့်ပင် ကြံ၍ အနက်ပေးလိုသော် "ယော–အကြင်သူသည်၊ မေ–ငါ၏၊ ပါဒါနိ–ခြေတို့ကို၊ ဝန္ဒတိ–ရှိခိုး၏၊ သော–ထိုရှိခိုးသောသူကား၊ ကော–အဘယ်သူနည်း"ဟူ၍ အနက်ပေးရမည်။

ပုံစံ။ မိဂံ ဓာဝတိ ပဿာမိ။ (အာချာတ်ပုဒ်ကို ကံကြံသော ပုံစံတည်း။)

ဓာဝတိ–ပြေးသွားသော၊ မိဂံ–သမင်ကို၊ ပဿာမိ–မြင်၏။

ttp://www.dhammadownload.com



အမှာ။ ဤပုံစံ၌ ဓာဝတိဟူသော အာချာတ်ပုဒ်ကို ကံကြံ၍ အနက်ပေးထားသည်။ ယင်းဝါကျ၌ ဓာဝတိ ဟူသော အာချာတ်ပုဒ်ကို ကံ မကြံဘဲ အာချာတ်ပုဒ် အဖြစ်ဖြင့်ပင် ကြံ၍ အနက်ပေးလိုသော် "ယော မိဂေါ-အကြင်သမင်သည်၊ ဓာဝတိ-ပြေးသွား၏၊ တံ မိဂံ-ထိုပြေးသွားသော သမင်ကို၊ ပဿာမိ-မြင်၏"ဟူ၍ အနက်ပေးရမည်။

နိယံ။ အာချာတ်ပုဒ်ကား၊ ရံခါငြား၊ ကတ္တား,ကံ ဖြစ်မြဲ။
(တစ်နည်း) အာချာတ်ပုဒ်ပင်၊ ရံခါလျှင်၊ နာမ်တွင် ကံနှင့် ကတ္တားဖြစ်သတည်း။

၂၉။ နာမည်ဟော အာချာတ်ပုဒ်ကို အနက်ပေးနည်း။
အမည်နာမကို ဟောသော အာချာတ်ကြိယာပုဒ်ကို နာမ်ပုဒ်အဖြစ် ကြံ၍ အနက်ပေးရမည်။

ပုံစံ။ မက္ခလိ ဂေါသာလော မံ တေဒဝေါစ။ (ပါဠိတော်၊ နှာ-၅၀)
မက္ခလိ-မက္ခလိ အမည်ရှိသော၊ ဂေါသာလော-ဂေါသာလသည်၊ (တစ်နည်း) ဂေါသာလော-နွားခြံ၌ ဖွားသော၊ မက္ခလိ-မက္ခလိသည်။

အမှာ။ မက္ခလိ ပုဒ်သည် "မာ ခလိ"ဟူသော အာချာတ်ပုဒ် ဖြစ်၏။ ဤနေရာ၌ကား ယင်းအာချာတ်ပုဒ်သည် နာမည်ကို ဟောသောကြောင့် နာမ်ပုဒ် ဖြစ်ရတော့၏။

နိယံ။ အမည် ပြုလုပ်၊ အာချာတ်ပုဒ်၊ မယုတ် နာမ်ဖြစ်မြဲ။

၃၀။ ကိံသဒ္ဒါ အနက်ပေးနည်း။

(က) ကိံသဒ္ဒါနောင် စိနိပါတ်ပုဒ် ရှိလျှင် အပ္ပဝါစကာ၊
(ခ) ကိံသဒ္ဒါနောင် စိနိပါတ်ပုဒ် ရှိပြီး ကိံသဒ္ဒါ၏ ရှေ့၌ ယသဒ္ဒါ ရှိလျှင်ကား သကလဝါစကာ၊
(ဂ) ဘာမျှမပါသော ကိံသဒ္ဒါ သက်သက်ကိုကား ပုစ္ဆာဝါစက အနက်ပေးရမည်။

(က)ပုံစံ ကောစိ-အချို့သော သူသည်။ (အပ္ပဝါစကတ္တ)
(ခ)ပုံစံ ယော ကောစိ-အမှတ်မရှိ အလုံးစုံသော သူသည်။ (သကလဝါစကတ္တ)
(ဂ)ပုံစံ ကော-အဘယ်သူသည်။ (ပုစ္ဆာဝါစကတ္တ)

နိယံ။ ကိံသဒ္ဒါနောက်၊ စိလျှင် ရောက်က၊ အပ္ပဝါစကာ။
ရှေ့မှာတတန်၊ ယ-ဝင်ပြန်က၊ သကလဝါစကာ။
ဝင်လာ မဖက်၊ ကိံသက်သက်မှာ၊ ပုစ္ဆာဝါစက ဧကန်တည်း။

၃၁။ ဂရဟာဝါစက နာမသဒ္ဒါ ရှိရာ၌ အနက်ပေးနည်း။
ဂရဟာဝါစက နာမသဒ္ဒါကို တွေ့ခဲ့သော် = ကြိယာနှင့် ယှဉ်စပ်၍ ကဲ့ရဲ့သောအသံ ပေါ်လွင်ထင်ရှားအောင် အနက်ပေးရမည်။

ပုံစံ။ ကရိဿတိ နာမ-ပြုရက်တုံဘိ၏။
ဘုဉ္ဇိဿတိ နာမ-စားရက်တုံဘိ၏။
စေတေဿတိ နာမ-စေ့ဆော်တုံဘိ၏။

နိယံ။ ဂရဟာ ဝါစက၊ နာမ သဒ္ဒါ၊ တွေ့လေပါက၊ ကြိယာနှင့်၊ ယှဉ်ကာ စပ်လျက်၊ အနက် သမ္ဘန်မြဲ။

ttp://www.dhammadownload.com



၃၂။ သဉ္စာ, သင်္ချေယျ ပေါ်အောင် အနက်ပေးနည်း။

(က) အရေအတွက်ကို တစ်ပေါင်းတည်း ပေါင်းစုရုံး၍ သရုပ်မဖော်ဘဲ အနက်ပေးသော နည်းသည် သဉ္စာပဓာန အနက်ပေးနည်း မည်၏။

(ခ) အရေအတွက်ကို တစ်ခုစီ ခွဲခြမ်းစိတ်ဖြာ၍ သရုပ်ဖော်ပြီး အနက်ပေးသော နည်းသည် သင်္ချေယျပဓာန အနက်ပေးနည်း မည်၏။

ပုံစံ။ တတ္ထ စိတ္တံ တာဝ စတုဗ္ဗိဓံ ဟောတိ။ (သင်္ဂဟပါဠိ)

(က) တတ္ထ–ထိုပရမတ္ထတရား ၄–ပါးတို့တွင်၊ စေတသိကာဒိတော–စေတသိက် အစရှိသည်တို့မှ၊ တာဝ–ရှေးဦးစွာ၊ စိတ္တံ–စိတ်သည်၊ စတုဗ္ဗိဓံ–လေးပါး အပြားရှိသည် (သဉ္စာပဓာန)၊ ဟောတိ–၏။

(ခ) စတုဗ္ဗိဓံ–ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါဝစရစိတ်, လောကုတ္တရာစိတ်အားဖြင့် လေးပါး အပြား ရှိသည် (သင်္ချေယျပဓာန)၊ ဟောတိ–၏။

နိယံ။ ပေါင်း၍ ပြပါ၊ ခေါ် သဉ္စာ၊ စိတ်ဖြာ သင်္ချေယျ။

အမှာ။ ဆရာမြတ်အချို့ကမူ (က) သဉ္စာကို နောက်ထား၍ အနက်ပေးလျှင် သဉ္စာပဓာန (ခ) သင်္ချေယျကို နောက် ထား၍ အနက်ပေးလျှင် သင်္ချေယျပဓာန အနက်ပေးနည်းဟုလည်း ခေါ်ကြသေး၏။

ပုံစံ။ ရတနတ္တယဿ။ (ဌ၊ နှာ–၄၃)

(က) ရတနတ္တယဿ–ရတနာ သုံးပါး၏။ (သဉ္စာပဓာန)

(ခ) ရတနတ္တယဿ–သုံးပါးသော ရတနာ၏။ (သင်္ချေယျပဓာန)

ပုံစံ။ ဘိက္ခုသတေဟိ။ (ဌ၊ နှာ–၁၂၃)

(က) ဘိက္ခုသတေဟိ–ရဟန်းတို့၏ အရာတို့နှင့်။ (သဉ္စာပဓာန)

(ခ) ဘိက္ခုသတေဟိ–အရာသော ရဟန်းတို့နှင့်။ (သင်္ချေယျပဓာန)

နိယံ။ သဉ္စာ နောက်မှာ၊ ခေါ် သဉ္စာ၊ ပြန်လာ သင်္ချေယျ။

၃၃။ ဟုတွာ နိဗ္ဗတ္တိ ပါရှိသော ဝါကျတို့၌ အနက်ပေးနည်း။

ဝါကျ တစ်ဝါကျ၌ ဟုတွာ နိဗ္ဗတ္တိ ပုဒ်တို့ရှိခဲ့သော် = ယင်းပုဒ်တို့သည် ဘာဝအနက်ကို ဟော၏။ ထို့ကြောင့် ယင်းဝါကျ၌ရှိသော ပဌမာပုဒ်ကို ဆဋ္ဌီအနက် ပေးရမည်။

ပုံစံ။ ယက္ခော ဟုတွာ နိဗ္ဗတ္တိ။ (သီ၊ ဌ၊ နှာ–၁၂၆)

ယက္ခော–နတ်သားသည်၊ ဟုတွာ–၍၊ (တစ်နည်း) ယက္ခော–နတ်သား၏၊ ဟုတွာ–အဖြစ်ဖြင့် (ဝါ) ဖြစ်ခြင်းကြောင့်၊ နိဗ္ဗတ္တိ–ဖြစ်၏။

အမှာ။ "ယက္ခော–နတ်သားသည်၊ ဟုတွာ–၍"ဟု အနက်ပေးခြင်းကား နိသျတို့အလို ဖြစ်၏။ "ယက္ခော–နတ် သား၏၊ ဟုတွာ–အဖြစ်ဖြင့် (ဝါ) ဖြစ်ခြင်းကြောင့်၊ နိဗ္ဗတ္တိ–ဖြစ်၏"ဟု အနက်ပေးခြင်းကား နိယံဆရာတို့ အလို ဖြစ်၏။

ပုံစံ။ သက္ကော ဟုတွာ သက္ကဿ ဘာဝေန နိဗ္ဗတ္တိ။ (လမ်းညွှန်)

သက္ကော–သည်၊ ဟုတွာ–၍၊ (တစ်နည်း) သက္ကဿ–၏၊ ဘာဝေန–ဖြင့် (ဝါ) ကြောင့်၊ နိဗ္ဗတ္တိ–ဖြစ်၏။

နိယံ။ ဟုတွာ နိဗ္ဗတ္တိ၊ နက်ကြည့် ဘာဝေါ၊ ဤသဘောကြောင့်၊

ယက္ခော (သက္ကော) ပုဒ်မှာ၊ ပထမာသည်၊ သက်ပါ သမ္ဗန်အနက်တည်း။

ttp://www.dhammadownload.com



၃၄။ ဘူတပုဒ် ရှိရာ၌ အနက်ပေးနည်း။
ဘူတပုဒ် ရှိရာ၌ ဟုတ္ပာပုဒ် မပါခဲ့သော် ယင်းဟုတ္ပာပုဒ်ကို ကျေနေသည်ဟု သိပါ။ အနက်ပေးသောအခါ ထိုကျေနေသော ဟုတ္ပာပုဒ်၏ အနက်ကို ဖော်ထုတ်၍ ပေးရမည်။

ပုံစံ။ ဝိသေသဘူတာ။ (ဋ္ဌ၊ နှာ-၁၇)
ဝိသေသဘူတာ-ထူးသည် "ဖြစ်၍" ဖြစ်ကုန်သော။

အမှာ။ ဘူတ ရှိရာ၌ ဟုတ္ပာ အကျေကြံသော ပုဒ်မျိုးကို သမ္ဘာဝနာ ကမ္မဓာရည်းသမာသ် ဝိဂ္ဂဟ ပြုရသည်။ ထို့ကြောင့် ဝိသေသဘူတာကို = ဝိသေသာ ဟုတွာ ဘူတာ ဝိသေသဘူတာဟု ဝိဂ္ဂဟပြုပါလေ။

ပုံစံ။ အန္တမသော မယူရနစ္စာဒိဝသေနပိ ပဝတ္တာနံ နစ္စာဒီနံ ဝိသူကဘူတာ ဒဿနာ စ။ (ဋ္ဌ၊ နှာ-၇၆)
အန္တမသော-အယုတ်သဖြင့်၊ မယူရနစ္စာဒိဝသေနပိ-ဥဒေါင်းကခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့်လည်း၊ ပဝတ္တာနံ-ကုန်သော၊ နစ္စာဒီနံ-တို့ကို၊ ဝိသူကဘူတာ-သာသနာတော်၏ တံကျင်သဘွယ် "ဖြစ်၍" ဖြစ်သော၊ ဒဿနာ စ-ရှုခြင်းမှလည်းကောင်း၊ (ဝိရတော-ကြဉ်၏။)

အမှာ။ ဝိသူကဘူတာကို = ဝိသူကာ ဟုတွာ ဘူတာ ဝိသူကဘူတာဟု ဝိဂ္ဂဟပြုပါ။

နိယံ။ ဘူတပုဒ်သာ၊ ရှိလေရာ၊ ဟုတွာ ကျေစမြဲ။

၃၅။ ဘာဝပ္ပဓာန+ဘာဝလောပ ကြံ၍ အနက်ပေးနည်း။
ဘာဝပ္ပဓာန+ဘာဝလောပ ပုဒ်မျိုး၌ "အဖြစ်"ဟူသော ဘာဝအသံ ပါလျက် အနက်ပေးခြင်းသည် ဘာဝပ္ပဓာန +ဘာဝလောပ အနက်ပေးနည်း မည်၏။

ပုံစံ။ အတ္တာနံ သူစနတော။ (သီ၊ ဋ္ဌ၊ နှာ-၁၈)
အတ္တာနံ-မိမိအကျိုး၊ သူတစ်ပါးအကျိုး စသော အပြားရှိသော အကျိုးတို့ကို၊ သူစနတော-ထင်ရှား ပြတတ်သည်၏ အဖြစ်ကြောင့် (ဝါ) . . . အဖြစ်အားဖြင့်။

ပုံစံ။ ဒဿနတော။
ဒဿနတော-ပြတတ်သည်၏ အဖြစ်ကြောင့် (ဝါ) ပြတတ်သည်၏ အဖြစ်အားဖြင့်။

၃၆။ ကိတ်ကြိယာပုဒ်ကို လိင်,ဝုစ် ပြင်၍ အနက်ပေးနည်း။
ဝါကျ တစ်ဝါကျတည်း၌ ကံပုဒ်သည် နှစ်ခု,သုံးခု၊ ကတ္တားပုဒ်သည် နှစ်ခု,သုံးခု စသည်ဖြင့် ရှိနေပါအံ့။ နောက်ဆုံးဖြစ်သော ကံ,ကတ္တား၏ လိင်,ဝုစ်ကို ကြည့်၍ ကြိယာကို ထားရ,ရေးရသည်။ အနက်ပေးရာ၌ကား ရှေ့ကံ,ကတ္တားတို့အတွက် ယင်းကံ,ကတ္တားတို့နှင့် လိင်,ဝုစ်တူအောင် ကြိယာကို ပြင်၍ အနက်ပေး ရမည်။

ပုံစံ။ တိသော သိက္ခာ, တီဏိ ပဟာနာနိ, စတုဗ္ဗိဓော စ ဂမ္ဘီရဘာဝေါ ဝေဒိတဗ္ဗော။ (ဋ္ဌ၊ နှာ-၂၀)
တိသော-သုံးပါးကုန်သော၊ သိက္ခာ စ-သိက္ခာတို့ကိုလည်း၊ ဝေဒိတဗ္ဗာ-သိအပ်ကုန်၏၊ တီဏိ-ကုန်သော၊ ပဟာနာနိ စ-ပဟာန်တို့ကိုလည်း၊ ဝေဒိတဗ္ဗာနိ-ကုန်၏၊ စတုဗ္ဗိဓော-လေးပါး အပြားရှိသော၊ ဂမ္ဘီရဘာဝေါ စ-နက်နဲသည်၏ အဖြစ်ကိုလည်း၊ ဝေဒိတဗ္ဗော-၏။

နိယံ။ နှစ်,သုံး,လေးပါး၊ ကံ,ကတ္တားနှင့်၊ ထားသည့် အရာ၊ ကြိယာကား၊
မှန်စွာ နောက်ဖျား၊ ကံ,ကတ္တားနှင့်၊ တူငြားလိင်,ဝုစ် အညီတည်း။

နိယံ။ ကံ,ကတ္တားသာ၊ အများလာ၊ ထားရာ နောက်လိင်,ဝုစ်။

ttp://www.dhammadownload.com



၃၇။ ကတ္တားကွဲရာ၌ တွာဒိပစ္စယန္တပုဒ်ကို အနက်ပေးနည်း။
တွာဒိပစ္စယန္တ ပုဒ်၏ ကတ္တားနှင့် ပဓာနကြိယာ၏ ကတ္တားတို့ မတူခဲ့လျှင် တွာဒိပစ္စယန္တ ပုဒ်၏ ကတ္တားကို သမ္ဗန်အဖြစ် ထား၍ တွာဒိပစ္စယန္တ ပုဒ်ကို ဟိတ်အနက် ပေးရမည်။

ပုံစံ။ ဧဝံ ဥတွာ စ ။ပ။ တမ္ပိ သဗ္ဗံ ဝိဘာဝယေ။ (ဋ္ဌ၊ နှာ–၁၉)
စ–ဆက်ပါဦးအံ့၊ ဧဝံ ယထာဝုတ္တနယေန–ဖြင့်၊ တိဏ္ဏမ္ပိ–ကုန်သော၊ ဧတေသံ ဝိနယာဒီနံ–တို့၏၊ ဝစနတ္ထံ–ကို၊ **သောတူနံ–စာသင်သားတို့၏ (ဥတွာ၏ သမ္ဗန်)၊** ဥတွာ–သိပြီးခြင်းကြောင့် (ဟိတ်အနက်)၊ တမ္ပိသဗ္ဗံ–ထိုအလုံးစုံကိုလည်း၊ ပဏ္ဍိတအာစရိယော–ပညာရှိသော စာချဆရာသည် (ပဓာနကြိယာ ဝိဘာဝယေ၏ ကတ္တား)၊ ဝိဘာဝယေ–ထင်စွာ ပြရာ၏။

အမှာ။ ယင်းဝါကျ၌ ဥတွာ၏ ကတ္တားကား = စာသင်သား ဖြစ်၏။ ဝိဘာဝယေ၏ ကတ္တားကား = စာချဆရာ ဖြစ်၏။ ဤသို့ ကတ္တားကွဲနေသောကြောင့် ဥတွာ၏ ကတ္တားကို သမ္ဗန်အဖြစ် ထား၍ တွာပစ္စည်းကို ဟိတ်အနက် ပေးရ၏။

နိယံ။ ကတ္တား ကွဲဘိ၊ မတူရှိသော်၊ မိမိကတ္တား၊ သမ္ဗန် ထား၍၊
သက်ငြား ဟိတ်မှာ၊ ဖြစ်ဖို့လာသည်၊ တွာဒိပစ္စည်း သဘောတည်း။

၃၈။ စ+ပန ပုဒ်၌ အနက်ပေးနည်း။
စ+ပန ပုဒ်ကို တွေ့လျှင် "စ+ပန–ဆက်၍အထူး ပြဆိုဦးအံ့"ဟု အနက်ပေးရမည်။

ပုံစံ။ ဥတွာ စ ပနဿ ဧတဒဟောသိ။ (ဋ္ဌ၊ နှာ–၄၈)
စ ပန–ဆက်၍အထူး ပြဆိုဦးအံ့။

နိယံ။ စ+ပနဟု၊ တကွ တက်ရာ၊ စ–နက်မှာ ဆက်၊ ပန–နက်၊ ထူးချက် ဓိပ္ပါယ်စွဲ။

၃၉။ "အာဟ"ပုဒ်ကို အနက်ပေးနည်း။

(က) ဝါကျတစ်ခုဝယ် ရှေ့၌ ဣဒါနိ ရှိ၍ နောက်၌ အာဟ ရှိလျှင် ထိုအာဟကို "ဆို၏"ဟု ပစ္စုပ္ပန္နကာလဝါစက အနက်ပေးရမည်။ "ဆိုပြီ"ဟု အတီတကာလဝါစက အနက်မပေးရ။

(ခ) ရှေ့၌ ဣဒါနိ မရှိဘဲ နောက်၌ အာဟ ရှိလျှင် ထိုအာဟကို "ဆိုပြီ"ဟု အတီတကာလဝါစက အနက် ပေးရမည်။ "ဆို၏"ဟု ပစ္စုပ္ပန္နကာလဝါစက အနက်မပေးရ။

(က)ပုံစံ ဣဒါနိဿ သုပ္ပဋိဝိဒိတဘာဝံ ဒဿေတုံ "**အယံ ဟီ**"တိ အာဒိမာဟ။ (သီ၊ ဋ္ဌ၊ နှာ–၄၄)
ဣဒါနိ–ယခုအခါ၌၊ အဿ–ထိုဥဒေ ယျမ္ဗ၏၊ သုပ္ပဋိဝိဒိတဘာဝံ–ကောင်းစွာ သိအပ်သည်၏ အဖြစ်ကို၊ ဒဿေတုံ–ငှာ၊ "အယံ ဟီ"တိ အာဒိံ–အစရှိသော စကားကို၊ အာဟ–ဆို၏။

(ခ)ပုံစံ ဘိက္ခူ "အာနန္ဒတ္ထေရံ ခုရံ ကတွာ"တိ အာဟံသု။ (သီ၊ ဋ္ဌ၊ နှာ–၁၄)
ဘိက္ခူ–တို့သည်၊ "အာနန္ဒတ္ထေရံ ခုရံ ကတွာ"တိ–အာနန္ဒတ္ထေရံ ခုရံ ကတွာ ဟူ၍၊ အာဟံသု–ဆိုကြကုန်ပြီ။

အချုပ်။ ဣဒါနိ–၌၊ အာဟ–၏။ ။အာဟ–ပြီ။

နိယံ။ ဣဒါနိ အာဟ၊ ရှိလေက၊ အာဟ–ပစ္စုပ္ပန်။
သီးသန့် အာဟ၊ ရှိလေက၊ အာဟ–အတီတံ။

အမှာ။ ဖော်ပြခဲ့သော ပုံစံများကို မှီး၍ "ဣဒါနိ အာရဘိ၊ အာရဘိ။ ဣဒါနိ ပတ္တော၊ ပတ္တော။" ဝါကျများ၌လည်း ကြိယာ၏ ကာလဝါစက အနက်ကို မှန်အောင် ပြန်နိုင်စေ။ ယင်းပုံစံတို့၏ ကြိယာတို့ကို အနက်ပြန်ရာဝယ် နေရင်းနိသျ၌ ကာလဝါစက အပြန်မှား၏။

ttp://www.dhammadownload.com



၄၀။ ကိရ,ကိလ သဒ္ဒါတို့၌ အနက်ပေးနည်း။

ကိရ,ကိလ သဒ္ဒါတို့သည် (က) မနှစ်သက်အပ်သော ဂရဟာအနက် (ခ) တစ်ဆင့်ကြားဘူးသော အနုဿဝန အနက် (ဂ) ဝိတ္တာရဓောတက အနက်တို့ကို ထွန်းပြ၏။ ယင်းကိရ,ကိလ သဒ္ဒါတို့ကို ကြိယာနှင့် တွဲ၍သော်လည်းကောင်း၊ ကြိယာနှင့် မတွဲဘဲ သီးသန့်သော်လည်းကောင်း အနက်ပေးရမည်။

(က)ပုံစံ သုပိနေ အာဟ ကိလ။ (အခြေပြုသဒ္ဒါ)

သုပိနေ–အိပ်မက်၌၊ အာဟ ကိလ–ပြောဆိုမိသတဲ့။ (ဂရဟာအနက်)

(ခ)ပုံစံ ဧဝံ ကိရ ပေါရာဏာဟု။ (အခြေပြုသဒ္ဒါ)

ဧဝံ–ဤသို့၊ ပေါရာဏာ–ရှေးဆရာတို့သည်၊ အာဟု ကိရ–ဆိုကုန်သတဲ့။ (အနုဿဝနအနက်)

(တစ်နည်း) ကိရ–တစ်ဆင့်စကား ကြားဘူးသည်ကား၊ ဧဝံ–ဤသို့၊ ပေါရာဏာ–တို့သည်၊ အာဟု–ဆိုကုန်၏။ (အနုဿဝနအနက်)

(ဂ)ပုံစံ တေ ကိရ ဒိဗ္ဗေန စက္ခုနာ ဩလောကေတွာ ပရူပဃာတံ အကတွာ ကဿပသမ္မာသမ္ဗုဒ္ဓဿ ဘဂဝတော ပါဝစနေန သဟ သံသန္ဒိတွာ မန္တေ ဂန္ထိံသု။ (ဌ၊ နှာ–၂၄၄)

ကိရ–ချဲ့ပါဦးအံ့။

နိယံ။ နှစ်မသက်ကား၊ တစ်ဆင့်ကြားနှင့်၊ ချဲ့ငြားလိုဘိ၊ ကိလထည့်၊ ပါဠိ ကိရပင်။

၄၁။ အတ္ထာတိသယ အနက်ပေးနည်း။

ပုဒ်တစ်ပုဒ်၏ ဟောနိုင်သော အနက်ထက် အပိုအလွန် ဖြစ်သော အနက်ကို ဆောင်ထည့်၍ အနက်ပေးသော နည်းသည် အတ္ထာတိသယ အနက်ပေးနည်း မည်၏။

ပုံစံ သုဏာတု မေ အာဝုသော သံဃော။ (ဌ၊ နှာ–၆)

အာဝုသော–ငါ့ရှင်တို့၊ သံဃော–သည်၊ မေ–တပည့်တော်၏ စကားကို။

သတိ။ မေ ပုဒ်၌ အတ္ထာတိသယနည်းကို ရ၏။

၄၂။ သဒ္ဒပူရဏ, အတ္ထပူရဏ အနက်ပေးနည်း။

(က) သဒ္ဒါ ရှိပါလျက် အနက် မရလျှင် သဒ္ဒပူရဏ အနက်ပေးနည်း မည်၏။

(ခ) သဒ္ဒါ မရှိဘဲ အနက် ရလျှင် အတ္ထပူရဏ အနက်ပေးနည်း မည်၏။

(က)ပုံစံ အဿောသိ ခေါ ဗြာဟ္မဏော ဝေရဉ္ဇော... (ပါဠိတော်၊ နှာ–၈၂)

အဿောသိ ခေါ–ကြားသိရပြီ။ (ခေါ အနက်မဲ့)

(ခ)ပုံစံ သုဏာတု မေ အာဝုသော သံဃော။ (ဌ၊ နှာ–၆)

အာဝုသော–ငါ့ရှင်တို့၊ သံဃော–သည်၊ မေ–တပည့်တော်၏ စကားကို။

အမှာ။ မေ ပုဒ်၌ ဝစနံသဒ္ဒါ မပါဘဲ "စကားကို"ဟူသော အနက်ကို ထည့်၍ ပေးရသောကြောင့် အတ္ထပူရဏ အနက်ပေးနည်း မည်၏။

၄၃။ သဒ္ဒက္ကမ, အတ္ထက္ကမ အနက်ပေးနည်း။

(က) ပါဠိရှိ သဒ္ဒါအစဉ်အတိုင်း အနက်ပေးသော နည်းသည် သဒ္ဒက္ကမ အနက်ပေးနည်း မည်၏။

(ခ) သဘာဝ အစဉ်အတိုင်း အနက်ပေးသော နည်းသည် အတ္ထက္ကမ အနက်ပေးနည်း မည်၏။

ပုံစံ။ အညံ ဥပ္ပဇ္ဇတေ စိတ္တံ၊ အညံ စိတ္တံ နိရုဇ္ဈတိ။

အဝီစိမနုသမ္ဗန္ဓော၊ နဒီသောတောဝ ဝတ္တတီတိ။ (ဌ၊ နှာ–၇၃)

ttp://www.dhammadownload.com



(က) အညံ-တစ်ပါးသော၊ စိတ္တံ-သည်၊ ဥပ္ပဇ္ဇတေ ဥပ္ပဇ္ဇတိ-၏၊ အညံ-သော၊ စိတ္တံ-သည်၊ နိရုဇ္ဈတိ-၏၊ အဝီစိ-အပိုင်းအခြား မရှိသည် ဖြစ်၍၊ အနုသမ္ဗန္ဓော-အစဉ်စပ်သည် ဖြစ်၍၊ နဒီသောတောဝ-မြစ်ရေအလျဉ် စီးသကဲ့သို့၊ ဝတ္တတိ-၏၊ ဣတိ-သို့၊ မနသိ ကရောတိ-နှလုံးသွင်း၏။ (သဒ္ဒက္ကမ)

(ခ) အညံ-သော၊ စိတ္တံ-သည်၊ နိရုဇ္ဈတိ-၏၊ အညံ-သော၊ စိတ္တံ-သည်၊ ဥပ္ပဇ္ဇတေ ဥပ္ပဇ္ဇတိ-၏၊ အဝီစိ-၍၊ အနုသမ္ဗန္ဓော-၍၊ နဒီသောတောဝ-သို့၊ ဝတ္တတိ-၏၊ ဣတိ-သို့၊ မနသိ ကရောတိ-၏။ (အတ္ထက္ကမ)

အမှာ။ နိယမ+အနိယမ ဝါကျဟု ရှိရာ၌ = ဝါကျတည်ရှိသည့် အနေအထားအတိုင်း နိယမဝါကျမှ စ၍ အနက်ပေးလျှင် သဒ္ဒက္ကမ၊ အနိယမဝါကျမှ စ၍ အနက်ပေးလျှင် အတ္ထက္ကမ အနက်ပေးနည်း မည်၏။

ဖလ+ကာရဏ ဝါကျဟု ရှိရာ၌ = ဖလဝါကျမှ စ၍ (ဟေတုဗဟိကရဏ နည်းဖြင့်) အနက်ပေးလျှင် သဒ္ဒက္ကမ၊ ကာရဏဝါကျမှ စ၍ (ဟေတုအန္တောကရဏ နည်းဖြင့်) အနက်ပေးလျှင် အတ္ထက္ကမ အနက်ပေးနည်း မည်၏။

ဥပမေယျ+ဥပမာန ဝါကျဟု ရှိရာ၌ = ဥပမေယျဝါကျမှ စ၍ (ဥပမာနဗဟိကရဏ နည်းဖြင့်) အနက်ပေးလျှင် သဒ္ဒက္ကမ၊ ဥပမာနဝါကျမှ စ၍ (ဥပမာနန္တောကရဏ နည်းဖြင့်) အနက်ပေးလျှင် အတ္ထက္ကမ အနက်ပေးနည်း မည်၏။

၄၄။ သုဏာတု မေ စသော ဝါကျ၌ အနက်ပေးနည်း (၂)နည်း။

သုဏာတု မေ စသော ဝါကျ၌ (က) ပါဌသေသ ထည့်၍သော်လည်းကောင်း (ခ) အတ္ထာတိသယနည်းအားဖြင့်လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ သုဏာတု မေ အာဝုသော သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ။ (ဠ၊ နှာ-၆)

(က) အာဝုသော-ငါ့ရှင်တို့၊ သံဃော-သည်၊ မေ-၏၊ (ဝစနံ-ကို၊) သုဏာတု-နာစေသတည်း၊ သံဃဿ-၏၊ (ကမ္မံ-သင်္ဂီတိသမ္မုတိ ကံသည်၊) ပတ္တကလ္လံ-လျောက်ပတ်သောအခါ ရှိသည်၊ ယဒိ သိယာ-အကယ်၍ ဖြစ်ငြားအံ့။

(ခ) အာဝုသော-တို့၊ သံဃော-သည်၊ မေ-တပည့်တော်၏ စကားကို၊ သုဏာတု-တည်း၊ သံဃဿ-သံဃာတော်၏ သင်္ဂီတိသမ္မုတိ ကံသည်၊ ပတ္တကလ္လံ-သည်၊ ယဒိ သိယာ-အကယ်၍ ဖြစ်ငြားအံ့။

၄၅။ ပဋိသေဓ ၂-ချက်ဆင့်ရာ၌ အနက်ပေးနည်း (၂)နည်း။

ပဋိသေဓ ၂-ချက်ဆင့်၍ လာသောအခါ၌ . . .

(က) ပဋိသေဓ နှစ်ခုတို့ကို ပေါင်း၍ အနက်ပေးလျှင် ပကတိအတိုင်း, မူရင်းအနက်အတိုင်း အနက်ပေးရမည်။ (န သဒ္ဒါတို့ကို အနက်မဲ့ ကြံသည်။)

(ခ) ပဋိသေဓ နှစ်ခုတို့ကို ခွဲခြား၍ အနက်ပေးလျှင် ကြိယာပုဒ်၏ နောက်၌ ဧဝသဒ္ဒါ ထည့်၍ အနက်ပေးရမည်။

ပုံစံ န န ဟောတိ။ (ဠ၊ နှာ-၉၃)

(က) န န ဟောတိ-ဖြစ်၏။

(ခ) န ဟောတိ-မဖြစ်သည်ကား၊ န-မဟုတ်၊ ဟောတိ ဧဝ-ဖြစ်သည်သာလျှင်တည်း။

ပုံစံ။ နော နပ္ပဟောတိ။ (ဠ၊ နှာ-၁၂)

(က) နော နပ္ပဟောတိ-စွမ်းနိုင်၏။

(ခ) နပ္ပဟောတိ-မစွမ်းနိုင်သည်ကား၊ နော-မဟုတ်၊ ပဟောတိယေဝ-စွမ်းနိုင်သည်သာလျှင်တည်း။

ttp://www.dhammadownload.com



ပုံစံ အဖရုသာ ဝါစာ န ဟောတိ။ (ဋ၊ နှာ-၇၄)

(က) အဖရုသာ ဝါစာ န ဟောတိ-ဖရုသဝါစာ ဖြစ်၏။

(ခ) အဖရုသာ ဝါစာ-ဖရုသဝါစာ မဟုတ်သည်ကား၊ န ဟောတိ-မဖြစ်၊ ဖရုသာ ဝါစာ-သည်၊ ဟောတိယေဝ-ဖြစ်သည်သာလျှင်တည်း။

နိယံ။ နှစ်ခု ပဋိသေ၊ ခွဲဝေ မရှိ၊ နက်ပေးဘိမူ၊ ပကတိ အနက်၊ ထွက်အောင် သမ္ဗန်မြဲ။
မပေါင်းရောဘဲ၊ ခွဲ၍ တစ်ခါ၊ သမ္ဗန်ပါမူ၊ ကြိယာနှောင်၊ ဧဝ ဆောင်မြဲ။

ဋီသစ်။ ဒွိပဋိသေဓာ ပကတျတ္ထော၊ ဧဝသဒ္ဒေါ ယောဇေတဗ္ဗော။

၄၆။ ကာလာပေက္ခ အယံ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
ကာလာပေက္ခ အယံ ပုဒ်ကို . . .

(က) ဟိ, စ, ပန နိပါတ်တို့နှင့် တွဲလျက် တွေ့မူ ဝုစ္စမာနာပေက္ခ (အနာဂတ်) အနက်ပေးရမည်။

(ခ) ဟိ, စ, ပန နိပါတ်တို့နှင့် မတွဲဘဲ တွေ့မူ ဝုတ္တာပေက္ခ (အတိတ်) အနက်ပေးရမည်။

(က)ပုံစံ အယံ ပန။ ။အယံ ပန-ဤဆိုအပ်လတ္တံ့သည်ကား။

(ခ)ပုံစံ အယံ။ ။အယံ-ဤဆိုအပ်ပြီးသည်ကား။

နိယံ။ ဟိ စ ပန၊ နိပါတနှင့်၊ တကွ ယှဉ်လျက်၊ အယံ-တက်မူ၊ ယူလေ ဝုစ္စမာနာ။
မယှဉ်ပါမူ၊ ဝုတ္တာပေက္ခ၊ မှတ်ကုန်ကြ။

၄၇။ ဣဓ ပန ဝါကျဝယ် ပန ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
ဣဓ ပန စသည်ဖြင့် လာသော ဝါကျ၌ ပန ပုဒ်ကို (က) ပက္ခန္တရဇောတက ကြံ၍သော်လည်းကောင်း (ခ) ဝိသေသဇောတက ကြံ၍သော်လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

(က)ပုံစံ ဣဓ ပန။ ။ပန-အတ္ထုဒ္ဓါရ သာမညမှတစ်ပါး အတ္ထုဒ္ဓေသ ဝိသေသကို ဆိုဦးအံ့။ (ပက္ခန္တရဇောတက)

(ခ)ပုံစံ ပန။ ။ပန-နိဝတ္တေတဗ္ဗ ပယ်လှန်ချ၍ ဂဟေတဗ္ဗအထူး ပြဆိုဦးအံ့။ (ဝိသေသဇောတက)

၄၈။ ဟိ-နိပါတ်ပုဒ်၏ အနက်ပေးနည်း (၂)နည်း။
ဣတိ နိပါတ်ပုဒ်သည် ဝါကျ၏ အဆုံး၌ ရှိ၍ ရှေ့၌ ဝါကျဇောတက ဟိ-နိပါတ်ပုဒ် ပါခဲ့သော် (က) ဟိ-ကို ဟိ ယသ္မာဟု ကြံပြီး ဣတိ-ကို ဣတိ တသ္မာဟု ကြံ၍သော်လည်းကောင်း (ခ) ဟိ-ကို ဟိ သစ္စံဟု ကြံပြီး ဣတိ-ကို ပရိသမာပနတ္ထ ကြံ၍သော်လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ (၁) လောကုတ္တရဿ ပန ဘေဒေါ နတ္ထိ။
(၂) ဘဝင္ဂရေပိ ဟိ အရိယသာဝကော အည့် သတ္ထာရံ န ဥဒ္ဒိသတီတိ။ (ဋ၊ နှာ-၂၀၉)

"(၂) အမှတ်ပြဝါကျ အနက်ပေး"

(က) ဟိ ယသ္မာ-ကြောင့်၊ ဘဝင္ဂရေပိ-ဘဝတစ်ပါး၌လည်း၊ အရိယသာဝကော-အရိယာဖြစ်သော တပည့်သည်၊ အည့်-ရတနာသုံးပါးမှ တစ်ပါးသော၊ သတ္ထာရံ-ဆရာကို၊ န ဥဒ္ဒိသတိ-မညွှန်း၊ ဣတိ တသ္မာ-ကြောင့်၊ လောကုတ္တရဿ-သော၊ သရဏဂမနဿ-၏၊ ဘေဒေါ-သည်၊ နတ္ထိ-မရှိ။

(ခ) ဟိ သစ္စံ-၏၊ ဘဝင္ဂရေပိ-လည်း၊ အရိယသာဝကော-သည်၊ အည့်-သော၊ သတ္ထာရံ-ကို၊ န ဥဒ္ဒိသတိ-မညွှန်း၊ ဣတိ ဤသည်လျှင် အပြီးတည်း။

နိယံ။ ဟိကို ရှေ့ထား၊ နောက်ဖျား ဣတိ၊ ရှိတုံဘိက၊ ဟိကို ဟိ ယသ္မာ၊ ကြံလေပါ။
ဟိသစ္စံ ကြံ၊ တစ်ဖန် နောက်ရှိ၊ ဣတိသဒ္ဒါ၊ သမာပန၊ ကြံလေကြ။

ttp://www.dhammadownload.com



၄၉။ ပဌမမဟာသင်္ဂီတိ နာမ စေသာ ဝါကျဝယ် "စေသာ"၌ စသဒ္ဒါ အနက်ပေးနည်း (၂)နည်း။
ပဌမမဟာသင်္ဂီတိ နာမ စေသာ ဝါကျဝယ် "စေသာ"၌ စသဒ္ဒါကို (က) ဝတ္တဗ္ဗ သမ္ပိဏ္ဍနတ္ထ (ခ) ဥပန္យာသ ဇောတက ကြ၍ အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ ပဌမမဟာသင်္ဂီတိ နာမ စေသာ ကိဉ္စာပိ ဝိနယပိဋကေ တန္တိမာရူဠှာ။ (သီ၊ ဋ္ဌ၊ နှာ–၃)

(က) သော ပဌမမဟာသင်္ဂီတိ နာမ စ–မည်သည်ကိုလည်း။

(ခ) စ–မပြတ်ဆက်လာ ဝါကျတ္ထာကို ဆက်ကာပြအံ့၊ သော ပဌမမဟာသင်္ဂီတိ နာမ–ကို။

၅၀။ ဣတိ ဝုတ္တံ ဟောတိ–၌ ဣတိကို ကတ္တား,ကံ နှစ်ချက်ကြ၍ အနက်ပေးနည်း (၂)နည်း။
ဣတိ ဝုတ္တံ ဟောတိ ဝါကျ၌ ဣတိကို ကတ္တား,ကံ နှစ်ချက်ကြ၍ အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ ဣတိ ဝုတ္တံ ဟောတိ။
ဣတိ ဣဒံ အတ္ထဇာတံ–ဤသို့သော အနက်သဘောသည် (ဝါ) ဤသို့သော အနက်သဘောကို၊ ဝုတ္တံ–ဆိုအပ်သည် (ဝါ) ဆိုလိုသည်၊ ဟောတိ–ဖြစ်၏။

အမှာ။ ဣတိကို "ဣတိ အယံ အတ္ထော–ဤအနက်သည် (ဝါ) ကိုဟုလည်းကောင်း၊ ဣတိ ဣဒံ ပိဏ္ဍတ္ထဇာတံ–ဤအဖြောင့် အစိပ္ပါယ်ပြ ပိဏ္ဍတ္ထ အနက်သဘောသည် (ဝါ) ကိုဟုလည်းကောင်း၊" ဖွဲ၍လည်း အနက်ပေးနိုင်ပါသေး၏။

၅၁။ ဣတိ ဝုတ္တံ ဟောတိ–၌ ဝုတ္တံ ပုဒ်ကို အနက်ပေးနည်း (၂)နည်း။
ဣတိ ဝုတ္တံ ဟောတိ ဝါကျ၌ ဝုတ္တံ ပုဒ်ကို (က) ပါဠ်ရှိအတိုင်းသော်လည်းကောင်း (ခ) လိင်္ဂဝိပလ္လာသ ကြ၍သော်လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ ဣတိ ဝုတ္တံ ဟောတိ။

(က) ဣတိ ဣဒံ အတ္ထဇာတံ–သည် (ဝါ) ကို၊ ဝုတ္တံ–သည် (ဝါ) သည်၊ ဟောတိ–ဖြစ်၏။

(ခ) ဣတိ ဣဒံ အတ္ထဇာတံ–သည် (ဝါ) ကို၊ ဝုတ္တံ ဝုတ္တော–သည် (ဝါ) သည်၊ ဟောတိ–ဖြစ်၏။

အမှာ။ ဣဒံ ဝုတ္တံ ဟောတိ ဝါကျ၌လည်း နည်းတူမှတ်ပါ။

၅၂။ ဒိဿတိ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
ဒိဿတိ ပုဒ်ကို (က) ကမ္မရုပ် (ခ) ကတ္တုရုပ် ကြ၍ အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ မေသဒ္ဒေါ တီသု အတ္ထေသု ဒိဿတိ။ (ဋ္ဌ၊ နှာ–၂၈)

(က) မေသဒ္ဒေါ–ကို၊ တီသု–ကုန်သော၊ အတ္ထေသု–တို့၌၊ ဒိဿတိ–တွေ့မြင်အပ်၏။

(ခ) မေသဒ္ဒေါ–သည်၊ တီသု–ကုန်သော၊ အတ္ထေသု–တို့၌၊ ဒိဿတိ–ထင်၏။

နိယံ။ ဒိဿတိပုဒ်၊ ကမ္မရုပ်၊ အဟုတ် ရှု–၌မှာ။
သဒ္ဒနီတိ၊ အမိန့်ရှိ၊ မှတ်ဘိ ကတ္တု–ဝါ။

၅၃။ ဧကမန္တံ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
ဧကမန္တံ နိသီဒိ ဝါကျ၌ ဧကမန္တံ ပုဒ်ကို (က) ဘာဝနပုံသက (ကြိယာဝိသေသန) နိဒ္ဒေသ ကြ၍လည်းကောင်း (ခ) ဒုတိယာဝိဘတ်ကို ဘုမ္မတ္ထ ကြ၍လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ ဧကမန္တံ နိသီဒိ။ (ပါဠိတော်၊ နှာ–၁၀၁)

(က) ဧကမန္တံ–သင့်တင့်လျောက်ပတ်စွာ။

(ခ) ဧကမန္တံ–သင့်တင့်လျောက်ပတ် တစ်ခုသော အရပ်၌။

ttp://www.dhammadownload.com



၅၄။ ပါဏာတိပါတော ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
ပါဏာတိပါတော ပုဒ်၌ အတိ ဥပသာရပုဒ်ကို (က) အတိရေကတ္ထ (ခ) အဘိဘဝနတ္ထ ကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။
ပုံစံ။ ပါဏဿ အတိပါတော ပါဏာတိပါတော။ (ဋ၊ နှာ-၆၈)
(က) ပါဏာတိပါတော-သတ္တဝါကို (ဝါ) ဇီဝိတိန္ဒြေကို လျင်စွာ ကျစေခြင်း, သတ်ခြင်းသည် (တစ်နည်း) သတ္တဝါကို (ဝါ) ဇီဝိတိန္ဒြေကို လျင်စွာကျကြောင်း ဝဓကစေတနာသည်။ (အတိဥပသာရ-အတိရေကတ္ထ)
(ခ) ပါဏာတိပါတော-သတ္တဝါကို (ဝါ) ဇီဝိတိန္ဒြေကို ဓားလက်နက် စသည်တို့ဖြင့် လွှမ်းမိုးနှိပ်စက်၍ ချစေခြင်း, သတ်ခြင်းသည် (တစ်နည်း) သတ္တဝါကို (ဝါ) ဇီဝိတိန္ဒြေကို ဓားလက်နက် စသည်တို့ဖြင့် လွှမ်းမိုးနှိပ်စက်၍ ချကြောင်း ဝဓကစေတနာသည်။ (အတိဥပသာရ-အဘိဘဝနတ္ထ)
၅၅။ ဝိဟရတိ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
ဝိဟရတိ ပုဒ်၌ ဝိသဒ္ဒါကို (က) ဝိစ္ဆေဒနတ္ထဇောတက (ခ) ဝိဝိဓတ္ထဇောတက ကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။
(က) ဝိဟရတိ-ဣရိယာပထတစ်ပါး ညောင်းညာမှုများကို တစ်ပါးဖြင့်ဖြတ် မကျလတ်အောင် အတ္တဘောကို ဆောင်တော်မူ၏။ (ဝိသဒ္ဒါ ဝိစ္ဆေဒနတ္ထဇောတက)
(ခ) ဝိဟရတိ-သတ္တဝါတို့၏လည်းကောင်း, ကိုယ်တော်၏လည်းကောင်း အထူးထူးသော ချမ်းသာကို ဆောင်တော်မူ၏။ (ဝိသဒ္ဒါ ဝိဝိဓတ္ထဇောတက)
၅၆။ အဝိသေသေန ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
အဝိသေသေန ပုဒ်၏ အသဒ္ဒါကို (က) ပဋိသေဓနတ္ထ (ခ) ဝိရဟတ္ထ ကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။
ပုံစံ။ **ဝိဟရတီ**တိ အဝိသေသေန။ (ဋ၊ နှာ-၁၂၂)
(က) အဝိသေသေန-အထူးမမှတ် သာမညအားဖြင့်။ (အသဒ္ဒါ ပဋိသေဓနတ္ထ)
(ခ) အဝိသေသေန-မည်သည့်ဝိဟာရဟု အထူးပြုမှုမှ ကင်းသဖြင့်။ (အသဒ္ဒါ ဝိရဟတ္ထ)
နိယံ။ အဝိသေသေန၊ အသဒ္ဒ၊ အတ္ထ ပဋိသေ၊ ဝိရဟေ။
၅၇။ ခေါ-၌ အနက်ပေးနည်း (၂)နည်း။
အဿောသိ ခေါ ပုဒ်၌ ခေါကို (က) အဝဓာရဏတ္ထ (ခ) ပဒပူရဏ ကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။
ပုံစံ။ အဿောသိ ခေါ။ (ပါဠိတော်၊ နှာ-၈၂)
(က) အဿောသိ ခေါ အဿောသိ ဧဝ-ကြားသိရသည်သာ (ဝါ) ကြားရခြင်း၌ အန္တရာယ် မရှိ။ (အဝဓာရဏ)
(ခ) အဿောသိ ခေါ-ကြားသိရပြီ။ (ပဒပူရဏ)
အမှာ။ ဋ၊ နှာ ၂၁၉-လာ အဖွင့်သံဝဏ္ဏနာနှင့် တွဲ၍ ရှုပါ။ (က) အနက်ပေးနည်းကို သာတ္ထက (ခ) အနက်ပေးနည်းကို အနတ္ထက အနက်ပေးနည်းဟုလည်း ခေါ်သေး၏။
၅၈။ အတ္တော ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
အတ္တောပုဒ်ကို (က) အတ္တဝါစက (ခ) သဒ္ဒဝါစက ကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။
ပုံစံ။ **ပစ္စယိကောတိ** ပတ္တိယာယိတဗ္ဗကော၊ သဒ္ဒါယိတဗ္ဗကောတိ အတ္တော။ (ဋ၊ နှာ-၇၂)
(က) ပစ္စယိကောတိ-ကား၊ ပတ္တိယာယိတဗ္ဗကော-ယုံကြည်လောက်သော စကားရှိ၏၊ သဒ္ဒါယိတဗ္ဗကော-ယုံကြည်လောက်သော စကားရှိ၏၊ ဣတိ အယံ အတ္တော-ဤအနက်သည် (ဤသဒ္ဒါယိတဗ္ဗကော-ယုံကြည်လောက်သော စကားရှိ၏ဟူသော အနက်သည်)၊ ပတ္တိယာယိတဗ္ဗကောတိ ပဒဿ-ဟူသော ပုဒ်၏၊

ttp://www.dhammadownload.com



အတ္တော–အနက်တည်း။ (အတ္ထဝါစက)

(ခ) ပစ္စယိကောတိ–ကား၊ ပတ္တိယာယိတဗ္ဗကော–၏၊ သဒ္ဒါယိတဗ္ဗကော–၏၊ ဣတိ အယံ သဒ္ဒေါ–ဤသဒ္ဒါ ယိတဗ္ဗကော ဟူသော သဒ္ဒါသည်၊ ပတ္တိယာယိတဗ္ဗကောတိ ပဒဿ–ဟူသော ပုဒ်၏၊ အတ္တော–အနက်ရှိသော သဒ္ဒါတည်း (ဝါ) အနက်ကို ဟောသော သဒ္ဒါတည်း။ (သဒ္ဒဝါစက)

အမှာ။ အတ္တောပုဒ်ကို အတ္ထဝါစက ကြံခိုက် ဣတိဖြင့် အနက်ကို စွဲ၍ အတ္တော ပုဒ်ကို ကမ္မသာဓနကြံပြီး အနက်ပေးရသည်။ အတ္တော ပုဒ်ကို သဒ္ဒဝါစက ကြံခိုက် ဣတိဖြင့် သဒ္ဒါကို စွဲ၍ အတ္တော ပုဒ်ကို အဿတ္ထိ တဒ္ဓိတ် ကြံပြီး အနက်ပေးရသည်။

နိယံ။ အတ္ထဝါစက၊ ကြံတုံက၊ ကမ္မသာဓနေသိ။
သဒ္ဒဝါစက၊ ကြံတုံက၊ ပြုကြံ အဿတ္ထိ။

၅၉။ ကော အတ္တော ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
ကော အတ္တော ပုဒ်ကို (က) ဧကပဒ (ခ) ဒွိပဒ ကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။

(က) ကော အတ္တော–အဘယ်အကျိုးရှိအံ့နည်း။ (ဧကပဒ ကြံသည်)

(ခ) အတ္တော–သည်၊ ကော–အဘယ်နည်း။ (ဒွိပဒ ကြံသည်)

၆၀။ ကော ပန ဝါဒေါ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
ကော ပန ဝါဒေါ ပုဒ်ကို (က) ဧကပဒ (ခ) ဒွိပဒ ကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။

(က) ကော ပန ဝါဒေါ–အဘယ်မှာလျှင် အထူးပြောဆိုဘွယ်ရာ ရှိပါအံ့နည်း။ (ဧကပဒ ကြံသည်)

(ခ) ဝါဒေါ–အထူးပြောဆိုဘွယ်ရာသည်၊ ကော ပန–အဘယ်မှာ ရှိပါအံ့နည်း၊ (နတ္ထိ ဧဝ–မရှိတော့သည်သာ) (ဒွိပဒ ကြံသည်)

၆၁။ အပရာပရံ ပုဒ်၌ ဋီသစ်အဖွင့်ရှု၍ အနက်ပေးနည်း (၂)နည်း။
အချို့သော ဝါကျတို့၌ ပါသော အပရာပရံ ပုဒ်ကို (က) ဒွိပဒ (ခ) ဧကပဒ ကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ **သံသရန္တီ**တိ အပရာပရံ သဥ္စရန္တိ။ (ဋ၊ နှာ–၉၈)

(က) အပရာ–တစ်ပါးသော ဘဝမှ၊ အပရံ–တစ်ပါးသော ဘဝသို့။ (ဒွိပဒ ကြံသည်)

(ခ) အပရာပရံ–တစ်ပါးသော ဘဝမှ တစ်ပါးသော ဘဝသို့ (ဝါ) အဆင့်ဆင့် (ဝါ) တပြောင်းပြောင်း တပြန်ပြန် (ဝါ) ခေါက်တုံ့ခေါက်ပြန် (ဝါ) ထပ်ခါထပ်ခါ။ (ဧကပဒ ကြံသည်)

၆၂။ **တော်** ကရဏဝစနံ၊ ဟောတ် ဘုမ္မဝစနံ ဝါကျ၌တို့၌ အနက်ပေးနည်း (၂)နည်း။
**တော်** ကရဏဝစနံ၊ ဟောတ် ဘုမ္မဝစနံ စသည်ဖြင့် လာသော ဝါကျတို့၌ အနက်နှစ်နည်း ပေးနိုင်၏။

(က) **တော်** ပုဒ်သည် = ဝိဘတ်ကို စွဲလျှင် ကရဏဝစနံ, ဘုမ္မဝစနံ စသော ပုဒ်တို့၏ အနက်ကိုလည်း ဝိဘတ်ကိုပင် စွဲ၍ အနက်ပေးရမည်။

(ခ) **တော်** ပုဒ်သည် = သဒ္ဒါ,ပုဒ် တစ်ခုခုကို စွဲလျှင် ကရဏဝစနံ, ဘုမ္မဝစနံ စသော ပုဒ်တို့၏ အနက်ကို အဿတ္ထိ အနက်ထွက်အောင် (ဝါ) ရှိဟူသော အနက်သံပေါ်အောင် အနက်ပေးရမည်။

စာရေးတယ်ဆိုတာ တခြား မဟုတ်ဘူး၊ ကိုယ့်နှလုံးသွေးကြောကို ဖောက်ချလိုက်တာဘဲ။

ttp://www.dhammadownload.com



ပုံစံ။ **ယေန မဏ္ဍလမာဠေ့ တေနုပသင်္ကမိတိ။** **ယေနာတိ** ယေန ဒိသာဘာဂေန သော ဥပသင်္ကမိတဗ္ဗော။ ဘုမ္မတ္ထေ ဝါ တော် ကရဏဝစနံ။ (သီ၊ ဋ္ဌ၊ နှာ–၄၈+၄၉)

(က) ဝါ–တစ်နည်းကား၊ တော် ပဒဒွယ်–ဤယေန, တေနဟူသော ပုဒ်နှစ်ပါးအပေါင်း၌ သက်အပ်သော ဝိဘတ်သည်၊ ဘုမ္မတ္ထေ–သတ္တမီ အနက်၌၊ (ဝိဟိတံ–စီရင်အပ်သော ၊ဝါ– သက်အပ်သော၊) ကရဏဝစနံ–တတိယာ ဝိဘတ်တည်း။

(ခ) ဝါ–တစ်နည်းကား၊ တော် ပဒဒွယံ–ဤယေန, တေနဟူသော ပုဒ်နှစ်ပါးအပေါင်းသည်၊ ဘုမ္မတ္ထေ–သတ္တမီ အနက်၌၊ ကရဏဝစနံ–တတိယာဝိဘတ်ရှိသော ပုဒ်တည်း။

ပုံစံ။ သမီပတ္ထေ ဟေတံ ဘုမ္မဝစနံ။ (သီ၊ ဋ္ဌ၊ နှာ–၁၂၂)

(က) ဟိ ယုတ္တံ–သင့်၏၊ တော်–ဤရာဇဂဟေဟူသော ပုဒ်၌ သက်အပ်သော ဝိဘတ်သည်၊ သမီပတ္ထေ–သမီပ အနက်၌၊ (ဝိဟိတံ–စီရင်အပ်သော ၊ဝါ– သက်အပ်သော၊) ဘုမ္မဝစနံ–သတ္တမီဝိဘတ်တည်း။

(ခ) ဟိ ယုတ္တံ–သင့်၏၊ တော်–ဤရာဇဂဟေဟူသော ပုဒ်သည်၊ သမီပတ္ထေ–သမီပအနက်၌၊ ဘုမ္မဝစနံ–သတ္တမီ ဝိဘတ်ရှိသော ပုဒ်တည်း။

နိယံ။ တော် မလွဲ၊ ဝိဘတ် စွဲလျှင်၊ ထင်အောင် ဝိဘတ်၊ မှတ်၍ သမ္ဗန်မြဲ။
တော် မလွဲ၊ ပုဒ်ကို စွဲလျှင်၊ အသယတ္ထ အနက်၊ ထွက်အောင် သမ္ဗန်မြဲ။

၆၃။ သေဝ နယော ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
သေဝ နယော ပုဒ်ကို (က) သော ဧဝ နယော–ဟုလည်းကောင်း (ခ) သော ဣဝ နယော–ဟုလည်း ကောင်း ပုဒ်နှစ်နည်း ဖြတ်ပြီး နှစ်နည်းလုံး၏ အဆုံး၌ ဒဋ္ဌဗ္ဗော (ဝါ) ဝေဒိတဗ္ဗော ဟူသော ပါဌသေသ ကြိယာတစ်ခုခုကို ထည့်၍ အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ သေဝ နယော။

(က) သေဝ နယော သော ဧဝ နယော–ဤနည်းကိုသာလျှင်၊ ဒဋ္ဌဗ္ဗော–၏။

(ခ) သေဝ နယော သော ဣဝ နယော–ဤနည်းကဲ့သို့သော နည်းကို၊ ဒဋ္ဌဗ္ဗော–၏။

နိယံ။ သေဝ နယော၊ ပုဒ်သဘောမှာ၊ ထင်စွာ ဧဝ၊ ဣဝ အနက်၊ နှစ်ချက်ခွဲ၍ သမ္ဗန်မြဲ။

၆၄။ ဝေဒ္ဓဝတာ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
ဝေဒ္ဓဝတာ ပုဒ်ကို (က) အသယတ္ထိတဒ္ဓိတ်ပုဒ် (ခ) ပရိစ္ဆေဒတ္ထဝါစက နိပါတ်ပုဒ် ကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ ဝေဒ္ဓဝတာ။ (ဋ္ဌ၊ နှာ–၂၁)

(က) ဝေဒ္ဓဝတာ–ဤမျှ အတိုင်းအရှည်ရှိသော သဒ္ဒါအစဉ်, အနက်အစဉ်အားဖြင့်။

(ခ) ဝေဒ္ဓဝတာ–တောနိ ဟိ တီဏိ ပိဋ္ဋကာနိ အစ ဂမ္ဘီရဘာဝေါ ဝေဒိတဗ္ဗော အဆုံးရှိသော ဤစကား အပိုင်း အခြားဖြင့်။

နိယံ။ တဒ္ဓိတ်ပုဒ်ကြံ၊ နိပါတ်ကြံ၊ နှစ်တန် ဝေဒ္ဓဝတာ။

၆၅။ အဘိက္ကန္တံ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
အဘိက္ကန္တံ ပုဒ်ကို (က) လိင်္ဂဝိပလ္လာသ ကြံ၍လည်းကောင်း (ခ) လိင်္ဂဝိပလ္လာသ မကြံ၍လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

ttp://www.dhammadownload.com



ပုံစံ။ အဘိက္ကန္တံ ဘန္တေ ယဒိဒံ ဘဂဝတော ဓမ္မဒေသနာ။ (ဋ၊ နှာ–၂၀၄)

(က) ဘန္တေ–ရှား၊ ဘဂဝတော–၏၊ ယဒိဒံ ယာ သော ဓမ္မဒေသနာ–အကြင်တရားဒေသနာသည်၊ အတ္ထိ–၏၊ သာ ဓမ္မဒေသနာ–သည်၊ အဘိက္ကန္တံ အဘိက္ကန္တာ–အလွန်နှလုံးကို ပွားစေတတ်၏။

(ခ) ဘန္တေ–ရှား၊ ဘဂဝတော–၏၊ ယဒိဒံ ယာ သော ဓမ္မဒေသနာ–သည်၊ အတ္ထိ–၏၊ သာ ဓမ္မဒေသနာ–သည်၊ အဘိက္ကန္တံ–အလွန်နှလုံးကို ပွားစေတတ်၏။

၆၆။ စေတဒဂ္ဂံ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။

စေတဒဂ္ဂံ ပုဒ်ကို (က) လိင်္ဂဝိပလ္လာသ ကြံ၍လည်းကောင်း (ခ) လိင်္ဂဝိပလ္လာသ မကြံ၍လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ စေတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဝိနယဓရာနံ ယဒိဒံ ဥပါလိ။ (ဋ၊ နှာ–၁၂)

(က) ဘိက္ခဝေ–တို့၊ မမ–၏၊ သာဝကာနံ–တပည့်ဖြစ်ကုန်သော၊ ဝိနယဓရာနံ–ဝိနည်းကို ဆောင်ကုန်သော၊ ဘိက္ခူနံ–တို့တွင်၊ ယဒိဒံ ယော အယံ ဥပါလိ–အကြင်ဥပါလိသည်၊ အတ္ထိ–ရှိ၏၊ ဧတံ သော ဥပါလိ–သည်၊ အဂ္ဂံ အဂ္ဂေါ–အမြတ်ဆုံးတည်း။

(ခ) ဘိက္ခဝေ–တို့၊ မမ–၏၊ သာဝကာနံ–ကုန်သော၊ ဝိနယဓရာနံ–ကုန်သော၊ ဘိက္ခူနံ–ရဟန်းဟု ခေါ်ဝေါ်အပ်သော ခန္ဓာငါးပါး အပေါင်းတို့တွင်၊ ဥပါလိ–ဥပါလိဟူသော၊ ယဒိဒံ ယံ ဣဒံ ခန္ဓပဉ္စကံ–အကြင်ခန္ဓာငါးပါး အပေါင်းသည်၊ အတ္ထိ–ရှိ၏၊ ဧတံ ခန္ဓပဉ္စကံ–သည်၊ အဂ္ဂံ–အမြတ်ဆုံးတည်း။

၆၇။ အပိ စ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။

အပိ စ ပုဒ်ကို (က) ပါဌသေသ မထည့်ဘဲ ပါဠိရှိအတိုင်းသော်လည်းကောင်း (ခ) ပါဌသေသများ ထည့်၍ သော်လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ အပိ စ။

(က) အပိ စ–သည်သာမကသေး (ဝါ) ထိုနည်းမှ တစ်ပါးလည်း။

(ခ) ဝုတ္တနယတော–ဆိုအပ်ပြီးသော နည်းမှ၊ အပိ စ အပရော နယော–ကို၊ မယာ–သည်၊ ဝုစ္စတေ–ဆိုအပ်၏ (ဝါ) ဆိုဦးအံ့။

၆၈။ သတာသဟာသာနမ္ပိ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။

သတာသဟာသာနမ္ပိ ပုဒ်ကို (က) အနေကသင်္ချာတဒ္ဓိတ် (ခ) ဂုဏိတသင်္ချာတဒ္ဓိတ် ကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ သတာသဟာသာနမ္ပိ။ (ဋ၊ နှာ–၁၃၇)

(က) သတာသဟာသာနမ္ပိ–အသိန်းတို့၏ ဟူ၍လည်း။ (အနေကသင်္ချာတဒ္ဓိတ်)

(ခ) သတာသဟာသာနမ္ပိ–အရာတို့ဖြင့် မြှောက်အပ်သော အထောင်တို့၏ ဟူ၍လည်း။ (ဂုဏိတသင်္ချာတဒ္ဓိတ်)

၆၉။ သမဏော ဂေါတမော ပုဒ်၌ အနက်ပေးနည်း (၂)နည်း။

သမဏော ဂေါတမော ပုဒ်ကို (က) သမာသ် ကြံ၍လည်းကောင်း (ခ) ဝါကျ ကြံ၍လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ သမဏော ဂေါတမော။ (ပါဠိတော်၊ နှာ–၄)

(က) သမဏော ဂေါတမော–ရဟန်းဂေါတမသည်။ (သမာသ်ကြံသည်)

(ခ) ဂေါတမော–ဂေါတမအနွယ် ဖြစ်တော်မူသော၊ သမဏော–ရဟန်းသည်။ (ဝါကျကြံသည်)

ttp://www.dhammadownload.com



၇၀။ အန္တရာသဒ္ဒါကို ဝေမဇ္ဈတ္တ, အညတ္တ ကြံ၍ အနက်ပေးနည်း (၂)နည်း။
အချို့သော ဝါကျ၌ ပါသည့် အန္တရာသဒ္ဒါကို (က) ဝေမဇ္ဈတ္တ (ခ) အညတ္တ ကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ **အန္တရာကထာ**တိ ကမ္မဋ္ဌာနမနသိကာရဥဒ္ဒေသပရိပုစ္ဆာဒီနံ အန္တရာ အညာ ကောာ ကထာ။ (ဌ၊ နှာ-၅၀)
အန္တရာကထာတိ-ကား၊ ကမ္မဋ္ဌာနမနသိကာရဥဒ္ဒေသပရိပုစ္ဆာဒီနံ-ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း, ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်း အစရှိသည်တို့၏၊ အန္တရာ-အကြား၌ (ဝေမဇ္ဈတ္တ)၊ အညာ-တစ်ပါးသော၊ (တစ်နည်း) ကမ္မဋ္ဌာနမနသိကာရဥဒ္ဒေသပရိပုစ္ဆာဒီနံ-တို့မှ၊ အန္တရာ အညာ-တစ်ပါးသော (အညတ္တ)၊ ကောာ-တစ်ခုသော၊ ကထာ-စကားတည်း။

အမှာ။ ဤအနက်ပေးနည်းကိုပင် "အန္တရာနှင့် အညာ သဒ္ဒါနှစ်ခုတို့ကို အနက်ကွဲ, အနက်တူ ကြံ၍" ယောဇနာနည်းဟုလည်း ခေါ်သေး၏။

၇၁။ သုက္ကသောဏိတံ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
သုက္ကသောဏိတံ ပုဒ်ကို (က) အရကွဲ ဒွန်သမာသ် ကြံ၍လည်းကောင်း (ခ) အရတူ ကမ္မဓာရည်းသမာသ် ကြံ၍လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ မာတာပိတူနံ စေတ္တိ **မာတာပေတ္တိကံ**၊ ကိံ တံ ? သုက္ကသောဏိတံ။ (ဌ၊ နှာ-၁၁၀)

(က) သုက္ကသောဏိတံ-အဖ၏ သုက်, အမိ၏ သွေးတည်း။ (အရကွဲ ဒွန်သမာသ်)

(ခ) သုက္ကသောဏိတံ-မိဖနှစ်ပါးတို့၏ သုက်တည်းဟူသော သွေးတည်း။ (အရတူ ကမ္မဓာရည်းသမာသ်)

၇၂။ သန္နိဓိကာရပရိဘောဂံ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
သန္နိဓိကာရပရိဘောဂံ ပုဒ်ကို (က) သမာသ် ကြံ၍လည်းကောင်း (ခ) ဝါကျ ကြံ၍လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ သန္နိဓိကာရပရိဘောဂံ။ (ဌ၊ နှာ-၇၉)

(က) သန္နိဓိကာရပရိဘောဂံ-ပြုအပ်ပြီးသော သိုမှီးသိမ်းဆည်းခြင်း ရှိသော အန္နပါန စသည်ကို သုံးဆောင်ခြင်းကို။

(ခ) သန္နိဓိကာရံ-သိုမှီးသိမ်းဆည်းမှုကို ပြုပြီး၍၊ ပရိဘောဂံ-သုံးဆောင်ခြင်းကို။

အမှာ။ (က)နည်းကို ဧကပဒ (ခ)နည်းကို ဒွိပဒဟူ၍လည်း ယူနိုင်သေး၏။

၇၃။ ကသိဏေနာပိ ဇမ္ဗုဒီပဿ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
ကသိဏေနာပိ ဇမ္ဗုဒီပဿ ပုဒ်ကို (က) ဘိန္နာဓိကရဏ ကြံ၍လည်းကောင်း (ခ) သမာနာဓိကရဏ ကြံ၍လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ ကသိဏေနာပိ ဇမ္ဗုဒီပဿ။ (ဌ၊ နှာ-၅၄)

(က) ဇမ္ဗုဒီပဿ-ဇမ္ဗူဒိပ်ကျွန်း၏၊ ကသိဏေနာပိ-အလုံးစုံသော စည်းစိမ်ထက်လည်း။ (ဘိန္နာဓိကရဏ)

(ခ) ကသိဏေန-အလုံးစုံသော၊ ဇမ္ဗုဒီပဿပိ-ဇမ္ဗူဒိပ်ကျွန်းထက်လည်း၊ (ဝါ) ဇမ္ဗူဒိပ်ကျွန်းကို အစိုးရသော စက္ကဝတ်မင်း၏ အဖြစ်ထက်လည်း။ (သမာနာဓိကရဏ)

၇၄။ အပါပပုရေက္ခာရော ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
အပါပပုရေက္ခာရော ပုဒ်ကို (က) ယုတ္တတ္ထသမာသ် ကြံ၍လည်းကောင်း (ခ) အယုတ္တတ္ထသမာသ် ကြံ၍လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

ttp://www.dhammadownload.com



ပုံစံ။ အပါပပုရေက္ခာရော။ (ပါဠိတော်၊ နှာ–၁၂၅)

(က) အပါပပုရေက္ခာရော–ယုတ်မာသော မကောင်းမှု၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော လောကုတ္တရာ တရားတို့ကို ရှေ့သွား ပြုတတ်သော သူသည် (ဝါ) ယုတ်မာသော မကောင်းမှု၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော လောကုတ္တရာ တရားတို့ကို ရှေ့သွားပြု၍ လှည့်လည်တတ်သော သူသည်။ (ယုတ္တတ္ထ)

(ခ) အပါပပုရေက္ခာရော–ယုတ်မာသော အကျိုးမဲ့ကို ရှေ့သွား ပြုတတ်သူသည် မဟုတ်သည် (ဝါ) မကောင်းမှုကို အလိုမရှိတတ်သူသည်။ (အယုတ္တတ္ထ)

အမှာ။ ဋ၊ နှာ ၂၅၅–လာ **အပါပပုရေက္ခာရောတိ** အပါပေ နဝ လောကုတ္တရဓမ္မေ ပုရတော ကတွာ ဝိစရတိ ဟူသော အဖွင့်နှင့်အညီ ယုတ္တတ္ထသမာသ် ကြံသည်။ ဋ၊ နှာ ၂၅၅–လာ **အပါပပုရေက္ခာရောတိ** န ပါပံ ပုရေက္ခာရော န ပါပံ ပုရတော ကတွာ စရတိ၊ န ပါပံ ဣစ္ဆတီတိ အတ္ထော ဟူသော အဖွင့်နှင့်အညီ အယုတ္တတ္ထသမာသ် ကြံသည်။

၇၅။ အလဗ္ဘနေယျပတိဋ္ဌာ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
အလဗ္ဘနေယျပတိဋ္ဌာ ပုဒ်ကို (က) ယုတ္တသမာသ် ကြံ၍လည်းကောင်း (ခ) အယုတ္တသမာသ် ကြံ၍လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ အလဗ္ဘနေယျပတိဋ္ဌာ။ (ဋ၊ နှာ–၂၁)

(က) အလဗ္ဘနေယျပတိဋ္ဌာ–မရအပ်သော ထောက်တည်ရာ ရှိကုန်သည်။ (ယုတ္တသမာသ်)

(ခ) အလဗ္ဘနေယျပတိဋ္ဌာ–ရအပ်သော ထောက်တည်ရာ မရှိကုန်သည် (ဝါ) ထောက်တည်ရာကို မရနိုင်ကုန်သည်။ (အယုတ္တသမာသ်)

၇၆။ အတ္တနာ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
အချို့သော ဝါကျ၌တို့၌ ပါသည့် အတ္တနာ ပုဒ်ကို (က) အဝုတ္တကတ္တား အနက် (ခ) သာမိအနက် နှစ်မျိုး ကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ အတ္တနာ ဒုဂ္ဂဟိတေန အမှေ စေဝ အဗ္ဘာစိက္ခတိ။ (ဋ၊ နှာ–၂၃)

(က) အတ္တနာ–မိမိသည်၊ ဒုဂ္ဂဟိတေန–မကောင်းသဖြင့် ယူအပ်သော၊ (ဓမ္မေန–မိစ္ဆာအယူဟူသော သဘောဖြင့်)။

(ခ) အတ္တနာ–မိမိ၏၊ ဒုဂ္ဂဟိတေန–မကောင်းသဖြင့် ယူခြင်းဖြင့်။

အမှာ။ ဒုဂ္ဂဟိတေန ပုဒ်သည် = (က)နည်းအလို ကမ္မသာဓန (ခ)နည်းအလို ဘာဝသာဓန ဖြစ်၏။

၇၇။ မမစ္စယေန ပုဒ်၌ အနက်ပေးနည်း (၂)နည်း။
မမစ္စယေန ပုဒ်ကို (က) ဘုမ္မတ္ထ (ခ) ကရဏတ္ထ ကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ မမစ္စယေန။ (ဋ၊ နှာ–၃)

(က) မမ–ငါဘုရား၏၊ အစ္စယေန–ပရိနိဗ္ဗာန် စံလွန်တော်မူရာ အခါ၌။

(ခ) မမ–၏၊ အစ္စယေန–ပရိနိဗ္ဗာန် စံလွန်တော်မူခြင်းကြောင့်။

၇၈။ ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ ယံ စသော ဝါကျ၌ အနက်ပေးနည်း (၂)နည်း။
ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ ယံ စသော ဝါကျ၌ ပါသည့် ယံကို (က) အနက်မရ နိပါတ်မျှ ကြံ၍လည်းကောင်း (ခ) ကာရဏနိဒ္ဒေသ ကြံ၍လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

ttp://www.dhammadownload.com



ပုံစံ။ ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ၊ ယံ ပါပဘိက္ခူ 'အတီတာသတ္ထုကံ ပါဝစန'န္တိ မညမာနာ ပက္ခံ လဘိတ္វာ နစိရဿေဝ သဒ္ဓမ္မံ အန္တရဓာပေယျုံ။ (ဌ၊ နာ–၃)

(က) ပါပဘိက္ခူ–ယုတ်မာသော အကျင့်ရှိကုန်သော ရဟန်းတို့သည်၊ ပါဝစနံ–ဘုရားစကားတော်သည်၊ အတီတသတ္ထုကံ–လွန်ပြီးသော ဆရာရှိ၏၊ ဣတိ–သို့၊ မညမာနာ–အောက်မေ့ကုန်သည် ဖြစ်၍၊ ပက္ခံ–အလဇ္ဇီ အသင်းအပင်းကို၊ လဘိတွာ–ရကုန်၍၊ နစိရဿေဝ–မကြာမြင့်မီလျှင်၊ သဒ္ဓမ္မံ–သူတော်ကောင်းတရားကို၊ အန္တရဓာပေယျုံ–ကွယ်စေကုန်ရာ၏၊ ဧတံ ဌာနံ–ထိုသို့ ကွယ်စေရာသော အကြောင်းသည်၊ ဝိဇ္ဇတိ ခေါ ပန–ရှိသလျှင်ကတည်း။

(ခ) ပါပဘိက္ခူ–တို့သည်၊ ပါဝစနံ–သည်၊ အတီတာသတ္ထုကံ–၏၊ ဣတိ–သို့၊ မညမာနာ–၍၊ ပက္ခံ–ကို၊ လဘိတွာ–ကုန်၍၊ နစိရဿေဝ–လျှင်၊ သဒ္ဓမ္မံ–ကို၊ ယံ ယေန ဌာနေန–အကြင်အကြောင်းကြောင့်၊ အန္တရဓာပေယျုံ–၏၊ ဧတံ ဌာနံ–ထိုသို့ ကွယ်စေရာသော အကြောင်းသည်၊ ဝိဇ္ဇတိ ခေါ ပန–တည်း။

၇၉။ တီသု ပိဋကေသု ပုဒ်၌ အနက်ပေးနည်း (၂)နည်း။

အချို့သော ဝါကျတို့၌ ပါသည့် တီသု ပိဋကေသု ပုဒ်ကို (က) အာဓာရအနက် (ခ) နိဒ္ဓါရဏသမုဒါယ အနက် ကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ တီသု ပိဋကေသု တိဝိဓော ပရိယတ္တိဘေဒေါ ဒဋ္ဌဗ္ဗော။ (ဋ၊ နာ–၂၁)

(က) တီသု–ကုန်သော၊ ပိဋကေသု–တို့၌။ (ဒဋ္ဌဗ္ဗော၌ အာဓာရ)

(ခ) တီသု–ကုန်သော၊ ပိဋကေသု–တို့တွင်။ (ပါဌသေသ ဧကေကသ္မိံ၌ နိဒ္ဓါရဏသမုဒါယ)

၈၀။ အပ္ပေဝ နာမ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။

အပ္ပေဝ နာမ ပုဒ်ကို (က) ပေါင်း၍သော်လည်းကောင်း (ခ) ခွဲ၍သော်လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ အပ္ပေဝ နာမ သွေပိ ဥပသင်္ကမေယျာမ။ (ဋ၊ နာ–၈)

(က) သွေပိ–နက်ဖြန်လည်း၊ အပ္ပေဝ နာမ ဥပသင်္ကမေယျာမ–ကပ်နိုင်ကုန်ငြားအံ့လည်း မသိ။

(ခ) သွေပိ–လည်း၊ အပိ နာမ–စင်စစ်၊ ဥပသင်္ကမေယျာမ ဧဝ–ချဉ်းကပ်နိုင်ကုန်ရာသည်သာတည်း။

၈၁။ အတ္ထုဒ္ဒါရော ပုဒ်၌ အနက်ပေးနည်း (၂)နည်း။

အတ္ထုဒ္ဒါရော ပုဒ်ကို (က) သဒ္ဒတ္ထ (ခ) သဒ္ဒပဒတ္ထက ကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။

(က) အတ္ထုဒ္ဒါရော–တူသော သဒ္ဒါသည် ဟောအပ်ကုန်သော များသော အပြားရှိသော အနက်တို့ကို ထုတ်ဆောင်ခြင်းတည်း (ဝါ) တူသော သဒ္ဒါသည် ဟောအပ်ကုန်သော အနက်တို့တွင် အလိုရှိအပ်သော အနက်ကို ထုတ်ဆောင်ခြင်းတည်း။

(ခ) အတ္ထုဒ္ဒါရော–အတ္ထုဒ္ဒါရတည်း။

၈၂။ ပဂေဝ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။

ပဂေဝ ပုဒ်ကို (က) ပဌမတ္ထ–အဦးအစအနက် ကြံ၍လည်းကောင်း (ခ) ပဋိက္ခေပတ္ထ–ပယ်ခြင်းအနက် ကြံ၍လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ ဒါသော အတ္တနောပိ အနိဿရော, ပဂေဝ ဘောဂါနံ။ (ဋ၊ နာ–၁၅၄)

(က) ဒါသော–ကျွန်သည်၊ အတ္တနောပိ–မိမိကိုယ်ကို သော်မှလည်း၊ အနိဿရော–အစိုးမရ၊ ဘောဂါနံ–စည်းစိမ်တို့ကိုကား၊ ပဂေဝ–ရှေးဦးမဆွ အစကပင်လျှင်၊ အနိဿရော–အစိုးမရ။

ttp://www.dhammadownload.com



(ခ) ဒါသော–ကျွန်သည်၊ အတ္တနောပိ–လည်း၊ အနိဿရော–အစိုးမရ၊ ဘောဂါနံ–တို့ကိုကား၊ အနိဿရဘာဝေ–အစိုးမရသည်၏ အဖြစ်၌၊ ဝါဒေါ–ပြောဆိုဖွယ်သည်၊ ပဂေဝ–အဘယ်မှာ ရှိပါတော့အံ့နည်း၊ အနိဿရော ယေဝ–အစိုးမရသည်သာလျှင်တည်း။

၈၃။ ပဂေဝ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။

ပဂေဝ ပုဒ်ကို (က) ကြိယာဝိသေသန ကြံ၍လည်းကောင်း (ခ) ရှိရင်းစွဲ ကြိယာနှင့်တွဲပြီး ဂရဟာ ကြံ၍လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

(က)ပုံစံ ယဿ ပန ပဂေဝ ဝုတ္တပ္ပကာရံ ဝတ္တပဋိပတ္တိံ ကရောန္တဿ။ (သီ၊ ဋ၊ နှာ–၁၆၈)

ပဂေဝ–စောစောကလျှင် (ကြိယာဝိသေသန)၊ ဝုတ္တပ္ပကာရံ–ဆိုအပ်ပြီးသော အပြားရှိသော၊ ဝတ္တပဋိပတ္တိံ–ဝတ်ကြီးဝတ်ငယ်ကို၊ ကရောန္တဿ–သော၊ ယဿ ပန ဘိက္ခုနော–၏ (ဝါ) အား။

(ခ)ပုံစံ နတ္ထိ တဿ "ဝီတိက္ကမိဿာမိ"တိ စက္ခုသောတဝိညေယျာ ဓမ္မာ၊ ပဂေဝ ကာယိကာတိ လ္လမိနာဝ နယေန အညေသုပိ ဧဝရူပေသု ပဒေသု အတ္ထော ဝေဒိတဗ္ဗော။ (သီ၊ ဋ၊ နှာ–၆၉)

တဿ ဘဂဝတော–အား၊ ဝီတိက္ကမိဿာမိ–လွန်ကျူးအံ့၊ ဣတိ–သို့၊ စက္ခုသောတဝိညေယျာ–စက္ခုဝိညာဏ် သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော၊ ဓမ္မာ–တို့သည်၊ နတ္ထိ န သန္တိ–ကုန်၊ ကာယိကာ–ကိုယ်ဖြင့် လွန်ကျူးခြင်းတို့သည်ကား၊ ပဂေဝ အတ္ထိ သန္တိ–အဘယ်မှာ ရှိကုန်အံ့နည်း၊ နတ္ထိ ဧဝ–မရှိကုန်တော့သည် သာ။ (ရှိရင်းစွဲ ကြိယာနှင့်တွဲ၍ ဂရဟာကြံသည်)။

အမှာ။ သုတ်မဟာဝါ အဋ္ဌကထာ၌ လာသော = မယဉ္စ ဒဠှမ္ပိ န လဘာမ၊ ပဂေဝ ဘိက္ခံ ဝါ ဒါတုံ ပူဇံ ဝါ ကာတုံ ဝါကျမျိုး၌ကား အတ္ထိ ဟူသော ပါဌသေသ ကြိယာအသစ်ထည့်ပြီး ယင်းကြိယာအသစ်နှင့် တွဲ၍ အနက် ပေးရသည်မျိုးလည်း ရှိပါသေး၏။

၈၄။ သံဝဏ္ဏေတဗ္ဗ ပုဒ်တို့၌ သဒ္ဒပဒတ္ထက, အတ္ထပဒတ္ထက အနက်ပေးနည်း (၂)နည်း။

သံဝဏ္ဏေတဗ္ဗ ပုဒ်တို့၌ (က) သဒ္ဒါအတိုင်း အနက်ပေးသော သဒ္ဒပဒတ္ထကနည်း (ခ) ဟောနက်အတိုင်း အနက်ပေးသော အတ္ထပဒတ္ထကနည်းတို့ဖြင့် အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ **ဓမ္မောတိ** ဟေတု။ (ဋ၊ နှာ–၂၁)

(က) ဓမ္မောတိ–ဓမ္မဟူသည်ကား။ (သဒ္ဒပဒတ္ထက)

(ခ) ဓမ္မောတိ–တရားဟူသည်ကား။ (အတ္ထပဒတ္ထက)

၈၅။ သံဝဏ္ဏေတဗ္ဗ အဆုံးရှိ ဣတိ သဒ္ဒါနှင့် ဆက်စပ်သော အနက်ပေးနည်း (၃)နည်း။

သံဝဏ္ဏေတဗ္ဗပုဒ်၏ အဆုံး၌ ဣတိသဒ္ဒါကို တွေ့လျှင် (က) သဒ္ဒပဒတ္ထက, ပဒတ္ထဝိပလ္လာသ ကြံ၍လည်းကောင်း (ခ) နာမဝါစက, နာမတ္ထ ကြံ၍လည်းကောင်း (ဂ) အာကာရတ္ထ ကြံ၍လည်းကောင်း အနက် သုံးနည်း ပေးနိုင်၏။

ပုံစံ။ **ဓမ္မောတိ** ဟေတု။ (သီ၊ ဋ၊ နှာ–၂၁)

(က) ဓမ္မောတိ–ဓမ္မဟူသည်ကား၊ ဟေတု–တည်း။ (ဣတိ–သဒ္ဒပဒတ္ထက, ပဒတ္ထဝိပလ္လာသ)

(ခ) ဟေတု–သည်၊ ဓမ္မောတိ ဓမ္မော နာမ–ဓမ္မမည်၏။ (ဣတိ–နာမဝါစက, နာမတ္ထ)

(တစ်နည်း) ဓမ္မော–ဓမ္မ မည်သည်၊ ဟေတု–အကြောင်းတည်း။ (ဣတိ–နာမဝါစက, နာမတ္ထ)

(ဂ) ဟေတု–ကို၊ ဓမ္မောတိ–ဓမ္မဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏။ (ဣတိ–အာကာရတ္ထ)

ttp://www.dhammadownload.com



သတိ။ "ဓမ္မောတိ–တရားဟူသည်ကား၊"ဟု အနက်မပေးရအောင် ဓမ္မ ပုဒ်၏ "တရား"ဟူသော အနက်ကို ဖောက်ပြန် ပြောင်းလွဲစေသောကြောင့် (က) အနက်ပေးနည်း၌ ဣတိ သဒ္ဒါကို "ပဒတ္ထဝိပလ္လာသ နိပါတ်ပုဒ်"ဟု ဆိုရ၏။

နိယံ။ သဒ္ဒပဒတ္ထက်၊ ပုဒ်နက်ကြံ၊ နက်မှန်–ဟူသည်ထား။

နာမဝါစက်၊ ပုဒ်နက်ကြံ၊ နက်မှန်–မည်၏ထား။

အာကာရတ္ထ်၊ ပုဒ်နက်ကြံ၊ နက်မှန်–ဟူ၍ထား။

အမှာ။ အဘိဓေယျတ္ထပြ သံဝဏ္ဏနာ၌ သံဝဏ္ဏေတဗ္ဗ ဣတိသဒ္ဒါကို ဤသို့ အနက် (၃)မျိုး ကြံနိုင်၏။ အချို့သော ဝါကျ၌ ရှိသည့် သံဝဏ္ဏေတဗ္ဗ အဆုံးရှိ ဣတိ သဒ္ဒါကိုကား (က) သဒ္ဒပဒတ္ထဝိပလ္လာသ (ခ) အာချတ္ထ ဟူ၍လည်း အနက်နှစ်နည်း ပေးနိုင်ပါသေး၏။

ပုံစံ။ **ဧဝံ မေ သုတံ ။ပ။ ကောသလေသူတိ** အမ္ဗဋ္ဌသုတ္တံ။ (ဋ၊ နှာ–၂၁၃)

(က) ဧဝံ မေ သုတံ ။ပ။ ကောသလေသူတိ– ... ကောသလေသု ဟူသော ဤသုတ်သည်။ (သဒ္ဒပဒတ္ထဝိပလ္လာသ)

(ခ) ဧဝံ မေ သုတံ ။ပ။ ကောသလေသူတိ– .... ကောသလေသု အစရှိသော ပုဒ်အပေါင်းသည်။ (အာချတ္ထ)

၈၆။ သေယျထိဒံ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။

သေယျထိဒံ ပုဒ်ကို (က) ဧကနိပါတ (ခ) ဒွိနိပါတ ကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။

(က) သေယျထိဒံ ပုဒ်ကို ဧကနိပါတ ကြံသော် = ပုဒ်မဖြတ်ရ၊ ပေါင်း၍ အနက်ပေးရမည်။

(ခ) သေယျထိဒံ ပုဒ်ကို ဒွိနိပါတ ကြံသော် = သေယျထာ+ဣဒံ ဟု နှစ်ပုဒ်ခွဲ၍ အနက်ပေးရမည်။

ပုံစံ။ သေယျထိဒံ။ (သီ၊ ပါဠိတော်၊ နှာ–၁၆၃)

(က) သေယျထိဒံ–ထိုအတတ်သည်တို့ဟူသည် အဘယ်သည်တို့နည်း။ (ဧကနိပါတ ကြံသည်။)

(ခ) ဣဒံ (တေ သိပ္ပိကာ)–ထိုအတတ်သည်တို့ဟူသည်၊ သေယျထာ (ကတမေ)–အဘယ်သည်တို့နည်း။
(ဒွိနိပါတ ၊ဝါ– နိပါတသမုဒါယ ကြံသည်။)

အမှာ။ သေယျထိဒံကို နိပါတသမုဒါယ ကြံ၍ အနက်ပေးရာ၌ = သေယျထာ+ဣဒံ ဟု ပုဒ်ဖြတ်ရမည်။ ဝိဿဇ္ဇနာ၏ အရကောက် အဘိဓေယျတ္ထ လိင်,ဝုစ်တို့ကို ရှု၍ = ဣဒံ ပုဒ်ကို သင့်သလို ထားရမည်။ သေယျထာ ပုဒ်ကိုလည်း ပုစ္ဆာဝါစက ကိံသဒ္ဒါနှင့် တွဲဖက်ပြီး ဣဒံပုဒ်နှင့် လိင်,ဝုစ်တူအောင် ကြံ၍ အနက်ပေးရမည်။

၈၇။ သေယျထိဒံ ပုဒ်၌ သရူပပုစ္ဆာ, အာကာရပုစ္ဆာ ကြံ၍ အနက်ပေးနည်း (၂)နည်း။

သေယျထိဒံ ပုဒ်ကို (က) သရူပပုစ္ဆာ (ခ) အာကာရပုစ္ဆာ ကြံ၍လည်း အနက်နှစ်နည်း ပေးနိုင်သေး၏။

ပုံစံ။ သေယျထိဒံ။ (သီ၊ ပါဠိတော်၊ နှာ–၉)

(က) ဣဒံ တိရစ္ဆာနဝိဇ္ဇာ–ဤမဂ်ဖိုလ်တို့မှ ဖီလာဖြစ်သော အတတ်ဟူသည်၊ သေယျထာ ကတမာ–အဘယ်နည်း။ (သရူပပုစ္ဆာ)

(ခ) ဣဒံ တိရစ္ဆာနဝိဇ္ဇာ–ဤမဂ်ဖိုလ်တို့မှ ဖီလာဖြစ်သော အတတ်ကို၊ သေယျထာ ကထံ–အဘယ်သို့သော အခြင်းအရာအားဖြင့်၊ ပကာသိယိဿတိ–ထင်စွာ ပြလတ္တံ့နည်း။ (အာကာရပုစ္ဆာ)

၈၈။ သေယျထိဒံ ပုဒ်၌ အနက်ပေးနည်း (၃)နည်း။

သေယျထိဒံ ပုဒ်ကို ဖြစ်နိုင်သမျှ အနက်ပေးပြပါဟု မေးလျှင် အနက်သုံးနည်း ပေးနိုင်၏။

ttp://www.dhammadownload.com



ပုံစံ။ အယံ ဝိမိ ဝေဒိတဗ္ဗော။ သေယျထိဒံ? (ဌ၊ နှာ–၂၀၅)

(က) သေယျထိဒံ–ထိုအစီအရင်ဟူသည် အဘယ်နည်း။ (ကေနိပါတ)

(ခ) သော ဝိမိ–ထိုအစီအရင်ဟူသည်၊ သေယျထိဒံ–အဘယ်နည်း။ (ပါဌသေသ ထည့်၍ ကေနိပါတ)

(ဂ) ဣမံ (အယံ ဝိမိ)–ဤအစီအရင်ဟူသည်၊ သေယျထာ–အဘယ်နည်း။ (ဒွိနိပါတ ၊ဝါ– နိပါတသမုဒါယ)

၈၉။ နဝါယံ ကုမာရကော မတ္တမညာသိ ဝါကျဝယ် ဝါသဒ္ဒါ၌ အနက်ပေးနည်း (၃)နည်း။

နဝါယံ ကုမာရကော မတ္တမညာသိ ဝါကျကို တွေ့သော် ဝါသဒ္ဒါ၌ (က) ပဒပူရဏ (ခ) ဝါစာသိလိဋ္ဌ (ဂ) ဝိဘာသာ ကြံ၍ အနက်သုံးနည်း ပေးနိုင်၏။

ပုံစံ။ နဝါယံ ကုမာရကော မတ္တမညာသိ။ (ဌ၊ နှာ–၅)

(က) အယံ ကုမာရကော–ဤသတို့သားငယ်သည်၊ မတ္တံ–အတိုင်းအရှည်ကို၊ န အညာသိ ဝါ–မသိ။ (ပဒပူရဏ)

(ခ) အယံ ကုမာရကော–သည်၊ မတ္တံ–ကို၊ န အညာသိ ဝါ–မသိလေစွတကား။ (ဝါစာသိလိဋ္ဌ)

(ဂ) အယံ ကုမာရကော–သည်၊ မတ္တံ–ကို၊ အညာသိ ဝါ–သိသည်မူလည်း ရှိ၏၊ န အညာသိ ဝါ–မသိသည်မူလည်း ရှိ၏။ (ဝိဘာသာ)

အမှာ။ နဝါယံ–ကို န+ဝေ+အယံ–ဟု ပုဒ်ဖြတ်သော် "ဝေ–စင်စစ်"ဟူသာ အနက်ပေးပါ။

၉၀။ တထာပုဒ်၌ အနက်ပေးနည်း (၃)နည်း။

အချို့သော ဝါကျတို့၌ တထာပုဒ်ကို (က) အနုကဍ္ဎနတ္ထ (ခ) ဥပသံဟရဏတ္ထ (ဂ) အတိဒေသတ္ထ ကြံ၍ အနက်သုံးနည်း ပေးနိုင်၏။

ပုံစံ။ တထာ ပဉ္စုဏ္ဏာဒုကူလာဒိဘေဒံ လောဘနီယစီဝရံ။ (ဌ၊ နှာ–၁၇၇)

(က) ပဉ္စုဏ္ဏာဒုကူလာဒိဘေဒံ–ပဉ္စုဏ္ဏတိုင်း၌ ဖြစ်သော ပုဆိုး, ဘွဲ့ဖြူပုဆိုး အစရှိသော အပြားရှိသော၊ လောဘနီယစီဝရံ–တပ်မက်မောအပ်သော သင်္ကန်းသည်၊ တထာ–ထို့အတူ မလျောက်ပတ်သည်သာလျှင်တည်း။ (တထာ–အနုကဍ္ဎနတ္ထ)

(ခ) ပဉ္စုဏ္ဏာဒုကူလာဒိဘေဒံ–သော၊ လောဘနီယစီဝရံ–သည်၊ တထာ အသပ္ပါယမေဝ–ထို့အတူ မလျောက်ပတ်သည်သာလျှင်တည်း။ (တထာ–ဥပသံဟရဏတ္ထ)

(ဂ) ပဉ္စုဏ္ဏာဒုကူလာဒိဘေဒံ–သော၊ လောဘနီယစီဝရံ–သည်၊ တထာ–ထို့အတူတည်း။ (အတိဒေသတ္ထ)

နိယံ။ တထာ ထည့်မှု၊ ကျမ်း၌ ရှုက၊ အနုကဍ္ဎ၊ သံဟရနှင့်၊ မှတ်ကြ တိဒေ၊ မည်သုံးထွေရှင့်။

၉၁။ ယေန မင်္ဂလမာဠော တေနုပသင်္ကမိ ဝါကျ၌ အနက်ပေးနည်း (၃)နည်း။

ယေန မင်္ဂလမာဠော တေနုပသင်္ကမိ ဝါကျကို တွေ့သော် အနက်သုံးနည်း ပေးနိုင်၏။

ပုံစံ။ ယေန မင်္ဂလမာဠော တေနုပသင်္ကမိ။ (ပါဠိတော်၊ နှာ–၂)

(က) ယေန–အကြင်အရပ်မျက်နှာ အဘို့ဖြင့်၊ မင်္ဂလမာဠော–စည်းဝေးရာ ဇရပ်သို့၊ ဥပသင်္ကမိတဗ္ဗော–ကြွတော်မူအပ်၏၊ တေန–ထိုအရပ်မျက်နှာ အဘို့ဖြင့်၊ မင်္ဂလမာဠံ–သို့၊ ကြွတော်မူ၏ (ဝါ) ကြွတော်မူပြီ။

(ခ) ယေန–အကြင်အရပ်၌၊ သော မင်္ဂလမာဠော–သည်၊ အတ္ထိ–ရှိ၏၊ တေန–ထိုအရပ်၌ (ဝါ) သို့၊ ဥပသင်္ကမိ–ရောက်တော်မူ၏ (ဝါ) ကြွသွားတော်မူလေပြီ။

(ဂ) ယေန–အကြင်အကြောင်းကြောင့်၊ ဘဂဝတာ–သည်၊ မင်္ဂလမာဠော–သို့၊ ဥပသင်္ကမိတဗ္ဗော–၏၊ တေန–ကြောင့်၊ မင်္ဂလမာဠံ–သို့၊ ဥပသင်္ကမိ–၏ (ဝါ) ပြီ။

အမှာ။ (က+ခ)နည်းတို့ကား = အဋ္ဌကထာ နည်းများသာ ဖြစ်ကြ၏။ (ဂ)နည်းကား = ဋီကာသစ်နည်း ဖြစ်၏။

ttp://www.dhammadownload.com



၉၂။ ယဒါ ကဉ်သိ ပုဒ်၌ အနက်ပေးနည်း (၃)နည်း။
ယဒါ ကဉ်သိ ပုဒ်ကို (က) ယံ+အာကင်္ခသိ ဟူ၍လည်းကောင်း (ခ) ယဒိ+အာကင်္ခသိ ဟူ၍လည်းကောင်း (ဂ) ယဒါ+အာကင်္ခသိ ဟူ၍လည်းကောင်း ပုဒ်သုံးနည်းဖြတ်၍ အနက်သုံးနည်း ပေးနိုင်၏။

ပုံစံ။ "ပုစ္ဆ မဟာရာဇ ယဒါကင်္ခသီ"တိ။ (သီ၊ ပါဠိတော်၊ နှာ-၄၈)

(က) မဟာရာဇ-ကြီး၊ (တွံ-သည်၊ မံ-ကို၊) ယံ ပဉှံ-ကို၊ (ပုစ္ဆိတုံ-ငှာ၊) အာကင်္ခသိ-အလိုရှိခဲ့၏၊ (တံ ပဉှံ-ကို၊ တွံ-သည်၊ မံ-ကို၊) ပုစ္ဆ-လော့၊ ဣတိ-သို့၊ သဗ္ဗညုတညာဏေန-ဖြင့်၊ ပဝါရေသိ-ဖိတ်တော်မူ၏။

(ခ) မဟာရာဇ-မင်းကြီး၊ (တွံ-သည်၊ မံ-ငါဘုရားကို၊ ပဉှံ-ကို၊ ပုစ္ဆိတုံ-ငှာ၊) ယဒိ အာကင်္ခသိ-အကယ်၍ အလိုရှိအံ့။ (ဧဝံ-ဤသို့ အလိုရှိသည်၊ သတိ-သော်၊ တွံ-သည်၊ မံ-ကို၊ ပဉှံ-ကို၊) ပုစ္ဆ-မေးလော့၊ ဣတိ-သို့၊ သဗ္ဗညုတညာဏေန-ဖြင့်၊ ပဝါရေသိ-ဖိတ်တော်မူ၏။

(ဂ) မဟာရာဇ-မင်းကြီး၊ ယဒါ-အကြင်အခါ၌၊ (တွံ-သည်၊ မံ-ကို၊ ပဉှံ-ကို၊ ပုစ္ဆိတုံ-ငှာ၊) အာကင်္ခသိ-၏၊ တဒါ-ထိုအခါ၌၊ (တွံ-သည်၊ မံ-ကို၊ ပဉှံ-ကို၊) ပုစ္ဆ-မေးလော့၊ ဣတိ-သို့၊ သဗ္ဗညုတညာဏေန-ဖြင့်၊ ပဝါရေသိ-ဖိတ်တော်မူ၏။

နိယံ။ ယဒါ ကဉ်သိ၊ ရှိသည့် အရာ၊ တိ နယာ၊ မှန်စွာ ပေးရမြဲ။

၉၃။ ယထာဘိသင်္ခတံ ပုဒ်၌ အနက်ပေးနည်း (၃)နည်း။
အချို့သော ဝါကျတို့၌ ပါသည့် ယထာဘိသင်္ခတံ ပုဒ်ကို (က) ဝိစ္ဆာအနက် (ခ) အနတိက္ကမနအနက် (ဂ) အနုရူပအနက်ဟူ၍ အနက်သုံးနည်း ပေးနိုင်၏။

ပုံစံ။ ပဉှံ ပုစ္ဆန္တိ ယထာဘိသင်္ခတံ အန္တမသော စတုရက္ခရမ္ပိ။ (ဌ၊ နှာ-၄၈)

(က) ယထာဘိသင်္ခတံ-အကြင်အကြင် စီမံအပ်ခဲ့တိုင်းသော (ဝါ) မိမိတို့ ပြုပြုတိုင်းသော။ (ဝိစ္ဆာအနက်)

(ခ) ယထာဘိသင်္ခတံ-အကြင်အကြင် စီမံအပ်သည်ကို မလွန်မူ၍။ (အနတိက္ကမနအနက်)

(ဂ) ယထာဘိသင်္ခတံ-အကြင်အကြင် စီမံအပ်သည့်အားလျော်စွာ။ (အနုရူပအနက်)

၉၄။ သီလသ္မိံ ဝဒါမိ ဝါကျဝယ် သီလသ္မိံ ပုဒ်၌ အနက်ပေးနည်း (၃)နည်း။
သီလသ္မိံ ဝဒါမိ ဝါကျကို တွေ့သော် ဋီသစ်အဖွင့်ကို ရှု၍ သီလသ္မိံ ပုဒ်၌ (က) အာကာရတ္ထ (ခ) အာဓာရတ္ထ (ဂ) နိဒ္ဓါရဏတ္ထ ကြံ၍ အနက်သုံးနည်း ပေးနိုင်၏။

ပုံစံ။ အာဇီဝပရိသုဒ္ဓမ္ပိ ခေါ အဟံ ထပတိ သီလသ္မိံ ဝဒါမိ။ (ဌ၊ နှာ-၁၆၃)

(က) ထပတိ-လက်သမား၊ အဟံ-သည်၊ အာဇီဝပရိသုဒ္ဓမ္ပိ-ကိုလည်း၊ သီလသ္မိံ-သီလဟူ၍၊ ဝဒါမိ-ဟောတော်မူ၏။ (သီလသ္မိံ-အာကာရတ္ထ)

(ခ) ထပတိ-လက်သမား၊ အဟံ-သည်၊ အာဇီဝပရိသုဒ္ဓမ္ပိ-ကိုလည်း၊ သီလသ္မိံ-သီလအပေါင်း၌၊ ပရိယာပန္နံ-အကျုံးဝင်၏ဟူ၍၊ ဝဒါမိ-ဟောတော်မူ၏။ (သီလသ္မိံ-အာဓာရတ္ထ)

(ဂ) ထပတိ-လက်သမား၊ အဟံ-သည်၊ အာဇီဝပရိသုဒ္ဓမ္ပိ-ကိုလည်း၊ သီလသ္မိံ-သီလအပေါင်းတွင်၊ ဧကံ-တစ်ခုသော၊ သီလံ-သီလဟူ၍၊ ဝဒါမိ-ဟောတော်မူ၏။ (သီလသ္မိံ-နိဒ္ဓါရဏတ္ထ)

၉၅။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ ဝါကျဝယ် သီလသ္မိံ ပုဒ်၌ အနက်ပေးနည်း (၃)နည်း။
ဣဒမ္ပိဿ ဟောတိ သီလသ္မိံ ဝါကျဝယ် သီလသ္မိံ ပုဒ် အနက်သုံးနည်း ပေးနိုင်၏။

ttp://www.dhammadownload.com



ပုံစံ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။ (ပါဠိတော်၊ နှာ–၅၉)

(က) အဿ–ထိုရဟန်း၏၊ ဣဒမ္ပိ–ဤပါဏာတိပါတမှ ရှောင်ကြဉ်ခြင်းသည်လည်း၊ သီလသ္မိံ–သီလအပေါင်း၌ (အာဓာရ)၊ (ဧကံ–တစ်ပါးသော၊ သီလံ–သည်၊) ဟောတိ–၏။

(ခ) အဿ–၏၊ ဣဒမ္ပိ–သည်လည်း၊ သီလသ္မိံ–သီလအပေါင်းတွင် (နိဒ္ဓါရဏ)၊ (ဧကံ–တစ်ပါးသော၊ သီလံ–သည်၊) ဟောတိ–၏။

(ဂ) ဣဒမ္ပိ–သည်လည်း၊ အဿ–၏၊ သီလသ္မိံ သီလံ–သီလသည် (ပစ္စတ္တ၀စနတ္ထ ၊ဝါ– ပထမာအနက်)၊ ဟောတိ–၏။

သတိ။ (ဂ) အနက်ပေးနည်း၌ သီလသ္မိံကို သီလံဟု ဝိဘတ္တိဝိပလ္လာသနည်း ကြံ၍ အနက်ပေးထားသည်။

အမှာ။ ဖော်ပြခဲ့သော အနက်ပေးနည်းတို့ကို မှီး၍ ပါဠိတော်၊ နှာ ၉၄–လာ "ဣဒမ္ပိဿ ဟောတိ သီလသ္မိံ" ဝါကျ ၌လည်း အနက်သုံးနည်း ပေးနိုင်စေ။

၉၆။ သိပ္ပါယတနာနိ ပုဒ်၌ အနက်ပေးနည်း (၃)နည်း။

သိပ္ပါယတနာနိ ပုဒ်၌ အာယတနသဒ္ဒါကို (က) ပဒပူရဏ (ခ) ကာရဏတ္ထ (ဂ) နိဿယတ္ထ သုံးမျိုးကြံ၍ အနက်သုံးနည်း ပေးနိုင်၏။

ပုံစံ။ သိပ္ပါယတနာနိ။ (ဋ၊ နှာ–၁၄၂)

(က) သိပ္ပါယတနာနိ–အတတ်တို့သည်။ (အာယတနသဒ္ဒါ ပဒပူရဏ ၊ဝါ– အနက်မဲ့)

(ခ) သိပ္ပါယတနာနိ–အသက်မွေးခြင်း၏ အကြောင်းဖြစ်သော အတတ်တို့သည်။ (ကာရဏတ္ထ)

(ဂ) သိပ္ပါယတနာနိ–အသက်မွေးခြင်း၏ မှီရာဖြစ်သော အတတ်တို့သည်။ (နိဿယတ္ထ)

၉၇။ တတောနိဒါနံ ပုဒ်၌ အနက်ပေးနည်း (၃)နည်း။

တတောနိဒါနံ ပုဒ်ကို တွေ့လျှင် (က) အလုတ္တဗဟုဗ္ဗီဟိ သမာသ်ပုဒ်, ကြိယာဝိသေသန အနက်၌ ပဌမာ ကြံ၍လည်းကောင်း (ခ) အလုတ္တဗဟုဗ္ဗီဟိ သမာသ်ပုဒ်, ဟိတ်အနက်၌ ပဌမာ ကြံ၍လည်းကောင်း (ဂ) ဝါကျ ၊ဝါ– ကမ္မဓာရည်းသမာသ် ကြံ၍လည်းကောင်း အနက်သုံးနည်း ပေးနိုင်၏။

ပုံစံ။ တတောနိဒါနံ မရဏံ ဝါ နိဂစ္ဆေယျ။ (ဋ၊ နှာ–၂၂)

(က) တတောနိဒါနံ–ထိုမြွေကိုက်ခြင်းဟူသော အကြောင်းရှိသည် ဖြစ်၍။

(ခ) တတောနိဒါနံ–ထိုမြွေကိုက်ခြင်းဟူသော အကြောင်းရှိသော။

(ဂ) တတောနိဒါနံ–ထိုမြွေကိုက်ခြင်းဟူသော အကြောင်းကြောင့်။

၉၈။ န ကေဝလံ ဝါကျ၌ အနက်ပေးနည်း (၃)နည်း။

န ကေဝလံ စသည်ဖြင့် ချီလာသော ဝါကျ၌ ကေဝလံ ပုဒ်ကို (က) အသမ္ဗိဿ (ခ) ဝိသံယောဂ (ဂ) ဝေါဟာရ ကြံ၍ အနက်သုံးနည်း ပေးနိုင်၏။

အမှာ။ န ကေဝလံ ဝါကျ၏ နောက်ဝယ် ရှိသော ဝါကျ၌ အပိ စ ခေါ နိပါတ်ပုဒ်တို့ မပါသော် ယင်း အပိ စ ခေါ နိပါတ်ပုဒ်တို့ကို ထည့်၍ "အပိ စ ခေါ–စင်စစ်သော်ကား"ဟု ဧကံသအနက် ပေးရ၏။ နောက်ဝါကျ၌ ရှိသော ပိသဒ္ဒါကို သမ္ပိဏ္ဍနအနက် ပေးရ၏။

ပုံစံ။ န ကေဝလဉ္စ ဘဂဝါ ယေဝ ပါဏာတိပါတာ ပဋိဝိရတော၊ ဘိက္ခုသံဃောပိ ပဋိဝိရတော။ (ဋ၊ နှာ–၆၉) စ–ဆက်၊ ကေဝလံ–ဘိက္ခုသံဃာတို့နှင့် မရောမယှက် (အသမ္ဗိဿ)၊ ကေဝလံ–ဘိက္ခုသံဃာတို့နှင့် မယှဉ် မဖက် (ဝိသံယောဂ)၊ ကေဝလံ–သက်သက် (ဝေါဟာရ)၊ ဘဂဝါယေဝ–သည်သာလျှင်၊ ပါဏာတိပါတာ–

ttp://www.dhammadownload.com



မှ၊ ပဋိဝိရတော–ကြဉ်သည်၊ န–မဟုတ်၊ အပိ စ ခေါ–စင်စစ်သော်ကား (ဇေကံသ)၊ ဘိက္ခုသံဃောပိ–သည်လည်း (သမ္ပိဏ္ဍန)၊ ပဋိဝိရတော–ကြဉ်၏။

နိယံ။ န ကေဝလံ၊ နည်း အတ္ထံ၊ တယံ သုံးနက်ပါ။
အသမ္ပိဏ်၊ ဝိယောဂံ၊ တစ်ဖန် ဝေါဟာရာ။
အပိ စ ခေါ၊ နိပါတော၊ အတ္ထော ဇေကံသာ။
ပိဟူ သဒ္ဒေါ၊ သမ္ပိဏ္ဍော၊ အတ္ထော ယောဇနာ။

၉၉။ မဏ္ဍနေ ပုဒ်၌ အနက်ပေးနည်း (၄)နည်း။
မဏ္ဍနေ အင်္ဂတံ ဂတော ဝါကျ၌ လာသော မဏ္ဍနေ ပုဒ်ကို (က) နိမိတ္တ (ခ) အာဓာရ (ဂ) နိဒ္ဓါရဏ (ဃ) ဝစနဝိပလ္လာသ လေးမျိုးကြံ၍ အနက်လေးနည်း ပေးနိုင်၏။

ပုံစံ။ (သီလေဟိ'လက်တော ယောဂီ၊) မဏ္ဍနေ အင်္ဂတံ ဂတော။ (ဌ၊ နှာ–၅၅)
(က) မဏ္ဍနေ–သီလရတနာ တန်ဆာဟူသော အကြောင်းကြောင့်။ (နိမိတ္တ)
(ခ) မဏ္ဍနေ–တန်ဆာဆင်လေ့ရှိသော ပုဂ္ဂိုလ်အပေါင်း၌။ (အာဓာရ)
(ဂ) မဏ္ဍနေ–တန်ဆာဆင်လေ့ရှိသော ပုဂ္ဂိုလ်အပေါင်းတွင်။ (နိဒ္ဓါရဏ)
(ဃ) မဏ္ဍနေ–တန်ဆာဆင်လေ့ရှိသော ပုဂ္ဂိုလ်အပေါင်းတို့တွင်။ (ဝစနဝိပလ္လာသ)

၁၀၀။ ယံ ကောဓေ သဟတေ နရံ ဝါကျ၌ ယံသဒ္ဒါ အနက်ပေးနည်း (၄)နည်း။
ယံ ကောဓေ သဟတေ နရံ ဝါကျ၌ ယံသဒ္ဒါကို (က) နာမပရာမသန (ခ) ကြိယာပရာမသန (ဂ) ကာရဏတ္ထ (ဃ) ကာလသတ္တမျတ္ထ လေးမျိုးကြံ၍ အနက်လေးနည်း ပေးနိုင်၏။

ပုံစံ။ အန္တမံ တဒါ ဟောတိ၊ ယံ ကောဓေ သဟတေ နရံ။ (ဌ၊ နှာ–၅၂)
(က) ယဒါ–၌၊ ကောဓေ–အမျက်သည်၊ ယံ နရံ–အကြင်သူကို၊ သဟတေ–နှိပ်စက်၏၊ တဒါ–၌၊ တဿ နရဿ–ထိုသူအား၊ အန္တမံ–အမိုက်တိုက်သည်၊ ဟောတိ–၏။ (ယံသဒ္ဒါ နာမပရာမသန)
(ခ) ယဒါ–၌၊ ကောဓေ–သည်၊ နရံ–ကို၊ ယံ သဟတေ–အကြင်လွှမ်းမိုးနှိပ်စက်၏၊ ဇတံ–ဤကောဓ၏ လွှမ်းမိုးနှိပ်စက်ခြင်း ခံရသော သူသည်၊ တဒါ–၌၊ အန္တမံ–သည်၊ ဟောတိ–၏။ (ယံသဒ္ဒါ ကြိယာပရာမသန)
(ဂ) ယံ ယသ္မာ–ကြောင့်၊ ယဒါ–၌၊ ကောဓေ–သည်၊ နရံ–ကို၊ သဟတေ–၏၊ တသ္မာ–ကြောင့်၊ တဒါ–၌၊ အန္တမံ–သည်၊ ဟောတိ–၏။ (ယံသဒ္ဒါ ကာရဏတ္ထ)
(ဃ) ယံ ယသ္မိံ ကာလေ–၌၊ ကောဓေ–သည်၊ နရံ–ကို၊ သဟတေ–၏၊ တဒါ–၌၊ အန္တမံ–သည်၊ ဟောတိ–၏။ (တဒါနှင့်ညီအောင် ယံ၌ ပထမာဝိဘတ်ကို ကာလသတ္တမျတ္ထ၌ သက်သည်ဟု ကြံ၏။)

အမှာ။ ဖော်ပြခဲ့သော ပုံစံကို မှီး၍ "အန္တမံ တဒါ ဟောတိ၊ ယံ လောဘော သဟတေ နရံ"ဝါကျ၌လည်း အနက်လေးနည်း ပေးနိုင်စေ။

၁၀၁။ ဧဝံ ပုဒ်၌ အနက်ပေးနည်း (၄)နည်း။
အချို့သော ဝါကျ၌တို့၌ပါသော ဧဝံသဒ္ဒါကို (က) နိဒဿန (ခ) ကြိယာဝိသေသန (ဂ) လက္ခဏဝန္တ (ဃ) ဟိတ် လေးမျိုးကြံ၍ အနက်လေးနည်း ပေးနိုင်၏။

ttp://www.dhammadownload.com



ပုံစံ။ **ဥဇုံ ကာယံ ပဏိဓာယာ**တိ ဥပရိမံ သရီရံ ဥဇုံ ဌပေတွာ အဋ္ဌာရသ ပိဋ္ဌိကဏ္ဍကေ ကောဋိယာ ကောဋိံ ပဋိပါဒေတွာ ဧဝဥ္ဟိ နိသိန္နဿ စမ္မမံသနှာရူနိ န ပဏမန္တိ။ (ဋ္ဌ၊ နှာ–၁၈၈)

(က) ဧဝံ–ဤသို့။ (နိဒဿန)

(ခ) ဧဝံ–ဤသို့ ကျောက်ကုန်းရိုးတို့ကို အချင်းချင်း ထိစေ၍။ (ကြိယာဝိသေသန)

(ဂ) ဧဝံ တထာ ဌပနေ–ဤသို့ ကျောက်ကုန်းရိုးတို့ကို အချင်းချင်း ထိစေ၍ အထက်ဖြစ်သော ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထားခြင်းသည်၊ သတိ–ဖြစ်လသော်။ (ဧဝံ–လက္ခဏဝန္တ၊ သတိ–လက္ခဏ)

(ဃ) ဧဝံ ဣမိနာ တထာ ဌပနဟေတုနာ–ကြောင့်။ (ဟိတ်)

၁၀၂။ ဘူတပုဗ္ဗံ ပုဒ်၌ အနက်ပေးနည်း (၅)နည်း။

ဘူတပုဗ္ဗံ ပါသော ဝါကျကို အနက်ငါးနည်း ပေးနိုင်၏။

ပုံစံ။ ဘူတပုဗ္ဗံ ကေဝဋ္ဋ။ (သီ၊ ပါဠိတော်၊ နှာ–၂၀၈)

(က) ကေဝဋ္ဋ–ကေဝဋ္ဋ၊ ဘူတပုဗ္ဗံ–ရှေး၌ ဖြစ်ဘူး၏။

(ခ) ကေဝဋ္ဋ–ကေဝဋ္ဋ၊ ဘူတပုဗ္ဗံ–ရှေး၌ ဖြစ်သော အတိတ်အခါ၌။

(ဂ) ကေဝဋ္ဋ–ကေဝဋ္ဋ၊ ဘူတပုဗ္ဗံ–ရှေး၌ ဖြစ်ဘူးသည်ကား (ဝါ) ရှေး၌ ဖြစ်ဘူးသော အကြောင်းဝတ္ထုကား။

(ဃ) ကေဝဋ္ဋ–ဋ္ဋ၊ အဟံ–သည်၊ ဘူတပုဗ္ဗံ–ရှေး၌ဖြစ်ဘူးသော၊ ဝတ္ထုံ–ဝတ္ထုကို၊ ဒေသေဿာမိ–ဟောပါအံ့။

(င) ကေဝဋ္ဋ–ဋ္ဋ၊ ဣဒံ–ဤဆိုအပ်လတ္တံ့သည်ကား၊ ဘူတပုဗ္ဗံ–ရှေး၌ဖြစ်ဘူးသော၊ ဝတ္ထု–ဝတ္ထုပါတည်း။

၁၀၃။ အဓိဝစနံ ပုဒ်၌ အနက်ပေးနည်း (၇)နည်း။

အဓိဝစနံ ပုဒ်ကို တွေ့လျှင် ဖော်ပြလတ္တံ့သည့်အတိုင်း အနက်ခုနစ်နည်း ပေးနိုင်၏။

ပုံစံ။ ကောပဿေတံ အဓိဝစနံ။ (ဋ္ဌ၊ နှာ–၅၂)

(က) ဧတံ–ဤအာဃာတော ဟူသော သဒ္ဒါသည်၊ ကောပဿ–အမျက်ကောပ၏၊ အဓိဝစနံ–အထက်၌ ရွတ်ဆိုအပ်သော သဒ္ဒါတည်း။

(ခ) ဧတံ–သည်၊ ကောပဿ–၏ (ဝါ) နှင့်၊ အဓိဝစနံ–စပ်သော သဒ္ဒါတည်း။

(ဂ) ဧတံ–သည်၊ ကောပဿ–၏၊ အဓိဝစနံ–ထင်ရှားဖြစ်သော သဒ္ဒါတည်း။

(ဃ) ဧတံ–သည်၊ ကောပဿ–ကို၊ အဓိဝစနံ–စွဲ၍ဖြစ်သော သဒ္ဒါတည်း။

(င) ဧတံ–သည်၊ ကောပဿ–ကို၊ အဓိဝစနံ–ဟောသော သဒ္ဒါတည်း။

(စ) ဧတံ–သည်၊ ကောပဿ–အား၊ အဓိဝစနံ–လျော်သော သဒ္ဒါတည်း။

(ဆ) ဧတံ–ဤအာဃာတော ဟူသော အမည်သည်၊ ကောပဿ–အမျက်ကောပ၏၊ အဓိဝစနံ–အမည်တည်း။

အမှာ။ ပ–နည်း၌ အဓိသဒ္ဒါ ဥပရိဘာဂ (အထက်အဖို့) အနက်ဟော၊ ဒု–နည်း၌ အဓိသဒ္ဒါ သမ္ဗန်ကို ငဲ့သော သဒ္ဒါဖြစ်၏၊ တ–နည်း၌ အဓိသဒ္ဒါ ပသိဒ္ဓ အနက်ဟော၊ စ–နည်း၌ အဓိသဒ္ဒါ အဓိကိစ္စပဝတ္တိ အနက်ဟော၊ မ–နည်း၌ အဓိသဒ္ဒါ အနက်မရှိ၊ ဆ–နည်း၌ အဓိသဒ္ဒါ အနုရူပ အနက်ဟော၊ သ–နည်းကား သီလက္ခန် ဋီကာသစ်နည်းတည်း။

၁၀၄။ ဩရမတ္တကံ သီလမတ္တကံ ဝါကျ၌ ဆရာနည်းကျကျ အနက်ပေးနည်း။

ဩရမတ္တကံ သီလမတ္တကံ ဝါကျကို ဆရာနည်းကျကျ အနက်ပေးလိုသော် ဖော်ပြလတ္တံ့သည့်အတိုင်း အနက်ပေးရမည်။

ttp://www.dhammadownload.com



ပုံစံ။ ဩရမတ္တကံ သီလမတ္တကံ။ (ပါဠိတော်၊ နှာ-၃)
ဩရမတ္တကံ-သမာဓိ, ပညာတို့၏ ဤဘက်အဖို့ဟူသော အတိုင်းအရှည်ရှိသော (အပရဘာဂ) ၊ဝါ- သမာဓိ, ပညာတို့ကို ထောက်ဆက အောက်ကျသော အတိုင်းအရှည်ရှိသော (ဟေဋ္ဌာဘာဂ)၊ သီလမတ္တကံ နာမ- သီလသာ မည်၏ (မတ္တသဒ္ဒါ အနက်မဲ့) ၊ဝါ- သီလမျှသာ မည်၏ (ဝိသေသနိဝတ္တိအနက်) ၊ဝါ- သိမ်ငယ် သေးနုပ်သော သီလသာ မည်၏။ (အပ္ပကအနက်)

၁၀၅။ ပါဌသေသ (ဝါ) ဝစနသေသ ထည့်၍ အနက်ပေးနည်း။
ထည့်ပါဠ်များကို ထည့်၍ အနက်ပေးရသော နည်းသည် ပါဌသေသ (ဝါ) ဝစနသေသ ထည့်၍ အနက် ပေးနည်း မည်၏။

ပုံစံ။ ယံ အမှာကံ ပဥှပုစ္ဆနဝသေန ပယိရုပါသန္တာနံ မဓုရံ ဓမ္မံ သုတွာ စိတ္တံ ပသီဒေယျ။ (ဠ၊ နှာ-၁၂၇)
ပဥှပုစ္ဆနဝသေန-ပြဿနာကို မေးမြန်းခြင်း၏ အစွမ်းဖြင့်၊ ယံ သမဏဗြာဟ္မဏံ-သို့၊ ပယိရုပါသန္တာနံ- ဆည်းကပ်ကုန်သော၊ အမှာကံ-ငါတို့၏၊ မဓုရံ-သာယာစွာသော၊ ဓမ္မံ-ကို၊ သုတွာ-၍၊ စိတ္တံ-ကို၊ ပသီဒေယျ -ကြည်ညိုစေရာ၏၊ ကံ-အဘယ်မည်သော၊ တံ သမဏံ ဝါ-သို့လည်းကောင်း၊ တံ ဗြာဟ္မဏံ ဝါ-သို့ လည်းကောင်း၊ ပယိရုပါသေယျာမ နု ခေါ-ဆည်းကပ်ရကုန်အံ့နည်း။

၁၀၆။ ဝစနဝိပလ္လာသ အနက်ပေးနည်း။
နဂိုမူလ ဧကဝစနန္တ ပုဒ်ကို ဗဟုဝစနန္တ ပုဒ်ဖြင့်လည်းကောင်း၊ နဂိုမူလ ဗဟုဝစနန္တ ပုဒ်ကို ဧကဝစနန္တ ပုဒ် ဖြင့်လည်းကောင်း ဝုစ်ပြန်၍ အနက်ပေးသော နည်းသည် ဝစနဝိပလ္လာသ အနက်ပေးနည်း မည်၏။

ပုံစံ။ ယံ နော ပယိရုပါသတော စိတ္တံ ပသီဒေယျ။ (ပါဠိတော်၊ နှာ-၄၄)
ယံ သမဏံ ဝါ-သို့လည်းကောင်း၊ ယံ ဗြာဟ္မဏံ ဝါ-သို့လည်းကောင်း၊ ပယိရုပါသတော ပယိရုပါသန္တာနံ- ဆည်းကပ်ကုန်သော၊ နော အမှာကံ-ငါတို့၏၊ စိတ္တံ-သည်၊ ပသီဒေယျ-ကြည်ရာ၏။

အမှာ။ ပယိရုပါသတော ပုဒ်၌ ဝစနဝိပလ္လာသ ကြံ၍ အနက်ပေးထားသည်။

၁၀၇။ ယဒိဒံပုဒ်ကို လိင်,ဝုစ် မှန်ကန်စေလျက် အနက်ပေးနည်း။
ယဒိဒံပုဒ်ကို လိင်,ဝုစ် မှန်ကန်စေလျက် အနက်ပေးလိုသော် = ယဒိဒံပုဒ်၏ နောက်၌ရှိသော ပုဒ်၏ လိင်, ဝုစ်ကို ရှု၍ အနက်ပေးရမည်။

ပုံစံ။ ယဒိဒံ ဣတ္ထိ၊ ယဒိဒံ ယာ အယံ ဣတ္ထိ-အကြင်မိန်းမသည်။

ပုံစံ။ ယဒိဒံ ဣတ္ထိယော၊ ယဒိဒံ ယာ ဣမာ ဣတ္ထိယော-အကြင်မိန်းမတို့သည်။

ပုံစံ။ ယဒိဒံ စိတ္တံ၊ ယဒိဒံ ယံ ဣဒံ စိတ္တံ-အကြင်စိတ်သည်။

ပုံစံ။ ယဒိဒံ စိတ္တာနိ၊ ယဒိဒံ ယာနိ ဣမာနိ စိတ္တာနိ-အကြင်စိတ်တို့သည်။

ပုံစံ။ ယဒိဒံ ပုရိသော၊ ယဒိဒံ ယော အယံ ပုရိသော-အကြင်ယောကျ်ားသည်။

ပုံစံ။ ယဒိဒံ ပုရိသာ၊ ယဒိဒံ ယေ ဣမေ ပုရိသာ-အကြင်ယောကျ်ားတို့သည်။

ပုံစံ။ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဝိနယဓရာနံ၊ ယဒိဒံ ဥပါလိ။ (သီ၊ ဠ၊ နှာ-၁၂)
ဘိက္ခဝေ-တို့၊ မမ-၏၊ သာဝကာနံ-တပည့်ဖြစ်ကုန်သော၊ ဝိနယဓရာနံ-ဝိနည်းကို ဆောင်ကုန်သော၊ ဘိက္ခူနံ-ရဟန်းတို့တွင်၊ ယဒိဒံ ယော အယံ ဥပါလိ-အကြင်ဥပါလိသည်၊ အတ္ထိ-ရှိ၏၊ ဧတံ သော ဥပါလိ-ထိုဥပါလိသည်၊ အဂ္ဂံ-အဂ္ဂေါ-မြတ်၏။

နိယံ။ ယဒိဒံ ပုဒ်၊ ထုတ်၍ ရှိရာ၊ လိင်ဝုစ်မှာ၊ သေချာနောက်၌ ရှုမြဲတည်း။

ttp://www.dhammadownload.com



၁၀၈။ သဗ္ဗနာမ်ပုဒ် ဆင့်၍ ရှိရာ၌ အနက်ပေးနည်း။
သဗ္ဗနာမ်ပုဒ် ဆင့်၍ ရှိရာ၌ နောက်ဆုံး သဗ္ဗနာမ်ပုဒ်ကို အနက်မဲ့ ကြံ၍ ပေးရသည်။
ပုံစံ။ ယေ တ္တမေ မနုဿာ–အကြင်လူတို့သည်။ (မျက်ရှု)
နိယံ။ သဗ္ဗနာမ်ပုဒ်၊ ဆင့်၍ ထုတ်မူ၊ နောက်ပုဒ် တစ်ခု၊ အနက်မဲ့သာ၊ များသတည်း။
၁၀၉။ နနု၊ နနု စ ပုဒ်တို့၌ အနက်ပေးနည်း။
(က) စ–မပါသော နနုသဒ္ဒါကို တွေ့ခဲ့သော် = ကြိယာနှင့် တွဲ၍ အနက်ပေးရမည်။
(ခ) စ–ပါသော နနုသဒ္ဒါကို တွေ့ခဲ့သော် = စောဒနာ အနက်ပေးရမည်။
(က)ပုံစံ ဟောတိ နနု။ ။ဟောတိ နနု–ဖြစ်သည် မဟုတ်လော။
(ခ)ပုံစံ နနု စ။ ။နနု စ စောဒေမိ–စောဒနာပါဦးအံ့။
နိယံ။ နနု ဦသာ၊ စ–မပါ၊ ကြိယာနှင့် ယှဉ်စေ။
နနု ဦသာ၊ စ–တည်းပါ၊ စောဒနာ အနေ။
၁၁၀။ ယဒိ, သစေ, စေ, အထ စသော ပုဒ်တို့ကို အနက်ပေးနည်း။
ယဒိ, သစေ, စေ, အထ စသည့် နိပါတ်ပုဒ်တို့ကို ကြိယာနှင့် ယှဉ်၍ ကြံစည်တွေးတောခြင်း ဟူသော ပရိကပ္ပအနက် ပေးရမည်။
ပုံစံ။ ယဒိ ဘဝတိ။ ။ယဒိ ဘဝတိ–အကယ်၍ ဖြစ်အံ့။
စေ ဘဝိဿတိ။ ။စေ ဘဝိဿတိ–အကယ်၍ ဖြစ်အံ့။
သတိ။ စေ ဘဝိဿတိဟု ရှိသော်လည်း "ဖြစ်လတ္တံ့"ဟု အနာဂတ်အနက် မပေးရ။
၁၁၁။ အညေ,သေသာ ပုဒ်တို့၏ အပါဒါန်ကို ခံ၍ အနက်ပေးနည်း။
အညေ,သေသာ ပုဒ်တို့၏ ရှေ့ဝယ် ဝဇ္ဇေတွာ,ဌပေတွာ ပုဒ်တို့ ရှိရာ၌ ဝဇ္ဇေတွာ,ဌပေတွာ (ထပေတွာ) ပုဒ်တို့၏ ကံကို အညေ,သေသာ ပုဒ်တို့၏ အပါဒါန်အဖြစ် ခံ၍ အနက်ပေးရမည်။
ပုံစံ။ တတ္ထ ဝိနယပိဋ္ဋကံ ဝိနယော၊ အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော။ (သီ၊ ဋ္ဌ၊ နှာ–၁၆)
တတ္ထ–ထိုဓမ္မဝိနယ နှစ်ပါးတို့တွင်၊ ဝိနယပိဋကံ–ဝိနည်းပိဋကတ်သည်၊ ဝိနယော–ဝိနယမည်၏၊ ဝိနယပိဋကာ–မှ (အဝသေသ ပုဒ်၏ အပါဒါန်)၊ အဝသေသံ–သော၊ ဗုဒ္ဓဝစနံ–သည်၊ ဓမ္မော–မည်၏။
ပုံစံ။ (ခုဒ္ဒကနိကာယော နာမ) ဌပေတွာ စတ္တာရော နိကာယေ အဝသေသံ ဗုဒ္ဓဝစနံ။ (သီ၊ ဋ္ဌ၊ နှာ–၂၄)
(ခုဒ္ဒကနိကာယော နာမ–ခုဒ္ဒကနိကာယ် မည်သည်ကား၊) စတ္တာရော–ကုန်သော၊ နိကာယေ–နိကာယ်ကြီးတို့ကို၊ ဌပေတွာ–၍၊ စတူဟိ နိကာယေဟိ–နိကာယ်ကြီး လေးပါးတို့မှ (အဝသေသံ ပုဒ်၏ အပါဒါန်)၊ အဝသေသံ–ကြွင်းကျန်သော၊ ဗုဒ္ဓဝစနံ–ဘုရားစကားတော်တည်း။
ပုံစံ။ တ္တဒံ ဒူတေယျံ နာမ ဌပေတွာ ပဥ္စ သဟဓမ္မိကေ ရတနတ္တယဿ ဥပကာရပဋိသံယုတ္တဥ္စ ဂိဟိသာသနံ အညေသံ န ဝဋ္ဋတိ။ (သီ၊ ဋ္ဌ၊ နှာ–၈၇)
တ္တဒံ ဒူတေယျံ နာမ–ဤတမန်ပြု၍ သတင်းဆောင်သော အမှုသည်၊ ပဉ္စ သဟဓမ္မိကေ စ–ငါးယောက်သော သီတင်းသုံးဘော်တို့ကိုလည်းကောင်း၊ ရတနတ္တယဿ–၏၊ ဥပကာရပဋိသံယုတ္တံ–ကျေးဇူးနှင့်စပ်သော၊ ဂိဟိသာသနဥ္စ–လူတို့၏ သတင်းစကားကိုလည်းကောင်း၊ ဌပေတွာ–၍၊ "ပဥ္စ သဟဓမ္မိကေဟိ စ–တို့မှလည်းကောင်း၊ ရတနတ္တယဿ–၏၊ ဥပကာရပဋိသံယုတ္တာ–သော၊ ဂိဟိသာသနာ စ–မှလည်းကောင်း"

ttp://www.dhammadownload.com



အညေသံ–တစ်ပါးသော လူဝတ်ကြောင်နှင့် သတင်းစကားတို့၏၊ (ဒူတေယျကမ္မံ–တမန်ပြု၍ သတင်း ဆောင်သော အမှုကို၊ ကာတုံ–၄ာ၊) ဝဋ္ဋတိ–၏။

နိယံ။ အညေ, သေသာ၊ ပုဒ်နှစ်ဖြာ၏၊ ရှေ့မှာ မယုတ်၊ ဝဇ္ဇေတွာ,ဌပေတွာ ထုတ်မူ၊ ထိုပုဒ်၏ ကံ၊ တစ်ဆံ မသွေ၊ အညေ,သေသာ၊ ပုဒ်နှစ်ဖြာ၏၊ အပါဒါန် ဖြစ်မြဲ။

၁၁၂။ တာဝပုဒ်၊ ပဌမံပုဒ်တို့၌ အနက်ပေးနည်း။

တာဝပုဒ်၊ ပဌမံပုဒ်တို့ကို တွေ့ခဲ့လျှင် ...

တာဝ၊ ပဌမံ ပုဒ်တို့၏ ရှေ့၌ သင့်လျော်သော အပါဒါန်ပုဒ်ကို ဖြစ်စေ, သမ္ဗန်ပုဒ်ကို ဖြစ်စေ ထည့်၍ အနက်ပေးရမည်။

ပုံစံ။ တတ္ထ စိတ္တံ တာဝ စတုဗ္ဗိဓံ ဟောတိ။ ။ဤကား = တာဝ ပုံစံတည်း။ (သင်္ဂဟပါဠိ)

တတ္ထ–ထိုပရမတ္ထတရား လေးပါးတို့တွင်၊ စေတသိကာဒိတော–စေတသိက် အစရှိသည်တို့မှ (အပါဒါန်)၊ (တစ်နည်း) စေတသိကာဒီနံ–စေတသိက် အစရှိသည်တို့၏ (သမ္ဗန်)၊ တာဝ–ရှေးဦးစွာ၊ စိတ္တံ–သည်၊ စတုဗ္ဗိဓံ–လေးပါး အပြားရှိသည်၊ ဟောတိ–၏။

ပုံစံ။ တသ္မာ ပဌမံ ဝိနယံ သင်္ဂါယာမ။ ။ဤကား = ပဌမံ ပုံစံတည်း။ (သီ၊ ဋ္ဌ၊ နှာ–၁၂)

တသ္မာ–ကြောင့်၊ ဓမ္မတော–သုတ်အဘိဓမ္မာမှ (အပါဒါန်)၊ (တစ်နည်း) ဓမ္မဿ–သုတ်အဘိဓမ္မာ၏ (သမ္ဗန်)၊ ပဌမံ–ရှေးဦးစွာ၊ ဝိနယံ–ကို၊ သင်္ဂါယာမ–သင်္ဂါယနာ တင်ကြပါကုန်အံ့။

ပုံစံ။ တတ္ထ အန္ဓဿ ပဗ္ဗတာရောဟဏံ ဝိယ နိစ္စံ န ဟောတီတိ **အဇ္ဈရိယံ**။ အယံ တာဝ သဒ္ဒနယော။ အယံ ပန အဋ္ဌကထာနယော ---- အစ္ဆရာယောဂ္ဂန္တိ **အစ္ဆရိယံ**။ (သီ၊ ဋ္ဌ၊ နှာ–၄၄)

တတ္ထ–ထိုအစ္ဆရိယံ ဝတ အာဝုသော အစရှိသော ပါဠိ၌၊ (သမာဘိနိဝိဋ္ဌဿ–အကျုံးဝင်သော၊ အစ္ဆရိယန္တိ ပဒဿ–၏၊ ဝိဂ္ဂဟော–ကို၊ ဧဝံ–သို့၊ ကာတဗ္ဗော–၏၊) အန္ဓဿ–သူကန်း၏၊ ပဗ္ဗတာရောဟဏံ–တောင်သို့ တက်ခြင်းသည်၊ နိစ္စံ–မြဲသည်၊ န ဟောတိ ဝိယ–ကဲ့သို့၊ (တထာ–တူ၊ ယံ ကမ္မံ–သည်၊) နိစ္စံ–မြဲသည်၊ န ဟောတိ–မဖြစ်၊ ဣတိ တသ္မာ–ကြောင့်၊ (တံ ကမ္မံ–သည်၊) အစ္ဆရိယံ–၏၊ အယံ–ဤအန္ဓဿ အစရှိသည်ဖြင့် ဆိုအပ်ပြီးသော နည်းသည်၊ အဋ္ဌကထာနယတော–မှ (အပါဒါန်)၊ (တစ်နည်း) အဋ္ဌကထာနယဿ–၏ (သမ္ဗန်)၊ တာဝ–စွာ၊ သဒ္ဒနယော–သဒ္ဒါကျမ်း၌ လာသော နည်းတည်း။

ပုံစံ။ သုတ္တနိက္ခေပံ တာဝ ဝိစာရယိဿာမ။ (သီ၊ ဋ္ဌ၊ နှာ–၅၀)

သုတ္တဝဏ္ဏနာယ–သုတ်ကို ဖွင့်ရာ ကာလမှ (အပါဒါန်)၊ (တစ်နည်း) သုတ္တဝဏ္ဏနာယ–သုတ်ကို ဖွင့်ရာ ကာလ၏ (သမ္ဗန်)၊ တာဝ–ရှေးဦးစွာ။

ပုံစံ။ ဒုဝိဓာ ကထာ ဝိနယဝသေန စ သလ္လေခဝသေန စ။ ဝိနယဝသေန တာဝ ယံ ကိဉ္စိ အန္နံ အဇ္ဇ ပဋိဂ္ဂဟိတံ အပရဇ္ဇု သန္နိဓိကာရကံ ဟောတိ။ (သီ၊ ဋ္ဌ၊ နှာ–၇၉)

တာဝ–သလ္လေခနှင့် စပ်သော ကထာမှ ရှေးဦးစွာ (ဝါ) သလ္လေခနှင့် စပ်သော ကထာ၏ ရှေးဦးစွာ။

နိယံ။ တာဝ, ပဌမံ၊ အပါ, သမ်၊ ထည့်ရန် တစ်ခုခု။

၁၁၃။ ဟေတုဖလသမ္ဗန္ဓ အနက်ပေးနည်း။

ဖလဝါကျမှ လိုက်သင့်သော ပုဒ်များကို ကာရဏဝါကျသို့ လိုက်စေ၍ အပြန်အလှန် သဘောအားဖြင့် အနက်ပေးသော နည်းသည် ဟေတုဖလသမ္ဗန္ဓ အနက်ပေးနည်း မည်၏။

ttp://www.dhammadownload.com



ပုံစံ။ (က) ကိံ ဘဂဝန္တံ သယံ ဒဿနာယ ဥပဂန္တုံ န သက္ကောတီတိ? အာမ န သက္ကောတိ။
(ခ) ကသ္မာ? မဟာပရာဓတာယ။ (ဌ၊ နှာ–၁၂၉)

မေး။ (ခ)ဝါကျကို ဟေတုဖလသမ္ဗန္ဓ ယောဇနာနည်းဖြင့် အနက်ပေးပြပါ။

ဖြေ။ ကသ္မာ–ကြောင့်၊ အယံ ရာဇာ–သည်၊ ဘဂဝန္တံ–ကို (ဝါ) သို့၊ သယံ–တိုင်၊ ဒဿနာယ–ဖူးမြင်ခြင်းငှာ၊ ဥပဂန္တုံ–ချဉ်းကပ်ခြင်းငှာ၊ န သက္ကောတိ ကိံ–မစွမ်းနိုင်သနည်း၊ ဣတိ အယံ–ကား၊ ပုစ္ဆာ–တည်း၊ အဿ ရညော–၏ (ဝါ) သည်၊ မဟာပရာဓတာယ–ကြီးစွာသော ပြစ်မှားခြင်း ရှိသည်၏ အဖြစ်ကြောင့်၊ အယံ ရာဇာ–သည်၊ ဘဂဝန္တံ–ကို (ဝါ) သို့၊ သယံ–တိုင်၊ ဒဿနာယ–ငှာ၊ ဥပဂန္တုံ–ငှာ၊ န သက္ကောတိ–မစွမ်းနိုင်၊ ဣတိ အယံ–ကား၊ ဝိဿဇ္ဇနာ–တည်း။

အမှာ။ ဤအနက်ပေးနည်းမျိုးကိုပင် ပုစ္ဆာဝိဿဇ္ဇနာသမ္ဗန္ဓ အနက်ပေးနည်းဟုလည်း ခေါ်သေး၏။

၁၁၄။ ယထာလာဘနည်းဖြင့် အနက်ပေးနည်း။

ရသင့်, စပ်သင့်သည့်အားလျော်စွာ အနက်ပေးသော နည်းသည် ယထာလာဘ အနက်ပေးနည်း မည်၏။

ပုံစံ။ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော။ (သီ၊ ဌ၊ နှာ–၃)

ဓမ္မော စ–သုတ်,အဘိဓမ္မာကိုလည်း၊ ဒေသိတော–ဟောအပ်ပြီ၊ ဝိနယော စ–ဝိနည်းကိုလည်း၊ ပညတ္တော–ပညတ်အပ်ပြီ။

ပုံစံ။ ကုပိတော ဟိ နေဝ ဗုဒ္ဓပစ္စေကဗုဒ္ဓအရိယသာဝကာနံ, န မာတာပိတူနံ, န ပစ္စတ္ထိကာနံ သုဘာသိတဒုဗ္ဘာသိတဿ အတ္ထံ အာဇာနာတိ။ (သီ၊ ဌ၊ နှာ–၅၂)

ဟိ တဒေဝယုတ္တံ–၏၊ ကုပိတော–အမျက်ထွက်သော သူသည်၊ ဗုဒ္ဓပစ္စေကဗုဒ္ဓအရိယသာဝကာနံ–ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့၏ (ဝါ) တို့သည်၊ သုဘာသိတဿ–ကောင်းစွာ ဆိုအပ်သော စကား၏၊ အတ္ထံ–အနက်ကို၊ နေဝ အာဇာနာတိ–မသိ၊ မာတာပိတူနံ–မိဘတို့၏ (ဝါ) တို့သည်၊ သုဘာသိတဿ–၏၊ အတ္ထံ–ကို၊ န အာဇာနာတိ–မသိ၊ ပစ္စတ္ထိကာနံ–ရန်သူတို့၏ (ဝါ) တို့သည်၊ ဒုဗ္ဘာသိတဿ–မကောင်းသဖြင့် ဆိုအပ်သော စကား၏၊ အတ္ထံ–ကို၊ န အာဇာနာတိ–မသိ။

ပုံစံ။ ပဿေယျ သိဗ္ဗိကာသမ္ဘုကမ္ပိ သက္ခရကထလမ္ပိ မစ္ဆဂုမ္ဗမ္ပိ စရန္တမ္ပိ တိဋ္ဌန္တမ္ပိ။ (သီ၊ ပါဠိတော်–၇၉)

သိပ္ပိကသမ္ဘုကမ္ပိ–ခရုယောက်သွားကိုလည်း၊ စရန္တမ္ပိ–သွားသည်ကိုလည်းကောင်း၊ တိဋ္ဌန္တမ္ပိ–ရပ်သည်ကိုလည်းကောင်း၊ သက္ခရကထလမ္ပိ–ကျောက်စစ်အိုးခြမ်းကိုလည်း၊ တိဋ္ဌန္တမ္ပိ–ရပ်သည်ကိုလည်းကောင်း၊ မစ္ဆဂုမ္ဗမ္ပိ–ငါးလိပ်ကိုလည်း၊ စရန္တမ္ပိ–သွားသည်ကိုလည်းကောင်း၊ တိဋ္ဌန္တမ္ပိ–ရပ်သည်ကိုလည်းကောင်း၊ ပဿေယျ–မြင်ရာ၏။

အမှာ။ ယထာလာဘနည်းကိုရလျှင် = ယထာက္ကမနည်း+ယထာသမ္ဗန္ဓနည်းတို့ကိုလည်း ရသေး၏။

၁၁၅။ ယထာက္ကမနည်း+ယထာသမ္ဗန္ဓနည်းတို့ဖြင့် အနက်ပေးနည်း။

ရသင့်, စပ်သင့်, စဉ်သင့်သည့်အားလျော်စွာ အနက်ပေးသော နည်းသည် ယထာက္ကမ+ယထာသမ္ဗန္ဓ အနက်ပေးနည်း မည်၏။

ပုံစံ။ ယောနိသောမနသိကာရေန စေတ္ထ အတ္တသမ္မာပဏိဓိ, ပုဗ္ဗေ စ ကတပုညတာ သာဓေတိ သမ္မာ အပ္ပဏိဟိတတ္တဿ, ပုဗ္ဗေ အကတပုညဿ ဝါ တဒဘာဝတော။ (သီ၊ ဌ၊ နှာ–၃၀)

စ–ဆက် (ဝါ) အဖို့တစ်ပါးကား၊ ဧတ္ထ–ဤယောနိသောမနသိကာရ အဝိက္ခေပ နှစ်ပါးတို့တွင်၊ သမ္မာ–ကောင်းစွာ၊ အပ္ပဏိဟိတတ္တဿ–ဆောက်တည်အပ်သော စိတ်မရှိသော၊ (ပုဂ္ဂလဿ ဝါ–အားလည်း ၊ဝါ–

ttp://www.dhammadownload.com



၏လည်း၊) တဒဘာဝတော–ထိုသို့ အသင့်နှလုံးသွင်းခြင်း မရှိခြင်းကြောင့်၊ ယောနိသောမနသိကာရေန– ဖြင့်၊ အတ္တသမ္မာပဏိဓိ–ကိုယ်ကို ကောင်းစွာ ဆောက်တည်ခြင်းကို၊ (အာယသ္မာ အာနန္ဒော–သည်၊) သာဓေတိ ဉပေတိ–သိစေ၏။

ပုဗ္ဗေ–ရှေးဘဝ၌၊ အကတပုညဿ–ပြုခဲ့ဘူးသော ကောင်းမှု မရှိသော၊ (ပုဂ္ဂလဿ ဝါ–အားလည်း ၊ဝါ– ၏လည်း၊) တဒဘာဝတော–ကြောင့်၊ ယောနိသောမနသိကာရေန–ဖြင့်၊ ပုဗ္ဗေ–၌၊ ကတပုညတံ–ပြုဘူးသော ကောင်းမှု ရှိသည်၏အဖြစ်ကို၊ (အာယသ္မာ အာနန္ဒော–သည်၊) သာဓေတိ ဉပေတိ–သိစေ၏။

အမှာ။ ဖော်ပြခဲ့သော ပုံစံ၌ "တဒဘာဝတော"ဟူသော ဟိတ်ပုဒ်ကို အတွင်းသွင်း၍ ယထာက္ကမနည်းအားဖြင့် အနက်ပေးထားသည်။ ယထာက္ကမနည်းကိုရလျှင် = ယထာလာဘနည်းကိုလည်း ရသေး၏။

၁၁၆။ ပါရိသေသနည်းဖြင့် အနက်ပေးနည်း။

ဆိုပြီးသည်မှ ဖြစ်စေ၊ ဆိုလတ္တံ့မှ ဖြစ်စေ ကြွင်းကျန်သည်ကိုသာ ယူ၍ အနက်ပေးသော နည်းသည် ပါရိသေသ အနက်ပေးနည်း မည်၏။

ပုံစံ။ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော။ (သီ၊ ဋ္ဌ၊ နှာ–၃)

ဓမ္မော စ–သုတ်,အဘိဓမ္မာကိုလည်း၊ ဒေသိတော–ဟောအပ်ပြီ၊ ဝိနယော စ–ဝိနည်းကိုလည်း၊ ပညတ္တော– ပညတ်အပ်ပြီ။

သတိ။ ဓမ္မ အရ = သုတ်,အဘိဓမ္မာ,ဝိနည်း သုံးမျိုးလုံးကို အရကောက်နိုင်သော်လည်း ဝိနယောသဒ္ဒါဖြင့် ဝိနည်းကို ဆိုလတ္တံ့ ဖြစ်သောကြောင့် ဝိနည်းမှ ကြွင်းသော သုတ်,အဘိဓမ္မာ နှစ်မျိုးကိုသာ ဓမ္မ အရ = အရကောက် ထားသည်ကို သတိပြု။

ပုံစံ။ သော ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ။ (သီ၊ ပါဠိတော်၊ နှာ–၅၈+၅၉)

သော တထာဂတော–သည်၊ သဒေဝကံ–အောက်ကာမာဝစရ နတ်ပြည်ငါးထပ်နှင့် တကွဖြစ်သော၊ သမာရကံ–ဝသဝတ္တီနတ်ပြည်နှင့် တကွဖြစ်သော၊ သဗြဟ္မကံ–ရူပါဝစရ ဗြဟ္မာ့ပြည်နှင့် တကွဖြစ်သော။

သတိ။ သဒေဝက အရ = နတ်ပြည်ခြောက်ထပ်, ဗြဟ္မာ့ပြည်နှစ်ဆယ်တို့ကို အရကောက်နိုင်သော်လည်း သမာရကံ, သဗြဟ္မကံ သဒ္ဒါတို့ဖြင့် ဆိုလတ္တံ့ဖြစ်သော ဝသဝတ္တီနတ်ပြည်နှင့် ဗြဟ္မာ့ပြည်နှစ်ဆယ်တို့မှ ကြွင်းသော အောက်ကာမာဝစရ နတ်ပြည်ငါးထပ်ကိုသာ သဒေဝက အရ = အရကောက်ထားသည်ကို သတိပြု။

အမှာ။ ပါရိသေသနည်းကိုရလျှင် = ဧကဒေသျူပစာ, ဂေါဗလိဗဒ္ဒနည်း, ပုညဉာဏသမ္ဘာရနည်းတို့ကိုလည်း ရ၏။ ဖော်ပြခဲ့ပြီးသော ပုံစံ၌ကား ပစ္စာသတ္တိနည်းကိုလည်း ရသေး၏။

၁၁၇။ ကာကောလောကန အနက်ပေးနည်း။

ကျီးကန်းသည် အစာနှင့်ရန်သူ နှစ်ပါးစုံတို့ကို ကြည့်သကဲ့သို့ ... ပုဒ်တစ်ပုဒ်သည် နှစ်ပုဒ်လုံးကို ကြည့်လျက်, ငဲ့လျက်, စပ်လျက် အနက်ပေးသော နည်းသည် ကာကောလောကန အနက်ပေးနည်း မည်၏။

ပုံစံ။ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ။ (သီ၊ ပါဠိတော်၊ နှာ–၇၀)

စေတသော–စိတ်ကို၊ သမ္ပသာဒနံ–ကြည်စေတတ်သော၊ စေတသော–စိတ်၏၊ ဧကောဒိဘာဝံ–မြတ်သော သမာဓိကို ပွားစေတတ်သော။ (စေတသော ပုဒ်ကို ကာကောလောကနနည်း ကြံထားသည်။)

ttp://www.dhammadownload.com



ပုံစံ။ သုမုတ္တာ မယံ တေန မဟာသမဏေန၊ ဥပဒ္ဒုတာ စ ဟောမ။ (ဋ၊ နှာ–၃)
မယံ–ငါတို့သည်၊ တေန မဟာသမဏေန–ထိုရဟန်းကြီး ဂေါတမမှ၊ သုမုတ္တာ–ကောင်းစွာ လွတ်ကုန်သည်၊ ဟောမ–ဖြစ်ကုန်ပြီ၊ မယံ–ငါတို့သည် (ဝါ) ငါတို့ကို၊ တေန မဟာသမဏေန–သည်၊ ဥပဒ္ဒုတာ စ–နှိပ်စက်အပ်ကုန်သည်လည်း၊ ဟောမ–ဖြစ်ကုန်ပြီ။ (မယံ တေန မဟာသမဏေန ပုဒ်တို့ကို ကာကောလောကနနည်း ကြံထားသည်။)

ပုံစံ။ အယဥ္စ သဗ္ဗဂုဏဝိသိဋ္ဌတာယ သဗ္ဗသတ္တာနံ ဂရု။ (ဋ၊ နှာ–၃၄)
အယဥ္စ–ဤမြတ်စွာဘုရားသည်လည်း၊ သဗ္ဗသတ္တာနံ–အလုံးစုံသော သတ္တဝါတို့ထက်၊ သဗ္ဗဂုဏဝိသိဋ္ဌတာယ–အလုံးစုံသော ဂုဏ်တို့ဖြင့် ထူးမြတ်သည်၏ အဖြစ်ကြောင့်၊ သဗ္ဗသတ္တာနံ–တို့၏၊ ဂရု–ဆရာဖြစ်တော်မူ၏။ (သဗ္ဗသတ္တာနံ ပုဒ်ကို ကာကောလောကနနည်း ကြံထားသည်။)

ပုံစံ။ မင်္ဂလဒါသတ္တာ စဿ "ဒုက္ကဋ္ဌ"န္တိ ဝတ္တာ နတ္ထိ "အကတံ ဝါ န ကတ"န္တိ။ (သီ၊ ဋ၊ နှာ–၁၃၀)
အဿ–ထိုပူရဏကဿပ၏၊ မင်္ဂလဒါသတ္တာ စ–မင်္ဂလာကျွန် ဖြစ်သည်၏ အဖြစ်ကြောင့်လည်း၊ အဿ–ထိုပူရဏကဿပအား၊ (သုကတံ–ကောင်းသဖြင့် ပြုအပ်၏၊) ဒုက္ကဋ္ဌံ–မကောင်းသဖြင့် ပြုအပ်၏၊ ဣတိ–သို့၊ ဝတ္တာ–ဆိုကုန်သော သူတို့သည်၊ နတ္ထိ–မရှိကုန်၊ အကတံ ဝါ–အမှု မပြုသော်လည်း၊ န ကတန္တိ–မပြုကုန်ဟူ၍၊ ဝတ္တာ–ဆိုကုန်သော သူတို့သည်၊ နတ္ထိ–မရှိကုန်။
(အဿနှင့် ဝတ္တာ နတ္ထိ ပုဒ်တို့ကို ကာကောလောကနနည်း ကြံထားသည်။)

ပုံစံ။ သဗ္ဗံ တေ ဝိဿဇ္ဇေဿာမိ။ (ဋ၊ နှာ–၁၄၁)
တေ–သင်မင်းကြီး၏၊ သဗ္ဗံ–သော၊ ပဥှံ–ကို၊ တေ–သင်မင်းကြီးအား၊ ဝိဿဇ္ဇေဿာမိ–ဖြေဆိုအံ့။
(တေ–ပုဒ်ကို ကာကောလောကနနည်း ကြံသည်)

အမှာ။ ကာကောလောကနနည်း ရလျှင် = မဇ္ဈေဒီပကနည်း၊ သီဟဝိလောကနနည်း၊ တန္တနည်း၊ သာမညနိဒ္ဒေသနည်း၊ ဘိန္နသတ္တိသမဝေတနည်း၊ အာဝုတ္တိနည်း၊ ပဒီပနည်း၊ အမ္ဗသိဉ္စနဂရုသိနာနနည်းတို့ကိုလည်း ရနိုင်သေး၏။

၁၁၈။ သီလေသ အနက်ပေးနည်း။
ပုဒ်တစ်ပုဒ်, ဝါကျတစ်ဝါကျတည်းကို အနက်နှစ်ခါ ပေးရသော နည်းသည် သီလေသ အနက်ပေးနည်း မည်၏။

ပုံစံ။ ဘဂဝါ ဥရုဝေလာယံ ဝိဟရတိ။ (ပါဠိတော်၊ နှာ–၁၅၂)
ဘဂဝါ–သည်၊ ဥရုဝေလာယံ–ဥရုဝေလာမည်သော တိုင်း၌၊ ဥရုဝေလာယံ–မည်သော မြို့၌၊ ဝိဟရတိ–၏။

အမှာ။ သီလေသနည်းကို ရလျှင် တန္တနည်း၊ သာမညနိဒ္ဒေသနည်း၊ ဘိန္နသတ္တိသမဝေတနည်း၊ အာဝုတ္တိနည်း၊ ပဒီပနည်းတို့ကိုလည်း ရနိုင်ပါသေး၏။

"တစ်ယူသန်"
တစ်ယူသန်ဆိုတာ တစ်ယူတည်းသိလို့ သန်တာ။
နှစ်ယူ,သုံးယူ သိလျှင် မသန်တော့ဘူး။
စာချတန်းဆိုတာ တစ်ယူသန်လို့တော့ . . .

ttp://www.dhammadownload.com



၁၁၉။ အာဒိဒီပက အနက်ပေးနည်း။

အစဖြစ်သော ရှေ့ဝါကျကို နောက်ဝါကျတို့သို့ လိုက်၍ အနက်ပေးရသော နည်းသည် အာဒိဒီပကနည်း မည်၏။

ပုံစံ။ ကေဝလဉ္စိ တတ္ထ "သညီ အတ္တာ"တိ ဂဏှန္တာနံ တာ ဒိဋ္ဌိယော၊ တထာ "အသညီ"တိ စ "နေဝသညီ နာသညီ"တိ စ။ (၄၊ နှာ-၁၁၀)

ဟိ-မှန်၏ (ဝါ) အထူးကား၊ ကေဝလံ-အသညီဝါဒ၊ နေဝသညီနာသညီဝါဒတို့နှင့် မရောမယှက် သက်သက်၊ တတ္ထ-ထိုသညီဝါဒ၌၊ အတ္တာ-သည်၊ သညီ-သညာရှိ၏၊ ဣတိ-သို့၊ ဂဏှန္တာနံ-ယူကုန်သော ပုဂ္ဂိုလ်တို့အား၊ တာ ဒိဋ္ဌိယော-ထိုတစ်ဆယ့်ခြောက်ပါးသော မိစ္ဆာအယူတို့သည်၊ ဟောန္တိ-ကုန်၏၊ တထာ-ထို့အတူ ဤအသညီဝါဒ၊ နေဝသညီနာသညီဝါဒတို့၌၊ အတ္တာ-သည်၊ အသညီ-သညာမရှိ၊ ဣတိ စ-လည်းကောင်း၊ အတ္တာ-သည်၊ နေဝသညီနာသညီ-သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်၊ ဣတိ စ-လည်းကောင်း၊ ဂဏှန္တာနံ-ယူကုန်သော ပုဂ္ဂိုလ်တို့အား၊ တာ ဒိဋ္ဌိယော-ထိုတစ်ဆယ့်ခြောက်ပါးသော မိစ္ဆာအယူတို့သည်၊ ဟောန္တိ-ကုန်၏။

၁၂၀။ အာဝုတ္တိ အနက်ပေးနည်း။

အလယ်ဝါကျကို ရှေ့ဝါကျ၌လည်းကောင်း၊ နောက်ဝါကျ၌လည်းကောင်း လည့်၍ စပ်ပြီး အနက်ပေးရသော နည်းသည် အာဝုတ္တိနည်း မည်၏။ (ပခုက္ကူနိဿယ အလို)

ပုံစံ။ **အဒိန္နန္တိ** ပရပရိဂ္ဂဟိတံ၊ ယတ္ထ ပရော ယထာကာမကာရိတံ အာပဇ္ဇန္တော အဒဏ္ဍာရဟော, အနုပဝဇ္ဇော စ ဟောတိ၊ တသ္မိံ ပရပရိဂ္ဂဟိတေ ။ပ။ အဒိန္နာဒါနံ။ (သီ၊ ၄၊ နှာ-၇၀)

ယတ္ထ ယသ္မိံ ပရပရိဂ္ဂဟိတေ-အကြင် သူတစ်ပါးဟု ဆိုအပ်သော အရှင်သိမ်းဆည်းအပ်သော ဥစ္စာ၌၊ ပရော-သူတစ်ပါးဟု ဆိုအပ်သော ဥစ္စာရှင်သည်၊ ယထာကာမကာရိတံ-မိမိအလိုရှိတိုင်း ပြုစေခြင်းသို့၊ အာပဇ္ဇန္တော-ရောက်သည်ဖြစ်၍ (ဝါ) ရောက်လတ်သော်၊ အဒဏ္ဍာရဟော-ဒဏ်မထိုက်သည်၊ ဟောတိ-၏၊ အနုပဝဇ္ဇော စ-အပြစ် မရှိသည်လည်း၊ ဟောတိ-၏၊ တံ ပရပရိဂ္ဂဟိတံ-ထိုသူတစ်ပါးဟု ဆိုအပ်သော အရှင်သိမ်းဆည်းအပ်သော ဥစ္စာသည်၊ အဒိန္နန္တိ-မည်၏။

ယတ္ထ ယသ္မိံ ပရပရိဂ္ဂဟိတေ-၌၊ ပရော-သည်၊ ယထာကာမကာရိတံ-သို့၊ အာပဇ္ဇန္တော-၍ (ဝါ) သော်၊ အဒဏ္ဍာရဟော-သည်၊ ဟောတိ-၏၊ အနုပဝဇ္ဇော စ-သည်လည်း၊ ဟောတိ-၏၊ တသ္မိံ ပရပရိဂ္ဂဟိတေ-၌၊ ...............

အမှာ။ ဤအနက်ပေးနည်းမျိုးသည် အလယ်ဝါကျကို ရှေ့ဝါကျ၌လည်းကောင်း၊ နောက်ဝါကျ၌လည်းကောင်း လည့်၍ စပ်ပြီး အနက်ပေးရသော နည်းဖြစ်သောကြောင့် (က) ကာကောလောကန အနက်ပေးနည်း (ခ) မဇ္ဈေဒီပက အနက်ပေးနည်းလည်း မည်ပါသေး၏။

၁၂၁။ အဓိကာရ အနက်ပေးနည်း။

လိုက်သင့်သော ပုဒ်တို့ကို လိုက်စေလျက် အနက်ပေးသော နည်းသည် အဓိကာရ အနက်ပေးနည်း မည်၏။

ပုံစံ။ တီသု ပိဋကေသု တိဝိဓော ပရိယတ္တိဘေဒေါ ဒဋ္ဌဗ္ဗော။ (၄၊ နှာ-၂၁)

တီသု-သုံးပါးကုန်သော၊ ပိဋကေသု-ပိဋကတို့တွင်၊ (ဧကေကသ္မိံ-တစ်ပါး, တစ်ပါးသော၊ ပိဋကေ-၌၊) တိဝိဓော-သုံးပါး အစုရှိသော၊ ပရိယတ္တိဘေဒေါ-သင်ခြင်း အပြားကို၊ ဒဋ္ဌဗ္ဗော-၏။

အမှာ။ ဤအနက်ပေးနည်းသည် ၄၊ နှာ ၂၁-၏ ရှေ့၌ ရှိသည့် ၄၊ နှာ ၂၀-ရှိ ဧကမေကသ္မိံစေတ္ထ ပုဒ်မှ ဧကေကသ္မိံ ပုဒ်ကို လိုက်စေလျက် အနက်ပေးသောကြောင့် အဓိကာရ အနက်ပေးနည်း မည်၏။ (သာရတ္ထ)

ttp://www.dhammadownload.com



၁၂၂။ "လိုက်, လှမ်း, ပြန်, ထည့်၊ ပြင်ဆင်ဘိ၊ ငါးရှိ အစပ်မျိုး" နိယံနှင့်အညီ အနက်ပေးပုံ။
ဝါကျတစ်ခု၌ လိုက်သင့်, လှမ်းသင့်, ပြန်သင့်, ထည့်သင့်, ပြင်သင့်သော ပုဒ်တို့ကို ရှု၍ အနက်ပေးသော နည်းသည် ပခုက္ကူဆရာတော်တို့ အသုံးပြုတော်မူသော "လိုက်, လှမ်း, ပြန်, ထည့်၊ ပြင်ဆင်ဘိ၊ ငါးရှိ အစပ်မျိုး" နိယံနှင့်အညီ အနက်ပေးနည်း မည်၏။

ပုံစံ။ (က) ကိံ ပနေတ္ထ ပဌမပါရာဇိကေ ကိဉ္စိ အပနေတဗ္ဗံ ဝါ ပက္ခိပိတဗ္ဗံ ဝါ အတ္ထိ နတ္ထီတိ။
(ခ) အပနေတဗ္ဗံ နတ္ထိ။ (ဋ္ဌ၊ နှာ-၁၂)

မေး။ (ခ)ဝါကျကို "လိုက်, လှမ်း, ပြန်, ထည့်၊ ပြင်ဆင်ဘိ၊ ငါးရှိ အစပ်မျိုး" နိယံနှင့်အညီ အနက်ပေးပြပါ။

ဖြေ။ ဧတ္ထ-ဤဝိနည်းပိဋကဌ်၊ ပဌမပါရာဇိကေ-၌၊ ကိဉ္စိ-တစုံတစ်ခုသော၊ အပနေတဗ္ဗံ-ပယ်အပ်သော ပုဒ်သည်၊ နတ္ထိ-မရှိ၊ ဣတိ-ဤကား အဖြေတည်း။

အမှာ။ ဤပုံစံ၏ အနက်ပေးနည်းကို အာဒိဒီပက အနက်ပေးနည်းဟု ယူလည်း သင့်တန်ရာ၏။

ပုံစံ။ ဧကော ဟိ ပုဂ္ဂလော ဟလိဒ္ဒိရာဂေါ ဝိယ, ထုသရာသိမှိ နိခါတခါဏု ဝိယ, အဿပိဋ္ဌေ ဌပိတ ကုမ္ဘဏ္ဍမိဝ စ န ထိရကထော ဟောတိ။
ဧကော ပါသာဏလေခါ ဝိယ, ဣန္ဒခီလော ဝိယ စ ထိရကထော ဟောတိ။ (သီ၊ ဋ္ဌ၊ နှာ-၇၂)
ဟိ သစ္စံ-မှန်၏၊ (တစ်နည်း) ဟိ-ချဲ့ဦးအံ့၊ ဟလိဒ္ဒိရာဂေါ-နနွင်းဖြင့် ဆိုးအပ်သော အရောင်သည်၊ ထိရော-အရှည်တည်သည်၊ န ဟောတိ ဝိယ စ-သို့လည်းကောင်း၊ ထုသရာသိမှိ-ဖွဲစု၌၊ နိခါတခါဏု-စိုက်အပ်သော သစ်ငုတ်သည်၊ ထိရော-သည်၊ န ဟောတိ ဝိယ စ-သို့လည်းကောင်း၊ အဿပိဋ္ဌေ-မြင်းကျောက်ကုန်း၌၊ ဌပိတကုမ္ဘဏ္ဍံ-ထားအပ်သော ဖရုံသီးသည်၊ ထိရံ-သည်၊ န ဟောတိ ဣဝ စ-သို့လည်းကောင်း၊ (တထာ-တူ၊) ဧကော-အချို့သော၊ ပုဂ္ဂလော-သည်၊ ထိရကထော-အရှည်တည်သော စကားရှိသည်၊ န ဟောတိ-မဖြစ်။
ပါသာဏလေခါ-ကျောက်ဖျာ၌ ရေးအပ်သော အက္ခရာသည်၊ ထိရာ-အရှည်တည်သည်၊ ဟောတိ ဝိယ စ-သို့လည်းကောင်း၊ ဣန္ဒခီလော-တံခါးခုံသည်၊ ထိရော-အရှည်တည်သည်၊ ဟောတိ ဝိယ စ-သို့လည်းကောင်း၊ တထာ-တူ၊ ဧကော-သော၊ ပုဂ္ဂလော-သည်၊ ထိရကထော-သည်၊ ဟောတိ-၏။

အမှာ။ အစပ် ငါးမျိုးတို့တွင် = လိုက်စပ် ပုဒ်တို့၌ အဓိကာရနည်းကိုလည်းကောင်း၊ ပြင်စပ် ပုဒ်တို့၌ ဝိပလ္လာသ နည်းကိုလည်းကောင်း၊ လိုက်စပ်+ပြင်စပ် ပုဒ်တို့၌ ဒီပကနည်းကိုလည်းကောင်း ရသေး၏။

၁၂၃။ "အတ္ထဝသာ လိင်္ဂဝိဘတ္တိဝိပရိဏာမော"ဟူသော ပရိဘာသာနှင့်အညီ အနက်ပေးနည်း။
အရကောက်ကို ရှု၍ ရှိရင်းစွဲ ပုဒ်တို့၏ လိင်,ဝိဘတ်တို့ကို အခြားသော ပုဒ်တို့၏ လိင်,ဝိဘတ်တို့သို့ ပြောင်း၍ အနက်ပေးခြင်းသည် "အတ္ထဝသာ လိင်္ဂဝိဘတ္တိဝိပရိဏာမော"ဟူသော ပရိဘာသာနှင့်အညီ အနက် ပေးနည်း မည်၏။

ပုံစံ။ ဧဝံ ဂဟိတသရဏဿ စ ဥပါသကဿ ဝါ ဥပါသိကာယ ဝါ အညတိတ္ထိယေသု ပဗ္ဗဇိတမ္ပိ ဉာတိံ "ဉာတကော မေ အယ"န္တိ ဝန္ဒတော သရဏဂမနံ န ဘိဇ္ဇတိ။ (သီ၊ ဋ္ဌ၊ နှာ-၂၀၇+၂၀၈)
ဧဝံ-ဤသို့ (ဝါ) ဤအင်္ဂဒက္ခိဏေယျ၏ အဖြစ်ဖြင့်၊ ဂဟိတသရဏဿ စ-ယူအပ်ပြီးသော သရဏဂုဏ် ရှိသော၊ ဥပါသကဿ ဝါ-သီတင်းသည် ယောကျ်ား၏သော်လည်းကောင်း (ဝါ) သီတင်းသည် ယောကျ်ား သည်သော်လည်းကောင်း၊ **ဂဟိတသရဏာယ စ**-ယူအပ်ပြီးသော သရဏဂုဏ် ရှိသော၊ ဥပါသိကာယ ဝါ-သီတင်းသည် မိန်းမ၏သော်လည်းကောင်း (ဝါ) သီတင်းသည် မိန်းမသည်သော်လည်းကောင်း၊ အည

ttp://www.dhammadownload.com



တိတ္ထိယေသု–သာသနာတော်မှ တစ်ပါးသော အယူရှိကုန်သော တိတ္ထိတို့၌၊ ပဗ္ဗဇိတမ္ပိ–ရသေ့ရဟန်း ဖြစ်သော်လည်း၊ ဉာတိံ–အဆွေအမျိုးကို၊ "အယံ–ဤသူသည်၊ မေ–၏၊ ဉာတကော–တည်း၊" ဣတိ မနသိကတွာ–ပြု၍၊ ဝန္ဒတော–ရှိခိုးသော သူ၏၊ သရဏဂမနံ–သည်၊ န ဘိဇ္ဇတိ–မပျက်။

အမှာ။ ဂဟိတသရဏဿ ပုဒ်၏ လိင်,ဝိဘတ်ကို ဥပါသိကာယ ဝါ ပုဒ်၏ လိင်,ဝိဘတ်သို့ ပြန်၍ အနက်ပေးထားသည်ကို သတိပြုပါ။

၁၂၄။ ယဒိ ဧဝံ အစချီသော ဝါကျ၌ အနက်ပေးနည်း။

ယဒိ ဧဝံ အစချီသော ဝါကျကို တွေ့လျှင် . . .

* ယဒိ ဧဝံ ရှေ့၌ရှိသော ဝါကျကို အနက်ပေးပါ။

* ယဒိ ဧဝံ ရှေ့၌ရှိသော ဝါကျကိုပင် ပြန်ကိုင်၍ အဆုံးသတ် ကြိယာကို ယဒိနှင့် တွဲဖက်၍ အနက်ပေးပါ။ (ယဒိ+ကြိယာ)

* ယဒိနှင့် တွဲဖက်သော ကြိယာသည် ဧကဝုစ် ဖြစ်လျှင် "ဧဝံ သတိ"၊ ဗဟုဝုစ် ဖြစ်လျှင် "ဧဝံ သန္တေသု"ဟူသော ပုဒ်တို့ကို အနက်ပေးပြီး ယဒိ ဧဝံ ဝါကျ၌ ရှိသော ကျန်ပုဒ်များကို ဆက်၍ အနက်ပေးရုံသာ။

ပုံစံ။ (က) ဝိနာပိ န သက္ကာ။

(ခ) ယဒိ ဧဝံ သေက္ခောပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အဿ။ (သီ၊ ဋ္ဌ၊ နှာ–၅)

"(ခ)ဝါကျကို ဆရာနည်းကျကျ အနက်ပေးပုံ"

* တေန အာယသ္မတာ–ထိုအရှင်အာနန္ဒာနှင့်၊ ဝိနာပိ–ကင်း၍လည်း၊ ဓမ္မသင်္ဂီတိံ–ကို၊ ကာတုံ–ပြုခြင်းငှာ၊ န သက္ကာ–မတတ်ကောင်း၊ (ယဒိ ဧဝံ ရှေ့၌ရှိသော ဝါကျကို အနက်ပေးသည်။)

* တေန အာယသ္မတာ–နှင့်၊ ဝိနာပိ–လည်း၊ ဓမ္မသင်္ဂီတိံ–ကို၊ ကာတုံ–ငှာ၊ ယဒိ န သက္ကာ–အကယ်၍ မတတ်ကောင်းသည် ဖြစ်အံ့၊ (ယဒိ ဧဝံ ရှေ့၌ရှိသော ဝါကျကိုပင် ပြန်ကိုင်၍ အဆုံးသတ် ကြိယာကို ယဒိနှင့် တွဲဖက်ပြီး အနက်ပေးသည်။)

* ဧဝံ သတိ–ဤသို့ မတတ်ကောင်းသည် ဖြစ်လတ်သော် (ဧဝံနောက်မှာ သတိ ထည့်သည်)၊ အာယသ္မာ အာနန္ဒော–သည်၊ သေက္ခော–သေက္ခသည်၊ သမာနောပိ–ဖြစ်သော်လည်း၊ ဓမ္မသင်္ဂီတိယာ–သုတ္တော်တရားကို သင်္ဂါယနာ၌ တင်ခြင်းအား၊ ဗဟုကာရတ္တာ–များသော ကျေးဇူးရှိသည်၏ အဖြစ်ကြောင့်၊ ထေရေန–အရှင်မဟာကဿပ ထေရ်သည်၊ ဥစ္စိတဗ္ဗော–ရွေးချယ်ထိုက်သည်၊ အဿ ဘဝေယျ–ဖြစ်ရာ၏။ (ကျန်ပုဒ်များကို အနက်ပေးသည်။)

ပုံစံ။ (ကတမေ စ ပန တေ ဓမ္မာ ဘဂဝတာ ဧဝံ ထောမိတာတိ?)

(က) သဗ္ဗညုတညာဏံ။

(ခ) ယဒိ ဧဝံ ကသ္မာ ဗဟုဝစနနိဒ္ဒေသော ကတောတိ?။ (သီ၊ ဋ္ဌ၊ နှာ–၉၃)

"(ခ)ဝါကျ အနက်ပေးပုံ"

* ဘဂဝတာ–သည်၊ ဧဝံ–သို့၊ ထောမိတာ–ချီးမွမ်းအပ်ကုန်သော၊ တေ ဓမ္မာ–တို့သည်၊ သဗ္ဗညုတညာဏံ–သည်၊ သိယုံ–ဖြစ်ကုန်၏။ (ယဒိ ဧဝံ ရှေ့၌ရှိသော ဝါကျကို အနက်ပေးသည်။)

ttp://www.dhammadownload.com



* ဘဂဝတာ–သည်၊ ဇဝံ–သို့၊ ထောမိတာ–ချီးမွမ်းအပ်ကုန်သော၊ တေ ဓမ္မာ–တို့သည်၊ သဗ္ဗညုတဉာဏ်–သည်၊ ယဒိ သိယုံ–အကယ်၍ ဖြစ်ကုန်အံ့၊ (ယဒိ ဇဝံ ရှေ့၌ရှိသော ဝါကျကိုပင် ပြန်ကိုင်၍ အဆုံးသတ်ကြိယာကို ယဒိနှင့် တွဲဖက်ပြီး အနက်ပေးသည်။)

* ဇဝံ သန္တေသု–ဤသို့ ဘုရားရှင် ချီးမွမ်းတော်မူအပ်ကုန်သော တရားတို့သည် သဗ္ဗညုတဉာဏ် တစ်ခုတည်းသာ ဖြစ်ကုန်လတ်သော် (ဇဝံနောက်မှာ သန္တေသု ထည့်သည်)၊ ကသ္မာ–ကြောင့်၊ ဗဟုဝစနနိဒ္ဒေသော–ကို၊ ဘဂဝတာ–သည်၊ ကတော–ပြုတော်မူအပ်ပါသနည်း၊ ဣတိ အယံ–ကား၊ ပုစ္ဆာ–အမေးတည်း။
(ကျန်ပုဒ်များကို အနက်ပေးသည်။)

သတိ။ ပကတိ၊ ဝိကတိ၊ နှစ်ပါးရှိက၊ ပကတိကို လိုက်ရမြဲ။

နိယံ။ ယဒိ ဇဝံ၊ ဝါကျမှန်၊ ပေးရန် ရှေ့ဝါကျ။
ယဒိ နောက်မှာ၊ ကြိယာ၊ သေချာ ထပ်ဖြည့်ရ။
ဇဝံ နောက်မှာ၊ ဝုစ်–ကော၊ ဖြစ်လာ"သတိ"ပ။
ဗဟုဝုစ်ရှု၊ "သန္တေသု"၊ ကြွင်းစု နက်ပေးရ။

၁၂၅။ လက္ခဏပုဒ်ကို ဟိတ်ကြံ၍ အနက်ပေးနည်း။
သော်–ဟု အနက်ဆုံးသော လက္ခဏ ပုဒ်များကို ရံခါ ဟိတ်အဖြစ် ကြံ၍ အနက်ပေးရမည်။ ဤသို့ လက္ခဏပုဒ်ကို ဟိတ်ကြံ၍ အနက်ပေးသော အခါ၌ လက္ခဏဝန္တပုဒ်ကို သမ္ဗန်အဖြစ်သို့ ပြောင်းလွှဲ၍ အနက်ပေးရမည်။

ပုံစံ။ ပုဗ္ဗသရေ လုတ္တေ ပရော သရော ကွစိ အသဝဏ္ဏံ ပပ္ပေါတိ။ (ကစ္စည်း)
ပုဗ္ဗသရေ–ရှေ့သရသည် (လက္ခဏဝန္တ)၊ လုတ္တေ–ကျေပြီးသည် ရှိသော် (လက္ခဏ)၊ (တစ်နည်း) ပုဗ္ဗသရေ ပုဗ္ဗသရဿ–ရှေ့သရ၏ (သမ္ဗန်)၊ လုတ္တေ လုတ္တတ္တာ–ကျေပြီးသည်၏ အဖြစ်ကြောင့် (ဟိတ်)၊ ပရော–သော၊ သရော–သည်၊ ကွစိ–၌၊ အသဝဏ္ဏံ–သို့၊ ပပ္ပေါတိ–၏။

နိယံ။ လက္ခဏပုဒ်၊ ထုတ်၍အရာ၊ ရှိသည်မှာ၊ များစွာဟိတ်လည်း ဝင်သတည်း။

၁၂၆။ ဝိသေသနပုဒ် များစွာရှိရာ၌ ဟိတ်ပြင်၍ အနက်ပေးနည်း။
ဝါကျ တစ်ဝါကျတည်း၌ ဝိသေသန ပုဒ်တို့သည် တစ်ပုဒ်မက နှစ်ပုဒ်,သုံးပုဒ် စသည်ဖြင့် ပါလာပါအံ့။ (နောက်ဝိသေသနပုဒ်အတွက်) ရှေ့ဝိသေသန ပုဒ်ကို ဟိတ်ပြင်၍ အနက်ပေးရသည်။

ပုံစံ။ သေဋ္ဌံ တိလောကမဟိတံ အဘိဝန္ဒိယဂ္ဂံ။ (ကစ္စည်း)
အဟံ–သည်၊ သေဋ္ဌံ–အထူးသဖြင့် ချီးမွမ်းအပ်သော၊ သေဋ္ဌတ္တာ–အထူးသဖြင့် ချီးမွမ်းအပ်သည်၏ အဖြစ်ကြောင့် (ဟိတ်ပြင်သည်)၊ တိလောကမဟိတံ–လူသုံးပါးသည် ပူဇော်အပ်သော၊ တိလောကေန မဟိတတ္တာ–ကြောင့် (ဟိတ်ပြင်သည်)၊ အဂ္ဂံ–မြတ်သော၊ ဗုဒ္ဓံ–ကို၊ အဘိဝန္ဒိယ–၍။

ပုံစံ။ အဘိရူပေါ မနာပေါ ပုရိသော အာဂတော။ (မျက်ရှု)
အဘိရူပေါ–လှသော (ဝါ) လှသည်၏အဖြစ်ကြောင့်၊ မနာပေါ–နှစ်သက်ဖွယ်ကောင်းသော၊ ပုရိသော–သည်၊ အာဂတော–၏။

ttp://www.dhammadownload.com



ပုံစံ။ အတ္ထိ ဘိက္ခဝေ အညေ၀ ဓမ္မာ ဂမ္ဘီရာ ဒုဒ္ဒသာ ဒုရနုဗောဓာ သန္တာ ပဏီတာ အတက္ကာဝစရာ နိပုဏာ ပဏ္ဍိတဝေဒနီယာ။ (သီ၊ ပါဠိတော်၊ နှာ–၁၁)

အညေ၀–သုံးပါး အပြားရှိသော သီလတို့မှ တစ်ပါးသာလျှင် ဖြစ်ကုန်ထသော၊ ဂမ္ဘီရာ ဧဝ–နက်သည်သာလျှင် ဖြစ်ကုန်ထသော၊ ဂမ္ဘီရတ္တာ–ကုန်သည်၏အဖြစ်ကြောင့်၊ ဒုဒ္ဒသာ ဧဝ–ဉာဏ်တည်းဟူသော မျက်စိဖြင့် မြင်နိုင်ခဲသည်သာလျှင် ဖြစ်ကုန်ထသော၊ ဒုဒ္ဒသတ္တာ–ကုန်သည်၏အဖြစ်ကြောင့်၊ ဒုရနုဗောဓာ ဧဝ–ဉာဏ်ဖြင့် သိနိုင်ခဲသည်သာလျှင် ဖြစ်ကုန်ထသော၊ ဒုရနုဗောဓတ္တာ–ကုန်သည်၏ အဖြစ်ကြောင့်၊ သန္တာ ဧဝ–ခပ်သိမ်းသော ပူပန်ခြင်းတို့မှ ငြိမ်းသည်သာလျှင် ဖြစ်ကုန်ထသော၊ သန္တတ္တာ–ကုန်သည်၏ အဖြစ်ကြောင့်၊ ပဏီတာ ဧဝ–အထူးသဖြင့် မြတ်သည်သာလျှင် ဖြစ်ကုန်ထသော၊ ပဏီတတ္တာ–ကုန်သည်၏ အဖြစ်ကြောင့်၊ အတက္ကာဝစရာ ဧဝ–ကြံဆ၍ သိခြင်းငှာ မတတ်နိုင်သည်သာလျှင် ဖြစ်ကုန်ထသော၊ အတက္ကာဝစရတ္တာ–ကုန်သည်၏အဖြစ်ကြောင့်၊ နိပုဏာ ဧဝ–သိမ်မွေ့သောသဘော ရှိသည်သာလျှင် ဖြစ်ကုန်ထသော၊ နိပုဏတ္တာ–ကုန်သည်၏အဖြစ်ကြောင့်၊ ပဏ္ဍိတဝေဒနီယာ ဧဝ–ပညာရှိတို့သည်သာလျှင် သိအပ်ကုန်ထသော၊ တထာဂတဿ–ငါဘုရား၏၊ တေ ဓမ္မာ–ထိုဂုဏ်တရားတို့သည်၊ အတ္ထိ သန္တိ–ကုန်၏။

နိယံ။ ဝိသေသန များစွာ၊ ဆင့်လျက်ပါမူ၊ မှန်စွာ မယုတ်၊

ရှေ့ရှေ့ပုဒ်သည်၊ နောက်နောက် ပုဒ်၏၊ ဟိတ်ဖြစ်မြဲ။

အမှာ။ ဤအနက်ပေးနည်း၌ နောက်ဆုံး ဝိသေသနပုဒ်ကို ဟိတ်အဖြစ် ကြံသော် = "ဝိသေသျ စပ်ရာ၊ ကြိယာ၌၊ ဟိတ်လည်း ဆိုက်မူ၊ ဟေတုမန္တ ဝိသေသန၊ ဆိုစကြ၏" နိယံအရ ဟေတုဂဗ္ဘဝိသေသန အနက်ပေးနည်း (ဝါ) ဟေတုအန္တောနီတဝိသေသန အနက်ပေးနည်း (ဝါ) တုလျာဓိကရဏကို ဟေတုမန္တဝိသေသန ကြံ၍ အနက်ပေးနည်း ဖြစ်၏။

၁၂၇။ အကြောင်း+အကျိုး ကွင်းဆက် အနက်ပေးနည်း။

ဝါကျ တစ်ဝါကျတည်း၌ ရှိသည့် အချို့သော ပုဒ်တို့ကို အကြောင်း+အကျိုး တစ်စုံစီ, တစ်စုံစီဖြင့် အနက်ပေးသော နည်းသည် အကြောင်း+အကျိုး ကွင်းဆက် အနက်ပေးနည်း မည်၏။

ပုံစံ။ သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ စိတ္တံ အဘိနီဟရတိ။ (ပါဠိတော်၊ နှာ–၇၆)

သော ဘိက္ခု–သည်၊ ဧဝံ–သို့ (ဝါ) ဤပဌမ,ဒုတိယ,တတိယဈာန် အစဉ်အားဖြင့် စတုတ္ထဈာန်ကို ရပြီး၍၊ စိတ္တေ–စတုတ္ထဈာန်စိတ်ကို (ဝါ) သည်၊ သမာဟိတေ–ကောင်းစွာ ထားအပ်ပြီးသော် (ဝါ) ကောင်းစွာ တည်ကြည်လတ်သော်၊ စိတ္တေ–သည်၊ ပရိသုဒ္ဓေ–ဖြူစင်စွာ ဖြစ်ပြီးသော်၊ ပရိသုဒ္ဓတ္တာ–ဖြူစင်စွာ ဖြစ်ပြီးသည်၏ အဖြစ်ကြောင့်၊ ပရိယောဒါတေ–အရောင်အဝါနှင့် ပြည့်စုံပြီးသော်၊ အနင်္ဂဏေ–ကိလေသာ မရှိပြီးသော်၊ အနင်္ဂဏတ္တာ–ကိလေသာ မရှိပြီးသည်၏ အဖြစ်ကြောင့်၊ ဝိဂတူပက္ကိလေသေ–ညစ်ညူးခြင်း ကင်းပြီးသော်၊ မုဒုဘူတေ–နူးညံ့စွာ ဖြစ်ပြီးသော်၊ မုဒုဘူတတ္တာ–နူးညံ့စွာ ဖြစ်ပြီးသည်၏ အဖြစ်ကြောင့်၊ ကမ္မနိယေ–ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် ဖြစ်ခြင်းငှာ ခံ့ပြီးသော်၊ ဌိတေ–ပရိသုဒ္ဓတာ စသော ဂုဏ်တို့၌ မြဲမြံခိုင်ခံ့ တည်ပြီးသော်၊ ဌိတတ္တာ–ပရိသုဒ္ဓတာ စသော ဂုဏ်တို့၌ မြဲမြံခိုင်ခံ့ တည်ပြီးသည်၏ အဖြစ်ကြောင့်၊ အာနေဉ္ဇပ္ပတ္တေ–တုန်လှုပ်ခြင်း ကင်းပြီးသော်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ–အလိုငှာ၊ စိတ္တံ–ပရိကံစိတ်ကို၊ အဘိနီဟရတိ–ရှေ့ရှုဆောင်၏။

သတိ။ ပရိသုဒ္ဓေ+ပရိယောဒါတေ၊ အနင်္ဂဏေ+ဝိဂတူပက္ကိလေသေ၊ မုဒုဘူတေ+ကမ္မနိယေ၊ ဌိတေ+အာနေဉ္ဇပ္ပတ္တေ ဟူ၍ အကြောင်း+အကျိုး တစ်စုံစီ, တစ်စုံစီဖြင့် အနက်ပေးထားသည်ကို သတိပြုပါ။

ttp://www.dhammadownload.com



၁၂၈။ ထသော,သော အနက်ပေးနည်း။
ဝါကျ တစ်ဝါကျတည်း၌ ဝိသေသန ပုဒ်တို့သည် တစ်ပုဒ်မက နှစ်ပုဒ်,သုံးပုဒ် စသည်ဖြင့် များစွာ ရှိနေပါအံ့။ ရှေးရှေးဖြစ်သော ဝိသေသန ပုဒ်များကို "ထသော"ဟု အနက်ပေးရမည်။ နောက်ဆုံးဖြစ်သော ဝိသေသန ပုဒ်ကိုကား "သော"ဟု အနက်ပေးရမည်။ ဝိသေသနပုဒ် တစ်ပုဒ်တည်းသာ ရှိရာ၌ကား "သော"ဟုသာ အနက်ပေးရမည်။

ပုံစံ။ အရဟံ သမ္မာသမ္ဗုဒ္ဓံ ဝိဇ္ဇာစရဏသမ္ပန္နံ သုဂတံ တထာဂတံ ဝန္ဒာမိ။
အရဟံ–ထသော၊ သမ္မာသမ္ဗုဒ္ဓံ–ထသော၊ ဝိဇ္ဇာစရဏသမ္ပန္နံ–ထသော၊ သုဂတံ–သော၊ တထာဂတံ–ကို၊ ဝန္ဒာမိ–၏။

ပုံစံ။ မဟန္တော ပုရိသော ဂစ္ဆတိ။
မဟန္တော–သော၊ ပုရိသော–သည်၊ ဂစ္ဆတိ–၏။

နိယံ။ ဝိသေသန၊ အနေကတွင်၊ ပုဗ္ဗ ပုဗ္ဗ၊ ပုဒ်မှာ ထသော၊ နောစွက် သိလောက်၊
နောက် အန္တိမ၊ ဆုံးပဒ နှင့်၊ ကေက မှာ၊ သော–ချည်းသာ၊ မှန်စွာ သမ္ဗန်မြဲ။

နိယံ။ များလျှင် ထသော၊ နည်းလျှင် သော၊ အပြော ဤသို့ ရှိခဲ့သည်။

၁၂၉။ တုံ,တွာ် ပစ္စည်း အဆုံးသတ်သော ပုဒ်တို့၌ အနက်ပေးနည်း (၂)နည်း။
တုံ,တွာ် ပစ္စည်း အဆုံးသတ်သော ပုဒ်တို့ကို (က) အကြောင်း (ခ) အကျိုး နှစ်မျိုးကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ ဒဿနတ္ထံ။
(က) ဒဿနတ္ထံ–ပြလိုခြင်းဟူသော အကြောင်းကြောင့်။ (အကြောင်းပြန်ပုံ)
(ခ) ဒဿနတ္ထံ–ပြခြင်းအကျိုးငှာ။ (အကျိုးပြန်ပုံ)

နိယံ။ တုံ,တွာ် လည်းကောင်း၊ ရှိတုံရှောင်း၊ အကြောင်းအကျိုး ပြန်မြဲ။

၁၃၀။ တုံပစ္စယန္တပုဒ်၌ အနက်ပေးနည်း (၄)နည်း။
တုံပစ္စည်း အဆုံးသတ်သော ပုဒ်တို့ကို (က) တွာပစ္စည်းအနက် (ခ) ကတ္တားအနက် (ဂ) ကံအနက် (ဃ) သမ္ပဒါန်အနက် လေးမျိုးကြံ၍ အနက်လေးနည်း ပေးနိုင်၏။

(က)ပုံစံ နေက္ခမ္မံ ခေမတော ဒဋ္ဌုံ။ (မျက်ရှု)
ဒဋ္ဌုံ–မြင်၍။ (တွာ ပစ္စယတ္ထ)

(ခ)ပုံစံ အာစိဏ္ဏံ ခေါ ပနေတံ အာဂန္တုကေဟိ သဒ္ဓိံ ပဋိသမ္မောဒိတုံ။ (မျက်ရှု)
ပဋိသမ္မောဒိတုံ–ရောနှောပေါင်းဆုံခြင်းသည်။ (ကတ္တုတ္ထ)

(ဂ)ပုံစံ အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝသိတုံ။ (မျက်ရှု)
ဝသိတုံ–နေခြင်းကို (ဝါ) နေခြင်းငှာ။ (ကမ္မတ္ထ ၊ဝါ– သမ္ပဒါနတ္ထ)

(ဃ)ပုံစံ ဘတ္တံ ဘုဉ္ဇိတုံ ဣစ္ဆာမိ။ (မျက်ရှု)
ဘုဉ္ဇိတုံ–စားခြင်းငှာ။ (သမ္ပဒါနတ္ထ)

နိယံ။ တွာပစ္စည်းနက်၊ တစ်ချက်ဟောငြား၊ ကတ္တားနှင့်ကံ၊ သမ္ပဒါန်၊ မှတ်ရန် တုံပစ္စည်း သဘောတည်း။

အမှာ။ "ပုဗ္ဗာ, ပရ၊ သမာနနှင့်၊ လက္ခဏ, ဟေတု၊ ငါးခု အတ္ထ၊ သက်အပ်စွ၊ တုန, တွာန, တွာ" နိယံနှင့်အညီ တုန, တွာန, တွာ ပစ္စယန္တ ပုဒ်တို့၌ကား အနက်ငါးနည်း ပေးနိုင်ပါသေး၏။

ttp://www.dhammadownload.com



၁၃၁။ မာနပစ္စည်း, အန္တပစ္စည်း ဆုံးသော ပုဒ်တို့၌ အနက်ပေးနည်း (၂)နည်း။
မာနပစ္စည်း, အန္တပစ္စည်း ဆုံးသော ပုဒ်တို့ကို (က) ဟိတ်အနက် (ခ) လက္ခဏာအနက် နှစ်မျိုးကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ ဟီသိယမာနော ရောဒတိ။ (မျက်ရှု)

(က) ဟီသိယမာနော– ညှဉ်းဆဲအပ်သည်၏ အဖြစ်ကြောင့် (ဟေတွတ္ထ)၊ ရောဒတိ–ငိုကြွေး၏။

(ခ) ဟီသိယမာနော–ညှဉ်းဆဲအပ်သည်ရှိသော် (လက္ခဏတ္ထ)၊ ရောဒတိ–ငိုကြွေး၏။

နိယံ။ ဟိတ်လည်း တစ်ချက်၊ လက္ခဏာပါ၊ နှစ်နက်မှာ၊ သက်လာ မာန,အန္တ ပစ္စည်းတည်း။

၁၃၂။ မာနသမ္ဗန္ဒါန်, အန္တသမ္ဗန္ဒါန် ပုဒ်တို့၌ အနက်ပေးနည်း (၂)နည်း။
မာနပစ္စည်းနှင့် ယှဉ်သော သမ္ဗန္ဒါန်ပုဒ်, အန္တပစ္စည်းနှင့် ယှဉ်သော သမ္ဗန္ဒါန်ပုဒ်တို့ကို (က) သမ္ဗန္ဒါန်အနက် (ခ) လက္ခဏာအနက် နှစ်မျိုးကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ ဓမ္မသင်္ဂဏီ သမ္မာသမ္ဗုဒ္ဓဿာပိ ရသ္မိယော န နိက္ခန္တာ။ (အဋ္ဌသာလိနီ အဋ္ဌကထာ၊ နှာ–၁၄)

(က) ဓမ္မသင်္ဂဏီ–ကျမ်းကို၊ သမ္မာသမ္ဗုဒ္ဓဿာပိ–သုံးသပ်တော်မူသော မြတ်စွာဘုရားအားလည်း (သမ္ဗန္ဒတ္ထ)။

(ခ) သမ္မာသမ္ဗုဒ္ဓဿာပိ–သုံးသပ်တော်မူပါသော်လည်း (လက္ခဏတ္ထ)။

နိယံ။ အန္တသမ္ဗန္ဒါန်၊ မာနသမ္ဗန္ဒါန်၊ ဤနှစ်တန်ကို၊ ရံဖန်လက္ခဏာအနက် ပေးသတည်း။

၁၃၃။ အနုသန္ဓေပြ ဝါကျ၌ ရှိသော ဒသေယန္တော ပုဒ် အနက်ပေးနည်း။
အနုသန္ဓေပြ ဝါကျ၌ ရှိသော ဒသေယန္တောပုဒ်ကို တွေ့လျှင် "ဒသေယန္တော–ပြသော, ပြတတ်သော"ဟု ပစ္စုပ္ပန်အနက်မျိုး မပေးရ။ "ဒသေယန္တော–ပြတော်မူလိုသည်၏ အဖြစ်ကြောင့် (ဝါ) ပြတော်မူလိုသည် ဖြစ်၍ (ဝါ) ပြတော်မူလိုသော"ဟု အနာဂတကာလ ကာမတ္ထ ယောဇနာရမည်။

ပုံစံ။ ဇဝံ ဒုတိယေန နယေန အာဒီနဝံ ဒသေတွာ တတိယေန နယေန ဝစနတ္ထသလ္လက္ခဏာမတ္တေပိ အသမတ္ထတံ ဒသေယန္တော "**အပိ နု တုမှေ ပရေသ**"န္တိ အာဒိမာဟ။ (ဋ၊ နှာ–၅၂)
ဇဝံ–သို့၊ ဒုတိယေန–နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ နယေန–ဖြင့်၊ အာဒီနဝံ–ကို၊ ဒသေတွာ–ပြပြီး၍၊ တတိယေန–သော၊ နယေန–ဖြင့်၊ ဝစနတ္ထသလ္လက္ခဏာမတ္တေပိ–စကား၏ အနက်ကို မှတ်ခြင်းမျှ၌လည်း၊ အသမတ္ထတံ–မစွမ်းနိုင်သည်၏ အဖြစ်ကို၊ ဒသေယန္တော–ပြတော်မူလိုသည်၏ အဖြစ်ကြောင့် (ဝါ) ပြတော်မူလိုသည် ဖြစ်၍ (ဝါ) မူလိုသော၊ (ဘဂဝါ–သည်၊) "အပိ နု တုမှေ ပရေသ"န္တိ အာဒိံ–ကို၊ အာဟ–၏။

အမှာ။ အနုသန္ဓေဝါကျ အကြောင်းကို စာချတန်းအခြေခံ သဒ္ဒါကဏ္ဍ၌ ဖော်ပြပြီးပါပြီ။

နိယံ။ နုသန္ဓေပါ၊ မာနန္တာ၊ ကာလာ နာဂတ၊ ကာမတ္ထ။

၁၃၄။ ဒသေယန္တော အာဟ ဝါကျ၌ အနက်ပေးနည်း (၆)နည်း။
ဒသေယန္တော အာဟ ဝါကျ၌ ပါသည့် ဒသေယန္တော ပုဒ်ကို ဖော်ပြလတ္တံ့သည့်အတိုင်း အနက်ခြောက်နည်း ပေးနိုင်၏။

ပုံစံ။ ဒသေယန္တော အာဟ။

(က) ဒသေယန္တော–ပြတော်မူလို၍ (ဝါ) ပြတော်မူလိုရကား။

(ခ) ဒသေယန္တော–ပြတော်မူလိုသည်၊ (ဟုတွာ–ဖြစ်၍)။

(ဂ) ဒသေယန္တော–ပြတော်မူလိုသည် ဖြစ်၍။

(ဃ) ဒသေယန္တော–ပြတော်မူလိုသည်၏၊ (ဟုတွာ ဘာဝတော–အဖြစ်ကြောင့်)။

ttp://www.dhammadownload.com



(င) ဒသောန္တော–ပြတော်မူလိုသည်၏ အဖြစ်ကြောင့် (ဝါ) ပြတော်မူလိုခြင်းကြောင့်။
(စ) ဒသောန္တော–ပြတော်မူလိုသော၊ (ဘဂဝါ–သည်)။
အမှာ။ ဒသောန္တောပုဒ် အနက်ပေးနည်းကို မှီး၍ သမနုဿရန္တော, ဝိတ္ထာရေန္တော ပုဒ်တို့၌လည်း အနက်ပေးနိုင်စေ။
၁၃၅။ ဒသောတုံ (ဝါ) ဒသောန္တော အာဟ ဝါကျတို့၌ ကရိယာ်းခံ၍ အနက်ပေးနည်း။
ဒသောတုံ (ဝါ) ဒသောန္တော အာဟ ဝါကျတို့၌ အာဟ၏ ကံပုဒ် (ဝါ) အာကာရဝါကျကို ဒသောတုံ (ဝါ) ဒသောန္တော ပုဒ်၏ ကရိယာ်းအဖြစ် ပြုလုပ်၍ အနက်ပေးရမည်။
ပုံစံ။ တံ ပကာသေန္တော **"သမဏော ခလု ဘော ဂေါတမော"**တိအာဒိမာဟ။ (သီ၊ ဋ၊ နှာ–၂၁၉)
တံ–ထိုအကြောင်းကို၊ "သမဏော ခလု ဘော ဂေါတမော"တိအာဒိနာ–သမဏော ခလု ဘော ဂေါတမော ဤသို့ အစရှိသော စကားဖြင့် (ပကာသေန္တော ကရိယာ်း)၊ ပကာသေန္တော–ထင်စွာ ပြတော်မူလိုသည် ဖြစ်၍၊ "သမဏော ခလု ဘော ဂေါတမော"တိ အာဒိံ–ကို၊ အာဟ–၏။
နိယံ။ ဒသောန္တော, အာ၊ ဝါကျမှာ၊ ခံပါ ကရိယာ်းလို။
အာဟ၏ ကံ၊ အာကာရံ၊ ပြောင်းဟန် ကရိယာ်းဆို။
သတိ။ နိယံ၌ ဒသောန္တော အာဟ ဟူသော စကားကို ဥပလက္ခဏနည်း, နိဒဿနနည်းဟုသာ ယူပါ။ ထို့ကြောင့် ဒသောန္တော, ဒီပေန္တော, ပကာသေန္တော, ဝိဘာဝေန္တော, ဝိတ္ထာရေန္တော, ကရောန္တော, ဒသောတုံ, ဒီပေတုံ၊ အာဟ, အာရဒ္ဓံ, ဝုတ္တံ စသော ဝါကျတို့၌လည်း နည်းတူ မှတ်ရမည်ကို သတိပြု။
၁၃၆။ ဒသောတုံ (ဝါ) ဒသောန္တော အာဟ ဝါကျ၏ နောက်ဝါကျဝယ် တတ္ထ ရှိရာ၌ တတ္ထ စွဲ၍ အနက်ပေးနည်း။
ဒသောတုံ (ဝါ) ဒသောန္တော အာဟ ဝါကျ၏ နောက်ဝါကျဝယ် တတ္ထ ရှိရာ၌ တတ္ထ ပုဒ်အတွက် စွဲလိုသော် ဒဿန၏ ကရိယာ်းပုဒ် (တစ်နည်း) အာဟ၏ ကံပုဒ် (ဝါ) အာကာရဝါကျကို တတ္ထပုဒ်အတွက် စွဲ၍ အနက်ပေးရမည်။
ပုံစံ။ တံ ပကာသေန္တော **"သမဏော ခလု ဘော ဂေါတမော"**တိအာဒိမာဟ။
တတ္ထ သမိတပါပတ္တာ **သမဏော**တိ ဝေဒိတဗ္ဗော။ (သီ၊ ဋ၊ နှာ–၂၁၉)
တံ–ထိုအကြောင်းကို၊ "သမဏော ခလု ဘော ဂေါတမော"တိ အာဒိနာ–ဖြင့်၊ ပကာသေန္တော–၍၊ "သမဏော ခလု ဘော ဂေါတမော"တိ အာဒိံ–ကို၊ အာဟ–၏၊ ပကာသနကြိယာယ–ပကာသေန္တောဟူသော ပကာသနကြိယာ၏၊ ကရဏဘူတေ–ကရိယာ်း ဖြစ်၍ ဖြစ်သော၊ ဗျူဓာတုယာ–အာဟ၌ ဗျူဓာတ်၏၊ ကမ္မဘူတေ–ကံဖြစ်၍ ဖြစ်သော၊ တတ္ထ (တသ္မိံ သမဏော ခလု ဘော ဂေါတမောတိအာဒိဝစနေ)–ထို သမဏော ခလု ဘော ဂေါတမော ဤသို့ အစရှိသော စကားရပ်၌၊ သမိတပါပတ္တာ–ကြောင့်၊ သမဏောတိ–ဟူ၍၊ ဝေဒိတဗ္ဗော–၏။
နိယံ။ ဒသောန္တော အာဟ၊ ပြသည့် ပုဒ်နောက်၊ တတ္ထ ရောက်က၊
ဒဿန ကရိယာ်း၊ အာဟ၏ ကံ၊ အာကာရံ၊ ကေန် တတ္ထ စွဲလေမြဲ။
သတိ။ ကံပုဒ်, အာကာရပုဒ်, ကရိယာ်းပုဒ်တို့သည် ပရိယာယ်မျှသာ ထူး၏။ အနက် အရကောက်ကား မထူးပါ။
နိယံ။ ကံ, အာကာရ၊ ကရဏတို့၊ အရ မပြား၊ ဤသုံးပါး၊ မမှား တူလေမြဲ။

ttp://www.dhammadownload.com



၁၃၇။ တတ္ထ ပုဒ်၏ အနက်စွဲနည်း သုံးနည်း။

တတ္ထ ပုဒ်၏ အစွဲကို စွဲလိုသော် . . .

(က) ဒသေနွှော အာဟ ဝါကျ၏ နောက်၌ရှိသော တတ္ထပုဒ်အတွက် ရှေ့အာဟ ကြိယာ၏ကံပုဒ် (ဝါ) သကမ္မက ကြိယာ၏ နောက်၌ရှိသော တတ္ထပုဒ်အတွက် ရှေ့သကမ္မကကြိယာ၏ ကံပုဒ်ကိုလည်းကောင်း၊

(ခ) တတ္ထ ပုဒ်၏ ရှေ့၌ရှိသော အစိတ်စကားများကို ပေါင်း၍လည်းကောင်း၊

(ဂ) တတ္ထ ပုဒ်၏ နောက်၌ရှိသော အစိတ်စကားများကို ပေါင်း၍လည်းကောင်း စွဲရမည်။

(က)ပုံစံ တံ ပကာသေန္တော **"သမဏော ခလု ဘော ဂေါတမော"**တိအာဒိမာဟ။

တတ္ထ သမိတပါပတ္တာ **သမဏော**တိ ဝေဒိတဗ္ဗော။ (သီ၊ ဋ္ဌ၊ နှာ-၂၁၉)

တံ-ကို၊ "သမဏော ခလု ဘော ဂေါတမော"တိ အာဒိနာ-ဖြင့်၊ ပကာသေန္တော-၍၊ "သမဏော ခလု ဘော ဂေါတမော"တိ အာဒိံ-ကို၊ အာဟ-၏၊ ပကာသနကြိယာယ-၏ ကရဏဘူတေ-သော၊ ဖြစ္စတုယာ-၏၊ ကမ္မဘူတေ-သော၊ တတ္ထ (တသ္မိံ သမဏော ခလု ဘော ဂေါတမောတိအာဒိဝစနေ)-ထို သမဏော ခလု ဘော ဂေါတမော ဤသို့ အစရှိသော စကားရပ်၌၊ သမိတပါပတ္တာ-ကြောင့်၊ သမဏောတိ-ဟူ၍၊ ဝေဒိတဗ္ဗော-၏။

(က)ပုံစံ ဣဒါနိ မဇ္ဈိမသီလံ ဝိတ္ထာရေန္တော **"ယထာ ဝါ ပနေကေ ဘောန္တော"**တိ အာဒိမာဟ။ တတြာယံ အနုတ္တာနပဒ ဝဏ္ဏနာ။ (ဋ္ဌ၊ နှာ-၇၉)

ဣဒါနိ-၌၊ မဇ္ဈိမသီလံ-ကို၊ ယထာ ဝါ ပနေကေ ဘောန္တောတိ အာဒိနာ-ဖြင့်၊ ဝိတ္ထာရေန္တော-ချဲ့ပြတော်မူလို သည် ဖြစ်၍၊ ယထာ ဝါ ပနေကေ ဘောန္တောတိ အာဒိံ-ကို၊ အာဟ-၏၊ ဝိတ္ထာရဏကြိယာယ-၏၊ ကရဏဘူတေ-သော၊ တတြ (တသ္မိံ ယထာ ဝါ ပနေကေ ဘောန္တောတိ အာဒိဝစနေ)-၌။

နိယံ။ ဒသေန္တော, အာ၊ နောက် တတ္ထာ၊ စွဲပါ အာဟကံ။

ကံရှိ ကြိယာ၊ နောက် တတ္ထာ၊ စွဲပါ ၎င်းကံ။

(ခ)ပုံစံ စတုဓာ ပရမတ္ထတော စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနမိတိ သဗ္ဗထာ။ တတ္ထ စိတ္တံ တာဝ။ (သင်္ဂဟ)

တတ္ထ-ထိုစိတ်,စေတသိက်,ရုပ်,နိဗ္ဗာန် ဟူသော ပရမတ္ထတရား လေးပါးတို့တွင်။

(ခ)ပုံစံ ဓမ္မော စေဝ ဝိနယော စာတိ သံချိ ဂစ္ဆတိ။ တတ္ထ ဝိနယပိဋကံ **ဝိနယော**။ (ဋ္ဌ၊ နှာ-၁၆)

တတ္ထ-ထိုဓမ္မ,ဝိနယ နှစ်ပါးတို့တွင်။ (တတ္ထ အစွဲ)

နိယံ။ တတ္ထ အစွဲ၊ စိတ်မရဲသော်၊ ရှေ့အစိတ်ကိုမျှော်၊ အပေါင်း ဖော်၍စွဲ။

(ဂ)ပုံစံ တတ္ထ တိသော အဘိရူပေါ၊ ဒတ္တော ဒီဃော၊ သုမနော ကိသော။ (မျက်ရှု)

တတ္ထ-ထိုတိဿ,ဒတ္တ,သုမန သုံးယောက်တို့တွင်။

နိယံ။ တတ္ထ အစွဲ၊ စိတ်မရဲသော်၊ နောက်အစိတ်ကိုမျှော်၊ အပေါင်း ဖော်၍စွဲ။

အမှာ။ ဤတတိယနည်းသည် အသုံးနည်း၏။

၁၃၈။ သံဝဏ္ဏနာနောက် ရောက်သည့် "တ"ကို အနက်ပေးနည်း။

သံဝဏ္ဏနာနောက်၌ တသဒ္ဒါ ရှိလျှင် ယင်းတသဒ္ဒါ၏ အရ သံဝဏ္ဏေတဗ္ဗပုဒ်ကို စွဲရမည်။

ပုံစံ။ **သေယျထိဒန္တိ** နိပါတော။ တဿတ္ထော။ (ဋ္ဌ၊ နှာ-၇၉)

တဿ-ထိုသေယျထိဒံ ဟူသော ပုဒ်၏။

နိယံ။ သံဝဏ္ဏနာနောက်၊ တ-လျှင်ရောက်၊ နက်ကောက် ဝဏ္ဏေတွဲ။

ttp://www.dhammadownload.com



၁၃၉။ တသ္မာသုံးလုံး အနက်ပေးနည်း။

(က) တသ္မာ နောက်၌ ဟိတ်ပါဌ်တွဲလာလျှင် ထိုတသ္မာကို ဟိတ်ပါဌ်နှင့် အတူပေါင်း၍ အနက်ပေးရမည်။

(ခ) တသ္မာ ရှေ့၌ အကျိုးဖလကိုတွေ့လျှင် ထိုအကျိုးဖလဖြစ်သော ရှေ့စကားကိုသာ တသ္မာအရ စွဲ၍ အနက်ပေးရမည်။

(ဂ) တသ္မာ၏ ရှေ့နောက်နှစ်ရပ်တို့၌ အကြောင်းပြ ဟိတ်စကား (ဟိတ်ပါဌ်) မရှိသော တသ္မာမျိုးကို သီးခြားတသ္မာ, လဒ္ဓဂုဏ်ပြတသ္မာ, နိဂုံးတသ္မာဟု ခေါ်သည်။ ယင်းတသ္မာမျိုးကို "ထို့ကြောင့်"ဟူ၍သာ အနက်ပေးရမည်။

(က)ပုံစံ တသ္မာ ဝိဝိစ္စေယတ္တာ။ (သီ၊ ဋ္ဌ၊ နှာ–၁၇)

တသ္မာ ဝိဝိစ္စေယတ္တာ–ထိုသို့ အထူးထူးအပြားပြား ရှိသောနည်း ရှိသည်၏ အဖြစ်ကြောင့်။

(ခ)ပုံစံ ဝိနယေ စ ဟေတုအတ္ထော, ကရဏတ္ထော စ သမ္ဘဝတိ ။ပ။ တတ္ထ ဝိဟာသိ။ (အကျိုးပြ ဖလ)

တသ္မာ တဒတ္ထဇောတနတ္ထံ တတ္ထ ကရဏဝစနေန နိဒ္ဒေသော။ (အကြောင်းပြ ဟိတ်) (ဋ္ဌ၊ နှာ–၃၄)

တသ္မာ–ထိုဟိတ်အနက်, ကရိုဏ်းအနက် ဖြစ်သင့်သောကြောင့်။

(ဂ)ပုံစံ ပရိယတ္တိပိ ဟိ "မာ ပိဋကသမ္ပဒါနေနာ"တိ အာဒီသု ပိဋကန္တိ ဝုစ္စတိ။ "အထ ပုရိသော အာဂစ္ဆေယျ ကုဒါလပိဋကမာဒါယာ"တိ အာဒီသု ယံ ကိဉ္စိ ဘာဇနမ္ပိ။ (ဝိတ္ထာရဝါကျ)

တသ္မာ ပိဋကံ ပိဋကတ္ထဝိဒူ ပရိယတ္တိဘာဇနတ္ထတော အာဟု။ (လဒ္ဓဂုဏဝါကျ) (သီ၊ ဋ္ဌ၊ နှာ–၁၉)

တသ္မာ–ထို့ကြောင့်။

သင်္ဂြိုဟ်။ ချဲ့မြဲ ဟိနောက်၊ တသ္မာရောက်၊ မဖောက် လဒ္ဓဂုဏ်။

သီးခြား တသ္မာ၊ ရှိခဲ့ရာ၊ ယူပါ လဒ္ဓဂုဏ်။

နိယံ။ တသ္မာ နောက်မှာ၊ ဟိတ်ပါဌ်ဖြာ၊ ပေါင်းကာ နက်ပေးရ။

တသ္မာ ရှေ့မှာ၊ ကြောင်းဟိတ်လာ၊ စွဲပါ ကျိုးဖလ။

သီခြား တသ္မာ၊ "ထို့ကြောင့်"သာ၊ သေချာ နက်ပေးကြ။

၁၄၀။ ဧဝံ ဝိဘဇိတွာ အာဟ ဝါကျဝယ် ရှိသော ဧဝံပုဒ်၌ အနက်ပေးနည်း (၂)နည်း။

ဧဝံ ဝိဘဇိတွာ ။ပ။ အာဟ ဝါကျ၌ ရှိသော ဧဝံပုဒ်ကို နိဒဿနအနက် ကြံ၍သော်လည်းကောင်း၊ ကရိုဏ်းအနက် ကြံ၍သော်လည်းကောင်း အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ ဧဝံ ကုသလံ ဝိဘဇိတွာ အကုသလံ ဝိဘဇိတုကာမော ကတမေ ဓမ္မာ အကုသလာတိ အာဟ။ (မျက်ရှု)

ဧဝံ–ဤသို့ (နိဒဿနတ္ထ)၊ (တစ်နည်း) ဧဝံ–ဤဆိုအပ်ပြီးသော နည်းဖြင့် (ကရဏတ္ထ)။

ပုံစံ။ ဧဝံ အဝဏ္ဏာဘူမိယံ ဒဿေတွာ ဣဒါနိ ဝဏ္ဏာဘူမိယံ ဒဿေတုံ "**မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုံ**"န္တိ အာဒိမာဟ။ (ဋ္ဌ၊ နှာ–၅၃)

ဧဝံ–ဤသို့ (နိဒဿနတ္ထ)၊ (တစ်နည်း) ဧဝံ–ဤဆိုအပ်ပြီးသော နည်းဖြင့် (ကရဏတ္ထ)။

နိယံ။ ဧဝံ ဝိဘဇိတွာ အာဟ၊ စသည့် ပါဌ်တွက်၊ ဧဝံ နက်မှာ၊ မှန်စွာ နိဒဿန၊ ကရိုဏ်း ပြမြဲ။

၁၄၁။ ဣတရထာ ဟိ,ပန၊ အညထာ ဟိ,ပန ပုဒ်တွေ့ရာ၌ အနက်ပေးနည်း။

ဣတရထာ ဟိ,ပန၊ အညထာ ဟိ,ပန ပုဒ်တို့ကို တွေ့ခဲ့သော် . . .

* ဣတရထာ, အညထာ ပုဒ်တို့၏ နောက်၌ရှိသော ဟိ,ပနတို့ကို လဒ္ဓဒေါသ (ဝါ) ဗျတိရေက အနက်ပေးရမည်။

ttp://www.dhammadownload.com



* အန္တယ ပုဒ်ကို အပါဒါန် ခံရမည်။

* လက္ခဏပုဒ်နှင့် လက္ခဏဝန္တ ပုဒ်တို့ကို ထည့်၍ အနက်ပေးရမည်။

ပုံစံ။ ဣတရထာ ဟိ "ကိံ ပန တွံ ဘော ဂေါတမ တဒါ ရာဇာ အဟောသိ, ဉဒါဟု ပုရောဟိတော ဗြာဟ္မဏော"တိ ဧဝံ ဥဇုကမေဝ ပုစ္ဆိယမာနော အဂါရဝေါ ဝိယ ဟောတိ။ (သီ၊ ဋ္ဌ၊ နှာ–၂၇၀)

* ဟိ–လဒ္ဓဒေါသ ထင်ရှားပြဦးအံ့၊

* ပရိဟာရတော–ပရိဟာရ် ဆောင်ခြင်းမှ (ဝါ) အဂါရဝကို ရှောင်လွှဲခြင်းမှ (အပါဒါန်)၊

* ဣတရထာ–တစ်ပါးသော အပြားအားဖြင့်၊ ဘော ဂေါတမ–မ၊ တွံ–အရှင်ဂေါတမသည်၊ တဒါ–ထိုယဇ်ပူဇော်သော အခါ၌၊ ရာဇာ–မဟာဝိဇိတမင်းသည်၊ အဟောသိ ကိံ ပန–ဖြစ်သလော၊ ဉဒါဟု–မူကား၊ ပုရောဟိတော–ပုရောဟိတ် အမည်ရှိသော၊ ဗြာဟ္မဏော–ပုဏ္ဏားသည်၊ အဟောသိ ကိံ ပန–ဖြစ်သလော၊ ဣတိ ဧဝံ–ဤသို့၊ ဘဂဝတိ–ကို (လက္ခဏဝန္တ)၊ ပုစ္ဆိယမာနေ–မေးအပ်သည် ရှိသော် (လက္ခဏဝန္တ)၊ (တစ်နည်း) အတ္တေ–ကို (လက္ခဏဝန္တ)၊ ဂယှမာနေ–ယူအပ်သည် ရှိသော် (လက္ခဏပုဒ်)၊ အဂါရဝေါ ဝိယ–မရိုသေသကဲ့သို့၊ ဟောတိ–၏။

နိယံ။ ဣတရထာ၊ အညထာ နောက်၊ ဟိ,ပန နှင့်၊ စ–လုံး ရောက်သော်၊
လဒ္ဓဒေါသ၊ ဗျတိရိက်ဟု၊ အမည် ပေးမြဲ။
ဣတရထာ၊ အညထာ ပုဒ်၊ ထုတ်၍ ရှိက၊ လက္ခဏနှင့်၊ လက္ခဏဝန်၊ ဤနှစ်တန်ကို၊
အမှန် သွင်းလျက်၊ အနက် သမ္ဗန်၊ အပါဒါန်မှာ၊ အန္တယာကို၊ ခံကာ မလွဲ၊ ထားလေမြဲ။

အမှာ။ အထက်ပါ အနက်ပေးနည်း၌ "ဟိ"နိပါတ်ကို နိယံနှင့်အညီ အနက်ပေးထား၏။ နေရင်းနိသျဉ်းမူ "ဟိ"နိပါတ်ကို ဟိ သစ္စံ–မှန်၏ဟု အနက်ယောဇနာထား၏။

၁၄၂။ ဗျတိရေကနည်းအားဖြင့် အနက်ပေးနည်း။
အန္တယဝါကျကို အနက်ပေးခိုင်းရာ၌ တိုက်ရိုက်ရှိသော ဗျတိရေကဝါကျကို ဆောင်ယူပြီး ကြိယာ၌ ယဒိ သဒ္ဒါကို ထည့်၍ ဗျတိရေကဝါကျ + အန္တယဝါကျတို့ကို အနက်ပေးသော နည်းသည် ဗျတိရေကနည်းအားဖြင့် အနက်ပေးနည်း မည်၏။

ပုံစံ။ (ပေက္ခနဝသေန ဩလောကိတဉလ္လောကိတာပလောကိတာနိ နာမ ဟောန္တိ။)
(က) တာနိ ဣဓ န ဂဟိတာနိ။ ။ဗျတိရေကဝါကျ။
(ခ) သာရုပ္ပဝသေန ပန ဣမာနေဝ ဒွေ ဂဟိတာနိ။ ။အန္တယဝါကျ။ (ဋ္ဌ၊ နှာ–၁၇၃)
"(ခ)ဝါကျကို ဗျတိရေကနည်းအားဖြင့် အနက်ပေးပုံ"

ဣဓ–ဤသာမညဖလသုတ်၌ (ဝါ) ဤသမ္ပဇဉ်အရာ၌၊ တာနိ–ထိုဩလောကိတ, ဉလ္လောကိတ, အပလောကိတတို့ကို၊ (ဘဂဝတာ–သည်၊) ယဒိ န ဂဟိတာနိ–အကယ်၍ကား မယူအပ်ကုန်။ (ဗျတိရေက) ပန–ကုန်သော်လည်း၊ သာရုပ္ပဝသေန–ရဟန်းတို့အား လျောက်ပတ်သော ကြည့်ခြင်း ဖြစ်သည်၏ အစွမ်းကြောင့်ကား၊ ဣမာနေဝ ဒွေ–ဤအာလောကိတ, ဝိလောကိတ နှစ်ပါးတို့ကိုသာလျှင်၊ ဂဟိတာနိ–ယူအပ်ကုန်၏။

ttp://www.dhammadownload.com



၁၄၃။ ဗျတိရေက ဝါကျကို ထည့်၍ အနက်ပေးနည်း။
အန္ဝယဝါကျ ရှိရာ၌ ဆန့်ကျင်ဘက် ဗျတိရေက စကားရပ်ကို ဆောင်ယူ၍ အနက်ပေးရသော နည်းသည် ဗျတိရေကဝါကျ ထည့်၍ အနက်ပေးနည်း မည်၏။

ပုံစံ။ **ဒေသနာ**တိ ပညတ္တိ။ (ဋ၊ နှာ-၂၁)
ပညတ္တိ-အနက်ကို အပြားအားဖြင့် သိစေတတ်သော တစ်လုံး,တစ်လုံးသော အက္ခရာဟူသော သဒ္ဒပညတ္တိက ဝစီဘေဒ စိတ္တဇ ပရမတ္ထ မဂသဒ္ဒါသည်၊ ဒေသနာတိ ဒေသနာ နာမ-ဒေသနာ မည်၏။ (အန္ဝယဝါကျ)
တတော-ထိုသဒ္ဒပညတ္တိက ဝစီဘေဒ စိတ္တဇ ပရမတ္ထ မဂသဒ္ဒါမှ၊ ဝိမုတ္တာ-လွတ်သော၊ ပညတ္တိ-ပညတ်သည်၊ န ဒေသနာတိ န ဒေသနာ နာမ-ဒေသနာ မမည်။ (ဗျတိရေကဝါကျ)

ပုံစံ။ အန္တရာသဒ္ဒေန ပန ယုတ္တတ္တာ ဥပယောဂဝစနံ ကတံ။ (သီ၊ ဋ၊ နှာ-၃၅)
အန္တရာသဒ္ဒေန ပန-အန္တရာသဒ္ဒါနှင့်ကား၊ ယုတ္တတ္တာ-ယှဉ်သည်၏ အဖြစ်ကြောင့်၊ ဥပယောဂဝစနံ-ဒုတိယာဝိဘတ်ကို၊ (အာယသ္မတာ အာနန္ဒတ္ထေရေန-သည်၊) ကတံ-ပြုအပ်ပြီ။ (အန္ဝယဝါကျ)
သာမိဝစနံ-ဆဋ္ဌီဝိဘတ်ကို၊ န ကတံ-မပြုအပ်။ (ဗျတိရေကဝါကျ)

ပုံစံ။ ဧဝံ ပဝတ္တဝစနပဋိက္ခေပကရဏဝသေန ပနေတာနိ ဝိသုံ အာဒီယန္တိ။ (သီ၊ ဋ၊ နှာ-၁၄၆)
ဧဝံ-သို့၊ ပဝတ္တဝစနပဋိက္ခေပကရဏဝသေန ပန-ယောက်ျားတို့၏ အစွမ်းကြောင့် ဖြစ်၏ဟူသော စကားကို ပယ်ခြင်းကို ပြုသည်၏ အစွမ်းအားဖြင့်ကား၊ ဧတာနိ-ဤနတ္ထိ ဝီရိယံ စသော သဒ္ဒါတို့ကို၊ ဝိသုံ-ပုရိသကာရ သဒ္ဒါမှ အသီးအခြား၊ အာဒီယန္တိ-ယူအပ်ကုန်၏။ (အန္ဝယဝါကျ)
ပုရိသကာရဝစနမေဝ-ပုရိသကာရ သဒ္ဒါကိုသာလျှင်၊ န အာဒီယတိ-မယူအပ်။ (ဗျတိရေက)

၁၄၄။ အန္ဝယ ဝါကျကို ထည့်၍ အနက်ပေးနည်း။
ဗျတိရေကဝါကျ ရှိရာ၌ အန္ဝယ စကားရပ်ကို ဆောင်ယူ၍ အနက်ပေးရသော နည်းသည် အန္ဝယဝါကျ ထည့်၍ အနက်ပေးနည်း မည်၏။

ပုံစံ။ ဘောဂဂ္ဂဟဏံ န ကတံ။ (သီ၊ ဋ၊ နှာ-၁၅၄)
(ဒါသဝါရေ-၌၊) ဘောဂဂ္ဂဟဏံ-ဘောဂသဒ္ဒါကို၊ န ကတံ-မပြုအပ်။ (ဗျတိရေကဝါကျ)
ကဿကဝါရေယေဝ-၌သာလျှင်၊ ဘောဂဂ္ဂဟဏံ-ဘောဂသဒ္ဒါကို၊ ကတံ-၏။ (အန္ဝယဝါကျ)

၁၄၅။ ဧဝသဒ္ဒါ ရှိရာ၌ နိဝတ္တနတ္ထ (ဝါ) ဧဝတ္ထဖလ ထည့်၍ အနက်ပေးနည်း။
ဝါကျ တစ်ဝါကျဝယ် ဂဟေတဗ္ဗတ္ထ ဧဝသဒ္ဒါ ထိုင်သောပုဒ် ရှိရာ၌ ယင်းဧဝ၏ နစ်စေအပ်သော နိဝတ္တေတဗ္ဗတ္ထ (ဝါ) နိဝတ္တနတ္ထ (ဝါ) ဧဝတ္ထဖလ ဝါကျကို ဆောင်ထည့်၍ အနက်ပေးသော နည်းသည် နိဝတ္တေတဗ္ဗတ္ထ (ဝါ) နိဝတ္တနတ္ထ (ဝါ) ဧဝတ္ထဖလ ထည့်၍ အနက်ပေးနည်း မည်၏။

ပုံစံ။ သုတ္တန္တပရိယာယေန ပန တယော တယော။ (ဋ၊ နှာ-၄၃)
သုတ္တန္တပရိယာယေန ပန-သုတ္တန်ဒေသနာအားဖြင့်ကား၊ တယော-သုံးယောက်တို့သည်၊ တယောဝ-တယောသာ မည်ကုန်၏၊ "န သမ္ဗဟုလာ-သမ္ဗဟုလ မမည်ကုန်။" (ဧဝ၏ နိဝတ္တေတဗ္ဗတ္ထ)

ပုံစံ။ **အကမ္ပိတ္တာ**တိ န သုတ္တပရိယောသာနေယေဝ အကမ္ပိတ္တာတိ ဝေဒိတဗ္ဗာ။ (ဋ၊ နှာ-၁၁၉)
အကမ္ပိတ္တာတိ-ကား၊ သုတ္တပရိယောသာနေယေဝ-သုတ်ကို ဟောသည်၏ အဆုံး၌သာလျှင်၊ အကမ္ပိတ္တ-လှုပ်ပြီ၊ ဣတိ-သို့၊ န ဝေဒိတဗ္ဗာ-မသိအပ်၊ "ဒွါသဋ္ဌိဒိဋ္ဌိဝိနိဝေဌနဋ္ဌာနေသု-ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူတို့ကို ဖြေရှင်းရာ ဌာနတို့တွင်၊ ဧကေကဋ္ဌာနပရိယောသာနေယေဝ-တစ်ပါး, တစ်ပါးသော ဌာန၏ အဆုံး၌သာလျှင်၊ အကမ္ပိတ္တ-လှုပ်ပြီ၊ ဣတိ-သို့၊ ဝေဒိတဗ္ဗာ-၏။" (နိဝတ္တနတ္ထ)

ttp://www.dhammadownload.com



ပုံစံ။ တေန ဌိတောပိ ဂစ္ဆန္တောပိ နိသိန္နောပိ သယာနောပိ ဘဂဝါ ဝိဟရတိစ္စေဝ ဝေဒိတဗ္ဗော။ (ဋ၊ နှာ-၁၂၂)
တေန-ထိုသို့ လေးပါးကုန်သော ဣရိယာပုထ်တို့တွင် တစ်ပါးပါးသော ဣရိယာပုထ်နှင့် ယှဉ်ခြင်းကို ပြခြင်းကြောင့်၊ ဌိတောပိ-ရပ်တော်မူသော်လည်းကောင်း၊ ဂစ္ဆန္တောပိ-သော်လည်းကောင်း၊ နိသိန္နောပိ-သော်လည်းကောင်း၊ သယာနောပိ-လျောင်းတော်မူသော်လည်းကောင်း၊ ဘဂဝါ-ကို၊ ဝိဟရတိစ္စေဝ-ဝိဟရတိ ဟူ၍သာလျှင်၊ ဝေဒိတဗ္ဗော-၏၊ "တိဋ္ဌတီတိ ဝါ-တိဋ္ဌတိ ဟူ၍သော်လည်းကောင်း၊ နိသီဒတိ ဝါ-လည်းကောင်း၊ သယတီတိ ဝါ-လည်းကောင်း၊ န ဝေဒိတဗ္ဗော-မသိအပ်။" (နိဝတ္တနတ္ထ)

ပုံစံ။ **သမ္ပဇာနကာရီတိ** စ သဗ္ဗပဒေသု သတိသမ္ပယုတ္တဿေဝ သမ္ပဇညဿ ဝသေန အတ္ထော ဝေဒိတဗ္ဗော။
(ဋ၊ နှာ-၁၈၂)
စ-ဆက်ပါဦးအံ့၊ သမ္ပဇာနကာရီတိ ပဒဿ-၏၊ သဗ္ဗပဒေသု-တို့၌၊ သတိသမ္ပယုတ္တဿေဝ-သတိနှင့် ယှဉ်သည်သာလျှင် ဖြစ်သော၊ သမ္ပဇညဿ-သမ္ပဇည၏၊ ဝသေန-ဖြင့်၊ အတ္ထော-ကို၊ ဝေဒိတဗ္ဗော-၏။ "သမ္ပဇညဿေဝ-သမ္ပဇည၏သာလျှင်၊ ဝသေန-ဖြင့်၊ အတ္ထော-ကို၊ န ဝေဒိတဗ္ဗော-အပ်။" (ဧဝတ္ထဖလ)

၁၄၆။ သမ္ဘိဏ္ဏနတ္ထ ပိသဒ္ဒါ၏ သမ္ဘိဏ္ဏိတဗ္ဗတ္ထကို (က) မဖော်၍ (ခ) ဖော်၍ အနက်ပေးနည်း။

ပုံစံ။ သုပ္ပိယောပိ ခေါ ပရိဗ္ဗာဇကော အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ သဒ္ဓိံ အန္တေဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေန။ (သီ၊ ပါဠိတော်၊ နှာ-၁)

(က) သမ္ဘိဏ္ဏနတ္ထ ပိသဒ္ဒါ၏ သမ္ဘိဏ္ဏိတဗ္ဗတ္ထကို မဖော်၍ အနက်ပေးနည်း။
သုပ္ပိယော-သုပ္ပိယ အမည်ရှိသော၊ ပရိဗ္ဗာဇကောပိ-သိဥ္စည်း၏တပည့် အဝတ်ဖြူကို ဝတ်သော ပရိဗိုဇ်သည်လည်း၊ ရာဇဂဟံ ရာဇဂဟဿ-ရာဇဂြိုဟ်ပြည်၏၊ အန္တရာ စ-အကြား၌လည်းကောင်း၊ နာဠန္ဒံ နာဠန္ဒာယ-နာဠန္ဒမြို့၏၊ အန္တရာ စ-၌လည်းကောင်း၊ အန္တေဝါသိနာ-အနီး၌ ကျင်လည်သော တပည့်ဖြစ်သော၊ ဗြဟ္မဒတ္တေန-ဗြဟ္မဒတ် အမည်ရှိသော၊ မာဏဝေန-လုလင်နှင့်၊ သဒ္ဓိံ-တကွ၊ (တစ်နည်း) မာဏဝေန-လုလင်ဖြစ်သော၊ ဗြဟ္မဒတ္တေန-ဗြဟ္မဒတ် အမည်ရှိသော၊ အန္တေဝါသိနာ-အနီး၌ ကျင်လည်သော တပည့်နှင့်၊ သဒ္ဓိံ-တကွ၊ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော-အဝွေး့ရှည်သော ခရီးကို သွားသည်၊ ဟောတိ-ဖြစ်ပြီ (ဝါ) ဖြစ်၏။

သတိ။ ဟောတိကို နှစ်နက်ပေးရာ၌ = ပဌမနည်းသည် အတိတ်ကာလ၊ ဒုတိယနည်းသည် တံ ကာလာပေက္ခ ဝတ္တမာန်ကို ရည်ရွယ်၍ အနက်ပေး၏။

(ခ) သမ္ဘိဏ္ဏနတ္ထ ပိသဒ္ဒါ၏ သမ္ဘိဏ္ဏိတဗ္ဗတ္ထကို ဖော်၍ အနက်ပေးနည်း။
ကေဝလံ-သုပ္ပိယပရိဗိုဇ်နှင့် မရောမယှက် သက်သက်၊ ဘဂဝါယေဝ-သည်သာလျှင်၊ ရာဇဂဟံ ရာဇဂဟဿ-၏၊ အန္တရာ စ-၌လည်းကောင်း၊ နာဠန္ဒံ နာဠန္ဒာယ-၏၊ အန္တရာ စ-၌လည်းကောင်း၊ မဟတာ-ဂုဏ်အားဖြင့် မြတ်သော (ဝါ) အရေအတွက်အားဖြင့် များစွာသော၊ ဘိက္ခုသံဃေန-ရဟန်းအပေါင်းနှင့်၊ ပဉ္စမတ္တေဟိ-ငါးခုသချာ အတိုင်းအရှည် ရှိကုန်သော၊ ဘိက္ခုသတေဟိ-ရဟန်းအရာတို့နှင့် (တစ်နည်း) ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ-ငါးရာသော ရဟန်းတို့နှင့်၊ သဒ္ဓိံ-တကွ၊ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော-သည်၊ န ဟောတိ-ဖြစ်ပြီးသည် မဟုတ်သေး (ဝါ) ဖြစ်သည် မဟုတ်သေး၊ အထ ခေါ-စင်စစ်သော်ကား၊ သုပ္ပိယော-သုပ္ပိယ အမည်ရှိသော၊ ပရိဗ္ဗာဇကောပိ-သိဥ္စည်း၏တပည့် အဝတ်ဖြူကို ဝတ်သော ပရိဗိုဇ်သည်လည်း၊ ရာဇဂဟံ ရာဇဂဟဿ-၏၊ အန္တရာ စ-၌လည်းကောင်း၊ နာဠန္ဒံ နာဠန္ဒာယ-၏၊ အန္တရာ စ-၌လည်းကောင်း၊ အန္တေဝါသိနာ-အနီး၌ ကျင်လည်သော တပည့်ဖြစ်သော၊ ဗြဟ္မဒတ္တေန-ဗြဟ္မဒတ် အမည်ရှိသော၊ မာဏဝေန-လုလင်နှင့်၊ သဒ္ဓိံ-တကွ၊ (တစ်နည်း) မာဏဝေန-လုလင်ဖြစ်သော၊ ဗြဟ္မဒတ္တေန-ဗြဟ္မဒတ် အမည်ရှိသော၊ အန္တေဝါသိ

ttp://www.dhammadownload.com



နာ–အနီး၌ ကျင်လည်သော တပည့်နှင့်၊ သဒ္ဓိံ–တကွ၊ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော–အဓွန့်ရှည်သော ခရီးကို သွားသည်၊ ဟောတိ–ဖြစ်ပြီးသည်သာ (ဝါ) ဖြစ်သည်သာ။

အမှာ။ "ရှေ့က ပိသာ၊ နောက် ဧဝါ၊ မှန်စွာ ကျမ်း၌ရှိရမြဲ။ တိုက်ရိုက်မရှိ၊ ကျေလေဘိ၊ မှတ်သိ စိတ်ဝယ်စွဲ" နိယံနှင့်အညီ ဟောတိ၌ ဧဝသဒ္ဒါကို ကြံဆ၍ အနက်ပေးသည်။

၁၄၇။ ပိသဒ္ဒါ၏ သမုစ္စေတဗ္ဗတ္ထကို (က) မဖော်၍ (ခ) ဖော်၍ အနက်ပေးနည်း။

ပုံစံ။ သီတုဒကပဋိက္ခိတ္တကာေ သော၊ ဝစ္စံ ကတွာပိ ဥဒကကိစ္စံ န ကရောတိ။ (ဌ၊ နှာ–၁၃၂)

(က) ပိသဒ္ဒါ၏ သမုစ္စေတဗ္ဗတ္ထကို မဖော်၍ အနက်ပေးနည်း။
သော သော–ဤပကုဓကစ္စာယနသည်၊ သီတုဒကပဋိက္ခိတ္တကော–ရေချမ်းကို ပယ်၏၊ ဝစ္စံ–ကျင်ကြီးကို၊ ကတွာပိ–၍လည်း၊ ဥဒကကိစ္စံ–ရေဆေးခြင်း ကိစ္စကို၊ န ကရောတိ–မပြု။

(ခ) ပိသဒ္ဒါ၏ သမုစ္စေတဗ္ဗတ္ထကို ဖော်၍ အနက်ပေးနည်း။
သော သော–သည်၊ သီတုဒကပဋိက္ခိတ္တကော–၏၊ ဝစ္စံ–ကို၊ ကတွာပိ–၍လည်း၊ ဘောဇနံ–ကို၊ ဘုဉ္ဇိတွာပိ–စားပြီး၍လည်း၊ ကေနစိ–သော၊ အသုစိနာ–မစင်ဖြင့်၊ မက္ခိတွာပိ–လူးမိ၍လည်း၊ ဥဒကကိစ္စံ–ကို၊ န ကရောတိ–မပြု။

၁၄၈။ ဌာနာဌာနပယောဂ အနက်ပေးနည်း။

(က) ပုဒ်တစ်ပုဒ်ကို ဝါကျအတွင်း ရှိရင်းစွဲ နေရာ၌သာ ထား၍ အနက်ပေးသော နည်းသည် ဌာနပယောဂ ၊ဝါ– ဌာနပယုဂ် (ခ) ပုဒ်တစ်ပုဒ်ကို ရှိရင်းစွဲ နေရာ၌ မထားမူ၍ တစ်ပါးသော နေရာ၌သာ ထားပြီး အနက်ပေးသော နည်းသည် အဋ္ဌာနပယောဂ ၊ဝါ– အဋ္ဌာနပယုဂ် (ဂ) ပုဒ်တစ်ပုဒ်ကို ရှိရင်းစွဲ နေရာ၌လည်း ကောင်း, တစ်ပါးသော နေရာ၌လည်းကောင်း ထား၍ အနက်ပေးသော နည်းသည် ဌာနာဌာနပယောဂ ၊ဝါ– ဌာနာဌာနပယုဂ် အနက်ပေးနည်း မည်၏။

ပုံစံ။ အယံ ကိရ တံ တံ ဘူတမေဝ ကာရဏံ အပဒိသန္တော အနေကပရိယာယေန ရတနတ္တယဿ ဂုဏူပသညိတံ ပသံသံ အဘာသိ။ (ဌ၊ နှာ–၃၉)

(က) အယံ–ဤဗြဟ္မဒတ် အမည်ရှိသော လုလင်သည်၊ ကိရ–တစ်ဆင့်စကား ကြားဘူးသည်ကား၊ ဘူတမေဝ–ဟုတ်မှန်သည်သာလျှင် ဖြစ်သော၊ တံ တံ ကာရဏံ–ကို၊ အပဒိသန္တော–ညွှန်းသည် ဖြစ်၍၊ အနေကပရိယာယေန–များစွာသော အကြောင်းဖြင့်၊ ရတနတ္တယဿ–အား (ဝါ) ၏၊ ဂုဏူပသညိတံ–ဂုဏ်တော်နှင့် စပ်သော၊ ပသံသံ–ချီးမွမ်းစကားကို၊ အဘာသိ–ဆိုပြီ။ (ကိရသဒ္ဒါ ဌာနပယုဂ် ကြံသည်။)

(ခ) အယံ–သည်၊ ဘူတမေဝ–သော၊ တံ တံ ကာရဏံ–ကို၊ အပဒိသန္တော–၍၊ အနေကပရိယာယေန–ဖြင့်၊ ရတနတ္တယဿ–အား (ဝါ) ၏၊ ဂုဏူပသညိတံ–သော၊ ပသံသံ–ကို၊ အဘာသိ ကိရ–ဆိုသတဲ့။
(ကိရသဒ္ဒါ အဋ္ဌာနပယုဂ် ကြံသည်။)

(ဂ) အယံ–သည်၊ ကိရ–ကား၊ ဘူတမေဝ–သော၊ တံ တံ ကာရဏံ–ကို၊ အပဒိသန္တော–၍၊ အနေကပရိယာယေန–ဖြင့်၊ ရတနတ္တယဿ–အား (ဝါ) ၏၊ ဂုဏူပသညိတံ–သော၊ ပသံသံ–ကို၊ အဘာသိ ကိရ–ဆိုသတဲ့။ (ကိရသဒ္ဒါ ဌာနာဌာနပယုဂ် ကြံသည်။)

ttp://www.dhammadownload.com



ပုံစံ။ သဗ္ဗမေဝ စေတံ ဓမ္မော စေဝ ဝိနယော စာတိ သင်္ချံ ဂစ္ဆတိ။ (ဌ၊ နှာ-၁၆)

(ခ) စ-အဖြေကို ဆိုဦးအံ့၊ သဗ္ဗမေဝ-အလုံးစုံသာလျှင် ဖြစ်သော၊ ဧတံ ဗုဒ္ဓဝစနံ-သည်၊ ဓမ္မောတိ စေဝ-ဟူ၍လည်းကောင်း၊ ဝိနယောတိ စ-ဟူ၍လည်းကောင်း၊ သင်္ချံ-အရေအတွက်သို့၊ ဂစ္ဆတိ-ရောက်၏။

(ကိရသဒ္ဒါ အဌာနပယုဂ် ကြံသည်။)

အမှာ။ ကစ္စည်းကျမ်းလာ "ဒေါ ဓေဿ စ"သုတ် စသဒ္ဒါကိုလည်း ဌာနာဌာနပယောဂ ကြံကြည့်ပါလေ။

၁၄၉။ စသဒ္ဒါကို ကာရက၊ ကြိယာ၊ ကာရက+ကြိယာ သမုစ္စည်း ကြံ၍ အနက်ပေးနည်း။

စသဒ္ဒါကို သမုစ္စည်းကြံသော် (က) ကာရကသမုစ္စည်း (ခ) ကြိယာသမုစ္စည်း (ဂ) ကာရက+ကြိယာ သမုစ္စည်း သုံးနည်းကြံ၍ အနက်ပေးနိုင်သည်။

ပုံစံ။ လိင်္ဂ နိပ္ပဇ္ဇတေ။ (ကစ္စည်း)

(က) ကာရကသမုစ္စည်း ကြံ၍ အနက်ပေးပုံ။

လိင်္ဂ-လိင်ကိုလည်း၊ ဓာတု စ-ဓာတ်ကိုလည်း၊ နိပ္ပဇ္ဇတေ-ပြီးစေအပ်၏။

(ခ) ကြိယာသမုစ္စည်း ကြံ၍ အနက်ပေးပုံ။

လိင်္ဂ-လိင်ကို၊ နိပ္ပဇ္ဇတေ စ-ပြီးလည်း ပြီးစေအပ်၏၊ ဌပီယတေ စ-ထားလည်း ထားအပ်၏။

(ဂ) ကာရက+ကြိယာ သမုစ္စည်းကြံ၍ အနက်ပေးပုံ။

လိင်္ဂ-လိင်ကိုလည်း၊ ဓာတု စ-ဓာတ်ကိုလည်း၊ နိပ္ပဇ္ဇတေ စ-ပြီးလည်း ပြီးစေအပ်၏၊ ဌပီယတေ စ-ထားလည်း ထားအပ်၏။

ပုံစံ။ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊ ဥပါသကံ မံ ဘဂဝါ ဓာရေတု။ (သီ၊ပါဠိတော်၊ နှာ-၈၀)

(က) ကာရကသမုစ္စည်း ကြံ၍ အနက်ပေးပုံ။

ဘဂဝန္တဉ္စ-ကိုလည်းကောင်း၊ ဓမ္မဉ္စ-ကိုလည်းကောင်း၊ ဘိက္ခုသံဃဉ္စ-ကိုလည်းကောင်း၊ သရဏံ သရဏံ ဣတိ-ဆင်းရဲကို ဖျောက်ပေတတ်၏၊ ချမ်းသာကို ဆောင်ပေတတ်၏ဟူ၍၊ ဂစ္ဆာမိ ဘဇာမိ-ဆည်းကပ်ပါ၏၊ ဘန္တေ-ရား၊ ဘဂဝါ-သည်၊ မံ-ကို၊ ဥပါသကဉ္စ-သီတင်းသည်ဟူ၍လည်း၊ ဓာရေတု-မှတ်တော်မူလော့။

(ခ) ကြိယာသမုစ္စည်း ကြံ၍ အနက်ပေးပုံ။

ဘဂဝန္တံ-ကို၊ ဓမ္မံ-ကို၊ ဘိက္ခုသံဃံ-ကို၊ သရဏံ သရဏံ ဣတိ-ဆင်းရဲကို ဖျောက်ပေတတ်၏၊ ချမ်းသာကို ဆောင်ပေတတ်၏ဟူ၍၊ ဂစ္ဆာမိ စ ဘဇာမိ စ-ဆည်းလည်း ဆည်းကပ်ပါ၏၊ ဘန္တေ-ရား၊ ဘဂဝါ-သည်၊ မံ-ကို၊ ဥပါသကံ-သီတင်းသည်ဟူ၍၊ ဓာရေတု စ-မှတ်လည်း မှတ်တော်မူလော့။

(ဂ) ကာရက+ကြိယာသမုစ္စည်း ကြံ၍ အနက်ပေးပုံ။

ဘဂဝန္တဉ္စ-ကိုလည်းကောင်း၊ ဓမ္မဉ္စ-ကိုလည်းကောင်း၊ ဘိက္ခုသံဃဉ္စ-ကိုလည်းကောင်း၊ သရဏံ သရဏံ ဣတိ-ဆင်းရဲကို ဖျောက်ပေတတ်၏၊ ချမ်းသာကို ဆောင်ပေတတ်၏ဟူ၍၊ ဂစ္ဆာမိ စ ဘဇာမိ စ-ဆည်းလည်း ဆည်းကပ်ပါ၏၊ ဘန္တေ-ရား၊ ဘဂဝါ-သည်၊ မံ-ကို၊ ဥပါသကဉ္စ-သီတင်းသည်ဟူ၍လည်း၊ ဓာရေတု စ-မှတ်လည်း မှတ်တော်မူလော့။

၁၅၀။ ပုဗ္ဗာနုသန္ဓေဝါကျ ထည့်၍ အနက်ပေးနည်း။

အပရာနုသန္ဓေ ဝါကျရှိရာ၌ ပုဗ္ဗာနုသန္ဓေ ဝါကျကို ထည့်၍ အနက်ပေးသော နည်းပင် ဖြစ်၏။

ပုံစံ။ ကြဒါနိ မဇ္ဈိမသီလံ ဝိတ္ထာရေန္တော "**ယထာ ဝါ ပနေကေ ဘောန္တော**"တိ အာဒိမာဟ။ (သီ၊ ဌ၊ နှာ-၇၉)

ဧဝံ-သို့၊ စူဠသီလံ-ကို၊ ဝိတ္ထာရေတွာ-၍ (ပုဗ္ဗာနုသန္ဓေဝါကျ)။

ttp://www.dhammadownload.com



ဣဒါနိ–၌၊ မဇ္ဈိမသီလံ–ကို၊ ဝိတ္ထာရေန္တော–ချဲ့တော်မူလိုသည်၊ (ဟုတွာ–၍၊) "ယထာ ဝါ ပနေကေ ဘောန္တော"တိ အာဒိံ–အစရှိသော ပါဠ်ကို၊ (ဘဂဝါ–သည်၊) အာဟ–၏ (အပရာနုသန္ဓေဝါကျ)။

ပုံစံ။ ဣဒါနိ "သဿတော အတ္တာ စ လောကော စာ"တိ အာဒိကာယ ပဋိညာယ သာနေတ္တုံ ဟေတုံ ဒဿေန္တော "တံ ကိဿ ဟေတု? အဟံ ဟိ အာတပ္ပမန္ဝာယာ"တိ အာဒိမာဟ။ (သီ၊ ဋ္ဌ၊ နှာ–၉၈)

ဧဝံ–သို့၊ အတ္တနော စ–အတ္တ၏လည်းကောင်း၊ လောကဿ စ–လောက၏လည်းကောင်း၊ သဿတဘာဝံ–မြဲသည်၏အဖြစ်ကို၊ ဒဿေတွာ–၍ (ပုဗ္ဗာနုသန္ဓေဝါကျ)။

အမှာ။ ဣဒါနိမှ အာဒိမာဟ တိုင်အောင်သော စကားရပ်သည် အပရာနုသန္ဓေဝါကျတည်း။ အာဟ၏ ကတ္တား ကို "ဒိဋ္ဌိဂတိကော–မိစ္ဆာအယူရှိသော ပုဂ္ဂိုလ်သည်"ဟု ထည့်၍ အနက် ဆက်ပေးပါလေ။

၁၅၁။ ကိဋ္ဌာပိ (စတုက္က) ဝါကျ၌ အနက်ပေးနည်း။

* ကိဋ္ဌာပိ ဖြုတ်၍ နနု ထည့်ပြီး ကိဋ္ဌာပိ ဝါကျကို အနက်ပေးပါ။
* ကိဋ္ဌာပိ ဝါကျ၏ နောက်၌ရှိသော အမေးစောဒနာ ဝါကျ၏ အစ၌ "အထ ကသ္မာ" ထည့်၍ စောဒနာ ဝါကျကို အနက်ပေးပါ။
* "ဣတိ အယံ စောဒနာ"ဟူသော ပါဌသေသထည့်ပြီး အနက်ပေးပါ။
* ကိဋ္ဌာပိနှင့်တကွ ဝါကျအားလုံးကို အနက်ပေးပါ။
* "ဣတိ အယံ သောဓနာ"ဟူသော ပါဌသေသထည့်ပြီး အနက်ပေးပါ။

ပုံစံ။ ပဌမမဟာသင်္ဂီတိ နာမ စေသာ ကိဋ္ဌာပိ ဝိနယပိဋကေ တန္တိမာရူဠှာ၊ နိဒါနကောသလ္လတ္ထံ ပန ဣဓာပိ ဧဝံ ဝေဒိတဗ္ဗာ။ (သီ၊ ဋ္ဌ၊ နှာ–၃)

* စ–ဆက်ပါဦးအံ့၊ ဧသာ ပဌမမဟာသင်္ဂီတိ နာမ–ဤကြီးကျယ်စွာ ပူဇော်အပ်သော ပဌမ မဟာသင်္ဂါယနာ မည်သည်ကို၊ ဝိနယပိဋကေ–ဝိနည်းပိဋကတ်၌၊ တန္တိံ–ပါဠိသို့၊ အာရူဠှာ နနု–တင်ခဲ့သည် မဟုတ်ပါလော။
* အထ–ထိုသို့ တင်ခဲ့သည် ဖြစ်ပါလျက်၊ ကသ္မာ–ကြောင့်၊ ဣဓာပိ–ဤသုမင်္ဂလဝိလာသိနီမည်သော ဒီဃ နိကာယ် အဋ္ဌကထာ၌လည်း၊ ဧဝံ ဣမိနာ ဝုစ္စမာနနယေန–ဤဆိုအပ်လတ္တံ့သော နည်းဖြင့်၊ ဝေဒိတဗ္ဗာ– သိအပ်သနည်း၊
* ဣတိ အယံ–ဤသည်ကား၊ စောဒနာ–စောဒနာတည်း။
* ဧသာ ပဌမမဟာသင်္ဂီတိ နာမ–ဤကြီးကျယ်စွာ ပူဇော်အပ်သော ပဌမ မဟာသင်္ဂါယနာ မည်သည်ကို၊ ဝိနယပိဋကေ–ဝိနည်းပိဋကတ်၌၊ တန္တိံ–ပါဠိသို့၊ ကိဋ္ဌာပိ အာရူဠှာ–အကယ်၍ကား တင်အပ်ပြီး၏ရှင့်၊ ပန တထာပိ–ထိုသို့ တင်အပ်ပြီးသော်လည်း၊ နိဒါနကောသလ္လတ္ထံ–နိဒါန်း၌ လိမ္မာစေခြင်းငှာ၊ ဣဓာပိ– ဤသုမင်္ဂလဝိလာသိနီ မည်သော ဒီဃနိကာယ် အဋ္ဌကထာ၌လည်း၊ ဧဝံ ဣမိနာ ဝုစ္စမာနနယေန–ဖြင့်၊ ဝေဒိတဗ္ဗာ–သိအပ်၏၊
* ဣတိ အယံ–ဤသည်ကား၊ သောဓနာ–သောဓနာ တည်း။

နိယံ။ ကိဋ္ဌာပိ ဖြုတ်၊ နနု ထုတ်၊ မေးလုပ် ယင်းဝါကျာ။
အထ ကသ္မာ၊ အစဖြာ၊ မေးရာ စောဒနာ။
ဣတိ အယံ၊ စောဒနံ၊ ထည့်မှန် မှတ်စရာ။
ကိဋ္ဌာပိ ပါ၊ ကုန် ဝါကျာ၊ စဉ်ကာ နက်ပေးရာ။
ဣတိ အယံ၊ သောဓနံ၊ ထည့်မှန် ဆိုးသတ်ရာ။

ttp://www.dhammadownload.com



သတိ။ ကိဋ္ဌာပိဝါကျ အနက်ပေးနည်းနှင့် ကာမဥ္စ, ကာမံ, နနု စသည်ပါသော စတုက္ကဝါကျတို့၏ အနက်ပေးနည်းသည် မထူးပြီ။ အနုသန္ဓေဝါကျ၌ စတုက္ကဝါကျ အနက်ပေးနည်းကို သိလိုသော် ယင်းအနုသန္ဓေဝါကျကို စောဒကာဘောဂါဒိ စတုက္ကထုတ်၍ အနက်ပေးရုံသာတည်း။

အမှာ။ ၃–နံပါတ် ပုစ္ဆာလာ စောဒကာဘောဂါဒိ စတုက္ကစည်းမျဉ်းကို သဘောပေါက်အောင် ကြိုတင်၍ လေ့လာထားမှသာ ကိဋ္ဌာပိဝါကျ အနက်ပေးနည်းကို လွယ်ကူစွာ သဘောပေါက်ပါမည်။

၁၅၂။ အတ္ထော ပုဒ်၏ သမ္ဗန်ကို ဖော်ထုတ်၍ အနက်ပေးနည်း။

သံဝဏ္ဏနာ ဖွင့်ရာ၌ "အတ္ထော" ပုဒ်ကို တွေ့လျှင် ရှေ့က သံဝဏ္ဏေတဗ္ဗပုဒ် (ဝါ) ပုဒ်ရင်းကို "...တိပဒဿ"ဟု သမ္ဗန်ထည့်၍ အနက်ပေးရမည်။

ပုံစံ။ **အယံ သင်္ခိယဓမ္မောတိ** သင်္ခိယာ ဝုစ္စတိ ကထာ၊ ကထာဓမ္မောတိ အတ္ထော။ (သီ၊ ဋ္ဌ၊ နှာ–၄၃+၄၄)

အယံ သင်္ခိယဓမ္မောတိ ဧတ္ထ ပါဠိ–၌၊ ကထာ–စကားကို၊ သင်္ခိယာ သင်္ခိယာ ဣတိ–သင်္ခိယာဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏၊ ကထာဓမ္မော–စကားသဘောသည်၊ ဣတိ အယံ–ကား၊ အယံ သင်္ခိယဓမ္မောတိ ပဒဿ–အယံ သင်္ခိယဓမ္မောဟူသော ပုဒ်၏ (အတ္ထော သမ္ဗန်)၊ အတ္ထော–အနက်တည်း။

(ဤကား = ပါဠသေသနည်းဖြင့် အတ္ထော ပုဒ်၏ သမ္ဗန်ခံပုံတည်း။)

(တစ်နည်း) အယံ သင်္ခိယဓမ္မောတိ ဧတ္ထ ပါဠိ–၌၊ ကထာ–စကားကို၊ သင်္ခိယာ သင်္ခိယာ ဣတိ–ဟူ၍၊ ဝုစ္စတိ–၏၊ ကထာဓမ္မော–သည်၊ ဣတိ အယံ–ကား၊ အတ္ထော–အယံ သင်္ခိယဓမ္မောဟူသော ပုဒ်၏ (အတ္ထော သမ္ဗန်) အနက်တည်း။ (ဤကား = အတ္ထသေသနည်းဖြင့် အတ္ထော ပုဒ်၏ သမ္ဗန်ခံပုံတည်း။)

အမှာ။ သာမညမေးသော် = ပါဠသေသနည်းဖြင့် သမ္ဗန်ခံပုံကိုသာ ဖြေပါ။

ပုံစံ။ **မနသိ ကရောဟီတိ** အာဝဇ္ဇ၊ သမန္နာဟရာတိ အတ္ထော။ (သီ၊ ဋ္ဌ၊ နှာ–၁၅၅)

မနသိ ကရောဟီတိ–ဟူသည်ကား၊ အာဝဇ္ဇ–နှလုံးသွင်းလော၊ သမန္နာဟရ–နှလုံး၌ ထားလော၊ ဣတိ အယံ–ကား၊ မနသိ ကရောဟီတိ ပဒဿ–၏ (အတ္ထောသမ္ဗန်)၊ အတ္ထော–အနက်တည်း။

ပုံစံ။ ဗြဟ္မံ အဏာတီတိ **ဗြာဟ္မဏော**၊ မန္တေ သဇ္ဈာယတီတိ အတ္ထော။ (သီ၊ ဋ္ဌ၊ နှာ–၂၁၇)

ဗြဟ္မံ–ဗေဒင်ကို၊ အဏတိ–သရဇ္ဈာယ်တတ်၏၊ ဣတိ တသ္မာ–ကြောင့်၊ ဗြာဟ္မဏော–ဗြာဟ္မဏ မည်၏၊ မန္တေ–ဗေဒင်တို့ကို၊ သဇ္ဈာယတိ–သရဇ္ဈာယ်တတ်၏၊ ဣတိ အယံ–ကား၊ ဗြဟ္မံ အဏာတီတိ ပဒါနံ–တို့၏ (သမ္ဗန်)၊ အတ္ထော–တည်း။

အမှာ။ သံဝဏ္ဏေတဗ္ဗ နှစ်ဆင့်ရှိရာ၌ = ဒုတိယ သံဝဏ္ဏေတဗ္ဗပုဒ်ကို သမ္ဗန်ခံရမည်။ ပုံစံများကို ဆက်၍ ရှုပါ။

ပုံစံ။ အန္တေ ဝသတီတိ **အန္တေဝါသီ**၊ သမီပစာရော သန္တိကာဝစရော သိဿောတိ အတ္ထော။ (သီ၊ ဋ္ဌ၊ နှာ–၃၆)

အန္တေ ဝသတီတိ ပဒါနံ–တို့၏၊ (တစ်နည်း) အန္တေ ဝသတီတိ ဝါကျဿ–၏။ (အတ္ထော သမ္ဗန်)

ပုံစံ။ အစ္ဆရာယောဂ္ဂန္တိ **အစ္ဆရိယံ**၊ အစ္ဆရံ ပဟာရိတုံ ယုတ္တန္တိ အတ္ထော။ (သီ၊ ဋ္ဌ၊ နှာ–၄၄)

အစ္ဆရာယောဂ္ဂန္တိ ပဒဿ–၏။ (အတ္ထော သမ္ဗန်)

ပုံစံ။ **ပစ္စယိကောတိ** ပတ္တိယာယိတဗ္ဗကော၊ သဒ္ဒါယိတဗ္ဗကောတိ အတ္ထော။ (သီ၊ ဋ္ဌ၊ နှာ–၇၂)

ပတ္တိယာယိတဗ္ဗကောတိ ပဒဿ–၏။ (အတ္ထော သမ္ဗန်)

နိယံ။ အတ္ထောသမ္ဗန်၊ ပုဒ်ရင်းခံ၊ ကေန်မှတ်လိုက်ပါ။

အမှာ။ ပုစ္ဆာနံပါတ် (၅+၆)တို့၌ လာသော သမ္ဗန်နှင့် အာဘော်+သံဝဏ္ဏနာ စည်းမျဉ်းကို ကြိုတင်၍ လေ့လာထားမှသာလျှင် အတ္ထော ပုဒ်နှင့် ဖော်ပြလတ္တံ့သော အဓိပ္ပါယော ပုဒ်တို့၏ သမ္ဗန်ခံနည်းကို သဘောပေါက်မည်။

ttp://www.dhammadownload.com



၁၅၃။ အဓိပ္ပါယော ပုဒ်၏ သမ္ဗန်ကို ဖော်ထုတ်၍ အနက်ပေးနည်း။

သံဝဏ္ဏနာ ဖွင့်ရာ၌ "အဓိပ္ပါယော" ပုဒ်ကို တွေ့လျှင် ရှေ့က သံဝဏ္ဏေတဗ္ဗပုဒ်ကိုလည်းကောင်း၊ ပုဂ္ဂိုလ်ကို လည်းကောင်း တစ်ခုခုကို ဖြစ်စေ၊ နှစ်ခုလုံးကို ဖြစ်စေ သမ္ဗန်ထည့်၍ အနက်ပေးရမည်။

ပုံစံ။ ကေစိ ပန "**ဤသိကဋ္ဌာယိဋ္ဌိတောတိ** ပါဠိံ ဝတွာ မုဋ္ဌေ ဤသိကာ ဝိယ ဋ္ဌိတော"တိ ဝဒန္တိ၊ တတြာယ မဓိပ္ပါယော။ (သီ၊ ဋ္ဌ၊ နှာ–၉၇+၉၈)

ကေစိ ပန–အချို့သော ပုဂ္ဂိုလ်တို့သည်ကား၊ ဤသိကဋ္ဌာယိဋ္ဌိတောတိ–ဤသိကဋ္ဌာယိဋ္ဌိတော ဟူ၍၊ ပါဠိံ–ပါဠိကို၊ ဝတွာ–ရွတ်၍၊ မုဋ္ဌေ–ဖြုဆံမြက်၌၊ ဤသိကာ ဝိယ–အညွှာက်ကဲ့သို့ (ဝါ) အတွင်းအဆံကဲ့သို့၊ ဋ္ဌိတော–တည်၏၊ ဣတိ ဣမံ အတ္ထံ–ကို၊ ဝဒန္တိ–ဆိုကြကုန်၏၊ တတြ–ထိုကေစိဆရာတို့ စကား၌၊ အယံ–ဤဆိုလတ္တံ့သည်ကား၊ ကေသဉ္စိ အာစရိယာနံ–ကေစိဆရာတို့၏ (အဓိပ္ပါယော သမ္ဗန်)၊ အဓိပ္ပါယော–အလိုတည်း။

ပုံစံ။ **မနသိ ကရောဟီတိ** အာဝဇ္ဇ၊ သမန္နာဟရာတိ အတ္ထော၊ အဝိက္ခိတ္တစိတ္တော ဟုတွာ နိသာမေဟိ စိတ္တေ ကရောဟီတိ အဓိပ္ပါယော။ (သီ၊ ဋ္ဌ၊ နှာ–၁၅၅)

မနသိ ကရောဟီတိ–ဟူသည်ကား၊ အာဝဇ္ဇ–နှလုံးသွင်းလော၊ သမန္နာဟရ–နှလုံး၌ ထားလော၊ ဣတိ အတ္ထော–ကို၊ ဝေဒိတဗ္ဗော–၏၊ အဝိက္ခိတ္တစိတ္တော–တည်ကြည်သော စိတ်ရှိသည်၊ ဟုတွာ–၍၊ နိသာမေဟိ–စုံစမ်းဆင်ခြင်လော၊ စိတ္တေ–၌၊ ကရောဟိ–ပြုလေ၊ ဣတိ အယံ–ကား၊ မနသိ ကရောဟီတိ ပဒဿ–၏ (အဓိပ္ပါယော သမ္ဗန်)၊ အဓိပ္ပါယော–အဓိပ္ပါယ်တည်း။

(တစ်နည်း) ဘဂဝတော–၏ (အဓိပ္ပါယော သမ္ဗန်)၊ အဓိပ္ပါယော–အလိုတော်တည်း။

နိယံ။ အဓိပ္ပါယော၊ မှတ်လော သမ္ဗန်၊ ပုဒ်ရင်း ကြံ၊ ဝါဒန္တရာ၊ ပုဂ္ဂလာ။

၁၅၄။ သံဝဏ္ဏနာရှု၍ အနက်ပေးနည်း။

ပါဠိတော်ကို အဖွင့်ခံသံဝဏ္ဏေတဗ္ဗ ပုဒ်တို့ကို အဋ္ဌကထာအဖွင့် သံဝဏ္ဏနာအားလျော်စွာ အနက်ပေးခြင်းသည် သံဝဏ္ဏနာရှု၍ အနက်ပေးနည်းမည်၏။

ပုံစံ။ (က) သွာယမိဓ အာကာရနိဒဿနာဝဓာရဏေသု ဒဋ္ဌဗ္ဗော။

(ခ) ဣဓ ပန "မယာ သုတ"န္တိ စ "မမ သုတ"န္တိ စ အတ္ထဒွယေ ယုဇ္ဇတိ။

(ဂ) ဣဓ ပနဿ သောတဒွါရာနုသာရေန ဥပဓာရိတန္တိ ဝါ ဥပဓာရဏန္တိ ဝါတိ အတ္ထော။

(ဃ) မေသဒ္ဒဿ ဟိ မယာတိ အတ္ထေ သတိ "ဧဝံ မယာ သုတံ သောတဒွါရာနုသာရေန ဥပဓာရိတ"န္တိ ယုဇ္ဇတိ။

(င) မမာတိ အတ္ထေ သတိ "ဧဝံ မမ သုတံ သောတဒွါရာနုသာရေန ဥပဓာရဏ"န္တိ ယုဇ္ဇတိ။

(သီ၊ ဋ္ဌ၊ နှာ–၂၈+၂၉)

မေး။ "ဧဝံ မေ သုတံ" ပါဠိတော်ကို အဋ္ဌကထာ အဖွင့်အားလျော်စွာ အနက်ပေးပြပါ။

ဖြေ။ ဘန္တေ–အရှင်ဘုရား၊ ဧဝံ–တစ်ခုသော အခြင်းအရာအားဖြင့် (အာကာရ)၊ (တစ်နည်း) ဧဝံ–ဤသို့ (နိဒဿန)၊ (တစ်နည်း) ဧဝံ–ဤဘုရားဟောကိုသာလျှင် (အဝဓာရဏ)၊ မေ မယာ–သည်၊ ဣဒံ သုတ္တံ–ဤဗြဟ္မဇာလသုတ်ကို၊ သုတံ–နာယူမှတ်သား ဆောင်ထားအပ်ပါပြီ (ဝါ) သောတဒွါရသို့ အစဉ်လိုက်သော မနောဝိညာဏ်ဖြင့် ဆောင်ထားအပ်ပါပြီ။

ttp://www.dhammadownload.com



"တစ်နည်းကား"

ဘန္တေ၊ ဓဝံ (ပေးမြဲအတိုင်း ပေးလေ)၊ မေ မမ–၏၊ ဣမဿ သုတ္တဿ–ဤပြဟ္မဇာလသုတ်ကို၊ သုတ်–နာယူမှတ်သား ဆောင်ထားရခြင်းသည် (ဝါ) သောတဒွါရသို့ အစဉ်လိုက်သော မနောဝိညာဏ်ဖြင့် ဆောင်ထားရခြင်းသည် အဟောသိ–ဖြစ်ပါပြီ။

အမှာ။ ပထမနည်းဖြင့် = မေသဒ္ဒါကို မယာဟူသော ကတ္တားအနက် ယောဇနာခဲ့သော် သုတံသဒ္ဒါကို ဥပစာရိတံ ဟူသော ကံအနက်ဖြင့် ယောဇနာပုံကို ပြဆို၏။ ဒုတိယနည်းဖြင့် = မေသဒ္ဒါကို မမဟူသော သမ္ဗန်အနက် ယောဇနာခဲ့သော် သုတံသဒ္ဒါကို ဥပစာရဏံ ဟူသော ဘောအနက်ဖြင့် ယောဇနာပုံကို ပြဆို၏။

ပုံစံ။ (က) ယေန **ကုစ္ဆာနင်္ဂလန္တိ** ယေန ဒိသာဘာဂေန ကုစ္ဆာနင်္ဂလံ အဝသရိတဗ္ဗံ။

(ခ) ယသ္မိံ ဝါ ပဒေသေ ကုစ္ဆာနင်္ဂလံ။

(ဂ) **တဒဝသရီ**တိ တေန အဝသရိ။

(ဃ) တံ ဝါ အဝသရိ။ (သီ၊ ဋ္ဌ၊ နှာ–၂၁၇)

မေး။ "ယေန ကုစ္ဆာနင်္ဂလံ တဒဝသရိ" ပါဠိတော်ကို (က+ဂ) အဋ္ဌကထာ အဖွင့်တို့အားလျော်စွာ အနက်ပေးပြပါ။

ဖြေ။ ယေန (ဒိသာဘာဂေန)–အကြင်အရပ်မျက်နှာ အဘို့ဖြင့်၊ ကုစ္ဆာနင်္ဂလံ–ကုစ္ဆာနင်္ဂလ အမည်ရှိသော ဇနပုဒ်သို့၊ အဝသရိတဗ္ဗံ–သွားအပ်၏၊ တံ (တေန ဒိသာဘာဂေန)–ထိုအရပ်မျက်နှာ အဘို့ဖြင့်၊ အဝသရိ–ကြွသွားတော်မူပြီ။

မေး။ "ယေန ကုစ္ဆာနင်္ဂလံ တဒဝသရိ" ပါဠိတော်ကို (ခ+ဃ) အဋ္ဌကထာ အဖွင့်တို့အားလျော်စွာ အနက်ပေးပါ။

ဖြေ။ ယေန (ယသ္မိံ ပဒေသေ)–အကြင်အရပ်၌၊ ကုစ္ဆာနင်္ဂလံ–ကုစ္ဆာနင်္ဂလ အမည်ရှိသော ဇနပုဒ်သည်၊ အတ္ထိ–ရှိ၏၊ တံ (ပဒေသံ)–ထိုကုစ္ဆာနင်္ဂလ အမည်ရှိသော ဇနပုဒ်ရှိရာ အရပ်သို့၊ အဝသရိ–ရောက်တော်မူပြီ။

ပုံစံ။ **ယထာ ကထံ ပနာဟံ ဘော တန္တိ** ဧတ္ထ ကထံ ပနာဟံ ဘော တံ ဘဝန္တံ ဂေါတမံ ဇာနိဿာမိ၊ ယထာ သက္ကာ သော ဉာတုံ၊ တထာ မေ အာစိက္ခာဟီတိ အတ္ထော။ **ယထာ**တိ ဝါ နိပါတမတ္တမေဝေတံ။ **ကထန္တိ** အယံ အာကာရပုစ္ဆာ၊ ကေနာကာရေနာဟံ တံ ဘဝန္တံ ဂေါတမံ ဇာနိဿာမီတိ အတ္ထော။ (ဋ္ဌ၊ နှာ–၂၂၁)

မေး။ "ယထာ ကထံ ပနာဟံ ဘော တံ ဘဝန္တံ ဂေါတမံ ဇာနိဿာမိ" ပါဠိတော်ကို အဋ္ဌကထာဖွင့် ရှု၍ အနက်ပေးပြပါ။

ဖြေ။ ဘော အာစရိယ–အိုဆရာ၊ ကထံ–အဘယ်သို့သော အခြင်းအရာအားဖြင့်၊ အဟံ–ငါသည်၊ တံ ဘဝန္တံ ဂေါတမံ–ထိုအရှင်ဂေါတမကို၊ ဇာနိဿာမိ–နည်း၊ ယထာ ယေနာကာရေန–အကြင်အခြင်းအရာ အားဖြင့်၊ အာစိက္ခိယမာနေ–သော်၊ သော (အဟံ)–သည်၊ ဉာတုံ–ငှာ၊ သက္ကာ–တတ်နိုင်၏၊ တထာ တေနာကာရေန–ထိုသိနိုင်လောက်သော အခြင်းအရာအားဖြင့်၊ မေ–အား၊ အာစိက္ခာဟိ–လော့။

(တစ်နည်း) ဘော အာစရိယ–ရာ၊ ကထံ ကေနာကာရေန–ဖြင့်၊ အဟံ–သည်၊ တံ ဘဝန္တံ ဂေါတမံ–ကို၊ ဇာနိဿာမိ–နည်း။

သတိ။ ပထမနည်း၌ ယထာ–ကို အနက်ရှိ ကြံ၏။ ဒုတိယနည်း၌ ယထာ–ကို အနက်မဲ့ ကြံ၏။

အမှာ။ ဖြ–နံပါတ်ပုစ္ဆာလာ အာဘောသံဝဏ္ဏနာ စည်းမျဉ်းကို သဘောပေါက်အောင် ကြိုတင်၍ လေ့လာထားမှသာ အဋ္ဌကထာ အဖွင့်အားလျော်စွာ အနက်ပေးနည်းကို သဘောပေါက်ပါမည်။

ttp://www.dhammadownload.com



၁၅၅။ မုချတ္ထ၊ ဥပစာရတ္ထ အနက်ပေးနည်း။

ပုံစံ။ စက္ခုနာ ရူပံ ပဿတိ။ (သဒ္ဒါစစ်)

စက္ခုနာ–စက္ခုပသာဒဖြင့်၊ ရူပံ–ကို၊ ပဿတိ–မြင်၏။ (မုချတ္ထ)

စက္ခုနာ–စက္ခုဝိညာဏ်ဖြင့်၊ ရူပံ–ကို၊ ပဿတိ–မြင်၏။ (ကာရဏူပစာရတ္ထ)

ပုံစံ။ **သဗ္ဗဝါရိဝါရိတော စာ**တိ ဝါရိတသဗ္ဗဥဒကော၊ ပဋိက္ခိတ္တသဗ္ဗသီတောဒကောတိ အတ္ထော။ (ဋ၊ နှာ–၁၅၁)

ဝါရိတသဗ္ဗဥဒကော–တားမြစ်အပ်ပြီးသော အလုံးစုံသော ရေရှိ၏။ (မုချတ္ထ)

ဝါရိတသဗ္ဗဥဒကော–တားမြစ်အပ်ပြီးသော အလုံးစုံသော ရေအေးကို သုံးဆောင်ခြင်း ရှိ၏။ (ဥပစာရတ္ထ)

ပုံစံ။ ဩဒနော ပစ္စတေ။ (သဒ္ဒါစစ်)

ဩဒနော–ထမင်းကို၊ ပစ္စတေ–ချက်အပ်၏။ (မုချတ္ထ)

ဩဒနော–ဆန်ကို၊ ပစ္စတေ–ချက်အပ်၏။ (ဖလူပစာရတ္ထ)

ပုံစံ။ သီဟော ဂါယတိ။ (သဒ္ဒါစစ်)

သီဟော–ခြင်္သေ့သည်၊ ဂါယတိ–သီချင်းဆို၏။ (မုချတ္ထ)

သီဟော–သီဟမည်သော လုလင်သည်၊ ဂါယတိ–၏။ (သဒိသူပစာရတ္ထ)

ပုံစံ။ မဉ္စာ ဃောသန္တိ။ (သဒ္ဒါစစ်)

မဉ္စာ–ညောင်စောင်းတို့သည်၊ ဃောသန္တိ–ကြွေးကြော်ကုန်၏။ (မုချတ္ထ)

မဉ္စာ–ညောင်စောင်း၌ တည်သောသူတို့သည်၊ ဃောသန္တိ–ကြကုန်၏။ (ဌာနူပစာရတ္ထ)

ပုံစံ။ ကုန္တာ ပစရန္တိ။ (သဒ္ဒါစစ်)

ကုန္တာ–လှံတို့သည်၊ ပစရန္တိ–လှည့်လည်ကုန်၏။ (မုချတ္ထ)

ကုန္တာ–လှံထမ်းသူတို့သည်၊ ပစရန္တိ–၏။ (ဌာနျူပစာရတ္ထ)

ပုံစံ။ သမုဒ္ဒေါ မယာ ဒိဋ္ဌော။ (သဒ္ဒါစစ်)

သမုဒ္ဒေါ–သမုဒ္ဒရာကို၊ မယာ–သည်၊ ဒိဋ္ဌော–မြင်အပ်၏။ (မုချတ္ထ)

သမုဒ္ဒေါ–သမုဒ္ဒရာ၏ တစ်စိတ်တစ်ဒေသကို၊ မယာ–သည်၊ ဒိဋ္ဌော–၏။ (ဧကဒေသျူပစာရတ္ထ)

ပုံစံ။ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော။ (ဋ၊ နှာ–၃)

ဓမ္မော စ–သုတ်, အဘိဓမ္မာ, ဝိနည်းကိုလည်းကောင်း။ (မုချတ္ထ)

ဓမ္မော စ–သုတ်, အဘိဓမ္မာကိုလည်းကောင်း။ (ဧကဒေသျူပစာရတ္ထ)

ပုံစံ။ ရာဇာ အာဂစ္ဆတိ။ (နည်းစစ်)

ရာဇာ–မင်းသည်၊ အာဂစ္ဆတိ–လာ၏။ (မုချတ္ထ)

ရာဇာ–မင်းနှင့်တကွ ခြွေရံမှူးမတ်ပရိသတ်သည်၊ အာဂစ္ဆတိ–လာ၏။ (ဧကဒေသူပစာရတ္ထ)

ပုံစံ။ ဂင်္ဂါယံ သဿံ တိဋ္ဌတိ။ (သဒ္ဒါစစ်)

ဂင်္ဂါယံ–ဂင်္ဂါမြစ်၌၊ သဿံ–ကောက်သည်၊ တိဋ္ဌတိ–တည်၏။ (မုချတ္ထ)

ဂင်္ဂါယံ–ဂင်္ဂါမြစ်၏အနီး ကမ်းပါး၌၊ သဿံ–ကောက်ပင်သည်၊ တိဋ္ဌတိ–၏။ (သမီပူပစာရတ္ထ)

ပုံစံ။ ရာဇဂဟေ ဝိဟရတိ ဇီဝကဿ ကောမာရဘစ္စဿ အမ္ဗဝနေ။ (ပါဠိတော်၊ နှာ–၄၄)

ရာဇဂဟေ–ရာဇဂြိုဟ်မြို့၌။ (မုချတ္ထ)

ရာဇဂဟေ–ရာဇဂြိုဟ်မြို့၏ အနီးဖြစ်သော သရက်ဥယျာဉ် အတွင်းဝယ် ဆောက်လုပ်အပ်သော အမ္ဗဝန် ကျောင်းတော်၌။ (ဥပစာရတ္ထ)

ttp://www.dhammadownload.com



အမှာ။ (၈)နံပါတ် စည်းမျဉ်း၌ ဖော်ပြလတ္တံ့သော ဥပစာ (၁၀)ပါးကို သဘောပေါက်အောင် ကြိုတင်၍ လေ့လာထားမှသာလျှင် ဤမုချတ္ထ+ဥပစာရတ္ထ အနက်ပေးနည်းကို သဘောပေါက်ပါမည်။

၁၅၆။ (က) သဒ္ဒတ္ထ (ခ) အဓိပ္ပါယတ္ထ (ဂ) ဝေါဟာရတ္ထ+သင်္ကေတတ္ထ+ပညတျတ္ထ အနက်ပေးနည်း။

(က) သမာသ်ပုဒ်များ၌ နာမ်ပုဒ်နှစ်ပုဒ်၏ အစပ်သမ္ဗန် အနက် (ဝါ) သမာသ် ဝိဂြိုဟ်၏အနက် ပေါ်လွင်စေလျက် အနက်ပေးခြင်း၊

တဒ္ဓိတ်ပုဒ်များ၌ ပုဒ်+ပစ္စည်း၏ အစပ်သမ္ဗန် အနက် (ဝါ) တဒ္ဓိတ် ဝိဂြိုဟ်၏အနက် ပေါ်လွင်စေလျက် အနက်ပေးခြင်း၊

အာချာတ်ပုဒ်များ၌ ဓာတ်+ဝိဘတ်၏ အနက်တို့ကို ပေါ်လွင်စေလျက် အနက်ပေးခြင်း၊

ကိတ်ပုဒ်များ၌ ဓာတ်+ပစ္စည်း၏ သာဓနအနက် (ဝါ) ကိတ် ဝိဂြိုဟ်၏အနက် ပေါ်လွင်စေလျက် အနက်ပေးခြင်း၊

ဥပသာရပုဒ်, နိပါတ်ပုဒ်များ၌ ယင်းတို့၏ မူရင်းဟောသော အနက်တို့ကို ပေါ်လွင်ထင်ရှားစေလျက် အနက်ပေးခြင်းတို့သည် သဒ္ဒတ္ထ အနက်ပေးနည်း မည်၏။

(ခ) အလိုရှိအပ်သော အနက်ကို အဓိပ္ပါယ် ပေါ်လွင်ထင်ရှားအောင် အနက်ပေးခြင်းသည် အဓိပ္ပါယတ္ထ အနက်ပေးနည်း မည်၏။

(ဂ) ယခုခေတ်သုံး ဝေါဟာရအတိုင်း အနက်ပေးခြင်းသည် ဝေါဟာရတ္ထ + သင်္ကေတတ္ထ + ပညတျတ္ထ အနက်ပေးနည်း မည်၏။

ပုံစံ။ ဆိန္နဟတ္ထော။ (သမာသ်)

ပြတ်သော လက်ရှိသောသူ (သဒ္ဒတ္ထ)၊ လက်ပြတ်သောသူ (အဓိပ္ပါယတ္ထ)၊ ဒေးဗစ်ချန်း (ဝေါဟာရတ္ထ)။

ပုံစံ။ ခီဏာသဝေါ။ (သမာသ်)

ကုန်ပြီးသော အာသဝေါ ရှိသောသူ (သဒ္ဒတ္ထ)၊ ရှင်သာရိပုတြာ, အရှင်မဟာမောဂ္ဂလ္လာန် စသည် (အဓိပ္ပါယတ္ထ)၊ ရဟန္တာ (ဝေါဟာရတ္ထ+သင်္ကေတတ္ထ+ပညတျတ္ထ)။

ပုံစံ။ ဒေါဝါရိကော။ (တဒ္ဓိတ်)

တံခါး၌ ယှဉ်သောသူ (သဒ္ဒတ္ထ)၊ မောင်ဘ (အဓိပ္ပါယတ္ထ)၊ တံခါးစောင့်, ဒရဝမ် (ဝေါဟာရတ္ထ)။

ပုံစံ။ ကာရာပေတိ။ (အာချာတ်)

ပြုလုပ်စေ၏ (သဒ္ဒတ္ထ)၊ ပြုလုပ်ပါဟု ပြော၏ (အဓိပ္ပါယတ္ထ)၊ ခိုင်း၏ (ဝေါဟာရတ္ထ+သင်္ကေတတ္ထ)။

ပုံစံ။ ပုရိသော။ (ကိတ်)

မိဘတို့၏ စိတ်နှလုံးကို ပြည့်စေတတ်သော သူသည် (သဒ္ဒတ္ထ)၊ အောင်အောင်သည် (အဓိပ္ပါယတ္ထ)၊ ယောကျ်ားသည် (ဝေါဟာရတ္ထ+သင်္ကေတတ္ထ+ပညတျတ္ထ)။

ပုံစံ။ ပဥ္စမတ္တေဟိ ဘိက္ခုသတေဟိ။ (သီ၊ ပါဠိတော် နှာ-၁)

ပဉ္စမတ္တေဟိ-ငါးလီအတိုင်းအရှည် ရှိကုန်သော၊ ဘိက္ခုသတေဟိ-ရဟန်းတို့၏ အရာတို့ဖြင့် (သဒ္ဒတ္ထ)။

ပဥ္စမတ္တေဟိ ဘိက္ခုသတေဟိ-ငါးရာသော ရဟန်းတို့ဖြင့် (ဝါ) ရဟန်း ငါးရာတို့ဖြင့် (အဓိပ္ပါယတ္ထ)။

ပုံစံ။ သန္နိသိန္နာ။ (သီ၊ ပါဠိတော် နှာ-၂)

အညီအညွတ် ထိုင်နေကြကုန်သည် (ဝါ) ပြောဆိုဆွေးနွေးကြကုန်သည် (ဝါ) စည်းဝေးကြကုန်သည်။

ttp://www.dhammadownload.com



ပုံစံ။ ရာဇဂဟေ။ (သီ၊ ပါဠိတော် နှာ–၄၄)

မန္တာတ်စကြာမင်း, မဟာဂေါဝိန္ဒပုရောဟိတ် အစရှိသူတို့သည် မင်းနေပြည်အဖြစ်ဖြင့် ပိုင်းခြားသတ်မှတ် သိမ်းပိုက်အပ်သော မြို့တော်မြတ်၌ (သဒ္ဒတ္ထ)၊ ရာဇဂြိုဟ်အမည်ရှိသော မြို့၌ (ဝေါဟာရတ္ထ)။

အမှာ။ သဒ္ဒတ္ထကား = တဉ္စိ မန္ဓာတုမဟာဂေါဝိန္ဒာဒီဟိ ပရိဂ္ဂဟိတတ္တာ ရာဇဂဟန္တိ ဝုစ္စတိ ဝါကျကိုရှု၏။ ဝေါဟာရတ္ထကား = ရာဇဂဟောတိ ဧဝံ နာမကေ နဂရေ ဝါကျကိုရှု၏။

ပုံစံ။ ဝိဟရတိ။ (သီ၊ ပါဠိတော် နှာ–၄၄)

တစ်ခုသော ဣရိယာပုထ်ဖြင့် ကျင်နာနှိပ်စက် ခံရခြင်းကို တစ်ခုသော ဣရိယာပုထ်ဖြင့် ဖြတ်၍ အတ္တဘော ကို မကျသည်ကို ပြု၍ ဆောင်တတ်၏ (သဒ္ဒတ္ထ)၊ ဖြစ်စေတတ်၏ (အဓိပ္ပါယတ္ထ)၊ နေတော်မူ၏။ (ဝေါဟာရတ္ထ)

ပုံစံ။ အမ္ဗလဋ္ဌိကာယံ ... ဘိက္ခုသတေဟိ။ (သီ၊ ပါဠိတော် နှာ–၄၄)

အမုတေဥ္စသေဟိ–အခွဲဖြင့် မှတ်အပ်သော တစ်ဆယ့်သုံး အတိုင်းအရှည် ရှိကုန်သော (ဝါ) အခွဲနှင့်တကွ တစ်ဆယ့်သုံး အရေအတွက် ရှိကုန်သော၊ ဘိက္ခုသတေဟိ–ရဟန်းအရာတို့နှင့် (သဒ္ဒတ္ထ)။

အမုတေဥ္စသေဟိ ဘိက္ခုသတေဟိ–တစ်ထောင့် နှစ်ရာ့ ငါးကျိပ် အရေအတွက် ရှိကုန်သော ရဟန်းတို့နှင့်။ (အဓိပ္ပါယတ္ထ)

ပုံစံ။ ဃရာဝါသော။ (သီ၊ ပါဠိတော် နှာ–၅၉)

အိမ်ဟူသော နေရာသည် (သဒ္ဒတ္ထ)၊ အိမ်ရာတည်ထောင် လူ့ဘောင်သည် (အဓိပ္ပါယတ္ထ)။

ပုံစံ။ အနဂါရိယံ။ (သီ၊ ပါဠိတော် နှာ–၅၉)

အိမ်၌ နေသောသူ၏ အစီးအပွားဖြစ်သော လယ်ထွန်ခြင်း, ကုန်သွယ်ခြင်း စသော အမှု၏ မရှိရာဖြစ်သော ရဟန်းဘဝ၌ (သဒ္ဒတ္ထ)၊ အိမ်ရာမထောင် ရဟန်းဘောင်၌ (အဓိပ္ပါယတ္ထ)။

ပုံစံ။ အစ္ဆာဒေတွာ။ (သီ၊ ပါဠိတော် နှာ–၅၉)

ဖုံးလွှမ်း၍ (သဒ္ဒတ္ထ)၊ ဝတ်ရုံ၍ (အဓိပ္ပါယတ္ထ)၊ သင်္ကန်းစည်း၍ (ဝေါဟာရတ္ထ+သင်္ကေတတ္ထ+ပညတ္တျတ္ထ)။

ပုံစံ။ သရဏံ (ဂတံ)။ (သီ၊ ပါဠိတော် နှာ–၈၀)

ဆင်းရဲကို ပယ်ဖျောက်, ညှင်းဆဲ, ဖျက်ဆီးတတ်၏ဟူ၍ (သဒ္ဒတ္ထ)၊ ကိုးကွယ်အားထားရာဟူ၍ (အဓိပ္ပါယတ္ထ)၊ သရဏဂုဏ်ဟူ၍ (ဝေါဟာရတ္ထ+သင်္ကေတတ္ထ+ပညတ္တျတ္ထ)၊ ဂတံ–ဆည်းကပ်တတ်သော။

ပုံစံ။ အဓိဝါသေသိ။ (သီ၊ ပါဠိတော် နှာ–၁၀၂)

မိမိအထက်၌ သက်ဝင်တည်နေစေပြီ (သဒ္ဒတ္ထ)၊ လက်ခံပြီ (ဝေါဟာရတ္ထ+သင်္ကေတတ္ထ+ပညတ္တျတ္ထ)။

ပုံစံ။ ဥပဋ္ဌာနသာလာယံ။ (ဋ္ဌ၊ နှာ–၄၃)

ကပ်၍တည်ရာ ဇရပ်ကိုလည်း (သဒ္ဒတ္ထ)၊ စည်းဝေးရာ, ဆည်းကပ်ရာ ဇရပ်ကိုလည်း (ဝေါဟာရတ္ထ)။ ညီမှုခံရာ ဇရပ်, ညီလာခံရာ ဇရပ်ကိုလည်း (ပေါရာဏတ္ထ)။

ပုံစံ။ အသညသတ္တာ။ (ဋ္ဌ၊ နှာ–၁၀၈)

သညာမရှိကုန်သော သတ္တဝါတို့သည် (သဒ္ဒတ္ထ၊ မုချတ္ထ)၊ သညာဦးစီးသော နာမက္ခန္ဓာလေးပါးလုံး မရှိကြ ကုန်သော သတ္တဝါတို့သည် (အဓိပ္ပါယတ္ထ၊ ဥပစာရတ္ထ)၊ အသညသတ် သတ္တဝါတို့သည် (ဝေါဟာရတ္ထ)။

ပုံစံ။ ပစ္စက္ခဓမ္မော။ (ဋ္ဌ၊ နှာ–၁၁၁)

ဣန္ဒြေတို့၏ ရှေးရှုဖြစ်သော တရားကို (သဒ္ဒတ္ထ)၊ ပစ္စုပ္ပန် အတ္တဘောကို (အဓိပ္ပါယတ္ထ)။

ttp://www.dhammadownload.com



အချုပ်။ ပုဒ်တစ်ခု၌ ပါဝင်တည်ရှိသော ဓာတု, ပစ္စယ, သာဓန, သတ္တိ, ဝစနတ္ထအားလျော်စွာ အနက်ပေးခြင်းကို သဒ္ဒတ္ထဟု ခေါ်၏။

အမှာ။ ဝိဟာရတိ စသော ပုဒ်တို့ကား အာချာတ်ပုဒ် ဖြစ်၍ ဝိဂ္ဂဟ မပြုကောင်းပါသော်လည်း ဓာတ်, ပစ္စည်း, ဝိဘတ်, ဥပသာရတို့၏ အနက် ပေါ်လွင်အောင် ပေးခြင်းကို သဒ္ဒတ္ထဟု ခေါ်၏။ ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၏ သဒ္ဒတ္ထ စသည်ဖြင့် အနက်ပေးနည်းသည် ဆိုခဲ့ပြီးသော ပုဒ်တို့၌ ထိုက်သင့်သလို ပါဝင်သွားပြီး ဖြစ်၍ ယင်းပုဒ်တို့၏ သဒ္ဒတ္ထ စသည်ဖြင့် အနက်ပေးနည်းကို သီးသန့်မပြတော့ပြီ။

၁၅၇။ ကေမန္တံ နိသီဒိ (အဋ္ဌာသိ) ဝါကျဝယ် ကေမန္တံ ပုဒ်၌ သဒ္ဒတ္ထ စသည်တို့ဖြင့် အနက်ပေးနည်း။
ကေမန္တံ–တစ်ခုသော အရပ်အစု၌ (အန္တသဒ္ဒေါ ကောဋ္ဌာသဟောဟု ကြံသော သဒ္ဒတ္ထ ပေးနည်း)၊
ကေမန္တံ–သင့်တင့်လျောက်ပတ်စွာ (ဝါ) သင့်တင့်လျောက်ပတ်သော အရပ်၌ (အဓိပ္ပါယတ္ထ)၊
ကေမန္တံ–ဝေး,နီး,လေညာ, မြင့်လွန်းရာနှင့်, ရှေ့မှာစူးစူး, နောက်ရပ်ထူးဟု ခြောက်ဦးညစ်ကြေး နေပြစ်ဘေးမှ ကင်းဝေးလျောက်ပတ် ဆည်းကပ်ဖို့ရာ သင့်မြတ်လှသော တစ်ခုသော အစွန်ဖျားကျသော အရပ်၌ (ဆနိသဇ္ဇဒေါသ သရူပတ္ထကို ပေါ်လွင်စေလျက်)၊
ကေမန္တံ–ဝေး,နီး,ရှေ့,နောက်, လေအောက်,လေညာ, နိမ့်,မြင့်ရာဟု ရှစ်ဖြာညစ်ကြေး နေပြစ်ဘေးမှ ကင်းဝေး လျောက်ပတ် ဆည်းကပ်ဖို့ရာ သင့်မြတ်လှသော တစ်ခုသော အစွန်ဖျားကျသော အရပ်၌ (အဋ္ဌနိသဇ္ဇဒေါသ သရူပတ္ထကို ပေါ်လွင်စေလျက်)။

၁၅၈။ သဂုဏဒဗ္ဗာပေက္ခ, ကေဝလဒဗ္ဗာပေက္ခ အနက်ပေးနည်း။
ပုဒ်တစ်ခု၏ သဒ္ဒါအနက်, ဂုဏ်ထူးဝိသေသ အနက်များကို ဖော်၍ ဒြပ်အနက် ပေါ်အောင် အနက်ပေးသော နည်းသည် သဂုဏဒဗ္ဗာပေက္ခ အနက်ပေးနည်း မည်၏။ ပုဒ်တစ်ခု၏ သဒ္ဒါအနက်, ဂုဏ်ထူးဝိသေသ အနက်များ မပါဘဲ ဒြပ်အနက်မျှသာ ပေါ်အောင် အနက်ပေးသော နည်းသည် ကေဝလဒဗ္ဗာပေက္ခ အနက် ပေးနည်း မည်၏။

ပုံစံ။ ဗုဒ္ဓေါ–သိတော်မူတတ်သော မြတ်စွာဘုရားသည်။ (သဂုဏဒဗ္ဗာပေက္ခ အနက်)
ဗုဒ္ဓေါ–မြတ်စွာဘုရားသည်။ (ကေဝလဒဗ္ဗာပေက္ခ အနက်)

သတိ။ ဗုဒ္ဓေါကို = ဗုဇ္ဈတီတိ ဗုဒ္ဓေါဟု ဝိဂ္ဂဟ ပြုပါ။

ပုံစံ။ နာထော–သတ္တလောက၏ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခိုရာ ဖြစ်တော်မူသော မြတ်စွာဘုရား သည်။ (သဂုဏဒဗ္ဗာပေက္ခ အနက်)
နာထော–မြတ်စွာဘုရားသည်။ (ကေဝလဒဗ္ဗာပေက္ခ အနက်)

သတိ။ နာထောကို = သဗ္ဗသတ္တေ နာထတိ အဘိဘဝတီတိ နာထောဟု ဝိဂ္ဂဟ ပြုပါ။

ပုံစံ။ ပုရိသော–မိဘတို့၏ စိတ်နှလုံးကို ပြည့်စေတတ်သော သားယောကျ်ားသည်။ (သဂုဏဒဗ္ဗာပေက္ခ အနက်)
ပုရိသော–သားယောကျ်ားသည်။ (ကေဝလဒဗ္ဗာပေက္ခ အနက်)

သတိ။ ပုရိသောကို = မာတာပိတူနံ ဟဒယံ ပူရေတီတိ ပုရိသောဟု ဝိဂ္ဂဟ ပြုပါ။

ပုံစံ။ ဂေါ–သွားတတ်သော နွားသည်။ (သဂုဏဒဗ္ဗာပေက္ခ အနက်)
ဂေါ–နွားသည်။ (ကေဝလဒဗ္ဗာပေက္ခ အနက်)

သတိ။ ဂေါကို = ဂစ္ဆတီတိ ဂေါဟု ဝိဂ္ဂဟ ပြုပါ။

ttp://www.dhammadownload.com



အမှာ။ သဂုဏဒဗ္ဗာပေက္ခ အနက်ပေးနည်းသည် သဒ္ဒတ္ထ အနက်ပေးနည်းနှင့် တူ၏။ ကေဝလဒဗ္ဗာပေက္ခ အနက်ပေးနည်းသည် အဓိပ္ပါယတ္ထ, ဝေါဟာရတ္ထ, သင်္ကေတတ္ထ, ပညတျတ္ထ အနက်ပေးနည်းတို့နှင့် တူ၏။ ကေဝလဒဗ္ဗာပေက္ခ အနက်ပေးနည်းကို = အဂုဏဒဗ္ဗာပေက္ခ အနက်ပေးနည်းဟုလည်းကောင်း၊ နာမာပေက္ခ အနက်ပေးနည်းဟုလည်းကောင်း ခေါ်ကြသေး၏။

နိယံ။ ဂုဏ်နှင့် ဒဗ္ဗ၊ ငဲ့တုံက၊ မှတ်ကြ သဂုဏာ။
ဒြဗ်တွင်မျှ၊ ငဲ့တုံက၊ မှတ်ကြ ကေဝလာ။

၁၅၉။ ဥပမာလင်္ကာရ အနက်ပေးနည်း။
ဥပမာတို့ဖြင့် တန်ဆာဆင်၍ အနက်ပေးသော နည်းသည် ဥပမာလင်္ကာရ အနက်ပေးနည်း မည်၏။

ပုံစံ။ ရတနတ္တယံ အဟံ ဝန္ဒာမိ။
အညေ သဇ္ဇနာ-ငါမှတစ်ပါး အခြားကုန်သော သူတော်ကောင်းတို့သည်၊ ရတနတ္တယံ-ရတနာသုံးပါး အပေါင်းကို၊ ဝန္ဒန္တိ ယထာ-ရှိခိုးကြကုန်သကဲ့သို့ (ဥပမာဖြင့် တန်ဆာဆင်သည်)၊
တထာ-ထို့အတူ၊ ရတနတ္တယံ-ရတနာသုံးပါး အပေါင်းကို၊ အဟံ-ငါသည်၊ ဝန္ဒာမိ-ရှိခိုးပါ၏။

အမှာ။ ဥပမာနဝါကျ အပိုထည့်၍ အနက်ပေးသည်။

ပုံစံ။ အဓိကရဏတ္ထော, ဘာဝေန ဘာဝလက္ခဏတ္ထော စ သမ္ဘဝတိ။ (သီ၊ ဋ၊ နှာ-၃၄)
"တိလေသု တေလံ တိဋ္ဌတိ"တိ အာဒီသု-တို့၌၊ အဓိကရဏတ္ထော-သည်၊ သမ္ဘဝတိ ဝိယ စ-ဖြစ်သင့်၊ ဖြစ်ထိုက်သကဲ့သို့လည်းကောင်း၊ "ဘိက္ခူသု ဘောဇီယမာနေသု ဂတော ပုရိသော"တိ အာဒီသု-တို့၌၊ ဘာဝေန ဘာဝလက္ခဏတ္ထော-သည်၊ သမ္ဘဝတိ ဝိယ စ-လည်းကောင်း၊
တထာ-တူ၊ (အဘိဓမ္မေ-၌၊) အဓိကရဏတ္ထော စ-လည်းကောင်း၊ ဘာဝေန ဘာဝလက္ခဏတ္ထော စ-လည်းကောင်း၊ သမ္ဘဝတိ-၏။

ပုံစံ။ အစ္စန္တသံယောဂတ္ထော သမ္ဘဝတိ။ (သီ၊ ဋ၊ နှာ-၃၄)
"မာသံ မံသောဒနံ ဘုဉ္ဇတိ"တိ အာဒီသု-တို့၌၊ အစ္စန္တသံယောဂတ္ထော-သည်၊ သမ္ဘဝတိ ဝိယ-ကဲ့သို့၊
တထာ-တူ၊ (သုတ္တန္တေ-၌၊) အစ္စန္တသံယောဂတ္ထော-သည်၊ သမ္ဘဝတိ-၏။

၁၆၀။ ဟေတာလင်္ကာရ အနက်ပေးနည်း။
ဟိတ်ပါဠိတို့ဖြင့် တန်ဆာဆင်၍ အနက်ပေးသော နည်းသည် ဟေတာလင်္ကာရ အနက်ပေးနည်း မည်၏။

ပုံစံ။ ရတနတ္တယံ အဟံ ဝန္ဒာမိ။
ရတနတ္တယပဏာမစေတနာယ-ရတနာသုံးပါးကို ရှိခိုးကြောင်း စေတနာ၏၊ အန္တရာယဝိသောဓနတော-ဘေးရန်အန္တရာယ် အသွယ်သွယ်ကို ကင်းစင်လွင့်ပျောက်စေနိုင်သောကြောင့် (ဟိတ်ဖြင့် တန်ဆာဆင်သည်)၊
ရတနတ္တယံ-ကို၊ အဟံ-သည်၊ ဝန္ဒာမိ-၏။

အမှာ။ ဟိတ်ပါဠိထည့်၍ အနက်ပေးသည်။

ပုံစံ။ သဗ္ဗမေဝ စေတံ ဓမ္မော စေဝ ဝိနယော စာတိ သင်္ချံ ဂစ္ဆတိ။ (သီ၊ ဋ၊ နှာ-၁၆)
စ-အဖြေကို ဆိုပါဦးအံ့ (ဝါ) ဆက်၊ သဗ္ဗမေဝ-သာလျှင်ဖြစ်သော၊ ဧတံ ဗုဒ္ဓဝစနံ-သည်၊ ယထာနုသိဋ္ဌံ-ဆုံးမတော်မူသည့်အတိုင်း၊ ပဋိပဇ္ဇမာနေ-ကျင့်သူတို့ကို၊ အပါယပတနာဒိတော-အပါယ်သို့ ကျရောက်စေခြင်း စသည်မှ၊ ဓာရဏေန-ဆောင်ခြင်းကြောင့်၊ ဓမ္မော စေဝ-ဟူ၍လည်းကောင်း၊ ကိလေသဝိနယနေန-ကိလေသာတို့ကို ပယ်ဖျောက်ခြင်းကြောင့်၊ ဝိနယော စ-ဟူ၍လည်းကောင်း၊ ဣတိ သင်္ချံ-သို့၊ ဂစ္ဆတိ။

အမှာ။ သာရတ္ထနှင့်အညီ ယောဇနာထားသည်။

ttp://www.dhammadownload.com



ပုံစံ။ တတ္ထ ကမ္မံ ပဋိဗာဟန္တေနာပိ ဝိပါကော ပဋိဗာဟိတော ဟောတိ၊ ဝိပါကံ ပဋိဗာဟန္တေနာပိ ကမ္မံ ပဋိဗာဟိတံ ဟောတိ။ (သီ၊ ဋ၊ နှာ-၁၅၀)

တတ္ထ-ထိုကံ, ကံ၏ အကျိုးတို့တွင်၊ ကမ္မံ-ကို၊ ပဋိဗာဟန္တေနာပိ-မြစ်သောသူသည်လည်း၊ ဝိပါကော-ကို၊ ပဋိဗာဟိတော-မြစ်အပ်သည်၊ ဟောတိ-၏၊ (ကသ္မာ-ကား၊ ကမ္မသိဒ္ဓိ-ကံသည်၊ အသတိ-သော်၊ ဝိပါကာဘာဝတော-အကျိုး၏ မရှိခြင်းကြောင့်တည်း။)

ဝိပါကံ-ကို၊ ပဋိဗာဟန္တေနာပိ-သည်လည်း၊ ကမ္မံ-ကို၊ ပဋိဗာဟိတံ-သည်၊ ဟောတိ-၏၊ (ကသ္မာ-ကား၊ ဝိပါကေ-သည်၊ အသတိ-သော်၊ နိရတ္ထကတာပတ္တိတော-အကျိုး မရှိသည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့်တည်း။)

အမှာ။ ဋီသစ်နှင့်အညီ ယောဇနာထားသည်။

ပုံစံ။ သတ္တလောကော အဓိပ္ပေတော။ (သီ၊ ဋ၊ နှာ-၁၅၆)

သတ္တနိကာယန္တောဂဓတော-သတ္တနိကာယ၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့်၊ သတ္တလောကော-ကို၊ အဓိပ္ပေတော-၏။

အမှာ။ ဥပမာလင်္ကာရနည်း, ဟေတာလင်္ကာရနည်းတို့ဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ အနက်ပေးနိုင်လိုသော် ဋီကာသစ်ကို သော်လည်းကောင်း၊ အထူးထုတ် စာအုပ်များကိုသော်လည်းကောင်း၊ စာချဆရာတော်များ၏ ပို့ချချက်များကို သော်လည်းကောင်း မှတ်သားသိရှိထားမှသာလျှင် အဆင်ပြေပါမည်။

၁၆၁။ ဥပမာဟေတာလင်္ကာရ အနက်ပေးနည်း။

ဥပမာ+ဟိတ်ပါဌ်တို့ဖြင့် တန်ဆာဆင်၍ အနက်ပေးသော နည်းသည် ဥပမာဟေတာလင်္ကာရ အနက်ပေးနည်း မည်၏။

ပုံစံ။ ရတနတ္တယံ အဟံ ဝန္ဒာမိ။

အဉေ သဇ္ဇနာ-တို့သည်၊ ရတနတ္တယံ-ကို၊ ဝန္ဒန္တိ ယထာ-သို့ (ဥပမာဖြင့် တန်ဆာဆင်သည်)၊ တထာ-ထို့အတူ၊ ရတနတ္တယပဏာမစေတနာယ-၏၊ အန္တရာယဝိသောဓနေတော-ကြောင့် (ဟိတ်ဖြင့် တန်ဆာဆင်သည်)၊ ရတနတ္တယံ-ကို၊ အဟံ-သည်၊ ဝန္ဒာမိ-၏။

အမှာ။ ဥပမာ+ဟိတ် နှစ်မျိုးထည့်၍ အနက်ပေးသည်။

၁၆၂။ နော ဟေတံ ဘန္တေ ဝါကျ၌ အနက်ပေးနည်း (၂)နည်း။

နော ဟေတံ ဘန္တေ ဝါကျ၌ (က) ပါဌ်ရှိသည့်အတိုင်း အနက်ပေးသောနည်း (ခ) ပုစ္ဆာ+ဝိသဇ္ဇနာ နည်းအားဖြင့် အနက်ပေးသော နည်းဟူ၍ အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ (အပိ နု တွံ ဓဝံ ဝဒေယျာသိ "ဇေတု မေ ဘောာ သော ပုရိသော၊ ပုနဒေဝ ဟောတု ဒါသော ကမ္မကာရော ပုဗ္ဗုဋ္ဌာယီ ပစ္ဆာနိပါတီ ကိံကာရပဋိဿာဝီ မနာပစာရီ ပိယဝါဒီ မုခုလ္လောကကော"တိ၊)

နော ဟေတံ ဘန္တေ။ (သီ၊ ပါဠိတော်၊ နှာ-၅၇)

"နော ဟေတံ ဘန္တေ ဝါကျကို အနက်ပေး"

(က) ဘန္တေ-ဘုရား၊ ဇတံ ဝစနံ-ဤသို့ ဆိုခြင်းသည်၊ နော ဟိ ယုတ္တံ-မသင့်မြတ်သည်သာတည်း။

(ခ) ဘောာ-အချင်းတို့၊ သော ပုရိသော-ထိုယောကျ်ားသည်၊ မေ-ငါ၏၊ သန္တိကံ -အထံသို့၊ ဇေတု-လာစေလော့၊ ပုနဒေဝ-လျှင်၊ သော ပုရိသော-သည်၊ ကမ္မကာရော-အမှုကြီးငယ်ကို ဆောင်ရွက်တတ်သော၊ ပုဗ္ဗုဋ္ဌာယီ-နေရာမှ ရှေးဦးစွာ ထတတ်သော (ဝါ) အိပ်ရာမှ ရှေးဦးစွာ ထတတ်သော၊ ပစ္ဆာနိပါတီ-နောက်မှ အိပ်တတ်

ttp://www.dhammadownload.com



သော၊ ကိံကာရပဋိသာဝီ-အဘယ်အမှုကို ပြုရအံ့နည်းဟု အမှုကြီးငယ်ကို ပြုခြင်း၌ ဝန်ခံတတ်သော၊ မနာပစာရီ-အရှင်၏ နှလုံးကို ပွားစေတတ်သော အကျင့်ကို ကျင့်တတ်သော၊ ပိယဝါဒီ-ချစ်ဖွယ်သော စကားကို ဆိုတတ်သော၊ မုခုလ္လောကကော-အရှင့် မျက်နှာကို ကြည့်တတ်သော၊ ဒါသော-သည်၊ ဟောတု-ဖြစ်စေလော့၊ ဧဝံ-ဤသို့၊ တွံ-သည်၊ ဝဒေယျာသိ အပိ နု-ဆိုရာအံ့လော့၊ ဣတိ-သို့၊ ဘဂဝါ-သည်၊ အဝေါစ-မိန့်တော်မူ၏၊ ဧဝံ-သို့၊ ဘဂဝတိ-သည်၊ ပုစ္ဆိတေ-သော်၊

မာဂဓော-သော၊ ရာဇာ-သည်၊ ဘဂဝန္တံ-ကို၊ ဘန္တေ-ဘုရား၊ အဟံ-သည်၊ ဘောတော-တို့၊ သော ပုရိသော-သည်၊ မေ-၏၊ သန္တိကံ-သို့၊ ဧတု-လော့၊ ပုနဒေဝ-လျှင်၊ သော ပုရိသော-သည်၊ ကမ္မကာရော-သော၊ ပုဗ္ဗုဋ္ဌာယီ-သော (ဝါ) သော၊ ပစ္ဆာနိပါတီ-သော၊ ကိံကာရပဋိသာဝီ-သော၊ မနာပစာရီ-သော၊ ပိယဝါဒီ-သော၊ မုခုလ္လောကကော-သော၊ ဒါသော-သည်၊ ဟောတု-လော့၊ ဣတိ ဧဝံ-သို့၊ နော ဟိ ဝဒေယျာမိ-ပြောဆိုရမည် မဟုတ်ပါ၊ ဣတိ-သို့၊ အဝေါစ-ပြီ။

အမှာ။ နော ဟေတံ ဘန္တေ-ကို နော ဟိ ဧတံ ဘန္တေ-ဟု ပုဒ်ဖြတ်ရမည်။ ပဌမနည်း၌ ဧတံကို အနက်ရှိကြ၍ ယောဇနာသည်။ ဒုတိယနည်း၌ ဧတံကို အနက်မဲ့ကြ၍ ယောဇနာသည်။

နိယံ။ နော ဟေတံ ပုဒ်၊ ထုတ်၍ ရှိရာ၊ ပါဌာနုသာရီ၊ တစ်လီ ပုစ္ဆာ၊
လျော်စွာ ဖြေပြ၊ နက်ပေးရ၊ မှတ်ကြ ကျမ်းဂန်တွေ့တိုင်းတည်း။

၁၆၃။ ယထာ ကိံ ဝါကျ၌ အနက်ပေးနည်း (၂)နည်း။

ယထာ ကိံ ပါသောဝါကျကို တွေ့သော် (က) ယထာကို ဥပမာဇောတက နိပါတ်ကြံ၍လည်းကောင်း (ခ) ယထာကို ယေန ပကာရေနဟု ဖွင့်၍လည်းကောင်း ဖော်ပြလတ္တံ့သည့်အတိုင်း အနက်နှစ်နည်း ပေးရမည်။

ပုံစံ။ သော ပနာယံ ဧဝံ နိက္ခမန္တော ဥစ္စာရပဿာဝေါ နေဝ တဿ ဘိက္ခုနော အတ္တနော ဟောတိ န ပရဿ၊ ကေဝလံ သရီရနိဿန္ဒောဝ ဟောတိ။ ယထာ ကိံ; ယထာ ဥဒကတုမ္ဗတော ပုရာဏုဒကံ ဆဍ္ဍေန္တဿ နေဝ တံ အတ္တနော ဟောတိ န ပရေသံ၊ ကေဝလံ ပဋိဇဂ္ဂနမတ္တမေဝ ဟောတိ။ ဧဝံ ........။ (ဋ၊ နှာ-၁၈၀+၁၈၁)

(က) ပန-ဆက် (ဝါ) အဖို့တစ်ပါးကား၊ ဧဝံ-သို့၊ နိက္ခမန္တော-ထွက်သော၊ သော အယံ ဥစ္စာရပဿာဝေါ-ထိုကျင်ကြီး, ကျင်ငယ်သည်၊ တဿ ဘိက္ခုနော-အား၊ အတ္တနော-၏၊ အတ္တာယ-အကျိုးငှာ၊ နေဝ ဟောတိ-မဖြစ်၊ ပရဿ-သူတစ်ပါး၏၊ အတ္တာယ-အကျိုးငှာ၊ န ဟောတိ-မဖြစ်၊ ကေဝလံ-မိမိအကျိုး, သူတစ်ပါးအကျိုးနှင့် မရောမယှက် သက်သက်၊ သရီရနိဿန္ဒောဝ-ကိုယ်၏ အကျိုးဆက်သည်သာလျှင်၊ ဟောတိ-ဖြစ်၏။

ယထာ ကိံ-ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား၊ ဥဒကတုမ္ဗတော-ရေဘူးမှ၊ ပုရာဏုဒကံ-ရေဟောင်းကို၊ ဆဍ္ဍေန္တဿ-စွန့်သော၊ (ပုဂ္ဂလဿ-အား၊) တံ ဥဒကံ-ထိုရေဟောင်းသည်၊ အတ္တနော-၏၊ အတ္တာယ-ငှာ၊ နေဝ ဟောတိ ယထာ-မဖြစ်သကဲ့သို့၊ ပရဿ-၏၊ အတ္တာယ-ငှာ၊ န ဟောတိ ယထာ-သို့၊ ကေဝလံ-သက်သက်၊ ပဋိဇဂ္ဂနမတ္တမေဝ-စင်ကြယ်ခြင်းမျှသည်သာလျှင်၊ ဟောတိ ယထာ-သို့၊ ဧဝံ တထာ-ဤအတူသာလျှင်။

(ခ) ပန-ဆက် (ဝါ) အဖို့၊ ဧဝံ-သို့၊ နိက္ခမန္တော-သော၊ သော အယံ ဥစ္စာရပဿာဝေါ-သည်၊ တဿ ဘိက္ခုနော-အား၊ အတ္တနော-၏၊ အတ္တာယ-ငှာ၊ နေဝ ဟောတိ -မဖြစ်၊ ပရဿ-၏၊ အတ္တာယ-ငှာ၊ န ဟောတိ-မဖြစ်၊ ကေဝလံ-သက်သက်၊ သရီရနိဿန္ဒောဝ-သာလျှင်၊ ဟောတိ-၏။

ttp://www.dhammadownload.com/



ယထာ ယေန ပကာရေန–အကြင်အပြားအားဖြင့်၊ ဧဝံ–သို့၊ နိက္ခမန္တော–သော၊ သော အယံ ဥစ္စာရပဿာဝေါ –သည်၊ တဿ ဘိက္ခုနော–အား၊ အတ္တနော–၏၊ အတ္တာယ–ငှာ၊ နေဝ ဟောတိ–မဖြစ်၊ ပရဿ–၏၊ အတ္တာယ–ငှာ၊ န ဟောတိ–မဖြစ်၊ ကေဝလံ–သက်သက်၊ သရီရနိဿန္ဒော၀–သာလျှင်၊ ဟောတိ–၏၊ တံ နိဒဿနံ–ထိုအပြားအားဖြင့် ညွှန်ပြတတ်သော ဥပမာ သည်၊ ကိံ–အဘယ်နည်း။

ဥဒကတုမ္ဗတော–မှ၊ ပုရာဏုဒကံ–ကို၊ ဆဍ္ဍေန္တဿ–သော၊ (ပုဂ္ဂလဿ–အား၊) တံ ဥဒကံ–သည်၊ အတ္တနော–၏၊ အတ္တာယ–ငှာ၊ နေဝ ဟောတိ ယထာ–သို့၊ ပရဿ–၏၊ အတ္တာယ–ငှာ၊ န ဟောတိ ယထာ–သို့၊ ကေဝလံ–သက်သက်၊ ပဋိဇဂ္ဂနမတ္တမေ၀–သာလျှင်၊ ဟောတိ ယထာ–သို့၊ ဧဝံ–ဤအတူသာလျှင်။

ပုံစံ။ သစေ ပိဿ သုရဥ္စ ခီရဥ္စ မိဿေတွာ မုခေ ပက္ခိပန္တိ၊ ခီရမေ၀ ပဝိသတိ၊ န သုရာ။ ယထာ ကိံ? ကောဥ္စသကုဏာနံ ခီရမိဿကေ ဥဒကေ ခီရမေ၀ ပဝိသတိ၊ န ဥဒကံ။ (သီ၊ ဋ္ဌ၊ နှာ–၂၇၃)

(က) အညေ–ကုန်သော၊ ပစ္စတ္ထိကာ–ဆန့်ကျင်ဘက်ကို အလိုရှိကြကုန်သော ရန်သူတို့သည်၊ အဿ အရိယ သာ၀ကဿ–ထိုအရိယာဖြစ်သော တပည့်၏၊ သုရဥ္စ–သေရည်ကိုလည်းကောင်း၊ ခီရဥ္စ–နို့ရည်ကိုလည်း ကောင်း၊ မိဿေတွာ–ရောကုန်၍၊ မုခေ–၌ (ဝါ) သို့၊ သစေပိ ပက္ခိပန္တိ–အကယ်မူလည်း ထည့်ကုန်အံ့၊ ဧဝံ ပက္ခိပန္တေသုပိ–ကုန်သော်လည်း၊ ခီရမေ၀–နို့ရည်သည်သာလျှင်၊ ပဝိသတိ–ဝင်၏၊ သုရာ–သည်၊ န ပဝိသတိ–မဝင်။

ယထာ ကိံ–ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား၊ ကောဥ္စသကုဏာနံ–ကြိုးကြာငှက်တို့၏၊ မုခေ–၌ (ဝါ) သို့၊ (တစ်နည်း) ကုစ္ဆိံ–ဝမ်း၌ (ဝါ) ဝမ်းသို့၊ ခီရမိဿကေ–နို့ရည်နှင့် ရောနှောနေသော၊ ဥဒကေ–ကို၊ ပက္ခိယမာနေ–သော်၊ ခီရမေ၀–သည်သာလျှင်၊ ပဝိသတိ ယထာ–သို့၊ ဥဒကံ–သည်၊ န ပဝိသတိ ယထာ–သို့၊ ဧဝံ တထာ–ဤအတူသာတည်း။

(ခ) အညေ–ကုန်သော၊ ပစ္စတ္ထိကာ–တို့သည်၊ အဿ အရိယ သာ၀ကဿ–၏၊ သုရဥ္စ–ကောင်း၊ ခီရဥ္စ–ကောင်း၊ မိဿေတွာ–ကုန်၍၊ မုခေ–၌ (ဝါ) သို့၊ သစေပိ ပက္ခိပန္တိ–အံ့၊ ဧဝံ ပက္ခိပန္တေသုပိ–ကုန်သော်လည်း၊ ခီရမေ၀–သာလျှင်၊ ပဝိသတိ–ဝင်၏၊ သုရာ–သည်၊ န ပဝိသတိ–မဝင်။

ယထာ ယေန ပကာရေန–အကြင်အပြားအားဖြင့်၊ အညေ–ကုန်သော၊ ပစ္စတ္ထိကာ–တို့သည်၊ အဿ အရိယ သာ၀ကဿ–၏၊ သုရဥ္စ–ကောင်း၊ ခီရဥ္စ–ကောင်း၊ မိဿေတွာ–ကုန်၍၊ မုခေ–၌ (ဝါ) သို့၊ သစေပိ ပက္ခိပန္တိ–အံ့၊ ဧဝံ ပက္ခိပန္တေသုပိ–ကုန်သော်လည်း၊ ခီရမေ၀–သာလျှင်၊ ပဝိသတိ–ဝင်၏၊ သုရာ–သည်၊ န ပဝိသတိ–မဝင်၊ တံ နိဒဿနံ–ထိုအပြားအားဖြင့် ညွှန်ပြတတ်သော ဥပမာသည်၊ ကိံ–အဘယ်နည်း။

ကောဥ္စသကုဏာနံ–တို့၏၊ မုခေ–၌ (ဝါ) သို့၊ (တစ်နည်း) ကုစ္ဆိံ–ဝမ်း၌ (ဝါ) ဝမ်းသို့၊ ခီရမိဿကေ–သော၊ ဥဒကေ–ကို၊ ပက္ခိယမာနေ–သော်၊ ခီရမေ၀–သည်သာလျှင်၊ ပဝိသတိ ယထာ–သို့၊ ဥဒကံ–သည်၊ န ပဝိသတိ ယထာ–သို့၊ ဧဝံ တထာ–ဤအတူသာတည်း။

၁၆၄။ တေန ဟိ စသည်ဖြင့် ချီလာသော ဝါကျ၌ အနက်ပေးနည်း (၃)နည်း။

တေန ဟိ စသည်ဖြင့် ချီလာသော ဝါကျ၌ (က) တေန ဟိ တစ်ပုဒ်လုံးကို ဥယျောဇနတ္ထ ကြံ၍လည်းကောင်း (ခ) တေန ဟိ–၌ တေနကို နိယမ သဗ္ဗနာမ်ပုဒ်, ဟိ–ကို အနက်မရ နိပါတ်ပုဒ် ကြံပြီး အနိယမ ယေနနှင့် တကွ လိုက်သင့်သော ပုဒ်တို့ကို လိုက်စေ၍လည်းကောင်း (ဂ) တေန ဟိ–၌ တေနကို နိယမ သဗ္ဗနာမ်ပုဒ်, ဟိ–ကို အဝဓာရဏတ္ထဇောတက နိပါတ်ပုဒ် ကြံပြီး အနိယမ ယေနနှင့်တကွ လိုက်သင့်သော ပုဒ်တို့ကို လိုက်စေ၍လည်းကောင်း အနက်သုံးနည်း ပေးနိုင်၏။

ttp://www.dhammadownload.com



ပုံစံ။ (ဗဟု စာနေန ဘဂဝတော သန္တိကေ ဓမ္မော စ ဝိနယော စ ပဍတ္တော၊)
တေန ဟိ ဘန္တေ ထေရော အာယသ္မန္တမ္ပိ အာနန္ဒံ ဥစ္စိနတု။ (ဋ၊ နှာ–၅+၆)

(က) တေန ဟိ–တိုက်တွန်းပါ၏၊ ဘန္တေ မဟာကဿပ–ပ၊ ထေရော–သည်၊ အာယသ္မန္တံ–ရှည်သော သက်တော်ရှိသော၊ အာနန္ဒမ္ပိ–ကိုလည်း၊ ဥစ္စိနတု–ယူတော်မူလော့ (ဝါ) ရွေးချယ်တင်မြှောက်ပါလော့။

(ခ) ယေန ကာရဏေန–အကြင်အကြောင်းကြောင့်၊ ဗဟု စ–များစွာလျှင်၊ အနေန–ဤအာနန္ဒာသည်၊ ဘဂဝတော–၏၊ သန္တိကေ–၌၊ ဓမ္မော စ–သုတ်,အဘိဓမ္မာကိုလည်းကောင်း၊ ဝိနယော စ–ဝိနည်းကိုလည်းကောင်း၊ ပရိယတ္တော–သင်အပ်ပြီ၊ တေန ဟိ ကာရဏေန–ထိုသို့ များစွာလည်း ဓမ္မ,ဝိနယကို ဘုရားရှင်၏ အထံတော်၌ သင်ယူအပ်ပြီးသည်၏ အဖြစ်ကြောင့်၊ ဘန္တေ မဟာကဿပ–ပ၊ ထေရော–သည်၊ အာယသ္မန္တံ–သော၊ အာနန္ဒမ္ပိ–ကိုလည်း၊ ဥစ္စိနတု–လော့ (ဝါ) လော့။

(ဂ) ယေန ကာရဏေန–ကြောင့်၊ ဗဟု စ–လျှင်၊ အနေန–သည်၊ ဘဂဝတော–၏၊ သန္တိကေ–၌၊ ဓမ္မော စ–ကောင်း၊ ဝိနယော စ–ကောင်း၊ ပရိယတ္တော–ပြီ၊ တေန ဟိ ကာရဏေန–ထိုသို့ များစွာလည်း ဓမ္မ,ဝိနယကို ဘုရားရှင်၏ အထံတော်၌ သင်ယူအပ်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင်၊ ဘန္တေ မဟာကဿပ–ပ၊ ထေရော–သည်၊ အာယသ္မန္တံ–သော၊ အာနန္ဒမ္ပိ–ကိုလည်း၊ ဥစ္စိနတု–လော့ (ဝါ) လော့။

ပုံစံ။ (သက္ကာ ပန ဘန္တေ အညမ္ပိ ဒိဋ္ဌေဝ ဓမ္မေ သန္ဒိဋ္ဌိကံ သာမညဖလံ ပညပေတုံ ဣမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စာတိ။ သက္ကာ မဟာရာဇ၊)
တေန ဟိ မဟာရာဇ သုဏောဟိ သာဓုကံ မနသိ ကရောဟိ။ (သီလက္ခန်ပါဠိတော်၊ နှာ–၅၈)

(က) အဟံ–ငါဘုရားသည်၊ တေန ဟိ–တိုက်တွန်းတော်မူ၏၊ မဟာရာဇ–မင်းကြီး၊ တွံ–သည်၊ သာဓုကံ–မြဲမြံစွာ (ဝါ) ငါဘုရား၏ အမိန့်အာဏာတော်ဖြင့် (ဝါ) ကောင်းမွန်စွာ၊ သုဏောဟိ–နာလော့၊ မနသိ–စိတ်၌၊ ကရောဟိ–ထားလော့၊ (တစ်နည်း) မနသိ ကရောဟိ–နှလုံးသွင်းလော့။

သတိ။ သာဓုကသဒ္ဒါကို ဒဠှီကမ္မတ္ထ (ဝါ) အာဏာတျတ္ထ (ဝါ) သုန္ဒရတ္ထ ကြံဆထားသည်ကိုလည်းကောင်း၊ "အာခါရနောက်၊ ကရ ရောက်၊ နက်ကောက် ဋ္ဌပနတ္ထ" နိယံနှင့်အညီ မနသိဟူသော အာခါရ နောက်၌ ရှိသော ကရဓာတ်ကို ဋ္ဌပနတ္ထ ကြံ၍ အနက်ပေးထားသည်ကိုလည်းကောင်း သတိပြုပါ။

(ခ) မဟာရာဇ–မင်းကြီး၊ ယေန ကာရဏေန–ကြောင့်၊ သန္ဒိဋ္ဌိကေဟိ–ပစ္စုပ္ပန် မျက်မှောက်၌ ရှုအပ်ကုန်သော၊ ဣမေဟိ သာမညဖလေဟိ–တို့ထက်၊ အဘိက္ကန္တတရဉ္စ–အလွန်နှစ်လိုဖွယ်လည်း ရှိထသော၊ ပဏီတတရဉ္စ–အထူးသဖြင့်လည်း မြတ်ထသော၊ အညမ္ပိ–တစ်ပါးလည်းဖြစ်သော၊ ဒိဋ္ဌေဝ ဓမ္မေ–၌သာလျှင်၊ သန္ဒိဋ္ဌိကံ–ပစ္စက္ခ ရှုအပ်ထသော၊ သာမညဖလံ–ကို၊ ပညပေတုံ–ငှာ၊ သက္ကာ–ခဲ့၏။
တေန ဟိ ကာရဏေန–ကြောင့်၊ မဟာရာဇ–ကြီး၊ တွံ–သည်၊ သာဓုကံ–စွာ (ဝါ) ဖြင့် (ဝါ) စွာ၊ သုဏောဟိ–နာလော့၊ မနသိ–စိတ်၌၊ ကရောဟိ–ထားလော့။ (တစ်နည်း) မနသိ ကရောဟိ–နှလုံးသွင်းလော့။

(ဂ) မဟာရာဇ–မင်းကြီး၊ ယေန ကာရဏေန–ကြောင့်၊ သန္ဒိဋ္ဌိကေဟိ–ကုန်သော၊ ဣမေဟိ သာမညဖလေဟိ–တို့ထက်၊ အဘိက္ကန္တတရဉ္စ–သော၊ ပဏီတတရဉ္စ–သော၊ အညမ္ပိ–သော၊ ဒိဋ္ဌေဝ ဓမ္မေ–၌သာလျှင်၊ သန္ဒိဋ္ဌိကံ–သော၊ သာမညဖလံ–ကို၊ ပညပေတုံ–ငှာ၊ သက္ကာ–ခဲ့၏။
တေန ဟိ ကာရဏေန–ကြောင့်သာလျှင်၊ မဟာရာဇ–ကြီး၊ တွံ–သည်၊ သာဓုကံ–စွာ (ဝါ) ဖြင့် (ဝါ) စွာ၊ သုဏောဟိ–နာလော့၊ မနသိ–စိတ်၌၊ ကရောဟိ–ထားလော့။ (တစ်နည်း) မနသိ ကရောဟိ–နှလုံးသွင်းလော့။

ttp://www.dhammadownload.com



အမှာ။ ဝါကျ၌ "ဥစ္စိနတု–ရွေးချယ်တော်မူပါလော့၊ သုဏောဟိ–နာလော့၊ အလင်္ကရ–တန်ဆာဆင်ပါလော့" စသည်ဖြင့် တိုက်တွန်းခြင်း အနက်ဟော အာချာတ်ကြိယာ ပါမှသာ တေန ဟိ–ကို ဥယျောဇနေတ္ထ နိပါတ်ပုဒ်အဖြစ် ကြံသည့် (က) အနက်ပေးနည်းကို ပေး၍ ရသည်။ ထိုကြိယာမျိုး မပါလျှင် တေန ဟိ–ကို သဗ္ဗနာမ်+နိပါတ်အဖြစ် ကြံသည့် (ခ+ဂ) အနက်ပေးနည်းတို့ကိုသာ ပေးရမည်။

၁၆၅။ ယထာဟ ပုဒ်၌ အနက်ပေးနည်း။

ယထာဟ ပုဒ်၌ နိယံနှင့်အညီ အနက်ပေးလိုသော် = ယထာ+အာဟ–ဟု ၂–ပုဒ်ခွဲပါ။

* ယထာကို ယေန ကာရဏေန–အကြင်အကြောင်းဖြင့်ဟု ကရိဏ်းအနက်ပေးပါ။

* အာဟ၏ ကတ္တားကို သင်္ဂီတိကာရော, ထေရော စသည်ဖြင့် သင့်လျော်ရာ ထည့်၍ အနက်ပေးပြီးလျှင် အာဟကို အနက်ပေးပါ။

* အာဟရှေ့၌ ကိံ သဒ္ဒါ ထည့်၍ ပုစ္ဆာဝါစက အနက်ပေးပါ။ (ကိံ အာဟ)

* ယထာဟ၏ နောက်၌ရှိသော ဝါကျကို အဖြေလုပ်ပြီး အာဟ–၌ အဆုံးသတ်၍ အနက်ပေးပါ။

ပုံစံ။ ယထာဟ "ဒွါသီတိ ။ပ။ ပဝတ္တိနော"တိ။ (သီ၊ ဋ္ဌ၊ နှာ–၅)

* ယထာ ယေန ကာရဏေန–အကြင်အကြောင်းဖြင့်၊

* အာနန္ဒော ယေဝ–သည်ပင်လျှင် (အာဟ၏ ကတ္တား)၊ အာဟ–မိန့်တော်မူပြီ။

* ကိံ–အဘယ်သို့၊ အာဟ–မိန့်တော်မူသနည်း။

* "ဒွါသီတိ ။ပ။ ပဝတ္တိနော"တိ ဣဒံ ဝစနံ–ဒွါသီတိ ။ပ။ ပဝတ္တိနော ဟူသော စကားကို၊ အာဟ–ပြီ။

အချုပ်။ ယထာနှင့် အာဟ နှစ်ပုဒ်တို့၏ အကြား၌ ကျေပျောက်နေသော ကရိဏ်း (ယေန ကာရဏေန)နှင့် ပုစ္ဆာဝါစက ကံပုဒ်ဖြစ်သော (ကိံ)တို့ကို ဖော်ထုတ်၍ အနက်ပေးခြင်းတည်း။

နိယံ။ ယထာဟ သာ၊ တွေ့လေရာ၊ ယထာ, အာဟဖြတ်။

ယထာ ယေန၊ ကရိဏ်းပြု၊ အာဟ ကတ္တားစွက်။

၎င်းနောက်မှာ၊ ကိံပုစ္ဆာ၊ ထည့်ကာ မေး၍ဆက်။

ယထာဟ မှာ၊ နောက်ဝါကျာ၊ ဖြေပါ အာဟဖြတ်။

နိယံ။ ယထာဟ–ဟူ၊ တွေ့လေမူ၊ ယထာ+အာဟ၊ နှစ်ပုဒ် ယူမြဲ။

ယေန ကိံခံ၊ ကရိဏ်း, ကံ၊ အမှန် ကျေစမြဲ။

သတိ။ "ယေန ကိံခံ၊ ကရိဏ်း, ကံ၊ အမှန် ကျေစမြဲ" နိယံနှင့်အညီ အနက်ပေးပါဟု မေးလျှင်လည်း ဖော်ပြခဲ့သည့် နည်းအတိုင်း အနက်ပေးရမည်။

အမှာ။ ဖော်ပြခဲ့သော အနက်ပေးနည်းသည် နိယံဆရာတို့အလို အနက်ပေးနည်း ဖြစ်၏။ ဋီသစ်၌ကား ယထာဟ ဝါကျ၏ အနက်ပေးနည်းကို လေးနည်း ပြထား၏။ ဆက်၍ ရှုပါ။

ပုံစံ။ (ဒသဗလဒေသိတံ သုတ္တဂေယျာဒိကံ အပစ္စက္ခံ နာမ နတ္ထိ။)

ယထာဟ "ဒွါသီတိ ။ပ။ ပဝတ္တိနော"တိ။ (သီ၊ ဋ္ဌ၊ နှာ–၅)

(၁) မယာ–ငါသည်၊ ဝုတ္တဿ–ဖွင့်ဆိုအပ်ခဲ့သော၊ အတ္ထဿ–အနက်ကို၊ သာဓကံ–ပြီးစေတတ်သော၊ ယထာ ကိံ ဝစနံ–အဘယ်စကားကို၊ ကော–အဘယ်သူသည်၊ အာဟ–ဆိုသနည်း၊ မယာ–သည်၊ ဝုတ္တဿ–သော၊ အတ္ထဿ–ကို၊ သာဓကံ–သော၊ ဒွါသီတိ ။ပ။ ပဝတ္တိနောတိ ဣဒံ ဝစနံ–ဒွါသီတိ ။ပ။ ပဝတ္တိနော ဟူသော ဤစကားကို၊ အာနန္ဒော ယေဝ–လျှင် (ကတ္တား)၊ အာဟ–ပြီ။

ttp://www.dhammadownload.com



(၂) ယထာ ယေန ပကာရေန–အကြင်အခြင်းအရာ အပြားအားဖြင့်၊ မယာ–သည်၊ ဝုတ္တံ–ပြီ၊ တထာ တေန ပကာရေန–ထိုအခြင်းအရာ အပြားအားဖြင့်၊ ပါဠိယမ္ပိ–ပါဠိတော်၌လည်း၊ အာနန္ဒော‌ယေဝ–လျှင်၊ အာဟ–ပြီ၊ ကိံ–သို့၊ အာဟ–နည်း၊ ဒွါသီတိ ။ပ။ ပဝတ္တိနောတိ–ဒွါသီတိ ။ပ။ ပဝတ္တိနောဟူ၍၊ အာဟ–ပြီ။

(၃) ဒွါသီတိ ။ပ။ ပဝတ္တိနောတိ–ဒွါသီတိ ။ပ။ ပဝတ္တိနော ဟူသော၊ ယထာ ယံ ဝစနံ–အကြင်စကားကို၊ ပါဠိယံ–၌၊ အာနန္ဒောယေဝ–လျှင်၊ အာဟ–ပြီ၊ တထာ တေန ဝစနေန–ထိုပါဠိတော်စကားနှင့်၊ မယာ–သည်၊ ဝုတ္တံ–မိန့်ဆိုအပ်ပြီးသော၊ ဝစနံ–စကားသည်၊ ဂင်္ဂေါဒကေန–ဂင်္ဂါမြစ်ရေနှင့်၊ ယမုနောဒကံ–ယမုနာမြစ်ရေသည်၊ သံသန္ဒတိ စေဝ ယထာ–ရောနှောလည်း ရောနှောသကဲ့သို့၊ သမေတိ စ ယထာ–ညီညွတ်လည်း ညီညွတ်သကဲ့သို့၊ တထာ–ထို့အတူ၊ သံသန္ဒတိ စေဝ–ရောနှောလည်း ရောနှော၏၊ သမေတိ စ–ညီညွတ်လည်း ညီညွတ်၏။

(၄) ယထာ ယေန ပကာရေန–အကြင်အပြားအားဖြင့်၊ ဒသဗလဒေသိတံ–မြတ်စွာဘုရားသည် ဟောတော်မူအပ်သော၊ သုတ္တဂေယျာဒိကံ–သုတ္တ,ဂေယျ အစရှိသည်ကို၊ ဘဂဝတော–၏၊ အပ္ပစ္စက္ခံ နာမ–မျက်ကွယ် သင်သော မည်သည်၊ အာနန္ဒဿ–အား၊ နတ္ထိ–မရှိ၊ တထာ တေန ပကာရေန–ထိုအပြားအားဖြင့်၊ ပါဠိယံ–ပါဠိတော်၌၊ အာနန္ဒော–သည်၊ အာဟ–ပြီ၊ ကိံ–သို့၊ အာဟ–နည်း၊ ဒွါသီတိ ။ပ။ ပဝတ္တိနောတိ–ဒွါသီတိ ။ပ။ ပဝတ္တိနော ဟူ၍၊ အာဟ–ပြီ။

**တောင်မြို့နိယံ**

(၁) ယထာဟာသာ၊ တွေ့လေရာဝယ်၊ ယထာ အနက်၊ ကိံဟု ဖက်၍၊ ရှေ့ဆက်ကိုထုတ်၊ မယာ ဝုတ္တ၊ အတ္ထသ မှန်၊ သာဓကံတည်း။

(၂) တစ်ဖန် ယေန၊ ပကာရေနဟု၊ အဖွင့်ပြုကာ၊ မယာ ဝုတ္တံ၊ တထာ ပြန်လျက်၊ ပါဠိယမ္ပိ၊ အာဟ သိလေ။

(၃) တစ်ထွေ ဖွင့်ဟန်၊ ယံ ဝစနံဝယ်၊ ပါဠိယံမှာ၊ အာဟ လာ၍၊ တထာ တေန၊ ဝစနေနနှင့်၊ မယာ ဝုတ္တံ၊ ဝစနံသည်၊ သံသန္ဒတိ၊ သမေတိဟု၊ ထည့်၍ ယထာ၊ ဥပမာနော၊ ဂင်္ဂေါဒကေန၊ ယမုနောဒကတည်း။

(၄) တဝ ရှေ့လာ၊ ဝါကျတ္ထာကို၊ ထည့်ကာ ယေန၊ ပကာရေနဟု၊ အဖွင့်ပြုလျက်၊ ယထာ နက်ယူ၊ ထို့တူ တစ်ဖန်၊ တထာ ပြန်လျက်၊ ပါဠိယံ အာဟ၊ လေးနည်း ပြ၍၊ ခန္ဓ သီလက်၊ ဋီသစ် မြွက်သည်၊ အနက် တွေ့တိုင်း ပေးဖို့တည်း။ (ပါရာဇိကဏ် ဘာသာဋီကာ)

အမှာ။ သာမညမေးသော် နိယံနှင့်အညီ အနက်ပေးနည်းကိုသာ ဖြေပါ။ ပခုက္ကူနိသျ၊ ပဌမအုပ်၊ နှာ ၄၂–၌ကား ယထာဟ ဝါကျ၏ အနက်ပေးနည်းကို ၁၆–နည်းအထိ ပြထားသေး၏။ ကျယ်မည်စိုးသောကြောင့် ဤ၌ မပြတော့ပြီ။

၁၆၆။ တထာ ဟိ ပုဒ်၌ အနက်ပေးနည်း။

တထာ ဟိ ပုဒ်ကို တွေ့ရာ၌ ဝိဘတ် ၇–သွယ် အကျေကြံ၍ အနက်ပေးနိုင်သည်။

ပုံစံ။ ထေရော ဟိ အာယသ္မန္တေ အာနန္ဒေ အတိဝိယ ဝိဿတ္ထော အဟောသိ၊ တထာ ဟိ။ (သီ၊ ဌ၊ နှာ–၅)

* ထေရော ဟိ ။ပ။ အဟောသီတိ–ထေရော ။ပ။ အဟောသိဟူသော၊ ယံ ဝစနံ–ကို၊ မယာ–သည်၊ ဝုတ္တံ–ပြီ၊ တထာ တံ ဝစနံ–သည်၊ ဟိ သစ္စံ–မှန်၏။ (ပဌမာဝိဘတ် ကျေသည်။)

* ထေရော ဟိ ။ပ။ အဟောသီတိ–ထေရော ။ပ။ အဟောသိဟူသော၊ ယံ ဝစနံ–ကို၊ မယာ–သည်၊ ဝုတ္တံ–ပြီ၊ တထာ တံ ဝစနံ–ကို၊ ဟိ ဝိတ္ထာရေဿာမိ–အကျယ်ချဲ့၍ ပြပါဦးအံ့ (ဝါ) ဟိ ဒဠှ ကရောမိ–ခိုင်မြဲအောင် ပြုပါဦးအံ့။ (ဒုတိယဝိဘတ် ကျေသည်။)

ttp://www.dhammadownload.com



* ယထာ ယေန ကာရဏေန–ကြောင့်၊ ထေရော ဟိ ။ပ။ အဟောသီတိ–ထေရော ။ပ။ အဟောသိဟူသော၊ ယံ ဝစနံ–ကို၊ မယာ–သည်၊ ဝုတ္တံ–ပြီ၊ တထာ ဟိ တေန ဧဝ ကာရဏေန–ကြောင့်ပင်လျှင်။
(တတိယာဝိဘတ် ကျေသည်။)

* ထေရော ဟိ ။ပ။ အဟောသီတိ–ထေရော ။ပ။ အဟောသိဟူသော၊ ယံ ဉာပေတဗ္ဗဝစနံ–အကြင်သိစေအပ်သော စကားကို (ဝါ) ယံ သကဝစနံ–အကြင်မိမိစကားကို (ဝါ) ယံ သာဓျဝစနံ–အကြင်ပြီးစေအပ်သော စကားကို (ဝါ) ယံ ဒဠှီယဝစနံ–အကြင်ဒဠှီယစကားကို၊ မယာ–သည်၊ ဝုတ္တံ–ပြီ၊ တထာ တဿ ဝစနဿ–အား၊ အနုရူပံ အနုစ္ဆဝိကံ–သင့်လျော်လျောက်ပတ်သော၊ ဉာပကဝစနံ–ကို (ဝါ) ပရဝစနံ–ကို (ဝါ) သာဓကဝစနံ–ကို၊ ဒဠှီကရဏဝစနံ–ကို၊ ဟိ ဥဒ္ဒရိတွာ ဒဿေမိ–ထုတ်၍ ပြပါဦးအံ့။ (စတုတ္ထီဝိဘတ် ကျေသည်)

* ယသ္မာ–ကြောင့်၊ ထေရော–သည် ။ပ။ အဟောသိ–ပြီ၊ တထာ ဟိ တတော ဧဝ–ထို့ကြောင့်သာလျှင်။
(ပဥ္စမီဝိဘတ် ကျေသည်။)

* ထေရော ဟိ ။ပ။ အဟောသီတိ–ထေရော ဟိ ။ပ။ အဟောသိဟူသော၊ ယံ ဉာပေတဗ္ဗဝစနံ–ကို၊ မယာ–သည်၊ ဝုတ္တံ–ပြီ၊ တထာ တဿ ဝစနဿ–၏၊ ဉာပကဝစနံ–ကို၊ ဟိ ဥဒ္ဒရိတွာ ဒဿေမိ–ထုတ်၍ ပြပါဦးအံ့။
(ဆဋ္ဌီဝိဘတ် ကျေသည်။)

* ထေရော ဟိ ။ပ။ အဟောသီတိ–ထေရော ဟိ ။ပ။ အဟောသိဟူသော၊ ယံ ဉာပေတဗ္ဗဝစနံ–ကို (ဝါ) ယံ သကဝစနံ–ကို (ဝါ) ယံ သာဓျဝစနံ–ကို၊ မယာ–သည်၊ ဝုတ္တံ–ပြီ၊ တထာ တသ္မိံ ဝစနေ–၌၊ အနုရူပံ–သော၊ ဉာပကဝစနံ–ကို (ဝါ) ပရဝစနံ–ကို (ဝါ) သာဓကဝစနံ–ကို၊ ဟိ ဥဒ္ဒရိတွာ ဒဿေမိ–ထုတ်၍ ပြပါဦးအံ့။ (သတ္တမီဝိဘတ် ကျေသည်။)

အမှာ။ တထာ ဟိ–ကို "တထာ ဟိ မှာ၊ ဉာပကာ၊ ရံခါ ချဲ့,မြဲ စွဲ" နိယံနှင့်အညီ ဒဠှီ+ဝိတ္ထာရ ကြံ၍ ပေးသည်ကိုလည်းကောင်း၊ "တထာ ဟိ ဟု၊ ရှိသည့် အရာ၊ ရံတစ်ခါ၊ နိယာ နိယတ်ခွဲ" နိယံနှင့်အညီ နိယမာနိယမ ကြံ၍ ပေးသည်ကိုလည်းကောင်း၊ "တထာ ဟိ ဟု၊ ရှိသည့် အရာ၊ အဝဓာ၊ ရံခါ ကြံစမြဲ" နိယံနှင့်အညီ ဝိဘတ်အကျေ ကြံထားသည့် အချို့သော ပုဒ်များ၌ အဝဓာရဏ ကြံ၍ ပေးသည်ကိုလည်းကောင်း နည်းယူတော်မူပါ။

နိယံ။ တထာ ဟိ–ဟု၊ ရှိသည့် ပုဒ်ဆုံး၊ ခုနစ်လုံး၊ ကျေထုံး ဝိဘတ္တိ။

၁၆၇။ "သမ္ဗန်+သဟတ်၊ ကံ+သံဟတ်၊ နေမှတ် အာကာရာ" နိယံနှင့်အညီ အနက်ပေးနည်း။
သမ္ဗန္ဓောပုဒ် ရှိရာ၌ (က) သမ္ဗန်+သဟတ္ထ (ခ) ကံ+သဟတ္ထ (ဂ) အာကာရဟူသော အနက်ပေးနည်း သုံးမျိုးတို့တွင် တစ်မျိုးဖြင့် အနက်ပေးနိုင်၏။

ပုံစံ။ ပက္ခိတ္တံ ဝရဋ္ဋိ သမ္ဗန္ဓော။

(က) သမ္ဗန်+သဟတ် အနက်ပေးနည်း။
ပက္ခိတ္တန္တိ ပဒဿ–ပက္ခိတ္တံဟူသော ပုဒ်၏ (သမ္ဗန်)၊ ဝရဋ္ဋိ ဣမိနာ–ဝရံဟူသော ဤပုဒ်နှင့် (သဟတ္ထ)၊ သမ္ဗန္ဓော–ဆက်စပ်ခြင်းကို၊ (ကာတဗ္ဗော–ပြုထိုက်၏။)

(ခ) ကံ+သဟတ် အနက်ပေးနည်း။
ပက္ခိတ္တန္တိ သော သဒ္ဒေါ–ပက္ခိတ္တံဟူသော ဤသဒ္ဒါကို (ကံ)၊ ဝရဋ္ဋိ ဣမိနာ–ဝရံဟူသော ဤပုဒ်နှင့် (သဟတ္ထ)၊ သမ္ဗန္ဓော–ဆက်စပ်အပ်၏။

ttp://www.dhammadownload.com



(ဂ) အာကာရ အနက်ပေးနည်း။

ပက္ခိတ္တံ ဝရန္တိ-ထည့်ခြင်းသည် မြတ်၏ဟူ၍ (အာကာရ)၊ သမ္ဗန္ဓော-ဆက်စပ်အပ်၏။

နိယံ။ သမ္ဗန္ဓောပုဒ်၊ ထုတ်၍ ကေန်၊ ရှိသည်မှန်မူ၊ သမ္ဗန်+သဟာတ်၊

ကံ+သဟာတ်နှင့်၊ နေမှတ် အာကာရာ၊ သုံးပါးမှာလျှင်၊ တစ်ခုခု ထင်မြဲ။

အမှာ။ ဤနိယံအလို သမ္ဗန္ဓောပုဒ် ရှိရာ၌ သမ္ဗန်+သဟတ္ထ၊ ကံ+သဟတ္ထ၊ အာကာရ ဟူသော အနက်ပေးနည်း သုံးမျိုးကိုသာ ပေးနိုင်၏။ သို့သော်လည်း သမ္ဗန္ဓောပုဒ် ရှိရာ၌ ဖော်ပြလတ္တံ့သော အနက်ပေးနည်းတို့ကို လည်း ပေးနိုင်ပါသေး၏။

(ဃ) သဟာတ်+သမ္ဗန် အနက်ပေးနည်း။

ပက္ခိတ္တန္တိ ဧတေန ပဒေန-နှင့် (သဟတ္ထ)၊ ဝရန္တိ ပဒဿ-၏ (သမ္ဗန်)၊ သမ္ဗန္ဓော-သည်၊ ဟောတိ-၏။

(င) သဟာတ်+ကံ အနက်ပေးနည်း။

ပက္ခိတ္တန္တိ ဧတေန ပဒေန-နှင့် (သဟတ္ထ)၊ ဝရန္တိ ဧသော သဒ္ဒေါ-ကို (ကံ)၊ သမ္ဗန္ဓော-သည်၊ ဟောတိ။

(စ) သမ္ဗန်+ဘုမ္မတ် အနက်ပေးနည်း။

ပက္ခိတ္တန္တိ ဧတဿ ပဒဿ-၏ (သမ္ဗန်)၊ ဝရန္တိ ပဒေ-၌ (ဘုမ္မတ္ထ)၊ သမ္ဗန္ဓော-သည်၊ ဟောတိ-၏။

(ဆ) ကံ+ဘုမ္မတ် အနက်ပေးနည်း။

ပက္ခိတ္တန္တိ ဧသော သဒ္ဒေါ-ကို (ကံ)၊ ဝရန္တိ ပဒေ-၌ (ဘုမ္မတ္ထ)၊ သမ္ဗန္ဓော-သည်၊ ဟောတိ-၏။

(ဇ) ကတ္တား+ဘုမ္မတ် အနက်ပေးနည်း။

ပက္ခိတ္တန္တိ ဧသော သဒ္ဒေါ-သည် (ကတ္တား)၊ ဝရန္တိ ပဒေ-၌ (ဘုမ္မတ္ထ)၊ သမ္ဗန္ဓော-သည်၊ ဟောတိ-၏။

(ဈ) သဟာတ်+ကတ္တား အနက်ပေးနည်း။

ပက္ခိတ္တန္တိ ဣမိနာ ပဒေန-နှင့် (သဟတ္ထ)၊ ဝရန္တိ ဧသော သဒ္ဒေါ-သည် (ကတ္တား)၊ သမ္ဗန္ဓော-သည်၊ ဟောတိ-၏။

(ည) ကတ္တား+သဟာတ် အနက်ပေးနည်း။

ပက္ခိတ္တန္တိ ဧသော သဒ္ဒေါ-သည် (ကတ္တား)၊ ဝရန္တိ ပဒေန-နှင့် (သဟတ္ထ)၊ သမ္ဗန္ဓော-သည်၊ ဟောတိ-၏၊ ကေန အာကာရေန-ဖြင့်၊ သမ္ဗန္ဓော-သည်၊ ဟောတိ-နည်း၊ ဝိသေသနဝိသေသျဘာဝေန-ဖြင့်၊ သမ္ဗန္ဓော-သည်၊ ဟောတိ-၏။

အမှာ။ ယောဇေတဗ္ဗော, ယောဇေတဗ္ဗာ ပုဒ်တို့ကို အနက်ပေးရာ၌လည်း သမ္ဗန္ဓော ပုဒ်ကဲ့သို့ပင် အနက်ပေးနည်း ပေါင်း မြောက်များစွာ ပေးနိုင်ပါ၏။

နိယံ။ သမ္ဗန္ဓောထား၊ ပုဒ်အလားပေ၊ ယောဇေတဗ္ဗာ၊ ယောဇနာ၊ ရှံခါ တူစွာပြ။

၁၆၈။ သမ္ဗန်+သဟာတ်၊ ကံ+သဟာတ်၌ ဝိသေသနပုဒ် ထည့်၍ အနက်ပေးနည်း။

သမ္ဗန်+သဟတ္ထ၊ ကံ+သဟတ္ထ၊ အာကာရ ဟူသော အနက်ပေးနည်း သုံးနည်းတို့တွင် (က) သမ္ဗန်+သဟတ္ထ (ခ) ကံ+သဟတ္ထ ဟူသော အနက်ပေးနည်း တစ်နည်းနည်းဖြင့် ယောဇနာခဲ့သော် ဝိသေသနပုဒ်ကို ထိုက် သင့်သည့်အားလျော်စွာ ထည့်၍လည်း အနက်ပေးနိုင်ပါ၏။

ပုံစံ။ ပက္ခိတ္တံ ဝရန္တိ သမ္ဗန္ဓော။

(က) ပက္ခိတ္တန္တိ ပဒဿ-၏ (သမ္ဗန်)၊ ဝရန္တိ ဣမိနာ-ဝရံ ဟူသော ဤပုဒ်နှင့် (သဟတ္ထ)၊ ဝိသေသနဝိသေသျ ဘာဝေန-ဖြင့်၊ သမ္ဗန္ဓော-ကို၊ ကာတဗ္ဗော-၏။

ttp://www.dhammadownload.com



(ခ) ပက္ခိတ္တန္တိ ဧသော သဒ္ဒေါ-ကို (ကံ)၊ ဝရန္တိ ဣမိနာ-ဝရံ ဟူသော ဤပုဒ်နှင့် (သဟတ္ထ)၊ ဝိသေသနဝိသေသျ ဘာဝေန-ဖြင့်၊ သမ္ဗန္ဓော-ဆက်စပ်အပ်၏။

နိယံ။ သမ္ဗန္ဓောကြောင့်၊ သဘော သမ္ဗန်၊ ကံ+သဟတ္ထ၊ လာတုံကမူ၊ ဝိသေသနမှာ၊ ထိုက်ရာ မလွဲ၊ သွင်းလေမြဲ။

အမှာ။ ဖော်ပြလတ္တံ့သော အနက်ပေးနည်း လေးနည်းတို့သည် သီလကၡန် အဋ္ဌကထာ၌ တိုက်ရိုက် မလာသော်လည်း တစ်ပါးသော ကျမ်းတို့ကို လေ့လာရာ၌ အထောက်အပံ့ ဖြစ်ပါစေခြင်း အကျိုးငှာ ဖော်ပြအပ်ပါ၏။

၁၆၉။ ဂဟာရှေ့မှ အာဓာရပုဒ်ကို အနက်ပေးနည်း။

ဂဟာရှေ့မှ အာဓာရပုဒ်ကို အနက်နှစ်နည်း ပေးနိုင်သည်။

(က) ပဌမနည်း = ဂဟာတတ်၏ ရှေ့၌ရှိသော အာဓာရပုဒ်ကို "၌, တို့၌"ဟု ဘုမ္မတ္ထ အနက်သမ္ဗန်လျှင်၊ ယင်း အာဓာရပုဒ်၏ ရှေ့၌ရှိသော ဆဋ္ဌီဝိဘတ် အဆုံးသတ်သော ပုဒ်ကို "ကို"ဟု ကံအနက် ပေးရမည်။

ပုံစံ။ သုဒိန္နဿ ပါဒေသု ဂဟေတွာ။ (ပါရာဇိကဏ် ပါဠိတော်)

သုဒိန္နဿ-သုဒိန်ကို (ကံအနက်)၊ ပါဒေသု-ခြေတို့၌ (ဘုမ္မတ္ထ)၊ ဂဟေတွာ-ကိုင်၍။

ပုံစံ။ ထေရော ရာဇာနံ ဒက္ခိဏဟတ္ထေ အင်္ဂဟေသိ။ (ပါရာဇိကဏ် အဋ္ဌကထာ၊ ပ၊ နှာ-၄၃)

ထေရော-အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်သည်၊ ရာဇာနံ-အသောကမင်းကို (ကံအနက်)၊ ဒက္ခိဏဟတ္ထေ-လက်ျာလက်၌ (ဘုမ္မတ္ထ)၊ အင်္ဂဟေသိ-ကိုင်ပြီ။

နိယံ။ ဂဟာရှေ့-အာ၊ နက် ဘုမ္မာ၊ ဆမှာ ကံနက်သက်။

(ခ) ဒုတိယနည်း = ဂဟာတတ်၏ ရှေ့၌ရှိသော အာဓာရပုဒ်ကို "ကို, တို့ကို"ဟု ကမ္မတ္ထ သမ္ဗန်လျှင်၊ ယင်း အာဓာရပုဒ်၏ ရှေ့၌ရှိသော ဆဋ္ဌီဝိဘတ် အဆုံးသတ်သော ပုဒ်ကို "၏"ဟု ဆဋ္ဌီအနက် ပေးရမည်။

ပုံစံ။ သုဒိန္နဿ ပါဒေသု ဂဟေတွာ။ (ပါရာဇိကဏ် ပါဠိတော်)

သုဒိန္နဿ-သုဒိန်၏ (ဆဋ္ဌီအနက်)၊ ပါဒေသု-ခြေတို့ကို (ကမ္မတ္ထ)၊ ဂဟေတွာ-ကိုင်၍။

ပုံစံ။ ထေရော ရာဇာနံ ဒက္ခိဏဟတ္ထေ အင်္ဂဟေသိ။ (ပါရာဇိကဏ် အဋ္ဌကထာ၊ ပ-အုပ်၊ နှာ-၄၃)

ထေရော-အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်သည်၊ ရာဇာနံ-အသောကမင်း၏ (ဆဋ္ဌီအနက်)၊ ဒက္ခိဏ ဟတ္ထေ-လက်ျာလက်ကို (ကံအနက်)၊ အင်္ဂဟေသိ-ကိုင်ပြီ။

နိယံ။ ဂဟာရှေ့-အာ၊ နက် ကမ္မာ၊ ဆမှာ ဆဋ္ဌီနက်။

သတိ။ ဖော်ပြခဲ့သော အနက်ပေးနည်းကို မှီး၍ နာဂံ သောဏ္ဍာယ ဂဟေတွာ ပုံစံ၌လည်း (က) နာဂံ-ဆင်ကို၊ သောဏ္ဍာယ-နှာမောင်း၌၊ ဂဟေတွာ-ကိုင်၍၊ (ခ) နာဂံ-ဆင်၏၊ သောဏ္ဍာယ-နှာမောင်းကို၊ ဂဟေတွာ-ကိုင်၍, ဟုလည်းကောင်း။ ဗြာဟ္မဏံ ဟတ္ထေ ဂဟေတွာ ပုံစံ၌လည်း (က) ဗြာဟ္မဏံ-ကို၊ ဟတ္ထေ-လက်၌၊ ဂဟေတွာ-ကိုင်၍၊ (ခ) ဗြာဟ္မဏံ-၏၊ ဟတ္ထေ-ကို၊ ဂဟေတွာ-ကိုင်၍, ဟုလည်းကောင်း အနက် ပေးနိုင်သေးသည်ကို သတိပြုပါ။

၁၇၀။ ပဗ္ဗဇိတမနုပဗ္ဗဇိံသု အနက်ပေးနည်း။

ပဗ္ဗဇိတမနုပဗ္ဗဇိံသု ပုဒ်ကို တွေ့သော် အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ မဟာဇနကာယော ဗောဓိသတ္တံ အနာဂါရိယံ ပဗ္ဗဇိတမနုပဗ္ဗဇိံသု။

(က) မဟာဇနကာယော-သည်၊ ဗောဓိသတ္တံ-သည်၊ အနာဂါရိယံ-ရဟန်းဘောင်သို့၊ ပဗ္ဗဇိတံ အနု-ကပ်ရောက် ပြီးသည် ရှိသော် (ဝါ) ကျင့်ပြီးသည်ရှိသော်၊ ပဗ္ဗဇိံသု-ရဟန်းအဖြစ်သို့ ကပ်ရောက်ကြကုန်ပြီ (ဝါ) ကျင့်ကြ ကုန်ပြီ။

ttp://www.dhammadownload.com



(ခ) မဟာဇနကာယော-သည်၊ အနာဂါရိယံ-ရဟန်းဘောင်သို့၊ ပဗ္ဗဇိတံ-ကပ်ရောက်ပြီးသော (ဝါ) ကျင့်ပြီးသော၊ ဗောဓိသတ္တံ-သို့၊ အနုပဗ္ဗဇိံသု-အတုလိုက်၍ ရဟန်းပြုကြကုန်ပြီ (ဝါ) အတုလိုက်၍ ကျင့်ကြကုန်ပြီ။

အမှာ။ ပထမနည်းသည် အနကို ကမ္မပ္ပဝစနီယ ကြံ၍ အနက်ပေးထားခြင်း ဖြစ်၏။ ဒုတိယနည်းသည် အနကို ဥပသာရပုဒ်အဖြစ် ကြံ၍ အနက်ပေးထားခြင်း ဖြစ်၏။ ဥပသာရ ပုဒ်သည် = ဓာတ်နှင့် (ဝါ) ကြိယာနှင့် မတွဲလျှင် ဥပသာရ မည်၏။ ဓာတ်နှင့် (ဝါ) ကြိယာနှင့် တွဲလျှင် ကမ္မပ္ပဝစနီယ မည်၏။

၁၇၁။ အာယာမ ပုဒ်၌ အနက်ပေးနည်း (၂)နည်း။

အာယာမ ပုဒ်ကို (က) ဧကပဒ (ခ) ဒွိပဒ ကြံ၍ အနက်နှစ်နည်း ပေးနိုင်၏။

ပုံစံ။ အာယာမ အာနန္ဒ။ (ဒီ၊ ၄-၂၊ နှာ-၆၉)

(က) အာနန္ဒ-ညီဘွား အာနန္ဒာ၊ အာယာမ-လာလိုက်ခဲ့ သွားကြကုန်စို့ (ဝါ) သွားကြကုန်စို့။ (ဧကပဒ)

(ခ) အာနန္ဒ-ညီဘွား အာနန္ဒာ၊ အာ-လာလိုက်ခဲ့၊ ယာမ-သွားကြကုန်စို့။ (ဒွိပဒ)

၁၇၂။ တံ ယထာ၊ ယထာ တံ ပုဒ်တို့၌ အနက်ပေးနည်း။

(က) တံ ယထာ ပါဌ်၌ တံ-ကို အနက်ရှိ ကြံ၍လည်းကောင်း (ခ) ယထာ တံ ပါဌ်၌ တံ-ကို အနက်မဲ့ ကြံ၍လည်းကောင်း အနက်ပေးရမည်။

(က)ပုံစံ တံ ယထာ။ (ကစ္စည်း)

တံ တေ အက္ခရာ-ထိုအက္ခရာတို့ဟူသည်၊ ယထာ ကတမေ-အဘယ်သည်တို့နည်း ဟူမူကား။

(တစ်နည်း) တံ ဥဒါဟရဏံ-ထိုဥဒါဟရဏ်ဟူသည်၊ ယထာ ကတမံ-အဘယ်နည်း ဟူမူကား။

(ခ)ပုံစံ ဩဘာသေယျ ယထာ တံ ယုဝါ ယုဝတိံ။ (ဝိနည်း၊ ဘိက္ခုပါတိမောက်၊ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်)

ယုဝါ-ယုလင်ပျိုသည်၊ ယုဝတိံ-မိန်းမပျိုကို၊ ဩဘာသေယျ ယထာ-ပြောဆိုသကဲ့သို့။

နိယံ။ တံ ယထာသား၊ ရှိလာငြားမူ၊ တံကို အနက်ယူ။

ယထာ တံမူ၊ တံ၏ အနက်၊ ထူး မထွက်။

==============

သာသနာ့အသက် ဆရာ့လက်ထဲ၌ ရှိသည်။ ဆရာကောင်းမှ သာသနာ ကောင်းမည်။
ထို့ကြောင့် ဆရာကောင်း ဖြစ်ရမည်ဟူသော စိတ်ဓာတ်ဖြင့်သာ စာသင်ပါ။

ttp://www.dhammadownload.com



## မှတ်သားဘွယ်ကဏ္ဍ

အနက်ယောဇနာရာ၌ ကတ္တား,ကံ စသည် ထည့်ပုံတို့ကိုလည်းကောင်း၊ သဗ္ဗနာမ် စွဲပုံတို့ကိုလည်းကောင်း၊ ဝိဘတျတ္တ မှန်ကန်စွာ အနက်ယောဇနာပုံတို့ကိုလည်းကောင်း သိနားလည်ပါစေခြင်း အကျိုးငှာ ဤမှတ်သားဘွယ်ကဏ္ဍကို အမြွက်မျှ ရေးသားဖော်ပြအပ်ပါ၏။

### ကတ္တား စသည် ထည့်ရာ၌ မှတ်သားဘွယ် ပုံစံများ

ဣတရံ ပန ---

အတ္ထာနံ သူစနတော၊ သုဝုတ္တတော သဝနတောထ သူဒနတော။

သုတ္တာဏာ သုတ္တသဘာ-ဂတော စ "သုတ္တ"န္တိ အက္ခာတံ။ (ဌ၊ နှာ-၁၈)

* ဣတရံ၏ အပါဒါန်ကို ခံ၍ = ဣတရံ-ဤဝိနည်းပိဋကမှ တစ်ပါးသော သုတ္တန်ပိဋကကို။

* အက္ခာတံ၏ ကတ္တား = သုတ္တတ္တဝိဒူဟိ။

သတိ။ အက္ခာတံကား ကံဟောကြိယာ ဖြစ်၍ ကတ္တားကို တတိယာဝိဘတ်နှင့်သာ ထားရသည်။

အန္တရာသဒ္ဒံ ပယုဇ္ဇန္တိ၊ သော ဒုတိယပဒေနပိ ယောဇေတဗ္ဗော ဟောတိ၊ အယောဇိယမာနေ ဥပယောဂဝစနံ န ပါပုဏာတိ။ (ဌ၊ နှာ-၃၅)

* အယောဇိယမာနေ ဟူသော လက္ခဏာပုဒ်၏ လက္ခဏာဝန္တ ကံပုဒ် = အန္တရာသဒ္ဒေ။

သတိ။ လက္ခဏာပုဒ်နှင့် ဝုတ္တလက္ခဏာဝန္တ ကတ္တားပုဒ်, ဝုတ္တလက္ခဏာဝန္တ ကံပုဒ်တို့သည် လိင်,ဝုစ်,ဝိဘတ် အမြဲတူရမည်။

တဿ ကိရ ဒွါရသမီပေ တရုဏအမ္ဗရုက္ခော အတ္ထိ၊ တံ "အမ္ဗလဋ္ဌိကာ"တိ ဝဒန္တိ။ (ဌ၊ နှာ-၄၂)

* ဝဒန္တိ၏ ကတ္တား = မနုဿာ။

သတိ။ ဝဒန္တိကား ကတ္တားဟောကြိယာ ဖြစ်၍ ကတ္တားကို ပထမာဝိဘတ်နှင့်သာ ထားရသည်။

အာဏတ္တိကနိဿဂ္ဂိယထာဝရာပိ ပယောဂါ ယုဇ္ဇန္တိ၊ အဌကထာသု ပန အနာဂတတ္တာ ဝီမံသိတွာ ဂဟေတဗ္ဗာ။ (ဌ၊ နှာ-၇၂)

* အနာဂတတ္တာ ဟိတ်၏ သမ္ဗန် = အာဏတ္တိကနိဿဂ္ဂိယထာဝရာနံ-ကုန်သော၊ ပယောဂါနံ-တို့၏။

* ဂဟေတဗ္ဗာ၏ ကံပုဒ် = အာဏတ္တိကနိဿဂ္ဂိယထာဝရာ-ကုန်သော၊ တေ ပယောဂါ-တို့ကို။

သတိ။ ဂဟေတဗ္ဗာကား ကံဟောကြိယာ ဖြစ်၍ ကံပုဒ်ကို ပထမာဝိဘတ်နှင့်သာ ထားရသည်။

ဒဗ္ဗိဟောမာဒီနိပိ အဂ္ဂိဟောမာနေဝ၊ ဝေရူပါယ ဒဗ္ဗိယာ ဤဒိသေဟိ ကဏာဒီဟိ ဟုတေ ဣဒံ နာမ ဟောတီတိ ဧဝံ ပဝတ္တိဝသေန ပန ဝိသုံ ဝုတ္တာနိ။ (ဌ၊ နှာ-၈၈)

* ဝုတ္တာနိ၏ ကတ္တားနှင့်ကံ = ဘဂဝတာ (ကတ္တား)၊ တေဒနိ ဒဗ္ဗိဟောမာဒီနိပိ (ကံ)။

သတိ။ ဝုတ္တာနိကား ကံဟောကြိယာ ဖြစ်၍ ကတ္တားကို တတိယာဝိဘတ်နှင့်လည်းကောင်း၊ ကံကို ပထမာဝိဘတ်နှင့်လည်းကောင်း ထားရသည်။

ttp://www.dhammadownload.com



**သကုဏာဝိဇ္ဇာ**တိ သပက္ခကအပက္ခကဒွိပဒစတုပ္ပဒါနံ ရုတဂတာဒိဝသေန သကုဏဉာဏံ။ **ဝါယသဝိဇ္ဇာ**တိ ကာကရုတဉာဏံ၊ တံ ဝိသုညေဝ သတ္ထံ၊ တသ္မာ ဝိသုံ ဝုတ္တံ။ (ဋ၊ နှာ-၈၉)

* ဝိသုညေဝ၏ အပါဒါန် = သကုဏဝိဇ္ဇာယ-မှ။

* ဝုတ္တံ၏ ကတ္တား = ဘဂဝတာ။

ဝုတ္တမ္ပိ စေတံ "ကပ္ပါတိ ဒွေ ကပ္ပါ တဏှာကပ္ပေါ စ ဒိဋ္ဌိကပ္ပေါ စာ"တိ။ (ဋ၊ နှာ-၉၆)

* ဝုတ္တံ၏ ကတ္တားနှင့် အာဓာရ = ဓမ္မသေနာပတိတ္ထေရေန (ကတ္တား)၊ မဟာနိဒ္ဒေသေ (အာဓာရ)။

တဉှိ မန္ဓာတုမဟာဂေါဝိန္ဒာဒီဟိ ပရိဂ္ဂဟိတတ္တာ ရာဇဂေဟန္တိ ဝုစ္စတိ။ (ဋ၊ နှာ-၁၂၂)

* ပရိဂ္ဂဟိတတ္တာ၏ ကရိဏ်း = ရာဇဓာနီဘာဝေန-မင်းနေပြည်တော်၏ အဖြစ်ဖြင့်။ (ဋီသစ်)

တေနေဝ ဝုတ္တံ "ဥပဝသန္တိ ဧတ္ထာတိ ဥပေါသထော"တိ။ (ဋ၊ နှာ-၁၂၈)

* ဝုတ္တံ၏ ကတ္တားနှင့် အာဓာရ = မယာ-ငါအဋ္ဌကထာဆရာသည် (ကတ္တား)၊ ဟေဋ္ဌာ-အောက်၌။

အမှာ။ တေနေဝ ဝုတ္တံဖြင့် ချီလာသောဝါကျ ဖြစ်သောကြောင့် ယင်းဝါကျသည် နိဂမနဝါကျ ဖြစ်နေသည်ကို သတိပြု၍ ကတ္တားနှင့် အာဓာရတို့ကို ထည့်သည်။

(က) ဝစ္ဆံ ကတွာပိ ဥဒကကိစ္စံ န ကရောတိ။

(ခ) ဥဏှောဒကံ ဝါ ကဥ္ဇိယံ ဝါ လဘိတွာ ကရောတိ။ (ဋ၊ နှာ-၁၃၂)

* (ခ) ဝါကျ၌ ကရောတိ၏ ကံပုဒ် = ဥဒကကိစ္စံ။

**အဘိက္ကမာ**တိ အဘိမုခေါ ကမ ဂစ္ဆ ပဝိသာတိ အတ္ထော။ သကိံ ဝုတ္တေ ပန ဒဋ္ဌံ န ဟောတီတိ တရမာနောဝ ဒွိက္ခတ္တုံ အာဟ။ (ဋ၊ နှာ-၁၃၈)

* ဝုတ္တေ၏ လက္ခဏဝန္တ ကံပုဒ် = အဘိက္ကမ မဟာရာဇာတိ ဧတသ္မိံ ဝစနေ-ကို။

သစေပိ န ကထာပေန္တိ၊ ဇနသင်္ဂဟတ္ထံ ဓမ္မကထာ နာမ ကာတဗ္ဗာယေဝ။ (ဋ၊ နှာ-၁၈၆)

မေး။ ဆရာနည်းကျကျ အနက်ပေးပြပါ။

ဖြေ။ မနုဿာ-လူတို့သည် (ကာရိုက်ကတ္တား)၊ နံ ဘိက္ခုံ-ထိုရဟန်းကို (ဝါ) ထိုရဟန်းသည် (ကာရိုက်ကံ၊ ဓာတ်ကတ္တား)၊ ပဉှံ ဝါ-ကိုလည်းကောင်း၊ ဓမ္မံ ဝါ-ကိုလည်းကောင်း (ဓာတ်ကံ)၊ သစေပိ န ကထာပေန္တိ-အကယ်၍မူလည်း မဟောစေကုန်အံ့၊ ပန တထာပိ-ထိုသို့ပင် မဟောစေကုန်ပါသော်လည်း၊ ဓမ္မာနုဂ္ဂဟေန-ဓမ္မာနုဂ္ဂဟဖြင့်၊ ဇနသင်္ဂဟတ္ထံ-လူတို့ကို ချီးမြှောက်ခြင်းငှာ၊ ဓမ္မကထာ နာမ-တရားဟောခြင်း မည်သည်ကို၊ ကာတဗ္ဗာယေဝ-လျှင်ကတည်း။

ttp://www.dhammadownload.com



တေဒေဝ ဟိ သန္ထာယ ဝိဘင်္ဂေ "ဝိဝိတ္တန္တိ သန္တိကေ စေပိ သေနာသနံ ဟောတိ၊ တဉ္စ အနာကိဏ္ဏံ ဂဟဋ္ဌေဟိ ပဗ္ဗဇိတေဟိ။ တေန တံ ဝိဝိတ္တ"န္တိ ဝုတ္တံ။ (ဋ၊ နှာ-၁၈၇)

မေး။ သန္ထာယနှင့် ဝုတ္တံတို့၏ ကံပုဒ်အစွဲများကို ထင်ရှားစေလျက် အနက်ယောဇနာခဲ့ပါ။

ဖြေ။ ဟိ-မှန်၏၊ တေဒေဝ (အတ္တံ)-ထိုအပ္ပသဒ္ဒ, အပ္ပနိဂ္ဃောသ အနက်ကိုသာလျှင် (သန္ထာယကံ)၊ သန္ထာယ-ရည်ရွယ်၍၊ ဝိဘင်္ဂေ-ဈာနဝိဘင်းပါဠိ၌၊ ဝိဝိတ္တန္တိ ။ပ။ တေန တံ ဝိဝိတ္တန္တိ-ဝိဝိတ္တန္တိ ။ပ။ တေန တံ ဝိဝိတ္တံ ဟူ၍၊ ဣဒံ ဝစနံ-ကို (ဝုတ္တံ၏ကံ)၊ ဘဂဝတာ-သည်၊ ဝုတ္တံ-ပြီ။

နိယံ။ သန္ထာယ, ဝုတ္တံ၊ ပုဒ်နှစ်တန်၏၊ ကံမူ ကွဲပြား၊ အထူးအားဖြင့်၊ သန္ထာယ ကံကား၊ အဝုတ္တ၊ ဝုတ္တကံကား၊ ဝုတ္တ၊ သန္ထာယ ကံကား၊ ဝိသေသ၊ ဝုတ္တကံကား၊ သာမည။

ပဉ္စသု ဥပါဒါနက္ခန္ဓေသု ရာဂံ ပဟာယ ကာမစ္ဆန္ဒံ ဝိက္ခမ္ဘေတွာ။ (ဋ၊ နှာ-၁၈၉)

* ပဟာယ၏ ကတ္တားနှင့် ကရိဏ်း = သော ဘိက္ခု-သည် (ကတ္တား)၊ တဒင်္ဂပ္ပဟာနဝသေန-တဒင်္ဂပ္ပဟာန်၏ အစွမ်းအားဖြင့် (ကရိဏ်း)၊ ပဟာယ-ပယ်ခွာ၍။

ရက္ခာပေန္တီတိ တာဒိသေသု နဂရေသု ဝသန္တာပိ အတ္တာနံ ရက္ခာပေန္တိ။ (ဋ၊ နှာ-၂၄၅)

* ရက္ခာပေန္တိ၏ ကာရိက်ကံ = ဒီဃာသိဝုဓေဟိ-ရှည်သော သန်လျက်လက်နက် ရှိကုန်သော၊ ပုရိသေဟိ-တို့သည်။

## သဗ္ဗနာမ် စွဲရာ၌ မှတ်သားဘွယ် ပုံစံများ

(က) အဘိဓမ္မေ "ယသ္မိံ သမယေ ကာမာဝစရ"န္တိ စ ဣတော အညေသု စ သုတ္တပဒေသု "ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟီ"တိ စ ဘုမ္မဝစနနိဒ္ဒေသော ကတော။

(ခ) ဝိနယေ စ "တေန သမယေန ဗုဒ္ဓေါ ဘဂဝါ"တိ ကရဏဝစနေန၊ တထာ အကတ္တာ "ဧကံ သမယ"န္တိ ဥပယောဂဝစနနိဒ္ဒေသော ကတော?။

(ဂ) တတ္ထ တထာ, ဣဓ စ အညထာ အတ္ထသမ္ဘဝတော။ (ဋ၊ နှာ-၃၃+၃၄)

မေး။ (ဂ)အမှတ်ပြ ဝါကျကိုသာ သဗ္ဗနာမ်အစွဲ တိကျစေလျက် အနက်ပေးပြပါ။

ဖြေ။ တတ္ထ-ထိုအဘိဓမ္မာပိဋကႇ, ဗြဟ္မဇာလသုတ်မှ တစ်ပါးသော သုတ်ပုဒ်, ဝိနည်းပိဋကတို့၌၊ တထာ-ထိုသတ္တမီဝိဘတ်, ကရိဏ်းဝိဘတ်တို့ဖြင့်၊ အတ္ထသမ္ဘဝတော စ-အနက်၏ ဖြစ်သင့်ခြင်းကြောင့်လည်းကောင်း၊ ဣဓ-ဤဗြဟ္မဇာလသုတ်၌ (ဝါ) ဤဧကံ သမယံ ဟူသော ပုဒ်၌၊ အညထာ-သတ္တမီဝိဘတ်, ကရိဏ်းဝိဘတ်တို့မှ တစ်ပါးသော ဒုတိယာဝိဘတ်ဖြင့်၊ အတ္ထသမ္ဘဝတော စ-အနက်၏ ဖြစ်သင့်ခြင်းကြောင့်လည်းကောင်း တည်း။

(က) တတ္ထ ဟိ အဘိဓမ္မေ, ဣတော အညေသု သုတ္တပဒေသု စ အဓိကရဏတ္ထော, ဘာဝေန ဘာဝလက္ခဏတ္ထော စ သမ္ဘဝတိ အဓိကရဏဉှိ ကာလတ္ထော, သမူဟတ္ထော စ သမယော၊ တတ္ထ တတ္ထ ဝုတ္တာနံ ဖဿာဒိဓမ္မာနံ ခဏသမဝါယဟေတုသင်္ခါတဿ စ သမယဿ ဘာဝေန တေသံ ဘာဝေါ လက္ခီယတီတိ။

(ခ) တသ္မာ တဒတ္ထဇောတနတ္ထံ တတ္ထ ဘုမ္မဝစနနိဒ္ဒေသော ကတော။ (ဋ၊ နှာ-၃၄)

ttp://www.dhammadownload.com



မေး။ (ခ)ဝါကျကိုသာ သဗ္ဗနာမ်အစွဲ မလွဲစေဘဲ အနက်ပေးပြပါ။

ဖြေ။ တသ္မာ-ထိုသို့ အဘိဓမ္မာပိဋက, အခြားသော သုတ်ပုဒ်တို့၌ အဓိကရဏအနက်, ဘာဝေန ဘာဝလက္ခဏ အနက်၏ ဖြစ်သင့်ခြင်းကြောင့်၊ တဒတ္ထဇောတနတ္တံ-ထိုအဓိကရဏအနက်, ဘာဝေန ဘာဝလက္ခဏအနက် ကို ထွန်းပြခြင်း အကျိုးငှာ၊ တတ္ထ-ထိုအဘိဓမ္မာပိဋက, အခြားသော သုတ်ပုဒ်တို့၌၊ ဘုမ္မဝစနနိဒ္ဒေသော -သတ္တမီဝိဘတ်ဖြင့် ညွှန်ပြခြင်းကို၊ ကတော-ပြုအပ်၏။

(က) သေသံ ပဌမသိက္ခာပဒေ ဝုတ္တနယေနေဝ ယောဇေတဗ္ဗံ။

(ခ) ယထာ စိဓ၊ ဧဝံ သဗ္ဗတ္ထ။ (ဋ္ဌ၊ နှာ-၇၁)

မေး။ (ခ)ဝါကျကိုသာ သဗ္ဗနာမ်အစွဲ မလွဲစေဘဲ ဆရာနည်းကျကျ အနက်ယောဇနာပါ။

ဖြေ။ စ-ဆက်၊ ဣဓ-ဤဒုတိယသိက္ခာပုဒ်၌၊ သေသံ-ဒိန္နာဒါယိ စသော ပုဒ်တို့မှ ကြွင်းသော ပဟာယ ပဋိ ဝိရတော စသော ပုဒ်အပေါင်းကို၊ ပဌမသိက္ခာပဒေ-၌၊ ဝုတ္တနယေနေဝ-သာလျှင်၊ ယောဇေတဗ္ဗံ ယထာ- သို့၊ ဧဝံ တထာ-တူ၊ သဗ္ဗတ္ထ-ဆိုလတ္တံ့ဖြစ်သည့် အလုံးစုံသော အဗြဟ္မစရိယံ ပဟာယ စသော သိက္ခာပုဒ် တို့၌၊ သေသံ-ကို၊ ပဌမသိက္ခာပဒေ-၌၊ ဝုတ္တနယေနေဝ-သာလျှင်၊ ယောဇေတဗ္ဗံ-၏။

ဧတေသု ဝါဒေ ကိဉ္စိ သာသနာနုလောမမ္ပိ အတ္ထိ။ (ဋ္ဌ၊ နှာ-၁၅၁)

* ဧတေသု၌ ဧတဟူသော သဗ္ဗနာမ်ပုဒ်၏အစွဲ = ဧတေသု-ဤနိဂဏ္ဌနာဋပုတ္တ၏။

(က) ယဿ ကဿစိ ဇိဏ္ဏံ အသပ္ပါယမေဝ။

(ခ) အဂ္ဂဋ္ဌာဒီဒါနေန ဟိဿ တံ ပလိဗောဓကရံ ဟောတိ။ (ဋ္ဌ၊ နှာ-၁၇၇)

မေး။ (ခ)ဝါကျကို သဗ္ဗနာမ်အစွဲ မလွဲစေဘဲ အနက်ယောဇနာပြပါ။

ဖြေ။ ဟိ ယသ္မာ-အကြင်ကြောင့်၊ အဂ္ဂဋ္ဌာဒီဒါနေန-ပြင်အထပ် အစရှိသည်ကို ပေးခြင်းဖြင့်၊ တံ-ထိုဆွေးမြည့် သော သင်္ကန်းသည်၊ အဿ-ထိုကမ္မဋ္ဌာန်း စီးဖြန်းသော ရဟန်းအား၊ ပလိဗောဓကရံ-ကြောင့်ကြခြင်းကို ပြုတတ်သည်၊ ဟောတိ-၏။

(က) မဟာပလာလပုဉ္ဇတော ဟိ ပလာလံ နိက္ကမိတွာ ပဗ္ဘာရလေဏသဒိသေ အာလယေ ကရောန္တိ၊ ဂစ္ဆဂုမ္ဗာဒီနမ္ပိ ဥပရိ ပလာလံ ပက္ခိပိတွာ ဟေဋ္ဌာ နိသိန္နာ သမဏဓမ္မံ ကရောန္တိ။

(ခ) တံ သန္ဓာယေတံ ဝုတ္တံ။ (ဋ္ဌ၊ နှာ-၁၈၈)

မေး။ (ခ)ဝါကျကို သဗ္ဗနာမ်အစွဲ မလွဲစေဘဲ အနက်ယောဇနာပြပါ။

ဖြေ။ တံ ပလာလပုဉ္ဇ-ထိုကောက်ချုံ အစရှိသည်တို့၏ အထက်၌ ထားအပ်သော ကောက်ရိုးကို၊ သန္ဓာယ-၍၊ ဧတံ ဝစနံ-ဤပလာလပုဉ္ဇဟူသော စကားကို၊ ဘဂဝတာ-သည်၊ ဝုတ္တံ-၏။

(က) ဣဒ္ဓ ဝိပဿနာဉာဏံ မဂ္ဂဉာဏာနန္တရံ၊ ဧဝံ သန္တေပိ ယသ္မာ အဘိညာဝါရေ အာရဒ္ဓေ ဧတဿ အန္တရာဝါရော နတ္ထိ၊ တသ္မာ။

(ခ) ဣဓေဝ ဒဿိတံ။ (ဋ္ဌ၊ နှာ-၁၉၈)

ttp://www.dhammadownload.com



မေး။ သဗ္ဗနာမ်အစွဲ မှန်ကန်စေလျက် ဒသိတံ၏ ကတ္တား+ကံပုဒ်တို့ကို ထည့်၍ (ခ)ဝါကျကိုသာ အနက်ပေးပြပါ။

ဖြေ။ ဣ္ဓတေ၀–ဤစတုတ္ထစျာန်၏ အခြားမဲ့၌သာလျှင်၊ ဘဂဝတာ–သည် (ကတ္တား)၊ ဣဒံ ဝိပဿနာဉာဏံ–ကို၊ ဒဿိတံ–၏။

သော တီရေ ဋ္ဌိတော တံ ပဒုမံ ဒိသွာ "ဣဒံ ပဒုမံ အဝသေသပဒုမေဟိ မဟန္တတရံ၊ ပုပ္ဖိတကာလေ နံ ဂဟေဿာမီ"တိ စိန္တေသိ။ (ဋ၊ နှာ–၂၁၈)

မေး။ သဗ္ဗနာမ်အစွဲ မလွဲစေဘဲ ဂဟေဿာမိ၏ ကတ္တားကို ထည့်၍ အနက်ပေးပြပါ။

ဖြေ။ သော တာပသော–ထိုရသေ့သည်၊ တီရေ–ဟိမဝန္တာ တောအရပ်၌ တည်ရှိသော ရေအိုင်ကြီး၏ ကမ်းနား၌၊ ဋ္ဌိတော–ရပ်သည် ရှိသော်၊ တံ ပဒုမံ–ပေါက္ခရသာတိပုဏ္ဏား လောင်းလျာကလေး ပဋိသန္ဓေ ကိန်းအောင်းရာ ဖြစ်သော ထိုပဒုမာကြာပန်းကြီးကို၊ ဒိသွာ–၍၊ ဣဒံ ပဒုမံ–သည်၊ အဝသေသပဒုမေဟိ–ရေအိုင်ကြီးထဲ၌ ပွင့်နေကုန်သည့် ကြွင်းကုန်သော ပဒုမာကြာပန်းတို့ထက်၊ မဟန္တတရံ–အထူးသဖြင့် ကြီး၏၊ ပုပ္ဖိတကာလေ–ပွင့်သော အခါ၌၊ နံ–ထိုပဒုမာကြာပန်းကြီးကို၊ အဟံ–သည် (ကတ္တား)၊ ဂဟေဿာမိ–အံ့၊ ဣတိ–သို့၊ စိန္တေသိ–၏။

တေဟိ တေ အညဒတ္ထု သန္တဇ္ဇိတာ နိဝတ္တန္တိယေဝ။ သော "အယံ ပထဝိယာ အဂ္ဂပဒေသော"တိ ဥတ္တာ တတ္ထ အတ္တနော ပဏ္ဏသာလံ မာပေသိ။ (ဋ၊ နှာ–၂၃၁+၂၃၂)

မေး။ သဗ္ဗနာမ်အစွဲ မှန်ကန်စေလျက် အနက်ယောဇနာပါ။

ဖြေ။ အညဒတ္ထု–စင်စစ်သဖြင့်ကား၊ တေဟိ–ထိုသမင်, တောဝက်, ဖား, ကြွက်တို့သည်၊ သန္တဇ္ဇိတာ–ခြိမ်းခြောက်အပ်ကုန်သည် ဖြစ်၍၊ တေ–ထိုခြင်္သေ့, ကျား, မြွေ, ကြောင်တို့သည်၊ နိဝတ္တန္တိယေဝ–နစ်ကုန်သည်သာလျှင်တည်း၊ သော–ထိုကပိလရသေ့သည်၊ အယံ–ဤအရပ်သည်၊ ပထဝိယာ–မြေပြင်ကြီး၏၊ အဂ္ဂပဒေသော–မြတ်သော အရပ်တည်း၊ ဣတိ–သို့၊ ဥတ္တာ–၍၊ တတ္ထ–ထိုအရပ်၌၊ အတ္တနော–၏၊ ပဏ္ဏသာလံ–သစ်ရွက်မိုးသော ကျောင်းဇရပ်ကို၊ မာပေသိ–ဖန်ဆင်း၏။

ဥရုဋ္ဌာတိ တရုဏမေဏ္ဍကာ ဝုစ္စန္တိ။ တေ တာဝ ပါဠိယံ အာဂတာယေဝ။ (ဋ၊ နှာ–၂၆၃)

မေး။ သဗ္ဗနာမ်အစွဲ မှန်ကန်စေပြီး တာဝ၏ အပါဒါန်ကို ဖော်ထုတ်လျက် အနက်ပေးပြပါ။

ဖြေ။ တရုဏမေဏ္ဍကာ–ဆိတ်ငယ်တို့ကို၊ ဥရဗ္ဘာတိ–ဥရဗ္ဘတို့ဟူ၍၊ ဝုစ္စန္တိ–ကုန်၏၊ တေ သတ္တာ–ဤဥသဘ အစ ဥရဗ္ဘအဆုံးရှိသော သတ္တဝါတို့သည်၊ အနာဂတသတ္တေဟိ–မလာသော သတ္တဝါတို့မှ (တာဝ အပါဒါန်)၊ တာဝ–ရှေးဦးစွာ၊ ပါဠိယံ–၌၊ အာဂတာယေဝ–ကုန်သည်သာလျှင်ကတည်း။

## အဘိဓေယျတ္ထ ဖော်ရာ၌ မှတ်သားဘွယ် ပုံစံများ

ပရိဗ္ဗာဇကောပိ ဥယျာနသေ ကေပသော ပရိဗ္ဗာဇကေပရိက္ခာရေ သြိတာရေတွာ။ (ဋ၊ နှာ–၄၃)

မေး။ ပရိဗ္ဗာဇကော ပုဒ်နှင့် ဥယျာနသေ ပုဒ်တို့၏ နာမတ္ထကို ပေါ်လွင်စေလျက် ကာရိုက်ကံကို ထည့်ပြီး အနက်ယောဇနာပါ။

ttp://www.dhammadownload.com



ဖြေ။ ပရိဗ္ဗာဇကောပိ-သုပ္ပိယ ပရိဗိုဇ်သည်လည်း၊ ဉယျာနသာ-အမ္ဗလဋ္ဌိကမည်သော ဥယျာဉ်၏၊ ကေပသော-တစ်ခုသော နံပါးအရပ်၌၊ ပရိဗ္ဗာဇကပရိသာယော-မိမိ၏ ပရိဗိုဇ် ပရိသတ်တို့ကို (ကာရိကံ)၊ ပရိဗ္ဗာဇကေ ပရိက္ခာရေ-ပရိဗိုဇ်တို့၏ ပရိက္ခရာတို့ကို (ဓာတ်ကံ)၊ ဩတာရေတွာ-ချစေ၍။

သတိ။ ဤကဲ့သို့ ပုဂ္ဂိုလ်,ကျောင်း,ဥယျာဉ်,နိုင်ငံ စသည်တို့၏ အမည်ကို ထုတ်ဖော်၍ မေးနိုင်ပါသေးသည်။

ဇတ္ထ စ ဒုတိယံ ပဒံ ပဌမဿ, စတုတ္ထဥ္စ တတိယဿ ဝေဝစနန္တိ ဝေဒိတဗ္ဗံ။ (ဋ၊ နှာ-၅၃)

မေး။ ပဒသရုပ်ကို ဖော်ထုတ်၍ ပေါ်လွင်စွာ အနက်ပေးပြပါ။

ဖြေ။ စ-ဆက်ပါဦးအံ့၊ ဇတ္ထ-ဤ အဘူတံ, အတစ္ဆံ, နတ္ထိ စေတံ အမှေသု, န စ ပနေတံ အမှေသု သံဝိဇ္ဇတိ ဟူသော လေးပုဒ်တို့တွင်၊ ဒုတိယံ-သော၊ ပဒံ-အတစ္ဆံ ဟူသော ပုဒ်သည်၊ ပဌမဿ-သော၊ ပဒဿ-အဘူတံ ဟူသော ပုဒ်၏၊ ဝေဝစနံ-ဝေဝုစ်တည်း၊ စတုတ္ထံ-သော၊ ပဒဥ္စ-န စ ပနေတံ အမှေသု သံဝိဇ္ဇတိ ဟူသော ပုဒ်သည်လည်း၊ တတိယဿ-သော၊ ပဒဿ-နတ္ထိ စေတံ အမှေသု ဟူသော ပုဒ်၏၊ ဝေဝစနံ-တည်း၊ ဣတိ-သို့၊ ဝေဒိတဗ္ဗံ-၏။

ကေစိ အညံ ဒဿေတွာ အညဿ ပရိဝတ္တနံ သာစိယောဂေါတိ ဝဒန္တိ။ (ဋ၊ နှာ-၇၈)

* ကေစိပုဒ်၏ အဘိဓေယျတ္ထကို ပေါ်လွင်စေလျက် = ကေစိ-အချို့ကုန်သော သာရသမာသကျမ်းဆရာ, ဥတ္တရဝိဟာရဝါသီ ဂိုဏ်းဆရာတို့သည်။

အမှာ။ ကေစိအရကို မေးတိုင်း = သာရသမာသကျမ်းဆရာ, ဥတ္တရဝိဟာရဝါသီ ဂိုဏ်းဆရာတို့ဟူ၍သာ ပုံသေဖြေပါ။

ဇဝံ သဗ္ဗေပိ တိဘဝူပဂေ သတ္တေ တီဟာကာရေဟိ တီသု ပဒေသု ပက္ခိပိတွာ ပုန ဒွီဟိ ပဒေဟိ ပရိယာဒိယန္တော **“သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ”**န္တိ အာဟ။ (ဋ၊ နှာ-၁၅၈)

မေး။ တီဟာကာရေဟိ, တီသု ပဒေသု, ဒွီဟိ ပဒေဟိ-တို့၌ တိ,ဒွိ သချာတို့၏ သရူပတ္ထ (ဝါ) သင်္ချေယျတ္ထ ပေါ်စေလျက် အနက်ယောဇနာပြပါ။

ဖြေ။ ဇဝံ-သို့၊ သဗ္ဗေပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ တိဘဝူပဂေ-ကာမ, ရူပ, အရူပဟူသော ဘုံသုံးပါး၌ ဖြစ်ကုန်သော၊ သတ္တေ-သတ္တဝါတို့ကို၊ တီဟိ-သုံးပါးကုန်သော၊ အာကာရေဟိ-ဒေဝ, မာရ, ဗြဟ္မာတို့နှင့် တကွဖြစ်သည်၏ အဖြစ်ဟူသော အခြင်းအရာတို့ဖြင့်၊ တီသု-ကုန်သော၊ ပဒေသု-သဒေဝကံ, သမာရကံ, သဗြဟ္မကံဟူသော ပုဒ်တို့၌၊ ပက္ခိပိတွာ-ထည့်၍၊ ပုန-တစ်ဖန်၊ ဒွီဟိ-နှစ်ခုကုန်သော၊ ပဒေဟိ-သဿမဏ ဗြာဟ္မဏိံ သဒေဝမနုဿံ ဟူသော ပုဒ်တို့ဖြင့်၊ ပရိယာဒိယန္တော-သိမ်းကျုံးတော်မူလိုသည် ဖြစ်၍၊ သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝ မနုဿန္တိ-ဟူ၍၊ အာဟ-၏။

**မနောမယန္တိ** မနေန နိဗ္ဗတ္တိတံ။ (ဋ၊ နှာ-၁၉၈)

မေး။ မနေနဥ္စ မန၏ အဘိဓေယျတ္ထကို ပေါ်လွင်စေလျက် စပ်သင့်သော ပါဌသေသများကို ထည့်၍ အနက်ပေးပါ။

ဖြေ။ မနောမယန္တိ-ကား၊ မနေန-အဘိညာဉ်စိတ်, အဓိဋ္ဌာန်စိတ်သည်၊ နိဗ္ဗတ္တိတံ-ဖြစ်စေအပ်သော၊ (ကာယံ-နိမ္မိတကာယကို၊ အဘိနိမ္မိနာတိ-ဖန်ဆင်း၏။)

(တစ်နည်း) မနေန-ဖြင့်၊ နိဗ္ဗတ္တိတံ-ဖြစ်သော၊ (ကာယံ-နိမ္မိတကာယကို၊ အဘိနိမ္မိနာတိ-ဖန်ဆင်း၏။)

ttp://www.dhammadownload.com



အထ ဝါ ရာဇဘောဂ္ဂန္တိ သဗ္ဗံ သေဇ္ဇဘောဇ္ဇံ အနုသာသန္တေန နဒီတိတ္ထပဗ္ဗတာဒီသု သုင်္ကံ ဂဏှန္တေန သေတုဗ္ဗတ္တံ ဥဿာပေတွာ ရညာ ဟုတွာ ဘုဥ္ဇိတဗ္ဗံ။ (ဋ၊ နှာ-၂၁၉)

* နဒီတိတ္ထပဗ္ဗတာဒီသု၌ အာဒိဝန်ကို ဖော်၍ = နဒီတိတ္ထပဗ္ဗတာဒီသု-မြစ်ဆိပ်, တောင်, တောင်ခြေ, ရွာတံခါး, တောအုပ် အဝင်ဝတို့၌။

ကေနစိ ပါရိဇုညေန အနဘိဘူတော အပရိက္ခီဏာယော တံ ကုလံ ပဟာယ။ (ဋ၊ နှာ-၂၁၉+၂၂၀)

* ပါရိဇုည သရုပ်ကို ပေါ်လွင်စေလျက် = ကေနစိ-ဉာတိပါရိဇုည, ဘောဂပါရိဇုည, ရောဂပါရိဇုည, သီလပါရိဇုည, ဒိဋ္ဌိပါရိဇုညတို့တွင် တစ်စုံတစ်ခုသော (ဝါ) ဉာတိပါရိဇုည, ဘောဂပါရိဇုည, ဇရာပါရိဇုည, ဗျာဓိပါရိဇုညတို့တွင် တစ်စုံတစ်ခုသော၊ ပါရိဇုညေန-ဆုတ်ယုတ်ပျက်စီးခြင်းသည် (ဝါ) ဘေးရန်သည်။

* တံ ကုလံ သရုပ်ကို ပေါ်လွင်စေလျက် = တံ ကုလံ-ထိုရှစ်သောင်းလေးထောင်သော သာကီဝင်မင်းမျိုးကို။

ကုဏ္ဍဓါလေဟိတိ သောဘာကရဏတ္ထံ ကပ္ပေတုံ ယုတ္တဋ္ဌာနေသု ကပ္ပိတဝါလေဟိ။ (ဋ၊ နှာ-၂၄၅)

* ယုတ္တဋ္ဌာနေသု အရကို တိကျပေါ်လွင်စေလျက် = ယုတ္တဋ္ဌာနေသု-သင့်မြတ်သော လည်,ဦးခေါင်း,မြီးဆံဖျား အစရှိသော အရပ်တို့၌။

နီလာဒိပဉ္စဝဏ္ဏကုသုမပဋိမဏ္ဍိတံ မဟန္တံ စမ္ပကဝနံ။ (ဋ၊ နှာ-၂၄၉)

* နီလာဒိ-၌ အာဒိ သရုပ်ကို ထုတ်ဖော်၍ = နီလာဒိပဉ္စဝဏ္ဏကုသုမပဋိမဏ္ဍိတံ-အသောကပန်းညို, မဟာလှေကား, ပင်လယ်ကသစ်, သင်းခွေပန်း, ငုပန်းဟူသော အဆင်းငါးမျိုးရှိသော စကားပန်းတို့ဖြင့် တန်ဆာဆင်အပ်သော (ဝါ) စကားပွင့်ညို, စကားစိမ်း, စကားနီ, စကားဖြူ, စကားဝါပန်းတည်းဟူသော အဆင်းငါးမျိုး ရှိသော ပန်းတို့ဖြင့် တန်ဆာဆင်အပ်သော။

## ဝိဘတျတ္ထမှန်အောင် အနက်ပေးရာ၌ မှတ်သားဘွယ်ရာများ

* အညတြ, ဝိနာ စသော နိပါတ်ပုဒ်တို့နှင့် ယှဉ်သည့် ပုဒ်၌ ဒုတိယာဝိဘတ်, တတိယာဝိဘတ်, ပဉ္စမီဝိဘတ် သုံးမျိုးတို့တွင် တစ်မျိုးမျိုး သက်နိုင်၏။

ပုံစံ။ ဝိနာ သဒ္ဒမ္ဗံ၊ ဝိနာ သဒ္ဒမ္ဗေန၊ ဝိနာ သဒ္ဒမ္ဗာ။ (ကစ္စည်း)

နိယံ။ အညတြ, ဝိနာ၊ နိပါတာ၏၊ ယှဉ်ရာမှန်လှ၊
ယင်းပဒဝယ်၊ ဒု,တ,ပဉ္စမီ သက်မြဲတည်း။

* အညတြ, ဝိနာ နိပါတ်ပုဒ်တို့ကို ကြိယာဝိသေသန အနက်ပေးရမည်။

ပုံစံ။ အညတြ ကုသလံ။ (မျက်ရှု)
ကုသလံ-ကို၊ အညတြ-ကြဉ်ထား၍။ (ကြိယာဝိသေသနတ္တ)

နိယံ။ အညတြ, ဝိနာ၊ နိပါတာကို၊ ကြိယာဝိသေသ ပေးမြဲ။

ttp://www.dhammadownload.com



* အနန္တရံ၊ သမယံပုဒ်တို့၏ ဝိဘတ်ျတ္တကို ဘုမ္မတ္တ အနက်ပေးရမည်။

ပုံစံ။ တဒနန္တရံ–ထိုစကား၏ အခြားမဲ့၌။

ပုံစံ။ ကေ သမယံ–အခါတစ်ပါး၌။

နိယံ။ အနန္တရံ၊ သမယံဟု၊ နှစ်တန်ပုဒ်မှာ၊ ဒုတိယာ၊ မြဲစွာ ဘုမ္မတ္တ၌သက်။

အမှာ။ "ကေ သမယံ–အခါတစ်ပါး၌"ဟု အနက်ပေးခြင်းသည် ပေါရာဏာစရိယတို့အလို ဖြစ်၏။ အဋ္ဌကထာတို့အလို အနက်ပေးမှုကား "ကေ–တစ်ပါးသော၊ သမယံ–အခါပတ်လုံး၊"ဟု အစ္စန္တသံယောဂအနက် ပေးရမည်။

* ဆဋ္ဌီဝိဘတ် သက်ထားသည့် အချို့သော ပုဒ်တို့ကို တတိယာဝိဘတ် သက်ထားသည့် အဝုတ္တကတ္တား ပုဒ်တို့ကဲ့သို့ အဝုတ္တကတ္တား အနက်ပေးရမည်။

ပုံစံ။ ကတံ မေ ပါပံ။ (ကစ္စည်း)
မေ–ငါသည်၊ ပါပံ–ကို၊ ကတံ–ပြုအပ်ပြီ။

နိယံ။ ဆဋ္ဌီ ကတ္တား၊ ရံခါ ပြားမူ၊ ကတ္တား တတိယာနှင့် တူမြဲ။

* နေဆုံးသော ဒိသာဝါစကပုဒ် ရှိအံ့။ ယင်းပုဒ်၏ နောက်၌ရှိသည့် ဒုတိယာဝိဘတ် ဆုံးသော ပုဒ်ကို ပဉ္စမီ အနက်သော်လည်းကောင်း၊ ဆဋ္ဌီ အနက်သော်လည်းကောင်း ပေးရမည်။

ပုံစံ။ ပုဗ္ဗေန ဂါမံ ရမဏီယံ။ (မျက်ရှု)
ဂါမံ–ရွာမှ (ပဉ္စမီအနက်)၊ (တစ်နည်း) ဂါမံ–ရွာ၏ (ဆဋ္ဌီအနက်)၊ ပုဗ္ဗေန–အရှေ့အရပ်၌၊ ရမဏီယံ–ပျော်ဖွယ်ကောင်း၏။

နိယံ။ ဒိသာဝါစက၊ ပဒ၌လျှင်၊ နေမြင်မူ၊ နောက်တွင်ပုဒ်မှာ၊ ဒုတိယာကို၊ သက်ပါ ပဉ္စမီနှင့်၊ ဆဋ္ဌီ အနက်တည်း။

* ပူဇော်ခြင်း အနက်ရှိသည့် ယဇဓာတ်, ဟုဓာတ်၊ ရောင့်ရဲတင်းတိမ်ခြင်း, ပြည့်ခြင်း အနက်ရှိသည့် ပူရ စသော ဓာတ်တို့၏ ယှဉ်ရာဝယ် ကရိဏ်းအနက်၌ ဆဋ္ဌီဝိဘတ် သက်ရ၏။

ပုံစံ။ ပုပ္ဖဿ ဗုဒ္ဓံ ယဇတိ။ (ပုပ္ဖဿ–ပန်းဖြင့်)
ဃတဿ အဂ္ဂိံ ဇုဟောတိ။ (ဃတဿ–ထောပတ်ဖြင့်)
ပတ္တံ ဩဒနဿ ပူရေတွာ။ (ဩဒနဿ–ထမင်းဖြင့်)

နိယံ။ ပူဇနတ္ထ၊ ယဇနှင့် ဟု၊ သုဟိတတ္ထ၊ ပူရ စသား၊ ဓာတ်များ ယှဉ်ဖက်၊ ကရိဏ်းနက်၊ သက်လေ ဆဋ္ဌီသာ။

* အတူ အနက်ဟောသည့် သဒိသ,သမာန စသော သဒ္ဒါ၊ ကိံ,အလံ စသော သဒ္ဒါတို့နှင့် ယှဉ်ရာဝယ် သဟာဒိယောဂ အနက်၌ ဆဋ္ဌီဝိဘတ် သက်ရ၏။

ပုံစံ။ ပိတုဿ တုလျော။ (ပိတုဿ–အဖနှင့်)
မာတု သဒိသော။ (မာတု–အမိနှင့်)
ကိံ တဿ စ တုဋ္ဌဿ။
(တုဋ္ဌဿ–နှစ်သက်အပ်သော၊ တဿ–ထိုဝတ္ထုနှင့်လည်း၊ ကိံ–အဘယ်အကျိုး ရှိအံ့နည်း။)

နိယံ။ တုလျတ္ထံ၊ ကိံ, အလံနှင့်၊ ယှဉ်ပြန်လေသော၊ သဟာဒိယော၊ သက်လော ဆဋ္ဌီသာ။

ttp://www.dhammadownload.com



* ကိတ အမည်ရသော တပစ္စည်း, တိပစ္စည်း စသည်တို့နှင့် ယှဉ်ရာဝယ် ကတ္တားအနက်၌ ဆင္ဃီဝိဘတ် သက်ရ၏။

ပုံစံ။ ရညော သမ္မတော၊ ရညော ပူဇိတော၊ ရညော သက္ကတော၊ ရညော မာနိတော။ (ရညော–မင်းသည်)
ယေသံ ကာယဂတာသတိ အပရိဘုတ္တာ။ (ယေသံ–အကြင်သူတို့သည်)
အမတံ တေသံ ဘိက္ခဝေ အပရိဘုတ္တံ။ (တေသံ–ထိုသူတို့သည်)
သောဘနာ ကစ္စာယနဿ ကတိ။ (ကစ္စာယနဿ–ကစ္စည်းသည်)

နိယံ။ ကိတ မည်ရ၊ တ,တိ စသား၊ ပစ္စည်းများယှဉ်၊ ကတ္တားတွင်၊ သက်ချင် ဆင္ဃီသာ။

* ကုသလ (ကျွမ်းကျင်လိမ္မာခြင်း) အနက်ရှိသော သဒ္ဒါများ၊ ပသန္နသဒ္ဒါ၊ ခတ္တုံသဒ္ဒါတို့နှင့် ယှဉ်ရာဝယ် သတ္တမီအနက်၌ ဆင္ဃီဝိဘတ် သက်ရ၏။

ပုံစံ။ ကုသလာ နစ္စဂီတဿ သိက္ခိတာ စာတုရိတ္ထိယော။ (နစ္စဂီတဿ–ကခြင်း, သီခြင်း၌)
သန္တိ ဟိ ဘန္တေ ဥဋ္ဌာရာ ယက္ခာ ဘဂဝတော ပသန္နာ။ (ဘဂဝတော–မြတ်စွာဘုရား၌)
ဒိဝသဿ တိက္ခတ္တုံ။ (ဒိဝသဿ–တစ်နေ့၌)

နိယံ။ ကုသလတ္ထ၊ ပသန္န တစ်ဖုံ၊ ခတ္တုံ တစ်လီ၊ ယှဉ်စပ်မှီသော်၊ သတ္တမီနက်၊ ဆင္ဃီသက်၊ မိန့်မြွက် ရှုဆရာ။

ဗုဒ္ဓါနံ နိသိန္နာနံ ဝါ နိပန္နာနံ ဝါ ကောစိ လက္ခဏံ ပရိယေသိတုံ သက္ကောတိ။ (ဌ၊ နာ–၂၄၅)

မေး။ “ဗုဒ္ဓါနံ နိသိန္နာနံ ဝါ နိပန္နာနံ ဝါ” ပုဒ်တို့၌ ဝိဘတျတ္ထကို ပြည့်စုံမှန်ကန်စေလျက် အနက်ပေးပြပါ။

ဖြေ။ နိသိန္နာနံ ဝါ–ထိုင်တော်မူသည်လည်း ဖြစ်ကုန်သော၊ နိပန္နာနံ ဝါ–လျောင်းတော်မူသည်လည်း ဖြစ်ကုန်သော၊ ဗုဒ္ဓါနံ–တို့၏၊ (တစ်နည်း) ဗုဒ္ဓါနံ–တို့သည်၊ နိသိန္နာနံ ဝါ–ထိုင်တော်မူကုန်စဉ်သော်လည်းကောင်း၊ နိပန္နာနံ ဝါ–လျောင်းတော်မူကုန်စဉ်သော်လည်းကောင်း၊ ကောစိ–တစုံတစ်ယောက်သော သူသည်၊ လက္ခဏံ–ကို၊ ပရိယေသိတုံ–စုံစမ်းခြင်းငှာ၊ န သက္ကောတိ–မတတ်နိုင်။

သတိ။ ပထမနည်း၌ ဝိသေသန+ဝိသေသျ ကြံ၍ အနက်ပေး၏။ ဒုတိယနည်း၌ အနာဒရဝန္တ+အနာဒရ ကြံ၍ အနက်ပေး၏။

အမှာ။ ဖော်ပြခဲ့သော ပုံစံများကို မှီး၍ အခြားသော ပုံစံများ၌လည်း ကတ္တား,ကံ,ကရိုဏ်း စသည်တို့ ထည့်ပုံကို လည်းကောင်း၊ သဗ္ဗနာမ် စွဲပုံကိုလည်းကောင်း၊ အရကောက် အဘိဓေယျတ္ထ, သရူပတ္ထ, နာမတ္ထ ဖော်ထုတ် ပုံကိုလည်းကောင်း၊ ဝိဘတျတ္ထ မှန်ကန်စွာ အနက်ယောဇနာပုံကိုလည်းကောင်း သိတော်မူပါ။ အနက်ကြေညက်ဖို့ရာ အလွန်အရေးကြီး၏။

**၁–နံပါတ် စည်းမျဉ်း ပြီး၏။**

---

## စာချတန်းအသက် အနက်

ttp://www.dhammadownload.com



# ၂-နံပါတ် အတက်, အထွက်စည်းမျဉ်း

နံပါတ် (၂)ပုစ္ဆာ၌ အတက်(ကျမ်းတက်)၊ အထွက်(ကျမ်းထွက်)၊ အစပ်(စာစပ်)တို့ကို မေး၏။ ထိုတွင် အတက်(ကျမ်းတက်နည်း)ကို ရှေးဦးစွာ ဖော်ပြပါအံ့။ အတက်(ကျမ်းတက်နည်း)သည် အာစရိယဝါဒအားဖြင့် (က) ဝါကျတက် (ခ) စတုက္ကတက် (ဂ) အဓိပ္ပါယ်တက် (ဃ) ပိဏ္ဍတ္ထတက်ဟူ၍ လေးမျိုးရှိ၏။ ထိုလေးမျိုးတို့တွင် (ဃ) ပိဏ္ဍတ္ထတက်သည် (က) ဝါကျတက် (ခ) စတုက္ကတက် (ဂ)အဓိပ္ပါယ်တက် သုံးမျိုးတို့တွင် အကျုံးဝင်သောကြောင့် (က) ဝါကျတက် (ခ) စတုက္ကတက် (ဂ) အဓိပ္ပါယ်တက် သုံးမျိုးတို့ကိုသာ ဖော်ပြပါအံ့။

ယင်းသုံးမျိုးတို့တွင် ဝါကျတက်ကို ရှေးဦးစွာ ပြပါအံ့။ ဝါကျတက်ကို ဘက်ရာ၌ မတက်မီ ရှေးဦးစွာ ဝါကျကို ခွဲထားရ၏။ ထို့နောင်မှ ဝါကျတက်ကို တက်ရာ၏။ ထို့ကြောင့် ဝါကျတက်ကို မပြမီ ရှေးဦးစွာ ဝါကျခွဲနည်းကို အမြွက်မျှ ပြပါအံ့။ ဝါကျသည် အကျဉ်းအားဖြင့် (၁၈)မျိုးရှိ၏။ ယင်းဝါကျကြီး (၁၈)မျိုးတို့၏ ဇယားကို သင်္ကေတအနက်နှင့်တကွ ဖော်ပြပါအံ့။

**ဝါကျကြီး (၁၈)**

| စဉ် | မူလဝါကျ | မူလီဝါကျ | သင်္ကေတအနက် |
|---|---|---|---|
| ၁ | သခ်ေပ | ဝိတ္ထာရ | ချဲ့ဦးအံ့ |
| ၂ | ဝိတ္ထာရ | သခ်ေပ | အကျဉ်းချုပ်ကား |
| ၃ | နိဂမနီယ | နိဂမန | နိဂုံးကို ဆိုဦးအံ့ |
| ၄ | အပါကဋ္ဌ | တပ္ပါကဋီကရဏ | ထင်ရှားအောင် ပြဦးအံ့ |
| ၅ | ဒဋ္ဌီယ | ဒဋ္ဌီကရဏ | မှန်၏၊ သင့်၏ |
| ၆ | ဖလ | ကာရဏ (ဝါ) ဟေတု | အကြင်ကြောင့် |
| ၇ | ကာရဏ (ဝါ) ဟေတု | ဖလ | ထို့ကြောင့်၊ အကျိုးကား |
| ၈ | လဒ္ဓဂုဏီယ (ဝါ) ယုတ္တိ | လဒ္ဓဂုဏ | အကျိုးကား |
| ၉ | လဒ္ဓဒေါသိယ (ဝါ) အယုတ္တိ | လဒ္ဓဒေါသ | အပြစ်ကား၊ လဒ္ဓဒေါသ-ထင်ရှားပြအံ့ |
| ၁၀ | ပက္ခ | ပက္ခန္တရ | အဖို့တစ်ပါးကား၊ သည်သာမကသေး |
| ၁၁ | အာရဒ္ဓ (ဝါ) အမူလဆ္ဓေဒ | ဥပန္ယာသ | ဆက်ဦးအံ့ |
| ၁၂ | အာရဒ္ဓ (ဝါ) မူလဆ္ဓေဒ | ဝါကျာရမ္ဘ | ဆက်ဦးအံ့ |
| ၁၃ | သာမည | ဝိသေသ | အထူးကား |
| ၁၄ | ဝိသေသ | သာမည | သာမညကား |
| ၁၅ | အန္ဝယ | ဗျတိရေက | ဗျတိရိက်ကား၊ ဆန့်ကျင်ဘက်ကား |
| ၁၆ | ဗျတိရေက | အန္ဝယ | အန္ဝယကား၊ အလျော်ကား၊ စင်စစ်ကား |
| ၁၇ | သမ္ဘာဝနာ | ဂရဟာ | သို့သော်လည်း |
| ၁၈ | ဂရဟာ | သမ္ဘာဝနာ | သို့သော်လည်း |

ttp://www.dhammadownload.com



အမှာ။ သင်္ကေတအနက်ဟူသည် နိပါတ်ပုဒ်တို့ကို နိသျပြန်သော အနက်ဖြစ်၏။ နိသျပြန်သော အနက်များကို သဘာဝဆိုက်အောင် စဉ်းစားပါ။ နိသျက 'ဟိ-ချဲ့ဦးအံ့'ဟု အနက်ပြန်ထားလျှင် ထိုဝါကျသည် ဝိတ္ထာရဝါကျ ဖြစ်၏ စသည်ဖြင့် နားလည်ပါ။

နောက်တစ်ဆင့်တက်ကာ "အဘယ့်ကြောင့် ဝိတ္ထာရဝါကျ ဖြစ်ရသနည်း"ဟု စဉ်းစားပါ။ ဝိတ္ထာရ ဖြစ်ရကြောင်းကို တိတိကျကျ သဘောပေါက်လျှင် ဝါကျကောသလ္လဉာဏ် ရင့်သန်လေတော့၏။

ဝါကျခွဲရာ၌ ရှေ့/နောက်ဝါကျ ထောက်ဆ၍ ဝါကျခွဲပါ။ ဥပမာ = နောက်ဝါကျသည် ဝိတ္ထာရဝါကျ ဖြစ်သော် ရှေ့ဝါကျကို သင်္ခေပဝါကျဟု မှတ်ပါ။ နောက်ဝါကျသည် ပက္ခန္တရဝါကျ ဖြစ်သော် ရှေ့ဝါကျကို ပက္ခဟု မှတ်ပါ။

## ဝါကျ ၁၈-မျိုးနှင့် ဆိုရိုး

| | | |
|---|---|---|
| ၁။ | ရှေ့ဝါကျကို "ဖော်, ချဲ့"သော ဝါကျသည် | ဝိတ္ထာရ ဝါကျမည်၏။ |
| ၂။ | ရှေ့ဝါကျကို "ချဉ်း, ချုံး"သော ဝါကျသည် | သင်္ခေပ ဝါကျမည်၏။ |
| ၃။ | ရှေ့စကားရပ်များကို ပြန်၍ "အုပ်ဖုံး"သော ဝါကျသည် | နိဂမန ဝါကျမည်၏။ |
| ၄။ | ရှေ့ဝါကျကို "ထင်ရှား"အောင် ပြုပေးသော ဝါကျသည် | တပ္ပါကဋီကရဏ ဝါကျမည်၏။ |
| ၅။ | ရှေ့ဝါကျကို "ခိုင်မြဲ"အောင် ပြုပေးသော ဝါကျသည် | ဒဠှီကရဏ ဝါကျမည်၏။ |
| ၆။ | ရှေ့ဝါကျ၏ "အကြောင်း"ကို ပြသော ဝါကျသည် | ကာရဏ ဝါကျမည်၏။ |
| ၇။ | ရှေ့ဝါကျ၏ "အကျိုး"ကို ပြသော ဝါကျသည် | ဖလ ဝါကျမည်၏။ |
| ၈။ | ရှေ့ဝါကျ၏ ကျေးဇူး"ဂုဏ်"ကို ပြသော ဝါကျသည် | လဒ္ဓဂုဏ ဝါကျမည်၏။ |
| ၉။ | ရှေ့ဝါကျ၏ "အပြစ်"ကို ပြသော ဝါကျသည် | လဒ္ဓဒေါသ ဝါကျမည်၏။ |
| ၁၀။ | ရှေ့ဝါကျမှ "တစ်ပါးသော အဖို့"ကို ပြသော ဝါကျသည် | ပက္ခန္တရ ဝါကျမည်၏။ |
| ၁၁။ | ရှေ့ဝါကျ၏ စကားကို "ဆက်"ပြသော ဝါကျသည် | ဥပန္യာသ ဝါကျမည်၏။ |
| ၁၂။ | ရှေ့ဝါကျ၏ စကားကို "ဆက်"ပြသော ဝါကျသည် | ဝါကျာရမ္ဘ ဝါကျမည်၏။ |
| ၁၃။ | အလိုရှိသော "အနက်ထူး"ကို ပြသော ဝါကျသည် | ဝိသေသ ဝါကျမည်၏။ |
| ၁၄။ | "အများဆိုင်" အနက်ကို ဖော်ပြသော ဝါကျသည် | သာမည ဝါကျမည်၏။ |
| ၁၅။ | "ဆန့်ကျင်ဘက်" အနက်ကို ပြသော ဝါကျသည် | ဗျတိရေက ဝါကျမည်၏။ |
| ၁၆။ | "အလျော်" အနက်ကို ပြသော ဝါကျသည် | အန္ဝယ ဝါကျမည်၏။ |
| ၁၇။ | "ကဲ့ရဲ့"အပ်သော အနက်ကို ပြသော ဝါကျသည် | ဂရဟာ ဝါကျမည်၏။ |
| ၁၈။ | "ချီးမွမ်း"အပ်သော အနက်ကို ပြသော ဝါကျသည် | သမ္ဘာဝနာ ဝါကျမည်၏။ |

## လိုလျှင်သုံး

အခက်အခဲနှင့် တွေ့သောအခါ ဤ ၁၈-ဝါကျအပြင် ပုစ္ဆာဝါကျ, ဝိသဇ္ဇနာဝါကျ၊ အနိယမဝါကျ, နိယမဝါကျ၊ ဥပမာနဝါကျ, ဥပမေယျဝါကျ၊ အတ္ထုဒ္ဒါရဝါကျ, အတ္ထုဒ္ဒေသဝါကျ စသော ဝါကျအမည်များကို သုံးစွဲနိုင်၏။ အမှာ။ ယင်းဝါကျတို့တွင် ပုစ္ဆာဝါကျ, ဝိသဇ္ဇနာဝါကျ၊ အနိယမဝါကျ, နိယမဝါကျ၊ ဥပမာနဝါကျ, ဥပမေယျဝါကျတို့ကို ဝါကျ ၁၈-မျိုးတို့တွင် သွင်းလျှင် ပက္ခ+ပက္ခန္တရ ဝါကျ၌ များသောအားဖြင့် သွင်းယူရ၏။ အတ္ထုဒ္ဒါရဝါကျ, အတ္ထုဒ္ဒေသဝါကျတို့ကို ဝါကျ ၁၈-မျိုးတို့တွင် သွင်းလျှင် သာမည+ဝိသေသ ဝါကျ၌ သွင်းယူရ၏။

ttp://www.dhammadownload.com



**တူ၊ စပ်၊ နွယ်**

| အတူ (၅)ဝါကျ | အစပ် (၄)ဝါကျ | အနွယ် (၉)ဝါကျ | |
|---|---|---|---|
| ဝိတ္ထာရ | ကာရဏ | ပက္ခန္တရ | သာမည |
| သင်္ခေပ | ဖလ | ဥပနျာသ | ဗျတိရေက |
| နိဂမန | လဒ္ဓဂုဏ | ဝါကျာရမ္ဘ | အနွယ |
| တပ္ပါကဋီကရဏ | လဒ္ဓဒေါသ | ဝိသေသ | ဂရဟာ |
| ဒဠှီကရဏ | | | သမ္ဘာဝနာ |

ဆောင်။ ဝိတ်, သင်္ခေပ၊ နိဂမ၊ တပ္ပ, ဒဠှ၊ တူ ငါး၀။

ကာရဏ, ဖလ၊ ဂုဏ်, ဒေါသ၊ လေး၀ အစပ်ပြ။

ပက်, ဥ, ဝါကျာ၊ ဝိ, သာမာနှင့်၊ ဗျ, နွာ, ဂရဟာ၊ သမ်-ကိုးတန်၊ ဧကန် အနွယ်ပြ။

အမှာ။ ဝါကျတစ်ခုကို တွေ့ရာ၌ ယင်းဝါကျသည် ရှေ့ဝါကျနှင့် အနက်,အဓိပ္ပါယ် ဆိုလိုရင်း အတူလား? အစပ်လား? အနွယ်လား? ရှေးဦးစွာ စိစစ်ရမည်။ အတူမျိုးဖြစ်လျှင် အတူ (၅)ဝါကျထဲမှ ဝါကျတစ်မျိုးမျိုး၊ အစပ်မျိုးဖြစ်လျှင် အစပ် (၄)ဝါကျထဲမှ ဝါကျတစ်မျိုးမျိုး၊ အနွယ်မျိုးဖြစ်လျှင် အနွယ် (၉)ဝါကျထဲမှ ဝါကျတစ်မျိုးမျိုး ဖြစ်၏ဟု ဆုံးဖြတ်ပြီး ဝါကျခွဲရမည်။ အတူ,အစပ်,အနွယ် ဝါကျတို့ကို ရောမသွားစေဖို့ သတိပြုရမည်။

နိယံ။ တူ ငါး, စပ် လေး၊ နွယ် ကိုးရေး၊ ခွဲတွေး သိနားလည်။

## ဝိတ္ထာရဝါကျ

### ဝိတ္ထာရဝါကျ၏ အဓိပ္ပါယ်

ရှေ့ဝါကျသည် ငုပ်နေ,ကျဉ်းနေ၍ ဖော်ထုတ်ချဲ့ပြသော နောက်ဝါကျကို ဝိတ္ထာရဝါကျဟု ခေါ်၏။ ငုပ်နေ,ကျဉ်းနေသော ရှေ့ဝါကျကိုကား သင်္ခေပဝါကျဟု ခေါ်၏။

နိယံ။ ငုပ်,ကျဉ်းနေက၊ ရှေ့ဝါကျ၊ ဖော်ရ, ချဲ့ရလေသတည်း။

### ဝိတ္ထာရဝါကျ၏ သာမည အင်္ဂါလက္ခဏာ

၁။ ရှေ့နောက် စကားနှစ်ရပ် (နှစ်ဝါကျ)တို့သည် ဆိုလိုရင်း ပိဏ္ဍတ္ထ တူညီနေခြင်း၊

၂။ ရှေ့နောက် စကားနှစ်ရပ် (နှစ်ဝါကျ)တို့သည် အကျဉ်းနှင့် အကျယ်မျှသာ ကွာခြားခြင်းဟူ၍ ဝိတ္ထာရဝါကျ၏ အင်္ဂါလက္ခဏာသည် သာမညအားဖြင့် နှစ်ပါးသာ ရှိ၏။

နိယံ။ ပိဏ္ဍတ္ထတူ၊ ရှေ့,နောက်ဟူ၊ ကျဉ်းမူ ကျယ်ပြ၊ ဝိတ္ထာရ။

### ဝိတ္ထာရအပြား

ဝိတ္ထာရဝါကျသည် . . .

၁။ ဟိတ်ကို ချဲ့ခြင်း (သို့မဟုတ်) ဟိတ်ကူ၍ ချဲ့ခြင်းဟူသော ဟေတုဝိတ္ထာရ၊

၂။ သရုပ်ထုတ်၍ ချဲ့ခြင်းဟူသော သရူပဝိတ္ထာရ၊

ttp://www.dhammadownload.com



၃။ အနက်,အဓိပ္ပါယ် အာကာရတို့ကို ချဲ့ခြင်းဟူသော အာကာရဝိတ္ထာရအားဖြင့် သုံးပါးအပြားရှိ၏။

နိယံ။ ဟေတု, သရူပ၊ အာကာရ၊ သုံး၀ ဝိတ္ထာရာ။

## (၁) ဟိတ်ကိုချဲ့သော ဟေတုဝိတ္ထာရ အင်္ဂါ

၁။ ရှေ့,နောက် စကားနှစ်ရပ် (နှစ်ဝါကျ)တို့သည် ဆိုလိုရင်း ပိဏ္ဍတ္ထ တူညီနေခြင်း၊

၂။ ရှေ့,နောက် စကားနှစ်ရပ် (နှစ်ဝါကျ)တို့သည် အကျဉ်းနှင့် အကျယ်မျှသာ ကွာခြားခြင်း၊

၃။ ဟိတ်ကို ချဲ့ခြင်းအားဖြင့် အင်္ဂါသုံးပါး ရှိ၏။

### ပုံစံ

(က) ပရူပဝါဒဝိဝဇ္ဇနတော။

(ခ) ထေရော ဟိ အာယသ္မန္တေ အာနန္ဒေ အတိဝိယ ဝိဿတ္ထော အဟောသိ။ (သီ၊ ဋ၊ နှာ-၅)

### ရှင်းချက်

(က)ဝါကျ၌ အရှင်မဟာကဿပသည် (ပရူပဝါဒမှ ရှောင်ကြဉ်လိုသောကြောင့် အရှင်အာနန္ဒာကို မရွေးချယ်ရခြင်း ဖြစ်၏ဟု) အရှင်အာနန္ဒာကို မရွေးချယ်ရခြင်း အကြောင်းကို အကျဉ်းသင်္ခေပအားဖြင့် ပြ၏။

(က)ဝါကျ၌ ပါသော အကြောင်းပြ ပရူပဝါဒဝိဝဇ္ဇနတော ဟိတ်သည် ကျဉ်းနေ၍ (ခ)ဝါကျဖြင့် ထိုဟိတ်ကို ချဲ့ပြ၏။ ထို့ကြောင့် (ခ)ဝါကျကို ကျဉ်းချဲ့ ဟေတုဝိတ္ထာရဟု မှတ်ပါ။

အမှာ။ ဤဝါကျမျိုးကို ရည်၍ နိယံဆရာတို့က "ဟေတုနောင်မှ၊ ဟိနှင့် ပြမူ၊ ချဲ့မှ သညီ၊ ဝိတ္ထာပြီ"ဟူသော နိယံကို စပ်ဆိုကြ၏။

သတိ။ ထိုဟေတုဝိတ္ထာရ ဝါကျသည် "ထေရော ဟိ-မှ စ၍ န ဥစ္စိနိ"အထိတည်း။ "ထေရော ဟိ ။ပ။ န ဥစ္စိနိ" အတွင်း၌လည်း ဝါကျအများအပြား ပါဝင်နေသည်ကို သတိပြု။

### အင်္ဂါဖြင့် ဝေဘန်ခြင်း

(က+ခ) နှစ်ဝါကျတို့သည် ပရူပဝါဒမှ ရှောင်ကြဉ်လိုခြင်းဟူသော ပိဏ္ဍတ္ထ တူညီနေခြင်း၊ အကျဉ်းနှင့် အကျယ်မျှသာ ကွာခြားခြင်း၊ (ခ)ဝါကျဖြင့် ပရူပဝါဒဝိဝဇ္ဇနတော ဟိတ်ကို ချဲ့ခြင်း ဤအင်္ဂါသုံးချက်နှင့် ညီနေသောကြောင့် (ခ)ဝါကျသည် ဟေတုဝိတ္ထာရဝါကျ မည်၏။

### ဝါကျခွဲ

(က)ဝါကျ၌ ဆိုခဲ့သည့် ပရူပဝါဒဝိဝဇ္ဇနတော ဟူသော ဟိတ်၏ အကျယ်ကို ချဲ့၍ ပြသောကြောင့် (ခ)ဝါကျသည် ဝိတ္ထာရဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် သင်္ခေပဝါကျ မည်၏။

သတိ။ ဟေတု, သရူပ၊ အာကာရ၊ သုံး၀ ဝိတ္ထာရာ-တို့တွင် ဟိတ်ကို ချဲ့သောကြောင့် ဟေတုဝိတ္ထာရတည်း။ ၄ပ်ချဲ့,ကျဉ်းချဲ့တို့တွင် ကျဉ်းချဲ့တည်း။

## (၁) ဟိတ်ကူ၍ ချဲ့သော ဟေတုဝိတ္ထာရ အင်္ဂါ

၁။ ရှေ့,နောက် စကားနှစ်ရပ် (နှစ်ဝါကျ)တို့သည် ဆိုလိုရင်း ပိဏ္ဍတ္ထ တူညီနေခြင်း၊

၂။ ရှေ့,နောက် စကားနှစ်ရပ် (နှစ်ဝါကျ)တို့သည် အကျဉ်းနှင့် အကျယ်မျှသာ ကွာခြားခြင်း၊

၃။ ဟိတ်ဖြင့် အကျယ်ချဲ့ခြင်းအားဖြင့် အင်္ဂါသုံးပါး ရှိ၏။

ttp://www.dhammadownload.com



### ပုံစံ

(က) ဣဒါနိ ယမတ္ထံ ဗြာဟ္မဏော ပေါက္ခရသာတိ အသောသိ။ တံ ပကာသေန္တော **"သမဏော ခလု ဘော ဂေါတမော"**တိအာဒိမာ။

(ခ) တတ္ထ သမိတပါပတ္တာ **သမဏော**တိ ဝေဒိတဗ္ဗော။ (သီ၊ ဋ္ဌ၊ နှာ-၂၁၉)

### ရှင်းချက်

(က)ဝါကျ၌ "ပေါက္ခရသာတိ ပုဏ္ဏားကြီးသည် သမဏော ဟူ၍ ပြော၏"ဟု ဖွင့်ပြသည်။

(ခ)ဝါကျဖြင့် (က)ဝါကျ၌ ပါသော သမဏောကို ပါပေ သမေတီတိ သမဏော-ဟု ဟေတုကတ္တုသာဓန ကိတ်ဝိဂ္ဂဟ ပြုရမည်ဟုလည်းကောင်း၊ သမဏော-၌ ယုစ္စည်းသည် ဟေတုကတ္တုသာဓန၌ သက်၏ဟုလည်း ကောင်း၊ မြတ်စွာဘုရားသည် မကောင်းမှုတို့ကို ငြိမ်းစေတတ်သောကြောင့် သမဏ မည်၏ဟုလည်းကောင်း (က) ဝါကျ၌ ဆိုခဲ့သော သမဏ ပုဒ်ကိုပင် ဖွင့်ပြ၏။ ဝါကျနှစ်ခုသည် ပိဏ္ဍတ္ထအားဖြင့် တူညီနေ၏။

(က)ဝါကျအခိုက်၌ သမဏ ပုဒ်၏ အဓိပ္ပါယ်သည် ငုပ်နေ၏။ မပေါ်လွင်ဘဲ ဖြစ်နေ၏။ (ခ)ဝါကျသည် သမဏ ပုဒ်၏ အဓိပ္ပါယ်ကို ပေါ်လွင်အောင် ဖော်ထုတ်ချဲ့ပြ၏။ ထို့ကြောင့် (ခ)ဝါကျကို ငုပ်ချဲ့ ဟေတုဝိတ္ထာရဟု မှတ်ပါ။

### အင်္ဂါဖြင့် ဝေဘန်ခြင်း

(က+ခ) နှစ်ဝါကျတို့သည် ငြိမ်းစေအပ်ပြီးသော မကောင်းမှု ရှိသောကြောင့် သမဏ မည်၏ဟူသော ပိဏ္ဍတ္ထ တူညီနေခြင်း၊ အကျဉ်းနှင့် အကျယ်မျှသာ ကွာခြားခြင်း၊ (ခ)ဝါကျ၌ သမိတပါပတ္တာ ဟိတ်ဖြင့် သမဏ ပုဒ်ကို ချဲ့ခြင်း ဤအင်္ဂါသုံးချက်နှင့် ညီနေသောကြောင့် (ခ)ဝါကျသည် ဟေတုဝိတ္ထာရဝါကျ မည်၏။

### ဝါကျခွဲ

(က)ဝါကျ၌ ပါသည့် သမဏော ပုဒ်၌ ငုပ်နေသော အနက်,အဓိပ္ပါယ်တို့ကို အကျယ်ချဲ့၍ ပြသောကြောင့် (ခ)ဝါကျသည် ဝိတ္ထာရဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် သင်္ခေပဝါကျ မည်၏။

သတိ။ ဟေတု, သရူပ၊ အာကာရ၊ သုံး၀ ဝိတ္ထာရ-တို့တွင် (ခ)ဝါကျသည် သမဏော ပုဒ်ကို သမိတပါပတ္တာ ဟိတ်ဖြင့် ချဲ့သောကြောင့် ဟေတုဝိတ္ထာရတည်း။ ငုပ်ချဲ့,ကျဉ်းချဲ့တို့တွင် ငုပ်ချဲ့တည်း။

အမှာ။ (ခ)ဝါကျသည် အကယ်၍ ဟိတ်ပုဒ်သက်သက် ဖြစ်ခဲ့သော် (ခ)ဝါကျကို ဟေတုဝါကျဟု ခေါ်နိုင်၏။ ဤ၌ကား ဟိတ်သက်သက် မဟုတ်ဘဲ ဝိတ္ထာရသဘော ပါနေ၍ ဟေတုဝိတ္ထာရဟု ဆိုရခြင်း ဖြစ်၏။

## (၂) သရူပဝိတ္ထာရ အင်္ဂါ

၁။ ရှေ့,နောက် စကားနှစ်ရပ် (နှစ်ဝါကျ)တို့သည် ဆိုလိုရင်း ပိဏ္ဍတ္ထ တူညီနေခြင်း၊

၂။ ရှေ့,နောက် စကားနှစ်ရပ် (နှစ်ဝါကျ)တို့သည် အကျဉ်းနှင့် အကျယ်မျှသာ ကွာခြားခြင်း၊

၃။ သရုပ်ထုတ်၍ ချဲ့ခြင်းအားဖြင့် အင်္ဂါသုံးပါး ရှိ၏။

### ပုံစံ

(က) ဧတ္ထ ပန တီသု ပိဋကေသု တိဝိဓော ပရိယတ္တိဘေဒေါ ဒဋ္ဌဗ္ဗော။

(ခ) တိဿော ဟိ ပရိယတ္တိယော အလဂဒ္ဒူပမာ, နိဿရဏတ္ထာ, ဘဏ္ဍာဂါရိကပရိယတ္တီတိ။ (သီ၊ဋ္ဌ၊နှာ-၂၁)

ttp://www.dhammadownload.com



### ရှင်းချက်

(က)ဝါကျ၌ အကျယ်မပြရသေးသော ပရိယတ္တိသရုပ်ကို (ခ)ဝါကျဖြင့် အကျယ်ချဲ့၍ ဖော်ထုတ်ပြ၏။ ထို့ကြောင့် (ခ)ဝါကျကို သရူပဝိတ္ထာရဟု မှတ်ပါ။

### အင်္ဂါဖြင့် စေဘန်ခြင်း

(က+ခ) နှစ်ဝါကျတို့၌ ပရိယတ္တိ အပြားကို ပြဆိုပုံ ပိဏ္ဍတ္ထ တူညီနေခြင်း၊ အကျဉ်းနှင့် အကျယ်မျှသာ ကွာခြားခြင်း၊ (ခ)ဝါကျဖြင့် ပရိယတ္တိ သရုပ်ကို ထုတ်ဖော်ချဲ့ပြခြင်း ဤအင်္ဂါသုံးချက်နှင့် ညီနေသောကြောင့် (ခ)ဝါကျသည် သရူပဝိတ္ထာရဝါကျ မည်၏။

### ဝါကျခွဲ

(က)ဝါကျ၌ ဆိုခဲ့သည့် ပရိယတ္တိအပြားကို အကျယ်ချဲ့၍ ပြသောကြောင့် (ခ)ဝါကျသည် ဝိတ္ထာရဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် သခေ်ပဝါကျ မည်၏။

သတိ။ ဟေတု၊ သရူပ၊ အာကာရ၊ သုံး၀ ဝိတ္ထာရ–တို့တွင် သရုပ်ကို ချဲ့သောကြောင့် သရူပဝိတ္ထာရတည်း။
ငုပ်ချဲ့၊ကျဉ်းချဲ့တို့တွင် ကျဉ်းချဲ့တည်း။

### (၃) အာကာရဝိတ္ထာရ အင်္ဂါ

၁။ ရှေ့၊နောက် နှစ်ဝါကျတို့သည် ဆိုလိုရင်း ပိဏ္ဍတ္ထ တူညီနေခြင်း၊

၂။ ရှေ့၊နောက် နှစ်ဝါကျတို့သည် အကျဉ်းနှင့် အကျယ်မျှသာ ကွာခြားခြင်း၊

၃။ အခြင်းအရာ အာကာရဖြင့် ချဲ့ခြင်းအားဖြင့် အင်္ဂါသုံးပါး ရှိ၏။

### ပုံစံ

(က) **သကျကုလာ ပဗ္ဗဇိတောတိ** သဒ္ဓါပဗ္ဗဇိတဘာဝပရိဒီပနံ။

(ခ) ကေနစိ ပါရိဇုညေန အနဘိဘူတော အပရိက္ခီဏံယေဝ တံ ကုလံ ပဟာယ သဒ္ဓါယ ပဗ္ဗဇိတောတိ ဝုတ္တံ ဟောတိ။ (သီ၊ ဋ၊ နှာ–၂၁၉+၂၂၀)

### ရှင်းချက်

(က)ဝါကျ၌ လာသည့် သကျကုလာ ပဗ္ဗဇိတော ပါဠ်ဖြင့် မြတ်စွာဘုရား၏ သဒ္ဓါပဗ္ဗဇိတ အဖြစ်ကို အကျဉ်းအားဖြင့်သာ ပြဆို၏။

(ခ)ဝါကျ၌ လာသည့် "မြတ်စွာဘုရားသည် မည်သည့် ဘေးရန်ကြောင့်မှ မဟုတ်ဘဲ မကုန်ခန်းနိုင်သော အမျိုးကို စွန့်၍ သဒ္ဓါတရားဖြင့် ရဟန်းပြုသည်"ဟူသော စကားရပ်တို့ကို ထောက်ဆလျှင် (က)ဝါကျ၌ ဆိုခဲ့သည့် မြတ်စွာဘုရား၏ သဒ္ဓါပဗ္ဗဇိတ ဖြစ်ပုံကို (ခ)ဝါကျဖြင့် အကျယ်ချဲ့ပြ၏။ ထို့ကြောင့် (ခ)ဝါကျကို အာကာရဝိတ္ထာရ ဝါကျဟု မှတ်ပါ။

### အင်္ဂါဖြင့် စေဘန်ခြင်း

(က+ခ) နှစ်ဝါကျတို့သည် မြတ်စွာဘုရား၏ သဒ္ဓါပဗ္ဗဇိတ ဖြစ်ပုံကို ပြလိုရင်းသာ ဖြစ်ကြ၍ ဆိုလိုရင်း ပိဏ္ဍတ္ထ တူညီနေခြင်း၊ အကျဉ်းနှင့် အကျယ်မျှသာ ကွာခြားခြင်း၊ ဟေတု၊သရုပ်တို့မှ တစ်ပါးသော အာကာရဖြင့် ချဲ့ခြင်း ဤအင်္ဂါသုံးချက်နှင့် ညီညွတ်နေသောကြောင့် (ခ)ဝါကျသည် အာကာရဝိတ္ထာရဝါကျ မည်၏။

ttp://www.dhammadownload.com



## ဝါကျခွဲ

(က)ဝါကျ၌ ဆိုခဲ့သည့် မြတ်စွာဘုရား၏ သဒ္ဓါပဗ္ဗဇိတ ဖြစ်ပုံကို အကျယ်ချဲ့၍ ပြသောကြောင့် (ခ)ဝါကျသည် အာကာရဝိတ္ထာရဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် သခေ်ပဝါကျ မည်၏။

သတိ။ ဟေတု, သရူပ၊ အာကာရ၊ သုံး၀ ဝိတ္ထာရာ-တို့တွင် ဟေတုနှင့်သရူပတို့မှတစ်ပါး ဖြစ်သောကြောင့် အာကာရဝိတ္ထာရတည်း။ ၄ုပ်ချဲ့,ကျဉ်းချဲ့တို့တွင် ကျဉ်းချဲ့တည်း။

အမှာ။ ဤစကားအရ ဟေတုဝိတ္ထာရ, သရူပဝိတ္ထာရတို့မှ လွတ်နေသော ဝိတ္ထာရဝါကျများကို အာကာရဝိတ္ထာရ-ဟု မှတ်ပါ။

နိယံ။ ဟေတု, သရူပ၊ နှစ်ဝမှ ကျန်၊ ဝိတ္ထာရ်၊ မှတ်ရန် အာကာရ။

## ဝိတ္ထာရဝါကျ ဝါကျခွဲနည်း သင်္ကေတနိယံများ

၁။ အမိပ္ပါယော၊ အတ္ထော, ဝုတ္တံ၊ ကိရမှန်၊ မှတ်ရန် ဝိတ္ထာရာ။

၂။ ဣတိ အတ္ထော၊ ပါသော ဝါကျ၊ ဝိတ္ထာရ။

၃။ ဝုတ္တံ ဟောတိ၊ သဘောရှိ၊ ပြောဘိ ပိဏ္ဍတ္ထ၊ ဝိတ္ထာရ။

၄။ ကထံ, တတ္ထ၊ နောက် ဟိ-ပြ၊ ယှူကြ ချဲ့လေမင်း။ (ကထံ ဟိ, တတ္ထ ဟိ)

၅။ တတ္ထ ချီလျက်၊ စကားတက်၊ မိန့်မြွက် ဝိတ္ထာရာ။

၆။ သေယျထိဒံ၊ တက်လာပြန်၊ မှတ်ရန် ဝိတ္ထာရာ။

၇။ ဟေတုနောင်မှ၊ ဟိနှင့်ပြမူ၊ ချဲ့မှ သညီ၊ ဝိတ္ထာ ပြီ။

၈။ ဖလနောင်မှ၊ ဟိနှင့်ပြ၊ ခေါ်ကြ ဝိတ္ထာရာ။

၉။ နုသန္ဓေနောက်၊ ဖော်က်သည့် ဝါကျ၊ ဝိတ္ထာရ များ၏ မှတ်ကြရာ။

၁၀။ ရှေ့ရှိ ပမာ၊ ပမေယျာအား၊ နောက်မှာတစ်ဖန်၊ ချဲ့ဖွင့်ပြန်၊ မှတ်ရန် ဝိတ္ထာရာ။

၁၁။ ကျိုးသမ္ပဒါန်၊ တုံ,တ္တံ နှစ်ဝ၊ နောက်ဝါကျ၊ ချဲ့ထ ရံတစ်ခါ။

၁၂။ တထာ ဟိ မှာ၊ ဉာပကာ၊ ရံခါ ချဲ့,မြဲ-စွဲ။

၁၃။ အတ္ထုဒ္ဓါရ၊ ပြသည့်နောက်တွင်၊ ဟိကိုမြင်၊ ချဲ့,ထင်, ဒဋ္ဌီသာ။

၁၄။ ၄ုပ်+ကျဉ်း မခိုင်၊ မပေါ် ယိုင်၊ မြိုင်မြိုင် ချဲ့,ယှူမြဲ။

၁၅။ ဗျူပ္ပတ် ဖွင့်ပြ၊ ရှေ့ ဟိ, စ၊ ချဲ့,ထ ဟိတ်,ဆက်,မြဲ။

၁၆။ အမိဝစန်နောက်၊ ဟိလျှင်ရောက်၊ နက်ကောက် ချဲ့,ထင်,မြဲ။

၁၇။ အမိပ္ပါယော၊ အတ္ထောနောက်တွင်၊ နိပါတ်မြင်၊ ချဲ့,ထင်,ဟိတ်,ဆက်,မြဲ။

## ဝါကျခွဲ အင်္ဂါလေးချက်

ပုစ္ဆာနံပါတ် (၆)၌ လာသော အာဘော်+သံဝဏ္ဏနာ စည်းမျဉ်းကို ကြိုတင်လေ့လာ၍ မိမိခွဲရမည့် ဝါကျကို အာဘော်+သံဝဏ္ဏနာ ဖော်ထားပါ။ ဖော်ပြခဲ့သော ဝါကျဆိုရိုးများကို အရကျက်ပါ။ ဝါကျခွဲ နိယံများကိုလည်း အရကျက်ပါ။ နိဿယအနက်ကိုလည်း သဘာဝ ဆိုက်အောင် စဉ်းစားပါ။ ဤလေးချက်ကို လိုက်နာလျှင် ဝါကျခွဲနှင့် ပတ်သက်၍ ကြောက်စရာ မလိုတော့ပါ။

ttp://www.dhammadownload.com



## သခေ်ပဝါကျ

### သခေ်ပဝါကျ၏ အဓိပ္ပါယ်

ရှေ့ဝါကျဖြင့် အကျယ်ချဲ့ပြီးနောက် အကျဉ်းချုံး၍ ပြသော နောက်ဝါကျကို သခေ်ပဝါကျဟု ခေါ်၏။ အကျယ်ချဲ့၍ ပြခဲ့သော ရှေ့ဝါကျကို ဝိတ္ထာရဝါကျဟု ခေါ်၏။

**ပုံစံ**

(က) သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ ။ပ။ ဣမာနိ ဒွေပိ မောမူဟစိတ္တာနိ နာမ။

(ခ) အဋ္ဌဓာ လောဘမူလာနိ၊ ဒေါသမူလာနိ စ ဒွိဓာ။

မောဟမူလာနိ စ ဒွေတိ၊ ဒွါဒသာကုသလာ သိယုံ။ (သင်္ဂြိုဟ်+စိတ်ပိုင်း)

**ဝါကျခွဲ**

(က)ဝါကျ၌ အကျယ်ချဲ့၍ ဖွင့်ပြခဲ့သည့် အကုသိုလ်စိတ် ၁၂-ပါးတို့ကို အကျဉ်းချုံး၍ ပြသောကြောင့် (ခ)ဝါကျသည် သခေ်ပဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် ဝိတ္ထာရဝါကျ မည်၏။

**ပုံစံ**

(က) အာရကာ ဟိ သော သဗ္ဗကိလေသေဟိ ။ပ။ **ပါပကရဏေ ရဟာဘာဝတောပိ** အရဟံ။

(ခ) ဟောတိ စေတ္ထ ---

အာရကတ္တာ ဟတတ္တာ စ၊ ကိလေသာရီန သော မုနိ။

ဟတသံသာရစက္ကာရော၊ ပစ္စယာဒီန စာရဟော။

န ရဟော ကရောတိ ပါပါနိ၊ အရဟံ တေန ဝုစ္စတိ။ (ပါ၊ ဌ၊ ပ၊ နှာ-၈၄+၈၅+၈၆+၈၇)

**ဝါကျခွဲ**

(က)ဝါကျ၌ အကျယ်ချဲ့၍ ဖွင့်ပြခဲ့သည့် အရဟံပုဒ်၏ အနက်,အဓိပ္ပါယ်ကို အကျဉ်းချုံး၍ ပြသောကြောင့် (ခ)ဝါကျသည် သခေ်ပဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် ဝိတ္ထာရဝါကျ မည်၏။

အမှာ။ ဤသခေ်ပဝါကျ၏ ဝါကျခွဲနည်းသည် အလွန်လွယ်သောကြောင့် အကျယ်ချဲ့၍ မပြတော့ပြီ။

သတိ။ သခေ်ပဝါကျနှင့် ဝိတ္ထာရဝါကျတို့သည် များသောအားဖြင့် သခေ်ပသည် ရှေ့, ဝိတ္ထာရသည် နောက်၌ နေ၏။ ရံဖန်,ရံခါမှသာ ဝိတ္ထာရသည် ရှေ့, သခေ်ပသည် နောက်၌ နေလေ့ရှိသည်ကို သတိပြု။

**နိယံ။** ဟောတိ စေတ္ထ၊ စ-နက်ရ၊ သခေ်ပဟု ခွဲ။

## နိဂုမနဝါကျ

### နိဂမနဝါကျ၏ အဓိပ္ပါယ်

ရှေ့ဝါကျဖြင့် အကျယ်ချဲ့ဆိုခဲ့ပြီးသည့် အနက်,အဓိပ္ပါယ်တို့ကို နိဂုံးချုပ်၍ ပြသော နောက်ဝါကျကို နိဂမန ဝါကျဟု ခေါ်၏။ အကျယ်ချဲ့၍ ပြခဲ့သော ရှေ့ဝါကျကို နိဂမနီယဝါကျဟု ခေါ်၏။

**ပုံစံ**

(က) သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ ။ပ။ ဣမာနိ ဒွေပိ မောမူဟစိတ္တာနိ နာမ။

(ခ) ဣစ္စေဝံ သဗ္ဗထာပိ ဒွါဒသာကုသလစိတ္တာနိ သမတ္တာနိ။ (သင်္ဂြိုဟ်+စိတ်ပိုင်း)

ttp://www.dhammadownload.com



## ဝါကျခွဲ

(က)ဝါကျ၌ အကျယ်ချဲ့၍ ဖွင့်ပြခဲ့သည့် အကုသိုလ်စိတ် ၁၂-ပါးတို့ကို နိဂုံးချုပ်၍ ပြသောကြောင့် (ခ)ဝါကျသည် နိဂမနဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် နိဂမနီယဝါကျ မည်၏။

## ပုံစံ

(က) ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော "ဝိနယော"တိ အက္ခာတော။

(ခ) ဝိဝိဓာ ဟိ ဧတ္ထ ပဉ္စဝိဓပါတိမောက္ခုဒ္ဒေသပါရာဇိကာဒိသတ္တအာပတ္တိက္ခန္ဓမာတိကာ ဝိဘင်္ဂါဒိပ္ပဘေဒါ နယာ၊ ဝိသေသဘူတာ စ ဒဠှီကမ္မသိထိလကရဏပ္ပယောဇနာ အနုပညတ္တိနယာ၊ ကာယိကဝါစသိက-အဇ္ဈာစာရနိသေဓနတော စေသ ကာယံ ဝါစဉ္စ ဝိနေတိ၊ တသ္မာ ဝိဝိဓနယတ္တာ, ဝိသေသနယတ္တာ, ကာယ-ဝါစာနံ ဝိနယနတော စေဝ "ဝိနယော"တိ အက္ခာတော။

(ဂ) တေနေတမေတဿ ဝစနတ္ထကောသလ္လတ္ထံ ဝုတ္တံ ---
"ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော 'ဝိနယော'တိ အက္ခာတော"တိ။ (သီ၊ ဋ၊ နှာ-၁၇)

## ဝါကျခွဲ

(က+ခ)ဝါကျတို့၌ သင်္ခေပ+ဝိတ္ထာရအားဖြင့် ဖွင့်ပြခဲ့သည့် ဝိနယပုဒ်၏ အနက်,အဓိပ္ပါယ်ကို နိဂုံးချုပ်၍ ပြသောကြောင့် (ဂ)ဝါကျသည် နိဂမနဝါကျ မည်၏။ (ဂ)ဝါကျကို ထောက်ဆ၍ (က+ခ)ဝါကျတို့သည် နိဂမနီယ ဝါကျတို့ မည်ကုန်၏။

## နိဂမနဝါကျ သင်္ကေတနိယံများ

၁။ တေန ဝုတ္တံ၊ တည်ပါငြ် ပြန်ပြ၊ ထားကုန်ကြမူ၊ လဒ္ဓဂုဏ၊ ဆိုကုန်ကြ၏၊ နိဂုံးထင်လှ၊ နော တက္က။
၂။ ဝိတ္ထာနောက်ရှိ၊ ဟောတိ စေတ္ထ၊ သင်္ဂဟ၊ မှတ်ကြ နိဂုံးသာ။
၃။ ဧတ္တာဝတာ၊ နိဂမာ၊ ရံခါ အဆုံးသတ်။
၄။ ဣတိ မှုမှာ၊ နိဂုံးသာ၊ ရံခါ သရုပ်ပြ။
၅။ လဒ္ဓ ဂုဏ်ပြ၊ ဒေါသ တစ်ဖုံ၊ နိဂုံး တစ်ဖြာ၊ သရုပ်မှာ၊ လျော်စွာ ဧဝံ ပြ။
၆။ ဧဝံ ဆုံးသတ်၊ နိဂုံးမှတ်၊ ဆုံးဖြတ်အပ်ပြီတည်း။

# တပ္ပါကဋီကရဏ ဝါကျ

## တပ္ပါကဋီကရဏဝါကျ၏ အဓိပ္ပါယ်

ရှေ့ဝါကျ၌ ဆိုအပ်ပြီးသော စကားရပ်သည် မထင်ရှား, မပေါ်လွင်နေသည် ဖြစ်၍ ထင်ရှားပေါ်လွင်စေခြင်း အကျိုးငှာ ဥပမာန+ဥပမေယျ အစုံတို့ဖြင့်လည်းကောင်း၊ အနိယမ+နိယမ အစုံတို့ဖြင့်လည်းကောင်း ထင်ရှားပေါ်လွင် အောင် ပြဆိုသော နောက်ဝါကျကို တပ္ပါကဋီကရဏဝါကျဟု ခေါ်၏။ မထင်ရှား, မပေါ်လွင်သော ရှေ့ဝါကျကိုကား အပါကဋဝါကျဟု ခေါ်၏။

ttp://www.dhammadownload.com



## တပ္ပါကဋီကရဏဝါကျ၏ အင်္ဂါလက္ခဏာ

၁။ ရှေ့နောက် စကားနှစ်ရပ် (နှစ်ဝါကျ)တို့သည် ဆိုလိုရင်း ပိဏ္ဍတ္ထ တူညီနေခြင်း၊

၂။ ရှေ့ဝါကျ၌ ဆိုခဲ့သော အနက်,အဓိပ္ပါယ်တို့သည် အပါကဋ ဖြစ်နေခြင်း၊

၃။ နောက်ဝါကျ၌ ဥပမာန+ဥပမေယျ အစုံတို့ဖြင့် (သို့မဟုတ်) အနိယမ+နိယမ အစုံတို့ဖြင့် ပါကဋဖြစ်အောင် ဖွင့်ဆိုခြင်းဟူ၍ တပ္ပါကဋီကရဏဝါကျ၏ အင်္ဂါလက္ခဏာသည် သုံးပါးသာ ရှိ၏။

အမှာ။ အနိယမ+နိယမ အစုံတို့ဖြင့် ဖွင့်ဆိုခြင်းကို ကာရဏ+ဖလ, ဒဋ္ဌိယ+ဒဋ္ဌိကရဏ အစုံတို့ဖြင့် ဖွင့်ဆိုခြင်းပင် ဖြစ်၏ဟု ဆရာမြတ်တို့ ဆိုတော်မူကြသေး၏။

### ပုံစံ

(က) ဝီမံသာ နာမ တုလနာ ရုစ္စနာ ခမနာ။

(ခ) ယထာ ဟိ ပုရိသော ယဋ္ဌိယာ ဥဒကံ ဝီမံသိတွာ ဩတရတိ၊ ဧဝမေဝ ယော တုလယိတွာ ရုစ္စိတွာ ခမာပေတွာ ဒိဋ္ဌိံ ဂဏှာတိ။ (သီ၊ ဋ၊ နှာ–၉၈+၉၉)

### ရှင်းချက်

(က)ဝါကျ၌ "ဝီမံသီ၌ ဝီမံသာအရ ပညာအတုကို ယူရမည်"ဟု ပြဆိုသော စကားသည် အပါကဋ ဖြစ်နေ၏။

(က)ဝါကျ၌ ဆိုအပ်ပြီးသော အပါကဋ ဖြစ်နေသည့် အနက်,အဓိပ္ပါယ်ကိုပင် (ခ)ဝါကျ၌ ဥပမာန+ ဥပမေယျ အစုံတို့ဖြင့် ပါကဋဖြစ်အောင် ဖွင့်ပြ၏။ ထို့ကြောင့် (ခ)ဝါကျကို တပ္ပါကဋီကရဏဝါကျဟု မှတ်ပါ။

### အင်္ဂါဖြင့် ဝေဘန်ခြင်း

(က+ခ) နှစ်ဝါကျတို့သည် ဝီမံသာအရ ပညာအတုကို ယူရမည်ဟု ပြဆိုသည့် ပိဏ္ဍတ္ထ တူညီနေခြင်း၊ (က)ဝါကျ၌ ဆိုခဲ့သည့် ဝီမံသာအရ ပညာအတုကို ယူရမည်ဟု ပြဆိုသော စကားသည် အပါကဋ ဖြစ်နေခြင်း၊ (ခ)ဝါကျဖြင့် (က)ဝါကျ၌ လာသည့် အပါကဋ ဖြစ်နေသော အနက်,အဓိပ္ပါယ်ကို ဥပမာန+ဥပမေယျ အစုံတို့ဖြင့် ပါကဋဖြစ်အောင် ဖွင့်ဆိုခြင်း ဤအင်္ဂါသုံးချက်နှင့် ညီနေသောကြောင့် (ခ)ဝါကျသည် တပ္ပါကဋီကရဏဝါကျ မည်၏။

### ဝါကျခွဲ

(က)ဝါကျ၌ ဝီမံသာအရ ပညာအတုကို ယူရမည်ဟု ပြဆိုသော အပါကဋ ဖြစ်နေသည့် အနက်,အဓိပ္ပါယ်ကို ဥပမာန+ဥပမေယျ အစုံတို့ဖြင့် ပေါ်လွင်ထင်ရှားအောင် ဖွင့်ပြသောကြောင့် (ခ)ဝါကျသည် တပ္ပါကဋီကရဏဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အပါကဋဝါကျ မည်၏။

### ပုံစံ

(က) **သုတန္တိ ဝိဇ္ဇမာနပညတ္တိ။**

(ခ) ယဥ္ဟိ တံ တွေ့ သောတေန ဥပလဒ္ဓံ၊ တံ ပရမတ္ထတော ဝိဇ္ဇမာနတ္တာ။ (သီ၊ ဋ၊ နှာ–၃၀)

### ရှင်းချက်

(က)ဝါကျ၌ "သုတံဟူသော သဒ္ဒါသည် ဝိဇ္ဇမာနပညတ် ဖြစ်၏"ဟုဆိုသော စကားသည် အပါကဋ ဖြစ်နေ၏။

(က)ဝါကျ၌ ဆိုအပ်ပြီးသော အပါကဋ ဖြစ်နေသည့် အနက်,အဓိပ္ပါယ်ကိုပင် (ခ)ဝါကျ၌ အနိယမ+နိယမ အစုံတို့ဖြင့် ပါကဋဖြစ်အောင် ဖွင့်ပြ၏။ ထို့ကြောင့် (ခ)ဝါကျကို တပ္ပါကဋီကရဏဝါကျဟု မှတ်ပါ။

ttp://www.dhammadownload.com



## အင်္ဂါဖြင့် ဝေဘန်ခြင်း

(က+ခ) နှစ်ဝါကျတို့သည် သုတ်သဒ္ဒါ၏ ဝိဓ္မမာနပညတ် ဖြစ်ပုံခြင်းအားဖြင့် ပိဏ္ဍတ္ထ တူညီနေခြင်း၊ (က)ဝါကျ၌ ဆိုခဲ့သည့် သုတ်သဒ္ဒါသည် ဝိဓ္မမာနပညတ် ဖြစ်၏ဟူသော အနက်,အဓိပ္ပါယ်သည် အပါကဋ္ဌ ဖြစ်နေခြင်း၊ (ခ)ဝါကျဖြင့် (က)ဝါကျ၌ လာသည့် အပါကဋ္ဌ ဖြစ်နေသော အနက်,အဓိပ္ပါယ်ကိုပင် အနိယမ+နိယမ အစုံတို့ဖြင့် ပါကဋ္ဌဖြစ်အောင် ဖွင့်ဆိုခြင်း ဤအင်္ဂါသုံးချက်နှင့် ညီနေသောကြောင့် (ခ)ဝါကျသည် တပ္ပါကဋ္ဌီကရဏဝါကျ မည်၏။

## ဝါကျခွဲ

(က)ဝါကျ၌ ဆိုခဲ့သည့် သုတ်သဒ္ဒါသည် ဝိဓ္မမာနပညတ် ဖြစ်၏ဟူသော အပါကဋ္ဌ ဖြစ်နေသည့် အနက်, အဓိပ္ပါယ်ကို အနိယမ+နိယမ အစုံတို့ဖြင့် ပေါ်လွင်ထင်ရှားအောင် ဖွင့်ပြသောကြောင့် (ခ)ဝါကျသည် တပ္ပါကဋ္ဌီ–ကရဏဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အပါကဋ္ဌဝါကျ မည်၏။

သတိ။ ဥပမာန+ဥပမေယျ အစုံ၊ အနိယမ+နိယမ အစုံအားဖြင့် အစုံလိုက် ပါလျှင် များသောအားဖြင့် တပ္ပါကဋ္ဌီကရဏဝါကျ ဖြစ်၏။

## တပ္ပါကဋ္ဌီကရဏဝါကျ သင်္ကေတနိယံများ

၁။ ဥပမာ စုံ၊ နိယတ် စုံ၊ ဖွင့်တုံ ပါကဋ္ဌီ။
၂။ မူလစကား၊ လျှို့ဝှက်ငြား၍၊ ထင်ရှားပြသည့်၊ နိပါတ်ရှိ၊ ယူဘိ ပါကဋ္ဌာ။
၃။ လီန တစ်ဖြာ၊ ဥပမာနောက်၊ ဟိလျှင်ရောက်၊ နက်ကောက် ထင်ရှားစွဲ။
၄။ လီနသင်္ကာ၊ ဗျာဘိစာကြောင့်၊ ယသ္မာနောက်၊ ပနရောက်၊ နက်ကောက် ထင်ရှားစွဲ။
၅။ ဋပ်,ကျဉ်း နောက်မှာ၊ ဥပမာ၊ ဝင်လာ ပါကဋ္ဌီ။
၆။ မူလ၌မှာ၊ ပမာ+ပမေ၊ မတွေ့လေဘဲ၊ နောက်နေဝါကျ၊ ထိုနှစ်ဝ၊ တွေ့က ပါကဋ္ဌာ။
၇။ ဟိ–နက် မှတ်သား၊ ထင်ရှား, ချဲ့, မြဲ၊ နက်စွဲ သုံးအင်၊ ရှေ့စကားနှင့် အတူပင်။
၈။ လီနတ် မခိုင်၊ မထင်–ယိုင်၊ ပိုင်ပိုင် ထင်ရှား,မြဲ။
၉။ အဓိပ္ပါယော၊ အတ္တော နောက်တွင်၊ နိပါတ်မြင်၊ ချဲ့,ထင်,ဟိတ်,ဆက်,မြဲ။
၁၀။ အဓိဝစနံ နောက်၊ ဟိလျှင်ရောက်၊ နက်ကောက် ချဲ့,ထင်,မြဲ။

# ဒဠှီကရဏဝါကျ

## ဒဠှီကရဏဝါကျ၏ အဓိပ္ပါယ်

ရှေ့ဝါကျ၌ ပြဆိုအပ်ပြီးသော စကားသည် မြဲမြံခိုင်ခံ့ခြင်း မရှိသေးရကား ရှေ့ဝါကျ စကားကို မြဲမြံခိုင်ခံ့အောင် အာဂုမ်ပါဠိ ကိုးကား၍ဖြစ်စေ, အသင့်ယုတ္တိအားဖြင့်ဖြစ်စေ မြဲမြံခိုင်ခံ့အောင် ပြုကြောင်းဖြစ်သော နောက်ဝါကျကို ဒဠှီကရဏဝါကျဟု ခေါ်၏။ မြဲမြံခိုင်ခံ့ခြင်း မရှိသေးသော ရှေ့ဝါကျကို ဒဠှီယဝါကျဟု ခေါ်၏။

နိယံ။ အာဂုမ်, ယုတ္တိ၊ မြဲစေဘိ၊ မှတ်သိ ဒဠှီသာ။

## ဒဠှီကရဏဝါကျ၏ အင်္ဂါလက္ခဏာ

၁။ ရှေ့နောက် စကားနှစ်ရပ် (နှစ်ဝါကျ)တို့သည် ဆိုလိုရင်း ပိဏ္ဍတ္ထ တူညီနေခြင်း၊
၂။ ရှေ့ဝါကျ စကားကို မြဲမြံခိုင်ခံ့အောင် အာဂုမ်ပါဠိ ကိုးကား၍ဖြစ်စေ, အသင့်ယုတ္တိအားဖြင့်ဖြစ်စေ မြဲမြံခိုင်ခံ့အောင် ပြုခြင်းဟူ၍ ဒဠှီကရဏဝါကျ၏ အင်္ဂါလက္ခဏာသည် နှစ်ပါးသာ ရှိ၏။

ttp://www.dhammadownload.com



## ဒဋ္ဌီကရဏ ဝါကျအပြား (အကျဉ်း)

ဒဋ္ဌီကရဏဝါကျသည် . . .

၁။ ဘုရားဟော ပါဠိတော် စသော အာဂုမ်ပါဠိတို့ဖြင့် ခိုင်မြဲစေသော အာဂမ ဒဋ္ဌီကရဏဝါကျ၊

၂။ အသင့်ယုတ္တိ သဘောအားဖြင့် ခိုင်မြဲစေသော ယုတ္တိ ဒဋ္ဌီကရဏဝါကျအားဖြင့် နှစ်ပါး အပြားရှိ၏။

## (၁) အာဂမ ဒဋ္ဌီကရဏဝါကျ

### ပုံစံ

(က) ဓမ္မောတိ ဟေတု။

(ခ) ဝုတ္တဉှေတံ "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ"တိ။ (သီ၊ ဋ၊ နှာ–၂၁)

### ရှင်းချက်

(က)ဝါကျ၌ "ဓမ္မပဋိသမ္ဘိဒါ ပုဒ်၌ ဓမ္မသဒ္ဒါသည် ဟေတုသဒ္ဒါ၏ ပရိယာယ် (ဝါ) ဟေတုအနက် ဟောသည်"ကို ဖွင့်ပြ၏။

(ခ)ဝါကျဖြင့် ဓမ္မသဒ္ဒါသည် ဟေတုသဒ္ဒါ၏ ပရိယာယ် (ဝါ) ဟေတုအနက် ဟောနိုင်ကြောင်းကို "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ"ဟူသော အာဂုမ်ပါဠိတို့ဖြင့် ခိုင်မြဲစေ၏။ ထို့ကြောင့် (ခ)ဝါကျကို အာဂမ ဒဋ္ဌီကရဏ ဝါကျဟု မှတ်ပါ။

သတိ။ ဟေတုမှိဖြင့် ဓမ္မကို ဖွင့်၏။ ဉာဏံဖြင့် ပဋိသမ္ဘိဒါကို ဖွင့်၏။

### အင်္ဂါဖြင့် ဝေဘန်ခြင်း

(က+ခ) နှစ်ဝါကျလုံး၌ ဓမ္မသဒ္ဒါသည် ဟေတုသဒ္ဒါ၏ ပရိယာယ် (ဝါ) ဟေတုအနက် ဟောနိုင်ပုံကို ပြဆိုသည့် ပိဏ္ဍတ္ထ တူညီနေခြင်း၊ (က)ဝါကျ၌ ဆိုခဲ့သော ဓမ္မသဒ္ဒါသည် ဟေတုသဒ္ဒါ၏ ပရိယာယ် (ဝါ) ဟေတုအနက် ဟောနိုင်ပုံကို (ခ)ဝါကျ၌ "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ"ဟူသော အာဂုမ်ပါဠိတို့ဖြင့် ခိုင်မြဲစေခြင်း ဤအင်္ဂါနှစ်ချက်နှင့် ညီညွတ်သောကြောင့် (ခ)ဝါကျသည် အာဂမ ဒဋ္ဌီကရဏဝါကျ မည်၏။

### ဝါကျခွဲ

(က)ဝါကျ၌ ဆိုခဲ့သည့် ဓမ္မသဒ္ဒါသည် ဟေတုသဒ္ဒါ၏ ပရိယာယ် (ဝါ) ဟေတုအနက် ဟောသည်ဟူသော စကားရပ်ကို "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ"ဟူသော အာဂုမ်ပါဠိတို့ဖြင့် ခိုင်မြဲစေသောကြောင့် (ခ)ဝါကျသည် အာဂမ ဒဋ္ဌီကရဏဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အာဂမ ဒဋ္ဌီယဝါကျ မည်၏။

### အာဂမဒဋ္ဌီကရဏဝါကျ သင်္ကေတနိယံများ

၁။ အာဂုမ်ဖြင့်သာ၊ ထောက်ခံရာ၊ အာဂမ ဒဋ္ဌီတည်း။

၂။ သူကချောက်ချား၊ မလှုပ်ရှားအောင်၊ ကိုးကားသက်သေ၊ ယုတ္တိ ဖွေလှန်၊ နိပါတ်ခံ၊ မြဲမြံ ဒဋ္ဌီခင်း။

၃။ ထူးဆန်း၍ကား၊ နှစ်ဆူပြား၍၊ လှုပ်ရှားမခိုင်၊ ရှေ့နက်ယိုင်၊ မြဲခိုင် ဒဋ္ဌီခင်း။

၄။ အာဂုမ်+ဝိတ္ထာ၊ ရောစ၍လာ၊ နှစ်ဖြာ ယှူသတည်း။

၅။ ဝုတ္တဉှေတံ၊ ဝုတ္တမ္ပိ၊ ဝုတ္တဥ္စ၊ ဝုတ္တံ ဘဂဝတာ၊ တေန ဝုတ္တံ၊ တေနေဝါဟ၊ ယထာဟ၊ ဝက္ခတိ၊ ထုတ်ဘိစုဒ်ရ အာဂမ။

ttp://www.dhammadownload.com



အမှာ။ အမှတ် ၅–နိယံ အရ ၁။ ဝုတ္တခို ၂။ ဝုတ္တံ ဟိ ၃။ ဝုတ္တဥ္စေတံ ၄။ ဝုတ္တံ ဟေတံ ၅။ ဝုတ္တမ္ပိဟေတံ ၆။ ဝုတ္တဥ္စ ၇။ ဝုတ္တဉ္စေတံ ၈။ ဝုတ္တမ္ပိစေတံ ၉။ ဝုတ္တံ ၁၀။ ဝုတ္တံ ဘဂဝတာ ၁၁။ တေန ဝုတ္တံ ၁၂။ တေနေဝ ဝုတ္တံ ၁၃။ တေနေဝါဟ ၁၄။ တေနေဝစာဟ ၁၅။ တေနာဟ ၁၆။ တေနာဟု ၁၇။ ယထာဟ ၁၈။ ယထာဟု ၁၉။ ဝက္ခတိ ဟိ ၂၀။ ဝက္ခတိ စသော ပုဒ်တို့ဖြင့် တက်လာသော ဝါကျများကို အာဂမ ဒဠှီကရဏဟု မှတ်ပါ။

သတိ။ တေန ဝုတ္တံဖြင့် ချီတက်လာလျက် အာဂုမ်ပါဠိကို ကိုးကားပြသော ဝါကျသည် အာဂမ ဒဠှီကရဏဝါကျ ဖြစ်၏။ တည်ပါဠ်ကို ပြန်၍ ပြသည်လည်း မဟုတ်သော, အာဂုမ်ပါဠိကိုလည်း မကိုးကားသော တေန ဝုတ္တံဖြင့် ချီတက်လာသော ဝါကျသည် "တည်ပါဠ် မပြန်၊ ကြောင်း,ကျိုး ဆန်က၊ လဒ္ဓဂုဏ်လှမ်း၊ လက်ရှုံးတန်း" နိယံနှင့်အညီ လဒ္ဓဂုဏဝါကျ ဖြစ်၏။ တည်ပါဠ်ကို ပြန်၍ ပြသော တေန ဝုတ္တံဖြင့် ချီတက်လာသော ဝါကျသည် "တေန ဝုတ္တံ၊ တည်ပါဠ်ပြန်ပြ၊ ထားကုန်ကြမူ၊ လဒ္ဓဂုဏ၊ ဆိုကုန်ကြ၏၊ နိဂုမ်းထင်လှ၊ နော တက္က" နိယံနှင့်အညီ နိဂမနဝါကျ ဖြစ်၏။

## (၂) ယုတ္တိ ဒဠှီကရဏဝါကျ

### ပုံစံ

(က) ဗြဟ္မံ အဏတီတိ **ဗြာဟ္မဏော**။

(ခ) မန္တေ သဇ္ဈာယတီတိ အတ္ထော။

(ဂ) ဣမေဝ ဟိ ဇာတိဗြာဟ္မဏာနံ နိရုတ္တိဝစနံ။ (သီ၊ ဋ၊ နှာ–၂၁၇)

### ရှင်းချက်

(က)ဝါကျဖြင့် ဗြာဟ္မဏော ပုဒ်ကို ဗြဟ္မံ အဏတီတိ ဗြာဟ္မဏော–ဟု ကတ္တုသာဓန ကိတ်ဝိဂ္ဂဟ ပြုရမည်ကိုလည်းကောင်း၊ ဝေဒကျမ်းတို့ကို သရဇ္ဈာယ်တတ်သောကြောင့် ဗြာဟ္မဏမည်၏ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း ဖွင့်ပြ၏။

(ခ)ဝါကျဖြင့် ဗြဟ္မသဒ္ဒါသည် မန္တအနက် ဟောသည်ကိုလည်းကောင်း၊ အဏ ဓာတ်သည် သဇ္ဈာယန အနက် ဟောသည်ကိုလည်းကောင်း ဖွင့်ပြ၏။

(ဂ)ဝါကျဖြင့် ဝေဒကျမ်းတို့ကို သရဇ္ဈာယ်တတ်သောကြောင့် ဗြာဟ္မဏမည်၏ဟူသော ဗြဟ္မံ အဏတီတိ ဗြာဟ္မဏော ဝစနတ္ထသည်သာ ဇာတိဗြာဟ္မဏတို့နှင့် အသင့်လျော်ဆုံး ဖြစ်၏ဟု အသင့်ယုတ္တိအားဖြင့် ထောက်ခံ ဖွင့်ပြ၏။ ထို့ကြောင့် (ဂ)ဝါကျကို ယုတ္တိဒဠှီကရဏ ဝါကျဟု မှတ်ပါ။

### အင်္ဂါဖြင့် ဝေဘန်ခြင်း

(က+ဂ)နှစ်ဝါကျလုံးသည် ဇာတိဗြာဟ္မဏတို့အတွက် ဗြဟ္မံ အဏတီတိ ဗြာဟ္မဏော ဟူသော ဝစနတ္ထကိုသာ ပြုသင့်ပုံ ပိဏ္ဍတ္ထ တူညီနေခြင်း၊ (က)ဝါကျ၌ ဆိုခဲ့သော ဝစနတ္ထကို (ဂ)ဝါကျသည် အသင့်ယုတ္တိအားဖြင့် ခိုင်မြဲစေခြင်း ဤအင်္ဂါနှစ်ချက်နှင့် ညီညွတ်သောကြောင့် (ဂ)ဝါကျသည် ယုတ္တိ ဒဠှီကရဏဝါကျ မည်၏။

### (ဂ)ဝါကျ ဝါကျခွဲ

(က)ဝါကျ၌ ဆိုခဲ့သည့် ဗြဟ္မံ အဏတီတိ ဗြာဟ္မဏော ဟူသော ဝစနတ္ထသည်သာ ဇာတိဗြာဟ္မဏတို့နှင့် အသင့်လျော်ဆုံး ဖြစ်၏ဟု အသင့်ယုတ္တိအားဖြင့် ခိုင်မြဲအောင် ပြုသောကြောင့် (ဂ)ဝါကျသည် ယုတ္တိ ဒဠှီကရဏ ဝါကျ မည်၏။ (ဂ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် ယုတ္တိ ဒဠှီယဝါကျ မည်၏။

အမှာ။ (ခ)ဝါကျကား "အဓိပ္ပါယော၊ အတ္ထော၊ ဝုတ္တံ၊ ကိရ မှန်၊ မှတ်ရန် ဝိတ္ထာရာ"နိယံနှင့်အညီ အတ္ထောဟူသော သင်္ကေတပါသည့် ၎ပ်ချဲ့ ဝိတ္ထာရဝါကျတည်း။

ttp://www.dhammadownload.com



### ယုတ္တိဒဋ္ဌီကရဏဝါကျ သင်္ကေတနိယံများ

၁။ ယုတ္တိဖြင့်သာ၊ ထောက်ခံရာ၊ ယုတ္တာ ဒဋ္ဌီတည်း။
၂။ သူကချောက်ချား၊ မလှုပ်ရှားအောင်၊ ကိုးကားသက်သေ၊ ယုတ္တိ ဖွေလှန်၊ နိပါတ်ခံ၊ မြဲမြဲ ဒဋ္ဌီခင်း။
၃။ ထူးဆန်း၍ကား၊ နှစ်ဆူပြား၍၊ လှုပ်ရှားမခိုင်၊ ရှေ့နက်ယိုင်၊ မြဲခိုင် ဒဋ္ဌီခင်း။
၄။ တထာ ဟိမှာ၊ ဉာပကာ၊ ရံခါ ချဲ့မြဲစွဲ။
၅။ နဲ+ဟိ တက်ရာ၊ ဟိ နက်မှာ၊ ဟိတ်ပါ ဒဋ္ဌီစွဲ။
၆။ ဒဋ္ဌီ+ဝိတ္ထာ၊ ရောက်၍လာ၊ နှစ်ဖြာ ယူသတည်း။
၇။ ဧဝ ကေဝလံ၊ နှစ်တန်ကပ်ရှိ နိပါတ် ဟိ၊ ယုတ္တိဒဋ္ဌီ များသတည်း။ (ဧဝဥ္စ၊ ကေဝလဥ္စ၊ ဧဝဥ္စ ကေဝလံ)
၈။ လီနတ် မခိုင်၊ မထင်–ယိုင်၊ ပိုင်ပိုင် ထင်ရှားမြဲ။
၉။ ငုပ်+ကျဉ်း မခိုင်၊ မပေါ် ယိုင်၊ မြိုင်မြိုင် ချဲ့ယူမြဲ။
၁၀။ ကျိုးကောက်, မခိုင်၊ ဟိတ်လိုယိုင်၊ မြစ်ကိုင် ဟိတ်ပေးမြဲ။
၁၁။ လဒ္ဓ မခိုင်၊ ရှေ့ပါဠိယိုင်၊ ယူကိုင် ကျိုး,ပြစ်,မြဲ။
၁၂။ ဗျူပွတ် ဖွင့်ပြ၊ ရှေ့ ဟိ,စ၊ ချဲ့,ထ ဟိတ်,ဆက်,မြဲ။
၁၃။ အဓိပ္ပါယော၊ အတ္တော နောက်တွင်၊ နိပါတ်မြင်၊ ချဲ့,ထင်,ဟိတ်,ဆက်,မြဲ။
၁၄။ အဓိပ္ပါယ နောက်၊ ဟိလျှင်ရောက်၊ နက်ကောက် ချဲ့,ထင်,မြဲ။
အမှာ။ ဧဝဥ္စ, ကေဝလဥ္စ, ဧဝဥ္စ ကေဝလံ စသော ပုံစံများဝယ် ဧဝနှင့် ကပ်နေသော ဟိ၊ ကေဝလံနှင့် ကပ်နေသော ဟိ နိပါတ်ပုဒ်များသည် အချို့နေရာ၌ အာဂမ ဒဋ္ဌီကရဏဝါကျ အဖြစ်ဖြင့် ယူရသေးသောကြောင့် အမှတ် ၇–နိယံ၌ "များသတည်း"ဟု ဆို၏။

### ကာရဏ+ဖလဝါကျ

"ကြောင်း,ကျိုး နှစ်ဖြာ၊ မကင်းရာ၊ မှန်စွာ ရှေ့နောက်ရှု"နိယံနှင့်အညီ အကြောင်းနှင့် အကျိုးတို့သည် မည်သည့်နေရာမှ မကင်းနိုင်ကြပါ။ ယှဉ်တွဲ၍သာ နေကြပါ၏။ ထို့ကြောင့် ကာရဏ+ဖလ ဝါကျတစ်စုံကို အစုံလိုက်သာ တွဲ၍ ရေးပါအံ့။ ထိုအကြောင်းနှင့် အကျိုးတို့သည် . . .

(က) ရံခါ အကျိုးဝါကျသည် ရှေ့, အကြောင်းဝါကျသည် နောက်၌ နေ၍ ဖလ+ကာရဏအားဖြင့် ရှိတတ်ပြီး (ခ) ရံခါ အကြောင်းဝါကျသည် ရှေ့, အကျိုးဝါကျသည် နောက်၌ နေ၍ ကာရဏ+ဖလအားဖြင့် ရှိတတ်၏။

### ကာရဏ+ဖလ ဝါကျတို့၏အဓိပ္ပါယ်

(က) ရှေ့ဝါကျ၌ ပြဆိုခဲ့သည့် အကျိုး၏ အကြောင်းကို ဖွင့်ပြသော နောက်ဝါကျကို ကာရဏဝါကျဟု ခေါ်၏။ အကျိုးကို ပြဆိုခဲ့သော ရှေ့ဝါကျကို ဖလဝါကျဟု ခေါ်၏။ (ဖလ+ကာရဏ တစ်စုံ)

(ခ) ရှေ့ဝါကျ၌ ပြဆိုခဲ့သည့် အကြောင်း၏ အကျိုးကို ဖွင့်ပြသော နောက်ဝါကျကို ဖလဝါကျဟု ခေါ်၏။ အကြောင်းကို ပြဆိုခဲ့သော ရှေ့ဝါကျကို ကာရဏဝါကျဟု ခေါ်၏။ (ကာရဏ+ဖလ တစ်စုံ)

### အမှာ

အထက်ပါ အဓိပ္ပါယ်ကို ရှု၍ မိမိကိုင်ထားသော ဝါကျ၏ ရှေ့ဝါကျသည် အကျိုးဝါကျ ဖြစ်သလော? မိမိကိုင်ထားသော ဝါကျသည် အကြောင်းဝါကျ ဖြစ်သလော? မိမိကိုင်ထားသော ဝါကျ၏ နောက်ဝါကျသည် အကျိုးဝါကျ ဖြစ်နေသလော?ဟူ၍ မိမိကိုင်ထားသော ဝါကျ၏ ရှေ့,နောက်တို့၌ ရှိသော ဝါကျတို့ကို ထောက်ဆ၍ ကာရဏဝါကျ ဟုတ်/မဟုတ်ကို ခွဲခြားဆုံးဖြတ်ပါ။ ဖလဝါကျ ဟုတ်/မဟုတ်ကိုလည်း ဤနည်းအတိုင်း ခွဲခြားစိစစ် ဆုံးဖြတ်ပါ။

ttp://www.dhammadownload.com



ကာရဏ+ဖလ ဝါကျတို့၌ မိမိကိုင်ထားသော ဝါကျနှင့် ယှဉ်းဝါကျ၏ ရှေ့,နောက်နှစ်ဝါကျ ပေါင်း(၃) ဝါကျတို့ကို ရှု၍ ဝါကျခွဲရ၏။ ကာရဏ+ဖလတို့မှတစ်ပါး ကြွင်းကုန်သော ဝါကျတို့၌ကား မိမိကိုင်ထားသော ဝါကျနှင့် ယှဉ်းဝါကျ၏ ရှေ့၌ရှိသော ဝါကျ ပေါင်း(၂)ဝါကျတို့ကို ရှု၍သာ ဝါကျခွဲရ၏။ ဤအချက်သည် ဝါကျခွဲရာ၌ ကာရဏ+ဖလ ဝါကျနှင့် ကြွင်းသော ဝါကျတို့၏ မတူကွဲပြား ထူးခြားသော အချက်ပင် ဖြစ်၏။

**(က) ဖလ+ကာရဏ ပုံစံ**

(က) အာယသ္မတော အာနန္ဒဿေရသ ဩကာသကရဏတ္ထံ။

(ခ) တေနဟာယသ္မတာ သဟာပိ ဝိနာပိ န သက္ကာ ဓမ္မသင်္ဂီတိံ ကာတုံ။ (သီ၊ ဋ္ဌ၊ နှာ-၅)

**ရှင်းချက်**

(က)ဝါကျ၌ လာသည့် "အရှင်အာနန္ဒာအား သင်္ဂါယနာ တင်ခွင့်ကို ပြုခြင်း"ဟူသော စကားရပ်သည် အကျိုးပြ စကားရပ် ဖြစ်၏။

(ခ)ဝါကျ၌ လာသည့် "အရှင်အာနန္ဒာနှင့် တွဲ၍ဖြစ်စေ, ခွဲ၍ဖြစ်စေ သင်္ဂါယနာ တင်ဖို့ရာ မဖြစ်နိုင်"ဟူသော စကားရပ်သည် အကြောင်းပြ စကားရပ် ဖြစ်၏။ (က+ခ)ဝါကျတို့၌ လာသော စကားနှစ်ရပ်တို့သည် ဖလ+ကာရဏ အဖြစ်ဖြင့် ဆက်စပ်လျက် ရှိနေပါ၏။

အမှာ။ (ခ)ဝါကျ၌ ဟိ-ကို ဟိ ယသ္မာဟု ကာရဏကြံ၍ အနက်ပေးပါ။ အနိယမနှင့် နိယမတို့သည် မကင်းနိုင်ပါ။ ထို့ကြောင့် (ခ)အမှတ်ပြ ကာရဏဝါကျ၌ ယသ္မာရှိ၍ (က)အမှတ်ပြ ဖလဝါကျ၌ တသ္မာ ရှိရမည်။ တသ္မာ မရှိသော် ထည့်၍ အနက်ယောဇနာရမည်။

နိယံ။ အနိယမ၊ ရှိတုံက၊ နိယမ ရှိပါစေ။
အကယ်တည့်တည့်၊ မရှိလှည့်၊ ထည့်ရမည် မှတ်လေ။

သတိ။ ယသ္မာ+တသ္မာ အစုံပါသော ဝါကျမျိုး၌ကား ယသ္မာ ထိုင်သော ဝါကျသည် ကာရဏဝါကျ ဖြစ်၏။ တသ္မာ ထိုင်သော ဝါကျသည် ဖလဝါကျ ဖြစ်၏။

**ဝါကျခွဲ**

(က)ဝါကျ၌ ဆိုခဲ့သည့် အရှင်အာနန္ဒာအား သင်္ဂါယနာ တင်ခွင့်ကို ပြုခြင်းဟူသော အကျိုး၏ အကြောင်းကို ပြသောကြောင့် (ခ)ဝါကျသည် ကာရဏဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် ဖလဝါကျ မည်၏။

**(ခ) ကာရဏ+ဖလ ပုံစံ**

(က) သော ဟာယသ္မာ သေက္ခော သကရဏီယော။

(ခ) တသ္မာ သဟာပိ န သက္ကာ။ (သီ၊ ဋ္ဌ၊ နှာ-၅)

**ရှင်းချက်**

(က)ဝါကျ၌ လာသည့် "အရှင်အာနန္ဒာ၏ သေက္ခ,သကရဏီယ ဖြစ်ခြင်း"ဟူသော စကားရပ်သည် အကြောင်းပြ ကာရဏ စကားရပ် ဖြစ်၏။

(ခ)ဝါကျ၌ လာသည့် "အရှင်အာနန္ဒာနှင့် တွဲ၍ သင်္ဂါယနာ တင်ဖို့ရာ မဖြစ်နိုင်"ဟူသော စကားရပ်သည် အကျိုးပြ ဖလ စကားရပ် ဖြစ်၏။ (က+ခ)ဝါကျတို့၌ လာသော စကားနှစ်ရပ်တို့သည် ကာရဏ+ဖလ အဖြစ်ဖြင့် ဆက်စပ်လျက် ရှိနေပါ၏။

ttp://www.dhammadownload.com



## ဝါကျစွဲ

(က)ဝါကျ၌ ဆိုခဲ့သည့် အရှင်အာနန္ဒာ၏ သေက္ခ,သကရဏီယ ဖြစ်ခြင်းဟူသော အကြောင်း၏ အကျိုးကို ပြသောကြောင့် (ခ)ဝါကျသည် ဖလဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် ကာရဏဝါကျ မည်၏။

### ကာရဏ+ဖလဝါကျ သင်္ကေတနိယံများ

၁။ ယသ္မာ, တသ္မာ၊ စုံတွဲလာနှင့်၊ မပါ တသ္မာ၊ ယသ်-ချည်းသာ၊ ခေါ်ပါ ကာရဏ။
၂။ နိပါတ် ထွန်းပြ၊ ဟိတ်ထွန်းပြ၊ နှစ်ဝ ကာရဏ။
၃။ အကျိုး၏နောက်၊ နိပါတ်ရောက်၊ မဖောက် ကာရဏ။
၄။ တသ္မာ တင်းလင်းရှိရာ၊ ရှေ့ဟိသဒ္ဒါကား၊ ကာရဏသာ များသတည်း။
၅။ တသ္မာ နောက်၊ ကျိုးရင်းရောက်၊ ရှေ့ထောက် ဟိ-မှာ၊ အကြောင်းသာ။
၆။ အကြောင်းနောက်တွင်၊ ကျိုးရင်းဝင်၊ ခေါ်တွင် ဖလတည်း။
၇။ န+ဟိ တက်ရာ၊ ဟိ နက်မှာ၊ ဟိတ်ပါ ဒဋ္ဌိစွဲ။
၈။ အာဂမဒဋ္ဌိ၊ တစ်လီ ကာရိယ-ဉပက၊ ဟေတုဝါကျ ခေါ်သတည်း။
၉။ တေနေဝါဟ၊ ဉပက၊ တစ်ဝ ဒဋ္ဌိသာ။
၁၀။ ယုတ္တိဒဋ္ဌိ၊ ရပ်ပြီ ဝါကျ၊ ကာရဏလည်း ရသတည်း။
၁၁။ ဗျူပ္ပတ် ဖွင့်ပြ၊ ရှေ့ ဟိ,စ၊ ချဲ့,ထ ဟိတ်,ဆက်,မြဲ။
၁၂။ အဓိပ္ပါယော၊ အတ္ထော နောက်တွင်၊ နိပါတ်မြင်၊ ချဲ့,ထင်,ဟိတ်,ဆက်,မြဲ။

## လဒ္ဓဂုဏဝါကျ

### လဒ္ဓဂုဏဝါကျ၏ အဓိပ္ပါယ်

ရှေ့ဝါကျမှ ရအပ်သော အကျိုးဂုဏ်ကို ပြသော နောက်ဝါကျကို လဒ္ဓဂုဏဝါကျဟု ခေါ်၏။ ရှေ့ဝါကျကို လဒ္ဓဂုဏီယဝါကျ (ဝါ) ယုတ္တိဝါကျဟု ခေါ်၏။

### လဒ္ဓဂုဏဝါကျ အလွယ်ဆုံးဖြတ်နည်း

၁။ ရှေ့,နောက် ဝါကျတို့၌ ယသ္မာ မပါဘဲ တသ္မာသဒ္ဒါဖြင့်သာ အစချီ၍ တက်လာသောဝါကျ ဖြစ်ခြင်း၊
၂။ ဒသေတိ, ဒီပေတိဟူသော ကြိယာများ အဆုံးသတ်သည့် အကျိုးဝါကျ ဖြစ်ခြင်း၊
၃။ ဒဋ္ဌဗ္ဗော, ဝေဒိတဗ္ဗော, ဝုစ္စတိ, ဝုတ္တံ စသော ကံဟောကြိယာများ အဆုံးသတ်သည့် အကျိုးဝါကျ ဖြစ်ခြင်း၊
၄။ အကျိုးဝါကျ နှစ်ဆင့်လာရာ၌ ဒုတိယ အကျိုးဝါကျ ဖြစ်ခြင်း ဤအချက်လေးချက်တို့တွင် တစ်ချက်ချက်နှင့် ညီညွတ်သော် လဒ္ဓဂုဏဝါကျ ဖြစ်၏ဟု လွယ်ကူစွာ ဆုံးဖြတ်နိုင်၏။

#### ပုံစံ

(က) အဘိဓမ္မေ, ဣတော အညေသု သုတ္တပဒေသု စ အဓိကရဏတ္ထော, ဘာဝေန ဘာဝလက္ခဏတ္ထော စ သမ္ဘဝတိ။

(ခ) အဓိကရဏဉ္စ ကာလတ္ထော, သမူဟတ္ထော စ သမယော၊ တတ္ထ တတ္ထ ဝုတ္တာနံ ဖဿာဒိဓမ္မာနံ ခဏ-သမဝါယဟေတုသင်္ခါတဿ စ သမယဿ ဘာဝေန တေသံ ဘာဝေါ လက္ခီယတိ။

(ဂ) တသ္မာ တဒတ္ထဇောတနတ္ထံ တတ္ထ ဘုမ္မဝစနနိဒ္ဒေသော ကတော။ (သီ၊ ဋ္ဌ၊ နှာ-၃၄)

ttp://www.dhammadownload.com



**ရှင်းချက်**

(က)ဝါကျ၌ "အဘိဓမ္မာ၌လည်းကောင်း, ဗြဟ္မဇာလသုတ်မှ တစ်ပါးသော သုတ်ပုဒ်တို့၌လည်းကောင်း သတ္တမီဝိဘတ်သည် အဓိကရဏအနက်, ဘာဝေနဘာဝလက္ခဏ အနက်တို့၌ ဖြစ်သင့်၏"ဟု ပြဆို၏။

(က)ဝါကျ၌ ဆိုခဲ့သည့် "အဘိဓမ္မာ၌လည်းကောင်း, ဗြဟ္မဇာလသုတ်မှ တစ်ပါးသော သုတ်ပုဒ်တို့၌လည်းကောင်း သတ္တမီဝိဘတ်သည် အဓိကရဏအနက်, ဘာဝေနဘာဝလက္ခဏ အနက်တို့၌ ဖြစ်သင့်၏"ဟူသော စကားကို (ခ)ဝါကျသည် အသင့်ယုတ္တိအားဖြင့် ခိုင်မြဲစေ၏။

(က)ဝါကျ၌ "အဘိဓမ္မာ၌လည်းကောင်း, ဗြဟ္မဇာလသုတ်မှ တစ်ပါးသော သုတ်ပုဒ်တို့၌လည်းကောင်း သတ္တမီဝိဘတ်သည် အဓိကရဏအနက်, ဘာဝေနဘာဝလက္ခဏ အနက်တို့၌ ဖြစ်သင့်၏"ဟု ဆိုခြင်းကြောင့် ရရှိအပ်သော အကျိုးဂုဏ်ကို (ဂ)ဝါကျဖြင့် ဖွင့်ပြ၏။

သတိ။ (ဂ)ဝါကျ၏ ရှေ့,နောက်ဝါကျတို့၌ ယသ္မာ မပါဘဲ တသ္မာဖြင့်သာ အစချီ၍ တက်လာသည်ကို သတိပြု။

**(ဂ)ဝါကျ ဝါကျခွဲ**

(က)ဝါကျ၌ "အဘိဓမ္မာ၌လည်းကောင်း, ဗြဟ္မဇာလသုတ်မှ တစ်ပါးသော သုတ်ပုဒ်တို့၌လည်းကောင်း သတ္တမီဝိဘတ်သည် အဓိကရဏအနက်, ဘာဝေနဘာဝလက္ခဏ အနက်တို့၌ ဖြစ်သင့်၏"ဟု ဆိုခြင်း၏ ရရှိအပ်သော အကျိုးဂုဏ်ကို ဖွင့်ပြသောကြောင့် (ဂ)ဝါကျသည် လဒ္ဓဂုဏဝါကျ မည်၏။ (ဂ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် လဒ္ဓဂုဏိယဝါကျ မည်၏။

**ပုံစံ**

(က) ဣစ တဏှာဒိဋ္ဌီသု ဝတ္တတီတိ ဝေဒိတဗ္ဗော။

(ခ) ဝုတ္တမ္ပိ စေတံ "ကပ္ပါတိ ဒွေ ကပ္ပါ တဏှာကပ္ပေါ စ ဒိဋ္ဌိကပ္ပေါ စာ"တိ။

(ဂ) တသ္မာ တဏှာဒိဋ္ဌိဝသေန အတီတံ ခန္ဓကောဋ္ဌာသံ ကပ္ပေတွာ ပကပ္ပေတွာ ဋ္ဌိတာတိ **ပုဗ္ဗန္တကပ္ပိကာ**တိ ဧဝမေတ္ထ အတ္ထော ဝေဒိတဗ္ဗော။ (သီ၊ ဋ္ဌ၊ နှာ-၉၆)

**ရှင်းချက်**

(က)ဝါကျ၌ "ပုဗ္ဗန္တကပ္ပိကာ၌ ကပ္ပသဒ္ဒါသည် တဏှာဒိဋ္ဌိတို့၌ ဖြစ်၏"ဟု ပြဆို၏။

(က)ဝါကျ၌ ဆိုခဲ့သည့် "ပုဗ္ဗန္တကပ္ပိကာ၌ ကပ္ပသဒ္ဒါသည် တဏှာဒိဋ္ဌိတို့၌ ဖြစ်၏"ဟူသော စကားကို (ခ)ဝါကျသည် အာဂုမ်ပါဠိအားဖြင့် ခိုင်မြဲစေ၏။

(က)ဝါကျ၌ "ပုဗ္ဗန္တကပ္ပိကာ၌ ကပ္ပသဒ္ဒါသည် တဏှာဒိဋ္ဌိတို့၌ ဖြစ်၏"ဟု ဆိုခြင်းကြောင့် ရရှိအပ်သော အကျိုးဂုဏ်ကို (ဂ)ဝါကျဖြင့် ပြဆို၏။

သတိ။ (ဂ)ဝါကျ၌ ဝေဒိတဗ္ဗောဟူသော ကံဟောကြိယာဖြင့် အဆုံးသတ်နေသည်ကို သတိပြု။

**(ဂ)ဝါကျ ဝါကျခွဲ**

(က)ဝါကျ၌ "ပုဗ္ဗန္တကပ္ပိကာ၌ ကပ္ပသဒ္ဒါသည် တဏှာဒိဋ္ဌိတို့၌ ဖြစ်၏"ဟု ဆိုခြင်း၏ ရရှိအပ်သော အကျိုးဂုဏ်ကို ပြဆိုသောကြောင့် (ဂ)ဝါကျသည် လဒ္ဓဂုဏဝါကျ မည်၏။ (ဂ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် လဒ္ဓဂုဏိယဝါကျ မည်၏။

**ပုံစံ**

(က) သွာယမိဓ ဝိဝရေ ဝတ္တတိ။

(ခ) တသ္မာ ရာဇဂေဟဿ စ နာဠန္ဒာယ စ ဝိဝရေတိ ဧဝမေတ္ထတ္ထော ဝေဒိတဗ္ဗော။ (သီ၊ ဋ္ဌ၊ နှာ-၃၅)

ttp://www.dhammadownload.com



## ရှင်းချက်

(က)ဝါကျဖြင့် အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ ပါဠ်၌ရှိသော အန္တရာသဒ္ဒါသည် ဝိဝရ အနက်၌ ဖြစ်၏ဟု ပြဆို၏။

(က)ဝါကျ၌ "အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ ပါဠ်၌ရှိသော အန္တရာသဒ္ဒါသည် ဝိဝရ အနက်၌ ဖြစ်၏"ဟု ဆိုခြင်းကြောင့် ရရှိအပ်သော အကျိုးဂုဏ်ကို (ခ)ဝါကျဖြင့် ပြဆို၏။

သတိ။ (ခ)ဝါကျ၌ ဝေဒိတဗ္ဗောဟူသော ကံပဟောကြိယာဖြင့် အဆုံးသတ်နေသည်ကို သတိပြု။

## ဝါကျခွဲ

(က)ဝါကျ၌ "အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ ပါဠ်၌ရှိသော အန္တရာသဒ္ဒါသည် ဝိဝရ အနက်၌ ဖြစ်၏"ဟု ဆိုခြင်း၏ ရရှိအပ်သော အကျိုးဂုဏ်ကို ပြဆိုသောကြောင့် (ခ)ဝါကျသည် လဒ္ဓဂုဏဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် လဒ္ဓဂုဏိယဝါကျ မည်၏။

## ပုံစံ

(က) ဥက္ကဋ္ဌော ပနည် ဂမ္ဘီရတာရ် နတ္ထိ။
(ခ) တသ္မာ ဂမ္ဘီရာဝါတိ ဝဝတ္ထာနံ လဗ္ဘတိ။ (သီ၊ ဋ၊ နှာ-၉၃)

## ရှင်းချက်

(က)ဝါကျ၌ "သဗ္ဗညုတဉာဏ်ထက် နက်နဲသော ဉာဏ်မရှိ"ဟု ပြဆို၏။

(က)ဝါကျ၌ "သဗ္ဗညုတဉာဏ်ထက် နက်နဲသော ဉာဏ်မရှိ"ဟု ဆိုခြင်းကြောင့် ရရှိအပ်သော အကျိုးဂုဏ်ကို (ခ)ဝါကျဖြင့် ပြဆို၏။

သတိ။ (ခ)ဝါကျ၌ သီးခြား တသ္မာပုဒ် ရှိသည်ကိုလည်းကောင်း၊ လဗ္ဘတိဟူသော ကံပဟောကြိယာဖြင့် အဆုံးသတ်နေသည်ကိုလည်းကောင်း သတိပြု။

## ဝါကျခွဲ

(က)ဝါကျ၌ "သဗ္ဗညုတဉာဏ်ထက် နက်နဲသော ဉာဏ်မရှိ"ဟု ဆိုခြင်း၏ ရရှိအပ်သော အကျိုးဂုဏ်ကို ပြဆိုသောကြောင့် (ခ)ဝါကျသည် လဒ္ဓဂုဏဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် လဒ္ဓဂုဏိယ ဝါကျ မည်၏။

## ဖလဝါကျနှင့် လဒ္ဓဂုဏဝါကျ အထူး

ဖလဝါကျနှင့် လဒ္ဓဂုဏဝါကျတို့သည် အကျိုးပြ ဝါကျခြင်း တူကြ၏။ အကျိုးပြ ဝါကျခြင်း တူကြသော ဖလဝါကျနှင့် လဒ္ဓဂုဏဝါကျ နှစ်ခုတို့၏ အထူးကား = အကျိုးရင်းကို ပြဆိုသော ဝါကျသည် ဖလဝါကျ မည်၏။ အကျိုးဆက်ကို ပြဆိုသော ဝါကျသည် လဒ္ဓဂုဏဝါကျ မည်၏။

(တစ်နည်း) အကျိုးဝါကျ နှစ်ဆင့်လာရာ၌ ပဌမအကျိုးပြ ဝါကျသည် ဖလဝါကျ မည်၏။ ဒုတိယအကျိုးပြ ဝါကျသည် လဒ္ဓဂုဏဝါကျ မည်၏။

နိယံ။ ကျိုးရင်းကို ပြ၊ ခေါ်ဖလ၊ လဒ္ဓ ကျိုးဆက်ပေ။
ပ-ကျိုး ဖော်ပြ၊ ခေါ်ဖလ၊ လဒ္ဓ ဒု-ကျိုးပေ။

ttp://www.dhammadownload.com



## သတိပြု

အကျိုးပြဝါကျ နှစ်ဆင့်လာရာ၌ . . .

၁။ (က) ကာရဏဝါကျ (ခ) ဖလဝါကျ (ဂ) လဒ္ဓဂုဏဝါကျဟု တစ်မျိုး၊

၂။ (က) ဖလဝါကျ (ခ) ကာရဏဝါကျ (ဂ) လဒ္ဓဂုဏဝါကျဟု တစ်မျိုး နှစ်မျိုးရှိသည်တို့တွင် (၁)အမျိုးအစား လဒ္ဓဂုဏဝါကျသည် (ခ)အမှတ်ပြ ဖလဝါကျမှ ထွက်လာခြင်း ဖြစ်သည်။ (၂)အမျိုးအစား လဒ္ဓဂုဏဝါကျသည် (က)အမှတ်ပြ ဖလဝါကျမှ ထွက်လာခြင်း ဖြစ်သည်ကို သတိပြု။

## လဒ္ဓဂုဏဝါကျ သင်္ကေတနိယံများ

၁။ သီးခြား တသ္မာ၊ ရှိခဲ့ရာ၊ ယူပါ လဒ္ဓဂုဏ်။

၂။ တေန ဒသေတိ, ဒီပေတိ၊ ကျမ်း၌တွေ့ကြုံ၊ လဒ္ဓဂုဏ်။

၃။ တသ္မာ အတ္ထော၊ ဒဋ္ဌဗ္ဗော၊ မှတ်လော လဒ္ဓဂုဏ်။

၄။ လဒ္ဓဂုဏ၊ ယင်းဝါကျ၊ ကမ္မ ဆုံးထားကုန်။

၅။ တေန ဝုတ္တံ၊ တည်ပါ၌ပြန်ပြ၊ ထားကုန်ကြမူ၊ လဒ္ဓဂုဏ၊ ဆိုကုန်ကြ၏၊ နိဂုမ်းထင်လှ၊ နော တက္က။

၆။ တည်ပါ၌ မပြန်၊ ကြောင်း,ကျိုး ဆန်က၊ လဒ္ဓဂုဏ်လှမ်း၊ လက်ရုံးတန်း။

၇။ တေနာဟု ပြ၊ တေန ဝုတ္တံ၊ တွေ့ကြုံပြန်ကြ၊ လဒ္ဓဂုဏ်လည်းပြ၊ မြင်းဆက်ခွ။

၈။ တေနေတံ ဝုစ္စတိ၊ ပါဋ္ဌိတွေ့ကြုံ၊ လဒ္ဓဂုဏ်လည်းပြ၊ သာဓကေ။

၉။ တေန ဝုစ္စတိ၊ ဟူ၍ရှိက၊ လဒ္ဓဂုဏ်ပါ၊ သာဓကော၊ ညှိရာ ရှေ့,နောက်ပြ။

၁၀။ ဧဝဉ္စ ကတွာ၊ သာဓကော၊ တစ်ဖြာ လဒ္ဓဂုဏ်။

၁၁။ ဧဝဉ္စ ကတွာ၊ တသ္မာ တေန၊ အယံ ပေတ္တာတိ၊ မနသိ ကတွာ၊ ကျမ်းမှာ လာကြုံ၊ လဒ္ဓဂုဏ်။

၁၂။ လဒ္ဓဂုဏ်ပြ၊ ဒေါသ တစ်ဖုံ၊ နိဂုမ်း တစ်ဖြာ၊ သရုပ်မှာ၊ လျော်စွာ ဇဝ်ပြ။

၁၃။ ဇဝ် သတိ၊ သန္တေ ချိုလျက်၊ ယုတ္တိ နောင်မှ၊ တက်တုံက၊ လဒ္ဓဂုဏ ခေါ်သတည်း။

၁၄။ ချဲ့,မြဲ–ဟိ နောက်၊ တသ္မာ ရောက်၊ မဖောက် လဒ္ဓဂုဏ်။

၁၅။ ဖိုလ်+ကာရဏ နောက်၊ တသ္မာ ရောက်၊ မဖောက် လဒ္ဓဂုဏ်။

၁၆။ ကျိုး,ကြောင်း နောက်မှာ၊ တသ္မာ၊ ယူပါ လဒ္ဓဂုဏ်။

၁၇။ ကြောင်း,ကျိုး နောက်မှာ၊ တသ္မာ၊ ယူပါ လဒ္ဓဂုဏ်။

၁၈။ ကျိုးတစ်ဆက်မှ၊ ကျိုးဆက်ပြ၊ ယူကြ လဒ္ဓဂုဏ်။

၁၉။ သာဓကေနောက်၊ ဟိတ်ကျရောက်က၊ မူလမှာပြန်၊ သာဓကံ၊ ဖြစ်ရန် လဒ္ဓဂုဏ်။

၂၀။ တေန တသ္မာ၊ ရှေ့အလာ၊ ယုတ္တာယုတ္တိ၊ စမ်းကြကုန်။

၂၁။ အယုတ္တိ နောက်၊ မိမိရောက်က၊ လဒ္ဓဒေါသာ၊ ယုတ္တိမှာ၊ ယူပါ လဒ္ဓဂုဏ်။

၂၂။ လဒ္ဓ မခိုင်၊ ရှေ့ပါ၌ယှိုင်၊ ယူကိုင် ကျိုး,ပြစ်,မြဲ။

နိဗ္ဗာန် ဓကော၊ ဒွေ ပဒော၊ လေးတွေ ဝါကျဋ္ဌ။

ttp://www.dhammadownload.com



## လဒ္ဓဒေါသဝါကျ

### လဒ္ဓဒေါသဝါကျ၏ အဓိပ္ပါယ်

ရှေ့ဝါကျမှ ရအပ်သော အပြစ်ကို ပြသော နောက်ဝါကျကို လဒ္ဓဒေါသဝါကျဟု ခေါ်၏။ ရှေ့ဝါကျကို လဒ္ဓဒေါသိယဝါကျ (ဝါ) အယုတ္တိဝါကျဟု ခေါ်၏။

### ပုံစံ

(က) ဤဒိသေသု စ ဌာနေသု အက္ခရစိန္တကာ "အန္တရာ ဂါမဥ္စ နဒိဥ္စ ယာတိ"တိ ဧဝံ ကေမေဝံ အန္တရာသဒ္ဒံ ပယုဉ္ဇန္တိ။

(ခ) သော ဒုတိယပဒေနပိ ယောဇေတဗ္ဗော ဟောတိ။

(ဂ) အယောဇိယမာနေ ဥပယောဂဝစနံ န ပါပုဏာတိ။ (သီ၊ ဋ၊ နှာ-၃၅)

### ရှင်းချက်

(ခ)ဝါကျ၌ "အန္တရာသဒ္ဒါကို နဒီဟူသော ဒုတိယပုဒ်နှင့်လည်း ယှဉ်အပ်၏"ဟု ပြဆို၏။

(ခ)ဝါကျ၌ ပြဆိုခဲ့သည့်အတိုင်း အန္တရာသဒ္ဒါကို နဒီဟူသော ဒုတိယပုဒ်နှင့် မယှဉ်ခဲ့သော် ရရှိအပ်သော အပြစ်ဒေါသကို (ဂ)ဝါကျဖြင့် ပြဆို၏။

### (ဂ)ဝါကျ ဝါကျခွဲ

(ခ)ဝါကျ၌ အန္တရာသဒ္ဒါကို နဒီဟူသော ဒုတိယပုဒ်နှင့် မယှဉ်ခဲ့သော် ရရှိအပ်သော အပြစ်ဒေါသကို ပြဆိုသောကြောင့် (ဂ)ဝါကျသည် လဒ္ဓဒေါသဝါကျ မည်၏။ (ဂ)ဝါကျကို ထောက်ဆ၍ (ခ)ဝါကျသည် လဒ္ဓဒေါသိယဝါကျ မည်၏။

### လဒ္ဓဒေါသ သင်္ကေတနိယံများ

၁။ ဣတရထာ၊ အညထာနောက်၊ နိပါတ်ရောက်က၊ လဒ္ဓဒေါသ စွဲ။ (ဣတရထာ ဟိ, အညထာ ဟိ)

၂။ အညထာ နောက်၊ နိပါတ်ရောက်က၊ နက်စွဲရ၊ ဒေါသ, ဗျတိစွဲ။

၃။ ယဒိနောက်မှ၊ နိပါတ်ပြ၊ လဒ္ဓဒေါသ စွဲ။ (ယဒိ ဧဝံ)

၄။ ဧဝဉ္စိမှာ၊ ကျိုး,ပြစ်ရှာ၊ လျော်စွာ အနက်ခင်း။

၅။ ဧဝံ သတိ၊ သန္တေ ချိလျက်၊ အယုတ္တိနောင်မှ၊ တက်တုံက၊ လဒ္ဓဒေါသ ခေါ်သတည်း။

၆။ အယုတ္တိပြ၊ တက်လာက၊ လဒ္ဓဒေါသ စွဲ။

၇။ အယုတ္တိနောက်၊ မိမိရောက်က၊ လဒ္ဓဒေါသာ၊ ယုတ္တိမှာ၊ ယူပါ လဒ္ဓဂုဏ်။

၈။ လဒ္ဓ မခိုင်၊ ရှေ့ပါဠိယိုင်၊ ယူကိုင် ကျိုး,ပြစ်,မြဲ။

ရေတက် ငါးဇင်ရိုင်းလို မကျောင်နဲ့

ttp://www.dhammadownload.com



## ပက္ခန္တရဝါကျ

### ပက္ခန္တရဝါကျ၏ အဓိပ္ပါယ်

ရှေ့ဝါကျမှ တစ်ပါးသော အဖို့ကို ပြသော နောက်ဝါကျကို ပက္ခန္တရဝါကျဟု ခေါ်၏။ ရှေ့ဝါကျကို ပက္ခဝါကျဟု ခေါ်၏။

### ပက္ခန္တရဝါကျ လက္ခဏာ

ပက္ခန္တရဝါကျတို့ မည်သည် ရှေ့ဝါကျနှင့် အကျဉ်းချုပ်(ပိဏ္ဍတ္ထ) ဆိုလိုရင်း လုံးဝ မတူကြ၊ ထိုသို့ ပိဏ္ဍတ္ထ မတူခြင်းသည်ပင် ပက္ခန္တရဝါကျ၏ လက္ခဏာ ဖြစ်သည်။ မှန်၏၊ ပက္ခန္တရဟူသည် အတူ,အစပ် ဝါကျမျိုး မဟုတ်၊ အနွယ်ဝါကျမျိုးသာ ဖြစ်သောကြောင့်တည်း။

### ပက္ခန္တရဝါကျ အလွယ်ဆုံးဖြတ်နည်း

၁။ စကားတစ်ရပ်ကို ပြဆိုပြီးနောက် အခြား စကားတစ်ရပ်ကို ပြဆိုသော နောက်ဝါကျဖြစ်ခြင်း၊

၂။ သံဝဏ္ဏေတဗ္ဗ ပုဒ်တစ်မျိုးကို ဖွင့်ပြပြီးနောက် သံဝဏ္ဏေတဗ္ဗ ပုဒ်တစ်မျိုးကို ပြောင်း၍ ဖွင့်သော နောက်ဝါကျ ဖြစ်ခြင်း၊

၃။ သံဝဏ္ဏေတဗ္ဗပုဒ်ကို တစ်နည်းအားဖြင့် ဖွင့်သော ဝါကျဖြစ်ခြင်း (တစ်နည်း) ဝါ, အထ ဝါ, အပိ စ, အပရော နယော ပုဒ်တို့ဖြင့် တက်လာသော ဝါကျဖြစ်ခြင်း၊

၄။ အပေါင်းပုဒ်များကို ဖွင့်ပြပြီးနောက် အစိတ်ပုဒ်ကို ဖွင့်သော ဝါကျဖြစ်ခြင်း ဤအချက်လေးချက်တို့တွင် တစ်ချက်ချက်နှင့် ညီညွတ်သော် ပက္ခန္တရဝါကျ ဖြစ်၏ဟု လွယ်ကူစွာ ဆုံးဖြတ်နိုင်၏။

### ပုံစံ

(က) **မဇ္ဈာတိ** ဂုဏမဟတ္တေနပိ မဟတာ၊ သင်္ချာမဟတ္တေနပိ မဟတာ။

(ခ) သော ဟိ ဘိက္ခုသံဃော ဂုဏေဟိပိ မဟာ အဟောသိ အပ္ပိစ္ဆတာဒိဂုဏသမန္နာဂတတ္တာ။

(ဂ) သင်္ချာယပိ မဟာ ပဉ္စသတသင်္ချတ္တာ။ (သီ၊ ၄၊ နှာ-၃၆)

### (ဂ)ဝါကျ ဝါကျခွဲ

(ခ)ဝါကျ၌ ဆိုခဲ့သည့် ဂုဏမဟတ္တေနပိ ပုဒ်၏ အကျယ်အဖွင့်မှတစ်ပါး သင်္ချာမဟတ္တေန ပုဒ်၏ အကျယ် အဖွင့်ကို ပြဆိုသောကြောင့် (ဂ)ဝါကျသည် ပက္ခန္တရဝါကျ မည်၏။ (ဂ)ဝါကျကို ထောက်ဆ၍ (ခ)ဝါကျသည် ပက္ခဝါကျ မည်၏။

သတိ။ (ခ)ဝါကျ၌ ဂုဏမဟတ္တ ဖြစ်ပုံဟူသော စကားတစ်ရပ်ကို ပြဆို၏။ (ဂ)ဝါကျ၌ သင်္ချာမဟတ္တ ဖြစ်ပုံဟူသော အခြားစကားတစ်ရပ်ကို ပြဆို၏။

### ပုံစံ

(က) ဝုတ္တဒေါသဝိမုတ္တာယ စန္ဒပ္ပဘာယ ဩဘာသိတတ္တာ အတိဝိယ သုရူပါတိ **အဘိရူပါ**။

(ခ) ဒဿိတုံ ယုတ္တာတိ **ဒဿနီယာ**။ (သီ၊ ၄၊ နှာ-၁၂၉)

### ဝါကျခွဲ

(က)ဝါကျ၌ ဆိုခဲ့သည့် အဘိရူပါဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၏ အဖွင့်မှတစ်ပါး ဒဿနီယာဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၏ အဖွင့်ကို ပြဆိုသောကြောင့် (ခ)ဝါကျသည် ပက္ခန္တရဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် ပက္ခဝါကျ မည်၏။

ttp://www.dhammadownload.com



သတိ။ (က)ဝါကျ၌ အဘိရူပါဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်တစ်မျိုး၏ အဖွင့်ကို ဖွင့်ပြ၏။ (ခ)ဝါကျ၌ ဒဿနီယာဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်တစ်မျိုး၏ အဖွင့်ကို ပြောင်း၍ ဖွင့်ပြ၏။

**ပုံစံ**

(က) **ယေနာတိ** ယေန ဒိသာဘာဂေန ဿော ဥပသင်္ကမိတဗ္ဗော။

(ခ) ဘုမ္မတ္ထေ ဝါ ဧတံ ကရဏဝစနံ။ (သီ၊ ဋ၊ နှာ–၄၉)

**ဝါကျခွဲ**

(က)ဝါကျ၌ ဆိုခဲ့သည့် ယေနၶ၌ နာဝိဘတ်၏ ကရဏတ္ထ၌ သက်ပုံမှတစ်ပါး ဘုမ္မတ္ထ၌ သက်ပုံကို ပြဆိုသောကြောင့် (ခ)ဝါကျသည် ပက္ခန္တရဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် ပက္ခဝါကျ မည်၏။

သတိ။ (က)ဝါကျ၌ လာသော သံဝဏ္ဏေတဗ္ဗပုဒ်ကို (ခ)ဝါကျ၌ တစ်နည်းအားဖြင့် ဖွင့်ပြ၏။
တစ်နည်း။ (ခ)ဝါကျသည် ဝါသဒ္ဒါဖြင့် တက်လာသော ဝါကျဖြစ်၏။

**ပုံစံ**

(က) ဣဒါနိ ဝဏ္ဏဘူမိယံ ဒဿေတုံ **"မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုံ"**န္တိ အာဒိမာဟ။

(ခ) တတ္ထ **ပရေ**တိ ယေ ကေစိ ပသန္နာ ဒေဝမနုဿာ။ (သီ၊ ဋ၊ နှာ–၅၃)

**ဝါကျခွဲ**

(က)ဝါကျ၌ ဆိုခဲ့သည့် "မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုံ"ဟူသော ပါဠိတော်၏ သမုဒါယတ္ထမှ တစ်ပါး ပရေဟူသော ပုဒ်၏ အဝယဝတ္ထကို ပြဆိုသောကြောင့် (ခ)ဝါကျသည် ပက္ခန္တရဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် ပက္ခဝါကျ မည်၏။

သတိ။ (က)ဝါကျ၌ ဖွင့်ဆိုခဲ့သည့် "မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုံ"ဟူသော ပုဒ်သည် အပေါင်းပုဒ်ဖြစ်၏။ (ခ)ဝါကျ၌ ဖွင့်ဆိုသည့် "ပရေ"ဟူသော ပုဒ်သည် ယင်းအပေါင်းပုဒ်ထဲမှ အစိတ်ပုဒ် ဖြစ်၏။

**ပုံစံ**

(က) အာနန္ဒန္တိ ဧတေနာတိ **အာနန္ဒော**။

(ခ) ပီတိယာ ဧတံ အဓိဝစနံ။ (သီ၊ ဋ၊ နှာ–၅၃)

**ဝါကျခွဲ**

(က)ဝါကျ၌ ဆိုခဲ့သည့် အာနန္ဒပုဒ်၏ ဝိဂ္ဂြိုဟ်ဝစနတ္ထ (အဘိဓာနတ္ထ)ဟူသော အဖို့မှတစ်ပါး အာနန္ဒပုဒ်၏ အရကောက် အဘိဓေယျတ္ထဟူသော အဖို့တစ်ပါးကို ဖွင့်ပြသောဝါကျ ဖြစ်သောကြောင့် (ခ)ဝါကျသည် ပက္ခန္တရဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် ပက္ခဝါကျ မည်၏။

အမှာ။ ဝစနတ္ထ (အဘိဓာနတ္ထ)ကို ဖွင့်ပြပြီးသည့်နောက် အဘိဓေယျတ္ထကို ဆက်လက်၍ ဖွင့်ပြသော ဝါကျဟူသမျှ၌ ပက္ခန္တရဝါကျ, ဝါကျာရမ္ဘဝါကျဟူသော အမည်နှစ်မျိုးကို ရ၏ဟု ပုံသေမှတ်ပါ။ ဝါကျာရမ္ဘဝါကျ အမည်ရပုံကို ဝါကျာရမ္ဘဝါကျ၏ ကဏ္ဍ၌ ပြဆိုလတ္တံ့။

**ပက္ခန္တရဝါကျ သင်္ကေတနိယံများ**

၁။ တတော ပရံ နောက်၊ နိပါတ်ရောက်၊ နက်ကောက် အဖို့ခွဲ။

၂။ ဝါ, အထ ဝါ၊ အပိ စ, အပရော နယော၊ တက်သော ဝါကျ၊ ပက္ခန္တ။

၃။ ပေါင်းပြီး စိတ်ပြ၊ နောက်ဝါကျ၊ ယူကြ ပက္ခန္တာ။

ttp://www.dhammadownload.com



၄။ အဘိဓေယျတ္ထ၊ ပြတုံက၊ ဝါကျ အာရမ္ဘာ၊ ပက္ခန္တရလည်း၊ အထ ဝါ။

၅။ ပြတ်ပြတ်ကြီးစင်း၊ စုဒ်ထုတ်လျှင်းက၊ ပက္ခန္တရ။

### ဥပန္ယာသနှင့် ဝါကျာရမ္ဘအထူး

"မပြတ်စပ်ကာ၊ ဆက်၍လာ၊ ဥပန္ယာသ တွင်။ ပြတ်ပြီးခဲ့ရာ၊ ဆက်၍လာ၊ ဝါကျာရမ္ဘ ပင်"ဟူသော နိယံဖြင့် ဆရာမြတ်တို့က "ဝါကျမခြားဘဲ ဆက်၍ ပြလျှင် ဥပန္ယာသဝါကျ၊ မူလဝါကျ၌ ပြောရန် ကျန်နေသော စကားကို တစ်ဝါကျ,နှစ်ဝါကျ စသည်ဖြင့် ခြားပြီးမှ ဆက်၍ ပြလျှင် ဝါကျာရမ္ဘဝါကျ"ဟု ဝါကျနှစ်ခု တို့၏ အထူးကို မိန့်ဆို၏။

သို့သော် . . . "ဝါကျာရမ္ဘောတိ စ ဥပန္ယာသော" စသော ဂန္ထာဘရဏဋီကာကို ထောက်လျှင် ဥပန္ယာသ ဝါကျနှင့် ဝါကျာရမ္ဘ ဝါကျတို့သည် မထူးသောကြောင့်လည်းကောင်း၊ ယခုခေတ် စာမေးပွဲများ၏ အဖြေမှန်၌လည်း ဝါကျာရမ္ဘ ဝါကျကိုသာ အသုံးပြု များသောကြောင့်လည်းကောင်း ဤကျမ်း၌လည်း ဝါကျာရမ္ဘ ဝါကျကိုသာ ဖော်ပြပါအံ့။ ဥပန္ယာသ ဝါကျကိုကား ဤကျမ်း၌ မပြတော့ပြီ။

## ဝါကျာရမ္ဘဝါကျ

### ဝါကျာရမ္ဘဝါကျ၏ အဓိပ္ပါယ်

ရှေ့ဝါကျ၌ ဆိုအပ်ပြီးသော စကားကို စောဒကပုဂ္ဂိုလ်တို့က အပြစ်တင်ဘွယ်, စောဒနာဘွယ်ရှိ၍ ထိုအပြစ်ကို ပယ်ဖျက်ပြလိုသည့်အတွက်ကြောင့် ဆက်၍ အားထုတ်လာသော နောက်ဝါကျကို ဝါကျာရမ္ဘဝါကျဟု ခေါ်၏။ ရှေ့ဝါကျကို အာရဒ္ဓဝါကျ (ဝါ) မူလဆ္ဆေဒဝါကျဟု ခေါ်၏။

(တစ်နည်း) ရှေ့မူလဝါကျ၌ ဆိုသင့်,ဆိုထိုက်လျက် မဆိုလိုက်ရသော စကားလက်ကျန်ကို ဆက်လက်၍ ပြဆိုသော နောက်မူလီဝါကျကို ဝါကျာရမ္ဘဝါကျဟု ခေါ်၏။ ရှေ့ဝါကျကို အာရဒ္ဓဝါကျ (ဝါ) မူလဆ္ဆေဒဝါကျဟု ခေါ်၏။

နိယံ။ စောဒကတို့၊ စောဒနာချက်ကို၊ ပယ်ဖျက်လိုတွက်၊ ဤအချက်ကြောင့်၊ ဆက်၍ တစ်ဖန်၊ အားထုတ်ပြန်၊ မှတ်ရန် အာရမ္ဘာ။ (တစ်နည်း) မူလ ဝါကျ၊ စကားကျန်၍၊ တစ်ဖန်မြွက်ဟ၊ ဆက်၍ပြ၊ ဝါကျ အာရမ္ဘာ။

အမှာ။ ဒုတိယနည်းသည် ပို၍ ရှင်းလင်းပြတ်သား၏။

### ပုံစံ

(က) ဝုသိတဉ္စ ဝုတ္တံ ပရိဝုတ္ထံ။ **ဗြဟ္မစရိယန္တိ** မဂ္ဂဗြဟ္မစရိယံ။

(ခ) ပုထုဇ္ဇနကလျာဏကေန ဟိ သဒ္ဓိံ သတ္တ သေက္ခာ ဗြဟ္မစရိယဝါသံ ဝသန္တိ နာမ၊ ခီဏာသဝေါ ဝုတ္ထဝါသော။ (သီ၊ ဋ၊ နှာ–၂၀၁)

### ဝါကျခွဲ

(က)ဝါကျ၌ ဝုသိတံ ဗြဟ္မစရိယံ–ဟု အတိတ်ကာလဖြင့် အဘယ့်ကြောင့် ဟောသနည်း?ဟု စောဒနာဘွယ် ရှိရကား ထိုစောဒနာကို ပယ်ဖျက်လို၍ ဆက်တက်လာသော ဝါကျဖြစ်သောကြောင့် (ခ)ဝါကျသည် ဝါကျာရမ္ဘဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အာရဒ္ဓဝါကျ မည်၏။

ttp://www.dhammadownload.com



အမှာ။ ကလျာဏပုထုဇဉ်နှင့် သေက္ခတို့သည် ကျင့်ဆဲမဟုတ်လော? ယင်းသို့ဖြစ်လျက် (က)ဝါကျ၌ ဝုသိတံ ဖြဟ္မစရိယံ–ဟု အတိတ်ကာလဖြင့် အဘယ့်ကြောင့် ဟောသနည်း?ဟု စောဒနာဘွယ်ရှိ၏။ မြတ်စွာဘုရား ဟောသော ရဟန်းသည် ခီဏာသဝ ဖြစ်၏။ ခီဏာသဝ ရဟန်းကို မြတ်စွာဘုရားသည် ရည်ရွယ်၍ ဝုသိတံ–ဟု အတိတ်ကာလဖြင့် ဟောရသည်ဟူသော သောဓနာကို ပြလိုသောကြောင့် (ခ)ဝါကျကို ဆက်လက်အားထုတ် ရေးသားသည်။

**ပုံစံ**

(က) တတ္ထ **အမ္ဗလဋ္ဌိကာ**တိ ရညော ဥယျာနံ။ တဿ ကိရ ဒွါရသမီပေ တရုဏအမ္ဗရုက္ခော အတ္ထိ၊ တံ "အမ္ဗလဋ္ဌိကာ"တိ ဝဒန္တိ။ တဿ အဝိဒူရေ ဘဝတ္တာ ဥယျာနမ္ပိ "အမ္ဗလဋ္ဌိကာ"တွေဝ သင်္ချံ ဂတံ။

(ခ) တံ ဆာယူဒကသမ္ပန္နံ ပါကာရပရိက္ခိတ္တံ သုယောဇိတဒွါရံ မဉ္ဇူသာ ဝိယ သုဂုတ္တံ။ (သီ၊ ဋ္ဌ၊ နှာ–၄၂)

**ဝါကျခွဲ**

(က)ဝါကျ၌ ဆိုခဲ့သည့် ထိုအမ္ဗလဋ္ဌိကာဥယျာဉ်ကား အဘယ်သို့ သဘောရှိသနည်းဟု စောဒနာဘွယ် ရှိရကား ထိုစောဒနာကို ပယ်လိုသည့်အတွက် ဆက်လက်အားထုတ်အပ်သော ဝါကျဖြစ်သောကြောင့် (ခ)ဝါကျသည် ဝါကျာရမ္ဘဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အာရဒ္ဓဝါကျ မည်၏။

**ပုံစံ**

(က) ပေါရာဏာ ပန ဝဏ္ဏယန္တိ 'တသ္မိံ သမယေ'တိ ဝါ 'တေန သမယေနာ'တိ ဝါ 'တံ သမယ'န္တိ ဝါ အဘိလာပမတ္တဘေဒေါ ဧသ။

(ခ) သဗ္ဗတ္ထ ဘုမ္မမေဝတ္ထော။ (သီ၊ ဋ္ဌ၊ နှာ–၃၄)

**ဝါကျခွဲ**

(က)ဝါကျ၌ တသ္မိံ သမယေ, တေန သမယေန, တံ သမယံ ဟူသော သုံးပုဒ်တို့သည် (ဝိဘတ်ဟူသော) သဒ္ဒါမျှသာ ထူး၏ဟု ပြပြီး၍ ယင်းသုံးပုဒ်တို့၌ ရှိသော ဝိဘတ်တို့၏ အနက်ကို ဆက်လက်၍ ပြသောကြောင့် (ခ)ဝါကျသည် ဝါကျာရမ္ဘဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အာရဒ္ဓဝါကျ မည်၏။ သတိ။ (က)ဝါကျ၌ စကားလက်ကျန်ကို (ခ)ဝါကျဖြင့် ဆက်၍ ပြသည်။

**ပုံစံ**

(က) **မဟတာ ဘိက္ခုသံဃေန သဒ္ဓိန္တိ** ။ပ။ ပဉ္စသတာသင်္ချာတ္တာ။

(ခ) ဘိက္ခူနံ သံဃော ဘိက္ခုသံဃော။

(ဂ) တေန ဘိက္ခုသံဃေန။ (သီ၊ ဋ္ဌ၊ နှာ–၃၆)

**(ဂ)ဝါကျ ဝါကျခွဲ**

(ခ)ဝါကျဖြင့် ဘိက္ခုသံဃောဟု ဒဏ္ဍစ္ဆေဒန+ပဒါဝဓိကဏ္ဍနည်းကို ဖွင့်ပြပြီးသည့်နောက် သံဝဏ္ဏေတဗ္ဗ ပါဠိတော်၌ ရှိသည့် ဝိဘတျန္တအတိုင်း ဘိက္ခုသံဃေနဟု ဒဏ္ဍသောဓနေ+ဝါကျာဝဓိကဏ္ဍနည်းကို ဆက်လက်၍ တစ်ဖန် ဖွင့်ပြ အားထုတ်အပ်သော ဝါကျဖြစ်သောကြောင့် (ဂ)ဝါကျသည် ဝါကျာရမ္ဘဝါကျ မည်၏။ (ဂ)ဝါကျကို ထောက်ဆ၍ (ခ)ဝါကျသည် အာရဒ္ဓဝါကျ မည်၏။

အမှာ။ သံဝဏ္ဏေတဗ္ဗပါဠိတော်၌ ရှိသော ဝိဘတ်ကို ပြောင်း၍ ဖွင့်လျှင် ဒဏ္ဍစ္ဆေဒန+ပဒါဝဓိကဏ္ဍ အဖွင့်ဟု မှတ်ပါ။ သံဝဏ္ဏေတဗ္ဗ ပါဠိတော်၌ ရှိသည့် ဝိဘတျန္တအတိုင်း ဖွင့်လျှင် ဒဏ္ဍသောဓနေ+ဝါကျာဝဓိကဏ္ဍ အဖွင့်ဟု မှတ်ပါ။ ဒဏ္ဍသောဓနေ အဖွင့်ဟူသမျှ၌ ဝါကျာရမ္ဘ ဝါကျကို ပုံသေရ၏။

ttp://www.dhammadownload.com



**ပုံစံ**

(က) ကသ္မာ ပနေသ ဒီဃနိကာယောတိ ဝုစ္စတိ? ဒီဃပ္ပမာဏာနံ သုတ္တာနံ သမူဟတော, နိဝါသတော စ ။ပ။ သာသနတော, လောကတော စ။

(ခ) ဧဝံ သေသာနမ္ပိ နိကာယဘာဝေ ဝစနတ္ထော ဝေဒိတဗ္ဗော။ (သီ၊ ဌ၊ နှာ-၂၃+၂၄)

**ဝါကျခွဲ**

(က)ဝါကျ၌ ဒီဃနိကာယ၏ ဝစနတ္ထကို ပြဆိုပြီးသည့်နောက် မဇ္ဈိမနိကာယ စသည်တို့၏ ဝစနတ္ထကို အဘယ်သို့ သိအပ်ပါသနည်းဟု စောဒနာဘွယ်ရှိ၍ ထိုစောဒနာကို ပယ်ဖျက်လိုသည့်အတွက် ဆက်လက်တက်လာသော ဝါကျဖြစ်သောကြောင့် (ခ)ဝါကျသည် ဝါကျာရမ္ဘဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အာရဒ္ဓဝါကျ မည်၏။

အမှာ။ (ခ)ဝါကျကဲ့သို့သော ဝါကျမျိုးကို အညွှန်းမျှသာ ပြဆိုသောကြောင့် အတိဒေသဝါကျဟု ခေါ်၏။ အတိ-ဒေသဝါကျ ဟူသမျှ၌ ပက္ခန္တရ, ဝါကျာရမ္ဘ, ဝိတ္ထာရ အမည်သုံးမျိုး ရ၏ဟု ပုံသေမှတ်ပါ။ အတိဒေသဝါကျ၌ ဝါကျာရမ္ဘဝါကျသည် အများသုံး ဖြစ်သောကြောင့်လည်းကောင်း၊ စာကျယ်မည်ကို စိုးသောကြောင့်လည်းကောင်း ဤကျမ်း၌ ဝါကျာရမ္ဘဝါကျ တစ်မျိုးကိုသာ ဖော်ပြအပ်ပါ၏။

**ပုံစံ**

(က) **ကာယေန သံဝုတောတိ** ကာယေန ပိဟိတော ဟုတွာ အကုသလဿ ပဝေသနဒွါရံ ထကေတွာတိ အတ္ထော။

(ခ) ဧသေဝ နယော သေသပဒဒွယေပိ။ (သီ၊ ဌ၊ နှာ-၁၅၂)

**ဝါကျခွဲ**

(ခ)ဝါကျသည် အတိဒေသသံဝဏ္ဏနာ ဖြစ်၍ ဂန္ထဂရုဒေါသကို ပယ်လိုသဖြင့် ဆက်တက်လာသော ဝါကျဖြစ်သောကြောင့် ဝါကျာရမ္ဘဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အာရဒ္ဓဝါကျ မည်၏။

**ပုံစံ**

(က) ကေနစိ ပါရိဇုညေန အနဘိဘူတော အပရိက္ခီဏဃေဝ တံ ကုလံ ပဟာယ သဒ္ဓါယ ပဗ္ဗဇိတောတိ ဝုတ္တံ ဟောတိ။

(ခ) တတော ပရံ ဝုတ္တတ္ထမေဝ။ (သီ၊ ဌ၊ နှာ-၂၁၉+၂၂၀)

**ဝါကျခွဲ**

(ခ)ဝါကျသည် အတိဒေသသံဝဏ္ဏနာ ဖြစ်၍ ဂန္ထဂရုဒေါသကို ပယ်လိုသဖြင့် ဆက်တက်လာသော ဝါကျဖြစ်သောကြောင့် ဝါကျာရမ္ဘဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အာရဒ္ဓဝါကျ မည်၏။

**ပုံစံ**

(က) အာနန္ဒတ္ထိ ဓောနာတိ **အာနန္ဒော**။

(ခ) ပီတိယာ ဇော် အဓိဝစနံ။ (သီ၊ ဌ၊ နှာ-၅၃)

**ဝါကျခွဲ**

(က)ဝါကျ၌ အာနန္ဒပုဒ်၏ ဝိဂ္ဂြဟ်ဝစနတ္ထ (အဘိဓာနတ္ထ)ကို ပြပြီးသည့်နောက် အာနန္ဒပုဒ်၏ အရကောက် အဘိဓေယျတ္ထကို ဖွင့်ပြဘို့ရာ ဆက်လက်အားထုတ်အပ်သော ဝါကျဖြစ်သောကြောင့် (ခ)ဝါကျသည် ဝါကျာရမ္ဘဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အာရဒ္ဓဝါကျ မည်၏။

ttp://www.dhammadownload.com



အမှာ။ ဝစနတ္ထ (အဘိဓာနတ္ထ)ကို ဖွင့်ပြပြီးသည့်နောက် အဘိဓေယျတ္ထကို ဆက်လက်၍ ဖွင့်ပြသော ဝါကျ ဟူသမျှ၌ ပက္ခန္တရဝါကျ, ဝါကျာရမ္ဘဝါကျဟူသော အမည်နှစ်မျိုးကို ရ၏ဟု ပုံသေမှတ်ပါ။

**ပုံစံ**

(က) **ဝေဒေဟီတိ ပန ပဏ္ဍိတာဓိဝစနမေတံ။** ယထာဟ "ဝေဒေဟိကာ ဂဟပတာနီ, အယျော အာနန္ဒော ဝေဒေ-ဟမုနီ"တိ။

(ခ) တတြာယံ ဝစနတ္ထော --- ဝိဒန္တိ **ဧတေနာတိ ဝေဒေါ။** (သီ၊ ဋ၊ နှာ-၁၂၇)

**ဝါကျခွဲ**

(က)ဝါကျ၌ ဝေဒေဟီပုဒ်၏ အရကောက် အဘိဓေယျတ္ထကို ပြပြီးသည့်နောက် ဝေဒပုဒ်၏ ဝိဂ္ဂြိုဟ်ဝစနတ္ထ (အဘိဓာနတ္ထ)ကို ဖွင့်ပြဘို့ရာ ဆက်လက်အားထုတ်အပ်သော ဝါကျဖြစ်သောကြောင့် (ခ)ဝါကျသည် ဝါကျာရမ္ဘဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အာရဒ္ဓဝါကျ မည်၏။

အမှာ။ အဘိဓေယျတ္ထကို ဖွင့်ပြပြီးသည့်နောက် ဝစနတ္ထ (အဘိဓာနတ္ထ)ကို တစ်ဖန်ဆက်လက်၍ ဖွင့်ပြသော ဝါကျ ဟူသမျှ၌ ပက္ခန္တရဝါကျ, ဝါကျာရမ္ဘဝါကျဟူသော အမည်နှစ်မျိုးကိုလည်း ရသေး၏ဟု ပုံသေမှတ်ပါ။ ဤနေရာ၌ကား စာကျယ်မည်စိုးသောကြောင့် ဝါကျာရမ္ဘဝါကျ တစ်မျိုးကိုသာ ဖော်ပြအပ်ပါ၏။

**ဝါကျာရမ္ဘဝါကျ သင်္ကေတနိယံများ**

၁။ စောဒကတို့၊ စောဒနာချက်ကို၊ ပယ်ဖျက်လိုတွက်၊ ဤအချက်ကြောင့်၊ ဆက်၍ တစ်ဖန်၊ အားထုတ်ပြန်၊ မှတ်ရန် အာရမ္ဘာ။

၂။ မူလ ဝါကျ၊ စကားကျန်၍၊ တစ်ဖန် မြွက်ဟ၊ ဆက်၍ပြ၊ ဝါကျ အာရမ္ဘာ။

၃။ စကားလက်ကျန်၊ ဆက်ပြပြန်၊ ဝါကျာရမ္ဘတည်း။

၄။ ဒန္တ သောဓနေ၊ ပြတုံက၊ ဝါကျာရမ္ဘတည်း။

၅။ ကျမ်းလေးပယ်ချ၊ ညွှန်၍ပြ၊ ဝါကျ ပက္ခန်၊ ဝိတ္ထာရံ နှင့်၊ တစ်ဖန် ခွဲပါ၊ အာရမ္ဘာ။

၆။ အတိဒေသ၊ ညွှန်၍ပြ၊ ဝါကျ ပက္ခန်၊ ဝိတ္ထာရံ နှင့်၊ တစ်ဖန် ခွဲပါ၊ အာရမ္ဘာ။

၇။ အဘိဓေယျတ္ထ၊ ပြတုံက၊ ဝါကျ အာရမ္ဘာ၊ ပက္ခန္တရလည်း၊ အထ ဝါ။

၈။ တ္ထေ စ-မှာ၊ စသဒ္ဒါ၊ မှတ်ပါ ဝါကျ၊ အာရမ္ဘ။

၉။ အယံ တ္ထေ၊ တာဝ နောက်မှာ၊ နိပါတ်ပါ၊ ဝါကျာရမ္ဘ ဇွဲ။

၁၀။ ကိဉ္စာပိ နှင့်၊ ယဒိပိ, ကာမဉ္စ၊ ချီပြ ဝါကျ၊ အာရမ္ဘ။

၁၁။ လက္ခဏာရုစိ၊ ရှိသည့်အရာ၊ မူလီမှာ၊ ဝါကျာရမ္ဘ၊ များသတည်း။

၁၂။ ဗျူပ္ပတ် ဖွင့်ပြ၊ ရှေ့ ဟိ,စ၊ ချဲ့,ထ ဟိတ်,ဆက်,မြဲ။

၁၃။ အဓိပ္ပါယော၊ အတ္ထော နောက်တွင်၊ နိပါတ်မြင်၊ ချဲ့,ထင်,ဟိတ်,ဆက်,မြဲ။

အမှာ။ "အယံ တ္ထေ၊ တာဝ နောက်မှာ၊ နိပါတ်ဗါ၊ ဝါကျာရမ္ဘတည်း"ဟူသော နိယံဖြင့် အယဥ္စ, အယံ ပန, အယံ ဟိ၊ တ္ထေ စ, တ္ထေ ပန, တ္ထေ ဟိ၊ တာဝ စ, တာဝ ပန, တာဝ ဟိ-ဟု တွေ့ရာ၌ ဟိ, စ, ပန နိပါတ်ပုဒ်တို့ကို ဝါကျာရမ္ဘဇောတကအဖြစ် ကြံရမည်ဟု ဆိုလို၏။ သို့သော် စ-နိပါတ်ပုဒ်သည်သာ ဝါကျာရမ္ဘဇောတက ပုံသေဖြစ်၏။ ဟိ,ပန နိပါတ်ပုဒ်တို့သည်ကား ယေဘုယျအားဖြင့်သာ ဝါကျာရမ္ဘဇောတက ဖြစ်၏။

ttp://www.dhammadownload.com



## ဝိသေသဝါကျ

### ဝိသေသဝါကျ၏ အဓိပ္ပါယ်

ရှေ့ဝါကျကို အထူးပြုသော နောက်ဝါကျကို (ဝါ) ရှေ့ဝါကျ၌ ဆိုအပ်သော အများဆိုင်သာမည စကားထဲမှ ဤ၌ အလိုရှိအပ်သည့် အနက်ထူးဝိသေသကို သီးခြားထုတ်ဆိုပြသော နောက်ဝါကျကို ဝိသေသဝါကျဟု ခေါ်၏။ ရှေ့ဝါကျကို သာမညဝါကျဟု ခေါ်၏။

**ပုံစံ**

(က) ဓမ္မောတိ ဂုဏော ဒေသနာယံ ပရိယတ္တိယံ နိဿတ္တေတိ ဧဝမာဒီသု ဓမ္မသဒ္ဒေါ ဝတ္တတိ။

(ခ) ဣဓ ပန ဂုဏေ ဝတ္တတိ။ (သီ၊ ဋ္ဌ၊ နှာ–၉၃+၉၄)

**ဝါကျခွဲ**

(က)ဝါကျ၌ ဆိုခဲ့သည့် ဓမ္မသဒ္ဒါ ဟောနိုင်သော ဂုဏ်,ဒေသနာ,ပရိယတ္တိ,နိဿတ္တ အစရှိသော အများဆိုင်သာမည အနက်များထဲမှ ဤနေရာ၌ အလိုရှိအပ်သည့် "ဂုဏ်"ဟူသော အနက်ထူးဝိသေသကို သီးခြားထုတ်ဆိုပြသောကြောင့် (ခ)ဝါကျသည် ဝိသေသဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် သာမညဝါကျ မည်၏။

အမှာ။ (က)ဝါကျကို အတ္ထုဒ္ဓါရဝါကျ (ခ)ဝါကျကို အတ္ထုဒ္ဒေသဝါကျဟုလည်း ခွဲနိုင်သေး၏။

**မှတ်သားဘွယ်**

ဆရာတို့ကား "မဟာပစ္စရိယံ ပန၊ ကုရုန္ဒိယံ ပန"စသည်ဖြင့် ဝါဒအထူးကို ပြရာ၌လည်း ဝိသေသဝါကျဟု ယူတော်မူကြ၏။ ဝါဒတစ်ပါးကို ပြသောကြောင့် ပက္ခန္တရဝါကျဟု ယူလည်း သင့်ပါသေး၏။

**ဝိသေသဝါကျ သင်္ကေတနိယံများ**

၁။ အတ္ထုဒ္ဒေသ၊ ဟူတုံက၊ ဝါကျ ဝိသေသာ။

၂။ သစေ ဣဓ၊ နောက် ပန၊ ဝိသေသဟု စွဲ။

၃။ ဣဓ ပန၊ ချီတက်က၊ ယူကြ ဝိသေ၊ ပက္ခန္တေ။

၄။ စ+ပန ဟု၊ တကွ တက်ရာ၊ စ–နက်မှာ ဆက်၊ ပန–နက်၊ ထူးချက် မိပ္ပါယ်စွဲ။

၅။ မူလသမ္ဗန်၊ ဝါကျတ္ထံကို၊ ထူးရန် ထွန်းဘိ၊ နိပါတ်ရှိ၊ မှတ်သိ ဝိသေသာ။

## သာမညဝါကျ

### သာမညဝါကျ၏ အဓိပ္ပါယ်

ရှေ့ဝါကျ၌ ဝိသေသအားဖြင့် ဖွင့်ပြခဲ့ပြီး၍ ထိုဝါကျ၏ အများဆိုင်သာမည အနက်တို့ကို ဖော်ပြသော နောက်ဝါကျကို သာမညဝါကျဟု ခေါ်၏။ ရှေ့ဝါကျကို ဝိသေသဝါကျဟု ခေါ်၏။

**ပုံစံ**

(က) ဒွေယေဝ ဂတိယောတိ ဒွေ ဧဝ နိဋ္ဌာ။

(ခ) ကာမဉ္စာယံ ဂတိသဒ္ဒေါ "ပဉ္စ ခေါ ဣမာ သာရိပုတ္တ ဂတိယော"တိ အာဒီသု ဘဝဘေဒေ ဝတ္တတိ။ "ဂတိ မိဂါနံ ပဝန"န္တိ အာဒီသု နိဝါသဋ္ဌာနေ။ "ဧဝံ အဓိမတ္တဂတိမန္တော"တိ အာဒီသု ပညာယံ။ "ဂတိဂတ"န္တိ အာဒီသု ဝိသဋ္ဋဘာဝေ။ (သီ၊ ဋ္ဌ၊ နှာ–၂၂၂)

ttp://www.dhammadownload.com



### ဝါကျခွဲ

(က)ဝါကျ၌ ဂတိသဒ္ဒါ၏ ဝိသေသအားဖြင့် ဟောနိုင်သည့် နိဗ္ဗာနဟူသော အနက်ကို ဖွင့်ပြပြီး၍ ယင်းဂတိသဒ္ဒါ၏ အများဆိုင်သာမညအားဖြင့် ဟောနိုင်သည့် ဘဝဘေဒ, နိဝါသဋ္ဌာန, ပညာ, ဝိသဋ္ဌဘာဝ အစရှိသော အနက်တို့ကို ပြသောကြောင့် (ခ)ဝါကျသည် သာမညဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် ဝိသေသဝါကျ မည်၏။

အမှာ။ သာမညဝါကျ၏ ဝါကျခွဲနည်း သင်္ကေတနိယံများသည် ဝိသေသဝါကျ၏ ဝါကျခွဲနည်း သင်္ကေတနိယံများနှင့် မထူးပြီ။ ထို့ကြောင့် သာမညဝါကျ၏ ဝါကျခွဲနိယံများကို အထူးမဆိုတော့ပြီ။

## ဗျတိရေကဝါကျ

### ဗျတိရေကဝါကျ၏ အဓိပ္ပါယ်

ရှေ့ဝါကျ၌ အလျော်အနက်ကို ဆိုပြီး၍ ထိုရှေ့ဝါကျ၏ ဆန့်ကျင်ဘက်အနက်ကို ပြသော နောက်ဝါကျကို ဗျတိရေကဝါကျဟု ခေါ်၏။ ရှေ့ဝါကျကို အန္ဝယဝါကျဟု ခေါ်၏။

(အလွယ်မှတ်နည်း) ပဋိသေဓ န–သဒ္ဒါ ပါသော ဝါကျကို ဗျတိရေကဝါကျဟု ခေါ်၏။ ပဋိသေဓ န–သဒ္ဒါ မပါသော ဝါကျကို အန္ဝယဝါကျဟု ခေါ်၏။

### ပုံစံ

(က) အယဥ္စ အပိ နာမ သဇာတိယံ ဋ္ဌိတော, ကဋ္ဌန္တရံ ဝါ ရုက္ခန္တရံ ဝါ နိဿာယ, တစတော သရီရနိက္ခမနပ္ပယောဂသင်္ခါတေန ထာမေန, သရီရံ ခါဒယမာနံ ဝိယ ပုရာဏတစံ ဓိဂုစ္ဆန္တောတိ ဣမေဟိ စတူဟိ ကာရဏေဟိ သယမေဝ ကဥ္စုကံ ပဇဟတိ။

(ခ) န သက္ကာ တတော အညေန ဥဒ္ဓရိတုံ။ (သီ၊ ဋ္ဌ၊ နှာ–၁၉၈+၁၉၉)

### ဝါကျခွဲ

(က)ဝါကျ၌ မြွေ၏ အရေလဲနိုင်ခြင်း အကြောင်းကို အန္ဝယအားဖြင့် ပြဆိုပြီးသည့်နောက် မြွေ၏ အရေ မလဲနိုင်ခြင်း အကြောင်းကို ဗျတိရေကအားဖြင့် ပြဆိုသောကြောင့် (ခ)ဝါကျသည် ဗျတိရေကဝါကျ မည်၏။ (ခ) ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အန္ဝယဝါကျ မည်၏။

အမှာ။ ဗျတိရေကဟု ဆိုသော်လည်း အန္ဝယနှင့် တကယ်ဆန့်ကျင်မှသာ ဗျတိရေကခေါ်သည်ဟု မမှတ်ရ။ အဖြူဟု ဆိုလျှင် အမည်းမဟုတ်၊ အမည်းဟု ဆိုလျှင် အဖြူမဟုတ် စသည်ဖြင့် ပြောင်းပြန်ပြောခြင်းမျိုးသည် လည်း ဗျတိရေက ဖြစ်၏။ ဥပမာ "ပုရိသော ဂစ္ဆတိ"ဟုဆိုလျှင် "န ဣတ္ထီ ဂစ္ဆတိ"ဟု ဆိုသကဲ့သို့တည်း။

### ဗျတိရေဝါကျ သင်္ကေတနိယံများ

၁။ အနက် ရောက်လျော်၊ နွယခေါ်၊ ပြန်သော် ဗျတိတင်။

၂။ ဗျတိရေက၊ အန္ဝယ၊ သေဓ ပါ,မပါ။

၃။ အညထာ နောက်၊ နိပါတ်ရောက်က၊ နက်စွဲရ၊ ဒေါသ, ဗျတိစွဲ။

ttp://www.dhammadownload.com



## အန္ဝယဝါကျ

### အန္ဝယဝါကျ၏ အဓိပ္ပါယ်

ရှေ့ဝါကျ၌ ဆန့်ကျင်ဘက်အနက်ကို ဆိုပြီး၍ ထိုရှေ့ဝါကျ၏ အလျော်အနက်ကို ပြသော နောက်ဝါကျကို အန္ဝယဝါကျဟု ခေါ်၏။ ရှေ့ဝါကျကို ဗျတိရေကဝါကျဟု ခေါ်၏။

(အလွယ်မှတ်နည်း) ပဋိသေဓ န-သဒ္ဒါ မပါသော ဝါကျကို အန္ဝယဝါကျဟု ခေါ်၏။ ပဋိသေဓ န-သဒ္ဒါ ပါသော ဝါကျကို ဗျတိရေကဝါကျဟု ခေါ်၏။

#### ပုံစံ

(က) ကောေ ဟိ ပုဂ္ဂလော ဟလိဒ္ဒိရာဂေါ ဝိယ, ထုသရာသိမှိ နိခါတခါဏု ဝိယ, အဿပိဋ္ဌေ ဌပိတကုမ္ဘဏ္ဍမိဝ စ န ထိရကထော ဟောတိ။

(ခ) ကောေ ပါသာဏလေခါ ဝိယ, ဣန္ဒခီလော ဝိယ စ ထိရကထော ဟောတိ။ (သီ၊ ဋ္ဌ၊ နှာ-၇၂)

#### ဝါကျခွဲ

(က)ဝါကျ၌ ထိရကထ မဖြစ်ပုံကို ဥပမာနှင့်တကွ ဗျတိရေကအားဖြင့် ပြဆိုပြီးသည့်နောက် ထိရကထ ဖြစ်ပုံကို ဥပမာနှင့်တကွ အန္ဝယအားဖြင့် ပြဆိုသောကြောင့် (ခ)ဝါကျသည် အန္ဝယဝါကျ မည်၏။ (ခ) ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် ဗျတိရေကဝါကျ မည်၏။

အမှာ။ အန္ဝယဝါကျ၏ ဝါကျခွဲနည်း သင်္ကေတနိယံများသည် ဗျတိရေကဝါကျ၏ ဝါကျခွဲနည်း သင်္ကေတနိယံများနှင့် မထူးပြီ။ ထို့ကြောင့် အန္ဝယဝါကျ၏ ဝါကျခွဲနိယံများကို အထူးမဆိုတော့ပြီ။

## ဂရဟာဝါကျ

### ဂရဟာဝါကျ၏ အဓိပ္ပါယ်

ရှေ့ဝါကျဖြင့် ချီးမွမ်းအပ်သော, နှစ်သက်အပ်သော, မြတ်နိုးအပ်သော, မြင့်မြတ်သော အနက်ကို ပြပြီး၍ နှိမ်ချအပ်သော, ကဲ့ရဲ့အပ်သော, မနှစ်သက်အပ်သော, မမြတ်နိုးအပ်သော, ယုတ်ညံ့သော အနက်ကို ပြသော နောက်ဝါကျကို ဂရဟာဝါကျဟု ခေါ်၏။ ရှေ့ဝါကျကို သမ္ဘာဝနာဝါကျဟု ခေါ်၏။

နိယံ။ နှိမ်,ယုတ် ဟောပြ၊ ယင်းဝါကျ၊ မှတ်ကြ ဂရဟာ။
ချီး,မြတ် ဟောပြ၊ ယင်းဝါကျ၊ မှတ်ကြ သမ္ဘာဝနာ။

#### ပုံစံ

(က) ပဌမမဟာသင်္ဂီတိ နာမ စေသာ ကိဉ္စာပိ ဝိနယပိဋကေ တန္တိမာရူဠှာ။

(ခ) နိဒါနကောသလ္လတ္ထံ ပန ဣဓာပိ ဇဝံ ဝေဒိတဗ္ဗာ။ (သီ၊ ဋ္ဌ၊ နှာ-၃)

#### ဝါကျခွဲ

(က)ဝါကျ၌ သမ္ဘာဝနာ အနက်ကို ပြဆိုပြီး၍ ဂရဟာအနက်ကို ပြဆိုသော ဝါကျဖြစ်သောကြောင့် (ခ)ဝါကျသည် ဂရဟာဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် သမ္ဘာဝနာဝါကျ မည်၏။

ttp://www.dhammadownload.com



**ရှင်းချက်**

(က)ဝါကျ၌ ပဌမမဟာသင်္ဂါယနာကို ဝိနည်းပိဋက (ပရိဝါ)ပါဠိတော်၌ တင်ခဲ့၏ဟု ဆိုသည်။ ပါဠိတော်လာ စကားရပ်ဖြစ်၍ အလွန်အားကောင်းသော စကားရပ် ဖြစ်သည်။ (ခ)ဝါကျ၌ ပဌမမဟာသင်္ဂါယနာကိုပင် နိဒါန်း၌ ကျွမ်းကျင်လိမ္မာစေခြင်း အကျိုးငှာ ဤဒီဃနိကာယ်အဋ္ဌကထာ၌ ထပ်၍တဖန် သိကြရမည်ဟု ဆိုသည်။ ပါဠိတော်ကို ထောက်ဆလျှင် အဋ္ဌကထာလာ စကားရပ်ဖြစ်၍ ယုတ်ညံ့အားနည်းနေသေး၏။

ဤသို့လျှင် (က)ဝါကျသည် ပါဠိတော်လာ ဝါကျဖြစ်၍ အားကောင်းလွန်မြတ်သည့်ဝါကျ ဖြစ်သောကြောင့် သမ္ဘာဝနာဝါကျ မည်၏။ (ခ)ဝါကျသည် ပါဠိတော်ကို ထောက်ဆလျှင် ယုတ်ညံ့အားနည်းနေသေးသော အဋ္ဌကထာဝါကျ ဖြစ်သောကြောင့် ဂရဟာဝါကျ မည်၏။

## သမ္ဘာဝနာဝါကျ

### သမ္ဘာဝနာဝါကျ၏ အဓိပ္ပါယ်

ရှေ့ဝါကျဖြင့် နိမ့်ချအပ်သော, ကဲ့ရဲ့အပ်သော, မနှစ်သက်အပ်သော, မမြတ်နိုးအပ်သော, ယုတ်ညံ့သော အနက်ကို ပြပြီး၍ ချီးမွမ်းအပ်သော, နှစ်သက်အပ်သော, မြတ်နိုးအပ်သော, မြင့်မြတ်သော အနက်ကို ပြသော နောက်ဝါကျကို သမ္ဘာဝနာဝါကျဟု ခေါ်၏။ ရှေ့ဝါကျကို ဂရဟာဝါကျဟု ခေါ်၏။

**ပုံစံ**

(က) အယံ ဘန္တေ အာယသ္မာ အာနန္ဒော ကိဉ္စာပိ သေက္ခော။

(ခ) အဘဗ္ဗော ဆန္ဒာ ဒေါသာ မောဟာ ဘယာ အဂတိံ ဂန္တုံ၊ ဗဟု စာနေန ဘဂဝတော သန္တိကေ ဓမ္မော စ ဝိနယော စ ပရိယတ္တော၊ တေန ဟိ ဘန္တေ ထေရော အာယသ္မန္တမ္ပိ အာနန္ဒံ ဥစ္စိနတု။ (သီ၊ ၄၊ နှာ–၅+၆)

**ဝါကျခွဲ**

(က)ဝါကျ၌ ဂရဟာ အနက်ကို ပြဆိုပြီး၍ (ခ)ဝါကျဖြင့် သမ္ဘာဝနာအနက်ကို ပြဆိုသော ဝါကျဖြစ်သောကြောင့် (ခ)ဝါကျသည် သမ္ဘာဝနာဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် ဂရဟာဝါကျ မည်၏။

**ရှင်းချက်**

(က)ဝါကျ၌ အရှင်အာနန္ဒာသည် သေက္ခပုဂ္ဂိုလ် ဖြစ်၏ဟု ပြဆို၏။ (ခ)ဝါကျ၌ အဂတိလေးပါး ကင်းခြင်း, ဘုရားရှင်ထံတော်၌ ဓမ္မဝိနယကို များစွာ သင်ယူခဲ့ခြင်းတို့ကြောင့် အရှင်အာနန္ဒာကို ပဌမမဟာသင်္ဂါယနာ၌ ရွေးချယ်သင့် ၏ဟု ပြ၏။

(က+ခ)ဝါကျတို့၌ လာသော စကားရပ်တို့ကို နှိုင်းယှဉ်ကြည့်လျှင် (က)ဝါကျ၌ ပြဆိုသော အရှင်အာနန္ဒာ၏ သေက္ခပုဂ္ဂိုလ်ဖြစ်ခြင်း ဂုဏ်သည် သေးငယ်၍ (ခ)ဝါကျ၌ ပြဆိုသော အဂတိ မလိုက်ခြင်း, ဘုရားရှင်ထံတော်၌ ဓမ္မဝိနယကို များစွာသင်ယူခဲ့ခြင်း, ပဌမမဟာသင်္ဂါယနာ၌ ပါဝင်သင့်ခြင်း ဂုဏ်တို့သည် ကြီးကျယ်မြင့်မြတ်နေ၏။

ဤသို့လျှင် (က)ဝါကျသည် ဂုဏ်အားဖြင့် ယုတ်ညံ့သေးငယ်သော ဝါကျဖြစ်သောကြောင့် ဂရဟာဝါကျ မည်၏။ (ခ)ဝါကျသည် ဂုဏ်အားဖြင့် မြင့်မြတ်ကြီးကျယ်သော ဝါကျဖြစ်သောကြောင့် သမ္ဘာဝနာဝါကျ မည်၏။

အမှာ။ သမ္ဘာဝနာဝါကျသည် ရှေ့, ဂရဟာဝါကျသည် နောက်၌ နေသည်သာ များ၏။ ဂရဟာဝါကျသည် ရှေ့, သမ္ဘာဝနာဝါကျသည် နောက်၌ နေသည်ကား အလွန်ရှား၏။ သမ္ဘာဝနာ+ဂရဟာ ဝါကျတို့၏ သဘောကို သေချာစွာ သိနားလည်ရန်အတွက် မြန်မာဘာသာဖြင့်လည်း ပုံစံများကို ထုတ်ပြပါဦးအံ့။

ttp://www.dhammadownload.com



**ပုံစံ**

(က) မောင်ဘသည် ပညာတော်၏။

(ခ) သို့သော် ... အကျင့် မကောင်းချေ။

အခွဲ။ (က)ဝါကျသည် သမ္ဘာဝနာဝါကျ မည်၏။ (ခ)ဝါကျသည် ဂရဟာဝါကျ မည်၏။

ရှင်း။ (က)ဝါကျ၌ "ပညာတော်ခြင်း"ဟူသည် ချီးမွမ်းခြင်း သဘောရှိ၍ (က)ဝါကျသည် သမ္ဘာဝနာဝါကျ မည်၏။
(ခ)ဝါကျ၌ "အကျင့် မကောင်းခြင်း"ဟူသည် ကဲ့ရဲ့ခြင်း သဘောရှိ၍ (ခ)ဝါကျသည် ဂရဟာဝါကျ မည်၏။
ဤသို့လျှင် ရှေ့ဖြစ်သော (က)ဝါကျသည် သမ္ဘာဝနာဝါကျဖြစ်၍ နောက်ဖြစ်သော (ခ)ဝါကျသည် ဂရဟာဝါကျ ဖြစ်လေတော့၏။

**ပုံစံ**

(က) မမြသည် အရုပ်ဆိုး၏။

(ခ) သို့သော် ... သဘောကောင်း၏။

အခွဲ။ (က)ဝါကျသည် ဂရဟာဝါကျ မည်၏။ (ခ)ဝါကျသည် သမ္ဘာဝနာဝါကျ မည်၏။

ရှင်း။ (က)ဝါကျ၌ "အရုပ်ဆိုးခြင်း"ဟူသည် ကဲ့ရဲ့ခြင်း သဘောရှိ၍ (က)ဝါကျသည် ဂရဟာဝါကျ မည်၏။
(ခ)ဝါကျ၌ "သဘောကောင်းခြင်း"ဟူသည် ချီးမွမ်းခြင်း သဘောရှိ၍ (ခ)ဝါကျသည် သမ္ဘာဝနာဝါကျ မည်၏။
ဤသို့လျှင် ရှေ့ဖြစ်သော (က)ဝါကျသည် ဂရဟာဝါကျဖြစ်၍ နောက်ဖြစ်သော (ခ)ဝါကျသည် သမ္ဘာဝနာဝါကျ ဖြစ်လေတော့၏။

**ပုံစံ**

(က) မောင်ဘသည် ပညာတော်စေကာမူ အကျင့် မကောင်းချေ။

(ခ) မမြသည် အရုပ်ဆိုးစေကာမူ သဘောကောင်း၏။

အခွဲ။ (က)ဝါကျသည် ဂရဟာဝါကျ မည်၏။ (ခ)ဝါကျသည် သမ္ဘာဝနာဝါကျ မည်၏။

ရှင်း။ (က)ဝါကျ တစ်ဝါကျလုံးသည် အနှစ်ချုပ်သော် ကဲ့ရဲ့ခြင်း သဘောရှိ၍ ဂရဟာဝါကျ မည်၏။
(ခ)ဝါကျ တစ်ဝါကျလုံးသည် အနှစ်ချုပ်သော် ချီးမွမ်းခြင်း သဘောရှိ၍ သမ္ဘာဝနာဝါကျ မည်၏။
ဤသို့လျှင် ရှေ့ဖြစ်သော (က)ဝါကျသည် ဂရဟာဝါကျဖြစ်၍ နောက်ဖြစ်သော (ခ)ဝါကျသည် သမ္ဘာဝနာဝါကျ ဖြစ်လေတော့၏။

အမှာ။ ဖော်ပြခဲ့သော မြန်မာဘာသာ၌ နှိမ်ပုံ,ချီးမြှောက်ပုံကို သဘောပေါက်အောင် လေ့လာပါ။ မြန်မာဘာသာ၌ နှိမ်ပုံ,ချီးမြှောက်ပုံကို သဘောကျလျှင် ပါဠိဘာသာ၌ကား ပါဠိကို အနက်ပြန်ဆို၍ မြန်မာပြန်ကြည့်လျှင် ဂရဟာဝါကျ, သမ္ဘာဝနာတို့ကို သဘောပေါက်၍ လွယ်လင့်တကူ ဝါကျခွဲနိုင်မည်သာ ဖြစ်၏။

အစာငတ်ရင် တစ်ခဏ၊ စာငတ်ရင် တစ်ဘဝ ရှုံးပြီမှတ်။

ttp://www.dhammadownload.com



## မှတ်သားဘွယ်ကဏ္ဍ

## တပ္ပါကဋီကရဏဝါကျ ဖြစ်/မဖြစ် ပုံသေမှတ်နည်း

၁။ ရှေ့ဝါကျ၌ ဥပမေယျသာ ပါ၍ နောက်ဝါကျ၌ ဥပမာန+ဥပမေယျ အစုံတို့ဖြင့် ဖွင့်ပြခြင်း ၂။ ရှေ့ဝါကျ၌ အနိယမ+နိယမ အစုံမပါဘဲ နောက်ဝါကျ၌သာ အနိယမ+နိယမ အစုံတို့ဖြင့် ဖွင့်ခြင်း ဤအင်္ဂါနှစ်ချက်တို့တွင် တစ်ချက်ချက်နှင့် ညီညွတ်သော် တပ္ပါကဋီကရဏ ဝါကျဖြစ်၏ဟုသာ ပုံသေမှတ်ပါ။ ဖော်ပြလတ္တံ့သော ပုံစံများကို သေချာစွာ ကြည့်ရှုလေ့လာပါ။

**ပုံစံ**

(က) သဝတိ စေတံ အတ္တေ။

(ခ) သဿမိဝ ဖလံ။ (သီ၊ ဌ၊ နှာ–၁၈)

**ဝါကျခွဲ**

(ခ)ဝါကျသည် နှိုင်းယှဉ်ကြောင်း ဖြစ်သောကြောင့် ဥပမာနဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် နှိုင်းယှဉ်အပ်သောကြောင့် ဥပမေယျဝါကျ မည်၏။

အမှာ။ (ခ)ဝါကျကို တပ္ပါကဋီကရဏဝါကျနှင့် ယုံမှားဘွယ် ရှိ၏။ သို့သော်လည်း ယင်း(ခ)ဝါကျ၌ ဥပမာနသာ ပါပြီး ဥပမေယျ မပါရကား (ခ)ဝါကျသည် ဥပမာနဝါကျသာ ဖြစ်၏။ တပ္ပါကဋီကရဏဝါကျကား လုံးဝမဖြစ်။

**ပုံစံ**

(က) သူဒတိ စေတံ။

(ခ) ဓေနု ဝိယ ခီရံ။ (သီ၊ ဌ၊ နှာ–၁၈)

**ဝါကျခွဲ**

(ခ)ဝါကျသည် နှိုင်းယှဉ်ကြောင်း ဖြစ်သောကြောင့် ဥပမာနဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် နှိုင်းယှဉ်အပ်သောကြောင့် ဥပမေယျဝါကျ မည်၏။

အမှာ။ (ခ)ဝါကျကို တပ္ပါကဋီကရဏဝါကျနှင့် ယုံမှားဘွယ် ရှိ၏။ သို့သော်လည်း ယင်း(ခ)ဝါကျ၌ ဥပမာနသာ ပါပြီး ဥပမေယျ မပါရကား (ခ)ဝါကျသည် ဥပမာနဝါကျသာ ဖြစ်၏။ တပ္ပါကဋီကရဏဝါကျကား လုံးဝမဖြစ်။

**ပုံစံ**

(က) သုတ္တသဘာဂဋ္ဌေတံ။

(ခ) ယထာ ဟိ တစ္ဆကာနံ သုတ္တံ ပမာဏံ ဟောတိ၊ ဧဝမေတမ္ပိ ဝိညူနံ။ ယထာ စ သုတ္တေန သင်္ဂဟိတာနိ ပုပ္ဖာနိ န ဝိကိရိယန္တိ န ဝိဒ္ဓံသီယန္တိ။ (သီ၊ ဌ၊ နှာ–၁၈)

**ဝါကျခွဲ**

(က)ဝါကျ၌ လာသည့် သုတ္တန်ပိဋကၔ် တမျဉ်းချည်, ပန်းသီတံချည်နှင့် တူပုံကို (ခ)ဝါကျဖြင့် အကျယ်ချဲ့၍ ပြသောကြောင့် (ခ)ဝါကျသည် ဝိတ္ထာရဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် သင်္ခေပ ဝါကျ မည်၏။

ttp://www.dhammadownload.com



ရှင်း။ (ခ)ဝါကျ၌ ဥပမာန+ဥပမေယျအစုံ ပါသဖြင့် ယင်း(ခ)ဝါကျကို တပ္ပါကဋ္ဌိကရဏဝါကျနှင့် ယုံမှားဘွယ် ရှိ၏။ သို့သော်လည်း သုတ္တသဘာဂဋ္ဌေတံ ဟူသော (က)ဝါကျ၌ ဥပမာန+ဥပမေယျအစုံ ပါပြီး ဖြစ်သော ကြောင့်လည်းကောင်း၊ (ခ)ဝါကျဖြင့် (က)ဝါကျ၌ ပါပြီးသော ဥပမာနကိုသာ တစ်ဖန် ချဲ့ပြသောကြောင့် လည်းကောင်း (ခ)ဝါကျသည် ဝိတ္ထာရဝါကျသာ ဖြစ်၏။ တပ္ပါကဋ္ဌိကရဏဝါကျကား လုံးဝမဖြစ်။

သတိ။ (က)ဝါကျ၌ သုတ္တန်ပိဋကသည် တမျဉ်းချည်,ပန်းသီတံချည်နှင့် တူ၏ဟု ပြောပြီးမှ (ခ)ဝါကျဖြင့် တူပုံကို ချဲ့ပြသည်။

အမှာ။ ဥပမာန+ဥပမေယျ ဝါကျ၌ တပ္ပါကဋ္ဌိကရဏဝါကျ ဖြစ်/မဖြစ် ဆုံးဖြတ်နည်းကို ဖော်ပြခဲ့သော ပုံစံများကို ရှု၍ သေချာသဘောပေါက်အောင် လေ့လာပါ။ ဥပမာန+ဥပမေယျ ဝါကျတို့၌ တပ္ပါကဋ္ဌိကရဏဝါကျ ဖြစ်/မဖြစ် ဆုံးဖြတ်နည်းကို မှီး၍ အနိယမ+နိယမ ဝါကျတို့၌ တပ္ပါကဋ္ဌိကရဏဝါကျ ဖြစ်/မဖြစ် ဆုံးဖြတ် နည်းကိုလည်း သိတော်မူပါ။

## ယုတ္တိဒဋ္ဌိကရဏနှင့် ကာရဏ နှိုင်းယှဉ်ချက်

ယုတ္တိဒဋ္ဌိကရဏနှင့် ကာရဏတို့မှာ ရှေ့ဝါကျကို ထောက်ခံပုံခြင်း တူနေသည့်အတွက် ထင်ယောင်ထင်မှား ဖြစ်တတ်၏။ ရှေးဦးစွာ ပိဏ္ဍတ္ထ တူ/မတူ စစ်ကြည့်ပါ။ တူလျှင် ယုတ္တိဒဋ္ဌိကရဏ၊ မတူလျှင် ကာရဏ။

(တစ်နည်း) ခိုင်မြဲစေခြင်း လက္ခဏာ ထင်ရှားနေလျှင် ယုတ္တိဒဋ္ဌိကရဏ+ယုတ္တိဒဋ္ဌိယ၊ ကျိုး+ကြောင်း လက္ခဏာ ထင်ရှားနေလျှင် ဖလ+ကာရဏဟု ခွဲပါ။

### ပုံစံ

(က) သော ဟာယသ္မာ သေက္ခော သကရဏီယော။

(ခ) တသ္မာ သဟာပိ န သက္ကာ။ (သီ၊ ဋ၊ နှာ–၅)

ဖော်ပြခဲ့သော ပုံစံ၌ ပိဏ္ဍတ္ထ ဖော်ကြည့်ပါ။ (က)ဝါကျ၌ အရှင်အာနန္ဒာသည် သေက္ခ,သကရဏီယသာ ဖြစ်သေး၏ဟု ပြ၏။ (ခ)ဝါကျ၌ ထိုအကြောင်းကြောင့် အရှင်အာနန္ဒာနှင့် အတူတကွ သင်္ဂါယနာတင်၍ မဖြစ် နိုင်ဟု ပြ၏။ ဆိုလိုရင်း ပိဏ္ဍတ္ထမှာ ရှေ့,နောက်မတူဘဲ အကျိုးနှင့်အကြောင်းသာ ဖြစ်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် (က)ဝါကျသည် ကာရဏ၊ (ခ)ဝါကျသည် ဖလဝါကျသာတည်း။

## အာဂမဒဋ္ဌိကရဏနှင့် ဝိတ္ထာရ နှိုင်းယှဉ်ချက်

### ပုံစံ

(က) ၁။ **အဇ္ဈောတိ** ဟေတုဖလံ။

၂။ ဝုတ္တဉ္ဟေတံ "ဟေတုဖလေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ"တိ။ (သီ၊ ဋ၊ နှာ–၂၁)

(ခ) ၁။ ပိဋကံ ပိဋကတ္ထဝိဒူ၊ ပရိယတ္တိဗ္ဘာဇနတ္ထတော အာဟု။

တေန သမောဓာနေတွာ၊ တယောပိ ဝိနယာဒယော ဉေယျာ။

၂။ ပရိယတ္တိပိ ဟိ "မာ ပိဋကသမ္ပဒါနေနာ"တိ အာဒီသု ပိဋကန္တိ ဝုစ္စတိ။ "အထ ပုရိသော အာဂစ္ဆေယျ ကုဒါလပိဋကမာဒါယာ"တိ အာဒီသု ယံ ကိဉ္စိ ဘာဇနမ္ပိ။

(ဂ) တသ္မာ ပိဋကံ ပိဋကတ္ထဝိဒူ ပရိယတ္တိဗ္ဘာဇနတ္ထတော အာဟု။ (သီ၊ ဋ၊ နှာ–၁၉)

ttp://www.dhammadownload.com



ဖော်ပြခဲ့သော ဝါကျတို့တွင် (က+ခ)နှစ်ဝါကျတို့ကို လေ့လာကြည့်ပါ။ (က)ဝါကျလာ အမှတ်(၂)ပြဝါကျဖြင့် အာဂုမ်ပါဠိကိုသာ ပြ၏။ ထို့ကြောင့် (က)ဝါကျလာ အမှတ်(၂)ပြဝါကျကို အာဂမဒဠှီကရဏဝါကျဟုသာ ဆိုရမည်။ ဝိတ္ထာရဝါကျဟုကား လုံးဝ မဆိုနိုင်။

(ခ)ဝါကျလာ အမှတ်(၂)ပြဝါကျဖြင့်ကား အာဂုမ်ပါဠိကိုလည်း ပြ၏။ ပိဋကသဒ္ဒါ၏ သင်ယူခြင်းနှင့် ခြင်းတောင်း ဟူသော အနက်သရုပ်ကိုလည်း ပြ၏။ ထို့ကြောင့် (ခ)ဝါကျလာ အမှတ်(၂)ပြဝါကျကိုကား အာဂမဒဠှီကရဏဝါကျနှင့် သရုပ်ချဲ့ ဝိတ္ထာရဝါကျဟု နှစ်မျိုး ဆိုရမည်။

ဖော်ပြခဲ့သော ပုံစံများကို ရှု၍ = အာဂမဒဠှီကရဏ ပြရာ၌ ဟေတုဝိတ္ထာရ, သရူပဝိတ္ထာရ, အာကာရဝိတ္ထာရ သုံးမျိုးတို့တွင် တစ်မျိုးမျှ မပါခဲ့သော် အာဂမဒဠှီကရဏ ဝါကျဟုသာ တစ်မျိုးတည်း ယူရမည်။ အာဂမဒဠှီကရဏ ပြရာ၌ ဟေတုဝိတ္ထာရ, သရူပဝိတ္ထာရ, အာကာရဝိတ္ထာရ သုံးမျိုးတို့တွင် တစ်မျိုးမျိုး ပါနေသော် ဒဠှီ,ဝိတ္ထာရ နှစ်မျိုး ယူရမည်ကို သတိပြု။

နိယံ။ ဝုတ္တဥ္စေတ၊ အာဂမ၊ ယူကြ ဒဠှီရင်း။
ဒဠှီ+ဝိတ္ထာ၊ ရော၍လာ၊ နှစ်ဖြာ ယူရခြင်း။

အမှာ။ "ချဲ့,မြဲ ဟိနောက်၊ တသ္မာ ရောက်၊ မဖောက် လဒ္ဓဂုဏ်"နိယံနှင့်အညီ (ဂ)အမှတ်ပြ ဝါကျကိုကား လဒ္ဓဂုဏ ဝါကျဟုသာ မှတ်ပါ။

## ဉာပကဟေတု ဝါကျ

ရှေ့မူလ (အကျိုးပြ)ဝါကျ၌ လာသော စကားသည် စောဒကပုဂ္ဂိုလ်တို့၏ ဉာဏ်အား အသိခက်သော အခါ၌ နောက်မူလီ (အကြောင်းပြ)ဝါကျဖြင့် ထောက်ပြ ဖြေရှင်းရလေသည်။ ထိုအကြောင်းပြ ဝါကျမျိုးသည် စောဒကပုဂ္ဂိုလ်တို့၏ ဉာဏ်အား လွယ်ကူစွာ သိစေတတ်သောသဘော ရှိသောကြောင့် ဉာပကဟေတုဝါကျ မည်၏။

အမှာ။ ဉာပကဟေတုဝါကျကို ကာရဏဝါကျဟုလည်း ခေါ်၏။ ဉာပကဟေတုဝါကျနှင့် ကာရဏဝါကျတို့သည် တူ၏။

## ဉာပကဟေတု ဝါကျအပြား

ဉာပကဟေတုဝါကျသည် . . .

၁။ အာဂုမ်ပါဠိဖြင့် အကြောင်းပြသော ကာရိယ ဉာပကဟေတုဝါကျ၊

၂။ ဗျတိရေက သဘောဖြင့် အကြောင်းပြသော ဗျတိရေက ဉာပကဟေတုဝါကျ၊

၃။ အာဂုမ်ပါဠိနှင့် ဗျတိရေကသဘောတို့ မပါဘဲ အန္ဝယသဘောအားဖြင့်သာ အကြောင်းပြသော သဘာဝ ဉာပကဟေတုဝါကျဟူ၍ သုံးပါး အပြားရှိ၏။

### ၁။ ကာရိယ ဉာပကဟေတုဝါကျ ပုံစံ

(က) ယာဝ စ ဓမ္မဝိနယော တိဋ္ဌတိ၊ တာ၀ အနတီတာသတ္ထုကမေဝ ပါဝစနံ ဟောတိ။

(ခ) ဝုတ္တဥ္စေတံ ဘဂဝတာ --- "ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"တိ။ (သီ၊ ၄၊ နှာ-၃)

### ဝါကျခွဲ

(က)ဝါကျ၌ ဆိုခဲ့သည့် စကားကို အာဂုမ်ပါဠိတော်ဖြင့် ခိုင်မြဲစေတတ်သောကြောင့် (ခ)ဝါကျသည် အာဂမဒဠှီကရဏဝါကျ (ဝါ) ကာရိယ ဉာပကဟေတုဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အာဂမဒဠှီယဝါကျ (ဝါ) ကာရိယ ဉာပျဖလဝါကျ မည်၏။

ttp://www.dhammadownload.com



သတိ။ အာဂမဒဋ္ဌီကရဏ ဝါကျကို ရလျှင် ကာရိယဉာပကဟေတု ဝါကျကိုလည်း ပုံသေရ၏။

နိယံ။ တေနေဝါဟ၊ ဉာပက၊ တစ်ဝ ဒဋ္ဌီသာ။

**၂။ ဗျတိရေက ဉာပကဟေတုဝါကျ ပုံစံ**

(က) "ဧဝ"န္တိ ဝစနေန ယောနိသော မနသိကာရံ ဒီပေတိ။

(ခ) အယောနိသော မနသိကရောတော ဟိ နာနပ္ပကာရပဋိဝေဓာဘာဝတော။ (သီ၊ ဋ၊ နှာ-၁၀)

**ဝါကျခွဲ**

(က)ဝါကျ၌ ဆိုခဲ့သည့် "ဧဝံ-ဖြင့် ယောနိသော မနသိကာရကို ပြ၏"ဟူသော အကျိုးစကား၏ ဗျတိရေက အကြောင်းကို ပြသောကြောင့် (ခ)ဝါကျသည် ဗျတိရေက ဉာပကဟေတုဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အန္ဝယ ဉာပျဖလဝါကျ မည်၏။

အမှာ။ ဗျတိရေက ဝါကျ၌ "မဖြစ်,မဟုတ်,မရှိ"ဟူသော အနက်သံပါသည့် ပဋိသေဓသဒ္ဒါ ပုံသေပါ၏။

**၃။ သဘာဝ ဉာပကဟေတုဝါကျ ပုံစံ**

(က) အာယသ္မတော အာနန္ဒတ္ထေရဿ ဩကာသကရဏတ္ထံ။

(ခ) တေနဟာယသ္မတာ သဟာပိ ဝိနာပိ န သက္ကာ ဓမ္မသံဂီတိ ကာတုံ။ (သီ၊ ဋ၊ နှာ-၅)

**ဝါကျခွဲ**

(က)ဝါကျ၌ ဆိုခဲ့သည့် "အရှင်အာနန္ဒာအား သင်္ဂါယနာ တင်ခွင့်ကို ပြုခြင်း"ဟူသော အကျိုးစကား၏ သဘာဝ အကြောင်းကို ပြသောကြောင့် (ခ)ဝါကျသည် သဘာဝ ဉာပကဟေတုဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် သဘာဝ ဖလဝါကျ မည်၏။

အမှာ။ ကာရိယ ဉာပကဟေတု ဝါကျနှင့် ဗျတိရေက ဉာပကဟေတု ဝါကျတို့မှ လွတ်နေ, ကြွင်းကျန်နေသော ဉာပကဟေတု ဝါကျဟူသမျှတို့သည် သဘာဝ ဉာပကဟေတု ဝါကျတို့ချည်းသာ ဖြစ်၏။

**အာဂမဒဋ္ဌီကရဏနှင့် ဉာပက**

(က) တတ္ထ ဝိနယပိဋကံ ဝိနယော၊ အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော။

(ခ) တေနေဝါဟ "ယန္နူန မယံ ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယေယျာမာ"တိ။ (သီ၊ ဋ၊ နှာ-၁၆)

**ဝါကျခွဲ**

(က)ဝါကျ၌ ဆိုခဲ့သည့် "ဝိနည်းပိဋကသည် ဝိနယ၊ ကြွင်းသော ဗုဒ္ဓဝစနသည် ဓမ္မမည်၏"ဟူသော စကားကို အာဂုမ်ပါဠိဖြင့် ခိုင်မြဲအောင် ပြုသောကြောင့် (ခ)ဝါကျသည် အာဂမဒဋ္ဌီကရဏဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အာဂမဒဋ္ဌီယဝါကျ မည်၏။

အမှာ။ ယင်းအာဂမဒဋ္ဌီကရဏ ဝါကျကိုပင်လျှင် ကာရဏဝါကျ၊ ကာရိယဉာပကဟေတုဝါကျ၊ သိစေတတ်သောကြောင့် ဉာပက၊ ပြီးစေတတ်, ခိုင်မြဲစေတတ်, ထောက်ခံတတ်သောကြောင့် သာဓက၊ လေးစားလောက်သော သူတစ်ပါး၏ စကားဖြစ်၍ ပရဝစနဟူ၍လည်း ခေါ်ကြသေး၏။

ဤအလို အာဂမဒဋ္ဌီယဝါကျကိုကား ဖလဝါကျ၊ ကာရိယဉာပျဖလဝါကျ၊ သိစေအပ်သောကြောင့် ဉာပျ၊ ပြီးစေအပ်, ခိုင်မြဲစေအပ်, ထောက်ခံအပ်သောကြောင့် သာဓျ၊ မိမိ၏ စကားဖြစ်၍ သကဝစနဟူ၍လည်း ခေါ်ကြသေး၏။

နိယံ။ အာဂုမ် ချီပြ၊ ယင်းဝါကျကို၊ ပရဝစန၊ သာဓက တစ်ဖြာ၊ ဉာပကာနှင့်၊ ကာရဏ, ဒဋ္ဌီ၊ ဤငါးမည်ဖြင့်၊ နာနာစရိယ၊ ခေါ်ဝေါ်ကြ၏။

ttp://www.dhammadownload.com



## ဒဋ္ဌီကရဏ ဝါကျအပြား (အကျယ်)

အာဂမ ဒဋ္ဌီကရဏဝါကျသည်လည်း ၁။ ပဋိသေဓေသဒ္ဒါ ပါလျက် ဘုရားဟော ပါဠိတော် စသော အာဂုမ် ပါဠိတို့ဖြင့် ခိုင်မြဲစေသော ဗျတိရေက အာဂမဒဋ္ဌီကရဏဝါကျ ၂။ ပဋိသေဓေသဒ္ဒါ မပါဘဲ ဘုရားဟော ပါဠိတော် စသော အာဂုမ်ပါဠိတို့ဖြင့် ခိုင်မြဲစေသော အနွယ အာဂမဒဋ္ဌီကရဏဝါကျအားဖြင့် နှစ်ပါး၊

ယုတ္တိ ဒဋ္ဌီကရဏဝါကျသည်လည်း ၁။ ပဋိသေဓေသဒ္ဒါ ပါလျက် အသင့်ယုတ္တိ သဘောအားဖြင့် ခိုင်မြဲစေသော ဗျတိရေက ယုတ္တိဒဋ္ဌီကရဏဝါကျ ၂။ ပဋိသေဓေသဒ္ဒါ မပါဘဲ အသင့်ယုတ္တိ သဘောအားဖြင့် ခိုင်မြဲစေသော အနွယ ယုတ္တိဒဋ္ဌီကရဏဝါကျအားဖြင့် နှစ်ပါး၊ ဤသို့လျှင် အာဂမ၌ နှစ်ပါး, ယုတ္တိ၌ နှစ်ပါးဖြင့် နှစ်ပါးစီ ထပ်ဆင့် ပြားရကား ဒဋ္ဌီကရဏဝါကျ အပြားကား လေးပါး ဖြစ်လေတော့၏။ ယင်းဒဋ္ဌီကရဏ ဝါကျအပြား လေးပါး တို့ကိုလည်း ပုံစံများနှင့်တကွ ဖော်ပြပါဦးအံ့။ သေချာစွာ ကြည့်ရှုလေ့လာပါ။

### ဗျတိရေက အာဂမဒဋ္ဌီကရဏဝါကျ ပုံစံ

(က) ဝဿံ ဥပဂစ္ဆန္တေန, ဟိ နာလကပဋိပဒံ ပဋိပန္နေနာပိ ပဋ္ဌန္နံ ဆဒနာနံ အညတရေန ဆန္နေယေဝ သဒ္ဒါရဗန္ဓေ သေနာသနေ ဥပဂန္တဗ္ဗံ။

(ခ) ဝုတ္တဥှေတံ "န ဘိက္ခဝေ အသေနာသနိကေန ဝဿံ ဥပဂန္တဗ္ဗံ၊ ယော ဥပဂစ္ဆေယျ အာပတ္တိ ဒုက္ကဋဿာ"တိ။ (ပါ၊ ဋ္ဌ၊ ပ၊ နှာ-၂၄၈)

### ဝါကျခွဲ

(က)ဝါကျ၌ ဆိုအပ်သော စကားကို ပဋိသေဓပါသည့် ဗျတိရေကဖြစ်သော အာဂုမ်ပါဠိတော်ဖြင့် ခိုင်မြဲ အောင် ပြုသောကြောင့် (ခ)ဝါကျသည် ဗျတိရေက အာဂမဒဋ္ဌီကရဏဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် ဗျတိရေက အာဂမဒဋ္ဌီယဝါကျ မည်၏။

### အနွယ အာဂမဒဋ္ဌီကရဏဝါကျ ပုံစံ

(က) တတ္ထ ဝိနယပိဋကံ **ဝိနယော**၊ အဝသေသံ ဗုဒ္ဓဝစနံ **ဓမ္မော**။

(ခ) တေနေဝါဟ "ယန္နူန မယံ ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယေယျာမာ"တိ။ (သီ၊ ဋ္ဌ၊ နှာ-၁၆)

### ဝါကျခွဲ

(က)ဝါကျ၌ ဆိုခဲ့သည့် "ဝိနည်းပိဋကသည် ဝိနယ၊ ကြွင်းသော ဗုဒ္ဓဝစနသည် ဓမ္မမည်၏"ဟူသော စကားကို ပဋိသေဓေသဒ္ဒါ မပါဘဲ အနွယဖြစ်သော အာဂုမ်ပါဠိတော်ဖြင့် ခိုင်မြဲအောင် ပြုသောကြောင့် (ခ)ဝါကျသည် အနွယ အာဂမဒဋ္ဌီကရဏဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အနွယ အာဂမဒဋ္ဌီယဝါကျ မည်၏။

### ဗျတိရေက ယုတ္တိဒဋ္ဌီကရဏဝါကျ ပုံစံ

(က) **ထေရောတိ** ထိရော။

(ခ) ထိရကထောတိ အတ္ထော။

(ဂ) **ဧကော** ဟိ ပုဂ္ဂလော ဟာလိဒ္ဒိရာဂေါ ဝိယ, ထုသရာသိမှိ နိခါတခါဏု ဝိယ, အဿပိဋ္ဌေ ဌပိတကုမ္မဏ္ဍမိဝ စ န ထိရကထော ဟောတိ။ (သီ၊ ဋ္ဌ၊ နှာ-၇၂)

### (ဂ)ဝါကျ ဝါကျခွဲ

(ခ)ဝါကျ၌ ဆိုအပ်သော စကားကို ပဋိသေဓပါသည့် ဗျတိရေကဖြစ်သော အသင့်ယုတ္တိအားဖြင့် ခိုင်မြဲ အောင် ပြုသောကြောင့် (ဂ)ဝါကျသည် ဗျတိရေက ယုတ္တိဒဋ္ဌီကရဏဝါကျ မည်၏။ (ဂ)ဝါကျကို ထောက်ဆ၍ (ခ)ဝါကျသည် ဗျတိရေက ယုတ္တိဒဋ္ဌီယဝါကျ မည်၏။

ttp://www.dhammadownload.com



**အန္ဝယ ယုတ္တိဒဋ္ဌိကရဏဝါကျ ပုံစံ**

(က) ဖြဟ္မံ အဏာတီတိ **ဗြာဟ္မဏော**။

(ခ) မန္တေ သဇ္ဈာယတီတိ အတ္ထော။

(ဂ) ဣမေဝ ဟိ ဇာတိဗြာဟ္မဏာနံ နိရုတ္တိဝစနံ။ (သီ၊ ဋ၊ နှာ-၂၁၇)

**(ဂ)ဝါကျ ဝါကျခွဲ**

(က)ဝါကျ၌ ဆိုခဲ့သည့် ဖြဟ္မံ အဏာတီတိ ဗြာဟ္မဏော ဟူသော ဝစနတ္ထသည်သာ ဇာတိဗြာဟ္မဏတို့နှင့် အသင့်လျော်ဆုံး ဖြစ်၏ဟု ပဋိဒေသသဒ္ဒါ မပါဘဲ အန္ဝယဖြစ်သော အသင့်ယုတ္တိအားဖြင့် ခိုင်မြဲအောင် ပြသောကြောင့် (ဂ)ဝါကျသည် အန္ဝယ ယုတ္တိဒဋ္ဌိကရဏဝါကျ မည်၏။ (ဂ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အန္ဝယ ယုတ္တိဒဋ္ဌိယဝါကျ မည်၏။

**ဗျတိရေက+အန္ဝယ**

ဗျတိရေကနှင့် အန္ဝယဝါကျတို့ကို ဒဋ္ဌိကရဏ, ဝိတ္ထာရ, ကာရဏ, ပက္ခန္တရ စသော ဝါကျတို့နှင့် တွဲ၍ ယူလျှင် "ဗျတိရေက ဒဋ္ဌိကရဏ, အန္ဝယ ဒဋ္ဌိကရဏ၊ ဗျတိရေက ဝိတ္ထာရ, အန္ဝယ ဝိတ္ထာရ၊ ဗျတိရေ ကာရဏ, အန္ဝယ ကာရဏ၊ ဗျတိရေက ပက္ခန္တရ, အန္ဝယ ပက္ခန္တရ" စသည်ဖြင့် ဝါကျအမည်ကို ပေးရ၏။ ဖော်ပြခဲ့သော ပုံစံတို့၌ကား ဗျတိရေက+အန္ဝယ ဝါကျတို့ကို ဒဋ္ဌိကရဏ ဝါကျနှင့် တွဲယူသောကြောင့် ဗျတိရေက ဒဋ္ဌိကရဏ, အန္ဝယ ဒဋ္ဌိကရဏဟု အမည်ပေးခဲ့ခြင်း ဖြစ်၏။ ဒဋ္ဌိကရဏ, ဝိတ္ထာရ, ကာရဏ, ပက္ခန္တရ စသော ဝါကျတို့နှင့် တွဲ၍ မယူဘဲ သူတို့ချည်း သက်သက်ယူခဲ့သော် "ဗျတိရေက ဝါကျမည်၏၊ အန္ဝယ ဝါကျမည်၏"ဟူသာ ရိုးရိုးလေး ဝါကျအမည်ကို ပေးရ၏။

**ဝါကျခွဲ လေ့ကျင့်ခန်း**

မေး။ အောက်ပါဝါကျတို့တွင် (ခ)စသော ဝါကျတို့ကို အကြောင်းပြ၍ အမည်ပေးပါ။

(က) ကထံ **ဓမ္မဝိနယဝသေန ဒုဝိဓံ**?။

(ခ) သဗ္ဗမေဝ စေတံ ဓမ္မော စေဝ ဝိနယော စာတိ သင်္ချံ ဂစ္ဆတိ။

(ဂ) တတ္ထ ဝိနယပိဋကံ **ဝိနယော**၊ အဝသေသံ ဗုဒ္ဓဝစနံ **ဓမ္မော**။

(ဃ) တေနေဝါဟ "ယန္နူန မယံ ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယေယျာမာ"တိ။ "အဟံ ဥပါလိံ ဝိနယံ ပုစ္ဆေယျံ၊ အာနန္ဒံ ဓမ္မံ ပုစ္ဆေယျ"န္တိ စ။

(င) ဧဝံ ဓမ္မဝိနယဝသေန ဒုဝိဓံ။ (သီ၊ ဋ၊ နှာ-၁၆)

ဖြေ။ (က)ဝါကျ၌ လာသော အမေးပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာကို ပြသောကြောင့် (ခ)ဝါကျသည် ဝိဿဇ္ဇနာဝါကျ၊ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် ပုစ္ဆာဝါကျ။

အမှာ။ ဘာဋီ၌ကား = ဝါကျာရမ္ဘဝါကျ, ဝိတ္ထာရဝါကျဟုလည်း ကြံသေး၏။

* (ခ)ဝါကျ၌ ဆိုခဲ့သည့် ဓမ္မနှင့် ဝိနယတို့၏ သရုပ်အကျယ်ကို ပြသောကြောင့် (ဂ)ဝါကျသည် ဝိတ္ထာရဝါကျ၊ (ဂ)ဝါကျကို ထောက်ဆ၍ (ခ)ဝါကျသည် သင်္ခေပဝါကျ။

နိယံ။ တတ္ထချီလျက်၊ စကားတက်၊ မိန့်မြွက် ဝိတ္ထာရာ။

* (ဂ)ဝါကျ၌ ဆိုအပ်သော စကားကို အာဂုမ်ပါဠိဖြင့် ခိုင်မြဲစေသောကြောင့် (ဃ)ဝါကျသည် အာဂမဒဋ္ဌိ ကရဏဝါကျ၊ (ဃ)ဝါကျကို ထောက်ဆ၍ (ဂ)ဝါကျသည် အာဂမဒဋ္ဌိယဝါကျ။

နိယံ။ တေနေဝါဟ၊ ဉာပက၊ တစ်ဝ ဒဋ္ဌိသာ။

ttp://www.dhammadownload.com



* (က+ခ+ဂ+ဃ)ဝါကျတို့၌ ဆိုအပ်ပြီးသော စကားတို့ကို အကျဉ်းချုံး၍ နိဂုမ်းအုပ်ပြသောကြောင့် (င)ဝါကျသည် နိဂမနဝါကျ၊ (င)ဝါကျကို ထောက်ဆ၍ (က+ခ+ဂ+ဃ)ဝါကျတို့သည် နိဂမနီယဝါကျတို့ မည်ကုန်၏။

နိယံ။ ဧဝံ ဆုံးသတ်၊ နိဂုံးမှတ်၊ ဆုံးဖြတ်အပ်ပြီတည်း။

မေး။ အောက်ပါဝါကျများကို အကြောင်းပြ၍ အမည်ပေးပါ။

(က) ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော "ဝိနယော"တိ အက္ခာတော။

(ခ) ၁။ ဝိဝိဓာ ဟိ ဧတ္ထ ပဉ္စဝိဓပါတိမောက္ခုဒ္ဒေသပါရာဇိကာဒိသတ္တအာပတ္တိက္ခန္ဓမာတိကာ ဝိဘင်္ဂါဒိပ္ပဘေဒါ နယာ။
၂။ ဝိသေသဘူတာ စ ဒဠှီကမ္မသိထိလကရဏပ္ပယောဇနာ အနုပညတ္တိနယာ။
၃။ ကာယိကဝါစသိကအဇ္ဈာစာရနိသေဓနတော စေသ ကာယံ ဝါစဉ္စ ဝိနေတိ။

(ဂ) တသ္မာ ဝိဝိဓနယတ္တာ, ဝိသေသနယတ္တာ, ကာယဝါစာနံ ဝိနယနတော စေဝ "ဝိနယော"တိ အက္ခာတော။

(ဃ) တေနေတမေတဿ ဝစနတ္ထကောသလ္လတ္ထံ ဝုတ္တံ ---
"ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော 'ဝိနယော'တိ အက္ခာတော"တိ။ (သီ၊ ဌ၊ နှာ-၁၇)

ဖြေ။ ဗုဒ္ဓဝစန၏ ပိဋကအားဖြင့် သုံးပါးအပြားရှိပုံ အကျယ်မှတစ်ပါး ဝိနယမည်ခြင်း၏ အကြောင်းကို ပြသောကြောင့် (က)စသော ဝါကျတို့သည် ပက္ခန္တရဝါကျ၊ (က)စသော ဝါကျတို့ကို ထောက်ဆ၍ ဗုဒ္ဓဝစန၏ ပိဋကအားဖြင့် သုံးပါး အပြားရှိပုံ အကျယ်ကို ဖွင့်ဆိုခဲ့သော ရှေ့ဝါကျတို့သည် ပက္ခဝါကျ။

သတိ။ အဋ္ဌကထာ၌ ဝိဝိဓဝိသေသနယတ္တာ ဂါထာ၏ ရှေ့၌ ပိဋကသုံးပါးကို ဖွင့်ထားသည်။

* ထို(က)စသော ဝါကျတို့တွင်လည်း ဝိဝိဓနယတ္တာ, ဝိသေသနယတ္တာ, ဝိနယနတော ဟိတ်သုံးပါးတို့၏ အကျယ်ကို ပြသောကြောင့် (ခ)ဝါကျသည် ဝိတ္ထာရဝါကျ၊ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် သခေ်ပဝါကျ။

နိယံ။ ဟေတုနောင်မှ၊ ဟိနှင့်ပြမူ၊ ချဲ့မှု သညီ၊ ဝိတ္ထာ ပြီ။

* (ခ)ဝါကျ၌လည်း ဝိဝိဓနယတ္တာ ဟိတ်၏ အကျယ်မှတစ်ပါး ဝိသေသနယတ္တာ ဟိတ်၏ အကျယ်ကို ပြသောကြောင့် (ခ)ဝါကျ၌ အမှတ်(၂)ပြဝါကျသည် ပက္ခန္တရဝါကျ၊ အမှတ်(၂)ပြဝါကျကို ထောက်ဆ၍ အမှတ်(၁)ပြဝါကျသည် ပက္ခဝါကျ။

* (ခ)ဝါကျ၌လည်း ဝိဝိဓနယတ္တာ, ဝိသေသနယတ္တာ ဟိတ်တို့၏ အကျယ်မှတစ်ပါး ဝိနယနတော စေဝ ကာယဝါစာနံ ဟိတ်၏ အကျယ်ကို ပြသောကြောင့် (ခ)ဝါကျ၌ အမှတ်(၃)ပြဝါကျသည် ပက္ခန္တရဝါကျ၊ အမှတ်(၃)ပြဝါကျကို ထောက်ဆ၍ အမှတ်(၁+၂)ပြ ဝါကျတို့သည် ပက္ခဝါကျ။

သတိ။ (ခ)ဝါကျဝယ် အမှတ် ၂+၃ပြ ဝါကျတို့သည် "ပေါင်းပြီး စိတ်ပြ၊ နောက်ဝါကျ၊ ယူကြ ပက္ခန္တာ"နှင့်အညီ အပေါင်း၏နောက်၌ အစိတ်အစိတ် ဖွင့်ပြလာသော ဝါကျတို့ ဖြစ်သောကြောင့် ပက္ခန္တရဝါကျ အဖြစ် ယူရသည်ကို သတိပြု။

ttp://www.dhammadownload.com



* ထို(ခ)ဝါကျ၏ အမှတ်(၃)ပြဝါကျ၌လည်း ကာယံ ဝါစဥ္စ ဝိနေတိကား အကျိုးကို ပြသောကြောင့် ဖလဝါကျ၊ ယင်းဖလဝါကျကို ထောက်ဆ၍ ကာယိကဝါစသိကအရွှာစာရနိသေဓနတော စေသသည် အကြောင်းကို ပြသောကြောင့် ကာရဏဝါကျ။

* (က+ခ)ဝါကျတို့ကို ဆိုသဖြင့် ရအပ်သော အကျိုးကို ပြသောကြောင့် (ဂ)ဝါကျသည် ဖလဝါကျ၊ (ဂ)ဝါကျကို ထောက်ဆ၍ (က+ခ)ဝါကျတို့သည် ကာရဏဝါကျ။

သတိ။ (ဂ)ဝါကျသည် အကျိုးဖျား၊အကျိုးဆက် မဟုတ်၊ အကျိုးရင်း ဖြစ်သောကြောင့် (ဂ)ဝါကျကို လဒ္ဓဂုဏဟု မယူဘဲ ဖလဝါကျအဖြစ် ယူရသည်ကို သတိပြု။

* (က+ခ+ဂ)ဝါကျတို့၌ ဆိုခဲ့ပြီးသော စကားတို့ကို ပြန်၍ အုပ်ဖုံးသောကြောင့် (ဃ)ဝါကျသည် နိဂမနဝါကျ၊ (ဃ)ဝါကျကို ထောက်ဆ၍ (က+ခ+ဂ)ဝါကျတို့သည် နိဂမနီယဝါကျတို့ မည်ကုန်၏။

နိယံ။ တေန ဝုတ္တံ၊ တည်ပါဌ်ပြန်ပြ၊ ထားကုန်ကြမူ၊ လဒ္ဓဂုဏ၊ ဆိုကုန်ကြ၏၊ နိဂုမ်းထင်လှ၊ နော တက္က။

**မေး။** အောက်ပါဝါကျများကို အကြောင်းပြ၍ အမည်ပေးပါ။

(က) အတ္တာနံ သူစနတော၊ သုဝုတ္တတော သဝနတောထ သူဒနတော။
သုတ္တာဏာ သုတ္တသဘာဂ–တော စ "သုတ္တ"န္တိ အက္ခာတံ။

(ခ) ၁။ တဥ္စ အတ္တတ္ထပရတ္ထာဒိဘေဒေ အတ္ထေ သူစေတိ။

၂။ (ပ) သုဝုတ္တာ စေတ္ထ အတ္ထာ။

(ဒု) ဝေနေယျဇ္ဈာသယာနုလောမေန ဝုတ္တတ္တာ။

၃။ (ပ) သဝတိ စေတံ အတ္ထေ။

(ဒု) သဿမိဝ ဖလံ။

(တ) ပသဝတီတိ ဝုတ္တံ ဟောတိ။

၄။ (ပ) သူဒတိ စေတံ။

(ဒု) ဓေနု ဝိယ ခီရံ။

(တ) ပဂ္ဃရာပေတီတိ ဝုတ္တံ ဟောတိ။

၅။ (ပ) သုဋ္ဌု စ နေ တာယတိ။

(ဒု) ရက္ခတီတိ ဝုတ္တံ ဟောတိ။

၆။ (ပ) သုတ္တသဘာဂဉ္စေတံ။

(ဒု) ယထာ ဟိ တစ္ဆကာနံ သုတ္တံ ပမာဏံ ဟောတိ၊ ဧဝမေတမ္ပိ ဝိညူနံ။

(တ) ယထာ စ သုတ္တေန သင်္ဂဟိတာနိ ပုပ္ဖာနိ န ဝိကိရိယန္တိ န ဝိဒ္ဓံသီယန္တိ။ ဧဝမေဝ တေန သင်္ဂဟိတာ အတ္ထာ။

(ဂ) တေနေတမေတဿ ဝစနတ္ထကောသလ္လတ္ထံ ဝုတ္တံ ---
"အတ္တာနံ သူစနတော၊ သုဝုတ္တတော သဝနတောထ သူဒနတော။
သုတ္တာဏာ သုတ္တသဘာဂ–တော စ 'သုတ္တ'န္တိ အက္ခာတ"န္တိ။ (သီ၊ ဋ္ဌ၊ နှ၁–၁၈)

**ဖြေ။** ဝိနယမည်ခြင်း၏ အကြောင်းမှတစ်ပါး သုတ္တမည်ခြင်း၏ အကြောင်းကို ဖွင့်ပြသောကြောင့် (က)စသော ဝါကျတို့သည် ပက္ခန္တရဝါကျ၊ (က)စသော ဝါကျတို့ကို ထောက်ဆ၍ ဝိနယမ^ ်ခြင်း၏ အကြောင်းကို ဖွင့်ဆိုခဲ့သော ရှေ့ဝါကျတို့သည် ပက္ခဝါကျ။

ttp://www.dhammadownload.com



* ထို(က)စသော ဝါကျတို့တွင်လည်း အတ္တာနံ သူစနတောမှ စ၍ သုတ္တာဏာ တိုင်အောင်သော ဟိတ်ငါးခုတို့၏ အကျယ်ကို ပြသောကြောင့် (ခ)ဝါကျသည် ဝိတ္ထာရဝါကျ၊ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် သင်္ခေပဝါကျ။

နိယံ။ ဟောတုနောင်မှ၊ ဟိနှင့်ပြမှု၊ ချဲ့မှ သည်သီ၊ ဝိတ္ထာ ပြီ။

* ထို(ခ)ဝါကျတွင်လည်း အတ္တာနံ သူစနတော ဟိတ်၏ အကျယ်မှတစ်ပါး အတ္တာနံ သုဝုတ္တတော ဟိတ်၏ အကျယ်ကို ပြသောကြောင့် (ခ)ဝါကျ၌ အမှတ်(၂)ပြဝါကျသည် ပက္ခန္တရဝါကျ၊ (ခ)ဝါကျ၌ အမှတ်(၂)ပြဝါကျကို ထောက်ဆ၍ အမှတ်(၁)ပြဝါကျသည် ပက္ခဝါကျ။

နိယံ။ ပေါင်းပြီး စိတ်ပြ၊ နောက်ဝါကျ၊ ယူကြ ပက္ခန္တာ။

* ထိုအမှတ်(၂)ပြဝါကျတွင်လည်း (ဒု)ဝါကျ ဝေနေယျဗြှာသယာလောမေန ဝုတ္တတ္တာသည် အကြောင်းကို ပြသောကြောင့် ကာရဏဝါကျ၊ (ဒု)ဝါကျကို ထောက်ဆ၍ (ပ)ဝါကျသည် ဖလဝါကျ။

* အတ္တာနံ သူစနတော, အတ္တာနံ သုဝုတ္တတော ဟိတ်တို့၏ အကျယ်မှတစ်ပါး အတ္တာနံ သဝနတော ဟိတ်၏ အကျယ်ကို ပြသောကြောင့် အမှတ်(၃)ပြဝါကျသည် ပက္ခန္တရဝါကျ၊ အမှတ်(၃)ပြဝါကျကို ထောက်ဆ၍ အမှတ်(၁+၂)ပြ ဝါကျတို့သည် ပက္ခဝါကျ။

* ထိုအမှတ်(၃)ပြဝါကျတွင်လည်း (ဒု)ဝါကျ သဿမိဝ ဖလံသည် နှိုင်းယှဉ်ကြောင်း ဖြစ်သောကြောင့် ဥပမာနဝါကျ၊ (ဒု)ဝါကျကို ထောက်ဆ၍ (ပ)ဝါကျ သဝတိ စေတံ အတွေသည် နှိုင်းယှဉ်အပ်သောကြောင့် ဥပမေယျဝါကျ။

* ထိုအမှတ်(၃)ပြဝါကျတွင်လည်း (ပ)ဝါကျ၌လာသည့် သဝတိဝယ် ငုပ်နေသော သုဓာတ်၏ ပသဝန အနက်ကို ဖော်ထုတ်၍ ပြသောကြောင့် (တ)ဝါကျ ပသဝတီတိ ဝုတ္တံ ဟောတိသည် ဝိတ္ထာရဝါကျ၊ (တ)ဝါကျကို ထောက်ဆ၍ (ပ)ဝါကျ သဝတိ စေတံ အတွေသည် ဓာတွတ္ထ ငုပ်နေသောကြောင့် သင်္ခေပဝါကျ။

နိယံ။ ဝုတ္တံ ဟောတိ၊ သဘောရှိ၊ ပြောဘိ ပိဏ္ဍတ္ထ၊ ဝိတ္ထာရ။

* အတ္တာနံ သူစနတော, အတ္တာနံ သုဝုတ္တတော, အတ္တာနံ သဝနတော ဟိတ်တို့၏ အကျယ်မှတစ်ပါး အတ္တာနံ သူဒနတော ဟိတ်၏ အကျယ်ကို ပြသောကြောင့် အမှတ်(၄)ပြဝါကျသည် ပက္ခန္တရဝါကျ၊ အမှတ်(၄)ပြဝါကျကို ထောက်ဆ၍ အမှတ်(၁+၂+၃)ပြ ဝါကျတို့သည် ပက္ခဝါကျ။

* ထိုအမှတ်(၄)ပြဝါကျတွင်လည်း (ဒု)ဝါကျ ဓေနု ဝိယ ခီရံသည် နှိုင်းယှဉ်ကြောင်း ဖြစ်သောကြောင့် ဥပမာနဝါကျ၊ (ဒု)ဝါကျကို ထောက်ဆ၍ (ပ)ဝါကျ သူဒတိ စေတံသည် နှိုင်းယှဉ်အပ်သောကြောင့် ဥပမေယျဝါကျ။

* ထိုအမှတ်(၄)ပြဝါကျတွင်လည်း (ပ)ဝါကျ၌လာသည့် သူဒတိဝယ် ငုပ်နေသော သူဒဓာတ်၏ ပဂ္ဃရဏ အနက်ကို ဖော်ထုတ်၍ ပြသောကြောင့် (တ)ဝါကျ ပဂ္ဃရာပေတီတိ ဝုတ္တံ ဟောတိသည် ဝိတ္ထာရဝါကျ၊ (တ)ဝါကျကို ထောက်ဆ၍ (ပ)ဝါကျ သူဒတိ စေတံသည် ဓာတွတ္ထ ငုပ်နေသောကြောင့် သင်္ခေပဝါကျ။

* အတ္တာနံ သူစနတော, အတ္တာနံ သုဝုတ္တတော, အတ္တာနံ သဝနတော, အတ္တာနံ သူဒနတော ဟိတ်တို့၏ အကျယ်မှတစ်ပါး သုတ္တာဏာဟိတ်၏ အကျယ်ကို ပြသောကြောင့် အမှတ်(၅)ပြဝါကျသည် ပက္ခန္တရဝါကျ၊ အမှတ်(၅)ပြဝါကျကို ထောက်ဆ၍ အမှတ်(၁+၂+၃+၄)ပြ ဝါကျတို့သည် ပက္ခဝါကျ။

ttp://www.dhammadownload.com



* ထိုအမှတ်(၅)ပြ ဝါကျတွင်လည်း (ပ)ဝါကျ၌လာသည့် တာယတိဝယ် ငုပ်နေသော တာဓာတ်၏ ရက္ခဏ အနက်ကို ဖော်ထုတ်၍ ပြသောကြောင့် (ဒု)ဝါကျ ရက္ခတီတိ ဝုတ္တံ ဟောတိသည် ဝိတ္ထာရဝါကျ၊ (ဒု)ဝါကျကို ထောက်ဆ၍ (ပ)ဝါကျ သုဋ္ဌု စ နေ တာယတိသည် ဓာတွတ္ထ ငုပ်နေသောကြောင့် သခေ်ပဝါကျ။

* အတ္ထာနံ သူစနတော, အတ္ထာနံ သုဝုတ္တတော, အတ္ထာနံ သဝနတော, အတ္ထာနံ သူဒနတော, သုတ္တာဏာ ဟိတ်တို့၏ အကျယ်မှတစ်ပါး သုတ္တသဘာဂတောဟိတ်၏ အကျယ်ကို ပြသောကြောင့် အမှတ်(၆)ပြ ဝါကျသည် ပက္ခန္တရဝါကျ၊ အမှတ်(၆)ပြ ဝါကျကို ထောက်ဆ၍ အမှတ်(၁+၂+၃+၄+၅)ပြ ဝါကျတို့သည် ပက္ခဝါကျ။

* ထိုအမှတ်(၆)ပြ ဝါကျတွင်လည်း (ပ)ဝါကျ၌လာသည့် သုတ္တန်ပိဋကၕ တမျဉ်းချည်, ပန်းသီတံချည်နှင့် တူပုံကို အကျယ်ပြသောကြောင့် (ဒု+တ)တို့သည် ဝိတ္ထာရဝါကျ၊ (ဒု+တ)ဝါကျတို့ကို ထောက်ဆ၍ (ပ)ဝါကျ သုတ္တသဘာဂဉ္စေတံသည် သခေ်ပဝါကျ။

* ထို(ဒု+တ)ဝါကျတို့တွင်လည်း သုတ္တန်ပိဋကၕ တမျဉ်းချည်ကြိုးနှင့် တူပုံမှတစ်ပါး ပန်းသီတံချည်ကြိုးနှင့် တူပုံကို ပြသောကြောင့် (တ)ဝါကျသည် ပက္ခန္တရဝါကျ၊ (တ)ဝါကျကို ထောက်ဆ၍ (ဒု)ဝါကျသည် ပက္ခဝါကျ။

* (ဒု)ဝါကျ၌လည်း ဧဝမေတမ္ပိ ဝိညူနံ ဝါကျသည် နှိုင်းယှဉ်အပ်သောကြောင့် ဥပမေယျဝါကျ၊ ဧဝမေတမ္ပိ ဝိညူနံ ဝါကျကို ထောက်ဆ၍ ယထာ ဟိ တစ္ဆကာနံ သုတ္တံ ပမာဏံ ဟောတိ ဝါကျသည် နှိုင်းယှဉ်ကြောင်း ဖြစ်သောကြောင့် ဥပမာနဝါကျ။

* (တ)ဝါကျ၌လည်း ဧဝမေဝ တေန သင်္ဂဟိတာ အတ္ထာ ဝါကျသည် နှိုင်းယှဉ်အပ်သောကြောင့် ဥပမေယျဝါကျ၊ ဧဝမေဝ တေန သင်္ဂဟိတာ အတ္ထာ ဝါကျကို ထောက်ဆ၍ ယထာ စ သုတ္တေန သင်္ဂဟိတာနိ ပုပ္ဖာနိ န ဝိကိရိယန္တိ န ဝိဒ္ဓံသီယန္တိ ဝါကျသည် နှိုင်းယှဉ်ကြောင်းဖြစ်သောကြောင့် ဥပမာနဝါကျ။

* (က+ခ)ဝါကျတို့၌ ဆိုအပ်ပြီးသော စကားတို့ကို ပြန်၍ အုပ်ဖုံးသောကြောင့် (ဂ)ဝါကျသည် နိဂမနဝါကျ၊ (ဂ)ဝါကျကို ထောက်ဆ၍ (က+ခ)ဝါကျတို့သည် နိဂမနီယဝါကျတို့ မည်ကုန်၏။

**နိယံ။** တေန ဝုတ္တံ၊ တည်ပါဠ်ပြန်ပြ၊ ထားကုန်ကြမူ၊ လဒ္ဓဂုဏာ၊ ဆိုကုန်ကြ၏၊ နိဂုံးထင်လှ၊ နော တက္က။

**မေး။** အောက်ပါဝါကျတို့တွင် (ခ)ဝါကျကို အကြောင်းပြ၍ ဝါကျအမည်ပေးပါ။

(က) ဝိနယပိဋကေ စ **ဝီတိက္ကမပ္ပဟာနံ**။

(ခ) ကိလေသာနံ ဝီတိက္ကမပဋိပက္ခတ္တာ သီလဿ။ (သီ၊ ဋ္ဌ၊ နှာ-၂၀)

**ဖြေ။** ဝိနယပိဋက၌ ဝီတိက္ကမပ္ပဟာနံ ဟောရခြင်း၏ အကြောင်းကို ပြသောကြောင့် (ခ)ဝါကျသည် ကာရဏဝါကျ၊ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် ဖလဝါကျ မည်၏။

**မေး။** အောက်ပါဝါကျတို့တွင် (ခ)စသော ဝါကျတို့ကို အကြောင်းပြ၍ အမည်ပေးပါ။

(က) ကသ္မာ ပနေသ ဒီဃနိကာယောတိ ဝုစ္စတိ? ဒီဃပ္ပမာဏာနံ သုတ္တာနံ သမူဟတော, နိဝါသတော စ။

(ခ) သမူဟနိဝါသာ ဟိ နိကာယောတိ ဝုစ္စန္တိ။

(ဂ) "နာဟံ ဘိက္ခဝေ အညံ ဧကနိကာယမ္ပိ သမနုပဿာမိ ဧဝံ စိတ္တံ၊ ယထယိဒံ ဘိက္ခဝေ တိရစ္ဆာနဂတာ ပါဏာ။ ပေါဏိကနိကာယော စိက္ခလ္လိကနိကာယော"တိ ဧဝမာဒီနိ စေတ္ထ သာဓကာနိ သာသနတော, လောကတော စ။

(ဃ) ဧဝံ သေသာနမ္ပိ နိကာယဘာဝေ ဝစနတ္ထော ဝေဒိတဗ္ဗော။ (သီ၊ ဋ္ဌ၊ နှာ-၂၃+၂၄)

ttp://www.dhammadownload.com



**ဖြေ။** (က)ဝါကျ၌ ဆိုခဲ့သည့် စကားကို အသင့်ယုတ္တိအားဖြင့် ခိုင်မြဲစေသောကြောင့် (ခ)ဝါကျသည် ယုတ္တိဒဋ္ဌီ ကရဏဝါကျ၊ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် ယုတ္တိဒဋ္ဌီယဝါကျ။ (နေရင်း+သီဂဏ္ဍီ) တစ်နည်း။ (က)ဝါကျ၌ ဆိုခဲ့သည့် သမုဖတော, နိဝါသတော ဟိတ်တို့၏ အကျယ်ကို ချဲ့ပြသောကြောင့် (ခ)ဝါကျသည် ဝိတ္ထာရဝါကျ၊ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် သင်္ခေပဝါကျ။ (ပခုက္ကူ)

**နိယံ။** ဟေတုနောင်မှ၊ ဟိနှင့်ပြမူ၊ ချဲ့မှ သည်ဦ၊ ဝိတ္ထာ ပြီ။

***** (ခ)ဝါကျ၌ ဆိုခဲ့သည့် စကားကို အာဂုမ်ပါဠိအားဖြင့် ခိုင်မြဲစေသောကြောင့် (ဂ)ဝါကျသည် အာဂမဒဋ္ဌီ ကရဏဝါကျ၊ (ဂ)ဝါကျကို ထောက်ဆ၍ (ခ)ဝါကျသည် အာဂမဒဋ္ဌီယဝါကျ။

**နိယံ။** အာဂုမ်ဖြင့်သာ၊ ထောက်ခံရာ၊ အာဂမဒဋ္ဌီတည်း။

***** (က+ခ+ဂ)ဝါကျတို့ဖြင့် ဆိုအပ်သော ပစ္စက္ခ သံဝဏ္ဏနာမှတစ်ပါး အတိဒေသ သံဝဏ္ဏနာကို ပြသောကြောင့် (ဃ)ဝါကျသည် ပက္ခန္တရဝါကျ၊ (ဃ)ဝါကျကို ထောက်ဆ၍ (က+ခ+ဂ)ဝါကျတို့သည် ပက္ခဝါကျတို့ မည်ကုန်၏။

**နိယံ။** အတိဒေသ၊ ညွှန်၍ပြ၊ ဝါကျ ပက္ခန်၊ ဝိတ္ထာရ်နှင့်၊ တစ်ဖန် ခွဲပါ၊ အာရမ္ဘာ။

**အမှာ။** အတိဒေသဝါကျများ၌ ပက္ခန္တရ, ဝါကျာရမ္ဘ, ဝိတ္ထာရ အမည်သုံးမျိုး ရ၏။ စာကျယ်မည်စိုးသောကြောင့် ပက္ခန္တရ တစ်မျိုးကိုသာ ပြပါ၏။

**မေး။** အောက်ပါဝါကျတို့တွင် (ခ)ဝါကျကို အကြောင်းပြ၍ ဝါကျအမည်ပေးပါ။

(က) သင်္ဂါယပိ မဟာ။ (ခ) ပဉ္စသတသင်္ချိတ္တာ။ (သီ၊ ၄၊ နှာ–၃၆)

**ဖြေ။** (ခ)ဝါကျသည် အရေအတွက် များရခြင်း၏ အကြောင်းကို ပြသောကြောင့် ကာရဏဝါကျ၊ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် ဖလဝါကျ မည်၏။

**အမှာ။** ကာရဏဝါကျကို ဟေတုဝါကျဟုလည်း ခေါ်၏။

**မေး။** အောက်ပါဝါကျများကို အကြောင်းပြ၍ ဝါကျအမည်ပေးပါ။

(က) **ပဉ္စမတ္တေဟိ ဘိက္ခုသတေဟီတိ ပဉ္စ မတ္တာ ဧတေသန္တိ ပဉ္စမတ္တာနိ။**

(ခ) **မတ္တာတိ ပမာဏံ ဝုစ္စတိ။**

(ဂ) တသ္မာ ယထာ "ဘောဇနေ မတ္တညူ"တိ ဝုတ္တေ "ဘောဇနေ မတ္တံ ဇာနာတိ ပမာဏံ ဇာနာတီ"တိ အတ္ထော ဟောတိ၊ ဧဝမိဓာပိ "တေသံ ဘိက္ခုသတာနံ ပဉ္စမတ္တာ ပဉ္စပမာဏာ"န္တိ ဧဝမတ္ထော ဒဋ္ဌဗ္ဗော။

(ဃ) ဘိက္ခူနံ သတာနိ ဘိက္ခုသတာနိ။

(င) တေဟိ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ။ (သီ၊ ၄၊ နှာ–၃၆)

**ဖြေ။** မဟတာ ဘိက္ခုသံဃေန သဒ္ဓိံဟူသော သံဝဏ္ဏေတဗ္ဗပုဒ်တို့၏ အဖွင့်မှတစ်ပါး ပဉ္စမတ္တာနိဟူသော သံဝဏ္ဏေ တဗ္ဗပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် (က)ဝါကျသည် ပက္ခန္တရဝါကျ၊ (က)ဝါကျကို ထောက်ဆ၍ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံဟူသော သံဝဏ္ဏေတဗ္ဗပုဒ်တို့၏ အဖွင့်ကို ဖွင့်ပြကုန်သော ရှေ့ရှေ့ကုန်သော ဝါကျတို့သည် ပက္ခဝါကျ။

**သတိ။** အဋ္ဌကထာ၌ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ ဟူသော ဝါကျ၏ ရှေ့၌ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံဟူသော သံဝဏ္ဏေတဗ္ဗပုဒ်တို့ကို ဖွင့်ပြထားသည်။

ttp://www.dhammadownload.com



* (က)ဝါကျ၌ ဆိုအပ်သည့် စကားလက်ကျန်ကို ဆက်၍ ပြသောကြောင့် (ခ)ဝါကျသည် ဝါကျာရမ္ဘဝါကျ၊ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အာရဒ္ဓဝါကျ။

နိယံ။ စကားလက်ကျန်၊ ဆက်ပြပြန်၊ ဝါကျာရမ္ဘတည်း။

* (ခ)ဝါကျကို ဆိုသဖြင့် ရအပ်သော အကျိုးဂုဏ်ကို ပြသောကြောင့် (ဂ)ဝါကျသည် လဒ္ဓဂုဏဝါကျ၊ (ဂ)ဝါကျကို ထောက်ဆ၍ (ခ)ဝါကျသည် လဒ္ဓဂုဏိယဝါကျ။

နိယံ။ တသ္မာ အတ္ထော၊ ဒဠှဗ္ဗော၊ မှတ်လော လဒ္ဓဂုဏ်။

* (ဂ)ဝါကျတွင်လည်း ဇဝမိဓာပိ စသော ဝါကျသည် နှိုင်းယှဉ်အပ်သောကြောင့် ဥပမေယျဝါကျ၊ ယင်း ဥပမေယျဝါကျကို ထောက်ဆ၍ ယထာ ။ပ။ ဟောတိ ဝါကျသည် နှိုင်းယှဉ်ကြောင်း ဖြစ်သောကြောင့် ဥပမာနဝါကျ။

* ပဌမတ္ထေဟိပုဒ်၏ အဖွင့်မှတစ်ပါး ဘိက္ခုသတေဟိပုဒ်၏ အဖွင့်ကို ပြသောကြောင့် (ဃ)ဝါကျသည် ပက္ခန္တရဝါကျ၊ (ဃ)ဝါကျကို ထောက်ဆ၍ (က+ခ+ဂ)ဝါကျတို့သည် ပက္ခဝါကျ။

* (က+ဃ)ဝါကျတို့ဖြင့် ပဌမတ္တာနိ ဘိက္ခုသတာနိဟု ဒန္တစ္ဆေဒန+ပဒါဝဓိကန္တနည်းကို ဖွင့်ပြပြီးသည့်နောက် သံဝဏ္ဏေတဗ္ဗ ပါဠိတော်၌ ရှိသည့် ဝိဘတျန္တအတိုင်း ပဌမတ္တေဟိ ဘိက္ခုသတေဟိဟု ဒန္တသောဓန+ဝါကျာ–ဝဓိကန္တနည်းကို ဆက်လက်၍ တစ်ဖန်ဖွင့်ပြ အားထုတ်အပ်သောကြောင့် (င)ဝါကျသည် ဝါကျာရမ္ဘဝါကျ၊ (င)ဝါကျကို ထောက်ဆ၍ (က+ဃ)ဝါကျတို့သည် အာရဒ္ဓဝါကျတို့ မည်ကုန်၏။

နိယံ။ ဒန္တသောဓနေ၊ ပြတုံက၊ ဝါကျာရမ္ဘတည်း။

**မေး။** အောက်ပါဝါကျများကို အကြောင်းပြ၍ အမည်ပေးပါ။

(က) တတ္ထ **အမ္ဗလဋ္ဌိကာတိ** ရညော ဥယျာနံ။

(ခ) တဿ ကိရ ဒွါရသမီပေ တရုဏအမ္ဗရုက္ခော အတ္ထိ၊ တံ "အမ္ဗလဋ္ဌိကာ"တိ ဝဒန္တိ။ တဿ အဝိဒူရေ ဘဝတ္တာ ဥယျာနမ္ပိ "အမ္ဗလဋ္ဌိကာ"တွေဝ သင်္ချံ ဂတံ။

(ဂ) တံ ဆာယူဒကသမ္ပန္နံ ပါကာရပရိက္ခိတ္တံ သုယောဇိတဒွါရံ မဉ္ဇူသာ ဝိယ သုဂုတ္တံ။

(ဃ) တတ္ထ ရညော ကီဠနတ္ထံ ပဋိဘာနစိတ္တဝိစိတ္တံ အဂါရံ အကံသု။ တံ "ရာဇာဂါရက"န္တိ ဝုစ္စတိ။

(သီ၊ ဋ္ဌ၊ နှ၁–၄၂)

**ဖြေ။** "အထ ခေါ ဘဂဝါ"စသော သံဝဏ္ဏေတဗ္ဗပုဒ်တို့၏ အဖွင့်မှတစ်ပါး အမ္ဗလဋ္ဌိကာဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၏ အဖွင့်ကို ပြသောကြောင့် (က)ဝါကျသည် ပက္ခန္တရဝါကျ၊ (က)ဝါကျကို ထောက်ဆ၍ "အထ ခေါ ဘဂဝါ"စသော သံဝဏ္ဏေတဗ္ဗပုဒ်တို့၏ အဖွင့်ကို ပြဆိုခဲ့ကုန်သော ရှေ့ရှေ့သော ဝါကျတို့သည် ပက္ခဝါကျ။

* (က)ဝါကျ၌ ဆိုခဲ့သော ဥယျာဉ်၏ အမ္ဗလဋ္ဌိကာ မည်ပုံကို အကျယ်ချဲ့၍ ပြသောကြောင့် (ခ)ဝါကျသည် ဝိတ္ထာရဝါကျ၊ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် သင်္ခေပဝါကျ။

နိယံ။ အဓိပ္ပါယော၊ အတ္ထော, ဝုတ္တံ၊ ကိရမှန်၊ မှတ်ရန် ဝိတ္ထာရာ။

* (ခ)ဝါကျ၌ ဆိုခဲ့သည့် ထိုအမ္ဗလဋ္ဌိကာ ဥယျာဉ်ကား အဘယ်သို့သော သဘောရှိသနည်းဟု စောဒနာဘွယ် ရှိရကား ထိုစောဒနာကို ပယ်ဖျက်လို၍ ဆက်လက်အားထုတ်အပ်သောကြောင့် (ဂ)ဝါကျသည် ဝါကျာ ရမ္ဘဝါကျ၊ (ဂ)ဝါကျကို ထောက်ဆ၍ (ခ)ဝါကျသည် အာရဒ္ဓဝါကျ။

နိယံ။ စောဒကတို့၊ စောဒနာချက်ကို၊ ပယ်ဖျက်လိုတွက်၊ ဤအချက်ကြောင့်၊ ဆက်၍ တစ်ဖန်၊ အားထုတ်ပြန်၊ မှတ်ရန် အာရမ္ဘာ။

ttp://www.dhammadownload.com



* (က+ခ+ဂ)ဝါကျတို့ဖြင့် ပြဆိုခဲ့သော အမ္ဗလဋ္ဌိကာပုဒ်၏ အဖွင့်မှတစ်ပါး ရာဇာဂါရက ပုဒ်၏ အဖွင့်ကို ပြဆိုသောကြောင့် (ဃ)ဝါကျသည် ပက္ခန္တရဝါကျ၊ (ဃ)ဝါကျကို ထောက်ဆ၍ (က+ခ+ဂ)ဝါကျတို့သည် ပက္ခဝါကျတို့ မည်ကုန်၏။

မေး။ အောက်ပါဝါကျတို့တွင် (ခ)ဝါကျကို အကြောင်းပြ၍ အမည်ပေးခဲ့ပါ။

(က) စိတ္တံ ပန ယသ္မာ ပုရိမံ ပုရိမံ ပစ္ဆိမဿ ပစ္ဆိမဿ ပစ္စယံ ဒတွာဝ နိရုဇ္ဈတိ၊ တသ္မာ စက္ခာဒီနံ ဘေဒတော ဗလဝတရမ္ပိ စိတ္တဿ ဘေဒံ န ပဿတိ။

(ခ) သော တံ အပဿန္တော ယထာ နာမ သကုဏော ဇေါ ရုက္ခံ ဇဟိတွာ အညသ္မိံ နိလီယတိ၊ ဧဝမေဝ လ္လမသ္မိံ အတ္တဘာဝေ ဘိန္နေ စိတ္တံ အညတြ ဂစ္ဆတီတိ ဂဟေတွာ ဧဝမာဟ။ (သီ၊ ဋ္ဌ၊ နှာ-၁၀၅)

ဖြေ။ (က)ဝါကျ၌ ဆိုခဲ့သည့် တက္ကီပုဂ္ဂိုလ်သည် စိတ်၏ ပျက်ခြင်းကို မမြင်နိုင်ဟူသော အပါကဋ ဖြစ်နေသည့် အနက်,အဓိပ္ပါယ်ကို ဥပမာန+ဥပမေယျ အစုံတို့ဖြင့် ထင်ရှားအောင် ဖွင့်ပြသောကြောင့် (ခ)ဝါကျသည် တပ္ပါကဋီကရဏဝါကျ၊ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အပါကဋဝါကျ မည်၏။

နိယံ။ ဥပမာစုံ၊ နိယတ်စုံ၊ ဖွင့်တုံ ပါကဋီ။

မေး။ အောက်ပါဝါကျတို့တွင် (ခ)ဝါကျကို အကြောင်းပြ၍ အမည်ပေးခဲ့ပါ။

(က) ဈာနဝေဂေ ပန ပရိဟီနေ တတ္ထ ရူပက္ခန္ဓော အန္တရဓာယတိ၊ ဣဓ ပန ပဋိသန္ဓိသညာ ဥပ္ပဇ္ဇတိ။

(ခ) ယသ္မာ ပန တာယ ဣဓ ဥပ္ပန္နသညာယ တေသံ တတ္ထ စုတိ ပညာယတိ၊ တသ္မာ "သညုပ္ပါဒါ စ ပန တေ ဒေဝါ တမှာ ကာယာ စဝန္တီ"တိ ဝုတ္တံ။ (သီ၊ ဋ္ဌ၊ နှာ-၁၀၉)

ဖြေ။ (က)ဝါကျ၌ ဆိုခဲ့သော အပါကဋ ဖြစ်နေသည့် အနက်,အဓိပ္ပါယ်ကို ထင်ရှားအောင် ယသ္မာ+တသ္မာ ဟူသော ကာရဏ+ဖလ အစုံတို့ဖြင့် ထင်ရှားအောင် ဖွင့်ပြသောကြောင့် (ခ)ဝါကျသည် တပ္ပါကဋီကရဏဝါကျ၊ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အပါကဋဝါကျ မည်၏။

မေး။ အောက်ပါဝါကျတို့တွင် (ခ)စသော ဝါကျတို့ကို အကြောင်းပြ၍ အမည်ပေးပါ။

(က) **ဥပရိပါသာဒဝရဂတောတိ** ပါသာဒဝရဿ ဥပရိဂတော။

(ခ) မဟာရဟော သမုဿိတသေတစ္ဆတ္တေ ကဥ္စနာသနေ နိသိန္နော ဟောတိ။

(ဂ) ကသ္မာ နိသိန္နော? နိဒ္ဒါဝိနောဒနတ္ထံ။

(ဃ) အယဥှိ ရာဇာ ပိတရိ ဥပက္ကန္တဒိဝသတော ပဋ္ဌာယ "နိဒ္ဒံ ဩက္ကမိဿာမီ"တိ နိမီလိတမတ္တေသု ယေဝ အက္ခီသု သတ္တိသတအဗ္ဘာဟတော ဝိယ ကန္ဒမာနောယေဝ ပဗုဇ္ဈိ။ "ကိမေတ"န္တိ စ ဝုတ္တေ "န ကိဉ္စီ"တိ ဝဒတိ။ တေနဿ အမနာပါ နိဒ္ဒါ၊ ဣတိ နိဒ္ဒါဝိနောဒနတ္ထံ နိသိန္နော။ (သီ၊ ဋ္ဌ၊ နှာ-၁၂၈)

ဖြေ။ (က)ဝါကျ၌ ဆိုခဲ့သည့် "မြတ်သော ပြာသာဒ်အထက်၌ နေ၏"ဟူသော စကား၌ ပြာသာဒ်အထက် အဘယ်သို့ သဘောရှိသော နေရာ၌ ထိုင်နေသနည်းဟု စောဒနာဘွယ်ရှိရကား ထိုစောဒနာကို ပယ်ဖျက်လို၍ ဆက်လက်အားထုတ်အပ်သောကြောင့် (ခ)ဝါကျသည် ဝါကျာရမ္ဘဝါကျ၊ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် အာရဒ္ဓဝါကျ။

တစ်နည်း။ (က)ဝါကျ၌ ဆိုခဲ့သည့် ဥပရိဂတော၌ ငုပ်နေသော ဂမုဓာတ်၏ အနက်ကို နိသိန္နောဟု ဖော်ထုတ်၍ ပြသောကြောင့် (ခ)ဝါကျသည် ဝိတ္ထာရဝါကျ၊ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် သခေ်ပဝါကျ။

ttp://www.dhammadownload.com



* (ခ)ဝါကျ၌ ဆိုခဲ့သည့် နိသိန္နော ပုဒ်၌ ဖြစ်သင့်သော အမေးအဖြေကို ဆက်လက်အားထုတ်အပ်သောကြောင့် (ဂ)ဝါကျသည် ဝါကျာရမ္ဘဝါကျ၊ (ဂ)ဝါကျကို ထောက်ဆ၍ (ခ)ဝါကျသည် အာရဒ္ဓဝါကျ။

* ယင်း(ဂ)ဝါကျ၌ပင် နိဒ္ဒါဝိနောဒနတ္ထံသည် အဖြေဝိသဇ္ဇနာကို ပြသောကြောင့် ဝိသဇ္ဇနာဝါကျ၊ ယင်းဝိသဇ္ဇနာဝါကျကို ထောက်ဆ၍ ကသ္မာ နိသိန္နောသည် ပုစ္ဆာဝါကျ။

* (ဂ)ဝါကျ၌ ဆိုခဲ့သည့် "အိပ်မှု ပယ်ဖျောက်လိုပုံ"ကို အကျယ်ချဲ့၍ ပြသောကြောင့် (ဃ)ဝါကျသည် ဝိတ္ထာရဝါကျ၊ (ဃ)ဝါကျကို ထောက်ဆ၍ (ဂ)ဝါကျသည် သခ်ေပဝါကျ။

* ယင်း(ဃ)ဝါကျ၌ ကသ္မာ နိသိန္နော? နိဒ္ဒါဝိနောဒနတ္ထံ၊ အယဉ္ဟိ ရာဇာ ။ပ။ အမနာပါ နိဒ္ဒါ-ဟူ၍ ဆိုခဲ့သည့် စကားတို့ကို နိဂုမ်းအုပ်၍ ပြသောကြောင့် ဣတိ နိဒ္ဒါဝိနောဒနတ္ထံ နိသိန္နော ဟူသော ဝါကျသည် နိဂမနဝါကျ၊ ယင်းနိဂမနဝါကျကို ထောက်ဆ၍ ကသ္မာ နိသိန္နော? နိဒ္ဒါဝိနောဒနတ္ထံ၊ အယဉ္ဟိ ရာဇာ ။ပ။ အမနာပါ နိဒ္ဒါ ဟူသော ဝါကျသည် နိဂမနီယဝါကျတို့ မည်ကုန်၏။

နိယံ။ ဣတိ မှုမှာ၊ နိဂုံးသာ၊ ရံခါ သရုပ်ပြ။

မေး။ အောက်ပါဝါကျတို့တွင် (ခ)စသော ဝါကျတို့ကို အကြောင်းပြ၍ အမည်ပေးပါ။

(က) **ဓေါသိန္နာတိ** ဒေါသာပဂတာ။

(ခ) အဇ္ဈာ, မဟိကာ, ဓူမော, ရဇော, ရာဟူတိ ဣမေဟိ ပဉ္စဟိ ဥပက္ကိလေသေဟိ ဝိရဟိတာတိ ဝုတ္တံ ဟောတိ။

(ဂ) တသ္မာ **ရမဏီယာ**တိအာဒီနိ ပဉ္စ ထောမနဝစနာနိ။

(ဃ) သာ ဟိ မဟာဇနဿ မနံ ရမယတီတိ **ရမဏီယာ**။

(င) ဝုတ္တဒေါသဝိမုတ္တာယ စန္ဒပ္ပဘာယ ဩဘာသိတတ္တာ အတိဝိယ သုရူပါတိ **အဘိရူပါ**။ (သီ၊ ဋ္ဌ၊ နှာ-၁၂၉)

ဖြေ။ (က)ဝါကျ၌ ဆိုခဲ့သည့် ဒေါသတို့၏ သရုပ်အကျယ်ကို ချဲ့၍ ပြသောကြောင့် (ခ)ဝါကျသည် ဝိတ္ထာရဝါကျ၊ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် သခ်ေပဝါကျ။

နိယံ။ ဝုတ္တံ ဟောတိ၊ သဘောရှိ၊ ပြောဘိ ပိဏ္ဍတ္ထ၊ ဝိတ္ထာရ။

* (ခ)ဝါကျ၌ ဆိုခဲ့သည့် "ပဉ္စဟိ ဥပက္ကိလေသေဟိ ဝိရဟိတာ"ပုဒ်တို့၏ အကြောင်းကို ပြဆိုသောကြောင့် (ဂ)ဝါကျသည် ကာရဏဝါကျ၊ (ဂ)ဝါကျကို ထောက်ဆ၍ (ခ)ဝါကျသည် ဖလဝါကျ။ (ဋီသစ်)

* (ဂ)ဝါကျ၌ ဆိုခဲ့သည့် ရမဏီယာ ပုဒ်၌ ငုပ်နေသော အနီယပစ္စည်း၏ အနက်ကို ပြသောကြောင့် (ဃ)ဝါကျသည် ဝိတ္ထာရဝါကျ၊ (ဃ)ဝါကျကို ထောက်ဆ၍ (ဂ)ဝါကျသည် သခ်ေပဝါကျ။

* (ဃ)ဝါကျ၌ ဆိုအပ်သော ရမဏီယာ ပုဒ်၏ အဖွင့်မှတစ်ပါး အဘိရူပါ ပုဒ်၏ အဖွင့်ကို ပြသောကြောင့် (င)ဝါကျသည် ပက္ခန္တရဝါကျ၊ (င)ဝါကျကို ထောက်ဆ၍ (ဃ)ဝါကျသည် ပက္ခဝါကျတို့ မည်ကုန်၏။

မေး။ အောက်ပါဝါကျတို့ကို အကြောင်းပြ၍ အမည်ပေးပါ။

(က) **အနဝယောတိ** ဣမေသု လောကာယတမဟာပုရိသလက္ခဏေသု အနူနော ပရိပူရကာရီ။

(ခ) အဝယော န ဟောတီတိ ဝုတ္တံ ဟောတိ။

(ဂ) အဝယော နာမ ယော တာနိ အတ္ထတော စ ဂန္ထတော စ သန္ဓာရေတုံ န သက္ကောတိ။

(ဃ) **အနုညာတပဋိညာတောတိ** အနုညာတော စေဝ ပဋိညာတော စ။

(င) အာစရိယေန'သ "ယံ အဟံ ဇာနာမိ၊ တံ တွံ ဇာနာသီ"တိအာဒိနာ အနုညာတော။

(စ) "အာမ အာစရိယာ"တိ အတ္တနာ တဿ ပဋိဝစနဒါနပဋိညာယ ပဋိညာတောတိ အတ္ထော။ (ဋ္ဌ၊ နှာ-၂၂၁)

ttp://www.dhammadownload.com



ဖြေ။ ရှေ့ရှေ့သော သံဝဏ္ဏေတဗ္ဗပုဒ်တို့၏ အဖွင့်မှတစ်ပါး အနဝယော ပုဒ်၏ အဖွင့်ကို ပြသောကြောင့် (က) ဝါကျသည် ပက္ခန္တရဝါကျ၊ (က)ဝါကျကို ထောက်ဆ၍ ရှေ့ရှေ့သော သံဝဏ္ဏေတဗ္ဗပုဒ်တို့၏ အဖွင့်ကို ဖွင့်ပြခဲ့ကုန်သော ရှေ့ရှေ့သော ဝါကျတို့သည် ပက္ခဝါကျ။

* (က)ဝါကျ၌ ဆိုအပ်သော အနဝယော ပုဒ်၏ သဒ္ဒါအားဖြင့် ရအပ်သော အနက်ကို ချဲ့၍ ပြသောကြောင့် (ခ)ဝါကျသည် ဝိတ္ထာရဝါကျ၊ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် သခေ်ပဝါကျ။

နိယံ။ ဝုတ္တံ ဟောတိ၊ သင်္ခေပရှိ၊ ပြောဘိ ဝိတ္ထာတ္ထ၊ ဝိတ္ထာရ။

* (ခ)ဝါကျ၌ ဆိုအပ်သော အနဝယ၌ အဝယ ဟူသည် အဘယ်နည်းဟု မေးဘွယ်ရှိ၍ ဆက်တက်လာသော ကြောင့် (ဂ)ဝါကျသည် ဝါကျာရမ္ဘဝါကျ၊ (ဂ)ဝါကျကို ထောက်ဆ၍ (ခ)ဝါကျသည် အာရဗ္ဘဝါကျ။

* (က+ခ+ဂ)ဝါကျတို့၌ ဆိုခဲ့သော အနဝယ ပုဒ်၏ အဖွင့်မှတစ်ပါး အနုညာတပဋိညာတ ပုဒ်၏ အဖွင့်ကို ဖွင့်ပြသောကြောင့် (ဃ)ဝါကျသည် ပက္ခန္တရဝါကျ၊ (ဃ)ဝါကျကို ထောက်ဆ၍ (က+ခ+ဂ)ဝါကျတို့သည် ပက္ခဝါကျ။

* (ဃ)ဝါကျ၌ ဆိုအပ်သော အနုညာတပဋိညာတ ပုဒ်၏ သာခနေအနက်ကို ချဲ့ပြသောကြောင့် (င+စ)ဝါကျ တို့သည် ဝိတ္ထာရဝါကျ၊ (င+စ)ဝါကျတို့ကို ထောက်ဆ၍ (ဃ)ဝါကျသည် သခေ်ပဝါကျ။

နိယံ။ ဣတိ အတ္ထော၊ ပါသော ဝါကျ၊ ဝိတ္ထာရ။

* (င+စ)ဝါကျတို့တွင်လည်း အနုညာတောပုဒ်၏ အဖွင့်မှတစ်ပါး ပဋိညာတောပုဒ်၏ အဖွင့်ကို ဖွင့်ပြသော ကြောင့် (စ)ဝါကျသည် ပက္ခန္တရဝါကျ၊ (စ)ဝါကျကို ထောက်ဆ၍ (င)ဝါကျသည် ပက္ခဝါကျတို့ မည် ကုန်၏။

နိယံ။ ပေါင်းပြီး စိတ်ပြ၊ နောက်ဝါကျ၊ ယူကြ ပက္ခန္တာ။

**ဝါကျခွဲနည်း ပြီးပါပြီ။**

=========

သဘာဝ, အာဂမ, ဒဿန, ဟာသ
ဒီလေးမျိုးကို အချိုးကျကျ ပေါင်းစပ်နိုင်မှ ကောင်းမြတ်တဲ့
စာချကောင်း ဖြစ်မယ်။

ttp://www.dhammadownload.com



## ကျမ်းတက်

### ဝါကျတက်ရာ၌ သတိပြုဘွယ်

ဝါကျတက်ရာ၌ ရှေးဦးစွာ ဝါကျခွဲထားပါ။ ထပနာထားမည့် ဝါကျကို မြန်မာပြန်၍ "အကျဉ်း သင်္ခေပကို ပြတော်မူ၏၊ အကြောင်း ကာရဏကို ပြတော်မူ၏" စသည်ဖြင့် ဝါကျအသံ စွက်၍ ထပနာ ထားပါ။ တက်ရမည့် ဝါကျကို ရှုမျှော်ပြီး "အကျယ်ဝိတ္ထာရကို မပြတော့ပြီလော၊ အကျိုးဖလကို မပြတော့ပြီလော၊ ဆရာ့စကားသည် လှုပ်ရှားမနိုင် ယိမ်းယိုင်ရာသည် မဟုတ်လော" စသည်ဖြင့် ဝါကျ အသံစွက်၍ အာဘော်ဆင်ပါ။ တက်ရမည့် ဝါကျကို ကိုင်၍ ပုစ္ဆာထုတ်ပါ။ ဝါကျခွဲကို ရှုမျှော်၍ ဒေါသတင်ပါ။

### (က) ဝါကျတက် ကျမ်းတက်နည်းများ

ဝါကျတက်သည် အကျဉ်းအားဖြင့် ၁။ အနုသန္ဓေတက် ၂။ အနာဘောဂ ပုစ္ဆာတက် ၃။ ရိုးရိုးသာဘောဂ ပုစ္ဆာတက် ၄။ အဒေါသာရောပန စောဒနာတက် ၅။ ဒေါသာရောပန စောဒနာတက် ၆။ အဘိယာစကတက်ဟု ၆–မျိုးရှိ၏။ ထို ၆–မျိုးကို လွယ်ကူစွာ သိနိုင်စေခြင်း အကျိုးငှာ ပုံစံနှင့်တကွ ယှဉ်တွဲ၍ ပြပါအံ့။

**ပုံစံ**

(က) စတုဓာ ပရမတ္ထတော စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနမိတိ သဗ္ဗထာ။

(ခ) တတ္ထ စိတ္တံ တာဝ စတုဗ္ဗိခံ ဟောတိ ကာမာဝစရံ ရူပါဝစရံ အရူပါဝစရံ လောကုတ္တရဉ္စေတိ။ (သင်္ဂြိုဟ်)

**ဝါကျခွဲ**

(က)ဝါကျ၌ အကျဉ်းချုပ် ပြဆိုခဲ့သော စိတ်သည် ကာမ,ရူပ,အရူပ,လောကုတ္တရာ စိတ်အားဖြင့် လေးမျိုး ရှိ၏ဟု သရုပ်အားဖြင့် အကျယ်ချဲ့၍ ပြသောကြောင့် (ခ)ဝါကျသည် ဝိတ္ထာရဝါကျ မည်၏။ (ခ)ဝါကျကို ထောက်ဆ၍ (က)ဝါကျသည် သင်္ခေပဝါကျ မည်၏။

သတိ။ တတ္ထ ချီလျက်၊ စကားတက်၊ မိန့်မြွက် ဝိတ္ထာရာ။

အမှာ။ ဖော်ပြခဲ့သော ပုံစံမှ (ခ)ဝါကျကို တက်နည်း ခြောက်မျိုးတို့ဖြင့် တက်ပြပါအံ့။ သေချာစွာ လေ့လာပါ။

### ၁။ အနုသန္ဓေ တက်နည်း

ဤသို့ (က)အမှတ်ပြဝါကျဖြင့် စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်ဟူသော ပရမတ္ထတရား လေးပါးကို အကျဉ်းချုပ် ပြဆိုတော်မူပြီး၍။ (ပုဗ္ဗာနုသန္ဓေ)

ယခုအခါ၌ (က)အမှတ်ပြဝါကျဖြင့် အကျဉ်းချုပ် ပြဆိုခဲ့သော စိတ်ကို ကာမ,ရူပ,အရူပ,လောကုတ္တရာ စိတ်အားဖြင့် လေးမျိုးရှိ၏ဟု သရုပ်အားဖြင့် အကျယ်ချဲ့၍ ပြဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြ ဝါကျကို မိန့်တော်မူ၏။ (ပရာနုသန္ဓေ)

နိယံ။ နိဒဿန၊ ကရဏ၊ ကမ္မ, ဝိသေသနေ၊
အင်္ဂါလေးထွေ၊ ပြည့်စုံပေ၊ ပုဗ္ဗာနုသန္ဓေ။
ဩကာ, ကမ္မ၊ ဝိသေသ၊ ကမ္မ, ကြိယေ၊
အင်္ဂါငါးထွေ၊ ပြည့်စုံပေ၊ ပရာနုသန္ဓေ။ (ယေဘုယျ)

ttp://www.dhammadownload.com



## ၂။ အနာဘောဂ ပုစ္ဆာတက်နည်း

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်ဟူ၍ ပရမတ္ထတရား လေးပါးကို အကျဉ်းချုပ် ပြဆိုတော်မူ၏။ (ထပနာ)

(က)ဝါကျ၌ အကျဉ်းချုပ် ပြဆိုခဲ့သော စိတ်သည် သရုပ်အကျယ်အားဖြင့် ဘယ်နှစ်မျိုးရှိပါသနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကို မိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် စိတ်သည် ကာမ,ရူပ,အရူပ,လောကုတ္တရာ စိတ်အားဖြင့် လေးမျိုးရှိ၏ဟု (က)အမှတ်ပြဝါကျ၌ အကျဉ်းသခေ်ပ ပြဆိုခဲ့သော စိတ်၏ သရုပ်အကျယ်ကို ချဲ့၍ ငါဆရာ ပြဆိုတော်မူ၏ ဟူလိုသော(ဝ်)။

အမှာ။ ၏ ထပနာ၊ နည်း ပုစ္ဆာ–နိယံနှင့်အညီ အနာဘောဂ ပုစ္ဆာတက်၌ "၏"ဟု အဆုံးသတ်သော ထပနာဝါကျ၊ "နည်း"ဟု အဆုံးသတ်သော ပုစ္ဆာဝါကျတို့ ပါရမည်။ မနှစ်သက်ရာ၊ ထပနာ၊ သင်္ကာ မေးရခြင်း–နိယံနှင့်အညီ မနှစ်သက်သောအရာကို ထပနာ ထားရမည်။

## ထပနာ ထားနည်း

ပုစ္ဆာ, စောဒနာ, အဘိယာစက အတက်တို့၌ ထပနာ ပါ၏။ ထပနာ ထားရာ၌ တက်ရမည့် ဝါကျ၏ သဘောအဓိပ္ပါယ်ကို သေချာစဉ်းစားပါ။ ယင်းဝါကျသည် မည်သည့် စကားရပ်, မည်သည့် ပုဒ်, မည်သည့် ဝါကျမှ ထွက်လာသောဝါကျ ဖြစ်သည်ကို သတိပြု၍ ထပနာ ထားရာ၏။ ယင်းထပနာ ထားနည်းသည် အောက်ပါအတိုင်း ၄–နည်းရှိ၏။

၁။ ရှေ့ဝါကျထဲမှ ပုဒ်တစ်ပုဒ် (ဝါ) ပုဒ်တစ်စုကိုလည်းကောင်း၊

၂။ ရှေ့တစ်ဝါကျလုံးကိုလည်းကောင်း၊

၃။ ရှေ့နှစ်ဝါကျ,သုံးဝါကျ စသည်ကို ပေါင်း၍လည်းကောင်း၊

၄။ ရှေ့ပုဒ်ကိုလည်းကောင်း ထပနာ ထားရသည်။

ဤသို့ ထပနာ ထားနည်း ၄–နည်း ရှိသည့်အနက်မှ ဤ၌ အမှတ် ၂–ဥပဒေသအရ ရှေ့တစ်ဝါကျလုံးကို ထပနာ ကိုင်ထား၏။ ထပနာ ကိုင်ခြင်းသည် ကျမ်းတက်ခြင်း၌ အထူးအရေးပါ၏။ ထပနာကိုင် မှန်မှ ပုစ္ဆာ စသည် မှန်နိုင်၏။ ဖော်ပြခဲ့သော ထပနာထားနည်း ၄–နည်းသည် အများဆုံး ထားသည့် ထပနာထားနည်း ဖြစ်၏။

## ခြွင်းချက်

လီနတ္ထရ စောဒနာတက်, အဖြေရှုတက်, သံဝဏ္ဏနာရှုတက်တို့၌ကား = သံဝဏ္ဏေတဗ္ဗပုဒ် (ဝါ) ပါဠိတော်ကို လည်းကောင်း၊ စောဒကာဘောဂဒိ စတုက္ကဝါကျ၌ကား = စောဒနာ စကားရပ်ကိုလည်းကောင်း၊ ဖလ+ကာရဏ ဝါကျမျိုး၌ ဖလဝါကျကို တက်လိုသော် နောက်ဖြစ်သော ကာရဏဝါကျကိုလည်းကောင်း၊ နိဂမနဝါကျမှ နိဂမန ဝါကျသို့ တက်လိုသော် တက်ရမည့် နိဂမနဝါကျကိုလည်းကောင်း ထပနာ ထားပါ။

ttp://www.dhammadownload.com



### ၃။ ရိုးရိုးသာဘောဂ ပုစ္ဆာတက်နည်း

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြပ်ဝါကျဖြင့် စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်ဟူ၍ ပရမတ္ထတရား လေးပါးကို အကျဉ်းချုပ် ပြဆိုတော်မူ၏။ (ထပနာ)

(က)ဝါကျ၌ အကျဉ်းချုပ် ပြဆိုခဲ့သော စိတ်သည် သရုပ်အကျယ်အားဖြင့် ဘယ်နှစ်မျိုးရှိပါသနည်း။ (ပုစ္ဆာ)

စိတ်တို့၏ သရုပ်အကျယ် ဝိတ္ထာရကို မပြတော့ပြီလော။ (အာဘော်)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြပ်ဝါကျကို မိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြပ်ဝါကျဖြင့် စိတ်သည် ကာမ,ရူပ,အရူပ,လောကုတ္တရာ စိတ်အားဖြင့် လေးမျိုးရှိ၏ ဟု (က)အမှတ်ပြပ်ဝါကျ၌ အကျဉ်းသင်္ခေပ ပြဆိုခဲ့သော စိတ်၏ သရုပ်အကျယ်ကို ချဲ့၍ ငါဆရာ ပြဆိုတော်မူ၏ ဟူလိုသော(ဝ်)။

အမှာ။ ၏ ထပနာ၊ နည်း ပုစ္ဆာ၊ လောမှာ အာဘောဂ–နိယံနှင့်အညီ ရိုးရိုးသာဘောဂပုစ္ဆာတက်၌ "၏"ဟု အဆုံးသတ်သော ထပနာဝါကျ၊ "နည်း"ဟု အဆုံးသတ်သော ပုစ္ဆာဝါကျ၊ "လော"ဟု အဆုံးသတ်သော အာဘောဂဝါကျတို့ ပါရမည်။

### သတိပြုဘွယ်

သာဘောဂ ပုစ္ဆာတက်ကိုပင် = ထပနာ, ပုစ္ဆာ, အာဘော် သုံးမျိုး ပါဝင်သောကြောင့် ထပနာတိက ပုစ္ဆာတက် ဟုလည်း ခေါ်သေး၏။ သာဘောဂ ပုစ္ဆာတက်ကိုပင် ပုစ္ဆာသည် ရှေ့၌ နေ၍ "ထပနာ, ပုစ္ဆာ, အာဘော်"ဟူသော အစီအစဉ်ဖြင့် တက်လျှင် "အယုတ္တာဘောဂ ပုစ္ဆာတက်"ဟုလည်းကောင်း၊ အာဘော်သည် ရှေ့၌ နေ၍ "ထပနာ, အာဘော်, ပုစ္ဆာ"ဟူသော အစီအစဉ်ဖြင့် တက်လျှင် "သာဘောဂါယုတ္တ ပုစ္ဆာတက်"ဟုလည်းကောင်း ခေါ်ကြသေး၏။

အမှာ။ ပုစ္ဆာနှင့် အာဘော် နှစ်မျိုးတို့သည် ရှေ့/နောက် မမြဲကြ။ အဆင်ပြေသလိုသာ ထားရာ၏။

သတိ။ အနုသန္ဓေတက်မှ ပုဗ္ဗာနုသန္ဓေသည် ဤပုစ္ဆာတက်၌ ထပနာ ဖြစ်လာ၏။ ပရာနုသန္ဓေသည် ပုစ္ဆာ, အာဘော် နှင့် အဓိပ္ပါယ်ပြန်ပုံ ဖြစ်လာ၏။ ထို့ကြောင့် အနုသန္ဓေ တက်နည်းကို နားလည်လျှင် ပုစ္ဆာတက်နည်း စသည်တို့ကိုလည်း နားလည်မည်သာ ဖြစ်၏။

### ၄။ အဒေါသာရောပန စောဒနာတက်နည်း

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြပ်ဝါကျဖြင့် စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်ဟူ၍ ပရမတ္ထတရား လေးပါးကို အကျဉ်းချုပ် ပြဆိုတော်မူ၏။ (ထပနာ)

(က)ဝါကျ၌ အကျဉ်းချုပ် ပြဆိုခဲ့သော စိတ်သည် သရုပ်အကျယ်အားဖြင့် ဘယ်နှစ်မျိုးရှိပါသနည်း။ (ပုစ္ဆာ)

စိတ်တို့၏ သရုပ်အကျယ် ဝိတ္ထာရကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာဘော်)

ဤသို့ စောဒနာဘွယ် ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြပ်ဝါကျကို မိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြပ်ဝါကျဖြင့် စိတ်သည် ကာမ,ရူပ,အရူပ,လောကုတ္တရာ စိတ်အားဖြင့် လေးမျိုးရှိ၏ ဟု ပြဆိုသင့်သည့်အားလျော်စွာ (က)အမှတ်ပြပ်ဝါကျ၌ အကျဉ်းသင်္ခေပ ပြဆိုခဲ့သော စိတ်၏ သရုပ်အကျယ်ကို ချဲ့၍ ငါဆရာ ပြဆိုထား၏ ဟူလိုသော(ဝ်)။

ttp://www.dhammadownload.com



## ၅။ ဒေါသာရောပန စောဒနာတက်နည်း

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်ဟူ၍ ပရမတ္ထတရားလေးပါးကို အကျဉ်းချုပ် ပြဆိုတော်မူ၏။ (ထပနာ)

(က)ဝါကျ၌ အကျဉ်းချုပ် ပြဆိုခဲ့သော စိတ်သည် သရုပ်အကျယ်အားဖြင့် ဘယ်နှစ်မျိုးရှိပါသနည်း။ (ပုစ္ဆာ)

စိတ်တို့၏ သရုပ်အကျယ် ဝိတ္ထာရကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာဘော်)

စိတ်တို့၏ သရုပ်အကျယ် ဝိတ္ထာရကို ပြဆိုသင့်လျက် မပြဆိုချေသော် ဆရာ့အား သခ်ေပ+ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ် ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကို မိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် စိတ်သည် ကာမ,ရူပ,အရူပ,လောကုတ္တရာ စိတ်အားဖြင့် လေးမျိုးရှိ၏ဟု ပြဆိုသင့်သည့်အားလျော်စွာ ငါဆရာသည် (က)အမှတ်ပြဝါကျ၌ အကျဉ်းသခ်ေပ ပြဆိုခဲ့သော စိတ်၏ သရုပ်အကျယ်ကို ချဲ့၍ ပြဆိုထားရကား သင်တင်တိုင်းသော ဝိရောဓိဒေါသသည် ငါဆရာအား မရောက်၊ ကင်းစင် လွင့်ပျောက်၏ ဟူလိုသော(ဝ်)။

### ဖန်ကြားလွှာ

ဒေါသာရောပန စောဒနာတက်နှင့် စပ်၍ ဝါကျများ၌ ဒေါသတင်နည်းနှင့် ဒေါသပယ်နည်းတို့ကို သိသင့်ပါ၏။ ဒေါသပယ်နည်းကို သိခဲ့သော် ဒေါသတင်နည်းကိုလည်း လွယ်ကူစွာ သိနိုင်ပါ၏။ ထို့ကြောင့် ဤနေရာ၌ ဒေါသပယ်နည်းကိုသာ ပြဆိုအပ်ပါ၏။ ဒေါသပယ်နည်းသည်လည်း (က)သဘောအားဖြင့် ဒေါသပယ်နည်း (ခ) သင်္ကေတအားဖြင့် ဒေါသပယ်နည်းဟူ၍ နှစ်နည်းရှိ၏။ ထိုနှစ်နည်းတို့တွင် (က)သဘောအားဖြင့် ဒေါသပယ်နည်းကို ရှေးဦးစွာ ပြဆိုအပ်ပါ၏။

### (က) သဘောအားဖြင့် ဒေါသပယ်နည်း နိယံများ

၁။ အဗျာ, အပရိ၊ တိဗျာပိ နှင့်၊ ဩစိ တစ်လီ၊ ဝိရောဓီတည်း။
ရုတ္တိပုန၊ ဧကတ္ထ နှင့်၊ ဂန္ထဂရု၊ နိရတ် ဟူ၊ ဆယ်ဆူ ဟီနတ္ထေ။

၂။ အဗျာ, အပရိ၊ ဩစိ, ဝိရော၊ ပုနော, ဧကတ္ထေ၊ သဒိသေ။

၃။ ရှေ့ရှေ့ဝါကျ၊ တင်ဒေါသ၊ ပယ်ချ နောက်ဝါကျေ။

### ရှင်းချက်

၁။ ကျမ်းတက်ရာ၌ ဒေါသတို့သည် ၁။အဗျာပိတဒေါသ ၂။အပရိပုဏ္ဏဒေါသ ၃။အတိဗျာပိတဒေါသ ၄။ဩစိတျဟီနဒေါသ ၅။ဝိရောဓိဒေါသ ၆။ပုနရုတ္တိဒေါသ ၇။ဧကတ္ထဒေါသ ၈။ဂန္ထဂရုဒေါသ ၉။နိရတ္ထကဒေါသ ၁၀။ဟီနတ္ထကဒေါသဟူ၍ (၁၀)ပါး အပြားရှိ၏။

၂။ ထိုဆယ်ပါးသော ဒေါသတို့တွင် = အဗျာပိတဒေါသနှင့် အပရိပုဏ္ဏဒေါသတို့သည်လည်းကောင်း၊ ဩစိတျဟီနဒေါသနှင့် ဝိရောဓိဒေါသတို့သည်လည်းကောင်း၊ ပုနရုတ္တိဒေါသနှင့် ဧကတ္ထဒေါသတို့သည်လည်းကောင်း သဘောသွားတူကြ၏။

၃။ ရှေ့ဝါကျ၌ ဒေါသတင်ရသည်။ ထိုတင်ထားသော ဒေါသကို နောက်ဝါကျဖြင့် ပယ်ချ၏။

ttp://www.dhammadownload.com



* သဘောနည်းအားဖြင့် ဒေါသပယ်ရာ၌ကား ...
စကား၏ အနက်အဓိပ္ပါယ်ကို ပျံ့နှံ့ပြည့်စုံအောင် ပြသော ဝါကျဖြင့် အဗျာပိတဒေါသနှင့် အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

* အလိုရှိအပ်သော အနက်အဓိပ္ပါယ်ကို ပြသော ဝါကျဖြင့်လည်းကောင်း၊ ပိုလွန်မည့် အနက်အဓိပ္ပါယ်ကို တားမြစ်သော သဘောရှိသော ဝါကျဖြင့်လည်းကောင်း အတိဗျာပိတဒေါသကို ပယ်၏။

* အာဂမယုတ္တိ, သဘာဝယုတ္တိနှင့် သင့်လျော်သော အကြောင်းတို့ကို ပြသော ဝါကျတို့ဖြင့် ဩစိတျဟီနဒေါသနှင့် ဝိရောဓိဒေါသတို့ကို ပယ်၏။

အမှာ။ ဩစိတျဟီန ဒေါသဟူသော အမည်ကို အသုံးနည်း၏။

* သဒ္ဒါနှစ်ခု ဖြစ်ပါလျက် အနက်တစ်ခုတည်း ဖြစ်နေရာ၌ ထိုသို့ ဖြစ်ရကြောင်းကို ရှင်းပြသော ဝါကျဖြင့်လည်းကောင်း၊ ဆိုခဲ့ပြီးသည်ကို ပြန်၍ ညွှန်းသော ဝါကျဖြင့်လည်းကောင်း, ရှေ့က ဆိုပြီး ဖြစ်ပါလျက် ထပ်၍ ဆိုထားရာ၌ ထိုသို့ ဆိုထားရခြင်း အကြောင်းကို ရှင်းပြသော ဝါကျဖြင့်လည်းကောင်း ဧကတ္ထဒေါသနှင့် ပုနရုတ္တိဒေါသတို့ကို ပယ်၏။

* ဆိုလတ္တံ့သည်ကို ညွှန်းသော ဝါကျဖြင့်လည်းကောင်း၊ နည်းတူကို ညွှန်းသော ဝါကျဖြင့်လည်းကောင်း၊ ကျမ်းတစ်ပါးကို ညွှန်းသော ဝါကျဖြင့်လည်းကောင်း ဂန္ထဂရုဒေါသကို ပယ်၏။

* ရရှိအပ်သော အကျိုးကို ပြသော ဝါကျဖြင့် နိရတ္ထကဒေါသကို ပယ်၏။

* အနက်အဓိပ္ပါယ် ယုတ်လျော့မည်ကို စိုး၍ ပြသော ဝါကျဖြင့် ဟီနတ္ထကဒေါသကို ပယ်၏။

## (ခ) သင်္ကေတအားဖြင့် ဒေါသပယ်နည်း နိယံများ

၁။ ဟိ ကေဝလံ၊ ဝုတ္တံ ဟောတိ၊ ရကောက် ညီပြ၊ ဘိဓေယျနှင့်၊ တစ်ဝ ဝိသေ၊ တိဗျာချေ။

၂။ အတိဒေသ၊ ယင်းဝါကျကား၊ ဂန္ထဂရု၊ စင်အောင် ပြု၍၊ ပယ်မှု တပ္ပါ၊ ဟီနတ္ထာ။

၃။ အကျိုးဖလ၊ လဒ်ဂုဏကား၊ ပယ်ထ နိရတ်၊ မှတ်ချက် သန္ဓေ၊ နိရတ္ထေနှင့်၊ ဆက်လေ ပုန၊ ပယ်ကုန်ကြ။

၄။ ဒဠှီ, ဝိတ္ထာ၊ သင်္ခေပါနှင့်၊ နိဂမာ, ကာရဏံ၊ လဒ်ဒေါသံကား၊ ပယ်လှန် ဝိရော၊ မှတ်စေလော။

၅။ ပက်, ဥ, ဝါကျာ၊ သာမညာကား၊ အဗျာ ပယ်စေ၊ အပုဏ္ဏေ။

### ရှင်းချက်

၁။ ကေဝလဥ် အမှတ်အသားဖြင့် ချီတက်လာသော ဝါကျ, ဝုတ္တံ ဟောတိ အမှတ်အသားပါသော ဝါကျ, အရကောက်ပြ အဘိဓေယျတ္ထ ဝါကျ, ဝိသေသဝါကျတို့ဖြင့် အတိဗျာပိတဒေါသကို ပယ်၏။

၂။ အတိဒေသဝါကျဖြင့် ဂန္ထဂရုဒေါသကိုလည်းကောင်း၊ တပ္ပါကဋ္ဌီကရဏဝါကျဖြင့် ဟီနတ္ထကဒေါသကိုလည်းကောင်း အသီးသီး ပယ်၏။

၃။ ဖလဝါကျနှင့် လဒ္ဓဂုဏဝါကျတို့ဖြင့် နိရတ္ထကဒေါသကိုလည်းကောင်း၊ အနုသန္ဓေပြ ဝါကျဖြင့် နိရတ္ထကဒေါသနှင့် ပုနရုတ္တိဒေါသတို့ကိုလည်းကောင်း အသီးသီး ပယ်ကြ၏။

၄။ ဆိုအပ်ပြီးသည်မှ ကြွင်းသော ဒဠှီကရဏဝါကျ, ဝိတ္ထာရဝါကျ, သင်္ခေပဝါကျ, နိဂမနဝါကျ, ကာရဏဝါကျ, လဒ္ဓဒေါသဝါကျတို့ဖြင့် ဝိရောဓိဒေါသကို ပယ်၏။

၅။ ပက္ခန္တရဝါကျ, ဥပနျာသဝါကျ, ဝါကျာရမ္ဘဝါကျ, သာမညဝါကျတို့ဖြင့် အဗျာပိတဒေါသနှင့် အပရိပုဏ္ဏဒေါသတို့ကို ပယ်ကြ၏။

ttp://www.dhammadownload.com



အမှာ။ သင်္ကေတအားဖြင့် ဒေါသပယ်နည်းကို အများစုက သုံးစွဲကြသည်။ စာမေးပွဲဖြေဆိုရာ၌ အများစု သုံးစွဲကြသော သင်္ကေတအားဖြင့် ဒေါသပယ်နည်းကို သုံးစွဲမှသာလျှင် အမှတ်ရမည်။ အများသုံး သင်္ကေတ မရှိသော အရာ၌သာ သဘောအားဖြင့် ဒေါသပယ်နည်းကို သုံးပါ။ သင်္ကေတလည်း ရှိမည်။ သဘာဝလည်း ကျမည်ဆိုလျှင်ကား အလွန်ကောင်းပါ၏။

### ၆။ အဘိယာစက တက်နည်း

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြ ဝါကျဖြင့် စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်ဟူ၍ ပရမတ္ထတရား လေးပါးကို အကျဉ်းချုပ် ပြဆိုတော်မူ၏။ (ထပနာ)

(က)ဝါကျ၌ အကျဉ်းချုပ် ပြဆိုခဲ့သော စိတ်သည် သရုပ်အကျယ်အားဖြင့် ဘယ်နှစ်မျိုးရှိပါသနည်း။ (ပုစ္ဆာ)

စိတ်တို့၏ သရုပ်အကျယ် ဝိတ္ထာရကို မပြရသေးသည် မဟုတ်ပါလော။ (အာဘော်)

စိတ်တို့၏ သရုပ်အကျယ် ဝိတ္ထာရကိုလည်း ပြတော်မူပါဦး။ (အဘိယာစနာ)

ဤသို့ လျှောက်ထားတောင်းပန်ဘွယ် ရှိသောကြောင့် (ခ)အမှတ်ပြဝါကျဖြင့် (က)အမှတ်ပြဝါကျ၌ အကျဉ်း သခ်ေပ ပြဆိုခဲ့သော စိတ်သည် ကာမ,ရူပ,အရူပ,လောကုတ္တရာ စိတ်အားဖြင့် လေးမျိုးရှိ၏ဟု ငါဆရာသည် သရုပ်အကျယ်ကို ချဲ့၍ မိန့်တော်မူ၏။

### အခိပ္ပါယ် ပြန်သင့်/မပြန်သင့်သော အတက်များ

အနုသန္ဓေတက်, ပုစ္ဆာတက်, စောဒနာတက်, အဘိယာစကတက် လေးမျိုးတို့တွင် အနုသန္ဓေတက်, အဘိယာစကတက် နှစ်မျိုး၌ အဓိပ္ပါယ် မပြန်ရ။

"အဓိပ္ပါယ်ကား"ဟူ၍ အဓိပ္ပါယ် ပြန်ခြင်းသည် အဖြေဝိသဇ္ဇနာ သဘောပင် ဖြစ်၏။ ပုစ္ဆာတက်, စောဒနာ တက်တို့၌ အမေးပုစ္ဆာဝါကျ ပါလာ၍ အဖြေဝိသဇ္ဇနာသဘော သက်ရောက်သောကြောင့် "အဓိပ္ပါယ်ကား"ဟူ၍ အဓိပ္ပါယ်ပြန်ခြင်းကို လိုအပ်သဖြင့် အဓိပ္ပါယ် ပြန်ရသည်။

အနုသန္ဓေတက်သည် ရှေ့စကားနှင့် နောက်စကားကို ဆက်စပ်ခြင်းမျှသာ ဖြစ်သောကြောင့်လည်းကောင်း၊ အဘိယာစကတက်သည်လည်း လျှောက်ထားတောင်းပန်ကာမျှသာ ဖြစ်သောကြောင့်လည်းကောင်း အမေးပုစ္ဆာ သဘော မသက်ရောက်၍ အဖြေဝိသဇ္ဇနာကို မလိုအပ်သဖြင့် ယင်းအတက်နှစ်မျိုး၌ အဓိပ္ပါယ် ပြန်ဆိုရန် မလိုအပ်ပါ။

နိယံ။ ဘိယာစကေ၊ နုသန္ဓေ၊ ဓိပ္ပေ ပြန်ဆို၊ ဒို့မလို။

### အာဘော်အသုံးအနှုန်း

သာဘောဂပုစ္ဆာတက်, စောဒနာတက်, အဘိယာစကတက်တို့၌ အာဘော်ပါကြ၏။ သို့ရာတွင် ယင်းအတက် တို့၌ ပါသော အာဘော်တို့သည် စကား အသွားအလာချင်း မတူကြ။ ပုစ္ဆာဟူသည် ရိုးရိုးသာ မေးခြင်းဖြစ်၏။ အပြစ် တင်လိုသောသဘော မပါ။ စောဒနာဟူသည်ကား အပြစ် တင်လိုသောသဘော ပါဝင်၏။ အဘိယာစက ဟူသည်ကား တောင်းပန်သောသဘော ပါဝင်၏။ မြန်မာစကားကို စဉ်းစားပါ။ ဖော်ပြလတ္တံ့သည့်အတိုင်း စုပေါင်း၍ နှိုင်းယှဉ်ကြည့်ပါ။

ttp://www.dhammadownload.com



(ပုစ္ဆာအာဘော်) မပြတော့ပြီလော။
(စောဒနာအာဘော်) ပြဆိုသင့်သေးသည် မဟုတ်ပါလော။
(အဘိယာစကအာဘော်) မပြရသေးသည် မဟုတ်ပါလော။

နိယံ။ အပြစ် မပြ၊ မေးတုံက၊ ပုစ္ဆ မည်သည်။
အပြစ်ကိုပြ၊ မေးတုံက၊ နာမ စောဒနာ။
အပြစ် မပြ၊ တောင်းပန်ပြ၊ နာမ ယာစကာ။

### ဝါကျတက်၌ နည်းယူဘွယ်ရာ နမူနာကျမ်းတက်နည်းများ

ဝါကျခွဲနည်းကဏ္ဍ၌ ဖော်ပြခဲ့ပြီးသော ဝါကျကြီး (၁၈)မျိုးထဲမှ အချို့သော ဝါကျတို့၏ ဝါကျတက်နည်းကို နည်းရပါစေခြင်း အကျိုးငှာ အမြွက်မျှ ရေးသားအပ်ပါ၏။ ယခုခေတ်ဝယ် ဝါကျတက်နည်းဖြင့် ကျမ်းတက်ရာ၌ ဝါကျတက်ချည်းဘဲ သီးသန့်တက်ခဲ၏။ အဓိပ္ပါယ်နှင့် ရောယှက်၍ တက်သည်သာ များ၏။ ထို့ကြောင့် ဤကျမ်း၏ ဝါကျတက်နည်းကို ရေးရာ၌လည်း ခေတ်နှင့် လျော်ညီစွာသာ ရေးသားပါအံ့။

### ဝိတ္ထာရဝါကျ နမူနာကျမ်းတက်နည်းများ

#### ပုံစံ(၁)

(က) ကိံ ဘဂဝန္တံ သယံ ဒဿနာယ ဥပဂန္တုံ န သက္ကောတီတိ? အာမ န သက္ကောတိ။

(ခ) ကသ္မာ? မဟာပရာဓတာယ။

(ဂ) တေန ဟိ ဘဂဝတော ဥပဋ္ဌာကော အရိယသာဝကော အတ္တနော ပိတာ မာရိတော။ (သီ၊ ဋ္ဌ၊ နှာ-၁၂၉)

#### (ဂ)ဝါကျသို့ ဒေါသာရောပန စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)အမှတ်ပြဝါကျဖြင့် "အဇာတသတ်မင်းသည် ကြီးမားသောအပြစ် ရှိသောကြောင့် ဘုရားရှင်ကို ကိုယ်တိုင် ချဉ်းကပ်ခြင်းငှာ မစွမ်းနိုင်"ဟု ပြဆိုတော်မူ၏။ (ထပနာ)

ယင်းစကားရပ်၌ အဇာတသတ်မင်း၏ ကြီးမားသောအပြစ် ရှိပုံကို အကျယ်ချဲ့၍ ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာဘော်)

အဇာတသတ်မင်း၏ ကြီးမားသောအပြစ် ရှိပုံကား အဘယ်ပါနည်း။ (ပုစ္ဆာ)

အဇာတသတ်မင်း၏ ကြီးမားသောအပြစ် ရှိပုံကို အကျယ်ချဲ့၍ မပြဆိုချေသော် ဆရာ့အား သင်္ခေပ+ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောခနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ဂ)အမှတ်ပြဝါကျဖြင့် "ထိုအဇာတသတ်မင်းသည် မြတ်စွာဘုရား၏ အလုပ်အကျွေး အရိယသာဝကဖြစ်သော မိမိ၏ ဖခင်ကြီးကို သတ်အပ်ပြီ"ဟူ၍ အဇာတသတ်မင်း၏ ကြီးမားသောအပြစ် ရှိပုံကို အကျယ်ချဲ့၍ ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော ဝိရောဓိဒေါသသည် ငါဆရာအား မရောက်၊ ကင်းစင် လွင့်ပျောက်၏ ဟူလိုသော(ဝ်)။

သတိ။ ဟေတုနောင်မှ၊ ဟိနှင့် ပြမူ၊ ချဲ့မှ သည်သီ၊ ဝိတ္ထာပြီ။

ttp://www.dhammadownload.com



### ပုံစံ(၂)

(က) ဒုဝိဓော အဘိဟာရော ဝါစာယ စေဝ ကာယေန စ။

(ခ) "တုမှာကံ ကုစ္ဆိတိစ္ဆိတက္ခဏေ အမှာကံ စီဝရာဒီဟိ ဝဒေယျာထ၊ ယေနတ္ထော"တိ ဝဒန္တော ဟိ ဝါစာယ အဘိဟရိတွာ နိမန္တေတိ နာမ။ စီဝရာဒိဝေကလ္လံ သလ္လက္ခေတွာ "ဣဒံ ဂဏှာထာ"တိ တာနိ ဒေန္တော ပန ကာယေန အဘိဟရိတွာ နိမန္တေတိ နာမ။ (သီ၊ ဋ္ဌ၊ နှာ-၁၅၃)

### (ခ)ဝါကျသို့ သာဘောဂပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "အဘိဟာရသည် ဝါစာဘိဟာရ, ကာယာဘိဟာရအားဖြင့် နှစ်ပါးရှိ၏"ဟု ပြဆိုတော်မူ၏။ (ထပနာ)

ယင်းအဘိဟာရ နှစ်ပါးတို့၏ အနက်အဓိပ္ပါယ် အကျယ်ကို မပြတော့ပြီလော။ (အာဘော်)

အနက်အဓိပ္ပါယ် အကျယ်ကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "အရှင်ဘုရားတို့သည် သက်နှ်းအစရှိသည်တို့ကို အလိုရှိကုန်အံ့၊ အလိုရှိတိုင်း အလိုရှိတိုင်းသော ခဏ၌ တပည့်တော်တို့အား သင်္ကန်းအစရှိသည်တို့ကို အမိန့်ရှိတော်မူကြပါဟူ၍ ပြောဆိုလျှောက်ထားခြင်းသည် ဝါစာဘိဟာရ မည်၏။ သင်္ကန်းစသည်တို့ ချို့တဲ့ခြင်းကို မှတ်သား၍ ဤသင်္ကန်းကို အလှူခံတော်မူကြပါဟူ၍ သင်္ကန်းစသည်တို့ကို လှူခြင်းသည် ကာယာဘိဟာရ မည်၏"ဟု အဘိဟာရ နှစ်ပါးတို့၏ အနက်အဓိပ္ပါယ် အကျယ်ကို ချဲ့၍ ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

### ပုံစံ(၃)

(က) သော ပနေသ ဉာတိဘယာစရိယဒက္ခိဏေယျဝသေန စတုဗ္ဗိဓော ဟောတိ။

(ခ) တတ္ထ ဒက္ခိဏေယျပဏိပါတေန သရဏဂမနံ ဟောတိ၊ န ဣတရေဟိ။ (သီ၊ ဋ္ဌ၊ နှာ-၂၀၇)

### (ခ)ဝါကျသို့ ဒေါသာရောပန စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ပဏိပါတသည် ဉာတိပဏိပါတ စသည်တို့၏ အစွမ်းဖြင့် လေးပါး အပြားရှိ၏"ဟု ပြဆိုတော်မူ၏။ (ထပနာ)

ထိုလေးပါးတို့တွင် ဒက္ခိဏေယျ ပဏိပါတမှတစ်ပါး ကြွင်းကျန်သော ပဏိပါတ သုံးပါးတို့ဖြင့် သရဏဂုံ ဖြစ်သင့်ပါသလော။ (အာဘော်)

မည်သည့် ပဏိပါတဖြင့် သရဏဂုံ ဖြစ်ပါသနည်း။ (ပုစ္ဆာ)

သရဏဂုံ ဖြစ်သော ပဏိပါတနှင့် သရဏဂုံ မဖြစ်သော ပဏိပါတတို့ကို အကျယ်ခွဲခြား၍ မပြဆိုချေသော် ဆရာအား သင်္ခေပ+ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောခနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "ဒက္ခိဏေယျ ပဏိပါတဖြင့်ကား သရဏဂုံ ဖြစ်၏။ ကြွင်းကျန်သော ပဏိပါတ သုံးပါးတို့ဖြင့် သရဏဂုံ မဖြစ်"ဟူ၍ သရဏဂုံ ဖြစ်သော ပဏိပါတနှင့် သရဏဂုံ မဖြစ်သော ပဏိပါတတို့ကို အကျယ်ခွဲခြား၍ ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော ဝိရောဓိဒေါသသည် ငါဆရာအား မရောက်၊ ကင်းစင်လွင့်ပျောက်၏ ဟူလိုသော(ဝ်)။

ttp://www.dhammadownload.com



သတိ။ တတ္ထချီလျက်၊ စကားတက်၊ မိန့်မြွက် ဝိတ္ထာရာ။

အမှာ။ "အဖြေ ရှောင်ကွင်း၊ လျော်ရာနင်း၊ သွင်းလေ အာဘောဂ" "န မြင်, န ပယ်၊ မမြင်ကွယ်၊ ထည့်စွယ် မေးလေမင်း"ဟူသော နိယံတို့နှင့်အညီ အာဘော်ထားသည်။

**ပုံစံ(၄)**

(က) **ဝိဏ္ဏဒါယကာတိ** သာဟာသိကမဟာယောဓာ။

(ခ) တေ ကိရ ပရသေနံ ပဝိသိတွာ ပရသီသံ ဝိဏ္ဏမိဝ ဆေတွာ ဆေတွာ ဒယန္တိ၊ ဥပ္ပတိတွာ ဥပ္ပတိတွာ နိဂ္ဂစ္ဆန္တီတိ အတ္ထော။ (သီ၊ ၄၊ နှာ-၁၄၂)

**(ခ)ဝါကျသို့ သာဘောဂပုစ္ဆာတက်**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ဝိဏ္ဏဒါယကဟူသည် အဆောတလျင် ပြုတတ်ကုန်သော သူရဲတို့တည်း (ဝါ) နိုင်ထက်ကလူ ပြုတတ်ကုန်သော သူရဲတို့တည်း"ဟု ပြဆိုတော်မူ၏။ (ထပနာ)

နိုင်ထက်ကလူ ပြုတတ်ပုံကို အကျယ်ချဲ့၍ မပြတော့ပြီလော။ (အာဘော်)

အဘယ်သို့လျှင် နိုင်ထက်ကလူ ပြုတတ်ပါသနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "ထိုသူရဲကောင်းတို့သည် သူတစ်ပါး၏ စစ်တပ်သို့ ဝင်၍ သူတစ်ပါး စစ်သည်၏ ဦးခေါင်းကို ထန်းသီးခိုင်ကဲ့သို့ ဖြတ်၍ ဖြတ်၍ အထက်သို့ ခုန်ပျံကျော်လွှား ထွက်သွားနိုင်ကုန်သော သူတို့တည်း"ဟု နိုင်ထက်ကလူ ပြုတတ်ပုံကို အကျယ်ချဲ့၍ ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

သတိ။ အဓိပ္ပါယော၊ အတ္ထော, ဝုတ္တံ၊ ကိရမှန်၊ မှတ်ရန် ဝိတ္ထာရာ။

သတိ။ ဣတိ အတ္ထော၊ ပါသော ဝါကျ၊ ဝိတ္ထာရ။

**ပုံစံ(၅)**

(က) သစ္စေန သစ္စံ သန္ဒဟတိ ဃဋ္ဋေတီတိ **သစ္စသန္ဓော**။

(ခ) န အန္တရန္တရာ မုသာ ဝဒတီတိ အတ္ထော။ (သီ၊ ၄၊ နှာ-၇၂)

**(ခ)ဝါကျသို့ သာဘောဂပုစ္ဆာတက်**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "မှန်သော ရှေ့စကားနှင့် မှန်သော နောက်စကားကို ဆက်စပ်တတ်သောကြောင့် ဘုရားရှင်သည် သစ္စသန္ဓ မည်၏"ဟု ပြဆိုတော်မူ၏။ (ထပနာ)

ယင်းသို့ဖြစ်လျှင် ဘုရားရှင်သည် ရံခါ အကြားအကြား၌ မဟုတ်မမှန် ဆိုသေး၏ဟု မှတ်ရမည်လော။ (အာဘော်)

ယင်း၏ စကားကျ အဓိပ္ပါယ်ကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "ဘုရားရှင်သည် အကြားအကြား၌သော်မှ မဟုတ်မမှန် မပြောဆို" ဟူသော စကားကျ အဓိပ္ပါယ်ကို ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

နိယံ။ အဓိပ္ပါယော၊ အတ္ထော ရှိက၊ ဝုဋ္ဌ ဖော်ပြ၊ စကားကျ။

နိယံ။ န မြင်, န ပယ်၊ မမြင်ကွယ်၊ ထည့်စွယ် မေးလေမင်း။

ttp://www.dhammadownload.com



အမှာ။ "ဣတိ အတ္ထော" အမှတ်အသားပါသော ဝိတ္ထာရဝါကျတို့၏ ကျမ်းတက်နည်းကို ပုံစံ(၄)နှင့် ပုံစံ(၅)တို့၌ နှစ်နည်း ပြခဲ့ပါ၏။ နှစ်နည်းလုံး မှန်သည်သာတည်း။ သို့သော် ပုံစံ(၄)၌ ပြခဲ့သော ပဌမနည်းကိုသာ အသုံးပြု များ၏။

## ပုံစံ(၆)

(က) အပ္ပံ မတ္တာ ဧတဿာတိ **အပ္ပမတ္တကံ**။ ဩရံ မတ္တာ ဧတဿာတိ **ဩရမတ္တကံ**။ သီလမေဝ **သီလမတ္တကံ**။

(ခ) ဣဒံ ဝုတ္တံ ဟောတိ --- အပ္ပမတ္တကံ ခေါ ပနေတံ ဘိက္ခဝေ ဩရမတ္တကံ သီလမတ္တကံ နာမ၊ ယေန "တထာဂတဿ ဝဏ္ဏံ ဝဒါမီ"တိ ဥဿာဟံ ကတွာပိ ဝဏ္ဏံ ဝဒမာနော ပုထုဇ္ဇနော ဝဒေယျာတိ။

(သီ၊ ဋ္ဌ၊ နှာ-၅၅)

### (ခ)ဝါကျသို့ သာဘောဂပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် အပ္ပမတ္တကံ စသော ပုဒ်တို့၏ ဝစနတ္ထ၊ အဘိဓာနတ္ထကို ပြဆိုတော်မူ၏။ (ထပနာ)

ယင်းအပ္ပမတ္တကံ စသော ပုဒ်တို့၏ ယောဇနာနှင့်တကွ လိုရင်းဖြစ်သော ဝါကျပိဏ္ဍတ္ထ၊ ဥဇုကတ္ထ အဓိပ္ပါယ်ကို ဆရာ မပြတော့ပြီလော။ (အာဘော်)

အပ္ပမတ္တကံ စသော ပုဒ်တို့၏ ယောဇနာနှင့်တကွ လိုရင်းဖြစ်သော ဝါကျပိဏ္ဍတ္ထ၊ ဥဇုကတ္ထ အဓိပ္ပါယ်ကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြ ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် အပ္ပမတ္တကံ စသော ပုဒ်တို့၏ ယောဇနာနှင့်တကွ လိုရင်းဖြစ်သော ဝါကျပိဏ္ဍတ္ထ၊ ဥဇုကတ္ထ အဓိပ္ပါယ်ကို ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

သတိ။ ဝုတ္တံ ဟောတိ၊ သဘောရှိ၊ ပြောဘိ ပိဏ္ဍတ္ထ၊ ဝိတ္ထာရ။

## ပုံစံ(၇)

(က) **ခတာယံ ဘိက္ခဝေ ရာဇာတိ** ခတော အယံ ဘိက္ခဝေ ရာဇာ။ **ဥပဟတာယန္တိ** ဥပဟတော အယံ။

(ခ) ဣဒံ ဝုတ္တံ ဟောတိ --- အယံ ဘိက္ခဝေ ရာဇာ ခတော ဥပဟတော ဘိန္နပတိဋ္ဌော။ (သီ၊ ဋ္ဌ၊ နှာ-၂၁၂)

### (ခ)ဝါကျသို့ သာဘောဂပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် ခတာယံကို ခတော+အယံ ဟုလည်းကောင်း၊ ဥပဟတာယံကို ဥပဟတော+အယံ ဟုလည်းကောင်း ပဒစ္ဆေဒ ပြုရမည်ဟု ပြဆိုတော်မူ၏။ (ထပနာ)

ယင်း ခတာယံနှင့် ဥပဟတာယံ ပါဠိရပ်တို့၌ ယောဇနာနှင့်တကွ လိုရင်းဖြစ်သော ဝါကျပိဏ္ဍတ္ထ၊ ဥဇုကတ္ထ အဓိပ္ပါယ်ကို ဆရာ မပြတော့ပြီလော။ (အာဘော်)

ယင်း ခတာယံနှင့် ဥပဟတာယံ ပါဠိရပ်တို့၌ ယောဇနာနှင့်တကွ လိုရင်းဖြစ်သော ဝါကျပိဏ္ဍတ္ထ၊ ဥဇုကတ္ထ အဓိပ္ပါယ်ကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြ ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် ယင်း ခတာယံနှင့် ဥပဟတာယံ ပါဠိရပ်တို့၌ ယောဇနာနှင့်တကွ လိုရင်းဖြစ်သော ဝါကျပိဏ္ဍတ္ထ၊ ဥဇုကတ္ထ အဓိပ္ပါယ်ကို ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

ttp://www.dhammadownload.com



## ပုံစံ(၈)

(က) **ယဿ ဒါနိ ကာလံ မညသိ**တိ ဥပစာရဝစနမေတံ။

(ခ) ဣဒံ ဝုတ္တံ ဟောတိ "ယံ တယာ အာဂတတ္တံ၊ တံ မယာ ကတံ၊ ဣဒါနိ တွံ ယဿ ဂမနဿ ဝါ အဂမနဿ ဝါ ကာလံ မညသိ၊ တဒေဝ အတ္တနော ရုစိယာ ကရောဟီ"တိ။ (သီ၊ ဋ္ဌ၊ နှာ–၁၃၅)

### (ခ)ဝါကျသို့ သာဘောဂပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် ယဿ ဒါနိ ကာလံ မညသိ ဟူသော စကားသည် ဥပစာ စကားမျှသာတည်းဟု ပြဆိုတော်မူ၏။ (ထပနာ)

ဥပစာစကား ဖြစ်သောကြောင့် ဝက်ဝုတ္တိ ဖြစ်၏၊ ထိုဝက်ဝုတ္တိ ဖြစ်သော ပါဠ်၏ ဥဇုကဖြစ်သော အနက်ကို ဆရာ အသို့ဆိုအပ်သနည်း။ (ပုစ္ဆာ)

ဥဇုကဖြစ်သော အနက်ကို ဆရာ မပြဆိုတော့ပြီလော။ (အာဘော်)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် ယဿ ဒါနိ ကာလံ မညသိ ဟူသော ဥပစာစကား၏ ဥဇုကဖြစ်သော အနက်ကို ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

နိယံ။ ဣဒံ ဝုတ္တံ၊ ဟောတိခံ၍၊ တက်လာသမျှ၊ ထိုဝါကျကား၊ ဝက်ဝုတ်+ဝုဋ္ဌ၊ ရှေ့ဝါကျ၏၊ ဥဇုကတ္ထ–ပိဏ္ဍတ္ထ၊ ဖော်ပြ ဝိတ္ထာရာ။

အမှာ။ "ဝုတ္တံ ဟောတိ" အမှတ်အသားပါသော ဝိတ္ထာရဝါကျတို့၏ ကျမ်းတက်နည်းကို ပုံစံ(၆၊ ၇၊ ၈)တို့၌ နှစ်နည်းပြခဲ့ပါ၏။ နှစ်နည်းလုံး မှန်သည်သာတည်း။ သို့သော် ရှေ့ဝါကျ၌ ဥပစာရဝစနမေတံဟု ဥပစာ အဖွင့်ကို ပြပြီး၍ နောက်ဝါကျ၌ "ဝုတ္တံ ဟောတိ"ဖြင့် တက်လာမှသာ ပုံစံ(၈)၌ ပြထားသော ဒုတိယနည်းကို သုံးပါ။ ယင်းသို့ မဟုတ်ခဲ့သော် ပဌမနည်းကိုသာ အသုံးပြုပါ။

## နိဂမနဝါကျ နမူနာကျမ်းတက်နည်း

### ပုံစံ

(က) ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။

ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော "ဝိနယော"တိ အက္ခာတော။

(ခ) ဝိဝိဓာ ဟိ ဧတ္ထ ပဉ္စဝိဓပါတိမောက္ခုဒ္ဒေသပါရာဇိကာဒိသတ္တအာပတ္တိက္ခန္ဓမာတိကာ ဝိဘင်္ဂါဒိပ္ပဘေဒါ နယာ၊ ဝိသေသဘူတာ စ ဒဠှီကမ္မသိထိလကရဏပ္ပယောဇနာ အနုပညတ္တိနယာ၊ ကာယိကဝါစသိက–အဇ္ဈာစာရနိသေဓနတော စေသ ကာယံ ဝါစဉ္စ ဝိနေတိ၊ တသ္မာ ဝိဝိဓနယတ္တာ, ဝိသေသနယတ္တာ, ကာယ–ဝါစာနံ ဝိနယနတော စေဝ "ဝိနယော"တိ အက္ခာတော။

(ဂ) တေနေတမေတဿ ဝစနတ္ထကောသလ္လတ္ထံ ဝုတ္တံ –––

"ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။

ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော 'ဝိနယော'တိ အက္ခာတော"တိ။ (သီ၊ ဋ္ဌ၊ နှာ–၁၇)

ttp://www.dhammadownload.com



### (ဂ)ဝါကျသို့ သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က+ခ)အမှတ်ပြဝါကျတို့ဖြင့် ဝိနယသဒ္ဒါ၏ အနက်အဓိပ္ပါယ်ကို သင်္ခေပ+ဝိတ္ထာရအားဖြင့် ဖွင့်ဆိုတော်မူ၏။ (ထပနာ)

နိဂုံးစကားရပ်ကို ဆရာ မပြဆိုတော့ပြီလော။ (အာဘော်)

နိဂုံးစကားရပ်ကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ဂ)အမှတ်ပြဝါကျဖြင့် ဝိနယသဒ္ဒါ၏ နိဂုံးစကားရပ်ကို ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

သတိ။ တေန ဝုတ္တံ၊ တည်ပါဌ်ပြန်ပြ၊ ထားကုန်ကြမူ၊ လဒ္ဓဂုဏာ၊ ဆိုကုန်ကြ၏၊ နိဂုံး ထင်လှ၊ နော တက္က။

### တပ္ပါကဋီကရဏဝါကျ နမူနာကျမ်းတက်နည်းများ
### ပုံစံ(၁)

(က) စိတ္တံ ပန ယသ္မာ ပုရိမံ ပုရိမံ ပစ္ဆိမဿ ပစ္ဆိမဿ ပစ္စယံ ဒတွာဝ နိရုဇ္ဈတိ၊ တသ္မာ စက္ခာဒီနံ ဘေဒတော ဗလဝတရမ္ပိ စိတ္တဿ ဘေဒံ န ပဿတိ။

(ခ) သော တံ အပဿန္တော ယထာ နာမ သကုဏော ဇကံ ရုက္ခံ ဇဟိတွာ အညသ္မိံ နိလီယတိ၊ ဧဝမေဝ ဣမသ္မိံ အတ္တဘာဝေ ဘိန္နေ စိတ္တံ အညတြ ဂစ္ဆတီတိ ဂဟေတွာ ဧဝမာဟ။ (သီ၊ ဋ္ဌ၊ နှာ–၁၀၅)

### (ခ)ဝါကျသို့ သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ရှေ့ရှေ့စိတ်သည် နောက်နောက်စိတ်အား အနန္တရာဒိ ပစ္စည်းကို ပေး၍ ချုပ်သောကြောင့် တက္ကီပုဂ္ဂိုလ်သည် စက္ခု အစရှိသည်တို့၏ ပျက်စီးခြင်းထက် အားကြီးသည်လည်း ဖြစ်သော စိတ်၏ ပျက်စီးခြင်းကို မမြင်နိုင်"ဟု ပြဆိုတော်မူ၏။ (ထပနာ)

တက္ကီပုဂ္ဂိုလ်သည် စက္ခု အစရှိသည်တို့၏ ပျက်စီးခြင်းထက် အားကြီးသည်လည်း ဖြစ်သော စိတ်၏ ပျက်စီးခြင်းကို မမြင်နိုင်ပုံကို ပေါ်လွင်ထင်ရှားအောင် ဥပမာန+ဥပမေယျတို့ဖြင့် မပြတော့ပြီလော။ (အာဘော်)

ယင်းစကားရပ်ကို ပေါ်လွင်ထင်ရှားအောင် ပြုတတ်သော ဥပမာန+ဥပမေယျ စကားရပ်တို့ကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် တက္ကီပုဂ္ဂိုလ်သည် စက္ခု အစရှိသည်တို့၏ ပျက်စီးခြင်းထက် အားကြီးသည်လည်း ဖြစ်သော စိတ်၏ ပျက်စီးခြင်းကို မမြင်နိုင်ပုံကို ဥပမာန+ဥပမေယျတို့ဖြင့် ပေါ်လွင်ထင်ရှားအောင် ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

သတိ။ ဥပမာစုံ၊ နိယတ်စုံ၊ ဖွင့်တုံ ပါကဋီ။

ttp://www.dhammadownload.com



## ပုံစံ(၂)

(က) ဗျုန္တိ ကရေယျာတိ ဝိဂတန္တ ကရေယျ။

(ခ) ယထာ တေသံ ကာကဏိကမတ္တောပိ ပရိယန္တော နာမ နာဝသိဿတိ၊ ဧဝံ ကရေယျ။ (သီ၊ ဋ–၁၈၉+၁၉၀)

### (ခ)ဝါကျသို့ သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ဗျန္တိ ကရေယျ ဟူသည် ကင်းသော အဆုံး အပိုင်းအခြား ရှိသည်ကို ပြုခြင်းပင်တည်း"ဟု ပြဆိုတော်မူ၏။ (ထပနာ)

ဗျန္တိ ကရေယျ – ကင်းသော အဆုံးအပိုင်းအခြား ရှိသည်ကို ပြုခြင်းဟူသည် အဘယ်ကဲ့သို့သော ပြုခြင်းမျိုး ဖြစ်သည်ကို ပေါ်လွင်ထင်ရှားအောင် မပြတော့ပြီလော။ (အာဘော်)

ယင်းစကားရပ်ကို ပေါ်လွင်ထင်ရှားအောင် ပြုတတ်သော စကားရပ်တို့ကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြ ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "အတိုးနှင့်တကွသော ကြွေးမြီတို့၏ တစ်ချင်ရွေး အတိုင်းအရှည် မျှလောက်သော အပိုင်းအခြားမျှ မကြွင်းကျန်ရအောင် ပြုလုပ်ခြင်းသည် ဗျန္တိ ကရေယျ – ကင်းသော အဆုံးအပိုင်း အခြား ရှိအောင် ပြုလုပ်ခြင်း မည်၏"ဟူ၍ ပေါ်လွင်ထင်ရှားအောင် ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

## အာဂမဒဠှီကရဏဝါကျ နမူနာကျမ်းတက်နည်းများ

### ပုံစံ(၁)

(က) တတ္ထ ဝိနယပိဋကံ ဝိနယော၊ အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော။

(ခ) တေနေဝါဟ "ယန္နူန မယံ ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယေယျာမာ"တိ။ "အဟံ ဥပါလိံ ဝိနယံ ပုစ္ဆေယျံ၊ အာနန္ဒံ ဓမ္မံ ပုစ္ဆေယျ"န္တိ စ။ (သီ၊ ဋ၊ နှာ–၁၆)

### (ခ)ဝါကျသို့ ဒေါသာရောပန စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ဓမ္မဝိနယ နှစ်ပါးတို့တွင် ဝိနယပိဋကသည် ဝိနယ၊ ယင်းမှ ကြွင်းသော ဘုရားစကားတော်သည် ဓမ္မမည်၏"ဟူသော ဉပျ, သာချ, သကာဝစနကို ဆိုတော်မူ၏။ (ထပနာ)

ယင်းသို့ဆိုသော ဆရာ့စကားသည် ဥဒါဟရဏ် အာဂုမ်ပါဠိတည်းဟူသော ဉပက, သာဓက, ပရဝစန တို့နှင့် ကင်းသည် ရှိသော် မခိုင်မြဲရာသည် မဟုတ်ပါလော။ (အာဘော်)

ဆရာ့စကားကို ခိုင်မြဲစေတတ်သော ဉပက, သာဓက, ပရဝစနတို့ကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဉပျ, သာချ, သကာဝစနကိုသာ ဆို၍ ဉပက, သာဓက, ပရဝစနကို မပြဆိုချေသော် ဆရာ့အား ဒဠှီယ+ ဒဠှီကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် ဝိနယပိဋကသည် ဝိနယ၊ ယင်းမှ ကြွင်းသော ဘုရားစကားတော် သည် ဓမ္မမည်၏ဟူသော ဉပျ, သာချ, သကာဝစန၏ ဉပက, သာဓက, ပရဝစနကို ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော ဝိရောဓိဒေါသသည် ငါဆရာအား မရောက်၊ ကင်းစင်လွင့်ပျောက်၏ ဟူလိုသော(ဝ်)။

ttp://www.dhammadownload.com



**(တစ်နည်း)**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ဓမ္မဝိနယ နှစ်ပါးတို့တွင် ဝိနယပိဋကသည် ဝိနယ၊ ယင်းမှ ကြွင်းသော ဘုရားစကားတော်သည် ဓမ္မမည်၏"ဟု ဆိုတော်မူ၏။ (ထပနာ)

ယင်းသို့ဆိုသော ဆရာ့စကားသည် အကိုးသာဓက အာဂုမ်ပါဠိနှင့် ကင်းသည်ရှိသော် လှုပ်ရှားမခိုင် ယိမ်းယိုင်ရာသည် မဟုတ်ပါလော။ (အာဘော်)

ဆရာ့စကားကို ခိုင်မြဲစေတတ်သော အကိုးသာဓက အာဂုမ်ပါဠိကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဆရာ့စကားကို ခိုင်မြဲစေတတ်သော အကိုးသာဓက အာဂုမ်ပါဠိကို မပြဆိုချေသော် ဆရာ့အား ဒဋ္ဌီယ+ ဒဋ္ဌီကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "ဓမ္မဝိနယ နှစ်ပါးတို့တွင် ဝိနယပိဋကသည် ဝိနယ၊ ယင်းမှ ကြွင်းသော ဘုရားစကားတော်သည် ဓမ္မမည်၏"ဟူသော စကားရပ်ကို ခိုင်မြဲစေတတ်သော အကိုးသာဓက အာဂုမ် ပါဠိကို ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော ဝိရောဓိဒေါသသည် ငါဆရာအား မရောက်၊ ကင်းစင်လွင့် ပျောက်၏ ဟူလိုသော(ဝ်)။

အမှာ။ အာဂမဒဋ္ဌီကရဏ ဝါကျများကို ကျမ်းတက်ရာ၌ ဖော်ပြခဲ့သည့်အတိုင်း (၂)နည်း တက်နိုင်၏။ နှစ်နည်းလုံး မှန်၏။ သို့သော် ဒုတိယနည်းကို အသုံးပြုများ၏။

သတိ။ တေနေဝါဟ၊ ဉပက၊ တစ်ဝ ဒဋ္ဌီသာ။

**ပုစ်(၂)**

(က) ဓမ္မောတိ ဟေတု။

(ခ) ဝုတ္တဥ္စေတံ "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ"တိ။ (သီ၊ ၄၊ နှာ-၂၁)

**(ခ)ဝါကျသို့ ရိုးရိုး သာဘောဂ ပုစ္ဆာတက်**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ဓမ္မသဒ္ဒါသည် ဟေတုသဒ္ဒါ၏ ပရိယာယ်သဒ္ဒါ တည်း"ဟု ဆိုတော်မူ၏။ (ထပနာ)

ယင်းသို့ဆိုသော ဆရာ့စကားသည် အကိုးသာဓက အာဂုမ်ပါဠိနှင့် ကင်းသည်ရှိသော် လှုပ်ရှားမခိုင် ယိမ်းယိုင်ရာသည် မဟုတ်ပါလော။ (အာဘော်)

ဆရာ့စကားကို ခိုင်မြဲစေတတ်သော အကိုးသာဓက အာဂုမ်ပါဠိကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြ ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "ဓမ္မသဒ္ဒါသည် ဟေတုသဒ္ဒါ၏ ပရိယာယ်ဖြစ်၏"ဟူသော စကား ရပ်ကို ခိုင်မြဲစေတတ်သော အကိုးသာဓက အာဂုမ်ပါဠိကို ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

သတိ။ ဝုတ္တဥ္စေတ၊ အာဂမ၊ ယူကြ ဒဋ္ဌီရင်း။

ttp://www.dhammadownload.com



### ပုံစံ(၃)

(က) န ကေဝလဥ္စ အရိယမဂ္ဂေါ စေဝ နိဗ္ဗာနဥ္စ။ အပိ စ ခေါ အရိယဖလေဟိ သဒ္ဓိံ ပရိယတ္တိဓမ္မောပိ။

(ခ) ဝုတ္တဉ္စေတံ ဆတ္တမာဏဝကဝိမာနေ ---

"ရာဂဝိရာဂမနေဇမသောကံ၊ ဓမ္မမသင်္ခတမပ္ပဋိကူလံ။

မဓုရမိမံ ပဂုဏံ သုဝိဘတ္တံ၊ ဓမ္မမိမံ သရဏတ္ထမုပေဟီ"တိ။ (သီ၊ ၄၊ နှာ–၂၀၅)

### (ခ)ဝါကျသို့ ဒေါသာရောပန စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် ဓမ္မဥ္စ ဘိက္ခုသံဃဉ္စ၌ ဓမ္မအရ မဂ်,ဖိုလ်, နိဗ္ဗာန်,ပရိယတ် တရားတို့ကို ယူရမည်ဟု ဆိုတော်မူ၏။ (ထပနာ)

ယင်းသို့ ဆိုသော ဆရာ့စကားသည် ဘုရားဟော အာဂုမ်ပါဠိနှင့် ကင်းသည်ရှိသော် လှုပ်ရှားမခိုင် ယိမ်းယိုင်ရာသည် မဟုတ်ပါလော။ (အာဘော်)

ဆရာ့စကားကို ခိုင်မြဲစေတတ်သော ဘုရားဟော အာဂုမ်ပါဠိကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဆရာ့စကားကို ခိုင်မြဲစေတတ်သော ဘုရားဟော အာဂုမ်ပါဠိကို မပြဆိုချေသော် ဆရာ့အား ဒဋ္ဌီယ+ဒဋ္ဌီကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် ဓမ္မဥ္စ ဘိက္ခုသံဃဉ္စ၌ ဓမ္မအရ မဂ်,ဖိုလ်,နိဗ္ဗာန်,ပရိယတ် တရားတို့ကို ယူရမည်ဆိုသော စကားရပ်ကို ခိုင်မြဲစေတတ်သော ဘုရားဟော အာဂုမ်ပါဠိကို ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော ဝိရောဓိဒေါသသည် ငါဆရာအား မရောက်၊ ကင်းစင်လွင့်ပျောက်၏ ဟူလိုသော(ဝ်)။

### ပုံစံ(၄)

(က) **အဘိနန္ဒုန္တိ** အနုမောဒိံသု စေဝ သမ္ပဋိစ္ဆိံသု စ။

(ခ) အယဉ္ဟိ **အဘိနန္ဒ**သဒ္ဒေါ "အဘိနန္ဒတိ အဘိဝဒတီ"တိအာဒီသု တဏှာယမ္ပိ အာဂတော။ "အန္နမေဝါဘိနန္ဒန္တိ၊ ဥဘယေ ဒေဝမာနုသာ"တိအာဒီသု ဥပဂမနေပိ။ (သီ၊ ၄၊ နှာ–၁၁၉)

### (ခ)ဝါကျသို့ ဒေါသာရောပန စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် အဘိနန္ဒုံကို အနုမောဒိံသု စေဝ သမ္ပဋိစ္ဆိံသု စ ဟူ၍ ဖွင့်ပြတော်မူ၏။ (ထပနာ)

သဒ္ဒါတစ်ချက်ကို အနက်နှစ်ထွေ ဖွင့်ကောင်းအံ့လော။ (အာဘော်)

အဘိနန္ဒသဒ္ဒါ တစ်ခုတည်းက အနက်နှစ်ထွေကို ဟော၏ဟူ၍ ဖွင့်ဆိုထားသော ဆရာ့စကားကို ခိုင်မြဲစေတတ်သော အကိုးသာဓက အာဂုမ်ပါဠိတို့ကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဆရာ့စကားကို ခိုင်မြဲစေတတ်သော အကိုးသာဓက အာဂုမ်ပါဠိတို့ကို မပြဆိုချေသော် ဆရာ့အား ဒဋ္ဌီယ+ဒဋ္ဌီကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

ttp://www.dhammadownload.com



အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် အဘိနန္ဒသဒ္ဒါ တစ်ခုတည်းက အနက်နှစ်ထွေကို ဟော၏ဟူ၍ ဖွင့်ဆိုထားသော စကားရပ်ကို ခိုင်မြဲစေတတ်သော အကိုးသာဓက အာဂုမ်ပါဠိတို့ကို ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော ဝိရောဓိဒေါသသည် ငါဆရာအား မရောက်၊ ကင်းစင်လွင့်ပျောက်၏ ဟူလိုသော(ဝ်)။

သတိ။ ထူးဆန်း၍ကား၊ နှစ်ဆူပြား၍၊ လှုပ်ရှား မခိုင်၊ ရှေ့နက်ယိုင်၊ မြဲခိုင် ဒဋ္ဌီခင်း။

## ယုတ္တိဒဋ္ဌီကရဏဝါကျ နမူနာကျမ်းတက်နည်းများ

### ပုံစံ(၁)

(က) ထေရော ဟိ အာယသ္မန္တေ အာနန္ဒေ အတိဝိယ ဝိဿတ္ထော အဟောသိ။

(ခ) တထာ ဟိ နံ သိရသ္မိံ ပလိတေသု ဇာတေသုပိ "နဝါယံ ကုမာရကော မတ္တမညာသီ"တိ ကုမာရကဝါဒေန ဩဝဒတိ။ (သီ၊ ဌ၊ နှာ–၅)

### (ခ)ဝါကျသို့ ဒေါသာရောပန စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "အရှင်မဟာကဿပထေရ်သည် အရှင်အာနန္ဒာ၌ အလွန်အမင်း အကျွမ်းဝင်တော်မူ၏"ဟု ပြဆိုတော်မူ၏။ (ထပနာ)

ယင်းသို့ဆိုသော ဆရာ့စကားသည် အသင့်ယုတ္တိနှင့် ကင်း၍ မသင့်တန်ရာသည် မဟုတ်ပါလော။ (အာဘော်)

ဆရာ့စကားကို ခိုင်မြဲစေတတ်သော အသင့်ယုတ္တိကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဆရာ့စကားကို ခိုင်မြဲစေတတ်သော အသင့်ယုတ္တိကို မပြဆိုချေသော် ဆရာ့အား ဒဋ္ဌီယ+ဒဋ္ဌီကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "အရှင်မဟာကဿပထေရ်သည် အရှင်အာနန္ဒာ၌ အလွန်အမင်း အကျွမ်းဝင်၏"ဟု ဆိုသော စကား၌ အသင့်ယုတ္တိကို ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော ဝိရောဓိဒေါသသည် ငါဆရာအား မရောက်၊ ကင်းစင်လွင့်ပျောက်၏ ဟူလိုသော(ဝ်)။

သတိ။ တထာ ဟိမှာ၊ ဉာပကာ၊ ရံခါ ချဲ့မြဲ ဖွဲ့။

### ပုံစံ(၂)

(က) ကွဒံ ဝုတ္တံ ဟောတိ "ယဒါ ဘဂဝါ တံ အဒ္ဒါနမဂ္ဂံ ပဋိပန္နော၊ တဒါ သုပ္ပိယောပိ ပရိဗ္ဗာဇကော ပဋိပန္နော အဟောသိ"တိ။

(ခ) အတီတကာလတ္ထော ဟေတ္ထ ဓာတုသဒ္ဒေါ။ (သီ၊ ဌ၊ နှာ–၃၆)

### (ခ)ဝါကျသို့ ဒေါသာရောပန စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျ၌ "အဟောသိ"ဟု အတိတ်ကာလ ကြိယာဖြင့် ပြဆိုတော်မူ၏။ (ထပနာ)

သံဝဏ္ဏေတဗ္ဗ ပါဠိတော်၌ "ဟောတိ"ဟု ပစ္စုပ္ပန်ကာလ ကြိယာနှင့်သာ ရှိသည်မဟုတ်လော။ (အာဘော်)

"အဟောသိ"ဟု အတိတ်ကာလ ကြိယာဖြင့် ပြဆိုသော ဆရာ့စကားသည် အသို့လျှင် သင့်နိုင်ပါမည်နည်း။ (ပုစ္ဆာ)

ttp://www.dhammadownload.com



ဆရာ့စကားကို ခိုင်မြဲစေတတ်သော အသင့်ယုတ္တိကို မပြဆိုချေသော် ဆရာ့အား ဒဋ္ဌိယ+ဒဋ္ဌိကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိဝါကျ၀ယ် ဟောတိ၌ တိဝိဘတ်သည် အတိတ်ကာလအနက်၌ သက်၏"ဟူသော အသင့်ယုတ္တိကို ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော ဝိရောဓိဒေါသသည် ငါဆရာအား မရောက်၊ ကင်းစင်လွှင့်ပျောက်၏ ဟူလိုသော(ဝ်)။

သတိ။ ထူးဆန်း၍ကား၊ နှစ်ဆူပြား၍၊ လှုပ်ရှားမခိုင်၊ ရှေ့နက်ယိုင်၊ မြဲခိုင် ဒဋ္ဌိခင်း။

## ပုံစံ(၃)

(က) အသညီဝါဒေါ သညီဝါဒေ အာဒိမှိ ဝုတ္တာနံ ဒွိန္နံ စတုက္ကာနံ ဝသေန ဝေဒိတဗ္ဗော။ တထာ နေဝသညီ–နာသညီဝါဒေါ။

(ခ) ကေဝလဉှိ တတ္ထ "သညီ အတ္တာ"တိ ဂဏှန္တာနံ တာ ဒိဋ္ဌိယော၊ ဣဓ "**အသညီ**"တိ စ "**နေဝသညီနာသညီ**"တိ စ။ (သီ၊ ဋ၊ နှာ–၁၁၀)

## (ခ)ဝါကျသို့ ဒေါသာရောပန စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "အသညီဝါဒကို သညီဝါဒ အစ၌ ဆိုအပ်ခဲ့ပြီးကုန်သော စတုက္ကနှစ်ပါးတို့၏ အစွမ်းဖြင့် သိအပ်၏၊ နေဝသညီနာသညီဝါဒကိုလည်း ထို့အတူ သိအပ်၏"ဟု ပြဆိုတော်မူ၏။ (ထပနာ)

ယင်းသို့ဆိုသော် အသညီဝါဒနှင့် နေဝသညီနာသညီဝါဒ နှစ်ခုတို့သည် တစ်စုံတစ်ခု ထူးခြားမှု ရှိနေပါက ယုတ္တိနှင့်ကင်း၍ မသင့်တန်ရာသည် မဟုတ်ပါလော။ (အာဘော်)

ဆရာ့စကားကို ခိုင်မြဲစေတတ်သော အသင့်ယုတ္တိကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဆရာ့စကားကို ခိုင်မြဲစေတတ်သော အသင့်ယုတ္တိကို မပြဆိုချေသော် ဆရာ့အား ဒဋ္ဌိယ+ဒဋ္ဌိကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် အသညီဝါဒနှင့် နေဝသညီနာသညီဝါဒ နှစ်ခုတို့၏ ထူးခြားမှု၌ အသင့်ယုတ္တိကို ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော ဝိရောဓိဒေါသသည် ငါဆရာအား မရောက်၊ ကင်းစင်လွှင့်ပျောက်၏ ဟူလိုသော(ဝ်)။

## (တစ်နည်း)

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "အသညီဝါဒကို သညီဝါဒ အစ၌ ဆိုအပ်ခဲ့ပြီးကုန်သော စတုက္ကနှစ်ပါးတို့၏ အစွမ်းဖြင့် သိအပ်၏၊ နေဝသညီနာသညီဝါဒကိုလည်း ထို့အတူ သိအပ်၏"ဟု ပြဆိုတော်မူ၏။ (ထပနာ)

ယင်းသို့ဆိုသော် အသညီဝါဒနှင့် နေဝသညီနာသညီဝါဒ နှစ်ခုတို့သည် အနည်းငယ်မျှ အထူးမရှိ၊ တစ်ထပ်တည်း တူညီ၏ဟု မှတ်ရပါမည်လော။ (အာဘော်)

ယင်းဝါဒနှစ်ခုတို့၏ အထူးကို အဘယ်သို့ မှတ်သားရပါမည်နည်း။ (ပုစ္ဆာ)

ttp://www.dhammadownload.com



ယင်းဝါဒနှစ်ခုတို့၏ အထူးကို မပြဆိုချေသော် ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် ဝါဒနှစ်ခုတို့၏ အထူးကို ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော အတိဗျာပိတဒေါသသည် ငါဆရာအား မရောက်၊ ကင်းစင်လွင့်ပျောက်၏ ဟူလိုသော(ဝ်)။

အမှာ။ ဖော်ပြခဲ့သော ပုံစံ၌ ကျမ်းတက်နည်းကို နှစ်နည်း ပြထားပါ၏။ ပဌမနည်းသည် ယုတ္တိဒဋ္ဌိကရဏဝါကျ ထုံးစံအတိုင်း တက်ခြင်းဖြစ်၏။ ဒုတိယနည်းသည် "ကေဝလံ ဟိ၊ နိပါတ်ရှိ၊ အတိဗျာပိ စင်"ဟူသော ရှေးဆရာတို့၏ ဒေါသပယ်နည်း နိယံကို ရှု၍ တက်ခြင်းဖြစ်၏။ "ကေဝလဥ္စ" အစရှိသည်ဖြင့် ချီတက်လာသော ဝါကျမျိုး၌ ကျမ်းတက်နည်းကို နှစ်နည်း တက်၍ ရသည်။

### ပုံစံ(၄)

(က) ဉပရိ ဝါရဒွယေပိ ဧသေဝ နယော။

(ခ) ကေဝလဉ္စ အယံ ဝါရော အနေကဓာတိသတသဟဿာနုဿရဏဝသေန ဝုတ္တော။ ဣတရေ ဒသစတ္တာလီသ သံဝဋ္ဋဝိဝဋ္ဋကပ္ပါနုဿရဏဝသေန။ (သီ၊ ဋ၊ နှာ–၉၈)

### (ခ)ဝါကျသို့ ဒေါသာရောပန စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "အထက်ဖြစ်သော ဒုတိယဝါရ, တတိယဝါရ ဝါရနှစ်ပါး အပေါင်း၌လည်း ဤနည်းကိုပင် သိအပ်၏"ဟု ပြဆိုတော်မူ၏။ (ထပနာ)

ယင်းသို့ဆိုသော် ထိုဝါရနှစ်ခုသည် အနည်းငယ်မျှ အထူးမရှိ၊ တစ်ထပ်တည်း တူညီ၏ဟု မှတ်ရပါမည်လော။ (အာဘော်)

အဘယ်သို့ မှတ်သားရပါမည်နည်း။ (ပုစ္ဆာ)

ဝါရနှစ်ခုတို့၏ အထူးကို မပြဆိုချေသော် ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်လေရာ၏။ (ဒေါသ)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် ဝါရနှစ်ခုတို့၏ အထူးကို ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော အတိဗျာပိတဒေါသသည် ငါဆရာအား မရောက်၊ ကင်းစင်လွင့်ပျောက်၏ ဟူလိုသော(ဝ်)။

သတိ။ ဧဝ ကေဝလံ၊ နှစ်တန် ကပ်ရှိ၊ နိပါတ် ဟိ၊ ယုတ္တိဒဋ္ဌိ များသတည်း။

### ကာရဏဝါကျ နမူနာကျမ်းတက်နည်းများ

### ပုံစံ(၁)

(က) **သမ္ဗဝါရိဝါရိတော စာတိ** ဝါရိတသမ္ဗဥဒကော၊ ပဋိက္ခိတ္တသဗ္ဗသီတောဒကောတိ အတ္တော။

(ခ) သော ကိရ သီတောဒကေ သတ္တသညီ ဟောတိ၊ တသ္မာ န တံ ဝဠဉ္ဇေတိ။ (သီ၊ ဋ၊ နှာ–၁၅၁)

ttp://www.dhammadownload.com



## (ခ)ဝါကျသို့ ဒေါသာရောပန စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "နာဠပုတ္တသည် ပယ်မြစ်အပ်ပြီးသော အလုံးစုံသော ရေအေးရှိ၏ (ဝါ) အလုံးစုံသော ရေအေးကို မသုံးဆောင်"ဟု ပြဆိုတော်မူ၏။ (ထပနာ)

ရေအေးသည် သက်မဲ့အရာဝတ္ထု ဖြစ်၍ သုံးဆောင်သင့်သည် မဟုတ်ပါလော။ (အာဘော်)

ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် နာဠပုတ္တသည် ရေအေးကို မသုံးဆောင်ရပါသနည်း။ (ပုစ္ဆာ)

ရေအေးကို မသုံးဆောင်ရခြင်း၏ အကြောင်းကို မပြဆိုချေသော် ဆရာ့အား ဖလ+ကာရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောခနော်တော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "နာဠပုတ္တသည် ရေအေး၌ သတ္တဝါဟု အမှတ်ရှိသောကြောင့် ရေအေးကို မသုံးဆောင်"ဟူသော အကြောင်းကို ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော ဝိရောဓိဒေါသသည် ငါဆရာအား မရောက်၊ ကင်းစင်လွင့်ပျောက်၏ ဟူလိုသော(ဝ်)။

### ပုံစံ(၂)

(က) **ဘဂဝန္တံ သရဏံ ဂစ္ဆာမီ**တိ ဘဂဝါ မေ သရဏံ ပရာယနံ အဃဿ တာတာ, ဟိတဿ စ ဝိဓာတာတိ ဣမိနာ အဓိပ္ပါယေန ဘဂဝန္တံ ဂစ္ဆာမိ ဘဇာမိ သေဝါမိ ပယိရုပါသာမိ။

(ခ) ဧဝံ ဝါ ဇာနာမိ ဗုဇ္ဈာမီတိ။

(ဂ) ယေသဉ္ဟိ ဓာတူနံ ဂတိအတ္ထော၊ ဗုဒ္ဓိပိ တေသံ အတ္ထော။ (သီ၊ ဋ၊ နှာ-၂၀၅)

## (ဂ)ဝါကျသို့ ဒေါသာရောပန စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)အမှတ်ပြဝါကျဖြင့် ဂစ္ဆာမိကို ဇာနာမိ ဗုဇ္ဈာမိဟု ဖွင့်ပြတော်မူ၏။ (ထပနာ)

ဂစ္ဆာမိ၌ ဂတိအနက်ရှိသော ဂမုဓာတ်ကို ဇာနာမိ ဗုဇ္ဈာမိဟူ၍ ဖွင့်ဆိုခြင်းသည် အသို့ သင့်နိုင်ပါမည်နည်း။ (ပုစ္ဆာ)

ဂစ္ဆာမိ၌ ဂတိအနက်ရှိသော ဂမုဓာတ်ကို ဇာနာမိ ဗုဇ္ဈာမိဟူ၍ ဖွင့်ဆိုနိုင်ခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာဘော်)

ယင်းသို့ ဖွင့်ဆိုနိုင်ခြင်း၏ အကြောင်းကို မပြဆိုချေသော် ဆရာ့အား ဖလ+ကာရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောခနော်တော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ဂ)အမှတ်ပြဝါကျဖြင့် "ဂတိအနက်ရှိသော ဓာတ်မှန်သမျှ ဗုဒ္ဓိအနက် ဟောနိုင်သောကြောင့်" ဂစ္ဆာမိ၌ ဂတိအနက်ရှိသော ဂမုဓာတ်ကို ဇာနာမိ ဗုဇ္ဈာမိဟု ဖွင့်ဆိုနိုင်ပါ၏ဟူသော အကြောင်းကို ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော ဝိရောဓိဒေါသသည် ငါဆရာအား မရောက်၊ ကင်းစင်လွင့်ပျောက်၏ ဟူလိုသော(ဝ်)။

အမှာ။ (ဂ)အမှတ်ပြဝါကျကို ယုတ္တိဒဋ္ဌီကရဏဝါကျ ယူ၍လည်း တက်နိုင်ပါသေး၏။

ttp://www.dhammadownload.com



## ဖလဝါကျ နမူနာကျမ်းတက်နည်း

**ပုံစံ**

(က) **ဥဇုံ ကာယံ ပဏိဓာယာ**တိ ဥပရိမံ သရီရံ ဥဇုံ ဌပေတွာ အဋ္ဌာရသ ပိဋ္ဌိကဏ္ဍကေ ကောဋိယာ ကောဋိံ ပဋိပါဒေတွာ။

(ခ) ဧဝဉှိ နိသိန္နဿ စမ္မမံသနှာရူနိ န ပဏမန္တိ။ (သီ၊ ဋ၊ နှာ–၁၈၈)

### (ခ)ဝါကျသို့ သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "၁၈–ချောင်းကုန်သော ကျောက်ဆူးရိုးတို့ကို အစွန်းတစ်ခုဖြင့် အစွန်းတစ်ခုကို ရှေ့ရှုထိစေ၍ ထိုင်ခြင်းသည် ဥဇုံ ကာယံ ပဏိဓာယ မည်၏"ဟု ပြဆိုတော်မူ၏။ (ထပနာ)

ယင်းသို့ ထိုင်ခြင်းဖြင့် အဘယ်သို့သော အကျိုးပယောဇဉ်ကို ရရှိပါသနည်း။ (ပုစ္ဆာ)

တစ်စုံတစ်ခု ရရှိအပ်သော အကျိုးပယောဇဉ် မရှိတော့ပြီလော။ (အာဘောဂ်)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "ယင်းသို့ ထိုင်သော ရဟန်း၏ အရေ, အသား, အကြောတို့သည် အောက်သို့ မညွတ်ခြင်း"ဟူသော အကျိုးပယောဇဉ်ကို ရ၏ဟု ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

## လဒ္ဓဂုဏဝါကျ နမူနာကျမ်းတက်နည်းများ

**ပုံစံ(၁)**

(က) ဧဝံ နိသိန္နော ပန ဓာနန္တောယေဝ ကထာသမုဋ္ဌာပနတ္ထံ ဘိက္ခူ ပုစ္ဆိ။

(ခ) တေ စဿ သဗ္ဗံ ကထယိံသု။

(ဂ) တေန ဝုတ္တံ "**နိသဇ္ဇ ခေါ ဘဂဝါ**"တိအာဒိ။ (သီ၊ ဋ၊ နှာ–၄၉)

### (ဂ)ဝါကျသို့ ရိုးရိုး သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က+ခ)အမှတ်ပြဝါကျတို့ဖြင့် "မြတ်စွာဘုရားသည် သိတော်မူလျက် သာလျှင် စကားကို ဖြစ်စေခြင်း အကျိုးငှာ ရဟန်းတို့ကို မေးတော်မူ၏၊ ရဟန်းတို့သည်လည်း အကြောင်းအရာ အလုံးစုံကို မြတ်စွာဘုရားအား လျှောက်တင်ကြကုန်ပြီ"ဟု ပြဆိုတော်မူ၏။ (ထပနာ)

ယင်းသို့ အမေးအဖြေ ပြုလုပ်သဖြင့် အဘယ်သို့သော အကျိုးဂုဏ်ကို ရအပ်ပါသနည်း။ (ပုစ္ဆာ)

တစ်စုံတစ်ခုသော အကျိုးဂုဏ်ကို မရဟု မှတ်ရမည်လော။ (အာဘောဂ်)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ဂ)အမှတ်ပြဝါကျဖြင့် "မြတ်စွာဘုရား ထိုင်တော်မူခြင်း"အစရှိသော မြောက်များစွာသော အကျိုးဂုဏ်တို့ကို ရ၏ဟု ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

သတိ။ တေန ဝုတ္တံ၊ တည်ပါဌ် ပြန်ပြ၊ ထားကုန်ကြမူ၊ လဒ္ဓဂုဏ၊ ဆိုကုန်ကြ၏၊ နိဂုံးထင်လှ၊ နော တက္က။

သတိ။ တည်ပါဌ် မပြန်၊ ကြောင်း,ကျိုး ဆန်က၊ လဒ္ဓဂုဏ်လှမ်း၊ လက်ရုံးတန်း။

ttp://www.dhammadownload.com



### ပုံစံ(၂)

အတ္ထိ ဘိက္ခဝေ အညေ၀ ဓမ္မာ။ (ပါဠိတော်)

(က) ဣမေ ပန ဂုဏေ ဝတ္တတိ။

(ခ) တသ္မာ အတ္ထိ ဘိက္ခဝေ အညေ၀ တထာဂတဿ ဂုဏာတိ ဧဝမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။ (သီ၊ ဋ၊ နှာ-၉၃)

### (ခ)ဝါကျသို့ ရိုးရိုး သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် အတ္ထိ ဘိက္ခဝေ အညေ၀ ဓမ္မာ ဟူသော ဤပါဠ်၌ "ဓမ္မသဒ္ဒါသည် ဂုဏအနက်၌ ဖြစ်၏"ဟု ပြဆိုတော်မူ၏။ (ထပနာ)

ယင်းသို့ ဆိုသဖြင့် အဘယ်သို့သော အကျိုးဂုဏ်ကို ရအပ်ပါသနည်း။ (ပုစ္ဆာ)

တစ်စုံတစ်ခုသော အကျိုးဂုဏ်ကို မရဟု မှတ်ရမည်လော။ (အာဘော်)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် အတ္ထိ ဘိက္ခဝေ အညေ၀ ဓမ္မာ ဟူသော ဤပါဠ်၌ ဓမ္မာ ပုဒ်ကို "ဓမ္မာ ဂုဏာ - ဂုဏ်ကျေးဇူးတရားတို့သည်ဟု အနက်ယောဇနာရမည်"ဟူသော ရအပ်သည့် အကျိုးဂုဏ်ကို ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

သတိ။ တသ္မာ အတ္ထော၊ ဒဋ္ဌဗ္ဗော၊ မှတ်လော လဒ္ဒဂုဏ်။

### ပုံစံ(၃)

အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ။ (ပါဠိတော်)

(က) "အပိ စာယံ ဘိက္ခဝေ တပေါဒါ ဒွိန္နံ မဟာနိရယာနံ အန္တရိကာယ အာဂစ္ဆတိ"တိအာဒီသု ဝိဝရေ။

(ခ) သွာယမိဓ ဝိဝရေ ဝတ္တတိ။

(ဂ) တသ္မာ ရာဇဂဟဿ စ နာဠန္ဒာယ စ ဝိဝရေတိ ဧဝမေတ္ထတ္ထော ဝေဒိတဗ္ဗော။ (သီ၊ ဋ၊ နှာ-၃၅)

### (ဂ)ဝါကျသို့ ဒေါသာရောပန စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)အမှတ်ပြဝါကျဖြင့် "အန္တရာ စ ရာဇဂဟံ စသော ပါဠ်၌ အန္တရာ သဒ္ဒါသည် ဝိဝရအနက်၌ ဖြစ်၏"ဟု ပြဆိုတော်မူ၏။ (ထပနာ)

ယင်းသို့ဆိုသဖြင့် အဘယ်သို့သော အကျိုးဂုဏ်ကို ရအပ်ပါသနည်း။ (ပုစ္ဆာ)

ရအပ်သော အကျိုးဂုဏ်ကို ဆရာ ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာဘော်)

ရအပ်သော အကျိုးဂုဏ်ကို မပြဆိုချေသော် ဆရာ့အား နိရုတ္တကဒေါသ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ဂ)အမှတ်ပြဝါကျဖြင့် အန္တရာ စ ရာဇဂဟံ စသော ပါဠ်၌ အန္တရာသဒ္ဒါသည် ဝိဝရအနက်၌ ဖြစ်ခြင်းကြောင့် "ရာဇဂဟံ ပုဒ်နှင့် နာဠန္ဒံ ပုဒ်တို့၌ ရှိသော ဒုတိယာဝိဘတ်ကို ဆဋ္ဌီအနက် သိအပ်၏"ဟူသော ရအပ်သည့် အကျိုးဂုဏ်ကို ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော နိရုတ္တကဒေါသသည် ငါဆရာအား မရောက်၊ ကင်းစင်လွှင့်ပျောက်၏ ဟူလိုသော(ဝ်)။

သတိ။ တသ္မာ အတ္ထော၊ ဒဋ္ဌဗ္ဗော၊ မှတ်လော လဒ္ဒဂုဏ်။

ttp://www.dhammadownload.com



## လဒ္ဓဒေါသဝါကျ နမူနာကျမ်းတက်နည်း

**ပုံစံ**

(က) ဤဒိသေသု စ ဌာနေသု အက္ခရစိန္တကာ "အန္တရာ ဂါမဥ္စ နဒိဥ္စ ယာတိ"တိ ဧဝံ ဧကမေဝ အန္တရာသဒ္ဒံ ပယုဉ္ဇန္တိ။

(ခ) သော ဒုတိယပဒေနပိ ယောဇေတဗ္ဗော ဟောတိ။

(ဂ) အယောဇိယမာနေ ဥပယောဂဝစနံ န ပါပုဏာတိ။ (သီ၊ ဋ္ဌ၊ နှာ-၃၅)

**(ဂ)ဝါကျသို့ ရိုးရိုး သာဘောဂ ပုစ္ဆာတက်**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)အမှတ်ပြဝါကျဖြင့် "အန္တရာသဒ္ဒါကို နဒီဟူသော ဒုတိယပုဒ်နှင့်လည်း ယှဉ်အပ်၏"ဟု ပြဆိုတော်မူ၏။ (ထပနာ)

အန္တရာသဒ္ဒါကို နဒီဟူသော ဒုတိယပုဒ်နှင့် မယှဉ်စေသည်ရှိသော် အဘယ်သို့သော အပြစ်ကို ရအပ်ပါသနည်း။ (ပုစ္ဆာ)

ရအပ်သော အပြစ်ကို မပြတော့ပြီလော။ (အာဘော်)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ဂ)အမှတ်ပြဝါကျဖြင့် "အန္တရာသဒ္ဒါကို နဒီဟူသော ဒုတိယပုဒ်နှင့် မယှဉ်စေအပ်သည်ရှိသော် နဒီဟူသော ပုဒ်၌ ဒုတိယာဝိဘတ် မသက်နိုင်"ဟူသော အပြစ်ကို ရ၏ဟု ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

## ပက္ခန္တရဝါကျ နမူနာကျမ်းတက်နည်းများ

**ပုံစံ(၁)**

(က) ယသ္မာ အဂါရဿ ဟိတံ ကသိဝါဏိဇ္ဇာဒိကမ္မံ **အဂါရိယန္တိ** ဝုစ္စတိ၊ တဉ္စ ပဗ္ဗဇ္ဇာယ နတ္ထိ၊ တသ္မာ ပဗ္ဗဇ္ဇာ အနဂါရိယာတိ ဉာတဗ္ဗာ၊ တံ **အနဂါရိယံ**။

(ခ) **ပဗ္ဗဇေယျန္တိ** ပဋိပဇ္ဇေယျံ။ (သီ၊ ဋ္ဌ၊ နှာ-၁၆၃)

**(ခ)ဝါကျသို့ သာဘောဂပုစ္ဆာတက်**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် အနဂါရိယံပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြဆိုတော်မူ၏။ (ထပနာ)

အနဂါရိယံပုဒ်၏ အဖွင့်သံဝဏ္ဏနာကိုသာ ဆရာ ပြဆိုပါသလော။ (အာဘော်)

ပဗ္ဗဇေယျံပုဒ်၏ အဖွင့်သံဝဏ္ဏနာကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် ပဗ္ဗဇေယျံပုဒ်၏ အဖွင့်သံဝဏ္ဏနာကိုလည်း ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

အမှာ။ ပက္ခန္တရဝါကျ၌ ဝေအနက်ဟော "သာ"သဒ္ဒါဖြင့် ကန့်၍ အာဘော်ဆင်ပါ။

နိယံ။ ပက္ခန္တရ၊ ယင်းဝါကျ၊ ဝေ အာဘော်ဆင်။

ttp://www.dhammadownload.com



ပုံစံ(၂)

(က) ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော "ဝိနယော"တိ အက္ခာတော။

(ခ) ဝိဝိဓာ ဟိ ဧတ္ထ ပဉ္စဝိဓပါတိမောက္ခုဒ္ဒေသပါရာဇိကာဒိသတ္တအာပတ္တိက္ခန္ဓမာတိကာ ဝိဘင်္ဂါဒိပ္ပဘေဒါ နယာ။

(ဂ) ဝိသေသဘူတာ စ ဒဠှီကမ္မသိထိလကရဏပ္ပယောဇနာ အနုပညတ္တိနယာ။ (သီ၊ ၄၊ နှာ-၁၇)

(ဂ)ဝါကျသို့ သာဘောဂပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)အမှတ်ပြဝါကျဖြင့် ဝိဝိဓနယတ္တာ ဟူသော ဟိတ်ပုဒ်၏ အကျယ်ကို ပြဆိုတော်မူ၏။ (ထပနာ)

ဝိဝိဓနယတ္တာ ဟူသော ဟိတ်ပုဒ်၏ အကျယ်ကိုသာ ဆရာ ပြဆိုပါသလော။ (အာဘော်)

ဝိသေသနယတ္တာ ဟူသော ဟိတ်ပုဒ်၏ အကျယ်ကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ဂ)အမှတ်ပြဝါကျဖြင့် ဝိသေသနယတ္တာ ဟူသော ဟိတ်ပုဒ်၏ အကျယ်ကိုလည်း ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

သတိ။ ပေါင်းပြီး စိတ်ပြ၊ နောက်ဝါကျ၊ ယူကြ ပက္ခန္တာ။

ပုံစံ(၃)

(က) တတ္ထ ကိဉ္စာပိ ဧတေသံ ဘဂဝတော ဝစနသဝနေ ပရိယန္တံ နာမ နတ္ထိ၊ တထာပိ အတ္တော တာဒိသောယေဝ ဘဝိဿတီတိ စိန္တေတွာ ဥပရိ ဝိသေသံ ပုစ္ဆန္တော "ဧဝမေဝ"တိ အဝတွာ **"အဘိက္ကန္တတရန္တေ ပဏီတတရန္တာ"**တိ အာဟ။

(ခ) တတ္ထ **အဘိက္ကန္တတရန္တိ** အဘိမနာပတရံ၊ အတိသေဋ္ဌတရန္တိ အတ္တော။ (သီ၊ ၄၊ နှာ-၁၅၄)

(ခ)ဝါကျသို့ ရိုးရိုး သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "အဘိက္ကန္တတရန္တေ ပဏီတတရန္တေ"ဟူသော ပါဠိတော်၏ အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထကို ပြဆိုတော်မူ၏။ (ထပနာ)

"အဘိက္ကန္တတရန္တေ ပဏီတတရန္တေ"ဟူသော ပါဠိတော်၏ အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထကိုသာ ဆရာ ပြဆိုပါသလော။ (အာဘော်)

အဘိက္ကန္တတရန္တေ ဟူသော ပါဠိတော်၏ အဝယဝတ္ထကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် အဘိက္ကန္တတရန္တေ ဟူသော ပါဠိတော်၏ အဝယဝတ္ထကိုလည်း ငါဆရာ ပြဆို၏ဟူလိုသော(ဝ်)။

သတိ။ ပေါင်းပြီး စိတ်ပြ၊ နောက်ဝါကျ၊ ယူကြ ပက္ခန္တာ။

ပုံစံ(၄)

(က) ဝန္ဒိတွာ ဧတေနာတိ ဝါဓေါ။

(ခ) ဒိဋ္ဌိဂတသေတံ အဓိဝစနံ။ (သီ၊ ၄၊ နှာ-၉၇)

ttp://www.dhammadownload.com



## (ခ)ဝါကျသို့ ရိုးရိုး သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် ဝါဒပုဒ်ကို "ဝဒန္တိ ဧတေနာတိ ဝါဒေါ"ဟူ၍ ကရဏသာဓန ဝစနတ္ထပြုရမည်ဟု အဘိဓာနတ္ထ သံဝဏ္ဏနာကို ပြဆိုတော်မူ၏။ (ထပနာ)

ထိုဝါဒပုဒ်၌ အဘိဓာနတ္ထ သံဝဏ္ဏနာကိုသာ ဆရာ ပြဆိုပါသလော။ (အာဘော်)

ဝါဒပုဒ်၏ အဘိဓေယျတ္ထ သံဝဏ္ဏနာကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် ဝါဒပုဒ်၏ အဘိဓေယျတ္ထကား "ဒိဋ္ဌိ ဖြစ်၏"ဟု အဘိဓေယျတ္ထ သံဝဏ္ဏနာကိုလည်း ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

အမှာ။ (က)အမှတ်ပြဝါကျ၌ ဝါဒပုဒ်၏ ဝစနတ္ထ, အဘိဓာနတ္ထကို ပြပြီး၍ (ခ)အမှတ်ပြဝါကျ၌ အရကောက် အဘိဓေယျတ္ထကို ပြသောကြောင့် (ခ)အမှတ်ပြဝါကျကို ပက္ခန္တရဝါကျဟု ကြံ၏။ (ခ)အမှတ်ပြဝါကျကို အဘိဓာနတ္ထကို ပြပြီးသည့်နောက် ဝါဒပုဒ်၏ အရကောက် အဘိဓေယျတ္ထကို တစ်ဖန်ဆက်ပြသောကြောင့် ဝါကျာရမ္ဘ ဝါကျဟု ကြံ၍ ကျမ်းတက်လျှင်လည်း ရသေး၏။ ဝါကျာရမ္ဘဝါကျ ကြံ၍ ကျမ်းတက်နည်းကို ဝါကျာရမ္ဘဝါကျ နမူနာ ကျမ်းတက်နည်း၌ ရှုပါ။

သတိ။ အဘိဓေယျတ္ထ၊ ပြတုံက၊ ဝါကျ အာရမ္ဘာ၊ ပက္ခန္တရ လည်း၊ အထ ဝါ။

## မှတ်သားဘွယ်ရာ ပက္ခန္တရ ကျမ်းတက်နည်းတစ်မျိုး

### ပုံစံ

(က) **ကပ္ပကာတိ** နှာပိကာ။

(ခ) **နှာပကာတိ** ယေ နှာပေန္တိ။ (သီ၊ ဋ္ဌ၊ နှာ-၁၄၃)

ယင်းဝါကျတို့တွင် (က)အမှတ်ပြဝါကျကို ရိုးရိုးသာဘောဂ ပုစ္ဆာတက်ခဲ့ပါဟု မေးသော် (က)အမှတ်ပြဝါကျ၏ ရှေ့၌ရှိသော ဝါကျကို သိသော် လွယ်ကူစွာ ကျမ်းတက်နိုင်၏။ (က)အမှတ်ပြဝါကျ၏ ရှေ့၌ရှိသော ဝါကျကို မသိခဲ့သော် မဖြေဘဲ ချန်ထားမည့်အစား အောက်ပါအတိုင်း ကျမ်းတက်ခဲ့သော် အထိုက်အလျောက် အမှတ် ရနိုင်ပါ၏။

## (က)ဝါကျသို့ သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် ရှေးရှေးသော သံဝဏ္ဏနာတို့ဖြင့် ရှေးရှေးသော သံဝဏ္ဏေတဗ္ဗ ပုဒ်တို့၏ အဖွင့်ကို ပြဆိုတော်မူ၏။ (ထပနာ)

ရှေးရှေးသော သံဝဏ္ဏေတဗ္ဗပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာကိုသာ ဆရာ ပြဆိုပါသလော။ (အာဘော်)

ကပ္ပကာဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (က)အမှတ်ပြ ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (က)အမှတ်ပြဝါကျဖြင့် ကပ္ပကာဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကိုလည်း ငါဆရာ ပြဆို၏ဟူလိုသော(ဝ်)။

အမှာ။ (က)အမှတ်ပြ **ကပ္ပကာတိ** နှာပိကာ ဝါကျ၏ ရှေ့၌ **အာဠာရိကာတိ** ပူဝိကာ ဝါကျရှိ၏။ အာဠာရိကာတိ ပူဝိကာ ဝါကျကို (က)အမှတ်ပြ ဝါကျ၏ ရှေ့၌ရှိကြောင်း အတိအကျသိသော် ယင်းအာဠာရိကာတိ ပူဝိကာ ဝါကျကို ထပနာထားပါ။ ဝေသဒ္ဒါဖြင့် အာဘော်ဆင်၍ ပက္ခ+ပက္ခန္တရဝါကျ ပုံသေတက်နည်းအတိုင်း တက်ရုံသာတည်း။

ttp://www.dhammadownload.com



### ဝါကျာရမ္ဘဝါကျ နမူနာကျမ်းတက်နည်းများ
### ပုံစံ(၁)

(က) ဝဒန္တိ ဧတေနာတိ ဝါဒေါ။

(ခ) ဒိဋ္ဌိဂတသောတံ အဓိဝစနံ။ (သီ၊ ဋ၊ နှာ–၉၇)

### (ခ)ဝါကျသို့ ရိုးရိုး သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် ဝါဒပုဒ်ကို "ဝဒန္တိ ဧတေနာတိ ဝါဒေါ"ဟူ၍ ကရဏသာဓနေ ဝစနတ္ထပြုရမည်ဟု အဘိဓာနတ္ထ သံဝဏ္ဏနာကို ပြဆိုတော်မူ၏။ (ထပနာ)

ယင်းဝါဒပုဒ်၏ အရကောက် အဘိဓေယျတ္ထ သံဝဏ္ဏနာကို ဆက်၍ မပြတော့ပြီလော။ (အာဘော်)

(တစ်နည်း:) ယင်းဝါဒပုဒ်၏ အရကို မုသာဝါဒ စသည်၌ ပါသော ဝါဒပုဒ်ကဲ့သို့ စေတနာကိုပင် အရကောက်ရမည်လော။ (အာဘော်)

ယင်းဝါဒပုဒ်၏ အရကောက် အဘိဓေယျတ္ထကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် ဤနေရာ၌ ဝါဒပုဒ်၏ အဘိဓေယျတ္ထကား "ဒိဋ္ဌိဖြစ်၏"ဟု အဘိဓေယျတ္ထ သံဝဏ္ဏနာကိုလည်း ငါဆရာသည် တစ်ဖန်ဆက်လက် အားထုတ်ပြဆိုအပ်၏ ဟူလိုသော(ဝ်)။

အမှာ။ အာဘော်ကို နှစ်နည်း ပြရာ၌ ပဌမအာဘော်သည် သာမညအာဘော်၊ ဒုတိယအာဘော်သည် လျှဉ်းပါး အာဘော် ဖြစ်၏။

### ပုံစံ(၂)

(က) တဿ ကိရ ဒွါရသမီပေ တရဏအမ္ဗရုက္ခော အတ္ထိ၊ တံ "အမ္ဗလဋ္ဌိကာ"တိ ဝဒန္တိ။ တဿ အဝိဒူရေ ဘဝတ္တာ ဥယျာနမ္ပိ "အမ္ဗလဋ္ဌိကာ"တွေဝ သင်္ချံ ဂတံ။

(ခ) တံ ဆာယူဒကသမ္ပန္နံ ပါကာရပရိက္ခိတ္တံ သုယောဇိတဒွါရံ မဉ္ဇူသာ ဝိယ သုဂုတ္တံ။ (သီ၊ ဋ၊ နှာ–၄၂)

### (ခ)ဝါကျသို့ ရိုးရိုး သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "သရက်ပင်ပျို၏ အနီး၌ ဖြစ်သောကြောင့် သမီပူပစာအားဖြင့် မင်း၏ ဥယျာဉ်သည်လည်း အမ္ဗလဋ္ဌိကာဟူ၍ ရေတွက်ခြင်းသို့ ရောက်သတည်း"ဟု ပြဆိုတော်မူ၏။ (ထပနာ)

ထိုဥယျာဉ်ကား အဘယ်သို့ သဘောရှိပါသနည်း။ (ပုစ္ဆာ)

အရိပ်နှင့် ရေများ ချို့တဲ့လျက် ခြောက်ကပ်ကပ်ဖြစ်၍ မလုံမခြုံ ရှိသည်ဟု မှတ်ရမည်လော။ (အာဘော်)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် ထိုဥယျာဉ်ကား အရိပ်နှင့် ရေများ ချို့တဲ့လျက် ခြောက်ကပ်ကပ်ဖြစ်၍ မလုံမခြုံ ရှိသော ဥယျာဉ် မဟုတ်။ အရိပ်+ရေနှင့်လည်း ပြည့်စုံ၊ တံတိုင်းအရံလည်း ရှိ၊ သေတ္တာကဲ့သို့ လုံခြုံသော တံခါးလည်း ရှိသော ဥယျာဉ် ဖြစ်၏ဟူသော အဓိပ္ပါယ်ကို ငါဆရာသည် တစ်ဖန်ဆက်လက် အားထုတ်ပြဆိုအပ်၏ ဟူလိုသော(ဝ်)။

ttp://www.dhammadownload.com



သတိ။ စောဒကတို့၊ စောဒနာချက်ကို၊ ပယ်ဖျက်လိုတွက်၊ ဤအချက်ကြောင့်၊ ဆက်၍ တစ်ဖန်၊ အားထုတ်ပြန်၊ မှတ်ရန် အာရမ္ဘာ။

နိယံ။ အမြေ ရှောင်ကွင်း၊ လျော်ရာနင်း၊ သွင်းလေ အာဘောဂ။

**ပုံစံ(၃)**

(က) ပေါရာဏာ ပန ဝဏ္ဏယန္တိ 'တသ္မိံ သမယေ'တိ ဝါ 'တေန သမယေနာ'တိ ဝါ 'ဧကံ သမယ'န္တိ ဝါ အဘိလာပမတ္တာဘေဒေါ ဧသ။

(ခ) သဗ္ဗတ္ထ ဘုမ္မမေဝတ္ထော။ (သီ၊ ဋ္ဌ၊ နှာ-၃၄)

### (ခ)ဝါကျသို့ ရိုးရိုး သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "တသ္မိံ သမယေ, တေန သမယေန, ဧကံ သမယံ ဟူသော သုံးပုဒ်တို့သည် (ဝိဘတ်ဟူသော) သဒ္ဒါမျှသာ ထူး၏"ဟု ပြဆိုတော်မူ၏။ (ထပနာ)

ယင်းသုံးပုဒ်တို့၌ ရှိသော ဝိဘတ်တို့၏ အနက်ကို ထူး၏ဟု မှတ်ရမည်လော။ (အာဘော်)

(တစ်နည်း) ယင်းသုံးပုဒ်တို့၌ ရှိသော ဝိဘတ်တို့၏ အနက်သည် ဘာဝေနဘာဝလက္ခဏ စသော အနက်တို့၌ အသီးသီး ဖြစ်ပြီး ထူး၏ဟု မှတ်ရမည်လော။ (အာဘော်)

ယင်းသုံးပုဒ်တို့၌ ရှိသော ဝိဘတ်တို့၏ အနက်ကို အဘယ်ကဲ့သို့ မှတ်ရပါမည်နည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် ယင်းသုံးပုဒ်တို့၌ ရှိသော ဝိဘတ်တို့၏ အနက်ကား မထူး၊ သတ္တမီ အနက်ချည်းသာ ယောဇနာရမည်ဟူသော အနက်အဓိပ္ပါယ်ကို ငါဆရာသည် တစ်ဖန်ဆက်လက် အားထုတ် ပြဆိုအပ်၏ ဟူလိုသော(ဝ်)။

သတိ။ မူလ ဝါကျံ၊ စကားကျန်၍၊ တစ်ဖန်မြွက်ဟ၊ ဆက်၍ပြ၊ ဝါကျ အာရမ္ဘာ။

**ပုံစံ(၄)**

မဟာတာ ဘိက္ခုသံဃေန သဒ္ဓိံ။ (ပါဠိတော်)

(က) ဘိက္ခူနံ သံဃော ဘိက္ခုသံဃော။

(ခ) တေန ဘိက္ခုသံဃေန။ (သီ၊ ဋ္ဌ၊ နှာ-၃၆)

### (ခ)ဝါကျသို့ ဒေါသာရောပန စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် ဘိက္ခုသံဃောဟု ပဌမန္တဖြင့် ဖွင့်ပြတော်မူ၏။ (ထပနာ)

ပါဠိတော်၌ ဆရာ ဖွင့်ပြသကဲ့သို့ ပဌမန္တနှင့်ပင် ရှိပါသလော။ (အာဘော်)

ပါဠိတော်၌ မည်သည့် ဝိဘတျန္တဖြင့် ရှိပါသနည်း။ (ပုစ္ဆာ)

ပါဠိတော်၌ ရှိသော ဝိဘတ်ကို မပြဆိုချေသော် ဆရာ့အား အဗျာပိတ+အပရိပုဏ္ဏ ဒေါသတို့ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

ttp://www.dhammadownload.com



အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "ပါဠိတော်၌ ဘိက္ခုသံဃေနဟူ၍ တတိယန္တဖြင့်သာ ရှိ၏"ဟု ငါဆရာသည် တစ်ဖန်ဆက်လက် အားထုတ်ပြဆိုထားရကား သင်တင်တိုင်းသော အဇ္ဈာပိတ+အပရိပုဏ္ဏ ဒေါသတို့သည် ငါဆရာအား မရောက်၊ ကင်းစင်လွှင့်ပျောက်၏ ဟူလိုသော(ဝ်)။

သတိ။ ဒန္တ သောဝနေ၊ ပြတုံက၊ ဝါကျာရမ္ဘတည်း။

အမှာ။ အချို့ဆရာတို့က ဒန္တသောဝနေ ဝါကျမျိုး၌ သံဝဏ္ဏေတဗ္ဗ+သံဝဏ္ဏနာ ဆန့်ကျင်သော ဝိရောဓိဒေါသတင်၏။

**ပုံစံ(၅)**

(က) **ကာယေန သံဝုတော**တိ ကာယေန ပိဟိတော ဟုတွာ အကုသလဿ ပဝေသနဒွါရံ ထကေတွာတိ အတ္ထော။

(ခ) ဧသေဝ နယော သေသပဒဒ္ဒယေပိ။ (သီ၊ ဋ္ဌ၊ နှာ-၁၅၂)

**(ခ)ဝါကျသို့ ရိုးရိုး သာဘော၈ ပုစ္ဆာတက်**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် ကာယေန သံဝုတော ပုဒ်၏ သဒ္ဒတ္ထ+အဓိပ္ပါယတ္ထ အဖွင့်တို့ကို ပြဆိုတော်မူ၏။ (ထပနာ)

ကာယေန သံဝုတော ပုဒ်မှ ကြွင်းသော ဝါစာယ သံဝုတော, မနသာ သံဝုတော ပုဒ်တို့၏ သဒ္ဒတ္ထ+အဓိပ္ပါယတ္ထ အဖွင့်ကို အဘယ်သို့ သိအပ်ပါသနည်း။ (ပုစ္ဆာ)

ဝါစာယ သံဝုတော, မနသာ သံဝုတော ပုဒ်တို့၏ သဒ္ဒတ္ထ+အဓိပ္ပါယတ္ထ အဖွင့်ကို ဆိုအပ်လတ္တံ့သော နည်းတို့ဖြင့် သိအပ်ပါသလော။ (အာဘော်)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် (က)ဝါကျ၌ ပြဆိုအပ်သော ကာယေန သံဝုတော ပုဒ်၏ နည်းကို ကြွင်းသော ဝါစာယ သံဝုတော, မနသာ သံဝုတော ပုဒ်နှစ်ခုတို့၏ အပေါင်း၌လည်း သိအပ်၏ဟု ငါဆရာသည် တစ်ဖန်ဆက်လက် အားထုတ်ပြဆိုအပ်၏ ဟူလိုသော(ဝ်)။

သတိ။ အတိဒေသ၊ ညွှန်၍ပြ၊ ဝါကျ ပက္ခန်၊ ဝိတ္ထာရံ နှင့်၊ တစ်ဖန် ခွဲပါ၊ အာရမ္ဘာ။

အမှာ။ အတိဒေသဝါကျ၌ ပက္ခန္တရ, ဝါကျာရမ္ဘ, ဝိတ္ထာရ သုံးမျိုး ယူနိုင်သည်။ ပြဆိုခဲ့ပြီးသော ကျမ်းတက်နည်းသည် ဝါကျာရမ္ဘဝါကျ ကြံ၍ ကျမ်းတက်ခြင်း ဖြစ်သည်။ ပက္ခန္တရနှင့် ဝိတ္ထာရဝါကျတို့ ကြံ၍ ကျမ်းတက်ပုံကိုလည်း ဆက်၍ ရှုတော်မူပါ။

**ပက္ခန္တရ ကြံ၍ (ခ)ဝါကျသို့ ရိုးရိုး သာဘော၈ ပုစ္ဆာတက်**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် ကာယေန သံဝုတော ပုဒ်၏ သဒ္ဒတ္ထ+အဓိပ္ပါယတ္ထ အဖွင့်တို့ကို ပြဆိုတော်မူ၏။ (ထပနာ)

ယင်း(က)ဝါကျဖြင့် ပြဆိုအပ်သော နည်းကို ကာယေန သံဝုတော ပုဒ်၌သာ သိအပ်ပါသလော။ (အာဘော်)

အဘယ်ပုဒ်၌လည်း သိအပ်ပါသေးသနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

ttp://www.dhammadownload.com



အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် (က)ဝါကျ၌ ပြဆိုအပ်သော နည်းကို ကာယေန သံဝုတော ပုဒ်၌သာ သိအပ်သည် မဟုတ်၊ ကြွင်းသော ဝါစာယ သံဝုတော, မနသာ သံဝုတော ပုဒ်နှစ်ခုတို့၏ အပေါင်း၌လည်း သိအပ်၏ဟု ငါဆရာ ပြဆိုအပ်၏ ဟူလိုသော(ဝ်)။

နိယံ။ နောက် သမုစ္စယ၊ ကျမ်း၌ပြ၊ ဧဝ အာဘော်ဆင်။

**ဝိတ္ထာရ ကြံ၍ (ခ)ဝါကျသို့ ရိုးရိုး သာဘောဂ ပုစ္ဆာတက်**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် ကာယေန သံဝုတော ပုဒ်၏ သဒ္ဒတ္ထ+အဓိပ္ပါယတ္ထ အဖွင့်တို့ကို ပြဆိုတော်မူ၏။ (ထပနာ)

ကာယေန သံဝုတော ပုဒ်မှ ကြွင်းသော ဝါစာယ သံဝုတော, မနသာ သံဝုတော ပုဒ်တို့၏ အဖွင့်အကျယ်ကို မပြတော့ပြီလော။ (အာဘော်)

ဝါစာယ သံဝုတော, မနသာ သံဝုတော ပုဒ်တို့၏ အဖွင့်အကျယ်ကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "ကာယေန သံဝုတော ပုဒ်၏ အဖွင့်ကို မှီး၍ ဝါစာယ သံဝုတော, မနသာ သံဝုတော ပုဒ်တို့၏ အဖွင့်ကိုလည်း သိအပ်၏"ဟု အဖွင့်ကျယ်အညွှန်းကို ငါဆရာ ပြဆိုအပ်၏ ဟူလိုသော(ဝ်)။

အမှာ။ ဤအတိဒေသဝါကျမျိုး၌ (က)ဝါကျသည် ပစ္စက္ခသံဝဏ္ဏနာ ဖြစ်၏။ (ခ)ဝါကျသည် အတိဒေသသံဝဏ္ဏနာ ဖြစ်၏ဟု သံဝဏ္ဏနာကို ရှုမျှော်၍လည်း တက်နိုင်သေး၏။

**ဝိသေသဝါကျ နမူနာကျမ်းတက်နည်းများ**

**ပုံစံ(၁)**

(က) မေသဒ္ဒေါ တီသု အတ္ထေသု ဒိဿတိ။

(ခ) တထာ ဟိဿ "ဂါထာဘိဂီတံ မေ အဘောဇနေယျ"န္တိအာဒီသု မယာတိ အတ္ထော။ "သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတူ"တိအာဒီသု မယှန္တိ အတ္ထော။ "ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထာ"တိ အာဒီသု မမာတိ အတ္ထော။

(ဂ) ဣဓ ပန "မယာ သုတ"န္တိ စ "မမ သုတ"န္တိ စ အတ္ထဒွယေ ယုဇ္ဇတိ။ (သီ၊ ဋ၊ နှာ-၂၈+၂၉)

**(ဂ)ဝါကျသို့ ရိုးရိုး သာဘောဂ ပုစ္ဆာတက်**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က+ခ)အမှတ်ပြဝါကျတို့ဖြင့် "မေသဒ္ဒါသည် မယာအနက်, မယှံအနက်, မမအနက်တို့၌ ထင်၏"ဟု သာမညအတ္ထုဒ္ဒါရ အနက်ကို ဆိုတော်မူ၏။ (ထပနာ)

ဤ ဧဝံ မေ သုတံ ဟူသော ပါဠ်၌ မေသဒ္ဒါသည်လည်း အနက်သုံးမျိုးလုံး၌ ထင်၏ဟု မှတ်ရမည်လော။ (သာမညအာဘော် + အဓိကအာဘော်)

(တစ်နည်း) ဤ ဧဝံ မေ သုတံ ဟူသော ပါဠ်၌ မေသဒ္ဒါသည် မယှံအနက်၌ ထင်၏ဟု မှတ်ရမည်လော။ (အညအာဘော်)

(တစ်နည်း) ဤ ဧဝံ မေ သုတံ ဟူသော ပါဠ်၌ မေသဒ္ဒါသည် မယာအနက် တစ်မျိုးတည်း၌သာ ထင်၏ဟု မှတ်ရမည်လော။ (ဥဒ္ဓနအာဘော်)

ttp://www.dhammadownload.com



ဤ ဇဝံ မေ သုတံ ဟူသော ပါဋ္ဌ်၌ မေသဒ္ဒါသည် မည်သည့်အနက်၌ ထင်သည်ဟု မှတ်ရပါမည်နည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြ ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ဂ)အမှတ်ပြဝါကျဖြင့် ဤ ဇဝံ မေ သုတံ ဟူသော ပါဋ္ဌ်၌ မေသဒ္ဒါသည် မယာအနက်, မမအနက် နှစ်မျိုးတို့၌ ထင်၏ဟု ဝိသေသအတ္ထုဒ္ဒေသ အနက်ကို ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

သတိ။ သစေ ဣဓ၊ နောက် ပန၊ ဝိသေသဟု စွဲ။

သတိ။ အဖြေ ရှောင်ကွင်း၊ လျော်ရာနင်း၊ သွင်းလေ အာဘောဂ။

နိယံ။ အညှ, ဦန၊ အဓိက၊ သုံး၀ အာဘောဂါ။

## ပုံစံ(၂)

(က) **သမယသဒ္ဒေါ ---**

သမဝါယေ ခဏေ ကာလေ၊ သမူဟေ ဟေတုဒိဋ္ဌိသု။

ပဋိလာဘေ ပဟာနေ စ၊ ပဋိဝေဓေ စ ဒိဿတိ။

(ခ) ဣဓ ပနဿ ကာလော အတ္ထော။ (သီ၊ ဋ္ဌ၊ နှာ-၃၂+၃၃)

## (ခ)ဝါကျသို့ ရိုးရိုး သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "သမယသဒ္ဒါသည် သမဝါယ, ခဏ ။ပ။ ပဋိဝေဓ အနက်တို့၌ ထင်၏"ဟု သာမညအတ္ထုဒ္ဒါရ အနက်ကို ဆိုတော်မူ၏။ (ထပနာ)

ဤနေရာ၌ သမယသဒ္ဒါသည် သမဝါယ,ခဏ စသော ကိုးနက်လုံး၌ ထင်သည်ဟု မှတ်ရမည်လော။ (အာဘော်)

ဤနေရာ၌ သမယသဒ္ဒါသည် မည်သည့်အနက်၌ ထင်သည်ဟု မှတ်ရပါမည်နည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြ ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် သမယသဒ္ဒါသည် ဤနေရာ၌ ကာလအနက်၌သာ ထင်၏ဟု ဝိသေသအတ္ထုဒ္ဒေသ အနက်ကို ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

သတိ။ အတ္ထုဒ္ဒေသ၊ ဟူတုံက၊ ဝါကျ ဝိသေသာ။

နိယံ။ အစိတ်နှင့်ဖြေ၊ အပေါင်းပေ၊ တင်လေ အာဘောဂါ။

## ပုံစံ(၃)

(က) **ဝိဟာရတီတိ** အဝိသေသေန ဣရိယာပထဒိဗ္ဗဗြဟ္မအရိယဝိဟာရေသု အညတရဝိဟာရသမင်္ဂိပရိဒီပနမေတံ။

(ခ) ဣဓ ပန ဌာနဂမနနိသဇ္ဇသယနပ္ပဘေဒေသု ဣရိယာပထေသု အညတရဣရိယာပထသမာယောဂပရိဒီပနံ။ (သီ၊ ဋ္ဌ၊ နှာ-၁၂၂)

## (ခ)ဝါကျသို့ ရိုးရိုး သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ဝိဟာရတိ သဒ္ဒါသည် သာမညအားဖြင့် ဝိဟာရလေးမျိုးတို့တွင် တစ်မျိုးမျိုးနှင့် ပြည့်စုံသည်၏ အဖြစ်ကို ပြကြောင်းသဒ္ဒါတည်း"ဟု သာမညအနက်ကို ပြဆိုတော်မူ၏။ (ထပနာ)

ttp://www.dhammadownload.com



ဤရာဇဂဟေ ဝိဟာရတိ ဟူသော ပါဠ်၌ ဝိဟာရတိအရ ဝိဟာရလေးမျိုးလုံးကိုပင် ယူရမည်လော။ (အာဘော်)

အဘယ် ဝိဟာရကို ယူရပါမည်နည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြ ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် ဤရာဇဂဟေ ဝိဟာရတိ ဟူသော ပါဠ်၌ ဝိဟာရတိအရ "ဣရိယာပထ ဝိဟာရ တစ်မျိုးကိုပင် ယူရမည်"ဟူသော ဝိသေသအနက်ကို ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

**ပုံစံ(၄)**

တထာဂတော လောကေ ဥပ္ပဇ္ဇတိ။ (ပါဠိတော်)

(က) **လောကောတိ** ဩကာသလောကော သတ္တလောကော သင်္ခါရလောကောတိ တိဝိဓော။

(ခ) ဣဓ ပန သတ္တလောကော အဓိပ္ပေတော။ (သီ၊ ဋ္ဌ၊ နှာ-၁၅၆)

**(ခ)ဝါကျသို့ ဒေါသာရောပန စောဒနာတက်**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "လောကသည် ဩကာသလောက, သတ္တ လောက, သင်္ခါရလောကဟု သုံးပါး အပြားရှိ၏"ဟူ၍ သာမညအနက်ကို ပြဆိုတော်မူ၏။ (ထပနာ)

ဤ"လောကေ ဥပ္ပဇ္ဇတိ"ပါဠ်၌ လောကသုံးပါးလုံးကိုပင် လောကဟု အလိုရှိအပ်ပါသလော။ (အာဘော်)

ဤ"လောကေ ဥပ္ပဇ္ဇတိ"ပါဠ်၌ အဘယ်လောကကို လောကဟု အလိုရှိအပ်ပါသနည်း။ (ပုစ္ဆာ)

ဤ"လောကေ ဥပ္ပဇ္ဇတိ"ပါဠ်၌ ဝိသေသအားဖြင့် အလိုရှိအပ်သော လောကကို မပြဆိုချေသော် ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောခနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် ဤ"လောကေ ဥပ္ပဇ္ဇတိ"ပါဠ်၌ သတ္တလောကကို လောကအရ အလိုရှိအပ်၏ဟု ဝိသေသအနက်ကို ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော အတိဗျာပိတဒေါသသည် ငါဆရာအား မရောက်၊ ကင်းစင်လွင့်ပျောက်၏ ဟူလိုသော(ဝ်)။

**သာမညဝါကျ နမူနာကျမ်းတက်နည်း**

**ပုံစံ**

(က) **ဒွေဧဝ ဂတိယောတိ** ဒွေ ဧဝ နိဋ္ဌာ။

(ခ) ကာမဥ္စာယံ **ဂတိ**သဒ္ဒေါ "ပဉ္စ ခေါ ဣမာ သာရိပုတ္တ ဂတိယော"တိအာဒီသု ဘဝဘေဒေ ဝတ္တတိ။ "ဂတိ မိဂါနံ ပဝန"န္တိအာဒီသု နိဝါသဋ္ဌာနေ။ "ဧဝံ အဓိမတ္တဂတိမန္တော"တိအာဒီသု ပညာယံ။ "ဂတိဂတ"န္တိအာဒီသု ဝိသဋဘာဝေ။ (သီ၊ ဋ္ဌ၊ နှာ-၂၂၂)

**(ခ)ဝါကျသို့ ရိုးရိုး သာဘောဂ ပုစ္ဆာတက်**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ဒွေဧဝ ဂတိယော ပါဠ်၌ ဂတိသဒ္ဒါသည် နိဋ္ဌာအနက်၌ ဖြစ်၏"ဟု ဝိသေသအတ္တဒွေသ အနက်ကို ဖွင့်ဆိုတော်မူ၏။ (ထပနာ)

ဂတိသဒ္ဒါ ဟူသမျှသည် နိဋ္ဌာအနက် တစ်မျိုးတည်း၌သာ ဖြစ်ပါသလော။ (အာဘော်)

ဂတိသဒ္ဒါ၏ သာမညအားဖြင့် ဖြစ်နိုင်သေးသော အနက်များကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ttp://www.dhammadownload.com



ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြ ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "ဂတိသဒ္ဒါသည် ဘ၀ဘေဒ, နိဝါသဋ္ဌာန, ပညာ, ဝိသဋ္ဌဘာ၀ အစရှိသော များစွာသော အနက်တို့၌ ဖြစ်သေး၏"ဟု ဂတိသဒ္ဒါ၏ သာမညအတ္တုဒ္ဓါရ အနက်များကို ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

နိယံ။ အပေါင်းနှင့်ဖြေ၊ အစိတ်ပေ၊ တင်လေ အာဘောဂါ။

## ဗျတိရေကဝါကျ နမူနာကျမ်းတက်နည်းများ

### ပုံစံ(၁)

(က) **သဒ္ဓါဒေယျာနီတိ** ကမ္မဉ္စ ဖလဉ္စ ဣဓလောကဉ္စ ပရလောကဉ္စ သဒ္ဒဟိတွာ ဒိန္နာနိ။

(ခ) "အယံ မေ ဉာတီ"တိ ဝါ "မိတ္တော"တိ ဝါ "ဣဒံ ပဋိကရိဿတိ၊ ဣဒံ ဝါ တေန ကတပုဗ္ဗ"န္တိ ဝါ ဧဝံ န ဒိန္နာနီတိ အတ္ထော။ (သီ၊ ဋ္ဌ၊ နှာ-၇၉)

### (ခ)ဝါကျသို့ ရိုးရိုး သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ကံကိုလည်းကောင်း၊ ကံ၏ အကျိုးကို လည်းကောင်း၊ ပစ္စုပ္ပန် လောကကိုလည်းကောင်း၊ တမလွန် လောကကိုလည်းကောင်း ယုံကြည်၍ ပေးလှူခြင်း တို့သည် သဒ္ဓါဒေယျတို့ မည်ကုန်၏"ဟူသော အနွယ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုတော်မူ၏။ (ထပနာ)

ဤသူကား ငါ၏ ဆွေမျိုးတည်း စသည်ဖြင့် နှလုံးသွင်း၍ ပေးလှူခြင်းတို့သည်လည်း သဒ္ဓါဒေယျတို့ မည်ကောင်းကုန်၏ဟူ၍ မှတ်ရပါမည်လော။ (အာဘော်)

အဘယ်သို့ မှတ်ရပါမည်နည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြ ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "ဤသူကား ငါ၏ ဆွေမျိုးတည်း စသည်ဖြင့် နှလုံးသွင်း၍ ပေးလှူ ခြင်းတို့သည် သဒ္ဓါဒေယျတို့ မမည်ကုန်"ဟူသော ဗျတိရေက အနက်အဓိပ္ပါယ်ကို ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

နိယံ။ ဗျတိရိက်ဖြေ၊ အနွယေ၊ တင်လေ အာဘောဂါ။

နိယံ။ န မြင်, န ပယ်၊ မမြင်ကွယ်၊ ထည့်စွယ် မေးလေမင်း။

### ပုံစံ(၂)

(က) **ဣမိနာမဟံ ဇော် ဇာနာမီတိ** ဣမိနာ ဝိသေသာဓိဂမေန အဟံ ဇော် ပစ္စက္ခတော ဇာနာမိ။

(ခ) န ကေဝလံ သဒ္ဓါမတ္တကေနေဝ ဝဒါမီတိ ဒဿေတိ။ (သီ၊ ဋ္ဌ၊ နှာ-၉၈)

### (ခ)ဝါကျသို့ ရိုးရိုး သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ဒိဋ္ဌိဂတိကပုဂ္ဂိုလ်သည် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်အထူးကို ရခြင်းကြောင့် အတ္တလောက၏ မြဲသည်၏ အဖြစ်ကို မျက်မှောက်ထင်ထင် ငါသိမြင်၏"ဟူ သော အနွယ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုတော်မူ၏။ (ထပနာ)

သက်သက် ယုံကြည်ကာမျှဖြင့်လည်း ပြောဆိုနေသည် မဟုတ်ပါလော။ (အာဘော်)

အဘယ်သို့ မှတ်သားအပ်ပါသနည်း။ (ပုစ္ဆာ)

ttp://www.dhammadownload.com



ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြ ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "သက်သက် ယုံကြည်ကာမျှဖြင့် ငါမပြောဆို"ဟူသော ဗျတိရေက အနက်အဓိပ္ပါယ်ကို ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

နိယံ။ ကေဝလံပုဒ်၊ န မြစ်ထုတ်၊ သမုစ္စယ အာဘော်ဆင်။

နိယံ။ ဗျတိရိက်ဖြေ၊ အန္ဝယေ၊ တင်လေ အာဘောဂါ။

နိယံ။ န မြင်, န ပယ်၊ မမြင်ကွယ်၊ ထည့်စွယ် မေးလေမင်း။

**(တစ်နည်း)**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ဒိဋ္ဌိဂတိကပုဂ္ဂိုလ်သည် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်အထူးကို ရခြင်းကြောင့် အတ္တလောက၏ မြဲသည်၏ အဖြစ်ကို မျက်မှောက်ထင်ထင် ငါသိမြင်၏"ဟု ဖွင့်ဆိုတော်မူ၏။ (ထပနာ)

ယင်းစကားရပ်၌ အတ္တာပန္နနည်းအားဖြင့် ယူရမည်ဖြစ်သော အနက်အဓိပ္ပါယ်များကို ဆရာ ဖွင့်ပြသင့်သည် မဟုတ်ပါလော။ (အာဘော်)

အတ္တာပန္နနည်းအားဖြင့် ယူရမည့် အနက်အဓိပ္ပါယ်များကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြ ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် ဣမိနာ မဟာ စသော ပါဠိတော်စကားရပ်၌ အတ္တာပန္နနည်းအားဖြင့် ယူရမည့် အနက်အဓိပ္ပါယ်များကို ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

အမှာ။ ဖော်ပြခဲ့သော ပုံစံ၌ ကျမ်းတက်နည်းကို နှစ်နည်း ဖော်ပြခဲ့ပါ၏။ ပဌမနည်းသည် "န ကေဝလံ"စသည်ဖြင့် ချီတက်လာသော ဝါကျမျိုး၌ နိယံနှင့်အညီ ပုံသေကျမ်းတက်နည်းပင် ဖြစ်၏။ ဒုတိယနည်းသည် ဋီသစ်နှင့် အညီ ကျမ်းတက်နည်းပင် ဖြစ်၏။

## အန္ဝယဝါကျ နမူနာကျမ်းတက်နည်း

**ပုံစံ**

(က) **ဆေဓောတိ** ထိရော၊ ထိရကထောတိ အတ္ထော။

(ခ) ကောဟိ ပုဂ္ဂလော ဟလိဒ္ဒိရာဂေါ ဝိယ, ထုသရာသိမှိ နိခါတခါဏု ဝိယ, အဿပိဋ္ဌေ ဌပိတကုမ္ဘဏ္ဍမိဝ စ န ထိရကထော ဟောတိ။

(ဂ) ကောပါသာဏလေခါ ဝိယ, ဣန္ဒခီလော ဝိယ စ ထိရကထော ဟောတိ။ (သီ၊ ဋ၊ နှာ-၇၂)

**(ဂ)ဝါကျသို့ ရိုးရိုး သာဘောဂ ပုစ္ဆာတက်**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)အမှတ်ပြဝါကျဖြင့် ထိရကထ မဖြစ်ပုံကို ဥပမာနှင့်တကွ ဗျတိရေက အနက်အဓိပ္ပါယ်ကို ပြဆိုတော်မူ၏။ (ထပနာ)

ကျောက်တိုင်ကဲ့သို့လည်းကောင်း, တံခါးတိုင်ကဲ့သို့လည်းကောင်း တည်ကြည်သောစကား ရှိသောသူကို လည်း ထိရကထ မဖြစ်ဟု မှတ်ရပါမည်လော။ (အာဘော်)

အဘယ်သို့ မှတ်ရပါမည်နည်း။ (ပုစ္ဆာ)

ttp://www.dhammadownload.com



ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)အမှတ်ပြ ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ဂ)အမှတ်ပြဝါကျဖြင့် "ကျောက်တိုင်ကဲ့သို့လည်းကောင်း၊ တံခါးတိုင်ကဲ့သို့လည်းကောင်း တည်ကြည်သော စကားရှိသူသည် ထိရကထ ဖြစ်၏"ဟူ၍ ထိရကထ ဖြစ်ပုံ၏ အန္ဒယ အနက်အဓိပ္ပါယ်ကို ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

သတိ။ "အန္ဒယာနှင့်၊ ဗျတိရေကာ၊ စောဒနာ နှစ်ချက်၊ ပြိုင်ကာထွက်မူ၊ န-ကို ထုတ်သွင်း၊ အချင်းချင်း၊ ဖြစ်လျှင်း အာဘော်ပေ" နိယံနှင့်အညီ ဗျတိရေက ဝါကျတက်ရာ၌ နသဒ္ဒါတို့ကို ဖြုတ်၍လည်းကောင်း၊ အန္ဒယ ဝါကျတက်ရာ၌ နသဒ္ဒါတို့ကို သွင်း၍လည်းကောင်း ပုံသေ အာဘော်ဆင်ရမည်ကို သတိပြု။

## အနုသန္ဓေဝါကျ နမူနာကျမ်းတက်နည်းများ
### (ပုံစံ-၁)

ဇဝံ ပဌမေန နယေန မနောပဒေါသံ နိဝါရေတွာ ဒုတိယေန နယေန တတ္ထ အာဒီနဝံ ဒဿေန္တော အာဟ **"တတြ စေ တုမှေ အဿထ ကုပိတာ ဝါ အနတ္တမနာ ဝါ၊ တုမှံယေဝဿ တေန အန္တရာယော"**တိ။ (သီ၊ ဋ၊ နှာ-၅၂)

**ဖော်ပြပါ ဝါကျကို ရိုးရိုး သာဘောဂ ပုစ္ဆာတက်**

အရှင်အဋ္ဌကထာဆရာ မြတ်စွာဘုရားသည် "တတြ စေ တုမှေ အဿထ ကုပိတာ ဝါ အနတ္တမနာ ဝါ၊ တုမှံယေဝဿ တေန အန္တရာယော"ဟူသော ဒေသနာတော်ကို ဟောတော်မူ၏။ (ထပနာ)

ပဌမနည်းဖြင့် မနောပဒေါသကို တားမြစ်ပြီးပြီ မဟုတ်ပါလော။ (အာဘော်)

ထိုသို့ဖြစ်လျက် "တတြ စေ တုမှေ အဿထ ကုပိတာ ဝါ အနတ္တမနာ ဝါ၊ တုမှံယေဝဿ တေန အန္တရာယော"ဟူသော ဒေသနာတော်ကို မြတ်စွာဘုရားသည် အဘယ့်ကြောင့် တစ်ဖန် ဟောတော်မူရသနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် "ဒုတိယေန နယေန တတ္ထ အာဒီနဝံ ဒဿေန္တော"ဟူသော ပါဌ်ကိုမိန့်။

အဓိပ္ပါယ်ကား။ "ယခုအခါ၌ ဒုတိယနည်းဖြင့် ထိုမနောပဒေါသ၌ ဖြစ်ပေါ်လာနိုင်သော အပြစ်ကို ပြလိုသော ကြောင့်" တတြ စေ တုမှေ အဿထ ကုပိတာ ဝါ အနတ္တမနာ ဝါ၊ တုမှံယေဝဿ တေန အန္တရာယော ဟူသော ဒေသနာတော်ကို တစ်ဖန် ဟောတော်မူရပါ၏ ဟူလိုသော(ဝ်)။

အမှာ။ အနုသန္ဓေ ဝါကျကို ကျမ်းတက်လိုသော် = အာဟ ဟူသော ကြိယာနှင့် ယင်းကြိယာ၏ ကံပုဒ်တို့ကို ထပနာနှင့် ပုစ္ဆာ ပြုလုပ်ရမည်။ ပုဗ္ဗာနုသန္ဓေ ဝါကျကို အာဘော် ပြုလုပ်ရမည်။ ကြွင်းသော ပါဠိများကို အဖြေပါဌ် ပြုလုပ်ရမည်။ အဖြေပါဌ်, အာဟကြိယာ, ယင်းကြိယာ၏ ကံပုဒ်တို့ကို အဓိပ္ပါယ် ပြန်ရမည်။ ဤကား အနုသန္ဓေဝါကျ၌ ပုံသေ ကျမ်းတက်နည်းတည်း။

နိယံ။ စကားနှစ်ရပ်၊ သန္ဓေစပ်က၊ ရှေ့ဋ္ဌာနကို၊ စောဒက အာဘော်၊ ဟိတ်ခတ်လျော်၍၊ ရှုမျှော်တစ်ဝ၊ နောက်ဋ္ဌာနကျန်၊ အာဟ ကံမှာ၊ စောဒနာ၊ သေသာ ကြွင်းလတ်၊ အဖြေမှတ်။

### ပုံစံ(၂)

ဇဝံ ဗြဟ္မဒတ္တေန ဝုတ္တဝဏ္ဏဿ အနုသန္ဓိဝသေန တိဝိဓံ သီလံ ဝိတ္ထာရေတွာ ဣဒါနိ ဘိက္ခုသံဃေန ဝုတ္တဝဏ္ဏဿ အနုသန္ဓိဝသေန **"အတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာ ဂမ္ဘီရာ ဒုဒ္ဒသာ"**တိအာဒိနာ နယေန သုညတာပကာသနံ အာရဘိ။ (သီ၊ ဋ၊ နှာ-၉၂)

ttp://www.dhammadownload.com



### ဖော်ပြပါ ဝါကျကို ရိုးရိုး သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ မြတ်စွာဘုရားသည် "အတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာ ဂမ္ဘီရာ ဒုဒ္ဒသာ" အစရှိသော နည်းဖြင့် သုညတကို ပြတတ်သော ဒေသနာတော်ကို ဟောတော်မူ၏။ (ထပနာ)

ဗြဟ္မဒတ်လုလင်သည် ပြောဆိုအပ်ပြီးသော ဂုဏ်ကျေးဇူး၏ အနုသန္ဓေ၏ အစွမ်းဖြင့် သုံးပါးအပြားရှိသော စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့ကို အကျယ်ချဲ့၍ ဖွင့်ဆိုခဲ့ပြီးသည် မဟုတ်ပါလော။ (အာဘော်)

ထိုသို့ဖြစ်လျက် "အတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာ ဂမ္ဘီရာ ဒုဒ္ဒသာ"အစရှိသော နည်းဖြင့် သုညတကို ပြတတ်သော ဒေသနာတော်ကို မြတ်စွာဘုရားသည် အဘယ့်ကြောင့် တစ်ဖန် ဟောတော်မူရသနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် "ဣဒါနိ ဘိက္ခုသံဃေန ဝုတ္တဝဏ္ဏဿ အနုသန္ဓိဝသေန"ဟူသော ပါဠ်ကိုမိန့်။

အဓိပ္ပါယ်ကား။ "ယခုအခါ၌ ရဟန်းအပေါင်းသည် ပြောဆိုချီးမွမ်းအပ်သော ဂုဏ်ကျေးဇူး၏ အနုသန္ဓေ၏ အစွမ်းဖြင့်" အတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာ ဂမ္ဘီရာ ဒုဒ္ဒသာ အစရှိသော နည်းဖြင့် သုညတကို ပြတတ်သော ဒေသနာတော်ကို တစ်ဖန် ဟောတော်မူရပါ၏ ဟူလိုသော(ဝ်)။

အမှာ။ "စကားနှစ်ရပ်၊ သန္ဓေစပ်က"စသော နိယံနှင့်အညီ ကျမ်းတက်သည်။

**(ပုံစံ-၃)**

ဇဝံ ဒုတိယေန နယေန အာဒိနဝံ ဒဿေတွာ တတိယေန နယေန ဝစနတ္ထသလ္လက္ခဏမတ္တေပိ အသမတ္ထတံ ဒဿေန္တော **"အပိ နု တုမှေ ပရေသံ"**န္တိအာဒိမာဟ။ (သီ၊ ဋ္ဌ၊ နှာ-၅၂)

### ဖော်ပြပါ ဝါကျကို ဒေါသာရောပန စောဒနာတက်

အရှင်အဋ္ဌကထာဆရာ မြတ်စွာဘုရားသည် "အပိ နု တုမှေ ပရေသံ" အစရှိသော ဒေသနာတော်ကို ဟောတော်မူ၏။ (ထပနာ)

ဒုတိယနည်းဖြင့် ထိုမနောပဒေါသ၌ အပြစ်ကို ပြခဲ့ပြီးသည် မဟုတ်တုံလော။ (အာဘော်)

ထိုသို့ ဖြစ်လျက် "အပိ နု တုမှေ ပရေသံ" အစရှိသော ဒေသနာတော်ကို မြတ်စွာဘုရားသည် အဘယ့်ကြောင့် တစ်ဖန် ဟောတော်မူရသနည်း။ (ပုစ္ဆာ)

"အပိ နု တုမှေ ပရေသံ" အစရှိသော ဒေသနာတော်ကို တစ်ဖန် ဟောတော်မူရခြင်း၏ အကြောင်းကို မပြဆိုချေသော် ပါဠိတော်၌ ပုနရုတ္တိဒေါသ+နိရတ္ထကဒေါသတို့ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောနောတော်မူလိုသော အဋ္ဌကထာဆရာသည် "တတိယေန နယေန ဝစနတ္ထသလ္လက္ခဏမတ္တေပိ အသမတ္ထတံ ဒဿေန္တော"ဟူသော ပါဠ်ကိုမိန့်။

အဓိပ္ပါယ်ကား။ "တတိယနည်းဖြင့် စကား၏ အနက်အဓိပ္ပါယ်ကို မှတ်သားခြင်းမျှ၌လည်း မစွမ်းနိုင်သည်၏ အဖြစ်ကို ပြတော်မူလိုသောကြောင့်" အပိ နု တုမှေ ပရေသံ အစရှိသော ဒေသနာတော်ကို တစ်ဖန် ဟောတော်မူရသည်ဟူသော အကြောင်းကို ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော ပုနရုတ္တိဒေါသ+နိရတ္ထကဒေါသတို့သည် ပါဠိတော်၌ မရောက်၊ ကင်းစင်လွင့်ပျောက်၏ ဟူလိုသော(ဝ်)။

အမှာ။ အနုသန္ဓေဝါကျ၌ ပုနရုတ္တိဒေါသနှင့် နိရတ္ထကဒေါသတို့ ပုံသေတင်ရ၏။

ttp://www.dhammadownload.com



**သတိပြု သိထားသင့်သည့် ကျမ်းတက်နည်း**

(က) သံဝဏ္ဏနာဝါကျ (ခ) သမုစ္စယဝါကျ (ဂ) အဝဓာရဏဝါကျဟူသော ၃-ဝါကျတို့၌ လျှဉ်းပါး သာဘောဂ ပုစ္ဆာတက်နည်းဖြင့် တက်ပုံကိုလည်း သိသင့်သေး၏။ နည်းရပါစေခြင်း အကျိုးငှာ ပုံစံများဖြင့် တက်ပြပါအံ့။

## (က) သံဝဏ္ဏနာဝါကျ

### ပုံစံ

**အဿာ**တိ တဿ။ (မျက်ရှု)

### သံဝဏ္ဏနာ ရှု၍ (ဝါ) အဖြေရှု၍ လျှဉ်းပါး သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ "အဿ"ဟု ဟောတော်မူ၏။ (ထပနာ)

။သံဝဏ္ဏေတဗ္ဗကို ထပနာ ထား၍ ဟောသော ပုဂ္ဂိုလ်ကို ကတ္တား ထားသည်။

ထိုအဿ၌ အ-သဒ္ဒါသည် အဘယ်သဒ္ဒါ၏ ကာရိယ ဖြစ်ပါသနည်း။ (ပုစ္ဆာ)

ဣမသဒ္ဒါ၏ ကာရိယ ဖြစ်ပါသလော။ (လျှဉ်းပါးအာဘော်)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် "တဿ"ဟူသော သံဝဏ္ဏနာပါဌ်ကို မိန့်။

အဓိပ္ပါယ်ကား။ တဿဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အဿ၌ အသဒ္ဒါကား တသဒ္ဒါ၏ ကာရိယဖြစ်၏ဟု ငါဆရာ ပြဆို၏ဟူလိုသော(ဝ်)။

အမှာ။ သံဝဏ္ဏနာ ရှု၍ (ဝါ) အဖြေရှု၍ တက်ရာ၌ ဖော်ပြထားသည့်အတိုင်း = သံဝဏ္ဏေတဗ္ဗကို ပုံသေ ထပနာ ထားပါ။ ဟောသောပုဂ္ဂိုလ်ကို "မြတ်စွာဘုရားသည်, အရှင်အာနန္ဒာသည်"ဟု သင့်လျော်သလို ကတ္တား ထားပါ။ သံဝဏ္ဏနာ အဖြေကို ရှောင်၍ တက်ပါ။

သတိ။ သံဝဏ္ဏနာကို ရှု၍ (ဝါ) အဖြေရှု၍ တက်ရာ၌ ဒေါသတင်လိုလျှင် သံဝဏ္ဏေတဗ္ဗ+သံဝဏ္ဏနာ ဆန့်ကျင်သော ဝိရောဓိဒေါသ၊ သဒ္ဒ+အတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသ၊ အဗျာပိတ+အပရိပုဏ္ဏဒေါသတို့တွင် သင့်လျော်သော ဒေါသကို တင်ရမည်။

### လျှဉ်းပါး

လျှဉ်းပါးသင့်သည့် အရာနှင့်သာ လျှဉ်းပါး၍ အာဘော် ဆင်ရာ၏။ ရှောင်လွှဲသင့်သည့် အရာနှင့်သာ ရှောင်လွှဲ၍ အာဘော် ဆင်ရာ၏။ ဥပမာ = စပ်သော အရသာရှိသော ငြုတ်သီးကို "ပူသော အရသာ ရှိသလော"ဟုသာ ရှောင်လွှဲရာ၏။ "ငံသော အရသာ ရှိသလော" စသည်ဖြင့် မရှောင်လွှဲသင့်ပါ။ အဿ၌ အသဒ္ဒါသည် တသဒ္ဒါ၏ ကာရိယဖြစ်၍ "ဣမသဒ္ဒါ၏ ကာရိယ ဖြစ်သလော"ဟုသာ ရှောင်လွှဲသင့်၏။ "ယ, သဗ္ဗဟူသော သဒ္ဒါတို့၏ ကာရိယ ဖြစ်သလော" စသည်ဖြင့် မရှောင်လွှဲသင့်ပါ။

နိယံ။ လျှဉ်းပါးစရာ၊ ရှိမှသာ၊ ဖွေရှာ လျှဉ်းပါးမြဲ။

နိယံ။ လျှဉ်းပါးခြင်းငှာ၊ ထိုက်မှသာ၊ ရှာဖွေ လျှဉ်းပါးသင့်။

နိယံ။ အဖြေရှောင်ကွင်း၊ လျော်ရာနင်း၊ သွင်းလေအာဘောဂ။

ttp://www.dhammadownload.com



## (ခ) သမုစ္စယဝါကျ

### ပုံစံ (၁)

(က) ပုရိသော အာဂစ္ဆတိ။

(ခ) မာတုဂါမောပိ အာဂစ္ဆတိ။ (မျက်ရှု)

### (ခ)ဝါကျသို့ လျှဉ်းပါး သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ယောက်ျား လာ၏"ဟု ဆိုတော်မူ၏။ (ထပနာ)

အဘယ်သူလည်း လာပါသေးသနည်း။ (ပုစ္ဆာ)

ယောက်ျားသာ လာပါသလော။ (လျှဉ်းပါးအာဘော်)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "မိန်းမလည်း လာသေး၏"ဟု ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

### ပုံစံ (၂)

(က) ဘိက္ခု ဘတ္တံ ဘုဉ္ဇတိ။

(ခ) သာမဏေရောပိ ဘတ္တံ ဘုဉ္ဇတိ။ (ဓမ္မဗိမာန်)

### (ခ)ဝါကျသို့ လျှဉ်းပါး သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ရဟန်းသည် ဆွမ်းကို စား၏"ဟု ဆိုတော်မူ၏။ (ထပနာ)

ရဟန်းသည်သာလျှင် ဆွမ်းကို စား၏ဟု မှတ်ရပါမည်လော။ (လျှဉ်းပါးအာဘော်)

အဘယ်သူလည်း ဆွမ်းကို စားပါသေးသနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "သာမဏေသည်လည်း ဆွမ်းကို စား၏"ဟု ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

နိယံ။ နောက် သမုစ္စယ၊ ကျမ်း၌ပြ၊ ဧဝ–အာဘော်ဆင်။

သတိ။ သမုစ္စယ ဝါကျမျိုး၌ ဒေါသတင်လိုလျှင် အဗျာပိတ+အပရိပုဏ္ဏ ဒေါသတို့ တင်ရမည်။

## (ဂ) အဝဓာရဏဝါကျ

### ပုံစံ (၁)

(က) မာတုဂါမော န အာဂစ္ဆတိ။

(ခ) ပုရိသောယေဝ အာဂစ္ဆတိ။ (မျက်ရှု)

### (ခ)ဝါကျသို့ လျှဉ်းပါး သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "မိန်းမ မလာ"ဟု ဆိုတော်မူ၏။ (ထပနာ)

ယောက်ျားအတွက်ကား အဘယ်သို့ မှတ်ရပါမည်နည်း။ (ပုစ္ဆာ)

ယောက်ျားလည်း မလာဟုပင် မှတ်ရမည်လော။ (လျှဉ်းပါးအာဘော်)

ttp://www.dhammadownload.com



ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြ ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "ယောကျ်ားကား လာ၏"ဟု ငါဆရာ ပြဆို၏ဟူလိုသော(ဝ်)။

**ပုံစံ (၂)**

(က) ဘိက္ခု ဘတ္တံ န ဘုဥ္ဇတိ။

(ခ) သာမဏေရော ဘတ္တံ ဘုဥ္ဇတိ။ (ဓမ္မဗိမာန်)

**(ခ)ဝါကျသို့ လျဉ်းပါး သာဘောဂ ပုစ္ဆာတက်**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ရဟန်းသည် ဆွမ်းမစား"ဟု ဆိုတော်မူ၏။ (ထပနာ)

သာမဏေသည်လည်း ဆွမ်းကို မစားဟု မှတ်ရပါမည်လော။ (လျဉ်းပါးအာဘော်)

သာမဏေကိုကား အဘယ်သို့ မှတ်ရပါမည်နည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြ ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "သာမဏေကား ဆွမ်းကို စား၏"ဟု ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

နိယံ။ နောက်မှာ ဝေ၊ ကျမ်း၌ပြ၊ သမုစ္စယ အာဘော်ဆင်။

သတိ။ အဝဓာရဏ ဝါကျမျိုး၌ ဒေါသတင်လိုလျှင် အဗျာပိတ+အပရိပုဏ္ဏ ဒေါသတို့ တင်ရမည်။

**(၃)စတုက္က ကျမ်းတက်နည်း**

စတုက္ကအတက်ကို တက်မည့် အရှင်မြတ်သည် ပုစ္ဆာ (၃)နံပါတ်၌ ပြလတ္တံ့သော စောဒကာဘောဂါဒိ စတုက္ကထုတ်နည်း စည်းမျဉ်းကို နားလည်ထားမှသာ ဤစတုက္ကအတက်ကို သဘောပေါက်မည် ဖြစ်၏။ ထို့ကြောင့် စတုက္ကကျမ်းတက်နည်းကို မလေ့လာမီ ပုစ္ဆာ (၃)နံပါတ်၌ ပြလတ္တံ့သော စောဒကာဘောဂါဒိ စတုက္ကထုတ်နည်း စည်းမျဉ်းကို ရှေးဦးစွာ လေ့လာတော်မူပါရန် ပန်ကြားအပ်ပါ၏။

အမှာ။ စတုက္ကထုတ်၍ ရသည့် ဝါကျ၌ တစ်စုံတစ်ခုသော သဒ္ဒါကို ရှု၍ ကျမ်းတက်ခဲ့ပါဟု မေးသော် စတုက္ကတက်နည်းဖြင့်သာ ကျမ်းတက်၍ ဖြေဆိုရမည်။ ကြွင်းသော တက်နည်းတို့ဖြင့် လုံးဝ ကျမ်းမတက်ရပါ။

**စတုက္ကဝါကျ ပုံသေကျမ်းတက်နည်း**

စတုက္ကထုတ်နိုင်သော ဝါကျမျိုး၌ တစ်စုံတစ်ခုသော သဒ္ဒါကို ရှုလျက် ကျမ်းတက်ပါဟု မေးလျှင် = စောဒနာကို ထပနာနှင့် ပုစ္ဆာ ပြုလုပ်ရမည်။ စောဒကာဘောဂကို အာဘော် ပြုလုပ်ရမည်။ ပရိဟာရာဘောဂကိုကား အဖြေပါဠ် ပြုလုပ်ရမည်။ အဖြေပါဠ်နှင့် ပရိဟာရတို့ကို အဓိပ္ပါယ်ပြန်ရမည်။

စတုက္ကတက်နည်းကို သဘောပေါက်စေခြင်းငှာ ရိုးရိုးသာဘောဂ ပုစ္ဆာတက်နည်းဖြင့် နမူနာပုံစံ တစ်ခုမျှ တက်ပြပါအံ့။

ttp://www.dhammadownload.com



(ပုံစံ)

(က) တေသု ဝါဒေ ကိဉ္စိ သာသနာနုလောမမ္ပိ အတ္ထိ။

(ခ) အသုဒ္ဓလဒ္ဓိတာယ ပန သဗ္ဗာ ဒိဋ္ဌိယောဝ ဇာတာ။ (သီ၊ ၄၊ နှာ–၁၅၁)

"ပန သဒ္ဒါကို ရှု၍ စတုက္က"

(၁) နနု တေသု ဝါဒေ ကိဉ္စိ သာသနာနုလောမမ္ပိ အတ္ထိ။ (စောဒကာဘောဂ)

(၂) အထ ကသ္မာ သဗ္ဗာ ဒိဋ္ဌိယောဝ ဇာတာ။ (စောဒနာ)

(၃) အသုဒ္ဓလဒ္ဓိတာယ။ (ပရိဟာရာဘောဂ)

(၄) သဗ္ဗာ ဒိဋ္ဌိယောဝ ဇာတာ။ (ပရိဟာရ)

အမှာ။ ယခုအခါ (ခ)ဝါကျ၌ ပနသဒ္ဒါကို ရှု၍ ရိုးရိုးသာဘောဂ ပုစ္ဆာတက်နည်းဖြင့် တက်ပြပါအံ့။

(ခ)ဝါကျ၌ ပနသဒ္ဒါ ရှု၍ ရိုးရိုး သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် "သဗ္ဗာ ဒိဋ္ဌိယောဝ ဇာတာ ဟူသော ပါဠ်ဖြင့် နိဂဏ္ဌနာဋ္ဌပုတ္တ၏ ဝါဒသည် အလုံးစုံသော မိစ္ဆာဒိဋ္ဌိအယူ၌ ဖြစ်၏"ဟု ဆိုတော်မူ၏။ (ထပနာ)

နိဂဏ္ဌနာဋ္ဌပုတ္တ၏ ဝါဒ၌ စိုးစဉ်းမျှသော သာသနာတော်အားလျော်သော အယူလည်း ရှိသေးသည် မဟုတ်ပါလော။ (အာဘော်)

ယင်းသို့ ဖြစ်လျက် အဘယ့်ကြောင့် နိဂဏ္ဌနာဋ္ဌပုတ္တ၏ ဝါဒသည် အလုံးစုံသော မိစ္ဆာဒိဋ္ဌိအယူ၌ ဖြစ်ရပါသနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် "အသုဒ္ဓလဒ္ဓိတာယ"ဟူသော ပါဠ်ကို မိန့်။

အဓိပ္ပါယ်ကား။ "အသုဒ္ဓလဒ္ဓိတာယ"ဟူသော ပါဠ်ဖြင့် မစင်ကြယ်သောအယူ ရှိသည်၏ အဖြစ်ကြောင့် နိဂဏ္ဌနာဋ္ဌပုတ္တ၏ ဝါဒသည် အလုံးစုံသော မိစ္ဆာဒိဋ္ဌိအယူ၌ ဖြစ်ရသည်ဟု ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

အမှာ။ စတုက္ကတက်နည်းဖြင့် တက်ခဲ့သော ဝါကျကိုပင် တစ်စုံတစ်ခုသော သဒ္ဒါကို မရှုမူ၍ (ခ)အမှတ်ပြဝါကျကိုသာ တက်ခဲ့ပါဟု မေးလာပါအံ့။ စတုက္ကတက်နည်းဖြင့် မတက်ရပါ။ အောက်ပါအတိုင်း ဝါကျတက်, အဓိပ္ပါယ်တက်တို့ဖြင့်သာ တက်ရမည်။ ယင်းပုံစံကိုပင် သာဘောဂ ပုစ္ဆာတက်နည်းဖြင့် တက်ပြပါအံ့။

(ပုံစံ)

(က) တေသု ဝါဒေ ကိဉ္စိ သာသနာနုလောမမ္ပိ အတ္ထိ။

(ခ) အသုဒ္ဓလဒ္ဓိတာယ ပန သဗ္ဗာ ဒိဋ္ဌိယောဝ ဇာတာ။ (သီ၊ ၄၊ နှာ–၁၅၁)

(ခ)ဝါကျသို့ သာဘောဂ ပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "နိဂဏ္ဌနာဋ္ဌပုတ္တ၏ ဝါဒ၌ စိုးစဉ်းမျှသော သာသနာတော်အားလျော်သော အယူလည်း ရှိ၏"ဟု ဆိုတော်မူ၏။ (ထပနာ)

ယင်းသို့ ဖြစ်လျက် အဘယ့်ကြောင့် နိဂဏ္ဌနာဋ္ဌပုတ္တ၏ ဝါဒသည် အလုံးစုံသော မိစ္ဆာဒိဋ္ဌိအယူ၌ ဖြစ်ရပါသနည်း။ (ပုစ္ဆာ)

နိဂဏ္ဌနာဋ္ဌပုတ္တ၏ ဝါဒကို အလုံးစုံသော မိစ္ဆာဒိဋ္ဌိအယူ၌ ထည့်သွင်းရခြင်း၏ အကြောင်းကို ဆရာ မပြတော့ပြီလော။ (အာဘော်)

ttp://www.dhammadownload.com



ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြ ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် မစင်ကြယ်သောအယူ ရှိသည်၏ အဖြစ်ကြောင့် နိဂဏ္ဍနာဋ္ဌပုတ္တ၏ ဝါဒကို မိစ္ဆာဒိဋ္ဌိအယူဋ္ဌ ဖြစ်ရသည်ဟု ငါဆရာ ပြဆို၏ ဟူလိုသော(ဝ်)။

## လျှောက်ထားအပ်ပါသည်

ကျမ်းတက်နည်းသည် ၁။ အနုသန္ဓေတက် ၂။ အနာဘောဂ ပုစ္ဆာတက် ၃။ ရိုးရိုး သာဘောဂ ပုစ္ဆာတက် ၄။ အဒေါသာရောပန စောဒနာတက် ၅။ ဒေါသာရောပန စောဒနာတက် ၆။ အဘိယာစကတက်ဟူ၍ ၆-မျိုးရှိ၏။

ထိုခြောက်မျိုးတို့တွင် စောဒနာတက်မှ လီနတ္ထရ စောဒနာတက်, အယုတ္တ စောဒနာတက်, ဗျတိရေက စောဒနာတက်, အန္ဓယ စောဒနာတက်ဟူ၍ စောဒနာတက် လေးမျိုး ခွဲထွက်လာသောကြောင့် အတက်သည် ဖော်ပြ မည့်အတိုင်း (၁၀)မျိုး ဖြစ်လာ၏။

## အတက်(၁၀)မျိုး

| | |
|---|---|
| ၁။ အနုသန္ဓေတက် | (ပုဗ္ဗာနုသန္ဓေ၊ ပရာနုသန္ဓေ နှစ်မျိုးပါ၏။) |
| ၂။ အနာဘောဂ ပုစ္ဆာတက် | (ထပနာ၊ ပုစ္ဆာ၊ အဓိပ္ပါယ်ပြန် သုံးမျိုးပါ၏။) |
| ၃။ ရိုးရိုး သာဘောဂ ပုစ္ဆာတက် | (ထပနာ၊ ပုစ္ဆာ၊ အာဘော်၊ အဓိပ္ပါယ်ပြန်) |
| ၄။ အဒေါသာရောပန စောဒနာတက် | (ထပနာ၊ ပုစ္ဆာ၊ အာဘော်၊ အဓိပ္ပါယ်ပြန်) |
| ၅။ ဒေါသာရောပန စောဒနာတက် | (ထပနာ၊ ပုစ္ဆာ၊ အာဘော်၊ ဒေါသ၊ အဓိပ္ပါယ်ပြန်) |
| ၆။ လီနတ္ထရ စောဒနာတက် | (ထပနာ၊ ပုစ္ဆာ၊ အာဘော်၊ ဒေါသ၊ အဓိပ္ပါယ်ပြန်) |
| ၇။ အယုတ္တ စောဒနာတက် | (ထပနာ၊ ပုစ္ဆာ၊ အာဘော်၊ ဒေါသ၊ အဓိပ္ပါယ်ပြန်) |
| ၈။ ဗျတိရေက စောဒနာတက် | (ထပနာ၊ ပုစ္ဆာ၊ အာဘော်၊ ဒေါသ၊ အဓိပ္ပါယ်ပြန်) |
| ၉။ အန္ဓယ စောဒနာတက် | (ထပနာ၊ ပုစ္ဆာ၊ အာဘော်၊ ဒေါသ၊ အဓိပ္ပါယ်ပြန်) |
| ၁၀။ အဘိယာစကတက် | (ထပနာ၊ ပုစ္ဆာ၊ အာဘော်၊ အဘိယာစနာ) |

ဟု ၁၀-မျိုးရှိ၏။ (၆၊ ၇၊ ၈၊ ၉) စောဒနာတက်တို့၌ အာဘော်နှင့် ဒေါသတို့ ပါသင့်/မပါသင့်ဟု ဆရာမြတ်တို့ ဝါဒကွဲကုန်၏။ အာဘော်နှင့် ဒေါသတို့ ပါ၍ အမှတ်လျော့ဖွယ်ရာ မရှိပါ။ ထို့ကြောင့် ဤကျမ်း၌ အာဘော်နှင့် ဒေါသတို့ပါ ထည့်၍ ကျမ်းတက်မည်။

အမှာ။ ထိုအတက် (၁၀)မျိုးတို့တွင် ၁။ အနုသန္ဓေတက် ၂။ အနာဘောဂ ပုစ္ဆာတက် ၃။ ရိုးရိုး သာဘောဂ ပုစ္ဆာတက် ၄။ အဒေါသာရောပန စောဒနာတက် ၅။ ဒေါသာရောပန စောဒနာတက် ၁၀။ အဘိယာစကတက်ဟူသော အတက် ခြောက်မျိုးတို့၏ ကျမ်းတက်နည်းသဘောကို ဝါကျတက်နည်း၌ ပြခဲ့ပြီးဖြစ်၍ မပြတော့ပြီ။

## (ဂ) အဓိပ္ပါယ်တက် ကျမ်းတက်နည်းများ

စောဒနာတက်မှ ခွဲထွက်လာသော ၆။ လီနတ္ထရ စောဒနာတက် ၇။ အယုတ္တ စောဒနာတက် ၈။ ဗျတိရေက စောဒနာတက် ၉။ အန္ဓယ စောဒနာတက်ဟူသော အတက်ငါးမျိုးတို့၌ ရိုးရိုး ဝါကျတက်ဖြင့် တက်၍ မသင့်။ အဓိပ္ပါယ်တက်ဖြင့်သာ တက်သင့်၏။ ထိုအတက်ငါးမျိုးတို့၏ အဓိပ္ပါယ်တက်နည်းဖြင့် တက်ပုံများကို ပုံစံများနှင့် တကွ တွဲစပ်၍ တက်ပြပါအံ့။

ttp://www.dhammadownload.com



အမှာ။ အဓိပ္ပါယ်တက် ဟူသည်လည်း အမှန်အားဖြင့် ဝါကျတက်ကို အခြေခံ၍ မြန်မာစကားဖြင့် တက်ခြင်းသာ ဖြစ်၏။ အထူးအဆန်းကား မဟုတ်ချေ။

### ၆။ လီနတ္တရ စောဒနာတက်နည်း

အတွင်း၌ ငုပ်နေသော စောဒနာကို ထုတ်ဖော်၍ တက်ခြင်းသည် လီနတ္တရ စောဒနာတက် မည်၏။ ဋီကာ ဆရာများက "အန္တောလီန စောဒနာ"ဟု သုံးစွဲကြ၏။

လီနတ္တရ စောဒနာတက်, သံဝဏ္ဏနာရှုတက်, အဖြေရှုတက်ဟူသော အတက်တို့သည် အမည်သာ ကွဲပြား၏။ တက်နည်းကား အတူတူပင် ဖြစ်၏။ ၎င်းလီနတ္တရ စောဒနာတက်ကို များသောအားဖြင့် သံဝဏ္ဏနာရှုသော ဝါကျ၌သာ အတက်များ၏။ ထို့ကြောင့် သံဝဏ္ဏနာဝါကျ၌သာ နမူနာ တက်ပြပါအံ့။

**ပုံစံ**

**ဓမ္မောတိ ဟေတု။** (သီ၊ ဋ၊ နှာ–၂၁)

**လီနတ္တရစောဒနာ တက်**

အရှင်အဋ္ဌကထာဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ ဓမ္မောဟု ဟောတော်မူ၏။ (ထပနာ)

။သံဝဏ္ဏေတဗ္ဗကို ထပနာထား၍ ဟောသောပုဂ္ဂိုလ်ကို ကတ္တားထားသည်။

ဓမ္မသဒ္ဒါသည် အဘယ်သဒ္ဒါ၏ ပရိယာယ် ဖြစ်ပါသနည်း။ (ပုစ္ဆာ)

ဓမ္မသဒ္ဒါသည် သဘာဝ,ဉာယ စသော သဒ္ဒါတို့၏ ပရိယာယ် ဖြစ်သင့်ပါသလော။ (အာဘော်)

ဓမ္မသဒ္ဒါ၏ ပရိယာယ်ဖြစ်နိုင်သော သဒ္ဒါကို မပြဆိုချေသော် ဆရာ့အား စကားမပျံ့နှံ့, မပြည့်စုံသော အဗျာပိတ, အပရိပုဏ္ဏ ဒေါသတို့ သင့်ရောက်လေရာ၏။ (ဒေါသ)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် "ဟေတု"ဟူသော သံဝဏ္ဏနာပါဌ်ကိုမိန့်။

အဓိပ္ပါယ်ကား။ "ဟေတု"ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဓမ္မသဒ္ဒါသည် ဟေတုသဒ္ဒါ၏ ပရိယာယ်တည်းဟု ငါပြဆိုရကား သင်တင်တိုင်းသော အဗျာပိတ, အပရိပုဏ္ဏ ဒေါသတို့သည် ငါ့အားမရောက် ကင်းစင်လွင့်ပျောက်၏ ဟူလိုသော(ဝ်)။

သတိ။ လီနတ္တရစောဒနာတက်၌ ဒေါသတင်လိုလျှင် သံဝဏ္ဏေတဗ္ဗ+သံဝဏ္ဏနာ ဆန့်ကျင်သော ဝိရောဓိဒေါသ၊ သဒ္ဒ+အတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသနှင့် အဗျာပိတ+အပရိပုဏ္ဏ ဒေါသတို့တွင် သင့်လျော်သော ဒေါသကို တင်ရမည်။

### ၇။ အယုတ္တ စောဒနာတက်နည်း

မသင့်လျော်ဟု နလုံးထား၍ ကထံ(အဘယ်သို့), ကသ္မာ(အဘယ်ကြောင့်), ကိမတ္ထံ(အဘယ်အကျိုးငှာ)– တို့ဖြင့် မေးလျက် တက်ခြင်းကို အယုတ္တ စောဒနာတက်ဟု ခေါ်၏။ ထို့ကြောင့် ဤတက်နည်းကို ရှေ့ဝါကျ၌ စောဒကတို့ မနှစ်သက်ဘွယ်ရှိ၍ တက်လာသော ဝါကျတိုင်း၌ ရကောင်း၏။

**ပုံစံ**

(က) ဒဗ္ဗိဟောမာဒီနိပိ အဂ္ဂိဟောမာနေဝ။

(ခ) ဧဝရူပါယ ဒဗ္ဗိယာ ဤဒိသေဟိ ကဏာဒီဟိ ဟုတေ ဣဒံ နာမ ဟောတီတိ ဧဝံ ပဝတ္တိဝသေန ပန ဝိသုံ ဝုတ္တာနိ။ (သီ၊ ဋ၊ နှာ–၈၈)

ttp://www.dhammadownload.com



### (ခ)ဝါကျသို့ အယုတ္တ စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ဒဗ္ဗိဟောမ စသည်တို့သည်လည်း အဂ္ဂိဟောမ မျိုးပင်တည်း"ဟု ဆိုတော်မူ၏။ (ထပနာ)

**'ထိုသို့ ဖြစ်ပါလျက်'** အဘယ်ကြောင့် ဒဗ္ဗိဟောမ စသည်တို့ကို အသီးအခြား ဟောထားပါကုန်သနည်း။ (ပုစ္ဆာ)

ဒဗ္ဗိဟောမ စသည်တို့ကို အသီးအခြား ဟောထားရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာဘော်)

ဒဗ္ဗိဟောမ စသည်တို့ကို အသီးအခြား ဟောထားရခြင်း၏ အကြောင်းကို မပြဆိုချေသော် ပါဠိတော်၌ ပုနရုတ္တိဒေါသ သင့်ရောက်လေရာ၏။ (ဒေါသ)

ဤသို့ စောဒနာဘွယ် ရှိသောကြောင့် ထိုစောဒနာကို သောခနောတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် ဤသို့ သဘောရှိသော ယောက်မဖြင့် ဤသို့ သဘောရှိသော ဆန်ကွဲ စသည်တို့ဖြင့် ပူဇော်အပ်သည် ရှိသော် ဤမည်သော အကျိုးသည် ဖြစ်၏၊ ဤသို့ ဖြစ်ခြင်း၏ အစွမ်းအားဖြင့် ဒဗ္ဗိဟောမ စသည်တို့ကို အသီးအခြား ဟောထားအပ်သည်သာ ဖြစ်သောကြောင့် သင်တင်တိုင်းသော ပုနရုတ္တိဒေါသ သည် ပါဠိတော်၌ မရောက်၊ ကင်းစင်လွှင့်ပျောက်၏ ဟူလိုသော(ဝ်)။

#### အထူးသတိပြု

ပုစ္ဆာ၏ ရှေ့နား၌ ရှိသော **'ထိုသို့ ဖြစ်ပါလျက်'**ဟူသော စကားရပ်သည် အယုတ္တ စောဒနာတက်၏ ဝိသေသ လက္ခဏာ ဖြစ်၏။ အဘယ်သို့ (ကထံ), အဘယ်ကြောင့် (ကသ္မာ), အဘယ် အကျိုးငှာ (ကိမတ္ထံ)တို့ဖြင့် အမေးပုစ္ဆာ ထုတ်ခြင်းသည် အယုတ္တစောဒနာ၏ အမှတ်အသား ဖြစ်သည်။ အယုတ္တ စောဒနာတက်ရာ၌ ၎င်းစကားရပ်များ ကေန်မုချ ပါစေရမည်ကို အထူးသတိပြု။

ဆောင်။ ကထံ ကသ္မာ ကိမတ္ထံတိ၊ လက္ခာ အယုတ္တစောဒနာ။

### ၈။ ဗျတိရေက စောဒနာတက်နည်း

အဖြေ၏ ဆန့်ကျင်ဘက်အားဖြင့် ယဒိ,သစေ စသော ပုဒ်တို့ဖြင့် မေး၍ တက်ခြင်းကို ဗျတိရေက စောဒနာ တက်ဟု ခေါ်၏။ ဖော်ပြခဲ့သော ပုံစံကိုပင် တက်ပြမည်။

### (ခ)ဝါကျသို့ ဗျတိရေက စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ဒဗ္ဗိဟောမ စသည်တို့သည်လည်း အဂ္ဂိဟောမ မျိုးပင်တည်း"ဟု ဆိုတော်မူ၏။ (ထပနာ)

**'ထိုသို့ ဖြစ်ပါလျှင်'** အဘယ်ကြောင့် ဒဗ္ဗိဟောမ စသည်တို့ကို အသီးအခြား ဟောထားပါကုန်သနည်း။ (ပုစ္ဆာ)

ဒဗ္ဗိဟောမ စသည်တို့ကို အသီးအခြား ဟောထားရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာဘော်)

ဒဗ္ဗိဟောမ စသည်တို့ကို အသီးအခြား ဟောထားရခြင်း၏ အကြောင်းကို မပြဆိုချေသော် ပါဠိတော်၌ ပုနရုတ္တိဒေါသ သင့်ရောက်လေရာ၏။ (ဒေါသ)

ဤသို့ စောဒနာဘွယ် ရှိသောကြောင့် ထိုစောဒနာကို သောခနောတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

ttp://www.dhammadownload.com



အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် ဤသို့ သဘောရှိသော ယောက်မဖြင့် ဤသို့ သဘောရှိသော ဆန်ကွဲစသည်တို့ဖြင့် ပူဇော်အပ်သည် ရှိသော် ဤမည်သော အကျိုးသည် ဖြစ်၏၊ ဤသို့ ဖြစ်ခြင်း၏ အစွမ်းအားဖြင့် ဒဗ္ဗိဟောမ စသည်တို့ကို အသီးအခြား ဟောထားအပ်သည်သာ ဖြစ်သောကြောင့် သင်တင်တိုင်းသော ပုနရုတ္တိဒေါသသည် ပါဠိတော်၌ မရောက်၊ ကင်းစင်လွင့်ပျောက်၏ ဟူလိုသော(ဝိ)။

သတိ။ ပုစ္ဆာ၏ ရှေ့နား၌ ရှိနေသော **'ထိုသို့ ဖြစ်ပါလျှင်'**ဟူသော စကားရပ်သည် အယုတ္တစောဒနာတက်၏ ဝိသေသလက္ခဏာ ဖြစ်၏။ ဗျတိရေက စောဒနာတက်ရာ၌ ၎င်းစကားရပ် ကေန်မုချ ပါစေရမည်ကို အထူးသတိပြု။

အမှာ။ အယုတ္တ စောဒနာတက်နှင့် ဗျတိရေက စောဒနာတက်တို့သည် ဘာမျှ မထူးပါ။ "ထိုသို့ ဖြစ်ပါလျက်နှင့် ထိုသို့ ဖြစ်ပါလျှင်"သာ ကွဲပြား၏။

## ၉။ အနွယ စောဒနာတက်နည်း

အလျော်အားဖြင့် ကေန,ကသ္မာ ပုဒ်တို့ဖြင့် မေးလျက် တက်ခြင်းကို အနွယ စောဒနာတက်ဟု ခေါ်၏။ ထို့ကြောင့် ဤအတက်ကို အကြောင်းပြ (ကာရဏ)ဝါကျတိုင်း၌ ရကောင်းသည်ဟု မှတ်ပါ။

**ပုံစံ**

(က) ဝိနယပိဋကေ စ **ဝီတိက္ကမပ္ပဟာနံ** ကိလေသာနံ။

(ခ) ဝီတိက္ကမပဋိပက္ခတ္တာ သီလဿ။ (သီ၊ ဋ္ဌ၊ နှာ–၂၀)

### (ခ)ဝါကျသို့ အနွယ စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)အမှတ်ပြဝါကျဖြင့် "ဝိနည်းပိဋကတ်၌ ကိလေသာတို့၏ ဝီတိက္ကမပ္ပဟာန်ကို ဟောအပ်ပြီ"ဟု ဆိုတော်မူ၏။ (ထပနာ)

အဘယ်ကြောင့် ထိုကဲ့သို့ ဟောအပ်ကြောင်းကို သိရပါသနည်း။ (ပုစ္ဆာ)

ဝိနည်းပိဋကတ်၌ ကိလေသာတို့၏ ဝီတိက္ကမပ္ပဟာန်ကို ဟောရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာဘော်)

ဝိနည်းပိဋကတ်၌ ကိလေသာတို့၏ ဝီတိက္ကမပ္ပဟာန်ကို ဟောရခြင်း၏ အကြောင်းကို မပြဆိုချေသော် ဆရာအား ဖလ+ကာရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်လေရာ၏။ (ဒေါသ)

ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောခနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)အမှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် "သီလသည် လွန်ကျူးမှု၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ဝိနည်းပိဋကတ်၌ ကိလေသာတို့၏ ဝီတိက္ကမပ္ပဟာန်ကို ဟောအပ်ကြောင်းကို သိရသည်"ဟူသော အကြောင်းကို ပြဆိုထားရကား သင်တင်တိုင်းသော ဝိရောဓိဒေါသသည် ငါဆရာအား မရောက်၊ ကင်းစင်လွင့်ပျောက်၏ ဟူလိုသော(ဝိ)။

သတိ။ အဘယ်သူသည် (ကေန)၊ အဘယ်ကြောင့် (ကသ္မာ)တို့ဖြင့် အမေးပုစ္ဆာ ထုတ်ခြင်းသည် အနွယ စောဒနာ၏ အမှတ်အသား ဖြစ်သည်။

ဆောင်။ ကေန ကသ္မာတိ လက္ခာ၁၀၊ အနွယစောဒနာ ဘဝေ။

### မှတ်သားဖွယ်ရာ ဂါထာ

ကထံ ကသ္မာ ကိမတ္ထံတိ၊ လက္ခာ အယုတ္တစောဒနာ။
နနူတိ လက္ခိတာ ဘောဂါ၊ ဗျတိရေကော ယချာဒိနာ။
ကေန ကသ္မာတိ လက္ခာ၁၀၊ အနွယစောဒနာ ဘဝေ။ (အဓိပ္ပါယ် ထင်ရှားပြီ)

ttp://www.dhammadownload.com



## မညီသည့်တက်နည်းဖြင့် တက်မည့်နည်း

ဝါကျတစ်ခုကို တက်ရာ၌ . . .

၁။ လိင်္ဂနတ္တရ စောဒနာတက်၊ အယုတ္တ စောဒနာတက်၊ ဗျတိရေက စောဒနာတက်၊ အန္ဝယ စောဒနာတက်နည်းတို့ဖြင့် မေးခဲ့လျှင် = အဓိပ္ပါယ်တက်ကို ဖြေပါ။

၂။ မေးခွန်း၌ မေးထားသော ဝါကျကို စတုက္က ထုတ်နိုင်/မထုတ်နိုင် စိစစ်ကြည့်ပါ။ စတုက္ကထုတ်နိုင်သော ဝါကျမျိုး၌ တစ်စုံတစ်ခုသော သဒ္ဒါကို ရှု၍ ကျမ်းတက်ခဲ့ပါဟု မေးသော်လည်းကောင်း၊ ဝါကျတက် တက်၍ မဖြစ်နိုင်သည့် စတုက္ကထုတ်နိုင်သော ဝါကျမျိုး ဖြစ်ခဲ့သော်လည်းကောင်း စတုက္ကတက်ကိုသာ ဖြေပါ။

၃။ ယင်းအင်္ဂါလက္ခဏာတို့နှင့် မညီညွတ်မှသာ ဝါကျတက်ကို ဖြေပါ။

### ပန်ကြားလွှာ

"ကျမ်းတက်ခြင်း"ဟူသည် ပါဠိစာပေ၌သာ ရကောင်းသည် မဟုတ်၊ မြန်မာစာပေ စသော အခြားစာပေများ၌လည်း ရကောင်းပါ၏။ ထို့ကြောင့် မြန်မာစကား၌လည်း ကျမ်းတက်၍ ဖြစ်သည်သာတည်း။ အောက်ပါပုံစံကို လေ့လာကြည့်ပါ။ အသေးအဖွဲဟုသာ, ရယ်စရာဟုသာ သဘောမထားသင့်။

### ပုံစံ

(က) မောင်ဘသည် ငါအရှင်၏ ယောက်ဖဖြစ်သည်။

(ခ) ငါအရှင်၏ အစ်မကို မောင်ဘသည် ယူ၏။

### (ခ)ဝါကျ သာဘောဂ ပုစ္ဆာတက်

အရှင် အရှင်သည် (က)အမှတ်ပြဝါကျဖြင့် "မောင်ဘသည် အရှင်၏ ယောက်ဖဖြစ်သည်"ဟု ဆိုတော်မူ၏။ (ထပနာ)

အဘယ်ကဲ့သို့ ယောက်ဖ တော်စပ်ပါသနည်း။ (ပုစ္ဆာ)

မောင်ဘ၏ အစ်မကို အရှင် ယူထားသောကြောင့် ယောက်ဖ တော်စပ်ခြင်း ဖြစ်ပါသလော။ (အာဘော်)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အရှင်သည် (ခ)အမှတ်ပြဝါကျကို မိန့်။

အဓိပ္ပါယ်ကား။ (ခ)အမှတ်ပြဝါကျဖြင့် ငါအရှင်၏ အစ်မကို မောင်ဘက ယူထားသောကြောင့်သာ ယောက်ဖ တော်စပ်ခြင်း ဖြစ်၏ ဟူလိုသော(ဝ်)။

### အမှာ

"ယောက်ဖ"ဟူသော မြန်မာစကားသည် ၁။ တစ်စုံတစ်ယောက်၏ အစ်မ (ဝါ) နှမကို ယူထားသူကိုလည်း ခေါ်၏။ ၂။ တစ်စုံတစ်ယောက်အား အစ်မ (ဝါ) နှမကို ပေးထားသူကိုလည်း ခေါ်၏။ ဤနေရာ၌ "(၂)နံပါတ် ပုဂ္ဂိုလ်ကိုသာ ယောက်ဖ"ဟု ခေါ်လို၏။ ထို့ကြောင့် မလိုအပ်သော (၁)နံပါတ်ပုဂ္ဂိုလ်ကို အာဘော်ထား၍ ကျမ်းတက်ထားသည်။ ဤနည်းကိုမှီး၍ အခြား ယောက်မ,ယောက္ခမ စသော စကားများ၌လည်း ကျမ်းတက်တတ်ပါစေ။

ttp://www.dhammadownload.com



မြန်မာစကား ကျမ်းတက်ပုံကို သေချာစွာ သဘောပေါက်အောင် လေ့လာပါ။ ပါဠိဝါကျတို့ကို ကျမ်းတက်သောအခါ၌လည်း မြန်မာစကား အသွားအလာကို စဉ်းစားပါ။ ပြီးမှ ဖြစ်သင့်သလို ပုစ္ဆာ,အာဘော်တို့ကို ထည့်သွင်း၍ တက်သော် ကျမ်းတက်အတွက် အခက် မတွေ့နိုင်ပါ။ လွဲလည်း မလွဲနိုင်ပါ။ ထို့ကြောင့် ပါဠိဝါကျတိုင်းကို မြန်မာဝါကျဖြင့် အစားထိုး၍ ကျမ်းတက်ကြည့်သော အလေ့အထကို မွေးယူကြပါလေ။

## ကျမ်းတက်နည်းများ ပြီး၏။

===========

### လျှောက်ထားအပ်ပါသည်

"စပ်ရာမှ ထွက်၊ ထွက်ရာမှ စပ်"ဟူသည်နှင့်အညီ စာစပ်နည်းသိမှ ကျမ်းထွက်နည်းကို နားလည်မည်။ ထို့ကြောင့် ကျမ်းထွက်နည်းကို မပြမီ စာစပ်နည်းကို ရှေးဦးစွာ ပြပါအံ့။ စာစပ်ခြင်းသည် ကျမ်းထွက်အတွက်သာ အရေးပါသည် မဟုတ်၊ စာတတ်ရေးအတွက်လည်း အထူးပင် အရေးပါ၏။ ထို့ကြောင့် စာစပ်ခြင်းကို ကျမ်းထွက်နည်းအတွက်သာ မရည်မှန်းဘဲ စာပေကို တကယ်တမ်း တတ်မြောက်ရေး အတွက်ပါ ရည်မှန်း၍ စိတ်ပါလက်ပါ ပျော်ရွှင်စွာ လေ့လာတော်မူကြပါ။

### စာစပ်အတွက် အင်္ဂါ ၅-ချက်

စာစပ်နည်းကို ကျွမ်းကျင်ပိုင်နိုင်လိုသော် အောက်ပါအချက်တို့ကို သေချာစွာ သတိပြု မှတ်သားထားရမည်။

၁။ မိမိစာစပ်ရမည့် ဝါကျကို အနက်ပေး၍ မြန်မာစကားသံဖြင့် ဆက်စပ်ကြည့်ပါ။ "စပ်သင့်သော ပုဒ်၌သာ စပ်ရမည်"ဟူသော ဆရာမြတ်တို့ မူဝါဒနှင့်အညီ အဓိပ္ပါယ် ဆက်သွယ်မှုရှိသော ပုဒ်၌သာ စာစပ်ရမည်။

၂။ စာစပ်ရာ၌ ကာရက ၆-ပါးကို များသောအားဖြင့် ကြိယာနှင့် ကြိယာဝိသေသန ပုဒ်တို့၌ စပ်ရမည်။

၃။ "ယသ္မာ, တသ္မာ၊ ပမာ, ပမေ၊ တွင်းနေ ပဒ၊ စပ်ကြ ချင်းချင်း၊ ဖြစ်နေလျှင်းက၊ ပြင်ချင်းပ၊ စပ်ကြ မြဲမှန်စွာ"ဟူသော နိယံနှင့်အညီ ယသ္မာထိုင်သော ဝါကျအတွင်း၌ ရှိသော ပုဒ်တို့ကို ယသ္မာထိုင်သော ဝါကျအတွင်း၌ ရှိသော ပုဒ်တို့နှင့်သာ စာစပ်ရမည်။ တသ္မာထိုင်သော ဝါကျအတွင်း၌ ရှိသော ပုဒ်တို့ကို တသ္မာထိုင်သော ဝါကျအတွင်း၌ ရှိသော ပုဒ်တို့နှင့်သာ စာစပ်ရမည်။ ဥပမာန ဝါကျအတွင်း၌ ရှိသော ပုဒ်တို့ကို ဥပမာန ဝါကျအတွင်း၌ ရှိသော ပုဒ်တို့နှင့်သာ စာစပ်ရမည်။ ဥပမေယျ ဝါကျအတွင်း၌ ရှိသော ပုဒ်တို့ကို ဥပမေယျ ဝါကျအတွင်း၌ ရှိသော ပုဒ်တို့နှင့်သာ စာစပ်ရမည်။ အာကာရ ဝါကျအတွင်း၌ ရှိသော ပုဒ်တို့ကို အာကာရ ဝါကျအတွင်း၌ ရှိသော ပုဒ်တို့နှင့်သာ စာစပ်ရမည်။ အာကာရ ဝါကျအပြင်၌ ရှိသော ပုဒ်တို့ကို အာကာရ ဝါကျအပြင်၌ ရှိသော ပုဒ်တို့နှင့်သာ စာစပ်ရမည်။

သတိ။ အတွင်းနေ၊ အတွင်းစပ်၊ အပြင်နေ၊ အပြင်စပ်။

၄။ ဖော်ပြလတ္တံ့သော ပုံစံများကိုလည်း သေချာစွာ လေ့လာကျက်မှတ်ပါ။

၅။ အဋ္ဌကထာ၌ လာသော စာမျက်နှာ ၅-မျက်နှာခန့်မျှကို စာစပ်ကျွမ်းကျင်သော ဆရာသမား, သီတင်းသုံးဖော်တို့၏ အထံ၌ စာစပ်ကြည့်ပါ။

ဤနည်းစနစ်တို့ဖြင့် လေ့လာသော် စာရှုသူသည် စာစပ်နည်းကို တိကျပိုင်နိုင်စွာ သိလာပါအံ့။

ttp://www.dhammadownload.com



## အစပ် (စာစပ်နည်း)

ပုံစံ။ ပုရိသော ဂစ္ဆတိ။
ပုရိသော ဂစ္ဆတိ–၌ ပုရိသော ပုဒ်ကို စာစပ်ပုံ။
ပုရိသော–ကား "သည်"ဟူ၍ အနက်ပေးသောကြောင့် ဂစ္ဆတိ–၌ 'တိဝိဘတ်'ဟူသော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား၊ ဂစ္ဆတိ–ကား ထိုကတ္တားကို ဟောသော အာချာတ်ကြိယာဝါစက။

ပုံစံ။ ပုရိသေန ဂစ္ဆီယတေ။
ပုရိသေန ဂစ္ဆီယတေ–၌ ပုရိသေန ပုဒ်ကို စာစပ်ပုံ။
ပုရိသေန–ကား "သည်"ဟူ၍ အနက်ပေးသောကြောင့် ဂစ္ဆီယတေ–၌ 'တေဝိဘတ်'ဟူသော အာချာတ် ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကတ္တား၊ ဂစ္ဆီယတေ–ကား ထိုကတ္တားကို မဟောသော အာချာတ် ကြိယာဝါစက။

ပုံစံ။ မဂ္ဂေါ ဂစ္ဆီယတေ။
မဂ္ဂေါ ဂစ္ဆီယတေ–၌ မဂ္ဂေါ ပုဒ်ကို စာစပ်ပုံ။
မဂ္ဂေါ–ကား "ကို"ဟူ၍ အနက်ပေးသောကြောင့် ဂစ္ဆီယတေ–၌ 'တေဝိဘတ်'ဟူသော အာချာတ် ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကံ၊ ဂစ္ဆီယတေ–ကား ထိုကံကို ဟောသော အာချာတ် ကြိယာဝါစက။

ပုံစံ။ မဂ္ဂံ ဂစ္ဆတိ။
မဂ္ဂံ ဂစ္ဆတိ–၌ မဂ္ဂံ ပုဒ်ကို စာစပ်ပုံ။
မဂ္ဂံ–ကား "ကို"ဟူ၍ အနက်ပေးသောကြောင့် ဂစ္ဆတိ–၌ 'တိဝိဘတ်'ဟူသော အာချာတ် ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ဂစ္ဆတိ–ကား ထိုကံကို မဟောသော အာချာတ် ကြိယာဝါစက။

ပုံစံ။ မဂ္ဂံ ဂတော။
မဂ္ဂံ ဂတော–၌ မဂ္ဂံ ပုဒ်ကို စာစပ်ပုံ။
မဂ္ဂံ–ကား "ကို"ဟူ၍ အနက်ပေးသောကြောင့် ဂတော–၌ 'တပစ္စည်း' ဟူသော ကိတ် ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ဂတော–ကား ထိုကံကို မဟောသော ကိတ် ကြိယာဝါစက။

ပုံစံ။ သာမဏေရော ဥပသမ္ပန္နော အဟောသိ။
သာမဏေရော ဥပသမ္ပန္နော အဟောသိ–၌ သမဏေရော+ဥပသမ္ပန္နော ပုဒ်တို့ကို စာစပ်ပုံ။
သာမဏေရော–ကား "သည်"ဟူ၍ အနက်ပေးသောကြောင့် အဟောသိ–၌ 'ဤဝိဘတ်'ဟူသော အာချာတ် ကြိယာဝါစကသည် ဟောအပ်သော ပကတိ ဝုတ္တကတ္တား၊
ဥပသမ္ပန္နော–ကား "သည်"ဟူ၍ အနက်ပေးသောကြောင့် အဟောသိ–၌ 'ဤဝိဘတ်'ဟူသော အာချာတ် ကြိယာဝါစကသည် ဟောအပ်သော ဝိကတိ ဝုတ္တကတ္တား၊
အဟောသိ–ကား ထိုပကတိ+ဝိကတိ ကတ္တားတို့ကို ဟောသော အာချာတ် ကြိယာဝါစက။

ပုံစံ။ အဠ္ဌ အက္ခရာ သရာ နာမ ဟောန္တိ။ (အဠ္ဌ–ကုန်သော၊ အက္ခရာ–တို့သည်၊ သရာ နာမ–မည်ကုန်၏။)
အဠ္ဌ အက္ခရာ သရာ နာမ ဟောန္တိ–၌ အက္ခရာ+သရာ နာမ ပုဒ်တို့ကို စာစပ်ပုံ။
အက္ခရာ–ကား "တို့သည်"ဟူ၍ အနက်ပေးသောကြောင့် ဟောန္တိ–၌ 'အန္တိဝိဘတ်'ဟူသော အာချာတ် ကြိယာဝါစကသည် ဟောအပ်သော (သညီနာမီ) ဝုတ္တကတ္တား၊

ttp://www.dhammadownload.com



သရာ နာမ–ကား "တို့ မည်သည်"ဟူ၍ အနက်ပေးသောကြောင့် ဟောန္တိ–၌ 'အန္တိဝိဘတ်'ဟူသော အာချာတ် ကြိယာဝါစကသည် ဟောအပ်သော (သညာနာမ) ဝုတ္တကတ္တား၊ ဟောန္တိ–ကား (သညီနာမီ+သညာနာမ) ကတ္တား နှစ်မျိုးတို့ကို ဟောသော အာချာတ် ကြိယာဝါစက။

အမှာ။ ပကတိဝုတ္တက်၊ ဝိကတိဝုတ္တက်၊ သညီနာမဝုတ္တက်၊ သညာနာမဝုတ္တက် ပုဒ်တို့ကို တွေ့လျှင်လည်း ဝုတ္တကတ္တား ပုဒ်တို့၏ စာစပ်နည်းကို မှီ၍ စာစပ်ပါ။

ပုံစံ။ အဋ္ဌ အက္ခရာ သရာ နာမ။

အဋ္ဌ အက္ခရာ သရာ နာမ–၌ အက္ခရာ ပုဒ်ကို စာစပ်ပုံ။

အက္ခရာ–ကား "တို့သည်"ဟူ၍ အနက်ပေးသောကြောင့် သရာ နာမ–၌ (သညီနာမီ) တုလျှတ်၊ သရာ နာမ–ကား (သညာနာမ) လိင်္ဂတ်။

ပုံစံ။ သော မေ သတ္ထာ။ (သော–ဤသူသည်၊ မေ–၏၊ သတ္ထာ–ဆရာတည်း။)

သော မေ သတ္ထာ–၌ သော ပုဒ်ကို စာစပ်ပုံ။

သော–ကား "သည်"ဟူ၍ အနက်ပေးသောကြောင့် သတ္ထာ–၌ တုလျှတ်၊ သတ္ထာ–ကား လိင်္ဂတ်။

ပုံစံ။ သုဝဏ္ဏံ ကင္ကဏံ ကရောတိ။

သုဝဏ္ဏံ ကင္ကဏံ ကရောတိ–၌ သုဝဏ္ဏံ+ကင္ကဏံ ပုဒ်တို့ကို စာစပ်ပုံ။

သုဝဏ္ဏံ–ကား "ကို"ဟူ၍ အနက်ပေးသောကြောင့် ကရောတိ–၌ 'တိဝိဘတ်'ဟူသော အာချာတ် ကြိယာဝါစကသည် မဟောအပ်သော ပကတိ အဝုတ္တက်၊

ကင္ကဏံ–ကား "ကို"ဟူ၍ အနက်ပေးသောကြောင့် ကရောတိ–၌ 'တိဝိဘတ်'ဟူသော အာချာတ် ကြိယာဝါစကသည် မဟောအပ်သော ဝိကတိ အဝုတ္တက်၊

ကရောတိ–ကား ထိုပကတိ+ဝိကတိ ကံတို့ကို မဟောအပ်သော အာချာတ် ကြိယာဝါစက။

ပုံစံ။ သာမိကော ဒါသံ ဂါမံ ဂမယတိ။

သာမိကော ဒါသံ ဂါမံ ဂမယတိ–၌ သာမိကော၊ ဒါသံ၊ ဂါမံ ပုဒ်တို့ကို စာစပ်ပုံ။

သာမိကော–ကား "သည်"ဟူ၍ အနက်ပေးသောကြောင့် ဂမယတိ–၌ 'ဏာယပစ္စည်း'သည် ဟောအပ်သော ကာရိတ် ဝုတ္တကတ္တား၊ ဂမယတိ–ကား ထိုကတ္တားကို ဟောသော အာချာတ် ကြိယာဝါစက။

ဒါသံကား "ကို"ဟူ၍ အနက်ပေးသောကြောင့် ဂမယတိ–၌ 'ဏာယပစ္စည်း'သည် မဟောအပ်သော ကာရိတ် အဝုတ္တက်၊ ဂမယတိ–ကား ထိုကံကို မဟောသော အာချာတ် ကြိယာဝါစက။

ဂါမံ–ကား "သို့"ဟူ၍ အနက်ပေးသောကြောင့် ဂမယတိ–၌ 'ဂမုဓာတ်+တိဝိဘတ်'ဟူသော အာချာတ် ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တက်၊ ဂမယတိ–ကား ထိုကံကို မဟောသော အာချာတ် ကြိယာဝါစက။

သတိ။ ဤစာစပ်နည်းကို ရှု၍ = သာမိကောကို ဏာရိတ်ကတ္တား၊ ဒါသံကို ကာရိတ်ကံ၊ ဂါမံကို ဓာတ်ကံဟူ၍ ခေါ်ဝေါ်ကြသည်ကို သတိပြုပါ။

ပုံစံ။ ဒတ္တေန ဝီဟိံ လုနာတိ။

ဒတ္တေန ဝီဟိံ လုနာတိ–၌ ဒတ္တေန ပုဒ်ကို စာစပ်ပုံ။

ဒတ္တေန–ကား "ဖြင့်"ဟူ၍ အနက်ပေးသောကြောင့် လုနာတိ–၌ ကရိဏ်း၊ လုနာတိ–ကား ကရိဏ်း၏ ကြိယာ။

ttp://www.dhammadownload.com



ပုံစံ။ ဘိက္ခုဿ ဒဒါတိ။

ဘိက္ခုဿ ဒဒါတိ-၌ ဘိက္ခုဿ ပုဒ်ကို စာစပ်ပုံ။

ဘိက္ခုဿ-ကား "အား"ဟူ၍ အနက်ပေးသောကြောင့် ဒဒါတိ-၌ သမ္ပဒါန်၊ ဒဒါတိ-ကား သမ္ပဒါနီ။

ပုံစံ။ ဗုဒ္ဓဿ အတ္ထာယ ဇီဝိတံ ပရိစ္စဇာမိ။

ဗုဒ္ဓဿ အတ္ထာယ ဇီဝိတံ ပရိစ္စဇာမိ-၌ အတ္ထာယ ပုဒ်ကို စာစပ်ပုံ။

အတ္ထာယ-ကား "ငှာ" ဟူ၍ အနက်ပေးသောကြောင့် ပရိစ္စဇာမိ-၌ တဒတ္ထ သမ္ပဒါန်၊ ပရိစ္စဇာမိ-ကား တဒတ္ထ သမ္ပဒါန်၏ ကြိယာ။

ပုံစံ။ နိန္ဒိတုံ အရဟတိ။

နိန္ဒိတုံ အရဟတိ-၌ အရဟတိ ပုဒ်ကို စာစပ်ပုံ။

နိန္ဒိတုံ-ကား "ငှာ"ဟူ၍ အနက်ပေးသောကြောင့် အရဟတိ-၌ တုမတ္ထ သမ္ပဒါန်၊ အရဟတိ-ကား တုမတ္ထ သမ္ပဒါန်၏ ကြိယာ။

အမှာ။ လောကာနုကမ္ပာယ ဗုဒ္ဓေါ လောကေ ဥဒပါဒိ ပုံစံ၌ လောကာနုကမ္ပာယ ပုဒ်ကိုလည်း ဤနည်းအတိုင်းပင် စာစပ်ပါ။

ပုံစံ။ ဂါမာ အပေန္တိ။

ဂါမာ အပေန္တိ-၌ ဂါမာ ပုဒ်ကို စာစပ်ပုံ။

ဂါမာ-ကား "မှ"ဟူ၍ အနက်ပေးသောကြောင့် အပေန္တိ-၌ အပါဒါန်၊ အပေန္တိ-ကား အပါဒါနီ။

ပုံစံ။ ဣတော ပဏီတတရော နတ္ထိ။

ဣတော ပဏီတတရော နတ္ထိ-၌ ဣတော ပုဒ်ကို စာစပ်ပုံ။

ဣတော-ကား "ထက်"ဟူ၍ အနက်ပေးသောကြောင့် ပဏီတတရော-၌ ဝိဘတ္တ အပါဒါန်၊ ပဏီတတရော-ကား ဝိဘတ္တ အပါဒါနီ။

အမှာ။ ပါဝစနံ ဆန္ဒဝတီနံ ပါသဏ္ဍာနံ ပဝရံ-၌ ဆန္ဒဝတီနံကိုလည်း "ထက်"ဟု အနက်ပေး၍ နည်းတူစပ်ပါ။ အယံ ဣတော ဟီနတရော-၌ ဣတောကို "အောက်"ဟု အနက်ပေး၍လည်း နည်းတူ ဝိဘတ္တအပါဒါန် အဖြစ်ဖြင့် စာစပ်ပါ။

ပုံစံ။ ဘိက္ခုနော ပတ္တော။

ဘိက္ခုနော ပတ္တော-၌ ဘိက္ခုနော ပုဒ်ကို စာစပ်ပုံ။

ဘိက္ခုနော-ကား "၏"ဟူ၍ အနက်ပေးသောကြောင့် ပတ္တော-၌ သမ္ဗန်၊ ပတ္တော-ကား သမ္ဗန္ဓီ။

ပုံစံ။ ပါပသ္မိံ ရမတိ။

ပါပသ္မိံ ရမတိ-၌ ပါပသ္မိံ ပုဒ်ကို စာစပ်ပုံ။

ပါပသ္မိံ-ကား "၌"ဟူ၍ အနက်ပေးသောကြောင့် ရမတိ-၌ အာဓာရ၊ ရမတိ-ကား အာဓေယ်။

ပုံစံ။ ရုက္ခေ သာခါ။

ရုက္ခေ သာခါ-၌ ရုက္ခေ ပုဒ်ကို စာစပ်ပုံ။

ရုက္ခေ-ကား "၌"ဟူ၍ အနက်ပေးသောကြောင့် သာခါ-၌ အပေါင်းအာဓာရ၊ သာခါ-ကား၊ အစိတ် အာဓေယ်။

ttp://www.dhammadownload.com



ပုံစံ။ သဟာပိ ဂစ္ဆေန။
သဟာပိ ဂစ္ဆေန–၌ ဂစ္ဆေန ပုဒ်ကို စာစပ်ပုံ။
ဂစ္ဆေန–ကား "နှင့်"ဟူ၍ အနက်ပေးသောကြောင့် သဟာပိ–၌ သဟယောဂ၊ သဟာပိ–ကား သဟယောဂဝန္တ။

ပုံစံ။ ဝိနာပိ ဂစ္ဆေန။
ဝိနာပိ ဂစ္ဆေန–၌ ဂစ္ဆေန ပုဒ်ကို စာစပ်ပုံ။
ဂစ္ဆေန–ကား "နှင့်"ဟူ၍ အနက်ပေးသောကြောင့် ဝိနာပိ–၌ သဟာဒိယောဂ၊ ဝိနာပိ–ကား သဟာဒိယောဂ–ဝန္တ။

ပုံစံ။ ကောကာလိကေန ပါပိဝိသီ။ (ကောကာလိကေန–နှင့်တကွ၊ ပါပိဝိသီ–ဝင်ပြီ။)
ကောကာလိကေန ပါပိဝိသီ–၌ ကောကာလိကေန ပုဒ်ကို စာစပ်ပုံ။
ကောကာလိကေန–ကား "တကွ"ဟူသော အနက်၌ သဟတ္ထ၊ "တကွ"ဟူသော အနက်ကား သဟတ္ထယောဂ–ဝန္တ။

ပုံစံ။ အန္နေန ဝသတိ။
အန္နေန ဝသတိ–၌ အန္နေန ပုဒ်ကို စာစပ်ပုံ။
အန္နေန–ကား "ကြောင့်"ဟူ၍ အနက်ပေးသောကြောင့် ဝသတိ–၌ အကြောင်းဖြစ်သော ဟိတ်၊ ဝသတိ–ကား ဟိတ်၏ အကျိုးဖြစ်သော ဖိုလ်။

ပုံစံ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ သမ္ဘဝန္တိ။
အဝိဇ္ဇာပစ္စယာ သင်္ခါရာ သမ္ဘဝန္တိ–၌ အဝိဇ္ဇာပစ္စယာ ပုဒ်ကို စာစပ်ပုံ။
အဝိဇ္ဇာပစ္စယာ–ကား "ကြောင့်"ဟူ၍ အနက်ပေးသောကြောင့် သမ္ဘဝန္တိ–၌ အကြောင်းဖြစ်သော ဟိတ်၊ သမ္ဘဝန္တိ–ကား ဟိတ်၏ အကျိုးဖြစ်သော ဖိုလ်။

ပုံစံ။ စမ္မေသု ဟညတေ။
စမ္မေသု ဟညတေ–၌ စမ္မေသု ပုဒ်ကို စာစပ်ပုံ။
စမ္မေသု–ကား "တို့ကြောင့်"ဟူ၍ အနက်ပေးသောကြောင့် ဟညတေ–၌ နိမိတ္တ၊ ဟညတေ–ကား နိမိတ္တဝန္တ။

ပုံစံ။ မာသံ ဘုဉ္ဇတိ။
မာသံ ဘုဉ္ဇတိ–၌ မာသံ ပုဒ်ကို စာစပ်ပုံ။
မာသံ–ကား "ပတ်လုံး"ဟူ၍ အနက်ပေးရသောကြောင့် ဘုဉ္ဇတိ–၌ ကာလ အစ္စန္တသံယောဂ၊ ဘုဉ္ဇတိ–ကား ကာလ အစ္စန္တသံယောဂဝန္တ။

ပုံစံ။ ယောဇနံ ဒီဃော။
ယောဇနံ ဒီဃော–၌ ယောဇနံ ပုဒ်ကို စာစပ်ပုံ။
ယောဇနံ–ကား "တိုင်တိုင်"ဟူ၍ အနက်ပေးသောကြောင့် ဒီဃော–၌ အဒ္ဓါန အစ္စန္တသံယောဂ၊ ဒီဃော–ကား အဒ္ဓါန အစ္စန္တသံယောဂဝန္တ။

ပုံစံ။ ပဗ္ဗဇိတံ အနု ပဗ္ဗဇိံသု။
ပဗ္ဗဇိတံ အနု ပဗ္ဗဇိံသု–၌ ပဗ္ဗဇိတံ ပုဒ်ကို စာစပ်ပုံ။
ပဗ္ဗဇိတံ–ကား အနု–၌ ကမ္မပ္ပဝစနီယယုတ္တ၊ အနု–ကား ကမ္မပ္ပဝစနီယ။

ttp://www.dhammadownload.com



ပုံစံ။ “ပုဗ္ဗကရဏ”န္တိ ဝုစ္စတိ။
“ပုဗ္ဗကရဏ”န္တိ ဝုစ္စတိ-၌ “ပုဗ္ဗကရဏ”န္တိ ပုဒ်ကို စာစပ်ပုံ။
ပုဗ္ဗကရဏန္တိ-ကား “ဟူ၍”ဟု အနက်ပေးရသောကြောင့် ဝုစ္စတိ-၌ အာကာရ၊ ဝုစ္စတိ-ကား အာကာရဝန္တ။

ပုံစံ။ ဝုတ္တဉ္စေတံ ဘဂဝတာ “ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ”တိ။ (သီ၊ ၄-၃)
ဖော်ပြပါ ပုံစံ၌ “ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ”တိ ဝါကျကို စာစပ်ပုံ။
“ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ”တိ-ကား “ဟူ၍”ဟု အနက်ပေးရသောကြောင့် ဝုတ္တံ-၌ အာကာရ၊ ဝုတ္တံ-ကား အာကာရဝန္တ။

ပုံစံ။ ဧဝံ သုတံ။ (ဧဝံ-ဤသို့၊ သုတံ-ပြီ။)
ဧဝံ သုတံ-၌ ဧဝံ ပုဒ်ကို စာစပ်ပုံ။
ဧဝံ-ကား “ဤသို့” ဟူ၍ အနက်ပေးသောကြောင့် သုတံ-၌ နိဒဿန၊ သုတံ-ကား နိဒဿနဝန္တ။

အမှာ။ “ဧဝံ ဝေဒိတဗ္ဗံ၊ ဣစ္စေဝံ ဝုတ္တနယေန၊ ဣတိ စတုဓာ”စသော ပုဒ်များ၌လည်း နည်းတူစပ်ပါ။

ပုံစံ။ စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ။
စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ-၌ စိတ္တံ ပုဒ်ကို စာစပ်ပုံ။
စိတ္တံ-ကား “လည်းကောင်း”ဟူ၍ အနက်ပေးသောကြောင့် ဣတိ-၌ နိဒဿေတဗ္ဗ၊ ဣတိ-ကား နိဒဿန။

အမှာ။ စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ-၌ “စေတသိကံ၊ ရူပံ၊ နိဗ္ဗာနံ”ပုဒ်များ၌လည်း နည်းတူစပ်ပါ။

ပုံစံ။ ဒွေ ဓမ္မာ နာမံ ရူပံ။
ဒွေ ဓမ္မာ နာမံ ရူပံ-၌ နာမံ ပုဒ်ကို စာစပ်ပုံ။
နာမံ-ကား “လည်းကောင်း”ဟူ၍ အနက်ပေးရသောကြောင့် ဒွေ-၌ သင်္ချေယျ၊ ဒွေ-ကား သင်္ချေယျဝန္တ။

အမှာ။ “သင်္ချေယျကို သရူပ၊ သင်္ချာကို သရူပဝန္တ”ဟူ၍လည်း စပ်ဆိုကြသေး၏။

ပုံစံ။ မဟာန္တော ပုရိသော။
မဟာန္တော ပုရိသော-၌ မဟာန္တော ပုဒ်ကို စာစပ်ပုံ။
မဟာန္တော-ကား “သော”ဟူ၍ အနက်ပေးသောကြောင့် ပုရိသော-၌ တုလျာဓိကရဏ ဝိသေသန၊ ပုရိသော-ကား တုလျာဓိကရဏ ဝိသေသျ။

အမှာ။ “သော”ဟု အနက်ပေးရသော ဝိသေသန မှန်လျှင် ဤနည်းအတိုင်းပင် စပ်။

ပုံစံ။ ဂေါတ္တေန ဂေါတမော။
ဂေါတ္တေန ဂေါတမော-၌ ဂေါတ္တေန ပုဒ်ကို စာစပ်ပုံ။
ဂေါတ္တေန-ကား “အားဖြင့်”ဟူ၍ အနက်ပေးသောကြောင့် ဂေါတမော-၌ ဘိန္နာဓိကရဏ ဝိသေသန၊ ဂေါတမော-ကား ဘိန္နာဓိကရဏ ဝိသေသျ။

ပုံစံ။ ပရမတ္ထတော စတုဓာ။
ပရမတ္ထတော စတုဓာ-၌ ပရမတ္ထတော ပုဒ်ကို စာစပ်ပုံ။
ပရမတ္ထတော-ကား “အားဖြင့်”ဟူ၍ အနက်ပေးသောကြောင့် စတုဓာ-၌ အဘိန္န ဝိသေသန၊ စတုဓာ-ကား အဘိန္န ဝိသေသျ။

29 A

ttp://www.dhammadownload.com



ပုံစံ။ ယေဘုယျေန မတ္တိကာ။
ယေဘုယျေန မတ္တိကာ–၌ ယေဘုယျန ပုဒ်ကို စာစပ်ပုံ။
ယေဘုယျန–ကား "အားဖြင့်"ဟူ၍ အနက်ပေးသောကြောင့် မတ္တိကာ–၌ နာမ ဝိသေသန၊ မတ္တိကာ–ကား နာမ ဝိသေသျ။

ပုံစံ။ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန တိကိစ္စာနိ။
ပဋိသန္ဓိဘဝင်္ဂစုတိဝသေန တိကိစ္စာနိ–၌ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန ပုဒ်ကို စာစပ်ပုံ။
ပဋိသန္ဓိဘဝင်္ဂစုတိဝသေန–ကား "အားဖြင့်"ဟူ၍ အနက်ပေးသောကြောင့် တိကိစ္စာနိ–၌ သရူပကျော ဝိသေသန၊ တိကိစ္စာနိ–ကား သရူပကျော ဝိသေသျ။

ပုံစံ။ သမေန ဓာဝတိ။
သမေန ဓာဝတိ–၌ သမေန ပုဒ်ကို စာစပ်ပုံ။
သမေန–ကား "သဖြင့်"ဟူ၍ အနက်ပေးသောကြောင့် ဓာဝတိ–၌ ကြိယာ ဝိသေသန၊ ဓာဝတိ–ကား ကြိယာ ဝိသေသျ။

ပုံစံ။ ဧကမန္တံ နိသီဒိ။
ဧကမန္တံ နိသီဒိ–၌ ဧကမန္တံ ပုဒ်ကို စာစပ်ပုံ။
ဧကမန္တံ–ကား "စွာ"ဟူ၍ အနက်ပေးသောကြောင့် နိသီဒိ–၌ ကြိယာ ဝိသေသန၊ နိသီဒိ–ကား ကြိယာ ဝိသေသျ။

အမှာ။ မုဒုံ–နူးနူးညံ့ညံ့၊ သုခံ–ချမ်းချမ်းသာသာ၊ ဒက္ခိဏာဝတ္တံ–လက်ယာရစ် လည်၍၊ ဓာနံ–ဓာနန္တော–သိလျက်၊ ယထာဖာလံ–မိုက်သည့်အလျောက် စသော ပုဒ်တို့သည်လည်း ကြိယာ ဝိသေသနပုဒ်များသာ ဖြစ်ကြကုန်၏။ အနက်အတိုင်း ဆို၍ ကြိယာ ဝိသေသန စပ်လေ။

ပုံစံ။ ပစိတွာ ဘုဉ္ဇတိ။
ပစိတွာ ဘုဉ္ဇတိ–၌ ပစိတွာ ပုဒ်ကို စာစပ်ပုံ။
ပစိတွာ–ကား "၍"ဟူ၍ အနက်ပေးသောကြောင့် ဘုဉ္ဇတိ–၌ ပုဗ္ဗကာလ ကြိယာ ဝိသေသန၊ ဘုဉ္ဇတိ–ကား အပရကာလ ကြိယာ ဝိသေသျ။

အမှာ။ "ပစိတွာ ဘုတ္တွေန"ဟူသော ကိတ်ပုဒ်၌လည်း နည်းတူစပ်ပါ။

ပုံစံ။ အက္ခိနာ ကာဏော။
အက္ခိနာ ကာဏော–၌ အက္ခိနာ ပုဒ်ကို စာစပ်ပုံ။
အက္ခိနာ–ကား "ဖြင့်"ဟူ၍ အနက်ပေးသောကြောင့် ကာဏော–၌ အင်္ဂဝိကာရ လက္ခဏ၊ ကာဏော–ကား အင်္ဂဝိကာရ လက္ချ။

ပုံစံ။ တိဒဏ္ဍကေန ပရိဗ္ဗာဇကံ။
တိဒဏ္ဍကေန ပရိဗ္ဗာဇကံ–၌ တိဒဏ္ဍကေန ပုဒ်ကို စာစပ်ပုံ။
တိဒဏ္ဍကေန–ကား "ဖြင့်"ဟူ၍ အနက်ပေးသောကြောင့် ပရိဗ္ဗာဇကံ–၌ ဣတ္ထမ္ဘူတ လက္ခဏ၊ ပရိဗ္ဗာဇကံ–ကား ဣတ္ထမ္ဘူတ လက္ချ။

ttp://www.dhammadownload.com



ပုံစံ။ ဂေါသု ဒုယှမာနာသု ပုရိသော ဂတော။

ဂေါသု ဒုယှမာနာသု ပုရိသော ဂတော-၌ ဂေါသု၊ ဒုယှမာနာသု၊ ပုရိသော ပုဒ်တို့ကို စာစပ်ပုံ။

ဂေါသု-ကား "တို့ကို"ဟူ၍ အနက်ပေးရသောကြောင့် ဒုယှမာနာသု-၌ လက္ခဏဝန္တဖြစ်သော ဝုတ္တကံ၊ ဒုယှမာနာသု-ကား ထိုကံကို ဟောသော လက္ခဏဖြစ်သော ကိတ် ကြိယာဝါစက။

ဒုယှမာနာသု-ကား "သော်"ဟူ၍ အနက်ပေးသောကြောင့် ဂတော-၌ လက္ခဏ၊ ဂတော-ကား လက္ခ။

ပုရိသော-ကား "သည်"ဟူ၍ အနက်ပေးသောကြောင့် ဂတော-၌ လက္ခဝန္တ ဝုတ္တကတ္တား၊ ဂတော-ကား ထိုကတ္တားကို ဟောသော လက္ခဖြစ်သော ကိတ် ကြိယာဝါစက။

ပုံစံ။ ဒါရကဿ ရုဒန္တဿ ပိတာ ပဗ္ဗဇိ။

ဒါရကဿ ရုဒန္တဿ ပိတာ ပဗ္ဗဇိ-၌ ဒါရကဿ၊ ရုဒန္တဿ၊ ပိတာ ပုဒ်တို့ကို စာစပ်ပုံ။

ဒါရကဿ-ကား "သည်"ဟူ၍ အနက်ပေးရသောကြောင့် ရုဒန္တဿ-၌ အနာဒရိယဝန္တ ဝုတ္တကတ္တား၊ ရုဒန္တဿ-ကား ထိုကတ္တားကို ဟောသော အနာဒရိယဖြစ်သော ကိတ် ကြိယာ ဝါစက။

ရုဒန္တဿ-ကား "စဉ်"ဟူ၍ အနက်ပေးရသောကြောင့် ပဗ္ဗဇိ-၌ အနာဒရိယ၊ ပဗ္ဗဇိ-ကား အနာဒရ။

ပိတာ-ကား "သည်"ဟူ၍ အနက်ပေးရသောကြောင့် ပဗ္ဗဇိ-၌ အနာဒရဝန္တ ဝုတ္တကတ္တား၊ ပဗ္ဗဇိ-ကား ထိုကတ္တားကို ဟောသော အနာဒရဖြစ်သော အာချာတ် ကြိယာဝါစက။

အမှာ။ "လက္ခဏစတုက္က + အနာဒရစတုက္က"နှင့် ပတ်သက်၍ ရှင်းချက် အပြည့်အစုံကို စာချတန်းအခြေခံ သဒ္ဒါကဏ္ဍနှင့် (၈)နိပါတ် စည်းမျဉ်းလာ အဓိပ္ပါယ်ကဏ္ဍတို့၌ ရှုပါ။

ပုံစံ။ ကဏှာ ဂါဝီနံ သမ္ပန္နခီရတမာ။

ကဏှာ ဂါဝီနံ သမ္ပန္နခီရတမာ-၌ ဂါဝီနံ ပုဒ်ကို စာစပ်ပုံ။

ဂါဝီနံ-ကား "တို့တွင်"ဟူ၍ အနက်ပေးသောကြောင့် ကဏှာ-၌ နိဒ္ဓါရဏ သမုဒါယ၊ ကဏှာ-ကား နိဒ္ဓါရဏီယ။

ပုံစံ။ ဘော ပုရိသ ဂစ္ဆာဟိ။

ဘော ပုရိသ ဂစ္ဆာဟိ-၌ ဘောပုရိသ ပုဒ်ကို စာစပ်ပုံ။

ဘော ပုရိသ-ကား "အို-ယောကျ်ား"ဟူ၍ အနက်ပေးသောကြောင့် ဂစ္ဆာဟိ-၌ ဗဟိဒ္ဓ ကြိယာဝိသေသန၊ ဂစ္ဆာဟိ-ကား ဗဟိဒ္ဓ ကြိယာဝိသေသျ။

(တစ်နည်း) "ဘောပုရိသ-ကား သဓိဝ အာလုပ်ပုဒ်တည်း"ဟု အာလုပ်ပုဒ်တို့ကို တစ်စုံ,တစ်ခုသော ပုဒ်၌ မစပ်ဘဲ နာမည်ကို ဖော်၍သာ ပြောပြ,ရေးပြရ၏။

## နိပါတ်ပုဒ်စာစပ်

* ဟောတိ ယထာ (ဟောတိ ယထာ-ဖြစ်သကဲ့သို့) စသော ဝါကျတို့၌ ပါသော ယထာ-ကား ဥပမာနဇောတက၊ ယထာမှ တစ်ပါး ယင်းဝါကျသည်ကား ဥပမာနဇောတကဝန္တ။

(တစ်နည်း) "ယထာ-ကား ဥပမာနဇောတက နိပါတ်ပုဒ်တည်း"ဟု နိပါတ်ပုဒ်တို့ကို တစ်စုံ,တစ်ခုသော ပုဒ်တို့၌ မစပ်ဘဲ နာမည်ကို ဖော်၍သာ ပြောပြ, ရေးပြရ၏။

* တထာ (တထာ-ထို့အတူ) စသော ဝါကျတို့၌ ပါသော တထာ-ကား ဥပမေယျဇောတက၊ တထာမှ တစ်ပါး ယင်းဝါကျသည်ကား ဥပမေယျဇောတကဝန္တ။

ttp://www.dhammadownload.com



(တစ်နည်း) "တထာ–ကား ဥပမေယျဇောတက နိပါတ်ပုဒ်တည်း"ဟု နိပါတ်ပုဒ်တို့ကို တစ်စုံ,တစ်ခုသော ပုဒ်တို့၌ မစပ်ဘဲ နာမည်ကို ဖော်၍သာ ပြော‌ပြ, ရေးပြရ၏။

* ဝါကျအရာ၌ "ဟိ"ကား ဒဠှီကရဏဇောတက၊ ဟိမှတစ်ပါး ယင်းဝါကျသည်ကား ဒဠှီကရဏဇောတကဝန္တ။ (တစ်နည်း) "ဟိ"ကား ဒဠှီကရဏဇောတက နိပါတ်ပုဒ်တည်း စသည်ဖြင့် နာမည်ကို ဖော်၍သာ ပြောပြ, ရေးပြရ၏။

**စာစပ်နည်းများ ပြီး၏။**

==========

## အထွက် (ကျမ်းထွက်နည်း)

### အထွက်အပြားနှင့် အစီအစဉ်

ကျမ်းထွက်နည်းသည် ၁။ သဒ္ဒါထွက် ၂။ ပညတ်ထွက် ၃။ ပရမတ်ထွက်အားဖြင့် ၃–မျိုးရှိ၏။ ထို ၃–မျိုးတို့တွင် တစ်မျိုးစီ၌လည်း ၁။ အနုသန္ဓေထွက် ၂။ အနာဘောဂပုစ္ဆာထွက် ၃။ ရိုးရိုး သာဘောဂပုစ္ဆာထွက် ၄။ လျှဉ်းပါး သာဘောဂပုစ္ဆာထွက် ၅။ အဒေါသာရောပန စောဒနာထွက် ၆။ ဒေါသာရောပန စောဒနာထွက် ၇။ အဘိယာစကထွက်အားဖြင့် ၇–ပါးစီ ပြားပြန်၏။

အမှာ။ သဒ္ဒါထွက်၊ ပညတ်ထွက်၊ ပရမတ်ထွက်ဟူသော ၃–မျိုး၌ ၇–ပါးစီ ပြားသောကြောင့် ကျမ်းထွက်နည်းပေါင်း (၃× ၇=၂၁)ချက် ဖြစ်၏။ ထို ၂၁–ချက်တို့တွင် သဒ္ဒါနည်း ကျမ်းထွက် ၇–ချက်ကို ရှေးဦးစွာ ပြပါအံ့။

### သဒ္ဒါနည်းအားဖြင့် ကျမ်းထွက်နည်း

သဒ္ဒါနည်း ကျမ်းထွက်ရာ၌ (က) ပဓာနကြိယာ ၊ဝါ– လိုရင်းပဓာနပါဌ်ကို ရှာဖွေ၍ ဖော်ထုတ်ပါ။ (ခ) အဓိပ္ပါယ် ပြန်ထားပါ။ ထို့နောင် စာစပ်နည်းကို ရှု၍ ထွက်ရမည့်ပုဒ်သို့ ကတ္တား+ကတ္တီ, ကမ္မ+ကမ္မီ စသော သဒ္ဒါနည်း အသုံးအနှုန်း အခေါ်အဝေါ်အားဖြင့် ထွက်ရုံသာတည်း။

နိယံ။ လိုရင်းကို ကောက်၊ မိပ္ပါယ်လှောက်၊ ထို့နောက် စာထွက်ပြ။

ပုံစံ။ အဟံ ဗုဒ္ဓံ ဝန္ဒာမိ။

(ယင်းပုံစံ၌ အဟံ ပုဒ်သို့ စပ်ရာပုဒ်မှ သဒ္ဒါနည်းအားဖြင့် ကျမ်းထွက်နည်း ၇–ချက်တို့ဖြင့် ထွက်ပြပါအံ့။ ကျမ်းထွက်ရာ၌ စာစပ်နည်းကို အထူးသတိပြုပါ။)

### ၁။ အနုသန္ဓေထွက်

ယင်းဝါကျ၌ လိုရင်း ပဓာနပါဌ်ကား "ဝန္ဒာမိ"ဟူသည်တည်း။

အဓိပ္ပါယ်ကား။ ရှိခိုးပါ၏ ဟူလိုသော(ဝ်)။

အမှာ။ ကျမ်းထွက်နည်း ဟူသမျှ၌ ဤသို့လျှင် ရှေးဦးစွာ လိုရင်းကောက်၍ အဓိပ္ပါယ် ပြန်ပြီးမှ ထွက်ရသည်။ ဤသို့လျှင် "ဝန္ဒာမိ"ဟူသော ပါဌ်ဖြင့် ကတ္တုဝါစက ကြိယာကို ပြဆိုတော်မူပြီး၍။ (ပုဗ္ဗာနုသန္ဓေ)

ttp://www.dhammadownload.com



ယခုအခါ၌ ထို၏ ကတ္တားကို ပြဆိုခြင်း၌ အလိုရှိတော်မူသော အဋ္ဌကထာဆရာသည် "အဟံ"ဟူသော ကတ္တားပါဠ်ကို မိန့်တော်မူ၏။ (ပရာနုသန္ဓေ)

အမှာ။ ဝုတ္တဖြစ်သော ကတ္တား, ကံတို့၌သာ ကတ္တုဝါစိကာ, ကမ္မဝါစိကာဟု သုံးစွဲ၍ အဝုတ္တဖြစ်သော ကတ္တား, ကံတို့၌ကား "ကတ္တာပေက္ခ, ကမ္မာပေက္ခ"ဟု သုံးစွဲရမည်။

## ၂။ အနာဘောဂ ပုစ္ဆာထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် "ဝန္ဒာမိ"ဟူသော ပါဠ်ဖြင့် ကတ္တုဝါစိကာ ကြိယာကို ပြဆိုတော်မူ၏။ (ထပနာ)

ထို၏ ကတ္တားကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် "အဟံ"ဟူသော ကတ္တားပါဠ်ကို မိန့်။

အဓိပ္ပါယ်ကား။ "ဝန္ဒာမိ"ဟူသော ကတ္တုဝါစိကာ ကြိယာ၏ ကတ္တားကား "အဟံ"ဖြစ်၏ ဟူလိုသော(ဝ်)။

## ၃။ ရိုးရိုး သာဘောဂ ပုစ္ဆာထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် "ဝန္ဒာမိ"ဟူသော ပါဠ်ဖြင့် ကတ္တုဝါစိကာ ကြိယာကို ပြဆိုတော်မူ၏။ (ထပနာ)

ထို၏ ကတ္တားကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ထို၏ ကတ္တားကို မပြတော့ပြီလော။ (အာဘော်)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် "အဟံ"ဟူသော ကတ္တားပါဠ်ကို မိန့်။

အဓိပ္ပါယ်ကား။ "ဝန္ဒာမိ"ဟူသော ကတ္တုဝါစိကာ ကြိယာ၏ ကတ္တားကား "အဟံ"ဖြစ်၏ ဟူလိုသော(ဝ်)။

အမှာ။ အနုသန္ဓေထွက်မှ ပုဗ္ဗာနုသန္ဓေသည် ပုစ္ဆာနှင့် အာဘော် လျော်သလို ဖြစ်သွားသည်ကို သတိပြုပါ။ လာမည့် စောဒနာထွက်နှင့် အဘိယာစကထွက်တို့၌လည်း နည်းတူပင်တည်း။ ဤအချက်ကို သဘောပေါက်လျှင် အနုသန္ဓေထွက် တစ်ခုကို နားလည်ရုံမျှဖြင့် ပုစ္ဆာထွက်, စောဒနာထွက်တို့ကိုလည်း အလိုလို နားလည်ပြီး ဖြစ်တော့၏။ ထို့ကြောင့် ဤအပြောင်းအလဲကို ဂရုပြု၍ လေ့လာသင့်၏။

## ၄။ လျဉ်းပါး သာဘောဂ ပုစ္ဆာထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် "ဝန္ဒာမိ"ဟူသော ပါဠ်ဖြင့် ကတ္တုဝါစိကာ ကြိယာကို ပြဆိုတော်မူ၏။ (ထပနာ)

ထို၏ ကတ္တားကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ထို၏ ကတ္တားကား ပုရိသော ဖြစ်ပါသလော။ (အာဘော်)

ttp://www.dhammadownload.com



ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် "အဟံ"ဟူသော ကတ္တားပါဌ်ကို မိန့်။

အဓိပ္ပါယ်ကား။ "ဝန္ဒာမိ"ဟူသော ကတ္တုဝါစိကာ ကြိယာ၏ ကတ္တားကား ပုရိသော မဟုတ်၊ "အဟံ"ဖြစ်၏ ဟူလိုသော(ဝ်)။

အမှာ။ ရိုးရိုး သာဘောဂပုစ္ဆာထွက်နှင့် အာဘော် မတူသည်ကို သတိပြုပါ။ ဤလျဦးပါး သာဘောဂပုစ္ဆာထွက်၌ "အဖြေရှောင်ကွင်း၊ လျော်ရာနင်း၍၊ အာဘော်သွင်း"ထားသည်ကိုလည်း သတိပြုပါ။

## သတိပြုတော်မူ

သာဘောဂပုစ္ဆာထွက် နှစ်မျိုးလုံးကို "ထပနာတိက ပုစ္ဆာထွက်"ဟုလည်း ခေါ်ကြသေး၏။ ထိုနှစ်မျိုးတို့တွင် ပုစ္ဆာသည် ရှေ့၌နေလျှင် "အယုတ္တာဘောဂ ပုစ္ဆာထွက်"ဟုလည်းကောင်း၊ အာဘော်သည် ရှေ့၌နေလျှင် "သာဘောဂါယုတ္တ ပုစ္ဆာထွက်"ဟုလည်း အချို့က ခေါ်ကြသေး၏။

## ၅။ အဒေါသာရောပန စောဒနာထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် "ဝန္ဒာမိ"ဟူသော ပါဌ်ဖြင့် ကတ္တုဝါစိကာ ကြိယာကို ပြဆိုတော်မူ၏။ (ထပနာ)

ထို၏ ကတ္တားကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ထို၏ ကတ္တားကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာဘော်)

ဤသို့ စောဒနာဘွယ် ရှိသောကြောင့် ထိုစောဒနာကို သောခနာတော်မူလိုသော အဋ္ဌကထာဆရာသည် "အဟံ"ဟူသော ကတ္တားပါဌ်ကို မိန့်။

အဓိပ္ပါယ်ကား။ "ဝန္ဒာမိ"ဟူသော ကတ္တုဝါစိကာ ကြိယာ၏ ကတ္တားကား "အဟံ"ဖြစ်၏ ဟူလိုသော(ဝ်)။

## ၆။ ဒေါသာရောပန စောဒနာထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် "ဝန္ဒာမိ"ဟူသော ပါဌ်ဖြင့် ကတ္တုဝါစိကာ ကြိယာကို ပြဆိုတော်မူ၏။ (ထပနာ)

ထို၏ ကတ္တားကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ထို၏ ကတ္တားကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာဘော်)

ကတ္တုဝါစိကာ ကြိယာ၏ ကတ္တားကို ပြဆိုသင့်လျက် မပြဆိုချေသော် ဆရာ့အား အဗျာပိတဒေါသ+အပရိပုဏ္ဏဒေါသ+ဝိရောဓိဒေါသတို့ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ် ရှိသောကြောင့် ထိုစောဒနာကို သောခနာတော်မူလိုသော အဋ္ဌကထာဆရာသည် "အဟံ"ဟူသော ကတ္တားပါဌ်ကို မိန့်။

အဓိပ္ပါယ်ကား။ "အဟံ"ဟူသော ပါဌ်ဖြင့် "ဝန္ဒာမိ"ဟူသော ကတ္တုဝါစိကာ ကြိယာ၏ ကတ္တားကား "အဟံ" ဖြစ်၏ဟု ပြဆိုသင့်သည့်အားလျော်စွာ ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော အဗျာပိတဒေါသ+အပရိပုဏ္ဏဒေါသ+ဝိရောဓိဒေါသတို့သည် ငါဆရာအား မရောက်၊ ကင်းစင်လွင့် ပျောက်၏ ဟူလိုသော(ဝ်)။

ttp://www.dhammadownload.com



### ပန်ကြားလွှာ

အထွက်ဟူသမျှ၌ ဒေါသတင်လိုလျှင် ...

မွေ့စရိယမျက်ရှု ကျမ်းပြုဆရာတော်က = ကြိယာ စသည်ကိုသာ ဆို၍ ကတ္တား စသည်ကို မဆိုလျှင် စကားမပြည့်စုံ, မပျံ့နှံ့သောကြောင့် အဇ္ဈာပိတ+အပရိပုဏ္ဏ ဒေါသတို့ချည်းသာ တင်သင့်၏ဟု ဆို၏။ အများစုကား ဝိရောဓိဒေါသချည်းသာ တင်ကြ၏။ ကြိယာ စသည်ကိုသာ ဆို၍ ကတ္တား စသည်ကို မဆိုရုံမျှဖြင့် ဆန့်ကျင်မှုသဘော မရှိသောကြောင့် အများစုဝါဒသည် သင့်မည် မထင်ပါ။ သို့သော် = စာဖြေရာ၌ကား နှစ်နည်းလုံးကို အသုံးပြုမှသာ အမှတ်ရဖို့ရာ သေချာ၏။

### ၇။ အဘိယာစကထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် "ဝန္ဒာမိ"ဟူသော ပါဌ်ဖြင့် ကတ္တုဝါစကာ ကြိယာကို ပြဆိုတော်မူ၏။ (ထပနာ)

ထို၏ ကတ္တားကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ထို၏ ကတ္တားကို မပြရသေးသည် မဟုတ်ပါလော။ (အာဘော်)

ထို၏ ကတ္တားကိုလည်း ပြဆိုတော်မူပါဦး။ (အဘိယာစနာ)

ဤသို့ လျှောက်ထားတောင်းပန်ဘွယ် ရှိသောကြောင့် ထို၏ ကတ္တားကို ပြဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် "အဟံ"ဟူသော ကတ္တားပါဌ်ကို မိန့်တော်မူ၏။

**သဒ္ဒါနည်းအားဖြင့် ကျမ်းထွက်နည်း ၇-ချက် ပြီး၏။**

===============

### ပညတ်နည်းအားဖြင့် ကျမ်းထွက်နည်း ၇-ချက်

ပညတ်နည်း ကျမ်းထွက်ရာ၌ (က)ပဓာနကြိယာ ၊ဝါ- လိုရင်းပဓာနပါဌ်ကို ရှာဖွေ၍ ဖော်ထုတ်ပါ။ (ခ) အဓိပ္ပါယ် ပြန်ထားပါ။ ထို့နောင် သဒ္ဒါသံလည်း မဖက်, ပရမတ်သံလည်း မရောမယှက်မူ၍ လောကဝေါဟာရ အသုံးအနှုန်း အခေါ်အဝေါ် သက်သက်ဖြင့်သာ ထွက်ရမည့်ပုဒ်သို့ ထွက်ရုံသာတည်း။

နိယံ။ လိုရင်းကို ကောက်၊ ဓိပ္ပါယ်လှောက်၊ ထို့နောက် စာထွက်ပြ။

ပုံစံ။ အဟံ ဗုဒ္ဓံ ဝန္ဒာမိ။

(ယင်းပုံစံ၌ အဟံ ပုဒ်သို့ စပ်ရာပုဒ်မှ ပညတ်နည်းအားဖြင့် ကျမ်းထွက်နည်း ၇-ချက်တို့ဖြင့် ထွက်ပြပါအံ့။ <u>ကျမ်းထွက်ရာ၌ စာစပ်နည်းကို အထူးသတိပြုပါ။</u>)

### ၁။ အနုသန္ဓေထွက်

ယင်းဝါကျ၌ လိုရင်း ပဓာနပါဌ်ကား "ဝန္ဒာမိ"ဟူသည်တည်း။

အဓိပ္ပါယ်ကား။ ရှိခိုးပါ၏ ဟူလိုသော(ဝံ)။ (လိုရင်းကောက်၊ အဓိပ္ပါယ်ပြန်ခြင်းတည်း။)

ဤသို့လျှင် ဝန္ဒာမိ ဟူသော ပါဌ်ဖြင့် "ရှိခိုးပါ၏"ဟု ပြဆိုတော်မူပြီး၍။ (ပုဗ္ဗာနုသန္ဓေ)

ယခုအခါ၌ ထို၏ ရှိခိုးသူကို ပြဆိုခြင်းငှာ အလိုရှိတော်မူသော အဋ္ဌကထာဆရာသည် "အဟံ"ဟူသော ပါဌ်ကို မိန့်တော်မူ၏။ (ပရာနုသန္ဓေ)

ttp://www.dhammadownload.com



## ၂။ အနာဘောဂ ပုစ္ဆာထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် ဝန္ဒာမိ ဟူသော ပါဌ်ဖြင့် "ရှိခိုးပါ၏"ဟု ဆိုတော်မူ၏။ (ထပနာ)

ရှိခိုးသူကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် "အဟံ" ဟူသောပါဌ်ကို မိန့်။

အဓိပ္ပါယ်ကား။ ရှိခိုးသူကား "ငါ"ဖြစ်၏ ဟူလိုသော(ဝ်)။

## ၃။ ရိုးရိုး သာဘောဂ ပုစ္ဆာထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် ဝန္ဒာမိ ဟူသော ပါဌ်ဖြင့် "ရှိခိုးပါ၏"ဟု ဆိုတော်မူ၏။ (ထပနာ)

ရှိခိုးသူကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ရှိခိုးသူကို မပြတော့ပြီလော။ (အာဘော်)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် "အဟံ"ဟူသော ပါဌ်ကို မိန့်။

အဓိပ္ပါယ်ကား။ ရှိခိုးသူကား "ငါ"ဖြစ်၏ ဟူလိုသော(ဝ်)။

## ၄။ လျှဥ်းပါး သာဘောဂ ပုစ္ဆာထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် ဝန္ဒာမိ ဟူသော ပါဌ်ဖြင့် "ရှိခိုးပါ၏"ဟု ဆိုတော်မူ၏။ (ထပနာ)

ရှိခိုးသူကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ရှိခိုးသူကား ယောကျ်ား ဖြစ်ပါသလော။ (အာဘော်)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် "အဟံ"ဟူသော ပါဌ်ကို မိန့်။

အဓိပ္ပါယ်ကား။ ရှိခိုးသူကား ယောကျ်ားမဟုတ်၊ ရှိခိုးသူကား "ငါ"ဖြစ်၏ ဟူလိုသော(ဝ်)။

## ၅။ အဒေါ်သာရောပန စောဒနာထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် ဝန္ဒာမိ ဟူသော ပါဌ်ဖြင့် "ရှိခိုးပါ၏"ဟု ဆိုတော်မူ၏။ (ထပနာ)

ရှိခိုးသူကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ရှိခိုးသူကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာဘော်)

ဤသို့ စောဒနာဘွယ် ရှိသောကြောင့် ထိုစောဒနာကို သောခနာတော်မူလိုသော အဋ္ဌကထာဆရာသည် "အဟံ"ဟူသော ပါဌ်ကို မိန့်။

အဓိပ္ပါယ်ကား။ ရှိခိုးသူကား "ငါ"ဖြစ်၏ ဟူလိုသော(ဝ်)။

ttp://www.dhammadownload.com



## ၆။ ဒေါသာရောပန စောဒနာထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် ဝန္ဒာမိ ဟူသော ပါဌ်ဖြင့် "ရှိခိုးပါ၏"ဟု ဆိုတော်မူ၏။ (ထပနာ)

ရှိခိုးသူကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ရှိခိုးသူကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာဘော်)

ရှိခိုးသူကို ပြဆိုသင့်လျက် မပြဆိုချေသော် ဆရာ့အား အဗျာပိတဒေါသ+အပရိပုဏ္ဏဒေါသ+ဝိရောဓိဒေါသတို့ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ် ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် "အဟံ"ဟူသော ကတ္တားပါဌ်ကို မိန့်။

အဓိပ္ပါယ်ကား။ ရှိခိုးသူကား "ငါ"ဖြစ်၏ဟု ရှိခိုးသူကို ပြဆိုသင့်သည့်အားလျော်စွာ ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော အဗျာပိတဒေါသ+အပရိပုဏ္ဏဒေါသ+ဝိရောဓိဒေါသတို့သည် ငါဆရာအား မရောက်၊ ကင်းစင်လွင့်ပျောက်၏ ဟူလိုသော(ဝ်)။

## ၇။ အဘိယာစကထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် ဝန္ဒာမိ ဟူသော ပါဌ်ဖြင့် "ရှိခိုးပါ၏"ဟု ဆိုတော်မူ၏။ (ထပနာ)

ရှိခိုးသူကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ရှိခိုးသူကို မပြရသေးသည် မဟုတ်ပါလော။ (အာဘော်)

ရှိခိုးသူကိုလည်း ပြဆိုတော်မူပါဦး။ (အဘိယာစနာ)

ဤသို့ လျှောက်ထားတောင်းပန်ဘွယ် ရှိသောကြောင့် ရှိခိုးသူကို ပြဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် "အဟံ"ဟူသော ပါဌ်ကို မိန့်တော်မူ၏။

**ပညတ်နည်းအားဖြင့် ကျမ်းထွက်နည်း ၇-ချက် ပြီး၏။**

===============

## ပန်ကြားလွှာ

ပရမတ်နည်း ကျမ်းထွက်ရာ၌ ဖော်ပြလတ္တံ့သော ပရမတ် စာစပ်နည်း လေးချိုးလင်္ကာသည် အချုပ် ဖြစ်၏။ ထို့ကြောင့် ယင်းလေးချိုးလင်္ကာကို သေချာစွာ ကျက်မှတ်လေ့လာတော်မူပါ။

### ပရမတ် စာစပ်နည်းလေးချိုး

ကတ္တားနှင့် ကြိယာ၊ စပ်ပါကြ သ, နံ, ပူ။
ကြိယာ+ကံ စပ်ဟန်ရိုး၊ မျိုး အာရုံဟူ။
အဓ္ဓုတ်နှင့် ဗာဟျတ်၊ နှစ်ရပ်တဲ့ ကရိဏ်းမူ၊
ကတ္တားတူ သုံးမျိုး။
သမ္ပဒါန်၊ အာရုံမျိုး ရုံခါ, ပ၊
အကြွင်းမှာ တိဒေသ၊ ဥပ-တဲ့ဖျိုး။

ttp://www.dhammadownload.com



### ရှင်းချက်

ကတ္တားနှင့် ကြိယာကို သဟဇာတ, အနန္တရ, ပုရေဇာတ သုံးမျိုးတို့တွင် သင့်လျော်သလို စပ်ရ၏။ ကံနှင့် ကြိယာကို အာရမ္မဏမျိုး စပ်ရ၏။ အဇ္ဈတ္တိကကရိဏ်း, ဗာဟိရကရိဏ်းနှင့် ကြိယာကို ကတ္တားကဲ့သို့ သဟဇာတ, အနန္တရ, ပုရေဇာတ သုံးမျိုးတို့တွင် သင့်လျော်သလို စပ်ရ၏။ သမ္ပဒါန်နှင့် ကြိယာကို ရံခါ အာရမ္မဏမျိုး စပ်ရ၏။ များသောအားဖြင့် ပကတူပ နိဿယမျိုး စပ်ရ၏။ ကြွင်းကျန်သည့် အပါဒါနကာရက, ဩကာသကာရကနှင့်တကွ ကြိယာဝိသေသန စသော ပုဒ်တို့နှင့် ကြိယာကို ပကတူပနိဿယမျိုးသာ စပ်ရ၏။

အမှာ။ ဤကဗျာသည် ပရမတ်စာစပ်နည်း အတွက်သာ ဖြစ်၏။ အဋ္ဌသာလိနီစည်းမျဉ်း နံပါတ် ၁၀-လာ ပစ္စည်းပြိုင်အတွက်မှာမူကား သုံး၍ မရပါ။ ပစ္စည်းပြိုင်အတွက်ကား = သဘာဝကို ရှု၍သာ အဖြေထုတ်ရသည်။ ဤအချက်ကို အထူးသတိပြုပါ။

### ပရမတ်နည်းအားဖြင့် ကျမ်းထွက်နည်း

ပရမတ်နည်း ကျမ်းထွက်ရာ၌ (က)ပဓာနကြိယာ ဝါ- လိုရင်းပဓာနပါဠ်ကို ရှာဖွေ၍ ဖော်ထုတ်ပါ။ (ခ) အဓိပ္ပါယ် ပြန်ထားပါ။ ထို့နောက် ဖော်ပြပြီးသော ပရမတ် စာစပ်နည်းလင်္ကာကို ရှု၍ အာရုံ+အာရမ္မဏိက၊ ပစ္စည်း+ ပစ္စယုပ္ပန်ဟု ဆိုအပ်သော ပရမတ်နည်းလမ်းကျသော အဘိဓမ္မာ အခေါ်အဝေါ် အသုံးအနှုန်းတို့ဖြင့် စပ်ရမည့်ပုဒ်သို့ စာထွက်ရှိသာတည်း။

နိယံ။ လိုရင်းကို ကောက်၊ ဓိပ္ပါယ်လျောက်၊ ထို့နောက် စာထွက်ပြ။

ပုံစံ။ အဟံ ဗုဒ္ဓံ ဝန္ဒာမိ။

(ယင်းပုံစံ၌ ဗုဒ္ဓံ ပုဒ်သို့ စပ်ရာပုဒ်မှ ပရမတ်နည်းအားဖြင့် ကျမ်းထွက်နည်း ၇-ချက်တို့ဖြင့် ထွက်ပြပါအံ့။ <u>ပရမတ်နည်း ကျမ်းထွက်ရာ၌ ပရမတ် စာစပ်နည်းကို အထူးသတိပြုပါ။)</u>

### ၁။ အနုသန္ဓေထွက်

ယင်းဝါကျ၌ လိုရင်း ပဓာနပါဠ်ကား "ဝန္ဒာမိ"ဟူသည်တည်း။

အဓိပ္ပါယ်ကား။ ရှိခိုးပါ၏ ဟူလိုသော(ဝ်)။ (လိုရင်းကောက်၊ အဓိပ္ပါယ်ပြန်ခြင်းတည်း။)

ဤသို့လျှင် "ဝန္ဒာမိ"ဟူသော ပါဠ်ဖြင့် အကျိုး-အာရမ္မဏိက ပစ္စယုပ္ပန်တရားကို ပြဆိုတော်မူပြီး၍ ယခုအခါ၌ ထို၏ အကြောင်း-အာရုံ ပစ္စည်းတရား ပြဆိုခြင်းငှာ အလိုရှိတော်မူသော အဋ္ဌကထာဆရာသည် "ဗုဒ္ဓံ" ဟူသော ပါဠ်ကို မိန့်တော်မူ၏။

### ၂။ အနုသောဂ ပုစ္ဆာထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် "ဝန္ဒာမိ"ဟူသော ပါဠ်ဖြင့် အကျိုး-အာရမ္မဏိက ပစ္စယုပ္ပန် တရားကို ပြဆိုတော်မူ၏။ (ထပ်နာ)

ထို၏ အကြောင်း-အာရုံ ပစ္စည်းတရားကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် "ဗုဒ္ဓံ"ဟူသော ပါဠ်ကို မိန့်။

အဓိပ္ပါယ်ကား။ ထို၏ အကြောင်း-အာရုံ ပစ္စည်းတရားကား "ဗုဒ္ဓံ"ဖြစ်၏ ဟူလိုသော(ဝ်)။

ttp://www.dhammadownload.com



### ၃။ ရိုးရိုး သာဘောဂ ပုစ္ဆာထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် "ဝန္နာမိ"ဟူသော ပါဠ်ဖြင့် အကျိုး-အာရမ္မဏိက ပစ္စယုပ္ပန် တရားကို ပြဆိုတော်မူ၏။ (ထပနာ)

ထို၏ အကြောင်း-အာရုံ ပစ္စည်းတရားကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ထို၏ အကြောင်း-အာရုံ ပစ္စည်းတရားကို မပြတော့ပြီလော။ (အာဘောဲ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် "ဗုဒ္ဓံ"ဟူသော ပါဠ်ကို မိန့်။

အဓိပ္ပါယ်ကား။ ထို၏ အကြောင်း-အာရုံ ပစ္စည်းတရားကား "ဗုဒ္ဓံ"ဖြစ်၏ ဟူလိုသော(ဝ်)။

### ၄။ လျဉ်းပါး သာဘောဂ ပုစ္ဆာထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် "ဝန္နာမိ"ဟူသော ပါဠ်ဖြင့် အကျိုး-အာရမ္မဏိက ပစ္စယုပ္ပန် တရားကို ပြဆိုတော်မူ၏။ (ထပနာ)

ထို၏ အကြောင်း-အာရုံ ပစ္စည်းတရားကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ထို၏ အကြောင်း-အာရုံ ပစ္စည်းတရားကား "ဓမ္မံ" ဖြစ်ပါသလော။ (အာဘောဲ)

ဤသို့ မေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် "ဗုဒ္ဓံ"ဟူသော ပါဠ်ကို မိန့်။

အဓိပ္ပါယ်ကား။ ထို၏ အကြောင်း-အာရုံ ပစ္စည်းတရားကား "ဓမ္မံ" မဟုတ်၊ "ဗုဒ္ဓံ"ဖြစ်၏ ဟူလိုသော(ဝ်)။

### ၅။ အဒေါသာရောပန စောဒနာထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် "ဝန္နာမိ"ဟူသော ပါဠ်ဖြင့် အကျိုး-အာရမ္မဏိက ပစ္စယုပ္ပန် တရားကို ပြဆိုတော်မူ၏။ (ထပနာ)

ထို၏ အကြောင်း-အာရုံ ပစ္စည်းတရားကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ထို၏ အကြောင်း-အာရုံ ပစ္စည်းတရားကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာဘောဲ)

ဤသို့ စောဒနာဘွယ် ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် "ဗုဒ္ဓံ"ဟူသော ပါဠ်ကို မိန့်။

အဓိပ္ပါယ်ကား။ ထို၏ အကြောင်း-အာရုံ ပစ္စည်းတရားကား "ဗုဒ္ဓံ"ဖြစ်၏ ဟူလိုသော(ဝ်)။

### ၆။ ဒေါသာရောပန စောဒနာထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် "ဝန္နာမိ"ဟူသော ပါဠ်ဖြင့် အကျိုး-အာရမ္မဏိက ပစ္စယုပ္ပန် တရားကို ပြဆိုတော်မူ၏။ (ထပနာ)

ttp://www.dhammadownload.com



ထို၏ အကြောင်း–အာရုံ ပစ္စည်းတရားကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ထို၏ အကြောင်း–အာရုံ ပစ္စည်းတရားကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာဘော်)

အကြောင်း–အာရုံ ပစ္စည်းတရားကို ပြဆိုသင့်လျက် မပြဆိုချေသော် ဆရာ့အား အဗျာပိတဒေါသ+အပရိပုဏ္ဏဒေါသ+ဝိရောဓိဒေါသတို့ သင့်ရောက်လေရာ၏။ (ဒေါသတင်)

ဤသို့ စောဒနာဘွယ် ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် "ဗုဒ္ဓ"ဟူသော ကတ္တားပါဠ်ကို မိန့်။

အဓိပ္ပါယ်ကား။ "ဝန္ဒာမိ"ဟူသော အကျိုး–အာရမ္မဏိက ပစ္စယုပ္ပန်တရား၏ အကြောင်း–အာရုံ ပစ္စည်းတရားကိုလည်း ပြဆိုသင့်သည့်အားလျော်စွာ "ဗုဒ္ဓံ"ဟူသော ပါဠ်ဖြင့် ငါဆရာ ပြဆိုထားရကား သင်တင်တိုင်းသော အဗျာပိတဒေါသ+အပရိပုဏ္ဏဒေါသ+ဝိရောဓိဒေါသတို့သည် ငါဆရာအား မရောက်၊ ကင်းစင်လွင့်ပျောက်၏ ဟူလိုသော(ဝ်)။

## ၇။ အဘိယာစကထွက်

(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)

အရှင်အဋ္ဌကထာဆရာ ဆရာသည် "ဝန္ဒာမိ"ဟူသော ပါဠ်ဖြင့် အကျိုး–အာရမ္မဏိက ပစ္စယုပ္ပန် တရားကို ပြဆိုတော်မူ၏။ (ထပနာ)

ထို၏ အကြောင်း–အာရုံ ပစ္စည်းတရားကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ထို၏ အကြောင်း–အာရုံ ပစ္စည်းတရားကို မပြဆိုရသေးသည် မဟုတ်ပါလော။ (အာဘော်)

ထို၏ အကြောင်း–အာရုံ ပစ္စည်းတရားကိုလည်း ပြဆိုတော်မူပါဦး။ (အဘိယာစနာ)

ဤသို့ လျှောက်ထားတောင်းပန်ဘွယ် ရှိသောကြောင့် "ဝန္ဒာမိ"ဟူသော အကျိုး–အာရမ္မဏိက ပစ္စယုပ္ပန် တရား၏ အကြောင်း–အာရုံ ပစ္စည်းတရားကို ပြဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် "ဗုဒ္ဓံ"ဟူသော ပါဠ်ကို မိန့်တော်မူ၏။

အမှာ။ ကျမ်းထွက်နည်း ၃–မျိုးတို့တွင် ပရမတ်ထွက်နည်းကို ပညာရှိတို့ မနှစ်သက်ချေ။

**ပရမတ်နည်းအားဖြင့် ကျမ်းထွက်နည်း ၇–ချက် ပြီး၏။**
**ကျမ်းထွက်နည်းများ ပြီး၏။**

**၂–နံပါတ် စည်းမျဉ်း ပြီး၏။**

သာသနာတော်နှင့် ကြုံတွေ့ရသော
မျက်စိနှင့် နားတို့၏ တန်ဖိုးသည် အဖိုးမဖြတ်နိုင်။

ttp://www.dhammadownload.com



# ၃–နံပါတ် စောဒကာရောဂါဒိ စည်းမျဉ်း

ဤ ၃–နံပါတ် ပုစ္ဆာ၌ "စတုက္ကထုတ်၊ နိပါတ်ပုဒ်တွက်၊ ထားကြောင်း, နက်၊ မေးချက် သုံးမျိုးလာ"နိယံနှင့် အညီ (က) စောဒကာရောဂါဒိ စတုက္ကထုတ်ခြင်း (ခ) နိပါတ်ပုဒ် ထားခြင်း အကြောင်းကို မေးခြင်း (ဂ) နိပါတ်ပုဒ် တို့၏ အနက်ကို ခွဲခြားဖော်ထုတ်ခြင်းဟူ၍ (၃)မျိုး မေး၏။ ထို(၃)မျိုးတို့တွင် စတုက္က ထုတ်ခြင်းကို ရှေးဦးစွာ ပြပါအံ့။

### (က) စောဒကာရောဂါဒိ စတုက္က

စတုက္ကထုတ်ခြင်းဟူသည် အဆန်းအပြား မဟုတ်၊ စကားတစ်ရပ်နှင့် ပတ်သက်၍ ပြဿနာရှာမည့် အမေး စောဒက ပုဂ္ဂိုလ်နှင့် ဖြေရှင်းမည့် အဖြေပရိဟာရက ပုဂ္ဂိုလ်တို့ ငြင်းခုံခြင်းပင် ဖြစ်သည်။ ထိုသို့ ငြင်းခုံရာ၌ အချက်လေးချက် ရှိ၏။ ယင်းအချက်လေးချက်ကား "မေး,ဖြေ ကြောင်းပြ၊ အာရောဂ။ မေးပြ, ဖြေလာ၊ စတုက္ကာ" နိယံနှင့်အညီ . . .

၁။ စောဒကာရောဂ – အမေးပုဂ္ဂိုလ်၏ နှလုံးသွင်း အကြောင်းပြချက်၊

၂။ စောဒနာ – အမေးစကား၊

၃။ ပရိဟာရာရောဂ – အဖြေပုဂ္ဂိုလ်၏ နှလုံးသွင်း အကြောင်းပြချက်၊

၄။ ပရိဟာရ – အဖြေစကားတို့ပင် ဖြစ်၏။

စောဒကာရောဂ အစရှိသော အချက်လေးချက်တို့ကို ထုတ်ပြခြင်းကို စွဲ၍ "စောဒကာရောဂါဒိ စတုက္က"ဟု ခေါ်၏။ စတုက္ကဟူသည် ငြင်းခုံရာမှ ဖြစ်ပေါ်လာ၏။ ငြင်းခုံခြင်းဟူသည် မြန်မာစကား၌လည်း ရှိ၏။ ထို့ကြောင့် မြန်မာစကား၌လည်း စတုက္ကထုတ်ကောင်း၏။ မြန်မာစကားဖြင့် စတုက္ကထုတ်နည်းကို နှစ်ခြိုက်သဘောကျခဲ့သော် ပါဠိဘာသာ၌ စတုက္ကထုတ်နည်းကိုလည်း လွယ်ကူစွာ နှစ်ခြိုက်သဘောကျမည်သာ ဖြစ်၏။ ထို့ကြောင့် မြန်မာ စကား၌ စတုက္ကထုတ်နည်းကို ရှေးဦးစွာ ဖော်ပြအပ်ပါ၏။

အမှာ။ စောဒကာရောဂါဒိစတုက္ကကို (က) အာရောဂါဒိစတုက္က (ခ) ကိစ္စာဒိစတုက္က (ဂ) စောဒနာစတုက္က ဟူ၍လည်း ခေါ်ကြသေး၏။

### (ပုံစံ–၁)

"မောင်ဘသည် ရုပ်တော့ မလှဘူး၊ ဒါပေမယ့် စိတ်ကောင်းရှိ၍ ပေါင်းသင်းထိုက်၏"ဟူသော မြန်မာ စကား၌ စတုက္က ထုတ်ကြည့်ပါ။ အောက်ပါအတိုင်း ဖြစ်လိမ့်မည်။

(၁) မောင်ဘသည် ရုပ်မလှဘူး မဟုတ်လော။ (စောဒကာရောဂ–အမေးပုဂ္ဂိုလ်၏ နှလုံးသွင်းအကြောင်းပြချက်)

(၂) သို့ဖြစ်လျက် အဘယ့်ကြောင့် ပေါင်းသင်းထိုက်သနည်း။ (စောဒနာ–အမေးစကား)

(၃) စိတ်ကောင်း ရှိသည် မဟုတ်လော။ (ပရိဟာရာရောဂ–အဖြေပုဂ္ဂိုလ်၏ နှလုံးသွင်းအကြောင်းပြချက်)

(၄) ထို့ကြောင့် ပေါင်းသင်းထိုက်၏။ (ပရိဟာရ–အဖြေစကား)

### (ပုံစံ–၂)

"သင်္ဂါယနာ အကြောင်းကို ဝိနည်းပိဋကတ်၌ ရေးခဲ့ပြီးပြီ။ ဒါပေမယ့် နိဒါန်း၌ ကျမ်းကျင်စေခြင်းငှာ ဤသုတ္တန်ပိဋကတ်၌ သင်္ဂါယနာ အကြောင်းကို ထပ်၍ ရေးသားရဦးမည်"ဟူသော မြန်မာစကား၌ စတုက္က ထုတ်ကြည့်ပါ။ အောက်ပါအတိုင်း ဖြစ်လိမ့်မည်။

(၁) သင်္ဂါယနာ အကြောင်းကို ဝိနည်းပိဋကတ်၌ ရေးခဲ့ပြီးပြီ မဟုတ်လော။ (စောဒကာရောဂ)

ttp://www.dhammadownload.com



(၂) သို့ဖြစ်လျက် အဘယ့်ကြောင့် ဤသုတ္တန်ပိဋကၡ၌ သင်္ဂါယနာ အကြောင်းကို ထပ်၍ ရေးသားရသနည်း။ (စောဒနာ)

(၃) နိဒါန်း၌ ကျွမ်းကျင်စေလိုသည် မဟုတ်လော။ (ပရိဟာရာဘောဂ)

(၄) ထို့ကြောင့် ဤသုတ္တန်ပိဋကၡ၌ သင်္ဂါယနာ အကြောင်းကို ထပ်၍ ရေးသားရသည်။ (ပရိဟာရ)

**(ပုံစံ-၃)**

"အရှင်အာနန္ဒာသည် သေက္ခပုဂ္ဂိုလ် ဖြစ်သော်လည်း သင်္ဂါယနာတင်ရာ၌ ကျေးဇူးများသည်၏ အဖြစ်ကြောင့် အရှင်မဟာကဿပထေရ်သည် အရှင်အာနန္ဒာကို သင်္ဂါယနာတင်ဖို့ရာ ရွေးချယ်တင်မြှောက်သင့်၏"ဟူသော မြန်မာစကား၌ စတုက္က ထုတ်ကြည့်ပါ။ အောက်ပါအတိုင်း ဖြစ်လိမ့်မည်။

(၁) အရှင်အာနန္ဒာသည် သေက္ခပုဂ္ဂိုလ်သာ ဖြစ်သည် မဟုတ်လော။ (စောဒကာဘောဂ)

(၂) သို့ဖြစ်လျက် အဘယ့်ကြောင့် အရှင်မဟာကဿပထေရ်သည် အရှင်အာနန္ဒာကို သင်္ဂါယနာတင်ဖို့ရာ ရွေးချယ်တင်မြှောက်သင့်သနည်း။ (စောဒနာ)

(၃) အရှင်အာနန္ဒာသည် သင်္ဂါယနာတင်ရာ၌ ကျေးဇူးများသည် မဟုတ်လော။ (ပရိဟာရာဘောဂ)

(၄) ထို့ကြောင့် အရှင်မဟာကဿပထေရ်သည် အရှင်အာနန္ဒာကို သင်္ဂါယနာတင်ဖို့ရာ ရွေးချယ်တင်မြှောက်သင့်၏။ (ပရိဟာရ)

**စတုက္က ချိန်ကိုက်နည်း**

ဖော်ပြခဲ့သော ပုံစံတို့ကို သေချာစွာ ကြည့်၍ စဉ်းစားပါ။ (၁) စောဒကာဘောဂသည် စောဒနာ စကားကို မနှစ်သက်၍ ကန့်ကွက်နေသည်ကိုလည်းကောင်း (၂) ပရိဟာရာဘောဂသည် ပရိဟာရ စကားကို နှစ်သက်၍ ထောက်ခံနေသည်ကိုလည်းကောင်း (၃) စောဒကာဘောဂနှင့် ပရိဟာရာဘောဂတို့ ဆန့်ကျင်ဘက် ဖြစ်နေသည်ကိုလည်းကောင်း (၄) စောဒနာနှင့် ပရိဟာရတို့ တူနေသည်ကိုလည်းကောင်း တွေ့မြင်ရမည်။ ဤအချက်လေးချက် မှန်၍ မြန်မာစကား အသွားအလာ သဘာဝကျလျှင် မိမိထုတ်ထားသော စတုက္က မှန်၏။ ပါဠိဘာသာ၌လည်း ဤအချက်တို့ကို သဘောပေါက်၍ စတုက္က ထုတ်ရမည်။

နိယံ။ စောဒနာနှင့်၊ အာဘောဂါတွက်၊ ဆန့်ကျင်နက်၊ ထွက်မှ မှန်ကန်သည်။

ပရိဟာနှင့်၊ အာဘောဂါတွက်၊ ထောက်ခံချက်၊ ထွက်မှ မှန်ကန်သည်။

အာဘော်နှစ်ချက်၊ ဆန့်ကျင်ဘက်၊ ထွက်မှ မှန်ကန်သည်။

စောဒနာနက်၊ ပရိနက်၊ တူမှ မှန်ကန်သည်။

အမှာ။ စောဒကာဘောဂနှင့် စောဒနာတို့သည် ဆန့်ကျင်ဘက် ဖြစ်မှသာ မှန်၏။ ဥပမာ "သူဟာ ပိန်သာ ပိန်တယ်၊ သို့ဖြစ်လျက် အဘယ့်ကြောင့် အရိုးချည်းဘဲ ရှိရသနည်း"ဟု ဆိုလျှင် စတုက္ကဝါကျ အသွားအလာ မမှန်။ "သူဟာ ပိန်သာ ပိန်တယ်၊ သို့ဖြစ်လျက် အဘယ့်ကြောင့် သိပ်အားရှိရသနည်း"ဟု ဆိုမှသာ စတုက္ကဝါကျ အသွားအလာ မှန်၏။ "ဒီကောင်ဟာ စာသာ မကျက်တာ၊ စာမေးပွဲကြတော့ ကျတာချည်းဘဲ"ဟု ဆိုလျှင် စတုက္ကဝါကျ အသွားအလာ မမှန်။ "ဒီကောင်ဟာဟာ စာသာ မကျက်တာ၊ စာမေးပွဲကြတော့ အောင်တာချည်းဘဲ"ဟု ဆိုမှသာ စတုက္ကဝါကျ အသွားအလာ မှန်၏။ မြန်မာစကားကို သေသေချာချာ စဉ်းစားပါ။ မြန်မာစကားနှင့် ကပ်၍ မှတ်လျှင် မှားဘွယ်ရာမရှိ။

ttp://www.dhammadownload.com



## စောဒကာဘောဂ မပါရာဝယ်

အချို့သော စတုက္က ထုတ်ရမည့် ပုံစံများ၌ စောဒကာဘောဂ စကားရပ် မပါရှိပါ။ သို့သော်လည်း "အဖြေ ရှောင်ကွင်း၊ လျော်ရာနင်း၊ သွင်းလေ အာဘောဂ" ဟူသော နိယံနှင့်အညီ ပရိဟာရာဘောဂ စကားရပ်ကို ရှောင်ကွင်း၍ သင့်လျော်သလို စောဒကာဘောဂ စကားရပ်ကို ထည့်ရသည်။ ဖော်ပြလတ္တံ့သော ပုံစံများကို သေချာစွာ ကြည့်ရှု လေ့လာပါ။

### (ပုံစံ–၁)

"ဤအသီးသည် စပ်သောအရသာ ရှိ၏။ ထို့ကြောင့် ဤအသီးသည် ငြုတ်သီး ဖြစ်၏" ဟူသော မြန်မာ စကား၌ စတုက္က ထုတ်ကြည့်ပါ။ အောက်ပါအတိုင်း ဖြစ်လိမ့်မည်။

(၁) ဤအသီးသည် ပူသောအရသာ ရှိသည် မဟုတ်လော။ (စောဒကာဘောဂ)
(၂) သို့ဖြစ်လျက် အဘယ့်ကြောင့် ဤအသီးသည် ငြုတ်သီး ဖြစ်ရသနည်း။ (စောဒနာ)
(၃) ဤအသီးသည် စပ်သောအရသာ ရှိသည် မဟုတ်လော။ (ပရိဟာရာဘောဂ)
(၄) ထို့ကြောင့် ဤအသီးသည် ငြုတ်သီး ဖြစ်၏။ (ပရိဟာရ)

အမှာ။ ဤပုံစံ၌ စပ်သောအရသာ ရှိ၏ဟု ဆိုသော ပရိဟာရာဘောဂကို ပူသောအရသာ ရှိသလောဟု ရှောင်လွှဲ၍ စောဒကာဘောဂ ထုတ်၏။ ငြုတ်သီး၌ = ခါး,ချို,ငန်,ဆိမ့်သော အရသာများ မရှိ၍ ခါးသောအရသာ, ချိုသောအရသာ, ငန်သောအရသာ, ဆိမ့်သောအရသာ ရှိသည် မဟုတ်လော စသည်ဖြင့် ရှောင်လွှဲ၍ မရပါ။ ရှောင်လွှဲ သင့်သည်နှင့်သာ ရှောင်လွှဲရာ၏။ လျဉ်းပါးသင့်သည်နှင့်သာ လျဉ်းပါးရာ၏။

နိယံ။ လျဉ်းပါးစရာ၊ ရှိမှသာ၊ ဖွေရှာ လျဉ်းပါးမြဲ။
နိယံ။ လျဉ်းပါးခြင်းငှာ၊ ထိုက်မှသာ၊ ရှာဖွေ လျဉ်းပါးသင့်။

### (ပုံစံ–၂)

"မောင်ဘသည် မောင်မြ၏ နမကို ယူထားသည်။ ထို့ကြောင့် မောင်ဘနှင့် မောင်မြတို့သည် သမီးယောက်ဖ တော်စပ်၏" ဟူသော မြန်မာစကား၌ စတုက္က ထုတ်ကြည့်ပါ။ အောက်ပါအတိုင်း ဖြစ်မည်။

(၁) မောင်ဘသည် မောင်မြ၏ နမကို မယူထားသည် မဟုတ်လော။ (စောဒကာဘောဂ)
(၂) သို့ဖြစ်လျက် အဘယ့်ကြောင့် မောင်ဘနှင့် မောင်မြတို့သည် သမီးယောက်ဖ တော်စပ်၏ဟု ဆိုရသနည်း။ (စောဒနာ)
(၃) မောင်ဘသည် မောင်မြ၏ နမကို ယူထားသည် မဟုတ်လော။ (ပရိဟာရာဘောဂ)
(၄) ထို့ကြောင့် မောင်ဘနှင့် မောင်မြတို့သည် သမီးယောက်ဖ တော်စပ်၏ဟု ဆိုရပါသည်။ (ပရိဟာရ)

အမှာ။ ဤပုံစံ၌ မောင်ဘသည် မောင်မြ၏ နမကို ယူထားသည် မဟုတ်လော ဟူသော ပရိဟာရာဘောဂ ဖြစ်ထိုက်သည့် စကားရပ်၌ ပဋိသေဓ န–မမြင်၍ ပဋိသေဓ န–ထည့်ပြီး မောင်ဘသည် မောင်မြ၏ နမကို မယူထားသည် မဟုတ်လောဟု ပရိဟာရာဘောဂကို ရှောင်လွှဲ၍ စောဒကာဘောဂ ထုတ်၏။ ဤသို့လျှင် စောဒကာဘောဂ မပါလာရာဝယ် ပရိဟာရာဘောဂ၌ ပဋိသေဓ န–ပါခဲ့သော် န–ပယ်၍သော်လည်းကောင်း၊ ပဋိသေဓ န–မပါခဲ့သော် ပဋိသေဓ န–ထည့်၍သော်လည်းကောင်း၊ ပရိဟာရာဘောဂကို ရှောင်လွှဲ၍သော်လည်း ကောင်း စောဒကာဘောဂကို ထုတ်ရသည်။

နိယံ။ န မြင်, န ပယ်၊ မမြင်ကွယ်၊ ထည့်စွယ် မေးလေမင်း။
နိယံ။ အဖြေရှောင်ကွင်း၊ လျော်ရာနင်း၊ သွင်းလေ အာဘောဂါ။

30 B

ttp://www.dhammadownload.com



(ပုံစံ–၃)

"ဉာဏ်ထုံသော သူတို့သည် ပိဋကတ်ကို သိဖို့ရာ အလွန်ခဲယဉ်း၏။ ထို့ကြောင့် ပိဋကတ်သည် အလွန်နက်နဲ၏" ဟူသော မြန်မာစကား၌ စတုက္က ထုတ်ကြည့်ပါ။ အောက်ပါအတိုင်း ဖြစ်လိမ့်မည်။

(၁) ဉာဏ်ထက်သော သူတို့သည် ပိဋကတ်ကို သိဖို့ရာ လွယ်ကူသည် မဟုတ်လော။ (စော+ဘော)

(၂) သို့ဖြစ်လျက် အဘယ့်ကြောင့် ပိဋကတ်သည် အလွန်နက်နဲ၏ဟု ဆိုရသနည်း။ (စောဒနာ)

(၃) ဉာဏ်ထုံသော သူတို့သည် ပိဋကတ်ကို သိဖို့ရာ အလွန်ခဲယဉ်းသည် မဟုတ်လော။ (ပရိ+ဘော)

(၄) ထို့ကြောင့် ပိဋကတ်သည် အလွန်နက်နဲ၏ဟု ဆိုရပါသည်။ (ပရိဟာရ)

အမှာ။ ဤပုံစံ၌ "အဖြေရှောင်ကွင်း၊ လျော်ရာနှင်း၊ သွင်းလေ အာဘောဂ" ဟူသော နိယံနှင့်အညီ စောဒကာဘောဂ ထုတ်ထားသည်ကို သတိပြု နည်းယူပါ။

## ပရိဟာရာဘောဂ မပါရာဝယ်

အချို့သော စတုက္က ထုတ်ရမည့် ပုံစံများ၌ ပရိဟာရာဘောဂ စကားရပ် မပါရှိပါ။ ယင်းသို့ ပရိဟာရာဘောဂ မပါလာရာ၌ ဇာတ်လမ်းဇာတ်ကွက်ကို ရှု၍လည်းကောင်း၊ ဋီကာသစ်လာ ဟိတ်ပါဌ်များကို ဆောင်ထည့်၍လည်းကောင်း၊ စောဒကာဘောဂကို ပြောင်းပြန် ပြုလုပ်၍လည်းကောင်း ပရိဟာရာဘောဂ စကားရပ်ကို ထည့်ရသည်။ ဖော်ပြလတ္တံ့သော ပုံစံများကို သေချာစွာ ကြည့်ရှုလေ့လာပါ။

အမှာ။ ပါဠိဝါကျ၌ကား = တဒညတ္ထသ အသမ္ဘဝတော (သို့) တဒညေသံ အသမ္ဘဝတော (သို့) ဋီကာသစ် ဟိတ်ပါဌ်တို့ကို ဆောင်ထည့်သည်သာ များ၏။

(ပုံစံ–၁)

"မောင်ဘသည် ပေ ၃၀–မြင့်သော အိမ်ပေါ်မှ ခုန်ချသော်လည်း ခြေမကျိုးပါ" ဟူသော မြန်မာစကား၌ စတုက္က ထုတ်ကြည့်ပါ။ အောက်ပါအတိုင်း ဖြစ်လိမ့်မည်။

(၁) မောင်ဘသည် ပေ ၃၀–မြင့်သော အိမ်ပေါ်မှ ခုန်ချသည် မဟုတ်ပါလော။ (စောဒကာဘောဂ)

(၂) သို့ဖြစ်လျက် အဘယ့်ကြောင့် ခြေမကျိုးသနည်း။ (စောဒနာ)

(၃) အိမ်အောက်၌ ရေကန်ရှိသည် မဟုတ်လော။ (ပရိဟာရာဘောဂ)

(၄) ထို့ကြောင့် ခြေမကျိုးပါ။ (ပရိဟာရ)

အမှာ။ အိမ်အောက်၌ ရေကန်ရှိသည် မဟုတ်လော ဟူသော ပရိဟာရာဘောဂနေရာဝယ် အိမ်အောက်၌ ကောက်ရိုးပုံ ရှိသည် မဟုတ်လော? မောင်ဘသည် ခြေပြတ်နေသည် မဟုတ်လော? စသည်ဖြင့် ဇာတ်လမ်း ဇာတ်ကွက်၊ အခြေအနေကို ရှု၍ ပရိဟာရာဘောဂကို ပြောင်းထုတ်နိုင်ပါသေး၏။

(ပုံစံ–၂)

"လူအများသည် ပစ္စည်းဥစ္စာ ကြွယ်ဝလိုသော်လည်း မကြွယ်ဝကြ" ဟူသော မြန်မာစကား၌ စတုက္က ထုတ်ကြည့်ပါ။ အောက်ပါအတိုင်း ဖြစ်လိမ့်မည်။

(၁) လူအများသည် ပစ္စည်းဥစ္စာ ကြွယ်ဝလိုကြသည် မဟုတ်ပါလော။ (စောဒကာဘောဂ)

(၂) သို့ဖြစ်လျက် အဘယ့်ကြောင့် မကြွယ်ဝကြသနည်း။ (စောဒနာ)

(၃) ကံ၊ဉာဏ်၊ဝီရိယ လိုနေကြသည် မဟုတ်လော။ (ပရိဟာရာဘောဂ)

(၄) ထို့ကြောင့် မကြွယ်ဝကြပါ။ (ပရိဟာရ)

30 A

ttp://www.dhammadownload.com



**(ပုံစံ–၃)**

"မြတ်စွာဘုရားသည် သာမညဖလသုတ်ကို ဟောသော်လည်း အဇာတ်တသတ်မင်း တရားမရ"ဟူသော မြန်မာစကား၌ စတုက္က ထုတ်ကြည့်ပါ။ အောက်ပါအတိုင်း ဖြစ်လိမ့်မည်။

(၁) မြတ်စွာဘုရားသည် သာမညဖလသုတ်ကို ဟောသည် မဟုတ်ပါလော။ (စောဒကာဘောဂ)

(၂) သို့ဖြစ်လျက် အဘယ့်ကြောင့် အဇာတသတ်မင်း တရား မရသနည်း။ (စောဒနာ)

(၃) အဖကို သတ်ခဲ့သော ပိတုဃာတကကံ ရှိသည် မဟုတ်လော။ (ပရိဟာရဘောဂ)

(၄) ထို့ကြောင့် အဇာတသတ်မင်း တရား မရပါ။ (ပရိဟာရ)

**စောဘော+ပရိဘော နှစ်မျိုးလုံး မပါရာဝယ်**

အချို့သော စတုက္က ထုတ်ရမည့် ပုံစံများ၌ စောဒကာဘောဂ + ပရိဟာရဘောဂ စကားနှစ်ရပ်လုံး မပါ ရှိပါ။ ယင်းသို့ စောဒကာဘောဂ + ပရိဟာရဘောဂ စကားနှစ်ရပ်လုံး မပါလာရာ၌ ဇာတ်လမ်းဇာတ်ကွက်ကို ရှု၍လည်းကောင်း၊ စောဒနာကို ရှု၍လည်းကောင်း၊ ဋီကာသစ်လာ ဟိတ်ပါဠ်များကို ဆောင်ထည့်၍လည်းကောင်း စောဒကာဘောဂ + ပရိဟာရဘောဂ စကားရပ်တို့ကို ထည့်ရသည်။ ဖော်ပြလတ္တံ့သော ပုံစံများကို သေချာစွာ ကြည့်ရှုလေ့လာပါ။

**(ပုံစံ–၁)**

"မောင်ဘနှင့် မောင်မြတို့သည် သမီးယောက်ဖ တော်စပ်၏"ဟူသော မြန်မာစကား၌ စတုက္က ထုတ်ကြည့်ပါ။ အောက်ပါအတိုင်း ဖြစ်လိမ့်မည်။

(၁) မောင်ဘသည် မောင်မြ၏ နှမကို မယူထားသည် မဟုတ်လော။ (စောဒကာဘောဂ)

(၂) သို့ဖြစ်လျက် အဘယ့်ကြောင့် မောင်ဘနှင့် မောင်မြတို့သည် သမီးယောက်ဖ တော်စပ်၏ဟု ဆိုရသနည်း။ (စောဒနာ)

(၃) မောင်ဘသည် မောင်မြ၏ နှမကို ယူထားသည် မဟုတ်လော။ (ပရိဟာရဘောဂ)

(၄) ထို့ကြောင့် မောင်ဘနှင့် မောင်မြတို့သည် သမီးယောက်ဖ တော်စပ်၏ဟု ဆိုရပါသည်။ (ပရိဟာရ)

**(ပုံစံ–၂)**

"မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်မှ ဦးဝိစိတ္တအား ဆဋ္ဌသင်္ဂါယနာ၌ ဝိသဇ္ဇက ဆရာတော်အဖြစ် တင်မြှောက်ကြသည်"ဟူသော မြန်မာစကား၌ စတုက္က ထုတ်ကြည့်ပါ။ အောက်ပါအတိုင်း ဖြစ်လိမ့်မည်။

(၁) မြန်မာနိုင်ငံ၌ သံဃာတော်များ မြောက်မြားစွာ ရှိသည် မဟုတ်လော။ (စောဒကာဘောဂ)

(၂) သို့ဖြစ်လျက် အဘယ့်ကြောင့် မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်မှ ဦးဝိစိတ္တအား ဆဋ္ဌသင်္ဂါယနာ၌ ဝိသဇ္ဇက ဆရာတော်အဖြစ် တင်မြှောက်ကြသနည်း။ (စောဒနာ)

(၃) ဦးဝိစိတ္တသည် အာဒိကမ္မိက ဝိသိဋ္ဌတိပိဋကဓရ မဟာကောဝိဒ ဖြစ်သည် မဟုတ်လော။ (ပရိဘော)

(၄) ထို့ကြောင့် မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်မှ ဦးဝိစိတ္တအား ဆဋ္ဌသင်္ဂါယနာ၌ ဝိသဇ္ဇက ဆရာတော်အဖြစ် တင်မြှောက်ကြသည်။ (ပရိဟာရ)

ttp://www.dhammadownload.com



### လျှောက်တင်အပ်ပါသည်

"စာဟူသည် အရှိကိုသာ ကြည့်တတ်ဖို့ လို၏၊ မရှိသည်ကို ကြည့်တတ်ဖို့ မလို"ဟူသော အာစရိယဝါဒ အရ စောဒကာဘောဂ, ပရိဟာရာဘောဂ မပါသော ဝါကျမျိုး၌ မေးခွန်းထုတ်ခြင်းမျိုးကို ဆရာမြတ်အချို့ နှစ်သက်တော်မမူပါ။ "စောဒနာဟူသည် ပြဿနာပင် ဖြစ်၏"ဟူသော အာစရိယဝါဒအရ စောဒနာမပါသော ဝါကျများ၌ စတုက္က ထုတ်ခြင်းကား "ပြဿနာ မရှိရာ ပြဿနာ ရှာသည်နှင့် တူ၏။" ထို့ကြောင့် စောဒနာ မပါသော ဝါကျမျိုး၌ စတုက္ကထုတ်ခြင်းမျိုးကို စာရေးသူအနေဖြင့် မနှစ်သက်ပါ။

သို့သော် နာနာစရိယ, နာနာဝါဒတို့ကို စုံလင်စွာ အရှင်မြတ်တို့ သိပါစေခြင်း အကျိုးငှာသာ စောဒကာ–ဘောဂ၊ ပရိဟာရာဘောဂ၊ စောဒနာ မပါသော ဝါကျတို့၌ စတုက္ကထုတ်ပုံကို ရွှေသီလက္ခန် (ဒုတိယတွဲ) စတုက္က ၁၀၀၀–ကဏ္ဍ၌ ဖော်ပြလတ္တံ့။

### ပါဠိဝါကျ စတုက္ကထုတ်နည်း (၂)နည်း

ပါဠိဝါကျ၌ စတုက္က ထုတ်နည်းသည် ၁။ သဘောနည်းဖြင့် ထုတ်နည်း ၂။ ပုံသေနည်းဖြင့် ထုတ်နည်းဟူ၍ (၂)နည်း ရှိ၏။ သဘောနည်းဖြင့် ထုတ်နည်းသည် မည်သည့်ဝါကျမဆို အသုံးဝင်၏။ သဘောနည်းဖြင့် ထုတ်နည်းကို မြန်မာစကားတို့၌ စတုက္က ထုတ်ခဲ့သော ပုံစံတို့ကို နည်းယူ၍ သိတော်မူပါ။

ပုံသေနည်းဖြင့် ထုတ်နည်းသည် ပုံသေနည်းကို အသုံးပြုနိုင်သော ဝါကျတို့၌သာ အသုံးဝင်၏။ ယင်းဝါကျတို့ကို တွေ့ခဲ့သော် လွယ်ကူစွာ စတုက္က ထုတ်နိုင်စေခြင်း အကျိုးငှာ ပုံသေနည်းဖြင့် စတုက္က ထုတ်နိုင်သော ဝါကျတို့ကို ဖော်ပြအပ်ပါ၏။ ကြည့်ရှုလေ့လာ မှတ်သားတော်မူပါ။

### ပုံသေနည်းဖြင့် စတုက္က ထုတ်နိုင်သော ဝါကျများ

၁။ ကိဉ္စာပိ, သစေပိ, စေပိ, ယဒိပိ, ကာမဉ္စ, သစ္စံ, အာမ ပါသော ဝါကျများ၊
၂။ နနု, နနု စ–တို့ဖြင့် စချီလာသော ဝါကျများ၊
၃။ "သော်လည်း"ဟု လက္ခဏာအရုစိ အနက်ပြန်သော ပန, တထာ ပိ, ဧဝံ သတိ, အထ ခေါ ပါသောဝါကျများ၊
၄။ "သော်လည်း"ဟု လက္ခဏာအရုစိ အနက်ပြန်သော ပိ,အပိ သဒ္ဒါတို့ ပါရှိသော ဝါကျများ၊
၅။ "သော်"ဟုသာ အနက်အဆုံးသတ်သည့် လက္ခဏာပုဒ် ပါသော ဝါကျများ၊
၆။ အတ္ထုဒ္ဒါရ, အတ္ထုဒ္ဒေသ ဝါကျများ၊
၇။ အနုသန္ဓေ ဝါကျများ၊
၈။ ကာရဏ ဝါကျ, ဒဋ္ဌီကရဏ ဝါကျများ၊
၉။ အဓိဝစန် ပုဒ်ဖြင့် ဖွင့်သော ဝါကျများ၊
၁၀။ ဟေတုမန္တ ဝိသေသနပုဒ် ပါသော ဝါကျများ၌ ပုံသေနည်းဖြင့် စောဒကာဘောဂါဒိ စတုက္က ထုတ်၍ ရသည်။

### ၁။ ကိဉ္စာပိ စသည် ပါသောဝါကျ စတုက္က ပုံသေထုတ်နည်း

ကိဉ္စာပိ ထိုင်သော ဝါကျသည် စောဒကာဘောဂ ပုံသေဖြစ်၏။ ကိဉ္စာပိအစား နနုသွင်းရမည်။ ကိဉ္စာပိ ထိုင်သော ဝါကျ၏ နောက်၌ရှိသော ဝါကျသည် ပရိဟာရာဘောဂနှင့် ပရိဟာရကို ပြ၏။ ပရိဟာရသည် ပရိဟာရာ–ဘောဂ၏ ရှေ့၌လည်းကောင်း, နောက်၌လည်းကောင်း ကပ်လျက် ပါရှိသည်။ ဖော်ပြလတ္တံ့သော ပုံစံတို့ကို သေချာစွာ ကြည့်ရှုလေ့လာပါ။

ttp://www.dhammadownload.com



အမှာ။ သစေပိ, စေပိ, ယဒိပိ, ကာမဉ္စ, သစ္စံ, အာမ စသည် ပါသော ဝါကျတို့၏ စတုက္က ထုတ်နည်းသည် ကိဉ္စာပိဝါကျ စတုက္က ထုတ်နည်းနှင့် တူ၏။

(ပုံစံ-၁)

ပဌမမဟာသင်္ဂီတိ နာမ စေသာ ကိဉ္စာပိ ဝိနယပိဋကေ တန္တိမာရုဠှာ၊ နိဒါနကောသလ္လတ္ထံ ပန ဣဓာပိ ဇဝံ ဝေဒိတဗ္ဗာ။ (ဌ၊ နှာ-၃)

"စတုက္က"

(၁) နနု သော ပဌမမဟာသင်္ဂီတိ နာမ ဝိနယပိဋကေ တန္တိမာရုဠှာ။ (စောဒကာဘောဂ)

(၂) အထ ကိမတ္ထံ (ဝါ) အထ ကသ္မာ ဣဓာပိ ဇဝံ ဝေဒိတဗ္ဗာ။ (စောဒနာ)

(၃) နနု နိဒါနကောသလ္လတ္ထံ ဟောတိ။ (ပရိဟာရာဘောဂ)

(၄) တဒတ္ထံ (ဝါ) တသ္မာ ဣဓာပိ ဇဝံ ဝေဒိတဗ္ဗာ။ (ပရိဟာရ)

## စတုက္က ပါဌ်စီနည်း

စောဒကာဘောဂ+ပရိဟာရာဘောဂပြ ဝါကျတို့၌ နနုသဒ္ဒါဖြင့် စ၍ ရေးပါ။ ယင်းနနုသဒ္ဒါကို "နနု ဣသာ၊ စ-မပါ၊ ကြိယာနှင့် ယှဉ်စေ"ဟူသော နိယံနှင့်အညီ ကြိယာနှင့် ယှဉ်တွဲ၍ အနက်ပေးရမည်။ ထို့ကြောင့် စောဒကာဘောဂ + ပရိဟာရဘောဂပြ ဝါကျတို့၏ အဆုံး၌ ကြိယာကို ထည့်၍ ရေးပါ။ အနက်ပေးသောအခါ ယင်းကြိယာကို နနုနှင့် တွဲ၍ ဟောတိ နနု-ဖြစ်လေသလော? ဂစ္ဆတိ နနု-သွားလေသလော? စသည်ဖြင့် အနက်ပေးပါ။

ပရိဟာရာဘောဂ ဝါကျသည် အကျိုးပြ ဖြစ်ခဲ့သော် စောဒနာဝါကျ၏ အစ၌ = အထ ကိမတ္ထံ ဖြင့်လည်းကောင်း၊ ပရိဟာရာဘောဂ ဝါကျသည် အကြောင်းပြ ဖြစ်ခဲ့သော် စောဒနာဝါကျ၏ အစ၌ = အထ ကသ္မာဖြင့်လည်းကောင်း ရေးပါ။ များသောအားဖြင့် စောဒနာဝါကျ၏ အစ၌ အထ ကသ္မာ-ဖြင့်သာ ရေးလေ့ရှိ၏။

စောဒနာဝါကျ၏ အစ၌ အထ ကိမတ္ထံဖြင့် မေးသော် = ပရိဟာရဝါကျ၏ အစ၌ တဒတ္ထံဖြင့် ဖြေပါ။ စောဒနာဝါကျ၏ အစ၌ အထ ကသ္မာဖြင့် မေးသော် = ပရိဟာရဝါကျ၏ အစ၌ တသ္မာဖြင့် ဖြေပါ။

(ပုံစံ-၂)

"**န အာဃာတော**"တိအာဒီဟိ ကိဉ္စာပိ တေသံ ဘိက္ခူနံ အာဃာတာဒယော နတ္ထိ၊ အထ ခေါ အာယတိံ ကုလပုတ္တာနံ ဤဒိသေသုပိ ဌာနေသု အကုသလုပ္ပတ္တိံ ပဋိသေဓေန္တော ဓမ္မနေတ္တိံ ဌပေတိ။ (ဌ၊ နှာ-၅၂)

"စတုက္က"

(၁) နနု တေသံ ဘိက္ခူနံ အာဃာတာဒယော နတ္ထိ။ (စော+ဘော)

(၂) အထ ကသ္မာ "န အာဃာတော"တိအာဒီဟိ ဓမ္မနေတ္တိံ ဌပေတိ။ (စော)

(၃) နနု အာယတိံ ကုလပုတ္တာနံ ဤဒိသေသုပိ ဌာနေသု အကုသလုပ္ပတ္တိံ ပဋိသေဓေတိ။ (ပရိ+ဘော)

(၄) တသ္မာ "န အာဃာတော"တိအာဒီဟိ ဓမ္မနေတ္တိံ ဌပေတိ။ (ပရိ)

ttp://www.dhammadownload.com



(ပုံစံ–၃)

(က) **ဂစ္ဆန္တော ဝါတိ ဧတ္ထ** ကာမံ တီသု ကြိယာပဒေသု ဗြာပ္ပကောာ အာစရိယဗြာပ္ပကောန သဒ္ဒိံ သလ္လ– ပိတုမရဟတိ။

(ခ) အယံ ပန မာဏဝေါ မာနထဒ္ဓတာယ ကထာပဋ္ဌာသံ ကရောန္တော စတ္တာရောပိ ကြိယာပဒေ ယောဇေသောမီတိ **"သယာနော ဝါ ဟိ ဘော ဂေါတမ သယာနေနာ"**တိ အာဟ။ (ဋ၊ နှာ–၂၂၆)

"(က+ခ)ဝါကျ စတုက္က"

(၁) နနု တီသု ကြိယာပဒေသု ဗြာပ္ပကောာ အာစရိယဗြာပ္ပကောန သဒ္ဒိံ သလ္လပိတုမရဟတိ။

(၂) အထ ကသ္မာ "သယာနော ဝါ ဟိ ဘော ဂေါတမ သယာနေနာ"တိ အာဟ။

(၃) နနု အယံ မာဏဝေါ မာနထဒ္ဓတာယ ကထာပဋ္ဌာသံ ကရောန္တော စတ္တာရောပိ ကြိယာပဒေ ယောဇေသောမီတိ မနသိ ကရောတိ။

(၄) တသ္မာ "သယာနော ဝါ ဟိ ဘော ဂေါတမ သယာနေနာ"တိ အာဟ။

**ကိဉ္စာပိ စတုက္ကထုတ်နည်း အကျဉ်းဆောင်ပုဒ်**

ကိဉ္စာပိ ဖယ်၊ နနု လှယ်၊ မှတ်ဘွယ် စောဒကာဘော။
ပန, တထာ၊ စပ်ပုဒ်မှာ၊ ပရိဟာနဲ့ ဆော။
ကျန်သမျှသာ၊ စကားမှာ၊ ပရိဟာရာဘော။ (ဝါကျဥယျာဉ်)

**ရှေးဆရာတို့၏ ကိဉ္စာပိ စတုက္ကထုတ်နည်း နိယံ**

ကိဉ္စာပိဝင်၊ ပါဌ်တိုင်ရုံကား၊ တင်တုံ အပြစ်၊ စိစစ်စောဒက၊ ဆရာပြသည့် အာဘော်တည်း။
ပန တထာပိ၊ ဆိုက်သည့် ကြိယာ၊ တိုင်အောင်မှာကား၊ ဆရာ ပရိဟာရ၊ ပြသည့် အာဘော်တည်း။

(ဝါ) ကိဉ္စာပိနှင့်၊ ယဒိပိ, ကာမဥ္စ၊ နိပါတတို့၊ ဆိုက်ရ ကြိယာ၊ တိုင်အောင်မှာကား၊ ဆရာ စောဒက၊ ပြသည့် အာဘော်တည်း။ ပန စပ်ရာ၊ ပုဒ်တို့မှာကား၊ ကျမ်းဆရာ၏၊ အဖြေလည်းရ၊ အာဘော်ပြ။

**၂။ နနု, နနု စ–တို့ဖြင့် ချီလာသောဝါကျ စတုက္က ပုံသေထုတ်နည်း**

နနုထိုင်ရာ ဝါကျသည် စောဒကာဘောဂ ပုံသေ ဖြစ်၏။ ကသ္မာထိုင်ရာ ဝါကျသည် (ဝါ) အမေးဝါကျသည် စောဒနာနှင့် ပရိဟာရ ပုံသေဖြစ်၏။ ကျန်သည့် အကြောင်းပြ ပုဒ်တို့သည် ပရိဟာရာဘောဂ ပုံသေဖြစ်၏။

(ပုံစံ)

(က) နနု ဣဒံ သီလံ နာမ ယောဂိနော အင်္ဂဝိဘူသနံ။ (ဋ၊ နှာ–၅၅)

(ခ) တံ ကသ္မာ ဣမသ္မိံ ဌာနေ "အပ္ပမတ္တက"န္တိ အာဟာတိ? ဥပရိ ဂုဏေ ဥပနိဓာယ။ (ဋ၊ နှာ–၅၆+၅၇)

"(က+ခ) စတုက္က"

(၁) နနု ဣဒံ သီလံ နာမ ယောဂိနော အင်္ဂဝိဘူသနံ ဟောတိ။

(၂) အထ ကသ္မာ တံ ဣမသ္မိံ ဌာနေ "အပ္ပမတ္တက"န္တိ အာဟ။

(၃) ဥပရိ ဂုဏေ ဥပနိဓာယ။

(၄) တံ ဣမသ္မိံ ဌာနေ "အပ္ပမတ္တက"န္တိ အာဟ။

ttp://www.dhammadownload.com



**နနု, နနု စ စချီသော ဝါကျ စတုက္က ထုတ်နည်း နိယံ**

နနု ထိုင်ရာ၊ ဝါကျမှာ၊ စောဒကာဘောဂ။
ကသ္မာ ထိုင်ရာ၊ ဝါကျမှာ၊ စောဒနာ+ပရိဟာရ။
ကျန်သမ္ဗုသာ၊ ပုဒ်တို့မှာ၊ ပရိဟာရာဘောဂ။

**လက္ခဏာ+အရုစိ**

“သော်”ဟူ၍ အနက်ဆုံးသော ပုဒ်ကို လက္ခဏာပုဒ်ဟု ခေါ်၏။ “လည်း”ဟူ၍ အနက်ဆုံးသော ပုဒ်ကို အရုစိ ပုဒ်ဟု ခေါ်၏။ “သော်+လည်း”ဟူ၍ အနက်ဆုံးသော ပုဒ်ကို လက္ခဏာရုစိ ပုဒ်ဟု ခေါ်၏။ “သော်လည်း”ဟူ၍ အနက်ပြန်ရသော နိပါတ်ပုဒ်တို့ကို လက္ခဏာရုစျတ္ထ နိပါတ်ပုဒ်တို့ဟု ခေါ်၏။

**၃။ သော်လည်းဟု အနက်ပြန်သော ပန ပါသောဝါကျ စတုက္က ပုံသေထုတ်နည်း**

ဝါကျ နှစ်ဝါကျ ရှိ၏။ နောက်ဝါကျ၌ ‘သော်လည်း’ဟု အနက်အဆုံးသတ်သော ပနသဒ္ဒါ ပါရှိ၏။ ရှေ့ဝါကျ၌ ကိဉ္စာပိ မပါခဲ့သော် ရှေ့ဝါကျကို ကိဉ္စာပိ ပါသကဲ့သို့ မှတ်ပါ။ ထို့ကြောင့် ပနဝါကျ၏ ရှေ့၌ ရှိသော ဝါကျသည် စောဒကာဘောဂ ပုံသေ ဖြစ်၏။ ပနထိုင်သော ဝါကျသည် ပရိဟာရာဘောဂနှင့် ပရိဟာရတို့ ဖြစ်၏။

အမှာ။ ကိဉ္စာပိ ပါသော ဝါကျ၏ စတုက္က ထုတ်နည်းနှင့် မထူးပြီ။ လက္ခဏာအရုစိ အနက်ပြန်ရသော တထာ ပိ, ဇဝံ သတိ, ဇဝံ သန္တေပိ, အထ ခေါ, အပိ စ ခေါ, အပိ စ စသည် ပါသော ဝါကျတို့၏ စတုက္က ထုတ်နည်းသည် လက္ခဏာရုစျတ္ထ ပန ပါသော ဝါကျ၏ စတုက္က ထုတ်နည်းနှင့် တူ၏။ ဖော်ပြလတ္တံ့သော ပုံစံများကို သေချာစွာ ကြည့်ရှုလေ့လာပါ။

**(ပုံစံ–၁)**

ဇတ္ထ အာဏတ္တိကနိဿဂ္ဂိယထာဝရာပိ ပယောဂါ ယုဇ္ဇန္တိ၊ အဠကထာသု ပန အနာဂတတ္တာ ဝိမံသိတွာ ဂဟေတဗ္ဗာ။ (ဋ၊ နှာ–၇၂)

“စတုက္က”

(၁) နနု ဇတ္ထ အာဏတ္တိကနိဿဂ္ဂိယထာဝရာပိ ပယောဂါ ယုဇ္ဇန္တိ။

(၂) အထ ကသ္မာ ဝိမံသိတွာ ဂဟေတဗ္ဗာတိ ဝုတ္တံ။

(၃) နနု အဠကထာသု အနာဂတာ ဟောန္တိ။

(၄) တသ္မာ ဝိမံသိတွာ ဂဟေတဗ္ဗာတိ ဝုတ္တံ။

အမှာ။ “ကိဉ္စာပိနှင့်၊ ယဒိပိ, ကာမဉ္စ၊ ရှေးဝါကျမှာ၊ ရှိလေရာ၊ နောက်မှာ တထာပိဟု၊ နိပါတောနှင့်၊ အထခေါ, ပန၊ ရှိနေကြ” နိယံကို အပြန်အလှန်အားဖြင့် ယူပါ။ အဠကထာသု ပန ဟူသော နောက်ဝါကျ၌ အရုစျတ္ထ ပန နိပါတ်ပုဒ်ကို တွေ့မြင်ရ၏။ ထို့ကြောင့် ရှေးဝါကျ၌ ကိဉ္စာပိ မပါသော်လည်း ကိဉ္စာပိ ပါသော ဝါကျကဲ့သို့ပင် စတုက္က ထုတ်ပါ။

ttp://www.dhammadownload.com



(ပုံစံ−၂)

တေသံ ဝါဒေ ကိဉ္စိ သာသနာနုလောမမ္ပိ အတ္ထိ၊ အသုဒ္ဓလဒ္ဓိတာယ ပန သဗ္ဗာ ဒိဋ္ဌိယောဝ ဇာတာ။

(ဋ၊ နှာ−၁၅၁)

"စတုက္က"

(၁) နနု တေသံ ဝါဒေ ကိဉ္စိ သာသနာနုလောမမ္ပိ အတ္ထိ။

(၂) အထ ကသ္မာ သဗ္ဗာ ဒိဋ္ဌိယောဝ ဇာတာတိ ဝုတ္တံ။

(၃) နနု အသုဒ္ဓလဒ္ဓိတာ ဟောတိ။

(၄) တသ္မာ သဗ္ဗာ ဒိဋ္ဌိယောဝ ဇာတာတိ ဝုတ္တံ။

## စတုက္ကဝါကျ ပုံသေကျမ်းတက်နည်း

စတုက္က ထုတ်နိုင်သော ဝါကျမျိုး၌ တစ်စုံတစ်ခုသော သဒ္ဒါကို ရှုလျက် ကျမ်းတက်ပါဟု မေးလျှင် = စောဒနာနှင့် ပရိဟာရကို ထပနာ ထားပါ။ စောဒကာဘောဂကို အာဘော်ပြုလုပ်၍ ကျမ်းတက်ပါ။ ပရိဟာရာ−ဘောဂကိုကား အစိပ္ပါယ် ပြန်ပါ။

## ၄။ လက္ခဏာရှုဈတ္တ ပိ,အပိ စသည် ပါသောဝါကျ စတုက္က ပုံသေထုတ်နည်း

သော်လည်းဟု အနက်အဆုံးသတ်သော ပိ,အပိ စသော ပုဒ်တို့ကို လက္ခဏာရှုဈတ္တ နိပါတ်ပုဒ်ဟု ခေါ်၏။ ယင်းလက္ခဏာရှုဈတ္တ ပိ,အပိ စသော ပုဒ်တို့၏ ထိုင်ရာ,ပတ်သက်ရာ ပုဒ်တို့သည် စောဒကာဘောဂ ပုံသေဖြစ်၏။ ကြွင်းကျန်သော စကားရပ်တို့သည် ပရိဟာရာဘောဂနှင့် စောဒနာတို့ ဖြစ်၏။ ဖော်ပြလတ္တံ့သော ပုံစံများကို သေချာစွာ ကြည့်ရှုလေ့လာပါ။

(ပုံစံ−၁)

ဝိက္ခိတ္တစိတ္တော ပုဂ္ဂလော သဗ္ဗသမ္ဘတ္တိယာ ဝုစ္စမာနောပိ "န မယာ သုတံ၊ ပုန ဘဏထာ" တိ ဘဏတိ။

(ဋ၊ နှာ−၃၀)

"အပိကို ရှု၍ ဖြစ်သင့်သော စတုက္က"

(၁) နနု သဗ္ဗသမ္ဘတ္တိယာ ဝုစ္စမာနော ဟောတိ။

(၂) အထ ကသ္မာ "န မယာ သုတံ၊ ပုန ဘဏထာ"တိ ဘဏတိ။

(၃) နနု ဝိက္ခိတ္တစိတ္တော ပုဂ္ဂလော ဟောတိ။ (ဋ)

(ဝါ) နနု ဝိက္ခိတ္တစိတ္တဿ ပုဂ္ဂလဿ သဝနာဘာဝေါ ဟောတိ။ (ဋီသစ်)

(၄) တသ္မာ "န မယာ သုတံ၊ ပုန ဘဏထာ"တိ ဘဏတိ။

(ပုံစံ−၂)

(က) ပေါရာဏာ ပန ဝဏ္ဏယန္တိ "တသ္မိံ သမယေ'တိ ဝါ 'တေန သမယေနာ'တိ ဝါ 'ဧကံ သမယ'န္တိ ဝါ အဘိလာပမတ္တဘေဒေါ ဧသ၊ သဗ္ဗတ္ထ ဘုမ္မမေဝတ္ထော"တိ။

(ခ) တသ္မာ "ဧကံ သမယ"န္တိ ဝုတ္တေပိ "ဧကသ္မိံ သမယေ"တိ အတ္ထော ဝေဒိတဗ္ဗော။ (ဋ၊ နှာ−၃၄)

"(က+ခ)ဝါကျတို့၌ စောဒကာဘောဂါဒိစတုက္က"

(၁) နနု "ဧကံ သမယ"န္တိ ဝုတ္တော။

ttp://www.dhammadownload.com



(၂) အထ ကသ္မာ "ကေသ္မိံ သမယေ"တိ အတ္တော ဝေဒိတဗ္ဗော။
(၃) နနု "တသ္မိံ သမယေ"တိ ဝါ 'တေန သမယေနာ'တိ ဝါ 'ကော် သမယ'န္တိ ဝါ အဘိလာပမတ္တဘေဒေါ သေ၊ သဗ္ဗတ္ထ ဘုမ္မမေဝတ္ထော"တိ။
(၄) တသ္မာ ကေသ္မိံ သမယေတိအတ္တော ဝေဒိတဗ္ဗော။

(ပုံစံ–၃)

(က) ထိရကထော ဟောတိ။
(ခ) အသိနာ သီသံ ဆိန္ဒန္တောပိ ဒွေ ကထာ န ကထေတိ။ (ဠ၊ နှာ–၇၂)

"စတုက္က"

(၁) နနု အသိနာ သီသံ ဆိန္ဒတိ။
(၂) အထ ကသ္မာ ဒွေ ကထာ န ကထေတိ။
(၃) နနု ထိရကထော ဟောတိ။
(၄) တသ္မာ ဒွေ ကထာ န ကထေတိ။

## လက္ခဏာရစျတ္ထ စတုက္ကထုတ်နည်း အကျဉ်းဆောင်ပုဒ်

လက္ခဏာရစိ၊ ပိ–၏ ထိုင်ရာ၊ ပုဒ်တိုင်မှာ၊ သေချာ စောဒကာဘော။
ကျန်သမ္ဗျမှာ၊ စောဒနာ၊ တစ်ဖြာ ပရိဟာရဘော။

## ရှေးဆရာတို့၏ လက္ခဏာရစျတ္ထ စတုက္ကထုတ်နည်း နိယံများ

- လက္ခဏ နောက်မှာ၊ ပိ–သဒ္ဒါ၊ ရှိရာ အရစိ။
- လက္ခဏ အရစိ၊ နနုရှိက၊ ထိုနှစ်ဝ၊ စောဒက အာဘော်သိ။
- လက္ခဏကို၊ ပိနှင့်ဆိုမူ၊ ထိုလက္ခဏ၊ စောဒက၏၊ ပြင်ကြပေတု အာဘော်တည်း။
- ပိထိုင်ရာပါဌ်၊ ကိဠာညှပ်၊ ဖြေပါဌ် ပန–နေ။
- ပိ၏ ထိုင်ရာ၊ ကြိယာ၊ ပြင်ပါ အာချာတ။
- ကျန်သမ္ဗျမှာ၊ စောဒနာ၊ ပရိဟာလည်းရ။

အမှာ။ လက္ခဏပုဒ်၏ နောက်၌ ရှိရမည့် အရစျတ္ထ ပိ,အပိကို အကျေကြံသော ပုဒ်တို့၏ စတုက္က ထုတ်နည်းသည် ဤလက္ခဏာရစျတ္ထ ပိ,အပိ ပါသောဝါကျ စတုက္က ပုံသေထုတ်နည်းနှင့် တူ၏။

(ပုံစံ)

ယတ္ထ ပရော ယထာကာမကာရိတံ အာပဇ္ဇန္တော အဒဏ္ဍာရဟော, အနုပဝဇ္ဇော စ ဟောတိ။ (ဠ၊ နှာ–၇၀)
(၁) နနု ယတ္ထ ပရော ယထာကာမကာရိတံ အာပဇ္ဇတိ။
(၂) အထ ကသ္မာ အဒဏ္ဍာရဟော, အနုပဝဇ္ဇော စ ဟောတိ။
(၃) နနု သသန္တက ဟောတိ။
(၄) တသ္မာ အဒဏ္ဍာရဟော, အနုပဝဇ္ဇော စ ဟောတိ။

ttp://www.dhammadownload.com



အမှာ။ အာပဇ္ဇန္တော ပုဒ်၏ နောက်၌ ပိသဒ္ဒါ ချေထားသည်။ ထိုသို့ ကျေနေသည့် ပိ-ကို ရှု၍ "လက္ခဏကို၊ ပိဖြင့်ဆိုမှု၊ ထိုလက္ခဏ၊ စောဒကာ၏၊ ပြင်ကြဲဟောစု အာဘော်တည်း" နိယံနှင့်အညီ စောဒကာဘောဂ ထုတ်၏။

## ၅။ လက္ခဏပုဒ် ပါသောဝါကျ စတုက္က ပုံသေထုတ်နည်း

ပိ,အပိ မပါဘဲ "သော်"ဟုသာ အနက်အဆုံးသတ်သည့် ပုဒ်တို့ကို လက္ခဏပုဒ်ဟု ခေါ်၏။ ယင်းလက္ခဏပုဒ်၏ ထိုင်ရာ,ပတ်သက်ရာ ပုဒ်တို့သည် ပရိဟာရဘောဂ ပုံသေ ဖြစ်၏။ ကြွင်းကျန်သော စကားရပ်တို့သည် စောဒနာ ဖြစ်၏။ စောဒကာဘောဂကား = စောဒနာ စကားရပ်ကို ကန့်ကွက် တားမြစ်၍လည်းကောင်း၊ သင့်လျော်ရာ စကားရပ်ကို ထည့်၍လည်းကောင်း ထုတ်ရသည်။ ဖော်ပြလတ္တံ့သော ပုံစံများကို သေချာစွာ ကြည့်ရှုလေ့လာပါ။

**(ပုံစံ-၁)**

ဠမသ္မိံ ပနတ္တေ ဝိတ္ထာရိယမာနေ အတိဝိယ ပပဉ္စော ဟောတိ။ (ဋ္ဌ၊ နှာ-၆၉)

**"စတုက္က"**

(၁) နနု အတိဝိယ သခေ်ပေါ ဟောတိ။

(၂) အထ ကသ္မာ အတိဝိယ ပပဉ္စော ဟောတီတိ ဝုတ္တံ။

(၃) နနု အယံ အတ္ထော ဝိတ္ထာရိယမာနော ဟောတိ။

(၄) တသ္မာ အတိဝိယ ပပဉ္စော ဟောတီတိ ဝုတ္တံ။

အမှာ။ ပိသဒ္ဒါ မပါရှိဘဲ ရေးထားသော ဠမသ္မိံ အတ္ထေ ဝိတ္ထာရိယမာနေ ဟူသော လက္ခဏန္တပုဒ်သည် ပရိဟာရဘောဂ ဖြစ်၏။

**(ပုံစံ-၂)**

ကမ္မန္တာ ဝိနဿန္တေ ပန ဗုဒ္ဓါပိ ပဋိဗာဟိတုံ န သက္ကောန္တိ။ (ဋ္ဌ၊ နှာ-၉၁)

(၁) နနု ဗုဒ္ဓါ အနန္တဂုဏာ ဟောန္တိ။

(၂) အထ ကသ္မာ ဗုဒ္ဓါပိ ပဋိဗာဟိတုံ န သက္ကောန္တိ။

(၃) နနု ဂန္ထော ကမ္မန္တာ ဝိနဿတိ။

(၄) တသ္မာ ဗုဒ္ဓါပိ ပဋိဗာဟိတုံ န သက္ကောန္တိ။

အမှာ။ ပိသဒ္ဒါ မပါရှိဘဲ ရေးထားသော ကမ္မန္တာ ဝိနဿန္တေ ဟူသော လက္ခဏန္တပုဒ်သည် ပရိဟာရဘောဂ ဖြစ်၏။

**(ပုံစံ-၃)**

အယောဗိယမာနေ ဥပယောဂဝစနံ န ပါပုဏာတိ။ (ဋ္ဌ၊ နှာ-၃၅)

(၁) နနု အန္တရာသဒ္ဒေန ယောဗိယမာနော ဟောတိ။ (အတ္တနောမတိ)

(၂) အထ ကသ္မာ ဥပယောဂဝစနံ န ပါပုဏာတီတိ ဝုတ္တံ။

(၃) နနု အန္တရာသဒ္ဒေန အယောဗိယမာနော ဟောတိ။

(၄) တသ္မာ ဥပယောဂဝစနံ န ပါပုဏာတီတိ ဝုတ္တံ။

အမှာ။ ပိသဒ္ဒါ မပါရှိဘဲ ရေးထားသော အယောဗိယမာနေ ဟူသော လက္ခဏန္တပုဒ်သည် ပရိဟာရဘောဂ ဖြစ်၏။ ဆရာမြတ်တို့ကား "အပိဿု မံ အဂ္ဂိဝေဿနေ တီသော ဥပမာ ပဋိဘံသု တျာဒီသု ဝိယ နနု အန္တရာသဒ္ဒေ အယောဗိယမာနေပိ ဥပယောဂဝစနံ ပါပုဏာတိ" ဝါကျကို စောဒကာဘောဂအဖြစ် ထုတ်ကြသေး၏။

ttp://www.dhammadownload.com



(ပုံစံ–၄)

အာစရိယေန ဟိ ရတနတ္တယဿ အဝဏ္ဏော ဘာသိတေ အန္တေဝါသီ ဝဏ္ဏံ ဘာသတိ။ (ဋ၊ နှာ–၃၉)

(၁) နနု ဗြဟ္မဒတ္တော မာဏဝေါ သုပ္ပိယဿ တိတ္ထိယပရိဗ္ဗာဇကဿ အန္တေဝါသီ ဟောတိ။

(၂) အထ ကသ္မာ အန္တေဝါသီ ရတနတ္တယဿ ဝဏ္ဏံ ဘာသတိ။

(၃) နနု အာစရိယော ရတနတ္တယဿ အဝဏ္ဏံ ဘာသတိ။

(၄) တသ္မာ အန္တေဝါသီ ရတနတ္တယဿ ဝဏ္ဏံ ဘာသတိ။

အမှာ။ ဤကား ပိသဒ္ဒါ မပါရှိဘဲ ရေးထားသော အဝဏ္ဏော ဘာသိတေ ဟူသော လက္ခဏာန္တပုဒ်သည် ပရိဟာရဘောဂ ဖြစ်၏ဟု ကြံဆ၍ ယူသော ဆရာမြတ်တို့နည်းတည်း။ စာရေးသူကမူ ဘာသိတေ ပုဒ်နောင် ပိသဒ္ဒါကို အကျေကြံထားသည်ဟု ယူဆမိပါ၏။ ထိုသို့ ကျေနေသည့် ပိ–ကို ရှု၍ "လက္ခဏာကို၊ ပိဖြင့်ဆိုမူ၊ ထိုလက္ခဏာ၊ စောဒက၏၊ ပြင်ကြဲဟေတု အာဘော်တည်း" နိယံနှင့်အညီ "အာစရိယေန ရတနတ္တယဿ အဝဏ္ဏော ဘာသိတေ" ပုဒ်တို့ကို စောဒကာဘောဂ အဖြစ်ဖြင့်ယူပြီး အောက်ပါအတိုင်း စတုက္ကထုတ်လိုပါ၏။

(၁) နနု အာစရိယော ရတနတ္တယဿ အဝဏ္ဏံ ဘာသတိ။

(၂) အထ ကသ္မာ အန္တေဝါသီ ရတနတ္တယဿ ဝဏ္ဏံ ဘာသတိ။

(၃) နနု ဗြဟ္မဒတ္တော မာဏဝေါ ပဏ္ဍိတဇာတိကော ကုလပုတ္တော ဟောတိ။ (ဋ၊ နှာ–၃၈)

(၄) တသ္မာ အန္တေဝါသီ ရတနတ္တယဿ ဝဏ္ဏံ ဘာသတိ။

## ရှေးဆရာတို့၏ လက္ခဏာပုဒ် ပါသောဝါကျ စတုက္က ထုတ်နည်းနိယံများ

- လက္ခဏာမှာ၊ ရံတစ်ခါ၊ ဟေတွာဓိပ္ပါယ။
- လက္ခဏာမှာတည့်၊ ပိမရှိမူ၊ ပရိဟာရ၊ စရိယ၏၊ ပြင်ကြဲဟေတု အာဘော်တည်း။

## ၆။ အတ္ထုဒ္ဒါရဝါကျ စတုက္က ပုံသေထုတ်နည်း

အတ္ထုဒ္ဒါရ, အတ္ထုဒ္ဒေသ ဝါကျတို့၌ အတ္ထုဒ္ဒါရ ဝါကျသည် စောဒကာဘောဂ ဖြစ်၏။ အတ္ထုဒ္ဒေသ ဝါကျသည် စောဒနာနှင့် ပရိဟာရတို့ ဖြစ်၏။ ပရိဟာရဘောဂကား = ဋီကာသစ်လာ ဟိတ်ပါဠ်မူရင်း အတိုင်းဖြစ်စေ၊ (ဧကဝုစ်အတွက်) နနု တဒညတ္တော န သမ္ဘဝတိ ၊ဝါ– တဒညတ္တဿ အသမ္ဘဝတော ဟူ၍ ဖြစ်စေ၊ (ဗဟုဝုစ်အတွက်) နနု တဒညတ္ထာ န သမ္ဘဝန္တိ ၊ဝါ– တဒညေသံ အသမ္ဘဝတော ဟူ၍ ဖြစ်စေ ဝုစ်အားလျော်စွာ ထုတ်ပါ။ ဖော်ပြလတ္တံ့သော ပုံစံများကို သေချာစွာ ကြည့်ရှုလေ့လာပါ။

(ပုံစံ–၁)

(က) ပရိယာယသဒ္ဒေါ တာဝ ဝါရဒေသနာကာရဏေသု ဝတ္တတိ။

(ခ) သွာယမိဓာပိ ကာရဏေ ဝတ္တတိ။ (ဋ၊ နှာ–၃၇)

"စတုက္က"

(၁) နနု ပရိယာယသဒ္ဒေါ ဝါရဒေသနာကာရဏေသု ဝတ္တတိ။

(၂) အထ ကသ္မာ သွာယမိဓ ကာရဏေ ဝတ္တတိ။

(၃) နနု တဒညတ္ထာ န သမ္ဘဝန္တိ။

(၄) တသ္မာ သွာယမိဓ ကာရဏေ ဝတ္တတိ။

ttp://www.dhammadownload.com



(ပုံစံ–၂)

(က) မေသဒ္ဒေါ တီသု အတ္ထေသု ဒိဿတိ။

(ခ) တထာ ။ပ။ အတ္ထော။

(ဂ) ဣမေ ပန "မယာ သုတ"န္တိ စ "မမ သုတ"န္တိ စ အတ္ထဒွယေ ယုဇ္ဇတိ။ (ဋ၊ နှာ–၂၈+၂၉)

"(က+ဂ)ဝါကျတို့၌ အာဘောဂါဒိ စတုက္က"

(၁) နနု မေသဒ္ဒေါ တီသု အတ္ထေသု ဒိဿတိ။

(၂) အထ ကသ္မာ ဣမေ "မယာ သုတ"န္တိ စ "မမ သုတ"န္တိ စ အတ္ထဒွယေ ယုဇ္ဇတီတိ ဝုတ္တံ။

(၃) နနု သုတပဒံ ကမ္မဘာဝသာဓနေဝသေန ဒွါဓိပ္ပါယိကပဒံ ဟောတိ။ (ဋီသစ်)

(တစ်နည်း) နနု တဒညတ္ထော န သမ္ဘဝတိ။

(၄) တသ္မာ ဣမေ "မယာ သုတ"န္တိ စ "မမ သုတ"န္တိ စ အတ္ထဒွယေ ယုဇ္ဇတီတိ ဝုတ္တံ။

### အတ္ထုဒ္ဒါရဝါကျ စတုက္ကထုတ်နည်း နိယံ

အတ္ထုဒ္ဒါရာ၊ ဝါကျမှာ၊ စောဒကာဘောဂ။
အတ္ထုဒ္ဒေသာ၊ စောဒနာ၊ ပရိဟာလည်းရ။
ထုတ်ပြဋ္ဌီကာ၊ ဟိတ်ပါဌ်မှာ၊ ပရိဟာရာဘောဂ။

### အတ္ထုဒ္ဒေသ ဝါကျနှစ်ဆင့် စတုက္က ပုံသေထုတ်နည်း

အတ္ထုဒ္ဒေသ နှစ်ဆင့်ရှိသော ဝါကျမျိုး၌ အတ္ထုဒ္ဒါရ ဝါကျသည် စောဒကာဘောဂ ပုံသေ ဖြစ်၏။ ပထမ အတ္ထုဒ္ဒေသ ဝါကျသည် စောဒနာ+ပရိဟာရ ပုံသေ ဖြစ်၏။ ဒုတိယ အတ္ထုဒ္ဒေသ ဝါကျသည် ပရိဟာရာဘောဂ ပုံသေ ဖြစ်၏။

(ပုံစံ)

(က) **အဘိနန္ဒု**န္တိ အနုမောဒိံသု စေဝ သမ္ပဋိစ္ဆိံသု စ။ ။ပထမ အတ္ထုဒ္ဒေသဝါကျ။

(ခ) အယဉှိ **အဘိနန္ဒ**သဒ္ဒေါ တဏှာယမ္ပိ အာဂတော၊ ဥပဂမနေပိ၊ သမ္ပဋိစ္ဆနေပိ၊ အနုမောဒနေပိ။ ။အတ္ထုဒ္ဒါရဝါကျ။

(ဂ) သွာယမိဓ အနုမောဒနသမ္ပဋိစ္ဆနေသု ယုဇ္ဇတိ။ ။ဒုတိယ အတ္ထုဒ္ဒေသဝါကျ။ (ဋ၊ နှာ–၁၁၉)

"စတုက္က"

(၁) နနု အယံ အဘိနန္ဒသဒ္ဒေါ တဏှာယမ္ပိ အာဂတော၊ ဥပဂမနေပိ၊ သမ္ပဋိစ္ဆနေပိ၊ အနုမောဒနေပိ။

(၂) အထ ကသ္မာ အဘိနန္ဒုန္တိ အနုမောဒိံသု စေဝ သမ္ပဋိစ္ဆိံသု စာတိ သံဝဏ္ဏိတံ။

(၃) နနု သွာယမိဓ အနုမောဒနသမ္ပဋိစ္ဆနေသု ယုဇ္ဇတိ။

(၄) တသ္မာ အဘိနန္ဒုန္တိ အနုမောဒိံသု စေဝ သမ္ပဋိစ္ဆိံသု စာတိ သံဝဏ္ဏိတံ။

### အတ္ထုဒ္ဒေသ ဝါကျနှစ်ဆင့် စတုက္ကထုတ်နည်း နိယံ

အတ္ထုဒ္ဒါရာ၊ ဝါကျမှာ၊ စောဒကာဘောဂ။
အတ္ထုဒ္ဒေသာ၊ ပဌမာ၊ စောဒနာ+ပရိဟာရ။
အတ္ထုဒ္ဒေသာ၊ ဒုတိယာ၊ ပရိဟာရာဘောဂ။

ttp://www.dhammadownload.com



အမှာ။ အတ္တုဒ္ဒါရ ဝါကျနှစ်မျိုး ရှိရာတွင် အတ္တုဒ္ဒေသ ဝါကျတစ်ဆင့်သာ ရှိသော ဝါကျမျိုးကား များ၏။ အတ္တု-ဒ္ဒေသ ဝါကျနှစ်ဆင့်ရှိသော ဝါကျမျိုးကား ရှားလှသည်။ အတ္တုဒ္ဒေသ ဝါကျတစ်ဆင့်သာ ရှိသော ဝါကျမျိုး၌ ဋီကာ၏ အကြောင်းပြ ဟိတ်ပါဌ်သည် ပရိဟာရဘောဂ ပုံသေ ဖြစ်သည်။

အတ္တုဒ္ဒေသ ဝါကျနှစ်ဆင့်ရှိသော ဝါကျမျိုး၌ကား ဋီကာ၏ အကူအညီ မလိုတော့ပြီ။ အတ္တုဒ္ဒေသ ဝါကျနှစ်ဆင့်ရှိသော ဝါကျမျိုး၌ ပဌမအတ္တုဒ္ဒေသ ဝါကျကို ဖြုတ်၍ မေးထားလျှင် အတ္တုဒ္ဒေသ ဝါကျတစ်ဆင့်ရှိသော ဝါကျ အသွားအလာအတိုင်း ဖြေဆိုရမည်။

## ၇။ အနုသန္ဓေဝါကျ စတုက္က ပုံသေထုတ်နည်း

တွာ,အန္တ စသော ပစ္စယန္တ ပုဒ်များကို ကြိယာပြင်လျက် ပုဗ္ဗာနုသန္ဓေပြ ဝါကျသည် စောဒကာဘောဂ ဖြစ်၏။ အပရာနုသန္ဓေပြ ဝါကျ၌ အာဟကြိယာနှင့် ကံပုဒ်တို့သည် စောဒနာ ဖြစ်၏။ ကျန်စကားရပ်သည် ပရိဟာရ ဘောဂ ဖြစ်၏။

### (ပုံစံ-၁)

ဇဝံ ပဌမေန နယေန မနောပဒေါသံ နိဝါရေတွာ ဒုတိယေန နယေန တတ္ထ အာဒီနဝံ ဒဿေန္တော အာဟ **"တတြ စေ တုမှေ အဿထ ကုပိတာ ဝါ အနတ္တမနာ ဝါ၊ တုမှံယေဝဿ တေန အန္တရာယော"**တိ။ (ဋ၊ နှာ-၅၂)

"စတုက္က"

(၁) နနု ဇဝံ ပဌမေန နယေန မနောပဒေါသံ နိဝါရေတိ။

(၂) အထ ကသ္မာ ပုန "တတြ စေ တုမှေ တုမှေ အဿထ ကုပိတာ ဝါ အနတ္တမနာ ဝါ၊ တုမှံယေဝဿ တေန အန္တရာယော"တိ အာဟ။

(၃) နနု ဒုတိယေန နယေန တတ္ထ အာဒီနဝံ ဒဿေတိ။

(၄) တသ္မာ ပုန "တတြ စေ တုမှေ အဿထ ကုပိတာ ဝါ အနတ္တမနာ ဝါ၊ တုမှံယေဝဿ တေန အန္တရာယော"တိ အာဟ။

### (ပုံစံ-၂)

ဇဝံ ဒုတိယေန နယေန အာဒီနဝံ ဒဿေတွာ တတိယေန နယေန ဝစနတ္ထသလ္လက္ခဏမတ္တေပိ အသမတ္ထတံ ဒဿေန္တော **"အပိ နု တုမှေ ပရေသ"**န္တိအာဒိမာဟ။ (ဋ၊ နှာ-၅၂)

(၁) နနု ဇဝံ ဒုတိယေန နယေန အာဒီနဝံ ဒဿေတိ။

(၂) အထ ကသ္မာ ပုန "အပိ နု တုမှေ ပရေသ"န္တိအာဒိမာဟ။

(၃) နနု တတိယေန နယေန ဝစနတ္ထသလ္လက္ခဏမတ္တေပိ အသမတ္ထတံ ဒဿေတိ။

(၄) တသ္မာ ပုန "အပိ နု တုမှေ ပရေသ"န္တိအာဒိမာဟ။

အမှာ။ စောဒနာ+ပရိဟာရ ဝါကျများ၌ ပုနသဒ္ဒါ ထည့်၍ ရေးတော်မူပါ။

## အနုသန္ဓေဝါကျ စတုက္က ထုတ်နည်းနိယံ

စကားနှစ်ရပ်၊ သန္ဓေစပ်က၊ ရှေးဌာနကို၊ စောဒက အာဘော်၊ ဟိတ်ခတ်လျော်၍၊
ရှုမျှော်တစ်ဝ၊ နောက်ဌာနကျန်၊ အာဟ ကံမှာ၊ စောဒနာ၊
သေသာ ကြွင်းလတ်၊ အဖြေမှတ်။

ttp://www.dhammadownload.com



## ၈။ ဒဋ္ဌီကရဏ+ကာရဏ ဝါကျတို့၌ စတုက္က ပုံသေထုတ်နည်း

ဒဋ္ဌီကရဏဝါကျ, ကာရဏဝါကျသည် ပရိဟာရဘောဂ ဖြစ်၏။ ဒဋ္ဌီယဝါကျ, ဖလဝါကျသည် စောဒနာ ဖြစ်၏။ သင့်လျော်သလို ပြုလုပ်အပ်သော သံဝဏ္ဏေတဗ္ဗပုဒ်သည် (တစ်နည်း) သင့်လျော်သလို ဆောင်ထည့်ပေး ရသော ပုဒ်တို့သည် စောဒကာဘောဂ ဖြစ်၏။

အမှာ။ တထာ ဟိ, ယဉ္စိ, တဉ္စိ, ဟိ, ဧဝဉ္စိ, ဝုတ္တဉ္စေတံ, ဝုတ္တမ္ပိ စေတံ စသည်တို့ပါသော ဝါကျသည် များသောအား ဖြင့် ဒဋ္ဌီကရဏဝါကျ (ဝါ) ကာရဏဝါကျ ဖြစ်၏။ ဒဋ္ဌီကရဏဝါကျ, ကာရဏဝါကျတို့၏ အကြောင်းကို (၂)နံပါတ် အတက်+အထွက် စည်းမျဉ်းကဏ္ဍ၌ အပြည့်အစုံ ရေးခဲ့ပြီး ဖြစ်၏။

**(ပုံစံ–၁)**

(က) ပုရဿ သောတိပိ ဓေါရိ၊ နဂရဝါသီနံ ကထာတိ အတ္ထော။

(ခ) နဂရဝါသိနော ဟိ ယုတ္တကထာ ဟောန္တိ။ (ဋ၊ နှာ–၇၄)

"(က+ခ) စတုက္က"

(၁) နနု ပုရဿ သော ပေါရီတိ ဝစနမတ္ထေန အဓိပ္ပါယတ္ထော သိဒ္ဓေါ။

(၂) အထ ကသ္မာ "နဂရဝါသီနံ ကထာတိ အတ္ထော"တိ တယာ ဝုတ္တံ။

(၃) နနု နဂရဝါသိနော ယုတ္တကထာ ဟောန္တိ။

(၄) တသ္မာ "နဂရဝါသီနံ ကထာတိ အတ္ထော"တိ မယာ ဝုတ္တံ။

အမှာ။ (ခ)ဝါကျ 'ဟိ'ကို ဒဋ္ဌီ+ကာရဏ နှစ်မျိုးကြံနိုင်၏။ ထို့ကြောင့် (ခ)ဝါကျကို ပရိဟာရဘောဂ ထုတ်သည်။

**(ပုံစံ–၂)**

(က) တတ္ထ သမိတပါပတ္တာ **သမဏောတိ** ဝေဒိတဗ္ဗော။

(ခ) ဝုတ္တဉ္စေတံ "သမိတာဿ ဟောန္တိ ပါပကာ အကုသလာ ဓမ္မာ"တိအာဒိ။

(ဂ) ဘဂဝါ စ အနုတ္တရေန အရိယမဂ္ဂေန သမိတပါပေါ။ (ဋ၊ နှာ–၂၁၉)

"(က+ခ) စတုက္က"

(၁) နနု ပါဠိယံ "သမဏော"တိ သာမညဝသေန ဝုတ္တံ။

(ဝါ) နနု ပဗ္ဗဇ္ဇုပဂတဘာဝေနာပိ သမ္မုတိသမဏာ သန္တိ။

(၂) အထ ကသ္မာ သမိတပါပတ္တာ သမဏောတိ ဝေဒိတဗ္ဗော။

(၃) နနု ဝုတ္တံ စေတံ "သမိတာဿ ဟောန္တိ ပါပကာ အကုသလာ ဓမ္မာ"တိအာဒိ။

(၄) တသ္မာ သမိတပါပတ္တာ သမဏောတိ ဝေဒိတဗ္ဗော။

အမှာ။ (ခ)ဝါကျ 'ဟိ'ကို အာဂမဒဋ္ဌီ+ကာရဏ နှစ်မျိုးကြံနိုင်၏။ ထို့ကြောင့် (ခ)ဝါကျကို ပရိ+ဘော ထုတ်သည်။

**(ပုံစံ–၃)**

(က) **ဗန္ဓုပါဒါပစ္စာတိ ဝေတ္တ ဗန္ဓုတိ ဗြဟ္မာ အဓိပ္ပေတော။**

(ခ) တဉ္စိ ဗြာဟ္မဏာ "ပိတာမဟော"တိ ဝေါဟရန္တိ။ (ဋ၊ နှာ–၂၂၇)

"(က+ခ) စတုက္က"

(၁) နနု ဗြာဟ္မဏာ ဗြဟ္မုနာ ဉာတိသာလောဟိတဘာဝေန အသမ္ဗန္ဓာ ဟောန္တိ။

(ဝါ) နနု ဉာတိဧဝ ဗန္ဓုတိ အဓိပ္ပေတော။

(၂) အထ ကသ္မာ ဗန္ဓုပါဒါပစ္စာတိ ဧတ္ထ ဗန္ဓုတိ ဗြဟ္မာ အဓိပ္ပေတော။

ttp://www.dhammadownload.com



(၃) နနု တံ ဗြာဟ္မဏာ "ပိတာမဟော"တိ ဝေါဟရန္တိ။
(၄) တသ္မာ ဗန္ဓုပါဒါပစ္စာတိ ဧတ္ထ ဗန္ဓုတိ ဗြဟ္မာ အဓိပ္ပေတော။
သတိ။ (ခ)ဝါကျ၌ ဟိသဒ္ဒါကို ပစ္စက္ခုနိုင်သျှ၌ ဒဠှ+ကာရဏ နှစ်မျိုးကြံထားသည်ကို သတိပြု။

### ဒဠှီကရဏ+ကာရဏ ဝါကျတို့၌ စတုက္ကထုတ်နည်း နိယံ

ဒဠှ+ကာရဏ၊ ယင်းဝါကျ၊ မှန်လှ ပရိဘော။
ဒဠှိယ+ဖလ၊ ယင်းဝါကျ၊ မှန်လှ ဓောဒနော။
သံဝဏ္ဏေတဗ္ဗ၊ ထည့်ပဒ၊ မှန်လှ ဓောဒဘော။

### ၉။ အဓိဝစနံ ပုဒ်ဖြင့် ဖွင့်သောဝါကျ စတုက္က ပုံသေထုတ်နည်း

အဓိဝစနံ ပုဒ်ဖြင့် ဖွင့်ပြသော သံဝဏ္ဏနာ ဝါကျသည် ဓောဒနာ ပုံသေဖြစ်၏။ မူလသံဝဏ္ဏေတဗ္ဗနှင့် မူလသံဝဏ္ဏနာပြ ဝါကျတို့သည် ဓောဒကာဘောဂ ပုံသေဖြစ်၏။ မူလသံဝဏ္ဏေတဗ္ဗ ပုဒ်ကို ကိုင်၍ နနု .........သဒ္ဒေါ ရုဠှီသဒ္ဒေါ ဟောတိ (ဝါ) နနု.......န္တိ ပဒံ ရုဠှီပဒံ ဟောတိ ဟူသော စကားရပ်သည် ပရိဟာရာဘောဂ ပုံသေဖြစ်၏။

**(ပုံစံ–၁)**

(က) အာနန္ဒန္တိ ဧတေနာတိ **အာနန္ဒော**။
(ခ) ပီတိယာ ဧတံ အဓိဝစနံ။ (ဋ၊ နှာ–၅၃)

"(က+ခ)ဝါကျ စတုက္က"

(၁) နနု အာနန္ဒန္တိ ဧတေနာတိ အာနန္ဒောတိ ဝုတ္တံ။
(ဝါ) နနု အာနန္ဒန္တိ ဧတေနာတိ ဝုတ္တတ္တာ ကာမဂုဏာသင်္ခါတာနိ ပဉ္စာရမ္မဏာနိပိ အာနန္ဒောတွေဝ အရဟာတိ ဝတ္တုံ။
(၂) အထ ကသ္မာ ပီတိယာ ဧတံ အဓိဝစနန္တိ ဝုတ္တံ။
(၃) နနု အာနန္ဒသဒ္ဒေါ ရုဠှီသဒ္ဒေါ ဟောတိ။
(၄) တသ္မာ ပီတိယာ ဧတံ အဓိဝစနန္တိ ဝုတ္တံ။
သတိ။ အဓိဝစနံ၊ နာမံ ရှိရာ၊ ဥပစာ၊ အထင် ရုဠှီသာ။

**(ပုံစံ–၂)**

(က) ဟိံသတီတိ သရဏံ။
(ခ) သရဏဂတာနံ ။ပ။ အတ္ထော။
(ဂ) ရတနတ္တယဿေဝေတံ အဓိဝစနံ။ (ဋ၊ နှာ–၂၀၅)

"(ဂ) စတုက္က"

(၁) နနု ဟိံသတီတိ သရဏန္တိ သာမညဝသေန ဝိဂ္ဂဟော ကတော။
(အထ ဝါ) နနု ဟိံသတီတိ သရဏန္တိ သာမညဝသေန ဝစနတ္ထဿ ဝုတ္တတ္တာ ကုသလစိတ္တုပ္ပါဒေါပိ သရဏံ နာမ သိယာ။
(၂) အထ ကသ္မာ ရတနတ္တယဿေဝေတံ အဓိဝစနန္တိ ဝုတ္တံ။
(၃) နနု သရဏန္တိပဒံ ရုဠှီပဒံ ဟောတိ။

ttp://www.dhammadownload.com



(၄) တသ္မာ ရတနတ္တယဿေဝတံ အမိဝစနန္တိ ဝုတ္တံ။

**အမိဝစနံ ပါသောဝါကျ စတုက္ကထုတ်နည်း နိယံ**

အမိဝစနံ ဖွင့်လာ၊ ယင်းဝါကျာ၊ မှတ်ပါ စောဒနာ။
ရင်းခံ မူလာ၊ ယင်းဝါကျာ၊ မှတ်ပါ စောဘောဂါ။
သံဝဏ္ဏေမှာ၊ ရှင်ဋီဖြာ၊ မှတ်ပါ ပ+ဘောဂါ။

**၁၀။ ဟေတုမန္တ ဝိသေသနပုဒ် ပါသောဝါကျ စတုက္က ပုံသေထုတ်နည်း**

"ဝိသေသျ စပ်ရာ၊ ကြိယာ၌၊ ဟိတ်လည်း ဆိုက်မူ၊ ဟေတုမန္တ၊ ဝိသေသန၊ ဆိုစကြ၏"နိယံအရ ဝိသေသျပုဒ်၏ စပ်ရာကြိယာ၌ ဝိသေသနပုဒ်ကို ဟိတ်ပြင်၍ စာစပ်နိုင်သော် ယင်းဝိသေသနပုဒ်ကို ဟေတုမန္တ ဝိသေသန (ဟိတ်အတွင်းငုပ်သော ဝိသေသန)ဟု ခေါ်၏။ ယင်း ဟေတုမန္တ ဝိသေသနသည် ပရိဟာရဘောဂ ပုံသေ ဖြစ်၏။

**(ပုံစံ)**

တထာ ဟိ ဝိက္ခိတ္တစိတ္တော ပုဂ္ဂလော သဗ္ဗသမ္ပတ္တိယာ ဝုစ္စမာနောပိ "န မယာ သုတံ၊ ပုန ဘဏထာ"တိ ဘဏတိ။

"အပိကို ရှု၍ ဖြစ်သင့်သော စတုက္က"

(၁) နနု သဗ္ဗသမ္ပတ္တိယာ ဝုစ္စမာနော ဟောတိ။
(၂) အထ ကသ္မာ "န မယာ သုတံ၊ ပုန ဘဏထာ"တိ ဘဏတိ။
(၃) နနု ဝိက္ခိတ္တစိတ္တဿ ပုဂ္ဂလဿ သဝနာဘာဝေါ ဟောတိ။
(ဝါ) နနု ဝိက္ခိတ္တစိတ္တော ပုဂ္ဂလော ဟောတိ။
(၄) တသ္မာ "န မယာ သုတံ၊ ပုန ဘဏထာ"တိ ဘဏတိ။

**ပရိ+ဘော, စော+ဘောတို့အတွက် မှတ်သားဘွယ်**

ပုဂ္ဂလော-ဝိသေသျပုဒ်သည် ဘဏတိ ကြိယာ၌ စပ်၏။ ပုဂ္ဂလော၏ ဝိသေသန-ဝိက္ခိတ္တစိတ္တောပုဒ်ကို ဝိက္ခိတ္တစိတ္တတ္တာဟု ဟိတ်ပြင်သော် ယင်းဟိတ်သည်လည်း ဘဏတိ ကြိယာ၌ပင် စပ်၏။ ထို့ကြောင့် ဝိက္ခိတ္တ-စိတ္တောပုဒ်ကို ဟေတုမန္တဝိသေသနပုဒ်ဟု ကောန်မှတ်ပါ။ ယင်း ဟေတုမန္တဝိသေသနသည် ပရိဟာရဘောဂ ပုံသေ ဖြစ်၏။ "လက္ခဏာ နောက်မှာ၊ ပိ-သဒ္ဒါ၊ ရှိရာ အရစိ" "လက္ခဏာ အရစိ၊ နနု ရှိက၊ ထိုနှစ်ဝ၊ စောဒက အာဘော်သိ" နိယံအရ သဗ္ဗသမ္ပတ္တိယာ ဝုစ္စမာနောပိ-သည် စောဒကာဘောဂ ပုံသေဖြစ်၏။

အမှာ။ ဥပမာန+ဥပမေယျ အစုံလိုက် ပါသော ဝါကျများ၌ စတုက္က ထုတ်လိုသော် = ဥပမေယျ ဝါကျသည် စောဒနာ+ပရိဟာရ ဖြစ်၏။ ဥပမာန ဝါကျသည် ပရိဟာရဘောဂ ဖြစ်၏။ စောဒကာဘောဂကား ဆောင်၍ ထည့်ရသည်သာ များ၏။ (ယေဘုယျနည်းတည်း)

**(ပုံစံ)**

အနုပါဒါနော ဝိယ ဇာတဝေဒေါ နိဗ္ဗာယိဿန္တိ။ (ဌ၊ နှာ-၂၀၂)

"ဥပမာန စကားရပ်၌ စတုက္က"

(၁) နနု အာဒိတ္တော သမ္ပဇ္ဇလိတော သဇောတိဘူတော ဇာတဝေဒေါ သံဝိဇ္ဇတိ။
(၂) အထ ကသ္မာ ဇာတဝေဒေါ နိဗ္ဗာယိဿန္တီတိ ဝုတ္တံ။

ttp://www.dhammadownload.com



(၃) နန အနုပါဒါနော ဟောတိ။
(၄) တသ္မာ ဇာတဝေဒေါ နိဗ္ဗာယိဿန္တီတိ ဝုတ္တံ။

**အထူးအမှာ**

"ကြောင့်"ဟု အနက်ပြန်ဆိုရသော တ္တာ, တာယ, တော စသည့် ဟိတ်ပုဒ်ဆုံးသော ဟေတုပိဋ္ဌိ ဝါကျသည်လည်းကောင်း၊ "ဝစနတော၊ ဝုတ္တတ္တာ၊ တုံ,တ္တံ မှာ၊ တသ္မာ၊ မှတ်ပါ ပရိဘော" နိယံနှင့်အညီ = ဝစနတော, ဝုတ္တတ္တာ, ဒဿေတုံ, ဒီပေတုံ, ပကာသေတုံ, ဝိဘာဝေတုံ, ဒဿနတ္တံ, ပကာသနတ္တံ, တသ္မာ ပုဒ်တို့နှင့် ဆက်စပ်သော အကြောင်းပြ စကားရပ်သည်လည်းကောင်း၊ "ဒဿေန္တော၊ ဒီပေန္တော၊ ပရိဘော၊ မှတ်လော တစ်မျိုးပ" နိယံနှင့်အညီ ဒဿေန္တော, ဒီပေန္တော, ပကာသေန္တော, ဝိဘာဝေန္တော, အာရဘန္တော ပုဒ်တို့နှင့် ဆက်စပ်သော စကားရပ်တို့သည်လည်းကောင်း ပရိဟာရဘောဂ ပုံသေဖြစ်၏။ ရွှေသီလက္ခန် (ဒုတိယတွဲ) စတုက္က ၁၀၀၀–ကဏ္ဍကို လေ့လာလျှင် ယင်းဝါကျတို့၏ စတုက္က ထုတ်နည်းကို လွယ်ကူစွာ သဘောပေါက်မည်။ ထို့ကြောင့် ဤနေရာ၌ ပုံစံများကို အထူး မပြတော့ပြီ။

==============

**(၁) နိပါတ်ပုဒ် ထားချင်းအကြောင်း**

ပါဠိတော်ကို၊ သဒ္ဒါဆို၊ ဋ္ဌ–ကို နက်–ဟုသိ။
အဋ္ဌကထာ၊ ကြောင်း,ကျိုးမှာ၊ ခေါ်ပါ ကြောင်း,ကျိုးသိ။
သဒ္ဒါ,နက်မျိုး၊ ကြောင်း,ကျိုးလေးချက်၊
မနှစ်သက်၊ ထားတတ် ကိဉ္စာပိ။
မနှစ်သက်ရာ၊ သိလိုခါ၊ ပရိဟာကိုသာကြည့်။

**ရှင်းချက်**

(၁) သံဝဏ္ဏေတဗ္ဗ (ဝါ) ပါဠိတော်ကို "သဒ္ဒါ"ဟု ခေါ်သည်။
(၂) သံဝဏ္ဏနာ (ဝါ) အဋ္ဌကထာလာ စကားကို "အနက်"ဟု ခေါ်သည်။
(၃) သံဝဏ္ဏနာ၌ ပြသော အကြောင်း (ဝါ) အဋ္ဌကထာလာ အကြောင်းကို "အကြောင်း"ဟု ခေါ်သည်။
(၄) သံဝဏ္ဏနာ၌ ပြသော အကျိုး (ဝါ) အဋ္ဌကထာလာ အကျိုးကို "အကျိုး"ဟု ခေါ်သည်။

သဒ္ဒါ, အနက်, အကြောင်း, အကျိုး – ဤလေးမျိုးတို့တွင် တစ်မျိုးမျိုးကို မနှစ်သက်သောကြောင့် ကိဉ္စာပိ–စသော နိပါတ်ပုဒ်များကို ကျမ်းဆရာတို့ ရေးသားကြသည်။ ထိုလေးမျိုးတို့တွင် . . .

မနှစ်သက်သော အချက်ကို သိလိုလျှင် "ပရိဟာရ"ကို ကြည့်ပါ။ ပရိဟာရသည် ပါဠိတော် ဖြစ်လျှင် သဒ္ဒါကို မနှစ်သက်ဟု ဖြေပါ။ ပရိဟာရသည် ပါဠိတော် မဟုတ်လျှင် ပရိဟာရဘောဂကို ထောက်ဆ၍ ပရိဟာရကို အကြောင်း (သို့မဟုတ်) အကျိုးကို မနှစ်သက်ဟု ဖြေပါ။ အကြောင်း,အကျိုးတို့ မထင်ရှားမှသာ အနက်ကို မနှစ်သက်ဟု ဖြေပါ။

ttp://www.dhammadownload.com



## သဒ္ဒါကို မနှစ်သက်၍ နိပါတ်ပုဒ်ထားသော ပုံစံ

**"န အာဃာတော"**တိအာဒီဟိ ကိဋ္ဌာပိ တေသံ ဘိက္ခူနံ အာဃာတောယေဝ နတ္ထိ၊ အထ ခေါ အာယတိံ ကုလပုတ္တာနံ ဤဒိသေသုပိ ဌာနေသု အကုသလုပ္ပတ္တိံ ပဋိသေဓေန္တော ဓမ္မနေတ္တိံ ဌပေတိ။ (ဌ၊ ၅၂)

"စတုက္က"

(၁) နနု တေသံ ဘိက္ခူနံ အာဃာတောယေဝ နတ္ထိ။

(၂) အထ ကသ္မာ "န အာဃာတော"တိအာဒီဟိ ဓမ္မနေတ္တိံ ဌပေတိ။

(၃) နနု အာယတိံ ကုလပုတ္တာနံ ဤဒိသေသုပိ ဌာနေသု အကုသလုပ္ပတ္တိံ ပဋိသေဓေတိ။

(၄) တသ္မာ "န အာဃာတော"တိအာဒီဟိ ဓမ္မနေတ္တိံ ဌပေတိ။

အမှာ။ ကိဋ္ဌာပိဝါကျ စတုက္က ပုံသေထုတ်နည်းအတိုင်း ထုတ်သည်။

### ကိဋ္ဌာပိသဒ္ဒါ ထားရခြင်း

"န အာဃာတော" စသော ပါဠိတော် သဒ္ဒါများကို မနှစ်သက်သောကြောင့် ကိဋ္ဌာပိသဒ္ဒါ ထားသည်။

## အနက်ကို မနှစ်သက်၍ နိပါတ်ပုဒ်ထားသော ပုံစံ

(က) ကာမဉ္စာယံ ဂတိသဒ္ဒေါ "ပဉ္စ ခေါ ဣမာ သာရိပုတ္တ ဂတိယော"တိအာဒီသု ဘဝဘေဒေ ဝတ္တတိ။ "ဂတိ မိဂါနံ ပဝန"န္တိအာဒီသု နိဝါသဋ္ဌာနေ။ "ဧဝံ အဓိမတ္တဂတိမန္တော"တိအာဒီသု ပညာယံ။"ဂတိဂတ"န္တိအာဒီသု ဝိသဋဘာဝေ။

(ခ) ဣဓ ပန နိဋ္ဌာယံ ဝတ္တတီတိ ဝေဒိတဗ္ဗော။ (ဋ၊ နှာ-၂၂၂)

"(က+ခ) စတုက္က"

(၁) နနု အယံ ဂတိသဒ္ဒေါ "ပဉ္စ ခေါ ဣမာ သာရိပုတ္တ ဂတိယော"တိအာဒီသု ဘဝဘေဒေ ဝတ္တတိ၊ "ဂတိ မိဂါနံ ပဝန"န္တိအာဒီသု နိဝါသဋ္ဌာနေ၊ "ဧဝံ အဓိမတ္တဂတိမန္တော"တိအာဒီသု ပညာယံ၊ "ဂတိဂတ"န္တိ အာဒီသု ဝိသဋဘာဝေ ဝတ္တတိ။ (ဌ)

(ဝါ) နနွာယံ ဂတိသဒ္ဒေါ အနေကတ္ထော ဟောတိ။ (ဋီသစ်)

(၂) အထ ကသ္မာ ဣဓ နိဋ္ဌာယံ ဝတ္တတီတိ ဝေဒိတဗ္ဗော။

(၃) နနု တဒညေသံ အဝိသယာ ဟောန္တိ။

(၄) တသ္မာ ဣဓ နိဋ္ဌာယံ ဝတ္တတီတိ ဝေဒိတဗ္ဗော။

အမှာ။ "နနု အယံ ဂတိသဒ္ဒေါ ဘဝဘေဒနိဝါသဋ္ဌာနပညာဝိသဋဘာဝေသု ဝတ္တတိ"ဟု စောဒကာဘောဂ ပြုလုပ် လည်း မှန်သည်သာတည်း။

### ကာမဉ္စသဒ္ဒါ ထားရခြင်း

ဂတိသဒ္ဒါသည် အနက်များစွာ ဟောနိုင်ပါလျက် ဂတိယောကို နိဋ္ဌာဟု ဖွင့်သော အနက်ကို မနှစ် သက်သောကြောင့် ကာမဉ္စသဒ္ဒါ ထားသည်။

ttp://www.dhammadownload.com



### အကြောင်းကို မနှစ်သက်၍ နိပါတ်ပုဒ်ထားသော ပုံစံ

(က) 'အယံ ဘန္တေ အာယသ္မာ အာနန္ဒော ကိဉ္စာပိ သေက္ခော။
(ခ) အဘဗ္ဗော ဆန္ဒာ ဒေါသာ မောဟာ ဘယာ အဂတိံ ဂန္တုံ။
(ဂ) ဗဟု စာနေန ဘဂဝတော သန္တိကေ ဓမ္မော စ ဝိနယော စ ပရိယတ္တော။
(ဃ) တေန ဟိ ဘန္တေ ထေရော အာယသ္မန္တမ္ပိ အာနန္ဒံ ဥစ္စိနတူ'တိ။ (ဋ္ဌ၊ နှာ–၅+၆)

"ဝါကျအားလုံး၌ စတုက္က"

(၁) နနု အယံ ဘန္တေ အာယသ္မာ အာနန္ဒော သေက္ခော။
(၂) အထ ကသ္မာ ဘန္တေ ထေရော အာယသ္မန္တမ္ပိ အာနန္ဒံ ဥစ္စိနတူတိ အဝေါစုံ။
(၃) နနု အဘဗ္ဗော ဆန္ဒာ ဒေါသာ မောဟာ ဘယာ အဂတိံ ဂန္တုံ, ဗဟု စာနေန ဘဂဝတော သန္တိကေ ဓမ္မော စ ဝိနယော စ ပရိယတ္တော။
(၄) တသ္မာ ဘန္တေ ထေရော အာယသ္မန္တမ္ပိ အာနန္ဒံ ဥစ္စိနတူတိ အဝေါစုံ။

### ကိဉ္စာပိသဒ္ဒါ ထားရခြင်းအကြောင်း

အရှင်အာနန္ဒာကို သင်္ဂါယနာပွဲ၌ ရွေးကောက်တင်မြှောက်ဖို့ရာ ထုတ်ပြထားသည့် အကြောင်း ပရိဟာရ–ဘောဂကို မနှစ်သက်သောကြောင့် ကိဉ္စာပိသဒ္ဒါ ထားသည်။ (အဖြေသစ်)

သတိ။ အထူးထုတ် စာအုပ်များ၌ အကြောင်းကို မနှစ်သက်သည့် ပုံစံကား အလွန်ရှား၏။

### အကျိုးကို မနှစ်သက်၍ နိပါတ်ပုဒ်ထားသော ပုံစံ

(က) ယဒိ ဇဝံ သေက္ခောပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အသ။
(ခ) အထ ကသ္မာ န ဥစ္စိနိတောတိ? ပရူပဝါဒဝိဝဇ္ဇနတော။ (ဋ္ဌ၊ နှာ–၅)

"(က)ဝါကျ၌ စတုက္က"

(၁) နနု သေက္ခော သမာနော ဟောတိ။
(၂) အထ ကသ္မာ ထေရေန ဥစ္စိနိတဗ္ဗော အသ။
(၃) နနု ဓမ္မသင်္ဂီတိယာ ဗဟုကာရော ဟောတိ။
(၄) တသ္မာ ထေရေန ဥစ္စိနိတဗ္ဗော အသ။

### လက္ခဏာရုစိ ပိသဒ္ဒါ ထားရခြင်းအကြောင်း

အရှင်မဟာကဿပ မထေရ်သည် (အရှင်အာနန္ဒာကို) ရွေးချယ်ထိုက်သည် ဖြစ်ရာ၏ဟု အကျိုးကို ပြဆိုသော ထေရေန ဥစ္စိနိတဗ္ဗော အသ ဟူသော စကားကို မနှစ်သက်သောကြောင့် လက္ခဏာရုစိ ပိသဒ္ဒါကို ထားပါသည်။

### ပန်ကြားလွှာ

နိပါတ်ပုဒ် ထားရခြင်း အကြောင်းကို ပြဆိုသော နိယံဆရာတို့၏ သင်္ကေတ အဆိုအမိန့်များကိုလည်း ဗဟုသုတရစေခြင်း အကျိုးငှာ ဖော်ပြအပ်ပါ၏။ "နိယံ ဟူက၊ ယေဘုယျ၊ မုချ မမှတ်ရာ" ဟူသည်နှင့်အညီ ယင်း နိယံဆရာတို့၏ အဆိုအမိန့်များကို ပုံသေမုချဟူ၍ မမှတ်ရ။ သဘာဝကျမှသာ ယူတော်မူပါဟု ပန်ကြားအပ်ပါ၏။

ttp://www.dhammadownload.com



၁။ ကိဋ္ဌာပိဟု၊ ရှိသည့် အနက်၊ ပါဌ်အတွက်ကား၊ အနက် တစ်မျိုး၊ အကျိုးမှာဘက်၊ မနှစ်သက်၍၊ ထားချက် မှန်နေ။

၂။ ကိဋ္ဌာပိ, ကာမဋ္ဌနှင့်၊ တကွတက်မူ၊ အနက် ဝါစ္စ၊ ကျိုးဖလဝယ်၊ မုချ မနှစ်သက်၍၊ တက်ရာသော်။

၃။ နနု နှင့်သာ၊ စောဒနာကား၊ သဒ္ဒါလည်းကောင်း၊ အကြောင်း တစ်ချက်၊ မနှစ်သက်၍၊ တက်ရာသော်။

၄။ နနုမှာကား၊ သဒ္ဒါ, အနက်၊ မနှစ်သက်၊ ထားချက် လျော်စွာသိ။

၅။ ယဒိ သစေ၊ နှစ်ထွေအရာ၊ ရှိသည်မှာကား၊ သဒ္ဒါလည်းကောင်း၊ အကြောင်းမှာကို၊ မနာလို၍၊ မိန့်ဆိုထား ရိုးပေ။ (ယေဘုယျ)

၆။ သစေ ယဒိ၊ ချီတုံဘိလျက်၊ ပုစ္ဆာတက်မူ၊ အနက် တစ်ရိုး၊ အကျိုး တစ်ချက်၊ မနှစ်သက်၍၊ တက်ရာသော်။ (အပွက)

၇။ ဇတ္တေ သိယာ၊ စောဒနာ၊ နှစ်ဖြာ သက်၊ ကျိုး, အတ္ထ။

===============

### (ဂ) နိပါတ်ပုဒ်တို့၏ အနက်ကို ခွဲခြားဖော်ထုတ်ခြင်း

နိပါတ်ပုဒ်တို့၏ အနက်သည် သမ္ဘာဝနာ (အနုဂ္ဂဟ)အနက်၊ ဂရဟာ (အရုစိ)အနက်ဟူ၍ (၂)မျိုး ရှိ၏။ နိပါတ်ပုဒ်တို့၏ အနက်ကို သမ္ဘာဝနာ/ဂရဟာ ခွဲခြား၍ ဆုံးဖြတ်ရာ၌ ပုံသေနည်း, သဘောနည်းဟူ၍ နှစ်နည်းရှိ၏။ ပုံသေနည်းကို ပုံသေဝါကျတို့၌သာ အသုံးပြုနိုင်၏။ သဘောနည်းကိုကား ဝါကျတိုင်း၌ အသုံးပြုနိုင်၏။ ပုံသေ နည်းကို အသုံးပြုနိုင်သော ဝါကျတို့ကို တွေ့ခဲ့သော် = နိပါတ်ပုဒ်တို့၏ အနက်ကို လွယ်ကူစွာ ခွဲခြားဖော်ထုတ်နိုင် စေခြင်း အကျိုးငှာ ပုံသေနည်းတို့ကို ရှေးဦးစွာ ဖော်ပြပါအံ့။

**ပုံသေနည်း (၁)**

"လက္ခဏ နောက်ပါ၊ ပိသဒ္ဒါ ရှိ၊ အရုစိ" နိယံနှင့်အညီ လက္ခဏပုဒ်၏ နောက်၌ရှိသော ပိ+အပိ သဒ္ဒါတို့ကို ဂရဟတ္ထ (ဝါ) အရုစျတ္ထကို ထွန်းပြသည်ဟု ပုံသေမှတ်ပါ။

**ပုံစံ**

**ဖာဏ္ဍိယာနာနီတိ** အနေကေသု အဿရထာဒီသု ယာနေသု ဝိဇ္ဇမာနေသုပိ ဟတ္ထိယာနံ ဥတ္တမံ၊ ဥတ္တမဿ သန္တိကံ ဥတ္တမယာနေနေဝ ဂန္တဗ္ဗန္တိ စ။ (ဌ၊ နှာ-၁၃၄)

**ဝိဇ္ဇမာနေသုပိ-၌ အပိ၏ ဇောတကတ္ထ**

ဝိဇ္ဇမာနေသုပိ၌ အပိသည် ဝိဇ္ဇမာနေသုဟူသော လက္ခဏပုဒ်၏ နောက်၌ ရှိသော အပိသဒ္ဒါသာ ဖြစ်၍ ဂရဟတ္ထ (ဝါ) အရုစျတ္ထကို ထွန်းပြသည်။

**ပုံသေနည်း (၂)**

မုချ အနက်ဟောသော ပုဒ်၏နောင်၌ ထိုင်သော နိပါတ်ပုဒ်တို့ကို သမ္ဘာဝနတ္ထ (ဝါ) အနုဂ္ဂဟတ္ထကို ထွန်းပြသည်ဟု ပုံသေမှတ်ပါ။ ဥပစာ အနက်ဟောသော ပုဒ်၏နောင်၌ ထိုင်သော နိပါတ်ပုဒ်တို့ကို ဂရဟတ္ထ (ဝါ) အရုစျတ္ထကို ထွန်းပြသည်ဟု ပုံသေမှတ်ပါ။

ttp://www.dhammadownload.com



**ပုံစံ**

တေသံ နိဝါသော ကောပိ ဇနပဒေါ ရုဠိသဒ္ဒေန **"ကောသလာ"**တိ ဝုစ္စတိ။ (ဋ၊ နှာ-၂၁၃)

ကောသလမင်းသားတို့၏ နေရာဇနပုဒ် (နိုင်ငံ)သည် တစ်ခုတည်းသာ ဖြစ်၍ ကောသဒ္ဒါသည် အမှန်အတိုင်း မုချအနက်ကို ဟော၏။ မုချအနက်ကို ဟောသော ကောသဒ္ဒါ၏ နောက်၌ ထိုင်သော အပိသဒ္ဒါသာ ဖြစ်၍ ကောပိ၌ အပိသည် သမ္ဘာဝနတ္ထ (ဝါ) အနုဂ္ဂဟတ္ထကို ထွန်းပြသည်။

**ပုံသေနည်း (၃)**

"ကိဥ္စာပိနှင့်၊ ယဒိပိ, ကာမဥ္စ၊ ရှေးဝါကျက၊ အတ္ထနုဂ္ဂဟာ၊ ထွန်းတုံပါမူ၊ နောက်မှာ ပန၊ စသည်ရှိမူ၊ နိပါတ်စုတို့၊ အရုစျတ္ထကို ထွန်းမြဲ" ဤနိယံကို ထောက်၍ ကိဥ္စာပိ, ယဒိပိ, ကာမဉ္စ, ကာမံ, နနု နိပါတ်ပုဒ်တို့သည် သမ္ဘာဝနတ္ထ (ဝါ) အနုဂ္ဂဟတ္ထ ပုံသေ ထွန်းပြ၏။ နောက်ဝါကျ၌ရှိသော လက္ခဏာရုစျတ္ထ ပန, ဇဝံ သတိ, တထာပိ, အထ ခေါ နိပါတ်ပုဒ်တို့သည် ဂရဟတ္ထ (ဝါ) အရုစျတ္ထကို ပုံသေထွန်းပြ၏။

**ပုံစံ**

ပဌမမဟာသင်္ဂီတိ နာမ စေသာ ကိဥ္စာပိ ဝိနယပိဋကေ တန္တိမာရုဠှာ၊ နိဒါနကောသလ္လတ္ထံ ပန ဣဓာပိ ဇဝံ ဝေဒိတဗ္ဗာ။ (ဋ၊ နှာ-၃)

ဤဝါကျ၌ ရှိသော ကိဥ္စာပိ သဒ္ဒါသည် သမ္ဘာဝနတ္ထ, အနုဂ္ဂဟတ္ထကို ထွန်းပြ၏။ လက္ခဏာရုစျတ္ထ ပနသဒ္ဒါသည် ဂရဟတ္ထ, အရုစျတ္ထကို ထွန်းပြ၏။

အမှာ။ ရှေ့ဝါကျရှိ နိပါတ်ပုဒ်၏အနက်သည် သမ္ဘာဝနာ ဖြစ်ခဲ့သော် = နောက်ဝါကျရှိ နိပါတ်ပုဒ်၏ အနက်သည် ဂရဟာဖြစ်၏။ ရှေ့ဝါကျရှိ နိပါတ်ပုဒ်၏အနက်သည် ဂရဟာ ဖြစ်ခဲ့သော် = နောက်ဝါကျရှိ နိပါတ်ပုဒ်၏အနက်သည် သမ္ဘာဝနာ ပုံသေဖြစ်၏။

**သဘောနည်း**

နိပါတ်ပုဒ်၏ ထိုင်ရာပုဒ် (ဝါ) ထိုင်ရာဝါကျ၏ အနက်သည် ချီးမွမ်းခြင်းအနက်, မြင့်မြတ်ခြင်းအနက်, မှန်ကန်ခြင်းအနက်, မုချအနက်တို့ကို ဟောရာ၌ ယင်းနိပါတ်ပုဒ်၏ အနက်ကို သမ္ဘာဝနာအနက် ဟော၏ဟု ဖြေပါ။

နိပါတ်ပုဒ်၏ ထိုင်ရာပုဒ် (ဝါ) ထိုင်ရာဝါကျ၏ အနက်သည် ကဲ့ရဲ့ခြင်းအနက်, ယုတ်ညံ့ခြင်းအနက်, မမှန်ကန်ခြင်းအနက်, တင်စားခြင်းအနက်, ရုဠှီအနက်တို့ကို ဟောရာ၌ ယင်းနိပါတ်ပုဒ်၏ အနက်ကို ဂရဟာအနက် ဟော၏ဟု ဖြေပါ။

နိယံ။ အမြတ်,အများ၊ ပုဒ်နောင်ထား၊ ပိကား သမ္ဘာဝနာ။
အနည်း,အယုတ်၊ ပုဒ်နောင်ထုတ်၊ ပိပုဒ် ဂရဟာ။

**သမုစ္စည်း**

နိပါတ်ပုဒ်တို့၏ အနက်ကို ခွဲခြား၍ ဖော်ထုတ်ရာ၌ ယင်းနိပါတ်ပုဒ်တို့၏ သမုစ္စေတဗ္ဗတ္ထကိုလည်း မေးနိုင်ပါ၏။ ဂရဟာဇောတက နိပါတ်ပုဒ်တို့သည် သမ္ဘာဝနာအနက်ကို ဆည်း၏။ သမ္ဘာဝနာဇောတက နိပါတ်ပုဒ်တို့သည် ဂရဟာအနက်ကို ဆည်း၏ဟု ဖြေပါ။

ttp://www.dhammadownload.com



နိယံ။ အပ္ပ,ဟီန၊ ဝါစကနောက်၊ ရောက်သည့် ဂရုဟာ၊ ပိသဒ္ဒါကား၊ သမ္ဘာဝနာကို၊ ပေါင်းဆည်းထွန်းမြဲ။

ဗဟု,ပဏီတ၊ ဝါစကနောက်၊ ရောက်သည့် သမ္ဘာဝနာ၊ ပိသဒ္ဒါကား၊ ဂရုဟာကို၊ ပေါင်းဆည်းထွန်းမြဲ။

(တနဲး) အနည်း,အယုတ်၊ ပုဒ်နောင်ထုတ်၍၊ ပိပုဒ် ဂရုဟာ၊ ဖြစ်တုံပါလည်း၊ စပ်(ဆည်း)ရာပုဒ်မှာ၊ များ,မြတ်ပါမူ၊ သမ္ဘာဝနာယူ၊ ပေါင်းမူ သမ္ဘာဝနာပေ။

အမြတ်,အများ၊ နောက်ထိုင်ငြား၍၊ ပိကား သမ္ဘာဝနာ၊ ဖြစ်တုံပါလည်း၊ စပ်(ဆည်း)ရာပုဒ်မှာ၊ ယုတ်,နည်းပါမူ၊ ဂရုဟာ ယူ၊ ပေါင်းမူ ဂရုဟာပေ။

အမှာ။ သဘောနည်းဖြင့် သမ္ဘာဝနာ/ဂရုဟာ ခွဲခြားဖော်ထုတ်ပုံနှင့် သမုစ္စေတဗ္ဗတ္ထ ယူဆပုံတို့ကို လွယ်ကူစွာ သိနိုင်ပါစေခြင်း အကျိုးငှာ မြန်မာဘာသာ၊ ပါဠိဘာသာ ပုံစံတို့နှင့် တွဲဖက်၍ ဖော်ပြပါအံ့။ သေချာစွာ ကြည့်ရှု လေ့လာတော်မူပါ။

**(ပုံစံ-၁)**

(က) မောင်ဘသည် ပညာတော်စေကာမူ အကျင့် မကောင်းချေ။

(ခ) မမြသည် အရုပ်ဆိုးစေကာမူ သဘောကောင်း၏။

(က)ဝါကျ၌ "ပညာတော်စေကာမူ"ဟူသော ပုဒ်သည် ချီးမွမ်းခြင်း သဘောရှိ၍ သမ္ဘာဝနာ ဖြစ်၏။

"အကျင့် မကောင်းချေ"ဟူသော ပုဒ်သည် ကဲ့ရဲ့ခြင်း သဘောရှိ၍ ဂရုဟာ ဖြစ်၏။

"ပညာတော်စေကာမူ"ဟူသော သမ္ဘာဝနာပုဒ်သည် "အကျင့် မကောင်းချေ"ဟူသော ဂရုဟာ အနက်ကို ဆည်းသည်။

"အကျင့် မကောင်းချေ"ဟူသော ဂရုဟာပုဒ်သည် "ပညာတော်"ဟူသော သမ္ဘာဝနာ အနက်ကို ဆည်းသည်။

"မောင်ဘသည် ပညာတော်စေကာမူ အကျင့် မကောင်းချေ"ဟူသော (က)ဝါကျ တစ်ဝါကျလုံးသည် ကဲ့ရဲ့ခြင်း သဘောရှိ၍ ဂရုဟာ ဖြစ်၏။

(ခ)ဝါကျ၌ "အရုပ်ဆိုးစေကာမူ"ဟူသော ပုဒ်သည် ကဲ့ရဲ့ခြင်း သဘောရှိ၍ ဂရုဟာ ဖြစ်၏။

"သဘောကောင်း၏"ဟူသော ပုဒ်သည် ချီးမွမ်းခြင်း သဘောရှိ၍ သမ္ဘာဝနာ ဖြစ်၏။

"သဘောကောင်း၏"ဟူသော သမ္ဘာဝနာပုဒ်သည် "အရုပ်ဆိုး"ဟူသော ဂရုဟာအနက်ကို ဆည်းသည်။

"အရုပ်ဆိုးစေကာမူ"ဟူသော ဂရုဟာပုဒ်သည် "သဘောကောင်း၏"ဟူသော သမ္ဘာဝနာ အနက်ကို ဆည်းသည်။

"မမြသည် အရုပ်ဆိုးစေကာမူ သဘောကောင်း၏"ဟူသော (ခ)ဝါကျ တစ်ဝါကျလုံးသည် ချီးမွမ်းခြင်း သဘောရှိ၍ သမ္ဘာဝနာ ဖြစ်၏။

ဤသို့လျှင် ရှေ့ဖြစ်သော (က)ဝါကျသည် ဂရုဟာဝါကျဖြစ်၍ နောက်ဖြစ်သော (ခ)ဝါကျသည် သမ္ဘာဝနာ ဝါကျ ဖြစ်လေတော့၏။

**(ပုံစံ-၂)**

(က) ဧဝံ ဂဟိတသရဏဿ စ ဥပါသကဿ ဝါ ဥပါသိကာယ ဝါ အညတိတ္ထိယေသု ပဗ္ဗဇိတမ္ပိ ဉာတိံ "ဉာတကော မေ အယ"န္တိ ဝန္ဒတော သရဏဂမနံ န ဘိဇ္ဇတိ။

(ခ) ပဂေဝ အပဗ္ဗဇိတံ။

(ဂ) တထာ ရာဇာနံ ဘယဝသေန ဝန္ဒတော။

ttp://www.dhammadownload.com



(ဃ) သော ဟိ ရဋ္ဌပူဇိတတ္တာ အဝန္ဒိယမာနော အနတ္တမ္ပိ ကရေယျာတိ။
(င) တထာ ယံ ကိဉ္စိ သိပ္ပံ သိက္ခာပကံ တိတ္ထိယမ္ပိ "အာစရိယော မေ အယ"န္တိ ဝန္ဒတောပိ န ဘိဇ္ဇတိ။

(ဌ၊ နှာ-၂၀၇+၂၀၈)

**(က)ဝါကျလာ ပဗ္ဗဇိတမ္ပိဌ် ပိသဒ္ဒါ**

ပဗ္ဗဇိတမ္ပိဌ် ပိသဒ္ဒါသည် အမြတ်ဟောပုဒ်နောင် ထိုင်သောကြောင့် သမ္ဘာဝနာ ပိသဒ္ဒါ ဖြစ်၏။

ပဂေဝ အပဗ္ဗဇိတံဌ် အပဗ္ဗဇိတံ ဟူသော ဂရဟာအနက်ကို ပေါင်းဆည်းယူသည်။

**(င)ဝါကျလာ တိတ္ထိယမ္ပိဌ် ပိသဒ္ဒါ**

တိတ္ထိယမ္ပိဌ် ပိသဒ္ဒါကား အယုတ်ဟောပုဒ်နောင် ထိုင်သောကြောင့် ဂရဟာ ပိသဒ္ဒါ ဖြစ်၏။

တိတ္ထိပုဂ္ဂိုလ်ထက် မြတ်သော သမ္မာဝါဒ အယူရှိသူဟူသော သမ္ဘာဝနာအနက်ကို ဆည်းသည်။

**(ပုံစံ-၃)**

ပဉ္စမမဟာသင်္ဂီတိ နာမ စေသာ ကိဉ္စာပိ ဝိနယပိဋကေ တန္တိမာရူဠှာ၊ နိဒါနကောသလ္လတ္ထံ ပန ဣဓာပိ ဇဝံ ဝေဒိတဗ္ဗာ။ (ဌ၊ နှာ-၃)

**ကိဉ္စာပိ သဒ္ဒါ၏အနက်**

သမ္ဘာဝနတ္ထ, အနုဂ္ဂဟတ္ထကို ထွန်းပြ၏။

အကြောင်းကား = ဝိနည်းပိဋကဌ် ထိုပဉ္စမမဟာသင်္ဂါယနာကို ပါဠိသို့ တင်ခဲ့ပြီဟူသော စကားသည် ချီးမွမ်းမြတ်နိုးဘွယ်, နှစ်သက်ဘွယ် ဖြစ်သောကြောင့် ကိဉ္စာပိသဒ္ဒါသည် သမ္ဘာဝနတ္ထ, အနုဂ္ဂဟတ္ထကို ထွန်းပြ၏။

**ပန သဒ္ဒါ၏အနက်**

ဂရဟတ္ထ, အရုစျတ္ထကို ထွန်းပြ၏။

အကြောင်းကား = ဝိနည်းပိဋကဌ် ထိုပဉ္စမမဟာသင်္ဂါယနာကို ပါဠိသို့ တင်ခဲ့ပြီဟု ဆိုရုံမျှဖြင့် ဤဒီဃ-နိကာယ် အဋ္ဌကထာဌ် စာသင်သားတို့အား နိဒါန်းဌ် ကျွမ်းကျင်လိမ္မာမှု မဖြစ်နိုင်သေးပါဟူသော စကားသည် ကဲ့ရဲ့ဘွယ်, မနှစ်သက်ဘွယ် ဖြစ်သောကြောင့် ပနသဒ္ဒါသည် ဂရဟတ္ထ, အရုစျတ္ထကို ထွန်းပြ၏။

**အကျယ်ရှင်းချက်**

ကိဉ္စာပိထိုင်ရာ ရှေ့ပိုင်းဝါကျဖြင့် ပဉ္စမမဟာသင်္ဂါယနာကို ဝိနည်းပိဋက ပါဠိတော်ဌ် တင်ခဲ့၏ဟု ဆိုသည်။ အလွန်အားကောင်းသော စကားရပ် ဖြစ်သည်။ ပနထိုင်ရာ နောက်ပိုင်းဝါကျဖြင့် ဝိနည်းပိဋက ပါဠိတော်ဌ် တင်ခဲ့ပြီးသော ပဉ္စမမဟာသင်္ဂါယနာကိုပင် နိဒါန်းဌ် ကျွမ်းကျင်လိမ္မာစေခြင်း အကျိုးငှာ ဤဒီဃနိကာယ် အဋ္ဌကထာဌ် ထပ်၍တဖန် သိကြရမည်ဟု ဆို၏။ ကိဉ္စာပိထိုင်ရာ ဝါကျလာ ဝိနည်းပိဋက ပါဠိတော် စကားရပ်ကို ထောက်ဆလျှင် ပနထိုင်ရာ ဝါကျလာ အဋ္ဌကထာ စကားရပ်တို့သည် အလွန်အမင်း ယုတ်ညံ့အားသေးနေ၏။ ဤသို့လျှင် အားကောင်း လွန်မြတ်သည့် ဝါကျဌ် တည်ရှိသောကြောင့် ကိဉ္စာပိ သဒ္ဒါသည် သမ္ဘာဝနတ္ထ+အနုဂ္ဂဟတ္ထကို ထွန်းပြပါသည်။ ယုတ်ညံ့အားသေးနေသည့် ဝါကျဌ် တည်ရှိသောကြောင့် ပနသဒ္ဒါသည် ဂရဟတ္ထ+အရုစျတ္ထကို ထွန်းပြပါသည်။

**၃-နံပါတ် စည်းမျဉ်း ပြီး၏။**

ttp://www.dhammadownload.com



# ၄–နံပါတ် ဝိဂ္ဂဟစည်းမျဉ်း

(၄)နံပါတ် ပုစ္ဆာ၌ ဝိဂ္ဂဟ ပြုခြင်းနှင့် ဝစနာဒိဆက္က ဝေဖန်ခြင်းတို့ကို မေး၏။

## ဝိဂြိုဟ် မပြုကောင်းသော ပုဒ် ၆–ပါး

၁။ ရုဠှီပုဒ် ၂။ အာချာတ်ပုဒ် ၃။ နိပါတ်ပုဒ် ၄။ ဥပသာရပုဒ် ၅။ အာလုပ်ပုဒ် ၆။ သဗ္ဗနာမ်ပုဒ် ဤ ၆–ပုဒ်တို့ကို ဝိဂြိုဟ် မပြုကောင်းပါ။

ဂါထာ။ ရုဠှီ ချာတံ နိပါတဉ္စ၊ ပသဂ္ဂါ လပနံ တထာ။
သဗ္ဗနာမန္တိ ဧတေသု၊ န ကတော ဝိဂ္ဂဟော ဆသု။

အမှာ။ အကြောင်းမရှိဘဲ ခေါ်ဝေါ်ခြင်းငှာ လွယ်ကူစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် လူတို့ ခေါ်ဝေါ်ပညတ် သမုတ်အပ်သော "တိဿ၊ နာဂ၊ ဒတ္တ"စသော အမည်များသည် ရုဠှီ အမည်များ ဖြစ်၏။

## ဝိဂြိုဟ်ပြုကောင်းသော ပုဒ် ၃–ပါး

ဆိုခဲ့ပြီးသော ပုဒ် ၆–ပါးမှ ကြွင်းသော "သဒ္ဒယုတ္တိ၊ နက်ယုတ္တိ၊ ရှိမှ ဝိဂြိုဟ်ပြု"ဟူသော နိယံနှင့်အညီ သဒ္ဒယုတ္တိ+အတ္ထယုတ္တိ နှစ်မျိုးလုံးရှိသော ၁။ သမာသ်ပုဒ် ၂။ တဒ္ဓိတ်ပုဒ် ၃။ ကိတ်ပုဒ် ဤပုဒ်သုံးပါးကိုသာ ဝိဂ္ဂဟ ပြုကောင်း၏။

## ဝိဂ္ဂဟဝါကျနှင့် နိပ္ဖန္နပုဒ်

(ပုံစံ) ဘူမိံ ဂတော = ဘူမိဂတော။ (သမာသ်)
(ပုံစံ) ဝသိဋ္ဌဿ အပစ္စံ = ဝါသိဋ္ဌော။ (တဒ္ဓိတ်)
(ပုံစံ) ဗုဇ္ဈတီတိ = ဗုဒ္ဓေါ။ (ကိတ်)

ဘူမိံ ဂတော၊ ဝသိဋ္ဌဿ အပစ္စံ၊ ဗုဇ္ဈတိ ဟူသော ဝိဂ္ဂဟပြု၍ မပြီးဆုံးသေးသော ပုဒ်တို့ကို ဝိဂ္ဂဟဝါကျဟု ခေါ်၏။ ဘူမိဂတော၊ ဝါသိဋ္ဌော၊ ဗုဒ္ဓေါ ဟူသော ဝိဂ္ဂဟ ပြုပြီးသော ပုဒ်တို့ကို နိပ္ဖန္နပုဒ်ဟု ခေါ်၏။ နိပ္ဖန္နပုဒ်ဟူသမျှ၌ ပထမာဝိဘတ်ဖြင့်သာ ထားပါ။ လိင်နှင့်ဝုစ်တို့ကိုကား အရကောက် (အဘိဓေယျတ္ထ)ကို ရှု၍ သင့်သလို ထားပါ။

## ဝိဘတျန္တခံနည်း

မေးခွန်းပုစ္ဆာ၌ ဘူမိဂတံ၊ ဝါသိဋ္ဌေန၊ ဗုဒ္ဓဿတို့ကို ဝိဂ္ဂဟ ပြုခဲ့ပါဟု ဒုတိယာဝိဘတ် စသည်ဖြင့် မေးခဲ့သော် ဘူမိံ ဂတော = ဘူမိဂတော၊ (တံ) ဘူမိဂတံ။ ဝသိဋ္ဌဿ အပစ္စံ = ဝါသိဋ္ဌော၊ (တေန) ဝါသိဋ္ဌေန။ ဗုဇ္ဈတီတိ = ဗုဒ္ဓေါ၊ (တဿ) ဗုဒ္ဓဿ – စသည်ဖြင့် ဝိဘတျန္တခံ၍ ဝိဂ္ဂဟပြုပါ။

## သမာသ် – ဝိဂ္ဂဟပြုနည်း

### နာမ်ပုဒ် အချင်းချင်း တွဲစပ်ခြင်းသည် သမာသ်

ဘူမိဂတောဟူသော သမာသ်ပုဒ်ကို ရုပ်ပြီးကြည့်ပါ။ ဘူမိဟူသော နာမ်ပုဒ်နှင့် ဂတဟူသော နာမ်ပုဒ်တို့ တွဲစပ်၍ ရုပ်ပြီးသည်ကို တွေ့မြင်ရမည်။ ဤသို့ နာမ်ပုဒ် အချင်းချင်း တွဲစပ်၍ သမာသ်ပုဒ်တို့ ဖြစ်ပေါ်လာသောကြောင့် နာမ်ပုဒ် အချင်းချင်း တွဲစပ်ခြင်းကို သမာသ်ဟု ဆို၏။

ttp://www.dhammadownload.com



**သဒ္ဒတ္ထကို ရှု၍ သမာသ်ခွဲနည်း လင်္ကာ**

* ဗ, ဒိ, ဗျ, တ၊ ကံ, ဒွန္ဒ၊ ခြောက်ဝ စဉ်တိုင်းထား။
* ဗျ,ကံ ယှဉ်လာ၊ ကံ အားသာ၊ သေချာ မှတ်၍ထား။
* 'မဖြစ်+ဟုတ်' ပြ၊ 'အ' ပုဗ္ဗ၊ တွေ့ကြ မိသ်တပ် ထား။
* 'မရှိ' နက် 'အ'၊ ပုဒ် 'သဟ'၊ တွေ့ကြ ဗဟုဗ် ထား။

**လင်္ကာကို ဖွင့်ဆိုခြင်း**

*** ဗ, ဒိ, ဗျ, တ၊ ကံ, ဒွန္ဒ၊ ခြောက်ဝ စဉ်တိုင်းထား။**

သမာသ်ခြောက်ပါးတို့ကို ၁။ ဗဟုဗ္ဗီဟိ ၂။ ဒိဂု ၃။ အဗျယီဘော ၄။ တပ္ပုရိသ် ၅။ ကမ္မဓာရည်း ၆။ဒွန် သမာသ် ဟူ၍ အစဉ်အတိုင်းထားပါ။ အောက်ဖော်ပြပါ နည်းစနစ်တို့ဖြင့် မည်သည့်သမာသ် ဖြစ်၏ဟု ဆုံးဖြတ်ပါ။

**(၁) အနက်ပေးသောအခါ 'ရှိ' အသံပါလျှင် ဗဟုဗ္ဗီဟိသမာသ်။**

(ပုံစံ) ခီဏာသဝေါ – ကုန်ပြီးသော အာသဝေါ 'ရှိ'သောသူ (ဗဟုဗ္ဗီဟိသမာသ်)၊
ကုန်ပြီးသော အာသဝေါ 'ရှိ'သောသူ (သဒ္ဒတ္ထ–ဝိဂြိုဟ်အတိုင်း)၊
အာသဝေါ ကုန်ပြီးသောသူ (အဓိပ္ပါယတ္ထ–ရှိ အသံဖျောက်၍ အဓိပ္ပါယ်ပေါ်)၊
ရဟန္တာ (ဝေါဟာရတ္ထ,သင်္ကေတတ္ထ,ပညတျတ္ထ–ခေတ်လူတို့အခေါ်အဝေါ်)၊
အရှင်အာနန္ဒာ (အဘိဓေယျတ္ထ–အလိုရှိသော အရကောက် သရုပ်ကိုဖော်)။

**အထူး**

ဗဟုဗ္ဗီဟိသမာသ်ပုဒ်နှင့် အဿတ္ထိတဒ္ဓိတ်ပုဒ်တို့ကို သဒ္ဒတ္ထနည်းဖြင့် အနက်ယောဇနာသော် 'ရှိ'အသံပါ၏။ ယင်းပုဒ်နှစ်ခုတို့၏ အထူးကား ... နာမ်ပုဒ် နှစ်ပုဒ်ကို တွဲ၍ ထား၏။ အနက်ပေးသောအခါ 'ရှိ'အသံပါလျှင် ဗဟုဗ္ဗီဟိသမာသ်။ (ပုံစံ) ခီဏာသဝေါ–ကုန်ပြီးသော အာသဝေါ 'ရှိ'သောသူ။ ပုဒ်တစ်ပုဒ်တည်းသာ ဖြစ်၏။ အနက်ပေးသောအခါ 'ရှိ'အသံပါလျှင် အဿတ္ထိတဒ္ဓိတ်။ (ပုံစံ) သဒ္ဓေါ–သဒ္ဓါတရား 'ရှိ'သောသူ။

**(၂) သင်္ချာသဒ္ဒါ ရှေ့၌ပါလျှင် ဒိဂုသမာသ်။**

(ပုံစံ) 'ဧက'ပုဂ္ဂလော – တစ်ယောက်သော ပုဂ္ဂိုလ် (ဒိဂုသမာသ်)၊
တစ်ယောက်သော ပုဂ္ဂိုလ် (သဒ္ဒတ္ထ၊ သင်္ချေယျပဓာန)၊
ပုဂ္ဂိုလ်တစ်ယောက် (အဓိပ္ပါယတ္ထ၊ သင်္ချာပဓာန)၊
ဘုရား (ဝေါဟာရတ္ထ, အဘိဓေယျတ္ထ)။

သတိ။ ဧကာဒသော ဟူသော ပုံစံ၌ ရှေ့ပုဒ်,နောက်ပုဒ် နှစ်ပုဒ်လုံးဝယ် သင်္ချာသဒ္ဒါ ပါ၏။ ထို့ကြောင့် ဒိဂုဟု မဆိုအပ်၊ ဒွန်သမာသ်သာတည်း။ ဒုတိယော ဟူသော ပုံစံ၌ ဒွိဟူသော ပုဒ်နောင် တိယပစ္စည်း သက်ထား၏။ ပုဒ်နှင့်ပစ္စည်း စပ်သောကြောင့် တဒ္ဓိတ်ပုဒ်သာတည်း။

ttp://www.dhammadownload.com



**(၃) န, သု, ဒု, ကု–ဟူသော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့မှတစ်ပါး ကြွင်းသော ဥပသာရပုဒ်, နိပါတ်ပုဒ် ရှေ့၌ပါလျှင် အဗျယီဘောသမာသ်။**

(ပုံစံ) 'ဥပ'နဂရေ – မြို့၏အနီး၌ (အဗျယီဘော)၊
မြို့၏အနီး၌ (သဒ္ဒတ္ထ)၊
မြို့နားမှာ (အဓိပ္ပါယတ္ထ)၊ ကွက်သစ် (ဝေါဟာရတ္ထ)။

**သတိပြုတော်မူ**

* န–နိပါတ်ပုဒ် ရှေ့၌ရှိသော် မိဿကတပ္ပုရိသ် (သို့) ဗဟုဗ္ဗီဟိသမာသ် အဖြစ်များ၏။
(ပုံစံ) 'အ' ဗြာဟ္မဏော (မိဿကတပ္ပုရိသ်)။ 'အ' ဝိတက္ကာ (ဗဟုဗ္ဗီဟိ)။

* သု, ဒု–ရှေ့၌ရှိသော် ကမ္မဓာရည်းသမာသ် အဖြစ်များ၏။
(ပုံစံ) 'သု'ဂန္ဓိ, 'ဒု'ဂန္ဓိ (ကမ္မဓာရည်း)။

* ကု–နိပါတ်ပုဒ် ရှေ့၌ရှိသော် ကမ္မဓာရည်း (သို့) ဗဟုဗ္ဗီဟိသမာသ် အဖြစ်များ၏။
(ပုံစံ) 'ကာ'လဝဏံ (ကမ္မဓာရည်း)။ 'ကု'ဒါရာ (ဗဟုဗ္ဗီဟိ)။

**(၄) ရှေ့ပုဒ်, နောက်ပုဒ်တို့၏ အလယ်၌ အနက်ပေးသောအခါ 'ဝိဘတ်'အသံပါလျှင် သုဒ္ဓတပ္ပုရိသ်သမာသ်။**

(ပုံစံ) ဘူမိဂတော – မြေ'သို့' သွားသူ (သုဒ္ဓတပ္ပုရိသ်)၊
မြေ'သို့' သွားသူ (သဒ္ဒတ္ထ–ဝိဂြိုဟ်အတိုင်း)၊
မြေပြင်လျှောက်သောသူ (အဓိပ္ပါယတ္ထ–'ဝိဘတ်'အသံဖျောက်)၊
မြေလျှောက်ဝိဇ္ဇာ (ဝေါဟာရတ္ထ)။

**(၅) ရှေ့ပုဒ်, နောက်ပုဒ်တို့၏ အလယ်၌ အနက်ပေးသောအခါ 'သော'အသံပါလျှင် ကမ္မဓာရည်း။**

(ပုံစံ) မဟာပုရိသော – မြတ်'သော' ယောကျ်ား (ကမ္မဓာရည်း)၊
မြတ်'သော' ယောကျ်ား (သဒ္ဒတ္ထ–ဝိဂြိုဟ်အတိုင်း)၊
ယောကျ်ားမြတ် (အဓိပ္ပါယတ္ထ)၊ မြတ်စွာဘုရား (ဝေါဟာရတ္ထ, အဘိဓေယျတ္ထ)။

**(၆) ဆိုခဲ့ပြီးသည့် 'ရှိ'အသံ၊ သင်္ချာသဒ္ဒါ၊ ဥပသာရပုဒ်, နိပါတ်ပုဒ်၊ 'ဝိဘတ်'အသံ၊ 'သော'အသံများ မပါလျှင် ဒွန်သမာသ်။**

(ပုံစံ) စက္ခုသောတံ – မျက်စိနား (သဒ္ဒတ္ထ, အဓိပ္ပါယတ္ထ, ဝေါဟာရတ္ထ)။

အမှာ။ ဒွန်သမာသ်၌ သဒ္ဒတ္ထ, အဓိပ္ပါယတ္ထ, ဝေါဟာရတ္ထ အနက်ပေးနည်းတို့သည် အထူးမရှိ၊ တူ၏။ ဘာအသံမျှ မပါလျှင် ဒွန်သမာသ်ဟု ယူသော နည်းသည် သဒ္ဒတ္ထ အနက်ပေးနည်းဖြင့် ယောဇနာရာ၌သာ အသုံးဝင်၏။ အဓိပ္ပါယတ္ထ, ဝေါဟာရတ္ထ, အဘိဓေယျတ္ထနည်းတို့ဖြင့် အနက်ယောဇနာရာ၌ကား = ဘာအသံမျှ မပါလျှင် ဗဟုဗ္ဗီဟိ, တပ္ပုရိသ်, ကမ္မဓာရည်း, ဒွန်သမာသ် လေးမျိုးတို့တွင် တစ်မျိုးမျိုးသာ ဖြစ်၏။ မည်သည့်သမာသ် ဖြစ်၏ဟု အတိအကျသိသော နည်းကိုကား အဘိဓေယျတ္ထ ရှု၍ သမာသ်ခွဲနည်း၌ ဖော်ပြလတ္တံ့။

ttp://www.dhammadownload.com



## အားပြိုင်ခြင်း

"ခီဏာသဝေါ – ကုန်ပြီး'သော' အာသဝေါ 'ရှိ'သောသူ"။ ဤပုံစံ၏ အနက်၌ 'သော'အသံ, 'ရှိ'အသံဟု အသံနှစ်မျိုး ပါ၏။ ကမ္မဓာရည်းနှင့် ဗဟုဗ္ဗီဟိ သမာသ်နှစ်မျိုးတို့တွင် မည်သည့်သမာသ် ဖြစ်သနည်းဟု သမာသ်(၂)ခု အားပြိုင်နေ၏။ "ဗ, ဒိ, ဗျ, တ၊ ကံ, ဒွန္ဒ" အစဉ်အရ ဗဟုဗ္ဗီဟိသည် အမှတ်(၁)နေရာ၊ ကမ္မဓာရည်းသည် အမှတ်(၅)နေရာ၌ ရှိ၏။ အမှတ်(၁)ကို ဦးစားပေးပါ။ ဗဟုဗ္ဗီဟိ သမာသ်သာတည်း။

ဤနည်းကို မှီး၍ အမှတ်(၁)နေရာမှ သမာသ်နှင့် အမှတ်(၂)နေရာမှ သမာသ်တို့ အားပြိုင်သော် အမှတ်(၁) သမာသ်ဟုသာ ဖြေပါ။ အမှတ်(၂)နှင့် အမှတ်(၄) အားပြိုင်သော် အမှတ်(၂)ဟုသာ ဆုံးဖြတ်ပါ။ ဤသို့လျှင် ရှေ့ရှေ့သော သမာသ်နှင့် နောက်နောက်သော သမာသ်တို့ အားပြိုင်ရာ၌ ရှေ့သမာသ်ဟုသာ ဆုံးဖြတ်ပါ။

ခြွင်းချက်။ အမှတ်(၃)နေရာ၌ ရှိသော အဗျယီဘောနှင့် အမှတ်(၅)နေရာ၌ ရှိသော ကမ္မဓာရည်းသမာသ်တို့ အားပြိုင်ရာ၌ကား ဤစည်းကမ်းချက်သည် ခြွင်းချက်ဖြစ်၏။

### * ဗျ,ကံ ယှဉ်လာ၊ ကံ အားသာ၊ သေချာ မှတ်၍ထား။

အမှတ်(၃)နေရာမှ အဗျယီဘောသမာသ်နှင့် အမှတ်(၅)နေရာမှ ကမ္မဓာရည်းသမာသ်တို့ အားပြိုင်လာသော် ကမ္မဓာရည်း သမာသ်ဟုသာ မှတ်ပါ။

(ပုံစံ) 'သု'ဂန္ဓိ – ကောင်း'သော' အနံ့၊

'ကု'ဂန္ဓိ – စက်ဆုပ်အပ်'သော' အနံ့၊ 'ကာ'လဝဏ – အနည်းငယ်'သော' ဆား။

ရှင်း။ ဤပုံစံများ၌ ပါဠိကိုကြည့်သော် = သုဂန္ဓိ ပုဒ်ဝယ် သု–ဟူသော ဥပသာရပုဒ်၊ ကုဂန္ဓိ, ကာလဝဏ ပုဒ်တို့ဝယ် ကု–ဟူသော နိပါတ်ပုဒ်များ ပုဒ်၏ ရှေ့၌ ပါလာ၏။ အနက်ကို ကြည့်သော် = 'သော'ဟူသော အသံ ပါလာ၏။ အဗျယီဘောနှင့် ကမ္မဓာရည်း သမာသ်နှစ်မျိုးတို့တွင် မည်သည့်သမာသ် ဖြစ်သနည်းဟု သမာသ်နှစ်ခု အားပြိုင်နေ၏။ "ဗျ,ကံ ယှဉ်လာ၊ ကံ အားသာ၊ သေချာ မှတ်၍ထား"နှင့်အညီ ကမ္မဓာရည်း သမာသ်သာ ဖြစ်၏ဟု ဆုံးဖြတ်ပါ။

### * 'မဖြစ်+ဟုတ်' ပြ၊ 'အ' ပုဗ္ဗ၊ တွေ့ကြ မိသ်တပ် ထား။

'မဖြစ်+မဟုတ်'ဟူသော အနက်ကိုဟောသည့် 'အ'ဟူသောပုဒ် ရှေ့၌ တွေ့ခဲ့သော် မိဿကတပ္ပုရိသ် သမာသ်။ (ပုံစံ) 'အ' ဗြာဟ္မဏော–ပုဏ္ဏား'မဟုတ်'။ 'အ'နဿော–မြင်း'မဟုတ်'။

### * 'မရှိ'နက် 'အ'၊ ပုဒ် 'သဟ'၊ တွေ့ကြ ဗဟုဗ် ထား။

'မရှိ'ဟူသော အနက်ကို ဟောသည့် 'အ'ဟူသော ပုဒ်၊ 'တကွ'ဟူသော အနက်ကို ဟောသည့် 'သဟ'ဟူသော ပုဒ်တို့ ရှေ့၌ တွေ့ခဲ့သော် ဗဟုဗ္ဗီဟိသမာသ်။

(ပုံစံ) 'အ' ဝိတက္ကာ–ဝိတက် 'မရှိ'ကုန်သော။ 'သ' ဝိတက္ကာ–ဝိတက်နှင့် 'တကွ'ဖြစ်ကုန်သော။

အမှာ။ သဟပုဒ်သည် သဟဟူ၍ ပြောင်စိန် ထင်ထင်ရှားရှား မနေပါ၊ သဟကို သ ပြု၍သာ နေ၏။

(ပုံစံ) သဝိတက္ကာ၊ သဝိစာရာ။

ttp://www.dhammadownload.com



### လျှောက်တင်အပ်ပါသည်

ဆိုခဲ့ပြီးသော 'ရှိ'အသံ ပါလျှင် ဗဟုဗ္ဗီဟိ၊ သင်္ချာသဒ္ဒါ ပါလျှင် ဒိဂု၊ ဥပသာရပုဒ်, နိပါတ်ပုဒ် ရှေ့၌ ရှိလျှင် အဗျယီဘော၊ 'ဝိဘတ်'အသံ ပါလျှင် သုဒ္ဓတပ္ပုရိသ်၊ 'သော'အသံ ပါလျှင် ကမ္မဓာရည်း၊ ဘာအသံမျှ မပါလျှင် ဒွန်သမာသ်ဟု ယူသော နည်းသည် သဒ္ဒတ္ထ အနက်ပေးနည်းကို ရည်ရွယ်၏။ ဤနည်းသည် နိသျှဆရာတော်၏ အနက်ကို အားကိုးအားထား ပြုရ၏။ သူတစ်ပါး၏ နှာခေါင်းဖြင့် အသက်ရှူသည်နှင့် တူ၏။ ဖော်ပြလတ္တံ့သော အဘိဓေယျတ္ထ (အရကောက်)ကို ရှု၍ သမာသ်ခွဲသော နည်းသည် ကိုယ့်နှာခေါင်းဖြင့်ကိုယ် အသက်ရှူသည်နှင့် တူ၏။ ကိုယ့်နှာခေါင်းဖြင့်ကိုယ် အသက်ရှူသည်နှင့် တူသော အဘိဓေယျတ္ထကို ရှု၍ သမာသ်ခွဲသော နည်းကို ဖော်ပြအပ်ပါ၏။

### အဘိဓေယျတ္ထကို ရှု၍ သမာသ်ခွဲနည်း လင်္ကာ

* ဘေးပုဒ် ကောက်-ဗ၊ ရှေ့ပုဒ် ရ၊ ဗျယ မှတ်၍ထား။
* နောက်ပုဒ် ကောက်ရ၊ မည် သုဒ္ဓ၊ တပ္ပ မှတ်၍ထား။
* သင်္ချာ ရှေ့ပြု၊ နှစ်ပုဒ် ရ၊ ဒိဂု မှတ်၍ထား။
* ကံ,ဒွန်-ဒွယ၊ တူ-ကမ္မ၊ ကွဲထ-ဒွန် ဟုထား။

### လင်္ကာကို ဖွင့်ဆိုခြင်း

#### * ဘေးပုဒ် ကောက်-ဗ၊ ရှေ့ပုဒ် ရ၊ ဗျယ မှတ်၍ထား။

ဘေးပုဒ် (အညပုဒ်)အနက် ပြဋ္ဌာန်းသော် ဗဟုဗ္ဗီဟိသမာသ် ဖြစ်၏။ (ပုံစံ) ဆိန္နဟတ္ထော သယတိ။

ရှင်း။ ဆိန္နဟတ္ထော ပုဒ်သည် ဆိန္န နာမ်ပုဒ်နှင့် ဟတ္ထ နာမ်ပုဒ်တို့ကို စပ်ထားသောကြောင့် သမာသ်ပုဒ် ဖြစ်၏။ "သယတိ-အိပ်၏"ဟူရာ၌ ဆိန္န အရဖြစ်သော ပြတ်ခြင်းသည် မအိပ်၊ ဟတ္ထ အရဖြစ်သော လက်သည် မအိပ်၊ ဆိန္နဟတ္ထ ဟူသော သမာသ်ပုဒ် တစ်ခုလုံး၏ အရဖြစ်သော ပြတ်သော လက်သည် မအိပ်။ ဆိန္နဟတ္ထ ဟူသော သမာသ်ပုဒ်မှ တစ်ပါးဖြစ်သော ပြတ်သော လက်ရှိသော 'ယောကျ်ား'သာလျှင် အိပ်၏။ ဆိန္နဟတ္ထအရ ယောကျ်ားကို ရ၏ (ဝါ) ယောကျ်ားဟူသော ဘေးပုဒ် (အညပုဒ်)အနက် ပြဋ္ဌာန်း၏။ ဤသို့ ဘေးပုဒ် (အညပုဒ်) အနက် ပြဋ္ဌာန်းသောကြောင့် ဆိန္နဟတ္ထော ပုဒ်သည် ဗဟုဗ္ဗီဟိ သမာသ်သာ ဖြစ်၏။

ဥပသာရပုဒ်, နိပါတ်ပုဒ်ဟူသော ရှေ့ပုဒ်၏အနက် ပြဋ္ဌာန်းသော် အဗျယီဘောသမာသ် ဖြစ်၏။ (ပုံစံ) ဥပနဂရေ ဝသတိ။

ရှင်း။ "ဥပနဂရေ-မြို့၏အနီး၌ (ဝါ) ကွက်သစ်၌၊ ဝသတိ-နေ၏"ဟူရာဝယ် နဂရဟူသော နောက်ပုဒ်၏ အရ ဖြစ်သော မြို့တွင်း၌ နေသည် မဟုတ်။ ဥပဟူသော ရှေ့ပုဒ်၏ အရဖြစ်သော မြို့အနီး၌ (ဝါ) ကွက်သစ်၌သာ နေခြင်း ဖြစ်၏။ ဥပနဂရ-အရ အနီးကိုသာ ရ၏။ အနီးဟူသော ရှေ့ပုဒ်၏ အနက် ပြဋ္ဌာန်း၏။ ဤသို့ ရှေ့ပုဒ်၏ အနက် ပြဋ္ဌာန်းသောကြောင့် ဥပနဂရေ ပုဒ်သည် အဗျယီဘော သမာသ်သာ ဖြစ်၏။

### မှတ်သားဘွယ်

ဥပနဂရံ သုဏာတိ ပုံစံ၌ ဥပနဂရံ ပုဒ်သည် ဗဟုဗ္ဗီဟိသမာသ် ဖြစ်၏။

ရှင်း။ "ဥပနဂရံ-မြို့၏အနီး၌ ဖြစ်သော စကားသံကို၊ သုဏာတိ-ကြား၏"ဟူရာ၌ ဥပဟူသော ရှေ့ပုဒ်၏ အရဖြစ်သော အနီးကို ကြားရသည် မဟုတ်၊ နဂရဟူသော နောက်ပုဒ်၏ အရဖြစ်သော မြို့ကို ကြားရသည် မဟုတ်၊

ttp://www.dhammadownload.com



ဥပနဂရဟူသော သမာသ်ပုဒ် တစ်ခုလုံး၏ အရဖြစ်သော မြို့၏အနီးကို ကြားရသည်လည်း မဟုတ်။ ဥပနဂရဟူသော သမာသ်ပုဒ်မှ တစ်ပါးဖြစ်သော "စကားအသံ"ကိုသာ ကြားရ၏။ ဥပနဂရအရ စကားအသံကို ရ၏ (ဝါ) စကားအသံဟူသော ဘေးပုဒ် (အညပုဒ်)အနက် ပြဋ္ဌာန်း၏။ ဤသို့ ဘေးပုဒ် (အညပုဒ်)အနက် ပြဋ္ဌာန်းသောကြောင့် ဥပနဂရံ ပုဒ်သည် ဗဟုဗ္ဗီဟိသမာသ်သာ ဖြစ်၏။

ဤသို့လျှင် ဥပနဂရံ သုယျတိ ဝါကျ၌ ဥပနဂရံပုဒ်သည် ဥပ-ဥပသာရပုဒ် ရှေ့ရှိသော်လည်း ယင်းရှေ့ပုဒ်၏အနက် မပြဋ္ဌာန်းသောကြောင့် အဗျယီဘောသမာသ် မဖြစ်သည်ကို သတိပြုပါ။

*** နောက်ပုဒ် ကောက်ရ၊ မည် သုဒ္ဓ၊ တပ္ပ မှတ်၍ထား။**

နောက်ပုဒ်အနက် ပြဋ္ဌာန်းသော် တပ္ပုရိသ်သမာသ် ဖြစ်၏။ (ပုံစံ) ရာဇပုတ္တော ကီဠတိ။

ရှင်း။ "ကီဠတိ-ကစား၏"ဟူရာ၌ ရာဇဟူသော ရှေ့ပုဒ်၏ အရဖြစ်သော ဘုရင်သည် ကစားတတ်သောသဘော မရှိ၊ ပုတ္တဟူသော နောက်ပုဒ်၏ အရဖြစ်သော ဘုရင်၏ 'သား'သာလျှင် ကစားတတ်သောသဘော ရှိ၏။ ရာဇပုတ္တအရ နောက်ပုဒ်ဖြစ်သော 'သား'ကိုသာ ရ၏ (ဝါ) သားဟူသော နောက်ပုဒ်အနက် ပြဋ္ဌာန်း၏။ ဤသို့ နောက်ပုဒ်အနက် ပြဋ္ဌာန်းသောကြောင့် ရာဇပုတ္တော ပုဒ်သည် သုဒ္ဓတပ္ပုရိသ် သမာသ်သာ ဖြစ်၏။

*** သင်္ချာ ရှေ့ပြု၊ နှစ်ပုဒ် ရ၊ ဒိဂု မှတ်၍ထား။**

သင်္ချာသဒ္ဒါ ရှေ့၌ ရှိ၍ နှစ်ပုဒ်အနက် ပြဋ္ဌာန်းသော် ဒိဂုသမာသ် ဖြစ်၏။ (ပုံစံ) စတုဒ္ဒိသံ ဂစ္ဆတိ။

ရှင်း။ စတုဒ္ဒိသံ-၌ စတုသင်္ချာသဒ္ဒါ ရှေ့၌ ရှိ၏။ "ဂစ္ဆတိ-သွား၏"ဟူရာ၌ စတုပုဒ်၏ အရဖြစ်သော သာမညလေးခု (တောင်လေးတောင်, မြို့လေးမြို့)တို့သို့ သွားသည် မဟုတ်၊ ဒိသ ပုဒ်၏ အရဖြစ်သော အရှေ့အရပ်တစ်ခုတည်းကိုသာ သွားသည်မဟုတ်၊ စတုဒ္ဒိသ ဟူသော နှစ်ပုဒ်လုံးတို့၏ အရဖြစ်သော "လေးပါးသော အရပ်မျက်နှာ (ဝါ) အရပ် လေးမျက်နှာ"တို့သို့ သွားခြင်း ဖြစ်၏။ စတုဒ္ဒိသအရ "လေးပါးသော အရပ်မျက်နှာ"ဟူသော နှစ်မျိုးလုံးကို ရ၏ (ဝါ) အရပ် လေးမျက်နှာ ဟူသော နှစ်ပုဒ်လုံး၏ အနက် ပြဋ္ဌာန်း၏။ ဤသို့ သင်္ချာသဒ္ဒါ ရှေ့၌ ရှိ၍ နှစ်ပုဒ်အနက် ပြဋ္ဌာန်းသောကြောင့် စတုဒ္ဒိသံ ပုဒ်သည် ဒိဂုသမာသ် ဖြစ်၏။

**မှတ်သားဘွယ်**

စတုဒ္ဒိသော ဓမ္မံ ဒေသေတိ ပုံစံ၌ စတုဒ္ဒိသော ပုဒ်သည် ဗဟုဗ္ဗီဟိသမာသ် ဖြစ်၏။

ရှင်း။ "ဓမ္မံ ဒေသေတိ-တရားဟော၏"ဟူရာ၌ စတုဟူသော ရှေ့ပုဒ်၏ အရဖြစ်သော လေးခုသည် တရား မဟောတတ်၊ ဒိသဟူသော နောက်ပုဒ်၏ အရဖြစ်သော အရပ်မျက်နှာသည် တရား မဟောတတ်၊ စတုဒ္ဒိသဟူသော သမာသ်ပုဒ် တစ်ခုလုံး၏ အရဖြစ်သော အရပ်လေးမျက်နှာသည်လည်း တရား မဟောတတ်။ စတုဒ္ဒိသဟူသော သမာသ်ပုဒ်မှ တစ်ပါးဖြစ်သော အရပ်လေးမျက်နှာကို အစိုးရသော "ဘုရား"သည်သာ တရား ဟောတတ်၏။ စတုဒ္ဒိသအရ ဘုရားကို ရ၏ (ဝါ) ဘုရားဟူသော ဘေးပုဒ် (အညပုဒ်)အနက် ပြဋ္ဌာန်း၏။ ဤသို့ ဘေးပုဒ် (အညပုဒ်)အနက် ပြဋ္ဌာန်းသောကြောင့် စတုဒ္ဒိသော ပုဒ်သည် ဗဟုဗ္ဗီဟိ သမာသ်သာ ဖြစ်၏။

ဤသို့လျှင် စတုဒ္ဒိသော ဓမ္မံ ဒေသေတိ ဝါကျ၌ စတုဒ္ဒိသော ပုဒ်သည် စတုဟူသော သင်္ချာသဒ္ဒါ ရှေ့ရှိ၏။ သို့သော် သမာသ်ပုဒ်၏အနက် မပြဋ္ဌာန်းသောကြောင့် ဒိဂုသမာသ် မဖြစ်သည်ကို သတိပြု။ သမာသ်ပုဒ်တို့၌ အဘိဓေယျတ္ထ (အရကောက်)ကို ရှု၍ မည်သည့်သမာသ် ဖြစ်၏ဟု ဆုံးဖြတ်ပါ။ သမာသ်အမည် မှားဘွယ်ရာမရှိ။

ttp://www.dhammadownload.com



*** ကံ,ဒွန်–ဒွယ၊ တူ–ကမ္မ၊ ကွဲထ–ဒွန် ဟုထား။**

သချာသဒ္ဒါ ရှေ့၌ မရှိမူ၍ နှစ်ပုဒ်အနက် ပြဌာန်းသော် ကမ္မဓာရည်း, ဒွန်သမာသ်တို့ ဖြစ်၏။

(ကမ္မဓာရည်း ပုံစံ) နီလုပ္ပလံ ဂဏှာတိ။

ရှင်း။ "နီလုပ္ပလံ–အညိုရောင် ကြာပန်းကို၊ ဂဏှာတိ–ခူး၏"ဟူရာ၌ နီလ အရဖြစ်သော အညိုရောင်ချည်းဘဲကိုသာ သီးသန့် ခူးယူ၍ မရ၊ ဥပ္ပလ အရဖြစ်သော ကြာပန်းကိုသာ သီးသန့် ခူးယူ၍ မရ၊ နီလနှင့် ဥပ္ပလ ဟူသော နှစ်ပုဒ်လုံးတို့၏ အရဖြစ်သော "အညိုရောင် ကြာပန်း"ဟူသော နှစ်မျိုးလုံးကိုသာ ခူးယူ၍ ရ၏ (ဝါ) အညိုရောင် ကြာပန်းဟူသော နှစ်ပုဒ်လုံး၏ အနက် ပြဌာန်း၏။ ဤသို့လျှင် ကမ္မဓာရည်း သမာသ်သည် နှစ်ပုဒ်အနက် ပြဌာန်းပါသည်။

(ဒွန် ပုံစံ) သမဏဗြာဟ္မဏာ အာဂစ္ဆန္တိ။

ရှင်း။ "အာဂစ္ဆန္တိ–လာကြကုန်၏"ဟူရာ၌ သမဏ အရဖြစ်သော ရဟန်း တစ်ပါးတည်းသာ ကြွလာသည် မဟုတ်၊ ဗြာဟ္မဏ အရဖြစ်သော ပုဏ္ဏား တစ်ယောက်တည်းသာ လာသည်လည်း မဟုတ်၊ သမဏနှင့် ဗြာဟ္မဏ ဟူသော နှစ်ပုဒ်လုံးတို့၏ အရဖြစ်သော "ရဟန်း ပုဏ္ဏား"ဟူသော နှစ်ပါးလုံး ကြွလာကြကုန်၏။ (ဝါ) ရဟန်းပုဏ္ဏား ဟူသော နှစ်ပုဒ်လုံး၏ အနက် ပြဌာန်း၏။ ဤသို့လျှင် ဒွန်သမာသ်သည် နှစ်ပုဒ်အနက် ပြဌာန်းပါသည်။

နှစ်ပုဒ်အနက် ပြဌာန်းကြသော ကမ္မဓာရည်းနှင့်ဒွန် သမာသ်တို့ကို ခွဲခြားလိုသော် . . . ၁။ ရှေ့ပုဒ်,နောက်ပုဒ် အရတူလျှင် (ဝါ) ရှေ့ပုဒ်,နောက်ပုဒ် နှစ်ပုဒ်တို့၏ အရကို ခွဲထား၍ မရလျှင် ကမ္မဓာရည်းသမာသ်။ (ပုံစံ) နီလုပ္ပလံ ဂဏှာတိ။

ရှင်း။ ဤပုံစံ၌ ကြာပန်းကို မပါစေဘဲ နီလ အရဖြစ်သော အညိုရောင် သက်သက်ကိုသာ ခူးယူမည်၊ ခူးယူ၍ မရပါ။ အညိုရောင်ကို မပါစေဘဲ ဥပ္ပလ အရဖြစ်သော ကြာပန်း သက်သက်ကိုသာ ခူးယူမည်၊ ခူးယူ၍ မရပါ။ ဤသို့လျှင် ရှေ့ပုဒ်၏ အရဖြစ်သော အညိုရောင်နှင့် နောက်ပုဒ်၏ အရဖြစ်သော ကြာပန်းတို့ကို ခွဲထား၍ မရ။ ထို့ကြောင့် နီလုပ္ပလံ ပုဒ်သည် ကမ္မဓာရည်းသမာသ်သာ ဖြစ်၏။

၂။ ရှေ့ပုဒ်,နောက်ပုဒ် အရကွဲလျှင် (ဝါ) ရှေ့ပုဒ်,နောက်ပုဒ် နှစ်ပုဒ်တို့၏ အရကို ခွဲထား၍ ရလျှင် ဒွန်သမာသ်။ (ပုံစံ) သမဏဗြာဟ္မဏာ အာဂစ္ဆန္တိ။

ရှင်း။ ဤပုံစံ၌ သမဏ အရဖြစ်သော ရဟန်းသည် အရှေ့အရပ်မှ ကြွလာမည်၊ ဗြာဟ္မဏ အရဖြစ်သော ပုဏ္ဏားသည် အနောက်အရပ်မှ ကြွလာမည်။ ဤသို့လျှင် ရှေ့ပုဒ်၏ အရဖြစ်သော ရဟန်းနှင့် နောက်ပုဒ်၏ အရဖြစ်သော ပုဏ္ဏားတို့ကို ခွဲထား၍ ရ၏။ ထို့ကြောင့် သမဏဗြာဟ္မဏာ ပုဒ်သည် ဒွန်သမာသ်သာ ဖြစ်၏။

## သမာသ်ပုဒ် အထူးများ

အန္တံ အတိက္ကန္တံတိ အစ္စန္တံ။ ဝေလံ အတိက္ကန္တောတိ အတိဝေလော။ မာသံ အတိက္ကန္တောတိ အတိမာသော။ အဂ္ဂံ ပတိဂတံ နိယိတန္တိ ပစ္စဂ္ဂံ။ အတ္ထံ အနုဂတန္တိ အန္ဝတ္ထံ။ ကမ္မဿ အလံ သမတ္ထောတိ အလံကမ္မော။ ဝစနာယ အလန္တိ အလံဝစနီယာ။ ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ။ ကိလေသေဟိ နိက္ခန္တောတိ နိက္ကိလေသော။ အာစရိယတော ပရောတိ ပါစရိယော။ ဂင်္ဂါယ ဥပရိ ဥပရိဂင်္ဂ။ ဟံသာနံ ရာဇာ ရာဇဟံသော။ မာသဿ အဒ္ဓံ အဒ္ဓမာသံ။ ရတ္တိယာ အဍ္ဎံ အဍ္ဎရတ္တံ။ အဟဿ ပုဗ္ဗံ ပုဗ္ဗဏှံ။

အမှာ။ ယင်းပုဒ်တို့သည် ဒုရာဇာနမိဿကတပ္ပုရိသ်များ ဖြစ်၏။ အဗျယီဘောဟု ယူလည်း သင့်၏။

ttp://www.dhammadownload.com



### သမာသ်ပုဒ် အဆန်းများ

ဒိဋ္ဌော ပုဗ္ဗန္တိ ဒိဋ္ဌပုဗ္ဗော (တထာဂတံ)။ ဒိဋ္ဌာ ပုဗ္ဗန္တိ ဒိဋ္ဌပုဗ္ဗာ (ဒေဝါ)။ န ပုနဂေယျာ အပုနဂေယျာ (ဂါထာ)။ န စန္ဒမုလ္လောကိကာနိ အစန္ဒမုလ္လောကိကာနိ (မုခါနိ)။ န သဒ္ဓဘောဇီ အသဒ္ဓဘောဇီ။ န လဝဏဘောဇီ အလဝဏဘောဇီ။ န ဩကာသံ အနောကာသံ (ကာရေတွာ)။ န အတ္ထကာမာ အနတ္ထကာမာ။ န သဗ္ဗဂုဏဒါယကော အသဗ္ဗဂုဏဒါယကော။

အမှာ။ ယင်းပုဒ်တို့သည် သာမညအားဖြင့် သမာသ်သာ မည်၏။ သမာသ် ၆–ပါး၌ကား မပါဝင်ပါ။ သဒ္ဒနီတိကား = တပ္ပုရိသ်သမာသ်ဟု ဆို၏။ ယင်းအထူးအဆန်း သမာသ်ပုဒ်များကို ကျက်မှတ်သင့်၏။

### ပန်ကြားလွှာ

ဂုဏ်ဟူသမျှသည် ဂုဏီ(ဒြဗ်)၌သာ တည်ကုန်၏။ ဂုဏ်နှင့်ဂုဏီ တွဲသော ပုဒ်များ၌ ဂုဏီကိုသာ ပဓာနအားဖြင့် ယူရ၏။ ထို့ကြောင့် ဂုဏ်နှင့်ဂုဏီ တွဲစပ်သည့် ဒိဂု,ကမ္မဓာရည်း သမာသ်ပုဒ်တို့ကို နောက်ပုဒ်ပြဋ္ဌာန်းသော ဥတ္တရပဒတ္ထပဓာန သမာသ်ဟူ၍ ရူပသိဒ္ဓိ,ပုဒ်စစ် စသော သဒ္ဒါကျမ်းဆရာတို့က ဆုံးဖြတ်ကြ၏။

"ဂုဏီကို အရကောက်သော် ဂုဏ်လည်း ပါစမြဲ"ဟူသော သဘာဝအရ ဂုဏီနှင့် ဂုဏ်သည် ခွဲထား၍ မရပါ။ ထို့ကြောင့် ဂုဏီနှင့်ဂုဏ် တွဲစပ်သည့် ဒိဂု,ကမ္မဓာရည်း သမာသ်ပုဒ်တို့ကို နှစ်ပုဒ် ပြဋ္ဌာန်းနိုင်သဖြင့် ဥဘယပဒတ္ထပဓာန သမာသ်ဟူ၍လည်း ဆရာမြတ်တို့ ဆုံးဖြတ်ကြကုန်သေး၏။ ဤကျမ်း၌ကား ဒုတိယနည်းကိုသာ အသုံးပြုထားပါ၏။

အမှာ။ မည်သည့်သမာသ် ဖြစ်သည်ဟု ဆုံးဖြတ်ပြီးသည့်နောက်ဝယ် သမာသ် ဝိဂ္ဂဟပြုရာ၌ သိသင့်သော သမာသ် ဝိဂ္ဂဟဝါကျ အတွင်း၌ ရှိသော ပုဒ်များ၏ လိင်,ဝိဘတ်ထားနည်းကို ဖော်ပြအပ်ပါ၏။ သေချာစွာ မှတ်သားလေ့လာပါ။

### သမာသ် ဝိဂ္ဂဟဝါကျ လိင်,ဝိဘတ်ထားနည်း လင်္ကာ

* ဝိဂ္ဂဟ ဝါကျ၊ ပုဒ် ပဒ၊ မူလ လိင်တိုင်းဆို။
* နှစ်ပုဒ်လုံး–ပ၊ ဒိ, ကမ္မ၊ ဒွန္ဒ, မိသ်တသ် ဆို။
* ရှေ့ပုဒ် အံ–စ၊ နောက်ပုဒ်–ပ၊ သုဒ္ဓတပ္ပု ဆို။
* ရှေ့ပုဒ်မှာ–ပ၊ နောက်–သတ္တ၊ ဗျယ ဝိဘတ်ဆို။
* အညာ–သတ္တ၊ သမာသ်–ပ၊ မှတ်ကြ ဗဟုဗ်ဆို။
* အညလည်း–ပ၊ သမာသ်–ပ၊ မှတ်ကြ ဥပမာဆို။
* အညမှာ–ပ၊ သမာသ်–တ၊ သဟ ခြွင်းချက်ဆို။
* ပုဒ်တစ်စိတ်က၊ ကံဟောပြ၊ အည–ကတ္တားလို၊
  အင်္ဂါဒွယ၊ ပြည့်စုံက၊ အည–တတိဆို။

### လင်္ကာကို ဖွင့်ဆိုခြင်း

*** ဝိဂ္ဂဟ ဝါကျ၊ ပုဒ် ပဒ၊ မူလ လိင်တိုင်းဆို။**

သမာသ် ဝိဂ္ဂဟဝါကျ အတွင်း၌ ရှိသော ပုဒ်များ၏ လိင်ကို ၎င်းတို့၏ ရှိရင်းစွဲ မူလလိင်အတိုင်းသာ ထား၍ ဝိဂ္ဂဟ ပြုရမည်။

ttp://www.dhammadownload.com



### * နှစ်ပုဒ်လုံး-ပ၊ ဒိ, ကမ္မ၊ ဒွန္ဒ, မိသ်တသ် ဆို။

ဒိဂု, ကမ္မဓာရည်း, ဒွန်, မိဿကတပ္ပုရိသ် သမာသ်ပုဒ်တို့ကို ဝိဂ္ဂဟပြုလိုသော် ရှေ့ပုဒ်, နောက်ပုဒ် - နှစ်ပုဒ်လုံး၌ ပထမာဝိဘတ်သာ ထားပါ။

ဒိဂုပုံစံ။ ဧကော ပုဂ္ဂလော = ဧကပုဂ္ဂလော။

ကမ္မဓာရည်းပုံစံ။ မဟန္တော ပုရိသော = မဟာပုရိသော။

ဒွန်ပုံစံ။ သမဏော စ ဗြာဟ္မဏော စ = သမဏဗြာဟ္မဏာ။

မိဿကတပ္ပုရိသ်ပုံစံ။ န ဗြာဟ္မဏော = အဗြာဟ္မဏော။

အမှာ။ သမာသ် ဝိဂ္ဂဟဝါကျ အတွင်း၌ ရှိသော ပုဒ်များ၏ လိင်,ဝိဘတ် ထားပုံတို့ကို ပြဆိုရာ ဤအခဏ်း၌ ကြားညှပ်၍လည်း သမာသ်အပြားတို့ကို ဖော်ပြသွားပါမည်။

### ဒိဂုသမာသ် အပြား ၂-ပါး

၁။ သမာဟာရ ဒိဂုသမာသ် (ပုံစံ) တယော လောကာ တိလောကံ။ စတဿော ဒိသာ စတုဒ္ဒိသံ။

၂။ အသမာဟာရ ဒိဂုသမာသ် (ပုံစံ) ဧကော ပုဂ္ဂလော ဧကပုဂ္ဂလော။ ဧကော ဓမ္မော ဧကဓမ္မော။
ဧကော ပုတ္တော ဧကပုတ္တော။ တယော ဘဝါ တိဘဝါ။
စတဿော ဒိသာ စတုဒ္ဒိသာ။ ပဉ္စ ဣန္ဒြိယာနိ ပဉ္စိန္ဒြိယာနိ။

အမှာ။ "ဝတ္တိစ္ဆာနုပုဗ္ဗိကာ သဒ္ဒပ္ပဝတ္တိ"ဟူသော ပရိဘာသာနှင့်အညီ သမာဟာရဒိဂု/အသမာဟာရဒိဂု နှစ်မျိုးတို့တွင် နှစ်သက်ရာ ဒိဂုသမာသ်မျိုးဖြင့် ဝိဂ္ဂဟ ပြုနိုင်၏။

### ကမ္မဓာရည်း၌ မှတ်သားဖွယ်

ကမ္မဓာရည်းသမာသ်ကို ဝိဂ္ဂဟပြုသောအခါ "စ နှစ်လုံးအလယ်၊ တ,သ-ရွယ်၊ ကမ္မဓာရည်း သမာသ်၊ အနေမှတ်"နှင့်အညီ ရှေ့ပုဒ်, နောက်ပုဒ်တို့၏ အဆုံး၌ စသဒ္ဒါကို ထည့်၊ ထိုပုဒ်နှစ်ခုတို့၏ အလယ်၌ တသဒ္ဒါကို ထည့်၍ ဝိဂ္ဂဟပြုပါ။ (ပုံစံ) မဟန္တော စ သော ပုရိသော စာတိ မဟာပုရိသော။

အမှာ။ ပုရိသော စာတိ၌ ဣတိကား ဝစနဟေတုဇောတကကို ပြလို၍ ထည့်သော နိပါတ်ပုဒ်တည်း။

(တစ်နည်း) "စ,တ-သဒ္ဒါ၊ ပါ,မပါ၊ နှစ်ဖြာ သင့်ချည်းဘဲ"နှင့်အညီ စသဒ္ဒါ, တသဒ္ဒါတို့ကို မထည့်ဘဲ ဝိဂ္ဂဟ ပြုနိုင်သည်။ (ပုံစံ) မဟန္တော ပုရိသော မဟာပုရိသော။

ကမ္မဓာရည်းသမာသ်၌ ရှေ့ပုဒ် နောက်ပုဒ်တို့ လိင်မတူခဲ့သော် "ရှေ့ပုဒ် တူစွာ၊ တ-သဒ္ဒါ၊ ထားရာ ကမ္မဓာရည်း၊ သဘောတည်း"နိယံနှင့်အညီ ရှေ့ပုဒ်၏ လိင်နှင့် တူညီစွာ တသဒ္ဒါကို ထား၍ ဝိဂ္ဂဟပြုပါ။ (ပုံစံ) သဒ္ဒါ စ သာ ဓနဉ္စာတိ သဒ္ဒါဓနံ။

(တစ်နည်း) ထိုနှစ်ပုဒ်တို့၏ အလယ်၌ ဧဝ, ဣတိ, ဟုတွာ, သင်္ခါတ, ဘူတ သဒ္ဒါတို့တွင် သဒ္ဒါတစ်ခုခုကို ထည့်၍ ဝိဂ္ဂဟပြုပါ။ (ပုံစံ) ဒိဋ္ဌိယေဝ ဂတံ ဒိဋ္ဌိဂတံ၊ ဂုဏော ဧဝ ဓနံ ဂုဏဓနံ၊ အနိစ္စံ ဣတိ သညာ အနိစ္စသညာ၊ အနိစ္စံ ဟုတွာ သညာ အနိစ္စသညာ၊ အနိစ္စံ သင်္ခါတာ သညာ အနိစ္စသညာ၊ အနိစ္စံ ဘူတာ သညာ အနိစ္စသညာ။

ttp://www.dhammadownload.com



အမှာ။ နောက်ပုဒ်၏ အနက်အတွက် အထူးမရှိ၊ ရှေ့ပုဒ်နောင်၌ ဝေသဒ္ဒါ ထည့်၍ ဝိဂ္ဂဟပြုပါ။ တဗ္ဗာဝဝုတ္တိ ကမ္မဓာရည်းဟု ခေါ်၏။ (ပုံစံ) ဒိဋ္ဌဉ္စ တံ ဒိဋ္ဌဂတံ။ ရှေ့ပုဒ်၏ အနက်၌ ဆုံးဖြတ်ခြင်း, တားမြစ်ခြင်းသဘော ပါဝင်၏၊ ရှေ့ပုဒ်နောင်၌ ဝေသဒ္ဒါ ထည့်၍ ဝိဂ္ဂဟပြုပါ။ အဝဓာရဏ ကမ္မဓာရည်းဟု ခေါ်၏။ (ပုံစံ) ဂုဏော ဧဝ ဓနံ ဂုဏဓနံ။ ရှေ့ပုဒ်၏ အနက်၌ ချီးမြှောက်ခြင်းသဘော ပါဝင်၏။ ရှေ့ပုဒ်နောင်၌ ဣတိ, ဟုတွာ, သင်္ခါတ, ဘူတ သဒ္ဒါတို့တွင် နှစ်သက်ရာ သဒ္ဒါတစ်ခုကို ထည့်၍ ဝိဂ္ဂဟပြုပါ။ သမ္ဘာဝနာ ကမ္မဓာရည်းဟု ခေါ်၏။ (ပုံစံ) အနိစ္စံ ဣတိ သညာ အနိစ္စသညာ၊ အနိစ္စံ ဟုတွာ သညာ အနိစ္စသညာ၊ အနိစ္စံ သင်္ခါတာ သညာ အနိစ္စသညာ၊ အနိစ္စံ ဘူတာ သညာ အနိစ္စသညာ။

## ကမ္မဓာရည်းသမာသ် အပြား ၉-ပါး

၁။ ဝိသေသနပုဗ္ဗပဒ ကမ္မဓာရည်း (ပုံစံ) မဟန္တော စ သော ပုရိသော စာတိ မဟာပုရိသော။ မဟန္တံ ဖလံ မဟပ္ဖလံ။

၂။ ဝိသေသနပရပဒ ကမ္မဓာရည်း (ပုံစံ) ဂဏော စ သော ဥတ္တမော စာတိ ဂဏုတ္တမော။
ထေရော စ သော သာရိပုတ္တော စာတိ သာရိပုတ္တတ္ထေရော။

၃။ ဝိသေသနောဘယပဒ ကမ္မ . . (ပုံစံ) သဏှော စ သော သုခုမော စာတိ သဏှသုခုမော။
သီတဉ္စ တံ ဥဏှဉ္စာတိ သီတုဏှံ။

၄။ ဥပမာနုတ္တရပဒ ကမ္မဓာရည်း (ပုံစံ) မုနိ စ သော သီဟော စာတိ မုနိသီဟော။ (သီဟော ဝိယာတိ သီဟော)
သဒ္ဓမ္မော စ သော ရံသိ စာတိ သဒ္ဓမ္မရံသိ။ (ရံသိ ဝိယာတိ ရံသိ)

၅။ သမ္ဘာဝနာ ကမ္မဓာရည်း (ပုံစံ) အနိစ္စံ ဣတိ သညာ အနိစ္စသညာ။ ဓမ္မော ဣတိ ဗုဒ္ဓိ ဓမ္မဗုဒ္ဓိ။
(ဣတိနေရာ၌ ဟုတွာ, ဘူတ, သင်္ခါတတို့ဖြင့်လည်း ဝိဂ္ဂဟ ပြုနိုင်၏)

၆။ အဝဓာရဏပုဗ္ဗပဒ ကမ္မ . . (ပုံစံ) ဂုဏော ဧဝ ဓနံ ဂုဏဓနံ။ စက္ခု ဧဝ ဣန္ဒြိယံ စက္ခုန္ဒြိယံ။

၇။ ပါဒိပုဗ္ဗဒပ ကမ္မဓာရည်း (ပုံစံ) ပဓာနံ ဝစနံ ပါဝစနံ။ ဝိဝိဓာ မတိ ဝိမတိ။ သမံ အာဓာနံ သမာဓာနံ။
ဝိဝိဓော ကပ္ပေါ ဝိကပ္ပေါ။ အဓိကော ဒေဝေါ အဓိဒေဝေါ။
သုန္ဒရော ဂန္ဓော သုဂန္ဓိ။ ကုစ္ဆိတော ဂန္ဓော ဒုဂ္ဂန္ဓိ။
သောဘနံ ကတံ သုကတံ။ အသောဘနံ ကတံ ဒုက္ကဋံ။

၈။ နနိပါတပုဗ္ဗပဒ ကမ္မဓာရည်း (ပုံစံ) န ဗြာဟ္မဏော အဗြာဟ္မဏော။ န အဿော အနဿော။
(ဤသမာသ်ကို မိဿကတပ္ပုရိသ်ဟု အခေါ်များ၏။)

၉။ ကုနိပါတပုဗ္ဗပဒ ကမ္မ . . (ပုံစံ) ကုစ္ဆိတော ပုတ္တော ကုပုတ္တော။ ကုစ္ဆိတံ အသနံ ကဒသနံ။

ဆောင်။ သုံး၀ ဝိသေ၊ ဥပမေ, သမ္ဘာ၊ ဝဓာ, ပါဒိ၊ နနိ တစ်ရပ်၊ ကုနိ ထပ်၊ ကိုးရပ် ကမ္မဓာ။

## ဒွန်သမာသ် အပြား ၂-ပါး

၁။ သမာဟာရ ဒွန်သမာသ် (ပုံစံ) စက္ခု စ သောတဉ္စ စက္ခုသောတံ။ မုခဉ္စ နာသိကာ စ မုခနာသိကံ။

၂။ အသမာဟာရ ဒွန်သမာသ် (ပုံစံ) သာရိပုတ္တော စ မောဂ္ဂလ္လာနော စ သာရိပုတ္တမောဂ္ဂလ္လာနာ။
မာတာ စ ပိတာ စ မာတာပိတရော။

အမှာ။ ဒွန်သမာသ် ဝိဂ္ဂြဟ်အခိုက်အတန့်၌ များသောအားဖြင့် စေဝစ်သာ သက်သည်။

ttp://www.dhammadownload.com



*** ရှေ့ပုဒ် အံ-စ၊ နောက်ပုဒ်-ပ၊ သုဒ္ဓတပ္ပု ဆို။**

သုဒ္ဓတပ္ပုရိသ်သမာသ် ဝိဂ္ဂဟပြုလိုသော် ရှေ့ပုဒ်၌ အံ-အစရှိသော ဝိဘတ် ၆-သွယ်တို့တွင် တစ်ခုခု၊ နောက်ပုဒ်၌ ပထမာဝိဘတ်သာ ထားပါ။

(ဒုတိယာပုံစံ) ဘူမိံ ဂတော ဘူမိဂတော။ သဗ္ဗရတ္တိံ သောဘနော သဗ္ဗရတ္တိသောဘနော။

(တတိယာပုံစံ) သလ္လေန ဝိဒ္ဓေါ သလ္လဝိဒ္ဓေါ။ ဗုဒ္ဓေန ဘာသိတော ဗုဒ္ဓဘာသိတော။
ဣဿရေန ကတံ ဣဿရကတံ။

(စတုတ္ထီပုံစံ) အာဂန္တုကဿ ဘတ္တံ အာဂန္တုကဘတ္တံ။ သံဃဿ (အတ္ထာယ) ဘတ္တံ သံဃဘတ္တံ။
ယာဂုယာ (အတ္ထာယ) တဏ္ဍုလာ ယာဂုတဏ္ဍုလာ။ ကထိနဿ ဒုဿံ ကထိနဒုဿံ။

(ပဥ္စမီပုံစံ) မေထုနာ အပေတော မေထုနာပေတော။ စောရာ ဘယံ စောရာဘယံ။
ဥက္ကဋ္ဌတော ဥက္ကဋ္ဌံ ဥက္ကဋ္ဌုက္ကဋ္ဌံ။

(ဆဋ္ဌီပုံစံ) ရညော ပုတ္တော ရာဇပုတ္တော။ သပ္ပိဿ ကုမ္ဘော သပ္ပိကုမ္ဘော။ ဒေဝါနံ ရာဇာ ဒေဝရာဇာ။

(သတ္တမီပုံစံ) သံသာရေ ဒုက္ခံ သံသာရဒုက္ခံ။ ရူပေ သညာ ရူပသညာ။ ဝနေ ပုပ္ဖံ ဝနပုပ္ဖံ။
ဣတ္ထိယာ ဓုတ္တော ဣတ္ထိဓုတ္တော။

## မှတ်သားဘွယ်

သုဒ္ဓတပ္ပုရိသ်သမာသ်သည် ရှေ့ပုဒ်၌ ကျေသော ဝိဘတ်ကို စွဲ၍ ဒုတိယာ သုဒ္ဓတပ္ပုရိသ်သမာသ်, တတိယာ သုဒ္ဓတပ္ပုရိသ်သမာသ် စသည်ဖြင့် ၆-ပါး အပြားရှိသည်ကို သတိပြုပါ။

သုဒ္ဓတပ္ပုရိသ် ဝိဂ္ဂဟပြုလိုသော် ရှေ့ပုဒ်၌ အံ-စသော ဝိဘတ် ၆-သွယ်တို့တွင် တစ်ခုခု သက်ရမည်ဟု ဆိုခဲ့၏။ မည်သည့်ဝိဘတ် သက်ရမည်ကို သိလိုသော် = ရှေ့ပုဒ်နှင့် နောက်ပုဒ်တို့သည် ကတ္တား+ကတ္တိ၊ ကမ္မ+ကမ္မီ၊ ကရဏ+ကရဏီ၊ သမ္ပဒါန+သမ္ပဒါနီ၊ အပါဒါန+အပါဒါနီ၊ သမ္ဗန္ဓ+သမ္ဗန္ဓီ၊ အာဓာရ+အာဓေယ် ဟူသော ကာရက ကျမ်းလာ သတ္တိ (၇)ပါးတို့တွင် မည်သည့်သတ္တိဖြင့် ဆက်သွယ်သည်ကို ရှာပါ။ ဆက်သွယ်သည့် ကာရကသတ္တိ တွေ့သော် သက်ရမည့် ဝိဘတ်ကို အတိအကျ သိသည်။ (ပုံစံ) ဘူမိဂတော။

ရှင်း။ ဤပုံစံ၌ ဘူမိဟူသော ရှေ့ပုဒ်၏ အရကား = မြေကြီး၊ ဂတောဟူသော နောက်ပုဒ်၏ အရကား = 'သွား'ခြင်းတည်း။ မြေကြီးနှင့် သွားမှုတို့သည် မည်သည့်သတ္တိဖြင့် ဆက်သွယ်သနည်း? ကာရကကျမ်းလာ သတ္တိ (၇)ပါးကို ရှု၍ ဤသို့ စဉ်းစားပါ။ (၁) မြေကြီးသည် သွားတတ်သလော (၂) မြေကြီးသည် သွားမှုကို ခံရသလော (၃) မြေကြီးဖြင့် သွားကြောင်းလော (၄) မြေကြီးသည် သွားမှုကို လက်ခံရသလော (၅) မြေကြီးနှင့် သွားမှုတို့သည် ခွဲခွာသောသဘော ရှိသလော (၆) မြေကြီးသည် သွားမှုကို ပိုင်ဆိုင်သောသဘော ရှိသလော (၇) မြေကြီး၌ သွားမှု၏ တည်ရာသဘော ရှိသလောဟူ၍ စဉ်းစားပါ။

အမှတ်(၂) အမှတ်(၄) အမှတ်(၇) သုံးမျိုးသာ သင့်လျော်၏ဟု ဉာဏ်၌ မြင်လာမည်။ ယင်းသုံးမျိုးတို့တွင် မည်သည့်အမျိုး ဖြစ်နိုင်သနည်း? သွားမှု၌ မြေကြီးကို ရှိသေမှု, အစိုးတရ ပိုင်ဆိုင်မှုသဘော မရှိ၍ သမ္ပဒါနသတ္တိ မဖြစ်နိုင်သောကြောင့် အမှတ်(၄) မဟုတ်တော့ပါ။

အမှတ်(၂)ကမ္မ၊ အမှတ်(၇)အာဓာရ သတ္တိနှစ်မျိုးသာ ဖြစ်နိုင်တော့၏။ ယင်းနှစ်မျိုးတို့တွင် သွားခြင်း အနက်ဟော ဂတောကား ကံကို အလိုရှိသော သကမ္မက ဂမုဓာတ်သာ ဖြစ်၍ အမှတ်(၂) ကမ္မသတ္တိဖြင့်သာ မြေကြီး နှင့် သွားမှုတို့သည် ဆက်သွယ်၏။ ကမ္မသတ္တိဖြင့် ဆက်သွယ်သောကြောင့် ဘူမိဟူသော ရှေ့ပုဒ်၌ သက်ရမည့် ဝိဘတ်ကား ဒုတိယာဝိဘတ်သာ ဖြစ်တော့၏။

ttp://www.dhammadownload.com



အမှာ။ မြေသည် သွား၊ မြေသို့ သွား၊ မြေဖြင့် သွား၊ မြေအား သွား၊ မြေမှ သွား၊ မြေ၏ သွား၊ မြေ၌ သွား–ဟူသော ဝိဘတ်အသံများဖြင့်လည်း ဆက်သွယ်သည့် ကာရကသတ္တိကို အထိုက်အလျောက် ဖော်ထုတ်နိုင်ပါ၏။

## ကမ္မတ္ထ ဆဋ္ဌီတပ္ပုရိသ်

နာမ်ပုဒ် နှစ်ပုဒ်တို့ကို တွဲစပ်ရာဝယ် နောက်ပုဒ်၌ ယု,ဏျု,တုပစ္စည်း ရှိနေပါအံ့။ အနက်ယောဇနာသော အခါ၌လည်း ရှေ့ပုဒ်သည် ကံအနက် ဖြစ်နေပါအံ့။ ယင်းရှေ့ပုဒ်၌ ဒုတိယာဝိဘတ် မသက်ရ။ ရှေ့ပုဒ်ဝယ် ကံအနက်၌ ဆဋ္ဌီဝိဘတ်သာ သက်၍ ဝိဂ္ဂဟ ပြုရမည်။ ယင်းကဲ့သို့သော သမာသ်မျိုးကို "ကမ္မတ္ထ ဆဋ္ဌီတပ္ပုရိသ် သမာသ်"ဟု ခေါ်၏။

(ပုံစံ) ဓမ္မစက္ကဿ ပဝတ္တနံ ဓမ္မစက္ကပ္ပဝတ္တနံ။ (ဓမ္မစက္ကပ္ပဝတ္တနံ–ဓမ္မစကြာကို ဖြစ်စေခြင်း)
ဝံသဿ ပတိဋ္ဌာပကော ဝံသပ္ပတိဋ္ဌာပကော။ (ဝံသပ္ပတိဋ္ဌာပကော–အနွယ်ကို တည်စေတတ်သောသူ)
ဘောဇနဿ ဒါတာ ဘောဇနဒါတာ။ (ဘောဇနဒါတာ–ဘောဇဉ်ကို ပေးတတ်သောသူ)

သတိ။ ဓမ္မစက္ကပ္ပဝတ္တနံဝယ် ပဝတ္တနံ–၌ ပ ပုဗ္ဗ၊ ဝတု ဓာတ် + ယု ပစ္စည်း။
ဝံသပ္ပတိဋ္ဌာပကောဝယ် ပတိဋ္ဌာပကော–၌ ပတိ ပုဗ္ဗ၊ ဌာ ဓာတ် + ဏာပေ ပစ္စည်း + ဏျု ပစ္စည်း။
ဘောဇနဒါတာဝယ် ဒါတာ–၌ ဒါ ဓာတ် + တု ပစ္စည်း။

နိယံ။ ယု,ဏျု,တု–မှီ၊ ဤသုံးလီ၊ ဆဋ္ဌီ ကံနေစေ။

## * ရှေ့ပုဒ်မှာ–ပ၊ နောက်–သတ္တ၊ ဗျယ ဝိဘတ်ဆို။

အဗျယီဘောသမာသ် ဝိဂ္ဂဟပြုလိုသော် ရှေ့ပုဒ်၌ ပဌမာ၊ နောက်ပုဒ်၌ ဝိဘတ်ခုနစ်သွယ်တို့တွင် တစ်ခုခု ထားပါ။

(ပဌမာပုံစံ) ယေ ယေ ဝုဍ္ဎာ ယထာဝုဍ္ဎံ။ ဝုဍ္ဎာ ယထာ ယထာဝုဍ္ဎံ။
(ဒုတိယပုံစံ) အတ္တာနံ အဓိကိစ္စ ပဝတ္တာတိ အဇ္ဈတ္တံ။ စိတ္တံ အဓိကိစ္စ ပဝတ္တာတိ အဓိစိတ္တံ။
(တတိယပုံစံ) မက္ခိကာယ သဟ သမက္ခိကံ။ ကောကိလေန အဝကုဋ္ဌံ (ဝနံ) အဝကောကိလံ။
(အဝကောကိလံ–ဥဩသည် စက်ဆုပ်အပ်သော တော)
(စတုတ္ထီပုံစံ) သရူပဿ ယထာ ယထာသရူပံ။ ကမဿ အနုရူပံ ယထာက္ကမံ။
(ပဉ္စမီပုံစံ) နဂရသ္မာ ဗဟိ ဗဟိနဂရံ။ ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ။ အာ ပါဏကောဋိယာ အာပါဏကောဋိကံ။
(ဆဋ္ဌီပုံစံ) နဂရဿ သမီပံ ဥပနဂရံ။ ဘိက္ခာယ သမိဒ္ဓိ သုဘိက္ခံ။ ဘတ္တဿ ပုရေ ပုရေဘတ္တံ။
ဇေဋ္ဌာနံ အနုပဋိပါဋိ အနုဇေဋ္ဌံ။ သောတဿ ပဋိလောမံ ပဋိသောတံ။ ဝါတဿ ပစ္ဆာ အနုဝါတံ။
(သတ္တမီပုံစံ) ကုမာရီသု အဓိကိစ္စ အဓိကုမာရိ။

## မှတ်သားဘွယ်

အဗျယီဘောသမာသ်သည် နောက်ပုဒ်၌ ကျေသော ဝိဘတ်ကို စွဲ၍ ပဌမာ အဗျယီဘော, ဒုတိယာ အဗျယီဘော သမာသ် စသည်ဖြင့် ၇–ပါး အပြားရှိသည်ကို သတိပြုပါ။

အဗျယီဘော ဝိဂ္ဂဟပြုလိုသော် နောက်ပုဒ်၌ ဝိဘတ် ၇–သွယ်တို့တွင် တစ်ခုခု သက်ရမည်ဟု ဆိုခဲ့၏။

ttp://www.dhammadownload.com



မည့်သည့်ဝိဘတ် သက်ရမည်ကို အတိအကျ သိလိုသော် = ရှေ့ပုဒ်နှင့် နောက်ပုဒ်တို့၏ ဆက်သွယ်သည့် ကာရက သတ္တိကို သုဒ္ဓတပ္ပုရိသ်သမာသ်၌ ဖော်ပြခဲ့သော နည်းအတိုင်း ရှာတော်မူပါ။ သက်ရမည့် ဝိဘတ်ကို အတိအကျ သိလာပါမည်။

အဗျယီဘောသမာသ်၌ ဥပသာရပုဒ်, နိပါတ်ပုဒ်များကို သူ့အတိုင်း တိုက်ရိုက် ထား၍သော်လည်းကောင်း၊ ပရိယာယ် လှယ်၍သော်လည်းကောင်း၊ စွဲသော ပုဒ်အနက်ကို ဖွင့်၍သော်လည်းကောင်း ဝိဂ္ဂဟ ပြုနိုင်၏။

(တိုက်ရိုက်ပုံစံ) သရူပဿ ယထာ ယထာသရူပံ။

(ပရိယာယ်လှယ်သောပုံစံ) သရူပဿ အနုရူပံ ယထာသရူပံ။

(စွဲသောအနက်ဖွင့်ပုံစံ) သရူပဿ ယထာအနုရူပံ ယထာသရူပံ။

## အထူးအဆန်း အဗျယီဘော သမာသ်ပုဒ်များ

အဒ္ဓမာသံ အဒ္ဓမာသံ အနု = အနွဒ္ဓမာသံ။ ယေ ယေ ဝုဍ္ဍာ = ယထာ ဝုဍ္ဎံ။ အတ္တာနံ အတ္တာနံ ပတိ = ပစ္စတ္တံ။ (ဤပုဒ်တို့ကား ဝိစ္ဆာအဗျယီဘော သမာသ်ပုဒ်တို့သာတည်း)။ အတ္တနာတိ = ပစ္စတ္တံ။ ဣတ္ထိယန္တိ = အဓိတ္ထိ။ (ဤပုဒ်တို့ကား ဝိဘတျတ္ထအဗျယီဘော ပုဒ်တို့သာတည်း)။

## * အညာ–သတ္တ၊ သမာသ်–ပ၊ မှတ်ကြ ဗဟုဗ် ဆို။

ဗဟုဗ္ဗီဟိသမာသ်ကို ဝိဂ္ဂဟ ပြုလိုသော် အညပုဒ်၌ ဝိဘတ် ခုနစ်သွယ်တို့တွင် တစ်ခုခု၊ သမာသ်ပုဒ်၌ ပထမာဝိဘတ်သာ ထားပါ။

| | | | | | |
|---|---|---|---|---|---|
| (ပထမာပုံစံ) | နိဂြောဓပရိမဏ္ဍလော | ဣဝ | ပရိမဏ္ဍလော | ယော အယန္တိ | နိဂြောဓပရိမဏ္ဍလော၊ |
| (ဒုတိယာပုံစံ) | အာဂတာ | | သမဏာ | ဣမန္တိ | အာဂတသမဏော၊ |
| (တတိယာပုံစံ) | ဇိတာနိ | | ဣန္ဒြိယာနိ | အနေနာတိ | ဇိတိန္ဒြိယော၊ |
| (စတုတ္ထီပုံစံ) | ဒိန္နော | | သုင်္ကော | ယဿာတိ | ဒိန္နသုင်္ကော၊ |
| (ပဉ္စမီပုံစံ) | နိဂ္ဂတာ | | ဇနော | အသ္မာတိ | နိဂ္ဂတဇနော၊ |
| (ဆဋ္ဌီပုံစံ) | ဆိန္နော | | ဟတ္ထော | ယဿာတိ | ဆိန္နဟတ္ထော၊ |
| (သတ္တမီပုံစံ) | သမ္ပန္နာနိ | | သဿာနိ | ယသ္မိန္တိ | သမ္ပန္နသဿော၊ |

## အညပုဒ်

ဗဟုဗ္ဗီဟိ သမာသ်၌ အညပုဒ် အနက်ကို ထင်ရှားစေခြင်းငှာ ယ,တ,ဧတ,ဣမ ဟူသော ပုဒ်တို့ကို ထည့်၍ ဝိဂ္ဂဟ ပြုသည်။ ဤသို့ ဝိဂ္ဂဟ ပြုရာ၌ ...

အညပုဒ်အရာသည် အနီးအရပ်၌ တည်ရှိအံ့, ဣမသဒ္ဒါကိုလည်းကောင်း၊ အညပုဒ်အရာသည် အလယ်, အလတ် အရပ်၌ တည်ရှိအံ့, ဧတသဒ္ဒါကိုလည်းကောင်း၊ အညပုဒ်အရာသည် အဝေးအရပ်၌ တည်ရှိအံ့, တသဒ္ဒါကိုလည်းကောင်း၊ အညပုဒ်အရာသည် အတိအကျ မပြောနိုင်သော အရပ်၌ တည်ရှိအံ့, ယသဒ္ဒါကိုလည်းကောင်း သုံးစွဲရမည်။

ဆောင်။ အနီး–ဣမ၊ ဧတ–အလယ်၊ အဝေးဝယ်၊ တ–ရွယ်ဟူ၍မှတ်။

အတိအကျ၊ ပြောမရကွယ်၊ အရပ်ဝယ်၊ ယ–နယ်ဟူ၍မှတ်။

ttp://www.dhammadownload.com



## မှတ်သားဘွယ်

ဗဟုဗ္ဗီဟိသမာသ်သည် အညပုဒ်၌ ကျေသော ဝိဘတ်ကို စွဲ၍ ပထမာ ဗဟုဗ္ဗီဟိသမာသ်, ဒုတိယာ ဗဟုဗ္ဗီဟိ သမာသ် စသည်ဖြင့် ဗဟုဗ္ဗီဟိ သမာသ်အပြား ၇–ပါး ရှိသည်ကို သတိပြုပါ။

ဗဟုဗ္ဗီဟိသမာသ် ဝိဂ္ဂဟပြုလိုသော် သမာသ်ပုဒ်၌ ဝိဘတ် ၇–သွယ်တို့တွင် တစ်ခုခု သက်ရမည်ဟု ဆိုခဲ့၏။ မည်သည့်ဝိဘတ် သက်ရမည်ကို အတိအကျ သိလိုသော် ဆဋ္ဌီ ဗဟုဗ္ဗီဟိမှ တစ်ပါး ကြွင်းဗဟုဗ္ဗီဟိ သမာသ်တို့၌= အညပုဒ်နှင့် သမာသ်ပုဒ်တို့တွင် ပါဝင်သော ကြိယာဖြစ်ခွင့် ရှိနေသော နာမ်ပုဒ်တို့၏ ဆက်သွယ်သည့် ကာရကသတ္တိ။ ဆဋ္ဌီ ဗဟုဗ္ဗီဟိသမာသ်၌ကား = အညပုဒ်နှင့် သမာသ်ပုဒ်တို့တွင် ပါဝင်သော ကြိယာဖြစ်ခွင့် မရှိနေသော နာမ်ပုဒ်တို့၏ ဆက်သွယ်သည့် ကာရကသတ္တိတို့ကို သုဒ္ဓတပ္ပုရိသ်၌ ဖော်ပြခဲ့သော နည်းအတိုင်း ရှာတော်မူပါ။ သက်ရမည့် ဝိဘတ်ကို အတိအကျ သိလာပါမည်။

အမှာ။ အာဂတသမဏော သမာသ်ပုဒ်၌ အာဂတာ သမဏာ ဣမံ ဟူသော ဝိဂ္ဂဟဝါကျကို ရှု၍ ယင်းအခိုက်၌ အာဂတသည် ကြိယာဖြစ်ခွင့် ရှိနေသော နာမ်ပုဒ်၊ ဇိတိန္ဒြိယော သမာသ်ပုဒ်၌ ဇိတာနိ ဣန္ဒြိယာနိ အနေန– ဟူသော ဝိဂ္ဂဟဝါကျကို ရှု၍ ယင်းအခိုက်၌ ဇိတသည် ကြိယာဖြစ်ခွင့် ရှိနေသော နာမ်ပုဒ်၊ ဆိန္နဟတ္ထော သမာသ်ပုဒ်၌ ဆိန္နော ဟတ္ထော ယဿ ဟူသော ဝိဂ္ဂဟဝါကျကို ရှု၍ ဟတ္ထသည် ကြိယာဖြစ်ခွင့် မရှိနေသော နာမ်ပုဒ် စသည်ဖြင့် သိပါ။

### * အညလည်း–ပ၊ သမာသ်–ပ၊ မှတ်ကြ ဥပမာဆို။

ဥပမာပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ်၌ အညပုဒ်၌လည်းကောင်း၊ သမာသ်ပုဒ်၌လည်းကောင်း ပထမာဝိဘတ် ချည်းသာ အမြဲသက်ရမည်။ (ပုံစံ) နိဂြောဓပရိမဏ္ဍလော ဣဝ ပရိမဏ္ဍလော ယောအယန္တိ နိဂြောဓပရိမဏ္ဍလော၊ အမှာ။ ဥပမာပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ်ပုဒ်ကို ဝိဂ္ဂဟပြုလိုသော် = ဝိဂ္ဂဟပြုမည့်ပုဒ် တစ်ပုဒ်လုံး၏ နောင်၌ ပထမာဝိဘတ် သက်၍ထား။ ယင်းနောင် ဥပမာဇောတက ဣဝ, ဝိယ စသော နိပါတ်ပုဒ်ကို ထား။ ယင်းနိပါတ်နောင် ဝိဂ္ဂဟပြုမည့်ပုဒ်၏ နောက်ပုဒ်တစ်စိတ်ကို ပထမာဝိဘတ် သက်၍ ထားပါ။ ယင်းနောင် ယ,တ,ဧတ,ဣမ သဗ္ဗနာမ် ပုဒ် (၄)ပုဒ်တို့တွင် သင့်ရာတစ်ပုဒ်ကို ပထမာဝိဘတ် သက်၍ ဝိဂ္ဂဟ ပြုရုံသာ။

### * အညမှာ–ပ၊ သမာသ်–တ၊ သဟ ခြွင်းချက် ဆို။

သဟပုဗ္ဗပဒ ဗဟုဗ္ဗီသမာသ်ဝယ် အညပုဒ်၌ ပထမာဝိဘတ်သာ သက်ပါ။ “အည သတ္တ၊ သမာသ်–ပ” နှင့်အညီ သမာသ်ပုဒ်၌ ပထမာဝိဘတ် သက်ရမည်ဟု ဆိုသော်လည်း သဟာသဒ္ဒါနှင့် ယှဉ်သောကြောင့် သမာသ်ပုဒ်၌ တတိယာဝိဘတ်သာ သက်ပါ။ (သဟာဒိယောဂေ စ – သုတ်ကိုထောက်)

(ပုံစံ) ဝိတက္ကေန သဟ ယေ ဝတ္တန္တီတိ သဝိတက္ကာ။

### * ပုဒ်တစ်စိတ်က၊ ကံဟောပြ၊ အည–ကတ္တားလို၊ အင်္ဂါဒွယ၊ ပြည့်စုံက၊ အည–တတိဆို။

ဗဟုဗ္ဗီဟိ သမာသ်ပုဒ်၌ ပုဒ်တစ်စိတ်သည် ကံဟောကြိယာ ဖြစ်အံ့၊ အညပုဒ်အရသည် ယင်းကံဟော ကြိယာ၏ ကတ္တားဖြစ်အံ့။ ဤအင်္ဂါနှစ်ချက်နှင့် ပြည့်စုံညီညွတ်သော် အညပုဒ်၌ တတိယာဝိဘတ်သာ သက်ရမည်။

(ပုံစံ) ဇိတာနိ ဣန္ဒြိယာနိ အနေနာတိ ဇိတိန္ဒြိယော။

ttp://www.dhammadownload.com



အမှာ။ ဓိတိန္ဒြိယော သမာသ်ပုဒ်၌ ဓိတဟူသော ပုဒ်တစ်စိတ်သည် ကံဟောကြိယာသာတည်း။ အညပုဒ်အရသည် ယင်းဓိတဟူသော ကံဟောကြိယာ၏ ကတ္တား ဖြစ်နေ၏။ ထို့ကြောင့် အနေနဟူသော အညပုဒ်၌ တတိယာဝိဘတ် သက်၍ ဝိဂ္ဂဟပြုသည်။

ဒိန္နော သုင်္ကော ယဿာတိ ဒိန္နသုင်္ကော ပုံစံဝယ် ဒိန္နသုင်္ကော သမာသ်ပုဒ်၌ ဒိန္နဟူသော ပုဒ်တစ်စိတ်သည် ကံဟောကြိယာ ဖြစ်၏။ သို့သော် အညပုဒ်အရသည် ဒိန္နဟူသော ကံဟောကြိယာ၏ ကတ္တားကား မဖြစ်။ ထို့ကြောင့် အညပုဒ်၌ တတိယာဝိဘတ် မသက်ပါ။ ယင်းကဲ့သို့ တတိယာဝိဘတ် မသက်ရာ၌ များသောအားဖြင့် "သ(ဝါ)နံ" ဝိဘတ်တို့တွင် တစ်ခုခုသက်ပါ။

**အညပုဒ်၌ ဝိဘတ်ထားနည်း အချုပ်**

ဥပမာပုဗ္ဗပဒ ဗဟုဗ္ဗီဟိ, သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိ ဝိဂ္ဂဟတို့ဝယ် အညပုဒ်၌ ပထမာဝိဘတ်ကိုလည်းကောင်း၊ အင်္ဂါဒွယ ပြည့်စုံသည့် ကံဟောကြိယာ တစ်စိတ်ပါသော ဗဟုဗ္ဗီဟိ ဝိဂ္ဂဟတို့ဝယ် အညပုဒ်၌ တတိယာဝိဘတ် ကိုလည်းကောင်း၊ ကြွင်းသော ဗဟုဗ္ဗီဟိဝိဂ္ဂဟတို့ဝယ် အညပုဒ်၌ နိပ္ဖန္နပုဒ်၏ ဝုစ်ကိုရှု၍ "သ(ဝါ)နံ" ဝိဘတ်ကို လည်းကောင်း အသုံးပြုပါ။ (ယေဘုယျနည်း)

**ဗဟုသုတ**

**ဗဟုဗ္ဗီဟိသမာသ် (၂)မျိုး**

အညပုဒ်အရ၌ သမာသ်ပုဒ် အရသည် ပါဝင်နေ၏။ ယင်းကဲ့သို့သော ဗဟုဗ္ဗီဟိသမာသ်ကို တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိသမာသ်ဟု ခေါ်၏။ ပုံစံကား = လမ္ဗကဏ္ဏော အာဂစ္ဆတိ စသည်တည်း။

(လမ္ဗကဏ္ဏော–ရှည်သော နားရှိသော မောင်ဘသည်၊ အာဂစ္ဆတိ–လာ၏။)

ဤပုံစံ၌ မောင်ဘလာလျှင် ရှည်သော နားလည်း ပါလာမည်။ မောင်ဘဟူသော အညပုဒ်အရ၌ ရှည်သော နားဟူသော သမာသ်ပုဒ် အရသည် ပါဝင်နေ၏။ ထို့ကြောင့် လမ္ဗကဏ္ဏောဟူသော ဗဟုဗ္ဗီဟိသမာသ်ကို တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိသမာသ်ဟု ခေါ်၏။

အညပုဒ်အရ၌ သမာသ်ပုဒ် အရသည် မပါဝင်။ ယင်းကဲ့သို့သော ဗဟုဗ္ဗီဟိသမာသ်ကို အတဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိသမာသ်ဟု ခေါ်၏။ ပုံစံကား = ဆိန္နဟတ္ထော အာဂစ္ဆတိ စသည်တည်း။

(ဆိန္နဟတ္ထော–ပြတ်သော လက်ရှိသော မောင်ဒေးဗစ်ချန်းသည်၊ အာဂစ္ဆတိ–လာ၏။)

ဤပုံစံ၌ မောင်ဒေးဗစ်ချန်း လာလျှင် ပြတ်သော လက်သည် မပါလာ။ မောင်ဒေးဗစ်ချန်းဟူသော အညပုဒ် အရ၌ ပြတ်သော လက်ဟူသော သမာသ်ပုဒ် အရသည် မပါဝင်။ ထို့ကြောင့် ဆိန္နဟတ္ထောဟူသော ဗဟုဗ္ဗီဟိ သမာသ်ကို အတဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိသမာသ်ဟု ခေါ်၏။

**ဗဟုဗ္ဗီဟိသမာသ် (၃)မျိုး**

အညပုဒ်အရ၌ သမာသ်ပုဒ် အရသည် ပါဝင်နေ၏။ ယင်းကဲ့သို့သော ဗဟုဗ္ဗီဟိသမာသ်ကို အန္တော ဗာဟိရတ္ထက ဗဟုဗ္ဗီဟိသမာသ်ဟု ခေါ်၏။ ပုံစံကား = လမ္ဗကဏ္ဏော အာဂစ္ဆတိ စသည်တည်း။

အညပုဒ်အရ၌ သမာသ်ပုဒ် အရသည် မပါဝင်။ ယင်းကဲ့သို့သော ဗဟုဗ္ဗီဟိသမာသ်ကို ဗာဟိရတ္ထက ဗဟုဗ္ဗီဟိသမာသ်ဟု ခေါ်၏။ ပုံစံကား = ဆိန္နဟတ္ထော အာဂစ္ဆတိ စသည်တည်း။

ttp://www.dhammadownload.com



သမာသ်ပုဒ်အရ၌ အညပုဒ် အရသည် မပါဝင်။ အညပုဒ် အရကို လုံးဝ အရမကောက်ဘဲ သမာသ်ပုဒ်၏ အရကိုသာ သီးသန့် အရကောက်ထားပါလျက် ဗဟုဗ္ဗီဟိသမာသ်ကား ဖြစ်နေ၏။ ယင်းကဲ့သို့သော ဗဟုဗ္ဗီဟိ သမာသ်ကို အန္တောရတ္ထက ဗဟုဗ္ဗီဟိသမာသ်ဟု ခေါ်၏။ ပုံစံကား = သနရာမရာ ဇုဒ္ဒံ ဝန္ဒန္တိ စသည်တည်း။

အနက်။ သနရာမရာ–နတ်နှင့်တကွသော လူတို့သည်၊ ဇုဒ္ဒံ–ကို၊ ဝန္ဒန္တိ–ရှိခိုးကြကုန်၏။

အမှာ။ သနရာမရာကို = သဟ+နရ+အမရ–ဟု ပုဒ်ခွဲပါ။ (သဟ–တကွ၊ နရ–လူ၊ အမရ–နတ်။)

## သမာသန္တ က–ပစ္စည်း

သမာသ်ပုဒ်၏ အဆုံး၌ သမာသန္တ က–ပစ္စည်းကို တွေ့မြင်ရအံ့၊ ဗဟုဗ္ဗီဟိသမာသ်ဟု ပုံသေမှတ်ပါ။

(ပုံစံ) ဗဟူ နဒိယော ယသ္မိံ သော ဗဟုနဒိကော။ နိယတာ မိစ္ဆာဒိဋ္ဌိ ယဿာတိ နိယတမိစ္ဆာဒိဋ္ဌိကော။

နိယံ။ သမာသန္တ၊ က–ဆုံးပြ၊ ကြံရ–ဗဟုဗ်သာ။

အမှာ။ သမာသ် ဝိဂ္ဂဟဝါကျ၏ လိင်,ဝိဘတ် ထားနည်းကို သိပြီးသည့်နောက်၌ သမာသ် နိပ္ဖန္နပုဒ်၏ လိင်,ဝုစ် ထားနည်းကို ဖော်ပြအပ်ပါ၏။

## သမာသ် နိပ္ဖန္နပုဒ် လိင်,ဝုစ်ထားနည်း

* ဗျယီ, နပုံး၊ ကံ, တပ် ထုံး၊ အဆုံးလိင်နှင့်တိုက်၊

* ဒိဂု, ဒွန္ဒ၊ အသမာ၊ ဆုံးရာ လိင်သို့လိုက်၊

* သမာဟာရ၊ ဒိ, ဒွန္ဒ၊ ဧက, နပုံးဆိုက်၊

* ဗဟုဗ္ဗိထုတ်၊ အညပုဒ်၊ လိင်ဝုစ် ကြည့်၍ကိုက်၊

* နိပ္ဖန္နပုဒ်၊ ပဌမာထုတ်၊ အဟုတ်ဆို၍ကိုက်။

သတိ။ သမာသ်, တဒ္ဓိတ်, ကိတ်ပုဒ်တို့၏ နိပ္ဖန္နပုဒ် ဟူသမျှ၌ ပဌမာဝိဘတ်သာ ထားရမည်ကို သတိပြု။

=============

## တဒ္ဓိတ် – ဝိဂ္ဂဟပြုနည်း

### ပုဒ်နှင့် ပစ္စည်း စပ်ခြင်းသည် တဒ္ဓိတ်

ဝါသိဋ္ဌောဟူသော တဒ္ဓိတ်ပုဒ်ကို ရုပ်ပြီးကြည့်ပါ။ ဝသိဋ္ဌပုဒ်နှင့် ဏပစ္စည်းတို့ စပ်၍ ရုပ်ပြီးသည်ကို တွေ့မြင်ရမည်။ ဤသို့ ပုဒ်နှင့်ပစ္စည်းတို့ စပ်၍ တဒ္ဓိတ်ပုဒ်တို့ ဖြစ်ပေါ်လာသောကြောင့် ပုဒ်နှင့်ပစ္စည်း စပ်ခြင်းကို တဒ္ဓိတ်ဟု ဆရာတို့ ဆိုကြ၏။

### ချေးကျေ ချေးတဒ္ဓိတ်၊ နွားကျေ နွားတဒ္ဓိတ်

(ပုံစံ) မနုဿဿ သုနခေါ = မာနုသော။ (သုနခ ၊ဝါ– ချေးတဒ္ဓိတ်)

(ပုံစံ) မနုဿဿ ဂေါဏော = မာနုသော။ (ဂေါ ၊ဝါ– နွားတဒ္ဓိတ်)

(ပုံစံ) ဝသိဋ္ဌဿ အပစ္စံ = ဝါသိဋ္ဌော။ (အပစ္စ ၊ဝါ– သားတဒ္ဓိတ်)

ဤသို့လျှင် ကျေသော ပုဒ်ကို စွဲ၍ တဒ္ဓိတ်အမည်များကို သတ်မှတ်ရာ တဒ္ဓိတ်အမည်တို့သည် အရာ, အထောင်မက များပြား၏။ ယင်းကဲ့သို့ အရာ,အထောင်မက များသော်လည်း သင်ရိုးပိဋကတ်၌ အသုံးများသော တဒ္ဓိတ်တို့ကား အတန်အသင့်သာ ရှိ၏။ ယင်းတို့ကို အနည်းငယ်မျှ ထုတ်ပြပါအံ့။ ကျက်မှတ်တော်မူကြပါ။

ttp://www.dhammadownload.com



## ကျက်မှတ်သင့်သော ပုံစံများ

| | | |
|---|---|---|
| ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော | (အပစ္စ တဒ္ဓိတ်) | ဝသိဋ္ဌပုဒ် + ဏပစ္စည်း။ |
| တိလေန သံသဋ္ဌံ တေလိကံ | (သံသဋ္ဌ တဒ္ဓိတ်) | တိလပုဒ် + ဏိကပစ္စည်း။ |
| နာဝါယ တရတီတိ နာဝိကော | (တရတိ တဒ္ဓိတ်) | နာဝါပုဒ် + ဏိကပစ္စည်း။ |
| သကဋေန စရတီတိ သာကဋိကော | (စရတိ တဒ္ဓိတ်) | သကဋပုဒ် + ဏိကပစ္စည်း။ |
| သီသေန ဝဟတီတိ သီသိကော | (ဝဟတိ တဒ္ဓိတ်) | သီသပုဒ် + ဏိကပစ္စည်း။ |
| ရာဇဂဟာနံ နိဝါသာ ရာဇဂဟာ | (နိဝါသ တဒ္ဓိတ်) | ရာဇဂဟပုဒ် + ဏပစ္စည်း။ |
| ရာဇဂဟေ ဝသတီတိ ရာဇဂဟိကော | (ဝသတိ တဒ္ဓိတ်) | ရာဇဂဟပုဒ် + ဏိကပစ္စည်း။ |
| ရာဇဂဟေ ဇာတော ရာဇဂဟိကော | (ဇာတ တဒ္ဓိတ်) | ရာဇဂဟပုဒ် + ဏိကပစ္စည်း။ |
| ဝိနယ မဓီတေ ဝေနယိကော | (အဓီတ တဒ္ဓိတ်) | ဝိနယပုဒ် + ဏိကပစ္စည်း။ |
| ကာယေန ကတံ ကာယိကံ | (ကတ တဒ္ဓိတ်) | ကာယပုဒ် + ဏိကပစ္စည်း။ |
| သရီရေ သန္နိဓာနာ ဝေဒနာ သာရီရိကာ | (သန္နိဓာန တဒ္ဓိတ်) | သရီရပုဒ် + ဏိကပစ္စည်း။ |
| ဒွါရေ နိယုတ္တော ဒေါဝါရိကော | (နိယုတ္တ တဒ္ဓိတ်) | ဒွါရပုဒ် + ဏိကပစ္စည်း။ |
| ဝီဏာ အဿ သိပ္ပံ ဝေဏိကော | (သိပ္ပ တဒ္ဓိတ်) | ဝီဏာပုဒ် + ဏိကပစ္စည်း။ |
| ဂန္ဓော အဿ ဘဏ္ဍံ ဂန္ဓိကံ | (ဘဏ္ဍ တဒ္ဓိတ်) | ဂန္ဓပုဒ် + ဏိကပစ္စည်း။ |
| ဇာလေန ဟတော ဇာလိကော | (ဟတ တဒ္ဓိတ်) | ဇာလပုဒ် + ဏိကပစ္စည်း။ |
| သုတ္တေန ဗဒ္ဓေါ သုတ္တိကော | (ဗဒ္ဓ တဒ္ဓိတ်) | သုတ္တပုဒ် + ဏိကပစ္စည်း။ |
| ဗုဒ္ဓေ ပသန္နော ဗုဒ္ဓိကော | (ပသန္န တဒ္ဓိတ်) | ဗုဒ္ဓပုဒ် + ဏိကပစ္စည်း။ |
| ဗုဒ္ဓဿ သန္တကံ ဗုဒ္ဓိကံ | (သန္တက တဒ္ဓိတ်) | ဗုဒ္ဓပုဒ် + ဏိကပစ္စည်း။ |
| ဗုဒ္ဓဿ ဣဒံ ဗုဒ္ဓိကံ | (ဣဒံ တဒ္ဓိတ်) | ဗုဒ္ဓပုဒ် + ဏိကပစ္စည်း။ |

မှတ်ချက်။ သန္တကတဒ္ဓိတ် ရသော ပုဒ်များသည် ဣဒံတဒ္ဓိတ်လည်း ရ၏။

| | | |
|---|---|---|
| ကုမ္ဘဿ ရာသိ ကုမ္ဘိကံ | (ရာသိ တဒ္ဓိတ်) | ကုမ္ဘပုဒ် + ဏိကပစ္စည်း။ |
| ကသာဝေန ရတ္တံ ကာသာဝံ | (ရတ္တ တဒ္ဓိတ်) | ကသာဝပုဒ် + ဏပစ္စည်း။ |
| မထုရာယ အာဂတော မာထုရော | (အာဂတ တဒ္ဓိတ်) | မထုရာပုဒ် + ဏပစ္စည်း။ |
| မထုရာယ ဣဿရော မာထုရော | (ဣဿရ တဒ္ဓိတ်) | မထုရာပုဒ် + ဏပစ္စည်း။ |
| ပဉ္စာ ဇာတော ပစ္ဆိမော | (ဇာတ တဒ္ဓိတ်) | ပဉ္စာပုဒ် + ဣမပစ္စည်း။ |
| ဘိက္ခူနံ သမူဟော ဘိက္ခော | (သမူဟ တဒ္ဓိတ်) | ဘိက္ခုပုဒ် + ဏပစ္စည်း။ |
| မဒနဿ ဌာနံ မဒနီယံ | (ဌာန တဒ္ဓိတ်) | မဒနပုဒ် + ဣယပစ္စည်း။ |
| ရူမော ဝိယ ရူမာယိတတ္တံ | (ဥပမာ တဒ္ဓိတ်) | ရူမပုဒ် + အာယိတတ္တပစ္စည်း။ |
| ရူမော ဣဝ ရူမာယိတတ္တံ | (ဥပမာ တဒ္ဓိတ်) | ရူမပုဒ် + အာယိတတ္တပစ္စည်း။ |
| ဒုဋ္ဌု နိဿိတံ ဒုဋ္ဌုလ္လံ | (နိဿိတ တဒ္ဓိတ်) | ဒုဋ္ဌုပုဒ် + လပစ္စည်း။ |
| အဘိဇ္ဈာ တဗ္ဗဟုလာ အဘိဇ္ဈာလု | (တဗ္ဗဟုလ တဒ္ဓိတ်) | အဘိဇ္ဈာပုဒ် + အာလုပစ္စည်း။ |
| အလသဿ ဘာဝေါ အာလသျံ | (ဘာဝ တဒ္ဓိတ်) | အလသပုဒ် + ဏျပစ္စည်း။ |
| ပံသုကူလိကဿ ဘာဝေါ ပံသုကူလိကတ္တံ | (ဘာဝ တဒ္ဓိတ်) | ပံသုကူလိကပုဒ် + တ္တပစ္စည်း။ |

ttp://www.dhammadownload.com



| | | |
|---|---|---|
| ပုထုဇ္ဇနဿ ဘာဝေါ ပုထုဇ္ဇနတ္တနံ | (ဘာဝ တဒ္ဓိတ်) | ပုထုဇ္ဇနပုဒ် + တ္တနပစ္စည်း။ |
| ဝိသမဿ ဘာဝေါ ဝေသမံ | (ဘာဝ တဒ္ဓိတ်) | ဝိသမပုဒ် + ဏပစ္စည်း။ |
| ဝိသေသေန ပါပေါတိ ပါပတရော | (ဝိသေသ တဒ္ဓိတ်) | ပါပပုဒ် + တရပစ္စည်း။ |
| ဝိသေသေန ပါပေါတိ ပါပတမော | (ဝိသေသ တဒ္ဓိတ်) | ပါပပုဒ် + တမပစ္စည်း။ |
| မေဓာ ယဿ အတ္ထီတိ မေဓာဝီ | (အဿတ္ထိ တဒ္ဓိတ်) | မေဓာပုဒ် + ဝီပစ္စည်း။ |
| သုဝဏ္ဏေန ပကတံ သောဝဏ္ဏမယံ | (ပကတိ ၊ဝါ- နိဗ္ဗတ္တ တဒ္ဓိတ်) | သုဝဏ္ဏပုဒ် + မယပစ္စည်း။ |
| သုဝဏ္ဏေန နိဗ္ဗတ္တံ သောဝဏ္ဏမယံ | (နိဗ္ဗတ္တ တဒ္ဓိတ်) | သုဝဏ္ဏပုဒ် + မယပစ္စည်း။ |
| အစ္ဆရာယ ယောဂ္ဂံ အစ္ဆရိယံ | (ယောဂ္ဂ တဒ္ဓိတ်) | အစ္ဆရာပုဒ် + ဏိယပစ္စည်း။ |
| ဂေါတမေန သမ္ဗန္ဓော ဂေါတမော | (သမ္ဗန္ဓ တဒ္ဓိတ်) | ဂေါတမပုဒ် + ဏပစ္စည်း။ |
| ပဗ္ဗတာ နိက္ခန္တာ ပဗ္ဗတေယျာ | (နိက္ခန္တ တဒ္ဓိတ်) | ပဗ္ဗတပုဒ် + ဏေယျပစ္စည်း။ |
| ဣမသ္မိံ ကာလေ အဇ္ဇ | (ကာလ တဒ္ဓိတ်) | ဣမပုဒ် + ဇ္ဇပစ္စည်း။ |
| အပရသ္မိံ ကာလေ အပရဇ္ဇု | (ကာလ တဒ္ဓိတ်) | အပရပုဒ် + ဇ္ဇုပစ္စည်း။ |
| ပဉ္စန္နံ ပူရဏော ပဉ္စမော | (သင်္ချာပူရဏ တဒ္ဓိတ်) | ပဉ္စပုဒ် + မပစ္စည်း။ |
| ဒွိန္နံ ပူရဏော ဒုတိယော | (သင်္ချာပူရဏ တဒ္ဓိတ်) | ဒွိပုဒ် + တိယပစ္စည်း။ |
| တိန္နံ ပူရဏော တတိယော | (သင်္ချာပူရဏ တဒ္ဓိတ်) | တိပုဒ် + တိယပစ္စည်း။ |
| စတုန္နံ ပူရဏော စတုတ္ထော | (သင်္ချာပူရဏ တဒ္ဓိတ်) | စတုပုဒ် + ထပစ္စည်း။ |
| ဆန္နံ ပူရဏော ဆဋ္ဌော | (သင်္ချာပူရဏ တဒ္ဓိတ်) | ဆပုဒ် + ဋ္ဌပစ္စည်း။ |
| ဒသဿ ဒွိကံ ဝီသံ | (ဂုဏိတသင်္ချာ တဒ္ဓိတ်) | |
| ဒသ စ ဒသ စ ဝီသံ | (သင်္ချာဧကသေသ တဒ္ဓိတ်) | |
| ပုရိသော စ ပုရိသော စ ပုရိသာ | (ဧကသေသ တဒ္ဓိတ်) | |

မှတ်ချက်။ ဧကသေသ တဒ္ဓိတ်ပုဒ်တို့ကို ဒွန်သမာသ်ဟု ယူလည်းသင့်၏။

| | | |
|---|---|---|
| ဒေဝေါယေဝ ဒေဝတာ | (သွတ္ထ တဒ္ဓိတ်) | ဒေဝပုဒ် + တာပစ္စည်း။ |
| စာရော ဧဝ စာရိကာ | (သကတ္ထ တဒ္ဓိတ်) | စာရပုဒ် + ကပစ္စည်း။ |
| ဧကော ဝါရော ဧကက္ခတ္တုံ | (အဗျယ တဒ္ဓိတ်) | ဧကပုဒ် + ခတ္တုံပစ္စည်း။ |
| သော ပကာရော တထတ္တာ | (အဗျယ တဒ္ဓိတ်) | တ ပုဒ် + ထတ္တာပစ္စည်း။ |
| ကော ပကာရော ကထံ | (အဗျယ တဒ္ဓိတ်) | ကိံပုဒ် + ထံပစ္စည်း။ |
| ဧကေန ဝိဘာဂေန ဧကဓာ | (အဗျယ တဒ္ဓိတ်) | ဧကပုဒ် + ဓာပစ္စည်း။ |
| သော ပကာရော တထာ | (အဗျယ တဒ္ဓိတ်) | တ ပုဒ် + ထာပစ္စည်း။ |
| သုတ္တေန ဝိဘာဂေန သုတ္တသော | (အဗျယ တဒ္ဓိတ်) | သုတ္တပုဒ် + သောပစ္စည်း။ |
| ဧကဓာ ကရောတီတိ ဧကဇ္ဈံ | (အဗျယ တဒ္ဓိတ်) | ဧကပုဒ် + ဇ္ဈပစ္စည်း။ |

**အဗျယတဒ္ဓိတ် (၇)ပစ္စည်း**

ခတ္တုံ, ထတ္တာ၊ ထံ, ဓာ, ထာ၊ သော, ဇ္ဈ-သတ္တ၊ အဗျယ။

ttp://www.dhammadownload.com



## တဒ္ဓိတ်ပုဒ် ဆုံးဖြတ်နည်း

ပညာရှင်တို့သည် စပ်ပုဒ်ကို ရှုမျှော်၍ မည်သည့်တဒ္ဓိတ် ဖြစ်၏ဟု ဆုံးဖြတ်ကြ၏။ မှန်၏၊ အလွန် မှန်၏။ သို့သော် . . . အတွေ့အကြုံနု၊ ဉာဏ်နုလွန်းသော အရှင်တို့အတွက် ဤနည်းသည် မလွယ်ကူလှချေ။ စာနှသူများ အနေဖြင့် (က) အနက်ကို ရှု၍လည်းကောင်း (ခ) ပစ္စည်းကို ရှု၍လည်းကောင်း မည်သည့်တဒ္ဓိတ် ဖြစ်၏ဟု ဆုံးဖြတ်နိုင်ပါ၏။

## (က) အနက်ကို ရှု၍ တဒ္ဓိတ်ပုဒ် ဆုံးဖြတ်နည်း

မိမိသိလိုသော ပုဒ်ကို အနက်ပေးပါ။ သား, ရောနှော, ကူး စသော အနက်သံများ ပါ၏။ သို့သော် ယင်းပုဒ်၌ အပစ္စ, သံသဋ္ဌ, တရတိ စသော သဒ္ဒါများ မပါဘဲ ကျေပျောက်နေ၏။ ယင်းကျေပျောက်နေသော သဒ္ဒါကို စွဲ၍ အပစ္စ, သံသဋ္ဌ, တရတိ စသော တဒ္ဓိတ်ဖြစ်၏ဟု ဆုံးဖြတ်ပါ။

(ပုံစံ) ကောသလာ–ကောသလတို့၏ 'နေရာ' ဖြစ်ကုန်သော။

ဤပုံစံ၌ 'နေရာ'ဟူသော အနက်သံပါ၏။ သို့သော် ... နေရာ အနက်ဟော 'နိဝါသ'သဒ္ဒါ မပါ၊ ကျေပျောက်နေ၏။ နိဝါသတဒ္ဓိတ်ဟု ဆုံးဖြတ်ပါ။ ဝိဂ္ဂဟ ပြုလိုသော် နိဝါသတဒ္ဓိတ် ပုံစံပြ ရာဇဂဟာကို မှီး၍ ... ကောသလာနံ နိဝါသာ ကောသလာ–ဟု နိဝါသတဒ္ဓိတ် ဝိဂ္ဂဟပြုပါ။

အမှာ။ ကောသလာ ပုဒ်ကို "ကောသလာ–ကောသလတိုင်းတို့ကို အစိုးရကုန်သော"ဟု အနက်ပေးသော် = ကောသလာနံ ဣဿရာ ကောသလာ–ဟု ဣဿရတဒ္ဓိတ် ဝိဂ္ဂဟပြုပါ။

## (ခ) ပစ္စည်းကို ရှု၍ တဒ္ဓိတ်ပုဒ် ဆုံးဖြတ်နည်း

မိမိသိလိုသော ပုဒ်၏အဆုံး၌ အာယိတတ္တ ပစ္စည်းဆုံးသော် = ဥပမာတဒ္ဓိတ်။ အာလု ပစ္စည်းဆုံးသော် = တဗ္ဗဟုလတဒ္ဓိတ်။ ဏျ, တ္တ, တ္တန ပစ္စည်းဆုံးသော် = ဘာဝတဒ္ဓိတ်။ တရ, တမ ပစ္စည်းဆုံးသော် = ဝိသေသတဒ္ဓိတ်။ ဝီ ပစ္စည်းဆုံးသော် = အဿတ္ထိတဒ္ဓိတ်။ မယ ပစ္စည်းဆုံးသော် = နိဗ္ဗတ္တတဒ္ဓိတ်။ ဒ္ဓ, ဓို ပစ္စည်းဆုံးသော် = ကာလတဒ္ဓိတ်။ မ, တိယ, ထ, ဌ ဟူသော ပစ္စည်းများ ဆုံး၏၊ ယင်းပုဒ်၏ ရှေ့၌ သင်္ချာပါသော် = သင်္ချာတဒ္ဓိတ်။ ကွတ္တုံ စသော အဗျယ ပစ္စည်းဆုံးသော် = အဗျယတဒ္ဓိတ်ဟု ဆုံးဖြတ်ပါ။

အမှာ။ ပုံစံများကို ကျက်မှတ်သင့်သော ပုံစံများဟူသော ခေါင်းစီးအောက်၌ ဖော်ပြပြီးပါပြီ။

### ဗဟုသုတ

ပစ္စည်းအတွက် အရကောက် သီးသန့်မရှိ။ ပစ္စည်း၏ ရှေ့၌ရှိသော ပုဒ်၏ အရကိုသာ ပစ္စည်း၏ အရကောက် အဖြစ်ဖြင့် ယူရ၏။ ထိုအခါ ပုဒ်အနက်နှင့် ပစ္စည်းအနက်တို့သည် တူလေတော့၏။ ယင်းပုဒ်မျိုးကို သွတ္ထတဒ္ဓိတ်ပုဒ်ဟု ခေါ်၏။ (ပုံစံ) ဒေဝေါယေဝ ဒေဝတာ။

ရှင်း။ ဒေဝတာဟူသော တဒ္ဓိတ်ပုဒ်၌ = ဒေဝေါယေဝ ဟူသော ဝိဂ္ဂဟဝါကျကို ထောက်၍ ဒေဝဟူသော ပုဒ်၏ အရကား 'နတ်'ကို ရ၏။ တာ ပစ္စည်း၏ အရကား သီးသန့်မရှိ၊ တာ ပစ္စည်း၏ ရှေ့၌ရှိသော ဒေဝပုဒ်၏ အရဖြစ်သော 'နတ်'ကိုသာ တာ ပစ္စည်း၏ အရကောက် အဖြစ်ဖြင့် ယူရ၏။ ထိုအခါ ဒေဝဟူသော ပုဒ်၏ အနက်နှင့် တာ ပစ္စည်း၏ အနက်တို့သည် 'နတ်'ဟူသာ တူလေတော့၏။ ဤသို့ ပုဒ်အနက်နှင့် ပစ္စည်းအနက်တို့ တူသော ပုဒ်မျိုးကို သွတ္ထတဒ္ဓိတ်ပုဒ်ဟု ခေါ်၏။

ttp://www.dhammadownload.com



နောက်ပုဒ်အတွက် အရကောက် သီးသန့်မရှိ။ ရှေ့ပုဒ်၏ အရကိုသာ နောက်ပုဒ်၏ အရကောက် အဖြစ်ဖြင့် ယူရ၏။ ထိုအခါ ရှေ့ပုဒ်အနက်နှင့် နောက်ပုဒ်အနက်တို့သည် တူလေတော့၏။ ယင်းပုဒ်မျိုးကို တဗ္ဗာဝဂုတ္တိ ကမ္မဓာရည်း သမာသ်ပုဒ်ဟု ခေါ်၏။ (ပုံစံ) ဒိဋ္ဌိယေဝ ဂတံ ဒိဋ္ဌိဂတံ။

ရှင်း။ ဒိဋ္ဌိဂတံဟူသော သမာသ်ပုဒ်၌ = ဒိဋ္ဌိဟူသော ရှေ့ပုဒ်၏ အရကား 'ဒိဋ္ဌိ'ကို ရ၏။ ဂတဟူသော နောက်ပုဒ်၏ အရကား သီးသန့်မရှိ၊ ဒိဋ္ဌိဟူသော ရှေ့ပုဒ်၏ အရဖြစ်သော 'ဒိဋ္ဌိ'ကိုသာ ဂတဟူသော နောက်ပုဒ်၏ အရကောက် အဖြစ်ဖြင့် ယူရ၏။ ထိုအခါ ဒိဋ္ဌိဟူသော ရှေ့ပုဒ်၏ အနက်နှင့် ဂတဟူသော နောက်ပုဒ်၏ အနက်တို့သည် 'ဒိဋ္ဌိ'ဟုသာ တူလေတော့၏။ ဤသို့ ရှေ့ပုဒ်၏ အနက်နှင့် နောက်ပုဒ်၏ အနက်တို့ တူသော သမာသ်ပုဒ်မျိုးကို တဗ္ဗာဝဂုတ္တိ ကမ္မဓာရည်း သမာသ်ပုဒ်ဟု ခေါ်၏။

==============

## ကိတ် - ဝိဂ္ဂဟပြုနည်း

### ဓာတ်နှင့် ပစ္စည်း စပ်ခြင်းသည် ကိတ်

ဗုဒ္ဓေါဟူသော ကိတ်ပုဒ်ကို ရုပ်ပြီးကြည့်ပါ။ ဗုဓဓာတ်နှင့် တပစ္စည်းတို့ စပ်၍ ရုပ်ပြီးသည်ကို တွေ့မြင်ရမည်။ ဤသို့ ဓာတ်နှင့်ပစ္စည်းတို့ စပ်၍ ကိတ်ပုဒ်တို့ ဖြစ်ပေါ်လာသောကြောင့် ဓာတ်နှင့်ပစ္စည်း စပ်ခြင်းကို ကိတ်ဟု ဆရာတို့ ဆိုကြ၏။

**သာဓန (၇) ပါး**

| သာဓန | သင်္ကေတ | သတ္တိ | အနက် |
|---|---|---|---|
| ကတ္တုသာဓန | တတ် | ပြုလုပ်တတ် | သည်၊ ကား၊ က |
| ကမ္မသာဓန | အပ် | ပြုလုပ်အပ်/ခံ | ကို၊ သို့ |
| ကရဏသာဓန | ကြောင်း | ပြုကြောင်း | ဖြင့် |
| သမ္ပဒါနသာဓန | ရာ | လက်ခံရာ | အား၊ ငှာ |
| အပါဒါနသာဓန | ရာ | ထွက်ခွာရာ | မှ |
| အဓိကရဏသာဓန | ရာ | တည်ရာ | ၌၊ မှာ |
| ဘာဝသာဓန | ခြင်း | × × × × × | × × × × × |

(ဆောင်) ပ"တတ်" တစ်ကောင်၊ "အပ်" တစ်စင်း၊ "ကြောင်း" တစ်သင်း၊ "ရာ" သုံးခင်း၊ "ခြင်း" တစ်လုံး။

### သာဓနရွေးနည်း

ဓာတ်အနက်ကို ရှာ၊ ပစ္စည်းအရကို ရှာ၊ ထို့နောင် ဓာတ်အနက်နှင့် ပစ္စည်းအရ တရားတို့၏ ဆက်သွယ်မှု သတ္တိကို ရှာ၊ ယင်းသတ္တိသည် သာဓန ဖြစ်၏။

သတိ။ ပုဒ်လုံး၏ အရနှင့် ပစ္စည်း၏ အရတို့သည် အမြဲတူ၏။ (ဥပမာ) ဗုဒ္ဓပုဒ်၌ = ဗုဒ္ဓဟူသော ပုဒ်လုံး၏ အရကား ဘုရား၊ တပစ္စည်း၏ အရလည်း ဘုရားပင် ဖြစ်၏။ ဤသို့ အမြဲတူ၏။

ttp://www.dhammadownload.com



**ပုံစံများ**

(သုဒ္ဓကတ္တု သာဓနပုံစံ) (ဗုဇ္ဈတီတိ = ဗုဒ္ဓေါ)

ဗုဒ္ဓေါ

↙ ↘

ဗုဓာတ် တပစ္စည်း

↓ ↓

သိ ဘုရား

ရှင်း။ ဤပုံစံ၌ ဓာတ်၏ အနက်ကား = သိ၊ ပစ္စည်း၏ အရကား = ဘုရားတည်း။ ဘုရားနှင့် သိမှုတို့ မည်သည့် သတ္တိဖြင့် ဆက်သွယ်သနည်း? သာဓန(၇)ပါး ဇယားကို ရှု၍ ဤသို့စဉ်းစားပါ။

၁။ ဘုရားသည် သိတတ်သလော ၂။ ဘုရားကို သိအပ်သလော ၃။ ဘုရားဖြင့် သိကြောင်းလော ၄။ ဘုရားအား သိရာလော ၅။ ဘုရားမှ သိရာလော ၆။ ဘုရား၌ သိရာလော . . . စသည်ဖြင့် စဉ်းစားပါ။ 'ဘုရားသည် သိတတ်၏'ဟု ဘုရားနှင့် သိမှုတို့သည် ကတ္တုသတ္တိဖြင့် ဆက်သွယ်နေသည်ကို ဉာဏ်၌ မြင်လာမည်။

တစ်နည်း–စဉ်းစားသော် ၁။ သိတတ်၍ ဘုရားဖြစ်သလော ၂။ သိအပ်၍, အသိခံရ၍ ဘုရားဖြစ်သလော ၃။ သိကြောင်းဖြစ်၍ ဘုရားဖြစ်သလော ၄။ သိရာဖြစ်၍ ဘုရားဖြစ်သလော . . . စသည်ဖြင့် စဉ်းစားကြည့်ပါ။ 'သိတတ်၍ ဘုရား' ဖြစ်၏ဟု ဓာတ်အနက်နှင့် ပစ္စည်းအရတို့သည် ကတ္တုသတ္တိဖြင့် ဆက်သွယ်နေသည်ကို ဉာဏ်၌ မြင်လာမည်။ ဤသို့ ဓာတ်အနက်နှင့် ပစ္စည်းအရတို့သည် ကတ္တုသတ္တိဖြင့် ဆက်သွယ်နေသောကြောင့် 'ဗုဒ္ဓေါ'ဟူသော ကိတ်ပုဒ်ကို ကတ္တုသာဓနဖြင့် ဝိဂ္ဂဟ ပြုရမည်။

အမှာ။ ဗုဒ္ဓပုဒ်၌ ဓာတ်အနက်ကား = သိ၊ ပစ္စည်းအရကား = ဘုရားတည်း။ ဓာတ်အနက်နှင့် ပစ္စည်းအရတို့သည် ကွဲခဲ့သော် ဘာဝသာဓန ဝိဂ္ဂဟ မပြုရ။ ဓာတ်အနက်နှင့် ပစ္စည်းအရတို့ တူခဲ့သော် ဘာဝသာဓနသာ ဝိဂ္ဂဟပြုပါ။ အထက်၌ ဖော်ပြခဲ့သော နည်းကို မှီး၍ ကိတ်ပုဒ်တွေ့တိုင်း မည်သည့်သာဓနဖြင့် ဝိဂ္ဂဟပြုသင့်၏ဟု စဉ်းစား ဆုံးဖြတ်၍ ဝိဂ္ဂဟပြုပါ။

## ဝိဂ္ဂဟပြုနည်း (၂)နည်း

ကိတ်ပုဒ်ကို ဝိဂ္ဂဟ ပြုရာ၌ ဝိဂ္ဂဟ ပြုနည်းသည် နှစ်နည်း ရှိ၏။ ယင်းနှစ်နည်းကို ဖော်ပြပါအံ့။

၁။ သပဒဝိဂ္ဂဟပြုနည်း = ကိတ်ပုဒ်ကို ကိတ်ပုဒ်အချင်းချင်း လှယ်၍ ဝိဂ္ဂဟပြုနည်း။

(ပုံစံ) ဗုဇ္ဈန္တောတိ ဗုဒ္ဓေါ။ ဤပုံစံ၌ ဗုဒ္ဓေါ ကိတ်ပုဒ်သည် ကတ္တုအနက်ဟော တပစ္စည်းဖြင့် ပြီး၏။ ဗုဓာတ်နောင် တပစ္စည်းမှတစ်ပါး ကတ္တုအနက်ဟော အန္တပစ္စည်းသက်၍ ဗုဒ္ဓေါကိတ်ပုဒ်ကို ဗုဇ္ဈန္တော ကိတ်ပုဒ်ဖြင့် လှယ်၍ ဝိဂ္ဂဟပြုသောကြောင့် "ဗုဇ္ဈန္တောတိ ဗုဒ္ဓေါ"ဟူသော ဝိဂ္ဂဟပြုနည်းသည် သပဒဝိဂ္ဂဟ ပြုနည်းမည်၏။

၂။ အသပဒဝိဂ္ဂဟပြုနည်း = ကိတ်ပုဒ်ကို အာချာတ်ပုဒ်ဖြင့် လှယ်၍ ဝိဂ္ဂဟပြုနည်း။

(ပုံစံ) ဗုဇ္ဈတီတိ ဗုဒ္ဓေါ။ ဤပုံစံ၌ ကတ္တုအနက်ဟော ဗုဒ္ဓေါ ကိတ်ပုဒ်ကို ကတ္တုအနက်ဟော ဗုဇ္ဈတိ အာချာတ်ပုဒ်ဖြင့် လှယ်၍ ဝိဂ္ဂဟပြုသောကြောင့် "ဗုဇ္ဈတီတိ ဗုဒ္ဓေါ"ဟူသော ဝိဂ္ဂဟပြုနည်းသည် အသပဒဝိဂ္ဂဟ ပြုနည်းမည်၏။

ttp://www.dhammadownload.com



အမှာ။ ဣတိသဒ္ဒါကား ဝစနဟောတုဇောတကကို ပြလို၍ ထည့်သော နိပါတ်ပုဒ်သာတည်း။ ဖော်ပြပါ ဝိဂ္ဂဟပြုနည်း (၂)နည်းတို့တွင် နှစ်သက်ရာနည်းကို အသုံးပြု၍ ဝိဂ္ဂဟပြုနိုင်၏။ ဗဟိုစံပြ အဖြေမှန်တို့၌ကား အသပဒ ဝိဂ္ဂဟကိုသာ ဦးစားပေး၍ ဖော်ပြ၏။ ထို့ကြောင့် အသပဒ ဝိဂ္ဂဟပြုနည်းကို ဦးစားပေး၍ ဖြေပါ။

## အသပဒဝိဂ္ဂဟ ပြုရာ၌ သတိပြုဘွယ်

ကိတ်ပုဒ်ကို အာချာတ်ပုဒ်ဖြင့် ပြောင်း၍ ဝိဂ္ဂဟ ပြုရာ၌ ဝိဂ္ဂဟ ပြုရမည့် ပုဒ်၏. . .

(က) အာချာတ်ဂိုဏ်း ၈–ဂိုဏ်းတို့တွင် ယင်းပုဒ်၌ ပါဝင်သော ဓာတ်၏ ဖြစ်ရာဂိုဏ်း၊

(ခ) ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ကာလတို့တွင် ဖြစ်ရာကာလနှင့် သင့်လျော်သော ဝိဘတ်၊

(ဂ) ပရဿပုဒ်၊ အတ္တနောပုဒ်တို့တွင် သင့်ရာပုဒ်၊

(ဃ) ဧကဝုစ်၊ ဗဟုဝုစ်တို့တွင် သင့်ရာဝုစ်တို့ကို ရွေးချယ်စိစစ်ပါ။

ဝိဂ္ဂဟပြုမည့်ဓာတ်နောင် သင့်လျော်သည့် အာချာတ်ဝိဘတ် သက်ပါ။ အာချာတ်ပုဒ် ပြီးပြ၍ ဣတိ–သဒ္ဒါ စွက်ရုံမျှဖြင့် အသပဒဝိဂ္ဂဟ ပြုနည်းဖြစ်၏။ အထူးအဆန်း မဟုတ်။

အမှာ။ ပုရိသ်ကိုကား = ပဌမာပုရိသ်ကိုသာ ပုံသေ အသုံးပြုရမည်။

နိယံ။ ဓာတု၊ ပစ္စယ၊ ရှေးဦးစွ၊ ခွဲကြ ကိတ်ပုဒ်မှာ။
ဓာတ်၊ ပစ္စည်း–ရ၊ ကောက်ခါဆ၊ သာဓနေ သတ္တိရှာ။
အာချာတ် ဂဏ၊ ဟောကာလ၊ ဝိဘ၊ ပုဒ်၊ ဝစနာ။
ယင်းသည့် နောက်မှ၊ ဝိဂ္ဂဟ၊ ပြုကြ မလွဲပါ။

## ပုံသေမှတ်ဘွယ်

ကတ္တရိ ပရဿပဒံ သုတ်ကို ထောက်၍ ကတ္တုသာဓနေ၌ ပရဿပုဒ်၊ အတ္တနောပဒါနိ ဘာဝေ စ ကမ္မနိ သုတ်ကို ထောက်၍ ဘာဝ,ကမ္မ သာဓနေတို့၌ အတ္တနောပုဒ်ကိုသာ ပုံသေအသုံးပြုပါ။

ကြွင်းသော သာဓနေ(၄)ပါးတို့၌ မည်သည့်ပုဒ် သက်ရမည်ဟု သတ်မှတ်သောသုတ် သီးသန့် မရှိသော ကြောင့် နှစ်သက်ရာ ပုဒ်ကို အသုံးပြုပါ။ ဝိဂ္ဂဟ ပြုရသော ကိတ်ပုဒ်တို့သည် နာမသဒ္ဒါမျှသာ ဖြစ်၍ ပထမာပုရိသ် ကိုသာ ပုံသေ အသုံးပြုပါ။ ဝိဂ္ဂဟ ပြုရသော ကိတ်ပုဒ်တို့သည် ပစ္စုပ္ပန်ကာလဟော သဒ္ဒါသာ များ၏။ များသော အားဖြင့် ဝတ္တမာန်ဝိဘတ်ကိုသာ သုံးပါ။ ရံခါ အတိတ်ကာလဟော ကိတ်ပုဒ်မျိုးကိုလည်း တွေ့တတ်၏။ ထိုအခါ ပရောက္ခာ ဝိဘတ်ကို အသုံးပြု၍ ဝိဂ္ဂဟပြုပါ။

ဘာဝသာဓနေ၌ကား = အသပဒဝိဂ္ဂဟ ပြုလိုလျှင် ကြိယာတို့မည်သည် သာမညသာ ဖြစ်၍ ဧကတ္တသာ ဖြစ်သောကြောင့် အတ္တနောပုဒ်၊ ပထမာပုရိသ်၊ ဧကဝုစ်၊ တေဝိဘတ်ကိုသာ ပုံသေအသုံးပြုပါ။ သပဒဝိဂ္ဂဟ ပြုလိုလျှင် ဘောအနက်ကို ဟောသည့် တဗ္ဗ၊ အနီယ၊ တေယျ၊ တ၊ ဏျ၊ ယု ဟူသော ပစ္စည်းတို့ဖြင့်သာ ဝိဂ္ဂဟပြုပါ။ နိပ္ဖန္န ပုဒ်ကိုကား "ဘာဝေ ဘာဝသေကတ္တာ ဧကဝစနမေဝ"ဟူသော ရူပသိဒ္ဓိအလိုကျ ဧကဝုစ်ဖြင့်သာ နိပ္ဖန္နပုဒ်ကို ချပါ။

နိယံ။ တဗ္ဗ၊ အနီယ၊ တေယျ၊ တ၊ ဏျ၊ ယု–ဟု၊ ဘောနက်စု၊ သတိပြုပါ ဝိဂ္ဂဟာ။
ပုဒ်ပြီး နိပ္ဖန္န၊ ပ၊ ဧ၊ မှတ်ကြ သေချာ၊ ချဆရာ။

ttp://www.dhammadownload.com



(သုဒ္ဓကမ္မ သာဓနပုံစံ) ဘတ္တံ (ဘုဉ္ဇတေတိ = ဘတ္တံ)

↙ ↘

ဘုဇဓာတ် တပစ္စည်း

↓ ↓

စား ထမင်း

မှတ်ချက်။ သံယုတ် အဋ္ဌကထာကို မှီး၍ ဘုဥ္ဇိယတေတိ = ဘတ္တံ ဟုလည်း ဝိဂ္ဂဟပြုနိုင်၏။

(ကရဏ သာဓနပုံစံ) သတ္တံ (သသတိ တေနာတိ = သတ္တံ)

↙ ↘

သသဓာတ် တပစ္စည်း

↓ ↓

ညှဉ်းဆဲ ဓားလက်နက်

သတိ။ ကရဏသာဓနကို ထွန်းပြခြင်း အကျိုးငှာ ယ,တ,တေ,ဏ္ဏမ (၄)ပုဒ်ထဲမှ သင့်လျော်ရာ တစ်ပုဒ်ကို ဝိဂ္ဂဟဝါကျ၌ ထည့်ရမည်။ လိင်နှင့် ဝုစ်ကိုကား "ကိတကာဘိဓေယျာ လိင်္ဂါ"ဟူသော ပရိဘာသာနှင့်အညီ အဘိဓေယျတ္တကို ရှု၍ နိပ္ဖန္နပုဒ်၏ လိင်,ဝုစ်ကို ထားရမည်။

(သမ္ပဒါန သာဓနပုံစံ) ဒါနီယော (ဒါတဗ္ဗော တေသာတိ = ဒါနီယော)

↙ ↘

ဒါဓာတ် အနီယပစ္စည်း

↓ ↓

ပေး ရဟန်း

သတိ။ ဒါနီယော ဘိက္ခု အာဂစ္ဆတိဟု ဝါကျခင်းပါ။ ဒါနီယောဟူသော ဝိသေသနပုဒ်၏ အရကို ဘိက္ခုဟူသော ဝိသေသျပုဒ်၏ အရဖြစ်သော အလှူခံ ရဟန်းကို ကောက်ယူပါ။ သမ္ပဒါနသာဓနကို ထွန်းပြခြင်း အကျိုးငှာ ယ,တ,တေ,ဏ္ဏမ (၄)ပုဒ်ထဲမှ သင့်လျော်ရာ တစ်ပုဒ်ကို ဝိဂ္ဂဟဝါကျ၌ ထည့်ရမည်။ လိင်နှင့် ဝုစ်ကိုကား "ကိတကာဘိဓေယျာ လိင်္ဂါ"ဟူသော ပရိဘာသာနှင့် အညီ အဘိဓေယျတ္တကို ရှု၍ နိပ္ဖန္နပုဒ်၏ လိင်,ဝုစ်ကို ထားရမည်။

ttp://www.dhammadownload.com



(အပါဒါန သာဓနပုံစံ) ဟေတု (ဟိနောတိ ဧတသ္မာတိ = ဟေတု)

ဟိဓာတ် ↙ ↘ တုပစ္စည်း

↓ ↓

ဖြစ် အကြောင်း

သတိ။ အပါဒါနသာဓနကို ထွန်းပြခြင်း အကျိုးငှာ ယ,တ,ဧတ,ဏ္ဍမ (၄)ပုဒ်ထဲမှ သင့်လျော်ရာ တစ်ပုဒ်ကို ဝိဂ္ဂဟဝါကျ၌ ထည့်ရမည်။ လိင်နှင့် ဝုစ်ကိုကား "ကိတကာဘိဓေယျာ လိင်္ဂါ"ဟူသော ပရိဘာသာနှင့်အညီ အဘိဓေယျတ္ထကို ရှု၍ နိပ္ဖန္နပုဒ်၏ လိင်,ဝုစ်ကို ထားရမည်။ ပုံသေ "ဏ္ဍတောတိ"ဟူ၍လည်း ထည့်နိုင်၏။

(အဓိကရဏ သာဓနပုံစံ) သေနံ (သေတိ ဧတသ္မိန္တိ = သေနံ)

သိဓာတ် ↙ ↘ ယုပစ္စည်း

↓ ↓

အိပ် ကျောင်း

သတိ။ အဓိကရဏသာဓနကို ထွန်းပြခြင်း အကျိုးငှာ ယ,တ,ဧတ,ဏ္ဍမ (၄)ပုဒ်ထဲမှ သင့်လျော်ရာ တစ်ပုဒ်ကို ဝိဂ္ဂဟဝါကျ၌ ထည့်ရမည်။ လိင်နှင့် ဝုစ်ကိုကား "ကိတကာဘိဓေယျာ လိင်္ဂါ"ဟူသော ပရိဘာသာနှင့် အညီ အဘိဓေယျတ္ထကို ရှု၍ နိပ္ဖန္နပုဒ်၏ လိင်,ဝုစ်ကို ထားရမည်။ ပုံသေ "ဧတ္ထာတိ"ဟူ၍လည်း ထည့်နိုင်၏။

(ဘာဝ သာဓနပုံစံ) ဂမနံ (ဂစ္ဆီယတေ = ဂမနံ)

ဂမုဓာတ် ↙ ↘ ယုပစ္စည်း

↓ ↓

သွား သွား

သတိ။ ဘာဝသာဓန၌ ဓာတ်အရနှင့် ပစ္စည်းအရတို့ အထူးမရှိပါ၊ အရတူ၏။

ttp://www.dhammadownload.com



(ဟေတုကတ္တု သာဓနပုံစံ) ပုရိသော (ပူရေတီတိ = ပုရိသော)

ပုရိသော → ပုရဓာတ် → ပြည့်စေ

ပုရိသော → က္ကသပစ္စည်း → ယောက်ျား

(ဟေတုကမ္မ သာဓနပုံစံ) နိပ္ပါဒိတံ (နိပ္ပါဒေတဗ္ဗန္တိ = နိပ္ပါဒိတံ)

နိပ္ပါဒိတံ → နိပုဗ္ဗ၊ ပဒဓာတ် → ပြီးစေ

နိပ္ပါဒိတံ → တပစ္စည်း → ကိစ္စ

သတိ။ ဟေတုကမ္မသာဓန ပုံစံများကို အနက်ယောဇနာရာ၌ များသောအားဖြင့် 'စေအပ်'ဟူသော အနက် အသံပါအောင် နိသျှဆရာတော်များ ယောဇနာလေ့ရှိ၏။ သမ္ပဒါန, အပါဒါနသာဓန ဝိဂ္ဂဟ ပြုရသော ပုဒ်တို့သည် အလွန်နည်း၏။

### ဥပသာရ, နိပါတ် ဖွင့်/မဖွင့်

၁။ သပရိယာယ ဝိဂ္ဂဟ = ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၏ အနက်ကို ဖွင့်ဆို၍ ဝိဂ္ဂဟပြုနည်း။

(ပုံစံ) သမ္မာ ဗုဇ္ဈတီတိ = သမ္ဗုဒ္ဓေါ၊ ဤပုံစံဝယ် သမ္ဗုဒ္ဓေါ၌ ရှိသော သံ–ဟူသော ဥပသာရပုဒ်၏ အနက်ကို သမ္မာ–ဟု ဖွင့်၍ ဝိဂ္ဂဟပြုသောကြောင့် "သမ္မာ ဗုဇ္ဈတီတိ သမ္ဗုဒ္ဓေါ"ဟူသော ဝိဂ္ဂဟပြုနည်းသည် သပရိယာယ ဝိဂ္ဂဟပြုနည်း မည်၏။

၂။ နိပ္ပရိယာယ ဝိဂ္ဂဟ = ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၏ အနက်ကို မဖွင့်မူ၍ ဝိဂ္ဂဟပြုနည်း။

(ပုံစံ) သမ္ဗုဇ္ဈတီတိ = သမ္ဗုဒ္ဓေါ၊ ဤပုံစံဝယ် သမ္ဗုဒ္ဓေါ၌ ရှိသော သံ–ဟူသော ဥပသာရပုဒ်၏ အနက်ကို မဖွင့်မူ၍ ဝိဂ္ဂဟပြုသောကြောင့် "သမ္ဗုဇ္ဈတီတိ သမ္ဗုဒ္ဓေါ"ဟူသော ဝိဂ္ဂဟပြုနည်းသည် နိပ္ပရိယာယ ဝိဂ္ဂဟပြုနည်း မည်၏။ ဤနှစ်နည်းတို့တွင် နှစ်သက်ရာနည်းကို အသုံးပြု၍ ဝိဂ္ဂဟပြုနိုင်၏။

အမှာ။ ယော ဘဂဝါ, သဗ္ဗဓမ္မေ, သဗ္ဗညုတဉာဏေန, ဗောဓိမူလေ ပလ္လင်္ကမှိ, ဗုဇ္ဈတီတိ ဗုဒ္ဓေါ ဟူ၍ ကတ္တား, ကံ, ကရိုဏ်း, ဩကာသ စသည်တို့ကို ထည့်၍ ဝိဂ္ဂဟပြုခြင်းသည် အဓိပ္ပါယ် ပေါ်လွင်ရန်အတွက် ဖြစ်၏။ ၎င်းတို့ကို မထည့်ဘဲ ဗုဇ္ဈတီတိ ဗုဒ္ဓေါ–ဟု ဝိဂ္ဂဟပြုလည်း သင့်၏။

ttp://www.dhammadownload.com



## ဓာတ်အနက် ဖွင့်/မဖွင့်

၁။ ဓာတွတ္ထ ဝိဂ္ဂဟ = ဓာတ်၏ အနက်ကို ဖွင့်ဆို၍ ဝိဂ္ဂဟပြုနည်း။

(ပုံစံ) သသတိ ဟိံသတိ ဧတေနာတိ = သတ္ထံ၊ ဤပုံစံဝယ် သတ္ထံ၌ ရှိသော သသဓာတ်၏ အနက်ကို ဟိံသတိ-ဟု ဓာတ်အနက်ကို ဖွင့်၍ ဝိဂ္ဂဟပြုသောကြောင့် "သသတိ ဟိံသတိ ဧတေနာတိ သတ္ထံ"ဟူသော ဝိဂ္ဂဟပြုနည်းသည် ဓာတွတ္ထ ဝိဂ္ဂဟပြုနည်း မည်၏။

၂။ ဓာတုပဒ ဝိဂ္ဂဟ = ဓာတ်၏ အနက်ကို မဖွင့်မူ၍ ဝိဂ္ဂဟပြုနည်း။

(ပုံစံ) သသတိ ဧတေနာတိ = သတ္ထံ၊ ဤပုံစံဝယ် သတ္ထံ၌ ရှိသော သသဓာတ်၏ အနက်ကို မဖွင့်မူ၍ ဝိဂ္ဂဟပြုသောကြောင့် "သသတိ ဧတေနာတိ သတ္ထံ"ဟူသော ဝိဂ္ဂဟပြုနည်းသည် ဓာတုပဒ ဝိဂ္ဂဟပြုနည်း မည်၏။ ဤနှစ်နည်းတို့တွင် နှစ်သက်ရာနည်းကို အသုံးပြု၍ ဝိဂ္ဂဟပြုနိုင်၏။

## ပရမတ္ထတရား

ပရမတ္ထတရားများကို ကတ္တုသာဓန, ကရဏသာဓန, ဘာဝသာဓန သုံးမျိုးတို့ဖြင့် ဝိဂ္ဂဟပြုနိုင်သည်။

(ပုံစံ) အာဟနတီတိ အာဃာတော။ (ကတ္တုသာဓန)

အာဟနတိ ဧတေနာတိ အာဃာတော။ (ကရဏသာဓန)

အာဟနနံ အာဃာတော။ (ဘာဝသာဓန)

နိယံ။ ပရမတ် တရား၊ ဝိဂြိုဟ်ကြား၊ ကတ္တား, ကရိဏ်း, ဘော။

## ကာလသုံးပါး သတိထား

ဒကို ဝိဂ္ဂဟပြုရာ၌ ဝိဂ္ဂဟပြုရမည့် ကိတ်ပုဒ်သည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်ဟူသော ကာလ သုံးပါးတို့တွင် မည်သည့်ကာလဟော ကိတ်ပုဒ် ဖြစ်သည်ကို သတိပြု၍ ဝိဂ္ဂဟပြုရမည်။ ပစ္စုပ္ပန်ကာလဟော ကိတ်ပုဒ်ကို ဝိဂ္ဂဟ ပြုရသည်သာ များ၏။ အတိတ်ကာလဟော ကိတ်ပုဒ်, အနာဂတ်ကာလဟော ကိတ်ပုဒ်တို့ကို လည်း ရံခါ ဝိဂ္ဂဟ ပြုရသေးသည်။ ဖော်ပြလတ္တံ့သော ပုံစံများကို ရှုပါ။

(ပုံစံ) ဝုတ္တံ-ဆိုအပ်ပြီ။

ယင်းပုံစံ၌ ဝုတ္တံဟူသော ကိတ်ပုဒ်သည် အတိတ်ကာလ, ကမ္မသာဓနဟော ကိတ်ပုဒ် ဖြစ်၏။ ထို့ကြောင့် ဝုတ္တံဟူသော ကိတ်ပုဒ်ကို "အဝုစ္စိတ္ထာတိ ဝုတ္တံ (ဝါ) ဝစီယိတ္ထာတိ ဝုတ္တံ"ဟု အတိတ်ကာလ, ကံအနက်ဟော = အဇ္ဇတနီ, အတ္တနောပုဒ်, ပဌမာပုရိသ်, အာဝိဘတ်ကို ထွပြု၍သာ ဝိဂ္ဂဟ ပြုရသည်။ ဝုစ္စတေတိ ဝုတ္တံ-ဟု ပစ္စုပ္ပန် ကာလဟော ဝတ္တမာန် ဝိဘတ်ဖြင့် ဝိဂ္ဂဟ မပြုရ။

(ပုံစံ) ဗုဒ္ဓေါ-သစ္စာလေးပါးကို သိလတ္တံ့သောသူ။

ယင်းပုံစံ၌ ဗုဒ္ဓေါဟူသော ကိတ်ပုဒ်သည် အနာဂတ်ကာလ, ကတ္တုသာဓနဟော ကိတ်ပုဒ် ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓေါဟူသော ကိတ်ပုဒ်ကို "ဗုဇ္ဈိဿတီတိ ဗုဒ္ဓေါ"ဟု အနာဂတ်ကာလ, ကတ္တားအနက်ဟော = ဘဝိဿန္တိ, ပရဿပုဒ်, ပဌမာပုရိသ်, သတိဝိဘတ်ဖြင့်သာ ဝိဂ္ဂဟ ပြုရသည်။ ဗုဇ္ဈတီတိ ဗုဒ္ဓေါ-ဟု ပစ္စုပ္ပန်ကာလဟော ဝတ္တမာန်ဝိဘတ်ဖြင့် ဝိဂ္ဂဟ မပြုရ။

ttp://www.dhammadownload.com



## လဟုကနည်း/ဂရုကနည်း

ဘူမိဂတော ပုဒ်၌ ဘူမိ တစ်ပုဒ်၊ ဂတ တစ်ပုဒ်ဟူ၍ ပုဒ်နှစ်ပုဒ် ပါဝင်၏ (ဝါ) ပုဒ်အစိတ် နှစ်ခုရှိ၏။ ယင်းပုဒ်နှစ်စိတ်ဖြစ်သော ဘူမိနှင့် ဂတကို ပေါင်း၍ ထားသော ဘူမိဂတကို ပုဒ်အပေါင်းဟု ခေါ်၏။

၁။ ဘူမိဂတကို ဝိဂ္ဂဟပြုသောအခါ = ဘဝန္တိ ဧတ္ထာတိ ဘူမိ ဟူ၍ ဘူမိ ပုဒ်တစ်စိတ်အတွက် အစိတ်ဝိဂ္ဂဟ၊ ဂစ္ဆတီတိ ဂတော ဟူ၍ ဂတော ပုဒ်တစ်စိတ်အတွက် အစိတ်ဝိဂ္ဂဟ ပြုပြီးမှ အပေါင်းဖြစ်သော ဘူမိဂတ ပုဒ်အတွက် "ဘူမိ ဂတော ဘူမိဂတော"ဟု အပေါင်းဝိဂ္ဂဟ ဆက်၍ ပြုသော ဝိဂြိုဟ်မျိုးကို ဂရုကနည်း ဝိဂြိုဟ် (ဝါ) ဝိဂြိုဟ်စစ် (ဝါ) အစိတ်,အစိတ် အပေါင်းဝိဂြိုဟ်ဟု ခေါ်၏။

၂။ ယင်းသို့ အစိတ်ဝိဂ္ဂဟများကို မပြုဘဲ "ဘူမိ ဂစ္ဆတီတိ ဘူမိဂတော"ဟုသာ ဝိဂ္ဂဟပြုခြင်းကို လဟုကနည်း ဝိဂြိုဟ် (ဝါ) ဝိဂြိုဟ်တု (ဝါ) ကိတန္တတပ္ပုရိသ် ဝိဂြိုဟ်ဟု ခေါ်၏။ အဋ္ဌကထာ, ဋီကာတို့၌ နှစ်နည်းလုံးကို အသုံးပြု၏။ သို့သော် ... ဝိဂြိုဟ်စစ်ကို အသုံးပြု များ၏။

အမှာ။ 'ဘူမိ ဂစ္ဆတီတိ ဘူမိဂတော'ဟူသော ဝိဂ္ဂဟ၌ ဂစ္ဆတီတိ–ဟု ဝိဂ္ဂဟပြုခြင်းသည် ဘူမိဂတော၌ ဂတော ဟူသော အဆုံးဖြစ်သော ကတ္တုသာဓန ကိတ်ပုဒ်ကို ဝိဂ္ဂဟပြုခြင်း ဖြစ်၍ ကတ္တုသာဓန ကိတန္တ၊ ဘူမိဟူသော ရှေ့ပုဒ်၌ ဒုတိယာ အံ–ဝိဘတ် ကျေသည်ကိုစွဲ၍ ဒုတိယာတပ္ပုရိသ်။ ယင်းနှစ်မျိုးတို့ကို ပေါင်းသော် = ကတ္တုသာဓန ကိတန္တ ဒုတိယာတပ္ပုရိသ် ဝိဂ္ဂဟဟု ခေါ်၏။ ဤကဲ့သို့ ကိတ်နှင့် တပ္ပုရိသ်သမာသ်တို့ တွဲစပ်၍ လဟုကနည်းဖြင့် ပြုသော ဝိဂ္ဂဟတို့ကို "ကပြားဝိဂြိုဟ်"ဟု ဆရာမြတ်တို့ ခေါ်ဆိုကြ၏။ လဟုက နည်းဖြင့် ဝိဂ္ဂဟပြုရာ၌ ရှေ့ပုဒ်၌ တတိယာဝိဘတ် စသည်တို့ ကျေပျောက်နေသည်ကို စွဲ၍ ကိတန္တ တတိယာတပ္ပုရိသ် ဝိဂ္ဂဟ စသည်ဖြင့်လည်း ဆရာမြတ်တို့ ခေါ်ဆိုကြ၏။

## ပစ္စယတ္ထကို ရှု၍ သာဓနရွေးနည်း

ကိတ်ပုဒ်တို့၌ ပစ္စယတ္ထ၏ သာဓနကို သိလျှင်လည်း ကိတ်ဝိဂ္ဂဟကို လွယ်ကူစွာ ပြုနိုင်၏။ ထို့ကြောင့် ကစ္စည်းကျမ်း၊ ကိတ်ကဏ္ဍလာ ပစ္စည်းတစ်ချို့ကို သက်ဆိုင်ရာ သာဓနတို့နှင့်တကွ တွဲစပ်ထားသည့် နိယံအချို့ကို ဖော်ပြအပ်ပါ၏။

နိယံ။ တဗ္ဗ, အနီယ၊ ဏျ, တေယျ၊ ရိစ္စ, ရိရိယ၊ ကိစ္စပစ္စည်း ခြောက်ပါးတည်း။ (ကိစ္စပစ္စည်း)
ကိစ္စခြောက်ပါး၊ ကျမ်းအများ၊ မိန့်ကြား ဘော,ကံ အနက်တည်း။

အမှာ။ ကိစ္စပစ္စည်းတို့သည် ယေဘုယျအားဖြင့် ဘော,ကံ အနက်တို့၌ ဖြစ်၏။ အပ္ပကအားဖြင့် သာဓန ၇–ပါးလုံး၌ ဖြစ်၏။

နိယံ။ ဏွီ, ရူ, ဏုက၊ ဏ္က, မာနနှင့်၊ အန္တ တစ်ခု၊ တ, တဝန္တု, တာဝီ၊ ထို့ပြီ တစ်ထွေ၊ တဝေ, တုံ, တုန၊ တွာနနှင့် တွာ၊ ဆယ့်သုံးဖြာ၊ မှတ်ပါ ကိတ်ပစ္စည်း။ (ကိတပစ္စည်း)
ကိတ် ဆယ့်သုံးပါး၊ သက်တုံကြား၊ ကတ္တား တစ်ခုသာတည်း။

အမှာ။ "ကတ္တား, ကံ, ဘော၊ မာနဟော၊ အန္တော ကတ္တားသာ"ဟု ဆိုသောကြောင့် မာနပစ္စည်းသည် ကတ္တားအနက် သာမက ကံအနက်, ဘောအနက်တို့၌လည်း ဖြစ်သေး၏။ "ကတ္တား, ကံ, ဘော၊ တ–နက်ဟော၊ ကတ်, ဘော နက်ထုံ၊ တဝေ, တုံ၊ တစ်ဖုံ တုန၊ တွာ, တွာန"ဟု ဆိုသောကြောင့် တပစ္စည်းသည် ကတ္တားအနက် သာမက ကံအနက်, ဘောအနက်တို့၌လည်း ဖြစ်၏။ တဝေ, တုံ, တုန, တွာ, တွာန ပစ္စည်းတို့သည် များသောအားဖြင့် ကတ္တားအနက်၌ ဖြစ်၍ အပ္ပကအားဖြင့်ကား ဘောအနက်၌လည်း ဖြစ်သေး၏။

ttp://www.dhammadownload.com



နိယံ။ ဏ, ကွိ, ရမ္မ၊ အ, တ, ယု, ဏွု၊ အာဝီ, တုနှင့်၊ ရာတု, ရိတု၊ ရတ္ထု, ဣန၊ အန္တ, ကာရ၊ ဆယ့်ငါးပြ၊ ကိစ္စကိတ ပစ္စည်းတည်း။ (ကိစ္စကိတပစ္စည်း)
ကိစ္စကိတ၊ ဆယ့်ငါး၀၊ သတ္တ သာဓနောတည်း။

အမှာ။ ဏွု, ရမ္မ, ရာတု, ရတ္ထု ပစ္စည်းတို့သည် ကတ္တားအနက်၌ အဖြစ်များ၏။

## လျှောက်တင်အပ်ပါသည်

(၄)နံပါတ် ပုစ္ဆာလာ ဝိဂ္ဂဟပြုနည်းကို ကျွမ်းကျင်ပိုင်နိုင်မှသာ (၆)နံပါတ် ပုစ္ဆာလာ အာဘော်ဖော်နည်းကို ကျွမ်းကျင်မည် ဖြစ်သကဲ့သို့ ... (၆)နံပါတ် ပုစ္ဆာလာ အာဘော်ဖော်နည်းကို ကျွမ်းကျင်ပိုင်နိုင်မှလည်း ဝိဂ္ဂဟ ပြုနည်းကို ကျွမ်းကျင်မည်။ (၄)နံပါတ်နှင့် (၆)နံပါတ်တို့သည် အပြန်အလှန် အညမည ကျေးဇူးပြုနေကြသည်။ ထို့ကြောင့် (၆)နံပါတ်လာ အာဘော်+သံဝဏ္ဏနာ ကဏ္ဍကိုလည်း သေချာစွာ လေ့လာတော်မူကြရန် လျှောက်တင်အပ်ပါသည်။

==============

## ဝစနာဒိဆက္က

နိပ္ဖန္နကို၊ ဝစန ဆိုလော့၊
ဝိဂ္ဂြိုဟ်ဝါကျ၊ ဝစနတ္ထတည်း။
ထိုမှ ဟေတု၊ မှတ်ရှု အစပ် (သကတ်)၊
နိပါတ်-ဣတိ၊ ဇောတက သိလေ။
ဒြပ်တွေမှာ၊ မှတ်လေ ဝစနီယ၊
ဝေဝစနကို၊ ဝစနီယတ္ထ ဆိုသည်၊
ဝိဂ္ဂြိုဟ်တွေ့တိုင်း အခွဲတည်း။

အမှာ။ "တဒ္ဓိတ်, သမာသ်၊ ပုဒ်အစပ်၊ သကတ် ကိတ်တွက်ပေ။ ဝစနဟေတု၊ သေချာရှု၊ ခွဲမှု သိပါစေ" နိယံနှင့်အညီ သမာသ်ပုဒ်, တဒ္ဓိတ်ပုဒ်များ၌ အစပ်သမ္ဗန်ကိုလည်းကောင်း၊ ကိတ်ပုဒ်များ၌ ကြိယာသကတ်ကိုလည်းကောင်း ဝစနဟေတု ထုတ်ပါ။

## သမာသ်၌ ဝစနာဒိဆက္ကထုတ်ပုံ

**အဗျယီဘော ပုံစံ = နဂရဿ သမီပံ ဥပနဂရံ။**

(၁) ဥပနဂရံ ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။
(၂) နဂရဿ သမီပံ ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။
(၃) မြို့ဒြပ်၏ အနီးဖြစ်သော စကားဒြပ်နှင့် သမီပီ+သမီပ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။
(၄) ဣတိသဒ္ဒါ မပါသောကြောင့် ဝစနဟေတုဇောတကကို မရ။
(တစ်နည်း) ကျေပျောက်လေပြီးသော, ဆောင်ယူ၍ သိအပ်သော ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။
(၅) မြို့အနီး၌ဖြစ်သော စကားဒြပ်သည် ဝစနီယ မည်၏။
(၆) သမီပနဂရံ, သမီပပုရံ, ဥပပုရံ စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

ttp://www.dhammadownload.com



**ဒိဂု ပုံစံ = တယော လောကာ တိလောကံ။**

(၁) တိလောကံ ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။

(၂) တယော လောကာ ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။

(၃) သုံးပါးဟူသော အရေအတွက်သချ်ာ၏ လောကဒြဗ်နှင့် သချ်ာ+သချေ်ယျ, ဂုဏ်+ဂုဏေး, ဝိသေသန +ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။

(၄) ဣတိသဒ္ဒါ မပါသောကြောင့် ဝစနဟေတုဇောတကကို မရ။
(တစ်နည်း) ကျေပျောက်လေပြီးသော, ဆောင်ယူ၍ သိအပ်သော ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။

(၅) သုံးပါးသော လောကဒြဗ်သည် ဝစနီယ မည်၏။

(၆) တိဘုဝနံ, တိဘဝံ စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

အမှာ။ ဒိဂုသမာသ်၌ = သချ်ာ+သချေ်ယျ, ဂုဏ်+ဂုဏေး, ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ကို ဝစနဟေတု ပုံသေထုတ်ပါ။

**ကမ္မဓာရည်း ပုံစံ = မဟန္တော စ သော ပုရိသော စာတိ မဟာပုရိသော။**

(၁) မဟာပုရိသော ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။

(၂) မဟန္တော စ သော ပုရိသော စ ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။

(၃) မြတ်သောဂုဏ်၏ ယောကျ်ားဒြဗ်နှင့် ဂုဏ်+ဂုဏေး, ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။

(၄) ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။

(၅) မြတ်သော ယောကျ်ားဒြဗ်သည် ဝစနီယ မည်၏။

(၆) ဥတ္တမပုရိသော, အဂ္ဂပုရိသော, ပဏီတပေါသော စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

အမှာ။ ကမ္မဓာရည်းသမာသ်၌ = ဂုဏ်+ဂုဏေး, ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ကို ဝစနဟေတု ပုံသေထုတ်ပါ။

**တဗ္ဗာဝဝုတ္တိ ကမ္မဓာရည်း ပုံစံ = ဒိဋ္ဌိယေဝ ဂတံ ဒိဋ္ဌိဂတံ။**

(၁) ဒိဋ္ဌိဂတံ ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။

(၂) ဒိဋ္ဌိယေဝ ဂတံ ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။

(၃) အစပ်သမ္ဗန်ကို မရ၍ ဣတိသဒ္ဒါ မပါလာသောကြောင့် ဝစနဟေတုကို မရ။
(တစ်နည်း) ဒိဋ္ဌိပုဒ်၏ အရဖြစ်သော ဒိဋ္ဌိနှင့် ဂတပုဒ်၏ အရဖြစ်သော ဒိဋ္ဌိတို့၏ အဘေဒ+ဘေဒ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။

(၄) တဗ္ဗာဝဝုတ္တိ ကမ္မဓာရည်းသမာသ်တို့၏ သဘောသည် ရှေ့ပုဒ်အရနှင့် နောက်ပုဒ်အရ တူ၍ အထူးမရှိရကား ဣတိသဒ္ဒါ ပါဘွယ်မလို၍ ဣတိသဒ္ဒါ မပါသောကြောင့် ဝစနဟေတုဇောတကကို မရ။
(တစ်နည်း) ကျေပျောက်လေပြီးသော, ဆောင်ယူ၍ သိအပ်သော ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။

ttp://www.dhammadownload.com



(၅) ဒိဋ္ဌိစေတသိက် ဒြဗ်သည် ဝစနီယ မည်၏။
(၆) ဒိဋ္ဌိ, ဒိဋ္ဌိစေတသိက် စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။
အမှာ။ တဗ္ဘာဝဝုတ္တိ ကမ္မဓာရည်းသမာသ်၌ ဝစနဟေတု ထုတ်လိုသော် = အဘေဒ+ဘေဒ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်ကို ဝစနဟေတု ပုံသေထုတ်ပါ။

**(သုဒ္ဓ) တပ္ပုရိသ် ပုံစံ = ရညော ပုတ္တော ရာဇပုတ္တော။**

(၁) ရာဇပုတ္တော ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။
(၂) ရညော ပုတ္တော ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။
(၃) မင်းဒြဗ်၏ သားဒြဗ်နှင့် ဇနက+ဇည, သာမီ+သံ, သမ္ဗန္ဓ+သမ္ဗန္ဓီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစန-ဟေတု မည်၏။
(၄) ဣတိသဒ္ဒါ မပါသောကြောင့် ဝစနဟေတုဇောတကကို မရ။
(တစ်နည်း) ကျေပျောက်လေပြီးသော, ဆောင်ယူ၍ သိအပ်သော ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။
(၅) မင်းသားဒြဗ်သည် ဝစနီယ မည်၏။
(၆) ဘူပတိပုတ္တော, နရာဓိပပုတ္တော, ရာဇတြဇော စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

**(မိဿက) တပ္ပုရိသ် ပုံစံ = န ဘိက္ခု အဘိက္ခု။**

(၁) အဘိက္ခု ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။
(၂) န ဘိက္ခု ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။
(၃) န-ပုဒ်၏ အရဖြစ်သော ပဋိသေဓဘောဂုဏ်၏ ဘိက္ခု ပုဒ်၏ အရဖြစ်သော ရဟန်းဒြဗ်နှင့် ဂုဏ်+ဂုဏီး, ကတ္တိ+ကတ္တား အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။
(၄) ဣတိသဒ္ဒါ မပါသောကြောင့် ဝစနဟေတုဇောတကကို မရ။
(တစ်နည်း) ကျေပျောက်လေပြီးသော, ဆောင်ယူ၍ သိအပ်သော ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။
(၅) ရဟန်းတုဒြဗ်သည် ဝစနီယ မည်၏။
(၆) အသမဏော, အပဗ္ဗဇိတော စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။
အမှာ။ မိဿကတပ္ပုရိသ်၌ = န-ပုဒ်၏ အရဖြစ်သော ပဋိသေဓဘောဂုဏ်၏ . . .ပုဒ်၏ အရဖြစ်သော . . . ဒြဗ်နှင့် ဂုဏ်+ဂုဏီး, ကတ္တိ+ကတ္တား အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ကို ဝစနဟေတု ပုံသေထုတ်ပါ။

**ဒွန် ပုံစံ = သမဏော စ ဗြာဟ္မဏော စ သမဏဗြာဟ္မဏာ။**

(၁) သမဏဗြာဟ္မဏာ ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။
(၂) သမဏော စ ဗြာဟ္မဏော စ ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။
(၃) ရဟန်းဒြဗ်၏ ပုဏ္ဏားဒြဗ်နှင့် သွားခြင်း စသော ကြိယာကို အကြောင်းပြု၍ အချင်းချင်း ငဲ့သကဲ့သို့ ဖြစ်သော အညမညာပေက္ခ သမ္ဗန်သည် ဝစနဟေတု မည်၏။

ttp://www.dhammadownload.com



(၄) ဣတိသဒ္ဒါ မပါသောကြောင့် ဝစနဟေတုဇောတကကို မရ။
(တစ်နည်း) ကျေပျောက်လေပြီးသော, ဆောင်ယူ၍ သိအပ်သော ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။

(၅) ရဟာန်းပုဏ္ဏား ဒြဗ်တို့သည် ဝစနီယ မည်၏။

(၆) ဘိက္ခုဗြာဟ္မဏာ, ဘိက္ခုဗြာဟ္မဏန္တု, ဘိက္ခုဒ္ဒိဇာ စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္တ မည်၏။

အမှာ။ ဒွန်သမာသ်၌ = . . . ခြင်း စသော ကြိယာကို အကြောင်းပြု၍ အချင်းချင်း ငဲ့သကဲ့သို့ ဖြစ်သော အညမညာပေက္ခ သမ္ဗန်ကို ဝစနဟေတု ပုံသေထုတ်ပါ။ မည်သည့် ကြိယာ ဖြစ်သည်ဟု သိလိုသော် = ယင်းဒွန်သမာသ်ပုဒ်၏ စပ်ရာ ကြိယာကို ကြည့်ပါ။ ဥပမာ = "သမဏဗြာဟ္မဏာ ဂစ္ဆန္တိ" ဝါကျ၌ သွားခြင်း ကြိယာ၊ "စန္ဒိမာသူရိယာ သန္တိ" ဝါကျ၌ ရှိခြင်းကြိယာ စသည်ဖြင့် ကြိယာကို သိပါ။

**ဗဟုဗ္ဗီဟိ ပုံစံ = ဒိန္နော သုင်္ကော ယဿ ရညော သောယံ ဒိန္နသုင်္ကော။**

(၁) ဒိန္နသုင်္ကော ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။

(၂) ဒိန္နော သုင်္ကော ယဿ ရညော သောယံ ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဝစနတ္တ မည်၏။

(၃) ပေးအပ်သော အခွန်၏ မင်းဒြဗ်နှင့် သံ+သာမီ, သမ္ဗန္ဓီ+သမ္ဗန္ဓ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။

(၄) ဣတိသဒ္ဒါ မပါသောကြောင့် ဝစနဟေတုဇောတကကို မရ။
(တစ်နည်း) ကျေပျောက်လေပြီးသော, ဆောင်ယူ၍ သိအပ်သော ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။

(၅) မင်းဒြဗ်သည် ဝစနီယ မည်၏။

(၆) ဒေယျသုင်္ကော, ဒါတဗ္ဗသုင်္ကော, ရာဇာ စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္တ မည်၏။

## သမာသ်ပုဒ်နှင့် ဝစနဟေတု

ဗဟုဗ္ဗီဟိသမာသ်မှ တစ်ပါးသော သမာသ်ပုဒ်များ၌ကား = ရှေ့ပုဒ်နှင့် နောက်ပုဒ်တို့၏ ဆက်သွယ်မှု အစပ်သမ္ဗန်ကို ရာ၍ ဝစနဟေတုထုတ်။ ဗဟုဗ္ဗီဟိသမာသ်တို့တွင် ဆဋ္ဌီဗဟုဗ္ဗီဟိမှ တစ်ပါး ကြွင်းဗဟုဗ္ဗီဟိ သမာသ်တို့၌ = အညပုဒ်နှင့် သမာသ်ပုဒ်တို့တွင် ပါဝင်သော ကြိယာဖြစ်ခွင့် ရှိနေသော နာမ်ပုဒ်တို့၏ ဆက်သွယ်မှု အစပ်သမ္ဗန်ကို ရာ၍ ဝစနဟေတုထုတ်။

ဆဋ္ဌီဗဟုဗ္ဗီဟိ သမာသ်၌ကား = အညပုဒ်နှင့် သမာသ်ပုဒ်တို့တွင် ပါဝင်သော ကြိယာဖြစ်ခွင့် မရှိနေသော နာမ်ပုဒ်တို့၏ ဆက်သွယ်မှု အစပ်သမ္ဗန်ကို ရာ၍ ဝစနဟေတု ထုတ်ပါ။

## သမာသ်ပုဒ်နှင့် ပုံသေစပ်နည်းများ

ဗဟုဗ္ဗီဟိ, အဗျယီဘော, သုဒ္ဓတပ္ပုရိသ် သမာသ်တို့မှ တစ်ပါး ကြွင်းကျန်သော သမာသ်ပုဒ်တို့၌ အစပ်သမ္ဗန်ကို ပုံသေနည်းဖြင့် ဖော်ထုတ်အသုံးပြုနိုင်သကဲ့သို့ . . . ဗဟုဗ္ဗီဟိ, အဗျယီဘော, သုဒ္ဓတပ္ပုရိသ်တို့တွင် = ပထမာဗဟုဗ္ဗီဟိ, ပထမာအဗျယီဘော ဝိဂ္ဂဟပြုလျှင် ကတ္တား+ကတ္တိ၊ ဒုတိယာဗဟုဗ္ဗီဟိ, ဒုတိယာအဗျယီဘော, ဒုတိယာသုဒ္ဓတပ္ပုရိသ် စသည်ဖြင့် ဝိဂ္ဂဟပြုလျှင် ကမ္မ+ကမ္မီ စသည်ဖြင့် အစပ်သမ္ဗန်ကို ဖော်ထုတ်နိုင်၏။ သို့သော်

ttp://www.dhammadownload.com



ယင်းနည်းကို အများမသုံးကြသေး။ အများသုံးဖြစ်သော အစပ်သမ္ဗန်များကို သုံးမှသာ အမှတ်ပြည့်ရနိုင်၏။ ထို့ကြောင့် အများသုံး အစပ်သမ္ဗန်များကို ဖော်ပြအပ်ပါ၏။ ကျက်မှတ်၍ သင့်သလို သုံးတော်မူကြပါ။

**အစပ်သမ္ဗန်များ**

ကတ္တား+ကတ္တိ၊ ကမ္မ+ကမ္မိ၊ အာရုံ+အာရမ္မဏိက, ဝိသယ+ဝိသယီ၊ ကရဏ+ကရဏီ၊ သမ္ပဒါန+သမ္ပဒါနီ၊ အပါဒါန+အပါဒါနီ၊ သမ္ဗန္ဓ+သမ္ဗန္ဓီ, သာမီ+သံ၊ ဇနက+ဇည၊ အာဓာရ+အာဓာယ, ဌာန+ဌာနီ, နိဿယ+နိဿိတ၊ ဂုဏ်+ဂုဏေး, ဝိသေသန+ဝိသေသျ၊ ကာရဏ+ဖလ၊ ဧကဒေသ+ဧကဒေသီ, သမူဟီ+သမူဟ, အဝယဝ+အဝယဝီ၊ သမီပ+သမီပီ၊ ပကာရ+ပကာရဝန္တ၊ သဟာဒိယောဂ+သဟာဒိယောဂဝန္တ၊ လက္ခဏ+လက္ခဏဝန္တ၊ လက္ချ+လက္ချဝန္တ၊ အနာဒရ+အနာဒရဝန္တ၊ အနာဒရိယ+အနာဒရိယဝန္တ၊ ပဟာယက+ပဟာတဗ္ဗ၊ သချာ+သချေယျ၊ အဘေဒ+ဘေဒ။

**သမာသ်ပုဒ်နှင့် ဝစနီယ**

ဗဟုဗ္ဗီဟိသမာသ်ပုဒ်၌ အညပုဒ်အရကို ဝစနီယ ထုတ်ပါ။ ကြွင်းသော သမာသ်ပုဒ်တို့၏ ဝစနီယ ထုတ်ပုံသည် မခက်ခဲ၊ လွယ်၏။

**ပရိယာယ်**

"သဒ္ဒါ မတူ၊ အရတူ၊ မှတ်ယူ ပရိယာယ်"ဟူသည်နှင့်အညီ သဒ္ဒါအားဖြင့် မတူညီဘဲ အရကောက်အားဖြင့် တူညီသော ပုဒ်တို့ကို ပရိယာယ်ပုဒ်ဟု ခေါ်၏။ အဘိဓာန်ကျမ်းကို အာဂုံရသော် ယင်းဝေဝုစ်ပရိယာယ်တို့ကို ဝစနီယတ္ထအဖြစ် လွယ်ကူစွာ ထုတ်နိုင်၏။ အဘိဓာန်ကျမ်းဖြင့် ဝစနီယတ္ထ ထုတ်ဖို့ရာ ဝေဝုစ်ပရိယာယ် မရှာနိုင်ခဲ့သော် ဖော်ပြလတ္တံ့သော နည်း ၇-ချက်တို့ဖြင့်လည်း ဝစနီယတ္ထကို ထုတ်နိုင်ပါ၏။ နည်း ၇-ချက်တို့ကား . . .

၁။ ဓာတွတ္ထာနုဝတ္တက ဥပသာရပုဒ်, နိပါတ်ပုဒ်များကို ဖြုတ်၍/ထည့်၍သော်လည်းကောင်း၊
(ဖြုတ်သောပုံစံ) သမ္မာသမ္ဗုဒ္ဓေါ = သမ္ဗုဒ္ဓေါ, ဗုဒ္ဓေါ၊ သဋ္ဌာတာ = ဇာတာ၊ အဘိနိဗ္ဗတ္တာ = နိဗ္ဗတ္တာ။
(ထည့်သောပုံစံ) ဒသဗလော = သုဒသဗလော, သမ္မာဒသဗလော၊ တိဋ္ဌော = ပတိဋ္ဌော။

၂။ ဝိသေသနပုဒ်များကို ဖြုတ်၍/ထည့်၍သော်လည်းကောင်း၊
(ဖြုတ်သောပုံစံ) မဟာဗုဒ္ဓေါ = ဗုဒ္ဓေါ။ (ထည့်သောပုံစံ) သင်္ဂီတိ = မဟာသင်္ဂီတိ။

၃။ ဓာတ်လှယ်/ပစ္စည်းလှယ်/ဓာတ်+ပစ္စည်းလှယ်/ကာရိယလှယ်၍သော်လည်းကောင်း၊
(ဓာတ်လှယ်ပုံစံ) ဂဟိတဗ္ဗံ = လဘိတဗ္ဗံ။ (ပစ္စည်းလှယ်ပုံစံ) ဂဟိတဗ္ဗံ = ဂဟနီယံ။
(ဓာတ်+ပစ္စည်းလှယ်ပုံစံ) ဂဟိတဗ္ဗံ = လဗ္ဘနီယံ။
(ကာရိယလှယ်ပုံစံ) ဂဟိတဗ္ဗံ = ဂဏှိတဗ္ဗံ။

၄။ အဘိဓေယျတ္ထ (အရကောက်သရုပ်)ကို ဖော်၍သော်လည်းကောင်း၊
(ပုံစံ) ရာဇာ = ကောသလရာဇာ။ သင်္ဂီတိ = ပဌမမဟာသင်္ဂီတိ။

၅။ "သကတ္ထေ ကော"သုတ်ကို ထောက်၍ ပုဒ်၏ အဆုံး၌ ကပစ္စည်း သက်၍သော်လည်းကောင်း၊
(ပုံစံ) ကုမာရော = ကုမာရကော။ အပ္ပံ = အပ္ပကံ။

၆။ "နှစ်ခု ပဋိသေ၊ ခွဲဝေ မရှိ၊ နက်ပေးဘိမူ၊ ပကတိ အနက်၊ ထွက်အောင် သမ္ဗန်မြဲ"နိယံကို ထောက်၍ ပုဒ်၏ အစ၌ = ပဋိသေဓ နန-သဒ္ဒါတို့ကို ထည့်၍သော်လည်းကောင်း။
(ပုံစံ) မနုဿော = နန မနုဿော။

ttp://www.dhammadownload.com



၇။ အမှတ်(၅+၆) နှစ်ချက်လုံးကို ပေါင်း၍သော်လည်းကောင်း ဝေဝုစ်ပရိယာယ် ရှာထုတ်နိုင်ပါ၏။
(ပုံစံ) ခုဒ္ဒေါ = နန ခုဒ္ဒကော။

အမှာ။ ပုဒ်၏အဆုံး၌ ကပစ္စည်း သက်သောနည်း, ပုဒ်၏အစ၌ ပဋိသေဓ နန-တို့ကို ထည့်သောနည်းတို့ဖြင့် ဝေဝုစ်ပရိယာယ် ရှာရာ၌ ဓိနာဝစနာနုရူပပါဠိ ဖြစ်နိုင်မှသာ ယင်းနည်းတို့ကို သုံးပါ။

**တဒ္ဓိတ်၌ ဝစနာဒိဆက္ကထုတ်ပုံ**

**အပစ္စတဒ္ဓိတ် ပုံစံ = ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော။**

(၁) ဝါသိဋ္ဌော ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။

(၂) ဝသိဋ္ဌဿ အပစ္စံ ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။

(၃) ဝသိဋ္ဌမည်သော အဖဒြဗ်၏ သားဒြဗ်နှင့် ဇနက+ဇည, သာမီ+သံ, သမ္ဗန္ဓ+သမ္ဗန္ဓီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။

(၄) ဣတိသဒ္ဒါ မပါသောကြောင့် ဝစနဟေတုဇောတကကို မရ။
(တစ်နည်း) ကျေပျောက်လေပြီးသော, ဆောင်ယူ၍ သိအပ်သော ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။

(၅) (ဝသိဋ္ဌ၏) သားဒြဗ်သည် ဝစနီယ မည်၏။

(၆) ဝသိဋ္ဌပုတ္တော, ဝသိဋ္ဌတြဇော, ဝသိဋ္ဌသုတော, ဝသိဋ္ဌတနုဇော စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

အမှာ။ အပစ္စတဒ္ဓိတ်၌ = ဇနက+ဇည, သာမီ+သံ, သမ္ဗန္ဓ+သမ္ဗန္ဓီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ကို ဝစနဟေတု ပုံသေထုတ်ပါ။

**သတိပြုဘွယ်**

တဒ္ဓိတ်ဝိဂ္ဂဟများ၌ = ပုဒ်အရနှင့် ပစ္စည်းအရတို့၏ ဆက်သွယ်မှု အစပ်သမ္ဗန်ကို ဝစနဟေတုထုတ်၊ ပစ္စည်းအရ (ဝါ) တဒ္ဓိတ်ပုဒ်လုံး၏ အရကို ဝစနီယ ထုတ်ပါ။ သွတ္တတဒ္ဓိတ်၌ ဝစနဟေတုနှင့် ဝစနီယ ထုတ်ပုံကိုကား သွတ္တတဒ္ဓိတ် ဝစနာဒိဆက္က ထုတ်သည့်ပုံစံ၌ ရှုပါ။

**အဿတ္ထိတဒ္ဓိတ် ပုံစံ = သဒ္ဓါ အဿ အတ္ထိ သဒ္ဓေါ။**

(၁) သဒ္ဓေါ ဟူသော ပုဒ်ပြီးနိပ္ဖန္နပုဒ်သည် ဝစန မည်၏။

(၂) သဒ္ဓါ အဿ အတ္ထိ ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။

(၃) သဒ္ဓါတရား၏ သဒ္ဓါရှိသော ပုဂ္ဂိုလ်နှင့် ဌာနီ+ဌာန, နိဿိတ+နိဿယ, ဂုဏ်+ဂုဏော, သံ+သာမီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။

(၄) ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။

(၅) သဒ္ဓါရှိသောသူ ဒြဗ်သည် ဝစနီယ မည်၏။

(၆) ပသာဒေါ, သဒ္ဓဟနော စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

အမှာ။ အဿတ္ထိတဒ္ဓိတ်၌ = ဌာနီ+ဌာန, နိဿိတ+နိဿယ, ဂုဏ်+ဂုဏော, သံ+သာမီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ကို ဝစနဟေတု ပုံသေထုတ်ပါ။

ttp://www.dhammadownload.com



**ဥပမာတဒ္ဓိတ် ပုံစံ = သီဟော ဝိယာတိ သီဟော။**

(၁) သီဟော ဟူသော ပုဒ်ပြီးနိပ္ဖန္နပုဒ်သည် ဝစန မည်၏။

(၂) သီဟော ဝိယ ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။

(၃) ခြင်္သေ့၏ မြတ်စွာဘုရားနှင့် သဒိသီ+သဒိသ, ဥပမာန+ဥပမေယျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစန ဟေတု မည်၏။

(၄) ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။

(၅) ဘုရားရှင် ဒြဗ်တော်သည် ဝစနီယ မည်၏။

(၆) ဗုဒ္ဓေါ, တထာဂတော, မိဂိန္ဒော, ကေသရော စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

အမှာ။ ဥပမာတဒ္ဓိတ်၌ = သဒိသီ+သဒိသ, ဥပမာန+ဥပမေယျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ကို ဝစနဟေတု ပုံသေ ထုတ်ပါ။

**သချ်ာပူရဏတဒ္ဓိတ် ပုံစံ = ပဉ္စန္နံ ပူရဏော ပဉ္စမော။**

(၁) ပဉ္စမော ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။

(၂) ပဉ္စန္နံ ပူရဏော ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။

(၃) ငါးခုတို့၏ နောက်ဆုံးတစ်ခုနှင့် ဧကဒေသီ+ဧကဒေသ, သမူဟ+သမူဟီ, အဝယဝီ+အဝယဝ, အပေါင်း+ အစိတ်, သမ္ဗန္ဓီ+သမ္ဗန္ဓ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။

(၄) ဣတိသဒ္ဒါ မပါသောကြောင့် ဝစနဟေတုဇောတကကို မရ။
(တစ်နည်း) ကျေပျောက်လေပြီးသော, ဆောင်ယူ၍ သိအပ်သော ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။

(၅) ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော နောက်ဆုံးတစ်ခုသည် ဝစနီယ မည်၏။

(၆) ပဉ္စပူရဏော, ပဉ္စပူရမော စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

အမှာ။ သချ်ာပူရဏတဒ္ဓိတ်၌ = ဧကဒေသီ+ဧကဒေသ, သမူဟ+သမူဟီ, အဝယဝီ+အဝယဝ, အပေါင်း+ အစိတ်, သမ္ဗန္ဓီ+သမ္ဗန္ဓ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ကို ဝစနဟေတု ပုံသေထုတ်ပါ။

**ပကာရတဒ္ဓိတ် ပုံစံ = သဗ္ဗေန ပကာရေန သဗ္ဗထာ။**

(၁) သဗ္ဗထာ ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။

(၂) သဗ္ဗေန ပကာရေန ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။

(၃) သကလဘေဒဂုဏ်ဒြဗ်၏ ပကာရဘေဒဂုဏ်နှင့် ဂုဏ်+ဂုဏေး, ပကာရဝန္တ+ပကာရ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနဟေတု မည်၏။

(၄) ဣတိသဒ္ဒါ မပါသောကြောင့် ဝစနဟေတုဇောတကကို မရ။
(တစ်နည်း) ကျေပျောက်လေပြီးသော, ဆောင်ယူ၍ သိအပ်သော ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။

(၅) ပကာရဘေဒဂုဏ် ဟူသော ဒြဗ်သည် ဝစနီယ မည်၏။

(၆) သဗ္ဗထတ္တာ, သဗ္ဗပကာရာ, သဗ္ဗဘေဒါ, သကလပကာရာ, သကလဘေဒါ စသော ပရိယာယ် သဒ္ဒါစု များသည် ဝစနီယတ္ထ မည်၏။

ttp://www.dhammadownload.com



ဘာဝတန္ဒိတ် ပုံစံ = သမဏဿ ဘာဝေါ သာမညံ။

(၁) သာမညံ ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။

(၂) သမဏဿ ဘာဝေါ ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။

(၃) ရဟန်းဒြဗ်၏ ရဟန်းဇာတ်နှင့် နိဿယ+နိဿိတ, ဠာန+ဌာနီ, သမ္ဗန္ဓ+သမ္ဗန္ဓီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။

(၄) ဏ္ဏတိသဒ္ဒါ မပါသောကြောင့် ဝစနဟေတုဇောတကကို မရ။
(တစ်နည်း:) ကျေပျောက်လေပြီးသော, ဆောင်ယူ၍ သိအပ်သော ဏ္ဏတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။

(၅) ရဟန်းဇာတ်သည် ဝစနီယ မည်၏။

(၆) သမဏတ္တံ, ဘိက္ခုဘာဝေါ စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

အမှာ။ ဘာဝတန္ဒိတ်ပုဒ်၏ ဝစနဟေတု ထုတ်ရာ၌ သိသင့်သော သဒ္ဒါငါးပါးကို ဖော်ပြအပ်ပါ၏။ သေချာစွာ လေ့လာပါ။

## သဒ္ဒါငါးပါး

ဇာတ်,ဂုဏ်,ကြိယာ,ဒြဗ်,နာမ် ဟူသော အကြောင်းတရား ငါးပါးတို့ကြောင့် သဒ္ဒါများ ဖြစ်ပေါ်လာကြ၏။ ထိုငါးပါးတို့တွင် . . .

၁။ ဇာတ်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော သဒ္ဒါများကို ဇာတိသဒ္ဒါဟု ခေါ်၏။ ပုံစံကား = မဟိံသော-ကျွဲ၊ ဟတ္ထီ-ဆင်၊ အဿော-မြင်း၊ မနုဿော-လူ၊ ဂါဝေါ-နွား၊ ဏ္ဏတ္ထီ-မိန်းမ၊ ပုရိသော-ယောကျ်ား၊ ဒေဝေါ-နတ်၊ ဗြဟ္မာ-ဗြဟ္မာ၊ ရုက္ခော-သစ်ပင် စသည်တည်း။

အမှာ။ ကျွဲဟူသော ဇာတ်ကြောင့် မဟိံသသဒ္ဒါ ဖြစ်ပေါ်လာရကား မဟိံသ သဒ္ဒါသည် ဇာတိသဒ္ဒါ ဖြစ်၏ဟု စသည်ဖြင့် သိပါလေ။

၂။ ဂုဏ်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော သဒ္ဒါများကို ဂုဏသဒ္ဒါဟု ခေါ်၏။ ပုံစံကား = သုက္ကော-ဖြူသောနွား၊ ကဏှော-မည်းသောနွား၊ ရတ္တော-နီသောနွား၊ နီလော-ညိုသောနွား၊ သဏှော-သိမ်မွေ့သောသူ စသည်တည်း။

အမှာ။ အဖြူ,အနီ စသည်ကိုလည်းကောင်း၊ ကောင်း,မကောင်း စသည်ကိုလည်းကောင်း ဂုဏ်ဟု ခေါ်သည်။

၃။ ကြိယာကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော သဒ္ဒါများကို ကြိယာသဒ္ဒါဟု ခေါ်၏။ ပုံစံကား = ဘုဥ္ဇကော-စားတတ်သောသူ၊ ပိဝကော-သောက်တတ်သောသူ၊ ကာရကော-ပြုတတ်သောသူ၊ ပါစကော-ချက်တတ်သောသူ၊ ဝါစကော-ဆိုတတ်သောသူ စသည်တည်း။

၄။ ဒြဗ်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော သဒ္ဒါများကို ဒဗ္ဗသဒ္ဒါဟု ခေါ်၏။ ပုံစံကား = ဝိသာဏီ-ဦးချိုရှိသောနွား၊ ဝီဏာဝီ-စောင်းရှိသောသူ၊ သိခီ-ဦးစွန်းရှိသောသူ၊ ဒဏ္ဍီ-တောင်ဝှေးရှိသောသူ၊ ဒါဌီ-အစွယ်ရှိသောဆင်၊ ဆတ္တီ-ထီးရှိသောသူ၊ ဓဇီ-တံခွန်ရှိသောသူ၊ မုဂ္ဂရီ-ဆောက်ပုတ်ရှိသောသူ၊ မုသလီ-ကျည်ပွေ့ရှိသောသူ၊ မာလီ-ပန်းရှိသောသူ စသည်တည်း။

အမှာ။ "ဝိသာဏာ-ဦးချို၊ ဝိသာဏီ-ဦးချိုရှိသော နွား"ဟူရာ၌ ဦးချိုဒြဗ်ကို အစွဲပြု၍ ဦးချိုရှိသော နွားကို ဝိသာဏီဟု ခေါ်သောကြောင့် ဝိသာဏီသဒ္ဒါသည် ဒဗ္ဗသဒ္ဒါ ဖြစ်၏ဟု စသည်ဖြင့် သိပါလေ။

ttp://www.dhammadownload.com



၅။ အမည်နာမကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော သဒ္ဒါများကို နာမသဒ္ဒါဟု ခေါ်၏။ ပုံစံကား = ကောလိတော–အရှင်မောဂ္ဂလ္လာန်၊ ဥပတိဿော–အရှင်သာရိပုတ္တရာ၊ အာနန္ဒော–အရှင်အာနန္ဒာ၊ ဗာကုလော –အရှင်ဗာကုလ၊ ဘဂု–အရှင်ဘဂု၊ ကောဏ္ဍညော–အရှင်ကောဏ္ဍည၊ စိတ္တော–စိတ္တမည်သောသူ၊ ဒတ္တော– ဒတ္တမည်သောသူ စသည်တည်း။

အမှာ။ အများနှင့် ဆိုင်သော အမည်များကို ဇာတိသဒ္ဒါဟု ခေါ်၏။ တစ်ဦးတစ်ယောက်နှင့်သာ ဆိုင်သော အမည်များကို နာမသဒ္ဒါဟု ခေါ်၏။ ဥပမာကား "တိဿ,ဒတ္တ" ဟူသော အမည်များသည် အများဆိုင် မဟုတ်ကြ။ နာမည်ပိုင်ရှင်နှင့်သာ သက်ဆိုင်၍ တိဿ,ဒတ္တဟူသော သဒ္ဒါများသည် နာမသဒ္ဒါဟူသော အမည်ကိုသာ ရ၏။ ဇာတိသဒ္ဒါဟူသော အမည်ကို မရ။ "ရဟန်း"ဟူသော အမည်, "လူ"ဟူသော အမည် စသည်တို့ကား ရဟန်းအများ, လူအများနှင့် သက်ဆိုင်ကြ၍ ရဟန်း,လူ ဟူသော သဒ္ဒါများသည် ဇာတိသဒ္ဒါဟူသော အမည်ကို ရကြလေတော့၏။

နိယံ။ အများဆိုင်အား၊ ဇာတိထား၊ တစ်ပါး နာမ်ဟု ခေါ်သတည်း။

## သဒ္ဒါငါးပါး၌ ဘောစီးပုံ

| | | | |
|---|---|---|---|
| ၁။ | ဂေါဿ ဘာဝေါ ဂေါတ္တံ။ | (ဂေါ+တ္တ) | ဇာတိဘာဝတဒ္ဓိတ်။ |
| ၂။ | သုက္ကဿ ဘာဝေါ သုက္ကတ္တံ။ | (သုက္က+တ္တ) | ဂုဏဘာဝတဒ္ဓိတ်။ |
| ၃။ | ဂန္တုဿ ဘာဝေါ ဂန္တုတ္တံ။ | (ဂန္တု+တ္တ) | ကြိယာဘာဝတဒ္ဓိတ်။ |
| ၄။ | ဝိသာဏိဿ ဘာဝေါ ဝိသာဏိတ္တံ။ | (ဝိသာဏီ+တ္တ) | ဒဗ္ဗဘာဝတဒ္ဓိတ်။ |
| ၅။ | စိတ္တဿ ဘာဝေါ စိတ္တတ္တံ။ | (စိတ္တ+တ္တ) | နာမဘာဝတဒ္ဓိတ်။ |

### အနက်

၁။ ဂေါဿ–နွား၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာ နွားဇာတ်တည်း၊ ဂေါတ္တံ–နွားဒြဗ်၏ ဖြစ်ကြောင်းဖြစ်ရာ နွားဇာတ်။

၂။ သုက္ကဿ–ဖြူသောနွား၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာ အဖြူဂုဏ်တည်း၊ သုက္ကတ္တံ–ဖြူသောနွား၏ ဖြစ်ကြောင်းဖြစ်ရာ အဖြူဂုဏ်။

၃။ ဂန္တုဿ–သွားတတ်သောနွား၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာ သွားခြင်းကြိယာတည်း၊ ဂန္တုတ္တံ–သွားတတ်သောနွား၏ ဖြစ်ကြောင်းဖြစ်ရာ သွားခြင်းကြိယာ။

၄။ ဝိသာဏိဿ–ဦးချိုရှိသောနွား၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာ ဦးချိုဒြဗ်တည်း၊ ဝိသာဏိတ္တံ–ဦးချိုရှိသော နွား၏ ဖြစ်ကြောင်းဖြစ်ရာ ဦးချိုဒြဗ်။

၅။ စိတ္တဿ–စိတ္တမည်သောနွား၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာ စိတ္တအမည်တည်း၊ စိတ္တတ္တံ–စိတ္တမည်သော နွား၏ ဖြစ်ကြောင်းဖြစ်ရာ စိတ္တအမည်။

### အရကောက်

၁။ ဂေါတ္တံ၌ ဂေါ–အရ နွားဒြဗ်ကို ရ၏။ ဂေါတ္တ–အရ နွားဇာတ်ကို ရ၏။

၂။ သုက္ကတ္တံ၌ သုက္က–အရ ဖြူသော နွားဒြဗ်ကို ရ၏။ သုက္ကတ္တ–အရ အဖြူဂုဏ်ကို ရ၏။

၃။ ဂန္တုတ္တံ၌ ဂန္တု–အရ သွားတတ်သော နွားဒြဗ်ကို ရ၏။ ဂန္တုတ္တ–အရ သွားခြင်းကြိယာကို ရ၏။

၄။ ဝိသာဏိတ္တံ၌ ဝိသာဏီ–အရ ဦးချိုရှိသော နွားဒြဗ်ကို ရ၏။ ဝိသာဏိတ္တ–အရ ဦးချိုဒြဗ်ကို ရ၏။

၅။ စိတ္တတ္တံ၌ စိတ္တ–အရ စိတ္တမည်သော နွားဒြဗ်ကို ရ၏။ စိတ္တတ္တ–အရ စိတ္တအမည် ရ၏။

ttp://www.dhammadownload.com



သတိ။ သဒ္ဒါငါးမျိုးတို့၌ ဘောမဆင့်မီ ဒြဗ်ကို ရ၍ ဘောဆင့်သောအခါ ဇာတိသဒ္ဒါ၌ ဇာတ်, ဂုဏသဒ္ဒါ၌ ဂုဏ်, ကြိယာသဒ္ဒါ၌ ကြိယာ, ဒဗ္ဗသဒ္ဒါ၌ ဒြဗ်, နာမသဒ္ဒါ၌ အမည်နာမ ရသည်ကို သတိပြုပါ။

## ဘာဝတဒ္ဓိတ်နှင့် ဝစနဟေတု+ဝစနီယ

ဂေါတ္တံ၌ = နွားဒြဗ်၏ နွားဇာတ်နှင့် နိဿယ+နိဿိတ, ဌာန+ဌာနီ, သမ္ဗန္ဓ+သမ္ဗန္ဓီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု၊ နွားဇာတ်သည် ဝစနီယ။ သုက္ကတ္တံ၌ = ဖြူသော နွားဒြဗ်၏ အဖြူဂုဏ်နှင့် ဂုဏေး+ဂုဏ်, ဝိသေသျ+ဝိသေသန, နိဿယ+နိဿိတ, ဌာန+ဌာနီ, သမ္ဗန္ဓ+သမ္ဗန္ဓီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု၊ အဖြူဂုဏ်သည် ဝစနီယ။ ဂန္တုတ္တံ၌ = သွားတတ်သော နွားဒြဗ်၏ သွားခြင်းကြိယာနှင့် ကတ္တား+ကတ္တိ, နိဿယ+နိဿိတ, ဌာန+ဌာနီ, သမ္ဗန္ဓ+သမ္ဗန္ဓီ, သာမိ+သံ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု၊ သွားခြင်းကြိယာသည် ဝစနီယ။ ဝိသာဏိတ္တံ၌ = ဦးချိုရှိသော နွားဒြဗ်၏ ဦးချိုဒြဗ်နှင့် ဂုဏေး+ဂုဏ်, ဝိသေသျ+ဝိသေသန, နိဿယ+နိဿိတ, ဌာန+ဌာနီ, သမ္ဗန္ဓ+သမ္ဗန္ဓီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု၊ ဦးချိုဒြဗ်သည် ဝစနီယ။ စိတ္တတ္တံ၌ = စိတ္တမည်သော နွားဒြဗ်၏ စိတ္တအမည်နှင့် သညီ+သညာ, ဂုဏေး+ဂုဏ်, ဝိသေသျ+ဝိသေသန, နိဿယ+နိဿိတ, ဌာန+ဌာနီ, သမ္ဗန္ဓ+သမ္ဗန္ဓီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု၊ စိတ္တ အမည်သည် ဝစနီယ မည်၏။

## ဘောစီး

ဗဟုဗ္ဗီဟိသမာသ် ဝိဂ္ဂဟပြုပြီးသော ပုဒ်ကို ဘာဝတဒ္ဓိတ် ထပ်ဆင့်၍ ဝိဂ္ဂဟပြုခြင်းသည် ဗဟုဗ္ဗီဟိအပေါ်၌ ဘောစီးသည် မည်၏။ အဿတ္ထိတဒ္ဓိတ် ဝိဂ္ဂဟပြုပြီးသော ပုဒ်ကို ဘာဝတဒ္ဓိတ် ထပ်ဆင့်၍ ဝိဂ္ဂဟပြုခြင်းသည် အဿတ္ထိအပေါ်၌ ဘောစီးသည် မည်၏။ ယင်းဘောစီးသော ပုဒ်မျိုးကို ဝစနီယထုတ်ရာ၌ မူလသမာသ်ပုဒ် အရင်း, မူလတဒ္ဓိတ်ပုဒ် အရင်းကိုသာ ဝစနီယ ထုတ်ပါ။

ဗဟုဗ္ဗီဟိသမာသ် ပုံစံ။ နတ္ထိ သိရိ ဧတေသန္တိ နိဿိရီကာ။

ဗဟုဗ္ဗီဟိ၌ ဘောစီး ပုံစံ။ နိဿိရီကာနံ ဘာဝေါ နိဿိရီကတာ၊ (တံ) နိဿိရီကတံ။ (သီ၊ ၃၊ နှာ-၄၂)

ရှင်း။ နိဿိရီကတံ ဟူသော ပုဒ်ကို ဝစနီယ ထုတ်လိုသော် = နတ္ထိ သိရိ (နိဿိရိ) ဟူသော မူလသမာသ်ပုဒ်ရင်း၏ အရဖြစ်သော "ကျက်သရေတို့၏ မရှိခြင်း ဂုဏ်ဒြဗ်သည် ဝစနီယ မည်၏"ဟု မူလသမာသ်ပုဒ် အရင်းကိုသာ ဝစနီယ ထုတ်ပါ။

အဿတ္ထိတဒ္ဓိတ် ပုံစံ။ ပါဏာသညာ ဧတေသ အတ္ထီတိ ပါဏာသညီ။

အဿတ္ထိ၌ ဘောစီး ပုံစံ။ ပါဏာသညိနော ဘာဝေါ ပါဏာသညိတာ။ (သီ၊ ၃၊ နှာ-၆၉)

ရှင်း။ ပါဏာသညိတာ ဟူသော ပုဒ်ကို ဝစနီယ ထုတ်လိုသော် = ပါဏာသညာ ဟူသော မူလတဒ္ဓိတ်ပုဒ်ရင်း၏ အရဖြစ်သော "သတ္တဝါဟု မှတ်သားထားသော အမှတ်သညာဒြဗ်သည် ဝစနီယ မည်၏"ဟု မူလတဒ္ဓိတ်ပုဒ် အရင်းကိုသာ ဝစနီယ ထုတ်ပါ။

နိယံ။ ဗဟုဗ္ဗီဟိ၊ အဿတ္ထိတွင်၊ ဘောတင်စီးလတ်၊ သမာသ်,တဒ္ဓိတ်၊ ပုဒ်ရင်းကိုသာ၊ ရအပ်စွာ၊ အရာမျိုးခပ်သိမ်း။

နိယံ။ ဒြဗ်ပေါ်မှာ၊ ဘောစီးလာ၊ ဂုဏ်သာ ထွက်စမြဲ။

အမှားလေးတွေ တွေ့ခဲ့လျှင်ဖြင့် ခဲဖျက်လေးတွေ ထုတ်ခဲ့တဲ့ သူကို သတိရပါ။

ttp://www.dhammadownload.com



**သုတ္တတဒ္ဓိတ် ပုံစံ = မနောဝေ မာနသံ။**

(၁) မာနသံ ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။

(၂) မနောဝေ ဟူသော ဝိဂ္ဂြဟ်ဝါကျသည် ဝစနတ္ထ မည်၏။

(၃) အစပ်သမ္ဗန်ကို မရ၍ ဣတိသဒ္ဒါ မပါလာသောကြောင့် ဝစနဟေတုကို မရ။

(တစ်နည်း) မနပုဒ်၏ အရဖြစ်သော စိတ်နှင့် သပစ္စည်း၏ အရဖြစ်သော စိတ်တို့၏ အဘေဒ+ဘေဒ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။

(တစ်နည်း) သုတ္တဘောဂဏ်၏ စိတ်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။

(၄) သုတ္တတဒ္ဓိတ်တို့၏ သဘောသည် ပုဒ်အရနှင့် ပစ္စည်းအရ တူ၍ အထူးမရှိရကား ဣတိသဒ္ဒါ ပါဘွယ်မလို၍ ဣတိသဒ္ဒါ မပါသောကြောင့် ဝစနဟေတုဇောတကကို မရ။

(တစ်နည်း) ကျေပျောက်လေပြီးသော, ဆောင်ယူ၍ သိအပ်သော ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။

(၅) စိတ်ဒြဗ်သည် ဝစနီယ မည်၏။

(၆) မနောမယံ, စေတောမယံ, စိတ္တံ စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

အမှာ။ သုတ္တတဒ္ဓိတ်၌ ဝစနဟေတု ထုတ်လိုသော် = အဘေဒ+ဘေဒ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ကို ဝစနဟေတု ပုံသေထုတ်ပါ။

## ကိတ်၌ ဝစနာဒိဆက္ကထုတ်ပုံ

**(သုဒ္ဓ) ကတ္တုသာဓန ပုံစံ = ဗုဇ္ဈတီတိ ဗုဒ္ဓေါ။**

(၁) ဗုဒ္ဓေါ ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။

(၂) ဗုဇ္ဈတိ ဟူသော ဝိဂ္ဂြဟ်ဝါကျသည် ဝစနတ္ထ မည်၏။

(၃) သိခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။

(၄) ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။

(၅) ဘုရားဒြဗ်သည် ဝစနီယ မည်၏။

(၆) ဒသဗလော, သတ္ထာ စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

### သတိပြုဘွယ်

ဘာဝသာဓနမှ တစ်ပါးသော ကိတ်ဝိဂ္ဂဟတို့၌ ဓာတ်၏ဟောနက် ကြိယာသကတ်ကို ဝစနဟေတု ထုတ်၊ ပစ္စည်း၏အရ (ဝါ) ကိတ်ပုဒ်၏ အရကို ဝစနီယ ထုတ်ပါ။ ဘာဝသာဓန၌ ဝစနဟေတုနှင့် ဝစနီယထုတ်ပုံကို ဘာဝသာဓန ဝစနာဒိဆက္က ထုတ်သည့်ပုံစံ၌ ရှုပါ။

**(ဟေတု) ကတ္တုသာဓန ပုံစံ = ရဇ္ဇေတီတိ ရာဇာ။**

(၁) ရာဇာ ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။

(၂) ရဇ္ဇေတိ ဟူသော ဝိဂ္ဂြဟ်ဝါကျသည် ဝစနတ္ထ မည်၏။

(၃) နှစ်သက်စေခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။

(၄) ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။

ttp://www.dhammadownload.com



(၅) မင်းဖြစ်သည် ဝစနီယ မည်၏။
(၆) ဘူပတိ, နရာဓိပေါ, ရဋ္ဌာဓိပေါ, နရဒေဝေါ စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

**(သုဒ္ဓ) ကမ္မသာဓန ပုံစံ = အရိယတေ ဉာယတေတိ အတ္ထော။**

(၁) အတ္ထော ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။
(၂) အရိယတေ ဉာယတေ ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။
(၃) သိခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။
(၄) ကတ္တိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။
(၅) အနက်ဖြစ်သည် ဝစနီယ မည်၏။
(၆) အဘိဓေယျော, အတ္ထကော စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

**(ဟေတု) ကမ္မသာဓန ပုံစံ = နိပ္ဖါဒေတဗ္ဗန္တိ နိပ္ဖါဒိတံ။**

(၁) နိပ္ဖါဒိတံ ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။
(၂) နိပ္ဖါဒေတဗ္ဗံ ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။
(၃) ပြီးစီးစေခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။
(၄) ကတ္တိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။
(၅) ပြီးစီးစေအပ်သော အမှုကိစ္စဖြစ်သည် ဝစနီယ မည်၏။
(၆) ကမ္မံ, ကိစ္စံ စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

**ကရဏသာဓန ပုံစံ = ပဇ္ဇတေ ဉာယတေ အတ္ထော ဇောတေနာတိ ပဒံ။**

(၁) ပဒံ ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။
(၂) ပဇ္ဇတေ ဉာယတေ အတ္ထော ဇောတေန ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။
(၃) အနက်ကို သိခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။
(၄) ကတ္တိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။
(၅) ပုဒ်ဖြစ်သည် ဝစနီယ မည်၏။
(၆) အက္ခရပဒံ, အတ္ထဇာနနကာရဏံ စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

**သမ္ပဒါနသာဓန ပုံစံ = ဒါတဗ္ဗော အဿာတိ ဒါနီယော။**

(၁) ဒါနီယော ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။
(၂) ဒါတဗ္ဗော အဿ ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။
(၃) ပေးခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။
(၄) ကတ္တိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။
(၅) ရဟန်းဖြစ်သည် ဝစနီယ မည်၏။
(၆) ဒါတဗ္ဗော, ဒါတဗ္ဗသမဏော စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

ttp://www.dhammadownload.com



**အပါဒါနသာဓန ပုံစံ = ဘာယန္တိ ဧတသ္မာတိ ဘယံ။**

(၁) ဘယံ ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။
(၂) ဘာယန္တိ ဧတသ္မာ ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။
(၃) ကြောက်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။
(၄) ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။
(၅) ကြောက်မက်ဖွယ် အာရုံဒြဗ်သည် ဝစနီယ မည်၏။
(၆) ဘေရဝံ, ဘီသနံ, ဘီမံ စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

**အဓိကရဏသာဓန ပုံစံ = ဝိဟရန္တိ ဧတ္ထာတိ ဝိဟာရော။**

(၁) ဝိဟာရော ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။
(၂) ဝိဟရန္တိ ဧတ္ထ ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။
(၃) နေခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။
(၄) ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။
(၅) ကျောင်းဒြဗ်သည် ဝစနီယ မည်၏။
(၆) အာရာမော, အာဝါသော စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

**ဘာဝသာဓန ပုံစံ = ပစ္စတေ ပါကော။**

(၁) ပါကော ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။
(၂) ပစ္စတေ ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။
(၃) ပစ္စတေ ဟူသော ကြိယာသည် ကြိယာသာမည ဖြစ်ရကား ပစ်-ဟူသော စ-ဟူသော တေ-ဟူသော အစိတ်အစိတ်သော သဒ္ဒါဟု ဆိုအပ်သော သုတိသည်လည်းကောင်း၊ ချက်ခြင်း ကြိယာသကတ် သာမည သည်လည်းကောင်း ဝစနဟေတု မည်၏။
(၄) ဘာဝသာဓနတို့၏ သဘောသည် ဓာတ်အရနှင့် ပစ္စည်းအရ တူ၍ အထူးမရှိသဖြင့် သတ္တိကို ထွန်းပြဖွယ် မလိုရကား ဣတိသဒ္ဒါ ပါဘွယ် မလို၍ ဣတိသဒ္ဒါ မပါသောကြောင့် ဝစနဟေတုဇောတကကို မရ။
(၅) ချက်ခြင်း ကြိယာဒြဗ် ဝိသေသသည် ဝစနီယ မည်၏။
(၆) ပစနံ, ပစနီယံ, ပစိတဗ္ဗံ စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

သတိ။ ဘာဝသာဓနေ၊ ဟူတုံက၊ ဇောတက မရှိပေ။

**ကိတန္တသမာသ်ပုဒ်၌ ဝစနာဒိဆက္ကထုတ်ပုံ**

**ကိတန္တသမာသ် ပုံစံ = ကမ္မံ ကရောတီတိ ကမ္မကာရော။**

(၁) ကမ္မကာရော ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစန မည်၏။
(၂) ကမ္မံ ကရောတိ ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။
(၃) အမှု၏ ပြုလုပ်သူနှင့် ကမ္မ+ကမ္မီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်လည်းကောင်း၊ အမှုကို ပြုခြင်း ကြိယာ သကတ်သည်လည်းကောင်း ဝစနဟေတု မည်၏။

ttp://www.dhammadownload.com



(၄) ဣတိသဒ္ဒါသည် ဝစနပဟေတုဇောတက မည်၏။
(၅) အမှုကို ပြုလုပ်တတ်သူ ဒြဗ်သည် ဝစနီယ မည်၏။
(၆) ကိစ္စကာရော, ကိစ္စကာရကော, ကမ္မကာရကော စသော ပရိယာယ် သဒ္ဒါစုများသည် ဝစနီယတ္ထ မည်၏။

သတိ။ ဤပုဒ်မျိုးကို ကတ္တုသာဓနကိတန္တ ဒုတိယာတပ္ပုရိသ် ခေါ်၏။ ဝစနပဟေတု ထုတ်ရာ၌ = သမာသ်နှင့်ကိတ် တွဲစပ်ထားသောပုဒ် ဖြစ်သောကြောင့် အစပ်သမ္ဗန်ကိုလည်းကောင်း၊ ကြိယာသကတ်ကိုလည်းကောင်း နှစ်ချက် ထုတ်ရသည်ကို သတိပြု။

အမှာ။ ကရောတီတိ ကာရော–ဟု ကိတ်ဝိဂ္ဂဟ ပြုပြီးမှ ကမ္မံ ကာရော ကမ္မကာရော–ဟု သမာသ် မတွဲကောင်း။ အကြောင်းကား = အမှု စသည်ကို ပြုလုပ်တတ်သူဟူသော ဒြဗ်ဝိသေသကို ဟောသော ကာရသဒ္ဒါ သက်သက် မရှိသောကြောင့်လည်းကောင်း၊ ဓာတုယာ ကမ္မာဒိမှိ ဏော သုတ်အရ အစဉ် ကံပုဒ်ရှိသော ဓာတ်နောင်သာ ဏပစ္စည်း သက်ကောင်းသောကြောင့်လည်းကောင်းတည်း။ ထို့ကြောင့် ကံတည်းဟူသော အနီးပုဒ်နှင့်တကွ အာချာတ်ဖြစ်သော ပရိယာယ် ပုဒ်တစ်ပါးကို ယူ၍ ကမ္မံ ကရောတီတိ ကမ္မကာရော–ဟုသာ ကတ္တုသာဓနကိတန္တ ဒုတိယာတပ္ပုရိသ် ဝိဂ္ဂဟ ပြုရသည်။

**၄–နံပါတ် စည်းမျဉ်း ပြီး၏။**

ကျချင်တာတွေ ကျပလေ့စေ။
ဒါပေမယ့် ··· စိတ်ဓာတ်တော့ မကျစေနဲ့။
စိတ်ဓာတ်ကျလျှင် အမြန်ပြန်ကောက်တင်လိုက်။

ttp://www.dhammadownload.com



# ၅–နံပါတ် ဟိတ်+သမ္ဗန်စည်းမျဉ်း

ဤ ၅–နံပါတ်ပုစ္ဆာ၌ (က) ဟိတ်ပြင် (ခ) သမ္ဗန်ခံ (ဂ) စာစပ် (ဃ) ဘာဝယောဂပုဒ်၏ ပစ္စယတ္ထ ဖော်ထုတ်ခြင်းဟူသော လေးချက်သာ မေးနိုင်၏။

## (က) ဟိတ်ပြင်နည်း

(၁) အာချာတ်ကြိယာပုဒ် (၂) ကိတ်ကြိယာပုဒ် (၃) တဒ္ဓိတ်ပုဒ် (၄) ကြွင်းနာမ်ပုဒ်ဟူ၍ ဟိတ်ပြင်ရမည့် ပုဒ်သည် လေးမျိုးရှိ၏။

### (၁) အာချာတ်ကြိယာပုဒ် ဟိတ်ပြင်နည်း

အာချာတ်ကြိယာ ပုဒ်၌ရှိသော ဝိဘတ်ကိုဖျောက်၊ မူလ ဓာတ်အတိုင်းထား၊ ယင်းအာချာတ် ဓာတ်နောင် အန္တ,မာန,ယု,တ,အ စသော ကိတ်ပစ္စည်း တစ်ခုခုသက်၍ ပုဒ်ပြီးထား၊ ယင်းနောင် တ္တာ,တာယ,တော,(ဘာဝတော) ဟူသော လေးမျိုးတို့တွင် တစ်မျိုးမျိုးသက်ရုံသာတည်း။

(ပုံစံ) ဂစ္ဆတိကို ဟိတ်ပြင်သော် = ဂစ္ဆန္တတ္တာ, ဂစ္ဆမာနတ္တာ, ဂမနတ္တာ, ဂမိတတာယ, ဂမနတော, ဂမနဘာဝတော စသည်ဖြင့် နှစ်သက်ရာ တစ်မျိုးမျိုးဖြင့်သာ ဟိတ်ပြင်ပါ။

အမှာ။ စာဖြေရှင်တို့ အနေဖြင့် = တ္တာ,တာယ ဆုံးသော ပုဒ်တို့ဖြင့်သာ ဟိတ်ပြင်ကြပါ။ များသောအားဖြင့် တ္တာ ဆုံးသော ပုဒ်မျိုးဖြင့် ဟိတ်ပြင်လေ့ရှိကြ၏။ တော,(ဘာဝတော) ဆုံးသော ပုဒ်တို့ဖြင့် ဟိတ်ပြင်ခြင်းကို ကား စာဖြေရှင်တို့ အနေဖြင့် အသုံးပြုလေ့မရှိပါ။ တော,(ဘာဝတော) ဆုံးသော ပုဒ်တို့ဖြင့် ဟိတ်ပြင်ခြင်း ကိုကား ပုစ္ဆာ၌သာ အသုံးပြုလေ့ ရှိ၏။

### အထူးသတိ

ဟောတိ–ကို ဟောန္တတ္တာ၊ အဟု–ကို ဟူတတ္တာ၊ အာဟ–ကို ဗြူဝန္တတ္တာ (ဝါ) ဗြူဝိတတ္တာ၊ အတ္ထိ–ကို အတ္ထိတာယ၊ သာဓေတိ–ကို သာဓေန္တတ္တာ၊ အပရဇ္ဈိ–ကို အပရဒ္ဓတ္တာ၊ အဂ္ဂဟေသုံ–ကို ဂဟိတတ္တာ၊ အာရောစေသိ–ကို အာရောစိတတ္တာ၊ ပရိဝဇ္ဇေယျ–ကို ပရိဝဇ္ဇန္တတ္တာ၊ ဝဒေယျာထ–ကို ဝဒန္တတ္တာ၊ နေဝ ဝဒေယျံ–ကို အဝဒန္တတ္တာယေဝ၊ ဠပေသိ–ကို ဠပနတ္တာ၊ အဋ္ဌာသိ–ကို ဠိတတ္တာ၊ န တိဋ္ဌန္တိ–ကို အဋ္ဌိတတ္တာ၊ န ကထေတိ–ကို အကထနတ္တာ၊ န ဒသေတိ–ကို အဒသေန္တတ္တာ၊ န သမ္မာယေယျံ–ကို အသမ္မာယန္တတ္တာ–ဟု ဟိတ်ပြင်ပါ။

### အာစရိယဝါဒ

သမ္ဗန်ခံရမည့် ပုဒ်သည် ကတ္တားဖြစ်ခဲ့သော် = အန္တ,ယု,တ စသော ကတ္တားအနက်ကို ဟောနိုင်သည့် ပစ္စည်းတို့ဖြင့်သာ ဟိတ်ပြင်ရမည်။ သမ္ဗန်ခံရမည့် ပုဒ်သည် ကံဖြစ်ခဲ့သော် = မာန,တဗ္ဗ,ယု,တ စသော ကံအနက်ကို ဟောနိုင်သည့် ပစ္စည်းတို့ဖြင့်သာ ဟိတ်ပြင်ရမည်ဟု ဆရာမြတ်တို့ သတ်မှတ်ကြ၏။ အန္တ,မာန ပစ္စည်း ၂–မျိုးတို့တွင် ဘေဒစိန္တာ၌ "အန္တော ကတ္တရိ မာနော တု၊ ဘာဝေ ကမ္မနိ ကတ္တရိ"ဟု ဆိုသောကြောင့် အန္တကို ကတ္တားဟော ပစ္စည်း၊ မာနကို ဘော,ကံ, ကတ္တားဟော ပစ္စည်းဖြစ်၏ဟု ခွဲခြား၍ သတိပြုပါ။

နိယံ။ ကတ္တား,ကံ,ဘော၊ မာန ဟော၊ အန္တော ကတ္တားသာ။

ttp://www.dhammadownload.com



## (၂) ကိတ်ကြိယာပုဒ် ဟိတ်ပြင်နည်း

ကိတ်ကြိယာ ပုဒ်၌ရှိသော ဝိဘတ်ကိုဖျောက်၊ မူလ ဓာတ်အတိုင်းထား၊ ယင်းဓာတ်နောင် ကိတ်ပစ္စည်း တစ်ခုခုသက်၍ ပုဒ်ပြီးထား၊ ယင်းနောင် တွာ,တာယ,တော,(ဘာဝတော) ဟူသော လေးမျိုးတို့တွင် တစ်မျိုးမျိုး သက်ရုံသာတည်း။

(ပုံစံ) ဂတောကို ဟိတ်ပြင်သော် = ဂတတ္တာ စသည်ဖြင့် ဟိတ်ပြင်ပါ။

### အထူးသတိ

ကတ္တာ–ကို ကတတ္တာ၊ ကတွာ–ကို ကရောန္တတ္တာ (ဝါ) ကတတ္တာ၊ ဟုတွာ–ကို ဟောန္တတ္တာ၊ ကုဇ္ဈိတွာ–ကို ကုဇ္ဈိတတ္တာ၊ ဓာနိတွာ–ကို ဓာနန္တတ္တာ၊ သရိတွာ–ကို သရန္တတ္တာ၊ ဒိသွာ–ကို ပဿန္တတ္တာ (ဝါ) ဒဿနတ္တာ၊ သုတွာ–ကို သုဏန္တတ္တာ၊ စိန္တေတွာ–ကို စိန္တေန္တတ္တာ (ဝါ) စိန္တနတ္တာ၊ သမောဓာနေတွာ–ကို သမောဓာနတ္တာ၊ နိဿာယ–ကို နိဿိတတ္တာ၊ သန္ဓာယ–ကို သန္ဓာတတ္တာ၊ သတိ–ကို သန္တတ္တာ၊ အသတိ–ကို အသန္တတ္တာ၊ ဒဿနတ္ထံ–ကို ဒဿနတ္တာ၊ န သက္ကာ–ကို အသက္ကောန္တတ္တာ–ဟု ဟိတ်ပြင်ပါ။

## (၃) တသ္မာပုဒ် ဟိတ်ပြင်နည်း

တသ္မာ၏ ရှေ့၌ရှိသော, တသ္မာပုဒ်နှင့် ဆက်စပ်သော ကြိယာကို ဟိတ်ပြင်၍ တသ္မာပုဒ်၏ နောက်၌ ထားရုံသာတည်း။

(ပုံစံ) ဂစ္ဆတိ၊ တသ္မာ ဝါကျ၌ တသ္မာ–ကို ဟိတ်ပြင်သော် = တသ္မာ ဂစ္ဆန္တတ္တာဟု ဟိတ်ပြင်ပါ။

(ပုံစံ) သော ဟာယသ္မာ သေက္ခော သကရဏီယော၊ တသ္မာ သဟာပိ န သက္ကာ။ (သီ၊ ၄၊ နှာ–၅)

တသ္မာ–ကို ဟိတ်ပြင်သော် = တသ္မာ သေက္ခတ္တာ သကရဏီယတ္တာ–ဟု ဟိတ်ပြင်ပါ။

## (၄) ကြွင်းနာမ်ပုဒ်များ ဟိတ်ပြင်နည်း

၁။ အာချာတ်ကြိယာပုဒ် ၂။ ကိတ်ကြိယာပုဒ် ၃။ တသ္မာပုဒ်တို့မှ တစ်ပါး ကြွင်းကျန်သေးသော နာမ်ပုဒ်များကို ဟိတ်ပြင်လိုသော် = ယင်းနာမ်ပုဒ်တို့၌ ရှိသော ဝိဘတ်ကို ဖျောက်၊ မူလ ပုဒ်အတိုင်းထား၊ ယင်းပုဒ်နောင် တွာ,တာယ, တော,(ဘာဝတော) ဟူသော လေးမျိုးတို့တွင် တစ်မျိုးမျိုး သက်ရုံသာတည်း။

(ပုံစံ) ဒဒမာနေဟိကို ဟိတ်ပြင်သော် = ဒဒမာနတ္တာ၊ ဓာနတော–ကို ဓာနန္တတ္တာ စသည်ဖြင့် ဟိတ်ပြင်ပါ။

### အထူးသတိ

သန္နေန္တသ–ကို သန္နေန္တတ္တာ၊ ဓမ္မဿာမိမှိ–ကို ဓမ္မဿာမိတ္တာ၊ သဗ္ဗညု–ကို သဗ္ဗညုတာယ၊ ဥပသင်္ကမိတာရော–ကို ဥပသင်္ကမိတတ္တာ၊ အတ္ထိကဝါ–ကို အတ္ထိကဝန္တတ္တာ၊ သီလဝါ–ကို သီလဝန္တတ္တာ၊ ပဋိကိဋ္ဌတရံ–ကို ပဋိကိဋ္ဌတရတ္တာ၊ ဝုဒ္ဓိ–ကို ဝုဒ္ဓိတာယ၊ တက္ကီ–ကို တက္ကီတာယ၊ ဧဝံသညိနော–ကို ဧဝံသညိတ္တာ၊ ဧဝံသညီ–ကို ဧဝံသညိတ္တာ–ဟု ဟိတ်ပြင်ပါ။

=============

ttp://www.dhammadownload.com



## (ခ) သမ္ဗန်ခံနည်း

သမ္ဗန်ခံနည်းသည် (၁) နိယံကို ရှု၍ ပုံသေသမ္ဗန်ခံနည်း (၂) အရကောက်ကို ရှု၍ သမ္ဗန်ခံနည်း (၃) သဘောအားဖြင့် သမ္ဗန်ခံနည်းဟူ၍ သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် (၁) နိယံကို ရှု၍ ပုံသေသမ္ဗန်ခံနည်းကို ရှေးဦးစွာ ပြပါအံ့။

### (၁) နိယံကို ရှု၍ ပုံသေသမ္ဗန်ခံနည်း (နိယံများ)

၁။ ကတ္တားဟော ကြိယာ၊ ဟိတ်ပြင်လာ၊ ခံပါ ကတ္တုကြံ။

၂။ ကံဟော ကြိယာ၊ ဟိတ်ပြင်လာ၊ ခံပါ ကမ္မကြံ။

၃။ တသ္မာ နောင်၊ ဟိတ်ကိုဆောင်၊ ဟိတ်ကောင် ကတ်,ကံ၊ ခံ သမ္ဗန်။

၄။ ဝိသေသန၊ ဟိတ်ပြင်က၊ ဝိသေသျ ခံ။

၅။ ပုဒ် လက္ခဏ၊ ဟိတ်ပြင်က၊ လက္ခဏဝန္တ ခံ။

၆။ ပုဒ် နာဒရိယ၊ ဟိတ်ပြင်က၊ နာဒရိယဝန္တ ခံ။

၇။ လိင်္ဂတ် ပဒါ၊ ဟိတ်ပြင်လာ၊ ခံပါ တုလျတ်ကြံ။

၈။ ဝိကတိ ပဒါ၊ ဟိတ်ပြင်လာ၊ ခံပါ ပကတိကြံ။

၉။ ဝိသေသျ၊ လက်ဝန္တနှင့် (လက္ခဏဝန္တ)၊ နာဒရိဝန္တာ၊ တုလျာ, ပကတိ၊ ဟိတ်ပြင်မိ၊ ခံဘိ ဝေဝုစ်ကြံ။

၁၀။ ဗဟုဗ္ဗိ ပဒါ၊ ဟိတ်ပြင်လာ၊ ခံပါ အညကြံ။

၁၁။ ပုဒ် တဗ္ဗတော၊ အဆုံးပြော၊ ခံဟော "ကမ္မ"ကြံ။

၁၂။ တဗ္ဗ မနော၊ တော-ဆုံးပြော၊ ခံဟော "ကတ္တား"ကြံ။

၁၃။ အတ္တော ပဒါ၊ ဟိတ်ပြင်လာ၊ ခံပါ ဝဏ္ဏောကြံ။

၁၄။ အဓိပ္ပါယာ၊ ဟိတ်ပြင်လာ၊ ခံပါ ဝဏ္ဏော၊ ပုဂ္ဂလေ။

၁၅။ ဟိတ်ဆိုက်လေရာ၊ ကြိယာ၏၊ ပကတိမှန်၊ ကတ္တား, ကံ၊ ဟိတ်၏သမ္ဗန် ခံမြဲတည်း။ (ယေဘုယျ)

### နိယံများကို ဖွင့်ဆိုခြင်း

၁။ ကတ္တားဟော ကြိယာ၊ ဟိတ်ပြင်လာ၊ ခံပါ ကတ္တုကြံ။

(ရှင်း) ကတ္တားကို ဟောသော အာချာတ်ကြိယာ, ကိတ်ကြိယာတို့ကို ဟိတ်ပြင်သော် = ပကတိကတ္တားကို သမ္ဗန်ခံပါ။

(ပုံစံ) ပုရိသော မဂ္ဂံ ဂတော။ (မျက်ရှု)
ဟိတ်။ ဂတော-ကို ဂတတ္တာ-ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ပုရိသဿ။

(ပုံစံ) **ဒီဃာဂမော နာမ** သီလက္ခန္ဓဝဂ္ဂေါ မဟာဝဂ္ဂေါ ပါထိကဝဂ္ဂေါတိ ဝဂ္ဂတော တိဝဂ္ဂေါ ဟောတိ။ (ဋ၊ နှာ-၂)
ဟိတ်။ ဟောတိ-ကို ဟောန္တတ္တာ-ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ဒီဃာဂမဿ နာမဿ။

(ပုံစံ) ဝေဠု ပန ဝတွာ ထေရော အတ္တနော ပဥ္စသတာယ ပရိသာယ ပရိဝုတော ရာဇဂဟံ ဂတော။ (ဋ၊ နှာ-၇)
ဟိတ်။ ဂတော-ကို ဂတတ္တာ-ဟိတ်ပြင်ပါ။ (သမ္ဗန်) ထေရဿ။

အမှာ။ <u>အန္တ,တံ,တုန,တွာန,တွာ,တွံ,ဏျ,အက စသော ကတ္တားဟော ပစ္စည်းများ ဆုံးသော ကိတ်ကြိယာပုဒ်များကို ကတ္တားဟော ကိတ်ကြိယာဟူ၍လည်း မှတ်ပါ။</u>

၂။ ကံဟော ကြိယာ၊ ဟိတ်ပြင်လာ၊ ခံပါ ကမ္မကြံ။

(ရှင်း) ကံကို ဟောသော အာချာတ်ကြိယာ, ကိတ်ကြိယာတို့ကို ဟိတ်ပြင်သော် = ပကတိကံကို သမ္ဗန်ခံပါ။

ttp://www.dhammadownload.com



(ပုံစံ) ပုရိသေန ကမ္မံ ကတံ။ (မျက်ရှု)
ဟိတ်။ ကတံ–ကို ကတတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ကမ္မသ။

(ပုံစံ) ပဌမမဟာသင်္ဂီတိ နာမ စေသာ ကိဥ္စာပိ ဝိနယပိဋ္ဌကေ တန္တိမာရုဠှာ။ (ဋ္ဌ၊ နှာ–၃)
ဟိတ်။ အာရုဠှာ–ကို အာရုဠှတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) တောယ ပဌမမဟာသင်္ဂီတိယာ နာမာယ။

(ပုံစံ) ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော။ (ဋ္ဌ၊ နှာ–၃)
ဟိတ်။ ဒေသိတော–ကို ဒေသိတတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ယဿ ဓမ္မဿ စ။

အမှာ။ <u>တဗ္ဗ,အနီယ စသော ကံဟော ပစ္စည်းများ ဆုံးသော ကိတ်ကြိယာပုဒ်များကို ကံဟော ကိတ်ကြိယာ ဟူ၍ လည်း မှတ်ပါ။</u>

၃။ တသ္မာ နောင်၊ ဟိတ်ကိုဆောင်၊ ဟိတ်ကောင် ကတ်,ကံ၊ ခံ သမ္ဗန်။

(ရှင်း) တသ္မာပုဒ်ကို ဟိတ်ပြင်လိုသော် ယင်းတသ္မာ၏ ရှေ့၌ ရှိသော ကြိယာနှင့် တွဲဖက်၍ ဟိတ်ပြင်ရမည်။ တသ္မာနှင့် တွဲဖက်၍ ဟိတ်ပြင်သော ကြိယာသည် ကတ္တားဟော ဖြစ်အံ့၊ ယင်းကြိယာ၏ ပကတိ ကတ္တားကို သမ္ဗန်ခံပါ။ တသ္မာနှင့် တွဲဖက်၍ ဟိတ်ပြင်သော ကြိယာသည် ကံဟော ဖြစ်အံ့၊ ယင်းကြိယာ၏ ပကတိ ကံကို သမ္ဗန်ခံပါ။

(ပုံစံ) သော ဟာယသ္မာ သေက္ခော သကရဏီယော၊ တသ္မာ သဟာပိ န သက္ကာ။ (ဋ္ဌ၊ နှာ–၅)
ဟိတ်။ တသ္မာ–ကို အစွဲနှင့်တကွ = တသ္မာ သေက္ခတ္တာ သကရဏီယတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) တဿ အာယသ္မတော အာနန္ဒဿ။

(ပုံစံ) ပဏ္ဍိပိတဗ္ဗံ ပန သဗ္ဗတ္ထာပိ အတ္ထိ၊ တသ္မာ ယံ ယတ္ထ ပဏ္ဍိပိတုံ ယုတ္တံ။ (ဋ္ဌ၊ နှာ–၁၃)
ဟိတ်။ တသ္မာ–ကို အစွဲနှင့်တကွ = တသ္မာ အတ္ထိတာယ။ (သမ္ဗန်) ပဏ္ဍိပိတဗ္ဗဿ။

(ပုံစံ) အတ္ထဗျဉ္ဇနပရိပုဏ္ဏံဥ် ဓမ္မံ အာဒရေန အဿုဏန္တော မဟတာ ဟိတာ ပရိဗာဟိရော ဟောတီတိ တသ္မာ အာဒရံ ဇနေတွာ သက္ကစ္စံ အယံ ဓမ္မော သောတဗ္ဗောတိ။ (ဋ္ဌ၊ နှာ–၃၁)
ဟိတ်။ တသ္မာ–ကို အစွဲနှင့်တကွ = တသ္မာ ပရိဗာဟိရတ္တာ။ (သမ္ဗန်) အဿုဏန္တဿ။

၄။ ဝိသေသန၊ ဟိတ်ပြင်က၊ ဝိသေသျ ခံ။

(ရှင်း) (တုလျာဓိကရဏ) ဝိသေသနပုဒ်ကို ဟိတ်ပြင်သော် = (တုလျာဓိကရဏ) ဝိသေသျပုဒ်ကို သမ္ဗန်ခံပါ။

(ပုံစံ) ဝိဇ္ဇာစရဏသမ္ပန္နော ဘဂဝါ လောကေ ဥပ္ပါဒိ။ (ပစ္စက္ကျ–ဦးရာဇိန္ဒ)
ဟိတ်။ ဝိဇ္ဇာစရဏသမ္ပန္နော–ကို ဝိဇ္ဇာစရဏသမ္ပန္နတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ဘဂဝတော။

(ပုံစံ) ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။ (ဋ္ဌ၊ နှာ–၁)
ဟိတ်။ ဂတိဝိမုတ္တံ–ကို ဂတိဝိမုတ္တတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) သုဂတဿ။

(ပုံစံ) 'ဓာရေယျသိ ပန မေ တွံ ကဿပ သာဏာနိ ပံသုကူလာနိ နိဗ္ဗသနာနီ'တိ။ (ဋ္ဌ၊ နှာ–၃)
ဟိတ်။ သာဏာနိ–ကို သာဏတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ပံသုကူလာနံ။

(ပုံစံ) ယသ္မာ ပနဿ ကိဥ္စိ ဒသဗလဒေသိတံ သုတ္တဂေယျာဒိကံ အပ္ပစ္စက္ခံ နာမ နတ္ထိ။ (ဋ္ဌ၊ နှာ–၅)
ဟိတ်။ ဒသဗလဒေသိတံ–ကို ဒသဗလဒေသိတတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) သုတ္တဂေယျာဒိကဿ။

၅။ ပုဒ် လက္ခဏ၊ ဟိတ်ပြင်က၊ လက္ခဏဝန္တ ခံ။

(ရှင်း) လက္ခဏပုဒ်ကို ဟိတ်ပြင်သော် = ယင်းလက္ခဏပုဒ်၏ ကတ္တားပုဒ်,ကံပုဒ်များ ဖြစ်ကြသော လက္ခဏဝန္တ ဝုတ္တကတ္တား (ဝါ) လက္ခဏဝန္တ ဝုတ္တကံ ပုဒ်များကို သမ္ဗန်ခံပါ။

ttp://www.dhammadownload.com



(ပုံစံ) အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတေ ဘဂဝတိ လောကနာထေ။ (ဋ္ဌ၊ နှာ-၃)
ဟိတ်။ ပရိနိဗ္ဗုတေ-ကို ပရိနိဗ္ဗုတတ္တာ-ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) (လောကနာထသ) ဘဂဝတော။
(ပုံစံ) ယဒိ ဧဝံ သေက္ခောပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အသ။ (ဋ္ဌ-၅)
ဟိတ်။ သမာနော-ကို သမာနတ္တာ-ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) သေက္ခသ။
အမှာ။ ဤကား လက္ခဏဝန္တ ကတ္တားကို သမ္ဗန်ခံသော ပုံစံတည်း။
(ပုံစံ) အာစရိယေန ဟိ ရတနတ္တယဿ အဝဏ္ဏေ ဘာသိတေ အန္တေဝါသီ ဝဏ္ဏံ ဘာသတိ။ (ဋ္ဌ၊ နှာ-၃၉)
ဟိတ်။ ဘာသိတေ-ကို ဘာသိတတ္တာ-ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) အဝဏ္ဏသ။
အမှာ။ ဤကား လက္ခဏဝန္တ ကံကို သမ္ဗန်ခံသော ပုံစံတည်း။
၆။ ပုဒ် နာဒရိယ၊ ဟိတ်ပြင်က၊ နာဒရိယဝန္တ ခံ။
(ရှင်း) အနာဒရိယ ပုဒ်ကို ဟိတ်ပြင်သော် = ယင်းအနာဒရိယ ပုဒ်၏ ကတ္တားပုဒ်,ကံပုဒ်များ ဖြစ်ကြသော အနာဒရိယဝန္တ ဝုတ္တကတ္တား (ဝါ) အနာဒရိယဝန္တ ဝုတ္တကံ ပုဒ်များကို သမ္ဗန်ခံပါ။
(ပုံစံ) ဒါရကော ရုဒန္တသ္မိံ ပိတာ ပဗ္ဗဇိ။
ဟိတ်။ ရုဒန္တသ္မိံ-ကို ရုဒန္တတ္တာ-ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ဒါရကသ။
(ပုံစံ) "သမဏဿ ဂေါတမဿ သာဝကာ သတ္ထရိ ဋ္ဌိတေယေဝ ဝိဟာရေ ပဋ္ဌိဇဂ္ဂိံသု။ (ဋ္ဌ၊ နှာ-၉)
ဟိတ်။ ဋ္ဌိတေ-ကို ဋ္ဌိတတ္တာ-ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) သတ္ထုနော။
(ပုံစံ) သမ္မာသမ္ဗုဒ္ဓေ ဓရမာနေယေဝ ဝိနယပရိယတ္တိံ နိဿာယ။ (ဋ္ဌ၊ နှာ-၁၂)
ဟိတ်။ ဓရမာနေ-ကို ဓရမာနတ္တာ-ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) သမ္မာသမ္ဗုဒ္ဓသ။
အမှာ။ လက္ခဏ, လက္ခဏဝန္တ, အနာဒရိယ, အနာဒရိယဝန္တ စသည်တို့၏ အဓိပ္ပါယ်ကို စာချတန်းအခြေခံ သဒ္ဒါ ကဏ္ဍ၌လည်းကောင်း၊ (၈)နံပါတ်ပုစ္ဆာလာ အဓိပ္ပါယ်စည်းမျဉ်း ကဏ္ဍ၌လည်းကောင်း သေချာစွာ ရေးသား ဖော်ပြထားသည်။
၇။ လိင်္ဂတ် ပဒါ၊ ဟိတ်ပြင်လာ၊ ခံပါ တုလျတ်ကြံ။
(ရှင်း) လိင်္ဂတ်ပုဒ်ကို ဟိတ်ပြင်သော် = တုလျတ်ပုဒ်ကို သမ္ဗန်ခံပါ။
(ပုံစံ) ဂေါတမော အမှာကံ သတ္ထာ။ (မျက်ရှု)
ဟိတ်။ သတ္ထာ-ကို သတ္ထုဘာဝတော-ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ဂေါတမဿ။
(ပုံစံ) သော ဟာယသ္မာ သေက္ခော သကရဏီယော၊ တသ္မာ သဟာပိ န သက္ကာ။ (ဋ္ဌ၊ နှာ-၅)
ဟိတ်။ သေက္ခော-ကို သေက္ခတ္တာ၊ သကရဏီယော-ကို သကရဏီယတ္တာ-ဟု အသီးသီးဟိတ်ပြင်ပါ။ (သမ္ဗန်) တဿ အာယသ္မတော အာနန္ဒဿ။
(ပုံစံ) ဝိနယပိဋကံ **ဝိနယော**။ (ဋ္ဌ၊ နှာ-၁၆)
ဟိတ်။ ဝိနယော-ကို ဝိနယတ္တာ-ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ဝိနယပိဋကဿ။
၈။ ဝိကတိ ပဒါ၊ ဟိတ်ပြင်လာ၊ ခံပါ ပကတိကြံ။
(ရှင်း) ဝိကတိ ကတ္တားပုဒ်ကို ဟိတ်ပြင်သော် = ပကတိ ကတ္တားပုဒ်ကို သမ္ဗန်ခံပါ။
(ပုံစံ) မနုဿော သာမဏေရော အဟောသိ။
ဟိတ်။ သာမဏေရော-ကို သာမဏေရတ္တာ-ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) မနုဿဿ။

ttp://www.dhammadownload.com



(ပုံစံ) လောကော တိဝိဓော ဟောတိ။ (ပခုက္ကူ)
ဟိတ်။ တိဝိဓော–ကို တိဝိဓတ္တော–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) လောကသည်။
(ပုံစံ) အဋ္ဌ အက္ခရာ သရာ နာမ ဟောန္တိ။ (ကစ္စည်း)
ဟိတ်။ သရာ–ကို သရတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) အဋ္ဌန္နံ အက္ခရာနံ။
(ရှင်း) ဝိကတိ ကံပုဒ်ကို ဟိတ်ပြင်သော် = ပကတိ ကံပုဒ်ကို သမ္ဗန်ခံပါ။
(ပုံစံ) ပထဝီ ကုမ္ဘံ ကရောတိ။
ဟိတ်။ ကုမ္ဘံ–ကို ကုမ္ဘတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ပထဝိယာ။
အမှာ။ "ဣတိ ဝုတ္တံ ဟောတိ၊ ဣဒံ ဝုတ္တံ ဟောတိ" ပုံစံတို့၌လည်း ဝုတ္တံ ပုဒ်ကို ဝုတ္တတ္တာဟု ဟိတ်ပြင်သော် = ဣတိ,ဣဒံ ပုဒ်တို့ကို ဣမသ–ဟု သမ္ဗန်ခံပါလေ။
၉။ ဝိသေသျ၊ လက်ဝဋ္ဋနှင့် (လက္ခဏဝဋ္ဋ)၊ နာဒရိဝဋ္ဋာ၊ တုလျာ, ပကတိ၊ ဟိတ်ပြင်မိ၊ ခံဘိ ဝေဝုစ်ကြံ။
(ရှင်း) ဝိသေသျပုဒ်, လက္ခဏဝဋ္ဋပုဒ်, အနာဒရိယဝဋ္ဋပုဒ်, တုလျတ်ပုဒ်, ပကတိပုဒ်တို့ကို ဟိတ်ပြင်သော် = ယင်းပုဒ်တို့၏ ဝေဝုစ်ပရိယာယ်ကို ရှာ၍ သမ္ဗန်ခံပါ။
(ပုံစံ) ဝိဇ္ဇာစရဏသမ္ပန္နော ဘဂဝါ လောကေ ဥဒပါဒိ။ (ပခုက္ကူ–ဦးရာဇိန္ဒ)
ဟိတ်။ ဘဂဝါ–ကို ဘဂဝန္တတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) တထာဂတသည်။
အမှာ။ ဤကား ဝိသေသျပုဒ်ကို ဟိတ်ပြင်ရာ၌ သမ္ဗန်ခံသော ပုံစံတည်း။
(ပုံစံ) ယဒိ ဧဝံ သေက္ခောပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အသ။ (ဌ၊ ၅)
ဟိတ်။ သေက္ခော–ကို သေက္ခတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) သောတာပန္နပုဂ္ဂလသည်။
အမှာ။ ဤကား လက္ခဏဝဋ္ဋပုဒ်ကို ဟိတ်ပြင်ရာ၌ သမ္ဗန်ခံသော ပုံစံတည်း။
(ပုံစံ) ဒါရကော ရုဒန္တသ္မိံ ပိတာ ပဗ္ဗဇိ။
ဟိတ်။ ဒါရကော–ကို ဒါရကတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ကုမာရကသည်။
အမှာ။ ဤကား အနာဒရိယဝဋ္ဋပုဒ်ကို ဟိတ်ပြင်ရာ၌ သမ္ဗန်ခံသော ပုံစံတည်း။
(ပုံစံ) ဂေါတမော အမှာကံ သတ္ထာ။ (မျက်ရှု)
ဟိတ်။ ဂေါတမော–ကို ဂေါတမတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ဗုဒ္ဓသည်။
အမှာ။ ဤကား တုလျတ်ပုဒ်ကို ဟိတ်ပြင်ရာ၌ သမ္ဗန်ခံသော ပုံစံတည်း။
(ပုံစံ) မနုဿော သာမဏေရော အဟောသိ။
ဟိတ်။ မနုဿော–ကို မနုဿတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) နရသည်။
အမှာ။ ဤကား ပကတိပုဒ်ကို ဟိတ်ပြင်ရာ၌ သမ္ဗန်ခံသော ပုံစံတည်း။
(ပုံစံ) ကောဓော ဣတရဿ ပစ္စယော ဟောတိ။ (ဌ၊ နှာ–၁၀၅)
ဟိတ်။ ကောဓော–ကို ကောဓတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ဒေါသသည်။
အမှာ။ ဤကား ပကတိပုဒ်ကို ဟိတ်ပြင်ရာ၌ သမ္ဗန်ခံသော ပုံစံတည်း။ ကောဓော ပုဒ်သည် ပကတိကတ္တားပုဒ်ဖြစ်သည်ကို သတိပြုပါ။

ttp://www.dhammadownload.com



## အညေဝါဒ

ဝိသေသျပုဒ်, လက္ခဏာဝန္တပုဒ်, အနာဒရိယဝန္တပုဒ်, တုလျတ်ပုဒ်, ပကတိပုဒ်တို့ကို ဟိတ်ပြင်ရာ၌ ယင်းပုဒ်တို့၏ ဝေဝုစ်ပရိယာယ်ကို ရှာ၍ သမ္ဗန်ခံသော နည်းသည် ပခုက္ကူ–ဦးရာဇိန္ဒ၏ နည်းကို မှီး၍ ဆိုခြင်း ဖြစ်၏။

(အညေဝါဒ) ဆရာမြတ်တို့ကမူ = ဝိသေသျပုဒ်ကို ဟိတ်ပြင်ရာ၌ ဝိသေသနပုဒ်ကိုလည်းကောင်း၊ လက္ခဏာဝန္တပုဒ်ကို ဟိတ်ပြင်ရာ၌ လက္ခဏာပုဒ်ကိုလည်းကောင်း၊ အနာဒရိယဝန္တပုဒ်ကို ဟိတ်ပြင်ရာ၌ အနာဒရိယ ပုဒ်ကိုလည်းကောင်း၊ တုလျတ်ပုဒ်ကို ဟိတ်ပြင်ရာ၌ လိင်္ဂတ်ပုဒ်ကိုလည်းကောင်း၊ ပကတိပုဒ်ကို ဟိတ်ပြင်ရာ၌ ဝိကတိပုဒ်ကိုလည်းကောင်း အသီးသီး သမ္ဗန်ခံရမည်ဟူ၍ မိန့်ဆိုတော်မူကြသေး၏။ ဤနည်းစနစ်ဖြင့် သမ္ဗန်ခံပုံကိုလည်း ဖော်ပြအပ်ပါ၏။ ရှုတော်မူပါ။

အမှာ။ အရတူကို သမ္ဗန်ခံသည်ချည်း ဖြစ်၍ နှစ်နည်းလုံး သင့်၏။ စာရေးသူ အနေဖြင့်မူ ဝါကျ၌ တိုက်ရိုက်ရှိသော ပုဒ်ကို သမ္ဗန်ခံသည့် အညေဝါဒကို ပို၍ နှစ်သက်၏။

(ပုံစံ) ဝိဇ္ဇာစရဏသမ္ပန္နော ဘဂဝါ လောကေ ဥဒပါဒိ။
ဟိတ်။ ဘဂဝါ–ကို ဘဂဝန္တတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ဝိဇ္ဇာစရဏသမ္ပန္နသ။

အမှာ။ ဤကား ဝိသေသျ ပုဒ်ကို ဟိတ်ပြင်ရာ၌ အညေဝါဒအလို သမ္ဗန်ခံပုံတည်း။

(ပုံစံ) ယဒိ ဧဝံ သေက္ခောပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အဿ။ (ဋ၊ ၅)
ဟိတ်။ သေက္ခော–ကို သေက္ခတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) သမာနဿ။

အမှာ။ ဤကား လက္ခဏာဝန္တ ပုဒ်ကို ဟိတ်ပြင်ရာ၌ အညေဝါဒအလို သမ္ဗန်ခံပုံတည်း။

(ပုံစံ) ဒါရကေ ရုဒန္တသ္မိံ ပိတာ ပဗ္ဗဇိ။
ဟိတ်။ ဒါရကေ–ကို ဒါရကတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ရုဒန္တဿ။

အမှာ။ ဤကား အနာဒရိယဝန္တ ပုဒ်ကို ဟိတ်ပြင်ရာ၌ အညေဝါဒအလို သမ္ဗန်ခံပုံတည်း။

(ပုံစံ) ဂေါတမော အမှာကံ သတ္ထာ။ (မျက်ရှု)
ဟိတ်။ ဂေါတမော–ကို ဂေါတမတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) သတ္ထုနော။

(ပုံစံ) တဒတ္ထာယ အကတဘူမိဘာဂေါ ဝတ္ထု။ (ဋ၊ နှာ–၇၇)
ဟိတ်။ အကတဘူမိဘာဂေါ–ကို အကတဘူမိဘာဂတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ဝတ္ထုနော။

အမှာ။ ဤကား တုလျတ် ပုဒ်ကို ဟိတ်ပြင်ရာ၌ အညေဝါဒအလို သမ္ဗန်ခံပုံတည်း။

(ပုံစံ) မနုဿော သာမဏေရော အဟောသိ။
ဟိတ်။ မနုဿော–ကို မနုဿတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) သာမဏေရဿ။

အမှာ။ ဤကား ပကတိ ပုဒ်ကို ဟိတ်ပြင်ရာ၌ အညေဝါဒအလို သမ္ဗန်ခံပုံတည်း။

၁၀။ ဗဟုဗ္ဗီ ပဒ၊ ဟိတ်ပြင်လာ၊ ခံပါ အညကြံ။

(ရှင်း) ဗဟုဗ္ဗီဟိ သမာသ်ပုဒ်ကို ဟိတ်ပြင်သော် = အညပုဒ်ကို သမ္ဗန်ခံပါ။

(ပုံစံ) ကရုဏာသီတလဟဒယံ၊ ပညာပဇ္ဇောတဝိဟတမောဟတမံ။
သနရာမရလောကဂရုံ၊ ဝန္ဒေ **သုဂတံ** ဂတိဝိမုတ္တံ။ (ဋ၊ နှာ–၁)
ဟိတ်။ ကရုဏာသီတလဟဒယံ–ကို ကရုဏာသီတလဟဒယတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) သုဂတဿ။

(ပုံစံ) ကတပုညောသိ တွံ အာနန္ဒ၊ ပဓာနမနုယုဉ္ဇ။ (ဋ၊ နှာ–၁၀)
ဟိတ်။ ကတပုညော–ကို ကတပုညတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) တဝ အာနန္ဒဿ။

အမှာ။ တွံ–ကို အစွဲနှင့်တကွ တဝ အာနန္ဒဿ–ဟု သမ္ဗန်ခံသည်။

ttp://www.dhammadownload.com



(ပုံစံ) အယံ သုတသဒ္ဒေါ သဥပသဂ္ဂေါ စ အနုပသဂ္ဂေါ စ ဂမနဝိဿုတကိလိန္နဥပစိတာနုယောဂသောတ- ဝိညေယျသောတဒ္ဒါရာနုသာရဝိညာတာဒိ အနေကတ္ထပ္ပဘေဒေါ။ (ဋ၊ နှာ-၂၉)
ဟိတ်။ အနေကတ္ထပ္ပဘေဒေါ-ကို အနေကတ္ထပ္ပဘေဒတ္တာ။ (သမ္ဗန်) ဣမဿ သုတသဒ္ဒဿ။

၁၁။ ပုဒ် တဗ္ဗတော၊ အဆုံးပြော၊ ခံဟော "ကမ္မ"ကြံ။

(ရှင်း) တဗ္ဗတော ဆုံးသည့် ဘာဝပ္ပစာန,ဘာဝလောပ ပုဒ်မျိုးကို ဟိတ်ပြင်သော် = ကံပုဒ်ကို သမ္ဗန်ခံပါ။

(ပုံစံ) ဓေန္တိ စ မေတိ စ တံ တံ ဥပါဒါယ ဝတ္တဗ္ဗတော ဥပါဒါပညတ္တိ။ (ဋ၊ နှာ-၃၀)
ဟိတ်။ ဝတ္တဗ္ဗတော။ (သမ္ဗန်) ဓေန္တိ စ မေတိ စ ဣမာယ ပညတ္တိယာ။

(ပုံစံ) သုတန္တိ ဒိဋ္ဌာဒီနိ ဥပနိဓာယ ဝတ္တဗ္ဗတော ဥပနိဓာပညတ္တိ။ (ဋ၊ နှာ-၃၀)
ဟိတ်။ ဝတ္တဗ္ဗတော။ (သမ္ဗန်) သုတန္တိ ဣမာယ ပညတ္တိယာ။

(ပုံစံ) မေထုနာတိ ရာဂပရိယုဋ္ဌာနဝသေန သဒိသတ္တာ "မေထုနကာ"တိ လဒ္ဓဝေါဟာရေဟိ ပဋိသေဝိတဗ္ဗတော မေထုနာတိ သဉ္ဇ ဂတာ အသဒ္ဓမ္မာ။ (ဋ၊ နှာ-၇၁)
ဟိတ်။ ပဋိသေဝိတဗ္ဗတော။ (သမ္ဗန်) မေထုနဿ။

၁၂။ တဗ္ဗ မနော၊ တော-ဆုံးပြော၊ ခံဟော "ကတ္တား"ကြံ။

(ရှင်း) တဗ္ဗမပါဘဲ တောဆုံးသည့် ဘာဝပ္ပစာန,ဘာဝလောပ ပုဒ်မျိုးကို ဟိတ်ပြင်သော် = ကတ္တားပုဒ်ကို သမ္ဗန်ခံပါ။

(ပုံစံ) အထ ကသ္မာ န ဥစ္စိနိတောတိ? ပရူပဝါဒဝိဝဇ္ဇနတော။ (ဋ၊ နှာ-၅)
ဟိတ်။ ပရူပဝါဒဝိဝဇ္ဇနတော။ (သမ္ဗန်) မဟာကဿပတ္ထေရဿ။

(ပုံစံ) ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော "ဝိနယော"တိ အက္ခာတော။ (ဋ၊ နှာ-၁၇)
ဟိတ်။ ဝိနယနတော။ (သမ္ဗန်) ဣမဿ ဝိနယဿ။

(ပုံစံ) ကာယိကဝါစသိကအဇ္ဈာစာရနိသေဓနတော စေသ ကာယံ ဝါစဉ္စ ဝိနေတိ။ (ဋ၊ နှာ-၁၇)
ဟိတ်။ ကာယိကဝါစသိကအဇ္ဈာစာရနိသေဓနတော။ (သမ္ဗန်) ဧတဿ ဝိနယဿ။

အမှာ။ တဗ္ဗနောင် "တော"တိုက်ရိုက် မဝင်ဘဲ ဘာဝသဒ္ဒါ ပါလာသည့် တဗ္ဗဘာဝတော, တဗ္ဗာဘာဝတော ပုဒ်မျိုးတို့ကား ဘာဝသဒ္ဒါ ပါလာသောကြောင့် ဘာဝပ္ပစာန, ဘာဝလောပပုဒ်တို့ မဟုတ်ကြကုန်။ ယင်းပုဒ်တို့ကို သမ္ဗန်ခံလျှင်လည်း ကတ္တားကိုသာ ခံရသည်။

(ပုံစံ) **သုခံ ပဝတ္တနတ္ထာနန္တိ** မဟာယာဂပဋိဂ္ဂဏှနဋ္ဌာနေ ဒါနကဋ္ဌမ္ဘု ပဂ္ဂဏှန္တာနံ။ **ဣမေဟိ စတူဟီတိ** ဧတေဟိ သုဓာတ- တာဒီဟိ။ ဧတေသု ဟိ အသတိ "ဓဝံ ဒုဗ္ဘာတဿ သံဝိဓာနေန ပဝတ္တဒါနံ ကိတ္တကံ ကာလံ ပဝတ္တိဿတီ" တိအာဒီနိ ဝတွာ ဥပသင်္ကမိတာရော န ဟောန္တိ။ ဂရဟိတဗ္ဗာဘာဝတော ပန ဥပသင်္ကမန္တိ ယေဝ။ တသ္မာ ဣမာနိပိ ပရိက္ခာရာ ဘဝန္တီတိ ဝုတ္တာနိ။ (ဋ၊ နှာ-၂၆၇)
ဟိတ်။ ဂရဟိတဗ္ဗာဘာဝတော။ (သမ္ဗန်) ဒါနဿ။

၁၃။ အတ္ထော ပဒါ၊ ဟိတ်ပြင်လာ၊ ခံပါ ဝဏ္ဏေကြံ။
(တစ်နည်း) အတ္ထော သမ္ဗန်၊ ပုဒ်ရင်းခံ၊ ကေန် မှတ်လိုက်ပါ။

(ရှင်း) အတ္ထော ပုဒ်ကို ဟိတ်ပြင်သော် = သံဝဏ္ဏေတဗ္ဗပုဒ် (ဝါ) ပုဒ်ရင်းကို သမ္ဗန်ခံပါ။

(ပုံစံ) **အယံ သင်္ခိယဓမ္မောတိ** သင်္ခိယာ ဝုစ္စတိ ကထာ၊ ကထာဓမ္မောတိ အတ္ထော။ (ဋ၊ နှာ-၄၃+၄၄)
ဟိတ်။ အတ္ထော-ကို အတ္ထတ္တာ-ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) အယံ သင်္ခိယဓမ္မောတိ ပဒဿ။

ttp://www.dhammadownload.com



(ပုံစံ) **မနသိ ကရောဟီတိ** အာဝဇ္ဇ၊ သမန္နာဟရာတိ အတ္ထော။ (ဌ၊ နှာ–၁၅၅)
ဟိတ်။ အတ္ထော–ကို အတ္ထတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) မနသိ ကရောဟီတိ ပဒဿ။

(ပုံစံ) **ကထာသလ္လာပေါတိ** ကထာ စ သလ္လာပေါ စ၊ ကထနံ ပဋိကထနန္တိ အတ္ထော။ (ဌ၊ နှာ–၂၄၇)
ဟိတ်။ အတ္ထော–ကို အတ္ထတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ကထာသလ္လာပေါတိ ပဒဿ။

အမှာ။ သံဝဏ္ဏေတဗ္ဗ နှစ်ဆင့်ရှိရာ၌ = ဒုတိယ သံဝဏ္ဏေတဗ္ဗပုဒ်ကို သမ္ဗန်ခံရမည်။

နိယံ။ နှစ်ဆင့် ဖွင့်လာ၊ ယင်းဝါကျာ၊ ခံပါ ဒုတိယာ။

(ပုံစံ) အန္တေ ဝသတီတိ **အန္တေဝါသီ**၊ သမီပစာရော သန္တိကာဝစရော သိဿောတိ အတ္ထော။ (ဌ၊ နှာ–၃၆)
ဟိတ်။ အတ္ထော–ကို အတ္ထတ္တာ–ဟု ဟိတ်ပြင်ပါ။
(သမ္ဗန်) အန္တေ ဝသတီတိ ပဒါနံ။ (တစ်နည်း) အန္တေ ဝသတီတိ ဝါကျဿ။

(ပုံစံ) အစ္ဆရာယောဂ္ဂန္တိ **အစ္ဆရိယံ**၊ အစ္ဆရံ ပဟာရိတုံ ယုတ္တန္တိ အတ္ထော။ (ဌ၊ နှာ–၄၄)
ဟိတ်။ အတ္ထော–ကို အတ္ထတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) အစ္ဆရာယောဂ္ဂန္တိ ပဒဿ။

(ပုံစံ) ဗြဟ္မံ အဏတီတိ **ဗြာဟ္မဏော**၊ မန္တေ သဇ္ဈာယတီတိ အတ္ထော။ (ဌ၊ နှာ–၂၁၇)
ဟိတ်။ အတ္ထော–ကို အတ္ထတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ဗြဟ္မံ အဏတီတိ ပဒါနံ။

၁၄။ အဓိပ္ပါယာ၊ ဟိတ်ပြင်လာ၊ ခံပါ ဝဏ္ဏေ၊ ပုဂ္ဂလေ။
(တစ်နည်း) အဓိပ္ပါယော၊ မှတ်လော သမ္ဗန်၊ ပုဒ်ရင်း ကြံ၊ ဝါဒန္တရာ၊ ပုဂ္ဂလာ။

(ရှင်း) အဓိပ္ပါယော ပုဒ်ကို ဟိတ်ပြင်သော် = သံဝဏ္ဏေတဗ္ဗပုဒ်ကိုလည်းကောင်း, ပုဂ္ဂိုလ်ကိုလည်းကောင်း, တစ်ခုခု ကို ဖြစ်စေ၊ နှစ်ခုလုံးကို ဖြစ်စေ သမ္ဗန်ခံပါ။

သတိ။ သံဝဏ္ဏေတဗ္ဗ ပုဒ်၏ တိမ်မြုပ်ကွယ်ဝှက်နေသည့် ဂူဠှတ္ထကို ဖွင့်ပြသော အရာ၌နတို့၌ သံဝဏ္ဏေတဗ္ဗပုဒ် ကို သမ္ဗန်ခံရမည်။ ပုဂ္ဂိုလ်တို့၏ အယူဝါဒနှင့် အလိုဆန္ဒတို့ကို ဖွင့်ပြသော အရာ၌နတို့၌ ပုဂ္ဂိုလ်ကို သမ္ဗန်ခံရမည်။

(ပုံစံ) **အဒ္ဓဂတောတိ** အဒ္ဓါနံ ဂတော၊ ဒွေ တယော ရာဇပရိဝဋ္ဋေ အတီတောတိ အဓိပ္ပါယော။ (ဌ၊ နှာ–၁၃၁)
ဟိတ်။ အဓိပ္ပါယော–ကို အဓိပ္ပါယတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) အဒ္ဓဂတောတိ ပဒဿ။

(ပုံစံ) ကေစိ ပန "**ဤသိကဋ္ဌာယိဋ္ဌိတောတိ** ပါဠိံ ဝတွာ မုဋ္ဌေ ဤသိကာ ဝိယ ဌိတော"တိ ဝဒန္တိ၊ တတြာယ–မဓိပ္ပါယော။ (ဌ၊ နှာ–၉၇+၉၈)
ဟိတ်။ အဓိပ္ပါယော–ကို အဓိပ္ပါယတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ကေသဉ္စိ အာစရိယာနံ။

(ပုံစံ) **မနသိ ကရောဟီတိ** အာဝဇ္ဇ၊ သမန္နာဟရာတိ အတ္ထော၊ အဝိက္ခိတ္တစိတ္တော ဟုတွာ နိသာမေဟိ စိတ္တေ ကရောဟီတိ အဓိပ္ပါယော။ (ဌ၊ နှာ–၁၅၅)
ဟိတ်။ အဓိပ္ပါယော–ကို အဓိပ္ပါယတ္တာ–ဟု ဟိတ်ပြင်ပါ။
(သမ္ဗန်) မနသိ ကရောဟီတိ ပဒဿ။ (တစ်နည်း) ဘဂဝတော။

အမှာ။ ၆–နံပါတ် ပုစ္ဆာလာ အာဘော်သံဝဏ္ဏနာ စည်းမျဉ်းကို ပိုင်နိုင်စွာ သဘောပေါက်ထား၍ သံဝဏ္ဏေတဗ္ဗ ပုဒ်+သံဝဏ္ဏနာပုဒ်တို့ကို သေချာစွာ သိထားမှသာလျှင် "အတ္ထောသမ္ဗန်+အဓိပ္ပါယောသမ္ဗန်"တို့ကို ပိုင်နိုင်စွာ သိပါမည်။ ထို့ကြောင့် "အတ္ထောသမ္ဗန်+အဓိပ္ပါယောသမ္ဗန်"တို့ကို မလေ့လာမီ ၆–နံပါတ် ပုစ္ဆာလာ အာဘော်သံဝဏ္ဏနာ စည်းမျဉ်းကဏ္ဍကို ဦးစွာလေ့လာပါ။

ttp://www.dhammadownload.com



၁၅။ ဟိတ်ဆိုက်လေရာ၊ ကြိယာ၏၊ ပကတိမှန်၊ ကတ္တား, ကံ၊ ဟိတ်၏သမ္ဗန် ခံမြဲတည်း။ (ယေဘုယျ)

(ရှင်း) ဟိတ်ပုဒ် တိုက်ရိုက်ရှိရာ၌ သမ္ဗန်ခံလိုသော် = ဟိတ်ပုဒ်၏ ဆိုက်ရာ,စပ်ရာ ကြိယာကို ရှာပါ။ ယင်းဟိတ်ပုဒ်၏ ဆိုက်ရာ,စပ်ရာ ကြိယာသည် ကတ္တားဟော ဖြစ်အံ့၊ ယင်းကြိယာ၏ ပကတိကတ္တားကို သမ္ဗန်ခံပါ။ ယင်း ဟိတ်ပုဒ်၏ ဆိုက်ရာ,စပ်ရာ ကြိယာသည် ကံဟော ဖြစ်အံ့၊ ယင်းကြိယာ၏ ပကတိကံကို သမ္ဗန်ခံပါ။

(ပုံစံ) ယာ လောကေ --- ထေရေဟေ၀ ကတတ္တာ စ၊ "ထေရိကာ"တိ ပ၀ုစ္စတီတိ။ (ဋ္ဌ၊ နှာ-၂၆)

ဟိတ်။ ကတတ္တာ။ (သမ္ဗန်) ယာယ (ပဌမ မဟာသင်္ဂီတိယာ)။

(ပုံစံ) အယဥ္စ သဗ္ဗဂုဏဝိသိဋ္ဌတာယ သဗ္ဗသတ္တာနံ ဂရု။ (ဋ္ဌ၊ နှာ-၃၄)

ဟိတ်။ သဗ္ဗဂုဏဝိသိဋ္ဌတာယ။ (သမ္ဗန်) ဣမဿ ဘဂ၀တော။

**အမှာ။ ဟိတ်ပုဒ် တိုက်ရိုက်ရှိရာ၌ ဤနိယံကို သုံး၏။ ယေဘုယျနိယံ, ယေဘုယျနည်းသာ ဖြစ်၏။**

(ပုံစံ) မင်္ဂလဒါသတ္တာ စဿ"ဒုက္ကဋ္ဋ"န္တိ ၀တ္တာ နတ္ထိ။ (ဋ္ဌ၊ နှာ-၁၃၀)

ဟိတ်။ မင်္ဂလဒါသတ္တာ။ (သမ္ဗန်) အဿ (ပူရဏကဿပဿ)။

အမှာ။ မင်္ဂလဒါသတ္တာ ဟိတ်၏ဆိုက်ရာ ကြိယာကား နတ္ထိတည်း။ ယင်းနတ္ထိကြိယာ၏ ကတ္တားကား = ၀တ္တာ တည်း။ "ဟိတ်ဆိုက်လေရာ၊ ကြိယာ၏၊ ပကတိမှန်၊ ကတ္တား, ကံ၊ ဟိတ်၏သမ္ဗန် ခံမြဲတည်း" နိယံအရ ၀တ္တာကို ၀တ္တာနံ-ဟု သမ္ဗန်ခံရလိမ့်မည်။ ယင်းသို့ခံက ဘာ၀ယောဂပုဒ်နှင့် သမ္ဗန်ခံထားသော ပုဒ်တို့သည် အရကွဲနေ၍ မှန်ကန်မှု မရှိ။ ထို့ကြောင့် ယင်းနိယံကို "ယေဘုယျနိယံ"ဟုသာ မှတ်ရမည်။

## အထူးသတိပြု

ဖော်ပြခဲ့ပြီးသော ပုံသေ သမ္ဗန်ခံနည်း နိယံ ၁၅-ပုဒ်တို့တွင် နိယံအမှတ် ၁-မှ နိယံအမှတ် ၁၄-အထိသည် မုချနိယံများ ဖြစ်၏။ နိယံအမှတ် ၁၅-သည် ယေဘုယျနိယံ ဖြစ်၏။ ယင်းမုချနိယံ ၁၄-ပုဒ်တို့နှင့် မသက်ဆိုင်သော ပုဒ်တို့ကို တွေ့ရာ၌ကား ဖော်ပြလတ္တံ့သော အရကောက်ကို ရှု၍ သမ္ဗန်ခံနည်း, သဘောအားဖြင့် သမ္ဗန်ခံနည်း တို့ဖြင့်သာ သမ္ဗန်ခံရမည်။

အမှာ။ အရကောက်ကို ရှု၍ သမ္ဗန်ခံနည်းနှင့် သဘောအားဖြင့် သမ္ဗန်ခံနည်းတို့ကို မပြမီ သမ္ဗန်နှင့် ပတ်သက်၍ သိသင့်သော သမ္ဗန်အပြားနှင့် သမ္ဗန် အခေါ်အဝေါ်များကို ရှေးဦးစွာ ဖော်ပြအပ်ပါ၏။ သတိပြု၍ ကြည့်ရှု လေ့လာပါ။

## သမ္ဗန်အပြား (၃)ပါး

သမ္ဗန်သည် ၁။ လာသမ္ဗန် ၂။ ဘာ၀သမ္ဗန် ၃။ အလွတ်သမ္ဗန်ဟူ၍ သုံးပါးရှိ၏။ ယင်းသမ္ဗန်အပြား သုံးပါးကို ပုံစံထုတ်၍ ရှင်းပြပါဦးအံ့။

(ပုံစံ) ကမ္ဘောဇေ အဿာနံ အာယတနံ။ (ဋ္ဌ၊ နှာ-၁၁၅)

ဟိတ်။ အာယတနံ-ကို အာယတနတ္တာ-ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ကမ္ဘောဇဿ။

အမှာ။ "အဿာနံ"ကား အလွတ်သမ္ဗန်သာ ဖြစ်၏။ အာယတန ဟူသော ဘာ၀ယောဂပုဒ်၌ သမ္ဗန္ဓ+သမ္ဗန္ဓီ အဖြစ်ဖြင့် စပ်ပါ။

ttp://www.dhammadownload.com



## ရှင်းချက်

အာယတနံ ပုဒ်ကို အာယတနတ္တာ–ဟု ဟိတ်ပြင်သောအခါ ကမ္ဘောဇော ပုဒ်သည် ကမ္ဘောဇော ဟူသော ကတ္တားအဖြစ်မှ ကမ္ဘောဇဿဟု သမ္ဗန်အဖြစ်သို့ ပြောင်းလွဲလာရ၏။ ဤသို့လျှင် ကတ္တားအဖြစ်မှ သမ္ဗန်အဖြစ်သို့ ပြောင်းလွဲလာရသောပုဒ် ဖြစ်သောကြောင့် ကမ္ဘောဇောပုဒ်သည် "လာသမ္ဗန်" မည်၏။

အာယတနတ္တာ ပုဒ်ကို = အာယတနဿ ဘာဝေါ အာယတနတ္တံ (တသ္မာ) အာယတနတ္တာ–ဟု ဝိဂ္ဂဟ ပြုရမည်။ အာယတနဿ ဘာဝေါ ဟူသော ဝိဂ္ဂဟဝါကျ၌ အာယတန ပုဒ်ကို ဘာဝပုဒ်၌ သမ္ဗန် အဖြစ်ဖြင့် ယှဉ်စပ်ရသောကြောင့် အာယတနပုဒ်သည် "ဘာဝသမ္ဗန်" မည်၏။

ကမ္ဘောဇော အဿာနံ အာယတနံ ဝါကျ၌ တိုက်ရိုက်လာသော အဿာနံကား "အလွတ်သမ္ဗန်"သာ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် = အဿာနံ ပုဒ်ကို အာယတနတ္တာဝယ် အာယတန ဟူသော ဘာဝယောဂပုဒ်၌သာ စာစပ်နိုင်၍ တ္တ–ဟူသော ဘာဝပစ္စည်း၌ စာမစပ်နိုင်ခြင်း၊ အာယတနတ္တာ ဟူသော ဟိတ်ပုဒ်အတွက် ကမ္ဘောဇဿဟု လာသမ္ဗန် သီးသန့်ရှိနေခြင်းတို့ကြောင့် အဿာနံ ပုဒ်သည် အသားလွတ် ဝင်လာသော သမ္ဗန်သာ ဖြစ်၏။ ထို့ကြောင့် အဿာနံ ပုဒ်သည် "အလွတ်သမ္ဗန်" မည်၏။

(နိယံ) အလွတ်သမ္ဗန်၊ စပ်ရန် မုချ၊ ရှာဖွေကြမှု၊ ဘာဝယောဂ၊ သမ္ဗန္ဓ၏၊ အန္တတ္ထတွင် စပ်ရမြဲ။ (ဘုရားကြီး)

## သမ္ဗန်နှင့် ဆက်စပ်သော အခေါ်အဝေါ်များ

၁။ လာသမ္ဗန်ကို (က) ဟေတုသမ္ဗန် ၊ဝါ– ဟိတ်သမ္ဗန် (ခ) တ္တသမ္ဗန် ၊ဝါ– တာသမ္ဗန်ဟုလည်း ခေါ်ဝေါ်သုံးစွဲကြ၏။

၂။ ဘာဝသမ္ဗန်ကို (က) ဘာဝယောဂပုဒ် ၊ဝါ– ဘာဝယုဂ် (ခ) ဘာဝရှေ့ပုဒ်ဟုလည်း ခေါ်ဝေါ်သုံးစွဲကြ၏။

၃။ အလွတ်သမ္ဗန်ကိုကား ဘာဝယောဂသမ္ဗန် ၊ဝါ– ဘာဝယုဂ်သမ္ဗန်ဟုလည်း ခေါ်ဝေါ်သုံးစွဲကြ၏။

(ပုံစံ) ကမ္ဘောဇော အဿာနံ အာယတနံ။ (ဌ၊ နှာ–၁၁၅)

ဟိတ်။ အာယတနံ–ကို အာယတနတ္တာ–ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ကမ္ဘောဇဿ။

၁။ ကမ္ဘောဇဿဟူသော လာသမ္ဗန် ပုဒ်သည် . . .

(က) အာယတနတ္တာ ဟူသော ဟိတ်ပုဒ်၏ သမ္ဗန်ဖြစ်သောကြောင့် ဟေတုသမ္ဗန် ၊ဝါ– ဟိတ်သမ္ဗန်လည်း မည်၏။

(ခ) အာယတနတ္တာဝယ် တ္တပစ္စည်း၌ သမ္ဗန္ဓ+သမ္ဗန္ဓီ အဖြစ်ဖြင့် စာစပ်ရသောကြောင့် တ္တသမ္ဗန်လည်း မည်၏။

၂။ အာယတနဟူသော ဘာဝသမ္ဗန် ပုဒ်သည် . . .

(က) အာယတနတ္တာ ပုဒ်ကို = အာယတနဿ ဘာဝေါ အာယတနတ္တံ (တသ္မာ) အာယတနတ္တာ–ဟု ဝိဂ္ဂဟ ပြုရမည်။ အာယတနဿ ဘာဝေါ ဟူသော ဝိဂ္ဂဟဝါကျ၌ အာယတန ပုဒ်သည် ဘာဝပုဒ်နှင့် သမ္ဗန္ဓ +သမ္ဗန္ဓီ အဖြစ်ဖြင့် ယှဉ်စပ်နေသောကြောင့် ဘာဝယောဂပုဒ် ၊ဝါ– ဘာဝယုဂ်လည်း မည်၏။

(ခ) အာယတနဿ ဘာဝေါ–ဟူသော ဝိဂ္ဂဟဝါကျ၌ အာယတန ပုဒ်သည် ဘာဝပုဒ်၏ ရှေ့၌ ရှိသော ပုဒ် ဖြစ်သောကြောင့် ဘာဝရှေ့ပုဒ်လည်း မည်၏။

၃။ အဿာနံဟူသော အလွတ်သမ္ဗန် ပုဒ်သည် . . .

အာယတနတ္တာဝယ် အာယတနဟူသော ဘာဝယောဂပုဒ်၌ သမ္ဗန္ဓ+သမ္ဗန္ဓီ အဖြစ်ဖြင့် ယှဉ်စပ်ရသောကြောင့် ဘာဝယောဂသမ္ဗန် ၊ဝါ– ဘာဝယုဂ်သမ္ဗန်လည်း မည်၏။

ttp://www.dhammadownload.com



## (၂) အရကောက်ကို ရှု၍ သမ္ဗန်ခံနည်း

ဤနည်းကား "ဘာဝ ရှေ့ပုဒ်၊ လာသည့်ပုဒ်၊ မုချ အရတူ" နိယံနှင့်အညီ ဘာဝယောဂပုဒ်၏ အရနှင့် အရတူသော ပုဒ်ကို မုချသမ္ဗန်ခံရမည်။

(ပုံစံ) အာစရိယော ပိဏ္ဍပါတံ ဣစ္ဆန္တတ္တာ အာစရိယော စရတိ။
(အာစရိယော–သည်၊ ပိဏ္ဍပါတံ–ဆွမ်းကို၊ ဣစ္ဆန္တတ္တာ–အလိုရှိသည်၏ အဖြစ်ကြောင့်၊ အာစရိယော–သည်၊ စရတိ–ဆွမ်းခံကြွ၏။)
ဟိတ်။ ဣစ္ဆန္တတ္တာ။ (သမ္ဗန်) အာစရိယဿ။

(ရှင်း) ဣစ္ဆန္တတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်ကို ရှာဖွေသော် = ဆွမ်းကို အလိုရှိသော သူသည် ဆရာပင် ဖြစ်ရကား ဣစ္ဆန္တဟူသော ဘာဝယောဂပုဒ်၏ အရသည် "ဆရာ"ကို ရ၏။ အာစရိယော ပုဒ်၏ အရသည်လည်း "ဆရာ"ကိုပင် ရ၏။ ဤသို့လျှင် ဣစ္ဆန္တဟူသော ဘာဝယောဂပုဒ်၏ အရနှင့် အရတူသော ပုဒ်ကား အာစရိယော ပုဒ်သာ ဖြစ်၏။ ထို့ကြောင့် ဣစ္ဆန္တတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်သည် အာစရိယောပင် ဖြစ်၍ "အာစရိယဿ"ဟု ခံရမည်။

(ပုံစံ) အာစရိယော ပိဏ္ဍပါတံ ဣစ္ဆန္တတ္တာ အာစရိယော စရတိ။
ဟိတ်။ စရတိ–ကို စရန္တတ္တာ။ (သမ္ဗန်) အာစရိယဿ။

(ရှင်း) စရန္တတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်ကို ရှာဖွေသော် = ဆွမ်းခံကြွသောသူသည် ဆရာပင် ဖြစ်ရကား စရန္တဟူသော ဘာဝယောဂပုဒ်၏ အရသည် "ဆရာ"ကို ရ၏။ အာစရိယော ပုဒ်၏ အရသည်လည်း "ဆရာ"ကိုပင် ရ၏။ ဤသို့လျှင် စရန္တဟူသော ဘာဝယောဂ ပုဒ်၏ အရနှင့် အရတူသော ပုဒ်ကား အာစရိယော ပုဒ်သာ ဖြစ်၏။ ထို့ကြောင့် စရန္တတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်သည် အာစရိယောပင် ဖြစ်၍ "အာစရိယဿ"ဟု ခံရမည်။

(ပုံစံ) အာစရိယော ပိဏ္ဍပါတံ ဣစ္ဆန္တတ္တာ သိဿော စရတိ။
(အာစရိယော–သည်၊ ပိဏ္ဍပါတံ–ဆွမ်းကို၊ ဣစ္ဆန္တတ္တာ–အလိုရှိသည်၏ အဖြစ်ကြောင့်၊ သိဿော–သည်၊ စရတိ–ဆွမ်းခံကြွ၏။)
ဟိတ်။ ဣစ္ဆန္တတ္တာ။ (သမ္ဗန်) အာစရိယဿ။

(ရှင်း) ဣစ္ဆန္တတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်ကို ရှာဖွေသော် = ဆွမ်းကို အလိုရှိသော သူသည် ဆရာပင် ဖြစ်ရကား ဣစ္ဆန္တဟူသော ဘာဝယောဂပုဒ်၏ အရသည် "ဆရာ"ကို ရ၏။ အာစရိယော ပုဒ်၏ အရသည်လည်း "ဆရာ"ကိုပင် ရ၏။ ဤသို့လျှင် ဣစ္ဆန္တဟူသော ဘာဝယောဂပုဒ်၏ အရနှင့် အရတူသော ပုဒ်ကား အာစရိယော ပုဒ်သာ ဖြစ်၏။ ထို့ကြောင့် ဣစ္ဆန္တတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်သည် အာစရိယောပင် ဖြစ်၍ "အာစရိယဿ"ဟု ခံရမည်။

သတိ။ ယင်းပုံစံ၌ ဣစ္ဆန္တတ္တာ ဟိတ်၏ဆိုက်ရာ ကြိယာကား စရတိတည်း။ ယင်းစရတိကြိယာ၏ ကတ္တားကား = သိဿောတည်း။ "ဟိတ်ဆိုက်လေရာ၊ ကြိယာ၏၊ ပကတိမှန်၊ ကတ္တား, ကံ၊ ဟိတ်၏သမ္ဗန် ခံမြဲတည်း" နိယံအရ သိဿောကို သိဿဿ–ဟု သမ္ဗန်ခံရလိမ့်မည်။ ယင်းသို့ခံက ဘာဝယောဂပုဒ်နှင့် သမ္ဗန်ခံထားသော ပုဒ်တို့သည် အရကွဲနေ၍ မှန်ကန်မှု မရှိ။ ဘာဝယောဂပုဒ်နှင့် အရတူသော အာစရိယော ပုဒ်ကိုသာ သမ္ဗန်ခံမှ မှန်၏။ ထို့ကြောင့် ယင်းနိယံကို "ယေဘုယျနိယံ"ဟုသာ မှတ်ရမည်။

ttp://www.dhammadownload.com



(ပုံစံ) အာစရိယော ပိဏ္ဍပါတံ ဣစ္ဆန္တတ္တာ သိသော စရတိ။
ဟိတ်။ စရတိ–ကို စရန္တတ္တာ။ (သမ္ဗန်) သိဿဿ။

(ရှင်း) စရန္တတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်ကို ရှာဖွေသော် = ဆွမ်းခံကြွသော သူသည် တပည့်ပင် ဖြစ်ရကား စရန္တ ဟူသော ဘာဝယောဂပုဒ်၏ အရသည် "တပည့်"ကို ရ၏။ သိသော ပုဒ်၏ အရသည်လည်း "တပည့်" ကိုပင် ရ၏။ ဤသို့လျှင် စရန္တဟူသော ဘာဝယောဂ ပုဒ်၏ အရနှင့် အရတူသော ပုဒ်ကား သိသောပုဒ်သာ ဖြစ်၏။ ထို့ကြောင့် စရန္တတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်သည် သိသောပင် ဖြစ်၍ "သိဿဿ"ဟု ခံရမည်။

(ပုံစံ) သာမိကော ဆာတကတ္တာ ပူဝံ ခါဒတိ။
(သာမိကော–လင်သည်၊ ဆာတကတ္တာ–ဆာသည်၏အဖြစ်ကြောင့်၊ ပူဝံ–မုန့်ကို၊ ခါဒတိ–စား၏)
ဟိတ်။ ဆာတကတ္တာ။ (သမ္ဗန်) သာမိကဿ။

(ရှင်း) ဆာတကတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်ကို ရှာဖွေသော် = ဆာတတ်သောသူသည် လင်ယောကျ်ားပင် ဖြစ်ရကား ဆာတကဟူသော ဘာဝယောဂပုဒ်၏ အရသည် "လင်ယောကျ်ား"ကို ရ၏။ သာမိကော ပုဒ်၏ အရသည်လည်း "လင်ယောကျ်ား"ကိုပင် ရ၏။ ဤသို့လျှင် ဆာတက ဟူသော ဘာဝယောဂပုဒ်၏ အရနှင့် အရတူသော ပုဒ်ကား သာမိကော ပုဒ်သာ ဖြစ်၏။ ထို့ကြောင့် ဆာတကတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်သည် သာမိကောပင် ဖြစ်၍ "သာမိကဿ"ဟု ခံရမည်။

(ပုံစံ) သာမိကော ဆာတကတ္တာ ပူဝံ ခါဒတိ။
ဟိတ်။ ခါဒတိ–ကို ခါဒန္တတ္တာ။ (သမ္ဗန်) သာမိကဿ။

(ရှင်း) ခါဒန္တတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်ကို ရှာဖွေသော် = စားတတ်သောသူသည် လင်ယောကျ်ားပင် ဖြစ်ရကား ခါဒန္တဟူသော ဘာဝယောဂပုဒ်၏ အရသည် "လင်ယောကျ်ား"ကို ရ၏။ သာမိကော ပုဒ်၏ အရသည်လည်း "လင်ယောကျ်ား"ကိုပင် ရ၏။ ဤသို့လျှင် ခါဒန္တဟူသော ဘာဝယောဂပုဒ်၏ အရနှင့် အရတူသော ပုဒ်ကား သာမိကော ပုဒ်သာ ဖြစ်၏။ ထို့ကြောင့် ခါဒန္တတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်သည် သာမိကောပင် ဖြစ်၍ "သာမိကဿ"ဟု ခံရမည်။

(ပုံစံ) သာမိကော ဆာတကတ္တာ ဘရိယာ ပူဝံ ပစတိ။
(သာမိကော–လင်သည်၊ ဆာတကတ္တာ–ဆာသည်၏အဖြစ်ကြောင့်၊ ဘရိယာ–မယားသည်၊ ပူဝံ–မုန့်ကို၊ ပစတိ–ကြော်၏)
ဟိတ်။ ဆာတကတ္တာ။ (သမ္ဗန်) သာမိကဿ။

(ရှင်း) ဆာတကတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်ကို ရှာဖွေသော် = ဆာတတ်သောသူသည် လင်ယောကျ်ားပင် ဖြစ်ရကား ဆာတကဟူသော ဘာဝယောဂပုဒ်၏ အရသည် "လင်ယောကျ်ား"ကို ရ၏။ သာမိကော ပုဒ်၏ အရသည်လည်း "လင်ယောကျ်ား"ကိုပင် ရ၏။ ဤသို့လျှင် ဆာတကဟူသော ဘာဝယောဂပုဒ်၏ အရနှင့် အရတူသော ပုဒ်ကား သာမိကော ပုဒ်သာ ဖြစ်၏။ ထို့ကြောင့် ဆာတကတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်သည် သာမိကောပင် ဖြစ်၍ "သာမိကဿ"ဟု ခံရမည်။

သတိ။ ယင်းပုံစံ၌ ဆာတကတ္တာ ဟိတ်၏ ဆိုက်ရာ ကြိယာကား ပစတိတည်း။ ယင်းပစတိကြိယာ၏ ကတ္တားကား = ဘရိယာတည်း။ "ဟိတ်ဆိုက်လေရာ၊ ကြိယာ၏၊ ပကတိမှန်၊ ကတ္တား, ကံ၊ ဟိတ်၏သမ္ဗန် ခံမြဲတည်း" နိယံအရ ဘရိယာကို ဘရိယာယဟု သမ္ဗန်ခံရလိမ့်မည်။ ယင်းသို့ခံက ဘာဝယောဂပုဒ်နှင့် သမ္ဗန်ခံထားသော ပုဒ်တို့သည် အရကွဲနေ၍ မှန်ကန်မှု မရှိ။ ဘာဝယောဂပုဒ်နှင့် အရတူသော သာမိကော ပုဒ်ကိုသာ သမ္ဗန်ခံမှ မှန်၏။ ထို့ကြောင့် ယင်းနိယံကို "ယေဘုယျနိယံ"ဟုသာ မှတ်ရမည်။

ttp://www.dhammadownload.com



(ပုံစံ) သာမိကော ဆာတကတ္တာ ဘရိယာ ပူဝံ ပစတိ။
ဟိတ်။ ပစတိ–ကို ပစန္တတ္တာ။ (သမ္ဗန်) ဘရိယာယ။

(ရှင်း) ပစန္တတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်ကို ရှာဖွေသော် = ကြော်တတ်သောသူသည် မယားပင် ဖြစ်ရကား ပစန္တဟူသော ဘာဝယောဂပုဒ်၏ အရသည် "မယား"ကို ရ၏။ ဘရိယာ ပုဒ်၏ အရသည်လည်း "မယား"ကိုပင် ရ၏။ ဤသို့လျှင် ပစန္တဟူသော ဘာဝယောဂ ပုဒ်၏ အရနှင့် အရတူသော ပုဒ်ကား ဘရိယာပုဒ်သာ ဖြစ်၏။ ထို့ကြောင့် ပစန္တတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်သည် ဘရိယာပင် ဖြစ်၍ "ဘရိယာယ"ဟု ခံရမည်။

**အမှာ။ အာစရိယဝါဒ တစ်နည်းကား ဘာဝယောဂပုဒ်၏ အရကို သမ္ဗန်ခံရမည်။ (မော်လမြိုင် မြဆရာတော်)**

သတိ။ သမ္ဗန်ခံရသော ပုဒ်တို့သည် များသောအားဖြင့် (က)ကတ္တားပုဒ် (ခ)ကံပုဒ်တို့သာ များ၏။ ကံပုဒ်နှင့် အာကာရပုဒ်တို့သည် အရကောက် တူသည်ကို သတိပြု။

## (၃) သဘောအားဖြင့် သမ္ဗန်ခံနည်း

ဤနည်းဖြင့် သမ္ဗန်ခံရာ၌ကား ဖော်ပြလတ္တံ့သော အချက်လေးချက်တို့ဖြင့် တိုက်ဆိုင်၍ သမ္ဗန်ခံရမည်။ ယင်းအချက်လေးချက်ကား . . .

(က) ဘာဝယောဂပုဒ်နှင့် သမ္ဗန်ခံရမည့် ပုဒ်တို့သည် အဓိကအားဖြင့် အနက်,အဓိပ္ပါယ် ဆက်သွယ်မှု ရှိရမည်။

(ခ) ဘာဝယောဂပုဒ်နှင့် သမ္ဗန်ခံရမည့် ပုဒ်တို့သည် ဝုစ်,လိင် တူရမည်။

(ဂ) သမ္ဗန်ခံရမည့် ပုဒ်ကို ပဓာနကြိယာသည် အလိုရှိရမည်။

(ဃ) ဘာဝယောဂပုဒ်နှင့် သမ္ဗန်ခံရမည့် ပုဒ်တို့သည် ဝိဘတ်လည်း တူရမည်။

အမှာ။ (က) အချက် တစ်ချက်တည်းဖြင့် သမ္ဗန်ရှာ၍ ပြီးခဲ့သော် (ခ+ဂ+ဃ) အချက်တို့ကို အသုံးပြုဖွယ် မလို။
(က+ခ) နှစ်ချက်တို့ဖြင့် သမ္ဗန်ရှာ၍ ပြီးခဲ့သော် (ဂ+ဃ) အချက်တို့ကို အသုံးပြုဖွယ် မလို။
(က+ခ+ဂ) သုံးချက်တို့ဖြင့် သမ္ဗန်ရှာ၍ ပြီးခဲ့သော် (ဃ) အချက်ကို အသုံးပြုဖွယ် မလို။
ဤသဘောအားဖြင့် သမ္ဗန်ခံနည်းကို ပုံသေသမ္ဗန်ခံနည်း နိယံ (၁ မှ ၁၄) အထိ နိယံ ၁၄–ချက်တို့ဖြင့် အကျုံးမဝင်ရာ၌သာ အသုံးပြုပါ။

### ရှင်းချက်

(ပုံစံ) သော ဟာယသ္မာ သေက္ခော။ (ဋ၊ နှာ–၅)
(ဟိ–မှန်၏၊ သော အာယသ္မာ (အာနန္ဒော)–ထိုအရှင်အာနန္ဒာသည်၊ သေက္ခော–သေက္ခသာတည်း။)

သတိ။ ယင်းဝါကျ၌ သေက္ခော–ကို သေက္ခတ္တာ–ဟု ဟိတ်ပြင်သော် = သေက္ခ ပုဒ်ကား ဘာဝယောဂပုဒ် ဖြစ်၏။

(က) ဘာဝယောဂပုဒ်နှင့် သမ္ဗန်ခံရမည့် ပုဒ်တို့သည် အဓိကအားဖြင့် အနက်,အဓိပ္ပါယ် ဆက်သွယ်မှု ရှိရမည်။

ရှင်း။ ယင်းသေက္ခ ဟူသော ဘာဝယောဂပုဒ်နှင့် သော အာယသ္မာဟူသော ပုဒ်တို့သည် "သေက္ခဖြစ်သူမှာ ထိုအရှင်အာနန္ဒာသာ ဖြစ်၏ (ဝါ) အရှင်အာနန္ဒာသည် သေက္ခဖြစ်၏ (ဝါ) သေက္ခဖြစ်သော အရှင်အာနန္ဒာ, အရှင်အာနန္ဒာသည် သေက္ခ"ဟု အနက်,အဓိပ္ပါယ် ဆက်သွယ်မှု ရှိနေ၏။ ဤအင်္ဂါတစ်ချက်တည်းဖြင့်ပင် သေက္ခတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်သည် ပေါ်ထွက်လာပါတော့၏။ ထို့ကြောင့် သမ္ဗန်ကို "တဿ အာယသ္မတော အာနန္ဒဿ"ဟုသာ ခံရပါလေတော့၏။

အမှာ။ သဘောအားဖြင့် သမ္ဗန်ခံနည်း အချက်လေးချက်တို့တွင် (က) အချက် တစ်ချက်တည်းဖြင့်ပင် သမ္ဗန်ခံရမည့်ပုဒ် အတိအကျ ပေါ်ထွက်နေပြီ ဖြစ်သောကြောင့် (ခ+ဂ+ဃ)အချက်တို့ကို အသုံးမပြုတော့ပါ။

ttp://www.dhammadownload.com



(ပုံစံ) ယာ လောကေ – – – သတေဟိ ပဋ္ဌဟိ ကတာ။ (ဌ၊ နှာ-၂၆)
(ယာ ပဌမ မဟာသင်္ဂီတိ-အကြင် ပဌမမဟာသင်္ဂါယနာကို၊ လောကေ-လောက၌၊ သတေဟိ ပဋ္ဌဟိ-ရဟန္တာ ငါးရာတို့သည်၊ ကတာ-ပြုအပ်ကုန်ပြီ (ဝါ) တင်အပ်ကုန်ပြီ။)

သတိ။ ယင်းဝါကျ၌ ကတာ-ကို ကတတ္တာ-ဟု ဟိတ်ပြင်သော် = ကတ ပုဒ်ကား ဘာဝယောဂပုဒ် ဖြစ်၏။

(က) ဘာဝယောဂပုဒ်နှင့် သမ္ဗန်ခံရမည့် ပုဒ်တို့သည် အဓိကအားဖြင့် အနက်,အဓိပ္ပါယ် ဆက်သွယ်မှု ရှိရမည်။

ရှင်း။ ယင်းဘာဝယောဂပုဒ်နှင့် ယာ (ပဌမ မဟာသင်္ဂီတိ)ဟူသော ပုဒ်တို့သည် "ပြုအပ်, တင်အပ်သည်မှာ ပဌမမဟာသင်္ဂါယနာ (ဝါ) ပဌမသင်္ဂါယနာကို ပြုအပ်တင်အပ်သည်"ဟုလည်းကောင်း၊ ယင်းကတ ဟူသော ဘာဝယောဂပုဒ်နှင့် သတေဟိ ပဋ္ဌဟိဟူသော ပုဒ်တို့သည်လည်း "သင်္ဂါယနာကို ပြုသော, တင်သော သူတို့မှာ ရဟန္တာငါးရာ (ဝါ) ရဟန္တာငါးရာတို့သည် သင်္ဂါယနာကို ပြုကြ, တင်ကြသည်"ဟုလည်းကောင်း အနက်,အဓိပ္ပါယ် ဆက်သွယ်မှု ရှိနေ၏။

ကတတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်ကို = ယာ (ပဌမ မဟာသင်္ဂီတိ) ပုဒ်ကို သမ္ဗန်ခံရမည်လား? သတေဟိ ပဋ္ဌဟိ ပုဒ်ကို သမ္ဗန်ခံရမည်လား? မည်သည့်ပုဒ်ကို သမ္ဗန်ခံရမည်နည်း? (က)အချက် တစ်ချက်တည်းဖြင့် သမ္ဗန်ခံရမည့် ပုဒ်သည် အတိအကျ ကိစ္စပြတ် ပေါ်ထွက်၍ မလာသေး၊ ထို့ကြောင့် (ခ)အချက်ဖြင့် ဆက်၍ သမ္ဗန်ခံရမည့် ပုဒ်ကို စစ်ဆေးရှာဖွေရမည်။

(ခ) ဘာဝယောဂပုဒ်နှင့် သမ္ဗန်ခံရမည့် ပုဒ်တို့သည် ဝုစ်,လိင် တူရမည်။

ရှင်း။ ကတဟူသော ဘာဝယောဂပုဒ်သည် (ကတာ-ကို ရှုသော်) ဧကဝုစ်,ဣတ္ထိလိင် ဖြစ်၏။ သတေဟိ ပဋ္ဌဟိ (ရဟန္တာငါးရာ)ကား ဗဟုဝုစ်,ပုလ္လိင် ဖြစ်၏။ ကတဟူသော ဘာဝယောဂပုဒ်နှင့် သတေဟိ ပဋ္ဌဟိ ဟူသော ပုဒ်တို့သည် ဝုစ်နှင့် လိင်မတူသောကြောင့် သတေဟိ ပဋ္ဌဟိဟူသော ပုဒ်ကို သမ္ဗန်ခံ၍ မရ။ ယာ (ပဌမ မဟာသင်္ဂီတိ) ပုဒ်ကား ဧကဝုစ်,ဣတ္ထိလိင် ဖြစ်၏။ ကတဟူသော ဘာဝယောဂ ပုဒ်နှင့် ယာ (ပဌမ မဟာသင်္ဂီတိ) ပုဒ်တို့သည် ဧကဝုစ်,ဣတ္ထိလိင်ချင်း တူနေပါ၏။ ဤသို့လျှင် (က+ခ) အင်္ဂါနှစ်ချက်တို့ဖြင့် ကတတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်သည် ပေါ်ထွက်လာပါတော့၏။ ထို့ကြောင့် သမ္ဗန်ကို "ယာယ (ပဌမ မဟာသင်္ဂီတိယာ)"ဟုသာ ခံရပါလေတော့၏။

အမှာ။ သဘောအားဖြင့် သမ္ဗန်ခံနည်း အချက်လေးချက်တို့တွင် (က+ခ)အချက် နှစ်ချက်တို့ဖြင့် သမ္ဗန်ခံရမည့်ပုဒ် အတိအကျ ပေါ်ထွက်နေပြီ ဖြစ်သောကြောင့် (ဂ+ဃ)အချက်တို့ကို အသုံးမပြုတော့ပါ။

ဖော်ပြခဲ့ပြီးသော ပုံစံကို ကံဟောဝါကျဟု သိသော်လည်းကောင်း၊ ကတဟူသော ပုဒ်ကို ကံဟော ကိတ်ကြိယာဟု သိသော်လည်းကောင်း ပုံသေသမ္ဗန်ခံနည်း အမှတ် ၂-နိယံဖြင့် လွယ်ကူစွာ သမ္ဗန်ခံနိုင်၏။ စာမေးပွဲခန်း အတွင်း၌ကား "အပ်လား၊ တတ်လား" "ကတ္တားဟောလား၊ ကံဟောလား" များသောအားဖြင့် ယောင်ဝါးဝါး ဖြစ်နေတတ်ပါ၏။ ယင်းသို့ ဖြစ်ရာ၌ ဤသဘောအားဖြင့် သမ္ဗန်ခံနည်းသည် အလွန်အသုံးဝင်၏။ ထို့ကြောင့် ဤနည်းကိုလည်း သေချာစွာ လေ့လာထားစေလိုပါ၏။

(ပုံစံ) (သမဏော ဂေါတမော) ဧကနစိ ပါရိဇုညေန အနဘိဘူတော အပရိက္ခိဏာယေ၀ တံ ကုလံ ပဟာယ သဒ္ဓါယ ပဗ္ဗဇိတော။ (ဌ၊ နှာ-၂၁၉+၂၂၀)
(သမဏော ဂေါတမော-ရဟန်းဂေါတမကို (ဝါ) ရဟန်းဂေါတမသည်၊ ဧကနစိ-တစ်စုံတစ်ခုသော၊ ပါရိဇုညေန-ဘေးရန်သည်၊ အနဘိဘူတော-မနှိပ်စက်အပ်သည်၊ (ဟုတ္វာ-ဖြစ်၍၊) အပရိက္ခိဏာယေ၀-မကုန်ခန်းနိုင်သည်သာလျှင်ဖြစ်သော၊ တံ ကုလံ-ထိုသာကီဝင်မင်းမျိုးကို၊ ပဟာယ-ပယ်စွန့်၍၊ သဒ္ဓါယ-သဒ္ဓါတရားဖြင့်၊ ပဗ္ဗဇိတော-ရဟန်းပြု၏။)

ttp://www.dhammadownload.com



သတိ။ ယင်းဝါကျ၌ အနဘိဘူတော–ကို အနဘိဘူတတ္တာ–ဟု ဟိတ်ပြင်သော် = အနဘိဘူတ ပုဒ်ကား ဘာဝယောဂပုဒ် ဖြစ်၏။

(က) ဘာဝယောဂပုဒ်နှင့် သမ္ဗန်ခံရမည့် ပုဒ်တို့သည် အဓိကအားဖြင့် အနက်,အဓိပ္ပါယ် ဆက်သွယ်မှု ရှိရမည်။

ရှင်း။ ယင်းအနဘိဘူတ ဟူသော ဘာဝယောဂပုဒ်နှင့် သမဏော ဂေါတမောဟူသော ပုဒ်တို့သည် "မနှိပ်စက်အပ်သောသူမှာ ရဟန်းဂေါတမ (ဝါ) ရဟန်းဂေါတမကို မနှိပ်စက်အပ်"ဟုလည်းကောင်း၊ ယင်းအနဘိဘူတ ဟူသော ဘာဝယောဂပုဒ်နှင့် ကေနစိ ပါရိဇုညေနဟူသော ပုဒ်တို့သည် "မနှိပ်စက်အပ်သည်မှာ ဘေးရန် (ဝါ) ဘေးရန်ကို နှိပ်စက်၍ မရ"ဟုလည်းကောင်း၊ ယင်းအနဘိဘူတ ဟူသော ဘာဝယောဂပုဒ်နှင့် တံ ကုလံဟူသော ပုဒ်တို့သည် "မနှိပ်စက်အပ်သည်မှာ သာကီဝင် မင်းမျိုး (ဝါ) သာကီဝင်မင်းမျိုးကို နှိပ်စက်၍ မရ"ဟုလည်းကောင်း၊ ယင်းအနဘိဘူတ ဟူသော ဘာဝယောဂပုဒ်နှင့် သဒ္ဓါယဟူသော ပုဒ်တို့သည် "မနှိပ်စက်အပ်သည်မှာ သဒ္ဓါတရား (ဝါ) သဒ္ဓါတရားကို နှိပ်စက်၍ မရ"ဟုလည်းကောင်း အနက်,အဓိပ္ပါယ် အသီးသီး ဆက်သွယ်မှု ရှိနေပါ၏။

အနဘိဘူတတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်ကို သမဏော ဂေါတမော ပုဒ်ကို သမ္ဗန်ခံရမည်လား? ကေနစိ ပါရိဇုညေန ပုဒ်ကို သမ္ဗန်ခံရမည်လား? တံ ကုလံ ပုဒ်ကို သမ္ဗန်ခံရမည်လား? သဒ္ဓါယ ပုဒ်ကို သမ္ဗန်ခံရ မည်လား? မည်သည့်ပုဒ်ကို သမ္ဗန်ခံရမည်နည်း? (က)အချက် တစ်ချက်တည်းဖြင့် သမ္ဗန်ခံရမည့် ပုဒ်သည် အတိအကျ ကိစ္စပြတ် ပေါ်ထွက်၍ မလာသေး၊ ထို့ကြောင့် (ခ)အချက်ဖြင့် ဆက်၍ သမ္ဗန်ခံရမည့် ပုဒ်ကို စစ်ဆေးရှာဖွေရမည်။

(ခ) ဘာဝယောဂပုဒ်နှင့် သမ္ဗန်ခံရမည့် ပုဒ်တို့သည် ဝုစ်,လိင် တူရမည်။

ရှင်း။ အနဘိဘူတဟူသော ဘာဝယောဂပုဒ်သည် (အနဘိဘူတော–ကို ရှုသော်) ဧကဝုစ်,ပုလ္လိင် ဖြစ်၏။ တံ ကုလံ ပုဒ်ကား နပုလ္လိင် ဖြစ်၏။ အနဘိဘူတဟူသော ဘာဝယောဂပုဒ်နှင့် လိင်မတူသောကြောင့် တံ ကုလံ ပုဒ်ကို သမ္ဗန်ခံ၍ မရ။ သဒ္ဓါယ ပုဒ်သည်လည်း ဣတ္ထိလိင် ဖြစ်၏။ ဘာဝယောဂ ပုဒ်နှင့် လိင်မတူ သောကြောင့် သဒ္ဓါယ ပုဒ်ကို သမ္ဗန်ခံ၍ မရ။ သမဏော ဂေါတမော ပုဒ်ကား ဧကဝုစ်,ပုလ္လိင် ဖြစ်၏။ ကေနစိ ပါရိဇုညေန ပုဒ်၏ လိင်ကို စာသင်သားတို့အနေဖြင့် အတိကျမသိနိုင်သော် ယင်းပုဒ်သည် ဧကဝုစ်, ပုလ္လိင် (ဝါ) နပုလ္လိင် ဖြစ်နိုင်၏ဟု ခေတ္တ ဆုံးဖြတ်ထားပါ။ ယင်းသို့ ဆိုချေသော် ဘာဝယောဂပုဒ်နှင့် ဝုစ်,လိင် တူနိုင်သော ပုဒ်တို့ကား သမဏော ဂေါတမော ပုဒ်နှင့် ကေနစိ ပါရိဇုညေန ပုဒ်တို့သာ ဖြစ်၍ အနဘိဘူတတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်ကို သမဏော ဂေါတမော ပုဒ်ကို သမ္ဗန်ခံရမည်လား? ကေနစိ ပါရိဇုညေန ပုဒ်ကို သမ္ဗန်ခံရမည်လား? မည်သည့်ပုဒ်ကို သမ္ဗန်ခံရမည်နည်း? (က+ခ)အချက် နှစ်ချက် တို့ဖြင့် သမ္ဗန်ခံရမည့် ပုဒ်သည် အတိအကျ ကိစ္စပြတ် ပေါ်ထွက်၍ မလာသေး၊ ထို့ကြောင့် (ဂ)အချက်ဖြင့် ဆက်၍ သမ္ဗန်ခံရမည့် ပုဒ်ကို စစ်ဆေးရှာဖွေရမည်။

(ဂ) သမ္ဗန်ခံရမည့် ပုဒ်ကို ပဓာနကြိယာသည် အလိုရှိရမည်။

ရှင်း။ သမဏော ဂေါတမော ကေနစိ ပါရိဇုညေန အနဘိဘူတော အပရိက္ခီဏယေဝ တံ ကုလံ ပဟာယ သဒ္ဓါယ ပဗ္ဗဇိတော ဝါကျ၌ ပဓာနကြိယာကား ပဗ္ဗဇိတော ဖြစ်၏။ (ပဗ္ဗဇိတော) ရဟန်းပြုသော သူမှာ (ကေနစိ ပါရိဇုညေန) ဘေးရန်မဟုတ်၊ (သမဏော ဂေါတမော) ရဟန်းဂေါတမသာ ဖြစ်၏။ ယင်းသို့ ဖြစ်ချေသော် ပဗ္ဗဇိတောဟူသော ပဓာနကြိယာ အလိုရှိသော အရာကား (သမဏော ဂေါတမော) ရဟန်း ဂေါတမသာ ဖြစ်၏။ ဤသို့လျှင် (က+ခ+ဂ) အင်္ဂါသုံးချက်တို့ဖြင့် အနဘိဘူတတ္တာ ဟိတ်ပုဒ်၏ သမ္ဗန်သည် အတိအကျ ပေါ်ထွက်လာ၏။ ထို့ကြောင့် သမ္ဗန်ကို "သမဏဿ ဂေါတမဿ"ဟူသာ ခံရပါလေတော့၏။

ttp://www.dhammadownload.com



အမှာ။ သဘောအားဖြင့် သမ္ဗန်ခံနည်း လေးချက်တို့တွင် (က+ခ+ဂ) သုံးချက်တို့ဖြင့် သမ္ဗန်ခံရမည့်ပုဒ် အတိအကျ ပေါ်ထွက်နေပြီ ဖြစ်သောကြောင့် (ဃ)အချက်ကို အသုံးမပြုတော့ပါ။ အချက် လေးချက်လုံး အသုံးပြုသော ပုံစံကိုကား သိလောက်ပြီ ဖြစ်သောကြောင့် သီးသန့် မဖော်ပြတော့ပါ။

=============

### (ဂ) စာစပ်

သမ္ဗန်ပုဒ်နှင့် ဟိတ်ပုဒ်တို့ကို စာစပ်သော အခါ၌ စာစပ်ပုံသည် လေးမျိုးရှိ၏။ ယင်းလေးမျိုးကား . . .

၁။ သမ္ဗန်ပုဒ်နှင့် တ္တ,တာ စသော ဘာဝပစ္စည်းတို့ကို သမ္ဗန္ဓ+သမ္ဗန္ဓီ အဖြစ်ဖြင့်လည်းကောင်း၊ သမ္ဗန်ပုဒ်နှင့် ဘာဝယောဂပုဒ်ကို ကမ္မ+ကမ္မီ အဖြစ်ဖြင့်လည်းကောင်း (၂)ချက် စာစပ်ရမည်။

၂။ သမ္ဗန်ပုဒ်နှင့် တ္တ,တာ စသော ဘာဝပစ္စည်းတို့ကို သမ္ဗန္ဓ+သမ္ဗန္ဓီ အဖြစ်ဖြင့်လည်းကောင်း၊ သမ္ဗန်ပုဒ်နှင့် ဘာဝယောဂပုဒ်ကို ကတ္တား+ကတ္တိ အဖြစ်ဖြင့်လည်းကောင်း (၂)ချက် စာစပ်ရမည်။

၃။ တဗ္ဗတောဖြင့် အဆုံးသတ်၍ ဟိတ်ပြင်ထားသော ဘာဝပ္ပဓာန, ဘာဝလောပ ပုဒ်မျိုး၌ကား = သမ္ဗန်ပုဒ်နှင့် ကျေပျောက်လေသော ဘာဝပစ္စည်း (ဝါ) ဘာဝသဒ္ဒါတို့ကို သမ္ဗန္ဓ+သမ္ဗန္ဓီ အဖြစ်ဖြင့်လည်းကောင်း၊ သမ္ဗန်ပုဒ်နှင့် ဘာဝယောဂပုဒ်ကို ကမ္မ+ကမ္မီ အဖြစ်ဖြင့်လည်းကောင်း (၂)ချက် စာစပ်ရမည်။

၄။ တဗ္ဗ မပါလာဘဲ တောဖြင့် အဆုံးသတ်၍ ဟိတ်ပြင်ထားသော ဘာဝပ္ပဓာန, ဘာဝလောပ ပုဒ်မျိုး၌ကား = သမ္ဗန်ပုဒ်နှင့် ကျေပျောက်လေသော ဘာဝပစ္စည်း (ဝါ) ဘာဝသဒ္ဒါတို့ကို သမ္ဗန္ဓ+သမ္ဗန္ဓီ အဖြစ်ဖြင့်လည်း ကောင်း၊ သမ္ဗန်ပုဒ်နှင့် ဘာဝယောဂပုဒ်ကို ကတ္တား+ကတ္တိ အဖြစ်ဖြင့်လည်းကောင်း (၂)ချက် စာစပ်ရမည်။

**ပုံစံ-၁** ပုရိသေန ဘတ္တော ပစ္စတေ။ ပစ္စတေကို = ပစိတတ္တာဟု ဟိတ်ပြင်၊ ဘတ္တဿဟု သမ္ဗန်ခံပါ။

စာစပ်။ ဘတ္တဿကား = "၏"ဟူ၍ အနက်ပေးရသောကြောင့် ပစိတတ္တာဝယ် တ္တပစ္စည်း၌ သမ္ဗန္ဓ၊ တ္တ ပစ္စည်းကား သမ္ဗန္ဓီ အဖြစ်ဖြင့် စပ်အပ်၏။

စာစပ်။ ဘတ္တဿကား = "ကို"ဟူ၍ အနက်ပေးရသောကြောင့် ပစိတတ္တာဝယ် ပစိတဟူသော ဘာဝယောဂပုဒ်၌ ကမ္မ၊ ပစိတဟူသော ဘာဝယောဂပုဒ်ကား ကမ္မီ အဖြစ်ဖြင့် စပ်အပ်၏။

**ပုံစံ-၂** ပုရိသော မဂ္ဂံ ဂစ္ဆတိ။ ဂစ္ဆတိကို = ဂတတ္တာဟု ဟိတ်ပြင်၊ ပုရိသဿဟု သမ္ဗန်ခံပါ။

စာစပ်။ ပုရိသဿကား = "၏"ဟူ၍ အနက်ပေးရသောကြောင့် ဂတတ္တာဝယ် တ္တပစ္စည်း၌ သမ္ဗန္ဓ၊ တ္တ ပစ္စည်းကား သမ္ဗန္ဓီ အဖြစ်ဖြင့် စပ်အပ်၏။

စာစပ်။ ပုရိသဿကား = "သည်"ဟူ၍ အနက်ပေးရသောကြောင့် ဂတတ္တာဝယ် ဂတဟူသော ဘာဝယောဂပုဒ်၌ ကတ္တား၊ ဂတဟူသော ဘာဝယောဂပုဒ်ကား ကတ္တိ အဖြစ်ဖြင့် စပ်အပ်၏။

**ပုံစံ-၃** ဓေန္တိ စ မေတိ စ တံ တံ ဥပါဒါယ ဝတ္တဗ္ဗတော ဥပါဒါပညတ္တိ။
ဟိတ်ပုဒ်ကား = ဝါကျ၌ တိုက်ရိုက်ပါသည့် ဝတ္တဗ္ဗတော ဟူသော ဘာဝပ္ပဓာန, ဘာဝလောပပုဒ်သာ ဖြစ်၏။ သမ္ဗန်ကို = ဓေန္တိ စ မေတိ စ ဣမာယ ပညတ္တိယာဟု ခံပါ။

စာစပ်။ ဓေန္တိ စ မေတိ စ ဣမာယ ပညတ္တိယာကား = "၏"ဟူ၍ အနက်ပေးရသောကြောင့် ဝတ္တဗ္ဗတောဝယ် ကျေလေပြီးသော ဘာဝပစ္စည်း (ဝါ) ဘာဝသဒ္ဒါ၌ သမ္ဗန္ဓ၊ ကျေလေပြီးသော ဘာဝပစ္စည်း (ဝါ) ကျေလေပြီး သော ဘာဝသဒ္ဒါကား သမ္ဗန္ဓီ အဖြစ်ဖြင့် စပ်အပ်၏။

ttp://www.dhammadownload.com



စာစပ်။ ဝေတ္တိ စ မေတိ စ က္လမာယ ပညတ္တိယာကား = "ကို"ဟူ၍ အနက်ပေးရသောကြောင့် ဝတ္တဗ္ဗတောဝယ် ဝတ္တဗ္ဗဟူသော ဘာဝယောဂပုဒ်၌ ကမ္မ၊ ဝတ္တဗ္ဗဟူသော ဘာဝယောဂပုဒ်ကား ကမ္မီ အဖြစ်ဖြင့် စပ်အပ်၏။

**ပုံစံ-၄** ကာယိကဝါစသိကအဖ္လာစာရနိသေဓနတော စေသ ကာယံ ဝါစဥ္စ ဝိနေတိ။ (၄၊ နှာ-၁၇)

ဟိတ်ပုဒ်ကား = ဝါကျ၌ တိုက်ရိုက်ပါသည့် ကာယိကဝါစသိကအဖ္လာစာရနိသေဓနတော ဟူသော ဘာဝပ္ပစ္စာန, ဘာဝလောပပုဒ်သာ ဖြစ်၏။ သမ္ဗန်ကို = တေသ ဝိနယသဟု ခံပါ။

စာစပ်။ တေသ ဝိနယသကား = "၏"ဟူ၍ အနက်ပေးရသောကြောင့် ကာယိကဝါစသိကအဖ္လာစာရနိသေဓနတောဝယ် ကျေလေပြီးသော ဘာဝပစ္စည်း (ဝါ) ဘာဝသဒ္ဒါ၌ သမ္ဗန္ဓ၊ ကျေလေပြီးသော ဘာဝပစ္စည်း (ဝါ) ကျေလေပြီးသော ဘာဝသဒ္ဒါကား သမ္ဗန္ဓီ အဖြစ်ဖြင့် စပ်အပ်၏။

စာစပ်။ တေသ ဝိနယသကား = "သည်"ဟူ၍ အနက်ပေးရသောကြောင့် ကာယိကဝါစသိကအဖ္လာစာရနိသေဓနတောဝယ် ကာယိကဝါစသိကအဖ္လာစာရနိသေဓနဟူသော ဘာဝယောဂပုဒ်၌ ကတ္တား၊ ကာယိကဝါစသိကအဖ္လာစာရနိသေဓနဟူသော ဘာဝယောဂပုဒ်ကား ကတ္တိ အဖြစ်ဖြင့် စပ်အပ်၏။

အမှာ။ ဘာဝပ္ပစ္စာန ဘာဝလောပ ပုဒ်တို့ကို သမ္ဗန္ဓ+သမ္ဗန္ဓီ အဖြစ်ဖြင့် စာစပ်ရာ၌ ဆရာမြတ်အချို့က တေသ ဝိနယသကား = "၏"ဟူ၍ အနက်ပေးရသောကြောင့် ကာယိကဝါစသိကအဖ္လာစာရနိသေဓနတောဝယ် ရသင့်ရထိုက်သော ဘောအနက်ဟု ဆိုအပ်သော ဗာဟျတ္ထ၌ သမ္ဗန္ဓ၊ ရသင့်ရထိုက်သော ဘောအနက်ဟု ဆိုအပ်သော ဗာဟျတ္ထကား သမ္ဗန္ဓီ အဖြစ်ဖြင့် စပ်အပ်၏ဟူ၍ ဘောအနက်နှင့်လည်း စာစပ်ကြသေး၏။

## ကတ္တားစပ်/ကံစပ်

ကတ္တား(သည်)နှင့် ကံ(ကို) နှစ်ပါးတို့တွင် မည်ကဲ့သို့ စာစပ်ရမည်ကို မဝေခွဲနိုင်သော အခါ၌ ဖော်ပြလတ္တံ့သော နည်းသုံးနည်းကို အသုံးပြုပြီး ကတ္တားစပ်/ကံစပ်ကို ရွေးချယ်၍ စာစပ်နိုင်ပါ၏။

## ပထမနည်း

သမ္ဗန်ခံရမည့် ပုဒ်သည် ကံပုဒ်သော်လည်းကောင်း၊ ကံကို အရကောက်သော ပုဒ်သော်လည်းကောင်း ဖြစ်ခဲ့လျှင် စာစပ်သောအခါ "၏"တစ်ချက်၊ "ကို"တစ်ချက် ၂-ချက်စပ်ရမည်။ သမ္ဗန်ခံရမည့် ပုဒ်သည် ကတ္တားပုဒ်သော်လည်းကောင်း၊ ကတ္တားကို အရကောက်သော ပုဒ်သော်လည်းကောင်း ဖြစ်ခဲ့လျှင် စာစပ်သောအခါ "၏" တစ်ချက်၊ "သည်"တစ်ချက် ၂-ချက်စပ်ရမည်။

## ဒုတိယနည်း

သမ္ဗန်ခံရမည့် ပုဒ်ကို ဘာဝယောဂပုဒ်၌ ကံ အဖြစ်ဖြင့်လည်းကောင်း၊ ကတ္တား အဖြစ်ဖြင့်လည်းကောင်း စမ်းသပ်၍ စာစပ်ကြည့်ပါ။ ကံအဖြစ်ဖြင့် စပ်၍ အဆင်ပြေလျှင် စာစပ်သောအခါ "၏"တစ်ချက်၊ "ကို"တစ်ချက် ၂-ချက်စပ်ရမည်။ ကတ္တားအဖြစ်ဖြင့် စပ်၍ အဆင်ပြေလျှင် စာစပ်သောအခါ "၏"တစ်ချက်၊ "သည်"တစ်ချက် ၂-ချက်စပ်ရမည်။

ttp://www.dhammadownload.com



## ဒုတိယနည်း ရှင်းချက်

(ပုံစံ) ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော။ (ဌ၊ နှာ-၃)

ဟိတ်။ ဒေသိတော-ကို ဒေသိတတ္တာ-ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) ဓမ္မဿ စ။

ဓမ္မဿ စ သမ္ဗန်ပုဒ်ကို ဒေသိတ ဟူသော ဘာဝယောဂပုဒ်၌ စမ်းသပ်၍ စာစပ်ကြည့်ပါ။ (ဓမ္မဿ စ) သုတ်,အဘိဓမ္မာကို (ဒေသိတ)ဟော? (ဓမ္မဿ စ) သုတ်,အဘိဓမ္မာသည် (ဒေသိတ)ဟော?ဟူသော စာစပ်နှစ်မျိုးတို့တွင် "သုတ်,အဘိဓမ္မာကို ဟော"ဟူသော ကမ္မတ္ထ စာစပ်သည်သာ မြန်မာစကား အသွားလာအားဖြင့် ဖြောင့်နေသည် အဆင်ပြေနေသည်ကို တွေ့ရမည်။ ထို့ကြောင့် ဓမ္မဿ စ ပုဒ်ကို ဒေသိတတ္တာ၌ "၏"တစ်ချက်၊ "ကို"တစ်ချက် ၂-ချက်စပ်ရမည်။

(တစ်နည်း) ဒေသိတ ဟူသော ဘာဝယောဂပုဒ်ကို ဓမ္မဿ စ သမ္ဗန်ပုဒ်၌ စမ်းသပ်၍ စာစပ်ကြည့်ပါ။ (ဒေသိတ)ဟောအပ်သော (ဓမ္မဿ စ)သုတ်,အဘိဓမ္မာ? (ဒေသိတ)ဟောတတ်သော (ဓမ္မဿ စ)သုတ်,အဘိဓမ္မာ? ဟူသော စာစပ်နှစ်မျိုးတို့တွင် "ဟောအပ်သော သုတ်,အဘိဓမ္မာ"ဟူသော စာစပ်သည်သာ မြန်မာစကား အသွားအလာအားဖြင့် ဖြောင့်နေသည် အဆင်ပြေနေသည်ကို တွေ့ရမည်။ ထို့ကြောင့် ဓမ္မဿ စ ပုဒ်ကို ဒေသိတတ္တာ၌ "၏"တစ်ချက်၊ "ကို"တစ်ချက် ၂-ချက်စပ်ရမည်။

## ပုံစံတစ်မျိုးဖြင့် ဒုတိယနည်း ရှင်းချက်

(ပုံစံ) သော ဟာယသ္မာ သေက္ခော။ (ဌ၊ နှာ-၅)

ဟိတ်။ သေက္ခော-ကို သေက္ခတ္တာ-ဟု ဟိတ်ပြင်ပါ။ (သမ္ဗန်) တဿ အာယသ္မတော အာနန္ဒဿ။

တဿ အာယသ္မတော အာနန္ဒဿ သမ္ဗန်ပုဒ်ကို သေက္ခဟူသော ဘာဝယောဂပုဒ်၌ စမ်းသပ်၍ စာစပ်ကြည့်ပါ။ (တဿ အာယသ္မတော အာနန္ဒဿ)အရှင်အာနန္ဒာကို (သေက္ခ)ကျင့်ဆဲ? (တဿ အာယသ္မတော အာနန္ဒဿ)အရှင်အာနန္ဒာသည် (သေက္ခ)ကျင့်ဆဲ?ဟူသော စာစပ်နှစ်မျိုးတို့တွင် "အရှင်အာနန္ဒာသည် ကျင့်ဆဲ" ဟူသော ကတ္တုတ္ထ စာစပ်သည်သာ မြန်မာစကား အသွားလာအားဖြင့် ဖြောင့်နေသည် အဆင်ပြေနေသည်ကို တွေ့ရမည်။ ထို့ကြောင့် တဿ အာယသ္မတော အာနန္ဒဿ ပုဒ်ကို သေက္ခတ္တာ၌ "၏"တစ်ချက်၊ "သည်"တစ်ချက် ၂-ချက်စပ်ရမည်။

(တစ်နည်း) သေက္ခ ဟူသော ဘာဝယောဂပုဒ်ကို တဿ အာယသ္မတော အာနန္ဒဿ သမ္ဗန်ပုဒ်၌ စမ်းသပ်၍ စာစပ်ကြည့်ပါ။ (သေက္ခ)ကျင့်အပ်သော (တဿ အာယသ္မတော အာနန္ဒဿ)အရှင်အာနန္ဒာ? (သေက္ခ)ကျင့်တတ်သော (တဿ အာယသ္မတော အာနန္ဒဿ)အရှင်အာနန္ဒာ?ဟူသော စာစပ်နှစ်မျိုးတို့တွင် "ကျင့်တတ်သော အရှင်အာနန္ဒာ"ဟူသော စာစပ်သည်သာ မြန်မာစကား အသွားလာအားဖြင့် ဖြောင့်နေသည် အဆင်ပြေနေသည်ကို တွေ့ရမည်။ ထို့ကြောင့် တဿ အာယသ္မတော အာနန္ဒဿ ဟူသော ပုဒ်ကို သေက္ခတ္တာ၌ "၏"တစ်ချက်၊ "သည်" တစ်ချက် ၂-ချက်စပ်ရမည်။

## တတိယနည်း

ဘာဝယောဂပုဒ် (သို့မဟုတ်) သမ္ဗန်ခံရမည့်ပုဒ်ကို ကမ္မသာဓန ကြံလျှင် စာစပ်သောအခါ "၏"တစ်ချက်၊ "ကို"တစ်ချက် ၂-ချက်စပ်ရမည်။ ဘာဝယောဂပုဒ် (သို့မဟုတ်) သမ္ဗန်ခံရမည့်ပုဒ်ကို ကမ္မသာဓနမှ တစ်ပါးသော သာဓနတို့ ကြံလျှင် စာစပ်သောအခါ "၏"တစ်ချက်၊ "သည်"တစ်ချက် ၂-ချက်စပ်ရမည်။

ttp://www.dhammadownload.com



**သတိပြု**

အတ္တော ပုဒ်ကို ဟိတ်ပြင်လျှင် စာစပ်သောအခါ "၏"တစ်ချက်၊ "ကို"တစ်ချက် ၂-ချက်စပ်ရမည်။ သမ္ဗန်ခံရမည့်ပုဒ် (သို့မဟုတ်) ဘာဝယောဂပုဒ်သည် ဗဟုဗ္ဗီဟိ သမာသ်ပုဒ်၊ အဿတ္ထိ တဒ္ဓိတ်ပုဒ်တို့ ဖြစ်ခဲ့လျှင် စာစပ်သောအခါ "၏"တစ်ချက်၊ "သည်"တစ်ချက် ၂-ချက်စပ်ရမည်။

နိယံ။ အတ္တော ပြင်ဘိ၊ ကံသတ္တိ၊ စပ်ကြည့် ကံအနေ။

ဗဟုဗ္ဗီဟိ၊ အဿတ္ထိ၊ တူဘိ ကတ္တားနေ။

**အထူးအမှာ**

အတ္တော ပုဒ်ကို ကမ္မတ္ထ ကြံသည်ကား = အရိယတိ ဉာယတီတိ အတ္တော (အဘိဓေယျ)ဟု ဖွင့်ပြသော ကမ်ဒိုင်္ဂကာသစ်နှင့် အညီတည်း။ အတ္တော တေသ အတ္ထီတိ အတ္တော (အတ္တာဘိဓေယျကဝစန)ဟု ဖွင့်ပြသော အနဒိုင်္ဂကာနှင့်အညီ ကြံမှုကား ကတ္တုတ္ထဟု ကြံရမည်။ ဝါဒနှစ်ရပ်လုံး ခိုင်မာ မှန်ကန်သည်သာချည်း ဖြစ်၏။

ဏ္ဍတိ သဒ္ဒါဖြင့် အနက်ကို စွဲရာ၌ ကမ္မတ္ထ ကြံရမည်။ ဏ္ဍတိ သဒ္ဒါဖြင့် သဒ္ဒါကို စွဲရာ၌ ကတ္တုတ္ထ ကြံရမည်။ နိသျတို့၌ ဏ္ဍတိ သဒ္ဒါဖြင့် အနက်ကို စွဲသည်သာ များသောကြောင့် ဤရွှေသီလကျွန် ပထမတွဲနှင့် ဒုတိယတွဲ နှစ်တွဲလုံး၌ပင် ကမ္မတ္ထ ကြံသော ဝါဒနောက်သို့သာ လိုက်၍ ကမ္မတ္ထဟု ပြဆိုသုံးစွဲမည်။

အဓိပ္ပါယော ပုဒ်ကိုကား = ပုဒ်ကို သမ္ဗန်ခံလျှင် အဓိပ္ပီယတေ ဏ္ဍတိယတေတိ အဓိပ္ပါယော (ဝိနိစ္ဆိတတ္တော)ဟု ဖွင့်ပြသော မဏိသာရမဉ္ဇူသာနှင့်အညီ ကမ္မတ္ထဟု ကြံရမည်။ ပုဂ္ဂိုလ်ကို သမ္ဗန်ခံလျှင် အဘိမုခံ အဘိနိဝိသဝါ ပကာရေဟိ ဧတိ ဥပဂစ္ဆတီတိ အဓိပ္ပါယော (လဒ္ဓိ)ဟု ဖွင့်ပြသော မူလပဏ္ဏာသ ဋီကာနှင့်အညီ ကတ္တုတ္ထဟု ကြံရမည်။

သတိ။ စာစပ်သောအခါ များသောအားဖြင့် "၏"တစ်ချက်၊ "သည်"တစ်ချက် ၂-ချက် စာစပ်ရသည်သာ များ၏။

=============

**(ဃ) ပစ္စယတ္ထ ဖော်ထုတ်နည်း**

စာစပ်သောအခါ . . . ကတ္တား+ကတ္တိ စပ်လျှင် = ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကို ကတ္တုတ္ထ။ ကမ္မ+ကမ္မိ စပ်လျှင် = ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကို ကမ္မတ္ထဟု ပုံသေမှတ်၍ ဖြေပါ။

အမှာ။ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကို ကတ္တုတ္ထဟု ယူလျှင် သမ္ဗန်ခံသော ပုဒ်နှင့် ဘာဝယောဂပုဒ်တို့ကို ကတ္တုသာဓန ဝိဂ္ဂဟ ပြုနိုင်၏။ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကို ကမ္မတ္ထဟု ယူလျှင် သမ္ဗန်ခံသော ပုဒ်နှင့် ဘာဝယောဂပုဒ်တို့ကို ကမ္မသာဓန ဝိဂ္ဂဟ ပြုနိုင်၏။

## ၅-နံပါတ် စည်းမျဉ်း ပြီး၏။

ခွေးလို မကျင့်နဲ့၊ ဒေါင်းလို ကျင့် · · · တဲ့။
ဒေါင်းလို မကျင့်နဲ့၊ ခွေးလို ကျင့် · · · တဲ့။
သီလကျွန်က ပြောတယ်၊ ငှက်လို ကျင့်ကွဲ့။

ttp://www.dhammadownload.com



# ၆–နံပါတ် အာဘောဂ်သံဝဏ္ဏနာ စည်းမျဉ်း

## အာဘောဂ(အာဘောဂ်) အဓိပ္ပါယ်

၆-နံပါတ် ပုစ္ဆာဝယ် အဋ္ဌကထာဆရာ၏ အာဘောဂ(အာဘောဂ်)နှင့် သံဝဏ္ဏနာ အမည်ပေးခြင်းတို့ကို မေး၏။ ထိုတွင် အဋ္ဌကထာ, ဋီကာ, ကျမ်းပြုဆရာတော်တို့၏ ဖွင့်ဆိုရေးသားထားသော နှလုံးသွင်း ရည်ရွယ်ချက်ကို "အာဘောဂ (အာဘောဂ်)"ဟု ခေါ်၏။ ဥပမာ = ဓင်္ကော ပုဒ်သည် ကျီးကန်းအနက်ကို ဟော၏။ စာဖတ်သူ အနေဖြင့် ဓင်္ကော ပုဒ်၏ ဟောသော အနက်ကို မသိမည် စိုးသောကြောင့် ဓင် ပုဒ်သည် ဤနေရာ၌ (ကာက)ကျီးကန်း အနက် ဟောသည်ကို သိစေလိုသော နှလုံးသွင်း ရည်ရွယ်ချက်ဖြင့် ကျမ်းပြုဆရာတော်က "**ဓင်္ကောတိ** ကာကော"ဟူ၍ ဓင်္ကော ပုဒ်ကို ကာကောဟု ဖွင့်ဆိုရေးသား၏။ ဤကဲ့သို့ ဖွင့်ဆိုရေးသားသော ကျမ်းပြုဆရာတော်တို့၏ နှလုံးသွင်း ရည်ရွယ်ချက်ကို "အာဘောဂ (အာဘောဂ်)"ဟု ခေါ်၏။

သောတုဇနတို့ကား ကျမ်းပြုဆရာ၏ နှလုံးသွင်း ရည်ရွယ်ချက် ပေါ်လွင်လာအောင် = ကာကော ဟူသော သံဝဏ္ဏနာ ပုဒ်ဖြင့် ဤနေရာ၌ ဓင်္ကော ဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၏ (ကာက)ကျီးကန်းအနက် ဟောသည်၏ အဖြစ်ကို သိစေပါသည်ဟု အာဘောဂ်ဖော်ရလေသည်။

## သံဝဏ္ဏေတဗ္ဗ+သံဝဏ္ဏနာ အဓိပ္ပါယ်

အဖွင့်ခံဖြစ်သော ပုဒ်တို့သည် သံဝဏ္ဏေတဗ္ဗပုဒ်တို့ မည်ကုန်၏။ ဖွင့်ပြသော ပုဒ်တို့သည် သံဝဏ္ဏနာပုဒ်တို့ မည်ကုန်၏။ ပုံစံကား "**ဓင်္ကောတိ** ကာကော"စသည်တည်း။ ဤပုံစံ၌ ဓင်္ကော ပုဒ်သည် အဖွင့်ခံပုဒ် ဖြစ်သောကြောင့် သံဝဏ္ဏေတဗ္ဗပုဒ် မည်၏။ ကာကော ပုဒ်သည် ဖွင့်ပြသောပုဒ် ဖြစ်သောကြောင့် သံဝဏ္ဏနာပုဒ် မည်၏။

သောတုဇနတို့ကား ကာကော ဟူသော သံဝဏ္ဏနာ ပါဠ်ဖြင့် ဤနေရာ၌ ဓင်္ကော ဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၏ (ကာက)ကျီးကန်းအနက် ဟောသည်၏ အဖြစ်ကို သိစေပါသည်ဟု အာဘောဂ်ဖော်ပြီးလျှင် "နာမ်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နာမလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏"ဟု သံဝဏ္ဏနာအမည်ကို ပေးရ၏။

သတိ။ ပါဠိတော်၌ လာသော ပုဒ်တို့ကို အဋ္ဌကထာ၌ ဖွင့်ပြ၏။ ထို့ကြောင့် ပါဠိတော်ပုဒ်တို့သည် သံဝဏ္ဏေတဗ္ဗ ပုဒ်များသာ ဖြစ်ကုန်၏။ အဋ္ဌကထာပုဒ်တို့သည် များသောအားဖြင့် သံဝဏ္ဏနာ ပုဒ်များသာ ဖြစ်ကုန်၏။

အမှာ။ သံဝဏ္ဏနာတို့၏ အမည်နှင့် အပြားတို့ကို နောင်၌ ဖော်ပြလတ္တံ့။

## သံဝဏ္ဏေတဗ္ဗပုဒ်၏ သင်္ကေတ

သံဝဏ္ဏေတဗ္ဗပုဒ်ကို ၁။ စာလုံးအနက်ဖြင့်သော်လည်းကောင်း ၂။ ဝါကျ၏ အစ၌ ထား၍သော်လည်းကောင်း ၃။ သံဝဏ္ဏေတဗ္ဗပုဒ်၏ အဆုံး၌ ဣတိနိပါတ်ပုဒ် ထည့်၍သော်လည်းကောင်း အဋ္ဌကထာဆရာတို့သည် များသော အားဖြင့် ရေးသားလေ့ရှိကုန်၏။ ပုံစံကား **ဓင်္ကောတိ** ကာကော စသည်တည်း။

ရံဖန်ရံခါ၌ သံဝဏ္ဏေတဗ္ဗပုဒ်ကို ၁။ စာလုံးရိုးရိုးဖြင့်သော်လည်းကောင်း ၂။ ဝါကျ၏ အလယ်၌ ထား၍ သော်လည်းကောင်း ၃။ ဝါကျ၏ အဆုံး၌ ထား၍သော်လည်းကောင်း ၄။ သံဝဏ္ဏေတဗ္ဗပုဒ်၏ အဆုံး၌ ဣတိ နိပါတ်ပုဒ် မထည့်မူ၍လည်းကောင်း အဋ္ဌကထာဆရာတို့သည် အပ္ပကအားဖြင့် ရေးသားလေ့ရှိကုန်၏။ ပုံစံများကိုကား သံဝဏ္ဏနာပုံစံများ ကဏ္ဍ၌ ဖော်ပြလတ္တံ့။

အမှာ။ အာဘောဂ်+သံဝဏ္ဏနာ ဖော်ရာ၌ သိဖို့ရာ အလွန်အရေးကြီးသည့် ဖွင့်နည်းမျိုးစုံပြ အနှစ်ချုပ် သံဝဏ္ဏနာ ဇယားကို ဖော်ပြအပ်ပါ၏။

ttp://www.dhammadownload.com



## သံဝဏ္ဏနာဇယား

| စဉ် | ပုဒ် | ဖွင့်ပုံ | သံဝဏ္ဏနာအမည် |
|---|---|---|---|
| ၁ | သန္ဓိပုဒ် | သန္ဓိ ပုဒ်ကိုဖွင့် | သန္ဓိလိင်္ဂပဒသံဝဏ္ဏနာ |
| ၂ | ဥပသာရ နာမ်ပုဒ် | (က) ဥပသာရ ပုဒ်ကိုဖွင့် | ဥပသဂ္ဂလိင်္ဂပဒသံဝဏ္ဏနာ |
| | | (ခ) ဥပသာရပုဒ်၏ အနက်ကိုဖွင့် | ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ |
| ၃ | နိပါတ် နာမ်ပုဒ် | (က) နိပါတ် ပုဒ်ကိုဖွင့် | နိပါတလိင်္ဂပဒသံဝဏ္ဏနာ |
| | | (ခ) နိပါတ်ပုဒ်၏ အနက်ကိုဖွင့် | နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ |
| ၄ | သဗ္ဗ နာမ်ပုဒ် | (က) သဗ္ဗနာမ် ပုဒ်ကိုဖွင့် | သဗ္ဗနာမလိင်္ဂပဒသံဝဏ္ဏနာ |
| | | (ခ) သဗ္ဗနာမ်ပုဒ်၏ အနက်ကိုဖွင့် | သဗ္ဗနာမလိင်္ဂတ္ထသံဝဏ္ဏနာ |
| ၅ | နာမ(ဝါ)သုဒ္ဓ နာမ်ပုဒ် | (က) နာမလိင် ၊ဝါ-သုဒ္ဓလိင် ပုဒ်ကိုဖွင့် | နာမလိင်္ဂပဒသံဝဏ္ဏနာ |
| | | (ခ) နာမလိင် ၊ဝါ-သုဒ္ဓလိင်၏ အနက်ကိုဖွင့် | နာမလိင်္ဂတ္ထသံဝဏ္ဏနာ |
| | | (ဂ) နာမ်ဝိဘတ်ကိုဖွင့် | ဝိဘတ္တိပဒသံဝဏ္ဏနာ |
| | | (ဃ) နာမ်ဝိဘတ်၏ အနက်ကိုဖွင့် | ဝိဘတျတ္ထသံဝဏ္ဏနာ |
| ၆ | ကာရကပုဒ် | (က) မည်သည့် ကာရကပုဒ်ဟု ဖွင့် | ကာရကလိင်္ဂပဒသံဝဏ္ဏနာ |
| | | (ခ) ကာရကလိင်ပုဒ်၏ အနက်ကိုဖွင့် | ကာရကလိင်္ဂတ္ထသံဝဏ္ဏနာ |
| ၇ | သမာသ်ပုဒ် | သမာသ် ဝိဂြိုဟ်ဖြင့် ဖွင့် | သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ |
| ၈ | တဒ္ဓိတ်ပုဒ် | တဒ္ဓိတ် ဝိဂြိုဟ်ဖြင့် တဒ္ဓိတ်ပစ္စည်း အနက်ဖွင့် | ပစ္စယတ္ထသံဝဏ္ဏနာ |
| ၉ | အာချာတ်ပုဒ် | (က) အာချာတ်ဓာတ်ကိုဖွင့် | ဓာတုပဒသံဝဏ္ဏနာ |
| | | (ခ) အာချာတ်ဓာတ်၏ အနက်ကိုဖွင့် | ဓာတွတ္ထသံဝဏ္ဏနာ |
| | | (ဂ) အာချာတ်ဝိဘတ်ကိုဖွင့် | ဒုတိယဝိဘတ္တိပဒသံဝဏ္ဏနာ |
| | | (ဃ) အာချာတ်ဝိဘတ်၏ အနက်ကိုဖွင့် | ဒုတိယဝိဘတျတ္ထသံဝဏ္ဏနာ |
| ၁၀ | ကိတ်ပုဒ် | (က) ကိတ်ဓာတ်ကိုဖွင့် | ဒုတိယဓာတုပဒသံဝဏ္ဏနာ |
| | | (ခ) ကိတ်ဓာတ်၏ အနက်ကိုဖွင့် | ဒုတိယဓာတွတ္ထသံဝဏ္ဏနာ |
| | | (ဂ) ကိတ်ပစ္စည်းကိုဖွင့် | ဒုတိယပစ္စယပဒသံဝဏ္ဏနာ |
| | | (ဃ) ကိတ်ဝိဂြိုဟ်ဖြင့် ကိတ်ပစ္စည်းအနက်ဖွင့် | ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ |

သတိ။ (၂၊ ၃၊ ၄၊ ၅) နံပါတ်တို့၌ ဖော်ပြထားသော သံဝဏ္ဏနာအမည်များသည် နာမ်ကျမ်းလာ နာမ်ပုဒ်တို့နှင့် ဆက်စပ်၍ ဖွင့်ဆိုထားသော သံဝဏ္ဏနာအမည်များသာ ဖြစ်ကုန်၏။

ttp://www.dhammadownload.com



### အကြွင်းသံဝဏ္ဏနာများ

ဝိဂြိုဟ်ဖွင့်လျှင် အဘိဓာနတ္ထ၊ သရုပ်ဖွင့်လျှင် သရုပ်ကြား အဘိဓေယျတ္ထ၊ ပရိယာယ်ဖွင့်လျှင် ပရိယာယ်ပြ အဘိဓေယျတ္ထ၊ နာမ်ပုဒ်၏ အနက်ကို ဖွင့်လျှင် (ဝါ) နာမလိင်္ဂတ္ထသံဝဏ္ဏနာ ရလျှင် သဒ္ဒါဟော အဘိဓေယျတ္ထ၊ အစပ်သမ္ဗန်ဖွင့်လျှင် သမ္ဗန္ဓ (ဝါ) ဘာဝတ္ထ၊ အဓိပ္ပါယ်ဖွင့်လျှင် ဘာဝတ္ထဟူ၍ သံဝဏ္ဏနာ အမည်များကို အသီးသီး ပေးရသည်။

အမှာ။ ဖော်ပြခဲ့ပြီးသော သံဝဏ္ဏနာများသည် စာဖြေရာ၌ အသုံးများသော သံဝဏ္ဏနာများသာ ဖြစ်၏။ သံဝဏ္ဏနာ အပြည့်အစုံကို အလိုရှိသော် ပုဒ်စစ်ကျမ်း၏ သံဝဏ္ဏနာစစ်ကဏ္ဍ၌ ရှုပါ။

### အာဘော်ဖော်ရာ၌ အခြေခံ အင်္ဂါ ၄–ပါး

အာဘော်မဖော်မီ ရှေးဦးစွာ . . .

၁။ မည်သည့်ပုဒ်သည် သံဝဏ္ဏေတဗ္ဗပုဒ်, မည်သည့်ပုဒ်သည် သံဝဏ္ဏနာပုဒ် ဖြစ်၏ဟူ၍ သံဝဏ္ဏေတဗ္ဗပုဒ်နှင့် သံဝဏ္ဏနာပုဒ်တို့ကို ခွဲခြားထားပါ။

၂။ မည်သည့် သံဝဏ္ဏေတဗ္ဗပုဒ်ကို မည်သည့် သံဝဏ္ဏနာပုဒ်တို့ဖြင့် မည်သို့မည်ပုံ ဖွင့်ပြထားသည်ဟူ၍လည်း သံဝဏ္ဏေတဗ္ဗပုဒ်နှင့် သံဝဏ္ဏနာပုဒ်တို့ကို သေချာစွာ တိုက်ဆိုင်ထားပါ။

၃။ အဖွင့်သံဝဏ္ဏနာကို ရှုမျှော်၍ သံဝဏ္ဏေတဗ္ဗပုဒ်ကို သန္ဓိပုဒ်, ဥပသာရပုဒ် စသော ပုဒ်တို့တွင် မည်သည့်ပုဒ် ဖြစ်သည်ဟူ၍လည်း ဆုံးဖြတ်ထားပါ။

၄။ ပုဒ်ကို ဖွင့်သလော? ပုဒ်၏ အနက်ကို ဖွင့်သလော? ဝိဘတ်ကို ဖွင့်သလော? ဝိဘတ်၏ အနက်ကို ဖွင့်သလော? ဓာတ်ကို ဖွင့်သလော? ဓာတ်၏ အနက်ကို ဖွင့်သလော? ပစ္စည်းကို ဖွင့်သလော? ပစ္စည်း၏ အနက်ကို ဖွင့်သလော? သရုပ်အရကောက်ကို ဖွင့်သလော? စသည်ဖြင့် စဉ်းစား၍ အာဘော်ဖော်ပါ။

### သံဝဏ္ဏနာပုံစံနှင့် ဆိုရိုးများ

#### ၁။ သန္ဓိလိင်္ဂပဒသံဝဏ္ဏနာ

(ပုံစံ) **ကံ နု ခွ္ဋာတိ ကံ နု ခေါ အဇ္ဇ**။ (ဋ၊ နှာ–၁၂၉)

ကံ နု ခေါ အဇ္ဇ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ကံ နု ခွဇ္ဇ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ကံ နု ခေါ အဇ္ဇဟု ပဒစ္ဆေဒ ပြုပြီး ခေါ၌ ဩကို ဝပြု၍ ကံ နု ခွဇ္ဇဟု သန္ဓိပုဒ် ပြီးသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။ (အာဘော်)

သန္ဓိဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် သန္ဓိလိင်္ဂပဒသံဝဏ္ဏနာ မည်၏။ (သံဝဏ္ဏနာ)

(ပုံစံ) **ပစ္စာဇာတောတိ ပတိဇာတော**။ (ဋ၊ နှာ–၁၆၂)

ပတိဇာတော ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ပစ္စာဇာတောကို ပတိ အာဇာတောဟု ပဒစ္ဆေဒ ပြုရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။ (အာဘော်)

သန္ဓိဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် သန္ဓိလိင်္ဂပဒသံဝဏ္ဏနာ မည်၏။ (သံဝဏ္ဏနာ)

ttp://www.dhammadownload.com



## ၂။ (က) ဥပသဂ္ဂလိင်္ဂပဒသံဝဏ္ဏနာ

(ပုံစံ) **ပဋီတိ** ဥပသဂ္ဂပဒံ။ (ဋ္ဌ၊ နှာ-၂၇)

ဥပသဂ္ဂပဒံ ဟူသော သံဝဏ္ဏနာပါဠိဖြင့် ပဋိ ဟူသော ပုဒ်သည် ပတိကို ပဋိပြု၍ ပြီးသော ဥပသာရပုဒ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။ (အာဘော်)

ဥပသာရဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂပဒသံဝဏ္ဏနာ မည်၏။ (သံဝဏ္ဏနာ)

(ပုံစံ) **ပစ္စာဇာတောတိ** ပတိဇာတော။ (ဋ္ဌ၊ နှာ-၁၆၂)

ပတိဇာတော ဟူသော သံဝဏ္ဏနာပါဠိဖြင့် ပစ္စာဇာတော၌ ပစ္စသဒ္ဒါ၏ ပတိသဒ္ဒါ၏ ကာရိယ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။ (အာဘော်)

ဥပသာရဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂပဒသံဝဏ္ဏနာ မည်၏။ (သံဝဏ္ဏနာ)

## ၂။ (ခ) ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ

(ပုံစံ) **ဝိဘင်္ဂေ** ဘာဝဝိဂမံ။ (ဋ္ဌ၊ နှာ-၁၁၀)

ဝိဂမံ ဟူသော သံဝဏ္ဏနာပါဠိဖြင့် ဝိဘင်္ဂ၌ ဝိ ဟူသော ဥပသာရပုဒ်၏ ဝိဂမအနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။

ဥပသာရဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ပဝေဒေတီတိ** ဇာနေတိ ဝိညာပေတိ ပကာသေတိ။ (ဋ္ဌ၊ နှာ-၁၅၈)

ဇာနေတိ ဟူသော သံဝဏ္ဏနာပါဠိဖြင့် ပဝေဒေတိ၌ ပ ဟူသော ဥပသာရပုဒ်၏ ဓာတွတ္ထာနုဝတ္တက ဥပသာရပုဒ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။

ဥပသာရဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ပစ္စာဇာတောတိ** ပတိဇာတော။ (ဋ္ဌ၊ နှာ-၁၆၂)

ပတိဇာတော ဟူသော သံဝဏ္ဏနာပါဠိဖြင့် ပစ္စာဇာတော၌ အာ ဟူသော ဥပသာရပုဒ်၏ ပဒပူရဏတ္ထ၊ အနတ္ထကတ္ထ၏ အဖြစ်ကို (ဝါ) ဓာတွတ္ထာနုဝတ္တက ဥပသာရပုဒ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။

ဥပသာရဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

အမှာ။ ပဒပူရဏတ္ထ, အနတ္ထကတ္ထ ဥပသာရပုဒ်ဟူသည် ဓာတွတ္ထာနုဝတ္တက ဥပသာရပုဒ်ပင် ဖြစ်၏။ သံဝဏ္ဏေတဗ္ဗ ပုဒ်၌ ဥပသာရပုဒ် ရှိလျက် သံဝဏ္ဏနာ ဖွင့်သောအခါ၌ ယင်းဥပသာရပုဒ်ကို မဖွင့်ပြခဲ့သော် "နိပါတ်, ဥပ၊ ရှိ မပြ၊ မှတ်ကြ အနတ္ထာ။ ဥပသာရာ၊ နုဝတ္တာ၊ နာမ အထ ဝါ"ဟူသော နိယံနှင့်အညီ ပဒပူရဏတ္ထ, အနတ္ထကတ္ထ ဥပသာရပုဒ် (ဝါ) ဓာတွတ္ထာနုဝတ္တက ဥပသာရပုဒ်ဟုသာ မှတ်ပါ။

(ပုံစံ) **ဥပဝသန္တီတိ** သီလေန ဝါ အနသနေန ဝါ ဥပေတာ ဟုတွာ ဝသန္တီတိ အတ္ထော။ (ဋ္ဌ၊ နှာ-၁၂၇)

ဥပေတာ ဝသန္တိ ဟူသော သံဝဏ္ဏနာပါဠိဖြင့် ဥပဝသန္တိ၌ ဥပ ဟူသော ဥပသာရပုဒ်၏ ဓာတွတ္ထဝိသေသက ဥပသာရပုဒ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။

ဥပသာရဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



(ပုံစံ) အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ။ (ဋ၊ နှာ–၇၀)
အာဒါနံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အဒိန္နာဒါနံ၌ အာ ဟူသော ဥပသာရပုဒ်၏ ဓာတွတ္ထဗာဓက ဥပသာရပုဒ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ဥပသာရဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။
သတိ။ အဒိန္နာဒါနံ ပုဒ်သည် သံဝဏ္ဏေတဗ္ဗပုဒ် ဖြစ်၏။

(ပုံစံ) **အဘိဉ္ဉာတိ** အဘိဉာယ၊ အဓိကေန ဉာဏေန ဉတွာတိ အတ္ထော။ (ဋ၊ နှာ–၁၅၈)
အဓိကေန ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အဘိညာ၌ အဘိသဒ္ဒါ၏ အဓိကအနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ဥပသာရဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

### ၃။ (က) နိပါတလိင်္ဂပဒသံဝဏ္ဏနာ

(ပုံစံ) **သုခန္တိ** နိပါတမတ္တံ။ (ဋ၊ နှာ–၃၇)
နိပါတမတ္တံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သုဒံ ဟူသော ပုဒ်၏ နိပါတ်ပုဒ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နိပါတ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **သေယျထိဒန္တိ** နိပါတော။ (ဋ၊ နှာ–၇၉)
နိပါတော ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သေယျထိဒံ ဟူသော ပုဒ်၏ နိပါတ်ပုဒ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နိပါတ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) န တက္ကေန အဝစရိတဗ္ဗာတိ **အတက္ကာဝစရော**။ (ဋ၊ နှာ–၉၃)
န တက္ကေန၌ န ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အတက္ကာဝစရာ၌ အသဒ္ဒါသည် နသဒ္ဒါ၏ ကာရိယ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နိပါတ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) သဟ ဓေယျနာတိ **သဓေည်း**။ (ဋ၊ နှာ–၂၁၉)
သဟ ဓေယျန ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သဓေည်၌ သသဒ္ဒါသည် သဟသဒ္ဒါ၏ ကာရိယ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နိပါတ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **အညဒတ္ထုတိ** ဧကံသဝစနေ နိပါတော။ (ဋ၊ နှာ–၁၀၃)
နိပါတော ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အညဒတ္ထု ဟူသော ပုဒ်၏ နိပါတ်ပုဒ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နိပါတ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

.ttp://www.dhammadownload.com



(ပုံစံ) **တေနဟီတိ ဥယျောဇနတ္တေ** နိပါတော။ (ဋ၊ နှာ-၁၃၄)
နိပါတော ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တေနဟိ ဟူသော ပုဒ်၏ နိပါတ်ပုဒ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နိပါတ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ခေါတိ** အဝဓာရဏတ္ထေ, ပဒပူရဏမတ္တေ ဝါ နိပါတော။ (ဋ၊ နှာ-၂၁၉)
နိပါတော ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ခေါ ဟူသော ပုဒ်၏ နိပါတ်ပုဒ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နိပါတ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

## ၃။ (ခ) နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ

(ပုံစံ) **သုဒန္တိ** နိပါတမတ္တံ။ (ဋ၊ နှာ-၃၇)
နိပါတမတ္တံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဤနေရာ၌ သုဒံ ဟူသော နိပါတ်ပုဒ်၏ အနက်အထူး မရှိသောကြောင့် ပဒပူရဏတ္ထ, အနတ္ထက၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နိပါတ်ဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **အညဒတ္ထူတိ** ဧကံသဝစနေ နိပါတော။ (ဋ၊ နှာ-၁၀၃)
ဧကံသဝစနေ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အညဒတ္ထု ဟူသော နိပါတ်ပုဒ်၏ ဧကံသအနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နိပါတ်ဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ဣမသ္မိဉ္စ ပန ဝေယျာကရဏသ္မိန္တိ** ဣမသ္မိံ နိဂ္ဂါထကသုတ္တေ။ (ဋ၊ နှာ-၁၁၉)
ဣမသ္မိံ နိဂ္ဂါထကသုတ္တေ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဣမသ္မိဉ္စ ပန၌ စ ဟူသော နိပါတ်ပုဒ်, ပန ဟူသော နိပါတ်ပုဒ်တို့၏ ပဒပူရဏတ္ထ, အနတ္ထကတ္ထ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နိပါတ်ဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

အမှာ။ သံဝဏ္ဏေတဗ္ဗပုဒ်၌ နိပါတ်ပုဒ် ရှိလျက် သံဝဏ္ဏနာ ဖွင့်သောအခါ၌ ယင်းနိပါတ်ပုဒ်ကို မဖွင့်ပြခဲ့သော် "နိပါတ်, ဥပ၊ ရှိ မပြ၊ မှတ်ကြ အနတ္ထာ။ ဥပသာရာ၊ နဝတ္တာ၊ နာမ အထ ဝါ" ဟူသော နိယံနှင့်အညီ ပဒပူရဏတ္ထ, အနတ္ထကတ္ထ နိပါတ်ပုဒ်ဟုသာ မှတ်ပါ။

(ပုံစံ) **တေနဟီတိ ဥယျောဇနတ္တေ** နိပါတော။ (ဋ၊ နှာ-၁၃၄)
ဥယျောဇနတ္တေ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တေနဟိ ဟူသော နိပါတ်ပုဒ်၏ ဥယျောဇနအနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နိပါတ်ဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **သစ္ဆိကတွာတိ** ပစ္စက္ခံ ကတွာ။ (ဋ၊ နှာ-၁၅၈)
ပစ္စက္ခံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဤနေရာ၌ သစ္ဆိ ဟူသော နိပါတ်ပုဒ်၏ ပစ္စက္ခအနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နိပါတ်ဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



(ပုံစံ) သဟ ဓေယေနာတိ **သဓေး**။ (ဋ္ဌ၊ နှာ-၂၁၉)
သဟ ဓေယေန ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သဓေး၌ သသဒ္ဒါသည် သဟအနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နိပါတ်ဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ခေါတိ** အဝဓာရဏတ္ထေ, ပဒပူရဏမတ္တေ ဝါ နိပါတော။ (ဋ္ဌ၊ နှာ-၂၁၉)
အဝဓာရဏတ္ထေ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဤနေရာ၌ ခေါ ဟူသော နိပါတ်ပုဒ်၏ အဝဓာရဏအနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နိပါတ်ဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ခေါတိ** အဝဓာရဏတ္ထေ, ပဒပူရဏမတ္တေ ဝါ နိပါတော။ (ဋ္ဌ၊ နှာ-၂၁၉)
ပဒပူရဏမတ္တေ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဤနေရာ၌ ခေါ ဟူသော နိပါတ်ပုဒ်၏ အနက်အထူး မရှိသောကြောင့် ပဒပူရဏတ္ထ, အနတ္ထက၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နိပါတ်ဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

## ၄။ (က) သဗ္ဗနာမလိင်္ဂပဒသံဝဏ္ဏနာ

(ပုံစံ) **မေတိ**အာဒီနိ နာမပဒါနိ။ (ဋ္ဌ၊ နှာ-၂၇)
နာမပဒါနိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မေ ဟူသော ပုဒ်၏ သဗ္ဗနာမ်ပုဒ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
သဗ္ဗနာမ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် သဗ္ဗနာမလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ဏ္ဍတိဟာ တေ ဥဘော အာစရိယန္တေဝါသီတိ** ဒ၀ံ တေ ဒွေ။ (ဋ္ဌ၊ နှာ-၃၉)
ဒွေ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဥဘသဒ္ဒါသည် ဒွိသင်္ချာသဒ္ဒါ၏ ကာရိယ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
သဗ္ဗနာမ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် သဗ္ဗနာမလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ကဒါစီတိ** ကိသ္မိဉ္စိ ကာလေ။ (ဋ္ဌ၊ နှာ-၁၀၁)
ကိသ္မိဉ္စိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ကဒါစိ၌ ကသဒ္ဒါ၏ ကိံသဒ္ဒါ၏ ကာရိယ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
သဗ္ဗနာမ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် သဗ္ဗနာမလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ဣတ္ထတ္တာယာတိ** ဣတ္ထဘာဝတော ဣမသ္မာ။ (ဋ္ဌ၊ နှာ-၂၀၂)
ဣမသ္မာ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဣတ္ထတ္တာယ၌ ဣ သဒ္ဒါသည် ဣမ သဒ္ဒါ၏ ကာရိယ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
သဗ္ဗနာမ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် သဗ္ဗနာမလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



## ၄။ (ခ) သဗ္ဗနာမလိင်္ဂတ္ထသံဝဏ္ဏနာ

(ပုံစံ) **တတြာတိ** တသ္မိံ အဒ္ဓါနမဂ္ဂေ။ (ဋ၊ နှာ-၃၇)
တသ္မိံ အဒ္ဓါနမဂ္ဂေ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် တတြ၌ တ သဗ္ဗနာမ်ပုဒ်၏ အဒ္ဓါနမဂ္ဂအနက် စွဲသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
သဗ္ဗနာမ်ဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် သဗ္ဗနာမလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ယေနာတိ** ။ပ။ ယသ္မိံ ပဒေသေ။ (ဋ၊ နှာ-၄၉)
ယသ္မိံ ပဒေသေ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ယေန၌ ယ သဗ္ဗနာမ်ပုဒ်၏ ပဒေသအနက် စွဲသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
သဗ္ဗနာမ်ဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် သဗ္ဗနာမလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ကဒါစီတိ** ကိသ္မိဉ္စိ ကာလေ။ (ဋ၊ နှာ-၁၀၁)
ကိသ္မိဉ္စိ ကာလေ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ကဒါစိ၌ ကိံသဒ္ဒါ၏ ကာလအနက် စွဲသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
သဗ္ဗနာမ်ဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် သဗ္ဗနာမလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

## ၅။ (က) နာမလိင်္ဂပဒသံဝဏ္ဏနာ

(ပုံစံ) **သုပ္ပိယောတိ** တဿ နာမံ။ (ဋ၊ နှာ-၃၆)
တဿ နာမံ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် သုပ္ပိယသဒ္ဒါသည် ဂုဏနာမ် မဟုတ် (ဗျတိရေကအာဘော်)၊ နာမနာမ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။ (အနွယအာဘော်)
နာမ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် နာမလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

အမှာ။ ဖော်ပြခဲ့သော အာဘော်ဖော်နည်းသည် မလိုအပ်သည်ကို ကန့်မြစ်၍ လိုအပ်သည်ကိုသာ ဖော်ပြသော အာဘော်ဖော်နည်း ဖြစ်သောကြောင့် ဗျတိရေက,အနွယ အာဘော်ဖော်နည်း မည်၏။

(ပုံစံ) **ရညော ခိယျာနံ အာဝိဿတီတိ** ။ပ။ ရာဇူနံ။ (ဋ၊ နှာ-၈၉)
ရာဇူနံ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ရညော၌ ရာဇသဒ္ဒါ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် နာမလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ကဏှာတိ** ကဏှာ။ (ဋ၊ နှာ-၂၂၇)
ကဏှာ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် သံဝဏ္ဏေတဗ္ဗပုဒ် ကဏှာသဒ္ဒါသည် ဂုဏသဒ္ဒါ မဟုတ် (ဗျတိရေက အာဘော်)၊ ဇာတိသဒ္ဒါ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။ (အနွယအာဘော်)
နာမ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် နာမလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



### ၅။ (ခ) နာမလိင်္ဂတ္ထသံဝဏ္ဏနာ

(ပုံစံ) **မဇ္ဈာတိ** ပမာဏံ ဝုစ္စတိ။ (ဌ၊ နှာ-၃၆)
ပမာဏံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဤနေရာ၌ မဇ္ဈသဒ္ဒါသည် ပမာဏအနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နာမလိင်္ဂတ္ထသံဝဏ္ဏနာ၊ သဒ္ဒါဟော အဘိဓေယျတ္ထသံဝဏ္ဏနာတို့ မည်ကုန်၏။

သတိ။ နာမလိင်္ဂတ္ထသံဝဏ္ဏနာ အမည်ရတိုင်း သဒ္ဒါဟော အဘိဓေယျတ္ထသံဝဏ္ဏနာ အမည်ပေးရသည်ကို သတိပြုပါ။

(ပုံစံ) အန္တေ ဝသတီတိ **အန္တေဝါသီ**၊ သမီပစာရော။ (ဌ၊ နှာ-၃၆)
သမီပစာရော၌ သမီပ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အန္တေ ဝသတိ၌ အန္တသဒ္ဒါသည် သမီပအနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နာမလိင်္ဂတ္ထသံဝဏ္ဏနာ၊ သဒ္ဒါဟော အဘိဓေယျတ္ထသံဝဏ္ဏနာတို့ မည်ကုန်၏။

(ပုံစံ) **ပရိယာယသဒ္ဒေါ** တာဝ ဝါရဒေသနာကာရဏေသု ဝတ္တတိ။ (ဌ၊ နှာ-၃၇)
ဝါရဒေသနာကာရဏေသု ဝတ္တတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ပရိယာယသဒ္ဒါသည် သဒ္ဒန္တရိက် (သဒ္ဒါတစ်ပါး)ကို မငဲ့သော် ဝါရ,ဒေသနာ,ကာရဏ အနက်တို့ကို ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နာမလိင်္ဂတ္ထသံဝဏ္ဏနာ၊ သဒ္ဒါဟော အဘိဓေယျတ္ထသံဝဏ္ဏနာတို့ မည်ကုန်၏။

### ၅။ (ဂ) ဝိဘတ္တိပဒသံဝဏ္ဏနာ

(ပုံစံ) **မဟတာတိ** ဂုဏမဟတ္တေန။ (ဌ၊ နှာ-၃၆)
ဂုဏမဟတ္တေန ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မဟတာ၌ တာသဒ္ဒါသည် နာဝိဘတ်၏ ကာရိယ တာ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တိပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **မမန္တိ** သာမိဝစနံ။ (ဌ၊ နှာ-၅၂)
သာမိဝစနံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မမံ ဟူသော ပုဒ်၌ ဆဋ္ဌီ သဝိဘတ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တိပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ရည့ံ နိယ္យာနံ အဘိသောတီတိ** ။ပ။ ရာစူနံ။ (ဌ၊ နှာ-၈၉)
ရာစူနံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ရည့ံ၌ နံဝိဘတ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တိပဒသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



(ပုံစံ) **တံ ခေါ ပန ဘဂဝန္တန္တိ ဣတ္ထမ္ဘူတာချာနတ္တေ ဥပယောဂဝစနံ။** (ဋ၊ နှာ-၁၃၃)
ဥပယောဂဝစနံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တံ ခေါ ပန ဘဂဝန္တံ၌ ဒုတိယာဝိဘတ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တိပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **သန္တိကာဝစရာတိ ပစ္စတ္တံ ကတ္တာ။** (ဋ၊ နှာ-၁၅၈)
ပစ္စတ္တံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သန္တိ နိပါတ်ပုဒ်နောင် ဒုတိယာ ကေဝုစ် အံဝိဘတ် ကျေသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တိပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **အဘိဉ္ဉာတိ** အဘိဉ္ဉာယ၊ အဓိကေန ဉာဏေန ဉတွာတိ အတ္ထော။ (ဋ၊ နှာ-၁၅၈)
အဓိကေန ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အဘိဉ္ဉာ၌ အဘိ ဥပသာရပုဒ်နောင် တတိယာ ကေဝုစ် နာဝိဘတ် ကျေသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တိပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ဒဿနာယာတိ** ဒဋ္ဌုံ။ (ဋ၊ နှာ-၂၂၄)
ဒဋ္ဌုံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဒဿနာယ၌ အာယသဒ္ဒါ၏ စတုတ္ထီကေဝုစ် သဝိဘတ်၏ ကာရိယသဒ္ဒါ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တိပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **အနုဗ္ဗတနာယာတိ** ။ပ။ တဒတ္ထာယ။ (ဋ၊ နှာ-၂၄၇)
တဒတ္ထာယ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အနုဗ္ဗတနာယ၌ အာယသဒ္ဒါ၏ စတုတ္ထီကေဝုစ် သဝိဘတ်၏ ကာရိယသဒ္ဒါ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တိပဒသံဝဏ္ဏနာ မည်၏။

### ၅။ (ဃ) ဝိဘတျတ္ထသံဝဏ္ဏနာ

(ပုံစံ) **တတြာတိ** တသ္မိံ အဓိကရဏေ။ (ဋ၊ နှာ-၃၇)
တသ္မိံ အဓိကရဏေ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တတြ၌ တြပစ္စည်းသည် သတ္တမီအနက်၌ သက်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဝိဘတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတျတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ယေနာတိ** ။ပ။ ယသ္မိံ ပဒေသေ။ (ဋ၊ နှာ-၄၉)
ယသ္မိံ ပဒေသေ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ယေန၌ နာဝိဘတ်သည် သတ္တမီအနက်၌ သက်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဝိဘတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတျတ္ထသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



(ပုံစံ) **မမန္တိ** သာမိဝစနံ။ (ဋ၊ နှာ–၅၂)
သာမိဝစနံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မမံ ဟူသော ပုဒ်၌ ဆဋ္ဌီ သဝိဘတ်၏ သာမိအနက်၌ သက်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဝိဘတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတျတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ကဒါစီတိ** ကိသ္မိဉ္စိ ကာလေ။ (ဋ၊ နှာ–၁၀၁)
ကိသ္မိဉ္စိ ကာလေ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ကဒါစိ၌ ဒါပစ္စည်း၏ ကာလသတ္တမျတ္ထ၌ သက်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဝိဘတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတျတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **တံ ခေါ ပန ဘဂဝန္တန္တိ** ဣတ္ထမ္ဘူတာချာနတ္ထေ ဥပယောဂဝစနံ။ (ဋ၊ နှာ–၁၃၃)
ဣတ္ထမ္ဘူတာချာနတ္ထေ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တံ ခေါ ပန ဘဂဝန္တံ၌ ဒုတိယာဝိဘတ်သည် ကမ္မတ္ထ၌ မသက် (ဗျတိရေကအာဘော်)၊ ဣတ္ထမ္ဘူတာချာနတ္ထ၌ သက်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
(အနွယအာဘော်)
နာမ်ဝိဘတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတျတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ဒဿနာယာတိ** ဒဋ္ဌုံ။ (ဋ၊ နှာ–၂၂၄)
ဒဋ္ဌုံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဒဿနာယ၌ သဝိဘတ်၏ တုမတ္ထသမ္ပဒါန် အနက်၌ သက်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဝိဘတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတျတ္ထသံဝဏ္ဏနာ မည်၏။

အမှာ။ စတုတ္ထီဝိဘတ်ကို တုံ ပစ္စည်းနှင့် ဖွင့်လျှင် တုမတ္ထသမ္ပဒါန်၊ တုံ ပစ္စည်းနှင့် မဖွင့်လျှင် တဒတ္ထသမ္ပဒါန်ဟု မှတ်ပါ။

(ပုံစံ) **အဇ္ဈတနာယာတိ** ။ပ။ တဒတ္ထာယ။ (ဋ၊ နှာ–၂၄၇)
တဒတ္ထာယ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အဇ္ဈတနာယ၌ သဝိဘတ်၏ တဒတ္ထသမ္ပဒါန် အနက်၌ သက်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
နာမ်ဝိဘတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတျတ္ထသံဝဏ္ဏနာ မည်၏။

### ၆။ (က+ခ) ကာရကလိင်္ဂပဒ+ကာရကလိင်္ဂတ္ထ သံဝဏ္ဏနာ

(ပုံစံ) **ဘိက္ခဝေတိ** အာလပနဝစနံ။ (ဋ၊ နှာ–၉၅)
အာလပနဝစနံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဘိက္ခဝေကား အာလုပ် ပဋ္ဌမာ ယောဝိဘတ် အဆုံးရှိသော ပုဒ်၏ အဖြစ်ကိုလည်းကောင်း၊ ဘိက္ခဝေ၌ရှိသော ယင်းပဌမာ ယောဝိဘတ်သည်လည်း အာလုပ်အနက်၌ သာ သက်သည်၏ အဖြစ်ကိုလည်းကောင်း ဖွင့်ပြသိစေပါသည်။
ကာရကဖြစ်သော လိင်ပုဒ်နှင့် ကာရကဖြစ်သော လိင်ပုဒ်၏ အနက်တို့ကို ဖွင့်ပြသောကြောင့် ကာရက လိင်္ဂပဒသံဝဏ္ဏနာ၊ ကာရကလိင်္ဂတ္ထသံဝဏ္ဏနာတို့ မည်ကုန်၏။

ttp://www.dhammadownload.com



(တစ်နည်း) အာလပနဝစန် ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဘိက္ခဝေ၌ အာလုပ် ယောဝိဘတ်၏ အဖြစ်ကို လည်းကောင်း၊ ယင်းယောဝိဘတ်သည် အာလုပ်အနက်၌သာ သက်သည်၏ အဖြစ်ကိုလည်းကောင်း ဖွင့်ပြသိစေပါသည်။

နာမ်ဝိဘတ်နှင့် နာမ်ဝိဘတ်၏ အနက်တို့ကို ဖွင့်ပြသောကြောင့် ဝိဘတ္တိပဒသံဝဏ္ဏနာ၊ ဝိဘတျတ္ထသံဝဏ္ဏနာ တို့ မည်ကုန်၏။

အမှာ။ နာမ်ဝိဘတ်နှင့် ယင်းနာမ်ဝိဘတ်တို့၏ ရုပ်ပြီးပုံကို ပြလျှင် ဝိဘတ္တိပဒသံဝဏ္ဏနာနှင့် ဝိဘတျတ္ထသံဝဏ္ဏနာ။ နာမ်ဝိဘတ်တို့၏ သက်ရာဌာနနှင့် သက်ရာအနက်ကို ပြလျှင် ကာရကသံဝဏ္ဏနာဟု အမည်ပေးရ၏။ သို့သော် ကာရကသံဝဏ္ဏနာတို့ကို ယခုခေတ် စာမေးပွဲများ၌ကား အသုံးမပြုတော့ပါ။ ယင်းတို့အစား ဝိဘတ္တိပဒနှင့် ဝိဘတျတ္ထ သံဝဏ္ဏနာဟူသော သံဝဏ္ဏနာအမည်တို့ကိုသာ အသုံးပြုတော့၏။

## ၇။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ

(ပုံစံ) ဘိက္ခူနံ သံဃော ဘိက္ခုသံဃော။ (ဌ၊ နှာ-၃၆)

ဘိက္ခူနံ သံဃော ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဘိက္ခုသံဃော ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ဘိက္ခူနံ သံဃော ဘိက္ခုသံဃောဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။

သမာသ်ဖြစ်သော လိင်ပုဒ်၏ ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ၊ အဘိဓာနတ္ထသံဝဏ္ဏနာတို့ မည်ကုန်၏။

သတိ။ ဝိဂြိုဟ်ဖွင့် ဟူသမျှ၌ အဘိဓာနတ္ထသံဝဏ္ဏနာ အမည်ပေးရသည်ကို သတိပြုပါ။

(ပုံစံ) သစ္စံ ဝဒတီတိ **သစ္စဝါဒီ**။ (ဌ၊ နှာ-၇၂)

သစ္စံ ဝဒတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သစ္စဝါဒီ ပုဒ်ကို သစ္စံ ဝဒတီတိ သစ္စဝါဒီ ဟု ကတ္တုသာဓနေကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။

သမာသ်ဖြစ်သော လိင်ပုဒ်၏ ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ၊ အဘိဓာနတ္ထသံဝဏ္ဏနာတို့ မည်ကုန်၏။

(ပုံစံ) ဝေဒေန ဉာဏေန ဥဟတိ ဃဋ္ဋတိ ဝါယမတီတိ **ဝေဒေဟီ**။ (ဌ၊ နှာ-၁၂၇)

ဝေဒေန ဉာဏေန ဥဟတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဝေဒေဟီ ပုဒ်ကို ဝေဒေန ဉာဏေန ဥဟတီတိ ဝေဒေဟီဟု ကတ္တုသာဓနေကိတန္တ တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။

သမာသ်ဖြစ်သော လိင်ပုဒ်၏ ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ၊ အဘိဓာနတ္ထသံဝဏ္ဏနာတို့ မည်ကုန်၏။

## ၈။ ပစ္စယတ္ထသံဝဏ္ဏနာ

(ပုံစံ) သုမနဿ ဘာဝေါ **သောမနဿံ**။ (ဌ၊ နှာ-၅၃)

သုမနဿ ဘာဝေါ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သောမနဿံ ပုဒ်၌ ဏျပစ္စည်း၏ ဘာဝတဒ္ဓိတ် အနက်၌ သက်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။

တဒ္ဓိတ်ပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ပစ္စယတ္ထသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



(ပုံစံ) **မနောမယန္တိ** မနေန နိဗ္ဗတ္တိတံ။ (ဋ၊ နှာ–၁၉၈)
မနေန နိဗ္ဗတ္တိတံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မနောမယံ ပုဒ်၌ မယပစ္စည်း၏ နိဗ္ဗတ္တတဒ္ဓိတ် အနက်၌ သက်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
တဒ္ဓိတ်ပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ပစ္စယတ္ထသံဝဏ္ဏနာ မည်၏။

နိယံ။ ပကတိ, နိဗ္ဗတ်၊ သကတ်, နိပ္ဖန်၊ ဤလေးတန်၊ သက်ရန် မယပစ္စည်းတည်း။

## ၉။ (က) ဓာတုပဒသံဝဏ္ဏနာ

(ပုံစံ) **န သမ္ဘာဝေယျန္တိ** န သမ္ဘာဒေယျံ။ (ဋ၊ နှာ–၁၀၈)
သမ္ပာဒေယျံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သမ္ဘာဝေယျံကား သံ ပုဗ္ဗ၊ ပဒဓာတ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဓာတ်ကို ဖွင့်ပြသောကြောင့် ဓာတုပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **အသောသီတိ** သုဏိ။ (ဋ၊ နှာ–၂၁၉)
သုဏိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အသောသိကား အသဓာတ် မဟုတ်၊ သုဓာတ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဓာတ်ကို ဖွင့်ပြသောကြောင့် ဓာတုပဒသံဝဏ္ဏနာ မည်၏။

## ၉။ (ခ) ဓာတွတ္ထသံဝဏ္ဏနာ

(ပုံစံ) **ကာယ နုဋ္ဌာတိ** ကတမာယ န ကထာယ သန္နိသိန္နာ ဘဝထာတိ အတ္ထော။ (ဋ၊ နှာ–၄၉)
ဘဝထ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ကာယ နုတ္ထဝယ် အတ္ထ၌ အသဓာတ်၏ "ဖြစ်ခြင်း–ဘဝန" အနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဓာတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဓာတွတ္ထသံဝဏ္ဏနာ မည်၏။

သတိ။ သံဝဏ္ဏေတဗ္ဗပုဒ် ကာယ နုတ္ထကို ကာယ န အတ္ထ–ဟု ပုဒ်ဖြတ်ရမည်ကို သတိပြု။

(ပုံစံ) **တုမှံယေဝဿ တေန အန္တရာယောတိ** ။ပ။ ဘဝေယျ။ (ဋ၊ နှာ–၅၂)
ဘဝေယျ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တုမှံယေဝဿဝယ် အဿ၌ အသဓာတ်၏ "ဖြစ်ခြင်း–ဘဝန" အနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဓာတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဓာတွတ္ထသံဝဏ္ဏနာ မည်၏။

သတိ။ သံဝဏ္ဏေတဗ္ဗပုဒ် တုမှံယေဝဿကို တုမှံယေဝ အဿ–ဟု ပုဒ်ဖြတ်ရမည်ကိုလည်းကောင်း၊ ယင်းတုမှံယေဝ အဿ၌လည်း အဿကား အသ ဓာတ် + ဧယျ ဝိဘတ် ဖြစ်သည်ကိုလည်းကောင်း သတိပြု။

(ပုံစံ) **ဝေမာဟာတိ** ။ပ။ ဝေံ ဝဒတိ။ (ဋ၊ နှာ–၉၇)
ဝဒတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အာဟ၌ ဗြူဓာတ်၏ ဝဒနအနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဓာတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဓာတွတ္ထသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



(ပုံစံ) **ပစေဒေတီတိ** ဗောဓေတိ ဝိညာပေတိ ပကာသေတိ။ (ဋ၊ နှာ–၁၅၈)
ဗောဓေတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ပစေဒေတိ၌ ပ ပုဗ္ဗ၊ ဝိဒ ဓာတ်၏ ဗောဓနအနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဓာတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဓာတွတ္ထသံဝဏ္ဏနာ မည်၏။
သတိ။ ယင်းအခိုက်၌ ပဝေဒေတိကား သံဝဏ္ဏေတဗ္ဗ၊ ဗောဓေတိကား သံဝဏ္ဏနာ ဖြစ်၏။

(ပုံစံ) **ပဝေဒေတီတိ** ဗောဓေတိ ဝိညာပေတိ ပကာသေတိ။ (ဋ၊ နှာ–၁၅၈)
ဝိညာပေတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဗောဓေတိ၌ ဗုဓ ဓာတ်၏ ဝိညာပနအနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဓာတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဓာတွတ္ထသံဝဏ္ဏနာ မည်၏။
သတိ။ ယင်းအခိုက်၌ ဗောဓေတိကား သံဝဏ္ဏေတဗ္ဗ၊ ဝိညာပေတိကား သံဝဏ္ဏနာ ဖြစ်၏။

## ၉။ (ဂ) ဒုတိယဝိဘတ္တိပဒသံဝဏ္ဏနာ

(ပုံစံ) **ကာယ နုဋ္ဌာတိ** ကတမာယ နု ကထာယ သန္နိသိန္နာ ဘဝထာတိ အတ္ထော။ (ဋ၊ နှာ–၄၉)
ဘဝထ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ကာယ နုတ္ထဝယ် အတ္ထ၌ တ္ထသဒ္ဒါ၏ အာချာတ် ထဝိဘတ်၏ ကာရိယ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဒုတိယဝိဘတ္တိပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **တုမှံယေဝဿ တေန အန္တရာယောတိ** ။ပ။ ဘဝေယျ။ (ဋ၊ နှာ–၅၂)
ဘဝေယျ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တုမှံယေဝဿဝယ် အဿ၌ ယျေ ဝိဘတ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဒုတိယဝိဘတ္တိပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ဝေမာဟာတိ** ။ပ။ ဧဝံ ဝဒတိ။ (ဋ၊ နှာ–၉၇)
ဝဒတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အာဟ၌ အသဒ္ဒါ၏ တိဝိဘတ်၏ ကာရိယ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဝိဘတ်၏ ကာရိယကို ဖွင့်ပြသောကြောင့် ဒုတိယဝိဘတ္တိပဒသံဝဏ္ဏနာ မည်၏။
အမှာ။ ဤပုံစံ၌ပင် ဒုတိယဝိဘတျတ္တ အာဘော်ဖော်နည်း တစ်မျိုးလည်း ရှိသေး၏။ နောင်၌ ဖော်ပြလတ္တံ့။

(ပုံစံ) **ဓက္ခန္တီတိ** ။ပ။ ဒက္ခိဿန္တိ။ (ဋ၊ နှာ–၁၁၇)
ဒက္ခိဿန္တိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဒက္ခန္တိကား အန္တိဝိဘတ်ဖြင့် ပြီးသောပုဒ် မဟုတ်၊ ဘဝိဿန္တိ ဿန္တိဝိဘတ်ဖြင့် ပြီးသော ပုဒ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဝိဘတ်၏ ကာရိယကို ဖွင့်ပြသောကြောင့် ဒုတိယဝိဘတ္တိပဒသံဝဏ္ဏနာ မည်၏။
အမှာ။ ဤကား ဦးသစ်နှင့် သီဂဏ္ဍိဆရာတော်တို့၏ အလိုတည်း။

ttp://www.dhammadownload.com



(ပုံစံ) **အဃောသဒီ**တိ သုဏိ။ (ဋ၊ နှာ-၂၁၉)
သုဏိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အဃောသဒီကား သိဝိဘတ် မဟုတ်၊ အဇ္ဇတ္တနီ ဤဝိဘတ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဒုတိယဝိဘတ္တိပဒသံဝဏ္ဏနာ မည်၏။

## ၉။ (ဃ) ဒုတိယဝိဘတျတ္ထသံဝဏ္ဏနာ

(ပုံစံ) အတီတကာလတ္ထော ဟေတ္ထ **ဟောတီ**သဒ္ဒေါ။ (ဋ၊ နှာ-၃၆)
အတီတကာလတ္ထော ဧတ္ထ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ ဟူသော ဝါကျဝယ် ဟောတိ၌ ရှိသော တိဝိဘတ်သည် အတိတ်ကာလအနက်၌ သက်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဝိဘတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယဝိဘတျတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ဥဒပါဒီ**တိ ဥပ္ပန္နော။ (ဋ၊ နှာ-၄၄)
ဥပ္ပန္နော ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဥဒပါဒိ၌ ဤဝိဘတ်သည် အတိတ်ကာလအနက်၌ သက်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဝိဘတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယဝိဘတျတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ဝေမာဟာ**တိ ။ပ။ ဝေဝံ ဝဒတိ။ (ဋ၊ နှာ-၉၇)
ဝဒတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အာဟ၌ ပရောက္ခာ အဝိဘတ်၏ အတိတ်ကာလ အနက်ကို မဟော၊ ပစ္စုပ္ပန်ကာလ အနက်ကိုသာ ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဝိဘတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယဝိဘတျတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ဒက္ခန္တီ**တိ ။ပ။ ဒက္ခိဿန္တိ။ (ဋ၊ နှာ-၁၁၇)
ဒက္ခိဿန္တိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဒက္ခန္တိ၌ အန္တိဝိဘတ်သည် အနာဂတ်အနက်၌ သက်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဝိဘတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယဝိဘတျတ္ထသံဝဏ္ဏနာ မည်၏။
အမှာ။ ဤကား နေရင်းဆရာတော်၏ အလိုတည်း။

## ၁၀။ (က) ဒုတိယဓာတုပဒသံဝဏ္ဏနာ

(ပုံစံ) အန္တေ ဝသတီတိ **အန္တေဝါသီ**။ (ဋ၊ နှာ-၃၆)
အန္တေ ဝသတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အန္တေဝါသီ ပုဒ်၌ အန္တ သဒ္ဒူပပဒ၊ ဝသဓာတ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ဓာတ်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတုပဒသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



(ပုံစံ) အရိန် ဟတတ္တာ, ပစ္စယာဒီနဥ္စ အရဟတ္တာ **အရဟာတာ**။ (ဌ၊ နှာ-၄၄)
အရိန် ဟတတ္တာ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အရဟတာ ပုဒ်၌ အရိ သဒ္ဒူပပဒ၊ ဟနဓာတ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ဓာတ်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတုပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) အရိန် ဟတတ္တာ, ပစ္စယာဒီနဥ္စ အရဟတ္တာ **အရဟာတာ**။ (ဌ၊ နှာ-၄၄)
အရဟတ္တာ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အရဟတာ ပုဒ်၌ အရဟဓာတ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ဓာတ်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတုပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) အာဟနတိ စိတ္တန္တိ **အာဃာတော**။ (ဌ၊ နှာ-၅၂)
အာဟနတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အာဃာတော၌ အာ ပုဗ္ဗ, ဟနဓာတ်၏ အဖြစ်ကိုလည်းကောင်း၊ ယင်းဟနဓာတ်ကို ဃာတ ပြုထားသည်၏ အဖြစ်ကိုလည်းကောင်း ဖွင့်ပြသိစေပါသည်။
ကိတ်ဓာတ်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတုပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) နယန္တိ တောယာတိ **နေတ္တိ**။ (ဌ၊ နှာ-၁၁၇)
နယန္တိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် နေတ္တိ၌ နီဓာတ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ဓာတ်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတုပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) ရာဇတိ ။ပ။ **ရာဇာ**။ (ဌ၊ နှာ-၁၂၃)
ရာဇတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ရာဇာပုဒ်၌ ရာဇဓာတ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ဓာတ်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတုပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) ဝေဒေန ဉာဟတိ ဃဋ္ဋတိ ဝါယမတီတိ **ဝေဒေဟီ**။ (ဌ၊ နှာ-၁၂၇)
ဝေဒေန ဉာဟတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဝေဒေဟီပုဒ်၌ ဝေဒ သဒ္ဒူပပဒ၊ ဉာဟဓာတ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ဓာတ်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတုပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **အဘိဖွံ့ လောကေတိ** တတ္ထ လုဇ္ဇနပလုဇ္ဇနဋ္ဌေန ပဥ္စုပါဒါနက္ခန္ဓာ လောကော။ (ဌ၊ နှာ-၁၈၉)
လုဇ္ဇနပလုဇ္ဇနဋ္ဌေန ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် လောကပုဒ်၌ လုဇဓာတ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ဓာတ်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတုပဒသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



(ပုံစံ) **ဝဋ္ဋဝါရဏာမာရှယှာတိ** ဝဋ္ဋဝါယုတ္တံ ရထံ အဘိရုဟိတွာ။ (ဠ၊ နှာ-၂၂၄)
အဘိရုဟိတွာ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အာရုယှပုဒ်၌ အာ ပုဗ္ဗ၊ ရုဟဓာတ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ဓာတ်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတုပဒသံဝဏ္ဏနာ မည်၏။

သတိ။ ဝဋ္ဋဝါရထမာရုယှ ပုဒ်ကို ဝဋ္ဋဝါရထံ+အာရုယှ ဟူ၍ ပုဒ်ဖြတ်ပါ။

## ၁၀။ (ခ) ဒုတိယဓာတွတ္ထသံဝဏ္ဏနာ

(ပုံစံ) အန္တာယ အာဂမ္မ ပဋိစ္စာတိ အတ္ထော။ (ဠ၊ နှာ-၉၇)
အာဂမ္မ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အန္တာယ၌ အနု ပုဗ္ဗ၊ ဣဓာတ်၏ အာဂမနအနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ဓာတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတွတ္ထသံဝဏ္ဏနာ မည်၏။

သတိ။ ယင်းအခိုက်၌ အန္တာယ ပုဒ်သည် သံဝဏ္ဏေတဗ္ဗပုဒ် ဖြစ်၏။ အာဂမ္မ ပုဒ်သည် သံဝဏ္ဏနာပုဒ် ဖြစ်၏။

(ပုံစံ) အန္တာယ အာဂမ္မ ပဋိစ္စာတိ အတ္ထော။ (ဠ၊ နှာ-၉၇)
ပဋိစ္စ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အာဂမ္မ၌ အာ ပုဗ္ဗ၊ ဂမုဓာတ်၏ ပဋိစ္စအနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ဓာတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတွတ္ထသံဝဏ္ဏနာ မည်၏။

သတိ။ ယင်းအခိုက်၌ အာဂမ္မ ပုဒ်သည် သံဝဏ္ဏေတဗ္ဗပုဒ် ဖြစ်၏။ ပဋိစ္စ ပုဒ်သည် သံဝဏ္ဏနာပုဒ် ဖြစ်၏။

(ပုံစံ) အဘိက္ကန္တံ ဝုစ္စတိ ဂမနံ။ (ဠ၊ နှာ-၁၆၅)
ဂမနံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အဘိက္ကန္တံ၌ အဘိ ပုဗ္ဗ၊ ကမုဓာတ်၏ ဂမနအနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ဓာတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတွတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) ပဋိက္ကန္တံ နိဝတ္တနံ။ (ဠ၊ နှာ-၁၆၅)
နိဝတ္တနံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ပဋိက္ကန္တံ၌ ပတိ ပုဗ္ဗ၊ ကမုဓာတ်၏ နိဝတ္တနအနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ဓာတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတွတ္ထသံဝဏ္ဏနာ မည်၏။

## ၁၀။ (ဂ) ဒုတိယပစ္စယပဒသံဝဏ္ဏနာ

(ပုံစံ) **ပဟာယာတိ** ။ပ။ ပဇဟိတွာ။ (ဠ၊ နှာ-၆၉)
ပဇဟိတွာ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ပဟာယ၌ ယသဒ္ဒါသည် သဝိဘတ်၏ ကာရိယ မဟုတ်၊ တွာ ပစ္စည်း၏ ကာရိယ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ပစ္စည်း၏ ကာရိယကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယပဒသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



(ပုံစံ) အန္တာယ အာဂမ္မ ပဋိစ္စာတိ အတ္ထော။ (၄၊ နှာ-၉၇)
အာဂမ္မ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် အန္တာယ၌ ယသဒ္ဒါ၏ တွာပစ္စည်း၏ ကာရိယ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ပစ္စည်း၏ ကာရိယကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) အန္တာယ အာဂမ္မ ပဋိစ္စာတိ အတ္ထော။ (၄၊ နှာ-၉၇)
ပဋိစ္စ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် အာဂမ္မ၌ မ္မသဒ္ဒါ၏ တွာပစ္စည်း၏ ကာရိယ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ပစ္စည်း၏ ကာရိယကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ဖုဿ ဖုဿ ပဋိသံဝေဒေန္တီတိ** ဖုသိတွာ ဖုသိတွာ ပဋိသံဝေဒေန္တိ။ (၄၊ နှာ-၁၁၅)
ဖုသိတွာ ဖုသိတွာ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ဖုဿ ဖုဿ၌ ဿသဒ္ဒါသည် ဏျပစ္စည်း၏ ကာရိယ မဟုတ်၊ တွာပစ္စည်း၏ ကာရိယ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ပစ္စည်း၏ ကာရိယကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယပဒသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ဝဠဝါရထမာရုယှာတိ** ဝဠဝါယုတ္တံ ရထံ အဘိရုဟိတွာ။ (၄၊ နှာ-၂၂၄)
အဘိရုဟိတွာ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် အာရုယှပုဒ်၌ ယသဒ္ဒါ၏ တွာပစ္စည်း၏ ကာရိယ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ပစ္စည်း၏ ကာရိယကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယပဒသံဝဏ္ဏနာ မည်၏။

## ၁၀။ (ဃ) ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ

(ပုံစံ) အာဟနတိ စိတ္တန္တိ **အာဃာတော**။ (၄၊ နှာ-၅၂)
အာဟနတိ စိတ္တံ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် အာဃာတော၌ ဏပစ္စည်း၏ (သုဒ္ဓ) ဝုတ္တကတ္တုသာဓနေ အနက်၌ သက်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) နယန္တိ တောယာတိ **နေတ္တိ**။ (၄၊ နှာ-၁၁၇)
နယန္တိ တောယ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် နေတ္တိ၌ တိပစ္စည်း၏ ကရဏသာဓနေအနက်၌ သက်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) သစ္စံ ဝဒတီတိ **သစ္စဝါဒီ**။ (၄၊ နှာ-၇၂)
သစ္စံ ဝဒတိ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် သစ္စဝါဒီ၌ ဏီပစ္စည်း၏ ကတ္တုသာဓနေအနက်၌ သက်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



(ပုံစံ) ရာဇတိ ॥ပ॥ **ရာဇာ**။ (ဌ၊ နှာ–၁၂၃)
ရာဇတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ရာဇာပုဒ်၌ အပစ္စည်း၏ သုဒ္ဓကတ္တုသာဓနအနက်၌ သက်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) ဝေဒေန ဉာဟတိ ဃဋ္ဋတိ ဝါယမတီတိ **ဝေဒေဟီ**။ (ဌ၊ နှာ–၁၂၇)
ဝေဒေန ဉာဟတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဝေဒေဟီ၌ ဏပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ မည်၏။
အမှာ။ ဝေဒေဟီကား = ဝေဒ သဒ္ဒါပုဗ္ဗ၊ ဉာဟ ဓာတ်၊ ဏ ပစ္စည်း + ဣတ္ထိဇောတက ဤ ပစ္စည်းတည်း။

## အဘိဓာနတ္ထသံဝဏ္ဏနာ

(ပုံစံ) ဘိက္ခူနံ သံဃော ဘိက္ခုသံဃော။ (ဌ၊ နှာ–၃၆)
ဘိက္ခူနံ သံဃော ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဘိက္ခုသံဃော ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ဘိက္ခူနံ သံဃော ဘိက္ခုသံဃောဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
သမာသ်ဖြစ်သော လိင်ပုဒ်၏ ဝိဂ္ဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ၊ အဘိ–ဓာနတ္ထသံဝဏ္ဏနာတို့ မည်ကုန်၏။
သတိ။ ဝိဂ္ဂြိုဟ်ဖွင့် ဟူသမျှ၌ အဘိဓာနတ္ထသံဝဏ္ဏနာ အမည်ပေးရသည်ကို သတိပြုပါ။

(ပုံစံ) သစ္စံ ဝဒတီတိ **သစ္စဝါဒီ**။ (ဌ၊ နှာ–၇၂)
သစ္စံ ဝဒတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သစ္စဝါဒီ ပုဒ်ကို သစ္စံ ဝဒတီတိ သစ္စဝါဒီ ဟု ကတ္တုသာဓနကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
သမာသ်ဖြစ်သော လိင်ပုဒ်၏ ဝိဂ္ဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ၊ အဘိဓာနတ္ထသံဝဏ္ဏနာတို့ မည်ကုန်၏။

(ပုံစံ) သုမနဿ ဘာဝေါ **သောမနဿံ**။ (ဌ၊ နှာ–၅၃)
သုမနဿ ဘာဝေါ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သောမနဿံ ပုဒ်ကို သုမနဿ ဘာဝေါ သောမနဿံဟု ဘာဝတဒ္ဓိတ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
တဒ္ဓိတ်ဝိဂ္ဂြိုဟ်၏ ဝစနတ္ထကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **မနောမယန္တိ** မနေန နိဗ္ဗတ္တိတံ။ (ဌ၊ နှာ–၁၉၈)
မနေန နိဗ္ဗတ္တိတံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မနောမယံ ပုဒ်ကို မနေန နိဗ္ဗတ္တိတံ မနောမယံဟု နိဗ္ဗတ္တတဒ္ဓိတ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
တဒ္ဓိတ်ဝိဂ္ဂြိုဟ်၏ ဝစနတ္ထကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ မည်၏။
နိယံ။ ပကတိ, နိဗ္ဗတ်၊ သကတ်, နိပ္ဖန်၊ ဉာလေးတန်၊ သက်ရန် မယပစ္စည်းတည်း။

ttp://www.dhammadownload.com



(ပုံစံ) အာဟနတိ စိတ္တန္တိ **အာဃာတော**။ (ဋ၊ နှာ-၅၂)
အာဟနတိ စိတ္တံ ဟူသော သံဝဏ္ဏနာပါဋ္ဌ်ဖြင့် အာဃာတော ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို အာဟနတိ စိတ္တန္တိ အာဃာတောဟု (သုဒ္ဓ) ဝုတ္တကတ္တုသာဓန ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ဝိဂြိုဟ်၏ ဝစနတ္ထကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) နယန္တိ တောယာတိ **နေတ္တိ**။ (ဋ၊ နှာ-၁၁၇)
နယန္တိ တောယ ဟူသော သံဝဏ္ဏနာပါဋ္ဌ်ဖြင့် နေတ္တိပုဒ်ကို နယန္တိ တောယာတိ နေတ္တိဟု ကရဏသာဓန ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ဝိဂြိုဟ်၏ ဝစနတ္ထကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) ရာဇတိ ။ပ။ **ရာဇာ**။ (ဋ၊ နှာ-၁၂၃)
ရာဇတိ ဟူသော သံဝဏ္ဏနာပါဋ္ဌ်ဖြင့် ရာဇာပုဒ်ကို ရာဇတီတိ ရာဇာဟု သုဒ္ဓကတ္တုသာဓန ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ကိတ်ဝိဂြိုဟ်၏ ဝစနတ္ထကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ မည်၏။

## သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ

(ပုံစံ) အာဟနတိ စိတ္တန္တိ **အာဃာတော**၊ ကောပဿေတံ အဓိဝစနံ။ (ဋ၊ နှာ-၅၂)
ကောပဿေတံ အဓိဝစနံ ဟူသော သံဝဏ္ဏနာပါဋ္ဌ်ဖြင့် ဤနေရာ၌ အာဃာတအရ ကောပ (ဒေါသ)ကို အရကောက် ယူရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
သရုပ်အနက်ကို ဖွင့်ပြသောကြောင့် သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) သုမနဿ ဘာဝေါ **သောမနဿံ**၊ စေတသိကသုခဿေတံ အဓိဝစနံ။ (ဋ၊ နှာ-၅၃)
စေတသိကသုခဿေတံ အဓိဝစနံ ဟူသော သံဝဏ္ဏနာပါဋ္ဌ်ဖြင့် ဤနေရာ၌ သောမနဿအရ သုခဝေဒနာကိုသာ အရကောက် ယူရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
သရုပ်အနက်ကို ဖွင့်ပြသောကြောင့် သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **အဘိန္ဒ လောကေတိ** တတ္ထ လုဇ္ဇနပလုဇ္ဇနဋ္ဌေန ပဉ္စုပါဒါနက္ခန္ဓာ လောကော။ (ဋ၊ နှာ-၁၈၉)
ပဉ္စုပါဒါနက္ခန္ဓာ ဟူသော သံဝဏ္ဏနာပါဋ္ဌ်ဖြင့် ဤနေရာ၌ လောကအရ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို ယူရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
သရုပ်အနက်ကို ဖွင့်ပြသောကြောင့် သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **သော ဧဝံ သမာဟိတေ စိတ္တေတိ** ဣဓ ဝိပဿနာပါဒကံ စတုတ္ထဇ္ဈာနစိတ္တံ ဝေဒိတဗ္ဗံ။ (ဋ၊ နှာ-၂၀၀)
ဣဓ ဝိပဿနာပါဒကံ စတုတ္ထဇ္ဈာနစိတ္တံ ဝေဒိတဗ္ဗံ ဟူသော သံဝဏ္ဏနာပါဋ္ဌ်ဖြင့် သော ဧဝံ သမာဟိတေ စိတ္တေ၌ စိတ္တအရ အဘိညာပါဒက စတုတ္ထဈာန်စိတ်ကို မယူရ၊ ဝိပဿနာပါဒက စတုတ္ထဈာန်စိတ်ကို ယူရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
သရုပ်အနက်ကို ဖွင့်ပြသောကြောင့် သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



### ပရိယာယ်ပြ အဘိဓေယျတ္ထသံဝဏ္ဏနာ

(ပုံစံ) **ထေတောတိ ထိရော**။ (ဠ၊ နှာ-၇၂)

ထိရော ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ထေတသဒ္ဒါကား ထိရသဒ္ဒါ၏ ပရိယာယ်သဒ္ဒါ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။

ပရိယာယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ပရိယာယ်ပြ အဘိဓေယျတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ဖရုသာတိ ခရာ**။ (ဠ၊ နှာ-၂၂၈)

ခရာ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဖရုသာသဒ္ဒါကား ခရာသဒ္ဒါ၏ ပရိယာယ်သဒ္ဒါ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။

ပရိယာယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ပရိယာယ်ပြ အဘိဓေယျတ္ထသံဝဏ္ဏနာ မည်၏။

### သဒ္ဒါဟော အဘိဓေယျတ္ထသံဝဏ္ဏနာ

(ပုံစံ) **မဏ္ဍာတိ ပမာဏံ ဝုစ္စတိ**။ (ဠ၊ နှာ-၃၆)

ပမာဏံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဤနေရာ၌ မတ္တသဒ္ဒါသည် ပမာဏအနက် ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။

နာမ်ဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နာမလိင်္ဂတ္ထသံဝဏ္ဏနာ၊ သဒ္ဒါဟော အဘိဓေယျတ္ထသံဝဏ္ဏနာတို့ မည်ကုန်၏။

### သမ္ဗန္ဓသံဝဏ္ဏနာ (ဝါ) ဘာဝတ္ထသံဝဏ္ဏနာ

(ပုံစံ) **ဥဇုဝိပစ္စနီကဝါဒါတိ** ။ပ။ **ဟုတွာ**။ (ဠ၊ နှာ-၃၉)

ဟုတွာ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဥဇုဝိပစ္စနီကဝါဒါ ဟူသော ပုဒ်ကို ဟုတွာ ဟူသော ပါဌသေသ ပုဒ်၌ ကတ္တား+ကတ္တိ အဖြစ်ဖြင့် စာစပ်ရမည်ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။

အစပ်သမ္ဗန်ဖြစ်သော ပုဒ်၏ အနက်အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် သမ္ဗန္ဓသံဝဏ္ဏနာ (ဝါ) ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) အဂါရသ္မာ နိက္ခမိတွာ အနဂါရိယံ ပဗ္ဗဇေယျန္တိ။ (ဠ၊ နှာ-၁၆၃)

နိက္ခမိတွာ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အဂါရသ္မာ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ပဗ္ဗဇေယျံ ပုဒ်၌ မစပ်ရ၊ နိက္ခမိတွာ ပုဒ်၌ အပါဒါန+အပါဒါနီ အဖြစ်ဖြင့် စာစပ်ရမည်ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။

အစပ်သမ္ဗန်ဖြစ်သော ပုဒ်၏ အနက်အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် သမ္ဗန္ဓသံဝဏ္ဏနာ (ဝါ) ဘာဝတ္ထ သံဝဏ္ဏနာ မည်၏။

သတိ။ ပါဠိတော်၌ "အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇေယျံ" ဟုသာ ရှိ၏။ အဋ္ဌကထာ၌ နိက္ခမိတွာပုဒ် ထည့်၍ ဖွင့်ထားသည်ကို သတိပြု။

ttp://www.dhammadownload.com



## ဘာဝတ္ထသံဝဏ္ဏနာ

(ပုံစံ) အာဟနတိ စိတ္တန္တိ **အာဃာတော**။ (ဌ၊ နှာ-၅၂)
စိတ္တံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် "အာဟနတိ-ပြင်းစွာညှဉ်းဆဲ၏"ဟူသည် စိတ်ကို ပြင်းစွာညှဉ်းဆဲ၏ ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

အမှာ။ ဘာဝတ္ထ ဖော်ရာ၌ သံဝဏ္ဏနာပုဒ်ကို ရှေးဦးစွာ ကိုင်ထားပါ။ ထို့နောင် ယင်းသံဝဏ္ဏနာပုဒ်၏ စပ်ရာပုဒ်ကို ဖော်ထုတ်ပါ။ ထို့နောင် သံဝဏ္ဏနာပုဒ်ကို မြန်မာပြန်၍ အာဘော်ဖော်ပါလေ။

(ပုံစံ) **ပဟာယာ**တိ ဣမံ ပါဏာတိပါတစေတနာသင်္ခါတံ ဒုဿီလျံ ပဇဟိတွာ။ (ဌ၊ နှာ-၆၉)
ဣမံ ပါဏာတိပါတစေတနာသင်္ခါတံ ဒုဿီလျံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် "ပဟာယ-ပယ်၍"ဟူသည် ဒုဿီလျဖြစ်သော ဤပါဏာတိပါတစေတနာကို ပယ်၍ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ပဝေဒေတီ**တိ ဗောဓေတိ ဝိညာပေတိ ပကာသေတိ။ (ဌ၊ နှာ-၁၅၈)
ပကာသေတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် "သိစေ၏"ဟူသည် ထင်စွာပြခြင်းပင်တည်းဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) လောကံ ရဉ္ဇနတော **ရာဇာ**။ (ဌ၊ နှာ-၂၂၂)
လောကံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် နှစ်သက်စေ၏ဟူသည် လူအပေါင်းကို နှစ်သက်စေ၏ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ကာယ နုဏ္ဍာ**ဘိ ကတမာယ န ကထာယ သန္နိသိန္နာ ဘဝထာတိ အတ္ထော။ (ဌ၊ နှာ-၄၉)
ဘဝထ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ကာယ နုတ္ထဝယ် အတ္ထသဒ္ဒါသည် နာမ်ပုဒ်မဟုတ်၊ ကြိယာဝါစက အာချာတ်ပုဒ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **အဿောသီ**တိ သုဏိ။ (ဌ၊ နှာ-၂၁၉)
သုဏိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဤနေရာ၌ အဿောသိ သဒ္ဒါသည် ဘူဝါဒိဂဏိကဓာတ် မဟုတ်၊ သွာဒိဂဏိကဓာတ်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



## ပုဒ်ပြီး, ရုပ်ပြီး သတိပြုဘွယ်

(ပုံစံ) **ပစ္စာဇာတော**တိ ပတိဇာတော။ (ဋ၊ နှာ–၁၆၂)

ပတိဇာတော ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ပစ္စာဇာတောကို ပတိ+အာဇာတောဟု ပဒစ္ဆေဒ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ ပတိ ဟူသော ဥပသာရပုဒ်၏ တိကို စ ပြုထားသည်၏ အဖြစ်ကိုလည်းကောင်း၊ စ ဒွေဘော် လာသည်၏ အဖြစ်ကိုလည်းကောင်း ဖွင့်ပြသိစေပါသည်။

သန္ဓိဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် သန္ဓိလိင်္ဂပဒသံဝဏ္ဏနာ၊ ဥပသာရပုဒ်၏ ကာရိယကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂပဒသံဝဏ္ဏနာ၊ သန္ဓိဖြစ်သော လိင်ပုဒ်၏ အနက်,အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် သန္ဓိလိင်္ဂပဒသံဝဏ္ဏနာ, ဘာဝတ္ထသံဝဏ္ဏနာတို့ မည်ကုန်၏။

(ပုံစံ) **မမန္တိ** သာမိဝစနံ။ (ဋ၊ နှာ–၅၂)

သာမိဝစနံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မမံကား ဆဋ္ဌီ သဝိဘတ်နှင့် တကွသော အမှသဒ္ဒါကို မမံ ပြု၍ ပုဒ်ပြီးသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။

သဗ္ဗနာမ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် သဗ္ဗနာမလိင်္ဂပဒသံဝဏ္ဏနာ၊ နာမ်ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တိပဒသံဝဏ္ဏနာတို့ မည်ကုန်၏။

(ပုံစံ) **ရညံ နိယျာနံ ဘာဝိသာတီ**တိ ။ပ။ ရာဇူနံ။ (ဋ၊ နှာ–၈၉)

ရာဇူနံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ရညံကား နံဝိဘတ်နှင့် တကွသော ရာဇသဒ္ဒါကို ရညံ ပြု၍ ပုဒ်ပြီးသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။

နာမ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် နာမလိင်္ဂပဒသံဝဏ္ဏနာ၊ နာမ်ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တိပဒသံဝဏ္ဏနာတို့ မည်ကုန်၏။

(ပုံစံ) အစ္ဆရာယောဂ္ဂန္တိ **အစ္ဆရိယံ**။ (ဋ၊ နှာ–၄၄)

အစ္ဆရာယောဂ္ဂံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အစ္ဆရိယံကား အစ္ဆရာ ယောဂ္ဂ ဟူလိုလျက် ယောဂ္ဂသဒ္ဒါကို ချေ၊ အစ္ဆရာကို အစ္ဆရိယ ပြု၍ ပုဒ်ပြီးသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။

ပုဒ်ပြီး,ရုပ်ပြီး နိရုတ္တိနည်း ဖြစ်သော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

အမှာ။ ဤအလို အစ္ဆရိယံပုဒ်ကို = အစ္ဆရာ ယောဂ္ဂံ အစ္ဆရိယံဟု ဥတ္တရပဒလောပ တပ္ပုရိသ်သမာသ် (ဝါ) ယောဂ္ဂ တဒ္ဓိတ် ဝိဂ္ဂဟပြုပါ။

(ပုံစံ) **အန္တာနန္တိကာ**တိ အန္တာနန္တဝါဒါ၊ အန္တံ ဝါ အနန္တံ ဝါ အန္တာနန္တံ ဝါ နေဝန္တာနာနန္တံ ဝါ။ (ဋ၊ နှာ–၁၀၅)

အန္တံ ဝါ အနန္တံ ဝါ အန္တာနန္တံ ဝါ နေဝန္တာနာနန္တံ ဝါ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အန္တာနန္တ ပုဒ်ကား အန္တ အနန္တ အန္တာနန္တ နေဝန္တာနာနန္တ–ဟု ဆိုလိုလျက် သာမညနိဒ္ဒေသနည်း, ဧကသေသတဒ္ဓိတ်နည်း, ဝဏ္ဏလောပ နိရုတ္တိ နည်းအားဖြင့် အန္တာနန္တဟု ဆိုအပ်သည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။

ပုဒ်ပြီး,ရုပ်ပြီး နိရုတ္တိနည်း ဖြစ်သော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



(ပုံစံ) **တုမ္ဗယေဝဿ စေတန အန္တရာယောတိ** ။ပ။ ဘာဝေယျ။ (ဌ၊ နှာ-၅၂)
ဘာဝေယျ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တုမ္ဗယေဝဿဝယ် အဿကား ယျော်ဝိဘတ်နှင့် တကွသော စာတွန် သကို သပြု၍ အဿဟု ပုဒ်ပြီးသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဒုတိယဝိဘတ္တိပဒသံဝဏ္ဏနာ၊ ပုဒ်ပြီး,ရုပ်ပြီး နိရုတ္တိနည်း ဖြစ်သော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာတို့ မည်ကုန်၏။

(ပုံစံ) **န သမ္ဘာဝေယျန္တိ** န သမ္ဘာဒေယျံ။ (ဌ၊ နှာ-၁၀၈)
န သမ္ဘာဒေယျံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် န သမ္ဘာဝေယျံကား န သမ္ဘာဒေယျံ ဟူလိုလျက် ဒအက္ခရာကို ယအက္ခရာ ပြုခြင်းတည်းဟူသော ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် န သမ္ဘာဝေယျံဟု ပုဒ်ပြီးသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ပုဒ်ပြီး,ရုပ်ပြီး နိရုတ္တိနည်း ဖြစ်သော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) အဟု အဟောသီတိ အတ္ထော။ (ဌ၊ နှာ-၁၃၆)
အဟောသိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အဟုကား အဟူဟု ဆိုလိုလျက် ဦကို ဥအက္ခရာ ပြုခြင်းတည်း ဟူသော ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် အဟု-ဟု ပုဒ်ပြီးသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
ပုဒ်ပြီး,ရုပ်ပြီး နိရုတ္တိနည်း ဖြစ်သော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **အဿောသီတိ** သုဏိ။ (ဌ၊ နှာ-၂၁၉)
သုဏိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အဿောသိကား သု ဓာတ်+အဇ္ဇတ္တနီ ဤ ဝိဘတ်၊ အနှင့် သ တို့လာ၊ ဥ ကို ဩ ပြု၊ ဤ ကို ဣ ပြု၍ အဿောသိဟု ပုဒ်ပြီးသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
အာချာတ်ဓာတ်ကို ဖွင့်ပြသောကြောင့် ဓာတုပဒသံဝဏ္ဏနာ၊ အာချာတ်ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဒုတိယ ဝိဘတ္တိပဒသံဝဏ္ဏနာ၊ ပုဒ်ပြီး,ရုပ်ပြီး နိရုတ္တိနည်း ဖြစ်သော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာတို့ မည်ကုန်၏။

(ပုံစံ) အရိန္နံ ဟတတ္တာ ။ပ။ **အရဟာတာ**။ (ဌ၊ နှာ-၄၄)
အရိန္နံ ဟတတ္တာ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အရဟတာကား အရိဟတာ ဟူလိုလျက် ဣ ကို အ ပြု၍ အရဟတာဟု ပုဒ်ပြီးသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။ (ဋီသစ်)
ပုဒ်ပြီး,ရုပ်ပြီး နိရုတ္တိနည်း ဖြစ်သော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **အဘိညာတိ** အဘိညာယ၊ အဓိကေန ဉာဏေန ဉတွာတိ အတ္ထော။ (ဌ၊ နှာ-၁၅၈)
အဘိညာယ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ပဋိသင်္ခါ ယောနိသော ဝါကျ၌ ပဋိသင်္ခါ သဒ္ဒါကဲ့သို့ အဘိညာ ပုဒ်ကား အဘိညာယ ဟူလိုလျက် ယ အက္ခရာကို ချေ၍ အဘိညာဟု ပုဒ်ပြီးသည်၏ အဖြစ်ကို ဖွင့်ပြ သိစေပါသည်။
ပုဒ်ပြီး,ရုပ်ပြီး နိရုတ္တိနည်း ဖြစ်သော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



(ပုံစံ) **ပယိရုပါသတောတိ** ဝစနဗျတ္တယော သေ။ (ဌ၊ နှာ-၁၂၉)

ဝစနဗျတ္တယော သေ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ပယိရုပါသတောကား ပယိရုပါသတံဟု ဗဟုဝုစ်နှင့် ဆိုအပ်လျက် ပယိရုပါသတောဟု ဧကဝုစ်သို့ ပြန်သော ဝစနဝိပလ္လာသ နည်းဖြင့် ပယိရုပါသတောဟု ပုဒ်ပြီးသည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။

ပုဒ်ပြီး,ရုပ်ပြီး ဝိပလ္လာသနည်း ဖြစ်သော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

### အထူးအမှာ

ပုဒ်ပြီး,ရုပ်ပြီးရာ၌ သန္ဓိပုဒ် ပြီးလျှင် သန္ဓိလိင်္ဂပဒ၊ ဥပသာရပုဒ် ပြီးလျှင် ဥပသဂ္ဂလိင်္ဂပဒ၊ နိပါတ်ပုဒ် ပြီးလျှင် နိပါတလိင်္ဂပဒ၊ သဗ္ဗနာမ်ပုဒ် ပြီးလျှင် သဗ္ဗနာမလိင်္ဂပဒ၊ ကြွင်းသော နာမ်ပုဒ် (ဝါ) သုဒ္ဓနာမ်ပုဒ် ပြီးလျှင် နာမလိင်္ဂပဒ၊ သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်ပုဒ်များ ပုဒ်ပြီးရာ၌လည်းကောင်း, ဝိပလ္လာသနည်းဖြင့် ပုဒ်ပြီးရာ၌လည်းကောင်း ဘာဝတ္ထဟူသော သံဝဏ္ဏနာအမည်တို့ကို အဓိကထား၍ အမည်ပေးပါ။

### မှတ်သားဘွယ်ရာကဏ္ဍ

### ပါဌန္တရ ဖွင့်ရာ၌

(ပုံစံ) ကွဋ္ဌာနင်္ဂလံ။ **ကွဋ္ဌာနင်္ဂလန္တိပိ ပါဌော**။ (ဌ၊ နှာ-၂၁၇)

ကွဋ္ဌာနင်္ဂလန္တိပိ ပါဌော ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ကွဋ္ဌာနင်္ဂလံ ဟူသော ပါဌန္တရ (ပါဌ်တစ်မျိုး) ရှိသေးသည်ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။

အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

### ဝါကျာဝဓိကန္တ ဖွင့်ရာ၌

(ပုံစံ) ဘိက္ခူနံ သံဃော ဘိက္ခုသံဃော၊ တေန ဘိက္ခုသံဃေန။ (ဌ၊ နှာ-၃၆)

တေန ဘိက္ခုသံဃေန ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဘိက္ခုသံဃောဟု ပဌမန္တနှင့် ငါအဌကထာဆရာ ဖွင့်ဆိုထားသော်လည်း ပါဠိတော်၌ကား ဘိက္ခုသံဃေနဟု တတိယန္တနှင့်သာ ရှိသည်ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။

အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

### အတိဒေသဝါကျ အာဘော်

(ပုံစံ) ကသ္မာ ပနေသ ဒီဃနိကာယောတိ ဝုစ္စတိ? ဒီဃပ္ပမာဏာနံ သုတ္တာနံ သမူဟတော, နိဝါသတော စ ။ပ။ ဧဝံ သေသာနမ္ပိ နိကာယဘာဝေ ဝစနတ္ထော ဝေဒိတဗ္ဗော။ (ဌ၊ နှာ-၂၃+၂၄)

ဧဝံ သေသာနမ္ပိ နိကာယဘာဝေ ဝစနတ္ထော ဝေဒိတဗ္ဗော ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဒီဃနိကာယ ပုဒ်၌ ဆိုခဲ့ပြီးသော သဒ္ဒတ္ထ, ဝစနတ္ထ, အဓိပ္ပါယတ္ထ နည်းတို့ကိုကဲ့သို့ ဒီဃနိကာယမှ ကြွင်းသော မဇ္ဈိမနိကာယ စသော ပုဒ်တို့၏ သဒ္ဒတ္ထ, ဝစနတ္ထ, အဓိပ္ပါယတ္ထ နည်းတို့ကိုလည်း သိအပ်၏ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။

အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



(ပုံစံ) **ဟတ္ထတ္ထရံ့ အဿတ္ထရန္တိ** ဟတ္ထိအဿပိဋ္ဌေသု အတ္ထရဏအတ္ထရကာယေဝ။ ရထတ္ထရေပိ ဧသေဝ နယော။ (ဋ၊ နှာ–၈၃)

ဧသေဝ နယော ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဟတ္ထတ္ထရံ အဿတ္ထရံ ပုဒ်တို့၌ ဆိုခဲ့ပြီးသော သဒ္ဒတ္ထ, ဝစနတ္ထ, အဓိပ္ပါယတ္ထ နည်းတို့ကိုကဲ့သို့ ရထတ္ထရံ ဟူသော ပုဒ်၏ သဒ္ဒတ္ထ, ဝစနတ္ထ, အဓိပ္ပါယတ္ထ နည်းတို့ကိုလည်း သိအပ်၏ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။

အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

အမှာ။ ဧသေဝ နယော ဟူသော သဒ္ဒါဖြင့် ဆိုပြီးသည်ကို ပြန်၍ ညွှန်း၏။ အတိဒေသသံဝဏ္ဏနာဝါကျ ဖြစ်၏။ အတိဒေသဝါကျမျိုး၌ တစ်ပါးသောဆရာတို့ကား သမာသလိင်္ဂပဒ စသည်ဖြင့် သံဝဏ္ဏနာ အမည်တို့ကို လည်း ပေးကြသေး၏။ သို့သော် ဘာဝတ္ထ သံဝဏ္ဏနာအမည်ကိုသာ စာမေးပွဲများ၌ သုံးစွဲကြ၏။

## ဝါသဒ္ဒါ

(ပုံစံ) **တတ္ထာတိ** တသ္မိံ အန္ဓါနမဂ္ဂေ၊ တေသု ဝါ ဒွီသု ဇနေသု။ (ဋ၊ နှာ–၃၇)

ဝါ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အတ္ထန္တရ (အနက်တစ်မျိုး) ရှိသေးသည်ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။

အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

အမှာ။ ဝါ ဟူသော နိပါတ်ပုဒ်သည် သံဝဏ္ဏေတဗ္ဗပုဒ်၌ မရှိ။ "မရှိတာ ပြ၊ ဘာဝတ္ထ"နိယံနှင့်အညီ ဘာဝတ္ထဟုသာ သံဝဏ္ဏနာ အမည်ပေးရမည်။ နိပါတလိင်္ဂတ္ထဟု သံဝဏ္ဏနာ အမည်ကို မပေးရပါ။ သံဝဏ္ဏေတဗ္ဗပုဒ်၌ မရှိမူ၍ သံဝဏ္ဏနာ ဖွင့်သောအခါ၌ ပြဆိုသော နိပါတ်ပုဒ် ဟူသမျှကို ဘာဝတ္ထချည်းသာ မှတ်ပါ။

(ပုံစံ) **យេနာတိ** ယေန ဒိသာဘာဂေန သော ဥပသင်္ကမိတဗ္ဗော။ ဘုမ္မတ္ထေ ဝါ ဧတံ ကရဏဝစနံ။ (ဋ၊ နှာ–၄၉)

ဝါ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အတ္ထန္တရ (အနက်တစ်မျိုး) ရှိသေးသည်ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။

အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ဓေါတိ** အဝဏ္ဏာရဟတ္တေ, ပဒပူရဏမတ္တေ ဝါ နိပါတော။ (ဋ၊ နှာ–၂၁၉)

ဝါ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အတ္ထန္တရ (အနက်တစ်မျိုး) ရှိသေးသည်ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။

အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

အမှာ။ ဝစနတ္ထကို ပြရာ၌ အပိသဒ္ဒါ တွေ့လျှင် ဝစနတ္ထန္တရ (ဝိဂ္ဂြိုဟ်တစ်မျိုး) ရှိသေးသည်ဟူ၍လည်းကောင်း၊ ကြွင်းသော နေရာတို့၌ အပိသဒ္ဒါ တွေ့လျှင် သမုစ္စည်း(ဝါ)သမ္ဘိဏ္ဍန အနက်အဓိပ္ပါယ်ကို ဖွင့်ပြသည်ဟူ၍ လည်းကောင်း မှတ်ပြီး ဘာဝတ္ထဟုသာ ပုံသေဖော်ပါ။

ttp://www.dhammadownload.com



## အပိ စ သဒ္ဒါ

(ပုံစံ) အဘိဘဝနဋ္ဌေန တထာဂတော။ အပိ စ တထာယ ဂတောတိပိ တထာဂတော။ (ဋ၊ နှာ–၆၆)
အပိ စ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တထာဂတော ပုဒ်၏ ဝစနတ္ထတစ်မျိုး ရှိသေးသည်ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

အမှာ။ အထ ဝါ, အပရော နယော စသော သဒ္ဒါတို့ကို တွေ့ရာ၌လည်း အပိ စ သဒ္ဒါ၌ ဖော်ပြခဲ့သော နည်းကို မှီး၍ နယန္တရ (နည်းတစ်မျိုး) ရှိသေးသည်ဟုသာ အာဘော် ပုံသေဖော်ပါ။

## သံဝဏ္ဏေတဗ္ဗ ဣတိသဒ္ဒါ

(ပုံစံ) **သုပ္ပိယောပိ ခေါ ပရိဗ္ဗာဇကောတိ သုပ္ပိယောတိ** တဿ နာမံ။ (ဋ၊ နှာ–၃၆)
သုပ္ပိယောပိ ခေါ ပရိဗ္ဗာဇကောတိ၌ ရှိသော ဣတိသဒ္ဒါဖြင့် သုပ္ပိယောပိ ခေါ ပရိဗ္ဗာဇကော ပုဒ်တို့သည် အတ္ထပဒတ္ထကပုဒ်များ မဟုတ်၊ သဒ္ဒပဒတ္ထက, ပဒုဒ္ဓါရ သံဝဏ္ဏေတဗ္ဗပုဒ်များ ဖြစ်ကုန်၏ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **သုပ္ပိယောတိ** တဿ နာမံ။ (ဋ၊ နှာ–၃၆)
သုပ္ပိယောတိ၌ ရှိသော ဣတိသဒ္ဒါဖြင့် သုပ္ပိယောပုဒ်သည် အတ္ထပဒတ္ထကပုဒ် မဟုတ်၊ သဒ္ဒပဒတ္ထက, ပဒုဒ္ဓါရ သံဝဏ္ဏေတဗ္ဗပုဒ် ဖြစ်၏ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ယေနာတိ** ယေန ဒိသာဘာဂေန သော ဥပသင်္ကမိတဗ္ဗော။ (ဋ၊ နှာ–၄၉)
ယေနာတိ၌ ရှိသော ဣတိသဒ္ဒါဖြင့် ယေနပုဒ်သည် အတ္ထပဒတ္ထကပုဒ် မဟုတ်၊ သဒ္ဒပဒတ္ထက, ပဒုဒ္ဓါရ သံဝဏ္ဏေတဗ္ဗပုဒ် ဖြစ်၏ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

## ဝိဂ္ဂြိုဟ်ပြ ဣတိသဒ္ဒါ

(ပုံစံ) သစ္စံ ဝဒတီတိ **သစ္စဝါဒီ**။ (ဋ၊ နှာ–၇၂)
သစ္စံ ဝဒတီတိ ဟူသော ဝိဂ္ဂြိုဟ်ဝါကျ၌ ရှိသော ဣတိသဒ္ဒါဖြင့် ယင်းဣတိသဒ္ဒါကား သကတ်ကို ထွန်းပြသော ဝစနဟေတုဇောတက ဣတိသဒ္ဒါ ဖြစ်၏ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

ttp://www.dhammadownload.com



## ဉတ္တိ အတ္တောသဒ္ဒါ

(ပုံစံ) အန္တေ ဝသတီတိ **အန္တေဝါသီ**၊ သမီပစာရေ သန္တိကာဝစာရေ သိသောတိ အတ္တော။ (ဌ၊ နှာ-၃၆)
သမီပစာရေ သန္တိကာဝစာရေ သိသောတိ အတ္တော ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အန္တေ ဝသတိ (အန္တေဝါသီ)ဟူသော ပုဒ်ကို "အနီးအပါး၌ ကျင်လည်ကျက်စား သွားလာတတ်သော တပည့်"ဟု ယောဇနာ ရမည်ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) **ကဏှာ**တိ ကဏှာ၊ ကာဠကာတိ အတ္တော။ (ဌ၊ နှာ-၂၂၇)
ကာဠကာတိ အတ္တော ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ကဏှာ ပုဒ်ကို "အမည်း"ဟု ယောဇနာရမည် ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

## ဝုတ္တံ ဟောတိသဒ္ဒါ

(ပုံစံ) **ဒုဗ္ဗုဋ္ဌိကာ**တိ အဝဂ္ဂါဟော၊ ဝဿဝိဗန္ဓောတိ ဝုတ္တံ ဟောတိ။ (ဌ၊ နှာ-၉၀)
ဝဿဝိဗန္ဓောတိ ဝုတ္တံ ဟောတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဒုဗ္ဗုဋ္ဌိကာ ပုဒ်၏ ယောဇနာနှင့်တကွသော ပိဏ္ဍတ္ထ အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

## ဝါကျဇောတက နိပါတ်ပုဒ်

(ပုံစံ) **ဓမ္မော**တိ ဟေတု၊ ဝုတ္တဉှေတံ "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ"တိ။ (ဌ၊ နှာ-၂၁)
ဝုတ္တဉှေတံ ပါဌ်၌ ဟိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ယင်းဟိသဒ္ဒါကား ဒဠှီကရဏဇောတက နိပါတ်ပုဒ် ဖြစ်၏ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) အတီတကာလတ္တော ဟေတ္ထ **ဟောတိသဒ္ဒေါ**။ (ဌ၊ နှာ-၃၆)
အတီတကာလတ္တော ဟေတ္ထ ပါဌ်၌ ဟိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ယင်းဟိသဒ္ဒါကား ဒဠှီကရဏဇောတက နိပါတ်ပုဒ် ဖြစ်၏ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

(ပုံစံ) အရိနံ ဟတတ္တာ, ပစ္စယာဒီနဉ္စ အရဟတ္တာ **အရဟံ**။ (ဌ၊ နှာ-၄၄)
ပစ္စယာဒီနဉ္စ အရဟတ္တာ ပါဌ်၌ စ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ယင်းစသဒ္ဒါကား ဝါကျာရမ္ဘ (ဝါ) ပက္ခန္တရ ဇောတက နိပါတ်ပုဒ် ဖြစ်၏ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။

အမှာ။ ဝါကျဇောတက နိပါတ်ပုဒ်များ တွေ့ရာ၌ ဝါကျခွဲကို ရှု၍ ဖော်ပြခဲ့သော နည်းအတိုင်း အာဘော်ဖော်ပါ။

ttp://www.dhammadownload.com



## ပန်ကြားလွှာ

အာဘော်ဖော်ရာ၌ ရနိုင်သမျှ, ဖြစ်သင့်သမျှ ကုန်စင်အောင် အာဘော် ဖော်ရသည်။ မကျန်ခဲ့ဖို့ရာ အလွန် အရေးကြီးသည်။ အာဘော်ဖော်ရာ၌လည်းကောင်း၊ သံဝဏ္ဏနာ အမည်ပေးရာ၌လည်းကောင်း၊ ဝိဂ္ဂဟ ပြုရာ၌ လည်းကောင်း အသုံးအလွန်များသော ရှေ့ဆရာမြတ်တို့၏ သံဝဏ္ဏနာနိယံအချို့ကို ဖော်ပြအပ်ပါ၏။ သေချာစွာ ကျက်မှတ်ပါ။

### အသုံးများသော သံဝဏ္ဏနာနိယံများ

၁။ အဓိဝစန်၊ နာမံ ဝုစ္စတိ၊ အဖွင့်ရှိ၊ အဘိဓေယျတ္ထ ကြံ။

၂။ သံဝဏ္ဏေတဗ္ဗ၊ သမာသ၊ အသယတ္ထိနှင့်၊ ဖွင့်၍ပြ၊ ဗဟုဗ္ဗီဟိ ကြံစရာ။

၃။ သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတ၊ ဗဟုဗ္ဗီဟိနှင့်၊ ဖွင့်၍ပြ၊ အသယတ္ထိဟု ကြံစရာ။

၄။ သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတ၊ ကတ္တုသာဓနနှင့်၊ ဖွင့်၍ပြ၊ အသယတ္ထိဟု ကြံစရာ။

၅။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ဗဟုဗ္ဗီနှင့်၊ ဖွင့်၍ပြ၊ ကတ္တုသာဓန ကြံစရာ။

၆။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ အသယတ္ထိနှင့်၊ ဖွင့်၍ပြ၊ ကတ္တုသာဓန ကြံစရာ။

၇။ သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတ၊ ဝန္တု ပစ္စည်းနှင့်၊ ဖွင့်၍ပြ၊ အသယတ္ထိဟု ကြံစရာ။

၈။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ကံကာရ အဝုတ္တ၊ ဒုတိယန္တနှင့်၊ ဖွင့်၍ပြ၊ ကတ္တုသာဓန ကြံစရာ။

၉။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ကတ္တား အဝုတ္တ၊ တတိယန္တနှင့်၊ ဖွင့်၍ပြ၊ ကမ္မသာဓန ကြံစရာ။

၁၀။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ကတ္တုပစ္စယ၊ ဖွင့်၍ပြ၊ ကတ္တုသာဓန ကြံစရာ။

၁၁။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ကတ္တုဝါစက၊ ဟိတ်ဖွင့်ပြ၊ ကတ္တုသာဓန ကြံစရာ။

၁၂။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ကမ္မပစ္စယ၊ ဖွင့်၍ပြ၊ ကမ္မသာဓန ကြံစရာ။

၁၃။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ကမ္မဝါစက၊ ဟိတ်ဖွင့်ပြ၊ ကမ္မသာဓန ကြံစရာ။

၁၄။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ပရဿပဒနှင့်၊ ဖွင့်၍ပြ၊ ကတ္တုသာဓန ကြံစရာ။

၁၅။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ အတ္တနောပဒနှင့်၊ ဖွင့်၍ပြ၊ ကမ္မသာဓန ကြံစရာ။

၁၆။ အန္တ, မာန၊ လှယ်ဖွင့်ပြ၊ ကတ္တုသာဓန၊ ကြံစရာ။

၁၇။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ယုပစ္စယန္တနှင့်၊ ဖွင့်၍ပြ၊ ဘာဝသာဓန ကြံစရာ။

၁၈။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ တဒ္ဓိတ်ဘာဝနှင့်၊ ဖွင့်၍ပြ၊ ကိတဘာဝ ကြံစရာ။

၁၉။ ဓာတ်နက် ကံထား၊ ဖွင့်တုံငြား၊ မှတ်သား ကမ္မသာဓန။

၂၀။ သံဝဏ္ဏေတဗ္ဗ၊ ပုဒ် ပဒကို၊ သမန္တာဂတ၊ သမ္ပန္နနှင့်၊ ထိုမှ တလီ၊ သမင်္ဂီတည့်၊ ပရိပုဏ္ဏ၊ သမ္ပဏ္ဏက၊ စသည်တို့နှင့်၊ ဖွင့်ပြလေရာ၊ သမာသာ ဗဟုဗ်၊ တဒ္ဓိတ် အသယတ္ထိ၊ ကိတ်ညှိ ကတ္တု၊ ဝေဘန်ရှုလော့။ (ချို့စု ပဒ၊ တဒ္ဓိတမှာ၊ သဥ္ဇာတာ။)

၂၁။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ယုတ္တ, သက္ကာ၊ အရဟာ, သက္ကုဏေယျ၊ အနုစ္ဆဝိက၊ စသည်တို့နှင့်၊ ဖွင့်၍ပြ၊ ကမ္မသာဓန ကြံစရာ။

သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတကို၊ ယုတ္တ, ယောဂ္ဂ၊ အရဟာဒိ၊ ဖွင့်ပြဘိက၊ ယုတ္တ, ယောဂ္ဂါဒိ၊ တဒ္ဓိတပဒ၊ ကြံကုန်ကြ။

ရှေ့ အဋ္ဌကထာ၊ နောက် ဋီကာ၊ ခွဲကာ မှတ်ကြ၊ နည်းနှစ်ဝ။

ttp://www.dhammadownload.com



၂၂။ သံဝဏ္ဏောတဗ္ဗ၊ တဒ္ဓိတကို၊ ယုတ္တ, သက္ကာ၊ အရဟာ, သက္ကုဏေယျ၊ အနုစ္ဆဝိက၊ စသည်တို့နှင့်၊ ဖွင့်၍ပြ၊ အဿတ္ထိဟု ကြံစရာ။

၂၃။ သံဝဏ္ဏောတဗ္ဗ၊ တဒ္ဓိတကို၊ သရိက္ခက၊ သဒိသနှင့်၊ သမာန, ကပ္ပ၊ ဝိယ စဖြာ၊ ဖွင့်ပြရာ၊ ဥပမာ၊ ကြံပါ တဒ္ဓိတ။ (ဥပစာ ဟူ၊ သဒိသူ။)

၂၄။ ဝိဘတ်တူပြ၊ စ-ယှဉ်က၊ ကမ္မ,ဒွန္ဒ ကြံ။
ယင်းသို့ ဖွင့်ရာ၊ ဒွန္ဒသာ၊ ကျမ်းမှာ အထင်များသတည်း။
အရ မတူ၊ ဒွန်ဟုယူ၊ ရတူ ကမ္မ၊ ထူးမှတ်ကြ။

၂၅။ သမာန ဝိဘတ္တိက၊ ဖွင့်၍ပြ၊ ကမ္မဓာရယ ကြံစရာ။

၂၆။ ဣတိ, ဟုတွာ၊ သင်္ခါတနှင့်၊ ဧဝ, ဘူတ၊ ထည့်ဖွင့်က၊ ကမ္မဓာရည်းကြံ။

၂၇။ သင်္ခါတ သဒ္ဒါ၊ ရှိလေရာ၊ သရုပ်သာ ထွက်လေ။

၂၈။ နောက်ပုဒ် မပြ၊ ရှေ့ပဒမှာ၊ ဧဝ သဒ္ဒါ၊ ယှဉ်ဖွင့်ရာ၊ သမာသာကမ္မ၊ အထ ဝါ သွတ္တော၊ ကြံစေလော။

၂၉။ ဝိဘတ်မခြား၊ နောက်သွင်းငြား၊ ယင်းကား လောပသာ။

၃၀။ မရှိတာ ပြ၊ တဒ္ဓိတ၊ လောပသမာသ် ကြံစရာ။

၃၁။ မရှိတာ ပြ၊ ဘာဝတ္ထ၊ အပ္ပက သမ္ဗန္ဓာ။

၃၂။ ကတ္တားပိုတို့၊ စာစပ်ဖို့ရာ၊ ပုဒ်မပါ၊ ဟုတွာ ထည့်လေမင်း။

၃၃။ ကမ္မပိုတို့၊ စာစပ်ဖို့ရာ၊ ပုဒ်မပါ၊ ကတွာ ထည့်လေမင်း။

၃၄။ နိပါတ်, ဥပ၊ ရှိ မပြ၊ မှတ်ကြ အနုတ္တာ။ ဥပသာရာ၊ နုဝတ္တာ၊ နာမ အထ ဝါ။

၃၅။ နာနာ ဝိဘတ္တိက၊ ဖွင့်၍ပြ၊ တပ္ပုရိသ ကြံစရာ။

၃၆။ ဟေတု ကတ္တုသာဓန၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့်၊ ကမ္မဋ္ဌဆဋ္ဌီ တွဲမြဲ။

၃၇။ ကမ္မဋ္ဌ ဆဋ္ဌီ၊ ကျမ်း၌ စီက၊ နောက်မှီ ပဒ၊ ကြံကြ ဟေတွက်၊ ကတ္တုသာဓ်။

၃၈။ ကတ္တုသာဓန၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့်၊ ဒုတိယာတပ္ပုရိသ် တွဲမြဲ။

၃၉။ တပ္ပုရိသ် ဒုတိယာ၊ ကျမ်း၌ လာက၊ နောက်မှာ ပဒ၊ ကြံကြ နည်းမှတ်၊ ကတ္တုသာဓ်။

၄၀။ ကမ္မသာဓန၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့်၊ တတိယာတပ္ပုရိသ် တွဲမြဲ။
(ဝါ) ကမ္မသာဓန၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့်၊ ကတ္တုတ္ထဆဋ္ဌီ တွဲမြဲ။

၄၁။ တပ္ပုရိသ် တတိယာ၊ ကျမ်း၌ လာက၊ နောက်မှာ ပဒ၊ ကြံကြ နည်းမှတ်၊ ကမ္မသာဓ်။
(ဝါ) ကတ္တုတ္ထ ဆဋ္ဌီ၊ ကျမ်း၌ စီက၊ နောက်မှီ ပဒ၊ ကြံကြ နည်းမှတ်၊ ကမ္မသာဓ်။

၄၂။ ကရဏသာဓန၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့်၊ ကမ္မဋ္ဌဆဋ္ဌီ တွဲမြဲ။

၄၃။ ကမ္မဋ္ဌ ဆဋ္ဌီ၊ ကျမ်း၌ စီက၊ နောက်မှီ ပဒ၊ ကြံကြ နည်းမှတ်၊ ကရိဏ်းသာဓ်။

၄၄။ ကရဏ, အဓိကရဏ၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့် ဆဋ္ဌီတွဲမြဲ။

၄၅။ ဘာဝသာဓန၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့်၊ ကမ္မဋ္ဌဆဋ္ဌီ၊ တပ္ပုရိသ် တွဲမြဲ။

၄၆။ ကမ္မဋ္ဌ ဆဋ္ဌီ၊ ကျမ်း၌ စီက၊ နောက်မှီ ပဒ၊ ကြံကြ နည်းမှတ်၊ ဘာဝသာဓ်။

၄၇။ ဘာဝသာဓန၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့်၊ ဆဋ္ဌီတပ္ပုရိသ် တွဲမြဲ။

၄၈။ သမာသန္တ၊ က-ရှိက၊ ဗဟုဗ္ဗီဟိ ကြံစရာ။

အမှာ။ ယင်းသံဝဏ္ဏနာနိယံများကို ပုံစံများနှင့်လည်း တွဲဖက်၍ ဖော်ပြပါအံ့။ သေချာစွာ လေ့လာတော်မူပါ။

ttp://www.dhammadownload.com



## အသုံးများသော သံဝဏ္ဏနာနိယံနှင့် ပုံစံများ

(၁) အဓိဝစနံ၊ နာမံ ဝုစ္စတိ၊ အဖွင့်ရှိ၊ အဘိဓေယျတ္ထ ကြံ။

ရှင်း။ အဓိဝစနံသဒ္ဒါ, နာမံသဒ္ဒါတို့နှင့် ဖွင့်လျှင် သရုပ်အရကောက် အာဘော်ဖော်၍ သရုပ်ကြား အဘိဓေယျတ္ထ သံဝဏ္ဏနာ အမည်ပေးရမည်။

ပုံစံ။ အာဟနတိ စိတ္တန္တိ **အာဃာတော**၊ ကောပဿေတံ အဓိဝစနံ။ (ဌ၊ နှာ-၅၂)
ကောပဿေတံ အဓိဝစနံ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ဤနေရာ၌ အာဃာတအရ ကောပ (ဒေါသ)ကို အရကောက် ယူရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။ (အာဘော်)
သရုပ်အနက်ကို ဖွင့်ပြသောကြောင့် သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ မည်၏။ (သံဝဏ္ဏနာ)

* ဤပုံစံဝယ် သံဝဏ္ဏနာ၌ အဓိဝစနံသဒ္ဒါနှင့် ဖွင့်သောကြောင့် သရုပ်အရကောက် အာဘော်ဖော်၍ သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ အမည်ပေးရသည်။

ပုံစံ။ သုမနဿ ဘာဝေါ **သောမနဿံ**၊ စေတသိကသုခဿေတံ အဓိဝစနံ။ (ဌ၊ နှာ-၅၃)
စေတသိကသုခဿေတံ အဓိဝစနံ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ဤနေရာ၌ သောမနဿအရ သုခဝေဒနာကိုသာ အရကောက် ယူရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။
သရုပ်အနက်ကို ဖွင့်ပြသောကြောင့် သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ မည်၏။

* ဤပုံစံဝယ် သံဝဏ္ဏနာ၌ အဓိဝစနံသဒ္ဒါနှင့် ဖွင့်သောကြောင့် သရုပ်အရကောက် အာဘော်ဖော်၍ သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ အမည်ပေးရသည်။

(၂) သံဝဏ္ဏေတဗ္ဗ၊ သမာသ၊ အဿတ္ထိနှင့်၊ ဖွင့်၍ပြ၊ ဗဟုဗ္ဗီဟိ ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်ကို အဿတ္ထိ တဒ္ဓိတ်ပုဒ်နှင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်ကို ဗဟုဗ္ဗီဟိ သမာသ် ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ ပုထု အဝိဟတသက္ကာယဒိဋ္ဌိကာတိ ပုထုဇ္ဇနာ။ (ဌ၊ နှာ-၅၉)

* ဤနည်း၌ သံဝဏ္ဏေတဗ္ဗ ပုထုဇ္ဇနာကို သမာသ်ပုဒ်ဟု ကြံ၏။ ယင်းပုထုဇ္ဇနာ သမာသ်ပုဒ်ကို "အဝိဟတသက္ကာယဒိဋ္ဌိကာ"ဟူသော အဿတ္ထိ တဒ္ဓိတ်ပုဒ်နှင့် ဖွင့်ပြသောကြောင့် ပုထုဇ္ဇနာ သမာသ်ပုဒ်ကို "ဇနာ အဝိဟတာ ပုထု သက္ကာယဒိဋ္ဌိယော ဧတေသန္တိ ပုထုဇ္ဇနာ"ဟု စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ **တထာရူပန္တိ** တထာဇာတိကံ။ (ဌ၊ နှာ-၉၇)

* သံဝဏ္ဏေတဗ္ဗ တထာရူပံ ဟူသော သမာသ်ပုဒ်ကို တထာဇာတိကံဟု အဿတ္ထိ တဒ္ဓိတ်ပုဒ်နှင့် ဖွင့်ပြသောကြောင့် တထာရူပံ သမာသ်ပုဒ်ကို "တထာ ရူပံ သဘာဝေါ ဧတဿာတိ တထာရူပေါ၊ (တံ) တထာရူပံ"ဟု ဗဟုဗ္ဗီဟိသမာသ် ဝိဂ္ဂဟ ပြုရသည်။

(၃) သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတ၊ ဗဟုဗ္ဗီဟိနှင့်၊ ဖွင့်၍ပြ၊ အဿတ္ထိဟု ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ တဒ္ဓိတ်ပုဒ်ကို ဗဟုဗ္ဗီဟိ သမာသ်ပုဒ်နှင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ တဒ္ဓိတ်ပုဒ်ကို အဿတ္ထိ တဒ္ဓိတ် ဝိဂ္ဂဟ ပြုရမည်။

ttp://www.dhammadownload.com



ပုံစံ။ ကသ္မာ ပနေသ ဒီဃနိကာယောတိ ဝုစ္စတိ? ဒီဃပ္ပမာဏာနံ သုတ္တာနံ။ (ဠ၊ နှာ-၂၃)

* သံဝဏ္ဏေတဗ္ဗ ဒီဃနိကာယ၌ ဒီဃ ဟူသော တဒ္ဓိတ်ပုဒ်ကို ဒီဃပ္ပမာဏာနံ (ရှည်သော အတိုင်းအရှည် ရှိကုန်သော)ဟု ဗဟုဗ္ဗီဟိ သမာသ်ပုဒ်နှင့် ဖွင့်ပြသောကြောင့် ဒီဃနိကာယ၌ ဒီဃကို "ဒီဃံ ဧတေသံ အတ္ထီတိ ဒီဃာနိ"ဟု အဿတ္ထိတဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ **ဗျန္တီ ကရေယျာတိ** ဝိဂတန္တံ ကရေယျ။ (ဠ၊ နှာ-၁၈၉+၁၉၀)

* သံဝဏ္ဏေတဗ္ဗ ဗျန္တီ ဟူသော တဒ္ဓိတ်ပုဒ်ကို ဝိဂတန္တံဟု ဗဟုဗ္ဗီဟိ သမာသ်ပုဒ်နှင့် ဖွင့်ပြသောကြောင့် ဗျန္တီကို (ဝိဂတော အန္တော ဗျန္တော၊) "ဗျန္တော အဿ အတ္ထီတိ ဗျန္တီ"ဟု အဿတ္ထိတဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

(၄) သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတ၊ ကတ္တုသာဓနနှင့်၊ ဖွင့်၍ပြ၊ အဿတ္ထိဟု ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ တဒ္ဓိတ်ပုဒ်ကို ကတ္တုသာဓန ကိတ်ပုဒ်နှင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ တဒ္ဓိတ်ပုဒ်ကို အဿတ္ထိတဒ္ဓိတ် ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ **သဒ္ဓေါတိ** ။ပ။ သဒ္ဒဟတိ။ (ဠ၊ နှာ-၂၆၆)

* သံဝဏ္ဏေတဗ္ဗ သဒ္ဓေါ ဟူသော တဒ္ဓိတ်ပုဒ်ကို သဒ္ဒဟတိဟု ကတ္တုသာဓန ကိတ်ပုဒ်နှင့် ဖွင့်ပြသောကြောင့် သဒ္ဓေါကို "သဒ္ဓါ ယဿ အတ္ထီတိ သဒ္ဓေါ"ဟု အဿတ္ထိတဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

(၅) သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ဗဟုဗ္ဗိနှင့်၊ ဖွင့်၍ပြ၊ ကတ္တုသာဓန ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ဗဟုဗ္ဗီဟိ သမာသ်ပုဒ်နှင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ကတ္တုသာဓန ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ **သမဏောတိ** ဘဂဝါ သမိတပါပတာယ လဒ္ဓဝေါဟာရော။ (ဠ၊ နှာ-၆၉)

* သံဝဏ္ဏေတဗ္ဗ သမဏော ဟူသော ကိတ်ပုဒ်ကို သမိတပါပ (ငြိမ်းစေပြီးသော မကောင်းမှုရှိ)ဟူသော ဗဟုဗ္ဗီဟိ သမာသ်ပုဒ်နှင့် ဖွင့်ပြသောကြောင့် သမဏောကို "ပါပေ သမေတီတိ သမဏော"ဟု ဟေတု ကတ္တုသာဓန ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ **လဇ္ဇီတိ** ပါပဇိဂုစ္ဆနလက္ခဏာယ လဇ္ဇာယ သမန္နာဂတော။ (ဠ၊ နှာ-၆၉)

* လဇ္ဇီ၌ လဇ္ဇာ ဟူသော သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ပါပဇိဂုစ္ဆနလက္ခဏာယ ဟူသော ဗဟုဗ္ဗီဟိ သမာသ်ပုဒ်နှင့် ဖွင့်ပြသောကြောင့် လဇ္ဇာကို "လဇ္ဇတီတိ လဇ္ဇာ"ဟု ကတ္တုသာဓန ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ ဗာဟိတပါပတာယ **ဗြာဟ္မဏ**။ (ဠ၊ နှာ-၁၂၉)

* သံဝဏ္ဏေတဗ္ဗ ဗြာဟ္မဏံ ဟူသော ကိတ်ပုဒ်ကို ဗာဟိတပါပ (အပပြုပြီးသော မကောင်းမှုရှိ)ဟူသော ဗဟုဗ္ဗီဟိ သမာသ်ပုဒ်နှင့် ဖွင့်ပြသောကြောင့် ဗြာဟ္မဏံကို "ဗဟာတီတိ ဗြာဟ္မဏော၊ (တံ) ဗြာဟ္မဏံ"ဟု ကတ္တုသာဓန ဝိဂ္ဂဟ ပြုရသည်။

(၆) သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ အဿတ္ထိနှင့်၊ ဖွင့်၍ပြ၊ ကတ္တုသာဓန ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို အဿတ္ထိ တဒ္ဓိတ်ပုဒ်နှင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ကတ္တုသာဓန ဝိဂ္ဂဟ ပြုရမည်။

ttp://www.dhammadownload.com



ပုံစံ။ ပုထု အဝိဟတသက္ကာယဒိဋ္ဌိကာတိ ပုထုဇ္ဇနာ။ (ဌ၊ နှာ–၅၉)

* ဤနည်း၌ သံဝဏ္ဏေတဗ္ဗ ပုထုဇ္ဇနာ ပုဒ်ကို ကိတ်ပုဒ်ဟု ကြံ၏။ ယင်းပုထုဇ္ဇနာ ကိတ်ပုဒ်ကို "အဝိဟတ သက္ကာယဒိဋ္ဌိကာ"ဟူသော အဿတ္ထိ တဒ္ဓိတ်ပုဒ်နှင့် ဖွင့်ပြသောကြောင့် ပုထုဇ္ဇနာကို "ပုထု သက္ကာယဒိဋ္ဌိယော ဇနေန္တိ န ဝိဟနန္တီတိ ပုထုဇ္ဇနာ"ဟု ကတ္တုသာဓနေ ကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသည်။

သတိ။ နိယံအမှတ် (၂၊ ၃၊ ၄၊ ၅၊ ၆)တို့ကို ရှု၍ ဗဟုဗ္ဗီဟိ သမာသ်ပုဒ်, အဿတ္ထိ တဒ္ဓိတ်ပုဒ်, ကတ္တုသာဓနေ ကိတ်ပုဒ်တို့၏ သဘောသွား တူပုံကိုလည်း သတိပြု။

(၇) သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတ၊ ဝဏ္ဏ ပစ္စည်းနှင့်၊ ဖွင့်၍ပြ၊ အဿတ္ထိဟု ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ တဒ္ဓိတ်ပုဒ်ကို ဝဏ္ဏပစ္စည်း ဆုံးသောပုဒ်နှင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ တဒ္ဓိတ်ပုဒ်ကို အဿတ္ထိ တဒ္ဓိတ် ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ ရူပီတိ ရူပဝါ။ (ဌ၊ နှာ–၁၁၀)

* သံဝဏ္ဏေတဗ္ဗ ရူပီ ဟူသော တဒ္ဓိတ်ပုဒ်ကို ရူပဝါဟု ဝဏ္ဏပစ္စည်း ဆုံးသောပုဒ်နှင့် ဖွင့်ပြသောကြောင့် ရူပီကို "ရူပံ အဿ အတ္ထီတိ ရူပဝါ"ဟု အဿတ္ထိတဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

(၈) သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ကံကား အဝုတ္တ၊ ဒုတိယန္တနှင့်၊ ဖွင့်၍ပြ၊ ကတ္တုသာဓနေ ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို အဝုတ္တကံ (ဝါ) ဒုတိယန္တ ကံပုဒ် ထည့်၍ ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ကတ္တုသာဓနေ ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ အာဟနတိ စိတ္တန္တိ **အာဃာတော**။ (ဌ၊ နှာ–၅၂)

* သံဝဏ္ဏေတဗ္ဗ အာဃာတော ဟူသော ကိတ်ပုဒ်ကို စိတ္တံ ဟူသော အဝုတ္တကံ (ဝါ) ဒုတိယန္တ ကံပုဒ် ထည့်၍ ဖွင့်ပြသောကြောင့် အာဃာတောကို "အာဟနတီတိ အာဃာတော"ဟု (သုဒ္ဓ)ကတ္တုသာဓနေ ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ လောကံ ရဉ္ဇနတော **ရာဇာ**။ (ဌ၊ နှာ–၂၂၂)

* သံဝဏ္ဏေတဗ္ဗ ရာဇာ ဟူသော ကိတ်ပုဒ်ကို လောကံ ဟူသော အဝုတ္တကံ (ဝါ) ဒုတိယန္တ ကံပုဒ် ထည့်၍ ဖွင့်ပြသောကြောင့် ရာဇာကို "ရဉ္ဇေတီတိ ရာဇာ"ဟု (ဟေတု)ကတ္တုသာဓနေ ဝိဂ္ဂဟ ပြုရသည်။

(၉) သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ကတ္တား အဝုတ္တ၊ တတိယန္တနှင့်၊ ဖွင့်၍ပြ၊ ကမ္မသာဓနေ ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို အဝုတ္တကတ္တား (ဝါ) တတိယန္တ ကတ္တားပုဒ် ထည့်၍ ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ကမ္မသာဓနေ ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ ဘိက္ခုသံဃော၊ တေန ဘိက္ခုသံဃေန။ ဒိဋ္ဌိသီလသာမညသင်္ဃာတသင်္ခါတေန သမဏဂဏေနေန။ (ဌ၊၃၆)

* သံဝဏ္ဏေတဗ္ဗ သံဃော ကိတ်ပုဒ်ကို ဒိဋ္ဌိသီလသာမညသင်္ဃာတသင်္ခါတေန သမဏဂဏေနေန ဟူသော အဝုတ္တကတ္တား (ဝါ) တတိယန္တ ကတ္တားပုဒ် ထည့်၍ ဖွင့်ပြသောကြောင့် သံဃောကို "သံဟနီယတေတိ သံဃော"ဟု ကမ္မသာဓနေ ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ **ကုပိတာ** ကောပေန။ (ဌ၊ နှာ–၅၃)

* သံဝဏ္ဏေတဗ္ဗ ကုပိတာ ဟူသော ကိတ်ပုဒ်ကို ကောပေန ဟူသော အဝုတ္တကတ္တား (ဝါ) တတိယန္တ ကတ္တားပုဒ် ဖြင့် ဖွင့်ပြသောကြောင့် ကုပိတာကို "ကုပိယန္တေတိ ကုပိတာ"ဟု ကမ္မသာဓနေ ဝိဂ္ဂဟ ပြုရသည်။

ttp://www.dhammadownload.com



ပုံစံ။ **အနဘိဘူတောတိ** အညေဟိ အနဘိဘူတော။ (ဌ၊ နှာ-၁၀၃)

* သံဝဏ္ဏေတဗ္ဗ အနဘိဘူတော၌ အဘိဘူတော ဟူသော ကိတ်ပုဒ်ကို အညေဟိ ဟူသော အဝုတ္တကတ္တား (ဝါ) တတိယန္တ ကတ္တားပုဒ် ထည့်၍ ဖွင့်ပြသောကြောင့် အဘိဘူတောကို "အဘိဘုယျတေတိ အဘိ-ဘူတော"ဟု ကမ္မသာဓန ဝိဂ္ဂဟ ပြုရသည်။

(၁၀) သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ကတ္တုပစ္စယ၊ ဖွင့်၍ပြ၊ ကတ္တုသာဓန ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ကတ္တားအနက်ဟောသည့် ပစ္စည်းဆုံးသော ပုဒ်နှင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ကတ္တုသာဓန ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ **ကပ္ပကာတိ** နှာပိကာ။ (ဌ၊ နှာ-၁၄၃)

* သံဝဏ္ဏေတဗ္ဗ ကပ္ပကာ ဟူသော ကိတ်ပုဒ်ကို နှာပိကာဟု ကတ္တားအနက်ဟောသည့် ဏွုပစ္စည်းဆုံးသော ပုဒ်နှင့် ဖွင့်ပြသောကြောင့် ကပ္ပကာကို "ကပ္ပေန္တီတိ ကပ္ပကာ"ဟု ကတ္တုသာဓန ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ **သူဒါတိ** ဘတ္တကာရကာ။ (ဌ၊ နှာ-၁၄၃)

* သံဝဏ္ဏေတဗ္ဗ သူဒါ ဟူသော ကိတ်ပုဒ်ကို ဘတ္တကာရကာဟု ကတ္တားအနက်ဟောသည့် ဏွုပစ္စည်းဆုံးသော ပုဒ်နှင့် ဖွင့်ပြသောကြောင့် သူဒါကို "သူဒေန္တီတိ သူဒါ"ဟု ကတ္တုသာဓန ဝိဂ္ဂဟ ပြုရသည်။

(၁၁) သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ကတ္တုဝါစက၊ ဟိတ်ဖွင့်ပြ၊ ကတ္တုသာဓန ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ကတ္တားအနက်ဟောသည့် ဟိတ်ပုဒ်နှင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ကတ္တုသာဓန ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ ဝိနယနတော စေဝ "ဝိနယော"တိ အက္ခာတော။ (ဌ၊ နှာ-၁၇)

* သံဝဏ္ဏေတဗ္ဗ ဝိနယော ဟူသော ကိတ်ပုဒ်ကို ဝိနယနတောဟု ကတ္တားအနက်ဟောသည့် ဟိတ်ပုဒ်နှင့် ဖွင့်ပြသောကြောင့် ဝိနယောကို "ဝိနေတီတိ ဝိနယော"ဟု ကတ္တုသာဓန ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ အတ္ထာနံ သူစနတော ။ပ။ "သုတ္တ"န္တိ အက္ခာတံ။ (ဌ၊ နှာ-၁၈)

* သံဝဏ္ဏေတဗ္ဗ သုတ္တံ ဟူသော ကိတ်ပုဒ်ကို သူစနတောဟု ကတ္တားအနက်ဟောသည့် ဟိတ်ပုဒ်နှင့် ဖွင့်ပြသောကြောင့် သုတ္တံကို "သူစေတီတိ သုတ္တံ"ဟု ကတ္တုသာဓန ဝိဂ္ဂဟ ပြုရသည်။

(၁၂) သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ကမ္မပစ္စယ၊ ဖွင့်၍ပြ၊ ကမ္မသာဓန ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ကံအနက်ဟောသည့် ပစ္စည်းဆုံးသော ပုဒ်နှင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ကမ္မသာဓန ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ **ရာဇဘောဂ္ဂန္တိ** ။ပ။ ရညာ ဟုတွာ ဘုဥ္ဇိတဗ္ဗံ။ (ဌ၊ နှာ-၂၁၉)

* သံဝဏ္ဏေတဗ္ဗ ဘောဂ္ဂံ ဟူသော ကိတ်ပုဒ်ကို ဘုဥ္ဇိတဗ္ဗံဟု ကံအနက်ဟောသည့် တဗ္ဗပစ္စည်းဆုံးသော ပုဒ်နှင့် ဖွင့်ပြသောကြောင့် ဘောဂ္ဂံကို "ဘုဥ္ဇိတဗ္ဗန္တိ ဘောဂ္ဂံ"ဟု ကမ္မသာဓန ဝိဂ္ဂဟ ပြုရသည်။

(၁၃) သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ကမ္မဝါစက၊ ဟိတ်ဖွင့်ပြ၊ ကမ္မသာဓန ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ကံအနက်ဟောသည့် ဟိတ်ပုဒ်နှင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ကမ္မသာဓန ဝိဂ္ဂဟ ပြုရမည်။

ttp://www.dhammadownload.com



ပုံစံ။ တံ နဂရံ ရညာ ဒိန္နတ္တာ **ရာဇဒါယံ**။ (ဌ၊ နှာ–၂၁၉)

* သံဝဏ္ဏေတဗ္ဗ ဒါယံ ဟူသော ကိတ်ပုဒ်ကို ဒိန္နတ္တာဟု ကံအနက်ဟောသည့် ဟိတ်ပုဒ်နှင့် ဖွင့်ပြသောကြောင့် ဒါယံကို "ဒါတဗ္ဗန္တိ ဒါယံ"ဟု ကမ္မသာဓန ဝိဂ္ဂဟ ပြုရသည်။

(၁၄) သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ပရဿပဒနှင့်၊ ဖွင့်၍ပြ၊ ကတ္တုသာဓန ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ပရဿပုဒ် ဝိဘတ်ဆုံးသော ပုဒ်နှင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ကတ္တုသာဓန ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ **နှာပကာ**တိ ယေ နှာပေန္တိ။ (ဌ၊ နှာ–၁၄၃)

* သံဝဏ္ဏေတဗ္ဗ နှာပကာ ဟူသော ကိတ်ပုဒ်ကို နှာပေန္တိဟု ပရဿပုဒ် ဝိဘတ်ဆုံးသော ပုဒ်နှင့် ဖွင့်ပြသောကြောင့် နှာပကာကို "နှာပေန္တီတိ နှာပကာ"ဟု ကတ္တုသာဓန ဝိဂ္ဂဟ ပြုရသည်။

(၁၅) သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ အတ္တနောပဒနှင့်၊ ဖွင့်၍ပြ၊ ကမ္မသာဓန ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို အတ္တနောပုဒ် ဝိဘတ်ဆုံးသော ပုဒ်နှင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ကမ္မသာဓန ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ **အတ္ထော အက္ခရသညာတော** သဗ္ဗဝစနာနမတ္ထော အက္ခရေဟေဝ သညာယတေ။ (ကစ္စည်း)

* သံဝဏ္ဏေတဗ္ဗ သညာတော ဟူသော ကိတ်ပုဒ်ကို သညာယတေဟု အတ္တနောပုဒ် ဝိဘတ်ဆုံးသော ပုဒ်နှင့် ဖွင့်ပြသောကြောင့် သညာတောကို "သညာယတေတိ သညာတော"ဟု ကမ္မသာဓန ဝိဂ္ဂဟ ပြုရသည်။

(၁၆) အန္တ, မာန၊ လှယ်ဖွင့်ပြ၊ ကတ္တုသာဓန၊ ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ အန္တပစ္စည်း ဆုံးသော ကိတ်ပုဒ်ကို မာနပစ္စည်း ဆုံးသော ကိတ်ပုဒ်နှင့် လှယ်၍ ဖွင့်ပြသော်လည်းကောင်း၊ မာနပစ္စည်း ဆုံးသော ကိတ်ပုဒ်ကို အန္တပစ္စည်း ဆုံးသော ကိတ်ပုဒ်နှင့် လှယ်၍ ဖွင့်ပြသော်လည်းကောင်း သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ကတ္တုသာဓန ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ **စာရိကံ စရမာနော**တိ အဒ္ဓါနဂမနံ ဂစ္ဆန္တော။ (ဌ၊ နှာ–၂၁၃)

* သံဝဏ္ဏေတဗ္ဗ စရမာနော ဟူသော မာနပစ္စည်း ဆုံးသော ကိတ်ပုဒ်ကို ဂစ္ဆန္တောဟူ၍ အန္တပစ္စည်း ဆုံးသော ကိတ်ပုဒ်နှင့် လှယ်၍ ဖွင့်ပြသောကြောင့် စရမာနောကို "စရန္တောတိ စရမာနော"ဟု ကတ္တုသာဓန ဝိဂ္ဂဟ ပြုရသည်။

အမှာ။ ဤအဖွင့်မျိုးကို ရှု၍ "အန္တ, မာန၊ လှယ်ဖွင့်ပြ၊ အန္တ, မာန ပြန်မြဲပေ"ဟူသော နိယံကို ဆရာတို့ စပ်ဆိုကြ၏။

(၁၇) သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ယုပစ္စယန္တနှင့်၊ ဖွင့်၍ပြ၊ ဘာဝသာဓန ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ယုပစ္စည်းဆုံးသော ပုဒ်နှင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ဘာဝသာဓန ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ **အာလောကိတံ** နာမ ပုရတော ပေက္ခနံ။ (ဌ၊ နှာ–၁၇၃)

* သံဝဏ္ဏေတဗ္ဗ အာလောကိတံဝယ် လောကိတံ ဟူသော ကိတ်ပုဒ်ကို ပေက္ခနံဟု ယုပစ္စည်းဆုံးသော ပုဒ်နှင့် ဖွင့်ပြသောကြောင့် လောကိတံကို "လောကိယတေ လောကိတံ"ဟု ဘာဝသာဓန ဝိဂ္ဂဟ ပြုရသည်။

ttp://www.dhammadownload.com



(၁၈) သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ တဒ္ဓိတ်ဘာဝနှင့်၊ ဖွင့်၍ပြ၊ ကိတဘာဝ ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ဘာဝတဒ္ဓိတ်ပုဒ်နှင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ဘာဝသာဓန ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ **ဝေါဒါနန္တိ** ဝိသုဒ္ဓတာ။ (ဋ၊ နှာ–၉၀)

* သံဝဏ္ဏေတဗ္ဗ ဝေါဒါန် ဟူသော ကိတ်ပုဒ်ကို ဝိသုဒ္ဓတာဟု ဘာဝတဒ္ဓိတ်ပုဒ်နှင့် ဖွင့်ပြသောကြောင့် ဝေါဒါန်ကို "ဝေါဒီယတေ ဝေါဒါနံ"ဟု ဘာဝသာဓန ဝိဂ္ဂဟ ပြုရသည်။

သတိ။ ဏျ,တ္တ,တာ ဟူသော ဘာဝတဒ္ဓိတ် ပစ္စည်းဆုံးသော ပုဒ်များကို ဘာဝတဒ္ဓိတ်ပုဒ်ဟု ခေါ်၏။ ဝိသုဒ္ဓတာ ပုဒ်၌ ဘာဝတဒ္ဓိတ် တာပစ္စည်း ဆုံးနေသည်ကို သတိပြု။

ပုံစံ။ **ဓီဝိတပရိယာဒါနာ**တိ ဓီဝိတဿ သဗ္ဗသော ပရိယာဒိန္နတ္တာ။ (ဋ၊ နှာ–၁၁၇)

* သံဝဏ္ဏေတဗ္ဗ ပရိယာဒါနာ ဟူသော ကိတ်ပုဒ်ကို ပရိယာဒိန္နတ္တာဟု ဘာဝတဒ္ဓိတ်ပုဒ်နှင့် ဖွင့်ပြသောကြောင့် ပရိယာဒါနာကို "ပရိယာဒီယတေ ပရိယာဒါနံ၊ (တသ္မာ) ပရိယာဒါနာ"ဟု ဘာဝသာဓန ဝိဂ္ဂဟ ပြုရသည်။

သတိ။ ပရိယာဒိန္နတ္တာ ပုဒ်၌ ဘာဝတဒ္ဓိတ် တ္တပစ္စည်း ဆုံးနေသည်ကို သတိပြု။

အမှာ။ သံဝဏ္ဏေတဗ္ဗ တဒ္ဓိတ်ပုဒ်ကို ယုပစ္စယန္တနှင့်လည်းကောင်း၊ ဘာဝသာဓန ကိတ်ပုဒ်နှင့်လည်းကောင်း ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ တဒ္ဓိတ်ပုဒ်ကို ဘာဝတဒ္ဓိတ် ကြံရမည်။

(၁၉) ဓာတ်နက် ကံထား၊ ဖွင့်တုံငြား၊ မှတ်သား ကမ္မသာဓန။

ရှင်း။ သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်၏ ဓာတ်ကို ကံပုဒ်အနေနှင့် ဖွင့်လျှင် သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ကမ္မသာဓန ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ ပေမံ ဇနေတီတိ **ပေမနီယာ**။ (ဋ၊ နှာ–၇၄)

* သံဝဏ္ဏေတဗ္ဗ ပေမနီယာ ကိတ်ပုဒ်၏ ပေမ ဓာတ်ကို ပေမံဟု ကံပုဒ်အနေနှင့် ဖွင့်ထားသောကြောင့် ပေမနီယာကို "ပေမိတဗ္ဗာတိ ပေမနီယာ"ဟု ကမ္မသာဓန ဝိဂ္ဂဟ ပြုရသည်။

(၂၀) သံဝဏ္ဏေတဗ္ဗ၊ ပုဒ် ပဒကို၊ သမန္နာဂတ၊ သမ္ပန္နနှင့်၊ ထိုမှ တလီ၊ သမင်္ဂီတည့်၊ ပရိပုဏ္ဏ၊ သမ္ပုဏ္ဏက၊ စသည်တို့နှင့်၊ ဖွင့်ပြလေရာ၊ သမာသာ ဗဟုဗ်၊ တဒ္ဓိတ် အဿတ္ထိ၊ ကိတ်ညှိ ကတ္တု၊ ဝေဘန်ရှုလော့။ (ချို့စု ပဒ၊ တဒ္ဓိတမှာ၊ သဒ္ဓာတာ။)

ရှင်း။ သံဝဏ္ဏေတဗ္ဗပုဒ်ကို သမန္နာဂတ, သမ္ပန္န, သမင်္ဂီ, ပရိပုဏ္ဏ, သမ္ပုဏ္ဏက စသော သဒ္ဒါတို့နှင့် ဖွင့်လျှင် သံဝဏ္ဏေတဗ္ဗပုဒ်သည် သမာသ်ပုဒ် ဖြစ်လျှင် = ဗဟုဗ္ဗီဟိသမာသ်၊ တဒ္ဓိတ်ပုဒ် ဖြစ်လျှင် = အဿတ္ထိ တဒ္ဓိတ်၊ ကိတ်ပုဒ် ဖြစ်လျှင် = ကတ္တုသာဓန ကိတ်ပုဒ်အဖြစ် ဝိဂ္ဂဟ ပြုရမည်။

(အပွကအားဖြင့် အချို့သော သံဝဏ္ဏေတဗ္ဗ တဒ္ဓိတ်ပုဒ်ကိုကား သဒ္ဓာတတဒ္ဓိတ် ဝိဂ္ဂဟ ပြုရမည်။)

ပုံစံ။ **ပါတိမောက္ခသံဝရသံဝုတော**တိ ပါတိမောက္ခသံဝရေန သမန္နာဂတော။ (ဋ၊ နှာ–၁၆၃)

* သံဝဏ္ဏေတဗ္ဗ ပါတိမောက္ခသံဝရသံဝုတော ဟူသော သမာသ်ပုဒ်ကို ပါတိမောက္ခသံဝရေန သမန္နာဂတော ဟူ၍ သမန္နာဂတ သဒ္ဒါနှင့် ဖွင့်ပြသောကြောင့် ပါတိမောက္ခသံဝရနှင့် သံဝုတကို "ပါတိမောက္ခသံဝရေန သံဝုတံ အဿာတိ ပါတိမောက္ခသံဝရသံဝုတော"ဟု ဗဟုဗ္ဗီဟိသမာသ် ဝိဂ္ဂဟ ပြုရသည်။

ttp://www.dhammadownload.com



ပုံစံ။ **လဒ္ဓိ**တိ ပါပဒိဋ္ဌိဂ္ဂဟဏလက္ခဏာယ လဒ္ဓာယ သမန္နာဂတော။ (ဋ၊ နှာ–၆၉)

* လဒ္ဓိ ဟူသော သံဝဏ္ဏေတဗ္ဗ တဒ္ဓိတ်ပုဒ်ကို လဒ္ဓာယ သမန္နာဂတောဟူ၍ သမန္နာဂတော ပုဒ်နှင့် ဖွင့်ပြသော ကြောင့် လဒ္ဓိကို "လဒ္ဓာ အဿ အတ္ထီတိ လဒ္ဓိ"ဟု အဿတ္ထိတဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ **ကလျာဏော**တိ ကလျာဏဂုဏသမန္နာဂတော။ (ဋ၊ နှာ–၁၃၃)

* သံဝဏ္ဏေတဗ္ဗ ကလျာဏော ဟူသော တဒ္ဓိတ်ပုဒ်ကို ကလျာဏဂုဏသမန္နာဂတော ဟူ၍ သမန္နာဂတ သဒ္ဒါနှင့် ဖွင့်ပြသောကြောင့် ကလျာဏောကို "ကလျာဏော အဿ အတ္ထီတိ ကလျာဏော"ဟု အဿတ္ထိ တဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ **ယုဝါ**တိ ယောဗ္ဗနေန သမန္နာဂတော။ (ဋ၊ နှာ–၁၉၉)

* သံဝဏ္ဏေတဗ္ဗ ယုဝါ ဟူသော ကိတ်ပုဒ်ကို ယောဗ္ဗနေန သမန္နာဂတော ဟူ၍ သမန္နာဂတ သဒ္ဒါနှင့် ဖွင့်ပြ သောကြောင့် ယုဝါကို "ယဝတီတိ ယုဝါ"ဟု ကတ္တုသာဓန ကိတ်ဝိဂ္ဂဟ ပြုရသည်။

(၂၁) သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ယုတ္တ, သက္ကာ၊ အရဟာ, သက္ကုဏေယျ၊ အနုစ္ဆဝိက၊ စသည်တို့နှင့်၊ ဖွင့်၍ပြ၊ ကမ္မသာဓန ကြံစရာ။

သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတကို၊ ယုတ္တ, ယောဂ္ဂ၊ အရဟာဒိ၊ ဖွင့်ပြဘိက၊ ယုတ္တ, ယောဂ္ဂါဒိ၊ တဒ္ဓိတပဒ၊ ကြံကုန်ကြ။ ရှေ့အဋ္ဌကထာ၊ နောက်ဋီကာ၊ ခွဲကာ မှတ်ကြ၊ နည်းနှစ်ဝ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ယုတ္တ, သက္ကာ, အရဟာ, သက္ကုဏေယျ, အနုစ္ဆဝိက စသော သဒ္ဒါတို့နှင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ ကိတ်ပုဒ်ကို ကမ္မသာဓန ဝိဂ္ဂဟ ပြုရမည်။

သံဝဏ္ဏေတဗ္ဗ တဒ္ဓိတ်ပုဒ်ကို ယုတ္တ, ယောဂ္ဂ, အရဟာ စသော သဒ္ဒါတို့နှင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ တဒ္ဓိတ်ပုဒ်ကို ယုတ္တတဒ္ဓိတ်, ယောဂ္ဂတဒ္ဓိတ် စသည်ဖြင့် ဝိဂ္ဂဟ ပြုရမည်။ ပဌမနည်းသည် အဋ္ဌကထာနည်း ဖြစ်၏။ ဒုတိယနည်းသည် ဋီကာနည်း ဖြစ်၏။

ပုံစံ။ ဒဿိတုံ ယုတ္တာတိ **ဒဿနီယာ**။ (ဋ၊ နှာ–၁၂၉)

* သံဝဏ္ဏေတဗ္ဗ ဒဿနီယာ ဟူသော ကိတ်ပုဒ်ကို ဒဿိတုံ ယုတ္တာဟု ယုတ္တသဒ္ဒါနှင့် ဖွင့်ပြသောကြောင့် ဒဿနီယာကို "ဒဿိတဗ္ဗာတိ ဒဿနီယာ"ဟု ကမ္မသာဓန ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ သမ္မောဒဇနနတော, သမ္မောဒိတုံ ယုတ္တဘာဝတော စ **သမ္မောဒနီယံ**။ (ဋ၊ နှာ–၂၂၅)

* သံဝဏ္ဏေတဗ္ဗ သမ္မောဒနီယံ ဟူသော ကိတ်ပုဒ်ကို သမ္မောဒိတုံ ယုတ္တဘာဝတော စ–ဟု ယုတ္တသဒ္ဒါနှင့် ဖွင့်ပြသောကြောင့် သမ္မောဒနီယံကို "သမ္မောဒေတဗ္ဗာတိ သမ္မောဒနီယာ၊ (တံ) သမ္မောဒနီယံ"ဟု ကမ္မသာဓန ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ **သဗ္ဗင်္ဂပစ္စင်္ဂီ**တိ သဗ္ဗင်္ဂပစ္စင်္ဂယုတ္တော။ (ဋ၊ နှာ–၁၁၁)

* သံဝဏ္ဏေတဗ္ဗ သဗ္ဗင်္ဂပစ္စင်္ဂီ ဟူသော တဒ္ဓိတ်ပုဒ်ကို သဗ္ဗင်္ဂပစ္စင်္ဂယုတ္တောဟု ယုတ္တသဒ္ဒါနှင့် ဖွင့်ပြသောကြောင့် သဗ္ဗင်္ဂပစ္စင်္ဂီကို "သဗ္ဗင်္ဂပစ္စင်္ဂေဟိ ယုတ္တော သဗ္ဗင်္ဂပစ္စင်္ဂီ"ဟု ယုတ္တတဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

မျက်မွေးတဆုံး ကြည့်သောသူ လူညံ့။
မျက်စိတဆုံး ကြည့်သောသူ လူလတ်။
မျက်မှိတ်တဆုံး ကြည့်သောသူ လူတော်။

ttp://www.dhammadownload.com



(၂၂) သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတကို၊ ယုတ္တ, သက္ကာ၊ အရဟာ, သက္ကုဏေယျ၊ အနုစ္ဆဝိက၊ စသည်တို့နှင့်၊ ဖွင့်၍ပြ၊ အဿတ္ထိဟု ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ တဒ္ဓိတ်ပုဒ်ကို ယုတ္တ, သက္ကာ, အရဟာ, သက္ကုဏေယျ, အနုစ္ဆဝိက စသော သဒ္ဒါတို့နှင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ တဒ္ဓိတ်ပုဒ်ကို အဿတ္ထိတဒ္ဓိတ် ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ **သဗ္ဗဂ်ပစ္စဂီတိ** သဗ္ဗဂ်ပစ္စဂ်ယုတ္တော။ (ဋ၊ နှာ–၁၁၁)

* သံဝဏ္ဏေတဗ္ဗ သဗ္ဗဂ်ပစ္စဂီ ဟူသော တဒ္ဓိတ်ပုဒ်ကို သဗ္ဗဂ်ပစ္စဂ်ယုတ္တောဟု ယုတ္တသဒ္ဒါနှင့် ဖွင့်ပြသောကြောင့် သဗ္ဗဂ်ပစ္စဂီကို "သဗ္ဗဂ်ပစ္စဂ်ါနိ ယဿ အတ္ထိတိ သဗ္ဗဂ်ပစ္စဂီ"ဟု အဿတ္ထိတဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

(၂၃) သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတကို၊ သရိက္ခက၊ သဒိသနှင့်၊ သမာန, ကပ္ပ၊ ဝိယ စဖြာ၊ ဖွင့်ပြရာ၊ ဥပမာ၊ ကြံပါ တဒ္ဓိတ။ (ဥပစာ ဟူ၊ သဒိသူ။)

ရှင်း။ သံဝဏ္ဏေတဗ္ဗ တဒ္ဓိတ်ပုဒ်ကို သရိက္ခက, သဒိသ, သမာန, ကပ္ပ, ဝိယ စသော သဒ္ဒါတို့နှင့် ဖွင့်လျှင် သံဝဏ္ဏေတဗ္ဗ တဒ္ဓိတ်ပုဒ်ကို ဥပမာတဒ္ဓိတ် ဝိဂ္ဂဟ ပြုရမည်။ (ဥပစာ ကြံသော် သဒိသူပစာ ကြံရမည်။)

ပုံစံ။ နေတ္တိသဒိသတာယ ဘဝတဏှာ **နေတ္တီ**တိ အဓိပ္ပေတာ။ (ဋ၊ နှာ–၁၁၇)

* သံဝဏ္ဏေတဗ္ဗ နေတ္တိ ဟူသော တဒ္ဓိတ်ပုဒ်ကို နေတ္တိသဒိသတာယ ဟူ၍ သဒိသသဒ္ဒါနှင့် ဖွင့်ပြသောကြောင့် သံဝဏ္ဏေတဗ္ဗ နေတ္တိ ပုဒ်ကို "နေတ္တိ ဝိယာတိ နေတ္တိ"ဟု ဥပမာတဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ အဗ္ဘောကာသော ဝိယာတိ **အဗ္ဘောကာသော**။ (ဋ၊ နှာ–၁၆၂)

* သံဝဏ္ဏေတဗ္ဗ အဗ္ဘောကာသော ဟူသော တဒ္ဓိတ်ပုဒ်ကို အဗ္ဘောကာသော ဝိယ ဟူ၍ ဝိယသဒ္ဒါနှင့် ဖွင့်ပြသောကြောင့် သံဝဏ္ဏေတဗ္ဗ အဗ္ဘောကာသော ပုဒ်ကို "အဗ္ဘောကာသော ဝိယာတိ အဗ္ဘောကာသော"ဟု ဥပမာတဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

(၂၄) ဝိဘတ်တူပြ၊ စ–ယှဉ်က၊ ကမ္မ,ဒွန္ဒ ကြံ။
ယင်းသို့ ဖွင့်ရာ၊ ဒွန္ဒသာ၊ ကျမ်းမှာ အထင်များသတည်း။
အရ မတူ၊ ဒွန်ဟုယူ၊ ရတူ ကမ္မ၊ ထူးမှတ်ကြ။

ရှင်း။ သံဝဏ္ဏေတဗ္ဗပုဒ်ကို ဖွင့်သောအခါ၌ ရှေ့ပုဒ်နှင့် နောက်ပုဒ်တို့သည် ဝိဘတ်ချင်း တူပြီး နှစ်ပုဒ်လုံး၌ စသဒ္ဒါ ယှဉ်တွဲ၍ ဖွင့်ထားလျှင် သံဝဏ္ဏေတဗ္ဗပုဒ်ကို ကမ္မဓာရည်းနှင့်ဒွန် နှစ်မျိုးတို့တွင် တစ်မျိုးမျိုး ဝိဂ္ဂဟ ပြုရမည်။ ယင်းနှစ်မျိုးတို့တွင်လည်း ဒွန်သမာသ် ဝိဂ္ဂဟ ပြုရသည်သာ များ၏။ ယင်းကမ္မဓာရည်းနှင့်ဒွန် နှစ်မျိုးတို့တွင် ရှေ့ပုဒ်နှင့် နောက်ပုဒ်တို့၏ အရသည် မတူခဲ့လျှင် ဒွန်သမာသ်, ရှေ့ပုဒ်နှင့် နောက်ပုဒ်တို့၏ အရသည် တူခဲ့လျှင် ကမ္မဓာရည်းသမာသ်ဟု အထူးကို မှတ်၍ ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ **ဗီဇဂါမဘူတဂါမသမာရမ္ဘာ**တိ မူလဗီဇံ ခန္ဓဗီဇံ ဖဠုဗီဇံ အဂ္ဂဗီဇံ ဗီဇဗီဇန္တိ ပဉ္စဝိဓဿ ဗီဇဂါမဿ စေဝ ယဿ ကဿစိ နီလတိဏရုက္ခာဒိကဿ ဘူတဂါမဿ စ သမာရမ္ဘာ။ (ဋ၊ နှာ–၇၅)

* သံဝဏ္ဏေတဗ္ဗပုဒ် ဖြစ်သော ဗီဇဂါမနှင့် ဘူတဂါမကို "ဗီဇဂါမဿ စေဝ ဘူတဂါမဿ စ"ဟု သဝိဘတ်ချင်း တူပြီး နှစ်ပုဒ်လုံး၌ စသဒ္ဒါ ယှဉ်တွဲ၍ ဖွင့်ထားသောကြောင့် ဗီဇဂါမနှင့် ဘူတဂါမကို ကမ္မဓာရည်းနှင့်ဒွန် နှစ်မျိုးတို့တွင် တစ်မျိုးမျိုး ကြံ၍ ဝိဂ္ဂဟ ပြုရမည်။ ယင်းနှစ်မျိုးတို့တွင်လည်း ဗီဇဂါမ ပုဒ်၏ အရကား မူလဗီဇ စသော ငါးပါးသော ဗီဇဂါမ်ကို ရ၍ ဘူတဂါမ ပုဒ်၏ အရကား နီလတိဏရုက္ခ စသော ဘူတဂါမ်ကို

ttp://www.dhammadownload.com



ရ၏။ ဤသို့လျှင် ဗိဇဂါမ ဟူသော ရှေ့ပုဒ်၏ အရနှင့် ဘူတဂါမ ဟူသော နောက်ပုဒ်တို့၏ အရသည် မတူသောကြောင့် ဗိဇဂါမနှင့် ဘူတဂါမကို "ဗီဇဂါမော စ ဘူတဂါမော စ ဗီဇဂါမဘူတဂါမာ"ဟု ဒွန်သမာသ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ **ရက္ခာဝရဏဂုတ္တိံ** ရက္ခာသင်္ခါတဉ္စ အာဝရဏသင်္ခါတဉ္စ ဂုတ္တိံ။ (ဋ၊ နှာ–၁၅၃)

* သံဝဏ္ဏေတဗ္ဗပုဒ် ဖြစ်သော ရက္ခနှင့် အာဝရဏကို "ရက္ခာသင်္ခါတဉ္စ အာဝရဏသင်္ခါတဉ္စ"ဟု ဝိဘတ်ချင်း တူပြီး နှစ်ပုဒ်လုံး၌ စသဒ္ဒါ ယှဉ်တွဲ၍ ဖွင့်ထားသောကြောင့် ရက္ခနှင့် အာဝရဏကို ကမ္မဓာရည်းနှင့်ဒွန် နှစ်မျိုးတို့တွင် တစ်မျိုးမျိုး ကြံ၍ ဝိဂ္ဂဟ ပြုရမည်။ ယင်းနှစ်မျိုးတို့တွင်လည်း ဒွန်သမာသ်သည်သာ ကျမ်းဂန်တို့၌ အရှိများသောကြောင့် ရက္ခနှင့် အာဝရဏကို "ရက္ခာ စ အာဝရဏဉ္စ ရက္ခာဝရဏံ"ဟု ဒွန်သမာသ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ သေတိ စေဝ အာသတိ စ ဧတ္ထာတိ **သေနာသနံ**။ (ဋ၊ နှာ–၁၈၇)

* သံဝဏ္ဏေတဗ္ဗပုဒ် ဖြစ်သော သေနနှင့် အာသနကို "သေတိ စေဝ အာသတိ စ"ဟု ဝိဘတ်ချင်း တူပြီး နှစ်ပုဒ်လုံး၌ စသဒ္ဒါ ယှဉ်တွဲ၍ ဖွင့်ထားသောကြောင့် သေနနှင့် အာသနကို ကမ္မဓာရည်းနှင့်ဒွန် နှစ်မျိုးတို့တွင် တစ်မျိုးမျိုး ကြံ၍ ဝိဂ္ဂဟ ပြုရမည်။ ယင်းနှစ်မျိုးတို့တွင်လည်း ဒွန်သမာသ်သည်သာ ကျမ်းဂန်တို့၌ အရှိများသောကြောင့် သေနနှင့် အာသနကို "သေနဉ္စ အာသနဉ္စ သေနာသနံ"ဟု ဒွန်သမာသ် ဝိဂ္ဂဟ ပြုရသည်။

(၂၅) သမာန ဝိဘတ္တိက၊ ဖွင့်၍ပြ၊ ကမ္မဓာရယ ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်ကို ဝိဘတ်တူ (သမာနဝိဘတ္တိက)နှင့် ဖွင့်လျှင် သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်ကို ကမ္မဓာရည်းသမာသ် ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ **အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတီတိ** အဒ္ဓါနသင်္ခါတံ မဂ္ဂံ ပဋိပန္နော ဟောတိ။ (ဋ၊ နှာ–၃၆)

* သံဝဏ္ဏေတဗ္ဗ အဒ္ဓါနမဂ္ဂ သမာသ်ပုဒ်၌ အဒ္ဓါနကို အဒ္ဓါနသင်္ခါတံ၊ မဂ္ဂကို မဂ္ဂံဟု ဝိဘတ်တူ (သမာန ဝိဘတ္တိက)နှင့် ဖွင့်သောကြောင့် အဒ္ဓါနမဂ္ဂကို "အဒ္ဓါနသင်္ခါတော မဂ္ဂေါ အဒ္ဓါနမဂ္ဂေါ"ဟု ကမ္မဓာရည်း သမာသ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ ပုထုနံ ဝါ ဂဏနပထမတီတာနံ အရိယဓမ္မပရမ္မုခါနံ နီစဓမ္မသမာစာရာနံ ဇနာနံ အန္တောဂဓတ္တာတိ **ပုထုဇ္ဇနော**။ (ဋ၊ နှာ–၅၉)

* သံဝဏ္ဏေတဗ္ဗ ပုထုဇ္ဇနော၌ ပုထုကို ပုထုနံ၊ ဇနကို ဇနာနံဟု ပုထုနှင့် ဇနတို့ကို ဝိဘတ်တူ (သမာန ဝိဘတ္တိက)နှင့် ဖွင့်သောကြောင့် ပုထုဇ္ဇနောကို "ပုထု (ဗဟုကော) ဇနော ပုထုဇ္ဇနော"ဟု ကမ္မဓာရည်းသမာသ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ ဗဟုနော ဇနဿ ကန္တာ ဟောတီတိ **ဗဟုဇနကန္တာ**။ (ဋ၊ နှာ–၇၄)

* သံဝဏ္ဏေတဗ္ဗ ဗဟုဇနကန္တာ၌ ဗဟုကို ဗဟုနော၊ ဇနကို ဇနဿဟု ဝိဘတ်တူ (သမာနဝိဘတ္တိက)နှင့် ဖွင့်ထားသောကြောင့် ဗဟုနှင့် ဇနကို "ဗဟု စ သော ဇနော စာတိ ဗဟုဇနော"ဟု ကမ္မဓာရည်း သမာသ် ဝိဂ္ဂဟ ပြုရသည်။

(၂၆) ဣတိ, ဟုတွာ၊ သင်္ခါတနှင့်၊ ဧဝ, ဘူတ၊ ထည့်ဖွင့်က၊ ကမ္မဓာရည်းကြံ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်ကို ဣတိ, ဟုတွာ, သင်္ခါတ, ဧဝ, ဘူတသဒ္ဒါတို့နှင့် ဖွင့်လျှင် သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်ကို ကမ္မဓာရည်းသမာသ် ဝိဂ္ဂဟ ပြုရမည်။

ttp://www.dhammadownload.com



ပုံစံ။ **ရက္ခာဝရဏဂုတ္တိန္တိ** ရက္ခာသင်္ခါတဉ္စေဝ အာဝရဏသင်္ခါတဉ္စ ဂုတ္တိံ။ (၄၊ နှာ-၁၅၃)

* သံဝဏ္ဏေတဗ္ဗ ရက္ခာဝရဏဂုတ္တိ သမာသ်ပုဒ်ကို ရက္ခာသင်္ခါတဉ္စေဝ အာဝရဏသင်္ခါတဉ္စ ဂုတ္တိံ ဟူ၍ သင်္ခါတ သဒ္ဒါနှင့် ဖွင့်ပြသောကြောင့် ရက္ခာဝရဏနှင့် ဂုတ္တိကို "ရက္ခာဝရဏသင်္ခါတာ ဂုတ္တိ ရက္ခာဝရဏဂုတ္တိ"ဟု ကမ္မဓာရည်းသမာသ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ **ဗြဟ္မစရိယန္တိ** သေဋ္ဌဋ္ဌေန ဗြဟ္မဘူတံ စရိယံ။ (၄၊ နှာ-၁၆၂)

* သံဝဏ္ဏေတဗ္ဗ ဗြဟ္မစရိယံ သမာသ်ပုဒ်ကို ဗြဟ္မဘူတံ စရိယံဟူ၍ ဘူတ သဒ္ဒါနှင့် ဖွင့်ပြသောကြောင့် ဗြဟ္မနှင့် စရိယကို "ဗြဟ္မဘူတံ စရိယံ ဗြဟ္မစရိယံ"ဟု သမ္ဘာဝနာ ကမ္မဓာရည်းသမာသ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ **ရာဇဘောဂ္ဂန္တိ** ။ပ။ ရညာ ဟုတ္ဝာ ဘုဉ္ဇိတဗ္ဗံ။ (၄၊ နှာ-၂၁၉)

* သံဝဏ္ဏေတဗ္ဗ ရာဇဘောဂ္ဂံ သမာသ်ပုဒ်ကို ရညာ ဟုတ္ဝာ ဘုဉ္ဇိတဗ္ဗံ ဟူ၍ ဟုတ္ဝာသဒ္ဒါနှင့် ဖွင့်ပြသောကြောင့် ရာဇနှင့် ဘောဂ္ဂကို "ရာဇာ ဟုတ္ဝာ ဘောဂ္ဂံ ရာဇဘောဂ္ဂံ"ဟု ကမ္မဓာရည်းသမာသ် ဝိဂ္ဂဟ ပြုရသည်။

(၂၇) သင်္ခါတ သဒ္ဒါ၊ ရှိလေရာ၊ သရုပ်သာ ထွက်လေ။

ရှင်း။ သင်္ခါတသဒ္ဒါနှင့် ဖွင့်လျှင် သရုပ်အရကောက် အာဘော်ဖော်၍ သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ အမည်ပေးရမည်။

ပုံစံ။ **ပဟာယာတိ** ဣမံ ပါဏာတိပါတစေတနာသင်္ခါတံ ဒုဿီလျံ ပဇဟိတွာ။ (၄၊ နှာ-၆၉)

ပါဏာတိပါတစေတနာသင်္ခါတံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဒုဿီလျအရ ပါဏာတိပါတ စေတနာကို ယူရမည်ဟု ဖွင့်ပြသိစေပါသည်။ (အာဘော်)

သရုပ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ။ (သံဝဏ္ဏနာအမည်)

* ဤပုံစံဝယ် ပါဏာတိပါတစေတနာသင်္ခါတံ ပုဒ်၌ သင်္ခါတသဒ္ဒါနှင့် ဖွင့်ပြနေပါ၏။ ထို့ကြောင့် သရုပ်အရကောက် အာဘော်ဖော်၍ သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ အမည်ပေးရသည်။

ပုံစံ။ ပဗ္ဗဇိတသမူဟသင်္ခါတော သံဃော အဿ အတ္ထီတိ **သံဃီ**။ (၄၊ နှာ-၁၃၀)

ပဗ္ဗဇိတသမူဟသင်္ခါတော ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သံဃောအရ ရဟန်းအပေါင်းကို ယူရမည်ဟု ဖွင့်ပြသိစေပါသည်။ (အာဘော်)

သရုပ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ။ (သံဝဏ္ဏနာအမည်)

* ဤပုံစံဝယ် ပဗ္ဗဇိတသမူဟသင်္ခါတော ပုဒ်၌ သင်္ခါတသဒ္ဒါနှင့် ဖွင့်ပြနေပါ၏။ ထို့ကြောင့် သရုပ်အရကောက် အာဘော်ဖော်၍ သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ အမည်ပေးရသည်။

(၂၈) နောက်ပုဒ် မပြ၊ ရှေ့ပဒမှာ၊ ဧဝ သဒ္ဒါ၊ ယှဉ်ဖွင့်ရာ၊ သမာသာကမ္မ၊ အထ ဝါ သုတ္တော၊ ကြံစေလော။

ရှင်း။ သံဝဏ္ဏေတဗ္ဗ ပုဒ်၏ နောက်ပုဒ်ကို မဖွင့်ပြဘဲ ရှေ့ပုဒ်၏ အဆုံး၌သာ ဧဝသဒ္ဒါနှင့် ယှဉ်တွဲ၍ ဖွင့်ပြလျှင် ယင်းသံဝဏ္ဏေတဗ္ဗ ပုဒ်ကို ကမ္မဓာရည်းသမာသ်သော်လည်းကောင်း၊ သုတ္တတဒ္ဓိတ်သော်လည်းကောင်း ဝိဂ္ဂဟ ပြုရမည်။

အမှာ။ ကမ္မဓာရည်းသမာသ် ဝိဂ္ဂဟ ပြုရသည်သာ များ၏။ ယင်းကမ္မဓာရည်းသမာသ်သည်လည်း (က) တဗ္ဘာဝ ဝုတ္တိကမ္မဓာရည်းသမာသ် (ခ) အဝဓာရဏကမ္မဓာရည်းသမာသ် (ဂ) သမ္ဘာဝနာကမ္မဓာရည်းသမာသ် သုံးမျိုး တို့တွင် တစ်မျိုးမျိုး ဖြစ်၏။

ttp://www.dhammadownload.com



ပုံစံ။ သီလမေဝ **သီလမတ္တကံ**။ (ဌ၊ နှာ-၅၅)

* သံဝဏ္ဏေတဗ္ဗ သီလမတ္တကံ ပုဒ်၌ မတ္တကံ ဟူသော နောက်ပုဒ်ကို မဖွင့်ပြဘဲ သီလ ဟူသော ရှေ့ပုဒ်၏ အဆုံး၌သာ ဧဝသဒ္ဒါနှင့် ယှဉ်တွဲ၍ ဖွင့်ပြသောကြောင့် သီလမတ္တကံကို "သီလမေဝ မတ္တကံ သီလမတ္တကံ"ဟု တဗ္ဘာဝဝုတ္တိ ကမ္မဓာရည်းသမာသ် ဝိဂ္ဂဟ ပြုရသည်။

အမှာ။ သံဝဏ္ဏနာ အမည်ပေးသော အခါ၌ သမာသ်ဝိဂြိုဟ်၏ အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂပဒတ္ထနှင့် အဘိဓာနတ္ထသံဝဏ္ဏနာဟူ၍လည်းကောင်း၊ အနက်မဲ့ကို ဖွင့်ပြခြင်းသည်ပင် မတ္တကပုဒ်၏ အနက်ကို ဖွင့်ရာ ရောက်သောကြောင့် နာမလိင်္ဂတ္ထသံဝဏ္ဏနာဟူ၍လည်းကောင်း အမည်ပေးရမည်။

(တစ်နည်း) သီလမတ္တကံ ဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၌ မတ္တကံ ဟူသော နောက်ပုဒ်ကို မဖွင့်ပြဘဲ သီလ ဟူသော ရှေ့ပုဒ်၏ အဆုံး၌သာ ဧဝသဒ္ဒါနှင့် ယှဉ်တွဲ၍ ဖွင့်ပြသောကြောင့် သီလမတ္တကံ ကို "သီလမေဝ သီလမတ္တကံ"ဟု သွတ္ထတဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

အမှာ။ သံဝဏ္ဏနာ အမည်ပေးသော အခါ၌ တဒ္ဓိတ်ဝိဂြိုဟ်၏ အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ ဟူ၍လည်းကောင်း၊ တဒ္ဓိတ် ကပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ပစ္စယတ္ထသံဝဏ္ဏနာဟူ၍လည်း ကောင်း အမည်ပေးရမည်။

သတိ။ သွတ္ထတဒ္ဓိတ် ကြံသောအခါ၌ မတ္တသဒ္ဒါကို ဝိသေသနိဝတ္တိအနက် ရှိ၏ဟု အာဘော်ဖော်ရမည်။

ပုံစံ။ သိပ္ပမေဝ **သိပ္ပါယတနံ**။ (ဌ၊ နှာ-၁၄၂)

* သံဝဏ္ဏေတဗ္ဗ သိပ္ပါယတနံ ပုဒ်၌ အာယတနံ ဟူသော နောက်ပုဒ်ကို မဖွင့်ပြဘဲ သိပ္ပ ဟူသော ရှေ့ပုဒ်၏ အဆုံး၌သာ ဧဝသဒ္ဒါနှင့် ယှဉ်တွဲ၍ ဖွင့်ပြသောကြောင့် သိပ္ပါယတနံ ဟူသော သမာသ်ပုဒ်ကို "သိပ္ပမေဝ အာယတနံ သိပ္ပါယတနံ"ဟု တဗ္ဘာဝဝုတ္တိ ကမ္မဓာရည်းသမာသ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ **ကိတ္တိသဒ္ဒေါ**တိ ကိတ္တိယေဝ။ (ဌ၊ နှာ-၁၃၃)

* သံဝဏ္ဏေတဗ္ဗ ကိတ္တိသဒ္ဒေါ၌ သဒ္ဒေါ ဟူသော နောက်ပုဒ်ကို မဖွင့်ပြဘဲ ကိတ္တိ ဟူသော ရှေ့ပုဒ်၏ အဆုံး၌သာ ဧဝသဒ္ဒါနှင့် ယှဉ်တွဲ၍ ဖွင့်ပြသောကြောင့် ကိတ္တိသဒ္ဒေါ ဟူသော သမာသ်ပုဒ်ကို "ကိတ္တိယေဝ သဒ္ဒေါ ကိတ္တိသဒ္ဒေါ"ဟု အဝဓာရဏ ကမ္မဓာရည်းသမာသ် (ဝါ) သမ္ဘာဝနာ ကမ္မဓာရည်းသမာသ် ဝိဂ္ဂဟ ပြုရသည်။

(၂၉) ဝိဘတ်မခြား၊ နောက်သွင်းငြား၊ ယင်းကား လောပသာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗပုဒ်နှင့် ဝိဘတ်မခြားဘဲ ပုဒ်အပိုတို့ကို နောက်၌ ထည့်သွင်း၍ ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗ ပုဒ်ကို ကျေနေသော လောပသမာသ်မျိုးသော်လည်းကောင်း၊ တဒ္ဓိတ်သော်လည်းကောင်း ကြံ၍ ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ ကသ္မာ ပနေသ ဒီဃနိကာယောတိ ဝုစ္စတိ? ဒီဃပ္ပမာဏာနံ သုတ္တာနံ။ (ဌ၊ နှာ-၂၃)

* သံဝဏ္ဏေတဗ္ဗ ဒီဃနိကာယ၌ ဒီဃ တဒ္ဓိတ်ပုဒ်နှင့် ဝိဘတ်မခြားဘဲ ပမာဏ ပုဒ်အပိုကို နောက်၌ ထည့်သွင်း၍ ဒီဃပ္ပမာဏာနံဟု ဖွင့်ပြသောကြောင့် ဒီဃကို "ဒီဃပ္ပမာဏာနီတိ ဒီဃာနိ"ဟု ပမာဏတဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ အစ္ဆရာယောဂ္ဂန္တိ **အစ္ဆရိယံ**။ (ဌ၊ နှာ-၄၄)

* သံဝဏ္ဏေတဗ္ဗ အစ္ဆရိယံနှင့် ဝိဘတ်မခြားဘဲ ယောဂ္ဂ ပုဒ်အပိုကို နောက်၌ ထည့်သွင်း၍ အစ္ဆရာယောဂ္ဂံဟု ဖွင့်ပြသောကြောင့် အစ္ဆရိယံကို "အစ္ဆရာ ယောဂ္ဂံ အစ္ဆရိယံ"ဟု ဥတ္တရပဒလောပ တပ္ပုရိသ်သမာသ် (ဝါ) ယောဂ္ဂတဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

ttp://www.dhammadownload.com



ပုံစံ။ **အဘူတ် အဘူတဘာဝေ နိစ္စဒ္ဓေတဗ္ဗန္တိ** ယံ အဘူတံ၊ တံ အဘူတဘာဝေနေဝ အပနေတဗ္ဗံ။ (ဋ၊ နှာ-၅၃)

* သံဝဏ္ဏေတဗ္ဗ အဘူတံနှင့် ဝိဘတ်မခြားဘဲ ဘာဝ ပုဒ်အပိုကို နောက်၌ ထည့်သွင်း၍ အဘူတဘာဝေနေဝဟု ဖွင့်ပြသောကြောင့် အဘူတံကို "အဘူတဿ ဘာဝေါ အဘူတံ"ဟု ဘာဝတဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ **သဗ္ဗင်္ဂပစ္စင်္ဂီတိ** သဗ္ဗင်္ဂပစ္စင်္ဂယုတ္တော။ (ဋ၊ နှာ-၁၁၁)

* သံဝဏ္ဏေတဗ္ဗ သဗ္ဗင်္ဂပစ္စင်္ဂနှင့် ဝိဘတ်မခြားဘဲ ယုတ္တ ပုဒ်အပိုကို နောက်၌ ထည့်သွင်း၍ သဗ္ဗင်္ဂပစ္စင်္ဂယုတ္တောဟု ဖွင့်ပြသောကြောင့် သဗ္ဗင်္ဂပစ္စင်္ဂီကို "သဗ္ဗင်္ဂပစ္စင်္ဂေဟိ ယုတ္တော သဗ္ဗင်္ဂပစ္စင်္ဂီ"ဟု ယုတ္တတဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

(၃၀) မရှိတာ ပြ၊ တဒ္ဓိတ၊ လောပသမာသ် ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗပုဒ်၌ မရှိသော ပုဒ်အပိုတို့ကို ထည့်သွင်း၍ ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗပုဒ်ကို ကျေနေသော လောပသမာသ်မျိုးသော်လည်းကောင်း၊ တဒ္ဓိတ်သော်လည်းကောင်း ကြံ၍ ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ ပေမံ ဇနေတီတိ **ပေမနီယာ**။ (ဋ၊ နှာ-၇၄)

* သံဝဏ္ဏေတဗ္ဗ ပေမနီယာ တဒ္ဓိတ်ပုဒ်ကို ပေမံ ဇနေတီဟု ဇနေတိသဒ္ဒါ ပိုလွန်၍ ဖွင့်သောကြောင့် ပေမနီယာ ပုဒ်ကို "ပေမန် ဇနေတီတိ ပေမနီယာ"ဟု ဇနေတိတဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ ရတ္တိယာ ဘောဇနံ ရတ္တိ၊ တတော ဥပရတောတိ **ရတ္တူပရတော**။ (ဋ၊ နှာ-၇၅)

* သံဝဏ္ဏေတဗ္ဗ ရတ္တူပရတော၌ ရတ္တိ ပုဒ်ကို ရတ္တိယာ ဘောဇနံဟု ဘောဇနသဒ္ဒါ ပိုလွန်၍ ဖွင့်သောကြောင့် ရတ္တိ ပုဒ်ကို "ရတ္တိယာ ဘောဇနံ ရတ္တိ"ဟု ဉတ္တရပဒလောပ သတ္တမီတပ္ပုရိသ်သမာသ် (ဝါ) ဘောဇနတဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ **ကလျာဏောတိ** ကလျာဏဂုဏသမန္နာဂတော။ (ဋ၊ နှာ-၁၃၃)

* သံဝဏ္ဏေတဗ္ဗ ကလျာဏော တဒ္ဓိတ်ပုဒ်ကို ကလျာဏဂုဏသမန္နာဂတောဟု သမန္နာဂတသဒ္ဒါ ပိုလွန်၍ ဖွင့်ပြသောကြောင့် ကလျာဏောကို "ကလျာဏေန သမန္နာဂတော ကလျာဏော"ဟု သမန္နာဂတတဒ္ဓိတ် ဝိဂ္ဂဟ ပြုရသည်။

အမှာ။ "ဝိဘတ်မခြား၊ နောက်သွင်းငြား၊ ယင်းကား လောပသာ" နိယံဖြင့် ညွှန်ပြခဲ့သော ပုံစံများသည်လည်း ဤနိယံနှင့် သက်ဆိုင်ပါ၏။

(၃၁) မရှိတာ ပြ၊ ဘာဝတ္ထ၊ အပ္ပက သမ္ဗန္ဓာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗပုဒ်၌ မရှိသော ပုဒ်အပိုတို့ကို ထည့်သွင်း၍ ဖွင့်ပြလျှင် များသောအားဖြင့် ဘာဝတ္ထသံဝဏ္ဏနာ အာဘော်ဖော်ရမည်။ အပ္ပကအားဖြင့်ကား သမ္ဗန္ဓသံဝဏ္ဏနာ အာဘော်ဖော်ရမည်။

ပုံစံ။ အဇ္ဈတ္တံ ကောပါဒိပစ္စတ္ထိကေ, ဗဟိဒ္ဓါ စ သဗ္ဗရာဇာနော ဝိဇေတီတိ **ဝိဇိတာဝီ**။ (ဋ၊ နှာ-၂၂၂)

အဇ္ဈတ္တံ ကောပါဒိပစ္စတ္ထိကေ, ဗဟိဒ္ဓါ စ သဗ္ဗရာဇာနော ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် "ဝိဇေတိ-အောင်၏" ဟူသည် အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ကောပ အစရှိသော ရန်သူတို့ကိုလည်းကောင်း၊ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော အလုံးစုံသော မင်းတို့ကိုလည်းကောင်း အောင်၏ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။ (အာဘော်)

အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။ (သံဝဏ္ဏနာအမည်)

* သံဝဏ္ဏေတဗ္ဗ ဝိဇိတာဝီကို အဇ္ဈတ္တံ ကောပါဒိပစ္စတ္ထိကေ, ဗဟိဒ္ဓါ စ သဗ္ဗရာဇာနော ဟူသော ပုဒ်အပိုတို့ကို ထည့်သွင်း၍ ဖွင့်သောကြောင့် ဘာဝတ္ထအာဘော် ဖော်ရသည်။

ttp://www.dhammadownload.com



ပုံစံ။ **ယေန ဣစ္ဆာနင်္ဂလန္တိ** ယေန ဒိသာဘာဂေန ဣစ္ဆာနင်္ဂလံ အဝသရိတဗ္ဗံ။ (ဋ၊ နှာ–၂၁၇)
အဝသရိတဗ္ဗံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ယေနနှင့် ဣစ္ဆာနင်္ဂလံ ဟူသော ပုဒ်တို့ကို အဝသရိတဗ္ဗံ ဟူသော ပါဌသေသပုဒ်၌ ကမ္မ+ကမ္မီ အဖြစ်ဖြင့် စာစပ်ရမည်ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
(အာဘော်)

အစပ်သမ္ဗန်ဖြစ်သော ပုဒ်၏ အနက်အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် သမ္ဗန္ဓသံဝဏ္ဏနာ၊ ဘာဝတ္ထသံဝဏ္ဏနာတို့ မည်ကုန်၏။ (သံဝဏ္ဏနာအမည်)

* ယေန ဣစ္ဆာနင်္ဂလံ ဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၌ မရှိသော အဝသရိတဗ္ဗံ ဟူသော ပုဒ်အပိုကို ထည့်သွင်း၍ ဖွင့်သောကြောင့် သမ္ဗန္ဓအာဘော် ဖော်ရသည်။

သတိ။ သမ္ဗန္ဓသံဝဏ္ဏနာ အမည်ပေးရတိုင်း ဘာဝတ္ထသံဝဏ္ဏနာ အမည်ပေးရသည်ကိုလည်းကောင်း၊ ပါဌသေသ ကြိယာပုဒ်နှင့် ကြိယာဝိသေသနပုဒ်များ အပိုထည့်၍ ဖွင့်ပြလျှင် သမ္ဗန္ဓသံဝဏ္ဏနာ အမည်ပေးရသည်ကို လည်းကောင်း သတိပြုပါ။

(၃၂) ကတ္တားပိုတို့၊ စာစပ်ဖို့ရာ၊ ပုဒ်မပါ၊ ဟုတွာ ထည့်လေမင်း။

ရှင်း။ သံဝဏ္ဏေတဗ္ဗ ပုဒ်၌ ဟုတွာ မပါဘဲ သံဝဏ္ဏနာ ဖွင့်သောအခါမှသာ ဟုတွာပုဒ်ကို ထည့်၍ ဖွင့်လျှင် အစပ်သမ္ဗန်ကို ဖွင့်ပြသည်ဟု ကြံ၍ သမ္ဗန္ဓသံဝဏ္ဏနာ အာဘော်ဖော်ရမည်။

ပုံစံ။ **ကာယေန သံဝုတောတိ** ကာယေန ပိဟိတော ဟုတွာ။ (ဋ၊ နှာ–၁၅၂)
ဟုတွာ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် သံဝုတော ပုဒ်ကို ဟုတွာ ဟူသော ပါဌသေသ ပုဒ်၌ ကတ္တား+ကတ္တိ အဖြစ်ဖြင့် စာစပ်ရမည်ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
အစပ်သမ္ဗန်ဖြစ်သော ပုဒ်၏ အနက်အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် သမ္ဗန္ဓသံဝဏ္ဏနာ (ဝါ) ဘာဝတ္ထ သံဝဏ္ဏနာ မည်၏။

* ဤပုံစံဝယ် သံဝဏ္ဏနာ၌ ဟုတွာပုဒ်ကို ထည့်၍ ဖွင့်သောကြောင့် အစပ်သမ္ဗန်ကို ဖွင့်ပြသည်ဟု ကြံ၍ သမ္ဗန္ဓသံဝဏ္ဏနာ အာဘော်ဖော်ရသည်။

(၃၃) ကမ္မပိုတို့၊ စာစပ်ဖို့ရာ၊ ပုဒ်မပါ၊ ကတွာ ထည့်လေမင်း။

ရှင်း။ သံဝဏ္ဏေတဗ္ဗ ပုဒ်၌ ကတွာ မပါဘဲ သံဝဏ္ဏနာ ဖွင့်သောအခါမှသာ ကတွာပုဒ်ကို ထည့်၍ ဖွင့်လျှင် အစပ်သမ္ဗန်ကို ဖွင့်ပြသည်ဟု ကြံ၍ သမ္ဗန္ဓသံဝဏ္ဏနာ အာဘော်ဖော်ရမည်။

ပုံစံ။ **အဇ္ဈတဂ္ဂေတိ** အဇ္ဇတံ အာဒိံ ကတွာ။ (ဋ၊ နှာ–၂၁၀)
ကတွာ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အဇ္ဇတဂ္ဂေ ပုဒ်ကို ကတွာ ဟူသော ပါဌသေသ ပုဒ်၌ ကမ္မ+ကမ္မီ အဖြစ်ဖြင့် စာစပ်ရမည်ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။
အစပ်သမ္ဗန်ဖြစ်သော ပုဒ်၏ အနက်အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် သမ္ဗန္ဓသံဝဏ္ဏနာ (ဝါ) ဘာဝတ္ထ သံဝဏ္ဏနာ မည်၏။

* ဤပုံစံဝယ် သံဝဏ္ဏနာ၌ ကတွာပုဒ်ကို ထည့်၍ ဖွင့်သောကြောင့် အစပ်သမ္ဗန်ကို ဖွင့်ပြသည်ဟု ကြံ၍ သမ္ဗန္ဓသံဝဏ္ဏနာ အာဘော်ဖော်ရသည်။

ပုံစံ။ **တဒဂ္ဂေတိ** တံ အဂ္ဂံ ကတွာ။ (ဋ၊ နှာ–၂၃၄)
ကတွာ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တဒဂ္ဂေ–၌ အဂ္ဂေ ပုဒ်ကို ကတွာ ဟူသော ပါဌသေသ ပုဒ်၌ ကမ္မ+ကမ္မီ အဖြစ်ဖြင့် စာစပ်ရမည်ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။

ttp://www.dhammadownload.com



အစပ်သမ္ဗန်ဖြစ်သော ပုဒ်၏ အနက်အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် သမ္ဗန္ဓသံဝဏ္ဏနာ (ဝါ) ဘာဝတ္ထ သံဝဏ္ဏနာ မည်၏။

* ဤပုံစံဝယ် သံဝဏ္ဏနာ၌ ကတ္တာပုဒ်ကို ထည့်၍ ဖွင့်သောကြောင့် အစပ်သမ္ဗန်ကို ဖွင့်ပြသည်ဟု ကြံ၍ သမ္ဗန္ဓသံဝဏ္ဏနာ အာဘော်ဖော်ရသည်။

(၃၄) နိပါတ်, ဥပ၊ ရှိ မပြ၊ မှတ်ကြ အနတ္ထာ။ ဥပသာရာ၊ နုဝတ္တာ၊ နာမ အထ ဝါ။

ရှင်း။ သံဝဏ္ဏေတဗ္ဗပုဒ်၌ နိပါတ်ပုဒ်နှင့် ဥပသာရပုဒ်တို့ ရှိပါလျက် မဖွင့်ပြလျှင် (ပဒပူရဏတ္ထ) အနတ္ထကတ္ထ အာဘော် ဖော်ရမည်။ (ပဒပူရဏတ္ထ) အနတ္ထကဖြစ်သော ဥပသာရ ပုဒ်ကိုကား ဓာတွတ္ထာနုဝတ္တက ဟူသော အမည်တစ်မျိုးဖြင့်လည်း တစ်နည်း အာဘော်ဖော်နိုင်ပါသေး၏။

ပုံစံ။ **ဣတိ ဝါ ဟိ ဘိက္ခဝေတိ ဧဝံ ဝါ ဘိက္ခဝေ**။ (၄၊ နှာ-၇၀)

ဧဝံ ဝါ ဘိက္ခဝေ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဣတိ ဟိ ဝါ ဘိက္ခဝေ၌ ဟိ ဟူသော နိပါတ်ပုဒ်၏ ပဒပူရဏတ္ထ, အနတ္ထကတ္ထ၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။ (အာဘော်)

နိပါတ်ဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။ (သံဝဏ္ဏနာ)

* သံဝဏ္ဏေတဗ္ဗ ဣတိ ဝါ ဟိ ဘိက္ခဝေ၌ ဟိ ဟူသော နိပါတ်ပုဒ် ရှိပါလျက် မဖွင့်ပြသောကြောင့် ပဒပူရဏတ္ထ, အနတ္ထကတ္ထ အာဘော်ဖော်ရသည်။

ပုံစံ။ **သစေ အင်္ဂါရံ အဇ္ဈာဝသတီတိ** ယဒိ အဂါရေ ဝသတိ။ (၄၊ နှာ-၂၂၂)

ဝသတိ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အဇ္ဈာဝသတိ၌ အဓိ,အာ ဟူသော ဥပသာရပုဒ်တို့၏ ပဒပူရဏတ္ထ, အနတ္ထကတ္ထ (ဝါ) ဓာတွတ္ထာနုဝတ္တက ဥပသာရပုဒ်တို့၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။ (အာဘော်)

ဥပသာရ ဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။ (သံဝဏ္ဏနာအမည်)

* သံဝဏ္ဏေတဗ္ဗ အဇ္ဈာဝသတိ၌ အဓိ,အာ ဟူသော ဥပသာရပုဒ် ရှိပါလျက် မဖွင့်ပြသောကြောင့် ပဒပူရဏတ္ထ, အနတ္ထကတ္ထ (ဝါ) ဓာတွတ္ထာနုဝတ္တက အာဘော်ဖော်ရသည်။

(၃၅) နာနာ ဝိဘတ္တိက၊ ဖွင့်၍ပြ၊ တပ္ပုရိသ ကြံစရာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်ကို ဝိဘတ်မတူဘဲ (နာနာဝိဘတ္တိက)နှင့် ဖွင့်လျှင် သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်ကို တပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ ကသ္မာ ပနေသ ဒီဃနိကာယောတိ ဝုစ္စတိ? ဒီဃပ္ပမာဏာနံ သုတ္တာနံ သမူဟတော, နိဝါသတော စ။ သမူဟနိဝါသာ ဟိ နိကာယောတိ ဝုစ္စန္တိ။ (၄၊ နှာ-၂၃)

* သံဝဏ္ဏေတဗ္ဗ ဒီဃနိကာယ ဟူသော သမာသ်ပုဒ်၌ ဒီဃကို ဒီဃပ္ပမာဏာနံဟု ဆဋ္ဌီဝိဘတ်၊ နိကာယကို နိကာယောဟု ပဌမာဝိဘတ်နှင့် ဝိဘတ်ချင်း မတူဘဲ (နာနာဝိဘတ္တိက)နှင့် ဖွင့်သောကြောင့် ဒီဃနိကာယ ပုဒ်ကို "ဒီဃာနံ နိကာယော ဒီဃနိကာယော"ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ **ရာဇဘောဂ္ဂန္တိ** ။ပ။ ရညာ ဟုတွာ ဘုဉ္ဇိတဗ္ဗံ။ (၄၊ နှာ-၂၁၉)

* သံဝဏ္ဏေတဗ္ဗ ရာဇဘောဂ္ဂ ဟူသော သမာသ်ပုဒ်၌ ရာဇကို ရညာဟု တတိယာဝိဘတ်၊ ဘောဂ္ဂကို ဘုဉ္ဇိတဗ္ဗံဟု ပဌမာဝိဘတ်နှင့် ဝိဘတ်ချင်း မတူဘဲ (နာနာဝိဘတ္တိက)နှင့် ဖွင့်သောကြောင့် ရာဇဘောဂ္ဂပုဒ်ကို "ရညာ ဘောဂ္ဂံ ရာဇဘောဂ္ဂံ"ဟု တတိယာတပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသည်။

ttp://www.dhammadownload.com



(၃၆) ဟေတု ကတ္တုသာဓန၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့်၊ ကမ္မဋ္ဌဆဋ္ဌီ တွဲမြဲ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်၌ နောက်ပုဒ်ကို ဟေတုကတ္တုသာဓန ကြံလျှင် ယင်းနောက်ပုဒ်ကို ရှေ့ပုဒ်နှင့် ကမ္မဋ္ဌဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ သော ဟိ ပုထူနံ နာနပ္ပကာရာနံ ကိလေသာဒီနံ ဇနနာဒီဟိ ကာရဏေဟိ **ပုထုဇ္ဇနော**။ (ဋ္ဌ၊ နှာ–၅၉)

* သံဝဏ္ဏေတဗ္ဗ ပုထုဇ္ဇနော သမာသ်ပုဒ်၌ ဇနနာဒီဟိ ဟူသော အဖွင့်ကို ရှုလျှင် ဇနဟူသော နောက်ပုဒ်ကို ဇနေတီတိ ဇနော ဟု ဟေတုကတ္တုသာဓန ကြံရ၏။ ဇနဟူသော နောက်ပုဒ်ကို ဟေတုကတ္တုသာဓန ကြံရသောကြောင့် ယင်းဇန ဟူသော နောက်ပုဒ်ကို ပုထု ဟူသော ရှေ့ပုဒ်နှင့် "ပုထူနံ ဇနော ပုထုဇ္ဇနော"ဟု ကမ္မဋ္ဌဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသည်။

(၃၇) ကမ္မဋ္ဌ ဆဋ္ဌီ၊ ကျမ်း၌ စီက၊ နောက်မှီ ပဒ၊ ကြံကြ ဟေတွက်၊ ကတ္တုသာဓ်။

ရှင်း။ သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်သည် ကမ္မဋ္ဌဆဋ္ဌီ တပ္ပုရိသ်သမာသ် ဖြစ်လျှင် ယင်းကမ္မဋ္ဌဆဋ္ဌီ တပ္ပုရိသ်သမာသ်၏ နောက်ပုဒ်ကို ဟေတုကတ္တုသာဓန ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ သော ဟိ ပုထူနံ နာနပ္ပကာရာနံ ကိလေသာဒီနံ ဇနနာဒီဟိ ကာရဏေဟိ **ပုထုဇ္ဇနော**။ (ဋ္ဌ၊ နှာ–၅၉)

* သံဝဏ္ဏေတဗ္ဗ ပုထုဇ္ဇနော ဟူသော သမာသ်ပုဒ်သည် ပုထူနံ ဇနော ပုထုဇ္ဇနောဟု ကမ္မဋ္ဌဆဋ္ဌီ တပ္ပုရိသ် သမာသ် ဝိဂ္ဂဟ ပြုရသောပုဒ် ဖြစ်သောကြောင့် ယင်းပုထုဇ္ဇနော ပုဒ်၏ ဇနော ဟူသော နောက်ပုဒ်ကို "ဇနေတီတိ ဇနော"ဟု ဟေတုကတ္တုသာဓန ဝိဂ္ဂဟ ပြုရသည်။

အမှာ။ နောက်ပုဒ်ကို ဟေတုကတ္တုသာဓန ဝိဂ္ဂဟပြုလျှင် ရှေ့ပုဒ်နှင့် နောက်ပုဒ်ကို ကမ္မဋ္ဌဆဋ္ဌီ တွဲစပ်ရမည်ဟူ၍လည်းကောင်း၊ ကမ္မဋ္ဌဆဋ္ဌီ တပ္ပုရိသ်သမာသ် တွဲစပ်လျှင်လည်း နောက်ပုဒ်ကို ဟေတုကတ္တုသာဓန ဝိဂ္ဂဟ ပြုရမည်ဟူ၍လည်းကောင်း နိယံအမှတ် (၃၆)နှင့် နိယံအမှတ် (၃၇)တို့ကို အပြန်အလှန် ယူရမည်ဟု သိတော်မူပါ။

(၃၈) ကတ္တုသာဓန၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့်၊ ဒုတိယာတပ္ပုရိသ် တွဲမြဲ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်၌ နောက်ပုဒ်ကို သုဒ္ဓကတ္တုသာဓန ကြံလျှင် ယင်းနောက်ပုဒ်ကို ရှေ့ပုဒ်နှင့် ဒုတိယာတပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ **ဒယာပန္နော**တိ ဒယံ မေတ္တစိတ္တတံ အာပန္နော။ (ဋ္ဌ၊ နှာ–၆၉)

* သံဝဏ္ဏေတဗ္ဗ ဒယာပန္နော သမာသ်ပုဒ်၌ ဒယံ မေတ္တစိတ္တတံဟု အဝုတ္တ ကံပုဒ်ကို ထည့်ဖွင့်ထားသည်ကို ရှုလျှင် အာပန္နဟူသော နောက်ပုဒ်ကို အာပဇ္ဇတီတိ အာပန္နောဟု သုဒ္ဓကတ္တုသာဓန ကြံရ၏။ အာပန္န ဟူသော နောက်ပုဒ်ကို သုဒ္ဓကတ္တုသာဓန ကြံရသောကြောင့် ယင်းအာပန္န ဟူသော နောက်ပုဒ်ကို ဒယ ဟူသော ရှေ့ပုဒ်နှင့် "ဒယံ အာပန္နော ဒယာပန္နော"ဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသည်။

(၃၉) တပ္ပုရိသ် ဒုတိယာ၊ ကျမ်း၌ လာက၊ နောက်မှာ ပဒ၊ ကြံကြ နည်းမှတ်၊ ကတ္တုသာဓ်။

ရှင်း။ သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်သည် ဒုတိယာ တပ္ပုရိသ်သမာသ် ဖြစ်လျှင် ယင်းဒုတိယာ တပ္ပုရိသ်သမာသ်ပုဒ်၏ နောက်ပုဒ်ကို ကတ္တုသာဓန ဝိဂ္ဂဟ ပြုရမည်။

ttp://www.dhammadownload.com



ပုံစံ။ **ဒယာပန္နောတိ** ဒယံ မေတ္တစိတ္တတံ အာပန္နော။ (ဌ၊ နှာ-၆၉)

* သံဝဏ္ဏေတဗ္ဗ ဒယာပန္နော သမာသ်ပုဒ်သည် ဒယံ (မေတ္တစိတ္တတံ) အာပန္နော ဟူသော အဖွင့်ကို ရှုလျှင် ဒယံ အာပန္နော ဒယာပန္နောဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသောပုဒ် ဖြစ်သောကြောင့် ယင်း ဒယာပန္နော ပုဒ်၏ အာပန္နော ဟူသော နောက်ပုဒ်ကို "အာပဇ္ဇတီတိ အာပန္နော"ဟု ကတ္တုသာဓန ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ **အဒ္ဓဂတောတိ** အဒ္ဓါနံ ဂတော။ (ဌ၊ နှာ-၁၃၁)

* သံဝဏ္ဏေတဗ္ဗ အဒ္ဓဂတော သမာသ်ပုဒ်သည် အဒ္ဓါနံ ဂတော ဟူသော အဖွင့်ကို ရှုလျှင် အဒ္ဓံ ဂတော အဒ္ဓဂတောဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသောပုဒ် ဖြစ်သောကြောင့် ယင်းအဒ္ဓဂတော ပုဒ်၏ ဂတော ဟူသော နောက်ပုဒ်ကို "ဂစ္ဆတီတိ ဂတော"ဟု ကတ္တုသာဓန ဝိဂ္ဂဟ ပြုရသည်။

အမှာ။ နိယံအမှတ် (၃၈)နှင့် နိယံအမှတ် (၃၉)တို့ကို အပြန်အလှန် ယူရမည်ဟု သိတော်မူပါ။

(၄၀) ကမ္မသာဓနေ၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့်၊ တတိယာတပ္ပုရိသ် တွဲမြဲ။
(ဝါ) ကမ္မသာဓနေ၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့်၊ ကတွတ္ထဆဋ္ဌီ တွဲမြဲ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်၌ နောက်ပုဒ်ကို ကမ္မသာဓနေ ကြံလျှင် ယင်းနောက်ပုဒ်ကို ရှေ့ပုဒ်နှင့် တတိယာ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟ (ဝါ) ကတွတ္ထဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ ဗဟုနော ဇနဿ ကန္တာ ဟောတီတိ **ဗဟုဇနကန္တာ**။ (ဌ၊ နှာ-၇၄)

* သံဝဏ္ဏေတဗ္ဗ ဗဟုဇနကန္တာ သမာသ်ပုဒ်၌ ကန္တာ ဟူသော နောက်ပုဒ်ကို "ကာမီယတီတိ ကန္တာ"ဟု ကမ္မသာဓန ဝိဂ္ဂဟ ကြံနိုင်၏။ ကန္တာ ဟူသော နောက်ပုဒ်ကို ကမ္မသာဓနေ ကြံနိုင်သောကြောင့် ယင်းကန္တာ ဟူသော နောက်ပုဒ်နှင့် ဗဟုဇန ဟူသော ရှေ့ပုဒ်ကို "ဗဟုဇနေဟိ ကန္တာ ဗဟုဇနကန္တာ"ဟု တတိယာ တပ္ပုရိသ်သမာသ် (ဝါ) "ဗဟုဇနဿ ကန္တာ ဗဟုဇနကန္တာ"ဟု ကတွတ္ထဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ **ရာဇဘောဂ္ဂန္တိ** ။ပ။ ရညာ ဟုတွာ ဘုဥ္ဇိတဗ္ဗံ။ (ဌ၊ နှာ-၂၁၉)

* သံဝဏ္ဏေတဗ္ဗ ရာဇဘောဂ္ဂ သမာသ်ပုဒ်၌ ဘုဥ္ဇိတဗ္ဗံ ဟူသော အဖွင့်ကို ရှုလျှင် ဘောဂ္ဂ ဟူသော နောက်ပုဒ်ကို ဘုဥ္ဇိတဗ္ဗန္တိ ဘောဂ္ဂံဟု ကမ္မသာဓန ကြံရ၏။ ဘောဂ္ဂ ဟူသော နောက်ပုဒ်ကို ကမ္မသာဓနေ ကြံရသောကြောင့် ယင်းဘောဂ္ဂ ဟူသော နောက်ပုဒ်နှင့် ရာဇ ဟူသော ရှေ့ပုဒ်ကို "ရညာ ဘောဂ္ဂံ ရာဇဘောဂ္ဂံ" ဟု တတိယာ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသည်။

(၄၁) တပ္ပုရိသ် တတိယာ၊ ကျမ်း၌ လာက၊ နောက်မှာ ပဒ၊ ကြံကြ နည်းမှတ်၊ ကမ္မသာဓ်။
(ဝါ) ကတွတ္ထ ဆဋ္ဌီ၊ ကျမ်း၌ စီက၊ နောက်မှီ ပဒ၊ ကြံကြ နည်းမှတ်၊ ကမ္မသာဓ်။

ရှင်း။ သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်သည် တတိယာ တပ္ပုရိသ်သမာသ် ဖြစ်လျှင် (ဝါ) ကတွတ္ထဆဋ္ဌီ တပ္ပုရိသ် သမာသ် ဖြစ်လျှင် ယင်းတတိယာ တပ္ပုရိသ်သမာသ်ပုဒ်၏ (ဝါ) ယင်းကတွတ္ထဆဋ္ဌီ တပ္ပုရိသ်သမာသ်ပုဒ်၏ နောက်ပုဒ်ကို ကမ္မသာဓန ဝိဂ္ဂဟ ပြုရမည်။

ttp://www.dhammadownload.com



ပုံစံ။ ဗဟုနော ဇနဿ ကန္တာ ဟောတီတိ **ဗဟုဇနကန္တာ**။ (ဋ၊ နှာ–၇၄)

* သံဝဏ္ဏေတဗ္ဗ ဗဟုဇနကန္တာ သမာသ်ပုဒ်သည် ဗဟုနော ဇနဿ ကန္တာ ဟူသော အဖွင့်ကို ရှုလျှင် ဗဟုဇနေဟိ ကန္တာ ဗဟုဇနကန္တာဟု တတိယာ တပ္ပုရိသ်သမာသ် (ဝါ) ဗဟုဇနဿ ကန္တာ ဗဟုဇနကန္တာဟု ကတ္တုဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသောပုဒ် ဖြစ်သောကြောင့် ယင်းဗဟုဇနကန္တာ ပုဒ်၏ ကန္တာ ဟူသော နောက်ပုဒ်ကို "ကာမီယတီတိ ကန္တာ"ဟု ကမ္မသာဓန ဝိဂ္ဂဟ ပြုရသည်။

သတိ။ ဇနနှင့် ကန္တာ ပုဒ်တို့ကို ဝိဘတ်မတူ (နာနာဝိဘတ္တိက)နှင့် ဖွင့်ထားသည်။

ပုံစံ။ ကုမာရေန ဘတောတိ **ကောမာရဘစ္စော**။ (ဋ၊ နှာ–၁၂၂)

* သံဝဏ္ဏေတဗ္ဗ ကောမာဘစ္စော၌ ကုမာရဘာတော ဟူသော သမာသ်ပုဒ်သည် ကုမာရေန ဘတောတိ ဟူသော အဖွင့်ကို ရှုလျှင် ကုမာရေန ဘတောတိ ကုမာရဘာတောဟု တတိယာတပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသောပုဒ် ဖြစ်သောကြောင့် ယင်းကုမာရဘာတော ပုဒ်၏ ဘတော ဟူသော နောက်ပုဒ်ကို "ဘရိယတေတိ ဘတော"ဟု ကမ္မသာဓန ဝိဂ္ဂဟ ပြုရသည်။

အမှာ။ နိယံအမှတ် (၄၀)နှင့် နိယံအမှတ် (၄၁)တို့ကို အပြန်အလှန် ယူရမည်ဟု သိတော်မူပါ။

(၄၂) ကရဏသာဓန၊ နောက်ပုဒ်ပြု၊ ရှေ့ကပုဒ်နှင့်၊ ကမ္မဋ္ဌဆဋ္ဌီ တွဲမြဲ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်၌ နောက်ပုဒ်ကို ကရဏသာဓန ကြံလျှင် ယင်းနောက်ပုဒ်ကို ရှေ့ပုဒ်နှင့် ကမ္မဋ္ဌ ဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ။ (ဋ၊ နှာ–၇၀)

* သံဝဏ္ဏေတဗ္ဗ အဒိန္နာဒါနံ သမာသ်ပုဒ်၌ အာဒါနံ ဟူသော နောက်ပုဒ်ကို အာဒီယတိ ဧတေနာတိ အာဒါနံဟု ကရဏသာဓန ဝိဂ္ဂဟ ကြံနိုင်၏။ အာဒါနံ ဟူသော နောက်ပုဒ်ကို ကရဏသာဓန ကြံနိုင်သောကြောင့် ယင်းအာဒါနံ ဟူသော နောက်ပုဒ်နှင့် အဒိန္န ဟူသော ရှေ့ပုဒ်ကို "အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ"ဟု ကမ္မဋ္ဌဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသည်။

(၄၃) ကမ္မဋ္ဌဆဋ္ဌီ၊ ကျမ်း၌ စီက၊ နောက်မှီ ပဒ၊ ကြံကြ နည်းမှတ်၊ ကရိဏ်းသာဓ်။

ရှင်း။ သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်သည် ကမ္မဋ္ဌဆဋ္ဌီ တပ္ပုရိသ်သမာသ် ဖြစ်လျှင် ယင်းကမ္မဋ္ဌဆဋ္ဌီ တပ္ပုရိသ်သမာသ် ပုဒ်၏ နောက်ပုဒ်ကို ကရဏသာဓန ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ။ (ဋ၊ နှာ–၇၀)

* သံဝဏ္ဏေတဗ္ဗ အဒိန္နာဒါနံ သမာသ်ပုဒ်သည် အဒိန္နဿ အာဒါနံ ဟူသော အဖွင့်ကို ရှုလျှင် အဒိန္နဿ အာဒါနံ အဒိန္နာဒါနံဟု ကမ္မဋ္ဌဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသောပုဒ် ဖြစ်သောကြောင့် ယင်းအဒိန္နာဒါနံ ပုဒ်၏ အာဒါနံ ဟူသော နောက်ပုဒ်ကို "အာဒီယတိ ဧတေနာတိ အာဒါနံ"ဟု ကရဏသာဓန ဝိဂ္ဂဟ ပြုရသည်။

အမှာ။ နိယံအမှတ် (၄၂)နှင့် နိယံအမှတ် (၄၃)တို့ကို အပြန်အလှန် ယူရမည်ဟု သိတော်မူပါ။

(၄၄) ကရဏ၊ အဓိကရဏ၊ နောက်ပုဒ်ပြု၊ ရှေ့ကပုဒ်နှင့် ဆဋ္ဌီတွဲမြဲ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်၏ နောက်ပုဒ်သည် ကရဏသာဓန, အဓိကရဏသာဓန နှစ်မျိုးတို့တွင် တစ်မျိုးမျိုး ဝိဂ္ဂဟပြုလျှင် ယင်းနောက်ပုဒ်ကို ရှေ့ပုဒ်နှင့် ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရမည်။

ttp://www.dhammadownload.com



ပုံစံ။ **ဗြဟ္မစရိယန္တိ** ။ပ။ ဗြဟ္မဘူတာနံ ဝါ ဗုဒ္ဓါဒီနံ စရိယံ။ (ဌ၊ နှာ–၁၆၂)

* သံဝဏ္ဏေတဗ္ဗ ဗြဟ္မစရိယံ ဟူသော သမာသ်ပုဒ်၌ စရိယံ ဟူသော နောက်ပုဒ်ကို စရိယတေ တေနာတိ စရိယံဟု ကရဏသာဓန ဝိဂ္ဂဟ ပြုရမည်။ ဗြဟ္မစရိယံ၌ စရိယံ ဟူသော နောက်ပုဒ်ကို ကရဏသာဓန ဝိဂ္ဂဟ ပြုရသောကြောင့် ယင်းစရိယံ ဟူသော နောက်ပုဒ်နှင့် ဗြဟ္မ ဟူသော ရှေ့ပုဒ်ကို "ဗြဟ္မာနံ စရိယံ ဗြဟ္မစရိယံ"ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ ပမာဒေါ စေ္တဲ့ တိဋ္ဌတီတိ **ပမာဒဋ္ဌာနံ**။ (ဌ၊ နှာ–၈၂)

* သံဝဏ္ဏနာ၌ စေ္တသဒ္ဒါ ထည့်ဖွင့်သောကြောင့် သံဝဏ္ဏေတဗ္ဗ ပမာဒဋ္ဌာနံ သမာသ်ပုဒ်၌ ဌာနံ ဟူသော နောက်ပုဒ်ကို တိဋ္ဌတိ ဧတ္ထာတိ ဌာနံဟု အဓိကရဏသာဓန ဝိဂ္ဂဟ ပြုရမည်။ ပမာဒဋ္ဌာနံ၌ ဌာနံ ဟူသော နောက်ပုဒ်ကို အဓိကရဏသာဓန ဝိဂ္ဂဟ ပြုရသောကြောင့် ယင်းဌာနံ ဟူသော နောက်ပုဒ်နှင့် ပမာဒ ဟူသော ရှေ့ပုဒ်ကို "ပမာဒဿ ဌာနံ ပမာဒဋ္ဌာနံ"ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသည်။

အမှာ။ ရှေ့ပုဒ်နှင့် နောက်ပုဒ်တို့ကို ဆဋ္ဌီတပ္ပုရိသ်သမာသ် တွဲစပ်၍ ဝိဂ္ဂဟပြုလျှင် နောက်ပုဒ်ကို ကရဏသာဓနသော်လည်းကောင်း၊ အဓိကရဏသာဓနသော်လည်းကောင်း ဝိဂ္ဂဟ ပြုရမည်ဟူ၍လည်း အပြန်အလှန် အားဖြင့် သိတော်မူပါ။

(၄၅) ဘာဝသာဓန၊ နောက်ပုဒ်ပြု၊ ရှေ့ကပုဒ်နှင့်၊ ကမ္မဋ္ဌဆဋ္ဌီ၊ တပ္ပုရိသ် တွဲမြဲ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်၌ နောက်ပုဒ်ကို ဘာဝသာဓန ကြံလျှင် ယင်းနောက်ပုဒ်ကို ရှေ့ပုဒ်နှင့် ကမ္မဋ္ဌဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ ပါဏဿ အတိပါတော ပါဏာတိပါတော။ (ဌ၊ နှာ–၆၈)

* သံဝဏ္ဏေတဗ္ဗ ပါဏာတိပါတော သမာသ်ပုဒ်၌ အတိပါတော ဟူသော နောက်ပုဒ်ကို အတိပတနံ အတိ–ပါတောဟု ဘာဝသာဓန ဝိဂ္ဂဟ ကြံနိုင်၏။ အတိပါတော ဟူသော နောက်ပုဒ်ကို ဘာဝသာဓန ကြံနိုင်သောကြောင့် ယင်းအတိပါတော ဟူသော နောက်ပုဒ်နှင့် ပါဏ ဟူသော ရှေ့ပုဒ်ကို "ပါဏဿ အတိပါတော ပါဏာတိပါတော"ဟု ကမ္မဋ္ဌဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသည်။

(၄၆) ကမ္မဋ္ဌဆဋ္ဌီ၊ ကျမ်း၌ စီက၊ နောက်မှီ ပဒ၊ ကြံကြ နည်းမှတ်၊ ဘာဝသာဓ်။

ရှင်း။ သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်သည် ကမ္မဋ္ဌဆဋ္ဌီ တပ္ပုရိသ်သမာသ် ဖြစ်လျှင် ယင်းကမ္မဋ္ဌဆဋ္ဌီ တပ္ပုရိသ်သမာသ် ပုဒ်၏ နောက်ပုဒ်ကို ဘာဝသာဓန ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ ပါဏဿ အတိပါတော ပါဏာတိပါတော။ (ဌ၊ နှာ–၆၈)

* သံဝဏ္ဏေတဗ္ဗ ပါဏာတိပါတော သမာသ်ပုဒ်သည် ပါဏဿ အတိပါတော ဟူသော အဖွင့်ကို ရှုလျှင် ပါဏဿ အတိပါတော ပါဏာတိပါတောဟု ကမ္မဋ္ဌဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသောပုဒ် ဖြစ်သောကြောင့် ယင်းပါဏာတိပါတော ပုဒ်၏ အတိပါတော ဟူသော နောက်ပုဒ်ကို "အတိပတနံ အတိပါတော"ဟု ဘာဝသာဓန ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ။ (ဌ၊ နှာ–၇၀)

* သံဝဏ္ဏေတဗ္ဗ အဒိန္နာဒါနံ သမာသ်ပုဒ်သည် အဒိန္နဿ အာဒါနံ ဟူသော အဖွင့်ကို ရှုလျှင် အဒိန္နဿ အာဒါနံ အဒိန္နာဒါနံဟု ကမ္မဋ္ဌဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသောပုဒ် ဖြစ်သောကြောင့် ယင်းအဒိန္နာဒါနံ ပုဒ်၏ အာဒါနံ ဟူသော နောက်ပုဒ်ကို "အာဒီယတေ အာဒါနံ"ဟု ဘာဝသာဓန ဝိဂ္ဂဟ ပြုရသည်။

အမှာ။ နိယံအမှတ် (၄၅)နှင့် နိယံအမှတ် (၄၆)တို့ကို အပြန်အလှန် ယူရမည်ဟု သိတော်မူပါ။

ttp://www.dhammadownload.com



(၄၇) ဘာဝသာဓန၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့်၊ ဆဋ္ဌီတပ္ပုရိသ် တွဲမြဲ။

ရှင်း။ သံဝဏ္ဏေတဗ္ဗ သမာသ်ပုဒ်၌ နောက်ပုဒ်ကို ဘာဝသာဓန ဝိဂ္ဂဟ ပြုလျှင် ယင်းနောက်ပုဒ်ကို ရှေ့ပုဒ်နှင့် ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ **လောမဟံသော**တိ လောမဟံသနံ။ (ဋ္ဌ၊ နှာ-၁၃၆)

* သံဝဏ္ဏေတဗ္ဗ လောမဟံသော သမာသ်ပုဒ်၌ ဟံသနံ ဟူသော အဖွင့်ကို ရှုလျှင် ဟံသော ဟူသော နောက်ပုဒ်ကို ဟံသနံ ဟံသောဟု ဘာဝသာဓန ဝိဂ္ဂဟ ကြံရ၏။ ဟံသော ဟူသော နောက်ပုဒ်ကို ဘာဝသာဓန ကြံရသောကြောင့် ယင်းဟံသော ဟူသော နောက်ပုဒ်ကို လောမ ဟူသော ရှေ့ပုဒ်နှင့် "လောမာနံ ဟံသော လောမဟံသော"ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရသည်။

အမှာ။ ရှေ့ပုဒ်နှင့် နောက်ပုဒ်တို့ကို ဆဋ္ဌီတပ္ပုရိသ်သမာသ် တွဲစပ်၍ ဝိဂ္ဂဟပြုလျှင် နောက်ပုဒ်ကို ဘာဝသာဓန ဝိဂ္ဂဟ ပြုရမည်ဟူ၍လည်း အပြန်အလှန်အားဖြင့် သိတော်မူပါ။

(၄၈) သမာသန္တ၊ က-ရှိက၊ ဗဟုဗ္ဗီဟိ ကြံစရာ။

ရှင်း။ သမာသ်ပုဒ်၏ အဆုံး၌ ကပစ္စည်း ရှိနေပါအံ့။ ဗဟုဗ္ဗီဟိသမာသ် ဝိဂ္ဂဟ ပြုရမည်။

ပုံစံ။ ဂန္တဓရော ဘိက္ခု ဇာနာတိ၊ အာရဒ္ဓဝိပဿကော ဇာနာတိ။ (ဋ္ဌ၊ နှာ-၁၁၆)

* အာရဒ္ဓဝိပဿကော ဟူသော သမာသ်ပုဒ်၏ အဆုံး၌ ကပစ္စည်း ရှိ၏။ ထို့ကြောင့် အာရဒ္ဓဝိပဿကော ပုဒ်ကို "အာရဒ္ဓါ ဝိပဿနာ ယေနာတိ အာရဒ္ဓဝိပဿကော"ဟု ဗဟုဗ္ဗီဟိသမာသ် ဝိဂ္ဂဟ ပြုရသည်။

ပုံစံ။ နိယတမိစ္ဆာဒိဋ္ဌိကော ဝ ဟောတိ။ (ဋ္ဌ၊ နှာ-၁၅၀)

* နိယတမိစ္ဆာဒိဋ္ဌိကော ဟူသော သမာသ်ပုဒ်၏ အဆုံး၌ ကပစ္စည်း ရှိ၏။ ထို့ကြောင့် နိယတမိစ္ဆာဒိဋ္ဌိကော ပုဒ်ကို "နိယတာ မိစ္ဆာဒိဋ္ဌိ ယဿာတိ နိယတမိစ္ဆာဒိဋ္ဌိကော"ဟု ဗဟုဗ္ဗီဟိသမာသ် ဝိဂ္ဂဟ ပြုရသည်။

## နည်းယူဘွယ်

ပုံစံ။ ယံ တွေ့ ဝုမိမန္တော၊ သလက္ခဏာ ပူဇိတာ ပရိစ္စိန္နာ။
ဝုတ္တာခိကာ စ ဓမ္မာ၊ အဘိဓမ္မော တေန အက္ခာတော။ (ဋ္ဌ၊ နှာ-၁၈)

* ယံ တွေ့ ဝုမိမန္တော ဝုတ္တာ ဓမ္မာ ဟူသော အဖွင့်သံဝဏ္ဏနာပါဌ်ဖြင့် အဘိဓမ္မောကို "အဘိ (ဝုမိမန္တော) ဓမ္မာ တွေ့ာတိ အဘိဓမ္မော"ဟု သတ္တမီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ ယံ တွေ့ သလက္ခဏာ ဝုတ္တာ ဟူသော အဖွင့်သံဝဏ္ဏနာပါဌ်ဖြင့် အဘိဓမ္မောကို "အဘိ (သလက္ခဏာ) ဓမ္မာ တွေ့ာတိ အဘိဓမ္မော"ဟု သတ္တမီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ ယံ တွေ့ ပူဇိတာ ဝုတ္တာ ဓမ္မာ ဟူသော အဖွင့်သံဝဏ္ဏနာပါဌ်ဖြင့် အဘိဓမ္မောကို "အဘိ (ပူဇိတာ) ဓမ္မာ တွေ့ာတိ အဘိဓမ္မော"ဟု သတ္တမီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ ယံ တွေ့ ပရိစ္စိန္နာ ဝုတ္တာ ဓမ္မာ ဟူသော အဖွင့်သံဝဏ္ဏနာပါဌ်ဖြင့် အဘိဓမ္မောကို "အဘိ (ပရိစ္စိန္နာ) ဓမ္မာ တွေ့ာတိ အဘိဓမ္မော"ဟု သတ္တမီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ ယံ တွေ့ ဝုတ္တာ အဓိကာ ဓမ္မာ ဟူသော အဖွင့်သံဝဏ္ဏနာပါဌ်ဖြင့် အဘိဓမ္မောကို "အဘိ (အဓိကာ) ဓမ္မာ တွေ့ာတိ အဘိဓမ္မော"ဟု သတ္တမီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း ဖွင့်ပြ သိစေပါသည်။

ttp://www.dhammadownload.com



အမှာ။ သံဝဏ္ဏနာ၌ ဓတ္တ (သို့မဟုတ်) တတ္တဖြင့် ဖွင့်လျှင် သတ္တမီဗဟုဗ္ဗီဟိသော်လည်းကောင်း၊ အသတ္တိတဒ္ဓိတ် သော်လည်းကောင်း၊ အဓိကရဏသာဓ်သော်လည်းကောင်း ဝိဂ္ဂဟတစ်မျိုးမျိုး ပြုရမည်။ သံဝဏ္ဏနာ၌ ယေန (သို့မဟုတ်) တေနဖြင့် ဖွင့်လျှင် တတိယာဗဟုဗ္ဗီဟိသော်လည်းကောင်း၊ ကရဏသာဓ်သော်လည်းကောင်း ဝိဂ္ဂဟတစ်မျိုးမျိုး ပြုရမည်။

သတိ။ ဗဟုဗ္ဗီဟိသမာသ်ပုဒ်, အသတ္တိတဒ္ဓိတ်ပုဒ်တို့သည် ယေဘုယျအားဖြင့် ကတ္တားကိုဟော၍ ကတ္တုသာဓနနှင့် အလားသဏ္ဌာန်တူကုန်၏။

ပုံစံ။ **သေယျထိဒန္တိ** တေ ကတမေ။ (ဋ၊ နှာ-၂၄၄)

* တေ ကတမေ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် သေယျထိဒံ ပုဒ်၏ ပုလ္လိင်မှ နပုလ္လိင်သို့ ပြန်သော လိင်္ဂဝိပလ္လာသ နည်း, ဗဟုဝုစ်မှ ဧကဝုစ်သို့ ပြန်သော ဝစနဝိပလ္လာသနည်းတို့ဖြင့် သေယျထိဒံဟု ဟောထားသည်၏ အဖြစ်ကိုလည်းကောင်း၊ သေယျထိဒံ ပုဒ်သည် ဧကပဒ နိပါတ်ပုဒ် မဟုတ်, နာနာပဒ နိပါတ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း၊ သေယျထိဒံ ပုဒ်ကို သေယျထာ+ဣဒံ-ဟု ပဒစ္ဆေဒ ပြုရမည်၏ အဖြစ်ကိုလည်း ကောင်း၊ သေယျထာပုဒ်, ဣဒံပုဒ်တို့၏ နိပါတ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း၊ ယင်းနိပါတ် ပုဒ်တို့နောင် ပထမာ ယောဝိဘတ် ကျေသည်၏ အဖြစ်ကိုလည်းကောင်း၊ သေယျထာ ပုဒ်၏ ပုစ္ဆနတ္ထ ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ ဣဒံ သဒ္ဒါ၏ ရသေ့တို့ကို စွဲယူသုံးသပ်သည်၏ အဖြစ်ကိုလည်းကောင်း ဖွင့်ပြ သိစေပါသည်။

* (တစ်နည်း) တေ ကတမေ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် သေယျထိဒံ ပုဒ်၏ ပုလ္လိင်မှ နပုလ္လိင်သို့ ပြန်သော လိင်္ဂဝိပလ္လာသနည်း, ဗဟုဝုစ်မှ ဧကဝုစ်သို့ ပြန်သော ဝစနဝိပလ္လာသနည်းတို့ဖြင့် သေယျထိဒံဟု ဟောထား သည်၏ အဖြစ်ကိုလည်းကောင်း၊ သေယျထိဒံ ပုဒ်သည် နာနာပဒ နိပါတ်ပုဒ် မဟုတ်, ဧကပဒ နိပါတ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း၊ သေယျထိဒံ ပုဒ်၏ နိပါတ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း၊ ယင်းနိပါတ်ပုဒ်နောင် ပထမာ ယောဝိဘတ် ကျေသည်၏ အဖြစ်ကိုလည်းကောင်း၊ သေယျထိဒံ နိပါတ်ပုဒ်၏ ပုစ္ဆနတ္ထ ဟော သည်၏ အဖြစ်ကိုလည်းကောင်း ဖွင့်ပြသိစေပါသည်။

အမှာ။ ပထမနည်းကား သေယျထိဒံ ပုဒ်ကို နာနာပဒ ကြံ၍ ဖော်ခြင်း ဖြစ်၏။ ဒုတိယနည်းကား ဧကပဒ ကြံ၍ ဖော်ခြင်း ဖြစ်၏။

===============

## ပန်ကြားလွှာ

အာဘော်ဖော်ရာ၌လည်းကောင်း၊ သံဝဏ္ဏနာ အမည်ပေးရာ၌လည်းကောင်း၊ ဝိဂ္ဂဟ ပြုရာ၌လည်းကောင်း အသုံးနည်းသော ရှေ့ဆရာမြတ်တို့၏ သံဝဏ္ဏနာနိယံအချို့ကို ဖော်ပြအပ်ပါ၏။ သေချာစွာ ကျက်မှတ်ပါ။ စာချ ဆရာတော်တို့၏ ထံပါးဝယ် စာတက်သော အခါ၌လည်းကောင်း၊ အထူးထုတ်စာအုပ်များ၏ အာဘော်ကဏ္ဍကို လေ့လာသော အခါ၌လည်းကောင်း ယင်းသံဝဏ္ဏနာနိယံများ၏ အသုံးဝင်ပုံကို သိရှိနားလည်လာပါလိမ့်မည်။ ထို့ကြောင့် ယင်းသံဝဏ္ဏနာ နိယံများ၏ ပုံစံများကို အထူးမပြတော့ပြီ။

ttp://www.dhammadownload.com



## အသုံးနည်းသော သံဝဏ္ဏနာ နိယံများ

၁။ ထင်ရန် တစ်ပါး၊ အနက်များထ၊ ဖွင့်တုံက၊ အဓိပ္ပေတသာ။

၂။ မထင်အနက်၊ ခက်ခဲစွာဘိ၊ ဖွင့်ကာရှိ၊ ပရိယာယ ကြဲ။
ရှေ့သက်ရ၊ နောက် မုယ၊ ဒေါသ ပယ်ပြစ်ခွာ။

၃။ သံဝဏ္ဏေတဗ္ဗ၊ ရှိတာမပြ၊ အနတ္ထက၊ တုလျာဓိကရဏလည်းရ။

၄။ ပါဠိရင်းမှာ၊ ရှိတာမပြ၊ အနတ္ထ၊ သေသ တုလျတ်ကြဲ။

၅။ သမာသ်ပုဒ်တွင်၊ တစ်ပုဒ်ကြဉ်၍၊ ဖွင့်လျှင်နည်းတူ၊ အရတူဟု၊ ယူစေတစ်ရပ်၊ ကြဉ်လတ်ပုဒ်နက်၊
ထူး မထွက်ဟု၊ ယူချက်တစ်သွယ်၊ ကြံဘွယ် ဤနည်းတွေ့တိုင်းတည်း။

၆။ ဝသေန၊ သန္ဓာယ၊ ဖွင့်၍ပြ၊ ကြံကြ ဘိဓေ၊ သရူပေ။

၇။ ဣတိ ဝုတ္တံ၊ ဟောတိ ခံက၊ ပဒ ပိဏ္ဍတ္ထ၊ ဝိတ္ထာရ။

၈။ ဝိဘတ်မခြား၊ ပုဒ်သွင်းငြား၊ မှတ်သား လောပသာ။
ဝိဘတ်ခြားကာ၊ ပုဒ်ဖြစ်လာ၊ မှတ်ပါ ပါဌသေသတည်း။

၉။ ရှေ့ဝါကျမှ၊ ဖွဲ ဒဗ္ဗ၊ ပဏ္ဏတ္တိ ဝိသံယာ။
အစွဲတင်းလင်း၊ ရှိတုံလျှင်း၊ မယွင်း ပသိဒ္ဓါ။
ပုဗ္ဗဝါကျ၊ ကြိယာ၊ စွဲရ နုဘူတာ။

၁၀။ ပါဠိ ဝုစ္စတိ၊ အဖွင့်ရှိ၊ မှတ်ဘိ ကေဒေသျှူ၊ သမုယူ။ (သမုဒါယူပစာ)

၁၁။ ချင်းချင်းစပ်ကြ၊ နှစ်ပဒကို၊ ခွဲပြတုံဘိ၊ အဖွင့်ရှိ၊ သန္ဓိလိင်္ဂပဒကြံ။ (နှစ်ပဒကိုကား ဥပလက္ခဏနည်း)

၁၂။ ဆဋ္ဌီ ကတ္တား၊ ရံခါငြား၊ ကတ္တား တတိယာနှင့် တူမြဲ။

၁၃။ ဏွု, တု, ဘာဝါ၊ သရိဋ္ဌာ နှင့်၊ အဘိသင်္ခါရ၊ ယှဉ်လတ်က၊ ကမ္မတ္ထ ဆဋ္ဌီ၊ သက်မြဲတည်း။

၁၄။ ဝိသေသနကို၊ ဝိဂြိုဟ်ဆို၊ ရလို ဝိသေသ်မှတ်။

၁၅။ သောပသဂ္ဂပဒ၊ ရှေ့နောက်ပြ၊ အဗျယီဘာဝ ကြံစရာ။
သနိပါတ၊ တထေဝ၊ မှတ်ကြ သောတုနာ။

၁၆။ အဘေဒေါပစာရ၊ တင်သမျှမှာ၊ ကမ္မဓာရယ၊ သမာသ၊ မုချ ဇေန်မြဲ။

၁၇။ နောက်ပုဒ် မတ္တ၊ တွဲစပ်က၊ ကမ္မ သမာသ်ထား။

၁၈။ စ–သမုစ္စယတ်၊ ဆင့်ကာထပ်၊ ဒွန်သမာသ် ကြံပါလေ။

၁၉။ ဒွန်၏ ရှေ့ဖျား၊ ပုဒ်ရှိငြား၊ မှတ်သား ကမ္မဓာရည်း တွဲလေမြဲ။

၂၀။ ဒွန်၏ နောက်မှာ၊ ပုဒ်ယှဉ်လာ၊ လျော်စွာ ကမ္မဓာရဲ၊ တပ္ပုရိသ်တွဲ။

၂၁။ သဟသဒ္ဒါ၊ ရှိလေရာ၊ ပထမာ၊ ဗဟုဗ္ဗီဟိ တွဲမြဲ။

၂၂။ ရှေးပုဒ် သဟ၊ နက်အတ္ထကို၊ သမ္ဗတ္တိ–စ၊ ဖွင့်လှစ်ပြ၊ ကြံကြ ဗဟုဗ္ဗီ။

၂၃။ ယ, တ, ဧတ, ဣမ၊ လေးဝ အညပုဒ်၊ ဖွင့်ကာထုတ်၊ ဗဟုဗ် ကြံပါလေ။

၂၄။ ပုဒ်စွဲရှိက၊ အဿတ္ထိ အနက်၊ ထွက်အောင် သမ္ဘန်မြဲ။

၂၅။ သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတကို၊ ယုတ္တသဒ္ဒါနှင့်၊ ဖွင့်၍ပြ၊ အဿတ္ထိဟု ကြံစရာ။

၂၆။ ဇာတပဒ၊ သဥ္ဇာတ သဒ္ဒါ၊ ထည့်ဖွင့်ရာ၊ သဥ္ဇာတဿ၊ တဒ္ဓိတ။

၂၇။ အဿတ္ထိ, ဘာဝ, ဇာတ, ယုတ္တာ၊ လေးဖြာ တဒ္ဓိတ၊ တစ်ဝဝကို၊ ရလတ် ပုဒ်ကား၊ ကြွင်းသုံးပါး၊ ရငြား ထိုက်သင့်စွာ။

ttp://www.dhammadownload.com



၂၈။ သံ၀ဏ္ဏောတဗ္ဗ၊ ကိတ်ပဒကို၊ ပဋ္ဌမန္တ၊ နှင့်ဖွင့်ပြ၊ ကတ္တုသာဓန ကြံစရာ။

၂၉။ အန္တ, မာန၊ လှယ်ဖွင့်ပြ၊ အန္တ, မာန၊ ပြန်မြဲပေ။

၃၀။ သံ၀ဏ္ဏောတဗ္ဗ၊ ကိတ်ပဒကို၊ တဗ္ဗ,အနီယနှင့်၊ ဖွင့်၍ပြ၊ ကမ္မသာဓန ကြံစရာ။

၃၁။ သံ၀ဏ္ဏောတဗ္ဗ၊ ကိတ်ပဒကို၊ ကရဏန္တ၊ စသည့် ပဒ၊ ထည့်ဖွင့်ပြ၊ ကရဏသာဓ် စသည်ကြံ။

၃၂။ သံ၀ဏ္ဏောတဗ္ဗ၊ ကိတ်ပဒကို၊ ကရဏပဒ၊ ထည့်ဖွင့်ပြ၊ ကရဏသာဓန ကြံ။

၃၃။ အဘိဓေယျတ္ထ၊ ပုဒ်ပဒကို၊ ကရဏ၀စန၊ ယှဉ်ဖွင့်က၊ ကရဏသာဓနကြံ။

(ကရဏ၀စန–ကား ဥပလက္ခဏနည်းတည်း)

၃၄။ သံ၀ဏ္ဏောတဗ္ဗ၊ ကိတ်ပဒကို၊ အာဂမ္မာဒိ၊ ထည့်ဖွင့်ဘိ၊ အဓိကရဏသာဓ် ကြံ။

၃၅။ သံ၀ဏ္ဏောတဗ္ဗ၊ ကိတ်ပဒကို၊ ပတွာဒိ၊ ထည့်ဖွင့်ဘိ၊ အဓိကရဏကြံ။

၃၆။ အာဂမ္မပဒ၊ ထည့်ဖွင့်ပြသော်၊ ကရဏ+ဓိကရဏ၊ ထိုနှစ်ဝ၊ ကြံကြံ ထိုက်သင့်စွ။

၃၇။ ပတွာ သဒ္ဒါ၊ ထည့်ဖွင့်ရာ၊ အပါဒါန၊ ဓိကရဏ၊ နှစ်ဝ သာဓနော၊ ထိုက်သင့်စွာ၊ ကြံပါလေကုန်ကြ။

၃၈။ ဝတ္တု သဒ္ဒါ၊ ထည့်ဖွင့်ရာ၊ အပါဒါန၊ ကြံစရာ။

၃၉။ ယထာ ဇဝံ၊ နှစ်တန် ပဒ၊ ထည့်ဖွင့်ပြ၊ ဘာ၀နပုံး ကြံ။

၄၀။ ယထာ တထာ၊ နှစ်ဖြာ ပဒ၊ ထည့်ဖွင့်က၊ ဘာ၀နပုံး ကြံ။

၄၁။ ဟုတွာ, ကတွာ၊ နှစ်ဖြာ ပဒ၊ ထည့်ဖွင့်ပြသော်၊ ဘာ၀ နပုံသက၊ ပါဠ်ကြွင်းပြ၊ ကြံကြံ ဖြစ်သင့်စွာ။

(ပါဠ်ကြွင်း–ပါဠသေသ)

၄၂။ သရူပတ္ထ၊ အဘိဓေယျကို၊ ဖွင့်ပြလိုလတ်၊ ဆရာမြတ်တို့၊ ဝစနတ္ထ ရှေ့ထားမြဲ။

၄၃။ ဓာတ်ခြင်းလဲကာ၊ ဖွင့်ပြပါလည်း၊ ရင်းဓာတ်နက်ကို၊ မဟောလို၊ ခေါ်ဆို ဘာ၀တ္ထ။

၄၄။ ဓာတ်ခြင်းလဲကာ၊ ဖွင့်ပြလာ၊ ကြံပါ ဓာတွတ္ထ။

၄၅။ ဆင့်ကာ ဆင့်ကာ၊ ဖွင့်ပြလာ၊ မလိုရာ နှစ်စမြဲ။

၄၆။ အနက်တူ သဒ္ဒါ၊ ဖွင့်ပြလာ၊ မလိုရာ နှစ်စမြဲ။

၄၇။ အနက်တူစွာ၊ သဒ္ဒါချင်းတိ၊ ဖွင့်ပြဘိ၊ ပရိယာယ်ဖွင့် ကြံ။

၄၈။ သံ၀ဏ္ဏောတဗ္ဗ၊ ကိတ်ပဒကို၊ ကိတပစ္စယ၊ ဝိဘတ္တတလီ၊ တက္ကာရိယ၊ ဖွင့်၍ပြ၊ ကတ္တုသာဓန ကြံစရာ။

၄၉။ သံ၀ဏ္ဏောတဗ္ဗ၊ ကိတ်ပဒကို၊ ကမ္မပစ္စယ၊ ဝိဘတ္တတလီ၊ တက္ကာရိယ၊ ဖွင့်၍ပြ၊ ကမ္မသာဓန ကြံစရာ။

၅၀။ သံ၀ဏ္ဏောတဗ္ဗ၊ အပါကဋ္ဌ၊ ဖြစ်တုံက၊ ကမ္မဝါစက၊ ပါကဋ္ဌနှင့်၊ ဘာ၀ သဒ္ဒါ၊ ထည့်ကာ နင်းသိပ်၊ တခွိတ် ဘာ၀၊ နက်ထ ပြီးကာ၊ ဖွင့်ပြလာ၊ မှတ်ပါ ကမ္မသာဓန၊ ဘာ၀ပ္ပဓာန။

၅၁။ သံ၀ဏ္ဏောတဗ္ဗ၊ ကိတ်ပဒကို၊ ကမ္မဝါစက၊ ပဒ နောက်မှာ၊ သဒ္ဒါ ဘာ၀၊ ထိုမှ တစ်နည်း၊ ယင်းပစ္စည်းနှင့်၊ လှောက်ပြီးဖွင့်က၊ ကမ္မသာဓ်မှတ်၊ ရှုမျှော်လတ်၊ ဘာ၀ပ္ပဓာန်၊ နှစ်မျိုးကြံ။

၅၂။ သံ၀ဏ္ဏောတဗ္ဗ၊ အပါကဋ္ဌ၊ ဖြစ်လက၊ ကတ္တုဝါစက၊ ပါကဋ္ဌနှင့်၊ ဘာ၀စွက်ကာ၊ ဖွင့်ပြရာ၊ မှတ်ပါ မုချ၊ ကတ္တုသာဓန၊ ဘာ၀ပ္ပဓာန။

၅၃။ သံ၀ဏ္ဏောတဗ္ဗ၊ ကိတ်ပဒကို၊ ကတ္တုဝါစက၊ ပဒ နောက်မှာ၊ သဒ္ဒါ ဘာ၀၊ ထိုမှ တစ်နည်း၊ ယင်းပစ္စည်းနှင့်၊ လှောက်ပြီးဖွင့်မူ၊ ကတ္တုသာဓ်မှတ်၊ ရှုမျှော်လတ်၊ ဘာ၀ပ္ပဓာန်၊ နှစ်မျိုးကြံ။

၅၄။ ဘာ၀ပစ္စယ၊ အဝိဇ္ဇမာန၊ ပုဒ်ပဒကို၊ ဘာ၀ပစ္စယ၊ ထည့်ဖွင့်ပြရာ၊ သင့်လျော်စွာ၊ ကြံပါ ဘာ၀ပ္ပဓာနာ။ ယင်းသို့ ဖွင့်က၊ ဘာ၀ပစ္စယ၊ ကျေကြံရ၊ မှတ်ကြ တစ်နည်းမှာ။

ttp://www.dhammadownload.com



၅၅။ သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတ၊ ကိတ်ဘာဝနှင့်၊ ဖွင့်၍ပြ၊ တဒ္ဓိတ် ဘာဝ၊ ဝါ-သွတ္တ။

၅၆။ သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတ ကို၊ ယု ပစ္စယ၊ အာကာရနှင့်၊ ဘာဝသဒ္ဒါ၊ ဖွင့်ပြရာ၊ ကြံပါ ဘာဝ၊ တဒ္ဓိတ၊ အထ ဝါ ပြ၊ ပုဒ် သွတ္တ။

၅၇။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ယုပစ္စယ၊ အာကာရနှင့် ဘာဝသဒ္ဒါ၊ ဖွင့်ပြရာ၊ ကြံပါ မုချ၊ ကိတ်ဘာဝ။

၅၈။ ယု ပစ္စည်းနောက်၊ က သွင်းလျောက်ပြ၊ ဖွင့်ပြမှု၊ ကတ္တုသာဓန၊ ကြံကုန်ကြ။

၅၉။ ယု ပစ္စည်းကို၊ ဟိတ်ဖွင့်ဆိုက၊ သာဓနကတ္တား၊ ကြံငြား မှန်စွာ၊ ပဌမာဒိ၊ ဖွင့်ဆိုဘိက၊ ဘာဝသာဓ်ကြံ၊ တစ်တန် ဝသေန၊ ဆင့်ဖွင့်ပြရာ၊ သင့်လျော်စွာ၊ ကြံပါ ကတ္တား,ဘော,ကံတည်း။

၆၀။ ဘာဝသာဓနေ၊ ပြုတုံက၊ ယု ပစ္စယ၊ ပါမြဲတည်း။ (ယေဘုယျ)

၆၁။ ဝိဘတ်တူမျှ၊ ဖွင့်၍ပြ၊ နာဒိကြဉ်ကြ၊ ပုဒ်အဇ္ဈယ၊ ရှေးရှိက၊ အဇ္ဈယီဘောကြံ။

၆၂။ သံဝဏ္ဏေတဗ္ဗ၊ သမာသမှ၊ အ-ကို မသွေ၊ ပဋိက္ခေပ၊ အညနာဒိ၊ ပဋိပက္ခ၊ ဖွင့်၍ပြ၊ ကြံကြ တပ္ပုရိသ်။

၆၃။ သံဝဏ္ဏေတဗ္ဗ၊ သမာသကို၊ နောက်မှ ပဌမာ၊ ရှေ့မှာ အမာဒိ၊ အဖွင့်ရှိ၊ ကြံဘိ တပ္ပုရိသ်။

၆၄။ သံဝဏ္ဏေတဗ္ဗ၊ သမာသကို၊ နောက်မှ ပကတိ၊ ရှေ့ရှိ ပုဒ်မှာ၊ အမာဒိသာ၊ ဖွင့်ပြရာ၊ ကြံပါ တပ္ပုရိသ်။

၆၅။ တိုက်ရိုက်ညွှန်ပြ၊ ဆ-သိရသည့်၊ ယာဒိ အညပုဒ်စု၊ ဖွင့်ပြမှု၊ ဒိဂု,ဗဟုဗ်,ဗျယီ ကြံ။

၆၆။ သံဝဏ္ဏေတဗ္ဗ၊ သမာသကို၊ သဒိသ-စ၊ ဆင့်ဖွင့်က၊ ကမ္မ,ဗဟုဗ် ကြံ။

၆၇။ အပေါင်းနောက်မှာ၊ ဆင့်ဖွင့်ပါက၊ ကြံပါ ဗဟုဗ်၊ အစိတ်ပုဒ်မှာ၊ ဆင့်ဖွင့်ရာ၊ ကြံပါ ကမ္မ၊ ထူးမှတ်ကြ။
(အထူး)

၆၈။ နောက်ပုဒ် မပြ၊ ရှေးပဒမှာ၊ ဆင့်ဖွင့်ရာ၊ ကြံပါ ဗဟုဗ္ဗိ။

၆၉။ သံဝဏ္ဏေတဗ္ဗ၊ သမာသကို၊ ရှေ့,နောက် ပဌမာ၊ ဝိယာ, ကပ္ပ၊ လောင်းဖွင့်က၊ ကမ္မ,ဗဟုဗ် ကြံ။

၇၀။ ဤနည်းဖွင့်ပြ၊ နောက်ပဒသည်၊ ဒဗ္ဗသဒ္ဒါ၊ ဖြစ်တုံပါက၊ ကမ္မ ကြံရာ၊ ကြိယာ, ဂုဏ၊ ဖြစ်တုံက၊ ကြံကြ ဗဟုဗ္ဗိ။ (အထူး)

၇၁။ သံဝဏ္ဏေတဗ္ဗ၊ သမာသမှ၊ ရှေး အဇ္ဈယ၊ ပုဒ်ပဒကို၊ န, ရဟိတာ၊ နိ-သဒ္ဒါဒိ၊ ဖွင့်ပြရှိ၊ ကြံဘိ ဗဟုဗ္ဗိ။

၇၂။ အဇ္ဈယကို၊ ပုဒ် အဘာဝ၊ ဒုလ္လဘာဒိ၊ ဖွင့်ပြရှိရာ၊ ကြိယာမျှသာ၊ ရတုံပါက၊ အဇ္ဈယီ ကြံ၊ တစ်တန် ဒဗ္ဗ၊ ရတုံက၊ ကြံကြ ဗဟုဗ္ဗိ။

၇၃။ ပုဒ်အပွကို၊ အဘာဝ စ၊ ဖွင့်ပြတုံလျှင်း၊ မရှိခြင်းသာ၊ ရတုံပါက၊ အဇ္ဈယီ ကြံ၊ တစ်တန် ဒဗ္ဗ၊ ရတုံက၊ ကြံကြ ဗဟုဗ္ဗိ။

၇၄။ ရှေ့,နောက် ပြန်ပြ၊ ဖွင့်လှစ်ကြရာ၊ ပုဒ် အဇ္ဈယ၊ ရှေးရှိက၊ အဇ္ဈယီဘော ကြံ။

၇၅။ ဝိဂ္ဂြဟနက်ပြ၊ အဇ္ဈယအား၊ ရှေး၌ထားကာ၊ ဖွင့်ပြရာ၊ ကြံပါ အဇ္ဈယီ။

၇၆။ ရှေး အဇ္ဈယ၊ မဖွင့်ပြချေ၊ အဓိပ္ပေတာ၊ နက်ဝိဂ္ဂြဟမျှ၊ ဖွင့်၍ပြ၊ ကြံကြ အဇ္ဈယီ။

၇၇။ ပုဒ်သမာသ၊ နက်အတ္ထကို၊ ငဲ့ထပုဒ်နှင့်၊ လျော်စွာဖွင့်၊ ကြံသင့် အဇ္ဈယီ။

၇၈။ သံဝဏ္ဏေတဗ္ဗ၊ ပုဒ်ပဒကို၊ သီလ, ဓမ္မာ၊ သာဓုကာရီ၊ ထည့်ဖွင့်စီ၊ တဿီလာဒိကြံ။
(ကိတ်,တဒ္ဓိတ်,သမာသ် သာမညဖို့)

သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ သီလ, ဓမ္မာ၊ သာဓုကာရီ၊ ထည့်ဖွင့်စီ၊ တဿီလာဒိကြံ။ (ကိတ်ဖို့)

သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတကို၊ သီလ, ဓမ္မာ၊ သာဓုကာရီ၊ ထည့်ဖွင့်စီ၊ တဿီလာဒိကြံ။ (တဒ္ဓိတ်ဖို့)

သံဝဏ္ဏေတဗ္ဗ၊ သမာသကို၊ သီလ, ဓမ္မာ၊ သာဓုကာရီ၊ ထည့်ဖွင့်စီ၊ တဿီလာဒိကြံ။ (ကိတန္တသမာသ်ဖို့)

ttp://www.dhammadownload.com



၇၉။ သံဝဏ္ဏေတမ္ဘ၊ သမာသကို၊ အပေတ ပဒ၊ အဘာဝပုဒ်၊ ဖွင့်နည်းထုတ်၊ ဗဟုဝ်,ဗျယီ ကြံ။
၈၀။ ကာရိယများစွာ ဆက်ဆံပါ၍၊ ထင်စွာ ဝိဘတ်၊ ဖွင့်ပြလတ်၊ ဝိဘတ္တိပဒ ကြံ။
၈၁။ အနက်တူမျှ၊ မတူကြသည့်၊ ပစ္စယနှင့်၊ ပြောင်းဖွင့်ပြ၊ ပစ္စယတ္ထ ကြံ၊ တစ်တန် သတ်မှတ်၊ သိမြင်အပ်၊ ဝိဘတ် နက်ဖွင့်ကြံ။
၈၂။ ဟေတု ပုဒ်ပါ၍၊ ထည့်ဖွင့်လတ်၊ ဝိဘတ် နက်ဖွင့်ကြံ၊ (နိမိတ် နက်ဖွင့်ကြံ)။
၈၃။ အတ္ထာယ ပါ၍၊ ယှဉ်ဖွင့်လတ်၊ ဝိဘတျတ္ထကြံ၊ (တဒတ္ထဖွင့်ကြံ)။
၈၄။ ခပ်သိမ်းဓာတ်တွင်၊ နက်မထင်က၊ သကတ္တကို ရှေ့ကသွင်းကာ၊ ဘူ,ကရာနှင့်၊ ဖွင့်ကာပြလေ စမြဲတည်း။
၈၅။ ရှေ့ပုဒ် နောက်ထိုင်၊ တပြိုင်နက်တည်း၊ ကိတ်လည်းသွင်း၊ မည်ရင်း အယုတ္တ။
၈၆။ သဒ္ဒါ တစ်ပါး၊ နက်များ မအပ်၊ သကတ် မပြိုင်၊ မဟောနိုင်။
၈၇။ အပေါင်း နောက်မှာ၊ ပိသဒ္ဒါ၊ အစိတ်ကို ဆည်းသတည်း။
၈၈။ နှစ်,သုံး,လေးပါး၊ ကံ, ကတ္တားနှင့်၊ ထားသည့်အရာ၊ ကြိယာမှာ၊ မှန်စွာ နောက်ဖျား၊ ကံ, ကတ္တားနှင့်၊ တူငြား လိင်,ဝုစ် အတူတည်း။
၈၉။ နောက်သဗ္ဗရှိ၊ ရှေ့ဣတိ၊ အာဒိ အနက်ဟော။
၉၀။ သံဝဏ္ဏေတမ္ဘ၊ ပုဒ်ပဒ၌၊ မုချကေန်၊ ပါသည်မှန်လျက်၊ သံဝဏ္ဏနာ၊ ဖွင့်သောခါတွင်၊ မပါဝင်မူ၊ မှန်ပင် ခဲကြိတ်၊ တဒ္ဓိတ်ဖြစ်က၊ သကတ္တတည်း၊ သမာသ်ဖြစ်မူ၊ ကမ္မယူလေ့၊ ချို့မူ တဗ္ဗော၊ နည်းစုံဟောသည်၊ မှတ်လောညာဏ်ဝယ် အမြဲတည်း။

## လျှောက်တင်အပ်ပါသည်

အာဘော်ကို ကျွမ်းကျင်ပိုင်နိုင်ရန်အတွက် . . .

၁။ အဋ္ဌကထာကို အနက်သေချာစွာ လှည့်ပါ။
၂။ ဤကျမ်းစာအုပ်၌ ဖော်ပြခဲ့ပြီးသော အာဘော်ဖော်နည်းများကို ပိုင်နိုင်အောင် အားထုတ်ထားပါ။
၃။ မစိုးရိမ်သီလက္ခန်၊ မစိုးရိမ်သီလက္ခန်အဖြေသစ်၊ သီလက္ခန်ဝါကျဥယျာဉ်၊ သီလက္ခန်အောင်ပန်း၊ သီလက္ခန် စာစဉ် စသော ကျမ်းစာအုပ် တစ်မျိုးမျိုးကို ကိုင်၍ အာဘော် တစ်ပုဒ်စွာတည်းကိုသာ ရွေးပြီး အဖန်တလဲလဲ ဖတ်ရှုလေ့လာ ဆည်းပူးအားထုတ်ပါ။ သို့မှသာ အာဘော်ကို ကျွမ်းကျင်စွာ ဖော်နိုင်မည်။

သတိ။ အထူးထုတ် စာအုပ်များကို ကျက်ခိုင်းခြင်း မဟုတ်ပါ။ ယင်းအထူးထုတ် ကျမ်းပြုဆရာတို့၏ အာဘော်ဖော်ပုံ အယူအဆကို သဘောပေါက်အောင် အခေါက်ခေါက် အခါခါ ဖတ်ရှုလေ့လာခိုင်းခြင်းသာ ဖြစ်သည်ကို အထူးသတိပြုတော်မူပါ။

**၆-နံပါတ် စည်းမျဉ်း ပြီး၏။**

အာပြောနဲ့ ကဲ့ရဲ့တတ်သူကို အလုပ်နဲ့ အနိုင်ယူပါ။

ttp://www.dhammadownload.com



# ၇–နံပါတ် နိရုတ္တိစည်းမျဉ်း

ဤ ၇–နံပါတ် ပုစ္ဆာ၌ နိရုတ္တိနည်း, ဝိပလ္လာသနည်းတို့ကို မေး၏။

## နိရုတ္တိနည်း (၅)နည်း

ဝဏ္ဏာဂမ၊ ဝိကာရနှင့်၊ လောပ, ဝိပရိ၊ အတ္ထာတိ၊ မှတ်သိ နိရုတ်–ငါး။

### ဝဏ္ဏာဂမ နိရုတ္တိနည်း

အက္ခရာ လာခြင်းကို စီရင်သော နိရုတ္တိနည်းသည် ဝဏ္ဏာဂမ နိရုတ္တိနည်းမည်၏။ ပုံစံကား = ဝုဒိက္ခတိ တည်း။ ဝုဒိက္ခတိ ကို ဥဒိက္ခတိ ဟုတည်၊ ဝ လာခြင်းတည်းဟူသော ဝဏ္ဏာဂမ နိရုတ္တိနည်းဖြင့် ဝုဒိက္ခတိကား ပြီး၏။

### ဝဏ္ဏဝိကာရ နိရုတ္တိနည်း

အက္ခရာ ပြုခြင်းကို စီရင်သော နိရုတ္တိနည်းသည် ဝဏ္ဏဝိကာရ နိရုတ္တိနည်းမည်၏။ ပုံစံကား = အတ္ထုပ္ပတ္တိ တည်း။ အတ္ထုပ္ပတ္တိ ကို အဋ္ဌုပ္ပတ္တိ ဟုတည်၊ ဋ္ဌ ကို တ္ထ ပြုခြင်းတည်းဟူသော ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် အတ္ထုပ္ပတ္တိ ကား ပြီး၏။

အမှာ။ အဋ္ဌကထာ ပုံစံကို အတ္ထကထာ ဟုတည်၍လည်း ပုဒ်ပြီး ကြည့်ပါ။

### ဝဏ္ဏလောပ (ဝဏ္ဏနာသ) နိရုတ္တိနည်း

အက္ခရာ ချေခြင်းကို စီရင်သော နိရုတ္တိနည်းသည် ဝဏ္ဏလောပ နိရုတ္တိနည်းမည်၏။ ပုံစံကား = အဒ္ဒါန တည်း။ အဒ္ဒါနကား = အဒ္ဒါပုဒ် + အယနပုဒ်ဖြင့် အဒ္ဒါယနဟူလိုလျက် ယ ချေခြင်းတည်းဟူသော ဝဏ္ဏလောပ (ဝဏ္ဏနာသ) နိရုတ္တိနည်းဖြင့် အဒ္ဒါနကား ပြီး၏။

### ဝဏ္ဏဝိပရိယာယ နိရုတ္တိနည်း

အက္ခရာ ရှေ့နောက်ပြန်ခြင်းကို စီရင်သော နိရုတ္တိနည်းသည် ဝဏ္ဏဝိကာရ နိရုတ္တိနည်းမည်၏။ ပုံစံကား = အရိယောတည်း။ အရိယော ကို အယိရော ဟုတည်၊ ရ နှင့် ယ ကို ရှေ့နောက်ပြန်ခြင်းတည်းဟူသော ဝဏ္ဏ–ဝိပရိယာယ နိရုတ္တိနည်းဖြင့် အရိယောကား ပြီး၏။

### ဓာတူနမတ္ထာတိသယ နိရုတ္တိနည်း

ဓာတ်၏ မူလဟောမြဲ အနက်မှတစ်ပါး လွန်သော အနက်နှင့်ယှဉ်သော နိရုတ္တိနည်းသည် ဓာတူနမတ္ထာ တိသယ နိရုတ္တိနည်းမည်၏။ ပုံစံကား = တထာဂတောတည်း။ ဤပုံစံ၌ ဂမုဓာတ်၏ ဂမနတ္ထဟူသော မူလဟောမြဲ အနက်မှတစ်ပါး ဗုဇ္ဈနတ္ထဟူသော လွန်သော အနက်နှင့်ယှဉ်သောကြောင့် ဓာတူနမတ္ထာတိသယ နိရုတ္တိနည်းကို ရ၏။ (ဌ၊ နှာ ၆၄–အဘိသမ္ဗုဒ္ဓေါ, အဘိသမ္ဗုဒ္ဓတ္တာ အဖွင့်ကို ရှု၍ ပြီးသည်။)

## ဝိပလ္လာသ (၆)နည်း

လိင်,ဝိဘတ္တ၊ ဝစနနှင့်၊ ကာလ တစ်ဖြာ၊ ပုရိသာ တည်း၊ အက္ခရာ ယူ၊ ဤခြောက်ဆူ၊ ပြားယူ ဝိပလ္လာသ။

ttp://www.dhammadownload.com



**လိင်္ဂ ဝိပလ္လာသနည်း**

ပုလ္လိင် အစရှိသည်ဖြင့် ဆိုအပ်လျက် နပုလ္လိင် အစရှိသည်သို့ ပြန်သော ဝိပလ္လာသနည်းသည် လိင်္ဂ ဝိပလ္လာသနည်းမည်၏။ ပုံစံကား = တေဒဂ္ဂ ဘိက္ခဝေ ယဒိဒံ ဥပါလိတည်း။ ဤပုံစံ၌ တေဒဂ္ဂကား သော အဂ္ဂေါ ဟု ပုလ္လိင်ဖြင့် ဆိုအပ်လျက် တေဒဂ္ဂံဟု နပုလ္လိင်သို့ ပြန်သော လိင်္ဂ ဝိပလ္လာသနည်းဖြင့် တေဒဂ္ဂကား ပြီး၏။

**ဝိဘတ္တိ ဝိပလ္လာသနည်း**

ပဌမာဝိဘတ် အစရှိသည်ဖြင့် ဆိုအပ်လျက် ဒုတိယာဝိဘတ် အစရှိသည်သို့ ပြန်သော ဝိပလ္လာသနည်းသည် ဝိဘတ္တိ ဝိပလ္လာသနည်းမည်၏။ ပုံစံကား = သီလန္တိ သီလသ္မိံတည်း။ ဤပုံစံ၌ သီလံကား သီလသ္မိံဟု သတ္တမီဝိဘတ်ဖြင့် ဆိုအပ်လျက် သီလံဟု ပထမာဝိဘတ်သို့ ပြန်သော ဝိဘတ္တိ ဝိပလ္လာသနည်းဖြင့် သီလံကား ပြီး၏။

**ဝစန ဝိပလ္လာသနည်း**

ဧကဝုစ်ဖြင့် ဆိုအပ်လျက် ဗဟုဝုစ်သို့ ပြန်သော ဝိပလ္လာသနည်းသည် ဝစန ဝိပလ္လာသနည်းမည်၏။ ပုံစံကား = ဘိက္ခုသာမဏေရာ သိက္ခတိတည်း။ ဤပုံစံ၌ သိက္ခတိကား သိက္ခန္တိဟု ဗဟုဝုစ်ဖြင့် ဆိုအပ်လျက် သိက္ခတိဟု ဧကဝုစ်သို့ ပြန်သော ဝစန ဝိပလ္လာသနည်းဖြင့် သိက္ခတိကား ပြီး၏။

**ကာလ ဝိပလ္လာသနည်း**

ပစ္စုပ္ပန်ကာလ အစရှိသည်ဖြင့် ဆိုအပ်လျက် အတိတ်ကာလ အစရှိသည်သို့ ပြန်သော ဝိပလ္လာသနည်းသည် ကာလ ဝိပလ္လာသနည်းမည်၏။ ပုံစံကား = ဘဂဝါ သာဝတ္ထိယံ ဝိဟရတိတည်း။ ဤပုံစံ၌ ဝိဟရတိကား ဝိဟရိဟု အတိတ်ကာလဖြင့် ဆိုအပ်လျက် ဝိဟရတိဟု ပစ္စုပ္ပန်ကာလသို့ ပြန်သော ကာလ ဝိပလ္လာသနည်းဖြင့် ဝိဟရတိကား ပြီး၏။ (အသုံးနည်း၏)

**ပုရိသ ဝိပလ္လာသနည်း**

ပထမာပုရိသ် အစရှိသည်ဖြင့် ဆိုအပ်လျက် မဇ္ဈိမပုရိသ် အစရှိသည်သို့ ပြန်သော ဝိပလ္လာသနည်းသည် ပုရိသ ဝိပလ္လာသနည်းမည်၏။ ပုံစံကား = ဘိက္ခုသာမဏေရာ သိက္ခထတည်း။ ဤပုံစံ၌ သိက္ခထကား သိက္ခန္တိဟု ပထမာပုရိသ်ဖြင့် ဆိုအပ်လျက် သိက္ခထဟု မဇ္ဈိမပုရိသ်သို့ ပြန်သော ပုရိသ ဝိပလ္လာသနည်းဖြင့် သိက္ခထကား ပြီး၏။ (အသုံးနည်း၏)

**အက္ခရ ဝိပလ္လာသနည်း**

က–အက္ခရာ အစရှိသည်ဖြင့် ဆိုအပ်လျက် ခ–အက္ခရာ အစရှိသည်သို့ ပြန်သော ဝိပလ္လာသနည်းသည် အက္ခရ ဝိပလ္လာသနည်းမည်၏။ ပုံစံကား = သုဂတောတည်း။ ဤပုံစံ၌ သုဂတောကား သုဂဒေါဟု ဒ အက္ခရာဖြင့် ဆိုအပ်လျက် သုဂတောဟု တ အက္ခရာသို့ ပြန်သော အက္ခရ ဝိပလ္လာသနည်းဖြင့် သုဂတောကား ပြီး၏။

**လျှောက်တင်အပ်ပါသည်**

နိရုတ္တိနည်း, ဝိပလ္လာသနည်းတို့ဖြင့် ပုဒ်ပြီး, ရုပ်ပြီးသော ပုံစံများကို ရွှေသီလက္ခန် (ဒုတိယတွဲ)၊ နိရုတ္တိ ၁၀၀၀–ကဏ္ဍာ၌ ရှုပါ။ နိရုတ္တိနည်းဖြင့် ပုဒ်ပြီးရာ၌ ပုဒ်တည် မှန်ဖို့ရာ အလွန်အရေးကြီး၏။ ပုဒ်တည် မှန်ဖို့ရာအတွက် စာချတန်းအခြေခံ သဒ္ဒါကဏ္ဍာ၌ ဖော်ပြခဲ့သော ပုဒ်, ဓာတ်+ပစ္စည်း ခွဲနည်းကို ပိုင်နိုင်စွာ လေ့လာကျက်မှတ်ထားတော်မူကြပါဟု လျှောက်တင်အပ်ပါသည်။

**၇–နံပါတ် စည်းမျဉ်း ပြီး၏။**

ttp://www.dhammadownload.com



# ၈–နံပါတ် အဓိပ္ပါယ်စည်းမျဉ်း

ဤ ၈–နံပါတ် ပုစ္ဆာ၌ အဓိပ္ပါယ်ကိုသာ မေးလေ့ရှိသဖြင့် ၈–နံပါတ် ပုစ္ဆာအတွက် စည်းမျဉ်းကို သီးသန့် ရေးဖွယ်ရာ မလိုတော့ပါ။ သို့သော်လည်း သဒ္ဒါအခြေခံနည်းပါးသော အရှင်မြတ်များအတွက် သဘောအားဖြင့် စတုက္က ပုံသေထုတ်နည်းများကိုလည်းကောင်း၊ ပါရာဇိကဏ် မတက်ဘူးသေးသော အရှင်မြတ်များအတွက် မုချ, ဥပစာ အရကောက်ပုံနှင့် နည်း+ဥပစာ တင်ပုံတို့ကိုလည်းကောင်း အမြွက်မျှ ဖော်ပြအပ်ပါ၏။

### သဘောအားဖြင့် စတုက္ကပုံသေထုတ်နည်း

### လက္ခဏစတုက္က ပုံသေထုတ်နည်း

လက္ခဏစတုက္ကဟူသည် ၁။ လက္ခဏ ၂။ လက္ခဏဝန္တ ၃။ လက္ခ ၄။ လက္ခဝန္တ ဟူသော လက္ခဏ ခေါင်း ဆောင်သော အချက်လေးချက်ကို လက္ခဏစတုက္ကဟု ခေါ်၏။ ထိုတွင် . . .

ဝါကျတစ်ခု၌ ကြိယာနှစ်ခု ရှိ၏။ ကြိယာတစ်ခုကို မှတ်သားတတ်သော ကျန်ကြိယာတစ်ခုသည် လက္ခဏ၊ ထိုလက္ခဏ ကြိယာ၏ ကတ္တား+ကံတို့သည် လက္ခဏဝန္တ၊ ကြိယာတစ်ခုဖြင့် မှတ်သားမှုကို ခံရသော ကြိယာသည် လက္ခ၊ ထိုလက္ခ ကြိယာ၏ ကတ္တား+ကံတို့သည် လက္ခဝန္တ မည်၏။

(ပုံစံကား) ဘိက္ခူသု ဘောဇိယမာနေသု ပုရိသော ဂတော–တည်း။ ဤပုံစံ၌ ဘောဇိယမာနေသု ဟူသော ကြိယာတစ်ခု၊ ဂတော ဟူသော ကြိယာတစ်ခုဟု ကြိယာနှစ်ခု ပါရှိ၏။ ထိုကြိယာနှစ်ခုတို့တွင် = နင့်ယောကျ်ား ဘယ်အချိန်က ခရီးသွားလဲ ? ဟု မေးခဲ့သော် ရဟန်းများ ဆွမ်းစားသော အချိန်၌ ယောကျ်ား ခရီးသွားသည်ဟု ဖြေရပေမည်။

ယောကျ်ား၏ ခရီးသွားခြင်းကြိယာ (ခရီးသွားချိန်)ကို ရဟန်းတို့၏ ဆွမ်းစားခြင်းကြိယာ (ဆွမ်းစားချိန်) သည် မှတ်သားတတ်၏။ ဤသို့ မှတ်သားတတ်သော ကြိယာ ဖြစ်သောကြောင့် ဆွမ်းစားခြင်း (ဆွမ်းစားချိန်)ဟူသော "ဘောဇိယမာနေသု" ကြိယာသည် လက္ခဏ မည်၏။

ယင်းဘောဇိယမာနေသု ဟူသော လက္ခဏကြိယာ၏ ကံပုဒ် ဖြစ်သောကြောင့် "ဘိက္ခူသု"သည် လက္ခဏဝန္တ မည်၏။

ရဟန်းတို့၏ ဆွမ်းစားခြင်းကြိယာ (ဆွမ်းစားချိန်)ဖြင့် ယောကျ်ား၏ ခရီးသွားခြင်းကြိယာ (ခရီးသွားချိန်)ကို မှတ်သားထားရကား ယောကျ်ား၏ ခရီးသွားခြင်းကြိယာ (ခရီးသွားချိန်)သည် မှတ်သားမှုကို ခံရသော ကြိယာဖြစ်၏။ ဤသို့ မှတ်သားမှုကို ခံရသော ကြိယာ ဖြစ်သောကြောင့် သွားခြင်း (ခရီးသွားချိန်)ဟူသော "ဂတော" ကြိယာသည် လက္ခ မည်၏။

ယင်းဂတော ဟူသော လက္ခကြိယာ၏ ကတ္တားပုဒ် ဖြစ်သောကြောင့် "ပုရိသော"သည် လက္ခဝန္တ မည်၏။ အချုပ်။ မှတ်သားတတ်သော ကြိယာသည် လက္ခဏ၊ မှတ်သားမှုကို ခံရသော ကြိယာသည် လက္ခ။

> ရဟန်းဟူသည် ကြက်မကြီးလိုလည်း ကျင့်ရသည်။
> ရဟန်းဟူသည် ကြက်ဖကြီးလိုလည်း ကျင့်ရသည်။

ttp://www.dhammadownload.com



## အနာဒရစတုက္က ပုံသေထုတ်နည်း

အနာဒရစတုက္ကဟူသည် ၁။ အနာဒရ ၂။ အနာဒရဝန္တ ၃။ အနာဒရိယ ၄။ အနာဒရိယဝန္တ ဟူသော အနာဒရ ခေါင်းဆောင်သော အချက်လေးချက်ကို အနာဒရစတုက္ကဟု ခေါ်၏။ ထိုတွင် . . .

ဝါကျတစ်ခု၌ ကြိယာနှစ်ခု ရှိ၏။ ကြိယာတစ်ခု၏ ရိုသေလေးစားမှု, ဂရုစိုက်မှုကို မခံရသော ကျန်ကြိယာတစ်ခုသည် အနာဒရိယ၊ ထိုအနာဒရိယ ကြိယာ၏ ကတ္တား+ကံတို့သည် အနာဒရိယဝန္တ၊ ကြိယာတစ်ခုကို ရိုသေလေးစားမှု, ဂရုစိုက်မှု မရှိသော ကြိယာသည် အနာဒရ၊ ထိုအနာဒရ ကြိယာ၏ ကတ္တား+ကံတို့သည် အနာဒရဝန္တ မည်၏။

(ပုံစံကား) ဒါရကဿ ရုဒတော ပိတာ ပဗ္ဗဇိ-တည်း။ ဤပုံစံ၌ ရုဒတော ဟူသော ကြိယာတစ်ခု၊ ပဗ္ဗဇိ ဟူသော ကြိယာတစ်ခုဟု ကြိယာနှစ်ခု ပါရှိ၏။ ထိုကြိယာနှစ်ခုတို့တွင် = ဖခင် ဖြစ်သူ ဘယ်အချိန်က ဘုန်းကြီးဝတ်သလဲ?ဟု မေးခဲ့သော် ကလေး ငိုနေစဉ် ဖခင် ဘုန်းကြီးဝတ်သည်ဟု ဖြေရပေမည်။

ဖခင်၏ ဘုန်းကြီးဝတ်ခြင်းဟူသော ပဗ္ဗဇိ ကြိယာ၏ ရိုသေလေးစားမှု, ဂရုစိုက်မှုကို မခံရသော ကြိယာဖြစ်သောကြောင့် "ရုဒတော"သည် အနာဒရိယ မည်၏။

ယင်းရုဒတော ဟူသော အနာဒရိယ ကြိယာ၏ ကတ္တားပုဒ် ဖြစ်သောကြောင့် "ဒါရကဿ"သည် အနာဒရိယဝန္တ မည်၏။

ကလေး၏ ငိုခြင်းဟူသော ရုဒတော ကြိယာကို ရိုသေလေးစားမှု, ဂရုစိုက်မှု မရှိသော ကြိယာ ဖြစ်သောကြောင့် "ပဗ္ဗဇိ"သည် အနာဒရ မည်၏။

ယင်းပဗ္ဗဇိ ဟူသော အနာဒရ ကြိယာ၏ ကတ္တားပုဒ် ဖြစ်သောကြောင့် "ပိတာ"သည် အနာဒရဝန္တ မည်၏။

အချုပ်။ ရိုသေလေးစားမှု, ဂရုစိုက်မှုကို မခံရသော ကြိယာသည် အနာဒရ၊ ရိုသေလေးစားမှု, ဂရုစိုက်မှု မရှိသော ကြိယာသည် အနာဒရိယ။

## ဥပမာစတုက္က ပုံသေထုတ်နည်း

ဥပမာစတုက္ကဟူသည် ၁။ ဥပမာန ၂။ ဥပမေယျ ၃။ ဥပမာ ၄။ ဥပမာဇောတက ဟူသော အချက်လေးချက်ကို ဥပမာစတုက္ကဟု ခေါ်၏။ ထိုတွင် . . .

ပေါ်လွင်ထင်ရှားအောင် နှိုင်းယှဉ်မှုကို ပြုတတ်သော အရာသည် ဥပမာန၊ နှိုင်းယှဉ်မှုကို ခံရသော အရာသည် ဥပမေယျ၊ ဥပမာနနှင့် ဥပမေယျတို့၏ တူညီသော သဒိသဘောဂုဏ်သည် ဥပမာ၊ ဥပမာအနက်ကို ထွန်းပြတတ်သော ဣဝ, ဝိယ, ယထာ, ဧဝံ စသော သဒ္ဒါတို့သည် ဥပမာဇောတက မည်၏။

(ပုံစံကား) သံဃော ပဗ္ဗတံ ဣဝ အာစရတိ-တည်း။

ယင်းပုံစံ၌ "ပဗ္ဗတံ-တောင်ကြီး"သည် = သံဃာတော်တို့၏ မတုန်မလှုပ် တည်တံ့ခိုင်မြဲပုံကို ပေါ်လွင်ထင်ရှားအောင် နှိုင်းယှဉ်မှုကို ပြုတတ်သော အရာဖြစ်သောကြောင့် ဥပမာန၊

"သံဃော-သံဃာ"သည် = တောင်ကြီးနှင့် နှိုင်းယှဉ်မှုကို ခံရသော အရာဖြစ်သောကြောင့် ဥပမေယျ၊

ဥပမာန ဖြစ်သော တောင်ကြီး၏ မတုန်မလှုပ် တည်တံ့ခိုင်မြဲသကဲ့သို့ ဥပမေယျ ဖြစ်သော သံဃာတော်တို့၏ သီလ စသည်တို့သည်လည်း မတုန်မလှုပ် တည်တံ့ခိုင်မြဲသော အခြင်းအရာအားဖြင့် တူညီသော အစလ သဒိသဘောဂုဏ်သည် ဥပမာ၊

ဣဝ ဟူသော သဒ္ဒါသည် = ဥပမာအနက်ကို ထွန်းပြတတ်သောကြောင့် ဥပမာဇောတက မည်၏။

ttp://www.dhammadownload.com



## မုချ, ဥပစာနှင့် ဥပစာ ၁၂–ပါး

သဒ္ဒါက တိုက်ရိုက်ဟောအပ်သော အနက်ကို (ဝါ) အရကောက်ကို မုချတ္ထဟု ခေါ်၏။ သဒ္ဒါက တိုက်ရိုက် မဟောဘဲ ဤနေရာ၌ အလိုရှိအပ်သော အနက်ကို (ဝါ) အရကောက်ကို ဥပစာရတ္ထဟု ခေါ်၏။

မုချတ္ထ, ဥပစာရတ္ထ အရကောက်မှုတို့ကို စွဲ၍ ဖြစ်ပေါ်လာသည့် ဥပစာသည် = ကာရဏူပစာ, ဖလူပစာ, ဌာနူပစာ, ဌာနျူပစာ, ဧကဒေသူပစာ, ဧကဒေသျူပစာ, သမီပူပစာ, သမီပျူပစာ, သဒိသူပစာ, ဂုဏူပစာ, တဒ္ဓမ္မူပစာ, အဘေဒဘေဒူပစာအားဖြင့် ၁၂–ပါးရှိ၏။

နိယံ။ ကာရဏူနှင့်၊ ဖလူ တစ်ဝ၊ ဌာန တစ်လီ၊ ဌာနီ တစ်ထွေ၊ ဧကဒေသ၊ ဒေသီ ပြလော့။

သမီပယူ၊ သမီပျူနှင့်၊ ယူ သဒိသ၊ ဂုဏူ ချ၍၊ တစ်ဝ တဒ္ဓမ္မူ၊ အဘေဒူ၊ မှတ်ယူ ဥပစာ၊ ဆယ့်နှစ်ဖြာ။

## ဥပစာခွဲခြားနည်း

ဥပစာ ၁၂–ပါးတို့တွင် မည်သည့်ဥပစာ တင်ရမည်ကို ခွဲခြား၍ သိလိုသော် . . .

၁။ သဒ္ဒါက တိုက်ရိုက်ဟောသော အနက်ကို အရကောက်ထားပါ။ (မုချတ္ထ)

၂။ စပ်ပုဒ်ကို (ဝါ) ဝါကျကို ရှုမျှော်၍ ဤနေရာ၌ ယူရမည့် အနက်ကို အရကောက်ထားပါ။ (ဥပစာရတ္ထ)

၃။ ယင်းနှစ်ချက်တို့၏ ဆက်စပ်ပုံကို ဆင်ခြင်စဉ်းစားကြည့်ပါ။

၄။ သဒ္ဒါက အကြောင်းကို ဟောလျက် ဤနေရာ၌ အကျိုးကို အရကောက်လျှင် ကာရဏူပစာ။ သဒ္ဒါက အကျိုးကို ဟောလျက် ဤနေရာ၌ အကြောင်းကို အရကောက်လျှင် ဖလူပစာ မည်၏ စသည်ဖြင့် သိ၍ ဥပစာတင်ပါ။

## ရှင်းချက်

ပုံစံ။ ဘတ္တံ ပစတိ။ (ဘတ္တံ–ထမင်းကို၊ ပစတိ–ချက်၏။)

၁။ ဘတ္တဟူသော သဒ္ဒါသည် ထမင်းအနက်ကို တိုက်ရိုက်ဟော၍ ထမင်းကို အရကောက်ရမည်။ ဘတ္တအရ "မုချတ္ထအားဖြင့် ထမင်း"ကို ရ၏။

၂။ ဘတ္တံ ပစတိ ဟူသော ဝါကျ၌ကား ပစတိဟူသော သဒ္ဒါကို ထောက်၍ ချက်၏ဟူသည် ထမင်းကို ချက်ရမည် မဟုတ်၊ ဆန်ကိုသာ ချက်ရမည်ဖြစ်ရကား ဤနေရာ၌ ဘတ္တဟူသော သဒ္ဒါသည် ဆန်အနက်ကို ဟော၍ ဆန်ကို အရကောက်ရမည်။ ထို့ကြောင့် ဘတ္တအရ "ဥပစာရတ္ထအားဖြင့် ဆန်"ကို ရ၏။

၃။ မုချတ္ထ အရကောက်ထားသော ထမင်းနှင့် ဥပစာရတ္ထ အရကောက်ထားသော ဆန်တို့သည် အကျိုး+ အကြောင်း အဖြစ်ဖြင့် ဆက်စပ်နေပါ၏။ မှန်၏၊ ထမင်းသည် အကျိုး, ဆန်သည် အကြောင်း မဟုတ် ပါလော။

၄။ ဘတ္တ သဒ္ဒါသည် ထမင်းဟူသော အကျိုးကို ဟောပါလျက် ဘတ္တံ ပစတိ ဟူသော ဤဝါကျ၌ကား ဆန် ဟူသော အကြောင်းကို အရကောက်ရသောကြောင့် ဤဝါကျ၌ ရှိသော ဘတ္တ သဒ္ဒါကို ဖလူပစာသာ တင်ရမည်။

ttp://www.dhammadownload.com



### ၁။ ကာရဏူပစာ

ကာရဏူပစာ၏ သဘောသဘာဝ = သဒ္ဒါက အကြောင်းကို ဟောလျက် ဤနေရာ၌ အနက်က အကျိုးကို အရကောက်လျှင် ကာရဏူပစာ။ (ပုံစံကား) စက္ခုနာ ရူပံ ပဿတိ စသည်တည်း။

ဥပစာတင်ပုံ။ စက္ခုနာ ရူပံ ပဿတိ ဟူသော ပုံစံ၌ စက္ခု ဟူသော သဒ္ဒါသည် အကြောင်းဖြစ်သော စက္ခုပသာဒ ဒြဗ်၏ 'စက္ခု'ဟူသော အမည်ကို အကျိုးဖြစ်သော စက္ခုဝိညာဏ်ဒြဗ်၌ တင်စား၍ အကျိုးဖြစ်သော စက္ခုဝိညာဏ် ဒြဗ်ကို 'စက္ခု'ဟု ခေါ်ဆိုခြင်းကြောင့် ကာရဏူပစာ မည်၏။

### ၂။ ဖလူပစာ

ဖလူပစာ၏ သဘောသဘာဝ = သဒ္ဒါက အကျိုးကို ဟောလျက် ဤနေရာ၌ အနက်က အကြောင်းကို အရကောက်လျှင် ဖလူပစာ။ (ပုံစံကား) သြဒနော ပစ္စတေ စသည်တည်း။

ဥပစာတင်ပုံ။ သြဒနော ပစ္စတေ ဟူသော ပုံစံ၌ သြဒနော ဟူသော သဒ္ဒါသည် အကျိုးဖြစ်သော ထမင်း ဒြဗ်၏ 'သြဒန'ဟူသော အမည်ကို အကြောင်းဖြစ်သော ဆန်ဒြဗ်၌ တင်စား၍ အကြောင်းဖြစ်သော ဆန်ဒြဗ်ကို 'သြဒန'ဟု ခေါ်ဆိုခြင်းကြောင့် ဖလူပစာ မည်၏။

### ၃။ ဌာနူပစာ

ဌာနူပစာ၏ သဘောသဘာဝ = သဒ္ဒါက ဌာနကို ဟောလျက် ဤနေရာ၌ အနက်က ဌာနီကို အရကောက်လျှင် ဌာနူပစာ။ (ပုံစံကား) မဉ္စာ ဃောသန္တိ စသည်တည်း။

ဥပစာတင်ပုံ။ မဉ္စာ ဃောသန္တိ ဟူသော ပုံစံ၌ မဉ္စာ ဟူသော သဒ္ဒါသည် ဌာနဖြစ်သော ညောင်စောင်း ဒြဗ်၏ 'မဉ္စာ' ဟူသော အမည်ကို ဌာနီဖြစ်သော လူဒြဗ်၌ တင်စား၍ ဌာနီဖြစ်သော လူဒြဗ်ကို 'မဉ္စာ'ဟု ခေါ်ဆိုခြင်းကြောင့် ဌာနူပစာ မည်၏။

### ၄။ ဌာနျူပစာ

ဌာနျူပစာ၏ သဘောသဘာဝ = သဒ္ဒါက ဌာနီကို ဟောလျက် ဤနေရာ၌ အနက်က ဌာနကို အရကောက်လျှင် ဌာနျူပစာ။ (ပုံစံကား) ကုန္တာ ပစရန္တိ စသည်တည်း။

ဥပစာတင်ပုံ။ ကုန္တာ ပစရန္တိ ဟူသော ပုံစံ၌ ကုန္တာ ဟူသော သဒ္ဒါသည် ဌာနီဖြစ်သော လှံဒြဗ်၏ 'ကုန္တ' ဟူသော အမည်ကို ဌာနဖြစ်သော လူဒြဗ်၌ တင်စား၍ ဌာနဖြစ်သော လူဒြဗ်ကို 'ကုန္တ'ဟု ခေါ်ဆိုခြင်းကြောင့် ဌာနျူပစာ မည်၏။

### ၅။ ဧကဒေသူပစာ

ဧကဒေသူပစာ၏ သဘောသဘာဝ = သဒ္ဒါက အစိတ်(အနည်း)ကို ဟောလျက် ဤနေရာ၌ အနက်က အပေါင်း(အများ)ကို အရကောက်လျှင် ဧကဒေသူပစာ။ (ပုံစံကား) ဘတ္တံ ဘုဉ္ဇတိ စသည်တည်း။

ဥပစာတင်ပုံ။ ဘတ္တံ ဘုဉ္ဇတိ ဟူသော ပုံစံ၌ ဘတ္တံ ဟူသော သဒ္ဒါသည် အစိတ်ဖြစ်သော ထမင်းဒြဗ်၏ 'ဘတ္တ'ဟူသော အမည်ကို အပေါင်းဖြစ်သော ထမင်း,ဟင်း,အချိုပွဲ ဒြဗ်တို့၌ တင်စား၍ အပေါင်းဖြစ်သော ထမင်း, ဟင်း,အချိုပွဲ ဒြဗ်တို့ကို 'ဘတ္တ'ဟု ခေါ်ဆိုခြင်းကြောင့် ဧကဒေသူပစာ မည်၏။

အမှာ။ ဤဥပစာကို အဝယဝူပစာ-ဟုလည်း ခေါ်ကြသေး၏။

### ၆။ ဧကဒေသျူပစာ

ဧကဒေသျူပစာ၏ သဘောသဘာဝ = သဒ္ဒါက အပေါင်း(အများ)ကို ဟောလျက် ဤနေရာ၌ အနက်က အစိတ်(အနည်း)ကို အရကောက်လျှင် ဧကဒေသျူပစာ။ (ပုံစံကား) သမုဒ္ဒေါ မယာ ဒိဋ္ဌော စသည်တည်း။

ttp://www.dhammadownload.com



ဥပစာတင်ပုံ။ သမုဒ္ဒေါ မယာ ဒိဋ္ဌော ဟူသော ပုဒ်၌ သမုဒ္ဒေါ ဟူသော သဒ္ဒါသည် အပေါင်းဖြစ်သော သမုဒ္ဒရာ တစ်စင်းလုံး ဒြဗ်၏ 'သမုဒ္ဒ'ဟူသော အမည်ကို အစိတ်ဖြစ်သော မျက်စိဖြင့် မြင်ကောင်းသော သမုဒ္ဒရာ အစိတ်ဒြဗ်၌ တင်စား၍ အစိတ်ဖြစ်သော မျက်စိဖြင့် မြင်ကောင်းသော သမုဒ္ဒရာ အစိတ်ဒြဗ်ကို 'သမုဒ္ဒ'ဟု ခေါ်ဆိုခြင်းကြောင့် ဧကဒေသူပစာ မည်၏။

## ၇။ သမီပူပစာ

သမီပူပစာ၏ သဘောသဘာဝ = သဒ္ဒါက ထာဝရဝတ္ထုကို ဟောလျက် ဤနေရာ၌ အနက်က ဇင်္ဂမ ဝတ္ထုကို အရကောက်လျှင် သမီပူပစာ။ (ပုံစံကား) နာဝါ တီရေန ဂစ္ဆတိ စသည်တည်း။

ဥပစာတင်ပုံ။ နာဝါ တီရေန ဂစ္ဆတိ ဟူသော ပုဒ်၌ တီရေန ဟူသော သဒ္ဒါသည် အနီးဖြစ်သော ထာဝရဝတ္ထု ကမ်းဒြဗ်၏ 'တီရ'ဟူသော အမည်ကို အနီးရှိသော ဇင်္ဂမဝတ္ထု လှေသွားရာ မြစ်ဒြဗ်၌ တင်စား၍ အနီးရှိသော ဇင်္ဂမဝတ္ထု လှေသွားရာ မြစ်ဒြဗ်ကို 'တီရ'ဟု ခေါ်ဆိုခြင်းကြောင့် သမီပူပစာ မည်၏။

## ၈။ သမီပျူပစာ

သမီပျူပစာ၏ သဘောသဘာဝ = သဒ္ဒါက ဇင်္ဂမဝတ္ထုကို ဟောလျက် ဤနေရာ၌ အနက်က ထာဝရဝတ္ထုကို အရကောက်လျှင် သမီပျူပစာ။ (ပုံစံကား) ဂင်္ဂါယံ သဿံ တိဋ္ဌတိ စသည်တည်း။

ဥပစာတင်ပုံ။ ဂင်္ဂါယံ သဿံ တိဋ္ဌတိ ဟူသော ပုဒ်၌ ဂင်္ဂါယံ ဟူသော သဒ္ဒါသည် အနီးရှိသော ဇင်္ဂမဝတ္ထု ဂင်္ဂါမြစ်ဒြဗ်၏ 'ဂင်္ဂါ'ဟူသော အမည်ကို အနီးဖြစ်သော ထာဝရဝတ္ထု ကမ်းနားဒြဗ်၌ တင်စား၍ အနီးဖြစ်သော ထာဝရဝတ္ထု ကမ်းနားဒြဗ်ကို 'ဂင်္ဂါ'ဟု ခေါ်ဆိုခြင်းကြောင့် သမီပျူပစာ မည်၏။

## ၉။ သဒိသူပစာ

သဒိသူပစာ၏ သဘောသဘာဝ = သဒ္ဒါက ဥပမေယျဝတ္ထုကို ဟောလျက် ဤနေရာ၌ အနက်က ဥပမာန ဝတ္ထုကို အရကောက်လျှင် သဒိသူပစာ။ (ပုံစံကား) သီဟော ဂါယတိ စသည်တည်း။

ဥပစာတင်ပုံ။ သီဟော ဂါယတိ ဟူသော ပုဒ်၌ သီဟော ဟူသော သဒ္ဒါသည် အတူဖြစ်သော ခြင်္သေ့ ဒြဗ်၏ 'သီဟ'ဟူသော အမည်ကို အတူရှိသော သီဟလုလင်ဒြဗ်၌ တင်စား၍ အတူရှိသော သီဟလုလင်ဒြဗ်ကို 'သီဟ'ဟု ခေါ်ဆိုခြင်းကြောင့် သဒိသူပစာ မည်၏။

## ၁၀။ ဂုဏူပစာ

ဂုဏူပစာ၏ သဘောသဘာဝ = သဒ္ဒါက ဂုဏ်ကို ဟောလျက် ဤနေရာ၌ အနက်က ဂုဏော (ဒြဗ်)ကို အရကောက်လျှင် ဂုဏူပစာ။ (ပုံစံကား) နီလော ပဋော စသည်တည်း။

ဥပစာတင်ပုံ။ နီလော ပဋော ဟူသော ပုဒ်၌ နီလော ဟူသော သဒ္ဒါသည် အညိုဟူသော ဂုဏ်၏ 'နီလ' ဟူသော အမည်ကို ဂုဏောဖြစ်သော ပုဆိုးဒြဗ်၌ တင်စား၍ ဂုဏောဖြစ်သော ပုဆိုးဒြဗ်ကို 'နီလ'ဟု ခေါ်ဆိုခြင်း ကြောင့် ဂုဏူပစာ မည်၏။

အမှာ။ ဗဟုဗ္ဗီဟိသမာသ်ပုဒ်, အဿတ္ထိတဒ္ဓိတ်ပုဒ်တို့၌ ဂုဏူပစာကို ရ၏။

ဘဝကြိုးဝိုင်းထဲမှာ ဒုက္ခကို ဖွဲ့နဲ့ အလဲထိုး အနိုင်ယူပါ

ttp://www.dhammadownload.com



### ၁၁။ တဒ္ဓမ္မူပစာ

တဒ္ဓမ္မူပစာ၏ သဘောသဘာဝ = သဒ္ဒါက ထင်ရှားရှိသော ဝတ္ထုကို ဟောလျက် ဤနေရာ၌ အနက်က ထင်ရှား မရှိသော ဝတ္ထုကို အရကောက်လျှင် တဒ္ဓမ္မူပစာ။ (ပုံစံကား) သသဝိသာဏံ စသည်တည်း။

ဥပစာတင်ပုံ။ သသဝိသာဏံ ဟူသော ပုံစံ၌ ဝိသာဏံ ဟူသော သဒ္ဒါသည် ကျွဲ,နွား အစရှိသော သတ္တဝါတို့၏ ထင်ရှားရှိသော ဦးချိုဒြဗ်၏ 'ဝိသာဏ'ဟူသော အမည်ကို ယုန်၏ ထင်ရှားမရှိသော ဦးချိုဒြဗ်၌ တင်စား၍ ယုန်၏ ထင်ရှားမရှိသော ဦးချိုဒြဗ်ကို 'ဝိသာဏ'ဟု ခေါ်ဆိုခြင်းကြောင့် တဒ္ဓမ္မူပစာ မည်၏။

အမှာ။ ထင်ရှားမရှိဘဲ ထင်ရှားရှိသကဲ့သို့, ဗျာပါရမရှိဘဲ ဗျာပါရရှိသကဲ့သို့ ဆိုထားသမျှ (ဝါ) ဥပရိက္ခာ စကား မှန်သမျှ၌လည်းကောင်း၊ သမာဓိဂုဏ်မြောက်သော ဝါကျတို့၌လည်းကောင်း ဤတဒ္ဓမ္မူပစာကို ရ၏။

### ၁၂။ အဘေဒဘေဒူပစာ

အဘေဒဘေဒူပစာ၏ သဘောသဘာဝ = သဒ္ဒါနှင့် အနက်တို့ အရကောက် မကွဲပြားဘဲ ကွဲပြားသကဲ့သို့ ဆိုထားလျှင် အဘေဒဘေဒူပစာ။ (ပုံစံကား) သိလာပုတ္တကဿ သရီရံ စသည်တည်း။

ဥပစာတင်ပုံ။ သိလာပုတ္တကဿ သရီရံ ဟူသော ပုံစံ၌ သိလာပုတ္တကဿ ဟူသော သဒ္ဒါသည် ကိုယ်မှ ကျောက်သား မပြားဘဲ ပြားသကဲ့သို့ ခေါ်ဆိုခြင်းကြောင့် အဘေဒဘေဒူပစာ မည်၏။

အမှာ။ ပုဒ်စစ်ကျမ်း၌ ကေဒေသျူပစာနှင့် သမီပျူပစာ မပါ။ သို့သော် အများကပင် ယင်းဥပစာနှစ်ပါးကို လက်ခံ အသုံးပြုနေပြီ ဖြစ်၍ ဤ၌ ထည့်သွင်းထားသည်။ ထည့်သွင်းမှုလည်း ပြည့်စုံ၏။

## နည်းလေးဆယ်

နည်းလေးဆယ်ဟု ခေါ်ရိုးပြုကြသော်လည်း အမှန်ကား နည်းသည် ၅၅-နည်း ရှိ၏။ ထိုနည်း ၅၅-နည်းတို့တွင် ဥပစာနှင့် တွဲစပ်သော နည်းတို့ကို သိသော် ကြွင်းကျန်သည့် နည်းတို့ကိုကား လွယ်လင့်တကူ မှတ်မိနိုင်သောကြောင့် ဥပစာနှင့် တွဲစပ်သော နည်းတို့ကို ရှေးဦးစွာ အမြွက်မျှ ဖော်ပြပါအံ့။

### ဥပစာနှင့် နည်းတို့ကို တွဲစပ်ပုံပြ လင်္ကာ

၁။ နာနန္တရိက၊ ကာရဏာ၊ ဌာန ဥပစာ၊
၂။ ဂုဏာ, ဖလူ၊ ဌာနျူ၊ နည်းမူ အဝိနာ၊
၃။ ကေဒေသျူ၊ သမီပူ၊ သဒိသူ ရုဠ္ဍီသာ၊
၄။ ဉ, ပ, နိဒသ်၊ ယင်းသုံးရပ်၊ မှတ်အပ် ကေဒေသူပစာ၊
၅။ အဘေဒမူ၊ ဥက္ကဋ္ဌဟူ၊ တဒ္ဓမ္မူ ရုဠ္ဍီသာ၊
၆။ ရုဠ္ဍီ, နေယျ၊ အဘေဒ၊ သုံးဝ ခပ်သိမ်းမှာ၊
၇။ ဒဠ္ဍီအာဂမ၊ နည်းယူက၊ အမ္ဗသိဋ္ဌနာ။

ttp://www.dhammadownload.com



## ရှင်းချက်

ကာရဏူပစာ, ဌာနူပစာတို့ကို ရလျှင် နာနတ္တရိကနည်း၊ ဂုဏူပစာ, ဖလူပစာ, ဌာနျူပစာတို့ကို ရလျှင် အဝိနာဘာဝနည်း၊ ဧကဒေသျူပစာ, သမီပူပစာ, သဒိသူပစာတို့ကို ရလျှင် ရုဠှီနည်း၊ ဧကဒေသူပစာကို ရလျှင် ဥပလက္ခဏနည်း, ပဓာနနည်း, နိဒဿနနည်း၊ အဘေဒဘေဒူပစာကို ရလျှင် ဥက္ကဋ္ဌနည်း၊ တဒ္ဓမ္မူပစာကို ရလျှင် ရုဠှီနည်း၊ မည်သည့် ဥပစာ၌မဆို ရုဠှီနည်း, နေယျတ္ထနည်း, အဘေဒနည်း၊ အာဂမဒဋ္ဌိကရဏ ဝါကျ၌ အမ္ဗသိဥ္စန ဂရုသိနာနနည်းတို့ကို ရ၏။

အမှာ။ လက်ာ၌ မပါသော်လည်း ဧကဒေသူပစာ၌ ပစ္စာသန္နနည်း, ယေဘုယျနည်း, တဗ္ဗဟုလနည်းများကိုလည်း ရနိုင်သေး၏။ ဧကဒေသျူပစာ၌ ပုညဉာဏသမ္ဘာရနည်း, ဂေါဗလိဗဒ္ဒနည်း, ဒုတိယ ပစ္စာသတ္တိနည်း, ပါရိသေသနည်းများကိုလည်း ရနိုင်သေး၏။

## ကြွင်းကျန်သောနည်းများ

ကြွင်းကျန်သော နည်းတို့တွင် အသုံးများသော နည်းတို့ကိုသာ အမြွက်မျှ ဖော်ပြပါအံ့။ ပုဒ်တစ်ပုဒ်တည်းကို အနက်နှစ်မျိုး, သုံးမျိုး စသည်ဖြင့် ယောဇနာရာ၌ သိလေသနည်း, တန္တနည်း, အာဝုတ္တိနည်း, သာမညနိဒ္ဒေသနည်း၊ အစကိုသာ ဆို၍ အလယ်နှင့် အဆုံးတို့ကို မဆိုခဲ့သော် အာဒိဒီပကနည်း၊ အလယ်ကိုသာ ဆို၍ အစနှင့် အဆုံးတို့ကို မဆိုခဲ့သော် မဇ္ဈေဒီပကနည်း၊ အဆုံးကိုသာ ဆို၍ အစနှင့် အလယ်တို့ကို မဆိုခဲ့သော် အန္တဒီပကနည်း၊ အစနှင့် အဆုံးတို့ကိုသာ ဆို၍ အလယ်ကို မဆိုခဲ့သော် မိဂပဒဝဋ္ဋဥ္စနာနည်း၊ ပုဒ်တစ်ပုဒ်သည် ရှေ့ပုဒ်နှင့် နောက်ပုဒ်ဟူသော ပုဒ်နှစ်ပါးတို့ကို ငဲ့သော် ကာကောလောကနနည်း၊ ရှေး၌ ဖြစ်ခဲ့ဘူးသည့်အတိုင်း ယခုအချိန်၌ ခေါ်ဝေါ်သုံးစွဲခဲ့သော် ဘူတပုဗ္ဗဂတိကနည်း၊ ရသင့်သည့်အားလျော်စွာ ယူခဲ့သော် ယထာလာဘနည်း, ယထာက္ကမနည်း၊ မဆိုသော်လည်း လိုအပ်သော အနက်ပြီးခဲ့သော် အဝုတ္တသိဒ္ဓိနည်းနှင့် ပုစ္ဆာနံပါတ် ၇–၌ ဖော်ပြပြီးသော ဝိပလ္လာသနည်းတို့သည် စာချတန်း၌ အသုံးများ၏။

အမှာ။ နည်း ၅၅–နည်းတို့၏ အဓိပ္ပါယ် အပြည့်အစုံကို ပုဒ်စစ်ကျမ်း၏ နည်းစစ်ကဏ္ဍ၌ ရှုပါ။ ကျမ်းလေးမည် စိုးသောကြောင့် ဤနေရာ၌ အကျယ် မပြတော့ပြီ။

### ၈–နံပါတ် စည်းမျဉ်း ပြီး၏။

"သေးငယ်သော ကြီးမားသည့်အင်အား"
တစ်စက်,နှစ်စက်၊ သုံးလေးစက်
ရေစက်များစွာ၊ ပေါင်းစုလာသော်
မဟာမြေဝယ်၊ ရေပင်လယ်
ကောန်ပေါ်၍ ဖြစ်သတည်း။

ttp://www.dhammadownload.com



# ၉–နံပါတ် ဆန်း+ဂါထာစည်းမျဉ်း

ဤ (၉)နံပါတ်ပုစ္ဆာ၌ (က) ဂါထာစစ်+ဆန်းစစ် (ခ) ဂါထာစီခြင်းတို့ကို မေး၏။ ထိုတွင် ဂါထာစစ်+ဆန်းစစ်နည်းကို ရှေးဦးစွာ ဖော်ပြအပ်ပါ၏။

## (က) ဂါထာစစ်+ဆန်းစစ်

သီလက္ခန်ကျမ်းစာ၌ ဂါထာစစ်+ဆန်းစစ်ရမည့် ဂါထာများမှာ သီလက္ခန်အဋ္ဌကထာ၌ လာသော ဂါထာများသာ ဖြစ်ကြ၏။ သီလက္ခန်အဋ္ဌကထာ၌ လာသည့် ဂါထာများမှာလည်း . . .

၁။ ဆန်းဒုတိယပိုင်း၌ ပြအပ်သော အရိယာမျိုး ဂါထာများ, ဂီတိမျိုး ဂါထာများ, ဝေတာလီမျိုး ဩပစ္ဆန္ဒသက ဂါထာ၊ (မတ္တာဝုတ္တိ)

၂။ ဆန်းတတိယပိုင်း၌ ပြအပ်သော ၁၀၊ ၁၁၊ ၁၂–လုံးဖွဲ့ ဂါထာများ၊ (ဝဏ္ဏဝုတ္တိ)

၃။ ဆန်းပဥ္စမပိုင်း၌ ပြအပ်သော ဝတ္တမျိုး (ဝတ္တဘေဒ) ဂါထာများဟူ၍ သုံးမျိုးတို့သာ ဖြစ်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် ထိုသုံးမျိုးတို့၏ ဆန်းကျမ်း၌ လာသော လက္ခဏာကို ရှေးဦးစွာ ဖော်ပြအပ်ပါ၏။

### မတ္တာဝုတ္တိမျိုး၊ အရိယာသာမည လက္ခဏာ

၁။ ပုဗ္ဗမှု၏ ဆဋ္ဌဌာန၌ ဇဂိုဏ်း, နဂိုဏ်း တစ်ခုခု ရှိခြင်း၊

၂။ ပုဗ္ဗမှု၏ အဆုံး၌ ဂရုတစ်လုံး ရှိခြင်း၊

၃။ ဆဋ္ဌဂိုဏ်းနှင့် ပါဒန္တဂရုတို့မှတစ်ပါး ၆–ဂိုဏ်း ရှိခြင်း၊

၄။ အပရမှု၏ ဆဋ္ဌဌာန၌ လဟုတစ်လုံးတည်း ရှိခြင်း၊

၅။ အပရမှု၏ အဆုံး၌ ဂရုတစ်လုံး ရှိခြင်း၊

၆။ ဆဋ္ဌလဟု, အန္တဂရုတို့မှတစ်ပါး ၆–ဂိုဏ်း ရှိခြင်း၊

၇။ ပုဗ္ဗမှု, အပရမှု နှစ်မျိုးလုံး၏ ပဌမ,တတိယ,ပဥ္စမ,သတ္တမ ဂိုဏ်းအရာ၌ ဇဂိုဏ်း မရှိခြင်း၊
ဤအင်္ဂါလက္ခဏာ ၇–ပါးတို့နှင့် ညီညွတ်သော် အရိယာသာမညဂါထာ ဖြစ်၏။

နိယံ။ ဆဋ္ဌ ဌာနေ၊ ဇ,န နေ၍၊ ဆုံးနေ ဂရု၊ ကျန်ရှ ဂဏ၊ ခြောက်ထွေပြ၊ မှတ်ကြ ပုဗ္ဗမှာ။
ဆဋ္ဌ ဌာန၊ လဟု ချ၍၊ ဆုံးနေ ဂရု၊ ကျန်ရှ ဂဏ၊ ခြောက်ထွေပြ၊ မှတ်ကြ အပရမှာ။
ပ, တ, မ, သတ်၊ လေးရပ် ဌာနေ၊ ဇ–မနေ၊ နှစ်ထွေ လက္ခဏာ။
အရိယာ မှန်သမျှ၊ ရှိမြဲပ၊ သာမည လက္ခဏာ၊ ခုနစ်ဖြာ။

### အရိယာဝိသေသ လက္ခဏာများ

၁။ ပဌမ,တတိယ နှစ်ပါဒတို့၌ သုံးဂိုဏ်းနှင့် ယတိပြတ်နေသော် အရိယာပထျာဂါထာ၊

၂။ ပဌမ,တတိယ နှစ်ပါဒတို့၌ သုံးဂိုဏ်းနှင့် ယတိမပြတ်ဘဲ ကျော်သွားမှသာ ယတိပြတ်သော် အရိယာဝိပုလာဂါထာ ဖြစ်၏။

အမှာ။ အရိယာဂါထာ၏ သာမညလက္ခဏာ ၇–ချက်တို့တွင် ဖော်ပြခဲ့သော အရိယာဝိသေသလက္ခဏာ ၁–ချက်စီ ထည့်မှသာလျှင် ဆိုင်ရာဆိုင်ရာ အရိယာဝိသေသဂါထာများ အသီးအသီး ဖြစ်ကြ၏။

နိယံ။ ပ, တတိယ၊ သုံးဂိုဏ်းကျ၊ ပြတ်ထ ပထျာ။
မပြတ် တုံငြား၊ ခုံကျော်သွား၊ မှတ်သား ဝိပုလာ။

ttp://www.dhammadownload.com



## အထူးသတိပြုတော်မူ

အရိယာဝိပုလာဝယ် ပုဗ္ဗမှု၏အစ ပဉ္စမပါဒ၌ သုံးဂိုဏ်းနှင့် ယတိမပြတ်ဘဲ ကျော်သွားမှသာ ယတိပြတ်သော် အရိယာမုခ ဝိပုလာဂါထာ၊ အပရမှု၏အစ တတိယပါဒ၌ သုံးဂိုဏ်းနှင့် ယတိမပြတ်ဘဲ ကျော်သွားမှသာ ယတိပြတ်သော် အရိယာဇဃန ဝိပုလာဂါထာ၊ ပုဗ္ဗမှု+အပရမှု နှစ်ပါးစုံ၏ ပဉ္စမ,တတိယ နှစ်ပါဒလုံး၌ သုံးဂိုဏ်းနှင့် ယတိမပြတ်ဘဲ ကျော်သွားမှသာ ယတိပြတ်သော် အရိယာဥဘယ ဝိပုလာဂါထာ ဖြစ်၏။

## ဂီတိလက္ခဏာ

၁။ အရိယာသာမညဂါထာ၏ ပုဗ္ဗမှုလက္ခဏာ လေးချက်ကို ပုဗ္ဗမှု+အပရမှု နှစ်မျိုးလုံး၌ ညီတူညီမျှ ရေးသားသော် ဂီတိဂါထာ။

၂။ အရိယာဂါထာ၏ အပရမှုလက္ခဏာ လေးချက်ကို ပုဗ္ဗမှု+အပရမှု နှစ်မျိုးလုံး၌ ညီတူညီမျှ ရေးသားသော် ဥပဂီတိဂါထာ။

၃။ အရိယာဂါထာ၏ ပုဗ္ဗမှုကို အပရမှုပြု၊ အပရမှုကို ပုဗ္ဗမှုပြု၍ ရေးသားသော် ဥဂ္ဂီတိဂါထာ။

၄။ အရိယာဂါထာ၏ ပုဗ္ဗမှုလက္ခဏာ လေးချက်ကို အဆုံး၌ ဂရုတစ်လုံး အပိုထည့်၍ ပုဗ္ဗမှု+အပရမှု နှစ်မျိုးလုံး၌ ညီတူညီမျှ ရေးသားသော် အရိယာဂီတိဂါထာ ဖြစ်၏။

အမှာ။ အရိယာဂါထာတို့၏ သာမညလက္ခဏာ ၇-ချက်ကို ကျက်ထားလျှင် ဂီတိလေးမျိုးအတွက် မခက်တော့ပြီ။

## ဩပစ္ဆန္ဒသက လက္ခဏာ

၁။ ဝိသမပါဒတို့၏ အစ၌ ၆-မတ္တာ ရှိရခြင်း၊

၂။ ဝိသမပါဒတို့၏ အစ ၆-မတ္တာနောင် ရ-ဂိုဏ်း+ယ-ဂိုဏ်းတို့ ရှိရခြင်း၊

၃။ သမပါဒတို့၏ အစ၌ ၈-မတ္တာ ရှိရခြင်း၊

၄။ သမပါဒတို့၏ အစ ၈-မတ္တာနောင် ရ-ဂိုဏ်း+ယ-ဂိုဏ်းတို့ ရှိရခြင်း၊

၅။ သမပါဒတို့၏ အစ ၈-မတ္တာ၌ လဟု ၆-လုံး တစ်ဆက်တည်း (ဆက်တိုက်) မနေရခြင်း၊

ဤအင်္ဂါလက္ခဏာ ၅-ပါးတို့နှင့် ညီညွတ်သော် (ဝေတာလီမျိုး) ဩပစ္ဆန္ဒသကဂါထာ ဖြစ်၏။

နိယံ။ ပ,တ ဝိသမ၊ စ မတြ၊ ခြောက်ပြ ရ+ယ လာ။
ဒု,စ သမ၊ စ မတြ၊ ရှစ်ပြ ရ+ယ လာ။
သမ အစ၊ လဟု-ဆ၊ စဉ်တန်း မနေရာ။
ဩပစ္ဆန္ဒ၊ အမည်ရ၊ မှတ်ကြ ယင်းဂါထာ။

သတိ။ မတြာ လေးခု၊ တစ်ဂိုဏ်းပြုရာ၊ ယင်းဂါထာ၊ မတ္တာဝုတ္တိတည်း။

"နားလည်ပေးပါ"
ကျွန်တော့်မှာ ဘာမျှမရှိပါ။
သို့သော် ရှိအောင်လုပ်ဖို့
အစွမ်းကုန် ကြိုးစားနေပါတယ်။
ဒါလေးကိုတော့ . . .

ttp://www.dhammadownload.com



## သီလက္ခန်အဋ္ဌကထာ၌ တွေ့မြင်ရမည့် ဆန်းတတိယပိုင်းလာ ဝဏ္ဏဝုတ္တိဂါထာများ

| ထွါနံပါတ် | ဂိုဏ်း | ဂါထာ | ဂါထာအမည် | လုံးရေ |
|---|---|---|---|---|
| ၆၁ | တ၊ မ၊ ရ၊ လ | **ဥဇ္ဇာသက** တံ စေ တော မ,ရာ လ္စ | ဥဇ္ဇာသက | ၁၀ |
| ၆၃ | တ၊ တ၊ ဇ၊ ဂ၊ ဂ | **ဣန္ဒာဒိကာ** တာ **ဝဇိရာ** ဇ,ဂါ ဂေါ | ဣန္ဒဝဇိရာ | ၁၁ |
| ၆၄ | ဇ၊ တ၊ ဇ၊ ဂ၊ ဂ | **ဥပါဒိကာ** သာ'ဝ ဇ,တာ ဇ,ဂါ ဂေါ | ဥပေန္ဒဝဇိရာ | ၁၁ |
| ၆၇ | ဘ၊ ဘ၊ ဘ၊ ဂ၊ ဂ | **ဒေါဓကေ** မိစ္ဆတိ စေ ဘ,ဘ,ဘာ ဂါ | ဒေါဓကေ | ၁၁ |
| ၆၉ | မ၊ ဘ၊ တ၊ ဂ၊ ဂ | **ဝါတောမ္မီ** သာ,,ယတိ သာ မ္ဘာ တ,ဂါ ဂေါ | ဝါတောမ္မီ | ၁၁ |
| ၇၄ | ဇ၊ တ၊ ဇ၊ ရ | ဝဒန္တိ **ဝံသဋ္ဌမိ'ဒံ** ဇ,တာ ဇ,ရာ | ဝံသဋ္ဌ | ၁၂ |
| ၇၅ | တ၊ တ၊ ဇ၊ ရ | သာ **ဣန္ဒဝံသာ** ခလု ယတ္ထ တာ ဇ,ရာ | ဣန္ဒဝံသာ | ၁၂ |
| ၈၆ | န၊ ဇ၊ ဇ၊ ယ | ဘဝတိ ဟိ **တာမရသံ** န,ဇ,ဇာ ယော | တာမရသ | ၁၂ |

သတိ။ အက္ခရာသုံးခု၊ တစ်ဂိုဏ်းပြုရာ၊ ယင်းဂါထာ၊ ဝဏ္ဏာဝုတ္တိတည်း။

### ဆန်းအမည်

ဝဏ္ဏဝုတ္တိ ဂါထာများ၏ ဆန်းအမည်ကို ပေးရာ၌ ၈-လုံးဖွဲ့ဖြင့် စီထားလျှင် အနုဋ္ဌုဘာဆန်း၊ ၉-လုံးဖွဲ့ဖြင့် စီထားလျှင် ဗြဟတီဆန်း၊ ၁၀-လုံးဖွဲ့ဖြင့် စီထားလျှင် ပင်္တိဆန်း၊ ၁၁-လုံးဖွဲ့ဖြင့် စီထားလျှင် တိဋ္ဌုဘာဆန်း၊ ၁၂-လုံးဖွဲ့ဖြင့် စီထားလျှင် ဇဂတီဆန်းဟု အမည်ပေးရမည်။

နိယံ။ ရှစ် အနုဋ္ဌုဘာ၊ ကိုးမှာ ဗြဟတီ၊ ဆယ်လီ ပင်္တိ၊
မှတ်ဘိ ဆယ့်တစ်၊ တိဋ္ဌု ဖြစ်၍၊ ဆယ့်နှစ် ဇဂတီ၊ ဆန်းအမည်။

### ဥပဇာတိနှင့် ဂါထာသာမည

ဆန်းကျမ်း၏ တတိယပိုင်းလာ ဂါထာတို့တွင် ဣန္ဒဝဇိရာနှင့် ဥပေန္ဒဝဇိရာ ဂါထာတို့ကို ရောယှက်လျှင်လည်းကောင်း၊ ဆန်းကျမ်း၏ တတိယပိုင်းလာ ဂါထာတို့ချင်း ရောယှက်လျှင်လည်းကောင်း၊ ဆန်းကျမ်း၏ တတိယပိုင်းလာ ဂါထာများနှင့် ပဥ္စမပိုင်းလာ ဂါထာများ ရောယှက်လျှင်လည်းကောင်း ဥပဇာတိဂါထာ ဖြစ်၏။ ဆန်းကျမ်း၌ လာသော လက္ခဏာတို့ဖြင့် စိစစ်၍ မရသော ဂါထာများကား ဂါထာသာမညသာ ဖြစ်၏။

ttp://www.dhammadownload.com



## သီလက္ခန်အဋ္ဌကထာ၌ တွေ့မြင်ရမည့် ဆန်းပဋ္ဌမပိုင်းလာ ဝတ္တမျိုးဂါထာများ

| | ပ | ဒု | တ | စ | ဂါထာအမည် | လုံးရေ |
|---|---|---|---|---|---|---|
| | ယ | ယ | ယ | ယ | ဝတ္တဂါထာ | ၈ |
| | ယ | ဇ | ယ | ဇ | ပထျာဝတ္တဂါထာ | ၈ |
| | ဇ | ယ | ဇ | ယ | ဝိပရီတပထျာဝတ္တဂါထာ | ၈ |
| | န | ယ | န | ယ | စပလာဝတ္တဂါထာ | ၈ |
| ဝတ္တ၌ ဂိုဏ်းဖောက်ပုံ | ဘ | ယ | ယ | ယ | ပထမ ဘကာရဝိပုလာ | ၈ |
| | ယ | ယ | ဘ | ယ | တတိယ ဘကာရဝိပုလာ | ၈ |
| | ဘ | ယ | ဘ | ယ | ဥဘယ ဘကာရဝိပုလာ | ၈ |
| ပထျာဝတ္တ၌ ဂိုဏ်းဖောက်ပုံ | ဘ | ဇ | ယ | ဇ | ပထမ ဘကာရဝိပုလာ | ၈ |
| | ယ | ဇ | ဘ | ဇ | တတိယ ဘကာရဝိပုလာ | ၈ |
| | ဘ | ဇ | ဘ | ဇ | ဥဘယ ဘကာရဝိပုလာ | ၈ |
| ဝိပရီတ ပထျာဝတ္တ၌ ဂိုဏ်းဖောက်ပုံ | ဘ | ယ | ဇ | ယ | ပထမ ဘကာရဝိပုလာ | ၈ |
| | ဇ | ယ | ဘ | ယ | တတိယ ဘကာရဝိပုလာ | ၈ |
| | ဘ | ယ | ဘ | ယ | ဥဘယ ဘကာရဝိပုလာ | ၈ |

အမှာ။ ဝတ္တ၊ ပထျာဝတ္တ၊ ဝိပရီတ ပထျာဝတ္တ ဂါထာတို့တွင် ဘ၊ ရ၊ န၊ တ၊ မ၊ သ ဟူသော (၆)ဂိုဏ်း ဖောက်၍ ဝင်နိုင်၏။ ဖော်ပြပါ ဇယားကွက်၌ ဘဂိုဏ်း ဖောက်ဝင်ပုံကို ပြထားပါ၏။ ဖောက်ဝင်သော ဂိုဏ်းကို အစွဲပြု၍ ပထမ ဘကာရဝိပုလာဂါထာ စသည်ဖြင့် ခေါ်ခြင်း ဖြစ်၏။

## နိယံ

၁။ စ-တစ်လုံးနောင်၊ သ,န ရှောင်၍၊ လေးနောင်ကား ယ၊ နေတုံက၊ ဝတ္တဂါထာမှတ်။

၂။ ယ,ဇ,ယ,ဇ၊ နေတုံက၊ ပထျာဝတ္တမှတ်။

၃။ ဇ,ယ,ဇ,ယ၊ နေတုံက၊ ဝိပရီတ၊ ပထျာဝတ္တမှတ်။

၄။ န,ယ,န,ယ၊ နေတုံက၊ စပလာဝတ္တမှတ်။

၅။ ဝတ္တ, ပထျာဝတ္တ၊ ဝိပရီတတွင်၊ ဂိုဏ်းဖောက်ဝင်၊ ခေါ်တွင် ဝိပုလာမှတ်။

၆။ ဘ,ရ,န,တ၊ မ နှင့် သ၊ ခြောက်ဝ ဂိုဏ်းဖောက်သိ။

အခက်ဆုံး အလုပ်ဟူသည် ဘာမျှ မလုပ်ခြင်းသာ ဖြစ်၏။

ttp://www.dhammadownload.com



### စပလာဝတ္တနှင့် နကာရ ဝိပုလာ

"န"ဂိုဏ်းနှင့် ပတ်သက်၍ န,ယ,န,ယ တစ်မျိုးကိုသာ စပလာဝတ္တဟု ယူရမည်။ န,ဇ,န,ဇ၊ န,ယ,ယ,ယ စသော အခြားသော ဂိုဏ်းတို့ဖြင့်ကား ဝိပုလာချည်းသာ ယူရမည်။

### သံကိဏ္ဏဝိပုလာဂါထာ

ဝိပုလာဂါထာ နှစ်မျိုးရောနေလျှင် သံကိဏ္ဏဝိပုလာဂါထာဟု ခေါ်၏။ (ဥပမာ) ပဌမပါဒ၌ န-ဂိုဏ်း ဖောက်ပြီး တတိယပါဒ၌ ဘ-ဂိုဏ်း ဖောက်ခြင်း စသည်ကဲ့သို့တည်း။

### ဂါထာရှာနည်း

သီလက္ခန်အဋ္ဌကထာ၌ လာသော ဂါထာများသည် . . .

၁။ ဆန်းဒုတိယပိုင်း၌ ပြအပ်သော အရိယာမျိုး ဂါထာများ, ဂီတိမျိုး ဂါထာများ, ဝေတာလီမျိုး ဩပစ္ဆန္ဒသက ဂါထာ၊ (မတ္တာဝုတ္တိ)

၂။ ဆန်းတတိယပိုင်း၌ ပြအပ်သော ၁၀၊ ၁၁၊ ၁၂-လုံးဖွဲ့ ဂါထာများ၊ (ဝဏ္ဏဝုတ္တိ)

၃။ ဆန်းပဥ္စမပိုင်း၌ ပြအပ်သော ဝတ္တမျိုး (ဝတ္တဘေဒ) ဂါထာများသာ ဖြစ်ကြ၏။

ထိုဂါထာတို့တွင် လေးပါဒလုံး ရှစ်လုံးစီ ညီညီညာညာ ရှိလျှင် ဆန်းပဥ္စမပိုင်း၌ ပြအပ်သော ဝတ္တမျိုး ဂါထာတို့တွင်သာ ရှာပါ။ ရှစ်လုံးထက် များ၍ လေးပါဒလုံး ညီညီညာညာ ရှိလျှင် ဆန်းတတိယပိုင်း၌ ပြအပ်သော ဝဏ္ဏဝုတ္တိမျိုး ဂါထာတို့တွင်သာ ရှာပါ။ ရှစ်လုံးထက် ပို၍ ရှည်ပြီး လေးပါဒလုံး ညီညီညာညာ မရှိလျှင် (ဝါ) ပဌမနှင့် တတိယပါဒတို့သည် တို၍ ဒုတိယနှင့် စတုတ္ထပါဒတို့သည် ရှည်လျှင် ဆန်းဒုတိယပိုင်း၌ ပြအပ်သော မတ္တာဝုတ္တိမျိုး ဂါထာတို့တွင်သာ ရှာပါ။

နိယံ။ ရှစ်လုံးညီညာ၊ ယင်းဂါထာ၊ ဝတ္တာဘေဒတည်း။
တိုရှည် မပါ၊ ရှစ်ထက်သာ၊ ဝဏ္ဏာဝုတ္တိတည်း။
ပ,တ,ဒု,စ၊ တိုရှည် ပြရာ၊ ရှစ်ထက်သာ၊ မတ္တာဝုတ္တိတည်း။

### ပိုခဲ့သော်

ပါဒတစ်ခု၌ ရှိရမည့် စာလုံးအရေအတွက်ထက် ပိုလွန်ခဲ့သော် = လျင်လျင်မြန်မြန် ရွတ်ဆိုနိုင်သည့် ဃရံ, ဗလ, ဘဂ, ဘဝ, ဝစ, ဝိဇ,အနု, စတု, စတူ, မဂု, ပရ, ယတိ, အရိ, ပရိ, စရိ, ဘရိ, တုရိ, ကသိဏော ဟူသော အက္ခရာများနှင့် သမဏ ပုဒ်မှ သမ အက္ခရာတို့ကိုလည်းကောင်း၊ ပါဒါဒိ အက္ခရာများ ဖြစ်ကြသော စတုနှင့် စတူ ပုဒ်တို့မှ စ, မဂု ပုဒ်မှ မ, သော ဣမံ-မှ သော အက္ခရာတို့ကိုလည်းကောင်း၊ ပါဒန္တ အက္ခရာများ ဖြစ်ကြသော သဟသာနိမှ နိ, စိရဒီဃမန္တရေမှ ရေ-အက္ခရာတို့ကိုလည်းကောင်း ပေါင်း၍ ဖြစ်စေ၊ ပယ်၍ ဖြစ်စေ ဂါထာ စစ်လေ့ရှိ၏။

ဆောင်။ ဃရံ, ဗလ၊ ပုဒ် ဘဂနှင့်၊ ဘဝ, ဝစံ၊ ဝိဇံ, အနု၊
စတု, စတူ၊ မဂု ဟူပြ၊ မူ ပရနှင့်၊ တစ်ဝ ယတိ၊
"ရိ"အက္ခရာ ဆုံး၊ သုံးလုံး ကသိဏော၊ သမဏော-သမ၊
ပါဒေ စပြော၊ စ, မ, သောနှင့်၊ ပါဒေါ ဆုံးမှ၊ နိ, ရေ-ပြ၊
ပေါင်းကြ, ပယ်ကြ၊ ပဏ္ဍိတ။

ttp://www.dhammadownload.com



## (၁) ဂါထာစီနည်း

### အမှတ်ပြည့် ရနိုင်သည့် ဂါထာများ

သီလက္ခန် အဋ္ဌကထာ၌ လာသော စုဏ္ဏိယဝါကျ ပါဠိကို ရှစ်လုံးဖွဲ့ ဝတ္တမျိုး ဂါထာတို့တွင် ဂါထာတစ်ခုခုကို စီခိုင်းရာ၌ ဝတ္တမျိုး ဂါထာတို့တွင် အမှတ်ပြည့် ပေးချင်စဖွယ်ကောင်းသော ဝတ္တဂါထာတို့ကို ဖော်ပြအပ်ပါ၏။

| ပ | ဒု | တ | စ | ဂါထာအမည် | လုံးရေ |
|---|---|---|---|---|---|
| ယ | ယ | ယ | ယ | ဝတ္တဂါထာ | ၈ |
| ယ | ဇ | ယ | ဇ | ပထျာဝတ္တဂါထာ | ၈ |
| ဇ | ယ | ဇ | ယ | ဝိပရီတပထျာဝတ္တဂါထာ | ၈ |
| န | ယ | န | ယ | စပလာဝတ္တဂါထာ | ၈ |

### ဂါထာစီ အရှင်တို့၏ ပုဗ္ဗကရဏ လေးပါး

(၁) ဂါထာစီရမည့် စုဏ္ဏိယဝါကျ ပါဠိကို အနက်ပြန်ပြီး အဓိကပုဒ်နှင့် သာမညပုဒ်တို့ကို ခွဲခြားထားပါ။ အဓိကပုဒ်တို့ကို ဂါထာစီရာ၌ မဖြစ်မနေ ထည့်စီ၍ သာမညပုဒ်တို့ကိုကား အလိုရှိမှသာ ထည့်၍ စီပါ။

(၂) ဂါထာစီရမည့် စုဏ္ဏိယဝါကျ ပါဠိကို စာလုံးရေ ရေတွက်ကြည့်ပါ။ စာလုံးရေသည် အနည်းဆုံး ၂၄-လုံး၊ အများဆုံး ၄၂-လုံးခန့် ဖြစ်မှသာ ဂါထာစီ၍ ကောင်း၏။

(၃) စာလုံးရေ ၂၄-လုံးအောက် လျော့ခဲ့သော် ဂါထာစီရမည့် ပါဠိဝါကျကို မြန်မာပြန်၍ လိုအပ်သော ပါဋ္ဌသေသပုဒ်၊ ဝိသေသနပုဒ်၊ အာလုပ်ပုဒ်၊ ကတ္တား၊ ကံ၊ ကရိယာ၊ သမ္ဗန္ဓ စသော ပုဒ်တို့ကို ထည့်၍ စာလုံးရေကို ၂၄-လုံးမှ ၄၂-လုံးအတွင်း ဖြစ်အောင် ပြုလုပ်ပြီးမှ ဂါထာစီပါ။

(၄) စာလုံးရေ ၄၂-လုံးထက် ပိုလွန်ခဲ့သော် ဂါထာစီရမည့် ပါဠိဝါကျကို မြန်မာပြန်၍ အဓိက မကျသော၊ အဓိပ္ပါယ် မပျက်နိုင်သော (တုလျာဓိကရဏ)ဝိသေသနပုဒ်၊ အာလုပ်ပုဒ်၊ ကရိယာ၊ သမ္ဗန္ဓ စသော ပုဒ်တို့ကို ဖြုတ်၍ စာလုံးရေကို ၂၄-လုံးမှ ၄၂-လုံးအတွင်း ဖြစ်အောင် ပြုလုပ်ပြီးမှ ဂါထာစီပါ။

### ဂါထာစီရာ၌ အဓိက ရှောင်ရန်/ဆောင်ရန် အချက်များ

(၁) ယတိဟီနဒေါသ၊ ဗျာကိဏ္ဏဒေါသ၊ ကိလိဋ္ဌဒေါသတို့ကို ရှောင်ပါ။

(၂) ကတ္တားဟော၊ ကံဟော ပါဠိဝါကျ ရေးနည်း မှန်စေရမည်။

(၃) ဂါထာစီရမည့် စုဏ္ဏိယဝါကျဝယ် ပါဝင်သော နာမ်ပုဒ်၊ အာချာတ်ပုဒ်တို့၌ ရှိသည့် နာမ်ဝိဘတ်၊ အာချာတ် ဝိဘတ်တို့ကို တစ်ပါးသော နာမ်ဝိဘတ်၊ အာချာတ်ဝိဘတ်တို့ဖြင့် ပြောင်း၍ မစီရ။ ကာရိယသာ ပြောင်းလွှဲ၍ စီနိုင်၏။

(၄) ဝေါ၊ နော၊ တေ၊ မေ ဟူသော သဗ္ဗနာမ် ပုဒ်တို့နှင့် စ၊ ဝါ၊ ဧဝ၊ ခလု၊ ခေါ၊ ပန၊ ပိ၊ အပိ ဟူသော ဝါကျဇောတက နိပါတ်ပုဒ်တို့ကို ဂါထာပါဒတို့၏ အစ၌ မထားရပါ။

အမှာ။ စုဏ္ဏိယဝါကျ၌ စေဝကို ရှေ့ထား၍ စကို နောက်၌ ပုံသေထားရမည်ဟု ဆိုသော်လည်း "စုဏ္ဏိယေကား၊ ရှေ့မှာ စေဝ၊ နောက်မှာ စ၊ ဂါထာဟူက၊ မမြဲကြ" နိယံနှင့်အညီ ဂါထာစီရာ၌ကား စေဝနှင့် စတို့ကို အဆင်ပြေသလိုသာ ထားနိုင်ပါ၏။

ttp://www.dhammadownload.com



(၅) အာကာရဝါကျ အတွင်းရှိ ပုဒ်များကို အာကာရဝါကျ ပြင်ပသို့ ထုတ်၍ မစီရ။ အာကာရဝါကျ ပြင်ပရှိ ပုဒ်များကို အာကာရဝါကျ အတွင်းသို့ ထည့်၍မစီရ။

သတိ။ အတွင်းနေ အတွင်းစပ်၊ အပြင်နေ အပြင်စပ်။

နိယံ။ ဒေါသ ရှောင်ရန်၊ ဝါကျမှန်၊ မလှန် ဝိဘတ္တိ။
သဗ်+နိ ပဒံ၊ စ–မကြံ၊ တွင်းမှန် ပြင်မညီ။

## စာလုံးအတိုး,အလျှော့ နှင့် ဂရု,လဟု ပြုလုပ်နည်း

(၁) ပါဠိသေသပုဒ်တို့ကို ထည့်၍ စာလုံးအရေအတွက် တိုးခြင်းနှင့် ဂရု,လဟုတို့ကို ပြုလုပ်နိုင်ပါ၏။

ပုံစံ။ ဧဝံ မေ သုတံ။

မေး။ ဖော်ပြခဲ့သော ဧဝံ မေ သုတံ ဝါကျကို ဝတ္တမျိုး ဂါထာတစ်ပုဒ် စီကုံးခဲ့ပါ။

ဖြေ။ ဧဝံ ဘန္တေ မဟာထေရ၊ ဣဒံ မင်္ဂလသုတ္တံ မေ။
ဗုဒ္ဓဿ သမ္မုခါယေဝ၊ သုတံ သုလက္ခိတံ ဓာတံ။ (ဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း)

အမှာ။ ပုစ္ဆာ၌ မေးထားသော "ဧဝံ မေ သုတံ" ဝါကျသည် စာလုံးရေ အလွန်နည်းသဖြင့် = ဘန္တေ မဟာကဿပ ဣဒံ (မင်္ဂလ)သုတ္တံ ဘဂဝတော သမ္မုခါ ဥပလက္ခိတံ ဓာရိတံ ဟူသော ပါဠိသေသပုဒ်တို့ကို ထည့်၍ ဂါထာစီထားသည်။ မဟာကဿပ ပုဒ်ကို မဟာထေရ၊ ဘဂဝတော ပုဒ်ကို ဗုဒ္ဓဿဟု ပရိယာယ် လှယ်၍လည်းကောင်း၊ သမ္မုခါ ပုဒ်နောင် ဧဝသဒ္ဒါ ထည့်၍လည်းကောင်း၊ ဥပလက္ခိတံ ပုဒ်ကို သုလက္ခိတံဟု ဥပသာရပုဒ်ချင်း လှယ်၍လည်းကောင်း၊ ဓာရိတံ ဟူသော ကိတ်ပုဒ်ကို ဓာတံဟု ကိတ်ပုဒ်ချင်း လှယ်၍လည်းကောင်း ဆန်းဂိုဏ်းညီအောင် စီကုံးထားပါ၏။

(၂) အာချာတ်ကြိယာကို ဓာတ်၏ ကာရိယလှယ်၊ ဓာတ်လှယ်၊ ဝိဘတ်၏ ကာရိယလှယ်၊ ဓာတ်+ဝိဘတ်တို့၏ ကာရိယလှယ်၊ ကိတ်ကြိယာသို့ ပြောင်းလှယ်၍ စာလုံးအတိုး,အလျှော့နှင့် ဂရု,လဟုတို့ကို ပြုလုပ်နိုင်ပါ၏။

ပုံစံ။ ဇဏ္ဍာတိ–ဃေပ္ပတိ။ (ဓာတ်၏ ကာရိယလှယ်သော ပုံစံတည်း။)

ပုံစံ။ ဇဏ္ဍာတိ–လဘတိ။ (ဓာတ်လှယ်သော ပုံစံတည်း။)

ပုံစံ။ ဇဏ္ဍာတိ–ဇဏှေ။ (ဝိဘတ်၏ ကာရိယလှယ်သော ပုံစံတည်း။)

ပုံစံ။ ဇဏ္ဍာတိ–ဇဟေ။ (ဓာတ်+ဝိဘတ်တို့၏ ကာရိယလှယ်သော ပုံစံတည်း။)

ပုံစံ။ ဇဏ္ဍာတိ–ဇဟိတော။ (ကိတ်ကြိယာသို့ ပြောင်းလှယ်သော ပုံစံတည်း။)

(၃) ကိတ်ကြိယာကို ဓာတ်လှယ်၊ ကိတ်ပစ္စည်းချင်းလှယ်၊ ကိတ်ကြိယာချင်း ပြောင်းလှယ်၊ အာချာတ်ကြိယာသို့ ပြောင်းလှယ်၍ စာလုံးအတိုး,အလျှော့နှင့် ဂရု,လဟုတို့ကို ပြုလုပ်နိုင်ပါ၏။

ပုံစံ။ ဗုဇ္ဈိတဗ္ဗံ–ဗောဓိတဗ္ဗံ။ (ဓာတ်၏ ကာရိယလှယ်သော ပုံစံတည်း။)

ပုံစံ။ ဗုဇ္ဈိတဗ္ဗံ–ဓာနိတဗ္ဗံ။ (ဓာတ်လှယ်သော ပုံစံတည်း။)

ပုံစံ။ ဗုဇ္ဈိတဗ္ဗံ–ဗုဇ္ဈနီယံ။ (ကိတ်ပစ္စည်းချင်း လှယ်သော ပုံစံတည်း။)

ပုံစံ။ ဗုဇ္ဈိတဗ္ဗံ–ဉာတံ၊ ဓာနိတံ။ (ကိတ်ကြိယာချင်း ပြောင်းလှယ်သော ပုံစံတည်း။)

ပုံစံ။ ဗုဇ္ဈိတဗ္ဗံ–ဗုဇ္ဈတေ။ (အာချာတ်ကြိယာသို့ ပြောင်းလှယ်သော ပုံစံတည်း။)

ttp://www.dhammadownload.com



(၄) ပုဒ်တိုင်း ပုဒ်တိုင်း၌ သဒ္ဒါနည်းဖြင့် ကာရိယလှယ်၊ အဘိဓာန်နည်းဖြင့် ပရိယာယ်လှယ်၊ နှစ်နည်းလုံးဖြင့် ကာရိယ+ပရိယာယ် နှစ်မျိုးလုံး လှယ်၍ စာလုံးအတိုး,အလျော့နှင့် ဂရု,လဟုတို့ကို ပြုလုပ်နိုင်ပါ၏။

ပုံစံ။ ပုရိသသ္မိံ–ပုရိသေ။ (သဒ္ဒါနည်းဖြင့် ကာရိယလှယ်သော ပုံစံတည်း။)

ပုံစံ။ ပုရိသသ္မိံ–ပေါသသ္မိံ။ (အဘိဓာန်နည်းဖြင့် ပရိယာယ်လှယ်သော ပုံစံတည်း။)

ပုံစံ။ ပုရိသသ္မိံ–ပေါသေ။ (နှစ်နည်းလုံးဖြင့် ကာရိယ+ပရိယာယ် နှစ်မျိုးလုံးလှယ်သော ပုံစံတည်း။)

(၅) ဓာတွတ္ထာနုဝတ္တက ဥပသာရပုဒ်, နိပါတ်ပုဒ်တို့ကို ဖြုတ်၍သော်လည်းကောင်း၊ ထည့်၍သော်လည်းကောင်း စာလုံးအတိုး,အလျော့နှင့် ဂရု,လဟုတို့ကို ပြုလုပ်နိုင်ပါ၏။

ပုံစံ။ ယော ပန ဘိက္ခု–ယော ဘိက္ခု၊ သမ္မာသမ္ဗုဒ္ဓေါ–သမ္ဗုဒ္ဓေါ, ဗုဒ္ဓေါ၊ သဥ္ဇာတာ–ဇာတာ၊ အဘိနိဗ္ဗတ္တာ–နိဗ္ဗတ္တာ၊ ဥပါယာသော–အာယာသော။ (ဤကား ဖြုတ်သော ပုံစံတည်း။)

ပုံစံ။ ဒသဗလော–သုဒသဗလော, သမ္မာဒသဗလော၊ တိဋ္ဌတိ–ပတိဋ္ဌာတိ။ (ဤကား ထည့်သော ပုံစံတည်း။)

(၆) အဘိဓေယျတ္ထ (အရကောက်သရုပ်)ကို ဖြုတ်၍သော်လည်းကောင်း၊ ထည့်၍သော်လည်းကောင်း စာလုံးအတိုး,အလျော့နှင့် ဂရု,လဟုတို့ကို ပြုလုပ်နိုင်ပါ၏။

ပုံစံ။ ကောသလရာဇာ–ရာဇာ။ (ဖြုတ်သော ပုံစံတည်း။)

ပုံစံ။ သင်္ဂီတိ–ပဌမမဟာသင်္ဂီတိ။ (ထည့်သော ပုံစံတည်း။)

(၇) (တုလျာဓိကရဏ) ဝိသေသနပုဒ်တို့ကို ဖြုတ်၍သော်လည်းကောင်း၊ ထည့်၍သော်လည်းကောင်း စာလုံးအတိုး,အလျော့နှင့် ဂရု,လဟုတို့ကို ပြုလုပ်နိုင်ပါ၏။

ပုံစံ။ မဟာဗုဒ္ဓေါ–ဗုဒ္ဓေါ။ (ဖြုတ်သော ပုံစံတည်း။)

ပုံစံ။ သင်္ဂီတိ–မဟာသင်္ဂီတိ။ (ထည့်သော ပုံစံတည်း။)

(၈) သမာသ်ပုဒ်၌ ခွဲ၍သော်လည်းကောင်း၊ တွဲ၍သော်လည်းကောင်း စာလုံးအတိုး,အလျော့နှင့် ဂရု,လဟုတို့ကို ပြုလုပ်နိုင်ပါ၏။

ပုံစံ။ မာတာပိတုဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။ (မင်္ဂလသုတ်) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

အမှာ။ ယင်းပုံစံ၌ "မာတာပိတူနံ ဥပဋ္ဌာနံ"ဟူသော သမာသ်ဝိဂ္ဂဟဝါကျကို "မာတာပိတုဥပဋ္ဌာနံ"ဟု သမာသ်တွဲထား၏။ "ပုတ္တဒါရသင်္ဂဟော"ဟု သမာသ်တွဲနိုင်သည့် ပုဒ်ကို "ပုတ္တဒါရဿ သင်္ဂဟော"ဟု ခွဲထား၏။

(၉) သန္ဓိပုဒ်၌ ခွဲ၍သော်လည်းကောင်း၊ တွဲ၍သော်လည်းကောင်း စာလုံးအတိုး,အလျော့နှင့် ဂရု,လဟုတို့ကို ပြုလုပ်နိုင်ပါ၏။

ပုံစံ။ သတ္တာကုသလပါကာနိ၊ ပုညပါကာနိ အဋ္ဌဓာ။
ကြိယာစိတ္တာနိ တီဏီတိ၊ အဋ္ဌာရသ အဟေတုကာ။ (သင်္ဂြိုဟ်ကျမ်း) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

အမှာ။ ယင်းပုံစံ၌ "သတ္တ အကုသလပါကာနိ"ဟူသော ပုဒ်တို့ကို "သတ္တာကုသလပါကာနိ"ဟု သန္ဓိတွဲစပ်ထား၏။ "အဋ္ဌာရသာဟေတုကာ"ဟု သန္ဓိစပ်နိုင်သည့် ပုဒ်ကို "အဋ္ဌာရသ အဟေတုကာ"ဟု ပုဒ်ခွဲထား၏။

ttp://www.dhammadownload.com



(၁၀) နှစ်ပုဒ် တွဲစပ်၍ ထားရာ၌ စပ်ထားသည့် နေရာကို ဒီဃ(သို့)ရဿ သင့်သလို ပြု၍ စာလုံးအတိုး,အလျှော့နှင့် ဂရု,လဟုတို့ကို ပြုလုပ်နိုင်ပါ၏။

ပုံစံ။ ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏဂန္ဓမဟေဌယံ။
ပလေတိ ရသမာဒါယ၊ ဧဝံ ဂါမေ မုနီစရေ။ (ဓမ္မပဒပါဠိတော်) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

အမှာ။ ယင်းပုံစံဝယ် "မုနီစရေ" ပုဒ်၌ ဆန်းဂိုဏ်းစောင့်ခြင်းငှာ "မုနိစရေ"ဟု ဒီဃ ပြုထား၏။

ပုံစံ။ ပုဗ္ဗာရဟော ပုဗ္ဗယေတော၊ ဗုဒ္ဓေ ယဒိ ဝ သာဝကေ။
ပပဉ္စသမတိက္ကန္တေ၊ တိဏ္ဏသောကပရိဒ္ဒဝေ။ (ဓမ္မပဒပါဠိတော်) ။ပဋ္ဌမ ဘာကာရဝိပုလာဂါထာ။

အမှာ။ ယင်းပုံစံဝယ် "ယဒိ ဝါ သာဝကေ" ပုဒ်၌ ဆန်းစောင့်ခြင်းငှာ "ယဒိ ဝ သာဝကေ"ဟု ရဿ ပြုထား၏။

(၁၁) နှစ်ပုဒ် တွဲစပ်၍ ထားရာဝယ် စပ်ထားသည့် နေရာ၌ နိဂ္ဂဟိတ်လာ (သို့) နိဂ္ဂဟိတ်ချေ သင့်သလို ပြု၍ စာလုံးအတိုး,အလျှော့နှင့် ဂရု,လဟုတို့ကို ပြုလုပ်နိုင်ပါ၏။

ပုံစံ။ ကုဒ္ဓေါ အတ္ထံ န ဇာနာတိ၊ ကုဒ္ဓေါ ဓမ္မံ န ပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ ကောဓော သဟတေ နရံ။ (သီ၊ ၄၊ နှာ–၅၂) ။ပထျာဝတ္တဂါထာ။

အမှာ။ ယင်းပုံစံဝယ် "အန္ဓတမ" ပုဒ်၌ ဆန်းစောင့်ခြင်းငှာ "အန္ဓတမံ"ဟု နိဂ္ဂဟိတ် လာထား၏။

ပုံစံ။ မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါနသာသနံ။ (ခုဒ္ဒကပါဠိတော်) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

အမှာ။ ယင်းပုံစံဝယ် "ဗုဒ္ဓါနံသာသနံ" ပုဒ်၌ ဆန်းစောင့်ခြင်းငှာ "ဗုဒ္ဓါနသာသနံ"ဟု နိဂ္ဂဟိတ်ကို ချေထား၏။ "ဆန်းကြောင့် ပျက်ကြေ၊ ထိုပုဒ်နေ၊ ဆောင်လေ အနက်ပေး" နိယံနှင့်အညီ အနက်ပေးသော အခါ၌ကား ဆန်းကြောင့် ချေဖျောက်ထားသော အက္ခရာကို ထုတ်ဖော်၍ အနက်ပေးရမည်။ ထို့ကြောင့် ဗုဒ္ဓါနသာသနံ ပုဒ်ကို "ဗုဒ္ဓါန ဗုဒ္ဓါနံ–တို့၏၊ သာသနံ–အဆုံးအမတော်တည်း"ဟု အနက်ပေးရမည်။

(၁၂) နှစ်ပုဒ် တွဲစပ်၍ ထားရာဝယ် = စပ်ထားသည့် နေရာ၌ ဒွေဘော်လာ (သို့) ဒွေဘော်မလာ သင့်သလို ပြု၍ စာလုံးအတိုး,အလျှော့နှင့် ဂရု,လဟုတို့ကို ပြုလုပ်နိုင်ပါ၏။

အမှာ။ ဒွေဘော် လာ/မလာ ပုံစံများကိုလည်း ဒီဃ,ရဿ ပြုသော ပုံစံများနှင့် နိဂ္ဂဟိတ်ချေ၊ နိဂ္ဂဟိတ်လာသော ပုံစံများကို မှီး၍ သိတော်မူပါ။ "ဆန်းကြောင့် ပိုပေ၊ ထိုပုဒ်နေ၊ ချန်လေ အနက်ပေး" နိယံနှင့်အညီ အနက်ပေးသော အခါ၌ကား ဆန်းကြောင့် ပိုနေသော (ဒွေဘော် ပြုထားသော) အက္ခရာတို့ကို ချန်လှပ်၍ အနက်ပေးရမည်။

(၁၃) ဥပမာနဝါကျကို အလိုမရှိသော် ဖြုတ်၍လည်းကောင်း၊ အလိုရှိသော် ထည့်၍လည်းကောင်း စာလုံးအတိုး, အလျှော့နှင့် ဂရု,လဟုတို့ကို ပြုလုပ်နိုင်ပါ၏။

ပုံစံ။ ဟဋ္ဌတုဋ္ဌစိတ္တော ကေဝံ စီဝရံ ကတွာ ဗန္ဓနာ မုတ္တတာလပက္ကံ ဝိယ, ပဏ္ဍု ကမ္ဗလေ နိက္ခိတ္တဇာတိမဏိ ဝိယ, ဝိဂတဝလာဟကေ နဘေ သမုဂ္ဂတပုဏ္ဏစန္ဒော ဝိယ, ဗာလာတပသမ္ဘိဿဝိကသိတရေဏုပိဉ္ဇရဂ္ဂံ ပဒုမံ ဝိယ စ ပရိသုဒ္ဓေန ပရိယောဒါတေန သပ္ပဘေန သဿိရီကေန စ မုခဝရေန အတ္တနော အရဟတ္တပ္ပတ္တိံ အာရောစယမာနော ဝိယ အဂမာသိ။ (သီ၊ ၄၊ နှာ–၁၁)

ttp://www.dhammadownload.com



မေး။ ဖော်ပြပါ ဝါကျကို ဝတ္တမျိုး ဂါထာတစ်ပုဒ် စီကုံးခဲ့ပါ။

ဖြေ။ အာနန္ဒော တုဋ္ဌစိတ္တောပိ၊ ဇေကံသံ စီဝရံ ကတွာ။
သုဒ္ဓေန သသိရီကေန၊ ဂတော မုခဝရေနေဝ။ (ဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း)

အမှာ။ ပုစ္ဆာ၌ မေးထားသော ဝါကျသည် စာလုံးရေ အလွန်များသဖြင့် "ဇန္ဒနာ မုတ္တတာလပက္က ဝိယ, ပဏ္ဍုကမ္ဗလေ နိက္ခိတ္တဇာတိမဏိ ဝိယ, ဝိဂတဝလာဟကေ နဘေ သမုဂ္ဂတပုဏ္ဏစန္ဒော ဝိယ, ဗာလာတပ–သမ္ဖုဿဝိကသိတရေဏုပိဥ္ဇရဂဗ္ဘံ ပဒုမံ ဝိယ စ"ဟူသော ဥပမာန ဝါကျနှင့် "အတ္တနော အရဟတ္တပ္ပတ္တိံ အာရောစယမာနော ဝိယ"ဟူသော ဥပမာနဝါကျ (ဝါ) ဥပရိက္ခာ စကားရပ်ကို ဖြုတ်၍ စီကုံးထားသည်။

ပုံစံ။ ယထာ စ သုတ္တေန သင်္ဂဟိတာနိ ပုပ္ဖါနိ န ဝိကိရိယန္တိ န ဝိဒ္ဓံသိယန္တိ၊ ဧဝမေဝ တေန သင်္ဂဟိတာ အတ္ထာ။
(သီ၊ ဋ၊ နှာ–၁၈)

မေး။ ဖော်ပြပါ ဝါကျကို ဝတ္တမျိုး ဂါထာတစ်ပုဒ် စီကုံးခဲ့ပါ။

ဖြေ။ ယထာ စ လောကသုတ္တေန၊ သမ္မာ ဂဟိတပုပ္ဖါနိ။
န ဝိဒ္ဓံသိယရေ ဧဝံ၊ တေန သင်္ဂဟိတာ အတ္ထာ။ (ဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း)

အမှာ။ ပုစ္ဆာ၌ မေးထားသော ဥပမာနဝါကျကို ထည့်၍ စီကုံးထားသည်။ "အန္တိ, အန္တေ၊ ဤနှစ်ထွေ၊ ရေ–လည်း ပြုနိုင်သည်"ဟူသော နိယံနှင့်အညီ န ဝိဒ္ဓံသိယန္တိ ပုဒ်၌ ရှိသော အန္တိ ဝိဘတ်ကို ရေ–ပြုထားသည်။

(၁၄) အနိယမဝါကျကို အလိုမရှိသော် ဖြုတ်၍လည်းကောင်း၊ အလိုရှိသော် ထည့်၍လည်းကောင်း စာလုံးအတိုး, အလျော့နှင့် ဂရု,လဟုတို့ကို ပြုလုပ်နိုင်ပါ၏။

အမှာ။ အနိယမဝါကျ ဖြုတ်သော ပုံစံ, ထည့်သော ပုံစံတို့၌ ဂါထာစီကုံးနည်းကိုလည်း ဥပမာနဝါကျ ဖြုတ်သော ပုံစံ, ထည့်သော ပုံစံတို့၌ ဂါထာစီပုံတို့ကို မှီး၍ သိတော်မူပါ။

ဋီ။ ပါဠသေသံ အာချာတဉ္စ၊ ကိတကာစေဝ ပုဒ်ချင်းလှန်။
ဥ,နိပဒ် ဘိဝေယျဉ္စ၊ ဝိသေသနေန သမာသံ။
သန္ဓိ, ဒီဃံ တစ်ဖန် ရဿ၊ နိဂ္ဂဟီတတဲ့ ဒွေဘာဝံ။
ဥပမာနံ အနိယဉ္စ၊ တိုး,လျော့,လေး,ပေါ့ဟဲ့ လိခိတံ။ (မိဿကဋီ+အနုဋ္ဌုဘာဆန်း)

## နည်းယူဘွယ်ရာ စာလုံးအတိုး,အလျော့ ပြုလုပ်နည်း

နာမ်ပုဒ်တို့တွင် = ဒေဝါကို ဒေဝတာဟု သွတ္တ တာပစ္စည်း သက်၍လည်းကောင်း၊ ခန္ဒေါကို ခန္ဓကောဟု သကတ္ထ ကပစ္စည်း သက်၍လည်းကောင်း၊ ကြိယာပုဒ်တို့တွင် = သယတိကို သေယျံ ကပ္ပေတိ, တိဋ္ဌတိကို ဌာနံ ကရောတိ, နိသိန္နောကို နိသီဒိတွာ ဝသိ, နဂရံ ပဝိဋ္ဌောကို နဂရံ ပဝိသိတွာ ဂတော စသည်ဖြင့် ပြုလုပ်၍လည်းကောင်း စာလုံးအတိုး,အလျော့ ပြုလုပ်နိုင်ပါ၏။ သို့သော် သဒ္ဒါရေးကိုကား လက်မလွှတ်အပ်ချေ။ ဩဒနံ ပစတိကို ဩဒနံ ပစနံ ကရောတိ–ဟု ရေးခြင်းမျိုးကား ပကတိ, ဝိကတိ အရမတူသောကြောင့် မသင့်ပေ။

အမှာ။ နာမသတ်ဝါကျတို့၌ သဒ္ဒါစည်းကမ်းနှင့် လျော်ညီစွာ = ဟောတိ, ဘဝါမိ, အမှိ, အဟောသိ စသည်ဖြင့် "ဖြစ်ခြင်း"အနက်ဟော ကြိယာများကို ထည့်စီသဖြင့် အဓိပ္ပါယ်မပျက်လျှင်လည်း ထည့်သွင်း ဖြည့်စွက်နိုင်ပေ၏။

ttp://www.dhammadownload.com



## သတိပြုဘွယ်

မေး။ “မဟာသမ္မတ မင်း၏ သားသည် ရောဇ မည်၏။ ရောဇ၏ သားသည် ဝရရောဇ မည်၏။ ထိုဝရရောဇ၏ သားသည် ကလျာဏ မည်၏”ဟူသော မြန်မာစကားပြေကို ဝတ္တမျိုး ပါဠိဂါထာတစ်ပုဒ် ရေးသားပြီးလျှင်၊ ဂါထာအမည်+ဆန်းအမည်ကိုလည်း ဖော်ပြခဲ့ပါ။ (၁၃၂၁–ခုနှစ်၊ အစိုးရဓမ္မာစရိယ ပုစ္ဆာ)

ဖြေ။ မဟာသမ္မတရာဇဿ၊ အတြဇော ရောဇ နာမောပိ။
ဝရရောဇ+ဿ အတြဇော၊ ကလျာဏော တဿ အတြဇော။

(အယံ ဂ္ဂါ နာမ ဝတ္တဂ္ဂါ၊ ဆန္ဒော နာမ ပန အနုဋ္ဌုဘာဆန္ဒော။)

အမှာ။ ပုစ္ဆာ၌ စုဏ္ဏိယဝါကျကို ပါဠိဘာသာဖြင့် မမေးဘဲ မြန်မာဘာသာဖြင့် မေးနိုင်သေးသည်ကိုလည်း သတိပြုပါ။ ယင်းကဲ့သို့ စုဏ္ဏိယဝါကျတို့ကို မြန်မာဘာသာဖြင့် မေးရာ၌လည်း ဖော်ပြခဲ့ပြီးသော ဂါထာစီနည်းများကို နည်းယူ၍သာ စီတော်မူပါ။

## လျှောက်တင်အပ်ပါသည်

ရေကူးနည်းကို ဖတ်ထားရုံမျှဖြင့် တကယ် ရေမကူးတတ်သေးပါ။ ရေထဲသို့ ဆင်းကူးမှသာလျှင် တကယ် ရေကူးတတ်မည် ဖြစ်သကဲ့သို့ . . . ဂါထာစီနည်းကို ဖတ်ထားရုံမျှဖြင့် တကယ် ဂါထာမစီတတ်သေးပါ။ ဂါထာစီနည်းကို နားလည်တတ်ကျွမ်းသော ဆရာသမား, သီတင်းသုံးဖော်တို့၏ အထံ၌ တစ်နေ့ တစ်ဂါထာနှုန်းဖြင့် သုံးလခန့်မျှ စိတ်ပါလက်ပါ ဂါထာစီကြည့်မှသာလျှင် ဂါထာစီကုံးခြင်းကို ကျွမ်းကျင်မည်ဟု လျှောက်တင်အပ်ပါသည်။

**၉–နံပါတ် စည်းမျဉ်း ပြီး၏။**

“နိဂုံး”

ဖတ်တတ်ချင်လျှင် များများဖတ်၊
ပြောတတ်ချင်လျှင် များများပြော၊
ရေးတတ်ချင်လျှင် များများရေးတဲ့၊
သို့သော် … ဆရာနှင့် နည်းစနစ်ကောင်း
ဒီနှစ်မျိုးနှင့်တော့ ပေါင်းဆုံမိဖို့ လိုတဲ့အကြောင်း
ထပ်လောင်းလို့တော့ ပြောပါရစေ။

ttp://www.dhammadownload.com



# ၁၀–နံပါတ် ဘာဝါလင်္ကာရ စည်းမျဉ်း

ဤ ၁၀–နံပါတ် ပုစ္ဆာဝယ် အလင်္ကာကျမ်း၌ လာသော ဌာယီဘာဝ၊ ရသ၊ အာလမ္ဗဏဝိဘာဝ၊ ဥဒ္ဒီပနဝိဘာဝ၊ အနုဘာဝ ထုတ်ခြင်းတို့ကို မေး၏။ ထိုတွင် ဌာယီဘာဝနှင့် ရသတို့ကို ရှေးဦးစွာ ဖော်ပြပါအံ့။

## ဌာယီဘာဝ ၉–ပါး

ရတိ, ဟာသော, စ သောကော, စ၊ ကောဓု,ဿာဟာ, ဘယံ,ပိ စ။
ဇိဂုစ္ဆာ, ဝိမှယော, စေဝ၊ သမော, စ နဝ ဌာယိနော။ (အလင်္ကာကျမ်း၊ ပဥ္စမပိုင်း)

## ရသ ၉–ပါး

သိင်္ဂါရ, ဟဿ, ကရုဏာ,၊ ရုဒ္ဒ, ဝီရ, ဘယာနကာ။
ဗီဘစ္ဆ, ဗ္ဘုတ, သန္တာ, စ၊ ရသာ ဌာယီန နုက္ကမာ။ (အလင်္ကာကျမ်း၊ ပဥ္စမပိုင်း)

## ဌာယီဘာဝနှင့် ရသတို့ကို တွဲစပ်ပုံ

ဖော်ပြခဲ့သော ဂါထာတို့ကို ရှု၍ ဌာယီဘာဝနှင့် ရသသည် အကျဉ်းအားဖြင့် ၉–ပါးစီသာ ရှိ၏။ သို့သော် စာချတန်း၌ကား ရတိဌာယီဘာဝသည် ဓမ္မရတိဌာယီဘာဝနှင့် ကာမရတိဌာယီဘာဝဟူ၍ နှစ်မျိုး ပြားသောကြောင့်လည်းကောင်း၊ ရသ၌လည်း သိင်္ဂါရရသသည် ဓမ္မသိင်္ဂါရရသနှင့် ကာမသိင်္ဂါရရသဟူ၍ နှစ်မျိုး ပြားသောကြောင့်လည်းကောင်း ဌာယီဘာဝနှင့် ရသတို့၏ အပြားသည် ၁၀–ပါးစီ ဖြစ်လေတော့၏။

ဖော်ပြပြီးသော ဌာယီဘာဝ ၁၀–ပါးနှင့် ရသ ၁၀–ပါးတို့တွင် = ဓမ္မရတိဌာယီဘာဝ+ဓမ္မသိင်္ဂါရရသ၊ ကာမရတိဌာယီဘာဝ+ကာမသိင်္ဂါရရသ၊ ဟာသဌာယီဘာဝ+ဟဿရသ၊ သောကဌာယီဘာဝ+ကရုဏာရသ၊ ကောဓဌာယီဘာဝ+ရုဒ္ဒရသ၊ ဥဿာဟဌာယီဘာဝ+ဝီရရသ၊ ဘယဌာယီဘာဝ+ဘယာနကရသ၊ ဇိဂုစ္ဆာဌာယီဘာဝ+ဗီဘစ္ဆရသ၊ ဝိမှယဌာယီဘာဝ+အဗ္ဘုတရသ၊ သမဌာယီဘာဝ+သန္တရသဟူ၍ အစဉ်အတိုင်း တွဲစပ်ရမည်။
အမှာ။ ဓမ္မရတိဌာယီဘာဝ ဖြစ်သော် ဓမ္မသိင်္ဂါရရသ ဖြစ်၏ စသည်ဖြင့်လည်း သိတော်မူပါ။

## ဌာယီဘာဝနှင့် ရသတို့၏ လက္ခဏာ

၁။ ဓမ္မရတိဌာယီဘာဝ+ဓမ္မသိင်္ဂါရရသသည် = ကုသိုလ်ကောင်းမှု၌ နှစ်သက်ခြင်း, ကြည်နူးခြင်း, ပျော်မွေ့ခြင်း, ကုသိုလ်ကောင်းမှုနှင့် ပေါင်းဆုံခြင်း လက္ခဏာ ရှိ၏။
၂။ ကာမရတိဌာယီဘာဝ+ကာမသိင်္ဂါရရသသည် = ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို ချစ်ခင်ခြင်း, လိုချင်ခြင်း, တွယ်တာတပ်မက်ခြင်း, ကာမဂုဏ်နှင့် ပေါင်းဆုံခြင်း လက္ခဏာ ရှိ၏။
၃။ ဟာသဌာယီဘာဝ+ဟဿရသသည် = ရယ်ရွှင်ခြင်း, ဝမ်းမြောက်ခြင်း လက္ခဏာ ရှိ၏။
၄။ သောကဌာယီဘာဝသည် = စိုးရိမ်ခြင်း, ပူဆွေးခြင်း, ကြောင့်ကြခြင်း, ငိုကြွေးရခြင်း, နောင်တရခြင်း လက္ခဏာ ရှိ၏။ ကရုဏာရသသည် = သောက(ဌာယီဘာဝ) ဖြစ်ရသောသူကို သူတော်ကောင်းဖြစ်သော သူတစ်ပါးတို့က သနားကရုဏာ ဖြစ်ရခြင်း လက္ခဏာ ရှိ၏။
၅။ ကောဓဌာယီဘာဝ+ရုဒ္ဒရသသည် = စိတ်ဆိုးခြင်း, အမျက်ထွက်ခြင်း, ရန်ငြိုးဖွဲ့ခြင်း, ရက်စက်ခြင်း, ကြမ်းကြုတ်ခြင်း လက္ခဏာ ရှိ၏။

ttp://www.dhammadownload.com



၆။ ဥဿာဟဋ္ဌာယီဘာဝ+ဝီရိယရသသည် = ကောင်းမှုတို့ကို ကြိုးစားခြင်း, ကောင်းမှုတို့ကို အားထုတ်ခြင်း, ရဲရင့်ခြင်း လက္ခဏာ ရှိ၏။

၇။ ဘယဋ္ဌာယီဘာဝ+ဘယာနကရသသည် = ကြောက်ရွံ့ခြင်း, ထိတ်လန့်ခြင်း, တုန်လှုပ်ခြင်း, ထွက်ပြေးခြင်း လက္ခဏာ ရှိ၏။

၈။ ဇိဂုစ္ဆာဋ္ဌာယီဘာဝ+ဗီဘစ္ဆရသသည် = စက်ဆုပ်ခြင်း, ရွံရှာခြင်း, ရှောင်ရှားခြင်း လက္ခဏာ ရှိ၏။

၉။ ဝိမှယဋ္ဌာယီဘာဝ+အဗ္ဘုတရသသည် = အံ့သြခြင်း, မဖြစ်ဘူးသော အရာတို့ ဖြစ်ခြင်း လက္ခဏာ ရှိ၏။

၁၀။ သမဋ္ဌာယီဘာဝ+သန္တရသသည် = ငြိမ်းအေးခြင်း, ငြိမ်းချမ်းခြင်း, တည်ကြည်ခြင်း, တည်ငြိမ်ခြင်း လက္ခဏာ ရှိ၏။

အမှာ။ သောကဋ္ဌာယီဘာဝနှင့် ကရုဏာရသတို့သည် ပုဂ္ဂိုလ်တစ်ယောက်တည်း၏ သန္တာန်၌ တပြိုင်နက်တည်း ပြိုင်၍ မဖြစ်သည်ကို အလင်္ကာကျမ်း၊ ပဉ္စမပိုင်းလာ ဂါထာနံပါတ် (၃၅၅+၃၆၁)တို့ကို ရှု၍ သိပါ။

## ဣဋ္ဌဋ္ဌာယီဘာဝနှင့် အနိဋ္ဌဋ္ဌာယီဘာဝ

ဖော်ပြခဲ့သော လက္ခဏာတို့ကို ရှု၍ ကောင်းသော ဣဋ္ဌာရုံနှင့် ကြုံတွေ့ရာ၌ = ဓမ္မရတိဋ္ဌာယီဘာဝ၊ သမဋ္ဌာယီဘာဝ၊ ဥဿာဟဋ္ဌာယီဘာဝ၊ ဝိမှယဋ္ဌာယီဘာဝ၊ ဟာသဋ္ဌာယီဘာဝတို့ ဖြစ်ကြသောကြောင့် ယင်းငါးပါးကို ဣဋ္ဌဋ္ဌာယီဘာဝ ငါးပါးဟု ခေါ်၏။

မကောင်းသော အနိဋ္ဌာရုံနှင့် ကြုံတွေ့ရာ၌ = ကာမရတိဋ္ဌာယီဘာဝ၊ ကောဓဋ္ဌာယီဘာဝ၊ ဘယဋ္ဌာယီဘာဝ၊ ဇိဂုစ္ဆာဋ္ဌာယီဘာဝ၊ သောကဋ္ဌာယီဘာဝတို့ ဖြစ်ကြသောကြောင့် ယင်းငါးပါးကို အနိဋ္ဌဋ္ဌာယီဘာဝ ငါးပါးဟု ခေါ်၏။

နိယံ။ ရတိဓမ္မေ၊ ငြိမ်း သမေ၊ ထုတ်လေ ဥဿာဟ်။ အံ့ ဝိမှယေ၊ ရွှင် ဟာသေ၊ ဣဋ္ဌေ ကောင်းငါးညှို။
ရတိ ကာမေ၊ ဆိုး ကောဓေ၊ ဘယေ ကြောက်လန့်၏။ ရွံ ဇိဂုစ္ဆေ၊ စိုး သောကေ၊ နိဋ္ဌေ ဆိုးငါးညှို။

## ဋ္ဌာယီဘာဝ ဆုံးဖြတ်နည်း

ဣဋ္ဌာရုံနှင့် ကြုံတွေ့ရာ၌လည်းကောင်း၊ မကောင်းမှုအကုသိုလ် မဖြစ်ရာ၌လည်းကောင်း၊ ဋ္ဌာယီဘာဝ ဖြစ်သော ပုဂ္ဂိုလ်သည် ဘုရားအစရှိသော သူတော်ကောင်းများ ဖြစ်ရာ၌လည်းကောင်း၊ အနုဘာဝ၏ အကျိုးသည် ကောင်းခဲ့သော်လည်းကောင်း ဣဋ္ဌဋ္ဌာယီဘာဝ ငါးပါးထဲမှ တစ်ပါးပါးကို ဋ္ဌာယီဘာဝအဖြစ် ထုတ်ရမည်။

အနိဋ္ဌာရုံနှင့် ကြုံတွေ့ရာ၌လည်းကောင်း၊ မကောင်းမှုအကုသိုလ် ဖြစ်ရာ၌လည်းကောင်း၊ ဋ္ဌာယီဘာဝ ဖြစ်သော ပုဂ္ဂိုလ်သည် သူယုတ်မာများ ဖြစ်ရာ၌လည်းကောင်း၊ အနုဘာဝ၏ အကျိုးသည် မကောင်းခဲ့သော် လည်းကောင်း အနိဋ္ဌဋ္ဌာယီဘာဝ ငါးပါးထဲမှ တစ်ပါးပါးကို ဋ္ဌာယီဘာဝအဖြစ် ထုတ်ရမည်။

ttp://www.dhammadownload.com



## ဌာယီဘာဝနှင့် ရသတို့၏ တရားကိုယ်

**အမြဲတည်**ရှိနေသော တရားကို **ဌာယီဘာဝ**၊ **ခံစားတတ်**သော တရားကို **ရသ**ဟု ခေါ်၏။ အမြဲတည်ရှိသော တရားကား ပညတ်တရား မဟုတ်၊ ပရမတ်တရားသာ ဖြစ်၏။ ယင်းပရမတ်တရားတို့တွင်လည်း ခံစားတတ်သော တရားကား ဇော ၅၅-ပါးသာ ဖြစ်၏။ ထို့ကြောင့် ဌာယီဘာဝနှင့် ရသတို့၏ တရားကိုယ်ကို အရကောက်ရာ၌ ပရမတ္ထဖြစ်သည့် ခံစားတတ်သော သဘောရှိသော = အကု-၁၂၊ ဟသိ-၁၊ မဟာကု-၈၊ မဟာကြိ-၈၊ မဟဂ္ဂုတ်ကု-၉၊ မဟဂ္ဂုတ်ကြိ-၉၊ မဂ်-၄၊ ဖိုလ် ၄-ဟူသော ဇော ၅၅-ပါးတို့ကိုသာ အရကောက်ရမည်။

အမှာ။ ဌာယီဘာဝ တစ်ခုစီ၏ တရားကိုယ်ကို အရကောက်ရာ၌လည်း ဇော ၅၅-ပါးလုံးကို အရမကောက်ရ။ ဌာယီဘာဝတို့၏ ဆိုင်ရာဆိုင်ရာ လက္ခဏာကို ရှု၍ ဖော်ပြလတ္တံ့သော ဇယားတို့မှ သဘာဝတို့နှင့် ချိန်ကိုက်ပြီး ဇော ၅၅-ပါးထဲမှ သင့်လျော်သော ဇောစိတ်ကိုသာ အရကောက်ရမည်။

### ဣဋ္ဌဌာယီဘာဝ (၅)ပါး

| လက္ခဏာ | ပြဋ္ဌာန်း | တရားကိုယ် | ဘာဝ | ရသ |
|---|---|---|---|---|
| ကောင်းမှု၌နှစ်သက်ကြည်နူး,ကောင်းမှုနှင့်ပေါင်းဆုံ | သဒ္ဓါ, ဉာဏ်, သတိ, ပီတိ စသည် ပြဋ္ဌာန်း | မဟာကု,ကြိ (ဈာန်,အဘိညာဉ်) | ဓမ္မရတိ | ဓမ္မသိင်္ဂါရ |
| ငြိမ်းအေး,တည်ကြည် | ပဿဒ္ဓိ,သမာဓိ,ပညာ | မဟာကု,ကြိ၊ ဈာန်၊ မဂ်၊ ဖိုလ် | သမ | သန္တ |
| ကုသိုလ်ကို ကြိုးစား,ရဲရင့် | ဝီရိယ | မဟာကု,ကြိ | ဥဿာဟ | ဝီရ |
| အံ့သြ, မဖြစ်ဘူး ဖြစ် | ဆန္ဒ,ပီတိ,သောမနဿ | မဟာကု,ကြိ | ဝိမှယ | အဗ္ဘုတ |
| ရယ်ရွှင်,ဝမ်းမြောက် | သောမနဿ, မုဒိတာ | ဟသိ၊ မဟာကုသော, ကြိသော | ဟာသ | ဟဿ |

နိယံ။ ရတိဓမ္မေ၊ ငြိမ်း သမေ၊ ထုတ်လေ ဥဿာဟ်။ အံ့ ဝိမှယေ၊ ရွှင် ဟာသေ၊ ဣဋ္ဌေ ကောင်းငါးညီ။

အမှာ။ ပုထုဇဉ်,သေက္ခတို့၏ သန္တာန်၌ ကုသိုလ်၊ ဘုရား,ရဟန္တာတို့၏ သန္တာန်၌ ကြိယာသာ ဖြစ်၏ဟု ပုံသေမှတ်ပါ။

### သတိပြုတော်မူ

* ဓမ္မရတိဌာယီဘာဝသည် ဗဟိဒ္ဓဝတ္ထုနှင့် ဆက်ဆံ၏၊ ဒါန, သီလ, ဓမ္မဿဝန, ဓမ္မဒေသနာ ကုသိုလ်မျိုး၌ ဖြစ်၏။ သမဌာယီဘာဝသည် အဇ္ဈတ္တဝတ္ထုနှင့်သာ ဆက်ဆံ၏၊ သမထ, ဝိပဿနာ ဘာဝနာကုသိုလ်မျိုး၌ ဖြစ်၏။

* လင်ယောကျ်ားနှင့် ဇနီးမယားတို့ကို ပြန်တွေ့ဆုံရာ၌ ကာမရတိဌာယီဘာဝ၊ မိတ်ဆွေ,ဆွေမျိုးတို့ကို ပြန်တွေ့ဆုံရာ၌ ဟာသဌာယီဘာဝ၊ ဆရာ,မိဘတို့ကို ပြန်တွေ့ဆုံရာ၌ ဓမ္မရတိဌာယီဘာဝ။

* အဗ္ဘုတရသ ဖြစ်လောက်သော အံ့သြဘွယ်မျိုး၌သာ ဝိမှယဌာယီဘာဝ ထုတ်ပါ။

* အဋ္ဌကထာကျမ်းတို့၌ ဟာသဌာယီဘာဝ ထုတ်သော ပုံစံကား အလွန်ရှား၏။

ttp://www.dhammadownload.com



**အနိဋ္ဌာယီဘာဝ (၅)ပါး**

| လက္ခဏာ | ပြဋ္ဌာန်း | တရားကိုယ် | ဘာဝ | ရသ |
|---|---|---|---|---|
| ချစ်ခင်,လိုချင်,တွယ်တာတပ်မက်, ကာမဂုဏ်နှင့်ပေါင်းဆုံ | တဏှာ,လောဘ, မာန,ဒိဋ္ဌိ,မောဟ | လောဘမူစိတ္တုပ္ပါဒ်, မောဟမူစိတ္တုပ္ပါဒ် | ကာမရတိ | ကာမသင်္ဂါရ |
| စိတ်ဆိုး,အမျက်ထွက်,ရန်ငြိုး | ဒေါသ,ဣဿာ,မစ္ဆရိယ | ဒေါသမူ စိတ္တုပ္ပါဒ် | ကောဓ | ရုဒ္ဒ |
| ကြောက်ရွံ့, ထိတ်လန့်, ပြေး | ဒေါမနဿဝေဒနာ | ဒေါသမူ စိတ္တုပ္ပါဒ် | ဘယ | ဘယာနက |
| စက်ဆုပ်, ရွံရှာ, ရှောင်ရှား | ဒေါမနဿဝေဒနာ | ဒေါသမူ စိတ္တုပ္ပါဒ် | ဇိဂုစ္ဆာ | ဗီဘစ္ဆ |
| ပူဆွေး,ကြောင့်ကြ,နောင်တရ | ဒေါသ,ဗျာပါဒ,ကုက္ကုစ္စ | ဒေါသမူ စိတ္တုပ္ပါဒ် | သောက | ကရုဏာ |

နိယံ။ ရတိ ကာမေ၊ ဆိုး ကောဓေ၊ ဘယေ ကြောက်လန့်၏။ ရွံ ဇိဂုစ္ဆေ၊ စိုး သောကေ၊ နိဋ္ဌေ ဆိုးငါးညီ။

**သတိပြုတော်မူ**

* သောကဋ္ဌာယီဘာဝနှင့် ကရုဏာရသတို့သည် ပုဂ္ဂိုလ်တစ်ယောက်တည်း၏ သန္တာန်၌ တပြိုင်နက်တည်း ပြိုင်၍ မဖြစ်။
* ထို့ကြောင့် သောကဋ္ဌာယီဘာဝကို ဘာဝါလင်္ကာရ ထုတ်ရာ၌ ကရုဏာရသအတွက် ....... အကြောင်းကို မြင်တွေ့ ကြားသိရသော သူတော်ကောင်းတို့၏ သန္တာန်၌ သနားသော အခြင်းအရာအားဖြင့် ဖြစ်သော ကရုဏာ ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်သည် ကရုဏာရသဟူ၍ အဆုံး၌ သီးသန့် ရေးရမည်။

**သူတော်ကောင်းတို့နှင့် အနိဋ္ဌာရုံ**

* အရိယာ, သူတော်ကောင်းတို့ ကြောက်လန့်ဘွယ် အနိဋ္ဌာရုံကို တွေ့ကြုံရာ၌ သဟောတ္တပ္ပဉာဏ် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်ကို ဘယဋ္ဌာယီဘာဝဟု ထုတ်ပါ။
* အရိယာ, သူတော်ကောင်းတို့ ရွံရှာဘွယ်, ငြီးငွေ့ဘွယ် အနိဋ္ဌာရုံကို တွေ့ကြုံရာ၌ ဩတ္တပ္ပ ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်ကို ဇိဂုစ္ဆာဋ္ဌာယီဘာဝဟု ထုတ်ပါ။
* အရိယာ, သူတော်ကောင်းတို့ ဒုက္ခိတ သတ္တဝါကို တွေ့ကြုံရာ၌ သနားခြင်း, စိုးရိမ်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော ကရုဏာ ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်ကို (ဝါ) ဒေါသ, ဗျာပါဒ, ကုက္ကုစ္စ ပြဋ္ဌာန်းသော ဒေါသမူစိတ္တုပ္ပါဒ်ကို သောကဋ္ဌာယီဘာဝဟု ထုတ်ပါ။

အမှာ။ ဘာဝါလင်္ကာရ ထုတ်ရာ၌ ဌာယီဘာဝ မှန်ဖို့ရာ အလွန်အရေးကြီး၏။

ttp://www.dhammadownload.com



## အာလမ္ဗဏဝိဘာဝ အဓိပ္ပါယ်

သဘောနည်းအားဖြင့် ဌာယီဘာဝ ဖြစ်သော ပုဂ္ဂိုလ်၏ **"အာရုံကို အာလမ္ဗဏ"**ဝိဘာဝဟု ခေါ်၏။ သဒ္ဒါနည်းအားဖြင့် အာရုံဟူသည် အပြုခံရသော ဒြဗ်ဝတ္ထုများသာ ဖြစ်၍ ပြုလုပ်ခံပုဒ်များ ဖြစ်ကြသည့် ကံပုဒ်, ကံပုဒ်နှင့် သဘာဝတူသော အာကာရပုဒ်, သမ္ဗန္ဓါန်ပုဒ်, ဒြဗ်ကို အရကောက်သော တုလျာဓိကရဏဝိသေသျပုဒ်တို့ကို အာလမ္ဗဏဝိဘာဝဟု ခေါ်၏။ ပဋ္ဌာန်းနည်းအားဖြင့် အာရုံသည် ပစ္စည်းအကြောင်း, အာရမ္မဏိကသည် ပစ္စယုပ္ပန်အကျိုး ဖြစ်၍ နီးသော အကြောင်းတို့ကို အာလမ္ဗဏဝိဘာဝဟု ခေါ်၏။ အာဂမနည်းအားဖြင့် အလင်္ကာကျမ်း၊ ပဥ္စမပိုင်းလာ "ဝိဘာဝေါ ကာရဏံ"ဟူသော အာဂုမ်ပါဠိကို ထောက်၍လည်း နီးသော အကြောင်းတို့ကိုပင် အာလမ္ဗဏ ဝိဘာဝဟု ခေါ်၏။ ထို့ကြောင့် အာရုံကိုလည်းကောင်း၊ ကံပုဒ်, အာကာရပုဒ်, သမ္ဗန္ဓါန်ပုဒ်, တုလျာဓိကရဏဝိသေသျ ပုဒ်တို့ကိုလည်းကောင်း၊ နီးသော အကြောင်းတို့ကိုလည်းကောင်း အာလမ္ဗဏဝိဘာဝအဖြစ် ထုတ်ရမည်။

## ဥဒ္ဒီပနဝိဘာဝ အဓိပ္ပါယ်

ဌာယီဘာဝနှင့် ရသတို့ကို ပေါ်လွင်ထင်ရှားစွာ ဖြစ်ပေါ်စေဖို့ရာ ပြတတ်သည့် အာရုံ၏ ဂုဏ်အစွမ်းသတ္တိနှင့် အခြံအရံ, အကြောင်းတရားတို့ကို ဥဒ္ဒီပနဝိဘာဝဟု ခေါ်၏။ ထို့ကြောင့် အာရုံတို့၏ ဂုဏ်ကိုလည်းကောင်း၊ တုလျာဓိကရဏဝိသေသနပုဒ်များကိုလည်းကောင်း၊ ဌာယီဘာဝနှင့် ရသတို့ ပေါ်လွင်ထင်ရှားစွာ ဖြစ်ပေါ်စေနိုင်သည့် အခြံအရံ အကြောင်းများကိုလည်းကောင်း၊ ဝေးသော အကြောင်းဖြစ်သည့် ယောနိသောမနသိကာရ, အယောနိသောမနသိကာရ စသည်တို့ကိုလည်းကောင်း ဥဒ္ဒီပနဝိဘာဝအဖြစ် ထုတ်ရမည်။

သတိ။ အလင်္ကာကျမ်း၊ ပဥ္စမပိုင်းလာ "ဝိဘာဝေါ ကာရဏံ တေသု+ပ္ပတ္တိယု+ဒ္ဒီပနေ"ဟူသော အာဂုမ်ပါဠိကို ထောက်၍ အကြောင်းတရားတို့ကိုလည်း ဥဒ္ဒီပနဝိဘာဝအဖြစ် ထုတ်နိုင်၏။ အကြောင်းသည်လည်း နီးသော အကြောင်းနှင့် ဝေးသော အကြောင်းဟူ၍ အကြောင်းနှစ်မျိုး ရှိ၏။ ထိုအကြောင်းနှစ်မျိုးတို့တွင် မုချဖြစ်သော နီးသော အကြောင်းကို အာလမ္ဗဏဝိဘာဝအဖြစ် ထုတ်ပြီး ဖြစ်သောကြောင့် အခြံအရံဖြစ်သော ဝေးသော အကြောင်းကိုသာ ဥဒ္ဒီပနဝိဘာဝအဖြစ် ထုတ်ရ၏။

## အနုဘာဝ အဓိပ္ပါယ်

ဌာယီဘာဝကြောင့် နောက်တစ်ဆင့် ဖြစ်ပေါ်လာသော အကျိုးဟူသမျှကို အနုဘာဝဟု ခေါ်၏။ ဌာယီဘာဝကြောင့် ဖြစ်ပေါ်လာသော အကျိုးများဖြစ်သည့် စကားပြောသံ, တရားဟောသံဟု ဆိုအပ်သော ဝစီဘေဒသဒ္ဒနှင့် ကိုယ်လှုပ်ရှားမှု, နှုတ်လှုပ်ရှားမှုဟု ဆိုအပ်သော ကာယပ္ပယောဂ, ဝစီပ္ပယောဂတို့ကိုလည်း အနုဘာဝဟု ခေါ်၏။ ထို့ကြောင့် ဌာယီဘာဝကြောင့် နောက်တစ်ဆင့် ဖြစ်ပေါ်လာသော ကောင်းကျိုး, မကောင်းကျိုး၊ ဝစီဘေဒသဒ္ဒ၊ ကာယပ္ပယောဂ, ဝစီပ္ပယောဂတို့ကို အနုဘာဝအဖြစ် ထုတ်ရမည်။

သတိ။ ဘာဝေါ နာမ သရီရံ၊ ဝိဘာဝေါ နာမ ကာရဏံ၊ အနုဘာဝေါ နာမ အာနိသံသဖလံ။ (သဒ္ဒါငယ်ဋီကာ) ဘာဝေါတိ သရီရံ၊ ဝိဘာဝေါတိ ကာရဏံ၊ အနုဘာဝေါတိ တပ္ဖလံ။ (ရှေးဆရာ)

အမှာ။ ဖော်ပြခဲ့သော အဓိပ္ပါယ်နှင့် သဘောတရားတို့ကို အခြေခံ၍ ဖြစ်ပေါ်လာသော ဘာဝါလင်္ကာရ ပုံသေ ထုတ်နည်း အချုပ်ကိုလည်း ဖော်ပြအပ်ပါ၏။ ဆက်၍ ရှုတော်မူပါ။

ttp://www.dhammadownload.com



## ဘာဝါလင်္ကာရ ပုံသေထုတ်နည်း (အချုပ်)

၁။ ဆိုင်ရာဆိုင်ရာ လက္ခဏာများကို ရှု၍ ဌာယီဘာဝနှင့် ရသများ ဖြစ်ရမည့် ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပေါ်လာသော တရားကိုယ်များကို ဌာယီဘာဝ+ရသ။

၂။ ဌာယီဘာဝ ဖြစ်ခဲ့သော ပုဂ္ဂိုလ်၏ အာရုံဒြဗ်ကိုလည်းကောင်း၊ ကံပုဒ်, အာကာရပုဒ်, သမ္ပဒါန်ပုဒ်, တုလျာ–ဓိကရဏဝိသေသျပုဒ်တို့ကိုလည်းကောင်း၊ ဌာယီဘာဝ ဖြစ်ပေါ်ဖို့ရာ အလွန်နီးသော အကြောင်းတို့ကိုလည်းကောင်း အာလမ္ဗဏဝိဘာဝ။

၃။ အာလမ္ဗဏဝိဘာဝ၌ ထုတ်ပြခဲ့သော အာရုံဒြဗ်ဝတ္ထုတို့၏ ဂုဏ်များကိုလည်းကောင်း၊ တုလျာဓိကရဏဝိသေသနပုဒ်များကိုလည်းကောင်း၊ ဌာယီဘာဝ ဖြစ်ပေါ်ဖို့ရာ အခြံအရံ အကြောင်းများဖြစ်သည့် တော, တောင်,ကျောင်း,မြေ,အရပ်ဒေသ,ဥတု စသည်တို့ကိုလည်းကောင်း၊ ဌာယီဘာဝ ဖြစ်ပေါ်ဖို့ရာ ဝေးသော အကြောင်းဖြစ်သည့် ဌာယီဘာဝ ဖြစ်ခဲ့သော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ခဲ့သော ယောနိသောမနသိကာရ, အယောနိသောမနသိကာရ စသည်တို့ကိုလည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

၄။ ဌာယီဘာဝကြောင့် ဖြစ်ပေါ်လာသော ကောင်းကျိုး, မကောင်းကျိုး အဆက်ဆက်တို့ကို အနုဘာဝ အဖြစ်ဖြင့် ထုတ်ရမည်။

သတိ။ အကျိုးဆက်ဖြစ်သော ဝစီဘေဒသဒ္ဒနှင့် ကာယပ္ပယောဂ, ဝစီပ္ပယောဂတို့ကိုလည်း အနုဘာဝ အဖြစ်ဖြင့် ထုတ်နိုင်သေး၏။

### ဝေးသောအကြောင်းကို ဥဒ္ဒီပနဝိဘာဝ ထုတ်ရာ၌

* ပုထုဇဉ်+သေက္ခ ပုဂ္ဂိုလ်တို့အတွက် .....

ကုသိုလ်အရာ ဖြစ်လျှင် = ယောနိသောမနသိကာရ၊ သဒ္ဓမ္မသဝန၊ သပ္ပုရိသူပနိဿယ။

အကုသိုလ်အရာ ဖြစ်လျှင် = အယောနိသောမနသိကာရ၊ အသဒ္ဓမ္မသဝန၊ ဗာလူပသေဝန။

* ဘုရား+ရဟန္တာတို့တွင် .....

ရဟန္တာ ဖြစ်လျှင် = သမ္မာဆန္ဒ, ပဏီတဆန္ဒ။

ဘုရား ဖြစ်လျှင် = သမ္မာဆန္ဒ, ပဏီတဆန္ဒနှင့် မဟာကရုဏာဉာဏ်တော်။

* ဈာန်,အဘိညာဉ်အရာ ဖြစ်လျှင် = အဓိကာရဆန္ဒတို့ကို ဌာယီဘာဝ ဖြစ်ပေါ်ဖို့ရာ ဝေးသော အကြောင်း၏ အဖြစ်ဖြင့် ဥဒ္ဒီပနဝိဘာဝ၌ များသောအားဖြင့် ထည့်၍ ထုတ်ပါ။

### အနုဘာဝထုတ်ရာ၌

* အကုသိုလ်အရာ ဖြစ်လျှင် = အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး, ဒုဂ္ဂတိဘေးတို့ ဖြစ်ရခြင်း အစရှိသော မကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

* ကုသိုလ်အရာ ဖြစ်လျှင် = လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာကို ရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝမည်၏ဟု ယေဘုယျ အားဖြင့် ထုတ်နိုင်၏။ (ယေဘုယျနည်းတည်း။)

သတိ။ မကောင်းလျှင်–ငရဲပို့။ ကောင်းလျှင်–နိဗ္ဗာန်ပို့ရုံသာ။

ttp://www.dhammadownload.com



## ဘာဝါလင်္ကာရ ထုတ်နည်းပုံစံများ

### ပုံစံ (၁)

ကရုဏာသီတလဟဒယံ၊ ပညာပဇ္ဇောတဝိဟတမောဟတမံ။

သနရာမရလောကဂရုံ၊ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။ (ဋ၊ နှာ–၁)

**ဝန္ဒေ၌ အန္တတ္ထကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) ဝန္ဒေအရ မြတ်စွာဘုရားကို ရှိခိုးသော အခြင်းအရာအားဖြင့် အဋ္ဌကထာကာရက အရှင်မဟာဗုဒ္ဓဃောသ၏ သန္တာန်၌ ဖြစ်သော သောမနဿ ပဏာမစေတနာ,သဒ္ဓါ,သတိ,ဉာဏ်ပညာ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) မြတ်စွာဘုရားဒြဗ်တော်သည် အာလမ္ဗဏဝိဘာဝ။

(၃) ကရုဏာသီတလဟဒယဂုဏ်, ပညာပဇ္ဇောတဝိဟတမောဟတမဂုဏ်, သနရာမရလောကဂရုဂုဏ်, ဂတိဝိမုတ္တဂုဏ်တို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) အန္တရာယ်ကင်းခြင်း, ကျမ်းပြီးခြင်း စသော အကျိုး၊ သောတုဇနတို့၏ ဒိဋ္ဌာနုဂတိ ဖြစ်ရခြင်း၊ နောင်လာနောက်သားများ သင်အံပို့ချ လေ့လာအားထုတ်နိုင်ခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

သတိ။ အဋ္ဌကထာရေးစဉ်အချိန်၌ အရှင်မဟာဗုဒ္ဓဃောသသည် ပုထုဇဉ်သာ ဖြစ်သေး၏။

အမှာ။ သုဂတံဟူသော ဝိသေသျ ကံပုဒ်ကို အာလမ္ဗဏဝိဘာဝ ထုတ်၍၊ ကရုဏာသီတလဟဒယံ, ပညာပဇ္ဇောတဝိဟတမောဟတမံ, သနရာမရလောကဂရုံ, ဂတိဝိမုတ္တံဟူသော တုလျာဓိကရဏဝိသေသန ပုဒ်များနှင့် ဝေးသော အကြောင်းတို့ကို ဥဒ္ဒီပနဝိဘာဝအဖြစ် ထုတ်၏။ ဘာဝါလင်္ကာရ ထုတ်ရာဝယ် ဂါထာ,စုဏ္ဏိယ ပါဠိတို့၌ တိုက်ရိုက်ပါသော အာလမ္ဗဏဝိဘာဝ, ဥဒ္ဒီပနဝိဘာဝ, အနုဘာဝတို့ကို ကုန်စင်အောင် ထုတ်ရမည်။

### ပုံစံ (၂)

**ဝိဟာရဇီတိ** အဝိသေသေန ဣရိယာပထဒိဗ္ဗဗြဟ္မအရိယဝိဟာရေသု အညတရဝိဟာရသမင်္ဂိပရိဒီပနမေတံ။ (ဋ၊ နှာ–၁၂၂)

**ဒိဗ္ဗဝိဟာရ အရကို ဣဓာဓိပ္ပေတတ္ထ ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) မြတ်စွာဘုရား၏ သန္တာန်တော်၌ ဖြစ်သော ရူပါဝစရ စတုတ္ထဈာန် စိတ္တုပ္ပါဒ်သည် သမဋ္ဌာယီဘာဝ၊ သန္တရသ။

(၂) ပဉ္စတ်အာရုံသည်လည်းကောင်း၊ ရူပါဝစရ တတိယဈာန်သည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) ဝိပရီတသဘာဝဂုဏ်သည်လည်းကောင်း၊ ရူပါဝစရ ပထမဈာန်, ဒုတိယဈာန်တို့သည်လည်းကောင်း၊ အဓိကာရဆန္ဒတော် စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ဒိဋ္ဌဓမ္မသုခဝိဟာရကို ခံစားရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

ttp://www.dhammadownload.com



## ပုံစံ (၃)

**ခေတ္တံ** နာမ ယသ္မိံ ပုဗ္ဗဏ္ဏံ ရုဟတိ။ (ဋ္ဌ၊ နှာ–၇၆)

**ခေတ္တံ၌ အန္တတ္ထကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) လယ်ယာကို စိုက်ပျိုးကြဲချသော အခြင်းအရာအားဖြင့် လယ်သမားကြီး၏ သန္တာန်၌ ဖြစ်သော ဝီရိယ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) စိုက်ပျိုးကြဲချအပ်သော မျိုးစေ့ဒြဗ်သည်လည်းကောင်း၊ လယ်ဒြဗ်သည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) မျိုးစေ့နှင့် လယ်ဒြဗ်တို့၏ အပင်ပေါက်နိုင်ခြင်း, အသီးသီးနိုင်ခြင်း စသော ဂုဏ်တို့သည်လည်းကောင်း၊ လယ်သမားကြီး၏ ယောနိသောမနသိကာရနှင့် လုံ့လပယောဂ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပန ဝိဘာဝ။

(၄) အပင်ပေါက်၍ အသီးအနှံများ သီးခြင်း၊ လူအများတို့ စားသုံးရခြင်း၊ သံဃာတော်များအား ဆွမ်းလောင်း လှူရခြင်း၊ လူချမ်းသာ, နတ်ချမ်းသာတို့ကို ရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

## ပုံစံ (၄)

အစ္ဆရာယောဂ္ဂန္တိ **အစ္ဆရိယံ၊** အစ္ဆရံ ပဟာရိတုံ ယုတ္တန္တိ အတ္ထော။ အဘူတပုဗ္ဗံ ဘူတန္တိ **အဗ္ဘုတံ။** (ဋ္ဌ၊ နှာ–၄၄)

**အစ္ဆရိယံ အဗ္ဘုတံ၌ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) ဘုရားရှင်ကို လွန်ကဲစွာ ကြည်ညိုသော အခြင်းအရာအားဖြင့် တအံ့တသြ ဖြစ်နေကြသော ရဟန်းငါးရာ တို့၏ သန္တာန်၌ ဖြစ်သော သဒ္ဓါ,ပီတိ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဝိမှယဋ္ဌာယီဘာဝ၊ အဗ္ဘုတရသ။

(၂) ဘုရားရှင်သည် အာလမ္ဗဏဝိဘာဝ။

(၃) ဘုရားရှင်သည် သတ္တဝါတို့၏ နာနာဓိမုတ္တိကတကို သိမှုသည်လည်းကောင်း၊ အရဟံ စသော ဂုဏ်တော် များသည်လည်းကောင်း၊ ယောနိသောမနသိကာရ, သမ္မာဆန္ဒ, ပဏီတဆန္ဒ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) "မမံ ဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုံ"စသော ဒေသနာတော်ကို နာယူရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

## ပုံစံ (၅)

န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။

အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိံ။ (ဋ္ဌ၊ နှာ–၉၂)

**ဓမ္မော ပါပေတိ ဟူသော သုက္ကပက္ခ၌ ပရိသတ်အမြင်ကို ရှု၍ . . .**

(၁) သုဂတိသို့ ရောက်သော သူတို့ကို မြင်ရ ကြားရသော အခြင်းအရာအားဖြင့် မြင်တွေ့, ကြားသိရသော သူတို့၏ သန္တာန်၌ ဖြစ်သော နှစ်သက်ရွှင်လန်း ဝမ်းမြောက်ခြင်း ပီတိ,သောမနဿ,မုဒိတာ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဟာသဋ္ဌာယီဘာဝ၊ ဟဿရသ။

(၂) သုဂတိသို့ ရောက်သူတို့ဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

ttp://www.dhammadownload.com



(၃) သုဂတိ ရောက်သူတို့၏ သုခမျိုးစုံ အဖုံဖုံတို့ကို ခံစားနေပုံတို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ဒိဋ္ဌာနုဂတိအားလျော်စွာ မိမိကိုယ်တိုင် ကောင်းမှုပြုခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

## ပုံစံ (၆)

တသ္မိံ ပရပရိဂ္ဂဟိတေ ပရပရိဂ္ဂဟိတသညိနော တဒါဒါယကဥပက္ကမသမုဋ္ဌာပိကာ ထေယျစေတနာ အဒိန္နာဒါနံ။ (ဋ၊ နှာ–၇၀)

**အဒိန္နာဒါနံ၌ အန္တတ္ထကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) သူတစ်ပါးဥစ္စာကို ခိုးလိုသော အခြင်းအရာအားဖြင့် ခိုးသူတို့၏ သန္တာန်၌ ဖြစ်သော ထေယျစေတနာ ပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ၊ ကာမသိင်္ဂါရရသ။

(၂) ပရပရိဂ္ဂဟိတ ဘဏ္ဍာသည် အာလမ္ဗဏဝိဘာဝ။

(၃) ဣဋ္ဌ, မနာပ, ကန္တ စသော ဂုဏ်တို့သည်လည်းကောင်း၊ အယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး, ဒုဂ္ဂတိဘေးတို့ ဖြစ်ရခြင်း အစရှိသော မကောင်းသော အကျိုး အဆက်ဆက်တို့သည် အနုဘာဝ။

## ပုံစံ (၇)

တသ္မိံ ပန ပါဏေ ပါဏသညိနော ဇီဝိတိန္ဒြိယုပစ္ဆေဒကဥပက္ကမသမုဋ္ဌာပိကာ ကာယဝစီဒွါရာနံ အညတရ–ဒွါရပ္ပဝတ္တာ ဝဓကစေတနာ ပါဏာတိပါတော။ (သီ၊ ဋ၊ နှာ–၆၈)

**ပါဏာတိပါတော၌ အန္တတ္ထကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) သူ့အသက်ကို သတ်သော အခြင်းအရာအားဖြင့် သူတစ်ပါးအသက်ကို သတ်သောသူ၏ သန္တာန်၌ ဖြစ်သော ဝဓကစေတနာ ပြဋ္ဌာန်းသော ဒေါသမူ စိတ္တုပ္ပါဒ်သည် ကောဓဋ္ဌာယီဘာဝ၊ ရုဒ္ဒရသ။

(၂) သတ်အပ်သော သတ္တဝါဟု ဆိုအပ်သော ဝိတိက္ကမိတဗ္ဗ ဝတ္ထုသည် အာလမ္ဗဏဝိဘာဝ။

(၃) သတ်အပ်သော သတ္တဝါ၏ အပြုအမူသည်လည်းကောင်း၊ ဝဓကပုဂ္ဂိုလ်၏ အယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး, ဒုဂ္ဂတိဘေးတို့ ဖြစ်ရခြင်း အစရှိသော မကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

## ပုံစံ (၈)

**ယဒိဒံ ပစ္စတ္ထိကတောတိ** ယံ ကုတောစိ ကေပစ္စတ္ထိကတောပိ ဘယံ ဘဝေယျ။ (ဋ၊ နှာ–၁၆၄)

**ဘယံ၌ အန္တတ္ထကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) ကြောက်လန့်သော အခြင်းအရာအားဖြင့် ကြောက်ရွံ့ထိတ်လန့်သောသူ၏ သန္တာန်၌ ဖြစ်သော ဒေါသ ပြဋ္ဌာန်းသော ဒေါသမူ စိတ္တုပ္ပါဒ်သည် ဘယဋ္ဌာယီဘာဝ၊ ဘယာနကရသ။

ttp://www.dhammadownload.com



(၂) ရန်သူပုဂ္ဂိုလ် ဒြဗ်သည် အာလမ္ဗဏဝိဘာဝ။
(၃) ရန်သူ၏ ကြောက်မက်ဘွယ်ကောင်းသော ဒုတ်လက်နက် စသည်တို့ကို ကိုင်ဆောင်ထားခြင်း စသည်တို့သည်လည်းကောင်း၊ ကြောက်တတ်သောသူ၏ ဒေါသကို မပယ်နိုင်သေးခြင်းနှင့် အယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
(၄) ကြက်သီးမွေးညှင်း ထလာခြင်း၊ ကယောင်ကတမ်း မြည်တမ်းခြင်း စသော မကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

## ပုံစံ (၉)

ပိတ္တရောဂါတုရော မဓုသက္ကရာဒီသုပိ ဒိန္နေသု ပိတ္တရောဂါတုရတာယ တေသံ ရသံ န ဝိန္ဒတိ၊ "တိတ္တကံ တိတ္တက"န္တိ ဥဂ္ဂိရတိယေဝ။ (ဋ၊ နှာ-၁၉၁)

**ဥဂ္ဂိရတိ၌ အန္တတ္ထကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) အစားအစာကို ပျို့အန်သော အခြင်းအရာအားဖြင့် သည်းခြေပျက်နာ ရောဂါရှိသောသူ၏ သန္တာန်၌ ဖြစ်သော ဒေါသ ပြဋ္ဌာန်းသော ဒေါသမူ စိတ္တုပ္ပါဒ်သည် ဇိဂုစ္ဆာဋ္ဌာယီဘာဝ၊ ဗီဘစ္ဆရသ။
(၂) သည်းခြေပျက်သော ရောဂါသည်လည်းကောင်း၊ ဓာတ်ပျက်သော အစာကို စားမိခြင်းသည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။
(၃) သည်းခြေပျက် ရောဂါ၏ ရုပ္ပနသဘာဝ လက္ခဏာသည်လည်းကောင်း၊ ဓာတ်ပျက်သော အစာကို စားသောက်လိုသော အယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
(၄) ပျား,သကာ စသည်တို့၏ အရသာကို မသိရှိရခြင်း၊ ကာယဒရထ, စိတ္တဒရထ ဖြစ်ရခြင်း၊ ခန္ဓာပျက်ကြွေသေရခြင်း စသော မကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

## ပုံစံ (၁၀)

အာဗာဓေတီတိ **အာဗာဓော၊** သွာဿ အတ္ထီတိ **အာဗာဓိကော**။ (ဋ၊ နှာ-၁၉၀)

**အာဗာဓိကောကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) အနာရောဂါကို ခံစားရသော အခြင်းအရာအားဖြင့် ဂိလာနပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော ဒုက္ခဝေဒနာ, ဒေါသ,ဗျာပါဒ,ကုက္ကုစ္စ စသည် ပြဋ္ဌာန်းသော ဒေါသမူ စိတ္တုပ္ပါဒ်သည် သောကဋ္ဌာယီဘာဝ။
(၂) ဖောက်ပြန်နေသော ခန္ဓာကိုယ်ကြီးသည် အာလမ္ဗဏဝိဘာဝ။
(၃) ခန္ဓာကိုယ်ကြီး၏ ရုပ္ပနသဘာဝသည်လည်းကောင်း၊ ညှံ့ဖျင်းသော ဆရာဝန်, သူနာပြုနှင့် ဆေးဝါးတို့သည်လည်းကောင်း၊ ဆိုးဝါးသော ရာသီဥတု, အစားအသောက်, အိုးအိမ်နေရာ စသည်တို့သည်လည်းကောင်း၊ အယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
(၄) ပျင်းရိငြီးငွေ့ခြင်း၊ ထိုထိုဤဤ ကြံစည်စိတ်ကူးခြင်း၊ အစာ မစားနိုင်ခြင်း၊ ခွန်အားဗလ မရှိခြင်း၊ ငိုကြွေးမြည်တမ်းခြင်း၊ ညည်းငြူခြင်း၊ သေဆုံးခြင်း စသော မကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။
(၅) ယင်းဂိလာနပုဂ္ဂိုလ်၏ အကြောင်းကို မြင်တွေ့ ကြားသိရသော သူတော်ကောင်းတို့၏ သန္တာန်၌ သနားသော အခြင်းအရာအားဖြင့် ဖြစ်သော ကရုဏာ ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်သည် ကရုဏာရသ။

ttp://www.dhammadownload.com



### ပုံစံ (၁၁)

န ကေဝလဥ္စ ဘဂဝါယေဝ ပါဏာတိပါတာ ပဋိဝိရတော၊ ဘိက္ခုသံဃောပိ ပဋိဝိရတော။ (ဋ၊ နှာ–၆၉)

**(ဘိက္ခုသံဃောပိ) ပဋိဝိရတော၌ အန္တတ္တကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) ပါဏာတိပါတမှ ရှောင်ကြဉ်သော အခြင်းအရာအားဖြင့် ပါဏာတိပါတကို ရှောင်ကြဉ်တော်မူသော ရဟန်းသံဃာတော်တို့၏ သန္တာန်၌ ဖြစ်သော ဝိရတီစေတနာ ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) ဝီတိက္ကမိတဗ္ဗ ဝတ္ထုသည် အာလမ္ဗဏဝိဘာဝ။

(၃) ယောနိသောမနသိကာရ, သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ စသည်တို့သည် ဥဒ္ဒီပနဝိဘာဝ။

(၄) အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး, ဒုဂ္ဂတိဘေးတို့မှ လွတ်ကင်းခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

အမှာ။ ရဟန်းသာမဏေများနှင့် သူတော်ကောင်းများ မကောင်းမှုကို ရှောင်ကြဉ်ရာ၌ ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသဟု ထုတ်ပါ။ မိစ္ဆာဝါဒီပုဂ္ဂိုလ်များ မကောင်းမှုကို ရှောင်ကြဉ်ရာ၌ ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသဟု ထုတ်ပါ။

### ပုံစံ (၁၂)

စတူဟိ အစ္ဆရိယဓမ္မေဟိ, သင်္ဂဟဝတ္ထူဟိ စ လောကံ ရဉ္ဇနတော ရာဇာ။ (ဋ၊ နှာ–၂၂၂)

**ရဉ္ဇနတော၌ အန္တတ္တကို (ဝါ) ရာဇာ၌ သုဒ္ဓကတ္တုဋ္ဌကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) စကြဝတေးမင်းကို နှစ်သက်သော အခြင်းအရာအားဖြင့် တိုင်းသူပြည်သား လူအများတို့၏ သန္တာန်၌ ဖြစ်သော ပီတိ,သောမနဿ ပြဋ္ဌာန်းသော လောဘမူ သောမနဿသဟဂုတ် စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ၊ ကာမသိင်္ဂါရရသ။

(၂) စကြဝတေးမင်း ဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) အစ္ဆရိယဓမ္မလေးပါး, သင်္ဂဟဝတ္ထုလေးပါးတို့သည် ဥဒ္ဒီပနဝိဘာဝ။

(၄) တိုင်းသူပြည်သား လူအများနှင့် စကြဝတေးမင်းတို့ ကာယိကသုခ, စေတသိကသုခကို ခံစားရခြင်း စသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

(တစ်နည်း)

(၁) ဓမ္မရာဇာ ဖြစ်တော်မူသော စကြဝတေးမင်းကို နှစ်သက်သော အခြင်းအရာအားဖြင့် တိုင်းသူပြည်သား လူအများတို့၏ သန္တာန်၌ ဖြစ်သော ပီတိ,သောမနဿ ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ သောမနဿသဟဂုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) စကြဝတေးမင်း ဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) အစ္ဆရိယဓမ္မလေးပါး, သင်္ဂဟဝတ္ထုလေးပါးတို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) တိုင်းသူပြည်သား လူအများနှင့် စကြဝတေးမင်းတို့ ကာယိကသုခ, စေတသိကသုခကို ခံစားရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် စသော ကောင်းကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

ttp://www.dhammadownload.com



**ရာဇာဒိ ဟေတုကတ္တုဒွန္ဒကို ရှုံ၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) တိုင်းသူပြည်သားတို့ကို နှစ်သက်စေသော အခြင်းအရာအားဖြင့် စကြဝတေးမင်း၏ သန္တာန်၌ ဖြစ်သော ပီတိ,သောမနဿ ပြဋ္ဌာန်းသော လောဘမူ သောမနဿသဟဂုတ် စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ၊ ကာမသိင်္ဂါရရသ။

(၂) တိုင်းသူပြည်သားနှင့် တိုင်းနိုင်ငံတို့သည် အာလမ္ဗဏဝိဘာဝ။

(၃) ရင်ဝယ်သားကဲ့သို့ ဖြစ်ခြင်းသည်လည်းကောင်း၊ တိုင်းနိုင်ငံ၏ စည်ပင်သာယာခြင်း စသည်တို့သည်လည်းကောင်း၊ အစ္ဆရိယဓမ္မလေးပါး, သင်္ဂဟဝတ္ထုလေးပါးတို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) တိုင်းသူပြည်သား လူအများနှင့် စကြဝတေးမင်းတို့ ကာယိကသုခ, စေတသိကသုခကို ခံစားရခြင်း စသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

(တစ်နည်း)

(၁) တိုင်းသူပြည်သားတို့ကို နှစ်သက်စေသော အခြင်းအရာအားဖြင့် စကြဝတေးမင်း၏ သန္တာန်၌ ဖြစ်သော ပီတိ,သောမနဿ ပြဋ္ဌာန်းသော မဟာကုသိုလ် သောမနဿသဟဂုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) တိုင်းသူပြည်သားနှင့် တိုင်းနိုင်ငံတို့သည် အာလမ္ဗဏဝိဘာဝ။

(၃) ရင်ဝယ်သားကဲ့သို့ ဖြစ်ခြင်းသည်လည်းကောင်း၊ တိုင်းနိုင်ငံ၏ စည်ပင်သာယာခြင်းသည်လည်းကောင်း၊ အစ္ဆရိယဓမ္မလေးပါး, သင်္ဂဟဝတ္ထုလေးပါးတို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) တိုင်းသူပြည်သား လူအများနှင့် စကြဝတေးမင်းတို့ ကာယိကသုခ, စေတသိကသုခကို ခံစားရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် စသော ကောင်းကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

အမှာ။ ဆရာမြတ်တို့က ဤနေရာတို့၌ ကာမရတိဋ္ဌာယီဘာဝချည်းဟူသာ ဆိုကြ၏။ ဋီသစ်၌ "န ရာဂဝသေန" ဟု ဆိုသောကြောင့်လည်းကောင်း၊ စကြဝတေးမင်းသည် ဓမ္မရာဇာ ဖြစ်သောကြောင့်လည်းကောင်း၊ အနုဘာဝ အကျိုးတရားများသည်လည်း အကောင်းချည်းသာ ဖြစ်သောကြောင့်လည်းကောင်း ဓမ္မရတိဋ္ဌာယီဘာဝဟူသာ စာရေးသူ ယူဆမိ၏။

## ပုံစံ (၁၃)

ယတ္ထ စ ဒိန္နမဟပ္ဖလမာ"ဟု"၊ "စတူ"သု သုစီသု ပုရိသယုဂေ"သု"။
အဋ္ဌ စ ပုဂ္ဂလ ဓမ္မဒသာ တေ၊ သံဃမိမံ သရဏတ္ထမုပေ"ဟိ"။ (၄၊ နှာ-၂၀၅)

**ဥပေဟိ၌ သုဒ္ဓကတ္တုဒွန္ဒကို ရှုံ၍ . . .**

(၁) အရိယာသံဃာတော်ကို ကိုးကွယ်ဆည်းကပ်သော ဆတ္တလုလင်၏ သန္တာန်၌ ဖြစ်သော သဒ္ဓါ,သတိ, သမ္မာဒိဋ္ဌိ,ဒိဋ္ဌိဇုကမ္မ,ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ရှစ်ယောက်သော အရိယာသံဃာတော် အပေါင်းသည် အာလမ္ဗဏဝိဘာဝ။

ttp://www.dhammadownload.com



(၃) အရိယာသံဃာတော်များ၏ ဒိန္နမဟပ္ဖလဂုဏ်, သုစိဂုဏ်, ဓမ္မဒသာဂုဏ် စသော ဂုဏ်တော်တို့သည်လည်းကောင်း၊ ဒေသက ဘုရားရှင်သည်လည်းကောင်း၊ ဆတ္တလုလင်၏ အတိတ်ဘဝတို့၌ ဆည်းပူးခဲ့သော သမ္ဘတ္တိစက်များနှင့် ယခုဘဝ၌ ဖြစ်သော ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ပစ္စုပ္ပန်ဘဝ၌ ကာယိကသုခ, စေတသိကသုခတို့ကို ခံစားရခြင်း၊ တမလွန်ဘဝ၌ တာဝတိံသာ နတ်ပြည်ဝယ် ရွှေဗိမာန်၌ နတ်စည်းစိမ်ကို ခံစားရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**ဥပေဟိ၌ ဟေတုကတ္တုရှုကို ကိုယ်ပြု၍ . . .**

(၁) သံဃာတော်ကို ဆည်းကပ်လော့ဟု တိုက်တွန်းတော်မူသော ဘုရားရှင်၏ သန္တာန်တော်၌ ဖြစ်သော သမ္မာဆန္ဒ,မေတ္တာ,စေတနာ,ဉာဏ်,ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယိဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယိဘာဝ၊ ဝီရရသ။

(၂) ဆတ္တလုလင် ဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) ဆတ္တလုလင်၏ အတိတ်ဘဝတို့၌ ဆည်းပူးခဲ့သော သမ္ဘတ္တိစက်များနှင့် ယခုဘဝ၌ ဖြစ်သော ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း၊ ဘုရားရှင်၏ ဆတ္တမာဏဝကဝတ္ထု ဒေသနာတော် ဖြစ်ပေါ်လာမည်ကို သိခြင်းနှင့် မဟာကရုဏာဉာဏ်တော် စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ဆတ္တလုလင် သရဏဂုံတည်ခြင်း၊ ပစ္စုပ္ပန်ဘဝ၌ ကာယိကသုခ, စေတသိကသုခတို့ကို ခံစားရခြင်း၊ တမလွန်ဘဝ၌ တာဝတိံသာ နတ်ပြည်ဝယ် ရွှေဗိမာန်၌ နတ်စည်းစိမ်ကို ခံစားရခြင်း၊ မိမိအတ္တုပ္ပတ္တိကို ဘုရားရှင်အား ပြန်လည် လျှောက်ထားခြင်း၊ ဆတ္တမာဏဝကဝတ္ထု ဒေသနာတော်ကြီး ဖြစ်ပေါ်လာခြင်း၊ ဆတ္တလုလင် သောတာပန် တည်ခြင်း၊ ပရိသတ်အများ သစ္စာလေးပါးကို သိခြင်း အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

သတိ။ ဘာဝါလင်္ကာရ ထုတ်ရာ၌ အာရုံကို အာလမ္ဗဏဝိဘာဝ၊ ဂုဏ်ကို ဥဒ္ဒီပနဝိဘာဝအဖြစ် အဓိကထား၍ ထုတ်သော ပုံစံများသာ များ၏။

အမှာ။ ဖော်ပြခဲ့သော ပုံစံများသည်ကား အာရုံကို အာလမ္ဗဏဝိဘာဝ၊ ဂုဏ်ကို ဥဒ္ဒီပနဝိဘာဝအဖြစ် အဓိကထား၍ ထုတ်သော ပုံစံများ ဖြစ်၏။ နီးသော အကြောင်းကို အာလမ္ဗဏဝိဘာဝ၊ ဝေးသော အကြောင်းကို ဥဒ္ဒီပနဝိဘာဝအဖြစ် အဓိကထား၍ ထုတ်သော ပုံစံအချို့ကိုလည်း ဖော်ပြပါဦးအံ့။

## ပုံစံ (၁)

သစေ ဣမိနာ ပိတာ ဃာတိတော နာဘဝိဿ၊ ဣဒါနိ ဣမဓေဝါသနေ နိသိန္နော သောတာပတ္တိမဂ္ဂံ ပတ္တော အဘဝိဿ၊ ပါပမိတ္တသံသဂ္ဂေန ပနဿ အန္တရာယော ဇာတော။ (သီ၊ ဋ္ဌ၊ နှာ–၂၁၂)

**ဃာတိတော၌ အန္တတ္တကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) အဖကို သတ်သော အခြင်းအရာအားဖြင့် အဇာတသတ်မင်း၏ သန္တာန်၌ ဖြစ်သော ဒေါမနဿ ပြဋ္ဌာန်းသော ဒေါသမူ စိတ္တုပ္ပါဒ်သည် ကောဓဋ္ဌာယိဘာဝ၊ ရုဒ္ဒရသ။

(၂) (အဖဗိမ္ဗိသာရ ဒြဗ်သည်လည်းကောင်း၊) ပါပမိတ္တသံသဂ္ဂသည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

ttp://www.dhammadownload.com



(၃) (အနန္တဂုဏ်နှင့် ပြည့်စုံခြင်းသည်လည်းကောင်း၊) အယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒိပနဝိဘာဝ။

(၄) အိပ်မပျော်ခြင်း၊ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေးတို့ ဖြစ်ရခြင်း၊ သောတာပတ္တိမဂ်ကို မရခြင်း၊ လောဟကုမ္ဘီ ငရဲ၌ ခံရခြင်း အစရှိသော မကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

အမှာ။ လက်သည်းကွင်းအတွင်းရှိ စာတို့သည် အာရုံ+ဂုဏ် နည်းစနစ်အားဖြင့် ဝိဘာဝ ထုတ်ခြင်းဖြစ်၏။

## ပုံစံ (၂)

ဂဟကာရကာ ဒိဋ္ဌောသိ။ (သီ၊ ၄၊ နှာ–၁၆)

**ဂဟကာရကကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) တဏှာ ပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ၊ ကာမသိင်္ဂါရရသ။

(၂) ဝေဒနာသည် အာလမ္ဗဏဝိဘာဝ။

(၃) အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿတို့သည် ဥဒ္ဒိပနဝိဘာဝ။

(၄) ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့သည် အနုဘာဝ။

အမှာ။ ပဋိစ္စသမုပ္ပါဒ် နည်းစနစ်အားဖြင့် ထုတ်ခြင်းဖြစ်၏။

## ပုံစံ (၃)

**မနောမယဣဒ္ဓိ** မနေန နိဗ္ဗတ္တိတံ။ (သီ၊ ၄၊ နှာ–၁၉၈)

**မနေန၌ မနကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) တန်ခိုးဖန်ဆင်းသော အခြင်းအရာအားဖြင့် တန်ခိုးရှင်၏ သန္တာန်၌ ဖြစ်သော အဘိညာဉ်စိတ် (အဓိဋ္ဌာန်စိတ်) သည် သမဋ္ဌာယီဘာဝ၊ သန္တရသ။

(၂) (သမထကမ္မဋ္ဌာန်း၏ အာရုံသည်လည်းကောင်း)၊ တစ်ဖန် ပါဒကဈာနဝီထိသည်လည်းကောင်း အာလမ္ဗဏ ဝိဘာဝ။

(၃) ပါဒကဈာနဝီထိ, ပရိကမ္မဝီထိတို့သည်လည်းကောင်း၊ အဓိကာရဆန္ဒ စသည်တို့သည်လည်းကောင်း ဥဒ္ဒိပန ဝိဘာဝ။

(၄) နိမ္မိတရုပ် ဖြစ်ပေါ်လာခြင်း၊ အလိုရှိအပ်သော အကျိုးပြီးခြင်း စသည်တို့သည် အနုဘာဝ။

အမှာ။ ဝီထိစဉ်အားဖြင့် ထုတ်ခြင်းဖြစ်၏။

နိယံ။ ပါဒကဈာန်၊ ပရိကမ်နှင့်၊ တစ်ဖန် ပါဒက၊ ဖြစ်ပြီးမှ၊ ကျထ အဘိညာ။

## ပုံစံ (၄)

ဂဟကူဋံ ဝိသင်္ခတံ။ ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။ (၄၊ နှာ–၁၆)

**ခယ၌ အန္တတ္ထကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) မြတ်စွာဘုရားရှင်၏ သန္တာန်တော်၌ ဖြစ်သော အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် သမဋ္ဌာယီဘာဝ၊ သန္တရသ (ဝါ) ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

ttp://www.dhammadownload.com



(၂) (နိဗ္ဗာန်သည်လည်းကောင်း၊) အောက်မဂ်ဉာဏ်သုံးခု, အောက်ဖိုလ်ဉာဏ်သုံးခုတို့သည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) (သန္တိသုခလက္ခဏာ စသော ဂုဏ်တို့သည်လည်းကောင်း၊) ဒုက္ခိတသတ္တဝါ, မဟာကရုဏာဉာဏ်တော်, မဟာဘိနိဟာရ, ပါရမီစာဂစရိယ, မဟာဗောဓိမဏ္ဍိုင်, စတုရင်္ဂဝီရိယ, အာနာပါနစတုတ္ထဈာန်, မဟာဝဇိရဉာဏ်တော်တို့သည် ဥဒ္ဒီပနဝိဘာဝ။

(၄) ပစ္စဝေက္ခဏာဉာဏ်တော်, သဗ္ဗညုတဉာဏ်တော်, သကလဗုဒ္ဓဂုဏ်တော်, ဒေသနာဉာဏ်တော်, ဝေနေယျဟိတသုခ အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

အမှာ။ လက်သည်းကွင်းအတွင်းရှိ စာတို့သည် အာရုံ+ဂုဏ် နည်းစနစ်အားဖြင့် ဝိဘာဝ ထုတ်ခြင်းဖြစ်၏။ ဖော်ပြလတ္တံ့သော နိယံသည် အကြောင်းအကျိုးနည်းအားဖြင့် ဘာဝါလင်္ကာရ ထုတ်ရာ၌ အလွန် အသုံးဝင်၏။ ကျက်မှတ်တော်မူပါ။

နိယံ။ ၁။ ဒု, ရု, ဘိနီ၊ ပါရမီ၊ စာဂီ စရိယ။

၂။ ဗောဓိမဏ္ဍာင်၊ စတုရင်၊ ပေါ်ထင် ဝီရိယ။

၃။ အာ-စတုဈာန်၊ ဝဇိဉာဏ်၊ မှတ်ရန် ရှစ်ချက်ပ။

၄။ မဂ်, ဖိုလ်စဉ်မှန်၊ ဆင်ခြင်ရန်၊ သဗ္ဗ ဇာနာတိ။

၅။ ဂုဏ်, ဒေသနာ၊ ဝေနေယျာ၊ ဟိတာ စဉ်တိုင်းသိ။

## ပုံစံ (၅)

သဗ္ဗညုတညာဏဋ္ဌ တတောပိ ဂမ္ဘီရတရန္တိ တတ္ထာပိ ဝဝတ္ထာနံ နတ္ထိ။ (၄၁၊ နှာ-၉၃)

**ဂမ္ဘီရတရ၌ ဗာဟျတ္ထကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) မြတ်စွာဘုရား၏ သန္တာန်၌ ဖြစ်သော သဗ္ဗညုတဉာဏ်တော်သည် သမဋ္ဌာယီဘာဝ၊ သန္တရသ။

(၂) (ဋ္ဌေယျဓမ်တရား ငါးပါးသည်လည်းကောင်း၊) အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တော်တို့သည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) ရှေးရှေး၌ ဖြစ်သော ဒုက္ခိတသတ္တဝါ, မဟာကရုဏာဉာဏ်တော်, မဟာဘိနိဟာရ, ပါရမီစာဂစရိယ, မဟာဗောဓိမဏ္ဍိုင်, စတုရင်္ဂဝီရိယ, အာနာပါနစတုတ္ထဈာန်, မဟာဝဇိရဉာဏ်တော်, အောက်မဂ်ဉာဏ်, အောက်ဖိုလ်ဉာဏ် စသည်တို့သည် ဥဒ္ဒီပနဝိဘာဝ။

(၄) နောက်နောက်၌ ဖြစ်သော သကလဗုဒ္ဓဂုဏ်တော်နှင့် ဒေသနာဉာဏ် စသည်တို့သည်လည်းကောင်း၊ ဝေနေယျတို့၏ ဟိတသုခ စသည်တို့သည်လည်းကောင်း အနုဘာဝ။

ttp://www.dhammadownload.com



### အန္တ+ဗာဟျ၊ အန္တတ္ထ+ဗာဟျတ္ထ ခွဲခြားနည်း

လိင်နှင့် ဓာတ်ကို၊ အန္တဆို၊ နက်ကို အန္တတ္ထ။
ဝိဘတ်, ပစ္စည်းကို၊ ဗာဟျဆို၊ နက်ကို ဗာဟျတ္ထ။

### ရှင်းချက်

၁။ နာမနာမ်, သဗ္ဗနာမ်, သမာသ်နာမ်ပုဒ်များ၌ လိင်ကို အန္တ, လိင်၏ အနက်ကို အန္တတ္ထ၊ ဝိဘတ်ကို ဗာဟျ, ဝိဘတ်၏ အနက်ကို အန္တတ္ထ၊ ပစ္စည်းကို ဗာဟျ, ပစ္စည်း၏ အနက်ကို ဗာဟျတ္ထ။

၂။ တဒ္ဓိတ်နာမ်၌ လိင်ကို အန္တ, လိင်၏အနက်ကို အန္တတ္ထ၊ ပစ္စည်းကို ဗာဟျ, ပစ္စည်း၏ အနက်ကို ဗာဟျတ္ထ။

၃။ ကြိယာပုဒ်များ၌ ဓာတ်ကို အန္တ, ဓာတ်၏ အနက်ကို အန္တတ္ထ၊ အာချာတ်ကြိယာဖြစ်ခဲ့သော် ဝိဘတ်ကို ဗာဟျ, ဝိဘတ်၏ အနက်ကို ဗာဟျတ္ထ၊ ကိတ်ကြိယာဖြစ်ခဲ့သော် ပစ္စည်းကို ဗာဟျ, ပစ္စည်း၏ အနက်ကို ဗာဟျတ္ထဟု ခေါ်သည်။

အမှာ။ တရားကိုယ်အရကောက်ရာ၌ ဖော်ပြလတ္တံ့သော နိယံသုံးပုဒ်သည် အလွန်အသုံးဝင်၏။ ကျက်မှတ်ပါ။

နိယံ။ ၁။ ဒသေတုံ+အာဟ၊ နှစ်ပါးပြမူ၊ ဆန္ဒရှေး‌ရှု ဉာဏ်ကိုယူ။

၂။ ဒသေန္တ, ဒီပေန္တ၊ ပကာသေန္တ၊ ကျမ်း၌ပြမူ၊ ကရုဏာရှေးရှု ဉာဏ်ကိုယူ။

၃။ ဒသေတုံ, အာရဒ္ဓ၊ တစ်ဖန်ပြမူ၊ ဝီရိယရှေးရှု ဉာဏ်ကိုယူ။

### သတိပြု

ဂါထာ၌ ဖြစ်စေ, စုဏ္ဏိယဝါကျ၌ ဖြစ်စေ အဓိကကြိယာ တစ်ခုခုကို မသုံးသပ်ဘဲ မေးလျှင် ဂါထာ (ဝါ) စုဏ္ဏိယဝါကျ၏ ပဓာနကြိယာကို ရှေးဦးစွာ ရှာပါ။ ထို့နောင်မှ ယင်းကြိယာနှင့် (ကာရက ဆက်သွယ်မှုကို ရှု၍) ဆက်စပ်နေသည့် ဓာတ်ကောင်၏ သန္တာန်ဝယ် လောလောဆယ်၌ ဖြစ်ပေါ်နေသော စိတ်+စေတသိက် ဟူသော တရားကိုယ်ကို အရကောက်ပါ။ ယင်းတရားကိုယ်ကို ဖြစ်သင့်သော ဌာယီဘာဝ၌ ထည့်သွင်း၍ ဘာဝါလင်္ကာရ ထုတ်ရမည်ကို သတိပြုတော်မူပါ။

**၁၀–နံပါတ် စည်းမျဉ်း ပြီး၏။**

## စည်းမျဉ်း ၁၀ – ချက် ပြီးပါပြီ။

တစ်တော တစ်ကြက်ဖရယ်လို့ တွန်ချိန်ရောက်ရင်ဖြင့်
အောက်အီးအီးအွတ်လို့ ကြက်ဖသံကြီး ပီပီသသနဲ့ တွန်နိုင်အောင်
ခုထဲက သေချာ ကြိုးစားထားဖို့တော့ လိုတယ် ငါ့ရှင်။
အဲ့ဒီအချိန်ရောက်မှ ကတော့် ကတော်နဲ့ ကြက်မ အသံထွက်ရင်ဖြင့် ...

ttp://www.dhammadownload.com



**ပန်ကြားလွှာ**

ဂါထာစစ်, ဆန်းစစ်နှင့် ဂါထာတို့၌ ဘာဝါလင်္ကာရ ထုတ်ပုံကို မလေ့လာဘူးသော် အမှတ်ပြည့် မရနိုင်။ ဂါထာစစ်, ဆန်းစစ်နှင့် ဂါထာတို့၌ ဘာဝါလင်္ကာရ ထုတ်ပုံကို လွယ်ကူစွာ ကြည့်ရှုလေ့လာနိုင်ရန် အကျိုးငှာ တစ်စုတစ်စည်းတည်း သီးသန့် ဖော်ပြအပ်ပါ၏။ သေချာစွာ လေ့လာတော်မူပါ။

## အဋ္ဌကထာလာ ဂါထာတို့၌
## ဆန်းစစ်ပုံ, အလင်္ကာထုတ်ပုံ

ကရုဏာသီတလဟဒယံ၊ ပညာပဇ္ဇောတဝိဟတမောဟတမံ။

သနရာမရလောကဂရုံ၊ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။ (ဌ၊ နှာ-၁) ။အရိယာ ပထျာဂါထာ၊ မတ္တာဝုတ္တိဆန်း။

**ဝန္ဒေ၌ အန္တတ္ထကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) ဝန္ဒေအရ မြတ်စွာဘုရားကို ရှိခိုးသော အခြင်းအရာအားဖြင့် အဋ္ဌကထာကာရက အရှင်မဟာဗုဒ္ဓဃောသ၏ သန္တာန်၌ ဖြစ်သော သောမနဿ ပဏာမစေတနာ,သဒ္ဓါ,သတိ,ဉာဏ်ပညာ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) မြတ်စွာဘုရားဒြဗ်တော်သည် အာလမ္ဗဏဝိဘာဝ။

(၃) ကရုဏာသီတလဟဒယဂုဏ်, ပညာပဇ္ဇောတဝိဟတမောဟတမဂုဏ်, သနရာမရလောကဂရုဂုဏ်, ဂတိဝိမုတ္တဂုဏ်တို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) အန္တရာယ်ကင်းခြင်း, ကျမ်းပြီးခြင်း စသော အကျိုး၊ သောတုဇနတို့၏ ဒိဋ္ဌာနုဂတိ ဖြစ်ရခြင်း၊ နောင်လာ နောက်သားများ သင်အံပို့ချ လေ့လာအားထုတ်နိုင်ခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

ဗုဒ္ဓေါပိ ဗုဒ္ဓဘာဝံ၊ ဘာဝေတွာ စေဝ သစ္ဆိကတွာ စ။

ယံ ဥပဂတော ဂတမလံ၊ ဝန္ဒေ တမနုတ္တရံ ဓမ္မံ။ (ဌ၊ နှာ-၁) ။အရိယာ ပထျာဂါထာ၊ မတ္တာဝုတ္တိဆန်း။

**ဝန္ဒေ၌ အန္တတ္ထကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) ဝန္ဒေအရ တရားတော်ကို ရှိခိုးသော အခြင်းအရာအားဖြင့် အဋ္ဌကထာကာရက အရှင်မဟာဗုဒ္ဓဃောသ၏ သန္တာန်၌ ဖြစ်သော သောမနဿ ပဏာမစေတနာ,သဒ္ဓါ,သတိ,ဉာဏ်ပညာ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) မဂ်,ဖိုလ်,နိဗ္ဗာန်,ပရိယတ် တရားတော်သည် အာလမ္ဗဏဝိဘာဝ။

(၃) တရားတော်၏ ဝိဂတမလဂုဏ်, အနုတ္တရဂုဏ်တို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) အန္တရာယ်ကင်းခြင်း, ကျမ်းပြီးခြင်း စသော အကျိုး၊ သောတုဇနတို့၏ ဒိဋ္ဌာနုဂတိ ဖြစ်ရခြင်း၊ နောင်လာ နောက်သားများ သင်အံပို့ချ လေ့လာအားထုတ်နိုင်ခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

ttp://www.dhammadownload.com



သုဂတဿ ဩရသာနံ၊ ပုတ္တာနံ မာရသေနမထနာနံ။
အဋ္ဌန္နမ္ပိ သမူဟံ၊ သိရသာ ဝန္ဒေ **အရိယသံဃံ**။ (ဌ၊ နှာ-၁) ။အရိယာ ပထျာဂါထာ၊ မတ္တာဝုတ္တိဆန်း။

**ဝန္ဒေ၌ အန္တတ္ထကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ. . .**

(၁) ဝန္ဒေအရ အရိယာသံဃာတော် အရှင်သူမြတ်တို့ကို ရှိခိုးသော အခြင်းအရာအားဖြင့် အဋ္ဌကထာကာရက အရှင်မဟာဗုဒ္ဓဃောသထေရ်၏ သန္တာန်၌ ဖြစ်သော သောမနဿ ပဏာမစေတနာ,သဒ္ဓါ,သတိ,ဉာဏ်ပညာ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) အရိယာ သံဃာတော် ဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) အရိယာ သံဃာတော်၏ သုဂတဩရသဂုဏ်, မာရသေနမထနဂုဏ်, အဋ္ဌပုတ္တသမူဟဂုဏ်တို့သည်လည်း ကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) အန္တရာယ်ကင်းခြင်း, ကျမ်းပြီးခြင်း စသော အကျိုး၊ သောတုဇနတို့၏ ဒိဋ္ဌာနုဂတိ ဖြစ်ရခြင်း၊ နောင်လာ နောက်သားများ သင်အံပို့ချ လေ့လာအားထုတ်နိုင်ခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

ဣတိ မေ ပသန္နမတိနော၊ ရတနတ္တယဝန္ဒနာမယံ ပုညံ။
ယံ သုဝိဟတန္တရာယော၊ ဟုတွာ တဿာနုဘာဝေန။ (ဌ၊ နှာ-၁) ။အရိယာ ပထျာဂါထာ၊ မတ္တာဝုတ္တိဆန်း။

---

**ဒီဃဿ** ဒီဃသုတ္တ,င်္ကိတဿ နိပုဏဿ **အာဂမဝရဿ**။
ဗုဒ္ဓါနုဗုဒ္ဓသံဝ,ဏ္ဏိတဿ သဒ္ဓါဝဟဂုဏဿ။ (ဌ၊ နှာ-၁) ။အရိယာ ဥဘယဝိပုလာဂါထာ၊ မတ္တာဝုတ္တိဆန်း။

အမှာ။ အချို့ဆရာတို့က ဤဂါထာ၀ယ် ပ,တ ပါဒတို့၏ အဆုံး၌ ယတိပြတ်သည်ဟု ယူ၍ အရိယာပထျာဂါထာ ဟုလည်း ဆိုကြသေး၏။

---

အတ္ထပ္ပကာသနတ္ထံ၊ **အဋ္ဌကထာ** အာဒိတော ဝသိသတေဟိ။
ပဉ္စဟိ ယာ သင်္ဂီတာ၊ အနုသင်္ဂီတာ စ ပစ္ဆာပိ။ (ဌ၊ နှာ-၁) ။အရိယာ ပထျာဂါထာ၊ မတ္တာဝုတ္တိဆန်း။

---

သီဟဠဒီပံ ပန အာ,ဘတာထ ဝသိနာ မဟာမဟိန္ဒေန။
ဌပိတာ သီဟဠဘာသာယ၊ ဒီပဝါသီနမတ္ထာယ။ (ဌ၊ နှာ-၁) ။အရိယာ မုခဝိပုလာဂါထာ၊ မတ္တာဝုတ္တိဆန်း။

အမှာ။ အချို့ဆရာတို့က ဤဂါထာ၀ယ် ပထမပါဒ၏ အဆုံး၌ ယတိပြတ်သည်ဟု ယူ၍ အရိယာပထျာဂါထာ ဟုလည်း ဆိုကြသေး၏။

---

အပနေတွာန တတောဟံ၊ သီဟဠဘာသံ မနောရမံ ဘာသံ။
တန္တိနယာနုစ္ဆဝိကံ၊ အာရောပေန္တော ဝိဂတဒေါသံ။ (ဌ၊ နှာ-၂) ။အရိယာ ပထျာဂါထာ၊ မတ္တာဝုတ္တိဆန်း။

---

သမယံ အဝိလောမေန္တော၊ ထေရာနံ ထေရဝံသပဒီပါနံ။
သုနိပုဏဝိနိစ္ဆယာနံ၊ မဟာဝိဟာရေ နိဝါသီနံ။ (ဌ၊ နှာ-၂) ။အရိယာ ပထျာဂါထာ၊ မတ္တာဝုတ္တိဆန်း။

ttp://www.dhammadownload.com



ဟိတွာ ပုနပ္ပုနာဂတ၊ မတ္ထံ အတ္ထံ ပကာသယိဿာမိ။

သုဇနေဿ စ တုဋ္ဌတ္ထံ၊ စိရဋ္ဌိတတ္ထဉ္စ ဓမ္မဿ။ (ဌ၊ နှာ-၂) ။အရိယာ ပထျာဂါထာ၊ မတ္တာဝုတ္တိဆန်း။

အမှာ။ အချို့ဆရာတို့က ဤဂါထာဝယ် ပထမပါဒ၏ အဆုံး၌ ယတိမပြတ်ဟု ယူ၍ အရိယာမုခဝိပုလာဂါထာ ဟုလည်း ဆိုကြသေး၏။

**ပကာသယိဿာမိ၌ အနတ္ထတ္ထကို ရှု၍ ဘာဝိလင်္ကာရ ထုတ်ပုံ. . .**

(၁) အတ္ထကို ပြဆိုသော အခြင်းအရာအားဖြင့် အဋ္ဌကထာကာရက အရှင်မဟာဗုဒ္ဓဃောသ၏ သန္တာန်၌ ဖြစ်သော သဒ္ဓါ,ဉာဏ်ပညာ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရဝ။

(၂) ရေးသားလတ္တံ့သော အဋ္ဌကထာများသည် အာလမ္ဗဏဝိဘာဝ။

(၃) ယင်းအဋ္ဌကထာများ၏ သာတ္ထ, သဗျဉ္ဇန စသော ဂုဏ်တို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) သူတော်ကောင်းများ နှစ်သက်ခြင်း၊ သဒ္ဓမ္မသုံးဖြာ သာသနာ၏ ကြာမြင့်စွာ တည်တံ့ခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

သီလကထာ ဓုတဓမ္မာ၊ ကမ္မဋ္ဌာနာနိ စေဝ သဗ္ဗာနိ။

စရိယာဝိဓာနသဟိတော၊ ဈာနသမာပတ္တိဝိတ္ထာရော။ (ဌ၊ နှာ-၂) ။အရိယာ ပထျာဂါထာ၊ မတ္တာဝုတ္တိဆန်း။

---

သဗ္ဗာ စ အဘိညာယော၊ ပညာသင်္ကလနနိစ္ဆယော စေဝ။

ခန္ဓာဓာတာယတနိ, န္ဒြိယာနိ "အရိ"ယာနိ စေဝ စတ္တာရိ။ (ဌ၊ နှာ-၂)

။စတုတ္ထပါဒ "အရိ"၌ အ-ကို ပယ်၍ ဂီတိဂါထာ၊ မတ္တာဝုတ္တိဆန်း။

ဆောင်။ ဃရံ, ဗလ၊ ပုဒ် ဘဂနှင့်၊ ဘဝ, ဝစံ၊ ဝိဇံ, အနု၊

စတု, စတူ၊ မဓု ဟူပြ၊ မူ ပရနှင့်၊ တစ်ဝ ယတိ၊

"ရိ"အက္ခရာ ဆုံး၊ သုံးလုံး ကသိဏော၊ သမဏော-သမ၊

ပါဒေ စပြော၊ စ, မ, သောနှင့်၊ ပါဒေါ ဆုံးမှ၊ နိ, ရေ-ပြ၊

ပေါင်းကြ, ပယ်ကြ၊ ပဏ္ဍိတ။

---

သစ္စာနိ ပစ္စယာကာ,ရဒေသနာ သုပရိသုဒ္ဓနိပုဏနယာ။

အဝိမုတ္တတန္တိမဂ္ဂါ၊ ဝိပဿနာဘာဝနာ စေဝ။ (ဌ၊ နှာ-၂) ။အရိယာ မုခဝိပုလာဂါထာ၊ မတ္တာဝုတ္တိဆန်း။

အမှာ။ အချို့ဆရာတို့က ဤဂါထာဝယ် ပထမပါဒ၏ အဆုံး၌ ယတိပြတ်သည်ဟု ယူ၍ အရိယာပထျာဂါထာ ဟုလည်း ဆိုကြသေး၏။

---

ဣတိ ပန သဗ္ဗံ ယသ္မာ၊ ဝိသုဒ္ဓိမဂ္ဂေ မယာ သုပရိသုဒ္ဓံ။

ဝုတ္တံ တသ္မာ ဘိယျော၊ န တံ ဣဓ ဝိစာရယိဿာမိ။ (ဌ၊ နှာ-၂) ။အရိယာ ပထျာဂါထာ၊ မတ္တာဝုတ္တိဆန်း။

---

ttp://www.dhammadownload.com



"မဇ္ဈေ ဝိသုဒ္ဓိမဂ္ဂေ၊ သေ စတုန္နမ္ပိ အာဂမာနုဂဥ္စ။
ဌတွာ ပကာသယိဿတိ၊ တတ္ထ ယထာဘာသိတံ အတ္ထံ"။ (ဌ၊ နှာ–၂)

။အရိယာ ပထျာဂါထာ၊ မတ္တာဝုတ္တိဆန်း။

---

ဣစ္စေဝ ကတော တသ္မာ၊ တမ္ပိ ဂဟေတွာန သဒ္ဓိမေတာယ။
အဋ္ဌကထာယ ဝိဇာနထ၊ ဒီဃာဂမနိဿိတံ အတ္ထန္တိ။ (ဌ၊ နှာ–၂) ။အရိယာ ပထျာဂါထာ၊ မတ္တာဝုတ္တိဆန်း။

---

ဒွါသီတိ ဗုဒ္ဓတော ဂဏှိံ၊ ဒွေ သဟဿာနိ ဘိက္ခုတော။
"စတု"ရာသီတိသဟဿာ"နိ"၊ ယေ မေ ဓမ္မာ ပဝတ္တိနော။ (ဌ၊ နှာ–၅)

တတိယပါဒ = "စ+တု"ကို ပေါင်း (ဝါ) တု–ကို ပယ်၍ ပထျာဝတ္တဂါထာ။ ပ,ဒု,စ ပါဒ = အနုဋ္ဌုဘာဆန်း၊ တ ပါဒ = ဗြဟတီဆန်း။

အမှာ။ တတိယပါဒ၌ "စတု"ကို မပေါင်းဘဲ ပါဒန္တ "နိ"အက္ခရာကို ဖြုတ်၍ စစ်လျှင်ကား တတိယ သကာရ ဝိပုလာဂါထာ ဖြစ်၏။

သတိ။ စာလုံးများကို ပေါင်းရာ၌လည်းကောင်း, ပယ်ရာ၌လည်းကောင်း ပေါင်းသည့် (ဝါ) ပယ်သည့်အတိုင်း ဂါထာစစ်၍ ဂါထာအမည်ကို ပေးနိုင်သော်လည်း ဆန်းစစ်ရာ၌ကား မူလ ပါဠ်ရှိသည့်အတိုင်းသာ ဆန်းအမည်ကို ပေးရသည်။ ထို့ကြောင့် တတိယပါဒ၌ မူလ ပါဠ်ရှိသည့်အတိုင်း ၉–လုံးဖွဲ့ ဖြစ်၍ ဗြဟတီဆန်းဟု ဆန်းအမည်ကို ပေးသည်။

**ဂဏှိံ ပဝတ္တိနော ကိုရှု၍ . . .**

(၁) ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့ကို သင်ယူရွတ်ဖတ် သရဇ္ဈာယ်တော်မူသော အခြင်းအရာအားဖြင့် အရှင်အာနန္ဒာမထေရ်၏ သန္တာန်၌ ဖြစ်သော ဝီရိယ,သတိ,အဓိမောက္ခ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရိယ (ဝါ) ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရဝ။

(၂) ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့သည် အာလမ္ဗဏဝိဘာဝ။

(၃) ဓမ္မက္ခန္ဓာတို့၏ အာဒိကလျာဏ စသော ဂုဏ်တော်တို့သည်လည်းကောင်း၊ မြတ်စွာဘုရားနှင့် အရှင်သာရိပုတ္တရာဟူသော ဓမ္မက္ခန္ဓာ သင်ကြားပေးသူများသည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ဓမ္မက္ခန္ဓာများ အရှင်အာနန္ဒာ၏ သန္တာန်၌ တည်ရှိခြင်း၊ ပိဋကတ်ကို သိခြင်း၊ သိသည့်အတိုင်း မှန်ကန်စွာ ကျင့်ခြင်း၊ ကျင့်သဖြင့် အရဟတ္တဖိုလ်ကို ရရှိခြင်း၊ သင်္ဂါယနာပွဲ၌ အကြီးအမှူးပုဂ္ဂိုလ် ဖြစ်ရခြင်းနှင့် နောင်လာနောက်သားများ ဓမ္မက္ခန္ဓာကို ယခုတိုင်အောင် သင်ကြားပို့ချရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

ttp://www.dhammadownload.com



အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။

ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။ (ဌ၊ နှာ-၁၆) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**တစ်ဂါထာလုံးကို ရှု၍ ...**

(၁) ခန္ဓာငါးပါးကို စက်ဆုပ်ရွံရှာသော အခြင်းအရာအားဖြင့် ဘုရားလောင်း၏ သန္တာန်၌ ဖြစ်သော ဉာဏ်,သတိ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဇိဂုစ္ဆာဌာယီဘာဝ၊ ဗီဘစ္ဆရသ။

(၂) ခန္ဓာငါးပါးဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) ပဋိသန္ဓေ အဖန်ဖန် နေရခြင်းသည်လည်းကောင်း၊ ခန္ဓာငါးပါး၏ ဇာတိ, ဇရာ, ဗျာဓိ, မရဏတို့ဖြင့် နှိပ်စက် အပ်သည်၏ အဖြစ်သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) တဏှာယောက်ျား လက်သမားကို ရှာလျက် သဗ္ဗညုတဉာဏ်ကို မရဘဲ ဘဝများစွာ သံသရာ၌ ကျင်လည် ရခြင်း စသည်သည် အနုဘာဝ။

**ဂဝေသန္တော၌ အန္တတ္ထကို ရှု၍ ...**

(၁) တဏှာယောက်ျား လက်သမားကို ရှာမှီးသော အခြင်းအရာအားဖြင့် ဘုရားလောင်း၏ သန္တာန်၌ ဖြစ်သော ဉာဏ်,သတိ,အဓိမောက္ခ,ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဉဿာဟဌာယီဘာဝ၊ ဝီရရသ။

(၂) တဏှာ အပါအဝင် လောကီအာရုံ အမျိုးမျိုးတို့သည် အာလမ္ဗဏဝိဘာဝ။

(၃) တဏှာ အပါအဝင် လောကီအာရုံတို့၏ အပြစ်မျိုးစုံတို့သည်လည်းကောင်း၊ သဗ္ဗညုတဉာဏ်တော်ကို မရသေး၍ ကိုယ်တော်တိုင် ဘဝများစွာ သံသရာ၌ ကျင်လည်နေရခြင်းသည်လည်းကောင်း၊ သံသရာ၌ ကျင်လည်နေသော သတ္တဝါတို့ကို သနားခြင်း အကြောင်းတရားတို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) တဏှာကို မမြင်ခဲ့ရ၍ အဖန်တလဲလဲ ဇာတိဒုက္ခကို ခံစားရခြင်း၊ တဏှာကို မြင်၍ ဖြတ်နိုင်ခြင်းကြောင့် သံသရာအဆက် ပြတ်ခြင်း စသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

အမှာ။ သန္ဓာဝိဿံ-၌ အန္တတ္ထကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပါဟု မေးခဲ့သော် = ဂဝေသန္တော၌ အန္တတ္ထ ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံကို မှီး၍ ဖြေရုံသာတည်း။

---

ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။

သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။

ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။ (ဌ၊ နှာ-၁၆)

ရှေးဦးစွာသော လေးပါဒကား (ဝါ) ပထမဂါထာကား = ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။ ဒုတိယဂါထာ လည်း = ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်းပင်တည်း။

အမှာ။ ဤကဲ့သို့ ၆-ပါဒရှိသော ဂါထာကို စစ်ရာ၌ ရှေ့လေးပါဒကို တစ်ဂါထာ ယူ၍ စစ်ရမည်။ နောက်ဆုံး နှစ်ပါဒကို စစ်သော အခါ၌ကား = ရှေ့ဂါထာ၏ တ,စတု ပါဒတို့ကို ပ,ဒုပါဒ ပြု၍ အသစ်ဖြစ်သည့် "ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ"ဟူသော နောက်နှစ်ပါဒကို တ,စပါဒ ပြု၍ စစ်ရမည်။

ttp://www.dhammadownload.com



**ခယမဇ္ဈဂါ၌ ခယ အရကို ကိုယ်ပြု၍ ...**

(၁) ဘုရားရှင်၏ သန္တာန်တော်၌ ဖြစ်သော အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ် ပြဋ္ဌာန်းသော လောကုတ္တရာ စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) သမဋ္ဌာယီဘာဝ၊ သန္တရသ။

(၂) နိဗ္ဗာန်သည်လည်းကောင်း၊ အောက်မဂ်, အောက်ဖိုလ်တို့သည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) သန္တိသုခ စသော ဂုဏ်တို့သည်လည်းကောင်း၊ မဟာဝဇိရဉာဏ်တော်, အာနာပါန စတုတ္ထဈာန်, စတုရင်္ဂ ဝီရိယ, မဟာဗောဓိမဏ္ဍိုင်, ပါရမီစာဂစရိယ, မဟာဘိနိဟာရ, မဟာကရုဏာဉာဏ်တော်နှင့် ဒုက္ခိတ သတ္တဝါတို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ပစ္စဝေက္ခဏာဉာဏ်တော်, သဗ္ဗညုတဉာဏ်တော်, သကလဗုဒ္ဓဂုဏ်တော်, ဒေသနာဉာဏ်တော်နှင့် ဝေနေယျဟိတသုခ စသည်တို့သည် အနုဘာဝ။

---

ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော 'ဝိနယော'တိ အက္ခာတော။ (ဌ၊ နှာ-၁၇)

။အရိယာပထျာဂါထာ၊ မတ္တာဝုတ္တိဆန်း။

**အက္ခာတော၌ အန္တတ္တကို ရှု၍ . . .**

(၁) အက္ခာတော၌ အက္ခ (ဝါ) ခါတတ်၏အရ ဝိနယဟူ၍ ပြောဆိုသော အခြင်းအရာအားဖြင့် ဝိနယတ္ထဝိဒူ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော ဒေသနာဉာဏ်,သတိ,အဓိမောက္ခ (ဝါ) ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ဝိနည်းပိဋကသည် အာလမ္ဗဏဝိဘာဝ။

(၃) ဝိဝိဓနယဂုဏ်, ဝိသေသနယဂုဏ်, ကာယဝါစာနံ ဝိနယနဂုဏ်တို့သည်လည်းကောင်း၊ ဝိနယသဒ္ဒါ၏ အနက်အဓိပ္ပါယ်ကို သိစေလိုသော ယောနိသောမနသိကာရ, သမ္မာဆန္ဒ, ပဏီတဆန္ဒ စသည်တို့သည် လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ကြားနာရသဖြင့် ဓမ္မဿဝနကုသိုလ် ဖြစ်ရခြင်း၊ ဝိနယ၏ သဒ္ဒါ, အနက်, အဓိပ္ပါယ်, ဝစနတ္ထတို့ကို သောတုဇနတို့ မှန်ကန်စွာ သိရခြင်း၊ သိသဖြင့် ကျင့်နိုင်ခြင်း၊ ကျင့်သဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တို့ကို ရရှိခံစားနိုင်ခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

သတိ။ အယံ ဝိနယော ဟူသော ကံပုဒ်နှင့် "ဝိနယော"ဟူသော အာကာရပုဒ်တို့ကို အာလမ္ဗဏဝိဘာဝအဖြစ် ထုတ်၏။ ဝိနယ၏ ဂုဏ်ပုဒ်များ ဖြစ်ကြသော ဝိဝိဓနယ, ဝိသေသနယ, ကာယဝါစာနံ ဝိနယနတို့ကိုလည်းကောင်း၊ အက္ခာတောအရ ပုဂ္ဂိုလ်သည် ပုထုဇဉ်, သေက္ခ, ရဟန္တာဟူ၍ မကွဲပြားသောကြောင့် ဝိနယသဒ္ဒါ၏ အနက်အဓိပ္ပါယ်ကို သိစေလိုသော ယောနိသောမနသိကာရ, သမ္မာဆန္ဒ, ပဏီတဆန္ဒ စသည်တို့ကိုလည်းကောင်း ဥဒ္ဒီပနဝိဘာဝအဖြစ် ထုတ်၏။

---

ttp://www.dhammadownload.com



အတ္ထာနံ သူစနတော၊ သုဝုတ္တတော သဝနတောထ သူဒနတော။
သုတ္တာဏာ သုတ္တသဘာ–ဂတော စ 'သုတ္တ'န္တိ အက္ခာတံ။ (ဌ၊ နှာ–၁၈)

။အရိယာ ဗဟုနဝိပုလာဂါထာ၊ မတ္တာဝုတ္တိဆန်း။

အမှာ။ အချို့ဆရာတို့က ဤဂါထာဝယ် တတိယပါဒ၏ အဆုံး၌ ယတိပြတ်သည်ဟု ယူ၍ အရိယာပထျာဂါထာ ဟုလည်း ဆိုကြသေး၏။

**အက္ခာတံ၌ အနက္တတ္ထကို ရှု၍ . . .**

(၁) အက္ခာတံ၌ အက္ခ (ဝါ) ခါတတ်၏အရ သုတ္တဟူ၍ ပြောဆိုသော အခြင်းအရာအားဖြင့် သုတ္တတ္ထဝိဒူ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော ဒေသနာဉာဏ်,သတိ,အဓိမောက္ခ (ဝါ) ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) သုတ္တန်ပိဋကသည် အာလမ္ဗဏဝိဘာဝ။

(၃) အတ္ထသူစနဂုဏ်, အတ္ထသုဝုတ္တဂုဏ် စသည်တို့သည်လည်းကောင်း၊ သုတ္တသဒ္ဒါ၏ အနက်အဓိပ္ပါယ်ကို သိစေလိုသော ယောနိသောမနသိကာရ, သမ္မာဆန္ဒ, ပဏ်ီတဆန္ဒ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပန ဝိဘာဝ။

(၄) ကြားနာရသဖြင့် ဓမ္မဿဝနကုသိုလ် ဖြစ်ရခြင်း၊ သုတ္တ၏ သဒ္ဒါ, အနက်, အဓိပ္ပါယ်, ဝစနတ္ထတို့ကို သောတု ဇနတို့ မှန်ကန်စွာ သိရခြင်း၊ သိသဖြင့် ကျင့်နိုင်ခြင်း၊ ကျင့်သဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တို့ကို ရရှိခံစားနိုင်ခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

ယံ ဧတ္ထ ဝုဒ္ဓိမန္တော၊ သလက္ခဏာ ပူဇိတာ ပရိစ္ဆိန္နာ။
ဝုတ္တာဓိကာ စ ဓမ္မာ၊ အဘိဓမ္မော တေန အက္ခာတော။ (ဌ၊ နှာ–၁၈)

။အရိယာ ပထျာဂါထာ၊ မတ္တာဝုတ္တိဆန်း။

**ဝုတ္တာဓိကာ၌ ကြိယာပုဒ်၏ အနက္တတ္ထကို ရှု၍ . . .**

(၁) အဘိဓမ္မာကို ဟောတော်မူသော အခြင်းအရာအားဖြင့် မြတ်စွာဘုရားရှင်၏ သန္တာန်တော်၌ ဖြစ်သော သဗ္ဗညုတဉာဏ်တော်,ဒေသနာဉာဏ်တော်,သတိ (ဝါ) ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏ သမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) အဘိဓမ္မာ ပိဋကတရားတော်သည် အာလမ္ဗဏဝိဘာဝ။

(၃) ယင်းအဘိဓမ္မာ ပိဋကတရားတော်၏ အဓိက စသော ဂုဏ်တို့သည်လည်းကောင်း၊ အဘိဓမ္မာ တရားတော်ကို ဟောရာဌာန စသည်တို့သည်လည်းကောင်း၊ မြတ်စွာဘုရား၏ ဉာဏ်တော် အစွမ်းသတ္တိများနှင့် သမ္မာဆန္ဒ, ပဏ်ီတဆန္ဒ, မဟာကရုဏာဉာဏ်တော် စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) အဘိဓမ္မာ တရားတော် ထင်ရှား ဖြစ်ပေါ်လာရခြင်း၊ နောင်လာနောက်သားများ သင်ယူကျင့်ကြံ အား ထုတ်ရခြင်းတို့မှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက် တို့သည် အနုဘာဝ။

အမှာ။ ဤဂါထာဝယ် အက္ခာတော၌ အနက္တတ္ထကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံကိုလည်း အထက်ဂါထာများ၌ ထုတ်ပုံကို မှီး၍ ထုတ်ပါ။

ttp://www.dhammadownload.com



ပိဋ္ကကံ ပိဋ္ကကတ္ထဝိဒူ၊ ပရိယတ္တိဗ္ဘာဇနတ္ထတော အာဟု။
တေန သမောဓာနေတွာ၊ တယောပိ ဝိနယာဒယော ဉေယျာ။ (ဌ၊ နှာ–၁၉)
။အရိယာ ပထျာဂါထာ၊ မတ္တာဝုတ္တိဆန်း။

**အာဟုဒ္ဒ္ဒ အန္တတ္တကို ရှု၍ . . .**

(၁) ပိဋ္ကကဟူ၍ ပြောဆိုသော အခြင်းအရာအားဖြင့် ပိဋ္ကကတ္ထဝိဒူ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော ဒေသနာဉာဏ် (ဝါ) ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ပိဋ္ကကဟူသော သဒ္ဒါသည် အာလမ္ဗဏဝိဘာဝ။

(၃) ပိဋ္ကက၏ အာဒိကလျာဏ စသော ဂုဏ်တို့သည်လည်းကောင်း၊ ပိဋ္ကကသဒ္ဒါ၏ အနက်အဓိပ္ပါယ်ကို သိစေလိုသော ယောနိသောမနသိကာရ, သမ္မာဆန္ဒ, ပဏ္ဍိတဆန္ဒ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ကြားနာရသဖြင့် ဓမ္မဿဝနကုသိုလ် ဖြစ်ရခြင်း၊ ပိဋ္ကက၏ သဒ္ဒါ, အနက်, အဓိပ္ပါယ်, ဝစနတ္ထတို့ကို သောတုဇနတို့ မှန်ကန်စွာ သိရခြင်း၊ သိသဖြင့် ကျင့်နိုင်ခြင်း၊ ကျင့်သဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တို့ကို ရရှိခံစားနိုင်ခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

ဒေသနာသာသနကထာ–ဘေဒံ တေသု ယထာရဟံ။
သိက္ခာပ္ပဟာနဂမ္ဘီရ–ဘာဝဉ္စ ပရိဒီပယေ။ (ဌ၊ နှာ–၁၉) ။ပထမ နကာရဝိပုလာဂါထာ၊ အနုဋ္ဌုဘာဆန်း။

---

"ပရိ"ယတ္တိဘေဒံ သမ္ပတ္တိံ၊ ဝိပ္ပတ္တိဉ္စာပိ ယံ ယဟိံ။
ပါပုဏာတိ ယထာ ဘိက္ခု၊ တမ္ပိ သဗ္ဗံ ဝိဘာဝယေ။ (ဌ၊ နှာ–၁၉)

ပထမပါဒ၌ = "ပ+ရိ"ကို ပေါင်း၍ ပထမ မကာရ ဝိပုလာဂါထာတည်း။ ဆန်းအမည်ကား ပထမပါဒ = ဗြဟတီဆန်း၊ ဒု,တ,စ ပါဒ = အနုဋ္ဌုဘာဆန်း။

**ပါပုဏာတိ၌ အန္တတ္တကို ရှု၍ . . .**

(၁) ဥပါရမ္ဘ စသော အကြောင်းတို့ကြောင့် အလဂဒ္ဒူပမာနည်းဖြင့် ပရိယတ်ကို သင်ယူသော ရဟန်း၏ သန္တာန်၌ ဖြစ်သော အကုသိုလ် စိတ္တုပ္ပါဒ်တို့တွင် တဏှာ,လောဘ,မာန စသည် ပြဋ္ဌာန်းသော လောဘမူ, မောဟမူ စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ၊ ကာမသိင်္ဂါရရသ။ ဒေါသ,ဣဿာ စသည် ပြဋ္ဌာန်းသော ဒေါသမူ စိတ္တုပ္ပါဒ်သည် ကောဓဋ္ဌာယီဘာဝ၊ ရုဒ္ဒရသ။

နိဿရဏတ္ထ အကျိုးငှာ သင်ယူသော ရဟန်းတော်၏ သန္တာန်၌ ဖြစ်သော ဉာဏ်,သတိ,ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

ဘဏ္ဍာဂါရိက အကျိုးငှာ သင်ယူသော ရဟန်းတော်၏ သန္တာန်၌ ဖြစ်သော ဉာဏ်,သတိ,ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ပိဋ္ကကသုံးပုံသည် အာလမ္ဗဏဝိဘာဝ။

ttp://www.dhammadownload.com



(၃) သူတစ်ပါးတို့၏ ချီးမြှောက်မှုကို လိုချင်ခြင်း စသည်တို့သည်လည်းကောင်း၊ သီလက္ခန္ဓ စသည်တို့၏ ပြည့်စုံမှုကို လိုချင်ခြင်း စသည်တို့သည်လည်းကောင်း၊ အစဉ်အဆက်ကို စောင့်ရှောက်လိုခြင်း စသည်တို့ သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ပျက်စီးခြင်း, ပြည့်စုံခြင်းသို့ ရောက်ရခြင်း အစရှိသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**ဝိဘာဝယေဒ္ဒ အန္တတ္ထကို ရှု၍ . . .**

(၁) ထင်စွာပြတတ်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော ဉာဏ်,သတိ (ဝါ) ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ပရိယတ္တိဘောဒ ဖြစ်သော ပိဋကတ သုံးပုံသည် အာလမ္ဗဏဝိဘာဝ။

(၃) ပိဋက သုံးပုံ၏ သမ္ပတ္တိ,ဝိပ္ပတ္တိ စသော ဂုဏ်တို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ, သမ္မာဆန္ဒ, ပဏီတဆန္ဒ, သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ပရိယတ္တိ၏ သမ္ပတ္တိ အကျိုး, ဝိပ္ပတ္တိ အပြစ်တို့ကို ထင်ရှားစွာ သိမြင်လာခြင်း၊ သိသည့်အလျောက် ဝိပ္ပတ္တိကို ရှောင်၍ သမ္ပတ္တိ ဖြစ်အောင် သင်ယူ, ကျင့်ကြံ, အားထုတ်ခြင်းတို့မှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

စတုတ္တိံသေဝ သုတ္တန္တာ၊ တိဝဂ္ဂေါ ယဿ သင်္ဂဟော။
ဧသ ဒီဃနိကာယောတိ၊ ပဌမော အနုလောမိကော။ (ဋ၊ နှာ–၂၃) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

---

ဒိယမ္ဘသတသုတ္တန္တာ၊ ဒွေ စ သုတ္တာနိ ယတ္ထ သော။
နိကာယော မဇ္ဈိမော ပဉ္စ–ဒသဝဂ္ဂပရိဂ္ဂဟော။ (ဋ၊ နှာ–၂၄) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

---

သတ္တ သုတ္တသဟဿာနိ၊ သတ္တ သုတ္တသတာနိ စ။
ဒွါသဋ္ဌိ စေဝ သုတ္တန္တာ၊ ဧသော သံယုတ္တသင်္ဂဟော။ (ဋ၊ နှာ–၂၄) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

---

နဝ သုတ္တသဟဿာနိ၊ ပဉ္စ သုတ္တသတာနိ စ။
သတ္တပညာသသုတ္တာနိ၊ သင်္ချာ အင်္ဂုတ္တရေ အယံ။ (ဋ၊ နှာ–၂၄) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

---

ဌပေတွာ စတုရောပေတေ၊ နိကာယေ ဒီဃအာဒိကေ။
တဒည် ဗုဒ္ဓဝစနံ၊ နိကာယော ခုဒ္ဒကော မတော။ (ဋ၊ နှာ–၂၄) ။တတိယ နကာရဝိပုလာ၊ အနုဋ္ဌုဘာဆန်း။

---

ttp://www.dhammadownload.com



သတေဟိ ပဥ္စဟိ ကတာ၊ တေန 'ပဉ္စသတာ'တိ စ။
ထေရေဟေဝ ကတတ္တာ စ၊ 'ထေရိကာ'တိ ပဝုစ္စတိ။ (နှာ-၂၆) ။ပထမ နကာရဝိပုလာ၊ အနုဋ္ဌုဘာဆန်း။

**ကတာ၌ အန္တတ္ထကို ရှု၍ ...**

(၁) ကရဓာတ်၏အရ သင်္ဂါယနာ တင်သော အခြင်းအရာအားဖြင့် သင်္ဂီတိကာရက မထေရ်မြတ်တို့၏ သန္တာန်၌ ဖြစ်သော ဉာဏ်,သတိ,ဝီရိယ ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ပဉ္စမ မဟာသင်္ဂါယနာသည် (ဝါ) ဝိနည်း, သုတ်, အဘိဓမ္မာ ပိဋကတ်တော်သည် အာလမ္ဗဏဝိဘာဝ။

(၃) ပိဋကတ်တော်တို့၏ သာတ္ထ, သဗျဉ္ဇန စသော ဂုဏ်တို့သည်လည်းကောင်း၊ သုဘဒ်ရဟန်းကြီး၏ ယုတ်မာသော စကားကို ကြားရခြင်းသည်လည်းကောင်း၊ အရှင်မဟာကဿပ မထေရ်အား ဓမ္မသံဝေဂ ဖြစ်ရခြင်းသည်လည်းကောင်း၊ သင်္ဂါယနာ တင်ရန်အတွက် ရဟန်းတို့အား အရှင်မဟာကဿပထေရ် တိုက်တွန်းခြင်းသည်လည်းကောင်း၊ သင်္ဂါယနာ တင်ရာဌာနနှင့် ဥတုဘောဇဉ်တို့၏ သင့်လျော်လျောက်ပတ် ပြည့်စုံကောင်းမြတ်ခြင်းတို့သည်လည်းကောင်း၊ သင်္ဂီတိကာရက မထေရ်တို့၏ အသေက္ခ ပဋိသမ္ဘိဒါပတ္တ စသော ဂုဏ်တို့သည်လည်းကောင်း၊ သမ္မာဆန္ဒ, ပဏီတဆန္ဒ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) မြေငလျင် တုန်လှုပ်ခြင်း၊ များစွာသော အံ့သြဘွယ်ရာတို့ ထင်ရှား ဖြစ်ပေါ်ခြင်း၊ ပိဋကတော် မကွယ်ပျောက်ခြင်း၊ သာသနာတော် အရှည်တည်တံ့ ခိုင်မြဲခြင်း၊ နောင်လာနောက်သားများ မှန်ကန်စွာ သိသဖြင့် ကျင့်ကြံကျိုးကုတ် အားထုတ်ခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

## ဗုဒ္ဓဇာလသုတ်

ဝိနာသယတိ အဿဒ္ဓံ၊ သဒ္ဓံ ဝဍ္ဎေတိ သာသနေ။
'ဧဝံ မေ သုတ'မိစ္စေဝံ၊ ဝဒံ ဂေါတမသာဝကော။ (၄၊ နှာ-၃၂) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**ဝဒံ (ဝါ) တစ်ဂါထာလုံး ကိုရှု၍ . . .**

(၁) ဧဝံ မေ သုတံ စသော သုတ္တန်ကို ရွတ်ဆိုတော်မူသော အခြင်းအရာအားဖြင့် အရှင်အာနန္ဒာ မထေရ်၏ သန္တာန်၌ ဖြစ်သော ဝီရိယ,သတိ,ဆန္ဒ,ဉာဏ် စသည် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ (ဝါ) ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) ဧဝံ မေ သုတံ စသော မနသာဝဝတ္ထာပိတ သဒ္ဒါသည် (ဝါ) သုတ္တန်ပိဋကဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) သာတ္ထ, သဗျဉ္ဇန စသော ဂုဏ်တို့သည်လည်းကောင်း၊ အရှင်မဟာကဿပ၏ အမေးသည်လည်းကောင်း၊ တရားတော်ကို ဟောတော်မူခဲ့သော ဘုရားရှင်သည်လည်းကောင်း၊ အရှင်အာနန္ဒာ၏ သမ္ပတ္တိစက်လေးပါး, နိရာနုသယဘာဝနှင့် သမ္မာဆန္ဒ, ပဏီတဆန္ဒ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) မြတ်စွာဘုရား သာသနာတော်၌ လူအများ၏ အဿဒ္ဓကို ဖျက်စီးခြင်း၊ သာသနာတော်၌ သဒ္ဓါတရားကို တိုးပွားစေခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

ttp://www.dhammadownload.com



**သဒ္ဓံ ဝဓေတိ ကိုရှု၍ . . .**

(၁) ဧဝံ မေ သုတံ စသော သုတ္တန်ကို ကြားနာရသော သူတို့၏ သန္တာန်၌ ဖြစ်သော သဒ္ဓါ,ပီတိ,သောမနဿ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဟာသဋ္ဌာယီဘာဝ၊ ဟာဿရသ။

(၂) ဧဝံ မေ သုတံ စသော သုတ္တန်ဒေသနာ ဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) ဒေသနာတော်၏ အာဒိကလျာဏ စသော ဂုဏ်တို့သည်လည်းကောင်း၊ ဂေါတမသာဝက ဖြစ်တော်မူသော အရှင်အာနန္ဒာ မထေရ်၏ သုတ္တန်ကို ရွတ်ဆိုခြင်းသည်လည်းကောင်း၊ ယောနိသောမနသိကာရ, သမ္မာဆန္ဒ, ပဏီတဆန္ဒ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) သဒ္ဓါတရား တိုးပွားလာခြင်းကြောင့် ဒါန စသည်တို့ကို ပြုခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

သမဝါယေ ခဏေ ကာလေ၊ သမူဟေ ဟေတုဒိဋ္ဌိသု။
ပဋိလာဘေ ပဟာနေ စ၊ ပဋိဝေဓေ စ ဒိဿတိ။ (၄၊ နှာ–၃၂) ။ပဏ္ဍာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**ဒိဿတိ၌ အန္တတ္ထကို ရှု၍ . . .**

(၁) ဒိသစာတ် အရ – ရှုသော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီ ဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) သမယသဒ္ဒါသည် အာလမ္ဗဏဝိဘာဝ။

(၃) သမယသဒ္ဒါ၏ သမဝါယတ္ထဘော ။ပ။ ပဋိဝေဓတ္ထဘောသည် ဥဒ္ဒီပနဝိဘာဝ။

(၄) အရာဋ္ဌာနအားလျော်စွာ အနက်ကို ဆုံးဖြတ်နိုင်ခြင်း စသည်တို့သည် အနုဘာဝ။

---

ဒိဋ္ဌေ ဓမ္မေ စ ယော အတ္ထော၊ ယော စတ္ထော သမ္ပရာယိကော။
အတ္ထာဘိသမယာ ဓီရော၊ 'ပဏ္ဍိတော'တိ ပဝုစ္စတိ။ (၄၊ နှာ–၃၂) ။ပဏ္ဍာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**ဓီရော၌ အန္တတ္ထကို (ဝါ) တစ်ဂါထာလုံးကို ရှု၍ . . .**

(၁) ပညာရှိ၏ သန္တာန်၌ ဖြစ်သော ဉာဏ်,ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ ဉာဏ သမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဉဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ပစ္စုပ္ပန်ကောင်းကျိုးနှင့် တမလွန်ကောင်းကျိုး ဤနှစ်မျိုးတို့သည် အာလမ္ဗဏဝိဘာဝ။

(၃) ယင်းအကျိုးတို့၏ သုန္ဒရဘောဂုဏ် စသည်တို့သည်လည်းကောင်း၊ ပညာရှိ၏ သမ္ပတ္တိစက် လေးပါးနှင့် ပြည့်စုံခဲ့ခြင်း စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) "ပဏ္ဍိတ–ပညာရှိ"ဟူ၍ အများက အသိအမှတ်ပြု ခေါ်ဝေါ်သမုတ် ပညတ်မှုကို ခံရခြင်းနှင့် ပစ္စုပ္ပန်, တမလွန် နှစ်တန်သော ကောင်းကျိုးတရားတို့ကိုရခြင်း အစရှိသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**ပဝုစ္စတိ၌ ဝုစစာတ် အရကို ရှု၍ (ဝါ) ပဓာနကြိယာကို ကိုယ်ပြု၍ . . .**

(၁) 'ပဏ္ဍိတ'ဟု ဆိုသော သူ၏ သန္တာန်၌ ဖြစ်သော ဝီရိယ,ဉာဏ် စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်သည် ဉဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ (ဝါ) ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

ttp://www.dhammadownload.com



(၂) ပညာရှိပုဂ္ဂိုလ် ဖြစ်သည် အာလမ္ဗဏဝိဘာဝ။
(၃) ပညာရှိ၏ ပစ္စုပ္ပန်, တမလွန် နှစ်တန်သော ကောင်းကျိုးတို့ကို ရရှိအောင် ပြုလုပ်ခြင်းသည်လည်းကောင်း၊ ချီးမွမ်းသော ပုဂ္ဂိုလ်တို့၏ ယောနိသောမနသိကာရနှင့် သမ္မာဆန္ဒ, ပဏ္ဍိတဆန္ဒ စသည်တို့သည်လည်း ကောင်း ဥဒ္ဒီပနဝိဘာဝ။
(၄) ဤဂါထာ ဖြစ်ရခြင်း၊ ချီးမွမ်းသော သူတို့အား ကုသိုလ်တရား တိုးပွားခြင်း၊ အရဟတ္တဖိုလ်နှင့် နီးကပ်လာခြင်း စသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

တံ တံ အတ္ထမပေက္ခိတွာ၊ ဘုမ္မေန ကရဏေန စ။
အညတြ သမယော ဝုတ္တော၊ ဥပယောဂေန သော ဣဓ။ (ဋ၊ နှာ–၃၄) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။
**ဝုတ္တော၌ ဝစဓာတ် အရကို ရှု၍ . . .**
(၁) ရှင်အာနန္ဒာ, ရှင်ဥပါလိ, မြတ်စွာဘုရားတို့၏ သန္တာန်၌ ဖြစ်သော ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။
(၂) သမယသဒ္ဒါသည် အာလမ္ဗဏဝိဘာဝ။
(၃) သမယသဒ္ဒါ၏ အာဓာရ စသော အနက်သည် ဥဒ္ဒီပနဝိဘာဝ။
(၄) အာဓာရ စသော ထိုထိုအနက်ကိုငဲ့၍ ဟောအပ်သော သမယေ, သမယေန, သမယံ ဟူသော ဝိဘတ်ဘေဒ သဒ္ဒါသည် အနုဘာဝ။

---

"ဘဂ"ဝါတိ "ဝစ"နံ သေဋ္ဌံ၊ "ဘဂ"ဝါတိ "ဝစ"နမုတ္တမံ။
ဂရု ဂါရဝယုတ္တော သော၊ ဘဂဝါ တေန ဝုစ္စတိ။ (နှာ–၃၄)

ပဌမပါဒ၌ = "ဘ+ဂ"ပေါင်း (ဝါ) "ဝ+စ"ပေါင်းပြီး ဂရုဟု တစ်လုံးတည်းယူ၊ ဒုတိယပါဒ၌ "ဘ+ဂ" ပေါင်းပြီး တစ်လုံးတည်းယူ, "ဝ+စ"ပေါင်းပြီး တစ်လုံးတည်း ယူ၍ ပထျာဝတ္တဂါထာ၊ ပ ပါဒ = ဗြဟတီဆန်း၊ ဒု ပါဒ = ပင်္တိ ဆန်း၊ တ,စ ပါဒ = အနုဋ္ဌုဘာဆန်း။

**ဝုစ္စတိ၌ အန္တတ္ထကို ရှု၍ . . .**
(၁) ဘုရားရှင်ကို ဘဂဝါဟူ၍ ပြောဆိုကြသော အခြင်းအရာအားဖြင့် ရှေးအဋ္ဌကထာဆရာတို့၏ သန္တာန်၌ ဖြစ်သော ပီတိသမ္ပယုတ္တ ဉာဏ် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဝီရိယ ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။
(၂) မြတ်စွာဘုရားသည်လည်းကောင်း၊ ဘဂဝါဟူသော သဒ္ဒါသည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။
(၃) မြတ်စွာဘုရား၏ သေဋ္ဌ, ဥတ္တမ, ဂရုဂါရဝယုတ္တ စသော ဂုဏ်တော်တို့သည်လည်းကောင်း၊ ရှေးအဋ္ဌကထာ ဆရာတို့၏ သမ္ဘတ္တိစက် လေးပါးနှင့် ပြည့်စုံခဲ့ခြင်း စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
(၄) ဤဂါထာ ဖြစ်ပေါ်လာရခြင်း အကျိုး၊ မြတ်စွာဘုရားကို ဂရုဟု သိရခြင်း အကျိုး၊ မြတ်စွာဘုရား၏ သေဋ္ဌ, ဥတ္တမ, ဂရုဂါရဝယုတ္တ ဂုဏ်တော်တို့ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများနိုင်ခြင်း အကျိုးမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

ttp://www.dhammadownload.com



ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တော၊ ဘဂေဟိ စ ဝိဘတ္တဝါ။
ဘတ္တဝါ ဝန္တဂမနော၊ ဘဝေသု ဘဂဝါ တတော။ (နှာ-၃၄) ။တတိယ နကာရ ဝိပုလာ၊ အနုဋ္ဌုဘာဆန်း။

---

စောဒိတာ ဒေဝဒူတေဟိ၊ ယေ ပမဇ္ဇန္တိ မာဏဝါ။
တေ ဒီဃရတ္တံ သောစန္တိ၊ ဟီနကာယူပဂါ နရာ။ (နှာ-၃၆) ။တတိယ မကာရ ဝိပုလာ၊ အနုဋ္ဌုဘာဆန်း။

**ပမဇ္ဇန္တိ ၌ ဓာတ်အရ အန္တတ္ထကို ရှု၍ . . .**

(၁) မေ့လျော့သော အခြင်းအရာအားဖြင့် ကာမဂုဏ် အာရုံ၌ မွေ့လျော် ပျော်ပါးကြသော သတ္တဝါ (လုလင်)တို့၏ သန္တာန်၌ ဖြစ်သော ပမာဒ,တဏှာ,မာန,ဒိဋ္ဌိ စသည် ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်သည် ကာမရတိ ဋ္ဌာယီဘာဝ၊ ကာမသိင်္ဂါရရသ။

(၂) ကာမဂုဏ် အာရုံငါးပါးတို့သည် အာလမ္ဗဏဝိဘာဝ။

(၃) အဿာဒ, ဣဋ္ဌ, မနာပ, ကန္တ စသော ဂုဏ်တို့သည်လည်းကောင်း၊ အယောနိသောမနသိကာရ စသည် တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) အပါယ်သို့ လားရခြင်း၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း စသော မကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**သောစန္တိ၌ ဓာတ်အရ အန္တတ္ထကို ရှု၍ . . .**

(၁) စိုးရိမ်ပူဆွေးသော အခြင်းအရာအားဖြင့် အပါယ်လေးဘုံသို့ ကပ်ရောက်နေကြသော သတ္တဝါ (လုလင်)တို့၏ သန္တာန်၌ ဖြစ်သော ဒေါမနဿ,ဗျာပါဒ,ကုက္ကုစ္စ စသည် ပြဋ္ဌာန်းသော ဒေါသမူ စိတ္တုပ္ပါဒ်သည် သောက ဋ္ဌာယီဘာဝ။

(၂) အပါယ်ဆင်းရဲသည် အာလမ္ဗဏဝိဘာဝ။

(၃) အနိဋ္ဌ, အမနာပ, အကန္တ စသော ဒုက္ခမျိုးစုံတို့သည်လည်းကောင်း၊ ကုသိုလ်တရား၌ မေ့လျော့ခြင်းသည် လည်းကောင်း၊ အယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) အပါယ်ဘုံ၌ ထပ်ကာထပ်ကာ ကျရောက်ရ၍ ဆင်းရဲဒုက္ခများကို အတိုင်းမသိ ခံစားရခြင်း၊ ငိုကြွေးမြည်တမ်း ရခြင်း စသော မကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

(၅) ယင်းပုဂ္ဂိုလ်တို့၏ အကြောင်းကို မြင်တွေ့ ကြားသိရသော သူတော်ကောင်းတို့၏ သန္တာန်၌ သနားသော အခြင်းအရာအားဖြင့် ဖြစ်သော ကရုဏာ ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်သည် ကရုဏာရသ။

---

န ဟရာမိ န ဘဉ္ဇာမိ၊ အာရာ သိဃ်ာမိ ဝါရိဇံ။
အထ ကေန နု ဝဏ္ဏေန၊ 'ဂန္ဓတ္ထေနော'တိ ဝုစ္စတိ။ (ဋ၊ နှာ-၃၉) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**သိဃ်ာမိ၌ အန္တတ္ထကို ရှု၍ . . .**

(၁) ကြာနံ့ကို နမ်းရှူသော ဘုရားလောင်း၏ သန္တာန်၌ ဖြစ်သော တဏှာ,လောဘ ပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ၊ ကာမသိင်္ဂါရရသ။

ttp://www.dhammadownload.com



(တစ်နည်း) ကြာနံ့ကို နမ်းရှုသော ဘုရားလောင်း၏ သန္တာန်၌ ဖြစ်သော ကုသလဝိပါက် ဃာနဝိညာဉ် အမှူးပြုသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မာရုတိဋ္ဌာယီဘာဝ၊ ဓမ္မာသိင်္ဂါရရသ။

(၂) ကြာပန်းဒြပ်နှင့် ကြာပန်းရနံ့တို့သည် အာလမ္ဗဏဝိဘာဝ။

(၃) ကြာပန်း၏ မွှေးခြင်းသည်လည်းကောင်း၊ ယင်းရနံ့ကို ယူဆောင်လာသော လေသည်လည်းကောင်း၊ မနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) နံ့သာ သူခိုးဟု စွပ်စွဲခံရခြင်းသည် အနုဘာဝ။

---

ကုဒ္ဓေါ အတ္ထံ န ဇာနာတိ၊ ကုဒ္ဓေါ ဓမ္မံ န ပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ ကောဓော သဟတေ နရံ။ (ဠ၊ နှာ-၅၂) ။ပဏ္ဍာဝတ္တဂါထာ၊ အနုဋ္ဌာဘာဆန်း။

**ကုဒ္ဓေါ, ကောဓော ပုဒ်တို့ကို (ဝါ) တစ်ဂါထာလုံးကို ရှု၍ . . .**

(၁) အမျက်ထွက်သော အခြင်းအရာအားဖြင့် အမျက်ထွက်သော သူ၏ သန္တာန်၌ ဖြစ်သော ဒေါသ ပြဋ္ဌာန်းသော ဒေါသမူ စိတ္တုပ္ပါဒ်သည် ကောဓဋ္ဌာယီဘာဝ၊ ရုဒ္ဒရသ။

(၂) ဆန့်ကျင်ဘက် ရန်သူသည်လည်းကောင်း၊ အနိဋ္ဌာရုံ ဒြပ်သည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) ဆန့်ကျင်ဘက် ရန်သူ၏ ကာယဝိညတ်, ဝစီဝိညတ်သည်လည်းကောင်း၊ အနိဋ္ဌာရုံ၏ အနိဋ္ဌာကာရသည် လည်းကောင်း၊ အယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) အကျိုးအကြောင်းကို ခွဲခြား၍ မသိနိုင်ခြင်း၊ အမိုက်တိုက်ဖြစ်ခြင်း၊ ကာယိကဒုက္ခ, စေတသိကဒုက္ခ ဖြစ်ရခြင်း၊ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး, ဒုဂ္ဂတိဘေး ဖြစ်ရခြင်း စသော မကောင်းသော အကျိုး အဆက်ဆက်တို့သည် အနုဘာဝ။

**နာဝဗုဇ္ဈတိ၌ အန္တတ္တကို ရှု၍ . . .**

(၁) ဆိုးကျိုးနှင့် ဘေးတို့ကို မသိမမြင်သော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော မောဟ ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်သည် ကာမရုတိဋ္ဌာယီဘာဝ၊ ကာမသိင်္ဂါရရသ။

(၂) ဖုံးလွှမ်းအပ်သော ကာမဂုဏ် အာရုံနှင့် အကျိုးမဲ့ တရားတို့သည် အာလမ္ဗဏဝိဘာဝ။

(၃) ကောဓသည် ဥဒ္ဒီပနဝိဘာဝ။

(၄) အကျိုးမဲ့ကို ရရှိခြင်း၊ စိတ်ပျက်စီးခြင်း၊ ဘေးဖြစ်ခြင်း စသော မကောင်းသော အကျိုး အဆက်ဆက်တို့သည် အနုဘာဝ။

---

အနတ္ထဇနနော ကောဓော၊ ကောဓော စိတ္တပ္ပကောပနော။
ဘယမန္တရတော ဇာတံ၊ တံ ဇနော နာဝဗုဇ္ဈတိ။ (ဠ၊ နှာ-၅၂) ။ပဏ္ဍာဝတ္တဂါထာ၊ အနုဋ္ဌာဘာဆန်း။

**ကောဓော ပုဒ်ကို ရှု၍ . . .**

(၁) အမျက်ထွက်သော အခြင်းအရာအားဖြင့် အမျက်ထွက်သော သူ၏ သန္တာန်၌ ဖြစ်သော ဒေါသ ပြဋ္ဌာန်းသော ဒေါသမူ စိတ္တုပ္ပါဒ်သည် ကောဓဋ္ဌာယီဘာဝ၊ ရုဒ္ဒရသ။

(၂) ဆန့်ကျင်ဘက် ရန်သူသည်လည်းကောင်း၊ အနိဋ္ဌာရုံသည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

ttp://www.dhammadownload.com



(၃) ဆန့်ကျင်ဘက် ရန်သူ၏ ကာယဝိညတ်, ဝစီဝိညတ်သည်လည်းကောင်း၊ အနိဋ္ဌာရုံ၏ အနိဋ္ဌာကာရသည်လည်းကောင်း၊ အယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) အကျိုးမဲ့ကို ဖြစ်စေခြင်း၊ စိတ်ကို ဖျက်ဆီးခြင်း (ဝါ) စိတ်ပျက်စီးခြင်း၊ ဘေးအန္တရာယ် ဖြစ်ခြင်း၊ ထိုဘေးကို မသိခြင်း စသော မကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

ဗုဒ္ဓါတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာ ပီတိ။

ဝရမေဝ ဟိ သာ ပီတိ၊ "ကသိဏေ"နာပိ ဇမ္ဗုဒီပဿ။ (ဠ၊ နှာ-၅၄)

ဤဂါထာသည် စတုတ္ထပါဒ၌ "ကသိဏေ"ဟူသော သုံးလုံးကို တစ်လုံးယူ၍ (ဝါ) ကသိ ကိုပယ်၍ လေးပါဒလုံး၌ အစလေးလုံးနှောင် ယ-ဂိုဏ်းရှိသောကြောင့် ဝတ္တဂါထာတည်း။ ဆန်းအမည်ကား ပထမ, ဒုတိယ, တတိယပါဒ = အနုဋ္ဌုဘာဆန်း၊ စတုတ္ထပါဒ = ဆယ်လုံးဖွဲ့ ဖြစ်၍ ပန္တိဆန်းတည်း။

**ကိတ္တယန္တဿ ကိုရှု၍ . . .**

(၁) ဘုရား ဘုရားဟု ရွတ်ဆိုသော သူ၏ သန္တာန်၌ ဖြစ်သော ပီတိ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ သောမနဿ စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) ဘုရားရှင်၏ ရူပကာယ ဟူသော ဒြဗ်တော်သည်လည်းကောင်း၊ ဘုရားဟူသော နာမပညတ်တော်သည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) အရဟံ စသော ဂုဏ်တော်တို့သည်လည်းကောင်း၊ ရူပကာယသမ္ပတ္တိ စသည်တို့သည်လည်းကောင်း၊ ယောနိသောမနသိကာရနှင့် သမ္မာဆန္ဒ, ပဏီတဆန္ဒ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ဇမ္ဗူဒိပ်ကျွန်းကို အစိုးရခြင်းထက် မြတ်သော အကျိုးတို့ကို ရခြင်းတို့သည် အနုဘာဝ။

အမှာ။ ဘဝတိ-အရလည်း ပီတိကိုပင် ရသောကြောင့် ဘာဝ စသည် တူပြီ၊ ဓမ္မောတိ သံဃောတိ ဂါထာတို့၏ ဆန်း,အလင်္ကာကို ဤဂါထာကို မှီး၍ သိပါ။ ဓမ္မောတိ ဂါထာ၌ အာလမ္ဗဏ ဝိဘာဝကား = တရားဒြဗ်၊ တရားဂုဏ်တော်ကား ဥဒ္ဒီပန စသည်မျှသာ ထူး၏။

---

လုဒ္ဓေါ အတ္ထံ န ဇာနာတိ၊ လုဒ္ဓေါ ဓမ္မံ န ပဿတိ။

အန္ဓတမံ တဒါ ဟောတိ၊ ယံ လောဘော သဟတေ နရံ။ (ဠ၊ နှာ-၅၄) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**လုဒ္ဓေါ, လောဘော တို့ကိုရှု၍ . . .**

(၁) လိုချင်တပ်မက်သော အခြင်းအရာအားဖြင့် တပ်နှစ်သက်သော သတ္တဝါ၏ သန္တာန်၌ ဖြစ်သော လောဘ ပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ၊ ကာမသိင်္ဂါရရသ။

(၂) ချစ်ခင်နှစ်သက်အပ်သော သူသည်လည်းကောင်း၊ ဣဋ္ဌာရုံသည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) ချစ်ခင်နှစ်သက်အပ်သော သူ၏ ကာယဝိညတ်, ဝစီဝိညတ်တို့သည်လည်းကောင်း၊ ဣဋ္ဌာရုံ၏ ဣဋ္ဌာကာရသည်လည်းကောင်း၊ အယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) အကျိုးအကြောင်းကို ခွဲခြား၍ မသိနိုင်ခြင်း၊ အမိုက်တိုက်ဖြစ်ခြင်း၊ ကာယိကဒုက္ခ, စေတသိကဒုက္ခ ဖြစ်ရခြင်း၊ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး, ဒုဂ္ဂတိဘေး ခံစားရခြင်း အစရှိသော မကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

ttp://www.dhammadownload.com



အနုတ္တဇနနော လောဘော၊ လောဘော စိတ္တပ္ပကောပနော။
ဘယမန္တရတော ဇာတံ၊ တံ ဇနော နာဝဗုဇ္ဈတိ။ (ဋ၊ နှာ-၅၄) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

အမှာ။ ဤဂါထာ၌ ဘာဝ စသည်ကို "လုဒ္ဓေါ" ဂါထာနှင့် "ကောဓော" ဂါထာတို့ကို မှီး၍ ထုတ်ပါ။

---

- လံ ယောဂိဿ'လင်္ကာရော၊ သီလံ ယောဂိဿ မဏ္ဍနံ။
သီလေဟိ'လင်္ကတော ယောဂီ၊ မဏ္ဍနေ အဂ္ဂတံ ဂတော။ (ဋ၊ နှာ-၅၅) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**သီလံ ပုဒ်တို့ကို (ဝါ) တစ်ဂါထာလုံးကို ရှု၍ . . .**

(၁) သီလအရ သီလဆောက်တည်သော အခြင်းအရာအားဖြင့် ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော ဝိရတီစေတနာ ပြဋ္ဌာန်းသော မဟာကုသိုလ် (မဟာကြိယာ) စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ဇီဝိတိန္ဒြေ အစရှိသော ဝီတိက္ကမိတဗ္ဗ ဝတ္ထုသည် အာလမ္ဗဏဝိဘာဝ။

(၃) သီလ၏ ယောဂီပုဂ္ဂိုလ်အတွက် တန်ဆာသဖွယ်ဖြစ်ခြင်း စသော ဂုဏ်တို့သည်လည်းကောင်း၊ သီလ ဆောက်တည်ရာ ကျောင်း,ကန်,ဇရပ်များနှင့် ဆိတ်ငြိမ်သော တော,တောင် စသည့် အရပ်ဒေသ ဌာနတို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) တန်ဆာဆင်သော သူတို့တွင် အမြတ်ဆုံး တန်ဆာဆင်သူ အဖြစ်သို့ ရောက်ခြင်း၊ သီလကြောင့် မတွေဝေမမေ့မလျော့ဘဲ ကွယ်လွန်သေဆုံးရခြင်း၊ တမလွန်ဘဝ၌လည်း လူ့ဘုံ,နတ်ဘုံ စသော သုဂတိ ဘုံဘဝများသို့ ကပ်ရောက်ရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

အမှာ။ လောကီဝိရတီကို ဌာယီဘာဝ ထုတ်တိုင်း ဝီတိက္ကမိတဗ္ဗ ဝတ္ထုကို အာလမ္ဗဏဝိဘာဝ ပုံသေထုတ်ပါ။

---

ကိကီဝ အဏ္ဍံ စမရီဝ ဝါလဓိံ၊ ပိယံဝ ပုတ္တံ နယနံဝ ဧကကံ။
တထေဝ သီလံ အနုရက္ခမာနကာ၊ သုပေသလာ ဟောထ သဒါ သဂါရဝါ။ (ဋ၊ နှာ-၅၆)

ပ,ဒု,စ ပါဒ = ဝံသဋ္ဌဂါထာ၊ ဇဂတီဆန်း၊ တ ပါဒ = ဥပေန္ဒဝဇိရာဂါထာ, တုဋ္ဌုဘာဆန်း၊ လက္ခဏာရေးရကား = ဥပဇာတိဂါထာတည်း။

အမှာ။ ဝိသုဒ္ဓိမဂ်၌ကား ဤဂါထာ၏ တတိယပါဒသည် "တထေဝ သီလံ အနုရက္ခမာနကာ"ဟု ရှိ၏။ ယင်းပါဌ်ဖြင့် မေးသော် ဤဂါထာသည် = လေးပါဒလုံး ဝံသဋ္ဌဂါထာ, ဇဂတီဆန်းသာတည်း။

**ဟောထ၌ အာဏာပကတ္တ (ဝါ) ဟောတုကတ္တုရှုကို ကိုယ်ပြု၍ . . .**

(၁) သီလကို ဆောက်တည်ကြကုန်လော့ဟု တိုက်တွန်းတော်မူသော ဘုရားရှင်၏ သန္တာန်တော်၌ ဖြစ်သော သမ္မာဆန္ဒ, ဒေသနာဉာဏ် စသည် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) ဝေနေယျသတ္တဝါများသည် အာလမ္ဗဏဝိဘာဝ။

(၃) ဝေနေယျသတ္တဝါတို့၏ ဒုက္ခသမ္ဗန္ဓ စသည်တို့သည်လည်းကောင်း၊ သမ္မာဆန္ဒ, ပဏီတဆန္ဒနှင့် မဟာကရုဏာဉာဏ်တော် စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

ttp://www.dhammadownload.com



(၄) တိုက်တွန်းမှုကြောင့် သီလကို ချစ်မြတ်နိုးစွာ စောင့်ကြခြင်း၊ ပစ္စုပ္ပန်ဘဝ၌ သုခကို ခံစားရခြင်း၊ မတွေဝေ မမေ့မလျော့ဘဲ ကွယ်လွန်သေဆုံးရခြင်း၊ တမလွန် ဘဝ၌လည်း လူ့ဘုံ၊နတ်ဘုံ စသော သုဂတိ ဘုံဘဝ များသို့ ကပ်ရောက်ရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက် ဆက်တို့သည် အနုဘာဝ။

---

န ပုပ္ဖဂန္ဓော ပဋိဝါတမေတိ၊ န စန္ဒနံ တဂ္ဂရမလ္လိကာ ဝါ။

သတဉ္စ ဂန္ဓော ပဋိဝါတမေတိ၊ သဗ္ဗာ ဒိသာ သပ္ပုရိသော ပဝါ"ယတိ"။ (ဥ၊ နှာ–၅၆)

ပထမ, ဒုတိယ, တတိယပါဒတို့ကား = အသီးသီး ဥပေန္ဒဝဇိရာဂါထာ, တုဋ္ဌုဘာဆန်းတို့တည်း၊ စတုတ္ထ ပါဒကား = ဣန္ဒဝံသဂါထာ, ဇဂတီဆန်းတည်း၊ ဥပေန္ဒဝဇိရာ, ဣန္ဒဝံသ ရောယှက်ရကား = ဥပဇာတိဂါထာတည်း။

**(တစ်နည်း)** ပ,ဒု,တ တို့ကား = ဥပေန္ဒဝဇိရာဂါထာ, တုဋ္ဌုဘာဆန်း၊ စ–ကား = ပဝါယတိ ၌ "ယ+တိ"ကို ပေါင်း ဂရုယူ၍ ဣန္ဒဝဇိရာဂါထာ, ဇဂတီဆန်းတည်း၊ နှစ်ပါးစုံရောယှက်ရကား = ဥပဇာတိဂါထာ။

**သတဉ္စ ဂန္ဓော အရကို ကိုယ်ပြု၍ . . .**

(၁) သတဉ္စ ဂန္ဓော အရ သူတော်ကောင်းတို့၏ သန္တာန်၌ ဖြစ်သော ဝိရတီစေတနာ ပြဋ္ဌာန်းသော သီလကုသိုလ်, သီလကြိယာ စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) ဇီဝိတိန္ဒြေ အစရှိသော ဝီတိက္ကမိတဗ္ဗ ဝတ္ထုသည် အာလမ္ဗဏဝိဘာဝ။

(၃) သီလရနံ့၏ လေညာသို့ ဆန်တက်နိုင်ခြင်း စသော ဂုဏ်တို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) သူတော်ကောင်းဟူ၍ လေအောက်, လေညာ အရပ်မျက်နှာတို့သို့ သင်းပျံ့မွှေးကြိုင် ရနံ့လှိုင်ခြင်း၊ သုဂတိ ဘုံဘဝတို့၌ ပဋိသန္ဓေနေရခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

အမှာ။ "သဗ္ဗာ ဒိသာ သပ္ပုရိသော ပဝါယတိ" ပါဒကို ရှု၍ ဘာဝလင်္ကာရ ထုတ်ပုံသည်လည်း "သတဉ္စ ဂန္ဓော" အရ ထုတ်ပုံနှင့် မထူးပြီ။

---

စန္ဒနံ တဂရံ ဝါပိ၊ ဥပ္ပလံ အထ ဝဿိကီ။

ဧတေသံ ဂန္ဓဇာတာနံ၊ သီလဂန္ဓော အနုတ္တရော။ (ဥ၊ နှာ–၅၆) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

အမှာ။ ဘာဝ စသည်ကို သီလကို ယူပြီး ရှေးဂါထာတို့၏ ထုတ်နည်းကို မှီး၍ ထုတ်ပါ။ အနုဘာဝသာ ကွဲမည်။ အနုဘာဝကား ဂါထာတစ်ပုဒ်လုံးကို ထုတ်ရုံသာတည်း။

---

အပ္ပမတ္တော အယံ ဂန္ဓော၊ ယွာယံ တဂရစန္ဒနံ။

ယော စ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော။ (ဥ၊ နှာ–၅၆) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

အမှာ။ ဘာဝ စသည်ကို သီလကို ယူပြီး ရှေးဂါထာတို့၏ ထုတ်နည်းကို မှီး၍ ထုတ်ပါ။ အနုဘာဝသာ ကွဲမည်။ အနုဘာဝကား ဂါထာတစ်ပုဒ်လုံးကို ထုတ်ရုံသာတည်း။

---

ttp://www.dhammadownload.com



တေသံ သမ္ပန္နသီလာနံ၊ အပ္ပမာဒဝိဟာရိနံ။

သမ္မဒညာ ဝိမုတ္တာနံ၊ မာရော မဂ္ဂံ န ဝိန္ဒတိ။ (ဌ၊ နှာ–၅၆) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**သမ္မဒညာ ကိုရှု၍ . . .**

(၁) အရိယသစ္စာကို သိသော အခြင်းအရာအားဖြင့် အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော အရဟတ္တမဂ်ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) သမဋ္ဌာယီဘာဝ၊ သန္တရသ။

(၂) နိဗ္ဗာန်သည် အာလမ္ဗဏဝိဘာဝ။

(၃) သီလနှင့် ပြည့်စုံခြင်းသည်လည်းကောင်း၊ အပ္ပမာဒနှင့် နေလေ့ရှိခြင်းသည်လည်းကောင်း၊ ကိလေသာတို့မှ လွတ်မြောက်တော်မူကြခြင်း စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ကိလေသာမာရ်, ဒေဝပုတ္တမာရ်တို့၏ နှောင့်ယှက်ဖျက်ဆီးဖို့ရာ အကြောင်းကို မရနိုင်ခြင်းနှင့် အရဟတ္တဖိုလ် စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

အမှာ။ သမ္မဒညာ–အရ တရားကိုယ်ကို အရဟတ္တဖိုလ်ဉာဏ် ယူ၍လည်း ထုတ်ကြသေး၏။ ယင်းသို့ ထုတ်သော် အရဟတ္တဖိုလ်ကို အနုဘာဝ၌ ထည့်၍ မထုတ်ရ။

---

သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။

အာတာပီ နိပကော ဘိက္ခု၊ "သော" ဣမံ "ဝိဇ" ဋယေ ဇဋံ။ (ဌ၊ နှာ–၅၆)

ပ ပါဒ = ဣန္ဒဝဇိရာဂါထာ, တုဋ္ဌုဘာဆန်း၊ ဒု,တ ပါဒ = ပထျာဝတ္တဂါထာ, အနုဋ္ဌုဘာဆန်း၊ စ ပါဒ = "သော"ကို ပယ် (ဝါ) "ဝိ+ဇ"ကို ပေါင်း၍ ပထျာဝတ္တဂါထာ, ဗြဟတီဆန်း၊ နှစ်ပါးစုံ ရောရကား = ဥပဇာတိဂါထာ။

အမှာ။ စတုတ္ထပါဒ၌ "ဝိ+ဇ"ကို ပေါင်း၍ ဂါထာစစ်ခြင်းသည် သီဂဏ္ဍိနှင့်ကား မညီညွတ်။ အသုံးများသောကြောင့်သာ "ဝိ+ဇ"ကို ပေါင်း၍ စစ်သောနည်းကို ဖော်ပြခြင်း ဖြစ်၏။

**ဘာဝယံ ကိုရှု၍ . . .**

(၁) သမထဝိပဿနာကို ပွားများသော အခြင်းအရာအားဖြင့် ပွားများသော ရဟန်းတော်၏ သန္တာန်၌ ဖြစ်သော ပဿဒ္ဓိ, သမာဓိ, ဝိပဿနာ ဉာဏ်ပညာ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် သမဋ္ဌာယီ ဘာဝ၊ သန္တရသ။

(၂) တေဘူမက သင်္ခါရဓမ္မများသည် အာလမ္ဗဏဝိဘာဝ။

(၃) လက္ခဏာယာဉ် သုံးတန်နှင့် ပြည့်စုံခြင်းသည်လည်းကောင်း၊ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံခြင်းသည် လည်းကောင်း၊ တိဟိတ်ပဋိသန္ဓေနှင့် ပဋိသန္ဓေ နေခဲ့ရခြင်းသည်လည်းကောင်း၊ ပါဋိဟာရိယ ပညာနှင့် ပြည့်စုံခြင်းသည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) တဏှာဟူသော ချုံကို ဖြေရှင်းနိုင်ခြင်း (ဝါ) တဏှာကုန်ခမ်းခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**ဝိဇဋယေဥ္ အန္တတ္ထ ကိုရှု၍ . . .**

(၁) တဏှာဟူသော ချုံစေးပြစ်ကို ဖြတ်နိုင်သော ရဟန်းတော်၏ သန္တာန်၌ ဖြစ်သော အရဟတ္တမဂ်ဉာဏ် ပြဋ္ဌာန်းသော လောကုတ္တရာ စိတ္တုပ္ပါဒ်သည် သမဋ္ဌာယီဘာဝ၊ သန္တရသ (ဝါ) ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မ သိင်္ဂါရရသ။

ttp://www.dhammadownload.com



(၂) နိဗ္ဗာန်သည် အာလမ္ဗဏဝိဘာဝ။
(၃) သန္တိသုခ စသော ဂုဏ်တို့သည်လည်းကောင်း၊ စတုပါရိသုဒ္ဓိသီလ၌ တည်ခြင်းသည်လည်းကောင်း၊ သမာဓိ, ဝိပဿနာ, ပညာတို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
(၄) တဏှာအဘာဝ, အရဟတ္တဖိုလ် စသည်သည် အနုဘာဝ။

---

ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ။

အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏေကော ပုထုဇ္ဇနော။ (၄၊ နှာ-၅၈) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**ဝုတ္တာ၌ ဝစဓာတ်အရ အန္တတ္တ ကိုရှု၍ . . .**

(၁) မြတ်စွာဘုရား၏ သန္တာန်တော်၌ ဖြစ်သော ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။
(၂) အန္ဓပုထုဇဉ်, ကလျာဏပုထုဇဉ် နှစ်မျိုးသည် အာလမ္ဗဏဝိဘာဝ။
(၃) ယင်းပုထုဇဉ်တို့၏ မတူသည်၏ အဖြစ်သည်လည်းကောင်း၊ ဘုရားရှင်၏ သမ္မာဆန္ဒ, ပဏီတဆန္ဒနှင့် မဟာကရုဏာဉာဏ်တော် စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
(၄) နောင်လာနောက်သားများ ပုထုဇဉ်နှစ်မျိုး ရှိ၏ဟု သိရခြင်းသည်လည်းကောင်း၊ အန္ဓပုထုဇဉ် အဖြစ်မှ လွတ်မြောက်သော ကလျာဏပုထုဇဉ် ဖြစ်အောင် ကျင့်ကြံကျိုးကုတ် အားထုတ်ခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

ပုထူနံ ဇနနာဒီဟိ၊ ကာရဏေဟိ ပုထုဇ္ဇနော။

ပုထုဇ္ဇနန္တောဂဓတ္တာ၊ ပုထုဝါယံ ဇနော ဣတိ။ (၄၊ နှာ-၅၉)

။တတိယ ရကာရ ဝိပုလာဂါထာ၊ အနုဋ္ဌုဘာဆန်း။

**ပုထူနံ ဇနနာဒီဟိ၌ ဇန ဓာတွတ္တကို ကိုယ်ပြု၍ . . .**

(၁) ပုထုဇဉ် ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော ကိလေသာဆယ်ပါး ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်တို့တွင် ဒေါသမှ ကြွင်းသော ကိလေသာ အကုသိုလ် စိတ္တုပ္ပါဒ်တို့သည် ကာမရတိဋ္ဌာယီဘာဝ, ကာမသိင်္ဂါရရသ၊ ဒေါသကိလေသာ အကုသိုလ် စိတ္တုပ္ပါဒ်သည် ကောဓဋ္ဌာယီဘာဝ, ရုဒ္ဒရသ။
(၂) ဣဋ္ဌ ဖြစ်သော ဝတ္ထုအာရုံ ကာမဂုဏ်တို့နှင့် အနိဋ္ဌာရုံတို့သည် အာလမ္ဗဏဝိဘာဝ။
(၃) ဣဋ္ဌ ဖြစ်သော ဝတ္ထုအာရုံ ကာမဂုဏ်တို့၏ အဿာဒ စသော ဣဋ္ဌာကာရသည်လည်းကောင်း၊ အနိဋ္ဌာရုံ၏ အနိဋ္ဌာကာရသည်လည်းကောင်း၊ အယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
(၄) ကာယိကဒုက္ခ, စေတသိကဒုက္ခများ ဖြစ်ကြရခြင်း၊ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး, ဒုဂ္ဂတိဘေးများ ဖြစ်ကြရခြင်း အစရှိသော မကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

ယထေဝ လောကမှိ ဝိပဿိအာဒယော၊ သဗ္ဗညုဘာဝံ မုနယော ဣဓာဂတာ။

တထာ အယံ သကျမုနီပိ အာဂတော၊ တထာဂတော ဝုစ္စတိ တေန စက္ခုမာ။ (၄၊ နှာ-၆၀)

ပထမ, တတိယ, စတုတ္ထပါဒတို့ကား = ဝံသဋ္ဌဂါထာ၊ ဒုတိယပါဒကား = ဣန္ဒဝံသဂါထာ၊ နှစ်ပါးရောရကား = ဥပဇာတိဂါထာ, ဇဂတီဆန်း။

ttp://www.dhammadownload.com



**အာဂတော၌ အန္တတ္ထကို ရှု၍ . . .**

(၁) ဘုရားအဖြစ်သို့ ရောက်တော်မူသော ဂေါတမ မြတ်စွာဘုရား၏ သန္တာန်တော်၌ ဖြစ်သော သဗ္ဗညုတဉာဏ်တော် (ဝါ) ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ဝိပဿီ စသော ရှေးဘုရားရှင်တို့သည်လည်းကောင်း၊ သိသင့်သိထိုက်သော ဍေယျဓမ်တရားများသည်လည်းကောင်း၊ ပစ္စဝေက္ခဏာဉာဏ်တော်သည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) ဝိပဿီ စသော ရှေးဘုရားများ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူကြခြင်းတို့ကြောင့် တထာဂတဟူသော ဘွဲ့ထူးကို ရရှိတော်မူကြခြင်းတို့သည်လည်းကောင်း၊ ဍေယျဓမ်တရားတို့၏ ပရမတ္ထ, ယထာဘူတ စသော ဂုဏ်တို့သည်လည်းကောင်း၊ ပါရမီစာဂစရိယတို့ကို ဖြည့်ကျင့်တော်မူခြင်းမှ စ၍ အရဟတ္တမဂ်, အရဟတ္တဖိုလ်တို့ကို ရရှိတော်မူခြင်းသည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ဂေါတမဘုရားရှင်သည်လည်း တထာဂတဟူသော ဘွဲ့ထူးကို ရရှိတော်မူခြင်းနှင့် သကလဗုဒ္ဓဂုဏ်တော်, ဒေသနာဉာဏ်တော်, ဝေနေယျဟိတသုခ စသည်တို့ ဖြစ်ပေါ်လာရခြင်း အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

မုဟုတ္တဇာတောဝ ဂဝမ္ပတီ ယထာ၊ သမေဟိ ပါဒေဟိ ဖုသီ ဝသုန္ဓရံ။

သော ဝိက္ကမီ သတ္တ ပဒါနိ ဂေါတမော၊ သေတဥ္စ ဆတ္တံ အနုဓာရယုံ မရူ။ (ဠ၊ နှ၁–၆၁)

ပထမ, ဒုတိယပါဒ = ဝံသဋ္ဌဂါထာ၊ တတိယ, စတုတ္ထပါဒ = ဣန္ဒဝံသဂါထာ၊ နှစ်ပါးရောရကား = ဥပဇာတိဂါထာ၊ ၁၂–လုံးဖွဲ့ ဖြစ်၍ ဇဂတီဆန်း။

**ပရိသတ်အမြင်ကို (ဝါ) တစ်ဂါထာလုံးကို ရှု၍ . . .**

(၁) အံ့ဩသော အခြင်းအရာအားဖြင့် ဘုရားလောင်းကို ကြည့်ရှုသူ နတ်လူပြဟ္မာ သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော အံ့ဩခြင်း ဆန္ဒ,သဒ္ဓါ,သတိ,ပီတိ,သောမနဿ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်သည် ဝိမှယဋ္ဌာယီဘာဝ၊ အဗ္ဘုတရသ။

(၂) ဂေါတမ ဘုရားလောင်း ဒြဗ်တော်သည် အာလမ္ဗဏဝိဘာဝ။

(၃) ညီညွတ်သော ခြေတို့ဖြင့် မြေ၌ ခုနစ်ဖဝါး လှမ်းကြွခြင်း, နတ်တို့၏ ထီးဖြူကို ဆောင်းခြင်း စသည်တို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ, သမ္မာဆန္ဒ, ပဏီတဆန္ဒ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ရှိခိုးကြခြင်း၊ ဦးရစ်ပေါင်းကို မြှောက်ကြခြင်း၊ ကောင်းချီးပေးကြခြင်း၊ ကာယပ္ပသဒ္ဓိ, စိတ္တပ္ပသဒ္ဓိ ဖြစ်ကြရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**ဝိက္ကမီ၌ အန္တတ္ထကို ရှု၍ . . .**

(၁) ခုနစ်ဖဝါး ကြွလှမ်းတော်မူသော ဂေါတမ ဘုရားလောင်း၏ သန္တာန်၌ ဖြစ်သော ဝီရိယ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) မြောက်အရပ်သည်လည်းကောင်း၊ လောကသည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

ttp://www.dhammadownload.com



(၃) ညီညွတ်သော ခြေသည်လည်းကောင်း၊ မြေဒြဖ်သည်လည်းကောင်း၊ ပါရမီသမ္ဘာရ ဟူသမျှတို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) နတ်တို့၏ ထီးဖြူမိုးခြင်း၊ လောက၌ ငါအမြတ်ဆုံးဟု ကျူးရင့်ကြွေးကြော်ခြင်း၊ အံ့ဘွယ်ဖြစ်ခြင်း စသည်တို့သည် အနုဘာဝ။

---

ဂန္တွာန သော သတ္တ ပဒါနိ ဂေါတမော၊ ဒိသာ ဝိလောကေသိ သမာ သမန္တတော။

အဋ္ဌင်္ဂုပေတံ ဂိရမဗ္ဘုဒီရ"ယိ"၊ သီဟော ယထာ ပဗ္ဗတမုဒ္ဓနိဋ္ဌိတော။ (ဌ၊ နှာ-၆၁)

တတိယပါဒ၌ "ယိ"ကို ပါဒန္တဂရုဟု ယူ၍ ပထမ, တတိယ, စတုတ္ထပါဒ = ဣန္ဒဝံသဂါထာ၊ ဒုတိယပါဒ = ဝံသဋ္ဌဂါထာ၊ နှစ်ပါးစုံ ရောရကား ဥပဇာတိဂါထာ, ဇဂတီဆန်း။

**ဝိလောကေသိ၌ အန္တတ္ထကို ရှု၍ . . .**

(၁) အရပ်မျက်နှာတို့ကို ထက်ဝန်းကျင်မှ လှည့်လည်ကြည့်ရှုသော အခြင်းအရာအားဖြင့် ဂေါတမ ဘုရားလောင်း၏ သန္တာန်၌ ဖြစ်သော ကုသလဝိပါက် စက္ခုဝိညာဉ် အမှူးပြုသော ပညာ,ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) အရပ်မျက်နှာနှင့် လောကတို့သည် အာလမ္ဗဏဝိဘာဝ။

(၃) ခုနစ်ဖဝါး ကြွလှမ်းတော်မူခြင်းနှင့် ပါရမီသမ္ဘာရ, လောကပွင့်လင်းခြင်း ပါဋိဟာရိယတို့သည် ဥဒ္ဒီပနဝိဘာဝ။

(၄) တောင်ထိပ်၌ တည်သော ခြင်္သေ့မင်းကဲ့သို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံဖြင့် "အဂ္ဂေါဟမသ္မိ လောကဿ"စသော စကားတော်ကို မြွက်ဆိုခြင်း စသည်တို့သည် အနုဘာဝ။

**အဗ္ဘုဒီရယိ၌ အန္တတ္ထကို ရှု၍ . . .**

(၁) "အဂ္ဂေါဟမသ္မိ လောကဿ" စသည်ဖြင့် ကျူးရင့်တော်မူသော အခြင်းအရာအားဖြင့် ဂေါတမ ဘုရားလောင်း၏ သန္တာန်၌ ဖြစ်သော ဝီရိယ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) စိတ်ဖြင့် မှတ်သားအပ်သော "အဂ္ဂေါဟမသ္မိ လောကဿ" စသော မနသာဝဝတ္ထာပိတ အာသဘိဝါစာ ဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) ယင်းစကား၏ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံခြင်းသည်လည်းကောင်း၊ ခုနစ်ဖဝါး ကြွလှမ်းတော်မူခြင်းသည်လည်းကောင်း၊ အရပ်မျက်နှာတို့ကို ကြည့်ရှုတော်မူခြင်းတို့သည်လည်းကောင်း၊ ပါရမီသမ္ဘာရတို့သည်လည်းကောင်း၊ ပရိသတ်အား ကျေးဇူးများလတ္တံ့သော အခြင်းအရာသည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) တောင်ထိပ်၌ တည်သော ခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာ ရွတ်ဆိုအပ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော "အဂ္ဂေါဟမသ္မိ လောကဿ"စသော ဝစီဘေဒသဒ္ဒသည်လည်းကောင်း၊ ပရိသတ်တို့ အံ့သြရခြင်းသည်လည်းကောင်း၊ ကောင်းချီးနှမော် သာစုခေါ်ကြခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

အမှာ။ ဤဂါထာ၌လည်း ပရိသတ်အမြင်ကို ရှု၍ ရှေ့ဂါထာနည်းတူ ဝိမှယဋ္ဌာယီဘာဝ စသည် ထုတ်နိုင်သည်။

ttp://www.dhammadownload.com



န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။
အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိံ။ (ဌ၊ နှာ–၉၂) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**ဓမ္မော ပါပေတိ ဟူသော သုက္ကပက္ခ၌ ပရိသတ်အမြင်ကို ရှု၍ . . .**

(၁) သုဂတိသို့ ရောက်သော သူတို့ကို မြင်ရ ကြားရသော အခြင်းအရာအားဖြင့် မြင်တွေ့ ကြားသိရသော သူတို့၏ သန္တာန်၌ ဖြစ်သော နှစ်သက်ရွှင်လန်း ဝမ်းမြောက်ခြင်း ပီတိ,သောမနဿ,မုဒိတာ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဟာသဋ္ဌာယီဘာဝ၊ ဟာဿရသ။

(၂) သုဂတိသို့ ရောက်သူတို့ဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) သုဂတိ ရောက်သူတို့၏ သုခမျိုးစုံ အဖုံဖုံတို့ကို ခံစားနေပုံတို့သည်လည်းကောင်း၊ မြင်တွေ့ ကြားသိရသော သူတို့၏ သန္တာန်၌ တဏှာ, လောဘတို့ကို မပယ်နိုင်သေးခြင်း စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ဒိဋ္ဌာနုဂတိအားလျော်စွာ မိမိကိုယ်တိုင် ကောင်းမှုပြုခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**အဓမ္မော နိရယံ နေတိ ဟူသော ကဏှပက္ခ၌ ပရိသတ်အမြင်ကို ရှု၍ . . .**

(၁) ငရဲသို့ ရောက်သော သူတို့ကို မြင်ရ ကြားရသော အခြင်းအရာအားဖြင့် မြင်တွေ့ ကြားသိရသော သူတို့၏ သန္တာန်၌ ဖြစ်သော ကြောက်လန့်ခြင်း, သနားခြင်း, စိုးရိမ်ခြင်း ဒေါသ ပြဋ္ဌာန်းသော ဒေါသမူ စိတ္တုပ္ပါဒ်သည် ဘယဋ္ဌာယီဘာဝ၊ ဘယာနကရသ (ဝါ) သောကဋ္ဌာယီဘာဝ၊ ကရုဏာရသ။

(၂) နေရယိက သတ္တဝါတို့ဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) နေရယိက သတ္တဝါတို့၏ ဒုက္ခမျိုးစုံ အဖုံဖုံတို့ကို ခံစားနေပုံတို့သည်လည်းကောင်း၊ မြင်တွေ့ ကြားသိရသော သူတို့၏ သန္တာန်၌ ဒေါသကို မပယ်နိုင်သေးခြင်း စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) မိမိအကုသိုလ်မှ ရှောင်ကြဉ်ခြင်း၊ ကုသိုလ်ကို ကြိုးစားအားထုတ် ပြုလုပ်ခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**နေတိ၌ အန္တတ္ထ အရကို (ဌာနျူပစာအားဖြင့်) ရှု၍ . . .**

(၁) အကုသိုလ်ဖြစ်သည့် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော ဥဒ္ဒစ္စ စေတနာမှတစ်ပါး အကုသိုလ် စိတ္တုပ္ပါဒ်တို့သည် ဇိဂုစ္ဆာဋ္ဌာယီဘာဝ၊ ဗီဘစ္ဆရသ။
(တစ်နည်း) အကုသိုလ်ဖြစ်သည့် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော အကုသိုလ် စိတ္တုပ္ပါဒ်တို့တွင် ဥဒ္ဒစ္စ စေတနာမှတစ်ပါး လောဘမူ, မောဟမူ အကုသိုလ် စိတ္တုပ္ပါဒ်တို့သည် ကာမရတိဋ္ဌာယီဘာဝ၊ ကာမသိင်္ဂါရ ရသ။ ဒေါသမူ စိတ္တုပ္ပါဒ်သည် ကောဓဋ္ဌာယီဘာဝ၊ ရုဒ္ဒရသ။

(၂) ငရဲဟူသော ဂတိနိမိတ္တ အာရုံသည်လည်းကောင်း၊ အဝိဇ္ဇာဟူသော နီးသော အကြောင်းသည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) ငရဲဘုံ၏ အနိဋ္ဌ, အကန္တ, အမနာပ စသော ဒုက္ခမျိုးစုံတို့သည်လည်းကောင်း၊ အာသဝေါတရား လေးပါး ဟူသော ဝေးသော အကြောင်းသည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ငရဲဘုံ၌ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲမှုကို ခံစားရခြင်း စသော မကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

ttp://www.dhammadownload.com



စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ။

ဉာတိမိတ္တာ သုဟဇ္ဇာ စ၊ အဘိနန္ဒန္တိ အာဂတံ။ (ဌ၊ နှာ–၁၁၉) ။ပထမ ဘကာရ ဝိပုလာ၊ အနုဋ္ဌုဘာဆန်း။

**အဘိနန္ဒန္တိ၌ အန္တတ္ထကို (ဝါ) ပဓာနကြိယာ၏ အန္တတ္ထကို ရှု၍ . . .**

(၁) ဝမ်းမြောက်သော အခြင်းအရာအားဖြင့် ဉာတိ, မိတ္တ, သုဟဇ္ဇတို့၏ သန္တာန်၌ ဖြစ်သော တဏှာ,ပီတိ စသည် ပြဋ္ဌာန်းသော လောဘမူ သောမနဿ စိတ္တုပ္ပါဒ်သည် ကာမရတိဌာယီဘာဝ၊ ကာမသိင်္ဂါရရသ။

(၂) အဝေးမှ ပြန်လာသော ယောကျ်ားဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) ကြာမြင့်စွာ ကွဲကွာနေသည်၏ အဖြစ်သည်လည်းကောင်း၊ ကျန်းမာစွာ ပြန်လာသည်၏ အဖြစ်သည်လည်းကောင်း၊ အယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ဝမ်းမြောက်ဝမ်းသာ ခရီးဦး ကြိုဆိုခြင်း၊ တစ်ဦးနှင့် တစ်ဦး ကြည်နူးစွာ စကားပြောဆိုရခြင်း၊ ပွဲ့ဖက်ခြင်း ကာမဂုဏ် ခံစားခြင်း စသော မကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

(တစ်နည်း)

(၁) ဝမ်းမြောက်သော အခြင်းအရာအားဖြင့် ဉာတိ, မိတ္တ, သုဟဇ္ဇတို့၏ သန္တာန်၌ ဖြစ်သော သောမနဿ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဟာသရတိဌာယီဘာဝ၊ ဟာဿရသ။

(၂) အဝေးမှ ပြန်လာသော ယောကျ်ားဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) ကြာမြင့်စွာ ကွဲကွာနေသည်၏ အဖြစ်သည်လည်းကောင်း၊ ကျန်းမာစွာ ပြန်လာသည်၏ အဖြစ်သည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) တစ်ဦးနှင့် တစ်ဦး ကြည်နူးစွာ စကားပြောဆိုရခြင်း၊ စိတ်ချမ်းသာခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

သုဘာသိတံ သုလပိတံ၊ သာဓု သာဓူတိ တာဒိနော။

"အနု"မောဒမာနာ သီရသာ၊ သမ္ပဋိစ္ဆိံသု ဘိက္ခဝေါ။ (ဌ၊ နှာ–၁၁၉)

တတိယပါဒ၌ "အ+နု" ကိုပေါင်း၊ န,ဇ,ဘ,ဇ – ဖြစ်၍ န,ဘ ရောသော သံကိဏ္ဏ ဝိပုလာဂါထာ။ ဆန်းအမည်ကား ပ,ဒု,စ ပါဒ = အနုဋ္ဌုဘာဆန်း၊ တ ပါဒ = ဗြဟတီဆန်း။

**သမ္ပဋိစ္ဆိံသု၌ အန္တတ္ထကို ရှု၍ . . .**

(၁) ဝမ်းမြောက်စွာ ဝန်ခံသော အခြင်းအရာအားဖြင့် ဗြဟ္မဇာလသုတ်ကို ကြားနာရသော ရဟန်းတို့၏ သန္တာန်၌ ဖြစ်သော ပီတိ,ပါမောဇ္ဇ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) ဗြဟ္မဇာလသုတ်သည် အာလမ္ဗဏဝိဘာဝ။

(၃) ဗြဟ္မဇာလသုတ်၏ သုဘာသိတ, သုလပိတဘောဂုဏ်, ဒွါသဋ္ဌိဒိဋ္ဌိဝိနိဝေဌနဂုဏ် အစရှိသည်တို့သည် ဥဒ္ဒီပနဝိဘာဝ။

(၄) ရဟန်းတို့၏ "သာဓု–ကောင်း၏"ဟု ဝမ်းမြောက်စွာ ဝန်ခံခြင်းသည်လည်းကောင်း၊ ဓမ္မဿဝနကုသိုလ် ဖြစ်ရခြင်းသည်လည်းကောင်း၊ မိစ္ဆာအယူမှ ကင်းခြင်း စသော အကျိုးအဆက်ဆက်တို့သည်လည်းကောင်း အနုဘာဝ။

ttp://www.dhammadownload.com



ဇဝံ ယဿာနုဘာဝေန၊ အကမ္ပိတ္ထ အနေကသော။

မေဒနီ သုတ္တသေဋ္ဌဿ၊ ဒေသိတဿ သယမ္ဘုနာ။ (ဋ္ဌ၊ နှာ–၁၂၁) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**ဒေသိတဿဒ္ဒ အန္တတ္တကို (ဝါ) တစ်ဂါထာလုံးကို ရှု၍ . . .**

(၁) ဗြဟ္မဇာလသုတ်ကို ဟောတော်မူသော အခြင်းအရာအားဖြင့် ဘုရားရှင်၏ သန္တာန်တော်၌ ဖြစ်သော ဒေသနာဉာဏ် (ဝါ) သမ္မပ္ပဓာန် ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရဝ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ဗြဟ္မဇာလသုတ္တန် တရားတော်မြတ်သည် အာလမ္ဗဏဝိဘာဝ။

(၃) ဗြဟ္မဇာလသုတ်၏ သုတ္တသေဋ္ဌ, အာဒိကလျာဏ, ဒွါသဋ္ဌိဒိဋ္ဌိဝိနိဝေဌန စသော ဂုဏ်တော်တို့နှင့် အာနုဘာဝ အစွမ်းသတ္တိတို့သည်လည်းကောင်း၊ မြတ်စွာဘုရားရှင်၏ သမ္မာဆန္ဒ, ပဏီတဆန္ဒနှင့် မဟာကရုဏာဉာဏ်တော် စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ဗြဟ္မဇာလ ဒေသနာတော် ဖြစ်ပေါ်လာခြင်း၊ မြေလျှင် တုန်လှုပ်ခြင်း၊ ဓမ္မသံဝေဂကုသိုလ် ဖြစ်ရခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**တရားနာ ရဟန်းတော်များကို ရှု၍ . . .**

(၁) ဗြဟ္မဇာလသုတ်ကို ကြားနာကြကုန်သော ရဟန်းတော်တို့၏ သန္တာန်၌ ဖြစ်သော အံ့ဩခြင်း ဆန္ဒ,ပီတိ, သောမနဿ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်သည် ဝိမှယဋ္ဌာယီဘာဝ၊ အဗ္ဘုတရသ။

(၂) မြတ်စွာဘုရားသည်လည်းကောင်း၊ ဗြဟ္မဇာလသုတ်သည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) မြတ်စွာဘုရား၏ အရဟံ စသော ဂုဏ်တို့သည်လည်းကောင်း၊ ဗြဟ္မဇာလသုတ်၏ မြတ်သော သုတ်၏ အဖြစ်သည်လည်းကောင်း၊ မြေအကြိမ်များစွာ လှုပ်ခြင်းသည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ရဟန်းတို့၏ အံ့ဩသော အမူအရာနှင့် ကောင်းချီးပေးခြင်း စသည်သည် အနုဘာဝ။

---

ဗြဟ္မဇာလဿ တဿိဓ၊ ဓမ္မံ အတ္ထဉ္စ ပဏ္ဍိတာ။

သက္ကစ္စံ ဥဂ္ဂဟေတွာန၊ ပဋိပဇ္ဇန္တု ယောနိသော။ (ဋ္ဌ၊ နှာ–၁၂၁) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**ပဋိပဇ္ဇန္တုဒ္ဒ အန္တတ္တကို ရှု၍ . . .**

(၁) ရိုသေစွာ သင်၍ ကျင့်ကုန်သော ပညာရှိတို့၏ သန္တာန်၌ ဖြစ်သော ဝီရိယ,သဒ္ဓါ,ဉာဏ် စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် (မဟာကြိယာ) စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ (ဝါ) ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရဝ။

(၂) ဗြဟ္မဇာလ သုတ်တည်းဟူသော ပါဠိဓမ္မသည်လည်းကောင်း၊ ယင်းသုတ်၏ အဋ္ဌကထာအတ္ထသည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) ဓမ္မနှင့် အတ္ထတို့၏ အာဒိကလျာဏ စသော ဂုဏ်တော်တို့သည်လည်းကောင်း၊ ဒေသက ဘုရားရှင်, ကျင့်ကြံရာ နေရာဋ္ဌာနနှင့် ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ဗြဟ္မဇာလသုတ်၏ ဓမ္မနှင့် အတ္ထတို့ကို သိရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

ttp://www.dhammadownload.com



**သာမညဖလသုတ်**

ဘီရုံ ပသံသန္တိ န ဟိ တတ္ထ သူရုံ၊ ဘယာ ဟိ သန္တော န ကရောန္တိ ပါပံ။ (ဋ၊ နှာ–၁၃၆)

ပဌမပါဒကား = ဆန်းစစ်၍ မရသောကြောင့် သာမညဂါထာ၊ ဇဂတီဆန်း။ ဒုတိယပါဒကား = ဥပေန္ဒ ဝဇိရာဂါထာ၊ တုဋ္ဌုဘာဆန်း။ လက္ခဏာနှစ်မျိုး ရောနေရကား = ဤဂါထာသည် ဥပဇာတိဂါထာ ဖြစ်၏။

အမှာ။ ဤဂါထာ၏ လေးပါဒ အပြည့်အစုံကို သံယုတ်ပါဠိတော်၊ ပထမအုပ်၊ နှာ ၂၁–၌ အောက်ပါအတိုင်း ဖော်ပြထား၏။

ယော ပါဏဘူတာနိ အဟေဌယံ စရံ၊ ပရူပဝါဒါ န ကရောန္တိ ပါပံ။

ဘီရုံ ပသံသန္တိ န ဟိ တတ္ထ သူရုံ၊ ဘယာ ဟိ သန္တော န ကရောန္တိ ပါပံ။

**ဘယာ၌ အန္တတ္ထကို ရှု၍ . . .**

(၁) မကောင်းမှုမှ ကြောက်ရွံ့ထိတ်လန့်သော သူ၏ သန္တာန်၌ ဖြစ်သော ဩတ္တပ္ပစေတသိက် (ဝါ) ဩတ္တပ္ပနှင့် တကွဖြစ်သော ဉာဏ် စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်သည် ဓမ္မရတိ ဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) အပါယ်ဘုံ၌ ရှိသော အနိဋ္ဌာရုံများသည်လည်းကောင်း၊ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး, ဒုဂ္ဂတိဘေးတို့သည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) အနိဋ္ဌာရုံ၏ အနိဋ္ဌာကာရသည်လည်းကောင်း၊ ဘေးအသီးသီးတို့၏ အနိဋ္ဌ, အကန္တ, အမနာပ စသည် တို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ, သမ္မာဆန္ဒ, ပဏီတဆန္ဒ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) မကောင်းမှုကို မပြုခြင်း၊ အပါယ်ဒုဂ္ဂတိသို့ မလားရခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

အမှာ။ အချို့ဆရာတို့က ဌာယီဘာဝ နေရာ၌ ဓိဂုစ္ဆာဋ္ဌာယီဘာဝ, ဗီဘစ္ဆရသနှင့် ဘယဋ္ဌာယီဘာဝ, ဘယာနက ရသဟုလည်း ထုတ်ကြသေး၏။ ဘီရုံ–ကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပါဟု မေးသော် အထက်ပါအတိုင်း ဖြေရုံသာတည်း။

**ပသံသန္တိ၌ အန္တတ္ထကို ရှု၍ . . .**

(၁) မကောင်းမှုမှ ကြောက်ရွံ့ထိတ်လန့်သော သူကို ချီးမွမ်းကြကုန်သော ပညာရှိ သူတော်ကောင်းတို့၏ သန္တာန်၌ ဖြစ်သော သဒ္ဓါ,ပညာ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီ ဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) မကောင်းမှုမှ ကြောက်ရွံ့ထိတ်လန့်သော သူဖြစ်သည် အာလမ္ဗဏဝိဘာဝ။

(၃) မကောင်းမှုမှ ကြောက်ရွံ့သူ (ချီးမွမ်းခံရသောသူ)၏ ယောနိသောမနသိကာရ, သဒ္ဓမ္မဿဝန စသည်တို့သည် လည်းကောင်း၊ မကောင်းမှုမှ ကြောက်ရွံ့ခြင်းသည်လည်းကောင်း၊ ချီးမွမ်းတတ်သော ပညာရှိ ပုဂ္ဂိုလ်တို့၏ ဣဿာ, မစ္ဆေရ ကင်းကွာခြင်း စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ပစ္စုပ္ပန်၌ ကောင်းကျိုးသုခ အနန္တကို ရရှိခြင်း၊ တမလွန်၌ နတ်ရွာသုဂတိသို့ လားရောက်ရခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

ttp://www.dhammadownload.com



ပုစ္ဆ ဝါသဝ မံ ပဉ္စံ၊ ယံ ကိဉ္စိ မနသိစ္ဆသိ။

တဿ တဿေဝ ပဉှဿ၊ အဟံ အန္တံ ကရောမိ တေ။ (ဋ္ဌ၊ နှာ–၁၄၁) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

(၁) မေးလိုရာ မေးလော့, ဖြေအံ့ဟု ဘိတ်ကြားသော ဘုရားရှင်၏ သန္တာန်တော်၌ ဖြစ်သော ဝီရိယ, သမ္မာဆန္ဒ, ဉာဏ် စသည် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ (ဝါ) ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) သိကြားမင်းဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) သိကြားမင်း မေးအပ်သော ပြဿနာသည်လည်းကောင်း၊ ဖြေနိုင်စွမ်းသော ဉာဏ်သတ္တိသည်လည်းကောင်း၊ ဖြည့်ဆည်းတော်မူခဲ့သော ကုသလပါရမီသမ္ဘာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) မေးလော့, ဖြေအံ့ဟု ဘိတ်ကြားအပ်သော ဝစီဘေဒသဒ္ဒသည်လည်းကောင်း၊ သိကြားမင်းက ပြဿနာကို မေးခြင်းသည်လည်းကောင်း၊ ဖြေတော်မူခြင်းသည်လည်းကောင်း၊ ဖြေတော်မူခြင်းကြောင့် သိကြားမင်း အမှန်တရားကို သိရခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည်လည်းကောင်း အနုဘာဝ။

---

ဗာဝရိဿ စ တုယှံ ဝါ၊ သဗ္ဗေသံ သဗ္ဗသံသယံ။

ကတာဝကာသာ ပုစ္ဆဝှေါ၊ ယံ ကိဉ္စိ မနသိစ္ဆထ။ (ဋ္ဌ၊ နှာ–၁၄၁) ။တတိယ မကာရ ဝိပုလာ၊ အနုဋ္ဌုဘာဆန်း။

ပုစ္ဆ မံ သဘိယ ပဉ္စံ၊ ယံ ကိဉ္စိ မနသိစ္ဆသိ။

တဿ တဿေဝ ပဉှဿ၊ အဟံ အန္တံ ကရောမိ တေ။ (ဋ္ဌ၊ နှာ–၁၄၁)

။ပထမ သကာရ ဝိပုလာဂါထာ၊ အနုဋ္ဌုဘာဆန်း။

အမှာ။ ဤနှစ်ဂါထာ၌ ဘာဝစသည်ကို ပုစ္ဆဝါသဝ ဂါထာ၌ ထုတ်နည်းကို မှီ၍ ထုတ်ပါ။

---

ကောဏ္ဍညာ ပဉှာနိ ဝိယာကရောဟိ''၊ ယာစန္တိ'' တံ ဣသယော သာဓုရူပါ။

ကောဏ္ဍည သော မနုဇေသု ဓမ္မော၊ ယံ ဝုဒ္ဓမာဂစ္ဆတိ သေ ဘာရော။ (ဋ္ဌ၊ နှာ–၁၄၁)

ပထမပါဒ = "ဟိ"ကို ပါဒန္တဂရုဟု ယူ၍ ဣန္ဒဝဇိရာဂါထာ၊ ဒုတိယပါဒ = "န္တိ"ကို န္တိ–ဟု ဂရုယူ၍ ဝါတောမ္မီသာဂါထာ၊ တတိယ, စတုတ္ထပါဒ = ဣန္ဒဝဇိရာဂါထာ၊ နှစ်ပါးစုံ ရောရကား = ဥပဇာတိဂါထာ၊ လေးပါဒလုံး ၁၁–လုံးဖွဲ့ချည်းသာ ဖြစ်၍ တုဋ္ဌုဘာဆန်း။

**ယာစန္တိ၌ အန္တတ္ထကို ရှု၍ . . .**

(၁) အကြောင်းမှန်ကို သိနိုင်ကြရန်အတွက် ကောဏ္ဍညအနွယ်ဝင် ဘုရားလောင်း သရဘင်္ဂ ရသေ့ထံသို့ လာရောက် မေးမြန်းကြကုန်သော ရသေ့တို့၏ သန္တာန်၌ ဖြစ်သော သမ္မာဆန္ဒ,ဉာဏ် စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိင်္ဂါရရသ။

(၂) ကောဏ္ဍညအနွယ်ဝင် ဘုရားလောင်း သရဘင်္ဂ ရသေ့ဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) ဘုရားလောင်း သရဘင်္ဂ ရသေ့၏ ဖြေစွမ်းနိုင်သော ဉာဏ်ပညာဂုဏ်သတ္တိသည်လည်းကောင်း၊ မေးမြန်းကုန်သော ရသေ့တို့၏ ယောနိသောမနသိကာရ, သပ္ပုရိသူပနိဿယ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပန ဝိဘာဝ။

ttp://www.dhammadownload.com



(၄) ဘုရားလောင်း သရဘင် ရသေ့သည် အဖြေမှန်ကို ဖြေဆိုခြင်း၊ ယင်းအဖြေကို ရသေ့များ သိရခြင်း၊ မကောင်းမှုမှ ရှောင်ကြဉ်ပြီး ကောင်းမှုကို ကြိုးစား အားထုတ်ခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

"က"တာဝကာသာ ပုစ္ဆိဿု ဘောန္တော"၊ ယံ ကိဉ္စိ ပဉှံ မနသာဘိပတ္ထိတံ။

"အ"ဟဉ္စိ တံ တံ ဝေါ ဗျာကရိ"ဿံ"၊ ဉတွာ သယံ လောကမိမံ ပရဉ္စ။ (ဋ၊ နှာ-၁၄၁)

ပထမပါဒ = ကတာ ၌ က-ကို ကာ-ဟု ဂရုယူ, န္တော-ကို ပါဒန္တ လဟု ယူ၍ ဥဇ္ဇာသကဂါထာ, ပန္တိဆန်း၊ ဒုတိယပါဒ = ဣန္ဒဝံသဂါထာ, ဇဂတိဆန်း၊ တတိယပါဒ = အဟဉ္စိ ၌ အ-ကို အာ-ဟု ဂရုယူ, ဿံ-ကို ပါဒန္တ လဟု ယူ၍ ဥဇ္ဇာသကဂါထာ, ပန္တိဆန်း၊ စတုတ္ထပါဒ = ဣန္ဒဝဇိရာဂါထာ, တုဋ္ဌုဘာဆန်း၊ ပထမ, တတိယ ပါဒတို့၌ ပါဠိရှိတိုင်းစစ်မှု သာမညဂါထာ အမည်ပေးပါ။

အမှာ။ တတိယပါဒ = ဗျာကရိဿံ ပါဠိနေရာ၌ ဝိယာကရိဿံ ပါဠိဖြင့် မေးအံ့။ "ဝိယာ"ဟူသော နှစ်လုံးကို ပေါင်း၊ ဂရုဟု တစ်လုံးတည်းသာ ယူ၍ ဂါထာစစ်ပါ။

**ဗျာကရိဿံ၌ အန္တတ္ထကိုရှု၍ . . .**

(၁) ဖြေအံ့ဟု ဝန်ခံသော ဘုရားလောင်း၏ သန္တာန်၌ ဖြစ်သော ဝီရိယ,သမ္မာဆန္ဒ,ဉာဏ် စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ (ဝါ) ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) ပြဿနာ မေးကုန်သော သူတို့သည် အာလမ္ဗဏဝိဘာဝ။

(၃) မေးအပ်သော ပြဿနာသည်လည်းကောင်း၊ ဖြေနိုင်စွမ်းသော ဉာဏ်သတ္တိသည်လည်းကောင်း၊ ကုသလပါရမီသမ္ဘာရနှင့် ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ဖြေအံ့ဟု ဖိတ်ကြားသော ဝစီဘေဒသဒ္ဒသည်လည်းကောင်း၊ ပြဿနာများကို မေးခြင်းသည်လည်းကောင်း၊ ဝန်ခံသည့်အားလျော်စွာ ဖြေဆိုခြင်းသည်လည်းကောင်း၊ အမှန်တရားကို သိရခြင်း အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

တဂ္ဃ တေ အဟမက္ခိဿံ၊ ယထာပိ ကုသလော တထာ။

ရာဇာ စ ခေါ တံ ဇာနာတိ၊ ယဒိ ကာဟတိ ဝါ န ဝါ။ (ဋ၊ နှာ-၁၄၂)

။တတိယ မကာရ ဝိပုလာ၊ အနုဋ္ဌုဘာဆန်း။

**အက္ခိဿံ၌ အန္တတ္ထကို ရှု၍ . . .**

(၁) ဖြေဆိုအံ့ဟု ဝန်ခံသော သမ္ဘဝသတို့သား၏ သန္တာန်၌ ဖြစ်သော ဝီရိယ,သမ္မာဆန္ဒ,ဉာဏ် စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ (ဝါ) ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) သုစိရကပုဏ္ဏားဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) သုစိရကပုဏ္ဏား မေးအပ်သော ပြဿနာသည်လည်းကောင်း၊ ဖြေနိုင်စွမ်းသော ဉာဏ်သတ္တိသည်လည်းကောင်း၊ ကုသလပါရမီသမ္ဘာရနှင့် ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

ttp://www.dhammadownload.com



(၄) ဖြေအံ့ဟု ဖိတ်ကြားသော ဝစီဘေဒသဒ္ဒသည်လည်းကောင်း၊ ပြဿနာများကို မေးခြင်းသည်လည်းကောင်း၊ ဝန်ခံသည့်အားလျော်စွာ ဖြေဆိုခြင်းသည်လည်းကောင်း၊ အမှန်တရားကို သိရခြင်း အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

တသ္မာ အကလျာဏဇနံ၊ အာသီဝိသမိဝေါရဂံ။
အာရကာ ပရိဝဇ္ဇေယျ၊ ဘူတိကာမော ဝိစက္ခဏော။ (ဌ၊ နှာ-၁၅၀)

။ပထမ ဘကာရ ဝိပုလာဂါထာ၊ အနုဋ္ဌုဘာဆန်း။

**ပရိဝဇ္ဇေယျ၌ အန္တတ္ထကို ရှု၍ . . .**

(၁) သူယုတ်မာကို စက်ဆုပ်ရှောင်ကြဉ်လိုသော အခြင်းအရာအားဖြင့် သူယုတ်မာကို ဝေးစွာ စက်ဆုပ်ရှောင်ကြဉ်လိုသော သူ၏ သန္တာန်၌ ဖြစ်သော ဩတ္တပ္ပ (ဝါ) ဘယဉာဏ် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဇိဂုစ္ဆာဋ္ဌာယီဘာဝ၊ ဇီဘစ္ဆရသ (ဝါ) ဘယဋ္ဌာယီဘာဝ၊ ဘယာနကရသ။

(၂) သူယုတ်မာဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) သူယုတ်မာ၏ မကောင်းသော အကျင့်သည်လည်းကောင်း၊ ပညာရှိ ပုဂ္ဂိုလ်၏ ကြီးပွားတိုးတက်မှု၊ သံသရာမှ ထွက်မြောက်မှုတို့ကို အလိုရှိခြင်း၊ ဉာဏ်ပညာ အဆင်အခြင် ပြည့်စုံခြင်းနှင့် ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) သူယုတ်မာမှ ဝေးစွာ ရှောင်ကြဉ်ခြင်း၊ အပြစ်ကင်းခြင်း၊ လူချမ်းသာ, နတ်ချမ်းသာတို့ကို ရရှိခံစားရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

သာဓု ဓမ္မရုစိ ရာဇာ၊ သာဓု ပညာဏဝါ နရော။
သာဓု မိတ္တာနမဒ္ဒုဗ္ဘော၊ ပါပဿာကရဏံ သုခံ။ (ဌ၊ နှာ-၁၅၄) ။ပထမ သကာရဝိပုလာ၊ အနုဋ္ဌုဘာဆန်း။

**ဓမ္မရုစိ ကိုရှု၍ . . .**

(၁) တရားတော်ကို နှစ်သက်သော မင်းမြတ်၏ သန္တာန်၌ ဖြစ်သော ပီတိ,သောမနဿ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) နှစ်သက်အပ်သော တရားဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) တရားတော်၏ သွာက္ခာတတာ စသော ဂုဏ်တော်သည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ပစ္စုပ္ပန်၌ ကာယိကသုခ, စေတသိကသုခတို့ကို ခံစားရခြင်း၊ တမလွန်၌ သုဂတိသို့ ရောက်ခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**မိတ္တာနမဒ္ဒုဗ္ဘောဝယ် အဒ္ဒုဗ္ဘော၌ အန္တတ္ထကို ရှု၍ . . .**

(၁) မိတ်ဆွေတို့ကို မပြစ်မှားသော သူ၏ သန္တာန်၌ ဖြစ်သော အဒေါသစေတနာ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) မိတ်ဆွေတို့သည် အာလမ္ဗဏဝိဘာဝ။

ttp://www.dhammadownload.com



(၃) မိတ်ဆွေတို့၏ သုန္ဒရတာ စသော ဂုဏ်တို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) သာဓု ဖြစ်ရခြင်း၊ ပစ္စုပ္ပန်၌ ကာယိကသုခ, စေတသိကသုခတို့ကို ခံစားရခြင်း၊ တမလွန်၌ သုဂတိသို့ ရောက်ခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**ပါပဿာကရဏံ သုခံ ကိုရှု၍ . . .**

(၁) မကောင်းမှုကို မပြုသော သူ၏ သန္တာန်၌ ဖြစ်သော ရှောင်ကြဉ်ခြင်း ဝိရတီစေတနာ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) မကောင်းမှု အကုသိုလ်သည် အာလမ္ဗဏဝိဘာဝ။

(၃) ထိုအကုသိုလ်၏ သာဝဇ္ဇ ဒုက္ခဝိပါကသည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ပစ္စုပ္ပန်၌ ကာယိကသုခ, စေတသိကသုခတို့ကို ခံစားရခြင်း၊ တမလွန်၌ သုဂတိသို့ ရောက်ခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

သံခိတ္တေနပိ ဒေသေတိ၊ ဝိတ္ထာရေနပိ ဘာသတိ။

သာဠိကာယိဝ နိဃ္ဃောသော၊ ပဋိဘာနံ ဥဒီရယိ။ (ဌ၊ နှာ-၁၅၅) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**ကြိယာပုဒ်တို့၏ အနက္ခတ္ထကို (ဝါ) တစ်ဂါထာလုံးကို ရှု၍ . . .**

(၁) တရားတော်ကို အကျဉ်း,အကျယ် ဆန်းကြယ်စွာ ဟောတော်မူသော အရှင်သာရိပုတ္တရာ ထေရ်၏ သန္တာန်၌ ဖြစ်သော ဒေသနာဉာဏ်,သတိ,ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဌာယီဘာဝ၊ ဝီရရသ။

(၂) ဟောအပ်သော တရားတော်သည် အာလမ္ဗဏဝိဘာဝ။

(၃) တရားတော်၏ သံခိတ္တ, ဝိတ္ထာရ, ပဋိဘာန ဂုဏ်တော်တို့သည်လည်းကောင်း၊ တရားနာ ပရိသတ်များသည်လည်းကောင်း၊ သမ္မာဆန္ဒ, ပဏီတဆန္ဒ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) တရားနာ ပရိသတ်တို့အား ဓမ္မဿဝနကုသိုလ် ဖြစ်ရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော ကောင်းသော ဟိတသုခအဆက်ဆက်တို့သည် အနုဘာဝ။

---

လ္လဓေဝ တိဌမာနဿ၊ ဒေဝဘူတဿ မေ သတော။

ပုနရာယု စ မေ လဒ္ဓေါ၊ ဧဝံ ဇာနာဟိ မာရိသ။ (ဌ၊ နှာ-၁၅၆) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**လဒ္ဓေါ၌ အနက္ခတ္ထကို ရှု၍ . . .**

(၁) အသက်တစ်ဖန် ပြန်ရှင်ရသဖြင့် နှစ်သက်ဝမ်းမြောက်သော အခြင်းအရာအားဖြင့် သိကြားမင်း၏ သန္တာန်၌ ဖြစ်သော နှစ်သက်,ဝမ်းမြောက်ခြင်း ပီတိ,သောမနဿ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) မြတ်စွာဘုရားသည်လည်းကောင်း၊ တရားတော်မြတ်သည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

ttp://www.dhammadownload.com



(၃) မြတ်စွာဘုရား၏ ဗုဒ္ဓေါ စသော ဂုဏ်တော်တို့သည်လည်းကောင်း၊ တရားတော်မြတ်၏ သွာက္ခာတ စသော ဂုဏ်တော်တို့သည်လည်းကောင်း၊ တရားတော်ကို ကြားနာရခြင်းနှင့် သိကြားအသက်ကို တစ်ဖန် ပြန်ရခြင်း ဟူသော အကြောင်းတို့သည်လည်းကောင်း၊ ကောင်းမှုအထူး ရှိခြင်းနှင့် ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) သောတာပန် တည်ခြင်း၊ သိကြားမင်း စည်းစိမ်ကို ဆက်လက်၍ အဆက်ဆက် ခံစားရခြင်း၊ အတ္တဘောတ္တိကို မြတ်စွာဘုရားအား လှူဒါန်းထားခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

အာဒိမှိ သီလံ ဒဿေယျ၊ မဇ္ဈေ မဂ္ဂံ ဝိဘာဝယေ။

"ပရိ"ယောသာနမှိ နိဗ္ဗာနံ၊ ဧသာ ကထိကသဏ္ဌိတိ။ (ဋ၊ နှာ-၁၅၉)

"ပ+ရိ"ပေါင်း၍ ပထမ မကာရ ဝိပုလာဂါထာ။ ပ,ဒု,စ ပါဒ = အနုဋ္ဌုဘာဆန်း၊ တ ပါဒ = ဗြဟတီဆန်းတည်း။

**ဒဿေယျ, ဝိဘာဝယေ၌ အန္တတ္တကို ရှု၍ . . .**

(၁) ဓမ္မကထိက ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော ဒေသနာဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) သီလ, မဂ်, နိဗ္ဗာန်သည် အာလမ္ဗဏဝိဘာဝ။

(၃) သီလ, မဂ်, နိဗ္ဗာန်၏ ဂုဏ်တို့သည် ဥဒ္ဒီပနဝိဘာဝ။

(၄) နှုတ်မြွက်ဟောအပ်သော သီလ, မဂ္ဂ, နိဗ္ဗာနကထာဟူသော သဝိညတ္တိက ဝစီဘေဒ သဒ္ဒါသည်လည်းကောင်း၊ တရားနာ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဓမ္မဿဝနကုသိုလ် ဖြစ်ရခြင်းသည်လည်းကောင်း၊ သီလ, မဂ်, နိဗ္ဗာန်တို့၏ ဂုဏ်ကို သိရခြင်းသည်လည်းကောင်း၊ သိသဖြင့် ကျင့်နိုင်ခြင်းသည်လည်းကောင်း၊ ကျင့်ခြင်းကြောင့် လူချမ်းသာ, နတ်ချမ်းသာကို ရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော ကောင်းသော အကျိုးအဆက်ဆက်တို့သည်လည်းကောင်း အနုဘာဝ။

---

သိထိလံ ဓနိတဉ္စ ဒီဃရဿံ၊ ဂရုကံ လဟုကဉ္စေဝ နိဂ္ဂဟိတံ။

သမ္ဗန္ဓဝဝတ္ထိတံ ဝိမုတ္တံ၊ ဒသဓာ ဗျဉ္ဇနဗုဒ္ဓိယာ ပဘေဒေါ။ (ဋ၊ နှာ-၁၅၉)

။သြပစ္ဆန္ဒသကဂါထာ၊ မတ္တာဝုတ္တိဆန်း။

---

ကိံ တေ ဝတံ ကိံ ပန ဗြဟ္မ"စရိ"ယံ၊ ကိံ"ဿ" သုစိဏ္ဏဿ အယံ ဝိပါကော။

ဣဒ္ဓီ ဇုတီ "ဗလ"ဝီရိယူပပတ္တိ၊ ဣဒဉ္စ တေ နာဂ မဟာဝိမာနံ။ (ဋ၊ နှာ-၁၆၀)

ပထမပါဒ = စ+ရိ ပေါင်း၍ ဣန္ဒဝဇိရာဂါထာ, ဇဂတီဆန်း၊ ဒုတိယပါဒ = ကိဿ ၌ ဿာ-ဟု ဂရုယူ၍ ဣန္ဒဝဇိရာဂါထာ, တုဋ္ဌုဘာဆန်း၊ တတိယပါဒ၌ ဗ+လ ပေါင်း၍ ဣန္ဒဝဇိရာဂါထာ, ဇဂတီဆန်း၊ စတုတ္ထပါဒ = ဥပေန္ဒဝဇိရာဂါထာ, တုဋ္ဌုဘာဆန်း၊ လက္ခဏာရောရကား = ဥပဇာတိဂါထာ။

(၁) နဂါးမင်းကို မေးသော ဝိဓုရ၏ သန္တာန်၌ အံ့သြသော အခြင်းအရာအားဖြင့် ဖြစ်သော ဆန္ဒ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဝိမှယဋ္ဌာယီဘာဝ၊ အဗ္ဘုတရသ။

ttp://www.dhammadownload.com



(၂) နဂါးမင်းနှင့် နဂါးမင်း၏ ဗိမာန်တို့သည် အာလမ္ဗဏဝိဘာဝ။
(၃) ဣဒ္ဓိ, ဇုတိ စသည်နှင့် ပြည့်စုံခြင်းသည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
(၄) ချီးမွမ်းခြင်း, ဝမ်းမြောက်ခြင်း, သာဓုခေါ်ခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

အဟဉ္စ"ဘရိ"ယာ စ မနုဿလောကေ၊ သဒ္ဓါ ဥဘော ဒါနပတီ အဟုမှာ။
ဩပါနဘူတံ မေ "ဃရံ" တဒါသိ၊ သန္တပ္ပိတာ "သမဏာ"ဗြာဟ္မဏာ စ။ (ဌ၊ နှာ–၁၆၀)

ပထမပါဒ = ဘ+ရိ ပေါင်း၍ ဥပေန္ဒဝဇိရာဂါထာ, ဇဂတီဆန်း၊ ဒုတိယပါဒ = ဣန္ဒဝဇိရာဂါထာ, တုဋ္ဌုဘာဆန်း၊ တတိယပါဒ = ဃ+ရံ ပေါင်း၍ ဥဇ္ဈာသကဂါထာ, မပေါင်းသော် သာမညဂါထာ, တုဋ္ဌုဘာဆန်း၊ စတုတ္ထပါဒ = သ+မ ပေါင်း, ဏာ ကို ဏာ–ဟု ဂရုယူသော် ဥဇ္ဈာသကဂါထာ, မပေါင်းသော် သာမညဂါထာ, တုဋ္ဌုဘာဆန်း၊ လက္ခဏာ ရောရကား ဥပဇာတိဂါထာ။

**သဒ္ဓါ ပုဒ်ကို ရှု၍ . . .**

(၁) ယုံကြည်ကြည်ညိုသော အခြင်းအရာအားဖြင့် လင်မယား နှစ်ယောက်တို့၏ သန္တာန်၌ ဖြစ်သော သဒ္ဓါ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။
(၂) ဒါနဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့သည် အာလမ္ဗဏဝိဘာဝ။
(၃) ဒါနဝတ္ထု၏ သုန္ဒရဘောနှင့် အလှူခံပုဂ္ဂိုလ်၏ ပါသာဒိကဂုဏ်သည် ဥဒ္ဒီပနဝိဘာဝ။
(၄) အလှူပေးခြင်း၊ အလှူပေးသဖြင့် ရေတွင်း,ရေကန်သဘွယ် ဖြစ်ခြင်း၊ ရဟန်းပုဏ္ဏားတို့ ရောင့်ရဲခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

အမှာ။ ဒါနပတီကို ရှု၍ ထုတ်သော် ဥဿာဟဋ္ဌာယီဘာဝလည်း ရ၏။ (အကြွင်း တူပြီ)

---

တံ မေ ဝတံ တံ ပန ဗြဟ္မ"စရိ"ယံ၊ တ"ဿ" သုစိဏ္ဏဿ အယံ ဝိပါကော။
ဣဒ္ဓီ ဇုတီ "ဗလ"ဝီရိယူပပတ္တိ၊ ဣဒဉ္စ မေ ဓီရ မဟာဝိမာနံ။ (ဌ၊ နှာ–၁၆၀)

ပထမပါဒ = စ+ရိ ပေါင်း၍ ဣန္ဒဝဇိရာဂါထာ, ဇဂတီဆန်း၊ ဒုတိယပါဒ = တဿ ၌ ဿာ–ဟု ဂရုယူ၍ ဣန္ဒဝဇိရာဂါထာ, တုဋ္ဌုဘာဆန်း၊ တတိယပါဒ၌ ဗ+လ ပေါင်း၍ ဣန္ဒဝဇိရာဂါထာ, ဇဂတီဆန်း၊ စတုတ္ထပါဒ = ဥပေန္ဒဝဇိရာဂါထာ, တုဋ္ဌုဘာဆန်း၊ လက္ခဏာရောရကား = ဥပဇာတိဂါထာ။

အမှာ။ ဤဂါထာ၌ ဆန်းစစ်နှင့် ဘာဝစသည်တို့ကို ကိံ တေ ဝတံ–ဂါထာ မှီး၍ သိပါ။

---

ကေန ပါဏိ ကာမဒဒေါ၊ ကေန ပါဏိ မဓုဿဝေါ။
ကေန တေ ဗြဟ္မ"စရိ"ယေန၊ ပုည် ပါဏိမှိ ဣဇ္ဈတိ။ (ဌ၊ နှာ–၁၆၀)

တတိယပါဒ၌ စ+ရိ ကိုပေါင်း၍ ပထမ ဘကာရ ဝိပုလာဂါထာ။ ပ,ဒု,စ ပါဒ = အနုဋ္ဌုဘာဆန်း၊ တ ပါဒ = ဗြဟတီဆန်းတည်း။

ttp://www.dhammadownload.com



**ဂါထာကို အနုဘာဝ ပြု၍ . . .**

(၁) အကျိုးရနတ်သား၏ လက်ညှိုးမှ အလိုရှိတိုင်း ပေးနိုင်သည်ကို မြင်သောသူတို့၏ သန္တာန်၌ အံ့ဩသော အခြင်းအရာအားဖြင့် ဖြစ်သော ဆန္ဒ ပြဋ္ဌာန်းသော မဟာကုသိုလ် (မဟာကြိယာ) စိတ္တုပ္ပါဒ်သည် ဝိမှယဋ္ဌာယီဘာဝ၊ အဗ္ဘုတရသ။

(၂) အကျိုးရနတ်သားသည် အာလမ္ဗဏဝိဘာဝ။

(၃) အလိုရှိအပ်သော ဝတ္ထု၏ ပေါ်ထွက်လာခြင်းသည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည် လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ကေန ပါဏိ စသော ဂါထာသည်လည်းကောင်း၊ ချီးမွမ်းခြင်း၊ အတုလိုက်၍ ကုသိုလ်ကောင်းမှုများကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည်လည်းကောင်း အနုဘာဝ။

---

တေန ပါဏိ ကာမဒဒေါ၊ တေန ပါဏိ မဓုဿဝေါ။
တေန မေ ဗြဟ္မ“စရိ”ယေန၊ ပုည် ပါဏိမှိ ဣဇ္ဈတိ။ (ဌ၊ နှာ-၁၆၁)

တတိယပါဒ၌ စ+ရိ ကို ပေါင်း၍ ပထမ ဘကာရ ဝိပုလာဂါထာ။ ပ,ဒု,စ ပါဒ = အနုဋ္ဌုဘာဆန်း၊ တ ပါဒ ဗြဟတီဆန်းတည်း။

**ဂါထာကို အနုဘာဝ ပြု၍ . . .**

(၁) ဖြေသော အခြင်းအရာအားဖြင့် အကျိုးရနတ်သား၏ သန္တာန်၌ ဖြစ်သော ဝီရိယ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ကုန်သည်အပေါင်းသည် အာလမ္ဗဏဝိဘာဝ။

(၃) ကုန်သည်အပေါင်း၏ ကေန ပါဏိ စသော အမေးသည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည် တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) တေန ပါဏိ စသော အဖြေဂါထာသည်လည်းကောင်း၊ ချီးမွမ်းကြခြင်း၊ အတုလိုက်၍ ကုသိုလ်ကောင်းမှု များကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည်လည်း ကောင်း အနုဘာဝ။

---

“မယ”ဥ္စ“ဘရိ”ယာ နာတိက္ကမာမ၊ အမှေ စ “ဘရိ”ယာ နာတိက္ကမန္တိ။
အညတြ တာဟိ ဗြဟ္မစရိယံ စရာမ၊ တသ္မာ ဟိ အမှံ ဒဟရာ န မီယရေ။ (ဌ၊ နှာ-၁၆၁)

ပထမပါဒ = မယဥ္စ-ကို မယျဉ္စ-ဟု သသံယောဂယူ၊ ဘ+ရိကို ပေါင်း၍ ဥဇ္ဇာသကဂါထာ, တုဋ္ဌုဘာဆန်း၊ ဒုတိယပါဒ = ဘ+ရိကို ပေါင်း၍ ဥဇ္ဇာသကဂါထာ, တုဋ္ဌုဘာဆန်း၊ တတိယပါဒ = သာမညဂါထာ, အတိဇဂတီဆန်း၊ စတုတ္ထပါဒ = ဣန္ဒဝံသဂါထာ, ဇဂတီဆန်း၊ လက္ခဏာ ရောရကား ဥပဇာတိဂါထာ။

(တစ်နည်း) ပါဒတိုင်းကို ပါဠိရှိအတိုင်း စစ်မူကား ပဌမ, ဒုတိယ ပါဒတို့သည် = သာမညဂါထာ, တုဋ္ဌုဘာ ဆန်း၊ တတိယပါဒ = သာမညဂါထာ, အတိဇဂတီဆန်း၊ စတုတ္ထပါဒ = ဣန္ဒဝံသဂါထာ, ဇဂတီဆန်း၊ တစ်ဂါထာ လုံးသည် လက္ခဏာ ရောရကား ဥပဇာတိဂါထာသာ ဖြစ်ချေတော့၏။

ttp://www.dhammadownload.com



**နာတိက္ကမာမ, နာတိက္ကမန္တိ စရာမ၌ အန္တတ္ထကို ရှု၍ . . .**

(၁) သူ့လင်, သူ့မယားခြင်း၌ မကျူးလွန်ခြင်း၊ မိမိလင်, မိမိမယား၌သာ ရောင့်ရဲခြင်းဟူသော အခြင်းအရာအားဖြင့် မဟာဓမ္မပါလနွယ်ဖွား အမျိုးကောင်းသား, အမျိုးကောင်းသမီးများ၏ သန္တာန်၌ ဖြစ်သော ကာမေသုမိစ္ဆာစာရ ဝိရတိ သီလစေတနာ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) သူ့လင်, သူ့မယားဟူသော ဝီတိက္ကမိတဗ္ဗဝတ္ထုသည် အာလမ္ဗဏဝိဘာဝ။

(၃) ယောနိသောမနသိကာရ စသည်တို့သည် ဥဒ္ဒီပနဝိဘာဝ။

(၄) ငယ်ငယ်ရွယ်ရွယ်ဖြင့် မသေရခြင်း၊ အသက်ရှည်ခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

ဟီနေန ဗြဟ္မ"စရိ"ယေန၊ ခတ္တိယေ ဥပပဇ္ဇတိ။
မဇ္ဈိမေန စ ဒေဝတ္တံ၊ ဥတ္တမေန ဝိသုဇ္ဈတိ။ (ဋ၊ နှာ–၁၆၁)

ပထမပါဒ၌ = စ+ရိ ကိုပေါင်း၍ ပထျာဝတ္တဂါထာ။ ပ ပါဒ = ဗြဟာတီဆန်း၊ ဒု,တ,စ ပါဒ = အနုဋ္ဌုဘာဆန်း။

**တစ်ဂါထာလုံးကို ရှု၍ . . .**

(၁) ဟီန, မဇ္ဈိမ, ဥတ္တမ ဥပုသ်ဆောက်တည်သော အခြင်းအရာအားဖြင့် ဥပုသ်ဆောက်တည်သော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော အဋ္ဌင်္ဂိက ဥပုသ်ဟူသော ဝိရတီစေတနာ ပြဋ္ဌာန်းသော သီလကုသိုလ်, သီလကြိယာ စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ဝိရမိတဗ္ဗဝတ္ထုသည် အာလမ္ဗဏဝိဘာဝ။

(၃) ယောနိသောမနသိကာရ စသည်တို့သည် ဥဒ္ဒီပနဝိဘာဝ။

(၄) ဟီန ဗြဟ္မစရိယကြောင့် မင်းမျိုး၌ ဖြစ်ရခြင်း၊ မဇ္ဈိမ ဗြဟ္မစရိယကြောင့် နတ်ပြည်၌ ဖြစ်ရခြင်း၊ ဥတ္တမ ဗြဟ္မစရိယကြောင့် နိဗ္ဗာန်သို့ ရောက်ရခြင်းသည် အနုဘာဝ။

---

အညံ ဥပ္ပဇ္ဇတေ စိတ္တံ၊ အညံ စိတ္တံ နိရုဇ္ဈတိ။
အဝိစိမနုသမ္ဗန္ဓော၊ နဒီသောတောဝ ဝတ္တတိ။ (ဋ၊ နှာ–၁၇၃) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

---

ဘဝဂ်ါဝဇ္ဇနဉ္စေဝ၊ ဒဿနံ သမ္ပဋိစ္ဆနံ။
သန္တီရဏံ ဝေါဋ္ဌဗ္ဗနံ၊ ဇဝနံ "ဘဝ"တိ သတ္တမံ။ (ဋ၊ နှာ–၁၇၄)

စတုတ္ထပါဒ၌ = ဘ+ဝ ကိုပေါင်း၍ တတိယ တကာရ ဝိပုလာဂါထာ။ ပ,ဒု,တ ပါဒ = အနုဋ္ဌုဘာဆန်း၊ စ ပါဒ = ဗြဟာတီဆန်း။

---

တိစီဝရဉ္စ ပတ္တော စ၊ ဝါသိ သူစိ စ ဗန္ဓနံ။
"ပရိ"ဿာဝနေန အဋ္ဌေတေ၊ ယုတ္တယောဂဿ ဘိက္ခုနော။ (ဋ၊ နှာ–၁၈၄)

တတိယပါဒ၌ = ပ+ရိ ကိုပေါင်း၍ ပထျာဝတ္တဂါထာ။ ပ,ဒု,စ ပါဒ = အနုဋ္ဌုဘာဆန်း၊ တ ပါဒ = ဗြဟာတီဆန်းတည်း။

ttp://www.dhammadownload.com



**ယုတ္တယောဂ ပုဒ်ကို ရှု၍ . . .**

(၁) ပရိက္ခရာ ရှစ်ပါးနှင့် သင့်လျော်လျောက်ပတ်သော ရဟန်း၏ သန္တာန်၌ ဖြစ်သော ကမ္မဋ္ဌာန်းဘာဝနာ ပွားများအားထုတ်ခြင်းဟူသော ဝီရိယ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရိယသ။

(တစ်နည်း) ဘာဝနာမယ ကုသိုလ်စေတနာသည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) ပရိက္ခရာ ရှစ်ပါးသည်လည်းကောင်း၊ ကမ္မဋ္ဌာန်း အာရုံသည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) အရပ်ဌာန၏ ဝိဝေက ဖြစ်ခြင်းသည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ပရိက္ခရာရှစ်ပါး လွယ်လျက် လိုရာသွားနိုင်ခြင်း၊ ဈာန်,မဂ်,ဖိုလ် တရားထူးများကို ရရှိခြင်း စသည်တို့သည် အနုဘာဝ။

---

စာတုဒ္ဒိသော အပ္ပဋိဃော စ ဟောတိ၊ သန္တုဿမာနော ဣတရီတရေန။

ပရိဿယာနံ သဟိတာ အဆမ္ဘီ၊ ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။ (ဌ၊ နှာ–၁၈၆)

ပထမ, ဒုတိယ, စတုတ္ထပါဒ = ဣန္ဒဝဇိရာဂါထာ၊ တတိယပါဒ = ဥပေန္ဒဝဇိရာဂါထာ၊ လက္ခဏာ ရောရကား ဥပဇာတိဂါထာ၊ ၁၁–လုံးဖွဲ့ချည်းသာ ဖြစ်သောကြောင့် တုဋ္ဌုဘာဆန်းတည်း။

**စာတုဒ္ဒိသော ကိုရှု၍ . . .**

(၁) အရပ်လေးမျက်နှာတို့ကို မေတ္တာ ပွားများသော အခြင်းအရာအားဖြင့် အဋ္ဌပရိက္ခာရိက ရဟန်းတော်၏ သန္တာန်၌ ဖြစ်သော မေတ္တာ,ကရုဏာ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီ ဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) မေတ္တာ စသည်တို့၏ အာရုံဖြစ်သော သတ္တဝါပညတ်သည် အာလမ္ဗဏဝိဘာဝ။

(၃) သတ္တဝါတို့၏ သုခ,ဒုက္ခမျိုးစုံတို့သည်လည်းကောင်း၊ စိမ်းလန်းစိုပြည် ဆိတ်ငြိမ်သော တော,တောင် စသည်တို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) အရပ်လေးမျက်နှာတို့သို့ အပိတ်အပင်မရှိ သွားလာနိုင်ခြင်း၊ ဘေးရန်တို့ကို သည်းခံနိုင်ခြင်း၊ ကိုယ် ခက် ထရော်မှု မရှိခြင်း၊ ကြောက်ရွံ့ တုန်လှုပ်ခြောက်ချားမှု မရှိခြင်း၊ ကြံ့ချိုနှင့် တူစွာ တစ်ယောက်အထီးတည်း ကျင့်နိုင်ခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**သန္တုဿမာနော၌ အန္တတ္တကို ရှု၍ . . .**

(၁) ရ,ရသမျှသော ပစ္စည်းများဖြင့် ရောင့်ရဲလွယ်သော အဋ္ဌပရိက္ခာရိက ရဟန်းတော်၏ သန္တာန်၌ ဖြစ်သော ပီတိနှင့်တကွ အလောဘ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) ရ,ရသမျှသော ပစ္စည်းလေးပါးသည် အာလမ္ဗဏဝိဘာဝ။

(၃) ကပ္ပိယဝတ္ထု ဖြစ်ခြင်း စသည်တို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ, အပ္ပိစ္ဆာ စသည်တို့သည် လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

ttp://www.dhammadownload.com



(၄) အရပ်လေးမျက်နှာတို့သို့ အပိတ်အပင်မရှိ သွားလာနိုင်ခြင်း၊ ဘေးရန်တို့ကို သည်းခံနိုင်ခြင်း၊ ကိုယ် ခက်ထရော်မှု မရှိခြင်း၊ ကြောက်ရွံ့ တုန်လှုပ်ခြောက်ချားမှု မရှိခြင်း၊ ကြံ့ချိုနှင့် တူစွာ တစ်ယောက်အထီးတည်း ကျင့်နိုင်ခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော ကို ရှု၍ . . .**

(၁) တစ်ယောက်တည်း ငြိမ်သက်တည်ကြည်စွာ တရားဓမ္မကို ကျင့်သုံးနေထိုင်သော အခြင်းအရာအားဖြင့် အဋ္ဌပရိက္ခာရိက ရဟန်းတော်၏ သန္တာန်၌ ဖြစ်သော သမာဓိ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် သမဋ္ဌာယီဘာဝ၊ သန္တရသ။

(တစ်နည်း) တစ်ယောက်တည်း ကျင့်ကြံကြိုးကုတ် အားထုတ်နေသော အဋ္ဌပရိက္ခာရိက ရဟန်းတော်၏ သန္တာန်၌ ဖြစ်သော ဝီရိယ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ဗြဟ္မဝိဟာရ ဈာန်၏ အစွမ်းဖြင့် ဖြစ်သော သတ္တဝါပညတ်ဟူသော ကမ္မဋ္ဌာန်း အာရုံသည် အာလမ္ဗဏဝိဘာဝ။

(၃) သတ္တဝါတို့၏ သုခ,ဒုက္ခမျိုးစုံတို့သည်လည်းကောင်း၊ စိမ်းလန်းစိုပြည် ဆိတ်ငြိမ်သော တော,တောင် စသည်တို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) အရပ်လေးမျက်နှာတို့သို့ အပိတ်အပင်မရှိ သွားလာနိုင်ခြင်း၊ ဘေးရန်တို့ကို သည်းခံနိုင်ခြင်း၊ ကိုယ် ခက်ထရော်မှု မရှိခြင်း၊ ကြောက်ရွံ့ တုန်လှုပ်ခြောက်ချားမှု မရှိခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

ပရဝဇ္ဇာနုပဿိဿ၊ နိစ္စံ ဥဇ္ဈာနသညိနော။

အာသဝါ တဿ ဝဍ္ဎန္တိ၊ အာရာ သော အာသဝက္ခယာ။ (နှာ–၂၀၀) ။ပဋ္ဌာဝတ္ထုဂါထာ၊ အနုဋ္ဌာဘာဆန်း။

**ပုဗ္ဗဒ္ဓကို ရှု၍ (ဝါ) တစ်ဂါထာလုံးကို ရှု၍ . . .**

(၁) သူတစ်ပါး အပြစ်ကို အဖန်ဖန် ရှု၍ အမြဲကဲ့ရဲ့သော သူ၏ သန္တာန်၌ ဖြစ်သော ဒေါသ,ဣဿာ စသည် ပြဋ္ဌာန်းသော ဒေါသမူ စိတ္တုပ္ပါဒ်သည် ကောဓဋ္ဌာယီဘာဝ၊ ရုဒ္ဒရသ။

(၂) သူတစ်ပါးဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) သူတစ်ပါး၏ အပြစ်သည်လည်းကောင်း၊ အကုသိုလ်ကံနှင့် အကုသိုလ်အကျိုးကို မသိမြင်ခြင်း အညာဏတာ စသော အကြောင်းတို့သည်လည်းကောင်း၊ အတ္တုက္ကံသန, ပရဝမ္ဘနဟူသော မာနရှိခြင်းနှင့် အယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) အာသဝေါတရားတို့၏ တိုးပွားခြင်း၊ နိဗ္ဗာန်မှ ဝေးခြင်း၊ သံသရာ၌ တဝဲလည်လည် ကျင်လည်နေရခြင်း စသော မကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**အာသဝါ တဿ ဝဍ္ဎန္တိ ကိုရှု၍ . . .**

(၁) အာသဝေါတရားများ တိုးပွား၍ နေသော သူ၏ သန္တာန်၌ ဖြစ်သော လောဘ,ဒိဋ္ဌိ,မောဟဟူသော အာသဝေါတရားများ ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ၊ ကာမသိင်္ဂါရရသ။

ttp://www.dhammadownload.com



(၂) အာသဝေါတရားတို့၏ အာရုံဖြစ်သော လောကီအာရုံ ကာမဂုဏ်တရားများသည် အာလမ္ဗဏဝိဘာဝ။
(၃) ကာမဂုဏ်တရားတို့၏ အဿာဒ, ဥက္ကဋ္ဌ, ကန္တ စသော ဂုဏ်တို့သည်လည်းကောင်း၊ သူတစ်ပါးတို့၏ အပြစ်ကို အဖန်ဖန် ရှု၍ အမြဲ ကဲ့ရဲ့နေခြင်းသည်လည်းကောင်း၊ အယောနိသောမနသိကာရ စသည်တို့သည် လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
(၄) နိဗ္ဗာန်မှ ဝေးခြင်း၊ သံသရာ၌ တဝဲလည်လည် ကျင်လည်နေရခြင်း စသော မကောင်းသော အကျိုးအဆက် ဆက်တို့သည် အနုဘာဝ။

---

ကော မေ ဝန္ဒတိ ပါဒါနိ၊ ဣဒ္ဓိယာ ယသသာ ဇလံ။
အဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာ ဩဘာသယံ ဒိသာ။ (ဌ၊ နှာ-၂၀၃) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**ဝန္ဒတိ၌ အန္တတ္ထကို ကိုယ်ပြု၍ . . .**

(၁) ဘုရားရှင်၏ ခြေတော်အစုံတို့ကို ရှိခိုးသော အခြင်းအရာအားဖြင့် ဖားနတ်သား၏ သန္တာန်၌ ဖြစ်သော ပဏာမစေတနာ,သဒ္ဓါ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မ သိင်္ဂါရရသ။
(၂) မြတ်စွာဘုရား၏ ခြေတော်အစုံတို့သည် အာလမ္ဗဏဝိဘာဝ။
(၃) ခြေတော်တို့၏ လက္ခဏာသမ္ပတ္တိတို့သည်လည်းကောင်း၊ ဘုရားရှင်၏ ဂုဏ်တော်, ကျေးဇူးတော်များသည် လည်းကောင်း၊ ဖားသတ္တဝါ ဖြစ်စဉ်က တရားနာခဲ့ရသော ဖားနတ်သား၏ ရှေးရှေးသော ကုသိုလ်များသည် လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
(၄) သုဂတိ ဖြစ်သော နတ်ဘုံ, ဗြဟ္မာ့ဘုံတို့၌သာ ကျင်လည်ရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**တစ်ဂါထာလုံးကို ရှု၍ . . .**

(၁) တရားနာ ပရိသတ်များအား ကုသိုလ်၏ အကျိုးကို သိစေတော်မူလိုသော အခြင်းအရာအားဖြင့် မြတ်စွာ ဘုရား၏ သန္တာန်တော်၌ ဖြစ်သော ဒေသနာဉာဏ်,သမ္မာဆန္ဒ စသည် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏ သမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။
(တစ်နည်း:)"ကော မေ ဝန္ဒတိ" စသည်ဖြင့် မေးမြန်းတော်မူသော အခြင်းအရာအားဖြင့် မြတ်စွာဘုရား၏ သန္တာန်တော်၌ ဖြစ်သော ဉာဏ်,ဆန္ဒ စသည် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဝိမှယဋ္ဌာယီဘာဝ၊ အဗ္ဘုတရသ။
(၂) ဖားနတ်သားသည်လည်းကောင်း၊ တရားနာ ပရိသတ်များသည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။
(၃) ဖားနတ်သား၏ တန်ခိုး, အခြံအရံတို့ဖြင့် တောက်ပခြင်း, သူတစ်ပါးထက် လွန်ကဲသော အဆင်းရှိခြင်းလည်း ကောင်း၊ တရားနာ ပရိသတ်များ၏ ဖြည့်ဆည်းပူးခဲ့ပြီးသော ပါရမီကုသိုလ်များ ရှိခြင်းသည်လည်းကောင်း၊ မဟာကရုဏာ ဉာဏ်တော် စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
(၄) ကော မေ ဝန္ဒတိ စသော ဂါထာကို မေးမြန်းသောအားဖြင့် ဟောတော်မူခြင်း၊ ဖားနတ်သားသည် အတ္တုပ္ပတ္တိ ကို လျှောက်ထားခြင်း၊ ဖားနတ်သား သောတာပန် တည်ခြင်း၊ ဓမ္မဿဝန ကုသိုလ်၏ အကျိုးကို ပရိသတ်တို့ သိရခြင်း၊ တရား နာယူကြခြင်း၊ ကျင့်ကြံကျိုးကုတ် အားထုတ်ကြခြင်းတို့မှ စ၍ အနုပါဒိသေသ နိဗ္ဗာန် တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

ttp://www.dhammadownload.com



**ပရိသတ်အမြင်ကို ရှု၍ . . .**

(၁) ဖားနတ်သား၏ တန်ခိုး, အခြံအရံ, အရောင်အဆင်းတို့ကို မြင်ကြ၍ အံ့သြသော အခြင်းအရာအားဖြင့် ပရိသတ်တို့၏ သန္တာန်၌ ဖြစ်သော အံ့သြခြင်း သမ္ဘာဆန္ဒ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် (မဟာကြိယာ) စိတ္တုပ္ပါဒ်သည် ဝိမှယဋ္ဌာယီဘာဝ၊ အဗ္ဘုတရသ။

(၂) ဖားနတ်သားသည်လည်းကောင်း၊ မြတ်စွာဘုရားသည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) ဖားနတ်သား၏ တန်ခိုး အခြံအရံတို့ဖြင့် တောက်ပခြင်း, သူတစ်ပါးထက် လွန်ကဲသော အဆင်းရှိခြင်းလည်းကောင်း၊ မြတ်စွာဘုရား၏ အရဟံ စသော ဂုဏ်တော်တို့သည်လည်းကောင်း၊ တရားနာ ပရိသတ်များ၏ ဖြည့်ဆည်းပူးခဲ့ပြီးသော ပါရမီကုသိုလ်များ ရှိခြင်းနှင့် ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ဓမ္မဿဝန ကုသိုလ်၏ အကျိုးကို ပရိသတ်တို့ သိရခြင်း၊ တရား နာယူကြခြင်း၊ ကျင့်ကြံကျိုးကုတ် အားထုတ်ကြခြင်းတို့မှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

ဘယေ ကောဓေ ပသံသာယံ၊ "တုရိ"တေ ကောတုဟလစ္ဆရေ။
ဟာသေ သောကေ ပသာဒေ စ၊ ကရေ အာမေဍိတံ ဗုဓော။ (ဋ၊ နှာ–၂၀၃)
ဒုပါဒ၌ = တု+ရိ ပေါင်း၍ ပထျာဝတ္တဂါထာ။ ပ,တ,စ ပါဒ = အနုဋ္ဌုဘာဆန်း၊ ဒု ပါဒ = ဗြဟတီဆန်း။

---

ရာဂဝိရာဂမနေဇမသောကံ၊ ဓမ္မမသင်္ခတမပ္ပဋိကူလံ။
"မဓု"ရမိမံ ပဂုဏံ သုဝိဘတ္တံ၊ ဓမ္မမိမံ သရဏတ္ထမုပေ"ဟိ"။ (ဋ၊ နှာ–၂၀၅)

ပထမ, ဒုတိယပါဒ = ဒေါဓကဂါထာ, တုဋ္ဌုဘာဆန်း၊ တတိယပါဒ = "မဓု"၌ မ–ကို ပယ် (ဝါ) "မ+ဓု"ကို ပေါင်း၍ ဒေါဓကဂါထာ, ဇဂတီဆန်း၊ စတုတ္ထပါဒ = "ဟိ"ကို ပါဒန္တဂရု ယူ၍ ဒေါဓကဂါထာ၊ တုဋ္ဌုဘာဆန်း။

အမှာ။ "မဓု"၌ မ–ကို မပယ် (ဝါ) "မဓု"ကို မပေါင်းဘဲ ပါဠ်ရှိအတိုင်း ဆန်းစစ်သော် တတိယပါဒ = တာမရသဂါထာ, ဇဂတီဆန်း၊ ပ,ဒု,စ ပါဒ = ဒေါဓကဂါထာ, တုဋ္ဌုဘာဆန်း၊ တစ်ဂါထာလုံးသည် = လက္ခဏာရောရကား ဥပဇာတိဂါထာ ဖြစ်၏။

**ဥပေဟိ၌ သုဒ္ဓကတ္တုဋ္ဌကို ရှု၍ . . .**

(၁) တရားရတနာကို ကိုးကွယ်ဆည်းကပ်သော ဆတ္တလုလင်၏ သန္တာန်၌ ဖြစ်သော သဒ္ဓါ,သတိ,သမ္မာဒိဋ္ဌိ, ဒိဋ္ဌိဇုကမ္မ,ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) မဂ်,ဖိုလ်,နိဗ္ဗာန်,ပရိယတ် ဆယ်ပါးသော တရားတော်မြတ်သည် အာလမ္ဗဏဝိဘာဝ။

(၃) ဆယ်ပါးသော တရားတော်မြတ်တို့၏ ရာဂဝိရာဂ စသော ဂုဏ်တော်တို့သည်လည်းကောင်း၊ ဒေသကဘုရားရှင်သည်လည်းကောင်း၊ ဆတ္တလုလင်၏ အတိတ်ဘဝတို့၌ ဆည်းပူးခဲ့သော သမ္ဘာရစိတ်များနှင့် ယခုဘဝ၌ ဖြစ်သော ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

ttp://www.dhammadownload.com



(၄) ပစ္စုပ္ပန်ဘဝ၌ ကာယိကသုခ, စေတသိကသုခတို့ကို ခံစားရခြင်း၊ တမလွန်ဘဝ၌ တာဝတိံသာ နတ်ပြည်ဝယ် ရွှေဗိမာန်၌ နတ်စည်းစိမ်ကို ခံစားရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**ဉပေဟိဒ္ဓ် ဟေတုကတ္တာျဒ္ဒကို ကိုယ်ပြု၍ . . .**

(၁) တရားတော်ကို ဆည်းကပ်လေ့ဟု တိုက်တွန်းတော်မူသော ဘုရားရှင်၏ သန္တာန်တော်၌ ဖြစ်သော သမ္မာ ဆန္ဒ,မေတ္တာ,စေတနာ,ဉာဏ်,ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဉဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ဆတ္တလုလင် ဒြပ်သည် အာလမ္ဗဏဝိဘာဝ။

(၃) ဆတ္တလုလင်၏ အတိတ်ဘဝတို့၌ ဆည်းပူးခဲ့သော သမ္ဘတ္တိစက်များနှင့် ယခုဘဝ၌ ဖြစ်သော ယောနိသော မနသိကာရ စသည်တို့သည်လည်းကောင်း၊ ဘုရားရှင်၏ ဆတ္တမာဏဝကဝတ္ထု ဒေသနာတော် ဖြစ်ပေါ်လာ မည်ကို သိခြင်းနှင့် မဟာကရုဏာဉာဏ်တော် စသည်တို့သည်လည်းကောင်း ဉဒ္ဒီပနဝိဘာဝ။

(၄) ဆတ္တလုလင် သရဏဂုံတည်ခြင်း၊ ပစ္စုပ္ပန်ဘဝ၌ ကာယိကသုခ, စေတသိကသုခတို့ကို ခံစားရခြင်း၊ တမလွန်ဘဝ၌ တာဝတိံသာ နတ်ပြည်ဝယ် ရွှေဗိမာန်၌ နတ်စည်းစိမ်ကို ခံစားရခြင်း၊ မိမိအတ္တုပ္ပတ္တိကို ဘုရားရှင်အား ပြန်လည် လျှောက်ထားခြင်း၊ ဆတ္တမာဏဝကဝတ္ထု ဒေသနာတော်ကြီး ဖြစ်ပေါ်လာခြင်း၊ ဆတ္တလုလင် သောတာပန် တည်ခြင်း၊ ပရိသတ်အများ သစ္စာလေးပါးကို သိခြင်း အစရှိသော ကောင်းသော အကျိုး အဆက်ဆက်တို့သည် အနုဘာဝ။

**ရာဂဝိရာဂ အရကို ကိုယ်ပြု၍ . . .**

(၁) အရိယာ မဂ္ဂဋ္ဌာန် လေးယောက်တို့၏ သန္တာန်၌ ဖြစ်သော ဉာဏ် ပြဋ္ဌာန်းသော မဂ်စိတ္တုပ္ပါဒ်သည် သမဋ္ဌာယီ ဘာဝ၊ သန္တရသ (ဝါ) ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) နိဗ္ဗာန်သည်လည်းကောင်း၊ အရိယာမဂ်၏ ရှေ့၌ ဖြစ်သော ဂေါတြဘု, ဝေါဒါန်တို့သည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) သန္တိသုခ စသော ဂုဏ်တို့သည်လည်းကောင်း၊ ဘဝါဘဝက ဆည်းပူးခဲ့သော ပါရမီသမ္ဘာရနှင့် မဂ်၏ ရှေ့၌ ဖြစ်သော ပရိကမ်, ဉပစာ, အနုလုံ အစရှိသော ကုသိုလ်တရားတို့သည်လည်းကောင်း၊ ယောနိသော မနသိကာရ စသည်တို့သည်လည်းကောင်း ဉဒ္ဒီပနဝိဘာဝ။

(၄) အရိယာဖိုလ်မှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် စသော ကောင်းကျိုးချမ်းသာ အဆက်ဆက်တို့သည် အနုဘာဝ။

**အသောကဲ၌ အညပုဒ်အရကို ကိုယ်ပြု၍ . . .**

(၁) အရိယာ ဖလဋ္ဌာန် လေးယောက်တို့၏ သန္တာန်၌ ဖြစ်သော ဉာဏ် ပြဋ္ဌာန်းသော ဖိုလ်စိတ္တုပ္ပါဒ်သည် သမ ဋ္ဌာယီဘာဝ၊ သန္တရသ (ဝါ) ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) နိဗ္ဗာန်သည်လည်းကောင်း၊ အရိယာမဂ်သည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

ttp://www.dhammadownload.com



(၃) သဒ္ဓိသုခ စသော ဂုဏ်တို့သည်လည်းကောင်း၊ ဘဝါဘဝက ဆည်းပူးခဲ့သော ပါရမီသမ္ဘာရနှင့် ဥပစာရဘာဝနာ, ကာမာဝစရ သမာဓိ စသော ကုသိုလ်တရားတို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ, သမ္မာဆန္ဒ, ပဏီတဆန္ဒ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ပစ္စဝေက္ခဏာ ဉာဏ်မှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် စသော ကောင်းကျိုးချမ်းသာ အဆက်ဆက်တို့သည် အနုဘာဝ။

---

ယတ္ထ စ ဒိန္နမဟပ္ဖလမာ"ဟု"၊ "စတူ"သု သုစီသု ပုရိသယုဂေ"သု"။

အဋ္ဌ စ ပုဂ္ဂလ ဓမ္မဒသာ တေ၊ သံဃမိမံ သရဏတ္ထမုပေ"ဟိ"။ (ဌ၊ နှ၁-၂၀၅)

ပထမပါဒ = "ဟု"ကို ပါဒန္တဂရုဟု ယူ၍ ဒေါဓကေဂါထာ, တုဋ္ဌုဘာဆန်း၊ ဒုတိယပါဒ = "စတူ"၌ စ-ကိုပယ် (ဝါ) "စ+တူ" ပေါင်းပြီး ပုရိသယုဂေသု-၌ "သု"ကို ပါဒန္တဂရုဟု ယူ၍ ဒေါဓကေဂါထာ, ဇဂတီဆန်း၊ တတိယပါဒ = ဒေါဓကေဂါထာ, တုဋ္ဌုဘာဆန်း၊ စတုတ္ထပါဒ = "ဟိ"ကို ပါဒန္တဂရုဟု ယူ၍ ဒေါဓကေဂါထာ, တုဋ္ဌုဘာဆန်း၊

**အာဟုနဲ့ အန္တတ္ထကို ရှု၍ . . .**

(၁) မြတ်စွာဘုရားတို့၏ သန္တာန်တော်၌ ဖြစ်သော ဒေသနာဉာဏ်,ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ပုရိသယုဂသည်လည်းကောင်း၊ ဒါနသည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) ပုရိသယုဂ၏ သုစိ စသော ဂုဏ်တို့သည်လည်းကောင်း၊ ဒါန၏ မဟပ္ဖလ စသော ဂုဏ်တို့သည်လည်းကောင်း၊ သမ္မာဆန္ဒ, ပဏီတဆန္ဒနှင့် မဟာကရုဏာဉာဏ်တော် စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ဒါနာနိသံသကို သိသဖြင့် ပေးလှူခြင်း၊ ပစ္စည်းပေါများခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**ဥပေဟိ၌ သုဒ္ဓကတ္တုရှ္ဝကို ရှု၍ . . .**

(၁) အရိယာသံဃာတော်ကို ကိုးကွယ်ဆည်းကပ်သော ဆတ္တလုလင်၏ သန္တာန်၌ ဖြစ်သော သဒ္ဓါ,သတိ, သမ္မာဒိဋ္ဌိ,ဒိဋ္ဌိဇုကမ္မ,ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ရှစ်ယောက်သော အရိယာသံဃာတော် အပေါင်းသည် အာလမ္ဗဏဝိဘာဝ။

(၃) အရိယာသံဃာတော်များ၏ ဒိန္နမဟပ္ဖလဂုဏ်, သုစိဂုဏ်, ဓမ္မဒသာဂုဏ် စသော ဂုဏ်တော်တို့သည်လည်းကောင်း၊ ဒေသက ဘုရားရှင်သည်လည်းကောင်း၊ ဆတ္တလုလင်၏ အတိတ်ဘဝတို့၌ ဆည်းပူးခဲ့သော သမ္ပတ္တိစက်များနှင့် ယခုဘဝ၌ ဖြစ်သော ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ပစ္စုပ္ပန်ဘဝ၌ ကာယိကသုခ, စေတသိကသုခတို့ကို ခံစားရခြင်း၊ တမလွန်ဘဝ၌ တာဝတိံသာ နတ်ပြည်ဝယ် ရွှေဗိမာန်၌ နတ်စည်းစိမ်ကို ခံစားရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

ttp://www.dhammadownload.com



**ဥပေဟိဠ် ဟေတုကတ္တာဗုဒ္ဓကို ကိုယ်ပြု၍ . . .**

(၁) သံဃာတော်ကို ဆည်းကပ်လော့ဟု တိုက်တွန်းတော်မူသော ဘုရားရှင်၏ သန္တာန်တော်၌ ဖြစ်သော သမ္မာဆန္ဒ,မေတ္တာ,စေတနာ,ဉာဏ်,ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ဆတ္တလုလင် ဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) ဆတ္တလုလင်၏ အတိတ်ဘဝတို့၌ ဆည်းပူးခဲ့သော သမ္ဗတ္တိစက်များနှင့် ယခုဘဝ၌ ဖြစ်သော ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း၊ ဘုရားရှင်၏ ဆတ္တမာဏဝကဝတ္ထု ဒေသနာတော် ဖြစ်ပေါ်လာမည်ကို သိခြင်းနှင့် မဟာကရုဏာဉာဏ်တော် စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ဆတ္တလုလင် သရဏဂုံတည်ခြင်း၊ ပစ္စုပ္ပန်ဘဝ၌ ကာယိကသုခ, စေတသိကသုခတို့ကို ခံစားရခြင်း၊ တမလွန်ဘဝ၌ တာဝတိံသာ နတ်ပြည်ဝယ် ရွှေဗိမာန်၌ နတ်စည်းစိမ်ကို ခံစားရခြင်း၊ မိမိအတ္ထုပ္ပတ္တိကို ဘုရားရှင်အား ပြန်လည် လျှောက်ထားခြင်း၊ ဆတ္တမာဏဝကဝတ္ထု ဒေသနာတော်ကြီး ဖြစ်ပေါ်လာခြင်း၊ ဆတ္တလုလင် သောတာပန် တည်ခြင်း၊ ပရိသတ်အများ သစ္စာလေးပါးကို သိခြင်း အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

သော အဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာ ပုရံ။

နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ။ (ဌ၊ နှာ–၂၀၇) ။တတိယ မကာရ ဝိပုလာ၊ အနုဋ္ဌုဘာဆန်း။

**ဝိစရိဿာမိ၌ အန္တတ္ထကို ရှု၍ . . .**

(၁) ပြည်ရွာတို့ကို လှည့်လည်သော အခြင်းအရာအားဖြင့် အာဠဝက ဘီလူး၏ သန္တာန်၌ ဖြစ်သော သမ္မာဝီရိယ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ပြည်ရွာဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) ပြည်ရွာတို့၏ လှည့်လည်သင့်သော အဖြစ်သည်လည်းကောင်း၊ ဘုရားဖူးလိုမှု, တရားနာလိုမှုနှင့် ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ဘေးရန်မရှိ ပြည်ရွာတို့သို့ ရောက်ခြင်း၊ ဘုရားဖူးရခြင်း၊ တရားနာရခြင်းမှ စ၍ ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**နမဿမာနော၌ အန္တတ္ထကို ရှု၍ . . .**

(၁) ရတနာသုံးပါးကို ရှိခိုးသော အခြင်းအရာအားဖြင့် အာဠဝက ဘီလူး၏ သန္တာန်၌ ဖြစ်သော သဒ္ဓါ, ပဏာမစေတနာ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) မြတ်စွာဘုရားသည်လည်းကောင်း၊ တရားတော်သည်လည်းကောင်း၊ သံဃာတော်သည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) မြတ်စွာဘုရား၏ အရဟတာ စသော ဂုဏ်, တရားတော်၏ သွာက္ခာတတာ စသော ဂုဏ်, သံဃာတော်တို့၏ သုပ္ပဋိပန္နတာ စသော ဂုဏ်တော်တို့သည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

ttp://www.dhammadownload.com



(၄) နတ်ရွာတစ်ခုမှ နတ်ရွာတစ်ခုသို့ အန္တရာယ် မရှိဘဲ ချမ်းသာစွာ လှည့်လည်နိုင်ခြင်း စသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

စတုဓာ ဝိဘဇေ ဘောဂေ၊ ပဏ္ဍိတော ဃရမာဝသံ။
ဧကေန ဘောဂေ ဘုဉ္ဇေယျ၊ ဒွီဟိ ကမ္မံ ပယောဇယေ။
စတုတ္ထဉ္စ နိဓာပေယျ၊ အာပဒါသု ဘဝိဿတိ။ (ဌ၊ နှာ–၂၀၇)

ရှေးဦးစွာသော လေးပါဒကား (ဝါ) ပထမဂါထာကား = တတိယ မကာရ ဝိပုလာဂါထာ၊ အနုဋ္ဌုဘာဆန်း။ ဒုတိယဂါထာကား = ပထမ မကာရ ဝိပုလာဂါထာ၊ အနုဋ္ဌုဘာဆန်း။

အမှာ။ ဤကဲ့သို့ ၆–ပါဒ ရှိသော ဂါထာကို စစ်ရာ၌ ရှေ့လေးပါဒကို တစ်ဂါထာ ယူ၍ စစ်ရမည်။ နောက်ဆုံး နှစ်ပါဒကို စစ်သော အခါ၌ကား = ရှေ့ဂါထာ၏ တ,စတုပါဒတို့ကို ပ,ဒုပါဒ ပြု၍ အသစ်ဖြစ်သော နောက်နှစ်ပါဒကို တ,စတုပါဒ ပြု၍ စစ်ရမည်။

**တစ်ဂါထာလုံးကို ရှု၍ . . .**

(၁) ပစ္စည်းဥစ္စာကို မပျက်စီးစေဘဲ တိုးပွားဖို့ရာ ထိန်းသိမ်းစောင့်ရှောက်သော သူ၏ သန္တာန်၌ ဖြစ်သော တဏှာ, လောဘ ပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ၊ ကာမသိင်္ဂါရရသ။

(၂) ပစ္စည်းဥစ္စာ ရတနာများသည် အာလမ္ဗဏဝိဘာဝ။

(၃) ပစ္စည်းဥစ္စာ ရတနာတို့၏ အဿာဒ, ဣဋ္ဌ, ကန္တ စသည်တို့သည်လည်းကောင်း၊ အိမ်ထောင်သည်၏ အဖြစ်သည်လည်းကောင်း၊ တစ်စုကို စား, နှစ်စုကို အလုပ်ကိစ္စ၌ အသုံးပြု၍, ကျန်တစ်စုကို သိုမှီးမြုပ်နှံ ထားခြင်းဟူသော မူဝါဒကောင်းကို လက်ခံကျင့်သုံးခြင်း စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ပစ္စည်းဥစ္စာ၏ မပျက်စီးခြင်း၊ ကြီးပွားတိုးတက်လာခြင်း၊ ဘေးရန် ကွာဝေးခြင်း စသော အကျိုးအဆက်ဆက် တို့သည် အနုဘာဝ။

အမှာ။ ဝိဘဇေကို ရှု၍ ပညာ–ကို ဓမ္မရတိဋ္ဌာယီဘာဝ ထုတ်၊ ဘုဉ္ဇေယျကို ရှု၍ ကာမရတိဋ္ဌာယီဘာဝ ထုတ်၊ ပယောဇယေကို ရှု၍ ဉဿာဟဋ္ဌာယီဘာဝ ထုတ်၊ နိဓာပေယျကို ရှု၍ ကာမရတိဋ္ဌာယီဘာဝ ထုတ်၊ အာလမ္ဗဏ စသည် သင့်လျော်သလို ထုတ်။

---

ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ "အရိ"ယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။ (ဌ၊ နှာ–၂၀၈)

တတိယပါဒ၌ = "အ+ရိ"ကို ပေါင်း၍ ပထျာဝတ္တဂါထာ။ ပ,ဒု,စ ပါဒ = အနုဋ္ဌုဘာဆန်း၊ တ ပါဒ = ဖြဟတီဆန်း။

**ဂတော၌ အန္တတ္တကို ရှု၍ . . .**

(၁) ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော အခြင်းအရာအားဖြင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ် သော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော သဒ္ဓါ,သတိ,ပီတိ,သောမနဿ,သမ္မာဒိဋ္ဌိ,ဒိဋ္ဌိဇုကမ္မ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ် သောမနဿ စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) ရတနာသုံးပါးသည် အာလမ္ဗဏဝိဘာဝ။

ttp://www.dhammadownload.com



(၃) ရတနာသုံးပါး၏ အရဟတာ, သွက္ခာတတာ, သုပ္ပဋိပန္နတာ စသော ဂုဏ်တော်များသည်လည်းကောင်း၊ ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း ဥဒ္ဒိပနဝိဘာဝ။

(၄) သစ္စာလေးပါးကို သိရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**ပဿတိ၌ အန္တတ္ထကို ကိုယ်ပြု၍ . . .**

(၁) သစ္စာလေးပါးတို့ကို မဂ်ပညာဖြင့် အမှန်အတိုင်း သိမြင်သော အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော ပညာ ပြဋ္ဌာန်းသော မဂ်စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) သမဌာယီဘာဝ၊ သန္တရသ။

(၂) သစ္စာလေးပါးတရားသည် အာလမ္ဗဏဝိဘာဝ။

(၃) သစ္စာတရား၏ ပရမတ္ထ စသော ဂုဏ်တို့သည်လည်းကောင်း၊ ရတနာသုံးပါးသို့ ဆည်းကပ်ခြင်းဟု ဆိုအပ်သော သပ္ပုရိသူပနိဿ္သ စသည်တို့သည်လည်းကောင်း ဥဒ္ဒိပနဝိဘာဝ။

(၄) သဗ္ဗဒုက္ခမှ လွတ်မြောက်ခြင်းနှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း စသော အကျိုးသည် အနုဘာဝ။

---

ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
"အရိ"ယံ စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။ (ဌ၊ နှာ−၂၀၈)

တတိယပါဒ၌ = "အ+ရိ"ကို ပေါင်း၍ ပထျာဝတ္တဂါထာ။ ပ,ဒု,စ ပါဒ = အနုဋ္ဌုဘာဆန်း၊ တ ပါဒ = ဗြဟတီဆန်း။

---

ဇတံ ခေါ သရဏံ ခေမံ၊ ဇတံ သရဏမုတ္တမံ။
ဇတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။ (ဌ၊ နှာ−၂၀၈) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**အာဂမ္မ၌ အန္တတ္ထကို ကိုယ်ပြု၍ . . .**

(၁) ရတနာသုံးပါးကို ဆည်းကပ်သော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော သဒ္ဓါ,သတိ,သမ္မာဒိဋ္ဌိ,ဒိဋ္ဌိဇုကမ္မ,စေတနာ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) ရတနာသုံးပါးသည် အာလမ္ဗဏဝိဘာဝ။

(၃) ရတနာသုံးပါး၏ ဆည်းကပ်ထိုက်သော ဂုဏ်တော်တို့သည်လည်းကောင်း၊ ဆည်းကပ်သော သူ၏ ဘဝါဘဝက ဆည်းပူးခဲ့သော ပါရမီသမ္ဘာရနှင့် ယခုဘဝ၌ ဖြစ်သော ယောနိသောမနသိကာရ, သမ္မာဆန္ဒ, ပဏ္ဍိတဆန္ဒ စသည်တို့သည်လည်းကောင်း ဥဒ္ဒိပနဝိဘာဝ။

(၄) အလုံးစုံသော ဆင်းရဲမှ လွတ်ခြင်းသည် အနုဘာဝ။

---

ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာ သေ၊ န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။ (ဌ၊ နှာ−၂၀၈)

ပ = ဣန္ဒဝဇိရာ, တုဋ္ဌုဘာဆန်း၊ ဒု = ဥပေန္ဒဝဇိရာ, တုဋ္ဌုဘာဆန်း၊ တ = ဝတ္တဂါထာ, အနုဋ္ဌုဘာဆန်း၊ စ = သာမညဂါထာ, ပင်္တိဆန်း၊ လက္ခဏာ ရောယှက်ရကား ဥပဇာတိဂါထာ။

ttp://www.dhammadownload.com



**ဂတာသေ၌ အန္တတ္ထကို (ဝါ) တစ်ဂါထာလုံးကို ရှု၍ . . .**

(၁) မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်သော အခြင်းအရာအားဖြင့် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်သော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော သဒ္ဓါ,သတိ,သမ္မာဒိဋ္ဌိ,ဒိဋ္ဌိဇုကမ္မ,စေတနာ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိဂ်ါရရသ။

(၂) မြတ်စွာဘုရားဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) အရဟံ စသော ဂုဏ်တော်တို့သည်လည်းကောင်း၊ ဆည်းကပ်သော သူ၏ ဘဝါဘဝက ဆည်းပူးခဲ့သော ပါရမီသင်္ခါရနှင့် ယခုဘဝ၌ ဖြစ်သော ယောနိသောမနသိကာရ, သမ္မာဆန္ဒ, ပဏီတဆန္ဒ စသည်တို့သည် လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) အပါယ်သို့ မလားရောက်ခြင်း၊ လူ့ခန္ဓာကို စွန့်၍ နတ်ခန္ဓာကို ရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင် အောင် စသော ကောင်းကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

## သောဏဒဏ္ဍသုတ်

တေ တာဒိသေ ပူဇယတော၊ နိဗ္ဗုတေ အကုတောဘယေ။
န သက္ကာ ပုညံ သင်္ခါတုံ၊ ဣမေတ္တမပိ ကေနစိ။ (ဌ၊ နှာ–၂၅၄)

။ဘ+မ ရောသော သံကိဏ္ဏဝိပုလာဂါထာ၊ အနုဋ္ဌုဘာဆန်း။

**ပူဇယတော၌ အန္တတ္ထကို ကိုယ်ပြု၍ . . .**

(၁) ပရိနိဗ္ဗာန် ပြုကုန်ပြီးသော ဘုရားရှင်တို့အား ပူဇော်သော သူတို့၏ သန္တာန်၌ ဖြစ်သော သဒ္ဓါ,သတိ, စေတနာ,ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိဂ်ါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) ပရိနိဗ္ဗာန် ပြုကုန်ပြီးသော ဘုရားရှင်တို့သည် အာလမ္ဗဏဝိဘာဝ။

(၃) ထိုဘုရားရှင်တို့၏ တာဒိသ, နိဗ္ဗုတ, အကုတောဘယ အစရှိသော ဂုဏ်တော်တို့သည်လည်းကောင်း၊ ပူဇော်သော သူတို့၏ ဘဝါဘဝက ဆည်းပူးခဲ့သော ဗုဒ္ဓါနုဿတိ စသော ပါရမီသင်္ခါရ ကုသိုလ်များနှင့် သမ္ပတ္တိစက် လေးပါးတို့သည်လည်းကောင်း၊ ယခုဘဝ၌ ဖြစ်သော ယောနိသောမနသိကာရ, သမ္မာဆန္ဒ, ပဏီတဆန္ဒ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) မရေမတွက်နိုင်သော ကောင်းမှုကုသိုလ် အကျိုးတရားတို့ကို ရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊ ကပ္ပမ္ပိ စေ အညမဘာသမာနော။
ခီယေထ ကပ္ပေါ စိရဒီဃမန္တ“ရေ”၊ ဝဏ္ဏော န ခီယေထ တထာဂတဿ။ (ဌ၊ နှာ–၂၅၇)

ပထမ, ဒုတိယ, စတုတ္ထ = ဣန္ဒဝဇိရာဂါထာ, တုဋ္ဌုဘာဆန်း၊ တတိယပါဒ = ပါဒန္တ “ရေ” အက္ခရာကို ပယ်၍ ဣန္ဒဝဇိရာဂါထာ, ဇဂတီဆန်း၊ တစ်ဂါထာလုံးသည် = ဣန္ဒဝဇိရာဂါထာတည်း။

(တစ်နည်း) တတိယပါဒ = “ရေ”အက္ခရာကို မပယ်မူ၍ ဣန္ဒဝံသဂါထာ, ဇဂတီဆန်း၊ တစ်ဂါထာလုံးသည် လက္ခဏာ ရောရကာ = ဥပဇာတိဂါထာ။

အမှာ။ တတိယပါဒ ဆန်းစစ်ရာ၌ = ပထမနည်းကား ဋီသစ်နည်း၊ နောက်နည်းကား ရသင့်၍ စစ်သော နည်းတည်း။

ttp://www.dhammadownload.com



**ဘဏ္ဍေယျ၌ အန္တတ္တကို ရှု၍ . . .**

(၁) ချီးမွမ်းထိုက်သော မြတ်စွာဘုရား၏ သန္တာန်တော်၌ ဖြစ်သော ဒေသနာဉာဏ် စသည် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

(၂) ချီးမွမ်းအပ်သော မြတ်စွာဘုရား၏ ဒြဗ်တော်သည် အာလမ္ဗဏဝိဘာဝ။

(၃) ချီးမွမ်းအပ်သော မြတ်စွာဘုရား၏ ဂုဏ်တော်တို့သည် ဥဒ္ဒီပနဝိဘာဝ။

(၄) ကောင်းချီးပေးကြခြင်း၊ မြတ်စွာဘုရား၏ ဂုဏ်မည်သည်ကို မြတ်စွာဘုရား တစ်ပါးပင်သော်လည်း ချီးမွမ်းမကုန်နိုင်ဟု ဝေနေယျတို့ သိရခြင်း၊ သိသည့်အတိုင်း ဂုဏ်တော်ပွားခြင်း၊ ကာယိကသုခ, စေတသိကသုခ ဖြစ်ရခြင်းတို့မှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

**တစ်ဂါထာလုံးကို ရှု၍ . . .**

(၁) ဗုဒ္ဓေါပိ စသော ဒေသနာကို ကြားနာရသူတို့၏ သန္တာန်၌ ဖြစ်သော အံ့ဩခြင်း ဆန္ဒ စသည် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်သည် ဝိမှယဋ္ဌာယီဘာဝ၊ အဗ္ဘုတရသ။

(၂) ဗုဒ္ဓေါပိ စသော ဝစီဘေဒသဒ္ဒ ပညတ်ဒြဗ်သည် အာလမ္ဗဏဝိဘာဝ။

(၃) ဒေသနာတော်၏ ကောင်းသည်၏ အဖြစ်သည်လည်းကောင်း၊ ယောနိသောမနသိကာရနှင့် သမ္မာဆန္ဒ, ပဏီတဆန္ဒ စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) ကောင်းချီးပေးကြခြင်း၊ မြတ်စွာဘုရား၏ ဂုဏ်မည်သည်ကို မြတ်စွာဘုရား တစ်ပါးပင်သော်လည်း ချီးမွမ်းမကုန်နိုင်ဟု သိရခြင်း၊ သိသည့်အတိုင်း ဂုဏ်တော်ပွားခြင်း၊ ကာယိကသုခ, စေတသိကသုခတို့ ဖြစ်ကြရခြင်းတို့မှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အစရှိသော ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

## ကူဋဒန္တသုတ်

အပ္ပကေနပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။
သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံ အဂ္ဂိံဝ သန္ဓမံ။ (ဋ္ဌ၊ နှာ-၂၆၅) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**ဥပမေယျ ပက္ခ၌ သမုဋ္ဌာပန ကြိယာကို ရှု၍ . . .**

(၁) အနည်းငယ်မျှသော အရင်းအနှီး ဥစ္စာကို လုံ့လကြိုးကုတ် အားထုတ်သော အခြင်းအရာအားဖြင့် များစွာသော စည်းစိမ်ဥစ္စာ အခြံအရံ အကျော်အစောကို ဖြစ်စေနိုင်သော ပညာရှိ၏ သန္တာန်၌ ဖြစ်သော ဝီရိယ ပြဋ္ဌာန်းသော (မဟာကုသိုလ်) စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) အနည်းငယ်မျှသော အရင်းအနှီးဥစ္စာသည် အာလမ္ဗဏဝိဘာဝ။

(၃) ရောင်းဝယ်ရေး၌ ကျွမ်းကျင်လိမ္မာမှု ရှိခြင်း စသည်တို့သည် ဥဒ္ဒီပနဝိဘာဝ။

(၄) စည်းစိမ်ဥစ္စာ၏ တိုးပွားခြင်း၊ အခြံအရံ အကျော်အစော ဖြစ်ခြင်း စသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

ttp://www.dhammadownload.com



**ဥပမာန ပက္ခ၌ သမုဋ္ဌာပန ကြိယာကို ရှု၍ . . .**

(၁) အနည်းငယ်မျှသော မီးကို လုံ့လကြိုးကုတ် အားထုတ်သော အခြင်းအရာအားဖြင့် မီးပုံကြီးကို ဖြစ်စေနိုင်သော သူ၏ သန္တာန်၌ ဖြစ်သော ဝီရိယ ပြဋ္ဌာန်းသော (မဟာကုသိုလ်) စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) အနည်းငယ်မျှသော မီးသည် အာလမ္ဗဏဝိဘာဝ။

(၃) အနည်းငယ်သော မီးကို တိုးပွားအောင် ပြုရာ၌ ကျွမ်းကျင်လိမ္မာမှု ရှိခြင်း စသည်တို့သည် ဥဒ္ဒီပနဝိဘာဝ။

(၄) မီးပုံကြီး ဖြစ်ပေါ်လာခြင်း၊ အလင်းရောင်, အပူငွေ့တို့ကို ရရှိခြင်း စသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

အမှာ။ သာမညမေးသော် "ပမာ+ပမေ၊ ဤနှစ်ထွေ၊ ပမေ ပဓာန" နိယံနှင့်အညီ ဥပမေယျ ပက္ခ၌ ထုတ်သော ဘာဝါလင်္ကာရ ထုတ်ပုံကိုသာ ဖြေပါ။

---

## ပေါ်ဋ္ဌပါဒသုတ်

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။
သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နူပလဗ္ဘတိ။ (ဌ၊ နှာ–၃၁၆) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

**အက္ခာသိ၌ အန္တတ္ထကို ကိုယ်ပြု၍ . . .**

(၁) သမ္မုတိ, ပရမတ္ထ သစ္စာနှစ်ပါးကို ဟောကြားတော်မူသော အခြင်းအရာအားဖြင့် မြတ်စွာဘုရား၏ သန္တာန်တော်၌ ဖြစ်သော မဟာကရုဏာ ပုဗ္ဗင်္ဂမ ဒေသနာဉာဏ်,ဝီရိယ စသည် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ (ဝါ) ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။

(၂) သမ္မုတိ, ပရမတ္ထဟူသော သစ္စာ နှစ်ပါးတို့သည်လည်းကောင်း၊ ဒေသနာ ရည်ညွှန်းသော တရားနာ ပရိသတ်များသည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

(၃) သစ္စာ နှစ်ပါးတို့၏ မှန်ကန်သော ဂုဏ်သည်လည်းကောင်း၊ သမ္မုတိကထာသည် လူတို့ မှတ်သားအပ်သော စကား၏ မချွတ်ယွင်းသော အကြောင်းဖြစ်ခြင်း, ပရမတ္ထကထာသည် ပရမတ္ထ တရားတို့၏ ဟုတ်မှန်သော လက္ခဏာကို မှတ်ကြောင်းဖြစ်ခြင်းသည်လည်းကောင်း၊ သမ္မုတိကထာဖြင့် သစ္စာတရားကို သိလတ္တံ့သော ပုဂ္ဂိုလ်, ပရမတ္ထကထာဖြင့် သစ္စာတရားကို သိလတ္တံ့သော ပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ်များ အသီးသီး ဖြစ်နေခြင်းတို့သည်လည်းကောင်း၊ ဘုရားရှင်၏ ဒေသနာတော်၌ ကျွမ်းကျင် လိမ္မာတော်မူခြင်းသည်လည်းကောင်း၊ သမ္မာဆန္ဒ, ပဏီတဆန္ဒတော်နှင့် မဟာကရုဏာ ဉာဏ်တော် စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

(၄) သမ္မုတိကထာ, ပရမတ္ထကထာ ဒေသနာတော်များ ဖြစ်ပေါ်လာခြင်း၊ နာကြားရခြင်း၊ ဝေနေယျတို့ သစ္စာနှစ်ပါးကို သိရခြင်းမှ စ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် ကောင်းသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

---

ttp://www.dhammadownload.com



သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိကာရဏံ။
"ပရ"မတ္ထဝစနံ သစ္စံ၊ ဓမ္မာနံ ဘူတလက္ခဏံ။ (ဌ၊ နှာ–၃၁၆)
တတိယပါဒ၌ = ပ+ရ ပေါင်း၍ ပထျာဝတ္တဂါထာ။ ပ,ဒု,စ = အနုဋ္ဌုဘာဆန်း၊ တ = ဗြဟတီဆန်း။

---

## သုဘာသုတ်

အဋ္ဌနာနံ ခယံ ဒိသွာ၊ ဝမ္မိကာနဉ္စ သဉ္စယံ။
မဓုနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရမာဝသေ။ (ဌ၊ နှာ–၃၁၇) ။ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။
**ပဓာနကြိယာ အာဝသေကို ရှု၍ . . .**

(၁) အိမ်ရာထောင်သောသူ၏ သန္တာန်၌ ဖြစ်သော တဏှာ,လောဘ ပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ၊ ကာမသိင်္ဂါရရသ (ဝါ) ဝီရိယ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။
(၂) အိမ်သူအိမ်သား အပေါင်းနှင့် စည်းစိမ်ဥစ္စာသည် အာလမ္ဗဏဝိဘာဝ။
(၃) မျက်စဉ်းတို့၏ ကုန်ပုံ, ခြတောင်ပို့တို့၏ တိုးပွားပုံ, ပျားတို့၏ စုဆောင်းပုံတို့ကို ကြည့်ရှုနည်း ယူခြင်းသည် ဥဒ္ဒီပနဝိဘာဝ။
(၄) စည်းစိမ်ဥစ္စာ တိုးပွားခြင်း စသည်သည် အနုဘာဝ။

---

## ဝန်ကြားလွှာ

သီလက္ခန်အဋ္ဌကထာ၌ လာသော ဂါထာများကို ဂါထာစစ်ရာ၌ အထူးသတိပြုသင့်သော မှတ်ချက်များကို တစ်စုတစ်စည်းတည်း အမြွက်မျှ ဖော်ပြအပ်ပါ၏။

၁။ ဌ၊ နှာ ၂–လာ 'အရိ'ယာနိ စေဝ စတ္တာရိ။ (အရိ–၌ အ–ကို ပယ်၍ ဂါထာစစ်ပါ။)
၂။ ဌ၊ နှာ ၅–လာ 'စတု'ရာသီတိ သဟဿာ'နိ'။ (စ+တု ပေါင်း၍ ၊ဝါ– ပါဒန္တ နိ–ကို ပယ်၍ စစ်ပါ။)
၃။ ဌ၊ နှာ ၁၆–လာ ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။
(ဤကဲ့သို့ ၆–ပါဒရှိသော ဂါထာကို စစ်ရာ၌ = ရှေ့လေးပါဒကို တစ်ဂါထာ မှတ်၍ ဂါထာစစ်။ နောက်ဆုံး နှစ်ပါဒကို စစ်သော အခါ၌ကား = ရှေ့ဂါထာ၏ တတိယ, စတုတ္ထ ပါဒတို့ကို ပထမ, ဒုတိယ ပါဒပြု၍ အသစ်ဖြစ်သည့် "ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ"ဟူသော နောက်နှစ်ပါဒကို တတိယ, စတုတ္ထ ပါဒပြု၍ ဂါထာစစ်ပါ။)
၄။ ဌ၊ နှာ ၁၉–လာ 'ပရိ'ယတ္တိဘေဒံ သမ္ပတ္တိံ။ (ပ+ရိ ပေါင်း၍ ဂါထာစစ်ပါ။)
၅။ ဌ၊ နှာ ၃၄–လာ 'ဘဂ'ဝါတိ 'ဝစ'နံ သေဋ္ဌံ၊ 'ဘဂ'ဝါတိ 'ဝစ'န မုတ္တမံ။
(ပပါဒ = ဘ+ဂ ပေါင်း ၊ဝါ– ဝ+စ ပေါင်း၊ ဒုပါဒ = ဘ+ဂ ပေါင်း, ဝ+စ ပေါင်း၍ ဂါထာစစ်ပါ။)

ttp://www.dhammadownload.com



၆။ ဋ၊ နှာ ၅၄-လာ 'ကသိဏော'နာပိ ဓမ္မဒီပဿ။
('ကသိဏော'ဟူသော သုံးလုံးကို တစ်လုံး ယူ၍ (ဝါ) ကသိကို ပယ်၍ ဂါထာစစ်ပါ။)

၇။ ဋ၊ နှာ ၅၆-လာ သပ္ပုရိသော ပဝါ'ယတိ'။ (ယ+တိ ပေါင်း၍ ဂါထာစစ်ပါ။)

၈။ ဋ၊ နှာ ၅၆-လာ 'သော' ဣမံ 'ဝိဇ'ဋယေ ဇဋံ။ (ပါဒါဒိ သော-ကို ပယ်၍ ၊ဝါ- ဝိ+ဇ ပေါင်း၍ စစ်ပါ။)

၉။ ဋ၊ နှာ ၆၁-လာ ဂိရိမဗ္ဗုဒီရ'ယိ'။ (ယိ-ကို ပါဒန္တဂရု ယူ၍ ဂါထာစစ်ပါ။)

၁၀။ ဋ၊ နှာ ၁၁၉-လာ 'အနု'မောဒမာနာ သိရသာ။ (အ+နု ပေါင်း၍ စစ်ပါ။)

၁၁။ ဋ၊ နှာ ၁၄၁-လာ ကောဏ္ဍည ပဥ္စာနိ ဝိယာကရော'ဟိ'၊ ယာစ'န္တိ' တံ ဣသယော သာဓုရူပါ။
(ဟိ-ကို ပါဒန္တဂရု ယူ၊ န္တိ-ကို န္တီ-ဟု ဂရု ယူ၍ ဂါထာစစ်ပါ။)

၁၂။ ဋ၊ နှာ ၁၄၁-လာ 'က'တာဝကာသာ ပုစ္ဆန္တု ဘော'န္တော'၊ ယံကိဉ္စိ ပဉ္ဟံ မနသာဘိပတ္ထိတံ။
'အ'ဟဉှိ တံ တံ ဝေါ ဗျာကရိ'ဿံ'။
(ပထမပါဒ = ကတာ၌ က-ကို ကာ-ဟု ဂရု ယူ၍လည်းကောင်း, န္တော-ကို ပါဒန္တလဟု ယူ၍လည်းကောင်း၊ တတိယပါဒ = အဟဉှိ၌ အ-ကို အာ-ဟု ဂရု ယူ၍လည်းကောင်း, ဿံ-ကို ပါဒန္တလဟု ယူ၍လည်းကောင်း ဂါထာစစ်ပါ။)

၁၃။ ဋ၊ နှာ ၁၅၉-လာ 'ပရိ'ယောသာနမှိ နိဗ္ဗာနံ။ (ပ+ရိ ပေါင်း၍ စစ်ပါ။)

၁၄။ ဋ၊ နှာ ၁၆၀-လာ ကိံ တေ ဝတံ ကိံ ပန ဗြဟ္မ'စရိ'ယံ၊ ကိ'ဿ' သုစိဏ္ဏဿ အယံ ဝိပါကော။
ဣဒ္ဓီ ဇုတီ 'ဗလ' ဝီရိယူပပတ္တိ။ ဣဒဉ္စ တေ နာဂ မဟာဝိမာနံ။
(ပထမပါဒ = စ+ရိ ပေါင်း၍လည်းကောင်း၊ ဒုတိယပါဒ = ကိဿ၌ ဿာ-ဟု ဂရု ယူ၍လည်းကောင်း၊ တတိယပါဒ = ဗ+လ ပေါင်း၍လည်းကောင်း စစ်ပါ။)

၁၅။ ဋ၊ နှာ ၁၆၀-လာ အဟဉ္စ'ဘရိ'ယာ စ မနုဿလောကေ၊ သဒ္ဓါ ဥဘော ဒါနပတီ အဟုမှာ။
ဩပါနဘူတံ မေ 'ဃရံ' တဒါသိ၊ သန္တပ္ပိတာ 'သမဏ'ဗြာဟ္မဏာ စ။
(ပထမပါဒ = ဘ+ရိ ပေါင်း၍လည်းကောင်း၊ တတိယပါဒ = ဃ+ရံ ပေါင်း၍လည်းကောင်း၊ စတုတ္ထပါဒ = သ+မ ပေါင်း, ဏ ကို ဏာ-ဟု ဂရု ယူ၍လည်းကောင်း စစ်ပါ။)

၁၆။ ဋ၊ နှာ ၁၆၀-လာ တံ မေ ဝတံ တံ ပန ဗြဟ္မ'စရိ'ယံ၊ တ'ဿ' သုစိဏ္ဏဿ အယံ ဝိပါကော။
ဣဒ္ဓီ ဇုတီ 'ဗလ' ဝီရိယူပပတ္တိ။ ဣဒဉ္စ မေ ဓီရ မဟာဝိမာနံ။
(ပထမပါဒ = စ+ရိ ပေါင်း၍လည်းကောင်း၊ ဒုတိယပါဒ = ကိဿ၌ ဿာ-ဟု ဂရု ယူ၍လည်းကောင်း၊ တတိယပါဒ = ဗ+လ ပေါင်း၍လည်းကောင်း စစ်ပါ။)

၁၇။ ဋ၊ နှာ ၁၆၀-လာ ကေန တေ ဗြဟ္မ'စရိ'ယေန။ (စ+ရိ ပေါင်း၍ စစ်ပါ။)

၁၈။ ဋ၊ နှာ ၁၆၁-လာ တေန မေ ဗြဟ္မ'စရိ'ယေန။ (စ+ရိ ပေါင်း၍ စစ်ပါ။)

၁၉။ ဋ၊ နှာ ၁၆၁-လာ 'မယ'ဉ္စ'ဘရိ'ယာ နာတိက္ကမာမ၊ အမှေ စ'ဘရိ'ယာ နာတိက္ကမန္တိ။
(မယဉ္စ-ကို မယျဉ္စ-ဟု သသံယောဂ ယူ၍လည်းကောင်း၊ ဘ+ရိ ပေါင်း၍လည်းကောင်း စစ်ပါ။

၂၀။ ဋ၊ နှာ ၁၆၁-လာ ဟီနေန ဗြဟ္မ'စရိ'ယေန။ (စ+ရိ ပေါင်း၍ စစ်ပါ။)

၂၁။ ဋ၊ နှာ ၁၇၄-လာ ဇဝနံ 'ဘဝ'တိ သတ္တမံ။ (ဘ+ဝ ပေါင်း၍ စစ်ပါ။)

၂၂။ ဋ၊ နှာ ၁၈၄-လာ 'ပရိ'ဿာဝနေန အဒ္ဒေဝေါ။ (ပ+ရိ ပေါင်း၍ စစ်ပါ။)

၂၃။ ဋ၊ နှာ ၂၀၃-လာ 'တုရိ'တော ကောဘူဟာလဇ္ဇရေ။ (တု+ရိ ပေါင်း၍ စစ်ပါ။)

ttp://www.dhammadownload.com



၂၄။ ဋ၊ နှာ ၂၀၅–လာ 'မစု'ရမိမံ ပဂုဏံ သုဝိဘတ္တံ၊ ဓမ္မမိမံ သရဏတ္ထမုပေ'ဟိ'။
(မစု–၌ မ–ကို ပယ် ၊ဝါ– မ+စု ပေါင်း၍လည်းကောင်း၊ မုပေဟိ–၌ ဟိ–ကို ပါဒန္တဂရု ယူ၍လည်းကောင်း ဂါထာစစ်ပါ။)

၂၅။ ဋ၊ နှာ ၂၀၅–လာ ယတ္ထ စ ဒိန္နမဟပ္ဖလမာ'ဟု'၊ 'စတူ'သု သုစီသု ပုရိသယုဂေ'သု'။
အဋ္ဌ စ ပုဂ္ဂလ ဓမ္မဒသာ တေ၊ သံဃမိမံ သရဏတ္ထမုပေ'ဟိ'။
(ပပါဒ = မာဟု–၌ ဟု–ကို ပါဒန္တဂရု ယူ၍လည်းကောင်း၊ ဒုပါဒ = စတူ–၌ စ–ကို ပယ် ၊ဝါ– စ+တူ ပေါင်း၍လည်းကောင်း၊ စပါဒ = မုပေဟိ–၌ ဟိ–ကို ပါဒန္တဂရု ယူ၍လည်းကောင်း ဂါထာစစ်ပါ။)

၂၆။ ဋ၊ နှာ ၂၀၇–လာ စတုဓာ ဝိဘဇေ ဘောဂေ၊ ပဏ္ဍိတော ဃရမာဝသံ။
ဧကေန ဘောဂံ ဘုဉ္ဇေယျ၊ ဒွီဟိ ကမ္မံ ပယောဇယေ။
စတုတ္ထဉ္စ နိဓာပေယျ၊ အာပဒါသု ဘဝိဿတိ။
(ဤကဲ့သို့ ၆–ပါဒရှိသော ဂါထာကို စစ်ရာ၌ = ရှေ့လေးပါဒကို တစ်ဂါထာ မှတ်၍ ဂါထာစစ်။ နောက်ဆုံးနှစ်ပါဒကို စစ်သော အခါ၌ကား = ရှေ့ဂါထာ၏ တတိယ, စတုတ္ထ ပါဒတို့ကို ပထမ, ဒုတိယ ပါဒပြု၍ အသစ်ဖြစ်သည့် "စတုတ္ထဉ္စ နိဓာပေယျ၊ အာပဒါသု ဘဝိဿတိ"ဟူသော နောက်နှစ်ပါဒကို တတိယ, စတုတ္ထ ပါဒပြု၍ ဂါထာစစ်ပါ။)

၂၇။ ဋ၊ နှာ ၂၀၈–လာ စတ္တာရိ 'အရိ'ယ သစ္စာနိ။ (အ+ရိ ပေါင်း၍ စစ်ပါ။)

၂၈။ ဋ၊ နှာ ၂၀၈–လာ 'အရိ'ယံ စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။ (အ+ရိ ပေါင်း၍ စစ်ပါ။)

၂၉။ ဋ၊ နှာ ၂၅၇–လာ ခီယေထ ကပ္ပေါ စိရဒီဃမန္တ'ရေ'။ (ပါဒန္တ 'ရေ' အက္ခရာကို ပယ်၍ စစ်ပါ။)

၃၀။ ဋ၊ နှာ ၃၁၆–လာ 'ပရ'မတ္ထဝစနံ သစ္စံ။ (ပ+ရ ပေါင်း၍ စစ်ပါ။)

နိယံ။ ဃရံ, ဗလ၊ ပုဒ် ဘဂနှင့်၊ ဘဝ, ဝစံ၊ ဝိဇံ, အန၊
စတု, စတူ၊ မစု ဟူပြ၊ မူ ပရနှင့်၊ တစ်ဝ ယတိ၊
"ရိ"အက္ခရာ ဆုံး၊ သုံးလုံး ကသိဏော၊ သမဏော–သမ၊
ပါဒေ စပြော၊ စ, မ, သောနှင့်၊ ပါဒေါ ဆုံးမှ၊ နိ, ရေ–ပြ၊
ပေါင်းကြ, ပယ်ကြ၊ ပဏ္ဍိတ။

## ဂါထာတို့၌ ဆန်း,အလင်္ကာထုတ်ပုံ ပြီး၏။

ကြက်လပ်ဖြည့်ဖို့ ကျွန်တော် ရောက်လာတယ်။
ကျွန်တော် ကိုယ်တိုင်လည်း ပုထုဇဉ်သာမို့ . . .

ttp://www.dhammadownload.com



**လျှောက်ထားအပ်ပါသည်**

ရွှေသီလကန္ဒီ ပထမတွဲ၌ အဓိပ္ပါယ် ၁၀၀၀–ကဏ္ဍကို ထည့်သင့်/မထည့်သင့် အကြိမ်ကြိမ် စဉ်းစားခဲ့ပါ၏။ တိုင်ပင်သင့်သော သူများနှင့်လည်း တိုင်ပင်ခဲ့ပါ၏။ ယင်းသို့ စဉ်းစားတိုင်ပင်ရာ၌ စည်းမျဉ်း ၁၀–ချက်တို့တွင် စဉ်းမျဉ်းဖြင့် လျှောက်လှမ်း၍ လုံးဝမရနိုင်သော ပုစ္ဆာနံပါတ်ကား ၈–နံပါတ်လာ အဓိပ္ပါယ်များပင် ဖြစ်နေသည်ကို သတိပြု တွေ့မြင်နေရပါ၏။ ထို့ကြောင့် အဓိပ္ပါယ်တို့ကို သီးသန့်ရွေးချယ်၍ အဓိပ္ပါယ် ၁၀၀၀–ကဏ္ဍကို ရွှေသီလကန္ဒီ ပထမတွဲ၌ ထည့်သွင်းရေးသား ဖော်ပြအပ်ပါ၏။ ဂန္ထဂရု ဖြစ်သည်ဟု ယူဆသော် နှစ်သက်ရာသုတ်နှင့် နှစ်သက်သော အဓိပ္ပါယ်တို့ကိုသာ ရွေးချယ်၍ ရှုတော်မူပါ။

အဓိပ္ပါယ်ကို မေးရာ၀ယ် သီလက္ခန်ပါဠိတော်, ၎င်းအဋ္ဌကထာ, ၎င်းဋီကာဟောင်း, ၎င်းဋီကာသစ်, ၎င်းဂဏ္ဌိတို့၌ လာသော အဓိပ္ပါယ်တို့ကို မေးလေ့ရှိ၏။ ထိုတွင် အဋ္ဌကထာလာ အဓိပ္ပါယ်နှင့် ဋီကာသစ်လာ အဓိပ္ပါယ်တို့ကို များသောအားဖြင့် မေး၏။ ထို့ကြောင့် အဋ္ဌကထာကို အနက်လှည့်သောအခါ ဓာတ်လမ်း, ဓာတ်ကွက်, အဓိပ္ပါယ်နှင့် သရုပ်သဘောတို့ကို သတိပြု၍ အနက်လှည့်စေလိုပါ၏။ ဤရွှေသီလကန္ဒီ (ပထမတွဲ)၊ အဓိပ္ပါယ် ၁၀၀၀–ကဏ္ဍ၌ကား ဋီကာသစ်လာ အဓိပ္ပါယ်တို့ကို အဓိကထား၍ ရေးသားပါအံ့။ အဋ္ဌကထာမှ သက်ဆိုင်ရာ စာမျက်နှာနှင့် တွဲ၍ ရှုစေချင်ပါဘိ။

==================

# အဓိပ္ပါယ် (၁၀၀၀)

## နိဒါန်း

### (ဋ္ဌ၊ နှာ ၁–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ပညာပဇ္ဇောတဝိဟတမောဟတမံ၌ ပညာ အရနှင့် ယင်းပညာတို့က ပယ်အပ်သော မောဟများကို အသီးသီး ညွှန်ပြ၍၊ တမ အရကို သဒ္ဒန္တရိက် ထောက်ထား၍ ကောက်ပြပါ။

ဖြေ။ ပညာဇ္ဇောတ၌ ပညာ အရ = အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်, ဒေသနာဉာဏ်တော်တည်းဟူသော ဉာဏ်သုံးပါးလုံးကို ကောက်ယူရမည်။

ပညာအရ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်ကို ကောက်ယူသည့်အခိုက်၌ = ယင်းဉာဏ်တော်တို့သည် မိမိဟူသော ဘုရားလောင်းသန္တာန်၌ ရှိသော မောဟကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ ပယ်ဖျက်ခဲ့သည့်အတွက်ကြောင့် မိမိတည်းဟူသော ဘုရားလောင်း၏ သန္တာန်၌ရှိသော မောဟကို အရကောက်ယူရမည်။

ဒေသနာဉာဏ်တော်ကို ကောက်ယူသည့်အခိုက်၌ = ယင်းဉာဏ်တော်သည် ဝေနေယျတို့၏ သန္တာန်၌ရှိသော မောဟကို ဒေသနာဉာဏ်ဖြင့် ဖျက်ဆီး၏ဟု အဓိပ္ပါယ်ရှိသည့်အတွက်ကြောင့် မောဟအရ ဝေနေယျတို့၏ သန္တာန်၌ရှိသော မောဟကို အရကောက်ယူရမည်။ (ဋီသစ်)

တမ အရ = မောဟစေတသိက်ကို တိုက်ရိုက်မှုချ ကောက်ယူနိုင်သော်လည်း မောဟဟူသော သဒ္ဒန္တရိက် (အနီးအနားရှိ သဒ္ဒါတစ်ပါး)ကို ထောက်ထား၍ အမိုက်တိုက်ကိုပင် ဤ၌ ကောက်ယူရမည်။

ttp://www.dhammadownload.com



မေး။ သနရာမရလောကဂရုံ ပါဠိဝယ် သနရာမရ ပုဒ်၌ ပစာနာပစာန ဖြစ်ပုံကို ဆရာနည်းကျကျ ဖော်ပြခဲ့ပါ။

ဖြေ။ သနရာမရ ဟူသော ပုဒ်သည် ဗဟုဗ္ဗီဟိသမာသ်ပုဒ် ဖြစ်၏။ ဗဟုဗ္ဗီဟိသမာသ်တို့၏ သဘောသည် သမာသ်ပုဒ် အနက် မပြဓာန်းဘဲ အညပုဒ်အနက်သာ ပြဓာန်း၏။ သို့သော် ဤသနရာမရ ဟူသော ဗဟုဗ္ဗီဟိ သမာသ်ပုဒ်၌ ကား အတ္ထပဓာန, သဒ္ဒပဓာန, သဒ္ဒတ္ထပဓာနဟူသော သုံးပါးတို့တွင် အတ္ထပဓာနကိုသာ ယူရမည်။ ထို့ကြောင့် သနရာမရ ဟူသော သမာသ်ပုဒ် အရသည်သာ ပဓာနပြဓာန်း၍၊ တိရစ္ဆာန်, ပြိတ္တာ စသော သတ္တဝါဟူသော အညပုဒ်အရသည် မပြဓာန်းဘဲ အပဓာန ဖြစ်နေသည်ဟူ၍ ဗဟုဗ္ဗီဟိသမာသ် သဘောကို ပြောင်းပြန်လှန်ကာ မှတ်ယူရခြင်းသည် သနရာမရ ပုဒ်၌ ပဓာနာပဓာန ဖြစ်ပုံပင် ဖြစ်ပေတော့၏။ (ဋီသစ်)

မေး။ ပါရာဇိကဏ် အဋ္ဌကထာ၌ ကရုဏာကို, အဋ္ဌသာလိနီ အဋ္ဌကထာ၌ ပညာကို ပဓာနထား၍ ပဏာမ ပြုသကဲ့သို့ မပြုမူ၍ ဤအဋ္ဌကထာ၏ ပဏာမ၌ အဘယ်ကြောင့် ကရုဏာသီတလဟဒယံ၊ ပညာပဇ္ဇောတ ဝိဟတမောဟတမံဟု ကရုဏာ+ပညာ နှစ်ပါးလုံးကို ပဓာနထား၍ ပဏာမ ပြုရပါသနည်း။

ဖြေ။ သုတ္တန်ဒေသနာသည် ကရုဏာ+ပညာ နှစ်ပါးစုံ ပြဋ္ဌာန်း၏။ ဝိနည်းဒေသနာကဲ့သို့ ကရုဏာသာ ပြဋ္ဌာန်းသည် မဟုတ်၊ အဘိဓမ္မာဒေသနာကဲ့သို့လည်း ပညာသာ ပြဋ္ဌာန်းသည် မဟုတ်။ ထို့ကြောင့် သုတ္တန်ဒေသနာ၏အဖွင့် ဤအဋ္ဌကထာ ပဏာမ၌ မိမိရေးသား ဖွင့်ဆိုလတ္တံ့သော ကျမ်းအားလျော်စွာ ကရုဏာ+ပညာ နှစ်ပါးလုံးကို ပဓာနထား၍ ပဏာမ ပြုသည်။ ဤသို့ ပဏာမ ပြုခြင်းသည်ကား ကျမ်းပြုဆရာတို့၏ သဘောတံထွာ ဓမ္မတာပင်တည်း။ (ဋီသစ်)

မေး။ ဗုဒ္ဓေါပိ ဗုဒ္ဓဘာဝံ ပါဠိ၌ လာသော ဗုဒ္ဓဘေဒတို့ကို ဖော်ပြပါ။

ဖြေ။ ၁။ သုတဗုဒ္ဓ ၂။ သစ္စဗုဒ္ဓ ၃။ ပစ္စေကဗုဒ္ဓ ၄။ ဗုဒ္ဓဗုဒ္ဓ ဟူ၍ ဗုဒ္ဓလေးမျိုးရှိ၏။

နိယံ။ သုတ, သစ္စ၊ ပစ္စေကေ၊ လောကနာယကေ။

အမှာ။ သစ္စဗုဒ္ဓကို အနုဗုဒ္ဓ ဟူ၍လည်း ခေါ်ကြသေးသည်။

မေး။ သုဂတဿ ဩရသာနံ၊ ပုတ္တာနံ ပါဠိ၌လာသော ပုတ္တဘေဒကို ဖော်ပြပါ။

ဖြေ။ ပုတ္တဘေဒကား . . .

၁။ အတ္တဇပုတ္တ – မိမိခန္ဓာကိုယ်တွင်းမှ မိမိခန္ဓာကိုယ် အစိတ်အပိုင်းကြောင့် ဖြစ်ပေါ်လာသောသား၊

၂။ ခေတ္တဇပုတ္တ – မိမိပိုင် အိပ်ယာ, ကုဋင်, အိမ်တွင်း စသည်၌ ဖြစ်ပေါ်လာသောသား၊

၃။ အန္တေဝါသိကပုတ္တ – အနီး၌နေ၍ ပညာသင်ကြားနေသော တပည့်ဟူသောသား၊

၄။ ဒိန္နကပုတ္တ – အပြီးအပိုင် ပေးသဖြင့် ယူပြီး မွေးစားအပ်သော သားဟူ၍ လေးမျိုးရှိ၏။ (ဋီသစ်)

မေး။ အရိယာသံဃာတော်များကို ဗုဒ္ဓ၏ "ဩရသပုတ္တ"ဟု ခေါ်ဆိုနိုင်/မခေါ်ဆိုနိုင်ကို (က) ဥပစာရဝုတ္တိ (ခ) မုချဝုတ္တိ နည်းအားလျော်စွာ ခွဲခြား၍ အကြောင်းနှင့်တကွ ဆုံးဖြတ်ချက် ချခဲ့ပါ။

ဖြေ။ (က) ဩရသပုတ္တဟု ဥပစာရဝုတ္တိ နည်းအားဖြင့် ခေါ်ဆိုနိုင်ပါ၏။

အကြောင်းကား = ဩရသာ ဝိယာတိ ဩရသာ ဟူသော ဝစနတ္ထနှင့်အညီ လောကရှိ မိဘတို့၏ သားသမီး များသည် မိမိဟူသော မိဘတို့၏ ရင်မှဖြစ်ထွန်း ပေါ်ပေါက်လာသောကြောင့် မိမိဟူသော မိဘတို့၏ ပစ္စည်းဥစ္စာများကို အမွေခံအဖြစ် သိမ်းဆည်း ရယူနိုင်ကြကုန်သကဲ့သို့ . . .

အရိယာသံဃာများသည်လည်း ဘုရားရှင်၏ သဒ္ဓမ္မကို ကြားနာရပြီးမှ အရိယာဇာတ်၌ ဖြစ်ပေါ်လာကြရကား ဘုရားရှင်၏ ဝိမုတ္တိသုခ တရားရတနာတည်းဟူသော ဥစ္စာအမွေကို ခံယူရရှိနိုင်ကြသောကြောင့် သဒိသူ ပစာရဝုတ္တိ+နေယျတ္ထအားဖြင့် အရိယာသံဃာများကို ဩရသပုတ္တဟု ခေါ်ဆိုနိုင်ပါသည်။ (ဋီသစ်)

ttp://www.dhammadownload.com



(ခ) ဩရသပုတ္တာဟု မုချတ္ထ နည်းအားဖြင့်လည်း ခေါ်ဆိုနိုင်ပါ၏။

အကြောင်းကား = မုချတ္ထ+နီတတ္ထအားဖြင့် ဘုရားရှင်၏ ရင်တွင်းမှဖြစ်သော တရားဒေသနာတော် အာနုဘော်ကြောင့် အရိယာအဖြစ်သို့ သက်ဝင်ရောက်ရှိလာကြသော အရိယာပုဂ္ဂိုလ်မှန်သမျှသည် ဘုရားရှင်၏ ရင်တွင်း၌ရှိသော အားထုတ်မှု ဝီရိယကြောင့်သာ ဖြစ်ပေါ်လာကြသည်ဟူ၍ပင် ဧကန်မုချ ဆိုနိုင်သည်သာ ဖြစ်သောကြောင့် အရိယာသံဃာတော်များကို မုချတ္ထ+နီတတ္ထအားဖြင့်လည်း ဩရသပုတ္တာဟူ၍ပင် ခေါ်ဆိုနိုင်ပါသည်။

မေး။ မာရ်နတ်နှင့် မာရ်နတ်၏ စစ်သည်များကို ဘုရားရှင်ကသာ ချေမှုန်းဖျက်ဆီး အောင်မြင်တော်မူသည် ဖြစ်လျက် သံဃပဏာမဂါထာ၌ အရိယာသံဃာတော်များက မာရ်နတ်နှင့် မာရ်နတ်၏ စစ်သည်များကို ဖျက်ဆီး၏ဟူ၍ အဘယ်ကြောင့် ဆိုရသည်ကိုလည်း ရှင်းလင်းစွာ ဖြေပြပါ။

(တစ်နည်း) "သုဂတဿ ဩရသာနံ၊ ပုတ္တာနံ မာရသေနမထနာနံ။ အဋ္ဌန္နမ္ပိ သမူဟံ၊ သိရသာ ဝန္ဒေ **အရိယသံဃံ**" ဟူသော သံဃပဏာမဂါထာ၌ အဘယ်ကြောင့် ပုတ္တာနံ မာရသေနမထနာနံဟု ဆိုရသည်ကိုလည်း ရှင်းလင်းစွာ ဖြေပြပါ။

ဖြေ။ သံဃပဏာမဂါထာ၌ အရိယာသံဃာတော်များက မာရ်နတ်နှင့် မာရ်နတ်၏ စစ်သည်များကို ဖျက်ဆီး၏ဟူ၍ ဆိုထားခြင်းမှာ = မာရ်နတ်က တုန်လှုပ်ချောက်ချားအောင် ပြုလုပ်ခြောက်လှန့်ရာ၌ တုန်လှုပ်ကြောက်လန့်ခြင်း၏ အကြောင်းဖြစ်သော ကိလေသာများကို အရိယာသံဃာတော်များက ချေမှုန်းဖျက်ဆီး ပယ်ထားခဲ့ပြီးဖြစ်သောကြောင့် မာရ်နတ်နှင့် မာရ်နတ်၏ စစ်သည်များကို ဖျက်ဆီး၏ဟု ဆိုပါသည်။ အမှန်မုချအားဖြင့် မာရ်နတ်နှင့် မာရ်နတ်၏ စစ်သည်များကို ဘုရားရှင်ကဲ့သို့ ချေမှုန်းဖျက်ဆီး အောင်မြင်ခြင်းမျိုးကို ဆိုလိုသည်ကား မဟုတ်ပေ။ (ဋီသစ်)

မေး။ အဋ္ဌန္နမ္ပိ သမူဟံ ပါဌ်ဝယ် အဋ္ဌန္နမ္ပိ ပုဒ်၌ ပိ(ဝါ) အပိ သဒ္ဒါကို ...

(က) အဘယ်ကြောင့် အဋ္ဌန္နံ ပုဒ်နောင် ယှဉ်ကပ်ထားရသနည်း၊

(ခ) အနက်ယောဇနာသည့်အခါ မည်သည့်ပုဒ်နောင် ထိုင်၍ အနက်ယောဇနာ ရမည်နည်း၊

(ဂ) ယင်း ပိ(ဝါ)အပိ သဒ္ဒါသည် အဘယ်ကြောင့် အဘယ်အနက် ရှိသနည်း၊ အသီးသီး ဖြေဆိုခဲ့ပါ။

ဖြေ။ (က) ပိ(ဝါ)အပိ သဒ္ဒါကို = ပုဒ်တို့ကို တင့်တယ်စမွာယ်စေလိုခြင်း စသော အကြောင်းများကြောင့် အဋ္ဌန္နံ ပုဒ်၏ နောက်၌ ယှဉ်ကပ်ထားသည်။

(ခ) အနက်ယောဇနာသည့် အခါ၌ကား = ယင်းပိ(ဝါ)အပိ သဒ္ဒါကို အမှန်နေရမည့် အရိယာပုဒ် နောင်၌ ပြောင်းရွှေ့ထိုင်၍ အနက်ယောဇနာရမည်။

(ဂ) ထိုအရိယာပုဒ်နောင် ထိုင်လာမည့် ပိ(ဝါ)အပိ သဒ္ဒါဖြင့် ဘုရား,တရားကိုသာ ရှိခိုးသည် မဟုတ်သေး၊ သံဃာတော်ကိုလည်း ရှိခိုးသေးသည်ဟူသော အနက်ကို ပေါင်း၍ပြသောကြောင့် သမ္ပိဏ္ဍန(ဝါ)ဝုတ္တသမုစ္စယ အနက်ရှိ၏။ (ဋီသစ်)

အမှာ။ သီလက္ခန်ဂဏ္ဌိဆရာတော်ကား = လက်ရှိ အဋ္ဌန္နမ္ပိ နေရာ၌သာ ပိ(ဝါ)အပိကို ရှိရမည်။ ယင်းပိ(ဝါ)အပိ သဒ္ဒါဖြင့် "အပေါင်းနောင်မှာ၊ ပိသဒ္ဒါ၊ ဆည်းရာအစိတ်ပေ"နိယံနှင့်အညီ အစိတ်အစိတ်သော အရိယာ သံဃာတော်များကို ပေါင်းယူပါဟု ဆို၏။

မေး။ ဗုဒ္ဓပဏာမ၌ ဝန္ဒေ **သုဂတံ** ဂတိဝိမုတ္တံ ဟူ၍လည်းကောင်း၊ ဓမ္မပဏာမ၌ ဝန္ဒေ တမနုတ္တရံ ဓမ္မံ ဟူ၍လည်းကောင်း "သိရသာ"ဟူသော ကရိဏ်းပုဒ်ဖြင့် အထူးမပြုမူ၍ သံဃပဏာမ၌ သိရသာ ဝန္ဒေ **အရိယသံဃံ**ဟု သိရသာဟူသော ကရိဏ်းပုဒ်ဖြင့် အထူးပြု၍ ပဏာမ ပြုရခြင်းအကြောင်းကို ရေးခဲ့ပါ။

ttp://www.dhammadownload.com



ဖြေ။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ဘုရားရတနာ, တရားရတနာတို့ကို သိရှိကြည်ညိုရခြင်းသည် သံဃာရတနာနှင့်သာ ဆက်နွယ်ပြီး သိရှိကြည်ညိုရသည်ဖြစ်၍ အရိယာသံဃာ၏ နောင်လာနောက်သားများအတွက် အလွန်ကျေးဇူးများသည်၏ အဖြစ်ကို ပြလိုသောကြောင့် သံဃပဏ္ဏာမ၌သာ သိရသာဟူသော ကရိဏ်းပုဒ်ဖြင့် အထူးပြု၍ ပဏ္ဏာမ ပြုရသည်။ (ဋီသစ်)

**(၄၊ နှာ ၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အဘယ်ကြောင့် ဒီဃာဂမကို ရှေးဦးစွာ သင်္ဂါယနာ တင်သနည်း။

ဖြေ။ သဒ္ဓါကို ဆောင်နိုင်သော ဂုဏ်ရှိသောကြောင့် ဒီဃာဂမကို ရှေးဦးစွာ သင်္ဂါယနာ တင်ပါသည်။

မေး။ သာသနာတော်၏ အစကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ သာသနာတော်၌ အလုံးစုံသော ဂုဏ်တို့သည် သီလလျှင် တည်ရာ အကြောင်းရှိသောကြောင့် သီလသည် သာသနာတော်၏အစ ဖြစ်ပါသည်။

မေး။ သာသနာတော်၌ တည်ရာတရားကို မုချအားဖြင့် ဖော်ပြပါ။

ဖြေ။ သီလသာ ဖြစ်သည်။

(တစ်နည်း) သစ္စာကို ထိုးထွင်းသိခြင်းဟူသော လောကုတ္တရာ တရားပင် ဖြစ်သည်။ (ဋီသစ်)

မေး။ ဒီဃနိကာယ်တို့တွင် အဘယ်ကြောင့် သီလက္ခန္ဓဝဂ္ဂကျမ်းကို ရှေးဦးစွာ ဆိုသနည်း။

ဖြေ။ သီလက္ခန္ဓဝဂ္ဂကျမ်းသည်လည်း သီလကထာကိုသာ များသောအားဖြင့် ဆိုထားရာ ဖြစ်သောကြောင့် သီလက္ခန္ဓဝဂ္ဂကို ရှေးဦးစွာ ဆိုပါသည်။

မေး။ အဘယ်ကြောင့် ဗြဟ္မဇာလသုတ်ကို ရှေးဦးစွာ ဆိုသနည်း။

ဖြေ။ သုတ္တန်ပိဋကတ်သည် မိစ္ဆာဒိဋ္ဌိတို့ကို ဖြေရှင်းသောကထာ ဖြစ်သည့်အားလျော်စွာ အကြွင်းအကျန် မရှိစေမူ၍ မိစ္ဆာဒိဋ္ဌိတို့ကို ကောင်းစွာ ဝေဘန်ပြသော သုတ်ဖြစ်သောကြောင့် ဗြဟ္မဇာလသုတ်ကို ရှေးဦးစွာ ဆိုရပါသည်။

**(၄၊ နှာ ၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ (ဓမ္မစက္ကပ္ပဝတ္တနဉ္စ အာဒိံ ကတွာ) ဓမ္မစက္ကပ္ပဝတ္တန သုတ်ကို အစပြု၍ ဆိုရခြင်းအကြောင်းကို ရေးပါ။

ဖြေ။ ဝေနေယျတို့၏ မဂ်ဖိုလ်ရခြင်း၏ အကြောင်း ဖြစ်၍ဖြစ်သော အပြုအမူ ကြိယာသည်သာ မုချအားဖြင့် ဗုဒ္ဓကိစ္စ မည်သည်ကို ပြလိုသောကြောင့် ဓမ္မစက္ကပ္ပဝတ္တနသုတ် (ဓမ္မစကြာ တရားဟောခြင်း)ကို အစပြု၍ ဆိုပါသည်။

မေး။ ယာဝ သုဘဒ္ဒပရိဗ္ဗာဇကဝိနယနာ ပါဠိ၌လာသော "ယာဝ" နိပါတ်ပုဒ်၏ ဟောနိုင်သော အနက်ကို ညွှန်ပြခဲ့ပါ။

ဖြေ။ ပရိစ္ဆေဒ အနက်ကို ဟော၏။ (ဋီသစ်)

မေး။ ယာဝ သုဘဒ္ဒပရိဗ္ဗာဇကဝိနယနာ ပါဠိ၌လာသော "ယာဝ" နိပါတ်ပုဒ်၏ ဖြစ်သင့်သော အဝဓိကိုလည်း အကြောင်းနှင့်တကွ ညွှန်ပြပါ။

ဖြေ။ အဝဓိသည် = မရိယာဒါအဝဓိ, အဘိဝိဓိအဝဓိဟူ၍ နှစ်မျိုးရှိ၏။ ယင်းနှစ်မျိုးတို့တွင် ဤနေရာ၌ "ယာဝ" ပုဒ်သည် = ဘုရားရှင်သည် ပရိနိဗ္ဗာန်စံတော်မူရာ ညောင်စောင်း၌ လဲလျောင်းလျက်ပင် သုဘဒ်ပရိဗိုဇ်ကြီးကို သောတာပန် ဖြစ်သည့်တိုင်အောင် ဆုံးမညွှန်ကြားသွားသည့်အတွက် သုဘဒ်ပရိဗိုဇ်ကို ဆုံးမခြင်းတည်းဟူသော ဝိနယနကြိယာကို အန္တောပရိစ္ဆေဒ ပြု၍ ယူရမည် ဖြစ်သောကြောင့် အဘိဝိဓိအဝဓိ ဖြစ်သည်။

မေး။ မြတ်စွာဘုရားဓာတ်တော်များ ဝေဘန်ရာနေ့ကို ဖော်ပြပါ။

ဖြေ။ နယုန်လဆန်း(၅)ရက်နေ့။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ သုဘဒ္ဒေန ဝုဍ္ဎပဗ္ဗဇိတေနဌ် သုဘဒ္ဒ အရကို ဖော်ပြပါ။

ဖြေ။ အာတုမရွာသား, လူဖြစ်စဉ်အခါက ဆတ္တာသည် လုပ်ဘူးသော ဝုဍ္ဎပဗ္ဗဇိတ ရဟန်းကြီးကိုယူ၊ သုဘဒ္ဒပရိဗိုဇ်ကို မယူရ။ (ဋီသစ်)

မေး။ သုဘဒ်တောထွက် ရဟန်းအိုကြီးသည် (က) မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်၌ အပြစ် မဆိုခြင်း အကြောင်း (ခ) မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးမှ "သုမုတ္တာ မယံ"စသော စကားတို့ကို ဆိုလျက် မြတ်စွာဘုရားအား အပြစ် ဆိုရခြင်း အကြောင်းတို့ကို ဖော်ပြပါ။

ဖြေ။ (က) ဘုရား သက်တော်ထင်ရှား ရှိစဉ်၌ ဘုရားအား သုဘဒ်ရဟန်းအိုကြီးက အပြစ် မဆိုခြင်းမှာ "ဘုရားရှင်သည် မြင့်မြတ်သော သာကီဝင်မင်းမျိုးမှ ရဟန်းပြုလာသော ယောက်ျားမြတ် ဖြစ်၏။ ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်၌ အပြစ်ဆိုခဲ့မိပါက မိမိကိုသာ ပြန်၍ ခြိမ်းခြောက်ကာ ကြောက်လန့်အောင် ပြုလိမ့်မည်"ဟု ကြံစည်ဘူးသောကြောင့်တည်း။

(ခ) ဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးမှ ဘုရားအား သုဘဒ်ရဟန်းအိုကြီးက အပြစ် ပြောဆိုခြင်းမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန် မစံဝင်မီ ရှေးကာလ၌ ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ခဲ့ခြင်းကြောင့်တည်း။ (ဋီသစ်)

မေး။ အလံ အာဝုသော မာ သောစိတ္ထ စသော စကားတို့ကို အဘယ်ကြောင့် သုဘဒ္ဒရဟန်းကြီး ပြောသနည်း။

ဖြေ။ အလံ အာဝုသော မာ သောစိတ္ထ စသော စကားတို့ကို မြတ်စွာဘုရား ပရိနိဗ္ဗာန် မစံဝင်မီ ရှေးကာလ၌ ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ခဲ့ခြင်းကြောင့် ပြောဆိုခြင်း ဖြစ်ပါသည်။ (ဋီသစ်)

မေး။ ဝုတ္တာဝစနမနုဿရန္တော၌ အနုဿရ အရကို ဖော်ပြပါ။

ဖြေ။ အနုဿရ အရ = တရားသဘောကို ကြံစည် တွေးတောသည်၏ အစွမ်းဖြင့်ဖြစ်သော သဟောတ္တပ္ပဉာဏ်လျှင် တရားကိုယ်ရှိသော ဓမ္မသံဝေဂ၏ အစွမ်းဖြင့်ဖြစ်သော အောက်မေ့ခြင်းကို ယူပါ။

အမျက်ထွက်ခြင်း ကောဓ စသည်တို့၏ အစွမ်းဖြင့်ဖြစ်သော အောက်မေ့ခြင်းကို မယူရ။ (ဋီသစ်)

မေး။ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၌ ဒေသိတနှင့် ပညတ္တအထူးတို့ကို ဖြေဆိုပါ။

ဖြေ။ သုတ်,အဘိဓမ္မာ တရားတော်ကို သိစေခြင်းသည် ဒေသိတ။

အပြားအားဖြင့် ဝေနေယျတို့၏ သန္တာန်၌ ထားခြင်းသည် ပညတ္တ။

ဝိနည်းတရားတော်ကို သိစေခြင်းသည် ဒေသိတ။

အပြားအားဖြင့် မရောယှက်စေမူ၍ ထားခြင်းသည် ပညတ္တ။

မေး။ ပိဋကတ်သုံးပုံသည် အဘယ်ကြောင့် ဘုရားအရာ၌ တည်ပါသနည်း၊ အသီးသီး ဖြေပြပါ။

ဖြေ။ ဝိနည်းပိဋကတ်တော်သည် "ဤအမှုကိစ္စကို သင်တို့ ပြုရမည်၊ ဤအမှုကိစ္စကို သင်တို့ မပြုရ"ဟူ၍ ပြုသင့်, မပြုသင့်သော အမှုကိစ္စကို ခွဲခြားဝေဘန်သောအားဖြင့် အမြဲဆုံးမနေခြင်းကြောင့် ဘုရားအရာ၌ တည်ပါသည်။

သုတ္တန်ပိဋကတ်တော်သည် ထိုထိုသတ္တဝါတို့ သန္တာန်၌ရှိနေသော စရိုက်တရား အားလျော်စွာ မှန်ကန်သော အကျင့်တရားဖြင့် အမြဲဆုံးမနေခြင်းကြောင့် ဘုရားအရာ၌ တည်ပါသည်။

အဘိဓမ္မာပိဋကတ်တော်သည် ခန္ဓာ စသည်တို့ကို ဝေဘန်ပိုင်းခြားသောအားဖြင့် သိသင့်သိထိုက်သော သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိနိုင်အောင် ဆောင်ရွက်တတ်သောကြောင့် ဘုရားအရာ၌ တည်ပါသည်။

မေး။ ယထယိဒံ သာသနံ အဒ္ဓါနိယံ အဿ စိရဋ္ဌိတိကံ ဝါကျ၌ ပါသည့် သာသနံ၌ သာသန အရကို (က) မုချ (ခ) ဥပစာအားဖြင့် ခွဲခြား၍ အရကောက်ပြပါ။

ဖြေ။ (က) မုချအားဖြင့် = ဗောဓိပက္ခိယ ၃၇–ပါးဟူသော သာသနာတော်ကို ရ၏။

(ခ) ဥပစာအားဖြင့် = ပရိယတ်, ပဋိပတ်, ပဋိဝေဓတို့၏ အစွမ်းဖြင့် သုံးပါးအပြား ရှိသည်လည်း ဖြစ်သော သာသနာတော်ကို ရ၏။ (စာစဉ်)

ttp://www.dhammadownload.com



### (၄၂ နှာ ၃+၄–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ပဌမသင်္ဂါယနာ တင်ရခြင်း၏ အကြောင်းအချက်အလက်များကို ပြည့်စုံစွာ ဖော်ပြပါ။

ဖြေ။ ၁။ ရဟန်းဂေါတမသည် "ဤအမှုကား အပ်၏၊ ဤအမှုကား မအပ်"ဟု ငါတို့အား ချုပ်ချယ်၏။ ယခုအခါ ငါတို့သည် ပြုလုပ်လိုသည်ကို ပြုလုပ်ကုန်အံ့ဟု သုဘဒ်ရဟန်းအိုကြီး ပြောဆိုသော စကားကို အောက်မေ့၍လည်းကောင်း၊

၂။ ဤကဲ့သို့သော သံဃာ့အစည်းဝေးကြီးကို ရခဲသောကြောင့်လည်းကောင်း၊

၃။ သာသနာတော် အရှည်တည်တံ့စေလိုသောကြောင့်လည်းကောင်း၊

၄။ မြတ်စွာဘုရား၏ ချီးမြှောက်မှုကို တုန့်ပြန်သောအားဖြင့် တစ်ဖန် ကျေးဇူး ဆပ်လိုသောကြောင့်လည်းကောင်း ဤအကြောင်းလေးချက်တို့ကြောင့် ပဌမသင်္ဂါယနာ တင်၏။ (၄)

### (၄၂ နှာ ၄–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အရှင်မဟာကဿပ မထေရ်မြတ်ကြီး၏ လနှင့်တူစွာ ကျင့်ပုံ (စန္ဒောပမပဋိပဒါ)ကို ဖြေဆိုခဲ့ပါ။

ဖြေ။ လသည် ကောင်းကင်၌ သွားစဉ် မည်သူနှင့်မျှ ပေါင်းသင်းခြင်း, ချစ်ခင်ခြင်း, တွယ်တာခြင်း, နှစ်သက်ခြင်း, တောင့်တခြင်း, ရာဂထကြွခြင်းကို မပြု။ ထိုသို့ မပြုသော်လည်း လူအများသည် လကို နှစ်သက် ချစ်မြတ်နိုးကြကုန်သကဲ့သို့ ... ထို့အတူ အရှင်မဟာကဿပ မထေရ်မြတ်ကြီးသည်လည်း အမျိုးလေးပါးတို့၏ အိမ်တို့သို့ ချဉ်းကပ်ရာ၌ ချစ်ခြင်း စသည်တို့ကို မပြု။ ထိုသို့ မပြုသော်လည်း အမျိုးလေးပါးတို့သည် မထေရ်မြတ်ကြီးကို နှစ်သက်ကြည်ညို ချစ်မြတ်နိုးကြကုန်၏။ ဤကား မထေရ်မြတ်ကြီး၏ လနှင့်တူစွာ ကျင့်ပုံ (စန္ဒောပမပဋိပဒါ)ပင် ဖြစ်ပါတော့၏။ (စာစဉ်)

### (၄၂ နှာ ၅–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ပဌမသင်္ဂါယနာ တင်ရာ၌ အရှင်အာနန္ဒာထေရ်ကို (က) ရွေးချယ်လျှင်လည်း မဖြစ်နိုင်ခြင်း အကြောင်း (ခ) မရွေးချယ်လျှင်လည်း မဖြစ်နိုင်ခြင်း အကြောင်းတို့ကို ဖော်ပြပါ။

ဖြေ။ (က) ပဌမသင်္ဂါယနာပွဲကြီးအတွက် သံဃာမရွေးချယ်မီ အချိန်၌ အရှင်အာနန္ဒာသည် သေက္ခမျှသာ ဖြစ်နေသေး၏။ ထို့ကြောင့် ပဌမသင်္ဂါယနာ တင်ရာ၌ အရှင်အာနန္ဒာကို ရွေးချယ်၍လည်း မဖြစ်နိုင်ပါ။

(ခ) အရှင်အာနန္ဒာသည် မြတ်စွာဘုရား ဟောကြားထားသော သုတ္တဂေယျ စသည်ကို မျက်မှောက် မပြုအပ်သည် မရှိ၊ ထို့ကြောင့် ပဌမသင်္ဂါယနာ တင်ရာ၌ အရှင်အာနန္ဒာကို မရွေးချယ်၍လည်း မဖြစ်နိုင်ပါ။

မေး။ အရှင်အာနန္ဒာကို သေက္ခဟု ဆိုရခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ မပြီးဆုံးသေးသော သိက္ခာ ရှိသောကြောင့်လည်းကောင်း၊ ထိုသိက္ခာ၌ ဖွဲ့မြဲစွာ သက်ဝင်အပ်သောကြောင့်လည်းကောင်း သေက္ခဟု ဆို၏။

မေး။ အရှင်အာနန္ဒာကို သကရဏီယဟု ဆိုရခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ အထက်မဂ်သုံးပါးကို ရဘို့ရန် ကျင့်ကြံအားထုတ်မှုကိစ္စ မပြီးဆုံးသေးသောကြောင့် သကရဏီယဟု ဆို၏။

မေး။ အရှင်အာနန္ဒာအား အဘယ်ကြောင့် သုတ္တဂေယျ စသည် မျက်ကွယ်မရှိခြင်း၏ အကြောင်းကို ရေးပါ။

ဖြေ။ နှုတ်တက်ရေးကျက်ထားသောကြောင့် မျက်ကွယ်မရှိပါ။

မေး။ "အပ္ပစ္စက္ခံ နာမ နတ္ထိ"ဟူသော ရှေ့စကားနှင့် "ဒွေ သဟဿာနိ ဘိက္ခုတော"ဟူသော နောက်စကားတို့ မဆန့်ကျင်ပုံကို ဖြေဆိုခဲ့ပါ။

ttp://www.dhammadownload.com



ဖြေ။ သာဝကတို့သည် တရားဟောရာ၌ မြတ်စွာဘုရား ပေးတော်မူသည့် နည်းအတိုင်း ဟောကြားရကား သာဝကဘာသိတ သုတ်ကိုလည်း ဗုဒ္ဓဘာသိတ ဟူ၍ပင် ဆိုနိုင်သောကြောင့်လည်းကောင်း၊ "ဒွေ သဟဿာနိ ဘိက္ခုတော – ရှင်သာရိပုတ္တရာထံမှ ဓမ္မက္ခန္ဓာနှစ်ထောင် သင်ယူသည်"ဟု ဆိုသော်လည်း မြတ်စွာဘုရား၏ အထံတော်၌ သင်ယူသည်ပင် မည်ကောင်းသောကြောင့်လည်းကောင်း "အပ္ပစ္စက္ခံ နာမ နတ္ထိ – မြတ်စွာဘုရား၏ မျက်ကွယ်သင်ယူသည် မည်သည် မရှိ"ဟူသော ရှေ့စကားနှင့် "ဒွေ သဟဿာနိ ဘိက္ခုတော" ဟူသော နောက်စကားတို့ မဆန့်ကျင်ပါ။ (ဋီသစ်)

မေး။ အဘယ်ကြောင့် "နဝါယံ ကုမာရကော မတ္တမညာသိ"ဟု ဆိုသနည်း။

ဖြေ။ အရှင်အာနန္ဒာမထေရ်၏ ရဟန်းငယ်ပရိသတ်တို့ အများအပြား လူထွက်ကြသောကြောင့်လည်းကောင်း၊ ဣန္ဒြေစောင့်စည်း ထိမ်းသိမ်းမှုလည်း မရှိ, ဘောဇဉ်၌ အတိုင်းအရှည် ပမာဏကိုလည်း နားမလည်သော ရဟန်းငယ်ကလေးတို့နှင့် အရှင်အာနန္ဒာသည် ခရီးလျှောက်သွားနေရကား ကလေးနှင့် တူ၏ဟု ဆိုသင့်သောကြောင့်လည်းကောင်း "နဝါယံ ကုမာရကော မတ္တမညာသိ"ဟု ဆိုသည်။ (ဋီသစ်)

မေး။ သုဒ္ဓေါဒန၏ မွေးချင်း ၇–ယောက်ကို ဖော်ပြပါ။

ဖြေ။ သုဒ္ဓေါဒန, ဓောတောဒန, သက္ကောဒန, သုက္ကောဒန, အမိတောဒန ဟူသော သား ၅–ယောက်၊ အမိတာ, ပါလိတာ ဟူသော သမီး ၂–ယောက် ပေါင်း ၇–ယောက်တည်း။

ဋီ။ သုဒ္ဓေါဒနော ဓောတောဒနော၊ သက္ကသုက္ကာမိတောဒနော
အမိတာ ပါလိတာစာတိ၊ ဣမေ ပဉ္စ ဣမာ ဒုဝေ။ (ဋီသစ်)

မေး။ သကျကုလပ္ပသုတော စာယသ္မာ တထာဂတဿ ဘာတာ စူဠပိတုပုတ္တော ဝါကျ၌ "တထာဂတဿ ဘာတာ"အရ ဇေဋ္ဌကဘာတာ, ကနိဋ္ဌဘာတာဟု နှစ်မျိုးရှိရာ အဘယ်ကို ယူရမည်နည်း၊ ဤဘာဏကဆရာတို့ အလိုကျ အကြောင်းပြ ဆုံးဖြတ်ပါ။

ဖြေ။ တထာဂတဿ ဘာတာ အရ = ကနိဋ္ဌဘာတာကို ယူရမည်။
အကြောင်းကား = ဘုရားရှင်နှင့် အာနန္ဒာသည် ဖွားဘက်တော်ဖြစ်၍ အသက်တူ, အရွယ်တူပင် ဖြစ်၏။ ဤသို့ အသက်,အရွယ်အားဖြင့် တူမျှရာ၌ ဖခင်တို့၏ အသက်,အရွယ်ကို နှိုင်းယှဉ် ပမာဏပြု၍ အကြီး, အငယ်ကို ဆုံးဖြတ်ရမည်။ ဘုရားရှင်သည် အကိုအကြီးဆုံး သုဒ္ဓေါဒန၏ သားဖြစ်သည်။ အာနန္ဒာသည် သုဒ္ဓေါဒန၏ ညီအငယ်ဆုံး အမိတောဒန၏ သားဖြစ်သည်။ ဤသို့လျှင် အာနန္ဒာသည် ဘုရားရှင်၏ ဘထွေးတော် အငယ်ဆုံး အမိတောဒန၏ သားသာ ဖြစ်သောကြောင့် ဘာတာ အရ ကနိဋ္ဌဘာတာကိုသာ ယူရမည်။ (ဋီသစ်)

အမှာ။ ဆရာတော် ဦးဇာယေဒိသာဘိဝံသကမူ = သမာနဘာတာဟုသာ ဆို၏။

မေး။ ကိဉ္စာပိ သေက္ခော ဟူသော စကားကို အဘယ်ကြောင့် ဆိုသနည်း။

ဖြေ။ ကိဉ္စာပိ သေက္ခော ဟူသော စကားကို အသေက္ခတို့ကိုသာ ရွေးချယ်အပ်သည်၏အဖြစ်ကြောင့် ဆိုအပ်၏။ သေက္ခပုဂ္ဂိုလ်တို့ အဂတိလိုက်သည်ကို ချီပင့်သောအားဖြင့် ဆိုအပ်သည် မဟုတ်။ (ဋီသစ်)

မေး။ အဘဗ္ဗော ဆန္ဒာ ဒေါသာ ဘယာ မောဟာ အဂတိံ ဂန္တုံ စကားကို အရိယာသောတာပန်များ အဂတိလိုက်စားသေး၍ ဆိုပါသလော၊ အဘယ်ရည်ရွယ်ချက်ဖြင့် ဆိုသနည်း၊ ရှင်းပြပါ။

ဖြေ။ သောတာပန် ပုဂ္ဂိုလ်များသည် သောတာပတ္တိမဂ်တရားဖြင့် အဂတိလေးပါး လိုက်စားမှုနှင့် အပါယဂမနီယ တရားများကို အကြွင်းမဲ့ ပယ်သတ်ပြီး ဖြစ်သောကြောင့် အဂတိလေးပါး လိုက်စားမှု မရှိတော့ပါ။

ttp://www.dhammadownload.com



ယင်းသို့ အဂတိ မလိုက်ကြပါသော်လည်း သင်္ဂါယနာ တင်ခြင်းငှာ သင့်လျော်လျောက်ပတ်သည်၏ အဖြစ်ဖြင့် အရှင်အာနန္ဒာ၏ ထင်ရှားရှိသော ဂုဏ်ကျေးဇူးများကို ချီးမွမ်းထောမနာ ပြုလိုသောကြောင့် အဘမ္ဗော ဆန္ဒာ ဒေါသာ ဘယာ မောဟာ အဂတိံ ဂန္တုံ စကားကို အရှင်အာနန္ဒာအား ဂုဏ်ပြုလိုသော ရည်ရွယ်ချက်ဖြင့် ဆိုပါ၏။ သောတာပန်များ အဂတိ လိုက်စားသေးသောကြောင့် ယင်းစကားကို ဆိုထားခြင်းကား မဟုတ်ပါ။

**(ဌ၊ နှာ ၆-နှင့် ဆက်စပ်သည့် အခိပ္ပါယ်)**

မေး။ ဝိသဘာဂပုဂ္ဂလော အရကို ဖော်ပြပါ။

ဖြေ။ သုဘဒ္ဒရဟန်းကြီးနှင့် တူသော ပုဂ္ဂိုလ်ကိုယူ။ (ဋီသစ်)

မေး။ တင်တော်မူခဲ့ပြီးသော သင်္ဂါယနာ ၆-တန်ကို အကြီးအမှူး ဦးစီးနာယကထေရ်၊ သင်္ဂါယနာ တင်ရာဌာနတို့နှင့် တကွ တွဲစပ်၍ ဖော်ပြပါ။

ဖြေ။ ပထမ သင်္ဂါယနာကို အရှင်မဟာကဿပထေရ် အမှူးရှိသော ရဟန္တာ ၅၀၀-တို့က ရာဇဂြိုဟ်မြို့၌ တင်ခဲ့ကြသည်။

ဒုတိယ သင်္ဂါယနာကို အရှင်မဟာယသထေရ် အမှူးရှိသော ရဟန္တာ ၇၀၀-တို့က ဝေသာလီပြည်၌ တင်ခဲ့ကြသည်။

တတိယ သင်္ဂါယနာကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မဟာထေရ် အမှူးရှိသော ရဟန္တာများက ပါဋလိပုတ်ပြည်၌ တင်ခဲ့ကြသည်။

စတုတ္ထ သင်္ဂါယနာကို အရှင်နာဂထေရ် အမှူးရှိသော ရဟန္တာများက လင်္ကာဒီပကျွန်း၊ မာတုလဇနပုဒ်၌ တင်ခဲ့ကြသည်။

ပဥ္စမ သင်္ဂါယနာကို ဦးဇာဂရာ အမှူးရှိသော ရဟန်းတော်များက မြန်မာနိုင်ငံ၊ မန္တလေးမြို့၌ တင်ခဲ့ကြသည်။

ဆဋ္ဌသင်္ဂါယနာကို ပထမပိုင်း-ညောင်ရမ်းဆရာတော် ဦးရေဝတ၊ ဒုတိယပိုင်း-မစိုးရိမ်ဆရာတော် ဦးသူရိယတို့ အမှူးရှိသော ရဟန်းတော်များက မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၌ တင်ခဲ့ကြသည်။

ဆောင်။ ကဿ်၊ ယ၊ မောဂ်၊ နာ၊ ဦးဇာဂရာ၊ ပဥ္စ ထေရ်မဟာ။

ညောင်-ရေဝတ၊ နိဿောက-သတ္တ သူရိယာ။ (သင်္ဂါယနာ ခြောက်တန်နှင့် ယထာက္ကမ ယူပါ)

**(ဌ၊ နှာ ၇-နှင့် ဆက်စပ်သည့် အခိပ္ပါယ်)**

မေး။ ဌ၊ နှာ ၆-လာ ဥတ္တိဒုတိယေန ဟူသော ကမ္မဝါစာကို အဘယ်နေ့၌ ကြားသိစေသနည်း။

ဖြေ။ သာဓုကီဠန ၇-ရက်၊ အဂ္ဂိဈာပန ၇-ရက်၊ ဓာတုပူဇာ ၇-ရက်အားဖြင့် ၂၁-ရက်မြောက်သော နေ့၌ ဤကမ္မဝါစာကို ကြားသိစေသည်။ (ဌ၊ နှာ-၇)

မေး။ "သာဓုကီဠန"ဟူသည် အဘယ်နည်း။

ဖြေ။ သံဝေဂဝတ္ထု (သံဝေဂဉာဏ်၏ ဖြစ်စေသောအကြောင်း)ကို ပြောဆို၍ ပြောဆို၍ အနိစ္စလက္ခဏာနှင့် စပ်ယှဉ်သော ဂီတတို့ကို သီဆို၍ ပူဇော်ခြင်း၏ အစွမ်းဖြင့် မြူးပျော်ကြခြင်းကြောင့် ကောင်းသော ပျော်မြူးခြင်းသည် "သာဓုကီဠန"မည်၏။

(တစ်နည်း) မိမိသူတစ်ပါး စီးပွားကို ပြီးစေတတ်သောကြောင့် သာဓုမည်၏ဟု ဆိုအပ်သော သူတော်ကောင်းတို့၏ သံဝေဂဝတ္ထုကို ပြောဆို၍ ပြောဆို၍ မြူးပျော်ခြင်းကို "သာဓုကီဠန"ဟု ဆိုပါသည်။ (ဋီသစ်)

ttp://www.dhammadownload.com



### (ဌ၊ နှာ ၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အဘယ်ကြောင့် "ဂန္ဓကုဋိ ဝဍ္ဍိတွာ"ဟု ဆိုသနည်း။

ဖြေ။ မြတ်စွာဘုရား သီတင်းသုံးတော်မူအပ်ပြီးသော ဂန္ဓကုဋိသည် ပရိဘောဂစေတီ ထိုက်သောကြောင့် "ဂန္ဓကုဋိ ဝဍ္ဍိတွာ"ဟု ဆိုသည်။ (ဋီသစ်)

### (ဌ၊ နှာ ၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဝိဟာရေ စ ပရိဝေဏေ စ ဆဋ္ဌေတွာ အဂမံသု ဝါကျ၌ ပါသည့် ဝိဟာရ အရနှင့် ပရိဝေဏ အရတို့ကို ဖော်ပြပါ။

ဖြေ။ ဝိဟာရ အရ = ကျောင်းတိုက်ကြီး တစ်ကျောင်းတိုက်လုံးကို ယူပါ။

ပရိဝေဏ အရ = အပိုင်းအခြား၏ အစွမ်းဖြင့် ကာရံထားအပ်သော ကျောင်းဆောင် အသီးသီးကို ယူပါ။

မေး။ ဓမ္မစက္ခုံ ဟောတုဒ္ဓ ဓမ္မ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဒေသနာဉာဏ်, ပဋိဝေဓဉာဏ် နှစ်ပါးကို ယူရသည်။

ထိုနှစ်ပါးဖြင့်သာလျှင် သင်္ဂါယနာ တင်ခြင်းကိစ္စ ပြီးစေနိုင်သောကြောင့် ဖြစ်သည်။ (ဋီသစ်)

### (ဌ၊ နှာ ၁၀–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဝိသဂန္ဓ၌ အဘယ်ကြောင့် အဘယ်အရာကို ဝိသဟု ခေါ်သနည်း။

ဖြေ။ အကျိုးမဲ့ကို ဖြစ်စေတတ်၍ အဆိပ်နှင့် တူသောကြောင့် ကိလေသာကို ဝိသဟု ခေါ်သည်။

အမှာ။ ရဟန္တာ အဖြစ်မှ တစ်ပါးသော အဖြစ်ဟု ဆိုအပ်သော သတ္တိမှာ ထိုဝိသဟု ဆိုအပ်သော ကိလေသာ၏ အနံ့ပင်တည်း။ အဋ္ဌကထာ၌ ဝိသဂန္ဓဟု ရှိ၏။ (ဋီသစ်)

မေး။ သံဝေဂံ အာပဇ္ဇိ၌ သံဝေဂ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ သဟောတ္တပ္ပဉာဏ်နှင့်ယှဉ်သော ဓမ္မသံဝေဂကိုသာ ယူပါ။ ဒေါသနှင့် ယှဉ်သော ဘယသံဝေဂကို မယူရ။ အကြောင်းကား = ဒေါသနှင့်ယှဉ်သော ဘယသံဝေဂသည် အရှင်အာနန္ဒာ၏ ရဟန္တာအဖြစ်သို့ ရောက်ဖို့ရန် စင်စစ် အကြောင်းအထောက်အပံ့ မဖြစ်နိုင်သောကြောင့်တည်း။ (ဋီသစ်)

မေး။ အာသဝေဟိ စိတ္တံ ဝိမုစ္စိ၌ အာသဝေဟိ ဆိုသောကြောင့် အာသဝတို့မှသာ လွတ်မြောက်၏၊ အလုံးစုံသော ကိလေသာ, ပါပတို့မှ မလွတ်မြောက်ဟု မှတ်ရမည်လော၊ ရှင်းပြပါ။ (ဌ၊ နှာ–၁၀)

ဖြေ။ အာသဝေဟိဟု ဆိုခြင်းသည် ဥပလက္ခဏမျှသာ ဖြစ်သောကြောင့် အလုံးစုံသော ကိလေသာ, အလုံးစုံသော ပါပတို့မှလည်း လွတ်သည်ဟု မှတ်ပါ။ (ဋီသစ်)

မေး။ စိတ္တံ ဝိမုစ္စိ၌ စိတ်သည် အဘယ်ခဏ၌ လွတ်ဆဲ, အဘယ်ခဏ၌ လွတ်ပြီး ဖြစ်သနည်း။

ဖြေ။ စိတ်သည် အရဟတ္တမဂ် ခဏ၌ လွတ်ဆဲ၊ အရဟတ္တဖိုလ် ခဏ၌ လွတ်ပြီး ဖြစ်သည်။ (ဋီသစ်)

### (ဌ၊ နှာ ၁၁–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အဘယ်ကြောင့် အရှင်အာနန္ဒာ၏ ပရိနိဗ္ဗာန်စံမှု နှစ်ခုတို့ကို အစ္ဆရိယဗ္ဘုတဟူ၍ ချီးမွမ်းခြင်းငှာ ထိုက်သနည်း။

ဖြေ။ အရှင်အာနန္ဒာသည် ရဟန္တာဖြစ်ခြင်းဟူသော ကိလေသပရိနိဗ္ဗာန် စံရာအခါ၌ ဣရိယာပုထ် လေးပါးမှ လွတ်သကဲ့သို့၊ စုတေခြင်းဟူသော ခန္ဓပရိနိဗ္ဗာန် စံရာ၌လည်း ကောင်းကင်၌သာ ပရိနိဗ္ဗာန် စံဝင်တော်မူသဖြင့် ဣရိယာပုထ် လေးပါးမှ လွတ်၏။ ထို့ကြောင့် အရှင်အာနန္ဒာ၏ ပရိနိဗ္ဗာန်စံမှု နှစ်ခုတို့သည် အထူးအားဖြင့် အစ္ဆရိယဗ္ဘုတဟူ၍ ချီးမွမ်းခြင်းငှာ ထိုက်၏။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ အရှင်အာနန္ဒာ ရဟန္တာ ဖြစ်သောနေ့နှင့် ပဌမသင်္ဂါယနာ တင်ရာနေ့တို့ကို ဖော်ပြပါ။

ဖြေ။ ဝါခေါင်လပြည့်ကျော် လေးရက်၊ ကြာသပတေးနေ့၌ အရှင်အာနန္ဒာ ရဟန္တာဖြစ်သည်။
ဝါခေါင်လပြည့်ကျော် ငါးရက်၊ သောကြာနေ့၌ သင်္ဂါယနာတင်သည်။ (ဂဏ္ဌိ၊ ၄)

မေး။ အရှင်အာနန္ဒာ သင်္ဂါယနာပွဲသို့ ကြွရောက်ရာ၌ ပြကတေ့ သဘာဝအားဖြင့်လည်းကောင်း၊ ကောင်းကင်ပျံ၍လည်းကောင်း၊ မြေလျှိုး၍လည်းကောင်း ကြွသည်ဟု ဆိုရာ၌ မည်သည့်စကားရပ်သည် အသင့်အမှန် ဖြစ်သနည်း၊ ဆရာနည်းကျကျ ရှင်းလင်းစွာ ဖြေဆိုပါ။

ဖြေ။ အရှင်အာနန္ဒာသည် သင်္ဂါယနာတင်ပွဲသို့ တစ်ခါတစ်ရံ ပြကတေ့ သဘောအတိုင်း ကြွ၏၊ တစ်ခါတစ်ရံ၌ ကောင်းကင်ခရီးဖြင့် ကြွ၏၊ တစ်ခါတစ်ရံ၌ကား မြေလျှိုး၍ ကြွတော်မူပေသည်။ ထို့ကြောင့် ပြကတေ့ ကြွ၏၊ ကောင်းကင်ပျံ၍ ကြွ၏၊ မြေလျှိုး ကြွ၏ဟူ၍ ဆိုကြသော စကားအားလုံး အသင့်အမှန်ချည်း ဖြစ်သည်။

(တစ်နည်း) ပြကတေ့သွားမှု၊ ကောင်းကင်ပျံမှု၊ မြေလျှိုးမှုကို ငြင်းခုံကြရာ၌ သင်္ဂါယနာတင်ပွဲ အစပထမ ရက်၌သာ အငြင်းအခုံ ဖြစ်ကြသည်ဟုဆိုလျှင် = ထို့နေ့၌ အရှင်အာနန္ဒာသည် မိမိနေရာမှ ထွက်သောအခါ ပြကတေ့ ခြေလျင်ခရီးဖြင့် ထွက်ကြွတော်မူ၏။ အတန်ငယ်သွားပြီးနောက် ကောင်းကင်ခရီးဖြင့် ကြွ၏။ သင်္ဂါယနာပွဲ မိမိနေရာသို့ ရောက်ခါနီး၌ ရဟန်းသံဃာတို့ကို နေရာဖယ်ပေးရမှု စသော မိမိကိစ္စအဘွက် မပင်ပန်းစေလိုသောကြောင့်လည်းကောင်း၊ ကောင်းကင်မှ မိမိနေရာသို့ ဝင်ထိုင်ပြန်လျှင်လည်း မထေရ်ကြီးတို့ အပေါ်၌ ဖြတ်ကျော်သွားမှုသည် မသင့်လျော်သောကြောင့်လည်းကောင်း မြေလျှိုး၍ မိမိနေရာ၌ ထိုင်သည်၊ ထို့ကြောင့် ပြကတေ့သွားမှု၊ ကောင်းကင်ပျံမှု၊ မြေလျှိုးမှုဟူသော စကားသုံးရပ်လုံးသည် အသင့်အမှန် ချည်းသာ ဖြစ်၏။

အမှာ။ မည်သူက မည်သို့ပင် ဆိုစေကာမူ ကောင်းကင်ပျံမှု၊ မြေလျှိုးမှုများသည် ဤ၌ လိုရင်းအချုပ် ပဓာန မဟုတ်၊ သင်္ဂါယနာတင်ပွဲသို့ အရှင်အာနန္ဒာ ရောက်ရှိ၍ အရှင်မဟာကဿပ ကောင်းချီးနမော် သာဓုခေါ်ကာ ချီးမွမ်း ထောမနာမှုသည်သာ ပဓာန ဖြစ်သည်ဟု ဋီကာသစ်၌ ဆုံးဖြတ်၏။

ဓနုဖြူမြို့နယ်၊ နဲ့ကြီးဆရာတော်ကြီးကမူ = တန်ခိုးရှင်တို့၏ တန်ခိုးအရာဖြစ်၍ တန်ခိုးမရှိသော သူတို့ မကြံစည်သင့်ဟု စာရေးသူအား မိန့်တော်မူဘူး၏။

မေး။ "အာဝုသော ကိံ ပဌမံ သင်္ဂါယာမ ဓမ္မံ ဝါ ဝိနယံ ဝါ" ဝါကျ၌ လာသော ဝါသဒ္ဒါများ၏ ဣတဓိပ္ပေတတ္ထ ကို အကြောင်းနှင့်တကွ ညွှန်ပြပါ။

ဖြေ။ ဝါသဒ္ဒါများသည် = ဝိကပ္ပနတ္ထ အနက်ရှိ၏။
အကြောင်းကား = ပဌမံဟူသော သဒ္ဒါတစ်ပါး (သဒ္ဒန္တရိက်)ကို ထောက်သောကြောင့်လည်းကောင်း၊ ဓမ္မကို သင်္ဂါယနာတင်ခိုက် ဝိနယကို သင်္ဂါယနာတင်မည် မဟုတ်၊ ဝိနယကို သင်္ဂါယနာ တင်ခိုက်၌လည်း ဓမ္မကို သင်္ဂါယနာတင်မည် မဟုတ်ပေ။ ဤသို့ ဓမ္မနှင့် ဝိနယကို နှစ်ပါးစုံ ပြိုင်၍ မယူရ၊ တစ်ခုခုကိုသာ ယူရမည် ဖြစ်သောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

**"ဝါသဒ္ဒါအနက်နှင့် စပ်၍ မှတ်သားဘွယ်"**

နိယံ။ အတ္ထ တစ်ချို့၊ တစ်ဖို့ဖို့သာ၊ ယူထိုက်ရာ၊ သဒ္ဒါ ဝါ–ဝိကပ်။
ဥသုံ အနက်၊ တပြိုင်နက်တည်း၊ ရအောင်ဆည်း၊ သမုစ္စည်း ဝါ–တစ်ရပ်။
အနိယမ၊ ဝါသဒ္ဒမှာ၊ အတ္ထယူပုံ၊ မစုံတစ်နဲ၊ စုံတစ်နဲ၊ အမြဲ မမှတ်အပ်။ (မောင်းထောင်နိယံ)

ttp://www.dhammadownload.com



ပုံစံ။ (ဝိကပ် ဝါ-ပုံစံ) ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ သဂ္ဂေသု ဝါ။
(သမုစ္စည်း ဝါ-ပုံစံ) ပုရိသော ဝါ မာတုဂါမော ဝါ အာဂစ္ဆန္တိ။
(အနိယမ ဝါ-ပုံစံ) စောရတော ဝါ အဂ္ဂိတော ဝါ။

## (၄၂၊ နှာ ၁၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ပဟောတိဟုဆိုလျှင် ပြီးပါလျက် အဘယ်ကြောင့် "နော နပ္ပဟောတိ"ဟု ဆိုရသနည်း၊ ရှင်းလင်းစွာ ဖြေဆိုပါ။

ဖြေ။ ပဟောတိဟုဆိုလျှင် ပြီးပါလျက် "နော နပ္ပဟောတိ"ဟု ဆိုခြင်းမှာ = "ပရိယာယ်ဆင့် မြင့်"ဟူသော စကားအတိုင်း ဤ၌ နော,န ဟူသော ပဋိသေဓနေစ်ချက် ဆင့်ထား၍ သာမန်ထက် ပိုမိုလွန်ကဲသော အနက်ကို ဟောသည်။ သို့အတွက် ပဟောတိဟု သာမန်ဆိုခဲ့လျှင် အရှင်အာနန္ဒာသည် ဝိနည်းကို ခေါင်းဆောင်ပြု၍ သင်္ဂါယနာ တင်ရာ၌ စွမ်းနိုင်၏ဟု ဆိုထားသော်လည်း ကြားရသူတို့မှာကား ဧကန် စွမ်းနိုင်လေသလော/ မစွမ်းနိုင်လေသလောဟု မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် သံသယ ဖြစ်ဘွယ် ရှိကြပေလိမ့်မည်။ ထိုသံသယ ဖြစ်မှုကို တားမြစ်လိုသောကြောင့် "နော နပ္ပဟောတိ"ဟု ပရိယာယ်ဆင့်၍ ဆိုခြင်း ဖြစ်သည်။ (ဋီသစ်)

အမှာ။ ထို့ကြောင့် အရှင်အာနန္ဒာသည် ဝိနည်းကို ခေါင်းဆောင်ပြု၍ သင်္ဂါယနာတင်ရာ၌ ဧကန်မုချ အမှန်ပင် စွမ်းနိုင်သည်သာတည်း။

(တစ်နည်း) ကိံ အာနန္ဒော နပ္ပဟောတိ ဟူသော ပုစ္ဆာ၌ ပဋိသေဓ နသဒ္ဒါ ပါ၍မေး၏။ ထိုအမေးကို ဖြေသည့် ဝိဿဇ္ဇနာဝါကျ၌လည်း ပဋိသေဓ ဖြည့်စွက်၍ ဖြေမှသာလျှင် အမေးနှင့်အဖြေ ကိုက်ညီမည်။ ပဟောတိဟုသာ ဖြေလျှင်ကား နပ္ပဟောတိ ဟူသော အမေးနှင့် မကိုက်ညီတော့သဖြင့် အမေးနှင့်အဖြေ လိုက်လျောညီထွေ ကိုက်ညီစွာ ဖြစ်စေမည့် အဖြေဝိဿဇ္ဇနာကို ပြလိုသောကြောင့် "နော နပ္ပဟောတိ"ဟု ဖြေဆိုထားခြင်း ဖြစ်သည်။ (အဖြေသစ်)

မေး။ (ဒန္တခစိတံ ဗီဇနိံ ဂဟေတွာ) ဓမ္မကထိက ပုဂ္ဂိုလ်တို့ ယပ်ဝန်းကို ကိုင်ဆောင်ရခြင်းအကြောင်းကို ဖော်ပြပါ။

ဖြေ။ ဓမ္မကထိက ပုဂ္ဂိုလ်တို့သည် ပရိသတ်အလယ်၌ မိမိတို့၏ မျက်နှာအမူအရာ ဖောက်ပြန်ခြင်း စသည်တို့ကို ဖုံးကွယ်လိုသောကြောင့် ယပ်ဝန်းကို ကိုင်ဆောင်ရခြင်း ဖြစ်သည်။

မေး။ အပနေတဗ္ဗံ နတ္ထိ၌ အပနေတဗ္ဗ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ပိုလွန်သည်၏ အဖြစ်ဖြင့် အကျိုးမရှိသောကြောင့်လည်းကောင်း၊ ချွတ်ယွင်းသည်၏ အဖြစ်ဖြင့် မသင့်လျော်သောကြောင့်လည်းကောင်း ပယ်ရှားထိုက်သော စကားသည် အပနေတဗ္ဗ မည်၏။

## (၄၂၊ နှာ ၁၆-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဝိနယလည်း ဓမ္မမည်ပါလျက်၊ ဝိနည်းမှ ကြွင်းသော သုတ္တန်, အဘိဓမ္မာတို့ကိုသာ "အဝသေသံ ဗုဒ္ဓဝစနံ **ဓမ္မော**"ဟု ဖွင့်ဆိုရပုံကို ရှင်းပြပါ။

ဖြေ။ ဝိနယသဒ္ဒါ၏ အနီးကျရာ (ဝိနယဟူသော သဒ္ဒန္တရိက်)၌ ဘိန္နာဓိကရဏ အဖြစ်ဖြင့် ယှဉ်သော ဓမ္မသဒ္ဒါသည် "ပုညဉာဏသမ္ဘာရ, ဂေါဗလိဗဒ္ဒ "တို့ကဲ့သို့ ဝိနည်းပါဠိ၏ ဆန့်ကျင်ဘက်ဖြစ်သော ပါဠိကိုသာ ပြနိုင်ရကား "ပုညဉာဏသမ္ဘာရနည်း, ဂေါဗလိဗဒ္ဒနည်းဖြင့်" အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မောဟု ဖွင့်ဆိုသည်။ (ဋီသစ်)

(တစ်နည်း) ဓမ္မဝိနယ၌ ဝိနယနှင့်တွဲနေသော ဓမ္မသဒ္ဒါသည် ပုညဉာဏသမ္ဘာရနည်း, ဂေါဗလိဗဒ္ဒနည်း အားဖြင့် ဝိနယအနက်မှ ကြွင်းသော သုတ်အဘိဓမ္မာကိုသာ ဟောသောကြောင့် အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မောဟု ဖွင့်ဆိုသည်။

ttp://www.dhammadownload.com



(တစ်နည်း) ခန္ဓာ စသည်တို့၏ အစွမ်းဖြင့် သဘာဝဓမ္မ ဒေသနာ များသောကြောင့် အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မောဟု ဖွင့်ဆိုသည်။

မေး။ အနေကဥ္စ ဧကပုဒ်၏ အနက်ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ များစွာသော ဗဟုတ္တကို ဟော၏။
အနေကဥ္စ နနိပါတ်ပုဒ်သည် ဧကပုဒ် ဟောနေကြဖြစ်သော အနက်များကို တားမြစ်ပိတ်ပင်၍ ဤနေရာ၌ များစွာဟူသော ဗဟုတ္တကို ဟောကြားနိုင်ရန် ထွန်းပြရုံမျှ အနေဖြင့်သာ ဇောတကအဖြစ် ထွန်းပြနေသောကြောင့်တည်း။

မေး။ အနေကဇာတိသံသာရံ ဂါထာကို အဘယ်ကြောင့် "ပဌမဗုဒ္ဓဝစန"ဟု ဆိုသနည်း။

ဖြေ။ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်၏ နီးစွာသော အကြောင်းဖြစ်သော အရဟတ္တဖိုလ် ရောက်သည်ကို အပရာဇိတ ပလ္လင်ထက်ဝယ် ဆင်ခြင်တော်မူရာအခါ ပစ္စဝေက္ခဏာဉာဏ် ၁၉–တန်၏ အခြားမဲ့၌ နှလုံးသွင်းတော်မူအပ်သောကြောင့် အနေကဇာတိသံသာရံ ဂါထာကို "ပဌမဗုဒ္ဓဝစန"ဟု ဆိုရသည်။
(ဓမ္မပဒ ဘာဏကထေရ ဝါဒ)

အမှာ။ ဓမ္မပဒ ဘာဏကထေရ်တို့ အလို = ဘုရားရှင်အားလုံး မစွန့်အပ်သော ဥဒါန်း ဟူသတတ်။

မေး။ (က) စိတ်တော်ဖြင့် ဖြစ်သော တရားတို့တွင် အစဆုံးဂါထာ (ခ) နှုတ်တော်ဖြင့် ဖြစ်သော တရားတို့တွင် အစဆုံးဂါထာတို့ကို ခန္ဓက ဘာဏကထေရ်တို့ အလိုကျ ဖော်ပြပါ။

ဖြေ။ (က) အနေကဇာတိသံသာရံ စသော နှစ်ဂါထာ။ (ခ) ယဒါ ဟဝေ ပါတုဘဝန္တိ ဂါထာ။

မေး။ "ဓမ္မပဒ ဘာဏကတို့ကား အနေကဇာတိသံသာရံ စသော ဂါထာသည်သာ ပဌမဗုဒ္ဓဝစန မည်၏၊ ခန္ဓက ဘာဏကတို့ကား ယဒါ ဟဝေ ပါတုဘဝန္တိ စသော ဥဒါန်းဂါထာသည်သာ ပဌမဗုဒ္ဓဝစန မည်၏" ဤကဲ့သို့ အယူဝါဒ အဆိုကွဲရာ၌ ညီညွတ်အောင် ညှိနှိုင်းပြခဲ့ပါ။

ဖြေ။ အနေကဇာတိ ဂါထာကို မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်၏ နီးစွာသော အကြောင်းဖြစ်သော အရဟတ္တဖိုလ် ရောက်သည်ကို အပရာဇိတ ပလ္လင်ထက်ဝယ် ဆင်ခြင်တော်မူရာအခါ ပစ္စဝေက္ခဏာဉာဏ် ၁၉–တန်၏ အခြားမဲ့၌ နှလုံးသွင်းတော်မူသည်။ ထို့ကြောင့် ဓမ္မပဒ ဘာဏကထေရ်တို့က = အနေကဇာတိသံသာရံ ဂါထာကို "ပဌမဗုဒ္ဓဝစန"ဟု ဆိုကုန်၏။
ခန္ဓက ဘာဏကထေရတို့သည် = ယဒါ ဟဝေ ပါတုဘဝန္တိ စသော ဥဒါန်းလာ ဂါထာကိုသာ "ပဌမဗုဒ္ဓဝစန"ဟု ယူသည်။ ဓမ္မပဒ ဘာဏကထေရ်တို့ ဆိုသော အနေကဇာတိ ဂါထာကား မနသာဝဝတ္ထပိတ ဖြစ်၍ မဟာဇနအား ဥပကာရ မဖြစ်၊ ငါတို့ ဂါထာသာ ဝစီဘေဒဒေသိတ ဖြစ်၍ မဟာဇနအား ဥပကာရ ဖြစ်ရကား ပဌမဖြစ်သည်ဟု ခန္ဓက ဘာဏကတို့ ဆိုကုန်၏။
ဓမ္မပဒ ဘာဏကထေရ်တို့ကား = ဒေသနာ၏ ဥပကာရ, အနုပကာရ ဖြစ်ခြင်းသည် ပဌမဟု ခေါ်ဆိုခြင်း၌ လက္ခဏာ မဟုတ်၊ အနေကဇာတိ ဂါထာသည်သာ ရှေးဦးစွာ မနသာဝဝတ္ထပိတ ဖြစ်ရကား ငါတို့ ဂါထာသာ ပဌမဖြစ်သည်ဟု ဓမ္မပဒ ဘာဏကတို့ ဆိုကုန်၏။
မနသာ ပဝတ္တိတ ဓမ္မတို့တွင် အနေကဇာတိ ဂါထာသည် "ပဌမ"။
ဝါစာယ ပဝတ္တိတ ဓမ္မတို့တွင် ယဒါ ဟဝေ ပါတုဘဝန္တိ ဂါထာသည် "ပဌမ"။ ဤသို့ယူလျှင် ဝါဒနှစ်မျိုးလုံးပင် သင့်မြတ်၏။

ttp://www.dhammadownload.com



မေး။ အနေကဇာတိသံသာရံ စသော ဂါထာကို မနသာ ဥဒါန်းဂါထာဟု အဘယ်ကြောင့် သိသနည်း။

ဖြေ။ ဥဒါန်းသည် မနသာဥဒါန်း, ဝစသာဥဒါန်းဟု နှစ်မျိုးရှိ၏။ အကယ်၍ အနေကဇာတိသံသာရံ စသော ဂါထာသည် ဝစသာဥဒါန်း ဖြစ်ခဲ့ပါမူ သင်္ဂါယနာ တင်စဉ်အခါက ဥဒါန်းပါဠိတော်၌ ပါရှိရမည်။ ထိုသို့ ပါရှိရမည် ဧကန်ဖြစ်ပါလျက် ဥဒါန်းပါဠိတော်၌ သင်္ဂါယနာ တင်ရာဝယ် မပါရှိခြင်းသည်ပင် နှုတ်တော်ဖြင့် ကျူးရင့်ခဲ့ခြင်း မဟုတ်၊ စိတ်တော်ဖြင့် ကျူးရင့်ခဲ့ခြင်း ဖြစ်သည်ဟု သိသင့်, သိထိုက်သောကြောင့်လည်းကောင်း။ ဗောဓိပင်နှင့် ရွှေပလ္လင်၌ ထိုင်နေတော်မူစဉ် စိတ်တော်ဖြင့် ဥဒါန်းကျူးရင့်ခဲ့သည်ကို နောင်အခါ အရှင်အာနန္ဒာ မေးမြန်းလာ၍ နှုတ်တော်ဖြင့် ဘုရားရှင် ဟောကြားတော်မူခဲ့ခြင်း ဖြစ်သည်ဟု အနက်အဓိပ္ပါယ်ကို ဧကန်ဧက မှတ်သားကြရမည် ဖြစ်သောကြောင့်လည်းကောင်းတည်း။

**(၄။ နှာ ၁၇-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အယံ ဝိနယော "ဝိနယော"တိ အက္ခာတော၌ ဝိနယသဒ္ဒါ နှစ်ခုတို့၏ အထူးကို ဖြေပြပါ။

ဖြေ။ အယံ ဝိနယော၌ ဝိနယသဒ္ဒါသည် = အတ္ထပညတ် သညီပါဠိဒြဗ်ဟော, ဝိနယပါဠိဟူသော ဒြဗ်ကို ရ၏။ ဝိနယောတိ အက္ခာတော၌ ဝိနယသဒ္ဒါသည် = သဒ္ဒပညတ် သညာဂုဏ်ဟော, ဝိနယဟူသော နာမသဒ္ဒါကို ရ၏။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ ဒဠှီကမ္မသိထိလကရဏပ္ပယောဇနာ ပုဒ်၌ အနုပညတ်ကို လောကဝဇ္ဇ, ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ် အားလျော်စွာ ခွဲခြားဝေဖန်ပြပါ။

ဖြေ။ အနုပညတ်သည် = လောကဝဇ္ဇ သိက္ခာပုဒ်တို့၌ ဒဠှီကမ္မပ္ပယောဇန ဖြစ်သည်။
ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့၌ သိထိလကရဏပ္ပယောဇန ဖြစ်သည်။ (ဋီသစ်)

မေး။ အနုပညတ်၏ ဝိသေသနယ ဖြစ်ပုံကို ရေးသားခဲ့ပါ။

ဖြေ။ အနုပညတ်သည် ယေဘုယျအားဖြင့် လောကဝဇ္ဇ သိက္ခာပုဒ်များ၌ မြဲမြံခိုင်ခန့်ခြင်း - ဒဠှီကမ္မ၊ ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်များ၌ ပေါ့လျော့စွာဖြစ်ခြင်း - သိထိလကရဏ အကျိုးရှိသောအားဖြင့် မူလပညတ်နှင့် မတူကွဲပြား ထူးခြား၍ လာသောကြောင့် ဝိသေသနယ ဖြစ်သည်။ (ဋီသစ်)

မေး။ တေသ ဝစနတ္ထကောသလ္လတ္ထံ ဝုတ္တံ ဝါကျဝယ် အတ္ထ၏ သမ္ဗန်ဖြစ်သော ဝစနသဒ္ဒါ ပါရှိပြီး ဖြစ်လျက် အဘယ်ကြောင့် တေသ ဟူသော သမ္ဗန်တစ်ပုဒ်ကို ထည့်ဆိုရသနည်း၊ ရှင်းလင်းစွာ ဖြေပြပါ။

ဖြေ။ အတ္ထ၏ သမ္ဗန်ဖြစ်သော ဝစနသဒ္ဒါ ပါရှိပြီးဖြစ်သော်လည်း ... ယင်းဝစနသဒ္ဒါသည် ဤနေရာ၌ ပိဋကတ်သုံးပုံ အလုံးစုံ၌ ရှိသော သာမညပါဠိများကို မလို၊ ဝိနယဟူသော ဝိသေသပါဠိ တစ်ပုဒ်တည်းကိုသာ အလိုရှိ၏ ဟူသော အထူးဝိသေသကို ပြလိုသောကြောင့် တေသ ဟူသော သမ္ဗန်တစ်ပုဒ်ကို ထည့်၍ဆိုသည်။ (ဋီသစ်)

အမှာ။ တေသ ဝစနတ္ထကောသလ္လတ္ထံ၌ တေသပုဒ်ကို တေသာတိ ဝိနယသဒ္ဒဿဟုဖွင့်သော ဋီသစ်အဖွင့်ကို ရှုမျှော်၍ "တေသ-ထိုဝိနယသဒ္ဒါ၏"ဟု အနက်ပြန်ပါ။ ဝစနတ္ထပုဒ်ကို = ဝစနဿ အတ္ထော ဝစနတ္ထောဟု ဝိဂ္ဂဟပြုပါ။ တေသပုဒ်ကို ဝစနတ္ထဝယ် အတ္ထဟူသော နောက်ပုဒ်၌ သမ္ဗန္ဓ+သမ္ဗန္ဓီ စာစပ်ပါလေ။
(တစ်နည်း) ဝစနတ္ထ ဟူသော ပုဒ်သည် တပ္ပုရိသ်သမာသ်ပုဒ် ဖြစ်၏။ တပ္ပုရိသ်သမာသ်တို့၏ သဘောသည် နောက်ပုဒ်ပြဓာန်း၍ သာမညဖြစ်သော အနက်ကို တစ်ဖန်ဟောနေသောကြောင့်လည်းကောင်း၊ ဤနေရာ၌ ဝိနယသဒ္ဒါ၏ အနက်ဟူသော ဝိသေသတ္ထကို ပြလိုသောကြောင့်လည်းကောင်း၊ နာမသဒ္ဒါ ဖြစ်သောကြောင့် လည်းကောင်း တေသဟူသော သမ္ဗန်တစ်ပုဒ်ကို ထည့်ဆိုသည်။

ttp://www.dhammadownload.com



ဥပမာကား = ဝိနည်းသိက္ခာပုဒ် တစ်နေရာ၌ သုဂတဿ သုဂတစီဝရံဝယ် သုဂတဟူသော သမ္မန်တစ်ပုဒ် ထပ်တိုး၍ ဆိုသကဲ့သို့တည်း။ (ဋီသစ်+အဖြေသစ်)

**(၃။ နှာ ၁၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အတ္တတ္ထပရတ္ထာဒိဘေဒေဝယ် သုတ်၌ အတ္တတ္ထ, ပရတ္ထဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ဗြဟ္မဇာလသုတ်ကို သရဇ္ဈာယ်ခြင်း, နာယူခြင်း, ပို့ချခြင်း, ကြံစည်ခြင်း, ဟောခြင်းတို့ကို ပြုသောသူအား ထိုသုတ်သည် ချီးမြှောက်အပ်သည် ဖြစ်၍ သီလစသော အတ္တတ္ထအကျိုး ဖြစ်သည်။
ထိုသူသည် တစ်ပါးသော ပုဂ္ဂိုလ်အား သင်ကြားပို့ချခဲ့သော် ပရတ္ထအကျိုးလည်း ဖြစ်သည်။
ဤသို့လျှင် သုတ္တန်ဒေသနာတော်သည် သတ္တဝါတို့အတွက် အတ္တတ္ထ, ပရတ္ထ ဖြစ်ပါသည်။

မေး။ အတ္တတ္ထပရတ္ထာဒိဘေဒေ အတ္ထေဝယ် အတ္ထ အရကို ဖော်ပြပါ။

ဖြေ။ အတ္ထ အရ = ဟိတတ္ထ–အကျိုးစီးပွား ဟူသော အနက်၊ ဘာသိတတ္ထ–ဘုရားဟောပါဠိတော် ဟူသော အနက် နှစ်ပါးကို ယူပါ။

မေး။ အတ္တတ္ထပရတ္ထာဒိဘေဒေဝယ် အတ္ထသဒ္ဒါ ဟောသော အနက်တို့ကို ရှုမျှော်၍ အာဒိ အရကို ဖော်ပြပါ။

ဖြေ။ အတ္ထသဒ္ဒါသည် ဟိတတ္ထကို ဟောခိုက် အာဒိ အရ = ဒိဋ္ဌဓမ္မိကတ္ထ,သမ္ပရာယိကတ္ထ,လောကိယတ္ထ, လောကုတ္တရတ္ထတို့ကို ယူပါ။
အတ္ထသဒ္ဒါသည် ဘာသိတတ္ထကို ဟောခိုက် အာဒိ အရ = နီတတ္ထ,နေယျတ္ထ,မုချတ္ထ,ဥပစာရတ္ထ,ဂမ္ဘီရတ္ထ, ဥတ္တာနတ္ထ စသည်တို့ကို ယူပါ။ (ဋီသစ်+သာရတ္ထ)

အမှာ။ အတ္တတ္ထပရတ္ထာဒိဘေဒေဝယ် အာဒိ အရကို ဖော်ပြပါဟု သာမညမေးသော် = ဒိဋ္ဌဓမ္မိကတ္ထ, သမ္ပရာယိကတ္ထ, လောကိယတ္ထ, လောကုတ္တရတ္ထ စသည်တို့ကိုသာ ယူပါဟု သာမညဖြေပါ။ (အပရေဝါဒ)

မေး။ "သုတ္တန်ပိဋကတ်သည် (အတ္ထေ သူစေတိ) အကျိုးတရားတို့ကို ပြတတ်၏"ဟု ဆိုသောစကားကို မုချမှတ်ရမည်လော၊ အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ မုချ မမှတ်ရပါ။
အကြောင်းကား = ဆိုခဲ့ပြီးသည့် ဟိတပရိယာယဟု ဆိုအပ်သော အတ္တတ္ထ, ပရတ္ထ အကျိုးတရားတို့ကို သုတ်သည် ပြတတ်၏ဟူသော အနက်၏ မုချ မဖြစ်သင့်သောကြောင့်လည်းကောင်း၊ သုတ္တန် ပိဋကတ်ကို ဆောင်ထားသည့် ပုဂ္ဂိုလ်သည်သာ ဆိုခဲ့ပြီး အကျိုးတရားတို့ကို မုချ ပြတတ်သောကြောင့်လည်းကောင်း၊ သူစေတီတိ သုတ္တံ၌ သုတ္တ ဟူသော သဒ္ဒါသည် ဌာနီဖြစ်သော သုတ္တန်ပိဋကတ်၏ သုတ္တဟူသော အမည်ကို ဌာနဖြစ်သော သုတ္တန်ပိဋကတ်ကို ဆောင်ထားသည့် ပုဂ္ဂိုလ်၌သာ ဌာနျူပစာ + အဝိနာဘာဝနည်းအားဖြင့် တင်စား၍ ဆိုထားသောသဒ္ဒါ ဖြစ်သောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

မေး။ သူစေတီတိ သုတ္တံ ဝါကျ၌ သုတ္တပုဒ်၏ အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ ဆိုခဲ့ပြီးသည့် ဟိတပရိယာယဟု ဆိုအပ်သော အတ္တတ္ထ, ပရတ္ထ အကျိုးတရားတို့ကို သုတ်သည် ပြတတ်၏ ဟူသော အနက်၏ မုချ မဖြစ်သင့်သောကြောင့်လည်းကောင်း၊ သုတ္တန်ပိဋကတ်ကို ဆောင်ထားသည့် ပုဂ္ဂိုလ်သည်သာ ဆိုခဲ့ပြီး အကျိုးတရားတို့ကို မုချ ပြတတ်သောကြောင့်လည်းကောင်း၊ သူစေတီတိ သုတ္တံ၌ သုတ္တ ဟူသော သဒ္ဒါသည် ဌာနီဖြစ်သော သုတ္တန်ပိဋကတ်၏ သုတ္တဟူသော အမည်ကို ဌာနဖြစ်သော သုတ္တန် ပိဋကတ်ကို ဆောင်ထားသည့် ပုဂ္ဂိုလ်၌သာ ဌာနျူပစာ + အဝိနာဘာဝနည်းအားဖြင့် တင်စား၍ သုတ္တဟု ဆိုထားသောသဒ္ဒါ ဖြစ်သောကြောင့်လည်းကောင်း သုတ္တ အရ = သုတ္တန်ပိဋကတ်ကို ဆောင်ထားသည့် ပုဂ္ဂိုလ်ကို ယူပါ။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ဝိနည်း, အဘိဓမ္မာတို့၌လည်း အကျိုးစီးပွားတို့ကို ဟောထားသည် ဖြစ်ပါလျက် အဘယ်ကြောင့် သုတ္တန်ပိဋကတ်ကိုသာ "သုဝုတ္တာ စေတ္ထ အတ္ထာ"ဟု ဆိုသနည်း၊ ရှင်းပြပါ။

ဖြေ။ သုတ်၌ကား အာဏာ တရားသဘောသည် ဝေနေယျတို့၏ အလိုသို့ အစဉ်လိုက်၏။ ဝိနည်း, အဘိဓမ္မာတို့၌ကဲ့သို့ ဝေနေယျတို့၏ အလိုသည် အာဏာ တရားသဘော၌ အစဉ်လိုက်သည် မဟုတ်သောကြောင့် သုတ္တန်ဒေသနာသည် ဝေနေယျတို့၏ စေန်အကျိုးကို ရခြင်းကို ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် သုတ္တန်ပိဋကတ်ကိုသာ "သုဝုတ္တာ စေတ္ထ အတ္ထာ"ဟု ဆိုသည်။ (ဋီသစ်)

မေး။ သဿမိဝ ဖလံ၌ သုတ္တန်ပိဋကတ်၏ ကောက်စပါးပင်နှင့် တူပုံကို ပမာပမေ နှီးနှောပြပါ။

ဖြေ။ ကောက်စပါးမည်သည် စိုက်ပျိုးစဉ်ခဏ၌ အသီးမသီးသေး၊ ရေသွင်းခြင်း, ပေါင်းသင်ခြင်း စသည်တို့၏ အစွမ်းဖြင့် နှစ်လ,သုံးလ ကြာမှ အသီးသီးသကဲ့သို့ ဤသုတ်သည်လည်း နာဆဲ,သင်ဆဲ စသော ခဏ၌ အကျိုးမပြီးသေး၊ အစဉ်အတိုင်း သိက္ခာကို ကျင့်ခြင်း စသည်တို့၏ အစွမ်းဖြင့် ကာလကြာမှသာ အကျိုးပြီးသည်။ ဤကား သဿမိဝ ဖလံ ပါဌ်၌ ပမာပမေ နှီးနှောပုံတည်း။ (ဋီသစ်)

မေး။ ဓေနု ဝိယ ခီရံ၌ သုတ္တန်ပိဋကတ်၏ နွားမနှင့် တူပုံကို ပမာပမေ နှီးနှောပြပါ။

ဖြေ။ နွားမည်သည် သင့်လျော်ရာအခါ နွားငယ်ကို နို့စို့စေပြီး ကျွမ်းကျင်သူတို့ ညှစ်မှသာ နို့ရည်ထွက်၏။ မသင့်လျော်ရာအခါ, သင့်လျော်ရာအခါ၌လည်း ဦးချို စသည်ကို ကိုင်၍ ကျွမ်းကျင်သူတို့ ညှစ်သော်လည်း နို့ရည်မထွက်သကဲ့သို့ ဤသုတ္တန်သည်လည်း နိဿရဏတ္ထ စသည်တို့၏ အစွမ်းဖြင့် နာယူဆောင်ရွက်သူတို့အားသာ သီလစသော အကျိုးဖြစ်သည်။ အလဂဒ္ဒူပမာဖြင့် နာယူဆောင်ရွက် သူတို့အား အကျိုးမဖြစ်။ ဤကား "ဓေနုဝိယ ခီရံ"ပါဌ်၌ ပမာပမေ နှီးနှောပုံတည်း။ (ဋီသစ်)

မေး။ သုတ္တန်ပိဋကတ်၏ တံမျဉ်းကြိုးနှင့် တူပုံကို ပမာပမေ နှီးနှောလျက် ရှင်းပြပါ။

ဖြေ။ လက်သမားတို့၏ တံမျဉ်းကြိုးသည် ယူအပ်, စွန့်ပစ်အပ်သော အရာဝတ္ထုကို ထင်ရှားစွာ ပြတတ်သောကြောင့် လက်သမားတို့အတွက် တံမျဉ်းကြိုးသည် ပမာဏမြောက်သကဲ့သို့ . . .

တစ်စုံတစ်ခုသော ဂိုဏ်း,ပဋိပက္ခ, ဝိဝါဒ-ငြင်းခုံမှုများ ဖြစ်ပေါ်လာခဲ့လျှင်လည်း သုတ္တန်ပိဋကတ်ကို ထင်ပြ၍ "ဤဝါဒသည် အမှားတည်း၊ ဤဝါဒသည် အမှန်တည်း"ဟူ၍ ဆုံးဖြတ်မှုကို ပြုနိုင်သောကြောင့် ပညာရှိတို့အတွက် သုတ္တန်ပိဋကတ်သည် ပမာဏမြောက်သော ပိဋကတ်တစ်ပုံ ဖြစ်ရကား သုတ္တန်ပိဋကတ်သည် တံမျဉ်းကြိုးနှင့် တူပေတော့၏။

မေး။ သုတ္တန်ပိဋကတ်၏ ပန်းသီတံ ချည်ကြိုးနှင့် တူပုံကို ပမာပမေ နှီးနှောလျက် ရှင်းပြပါ။

ဖြေ။ ပန်းသီတံ ချည်ကြိုးဖြင့် သီကုံးထားအပ်သော ပန်းတို့ကို လေသည် ဖရိုဖရဲကြဲအောင်, ပြိုကွဲအောင် မဖျက်ဆီးနိုင်ကုန်သကဲ့သို့ . . .

ဤအတူ သုတ္တန်ပိဋကတ်ဖြင့် သဂြိုဟ်ရေတွက်အပ်ကုန်သော အနက်, အဓိပ္ပါယ်, အကျိုးတရားများကို မည်သည့် မိစ္ဆာဝါဒကမျှ ဖရိုဖရဲကြဲအောင်, ပျိုကွဲပျက်စီးအောင် မဖျက်ဆီးနိုင်ရကား သုတ္တန်ပိဋကတ်သည် ပန်းသီတံ ချည်ကြိုးနှင့် တူပေတော့၏။ (ဋီသစ်)

မေး။ သုတ္တန်ပိဋကတ်ကိုသာ "သုတ္တသဘာဂ-တံမျဉ်းကြိုး, ပန်းသီတံ ချည်ကြိုးနှင့် တူ၏"ဟု ဆို၍ ဝိနည်း+အဘိဓမ္မာ ပိဋကတ်တို့ကို သုတ္တသဘာဂဟု မဆိုရခြင်း အကြောင်းကို ဖြေဆိုခဲ့ပါ။

ဖြေ။ ဝေနေယျဇ္ဈာသယ၏ အစွမ်းအားဖြင့်ဖြစ်သော ဤသုတ္တန်ဒေသနာတော်သည် အတ္တတ္ထ+ပရတ္ထ စသော အကျိုးများကို သာတိသယနည်းအားဖြင့် လွန်ကဲစွာ ပြတတ်သောကြောင့် သုတ္တန်ပိဋကတ်ကိုသာ "သုတ္တ

ttp://www.dhammadownload.com



သဘာဂ–တံမျဉ်းကြိုး, ပန်းသီတံ ချည်ကြိုးများနှင့် တူ၏ ”ဟုဆိုသည်။ ဝိနည်း+အဘိဓမ္မာ ပိဋကတ်တို့ကို သုတ္တသဘာဂဟု မဆိုရပါ။ (ဋီသစ်)

မေး။ သုတ္တသဒ္ဒါသည် ဝိနည်း+အဘိဓမ္မာ ပိဋကတ်များကို ဟောနိုင်/မဟောနိုင် ရှင်းလင်းခဲ့ပါ။ (ထပ်တွန့်ပုစ္ဆာ)

ဖြေ။ သုတ္တသဒ္ဒါသည် သုတ္တန်ပိဋကတ်ကို ဟော၏ဟု ဤ၌ ဖွင့်ဆိုထားသော သုတ္တသဒ္ဒါ၏ ဗျုပ္ပတ် ဝိဂ္ဂဟများသည် အဓိပ္ပါယ်အဖွင့်ကို ရှုလျှင် မုချနည်း, ယေဘုယျနည်းအားဖြင့် ဆိုထားသည့် ဗျုပ္ပတ် ဝိဂ္ဂဟများ ဖြစ်သော ကြောင့်လည်းကောင်း၊ သုတ္တာဂတံ သုတ္တပရိယာပန္နံ စသော ဝိနည်းပါဠိတော်၌ လာသော သုတ္တသဒ္ဒါများ သည် သဒိသူပစာရနည်း, အပ္ပကနည်းအားဖြင့် ဝိနည်းပိဋကတ်ကို ဟောသောကြောင့်လည်းကောင်း၊ သကဝါဒေ ပဉ္စသုတ္တသတာနိ စသော ပါဠိတို့၌ လာသော သုတ္တသဒ္ဒါသည်လည်း သဒိသူပစာရနည်း, အပ္ပကနည်းအားဖြင့် အဘိဓမ္မာပိဋကတ်ကို ဟောသောကြောင့်လည်းကောင်း သုတ္တသဒ္ဒါသည် ဝိနည်း+ အဘိဓမ္မာ ပိဋကတ်တို့ကိုလည်း သဒိသူပစာ+အပ္ပကနည်းအားဖြင့် ဟောနိုင်ပါသေးသည်။ (ဋီသစ်)

မေး။ ရာဇာဘိရာဇာ မနုဇိန္ဒော ပါဠိဝယ် “ကြိယာယောဂ ဥပသဂ္ဂါ”ဟူသော ပရိဘာသာနှင့်အညီ ဤနေရာ၌ အဘိသဒ္ဒါသည် ကြိယာနှင့် မယှဉ်ရကား အဘယ်သို့လျှင် အနက်ကို ဟောနိုင်ပါမည်နည်း၊ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ ရာဇာဘိရာဇာဝယ် အဘိသဒ္ဒါသည် ကြိယာနှင့် မယှဉ်သော်လည်း ပူဇော်ခြင်း ကြိယာကို ပြတတ်ရကား ထိုကြိယာတို့နှင့် ယှဉ်ကုန်သော မင်းဒြဗ်တို့၌လည်း ဖြစ်သောကြောင့် ဟောနိုင်ပါသည်။

မေး။ ဝုမိမဏ္ဍော၌ ဝုမိ အရကို အထောက်ပြ၍ ပြည့်စုံစွာ ကောက်ပြပါ။

ဖြေ။ ဘာဝေတိကို ထောက်၍ = စိတ္တဝဍ္ဎန, ဘာဝနာဝဍ္ဎနကို ယူပါ။

ဖရိတွာကို ထောက်၍ = အာရမ္မဏဝဍ္ဎန, ဖရဏဝဍ္ဎနကို ယူပါ။ (ဋီသစ်)

**(၄၊ နှာ ၁၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သဘာဝပရိစ္ဆိန္နတ္တာ၌ သဘာဝ မည်သောတရားကို ဖော်ထုတ်ပါ။

ဖြေ။ သဘာဝပရိစ္ဆိန္နတ္တာ၌ ဗုဒ္ဓသဘော, ဝေဒယိတသဘောသည် သဘာဝမည်သော တရားဖြစ်၏။

မေး။ ယံ ပနေတ္ထ အဝိသိဋ္ဌံ ပါဠိ၌ ဝိသိဋ္ဌ မည်သော တရား၊ အဝိသိဋ္ဌ မည်သော တရားတို့ကို အကြောင်းပြ၍ ဖော်ထုတ်ပါ။

ဖြေ။ ဝိနယ, သုတ္တ, အဘိဓမ္မ သဒ္ဒါသုံးခုတို့သည် အချင်းချင်း တစ်ခုနှင့်တစ်ခု မဆက်ဆံကြသောကြောင့် ဝိသိဋ္ဌ မည်၏။

ပိဋကသဒ္ဒါသည် ဝိနယစသော သဒ္ဒါသုံးခုလုံးနှင့် ဆက်ဆံသောကြောင့် အဝိသိဋ္ဌ မည်၏။ (ဋီသစ်)

မေး။ ပရိယတ္တိဗ္ဘာဇနတ္ထတော၌ တောပစ္စည်း၏ အနက်ကို နာနာစရိယ, နာနာဝါဒ အားလျော်စွာ စုံစုံလင်လင် တင်ပြပါ။

ဖြေ။ “ပရိယတ္တိဗ္ဘာဇနတ္ထတော–သင်ယူအပ်သော ပါဠိဟူသော အနက်, တည်ရာဟူသော အနက်အားဖြင့်”ဟု ပေးသော ပခုက္ကူ, ဘာဋီတို့အလို တောပစ္စည်းသည် ကြိယာဝိသေသနတ္ထ ဖြစ်သည်။

“ပရိယတ္တိဗ္ဘာဇနတ္ထတော–သင်ယူအပ်သော အနက်, တည်ရာဖြစ်သော အနက်ကြောင့်”ဟု ပေးသော နေရင်း နိဿယအလို တောပစ္စည်းသည် ဟေတွတ္ထ ဖြစ်သည်။

“ပရိယတ္တိဗ္ဘာဇနတ္ထတော–သင်ယူအပ်သော ပါဠိဟူသော အနက်, တည်ရာဟူသော အနက်ဖြင့်”ဟု ပေးသော ဋီသစ်အလို တောပစ္စည်းသည် ကရဏတ္ထ ဖြစ်သည်။

ttp://www.dhammadownload.com



"ပရိယတ္တိဗ္ဗာဓနေတ္တတော–သင်ယူအပ်သော အနက်, တည်ရာဖြစ်သော အနက်ရှိ၏ဟူ၍"ဟု အာကာရတ္ထ ပေးသော ဋီသစ်အလို အကျေကြံထားသော ဣတိသဒ္ဒါဖြင့် ညွှန်ပြထားသောကြောင့် တောပစ္စည်းသည် ပဥ္စမာအနက်၌ ဖြစ်၏။ (ဋီသစ်)

မေး။ တယောပိ ဝိနယာဒယော ဥေယျာ၌ ပိသဒ္ဒါ၏ အနက်ကို ဖော်ထုတ်၍၊ ထိုပိသဒ္ဒါဖြင့် သိစေအပ်သော အနက်အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

ဖြေ။ တယောပိ၌ ပိသဒ္ဒါသည် အဝယဝသမ္ပိဏ္ဍန အနက်ရှိ၏။
ထိုသမ္ပိဏ္ဍန အနက်ရှိသော ပိသဒ္ဒါဖြင့် ဝိနယစသော သဒ္ဒါသုံးခု အပေါင်းမှာသာ ပိဋကမည်သည် မဟုတ်၊ တစ်ခုတစ်ခုသော ဝိနယစသော သဒ္ဒါတို့သည်လည်း ပိဋကမည်၏ဟူသော အနက်,အဓိပ္ပါယ်ကို သိစေသည်။

**(၄၂ နှာ ၂၀–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ တတ္ထ ဟိ ဝိနယပိဋကံ အာဏာရဟေန ဘဂဝတာ အာဏာဗာဟုလ္လတော ဒေသိတတ္တာ **အာဏာဒေသနာ** ဟူသော ဝါကျ၏ အဆုံး၌ အာဏာဒေသနာတိ ဝုစ္စတိ ဟူ၍လည်းကောင်း၊ သုတ္တန္တပိဋကံ ဝေါဟာရ ကုသလေန ဘဂဝတာ ဝေါဟာရဗာဟုလ္လတော ဒေသိတတ္တာ **ဝေါဟာရဒေသနာ** ဟူသော ဝါကျ၏ အဆုံး၌ ဝေါဟာရဒေသနာတိ ဝုစ္စတိ ဟူ၍လည်းကောင်း "ဣတိ ဝုစ္စတိ"သဒ္ဒါတို့ကို ဆိုသင့်ပါလျက် မဆိုဘဲ အဘိဓမ္မပိဋကံ ပရမတ္ထကုသလေန ဘဂဝတာ ပရမတ္ထဗာဟုလ္လတော ဒေသိတတ္တာ **ပရမတ္ထဒေသနာ**တိ ဝုစ္စတိ ဟူသော ဝါကျ၏ အဆုံး၌သာ "ဣတိ ဝုစ္စတိ" သဒ္ဒါကို အဘယ်ကြောင့် ဆိုရသနည်း။

ဖြေ။ သီဟဂတိကနည်း, အန္တဒီပကနည်းဟူသော နည်းနှစ်မျိုးတို့ကို ပြလိုသောကြောင့်တည်း။

အမှာ။ ယင်း"ဣတိ ဝုစ္စတိ"သဒ္ဒါကို အဆုံး၌သာ ညွှန်ပြထားသော်လည်း = သီဟဂတိကနည်းဖြင့် အစအလယ် နှစ်ပါးလုံးသို့လည်း နောက်ပြန် ခန်လိုက်ရမည်။ အန္တဒီပကနည်းဖြင့် အစအလယ် နှစ်ပါးတို့၌လည်း နည်းတူ သိရမည်။

မေး။ ဝိနယပိဋကံ အာဏာရဟေန ဘဂဝတာ အာဏာဗာဟုလ္လတော ဒေသိတတ္တာ ဝါကျ၌ မြတ်စွာဘုရားကို အာဏာရဟေန ဟူသော ဝိသေသနပုဒ်ဖြင့် ဂုဏ်ပြုရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ မြတ်စွာဘုရားသည် အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတတ်သောကြောင့်လည်းကောင်း၊ ကြီးမားသော မဟာကရုဏာ ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ မဖောက်မပြန် အစီးအပွား ဥပဒေသကို ပြုတတ်သည်၏ အဖြစ်ဖြင့် အတိုင်းအရှည်နှင့် ယှဉ်သော စကားတော် ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း မြတ်စွာဘုရားကို အာဏာရဟေန ဟူသော ဝိသေသနပုဒ်ဖြင့် ဂုဏ်ပြုရပါသည်။

မေး။ ဝိနယပိဋကံ အာဏာရဟေန ဘဂဝတာ အာဏာဗာဟုလ္လတော ဒေသိတတ္တာ ဝါကျ၌ ဗာဟုလ္လသဒ္ဒါ ထည့်ဆိုရခြင်း အကြောင်းနှင့် အာဏာဗာဟုလ္လတော သဒ္ဒါဖြင့် ညွှန်ပြသော အရာတို့ကိုလည်း ဖော်ပြပါ။

ဖြေ။ ဝေါဟာရတရား, ပရမတ္ထတရားတို့၏လည်း (ဝိနယ)ပိဋက၌ ဖြစ်ခြင်းကြောင့် ဗာဟုလ္လသဒ္ဒါကို ထည့်ဆိုသည်။ အာဏာဗာဟုလ္လတော သဒ္ဒါဖြင့် = ယေဘုယျနည်းကို ညွှန်ပြ၏။

မေး။ ယေ တေ ပစုရာပရာဓာ သတ္တာ၌ အဘယ်ကြောင့် ယ,တ သဗ္ဗနာမ် နှစ်ချက်ဆင့်၍ ထားရသနည်း၊ ရှင်းလင်းစွာ ဖြေဆိုပါ။

ဖြေ။ "ကဲ့ရဲ့, ချီးမွမ်း၊ နက်ငုပ် လွှမ်းက၊ ဤသုံးဝ၊ ထားကြ ဆင့်၍သာ" နိယံအရ သဗ္ဗနာမ်ပုဒ် ဆင့်ထားခြင်းသည် ၁။ ကဲ့ရဲ့ရှုတ်ချလို၍ ထားခြင်း ၂။ အလွန်အကျူး ချီးမွမ်းထောမနာ ပြုလို၍ ထားခြင်း ၃။ အနက်မပေါ်လွင်၍ ပေါ်လွင်ထင်ရှားအောင် ထားခြင်းဟူ၍ သုံးမျိုးရှိ၏။

ttp://www.dhammadownload.com



ထိုသုံးမျိုးတို့တွင် ယေ တေ ပစုရာပရာဓာ၌ ပစုရာပရာဓာ ဟူသော အနီးအနား၌ ကပ်၍နေသော သဒ္ဒါ တစ်ပါး (သဒ္ဒန္တရိုက်)ကို ထောက်ဆ၍ ကွဲရဲ့ရှုတ်ချလိုမှု ဟူသော အကြောင်းကြောင့် ယ,တ သဗ္ဗနာမ်ပုဒ် နှစ်ချက်ဆင့်၍ ထားသည်။

မေး။ အနေကဗ္ဗာသယာနုစရိယာခိမုတ္တိကာ ပုဒ်၌ လာသော (က) အဇ္ဈာသယ၏ အဓိပ္ပါယ် (ခ) အဇ္ဈာသယဘေဒ (ဂ) အဇ္ဈာသယ၏ တရားကိုယ်တို့ကို ဖော်ပြပါ။

ဖြေ။ (က) သတ္တဝါတို့၏ အမြဲတမ်း ကိန်းရာ, မှီရာ, တည်ရာ ဖြစ်နေသောကြောင့် အဇ္ဈာသယဟု ခေါ်၏။

(ခ) အဇ္ဈာသယ၏ ဘေဒကား = ၁။ သဿတဒိဋ္ဌိ ၂။ ဥစ္ဆေဒဒိဋ္ဌိ ၃။ အနုလောမိကခန္တီ ဟူသော သစ္စာ နုလောမိက ဝိပဿနာဉာဏ် ၄။ ယထာဘူတဉာဏ်ဟု ခေါ်ဝေါ်သုံးစွဲကြသည့် ကမ္မဿကတာဉာဏ် ဟူ၍ လေးပါးရှိ၏။

(ဂ) တရားကိုယ်အားဖြင့် = အဇ္ဈာသယ လေးပါးတို့တွင် ရှေးနှစ်ပါးတို့သည် အကုသိုလ်အရာ ဖြစ်သော ဒိဋ္ဌိစေတသိက်ကို ရ၏။ နောက်နှစ်ပါးသည် ဉာဏ်ဟုဆိုအပ်သော ပညိန္ဒြေစေတသိက်ကို ရ၏။

မေး။ အနေကဗ္ဗာသယာနုစရိယာခိမုတ္တိကာ ပုဒ်၌လာသော (က) အနုသယ၏ အဓိပ္ပါယ် (ခ) အနုသယဘေဒနှင့် တရားကိုယ်တို့ကို တွဲစပ်၍ ဖော်ပြပါ။

ဖြေ။ (က) ပစ္စုပ္ပန် ဥပါဒ်,ဌီ,ဘင်အားဖြင့် ထင်ရှားရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ။ အကြင်မျှလောက်သော ကာလပတ်လုံး သတ္တဝါတို့၏ သန္တာန်၌ မဂ်ဖြင့် မပယ်ရသေး၊ ထိုမျှလောက်သော ကာလပတ်လုံး မဂ်ဖြင့် မပယ်ရသေးသည် ဖြစ်၍ လျော်ာက်ပတ်သော အကြောင်းကို ရသည်ရှိသော် သတ္တဝါတို့၏ သန္တာန်၌ ဖြစ်လေပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ ဖြစ်သောကြောင့် (ဝါ) သတ္တဝါတို့၏ သန္တာန်၌ အမြဲတမ်း ကိန်းအောင်းနေသောကြောင့် အနုသယဟု ခေါ်၏။ (ယမိုက်အရကောက်)

(ခ) အနုသယအပြားနှင့် ၎င်းတို့၏ တရားကိုယ်ကား . . .

ကာမရာဂါနုသယ = ကာမရာဂနှင့်သမ္ပယုတ်ဖြစ်သော ကာမဘုံကို တပ်တတ်သော လောဘမူစိတ် ၈-ခု၌ရှိသော လောဘ စေတသိက်။

ဘဝရာဂါနုသယ = ရူပရာဂ, အရူပရာဂနှင့်သမ္ပယုတ်ဖြစ်သော ရူပဘုံ, အရူပဘုံကို တပ်တတ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄-ခု၌ ရှိသော လောဘ စေတသိက်။

ပဋိဃာနုသယ = ဒေါသမူဒွေး၌ရှိသော ဒေါသ စေတသိက်။

မာနာနုသယ = ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော မာန စေတသိက်။

ဒိဋ္ဌာနုသယ = ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ဒိဋ္ဌိ စေတသိက်။

ဝိစိကိစ္ဆာနုသယ = ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌ရှိသော ဝိစိကိစ္ဆာ စေတသိက်။

အဝိဇ္ဇာနုသယ = အကုသိုလ်စိတ် ၁၂-ခု၌ရှိသော မောဟ စေတသိက်။

ဆောင်။ ကာ, ဘ, ပဋိ၊ မာ, ဒိ, ဝိ, အ၊ နု-သတ္တ။

မေး။ အနုသယကိလေသာတို့ကို (က) မုချ အနုသယကိလေသာ (ခ) ဥပစာ အနုသယကိလေသာအားဖြင့် ခွဲခြား၍ ဖော်ပြပါ။

ဖြေ။ (က) ကာမရာဂ စသော အနုသယများ ဖြစ်ပေါ်လာစေရန် အကြောင်း လုံလောက်စွာ ရရှိပါက ကိန်းဝပ်နေ ရာမှ ဧကန် ဖြစ်ပေါ်လာမည့် အနာဂတ် ကိလေသာများသည် မုချ အနုသယ ကိလေသာ မည်၏။

ttp://www.dhammadownload.com



(ခ) ကိလေသာချင်း တူနေကြသောကြောင့် ပစ္စုပ္ပန်, အတိတ် ကိလေသာများသည် သဒိသူပစာရ အနုသယ ကိလေသာ မည်၏။

မေး။ ကိလေသာနှံ ဝီတိက္ကမပဋိပက္ခတ္တာ သီလဿ ဝါကျ၌ ပါသည့် ကိလေသာ အရကို ဖော်ပြပါ။

ဖြေ။ ကိလေသာ ၁၀-ပါး။ (တစ်နည်း) ကံ, ကိလေသာတို့ကို ရ၏။

မေး။ ပိဋကတ်သုံးပုံနှင့် ဒေသနာ၊ သာသနာ၊ ကထာ၊ သိက္ခာ၊ ပဟာန်တို့ကို တွဲစပ်ဖော်ပြပါ။

ဖြေ။ ဝိနည်းသည် . . .

အာဏာဒေသနာ၊ ယထာပရာဓသာသနာ၊ သံဝရာသံဝရကထာ၊ အဓိသီလသိက္ခာ၊ ဝီတိက္ကမပဟာန်။

သုတ္တန်သည် . . .

ဝေါဟာရဒေသနာ၊ ယထာနုလောမသာသနာ၊ ဒိဋ္ဌိဝိနိဝေဌနကထာ၊ အဓိစိတ္တသိက္ခာ၊ ပရိယုဋ္ဌာနပဟာန်။

အဘိဓမ္မာသည် . . .

ပရမတ္ထဒေသနာ၊ ယထာဓမ္မသာသနာ၊ နာမရူပပရိစ္ဆေဒကထာ၊ အဓိပညာသိက္ခာ၊ အနုသယပဟာန်။

မေး။ ကေမေကာသ္မိဥ္စတ္တ စတုဗ္ဗိဓောပိဣ် ပိသဒ္ဒါ၏ အနက်နှင့် အဓိပ္ပါယ်ကို ဖော်ပြပါ။

ဖြေ။ ပိသဒ္ဒါသည် = အဝယဝသမ္ပိဏ္ဍနတ္ထ အနက်ရှိ၏။

ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓ တရားများသည် လေးပါးလုံး ပေါင်းထားမှသာ ဂမ္ဘီရဘာဝ ဖြစ်သည် မဟုတ်၊ စင်စစ်ကား တစ်ပါး, တစ်ပါး၏လည်း ဂမ္ဘီရဘာဝ ဖြစ်၏ဟု ပေါင်းဆည်းသည်။ (ဋီသစ်)

မေး။ ကေမေကာသ္မိဥ္စတ္တ စတုဗ္ဗိဓောပိ ဓမ္မတ္ထဒေသနာ ဝါကျ၌ လာသော ဓမ္မနှင့် ဒေသနာ အထူးကို သဒ္ဒဝါဒီ, ပညတ္တိဝါဒီတို့ အလိုကျ ခွဲခြား၍ ဖော်ပြပါ။

ဖြေ။ ထိုထို အနက်တို့ကို သိစေတတ်သည်၏ အစွမ်းဖြင့် ထင်ရှားသည်လည်း ဖြစ်သော, သိအပ်ပြီးသည်လည်း ဖြစ်သော သင်ယူခြင်း စသည်တို့၏ အစွမ်းဖြင့် မဟောမိ ရှေ့အဖို့၌ စိတ်တော်ဖြင့် ပိုင်းခြား မှတ်သားအပ်ပြီး သည်လည်း ဖြစ်သော ပရမတ္ထသဒ္ဒါ အစဉ်သည် ဓမ္မ။

နောင်အခါ၌ သူတပါးတို့ကို သိစေခြင်းငှာ ဖြစ်စေအပ်, ဟောကြားအပ်သော မိမိဆိုင်ရာ ထိုသိစေလိုရင်း အနက်အဓိပ္ပါယ်ကို ပြတတ်သော ဝစီဘေဒပရမတ္ထ သဒ္ဒါအစဉ်သည် ဒေသနာ။

(တစ်နည်း) ပါဠိတော် သဒ္ဒါအစဉ်ကို ဖြစ်စေတတ်သော စိတ္တုပ္ပါဒ်သည် ဒေသနာမည်၏။ ဤကား = သဒ္ဒဝါဒီတို့အလို အထူးတည်း။ (ဋီသစ်)

မဟောမီရှေ့အဖို့၌ စိတ်တော်ဖြင့် ပိုင်းခြားမှတ်သားအပ်သော နာမပညတ္တိ သဒ္ဒါအစဉ်သည် ဓမ္မ။

နောင်အခါ၌ သူတစ်ပါးတို့ကို သိစေခြင်းငှာ ဖြစ်စေအပ်, ဟောကြားအပ်သော မိမိဆိုင်ရာ ထိုသိစေလိုရင်း အနက်အဓိပ္ပါယ်ကို ပြတတ်သော ဝစီဘေဒ နာမပညတ္တိ သဒ္ဒါအစဉ်သည် ဒေသနာ။ ဤကား = ပညတ္တိဝါဒီ တို့အလို အထူးတည်း။

မေး။ (က) **ဓမ္မောတိ တန္တိ။ အတ္ထောတိ** တဿာယေဝ အတ္ထော။ (ခ) **ဒေသနာတိ** တဿာ မနသာ ဝဝတ္ထာပိတာယ တန္တိယာ ဒေသနာ ဟူသော နှစ်ဝါကျတို့တွင် (ခ) အမှတ်ပြ ဝါကျ၌ လာသော တန္တိယာ ပုဒ်၏ အရကို အကြောင်းပြ၍ ကောက်ပြပါ။

ဖြေ။ အတူဖြစ်သော ဓမ္မောတိ တန္တိ၌ ပါသည့် ပရမတ္ထ သဒ္ဒါအစဉ်၏ တန္တိ ဟူသော အမည်ကို အတူရှိသော နောက်ထပ် အသစ်ဖြစ်ပေါ်လာသော ပရမတ္ထ သဒ္ဒါအစဉ် တစ်ခု၌ သဒိသူပစာအားဖြင့် တင်စား၍ ခေါ်ဝေါ် ထားသောကြောင့် (ခ) အမှတ်ပြ ဝါကျလာ တန္တိယာ ပုဒ်၏အရ = အတူရှိသော နောက်ထပ် အသစ်ဖြစ် ပေါ်လာသော ပရမတ္ထ သဒ္ဒါအစဉ်ကို ယူပါ။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ **ဒေသနာတိ** တသ္မာ မနသာ ဝဝတ္ထာပိတာယ တန္တိယာ ဒေသနာ ဝါကျ၌ ပါသည့် "မနသာ ဝဝတ္ထာပိတာ– စိတ်ဖြင့် ပိုင်းခြားသတ်မှတ်၏"ဟူသည် အဘယ်နည်း။

ဖြေ။ "မနသာ ဝဝတ္ထာပိတာ–စိတ်ဖြင့် ပိုင်းခြားသတ်မှတ်၏"ဟူသည် သင်ယူ, ဆောင်ထားခြင်းတို့၏ အစွမ်းဖြင့် ဖြစ်သော စိတ်ဖြင့် ရှေ့၌ ပိုင်းခြား သတ်မှတ်ခြင်းတည်း။

မေး။ တီသုပိ (ပိဋကေသု) ဧတေသု ပုဒ်တို့ကို အာဓာရတ္ထ ကြံခိုက် ဧတေ ဓမ္မတ္ထဒေသနာပဋိဝေဓာ၌ ဓမ္မသည် အာဓာရ+အာဓာရီ အဖြစ်ဖြင့် မတည်နေနိုင်ပါဘဲလျက် အဘယ်ကြောင့် တီသုပိ (ပိဋကေသု) ဧတေသု ပုဒ်တို့ကို အာဓာရ, ဧတေ ဓမ္မတ္ထဒေသနာပဋိဝေဓာ ပုဒ်တို့ကို အာဓာရီ အဖြစ်ဖြင့် ဆိုရသနည်း၊ ဥပမာနှင့်တကွ ရှင်းလင်းစွာ ဖြေဆိုပါ။

ဖြေ။ တီသုပိ (ပိဋကေသု) ဧတေသု အရ = ပိဋကတ် သုံးပုံလုံးကို ကောက်ယူပြီး အပေါင်းသမုဒါယဟူ၍ မှတ်သားရမည်။ ဧတေ ဓမ္မတ္ထဒေသနာပဋိဝေဓာ၌ ဓမ္မ အရ = ပိဋကတ်သုံးပုံ၌ အတွင်းဝင်သော အစိတ် ဖြစ်သည့် တရားတစ်ခု အဖြစ်ဖြင့် မှတ်သားရမည်။ ဤသို့ မှတ်သားပြီးပါက အစိတ်ဖြစ်သော ဓမ္မခေါ်သည့် တရားသည် အပေါင်းဖြစ်သော ပိဋကတ်သုံးပုံဟူသော သမုဒါယ၌ တည်၏ဟူ၍ ပရိကပ္ပနာသိဒ္ဓိဟု ဆိုအပ် သော အာဓာရ+အာဓာရီ အဖြစ်ဖြင့် တည်နေနိုင်သောကြောင့် တီသုပိ (ပိဋကေသု) ဧတေသု ပုဒ်တို့ကို အာဓာရ, ဧတေ ဓမ္မတ္ထဒေသနာပဋိဝေဓာ ပုဒ်တို့ကို အာဓာရီ အဖြစ်ဖြင့် ဆိုရပါ၏။

ဥပမာကား = သစ်ပင် တစ်ပင်လုံးကို အပေါင်း၊ ယင်းသစ်ပင်၏ တစ်စုံတစ်ခုသော သစ်ခက်သစ်ကိုင်း စသည်ကို အစိတ်၊ ၎င်းအစိတ်ဖြစ်သော သစ်ခက်သစ်ကိုင်း စသည်သည် အပေါင်းဖြစ်သော သစ်ပင်တစ်ပင် လုံး၌ အာဓာရ+အာဓာရီ အဖြစ်ဖြင့် တည်၏ဟူ၍ ဟောကြား ရေးသားထားခဲ့ကြသည့် ရုက္ခေ သာခါ စသော ပါဠိ စကားရပ်များ၌ကဲ့သို့တည်း။ (ဋီသစ်)

နိယံ။ သမုဒါယာ ဝယဝါ၊ အာဓာ အာဓီသင့်။
အဘေဒမှာ၊ ပဘေဒါကို၊ ဆိုရာသလော၊ စစ်ကာကြော၊ မဓောဒနာသင့်။
ရုက္ခေ သာခါ၊ ကဲ့ပမာ၊ တိုင်းထွာ နည်းနှင့်ချင့်။ (သမ္ဗန္ဓစိန္တာဂဏ္ဌိ)

မေး။ အဘယ်ကြောင့် အဘယ်အရာကို "ပါဠိ"ဟု ခေါ်သနည်း။

ဖြေ။ အမြတ်ဆုံး ဖြစ်ကုန်သော သီလစသော အနက်တို့ကို သိစေတတ်သောကြောင့်လည်းကောင်း၊ သဘာဝနိရုတ္တိ ဖြစ်သောကြောင့်လည်းကောင်း၊ ဘုရား အစရှိသည်တို့ ဟောတော်မူအပ်သောကြောင့်လည်းကောင်း မြတ်ကုန် သော စကားတို့၏ အစဉ်ကို "ပါဠိ"ဟု ဆိုသည်။ (ဋီသစ်)

**(ဌ၊ နှာ ၂၀+၂၁–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ တီသုပိ စေတေသု ဧတေ ဓမ္မတ္ထဒေသနာပဋိဝေဓာ ယသ္မာ သသာဒီဟိ ဝိယ မဟာသမုဒ္ဒေါ မန္ဒဗုဒ္ဓီဟိ ဒုက္ခောဂါဠှာ, အလဗ္ဘနေယျပတိဋ္ဌာ စ၊ တသ္မာ ဂမ္ဘီရာ ဝါကျ၌ ဥပမာစတုက္က ထုတ်ပြခဲ့ပါ။

ဖြေ။ ယုန်ငယ် စသော သတ္တဝါတို့သည် မဟာသမုဒ္ဒရာကို ကူးခြင်းငှာ မစွမ်းနိုင်၊ ထောက်ရာတည်ရာလည်း မရနိုင်ဟူသော စကားသည် ထင်ရှား၍ နှိုင်းယှဉ်ကြောင်း ဖြစ်သောကြောင့် ဥပမာန။

ပိဋကသုံးပုံတို့၌ ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓတို့ နက်နဲသဖြင့် မန္ဒဗုဒ္ဓိတို့ ဉာဏ်ဖြင့် မကူးနိုင်၊ ထောက်ရာ တည်ရာလည်း မရနိုင်ဟူသော စကားသည် မထင်ရှား၍ အနှိုင်းယှဉ်ခံရသောကြောင့် (ဝါ) နှိုင်းယှဉ်အပ် သောကြောင့် ဥပမေယျ။

ထိုဥပမာန, ဥပမေယျ နှစ်ပါးတို့၏ နက်နဲပုံခြင်း တူသော သဒိသဘောဂုဏ်သည် ဥပမာ။

ထိုဥပမာအနက်ကို ထွန်းပြတတ်သော ဝိယသဒ္ဒါသည် ဥပမာဇောတက မည်၏။

ttp://www.dhammadownload.com



(၄၂၊ နှာ ၂၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဒုက္ခောဂါဠှာဟုသာ ဆိုရုံမျှဖြင့် ဣတ္ထိပွေတတ္ထ ပြည့်စုံပါလျက် အလဗ္ဘနေယျပတိဋ္ဌာ ပုဒ်ကို အဘယ် အကျိုးငှာ ထပ်၍တစ်ဖန် ဆိုရသနည်း။

ဖြေ။ တစ်စိတ်တစ်ဒေသအားဖြင့် ပညာနည်းသူတို့ သက်ဝင်အပ်ကုန်သော်ငြားလည်း ထောက်တည်ရာကို ရဘို့ရန် ကား ဧကန်မုချ မတတ်နိုင်သည်သာဟူသော အဓိပ္ပါယ်ကို ပြခြင်းအကျိုးငှာ အလဗ္ဘနေယျပတိဋ္ဌာ ပုဒ်ကို ထပ်၍တစ်ဖန် ဆိုရသည်။ (ဋီသစ်)

မေး။ ယထာဓမ္မံ ဓမ္မာဘိလာပေါဝယ် ယထာဓမ္မ၌ ဓမ္မ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဓမ္မ အရ = ဟေတု (အကြောင်း), ဟေတုဖလ (အကျိုး) အလုံးစုံကို ယူပါ။
အကြောင်းကား = ဓမ္မသဒ္ဒါသည် သဘာဝကို ဟော၍ ပရိယတ္တိ, ဟေတု စသည်ကို မဟောသော ကြောင့်တည်း။ (ဋီသစ်)

မေး။ ယထာဓမ္မံ ဓမ္မာဘိလာပေါဝယ် အဘိလာပ အရ သဒ္ဒါကိုသာ ယူရမည်လော၊ အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ အဘိလာပ အရ = သဒ္ဒါကိုသာ မယူရပါ။
အဘိလာပသည် သဒ္ဒါကို ဟောအပ်သော်လည်း ထိုသဒ္ဒါအားလျော်သော ပညတ်ကိုလည်း ကာရဏူပစာ အားဖြင့် ဟောအပ်သည် ဖြစ်သောကြောင့် အဘိလာပ အရ = သဒ္ဒါကိုသာမက ပညတ်ကိုလည်း ယူရမည်။

သတိ။ အဘိလာပ အရ = မုချအားဖြင့် သဒ္ဒါကို ရ၏။ ဥပစာအားဖြင့် ပညတ်ကို ရ၏။

မေး။ သော စ လောကိယလောကုတ္တရော ဝိသယတော, အသမ္မောဟတော စ အတ္ထာနုရူပံ ဓမ္မေသု, ဓမ္မာနုရူပံ အတ္ထေသု, ပညတ္တိပထာနုရူပံ ပညတ္တီသု အဝဗောဓော ဝါကျ၌ အဘယ်ပါဌ်ဖြင့် အဘယ်ကို ပြဆိုသနည်း၊ တိကျစွာ ဖော်ပြပါ။

ဖြေ။ သော စ လောကိယလောကုတ္တရော ပါဌ်ဖြင့် = အဘိသမယပ္ပဘေဒကို ပြ၏။
ဝိသယတော အသမ္မောဟတော စ ပါဌ်ဖြင့် = အဘိသမယာကာရကို ပြ၏။
ဓမ္မေသု အတ္ထေသု ပညတ္တီသု ပါဌ်တို့ဖြင့် = အာရမ္မဏကို ပြ၏။
အတ္ထာနုရူပံ ဓမ္မာနုရူပံ ပညတ္တိပထာနုရူပံ ပါဌ်တို့ဖြင့် = သဘာဝကို ပြ၏။ (ဋီသစ်+ပါ-ဂဏ္ဌိသစ်)

မေး။ အတ္ထာနုရူပံ ဓမ္မေသု, ဓမ္မာနုရူပံ အတ္ထေသု, ပညတ္တိပထာနုရူပံ ပညတ္တီသု အဝဗောဓော ဝါကျ၌ လာသော (က) အတ္ထာနုရူပံ ဓမ္မေသု အဝဗောဓော (ခ) ဓမ္မာနုရူပံ အတ္ထေသု အဝဗောဓော (ဂ) ပညတ္တိပထာနုရူပံ ပညတ္တီသု အဝဗောဓော ပါဌ်တို့ဖြင့် ပြဆိုအပ်သော ဂူဠှတ္ထာဓိပ္ပါယကို ပေါ်လွင် ထင်ရှားအောင် ရေးသားခဲ့ပါ။

ဖြေ။ (က) သင်္ခါရ စသော အကျိုးတရား ဖြစ်ပေါ်လာစေသည့် အဝိဇ္ဇာ အကြောင်းတရားသည် ယင်းသင်္ခါရအကျိုး တရားတို့ကို အမှန်ဖြစ်စေ၏ စသည်ဖြင့် အကျိုးအားလျော်စွာ အကြောင်းတရားတို့၌ ပိုင်ပိုင်နိုင်နိုင် သိမှုကိုပင် "အတ္ထာနုရူပံ ဓမ္မေသု အဝဗောဓော"ဟု ဆိုလိုပါ၏။

(ဝါ) အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်ရာ၌ အဝိဇ္ဇာသည် အကျိုးသင်္ခါရ သုံးမျိုးထဲမှ အပုညာဘိသင်္ခါရကို ယှဉ် ဖော်ယှဉ်ဖက် သမ္ပယုတ္တ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုလျက် ဖြစ်စေသည်။ ပုညာဘိသင်္ခါရ, အာနေဉ္ဇာ ဘိသင်္ခါရ နှစ်မျိုးတို့ကိုကား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုလျက် ဖြစ်စေသည်။ ဤသို့ အစရှိသည်ဖြင့် အကျိုးအားလျော်စွာ အကြောင်းတရားတို့၌ ပိုင်ပိုင်နိုင်နိုင် သိမှုကိုပင်လျှင် "အတ္ထာနုရူပံ ဓမ္မေသု အဝဗောဓော"ဟု ဆိုလိုပါ၏။ (ဋီသစ်)

ttp://www.dhammadownload.com



(ခ) သင်္ခါရ စသော အကျိုးတရားများသည် အဝိဇ္ဇာ အကြောင်းကြောင့် ဖြစ်သည် စသည်ဖြင့် အကြောင်းအားလျော်စွာ အကျိုးတရားတို့၌ ပိုင်ပိုင်နိုင်နိုင် သိမှုကိုပင် "ဓမ္မာနုရူပံ အတ္ထေသု အဝဗောဓော"ဟု ဆိုလိုပါ၏။

(ဂ) နာမပညတ်ဖြစ်သော အမည်ပေးမှုတို့၌ နာမည်နှင့် လိုက်လျောညီထွေ ဖြစ်သော နာမည်ပေးဘို့ရန် ဖြစ်ပေါ်လာသည့် အကြောင်းအားလျော်စွာ ပေးထားသည့် နာမပညတ်တို့၌ ပိုင်ပိုင်နိုင်နိုင် သိမှုကိုပင် "ပညတ္တိပထာနုရူပံ ပညတ္တိသု အဝဗောဓော"ဟု ဆိုလိုပါ၏။

မေး။ ဒေသနာ, သာသနာ, ကထာ သုံးမျိုးတို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ ဟောကြားအပ်သော အနက်တို့ကို ဒေသကနှင့်စပ်သော အာဏာ ဝေါဟာရ ပရမတ်ဖြင့် စီရင်ခြင်း, ပြခြင်း, သိစေခြင်းသည် ဒေသနာ။

သာသိတဗ္ဗ ပုဂ္ဂိုလ်တို့ကို ယထာပရာဓ ယထာနုလောမ ယထာဓမ္မဖြင့် ဆုံးမသောအားဖြင့် ပြုလုပ်ခြင်းသည် သာသနာ။

ကထေတဗ္ဗဖြစ်သော သံဝရာသံဝရ ဒိဋ္ဌိဝိနိဝေဌန နာမရူပပရိစ္ဆေဒ အနက်ကို ဟောကြားခြင်း, စကားအဆက်အစပ်ကို ပြုခြင်းသည် ကထာ။

(တစ်နည်း) အကျဉ်းချုပ်အားဖြင့် . . .

ဒေသကဖြစ်သော မြတ်စွာဘုရား၏ အစွမ်းဖြင့် ပိဋကတ်သုံးပုံသည် ဒေသနာ။

သာသိတဗ္ဗ၏ အစွမ်းဖြင့် ပိဋကတ်သုံးပုံသည် သာသနာ။

ကထေတဗ္ဗတ္ထ၏ အစွမ်းဖြင့် ပိဋကတ်သုံးပုံသည် ကထာမည်၏။ (ဋီသစ်၊ ဝဇီရ၊ သာရတ္ထ)

အမှာ။ ဒေသနာ, သာသနာ, ကထာဟူသော သုံးပုဒ်လုံး၏ အရသည် = ပိဋကတ်သုံးပုံကိုသာ ရ၍ အရကောက်အဘိဓေယျတ္ထအားဖြင့် တူကြ၏။

မေး။ ပရိယတ္တိဘေဒ သမ္ပတ္တိ၊ ဝိပတ္တိဥ္စာပိ၌ သမ္ပတ္တိဖြစ်ပုံကို အဋ္ဌကထာလာသည့်အတိုင်း ပိဋကတ် အားလျော်စွာ ဖော်ပြပါ။

ဖြေ။ ဝိနည်း၌ ကောင်းစွာကျင့်သော ရဟန်းသည် သီလ၏ ပြည့်စုံခြင်းကို အမှီပြု၍ ဝိဇ္ဇာသုံးပါးသို့ ရောက်သည်။ သုတ္တန်၌ ကောင်းစွာကျင့်သော ရဟန်းသည် သမာဓိ၏ ပြည့်စုံခြင်းကို အမှီပြု၍ အဘိညာဉ် ၆-ပါးသို့ ရောက်သည်။ အဘိဓမ္မာ၌ ကောင်းစွာကျင့်သော ရဟန်းသည် ပညာ၏ ပြည့်စုံခြင်းကို အမှီပြု၍ ပဋိသမ္ဘိဒါ ၄-ပါးသို့ ရောက်သည်။ ဤသို့ ပိဋကတ်သုံးပုံ၌ ကောင်းစွာ ကျင့်သော ရဟန်းသည် အစဉ်အတိုင်း ဝိဇ္ဇာ ၃-ပါး၊ အဘိညာဉ် ၆-ပါး၊ ပဋိသမ္ဘိဒါ ၄-ပါးဟူသော ပြည့်စုံခြင်းသို့ ရောက်သည်။ ဤကား = သမ္ပတ္တိဖြစ်ပုံတည်း။ (ဋ္ဌ၊ နှာ-၂၂)

မေး။ ပရိယတ္တိဘေဒ သမ္ပတ္တိ၊ ဝိပတ္တိဥ္စာပိ၌ ဝိပ္ပတ္တိဖြစ်ပုံကို အဋ္ဌကထာလာသည့်အတိုင်း ပိဋကတ် အားလျော်စွာ ဖော်ပြပါ။

ဖြေ။ ဝိနည်း၌ မကောင်းသဖြင့် ကျင့်သော ရဟန်းသည် သီလ မရှိသည်၏ အဖြစ်သို့ ရောက်သည်။ သုတ္တန်၌ မကောင်းသဖြင့် ကျင့်သော ရဟန်းသည် မှားသော အယူရှိသည်၏ အဖြစ်သို့ ရောက်သည်။ အဘိဓမ္မာ၌ မကောင်းသဖြင့် ကျင့်သော ရဟန်းသည် စိတ်၏ ပျံ့လွင့်ခြင်းသို့ ရောက်သည်။ ဤသို့ ပိဋကတ်သုံးပုံ၌ မကောင်းသဖြင့် ကျင့်သော ရဟန်းသည် အစဉ်အတိုင်း ဒုဿီလဘာဝ မိစ္ဆာဒိဋ္ဌိကာ စိတ္တက္ခေပဟူသော အပြားရှိသော ဝိပ္ပတ္တိသို့ ရောက်သည်။ ဤကား = ဝိပ္ပတ္တိ ဖြစ်ပုံတည်း။ (ဋ္ဌ၊ နှာ-၂၂+၂၃)

ttp://www.dhammadownload.com



မေး။ ဒေသနာနှင့် ပရိယတ္တိတို့၏ ထူးခြားချက်ကို ဖော်ပြပါ။

ဖြေ။ ထိုပါဠိအစဉ်ကို စိတ်ဖြင့် မှတ်သား၍ ပွားများခြင်းသည် ဒေသနာ မည်၏။
ဝိနည်း စသော အပြားအားဖြင့် ပြားသော စိတ်ဖြင့် မှတ်သားအပ်သော ပါဠိအစဉ်သည် ပရိယတ္တိ မည်၏။
ဤသို့ ထူးသည်။

မေး။ ပါပုဏာတိ ယထာ ဘိက္ခုဋ္ဌ အခြားပုဂ္ဂိုလ်များ ရှိပါလျက် ဘိက္ခုဟူသော ပါဠ်ဖြင့် ရဟန်းကိုသာ ညွှန်ပြရခြင်း အကြောင်းကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပါပုဏာတိ ယထာ ဘိက္ခုဋ္ဌ ဘိက္ခုဟု ညွှန်ပြခြင်းမှာ = ရဟန်းသည် ကြီးကျယ် မြင့်မြတ်သော ဇေဋ္ဌ, သေဋ္ဌ တရားတို့နှင့် နီးကပ်သောအားဖြင့် အခါခပ်သိမ်း ပရိယတ္တိ, ပဋိပတ္တိဓမ္မတို့ကို စိတ်နှလုံး၌ ထားမှုသဘော, စိတ်နှလုံး သွင်းမှုသဘော ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဘုရားရှင် ဆုံးမသည့်အတိုင်း ကောင်းစွာ ကျင့်ခြင်းဖြင့် တရား၌ ဆောက်တည်ခြင်း ရှိသည်၏ အဖြစ်ကြောင့် (ဝါ) ပရိယတ္တိဓမ္မ၏ တည်နေရာ ဖြစ်သောကြောင့်လည်းကောင်း ဤနေရာ၌ ဘိက္ခုဟူသော ပါဠ်ဖြင့် ရဟန်းကိုသာ ညွှန်ပြရ ပါသည်။ (ဋီသစ်)

**(ဌ၊ နှာ ၂၁+၂၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ပိဋကတ်ကျမ်းလာ စာသင်နည်း သုံးမျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ အလဂဒ္ဒူပမာ ပရိယတ္တိ = မြွေဖမ်းခြင်းလျှင် ဥပမာရှိသော သင်ယူခြင်း၊
၂။ နိဿရဏတ္ထ ပရိယတ္တိ = သံသရာမှ ထွက်မြောက်ခြင်း အကျိုးငှာ သင်ယူခြင်း၊
၃။ ဘဏ္ဍာဂါရိက ပရိယတ္တိ = ဘဏ္ဍာစိုးကဲ့သို့ သင်ယူခြင်းတို့တည်း။

**(ဌ၊ နှာ ၂၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ပိဋကတ်သင်ကြားနည်း သုံးမျိုးတို့ကို ပုထုဇဉ်,အရိယာ ပုဂ္ဂိုလ်အလိုက် ဖြစ်သင့်သည့် အားလျော်စွာ တွဲစပ် ဖော်ပြပါ။

ဖြေ။ ပုထုဇဉ် ပုဂ္ဂိုလ်အား = အလဂဒ္ဒူပမာနှင့် နိဿရဏတ္ထပရိယတ္တိ နှစ်မျိုး ရ၏။
သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့အား = နိဿရဏတ္ထပရိယတ္တိ တစ်မျိုးသာ ရ၏။
ရဟန္တာ ပုဂ္ဂိုလ်အား = ဘဏ္ဍာဂါရိကပရိယတ္တိ တစ်မျိုးသာ ရ၏။

မေး။ ပရိယတ္တိစာသင်ခြင်း၌ (က) ကောင်းသော သင်ယူခြင်း (ခ) မကောင်းသော သင်ယူခြင်းတို့ကို စာသင်နည်း သုံးမျိုးတို့တွင် အဘယ်၌ ထည့်သွင်းယူရမည်နည်း၊ ရှင်းလင်းစွာ ဖြေဆိုပါ။

ဖြေ။ (က) မကောင်းသော သင်ယူခြင်းကို အလဂဒ္ဒူပမာ စာသင်နည်း၌ ထည့်သွင်းယူရမည်။
(ခ) ကောင်းသော သင်ယူခြင်းကို ပါရိသေသနည်းအားဖြင့် နိဿရဏ, ဘဏ္ဍာဂါရိက စာသင်နည်း၌ ထည့်သွင်းယူရမည်။

မေး။ ဘဏ္ဍာဂါရိကပရိယတ္တိ ပုဒ်၌ အဘယ်ကြောင့် အဘယ်ပုဂ္ဂိုလ်ကို ဘဏ္ဍာဂါရိကဟု ခေါ်သနည်း။

ဖြေ။ ဘဏ္ဍာစိုးနှင့် တူသောကြောင့် ရဟန္တာပုဂ္ဂိုလ်ကို ဘဏ္ဍာဂါရိကဟု ခေါ်၏။

မေး။ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ပဝေဏီပါလန အကျိုးငှာ ပရိယတ္တိကို သင်ယူခဲ့သော် ဘဏ္ဍာဂါရိကပရိယတ္တိ မည်/ မမည် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ ဘဏ္ဍာဂါရိကပရိယတ္တိ မမည်ပါ။

ttp://www.dhammadownload.com



အကြောင်းကား = ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ပဝေဏီပါလန အကျိုးငှာ ပရိယတ္တိကို သင်ယူသော်လည်း ဘဝကန္တာရမှ မလွန်မြောက်သေးသောကြောင့် ဘဏ္ဍာဂါရိကပရိယတ္တိ မမည်ပါ။ နိဿရဏတ္ထပရိယတ္တိသာ မည်၏။

မေး။ ဟတ္ထေ ဝါ ဗာဟာယံ ဝါ အင်္ဂပစ္စင်္ဂေ ဥံသေယျ ဝါကျ၌ လာသော ဟတ္ထ၊ ဗာဟ၊ အင်္ဂပစ္စင်္ဂ သဒ္ဒါတို့ဖြင့် ယူရမည့် နေရာတို့ကို ဆရာနည်းရသမျှ ညွှန်ပြခဲ့ပါ။

ဖြေ။ လက်ကောက်ဝတ်မှ စ၍ လက်ဖျားတိုင်အောင်သော အရပ်သည် ဟတ္ထ။
လက်ဖျားနှင့်တကွသော ကြွင်းသော အရပ်သည် ဗာဟ။
ဟတ္ထ, ဗာဟတို့မှ ကြွင်းသော ကိုယ်အင်္ဂါ အစိတ်အပိုင်းသည် အင်္ဂပစ္စင်္ဂ။

အမှာ။ ဥပါရမ္ဘာဒိဟေတုဒ္ဒ အာဒိသဒ္ဒါဖြင့် = ဣတ္ထိဝါဒပ္ပမောက္ခ စသော အကြောင်းကို ယူပါ။

မေး။ သီလသမ္ဘဝံ နိဿာယ တိသော ဝိဇ္ဇာ ပါပုဏာတိ ဝါကျ၌ အဘယ်ကို ရည်ရွယ်၍ တိသော ဝိဇ္ဇာ ပါပုဏာတိဟု ဆိုရသနည်း။

ဖြေ။ သီလ စင်ကြယ်လတ်သော် သတိ,ပညာ အားအစွမ်းဖြင့်လည်းကောင်း၊ ကမ္မဿကတာ ဉာဏ်အားဖြင့်လည်းကောင်း သံကိလေသ အညစ်အကြေးမှ စင်ကြယ်၏။ ဘာဝနာနှင့် ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် သီလ ပြည့်စုံခြင်းသည် မိုးရာနှင့် ပြည့်စုံသည်၏ အဖြစ်ဖြင့် သတိနှင့် ဉာဏ်ပညာတို့အား ရှေးရှု ထင်လာရကား သီလ ပြည့်စုံခြင်းသည် ဝိဇ္ဇာ သုံးပါးလျှင် မိုးရာ ရှိသည်၏ အဖြစ်ကို သိထိုက်သည်၏ အဖြစ်ကို ရည်ရွယ်၍ တိသော ဝိဇ္ဇာ ပါပုဏာတိဟု ဆို၏။ (ဋီသစ်၊ စာစဉ်)

မေး။ ပဋိသမ္ဘိဒါ ၄-ပါးကို ဖော်ပြပါ။

ဖြေ။ ဓမ္မပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါ၊ ပဋိဘာနပဋိသမ္ဘိဒါ။

## (၄၊ နှာ ၂၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ စတ္တာရိမာနိ ဘိက္ခဝေ အစိန္တေယျာနိ ပါဠ်၌ လာသော အစိန္တေယျ လေးမျိုးကို ဖော်ပြ၍၊ အစိန္တေယျ လေးမျိုးကို အဘယ်ကြောင့် မကြံစည်ရသနည်း။

ဖြေ။ အစိန္တေယျ လေးမျိုးကား ၁။ ဗုဒ္ဓဝိသယ ၂။ ဈာနဝိသယ ၃။ ကမ္မဝိပါက ၄။ လောကစိန္တာ တို့ဖြစ်၏။ အစိန္တေယျလေးမျိုးကို ကြံသူသည် ကုသိုလ်စသော ကောင်းကျိုးကို မဖြစ်စေဘဲ ရူးသွပ်ခြင်း, မရူးလျှင်လည်း စိတ်ဆင်းရဲခြင်းဟူသော မကောင်းကျိုးကိုသာ ဖြစ်စေသောကြောင့် မကြံစည် ကောင်းပါ။

မေး။ တိဝဂ္ဂေါ ယဿ သင်္ဂဟော၌ "တိဝဂ္ဂေါသင်္ဂဟော"ပုဒ်သည် သမာသ်လော/ ဝါကျလော၊ နာနာစရိယ, နာနာဝါဒ စုံလင်စွာဖြင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ တိဝဂ္ဂေါသင်္ဂဟော ပုဒ်သည် အလယ်၌ ယဿပုဒ် ခြားသော်လည်း = ဧကန်မုချ သမာသ်ပုဒ်သာ ဖြစ်၏။ အကြောင်းကား = တိဝဂ္ဂေါပုဒ်ကို သင်္ဂဟောပုဒ်မှ တစ်ပါးသော ပုဒ်များ၌ စပ်၍ အဓိပ္ပါယ်ယူရန် မဖြစ်နိုင်သောကြောင့်လည်းကောင်း၊ ဤနေရာ၌ ဝါကျအဖြစ်ဖြင့် စပ်ရန် မသင့်လျော်သောကြောင့်လည်းကောင်း၊ ယဿဟူသောပုဒ် ခြားသော်လည်း သဒ္ဒါအနက် မဆန့်ကျင်မှုသည်သာ သမာသ်ဖြစ်မှု၌ လိုလောက်သော အကြောင်း ဖြစ်နေသောကြောင့်လည်းကောင်း သမာသ်ပုဒ်သာ ဖြစ်၏။ (ဋီသစ်၊ သာရတ္ထ၊ ဝိမတိ)
(တစ်နည်း) တိဝဂ္ဂေါ သင်္ဂဟော ပုဒ်သည် သမာသ်ပုဒ် မဟုတ်၊ ဝါကျသာ ဖြစ်၏။
အကြောင်းကား = အလယ်၌ ပုဒ်တစ်ပါး ခြားလျက်ရှိခဲ့သော် ဝါကျ ကြံဆ၍ မရနိုင်သော နေရာမျိုး၌သာလျှင် သမာသ်ပုဒ် ကြံဆရမည် ဖြစ်သောကြောင့်လည်းကောင်း၊ တိဝဂ္ဂ ပုဒ်ကိုပင် ဗဟုဗ္ဗီဟိ ကြံဆ၍ သင်္ဂဟောနှင့်

ttp://www.dhammadownload.com



တုလျာဓိကရဏ စပ်နိုင်သောကြောင့်လည်းကောင်း၊ တိဝဂ္ဂဟု မရှိဘဲ တိဝဂ္ဂေါဟု ရှိနေခြင်းကား ဤပုဒ်သည် ဒိဂုသမာသ်ပုဒ် မဟုတ်, ဗဟုဗ္ဗီဟိ သမာသ်ပုဒ်သာလျှင် ဖြစ်၏။ ယင်းပုဒ်၏ အရကောက်ကို သင်္ဂဟောဟူ၍ အရကောက်ပြနေသည့်အတွက် တစ်ပုဒ်စီသာလျှင် ဖြစ်၏။ ယင်းသို့ တစ်ပုဒ်စီ ဖြစ်သော်လည်း အဓိပ္ပါယ် တစ်စုံတစ်ခု ပျက်ယွင်းမှု မရှိသောကြောင့်လည်းကောင်း ဝါကျသာ ဖြစ်၏။ (ပါ–ဂဏ္ဍိသစ်နှင့် နိသျသစ်)

မေး။ ဒီဃနိကာယော၌ ဒီဃသဒ္ဒါဖြင့် အဘယ်ကို ယူရမည်နည်း၊ ရှင်းလင်းစွာ ဖြေပြပါ။

ဖြေ။ ဒီဃသဒ္ဒါဖြင့် = ဂုဏူပစာအားဖြင့်လည်းကောင်း၊ တဒ္ဓိတ်၏ အစွမ်းဖြင့်လည်းကောင်း ရှည်သော အတိုင်းအရှည် ရှိသော သုတ်တို့ကိုသာ ယူပါ။ အရှည်ဂုဏ်ကို မယူရ။

မေး။ ဒီဃပ္ပမာဏာနံ သုတ္တာနံ သမူဟတော, နိဝါသတော စ ဝါကျ၌ "ဒီဃပ္ပမာဏာနံ" ပါဠိဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ နိကာယ သဒ္ဒါသည် ရုဠှီ၏ အစွမ်းဖြင့် သမူဟအနက်, နိဝါသအနက်တို့၌ ဖြစ်၏ဟူသော အဓိပ္ပါယ်ကို "ဒီဃပ္ပမာဏာနံ" ပါဠိဖြင့် ပြဆို၏။ (စာစဉ်)

## (ဌ၊ နှာ ၂၃+၂၄–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ "နာဟံ ဘိက္ခဝေ အညံ ဧကနိကာယမ္ပိ သမနုပဿာမိ ဧဝံ စိတ္တံ၊ ယထယိဒံ ဘိက္ခဝေ တိရစ္ဆာနဂတာ ပါဏာ။ ပေါဏိကနိကာယော စိက္ခလ္လိကနိကာယော"တိ ဧဝမာဒီနိ စေတ္ထ သာဓကာနိ သာသနတော, လောကတော စ ဝါကျ၌ သာသနာသာဓကေ ပုံစံ, လောကသာဓကေ ပုံစံတို့ကို ခွဲခြားပြခဲ့ပါ။

ဖြေ။ နာဟံ ဘိက္ခဝေ ။ပ။ တိရစ္ဆာနဂတာ ပါဏာ တိုင်အောင်ကား = သာသနာတော်ကျမ်းလာ သာဓကေ။ ပေါဏိကနိကာယော, စိက္ခလ္လိကနိကာယောကား = လောက၌ လာသော သာဓကေတည်း။

## (ဌ၊ နှာ ၂၄–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ပေါဏိကနိကာယော စိက္ခလ္လိကနိကာယော ဟူသော ပြယုဂ်များကို အဘယ်ကြောင့် လောကသာဓကေဟု ဆိုရသနည်း။

ဖြေ။ ပေါဏိကနိကာယော စိက္ခလ္လိကနိကာယော ဟူသော ပြယုဂ်များသည် ပိဋကတ်သုံးပုံ၌ မရှိ၊ လောကီ လူသားတို့ အသုံးပြုထားသော ပြယုဂ်များသာလျှင် ဖြစ်သောကြောင့် လောကသာဓကေဟု ဆိုသည်။ (ဋီသစ်)

မေး။ "သာဓကေ"၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

အလိုရှိအပ်သော အနက်ကို ပြီးစေတတ်သောကြောင့် ပြယုဂ်, ဥဒါဟရဏ်တို့ကို သာဓကေဟု ဆိုသည်။

## (ဌ၊ နှာ ၂၆–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ မဟာပထဝီ ဥဒကပရိယန္တံ ကတွာ အနေကပ္ပကာရံ ကမ္မိ သင်္ကမ္မိ သမ္ပကမ္မိ သမ္ပဝေဓိ ဝါကျ၌ လာသော သင်္ကမ္မိ၊ သမ္ပကမ္မိ၊ သမ္ပဝေဓိတို့၏ တုန်လှုပ်ပုံကို ခွဲခြား၍ ဖော်ပြပါ။

ဖြေ။ အထက်အထက် တက်၍ ကောင်းစွာလှုပ်ခြင်းသည် သင်္ကမ္မိ။
အထက်အောက် သက်၍ သက်၍ ကောင်းစွာ အပြားအားဖြင့် လှုပ်ခြင်းသည် သမ္ပကမ္မိ။
အရပ်လေးမျက်နှာတို့၌ ဖြန့်၍ တက်ခြင်းသည် သမ္ပဝေဓိ။
(တစ်နည်း) အရှေ့အနောက်နှစ်စုံ နိမ့်တုံမြင့်တုံ တုန်လှုပ်ခြင်းသည် သင်္ကမ္မိ။
တောင်မြောက်နှစ်စုံ နိမ့်တုံမြင့်တုံ တုန်လှုပ်ခြင်းသည် သမ္ပကမ္မိ။
အနားအလယ် နှစ်သွယ်နှစ်စုံ နိမ့်တုံမြင့်တုံ တုန်လှုပ်ခြင်းသည် သမ္ပဝေဓိ။

ttp://www.dhammadownload.com



မေး။ ထေရေပေါဝ ကတတ္တာ စ–၌ ထေရ အရ မည်သည့် ဂုဏ်ထူးတို့နှင့် ပြည့်စုံကုန်သော မဟာထေရ်တို့ကို ကောက်ယူရမည်နည်း၊ သီကျမ်းပြု အဋ္ဌကထာဆရာ အလိုကျ ဖော်ပြပါ။

ဖြေ။ တိပိဋကဓရ သဗ္ဗပရိယတ္တိပ္ပဘေဒဂုဏ်ထူး, ပဋိသမ္ဘိဒါပ္ပတ္တဂုဏ်ထူး, မဟာနုဘာဝဂုဏ်ထူး, များသောအားဖြင့် ဧတဒဂ်ဂုဏ်ထူးနှင့် ပြည့်စုံကြကုန်သော ဧတဝိဓ္ဓ စသော အပြားရှိကုန်သော ရဟန္တာ မထေရ်ငါးရာတို့ကို သာလျှင် ထေရေပေါဝ၌ ထေရ အရ = ကောက်ယူရမည်။

အမှာ။ ဋ္ဌ၊ နှာ ၆–လာ တိပိဋကသဗ္ဗပရိယတ္တိပ္ပဘေဒဓရေ ပဋိသမ္ဘိဒါပ္ပတ္တေ မဟာနုဘာဝေ ယေဘုယျေန ဘဂဝတော ဧတဒဂ္ဂံ အာရောပိတေ ဧတဝိဓ္ဓာဒိဘေဒေ ခီဏာသဝဘိက္ခူယေ၀ ပါဌ်ကို မြန်မာပြန်ရှုံသာတည်း။

---

# ဗြဟ္မဇာလသုတ်

## (ဋ္ဌ၊ နှာ ၂၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အရှင်အာနန္ဒာ ရရှိတော်မူသော ဧတဒဂ် ၅–တန်ကို ပါဠိ+မြန်မာ နှစ်ဘာသာတို့ဖြင့် တွဲစပ်၍ ဖော်ပြပါ။

ဖြေ။ ၁။ ဗဟုသုတ ဧတဒဂ္ဂ – ဗဟုသုတ ရှိသူတို့တွင် အမြတ်ဆုံး၊
၂။ ဂတိမန္တ ဧတဒဂ္ဂ – ပညာ ရှိသူတို့တွင် အမြတ်ဆုံး၊
၃။ သတိမန္တ ဧတဒဂ္ဂ – သတိ ရှိသူတို့တွင် အမြတ်ဆုံး၊
၄။ ဓိတိမန္တ ဧတဒဂ္ဂ – လုံ့လ, ဝီရိယ ရှိသူတို့တွင် အမြတ်ဆုံး၊
၅။ ဥပဋ္ဌာက ဧတဒဂ္ဂ – လုပ်ကျွေးတတ်သူတို့တွင် အမြတ်ဆုံး။ (ဋ္ဌ)

မေး။ အခြားရဟန်းတို့လည်း ပြုစုလုပ်ကျွေးကြပါလျက် အဘယ်ကြောင့် အရှင်အာနန္ဒာ တစ်ပါးတည်းသာ ဥပဋ္ဌာက ဧတဒဂ်ရာထူး ရရှိခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ အရှင်အာနန္ဒာမှတစ်ပါး အခြားသော ရဟန်းတို့သည် ဘုရားရှင်ကို ပြုစုလုပ်ကျွေးကြပါသော်လည်း ထိုအခြားသော ရဟန်းတို့သည် ဘုရားရှင်၏ စိတ်ကျေနပ်လောက်အောင် မပြုစု မလုပ်ကျွေးနိုင်ကြပါ။ အရှင်အာနန္ဒာသည်ကား ဥပဋ္ဌာက အလုပ်အကျွေးရာထူးကို ရသည့်နေ့မှ စ၍ အားထုတ်အပ်သော ဝီရိယ ရှိသည်ဖြစ်၍ ဘုရားရှင်၏ စိတ်ကျေနပ်လောက်အောင် ပြုစုလုပ်ကျွေးနိုင်ပါသည်။ ထို့ကြောင့် ဥပဋ္ဌာက ရဟန်းတို့တွင် အရှင်အာနန္ဒာသာ အသာလွန်ဆုံး ဥပဋ္ဌာက ဧတဒဂ်ရာထူးကို ရရှိသည်။ (ဋီသစ်)

မေး။ "ဂါထာဘိဂီတံ မေ"၌ မေသဒ္ဒါသည် အဘယ်ကြောင့် မယာအနက်ကိုသာ ဟောသနည်း။

ဖြေ။ "ဂါထာဘိဂီတံ မေ"၌ အဘိဂီတံ ပုဒ်သည် အဝုတ္တကတ္တား အနက်ကို ငဲ့သောကြောင့် မေသဒ္ဒါသည် မယာ အနက်ကိုသာ ဟော၏။

## (ဋ္ဌ၊ နှာ ၂၈+၂၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ မေသဒ္ဒါ၏ ဟောနိုင်သော အနက် ၃–မျိုးကို ဖော်ပြပါ။

ဖြေ။ မေသဒ္ဒါသည် . . .
၁။ မယာ (ကရိဏ်း)အနက်၊
၂။ မယှံ (သမ္ပဒါန်)အနက်၊
၃။ မမ (သာမိ)အနက်တို့ကို ဟော၏။ (ဋ္ဌ)

ttp://www.dhammadownload.com



မေး။ နိယကဇ္ဈတ္တ အစဉ်၏ အစွမ်းဖြင့် တစ်ခုသော အနက်၌သာလျှင် မေသဒ္ဒါ ထင်ပါလျက် (ဝါ) မေ သဒ္ဒါသည် 'ငါ'ဟူသော တစ်နက်တည်းကိုသာ ဟောပါလျက် အဘယ်ကို ရည်၍ "တီသု အတ္ထေသု ဒိဿတိ-သုံးပါးသော အနက်တို့၌ ထင်၏"ဟု ဆိုသနည်း။

ဖြေ။ နိယကဇ္ဈတ္တ အစဉ်၏ အစွမ်းဖြင့် တစ်ခုသော အနက်၌သာလျှင် မေသဒ္ဒါ ထင်ပါသော်လည်း (ဝါ) မေသဒ္ဒါသည် 'ငါ'ဟူသော တစ်နက်တည်းကိုသာ ဟောပါသော်လည်း ကရိဏ်း, သမ္ပဒါန်, သာမိအနက်ကို ညွှန်ပြခြင်း၏ အစွမ်းဖြင့် သဒ္ဒါကျမ်းတို့၌ ထင်ရှားရှိသော တတိယာ, စတုတ္ထီ, ဆဋ္ဌီဝိဘတ်ဟူသော ဝိဘတ်အပြားကို ရည်၍ "တီသု အတ္ထေသု ဒိဿတိ-သုံးပါးသော အနက်တို့၌ ထင်၏"ဟု ဆိုသည်။ (ဋီသစ်)

မေး။ (က) ဂါထာဘိဂီတံ မေ အဘောဇနေယျံ။
(ခ) သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု။
(ဂ) ဒါယာဒါ မေ ဘိက္ခဝေ ဘဝထ ဝါကျတို့၌ ပါသော "မေ"သဒ္ဒါတို့ကို အဘယ်ကြောင့် အဘယ်အနက် ပြန်ဆိုရမည်နည်း၊ အသီးသီး ဖြေဆိုခဲ့ပါ။

ဖြေ။ (က) ဝါကျ၌ပါသော မေသဒ္ဒါသည် = အဘိဂီတံ ကြိယာပုဒ်က ကတ္တားကို ငဲ့နေသောကြောင့် "မယာ-ငါသည်"ဟု အဝုတ္တကတ္တုရှု ပြန်ဆိုရမည်။ (ဋီသစ်)
(ခ) ဝါကျ၌ ပါသော မေသဒ္ဒါသည် = ဒေသေတု၌ ဒေသနာ-ဟောကြားခြင်းဟူသည် အာရောစနတ္ထ၌ အပါအဝင်ဖြစ်၍ ကထနတ္ထအယှဉ် ဖြစ်နေသောကြောင့် "မယှံ-ငါ့အား"ဟု သမ္ပဒါနတ္ထ ပြန်ဆိုရမည်။
(ဂ) ဝါကျ၌ပါသော မေသဒ္ဒါသည် = သာမိဿရာဓိပတိဒါယာဒ စသော ကစ္စည်းသုတ်အရ ဒါယာဒပုဒ်၏ အယှဉ် ဖြစ်သောကြောင့် (ဝါ) ဒါယာဒသဒ္ဒါက သမ္ဗန်ကို ငဲ့နေသောကြောင့် "မမ-ငါ၏"ဟု သမ္ဗန္ဓတ္ထ ပြန်ဆိုရမည်။

## (၄၊ နှာ ၂၉-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ မေသဒ္ဒါသည် မယာ, မယှံ, မမ ဟူသော သုံးပါးသော အနက်တို့၌ ဖြစ်ပါလျက် ဧဝံ မေ သုတံ၌ ရှိသော မေသဒ္ဒါကို "မယာ (သုတံ), မမ (သုတံ)"ဟူသော အနက်နှစ်မျိုး၌သာ ဖြစ်သင့်၏ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုရခြင်း အကြောင်းကို ရှင်းလင်းစွာ ရေးခဲ့ပါ။

ဖြေ။ ဧဝံ မေ သုတံ၌ ရှိသော သုတသဒ္ဒါသည် ကမ္မသာဓန, ဘာဝသာဓနတို့၏ အစွမ်းဖြင့် အဓိပ္ပါယ်နှစ်မျိုး ရှိသောပုဒ် ဖြစ်သောကြောင့် ဧဝံ မေ သုတံ၌ ရှိသော မေသဒ္ဒါသည် ယင်းကမ္မသာဓန, ဘာဝသာဓနတို့၏ အစွမ်းဖြင့် မယာအနက်, မမအနက် နှစ်မျိုးကိုသာ ဟောနိုင်ရကား "မယာ (သုတံ), မမ (သုတံ)"ဟူသော အနက်နှစ်မျိုး၌သာ ဖြစ်သင့်၏ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုသည်။

မေး။ ဥပသာရ မရှိသော သုတသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ပြရာ၌ ဥပသာရနှင့် တကွဖြစ်သော သုတသဒ္ဒါကိုလည်း ယူ၍ အဘယ်ကြောင့် အဋ္ဌကထာဆရာသည် "အယံ **သုတ**သဒ္ဒေါ သဉပသဂ္ဂေါ စ အနုပသဂ္ဂေါ စ"ဟု ဖွင့်ဆိုရသနည်း။

ဖြေ။ ဥပသာရ ရှေ့ရှိသော သုတသဒ္ဒါ, ဥပသာရ လုံးဝ မပါရှိသော သုတသဒ္ဒါများ၏ အနက်ကို ဂမန ဝိဿုတ စသည်ဖြင့် ဖွင့်ဆိုထားခြင်းမှာ ဥပသာရ ပါရှိမှု, မပါရှိမှုအတွက် အနက်များ တစ်သီးတစ်ခြား ထွက်လာသည် မဟုတ်၊ ဓာတူနံ အနေကတ္ထတ္တာနည်းအရ ဓာတ်ကပင် အနက်ပေါင်း မြောက်များစွာကို ဟောကြားနိုင်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊

ttp://www.dhammadownload.com



"ဥပသင္ဂနိပါတာ ဟိ ဓောတကမတ္တာဝ၊ န ဝါစကာ"ဟူသော သဒ္ဒါဆရာတို့ စကားအရ ဥပသာရ နိပါတ်များသည် မိမိတို့ကိုယ်တိုင် အနက်များကို မဟောကြားနိုင်၊ ဓာတ်များ, ပုဒ်များက ဟောကြားပြီးသော အနက်များကိုသာလျှင် ပေါ်လွင်ထင်ရှားအောင် ဓောတကအနေဖြင့် ထွန်းပြနိုင်၏ဟူသော စကားကို ကြည့်ရှုဆင်ခြင်သောကြောင့်လည်းကောင်း၊

ဥပသာရ မရှိသော သုတသဒ္ဒါနှင့် ဥပသာရ ရှိသော သုတသဒ္ဒါတို့သည် အနက်အဓိပ္ပါယ် မဆန့်ကျင်, အတူတူပင် ဖြစ်သောကြောင့်လည်းကောင်း ဥပသာရ မရှိသော သုတသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ပြရာ၌ ဥပသာရ ရှိသော သုတသဒ္ဒါကိုလည်း ယူ၍ "အယံ သုတသဒ္ဒေါ သဉပသဂ္ဂေါ စ အနုပသဂ္ဂေါ စ"ဟု အဋ္ဌကထာဆရာ မိန့်ဆို၏။ (ဋီသစ်)

(၄၊ နှာ ၃၀-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **ဧဝန္တိ စ မေတိ စ** သစ္စိကဋ္ဌပရမတ္ထဝသေန အဝိဇ္ဇမာနပညတ္တိ။ ကိဉ္စေတ္ထ တံ ပရမတ္ထတော အတ္ထိ၊ ယံ ဧဝန္တိ ဝါ မေတိ ဝါ နိဒ္ဒေသံ လဘေထ။ **သုတန္တိ စ** ဝိဇ္ဇမာနပညတ္တိ။ ယဉှိ တံ ဧတ္ထ သောတေန ဉပလဒ္ဓံ၊ တံ ပရမတ္ထတော ဝိဇ္ဇမာနန္တိ ဝါကျတို့၌ ပါဝင်သော "သစ္စိကဋ္ဌပရမတ္ထဝသေန"ပါဌ်ဖြင့် အကျယ်တဝင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ဋီကာသစ်လာသည့်အတိုင်း ပြည့်စုံစွာ ရေးခဲ့ပါ။

ဖြေ။ လှည့်ပတ်တတ်သော မာယာရှင်, မျက်လှည့်သမား, တံလျှပ် စသည်များကဲ့သို့ မဟုတ်မမှန်သော အရာလည်း မဟုတ်၊ တစ်ဆင့်ကြားမှု စသည်ဖြင့် ယူထားသော အနက်အဓိပ္ပါယ်များကဲ့သို့ မမြတ်သည်လည်း မဟုတ်၊ ရူပ,သဒ္ဒ စသော တရားများဖြစ်သည့် ရုပ္ပန, အနုဘဝန စသော သဘောများဖြစ်သော အနက်မှန် အနက်မြတ်များကိုချည်းသာ သစ္စိကဋ္ဌ ဟူ၍လည်းကောင်း၊ ပရမတ္ထ ဟူ၍လည်းကောင်း ခေါ်ဆိုနိုင်သည်။ ယင်းသစ္စိကဋ္ဌ ပရမတ္ထကို စွဲ၍ ပညတ်ခေါ်ဆိုထားသော ရူပံ,သဒ္ဒေါ စသော (သို့မဟုတ်) ဖဿ,ဝေဒနာ စသော ပညတ်မျိုးသည်သာလျှင် ဣစာဓိပ္ပေတတ္ထ အနေအားဖြင့်ကား = သုတံ စသော ပညတ်မျိုးသည်သာလျှင် ဝိဇ္ဇမာနပညတ် ဖြစ်နိုင်သည်။

ဤနေရာ၌ ပါသော ဧဝံ မေ ဟူသော ပညတ်များကား 'ဤသို့ ငါ'ဟူသော အနက်ကို ဟောမှုသည် မှန်လည်း မှန်ကန်မှု မရှိ၊ မြတ်လည်း မမြတ်။ လူတို့အခေါ်အဝေါ် အသုံးအနှုန်း ဝေါဟာရပညတ် သက်သက်မျှသာ ဖြစ်သောကြောင့် သစ္စိကဋ္ဌ ပရမတ္ထဟု မဆိုနိုင်၊ ယင်းသို့ သစ္စိကဋ္ဌ ပရမတ္ထဟု မဆိုအပ်သော အနက်များကို စွဲ၍ ပညတ်ထားသောကြောင့် 'ဧဝံ မေ' ပုဒ်တို့ကို အဝိဇ္ဇမာနပညတ်ဟု ခေါ်ဆိုခြင်း ဖြစ်၏ဟူသော အဓိပ္ပါယ်များကို "သစ္စိကဋ္ဌပရမတ္ထဝသေန"ပါဌ်ဖြင့် ပြဆိုနေပါသည်။ (ဋီသစ်)

မေး။ သစ္စိကဋ္ဌပရမတ္ထဝသေန/သစ္ဆိကဋ္ဌပရမတ္ထဝသေန ပါဌ်နှစ်ထွေတို့တွင် သင့်ရာပါဌ်ကို အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ သစ္စိကဋ္ဌပရမတ္ထဝသေန ပါဌ်သာ မှန်၏။

အကြောင်းကား = မျက်မှောက်အနက်ဟော သစ္ဆိကဋ္ဌ ပုဒ်ကို ဤနေရာ၌ အလိုမရှိအပ်သောကြောင့်လည်းကောင်း၊ မှန်ကန်သည့်အနက် (ဘူတတ္ထ)ဟော သစ္စိကဋ္ဌ ပုဒ်ကိုသာ ဤနေရာ၌ အလိုရှိအပ်သောကြောင့်လည်းကောင်း၊ ဤသစ္စိကဋ္ဌပရမတ္ထဝသေန ဟူသော ဝိသေသနပုဒ် စပ်ရာ အဝိဇ္ဇမာနပညတ္တိ, ဝိဇ္ဇမာနပညတ္တိ ပုဒ်တို့ကို ထောက်သောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ဝိက္ခိတ္တစိတ္တော ပုဂ္ဂလော သဗ္ဗသမ္ပတ္တိယာဍ္ဍ သဗ္ဗသမ္ပတ္တိ သရုပ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ၁။ အတ္တသမ္ပတ္တိ – အနက်အဓိပ္ပါယ်နှင့် ပြည့်စုံခြင်း၊
၂။ ဗျဉ္ဇနသမ္ပတ္တိ – သဒ္ဒါနှင့် ပြည့်စုံခြင်း၊
၃။ ဒေသကသမ္ပတ္တိ – ဟောကြားသူနှင့် ပြည့်စုံခြင်း၊
၄။ ပယောဇနသမ္ပတ္တိ – အကျိုးများမှုနှင့် ပြည့်စုံခြင်း စသည်တို့ ဖြစ်သည်။ (ဋီသစ်)

မေး။ ယောနိသော မနသိကာရေန စေတ္တ အတ္တသမ္မာပဏိဓိ, ပုဗ္ဗေ စ ကတပုညတံ သာဓေတိ။ သမ္မာ အပ္ပဏိဟိတတ္တသ္သ, ပုဗ္ဗေ အကတပုညသ္သ ဝါ တဒဘာဝတော ဝါကျဝယ် ယောနိသော မနသိကာရေန စေတ္တ အတ္တသမ္မာပဏိဓိ, ပုဗ္ဗေ စ ကတပုညတံ သာဓေတိ ဟူသော ရှေ့ပိုင်းဝါကျကို မည်သည့် နည်းဖြင့် ရေးသားထားသည်ဟု မှတ်ရမည်နည်း၊ ရှင်းလင်းစွာ ဖော်ပြ၍၊ ယင်းဖြေရှင်းချက်ကို ပေါ်လွင်ထင်ရှားစေသော လောကောပမာကိုလည်း ဋီသစ်လာသည့်အတိုင်း တင်ပြခဲ့ပါ။

ဖြေ။ ယောနိသော မနသိကာရေန စေတ္တ အတ္တသမ္မာပဏိဓိ, ပုဗ္ဗေ စ ကတပုညတံ သာဓေတိ ရှေ့ပိုင်းဝါကျကို စာရှိသည့် အတိုင်းယူလျှင် ယောနိသောမနသိကာရ ဟူသော အကြောင်းကြောင့် အတ္တသမ္မာပဏိဓိ+ပုဗ္ဗေ စ ကတပုညတာ ဟူသော စက်အကျိုးနှစ်ပါး ဖြစ်လာ၏ဟု အဓိပ္ပါယ်ရသည်။ အမှန်အားဖြင့်သော်ကား = အတ္တသမ္မာပဏိဓိ + ပုဗ္ဗေ စ ကတပုညတာ ဟူသော စက်နှစ်ပါး ပြည့်စုံမှုဟူသော အကြောင်းကြောင့်သာ ယောနိသောမနသိကာရ ဟူသောအကျိုး ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ထို့ကြောင့် ယောနိသော မနသိကာရေန စေတ္တ အတ္တသမ္မာပဏိဓိ, ပုဗ္ဗေ စ ကတပုညတံ သာဓေတိ ဝါကျကို ဖလာနုမာနကာရဏ သိဒ္ဓိနည်းဖြင့် ရေးသားထားသည်ဟု မှတ်ရမည်။

လောကောပမာကား = မြစ်ရေကြီးမှုဟူသော အကျိုးကို မြင်သဖြင့် မြစ်ညာ၌ မိုးရွာသည်ဟူသော အကြောင်းကို ရသကဲ့သို့ပင်တည်း။ (ဋီသစ်)

မေး။ အဝိက္ခေပေန သဒ္ဓမ္မဿဝနံ, သပ္ပုရိသူပနိဿယဉ္စ သာဓေတိ ဟူသော ဝါကျကို မည်သည့်နည်းဖြင့် ရေးသားထားသည်ဟု မှတ်ရမည်နည်း၊ ရှင်းလင်းစွာ ဖော်ပြ၍၊ ယင်းဖြေရှင်းချက်ကို ပေါ်လွင် ထင်ရှားစေသော လောကောပမာကိုလည်း ဋီသစ်လာသည့်အတိုင်း တင်ပြခဲ့ပါ။

ဖြေ။ အဝိက္ခေပေန သဒ္ဓမ္မဿဝနံ, သပ္ပုရိသူပနိဿယဉ္စ သာဓေတိ ဟူသော ဝါကျကား အဝိက္ခေပ (သမာဓိ) အကြောင်းကြောင့် သဒ္ဓမ္မဿဝန+သပ္ပုရိသူပနိဿယ အကျိုးနှစ်ပါး ပြီးပြည့်စုံလာသည်ဟု ပြသည်။ အကြောင်းကြောင့် အကျိုးဖြစ်ပုံကို အမှန်အတိုင်း ပြခြင်းပင် ဖြစ်၏။ ထို့ကြောင့် အဝိက္ခေပေန သဒ္ဓမ္မဿဝနံ, သပ္ပုရိသူပနိဿယဉ္စ သာဓေတိ ဝါကျကို ကာရဏာနုမာနဖလ သိဒ္ဓိနည်းဖြင့် ရေးသားထားသည်ဟု မှတ်ရမည်။

လောကောပမာကား = မုချဧကန် မိုးရွာနိုင်သည့် မိုးတိမ်တက်ခြင်းဟူသော အကြောင်းကို မြင်သဖြင့် မိုးရွာခြင်းဟူသော အကျိုးကို ရသကဲ့သို့တည်း။ (ဋီသစ်)

မေး။ (က) အဝိက္ခေပေန သဒ္ဓမ္မဿဝနံ, သပ္ပုရိသူပနိဿယဉ္စ သာဓေတိ။
(ခ) န ဟိ ဝိက္ခိတ္တစိတ္တော သောတုံ သက္ကောတိ၊ န စ သပ္ပုရိသေ အနုပဿယမာနဿ သဝနံ အတ္ထိတိ။
ဖော်ပြပါ နှစ်ဝါကျတို့တွင် ဒဠှီယဖြစ်သော (က)ဝါကျနှင့် ယင်းကို ခိုင်မြဲစေသည့် ဒဠှီကရဏ (ခ) ဝါကျတို့ကို လိုက်လျောညီထွေ ဖြစ်နေစေအောင် အဓိပ္ပါယ် ယူဆပုံကိုလည်း ဆရာနည်းကျကျ ရှင်းလင်းဖော်ပြခဲ့ပါ။

ttp://www.dhammadownload.com



ဖြေ။ အဝိက္ခေပေန သဒ္ဓမ္မဿဝနံ, သပ္ပုရိသူပနိဿယဉ္စ သာဓေတိ ဟူသော (က)ဝါကျဖြင့် အဝိက္ခေပ ဖြစ်သော သမာဓိဖြင့် သူတော်ကောင်း တရားကို နာကြားမှု–သဒ္ဓမ္မဿဝန စက်ကိုလည်းကောင်း၊ သူတော်ကောင်းကို ဆည်းကပ်မှု–သပ္ပုရိသူပနိဿယ စက်ကိုလည်းကောင်း ပြီးစေသည်ဟု ရေးသားထားသည်။

န ဟိ ဝိက္ခိတ္တစိတ္တော သောတုံ သက္ကောတိ ဟူသော (ခ)ဝါကျရှေ့ပိုင်းဖြင့် စိတ်ပျံ့လွင့်သူသည် တရားနာခြင်းငှာ မစွမ်းနိုင်သောကြောင့်ဟူသော အကြောင်းပြချက်ဖြင့် အဝိက္ခေပဖြင့် သဒ္ဓမ္မဿဝနကို ပြီးစေသည်၏ အဖြစ်ကို ဗျတိရေက အနေဖြင့် ခိုင်မြဲစေသည်။

န စ သပ္ပုရိသေ အနုပသင်္ကမန္တဿ သဝနံ အတ္ထိ ဟူသော (ခ)ဝါကျနောက်ပိုင်း ဒဠှီကရဏ စကားဖြင့် သူတော်ကောင်းကို မမှီဝဲ, မဆည်းကပ်သူအား တရားနာမှု မရှိနိုင်ဟူသော အကြောင်းပြချက်ဖြင့် ရှေးဒဠှီယ ဝါကျ၌ မပါရှိခဲ့သော သပ္ပုရိသူပနိဿယ စက်ဖြင့် သဒ္ဓမ္မဿဝန စက်ကို ပြီးစေနိုင်သည်၏ အဖြစ်ကို ခိုင်မြဲစေသည်။

ထို့ကြောင့် အဝိက္ခေပဖြင့်လည်းကောင်း၊ သပ္ပုရိသူပနိဿယဖြင့်လည်းကောင်း သဒ္ဓမ္မဿဝနကို ပြီးစေ၏ဟု ဆိုခဲ့ပြီးသော ဒဠှီယ (က)ဝါကျ၌ နေယျတ္ထအားဖြင့် အဓိပ္ပါယ် ယူရမည်။ ဤသို့ယူမှ ဒဠှီယ (က)ဝါကျနှင့် ဒဠှီကရဏ (ခ)ဝါကျတို့ လိုက်လျောညီထွေ ဖြစ်ပါသည်။

မေး။ အဝိက္ခေပဖြင့် သပ္ပုရိသူပနိဿယ ပြီးစီးပြည့်စုံပုံကို အထူးမဆိုခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ စိတ်ပျံ့လွင့်သော ပုဂ္ဂိုလ်၏ သူတော်သူမြတ်တို့ကို မှီခိုဆည်းကပ်ခြင်း ဟူသော သပ္ပုရိသူပနိဿယ မရှိခြင်းသည် လောကမျက်မြင်အားဖြင့် ပေါ်လွင်ထင်ရှားနေသောကြောင့် အဝိက္ခေပဖြင့် သပ္ပုရိသူပနိဿယ ပြီးစီးပြည့်စုံပုံကို အထူးမဆိုပါ။ (ဋီသစ်)

မေး။ ဗဟူ မယာ ဓမ္မာ သုတာ ဓာတာ ဝစသာ ပရိစိတာ ဝါကျ၌ ပါသည့် သုတာ ဓာတာ ပရိစိတာ ပုဒ်သုံးခုတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ သောတဒွါရိက ဝီထိ၏ နောက်သို့ အစဉ်လိုက်သော မနောဒွါရိက ဝီထိအစဉ်ဖြင့် ကြားနာခဲ့ရသည်ကို သုတာဟု ဆို၏။

သိင်္ဂီရွှေခွက်၌ ထည့်အပ်သော ခြင်္သေ့အဆီသည် ကောင်းစွာ တည်သကဲ့သို့ သောတဒွါရိက ဝီထိ၏ နောက်သို့ အစဉ်လိုက်သော မနောဒွါရိက ဝီထိအစဉ်ဖြင့် ကြားနာခဲ့ရသော တရားတော်တို့သည် စိတ်ထဲ၌ ကောင်းစွာ တည်ခြင်း (မှတ်မိခြင်း)ကို ဓာတာဟု ဆို၏။

သိင်္ဂီရွှေခွက်၌ ထည့်အပ်သော ခြင်္သေ့အဆီသည် ကောင်းစွာ တည်နေသကဲ့သို့ တရားတော်များ စိတ်ထဲ၌ ကောင်းစွာ တည်နေအောင် ရွတ်ဖတ်သရဇ္ဈာယ် ဆည်းပူးထားသည်ကို ပရိစိတာဟု ခေါ်၏။ (ဤသို့ထူး)

မေး။ ဓဝံ မေ သုတံ ပါဌ်ဖြင့် ပြအပ်သော အကျိုးတရားများကို အဋ္ဌကထာ လာသည့်အတိုင်း ဖော်ပြပါ။

ဖြေ။ မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်ကို မိမိပိုင်ဟု မထားခြင်းကြောင့် အသပ္ပုရိသ နယ်မြေကို ကျော်လွန်ခြင်း၊ သာဝက၏ အဖြစ်ကို ဝန်ခံခြင်းကြောင့် သပ္ပုရိသ နယ်မြေသို့ သက်ရောက်ခြင်း၊ မသူတော်တို့၏ တရားမှ စိတ်ကို ထစေခြင်း၊ သူတော်ကောင်း တရား၌ စိတ်ကို တည်စေခြင်း၊ "ဤတရားတော်ကို ငါသည် ဘုရားထံမှ ကြား၍ တစ်ဆင့် ပြောပြခြင်းမျှသာ ဖြစ်၏၊ ထိုတရားတော်သည် မြတ်စွာဘုရား၏ တရားတော်သာတည်း"ဟူ၍ ဆရာဘုရားကို ပြသဖြင့် ဆရာတု, ဘုရားတု အဖြစ်မှ မိမိကိုယ်ကို လွတ်စေခြင်း၊ ဆရာဘုရားကို ညွှန်ပြခြင်း၊ မြတ်စွာဘုရား စကားတော်သို့ သက်ရောက်စေခြင်း၊ ဓမ္မနေတ္တိကို တည်စေခြင်း အကျိုးများကို ဓဝံ မေ သုတံ ပါဌ်ဖြင့် ပြဆိုပါ၏။ (ဋ)

ttp://www.dhammadownload.com



(၄၊ နှာ ၃၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဥဂ္ဂဟမာန ပရိဗိုဇ်ဟူသော အမည် ခေါ်တွင်လာပုံကို ဋီကာသစ်လာသည့်အတိုင်း ဖော်ပြပါ။

ဖြေ။ မာန ဟူသည်မှာ = ယင်းပရိဗိုဇ်၏ နာမည်ရင်း ဖြစ်သည်၊ ပကတိ ပင်ရင်းနာမည် ဖြစ်သည်။ ဥဂ္ဂဟ ဟူသည်မှာ = အတတ်ပညာကို ပြည့်စုံအောင် သင်နိုင်စွမ်း မရှိဘဲ အနည်းအကျဉ်း စိုးစဉ်း စိုးစဉ်းမျှသာ အတတ်ပညာကို သင်စွမ်းနိုင်သောကြောင့် ဥဂ္ဂဟဟု ခေါ်သည်။ ယင်းနာမည်နှစ်ခုကို ပေါင်း၍ ဥဂ္ဂဟ မာနပရိဗိုဇ်ဟု အမည်ခေါ်တွင်၏။ (ဋီသစ်)

မေး။ အဘယ်ကြောင့် "ဧကသာလက"ဟု ခေါ်သနည်း၊ ဋီကာသစ်၌လာသည့်အတိုင်း ပြည့်စုံစွာ ရေးခဲ့ပါ။

ဖြေ။ ပဌမကနဦး တည်စ၌ ဇရပ်တစ်ဆောင်တည်းသာ တည်ရှိသော အာရာမ် ဖြစ်သောကြောင့် "ဧကသာလက"ဟု ခေါ်၏။ နောင်အခါ၌ ဘုန်းတန်ခိုးကြီးသော ပေါဋ္ဌပါဒ ပရိဗိုဇ်ကို အမှီသဟဲ အကြောင်းပြု၍ ဇရပ်များစွာ ရှိလာသော်လည်း အစပဌမ၌ တည်ရှိခဲ့ပြီးသော တစ်ဆောင်တည်းသော ဇရပ်ကို အစွဲပြု၍ ရေးက ရခဲ့ဘူး သော နာမည်၏ အစွမ်းအားဖြင့် ထိုပဌမနာမည် တွင်နေရကား အတွင်ရှဋ္ဌိ၊ ဘူတပုဗ္ဗဂတိက နည်းအားဖြင့် "ဧကသာလက"ဟုပင် ခေါ်သည်။ (ဋီသစ်)

အမှာ။ တစ်ပင်တည်းသော အင်ကြင်းပင် ပေါက်ရောက်တည်ရှိသောကြောင့် "ဧကသာလက" ခေါ်၏ဟုလည်း ဝဇီရဗုဒ္ဓိ ဋီကာဆရာ ဆို၏။ သို့သော် ... ယင်းဝါဒကို မဇ္ဈိမပဏ္ဏာသဠကထာ, သာရတ္ထဋီကာ, ဝိမတိဋီကာ ဆရာတို့က "ကေစိဝါဒ"ဟု ထိုး၏။

မေး။ အနာဂတ်ဖြစ်သော အကျိုးတရားကို မရရှိ, မခံစားရသေးဘဲလျက် ရရှိပြီး, ခံစားရပြီးလေဟန် အနေဖြင့် "အတ္ထာဘိသမယာ-အကျိုးနှစ်ပါးကို ခံစားရခြင်းကြောင့်"ဟု အဘယ်ကြောင့် ဆိုရသနည်း။

ဖြေ။ အနာဂတ် အကျိုးတရားသည် အမှန်တကယ် မရရှိ, မခံစားရသေးသော်လည်း ယင်းအကျိုးတရားကို ဖြစ်စေ မည့် အကြောင်းတရားကို ပြုလုပ်ပြီးခဲ့သည် ဖြစ်၍ အမှန်တကယ် အကျိုးကို ရရှိ, ခံစားရတော့မည် ဖြစ်သော ကြောင့် အနာဂတ် အကျိုးတရား ရခြင်းကိုပါ ထည့်၍ "အတ္ထာဘိသမယာ"ဟု ဆို၏။ (ဋီသစ်)

(၄၊ နှာ ၃၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ သမယသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ပြရာ၌ အဘယ်ကြောင့် "အဘိသမယဋ္ဌော"ဟု အဘိသဒ္ဒါဖြင့် ပုံစံ ထုတ်ပြရ သနည်း၊ ရှင်းလင်းစွာ ဖြေဆိုခဲ့ပါ။

ဖြေ။ အဘိသည် ဥပသာရမျှသာ ဖြစ်၍ ဇောတကမျှသာ ဖြစ်သောကြောင့် (ဝါ) အဘိသဒ္ဒါသည် ထိုးထွင်း၍ သိခြင်းအနက်ကို မဟော၊ ဇောတက အနေအားဖြင့် ထွန်းပြရုံမျှသာ ဖြစ်၏။ သမယသဒ္ဒါသည်သာလျှင် ထိုးထွင်း၍ သိခြင်းအနက်ကို ဟောကြားနိုင်သောကြောင့် "အဘိသမယဋ္ဌော"ဟု အဘိသဒ္ဒါဖြင့် ပုံစံထုတ်၍ ပြပါသည်။ (ဋီသစ်)

မေး။ န သက္ကာ သုခေန ဓာရေတုံ ဝါ-၌ န သက္ကာ၏ အကြောင်းကို ဖော်ပြပါ။

ဖြေ။ န သက္ကာ၏ အကြောင်းကား = နာနပ္ပကာရဘာဝတည်း။ (ဋီသစ်)

မေး။ အဘယ်ကြောင့် "န သက္ကာ သုခေန ဓာရေတုံ ဝါ"ဟု ဆိုရသနည်း။

ဖြေ။ ဗြဟ္မဇာလသုတ်ကို ဟောကြားသော အခါကာလ၌ နှစ်,ဥတု,လ,ပက္ခ,နေ့,ည စသည်ဖြင့် အထူးထူး အပြားပြား များစွာ ရှိသည်၏ အဖြစ် (နာနပ္ပကာရဘာဝ)ဟူသော အကြောင်းကြောင့် နှုတ်ဖြင့် ဆောင်ရန်, သင်ကြားရန်, သင်ကြားစေရန် မလွယ်ကူရကား "န သက္ကာ သုခေန ဓာရေတုံ ဝါ"ဟု ဆို၏။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ "ဗဟု စ ဝတ္တဗ္ဗံ ဟောတိ"၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ဗြဟ္မဇာလသုတ်ကို ဟောကြားသော အခါကာလ၌ နှစ်,ဥတု,လ,ပက္ခ စသည်ဖြင့် (ဝါ) ဗြဟ္မဇာလသုတ် ဟောရာကာလက တခြား၊ သာမညဖလသုတ် ဟောရာကာလက တခြား စသည်ဖြင့် ကာလဘေဒ များပြားနေရကား ယင်းကာလပြားသလောက် ဆိုအပ်သည်၏ အဖြစ်ကို "ဗဟု စ ဝတ္တဗ္ဗံ ဟောတိ" ဆိုသည်။

မေး။ နတ်လူတို့၌ မြတ်စွာဘုရား၏ အလွန်ထင်ရှားသော ကာလများကို ဗြဟ္မဇာလသုတ္တဋ္ဌကထာ လာသည့်အတိုင်း ဖော်ပြပါ။

ဖြေ။ မြတ်စွာဘုရား . . .

၁။ ပဋိသန္ဓေနေတော်မူရာ အခါ၊

၂။ ဖွားမြင်တော်မူရာ အခါ၊

၃။ သံဝေဂ ဖြစ်တော်မူရာ အခါ၊

၄။ တောထွက်တော်မူရာ အခါ၊

၅။ ဒုက္ကရစရိယာ ကျင့်တော်မူရာ အခါ၊

၆။ မာရ်ကို အောင်တော်မူရာ အခါ၊

၇။ သစ္စာလေးပါးကို သိတော်မူရာ အခါ၊

၈။ ဒိဋ္ဌဓမ္မသုခကို ခံစား၍ နေတော်မူရာ အခါ၊
(ဝါ) ဈာန်သမာပတ်တို့ဖြင့် ချမ်းချမ်းသာသာ နေတော်မူရာ အခါ၊

၉။ တရားဟောတော်မူရာ အခါ၊

၁၀။ ပရိနိဗ္ဗာန်စံတော်မူရာ အခါ စသည်တို့ ဖြစ်သည်။ (ဋ္ဌ)

**(ဋ္ဌ၊ နှာ ၃၄-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ကာလသည် ဥပါဒါ ပညတ်မျှသာ ဖြစ်၏။ သမူဟသည် ဝေါဟာရမျှသာ ဖြစ်၏။ သို့ဖြစ်ပါလျက် အဘယ့်ကြောင့် ကာလတ္ထနှင့် သမူဟတ္ထ နှစ်ပါးတို့သည် ပရမတ္ထ တရားတို့၏ တည်ရာ ဖြစ်နိုင်ရပါသနည်း။

ဖြေ။ သဘာဝ တရားတို့ကို ထက်ဝန်းကျင်မှ ပိုင်းဖြတ်အပ်သောကြောင့်လည်းကောင်း၊ ကြံစည်ခြင်းမျှဖြင့် ပြီးသော ကြောင့်လည်းကောင်း ကာလတ္ထနှင့် သမူဟတ္ထ နှစ်ပါးတို့သည် ပရမတ္ထ တရားတို့၏ တည်ရာ ဖြစ်နိုင်ပါ၏။

အမှာ။ အဓိကရဏဥ္စ ကာလတ္တော, သမူဟတ္တော စ သမယော ဝါကျကို အဘယ့်ကြောင့် ဆိုရပါသနည်းဟု မေး လျှင်လည်း ဖော်ပြခဲ့သော အဖြေကိုသာ ဖြေပါ။

မေး။ ခဏသမဝါယဟေတုသာမဂ္ဂီတသည်၌ ခဏ အရကို ဖော်ပြပါ။

ဖြေ။ ခဏ အရ = ရပ်ပြစ်ရှစ်ပါးမှ လွတ်သော သမ္ပတ္တိ စက်လေးပါးကို တစ်ပေါင်းတည်းပြု၍ ကုသိုလ်ဖြစ်ရန် အခွင့်အခါဖြစ်သော ဗုဒ္ဓုပ္ပါဒနဝမခဏကို ယူပါ။ (ဋီသစ်)

မေး။ ခဏသမဝါယဟေတုသာမဂ္ဂီတသည်၌ သမဝါယ အရကို သိသာထင်ရှားအောင် ဥပမာပုံစံနှင့်တကွ ဖော်ပြပါ။

ဖြေ။ သမဝါယ အရ = အကျိုးတရား ဖြစ်ပေါ်လာရန် အကြောင်းတရားတို့၏ ပေါင်းစုံညီညွတ်စွာ ဖြစ်ပေါ်လာ ခြင်းကို ယူပါ။

ဥပမာ ပုံစံအားဖြင့် = စက္ခုဝိညာဏ် စိတ္တုပ္ပါဒ်ဟူသော အကျိုးတရား ဖြစ်ပေါ်လာရန် ရူပါရုံ, စက္ခုပသာဒ, အာလောက, မနသိကာရ ဟူသော အကြောင်းတရားလေးပါး ပေါင်းဆုံညီညွတ်စွာ ဖြစ်ပေါ်လာခြင်း စသည် များကို ဆိုလို၏။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ခဏသမဝါယဟေတုသင်္ခါတသဿဥ္ဘ ဟေတု အရကို ဖော်ပြပါ။

ဖြေ။ ဟေတု အရ = ယောနိသောမနသိကာရ အစရှိသော ဇနကဟိတ် အကြောင်းတရားများကို ယူပါ။ (ဋီသစ်)

မေး။ ဝိနယေ စ ဟေတုအတ္တော, ကရဏတ္တော စ သမ္ဘဝတိ ဝါကျ၌ ပါသည့် ဟေတုနှင့်ကရဏ အရတို့ကို မုချတ္တအားဖြင့် ဖော်ပြပါ။

ဖြေ။ မုချတ္တအားဖြင့် ဟေတုနှင့် ကရဏတို့၏ အရကား = လွန်ကျူးခြင်း ဝီတိက္ကမ အမှုတည်း။ (စာစဉ်)

မေး။ ယော ဟိ သော သိက္ခာပဒပညတ္တိသမယော သာရိပုတ္တာဒီဟိပိ ဒုဗ္ဗိညေယျော ဝါကျ၌ အဘယ့်ကြောင့် အရှင်သာရိပုတ္တရာ ထေရ်ကို ဆိုရသနည်း။

ဖြေ။ ဝိနည်း၌ လာသော သိက္ခာပုဒ်ကို ပညတ်ဖို့ရန် တောင်းပန်သော ဝတ္ထုနှင့် စပ်သဖြင့် မထေရ်ကို အပိုင်းအခြား ပြုလိုသောကြောင့် အရှင်သာရိပုတ္တရာထေရ်ကို ဆိုရသည်။ (စာစဉ်)

မေး။ အစ္စန္တမေဝ တံ သမယံ ကရဏဝိဟာရေန ဝိဟာသိ ဝါကျ၌ ကရဏဝိဟာရ အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ ကရဏဝိဟာရ အရ = ကရဏာလျှင် အကြောင်းရင်းရှိသော ပရဟိတပဋိပတ္တိကို ယူရမည်၊ ကရဏာသမာပတ္တိ ဝိဟာရကို မယူရပါ။

အကြောင်း = တရားဟောရာ ကာလ၌ ဒေသေတဗ္ဗ ဓမ္မကိုသာ အာရုံပြုသော ဒေသနာဉာဏ်တော်၏ သတ္တဝါပညတ်ကို အာရုံပြုသော မဟာကရဏာနှင့် အတူတကွ မဖြစ်သောကြောင့်တည်း။ (စာစဉ်)

မေး။ ပေါရာဏာ ပန ဝဏ္ဏယန္တိ "တသ္မိံ သမယေ"တိ ဝါ 'တေန သမယေနာ'တိ ဝါ 'ဧကံ သမယ'န္တိ ဝါ အဘိလာပမတ္တဘေဒေါ ဧသ ဝါကျ၌ အဘိလာပမတ္တဘေဒ သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ သုတ္တန်၌ ဒုတိယာဝိဘတ်၏ ပြောင်းလွဲခြင်း၊ ဝိနည်း၌ တတိယာဝိဘတ်၏ ပြောင်းလွဲခြင်းကို ပြုအပ်၏ ဟူသော အဓိပ္ပါယ်ကို ပြဆိုပါ၏။

(တစ်နည်း) ဘုမ္မတ္တ၌ ဒုတိယာဝိဘတ်, တတိယာဝိဘတ်တို့ဖြင့် ပြီးစီး၏ဟူသော အဓိပ္ပါယ်ကို ပြဆိုပါ၏။

မေး။ သဗ္ဗတ္ထ ဘုမ္မမေဝတ္ထော ပါဠ်ဖြင့် သိစေအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ သဗ္ဗတ္ထ ဘုမ္မမေဝတ္ထော ပါဠ်ဖြင့် ဝိနည်းပါဠိတော်အစ 'တေန သမယေန'ပုဒ်၊ သုတ္တန်ပါဠိတော်အစ 'ဧကံ သမယံ'ပုဒ်တို့၌ သက်ထားသော နာဝိဘတ်, အံဝိဘတ်များသည် သတ္တမီဝိဘတ်မှ ဖောက်ပြန်လာသော ဝိဘတ်များ ဖြစ်သည်။ (ဝါ) 'တေန သမယေန'ပုဒ်၊ 'ဧကံ သမယံ'ပုဒ်များသည် ဝိဘတ္တိဝိပလ္လာသ ပုဒ်များ ဖြစ်သည်ဟူသော အဓိပ္ပါယ်ကို သိစေသည်။

(တစ်နည်း) 'တေန သမယေန'ပုဒ်၊ 'ဧကံ သမယံ'ပုဒ်တို့၌ နာဝိဘတ်, အံဝိဘတ်များသည် မိမိတို့ ယေဘုယျ သက်နေကျ ကရိုဏ်းအနက်, ကံအနက်များ၌ သက်ထားသည် မဟုတ်၊ သတ္တမီအနက် (ဘုမ္မတ္ထ)၌ သက်ထား သည်ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဋီသစ်)

မေး။ ဂရုံ ဟိ လောကေ "ဘဂဝါ"တိ ဝဒန္တိ၌ လောကေသဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ လောကေသဒ္ဒါဖြင့် သက်သက်သော သာသနာတော်၌သာ ဆရာကို ဘဂဝါဟု ခေါ်ဆိုရိုး ရှိကုန်သည် မဟုတ်သေး၊ လောက၌လည်း ဆရာကို ကျောက်ထီးတန်း အလေးဂရု ပြုအပ်သော အနက်ကြောင့် ဘဂဝါဟု ခေါ်ဆိုးရိုး ရှိကြကုန်၏ဟူသော သင်္ကေတသိဒ္ဓိကို ပြသည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ဘုရားရှင်သည် အနန္တလောကဓာတ်၌ အနန္တသတ္တဝါတို့၏ အမြတ်ဆုံး "ဥတ္တမဂါရဝဋ္ဌာန" အဘယ်ကြောင့် ဖြစ်တော်မူရသနည်း။

ဖြေ။ မြတ်စွာဘုရားသည် အပရိမိတ, နိရုပမ အစွမ်းသတ္တိရှိသော သီလစသော ဂုဏ်တော်အထူးနှင့် ပြည့်စုံတော်မူသောကြောင့်လည်းကောင်း၊ သတ္တဝါတို့၏ ကျေးဇူးမဲ့မှု အားလုံးကို ပယ်ရှားခြင်း ရှေ့သွားရှိသည် ဖြစ်၍ စီးပွားချမ်းသာကို အကြွင်းမဲ့ ဆောင်ခြင်း, စီရင်ခြင်းလျှင် ပြဓာန်းခြင်း ရှိသော လွန်ကဲမှု မရှိသည့် ကာယပယောဂ ဝစီပယောဂ မနောပယောဂ၏ ပြည့်စုံခြင်းအားဖြင့် သတ္တဝါအပေါင်း၏ ကျေးဇူးဥပကာရကို စင်စစ် ပြုတော်မူလေ့ရှိသောကြောင့်လည်းကောင်း အနန္တလောကဓာတ်၌ အနန္တသတ္တဝါတို့၏ အမြတ်ဆုံး "ဥတ္တမဂါရဝဋ္ဌာန" ဖြစ်တော်မူသည်။ (ဘာဋီ၊ ဋီသစ်)

မေး။ ပေါရာဏေဟိပိ ဝုတ္တံ "ဘဂဝါ'တိ ဝစနံ၌ ပေါရာဏ အရကို ဖော်ပြပါ။

ဖြေ။ ပေါရာဏ အရ = အဋ္ဌကထာ ဆရာများကို ယူပါ။

မေး။ ဘဂဝါ၌ ဘဂ အရကို ဖော်ပြပါ။

ဖြေ။ ဘဂ အရ = ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တ ဟူသော ဘုန်းတော် ၆-ပါးကို ရ၏။

**(ဌ၊ နှာ ၃၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဓေကံ သမယံ ဘဂဝါ ဟူသော ပါဌ်ဖြင့် ပြဆိုအပ်သော အကျိုးတို့ကို အဋ္ဌကထာ လာသည့်အတိုင်း ဖော်ပြပါ။

ဖြေ။ ဓေကံ သမယံ ဘဂဝါ ဟူသော ပါဌ်ဖြင့် ထိုအခါ၌ မြတ်စွာဘုရား ထင်ရှား မရှိသည်၏ အဖြစ်ကို ပြသည် ဖြစ်၍ ရူပကာယတော်၏ ပရိနိဗ္ဗာန် စံခြင်းကို ပြီးစီးစေ၏။ "ဤကဲ့သို့ ရှုအပ်သော သဘောရှိသော, တရားမြတ်ကို ဟောတော်မူတတ်သော, ဆယ်ပါးသော ဉာဏ်တည်းဟူသော အား၏ တည်ရာ ဖြစ်သော ကျရာ အရပ်ကို ထုတ်ချင်းထွင်းတတ်သော တခဲနက်သော ဝရဇိန် လက်နက်နှင့် တူသောကိုယ် ရှိတော်မူသော ထိုမြတ်စွာဘုရားသော်မှ ပရိနိဗ္ဗာန် စံရသေး၏။ အခြားသော အဘယ်ပုဂ္ဂိုလ်သည် အသက်ရှည်မှု၌ တောင့်တခြင်းကို ဖြစ်စေအပ်ပါသနည်း"ဟု အသက်ရှည်ခြင်း၌ မာန်ဖြင့် ယစ်တတ်သော လူအပေါင်းကို ထိတ်လန့်စေ၏။ ထိုလူများအား သူတော်တရား၌ လုံ့လဉဿာဟကို ဖြစ်စေ၏ဟူသော အကျိုးတို့ကို ပြဆိုပါ၏။ (ဌ)

မေး။ **ဝံ၊ မေ သုတံ၊ ဓေကံ သမယံ၊ ဘဂဝါ** ဟူသော ပါဋ္ဌိတို့ဖြင့် မည်သည့်သမ္ပတ္တိကို ပြသနည်း၊ အသီးသီး ဖြေဆိုပါ။

ဖြေ။ ဝံ ဟူသော ပါဋ္ဌိဖြင့် = ဒေသနာသမ္ပတ္တိ။

မေ သုတံ ဟူသော ပါဋ္ဌိဖြင့် = သာဝကသမ္ပတ္တိ။

ဓေကံ သမယံ ဟူသော ပါဋ္ဌိဖြင့် = ကာလသမ္ပတ္တိ။

ဘဂဝါ ဟူသော ပါဋ္ဌိဖြင့် = ဒေသကသမ္ပတ္တိ တို့ကိုပြသည်။

မေး။ **အန္တရာ စ ရာဇဂဟံ, အန္တရာ စ နာဠန္ဒံ** ဝါကျဝယ် "ရာဇဂဟံ, နာဠန္ဒံ" ပုဒ်တို့၌ ဆဋ္ဌီဝိဘတ်၏အနက် ဖြစ်နေသောကြောင့် ယင်းပုဒ်တို့၌ ဆဋ္ဌီဝိဘတ် သက်သင့်/မသက်သင့်ကို အကြောင်းသွင်း၍ ဖြေရှင်းခဲ့ပါ။

ဖြေ။ "ဥပသဂ္ဂဝိဘတ္တိ ကာရကဝိဘတ္တိတော ဗလဝတရာ"ဟူသော (သမ္ဗန္ဓစိန္တာသုတ္တန်း နိဒ္ဒေသ) စကားအရ = ကာရကကျမ်းလာ သာမညဝိဘတ်သက်ပုံများထက် နိပါတ်ပုဒ်, ဥပသာရပုဒ်တို့နှင့် ယှဉ်ရာ၌ ဝိဘတ်သက်ပုံသည် အလွန်အမင်း ပို၍ အားကောင်းနေသည်ဟု ဆိုရကား ရာဇဂဟံ, နာဠန္ဒံ ပုဒ်တို့သည် အန္တရာ နိပါတ်ပုဒ်နှင့် ယှဉ်နေသောကြောင့် ဒုတိယာ, အံဝိဘတ်သာ သက်ရသည်။ အနက်အားလျော်စွာ ဖြစ်သော ဆဋ္ဌီဝိဘတ် မသက်ရပါ။

ttp://www.dhammadownload.com



မေး။ အန္တရာသဒ္ဒါ တစ်ခုတည်းက ကာရဏ စသော အနက်မြောက်များစွာကို အဘယ်ကြောင့် ဟောနိုင်ပါသနည်း။

ဖြေ။ အတူဖြစ်သော အန္တရာသဒ္ဒါများကို ကေသိသ်ပြုမှု စသော ဧကသေသနည်း, သာမညနိဒ္ဒေသနည်း စသော နည်းတို့ကြောင့် အန္တရာသဒ္ဒါ တစ်ခုတည်းက အနက်မြောက်များစွာကို ဟောနိုင်ပါ၏။ (အဖြေသစ်)

အမှာ။ ကေသိသ် အပြုမခံရသည့် အန္တရာသဒ္ဒါ တစ်ခုတည်းက သက်သက် မည့်သည့်အခါမှ အနက် မြောက်မြားစွာ ကို မဟောနိုင်ပါ။

မေး။ အန္တရာသဒ္ဒါ၏ အတ္ထုဒ္ဓါရ ပြရာ၌ အဘယ်ကြောင့် အန္တရိက, အန္တရသဒ္ဒါတို့ကို ထုတ်ပြရသနည်း။

ဖြေ။ အန္တရိကသဒ္ဒါ, အန္တရသဒ္ဒါတို့ ဟောသော အနက်များကို ဤနေရာ၌ လာသော အန္တရာသဒ္ဒါက ဟောနိုင် သောကြောင့်လည်းကောင်း၊ အန္တရာသဒ္ဒါ, အန္တရိကသဒ္ဒါ, အန္တရသဒ္ဒါတို့သည် အနက်တူ ဖြစ်သောကြောင့် လည်းကောင်း၊ အတ္ထုဒ္ဓါရ ပြရာ၌ အန္တရိကသဒ္ဒါ, အန္တရသဒ္ဒါတို့ကိုလည်း ထုတ်ပြသည်။ (ဋီသစ်)
(တစ်နည်း) အန္တရိက၌ ဣကပစ္စည်းသည် သွတ္ထအနက် (ဝါ) သကတ်အနက်၌သာ သက်သည် ဖြစ်၍ အန္တရာသဒ္ဒါနှင့် အနက်မထူးသောကြောင့်လည်းကောင်း၊ ဂါထာဗန္ဓ သုခအကျိုးငှာ "ယဿန္တရတော"၌ အန္တရာမှ အာ–သရကို ရဿပြု၍ အန္တရဟု ဆိုထားသည်သာ ဖြစ်သောကြောင့်လည်းကောင်း အတ္ထုဒ္ဓါရ ပြရာ၌ အန္တရိကသဒ္ဒါ, အန္တရသဒ္ဒါတို့ကိုလည်း ထုတ်ပြသည်။

မေး။ "ယဿန္တရတော န သန္တိ ကောပါ"၌ ကောပ အရကို ဖော်ပြပါ။

ဖြေ။ ကောပ အရ = စိတ်ချောက်ချားမှုကို ပြုခြင်းကြောင့် ကြည်လင်နေသည့် စိတ်ကို ပျက်စီးစေတတ်ကုန်သော ရာဂစသော အကုသိုလ်တရားများကို ယူပါ။ (ဋီသစ်)

မေး။ တပေါဒါမြစ်၏ (က) စ၍ ဖြစ်ခဲ့ရာအရပ် (ခ) မူလဘူတ ရေ၏ လက္ခဏာ (ဂ) တပေါဒါမြစ်ရေ ပူခြင်း အကြောင်းတို့ကို ဖော်ပြပါ။

ဖြေ။ (က) တပေါဒါမြစ်၏ စ၍ ဖြစ်ခဲ့ရာသည် အောက်နဂါးပြည်တည်း။
(ခ) ထိုအောက်နဂါးပြည် နေရာ၌ ရေကန်သည် အလွန်ကြည်လင် အေးမြ၏။
(ဂ) မူလအစက ရေသည် ကောင်းမွန် ပြည့်စုံခဲ့ပါသော်လည်း အထက်သို့ တက်လာသောအခါ ရာဇဂြိုဟ် ပြည် ပတ်ပတ်လည်ရှိသော လောဟကုမ္ဘီ ငရဲကြီးနှစ်လုံး၏ အကြားမှ စီး၍ တက်ခဲ့ရသောကြောင့် ရေ ပူရှိသော တပေါဒါမြစ် အဖြစ်ဖြင့် တည်ရှိလေသည်။ (ဌ၊ ဋီသစ်၊ ဘာဋီ)

မေး။ အက္ခရစိန္တကာ၌ အက္ခရ အရကို (က) မုချတ္ထ (ခ) ဥပစာရတ္ထအားဖြင့် ခွဲခြား၍ ဤနေရာ၌ အလိုရှိအပ် သည့်အတိုင်း ကောက်ပြပါ။

ဖြေ။ (က) အက္ခရ အရကား = အက္ခရာများသည် မုချတ္ထအားဖြင့် ရ၏။
(ခ) ယင်းအက္ခရာတို့ကြောင့် ဖြစ်ပေါ်လာသော ပုဒ်နှင့် ဝါကျတို့သည် ကာရဏူပစာရတ္ထအားဖြင့် ရ၏။

မေး။ ဒွိန္နံ မဟာနိရယာနံ အန္တရိကာယ အာဂစ္ဆတိ၌ ဒွိန္နံ အရကို ဖော်ပြပါ။

ဖြေ။ ဒွိန္နံ အရ = လောဟကုမ္ဘီ ငရဲအိုးကြီး နှစ်လုံးကို ယူပါ။

မေး။ အန္တရာသဒ္ဒါ တစ်ခုနှင့်သာ ယှဉ်ပါလျက် အနက်အားဖြင့် နှစ်ကြိမ် ယောဇနာရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ တစ်ခုသော ပုဒ်၏လည်း အာဝုတ္တိ စသော နည်းအားဖြင့် အနက်အများအပြား ပြီးစီးသောကြောင့် အန္တရာသဒ္ဒါ တစ်ခုနှင့်သာ ယှဉ်သော်လည်း အနက်အားဖြင့် နှစ်ကြိမ် ယောဇနာရသည်။

ttp://www.dhammadownload.com



မေး။ ဒုတိယပဒေနပိ ယောဇေတဗ္ဗော ဟောတိ ဝါကျဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ထင်ရှားစွာ ဖြေဆိုပါ။

ဖြေ။ ဒုတိယပဒေနပိ ယောဇေတဗ္ဗော ဟောတိ ဝါကျဖြင့် "လောကီကျမ်းဝယ် အန္တရာသဒ္ဒါ တစ်ခုတည်းကိုသာ သုံးစွဲထားပါသော်လည်း အာဝုတ္တိနည်း, တန္တနည်း, အဓိကာရနည်း စသော နည်းတို့ဖြင့် တစ်ပုဒ်တည်းက အနက်နှစ်ထပ် ရနိုင်သောကြောင့် အန္တရာသဒ္ဒါ တိုက်ရိုက်မပါသော ဒုတိယပုဒ်သို့လည်း ယှဉ်စေအပ်၏၊ လိုက်စေအပ်၏"ဟူသော အဓိပ္ပါယ်ကို ပြသည်။ (ဘာဋီ၊ ဋီသစ်)

မေး။ အယောဗိယမာနေ ဥပယောဂဝစနံ န ပါပုဏာတိ ဟူသော စကားရပ်၏ အကြောင်းပြ နာမလာဘ ဟိတ်ကို ရေးခဲ့ပါ။

ဖြေ။ သဒ္ဒါဓိကာရ–သဒ္ဒါလိုက်လာမှု ရှိမှသာ ဝိဘတ္တိပယောဂ–ဝိဘတ်ယှဉ်မှု, ဝိဘတ်သက်မှု ဖြစ်နိုင်ရကား အန္တရာ ဟူသော သဒ္ဒါအထူးနှင့် ယှဉ်မှု၏ အစွမ်းအားဖြင့်သာလျှင် နဒီဟူသော နောက်ပုဒ်၌လည်း အနက်အား လျော်စွာ ဆဋ္ဌီဝိဘတ် လျှဉ်းပါးလာလတ်သော် ဒုတိယာဝိဘတ်ကို အလိုရှိအပ်, သက်အပ်သောကြောင့် ပါတည်း။ (ဋီသစ်)

**(၄၂ နှာ ၃၆–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **အဍ္ဍယောဇနမတ္တမ္ပိ** အဍ္ဍယောဇန အရကို ရှင်းလင်းစွာ ဖော်ထုတ်ခဲ့ပါ။

ဖြေ။ အဍ္ဍယောဇန အရ = ခရီးအဝွန့်, ကာလအဝွန့် နှစ်မျိုးတို့တွင် မဂ္ဂသဒ္ဒါကို ထောက်၍ ခရီးအဝွန့်ကို ယူရမည်။

မေး။ အဘယ်ခရီးသည် "အဍ္ဍယောဇနမဂ္ဂ" မည်သနည်း။

ဖြေ။ ယူဇနာဝက်မျှ (ခရီး နှစ်ဂါဝုတ်မျှ) ဝေးသော ခရီးသည်ပင် "အဍ္ဍယောဇနမဂ္ဂ" မည်၏။

မေး။ အဍ္ဍယောဇန အရကို ဖော်ပြပါ။

ဖြေ။ ခရီး နှစ်ဂါဝုတ်မျှတည်း။

မေး။ အဘယ်ကြောင့် "အဍ္ဍယောဇနမဂ္ဂပဋိပန္နော"ဟု ဆိုသနည်း။

ဖြေ။ ဤပြဟ္မဇာလသုတ်၌ = လေးဂါဝုတ် ပမာဏသည် တစ်ယူဇနာသာ ဖြစ်၏။ ရာဇဂြိုဟ် မြို့နှင့် နာဠန္ဒ မြို့တို့သည် တစ်ယူဇနာ ဝေး၏။ ထို့ကြောင့် "အဍ္ဍယောဇနမဂ္ဂပဋိပန္နော"ဟု ဆိုသည်။ (ဋီသစ်)

မေး။ ရာဇဂြိုဟ်မြို့နှင့် နာဠန္ဒမြို့တို့၏ အကွာအဝေးကို (က) ယူဇနာအားဖြင့်လည်းကောင်း (ခ) လက်သစ် အရေအတွက်အားဖြင့်လည်းကောင်း သိသာရုံမျှ ဖော်ပြပါ။

ဖြေ။ (က) တစ်ယူဇနာ ဝေး၏။ (၄)

(ခ) လက်သစ် အရေအတွက်အားဖြင့် (၁၀၇၅၂၀၀) ဝေး၏။

မေး။ **မဟာတာ ဘိက္ခုသံဃေန**၌ ဘိက္ခုသံဃ အရ = အရိယသံဃာ, အနရိယသံဃာတို့တွင် အဘယ်သံဃာကို ယူမှ သင့်သနည်း၊ အဋ္ဌကထာဝါဒ, ဋီကာသစ်ဝါဒ, မဇ္ဈိမနိကာယဝါဒတို့အားလျော်စွာ အကြောင်းအသီးသီး ပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ ဘိက္ခုသံဃ အရ = အရိယသံဃာ, အနရိယသံဃာတို့တွင် အရိယသံဃာကိုသာ ယူရမည်ဟု ဆရာအားလုံး က တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်တော်မူကြ၏။

အကြောင်းကား = အပ္ပိစ္ဆတာဒိဂုဏသမန္နာဂတတ္တာဟု အဋ္ဌကထာဆရာကိုယ်တိုင် ဖွင့်ဆိုသောကြောင့် လည်းကောင်း၊ အပ္ပိစ္ဆတာ၌ အပ္ပသဒ္ဒါသည် ပရိတ္တ, ခုဒ္ဒကပုဒ်တို့၏ ပရိယာယ်အဖြစ်ဖြင့် အနည်းငယ် ဟူသော အနက်ကို ဟောသည့်အတွက် လောဘအတန်ငယ် ရှိသေးသည်ဟု ဆိုနိုင်သော်လည်း ... ဤနေရာ၌ သဒ္ဒါသည် သာဝသေသဖြစ်၍ အနက်သည် နိရဝသေသ ဖြစ်ရကား "လောဘ အကြွင်းအကျန် မရှိ"ဟူ၍

ttp://www.dhammadownload.com



ယူရမည် ဖြစ်သောကြောင့်လည်းကောင်း၊ လောဘသည် အငယ်,အကြီးဟူ၍ ခွဲခြားသတ်မှတ်ဖို့ရာ မဖြစ်နိုင်သည့်အတွက် "လောဘ နည်းသူ"ဟူ၍ ချီးမွမ်းခြင်းငှာ မသင့်တော်သောကြောင့်လည်းကောင်း အပ္ပိစ္ဆတာ၌ လောဘမရှိဟူသော အနက်ကိုသာ ယူသင့်ရကား ဘိက္ခုသံဃ အရ = နိလ္လောဘဖြစ်သော အရိယာသံဃာကိုသာ ယူပါ။ (အဋ္ဌကထာဝါဒ)

(တစ်နည်း) ဋီကာသစ်၌ အပ္ပိစ္ဆတာကို နိလ္လောဘတာ (လောဘမရှိ)ဟု ဖွင့်သောကြောင့်လည်းကောင်း၊ "အပ္ပိစ္ဆတာ (နည်းသော အလိုရှိ)၏"ဟူသော သဒ္ဒါကား အကြွင်းရှိသော သာဝသေသ သဒ္ဒါပင် ဖြစ်သော်လည်း အနက်ကား "အပ္ပိစ္ဆတာ–လောဘမရှိ"ဟူသော နိရဝသေသအနက် ဖြစ်သောကြောင့်လည်းကောင်း ဘိက္ခုသံဃ အရ = နိလ္လောဘဖြစ်သော အရိယာသံဃာကိုသာ ယူပါ။ (ဋီကာသစ်ဝါဒ)

(တစ်နည်း) အပ္ပိစ္ဆတာ၌ အပ္ပသဒ္ဒါသည် ပရိတ္တ, ခုဒ္ဒကသဒ္ဒါများ၏ ပရိယာယ်အဖြစ် မယူဘဲ "အပ္ပါဗာဓတဉ္စ သဉ္ဇာနာမိ" စသော ပါဠိတော်တို့၌ကဲ့သို့ အဘာဝတ္ထ–မရှိခြင်း အနက်ဟောဟု ကြံဆ၍ အပ္ပိစ္ဆတာ၌ လောဘမရှိဟူသော အနက်ကိုသာ ယူသင့်သောကြောင့် ဘိက္ခုသံဃ အရ = နိလ္လောဘဖြစ်သော အရိယာသံဃာကိုသာ ယူပါ။ (မဇ္ဈိမနိကာယဋီကာလာ–ဓမ္မပါလထေရဝါဒ)

မေး။ အပ္ပိစ္ဆတာဒိ၌ အာဒိ အရကို ဖော်ပြပါ။

ဖြေ။ သန္တုဋ္ဌိတာ, ပဝိဝေကတာ, ဝီရိယာရမ္ဘတာ စသည်ကို ယူပါ။

မေး။ ဒိဋ္ဌိသီလသာမည စသော ပါဌ်၌ ဒိဋ္ဌိ အရကို ဖြစ်ရာပုဂ္ဂိုလ်အား ထောက်ဆ၍ (ဝါ) ဌာနူပစာရ အသွင် ကြံဆ၍ ကောက်ပြပါ။

ဖြေ။ ဒိဋ္ဌိ အရ = လောကုတ္တရာ သမ္မာဒိဋ္ဌိကိုသာ ယူပါ။ (ဘာဋီ)

ဒိဋ္ဌိသီလသာမည စသော ပါဌ်၌ ဒိဋ္ဌိအရ မိစ္ဆာဒိဋ္ဌိ, သမ္မာဒိဋ္ဌိ နှစ်မျိုးရှိသော်လည်း ဤနေရာ၌ ပါသော ရဟန်းတော်များသည် ဘုရားရှင်နှင့် အတူတကွ ခရီးသွားနေသော ရဟန်းများ ဖြစ်ခြင်း၊ အဋ္ဌကထာ ဆရာက ယင်းရဟန်းများကို အပ္ပိစ္ဆတာ စသော ဂုဏ်ပုဒ်တို့ဖြင့် ဖွင့်ဆိုထားသဖြင့် အရိယာသံဃာဟူ၍ သိမြင်နိုင်ခြင်းဟူသော အကြောင်းတို့ကြောင့် ဒိဋ္ဌိအရ = သမ္မာဒိဋ္ဌိကိုသာ ယူရမည်။

ယင်းသမ္မာဒိဋ္ဌိသည် လောကီ, လောကုတ္တရာ နှစ်မျိုးရှိသော်လည်း ဋီကာသစ်ဆရာတော်က "ယာယံ ဒိဋ္ဌိ အရိယာ နိယျာနိကာ"အစရှိသော လောကုတ္တရာ ဒိဋ္ဌိဖြစ်ကြောင်းကို ပြသော ပါဠိတော်တို့ကို ကိုးကားထားသောကြောင့် ဒိဋ္ဌိ အရ = လောကုတ္တရာ သမ္မာဒိဋ္ဌိကိုသာ ယူပါ။

မေး။ ဒိဋ္ဌိသီလသာမည စသော ပါဌ်၌ သီလ အရကို ဖြစ်ရာပုဂ္ဂိုလ်အား ထောက်ဆ၍ (ဝါ) ဌာနူပစာရ အသွင် ကြံဆ၍ ကောက်ပြပါ။

ဖြေ။ သီလ အရ = သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော လောကုတ္တရာ သီလကိုသာ ယူပါ။

ဒိဋ္ဌိသီလသာမည စသော ပါဌ်၌ သီလအရ လောကီ,လောကုတ္တရာ နှစ်မျိုးရှိသော်လည်း ဤနေရာ၌ပါသော သီလပိုင်ရှင် ရဟန်းတော်များသည် ဘုရားရှင်နှင့် အတူတကွ ခရီးသွားနေသော ရဟန်းများဖြစ်ခြင်း၊ အဋ္ဌကထာ ဆရာက ယင်းရဟန်းများကို အပ္ပိစ္ဆတာ စသော ဂုဏ်ပုဒ်တို့ဖြင့် ဖွင့်ဆိုထားသဖြင့် အရိယာသံဃာဟူ၍ သိမြင်နိုင်ခြင်းဟူသော အကြောင်းတို့ကြောင့်လည်းကောင်း၊ ဋီကာသစ် ဆရာတော်က "ယာနိ တာနိ သီလာနိ အခဏ္ဍာနိ ။ပ။ သမာဓိသံဝတ္တနိကာနိ"ဟူ၍ လောကုတ္တရာ သီလဖြစ်ကြောင်းကို ပြသော ပါဠိတော်တို့ကို ကိုးကားထားသောကြောင့်လည်းကောင်း သီလ အရ = သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော လောကုတ္တရာ သီလကိုသာ ယူပါ။

ttp://www.dhammadownload.com



မေး။ ဒိဋ္ဌိသီလသာမညသင်္ဃာတသန်္နိဝေနဟုသာ ဆို၍ သမာဓိပညာသာမညသင်္ဃာတသန်္နိဝေနဟု အဘယ် ကြောင့် မဆိုသနည်း။

ဖြေ။ သေက္ခ,အသေက္ခ ဖြစ်သော အရိယာပုဂ္ဂိုလ် ဟူသမျှတို့အား တစ်ယောက်နှင့်တစ်ယောက် အယူနှင့် သီလများ သည် အတူတူချည်းသာ ဖြစ်ကြသောကြောင့်လည်းကောင်း၊ "နိယတော သမ္ဗောဓိပရာယဏော" ပါဠိတော်ကို ထောက်၍ အယူသီလတို့၏ နိယတသဘော ရှိသည်၏အဖြစ်ဖြင့် သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့အား သောတာပန်စသော အရိယာအချင်းချင်း အယူသီလ တူမျှမှုဖြင့် ကေန်ပေါင်းအပ်သည်သာ ဖြစ်သောကြောင့် လည်းကောင်း ဒိဋ္ဌိသီလသာမညသင်္ဃာတသန်္နိဝေနဟုသာ ဆိုသည်။

သမာဓိနှင့် ပညာကား = အရိယာပုဂ္ဂိုလ်တို့အား တစ်ယောက်နှင့်တစ်ယောက် မတူညီနိုင်ကြသောကြောင့် လည်းကောင်း၊ သမာဓိနှင့် ပညာတို့၏ နိယတသဘော မရှိသည်၏ အဖြစ်ဖြင့် အရိယာပုဂ္ဂိုလ်တို့အား တစ်ယောက်နှင့်တစ်ယောက် သမာဓိပညာ တူမျှမှုဖြင့် ကေန်ပေါင်းအပ်သည်သာ မဖြစ်နိုင်သောကြောင့် လည်းကောင်း သမာဓိပညာသင်္ဃာတသန်္နိဝေနဟု မဆိုပါ။ (ဝဇိရဗုဒ္ဓိ+ဋီသစ်)

မေး။ ဒိဋ္ဌိသီလသာမညသင်္ဃာတသန်္နိဝေန သမဏဂဏောနာတိ၌ သမဏဂဏ အရ ပုထုဇဉ် ရဟန်းတို့ကိုလည်း ယူသင့်/မယူသင့် ဖြေဆိုခဲ့ပါ။

ဖြေ။ တထာရူပါယ ဒိဋ္ဌိယာ ဒိဋ္ဌိသာမညဂတော ဝိဟရတိ၊ တထာရူပေသု သီလေသု သီလသာမညဂတော ဝိဟရတိဟု ဆိုရကား အယူသီလ တူမျှသည်၏ အဖြစ်ဖြင့် ပေါင်းအပ်သည်၏ အဖြစ်ကို ရအပ်သောကြောင့် ပုထုဇဉ် ရဟန်းတို့ကိုလည်း ယူသင့်၏။ (ဋီသစ်)

အမှာ။ ဤနေရာ၌ အရိယာ ရဟန်းတော်တို့ကိုသာ ယူသင့်၏၊ ပုထုဇဉ် ရဟန်းတို့ကို မယူသင့်။ တစ်ပါးသော နေရာဌာန ဖြစ်မှုကား = ပုထုဇဉ် ရဟန်းတော်များကိုလည်း အယူသီလ တူမျှသောအားဖြင့် ပေါင်းထားမှုကို ရအပ်,ရထိုက်သည်သာလျှင် ဖြစ်သောကြောင့် ပုထုဇဉ် ရဟန်းတို့ကို ယူသင့်၏ဟု ဆို၏။ (အဖြေသစ်)

မေး။ "သတ်၊ စဦး၊ သချေ်ဆုံး၊ နပုံး, ဧကဝုစ်"ဟူသော သဒ္ဒါဆရာတို့၏ နိယံနှင့် **မဇ္ဈိမဓမ္မဟိ ဘိက္ခူ သဓေဟိ၌** သတသဒ္ဒါကို သဓေဟိဟု ဗဟုဝုစ်ဖြင့် ဆိုသော စကားရပ်တို့၏ ဆန့်ကျင်နေမှုကို မဆန့်ကျင်ဘဲ လိုက်လျော ညီထွေ ဖြစ်နေစေအောင် ရှင်းပြခဲ့ပါ။

ဖြေ။ "သတံ နပုံသကမေကဝစနန္တဥ္စ ယထာ သဟဿံ"ဟူသော ရူပသိဒ္ဓိ စကားအရ = သတသဒ္ဒါ တစ်ခုတည်း သက်သက်ရှိက သတသဒ္ဒါသည် ဧကန္တအားဖြင့် ဧကဝစနန္တ ဖြစ်၏။ သို့သော်လည်း "ဝဂ္ဂဘေဒေ သဗ္ဗံ ဗဟုဝစနမ္ပိ ဘဝတိ"ဟူသော ရူပသိဒ္ဓိ စကားအရပင် = ဤနေရာ၌ သတသဒ္ဒါ သည် ပဉ္စဟူသော ဗဟုဝစနန္တ သချာအထူးနှင့် ရောနှောနေသောကြောင့် သဓေဟိဟု ဝဂ္ဂဘေဒ, ဗဟုဝုစ်အဖြစ်ဖြင့် တည်ရှိနေရခြင်း ဖြစ်ရကား စကားနှစ်ရပ်တို့သည် မဆန့်ကျင်ဘဲ လိုက်လျောညီထွေ ဖြစ်နေလေတော့၏။

မေး။ ယထာ "ဘောဇနေ မတ္တညုူ"တိ ဝုတ္တေ "ဘောဇနေ မတ္တံ ဇာနာတိ ပမာဏံ ဇာနာတီ"တိ အတ္ထော ဟောတိ၊ ဧဝမိဓာပိ "တေသံ ဘိက္ခုသတာနံ ပဉ္စမတ္တာ ပဉ္စပမာဏာ"တိ ဧဝမတ္ထော ဒဋ္ဌဗ္ဗော ဝါကျ၌ ဥပမာစတုက္ကကို ထုတ်ဆောင်ပြခဲ့ပါ။

ဖြေ။ ဘောဇနေ မတ္တညုူ၌ မတ္တာသဒ္ဒါသည် = ပေါ်လွင်ထင်ရှားအောင် နှိုင်းယှဉ်မှုကို ပြကြောင်း ဖြစ်သောကြောင့် ဥပမာန၊

ပဉ္စမတ္တာနိ၌ မတ္တာသဒ္ဒါသည် = မထင်ရှားသည့်အတွက် ထင်ရှားအောင် နှိုင်းယှဉ်မှုကို အပြုခံရသောကြောင့် ဥပမေယျ၊

ttp://www.dhammadownload.com



ဥပမာန, ဥပမေယျ ဖြစ်သော မတ္တာသဒ္ဒါ နှစ်ခုတို့၏ အတိုင်းအရှည်ဟူသော အနက်ကို ဟောကြားပုံခြင်း တူကြသည့် သဒိသဘောဂုဏ်သည် ဥပမာ၊

ယထာသဒ္ဒါ, ဧဝံသဒ္ဒါတို့သည် = ဥပမာအနက်ကို ထွန်းပြတတ်သောကြောင့် ဥပမာဇောတက။

မေး။ ပိသဒ္ဒါ၏ ဟောနိုင်သော အနက်တို့ကို ရေးသားခဲ့ပါ။

ဖြေ။ သမုစ္စယေ အပေက္ခေ စ, သမ္ဘာဝနေ စ နိန္ဒာယံ။

ပိသဒ္ဒေါ စ အပိသဒ္ဒေါ၊ စတုတ္ထေသု ပကာသိတော။ (ဂန္ထာဘရဏ)

မေး။ **သုပ္ပိယောပိ ခေါ ပရိဗ္ဗာဇကော**၌ (ဝါ) ဗိကာရော မဂ္ဂပ္ပဋိပန္နသဘာဂတာယ ပုဂ္ဂလသမ္ပိဏ္ဍနတ္ထော ဝါကျ၌ ပုဂ္ဂလသမ္ပိဏ္ဍန အနက်ရှိသော ပိသဒ္ဒါ၏ သမ္ပိဏ္ဍနာကာရကို (က) အဋ္ဌကထာဝါဒ (ခ) ဋီကာသစ်ဝါဒ အားလျော်စွာ ခွဲခြား၍ ဖော်ပြပါ။

ဖြေ။ (က) မြတ်စွာဘုရား တစ်ပါးတည်းသာလျှင် အစွန့်ရှည်သော ခရီးသို့ ကြွသွားသည် မဟုတ်သေး၊ သုပ္ပိယ ပရိဗိုဇ်သည်လည်း အစွန့်ရှည်သော ခရီးသို့ သွားသတည်းဟု ပုဂ္ဂိုလ်ကို ပေါင်းဆည်း၏။ (အဋ္ဌကထာ)

(ခ) သက်သက် မြတ်စွာဘုရားသည်သာလျှင် ရဟန်းအပေါင်းနှင့်တကွ အစွန့်ရှည်သော ခရီးသို့ ကြွသွားသည် မဟုတ်သေး၊ စင်စစ်ကေန်သော်ကား သုပ္ပိယပရိဗိုဇ်သည်လည်း တပည့်ဖြစ်သူ ဗြဟ္မဒတ်လုလင် နှင့်တကွ အစွန့်ရှည်သော ခရီးသို့ သွားသတည်းဟု ပုဂ္ဂိုလ်ကို ပေါင်းဆည်း၏။ (ဋီသစ်)

အမှာ။ အဋ္ဌကထာဝါဒအတွက် "ယဒါ ဘဂဝါ တံ အဒ္ဓါနမဂ္ဂံ ပဋိပန္နော၊ တဒါ သုပ္ပိယောပိ ပရိဗ္ဗာဇကော ပဋိပန္နော အဟောသီ"တိ ဟူသော အဋ္ဌကထာဝါကျကို ရှုပါ။

မေး။ **သုပ္ပိယောပိ ခေါ ပရိဗ္ဗာဇကော**၌ ခေါသဒ္ဒါ၏ အနက်နှင့်အဓိပ္ပါယ်ကို ဝါဒစုံစွာ ဖြေပြပါ။

ဖြေ။ ခေါကာရော ပဒသန္ဓိကရော ဗျဉ္ဇနသိလိဋ္ဌတာဝသေန ဝုတ္တော ဟူသော ဌ-အဖွင့်အလို = ခေါ အတွက် အနက်ပေးဘွယ် မလို၊ ရှေ့ပုဒ် နောက်ပုဒ်တို့ကို ပြည့်စေတတ်သော ပဒပူရဏမျှသာတည်း။ (အဋ္ဌကထာဝါဒ) (တစ်နည်း) ဋီကာတို့၌ကား = အဿောသိ ခေါ၌ ခေါကဲ့သို့ ပဒပူရဏ အနက်အပြင် အဝဓာရဏ အနက်ကို လည်း ဖွင့်ကြသေး၏။ ယင်းဋီကာတို့အလို ခေါသဒ္ဒါကို အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ၌ ဟောတိနောင် ထိုင်၍ "ဟောတိ ခေါ-ဖြစ်သည်သာ"ဟု အနက်ယောဇနာရမည်။ ထိုအဝဓာရဏ အနက်ရှိသော ခေါသဒ္ဒါဖြင့် "သုပ္ပိယပရိဗိုဇ်သည်လည်း အစွန့်ရှည်သော ခရီးသို့ သွားသည်သာလျှင်တည်း။ ယင်းသုပ္ပိယပရိဗိုဇ်၏ ခရီးသွားခြင်း၌ တစ်စုံတစ်ခုသော အန္တရာယ်သည် မရှိ၊ တစ်စုံတစ်ခုသော အနှောက်အယှက်သည် မရှိ"ဟူသော အဓိပ္ပါယ်ကို ပြသည်။ (ဋီသစ်ဝါဒ)

မေး။ "ယဒါ ဘဂဝါ တံ အဒ္ဓါနမဂ္ဂံ ပဋိပန္နော၊ တဒါ သုပ္ပိယောပိ ပရိဗ္ဗာဇကော ပဋိပန္နော အဟောသီ"တိ၌ ယဒါ, တဒါတို့ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ဖော်ပြပါ။

ဖြေ။ ယဒါ, တဒါတို့ဖြင့် မြတ်စွာဘုရားနှင့် သုပ္ပိယပရိဗိုဇ်တို့ ခရီးသွားရာ၌ အချိန်ကာလ ပြိုင်တူ ကျခြင်းကို ပြသည်။ (ဋီသစ်၊ ဘာဋီ)

မေး။ အတီတကာလတ္ထော ဟေတ္ထ **ဟောတိ**သဒ္ဒေါ ဝါကျဝယ် လာရှိသော (ဝါ) **အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ** ဝါကျဝယ် လာရှိသော "ဟောတိ" ကြိယာပုဒ်၌ "တိ"ဝိဘတ်၏ သက်ရာသုတ်ကို အတိအကျ ညွှန်ပြပါ။

ဖြေ။ ဟောတိ၌ တိဝိဘတ် သက်ရာသုတ်ကား = အတိတ်ကာလအနက်ကို ငဲ့ခိုက် ဝတ္တမာနာ ပစ္စုပ္ပန္နေ သုတ်၌ "ဝတ္တမာနာ"ဟူသော ဒွိဓာကရဏယောဂဝိဘာဂဖြင့် သက်သည်။ (တစ်နည်း) တံကာလာပေက္ခဝတ္တမာန်ဟု ကြံဆခိုက် "ဝတ္တမာနာ ပစ္စုပ္ပန္နေ" သုတ်ရင်းဖြင့်ပင် သက်သည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ အဏ္ဏေ ဝသတီတိ **အဏ္ဏေဝါသီ** ဝါကျ၌ ဝသတိ ပါဌ်ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ဝသတိ ပါဌ်ဖြင့် = ဝတ်ကြီး, ဝတ်ငယ်ကို ပြုခြင်း၏ အစွမ်းဖြင့် အလုံးစုံ ဣရိယာပုထ်တို့နှင့် ဆက်ဆံသည်၏ အဖြစ်ကို ပြသည်။ (စာစဉ်)

မေး။ အဘယ်ကြောင့် "ဒေဝဒူတ" မည်သနည်း။

ဖြေ။ ဘုရား, ရဟန္တာဟူသော ဝိသုဒ္ဓိနတ်နှင့် တူသော တမန်များ ဖြစ်ကြသောကြောင့်လည်းကောင်း၊ ဘုရား, ရဟန္တာဟူသော ဝိသုဒ္ဓိနတ်တို့၏ တမန်များ ဖြစ်ကြသောကြောင့်လည်းကောင်း၊ သေမင်း၏ (ဝါ) ဥပပါတ်နတ်များ၏ တမန်များ ဖြစ်ကြသောကြောင့်လည်းကောင်း "ဒေဝဒူတ" မည်၏။ (ဋီသစ်+ဂဏ္ဌိ)

အမှာ။ ယင်းအဖြေကို ရှု၍ ဒေဝဒူတ၌ ဒေဝ အရ = ဘုရား, ရဟန္တာ ဟူသော ဝိသုဒ္ဓိနတ် (တစ်နည်း) သေမင်း (တစ်နည်း) ဥပပါတ်နတ်များကို ယူရမည်။

မေး။ ဒေဝဒူတ သရုပ်ကို ဖော်ထုတ်ခဲ့ပါ။

၁။ ဒဟာရကုမာရ – ကလေးသူငယ်၊

၂။ ဇရာဇိဏ္ဏသတ္တ – သူအို၊

၃။ ဂိလာန – သူနာ၊

၄။ ကမ္မကာရဏ – သတ်ဖြတ်ညှဉ်းပန်း နှိပ်စက်မှု ကံကြမ္မာကို ခံနေရသော အမှုလုပ်သူ, အကျဉ်းသား (ဝါ) ကမ္မကာရဏိက – သတ်ဖြတ်ညှဉ်းပန်း နှိပ်စက်မှု ကံကြမ္မာကို ပြုတတ်သူ, ပါးကွက်အာဏာသား၊

၅။ မတသတ္တ – သူသေ။ (ဋီသစ်)

**(၄၂ နှာ ၃၆+၃၇–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **မာဏဝေါတိ** သတ္တောပိ စောရောပိ တရုဏောပိ ဝုစ္စတိ ဝါကျ၌ လာသော မာဏဝသဒ္ဒါ၏ အတ္ထုဒ္ဓါရတို့တွင် သာမညအတ္ထုဒ္ဓါရနှင့် ဝိသေသအတ္ထုဒ္ဓါရတို့ကို အကြောင်းနှင့်တကွ ခွဲခြားပြပါ။

ဖြေ။ သတ္တဝါဟူသော အနက်သည် သက်ရှိအားလုံးတို့နှင့် သက်ဆိုင်သော သာမညအနက် ဖြစ်သောကြောင့် သတ္တောကား = သာမည အတ္ထုဒ္ဓါရ။

စောရ, တရုဏဟူသော အနက်တို့သည် ခိုးသူ, နုပျိုသူတို့နှင့်သာ သက်ဆိုင်သော ဝိသေသအနက်များ ဖြစ်ကြသောကြောင့် စောရော, တရုဏောကား = ဝိသေသ အတ္ထုဒ္ဓါရတည်း။ (ဋီသစ်)

**(၄၂ နှာ ၃၇–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဗာလ,တရုဏ အမည်ရသော သူတို့၏ အသက်အရွယ် အပိုင်းအခြားကို ဝါဒစုံစွာ ဖော်ပြပါ။

ဖြေ။ ဖွားမြင်သည်မှ စ၍ ၁၆–နှစ်အရွယ် (၁၆–နှစ်အတွင်း)တိုင်အောင် ဗာလ(သူငယ်)ဟု ခေါ်သည်။

၁၆–နှစ်မှ စ၍ အသက် ၂၀–အရွယ်တိုင်အောင် တရုဏ(လုလင်ပျို)ဟု ခေါ်သည်။ (သာသနာကျမ်း)

၁၂–နှစ်မှ စ၍ အိုမင်းရင့်ရော်ခြင်း ဇရာပိုင်းသို့ မရောက်သေးသမျှ တရုဏဟု ခေါ်သည်။ (လောကီကျမ်း)

၁၅–နှစ်မှ စ၍ အသက် ၂၀–အရွယ်တိုင်အောင် တရုဏဟု ခေါ်သည်။ (ဥဒါန်းအဋ္ဌကထာ၊ ဋီသစ်)

မေး။ **အနေကပရိယာယေန ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ**၌ ပရိယာယ အရ = အကြောင်းစစ်/အကြောင်းတု နှစ်မျိုးတို့တွင် မည်သည့်အကြောင်းကို ယူရမည်နည်း၊ အာဂမယုတ္တိ, သဘာဝယုတ္တိပြ၍ ဖြေရှင်းပါ။

ဖြေ။ ပရိယာယ အရ = အကြောင်း အတုကိုသာ ယူရမည်။

အကြောင်းကား = ဇဝ တံ တံ အကာရဏမေဝ ကာရဏန္တိ ဝတွာဟု အဋ္ဌကထာဆရာ ဖွင့်သောကြောင့်

ttp://www.dhammadownload.com



လည်းကောင်း၊ သုပ္ပိယပရိဗိုဇ်သည် ဘုရားရှင်အား ကျေးဇူးမဲ့, ကဲ့ရဲ့စကားကို ပြောဆိုသည့် အကြောင်းတရား ဟူသမျှသည် အမှန်ဖြစ်သော အကြောင်းကား တစ်ခုမျှ မပါ၊ မဟုတ်မမှန် မှားယွင်းသည့် အကြောင်းများ ချည်းသာ ဖြစ်သောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

မေး။ သုပ္ပိယပရိဗိုဇ်သည် များစွာသော အကြောင်းဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးမဲ့ကို ဆိုရာ၌ အကြောင်း (ကာရဏ)သည် အဘယ်ကာရဏမျိုး ဖြစ်သနည်း။

(ဝါ) "အနေကဝိဓေန ကာရဏေန"၌ ကာရဏ ဟူသည် အဘယ်ကို ဆိုလိုသနည်း။

ဖြေ။ ကာရဏကား = "ဧဝံ တံ တံ အကာရဏမေဝ ကာရဏန္တိ ဝတွာ"ဟု အဋ္ဌကထာဆရာ ဖွင့်သောကြောင့် လည်းကောင်း၊ သုပ္ပိယပရိဗိုဇ်သည် ဘုရားရှင်အား ကျေးဇူးမဲ့, ကဲ့ရဲ့စကားကို ပြောဆိုသည့် အကြောင်း တရား ဟူသမျှသည် အမှန်ဖြစ်သော အကြောင်းကား တစ်ခုမျှ မပါ၊ မဟုတ်မမှန် မှားယွင်းသည့် အကြောင်း များချည်းသာ ဖြစ်သောကြောင့်လည်းကောင်း ကာရဏပတိရူပက (ကာရဏ အတုကိုသာ)ကို ဆိုလို၏။ ဧကံသကာရဏ (ကာရဏ အစစ်)ကို မဆိုလိုပါ။ (ဋီသစ်)

**(ဌ၊ နှာ ၃၈-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ရတနာသုံးပါးကို ကဲ့ရဲ့သော ဆရာသုပ္ပိယအပေါ် တပည့်ဗြဟ္မဒတ္တလုလင်၏ သံဝေဂဖြစ်ပုံနှင့် ဆရာ့အပေါ် ကရုဏာဖြစ်ပုံတို့ကို ရေးသားခဲ့ပါ။

ဖြေ။ ငါတို့ဆရာ သုပ္ပိယသည် မသုံးသပ်ထိုက်သော အရိယူပဝါဒကံကို သုံးသပ်ဘိ၏။ မနင်းကျော်ထိုက်သော အရိယူပဝါဒကံကို နင်းကျော်ဘိ၏။ ထိုကဲ့သို့ အရိယူပဝါဒကံကို ကျူးလွန်သော ဤဆရာသည် မီးကိုမျိုသူ, သံလျက်သွားကို လက်ဖြင့်သုံးသပ်သူ, မြင်းမိုရ်တောင်ကို လက်သီးဖြင့် ဖောက်ခွဲလိုသူ, ကြမ်းတမ်းသော လွှသွားကို ပုတ်ခတ် ကစားသူ, မုန်ယိုခြင်း သုံးပါးတို့ဖြင့် မုန်ယိုနေသော ဆင်ကြမ်းကို လက်ဖြင့် ကိုင်သူတို့ ကဲ့သို့ ချီးမွမ်းထိုက်သော ရတနာသုံးပါးကို ကဲ့ရဲ့ပြောဆိုခြင်းကြောင့် ကြီးပွားမဲ့ ပျက်စီးခြင်းသို့ ရောက်ရာ ပေတော့မည်။ (ဌ)

မေး။ အပရာမသိတဗ္ဗံ ပရာမသတိ၊ အနက္ကမိတဗ္ဗံ အက္ကမတိ၌ အပရာမသိတဗ္ဗကံ, အနက္ကမိတဗ္ဗကံတို့၏ အရကို ဖော်ပြပါ။

ဖြေ။ အပရာမသိတဗ္ဗကံ, အနက္ကမိတဗ္ဗကံ တို့၏ အရကား = အရိယာပုဂ္ဂိုလ်တို့ကို စွပ်စွဲကဲ့ရဲ့ခြင်းဟူသော အရိယူပဝါဒကံသာတည်း။ (ဋီသစ်)

မေး။ ဗြဟ္မဒတ်လုလင်သည် ဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်ကဲ့သို့ ဘုရား စသည်တို့အား အဘယ်ကြောင့် မစွပ်စွဲ မကဲ့ရဲ့သနည်း။

ဖြေ။ ဗြဟ္မဒတ်လုလင်သည် ပညာရှိသဘော ရှိသောကြောင့် သုပ္ပိယပရိဗိုဇ်ကဲ့သို့ ဘုရား စသည်တို့အား မစွပ်စွဲ မကဲ့ရဲ့ပါ။ (ဌ၊ ဋီသစ်)

**(ဌ၊ နှာ ၃၉-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုံ ပါဠိတော်၌ လာသည့် ဝဏ္ဏသဒ္ဒါကို "ဏ္ဏ ဂုဏောပိ, ပသံသာပိ" ဟူ၍ အနက်နှစ်မျိုး ဟောသင့်၏ဟု အဋ္ဌကထာဆရာ အဘယ့်ကြောင့် ဖွင့်ဆိုရသနည်း။

ဖြေ။ အဋ္ဌကထာ၌ ဖွင့်ပြသည့် "ရတနတ္တယဿ ဂုဏူပသဉှိတံ ပသံသံ အဘာသိ"ဟူသော အဖွင့်နှင့်အညီ ချီးမွမ်းခြင်းဖြင့်သာ ဂုဏ်ကို ပြောဆိုခြင်း ပြီး၏။ ဂုဏ်နှင့် ကင်း၍ ချီးမွမ်းခြင်းမည်သည် မရှိနိုင်။ ထို့ကြောင့် ဝဏ္ဏသဒ္ဒါကို "ဂုဏ, ပသံသ"ဟူ၍ အနက်နှစ်မျိုး ဟောသင့်၏ဟု ဖွင့်ဆို၏။ (စာစဉ်)

ttp://www.dhammadownload.com



မေး။ ပဟောန္တေန ပန ဓမ္မကထိကေန ပဥ္စနိကာယေ နဝင်္ဂ သတ္ထုသာသနံ စတုရာသီတိဓမ္မက္ခန္ဓသဟဿာနိ ဩဂါဟိတွာ ဗုဒ္ဓါဒီနံ ဝဏ္ဏော ပကာသေတဗ္ဗော ဝါကျ၌ ပဥ္စနိကာယေဟု ဆိုပြီးပါက နိကာယ်ငါးရပ်လုံး ကုန်ပြီမဟုတ်လော၊ သို့ဖြစ်ပါလျက် အဘယ်အကျိုးငှာ နဝင်္ဂ သတ္ထုသာသနံ ပုဒ်တို့ကိုလည်းကောင်း၊ စတုရာသီတိဓမ္မက္ခန္ဓသဟဿာနိ ပုဒ်တို့ကိုလည်းကောင်း ထပ်၍တစ်ဖန် ဆိုရသနည်း။

ဖြေ။ ပဥ္စနိကာယေ ဟူ၍ အပေါင်းသဒ္ဒါကို ဆိုခဲ့ပြီးသော်လည်း ... ယင်းအပေါင်း၌ ပါဝင်သည့် အစိတ်အစိတ်သော တရားများသည် လွန်လွန်မင်းမင်း များပြားစွာရှိနေရကား ထိုအစိတ်အစိတ်သော ခပ်သိမ်းသော တရားတို့ကို ဤပဥ္စနိကာယဟူသော အပေါင်းသဒ္ဒါ တစ်ခုတည်းမျှဖြင့် သိမ်းကျုံး၍ ယူနိုင်ခြင်း အကျိုးငှာ နဝင်္ဂ သတ္ထုသာသနံ ပုဒ်တို့ကိုလည်းကောင်း၊ စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာနိ ပုဒ်တို့ကိုလည်းကောင်း ထပ်၍တစ်ဖန် ဆိုရ၏။ (ဋီသစ်)

မေး။ (က) ဣမသ္မိံ ဟိ ဌာနေ ဗုဒ္ဓါဒီနံ ဂုဏော ပကာသေန္တော အတိတ္တေန ပက္ခန္တော ဓမ္မကထိကောတိ န သက္ကာ ဝတ္တုံ။ (ခ) ဤဒိသေသု ဟိ ဌာနေသု ဓမ္မကထိကဿ ထာမော ဝေဒိတဗ္ဗော နှစ်ဝါကျတို့တွင် (က) ဝါကျ၌ "န သက္ကာ ဝတ္တုံ"၏ နာမလာဘဟိတ်ကို ဖော်ပြပါ။

ဖြေ။ န သက္ကာ ဝတ္တုံ၏ နာမလာဘဟိတ်ကား = ဤကဲ့သို့သော နေရာဌာနများ၌ ဓမ္မကထိကပုဂ္ဂိုလ်၏ စွမ်းအား မှန်သမျှကို သိသင့်သိထိုက်သည်သာ ဖြစ်သောကြောင့်လည်းကောင်း (ခ-ဝါကျ ရှု)၊
ဘုရားရှင် စသည်တို့မှာ မနှိုင်းယှဉ်နိုင်လောက်သော ဂုဏ်ကျေးဇူးတော်များ ရှိနေသောကြောင့်လည်းကောင်း၊ ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတော်များကို အကြွင်းအကျန်မရှိ ပြဆိုခြင်းဖြင့် ပါဠိတော် အဋ္ဌကထာ၏ ပြည့်စုံလာနိုင်ခြင်း၊ စိတ်ရွှင်စေတတ်သော ကမ္မဋ္ဌာန်းများ ပြည့်စုံလာနိုင်ခြင်းဖြင့် အကျိုးရှိသောကြောင့်လည်းကောင်း အရာမဟုတ်သည်၌ ပြေးလွှားသော ဓမ္မကထိက ဟူ၍ မဆိုသင့်ပါ။ (ဋီသစ်)

မေး။ ဗြဟ္မဒတ္တော ပန မာဏဝေါ အနုဿဝါဒိမတ္တသမ္ဘိတေနဝယ် အနုဿဝါဒိ၌ အာဒိ အရကို အဓိပ္ပါယ်နှင့် တကွ ဖော်ပြပါ။

ဖြေ။ အာဒိ အရကား = ဤအကြောင်းသည် ကောင်းမြတ်လှ၏ဟူ၍ ဘုရားရှင်၏ အရဟံစသော ဂုဏ်တော်များကို ရှိခိုးနိုင်ခြင်း စသော အကြောင်းများကို မိမိကိုယ်တိုင် ကြံဆ၍ ရတနတ္တယ ဂုဏ်တော်များကို ချီးမွမ်း ပြောကြားခြင်း ဟူသော-အာကာရပရိဝိတက္က၊ မိမိ၌ရှိသော ဉာဏ်စွမ်း ဉာဏ်စဖြင့် ဘုရားရှင်၏ အရဟံစသော ဂုဏ်တော်များကို စဉ်းစားရှုမြင် ဆင်ခြင်၍ နှစ်သက်လက်ခံမှု ပြုပြီးနောက် ရတနတ္တယ ဂုဏ်တော်များကို ချီးမွမ်းပြောကြားခြင်း ဟူသော-ဒိဋ္ဌိ နိဇ္ဈာနက္ခန္တိတို့ကို ပေါင်းယူရမည်။ (ဋီသစ်)

မေး။ (အာစရိယေန ဟိ ရတနတ္တယဿ အဝဏ္ဏေ ဘာသိတေ အန္တေဝါသီ ဝဏ္ဏံ ဘာသတိ ဟူသော ဝါကျဖြင့် ဆရာတပည့် နှစ်ဦးတို့ ဝါဒ ကွဲပြားနေကြကြောင်း ထင်ရှားပြီးဖြစ်လျက် ယင်းဝါကျထက် အနက်အဓိပ္ပါယ် အထူးမရှိသော) "ပုန ဣတရော အဝဏ္ဏံ, ဣတရော ဝဏ္ဏန္တိ" ဝါကျကို အဘယ်ကြောင့် အဋ္ဌကထာဆရာ ရေးသနည်း။

ဖြေ။ အာစရိယေန ဟိ ရတနတ္တယဿ အဝဏ္ဏေ ဘာသိတေ အန္တေဝါသီ ဝဏ္ဏံ ဘာသတိ ဟူသော ဝါကျဖြင့် = ဆရာတပည့် နှစ်ဦးတို့ ဝါဒကွဲပြားကြောင်း ပြဆိုရာ၌ တစ်ကြိမ်သာ ဆန့်ကျင်ဘက် စကားဆိုသည်ဟု ညွှန်ပြသလို ဖြစ်နေ၏။ "ပုန ဣတရော အဝဏ္ဏံ, ဣတရော ဝဏ္ဏန္တိ"ဟူသော ဝါကျကို ဆိုမှသာလျှင် ဆရာတပည့် နှစ်ဦးတို့ အကြိမ်များစွာသာလျှင် ဆန့်ကျင်ဘက်စကား ဆိုကြကုန်၏ဟု အဓိပ္ပါယ် အထူးထွက်လာသည်။ ထိုအဓိပ္ပါယ်အထူးကို သိစေလိုသောကြောင့် "ပုန ဣတရော အဝဏ္ဏံ, ဣတရော ဝဏ္ဏန္တိ" ဝါကျကို ဆက်ရေးသည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ဆရာတပည့် နှစ်ဦးတို့သည် အဘယ်အကျိုးငှာ ဘုရားအား ကဲ့ရဲ့ပါသနည်း။ ဂုဏ်ကျေးဇူးကို ပြောဆိုပါသနည်း။

ဖြေ။ မြတ်စွာဘုရား၏ ဆန့်ကျင်ခြင်း, လိုက်လျောခြင်း ရှိသည်၏အဖြစ်ကို စူးစမ်းခြင်းအကျိုးငှာ သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင်တို့က ကဲ့ရဲအပြစ်တင်ခြင်းနှင့် ဂုဏ်ကျေးဇူးကို ပြောဆိုကြသည်။

အမှာ။ "မာရ်နတ် ပူးဝင်ခံကြရ၍ ပြောဆိုကြကုန်၏"ဟု ကေစိဆရာတို့က ဆိုကြသည်။ အဋ္ဌကထာနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်နေသောကြောင့် ကေစိအဆို မသင့်ပါ။ (ဋီသစ်)

## (၄၊ နှာ ၄၀–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဣရိယာပထာနုဗန္ဓနေန ဟူသော ဝိသေသနဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ သုပ္ပိယနှင့် တပည့်ပရိဗိုဇ် ပရိသတ်တို့သည် သွားခြင်း ဣရိယာပုထ်ဖြင့်သာ အစဉ်လိုက်ကြသည်။ ဘုရားနှင့် သံဃာတော်များ ကျင့်တော်မူသကဲ့သို့ကား ကောင်းစွာ ကျင့်ခြင်းအားဖြင့် အစဉ်မလိုက်နိုင်ကြပါဟူသော အဓိပ္ပါယ်ကို ပြဆိုပါ၏။ (ဋီသစ်၊ ဘာဋီ)

အမှာ။ ဣရိယာပထာနုဗန္ဓနေန ဟူသော ဝိသေသနဖြင့် = သမ္မာပဋိပတ္တိ အနုဗန္ဓနကို ကန့်သည်။

မေး။ မြတ်စွာဘုရားသည် အဘယ်ကြောင့် ရာဇဂြိုဟ်မြို့မှ ထွက်၍ နာဠန္ဒမြို့သို့ သွားသော အခွန့်ရှည်သော ခရီးကို ကြွသွားတော်မူသနည်း။

ဖြေ။ နာဠန္ဒမြို့၌ နေကြကုန်သော ဝေနေယျသတ္တဝါတို့၏ အထူးထူးအပြားပြား များစွာသော စီးပွားချမ်းသာ၏ ပြီးစီးခြင်းကို လိုလားတောင့်တတော်မူသော ဘုရားရှင်သည် ဤမည်သော အဋ္ဌုပ္ပတ်ဖြင့် စူဠ,မဇ္ဈိမ,မဟာ ဟူသော သီလ သုံးပါးတို့ဖြင့် တန်ဆာဆင်အပ်သော, များပြားလှစွာသော ကုဟန,လပန စသော မိစ္ဆာဇီဝများကို ဖျက်ဆီးတတ်, ၆၂–ပါးတည်းဟူသော မိစ္ဆာဒိဋ္ဌိ ကွန်ယက်ကိုလည်း ဖျက်ဆီးတတ်, တစ်သောင်းသော လောကဓာတ်ကို တုန်လှုပ်စေတတ်သော ဗြဟ္မဇာလသုတ်ကို ဟောတော်မူလိုသော နှလုံးသွင်း ရည်ရွယ်ချက်ကြောင့် အခွန့်ရှည်သော ခရီးကို ကြွသွားတော်မူသည်။ (ဋ္ဌ+ဋီသစ်)

မေး။ သုပ္ပိယပရိဗိုဇ်သည် အဘယ်ကြောင့် ဘုရားနောက်သို့ အစဉ်လိုက်ပါသနည်း။

ဖြေ။ မြတ်စွာဘုရား၏ ထိုအခွန့်ရှည်သော ခရီးသို့ ကြွသွားတော်မူသည်၏ အဖြစ်ကို သုပ္ပိယပရိဗိုဇ် မသိသောကြောင့် အစဉ်လိုက်သည်။ (သိမူ မလိုက်ရာ။) (ဋ္ဌ)

မေး။ ဘဂဝန္တံ အဒ္ဒသ ဗုဒ္ဓသိရိယာ သောဘမာနံ ရတ္တကမ္ဗလပရိက္ခိတ္တမိဝ ဇင်္ဂမကနကဂိရိသိခရံ ဝါကျ၌ ပါသည့် သိရိယာနှင့် ရတ္တကမ္ဗလပရိက္ခိတ္တမိဝ ပါဠ်တို့ဖြင့် ပြဆိုအပ်သော အရာများကို ဖော်ပြပါ။

ဖြေ။ သိရိယာ ပါဠ်ဖြင့် = ခန္ဓာကိုယ်တော်၏ တင့်တယ်ခြင်း စသည်နှင့် ပြည့်စုံခြင်းကို ပြသည်။
ရတ္တကမ္ဗလပရိက္ခိတ္တမိဝ ပါဠ်ဖြင့် = ထိုခန္ဓာကိုယ်တော်ကိုသာ ဥပမာ၏ အစွမ်းဖြင့် ပြသည်။ (စာစဉ်)

မေး။ တသ္မိံ ကိရ သမယေ ဒသဗလဿ သရီရတော နိက္ခမိတွာ ဆဗ္ဗဏ္ဏရသ္မိယော သမန္တာ အသီတိဟတ္ထပ္ပမာဏေ ပဒေသေ အာဓာဝန္တိ ဟူသော စကားရပ်ကို အဋ္ဌကထာဆရာ အဘယ်ကြောင့် ထည့်ဆိုရေးသားရသနည်း။

ဖြေ။ ဘုရားရှင် ခရီးကြွသွားတော်မူသော ယခုအခါ၌ သဘာဝအလျောက် ပင်ကိုယ်ပြကတေ့ သဘောအတိုင်း ထွက်ပေါ်နေသော ထိုရောင်ခြည်တော်တို့ကို လျှို့ဝှက်ဖုံးကွယ်၍ မထားအပ်သော အဖြစ်ကို ပြလိုသောကြောင့်လည်းကောင်း၊ ပက္ကုသာတိနှင့် အင်္ဂုလိမာလတို့ကို ဟောကြားညွှန်ပြ ဆုံးမရန် သွားသောအခါများ၌ကဲ့သို့ ရောင်ခြည်တော်များကို လျှို့ဝှက်ဖုံးကွယ်ထားရန် အကြောင်းတစ်စုံတစ်ရာ မရှိသောကြောင့်လည်းကောင်း "တသ္မိံ ကိရ သမယေ ။ပ။ အာဓာဝန္တိ"ဟူသော စကားရပ်ကို အဋ္ဌကထာဆရာ ထည့်ဆိုရေးသား၏။

ttp://www.dhammadownload.com



### (၄၊ နှာ ၄၀+၄၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ မြတ်စွာဘုရား၏ ရောင်ခြည်တော်ကို ပြရာ၌ အသီတိဟတ္ထပ္ပမာဏေ ပဒေသေ (အတောင်ရှစ်ဆယ်) ဟုလည်းကောင်း၊ ဗျာမပ္ပဘာ (တစ်လံ)ဟုလည်းကောင်း အသီးသီးရေးသားကြရာ စကားနှစ်ရပ် မဆန့်ကျင်အောင် နီးနှောဖြေဆိုပါ။

ဖြေ။ ဃနီဘူတ ရောင်ခြည်တော်ကို ရည်၍ အသီတိဟတ္ထပ္ပမာဏေ ပဒေသေဟု ဆို၏။ ဃန ရောင်ခြည်တော်မူကား = တစ်လံမျှ ရှိရကား ယင်းစကားနှစ်ရပ် မဆန့်ကျင်ပါ။

မှန်၏၊ ဃန ရောင်ခြည်တော်ဟူသည် ကိုယ်တော်နှင့် တစပ်တည်းဖြစ်သော ရောင်ခြည်တော်တည်း။ ဃနီဘူတ ရောင်ခြည်တော်ဟူသည် ထိုဃန ရောင်ခြည်တော်၏ အလင်းရောင်တည်း။ ဥပမာ = မီးခြစ်ဆံမီးတောက်နှင့် အလင်းရောင်ကဲ့သို့တည်း။ ဃန ရောင်ခြည်သည် မီးတောက်နှင့် တူ၍ ဃနီဘူတ ရောင်ခြည်သည် မီးခြစ်ဆံမီးတောက်မှ အလင်းနှင့် တူပေသည်။ (ဋီသစ်)

အမှာ။ ဤဆိုခဲ့ပြီးသော ရောင်ခြည်တော်များကား ပင်ကိုယ်ပြကတေ့အားဖြင့် ဖြစ်ပေါ်သော ရောင်ခြည်တော်များပင် ဖြစ်၏။ တန်ခိုးအာနုဘော်ကြောင့် ဖြစ်သော ရောင်ခြည်တော်များကား အနန္တအပရိမာဏ ဖြစ်၏။

မေး။ အဘယ့်သို့သော ဆင်မျိုးသည် "ဂန္ဓဟတ္ထိ" မည်သနည်း။

ဖြေ။ အချို့သော ဆင်တို့၏ ဝမ်းထဲသို့ ရောက်သွားသော မြက်,သစ်ရွက်တို့သည် နံ့သာမျိုး အဖြစ်သို့ ပြောင်းလဲသွား၏။ ဤသို့သော ဆင်မျိုးသည် "ဂန္ဓဟတ္ထိ" မည်၏။

### (၄၊ နှာ ၄၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ သုပ္ပိယပရိဗိုဇ်သည် ရတနာသုံးပါး၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို အဘယ်ကြောင့် ဆိုသနည်း။

ဖြေ။ သုပ္ပိယပရိဗိုဇ်သည် လာဘ်အရိုအသေ ပြုခြင်းမှ ယုတ်အံ့သည်ကို ကြောက်သောကြောင့်လည်းကောင်း၊ အသင်းအပင်းမှ ယုတ်အံ့သည်ကို ကြောက်သောကြောင့်လည်းကောင်း အမြဲ မြတ်စွာဘုရားကို ငြူစူ၏။ ထို့ကြောင့် ရတနာသုံးပါး၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ဆိုသတည်း။ (၄)

မေး။ သုပ္ပိယပရိဗိုဇ်သည် မိမိ၏ တပည့်မဟုတ်သော ပရိဗိုဇ်ပရိသတ်များနှင့် ဥပတိဿ, ကောလိတတို့ ဘုရားရှင်၏ အထံ၌ ရဟန်းပြုသွားကြသောအခါ ယင်းပုဂ္ဂိုလ်တို့သည် မိမိတပည့် မဟုတ်ကြပါဘဲလျက် အဘယ်ကြောင့် မိမိပရိသတ် ဆုတ်ယုတ်ပျက်ပြားရသည် (ပရိသာ ဘိန္နာ)ဟု ဆိုရသနည်း၊ ပြေလည်အောင် ရှင်းပြပါ။

ဖြေ။ ပရိဗိုဇ်ပရိသတ်များနှင့် ဥပတိဿ, ကောလိတတို့ ဘုရားရှင်၏ အထံ၌ ရဟန်းပြုသွားကြသောအခါ ယင်းပုဂ္ဂိုလ်တို့သည် မိမိတပည့် မဟုတ်ကြပါသော်လည်း = တိတ္ထိဘောင်၌ ဖြစ်သော ပရိဗိုဇ်ပရိသတ်တို့သည် ဂိုဏ်းအားဖြင့် တစ်ဂိုဏ်းတည်း အဖြစ်ဖြင့် တူနေကြသောကြောင့် မိမိပရိသတ် ဆုတ်ယုတ်ပျက်ပြားရသည် (ပရိသာ ဘိန္နာ)ဟု ဆိုရသည်။ (ဋီသစ်)

မေး။ **အမ္ဗလဋ္ဌိကာ**တိ ရသော ဥယျာန် ဝါကျ၌ အမ္ဗလဋ္ဌိကာ သဒ္ဒါသည် ဥယျာဉ်ကို အရကောက်၍ အမ္ဗလဋ္ဌိကံဟု နပုလ္လိင်ဖြင့် ဆိုသင့်လျက် အဘယ့်ကြောင့် အမ္ဗလဋ္ဌိကာဟု ဣတ္ထိလိင်ဖြင့် ဆိုရသနည်း၊ ဥပမာသွင်း၍ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ ဝရုဏာ သဒ္ဒါသည် ရေကတက်ပင် အများကို ဟောသော ဗဟုဝုစ်သဒ္ဒါ ဖြစ်၍ ယင်းရေကတက်ပင်များ၏ အနီး၌ ဖြစ်သော မြို့ကိုလည်း သမီပျူပစာအားဖြင့် ရေကတက်ပင်များကို ဟောသော မူလ ဝရုဏာ သဒ္ဒါ၏ ဝုစ်အတိုင်း ဗဟုဝုစ်ဖြင့် ဆိုရသကဲ့သို့ ... ဤ၌ အမ္ဗလဋ္ဌိကာ သဒ္ဒါသည် ဣတ္ထိလိင် ဖြစ်၍ ယင်းအမ္ဗလဋ္ဌိကာ (သရက်ပင်ပျို)၏ အနီး၌ ဖြစ်သော ဥယျာဉ်ကိုလည်း သမီပျူပစာအားဖြင့် မူလ အမ္ဗလဋ္ဌိကာ သဒ္ဒါ၏ လိင်အတိုင်း အမ္ဗလဋ္ဌိကာဟုသာ ဣတ္ထိလိင်ဖြင့် ဆိုရတော့၏။ (ဋီဟောင်း၊ စာစဉ်)

ttp://www.dhammadownload.com



မေး။ အမ္ဗလဋ္ဌိကာ ဟူသည် အဘယ်နည်း၊ သမာနဝါဒ, ကေစိဝါဒနည်းတို့ဖြင့် စုံလင်စွာ ဖော်ပြပါ။

ဖြေ။ တံခါး၏ အနီး၌ နုပျိုသော သရက်ပင်ရှိသော "ဘုရင့်ဥယျာဉ်"၏ အမည်ဖြစ်သည်။
(တစ်နည်း) ရွာတံခါး၏ အနီး၌ နုပျိုသော သရက်ပင်ရှိသော "ရွာတစ်ရွာ"၏ အမည်ဖြစ်သည်။

အမှာ။ ပထမနည်းသည် ဋ္ဌ-လာ သမာနဝါဒ ဖြစ်၏။ ဒုတိယနည်းသည် ဋီသစ်လာ ကေစိဝါဒ ဖြစ်၏။

မေး။ ကေစိဆရာက အမ္ဗလဋ္ဌိကာယံ ပုဒ်ကို အမ္ဗလဋ္ဌိကာမည်သော ရွာဟု ဖွင့်ဆိုရကား = ယင်းကေစိဆရာအလို အမ္ဗလဋ္ဌိကာ မည်သော ရွာတွင်း၌ ဘုရားရှင် နေသည်ဟု မှတ်ရမည်လော၊ မည်သည့် အရပ်၌ နေပါသနည်း၊ ကေစိဆရာ အလိုကျ ဥပမာနှင့်တကွ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဝေရဉ္ဇာယံ ဘဂဝါ ဝိဟရတိ ဝါကျဝယ် ဝေရဉ္ဇာယံ ပုဒ်၌ သတ္တမီဝိဘတ်သည် သမီပတ္ထ၌ သက်ထားသောကြောင့် ဘုရားရှင်သည် ဝေရဉ္ဇာမြို့တွင်း၌ မနေ၊ ဝေရဉ္ဇာမြို့၏အနီး ဆိတ်ငြိမ်ရာ တောအရပ်၌သာ နေ၏ဟု မှတ်ယူရသကဲ့သို့ ...
ဤ အမ္ဗလဋ္ဌိကာယံ ပုဒ်၌လည်း သတ္တမီဝိဘတ်သည် သမီပတ္ထ၌ သက်ထားသောကြောင့် ဘုရားရှင်သည် အမ္ဗလဋ္ဌိကာ မည်သော ရွာတွင်း၌ မနေ၊ အမ္ဗလဋ္ဌိကာ ရွာ၏အနီး ဆိတ်ငြိမ်ရာ တောအရပ်၌သာ ဘုရားရှင် နေ၏ဟူ၍ ကေစိဝါဒအလို မှတ်ယူရမည်။ (ဋီသစ်)

မေး။ ရာဇာဂါရက ဟူသည် အဘယ်နည်း။ သမာနဝါဒ, ကေစိဝါဒနည်းတို့ဖြင့် စုံလင်စွာ ဖော်ပြပါ။

ဖြေ။ အရိပ်လည်း ကောင်း, ရေနှင့်လည်း ပြည့်စုံ, တံတိုင်းလည်း ကာရံ, တံခါးလည်း ရှိ, သေတ္တာကဲ့သို့လည်း လုံခြုံသော ဘုရင့်ဥယျာဉ်တော်၌ ဘုရင်ကစားဖို့ရာ အဆန်းတကျယ် ပြုပြင်စီမံ ဆောက်လုပ်အပ်သော "ဘုရင့်အိမ်တော်" ဖြစ်သည်။ (ဋ္ဌ-လာ သမာနဝါဒ)
"ဝေဿဝဏ်နတ်မင်း၏ နတ်ကွန်း" ဖြစ်သည်။ (ဋီသစ်-လာ ကေစိ ၊ဝါ- ဧကေဝါဒ)

**(ဋ္ဌ၊ နှာ ၄၂+၄၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သုပ္ပိယပရိဗိုဇ် ဥယျာဉ်၌ တစ်ညအိပ် နားရခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြပါ။

ဖြေ။ သုပ္ပိယပရိဗိုဇ်သည် နေကို ကြည့်၍ "ယခုအချိန်အခါသည် ခရီးသွားဖို့ရာ အခါမဟုတ်သေး။ ငါ၏ ပရိသတ်၌ အလွန်ငယ်ကုန်, အလွန်အိုကုန်သော ပရိဗိုဇ်တို့ အများကြီး ရှိ၏။ ဤလမ်းခရီးသည်လည်း သူခိုး, ဘီလူးဆိုး, သစ်ကျားဆိုးတို့ဖြင့် ဘေးရန်များစွာ ရှိ၏။ ရဟန်းဂေါတမသည် အမ္ဗလဋ္ဌိကာ ဥယျာဉ်သို့ ဝင်ရောက်ပြီ။ ရဟန်းဂေါတမ နေရာအရပ်၌ နတ်တို့သည် အစောင့်အရှောက် တာဝန်ကို ယူကြကုန်၏။ ယခုအခါ ငါသည်လည်း ဤအမ္ဗလဋ္ဌိကာ ဥယျာဉ်၌ တစ်ည နေပြီး၍ နောက်နေ့မှ သွားမည်"ဟူသော ရည်ရွယ်ချက်ဖြင့် ဥယျာဉ်၌ တစ်ညအိပ် နားသည်။ (ဋ္ဌ)
(တစ်နည်း) ရဟန်းဂေါတမ၏ အာနုဘော်တော်ကြောင့် ဘေးရန်မရှိခြင်း အကျိုးငှာ ဥယျာဉ်၌ တစ်ညအိပ် နားသည်။ (ဋီသစ်)

**(ဋ္ဌ၊ နှာ ၄၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သုပ္ပိယပရိဗိုဇ်သည် ပရိသတ်နှင့် နေပါလျက် နိဒါန်းပါဠိတော်၌ "သဒ္ဓိံ အတ္တနော ပရိသာယ"ဟု မတင်ဘဲ ဗြဟ္မဒတ်လုလင် တစ်ယောက်တည်းကိုသာ "သဒ္ဓိံ အတ္တနော အန္တေဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေန"ဟု တင်ခြင်း,ဆိုခြင်း အကြောင်းကို ဖော်ပြပါ။

ttp://www.dhammadownload.com



ဖြေ။ ဗြဟ္မဒတ်လုလင်မှ ကြွင်းသော သုပ္ပိယ၏ ပရိသတ်တို့ကား ဗြဟ္မဇာလသုတ် ဒေသနာနှင့် မစပ်သည် ဖြစ်၍ အကျိုးမရှိသောကြောင့် ယင်းပရိသတ်တို့ကို နိဒါန်းပါဠိတော်၌ မတင်။ ဗြဟ္မဒတ်လုလင်ကိုသာ ဗြဟ္မဇာလသုတ် ဒေသနာနှင့် စပ်သည်ဖြစ်၍ အကျိုးရှိသောကြောင့် နိဒါန်းပါဠိတော်၌ တင်သည်။

မှန်၏၊ ဆရာ သုပ္ပိယပရိဗိုဇ်သည် ရတနတ္တယ၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုတိုင်း တပည့် ဗြဟ္မဒတ် လုလင်သည် ရတနတ္တယ၏ ဂုဏ်တော်, ကျေးဇူးတော်များကို ချီးမွမ်းပြောဆို၏။ ဤသို့လျှင် ဆရာ,တပည့် နှစ်ဦးတို့၏ ကဲ့ရဲ့မှု, ချီးမွမ်းမှုတို့ကြောင့် ချီးမွမ်းမှုနှင့် ဆက်စပ်၍ ဗြဟ္မဇာလသုတ် ရှေ့ပိုင်း၌ သီလသုံးပါးကို ဟောတော်မူပေသည်။ ကဲ့ရဲ့မှုနှင့် ဆက်စပ်၍ ဗြဟ္မဇာလသုတ် နောက်ပိုင်း၌ ဒိဋ္ဌိ ၆၂–ပါးကို ဟောတော် မူပေသည်။ (ဋီသစ်)

မေး။ (နိစ္စလာ သန္တိသိန္နာဝ အဟောသိ) ရဟန်းတော်များ တုန်လှုပ်မှု မရှိဘဲ ညီညီညာညာ ထိုင်နေနိုင်ခြင်း၏ အကြောင်းကို ဖော်ပြပါ။

ဖြေ။ ၁။ အတ္တနော သိက္ခိတသိက္ခတာယ စ – မိမိ၏ သင်အပ်ပြီးသော ကျင့်ဝတ် ရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း၊

၂။ သတ္ထရိ ဂါရဝေန – ဘုရား၌ ရိုသေခြင်း ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်းတည်း။ (ဋ)

မေး။ ကေစိ ဝိပ္ပလပန္တိ ဝါကျ၌ အဘယ်ကို "ဝိပ္ပလပန္တိ"ဟု ဆိုပါသနည်း။

ဖြေ။ သတိ ပျောက်ကင်းသည်၏ အစွမ်းဖြင့် အထူးထူး အပြားပြား ပြောဆိုခြင်းကို "ဝိပ္ပလပန္တိ"ဟု ဆို၏။

မေး။ သော ရတနတ္တယဿ ဂုဏာဝဏ္ဏေ ဝတ္တမာနေပိ ဝါကျကို ရှု၍ သုပ္ပိယပရိဗိုဇ်၏ ရတနတ္တယ ဂုဏ်ကျေးဇူး များကို ချီးမွမ်းပြောဆိုထိုက်ရာ၌ အနွယအကြောင်း, ဗျတိရေကအကြောင်းတို့ကို အဋ္ဌကထာ လာသည့် အတိုင်း ဖော်ပြပါ။

ဖြေ။ သုပ္ပိယပရိဗိုဇ်သည် အမ္ဗလဋ္ဌိကာ ရာဇာဂါရက၌ တစ်ညတာ တည်းခိုနေစဉ် ဘုရားရှင်နှင့် ရဟန်း ပရိသတ်များ ကို ကြည့်ရှုရာ = အယုတ်ဆုံး တစ်ပါးမျှလောက်သော ရဟန်းသည်ပင် လက်ခြေလှုပ်ရှားမှု မရှိခြင်း၊ ချောင်းသံ, ချေဆပ်သံ မရှိခြင်း၊ ထိုရဟန်းပရိသတ်သည် မိမိတို့ ကျင့်အပ်သော သိက္ခာသုံးပါးတို့ကို ကျင့်သုံး ပြီးခြင်း, ဘုရားရှင်၌ ရိုသေမှု ရှိခြင်းဟူသော အကြောင်းနှစ်ချက်ကြောင့် လေငြိမ်ရာ၌ ထွန်းညှိထားသော ဆီမီးတိုင်ကဲ့သို့ မလှုပ်မယှက် ငြိမ်သက်လျက် သမာဓိရှိစွာဖြင့် ထိုင်နေတော်မူကြခြင်းဟူသော အကြောင်း တို့ကြောင့် ရတနတ္တယ၏ ဂုဏ်ကျေးဇူးများကို ချီးမွမ်း ပြောဆိုထိုက်ပါသည်။ ဤကား = အနွယ အကြောင်း တည်း။

ထို့နောင် သုပ္ပိယပရိဗိုဇ်သည် မိမိ၏ ပရိဗိုဇ်ပရိသတ်ကို ကြည့်ရှုရာ = အချို့သော ပရိဗိုဇ်တို့သည် ကြည်ညို ဘွယ်မရှိသော လက်ကားယား, ခြေကားယားဖြင့် အိပ်နေကြခြင်း၊ အချို့သော ပရိဗိုဇ်တို့သည် ယောင်ယမ်း မည်တမ်းလျက် အိပ်နေကြခြင်း၊ အချို့သော ပရိဗိုဇ်တို့သည် လျှာထွက်ကုန်, သွားရည်ယိုစီးကုန်, သွားကြိတ် ကုန်လျက် ကျီးမြည်သံကဲ့သို့သော အသံကို ပြုကုန်လျက်, ဃရှူးဃရှူးဟူသော ဟောက်သံ ထွက်ကုန်လျက် အိပ်ပျော်ကုန်သည်ကို မြင်ရသောအခါ မိမိပရိဗိုဇ် ပရိသတ်၏ ကြည်ညိုဘွယ်ရာ မရှိခြင်းဟူသော အကြောင်း တို့ကြောင့် ရတနတ္တယ၏ ဂုဏ်ကျေးဇူးများကို ပို၍ပင် ချီးမွမ်းပြောဆိုထိုက်ပါသည်။ ဤကား = ဗျတိရေက အကြောင်းတည်း။

မေး။ "တယော၊ သမ္ဗဟုလာ၊ သံဃာ"တို့၏အရကို ဝိနည်း, သုတ္တန်ဒေသနာတို့အားလျော်စွာ ဖော်ပြ၍၊ မည်သည့် အစွမ်းဖြင့် ဝိနည်းနည်း–သမ္ဗဟုလာ, သုတ္တန်နည်း–သမ္ဗဟုလာ ဟူ၍ ကွဲပြားသနည်း။

ttp://www.dhammadownload.com



ဖြေ။ ဝိနည်းဒေသနာ၌ = သုံးပါးသည် သမ္ဗဟုလာ၊ လေးပါး စသည်ကို သံဃာဟု ဆို၏။
သုတ္တန်ဒေသနာ၌ = သုံးပါးသည် တယော၊ လေးပါး စသည်ကို သမ္ဗဟုလာဟု ဆို၏။
ထိုထိုပါဠိ၌လာသော ဝေါဟာရ၏ အစွမ်းဖြင့် ဝိနည်းနည်း–သမ္ဗဟုလာ, သုတ္တန်နည်း–သမ္ဗဟုလာ ဟူ၍ ကွဲပြားပါသည်။

မေး။ အဘယ်ကြောင့် ဝိနည်းဒေသနာ၌ သုံးပါးကို သမ္ဗဟုလာ၊ လေးပါး စသည်ကို သံဃာဟု ဆိုသနည်း။

ဖြေ။ အယုတ်ဆုံး အပိုင်းအခြားအားဖြင့် စတုဝဂ္ဂ သံဃာသည်သာလျှင် ဝိနည်းကံကို ပြုသင့်ပြုထိုက်သည်၏ အဖြစ်ကြောင့် သုံးပါးကို သမ္ဗဟုလာ၊ လေးပါး စသည်ကို သံဃာဟု ဝိနည်းဒေသနာ၌ ဆိုသည်။ (ဋီသစ်)

မေး။ တယော ဇနာ "သမ္ဗဟုလာ"ဟု ဆိုထားရကား နှစ်ပါးကို မည်သို့ မှတ်ရမည်နည်း။

ဖြေ။ တယော ဇနာ ဟူသော စကားကို ဥပလက္ခဏ နည်းအားဖြင့် ဆိုထားသောကြောင့် နှစ်ပါးကိုလည်း သမ္ဗဟုလာ ဟူ၍ပင် မှတ်ပါ။ (ဋီသစ်)

မေး။ ဟံသဝဋ္ဋကစ္ဆန္န၏ ရနိုင်သော အမည်တစ်မျိုးကို ဖော်ပြပါ။

ဖြေ။ ဟံသဝဋ္ဋကစ္ဆန္န၏ ရနိုင်သော အမည်တစ်မျိုးကား = သုပဏ္ဏဝင်္ကစ္ဆဒန (ဂဠုန်တောင်သဏ္ဌာန် လည်ကာ မိုးခြင်း)တည်း။

မေး။ ဥပဋ္ဌာနသာလာနှင့် နိသီဒနသာလာတို့၏ တူပုံ/ထူးပုံကို ဖော်ပြပါ။

ဖြေ။ တူပုံ = အထွဋ်တစ်ခုသာ တပ်၍ တိုင်အစဉ်ကို ထက်ဝန်းကျင် ဝန်းရံသောအားဖြင့် ဆောက်လုပ်ပုံခြင်း တူကြသည်။
ထူးပုံ = ဥပဋ္ဌာနသာလာ ဟူသည် ဆည်းကပ်ခစား စည်းဝေးမှုကို ပြုလုပ်ရံ ဌာနမျှသာ ဖြစ်၍ တစ်ည,နှစ်ည စသည် တည်းခို၍ နေထိုင်ရာ မဟုတ်သော ဇရပ်ကို ဆိုလို၏။
နိသီဒနသာလာ ဟူသည် ဆည်းကပ်ခစား စည်းဝေးမှုကို ပြုလုပ်ရာ ဌာနလည်း ဖြစ်+တစ်ည,နှစ်ည စသည် တည်းခို၍ နေထိုင်ရာလည်း ဖြစ်သော ဇရပ်ကို ဆိုလို၏။ ဤသို့ အသုံးဝင်ပုံ, အသုံးပြုပုံခြင်း ထူးသည်။

မေး။ ဣဓ ပန နိသီဒနသာလာ "မဏ္ဍလမာဠော"တိ ဝေဒိတဗ္ဗော ဝါကျဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ယင်းဝါကျဖြင့် အကြင်ဇရပ်၌ ဆည်းကပ်ခြင်းမျှကိုသာ ပြုလုပ်ကုန်၏။ တစ်ည၌,နှစ်ည၌ စသည်တို့၏ အစွမ်းဖြင့် နေထိုင်ခြင်းကို မပြုကုန်။ သာမန်ထိုင်နေရာ ဇရပ်ကိုသာ ဤဗြဟ္မဇာလသုတ် မဏ္ဍလမာဠ အရ ယူရမည်ကို ပြသည်။ (ဋီသစ်)

**(ဌါ၊ နှာ ၄၄–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ တတ္ထ အန္တသ ပဗ္ဗတာရောဟဏံ ဝိယ နိစ္စံ န ဟောတီတိ **အစ္ဆရိယံ** ဝါကျ၌ ဥပမာစတုက္က ထုတ်ပြပါ။

ဖြေ။ သူကန်း၏ တစ်ခါတစ်ရံသာ ဖြစ်သော တောင်ပေါ်တက်မှုသည် = နှိုင်းယှဉ်မှုကို ပြုကြောင်း ဖြစ်သောကြောင့် ဥပမာန၊
ဘုရားရှင် ပွင့်ထွန်း ပေါ်ပေါက်တော်မူပြီးသော အခါမှသာ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ဖြင့် တစ်ခါတစ်ရံသာ ဖြစ်သော နာနာဓိမုတ္တိကို သိမှုသည် = နှိုင်းယှဉ်မှုကို အပြုခံရသောကြောင့် ဥပမေယျ၊
တစ်ခါတစ်ရံသာ ဖြစ်ပုံခြင်း တူသော, ရံခါဖြစ်မှု တူသော, အစ္ဆရိယဖြစ်ပုံ တူသော သဒိသဘောဂုဏ်သည် ဥပမာ၊
ဝိယ သဒ္ဒါသည် = ဥပမာအနက်ကို ထွန်းပြတတ်သောကြောင့် ဥပမာနဇောတက မည်၏။

ttp://www.dhammadownload.com


မေး။ "အနုတ္တရ သမ္မာသမ္ဗောဓိ"အရကို ဖော်ပြပါ။

ဖြေ။ အရဟတ္တမဂ်ဉာဏ်လျှင် နီးစွာသော အကြောင်းရှိသော သဗ္ဗညုတဉာဏ်တော်ကိုလည်းကောင်း၊ သဗ္ဗညုတဉာဏ်တော်၏ နီးစွာသော အကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်တော်ကိုလည်းကောင်း "အနုတ္တရ သမ္မာသမ္ဗောဓိ"အရ ယူပါ။ (ဋီသစ်)

မေး။ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို အဘယ့်ကြောင့် "အနုတ္တရ သမ္မာသမ္ဗောဓိ"ဟု ဆိုရသနည်း၊ ဥပမာသွင်း၍ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ ရာဇာဘိသိက်သည် မင်းအား တစ်လောကလုံး အစိုးရခြင်းကို ပေးသကဲ့သို့ ... ထို့အတူ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်သည်လည်း ဘုရားရှင်တို့အား သဗ္ဗဂုဏသမ္ပတ္တိကို ပေးသောကြောင့်တည်း။ (ဋီသစ်)

မေး။ အနုတ္တရံ သမ္မာသမ္ဗောဓိံ ပါဠ်၌ အနုတ္တရံ ဟူသော ဝိသေသနပုဒ်ဖြင့် သမ္မာသမ္ဗောဓိံ ဟူသော ဝိသေသျပုဒ်ကို အဘယ်ကြောင့် အထူးပြုရသနည်း။

ဖြေ။ ရာဇာဘိသိက်သည် မင်းအား တစ်လောကလုံး အစိုးရခြင်းကို ပေးသကဲ့သို့ ... ထို့အတူ ထိုသမ္မာသမ္ဗောဓိ (အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်)သည်လည်း ဘုရားရှင်တို့အား သဗ္ဗဂုဏသမ္ပတ္တိကို ပေး၏။ ထို့ကြောင့် အနုတ္တရံ ဟူသော ဝိသေသနပုဒ်ဖြင့် အထူးပြုရသည်။ (ဋီသစ်)

မေး။ ဟတ္ထတလေ ဌပိတံ အာမလကံ ဝိယ၌ အာမလကံ ဝိယ ပုဒ်ကို "သျှစ်သျှားသီးကဲ့သို့" အနက်သမ္ဗန်ရာ၌ သင့်/မသင့်ကို အကြောင်းချင့်၍ ဆုံးဖြတ်ပါ။

ဖြေ။ အာမလကံ ဝိယ ပုဒ်ကို "သျှစ်သျှားသီးကဲ့သို့"ဟု အနက် မသမ္ဗန်သင့်ပါ။
အကြောင်းကား = နတ္ထိ မလံ ဧတသ္မာတိ အမလံ၊ အမလံယေဝ အာမလကံဟု ဝိဂ္ဂဟပြု၍ အညစ်အကြေးကင်းသော ပတ္တမြားကို ယူသင့်သောကြောင့်တည်း။ (သီ၊ ဂဏ္ဌိ)

မေး။ တီဟိ ဝိဇ္ဇာဟိ ဆဟိ ဝါ ပန အဘိညာဟိ အနုတ္တရ ဝါကျ၌ အဘိညာဉ် ၆-ပါး၌ ဝိဇ္ဇာ ၃-ပါး ပါပြီး ဖြစ်ပါလျက် အဘယ်အကျိုးငှာ "တီဟိ ဝိဇ္ဇာဟိ"ပါဌ်ကို ထည့်၍ ဆိုရသနည်း။

ဖြေ။ အဘိညာဉ်တို့၏ အထူးအပြားကို ပြခြင်းအကျိုးငှာ "တီဟိ ဝိဇ္ဇာဟိ"ပါဌ်ကို ထည့်၍ ဆို၏။ (စာစဉ်)

မေး။ သမန္တစက္ခုနာ ပဿတာ ဝါကျ၌ သမန္တစက္ခု အရကို ဖော်ပြပါ။

ဖြေ။ သမန္တစက္ခု အရ = အနာဝရဏဉာဏ်ကို ယူရမည်။ (စာစဉ်)

မေး။ အရီနံ ဟတတ္တာ၌ အရီနံ အရကို ပြည့်စုံစွာ ဖော်ပြပါ။

ဖြေ။ သဒ္ဒိသူပစာရတ္ထအားဖြင့် ကိလေသာ ၁၀-တည်းဟူသော ရန်သူ။
(တစ်နည်း) မာရ်ငါးပါးတည်း ဟူသော ရန်သူ။
(တစ်နည်း) သာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်သော အညတိတ္ထိယတည်းဟူသော ရန်သူတို့ကို ယူပါ။

မေး။ အရီနံ ဟတတ္တာ၌ "ဟတ-သတ်ဖြတ်ဖျက်ဆီး၏"ဟူသည် ဒုတ်,ဓား,လှံ စသည်တို့ဖြင့် သတ်ဖြတ် ဖျက်ဆီးမှုမျိုးကို ဆိုလိုပါသလော၊ ရှင်းလင်းစွာ ဖြေဆိုခဲ့ပါ။

ဖြေ။ အရီနံ ဟတတ္တာ၌ "ဟတ-သတ်ဖြတ်ဖျက်ဆီး၏"ဟူသည် ဒုတ်,ဓား,လှံ စသည်တို့ဖြင့် သတ်ဖြတ် ဖျက်ဆီးမှုမျိုးကို ဆိုလိုသည် မဟုတ်။ စင်စစ်ကား ကိလေသာမာရ်ကို မဂ်တရားဖြင့် အကြွင်းမဲ့ ပယ်ဖျက်ခဲ့မှု, မာရ်နတ်နှင့် အညတိတ္ထိယတို့ကို တန်ခိုးပြာဋိဟာဖြင့် လွှမ်းမိုးနှိပ်စက်မှု, မာရ်နတ်နှင့် အညတိတ္ထိယတို့ ပြန်လှန်၍ မေးလာသည့်အခါ ယင်းတို့၏ ဉာဏ်၌ မထင်မြင်အောင် ပြုလုပ်ထားခြင်းဖြင့် ပြုလုပ်မှုမျိုးတို့ကို အရီနံ ဟတတ္တာ၌ "ဟတ-သတ်ဖြတ်ဖျက်ဆီး၏"ဟု ဆိုလိုပါ၏။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ **သမ္မာသမ္ဗုဒ္ဓေန** ပါဌ်၌ (က) သမ္မာသဒ္ဒါ (ခ) သံသဒ္ဒါတို့ဖြင့် နှစ်စေအပ်သော ပုဂ္ဂိုလ်တို့ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ (က) သမ္မာသဒ္ဒါဖြင့် = သဗ္ဗညုတဉာဏ်တော်ကို ယူအပ်ပြီးသည်၏အဖြစ်ကြောင့် ပစ္စေကဗုဒ္ဓါကို နှစ်စေ၏။

(ခ) သံသဒ္ဒါဖြင့် = အရဟတ္တမဂ်ဉာဏ်ဟု ဆိုအပ်သော သယမ္ဘုဉာဏ်ကို ယူအပ်ပြီးသည်၏ အဖြစ်ကြောင့် သာဝကစသော ပုဂ္ဂိုလ်တို့ကို နှစ်စေ၏။ (ဋီသစ်)

မေး။ **သမ္မာသမ္ဗုဒ္ဓေန** ပါဌ်ဝယ် "ဗုဒ္ဓေန-သိ၏ဟူသည်" အဘယ်မျှလောက်သော တရားကို သိပါသနည်း၊ ဥပမာပုံစံနှင့်တကွ ဖြေခဲ့ပါ။

ဖြေ။ အစိတ်စိတ်သော တရားတို့ကို ယူခြင်း, ညွန်ပြခြင်း မရှိလတ်သော် အလုံးစုံသော တရားတို့ကို အကြွင်းအကျန်မရှိ ယူအပ်, သိအပ်သောကြောင့်လည်းကောင်း၊ ဗုဓောတ်၏ ကံကို သဗ္ဗဓမ္မာနံဟု အဋ္ဌကထာဆရာဖွင့်ဆိုသောကြောင့်လည်းကောင်း အလုံးစုံသော တရားတို့ကို သိတော်မူပါ၏။

ဥပမာပုံစံကား = ဒက္ခိတော န ဒဒါတိတည်း။ (ဋီသစ်)

မေး။ ပစ္စယာဒီနဋ္ဌ အရဟတ္တာ၌ (က) ပစ္စယ (ခ) အာဒိ အရတို့ကို ဖော်ပြပါ။

ဖြေ။ (က) သင်္ကန်းစသော ပစ္စည်းတို့ကို ယူပါ။ (ခ) ပူဇာဝိသေသကို ယူပါ။ (ဋီသစ်)

မေး။ သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာဟု ဆိုရာ သဗ္ဗညုတဉာဏ်သည် တစ်ကြိမ်တည်း အလုံးစုံသော အာရုံကို သိသလော, အစဉ်အတိုင်း အာရုံတစ်မျိုးစီကို သိသလော၊ အကြောင်းပြ၍ ဖြေဆိုပါ။

ဖြေ။ သဗ္ဗညုတဉာဏ်သည် တစ်ပေါင်းတည်းပင် ဖြစ်စေ, အသီးအခြားပင် ဖြစ်စေ, တစ်ကြိမ်တည်းပင် ဖြစ်စေ, အစဉ်အတိုင်းပင် ဖြစ်စေ အလိုရှိသလို အလုံးစုံသော တရားတို့ကို သိနိုင်၏။

အကြောင်းကား = သဗ္ဗညုတဉာဏ်တော်သည် အစိန္တေယျဉာဏ်တော် ဖြစ်သောကြောင့်တည်း။ (ဋီသစ်)

မေး။ စတုဝေသာရဇ္ဇဝသေန၌ ဝေသာရဇ္ဇဉာဏ် လေးပါးသရုပ်ကို ဖော်ထုတ်ပါ။

ဖြေ။ ဝေသာရဇ္ဇဉာဏ် လေးပါးကား . . .

၁။ အန္တရာယိက ဓမ္မဉာဏ် ၂။ နိယျာနိက ဓမ္မဉာဏ် ၃။ အာသဝက္ခယဉာဏ် ၄။ သဗ္ဗညုတဉာဏ်။

မေး။ စတုဝေသာရဇ္ဇဝသေန စတူဟာကာရေဟိ ထောမိတေန ဝါကျ၌ ပါသည့် စတုသင်္ချာ နှစ်ခုတို့၏ သင်္ချေယျသရုပ်ကို အစဉ်တကျ တွဲစပ်၍ ဖော်ပြပါ။

ဖြေ။ ၁။ အန္တရာယိက ဓမ္မဉာဏ် - ဇာနတာ၊

၂။ နိယျာနိက ဓမ္မဉာဏ် - ပဿတာ၊

၃။ အာသဝက္ခယဉာဏ် - အရဟတာ၊

၄။ သဗ္ဗညုတဉာဏ် - သမ္မာသမ္ဗုဒ္ဓေန။ (စာစဉ်)

## (၄၂၊ နှာ ၄၄+၄၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ပါဠိတော်၌ ဟီန,ပဏီတ အပြားအားဖြင့် အဓိမုတ္တိ နှစ်မျိုးကိုသာ ဆိုထားပါလျက် အဘယ်ကြောင့် အဋ္ဌကထာ၌ "နာနာဓိမုတ္တိကတာ"ဟု ဆိုရသနည်း။

ဖြေ။ ပါဠိတော်၌ ဟီန,ပဏီတ အပြားအားဖြင့် အဓိမုတ္တိ နှစ်မျိုးကိုသာ ဆိုသော်လည်း ဖြစ်ပုံ အခြင်းအရာ၏ အစွမ်းဖြင့် များသော အပြားဖြင့် ကွဲပြားကုန်သောကြောင့် "နာနာဓိမုတ္တိကတာ"ဟု ဆိုသည်။

ttp://www.dhammadownload.com



## (၄၊ နှာ ၄၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အဓိမုတ္တိကဉာဏ် အရကို ဖော်ပြပါ။

ဖြေ။ အဓိမုတ္တိကဉာဏ် အရ = သတ္တဝါတို့၏ နာနာဓိမုတ္တိကတကို အာရုံပြုခြင်းငှာ စွမ်းနိုင်သော သဗ္ဗညုတဉာဏ်, ဒသဗလဉာဏ်ကို ယူပါ။ (ဋီသစ်)

မေး။ နာနာဓိမုတ္တိကဉာဏ်နှင့် သဗ္ဗညုတဉာဏ်တို့သည် တူသလော/ ထူးသလော၊ ဖြေဆိုခဲ့ပါ။

ဖြေ။ နာနာဓိမုတ္တိကဉာဏ်နှင့် သဗ္ဗညုတဉာဏ်တို့သည် တူ၏။ ဤကား = ဋီကာဟောင်းအလိုတည်း။ (တစ်နည်း) နာနာဓိမုတ္တိကဉာဏ်ဟူသည် ဒသဗလဉာဏ်တို့တွင် ပဉ္စမဗလဉာဏ်တည်း။ ထို့ကြောင့် နာနာဓိမုတ္တိကဉာဏ်နှင့် သဗ္ဗညုတဉာဏ်တို့သည် မတူကြပါ။ ဤကား = ဋီကာသစ်အလိုတည်း။

မေး။ ဒသဗလဉာဏ်နှင့် သဗ္ဗညုတဉာဏ်တို့၏ ထူးခြားပုံကို ဖော်ပြပါ။

ဖြေ။ ဒသဗလဉာဏ်သည် = မိမိ၏ ကိစ္စကိုသာ သိ၏။
သဗ္ဗညုတဉာဏ်သည်ကား = ဒသဗလဉာဏ်၏ ကိစ္စကိုလည်း သိ၏။ ထိုမှတစ်ပါး ကြွင်းသော ကိစ္စကိုလည်း သိ၏။ ဤသို့ ထူးသည်။ (ဋီသစ်)

## (၄၊ နှာ ၄၆-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ မြတ်ဗုဒ္ဓ၏ ကိစ္စငါးပါးကို အဋ္ဌကထာ လာသည့်အတိုင်း ဖော်ပြပါ။

ဖြေ။ ၁။ ပုရေဘတ္တကိစ္စ ၂။ ပစ္ဆာဘတ္တကိစ္စ ၃။ ပုရိမယာမကိစ္စ ၄။ မဇ္ဈိမယာမကိစ္စ ၅။ ပစ္ဆိမယာမကိစ္စ။ (၄)

မေး။ မြတ်စွာဘုရား၏ မျက်နှာတော်မြတ်၌ ဒုဂ္ဂန္ဓ စသော အပြစ်ရှိ၍ မျက်နှာသစ်ခြင်း စသော ကိုယ်လက်သုတ်သင်မှုကို ပြုတော်မူရပါသလော၊ အဘယ်ကြောင့် ကိုယ်လက်သုတ်သင်မှုကို ပြုရသနည်း။

ဖြေ။ ကမ္ဘာများစွာက ဆည်းပူးခဲ့သော ပုညသမ္ဘာရကြောင့် ဖြစ်သော မြတ်စွာဘုရား၏ မျက်နှာတော်မြတ်၌ ဒုဂ္ဂန္ဓ စသော အပြစ်မည်သည် မရှိ၊ အလုပ်အကျွေး ရဟန်းတို့ကို ချီးမြှောက်တော်မူခြင်း အကျိုးငှာလည်းကောင်း၊ ကိုယ်တော်ချမ်းသာခြင်း အကျိုးငှာလည်းကောင်း မျက်နှာသစ်ခြင်း စသော ကိုယ်လက်သုတ်သင်မှုကို ပြုတော်မူပါသည်။ (၄၊ ဋီသစ်)

မေး။ အဘယ်အကျိုးငှာ ဖလသမာပတ် ဝင်စားတော်မူသနည်း။ (ဝိဝိတ္တာသနေ ဝီတိနာမေတွာ)

ဖြေ။ ဖလသမာပတ် ဝင်စားတော်မူခြင်းသည် ဝိဝေကသို့ ညွတ်ကိုင်းလိုသောကြောင့် မဟုတ်၊ သူတစ်ပါးတို့၏ မြင်အပ်သောအယူသို့ အတူလိုက်ခြင်း အကျိုးငှာ ဝင်စားတော်မူပါသည်။ (ဋီသစ်)

မေး။ မြတ်စွာဘုရား ခြေတော်ချရာ၌ "သမာဝ ဘူမိ ဟောတိ-မြေညီညွတ်ခြင်း (တန်ခိုးပြာဋိဟာ) ဖြစ်၏ "ဟုဆိုရာ အခြား ဖြစ်သင့်သော ပြာဋိဟာတို့ကိုလည်း အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ "သမာဝ ဘူမိ ဟောတိ-မြေညီညွတ်ခြင်း (တန်ခိုးပြာဋိဟာ) ဖြစ်၏ "ဟု အဋ္ဌကထာဆိုသော စကားမှာ နိဒဿနမျှသာ ဖြစ်သောကြောင့် မြတ်စွာဘုရား ခြေတော်ချရာ၌ ကျောက်စရစ်, အိုးခြမ်း, ဆူး, ငြောင့်, ရွှံ့, ညွန် စသည်တို့ ဖဲရှောင်ခြင်း, ကင်းရှင်းခြင်းဟူသော တန်ခိုးပြာဋိဟာတို့လည်း ဖြစ်ကြပါသည်။ (ဋီသစ်)

မေး။ ပဒုမပုပ္ဖာနိ ဝါ ပါဒေ သမ္ပဋိစ္ဆန္တိ၌ ဝိကပ်အနက်ရှိသော ဝါသဒ္ဒါဖြင့် သိစေအပ်သော အဓိပ္ပါယ်ကို ဖော်ပြပါ။

ဖြေ။ ဝိကပ်အနက်ရှိသော ဝါသဒ္ဒါဖြင့် = ပဒုမ္မာကြာပန်းတို့ ခြေတော်၌ ခံလင့်ကြကုန်၏ဟူသည် အမြဲမဟုတ်၊ မြေညီညွတ်၍ ဆူး,ငြောင့် စသည်တို့ ကင်းမူ ပဒုမ္မာကြာပန်းတို့ မခံကြကုန်, မြတ်စွာဘုရား၏ အလိုအတိုင်း ဖြစ်ကြကုန်၏ဟု သိစေသည်။ (ဋီသစ်)

ttp://www.dhammadownload.com



အမှာ။ မြေညီညွတ်ခြင်း စသည်တို့ ဖြစ်ကြခြင်းမှာ = မြတ်စွာဘုရား၏ သုပ္ပတိဋ္ဌိတပါဒတာ လက္ခဏာ၏ အကျိုး ဆက်တည်း။ တန်ခိုးဖြင့် ဖန်ဆင်းခြင်း ဣဒ္ဓိနိမ္မာနကြောင့်ကား မဟုတ်ချေ။

မေး။ ကေစိ ပဗ္ဗဇိတွာ အဂ္ဂဖလေ အရဟတ္တေ ဝါကျ၌ ပဗ္ဗဇိတွာဟု ထည့်ဆိုခြင်းဖြင့် ရဟန်းဖြစ်ပြီးမှသာ အရဟတ္တ ဖိုလ်ကို ရနိုင်သည်၊ လူဝတ်ကြောင်ပုဂ္ဂိုလ်တို့ အရဟတ္တဖိုလ်ကို မရနိုင်ဟူသော အဓိပ္ပါယ်ကို ပြဆိုလိုပါသလော၊ အဘယ်ကို ပြလို၍ ပဗ္ဗဇိတွာသဒ္ဒါ ထည့်ဆိုသနည်း။

ဖြေ။ ပဗ္ဗဇိတွာသဒ္ဒါ ထည့်ဆိုခြင်းသည် = ရဟန်း ဖြစ်ပြီးမှသာလျှင် အရဟတ္တဖိုလ်ကို ရနိုင်၏၊ ရဟန္တာ ဖြစ်နိုင်၏၊ လူဝတ်ကြောင်ပုဂ္ဂိုလ်တို့ အရဟတ္တဖိုလ်ကို မရနိုင်ဟူသော အဓိပ္ပါယ်ကို ပြဆိုလို၍ မဟုတ်။ အမှန်အားဖြင့် ကား အရဟတ္တဖိုလ်သို့ ရောက်သူများ၏ အသွင်အပြင်သည် ရဟန်းအသွင်အပြင်သို့ ရောက်လာသည် ဟူသော အဓိပ္ပါယ်ကို ပြလို၍ ပဗ္ဗဇိတွာသဒ္ဒါ ထည့်ဆိုခြင်း ဖြစ်သည်။

အမှာ။ ဤစကားရပ်အရ လူဝတ်ကြောင်ပုဂ္ဂိုလ်တို့လည်း အရဟတ္တဖိုလ်သို့ ရောက်နိုင်၏၊ ရဟန္တာ ဖြစ်နိုင်၏။ သို့ရာတွင် လူအဖြစ်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်သူသည် ထိုအရဟတ္တဖိုလ်သို့ ရောက်သည့်နေ့၌ပင် ရဟန်းသော်လည်း ပြုရမည်၊ ပရိနိဗ္ဗာန်သော်လည်း စံရမည်။ နောက်နေ့ အရုဏ်တက် သည့်တိုင်အောင် လူ့အသွင်အပြင်ဖြင့်ကား မတည်နေနိုင်။ ဤသို့ ဖြစ်ရခြင်းကား အရဟတ္တဖိုလ်၏ အပြစ်ဒေါသ မဟုတ်၊ လူ့အသွင်အပြင်၏ အားနည်းယုတ်ညံ့ခြင်းဟူသော လိင်္ဂဒုဗ္ဗလ၏ အပြစ်ဒေါသကြောင့်လည်းကောင်း၊ အရဟတ္တဖိုလ်၏ အတိုင်းအရှည်မရှိ မြင့်မြတ်သော ဂုဏ်တို့ကြောင့်လည်းကောင်းပါတည်း။ (အဖြေသစ်)

**(ဌ၊ နှာ ၄၇-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဒုလ္လဘင်ါးပါးကို ပြရာ၌ ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိဟု ရှိခဲ့သော် သင့်/မသင့် ယုတ္တိချင့်၍ ဖြေဆိုပါ။

ဖြေ။ သဒ္ဓါသာလျှင် ဒုလ္လဘဖြစ်သည် မဟုတ်၊ ပတိရူပဒေသဝါသ, ဣန္ဒြိယဝေကလ္လ စသည်တို့လည်း ဒုလ္လဘ ပင် ဖြစ်ရကား ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိဟု ရှိလျှင် မသင့်ပါ။ (ဋီသစ်)

အမှာ။ ဒုလ္လဘာ သမ္ပတ္တိဟုရှိသော ယခု ဆဋ္ဌမူပါဠ်သည်သာ သင့်မြတ်၏။

**(ဌ၊ နှာ ၄၈-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ နတ်,ဗြဟ္မာတို့သည် မဇ္ဈိမယာမ်၌သာ မြတ်ဘုရား၏ အထံတော်၌ ပြဿနာမေးခွင့် ရခြင်း၏ အကြောင်းကို ဖြေပြပါ။

ဖြေ။ ပုရေဘတ္တ, ပစ္ဆာဘတ္တ, ပုရိမယာမ ကာလတို့၌ လူပရိသတ်များ များနေသည် ဖြစ်၍ အခွင့်ကို မရသော ကြောင့်လည်းကောင်း၊ မြတ်စွာဘုရားသည် နတ်,ဗြဟ္မာတို့အား မဇ္ဈိမယာမ်၌သာ ပြုအပ်သော အခွင့်ရှိသော ကြောင့်လည်းကောင်းတည်း။

မေး။ သကလဒသသဟဿိလောကဓာတုဒေဝတာယော ပါဠ်၌ အဘယ်အကျိုးငှာ သကလသဒ္ဒါကို ထည့်၍ ဆိုသနည်း။

ဖြေ။ တစ်ယောက်သာမက များသော အစိတ်စိတ်သော နတ်,ဗြဟ္မာ ပရိသတ်တို့ကို သိမ်းယူခြင်း အကျိုးငှာ သကလသဒ္ဒါကို ထည့်၍ ဆို၏။

မေး။ ဗြဟ္မဇာလသုတ်ကို အရဟတ္တဖိုလ် အထွဋ်တပ်လျက် ဟောတော်မူသော မြတ်ဗုဒ္ဓ၏ ရည်ရွယ်ချက် ဆန္ဒ တော်ကို အဋ္ဌကထာ, ဋီကာတို့၌ လာသည့်အတိုင်း ဖြေပြပါ။

ttp://www.dhammadownload.com



ဖြေ။ ထိုဗြဟ္မဇာလသုတ် ဒေသနာတော်သည် ငါဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီး နောက်၌လည်း အနှစ် ၅၀၀၀–တိုင်အောင် တို့ပတ်လုံး သတ္တဝါတို့အား အမတမဟာနိဗ္ဗာန်သို့ ရောက်စေ,ရစေလိုသော ရည်ရွယ်ချက်ပင် ဖြစ်၏။ (ဋ) ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီး နောက်၌လည်း နာယူခြင်း, သင်ယူခြင်း, ဆောင်ထားခြင်း, ပို့ချခြင်း စသည်တို့၏ အစွမ်းဖြင့် အလေ့အကျက်ကို ပြုသူတို့ကိုလည်းကောင်း၊ ဟောတော်မူသည့်အတိုင်း ကျင့်သော သူတို့ကိုလည်းကောင်း နိဗ္ဗာန်သို့ ရောက်စေ,ရစေလိုသော ဆန္ဒတော်ပင် ဖြစ်၏။ (ဋီသစ်)

**(ဌ၊ နှာ ၄၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **တေနုပသင်္ကမိ၌** ဥပသင်္ကမန ဘေဒကို ထုတ်ပြ၍၊ ဤနေရာ၌ ယူရမည့် ဥပသင်္ကမနကိုလည်း ညွှန်ပြခဲ့ပါ။

ဖြေ။ တေနုပသင်္ကမိ၌ ဥပသင်္ကမန ဘေဒသည် ၁။ သွားဆဲ–ဂမန ၂။ သွားပြီး၍ ရောက်ခြင်း–ဥပဂမနဟု နှစ်မျိုးရှိ၏။

ဤနေရာ၌ ဥပသင်္ကမန အရ = သွားပြီး၍ ရောက်ခြင်းဟူသော ဥပဂမနကို ယူပါ။

မေး။ **ယေန မဏ္ဍလမာဠော တေနုပသင်္ကမိ** ဟူသော ပါဠိတော်ဝယ် ယေန, တေန၌ နာဝိဘတ်များ၏ ကရဏတ္ထ, ဘုမ္မတ္ထမှတစ်ပါး အခြား ဖြစ်နိုင်သော အနက်တစ်မျိုးကို ဖော်ပြ၍၊ ယင်းအနက်အားလျော်စွာ ပါဠိတော်ကို အနက်ပြန်ဆိုခဲ့ပါ။

ဖြေ။ ယေန, တေနဝယ် နာဝိဘတ်များသည် အဋ္ဌကထာ တိုက်ရိုက်လာသည့် ကရဏတ္ထ, ဘုမ္မတ္ထမှတစ်ပါး ဟေတွတ္ထ၌လည်း သက်နိုင်၏။

ယင်းသို့ နာဝိဘတ်များကို ဟေတွတ္ထ၌ သက်ခိုက် "ယေန ကာရဏေန–အကြင်အကြောင်းကြောင့်၊ ဘဂဝတာ–သည်၊ သော မဏ္ဍလမာဠော–ထိုစည်းဝေးရာဇရပ်သို့၊ ဥပသင်္ကမိတဗ္ဗော–ချဉ်းကပ်အပ်၏၊ တေန ကာရဏေန–ကြောင့်၊ ဥပသင်္ကမိ–ချဉ်းကပ်တော်မူပြီ"ဟု အနက်ပြန်ရမည်။ (အဋ္ဌကထာမှတ္တက ဋီကာနည်း)

မေး။ ယေန, တေနဝယ် ဟေတွတ္ထ၌ သက်ထားသည့် နာဝိဘတ်များဖြင့် ပြဆိုနေသော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ဘုရားရှင် မဏ္ဍလမာဠသို့ ကပ်ရောက်လာခြင်းသည် ရဟန်းများ၏ သဗ္ဗညုတဉာဏ်တော်ကို အကြောင်းပြု၍ ချီးမွမ်းစကား ပြောဆိုမှုကြောင့် ကပ်ရောက်လာခြင်း ဖြစ်ပါသည်။ ထိုသဗ္ဗညုတဉာဏ်တော်၏ အကြောင်း အတ္ထုပ္ပတ် အစုံအလင်ကို သီလသုံးပါးကို ခွဲဝေလျက်, မိစ္ဆာဒိဋ္ဌိ ၆၂–ပါးကို ဝေဘန်ပိုင်းခြားပြီး, ပဋိစ္စ သမုပ္ပါဒ်ကို အကျဉ်းအားဖြင့် ထုတ်ဆောင်ပြ၍ ဗုဒ္ဓဂုဏ်တော်တို့ကို ထင်ရှားအောင် ပြုလျက်, တစ်သောင်းသော လောကဓာတ်ကို တုန်လှုပ်စေတတ်သော ဗြဟ္မဇာလသုတ်ကို အရဟတ္တဖိုလ်တည်းဟူသော အထွဋ်ဖြင့် ပြီးဆုံးစေလျက် ဟောကြားတော်မူလိုသောကြောင့် ဘုရားရှင် မဏ္ဍလမာဠသို့ ကပ်ရောက်လာရခြင်း ဖြစ်သည်ဟူသော အဓိပ္ပါယ်ကို ယေန, တေနဝယ် ဟေတွတ္ထ၌ သက်ထားသည့် နာဝိဘတ်များက ပြဆိုပါ၏။ (ဋ+ဋီသစ်)

မေး။ အဘယ်ကို ရည်ရွယ်၍ **"ပညတ္တေ အာသနေ နိသီဒိ"**ဟု ဆိုသနည်း၊ ပြည့်စုံစွာ ဖြေပြပါ။

ဖြေ။ ဤစည်းဝေးရာ ဇရပ်၌ ရှင်ဘုရင်အတွက် အများက ခေတ္တသုံးစွဲဘို့ရာ ခင်းထားသော နေရာရှိ၏။ ထိုထိုင်ရာ နေရာကို ခါ၍ ခင်းပြီးလျှင် ဘုရားရှင် နေရာတော်ကို ဝန်းရံလျက် ရဟန်းတို့သည် မြတ်စွာဘုရား၏ အဓိမုတ္တိကဉာဏ်ကို အကြောင်းပြု၍ ဂုဏ်ကို ချီးမွမ်းကုန်လျက် ထိုင်နေကြကုန်၏။ ထိုထိုင်ရာ နေရာ အခင်းကို ရည်ရွယ်၍ "ပညတ္တေ အာသနေ နိသီဒိ"ဟု ဆိုသည်။ (ဋ)

မေး။ **ပညတ္တေ အာသနေ နိသီဒိ၌** (က) အဘယ်သူ၏ နေရာ (ခ) အဘယ်သူတို့က ခင်းထားသည့် (ဂ) အဘယ် နေရာမျိုး ဖြစ်သည်ကိုလည်း ဖော်ပြပါ။

ttp://www.dhammadownload.com



ဖြေ။ (က) ဘုရားရှင်၏ နေရာ ဖြစ်သည်။
(ခ) ရဟန်းတော်တို့ ခင်းသည်။
(ဂ) နေရာမှာ = ရှင်ဘုရင်၏ နေရာဖြစ်သည်။

မေး။ ဘုရားရှင်၏ နေရာတော်ကို ရဟန်းတော်များ ခင်းထားပုံ အစီအရင်ကို သိသာရုံမျှ ရေးခဲ့ပါ။

ဖြေ။ ဌ၊ နှာ ၄၉-လာ ဗုဒ္ဓကာလေ ကိရ စာပိုဒ်ကို မြန်မာပြန်၍ ဖြေရုံသာ။

မေး။ ဝိသေသံ နိဗ္ဗတ္တေတုံ၌ ဝိသေသ အရကို ဖော်ပြပါ။

ဖြေ။ ဝိသေသအရ = မိမိတို့ ရအပ်သော တရားထက် လွန်မြတ်သော ဈာန်,မဂ်,ဖိုလ်ကို ယူပါ။ (ဋီသစ်)

မေး။ ပညတ္တေ အာသနေ နိသီဒိဟု ဆိုထားရကား ဘုရားရှင်အတွက် ထိုင်ရာအခင်းသည် ရဟန်းတို့၌ မရှိခဲ့သော် မည်ကဲ့သို့ စီစဉ်ရမည်နည်း။

ဖြေ။ ရဟန်းတို့သည် ခင်းစရာ အင်းပျဉ် စသည် မရှိခဲ့သော် သစ်ရွက်ဟောင်းတို့ကို စုပုံ၍ ထိုသစ်ရွက်ဟောင်းပေါ်၌ ပံသုကူသင်္ကန်းကို ဖြန့်ခင်းရမည်။ (ဌ)

မေး။ အဘယ်ကြောင့် "ဇာနန္တောယေဝ"ဟု အဋ္ဌကထာဆရာ ဆိုသနည်း။

ဖြေ။ "ဣမံ သံခိယဓမ္မံ ဝိဒိတွာ"ဟု ပါဠိတော်၌ ဆိုသောကြောင့် ဘုရားရှင်သည် ထိုရဟန်းတို့ ပြောဆိုအပ်သော စကားကို သိတော်မူပြီး ဖြစ်ကြောင်း ထင်ရှား၏။ ထို့ကြောင့် "ဇာနန္တောယေဝ"ဟု အဋ္ဌကထာဆရာ ဆိုသည်။

မေး။ ဘုရားရှင်သည် အဘယ်အကျိုးငှာ သိလျက် မေးတော်မူသနည်း။

ဖြေ။ ကထာဝတ္ထု မရှိလျှင် (မေးတော်မမူလျှင်) ထိုကထာဝတ္ထုအားလျော်စွာ အထက်အထက်၌ ဟောထိုက်သော စကားထူး အဆက်ဆက် မပေါ်ထွက်နိုင်သောကြောင့် ကထာသမုဋ္ဌာပန အကျိုးငှာ မေးတော်မူသည်။ (ဋီသစ်)

**(ဌ၊ နှာ ၅၀-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **အန္တရာကထာတိ** ကမ္မဋ္ဌာနမနသိကာရဥဒ္ဒေသပရိပုစ္ဆာဒီနံ အန္တရာ အညာ ကော ကထာ ဝါကျဝယ် အန္တရာ သဒ္ဒါသည် ဝေမဇ္ဈဟောခိုက် အန္တရာ၏ သမ္ဗန်ကို (ဝါ) အန္တရာသဒ္ဒါသည် အညတ္ထဟောခိုက် အန္တရာ၏ အပါဒါန်ကို ဂါမာဒီနံ စသော ပုဒ်တို့ကို ထည့်က ဖြစ်နိုင်သည်သာ မဟုတ်ပါလော၊ အဘယ်ကြောင့် အန္တရာ၏ သမ္ဗန် (ဝါ) အပါဒါန်ကို ကမ္မဋ္ဌာနမနသိကာရဥဒ္ဒေသပရိပုစ္ဆာဒီနံဟုသာ ထည့်ရသနည်း။

ဖြေ။ ကမ္မဋ္ဌာန်း နှလုံးသွင်းမှု, ပါဠိတော် သင်ကြားမှု, အဋ္ဌကထာ မေးမြန်းမှု စသည်များသည်သာ ရဟန်းတို့ ပြုအပ်ပြုကျင့်ထိုက်သော ကိစ္စအထူးဖြစ်၍ အန္တရာသဒ္ဒါက ငဲ့နေသော ရဟန်းတို့၏ အလုပ်ကိစ္စ အထူးများကို သမ္ဗန် (ဝါ) အပါဒါန်အဖြစ်ဖြင့် ထည့်ဆိုရလျှင် ထိုကမ္မဋ္ဌာန်း နှလုံးသွင်းမှု စသည်ကိုသာ သမ္ဗန် (ဝါ) အပါဒါန် အဖြစ် ဆိုသင့်ဆိုထိုက်သောကြောင့် ကမ္မဋ္ဌာနမနသိကာရဥဒ္ဒေသပရိပုစ္ဆာဒီနံဟုသာ အန္တရာသဒ္ဒါ၏ သမ္ဗန် (ဝါ) အပါဒါန်ကို ထည့်ဆိုသည်။ (ဋီသစ်)

မေး။ သင်္ဂါယနာ တင်ရာ၌ ဘုရားဟော စကားကိုသာ သင်္ဂါယနာ တင်သင့်လျက် ဧဝံ မေ သုတံ စသော နိဒါန်း စကားကို အဘယ်အကျိုးငှာ ထည့်သွင်း၍ ဆိုပါသနည်း။

ဖြေ။ ယူလွယ်စေခြင်း အကျိုးငှာလည်းကောင်း (ဌ)၊ ဒေသနာတော်၏ ကြာမြင့်စွာ တည်တံ့ပါစေခြင်း အကျိုးငှာ လည်းကောင်း၊ မပျောက်ပျက်စေခြင်း အကျိုးငှာလည်းကောင်း၊ ဒေသနာတော်၌ မတွေဝေစေခြင်းငှာ လည်းကောင်း၊ ဒေသနာတော်၏ ယုံကြည်ထိုက်သည်၏ အဖြစ်နှင့် ပြည့်စုံခြင်း အကျိုးငှာလည်းကောင်း၊ သဒ္ဓါတရား တိုးပွားပါစေခြင်း အကျိုးငှာလည်းကောင်း၊ သတ္ထုသမ္ပတ္တိ, သာသနသမ္ပတ္တိတို့ကို ထင်ရှားပြခြင်း အကျိုးငှာလည်းကောင်း၊ သတ္ထုပမာဏကို ပြသဖြင့် သာသနာတော်၏ ပမာဏကို ပြခြင်း အကျိုးငှာလည်း ကောင်း နိဒါန်းစကားကို ဆိုသည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ သုတ္တနိက္ခေပ လေးမျိုးတို့တွင် ပရဇ္ဈာသယနှင့် ပုစ္ဆာဝသိကတို့ကို အဋ္ဌုပ္ပတ္တိကဌ် ထည့်သွင်းလျှင် ဖြစ်နိုင်ပါလျက် အဘယ်ကြောင့် ပရဇ္ဈာသယနှင့် ပုစ္ဆာဝသိက နှစ်ပါးတို့ကို အဋ္ဌုပ္ပတ္တိက သုတ္တနိက္ခေပဌ် မထည့်သွင်းဘဲ သီးခြားခွဲထုတ်၍ ဟောရသနည်း။

ဖြေ။ သူတစ်ပါးတို့၏ အလိုအဇ္ဈာသယ သက်သက်ကိုသာ ငဲ့၍ ဟောထားသော သုတ်များကို ပရဇ္ဈာသယ သုတ္တနိက္ခေပဌ်သာ သွင်းယူရသောကြောင့်လည်းကောင်း၊ သူတစ်ပါးတို့က မေးမြန်းလာ၍ ဟောကြားထားသော သုတ်များကို ပုစ္ဆာဝသိက သုတ္တနိက္ခေပဌ်သာ သွင်းယူရသောကြောင့်လည်းကောင်း၊ ဆိုခဲ့ပြီးသော ပရဇ္ဈာသယနှင့် ပုစ္ဆာဝသိက နှစ်ပါးတို့မှ ကြွင်းကျန်သော အကြောင်း အဋ္ဌုပ္ပတ်များကို စွဲ၍ ဟောကြားထားသော သုတ်များကိုသာလျှင် အကြောင်းအဋ္ဌုပ္ပတ်၏အစွမ်းဖြင့် အဋ္ဌုပ္ပတ္တိက သုတ္တနိက္ခေပဌ် သွင်းယူအပ်သောကြောင့် လည်းကောင်း ပရဇ္ဈာသယနှင့် ပုစ္ဆာဝသိကတို့ကို အဋ္ဌုပ္ပတ္တိကဌ် မထည့်သွင်းရဘဲ သီးခြားခွဲထုတ်၍ ဟောပါသည်။ (ဋီသစ်)

မေး။ သုတ်တို့သည် ရာထောင်မက များပြားစွာ ရှိကြပါလျက် "စတ္တာရော ဟိ သုတ္တနိက္ခေပါ"ဟုသာ အဘယ်ကြောင့် အဋ္ဌကထာဆရာ ဆိုရသနည်း။

ဖြေ။ သုတ်တို့သည် ရာထောင်မက များလှကုန်သော်လည်း သံကိလေသ ဘာဂိယ စသော သာသနပဋ္ဌာန နည်းဖြင့် ၁၆-ပါး အပြားရှိသည်၏ အဖြစ်ကို မလွန်နိုင်သကဲ့သို့ ထို့အတူ အတ္တဇ္ဈာသယ စသော သုတ္တနိက္ခေပ လေးမျိုးကိုလည်း မလွန်နိုင်ကြကုန်။ (ဝါ) သုတ္တနိက္ခေပ လေးမျိုးဌ် အကျုံးဝင်ကြရကုန်၏။ ထို့ကြောင့် "စတ္တာရော ဟိ သုတ္တနိက္ခေပေါ"ဟု အဋ္ဌကထာဆရာ ဆိုသည်။ (ဋီသစ်)

**(ဌ၊ နှာ ၅၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သုတ္တနိက္ခေပ လေးမျိုးတို့တွင် ဤဗြဟ္မဇာလသုတ်ကို အဘယ်သုတ္တနိက္ခေပမျိုးဌ် သွင်းရပါမည်နည်း၊ အကြောင်းပြ ဖြေပါ။

ဖြေ။ ဗြဟ္မဒတ်လုလင်၏ ချီးမွမ်းခြင်း၊ သုပ္ပိယပရိဗိုဇ်၏ ကဲ့ရဲ့ခြင်းတို့ကြောင့် ဤသုတ်ကို ဟောရကား အဋ္ဌုပ္ပတ္တိက သုတ္တနိက္ခေပဌ် သွင်းရမည်။ (ဌ)

မေး။ အဋ္ဌုပ္ပတ္တိ နိက္ခေပကြောင့် ဖြစ်ပေါ်လာသော သုတ္တန်ဒေသနာတို့၏ အမည်မျှကို အဋ္ဌကထာ လာသည့်အတိုင်း ဖော်ပြပါ။

ဖြေ။ ဗြဟ္မဇာလသုတ်၊ ဓမ္မဒါယာဒသုတ်၊ စူဠသီဟနာဒသုတ်၊ စန္ဒူပမသုတ်၊ ပုတ္တမံသူပမသုတ်၊ ဒါရုက္ခန္ဓူပမသုတ်၊ အဂ္ဂိက္ခန္ဓူပမသုတ်၊ ဖေဏပိဏ္ဍူပမသုတ်၊ ပါရိစ္ဆတ္တကူပမသုတ် အစရှိသော သုတ်တို့ဖြစ်၏။ (ဌ)

မေး။ ဒေသနာကုသလော ပါဠ်ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ဒေသနာကုသလော ပါဠ်ဖြင့် ဘုရားရှင်၏ အရာဌာနအားလျော်စွာ သိတတ်သော ဂုဏ်ကိုလည်းကောင်း၊ ဘုရားရှင်အားလည်းကောင်း ချီးမွမ်းထောမနာ ပြုမှုကို ပြ၏။ (ဋီသစ်)

**(ဌ၊ နှာ ၅၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ပဓရတိ ပဋိဝိရုဒ္ဓါ သတ္တာ ဝါကျဌ် အဘယ်ကြောင့် ပရေ ဟူသော ပုဒ်ကို ပဋိဝိရုဒ္ဓါ သတ္တာဟု ဖွင့်ဆိုရသနည်း၊ ရှင်းလင်းစွာ ဖြေပြပါ။

ဖြေ။ အဝဏ္ဏံ ဘာသေယျုံ ဟူသော သဒ္ဒန္တရိက် (အနီးအနားဌ်ရှိသည့် သဒ္ဒါတစ်ပါး)ကို ထောက်ဆ၍ ဤနေရာဌ် ပရေသဒ္ဒါသည် အညတ္ထ၊ ဥတ္တမတ္ထ စသော အနက်တို့ကို မဟော၊ ရန်သူဖြစ်သော သူတို့သည်သာလျှင်

ttp://www.dhammadownload.com



ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုကြသောကြောင့် ရန်သူဖြစ်သော သူတို့ကိုသာလျှင် ဤနေရာ၌ ပရေသဒ္ဒါက ဟောကြားသည်။ ထို့ကြောင့် ပရေ ဟူသော ပုဒ်ကို ပဋိဝိရုဒ္ဓါ သတ္တာဟု အဋ္ဌကထာဆရာ ဖွင့်ဆိုခြင်း ဖြစ်သည်။ (ဂဏ္ဌိ)

အမှာ။ မမံ ဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုံ ဟူသော ပါဠိတော်နှင့်တွဲ၍ ရှုပါ။

မေး။ ဓမ္မနေတ္တိ ဋ္ဌပေတိ၌ ဓမ္မ အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ ဓမ္မ အရ = ဆယ်ပါးသော ဓမ္မတို့တွင် ပရိယတ္တိဓမ္မကို ယူပါ။
အကြောင်းကား = ပရိယတ္တိဓမ္မသည်သာလျှင် မဂ်,ဖိုလ်,နိဗ္ဗာန်ဟူသော သဒ္ဓမ္မသို့ ရောက်အောင် ပို့ဆောင်နိုင်စွမ်း သတ္တိရှိသောကြောင့်တည်း။ (ဋီသစ်)

မေး။ အာဟနတိ စေ္တ စိတ္တန္တိ **အာဃာတော**၌ စေ္တပုဒ် ပါသင့်/မပါသင့် နိုင်လုံသော အကြောင်းပြချက်ဖြင့် ဝိနိစ္ဆယ ချခဲ့ပါ။

ဖြေ။ ဋီကာဟောင်း၌ စေ္တ ဟူသော ပါဠိ မပါရှိသောကြောင့်လည်းကောင်း၊ စေ္တပုဒ် ပါလာခဲ့လျှင်လည်း အတ္ထယုတ္တိ မရှိသောကြောင့်လည်းကောင်း စေ္တပုဒ် မပါသင့်ပါ။ အာဟနတိ စိတ္တန္တိ အာဃာတော ဟူ၍သာ ရှိရမည်။ (ဋီသစ်)

အမှာ။ စေ္တပုဒ် ပါလာခဲ့သော် အတ္ထယုတ္တိ မရှိပုံကား ... "ပရမတ်တရား၊ ဝိဂြိုဟ်ကြား၊ ကတ္တား, ကရိဏ်း, ဘော။ ကရိဏ်း, ကတ္တာ၊ ဥပစာ၊ ဘောမှာ မုချဟော"ဟူသော အဋ္ဌသာလိနီ, ဋီကာကျော် စသည်တို့၏ အလိုကျ ဖြစ်သော နိယံအရ ပရမတ်တရား မှန်လျှင် ကတ္တုသာဓန, ကရဏသာဓန, ဘာဝသာဓန သုံးခုသာလျှင် ဝိဂ္ဂဟ ပြုရမည်။ ဤ၌ အာဃာတော ပုဒ်သည်လည်း ဒေါသစေတသိက်ဟူသော ပရမတ်တရားကို ရသည်။ ထို့ကြောင့် ဆိုခဲ့ပြီးသော သာဓနသုံးပါးမှ တစ်ပါး မည်သည့် သာဓနနှင့်မျှ ဝိဂ္ဂဟ မပြုရ၊ ပြုခဲ့လျှင် အနက် အဓိပ္ပါယ် ပျက်ယွင်း၍ အတ္ထယုတ္တိ မရှိသောကြောင့်လည်းကောင်း၊ အာဟနတိ စေ္တ စိတ္တန္တိ အာဃာတော၌ အဓိကရဏသာဓနကို မလိုအပ်သောကြောင့်လည်းကောင်း စေ္တပုဒ် မပါသင့်ပါ။ (အဖြေသစ်)

မေး။ ဤနေရာ၌ အာဃာတပုဒ်ကို အာဟနတိ စိတ္တန္တိ **အာဃာတော**ဟူ၍ အဘယ်ကြောင့် ကတ္တုသာဓန ဝိဂ္ဂဟ တစ်မျိုးသာ ပြုရသနည်း။

ဖြေ။ ဤနေရာ၌ အာဃာတပုဒ်သည် ဒေါသစေတသိက်ဟူသော ပရမတ္ထသဘာဝဓမ္မကို အရကောက်သောပုဒ် ဖြစ်သောကြောင့်လည်းကောင်း၊ အာဃာတ ဖြစ်ရာ၌ ဒေါသမှတစ်ပါးသော (သယံ)ကတ္တား မရှိဟူသော အနက်ကို ထွန်းပြလိုသောကြောင့်လည်းကောင်း အာဟနတိ စိတ္တန္တိ အာဃာတော ဟူ၍ ကတ္တုသာဓနဝိဂ္ဂဟ တစ်မျိုးသာ ပြုရသည်။ (ဋီသစ်)

မေး။ ကာရဏံ ပဋိက္ခိတ္တမေဝ၌ ကာရဏ ဟူသည် အဘယ်နည်း။

ဖြေ။ အာဃာတ စသည်တို့၏ ဖြစ်ဖို့အကြောင်းတို့ကို ပေါင်းစုစေခြင်းကို ကာရဏဟု ဆို၏။ အနက်အဓိပ္ပါယ် အားဖြင့် အာဃာတ စသည်ကို မိမိသန္တာန်၌ ဖြစ်စေခြင်းသာတည်း။

မေး။ ပါဠိတော်၌ "န အာဃာတော ။ပ။ ကရဏီယာ"ဟု အဘယ်ကြောင့် ဟောသနည်း။
(ဝါ) အဋ္ဌကထာ၌ "ကာရဏံ ပဋိက္ခိတ္တမေဝ"ဟု အဘယ်ကြောင့် ဆိုသနည်း။

ဖြေ။ အာဃာတ စသည်ကို မိမိသန္တာန်၌ မဖြစ်စေခြင်းကို ရည်ရွယ်၍ ပါဠိတော်၌ "န အာဃာတော ။ပ။ ကရဏီယာ"ဟု ဟော၏။ (ဝါ) အဋ္ဌကထာ၌ "ကာရဏံ ပဋိက္ခိတ္တမေဝ"ဟု ဆို၏။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ **တတြ စေ တုမှေ အဿထာတိ** စေသု အဝဏ္ဏဘာသကေသု၊ တသ္မိံ ဝါ အဝဏ္ဏေ တုမှေ ဘဝေယျာထ စေ၊ ယဒိ ဘဝေယျာထာတိ အတ္ထော ဝါကျဝယ် တသ္မိံ ဝါ အဝဏ္ဏေ၌ အာဓာရတ္ထ ဖြစ်သင့်/မဖြစ်သင့် အကြောင်းပြ ဆုံးဖြတ်ပါ။

ဖြေ။ တသ္မိံ ဝါ အဝဏ္ဏေဝယ် အာဓာရတ္ထ မဖြစ်သင့်။ နိမိတ္တတ္ထနှင့် ဘာဝေန ဘာဝလက္ခဏတ္ထသာ ဖြစ်သင့်၏။ အကြောင်းကား = ကောပနှင့် ဒေါမနဿတို့သည် ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ပြောဆိုသော ပုဂ္ဂိုလ်တို့နှင့်သာ စပ်၍ ဖြစ်သည့်အတွက် ကျေးဇူးမဲ့ ကဲ့ရဲ့စကားတို့သည် ကောပနှင့် ဒေါမနဿတို့၏ တည်ရာ မဖြစ်သင့်သော ကြောင့်တည်း။ (ဋီသစ်)

မေး။ စေနှင့်ယဒိတို့သည် ယဒျတ္ထ အနက်ဟော သဒ္ဒါချင်း တူပါလျက် "ဘဝေယျာထ စေ၊ ယဒိ ဘဝေယျာထ"ဟု ကြိယာနှင့် ယှဉ်တွဲရာ၌ ရှေ့/နောက်ပြောင်းပြန် အဘယ်ကြောင့် ထားသနည်း။

ဖြေ။ စေ-ဟု ရှိလျှင် ကြိယာ၏ နောက်၌ ထား၍၊ ယဒိဟု ရှိလျှင် ကြိယာ၏ ရှေ့၌ ထားရိုးထုံးစံ ရှိကြောင်းကို သိစေလိုသောကြောင့် "ဘဝေယျာထ စေ၊ ယဒိ ဘဝေယျာထ"ဟု ထားသည်။ (ဋီသစ်၊ ဘာဋီ)

မေး။ **တေန အန္တရာယော**၌ မည်သည့်အန္တရာယ်ကို ယူရမည်နည်း၊ အကြောင်းပြ၍ ဖြေဆိုပါ။

ဖြေ။ အန္တရာယော ပုဒ်ကို ပဌမဈာနာဒီနံ အန္တရာယောဟု အဋ္ဌကထာဆရာ ဖွင့်ဆိုသောကြောင့် ပဌမဈာန် စသည်တို့၏ အန္တရာယ်ကို ယူရမည်။

မေး။ ပါဠိတော်၌ **အန္တရာယော**ဟု သာမညသာ ဆိုပါလျက် "ပဌမဈာနာဒီနံ အန္တရာယော"ဟု အဋ္ဌကထာဆရာ အဘယ်ကြောင့် ဖွင့်ဆိုသနည်း။

ဖြေ။ ရဟန်းတော်များ ဖြစ်၍ ရဟန်းတို့၏ ပဌမဈာန် အစရှိသော တရားထူးတို့၏ အန္တရာယ်ဟု အရာအား လျော်စွာ အနက်ကို သိအပ်သောကြောင့်လည်းကောင်း၊ သိအပ်သော အနက်ရှိသော သဒ္ဒါ၏ ပြယုဂ်၌ အလိုရှိတိုင်း ဖြစ်နိုင်၊ ရေးသားနိုင်သောကြောင့်လည်းကောင်း "ပဌမဈာနာဒီနံ အန္တရာယော" ဟု ဖွင့်ဆိုသည်။ (ဋီသစ်)

မေး။ မနောပဒေါသ၏ ဒုတိယနည်း၊ တတိယနည်းတို့၏ အန္တရာယ်ပြပုံ အထူးကို ရေးခဲ့ပါ။

ဖြေ။ ဒုတိယနည်းလာ မနောပဒေါသသည် = ကာလကြာမြင့်မှ ဖြစ်မည့် ဟိတသုခ၏ အန္တရာယ်ကို ပြတတ်သည်။ တတိယနည်းလာ မနောပဒေါသကား = ထိုမနောပဒေါသ ဖြစ်ရာခဏ၌ ဖြစ်ထိုက်သော ဟိတသုခ၏ အန္တရာယ်ကို ပြတတ်သည်။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ **"အပိ နု တုမှေ ပရေသံ"** စသော တတိယနယကို အဘယ်ကြောင့် မိန့်ဆိုသနည်း။

ဖြေ။ မနောပဒေါသသည် ကာလကြာမြင့်မှ ဖြစ်မည့် ဟိတသုခ၏သာ အန္တရာယ်ကို ပြတတ်သည် မဟုတ်သေး။ ထိုမနောပဒေါသ ဖြစ်ရာခဏ၌ ဖြစ်ထိုက်သော ဟိတသုခ၏လည်း အန္တရာယ်ကို ပြတတ်သည်သာဟု ဒုတိယနည်း အပြစ်ပြပုံထက် ခိုင်မြဲစွာ အပြစ်ပြလိုသောကြောင့် "အပိ နု တုမှေ ပရေသံ"စသော တတိယနယကို မိန့်သည်။ (ဋီသစ်၊ ဘာဋီ)

မေး။ ဝစနတ္ထသလ္လက္ခဏမတ္တေပိ အသမတ္ထတံ ဒဿေန္တော ပါဌ်ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ဗျတိရေက၊ အန္ဝယတို့ဖြင့် ဖော်ပြပါ။

ဖြေ။ ဝစနတ္ထသလ္လက္ခဏမတ္တေပိ အသမတ္ထတံ ဒဿေန္တော ပါဌ်ဖြင့် = မနောပဒေါသသည် ကာလကြာမြင့်မှ ဖြစ်မည့် ဟိတသုခ၏သာ အန္တရာယ်ကို ပြတတ်သည် မဟုတ်သေး (ဗျတိရေက)၊ ထိုမနောပဒေါသ ဖြစ်ရာ ခဏ၌ ဖြစ်ထိုက်သော ဟိတသုခ၏လည်း အန္တရာယ်ကို ပြတတ်သည်သာ (အန္ဝယ) ဟူသော အဓိပ္ပါယ်ကို ပြသည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ (က) ပရေသန္တိ ယေသံ ကေသဉ္စိ။

(ခ) ကုပိတော ဟိ နေဝ ဗုဒ္ဓပစ္စေကဗုဒ္ဓအရိယသာဝကာနံ, န မာတာပိတူနံ, န ပစ္စတ္ထိကာနံ သုဘာသိတ ဒုဗ္ဘာသိတဿ အတ္ထံ အာဇာနာတိ။

ဖော်ပြပါ နှစ်ဝါကျတို့တွင် (က) ဝါကျ၌ အဘယ်ကြောင့် ပရေသံ ပုဒ်ကို ယေသံ ကေသဉ္စိဟု ဖွင့်ဆို ရသနည်း၊ နည်းစပ်ရာသဒ္ဒန္တရိက်ကို ထောက်ထားလျက် အကြောင်းသွင်း၍ ရှင်းပြ ဖြေဆိုပါ။

ဖြေ။ သုဘာသိတံ ဒုဗ္ဘာသိတံ အာဇာနေယျာထ ဟူသော သဒ္ဒန္တရိက် (အနီးအနားရှိ သဒ္ဒါတစ်ပါး) ပါဠိတော် ပုဒ်ကို ထောက်ထား၍ အပိ န တုမှေ ပရေသံ၌ ပရ သဒ္ဒါသည် ရန်သူတစ်ဦးတည်းကိုသာ ဟောနိုင်သည် မဟုတ်။ တုမှေပုဒ်ကို အပါဒါန်ခံ၍ ယင်းတုမှေမှ ကြွင်းကျန်သမျှသော ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယသာဝက, မိခင်,ဖခင်ဟူသော အပ္ပဋိဝိရုဒ္ဓ ပုဂ္ဂိုလ်များ၊ ရန်သူတည်းဟူသော ပဋိဝိရုဒ္ဓ ပုဂ္ဂိုလ်များအားလုံး သက်ဆိုင်ပါဝင် နေသောကြောင့် ပရေသံပုဒ်ကို အညတ္ထဟောဟူ၍ သိနိုင်ရန် ယေသံ ကေသဉ္စိဟု အဋ္ဌကထာဆရာ ဖွင့်ဆိုသည်။ (ဂဏ္ဍိ)

အမှာ။ အပိ န တုမှေ ပရေသံ သုဘာသိတံ ဒုဗ္ဘာသိတံ အာဇာနေယျာထာတိ ဟူသော ပါဠိတော်နှင့်တွဲ၍ ရှုပါ။

**(ဌ၊ နှာ ၅၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ရတနာသုံးပါးတို့သည် အဘယ်ကြောင့် "သဗ္ဗညူ၊ သွာက္ခာတဓမ္မ၊ သုပ္ပဋိပန္န" ဖြစ်ရသနည်း၊ အသီးသီး ဖြေဆိုခဲ့ပါ။

ဖြေ။ ငါတို့ဘုရားသည် မဖောက်မပြန် မှန်သောတရားကို ဟောတော်မူနိုင်သောကြောင့် "သဗ္ဗညူ"အစစ် ဖြစ်၏။ တရားတော်သည် ဧကန် ဝဋ္ဋဒုက္ခမှ ထွက်မြောက်တတ် သောကြောင့် "သွာက္ခာတဓမ္မ" ဖြစ်၏။ အရိယာသံဃာ တော်သည် ကိလေသာတို့မှ ကင်းသောကြောင့် "သုပ္ပဋိပန္နသံဃာ" ဖြစ်၏။ (ဋီသစ်)

မေး။ သာသနပစ္စတ္ထိကများက ဗုဒ္ဓ,ဓမ္မ,သံဃတို့၏ ကျေးဇူးမဲ့ကို ပြောလျှင် သည်းခံ၍ နေရမည်လော၊ မည်ကဲ့သို့ ပြုကျင့်ရမည်နည်း၊ သိသာရုံမျှ ဖြေဆိုပါ။

ဖြေ။ သာသနပစ္စတ္ထိကများက ဗုဒ္ဓ,ဓမ္မ,သံဃတို့၏ ကျေးဇူးမဲ့ကို ပြောလျှင် သည်းခံ၍ မနေသင့်ပါ။ ဒေါသမထွက်ဘဲ မဟုတ်မမှန်သည်ကို မဟုတ်မမှန်သောအားဖြင့် ဖြေရှင်းကြရမည်။

ဖြေရှင်းပုံကား = "ဤအကြောင်းကြောင့်လည်း သင်တို့ ပြောဆိုအပ်သော စကားသည် မဟုတ်ပါ။ ဤ အကြောင်းကြောင့်လည်း သင်တို့ ပြောဆိုအပ်သော စကားသည် မမှန်ပါ။ သင်တို့ ပြောဆိုအပ်သော မမှန်ကန်သော ဤသဘောတရားသည် ငါတို့၌ (အမှန်တကယ်) မရှိသည်သာတည်း။ သင်တို့ ပြောဆို အပ်သော မမှန်ကန်သော ဤသဘောတရားသည် ငါတို့၌ (အမှန်တကယ်) ထင်ရှား မရှိသည်သာတည်း"ဟု ပြန်လည်ဖြေရှင်းရမည်။ (ပါဠိတော်၊ နှာ ၃-နှင့် ဌ၊ နှာ ၅၃-လာ မနောပဒေါသံ စသော အဖွင့်ရှု)

မေး။ "ကဲ့ရဲ့ချီးမွမ်း၊ လူ့ထုံးတမ်း"နှင့် ကြုံခဲ့သော် မည်သို့ ကျင့်သုံးရမည်နည်း။

ဖြေ။ သူတစ်ပါးတို့က အပြစ်ပြောကြသော်လည်း ဒေါသ, ဒေါမနဿ ဖြစ်လျက် မကြောက်ကြနဲ့။ ချီးမြှောက်ကြ သော်လည်း ပီတိ, သောမနဿ တကြွကြွဖြစ်လျက် မမြောက်ကြနဲ့။ မိမိအလုပ်ကိုသာ တရားနှင့်လျော်အောင် လုပ်ရမည်။ (ဘာသာဋီကာ)

မေး။ ဒသဟိ အက္ကောသဝတ္ထူဟိ၌ ဒသ သရုပ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ဇာတိ၊ နာမ၊ ဂေါတ္တ၊ ကမ္မ၊ သိပ္ပ၊ အာဗာဓ၊ လိင်္ဂ၊ ကိလေသ၊ အာပတ္တိ၊ ဟီန။

ttp://www.dhammadownload.com



မေး။ ဣစ္စာပိ ဒိဋ္ဌိဟိ ပဒေဟိဒ္ဓ ပိသဒ္ဒါ၏ အနက်ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ပိသဒ္ဒါသည် အယမ္ပိ ပါရာဇိကော စသည်၌ကဲ့သို့ အဝဏ္ဏဘူမိကို ငဲ့သောကြောင့် သမုစ္စယတ္ထ ဖြစ်သည်။

မေး။ "တာဒီ"၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ လာဘ စသော ဣဋ္ဌဖြစ်သော လောကဓံ လေးပါးကိုလည်း အလာဘ စသော အနိဋ္ဌဖြစ်သော လောကဓံကဲ့သို့ ရှုတတ်သူ၊ အနိဋ္ဌဖြစ်သော လောကဓံ လေးပါးကိုလည်း ဣဋ္ဌဖြစ်သော လောကဓံ လေးပါးကဲ့သို့ ရှုတတ်သူကို "တာဒီ"ဟု ခေါ်သည်။ (တစ်နည်း) ဣဋ္ဌကို အနိဋ္ဌကဲ့သို့ ရှုခြင်း၊ အနိဋ္ဌကို ဣဋ္ဌကဲ့သို့ ရှုခြင်းသဘောကို "တာဒီ"ဟု ခေါ်သည်။ (ဘာဋီ၊ ဋီသစ်)

မေး။ တာဒိလက္ခဏာ၌ တာဒီ သရုပ်ကို အဓိပ္ပါယ်နှင့်တကွ ပြည့်စုံစွာ ဖော်ထုတ်၍၊ ဤနေရာ၌ ယူရမည့် တာဒီကို လည်း ညွှန်ပြခဲ့ပါ။

ဖြေ။ ၁။ ဣဋ္ဌာနိဋ္ဌေ တာဒီ – ကောင်းသောအာရုံကို မကောင်းသောအာရုံကဲ့သို့ ထပ်တူပြု၍ သည်းခံလျက် ရှုနိုင်စွမ်းသော ဂုဏ်ရှိသော ဘုရား, ရဟန္တာများ၊

၂။ စတ္တာဝီတိ တာဒီ – ရာဂ,ဒေါသ စသည်များကို စွန့်ပယ်ပြီးသော ဘုရား, ရဟန္တာများ၊

၃။ တိဏ္ဏာဝီတိ တာဒီ – ဩဃလေးပါးကို ကျော်လွန်ကူးမြောက်ပြီးသော ဘုရား, ရဟန္တာများ၊

၄။ မုတ္တာဝီတိ တာဒီ – ကိလေသာအားလုံးမှ လွတ်မြောက်ပြီးသော ဘုရား, ရဟန္တာများ၊

၅။ တံနိဒ္ဒေသာ တာဒီ – မိမိသန္တာန်၌ ထင်ရှားပြီးသော သီလ,သမာဓိ စသော ဂုဏ်တို့ဖြင့် ညွှန်းဆိုချီးမွမ်းထိုက်သော ဘုရား, ရဟန္တာများဟူ၍ တာဒီဘေဒ ငါးပါးရှိသည်။

ထိုငါးမျိုးတို့တွင် ဤနေရာ၌ ဣဋ္ဌာနိဋ္ဌေ တာဒီကို ယူပါ။ (မဟာ နိ+ဋီသစ်)

မေး။ မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုံ ဝါကျ၌ ပါသည့် ဝါသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ ဝိကပ္ပနတ္ထ။

မေး။ ဥပ္ပိလာဝိနော ဘာဝေါ **ဥပ္ပိလာဝိတတ္တံ**။ ကဿ ဥပ္ပိလာဝိတတ္တန္တိ **စေတသောတိ** ဝါကျ၌ ဥပ္ပိလာဝိတတ္တံမျှသာ ဆိုလျှင် အလိုရှိအပ်သော အနက်အဓိပ္ပါယ် ပြည့်စုံပါလျက် အဘယ်ကြောင့် စေတသော ပုဒ်ကို ထည့်ဆို ရသနည်း။

ဖြေ။ ဥပ္ပိလာဝိတတ္တံမျှသာ ဆိုလျှင် = စိတ်၏ လျှပ်ပေါ်ပျံ့လွင့်ခြင်းသာမက သတ္တဝါတို့၏ လျှပ်ပေါ်ပျံ့လွင့်ခြင်း ဟူ၍လည်း ကပ်ငြိလျှင်းပါးဘွယ်–ပသင်္ဂ ရှိနေ၍ ထိုပသင်္ဂကို နစ်စေလိုသောကြောင့်လည်းကောင်း (ဋ္ဌ၊ သျှဟောင်း)၊ တဒ္ဓိတ်တို့၏ သဘောသည် နိပ္ဖန္နပြီးလတ်သော် သာမည ပြန်ဖြစ်သွား၍ အရကောက် ပေါ်လွင် ထင်ရှားမှု မရှိ, ထိုဥပ္ပိလာဝိတတ္တဟူသော ပုဒ်သဒ္ဒါသည်လည်း သာမည၏ အဖြစ်, တဒ္ဓိတ်နာမ်ပုဒ်၏ အဖြစ်တို့ကြောင့် အရကောက် ပေါ်လွင်ထင်ရှားမှု မရှိတော့၍ မည်သူ၏ ပေါ်လွင်ပျံ့လွင့်မှုနည်းဟု သမ္ဗန္ဓိဝိသေသကို မေးစိစစ်ခဲ့သော် စိတ်၏ ပေါ်လွင်ပျံ့လွင့်မှု ဖြစ်၏ဟု ပြဆိုလိုသောကြောင့်လည်းကောင်း (ဋီသစ်)၊ စေတသောပုဒ်ကို ထည့်ဆိုရ၏။

မေး။ **တုမှံ့ယေဝဿ တေန အန္တရာယော**တိ တေန ဥပ္ပိလာဝိတေန ဝါကျဝယ် တေန ဟူသော တသဗ္ဗနာမ် ပုဒ်၏ အစွဲကို ပြရာ၌ ပီတိကို စွဲသော ဥပ္ပိလာဝိတေန ပုဒ်ကိုသာ ဆို၍ သောမနဿကို စွဲသော သောမနဿေနပုဒ် မဖွင့်ဆိုခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ သောမနဿမှ ကင်းသော ပီတိ မရှိသောကြောင့် ပီတိကို စွဲသော ဥပ္ပိလာဝိတေန ပုဒ်ကို ဆိုသဖြင့် သောမနဿကိုလည်း စွဲပြီး, ဖွင့်ပြီးသောကြောင့် သောမနဿေန ပုဒ်ကို မဖွင့်ဆိုပါ။

ttp://www.dhammadownload.com



(တစ်နည်း) သောမနဿ၏ အန္တရာယ် ပြုသည်၏အဖြစ် (ဝါ) ပြုခြင်းသည် ထင်ရှား၏။ ပီတိ၏ အန္တရာယ် ပြုခြင်းကား မထင်ရှားချေ။ ယင်းသို့ ပီတိ၏ အန္တရာယ်ပြုခြင်း မထင်ရှားသောကြောင့် မထင်ရှားသော ပီတိကို သိစေရန် ဥပ္ပိလာဝိတေန ပုဒ်ကိုသာ ဖွင့်ဆို၍ သောမနဿေန ပုဒ်ကို မဖွင့်ဆိုပါ။ (ဋီသစ်)

မေး။ အန္တရာယ်ကို ပြုရာ၌ သောမနဿလည်း ပြုနိုင်လျက် ပီတိကိုသာ ယူထားရခြင်း အကြောင်းကို ဖြေဆိုခဲ့ပါ။

ဖြေ။ ပီတိ ဖြစ်လေသမျှ သောမနဿလည်း မကင်းသည့်အတွက် ပီတိကို ယူလျှင် သောမနဿကိုလည်း ယူပြီး ဖြစ်သောကြောင့်တည်း။

(တစ်နည်း) သောမနဿ၏ မှီဝဲထိုက်, မမှီဝဲထိုက် နှစ်မျိုးရှိကြောင်းကို သုတ္တန်ပါဠိတော်တို့၌ တိုက်ရိုက် ဟောပြီး ဖြစ်၍ မမှီဝဲထိုက်သော သောမနဿ၏ အန္တရာယ် ပြုနိုင်ခြင်းမှာ ထင်ရှားပြီး ဖြစ်သောကြောင့် မထင်ရှားသော ပီတိကိုသာ ယူထားသည်။ (ဋီသစ်၊ ဘာဋီ)

**(၄၊ နှာ ၅၄–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ မြတ်စွာဘုရားသည် များစွာသော အခြားသော သုတ်တို့ဖြင့် ရတနာသုံးပါး၌ ဖြစ်သော ပီတိ, သောမနဿကို ချီးမွမ်းတော်မူပါလျက် ဤသုတ်၌ ပီတိ, သောမနဿဖြင့် ဈာန်စသည်တို့၏ အန္တရာယ်ဖြစ်၏ဟု ဟော တော်မူရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ မြတ်စွာဘုရားသည် အခြားသော သုတ်တို့ဖြင့် ချီးမွမ်းတော်မူသော ပီတိ, သောမနဿကား = ကာမမှ ထွက်မြောက်ကြောင်း ကုသိုလ်၌မှီသော "နေက္ခမ္မနိဿိတ" ပီတိ, သောမနဿတည်း။ ဤသုတ်၌ အာနန္ဒော သောမနဿံ စသည်ဖြင့် ဟောတော်မူသော ပီတိ, သောမနဿကား = ကာမဂုဏ် ငါးပါးတည်းဟူသော အိမ်ကို မှီ၍ ဖြစ်သော "ဂေဟဿိတ" ပီတိ, သောမနဿတည်း။ ထို့ကြောင့် မြတ်စွာဘုရားသည် ဤသုတ်၌ လာသော "ဂေဟဿိတ" ပီတိ, သောမနဿကိုသာ ရည်ရွယ်၍ ဈာန်စသည်တို့၏ အန္တရာယ်ဖြစ်၏ဟု ဟောတော်မူရခြင်း ဖြစ်သည်။

မေး။ (က) နေက္ခမ္မနိဿိတ၌ နေက္ခမ္မ အရ (ခ) ဂေဟဿိတ၌ ဂေဟ အရတို့ကို အသီးသီး ဖော်ပြပါ။

ဖြေ။ (က) နေက္ခမ္မ အရ = ကာမမှ ထွက်မြောက်ကြောင်း ဖြစ်သော ကုသိုလ်တရားကို ယူပါ။

(ခ) ဂေဟ အရ = အိမ်၌နေသူ လူတို့၏ အလေ့အကျင့် ဖြစ်သောကြောင့် ကာမဂုဏ်ကို ယူပါ။ (ဋီသစ်)

မေး။ ဘုရား သက်တော်ထင်ရှား ရှိစဉ် အရှင်ဆန္နထေရ် အဘယ်ကြောင့် တရားထူး မရသနည်း။

ဖြေ။ ဘုရားရှင်၌လည်းကောင်း၊ တရားတော်၌လည်းကောင်း ဖြစ်သော ဂေဟဿိတပေမ ရှိနေသောကြောင့် ဘုရား သက်တော်ထင်ရှား ရှိစဉ် အရှင်ဆန္နထေရ် တရားထူး မရခြင်း ဖြစ်သည်။

မေး။ "ဗြဟ္မဒဏ်"ဟူသည် အဘယ်နည်း။

ဖြေ။ "ဤမည်သော ရဟန်းကို စကား မပြောထိုက်, မဆုံးမထိုက်, မသွန်သင်ထိုက်"ဟု ရဟန်းတော်များ ကတိက ဝတ် ပြု၍ နေစေခြင်းတည်း။ (ဋီသစ်)

မေး။ အရှင်ဆန္နကို တရားထူး ရစေသော ဗြဟ္မဒဏ်၏ အကြောင်းကိုလည်း ရှင်းပြပါ။

ဖြေ။ အရှင်ဆန္နကို တရားထူး ရစေသော ဗြဟ္မဒဏ်ဟူသည်ကား . . .

"ဆန္နကို စိတ်ရှိတိုင်း ဆိုပစေ, မဆိုမဆုံးမကြကုန်လင့်, စကား မပြောကြကုန်လင့်"ဟု ကတိကဝတ် ပြု၍ နေစေခြင်းတည်း။ (နေရင်း)

မေး။ ပါဠိတော်ဝယ် အဝဏ္ဏာဘူမိ၌ တတိယဝါရကို ဟောသကဲ့သို့၊ ဝဏ္ဏာဘူမိ၌ တတိယဝါရကို အဘယ်ကြောင့် မဟောသနည်း။

ttp://www.dhammadownload.com



ဖြေ။ တရားဟောတော်မူရာ၌ ထိုတတိယဝါရဖြင့် သိစေထိုက်သော ပုဂ္ဂိုလ် မရှိသောကြောင့် တတိယဝါရကို ပါဠိတော်၌ မဟော။
(တစ်နည်း) ထိုအချိန်က မဏ္ဍလမာဠ၌ စည်းဝေးကြသော ရဟန်းတို့သည် ထိုအဓိပ္ပါယ်ကို နားလည်ကြပြီး ဖြစ်သောကြောင့် တတိယဝါရကို ပါဠိတော်၌ မဟောပါ။

မေး။ ပါဠိတော်ဝယ် ဝဏ္ဏဘူမိ၌ တတိယဝါရ မဟောထားပါလျက် အဘယ်ကြောင့် တတိယဝါရကို အဋ္ဌကထာဆရာ ဖွင့်ဆိုရသနည်း၊ ဥပမာနှင့်တကွ ဖြေခဲ့ပါ။

ဖြေ။ တတိယဝါရ၏ အနက်,အဓိပ္ပါယ်အားဖြင့် ဖြစ်သင့်,ရသင့်သောကြောင့် အဋ္ဌကထာဆရာ ဖွင့်သည်။
ဥပမာကား = ကထာဝတ္ထု ပါဠိတော်သည် ဘုရားဟောတော်မူစဉ်က အကျဉ်းမျှသာ ဖြစ်သော်လည်း အကျယ်ရသင့်သောကြောင့် တတိယသင်္ဂါယနာ တင်သောအခါ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်သည် အကျယ်ချဲ့ထွင်သကဲ့သို့တည်း။ (ဋီသစ်)

**(ဌ၊ နှာ ၅၄+၅၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ မဏ္ဍလမာဠ၌ စည်းဝေးကြသော ရဟန်းတို့၏ သန္တာန်၌ ဥပ္ပိလာပိတ ပီတိ, သောမနဿ ဖြစ်ကြသေး၍ "ဣတိပေတံ ဘူတံ" စသော ဓမ္မနေတ္တိကို ဗုဒ္ဓ ထားတော်မူသလော၊ ရှင်းလင်းစွာ ဖြေဆိုပါ။

ဖြေ။ မဏ္ဍလမာဠ၌ စည်းဝေးကြသော ရဟန်းတို့အား ဥပ္ပိလာပိတ ပီတိ, သောမနဿ မဖြစ်ကြပါ။ သို့သော် နောင်လာနောက်သားတို့၏ ဤသို့ ချီးမွမ်းခံရသောအခါ အကုသိုလ် ဖြစ်မည့်အရေးကို ကြိုတင်၍ တားမြစ်တော်မူလိုသောကြောင့် ဤဓမ္မနေတ္တိ (တရားဥပဒေသ)ကို ထားတော်မူသည်။ (ဋီသစ်)

**(ဌ၊ နှာ ၅၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ တရားဓမ္မ ရခြင်းကို လူပုဂ္ဂိုလ်တို့အား မပြောကြားရမူ၍ သဘာဂ ရဟန်းတို့အားသာ အဘယ့်ကြောင့် ပြောကြားရသနည်း။

ဖြေ။ သဘာဂ ရဟန်းတို့သည်သာ တရားထူးရသော ထိုရဟန်း၏ အကျိုးကို အလိုရှိကြကုန်၏။ တရားထူးရသော ရဟန်းကို ယုံကြည်ထိုက်သော စကားရှိသော ပုဂ္ဂိုလ်ဟူ၍လည်း မှတ်ထင်ကြကုန်၏။ ထို့ကြောင့် သဘာဂ ရဟန်းတို့အားသာ ပြောကြားရ၏။

မေး။ တရားထူး, တရားမြတ်ကို သဘာဂ ရဟန်းတို့အား ပြောဆိုခြင်းကြောင့် ရရှိသော အကျိုးတို့ကို ဖော်ပြပါ။

ဖြေ။ ၁။ မကောင်းသော အလိုရမ္မက် ရှိသည်၏ အဖြစ်မှ ကင်းခြင်းအကျိုး၊
၂။ ဘုရားသာသနာတော်၏ အချည်းနှီး မရှိသည်၏ အဖြစ်ကို ပြခြင်း အကျိုးတို့ကို ရ၏။ (ဌ)

မေး။ သေသံ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ ဝါကျ၌ ပါသည့် ဝုတ္တနယ အရကို ဖော်ပြပါ။

ဖြေ။ အဝဏ္ဏဘာသနကထာ၌ ဆိုအပ်ပြီးသော နည်းတို့ကို ရ၏။ (နေရင်း)
(တစ်နည်း) တတြ တုမှေဟီတိ တသ္မိံ အဝဏ္ဏေ တုမှေဟိ စသော စကားများနှင့် ဒုတိယံ ပဒံ ပဌမဿ, စတုတ္ထဥ္စ တတိယဿ ဝေဝစနံ စသော စကားတို့ကို ရ၏။ (စာစဉ်)

မေး။ **အပ္ပမတ္တကံ**ဟု ဟောက ပြီးကောင်းပါလျက် **ဩရမတ္တကံ သီလမတ္တကံ** ဟူသော ဝေဝုစ်တို့ကို အဘယ်ကြောင့် ဟောရသနည်း။

ဖြေ။ အပ္ပမတ္တကံပုဒ်ကို ဟောနေခိုက် အာရုံတစ်ပါး စိတ်ကစား၍ စိတ်နှလုံးပျံ့လွင့်ပြီး တရားမသိဘဲ ကျန်ရှိနေသူတို့အား ထိုတရား၏ အနက်အဓိပ္ပါယ်ကို သိစေခြင်းအကျိုးငှာလည်းကောင်း၊ ဝေဝုစ်ဖြင့် မဟောသော်

ttp://www.dhammadownload.com



သဒ္ဒါ၏ များစွာသော အနက်တို့ကို ဟောနိုင်သဖြင့် ဤ၌ အလိုရှိအပ်သော အနက်ထူးကို မသိနိုင်သော ကြောင့်လည်းကောင်း၊ ဝေဝုစ်ဖြင့် ဟောမှသာ ဤ၌ အလိုရှိအပ်သော အနက်ထူးကို အတိအကျ သိနိုင်သော ကြောင့်လည်းကောင်း "ဩရမတ္တကံ သီလမတ္တကံ"ဟူသော ဝေဝုစ်တို့ကို ဘုရားရှင် ဟောတော်မူ၏။ (ဋီသစ်)

မေး။ မြတ်စွာဘုရားသည် အကျိုးမဲ့ စကားလုံး တစ်လုံးကိုမျှ မိန့်တော်မူခြင်း မရှိပါဘဲလျက် သီလမေဝ **သီလမတ္တကံ** ဟု အဘယ့်ကြောင့် **သီလမတ္တကံ** ပုဒ်၌ မတ္တသဒ္ဒါကို အနက်မဲ့ဟု ဖွင့်ဆိုရပါသနည်း။

ဖြေ။ သီလမတ္တကံ၌ သီလပုဒ် ဟောသော အနက်ကိုပင် အထူးပြုခြင်း၏ အစွမ်းဖြင့် ထိုသီလပုဒ် ဟောသော အနက်ကို မတ္တသဒ္ဒါသည်လည်း ဟောနိုင်၏။ ထိုသို့ ဟောနိုင်သော်လည်း မတ္တသဒ္ဒါနှင့် ကင်း၍ သီလပုဒ် ဖြင့်ပင် အနက်ကို သိနိုင်သောကြောင့် မတ္တသဒ္ဒါကို အနက်မဲ့ဟု ဆိုသည်။ (ဋီသစ်)

အမှာ။ မတ္တသဒ္ဒါ အနက်မဲ့ဟူသည် = မိမိ၏ သီးခြားအနက် မရှိသည်ကိုသာ ရည်သည်။ "န တု သဒ္ဒါ အနတ္ထာ" ဟူသော ဘေဒစိန္တာ ပရိဘာသာအရ သီလဟူသော မိမိမှီရာ ပုဒ်၏အနက်၌ ပေါင်းမြှောင်, ကပ်မြှောင်၍ ကား ဟောနိုင်သည်ဟု မှတ်ပါ။

မေး။ **သီလမတ္တကံ**၌ အနက်မရှိသော မတ္တပုဒ်ကို အဘယ်အကျိုးငှာ မြတ်စွာဘုရား ဟောတော်မူသနည်း။

ဖြေ။ ပုဒ်တစ်ပါးသည် ဟောအပ်သော အနက်ကို အထူးပြုခြင်းငှာလည်းကောင်း၊ သီလဟု ဟောက မသိမူ၍ သီလမတ္တကံဟု ဟောမှသာ သစ္စာလေးပါးကို သိစွမ်းနိုင်သော ဝေနေယျတို့ သိလွယ်စေခြင်း အကျိုးငှာ လည်းကောင်း အနက်မရှိသော မတ္တပုဒ်ကို ဟောတော်မူ၏။ (ဋီသစ်)

မေး။ ဗြဟ္မဇာလသုတ်၌ စတုပါရိသုဒ္ဓိ သီလလေးမျိုးတို့တွင် ဟောသောသီလနှင့် မဟောသောသီလကို ခွဲခြားပြ၍၊ မဟောခြင်း အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

ဖြေ။ ဗြဟ္မဇာလသုတ်၌ = ပါတိမောက္ခသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ နှစ်မျိုးကိုသာ ဟောသည်။ ဣန္ဒြိယ သံဝရသီလနှင့် ပစ္စယသန္နိဿိတသီလတို့ကို မဟော။

အကြောင်းကား = ဣန္ဒြိယသံဝရသီလနှင့် ပစ္စယသန္နိဿိတသီလတို့သည် ပါတိမောက္ခသံဝရသီလ, အာဇီဝ ပါရိသုဒ္ဓိသီလတို့ကဲ့သို့ ပုထုဇဉ်အားလုံးတို့၌ ထင်ရှားသောသီလ မဟုတ်သောကြောင့်တည်း။ (ဋီသစ်)

**(၄၊ နှာ ၅၇-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သီလကို "အပ္ပမတ္တကံ ဩရမတ္တကံ"ဟု ဟောတော်မူရခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ သီလသည် သမာဓိ,ပညာတို့ကို မထောက်ဆ မနှိုင်းယှဉ်လျှင် မဟန္တ ဖြစ်သည်၊ ကြီးမြတ်သည်ကား မှန်၏။ ဤသုတ်၌ကား သမာဓိ,ပညာတို့ကို ထောက်ဆနှိုင်းယှဉ်သောကြောင့် သီလကို "အပ္ပမတ္တကံ ဩရမတ္တကံ"ဟု ဟောတော်မူရခြင်း ဖြစ်၏။

မေး။ ဘုရားရှင်၏ ခန္ဓာကိုယ်တော်မှ ရွှေသော ရောင်ခြည်တော်များ ထွက်ပေါ်လာပုံ ပြသည့် အဘိညာဉ် ဝီထိများကို မှန်ကန်စွာ ချပြပါ။

ဖြေ။ ဘုရားရှင်သည် ရွှေသော ရောင်ခြည်တော်များ ထွက်ပေါ်လာရန် အတွက် . . .

၁။ ပီတကသိုဏ်းကို အာရုံပြု၍ = န. ဒ. မ. ဥ. အနု. ဂေါ. ရူပါဝစရပဥ္စမဈာန်ဇော ၁-ကြိမ်၊ ထို့နောင် ဘဝင်နှစ်ကြိမ် ဖြစ်၍ အဓိဋ္ဌာနဝီထိ၏ အခြေခံပါဒကဖြစ်သော ပါဒကဈာနဝီထိသည် ရှေးဦးစွာ ဖြစ်ကာ ချုပ်၏။

ttp://www.dhammadownload.com



၂။ ယင်းပါဒကစျာနဝီထိ ကျပြီးနောက် မိမိဖန်ဆင်းလိုသော ရွှေရောင်ဟူသော အဓိဋ္ဌာတဗ္ဗအာရုံကို အာရုံပြု၍ "မယှံ ကာယတော သုဝဏ္ဏဝဏ္ဏံ နိက္ခမာပေမိ"ဟူ၍ စိတ်ထဲ၌ ဖြစ်ပေါ်အဓိဋ္ဌာန်ကာ = န. ဒ. မ. မဟာကြိယာဉာဏသမ္ပယုတ်ဇော ၇-ကြိမ် ဖြစ်၍ ထို့နောင် ဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်ကာ အဓိဋ္ဌာနဝီထိ၏ အဖြစ်ဖြင့် နှစ်ကြိမ်မြောက်သော အဓိဋ္ဌာနဝီထိသည် ဖြစ်ကာ ချုပ်၏။

၃။ အဓိဋ္ဌာနဝီထိ ကျပြီးနောက် အဘိညာဉ်၏ အခြေခံဖြစ်သော ပါဒကစျာနဝီထိသည် သုံးကြိမ်မြောက် အနေဖြင့် ရှေ့နည်းနှင့်ထပ်တူ = န. ဒ. မ. ဥ. အနု. ဂေါ. ရူပါဝစရပဥ္စမဈာန်ဇော ၁-ကြိမ်၊ ထို့နောင် ဘဝင်နှစ်ကြိမ် ဖြစ်ကာ ချုပ်၏။

၄။ ယင်းအဘိညာပါဒကစျာနဝီထိ ကျပြီးနောက် ပီတကသိဏ်းကိုပင် အာရုံပြု၍ = န. ဒ. မ. ဥ. အနု. ဂေါ. ဣဒ္ဓိဝိဓအဘိညာဉ်၏ အစွမ်းအားဖြင့် ဖြစ်သော ရူပါဝစရပဥ္စမဈာန်ဇော ၁-ကြိမ် ဖြစ်ကာ ချုပ်၏။ ဤဝီထိ၌ အဘိညာဉ်ဇော ဖြစ်သည်နှင့်တပြိုင်နက်တည်း ဘုရားရှင်၏ ကိုယ်တော်မှ ရွှေသော ရောင်ခြည်တော်များ ထွက်ပေါ်လာသည်။

အမှာ။ ပါဒကစျာနဝီထိများ၌ အာဝဇ္ဇန်း၏ နောက်၌ဖြစ်သော ဥပစာ. အနုလုံ. ဂေါတြဘုစိတ်များကို မဟာကြိယာဉာဏသမ္ပယုတ် ဇောစိတ်များဟုသာ မှတ်ပါ။ (ဋီသစ်)

နိယံ။ ပါဒကစျာန်၊ အဓိဋ္ဌာန်နှင့်၊ တစ်ဖန် ပါဒက၊ ဖြစ်ပြီးမှ၊ ကျထ အဘိညာ။

မေး။ နေရာဌာန အများ၌ ဆဗ္ဗဏ္ဏာ ရသ္မိယောဟုသာ ရှိပါလျက် တသ္မ သုဝဏ္ဏဝဏ္ဏာသရီရတော သုဝဏ္ဏဝဏ္ဏာ ရသ္မိယော ဥဂ္ဂန္တွာ ဂစ္ဆန္တိ ဝါကျ၌ "သုဝဏ္ဏဝဏ္ဏာ ရသ္မိယော" အဘယ်ကြောင့် ဆိုရသနည်း၊ "သုဝဏ္ဏဝဏ္ဏာ ရသ္မိယော"ဟုသာ ဆိုထားသောကြောင့် ဤနေရာ၌ ရွှေသော ရောင်ခြည်တော် တစ်မျိုးသာ ထွက်၏ဟု မှတ်ယူရမည်လော၊ အဘယ်ကဲ့သို့ မှတ်ယူရမည်နည်း၊ ရှင်းလင်းစွာ ဖြေဆိုခဲ့ပါ။

ဖြေ။ နေရာအများ၌ "ဆဗ္ဗဏ္ဏာ ရသ္မိယော ဥဂ္ဂန္တွာ ဂစ္ဆန္တိ - ရောင်ခြည်တော် ခြောက်သွယ် ထွက်၏"ဟု ဆိုထားသော စကားရပ်သည် အမှန်မုချအားဖြင့် ဆိုထားသော စကားရပ် ဖြစ်၏။ ဤနေရာ၌ "သုဝဏ္ဏဝဏ္ဏာ ရသ္မိယော ဥဂ္ဂန္တွာ ဂစ္ဆန္တိ-ရွှေသော ရောင်ခြည်တော်များ ထွက်၏"ဟု ဆိုထားသော စကားရပ်ကား အများအားဖြင့် ထွက်သော ရောင်ခြည်တော်ကို ရည်ရွယ်၍ ယေဘုယျနည်း + ဧကဒေသူပစာအားဖြင့် ဆိုထားသော စကားရပ်သာ ဖြစ်၏။

ထို့ကြောင့် ဤနေရာ၌လည်း အနည်းဖြစ်သော ရောင်ခြည်တော်၊ အများဖြစ်သော ရောင်ခြည်တော် နှစ်ပါးစုံကို ပေါင်း၍ ယူရမည်သာ ဖြစ်သောကြောင့် ရောင်ခြည်တော် ခြောက်သွယ်လုံးပင် ထွက်၏ဟူ၍ပင် မှတ်ယူရမည်။ ရွှေသော ရောင်ခြည်တော် တစ်မျိုးသာ ထွက်၏ဟု မမှတ်ရပါ။ (ဋီသစ်)

မေး။ ဝသီဘော်ငါးပါးကို အဓိပ္ပါယ်နှင့်တကွ တွဲစပ်၍ ဖော်ပြပါ။

ဖြေ။ ၁။ အာဝဇ္ဇန ဝသီဘော် = ပဌမဈာန်၏ အင်္ဂါငါးပါးတို့တွင် တစ်ပါးပါးသော အာရုံ၌ ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ လေးကြိမ် ငါးကြိမ်သော ဇော, နှစ်ကြိမ် သုံးကြိမ်သော ဘဝင်ထက် အလွန်သို့ မရောက်မူ၍ အထပ်ထပ် ဈာန်အင်္ဂါကို ဆင်ခြင်ခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော ဈာန်အင်္ဂါကို ဆင်ခြင်ခြင်းငှာ တတ်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိ၊

၂။ သမာပဇ္ဇန ဝသီဘော် = ဝင်စားခြင်းငှာ အလိုရှိသောသူ၏ အဖြစ်တည်းဟူသော စိတ်၏ အခြားမဲ့၌ နှစ်ကြိမ် သုံးကြိမ်သော ဘဝင်ထက် အလွန်သို့ မရောက်မူ၍ ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ ဝင်စားခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော ဈာန်ကို ဝင်စားခြင်းငှာ တတ်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိ၊

ttp://www.dhammadownload.com



၃။ အဓိဋ္ဌာန ဝသီဘော် = တံတားသည် ရေအလျဉ်ရှိသော မြစ်၏ ရေအလျဉ်ကို ဖြတ်သကဲ့သို့ ဘဝင်၏ အလျဉ်ကို ဖြတ်၍ ပိုင်းခြားတိုင်းသော ကာလပတ်လုံး ဈာန်ကို ထားခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော ဘဝင်ကျခြင်းမှ ဈာန်ကို စောင့်ခြင်းငှာ လျော်သော ဆောက်တည်ခြင်းငှာ တတ်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိ (ဝါ) ပိုင်းခြားတိုင်းသော ကာလမှ အထက်သို့ သွားခြင်းငှာ မပေးမူ၍ ဈာန်ကို ထားခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော ဆောက်တည်ခြင်းငှာ တတ်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိ၊

၄။ ဝုဋ္ဌာန ဝသီဘော် = ပိုင်းခြားတိုင်းသော ကာလကို မလွန်စေမူ၍ ဈာန်မှ ထခြင်း၌ စွမ်းနိုင်သော သူ၏ အဖြစ်တည်းဟူသော ဈာန်မှ ထခြင်းငှာ တတ်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိ (ဝါ) ပိုင်းခြားတိုင်းသော ကာလ၏ အတွင်း၌ မထမူ၍ ပိုင်းခြားတိုင်းသော ကာလ၏ အစွမ်းဖြင့်သာလျှင် ဈာန်မှ ထခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော ဈာန်မှ ထခြင်းငှာ တတ်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိ၊

၅။ ပစ္စဝေက္ခဏ ဝသီဘော် = ပဌမဈာန်၏ အင်္ဂါငါးပါးတို့တွင် တစ်ပါးပါးသော အာရုံ၌ ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ လေးကြိမ် ငါးကြိမ်သော ဇော, နှစ်ကြိမ် သုံးကြိမ်သော ဘဝင်ထက် အလွန်သို့ မရောက်မူ၍ အထပ်ထပ် ဈာန်အင်္ဂါကို ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဇောစိတ်ဖြင့် ဈာန်အင်္ဂါကို ဆင်ခြင်ခြင်းငှာ တတ်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိ။

မေး။ အာဝဇ္ဇန်း, ပရိကံ, အဓိဋ္ဌာန်စိတ်တို့ အသီးသီးဖြစ်ရခြင်း အကြောင်းကို ဖြေဆို၍၊ ပရိကံ အရကိုလည်း ဖော်ပြပါ။

ဖြေ။ စိတ်အကြိမ် ထူးကုန်သည်၏ အဖြစ်ကြောင့် အာဝဇ္ဇန်း, ပရိကံစိတ်တို့သည် အသီးသီးသာလျှင် ဖြစ်ကုန်၏။ ကသိုဏ်းအာရုံ ထူးကုန်သည်၏ အဖြစ်ကြောင့် အဓိဋ္ဌာန်စိတ်တို့သည်လည်း အသီးသီးသာလျှင် ဖြစ်ကုန်၏။ ပရိကံ အရ = အာဝဇ္ဇန်း၏ အဆုံး၌ သုံးကြိမ်ဖြစ်သော ဇောတို့ကို ယူပါ။

### (၄၊ နှာ ၅၈-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ တိဏ္ဏသန္ထာရံ သန္ထရိတွာ တိသန္ဓိပလ္လင်္ကံ အာဘုဇိတွာ ။ပ။ စုဒ္ဒသဟတ္ထပလ္လင်္ကဝရ ဂတော ဟူသော စကား၌ ၁၄-တောင်ဟူသည် ပလ္လင်၏ အမြင့်/အကျယ် နှစ်မျိုးတို့တွင် အဘယ်ကို ယူသင့်သနည်း၊ ယုတ္တိပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ စုဒ္ဒသ အရ = ၁၄-တောင် အမြင့်ကို မယူသင့်၊ ၁၄-တောင် အကျယ်အပြန့်ကိုသာ ယူပါ။
တိဏ္ဏသန္ထာရံ သန္ထရိတွာ ဟူသော ဤအဋ္ဌကထာ စကားရပ်နှင့် တိဏာနိ သန္ထရိတွာ ။ပ။ ပုရတ္ထိမာဘိမုခေါ နိသီဒိတွာ ဟူသော ဓမ္မပဒဋ္ဌကထာ အဋ္ဌသာလိနီအဋ္ဌကထာ ပါဠိတို့ကို ထောက်၍ ထိုမြက်ရှစ်ဆုပ်တို့သည် မနှိုင်းယှဉ်အပ်သော ကောင်းမှု၏ အာနုဘော်ကြောင့် ၁၄-တောင် ကျယ်ပြန့်သော ပလ္လင်၏ အဖြစ်ဖြင့် ဖြစ်ကုန်၏ဟု ဆိုသောကြောင့်လည်းကောင်း၊ ၁၄-တောင် အမြင့်ယူသော် ကောင်းကင်၌ မြှောက်ချီ၍ မြက်အခင်းကို ခင်း၏၊ မြေ၌ မခင်းဟူသော မလိုလားအပ်သောအနက် ရောက်ရာသောကြောင့်လည်းကောင်း တည်း။ (ဋီသစ်)

မေး။ တိသန္ဓိ ပလ္လင်္ကံ အာဘုဇိတွာ၌ တိသန္ဓိ သရုပ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ တိသန္ဓိ သရုပ်ကား . . .

၁။ ခါးဆက်ရိုးနှင့် တင်သားရိုး စပ်ခြင်း၊

၂။ ကျောက်ကုန်းရိုး အချင်းချင်း စပ်ခြင်း၊

ttp://www.dhammadownload.com



၃။ လည်ကုပ်ရိုးနှင့် ဦးခေါင်းရိုး စပ်ခြင်း။ (နိသျှဟောင်း)

(ဝါ) ၁။ လက်ျာပေါင်ရိုးနှင့် လက်ျာမြင်းခေါင်းရိုး စပ်ခြင်း၊

၂။ လက်ဝဲပေါင်ရိုးနှင့် လက်ဝဲမြင်းခေါင်းရိုး စပ်ခြင်း၊

၃။ ပေါင်ရင်းရိုးနှင့် ခါးရိုး စပ်ခြင်း။ (ဋီသစ်)

(ဝါ) ၁။ ပေါင်ရင်းရိုး ဆုံရာ၌ ထောင့်တစ်ခု၊

၂။ လက်ျာပေါင်နှင့် လက်ျာသလုံးမြင်းခေါင်း ဆုံရာ၌ ထောင့်တစ်ခု၊

၃။ လက်ဝဲပေါင်နှင့် လက်ဝဲသလုံးမြင်းခေါင်း ဆုံရာ၌ ထောင့်တစ်ခု။ (ဋီသစ်)

အမှာ။ တင်ပလ္လင်ခွေ ထိုင်ကြည့်လျှင် ထောင့်သုံးခုကို တွေ့ရမည်။ ဤအလို သန္ဓိသဒ္ဒါသည် ကောဏ (ထောင့်) အနက်ကို ဟော၏ဟု မှတ်ပါ။

မေး။ စတုရင်္ဂသမန္နာဂတံ မေတ္တာကမ္မဋ္ဌာနံ ပုဗ္ဗင်္ဂမံ ကတွာ ဝီရိယာဓိဋ္ဌာနံ အဓိဋ္ဌာယ၌ "စတုရင်္ဂ" သရုပ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ စတုရင်္ဂ သရုပ်ကား . . .

၁။ အတ္တာ–မိမိကိုယ် ၂။ မိတ္တော–အဆွေခင်ပွန်း ၃။ မဇ္ဈတ္တ–မိတ်ဆွေလည်း မဟုတ်, ရန်သူလည်း မဟုတ်မူ၍ အလယ်အလတ်ဖြစ်သူ ၄။ ဝေရီ–ရန်သူ။

အမှာ။ ဤကား = စတုရင်္ဂသမန္နာဂတံ ပုဒ်ကို မေတ္တာကမ္မဋ္ဌာနနှ်၌ စပ်ခိုက် ဤလေးပါးတို့၌ အမျှဖြစ်ခြင်း၏ အစွမ်းဖြင့် အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယကို ဆိုလို၏။

(တစ်နည်း) ၁။ အရေ ကြွင်းစေ ၂။ အကြော ကြွင်းစေ ၃။ အရိုး ကြွင်းစေ ၄။ ကိုယ်၌ အသား အသွေးများ ခြောက်ခန်းစေ။

အမှာ။ ဤကား = စတုရင်္ဂသမန္နာဂတံ ပုဒ်ကို ဝီရိယာဓိဋ္ဌာနနှ်၌ စပ်ခိုက် ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်ခြင်းကို ဆိုလို၏။

မေး။ ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ။ အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏေကော ပုထုဇ္ဇနော ဂါထာကို အဘယ်အကျိုးငှာ ဟောဆိုရေးသားထားရကြောင်းကို အန္ဝယနည်း, ဗျတိရေကနည်းတို့ဖြင့် ရှင်းလင်းပြခဲ့ပါ။

ဖြေ။ ဒုဝေ ပုထုဇ္ဇနာ စသော ဂါထာကို ဆိုထားခြင်းသည် = ဤနေရာ ပုထုဇဉ် အမျိုးအစားတို့၌ ရသင့်,ရထိုက်သော အမျိုးအစား ခွဲခြားဝေဘန်မှုကို ပြလိုသောကြောင့် ဆိုထားခြင်း ဖြစ်သည်။ ဤကား အန္ဝယနည်းတည်း။ ပုထုဇဉ်ကို အထူးဝိသေသ ပြု၍ ထုတ်ဆောင်ခြင်းငှာ ပြဆိုထားခြင်းကား မဟုတ်ပါ။ ဤကား ဗျတိရေက နည်းတည်း။

အကြောင်းကား = ဤနေရာ၌ ပုထုဇဉ်အားလုံးကို အကြွင်းအကျန် မရှိသောအားဖြင့်သာလျှင် အလိုရှိအပ် သောကြောင့်တည်း။ (ဋီသစ်)

မေး။ အဘယ်ကြောင့် မြတ်စွာဘုရားကို "အာဒိစ္စဗန္ဓု–နေမင်း၏ အဆွေ"ဟု ဆိုသနည်း။

ဖြေ။ နေမင်းသည်လည်း ဂေါတမအနွယ်, ဘုရားသည်လည်း ဂေါတမအနွယ် ဖြစ်၍ အနွယ်ချင်း စပ်သောကြောင့် မြတ်စွာဘုရားကို "အာဒိစ္စဗန္ဓု–နေမင်း၏ အဆွေ"ဟု ဆို၏။ (ဋီသစ်)

**(ဌ၊ နှာ ၅၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဥဂ္ဃဋိတညူဝိပဉ္စိတညူနေယျပဒပရမ (?)

ဥဂ္ဃဋိတညူ ... 

မေး။ ဥဂ္ဃဟပရိပုစ္ဆာသဝနဓာရဏပစ္စဝေက္ခဏာနိ ပါဠ်၌ လာသော (က) ဥဂ္ဃဟ (ခ) ပရိပုစ္ဆာ (ဂ) သဝန (ဃ) ဓာရဏ (င) ပစ္စဝေက္ခဏာတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ttp://www.dhammadownload.com



ဖြေ။ (က) ပါဠိကို နှုတ်တက်ရအောင် သင်ယူခြင်းသည် ဥဂ္ဂဟ မည်၏။
(ခ) ပါဠိတော်၏ အနက်အဓိပ္ပါယ်ကို အဖန်ဖန်မေးခြင်းသည် ပရိပုစ္ဆာ မည်၏။
(ဂ) အဋ္ဌကထာဖွင့် အနေအားဖြင့် အနက်အဓိပ္ပါယ်ကို သောတဒ္ဒါရနှင့် စပ်အောင်ပြုခြင်း, နာကြားခြင်းသည် သဝန မည်၏။
(ဃ) သဒ္ဒါတို့ကို မှန်ကန်စွာ ထားခြင်း, အနက်တို့ကို မှန်ကန်စွာ သိခြင်းအားဖြင့် ပါဠိတော်ကို အာဂုမ်နှုတ်တက် ဆောင်ရွက်ခြင်းသည် ဓာရဏ မည်၏။
(င) ဤသို့ ကြားနာဆောင်ရွက် လေ့ကျက်အပ်ပြီးသော တရားတို့ကို ကြံစည်ခြင်း, စိတ်ဖြင့် အဖန်ဖန် ရှုဆင်ခြင်ခြင်းသည် ပစ္စဝေက္ခဏာ မည်၏။ (ဋီသစ်)

မေး။ အဘယ်ပုဂ္ဂိုလ်မျိုးသည် "အန္ဓပုထုဇဉ်၊ ကလျာဏပုထုဇဉ်" မည်သနည်း၊ အသီးသီး ဖြေခဲ့ပါ။

ဖြေ။ ခန္ဓာ, ဓာတ်, အာယတန စသည်တို့၌ ပါဠိကို သင်ယူခြင်း, အနက်အဓိပ္ပါယ်ကို မေးမြန်းခြင်း, အနက်အဓိပ္ပါယ်ကို နာကြားခြင်း, ပါဠိကို ဆောင်ခြင်း, ကြံစည်ဆင်ခြင်ခြင်း မရှိသော ပုဂ္ဂိုလ်သည် "အန္ဓပုထုဇဉ်" မည်၏။

ခန္ဓာ, ဓာတ်, အာယတန စသည်တို့၌ ပါဠိကို သင်ယူခြင်း, အနက်အဓိပ္ပါယ်ကို မေးမြန်းခြင်း, အနက်အဓိပ္ပါယ်ကို နာကြားခြင်း, ပါဠိကို ဆောင်ခြင်း, ကြံစည်ဆင်ခြင်ခြင်း ရှိသော ပုဂ္ဂိုလ်သည် "ကလျာဏပုထုဇဉ်" မည်၏။

### (၄၊ နှာ ၆၀-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ပါရမီ သုံးမျိုးတို့၏ အထူးကို ဖြေခဲ့ပါ။

ဖြေ။ ၁။ သား, မယား, ဥစ္စာ စသော အဆောက်အဦကို စွန့်ခြင်းသည် ဒါနပါရမီ။
၂။ မိမိ အင်္ဂါကြီးငယ်ကို စွန့်ခြင်းသည် ဒါနဥပပါရမီ။
၃။ မိမိ အသက်ကို စွန့်ခြင်းသည် ဒါနပရမတ္ထပါရမီ။ (ဋီသစ်)

မေး။ ပါရမီ ၁၀-ပါးကို ဖော်ပြပါ။

ဖြေ။ ဒါနံ သီလဉ္စ နေက္ခမ္မံ၊ ပညာ ဝီရိယေန ပဉ္စမံ။
ခန္တိ သစ္စမဓိဋ္ဌာနံ၊ မေတ္တုပေက္ခာတိ တေ ဒသ။

နိယံ။ ဒါ, သီ, နေက်, ပ၊ ဝီရိယ, ခန္တီ၊ တလီ သစ္စာ၊ ဓိ, မေတ္တာ၊ နောက်မှာ ဥပေက်ထား။

အမှာ။ ဗုဒ္ဓကာရကဓမ္မ ၁၀-ပါးကို ရေးပါဟု မေးသော် = ပါရမီ ၁၀-ပါးကိုပင် ရေးပါ။
ယင်းပါရမီ ၁၀-ပါးကိုပင် ဒါန, ဒါနဥပ, ဒါနပရမတ္ထ ဟူသော ပါရမီ ၃-ပါးဖြင့် မြှောက်သော် ပါရမီ ၁၀-ပါးသည် အပြား ၃၀-ဖြစ်၏။

မေး။ မဟာကရုဏာရှင် ဖြစ်တော်မူကုန်သော ဘုရားအလောင်းတို့သည် သတ္တဝါတို့၌ လျစ်လျူရှုခြင်း ဥပေက္ခာပါရမီကို ဖြည့်သင့်ပါသလော၊ ရှင်းပြဖြေဆိုပါ။

ဖြေ။ ဘုရားအလောင်းတို့ ဖြည့်သော ဥပေက္ခာပါရမီဟူသည် သတ္တဝါတို့၌ လျစ်လျူရှုသည် မဟုတ်၊ သတ္တဝါတို့သည် ပြုအပ်သော ဖောက်ပြန်သော (ဝိပ္ပကာရ) အမှုတို့၌သာလျှင် လျစ်လျူရှုသည်။ ထို့ကြောင့် ဥပေက္ခာပါရမီကို ဖြည့်သင့်၏။ (ဋီသစ်)

မေး။ ပဉ္စ မဟာပရိစ္စာဂ သရုပ်ကို ဖော်ထုတ်ပါ။

ဖြေ။ အင်္ဂ ပရိစ္စာဂ၊ ဇီဝိတ ပရိစ္စာဂ၊ ဓန ပရိစ္စာဂ၊ ရဇ္ဇ ပရိစ္စာဂ၊ ပုတ္တဒါရ ပရိစ္စာဂ။ (သီ၊ ၄-အလို)

ttp://www.dhammadownload.com



မေး။ ပါရမီဆယ်ပါး အပြားသုံးဆယ်၌ ဒါနပါရမီ ပါဝင်ပြီး ဖြစ်လျက် အဘယ်ကြောင့် မဟာပရိစ္စာဂကို အသီး အခြား ထပ်၍ဆိုရသနည်း။

ဖြေ။ ပါရမီဆယ်ပါး အပြားသုံးဆယ်၌ ဒါနပါရမီ ပါဝင်ပြီး ဖြစ်သော်လည်း ... ပရိစ္စာဂ အထူး၏ အဖြစ်ကို ပြလိုသောကြောင့်လည်းကောင်း၊ ဝိသေသသမ္ဘာရ၏ အဖြစ်ကို ပြလိုသောကြောင့်လည်းကောင်း၊ မဟာ ပရိစ္စာဂ၏ အလွန်ပြုနိုင်ခဲသည်၏ အဖြစ်ကို ပြလိုသောကြောင့်လည်းကောင်း မဟာပရိစ္စာဂကို အသီးအခြား ထပ်၍ ဆိုရသည်။

မေး။ ဖွားမြင်တော်မူစ ဘုရားအလောင်းတော် ကြွတော်မူပုံကို ကြောင်း+ကျိုး ၇-ချက် ဆက်စပ်၍ တင်ပြပါ။

ဖြေ။ ၁။ ဖွားတော်မူပြီးလျှင် မူပြီးခြင်း ညီညွတ်သော ခြေတို့ဖြင့် မြေပြင်၌ ရပ်တည်ခြင်းသည် ဣဒ္ဓိပါဒ်လေးပါး ရခြင်းအကျိုး၊

၂။ မြောက်အရပ်သို့ ရှေ့ရှု မျက်နှာမူခြင်းသည် အလုံးစုံသော လောကုတ္တရာ ဖြစ်နိုင်ခြင်းအကျိုး၊

၃။ ခုနစ်လှမ်း လှမ်းခြင်းသည် ဗောဇ္ဈင်ခုနစ်ဖြာ ရတနာကို ရခြင်းအကျိုး၊

၄။ စာမရီ သားမြီးယပ် ပစ်ချခြင်းသည် တိတ္ထိတို့ကို နှိမ်နင်းနိုင်ခြင်းအကျိုး၊

၅။ ထီးဖြူ ဆောင်းခံရခြင်းသည် အရဟတ္တဖိုလ် ဝိမုတ္တိထီးဖြူကို ရခြင်းအကျိုး၊

၆။ အလုံးစုံသော အရပ်မျက်နှာတို့ကို ကြည့်ရှုခြင်းသည် သဗ္ဗညုတဉာဏ်ကို ရခြင်းအကျိုး၊

၇။ နွဲ့ရှားခြင်း ကင်းသည့် ရဲရင့်သော စကားကို ဆိုခြင်းသည် အခြားသူတို့ မလည်စေနိုင်သော မြတ်သော ဓမ္မစက်ကို ဖြစ်စေနိုင်ခြင်း အကျိုးတို့ပင် ဖြစ်၏။ (စာစဉ်)

**(၄၁၊ နှာ ၆၄-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ***တထဓမ္မေ ယာထာဝတော*** ။ပ။ တထမေတံ အဝိတထမေတံ အနညထမေတံ၌ လာသော "တထ၊ ဓမ္မ၊ အဝိတထ၊ အနညထ"တို့၏ ထူးခြားချက်ကို ဖော်ပြပါ။

ဖြေ။ မိမိတို့၏ သဘောလက္ခဏာများကို စွန့်လွှတ်မှု မရှိကြသောကြောင့် (ဝါ) မဖောက်မပြန်သောသဘော ရှိသောကြောင့် သစ္စာလေးပါး တရားတို့သည် "တထ" မည်၏။

သစ္စာလေးပါး တရားတို့သည် မဖောက်မပြန်သောသဘော ရှိသောကြောင့် "ဓမ္မ" မည်၏။

မိမိတို့၌ရှိသော သဘောလက္ခဏာများ အချည်းနှီး အလဟဿ မဟုတ်ကြသောကြောင့် (ဝါ) မမှားသော သဘော ရှိသောကြောင့် သစ္စာလေးပါး တရားတို့သည် "အဝိတထ" မည်၏။

သစ္စာတရား တစ်ပါးသည် အခြားတစ်ပါးသော သစ္စာအဖြစ်သို့ ပြောင်းလွဲ၍ ဖြစ်ကြရိုး ထုံးတမ်းစဉ်လာ ဓမ္မတာ မရှိကြသောကြောင့် (ဝါ) တစ်ပါးသော အခြင်းအရာမှ ကင်းသောကြောင့် သစ္စာလေးပါး တရား တို့သည် "အနညထ" မည်၏။

မေး။ သစ္စာလေးပါးတို့တွင် သံကိလိဋ္ဌသစ္စာ/ အသံကိလိဋ္ဌသစ္စာတို့ကို အကြောင်းနှင့်တကွ ခွဲခြားပြခဲ့ပါ။

ဖြေ။ ကိလေသာတို့၏ ဖျက်ဆီးမှုကို ခံနေရသောကြောင့် ဒုက္ခနှင့် သမုဒယ သစ္စာနှစ်ပါးသည် သံကိလိဋ္ဌသစ္စာ မည်၏။ ကိလေသာတို့၏ ဖျက်ဆီးမှုကို မခံရသောကြောင့် မဂ္ဂနှင့် နိရောဓ သစ္စာနှစ်ပါးသည် အသံကိလိဋ္ဌ သစ္စာ မည်၏။ (ဋီ)

မေး။ သစ္စာလေးပါးတို့တွင် ဟေတုသစ္စာ/ ဖလသစ္စာတို့ကို အကြောင်းနှင့်တကွ ခွဲခြားပြခဲ့ပါ။

ဖြေ။ တဏှာဟူသော သမုဒယသစ္စာသည် ဖြစ်စေအပ်သောကြောင့် (ဝါ) တဏှာဟူသော သမုဒယသစ္စာက ဖြစ်လာအောင် ပြုလုပ်ထားသည့် အကျိုးတရား ဖြစ်သောကြောင့် ဒုက္ခသစ္စာသည် ဖလသစ္စာ မည်၏။ မဂ္ဂ

ttp://www.dhammadownload.com



သစ္စာသည် ရောက်စေအပ်သော အကျိုးတရား ဖြစ်သောကြောင့် နိရောဓသစ္စာသည် ဖလသစ္စာ မည်၏။ ဆင်းရဲဟူသော ဒုက္ခသစ္စာကို ဖြစ်စေတတ်သော (ဝါ) ဖြစ်အောင် ပြုလုပ်တတ်သော အကြောင်းတရား ဖြစ်သောကြောင့် သမုဒယသစ္စာသည် ဟေတုသစ္စာ မည်၏။ နိဗ္ဗာန်ဟူသော နိရောဓသစ္စာသို့ ရောက်စေတတ်သော အကြောင်း ဖြစ်သောကြောင့် မဂ္ဂသစ္စာသည် ဟေတုသစ္စာ မည်၏။ (ရှု)

မေး။ (က) သစ္စာကို လေးပါးထက် ပိုလွန်၍ ငါးပါး,ခြောက်ပါး စသည်ဖြင့် မဟောခြင်း အကြောင်း (ခ) သစ္စာကို လေးပါးအောက် ယုတ်လျော့၍ သုံးပါး,နှစ်ပါး စသည်ဖြင့် မဟောခြင်း အကြောင်းတို့ကို ရေးခဲ့ပါ။

ဖြေ။ (က) သစ္စာတရားများကို လေးပါးမျှသာ ဟောကြားထားခဲ့လျှင်ပင် ဆိုခဲ့ပြီးသည့်အတိုင်း သံကိလိဋ္ဌ, အသံကိလိဋ္ဌ, ဟေတု, ဖလတို့၏ အစွမ်းအားဖြင့် ပြည့်စုံလုံလောက်နေပြီ ဖြစ်သောကြောင့် သစ္စာကို လေးပါးထက် ပိုလွန်၍ ငါးပါး,ခြောက်ပါး စသည်ဖြင့် မဟောကြားတော့ပါ။

(ခ) သံကိလိဋ္ဌ, အသံကိလိဋ္ဌ, ဟေတု, ဖလတို့၏ အစွမ်းအားဖြင့် ပြည့်စုံလုံလောက်မှု မရှိနိုင်သောကြောင့် သစ္စာကို လေးပါးအောက် ယုတ်လျော့၍ သုံးပါး,နှစ်ပါး စသည်ဖြင့် မဟောကြားတော့ပါ။ (ဋီကာကျော်)

မေး။ သစ္စာကို အယုတ်အလွန်အားဖြင့် မဟောဘဲ အဘယ်ကြောင့် လေးပါးသာ ဟောသနည်း။

ဖြေ။ သစ္စာလေးပါးမှ တစ်ပါးသော သစ္စာ မရှိသောကြောင့်လည်းကောင်း၊ သစ္စာလေးပါးတို့တွင်လည်း နုတ်ပယ်အပ်သော သစ္စာ မရှိသောကြောင့်လည်းကောင်း သစ္စာကို အယုတ်အလွန် မဟောဘဲ လေးပါးသာ ဟောတော်မူသည်။

(တစ်နည်း) သံသရာ ဝဋ်ဆင်းရဲ၏ ဖြစ်ခြင်းပဝတ္တိ၊ ၎င်း၏ ဖြစ်ကြောင်းပဝတ္တက၊ ၎င်း၏ ဆုတ်နစ်ခြင်းနိဝတ္တိ၊ ၎င်း၏ ဆုတ်နစ်ကြောင်းနိဝတ္တကတို့ကို အကျိုးအကြောင်းအားဖြင့် ဆက်စပ်ပြလိုသောကြောင့် သစ္စာကို လေးပါးသာ ဟောတော်မူသည်။ (ယမိုက်အရကောက်)

**(၅၊ နှာ ၆၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ယံ ရတ္တိံ ဘဂဝါ ဗောဓိမဏ္ဍေ အပရာဇိတပလ္လင်္ကေ နိသိန္နော တိဏ္ဏံ မာရာနံ မတ္ထကံ မဒ္ဒိတွာ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ ဝါကျဝယ် "ယံ ရတ္တိံ"၌ သက်ထားသော အံဝိဘတ်၏ အနက်ကို သက်ဆိုင်ရာ အကြောင်းပြချက်များဖြင့် ပြည့်စုံစွာ ဝေဘန်ပြခဲ့ပါ။

ဖြေ။ ယံ ရတ္တိံ၌ အံဝိဘတ်သည် အာဓာရတ္ထ၌ သက်၏။ "ယံ ရတ္တိံ-အကြင်ညဉ့်၌"ဟူ၍ အာဓာရတ္ထ ယောဇနာရမည်။ အကြောင်းကား = အခါသမယဟော သဒ္ဒါတို့နောင်၌ သက်ထားသော ဝိဘတ်များသည် အံဝိဘတ်ဖြစ်စေ, နာဝိဘတ်ဖြစ်စေ, သ္မိံဝိဘတ်ဖြစ်စေ အာဓာရတ္ထ၌သာ သက်ထားရိုး ထုံးတမ်းစဉ်လာ ဓမ္မတာ ရှိသောကြောင့်တည်း။ လိုရင်းကား = အခါသမယဟော ရတ္တိသဒ္ဒါနောင်၌ သက်ထားသည့် ဝိဘတ်သည် အံဝိဘတ် ဖြစ်နေသောကြောင့်တည်း။ (အဖြေသစ်)

(တစ်နည်း) ယံ ရတ္တိံ၌ အံဝိဘတ်သည် အစ္စန္တသံယောဂတ္ထ၌ သက်၏။ "ယံ ရတ္တိံ-အကြင်ညဉ့်ပတ်လုံး"ဟူ၍ အစ္စန္တသံယောဂတ္ထ ယောဇနာရပါမည်။

အကြောင်းကား = အပေါင်းဖြစ်သော ပုရိမ, မဇ္ဈိမ, ပစ္ဆိမ-ယာမ်သုံးပါးလုံး၏ ရတ္တိဟူသော အမည်ကို သစ္စာလေးပါးလုံးကို ထိုးထွင်း၍ သိရာ ပစ္ဆိမယာမ် တစ်ခုတည်း၌ တင်စား၍ အစိတ်ဖြစ်သော ပစ္ဆိမယာမ် တစ်ခုတည်းကိုလည်း ဧကဒေသူပစာရ (သမုဒါယူပစာရ) နည်းအားဖြင့် ညဉ့်သုံးယာမ်ပတ်လုံး သိ၏ဟူ၍ အစ္စန္တသံယောဂတ္ထ ဖြစ်သင့်သောကြောင့်တည်း။ (ဋီသစ်)

ttp://www.dhammadownload.com



(တစ်နည်း) ယံ ရတ္တိံ၌ အံဝိဘတ်သည် အစ္စန္တသံယောဂတ္ထ၌ သက်၏။ "ယံ ရတ္တိံ-အကြင်ညဉ့်ပတ်လုံး"ဟူ၍ အစ္စန္တသံယောဂတ္ထ ယောဇနာရပါမည်။

အကြောင်းကား = အကျိုးဖြစ်သော သစ္စာလေးပါး တရားကို သိရာ ပစ္ဆိမယာမ်၏ ရတ္တိဟူသော အမည်ကို အကြောင်းဖြစ်သော သစ္စာလေးပါးကို သိရန် ကြိုးစားအားထုတ်နေသော ပုရိမ, မဇ္ဈိမ-ယာမ်နှစ်ပါး၌ တင်စား၍ အကြောင်းဖြစ်သော ယင်းပုရိမ, မဇ္ဈိမ-ယာမ်နှစ်ပါးကိုလည်း ဤ၌ ရတ္တိဟူ၍ပင် ခေါ်ဆိုနိုင်ရကား ဖလူပစာရ နည်းအားဖြင့် တစ်ညပတ်လုံး သိ၏ဟူ၍ အစ္စန္တသံယောဂတ္ထ ဖြစ်သင့်သောကြောင့်တည်း။ (ဋီသစ်)

မေး။ အဘယ်မာရ်တို့ကို ရည်ရွယ်၍ "တိဏ္ဏံ မာရာနံ"ဟု ဆိုသနည်း။

ဖြေ။ မုချ အောင်မြင်တော်မူပြီးသော ကိလေသမာရ်, အဘိသင်္ခါရမာရ်, ဒေဝပုတ္တမာရ် သုံးပါးကို ရည်ရွယ်၍ "တိဏ္ဏံ မာရာနံ"ဟု ဆိုသည်။

အမှာ။ ပရိယာယ်အားဖြင့်ကား = ခန္ဓမာရ်, မစ္စုမာရ်တို့ကိုလည်း အောင်မြင်တော်မူပြီး ဖြစ်သည်။ (ဋီသစ်)

မေး။ ယံ ရတ္တိံ ဘဂဝါ ဗောဓိမဏ္ဍေ အပရာဇိတပလ္လင်္ကေ နိသိန္နော တိဏ္ဏံ မာရာနံ မတ္ထကံ မဒ္ဒိတွာ ဝါကျဝယ် အဘယ်ကြောင့် "တိဏ္ဏံ မာရာနံ"ဟုသာ ဆို၍ "ပဉ္စန္နံ မာရာနံ"ဟု မဆိုသနည်း။

ဖြေ။ ဘုရားရှင်သည် အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရားဖြစ်ပြီးစ၌ ကိလေသမာရ်, အဘိသင်္ခါရမာရ်, ဒေဝပုတ္တမာရ် သုံးပါးကိုသာ မုချ အောင်မြင်တော်မူ၏။ ဘုရားဖြစ်ပြီးစ၌ ခန္ဓမာရ်နှင့် မစ္စုမာရ်ကိုကား မအောင်မြင်သေးပါ။ ပရိနိဗ္ဗာန် ဝင်စံပြီးနောက်မှ ခန္ဓမာရ်, မစ္စုမာရ်တို့ကို အောင်မြင်မည် ဖြစ်သောကြောင့် "တိဏ္ဏံ မာရာနံ"ဟုသာ ဆို၍ "ပဉ္စန္နံ မာရာနံ"ဟူ၍ မဆိုပါ။

အမှာ။ ဘုရားရှင်သည် ပရိနိဗ္ဗာန် ဧကန်ဝင်စံရမည် ဖြစ်သောကြောင့် ပရိယာယ်အားဖြင့် (ဝါ) အဝဿမ္ဘာဝီယ နည်းအားဖြင့် ခန္ဓမာရ်, မစ္စုမာရ်တို့ကိုလည်း အောင်မြင်သည်ဟူ၍ပင် ဆိုနိုင်သောကြောင့် ပရိယာယ်အားဖြင့် "ပဉ္စန္နံ မာရာနံ"ဟု ဆိုလည်း သင့်သည်သာ။ (ဋီသစ်)

မေး။ မြတ်စွာဘုရား၏ ဝါတော် ၄၅-ဝါကို ဗောဓိသုံးပါးဖြင့် ပိုင်းခြားပြပါ။

ဖြေ။ ဝါတော် ၄၅-ဝါကို သုံးပိုင်းပိုင်း၍ ပဌမ ၁၅-ဝါကို ပဌမဗောဓိ စသည်ဖြင့် ခွဲပါ။

အမှာ။ ဝေရဉ္ဇကဏ္ဍ၌ကား = "ပဌမဗောဓိသည် ဝါ ၂၀-အတွင်း၌ ပါဝင်သောကြောင့် ဝါ ၂၀-ကို ပဌမဗောဓိဟု ဆို၏။ (ဋီသစ်၊ ဘာဋီ)

**(၅၊ နှာ ၆၆-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဒေသနာဝိလာသမယော စေဝ ပုညုဿယော စ-၌ ဒေသနာဝိလာသ အရကို အကြောင်းပြ၍ ကောက်ပြပါ။

ဖြေ။ ဒေသနာဝိလာသ အရ = သဗ္ဗညုတ ဉာဏ်တော်ကို ကောက်ယူရမည်။

အကြောင်းကား = ဒေသနာတော် တင့်တယ်စမွှာယ်ခြင်းသို့ ရောက်ခြင်း၏ အကြောင်း ဖြစ်သောကြောင့်တည်း။ (ဋီသစ်)

မေး။ တေန ဟောသ မဟာနုဘာဝေါ ဘိသက္ကော ဒိဗ္ဗာဂဒေန သပ္ပေ ဝိယ သဗ္ဗပရပ္ပဝါဒိနော သဒေဝကဉ္စ လောကံ အဘိဘဝတိ ဝါကျ၌ "ဥပမာစတုက္က" ထုတ်ပြခဲ့ပါ။

ဖြေ။ မဟာနုဘာဝေါ ဘိသက္ကော ဒိဗ္ဗာဂဒေန သပ္ပေ (အဘိဘဝတိ) - ဆေးသမား၏ နတ်ဆေးဖြင့် မြွေဆိပ်တို့ကို ဆေးကု၍ လွှမ်းမိုးနိုင်ခြင်းသည် = မပေါ်လွင် မထင်ရှားသော ဥပမေယျကို ပေါ်လွင်ထင်ရှားအောင် နှိုင်းယှဉ်၍ ပြကြောင်း ဖြစ်သောကြောင့် ဥပမာန၊

ttp://www.dhammadownload.com



တေန သေ သဗ္ဗပရပ္ပဝါဒိနော သဒေဝကဥ္စ လောကံ အဘိဘဝတိ – ဘုရားရှင်၏ ဒေသနာဝိလာသ, ပုညုဿယဖြင့် သဗ္ဗပရပ္ပဝါဒီ ပုဂ္ဂိုလ်များနှင့် သဒေဝကလောကကို လွှမ်းမိုးနိုင်ခြင်းသည် = နှိုင်းယှဉ်မှုကို အပြုခံရသောကြောင့် ဥပမေယျ၊

တေန ဟောသ မဟာနုဘာဝေါ ဘိသက္ကော ဒိဗ္ဗာဂဒေန သပ္ပေ ဝိယ သဗ္ဗပရပ္ပဝါဒိနော သဒေဝကဥ္စ လောကံ အဘိဘဝတိ ဟူသော တစ်ဝါကျလုံး၌ ဆေးဆရာ၏ နတ်ဆေးဖြင့် မြွေဆိပ်များကို လွှမ်းမိုးနိုင်ခြင်းဟူသော အဘိဘဝန ကြိယာနှင့် ဘုရားရှင်၏ ဒေသနာဝိလာသ, ပုညုဿယဖြင့် သဗ္ဗပရပ္ပဝါဒီ ပုဂ္ဂိုလ်များနှင့် သဒေဝကလောကကို လွှမ်းမိုးနိုင်ခြင်းဟူသော အဘိဘဝန ကြိယာတို့၏ အဘိဘဝန ကြိယာခြင်း တူသည်၏ အဖြစ်ဟူသော သဒိသဘောဂုဏ်သည် ဥပမာ၊

ဝိယသဒ္ဒါသည် = ဥပမာအနက်ကို ထွန်းပြတတ်သောကြောင့် ဥပမာဇောတက။

မေး။ (က) တထာဂတောတိပိ တထာဂတော။ (ခ) တထံ ဂတောတိပိ တထာဂတော ဟူသော နှစ်ဝါကျတို့ကို အဘယ်ကို ရည်ရွယ်၍ ဆိုသနည်း၊ အသီးသီး ဖြေဆိုခဲ့ပါ။

ဖြေ။ (က) ဝါကျကို ဒုက္ခ, သမုဒယ, နိရောဓ ဟူသော သစ္စာသုံးပါးတို့ကို အစဉ်အတိုင်း သိမှု, လွန်မြောက်မှု, ရောက်မှုတို့ကို ရည်ရွယ်၍ ဆို၏။

(ခ) ဝါကျကို မဂ္ဂသစ္စာကို ကျင့်ကြံကြိုးကုတ် အားထုတ်မှုကို ရည်ရွယ်၍ ဆို၏။ (ဋီသစ်)

**(၄၂၊ နှာ ၆၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သတ္တဝါတို့သည် အနန္တဖြစ်ပါလျက် ပါဏာသ အတိပါတော၌ "ပါဏာသ"ဟု အဘယ်ကြောင့် ဧကဝုစ်ဖြင့် ဆိုသနည်း။

ဖြေ။ ဤပါဏာတိပါတ၌ အားလုံးသော သတ္တဝါများသည် သတ္တဝါတို့၏ ဇာတ်အနေဖြင့် တူကြသောကြောင့် လည်းကောင်း၊ သတ္တဝါတို့၏ အဖြစ်ဖြင့် တူကြသောကြောင့်လည်းကောင်း "ပါဏာသ (ဝါ) ပါဏော"ဟု ဧကဝုစ်ဖြင့် ဆို၏။

(တစ်နည်း) သာမညနိဒ္ဒေသနည်းအားဖြင့် ရေးသားထားသည်ဟူ၍ သိစေလိုသောကြောင့် "ပါဏာသ (ဝါ) ပါဏော"ဟု ဧကဝုစ်ဖြင့် ဆို၏။

(တစ်နည်း) သီလသည် စောင့်စည်းမှု သံဝရသီလ ဟူ၍လည်းကောင်း၊ ဆောက်တည်၍ ရှောင်ကြဉ်မှု သမာဒါနသီလ ဟူ၍လည်းကောင်း သာမညအားဖြင့် နှစ်မျိုးရှိရာတွင် ဤနေရာ၌ သံဝရသီလ တည်းဟူသော တစ်ခုတည်းသော အထူးကို သိစေလိုသောကြောင့် "ပါဏာသ (ဝါ) ပါဏော"ဟု ဧကဝုစ်ဖြင့် ဆို၏။

(တစ်နည်း) ဋီသစ်လာ သဒ္ဒဝိဒူတို့အလို = ဇာတျာပေက္ခ, ဒဗ္ဗာပေက္ခ၏ အစွမ်းဖြင့် အဆိုကွဲပြားခြင်း မျှသာ ဖြစ်၍ အနက်အားဖြင့် တူသောကြောင့် "ပါဏာသ (ဝါ) ပါဏော"ဟု ဧကဝုစ်ဖြင့် ဆို၏။

ဆောင်။ ဇာတ်ကိုအနေ၊ ဟောရိုးထွေ၊ ထားလေ ဧကဝုစ်။

မေး။ ပါဏာသ အတိပါတော ပါဏာတိပါတော၌ အဘယ်ကို "အတိပါတ–လျင်စွာချသည်"ဟု ဆိုသနည်း။

ဖြေ။ ပကတိ သဘောအားဖြင့် ဖြည်းဖြည်းမှ သေရမည့်သူ ဖြစ်ပါလျက် သေချိန် မရောက်မီ သေလေရသည်ကို "အတိပါတ–လျင်စွာချသည်"ဟု ဆို၏။ (စာစဉ်)

မေး။ ပရမတ္ထတော ဇီဝိတိန္ဒြိယံ၌ ဇီဝိတိန္ဒြေ အရကို အကြောင်းနှင့်တကွ ကောက်ပြပါ။

ဖြေ။ ဇီဝိတိန္ဒြိယံ၌ ဇီဝိတိန္ဒြေ အရ = ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေ နှစ်ပါးလုံးကို ယူပါ။

အကြောင်းကား = ရုပ်ဇီဝိတိန္ဒြေကို ဖျက်ဆီးလျှင် (ဝါ) ရုပ်ဇီဝိတိန္ဒြေ ယိုယွင်းပျက်စီးလျှင် နာမ်ဇီဝိတိန္ဒြေ သည်လည်း ရုပ်ဇီဝိတိန္ဒြေနှင့် ဆက်စပ်နေသဖြင့် ပျက်စီးရသောကြောင့်တည်း။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ပယောဂများခြင်း, ဝတ္ထုကြီးခြင်းကြောင့် ခန္ဓာကိုယ်ကြီးသော သတ္တဝါတို့၌ အပြစ်ကြီးခြင်းသည် အဘယ်ကြောင့်နည်း။

ဖြေ။ ပယောဂများခြင်း, ဝတ္ထုကြီးခြင်းကြောင့် ခန္ဓာကိုယ်ကြီးသော သတ္တဝါတို့၌ အပြစ်ကြီးခြင်းသည် စေတနာအားကြီးသောကြောင့် ဖြစ်၏။

**(၄၊ နှာ ၆၉-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော၌ **ပဟာယနှင့် ပဋိဝိရတ**တို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ပါဏာတိပါတ စေတနာဟု ဆိုအပ်သော ဒုဿီလျစေတနာကို သဟဇာတ ပစ္စည်းဖြစ်သော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟူသော မဂ်အစိတ်ဖြင့် ပယ်ခြင်းသည် ပဟာယ မည်၏။

ပယ်အပ်ပြီးရာ အခါမှ စ၍ ထိုဒုဿီလျစေတနာမှ သဟဇာတ ပစ္စယုပ္ပန်ဖြစ်သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော မဂ်အစိတ်ဖြင့် စင်စစ် ရှောင်ကြဉ်တော်မူခြင်းသည် ပဋိဝိရတ မည်၏။ ဤသို့ ထူးသည်။ (၄+ဋီသစ်)

မေး။ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတောဟု ဟောရာ၌ **ပဟာယနှင့် ပဋိဝိရတော**တို့ ရှေ့ကာလ, နောက်ကာလ ထူးသောကြောင့် ဆိုပါသလော၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ သဟဇာတ ပစ္စည်းဖြစ်သော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ မဂ္ဂင်တို့ကို ပါဏာတိပါတံ ပဟာယဟု ရှေ့ကာလ အဖြစ်ဖြင့် ယူရသည်။

သဟဇာတ ပစ္စယုပ္ပန်ဖြစ်သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော မဂ္ဂင်တို့ကို ပါဏာတိပါတာ ပဋိဝိရတောဟု နောက်ကာလ အဖြစ်ဖြင့် ယူရသည်။

ဤကို ရည်၍ ရှေ့ကာလ, နောက်ကာလ အထူးပြု၍ ဟောတော်မူသည်။ မုချ ကာလခြားသောကြောင့် ယင်းသို့ ဟောသည်မဟုတ်ပါ။ (၄+ဋီသစ်)

မေး။ ဒုဿီလျတော ဩရတော ဝိရတော၀ ဝါကျ၌ ပါသည့် ဩရတော ဝိရတော ပါဌ်တို့ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ သမုစ္ဆေဒ ဝိရတီ အဖြစ်ကို ထင်ရှားစေပါ၏။ (စာစဉ်)

မေး။ ဝိရတော၀၌ ဧဝ သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ဧဝ သဒ္ဒါဖြင့် အခြားသော သူတို့သည် စိတ်ဓာတ် မခိုင်မာကုန်သည်၏ အဖြစ်ကြောင့် လာဘ,ဇီဝိတ စသော အကြောင်းတို့ဖြင့် ကောင်းစွာ ဆောက်တည်အပ်သော သီလကို ဖျက်ဆီးကြကုန်၏။ မြတ်စွာဘုရားကား ထိုကဲ့သို့ မဟုတ်၊ အလုံးစုံ အကုန်အစင် ပယ်အပ်ပြီးသော ပါဏာတိပါတ ရှိသောကြောင့် မြတ်စွာဘုရားသည် အမှန်စင်စစ် အမြဲ ရှောင်ကြဉ်အပ်သည်သာ ဖြစ်၏ဟူသော အဓိပ္ပါယ်ကို ပြဆို၏။ (စာစဉ်)

မေး။ ဒေသနာ ပန အာဒိတော ပဋ္ဌာယ ဧဝံ အာဂတာ ဝါကျ၌ ဧဝံ အာဂတာ ဟူသော စကားရပ်များ၏ နာမလာဘာဟိတ် အကြောင်းပြ စကားရပ်ကို ဖော်ပြပါ။ (ဝါ) ပါဠိတော်၌ ပါဏာတိပါတာ ပဋိဝိရတော သမဏော ဂေါတမောဟုသာ ဟော၍ ပါဏာတိပါတာ ပဋိဝိရတော သမဏဿ ဂေါတမဿ သာဝက သံဃောဟု မဟောကြားရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ အတ္တဲ ဘိက္ခဝေ အညေ၀ ဓမ္မာ စသော ပါဠိတော်နည်းအားဖြင့် သူတစ်ပါးတို့နှင့် ဆက်ဆံမှု မရှိသော ဘုရားရှင်၏ အသာဓာရဏဂုဏ်တော်ကို အကြောင်းပြု၍ အထက်၌ လာလတ္တံ့သော ဒေသနာတော်ကို အကျယ်ချဲ့ထွင် ဟောကြားတော်မူလိုသောကြောင့်တည်း။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ဘိက္ခုသံဃာတို့လည်း ပါဏာတိပါတမှ ရှောင်/မရှောင် ယုတ္တိပြ၍ ဖြေဆိုပါ။

ဖြေ။ ရှောင်၏။

ယုတ္တိကား = ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော သမဏော ဂေါတမော သာဝက သံဃော နိဟိတဒဏ္ဍော နိဟိတသတ္ထော လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရတိ ဟူ၍ အနက်ကို ချဲ့ပြီး ပြထိုက်သောကြောင့်တည်း။ (ဋီသစ်)

မေး။ ဗြဟ္မဒတ်လုလင်သည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးကိုသာမက တရားတော်၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုပါလျက် တရားတော်၏ ဂုဏ်ကို အဘယ်ကြောင့် သီးခြား မဖော်ပြပါသနည်း။

ဖြေ။ တရားဟူသမျှ ဘုရားမှ စ၍ ဖြစ်ရသောကြောင့်လည်းကောင်း၊ တရားတော်၏ အရိယာသံဃာ၌ တည်ရသောကြောင့်လည်းကောင်း၊ ရဟန်းသံဃာတော်များ ဖြစ်ပေါ်လာမှုသည် တရားတော်၏ အစွမ်းသတ္တိ အာနုဘော်ကြောင့်သာ ဖြစ်ပေါ်လာရသောကြောင့်လည်းကောင်း၊ (တရားတော်ကြောင့် ဘုရားရှင်နှင့် သံဃာတော်လည်း ပါဏာတိပါတမှ ရှောင်နိုင်သည့်အတွက်) တရားတော်၏ ဂုဏ်မှာ ထင်ရှားပြီး ဖြစ်သောကြောင့်လည်းကောင်း ဘုရားနှင့် သံဃာ့ဂုဏ်ကို ပြလျှင် တရားတော်၏ ဂုဏ်ကိုလည်း ပြပြီး ဖြစ်သောကြောင့် တရားဂုဏ်ကို သီးခြား ဖော်မပြပါ။ (ဋီသစ်၊ ဘာဋီ)

မေး။ **နိဟိတဒဏ္ဍော နိဟိတသတ္ထော၌** (က) ဒဏ္ဍ အရ (ခ) သတ္ထ အရတို့ကို ဖော်ပြပါ။

ဖြေ။ (က) ဒဏ္ဍ အရ = မဇ္ဈိမပုရိသ၏ လေးတောင် ပမာဏရှိသော ဒုတ်ကို ယူပါ။

(ခ) သတ္ထ အရ = မဇ္ဈိမပုရိသ၏ လေးတောင် ပမာဏရှိသော ဒုတ်မှကြွင်းသော ဆောက်ပုတ်၊ သန်လျက် စသည်တို့ကို ယူပါ။ (ဋီသစ်)

မေး။ သတ္ထသဒ္ဒါ၏ ဟောနိုင်သမျှ အနက်တို့ကို ထုတ်ပြ၍၊ ဤနေရာ၌ အလိုရှိအပ်သော အနက်ကိုလည်း ညွှန်ပြခဲ့ပါ။

ဖြေ။ သတ္ထသဒ္ဒါသည် ၁။ ကျမ်းဂန် ၂။ လက်နက် ၃။ သံ ၄။ ဆရာ ၅။ ဘုရား ၆။ ကုန်သည် ၇။ ကုန်သည်မှူး ၈။ အပေါင်း ဟူသော ရှစ်နက်တို့ကို ဟော၏။

ဤနေရာ၌ သတ္ထသဒ္ဒါသည် လက်နက် ဟူသော အနက်ကို ဟော၏။

ဆောင်။ ကျမ်းဂန်, လက်နက်၊ သံ သုံးချက်၊ ဟောမြွက် စိတ္တာဒိ။

ဘုရား, ဆရာ၊ ဟောသောခါ၊ ဂိုဏ်းမှာ သတ္တာဒိ။

ကုန်သည်, မှူးဖြာ၊ အပေါင်းဖြာ၊ ဂဏာ ပုံ,ပုရိ။

မေး။ ပါဠိတော်၌ ပါဏာတိပါတာ ပဋိဝိရတော သမဏော ဂေါတမော နိဟိတဒဏ္ဍော နိဟိတသတ္ထော ဟူ၍ ဘုရားရှင်ကိုသာ ဟောထားပါလျက် "ယံ ပန ဘိက္ခူ" စသည်ဖြင့် ရဟန်းသံဃာကို အဘယ်အကျိုးငှာ အဋ္ဌကထာဆရာ ဖွင့်ဆိုသနည်း။

ဖြေ။ "ဘိက္ခုသံဃဝသေနပိ ဒီပေတုံ ဝဋ္ဋတိ–ရဟန်းသံဃာ၏ အစွမ်းအားဖြင့်လည်း ဖွင့်ပြခြင်းငှာ သင့်၏" ဟူ၍ အဋ္ဌကထာ၌ပင် ဖွင့်ဆိုထားသောကြောင့် ရဟန်းသံဃာကိုလည်း တစ်စိတ်တစ်ဒေသအားဖြင့် ဖွင့်ပြခြင်း အကျိုးငှာ "ယံ ပန ဘိက္ခူ" စသည်ဖြင့် ရဟန်းသံဃာကိုလည်း ဖွင့်ဆိုရသည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ပါဠိတော်၌ ပါဏာတိပါတာ ပဋိဝိရတော သမဏော ဂေါတမော နိဟိတဒဏ္ဍော နိဟိတသတ္ထောဟူ၍ ဘုရားရှင်သာ ရှိပါလျက် "ယံ ပန ဘိက္ခု ကတ္တရဒဏ္ဍံ ဝါ ဒဏ္ဍကဋ္ဌံ ဝါ ပိပ္ဖလိကံ ဝါ ဂဟေတွာ ဝိစရန္တိ၊ န တံ ပရူပဃာတတ္ထာယ။ တသ္မာ "နိဟိတဒဏ္ဍော နိဟိတသတ္ထော"တွေဝ သင်္ချံ ဂစ္ဆတိ" ဝါကျ၌ နိဟိတဒဏ္ဍာပုဒ်၊ နိဟိတသတ္ထပုဒ်နှင့် ဆက်စပ်၍ ရဟန်းသံဃာများကို အဘယ်ကြောင့် အဋ္ဌကထာဆရာ ထည့်သွင်းဖွင့်ဆိုရေးသားရသနည်း။

ဖြေ။ "ဘိက္ခုသံဃဝသေနပိ ဒီပေတုံ ဝဋ္ဋတိ–ရဟန်းသံဃာ၏ အစွမ်းအားဖြင့်လည်း ဖွင့်ပြခြင်းငှာ သင့်၏"ဟူ၍ အဋ္ဌကထာ၌ပင် ဖွင့်ဆိုထားရကား ရဟန်းသံဃာကိုလည်း တစ်စိတ်တစ်ဒေသအားဖြင့် ဖွင့်ပြလိုသောကြောင့် နိဟိတဒဏ္ဍာပုဒ်၊ နိဟိတသတ္ထပုဒ်နှင့် ဆက်စပ်၍ ရဟန်းသံဃာများကို အဋ္ဌကထာဆရာ ထည့်သွင်းဖွင့်ဆို ရေးသားရသည်။ (ဋီသစ်)

အမှာ။ "ယံ ပန ဘိက္ခု ကတ္တရဒဏ္ဍံ ဝါ ဒဏ္ဍကဋ္ဌံ ဝါ ပိပ္ဖလိကံ ဝါ ဂဟေတွာ ဝိစရန္တိ၊ န တံ ပရူပဃာတတ္ထာယ။ တသ္မာ "နိဟိတဒဏ္ဍော နိဟိတသတ္ထော"တွေဝ သင်္ချံ ဂစ္ဆတိ"ဝါကျ ရေးသားထားရခြင်း အကြောင်းကို ရေးခဲ့ပါဟု မေးသော် အထက်ပါအဖြေအတိုင်း ဖြေပါ။

မေး။ ဘုရားရှင်သည် မကောင်းမှုမှ ကြောက်လန့်တော်မူသည် ဖြစ်ပါလျက် (ဝါ) "ရှက်ခြင်း–ဟိရီ၊ ကြောက်လန့်ခြင်း–ဩတ္တပ္ပ" နှစ်ပါး ရှိပါလျက် ပါဠိတော်၌ **လဇ္ဇီ ဒယာပန္နော**ဟု လဇ္ဇာ (ဟိရီ)ကိုသာ ဟော၍ ဩတ္တပ္ပကို အဘယ်ကြောင့် မဟောသနည်း။

ဖြေ။ ဘုရားရှင်တို့သည် ဓမ္မကို အလေးဂရု ပြုတော်မူကြသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဓမ္မသည်လည်း မိမိနှင့် ဆက်စပ်နေသောကြောင့်လည်းကောင်း၊ လဇ္ဇာ ဒယာပန္နောဟု အတ္တာဓိပတိ ဖြစ်သော လဇ္ဇာ (ဟိရီ)ကိုသာ ဟော၏။ လောကာဓိပတိ ဖြစ်သော ဩတ္တပ္ပကို မဟော။ (ဋီသစ်)

(တစ်နည်း) ဆိုခဲ့ပြီးသော လဇ္ဇာဖြင့် ဩတ္တပ္ပကိုလည်း ဟောပြီး ဖြစ်သောကြောင့်လည်းကောင်း၊ ဤလဇ္ဇီပုဒ် အရဝယ် လဇ္ဇာ အရ၌ ဟိရီ၊ ဩတ္တပ္ပ တရားနှစ်ပါးလုံး ကောက်ယူရမည် ဖြစ်သောကြောင့်လည်းကောင်း၊ မကောင်းမှုကို စက်ဆုပ်ခြင်းမည်သည် မကောင်းမှုမှ ကြောက်ရွံ့ထိတ်လန့်ခြင်းနှင့် ကင်း၍ မဖြစ်နိုင်သော ကြောင့်လည်းကောင်း၊ မကောင်းမှုမှ ကြောက်လန့်ခြင်းမည်သည် အရှက်တရား လဇ္ဇာမရှိလျှင် မဖြစ်နိုင်သော ကြောင့်လည်းကောင်း ဟိရီနှင့် ဩတ္တပ္ပ နှစ်ပါးလုံးကိုပင် ဟောသည်။ (ဋီသစ်)

မေး။ (က) **ဒယာပန္နော**တိ ဒယံ မေတ္တစိတ္တတံ အာပန္နော။

(ခ) **သဗ္ဗပါဏဘူတဟိတာနုကမ္ပီ**တိ သဗ္ဗေ ပါဏဘူတေ ဟိတေန အနုကမ္ပကော။

(ဂ) တာယ ဒယာပန္နတာယ သဗ္ဗေသံ ပါဏဘူတာနံ ဟိတစိတ္တကောတိ အတ္ထော။

အထက်ပါဝါကျတို့တွင် (ဂ) ဝါကျ၌လာသော တာယ ပုဒ်ဖြင့် နီးကပ်လျက်ရှိသော (ခ) ဝါကျ၌ ပါရှိသည့် ကရုဏာကို မစွဲဘဲ ဝေးသော (က) ဝါကျ၌ ပါရှိသည့် မေတ္တာကို အဘယ်ကြောင့် စွဲရသနည်း။

ဖြေ။ မေတ္တာသည် ကရုဏာဖြစ်ရန် ထူးခြားသော အကြောင်းဝိသေသ ဖြစ်သောကြောင့် တာယ ဒယာပန္နတာယဟု မေတ္တာကိုသာ စွဲ၏။

ဤနေရာ၌ ရှေးကရုဏာကြောင့် နောက်ကရုဏာ ဖြစ်မှုကို အလိုမရှိ၍ တာယ အနုကမ္ပကတာယဟု ကရုဏာကို မစွဲပါ။ (ဋီသစ်)

ttp://www.dhammadownload.com



(၄၂၊ နှာ ၇၀-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **အဓိဋ္ဌာဒါန် ပဟာယဥ္စ** အဒိန္နာဒါန အရကို (က) မုချ (ခ) ဥပစာရ အားလျော်စွာ ခွဲခြား၍ ကောက်ပြပြီး၊ ဣတ္ထဓမ္မိပွေတတ္ထ အရကောက်ကိုလည်း အဋ္ဌကထာသာခကဖြင့် ညွှန်ပြပါ။

ဖြေ။ (က) အဒိန္နာဒါန အရ = သူတစ်ပါး ပစ္စည်းဥစ္စာကို ခိုးယူရန် ပြောဆိုလှုပ်ရှား၊ သွားလာပြုမူသော ကာယဝိညတ်၊ ဝစီဝိညတ်ကို မုချအားဖြင့် ကောက်ယူရမည်။

(ခ) အကျိုးဖြစ်သော ကာယဝိညတ်၊ ဝစီဝိညတ်၏ အဒိန္နာဒါန အမည်ကို အကြောင်းဖြစ်သော ကာယဝိညတ်၊ ဝစီဝိညတ်ကို ဖြစ်စေတတ်သည့် ထေယျစေတနာ၌ တင်စား၍ အကြောင်းဖြစ်သော ထေယျစေတနာကို ဖလူပစာရနည်းအားဖြင့် ကောက်ယူရမည်။

ဣတ္ထဓမ္မိပွေတတ္ထ အရကောက်ကား = ဤနေရာ၌ ဥပစာရ အရကောက်ကိုသာ အလိုရှိအပ်၏။

အဋ္ဌကထာ အကိုးသာခကကား = ထေယျစေတနာ အဒိန္နာဒါန် ဟူသော ပါဠိပြင်တည်း။

မေး။ အဒဏ္ဍာရဟော၌ ဒဏ္ဍ သရုပ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ၁။ ဓနဒဏ္ဍ ၂။ ရာဇဒဏ္ဍ တို့ဖြစ်သည်။

မေး။ ယတ္ထ ပရော ယထာကာမကာရိတံ အာပဇ္ဇန္တော အဒဏ္ဍာရဟော၊ အနုပဝဇ္ဇော စ ဟောတိ ဝါကျ၌ လာသော "စသဒ္ဒါ"၏ အနက်ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ စသဒ္ဒါကား = သမုစ္စည်း အနက်ရှိ၏။

အကြောင်း = ယင်းစသဒ္ဒါဖြင့် ဥစ္စာကို ပိုင်ဆိုင်သော ပုဂ္ဂိုလ်သည် သူပိုင်ပစ္စည်းကို အလိုရှိတိုင်း ပြုလုပ်သုံးစွဲသော်လည်း မကဲ့ရဲ့၊ မစွပ်စွဲထိုက်သည်သာ မဟုတ်သေး၊ အပြစ်ဒဏ်လည်း မထိုက်ဟူသော အနက်အဓိပ္ပါယ်ကို ဆည်းသောကြောင့်တည်း။

မေး။ ဟီန ပရသန္တကနှင့် ပဏီတ ပရသန္တကတို့ကို ခွဲခြားပြခဲ့ပါ။

ဖြေ။ ငယ်သည်၏ အဖြစ်၊ တန်ဖိုးနည်းသည်၏ အဖြစ် စသည်တို့၏ အစွမ်းဖြင့် ဖြစ်သော သူတစ်ပါး ဥစ္စာသည် ဟီန ပရသန္တက မည်၏။

ကြီးသည်၏ အဖြစ်၊ တန်ဖိုးများသည်၏ အဖြစ် စသည်တို့၏ အစွမ်းဖြင့် ဖြစ်သော သူတစ်ပါး ဥစ္စာသည် ပဏီတ ပရသန္တက မည်၏။ (ဋီသစ်)

(၄၂၊ နှာ ၇၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အဒိန္နာဒါနံ ပဟာယ သမဏော ဂေါတမော ဒိန္နာဒါယီ ဒိန္နပါဋိကင်္ခီ ဝါကျ၌ လာသော **ဒိန္နာဒါယီနှင့် ဒိန္နပါဋိကင်္ခီ** ပုဒ်နှစ်ခုတို့၏ အထူးကို ဖြေခဲ့ပါ။

ဖြေ။ ဒိန္နာဒါယီ ပါဌ်ဖြင့် = (ပစ္စည်းဥစ္စာနှင့် စပ်၍) ပယောဂအားဖြင့် စင်ကြယ်သည်၏ အဖြစ်ကို ပြသည်။

ဒိန္နပါဋိကင်္ခီ ပါဌ်ဖြင့် = အာသယအားဖြင့် စင်ကြယ်သည်၏ အဖြစ်ကို ပြသည်။ ဤသို့ ထူး၏။ (ဋီသစ်)

မေး။ အဘယ့်ကြောင့် မခိုးခြင်းကို စင်ကြယ်သည် (အထေနတ္တာယေဝ **သုစိဘူတေန**)ဟု ဆိုရသနည်း။

ဖြေ။ အဒိန္နာဒါန အရာ ဖြစ်သောကြောင့်တည်း။ (စာစဉ်)

မေး။ ဤအဒိန္နာဒါန သိက္ခာပုဒ်၌ "လဇ္ဇီ၊ ဒယာပန္နော"ပုဒ်တို့ကို အထူးမဟောခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ဤအဒိန္နာဒါနသိက္ခာပုဒ်၌ "လဇ္ဇီ၊ ဒယာပန္နော"ပုဒ်တို့ကို ဘုရားရှင် အထူးမဟောသော်လည်း "လဇ္ဇီ၊ ဒယာပန္နော" နှစ်ပုဒ်သည် ဤအဒိန္နာဒါနသိက္ခာပုဒ်သို့ အဓိကာရနည်း၏ အစွမ်းအားဖြင့် လိုက်လာသော

ttp://www.dhammadownload.com



ကြောင့်လည်းကောင်း၊ "လဇ္ဇီ, ဒယာပန္နော" နှစ်ပုဒ်သည် ဤအဒိန္နာဒါနာသိက္ခာပုဒ်၌ အနက်အဓိပ္ပါယ်အားဖြင့် ဖြစ်သင့်သောကြောင့်လည်းကောင်း ဟောသည်ဟုသာ မှတ်ရမည်။

မှန်၏၊ လဇ္ဇာ စသည်တို့သည် ပါဏာတိပါတကို ပယ်ခြင်း၏ ထူးသောအကြောင်း ဖြစ်သကဲ့သို့ အဒိန္နာဒါနကို ပယ်ခြင်း၏လည်း ထူးသောအကြောင်း ဖြစ်သည်။ (ဋီသစ်)

(တစ်နည်း) သုစိဘူတေန ဟူ၍ ဘုရားရှင်၏ အတ္တဘောကို ချီးမွမ်းတော်မူသော ဝိသေသနပုဒ်၌ "စင်ကြယ်စွာ ဖြစ်၏ဟူသည်မှာ" ဟိရီ, ဩတ္တပ္ပ စသော ကုသိုလ်တရားတို့နှင့် ပြည့်စုံခြင်းကိုလည်းကောင်း၊ အဟိရိက, အနောတ္တပ္ပ စသော အကုသိုလ်တရားတို့ကို ပယ်ခြင်းကိုလည်းကောင်း အဓိပ္ပါယ်အားဖြင့် ပြဆိုပြီးသည်သာလျှင် ဖြစ်သောကြောင့် "လဇ္ဇီ, ဒယာပန္နော" ပုဒ်တို့ကို အထူးဟောတော်မမူ။ (ဋီသစ်)

အမှာ။ ဤအဒိန္နာဒါနသိက္ခာပုဒ်၌ ဟိရီ, ဩတ္တပ္ပရှိရန် မလိုသောကြောင့် "လဇ္ဇီ, ဒယာပန္နော" ပုဒ်တို့ကို ထည့်သွင်းမဟောဘဲ ချန်ထားခဲ့ပါသလော၊ ရှင်းလင်းစွာ ဖြေဆိုခဲ့ပါဟု မေးသော် ဖော်ပြပါအတိုင်း ပြည့်စုံစွာ ဖြေပါ။

မေး။ ပါဏာတိပါတ ဝိရတိ စသော သီလများကို ဤဗြဟ္မဇာလသုတ်၌ သိက္ခာပုဒ်ဟု နာမည်တပ်၍ ဟောတော်မမူအပ်သည် ဖြစ်လျက် အဘယ်ကြောင့် ပဠမသိက္ခာပဒေဟု ဆိုသနည်း။

ဖြေ။ အခြားသော သုတ်ပုဒ်, ဝိနည်း, အဘိဓမ္မာတို့၌ သိက္ခာပုဒ်ဟု အခေါ်အဝေါ် ရှိသောကြောင့် ဤ၌လည်း သိက္ခာပဒဟု ခေါ်ဆိုသည်။

မှန်၏၊ ဤပါဏာတိပါတ ဝိရတိနှင့် စေတနာတို့သည် အဓိသီလ စသော သိက္ခာပုဒ်တို့၏ တည်ရာ ဖြစ်သောကြောင့်လည်းကောင်း၊ ထိုသိက္ခာပုဒ်တို့တွင် သိက္ခာတစ်ခု ဖြစ်သောကြောင့်လည်းကောင်း သိက္ခာပဒဟု အဋ္ဌကထာဆရာ သုံးစွဲသည်။ (ဋီသစ်)

မေး။ ဝိဇ္ဇာမယပယောဂနှင့် ဏတ္တိမယပယောဂ ခိုးနည်း နှစ်ပါးတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ မန္တန်စုတ်ခြင်းဖြင့် သူတစ်ပါး ဉစ္စာကို ယူဆောင်ခြင်းသည် ဝိဇ္ဇာမယပယောဂ။

မန္တန်မပါဘဲ ကာယ,ဝစီ ပယောဂတို့ဖြင့် တန်ခိုးကို အသုံးပြု၍ ယူဆောင်ခြင်းသည် ဏတ္တိမယပယောဂ။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ အဗြဟ္မစရိယနှင့် ကာမေသုမိစ္ဆာစာရတို့၏ အရကို ဖော်ပြပါ။

ဖြေ။ အဗြဟ္မစရိယ အရ = မေထုန် မှီဝဲလိုသော ဆန္ဒဖြင့် ကာယဒွါရသို့ ရောက်သော, မဂ်တစ်ခုဖြင့် မဂ်တစ်ခုသို့ ရောက်စေခြင်း, ဖြစ်စေခြင်း စေတနာ ရ၏။

ကာမေသုမိစ္ဆာစာရ အရ = မလွန်ကျူးထိုက်သော မိန်းမတို့၌ လွန်ကျူးခြင်း စေတနာ ရ၏။ (စာစဉ်)

မေး။ ဂါမဓမ္မာတိ ဂါမဝါသီနံ ဓမ္မာ ဝါကျဝယ် ဂါမဓမ္မာ၌ ဂါမအရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဂါမဓမ္မာ၌ ဂါမသဒ္ဒါသည် ရွာနှင့် ရွာ၌နေသူ လူတို့ကို မပြားဘဲ ခေါ်ဝေါ်သုံးစွဲထားသော အဘေဒူပစာသဒ္ဒါသာ ဖြစ်သောကြောင့် (တစ်နည်း) ဌာနဖြစ်သော ရွာ၏ ဂါမအမည်ကို ဌာနီဖြစ်သော ရွာ၌ နေသူလူတို့၌ တင်စား၍ ခေါ်ဝေါ်သုံးစွဲထားသော ဌာနူပစာသဒ္ဒါသာ ဖြစ်သောကြောင့် ဂါမ အရ = ရွာ၌ နေသူလူတို့ကို ယူပါ။ (ဋီသစ်)

မေး။ ပါဠိတော်၌ ဝိရတော မေထုနာဟုသာ ဟောကြားခဲ့လျှင် အလိုရှိသော အနက်အဓိပ္ပါယ် ပြီးပြည့်စုံပါလျက် ဝိရတော မေထုနာ ဂါမဓမ္မာဟု "ဂါမဓမ္မာ" ပုဒ်ကို ထည့်၍ ဟောရခြင်း၏ အကြောင်းကိုလည်း နီးစပ်ရာ ပါဠိသာဓက ထောက်ထား၍ ဖြေရှင်းခဲ့ပါ။

ttp://www.dhammadownload.com



ဖြေ။ မြတ်စွာဘုရားသည် မေထုန်ကြီးမှသာ ရှောင်ကြဉ်သည် မဟုတ်၊ မေထုနသံယောဂ ဟူသော မေထုန်ငယ် ၇-ပါးမှလည်း ရှောင်ကြဉ်သည်ဟူသော အဓိပ္ပါယ်ကို ပြလိုသောကြောင့် ဝိရတော မေထုနာ ဂါမဓမ္မာဟု "ဂါမဓမ္မာ"ပုဒ်ကို ထည့်၍ ဟောတော်မူသည်။

ပါဠိသာဓကကား = အာရာစာရီ ဟူသော ပါဠိတော်နှင့် ယင်းပါဠိတော်၏ အဖွင့်ဖြစ်သော ဒူရစာရီ ဟူသော အဋ္ဌကထာ ပါဠိတို့ပင်တည်း။ (ဋီသစ်)

မေး။ ဗုဒ္ဓသည် မေထုန်ကြီးမှသာ ရှောင်ကြဉ်၍ မေထုန်ငယ် ၇-ပါးမှ မရှောင်ကြဉ်ဟု မှတ်ရမည်လော၊ အကြောင်း, သာဓကနှင့်တကွ ဖြေပြပါ။

ဖြေ။ မြတ်စွာဘုရားသည် မေထုန်ကြီးမှသာ ရှောင်ကြဉ်သည် မဟုတ်၊ မေထုနသံယောဂ ဟူသော မေထုန်ငယ် ၇-ပါးမှလည်း ရှောင်ကြဉ်သည်ဟု မှတ်ရမည်။

အကြောင်းကား = ပါဠိတော်၌ မေထုနာ ပုဒ်မျှသာ မဟောပဲ ဂါမဓမ္မာ ပုဒ်ကိုလည်း ဟောတော်မူသော ကြောင့်လည်းကောင်း၊ အာရာစာရီ ဟူသော ပါဠိတော်နှင့် ယင်းပါဠိတော်၏ အဖွင့်ဖြစ်သော ဒူရစာရီ ဟူသော အဋ္ဌကထာပါဠိတို့ကို ဆိုထားသောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

မေး။ မေထုနသံယောဂ (ခေါ်) မေထုန်ငယ် ၇-ပါးကို ဖော်ပြပါ။

ဖြေ။ ၁။ မာတုဂါမနှင့် မျက်လုံးချင်းဆိုင်၍ စူးစိုက်စွာ ကြည့်ရှုသာယာ မက်မောနေမှု၊

၂။ မာတုဂါမ၏ ခြေဆုပ်လက်နယ်ပြုမှု, ရေချိုးပေးမှု, ချေးပွတ်ပေးမှု စသော ကာယသံသဂ္ဂကို သာယာမက်မောနေမှု၊

၃။ မာတုဂါမနှင့် အတူတကွ စကားပြောကာ ကြည်နူးပျော်ရွှင်၍ ရွှင်ပြုံးသာယာ မက်မောနေမှု၊

၄။ မာတုဂါမ၏ စကားပြောသံ, ရယ်မောသံ, သီချင်းဆိုသံ, ငိုသံ စသည်များကို နံရံခြားရာအရပ်မှ သာယာစွာ နားထောင်ကြည်နူး မက်မောနေမှု၊

၅။ မာတုဂါမနှင့် အတူတကွ ပြောဆိုခဲ့ရ, ရယ်မောခဲ့ရသည်များကို ပြန်လည်တွေးတော အောက်မေ့ကာ သာယာမှု၊

၆။ ကာမဂုဏ်ငါးပါးနှင့် ပြည့်စုံနေကြသော လူဝတ်ကြောင်များကို ကြည့်ရှုကာ အားကျသာယာ မက်မောနေမှု၊

၇။ ယခုကျင့်နေရသော ဗြဟ္မစရိယ အကျင့်ဖြင့် နောက်ဘဝသံသရာ၌ မန္တာတ်မင်း, စကြာမင်း, သိကြားမင်း, နတ်မင်း, ထင်ရှားသောနတ်သား တစ်ယောက်ယောက်, ဗြဟ္မာမင်းတို့၏ စည်းစိမ်များကို သာယာမက်မော လိုချင်သောအားဖြင့် တောင့်တဆုတောင်းမှု။ (ဋီသစ်၊ ဘာဋီ)

(လင်္ကာ) ကြည့်, ထိ, စကား၊ အသံကြား၊ ကြံငြား ကာမဂုဏ်။
စည်းစိမ်သာယာ၊ ဝဋ္ဋပတ္ထနာ၊ သတ္တာ ငယ်မေထုန်။

မေး။ (က) **မုသာဝါဒံ ပဟာယာတိ ဧတ္ထ မုသာတိ** ဝိသံဝါဒနပုရေက္ခာရဿ အတ္တဘာဥနကော ဝစီပယောဂေါ, ကာယပယောဂေါ ဝါ၊ ဝိသံဝါဒနာဓိပ္ပါယေန ပနဿ ပရဝိသံဝါဒကကာယဝစီပယောဂ သမုဋ္ဌာပိကာ စေတနာ မုသာဝါဒေါ။

(ခ) အပရော နယော၊ **မုသာတိ** အဘူတံ အတစ္ဆံ ဝတ္ထု။ **ဝါဒေါတိ** တဿ ဘူတတော တစ္ဆတော ဝိညာပနံ။ လက္ခဏတော ပန အတထံ ဝတ္ထုံ တထတော ပရံ ဝိညာပေတုကာမဿ တထာဝိညတ္တိသမုဋ္ဌာပိကာ စေတနာ မုသာဝါဒေါ။

ttp://www.dhammadownload.com



နှစ်ဝါကျတို့တွင် (က)ဝါကျမျှဖြင့်ပင် အလိုရှိအပ်သော အနက်အဓိပ္ပါယ် ပြီးစီးပါလျက် (ခ)ဝါကျဖြင့် အပရော နယော ဟူသော ဒုတိယနည်းကို အဘယ်ကြောင့် အရှင်မဟာဗုဒ္ဓဃောသ ဖွင့်ဆိုရေးသားရသနည်း၊ ပြည့်စုံလုံလောက်စွာ ရှင်းလင်းပြခဲ့ပါ။

ဖြေ။ ပေါရာဏ အဋ္ဌကထာဝါဒဖြစ်သော ပထမနည်း၌ = မုသာဝါဒဝယ် မုသာဟူသော ပုဒ်တစ်စိတ်ဖြင့် မုသာဝါဒ ကမ္မပထမြောက်ရန် အင်္ဂါတစ်ချက်လောက်ကိုမျှ မပြနိုင်ခဲ့ပါ။ ဝါဒပုဒ်၌ ရရှိနိုင်သော ချွတ်ယွင်းစေလို သောစိတ်, ထိုစိတ်ကြောင့် ဖြစ်ပေါ်လာသော လုံ့လပယောဂ, ထိုလုံ့လပယောဂဖြင့် သူတစ်ပါးကို သိစေခြင်း ဟူသော အင်္ဂါသုံးချက်ကို အထောက်အကူ ပြုရုံ, ပြရုံမျှသာလျှင် မုသာပုဒ်က ကျေးဇူးပြုသည်။ မုသာသဒ္ဒါ၏ လုံ့လပယောဂဟု ဆိုအပ်သော ကြိယာကို ဟောသည်၏ အဖြစ်ကြောင့် မဟုတ်မမှန်သော ဝတ္ထုဟူသော အင်္ဂါတစ်ချက်ကိုကား လုံးဝ ကျေးဇူးမပြုနိုင်၊ မပြနိုင်ပါ။ ဤသို့လျှင် ပေါရာဏ အဋ္ဌကထာ ဖြစ်သော ပထမနည်း၌ မုသာဝါဒ အင်္ဂါလက္ခဏာ၏ ပြည့်စုံလုံလောက်မှု မရှိသောကြောင့်လည်းကောင်း၊ အရှင်မဟာဗုဒ္ဓဃောသ စိတ်ကြိုက်ဖြစ်သော ဒုတိယနည်း၌ကား = မုသာဝါဒဝယ် မုသာဟူသော ပုဒ်တစ် စိတ်ဖြင့် မဟုတ်မမှန်သော ဝတ္ထုဟူသော အင်္ဂါတစ်ချက်ကို ပြသည်။ ယင်းအင်္ဂါနှင့် ဝါဒပုဒ်မှ ထွက်လာသော အင်္ဂါသုံးပါးကို ပေါင်းက မုသာဝါဒ၏ အင်္ဂါလေးပါးလုံး ပြည့်ပြည့်စုံစုံ ပါရှိနေပေသည်။ ဤသို့ မုသာဝါဒ အင်္ဂါလက္ခဏာ၏ ပြည့်စုံလုံလောက်မှု ရှိသော မိမိစိတ်ကြိုက် ဝါဒကို ပြလိုသောကြောင့်လည်းကောင်း၊ မုသာသဒ္ဒါ၏ ချွတ်ယွင်းဖောက်ပြန် မမှန်ကန်သည့် အနက်ကို ဟောကြားနိုင်ရကား အထည်ကိုယ် ဝတ္ထု ဒြဗ်ကို ဂုဏူပစာဖြင့် အရကောက်ယူနိုင်သောကြောင့်လည်းကောင်း ပြည့်စုံလုံလောက်မှု ရှိသော မုသာဝါဒ လက္ခဏာကို ပြခြင်းငှာ အပရော နယော ဟူသော မိမိစိတ်ကြိုက် ဒုတိယနည်းကို တစ်ဆင့်တက်၍ ဖွင့်ဆို ရေးသားရသည်။ (ဋီသစ်)

မေး။ အဘယ်သို့သော စကားမျိုးကို "ပူရဏကထာ"ဟု ခေါ်သနည်း။

ဖြေ။ အနည်းငယ်လည်း ဖြစ်သော ဆီကိုသော်လည်းကောင်း၊ ထောပတ်ကိုသော်လည်းကောင်း ရ၍ ရယ်မြူးလို သဖြင့် "ယနေ့ ရွာ၌ ဆီသည် မြစ်ကဲ့သို့ စီး၏" ဤသို့ အစရှိသော ရှေးသူဟောင်းတို့ ဆိုသော စကားနည်း ဖြင့် ပြောဆိုသော စကားမျိုးကို "ပူရဏကထာ"ဟု ခေါ်၏။ (ဋ္ဌ)

မေး။ မိမိဥစ္စာကို မပေးလို၍ မရှိဟု ပြောခြင်းနှင့် ပူရဏကထာ နည်းဖြင့် စကားပို စကားလျှံ (ဆီတွေ မြစ်ကြီးလို စီးနေ၏ စသည်) ပြောဆိုခြင်းတို့၌ မုသာဝါဒ ဖြစ်/မဖြစ် ဆုံးဖြတ်ပြပါ။

ဖြေ။ မိမိဥစ္စာကို မပေးလို၍ မရှိဟု ပြောခြင်း၌လည်းကောင်း၊ ပူရဏကထာ နည်းဖြင့် စကားပို စကားလျှံ (ဆီတွေ မြစ်ကြီးလို စီးနေ၏ စသည်) ပြောဆိုခြင်း၌လည်းကောင်း သူတစ်ပါး အသိမှားစေလိုသော ဝိသံဝါဒန စိတ်ရှိမှသာ မုသာဝါဒ ဖြစ်သည်။ ထိုစကားမျိုးများ ပြောရုံမျှဖြင့် မုသာဝါဒ မဖြစ်။ (ဋီသစ်)

မေး။ မုသာဝါဒ လက္ခဏာလေးပါးကို ဖော်ပြပါ။

ဖြေ။ ၁။ မမှန်သော ဝတ္ထုဖြစ်ခြင်း (ဝါ) သူတစ်ပါး အသိမှားစေလိုခြင်း၊

၂။ မှန်သော ဝတ္ထုကို မမှန်ဟု သိစေလိုခြင်း၊

၃။ ကာယပယောဂ, ဝစီပယောဂကို ပြုခြင်း၊

၄။ မိမိက အမှားဟု သိစေလိုသည့်အတိုင်း သူတစ်ပါးက အမှားကို သိခြင်း။ (ဋ္ဌ)

ttp://www.dhammadownload.com



## (၄၊ နှာ ၇၂–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ တွေ့ အာဏတ္တိကနိယတ္တိယထာဝရာပိ ပယောဂါ ယုဇ္ဇန္တိ၊ အဋ္ဌကထာသု ပန အနာဂတတ္ထာ ဝိမံသိတွာ ဂဟေတဗ္ဗာ ဟူသော စကားရပ်၌ ယတိပြတ် ဝိနိစ္ဆယ မချဘဲ "ဝိမံသိတွာ ဂဟေတဗ္ဗာ"ဟု အမှာစကား ရေးသားထားရခြင်း၏ အကြောင်းကို ရှင်းလင်းစွာ ဖော်ပြခဲ့ပါ။

ဖြေ။ ရှေးရဟန္တာ မထေရ်မြတ်တို့ ရေးသားပြုစုခဲ့ကြသော မဟာပစ္စရီ, ကုရုန္ဒီ, အန္ဓက, မဟာ စသော အဋ္ဌကထာကြီးများ၌ မုသာဝါဒအရာဝယ် အာဏတ္တိက, နိယတ္တိယ, ထာဝရဟူသော ပယောဂသုံးပါး ဖြစ်သင့်ကြောင်း မလာရှိသည့်အတွက် ဤမုသာဝါဒအရာ၌ အာဏတ္တိက စသော ပယောဂ သုံးပါး ဖြစ်သင့်၏ဟု ဆိုထားခဲ့ခြင်းသည် ဤအဋ္ဌကထာကို ရေးသားပြုစုသူ အရှင်မဟာဗုဒ္ဓဃောသ ထေရ်၏ အတ္တနောမတိမျှသာ ဖြစ်သည်။ အတ္တနောမတိ၏ အလုံးစုံသော သုတ္တ, သုတ္တာနုလောမ, အာစရိယဝါဒတို့အောက် အားနည်းသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ရှေးဆရာတို့ကို လေးစားသောအားဖြင့် မိမိကိုယ်ကို မမြှောက်ပင့်လိုသောကြောင့်လည်းကောင်း ယတိပြတ် ဝိနိစ္ဆယ မချပြခဲ့ဘဲ ဝိဘဇ္ဇဝါဒီရှင် မြတ်စွာဘုရား၏ တပည့်သား ဖြစ်သည့်အားလျော်စွာ ဝိစာရဏ ဉာဏ်ပညာဖြင့် ဝေဖန်ပိုင်းခြား စဉ်းစားပြီးမှသာ ယူကြရန် မှာကြားလိုသော ရည်ရွယ်ချက်ဖြင့် "ဝိမံသိတွာ ဂဟေတဗ္ဗာ"ဟူ၍ အမှာစကား ရေးသားထားခဲ့ခြင်း ဖြစ်သည်။ (ဋီသစ်)

အမှာ။ ဝိမံသိတွာ ဂဟေတဗ္ဗာ တွေ့တိုင်း ဤနည်းတည်း။

မေး။ ယော ဟိ ပုရိသော ကဒါစိ မုသာ ဝဒတိ၊ ကဒါစိ သစ္စံ၊ တဿ မုသာဝါဒေန အန္တရိတတ္တာ သစ္စံ သစ္စေန န ဃဋီယတိ၊ တသ္မာ သော န သစ္စသန္ဓော ဝါကျ၌ လာသော တဿ၌ တသဒ္ဒါ၏ စွဲရာ အနက်ကို ဖော်ပြပါ။

ဖြေ။ "တဿ ပုရိသဿ၊ ထိုယောကျာ်း၏"ဟု စွဲရမည်။ (ပခုက္ကူ)

မေး။ ဇီဝိတဟေတုပိ မုသာ အဘဏ်တွာ ဝါကျ၌ ပိသဒ္ဒါဖြင့် ပေါင်းအပ်သော သမ္ဘာဝနာ ဝါကျကို ဖော်ပြပါ။

ဖြေ။ ဇီဝိတဟေတုပိ၌ ပိသဒ္ဒါဖြင့် ပေါင်းအပ်သော သမ္ဘာဝနာ ဝါကျကား "ပဂေဝ အညဟေတု" ဖြစ်သည်။

မေး။ အဘယ်အရာသည် "ဟလိဒ္ဒိ" မည်သနည်း။

ဖြေ။ ရွှေအဆင်းနှင့် တူသော အဆင်းရှိသော ဥမှ ဖြစ်သော ချုံအထူးသည် (ဝါ) နနွင်းသည် "ဟလိဒ္ဒိ" မည်၏။

မေး။ (က) ဓကော ဟိ ပုဂ္ဂလော ဟလိဒ္ဒိရာဂေါ ဝိယ, ထုသရာသိမှိ နိခါတခါဏု ဝိယ, အဿပိဋ္ဌေ ဌပိတကုမ္ဘဏ္ဍမိဝ စ န ထိရကထော ဟောတိ ဝါကျဝယ် ဥပမာန စကားရပ်များ၌ န ထိရ ဖြစ်ရခြင်း အကြောင်းကိုလည်းကောင်း၊

(ခ) ဓကော ပါသာဏလေခါ ဝိယ, ဣန္ဒခီလော ဝိယ စ ထိရကထော ဟောတိ ဝါကျဝယ် ဥပမာန စကားရပ်များ၌ ထိရ ဖြစ်ရခြင်း အကြောင်းတို့ကိုလည်းကောင်း အသီးသီး ရေးခဲ့ပါ။

ဖြေ။ (က) ဟလိဒ္ဒိရာဂါဒယော ဥပမာန စကားရပ်များသည် အမြဲတည်တံ့သော သဘောတရား မရှိကြသောကြောင့် န ထိရ ဖြစ်ရပါသည်။

(ခ) ကျောက်စာအရေးအသား စသော ဥပမာန စကားရပ်များသည် အမြဲတည်တံ့သောသဘော ရှိကြသောကြောင့် ထိရ ဖြစ်ရပါသည်။ (ဋီသစ်)

မေး။ န ထိရကထော ဟူသောပုဒ်၌ ဟလိဒ္ဒိရာဂေါ စသော ဥပမာများသည် (က) အဘယ်၏ ဥပမာ ဖြစ်သနည်း (ခ) အဘယ်ကြောင့် ယင်းဥပမာများကို ပြရသနည်း။

ဖြေ။ (က) ဟလိဒ္ဒိရာဂေါ စသော ဥပမာများသည် ပုဂ္ဂိုလ်၏ ဥပမာ မဟုတ်၊ စကား၏ ဥပမာများတည်း။

(ခ) ဟလိဒ္ဒိရာဂ စသည်တို့သည် မတည်မြဲသောသဘော ရှိကုန်သောကြောင့် ယင်းဥပမာများကို ပြ၏။

ttp://www.dhammadownload.com



မေး။ ကောဗျေ ဂဣန္ဒီလောပိ ထိရကထော ဟောတိ ဝါကျ၌ ဥပမာစတုက္က ထုတ်ပြပါ။

ဖြေ။ ကောဖြင့် = ဥပမေယျဖြစ်သော ပုဂ္ဂိုလ်တစ်စုံတစ်ယောက်ကို ပြသည့်အတွက် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ဥပမေယျ၊

ဣန္ဒခီလောဖြင့် = ဥပမာနကို ပြသည့်အတွက် မပေါ်လွင် မထင်ရှားသော အရာဝတ္ထုကို ပေါ်လွင် ထင်ရှားအောင် နှိုင်းကြောင်းဖြစ်သောကြောင့် တံခါးတိုင်သည် ဥပမာန၊

ထိရကထော ဟောတိဖြင့် = ဥပမာကို ပြသည့်အတွက် စကားတည်တံ့သော ပုဂ္ဂိုလ်၏ မြဲမြံတည်တံ့ပုံနှင့် တံခါးတိုင်၏ မြဲမြံတည်တံ့ပုံခြင်း တူသော ထိရဘာဝ သဒိသဘောဂုဏ်သည် ဥပမာ၊

ဥပမာအနက်ကို ထွန်းပြတတ်သော ဝိယဟူသော သဒ္ဒါသည် ဥပမာဇောတက မည်၏။

အမှာ။ ဤဝါကျ၌ စတုက္ကထုတ်နည်းသည် မစိုးရိမ်သီလက္ခန် အဖြေသစ် ဆရာတော်၏ ထုတ်နည်း ဖြစ်သည်။

မေး။ ကော ပါသာဏလေခါ ဝိယ ဣန္ဒခီလော ဝိယ စ ထိရကထော ဟောတိ ဝါကျ၌ ဥပမာစတုက္က ထုတ်ပြပါ။

ဖြေ။ ပါသာဏလေခါ ဣန္ဒခီလော–ကျောက်တိုင်, တံခါးခုံတို့သည် = နှိုင်းယှဉ်ကြောင်း ဖြစ်သောကြောင့် ဥပမာန၊

ကော ထိရကထော (ဟောတိ)–စကားတည်တံ့ ခိုင်မာသော တစ်ယောက်သော ပုဂ္ဂိုလ်သည် = နှိုင်းယှဉ်မှုကို အပြုခံရသောကြောင့် ဥပမေယျ၊

ကျောက်တိုင်, တံခါးခုံတို့၏ မတုန်မလှုပ် တည်တံ့ခိုင်မာပုံနှင့် စကားတည်တံ့ ခိုင်မာသော တစ်ယောက်သော ပုဂ္ဂိုလ်၏ မတုန်မလှုပ် တည်တံ့ခိုင်မာပုံခြင်း တူသော အစလ သဒိသဘောဂုဏ်သည် ဥပမာ၊

ဝိယဟူသော သဒ္ဒါများသည် = ဥပမာအနက်ကို ထွန်းပြတတ်သောကြောင့် ဥပမာဇောတက။

မေး။ (က) "မာ တဿ ဝစနံ သဒ္ဒဟထာ"တိ ဝတ္တဗ္ဗတံ အာပဇ္ဇတိဟု ဆိုရခြင်း အကြောင်းနှင့် (ခ) "ယဒိ တေန ဝုတ္တံ၊ ဣဒမေဝ ပမာဏံ၊ ဣဒါနိ ဥပပရိက္ခိတဗ္ဗံ နတ္ထိ၊ ဧဝမေဝ ဣဒ"န္တိ ဝတ္တဗ္ဗတံ အာပဇ္ဇတိဟု ဆိုရခြင်း အကြောင်းတို့ကို အသီးသီး ရေးခဲ့ပါ။

ဖြေ။ (က) ယုံကြည်လောက်သည့် စကားမရှိသူ အပစ္စယိက ပုဂ္ဂိုလ်သည် စကားပြောဆိုမှု ချွတ်ယွင်းတတ်သောကြောင့်ပါတည်း။

(ခ) ယုံကြည်လောက်သည့် စကားရှိသူ ပစ္စယိက ပုဂ္ဂိုလ်သည် စကားအပြောအဆို ချွတ်ယွင်းမှု မရှိသောကြောင့်ပါတည်း။

မေး။ အဘယ့်ကြောင့် အဘယ်အရာသည် ဖရုသာဝါစာ မည်သနည်း။

ဖြေ။ ချစ်မြတ်နိုးမှု သိနေဟ မရှိခြင်းကြောင့် ကြမ်းတမ်းသော စကားသည် ဖရုသာဝါစာ မည်၏။

မေး။ ဖရုသံ ကရောတိ၊ ယာ ဝါစာ သယမ္ပိ ဖရုသာ၊ နေဝ ကဏ္ဏသုခါ န ဟဒယင်္ဂမာ၊ အယံ **ဖရုသာ ဝါစာ** ဝါကျဝယ် ဖရုသဝါစာကို (က) ဖရုသံ ကရောတိ (ခ) သယမ္ပိ ဖရုသာ (ဂ) နေဝ ကဏ္ဏသုခါ (ဃ) န ဟဒယင်္ဂမာဟူ၍ ဆိုထားရခြင်း အကြောင်းတို့ကို အသီးသီး ဖော်ပြပါ။

ဖြေ။ (က) ဖရုသဝါစာသည် ချစ်မြတ်နိုးမှု သိနေဟ မရှိခြင်းကြောင့် "ဖရုသံ ကရောတိ"ဟု ဆို၏။

(ခ) ဖရုသဝါစာသည် ဒေါမနဿသည် ဖြစ်စေအပ်သောကြောင့် (ဝါ) ဒေါမနဿကြောင့် ဖြစ်လာသောကြောင့် သဘာဝအားဖြင့် ကြမ်းတမ်းသည့်အတွက် "သယမ္ပိ ဖရုသာ"ဟု ဆို၏။

(ဂ) ဖရုသဝါစာသည် ပင်ကိုယ်သဘောအားဖြင့်ပင် ကြမ်းတမ်း ခက်ထန်သောသဘော ရှိသောကြောင့် "နေဝ ကဏ္ဏသုခါ–နား၌ မချမ်းသာ"ဟု ဆို၏။

ttp://www.dhammadownload.com



(ဃ) ဖရုသဝါစာသည် အနက်ဖောက်ပြန် ချွတ်ယွင်း ပျက်စီးနေသောကြောင့် "န ဟာဒယင်္ဂမာ–စိတ်နှလုံး သား၌ မထားအပ်, စိတ်နှလုံးသားထဲ မဝင်"ဟု ဆိုသည်။ (ဋီသစ်၊ သီ–ဂဏ္ဌိ)

**(၄၊ နှာ ၇၃–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ပိသုဏဝါစာ ဝိရတီသီလကို ပြဆိုရာ၌ "**ဘိန္နာနံ သန္ဓာတာ**"ပုဒ်၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ တစ်စုံတစ်ခုသော အကြောင်းကြောင့် ကွဲပြားနေသော မိတ်ဆွေနှစ်ယောက်, ဥပဇ္ဈာယ်တူသူ နှစ်ယောက် စသည်တို့တွင် တစ်ဦးဦးထံ ချဉ်းကပ်၍ 'ဤကဲ့သို့ ဆွေကြီးမျိုးကြီး၌ ဖြစ်ကုန်သော အသင်မိတ်ဆွေ နှစ်ယောက်တို့အား, ဗဟုသုတ ရှိကုန်သော အသင် ဥပဇ္ဈာယ်တူသူ နှစ်ယောက် စသည်တို့အား ဤသို့ ကွဲပြားရန် မသင့်ပါ'ဟု ပြောဆို၍ စေ့စပ်မှုကို ပြုခြင်းသည် "ဘိန္နာနံ သန္ဓာတာ" မည်၏။ (၄)

မေး။ ဒွိန္နံ မိတ္တာနံ၌ ဒွိန္နံ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ နိဒဿနနည်းအားဖြင့် ဒွိန္နံဟု ဆိုသောကြောင့်လည်းကောင်း၊ နှစ်ယောက်ကိုသာမက အများကိုလည်း စေ့စပ်နိုင်သောကြောင့်လည်းကောင်း ဒွိန္နံ အရ = နှစ်ယောက်မှ စ၍ အများကိုလည်း ယူပါ။ (ဋီသစ်)

မေး။ ပိသုဏဝါစာ ဝိရတီသီလကို ပြဆိုရာ၌ "**သဟိတာနံ အနုပ္ပဒါတာ**"၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ လူနှစ်ယောက် ညီညွတ်နေသည်တို့ကို မြင်ရ၍ "ဤသို့ ဆွေကြီးမျိုးကြီး၌ ဖြစ်ကုန်သော, ဤသို့ သီလ စသော ဂုဏ်နှင့်ပြည့်စုံကုန်သော သင်တို့အား ညီညွတ်ခြင်းသည် လျောက်ပတ်ပါပေ၏"ဟု စသော စကား တို့ကို ပြောဆို၍ ခိုင်မြဲအောင် ပြုခြင်းသည် "သဟိတာနံ အနုပ္ပဒါတာ" မည်၏။

မေး။ သမဂ္ဂေါ အာရာမော အဿာတိ **သမဂ္ဂါရာမော** ဝါကျဝယ် အာရာမောပုဒ်၏ အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ အာရာမောဟူသော သဒ္ဒါသည် = ဌာနဖြစ်သော အာရာမ်၏ အာရာမဟူသော အမည်ကို ဌာနီဖြစ်သော ယင်းအာရာမ်၌ တည်နေကြသည့် ရဟန်းသံဃာ၌ တင်စား၍ ဌာနီဖြစ်သော ယင်းအာရာမ်၌ တည်နေကြသည့် ရဟန်းသံဃာကို အာရာမဟု ခေါ်ဝေါ်သုံးစွဲသော ဌာနူပစာရသဒ္ဒါ ဖြစ်သောကြောင့် အာရာမပုဒ်၏ အရ = ယင်းအာရာမ်၌ တည်နေကြသည့် ရဟန်းသံဃာကို ရ၏။ (ဋီသစ်)

မေး။ သမဂ္ဂေါ အာရာမော အဿာတိ **သမဂ္ဂါရာမော** ဝါကျဝယ် သမဂ္ဂေါပုဒ်ကို အာရာမောပုဒ်၌ စာစပ်ရာဝယ် အာရာမောပုဒ်၏ မုချတ္ထ၌ စပ်ရမည်လော/ ဥပစာရတ္ထ၌ စပ်ရမည်လော၊ မည်ကဲ့သို့ စာစပ်ရမည်နည်း၊ အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ သမဂ္ဂေါပုဒ်ကို အာရာမောပုဒ်၌ စပ်ရာဝယ် = မုချတ္ထဖြစ်သော အာရာမ်ဟူသော စကား၌ မစပ်ရ။ ဥပစာရတ္ထဖြစ်သော ရဟန်းသံဃာ၌သာ ဝိသေသန, ဝိသေသျ အဖြစ်ဖြင့် စာစပ်ရမည်။

အကြောင်း = အာရာမောပုဒ်သည် ဌာနူပစာရအားဖြင့် အာရာမ်၌ တည်သောသံဃာကို ရ၏။ အနက် ယောဇနာသောအခါ "သမဂ္ဂေါ–ညီညွတ်သော၊ အာရာမော–အာရာမ်၌ တည်သောသံဃာ"ဟူ၍ ယောဇနာပြီး သမဂ္ဂေါပုဒ်နှင့် အာရာမောပုဒ်တို့ကို ဝိသေသန, ဝိသေသျ အဖြစ်ဖြင့် စာစပ်အဓိပ္ပါယ် ယူမှသာ သင့်သော ကြောင့်တည်း။ (ဋီသစ်)

မေး။ **သမဂ္ဂရာမော** ပါဠိတစ်မျိုး ရှိသေးသည်ဟု ဖွင့်ပြီးပြီဖြစ်လျက်၊ အဘယ်ကြောင့် "အယမေဝေတ္ထ အတ္ထော"ဟု ဆက်ဆိုရသနည်း။

ဖြေ။ အာဥပသာရ မပါဘဲ သမဂ္ဂရာမောဟု ရှိလျှင်လည်း အာဥပသာရ ပါသော သမဂ္ဂါရာမော ပုဒ်၏ အနက်ကိုပင် ဟောနိုင်၏။ ထို့ကြောင့် "အယမေဝေတ္ထ အတ္ထော"ဟု ဆက်ဆိုသည်။ (ဘာဋီ၊ ဋီသစ်)

ttp://www.dhammadownload.com



မေး။ မမ္မစ္ဆေဒကၡ် မမ္မသဒ္ဒါ၏ (က) မုချအနက်နှင့် (ခ) ဤ၌ အလိုရှိသော ဥပစာအနက်တို့ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ (က) ပျက်သော ဆိုးဝါးသော အနာ၊ အနာပျက်၊ အနာဆွေး၊ အနာဟောင်း ဖြစ်သည်။
(ခ) အင်္ဂါေသဝတ္ထု ၁၀-ပါး ဖြစ်သည်။ (ဋီသစ်)

မေး။ မမ္မစ္ဆေဒကၡ် အဘယ်ကို "ဆေဒက"ဟု ဆိုသနည်း။

ဖြေ။ အလွန် နာကြည်းဘွယ် ကောင်းလောက်အောင် အင်္ဂါေသဝတ္ထု ၁၀-ပါးဖြင့် သူတစ်ပါးအား ထိပါးပုတ်ခတ် ဆဲရေးခြင်း (ဝါ) ဆဲရေးကြောင်း ကာယပယောဂ, ဝစီပယောဂကို "ဆေဒက"ဟု ဆိုသည်။

မေး။ ဖရုသစေတနာဟုသာ မဆိုဘဲ ကေဗ္ဗဖရုသစေတနာဟု 'ကေဗ္ဗ'သဒ္ဒါ ထည့်ဆိုရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ဝါသနာအလိုက် နှုတ်ထွက် ကြမ်းရုံမျှကို ဆိုလိုသည် မဟုတ်ဘဲ တကယ့်ဒေါသစိတ်ဖြင့် ပြောဆိုအပ်သော ဖရုသဝါစာကိုသာ ယူစေလိုသောကြောင့် 'ကေဗ္ဗ'သဒ္ဒါကို ထည့်၍ ဆိုသည်။ (ဋီသစ်)

**(၅၊ နှာ ၇၄-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဧဝံ မမ္မစ္ဆေဒကောပိ ပယောဂေါ စိတ္တသဏှတာယ န ဖရုသာ ဝါစာ ဟောတိ ဝါကျဝယ် "စိတ္တသဏှတာယ န ဖရုသာ ဝါစာ ဟောတိ"၏ အဓိပ္ပါယ်ကို ဆိုလိုရင်းမိအောင် ရှင်းလင်းဖော်ပြပါ။

ဖြေ။ သားကို ကြိမ်းမောင်း မာန်မဲလိုက်သော စကားသည် ဖရုသဝါစာ မဖြစ်ဟူ၍ ဆိုလိုသည်မှာ = ကမ္မပထ မြောက်သည့် ဖရုသဝါစာ မဖြစ်သည်ကိုသာ ရည်ရွယ်၍ ဆိုလိုရင်း ဖြစ်သည်။ ကမ္မပထ မမြောက်သော သာမည ဖရုသဝါစာ ဝစီဒုစရိုက်ကံကား ဖြစ်သေးသည်သာဟူ၍ မှတ်ရမည်။ (ဋီသစ်)

မေး။ ဧဝံ မမ္မစ္ဆေဒကောပိ ပယောဂေါ စိတ္တသဏှတာယ န ဖရုသာ ဝါစာ ဟောတိ ဝါကျ၌ ဖရုသာ ဝါစာ မဖြစ် ခြင်း အကြောင်းကို ဖြေပြပါ။

ဖြေ။ ကမ္မပထ မမြောက်သောကြောင့်လည်းကောင်း၊ စိတ်၏ နူးညံ့ သိမ်မွေ့သောကြောင့်လည်းကောင်းတည်း။

မေး။ အဘယ်ကြောင့် စိတ်နူးညံ့သိမ်မွေ့ (စိတ္တသဏှ) ဖြစ်ရသနည်း။

ဖြေ။ စင်စစ်အားဖြင့် ဖရုသစေတနာ မရှိသောကြောင့်တည်း။ (စာစဉ်)

မေး။ သူစိဝိဇ္ဈန် ဝိယ ကဏ္ဏသူလံ န ဇနေတိ ဝါကျဝယ် ကဏ္ဏသူလံ၌ "ကဏ္ဏ"အရကို အကြောင်းပြ၍ တိကျစွာ ကောက်ပြပါ။

ဖြေ။ ကဏ္ဏသူလံ၌ ကဏ္ဏ အရ = မုချနည်းဖြင့် ရယူနိုင်သည့် နားကို မကောက်ယူရ။ ယင်းနားနှင့် နား၌ တည်နေသော သောတပသာဒ ဝတ္ထုတို့၌ မှီနေ, တည်နေသော သောတဝိညာဏဝီထိ, တဒနုဝတ္တက မနောဒွါရ ဝီထိ စသည်တို့ကို ကောက်ယူရမည်။
အကြောင်းကား = ကဏ္ဏသူလံ၌ ကဏ္ဏဟူသော သဒ္ဒါသည် ဌာနဖြစ်သော နားနှင့် သောတပသာဒ ဝတ္ထုတို့၏ ကဏ္ဏဟူသော အမည်ကို ဌာနီဖြစ်သော နားနှင့် သောတပသာဒ ဝတ္ထုတို့၌ မှီနေ, တည်နေသော သောတ ဝိညာဏဝီထိ, တဒနုဝတ္တက မနောဒွါရဝီထိ စသည်တို့၌ ဌာနူပစာ+ပရမ္မရူပစာ နည်းအားဖြင့် တင်စား၍ ကဏ္ဏဟု ခေါ်ဝေါ်သုံးစွဲထားသော ဥပစာသဒ္ဒါသာ ဖြစ်သောကြောင့်တည်း။ (ဋီသစ်)

အမှာ။ ကဏ္ဏသုခါ၌ ကဏ္ဏအရကိုလည်း ဖော်ပြခဲ့သော အဖြေကို ရှု၍ သိတော်မူပါ။

မေး။ အတ္ထမဇ္ဇရတာယ သကလသရီရေ ကောပံ အဇနေတွာ ပေမံ ဇနေတီတိ ပေမနီယာ ဝါကျ၌ ကောပ (ဒေါသ)နှင့် ပေမ(မေတ္တာ) တရားတို့သည် အဘိဓမ္မာနည်းအရ ဟဒယဝတ္ထု၌သာ မှီနေ, တည်နေ ကြပါလျက် "တစ်ကိုယ် လုံး၌ တည်နေ၏"ဟူသော သဘောဖြင့် ကောပနှင့် ပေမတို့၏ အာဓာရကို "သကလသရီရေ"ဟု အဘယ် ကြောင့် အဋ္ဌကထာဆရာ ထည့်ဆိုရသနည်း။

ttp://www.dhammadownload.com



ဖြေ။ သုတ္တန်ဒေသနာတော်သည် ဝေါဟာရကထာ ဖြစ်သောကြောင့်လည်းကောင်း၊ ယင်းသုတ္တန်ဒေသနာ ပါဠိတော်၏ အဖွင့်အဋ္ဌကထာသည်လည်း ဝေါဟာရကထာသာ ဖြစ်သောကြောင့်လည်းကောင်း လောကဝေါဟာရအားဖြင့် ကောပနှင့်ပေမ တရား နှစ်ပါးတို့သည် တစ်ကိုယ်လုံး၌ တည်၏ဟူ၍ ဆိုနိုင်သောကြောင့် ကောပနှင့် ပေမတို့၏ အာဓာရကို "သကလသရီရေ"ဟု အဋ္ဌကထာဆရာ ထည့်ဆို၏။ (ဋီသစ်)

မေး။ အတ္တမနတာယ သကလသရီရေ ကောပံ အဇနေတွာ ပေမံ ဇနေတီတိ **ပေမနီယာ**ဟု အဋ္ဌကထာဆရာ ဆိုရကား ကောပနှင့်ပေမ တရားတို့သည် မုချအားဖြင့် "တစ်ကိုယ်လုံး၌ တည်နေ၏"ဟု မှတ်ရမည်လော၊ အဘယ်၌ တည်ပါသနည်း၊ ရှင်းလင်းစွာ ဖြေဆိုပါ။

ဖြေ။ အဘိဓမ္မာနည်းအရ = ကောပနှင့်ပေမ တရားတို့သည် မုချအားဖြင့် ဟဒယဝတ္ထု၌သာ မှီနေ, တည်နေကြပါ၏။

အတ္တမနတာယ သကလသရီရေ ကောပံ အဇနေတွာ ပေမံ ဇနေတီတိ **ပေမနီယာ**ဟု အဋ္ဌကထာ ဆရာသည် သုတ္တန်နည်းအရ ဖွင့်ဆိုခြင်းကား = သုတ္တန်ဒေသနာတော်သည် ဝေါဟာရကထာ ဖြစ်သောကြောင့်လည်းကောင်း၊ ယင်းသုတ္တန်ဒေသနာ ပါဠိတော်၏ အဖွင့်အဋ္ဌကထာသည်လည်း ဝေါဟာရကထာသာ ဖြစ်သောကြောင့်လည်းကောင်း လောကဝေါဟာရအားဖြင့် ကောပနှင့်ပေမ တရား နှစ်ပါးတို့သည် တစ်ကိုယ်လုံး၌ တည်၏ဟု ဆိုခြင်းသာ ဖြစ်၏။ မုချအားဖြင့် တစ်ကိုယ်လုံး၌ တည်၏ဟူသော သဘောမျိုးဖြင့် ဆိုခြင်းကား မဟုတ်ပါ။ (ဋီသစ်)

မေး။ ကောပနှင့်ပေမ တရား နှစ်ပါးတို့၏ မုချ တည်ရာဌာနနှင့် ဥပစာအားဖြင့် တည်ရာဌာနတို့ကို ဖော်ပြပါ။

ဖြေ။ မုချအားဖြင့် တည်ရာဌာနကား = ဟဒယဝတ္ထု ဖြစ်၏။

ဥပစာအားဖြင့် တည်ရာဌာနကား = တစ်ကိုယ်လုံး (သကလသရီရ)ပင် ဖြစ်၏။

မေး။ "သုခေန စိတ္တံ ပဝိသတိ **(ဟဒယင်္ဂမာ)**– ချမ်းသာလွယ်ကူစွာ စိတ်နှလုံးသားထဲသို့ ဝင်သွား၏"ဟု ဆိုရာ အဘယ်အကြောင်းတို့ကြောင့် သုခေန စိတ္တံ ပဝိသတိ–ချမ်းသာလွယ်ကူစွာ စိတ်နှလုံးသားထဲသို့ ဝင်သွားရသနည်း၊ ဖော်ထုတ်ခဲ့ပါ။

ဖြေ။ (၁) ကဏ္ဏသုခ – နားချမ်းသာမှုကို ဖြစ်စေသော ဗျဉ္ဇနမဓုရတာဟူသော အကြောင်းတစ်ချက်၊

(၂) ပေမနီယ – ချစ်ခြင်းကို ဖြစ်စေတတ်သော အတ္တမဓုရတာဟူသော အကြောင်းတစ်ချက်၊

ဤအကြောင်းနှစ်ချက်တို့ကြောင့် သုခေန စိတ္တံ ပဝိသတိ–ချမ်းသာလွယ်ကူစွာ စိတ်နှလုံးသားထဲသို့ ဝင်သွားပါ၏။ (ဋီသစ်)

အမှာ။ ကဏ္ဏသုခါ ပေမနီယာ ဟဒယင်္ဂမာ ဟူသော ပါဠိတော်နှင့် တွဲ၍ ဤအဓိပ္ပါယ်ကို ရှုပါ။

မေး။ ပုရေ သံဝဍ္ဍနာရီ ဝိယ သုကုမာရာတိပိ ပေါရီ ဝါကျ၌ ဥပမာစတုက္က ထုတ်ပြပါ။

ဖြေ။ ပုရေ သံဝဍ္ဍနာရီ – မြို့ကြီး၌ မွေးဖွားကြီးပြင်းလာသော မိန်းမသည် = နူးညံ့ကြောင်း ဖြစ်သောကြောင့် ဥပမာန၊

သုကုမာရာ – ပြေပြစ်သည့် စကားဒြဗ်သည် = နူးညံ့မှုကို အပြုခံရသောကြောင့် ဥပမေယျ၊

မြို့ကြီး၌ မွေးဖွားကြီးပြင်းလာသည့် မိန်းမ၏ နူးညံ့သိမ်မွေ့ခြင်းနှင့် စကားဒြဗ်၏ မကြမ်းတမ်းဘဲ နူးညံ့သိမ်မွေ့ပုံခြင်း တူသော အခြင်းအရာ အာကာရသည် ဥပမာ၊

ဝိယသဒ္ဒါသည် = ဥပမာအနက်ကို ထွန်းပြတတ်သောကြောင့် ဥပမာဇောတက။

ttp://www.dhammadownload.com



မေး။ ပုရသဒ္ဒါသည် နဂရသဒ္ဒါ၏ ပရိယာယ်မျှသာ ဖြစ်ပါလျက် ပုရဿ ပုဒ်ကို နဂရဝါသီနံ့ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုထားရခြင်း အကြောင်းကို ရှင်းပြပါ။

ဖြေ။ ပုရသဒ္ဒါသည် နဂရသဒ္ဒါ၏ ပရိယာယ်မျှသာ ဖြစ်သော်လည်း ပုရဿ၌ ပုရသဒ္ဒါကား "ဂါမော အာဂတော" စသည်တို့၌ကဲ့သို့ သဟစရဏနည်း၏ အစွမ်းဖြင့် "မြို့၌နေသူ လူဒြပ်တို့ကို"လည်း ဟောနိုင်သောကြောင့် ပုရဿ ပုဒ်ကို နဂရဝါသီနံ့ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုသည်။ (ဋီသစ်)

မေး။ ပေါရီ (ဝါ) ပုရဿ၌ ပုရသဒ္ဒါသည် နဂရသဒ္ဒါ၏ ပရိယာယ်မျှသာ ဖြစ်၍ ပုရ အရ = မြို့ကိုမျှသာ ယူရမည်လော၊ အဘယ်ကို ယူရမည်နည်း။

ဖြေ။ ပုရဿ၌ ပုရ အရ = မြို့ကိုသာ မယူရ။ "ဂါမော အာဂတော" စသည်တို့၌ကဲ့သို့ သဟစရဏနည်း၏ အစွမ်းဖြင့် "နဂရဝါသီနံ-မြို့၌နေသူ လူတို့ကို" ယူပါ။ (ဋီသစ်)

မေး။ ဝေရူပီ ကထာ ဗဟုနော ဇနဿ ကန္တာ ဝါကျ၌ ပါသည့် ဝေရူပီ ကထာ အရကို ဖော်ပြပါ။

ဖြေ။ ၁။ ဂုဏ်နှင့် ပြည့်စုံသော စကား ၂။ မြို့ကြီးသူသဖွယ် နူးညံ့သော စကား ၃။ မြို့သူ, မြို့သားတို့၏ ဥစ္စာ ဖြစ်သော စကားတို့ကို ရ၏။ (ဋီသစ်)

**(၄။ နှာ ၇၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **အတ္ထဝါဒီ၌** အတ္ထ အရကို ဖော်ပြပါ။

ဖြေ။ ဒိဋ္ဌဓမ္မိကတ္ထ, သမ္ပရာယိကတ္ထကို ယူပါ။ (ဋ)

မေး။ **ဘူတဝါဒီ** ပုဒ်ကို ဟောပြီးပါလျက် "**အတ္ထဝါဒီ**"ပုဒ်ကို အဘယ်ကြောင့် ထည့်၍ ဟောသနည်း။

ဖြေ။ အဟုတ်အမှန်ကိုသာ ပြောဟောသော ပုဂ္ဂိုလ်သည်လည်း ဟုတ်မှန်ရုံမျှသော တရားစကားကိုသာ ပြောဟော ရသည် မဟုတ်သေး၊ ပစ္စုပ္ပန်, တမလွန် နှစ်တန်သော လောကကြီး၏ အကျိုးစီးပွားကို ပြီးပြည့်စုံစေတတ်သော တရားစကားကိုသာလျှင် ပြောဟောသင့်၏ဟူသော အဓိပ္ပါယ်ကို သိစေလိုသောကြောင့် "ဓမ္မဝါဒီ"ပုဒ်ကို ထည့်၍ ဟောသည်။ (ဋီသစ်)

မေး။ **အတ္ထဝါဒီ** ပုဒ်ကို ဟောပြီးပါလျက် "**ဓမ္မဝါဒီ**"ပုဒ်ကို အဘယ်ကြောင့် ထည့်၍ ဟောသနည်း။

ဖြေ။ ပစ္စုပ္ပန်, တမလွန် နှစ်တန်သော လောကကြီး၏ အကျိုးစီးပွားကို ပြီးပြည့်စုံစေတတ်သော တရားစကားကို ပြောဟောသော ပုဂ္ဂိုလ်သည်လည်း လောကီအကျိုး စီးပွားရေး တရားစကားကိုသာ မပြောဟောသင့်၊ အမှန် သော်ကား လောကုတ္တရာနှင့် ဆိုင်သော တရားကိုလည်း ပြောဟောသင့်၏ဟူသော အဓိပ္ပါယ်ကို သိစေလို သောကြောင့် "ဓမ္မဝါဒီ"ပုဒ်ကို ထည့်၍ ဟောသည်။ (ဋီသစ်)

အမှာ။ **ဓမ္မဝါဒီ၌** ဓမ္မ အရ = လောကုတ္တရာတရား ၉-ပါးကို ယူပါ။ (ဋ)

မေး။ သံဝရဝိနယပဟာနဝိနယသန္နိဿိတံ ကတွာ ဝဒတီတိ ဝိနယဝါဒီ၌ ဝိနယ အရကို ဖော်ပြ၍၊ (က) သံဝရဝိနယဘေဒနှင့် (ခ) ပဟာနဝိနယဘေဒတို့ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ဝိနယ အရ = သံဝရဝိနည်းနှင့် ပဟာနဝိနည်းကို ယူပါ။ (ဋ)

(က) သံဝရဝိနည်းသည် = ပါတိမောက္ခသံဝရ၊ သတိသံဝရ၊ ဉာဏသံဝရ၊ ခန္တီသံဝရ၊ ဝီရိယသံဝရအားဖြင့် ငါးပါးပြား၏။

(ခ) ပဟာနဝိနည်းသည် = တဒင်္ဂပ္ပဟာန၊ ဝိက္ခမ္ဘနပ္ပဟာန၊ သမုစ္ဆေဒပ္ပဟာန၊ ပဋိပ္ပဿဒ္ဓိပ္ပဟာန၊ နိဿရဏ ပ္ပဟာန အားဖြင့် ငါးပါးပြား၏။ (ဋီသစ်)

ဆောင်။ ပါတိမောက္ခ၊ ဉာဏ, သတိ၊ ခန္တီ, ဝီရိယာ၊ ဤငါးဖြာ၊ မှတ်ပါ သံဝရ။

တဒင်, ဝိက္ခ၊ သမုစ္ဆေ၊ ပဿဒ္ဓနှင့်၊ နိဿရဏ လာ၊ ဤငါးဖြာ၊ မှတ်ပါ ပဟာန။

ttp://www.dhammadownload.com



မေး။ သ–၏ ကာရီသဒ္ဒါများနှင့် သ–သဒ္ဒါ ဟောနိုင်သော အနက်တို့ကို ပုံစံနှင့်တကွ တွဲစပ်ဖော်ပြပါ။

ဖြေ။ "သ–၏ ကာရီသဒ္ဒါများ"

သ–သဒ္ဒါသည် . . .

သန္တသဒ္ဒါ၏ ကာရိယလည်း ရှိ၏။ ပုံစံကား = သပ္ပုရိသော စသည်တည်း။

သဟသဒ္ဒါ၏ ကာရိယလည်း ရှိ၏။ ပုံစံကား = သဝိတက္ကသဝိစာရာ, သာပဒေသံ စသည်တည်း။

သမာနသဒ္ဒါ၏ ကာရိယလည်း ရှိ၏။ ပုံစံကား = ဟရိသဝဏ္ဏော စသည်တည်း။

ပသတ္ထသဒ္ဒါ၏ ကာရိယလည်း ရှိ၏။ ပုံစံကား = သေဋ္ဌော စသည်တည်း။

အမှာ။ သပ္ပုရိသောကို သန္တ+ပုရိသ ဟုတည်။ သဝိတက္ကသဝိစာရာကို သဟ+ဝိတက္က သဟ+ဝိစာရ ဟုတည်။ သာပဒေသံကို သဟ+အပဒေသ ဟုတည်။ ဟရိသဝဏ္ဏောကို ဟရိသမာန+ဝဏ္ဏ ဟုတည်။ သေဋ္ဌောကို ပသတ္ထ+ဣဋ္ဌ ဟုတည်ပါ။

"သ–၏ ဟောနိုင်သော အနက်များ"

သ–သဒ္ဒါသည် . . .

အတ္တနီယ – မိမိဉစ္စာ အနက်ကိုလည်း ဟောနိုင်၏။ ပုံစံကား = သာနိ ကမ္မာနိ၊ သပုတ္တော စသည်တည်း။

အတ္တ – မိမိ၏အတ္တဘော အနက်ကိုလည်း ဟောနိုင်၏။ ပုံစံကား = သခန်၊ သပရိသံ စသည်တည်း။

မိတ္တ – အဆွေဗန္ဓု အနက်ကိုလည်း ဟောနိုင်၏။ ပုံစံကား = သန္တိဋ္ဌော၊ သမ္ဘတ္တော စသည်တည်း။

ခေတ္တ – လယ်ယာ အနက်ကိုလည်း ဟောနိုင်၏။ ပုံစံကား = သဿံ စသည်တည်း။

ရက္ခသ – ရက္ခိုဉ်ဘီလူး အနက်ကိုလည်း ဟောနိုင်၏။ ပုံစံကား = သပတ္တော စသည်တည်း။

အမှာ။ သဿံကို = သေ–ခေတ္တေ သေန္တိ ရုဟန္တီတိ သဿံ။ သပတ္တောကို = သော ဝိယ ရက္ခသော ဝိယ အညမညံ အဟိတာသုခံ ပါပေတီတိ သပတ္တောဟု ဝိဂ္ဂဟပြုပါ။

နိယံ။ သန္တ, သဟ၊ သမာန နှင့်၊ ပသတ္ထ ပါ၊ လေးဖြာ–ကာရီ။

အတ္တနီယ၊ အတ္တ, အဆွေ၊ ခေတ္တေ၊ ရက္ခိုဉ်၊ သ ဟောဆိုက်၏။ (ကေက္ခရကောသ နိယံ)

မေး။ အဘယ်သို့ ဟောနိုင်သော ပုဂ္ဂိုလ်မျိုးကို "ဒေသနာကောသလ္လ ဉာဏ်ရှိသူ"ဟု ဆိုထိုက်သနည်း။

ဖြေ။ သင့်လျော်သောအခါ၌ ဟောခြင်း၊ ဥပမာပြ၍ (အကြောင်းပြ၍) ဟောခြင်း၊ အဆုံးအပိုင်းအခြား ရှိအောင် ဟောခြင်း၊ အနက်အဓိပ္ပါယ်နှင့် ပြည့်စုံအောင် (ရည်ရွယ်ရင်း အနက်အဓိပ္ပါယ် မလွတ်အောင်) ဟောခြင်း ဟူသော ဟောခြင်းတို့နှင့် ပြည့်စုံအောင် ဟောနိုင်သော ပုဂ္ဂိုလ်မျိုးကိုသာ "ဒေသနာကောသလ္လ ဉာဏ်ရှိသူ"ဟု ဆိုထိုက်၏။

မေး။ န အညံ နိက္ခိပိတွာ အညံ ဘာသတီတိ ဝုတ္တံ ဟောတိ ဝါကျ၏ ဗျတိရေကတ္ထ, အနွယတ္ထတို့ကို ကျနစွာ ဖြေပြပါ။

ဖြေ။ ဗျတိရေကတ္ထကား = တစ်ပါးသော အကျိုးကို ရှေးဦးစွာ ထားဟော၍ အနုသန္ဓေ မစပ်ဘဲ နောက်၌ တစ်ပါးသော အကျိုးကို ဟောတော်မမူ။

အနွယတ္ထကား = ထားအပ်သော အနုသန္ဓေ၏ အစွမ်းဖြင့်သာလျှင် ဆုံးစေ၍ ဟောတော်မူ၏။ (ဋီသစ်)

မေး။ သစ်ပင်များ၌ အညွန့်အတက် ပေါက်၍ တိုးပွားခြင်း, ကြီးပွားခြင်း သဘောရှိ၍ "သစ်ပင်များ၌ အသက် ရှိ၏"ဟု ဆိုသောစကား မှန်/မမှန်ကို အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ "သစ်ပင်များ၌ အသက်ရှိ၏"ဟု ဆိုသောစကား မမှန်ပါ။

ttp://www.dhammadownload.com



အကြောင်းကား = သစ်ပင်တို့သည် စိတ်မရှိကြသောကြောင့်လည်းကောင်း၊ ခုတ်ဖြတ်ရာ၌ တုန်လှုပ် ခြောက်ချားမှု မရှိကြသောကြောင့်လည်းကောင်း၊ ခုတ်ဖြတ်ပြီးသည့် နေရာ၌ တစ်ဖန်ထပ်၍ ပေါက်ရောက်လာသည့် အညွန့်အတက်များသည် ခုတ်ဖြတ်ပြီးသော အညွန့်အတက်များနှင့် ဇာတ်သဘောအားဖြင့် မတူညီကြသောကြောင့်လည်းကောင်း၊ ဂဗ္ဘသေယျက စသော ယောနိလေးပါးလုံး၌ အကျုံးမဝင်ကြသောကြောင့်လည်းကောင်း အသက်မရှိပါ။

အညွန့်အတက် ပေါက်၍ ကြီးပွားမှုသဘောသည် သစ်ပင်များ၌သာ ရှိကြသည် မဟုတ်၊ သင်္ဘာ ကျောက်၊ ဆား စသော အရာဝတ္ထုများ၌လည်း သစ်ပင်များ၌ကဲ့သို့ တိုးပွားခြင်း, ကြီးပွားခြင်းသဘော ရှိကြသည်သာပင် ဖြစ်၏။ ယင်းသို့ တိုးပွားခြင်း, ကြီးပွားခြင်း သဘောသည်လည်း 'သက်ရှိ'ဟူ၍ ခေါ်ဝေါ်နိုင်ခြင်း၌ လိုရင်း အချက်အချာကျသော အကြောင်းကား မဟုတ်၊ ထို့ကြောင့် သစ်ပင်များ၌ အသက်မရှိဟူ၍သာ တစ်ထစ်ချ မှတ်ရမည်။ (ဋ္ဌီသစ်)

မေး။ သက်ရှိသတ္တဝါများကဲ့သို့ ကုက္ကိုပင်, မန်ကျည်းပင်များ ညအခါ၌ အိပ်ကြသည်ကို ရှုမျှော်၍ "သစ်ပင်များ၌ အသက်ရှိ၏"ဟု ဆိုသောစကား မှန်/မမှန်ကို ရှင်းလင်းစွာ စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ "သစ်ပင်များ၌ အသက်ရှိ၏"ဟု ဆိုသောစကား မမှန်ပါ။

ကုက္ကိုပင်, မန်ကျည်းပင် စသည်များသည် ညအခါ၌ ညှိုးနွမ်းသောအားဖြင့် အိပ်သကဲ့သို့ ဖြစ်ခြင်းသည်ကား အာရုံကို ယူနိုင်စွမ်း ရှိသောအားဖြင့် ဖြစ်ကြခြင်းကား မဟုတ်ပါ။ အချို့သော လူတို့၏ မိမိစိတ်ထင်အတိုင်း ကြံဆထားသော တက္ကီဝါဒအားဖြင့်သာလျှင် သစ်ပင်များ၌ အသက်ရှိ၏ဟု ယူဆနေကြခြင်း ဖြစ်သည်။ အမှန်အားဖြင့် သစ်ပင်တို့သည် စိတ်မရှိကြသောကြောင့်လည်းကောင်း၊ ခုတ်ဖြတ်ရာ၌ တုန်လှုပ် ချောက်ချားမှု မရှိကြသောကြောင့်လည်းကောင်း၊ ခုတ်ဖြတ်ပြီးသည့် နေရာ၌ တစ်ဖန်ထပ်၍ ပေါက်ရောက်လာသည့် အညွန့်အတက်များသည် ခုတ်ဖြတ်ပြီးသော အညွန့်အတက်များနှင့် ဇာတ်သဘောအားဖြင့် မတူညီကြသောကြောင့်လည်းကောင်း၊ ဂဗ္ဘသေယျက စသော ယောနိလေးပါးလုံး၌ အကျုံးမဝင်ကြသောကြောင့်လည်းကောင်း အသက်မရှိပါ။ (ဋ္ဌီသစ်)

မေး။ သစ်ပင်များ၌ အသက်မရှိကြောင်း ထင်ရှားပါလျက် သစ်ပင်များကို ဖျက်ဆီးမှုမှ ရှောင်ကြဉ်ခြင်းကို အဘယ်ကြောင့် ဗုဒ္ဓလိုလားပါသနည်း။

ဖြေ။ သစ်ပင်တို့ကို ခုတ်ဖြတ်ခြင်းသည် ရဟန်းတို့အား မလျောက်ပတ်သောအကျင့် ဖြစ်သောကြောင့်လည်းကောင်း၊ သစ်ပင် စသည်၌ မှီနေသော သတ္တဝါတို့ကို သနားစောင့်ရှောက်လိုသောကြောင့်လည်းကောင်း သစ်ပင်များ ဖျက်ဆီးမှုမှ ရှောင်ခြင်းကို လိုလားတော်မူ၏။ (ဋ္ဌီသစ်)

အမှာ။ ဗီဇဂါမဘူတဂါမသမာရမ္ဘာ ပဋိဝိရတော (ဝါ) ဘူတဂါမပါတဗျတာယ ပါစိတ္တိယံဟု အဘယ်ကြောင့် ဘုရားရှင် ဟောတော်မူရသနည်းဟု မေးသော် အထက်ပါ အဖြေကို မှီး၍ ဖြေပါ။

မေး။ မူလဗီဇ အရကို တတ်စွမ်းသမျှ ထုတ်ပြပါ။

ဖြေ။ ဟလိဒ္ဒိ၊ သိင်္ဂိဝေရ၊ ဝစာ၊ ဝစတ္တံ၊ အတိဝိသာ၊ ကဋုကရောဟိဏီ၊ ဥသီရ၊ ဘဒ္ဒမုတ္တက။ (စာစဉ်)

မေး။ ဗီဇဗီဇံ၌ ဗီဇ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ အကြောင်းတစ်ပါးနှင့် ပေါင်းဆုံလတ်သော် တူသော အသီးကို ဖြစ်စေခြင်း၏ ဝိသေသအကြောင်း ဖြစ်သောကြောင့် ပေါက်ရောက်ခြင်းငှာ စွမ်းနိုင်ကုန်သော အနှစ်ရှိသော (ဝါ) အစေ့ရှိသော အသီးတို့ကို ရ၏။

ttp://www.dhammadownload.com



မေး။ ဗီဇံဟု ဆိုက ပြီးပါလျက် အဘယ်အကျိုးငှာ ဗီဇသဒ္ဒါ တစ်ခုဖြင့် အထူးပြု၍ "ဗီဇဗီဇံ"ဟု ဆိုရသနည်း၊ ဥပမာနှင့်တကွ ဖြေဆိုပါ။

ဖြေ။ အမြစ်, ပင်စည်, အဆစ်, အညွန့်, မျိုးစေ့များသည်လည်း သစ်ပင် ပေါက်ရောက်နိုင်သည့်အတွက် ဗီဇဟူ၍ပင် ခေါ်ဆိုနိုင်ရကား ယင်းအမြစ်, ပင်စည် စသည်များကို တားမြစ်ခြင်းအကျိုးငှာ ဗီဇသဒ္ဒါ တစ်ခုဖြင့် အထူးပြု၍ "ဗီဇံဗီဇံ"ဟု ဆို၏။

ဥပမာကား = ရူပရူပံ, ဒုက္ခဒုက္ခံ စသော ပါဠိတော်များ၌ကဲ့သို့တည်း။ (ဋီသစ်)

မေး။ နီလတိဏရုက္ခာဒိကဿ ဘူတဂါမဿ စ သမာရမ္ဘာ ဝါကျ၌ အဘယ်ကြောင့် နီလသဒ္ဒါဖြင့် အထူးပြု၍ "နီလတိဏရုက္ခာဒိကဿ"ဟု ဆိုရသနည်း၊ ရှင်းလင်းစွာ ဖြေဆိုခဲ့ပါ။

ဖြေ။ ချင်း,ထန်း,အုန်း စသည်တို့သည် ချင်း,ထန်းစေ့,အုန်းစေ့ စသည်တို့မှ အကြင်မျှလောက်သော ကာလပတ်လုံး စိမ်းညိုသော အရွက်,အဖူးများ မထွက်ပေါ်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ဗီဇဂါမ်မှ မလွတ်။ စိမ်းညိုသော အညွန့်,အဖူး ထွက်ရှိလာမှသာလျှင် ဗီဇဂါမ်မှ လွတ်၍ ဘူတဂါမ်ဖြင့် ရေတွက်ရသည်ဟူသော အဓိပ္ပါယ်ကို သိစေလိုသောကြောင့် နီလသဒ္ဒါဖြင့် အထူးပြု၍ "နီလတိဏရုက္ခာဒိကဿ"ဟု ဆို၏။

မေး။ **ဧကဘတ္တိက** ပုဒ်ကို ဟောပြီးပါလျက် အဘယ်ကြောင့် **ရတ္တူပရတော** ပုဒ်ကို ထပ်၍ ဟောသနည်း။

ဖြေ။ တစ်နေ့၌ တစ်ကြိမ်သာ စားခြင်းကြောင့် ဧကဘတ္တိက မည်၏ဟု ဆိုထား၍ ညဉ့်၌ တစ်ကြိမ်သာ စားလျှင်လည်း ဧကဘတ္တိက မည်ရာ၏ဟူသော စောဒနာကို တားမြစ်လိုသောကြောင့် "ရတ္တူပရတော" ပုဒ်ကို ထပ်၍ ဟောသည်။

မေး။ **ဧကဘတ္တိက, ရတ္တူပရတ** ပုဒ်တို့ကို ဟောပြီးပါလျက် အဘယ်ကြောင့် "**ဝိရတော ဝိကာလဘောဇနာ**"ပုဒ်ကို ထပ်၍ ဟောသနည်း။

ဖြေ။ ဧကဘတ္တိက, ရတ္တူပရတ မျှသာဟောလျှင် နေ့လွဲ ညနေချမ်းအခါဟု ခေါ်ဆိုအပ်သော သာယနှသမယ၌ တစ်ကြိမ်သာ စားလျှင်လည်း ဧကဘတ္တိက မည်ရာ၏ဟူသော ယုံမှားသင်္ကာကို တားမြစ်လိုသောကြောင့် "ဝိရတော ဝိကာလဘောဇနာ" ပုဒ်ကို ထပ်၍ ဟောသည်။

မေး။ သူတော်ကောင်းတို့၏ ဆွမ်းစားချိန် "ကာလ"ကို အကြောင်းပြ၍ ထုတ်ဖော်ပြခဲ့ပါ။

ဖြေ။ ဘုရား အစရှိသော အရိယာ သူတော်ကောင်းတို့၏ အလေ့အကျက် ဖြစ်သောကြောင့် အရုဏ်တက်သည်မှ မွန်းတည့်အတွင်းသည် ဆွမ်းစားချိန် "ကာလ"မည်၏။ (ဋီသစ်)

မေး။ တည့်မတ်စွာ ဖြစ်သော မွန်းတည့်ချိန်ကို ကာလ/ဝိကာလ နှစ်မျိုးတို့တွင် အဘယ်၌ ထည့်သွင်း ယူရမည်နည်း၊ သာဓကပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ ကာလ၌ ထည့်သွင်းယူရမည်။

သာဓကကား = ပါစိတျာဒိ အဋ္ဌကထာလာ ဌိတမဇ္ဈန္ဟိကောပိ ကာလသင်္ဂဟံ ဂစ္ဆတိ ဟူသော စကားပင်တည်း။

မေး။ **ဝိကာလဘောဇနာ** ပုဒ်၌ ဘောဇန အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ ဘောဇန အရ = ယာဂု,ဆွမ်း စသော အလုံးစုံသော ယာဝကာလိကဘောဇဉ် တစ်မျိုးတည်းကိုသာ ယူရမည်။ အကြောင်းကား = ယာမကာလိကဘောဇဉ် စသော ကာလိကဘောဇဉ် သုံးပါးကို ညနေချမ်းအခါ စသည်၌ စားသောက်ရန် ခွင့်ပြုထားတော်မူသောကြောင့်လည်းကောင်း၊ ဝိကာလဘောဇန သဒ္ဒါ၏လည်း စားမျိုအပ်, ခံစားအပ်သော ယာဝကာလိကဘောဇဉ် တစ်ခုတည်း၌သာ အထင်ရှူဠ်အားဖြင့် ဖြစ်နေ, ထင်ရှားနေသော ကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ မြတ်စွာဘုရားသည် မည်သည့်အခါမှ စ၍ ဝိကာလဘောဇနောကို ရှောင်ကြဉ်ခဲ့သနည်း။

ဖြေ။ မြတ်စွာဘုရားသည် ဘုရားဖြစ်မှသာ ဝိကာလဘောဇနောကို ရှောင်ကြဉ်သည် မဟုတ်၊ အနောမာ မြစ်ကမ်းနား၌ ရဟန်းပြုသော နေ့မှ စ၍ ရှောင်ကြဉ်ခဲ့သည်။ (ဋီသစ်)

မေး။ ကပွဲသဘင် ကြည့်ရှုနားထောင်ခြင်းသည် ဒုစရိုက်အကျင့် မဟုတ်ပါဘဲလျက် ကပွဲသဘင် ကြည့်ရှုနားထောင်ခြင်းကို သာသနာတော်အား မလျော်၊ သာသနာတော်၏ ဆန့်ကျင်ဘက် စို့,တံကျင်သဖွယ် ဖြစ်၏ဟု အဋ္ဌကထာဆရာ အဘယ်ကြောင့် ဖွင့်သနည်း။

ဖြေ။ ကပွဲသဘင် ကြည့်ရှုနားထောင်ခြင်းသည် ဒုစရိုက်အကျင့် မဟုတ်သော်လည်း ဆန္ဒရာဂနှင့်တကွ ဖြစ်သောကြောင့် "သဗ္ဗပါပဿ အကရဏံ" စသော နည်းဖြင့် ဖြစ်ပေါ်လာသော ဘုရားရှင်၏ သာသနာတော်ကို မလျော်စေပါ။ ထိုသို့ မလျော်ရုံသာမက ကပွဲသဘင် ကြည့်ရှုနားထောင်ခြင်းသည် ဆန္ဒရာဂကိုလည်း ဖြစ်စေတတ်၍ သာသနာတော်၏ ဆန့်ကျင်ဘက် စို့,တံကျင်သဖွယ်လည်း ဖြစ်သည်။ ထို့ကြောင့် "သာသနာတော်အား မလျော်၊ သာသနာတော်၏ ဆန့်ကျင်ဘက် စို့,တံကျင်သဖွယ် ဖြစ်သည်"ဟု အဋ္ဌကထာဆရာ ဖွင့်သည်။ (ဋီသစ်)

အမှာ။ ဝိသူကဒဿနသည် သာသနဿ အနနုလောမ အဘယ်ကြောင့် ဖြစ်ရသနည်းဟု မေးသော် အထက်ပါ အတိုင်း ဖြေပါ။

မေး။ နစ္စဂီတဝါဒိတဝိသူကဒဿနာ (ဝါ) ဝိသူကံ ပဋ္ဌာဏီဘူတံ ဒဿနန္တိ **ဝိသူကဒဿန**ံဟု ဆိုသောကြောင့် ကြည့်ရှုခြင်းသာ မအပ်၊ နားထောင်ခြင်းကား အပ်သည်ဟု မှတ်ရမည်လော၊ ကျနစွာ ရှင်းပြပါ။

ဖြေ။ ဒဿနာပုဒ်ကို ဒဿနဉ္စ သဝနဉ္စ ဒဿနာဟု ဝိရူပေကသေသ ပြု၍ နိပ္ဖန္နပုဒ် ဖြစ်သော ဒဿနဖြင့် သဝနကိုပါ ယူနိုင်, ဟောကြားနိုင်သောကြောင့် ကြည့်ရှုခြင်း, နားထောင်ခြင်း နှစ်မျိုးလုံးပင် မအပ်ပါ။ (တစ်နည်း) စက္ခုဝိညာဏ် စသော ဝိညာဏ်ငါးပါးလုံးပင် မိမိဆိုင်ရာ အာရုံကို ထင်စွာပြုခြင်း, သိမြင်ခြင်း အာလောစန သဘောရှိ၍ ဝိညာဏ်ငါးပါးတို့တွင် သဝနကြိယာကိုလည်း ဒဿန ပုံစံအသွင်ဖြင့် ဖြစ်၏ဟု ဆိုနိုင်ရကား နားထောင်ခြင်းကိုလည်း ဒဿနဟူ၍ပင် ခေါ်ဆိုနိုင်သောကြောင့် ကြည့်ရှုခြင်း, နားထောင်ခြင်း နှစ်မျိုးလုံးပင် မအပ်ပါ။ (ဋီသစ်)

အမှာ။ သိက္ခာပုဒ်၌ သဝနသဒ္ဒါကို မထည့်ဘဲ ဒဿနာ ဟူ၍သာ ဟောတော်မူခြင်း အကြောင်းကို ရေးပါဟု မေးသော်လည်းကောင်း၊ ဂီတနှင့် ဝါဒိတတို့ကို ကြည့်ရှု၍ မဖြစ်နိုင်ကောင်းပါဘဲလျက် အဘယ်ကြောင့် နစ္စဂီတဝါဒိတဝိသူကဒဿနာဟု ဟောရသနည်းဟူ၍ မေးသော်လည်းကောင်း အထက်ပါ အဖြေတို့ကို မှီး၍ ဖြေတော်မူပါ။

## (၄၊ နှာ ၀၆–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အဝိသူက ဂီတကို နားထောင်ခြင်း၌ အပ်/မအပ် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ ဝိသူကဘူတာ ဒဿနာ စ–ဟု ဆိုသောကြောင့် အဝိသူကဖြစ်သော ဂီတကို နားထောင်ခြင်းကား တစ်ရံ တစ်ခါအပ်၏။ (ဋီသစ်)

အမှာ။ တရားနှင့်စပ်ယှဉ်သော ဂီတသည် မအပ်၊ ဂီတနှင့်စပ်ယှဉ်သော တရားကား အပ်၏။ (ခုဒ္ဒက၊ ၄)

မေး။ (က) **မာလာတိ** ယံ ကိဉ္စိ ပုပ္ဖံ။ (ခ) **ဂန္ဓန္တိ** ယံ ကိဉ္စိ ဂန္ဓဇာတံ။ (ဂ) **ဝိလေပနန္တိ** ဆဝိရာဂကရဏံ ဝါကျတို့တွင် (ခ) ဝါကျ၌လာသော "ဂန္ဓဇာတ"အရကို ဓမ္မောပမာတစ်ခု ထုတ်ဆောင်၍ တိကျစွာ ကောက်ပြပါ။

ttp://www.dhammadownload.com



ဖြေ။ ဂန္ဓဇာတ အရကား = ဆိုလတ္တံ့ဖြစ်သော ဝိလေပန ပုဒ်အတွက် နံ့သာမှုန့်, နံ့သာပျောင်းများကို ချန်လှပ်၍ ယင်းမှ ကြွင်းကျန်သော နံ့သာမှုန့် အခိုးအထုံ စသည်များကို ကောက်ယူရမည်။
ဓမ္မောပမာကား = ဓမ္မော စ ဝိနယော စ ဒေသိတော၌ ဓမ္မသဒ္ဒါသည် ပိဋကတ်သုံးပုံ အလုံးစုံကို ဟောကြား နိုင်ပါသော်လည်း ဆိုလတ္တံ့ဖြစ်သော ဝိနယပုဒ်အတွက် ဝိနည်းပိဋကတ်ကို ချန်လှပ်၍ ဓမ္မောအရ သုတ္တန်, အဘိဓမ္မာ ပိဋကတ် နှစ်ပါးကိုသာ အရကောက်ယူရသကဲ့သို့တည်း။ (ဋီသစ်)

မေး။ ဠာန် ဝုစ္စတိ ကာရဏံ၊ တသ္မာ ယာယ ဒုဿီလျစေတနာယ တာနိ မာလာစာရဏာဒီနိ မဟာဇနော ကရောတိ ဝါကျ၌ ဒုဿီလျစေတနာသည် (က) မည်သည့် အကျိုးတရားတို့အား (ခ) မည်သို့သော နည်းအားဖြင့် (ဂ) မည်သို့သော သတ္တိတို့ဖြင့် ကျေးဇူးပြုလျက် ပြုလုပ်ဆောင်ရွက်တတ်သော အကြောင်းကြောင့် ဌာန (ဝါ) ကာရဏ မည်နေပါသနည်း၊ ရှင်းလင်းစွာ ဖြေဆိုခဲ့ပါ။

ဖြေ။ ဒုဿီလျစေတနာသည် . . .
(က) မိမိနှင့် ယှဉ်ဖော်ယှဉ်ဖက် သမ္ပယုတ္တဓမ္မ ဟူသော အကျိုးတရားတို့အားလည်းကောင်း၊ မိမိဟူသော ဒုဿီလျစေတနာ အကြောင်းကြောင့် ဖြစ်ပေါ်လာကြကုန်သော ဝိပါက် နာမက္ခန္ဓာ, ကဋတ္တာရုပ်ဟူ ကုန်သော အကျိုးတရားတို့အားလည်းကောင်း၊
(ခ) ဖြစ်စေ,တည်စေသော နည်းအားဖြင့်၊
(ဂ) သဟဇာတ, ပကတူပနိဿယ, နာနာက္ခဏိက ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုလျက် ပြုလုပ်ဆောင်ရွက် တတ်သော အကြောင်းကြောင့် ဌာန (ဝါ) ကာရဏ မည်၏။ (ဋီသစ်)

မေး။ တသ္မာ ယာယ ဒုဿီလျစေတနာယ တာနိ မာလာစာရဏာဒီနိ မဟာဇနော ကရောတိ ဝါကျဝယ် မာလာ စာရဏ၌ "မာလာ"ပုဒ်၏ အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ မာလာ အရ = ဗဒ္ဓပုပ္ဖ–သီကုံးအပ်သော ပန်းကုံးပန်းဆိုင်း၊ အဗဒ္ဓပုပ္ဖ–မသီကုံးအပ်သော ပန်းကုံးပန်းဆိုင်း တို့ကို ယူရမည်။
အကြောင်းကား = ဤနေရာ၌ မာလာဟူသော သဒ္ဒါသည် အစိတ်ဖြစ်သော ဗဒ္ဓပုပ္ဖ၏ မာလာဟူသော အမည်ကို အပေါင်းဖြစ်သော ဗဒ္ဓပုပ္ဖ, အဗဒ္ဓပုပ္ဖ နှစ်ပါးစုံတို့၌ တင်စား၍ အပေါင်းဖြစ်သော ဗဒ္ဓပုပ္ဖ, အဗဒ္ဓပုပ္ဖ နှစ်ပါးစုံတို့ကိုလည်း ဧကဒေသူပစာ (အဝယဝူပစာ) + ဥပလက္ခဏနည်း, နိဒဿနနည်းအားဖြင့် မာလာဟု ခေါ်ဝေါ်သုံးစွဲထားသော ဥပစာသဒ္ဒါ ဖြစ်သောကြောင့်တည်း။

မေး။ **ဥစ္စာသယနနှင့် မဟာသယနတို့၏ အထူးကို ဖော်ပြပါ။**

ဖြေ။ ပမာဏထက် လွန်သော ညောင်စောင်းအင်းပျဉ်ကို "ဥစ္စာသယန"ဟု ခေါ်၏။
မအပ်သော အခင်းကို "မဟာသယန"ဟု ခေါ်၏။ ဤသို့ ထူးသည်။ (ဋ)

မေး။ ပါဠိတော်၌ ဥစ္စာသယနမဟာသယနာ ပဋိဝိရတောဟု ဆိုထားသောကြောင့် (က) ဘုရားရှင်သည် ဥစ္စာ သယနမဟာသယနမှ ရှောင်ကြဉ်သည် (ခ) ဘုရားရှင်သည် ဥစ္စာသယနမဟာသယန အခင်းပေါ်၌ ထိုင်ခြင်း, အိပ်ခြင်းဟူသော သုံးဆောင်ခြင်းတို့မှ ရှောင်ကြဉ်သည်ဟူသော အဓိပ္ပါယ် နှစ်မျိုးတို့တွင် မည်သည့် အဓိပ္ပါယ် ကို ယူရမည်နည်း၊ ရှင်းလင်းစွာ ဖော်ပြပါ။

ဖြေ။ ဥစ္စာသယနမဟာသယန အခင်းများကို ပယ်မြစ်ခဲ့သော် ယင်းအခင်းများပေါ်၌ ထိုင်ခြင်း,အိပ်ခြင်း ကြိယာ များကိုလည်း ပယ်မြစ်ပြီးသာလျှင် ဖြစ်သောကြောင့် ဘုရားရှင်သည် ဥစ္စာသယနမဟာသယန အခင်းပေါ်၌ ထိုင်ခြင်း,အိပ်ခြင်းဟူသော သုံးဆောင်ခြင်းတို့မှ ရှောင်ကြဉ်တော်မူသည်ဟူသော အဓိပ္ပါယ်ကို မှတ်ယူရမည်။

ttp://www.dhammadownload.com



(တစ်နည်း) ဥစ္စာသယနမဟာသယနၖ သယနသဒ္ဒါကို သာမညနိဒ္ဒေသနည်း, ဧကသေသနည်းတို့ဖြင့် ဆိုထားသောကြောင့်လည်းကောင်း၊ သယနသဒ္ဒါဖြင့်ပင် ထိုင်ခြင်း,အိပ်ခြင်း ကြိယာနှစ်ပါးစုံကို သဂြိုဟ် ပေါင်းယူကာ ရေတွက်နိုင်သောကြောင့်လည်းကောင်း ဘုရားရှင်သည် ဥစ္စာသယနမဟာသယန အခင်းပေါ်၌ ထိုင်ခြင်း,အိပ်ခြင်းဟူသော သုံးဆောင်ခြင်းတို့မှ ရှောင်ကြဉ်တော်မူသည်ဟူသော အဓိပ္ပါယ်ကို မှတ်ယူရမည်။ (တစ်နည်း) ဥစ္စာသယနမဟာသယနကား = ဥစ္စာသယန အာသနသယန, မဟာသယန အာသန သယန ဟူ၍ ပုဒ်မှန်ဆိုလိုလျက် ကြိယာဝါစကဖြစ်သော နောက်အာသနသယန ပုဒ်များကို ချေဖျောက်ထားသည့် ဥတ္တရပဒလောပ သမာသ်ပုဒ် ဖြစ်သောကြောင့် ဘုရားရှင်သည် ဥစ္စာသယနမဟာသယန အခင်းပေါ်၌ ထိုင်ခြင်း,အိပ်ခြင်းဟူသော သုံးဆောင်ခြင်းတို့မှ ရှောင်ကြဉ်တော်မူသည် ဟူသော အဓိပ္ပါယ်ကို မှတ်ယူရမည်။ (အားလုံး-ဋီသစ်)

မေး။ ပါဠိတော်၌ ဥစ္စာသယနမဟာသယနာ ပဋိဝိရတောဟု ဆိုထားသောကြောင့် ဘုရားရှင်သည် ဥစ္စာသယန မဟာသယန အခင်းများပေါ်၌ အိပ်ခြင်းမှသာ ရှောင်ကြဉ်တော်မူ၏၊ ထိုင်ခြင်းကိုကား ရှောင်ကြဉ်တော်မမူဟု မှတ်ရမည်လော၊ အသို့ မှတ်ယူရမည်နည်း၊ ရှင်းလင်းစွာ ဖြေဆိုပါ။

ဖြေ။ ဥစ္စာသယနမဟာသယနၖ သယနသဒ္ဒါကို "နာမရူပပစ္စယာ သဠာယတနံ" အစရှိသည်တို့၌ကဲ့သို့ သာမည နိဒ္ဒေသနည်း, ဧကသေသနည်းတို့ဖြင့် ဆိုထားသောကြောင့်လည်းကောင်း၊ အိပ်ခြင်းကြိယာသည် ထိုင်ခြင်း ကြိယာလျှင် ရှေးသွားရှိနေသည့်အတွက် သယနသဒ္ဒါဖြင့်ပင် ထိုင်ခြင်း,အိပ်ခြင်း ကြိယာနှစ်ပါးစုံကို သဂြိုဟ် ပေါင်းယူကာ ရေတွက်နိုင်သောကြောင့်လည်းကောင်း ဘုရားရှင်သည် ဥစ္စာသယနမဟာသယန အခင်းများ ပေါ်၌ ထိုင်ခြင်း,အိပ်ခြင်း နှစ်မျိုးလုံးမှ ရှောင်ကြဉ်တော်မူသည်ဟူသော အဓိပ္ပါယ်ကို မှတ်ယူရမည်။ (တစ်နည်း) ဥစ္စာသယနမဟာသယနကား = ဥစ္စာသယန အာသနသယန, မဟာသယန အာသန သယန ဟူ၍ ပုဒ်မှန်ဆိုလိုလျက် ကြိယာဝါစကဖြစ်သော နောက်အာသနသယန ပုဒ်များကို ချေဖျောက်ထားသည့် ဥတ္တရပဒလောပ သမာသ်ပုဒ် ဖြစ်သောကြောင့် ဘုရားရှင်သည် ဥစ္စာသယန မဟာသယန အခင်းများပေါ်၌ ထိုင်ခြင်း,အိပ်ခြင်း နှစ်မျိုးလုံးမှ ရှောင်ကြဉ်တော်မူသည်ဟူသော အဓိပ္ပါယ်ကို မှတ်ယူရမည်။ (ဋီသစ်)

မေး။ **မဟာသယနန္တိ** အကပ္ပိယပစ္စတ္ထရဏံ ဝါကျ၌ "အကပ္ပိယပစ္စတ္ထရဏ" အရကို အကြောင်းပြ၍ ဖော်ပြခဲ့ပါ။

ဖြေ။ အကပ္ပိယပစ္စတ္ထရဏ အရကား = အာသန္ဒီ, ပလ္လင်္က, ဂေါနက, စိတ္တက, တူလိက စသော အခင်း အိပ်ရာ များသည်လည်း သမဏသာရုပ္ပ (ရဟန်းတို့အား သင့်လျော်လျောက်ပတ်သော) အိပ်စက်မှုမှ ကင်းဝေးသော ကြောင့်လည်းကောင်း၊ လူတို့ကလည်း အာသန္ဒီ စသော အခင်းအိပ်ရာများကို မြတ်သောအခင်းဟူ၍ သမုတ်ပညတ် သတ်မှတ်ထားခဲ့သောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

မေး။ စပါးမျိုးသည် ကျိတ်,ငကြွဲ,ငစိန် စသည်အားဖြင့် မြောက်များစွာ ရှိပါလျက် အဘယ်ကြောင့် "သတ္တဝိဓဿာပိ အာမကဓညဿ"ဟူသော အဋ္ဌကထာဆရာ ဆိုရသနည်း။

ဖြေ။ ကျိတ်-အစရှိသော စပါးအတုများသည်လည်းကောင်း၊ ငကြွဲ,ငစိန် စသော စပါးများသည်လည်းကောင်း ပင်ရင်းမူလဖြစ်သည့် သလေး စသော စပါးမျိုး ခုနစ်ပါး၌ အကျုံးဝင်သွားကြသောကြောင့် "သတ္တဝိဓဿာပိ အာမကဓညဿ"ဟူသော အဋ္ဌကထာဆရာ ဖွင့်ဆို၏။ (ဋီသစ်)

မေး။ **အာမကမံသပဋိဂ္ဂဟဏာတိ** ဧတ္ထ အညတြ ဩဒိဿ အနုညာတာ အာမကမံသမစ္ဆာနံ ပဋိဂ္ဂဟဏမေဝ ဘိက္ခူနံ န ဝဋ္ဋတိ ဝါကျ၌ "ဩဒိဿ အနုညာတာ" အရကို ကောက်ပြပြီးလျှင်၊ အဘယ်ကြောင့် ယင်းဩဒိဿ အနုညာတာကို "အညတြ"ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုထားရပါသနည်း။

ttp://www.dhammadownload.com



ဖြေ။ ဩဒိဿ အနုညာတာ အရကား ၁။ အစ္ဆဝသ–ဝံ၏အဆီ ၂။ မစ္ဆဝသ–ငါး၏အဆီ ၃။ သံသုမာရဝသ–မိကျောင်း၏အဆီ ၄။ သူကရဝသ–ဝက်၏အဆီ ၅။ ဂဒြဘဝသ–မြည်း၏အဆီ ဟူ၍ ငါးပါးသော ဆေးတို့ကို ယူရမည်။ (ဋီသစ်)

(တစ်နည်း) ဩဒိဿ အနုညာတာ အရကား = ရည်ညွှန်း၍ ခွင့်ပြုထားတော်မူခဲ့သည့် အားလုံးသော သားစိမ်း, ငါးစိမ်းများကို ယူရမည်။ (သျှဟောင်း)

"အညတြ"ဟု ဖွင့်ဆိုရခြင်း အကြောင်းကား = ရောဂါဖြစ်၍ ယင်းရောဂါနှင့် သင့်လျော်သော အဆီကို အလိုရှိသောအခါ အစ္ဆ, မစ္ဆ, သံသုမာရ, သူကရ, ဂဒြဘတို့၏ အသားများကို အဆီ ထုတ်ယူရန်အတွက် အလျှုခံကောင်း၏ဟု ဘုရားရှင် ဟောကြားထားခဲ့သောကြောင့် ဩဒိဿ အနုညာတာကို "အညတြ"ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုထားပါ၏။ (ဋီသစ်)

(တစ်နည်း) ရဟန်းတို့ကို ဘီလူးဖမ်းစားသောအခါ အသားစိမ်း, အသွေးစိမ်းများကိုပင် စားစိမ့်သောငှာ ဘုရားရှင် ခွင့်ပြုထားချက် ရှိတော်မူသောကြောင့် ဩဒိဿ အနုညာတာကို "အညတြ"ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုထားပါ၏။ (သျှဟောင်း)

မေး။ **ဣတ္ထိ, ကုမာရိကာ** ပါဠိ၌ ပါသည့် ဣတ္ထိနှင့် ကုမာရိကာတို့၏ အရကို ဖော်ပြပါ။

ဖြေ။ ဣတ္ထိ အရ = ယောက်ျားတစ်ပါး သွားလာဘူးသော မိန်းမကို ရ၏။

ကုမာရိကာ အရ = ယောက်ျားတစ်ပါး မသွားလာဘူးသော မိန်းမကို ရ၏။

မေး။ ဂေါရီ, ကညာ, ကုမာရိကာတို့၏ အသက်အပိုင်းအခြားကို ဖော်ပြပါ။

ဖြေ။ ၈–နှစ်သမီးသည် ဂေါရီ၊ ၁၀–နှစ်သမီးသည် ကညာ၊ ၁၂–သမီးသည် ကုမာရိကာ မည်၏။ (စာစဉ်)

မေး။ **ဣတ္ထိ,ကုမာရိကာ ဒါသီ,ဒါသ** စသော ပုဒ်များသည် လူဇာတ် တစ်ခုတည်းဖြစ်၍ တစ်ခုခုကို အလှူမခံကောင်းဟု ဆိုလျှင် ပြီးကောင်းပါလျက် ဣတ္ထိကုမာရိကပဋိဂ္ဂဟဏာ ဒါသိဒါသပဋိဂ္ဂဟဏာဟု အဘယ်အကျိုးငှာ (ဝါ) အဘယ်ကြောင့် အသီးသီး ဝေဖန်ခွဲခြား၍ ဟောကြားသနည်း။

ဖြေ။ ဣတ္ထိ,ကုမာရိကာ စသော ပုဒ်တို့သည် လူဇာတ်အားဖြင့် အလှူမခံကောင်းကုန်သည်၏ အဖြစ်ဖြင့် တူညီကြသော်လည်း ရဟန်းတို့သည် အလှူမခံအပ်သော ဝတ္ထုအနေဖြင့် ထူးသော အဖြစ်ကို ထင်စွာပြခြင်း အကျိုးငှာ (ဝါ) ထင်စွာ ပြလိုသောကြောင့် ဣတ္ထိကုမာရိကပဋိဂ္ဂဟဏာ ဒါသိဒါသပဋိဂ္ဂဟဏာဟု အသီးသီး ဝေဖန်ခွဲခြား၍ ဟောတော်မူသည်။ (ဋီသစ်)

မေး။ **ခေတ္တံ** နာမ ယသ္မိံ ပုဗ္ဗဏ္ဏံ ရုဟတိ ဝါကျ၌ "ပုဗ္ဗဏ္ဏ"အရကို အကြောင်းပြ၍ ကောက်ပြပါ။

ဖြေ။ ပုဗ္ဗဏ္ဏ အရကား = ကောက်စပါးကို ရ၏။

အကြောင်းကား = ဤ၌ ပုဗ္ဗဏ္ဏဟူသော သဒ္ဒါသည် အကျိုးဖြစ်သော ထမင်းဒြဗ်၏ ပုဗ္ဗဏ္ဏဟူသော အမည်ကို အကြောင်းဖြစ်သော ကောက်စပါး၌ တင်စား၍ အကြောင်းဖြစ်သော ကောက်စပါးကို ဖလူပစာ+အဝိနာဘာဝနည်းအားဖြင့် ပုဗ္ဗဏ္ဏဟူ၍ ခေါ်ဆိုထားသော ဖလူပစာသဒ္ဒါသာ ဖြစ်သောကြောင့်တည်း။

အမှာ။ **ဝတ္ထု** နာမ ယသ္မိံ အပရဏ္ဏံ ရုဟတိ ဝါကျ၌ "အပရဏ္ဏ"အရကို အကြောင်းပြ၍ ကောက်ပြပါဟု မေးသော် ပုဗ္ဗဏ္ဏပုဒ်၏ အရကောက်နည်းကို မှီး၍ ဖြေပါ။

**(၄၂ နှာ ၇၇–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ခေတ္တဝတ္ထုသီသေန စေတ္ထ ဝါပိတဠာကာဒီနိပိ သင်္ဂဟိတာနေဝ ဝါကျဝယ် ဝါပိတဠာကာဒီနိပိ၌ အာဒိ အရကို ဖော်ပြပါ။

ဖြေ။ အာဒိ အရ = လေးထောင့်ကန်, ရေတွင်း စသည်တို့ကို ယူပါ။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ဂိဟီနံ ပဟိတံ ပဏ္ဏံ ဝါ သာသနံ ဝါ ဂဟေတွာ ဝါကျ၌ ပဏ္ဏနှင့် သာသနတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ လူတို့ စေခိုင်းသည့် စာဖြင့် ရေးသားမှာကြားထားသော ကမ္မည်းစာလွှာ သတင်းများသည် ပဏ္ဏ။
လူတို့ စေခိုင်းသည့် နှုတ်ဖြင့် ပြော၍ မှာကြားသော သတင်းစကားများသည် သာသန။ ဤသို့ ထူးသည်။

မေး။ ကယနှင့် ဝိက္ကယ အထူးကို ရေးခဲ့ပါ။

ဖြေ။ သူတစ်ပါး၏ ပစ္စည်းဥစ္စာ ဘဏ္ဍာကို ယူခြင်းသည် ကယ။
မိမိ၏ ပစ္စည်းဥစ္စာ ဘဏ္ဍာကို ပေးခြင်းသည် ဝိက္ကယ။ ဤသို့ ထူးသည်။ (ဋီသစ်၊ သာရတ္ထ)

အမှာ။ အဘိဓာန်ဋီကာ၌ တစ်နည်းပြသေး၏။ သို့သော် ယင်းနည်းကို ဆရာမြတ်တို့က "ကေစိဝါဒ"ဟုသာ ဆုံးဖြတ်ထားသောကြောင့် မဖော်ပြတော့ပါ။

### (၄၊ နှာ ၇၈-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ နိကတီတိ ယောဂဝသေန ဝါ မာယာဝသေန ဝါ ။ပ။ ဝဉ္စနံ၌ ယောဂဝဉ္စနနှင့် မာယာဝဉ္စနတို့၏ အထူးကို ဖြေခဲ့ပါ။

ဖြေ။ မန္တာန်စုတ်ခြင်း စသော ပယောဂ၏ အစွမ်းဖြင့် လှည့်စားမှုကို ယောဂဝဉ္စန (ပယောဂဖြင့် လှည့်စားခြင်း)ဟု ခေါ်သည်။
မန္တာန်စုတ်မှုကို ကြည့်၍ မဟုတ်သည်ကို ဟုတ်သော အခြင်းအရာအားဖြင့် သိစေသော မျက်စိကို တွေဝေစေတတ်သော မာယာ၏ အစွမ်းဖြင့် လှည့်စားမှုကို မာယာဝဉ္စန (မာယာဖြင့် လှည့်စားခြင်း)ဟု ခေါ်သည်။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ ကေစိ အညံ ဒဿေတွာ အညဿ ပရိဝတ္တနံ သာစိယောဂေါတိ ဝဒန္တိ ဝါကျ၌ လာသော "ကေစိ" အမည်ရသော ကျမ်းဆရာများကို ဖော်ပြပါ။

ဖြေ။ ကေစိ အရ = သာရသမာသ ကျမ်းဆရာနှင့် ဥတ္တရဝိဟာရဝါသီ ဂိဏ်းဆရာတို့ကို ယူရမည်။ (ဋီသစ်)

မေး။ သာစိယောဂေါ ပုဒ်နှင့် ပတ်သက်၍ ယူဆရာ၌ အဋ္ဌကထာဆရာနှင့် ကေစိဆရာတို့၏ မတူကွဲပြား ထူးခြားသော အချက်ကို ဋီကာဆရာ အလိုကျ ဖော်ပြပါ။

ဖြေ။ အဋ္ဌကထာဝါဒ၌ = သာစိယောဂ ပုဒ်နှင့် ဥက္ကောဋ္ဋန, ဝဉ္စန, နိကတိ ပုဒ်တို့၏ တုလျာဓိကရဏ အဖြစ်ကို ပြသည်။ ကေစိဝါဒ၌ = သာစိယောဂ ပုဒ်နှင့် ဥက္ကောဋ္ဋန, ဝဉ္စန, နိကတိ ပုဒ်တို့၏ ဘိန္နာဓိကရဏ အဖြစ်ကို ပြသည်။ ဤသို့ ထူးသည်။ (စာစဉ်)

မေး။ ဝဓောတိ မာရဏံကို ဇီဝိတိန္ဒြေမှ ချခြင်း, သတ်ဖြတ်ခြင်းဟု အနက်ပြန်ဆိုလျှင် သင့်/မသင့် အကြောင်းပြ၍ ဆုံးဖြတ်ပြီး၊ ဖြစ်သင့်သော အနက်မှန်ကိုလည်း အကြောင်းပြ၍ ဋီကာသစ်အလိုကျ ပြန်ဆိုခဲ့ပါ။

ဖြေ။ ဝဓောတိ မာရဏံကို ဇီဝိတိန္ဒြေမှ ချခြင်း, သတ်ဖြတ်ခြင်းဟု အနက်ပြန်ဆိုလျှင် မသင့်ပါ။
အကြောင်းကား = ရှေး ပါဏာတိပါတ ပဟာယ ပုဒ်၌ ဇီဝိတိန္ဒြေမှ ချခြင်း, သတ်ဖြတ်ခြင်း အနက် အဓိပ္ပါယ်များ ပါဝင်ခဲ့ပြီး ဖြစ်သောကြောင့်တည်း။
အတ္တာနံ ဝဓိတွာ ဝဓိတွာ ရောဒေယျ ဟူသော ဘိက္ခုနီပါဠိတော်လာ ဟန (ဝဓ)ဓာတ်၏ အနက်ကဲ့သို့ နှိပ်စက်ညှဉ်းပန်းခြင်း အနက်သာလျှင် ဤနေရာ၌ အနက်မှန် ဖြစ်သင့်သောကြောင့် . . .
ဝဓောတိ မာရဏံကို လက်ဖြင့် နှိပ်စက်ခြင်း, ကြိမ်လုံး စသည်ဖြင့် ရိုက်နှက်ညှဉ်းပန်းခြင်းဟု အနက်မှန် ပြန်ဆိုရမည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ကေစိဆရာတို့အလို = ပါဏာတိပါတနှင့် ဝဓ (ဝါ) မာရဏာတို့၏ အထူးကို ရေး၍၊ ယင်းကေစိဝါဒ သင့်မြတ်မှန်ကန်မှု ရှိ/မရှိကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ ကိုယ်တိုင် သတ်ဖြတ်မှုကို ပါဏာတိပါတ၊ သူတစ်ပါးကို သတ်ဖြတ်ခိုင်းမှုကို ဝဓ (ဝါ) မာရဏာ။ ဤသို့ ထူး၏။ (ကေစိဝါဒ)

ယင်းကေစိဝါဒသည် သင့်မြတ်မှန်ကန်မှု မရှိပါ။

အကြောင်းကား = ပါဏာတိပါတ၌ပင် ကာယ,ဝစီ ပယောဂသမုဋ္ဌာပိကာ စေတနာသည် ပါဏာတိပါတ မည်၏ဟူ၍လည်းကောင်း၊ ပါဏာတိပါတ၌ပင် သာဟတ္ထိက, အာဏတ္တိက စသော ပယောဂ ခြောက်ပါး ရှိ၏ဟူ၍လည်းကောင်း အဋ္ဌကထာဆရာ ကိုယ်တိုင် ဖွင့်ဆိုထားခဲ့ပြီး ဖြစ်သောကြောင့်တည်း။ (ဋီသစ်)

မေး။ **ဟီမဝိပရာမောသနှင့် ဂုမ္ဗဝိပရာမောသတို့၏ အထူးကို ရေးခဲ့ပါ။**

ဖြေ။ ဆီးနှင်းဖြင့် ဖုံးလွှမ်းလျက် ခရီးသွား လူအပေါင်းကို အထူးအားဖြင့် ထက်ဝန်းကျင်မှ ပြင်းစွာ လုယက်ဖျက်ဆီးခြင်းသည် ဟိမဝိပရာမောသ မည်၏။

ချုံဖြင့် ဖုံးလွှမ်းလျက် ခရီးသွား လူအပေါင်းကို အထူးအားဖြင့် ထက်ဝန်းကျင်မှ ပြင်းစွာ လုယက် ဖျက်ဆီးခြင်းသည် ဂုမ္ဗဝိပရာမောသ မည်၏။ ဤသို့ ထူးသည်။ (ဌ၊ ပခုက္ကူ၊ ဋီသစ်)

မေး။ စူဠသီလ၌ ပါဝင်သော သိက္ခာပုဒ် အရေအတွက်ကို သချာမှု ဖော်ပြ၍၊ စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

ဖြေ။ စူဠသီလ၌ သိက္ခာပုဒ် ၂၆-ပါး ရှိသည်။

အကျိုး,အပြစ် သေးငယ်ခြင်း, အလယ်အလတ်ဖြစ်ခြင်း, ကြီးမားခြင်း၊ သိက္ခာပုဒ် နည်းခြင်း, အလယ် အလတ်ဖြစ်ခြင်း, များခြင်း စသော ဓမ္မ၏ အစွမ်းအားဖြင့် စူဠသီလ စသည်ဖြင့် ခေါ်သည်ကား မဟုတ်ပါ။

အကျဉ်းအားဖြင့် ညွှန်ပြအပ်ကုန်သော မဝေဘန်အပ်ကုန်သော သိက္ခာပုဒ်တို့ကို အကျဉ်း ဝေဘန်ခြင်း၏ အစွမ်းအားဖြင့် ဟောကြားတော်မူအပ်ကုန်သော သိက္ခာပုဒ်သီလတို့သည် ဒေသနာ၏ အစွမ်းအားဖြင့် စူဠသီလဟု ခေါ်၏။

အကျဉ်းအားဖြင့် ညွှန်ပြအပ်ကုန်သော မဝေဘန်အပ်ကုန်သော သိက္ခာပုဒ်တို့ကို အလယ်အလတ် ဝေဘန်ခြင်း ၏ အစွမ်းအားဖြင့် ဟောကြားတော်မူအပ်ကုန်သော သိက္ခာပုဒ်သီလတို့သည် ဒေသနာ၏ အစွမ်းအားဖြင့် မဇ္ဈိမသီလဟု ခေါ်၏။

အနည်းငယ် ဝေဘန်ခြင်း၏ အစွမ်းဖြင့် ဟောကြားတော်မူခဲ့သော သိက္ခာပုဒ်တို့ကို အကျယ်ဝေဘန်ခြင်း၏ အစွမ်းအားဖြင့် ဟောကြားတော်မူအပ်ကုန်သော သိက္ခာပုဒ်သီလတို့သည် ဒေသနာ၏ အစွမ်းအားဖြင့် မဟာ သီလဟု ခေါ်၏။ (ဋီသစ်)

အကျဉ်းချုပ်ကား = ဒေသနာအကျဉ်းကို စူဠ၊ မကျဉ်းမကျယ်ကို မဇ္ဈိမ၊ အကျယ်ကို မဟာဟု ခေါ်သည်။ သိက္ခာပုဒ် အနည်း,အများ စသော ဓမ္မ၏ အစွမ်းဖြင့် စူဠ, မဇ္ဈိမ, မဟာဟု ခေါ်သည်ကား မဟုတ်ပါ။

**(ဌ၊ နှာ ၇၉-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ယထာ ဝါ ပနေကေ ဘောန္တော သမဏဗြာဟ္မဏာ၌ အဘယ်သူတို့ကို "သမဏဗြာဟ္မဏ"ဟု ခေါ်ဆို ရမည်နည်း၊ ဗျတိရေက, အန္ဓယနည်းတို့ဖြင့် စနစ်တကျ ဖော်ပြပါ။

ttp://www.dhammadownload.com



ဖြေ။ ဤနေရာ၌ ဥတ္တိစတုတ္ထက်ဖြင့် ရဟန်းအဖြစ်သို့ ရောက်သော သူတို့ကိုသာ သမဏဟု ခေါ်ဆိုရသည် မဟုတ်၊ ဤကား = ဗျတိရေကနည်းတည်း။ မည်သို့သော နည်းဖြင့် ဖြစ်စေ ရဟန်းအဖြစ်သို့ ရောက်သော ရဟန်းအားလုံးကို ဤနေရာ၌ သမဏဟု ခေါ်ဆိုရမည်၊ ဤကား = အန္ဝယနည်းတည်း။
မကောင်းမှုကို ပယ်ပြီးသော သူတို့ကိုသာ ဗြာဟ္မဏဟု ခေါ်ဆိုရသည် မဟုတ်၊ ဤကား = ဗျတိရေက နည်းတည်း။ ပုဏ္ဏားဇာတ်ရှိသူ မှန်သမျှကို ဤနေရာ၌ ဗြာဟ္မဏဟု ခေါ်ဆိုရမည်၊ ဤကား = အန္ဝယ နည်းတည်း။ (ဋီသစ်)

မေး။ **သန္ဒါဒေယျာနိ၌** သဒ္ဒါ၏ ဌာနတို့ကို ဖော်ပြပါ။

ဖြေ။ ၁။ ကမ္မ ၂။ ကမ္မဖလ ၃။ ဣဓလောက ၄။ ပရလောကတို့ ဖြစ်သည်။

မေး။ သဒ္ဒါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ ဟူသော ပါဠိတော်၌ ဘောဇနာနိ အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ သဒ္ဒါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ ဟူသော ပါဠိတော်၌ ဘောဇနာနိ သဒ္ဒါသည် ပဓာနနည်း၊ နိဒဿနနည်း၊ ဥပလက္ခဏနည်းအားဖြင့် ဒေသနာကို ဦးခေါင်းတပ်၍ ဟောခြင်းမျှသာ ဖြစ်သောကြောင့် ဘောဇနာနိ အရ= ပစ္စည်းလေးပါးကို ယူပါ။ (ဋီသစ်)

မေး။ **ဘောဇနာနီတိ** ဒေသနာသီသမတ္တမေတံ၊ အတ္ထတော ပန သဒ္ဒါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ စီဝရာနိ ပါရုပိတွာ သေနာသနာနိ သေဝမာနာ ဂိလာနဘေသဇ္ဇံ ပရိဘုဉ္ဇမာနာတိ သဗ္ဗမေတံ ဝုတ္တမေဝ ဟောတိ ဝါကျတို့၌ ဆိုလိုရင်း အဓိပ္ပါယ်ကို ပြဆိုခဲ့ပါ။

ဖြေ။ သဒ္ဒါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ ဟူသော ပါဠိတော်၌ ဘောဇနာနိ သဒ္ဒါသည် ပဓာနနည်း၊ နိဒဿနနည်း၊ ဥပလက္ခဏနည်းအားဖြင့် ဒေသနာကို ဦးခေါင်းတပ်၍ ဟောခြင်းမျှသာ ဖြစ်သောကြောင့် ဘောဇနာနိ အရ= ပစ္စည်းလေးပါးကို အရကောက်ရမည်ဟု သိစေသည်။ (ဋီသစ်)

မေး။ ဗီဇဂါမ် ဟူသည် အဘယ်နည်း။

ဖြေ။ အပင်မှ ခွာအပ်ပြီးသော တဖန် ပေါက်ရောက်ခြင်းငှာ စွမ်းနိုင်သော မျိုးစေ့အပေါင်းကို "ဗီဇဂါမ်"ဟု ခေါ်၏။ (တစ်နည်း) မူလဗီဇ၊ ခန္ဓဗီဇ၊ ဖဠုဗီဇ၊ အဂ္ဂဗီဇ၊ ဗီဇဗီဇ ဤငါးမျိုးကို "ဗီဇဂါမ်"ဟု ခေါ်၏။ (ဋ)

မေး။ ဗီဇဂါမ်နှင့် ဘူတဂါမ်တို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ အပင်မှ ခွာအပ်ပြီးသော တဖန် ပေါက်ရောက်ခြင်းငှာ စွမ်းနိုင်သော မျိုးစေ့အပေါင်းသည် "ဗီဇဂါမ်"။ အပင်မှ မခွာအပ်သေး၊ မခြောက်သေးသော အမြစ် စသည်သည် "ဘူတဂါမ်"။ ဤသို့ ထူး၏။ (ဋ)

မေး။ သလ္လေခဝသေန၌ သလ္လေခ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ သလ္လေခ အရ = ဝိနည်းအကျင့်ကို သီးခြားယူပြီး ဖြစ်သောကြောင့် သုတ္တန္တနည်း ပဋိပတ်ကို ယူပါ။ (ဋီသစ်)

မေး။ ဝိနယဝသေန တာဝ၌ ဝိနယ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဝိနယ အရ = သုတ္တန်နည်း ပဋိပတ်ကို သီးခြားယူပြီး ဖြစ်သောကြောင့် ဝိနည်းပါဠိတော်ကိုသာ မယူဘဲ ဌာနူပစာရအားဖြင့် ဝိနည်းပါဠိတော်၌ လာသော ကိုယ်နှုတ်နှစ်ပါး ဆုံးမမှု အကျင့်ကို ယူပါ။ (ဋီသစ်)

မေး။ အတ္တနာ လဒ္ဓံ ပန သာမဏေရာနံ ဒတွာ ဖောမဟိ လဒ္ဓံ ဌပါပေတွာ ဒုတိယဒိဝသေ ဘုဉ္ဇိတုံ ဝဋ္ဋတိ ဝါကျ၌ ပါသည့် ဒတွာနှင့် ဌပါပေတွာ ပုဒ်နှစ်ခုတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ လဲလှယ်ခြင်း၏ အစွမ်းဖြင့် ပေးခြင်းသည် ဒတွာ၊ မိမိ၏ ဥစ္စာကို ပြုခြင်းဖြင့် ထားစေခြင်းသည် ဌပါပေတွာ။ ဤသို့ ထူးသည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ရဟန်းတော် တစ်ပါးသည် အလှူခံ၍ ရသော ယာဝကာလိက ဘောဇဉ်ကို နောင်ဒုတိယနေ့၌ ဘုဉ်းပေးလိုသော် အပ်သောနည်း ရှိနိုင်သလော၊ သန္နိဓိကာရ မဖြစ်သောနည်း ရှိနိုင်သလော၊ ရှိလျှင် ဖော်ပြပါ။

ဖြေ။ ရဟန်းတော်သည် မိမိရအပ်သော ဘောဇဉ်ကို သာမဏေတို့အား ပေး၏။ ထိုသာမဏေတို့၏ ဘောဇဉ်ကို ဝိဿာသဂ္ဂါဟ စသည်တို့၏ အစွမ်းဖြင့် ဘုဉ်းပေးသော် အပ်၏။ သန္နိဓိကာရ မဖြစ်။ (၄+ဋီသစ်)

မေး။ အဘယ်သို့သော ယာဉ်မျိုးကို ဝယှယာဉ်, သန္ဒမာနိကာယာဉ်ဟု ခေါ်သနည်း၊ အသီးသီး ဖြေဆိုခဲ့ပါ။

ဖြေ။ မဏ္ဍပ်များ မိုးသကဲ့သို့ အထက်၌ ပျဉ်ချပ် အမိုးရှိသောယာဉ် (တစ်နည်း) ထက်ဝန်းကျင် ရစ်ပတ်၍ မိုးကာ အပ်သော (ပေါင်းကုပ်) ယာဉ်မျိုးကို ဝယှယာဉ်ဟု ခေါ်၏။

ဘေးနှစ်ဘက်တို့၌ ရွှေ (သို့မဟုတ်) ငွေတို့ဖြင့် ပြုလုပ်အပ်သော အခြင်ရနယ်တို့ကို ပေး၍ ဂဠုန်တောင်ကဲ့သို့ ဘေးနှစ်ဘက်၌ မိုးအပ်သော (ရထား) ယာဉ်မျိုးကို သန္ဒမာနိကာယာဉ်ဟု ခေါ်၏။ (စာစဉ်)

မေး။ သယနန္တိ မဉ္စောဟု ဆိုသောကြောင့် သယနအရ မဉ္စကိုသာ ယူရမည်လော၊ အကြောင်းပြ၍ ဖြေပြပါ။

ဖြေ။ သယနအရ မဉ္စကိုသာ မယူရ၊ ထိုင်ခြင်း အိပ်ခြင်း၌ လျောက်ပတ်သော အလုံးစုံလည်း ဖြစ်သော အင်းပျဉ်, ဘုံလျှို, ခေါင်းအုံး စသည်တို့ကိုလည်း ယူရမည်။

အကြောင်း = ထိုအင်းပျဉ်, ဘုံလျှို, ခေါင်းအုံး စသည်တို့၌လည်း ထိုင်ခြင်း အိပ်ခြင်း အခြင်းအရာအားဖြင့် လျောက်ပတ်သောကြောင့်တည်း။ (စာစဉ်)

မေး။ ဒွါရေ ပဋ္ဋင်္ဂုလိဃရရူပနာဒီသု ဝါ အပနေတဗ္ဗာ ဝါကျကို အဘယ့်ကြောင့် ဆိုရသနည်း။

ဖြေ။ အနုဇာနာမိ ဘိက္ခဝေ ဂန္ဓ ဂဟေတွာ ကဝါဋေ ပဋ္ဋင်္ဂုလိကံ ဒါတုံ ပုပ္ဖံ ဂဟေတွာ ဧကမန္တံ နိက္ခိပိတုံ စသည်ဖြင့် ဝိနည်း၌ ဆိုအပ်သောကြောင့်တည်း။

မေး။ ဃရရူပနာဒီသု၌ ဃရရူပန၏ အဓိပ္ပါယ်နှင့် အာဒိ အရတို့ကိုလည်း ဖော်ပြပါ။

ဖြေ။ ကျောင်းကို ထုံခြင်း, စေတိယဃရကို ထုံခြင်းသည် ဃရရူပန မည်၏။

အာဒိ အရ = စေတီ,ဆင်းတု ပူဇော်ခြင်း စသည်တို့ကို ယူပါ။ (စာစဉ်)

**(၄၊ နှာ ၈၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဧကော ဂုဠပိဏ္ဍောဘ၌ ဂုဠပိဏ္ဍ၏ အရကို ဖော်ပြပါ။

ဖြေ။ ဂုဠပိဏ္ဍ၏ အရကား = ထန်းသီးမှည့် ပမာဏရှိသော တင်လဲခဲတည်း။ (ဋီသစ်)

မေး။ ကပ္ပိယကုဋီ၌ များစွာ ထားပါလျက် သန္နိဓိ မဖြစ်ခြင်း၌ အကြောင်းသွင်း၍ ရှင်းခဲ့ပါ။

ဖြေ။ ကပ္ပိယကုဋီ၌ အန္တောဝုတ္ထ အန္တောပက္ကကို ခွင့်ပြုအပ်သောကြောင့် များစွာထားသော်လည်း သန္နိဓိ မဖြစ်ပါ။

မေး။ ကပ္ပိယကုဋီ ဟူသည် အဘယ်နည်း။

ဖြေ။ သမ္မုတိကုဋီ စသော ကျောင်းလေးမျိုးနှင့် နေစရာမဟုတ်သော ဆွမ်းစားကျောင်း, ဥပုသ်ကျောင်းဆောင် စသော ကျောင်းတစ်မျိုးကို ပေါင်း၍ ယင်းကျောင်းငါးမျိုးကို ဝိနည်းအလိုအားဖြင့် ကပ္ပိယ ကုဋီဟု ခေါ်သည်။

အမှာ။ ယင်းကျောင်းငါးမျိုးကို ရည်ရွယ်၍ အဋ္ဌကထာ၌ "ကပ္ပိယကုဋိယံ" ပါဠ်ကို ဆို၏။

မေး။ **ကမ္မဋ္ဌာနန္တိ** စတုရာသာအမ္ဗဏကတာဠ်၊ "ကုမ္ဘသဒ္ဒ"န္တိပိ ဧကေ ဝါကျ၌ လာသော ဧကေ အရကို ဖော်ပြပါ။

ဖြေ။ ဧကေ အရ = သာရသမာသ ကျမ်းဆရာနှင့် ဥတ္တရဝိဟာရဝါသီ ဂိဏ်းဆရာတို့ကို ယူပါ။

အမှာ။ ဧကေဟု တွေ့တိုင်း ယင်းဆရာနှစ်ဦးတို့ကိုသာ ပုံသေယူပါ။ ယင်းဆရာတို့ကား ဒီဃနိကာယ်ကို အလေ့ အလာ များကုန်သတဲ့။ (မစိုးရိမ် သီလက္ခန်)

ttp://www.dhammadownload.com



**(ဌ၊ နှာ ၈၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **သေနာဗျူဟာဒီ** သေနာဒိဝေသော၊ သကဋဗျူဟာဒိဝသေန သေနာယ နိဝေသနံ ဝါကျဝယ် သကဋဗျူဟာဒိ၌ အာဒိအရကို ဖော်ပြပါ။

ဖြေ။ အာဒိအရ = စက္ကဗျူဟာ, ပဒုမဗျူဟာ, ဒဏ္ဍဗျူဟာ, ဘောဂဗျူဟာ, မဏ္ဍလဗျူဟာ, အသံဟတဗျူဟာ စသော စစ်ဆင်နည်းတို့ကို ယူပါ။

**(ဌ၊ နှာ ၈၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **ပလ္လင်္ကော ဂေါနကော** ပါဠိတော်၌ လာသော ပလ္လင်္ကသရုပ်ကို အဓိပ္ပါယ်နှင့်တကွ ဖော်ထုတ်၍၊ ဣဓာဓိပ္ပေတ ပလ္လင်္ကကိုလည်း အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ပလ္လင်္က သရုပ်ကား ---

၁။ ထက်ဝန်းကျင်မှ ဖွဲ့ခွေနေထိုင်ခြင်းကြောင့် ပလ္လင်္ကဟု ခေါ်ဆိုအပ်သော ပေါင်တို့ကို ဖွဲ့ခွေခြင်း၏ အစွမ်းဖြင့် ထိုင်နေခြင်းဟူသော ဦရုဗဒ္ဓါသန ပလ္လင်္က၊

၂။ ပိုင်းခြားခြင်း၏ အစွမ်းအားဖြင့် ထက်ဝန်းကျင်မှ မှတ်သားအပ်သောကြောင့် ပလ္လင်္ကဟု ခေါ်ဆိုအပ်သော ထိုင်ရာနေရာ ကုဋင်, ညောင်စောင်းဟူသော နိသီဒိတဗ္ဗာသန ပလ္လင်္က၊

၃။ ထက်ဝန်းကျင်မှ မှတ်သားအပ်သောကြောင့် (ဝါ) ကိလေသာ ဖျက်ဆီးခြင်းကို ပြုရာနေရာ ဖြစ်သောကြောင့် ပလ္လင်္ကဟု ခေါ်ဆိုအပ်သော အပရာဇိတပလ္လင်ဟူသော ပလ္လင်္ကဟု သုံးမျိုးရှိ၏။

ဣဓာဓိပ္ပေတ ပလ္လင်္ကကား = ထိုင်ရာနေရာ ကုဋင်, ညောင်စောင်းဟူသော နိသီဒိတဗ္ဗာသန ပလ္လင်္က ဖြစ်သည်။

အကြောင်းကား = ဥစ္စာသယနမဟာသယနံ အနုယုတ္တာ ဝိဟရန္တိ ဟူသော ပါဠိတော်သည် ထိုင်ရာ နေရာ ဖြစ်သော ဥစ္စာသယနမဟာသယန သရုပ်ကို ထုတ်ပြရာ နေရာဋ္ဌာန ဖြစ်သောကြောင့်လည်းကောင်း၊ ပလ္လင်္က ပုဒ်၏ ရှေ့နောက်တို့၌ ရှိသော အာသန္ဒိ ဂေါနက၊ စိတ္တက စသော ပုဒ်တို့သည်လည်း ထိုင်ရာနေရာ ခင်းရာ အရုပ် ဝတ္ထုများ ဖြစ်၍ ပလ္လင်္က အရလည်း ထိုင်ရာနေရာ အရုပ်ပင် ဖြစ်သင့်သောကြောင့်လည်းကောင်းတည်း။

မေး။ **ပဋလိကာ တူလိကာ** – ဟူသော ပါဠိတော်ဝယ် တူလိကာ၌ တူလသရုပ်ကို အဓိပ္ပါယ်နှင့်တကွ တွဲစပ်ဖော်ပြပါ။

ဖြေ။ ၁။ ရုက္ခတူလ – လက်ပံပင် စသည်မှ ဖြစ်သော သစ်ပင်လဲ၊

၂။ လတာတူလ – နွယ်ပင်မှ ဖြစ်သော နွယ်လဲ၊

၃။ ပေါဋကီတူလ – ဖောင်းခါးမြက် ရှင်မွေလွန်းမြက်မှ ဖြစ်သော လဲ။ (ဘာဋီ၊ ဋီသစ်)

**(ဌ၊ နှာ ၈၄-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဝိတာန်နီတို့တွင် အပ်သော ဝိတာန်နီနှင့် မအပ်သော ဝိတာန်နီတို့ကို ခွဲခြား၍ ဖော်ပြပါ။

ဖြေ။ ဖန်ရည်ဖြင့် ဆိုးအပ်သော ဝိတာန်နီသည် အပ်၏။ ဆူးပန်းပွင့် စသည်တို့ဖြင့် ဆိုးအပ်သော ဝိတာန်နီသည် အလုံးစုံ နီမြန်းသော်သာ မအပ်။ အကြင်ဝိတာန်သည် အမျိုးမျိုးသော အဆင်းရှိ၍ တပ်မက်ဖွယ် ရေးခြယ် အပ်၏၊ ဆန်းကျယ်စွာ လိမ်းကျံအပ်၏၊ ထိုဝိတာန်နီသည် အပ်၏။ (စာစဉ်)

မေး။ **ဥဘတောလောဟိတကူပဓာနံ၌** ဥပဓာနသရုပ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ၁။ သီသူပဓာန-ခေါင်းအုံး ၂။ ပါဒူပဓာန-ခြေအုံးတည်း။

အမှာ။ နံပါးနှစ်ဘက်တို့၌ နီသော ခေါင်းအုံး၊ ပဒုမ္မာ ကြာအဆင်းရှိသော ခေါင်းအုံး၊ ရက်ပုံ, ချုပ်ပုံ ဆန်းကြယ်သော ခေါင်းအုံးများသည် ဦးခေါင်းပမာဏ ရှိလျှင် အပ်၏။ ပမာဏလွန်လျှင် မအပ်။

ttp://www.dhammadownload.com



မေး။ ပမာဏယုတ္တ ခေါင်းအုံးကို ဖော်ပြပါ။

ဖြေ။ ဦးခေါင်းပမာဏ ခေါင်းအုံး ဖြစ်၏။ အကျယ်အားဖြင့် အစွန်းသုံးပါးတို့တွင် အစွန်းနှစ်ပါးတို့၏ အကြားကို တိုင်းတာအပ်သည် ရှိသော် တစ်ထွာသော်လည်းကောင်း၊ လက်လေးသစ်သော်လည်းကောင်း ဖြစ်၏။ ခေါင်းအုံး အလယ်အရပ်သည် ကန့်လန့်အားဖြင့် တစ်တောင်ဆုပ် ဖြစ်၏။ အရှည်အားဖြင့် တစ်တောင် သော်လည်းကောင်း၊ နှစ်တောင်သော်လည်းကောင်း ဖြစ်၏။ (စာစဉ်)

မေး။ အမိဝမ်းမှ ထွက်ခဲ့ရသော ကလေးတို့၏ ကိုယ်နံ့သည် မည်သည့်အရွယ်ရောက်မှ ပျောက်သနည်း။

ဖြေ။ (၁၂)နှစ် အရွယ်ရောက်မှ ပျောက်သည်။ (ဌ)

မေး။ မတ္တိကကက္က ဟူသည် အဘယ်နည်း။

ဖြေ။ ဆေးတို့ဖြင့် ပြုစီမံအပ်သော, ဆေးတို့ဖြင့် ဖော်စပ်အပ်သော မြေညက်မှုန့်တည်း။ (စာစဉ်)

**(ဌ၊ နှာ ၈၅–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အဘယ်ကြောင့် အဘယ်စကားသည် တိရစ္ဆာနကထာ မည်သနည်း။

ဖြေ။ ဒုဂ္ဂတိ ဘဝသံသရာမှ ထွက်မြောက်တတ်သော သမ္မပ္ပလာပဝိရတီ စေတနာ၏ ဆန့်ကျင်ဘက်၏ အဖြစ် ကြောင့် လူ့ပြည်, နတ်ပြည်လမ်းတို့၏ ဖီလာကန့်လန့် ဖြစ်၍ဖြစ်သော စကားသည် တိရစ္ဆာနကထာ မည်၏။

မေး။ တိရစ္ဆာနကထာ ၃၂–မျိုးကို ဖော်ပြပါ။

ဖြေ။ ပြခဲ့ပြီးသော ရာဇကထာ အစ သမုဒ္ဒက္ခာယိကကထာ ဟူသော ကထာ ၂၆–မျိုး၊ ဣတိဘဝါဘဝကထာ၌ လာသော ဘဝ အရ = ဝုဍ္ဍိ၊ သဿတ၊ ကာမသုခ ၃–မျိုး၊ အဘဝ အရ = ဟာနိ၊ ဥစ္ဆေဒ၊ အတ္တကိလမထ ၃–မျိုးတို့ကို ပေါင်းသော် တိရစ္ဆာနကထာ (၃၂)မျိုး ဖြစ်၏။ (ဌ၊ ဋီ)

(တစ်နည်း) ပြခဲ့ပြီးသော ရာဇကထာ အစ သမုဒ္ဒက္ခာယိကကထာ ဟူသော ကထာ ၂၆–မျိုး၊ ဣတိဘဝါ ဘဝကထာ၌ အဋ္ဌကထာနည်းဖြင့် တိုက်ရိုက်လာသော ဘဝ အရ = ဝုဍ္ဍိ ၁–မျိုး၊ အဘဝ အရ = ဟာနိ ၁– မျိုး၊ ဋီကာနည်းဖြင့် ဣတိသဒ္ဒါ အရ ယူအပ်သော အရညကထာ၊ ပဗ္ဗတကထာ၊ နဒီကထာ၊ ဒီပကထာ ၄–မျိုးတို့ကို ပေါင်းသော် တိရစ္ဆာနကထာ (၃၂)မျိုး ဖြစ်၏။ (ဋီသစ်)

**(ဌ၊ နှာ ၈၆–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သမုဒ္ဒေါ သာဂရောဣ သာဂရ အရကို ဖော်ပြပါ။

ဖြေ။ သာဂရ အရ = သာဂရမည်သော နတ် (ဝါ) သာဂရမင်းကို ယူပါ။ (ဋီသစ်)

**(ဌ၊ နှာ ၈၇–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ကုဟနဝတ္ထု သုံးမျိုးနှင့် ကုဟန၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ၁။ သာမန္တဇပ္ပန–အရိယာတို့နှင့် ဆိုင်သော အနီးအပါး စကားကို ပြောခြင်း။

၂။ ဣရိယာပထသန္နိဿိတ–အရိယာထင်အောင် ငြိမ်သက်စွာ သွားခြင်း စသော ဣရိယာပုထ်ကို ပြုခြင်း၊

၃။ ပစ္စယပဋိသေဝန–ခြိုးခြံသည့် အနေဖြင့် အလှူမခံသေးဘဲ နောင်အကောင်းအမွန် လှူသော အခါမှ လူတို့ကို ချီးမြှောက်လို၍ အလှူခံရသည့် အနေဖြင့် ခံယူခြင်း။

ဤသို့ ပြုခြင်းများသည် လူတို့က တအံ့တသြ ချီးမွမ်းမှု၏ တည်ရာ အကြောင်းဖြစ်သောကြောင့် ကုဟန ဝတ္ထု ဖြစ်၏။ (ဋီသစ်၊ ဘာဋီ)

ttp://www.dhammadownload.com



**(၄၊ နှာ ၈၇+၈၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အင်္ဂကျမ်းနှင့် လက္ခဏာကျမ်းတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ အင်္ဂါပြည့်စုံမှု, အင်္ဂါချို့ယွင်းမှုကို ပြဆိုကာမျှ ဖြစ်သော ကျမ်းသည် အင်္ဂကျမ်း မည်၏။
တန်ခိုးအာနုဘော် ကြီးမားသည်၏အဖြစ် စသည်ကို ပြီးစေတတ်သော လက္ခဏာထူးများကို ပြဆိုသော ကျမ်းသည် လက္ခဏာကျမ်း မည်၏။ (ဋီသစ်)

မေး။ အင်္ဂကျမ်းနှင့် အင်္ဂဝိဇ္ဇာကျမ်းတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ကိုယ်အင်္ဂါကြီးငယ်ကို ကြည့်၍ လက်,ခြေ စသည်တို့တွင် ဤသို့သဘောရှိသော အင်္ဂါနှင့် ပြည့်စုံသူသည် "အသက်ရှည်၏၊ အခြံအရံ များ၏" စသည်ဖြင့် ကောင်းကျိုး, ဆိုးကျိုးကို ပြဆိုသော ကျမ်းကို "အင်္ဂကျမ်း"ဟု ခေါ်၏။ (၄၊ ၈၇)
လက်ချောင်းရိုး, ခြေချောင်းရိုး စသည်တို့ကို ကြည့်ရှု၍ မန္တန်စုတ်ပြီးလျှင် "ဤသူကား အမျိုးကောင်းသား ဖြစ်၏၊ ဤသူကား မဖြစ်၊ ဤသူကား ဘုန်းကျက်သရေနှင့် ပြည့်စုံသူတည်း၊ ဤသူကား မပြည့်စုံ" စသည်ဖြင့် ကောင်းကျိုး, ဆိုးကျိုးကို ဟောကြားပြောဆိုသော ကျမ်းကို "အင်္ဂဝိဇ္ဇာကျမ်း"ဟု ခေါ်၏။ ဤသို့ထူး။(၄)
အကျဉ်းချုပ်ကား = အင်္ဂါ အစိတ်အပိုင်းမျှကိုသာ ကြည့်၍ ဟောသော ကျမ်းသည် အင်္ဂကျမ်း မည်၏။ အင်္ဂါ အစိတ်အပိုင်း၌ လက်ချောင်းရိုး, လက်ချောင်းအဆစ်, ခြေချောင်းရိုး, ခြေချောင်းအဆစ် စသည်ကို ကြည့်၍ ဟောသော ကျမ်းသည် အင်္ဂဝိဇ္ဇာကျမ်း မည်၏။ ဤသို့ ထူးသည်။

**(၄၊ နှာ ၈၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ရှေ့၌ အင်္ဂကျမ်းကို ဟောပြီးလျက် "အင်္ဂဝိဇ္ဇာကျမ်း"ကို တဖန်ထပ်၍ ဟောသဖြင့် မြတ်စွာဘုရားအား ပုန ရုတ္တိဒေါသ မသင့်ရောက်ပြီလော၊ ဖြေဆိုခဲ့ပါ။

ဖြေ။ ရှေး၌ ကိုယ်အင်္ဂါကြီးငယ်ကို ကြည့်၍ လက်,ခြေ စသည်တို့တွင် ဤသို့သဘောရှိသော အင်္ဂါနှင့် ပြည့်စုံသူသည် "အသက်ရှည်၏၊ အခြံအရံ များ၏" စသည်ဖြင့် ကောင်းကျိုး, ဆိုးကျိုးကို ဟောကြားခြင်း၏ အစွမ်းဖြင့် အင်္ဂကျမ်းကို ဘုရားဟောတော်မူ၏။ (၄၊ ၈၇)
ဤ၌ လက်ချောင်းရိုး, ခြေချောင်းရိုး စသည်တို့ကို ကြည့်ရှု၍ မန္တန်စုတ်ပြီးလျှင် "ဤသူကား အမျိုးကောင်းသား ဖြစ်၏၊ ဤသူကား မဖြစ်၊ ဤသူကား ဘုန်းကျက်သရေနှင့် ပြည့်စုံသူတည်း၊ ဤသူကား မပြည့်စုံ" စသည်ဖြင့် ကောင်းကျိုး, ဆိုးကျိုးကို ဟောကြားခြင်း၏ အစွမ်းဖြင့် အင်္ဂဝိဇ္ဇာကျမ်းကို ဘုရားဟောတော်မူ၏။ (၄၊၈၈)
ဤသို့လျှင် အင်္ဂကျမ်းနှင့် အင်္ဂဝိဇ္ဇာကျမ်းတို့ ထူးရကား မြတ်စွာဘုရားအား ပုနရုတ္တိဒေါသ မရောက်ဟူလို။

မေး။ အဂ္ဂိဟောမ ပုဒ်ကို ဟောပြီးပါလျက် အဘယ့်ကြောင့် ဒဗ္ဗိဟောမ စသော ပုဒ်တို့ကို သီးခြား ထပ်၍ ဟော ရသနည်း။

ဖြေ။ ဤသို့ သဘောရှိသော ယောက်မဖြင့် ဤသို့ သဘောရှိသော ဆန်ကွဲ အစရှိသည်တို့ဖြင့် ပူဇော်အပ်သည် ရှိသော် ဤမည်သော အကျိုးသည် ဖြစ်၏။ ဤသို့လျှင် ဖြစ်ပုံ အထူး၏ အစွမ်းဖြင့် ပြလိုသောကြောင့် ဒဗ္ဗိဟောမ စသော ပုဒ်တို့ကို သီးခြား ဟောတော်မူရ၏။ (၄)

မေး။ ဒဗ္ဗိဟောမာဒီနိပိ၌ အာဒိ အရကို ဖော်ပြပါ။

ဖြေ။ ထုသဟောမ, ကဏဟောမ, တဏ္ဍုလဟောမ, သပ္ပိဟောမ, တေလဟောမ, မုခဟောမ, လောဟိတဟောမ တို့ကို ယူပါ။ (ပါဠိတော်)

ttp://www.dhammadownload.com



အမှာ။ အဂ္ဂိဟောမ အရ = ပါရိသေသ နည်းအားဖြင့် သီးခြား ဆိုလတ္တံ့ဖြစ်သော ဒဗ္ဗိဟောမ, ထုသဟောမတို့မှ ကြွင်းသမျှသော ဟောမတို့ကို ယူပါ။

မေး။ ကဋစ္ဆုနှင့် ဒဗ္ဗိတို့၏ အထူးကို ဖြေဆိုခဲ့ပါ။

ဖြေ။ ဘောဇဉ် စသည်ကို အတွင်းပြု၍ ယူကြောင်း ယောက်ချို (ဇွန်း)သည် ကဋစ္ဆု။
ထိုဘောဇဉ် စသည်ကို ထုတ်ဆောင်ခြင်း စသည်ကို ပြုကြောင်း ယောက်မသည် ဒဗ္ဗိ။ (ဋီသစ်)

မေး။ **တေလန္တိ** တိလတေလာဒိကံ ဝါကျ၌ တေလပုဒ်ကို တေလာဒိကံဟု ဖွင့်လျှင် ပြီးပါလျက် အဘယ်အကျိုးငှာ "တိလတေလာဒိကံ"ဟု ဖွင့်ရသနည်း၊ ရှင်းလင်းစွာ ဖြေဆိုပါ။

ဖြေ။ သမာသ်ပုဒ်, တဒ္ဓိတ်ပုဒ်တို့သည် ပုဒ်ပြီးသွားသည့်အခါ သာမညဖြစ်သော အနက်ကိုသာ ဟောနေသည့်အတွက် ဤနေရာ၌ အလိုရှိအပ်သော "နှမ်းဆီ"ဟူသော ဝိသေသအနက်ကို အထူးပြု၍ ပြခြင်းအကျိုးငှာ "တိလတေလာဒိကံ"ဟု ဖွင့်ဆို၏။

မှန်၏၊ တေလပုဒ်ကို တိလဿ ဣဒံ တေလံဟု ဣဒံတဒ္ဓိတ် ဝိဂ္ဂဟ ပြုရမည်။ တိလဿ ဣဒံ ဟူသော ဝိဂ္ဂဟဝါကျ အခိုက်အတန့်၌ တိလပုဒ်သည် နှမ်းဆီဟူသော အနက်ကို ဟော၏။ တေလံဟု တဒ္ဓိတ်ပုဒ် ပြီးသွားသည့်အခါ တိလသဒ္ဒါ၏ "နှမ်းဆီ"ဟူသောအနက် ကွယ်ပျောက်သွားပြီး ထိုအခါ၌ တေလသဒ္ဒါသည် "ဆီသာမည"ဟူသော အနက်ကိုသာ ဟောနေလေတော့၏။ ဤသို့လျှင် သမာသ်ပုဒ်, တဒ္ဓိတ်ပုဒ်တို့သည် ပုဒ်ပြီးသွားသည့်အခါ သာမညအနက်ကိုသာ ဟော၏။ တေလ ဟူသော တဒ္ဓိတ်ပုဒ်ပြီး နိပ္ဖန္နသဒ္ဒါသည် သာမညဖြစ်သော "ဆီအားလုံး"ကို ဟောနေသည့်အတွက် အလိုမရှိအပ်သော နှမ်းဆီမှ တစ်ပါးသော ဆီတို့ကို ကန့်မြစ်၍ ဤနေရာ၌ အလိုရှိအပ်သော "နှမ်းဆီ"ဟူသော ဝိသေသအနက်ကို အထူးပြု၍ ပြခြင်းအကျိုးငှာ "တိလတေလာဒိကံ"ဟု ဖွင့်ပါသည်။ (ဋီသစ်)

မေး။ အင်္ဂလဋ္ဌိ ဟူသည် အဘယ်နည်း၊ အကြောင်း, ဥပမာတို့နှင့်တကွ ဖြေပြပါ။

ဖြေ။ ဝါးပင်သည် အခက်တို့၏ ထွက်ရာ ဖြစ်သကဲ့သို့ ... ထို့အတူ ခန္ဓာကိုယ်သည်လည်း အင်္ဂါကြီးငယ်တို့၏ စည်ပင် ပေါက်ရောက်ရာ၏ အဖြစ်ဖြင့် ဝါးပင်နှင့် တူသောကြောင့် ခန္ဓာကိုယ်သည် အင်္ဂလဋ္ဌိ မည်၏။

မေး။ အယံ ကုလပုတ္တော ဝါ နော ဝါ ဝါကျ၌ ပါသည့် ကုလပုတ္တ အရကို ဖော်ပြပါ။

ဖြေ။ ဇာတိကုလပုတ္တ, အာစာရကုလပုတ္တ နှစ်မျိုးလုံးကို ယူရမည်။ (စာစဉ်)

**(ပျို နှာ ၈၉-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သပက္ခက၊ အပက္ခက၊ ဒွိပဒ၊ စတုပ္ပဒ အရတို့ကို ဖော်ပြပါ။

ဖြေ။ သပက္ခက အရ = ကြောင်သော ယင်, ယင်မမဲရိုင်း စသော သတ္တဝါတို့ကို ရ၏။
အပက္ခက အရ = အိမ်မြှောင် စသော အတောင်မရှိသော သတ္တဝါကို ရ၏။
ဒွိပဒ အရ = လူ, နတ်, ကြိုးကြာ, ခါနီ စသော ခြေနှစ်ချောင်းရှိသော သတ္တဝါကို ရ၏။
စတုပ္ပဒ အရ = ပုတ်သင်, မြေခွေး စသော ခြေလေးချောင်းရှိသော သတ္တဝါကို ရ၏။ (စာစဉ်)

မေး။ သကုဏညဏ အတတ်ဟူသည် အဘယ်နည်း။

ဖြေ။ သား,ငှက်တို့၏ အစွမ်းအားဖြင့် သုဘာသုဘ အကျိုးကို သိကြောင်းဖြစ်သော အတတ်တည်း။ (စာစဉ်)

မေး။ **ပဏ္ဏစ္ဆာနန္တိ** ပရိပါကဂတစိန္တာ၊ ဣဒါနိ "အယံ တွေကံ ဇီဝိဿတိ၊ အယံ တွေက"န္တိ ဧဝံ ပဝတ္တံ အာဒိဋ္ဌညာဏန္တိ/အဒိဋ္ဌညာဏန္တိ အတ္ထော ဝါကျဝယ် (က) အာဒိဋ္ဌညာဏံ (ခ) အဒိဋ္ဌညာဏံ အဖွင့်တို့ကို ရှုမျှော်၍ ပဏ္ဏစ္ဆာနအတတ်၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ttp://www.dhammadownload.com



ဖြေ။ (က) တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်၏ အတ္တဘောနှင့် အသက်ရှင်ရာကာလ ရည်ညွှန်းထားသမျှကို သိသော အတတ်သည် ပက္ကမ္ဗွာနအတတ် မည်၏။ (ဋီသစ်)

(ခ) လောက၌ မသိ, မမြင်အပ်သော အရာဝတ္ထု ငါးမျိုးတို့တွင် ဇီဝိတလည်း ပါဝင်နေရကား ယင်းမမြင်နိုင်ရာ အသက်ရှင်ခြင်း ကာလကို မြင်သိခြင်း အဓိပ္ပါယ်ကို ရည်ရွယ်လျက် = မမြင်အပ်သော အရာကို မြင်သိခြင်း အတတ်သည် ပက္ကမ္ဗွာနအတတ် မည်၏။ (နိသျှဟောင်း)

အမှာ။ သာမညမေးသော် ဋီသစ်နည်းကိုသာ ဖြေပါ။

**(ဌ၊ နှာ ၉၀–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ "ဥက္ကာကျခြင်း"ဟူသည် အဘယ်နည်း။

ဖြေ။ လေထုတို့ အဟုန်ဖြင့် အချင်းချင်း ထိခိုက်ရာ မီးရောင်ကဲ့သို့အရောင် ဖြစ်ပေါ်၍ ကောင်းကင်မှ ကျခြင်းကို "ဥက္ကာကျခြင်း"ဟု ခေါ်၏။ (ဋီသစ်)

မေး။ **ကာဗေယျ၌** ကဗျာတတ်သိ ကဝိလေးမျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ စိန္တာကဝိ – ကြံစည်ခြင်းအားဖြင့် ကဗျာကို ဖွဲ့ဆိုတတ်သော ပညာရှိ၊

၂။ သုတကဝိ – ကြားအပ်သော အခြင်းအရာအားဖြင့် ကဗျာကို ဖွဲ့ဆိုတတ်သော ပညာရှိ၊

၃။ အတ္ထကဝိ – အနက်, အဓိပ္ပါယ်အားဖြင့် ကဗျာကို ဖွဲ့ဆိုတတ်သော ပညာရှိ၊

၄။ ပဋိဘာနကဝိ – ရှေးရှေးက ထင်လာသော ဉာဏ်ပညာဖြင့် ကဗျာကို ဖွဲ့ဆိုတတ်သော ပညာရှိ။ (ဋ)

မေး။ **အာဝါဟနှင့် ဝိဝါဟတို့၏** အထူးကို ဖော်ပြပါ။

ဖြေ။ ဤသတို့သားဖို့ မည်သည့် နက္ခတ်ဖြင့် ထိုအမျိုးမှ မည်သည့် သတို့သမီးကို ဆောင်ကြဟု သတို့သမီး ရတနာ မင်္ဂလာဆောင်ကြောင်း နေ့ကောင်းရက်သာ ရွေးခြင်းအတတ်ကို "အာဝါဟ"ဟု ခေါ်၏။
မည်သည့် သတို့သားအား မည်သည့် နက္ခတ်ဖြင့် ဤသတို့သမီးကို ပေးလိုက်ကြ၊ သတို့သမီး ကြီးပွားလတ္တံ့ဟု သမီးပေးကြောင်း နေ့ကောင်းရက်သာ ရွေးခြင်းအတတ်ကို "ဝိဝါဟ"ဟု ခေါ်၏။ (ဋ)
(တစ်နည်း) မယားအဖြစ်ဖြင့် သိမ်းဆည်းသောအားဖြင့် သတို့သမီးကို ယူခြင်းသည် အာဝါဟ။
မယားအဖြစ်ဖြင့် သိမ်းဆည်းရန် သတို့သမီးကို ပေးခြင်းသည် ဝိဝါဟ။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ **သံဝရဏ၊ ဝိဝရဏတို့၏** အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ သို့ခင်ပွန်း ကွဲပြီးနောက် ပြန်၍ စောင့်ရှောက်ခြင်း, ပြန်ပေါင်းခြင်းကို သံဝရဏဟု ခေါ်၏။
စောင့်ရှောက်လွတ်ကင်း ကွာရှင်းကြကြောင်း နေ့ကောင်းရက်သာ သတ်မှတ်ရွေးပေးခြင်းကို ဝိဝရဏဟု ခေါ်၏။

**(ဌ၊ နှာ ၉၁–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **သံကိရဏ၊ ဝိကိရဏတို့၏** အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ဥစ္စာကို စုပေါင်းကြောင်း နေ့ကောင်းရက်သာ ရွေးပေးခြင်း, ထိုသို့ ရက်ရွေးပေးခြင်းသည် ဥစ္စာကို စုပေါင်းစေခြင်း ဖြစ်သောကြောင့် သံကိရဏ မည်၏။
သံကိရဏ (စုပေါင်းခြင်း)၏ ပြောင်းပြန်ဖြစ်သောကြောင့် ကြဲဖြန့်ခြင်း (အတိုးပေးခြင်း)သည် ဝိကိရဏ မည်၏။

ttp://www.dhammadownload.com



မေး။ ကိုယ်ဝန်ပျက်ကြောင်းများနှင့် ပျက်ခဲ့သော် မပျက်အောင် ပြုလုပ်ပုံကိုလည်း ဖော်ပြပါ။

ဖြေ။ ကိုယ်ဝန်ပျက်ကြောင်းများကား = ၁။ လေ ၂။ ပိုး ၃။ ကံ တို့ဖြစ်သည်။

ထိုသုံးမျိုးတို့တွင် လေကြောင့် ကိုယ်ဝန်ပျက်ခဲ့သော် တဖန်မပျက်အောင် လေကို ငြိမ်းစေတတ်သော အေးမြသော ဆေးကို ပေးရသည်။ ပိုးကြောင့် ကိုယ်ဝန်ပျက်ခဲ့သော် ပိုးတို့ကို ကုစားမှု ပြုလုပ်ရသည် (ဝါ) ပိုးကျဆေး ပေးရသည်။ ကံကြောင့် ကိုယ်ဝန်ပျက်ခဲ့လျှင်ကား = ဘုရားရှင်တို့သော်မှလည်း မတားမြစ်နိုင်တော့ပါ။

မေး။ ဝိနည်းအဋ္ဌကထာ၌ ကိုယ်ဝန်ပျက်စီးကြောင်းသည် လေနှင့်ပိုး နှစ်ပါးသာ လာရှိပါလျက် ဤအဋ္ဌကထာ၌ ကိုယ်ဝန်ပျက်စီးကြောင်း သုံးပါးဟု ဆိုထားရခြင်း အကြောင်းကို ကျမ်းဂန်အချင်းချင်း ညှိနှိုင်း၍ ရှင်းပြခဲ့ပါ။

ဖြေ။ ဝိနည်းအဋ္ဌကထာ၌ ကိုယ်ဝန်ပျက်စီးကြောင်းကို လေနှင့် ပိုးဟူ၍ နှစ်ပါးသာ ဆိုထားရခြင်းမှာ = လေကြောင့် ကိုယ်ဝန် ပျက်စီးရာ၌လည်း အတိတ်အကုသိုလ်ကံ အကြောင်းတရားသည် ဧကန်မုချ ပါဝင်လျက် ရှိ၏။ ပိုးကြောင့် ကိုယ်ဝန်ပျက်စီးရာ၌လည်း အတိတ်အကုသိုလ်ကံ အကြောင်းတရားသည် ဧကန်မုချ ပါမြဲဖြစ်၏။ ယင်းသို့ လေနှင့် ပိုးတို့ကြောင့် သန္ဓေသားငယ် ပျက်စီးရာ၌ အတိတ် အကုသိုလ်ကံနှင့်ကား ကင်း၍ မပျက်စီးနိုင်။ လေ,ပိုးဟူသော အကြောင်းနှစ်ပါး၌ အတိတ်အကုသိုလ်ကံသည် အထိုက်အလျောက် ပါဝင်သွားမှု ရှိသောကြောင့် ကံကို အကြောင်းတရား တစ်ပါးအနေဖြင့် တသီး,တခြား ထုတ်မပြတော့ဘဲ ဝိနည်းအဋ္ဌကထာ၌ လေ,ပိုးဟူသော အကြောင်းနှစ်ပါးကိုသာ ကိုယ်ဝန်ပျက်စီးကြောင်းဟူ၍ ဆိုခြင်း ဖြစ်သည်။ ဤအဋ္ဌကထာ၌ကား = လေကြောင့် ပျက်စီးမှု, ပိုးကြောင့် ပျက်စီးမှု နှစ်ပါးစုံတို့၌ အတိတ်အကုသိုလ်ကံက အကျိုးပေးခွင့် မရနိုင်။ အတိတ်အကုသိုလ်ကံ အကျိုးပေးသည့် အခါ၌လည်း လေနှင့် ပိုးတို့ကို လုံးဝ ငဲ့ကွက်မှုမရှိ။ ထို့ကြောင့် အတိတ်အကုသိုလ်ကံကို သီးခြား အကြောင်းတစ်ခုအနေဖြင့် ယူ၍ လေ, ပိုး,ကံဟု ကိုယ်ဝန်ပျက်စီးခြင်း အကြောင်းသုံးပါးကို ဆိုထားခြင်း ဖြစ်သည်။

ဤသို့လျှင် ကျမ်းဂန်အချင်းချင်း မဆန့်ကျင်ဘဲ ညီညွတ်နေကြသည်။ (ဋီသစ်)

မေး။ ခပ်သိမ်းသော သတ္တဝါတို့သည် ကံကြောင့်သာ ဖြစ်ကြ, ပျက်ကြရပါလျက် လေ,ပိုးကောင်ငယ်တို့ကြောင့် ကိုယ်ဝန် ပျက်စီး၏ဟု အဘယ့်ကြောင့် ဆိုရပါသနည်း၊ ရှင်းလင်းစွာ ဖြေပြပါ။

ဖြေ။ လေ,ပိုးကောင်ငယ် အကြောင်းနှစ်ပါးတို့ကြောင့် ကိုယ်ဝန် ပျက်စီးရာ၌ အတိတ်ကံသည် အကျိုးပေးခွင့်ကို မပြုအပ် (ဝါ) ကံသည် ရှေ့သွား မဟုတ်။ ထိုနှစ်ပါးသော အကြောင်းတို့၏ နောက်မှ ကံသည် လိုက်၍ အကျိုးပေးရသောကြောင့်တည်း။

(တစ်နည်း) လေ,ပိုးကောင်ငယ်တို့ကြောင့် ကိုယ်ဝန် ပျက်စီးရသော်လည်း ကံနှင့် ကင်း၍ မပျက်စီးနိုင်ဟူသော အဓိပ္ပါယ်ကို ပြလိုသောကြောင့်တည်း။ (ဋီသစ်၊ စာစဉ်)

### (၄၊ နှာ ၉၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဒေသနာနှင့် ပရိယတ္တိတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ဓမ္မ,ဝိနယ စသော အပြားအားဖြင့် ပြားသော စိတ်ဖြင့် ပိုင်းခြားမှတ်သား ထားခဲ့သော မနသာ ဝဝတ္ထာပိတ ပါဠိအစဉ်သည် ပရိယတ္တိ မည်၏။

ထိုမနသာဝဝတ္ထာပိတ ပါဠိအစဉ်ကို သဘောအလျောက် အနုလောမ စသော အစွမ်းဖြင့် ဟောကြားခြင်းသည် ဒေသနာ မည်၏။ ဤသို့ ထူးသည်။ (ဋီကာဟောင်းနှင့် ဂဏ္ဌိ)

ttp://www.dhammadownload.com



မေး။ "န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။ အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂတိ"န္တိ ဂါထာဝယ် ပဌမပါဒ၌ "ဓမ္မော အဓမ္မော"ဟု ဆိုခဲ့ပြီးသည့် ပါဠိကို တတိယ, စတုတ္ထ ပါဒတို့၌ "အဓမ္မော ဓမ္မော"ဟု အဘယ်ကြောင့် ပြောင်းပြန်ဆိုရသနည်း။

ဖြေ။ လျင်မြန်လွယ်ကူစွာ သိရှိနားလည်စေရန် ပစ္စာသတ္တိနည်းအားဖြင့် ရေးသားထား၏ဟူသော ရည်ရွယ်ချက်ကို သိစေလိုသောကြောင့် ပဌမပါဒ၌ "ဓမ္မော အဓမ္မော"ဟူ၍ ဆိုခဲ့ပါသော်လည်း တတိယ, စတုတ္ထပါဒတို့၌ "အဓမ္မော ဓမ္မော"ဟူ၍ ပြောင်းပြန်လှန်ကာ အနီးမှ စ၍ ဆိုသည်။ (ဂဏ္ဌိ)

**(၄၊ နှာ ၉၂+၉၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ (က) **ဓမ္မောတိ ဂုဏော ဒေသနာယံ ပရိယတ္တိယံ နိဿတ္တေတိ ဧဝမာဒီသု ဓမ္မသဒ္ဒေါ ဝတ္တတိ။**

(ခ) "န ဟိ ။ပ။ နိဿတ္တေ။

(ဂ) ဣဓ ပန ဂုဏေ ဝတ္တတိ။

ဖော်ပြပါ သုံးဝါကျတို့တွင် (ဂ)ဝါကျကို ထောက်ဆလျှင် **ဓမ္မောတိ** ဂုဏေ ဒေသနာယံ ပရိယတ္တိယံ နိဿတ္တေတိ ဧဝမာဒီသု ဓမ္မသဒ္ဒေါ ဝတ္တတိ ဟူသော (က)ဝါကျကို မဆိုသင့်ပါဘဲလျက် အဘယ်ကြောင့် (က)ဝါကျကို ဆိုရသနည်း။

ဖြေ။ ဓမ္မသဒ္ဒါသည် ဂုဏ်ကျေးဇူးအနက်ကို ဟော၏ဟူ၍ (ဝါ) ဣဓ ပန ဂုဏေ ဝတ္တတိ ဟူ၍ အတ္ထုဒ္ဓေသကို အသီးအခြား ဖြတ်၍ မဆိုရသေးသောကြောင့် ဓမ္မသဒ္ဒါသည် ဂုဏ, ဒေသနာ စသော အနက်၌ ဖြစ်၏ဟူသော အတ္ထုဒ္ဓါရ (က)ဝါကျကို ဆိုရပါ၏။ (ဂဏ္ဌိ)

**(၄၊ နှာ ၉၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **ပဏ္ဍိတဝေဒနီယာ**၌ ပဏ္ဍိတ အရကို ဖော်ပြပါ။

ဖြေ။ အမြတ်ဆုံး ပညာရှိ ဖြစ်တော်မူသော သမ္မာသမ္ဗုဒ္ဓကို ယူပါ။ (စာစဉ်)

မေး။ **ယေ တထာဂတော သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ**၌ အဘယ်ကြောင့် "သစ္ဆိကတွာ" ပုဒ်ကို ထည့်၍ ဟောသနည်း။

ဖြေ။ သဟစရဏနည်းအားဖြင့် အာသဝက္ခယဉာဏ်ကို ရသည်ရှိသော် သဗ္ဗညုတဉာဏ်ကိုလည်း ရသည်သာ ဖြစ်သောကြောင့်လည်းကောင်း၊ အာသဝက္ခယဉာဏ်ကို မျက်မှောက်ပြုသည်ရှိသော် သဗ္ဗညုတဉာဏ်ကိုလည်း မှက်မှောက်ပြုသည်သာ မည်သောကြောင့်လည်းကောင်း "သစ္ဆိကတွာ" ပုဒ်ကို ထည့်၍ ဟောသည်။

မေး။ အဘိဝိသိဋ္ဌေန ဉာဏေန၌ ဉာဏ အရကို ဖြစ်သင့်သမျှ ကောက်ပြ၍၊ နာဝိဘတ်၏ သက်ရာအနက်ကိုလည်း သက်ဆိုင်ရာ အကြောင်းပြချက်နှင့်တကွ ရှင်းလင်းဖော်ပြပါ။

ဖြေ။ ဉာဏ အရ = အရဟတ္တမဂ်ဉာဏ်ကို အရကောက်ရမည်။

ယင်းအခိုက် နာဝိဘတ်သည် ဟိတ်အနက်၌ သက်၏။

အကြောင်းကား = အရဟတ္တမဂ်ဉာဏ်သည် သဗ္ဗညုတဉာဏ်ဖြင့် သိသော မျက်မှောက်ဖြစ်သည့် ယခု ဟောကြားမည့် ဒိဋ္ဌိ ၆၂-ပါးကို အာရုံမပြုနိုင်၊ နိဗ္ဗာန်ကိုသာ ဧကန်အာရုံ ပြုနိုင်သောကြောင့်တည်း။

(တစ်နည်း) ဉာဏ အရ = ပစ္စဝေက္ခဏာဉာဏ်ကို အရကောက်ရမည်။

ယင်းအခိုက် နာဝိဘတ်သည် ကရိဏ်းအနက်၌ သက်၏။

အကြောင်းကား = ယင်းပစ္စဝေက္ခဏာဉာဏ်တော်သည် သင်္ခတာသင်္ခတ ပညတ်တရား မှန်သမျှကို အာရုံပြုနိုင်သောကြောင့်တည်း။

ttp://www.dhammadownload.com



မေး။ အတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာ ဂမ္ဘီရာ စသည်ဖြင့် မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်သော ဓမ္မ၏ အရကို (ဝါ) ကတမေ စ ပန တေ ဓမ္မာဌ် ဓမ္မ၏ အရကို ဖော်ပြပါ။

ဖြေ။ ဓမ္မ အရကား = သဗ္ဗညုတဉာဏ်တော်တည်း။

မေး။ ဘုရားရှင်၏ သန္တာန်၌ ဒသဗလ စသော ဉာဏ်တော်ပေါင်း မြောက်များစွာ ရှိသည် ဖြစ်ပါလျက် အတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာ ဂမ္ဘီရာ (ဝါ) ကတမေ စ ပန တေ ဓမ္မာဌ် ဓမ္မအရ အဘယ်ကြောင့် သဗ္ဗညုတဉာဏ် တစ်ခုတည်းကိုသာ ကောက်ယူရသနည်း၊ ရှင်းလင်းစွာ ဖြေခဲ့ပါ။

ဖြေ။ ဘုရားရှင်၏ သန္တာန်၌ တစ်ပါးသော သာဝကတို့နှင့် မဆက်ဆံသော ဒသဗလ စသော ဉာဏ်တော်ပေါင်း မြောက်များစွာ ရှိပါသော်လည်း . . . သဗ္ဗညုတဉာဏ်မှ တစ်ပါးသော ဒသဗလ စသော ဉာဏ်ပေါင်း မြောက်များစွာတို့သည် မိမိ မိမိတို့ သက်ဆိုင်ရာ အာရုံ တစ်စိတ်တစ်ဒေသကိုသာ အာရုံပြုနေကြသည့်အတွက် ယင်းဒသဗလ စသော ဉာဏ်တို့ဖြင့် ဘုရားရှင်ကို ချီးမွမ်းထောမနာ ပြုခဲ့လျှင် ဘုရားရှင်၏ ဂုဏ်အားလုံး သိမ်းကျုံးမိအောင် ချီးမွမ်းရာ မရောက်နိုင်။ သဗ္ဗညုတ ဉာဏ်တော်ကား အကြွင်းမရှိသော အာရုံအလုံးစုံကို အာရုံပြုနိုင်သည့်အတွက် ယင်းဉာဏ်ဖြင့် ဘုရားရှင်ကို ချီးမွမ်းထောမနာ ပြုခဲ့လျှင် ဘုရားရှင်၏ အလုံးစုံသော ဂုဏ်တော်, ကျေးဇူးတော်တို့ကို သိမ်းကျုံးမိအောင် ချီးမွမ်းရာ ရောက်သည်ဟု ဆိုနိုင်သောကြောင့် သဗ္ဗညုတ ဉာဏ်ဖြင့် ချီးမွမ်းလိုရကား အတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာ ဂမ္ဘီရာ (ဝါ) ကတမေ စ ပန တေ ဓမ္မာဌ် ဓမ္မအရ သဗ္ဗညုတဉာဏ်တော် တစ်ခုတည်းကိုသာ ကောက်ယူရသည်။ (ဋီသစ်)

မေး။ ဓမ္မ အရသည် သဗ္ဗညုတဉာဏ်တော် တစ်ခုကိုသာ ရလျက် "ဓမ္မာ"ဟု အဘယ်ကြောင့် ဗဟုဝုစ်ဖြင့် ဟော သနည်း၊ သဘာဝယုတ္တိ, အာဂမယုတ္တိတို့ဖြင့် ဖြေဆိုပါ။

ဖြေ။ ယင်းသဗ္ဗညုတဉာဏ်တော်သည် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခုတို့၌ ယှဉ်၏။ ဤသို့လျှင် များစွာသော စိတ်တို့နှင့် ယှဉ်သောကြောင့်လည်းကောင်း၊ သဗ္ဗညုတဉာဏ်၏ အာရုံမဟုတ်သော တရား မည်သည် မရှိ၍ များစွာသော အာရုံရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း "ဓမ္မာ"ဟု ဗဟုဝုစ်ဖြင့် ဟောတော် မူသည်။ ဤကား–သဘာဝယုတ္တိတည်း။

အတီတံ သဗ္ဗံ ဇာနာတီတိ သဗ္ဗညုတညာဏံ၊ တတ္ထ အာဝရဏံ နတ္ထီတိ အနာဝရဏဉာဏံ စသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်သည်–အာဂမယုတ္တိတည်း။ (ဋ)

မေး။ သဗ္ဗညုတဉာဏ်သည် များစွာသော အာရုံကို အာရုံပြု၏ဟု ဆိုရာ တစ်ကြိမ်တည်းဖြင့် များစွာသော အာရုံကို အာရုံပြုနိုင်ပါသလော၊ သာဓကပြ၍ ဖြေဆိုပါ။

ဖြေ။ သဗ္ဗညုတဉာဏ်သည် များစွာသော အာရုံကို အာရုံပြု၏ဟု ဆိုရာ တစ်ကြိမ်တည်းဖြင့် များစွာသော အာရုံကို အာရုံပြုသည် မဟုတ်၊ အထပ်ထပ်အခါခါ ဖြစ်ခြင်း၏ အစွမ်းအားဖြင့်သာလျှင် နှလုံးသွင်းမှု, အာရုံပြုမှု အလျောက် တစ်ခုစီ,တစ်ခုစီ စီကာစဉ်ကာလည်းကောင်း၊ အလိုရှိက တစ်ပေါင်းတည်းလည်းကောင်း များစွာသော အာရုံကို အာရုံပြု၏။ (ဋ၊ ဋီသစ်)

သာဓကကား = ပုနပ္ပုနံ ဥပ္ပတ္တိဝသေန ပုထုအာရမ္မဏာတောတည်း။

အမှာ။ ယင်းသာဓက စကားရပ်ဖြင့် တစ်ကြိမ်တည်း ဖြစ်မှုဖြင့် အာရုံများစွာကို အာရုံပြုသည်၏ အဖြစ်ကို တားမြစ်၍ အကြိမ်များစွာ နှလုံးသွင်းမှု, အာရုံသွင်းမှုအလျောက် စီကာစဉ်ကာ ဖြစ်ခြင်း၏ အစွမ်းအားဖြင့် ဖြစ်မှုကို ပြသည်ဟူလို။

ttp://www.dhammadownload.com



မေး။ ဗာဟိရကဓါဒီတို့က တစ်ကြိမ်တည်း, တစ်ပြိုင်နက်တည်း ဉေယျဓမ် မှန်သမျှကို သိသည်ဆိုသော စကားကို ကေန်အမှန်ဟု ဆုံးဖြတ်မှတ်သားရမည်လော၊ အဘယ်သို့ မှတ်ရမည်နည်း၊ ရှင်းလင်းစွာ ဖြေဆိုခဲ့ပါ။

ဖြေ။ ယာဝတကံ ဉာဏံ တာဝတကံ ဉေယျံ၊ ယာဝတကံ ဉေယျံ တာဝတကံ ဉာဏံ ပါဠိတော် ရှိရကား အနန္တဖြစ်သော ဉေယျဓမ်ကို အနန္တဖြစ်သော သဗ္ဗညုတဉာဏ်တော်ဖြင့် တစ်ကြိမ်တည်း ဘယ်လိုမျှ မသိနိုင်၊ ထပ်ခါထပ်ခါ ဖြစ်၍ မိမိဆန္ဒအတိုင်း စီကာစဉ်ကာလည်းကောင်း၊ တစ်ပေါင်းတည်း အလိုရှိသည့်အတိုင်း လည်းကောင်း လိုသလို သိနိုင်သည်။ အစိန္တေယျ, အပရိမေယျ ဖြစ်သော ဉေယျဓမ်ကို ပရိစ္ဆေဒဝန္တ ဖြစ်သော ဉာဏ်တစ်ခုတည်းဖြင့် အကြွင်းမဲ့ ဘယ်လိုမှ မသိနိုင်သောကြောင့် ကေန်အမှန်ဟု မဆုံးဖြတ် မမှတ်သားအပ်ပါ။

မေး။ ဋီကာသစ်၌ ပုထုအာရမ္မဏာ ပုဒ်ကို ပုထူနိ အာရမ္မဏာနိ ဧတဿာ (သဗ္ဗညုတဉာဏဿာ)တိ ပုထုအာရမ္မဏံ (တစ်နည်း) ပုထု အာရမ္မဏံ အာရမ္မဏမေတဿာတိ ပုထုအာရမ္မဏံဟု ဝိဂ္ဂဟနှစ်နည်း ပြုထားရာဝယ် ယင်းဝိဂ္ဂဟ နှစ်နည်းတို့၏ အထူးကို ဖြေဆိုခဲ့ပါ။

ဖြေ။ ပထမဝိဂ္ဂဟဖြင့် = သဗ္ဗညုတဉာဏ်၏ သဗ္ဗာရမ္မဏာ၏ အဖြစ်ကို သိစေသည်။
ဒုတိယဝိဂ္ဂဟဖြင့် = သဗ္ဗညုတဉာဏ်၏ ပုထုညာဏကိစ္စသာကေ၏ အဖြစ်ကို သိစေသည်။ ဤသို့ ထူး၏။

မေး။ န စဿ ကောစိ ဓမ္မော အာရမ္မဏံ နာမ န ဟောတိ ဝါကျ၌ ပဋိသေဓ နသဒ္ဒါ နှစ်ခုတို့ကို မထည့်ဘဲ ရေးသားလျှင်လည်း အနက်အဓိပ္ပါယ် အတူတူပင် ဖြစ်ပါလျက် အဘယ်ကြောင့် ယင်း နသဒ္ဒါ နှစ်ခုတို့ကို ထည့်၍ ရေးသားရသနည်း။

ဖြေ။ သဗ္ဗညုတဉာဏ်၏ အာရုံမဟုတ်သော တရားမည်သည် မရှိ။ သဗ္ဗညုတဉာဏ်၏ အာရုံချည်းသာလျှင် ကေန်မုချအားဖြင့် ဖြစ်နေသည်၏ အဖြစ်တည်းဟူသော ကေန္တအဖြစ်ကို ပြလိုသောကြောင့် ပဋိသေဓ န-သဒ္ဒါ နှစ်ခုတို့ကို ထည့်၍ ရေးသားသည်။ (ဋီသစ်)

အမှာ။ အမေး၌ နသဒ္ဒါ မပါဘဲ အဖြေ၌ နသဒ္ဒါ စွက်၍ ဖြေလာလျှင်လည်း ကေန္တနည်းကို ပြလိုသောကြောင့် ဟူ၍သာ မှတ်ပါ။ အမေး၌ နသဒ္ဒါ ပါ၍ အဖြေ၌လည်း နသဒ္ဒါ နှစ်ခုဖြင့် ဖြေခဲ့လျှင်ကား အမေးအလိုက် ဖြေထားခြင်း ဖြစ်သည်ဟုမှတ်။ ကေန္တနည်း မဟုတ်ဟူလို။

မေး။ က္လတိ ပုထုစိတ္တသမာယောဂတော, ပုနပ္ပုနံ ဥပ္ပတ္တိဝသေန ပုထုအာရမ္မဏာတော စ ဗဟုဝစနနိဒ္ဒေသော ကတောတိ၌ က္လတိသဒ္ဒါ နှစ်ခုတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ရှေ့က္လတိသဒ္ဒါသည် ဟေတု အနက်၌ ဖြစ်၏။
နောက်က္လတိသဒ္ဒါသည် ပရိသမာပန အနက်၌ ဖြစ်၏။ ဤသို့ ထူးသည်။

မေး။ က္လတိသဒ္ဒါ ဟောနိုင်သမျှ အနက်တို့ကို ထုတ်ပြပါ။

ဖြေ။ က္လတိ ဟေတုပကာရေသု၊ အာဒိမှိ စာဝဓာရဏေ။
နိဒဿနေ ပဒတ္ထဿ၊ ဝိပလ္လာသေ သမာပနေ။ (အဘိဓာန်)

မေး။ သာဝကပါရမီဉာဏ် အရကို ကောက်ပြပါ။

ဖြေ။ သာဝကပါရမီဉာဏ် အရ = သာဝကတို့၏ ဒါန စသော ပါရမီ ၁၀-ပါးတို့ကို ဖြည့်ကျင့် ဆည်းပူးခြင်းဖြင့် ပြီးမြောက်စွာ ရရှိလာခဲ့သော ဝိဇ္ဇာ ၃-ပါး, အဘိညာဉ် ၆-ပါး, ပဋိသမ္ဘိဒါဉာဏ် ၄-ပါး အပြားရှိသော ဉာဏ်တော်များကို ယူပါ။ (ဋီသစ်)

မေး။ သဗ္ဗညုတညာဏဥ္စ တတောပိ ဂမ္ဘီရတရန္တိ တတ္ထာပိ ဝဝတ္ထာန် နတ္ထိ ဝါကျဝယ် တတ္ထာပိ၌ အပိ သဒ္ဒါ၏ အနက်ကို အကြောင်းပြ၍ ဖော်ပြပါ။

ttp://www.dhammadownload.com



ဖြေ။ တတ္ထာပိ၌ အပိသဒ္ဒါသည် = သာဝကဗောဓိဉာဏ်၌သာ ဂမ္ဘီရာဝဟု ဧဝဖြင့် ပိုင်းခြားမှတ်သားခြင်း မရှိသည် မဟုတ်၊ ပစ္စေကဗောဓိဉာဏ်၌လည်း ဂမ္ဘီရာဝဟု ဧဝဖြင့် ပိုင်းခြားမှတ်သားထားခြင်း မရှိဟူသော အနက်ကို ပေါင်းဆည်း၍ ပြသောကြောင့် သမ္ပိဏ္ဍန (ခေါ်) ဝုတ္တသမုစ္စည်း အနက်ရှိ၏။

(ဌ၊ နှာ ၉၄-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဗုဒ္ဓါနဉ္စိ စတ္တာရိ ဌာနာနိ ပတွာ ဂဇ္ဇိတံ မဟန္တံ ဟောတိ၊ ဉာဏံ အနုပဝိသတိ၌ စတ္တာရော သရုပ်ကို ဖော်ထုတ်ပါ။ (ဝါ) ဘုရားရှင်တို့၏ ဒေသနာ ကြုံးဝါးသံကြီး ရောက်ရာ ၄-ဌာနကို ဖော်ပြပါ။

ဖြေ။ ၁။ ဝိနယပညတ္တိ - ဝိနည်းပညတ်တော်၊
၂။ ဘူမန္တရ - ဘုံအထူး၊
၃။ ပစ္စယာကာရ - ဟေတု စသော ပစ္စည်းတို့၏ ကျေးဇူးပြုပုံ အခြင်းအရာဟူသော ပဋိစ္စသမုပ္ပါဒ်၊
၄။ သမယန္တရ - ဗုဒ္ဓအယူမှ တစ်ပါးသော မိစ္ဆာအယူ။ (ဌ)

မေး။ ဥပ္ပါဒ၊ ပဝတ္တ၊ နိမိတ္တ ၃-ပါးတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ သင်္ခါရဟူသော အကျိုးတရား၏ တစ်ဘဝမှ စ၍ ဖြစ်ကြောင်းဖြစ်သော အဝိဇ္ဇာအကြောင်းသည် "ဥပ္ပါဒ" မည်၏။
သင်္ခါရဟူသော အကျိုးတရား၏ တစ်ဘဝလုံး၌ ဖြစ်တည်ကြောင်းဖြစ်သော အဝိဇ္ဇာအကြောင်းသည် "ပဝတ္တ" မည်၏။
သင်္ခါရတို့က ဝိညာဉ်အကျိုးကို ဘဝယောနိဂတိ စသည်တို့၏ ပစ်ချကြောင်းဖြစ်သော အဝိဇ္ဇာအကြောင်းသည် "နိမိတ္တ" မည်၏။ ဤသို့ ထူးသည်။

(ဌ၊ နှာ ၉၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဒွါသဋ္ဌိဒိဋ္ဌိဂတာနိ ဘိန္ဒိတွာ နိဇ္ဇဋံ နိဂ္ဂုမ္ဗံ ကတွာ ကထေတုံ ဝါကျ၌ ပါသည့် နိဇ္ဇဋနှင့် နိဂ္ဂုမ္ဗတို့၏ အဓိပ္ပါယ်ကို အသီးသီး ရေးခဲ့ပါ။

ဖြေ။ ဝါးရုံ၏ ရှုပ်ထွေးခြင်းမှ ကင်းသကဲ့သို့ မိစ္ဆာအယူ၏ ရှုပ်ထွေးခြင်းမှ ကင်းသောကြောင့် ဗုဒ္ဓ၏ ဒေသနာတော်သည် နိဇ္ဇဋ မည်၏။
သမန်းမြက် စသည်တို့ဖြင့် ဖုံးအုပ် ရောယှက်ခြင်းမှ ကင်းသကဲ့သို့ မိစ္ဆာအယူတို့ဖြင့် ဖုံးအုပ် ရောယှက်ခြင်းမှ ကင်းသောကြောင့် ဗုဒ္ဓ၏ ဒေသနာတော်သည် နိဂ္ဂုမ္ဗ မည်၏။

မေး။ တတ္ထ **သန္တီ**တိ အတ္ထိ၌ ပါရှိသော အတ္ထိသဒ္ဒါသည် နာမ်အတ္ထိ၊ အာချာတ်အတ္ထိ၊ နိပါတ်အတ္ထိတို့တွင် မည်သည့် အတ္ထိ ဖြစ်သနည်း၊ ဧကဝုစ်၊ ဗဟုဝုစ်တို့တွင် မည်သည့်ဝုစ် ဖြစ်သနည်း၊ ယုတ္တိပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ တတ္ထ သန္တီတိ အတ္ထိ၌ ပါရှိသော အတ္ထိသည် "အတ္ထိ ဣမသ္မိံ ကာယေ ကေသာ"စသော ၃၂-ကောဋ္ဌာသ ပါဠိ၌ကဲ့သို့ နိပါတ်အတ္ထိ ဖြစ်၏။ သန္တိပုဒ်နှင့် တူသောအနက် ရှိသောကြောင့် ဗဟုဝုစ် ဖြစ်၏။
ယုတ္တိကား = အတ္ထီတိ စ သန္တိပဒေန သမာနတ္ထော ပုထုဝစနဝိသယော ဧကော နိပါတော၊ အတ္ထိ ဣမသ္မိံ ကာယေ ကေသာတိအာဒီသု ဝိယ။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ **သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ** စသည်၌ သန္တိသဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ထင်ရှားရှိခြင်းကို ပြသော သန္တိဟူသော ပစ္စုပ္ပန်ကြိယာဖြင့် မိစ္ဆာအယူ ရှိသူတို့၏ အဆက်မပြတ် ထင်ရှား ရှိနေကြောင်းကိုလည်းကောင်း၊ မိစ္ဆာအယူ ရှိသူတို့၏ မိစ္ဆာအယူတို့မှ လျော့သွားနိုင်ခြင်း, အချို့ လုံးဝကင်း ရှင်းခြင်း အကျိုးရှိကြောင်းကိုလည်းကောင်း၊ ဒေသနာတော်၏ ဒဏ္ဍာရီ မဟုတ်ဘဲ မချွတ်ကေန် အမှန်၏ အဖြစ်ကိုလည်းကောင်း တရားမင်းဘုရား ပြတော်မူသည်။ (ဋီသစ်၊ ဘာဋီ)

မေး။ ရဟန်းတို့အား ဘုရားရှင်တို့ ခေါ်ဝေါ်ပုံနှင့် သာဝကတို့ ခေါ်ဝေါ်ပြောဆိုပုံကို ဖော်ပြပါ။

ဖြေ။ ဘုရားရှင်တို့ကား ရဟန်းတို့အား "ဘိက္ခဝေ, ဘိက္ခဝေါ"ဟု ခေါ်တော်မူ၏။
သာဝကတို့ကား ရဟန်းတို့အား "အာဝုသော, အာယသ္မာ" စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုကြသည်။ "ဘိက္ခဝေ, ဘိက္ခဝေါ"ဟု သာဝကတို့ မခေါ်ကြ။ (ဋီသစ်)

မေး။ သဗ္ဗာဝါစက ဧကသဒ္ဒါလည်း ရှိပါလျက် **ဧကေတိ** ဧကစ္စေ ဝါကျ၌ ဧကေပုဒ်ကို ဧကစ္စေဟု ဗဟုဝုစ်ဖြင့် အဘယ်ကြောင့် ဖွင့်နိုင်ပါသနည်း၊ ရှင်းလင်းစွာ ဖြေဆိုပါ။

ဖြေ။ သဗ္ဗာအနက်ကို ဟောသော ဧကသဒ္ဒါသည် ကေန်မုချအားဖြင့် ဧကဝုစ် မြဲသည်၏ အဖြစ်ကြောင့်လည်း ကောင်း၊ ဤနေရာ၌ ရှိသော ဧကသဒ္ဒါကို ဧကေဟု သာမည ဆိုထားပါသော်လည်း ယင်း ဧကေသဒ္ဒါသည် ဧကစ္စေဟူသော အနက်သာ ဖြစ်သင့်၍ ဧကေဟု ဗဟုဝုစ်ဖြင့် ရှိနေသည့်အတွက် သဗ္ဗာအနက် လုံးဝ မဖြစ်သင့်သောကြောင့်လည်းကောင်း ဧကေပုဒ်ကို ဧကစ္စေဟု ဗဟုဝုစ်ဖြင့် ဖွင့်ဆိုနိုင်ပါ၏။ (ဋီသစ်)

**(၄၂ နှာ ၉၆-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အဿတ္ထိပစ္စည်း၏ သက်ရာအနက် ၆-မျိုးကို ထုတ်ပြ၍၊ ပုဗ္ဗန္တကပ္ပေါ ဝါ ဧတေသံ အတ္ထီတိ ပုဗ္ဗန္တကပ္ပိကာ၌ အဿတ္ထိ ဣကပစ္စည်းသည် မည်သည့်အနက်၌ ဖြစ်သည်ကို ဖော်ပြပါ။

ဖြေ။ အဿတ္ထိပစ္စည်းတို့သည် . . .
၁။ ပဟုတ – အများ ဟူသောအနက်၊
၂။ ပသံသာ – ချီးမွမ်းခြင်း ဟူသောအနက်၊
၃။ နိန္ဒာ – ကဲ့ရဲ့ခြင်း ဟူသောအနက်၊
၄။ အတိသယ – လွန်ကဲခြင်း ဟူသောအနက်၊
၅။ နိစ္စယောဂ – အမြဲယှဉ်ခြင်း ဟူသောအနက်၊
၆။ သံသဂ္ဂ – ရောနှောခြင်း ဟူသောအနက်တို့၌ ဖြစ်၏။
ပုဗ္ဗန္တကပ္ပိကာ၌ အဿတ္ထိ ဣကပစ္စည်းသည် . . .
နိစ္စယောဂ (မိစ္ဆာအယူ ရှိသူတို့၏ သန္တာန်ဝယ် အမြဲယှဉ်ခြင်း) အနက်၌ ဖြစ်၏။ (ဋီသစ်)

ဋ္ဌါ။ ပဟုတေ စ ပသံသာယံ၊ နိန္ဒာယဉ္စာတိသယနေ။
နိစ္စယောဂေ စ သံသဂ္ဂေ၊ ဟောန္တိ မေ မန္တုအာဒယော။

မေး။ **အန္တောတိ** အယံ သဒ္ဒေါ အန္တအဗ္ဘန္တရမရိယာဒလာမကပရဘာဂကောဋ္ဌာသေသု ဒိဿတိ ဝါကျဝယ် ကောဋ္ဌာသေသု၌ ကျေပျောက်နေသော သဒ္ဒါကို ဖော်ထုတ်၍၊ ယင်းသဒ္ဒါဖြင့် သိစေအပ်သော အနက် အဓိပ္ပါယ်များကိုလည်း ဖော်ပြပါ။

ဖြေ။ ကောဋ္ဌာသေသု၌ ကောဋ္ဌာသာဒီသုဟု ရှိသင့်လျက် အာဒိသဒ္ဒါ ကျေနေသည်။
ယင်းအာဒိသဒ္ဒါဖြင့် = ပဒပူရဏမတ္တ-ပုဒ်ပြည့်ကာမျှ၊ သမီပ-အနီး၊ ဥမ္မဂ္ဂ-လမ်းမှား, အကျင့်မှား စသော

ttp://www.dhammadownload.com



အနက်တို့၌လည်း အန္တသဒ္ဒါ ဖြစ်သေး၏ဟု ပြသည်။

ချဲ့ဦးအံ့ (ဝါ) ထင်ရှားစေဦးအံ့။ ဣဃာ် တာဝ သုတ္တန္တေ ဝါ ဝနန္တေ ဝါ စသော ပါဠိပုံစံတို့၌ အန္တသဒ္ဒါသည် အနက်ထူး မထွက်၊ ပဒပူရဏမတ္တ ဖြစ်၏။ ဂါမန္တသေနာသနံ စသော ပါဠိပုံစံတို့၌ အန္တသဒ္ဒါသည် သမီပ အနက်၌ ဖြစ်၏။ ကာမသုခလ္လိကာနုယောဂေါ ကော အန္တော စသော ပါဠိပုံစံတို့၌ အန္တသဒ္ဒါသည် ဥမ္မဂ္ဂ အနက်၌ ဖြစ်၏။ ဤသို့သော အဓိပ္ပါယ်ကို ကောဋ္ဌာသသေသု၌ ကျေနေသော အာဒိသဒ္ဒါဖြင့် ပြ၏။

တစ်နည်းအားဖြင့် = အာဒိသဒ္ဒါ အကျေမကြံဘဲ ကောဋ္ဌာသပုဒ်ကို ကေဒေသူပစာ+ဥပလက္ခဏနည်း၊ နိဒဿနနည်းတို့ဖြင့် တင်၍ ယင်းအနက်တို့ကိုလည်း သိမ်းယူနိုင်ပါသေး၏။ (ဋီသစ်)

မေး။ သဗ္ဗပစ္စယသင်္ခယော ဟိ ဒုက္ခဿ ပရာဘဂေါ ကောဋီတိ ဝုစ္စတိ ဝါကျဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ အလုံးစုံသော အကြောင်းတရားတို့၏ ကုန်ရာ,ကုန်ကြောင်း ဖြစ်သောကြောင့် အသင်္ခတနိဗ္ဗာန်သည် သင်္ခတဖြစ်သော ဝဋ်ဆင်းရဲဒုက္ခ၏ အဆုံး၌ ဖြစ်၏။ ထို့ကြောင့် "သောဝန္တော ဒုက္ခဿ" ပါဠိ၌ အန္တသဒ္ဒါသည် ပရဘာဂ အနက်၌သာလျှင် သင့်လျော်၏ဟူသော အဓိပ္ပါယ်ကို ပြသည်။

မေး။ ကမ္ဗသဒ္ဒေါပိ၌ ပိသဒ္ဒါ၏ အနက်နှင့် ယင်းပိသဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပါယ်တို့ကို ဖော်ပြပါ။

ဖြေ။ ကပ္ပသဒ္ဒေါပိ၌ ပိသဒ္ဒါသည် ဝုတ္တသမုစ္စည်း အနက်ရှိ၏။
ယင်းပိသဒ္ဒါဖြင့် အန္တသဒ္ဒါသည်သာလျှင် အန္တ, အဗ္ဘန္တရ စသော အနက်များစွာကို ဟောကြားသည် မဟုတ်သေး၊ ကပ္ပသဒ္ဒါသည်လည်း အာယုကပ်, လေသကပ် အစရှိသော အနက်များစွာကို ဟောကြားသေး၏ဟူသော အဓိပ္ပါယ်ကို ပေါင်းဆည်းပြသည်။

မေး။ ဝိနယကပ္ပါဒီသု၌ အာဒိသဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ပြယုဂ်နှင့်တကွ ဋီကာသစ်လာသည့် အတိုင်း ဖော်ပြပါ။

ဖြေ။ ဝိနယကပ္ပါဒီသု၌ အာဒိသဒ္ဒါဖြင့် = ကပ္ပသဒ္ဒါသည် မဟာကပ္ပ, သမန္တဘာဝ, ကိလေသကာမ, ဝိတက္က, ကာလ, ပညတ္တိ, သဒိသဘာဝ စသော အနက်တို့ကိုလည်း ဟောသေး၏ဟူသော အဓိပ္ပါယ်ကို ပြသည်။
ပြယုဂ်ပုံစံများကား = စတ္တာရိမာနိ ဘိက္ခဝေ ကပ္ပဿ အသင်္ချေယျာနိ စသည်၌ ကပ္ပသဒ္ဒါသည် မဟာကပ္ပ အနက်ကို ဟောသည်။ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ၌ ကပ္ပသဒ္ဒါသည် သမန္တဘာဝ အနက်ကို ဟောသည်။ သင်္ကပ္ပေါ ကာမော ရာဂေါ စသည်၌ ကပ္ပသဒ္ဒါသည် ကိလေသကာမ အနက်ကို ဟောသည်။ တက္ကော ဝိတက္ကော သင်္ကပ္ပေါ စသည်၌ ကပ္ပသဒ္ဒါသည် အခါကာလ အနက်ကို ဟောသည်။ ဣစ္စာယသ္မာ ကပ္ပေါ စသော ပါဠိများ၌ ကပ္ပသဒ္ဒါသည် ကပ္ပထေရ်ဟူသော နာမပညတ် အနက်ကို ဟောသည်။ သတ္ထု ကပ္ပေန ဝတ ကိရ ဘော သာဝကေန သဒ္ဓိံ မန္တယမာနာ န ဇာနိမှ စသော ပါဠိများ၌ ကပ္ပသဒ္ဒါသည် အတူ ဟူသော သဒိသဘာဝ အနက်ကို ဟောသည်။ (ဋီသစ်)

မေး။ တဏှာဒိဋ္ဌိဝသေန အတီတံ ခန္ဓကောဋ္ဌာသံ ကပ္ပေတွာ ဝါကျ၌ အဘယ်ကို ရည်ရွယ်၍ "တဏှာဒိဋ္ဌိဝသေန" ပါဌ်ကို ဆိုရသနည်း။

ဖြေ။ ဥပနိဿယ, သဟဇာတ ဖြစ်၍ဖြစ်သော အလွန်နှစ်သက်ခြင်းဟု ဆိုအပ်သော တဏှာ၏လည်းကောင်း၊ သဿတ စသော အခြင်းအရာအားဖြင့် မှားယွင်းစွာ သက်ဝင်တတ်သော ဒိဋ္ဌိ၏ အစွမ်းအားဖြင့် ကြံဆခြင်းကို ရည်ရွယ်လို၍ "တဏှာဒိဋ္ဌိဝသေန" ပါဌ်ကို ဆို၏။

ttp://www.dhammadownload.com



**(၄၊ နှာ ၉၇-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အနေကဝိဟိတာနိ အဓိမုတ္တိပဒါနိ အဘိဝဒန္တိ ဟူသော ပါဠိတော်ဝယ် အဘာယ်ရည်ရွယ်ချက်ဖြင့် အဘိဝဒန္တိ၌ ဝတ္တမာန် အန္တိဝိဘတ် သက်ရသနည်း။

ဖြေ။ ပုဗ္ဗန္တကပ္ပိကဝါဒီ ပုဂ္ဂိုလ်များ၏ ထိုကဲ့သို့သော ပြောဆိုခြင်း ကြိယာ၏ ယခုအချိန်တိုင်အောင် လောကကြီးထဲ၌ အဆက်မပြတ်သေးသည်၏ အဖြစ်ဖြင့် အခါခပ်သိမ်း ထင်ရှား ရှိနေသေးသည်၏ အဖြစ်ကို ပြလိုသည့် ရည်ရွယ်ချက်ဖြင့် ဝတ္တမာန် အန္တိဝိဘတ် သက်ထားခြင်း ဖြစ်၏။ (ဋီသစ်)

မေး။ အတ္တနှင့် လောကကိုသာ သဿတဟူ၍ အမှန်အားဖြင့် ဆိုလိုရင်း ဖြစ်ပါလျက် သဿတော ဝါဒေါ တေသန္တိ **သဿတဝါဒါ**၌ ဝါဒကို သဿတဟူ၍ အဘာယ်ကြောင့် ဆိုရသနည်း၊ ရှင်းလင်းစွာ ဖြေပြပါ။

ဖြေ။ သဿတော ဝါဒေါ တေသန္တိ၌ "သဿတော ဝါဒေါ-အယူဝါဒကို မြဲ၏"ဟူ၍ ဆိုခြင်းမှာ = မုချအားဖြင့် ဆိုထားခြင်း မဟုတ်၊ သဿတနှင့် သဟစရိတ ဖြစ်သောကြောင့် ကုန္တာ ပစရန္တိ စသည်၌ကဲ့သို့ ဌာနီဖြစ်သော မိစ္ဆာအယူဝါဒ၏ သဿတော ဝါဒေါ ဟူသော အမည်ကို ဌာနဖြစ်သော အတ္တနှင့် လောက၌ တင်စား၍ ဌာနဖြစ်သော အတ္တနှင့် လောကကို သဿတော ဝါဒေါဟု ဌာန္ယူပစာရ+သဟစရဏနည်းအားဖြင့် ဆိုထားခြင်းဖြစ်သည်။ (ဋီသစ်)

(တစ်နည်း) သဿတနောင် ဣတိတစ်ပုဒ် အကျေကြ၍ "အတ္တာ စေဝ-အတ္တသည်လည်းကောင်း၊ လောကော စ-လောကသည်လည်းကောင်း၊ သဿတော-မြဲ၏ဟူ၍၊ ပဝတ္တော-ဖြစ်သော၊ ဝါဒေါ-အယူဝါဒသည်"ဟု ကြံဆကာ သဒ္ဒါရေး အပြောင်းအလဲပြု၍ အနက်ပေးလျှင် သဿတအရ ဝါဒမဟုတ်သောကြောင့် ဝါဒကို သဿတဟု မဆိုလို။ မုချအားဖြင့် သဿတအရ အတ္တနှင့် လောကပင် ဖြစ်သောကြောင့် အတ္တနှင့် လောကကိုသာ သဿတဟု ဆိုလိုရင်းပင် ဖြစ်ပါတော့၏။ (ဂဏ္ဌိ+ဋီသစ်)

မေး။ ဧဝံ တိပ္ပဘေဒံ ဝီရိယံ၌ ဝီရိယကို သုံးမျိုးခွဲ၍ ဟောခြင်းအကြောင်းကို ဖော်ပြပါ။

ဖြေ။ အာတပ္ပဝီရိယသည် အစစွာ အားထုတ်သည်မှ စ၍ ဥပစာရရျာန်ဇော အခိုက်တိုင်အောင် ဖြစ်သော (ဝါ) ဥပစာရရျာန်ဇော အခိုက်၌ ဖြစ်သော ကိလေသာတို့ကို ပူပန်စေတတ်သည့် ဝီရိယတည်း။

ပဓာနဝီရိယသည် အပ္ပနာဈာန် အခိုက်၌ ဖြစ်သော ကိလေသာတို့ကို ပူပန်စေတတ်သည့် ဝီရိယတည်း။

အနုယောဂဝီရိယသည် ဈာန်ရပြီးနောက် အဘိညာဉ်ရောက်အောင် စိတ်ကို ဆုံးမကြောင်း အဖန်ဖန် လုံ့လ ပြုတတ်သည့် ဝီရိယတည်း။ ထို့ကြောင့် ဝီရိယကို သုံးမျိုးခွဲ၍ ဟောသည်။ (ဋီသစ်+ဘာဋီ)

အမှာ။ အာတပ္ပ, ပဓာန, အနုယောဂတို့၏ အရဖြစ်သော ဝီရိယ သုံးမျိုးတို့၏ အထူးကို ရေးခဲ့ပါဟု မေးသော် ယင်းအဖြေအတိုင်း ဖြေပါ။

မေး။ **သမ္မာ မနသိကာရမာဂ္ဂ၌** မနသိကာရ အပြားနှင့် တရားကိုယ်ကို တွဲစပ်ဖော်ပြ၍၊ ဣဓာဓိပ္ပေတ မနသိကာရ ကိုလည်း ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ၁။ အာရမ္မဏပဋိပါဒက မနသိကာရ – အာရုံတရားများကို ပြုပြင်စီရင်တတ်သော မနသိကာရစေတသိက်၊

၂။ ဝီထိပဋိပါဒက မနသိကာရ – ဝီထိစိတ်များကို ဆက်ကာဆက်ကာ ဖြစ်ပျက် ပေါ်ပေါက်လာအောင် ပြုပြင်စီရင်တတ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊

၃။ ဇဝနပဋိပါဒက မနသိကာရ – မိမိ၏ နောက်၌ ဇောစိတ်များ အဆက်မပြတ် ဖြစ်ပျက် ပေါ်ပေါက်လာအောင် ပြုပြင်စီရင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်၊

ttp://www.dhammadownload.com



၄။ ယောနိသော မနသိကာရ – သင့်သော, ကောင်းသောအားဖြင့် နှလုံးသွင်းကြောင်း ဖြစ်သော ဉာဏ်ဟု ဆိုအပ်သော ပညာစေတသိက်၊

ဣတိခါဓိပ္ပေတ မနသိကာရကား = ယောနိသောမနသိကာရဟု ဆိုအပ်သော ပညာစေတသိက်သာတည်း။

မေး။ **သမ္မာ မနသိကာရော** ပါဠ်၌ ယူရမည့် အရာကို သဘာဝကျကျ ရှင်းလင်းစွာ ဖော်ပြပါ။

ဖြေ။ သမ္မာ မနသိကာရ အရ = ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် အရာဌာနဟူသော ပကရဏနည်းအားဖြင့် "ဉာဏ်"ကို ယူပါ။

မေး။ အယံ ဣမသ္မိံ ဌာနေ "မနသိကာရော"တိ အဓိပ္ပေတော ဝါကျ၌ ဣမသ္မိံ ဌာနေ ပါဠ်ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ဣမသ္မိံ ဌာနေ ပါဠ်ဖြင့် သဒ္ဒန္တရ သန္နိဓာနနည်း စသည်တို့ဖြင့် သဒ္ဒါသည် ထူးခြားသောအရာ ရှိသကဲ့သို့ ဤနေရာ၌လည်း ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် အရာဌာန ပကရဏ၏ အစွမ်းဖြင့်လည်း သမ္မာ မနသိကာရသဒ္ဒါသည် ဉာဏ်ကို အရကောက် ယူရခြင်းဟု ဆိုအပ်သော ထူးခြားသောအရာ ရှိသည်၏ အဖြစ်ကို ပြသည်။

မေး။ **အာတပ္ပမန္ဝာယာတိ** အာဒီသု ။ပ။ တသ္မာ ဝီရိယဥ္စ သတိဥ္စ ဉာဏဉ္စ အာဂမ္မာတိ ဟူသော ဝါကျတို့ဖြင့် ထိုက်သင့်သလောက် သံဝဏ္ဏနာ ပြုခဲ့ပြီး ဖြစ်ပါလျက် အဘယ်ကြောင့် "အယမေတ္ထ သင်္ခေပတ္ထော"ဟူ၍ အဋ္ဌကထာဆရာ ဆိုရသနည်း။

ဖြေ။ သီလဝိသုဒ္ဓိနှင့် တကွသော ရူပဈာန် လေးပါးတို့ကို ရကြောင်း,ရောက်ကြောင်း ဖြစ်သော အကျင့်ကို ဤနေရာ၌ အကျယ်တဝင့် ဆိုသင့်,ဆိုထိုက်ပါလျက် ယင်းဆိုသင့်,ဆိုထိုက်သော အကျယ် စကားရပ်များကို ဝိသုဒ္ဓိမဂ်၌ အကျယ် ဆိုထားခဲ့ပြီး ဖြစ်သည့်အတွက် ဤနေရာ၌ အကျယ် မဆိုတော့သောကြောင့် (ဝါ) အကျဉ်းမျှသာ ရေးသားထားသောကြောင့် "အယမေတ္ထ သင်္ခေပတ္ထော"ဟူ၍ အဋ္ဌကထာဆရာ ဆိုပါ၏။ (ဋီသစ်)

မေး။ **ဧဝမာဟာ**ကို ဧဝံ ဝဒတိဟု အဘယ်ကြောင့် ဝတ္တမာန်ဝိဘတ်ဖြင့် ဖွင့်ဆိုသနည်း။

ဖြေ။ ပုဗ္ဗန္တကပ္ပိကဝါဒီ ပုဂ္ဂိုလ်များ၏ ထိုကဲ့သို့သော ပြောဆိုခြင်း ကြိယာ၏ ယခုအချိန်တိုင်အောင် လောကကြီးထဲ၌ အဆက်မပြတ်သည်၏ အဖြစ်ဖြင့် အခါခပ်သိမ်း ထင်ရှားရှိနေသေးသည်၏ အဖြစ်ကို ပြလိုသောကြောင့် "ဧဝံ ဝဒတိ"ဟု ဝတ္တမာန်ဝိဘတ်ဖြင့် ဖွင့်ဆိုသည်။ (ဋီသစ်)

မေး။ ဈာနာနုဘာဝသမ္ပန္နော ပုဒ်၌ ဈာနာနုဘာဝ အရကို ဖော်ပြပါ။

ဖြေ။ ဈာန်သမာဓိ၏ တင့်တယ်စမွှာယ်ခြင်းဟု ဆိုအပ်သော လောကီအဘိညာဉ်ကို ရသည်။

မေး။ ဈာနာဒီနံ ရူပါဒိဇနကဘာဝံ ပဋိက္ခိပတိ ဝါကျ၌ မည်သည့် အနက်အဓိပ္ပါယ်ကို ရည်ရွယ်၍ "ဈာနာဒီနံ"ပုဒ်ကို ဆိုသနည်း။

ဖြေ။ ဈာန်ရသော ဈာနလာဘီ ပုဂ္ဂိုလ်အား အထူးအားဖြင့် ဈာန်တရားတို့သည် ရှေ့ရှုထင်ခြင်းသို့ ရောက်ကုန်၏။ ထိုဈာန်တရားတို့ကို အဦးပြုသဖြင့် (ဝါ) ခေါင်းတပ်သဖြင့် ကြွင်းကုန်သော သမ္ပယုတ် တရားတို့သည်လည်း ရှေ့ရှုထင်ခြင်းသို့ ရောက်ကုန်၏ဟူသော အနက်အဓိပ္ပါယ်ကို ရည်ရွယ်၍ "ဈာနာဒီနံ"ပုဒ်ကို ဆိုသည်။

မေး။ ဈာနလာဘီ ပုဂ္ဂိုလ်၏ သန္တာန်၌ ဈာန်တရားမှ တစ်ပါးသော ကြွင်းကုန်သော သမ္ပယုတ် တရားများလည်း ရှိပါလျက် အဘယ်ကြောင့် ဈာန်တရားကိုသာ အဦးမူ၍ (ဝါ) ခေါင်းတပ်၍ "ဈာနာဒီနံ"ဟု ဆိုရသနည်း၊ ရှင်းလင်းစွာ ဖြေဆိုခဲ့ပါ။

ttp://www.dhammadownload.com



ဖြေ။ ဈာနလာဘီ ပုဂ္ဂိုလ်၏ သန္တာန်၌ ဈာန်တရားမှ တစ်ပါးသော ကြွင်းကုန်သော သမ္ပယုတ် တရားများ ရှိကုန်သော်လည်း ... ဈာန်ရသော ဈာနလာဘီ ပုဂ္ဂိုလ်အား အထူးအားဖြင့် ဈာန်တရားတို့သည် ရှေ့ရှုထင်ခြင်းသို့ ရောက်ကုန်၏။ ထိုဈာန်တရားတို့ကို အဦးပြုသဖြင့် (ဝါ) ခေါင်းတပ်သဖြင့် ကြွင်းကုန်သော သမ္ပယုတ် တရားတို့သည်လည်း ရှေ့ရှုထင်ခြင်းသို့ ရောက်လာကုန်သောကြောင့် ဈာန်တရားတို့ကို အဦးပြု၍ (ဝါ) ခေါင်းတပ်၍ "ဈာနာဒီနံ"ဟု အဋ္ဌကထာဆရာ ဆို၏။ (ဋီသစ်)

မေး။ ဈာနာဒီနံ ရူပါဒိဇနကဘာဝံ ပဋိက္ခိပတိ ဝါကျဝယ် "ဈာနာဒီနံ"၌ အာဒိသဒ္ဒါကို အဘယ်ကြောင့် ထည့်ဆိုရသနည်း၊ ရှင်းလင်းပြည့်စုံစွာ ဖော်ပြပါ။

ဖြေ။ ဈာနလာဘီ ပုဂ္ဂိုလ်၏ သန္တာန်၌ ဈာန်တရားမှ တစ်ပါးသော ကြွင်းကုန်သော သမ္ပယုတ်တရားများ ရှိကုန်သော်လည်း ... ဈာန်ရသော ဈာနလာဘီ ပုဂ္ဂိုလ်အား အထူးအားဖြင့် ဈာန်တရားတို့သည် ရှေ့ရှုထင်ခြင်းသို့ ရောက်ကုန်၏။ ထိုဈာန်တရားတို့ကို အဦးပြုသဖြင့် (ဝါ) ခေါင်းတပ်သဖြင့် ကြွင်းကုန်သော သမ္ပယုတ် တရားတို့သည်လည်း ရှေ့ရှုထင်ခြင်းသို့ ရောက်လာကုန်သောကြောင့် ဈာန်တရားတို့ကို အဦးပြု၍ (ဝါ) ခေါင်းတပ်၍ "ဈာနာဒီနံ"ဟု အဋ္ဌကထာဆရာ ဆို၏။ ယင်းဈာန်တရားတို့ကို အဦးမူလျက် (ဝါ) ခေါင်းတပ်လျက် ကြွင်းကုန်သော သမ္ပယုတ် တရားများလည်း ဈာနလာဘီ ပုဂ္ဂိုလ်အား ရှေ့ရှုထင်ခြင်းသို့ ရောက်လာနိုင်သေးသည့်အတွက် ကြွင်းကုန်သော သမ္ပယုတ် တရားများကို ယူစေလိုသောကြောင့် "ဈာနာဒီနံ"၌ အာဒိသဒ္ဒါကို ထည့်ကာ ရေးသား၏။

မေး။ ဇတေန "အတ္တာ"တိ စ "လောကော"တိ စ ဂဟိတာနံ ဈာနာဒီနံ ရူပါဒိဇနကဘာဝံ ပဋိက္ခိပတိ ဝါကျ၌ အဘယ့်ကြောင့် "ပဋိက္ခိပတိ"ဟု ဆိုရသနည်း။

ဖြေ။ ဇနကသတ္တိ ရှိလျှင် ရူပ,သဒ္ဒ စသော တရားတို့ကဲ့သို့လည်းကောင်း၊ သုခ,ဒုက္ခ စသော တရားတို့ကဲ့သို့လည်းကောင်း အကြောင်းနှင့် စပ်၍ ဖြစ်ခြင်း ရှိသည့်အတွက် အတ္တလောကသည် ဥပါဒ်ခြင်း သဘောတရားတည်းဟု သိနိုင်၏။ ဥပါဒ်ခြင်းသဘော ရှိလတ်သော် မချွတ်မယွင်း ချုပ်ခြင်းသဘော ရှိ၏။ ထိုအခါ အတ္တလောကသည် နိစ္စဖြစ်ဖို့ရာ အခွင့် မရှိတော့ချေ။ ထို့ကြောင့် "ပဋိက္ခိပတိ"ဟု ဆိုရ၏။ (စာစဉ်)

မေး။ **ကူဋဋ္ဌော၊ ဧသိကဋ္ဌာယိဋ္ဌိတော** ပါဌ်တို့ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ကူဋဋ္ဌောဖြင့် = အတ္တလောက၏ မြဲသည်၏ အဖြစ်ကို ပြ၏။ ဧသိကဋ္ဌာယိဋ္ဌိတောဖြင့် = တံခါးတိုင်သည် လေမုန်တိုင်း စသည်တို့ကြောင့် ယိမ်းယိုင်ဖောက်ပြန်မှု မရှိသကဲ့သို့ ဖောက်ပြန်မှု မရှိခြင်းကို ပြ၏။ ထို့ကြောင့် ထိုနှစ်ပုဒ်လုံးဖြင့်ပင် = အတ္တလောကဟု စွဲလန်းအပ်သော အတ္တ၏ ပျက်စီးခြင်း မရှိပုံကို ပြသည်။ (ဋီသစ်)

**(၄၂၊ နှာ ၉၈-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သဿတဝါဒ၌ မည်သည့် စကားရပ်သည် သုန္ဒရ ဖြစ်၍ မည်သည့် စကားရပ်သည် အသုန္ဒရ ဖြစ်သည်ကို ညွှန်ပြခဲ့ပါ။

ဖြေ။ သဿတဝါဒ၌ . . .

တေ စ သတ္တာ သန္ဓာဝန္တိ သံသရန္တိ စဝန္တိ ဥပပဇ္ဇန္တိ ဟူသော စကားရပ်သည် သုန္ဒရ ဖြစ်၏။

သဿတော အတ္တာ စ လောကော စ စသော စကားရပ်သည် အသုန္ဒရ ဖြစ်၏။ (ဋီသစ်)

မေး။ အတ္တနော ဝါဒံ ဘိန္ဒတိ၏ နာမလာဘဟိတ် (ဝါ) မိမိ အယူဝါဒကို မိမိကိုယ်တိုင်ပင် ဖျက်ဆီး၏ဟု ဆိုရခြင်း အကြောင်းကို ဖော်ပြပါ။

ttp://www.dhammadownload.com



ဖြေ။ သဿတဝါဒီ မိစ္ဆာအယူ ရှိသောပုဂ္ဂိုလ်၏ မိစ္ဆာအယူသည် မြဲမြဲခိုင်ခန့် တည်တံ့မှု မရှိသောကြောင့်လည်းကောင်း (၄)၊ "ခေါက်တုံ့ခေါက်ပြန် ထပ်ခါထပ်ခါ ကျင်လည်ပြေးသွား၏" အစရှိသော စကားကို ပြီးစေတတ်သော မမြဲသော အနိစ္စ သဘောတရားနှင့် ရှေး၌ မိမိကိုယ်တိုင် ဝန်ခံပြောဆိုခဲ့သော သဿတ အယူဝါဒ၏ ဖြောင့်ဖြောင့်ပင် ဆန့်ကျင်နေသောကြောင့်လည်းကောင်း (ဋီသစ်) ဖြစ်၏။

မေး။ ထုသရာသိမှ နိဓါတခါဏ ဝိယ စသလ ဝါကျ၌ "ဥပမာစတုက္က" ထုတ်ပြပါ။

ဖြေ။ ဖွဲပုံ၌ စိုက်ထားသော သစ်ငုတ်သည် = မိစ္ဆာဒိဋ္ဌိကပုဂ္ဂိုလ်၏ မိစ္ဆာအယူဝါဒနှင့် နှိုင်းယှဉ်ကြောင်း ဖြစ်သောကြောင့် ဥပမာန၊

မိစ္ဆာဒိဋ္ဌိကပုဂ္ဂိုလ်၏ မိစ္ဆာအယူဝါဒသည် = ဖွဲပုံနှင့် နှိုင်းယှဉ်မှုကို အပြုခံရသောကြောင့် ဥပမေယျ၊

ဖွဲပုံ၌ စိုက်ထားသော သစ်ငုတ်၏ တုန်လှုပ်ခြင်းနှင့် မိစ္ဆာဒိဋ္ဌိကပုဂ္ဂိုလ်၏ အယူဝါဒ တည်တံ့မှု မရှိ၊ တုန်လှုပ်ခြင်း အားဖြင့် တုန်လှုပ်ပုံခြင်းတူသော စလ သဒိသဘောဂုဏ်သည် ဥပမာ၊

ဝိယသဒ္ဒါသည် = ဥပမာအနက်ကို ထွန်းပြတတ်သောကြောင့် ဥပမာဇောတက မည်၏။

မေး။ ဣဒါနိ **"သဿတော အတ္တာ စ လောကော စာ"**တိ အာဒိကာယ ပဋိညာယ သာဓနတ္ထံ ဟေတုံ ဒဿေန္တော "တံ ကိဿ ဟေတု ? အဟံ ဟိ အာတပ္ပမန္ဝာယာ"တိ အာဒိမာဟ ဝါကျဝယ် ဟေတုံ ဒဿေန္တော၌ ဟေတု ဒဿန ဘေဒကို ဖော်ပြ၍၊ ဣဓာဓိပ္ပေတတ္ထ ဟေတုဒဿနကိုလည်း အကြောင်းနှင့်တကွ ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ဟေတုံ ဒဿေန္တော၌ ဟေတုဒဿန ဘေဒကား ၁။ မိမိကိုယ်တိုင် အတ္တဘောနှင့် လောကကြီး မြဲ၏ဟု ယူထားသော အကြောင်း ၂။ မိမိက သူတစ်ပါးကို အတ္တဘောနှင့် လောကကြီး မြဲ၏ဟု ယူစေလိုသော အကြောင်းဟူ၍ ဟေတုဒဿန နှစ်မျိုးရှိ၏။

ဤနေရာ၌ မိမိက သူတစ်ပါးကို အတ္တဘောနှင့် လောကကြီး မြဲ၏ဟု ယူစေလိုသော အကြောင်းပြမှုကိုသာ ဟေတုဒဿနအရ ယူရမည်။

အကြောင်းကား = ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈-ပါးကို ပညတ်ထားခဲ့ရာတွင် ပုဗ္ဗန္တံ အာရဗ္ဘ အနေကဝိဟိတာနိ အဓိမုတ္တိပဒါနိ အဘိဝဒန္တိ သော ဝေမာဟ ဟူ၍ ဆိုထားခဲ့ပြီး ဖြစ်သောကြောင့်တည်း။ (ဋီသစ်)

မေး။ **ဣတ္ထံ အိက္ခေ ပဌမံ ဍာနံ** ၌ ဌာနသဒ္ဒါ၏ ဘေဒကို ပုံစံနှင့်တကွ တွဲစပ်ဖော်ပြ၍၊ ဣဓာဓိပ္ပေတတ္ထကို ကောက်ပြပါ။

ဖြေ။ ပဌမံ ဌာနံ၌ ဌာနသဒ္ဒါသည် = ကာရဏ-အကြောင်းဟော ဖြစ်၏။ ယင်းအကြောင်းသည် သုံးမျိုးရှိ၏။ ယင်းအကြောင်းသုံးမျိုးကား . . .

၁။ သမ္ပာပကကာရဏ-ရောက်စေတတ်သော အကြောင်း၊ ပုံစံ = တီရံ နာဝါယ ပါပုဏာတိ စသည်တည်း။

၂။ နိဗ္ဗတ္တကကာရဏ-ဖြစ်စေတတ်သော အကြောင်း၊ ပုံစံ = ဗီဇတော အင်္ကုရော ဇာယတိ စသည်တည်း။

၃။ ဉာပကကာရဏ-သိစေတတ်သော အကြောင်း၊ ပုံစံ = ဓူမတော အဂ္ဂိ အတ္ထီတိ ဉာယတိ စသည်တည်း။

ထိုသုံးမျိုးတို့တွင် ဤနေရာ၌ = ဉာပကကာရဏကို ယူရမည်။ (ဋီသစ်)

မေး။ စတူဟိ ဝတ္ထုဟိ ဟူသော ပါဠိတို့၌ ဝတ္ထုသဒ္ဒါဖြင့် ဟောကြားထားသည် ဖြစ်လျက် **ဣတ္ထံ အိက္ခေ ပဌမံ ဍာနံ**၌ ဌာနသဒ္ဒါဖြင့် အဘယ်ကြောင့် ဟောကြားရသနည်း။

ဖြေ။ ထိုဉာပကဟိတ်ဟူသော အကြောင်းနှင့် စပ်သော ဖြစ်ခြင်း ရှိသည်၏ အဖြစ်ကြောင့် ထိုမိစ္ဆာဉာဏ်၏ တည်ရာ ဖြစ်ရကား အကြောင်းကို ဝတ္ထုဟူ၍လည်း ဆိုအပ်၏။ ဤသို့လျှင် ဌာနအရနှင့် ဝတ္ထုအရတို့ မကွဲပြားဘဲ အနက်,အရကောက် တူသောကြောင့် ဌာနသဒ္ဒါဖြင့် ဟောကြားရပါသည်။

ttp://www.dhammadownload.com



မေး။ စတုဟိ ဝတ္ထုဟိတိ၌ ဝတ္ထု ၄–ပါး သရုပ်ကို ဖော်ပြပါ။

ဖြေ။ ၁။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ရ၍ ဘဝအသိန်းမျှကို အောက်မေ့နိုင်ပြီးလျှင် အတ္တလောကကို မြဲ၏ဟု ယူသောသူ၊

၂။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ရ၍ ၁၀–ပါးကုန်သော သံဝဋ္ဋ, ဝိဝဋ္ဋကပ်တို့ကို အောက်မေ့နိုင်ပြီးလျှင် အတ္တလောကကို မြဲ၏ဟု ယူသောသူ၊

၃။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ရ၍ ၄၀–ကုန်သော သံဝဋ္ဋ, ဝိဝဋ္ဋကပ်တို့ကို အောက်မေ့နိုင်ပြီးလျှင် အတ္တလောကကို မြဲ၏ဟု ယူသောသူ၊

၄။ အဖန်ဖန်တလဲလဲ အထူးအားဖြင့် ကြံစည်၍ အတ္တလောကကို မြဲ၏ဟု ယူဆသောသူတို့ ဖြစ်သည်။

မေး။ တက္ကီပုဂ္ဂိုလ်တို့ကဲ့သို့ မန္ဒ စသော ပုဂ္ဂိုလ်တို့၏ အပြားကို များစွာ ဆိုသင့်ပါလျက် အဘယ့်ကြောင့် မဆိုသနည်း။

ဖြေ။ ဥက္ကဋ္ဌ ပရိစ္ဆေဒဖြင့် ပြလိုသောကြောင့်လည်းကောင်း၊ ယင်းပုဂ္ဂိုလ်တို့သည် ပညာနည်းသောကြောင့်လည်းကောင်း ဖြစ်၏။ (စာစဉ်)

မေး။ မန္ဒပညော ဟိ တိတ္ထိယော အနေကဇာတိသတသဟဿမတ္တံဟု အဋ္ဌကထာဆရာ ဆိုရကား မန္ဒပည ပုဂ္ဂိုလ်တိုင်း အနေကဇာတိသတသဟဿ (ဘဝတစ်သိန်း)ကို အောက်မေ့နိုင်သည်ဟု မှတ်ရမည်လော၊ ရှင်းပြပါ။

ဖြေ။ မမှတ်ရပါ။

တက္ကီပုဂ္ဂိုလ်တို့သည် အောက်မေ့ရာ ဘဝအမျိုးမျိုး ရှိနိုင်သကဲ့သို့ မန္ဒပည ပုဂ္ဂိုလ်တို့သည်လည်း အနေကဇာတိသတသဟဿကို အောက်မေ့နိုင်ခြင်း စသည်အားဖြင့် အနည်းအများ အမျိုးမျိုး ရှိနိုင်၏။ မန္ဒပည ပုဂ္ဂိုလ်သည် အနေကဇာတိသတသဟဿကို အောက်မေ့နိုင်၏ဟု ဆိုသော စကားသည် မန္ဒပည ပုဂ္ဂိုလ်အတွက် ဥက္ကဋ္ဌ ပရိစ္ဆေဒ နည်းအားဖြင့် ဆိုခြင်းဖြစ်သည်။ အနေကဇာတိသတသဟဿအတွင်း၌ အနေကဇာတိသဟဿကို အောက်မေ့နိုင်သူ၊ အနေကဇာတိသတ စသော အောက်အောက် ဘဝအမျိုးမျိုးကို အောက်မေ့နိုင်သူများလည်း ရှိသည်ဟု မှတ်ရမည်။

မေး။ တိက္ခပည ပုဂ္ဂိုလ်တို့သည် စတ္တာလီသ သံဝဋ္ဋဝိဝဋ္ဋကပ်ထက်အလွန် မအောက်မေ့နိုင်ခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ထိုတိတ္ထိပုဂ္ဂိုလ်တို့၏ ပညာသည် နာမ်ရုပ်တို့ကို ပိုင်းခြား သိမြင်ခြင်းမှ ကင်းရကား ဒုဗ္ဗလပည ဖြစ်သောကြောင့်တည်း။ (ဋီသစ်)

မေး။ တက္ကော ဝါ ပုဒ်၌ တက္ကော ပုဒ်၏ အရကို တိကျစွာ ဖော်ပြပါ။

ဖြေ။ အာရုံကို ရှေ့ရှုခေါက်ခြင်း အာကောဋနလက္ခဏာ, အာရုံကို ဆုံးဖြတ်ခြင်း ဝိနိစ္ဆယလက္ခဏာ ရှိသော မိစ္ဆာအယူ၏ တည်ရာ အကြောင်းဖြစ်သော ဝိတက်ကို ရသည်။

မေး။ အဘယ်ကို ရည်ရွယ်၍ တက္ကေတွာ ဝိတက္ကေတွာ ပုဒ်တို့ကို ဖွင့်ဆိုရသနည်း။

ဖြေ။ ထိုထိုပရိယာယ်ဖြင့် ကြံစည်ခြင်းကို ရည်ရွယ်၍ တက္ကေတွာ ဝိတက္ကေတွာ ပုဒ်တို့ကို ဖွင့်ဆိုသည်။

မေး။ ဝီမံသာယ သမန္နာဂတော၌ ဝီမံသာ နှစ်မျိုးနှင့် ဤ၌ အလိုရှိသော ဝီမံသာကိုလည်း အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဝီမံသာသည် ပညာအစစ် ဝီမံသာနှင့် ပညာအတု ဝီမံသာဟု နှစ်မျိုးရှိ၏။

ဤ၌ မိစ္ဆာအယူကို ပြရာဌာန ဖြစ်သောကြောင့် ပညာအတု ဝီမံသာကို ယူပါ။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ဝီမံသာ နာမ တုလနာ ရုစ္စနာ ခမနာ ဝါကျလာ သံဝဏ္ဏနာနှင့်အညီ ဝီမံသာအရ ကောက်ယူရမည့် ပညာအတု ဝီမံသာ၏ သရုပ်နှင့် တရားကိုယ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ၁။ တုလနာ – နှိုင်းယှဉ်စုံစမ်းကြောင်း ဖြစ်သော လောဘသဟဂုတ် စိတ္တုပ္ပါဒ်၊

၂။ ရုစ္စနာ – ကြိုက်နှစ်သက်ကြောင်း ဖြစ်သော မိစ္ဆာဘိနိဝေသဟု ဆိုအပ်သော အယောနိသော မနသိကာရ၊

၃။ ခမနာ – မြိန်ယှက်သက်ဝင်ကြောင်း ဖြစ်သော ရှေးအဘို့၌ ဖြစ်သော မိစ္ဆာအယူတည်းဟူသော တုန်လှုပ်ခြင်း။ (ဋီသစ်)

အမှာ။ ဤနေရာ၌ အလိုရှိအပ်သော ဝီမံသာ အရလည်း = ယင်းတရား သုံးပါးကိုပင် ရ၏။
တုလနာ, ရုစ္စနာ, ခမနာတို့၏ အထူးကို ရေးခဲ့ပါဟု မေးသော်လည်း အထက်ပါအတိုင်း ဖြေပါ။

**(ဌ၊ နှာ ၉၈+၉၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ယထာ ဟိ ပုရိသော ယဋ္ဌိယာ ဥဒကံ ဝိမံသိတွာ ဩတရတိ၊ ဧဝမေဝ ယော တုလယိတွာ ရုစ္စိတွာ ခမာပေတွာ ဒိဋ္ဌိံ ဂဏှာတိ၊ သော "ဝီမံသီ"တိ ဝေဒိတဗ္ဗော ဝါကျ၌ ဥပမာစတုက္က ထုတ်ပြပါ။

ဖြေ။ ယောက်ျားဒြဗ်သည် ဥပမာန၊
သဿတဝါဒီ မိစ္ဆာအယူရှိသော ပုဂ္ဂိုလ်ဒြဗ်သည် ဥပမေယျ၊
ယထာ+ဧဝမေဝ နိပါတ်များသည် ဥပမာဇောတက၊
ယောက်ျားသည် ရေအတိမ်အနက်ကို တုတ်တောင်ဝှေးဖြင့် စုံစမ်းပြီးမှ သက်ဆင်းသကဲ့သို့ ဤစတုတ္ထမြောက် သဿတဝါဒီ ပုဂ္ဂိုလ်သည်လည်း စုံစမ်းနှစ်သက် သည်းခံစေပြီးမှ သဿတ မိစ္ဆာအယူကို ယူ၏ဟူသော ဥပမာန+ဥပမေယျ နှစ်ပါးတို့၏ တူသော အခြင်းအရာ အာကာရသည် ဥပမာ မည်၏။

**(ဌ၊ နှာ ၉၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ တက္ကီ ၄–မျိုးကို ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်၍ သီသာရုံမျှ ဖော်ပြပါ။

ဖြေ။ ၁။ အနုဿုတိက တက္ကီ – တစ်ဆင့် ကြားခြင်းရှိသော ပုဂ္ဂိုလ်၊

၂။ ဇာတိဿရ တက္ကီ – ဇာတိဿရ ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊

၃။ လာဘီ တက္ကီ – ဈာန်အဘိညာဉ် ရသော ပုဂ္ဂိုလ်၊

၄။ သုဒ္ဓတက္ကိက တက္ကီ – သက်သက် ကြံဆ၍ ယူသော ပုဂ္ဂိုလ်တို့တည်း။ (ဌ)

မေး။ တက္ကီပုဂ္ဂိုလ် ၄–မျိုးတို့၏ အဓိပ္ပါယ်ကို ပြည့်ပြည့်စုံစုံ ဖော်ပြပါ။

ဖြေ။ ၁။ "ဝေဿန္တရမည်သော မင်းသည် ဖြစ်ခဲ့ပြီ" အစရှိသော စကားတို့ကို ကြား၍ "ထိုဝေဿန္တရာ မင်းသည် သာလျှင် ဘုရားဖြစ်အံ့၊ ထို့ကြောင့် အတ္တာသည် မြဲ၏"ဟု ကြံဆ၍ မှားသော အယူကို တစ်ဆင့်ကြား၍ ယူသော ပုဂ္ဂိုလ်သည် "အနုဿုတိက တက္ကီ" မည်၏။

၂။ နှစ်ဘဝ, သုံးဘဝတို့ကို အောက်မေ့၍ "ငါသည် ရှေးအခါ၌ ဤအမည်ရှိသော အမျိုး၌ ဖြစ်ဘူးပြီ၊ ထို့ကြောင့် အတ္တာသည် မြဲ၏"ဟု ကြံဆ၍ မှားသော အယူကို ယူသော ဇာတိဿရဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် "ဇာတိဿရ တက္ကီ" မည်၏။

၃။ ဈာန်အဘိညာဉ်ကို ရသည်၏ အဖြစ်ကြောင့် "ယခုအခါ၌ ငါ၏ အတ္တာသည် ချမ်းသာသကဲ့သို့ ရှေးအခါ၌လည်း ဤအတူ ချမ်းသာဘူးပြီ၊ နောင်အခါ၌လည်း ချမ်းသာလတ္တံ့"ဟု ကြံဆ၍ မှားသော အယူကို ယူသော ဈာန်အဘိညာဉ်ရသော ပုဂ္ဂိုလ်သည် "လာဘီ တက္ကီ" မည်၏။

ttp://www.dhammadownload.com



၄။ "ဤသဘောဖြစ်လသော် ဤသဘောတရားသည် ဖြစ်အံ့"ဟု သက်သက် ကြံဆကာမျှဖြင့်သာလျှင် မှားသောအယူကို ယူသော ပုဂ္ဂိုလ်သည် "သုဒ္ဓ တက္ကီ" မည်၏။ (၄)

မေး။ အဋ္ဌ ဒိဋ္ဌိဋ္ဌာနာနိ၌ အဋ္ဌ သရုပ်ကို ဖော်ထုတ်ပါ။

ဖြေ။ ခန္ဓာ၊ အဝိဇ္ဇာ၊ ဖဿ၊ သညာ၊ ဝိတက္က၊ အယောနိသောမနသိကာရ၊ ပါပမိတ္တ၊ ပရတောဃောသ။ (၄)

**(၄၊ နှာ ၁၀၀-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဝေ အာရမ္မဏာဝသေန စ ပဝတ္တနဝသေန စ အာသေဝနဝသေန စ ဂဏိတာ ဝါကျ၌ ပါသည့် အာရမ္မဏာဝသေန၊ ပဝတ္တနဝသေန၊ အာသေဝနဝသေန ပါဌ်တို့၏ သန္ဓာယဘာသိတကို ဖော်ပြပါ။

ဖြေ။ အာရမ္မဏာဝသေန ပါဌ်ဖြင့် = ခန္ဓာတို့ကို ရည်ရွယ်၍ ဆို၏။

ပဝတ္တနဝသေန ပါဌ်ဖြင့် = အဝိဇ္ဇာ, ဖဿ, သညာ, ဝိတက်, အယောနိသောမနသိကာရတို့ကို ရည်ရွယ်၍ ဆို၏။

အာသေဝနဝသေန ပါဌ်ဖြင့် = ပါပမိတ္တနှင့် ပရတောဃောသတို့ကို ရည်ရွယ်၍ ဆို၏။

မေး။ အဘယ့်ကြောင့် "**ပစ္စတ္တညေဝ နိဗ္ဗုတိ ဝိဒိတာ**"ဟူ၍ ဆိုရသနည်း။

ဖြေ။ ဘောဓိပင်၏ အရင်း၌သာ မြတ်စွာဘုရားသည် ထိုပရိနိဗ္ဗာန်ကို ရအပ်, ရောက်အပ်သောကြောင့်တည်း။

မေး။ ပရာမာသကိလေသာနံ နိဗ္ဗုတိ ဝိဒိတာ ဝါကျ၌ ပါသည့် ပရာမာသ၊ ကိလေသာနံ၊ နိဗ္ဗုတိ ပုဒ်တို့၏ အရတို့ကို ဖော်ပြပါ။

ဖြေ။ ပရာမာသ အရ = တဏှာ, ဒိဋ္ဌိ, မာန ရ၏။ (နေရင်း)

ကိလေသာနံ အရ = ဂေါဗလိဗဒ္ဒနည်းအားဖြင့် တဏှာ, ဒိဋ္ဌိ, မာနမှ တစ်ပါးသော ကြွင်းသော ကိလေသာတို့ကို ရ၏။ (တစ်နည်း) ပရာမာသဟု ဆိုအပ်သော ကိလေသာတို့ကို ရ၏။ (တစဉ်)

နိဗ္ဗုတိ အရ = ငြိမ်းအေးရာ ဖြစ်၍ဖြစ်သော အသင်္ခတဓာတ်ကို ရ၏။

**(၄၊ နှာ ၁၀၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ကမ္ဘာပျက်ပုံကို ဖော်ပြပါ။

ဖြေ။ ကမ္ဘာလောကကြီးကို ၇-ကြိမ်, ၇-ခါတိုင်အောင် မီးဖြင့် ဖျက်ဆီး၏။ အာဘဿရာ ဘုံတိုင်အောင် ပျက်၏။ ၈-ကြိမ်မြောက်, ၈-ကြိမ်မြောက်၌ ကမ္ဘာလောကကြီးသည် ရေကြောင့် ပျက်စီး၏။ ဝေဟပ္ဖိုလ် ဘုံတိုင်အောင် ပျက်၏။ ၆၄-ကြိမ် ပြည့်ရာအခါ၌ ကမ္ဘာလောကကြီးသည် လေကြောင့် ပျက်စီး၏။ တစ်လောကလုံး အကြွင်းအကျန်မရှိ ပျက်စီး၏။ ဤကား ကမ္ဘာပျက်ပုံတည်း။

မေး။ အဘယ်မျှလောက်သော အချိန်ကာလကို "**(သံဝဋ္ဋတိ)** ကမ္ဘာလောကကြီး ပျက်ပြီ"ဟု ဆိုရသနည်း။

ဖြေ။ ပျက်စီးခြင်းကို ပြုတတ်သော ကမ္ဘာပျက်မိုးကြီး ရွာသည်မှ စ၍ အကြင်မျှလောက် အဏုမြူနှင့် တကွဖြစ်သော သင်္ခါရသည် မဖြစ်၊ ထိုမျှလောက် အချိန်ကာလကို "(သံဝဋ္ဋတိ) ကမ္ဘာလောကကြီး ပျက်ပြီ"ဟု ဆိုရ၏။

အမှာ။ ကမ္ဘာပျက်ချိန်ကို အတိအကျ သတ်မှတ်ပြပါဟု မေးခဲ့သော် ဤအဖြေကိုသာ ဖြေပါ။

မေး။ "အယံ လောကော သံဝဋ္ဋတိ-ကမ္ဘာလောကကြီး ပျက်ပြီ"ဟု ဆိုရာဝယ် မီး,ရေ,လေတို့တွင် အဘယ်အကြောင်းကြောင့် ကမ္ဘာပျက်စီးသည်ကို ယူရမည်နည်း၊ ပါဠိသာဓက ပြ၍ ဖြေဆိုခဲ့ပါ။

ဖြေ။ ဤနေရာ၌ မီးကြောင့် ပျက်သည်ကို ယူရမည်။

ပါဠိသာဓကကား = သံဝဋ္ဋမာနေ လောကေ ယေဘုယျေန သတ္တာ အာဘဿရသံဝတ္တနိကာ ဟောန္တိ ဟူသော ပါဠိတော်ပင် ဖြစ်၏။

ttp://www.dhammadownload.com



မေး။ အဘာယ်ကို ရည်ရွယ်တော်မူလိုသောကြောင့် "သံဝဋ္ဋမာနေ လောကေ ယေဘုယျေန သတ္တာ အာဘဿရ သံဝတ္တနိကာ ဟောန္တိ"ဟူသော ပါဠိတော်ကို ဘုရားရှင် ဟောတော်မူရသနည်း။

ဖြေ။ ကမ္ဘာလောကကြီးကို ၇-ကြိမ်, ၇-ခါတိုင်အောင် မီးဖြင့် ဖျက်ဆီး၏။ အာဘဿရာ ဘုံတိုင်အောင် ပျက်၏။ ၈-ကြိမ်မြောက်, ၈-ကြိမ်မြောက်၌ ကမ္ဘာလောကကြီးသည် ရေကြောင့် ပျက်စီး၏။ ဝေဟပ္ဖိုလ် ဘုံတိုင်အောင် ပျက်၏။ ၆၄-ကြိမ် ပြည့်ရာအခါ၌ ကမ္ဘာလောကကြီးသည် လေကြောင့် ပျက်စီး၏။ တစ်လောကလုံး အကြွင်းအကျန်မရှိ ပျက်စီး၏။ ဤသို့ ကမ္ဘာပျက်ရာ၌ မီးကြောင့် ပျက်သော ကမ္ဘာသည် အများဆုံး ဖြစ်၍ ယင်းမီးကြောင့် ပျက်သော ကမ္ဘာကိုသာ ရည်ရွယ်တော်မူလိုသောကြောင့် "သံဝဋ္ဋမာနေ လောကေ ယေဘုယျေန သတ္တာ အာဘဿရသံဝတ္တနိကာ ဟောန္တိ"ဟူသော ပါဠိတော်ကို ဘုရားရှင် ဟောတော်မူ၏။

မေး။ ဥပရိဗြဟ္မလောကေသု ဝါ အရူပေသု ဝါ နိဗ္ဗတ္တန္တိ၌ ဥပရိဗြဟ္မာ့ဘုံ အရကို အကြောင်းပြ၍ ဖော်ထုတ်ပါ။

ဖြေ။ အာဘဿရာဘုံမှ အထက်ဖြစ်သော ရူပဗြဟ္မာ့ဘုံတို့သာတည်း။

အကြောင်းကား = ဤနေရာ၌ မီးဖြင့် ကမ္ဘာပျက်ခြင်းကို အလိုရှိအပ်သောကြောင့်လည်းကောင်း၊ ပါဠိတော်၌ "သံဝဋ္ဋမာနေ လောကေ ယေဘုယျေန သတ္တာ အာဘဿရာ သံဝဋ္ဋနိကာ ဟောန္တိ"ဟု ဟောတော်မူသော ကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

မေး။ အာဘဿရ ဗြဟ္မာတို့၏ သက်တမ်းကို ဖော်ပြပါ။

ဖြေ။ အသင်္ချေယျကပ် လေးကပ်တို့၏ အတွင်း၌ရှိသော မဟာကပ် ၈-ကပ် အသက်ရှည်၏။

မေး။ **ယေဘုယျေနာ**တိ ယေ ဥပရိဗြဟ္မလောကေသု ဝါ အရူပေသု ဝါ နိဗ္ဗတ္တန္တိ ဝါကျ၌ လာသော အရူပေသု ဝါ- ၌ ဝါသဒ္ဒါ၏ အနက်နှင့် ယင်းအနက်အားလျော်စွာ ယူနိုင်, ရနိုင်သမျှသော အဓိပ္ပါယ်များကို ပြည့်ပြည့်စုံစုံ ရေးခဲ့ပါ။

ဖြေ။ အရူပေသု ဝါ-၌ ဝါသဒ္ဒါကား = ဝိကပ် အနက်ရှိ၏။

ယင်းဝါသဒ္ဒါဖြင့် = ပျက်ဆဲသော လောကဓာတ်တို့မှ တစ်ပါးသော ကျန်သော လောကဓာတ်တို့၌ သတ္တဝါတို့ အထူးဖြစ်ကြသေးသည်ဟု အထူးကြံဆ၍ ယူရမည်။ ယင်းလောကဓာတ်တို့၌ နိယတမိစ္ဆာဒိဋ္ဌိက သတ္တဝါ တို့သည် ငရဲမှ မလွတ်ဘဲ ခံစားနေရသေးသည်ဟူသော အနက်အဓိပ္ပါယ် အထူးကို အထူးကြံဆ၍ ယူရမည်။

မေး။ ဈာနမနေန နိဗ္ဗတ္တတ္တာ **မနောမယာ** ဝါကျ၌ အဘယ်ကြောင့် အဘယ်သတ္တဝါတို့ကို မနောမယာ ဟူ၍ ဟောတော်မူသနည်း။

ဖြေ။ ယင်းဝါကျ၌ အမဖြစ်သော အကြောင်းတို့နှင့် ကင်း၍ ဈာန်စိတ်ဖြင့်သာ ဖြစ်သည်၏အဖြစ်ကြောင့် ရူပါဝစရ သတ္တဝါတို့ကိုသာ မနောမယာ ဟူ၍ ဟောတော်မူသည်။

မေး။ ဩပပါတိက ပဋိသန္ဓေနေရသော ကာမဘုံသားတို့အား "မနောမယ"ဟု ခေါ်နိုင်/မခေါ်နိုင် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ မခေါ်နိုင်ပါ။

အကြောင်းကား = အဓိစိတ္တ ဖြစ်၍ဖြစ်သော လွန်ကဲသော ဈာန်စိတ်ကြောင့် ဖြစ်သော ရူပါဝစရ ဈာနသတ္တဝါ တို့၌သာလျှင် အထူးပြု၍ အထင်ရှင်အားဖြင့် "မနောမယ"ဟု ခေါ်ဆိုအပ်သောကြောင့်တည်း။ (ဋီသစ်)

မေး။ ဥပပါတ် ပဋိသန္ဓေနေရသော ကာမဘုံသားတို့အား မနောမယ အဖြစ်သို့ အဘယ်ကြောင့် မရောက်သနည်း။

ဖြေ။ ဖော်ပြပြီး အဖြေအတိုင်းသာ ဖြေပါ။

ttp://www.dhammadownload.com



မေး။ မနောမယာ ပုဒ်ကို မနေန နိဗ္ဗတ္တာ **မနောမယာ**ဟုသာ ဖွင့်ဆိုထိုက်ပါလျက် ဈာနမနေနဟု အဘယ်ကြောင့် "ဈာန"သဒ္ဒါဖြင့် အထူးပြု၍ ဈာနမနေနဟု ဖွင့်ဆိုရသနည်း။

ဖြေ။ ဖော်ပြပြီး အဖြေအတိုင်းသာ ဖြေပါ။

မေး။ အရူပဗြဟ္မာများသည် သမာဓိ ဈာန်စိတ်ကြောင့် ဖြစ်၍ မနောမယဗြဟ္မာဟု ခေါ်သင့်လျက် အဘယ်ကြောင့် မခေါ်သနည်း။

ဖြေ။ မနောမယဟူသော ဝေါဟာရသည် ရူပဗြဟ္မာတို့၌သာ ထင်ရှားသော အထင်ရူဠှီသဒ္ဒါ ဖြစ်သောကြောင့်လည်းကောင်း၊ ထိုရူပဘုံ၌ အပဖြစ်သော အကြောင်းတို့သည် ဖြစ်စေကုန်သည်၏ အဖြစ်ကို ယုံမှားခြင်း၏ မရှိသဖြင့် ဈာန်စိတ်ဖြင့်သာလျှင် ဖြစ်ကုန်၏ဟူ၍ အဝဓာရဏ အနက်ရှိ ဧဝသဒ္ဒါ၏ မဖြစ်သင့်သောကြောင့်လည်းကောင်း အရူပဗြဟ္မာတို့ကို မနောမယဟု မခေါ်ပါ။ (ဋီသစ်)

မေး။ ဝေဒဝါဒီပုဂ္ဂိုလ်တို့၏ အလိုအားဖြင့် အတ္တ ၅–မျိုးကို ခွဲခြားပြပါ။

ဖြေ။ ၁။ အန္နမယအတ္တ – အစာကြောင့် ဖြစ်သော အတ္တ၊
၂။ ပါနမယအတ္တ – ဖျော်ရည်ကြောင့် ဖြစ်သော အတ္တ၊
၃။ မနောမယအတ္တ – စိတ်ကြောင့် ဖြစ်သော အတ္တ၊
၄။ အာနန္ဒမယအတ္တ – နှစ်သက်မှုကြောင့် ဖြစ်သော အတ္တ၊
၅။ ဝိညာဏမယအတ္တ – စိတ်ဝိညာဏ်ချည်းသာ ဖြစ်သော အတ္တဟု ငါးမျိုး ခွဲကြသည်။

မေး။ အဘယ်မျှလောက်သော အချိန်ကာလကို "(**ဝိဝဋ္ဋတိ**) ကမ္ဘာလောကကြီး ကောင်းစွာတည်ပြီ"ဟု ဆိုရသနည်း။

ဖြေ။ ကမ္ဘာပြုမိုးကြီး ရွာသည်မှ စ၍ မြေကိုခံသော ရေ၊ ထိုရေကိုခံသော လေ စသည်တို့၏ ကောင်းစွာ ဖြစ်ပေါ်လာရခြင်း၏ အစွမ်းဖြင့် အကြင်မျှလောက် လ,နေတို့၏ ထွက်ပေါ်လာခြင်းသည် ရှိ၏။ ထိုမျှလောက် အချိန်ကာလကို "(ဝိဝဋ္ဋတိ) ကမ္ဘာလောကကြီး ကောင်းစွာတည်ပြီ"ဟု ဆိုရ၏။

အမှာ။ ကမ္ဘာတည်ချိန်ကို အတိအကျ သတ်မှတ်ပြပါဟု မေးခဲ့သော် ဤအဖြေကိုသာ ဖြေပါ။

မေး။ **သုညံ ဗြဟ္မဝိမာနံ** ပကတိယာ နိဗ္ဗတ္တသတ္တာနံ နတ္ထိတာယ သုညံ ဝါကျဖြင့် သိစေအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ယင်းဝါကျဖြင့် သုညံ ဗြဟ္မဝိမာန်၌ သတ္တဝါ ရှိနေပြီးမှ စုတေပြောင်းရွှေ့သောကြောင့် ကင်းဆိတ်သည် မဟုတ် (ဝါ) အချို့ကုန်သော ဗိမာန်တို့သည် ထိုဗိမာန်၌ ဖြစ်ကုန်သော ပိုင်ရှင်ဗြဟ္မာ သတ္တဝါတို့ စုတေကာ စွန့်ပစ်အပ်သောကြောင့် ကင်းဆိတ်ကြကုန်သကဲ့သို့ ဤ၌ ကင်းဆိတ်သည် မဟုတ်၊ ပင်ကိုယ်အားဖြင့် ဖြစ်ကုန်သော သတ္တဝါတို့၏ မရှိကုန်သည်၏ အဖြစ်ကြောင့် ကင်းဆိတ်သည်ဟု ကင်းဆိတ်ခြင်း၏ အကြောင်းကို သိစေပါသည်။

မေး။ **သုညံ ဗြဟ္မဝိမာနံ** ပကတိယာ နိဗ္ဗတ္တသတ္တာနံ နတ္ထိတာယ သုညံ၊ ဗြဟ္မကာယိကဘူမိ နိဗ္ဗတ္တတီတိ အတ္တော ဝါကျ၌ လာသော ဗြဟ္မကာယိကဘူမိ၌ ဗြဟ္မကာယိက အရကို ဖော်ပြပါ။

ဖြေ။ ဗြဟ္မကာယိက အရ = ဗြဟ္မပါရိသဇ္ဇာ, ဗြဟ္မပုရောဟိတာ, မဟာဗြဟ္မာတို့နှင့် ထိုဗြဟ္မာတို့၏ နေရာဌာန ဖြစ်သော ပဌမဈာန် သုံးဘုံတည်း။ (ဋီသစ်)

မေး။ ပကတိနိဗ္ဗတ္တိဋ္ဌာနေသုယေဝ စေတ္တ ဥပ္ပါဒကပ္ပရက္ခာဒယော နိဗ္ဗတ္တန္တိ ဝါကျဝယ် တစ်ဝါကျတည်း၌ ပကတိနိဗ္ဗတ္တိဋ္ဌာနေသုနှင့် ဧတ္တ ဟူသော အာဓာရနှစ်ပုဒ် ထားရခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ ဧတ္တ ပုဒ်ကား သာမညာဓာရပုဒ် ဖြစ်၍ ပကတိနိဗ္ဗတ္တိဋ္ဌာနေသု ပုဒ်ကား ဝိသေသာဓာရပုဒ် ဖြစ်သည်။ ဤသို့ သာမညဋ္ဌာန, ဝိသေသဋ္ဌာန ကွဲပြားသောကြောင့် တစ်ဝါကျတည်း၌ အာဓာရနှစ်ပုဒ် ထားရသည်။

ttp://www.dhammadownload.com



မေး။ ပကတိနိဗ္ဗတ္တိဋ္ဌာနေသုယေဝ စေတ္ထ ဥယျာနကပ္ပရုက္ခာဒယော နိဗ္ဗတ္တန္တိ ဝါကျဖြင့် သိစေအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ယင်းဝါကျဖြင့် ထိုပဌမဈာန် ဗြဟ္မာ၌ ဗြဟ္မာ့ဗိမာန်သာ ဖြစ်ပေါ်လာသည် မဟုတ်၊ ထိုဗြဟ္မာ့ဗိမာန်၏ အခြံအရံ ဖြစ်ကုန်သော ဥယျာဉ်, ပဒေသာပင် အစရှိသည်တို့လည်း ပင်ကိုယ် ဖြစ်ရာဌာနတို့၌သာလျှင် ဖြစ်ပေါ်လာကုန်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

မေး။ အထ သတ္တာနံ ပကတိယာ ဝသိတဋ္ဌာနေ နိကန္တိ ဥပ္ပဇ္ဇတိဟု အဋ္ဌကထာ ဆိုရကား နိကန္တိတဏှာ ဖြစ်ရုံမျှဖြင့် ပဌမဈာန်ဘုံ၌ ပဋိသန္ဓေ နေရသည်ဟု ဆိုသော် မှန်/မမှန် ဆုံးဖြတ်၍၊ အဘယ်၏ အစွမ်းကြောင့် ပဌမဈာန်ဘုံ၌ ပဋိသန္ဓေ နေရသည်ကို ဖော်ပြပါ။

ဖြေ။ မမှန်ပါ။

ပဌမဈာန် ကုသိုလ်ရအောင် ဈာန်အားထုတ်သောအားဖြင့် ဘာဝနာ ပွားရမည်။ ထိုပဌမဈာန် ကုသိုလ်၏ အစွမ်းကြောင့် ပဌမဈာန်ဘုံ၌ ပဋိသန္ဓေ နေရသည်။

မေး။ တေ ပဌမဇ္ဈာနံ ဘာဝေတွာ တတော ဩတရန္တိ ဝါကျဝယ် တတော၌ တသဒ္ဒနာမ်ပုဒ်၏ အစွဲကို ဆရာနည်း စုံစွာ စွဲပြပါ။

ဖြေ။ "တတော–ထိုသုဒ္ဓါဝါသ, အသညသတ် ကြဉ်သော ဒုတိယဈာန် အစရှိသော ရူပ,အရူပ ဗြဟ္မာဘုံများမှ"ဟု စွဲရမည်။ (ပါဠိတော်သျှ+သျှဟောင်း)

(တစ်နည်း) "တတော – ထိုဒုတိယဈာန်သုံးဘုံမှ"ဟု စွဲရမည်။ (ဋီသစ်+သျှသစ်)

မေး။ **အထ ခေါ အညတရော သတ္တော၌** "သတ္တ"အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ သတ္တ အရ = အာဘဿရာဘုံသား ဗြဟ္မာများကို ယူရမည်။

အကြောင်းကား = အထ ခေါ အညတရော သတ္တော၌ သတ္တဟူသော သဒ္ဒါသည် အပေါင်းဖြစ်သော လူနတ်တိရစ္ဆာန်ဗြဟ္မာ သစ္ဆန္ဒရာဂပုဂ္ဂိုလ် နိစ္ဆန္ဒရာဂပုဂ္ဂိုလ် ဟူသမျှတို့၏ သတ္တဟူသော အမည်ကို အစိတ်ဖြစ်သော အာဘဿရာဘုံသား ဗြဟ္မာများ၌ ဧကဒေသူပစာ (သမုဒါယူပစာ)အားဖြင့် တင်စား၍ သတ္တဟု ခေါ်ဝေါ်ထားသောကြောင့်တည်း။

မေး။ (တေ အတ္တနော ပုညဗလေန ဌာတုံ န သက္ကောန္တိ) ကုသိုလ်ကံ အားကြီးပါလျက် ဗြဟ္မာ့ပြည်၌ အမြဲ မတည်နိုင်ခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ မြဲသော အသက်အပိုင်းအခြား ရှိသော ဗြဟ္မာ့ပြည်တို့၌ အပိုင်းအခြားကို ကျော်လွန်၍ အကျိုးပေးခြင်းငှာ မစွမ်းနိုင်သောကြောင့်တည်း။ (တစ်နည်း) ကုသိုလ်ကံ အားကြီးပါသော်လည်း ဗြဟ္မာ့ဘုံ၌ ဖြစ်ကုန်သော သတ္တဝါတို့၏ အသက်အပိုင်းအခြား ကုန်သောကြောင့်တည်း။ (စာစဉ်)

မေး။ အာယုပ္ပမာဏေနေဝ စဝန္တီတိ၌ အာယု အရကို ပြည့်စုံစွာ ဖော်ပြပါ။

ဖြေ။ အာယု အရ = မုချအားဖြင့် ရုပ်ဇီဝိတ, နာမ်ဇီဝိတကို ယူပါ။

ကာရဏူပစာအားဖြင့် အသက်ရှည်ရာ ကာလကို ယူပါ။ (ဋီသစ်)

မေး။ အဘယ်ကို ရည်ရွယ်၍ "အန္တရာဝ စဝန္တိ"ဟု ဆိုရသနည်း။

ဖြေ။ (မင်း၏ ကျီတိုက်၌ ထည့်ထားအပ်ကုန်သော ဆန်ကွမ်းစားတို့ကဲ့သို့) မိမိ ပြုအပ်သော ကုသိုလ်ကောင်းမှု၏ ပမာဏဖြင့် ထိုနတ်ပြည်၏ သတ်မှတ်ချက် သက်တမ်းသို့ မရောက်မူ၍ ကြားကာလ၌ သေသော သတ္တဝါကို ရည်ရွယ်၍ "အန္တရာဝ စဝန္တိ"ဟု ဆို၏။ (စာစဉ်)

ttp://www.dhammadownload.com



မေး။ အန္တရာဝ စဝန္တိဋ္ဌ ဧဝသဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထ စသည်တို့ကို ဖော်ပြပါ။

ဖြေ။ ဧဝသဒ္ဒါဖြင့် = သက်တမ်းပြည့်မှ, ကုန်မှ စုတေရခြင်းသည် နိဝတ္တေတဗ္ဗတ္ထ။
သက်တမ်း မပြည့်မီ, မကုန်မီ ကြားကာလ၌ စုတေရခြင်းသည် ဂဟေတဗ္ဗတ္ထ။
အနည်းငယ်သော ကောင်းမှုကံသည် အနုညာတတ္ထဟု ပြသည်။

မေး။ **ဒီဃမဒ္ဒါနံ တိဋ္ဌတီ**တိ ကပ္ပံ ဝါ ဥပဍ္ဍကပ္ပံ ဝါ ဝါကျ၌ အဘယ်ကို ရည်၍ ကပ္ပံ ဝါ၊ ဥပဍ္ဍကပ္ပံ ဝါ ပုဒ်တို့ကို ဆိုရသနည်း၊ အသီးသီး ဖြေဆိုခဲ့ပါ။

ဖြေ။ မဟာဗြဟ္မာဘုံ၌ ဖြစ်သော ဗြဟ္မာကို ရည်၍ ကပ္ပံ ဝါ ပုဒ်ကို ဆို၏။
ဗြဟ္မပုရောဟိတာ ဘုံ၌ ဖြစ်သော ဗြဟ္မာကို ရည်၍ ဥပဍ္ဍကပ္ပံ ဝါ ပုဒ်ကို ဆို၏။ (နေရင်း)

မေး။ ကပ္ပ အရနှင့် ဥပဍ္ဍကပ္ပ အရတို့ကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ ကပ္ပံ ဝါ ဥပဍ္ဍကပ္ပံ ဝါ–ဟု အဋ္ဌကထာ၌ သာမည ဆိုသော်လည်း မဟာဗြဟ္မာဘုံ, ဗြဟ္မပုရောဟိတာ ဘုံတို့၏လည်း တစ်ခါတစ်ရံ ပျက်စီးလေသည်သာ ဖြစ်သောကြောင့် ကပ္ပ အရ = အသင်္ချေယျ တစ်ကပ်ကို လည်းကောင်း၊ ဥပဍ္ဍကပ္ပ အရ = အသင်္ချေယျကပ်၏ ထက်ဝက်ကိုသော်လည်းကောင်း ယူရမည်။ မဟာကပ်ကို မယူရ။ (နေရင်း)

မေး။ ဥပဍ္ဍကပ္ပံ ဝါ–၌ ဝါသဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ အသင်္ချေယျကပ်၏ သုံးဖို့ တစ်ဖို့ကိုလည်းကောင်း၊ ထို့ထက် အလွန်ကိုလည်းကောင်း ယူရမည်ဟူသော အဓိပ္ပါယ်ကို ပြဆို၏။ (စာစဉ်)

မေး။ အဘယ်ကြောင့် အဘယ်အရာကို "**အနဘိရတိ**"ဟု ဆိုသနည်း။

ဖြေ။ "ဧကကဿ ဒီဃရတ္တံ နိဝုသိတတ္တာ"ဟူ၍ ပါဠိတော်၌ ဆိုထားရကား ပဌမဈာန် ဗြဟ္မာ့ဘုံ၌ ရှေးဦးစွာ ရောက်နေနှင့်ပြီးသော ဗြဟ္မာကြီးသည် ရှည်မြင့်စွာသော နေ့ညဥ့်တို့ပတ်လုံး တစ်ယောက်ထီးတည်း နေခဲ့ ရသည်၏ အဖြစ်ကြောင့် မမွေ့လျော်ခြင်း, တစ်ပါးသော သတ္တဝါတို့၏ လာခြင်းအား တောင့်တခြင်းကို "အနဘိရတိ"ဟု ဆိုသည်။ (ပါဠိတော်+ဋီသစ်)

မေး။ ဗြဟ္မာ့ပြည်၌ ဥက္ကဏ္ဌိတ မရှိခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ ပဌမဈာန်၏ အစွမ်းသတ္တိ အာနုဘော်ဖြင့် ပဋိဃသမ္ပယုတ် ဖြစ်သော တရားတို့ကို ပယ်သတ်အပ်ပြီးသည်၏ အဖြစ်ကြောင့် ဗြဟ္မာ့ပြည်၌ ဥက္ကဏ္ဌိတ မရှိပါ။ (ဋီသစ်)

မေး။ **အနဘိရတီ**တိ အပရဿာပိ သတ္တဿ အာဂမနပတ္ထနာ။ ယာ ပန ပဋိဃသမ္ပယုတ္တာ ဥက္ကဏ္ဌိတာ၊ သာ ဗြဟ္မလောကေ နတ္ထိ ဝါကျဝယ် အာဂမနပတ္ထနာ၏ အကြောင်းဖြင့်သာ "သာ ဗြဟ္မလောကေ နတ္ထိ"၏ ဟိတ်တို့ကို ရှာဖွေဖော်ထုတ်ပါ။

ဖြေ။ ပဌမဈာန်၏ အစွမ်းသတ္တိ အာနုဘော်ဖြင့် ပဋိဃသမ္ပယုတ် ဖြစ်သော တရားတို့ကို ပယ်သတ်အပ်ပြီးသည်၏ အဖြစ်ကြောင့်သည် "သာ ဗြဟ္မလောကေ နတ္ထိ"၏ ဟိတ်ပင် ဖြစ်ပါတော့၏။ (ပါဠိတော်+ဋီသစ်)

အမှာ။ "သာ ဗြဟ္မလောကေ နတ္ထိ"ဟု ဆိုရခြင်း အကြောင်းကို ရေးပါဟု မေးသော် ယင်းအဖြေကိုသာ ဖြေပါ။

**(ဌ၊ နှာ ၁၀၂+၁၀၃–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ပရိတဿနာ လေးပါးကို ဖော်ပြ၍၊ **အနဘိရတိ ပရိတဿနာ**၌ ပရိတဿနာ အရကိုလည်း ဖော်ပြပါ။

ဖြေ။ ၁။ တာသတဿနာ ၂။ တဏှာတဿနာ ၃။ ဒိဋ္ဌိတဿနာ ၄။ ဉာဏတဿနာတို့ ဖြစ်၏။
ပရိတဿနာ အရ ဤနေရာ၌ = တဏှာတဿနာနှင့် ဒိဋ္ဌိတဿနာ နှစ်ပါးကိုသာ ယူပါ။ (ဌ)

ttp://www.dhammadownload.com



မေး။ "တေပိ တထာဂတဿ ဓမ္မဒေသနံ သုတွာ ယေဘုယျေန ဘယံ သံဝေဂံ သန္တာသံ အာပဇ္ဇန္တိ" ဝါကျ၌ လာသော (က) ဘယ (ခ) သံဝေဂ (ဂ) သန္တာသတို့၏ အရကို တိကျစွာ ဖော်ထုတ်ပါ။

ဖြေ။ (က) ဘယ အရ = ဘင်္ဂါနုပဿနာဉာဏ်၏ အဆုံး၌ သင်္ခါရ ဟူသမျှမှ ကြောက်လန့်သည်၏ အစွမ်းအားဖြင့် ဖြစ်သော ဘယဉာဏ်ကို ယူပါ။

(ခ) သံဝေဂ အရ = ဩတ္တပ္ပနှင့် အတူတကွ တွဲယှဉ်၍ ဖြစ်နေသော ဉာဏ်ကို ယူပါ။ (တစ်နည်း) ဩတ္တပ္ပစေတသိက်ကိုပင် ယူပါ။

(ဂ) သန္တာသ အရ = အာဒီနဝဉာဏ်, နိဗ္ဗိဒါဝိပဿနာဉာဏ်တို့ဖြင့် တေဘူမကသင်္ခါရတို့မှ ထိတ်လန့်တုန်လှုပ်သော ဉာဏ်ကို ယူပါ။ (ဦးသစ်)

**(၄၊ နှာ ၁၀၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ လနှင့်နေတို့၏ (က) တည်ရာဌာန (ခ) ဖြောင့်ဖြောင့်တိုင်းတာမှု ပမာဏ (ဂ) အဝိုင်းလိုက် တိုင်းတာမှု ပရိမဏ္ဍလပမာဏ (ဃ) လ၏ အောက်ဆုံးအစွန်းနှင့် နေ၏ အထက်ဆုံးအစွန်း နှစ်ခုတို့၏ အကွာအဝေး (င) လသည် အေး၍ နေသည် ပူရခြင်း၏အကြောင်း (စ) ကမ္ဘာဦး၌ လနှင့်နေ နှစ်ပါးတို့တွင် မည်သည့် အရာသည် ရှေးဦးစွာ ဖြစ်ပေါ်လာသနည်း၊ အသီးသီး ဖြေဆိုခဲ့ပါ။

ဖြေ။ (က) လသည် အပြင်ဘက်က ငွေဖြင့် ရံ၍ ထားသော ပတ္တမြားဗိမာန်၏ အတွင်း၌ တည်၏။ နေသည် အပြင်ဘက်က ဖလ်ဖြင့် ရံ၍ ထားသော ရွှေဗိမာန်၏ အတွင်း၌ တည်၏။

(ခ) လသည် ဖြောင့်ဖြောင့် တိုင်းတာလျှင် ၄၉-ယူဇနာ ရှိ၏။ နေသည် ဖြောင့်ဖြောင့် တိုင်းတာလျှင် ယူဇနာ ၅၀-ရှိ၏။

(ဂ) အဝိုင်းလိုက် တိုင်းတာလျှင် လသည် ၁၄၇-ယူဇနာ ပရိမဏ္ဍလပမာဏ ရှိ၏။ နေသည် ၁၅၀-ယူဇနာ ပရိမဏ္ဍလပမာဏ ရှိ၏။

(ဃ) လ၏ အောက်အစွန်းနှင့် နေ၏ အထက်အစွန်း နှစ်ခုသည် ယူဇနာ ၁၀၀-ကွာဝေး၏။

(င) လ၏ တည်ရာဌာန ဖြစ်သော အပြင်က ရံထားသည့် ငွေနှင့် အတွင်းဗိမာန်ဖြစ်သည့် ပတ္တမြားတို့သည် အအေးချည်းသာ ဖြစ်သောကြောင့် လသည် အေးမြ၏။ နေ၏ တည်ရာဌာန ဖြစ်သော အပြင်က ရံထားသည့် ဖလ်နှင့် အတွင်းက ဗိမာန်ဖြစ်သည့် ရွှေတို့သည် အပူချည်းသာ ဖြစ်သောကြောင့် နေသည် ပူပြင်း၏။

(စ) လနှင့်နေတို့သည် တပြိုင်နက်တည်း ထင်ရှား ဖြစ်ပေါ်လာကြ၏။ သို့သော် ...ကမ္ဘာဦးအစ ဗြဟ္မာဘဝမှ ပြောင်းလာသည့် ကမ္ဘာဦးလူသားတို့၏ စက္ခုနှစ်ကွင်းတွင်ကား နေကို ရှေးဦးစွာ မြင်တွေ့ကြရခြင်း ကြောင့် နေကို ရှေးဦးစွာ ထင်ရှား ဖြစ်ပေါ်လာသည်ဟူ၍ ဆိုကြ၏။ (သုတ်ပါထေယျဋ္ဌကထာ)

မေး။ အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဩပပါတိက သတ္တဝါအားလျော်စွာ ဘူတနှင့် ဘဗျတို့ကို ခွဲခြားပြပါ။

ဖြေ။ အဏ္ဍဇ, ဇလာဗုဇ သတ္တဝါတို့အတွက် = ဥခွံအတွင်း, သားအိမ်၏ အတွင်း၌ တည်ဆဲအခါသည် ဘဗျ (ဖြစ်ဆဲ)တို့ မည်၏။ ဥခွံပြင်ဘက်, သားအိမ်ပြင်ဘက် ထွက်ရာအခါမှ စ၍ ဘူတ (ဖြစ်ပြီး)တို့ မည်၏။ သံသေဒဇ သတ္တဝါတို့အတွက် = ရှေးဦးစွာ ပဋိသန္ဓေ စိတ္တက္ခဏ၌ ဘဗျ။ ဒုတိယ စိတ္တက္ခဏ (ပဋိသန္ဓေနောင် ပဌမဘဝင် စိတ္တက္ခဏ)မှ စ၍ ဘူတ။

ဩပပါတိက သတ္တဝါတို့အတွက် ပဌမ ဣရိယာပုထ်၌ ဘဗျ။ ဒုတိယ ဣရိယာပုထ်မှ စ၍ ဘူတ။ (၄)

ttp://www.dhammadownload.com



**(၅၂၊ နှာ ၁၀၄-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ပဗ္ဗဇ္ဇာ ဟိ ယသ္မာ အဂါရဿ ဟိတံ ကသိဂေါရက္ခာဒိကမ္မံ တတ္ထ နတ္ထိ ဝါကျဝယ် "အဂါရဿ"၌ အဂါရ အရကို အကြောင်းပြ၍ ဖော်ထုတ်ပါ။

ဖြေ။ အဂါရ အရ = အိမ်ပေါ်၌ နေသူ လူများကို ရ၏။
အကြောင်းကား = အဂါရဿ၌ အဂါရဟူသော သဒ္ဒါသည် ဌာနဖြစ်သော အိမ်၏ အဂါရဟူသော အမည်ကို ဌာနီဖြစ်သော အိမ်ပေါ်၌ နေသူ လူများ၌ ဌာနူပစာရအားဖြင့် တင်စား၍ ဌာနီဖြစ်သော အိမ်ပေါ်၌ နေသူ လူများကို ဤနေရာ၌ အဂါရဟု ခေါ်ဝေါ်ထားသောကြောင့်တည်း။

မေး။ **နိစ္စော ဓုဝေါ သဿတော အဝိပရိဏာမဓမ္မော**ဟု ဗြဟ္မာကြီး ဆိုခြင်းအကြောင်းကို အဋ္ဌကထာ လာသည့်အတိုင်း အသီးသီး ဖြေဆိုခဲ့ပါ။

ဖြေ။ ရှေးဦးစွာ ဖြစ်သော ဗြဟ္မာကြီး၏ ဖြစ်ခြင်း, ပျက်ခြင်းကို မမြင်ခြင်းကြောင့် "နိစ္စော"ဟု ဆို၏။
သေခြင်းကို မမြင်ခြင်းကြောင့် "ဓုဝေါ"ဟု ဆို၏။
အခါခပ်သိမ်း ထင်ရှားရှိသည်၏ အဖြစ်ကြောင့် "သဿတော"ဟု ဆို၏။
အိုခြင်း၏ အစွမ်းအားဖြင့်လည်း ဖောက်ပြန်ခြင်း၏ မရှိခြင်းကြောင့် "အဝိပရိဏာမဓမ္မော"ဟု ဆို၏။ (၄)

မေး။ လောကကြီးထဲ၌ ပဌမမြောက် ဧကစ္စ သဿတဝါဒီပုဂ္ဂိုလ် ဖြစ်ပေါ်လာပုံကို ကျကျနန ရေးခဲ့ပါ။

ဖြေ။ ကမ္ဘာဦးအစ ပဌမဈာန်ဘုံ၌ ရှေးဦးစွာ မဟာဗြဟ္မာကြီး တစ်ယောက် ဖြစ်လာသည်။ ၎င်းနောက် အထက် အထက် ဘုံများမှ စုတေသော ဗြဟ္မာများလည်း ဤပဌမဈာန်ဘုံသို့ ရောက်ရှိလာကြသည်။ ရောက်ရှိပြီးနောက် ရှေးဦးစွာ ဖြစ်နှင့်ပြီးသော မဟာဗြဟ္မာကြီး မသေမီပင် နောက်မှ ရောက်လာသည့် ဗြဟ္မာအပေါင်းတို့တွင် တစ်ယောက်ယောက်သော ဗြဟ္မာသည် စုတေစိတ်ကျ၍ လူ့ဘုံ၌ ဖြစ်၏။
လူ့ဘဝ၌ တောထွက်၍ ရသေ့ဖြစ်ပြီး ဈာန်ရပုဂ္ဂိုလ် ဖြစ်လာသည်။ ၎င်းရသေ့သည် လွန်ခဲ့သည့် တစ်ဘဝကိုသာ အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကိုလည်း ရသည်။ ယင်းအဘိညာဉ်ရ ရသေ့သည် မိမိအောက်မေ့နိုင်စွမ်း ရှိသော ဖြစ်ခဲ့ပြီးသည့် တစ်ဘဝကို အောက်မေ့မိ၏။ ဆိုခဲ့ပြီးသော ပဌမဈာန်ဘုံ၌ မိမိတို့အရင် ဖြစ်နှင့်ပြီးသော မဟာဗြဟ္မာကြီးသည် မသေမပျောက်ဘဲ တည်ရှိနေသည်ကိုလည်းကောင်း၊ မိမိတို့မှာကား ထိုပဌမဈာန်ဘုံမှ စုတေခဲ့၍ လူ့ဘုံ၌ ဖြစ်လာရသည်ကိုလည်းကောင်း သေချာတိကျစွာ မြင်၍ ထိုပဌမဈာန်ဘုံ၌ ကျန်ရှိနေခဲ့သည့် ဗြဟ္မာကြီးကား မြဲလေပြီ ဟူသော ဧကစ္စ သဿတ၊ ငါတို့ကား မမြဲ ဟူသော ဧကစ္စ အသဿတ အယူဝါဒကို ဤရသေ့ဘဝ၌ပင် ယူသွားသောကြောင့် လောကကြီးထဲ၌ ပဌမ မြောက် ဧကစ္စ သဿတဝါဒီပုဂ္ဂိုလ် ဖြစ်ပေါ်လာတော့၏။

အမှာ။ ပဌမမြောက် ဧကစ္စ သဿတဝါဒီ ပုဂ္ဂိုလ်၏ ဧကစ္စ သဿတ, ဧကစ္စ အသဿတ အယူဝါဒ ယူပုံကို ရေးခဲ့ပါဟု မေးသော် ယင်းအဖြေကို မှီး၍ ဖြေပါ။

မေး။ ကေဠိဟဿသုခဥ္စ ကာယိကဝါစသိကကီဠာသုခဥ္စ အနုယုတ္တာ ဝါကျ၌ ပါသည့် ကာယိကဝါစသိက ကီဠာသုခ အရကို ဖော်ပြပါ။

ဖြေ။ မေထုန်ခံစား ပျော်ပါးရွှင်မြူးခြင်း သုခမှ ကြွင်းသော ပျော်ရွှင်ခြင်း ပယောဂဖြင့် ဖြစ်သော ချမ်းသာသုခကို ရ၏။ (စာစဉ်)

မေး။ သိရိဝိဘဝေနဉ္စ သိရီနှင့် ဝိဘဝတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ခန္ဓာကိုယ်၏ လုပတင့်တယ်ခြင်း စသည်ကို သိရီ။
အခြွေအရံ စသော စည်းစိမ်ကို ဝိဘဝဟု ခေါ်၏။ ဤသို့ ထူးသည်။

ttp://www.dhammadownload.com



မေး။ အာဟာရ၏ ပရိဘုဉ္စိမှဥ် ဣစ္ဆာဓိပ္ပေတာဟာရကို ဖော်ပြပါ။

ဖြေ။ အာဟာရ အရ = ကဗဠီကာရာဟာရ ဖြစ်သည့် နတ်သြဇာ ဖြစ်သော သုဓာဘောဇဉ်ကို ယူရမည်။

မေး။ နတ်တို့၏ အာဟာရကို ဖော်ပြပါ။

ဖြေ။ နတ်တို့၏ အာဟာရမှာ "သုဓာ"ပင် ဖြစ်၏။ (ဋီသစ်)

မေး။ "သုဓာ"ဟု ခေါ်ဆိုရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ၁၂-ပါးသော ပါပဓမ္မတို့ကို ပယ်ခွာ၍ ချမ်းသာကို ဆောင်တတ်သောကြောင့် "သုဓာ"ဟု ခေါ်၏။

မေး။ နတ်သုဓာ စားကျိုး ၁၂-မျိုးကို ဖော်ပြပါ။ (တစ်နည်း) နတ်သုဓာဖြင့် ပယ်ဖျောက်နိုင်သော ပါပဓမ္မ ၁၂-မျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ ခုဒ္ဒ - ထမင်းဆာခြင်း၊
၂။ ပိပါသ - ရေငတ်ခြင်း၊
၃။ အရတိ - မမွေ့လျော်ခြင်း၊
၄။ ဒရထ - ကိုယ်ပူခြင်း၊
၅။ ခိဒ (ဝါ) ကိလမန - ပင်ပန်းခြင်း၊
၆။ ကောဓ - အမျက်ထွက်ခြင်း၊
၇။ ဥပနာဟ - ရန်ငြိုးဖွဲ့ခြင်း၊
၈။ ဝိဝါဒ - ငြင်းခုံခြင်း၊
၉။ ပေသုန (ဝါ) ပေသုည - ချောပစ်ကုန်းတိုက်ခြင်း၊
၁၀။ သီတ - ချမ်းအေးခြင်း၊
၁၁။ ဥဏှ - ပူအိုက်ခြင်း၊
၁၂။ တန္ဒီ - ပျင်းရိခြင်းတို့တည်း။ (ဋီသစ်)

သတိ။ နတ်သုဓာသည် သဖန်းသီး ပမာဏရှိ၏။ လက်တစ်ဆုပ်စာလောက် ကြီး၏။ ထိုသုဓာကို သမာနဝါဒအလို = နတ်တို့ အရေအတွက်အားဖြင့် တစ်ရက်တစ်ခါ မှန်မှန်စားကြရမည်။ ကေစိဝါဒအလို = နတ်တို့ အရေအတွက်အားဖြင့် ၇-ရက်တစ်ခါ စားရမည်။ ထိုနတ်သုဓာကို စားသည့်အခါ ကေစိဝါဒအလို = ရေသဖန်းသီး ပမာဏမျှလောက် အတိုင်းအရှည်ရှိသော ဘောဇဉ်မျှကိုသာ စားရမည်။ နတ်သုဓာသည် လျှာပေါ်တင်လိုက်လျှင်ပင် ဆံဖျား၊ လက်သည်းဖျား၊ ခြေသည်းဖျားတိုင်အောင် တစ်ကိုယ်လုံး ပျံ့နှံ့၍ သွားလေ၏။ အောက်အောက် နတ်တို့ထက် အထက်အထက် နတ်တို့၏ အာဟာရသည် အဆင့်ဆင့် သာလွန်၏။ (ဋီသစ်၊ ဘာဋီ)

မေး။ နတ်သုဓာ၏ ဂုဏ် ၅-ပါးကို ဖော်ပြပါ။

ဖြေ။ ၁။ သင်္ခုပမာ - ခရုသင်းကဲ့သို့ ဖွေးဖွေးဖြူ၏။
၂။ အတုလျဒဿနာ - အတုမရှိအောင် ကြည့်စရာ ကောင်း၏။
၃။ သုစိ - စင်ကြယ်၏။
၄။ သုဂန္ဓာ - ကောင်းသော အနံ့ရှိ၏။
၅။ ပိယရူပါ - ချစ်စရာ အဆင်းရှိ၏။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ မနုဿာနဉ္စ ကမ္ဗောဇောဇော မန္တော ဝါကျဝယ် မနုဿာနံ ဟူသော သဒ္ဒါသည် အဘယ် ဥပစာသဒ္ဒါ ဖြစ်သနည်း၊ အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ အတူဖြစ်သော ဇမ္ဗူဒီပါကျွန်းသူ လူအများ၏ မနုဿဟူသော အမည်ကို အတူရှိသော ကျန်သော ကျွန်းကြီးများနှင့် ကျွန်းငယ်ကလေးများ၌ နေကြသော လူအများ၌ တင်စား၍ ကျန်သော ကျွန်းကြီးများနှင့် ကျွန်းငယ်ကလေးများ၌ နေကြသော လူအများကို မနုဿာနံဟု ခေါ်ဝေါ်ခြင်းကြောင့် မနုဿာနံ ဟူသော သဒ္ဒါသည် သဒိသူပစာသဒ္ဒါ ဖြစ်၏။ (ဋီသစ်)

မေး။ အဘယ်ကြောင့် နတ်တို့ ကမ္ဗောဇောဇော အားကောင်း၍၊ ကရဇကာယ သိမ်မွေ့နူးညံ့ရသနည်း။ (ဝါ) ကရဇကာယ အားနည်း နုံ့နဲ့ရသနည်း။

ဖြေ။ နတ်တို့သည် အထူးမွန်မြတ်သော ရှေးကုသိုလ်ကောင်းမှု ကံကြောင့် ဖြစ်ရသောကြောင့်လည်းကောင်း၊ မွန်မြတ်သည့် ကြေနိုင်ခဲသော လေးလေးပင်ပင် နူးညံ့သိမ်မွေ့ ညက်ညောလှစွာသော နတ်သုဓာအာဟာရကိုပင် ကြေကျက်စေနိုင်သောကြောင့်လည်းကောင်း နတ်တို့၏ ကမ္ဗောဇောဇော အားကောင်းသည်။

နတ်တို့၏ ခန္ဓာကိုယ်မှာ သိမ်မွေ့နူးညံ့သောကြောင့် ကရဇကာယ သိမ်မွေ့နူးညံ့သည်။ (ဝါ) ကရဇကာယ အားနည်း နုံ့နဲ့သည်။

အမှာ။ လူတို့ကား = ကမ္ဗောဇောဇော အားနည်း၍ ကရဇကာယ အားကောင်းသည်။ (ဋီသစ်)

မေး။ ပဉ္စာ နိရုန္တရုံ ခါဒန္တာပိ ပိဝန္တာပိ စဝန္တိယေဝ ဝါကျဝယ် အစာ စားချိန်ကို လွန်သွားသော နတ်တို့သည် နောင်အခါ မပြတ်စားသောက်နေကြသောကြောင့် "ပဉ္စာ နိရုန္တရုံ ခါဒန္တာပိ ပိဝန္တာပိ"ဟူသော စကားရပ်ကို ဆိုထားပါသလော၊ အဘယ်ကြောင့် "ပဉ္စာ နိရုန္တရုံ ခါဒန္တာပိ ပိဝန္တာပိ"ဟူသော စကားရပ်ကို ဆိုရသနည်း၊ ရှင်းလင်းစွာ ဖြေဆိုပါ။

ဖြေ။ အစာ စားချိန်ကို လွန်သွားသော နတ်တို့သည် နောင်အခါ မပြတ်စားသောက်နေကြသောကြောင့် "ပဉ္စာ နိရုန္တရုံ ခါဒန္တာပိ ပိဝန္တာပိ"ဟူသော စကားရပ်ကို ဆိုထားခြင်း မဟုတ်ပါ။ သက်သက် ကြံဆပြောဆိုခြင်း၏ အစွမ်းအားဖြင့်သာလျှင် (ဝါ) ဘယ်နည်းနှင့်မှ အသက် ပြန်မရှင်သည်ကို ပေါ်လွင်စေရန်သာလျှင် "ပဉ္စာ နိရုန္တရုံ ခါဒန္တာပိ ပိဝန္တာပိ"ဟူသော စကားရပ်ကို ဆိုခြင်းဖြစ်၏။

**(ပွါး နှာ ၁၀၅–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အဘယ်ကြောင့် အဘယ်နတ်တို့ကို **ခိဍ္ဍာပဒေါသိကာ** နတ်ဟု ခေါ်သည်ကို (က) သမာနဝါဒ (ခ) ကေစိဝါဒ အလိုကျ ခွဲခြား၍ ဖော်ပြပါ။

ဖြေ။ (က) ဒေဝါနံ ကမ္ဗောဇောဇော ဗလဝါ၊ ကရဇံ မန္ဒံဟု ဘုရားရှင် သာမညအားဖြင့် ဟောထားသောကြောင့် ကဗဠီကာရာဟာရကို မှီ၍ အသက်မွေးကုန်သော ကာမာဝစရ နတ်အားလုံးကို "ခိဍ္ဍာပဒေါသိကာ" နတ်ဟု ခေါ်သည်။ (သမာနဝါဒ)

(ခ) ပျော်ရွှင်ခြင်းဖြင့် ပျက်စီးခြင်းမျှကြောင့်သာ ခိဍ္ဍာပဒေါသိကာဟု ဆိုအပ်သောကြောင့် နိမ္မာနရတိနတ်၊ ပရနိမ္မိတဝသဝတ္တိ နတ်တို့ကိုလည်း "ခိဍ္ဍာပဒေါသိကာ"နတ်ဟု ခေါ်၏။ (ကေစိဝါဒ)

အမှာ။ ကေစိဝါဒဟူသည် = အဘယဂိရိဝါသီ ဂိုဏ်းဆရာတို့၏ ဝါဒတည်း။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ **မနောပဒေါသိက**ဟု ခေါ်ဆိုအပ်သော နတ်တို့သည် မည်သည့် နတ်ဘုံ၌ ဖြစ်သော နတ်မျိုး ဖြစ်သည်ကို လည်းကောင်း၊ မည်သို့ ပျက်စီးကြသည်ကိုလည်းကောင်း တိတိကျကျ ဆုံးဖြတ်ပါ။

ဖြေ။ "မနောပဒေါသိက"ဟု ခေါ်ဆိုအပ်သော နတ်တို့သည် = စတုမဟာရာဇ် နတ်ဘုံ၌ ဖြစ်သော နတ်မျိုး ဖြစ်၏။ (ဋ)

ယင်းမနောပဒေါသိက နတ်တို့သည် အချင်းချင်း ပြစ်မှားသော စိတ်ရှိကုန်သည် ဖြစ်၍ ပင်ပန်းသောကိုယ်၊ ပင်ပန်းသောစိတ် ရှိကြကုန်၏။ ဤသို့ အမျက်ဒေါသနှင့်ယှဉ်သော စိတ်ကြောင့် ပျက်စီးကြရ၏။ (ပါဠိတော်)

မေး။ နတ်ပြည်၌ နက္ခတ်ရှိ၍ "နက္ခတ္တံ (ကီဠိဿာမိ)"ဟု အဋ္ဌကထာဆရာ ဆိုသလော၊ ရှင်းပြပါ။

ဖြေ။ နတ်ပြည်၌ နက္ခတ်မရှိ၊ ထို့ကြောင့် နက္ခတ်ပွဲလည်း မရှိ။ လူ့ပြည်က အခေါ်အဝေါ်အတိုင်း နတ်တို့၏ ပွဲသဘင်ကိုပင် ဥပစာတင်၍ "နက္ခတ္တံ"ဟု ဆိုသည်။

မေး။ ပွဲသဘင်ဟူသမျှကို "နက္ခတ္တ"ဟု ဆိုသင့်/မဆိုသင့် အကြောင်းသွင်း၍ ဆုံးဖြတ်ပါ။

ဖြေ။ များသောအားဖြင့် ပွဲသဘင် ဟူသမျှကို နက္ခတ်နှင့်ယှဉ်၍ ပြုကြသောကြောင့် နက္ခတ်နှင့် ယှဉ်သည် ဖြစ်စေ၊ မယှဉ်သည်ဖြစ်စေ ပွဲသဘင် ဟူသမျှကို "နက္ခတ္တ"ဟု ဆိုသင့်သည်။ (ဋီသစ်၊ ဘာဋီ)

မေး။ နတ်တို့ စုတေကြောင်း လေးမျိုးကို ဖော်ပြပါ။

ဖြေ။ အာယုက္ခယ၊ ပုညက္ခယ၊ အာဟာရက္ခယ၊ ကောပ တို့ဖြစ်သည်။

ဆောင်။ နတ်ပြည်တို့မှာ၊ စုတေပျက်ရှု၊ အာယု, ပုည၊ အာဟာရ၊ ကောပ လေးပါးလာ။

မေး။ တက္ကီအဆင့်မျှသာ ရှိသော ပုဂ္ဂိုလ်သည် စက္ခု စသော ရုပ်တရားတို့၏ ပျက်ခြင်း, ဖြစ်ခြင်းကို မြင်နိုင်/မမြင်နိုင် အကြောင်းနှင့်တကွ ဖြေဆိုပါ။

ဖြေ။ မြင်နိုင်သည်။

အကြောင်းကား = ရုပ်တရား ပျက်စီးခြင်း၏ ရုန့်ရင်းကြမ်းတမ်းသည်၏ အဖြစ်ကြောင့် တက္ကီပုဂ္ဂိုလ်သည် စက္ခု စသော ရုပ်တရားတို့၏ ပျက်ခြင်း, ဖြစ်ခြင်းကို မြင်နိုင်သည်။ (ဋီသစ်)

အမှာ။ စက္ခာဒီနံ ဘေဒံ ပဿတိ၏ အကြောင်းကို ရေးခဲ့ပါဟု မေးသော် = ရုပ်တရား ပျက်စီးခြင်း၏ ရုန့်ရင်း ကြမ်းတမ်းသည်၏ အဖြစ်ကြောင့်တည်း။

မေး။ စိတ္တံ ပန ယသ္မာ ပုရိမံ ပုရိမံ ပစ္ဆိမဿ ပစ္ဆိမဿ ပစ္စယံ ဒတွာဝ နိရုဇ္ဈတိ ဝါကျ၌ လာသော "ပစ္စယံ"၌ ပစ္စယ အရကို ဖော်ပြပါ။

ဖြေ။ ပစ္စယ အရ = အနန္တရ စသော ပစ္စည်းများကို ယူပါ။

မေး။ စိတ္တံ ပန ယသ္မာ ပုရိမံ ပုရိမံ ပစ္ဆိမဿ ပစ္ဆိမဿ ပစ္စယံ ဒတွာဝ နိရုဇ္ဈတိ၊ တသ္မာ စက္ခာဒီနံ ဘေဒတော ဗလဝတရမ္ပိ စိတ္တဿ ဘေဒံ န ပဿတိ ဝါကျ၌ အဘယ်ကို ရည်ရွယ်၍ စိတ်၏ ပျက်ခြင်းကို "ဗလဝတရ"ဟု ဆိုသနည်း၊ ရှင်းလင်းစွာ ဖြေဆိုပါ။

ဖြေ။ နာမ်တရားဖြစ်သော စိတ်၏ အလွန်လျင်မြန်စွာ ပျက်စီးသွားမှုကိုပင် ရည်ရွယ်၍ ဤနေရာ၌ စိတ်၏ ပျက်ခြင်းကို "ဗလဝတရ"ဟု ဆို၏။ မှန်၏၊ ဥပမာကား = ပစ္စုပ္ပန် အာရုံကို အာရုံပြုသည့် စက္ခုဝိညာဏဝီထိ၌ အတီတဘဝင် စသော စိတ် ၁၇-လုံး ချုပ်ပျောက်ပျက်စီးသွားမှ ရူပါရုံတည်း ဟူသော ရုပ်တရား တစ်ကြိမ်သာ ပျက်စီးသွား၏။ ဤသို့လျှင် ရုပ်တရားနှင့် နှိုင်းယှဉ်သော် စိတ်၏ ပျက်ခြင်းသည် "ဗလဝတရ" ဖြစ်နေ လေတော့၏။ (ဋီသစ်)

ttp://www.dhammadownload.com



### (ပ္စျ နှာ ၁၀၆-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ (က) ဒိဋ္ဌိယာ ဝါစာယ စ ဝိက္ခေပေါတိ **အမရာဝိက္ခေပေါ** သော ဝေါသံ အတ္တီတိ **အမရာဝိက္ခေပိကာ**။
(ခ) အပရော နယော၊ **အမရာ** နာမ ကော မစ္ဆဇာတိ ဟူသော နှစ်ဝါကျတို့တွင် အဘယ်ရည်ရွယ်ချက်ဖြင့် အပရော နယော ဟူသော (ခ)ဝါကျကို အဋ္ဌကထာဆရာ ရေးသားရသနည်း။

ဖြေ။ အမရာဝိက္ခေပိကာ ပုဒ်ကို မိမိစိတ်ကြိုက် ဝါဒဖြစ်သော နည်းဖြင့် တစ်နည်းတစ်ဖုံ ကြံဆ၍ ညွှန်ပြ ဖွင့်ဆိုလိုသော ရည်ရွယ်ချက်ဖြင့် အပရာ နယော ဟူသော (ခ)ဝါကျကို အဋ္ဌကထာဆရာ ရေးသား၏။

မေး။ **အမရာ** နာမ ကော မစ္ဆဇာတိ ဝါကျ၌ အမရာ နာမ မစ္ဆဇာတိဟုသာ မဆိုဘဲ ကော မစ္ဆဇာတိဟု "ကော"သဒ္ဒါ ထည့်ဆိုရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ဧဝင်း ဟူသော ငါးမျိုးသည် ငါးမျိုးအပေါင်းတွင် အထူးဖြစ်သော ငါးမျိုးတည်းဟု သိစေလိုသောကြောင့် "ကော"သဒ္ဒါကို ထည့်၍ ကော မစ္ဆဇာတိဟု ဆို၏။ (ဋီသစ်)

မေး။ သာ ဥမ္မုဇ္ဇနနိမုဇ္ဇနာဒိဝသေန ဥဒကေ သန္ဓာဝမာနာ ဂဟေတုံ န သက္ကာတိ ဧဝမေဝ အယမ္ပိဝါဒေါ ဣတော စိတော စ သန္ဓာဝတိ ဝါကျဝယ် "ဣတောစိတော စ သန္ဓာဝတိ-(ဤဝါဒသည်) ထိုမှ,ဤမှ ပြေးသွားတတ်၏"ဟု အဘယ်ကြောင့် ဆိုရသည်ကို အကြောင်းသွင်း၍ ရှင်းပြဖြေဆိုပါ။

ဖြေ။ တစ်ခုတည်းသော သဘောတရား၌ စွဲမြဲစွာ တည်နေမှု, စွဲမြဲစွာ ယူထားမှု မရှိသောကြောင့် "ဣတောစိတော စ သန္ဓာဝတိ-(ဤဝါဒသည်) ထိုမှ,ဤမှ ပြေးသွားတတ်၏"ဟု ဆိုသည်။ (ဋီသစ်)

မေး။ အယမ္ပိ ဝါဒေါ ဣတော စိတော စ သန္ဓာဝတိ၊ ဂါဟံ န ဥပဂစ္ဆတိ ဝါကျ၌ "ဂါဟံ န ဥပဂစ္ဆတိ-တစ်ခုတည်း စွဲလမ်းခြင်းသို့ မရောက်ခြင်း" အကြောင်းကို ရေးခဲ့ပါ။ (ဝါ) "ဂါဟံ န ဥပဂစ္ဆတိ"၏ ဟိတ်ကို ရေးခဲ့ပါ။

ဖြေ။ "ဂါဟံ န ဥပဂစ္ဆတိ-တစ်ခုတည်း စွဲလမ်းခြင်းသို့ မရောက်ခြင်း"အကြောင်းကား (ဝါ) "ဂါဟံ န ဥပဂစ္ဆတိ"၏ ဟိတ်ကား = ဤမည်ဤမည်သော အဘို့မှ တစ်ပါးသော ဤမည်ဤမည်သော အဘို့သို့ လှုပ်ရှားပြေးသွားနေသောကြောင့်တည်း။ (ဋီသစ်)

### (ပ္စျ နှာ ၁၀၇-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **ဒေါသော ဝါ ပဋိဃော ဝါ**၌ ဒေါသနှင့် ပဋိဃတို့၏ အထူးကို ဖြေခဲ့ပါ။

ဖြေ။ အားနည်းသော ကောသေသည် ဒေါသ၊ အားကြီးသော ဒေါသသည် ပဋိဃ။ ဤသို့ ထူး၏။ (ဋ)

မေး။ ဥဘယမ္ပိ ဝါ ဒဠှဂ္ဂဟဏဝသေနှ၌ ဥဘယ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဥဘယ အရ = ရာဂနှင့်ဒေါသ နှစ်ပါးကို ယူပါ။
အကြောင်းကား = ပါဠိတော်၌ ဟောတော်မူအပ်ကုန်သော ဆန္ဒော ဝါ ရာဂေါ ဝါ ဒေါသော ဝါ ပဋိဃော ဝါ-ဟူသော သဒ္ဒါတို့သည် ဆန္ဒ, ရာဂ, ဒေါသ, ပဋိဃ ဟူ၍ သဒ္ဒါအားဖြင့် လေးမျိုး ကွဲပြားကုန်သော်လည်း တရားကိုယ် အရအားဖြင့် ဆန္ဒနှင့်ရာဂ, ဒေါသနှင့်ပဋိဃတို့သည် မကွဲပြား၊ လောဘနှင့်ဒေါသ နှစ်ပါးကိုသာ ရသောကြောင့်တည်း။ (ဋီသစ်)

မေး။ ဥဘယမ္ပိ ဝါ ဒဠှဂ္ဂဟဏဝသေန ဥပါဒါနံ၊ ဝိဟနနဝသေန ဝိဃာတော၌ (က) ရာဂ၏ ဝိဃာတ မည်ခြင်း အကြောင်း (ခ) ဒေါသ၏ ဥပါဒါန် မည်ခြင်း အကြောင်းတို့ကို အကြောင်းသွင်း၍ ရှင်းလင်းပြပါ။

ttp://www.dhammadownload.com



ဖြေ။ (က) တဏှာရာဂသည် ထက်ဝန်းကျင်မှ ပြင်းစွာ ပူလောင်သည်၏ အစွမ်းအားဖြင့် ပူပန်ခြင်းနှင့် တကွဖြစ်၍ လောဘ၏ မှီရာပုဂ္ဂိုလ်ကို (ဝါ) တဏှာရာဂ ဖြစ်နေသည့် ပုဂ္ဂိုလ်ကို ညှဉ်းပန်းနှိပ်စက်တတ်သောကြောင့် "ဝိဃာတ" မည်၏။

(ခ) ဒေါသသည်လည်း ရန်ငြိုးဖွဲ့ခြင်း စသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သောကြောင့် အာရုံကို မလွှတ်၊ ထို့ကြောင့် "ဥပါဒါန်" မည်၏။ (ဋီသစ်မှီး–အောင်ပန်း)

(ဂ) ဒေါသသည်လည်း အာရုံကို ညှဉ်းပန်းနှိပ်စက်တတ်သည်၏ အစွမ်းဖြင့် ပြင်းစွာ နှောင်ဖွဲ့တတ်သည်၏ အဖြစ်ဖြင့် ဖြစ်လျက်ရှိရကား မိမိယူထားရာ အာရုံကို (မြွေသည် ဖားကို စွဲမြဲစွာ ဖမ်းထားသကဲ့သို့) စွဲမြဲစွာ ယူထားတတ်သောကြောင့် "ဥပါဒါန်" မည်၏။ (ဋီသစ်မှီး–ဥယျာဉ်)

မေး။ အဘယ်အကျိုးငှာ "ဒဋ္ဌဂ္ဂဟဏဝသေန"ဟု ဆိုသနည်း။

ဖြေ။ အဘိဓမ္မာ၌ လောဘ၏သာလျှင် ဥပါဒါန်၏ အဖြစ်ဖြင့် ထင်ရှားပြီး ဖြစ်၍ ဒေါသ၏ ဥပါဒါန်အဖြစ် မထင်ရှားသေးရကား ဒေါသ၏လည်း ဥပါဒါန် အဖြစ်ကို ပြခြင်းအကျိုးငှာ "ဒဋ္ဌဂ္ဂဟဏဝသေန"ဟု ဆိုသည်။

အမှာ။ ဥဘယမ္ပိ ဝါ ဒဋ္ဌဂ္ဂဟဏဝသေန ဥပါဒါနံ၊ ဝိဟနနဝသေန ဝိဃာတော ဝါကျကို အဘယ်ကြောင့် ဆိုရသနည်းဟု မေးသော် = ယင်းအဖြေကိုသာ ဖြေပါ။

မေး။ ရာဂေါ ဟိ အမုဉ္စိတုကာမတာယ အာရမ္မဏံ ဂဏှာတိ ဇလူကာ ဝိယ ဝါကျ၌ ဥပမာစတုက္က ထုတ်ပြပါ။

ဖြေ။ မျှော့သတ္တဝါ၏ အာရုံကို မလွှတ်တမ်း စွဲစွဲမြဲမြဲ ယူခြင်းကား နှိုင်းယှဉ်ကြောင်းစကား ဖြစ်သောကြောင့် ဥပမာန၊

ရာဂ၏ အာရုံကို မလွှတ်တမ်း စွဲစွဲမြဲမြဲ ယူခြင်းကား နှိုင်းယှဉ်အပ်သောစကား ဖြစ်သောကြောင့် ဥပမေယျ၊

ထိုဥပမာန, ဥပမေယျတို့၏ အာရုံကို မလွှတ်တမ်း စွဲစွဲမြဲမြဲ ယူကြပုံခြင်း တူသော သဒိသဘောဂုဏ်သည် ဥပမာ၊

အာရုံကို မလွှတ်တမ်း စွဲမြဲစွာ ယူပုံခြင်း တူသည်ကို ထွန်းပြတတ်သောကြောင့် ဝိယ ဟူသော နိပါတ်ပုဒ်သည် ဥပမာဇောတက။

## (၃၊ နှာ ၁၀၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **ပဋ္ဌောတိ** ပဏ္ဍိစ္စေန သမန္နာဂတာ ဝါကျ၌ ပါသည့် ပဏ္ဍိစ္စ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ သမာပတ် မရရှိသူတို့အား သုတမယပညာ, စိန္တာမယပညာတို့ကိုလည်းကောင်း၊ သမာပတ် ရရှိသူတို့အား ဘာဝနာမယပညာကိုလည်းကောင်း ယူအပ်၏။

အကြောင်း = ထိုပညာတို့၏ အရာ ဖြစ်သောကြောင့်တည်း။ (စာစဉ်)

မေး။ နိပုဏ အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ သဏှသုခုမဗုဒ္ဓိနောဟု ဆိုသောကြောင့် ကံကြောင့် ဖြစ်သော ပဋိသန္ဓေပညာဟု ဆိုအပ်သော မပွားများအပ်သော ပညာကို ရ၏။ (စာစဉ်)

မေး။ အမရာဝိက္ခေပ ဝါဒ၌ ဤစတုတ္ထပုဂ္ဂိုလ်ကိုသာ "**မန္ဒ မောမူဟ**"ဟု ဆိုရခြင်း အကြောင်းကို သေချာစွာ ရှင်းပြခဲ့ပါ။

ဖြေ။ ရှေ့ပုဂ္ဂိုလ်သုံးယောက်တို့သည် မိမိ၏ ကုသိုလ်စိတ် စသည်ကို မသိခြင်းကို မသိမှန်း သိကြသေး၏။ဤ စတုတ္ထပုဂ္ဂိုလ်ကား = မိမိ၏ မသိမှန်းကိုပင် မသိ၊ ထို့ကြောင့် "**မန္ဒ မောမူဟ**"ဟု ဆိုသည်။ မှန်၏၊ လောက၌ မိမိ၏ မသိမှန်းကို သိသူသည် ထိုမသိခြင်းကို သိအောင် (သူတစ်ပါးထံ) မေးမြန်း၍ သိသူ ဖြစ်လာနိုင်သေး၏။ မိမိ၏ မသိမှန်းကိုမျှ မသိသူကား သူတစ်ပါးကို မေးတော့မည် မဟုတ်၊ ထို့ကြောင့် သိသူ မဖြစ်နိုင်တော့။ (ဘာဋီ)

ttp://www.dhammadownload.com



မေး။ **မောမူဟော** ပုဒ်ကို အတိသမ္ဗုဋ္ဌောဟု အနက်တူ ပရိယာယ်သဒ္ဒါဖြင့် အဘယ့်ကြောင့် ဖွင့်ဆိုရသနည်း။

ဖြေ။ အနက်တူ ပရိယာယ်သဒ္ဒါဖြင့် ဖွင့်ပြခြင်းသည် အတိသယတ္ထကို ထွန်းပြလိုသောကြောင့်တည်း။ (တစ်နည်း) မြဲခြင်း အကျိုးငှာလည်းကောင်း၊ အနက်တစ်ပါးကို သိစေခြင်း အကျိုးငှာလည်းကောင်း ဖွင့်ဆို၏။ (စာစဉ်)

မေး။ **ဟောတိ တထာဂတောတိ** အာဒီသု သတ္တော တထာဂတောတိ အဓိပ္ပေတော ပါဌ်၌ အဘယ်ကြောင့် အဘယ်အရာကို "တထာဂတ"ဟု ခေါ်သနည်း။

ဖြေ။ ရှေးဘဝ၌ ကံကြောင့် ကံဖြင့် ဖြစ်လာရသကဲ့သို့ ဤဘဝ၌လည်း ကံကြောင့် ကံဖြင့် ဖြစ်ပေါ်လာရသောကြောင့် သတ္တဝါကို "တထာဂတ"ဟု ခေါ်သည်။

မေး။ စိတ် (ဝါ) သညာကို အကြီးအမှူး ဒေသနာသီသပဓာန ပြုရပုံကို ရေးခဲ့ပါ။

ဖြေ။ လောကုတ္တရာ တရားကို ဟောတော်မူရာ အခါ၌ သမာဓိ (ဝါ) ပညာကို အကြီးအမှူး ပဓာနပြု၍ ဟောတော်မူသကဲ့သို့ လောကီ တရားကို ဟောတော်မူရာ အခါ၌ စိတ် (ဝါ) သညာကို အကြီးအမှူး ပဓာန ပြု၍ ဟောတော်မူသည်။ (ဋီသစ်)

### (၄၂၊ နှာ ၁၀၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အခြားတစ်ပါးသော သတ္တဝါတို့၌ မနုဿသတ္တ, စာတုမဟာရာဇိကသတ္တ စသည်ဖြင့် သတ္တသဒ္ဒါဖြင့် အထူးပြု၍ ခေါ်ဆိုရိုး မရှိပါဘဲလျက် "အသညသတ္တ"၌ အဘယ်ကြောင့် အသညဟု သာမညမျှသာ မဆိုဘဲ သတ္တသဒ္ဒါဖြင့် အထူးပြု၍ "အသညသတ္တ"ဟု ခေါ်ဆိုရသနည်း။

ဖြေ။ အသညသတ်ဗြဟ္မာ ဟူသည်မှာ = နာမ်တရား လုံးဝမရှိ၊ ရုပ်တရား သက်သက်မျှသာ ရှိသော ဗြဟ္မာများ ဖြစ်သည်။ ဤသို့ နာမ်တရားနှင့် မရောယှက်၊ ရုပ်တရား သက်သက်မျှသာ ရှိသည့်အတွက် နောင်းခေတ် လူများသည် အသညသတ် သတ္တဝါဟူသည် မရှိနိုင်ဟူသော မိစ္ဆာဉာဏ် သက်ရောက်လာနိုင်၍ ယင်းမိစ္ဆာဉာဏ်ကို တားမြစ်လိုသောကြောင့် အသညဟု သာမညမျှသာ မဆိုဘဲ သတ္တသဒ္ဒါဖြင့် အထူးပြု၍ "အသညသတ္တ"ဟု ခေါ်ဆို၏။ (သင်္ဂြိုဟ်ဂဏ္ဌိ)

မေး။ အသညသတ်ဘုံသည် တစ်ဘုံတည်းသာ ရှိပါလျက် အဘယ်ကို ရည်ရွယ်၍ အသညသတ္တေသု နိဒ္ဒေသတ္တတိ ဝါကျ၌ "အသညသတ္တေသု"ဟု ဗဟုဝုစ်ဖြင့် ဆိုသနည်း။

ဖြေ။ အသညသတ္တ မည်သော သတ္တဝါ အများကို ရည်ရွယ်၍ (တစ်နည်း) အခြား စကြာဝဠာတို့၌လည်း အသညသတ်ဘုံများ ရှိကြသေးသောကြောင့် ထိုအသညသတ်ဘုံများကို ရည်ရွယ်၍ "အသညသတ္တေသု"ဟု ဗဟုဝုစ်ဖြင့် ဆိုသည်။ (ဋီသစ်)

မေး။ ယထာ နာမ ဗီယာ ဝေဂုက္ခိတ္တော သရော ယတ္တကော ဗီယာဝေဂေါ၊ တတ္တကမေဝ အာကာသေ ဂစ္ဆတိ၊ ဧဝမေဝ ဈာနဝေဂုက္ခိတ္တော ဥပပဇ္ဇိတ္တာ ယတ္တကော ဈာနဝေဂေါ၊ တတ္တကမေဝ ကာလံ တိဋ္ဌန္တိ ဟူသော စကားရပ်ဖြင့် သင်တို့အား ပေးလိုက်သော ဥပဒေသကို ရေးခဲ့ပါ။

ဖြေ။ "အသညသတ် ဗြဟ္မာများသည် ရုပ်ချည်း တည်နေနိုင်၏"ဟူသော စကားများကို ဤကျမ်း၌လည်းကောင်း၊ အခြားကျမ်းများ၌လည်းကောင်း ဆိုအပ်သော အာဂုမ်သည်သာလျှင် အသင့်ယုတ္တိ မဟုတ်သေး။ စင်စစ်သော်ကား ယထာ နာမ စသော စကားရပ်ဖြင့် ပြဆိုသော အကြောင်းသည်လည်း အသင့်ယုတ္တိပင် ဖြစ်သည်ဟု ပြ၏။

ttp://www.dhammadownload.com



ထို့ကြောင့် လေးညို့အဟုန် ပစ်လွှတ်အပ်သော မြားသည် လေးညို့အဟုန် ရှိသလောက် ကောင်းကင်သို့ သွား၍ တည်နေနိုင်သကဲ့သို့ ဈာန်၏ အဟုန်ဖြင့် ပစ်လွှတ်အပ်သော အသညသတ် ဗြဟ္မာများသည်လည်း ဈာန်အဟုန် ရှိသလောက်သာ အသညသတ်ဘုံသို့ သွား၍ တည်နေနိုင်ပါသည်။ ဤကား ယထာ နာမ စသော စကားရပ်ဖြင့် ကျွန်ုပ်တို့အား ပေးလိုက်သော ဥပဒေသပင် ဖြစ်ချေတော့၏။

မေး။ ဈာနဝေဂ အရကို ဖော်ပြပါ။

ဖြေ။ ဈာနဝေဂ အရ = အသညသတ် သမာပတ်သည် ပြုစီရင်အပ်သော စတုတ္ထဈာန် ကံအဟုန် (ဝါ) ပဉ္စမဈာန် ကံအဟုန်ကို ယူပါ။

မေး။ ပဋိသန္ဓိသညာ ဥပ္ပဇ္ဇတိဟု ဆိုသောကြောင့် ပဋိသန္ဓေအခါ၌ ပဋိသန္ဓေ စိတ်,စေတသိက်သာ ဖြစ်သည်ဟု မှတ်ရမည်လော၊ ဖြေဆိုခဲ့ပါ။

ဖြေ။ ပဋိသန္ဓိသညာ ဥပ္ပဇ္ဇတိဟု ဆိုသည်ကား = ပဋိသန္ဓေ စိတ်,စေတသိက်များကို ခေါင်းတပ်၍ ဆိုခြင်း ဖြစ်သည်။ ပဋိသန္ဓေ စိတ်,စေတသိက်သာမက ပဋိသန္ဓေ ကမ္မဇရုပ်တို့လည်း ဖြစ်ကြသေး၏။ (ဋီသစ်)

မေး။ အသညသတ်ဘုံမှ စုတေ၍ ကာမဘုံ၌ လာဖြစ်သော ပဋိသန္ဓေအား မည်သည့်တရားက ကျေးဇူးပြုသနည်း။

ဖြေ။ အသညသတ်ဘုံသို့ မရောက်မီ ကာမဘုံတုန်းက စုတိစိတ်သည် နာမ်အစဉ်ချင်း ဆက်စပ်နေသော ထိုပဋိသန္ဓေအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

မေး။ ဖောက်ပြန်ခြင်းသဘော ရှိသောကြောင့် အတ္တကို "ရူပီ"ဟု ဆိုလျှင် သဿတ(မြဲ၏)ဟု ယူခြင်းနှင့် မဆန့်ကျင်ပါလော၊ အဘယ်နည်းဖြင့် ဤအယူကို သဿတဒိဋ္ဌိ၌ သွင်းနိုင်သနည်း။

ဖြေ။ တိတ္ထိဆရာသည် "အတ္တသည် မသေမီက ဝဓိုတ, အဝဓိုတ (အကျယ်,အကျဉ်း)အားဖြင့် ဖောက်ပြန်သော်လည်း သေပြီးနောက် မဖောက်ပြန်ဘဲ မြဲ၏"ဟု ယူသောကြောင့် သဿတဒိဋ္ဌိ၌ သွင်းနိုင်သည်။ (ဘာဋီ)

**(ဌ၊ နှာ ၁၁၀–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ခေတ္တသုခီ၊ ခေတ္တဒုက္ခီ၊ သုခဒုက္ခီ၊ အဒုက္ခမသုခီ အမည်ရသော သတ္တဝါတို့ကို ခွဲခြား၍ ဖော်ပြပါ။

ဖြေ။ တိကစတုက္က ဈာန်၌ ဖြစ်သော ဗြဟ္မာတို့သည် ခေတ္တသုခီ။
ငရဲဘုံ၌ ဖြစ်သော ငရဲသားတို့သည် ခေတ္တဒုက္ခီ။
လူ့ဘုံ၌ ဖြစ်သော သတ္တဝါတို့သည် သုခဒုက္ခီ။
ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်သော ဗြဟ္မာတို့သည် အဒုက္ခမသုခီ။ (ဌ)

မေး။ သညီဝါဒ အဖွင့်၌ ပြဆိုအပ်သည့် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ် ရသော တိတ္ထိပုဂ္ဂိုလ်တို့သည် အဘယ်အယူကို ယူကုန်သနည်း၊ အဋ္ဌကထာနည်းကျကျ ခွဲခြား၍ ဖြေပြပါ။

ဖြေ။ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ရသော တိတ္ထိတို့သည် ပုဗ္ဗန္တကပ္ပိက အယူကို ယူကြကုန်၏။
ဒိဗ္ဗစက္ခု ဉာဏ်ရသော တိတ္ထိတို့သည် အပရန္တကပ္ပိက အယူကို ယူကြကုန်၏။ (ဌ)

မေး။ တတ္ထ န ခေတ္တေန ကာရဏံ ပရိယေသိတဗ္ဗံ၌ ကာရဏ အရကို ဖော်ပြပါ။

ဖြေ။ ကာရဏ အရ = ထူးသော အကြောင်း (ဝါ) မိစ္ဆာအယူ ဖြစ်ပေါ်လာရခြင်း အကြောင်းကို ယူပါ။ (ဋီသစ်)

မေး။ ဒိဋ္ဌိဂတိကဿ ဟိ ဂါဟော ဥမ္မတ္တကပစ္ဆိသဒိသောတိ ဝုတ္တမေတံ ဝါကျဖြင့် အဘယ်အရာကို ပြဆိုသနည်း။

ဖြေ။ ရှာမှီးခြင်းငှာ ခံ့ခြင်း မရှိသည်၏ အဖြစ်ကြောင့် မိစ္ဆာအယူသည် အရူးခြင်းတောင်းနှင့် တူ၏ဟူသော အကြောင်းကို ပြဆို၏။ (စာစဉ်)

ttp://www.dhammadownload.com



မေး။ လာဘီ အရဟတော ဒိဗ္ဗေန စက္ခုနာ စုတိ ဒိသွာ ဥပပတ္တိံ အပဿန္တော ဝါကျဝယ် စုတိ၌ စုတိ အရကို ဖော်ပြ၍၊ အဘယ်၏ အစွမ်းဖြင့် အပဿန္တောဟု ဆိုရသည်ကိုလည်း ဖြေပြပါ။

ဖြေ။ စုတိ အရ = သေက္ခ, ပုထုဇဉ်တို့၏လည်း စုတိကို ယူရမည်။ (စာစဉ်)
မြင်ခြင်းငှာ စွမ်းနိုင်သော်လည်း မကြည့်ခြင်း၏ အစွမ်းဖြင့် အပဿန္တောဟု ဆို၏။ (စာစဉ်)

မေး။ (စုတိမတ္တမေဝ ဒဋ္ဌုံ သက္ကောတိ န ဥပပါတံ) အဘယ့်ကြောင့် ပဋိသန္ဓေကို မြင်ခြင်းငှာ မစွမ်းနိုင်ရသနည်း။

ဖြေ။ ရှေးဘဝ၌ အားထုတ်အပ်သော ကောင်းမှု မရှိခြင်း, သူ၏ ပဋိသန္ဓေကို ငါမြင်လို၏ဟု ပရိကမ်ပြုမှု မရှိခြင်း တို့ကြောင့်တည်း။ (စာစဉ်)

မေး။ သုက္ကသောဏိတံ ဟူသော ပုဒ်သည် မည်သည့် သမာသ်ဖြစ်၍ မည်သို့ ဝိဂ္ဂဟ ပြုရမည်နည်း၊ ရှင်းလင်းစွာ ဖြေခဲ့ပါ။

ဖြေ။ ဘိက္ခုနီ ပါဠိတော်ဝယ် သုက္ကဝိဿဋ္ဌိ မပါရှိရကား မိန်းမတို့၌ သုက်မရှိဟု အချို့ဆရာတို့ ဆိုကြ၏။ ထိုဝါဒအလို မိန်းမတို့၌ သုက်မရှိရကား = သုက္ကသည် အခင်အတွက်, သောဏိတသည် မိခင်အတွက်ဟု ခွဲခြား၍ ယူရမည်။ သုက္ကနှင့်သောဏိတ နှစ်ပုဒ်အရတို့ ကွဲနေသည်။ ထို့ကြောင့် ဒွန်သမာသ် ဖြစ်သင့်၏။ ပိတုသုက္ကံ, မာတုသောဏိတဉ္စ ဟူသော ဋီကာသစ် ပဌမနည်း အဖွင့်နှင့်လည်း ညီညွတ်၏။ သုက္ကဉ္စ သောဏိတဉ္စ သုက္ကသောဏိတံဟု ဒွန်သမာသ် ဝိဂ္ဂဟ ပြုရမည်။
(တစ်နည်း) မိန်းမများ၌လည်း သုက်ရှိသည်ဟု အချို့ဆရာတို့ ဆိုကြသေး၏။ ထိုဝါဒအလို မိဘနှစ်ပါးလုံး၏ သုက်၊ ယင်းသုက်သည် သွေးမှ ဖြစ်ပေါ်လာ၍ သုက်သည် သွေးလည်း မည်၏။ သုက္ကနှင့်သောဏိတ နှစ်ပုဒ်အရတို့ တူနေသည်။ ထို့ကြောင့် ကမ္မဓာရည်းသမာသ် ဖြစ်သင့်၏။ ဥဘိန္နံ ဝါ သုက္ကသင်္ခါတံ သောဏိတံ ဟူသော ဋီကာသစ် ဒုတိယနည်း အဖွင့်နှင့်လည်း ညီညွတ်၏။ သင်္ခါတသဒ္ဒါဖြင့် ဖွင့်ပြသောကြောင့်လည်း အရတူ ကမ္မဓာရည်းသမာသ် တွဲရမည်။ သုက္ကဉ္စ တံ သောဏိတဉ္စာတိ သုက္ကသောဏိတံဟု ကမ္မဓာရည်း သမာသ် ဝိဂ္ဂဟ ပြုရမည်။

## (၄၊ နှာ ၁၁၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ မာတာပေတ္တိကေ သမ္ဘူတော ဇာတောတိ **မာတာပေတ္တိကသမ္ဘဝေ**ဝယ် မာတာပေတ္တိကေ၌ ဝိဘတ်ကျေထ္တကို ညွှန်ပြပါ။

ဖြေ။ မာတာပေတ္တိကေ၌ သတ္တမီ ဝိဘတ်သည် = နိမိတ်အနက်၌ သက်၏။ (ဋီသစ်)

မေး။ "ရူပကာယဝသေန"ဟု မဆိုဘဲ "ရူပကာယသီသေန"ဟု အဘယ်ကြောင့် ဆိုသနည်း။

ဖြေ။ နာမ်တရားကိုလည်း အတ္တဟု ယူကြောင်းကို သိစေလိုသောကြောင့် "ရူပကာယသီသေန"ဟု ဆို၏။ (ဋီသစ်)
ရှင်းပါဦးအံ့၊ ရူပကာယဝသေနဟု ဆိုလျှင် လူ့အတ္တဘော၏ အရဖြစ်သော အတ္တသည် ရူပက္ခန္ဓာ တစ်ခု တည်းသာ ဖြစ်၏ဟူ၍ ယူရမည်။ ရူပကာယသီသေနဟု ဆိုလိုက်ခြင်းဖြင့် လူ့အတ္တဘော၏ အရဖြစ်သော အတ္တသည် ခန္ဓာငါးပါးလုံးပင် ဖြစ်၏ဟူ၍ မှန်ကန်စွာ ယူရပေမည်။ (ဝါ) လူ့ခန္ဓာကိုယ် အတ္တဘောဟူသော အတ္တသည် ရူပကာယ ဦးစီးခေါင်းဆောင် ဖြစ်၏ဟူ၍ ဆိုလိုက်ခြင်းဖြင့် ရုပ်လည်း အတ္တမည်၏။ ယင်းရုပ်ကို မှီသော နာမ်တရားများလည်း အတ္တမည်၏ဟူသော အဓိပ္ပါယ်ကို အဋ္ဌကထာဆရာ သိစေသည်။

မေး။ ရူပကာယသီသေန၌ ရူပကာယ အရကို ဖော်ပြပါ။

ဖြေ။ ရူပကာယ အရကား = ပဓာနနည်းအားဖြင့် ရူပကာယကို ခေါင်းတပ်၍ ဆိုသဖြင့် အပဓာနည်းအားဖြင့် နာမကာယကိုလည်း "အတ္တ"ဟု ယူနိုင်၏။ ထို့ကြောင့် ရူပကာယ+နာမကာယ နှစ်မျိုးလုံးကို ယူပါ။

ttp://www.dhammadownload.com



မေး။ **ကာမာဝစရောတိ** ဆကာမာဝစရဒေဝပရိယာပန္နော၌ ကာမာဝစရ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ကာမာဝစရ အရ = ရှေးပဋ္ဌမဖြစ်သော ဥဇ္ဈေဒဝါဒီ ပုဂ္ဂိုလ်၏ အယူ၌ ရူပီ စာတုမဟာဘူတိကော မာတာ ပေတ္တိကသမ္ဘဝေါ ပါဠ်တို့ဖြင့် လူ့ကာမာဝစရကို ယူပြီး ဖြစ်သောကြောင့်လည်းကောင်း၊ ဒိဗ္ဗောဟူသော ဝိသေသနကို ထောက်၍ အခြားသော အပါယ်လေးဘုံဟူသော ကာမာဝစရတို့၏လည်း မဖြစ်သင့်သော ကြောင့်လည်းကောင်း ဤနေရာ၌ ကာမာဝစရ အရ = ကာမာဝစရ နတ်ပြည် ၆–ထပ်သာလျှင် ဖြစ်သင့်၍ ပါရိသေသနည်းအားဖြင့် ကာမာဝစရ နတ်ပြည် ၆–ထပ်ကိုသာ ယူပါ။ (ဋီသစ်)

အမှာ။ **ကာမာဝစရောဟု** ပါဠိတော်၌ သာမညသာ ရှိပါလျက် အဘယ်ကြောင့် ဆကာမာဝစရဒေဝပရိယာပန္နော ဟူ၍ ဖွင့်ဆိုရသနည်းဟု မေးသော် = ယင်းအဖြေကို မှီး၍ ဖြေပါ။

သတိ။ ကာမာဝစရောတိ စသော ဝါကျ၌ စတုက္ကမေးနိုင်သည် သတိပြု။

မေး။ **သမ္ဗဂ်ပစ္စင်္ဂ၌** အင်္ဂနှင့် ပစ္စင်္ဂတို့၏ အထူးကို ခွဲခြားပြပါ။

ဖြေ။ ဦးခေါင်း,လက်,ခြေ အစရှိသော ကြီးစွာသော အင်္ဂါ အစိတ်အပိုင်းများသည် အင်္ဂ။
ထိုထို ကြီးစွာသော အင်္ဂါ အစိတ်အပိုင်းများ၌ ပါဝင်တည်ရှိလျက် အသီးအခြား ဖြစ်ပေါ်နေသော မျက်စိ, နား, နှာခေါင်း, လက်ချောင်း, ခြေချောင်း အစရှိသော ငယ်သော အင်္ဂါ အစိတ်အပိုင်းများသည် ပစ္စင်္ဂ။

အမှာ။ ပစ္စင်္ဂကို ပတိ+အင်္ဂဟု ပုဒ်ဖြတ်ပါ။ ပတိသဒ္ဒါသည် ဝိသုံ အနက်ကို ဟော၏။

မေး။ သဏ္ဌာနဝသေနေတံ၌ ဣစ္ဆာဝိပ္ပေတ သဏ္ဌာန်ကို ဖော်ပြပါ။

ဖြေ။ ဣစ္ဆာဝိပ္ပေတ သဏ္ဌာန်ကား = ယောက်ျား၏ပုံပန်း အသွင်သဏ္ဌာန်တည်း။ (ဋီသစ်)

မေး။ ပစ္စုပ္ပန် အတ္တဘော တစ်ခုလုံးကို ပစ္စက္ခ (ဣန္ဒြေတို့၏ ရှေ့ရှု)ဟု အဘယ်ကြောင့် ဆိုသနည်း။

ဖြေ။ ယခုဘဝ၌ ဖြစ်သမျှကို ဣန္ဒြေတို့က အကုန်မယူနိုင်, အာရုံမပြုနိုင်သော်လည်း ထိုအတ္တဘောကို ရရှိသော ပုဂ္ဂိုလ်မှာ တစ်ကိုယ်လုံး အလွန်ထင်ရှားပြီး ဖြစ်သောကြောင့် စက္ခု စသော ဣန္ဒြေတို့၏ အာရုံကဲ့သို့ ဖြစ်၏။ ထို့ကြောင့် ပစ္စုပ္ပန် အတ္တဘော တစ်ခုလုံးကို ပစ္စက္ခ (ဣန္ဒြေတို့၏ ရှေ့ရှု)ဟု ဆိုသည်။ (ဋီသစ်)

အမှာ။ ဣန္ဒြေတို့၏ ရှေးရှုရင်ဆိုင်ကျမှု မရှိသော အာရုံတရားများကို မည်သို့သော အကြောင်းကြောင့် ဒိဋ္ဌဓမ္မ (ဝါ) ပစ္စက္ခ ဟူ၍ ခေါ်နိုင်သနည်းဟု မေးသော် = ယင်းအဖြေကိုသာ မှီး၍ ဖြေပါ။

မေး။ စက္ခု စသော ဣန္ဒြေတို့၏ တော်တည့်ရာ, ရှေးရှုရင်ဆိုင်ကျရာ အာရုံသည်သာ ဒိဋ္ဌဓမ္မ (ဝါ) ပစ္စက္ခဓမ္မ မည်ပါသလော၊ ရှင်းလင်းစွာ ဖြေဆိုခဲ့ပါ။

ဖြေ။ စက္ခု စသော ဣန္ဒြေတို့၏ တော်တည့်ရာ, ရှေးရှုရင်ဆိုင်ကျရာ အာရုံသည် ဒိဋ္ဌဓမ္မ (ဝါ) ပစ္စက္ခဓမ္မ မည်သည် မဟုတ်ပါ။ အမှန်တကယ်အားဖြင့် = ဉာဏ်ဖြင့်ထင်ထင် သိမြင်အပ်သော သဘော, ထိုထိုဘဝ၌ ရအပ်သော ပစ္စုပ္ပန် အတ္တဘောသည်သာ ဒိဋ္ဌဓမ္မ (ဝါ) ပစ္စက္ခဓမ္မ မည်၏။ အဘယ်ကြောင့်ဆိုသော် = ထိုဘဝတစ်ခုလုံးကို ပကတိ မျက်စိဖြင့်ချည်း မမြင်နိုင်၊ အသိဉာဏ်ဖြင့်သာ မြင်နိုင်သောကြောင့်တည်း။ စက္ခု စသော ဣန္ဒြေတို့၏ တော်တည့်ရာ, ရှေးရှုရင်ဆိုင်ကျရာ အာရုံသည် ဒိဋ္ဌဓမ္မ (ဝါ) ပစ္စက္ခဓမ္မ မည်၏ဟု ဆိုခြင်းကား = ရအပ်သော သဘောအနေအားဖြင့်သာ ဆိုလိုခြင်းမျိုး ဖြစ်၏ဟု မှတ်ပါ။ (ဋီသစ်)

မေး။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒေ၌ (က) ဒိဋ္ဌဓမ္မ အရ (ခ) နိဗ္ဗာန အရတို့ကို အဋ္ဌကထာအလိုကျ ဖြေပြပါ။

ဖြေ။ (က) ဒိဋ္ဌဓမ္မ အရ = ထိုထိုဘဝ၌ ရအပ်သော ပစ္စုပ္ပန် အတ္တဘောကို ယူပါ။
(ခ) နိဗ္ဗာန အရ = ဤပစ္စုပ္ပန် အတ္တဘော၌ (ဖြစ်သော) ဒုက္ခ၏ ငြိမ်းအေးခြင်းကို ယူပါ။ (ဋ္ဌ)

ttp://www.dhammadownload.com



မေး။ ဒိဋ္ဌဓမ္မနိဗ္ဗာန်၌ နိဗ္ဗာန အရကို အကြောင်းပြ၍ ရှင်းလင်းသေချာစွာ ကောက်ပြပါ။

ဖြေ။ နိဗ္ဗာန် အရ = ကိလေသာတို့ကို တဖန် ငြိမ်းစေတတ်သော အရဟတ္တဖိုလ်ကိုလည်းကောင်း၊ အသင်္ခတဓာတ်ဟူသော နိဗ္ဗာန်ကိုလည်းကောင်း ထိုတိတ္ထိဆရာတို့ အာရုံမပြုနိုင်၊ ထို့ကြောင့် နိဗ္ဗာန် အရ = ထိုနိဗ္ဗာန်မျိုးကို မယူရ။ ဣမသ္မိံယေဝ အတ္တဘာဝေ ဒုက္ခဝူပသမနဟု ဆိုအပ်သော ပစ္စုပ္ပန် အတ္တဘော၌ (ဖြစ်သော) ဒုက္ခ၏ ငြိမ်းအေးခြင်းကိုသာ ယူပါ။ (ဘာဋ္ဌီ)

မေး။ အရဟတ္တဖိုလ်နှင့် အသင်္ခတဓာတ် နိဗ္ဗာန်တို့လည်း နိဗ္ဗာန် မည်ပါလျက် ဣမသ္မိံယေဝ အတ္တဘာဝေ ဒုက္ခဝူပသမနန္တိ အတ္တော ဝါကျ၌ ယင်းတို့ကို မဖွင့်ဘဲ "ဒုက္ခဝူပသမန်"ဟုသာ ဖွင့်ဆိုခြင်း၏ အကြောင်းကို ဖော်ပြပါ။

ဖြေ။ တိတ္ထိဆရာတို့သည် အရဟတ္တဖိုလ်ကိုလည်းကောင်း၊ အသင်္ခတဓာတ်ဟူသော နိဗ္ဗာန်ကိုလည်းကောင်း အာရုံ မပြုနိုင်သောကြောင့် နိဗ္ဗာန်ကို အဂ္ဂဖလ, အသင်္ခတဓာတုဟု မဖွင့်ဘဲ "ဒုက္ခဝူပသမန်"ဟုသာ ဖွင့်ဆို၏။

မေး။ **ပဉ္စဟိ ကာမဂုဏေဟီတိ** မနာပိယရူပါဒီဟိ ပဉ္စဟိ ကာမကောဋ္ဌာသေဟိ ဝါကျဝယ် "မနာပိယရူပါဒီဟိ"ပုဒ်၏ အရကို အထောက်ပြ၍ ကောက်ပြပါ။

ဖြေ။ ပဉ္စဟိ ဟူသော သဒ္ဒန္တရိက်ကို ထောက်၍ "မနာပိယရူပါဒီဟိ"ပုဒ်၏ အရ = နှစ်သက်မြတ်နိုးဘွယ် ကောင်းသော ရူပါရုံ အစ ဖောဋ္ဌဗ္ဗာရုံ အဆုံးတိုင်အောင်သော အာရုံငါးပါးကို ယူရမည်။ (ဋီသစ်)

မေး။ အဘယ့်ကြောင့် ကာမဂုဏ်ဟု ခေါ်ရသည်ကို ဖြေဆို၍၊ ကာမဂုဏ် အရကိုလည်း ဖော်ပြပါ။

ဖြေ။ အလိုရှိအပ်သောကြောင့်လည်းကောင်း၊ တစ်ပါးမက များစွာသော အစိတ်,အစိတ်တို့၏ အပေါင်း၏ အဖြစ်ဖြင့် သတ္တဝါတို့ကို နှောင်ဖွဲ့တတ်သောကြောင့်လည်းကောင်း ကာမဂုဏ်ဟု ခေါ်၏။
ကာမဂုဏ် အရ = နှစ်သက်မြတ်နိုးဘွယ် ကောင်းသော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ကို ရ၏။ (စာစဉ်)

မေး။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ၌ ညွှန်ပြသော ကာမဂုဏ်နှစ်မျိုးကို အဋ္ဌကထာအလိုကျ ဖော်ပြပါ။

ဖြေ။ ၁။ မန္ဓာတု စကြာမင်း၏ ကာမဂုဏ်နှင့်တူသော လူတို့၏ ကာမဂုဏ်၊
၂။ ပရနိမ္မိတဝသဝတ္တီ နတ်မင်းတို့၏ ကာမဂုဏ်နှင့်တူသော နတ်တို့၏ ကာမဂုဏ်တို့ ဖြစ်သည်။

မေး။ **မာနုသကာ** မန္ဓာတုကာမဂုဏသဒိသာ ဒဋ္ဌဗ္ဗာ၊ **ဒိဗ္ဗာ** ပရနိမ္မိတဝသဝတ္တိဒေဝရာဇဿ ကာမဂုဏသဒိသာတိ ဝါကျဖြင့် မန္ဓာတ် စကြာမင်း, ဝသဝတ္တိ နတ်မင်းတို့၏ ကာမဂုဏ်တို့ကို အဘယ်ကြောင့် ညွှန်ပြသနည်း။

ဖြေ။ မန္ဓာတ် စကြာမင်း, ဝသဝတ္တိ နတ်မင်းတို့၏ ကာမဂုဏ်တို့ကို မြတ်သည်၏ အဖြစ်ကြောင့် ညွှန်ပြခြင်း ဖြစ်သည်။ (ဋီသစ်)

မေး။ တိတ္ထိဆရာတို့ ပညတ်သော "ဒိဋ္ဌဓမ္မနိဗ္ဗာန်"ဟူသည် အဘယ်နည်း။

ဖြေ။ တိတ္ထိဆရာတို့ ပညတ်သော "ဒိဋ္ဌဓမ္မနိဗ္ဗာန်"ဟူသည် = လူ့ကာမဂုဏ်, နတ်ကာမဂုဏ်တို့ကို ဤပစ္စုပ္ပန် အတ္တဘော၌ ခံစားသူတို့သာတည်း။ (ဋ္ဌ)

မေး။ အဘယ်ကြောင့် **မာနုသကာ** မန္ဓာတုကာမဂုဏသဒိသာ ဒဋ္ဌဗ္ဗာ၊ **ဒိဗ္ဗာ** ပရနိမ္မိတဝသဝတ္တိဒေဝရာဇဿ ကာမဂုဏသဒိသာတိ ဟူသော ဝါကျကို အဋ္ဌကထာဆရာ ရေးသားရသနည်း၊ ရှင်းလင်းစွာ ဖြေဆိုပါ။

ဖြေ။ လူ့ကာမဂုဏ်တွင် မန္ဓာတ် စကြာမင်း၏ ကာမဂုဏ် စည်းစိမ်မျိုး, နတ်ကာမဂုဏ်တွင် ဝသဝတ္တိ နတ်မင်း၏ ကာမဂုဏ် စည်းစိမ်မျိုးကိုသာ ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟု ခေါ်ဆိုထားခြင်းသည် ... ဤသို့ ဆိုအပ်ခဲ့ပြီးသော သဘော ရှိသော မန္ဓာတ် စကြာမင်း, ဝသဝတ္တိ နတ်မင်းတို့၏ ကာမဂုဏ် စည်းစိမ်သို့ ကပ်ရောက် ခံစားနေကြသူတို့၏ မျက်မှောက် ဒုက္ခငြိမ်းခြင်း စည်းစိမ်ကိုသာ ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟု မိစ္ဆာဝါဒီ သမဏ,ဗြာဟ္မဏတို့က ခေါ်ဆိုပညတ်

ttp://www.dhammadownload.com



ထားခဲ့ကြသောကြောင့် **မာနုသကာ** မန္တာတုကာမဂုဏသဒိသာ ဒဋ္ဌဗ္ဗာ၊ **ဒိဗ္ဗာ** ပရနိမ္မိတ ဝသဝတ္တိဒေဝရာဇသေ ကာမဂုဏသဒိသာတိ ဟူသော ဝါကျကို အဋ္ဌကထာဆရာ ရေးသား၏။

**(၄၊ နှာ ၁၁၅-နှင့် ဆက်စပ်သည့် အဘိဓမ္မာ)**

မေး။ "အရညာယတနေ ပဏ္ဏကုဋိသု သမ္ပတ္တိ"တိ ပဏ္ဏတ္တိမတ္တေ ဝါကျ၀ယ် အရညာယတနေ၌ အာယတန ပုဒ်၏ "ပဏ္ဏတ္တိမတ္တ-ပညတ်အနက်"၌ ဖြစ်ပုံကို ရှင်းလင်းစွာ ဖြေဆိုပါ။

ဖြေ။ အရညာယတနေ၌ အာယတန ပုဒ်သည် "မနောရမေ အာယတနေ၊ သတိ အာယတနေ" စသော ပါဠိများ၌ ကဲ့သို့ တစ်စုံတစ်ခုသော အနက်ထူးကို ဟောနိုင်စွမ်းသတ္တိ မရှိ၊ တောအုပ်ဟူသော ရှေ့ပုဒ်အနက်ကိုသာ ထပ်လောင်း ဟောနေသောကြောင့် အရညာယတနေ၌ အာယတန ပုဒ်သည် "ပဏ္ဏတ္တိမတ္တ"၌ ဖြစ်၏ဟု ဆိုခြင်းဖြစ်သည်။ ထိုထိုသော အခြင်းအရာအားဖြင့် တောအုပ်ဟူသော နာမပညတ်ကို သိစေနိုင်ကာမျှ ဖြစ်သော သစ်ပင်,ချုံ,နွယ်,ပိတ်ပေါင်းတို့ဖြင့် တောအုပ်ဟူသော နာမဝေါဟာရ ဖြစ်နေရကား ယင်းဝေါဟာရ နာမပညတ်ကို အာယတနပုဒ်က ဟောနေခြင်းကြောင့် အာယတန ပုဒ်သည် "ပဏ္ဏတ္တိမတ္တ"၌ ဖြစ်၏ဟု ဆိုခြင်းဖြစ်သည်။ (ဋီသစ်)

အချုပ်ကား = ဋီသစ်ဆရာတော်သည် အရညပုဒ်က ဟောပြီးသော တောအုပ်ဟူသော နာမပညတ်ကို အာယတန ပုဒ်က ထပ်၍ ဟောကြားနေသောကြောင့် အာယတန ပုဒ်သည် "ပဏ္ဏတ္တိမတ္တ"၌ ဖြစ်၏ဟု ဆို၏။

(တစ်နည်း:) "အရညာယတနေ-တောကျောင်း၌"ဟု အနက်ပြန်ဆိုပါ။ ဤနေရာ၌ အာယတန ပုဒ်သည် ကျောင်းဟောဟု အဘိဓမ္မာ မှတ်ယူပါ။ ကျောင်းဟူသည် လူအများ သိရှိနိုင်ရန် ခေါ်ဝေါ်ပညတ် သမုတ်ထား အပ်သော နာမပညတ် တစ်ခုပင် ဖြစ်၏။ ထို့ကြောင့် ဤနေရာ၌ အာယတန ပုဒ်သည် ကျောင်းဟူသော "ပဏ္ဏတ္တိမတ္တ"၌ ဖြစ်၏ဟု ဆိုခြင်းဖြစ်သည်။ (သျှဟောင်း)

အချုပ်ကား = နိသျှဟောင်းဆရာတော်သည် ကျောင်းဟူသော နာမပညတ်ကို အာယတနပုဒ်က ဟောနေသောကြောင့် အာယတန ပုဒ်သည် "ပဏ္ဏတ္တိမတ္တ"၌ ဖြစ်၏ဟု ဆို၏။

အမှာ။ ဤနှစ်ဝါဒတို့တွင် "သဉ္ဇာတိဒေသေ ဟေတုမှိ၊ ဝါသဋ္ဌာနာ ကရေသု စ၊ သမောသရဏဋ္ဌာနေ စာယတနံ ပဒပူရဏေ"ဟူသော အဘိဓာန်ကျမ်းလာ အာယတနပုဒ်၏ ဟောနိုင်သော အနက်တို့တွင် ပဒပူရဏဟူသော နောက်ဆုံးအနက်သည် ဋီသစ်ဆရာတော် ဆိုထားသည့် တောအုပ် ဟူသော နာမပညတ်နှင့် ကိုက်ညီလျက် ရှိသောကြောင့် ဋီသစ်ဝါဒသည်သာလျှင် ယုတ္တတရ ဖြစ်၏။ နိသျှဟောင်း ဝါဒသည် ယုတ္တမတ္တမျှသာ ဖြစ်၏ဟု မှတ်ပါ။

မေး။ သွာယမိဓ သဉ္ဇာတိအာဒိအတ္ထတ္တယေပိ ယုဇ္ဇတိ ဝါကျ၀ယ် အတ္ထတ္တယေပိ၌ ပိသဒ္ဒါ၏ အနက်ကို ရှင်းလင်းစွာ ဖော်ပြပါ။

ဖြေ။ အတ္ထတ္တယေပိ၌ ပိသဒ္ဒါဖြင့် = ဖဿာယတနံ၌ အာယတန သဒ္ဒါသည် အာကာရ, နိဝါသ, အဓိဋ္ဌာန အနက်တို့၌ ဖြစ်သေး၏ဟု အာကာရ, နိဝါသ, အဓိဋ္ဌာန အနက်တို့ကို ပေါင်းဆည်းသောကြောင့် အဝုတ္တ သမုစ္စည်း အနက်ရှိ၏။ (ဋီသစ်)

မေး။ စက္ခာဒီသု ဟိ ဖဿပဉ္စမကာ ဓမ္မာ သဉ္ဇာယန္တိ ဝါကျ၌ "ဖဿပဉ္စမကာ ဓမ္မာ" အမည်ရသော တရားတို့ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ttp://www.dhammadownload.com



ဖြေ။ "ဖဿပဉ္စမကာ ဓမ္မာ"ဟူသော စကားကို ဧကဒေသူပစာ+ဥပလက္ခဏာနည်း, ပဓာနနည်းအားဖြင့် ဆိုထားသော ကြောင့် "ဖဿပဉ္စမကာ ဓမ္မာ" အရ = ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်ဟူသော တရားငါးပါးနှင့်တကွ စက္ခုဒွါရ စသည်တို့၌ ဖြစ်ကောင်းသော တံ သမ္ပယုတ္တဓမ္မ စိတ်+စေတသိက် ဟူသမျှတို့ကို ယူပါ။ (ဋီသစ်)

မေး။ (က) န ဟိ အာယတနာနိ ဖုသန္တိ။ (ခ) ဖဿောဝ တံ တံ အာရမ္မဏံ ဖုသတိ ဝါကျများ၌ အာယတနနှင့် ဖဿတို့၏ ဖုသနကိစ္စကို မပြီးစေနိုင်ခြင်း/ပြီးစေနိုင်ခြင်း အကြောင်းကို အသီးသီး ရေးခဲ့ပါ။

ဖြေ။ (က) အာယတနတို့သည် ရုပ်တရားများ ဖြစ်ကြကုန်၏။ ရုပ်တရားတို့သည် အာရုံကို မယူတတ်သည်၏ အဖြစ်ကြောင့် အာယတနတို့သည် ဖုသနကိစ္စကို မပြီးစေနိုင်ပါ။ (ဝါ) အာရုံကို မတွေ့ထိတတ်ကြပါ။

(ခ) ဖဿသည် နာမ်တရား ဖြစ်၍ တစ်စိတ်တစ်ဒေသအားဖြင့် (ဝါ) ကေန်မုချအားဖြင့် အာရုံကို မကပ်ငြိ, မထိတွေ့နိုင်ပါသော်လည်း ဖဿဖြစ်သည့်အခါ အာရုံကို တွေ့ထိသော အခြင်းအရာအားဖြင့်သာလျှင် တွေ့ထိသလိုလို ထင်မှတ်ရအောင် ဖြစ်တတ်၏။ ထို့ကြောင့် ဖဿသည်သာ ဖုသနကိစ္စကို ပြီးစေနိုင်သည်။ (ဝါ) အာရုံကို တွေ့ထိတတ်ပါသည်။ (ဋီသစ်)

မေး။ (က) န ဟိ အာယတနာနိ ဖုသန္တိ၏ အကြောင်း (ခ) ဖဿောဝ တံ တံ အာရမ္မဏံ ဖုသတိ အကြောင်းတို့ကို အသီးသီး ရေးခဲ့ပါ။

ဖြေ။ (က) န ဟိ အာယတနာနိ ဖုသန္တိ၏ အကြောင်းကား = အာယတနတို့သည် ရုပ်တရားများ ဖြစ်ကြကုန်၏။ ရုပ်တရားတို့သည် အာရုံကို မယူတတ်သည်၏ အဖြစ်ကြောင့်တည်း။

(ခ) ဖဿောဝ တံ တံ အာရမ္မဏံ ဖုသတိ အကြောင်းကား = ဖဿသည် နာမ်တရား ဖြစ်၍ တစ်စိတ်တစ်ဒေသအားဖြင့် (ဝါ) ကေန်မုချအားဖြင့် အာရုံကို မကပ်ငြိ, မထိတွေ့နိုင်ပါသော်လည်း ဖဿဖြစ်သည့် အခါ အာရုံကို တွေ့ထိသော အခြင်းအရာအားဖြင့်သာလျှင် တွေ့ထိသလိုလို ထင်မှတ်ရအောင် ဖြစ်တတ်သောကြောင့်တည်း။ (ဋီသစ်)

မေး။ အာယတနာနိ ပန ဖဿေ ဥပနိက္ခိပိတွာ ဒဿိတာနိ ဟူသော စကားအရ "ဖဿေ ဥပနိက္ခိပန"၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ အာယတနတို့သည် တွေ့ထိခြင်းကိစ္စ မရှိကြပါသော်လည်း (ထိုအာယတနတို့ကို) မဉ္စာ ဃောသန္တိ စသည်တို့၌ကဲ့သို့ နိဿိတ ဝေါဟာရအားဖြင့် "ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ"ဟု တွေ့ထိခြင်းကိစ္စ ရှိသည်တို့ကို ပြု၍ ပြခြင်းသည်ပင်လျှင် "ဖဿေ ဥပနိက္ခိပန"မည်သည်။ (ဋီသစ်)

မေး။ "ဆဟိ ဖဿာယတနေဟိ"ပုဒ်၏ အရကို ခိုင်လုံသော အကြောင်းပြချက်တို့ဖြင့် ကောက်ပြပါ။

ဖြေ။ "ဆဟိ ဖဿာယတနေဟိ"ပုဒ်၏ အရကား = ဖဿ စေတသိက်ကို ရ၏။

အကြောင်းကား = အာယတနာနိ ပန ဖဿေ ဥပနိက္ခိပိတွာ ဒဿိတာနိ ဟူသော ဝါကျဖြင့် "ဆဟိ ဖဿာယတနေဟိ"ပုဒ်၌ ဌာနူပစာ တင်၍ ဖဿကို အရကောက်ယူရန် ညွှန်ပြထားသောကြောင့်လည်းကောင်း၊ ဆဟိ ဖဿာယတနေဟိ ဟူသော သဒ္ဒါသည် ဌာနဖြစ်သော ဖဿာယတန ခြောက်ပါး၏ ဆဟိ ဖဿာယတနေဟိ ဟူသော အမည်ကို ဌာနီဖြစ်သော ဖဿာယတန ခြောက်ပါး၌ မှီတွယ်နေသည့် ဖဿစေတသိက်၌ တင်စား၍ ဌာနီဖြစ်သော ဖဿစေတသိက်ကို ဆဟိ ဖဿာယတနေဟိဟု တင်စားခေါ်ဆိုထားသော ဌာနူပစာသဒ္ဒါ ဖြစ်သောကြောင့်လည်းကောင်းတည်း။

အမှာ။ ဌာနသဒ္ဒါကို အကြောင်းဟော ကြံ၍ = ကာရဏူပစာ တင်လည်း သင့်မြတ်သည်ပင်။

နိယံ။ နာနန္တရိက၊ ကာရဏ၊ ဌာန ဥပစာ။

ttp://www.dhammadownload.com



## (ဌ၊ နှာ ၁၁၆-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဒိဋ္ဌေဝ ဒိဋ္ဌေဝ ဓမ္မေ ဥတ္တရိတရံ သီလသမာဓိပညာဝိမုတ္တိန္တိ ယာဝ အရဟတ္တာ ဓာနာတိ ဟူသော ပါဠ်တို့သည် ပါဠိတော်၌ မလာဘဲ အဋ္ဌကထာဆရာ အဘယ်ကြောင့် ဖွင့်သနည်း။

ဖြေ။ သာလွန်သော သီလ စသည်ကို သိခြင်းဖြင့်သာလျှင် မိစ္ဆာအယူ ရှိသူ၏ သိခြင်းလည်း ပြီးစီးသောကြောင့် ပါဠိတော်၌ မလာသော်လည်း "ဒိဋ္ဌေဝ ။ပ။ ဓာနာတိ"ဟု ဖွင့်ဆိုသည်။ (ဋီသစ်)

မေး။ သီလသမာဓိပညာဝိမုတ္တိန္တိ၌ သီလ,သမာဓိ,ပညာ အရတို့ကို ဖော်ပြပါ။

ဖြေ။ သီလ,သမာဓိ,ပညာ အရ = လောကီ, လောကုတ္တရာ ရောနှောသော သီလ,သမာဓိ,ပညာကို ယူပါ။

မေး။ သီလသမာဓိပညာဝိမုတ္တိန္တိ၌ ဝိမုတ္တိ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဝိမုတ္တိ အရ = "ယာဝ အရဟတ္တာ"ဟု အရဟတ္တဖိုလ်ကို သီးခြား ဆိုလတ္တံ့ ဖြစ်သောကြောင့် ဟေဋ္ဌိမ ဖလသမာပတ် သုံးပါးကိုသာ ယူပါ။

မေး။ ယတော ခေါ ဘိက္ခဝေ ။ပ။ ဥတ္တရိတရံ ပဇာနာတိ ဟူသော ပါဠိတော်ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို အကြောင်းနှင့်တကွ ဖြေပြပါ။

ဖြေ။ အဋ္ဌကထာ၌ "ကော ဧဝံ ဓာနာတီတိ ခီဏာသဝေါ ဓာနာတိ ။ပ။ အာရဒ္ဓဝိပဿကော ဓာနာတိ ဟူ၍ ပြည့်စုံသည်ကို ပြုလျက် ရဟန်းအပေါင်းကို ပြအပ်သောကြောင့် ယတော ခေါ ဘိက္ခဝေ ။ပ။ ဥတ္တရိတရံ ပဇာနာတိ ဟူသော ပါဠိတော်ဖြင့် ဓမ္မ၏ နိယျာနိက အဖြစ်နှင့်အတူ သံဃာတော်၏ သုပ္ပဋိပတ္တိကို ပြ၏။

မေး။ ဘိက္ခူ ဆန္နံ ဖဿာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ပဇာနာတိ ဟူသော ဝိဝဋ္ဋကထာ ပါဠိတော်၌ ဘိက္ခုအရ ယူရမည့် ရဟန်းကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ အနာဂါမ် စသော ပုဂ္ဂိုလ်တို့ သိကုန်သော်လည်း အလွန်ဆုံး သိနိုင်သော ပုဂ္ဂိုလ်မှာ ရဟန္တာသာ ဖြစ်သောကြောင့် ဘိက္ခူ အရ = ရဟန္တာ ရဟန်းတိုင်အောင် ယူပါ။

မေး။ ဝိဝဋ္ဋကထာဒိ ဒေသနာတော်ကို မည်သည့် အထွဋ်ဖြင့် ပြီးဆုံးစေသနည်း၊ ဥပမာနှင့်တကွ ဖော်ပြပါ။

ဖြေ။ ရွှေအိမ် ရွှေနန်းကို ကျောက်မျက်ရတနာ အထွဋ်တပ်သကဲ့သို့ ဤဒေသနာတော်ကိုလည်း အရဟတ္တဖိုလ် အထွဋ်ဖြင့် ပြီးဆုံးစေသည်။ (ဋီသစ်၊ ဘာဋီ)

## (ဌ၊ နှာ ၁၁၇-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ပါဠိတော်၌ ကေဝဋ္ဋော ဝါ ကေဝဋ္ဋန္တေဝါသီ ဝါ-ဟု ဆရာကေဝဋ္ဋနှင့် တပည့်ကေဝဋ္ဋ နှစ်ယောက်လာ ပါလျက် အဋ္ဌကထာ၌ "ကေဝဋ္ဋော ဝိယ ဟိ ဘဂဝါ"ဟု ဆရာကေဝဋ္ဋကိုသာ အဘယ်ကြောင့် အဋ္ဌကထာ ဖွင့်သနည်း။

ဖြေ။ ဆရာကေဝဋ္ဋကို ယူလျှင် တပည့်ကေဝဋ္ဋလည်း ပါပြီး ဖြစ်သောကြောင့် ဥက္ကဋ္ဌနည်းအားဖြင့် ဆရာကေဝဋ္ဋ ကိုသာ အဋ္ဌကထာ၌ ဖွင့်သည်။ (ဋီသစ်)

မေး။ ပရိတ္တဥဒကံ ဝိယ ဒသသဟဿိလောကဓာတု ဝါကျ၌ ပါသည့် ဒသသဟဿိလောကဓာတု ပါဌ်အရ မည်သည့်ခေတ် လောကဓာတ်ကို ယူရမည်နည်း၊ အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဇာတိခေတ် လောကဓာတ်ကို ယူရမည်။
အကြောင်း = ထိုဇာတိခေတ် လောကဓာတ်၌သာ ပဋိဝေဓ ဖြစ်သင့်သောကြောင့်လည်းကောင်း၊ ထိုဇာတိ ခေတ် လောကဓာတ်ကို ယူခြင်းဖြင့်သာ အခြားသော လောကဓာတ်တို့ကိုလည်း ယူအပ်ပြီးပင် ဖြစ်သော ကြောင့်လည်းကောင်းတည်း။ (စာစဉ်)

ttp://www.dhammadownload.com



မေး။ သဗ္ဗဒိဋ္ဌိနံ သင်္ဂဟိတတ္တာ ပါဠ်ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ သဗ္ဗဒိဋ္ဌိနံ သင်္ဂဟိတတ္တာ ပါဠ်ဖြင့် မိစ္ဆာအယူဝါဒ အားလုံးကို သိမ်းကျုံး ယူလိုက်ခြင်းဖြင့် ထိုမိစ္ဆာအယူဝါဒ ရှိသူ ပုဂ္ဂိုလ်တို့ကိုလည်း ဌာန္ယူပစာအားဖြင့် သိမ်းကျုံး ယူပြီး ဖြစ်ကြောင်းကို ပြသည်။

မေး။ နေတ္တိသဒိသတာယ ပါဠ်ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ထိုထိုဘဝသို့ ကံက သတ္တဝါတို့ကို ဆောင်ရာဝယ် ဘဝတဏှာ ပါမှသာ ဆောင်နိုင်သောကြောင့် ဘဝတဏှာ သည် သဒိသူပစာအားဖြင့် နေတ္တိ မည်၏ဟူသော အဓိပ္ပါယ်ကို ပြသည်။

မေး။ နေတ္တိသဒိသတာယ ပါဠ်၌ နေတ္တိ အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ နေတ္တိသဒိသတာယ ပါဠ်၌ နေတ္တိ ဟူသော ပုဒ်သည် အတူဖြစ်သော ကြိုး၏ နေတ္တိ ဟူသော အမည်ကို အတူရှိသော ဘဝတဏှာ၌ တင်စား၍ ဆိုအပ်သော သဒိသူပစာ သဒ္ဒါသာ ဖြစ်သောကြောင့် နေတ္တိ အရ ဘဝတဏှာကိုသာ ယူပါ။ (ဋီသစ်)

မေး။ အရဟတ္တမဂ္ဂသတ္တေန ဥစ္ဆိန္နာ ဘဝနေတ္တိ၌ သတ္တသဒ္ဒါ၏ ဟောနိုင်သော အနက်တို့ကို လိင်, ဂိုဏ်းနှင့်တကွ တွဲစပ်ဖော်ပြ၍၊ ဣဓာဓိပ္ပေတတ္ထကိုလည်း ရှင်းလင်းစွာ ဖော်ပြပါ။

ဖြေ။ သတ္တသဒ္ဒါသည် ...

နပုလ္လိင်, စိတ္တာဒိဂိုဏ်း၌ ဖြစ်မူ ၁။ ကျမ်းဂန် ၂။ သံ ၃။ ဓားလက်နက်။

ပုလ္လိင်, သတ္တာဒိဂိုဏ်း၌ ဖြစ်မူ ၁။ ဘုရား ၂။ ဆရာ။

ပုလ္လိင်, ပုရိသာဒိဂိုဏ်း၌ ဖြစ်မူ ၁။ ကုန်သည် ၂။ ကုန်သည်မှူး ၃။ အပေါင်း အနက်တို့ကို ဟော၏။

ဣဓာဓိပ္ပေတတ္ထကား = ဤနေရာ၌ အရဟတ္တမဂ္ဂ ဟူသော သဒ္ဒါတစ်ပါး, ဥစ္ဆိန္နာ ဟူသော သဒ္ဒါတစ်ပါး တို့ကို ထောက်ဆ၍ သဒ္ဒန္တရ သန္နိဓာနနည်းဖြင့် ဓားလက်နက်ကို ဟော၏။

ဆောင်။ ကျမ်း, သံ, လက်နက်၊ ဤသုံးချက်၊ ဟောမြွက် စိတ္တာဒိ။

ဘုရား, ဆရာ၊ ဟောသောခါ၊ ဂိုဏ်းမှာ သတ္တာဒိ။

ကုန်သည်, မှူးဖြာ၊ အပေါင်း လာ၊ ဂဏာ ပုံ,ပုရိ။

## (၄၊ နှာ ၁၁၈+၁၁၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အဘယ်ကြောင့် ဗြဟ္မဇာလသုတ် မည်သည်ကို ဖြေဆို၍၊ ဗြဟ္မဇာလသုတ်၏ ရနိုင်သော အမည်များကို ဖော်ပြခဲ့ပါ။

ဖြေ။ မြတ်သော သဗ္ဗညုတဉာဏ်ကို ဝေဘန်ရာ ဖြစ်သောကြောင့် "ဗြဟ္မဇာလ" မည်၏။ (ဋ)

ဗြဟ္မဇာလသုတ်၏ ရနိုင်သော အမည်များ = ဗြဟ္မဇာလ၊ အတ္ထဇာလ၊ ဓမ္မဇာလ၊ ဒိဋ္ဌိဇာလ၊ အနုတ္တရ သင်္ဂါမဝိဇယ တို့ဖြစ်သည်။ (ဋ)

ဋ္ဌ။ အတ္ထဇာလံ ဓမ္မဇာလံ၊ ဗြဟ္မဇာလ မိဒံ တထာ။

ဒိဋ္ဌိဇာလဥ္စ သင်္ဂါမ–ဝိဇယောတိ ကမံ မတံ။ (ဝိသုဒ္ဓါရုံနိသျ)

မေး။ ဤဗြဟ္မဇာလသုတ်သည် အဘယ်ကြောင့် (က) အတ္ထဇာလ (ခ) ဓမ္မဇာလ (ဂ) ဒိဋ္ဌိဇာလ (ဃ) အနုတ္တရ သင်္ဂါမဝိဇယ မည်သနည်း၊ အသီးသီး ဖြေဆိုခဲ့ပါ။

ဖြေ။ (က) ဤဗြဟ္မဇာလ သုတ္တန်ဒေသနာတော်သည် ပစ္စုပ္ပန် အကျိုးစီးပွား, တမလွန် အကျိုးစီးပွားတို့ကို အကျယ်ဝေဖန်အပ်သော ဒေသနာဖြစ်သောကြောင့် ဤဗြဟ္မဇာလသုတ်သည် "အတ္ထဇာလ" မည်၏။

ttp://www.dhammadownload.com



(ခ) ဤဗြဟ္မဇာလ သုတ္တန်ဒေသနာတော်၌ များစွာကုန်သော ပါဠိဓမ္မတို့ကို ဟောကြားအပ်ကုန်ရာသည်၏ အဖြစ်ကြောင့် ဤဗြဟ္မဇာလသုတ်သည် "ဓမ္မဇာလ" မည်၏။

(ဂ) ဤဗြဟ္မဇာလ သုတ္တန်ဒေသနာတော်၌ ၆၂-ပါးသော မိစ္ဆာအယူတို့ကို ဝေဖန်ရာဖြစ်သောကြောင့် ဤဗြဟ္မဇာလသုတ်သည် "ဒိဋ္ဌိဇာလ" မည်၏။

(ဃ) ဤဗြဟ္မဇာလ သုတ္တန်ဒေသနာတော်ကို ကြားနာရသည်ရှိသော် ဒေဝပုတ္တမာရ်, ခန္ဓမာရ်, မစ္စုမာရ်, ကိလေသမာရ်တို့ကို နှိမ်နင်းခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်ကြောင့် ဤဗြဟ္မဇာလ သုတ်သည် "အနုတ္တရ သင်္ဂါမဝိဇယ" မည်၏။ (ဋ)

**(ဌ၊ နှာ ၁၁၉-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဝေယျာကရဏ ခေါ်ဆိုနိုင်ကြောင်း အင်္ဂါ ၂-ပါးကို တိကျစွာ ဖော်ပြ၍၊ ဤသုတ်ကို ဝေယျာကရဏဟု ခေါ်ဆိုခြင်းအကြောင်းကိုလည်း အာဂမယုတ္တိ, သဘာဝယုတ္တိတို့ဖြင့် ပြည့်ပြည့်စုံစုံ တင်ပြခဲ့ပါ။

ဖြေ။ ၁။ ပုစ္ဆာ, ဝိဿဇ္ဇနာတို့၏ အစွမ်းအားဖြင့် ဖြစ်ခြင်း၊
၂။ ဂါထာမဖက် စုဏ္ဏိယသက်သက် ဖြစ်ခြင်းတို့တည်း။ (ဋီသစ်)
"နိဂ္ဂါထကတ္တာ"ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုသောကြောင့်လည်းကောင်း၊ ပုစ္ဆာ, ဝိဿဇ္ဇနာတို့၏ အစွမ်းအားဖြင့် ဖြစ်ခြင်းသည် ဝေယျာကရဏ မည်ခြင်း၏ အကြောင်း ဖြစ်ပါသော်လည်း ထိုအကြောင်းမှာ ဂေယျမည်ခြင်း၏ အကြောင်းလည်း ဖြစ်နိုင်ရကား ဂေယျနှင့် မဆက်ဆံသော သီးခြား အကြောင်းကိုသာ ပြလိုသောကြောင့် လည်းကောင်း ဤသုတ်၏ ဂါထာမဖက် စုဏ္ဏိယသက်သက် ဖြစ်ခြင်းသည် ဤသုတ်ကို ဝေယျာကရဏဟု ခေါ်ဆိုခြင်း၏ အကြောင်းဖြစ်ပါသည်။ (ဋီသစ်)

မေး။ **ဣမဿ္မိံ့ ပန ဝေယျာကရဏဿ္မိံ** အဘယ်ကြောင့် ဤသုတ်ကို ဝေယျာကရဏဟု ဆိုရသနည်း။

ဖြေ။ ဤသုတ်၏ ဂါထာမဖက် စုဏ္ဏိယသက်သက်၏ အဖြစ်ကြောင့် (ဝါ) ဂါထာမရှိသည်၏ အဖြစ်ကြောင့် ဤသုတ်ကို ဝေယျာကရဏဟု ဆိုရ၏။

မေး။ အဘယ်ကြောင့် "နိဂ္ဂါထကတ္တာ"ဟု ဖွင့်သနည်း။

ဖြေ။ ပုစ္ဆာ, ဝိဿဇ္ဇနာတို့၏ အစွမ်းအားဖြင့် ဖြစ်ခြင်းသည် ဝေယျာကရဏ မည်ခြင်း၏ အကြောင်း ဖြစ်ပါသော်လည်း ထိုအကြောင်းမှာ ဂေယျမည်ခြင်း၏ အကြောင်းလည်း ဖြစ်နိုင်ရကား၊ ဂေယျနှင့် မဆက်ဆံသော သီးခြား အကြောင်းကိုသာ ပြလိုသောကြောင့် "နိဂ္ဂါထကတ္တာ"ဟု ဖွင့်သည်။ (ဋီသစ်)

မေး။ စကြာဝဠာ တစ်ခု၏ အပိုင်းအခြား ယူဇနာကို အလျား, အနံ, အကျယ်အဝန်းတို့ဖြင့် တိကျစွာ ဖော်ပြပါ။

ဖြေ။ စကြာဝဠာ တစ်ခုသည် အလျားအားဖြင့်လည်းကောင်း, အနံအားဖြင့်လည်းကောင်း = ယူဇနာပေါင်း ၁၂၀၃၄၅၀-စီ ရှိ၏။ အကျယ်အဝန်းအားဖြင့် = ယူဇနာပေါင်း ၃၆၁၀၃၅၀ ရှိ၏။

မေး။ စကြာဝဠာ တစ်ခု တည်ရှိသည့် ပုံသဏ္ဍာန်ကို သိသာရုံမျှ ဖော်ပြပါ။

ဖြေ။ စကြာဝဠာ တစ်ခုကို လှည်းဘီး အကွပ်တံကျ ပုံသဏ္ဍာန်ရှိသော စကြာဝဠာတောင်ဖြင့် တံတိုင်းပမာ ရစ်ဝိုင်း ကာရံလျက် ရှိ၏။ စကြာဝဠာတောင်၏ အတွင်း၌ တွင်းကြီးတစ်ခု ပုံသဏ္ဍာန်ကဲ့သို့ စက်ဝိုင်းပုံသဏ္ဍာန် ရှိ၏။ ယင်းစကြာဝဠာ တစ်ခု၌ သမုဒ္ဒရာကြီး လေးစင်း, ကျွန်းကြီး လေးကျွန်း, မြင်းမိုရ်တောင် တစ်တောင် ပါဝင် တည်ရှိ၏။ လ,နေ,နက္ခတ်တာရာတို့ လှည့်လည်သွားလာ၏။ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ နေထိုင်ကြကုန်၏။ ဤသို့သော ပုံသဏ္ဍာန်ဖြင့် စကြာဝဠာ တစ်ခု တည်ရှိပါ၏။

အမှာ။ ဤကဲ့သို့သော အရပ်ဒေသကို စကြာဝဠာ တစ်ခု, စကြာဝဠာတိုက် တစ်ခု, လောကဓာတ် တစ်ခုဟု ခေါ်သည်။

ttp://www.dhammadownload.com



**(၄၊ နှာ ၁၁၉+၁၂၀–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဗြဟ္မဇာလသုတ္တန် ဒေသနာ၌ မြေတုန်လှုပ်ရာ အခါကို အထောက်ပြ၍ ဖြေဆိုပြီး၊ မြေတုန်လှုပ်ရာ အကြိမ်တို့ကိုလည်း ဖော်ပြပါ။

ဖြေ။ ဗြဟ္မဇာလသုတ်ကို ဟောတော်မူသည်၏ အဆုံး၌သာ မြေတုန်လှုပ်သည် မဟုတ်။ ဟောဆဲ ခဏ၌ပင် မြေတုန်လှုပ်၏ဟူသော အဓိပ္ပါယ်ကို သိစေလိုသော ရည်ရွယ်ချက်ဖြင့် ပါဠိတော်ဝယ် = ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ဟူသော ဝါကျ၌ "ဘညမာနေ"ဟူ၍ ဝတ္တမာန်ကာလ, ပစ္စုပ္ပန်ကာလ, ပစ္စုပ္ပန်ကြိယာဟော မာနပစ္စည်းဖြင့် ဟောတော်မူသောကြောင့် ဗြဟ္မဇာလသုတ်သည် ၆၂–ပါးသော မိစ္ဆာအယူကို ဖြေရှင်း၍ ဟောတော်မူအပ်သော သုတ်ဖြစ်သည့် အားလျော်စွာ ထိုထို မိစ္ဆာအယူကို ဖြေရှင်း၍ ပြီးဆုံးတိုင်း, ပြီးဆုံးတိုင်းသော ဗြဟ္မဇာလသုတ်ကို ဟောကြားဆဲ အခါတို့သည် ဤဗြဟ္မဇာလ သုတ္တန်ဒေသနာ၌ မြေတုန်လှုပ်ရာ အခါတို့ ဖြစ်သည်။

မြေတုန်လှုပ်သော အကြိမ်လည်း ၆၂–ကြိမ်ပင် ဖြစ်သည်။ (၄+ဋီသစ်)

**(၄၊ နှာ ၁၂၀–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ မဟာပထဝီ မြေကြီးတုန်လှုပ်ခြင်း အကြောင်းရှစ်ချက် (အဋ္ဌ ကာရဏ)တို့ကို ဗြဟ္မဇာလသုတ် အဋ္ဌကထာ လာသည့်အတိုင်း ဖော်ပြပါ။

ဖြေ။ ၁။ ဓာတုက္ခောဘေန – ဓာတ်ချောက်ချားခြင်းကြောင့်၊
၂။ ဣဒ္ဓိမတော အာနုဘာဝေန – တန်ခိုးရှိသူ၏ အာနုဘော်ကြောင့်၊
၃။ ဗောဓိသတ္တဿ ဂဗ္ဘောက္ကန္တိယာ – ပစ္ဆိမဘဝိက ဘုရားအလောင်း ပဋိသန္ဓေနေခြင်းကြောင့်၊
၄။ မာတုကုစ္ဆိတော နိက္ခမနေန – မယ်တော်ဝမ်းမှ ဘုရားအလောင်း ဖွားမြင်ခြင်းကြောင့်၊
၅။ သမ္ဗောဓိပ္ပတ္တိယာ – သစ္စာလေးပါးကို သိ၍ ဘုရားဖြစ်တော်မူခြင်းကြောင့်၊
၆။ ဓမ္မစက္ကပ္ပဝတ္တနေန – ဓမ္မစကြာသုတ်ကို ဟောတော်မူခြင်းကြောင့်၊
၇။ အာယုသင်္ခါရောဿဇ္ဇနေန – အာယုသင်္ခါရကို လွှတ်တော်မူခြင်းကြောင့်၊
၈။ ပရိနိဗ္ဗာနေန – ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူခြင်းကြောင့်တို့ ဖြစ်သည်။

မေး။ အဘယ်၏ အစွမ်းဖြင့် ဗြဟ္မဇာလသုတ္တန် ဒေသနာတော်၌ မြေတုန်လှုပ်သနည်း။

ဖြေ။ ဗြဟ္မဇာလသုတ်၌ ၆၂–ပါးသော ဒိဋ္ဌိတို့ကို ဖြေရှင်း၍ ချုပ်ဝတ်ပေါင်းနှင့် တူသော အရှုပ်အထွေး မရှိအောင် ပြု၍ ဟောတော်မူအပ်ကုန်လသော် ကောင်းချီးနှမော် သာခုခေါ်ခြင်း၏ အစွမ်းအားဖြင့် မြေတုန်လှုပ်သည်။

"အတက်"

၁။ ဆွဲတက် (မခိုင်လျှင် ပြုတ်ကျမည်။)
၂။ နင်းတက် (စူးတတ်သည်။)
၃။ လျှောက်တက် (သင့်သည်။)
၄။ ထမ်းတက် (အာဇာနည် တက်နည်းဖြစ်သည်။)

ttp://www.dhammadownload.com



# သာမညဖလသုတ်

## (၃၂ နှာ ၁၂၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အဘယ်သို့ ဖွင့်ဆိုခြင်းကို (က) အပုဗ္ဗပဒဝဏ္ဏနာ (ခ) အနုပုဗ္ဗပဒဝဏ္ဏနာဟု ဆိုသနည်း။

ဖြေ။ (က) ရှေး၌ ဖွင့်ဆိုခဲ့ပြီးသော ပုဒ်များကိုလည်းကောင်း၊ ဖွင့်ဆိုဖို့ရာ မလိုတော့သည့် ပုဒ်များကိုလည်းကောင်း ချန်လှပ်၍ အနက်ခက်ခဲ မပေါ်လွင်သော ပုဒ်သစ်များကိုသာ ဖွင့်ဆိုခြင်းကို အပုဗ္ဗပဒဝဏ္ဏနာဟု ဆို၏။

(ခ) ရှေး၌ ဖွင့်ဆိုခဲ့ပြီးသော ပုဒ်, အနက်ပေါ်လွင်သော ပုဒ်များကို ချန်လှပ်၍ ကြွင်းကျန်သော ပုဒ်အားလုံးကို အစဉ်အတိုင်း မကျော်လွှားဘဲ ဖွင့်ဆိုခြင်းကို အနုပုဗ္ဗပဒဝဏ္ဏနာဟု ဆို၏။ (ဋီသစ်)

မေး။ ရာဇဂဟာ်၌ ရာဇ အရကို ဝါဒစုံလင်စွာ ဖော်ပြပါ။

ဖြေ။ ရာဇ အရ = သမာနဝါဒ အလို-မဟာဂေါဝိန္ဒ ပုရောဟိတ် ပုဏ္ဏားကြီးကို ယူပါ။

ကေစိဝါဒ အလို-အာနုဘော် ကြီးမားလှသည့် ရှေးအခါက ဘုရင်တစ်ပါးကို ယူပါ။ (ဋီသစ်)

မေး။ ရာဇဂဟာ်၌ ရာဇပုဒ်ကို မဟာဂေါဝိန္ဒ ပုရောဟိတ် ပုဏ္ဏားကြီးဟု ဖွင့်ဆိုရခြင်း အကြောင်းကို ရှင်းလင်းစွာ ဖော်ပြပါ။

ဖြေ။ မဟာဂေါဝိန္ဒ ပုရောဟိတ် သိမ်းပိုက်အပ်သော မြို့ကိုလည်း ရေဏုမည်သော မဂဓမင်း သိမ်းပိုက်အပ်သည်သာ ဖြစ်၏ဟူသော အနက်ဖြစ်သင့်သောကြောင့် မဟာဂေါဝိန္ဒ ပုရောဟိတ်ကို ရာဇဂဟာ်၌ ရာဇသဒ္ဒါဖြင့် ဖွင့်သည်။

မှန်၏၊ မင်းမှုထမ်းတို့ ဆောင်ရွက်သော ကိစ္စမှန်သမျှ မင်းကသာ ပြုလုပ်သည်ပင် မည်၏။ မင်းအာဏာဖြင့်သာ ပုရောဟိတ် ပြုစီရင်နိုင်၏။ ဤသို့ မင်းသိမ်းပိုက်အပ်၏ဟူသော အနက်ဖြစ်သင့်သောကြောင့် ရာဇပုဒ်ကို မဟာဂေါဝိန္ဒ သဒ္ဒါဖြင့် ဖွင့်ဆိုသည်။ (ဋီသစ်)

မေး။ ဗုဒ္ဓကာလေ စ စက္ကဝတ္တိကာလေ စ နဂရံ ဟောတိ ဟူသော စကားကို မုချအားဖြင့် ဆိုပါသလော၊ မည်သည့် အစွမ်းဖြင့် ဆိုသနည်း၊ ရှင်းပြပါ။

ဖြေ။ ဗုဒ္ဓကာလေ စ စက္ကဝတ္တိကာလေ စ နဂရံ ဟောတိ ဟူသော စကားကို မုချအားဖြင့် ဆိုသည် မဟုတ်၊ ဘုရားရှင် ပွင့်တော်မူရာအခါ, စကြဝတေးမင်း ဖြစ်ရာအခါတို့မှ ကြွင်းကျန်သော တစ်ပါးသော အခါတို့၌လည်း ရံခါ မြို့ဖြစ်သေးသောကြောင့် ဧကဒေသူပစာ+ယေဘုယျနည်း, ဥပလက္ခဏနည်း၏ အစွမ်းဖြင့် ဆိုခြင်း ဖြစ်သည်။ (ဋီသစ်)

မေး။ **ရာဇဂဟေ ဝိဟာရတိ၌ လာသော ဒိဗ္ဗဝိဟာရ၊ ဗြဟ္မဝိဟာရ၊ အရိယဝိဟာရ အရတို့ကို အသီးသီး** အရကောက်ပြပါ။

ဖြေ။ ရာဇဂဟေ ဝိဟာရတိ၌ မြတ်စွာဘုရား၏ ဝိဟာရဖြစ်၍ ...

ဒိဗ္ဗဝိဟာရ အရ = ရူပါဝစရ စတုတ္ထဈာန်ကို ရ၏။

ဗြဟ္မဝိဟာရ အရ = ထိုရူပါဝစရ စတုတ္ထဈာန်၏ အစွမ်းဖြင့် ဖြစ်သော မေတ္တာဈာန် စသော အပ္ပမညာ ၄-ပါး ရ၏။

အရိယဝိဟာရ အရ = စတုတ္ထဈာန်က အဂ္ဂဖလသမာပတ်ကို ရ၏။

အမှာ။ သာဝကတို့နှင့် သက်ဆိုင်သော ဒိဗ္ဗဝိဟာရ အရကား = မဟဂ္ဂုတ်ဈာန်များကို ရ၏။ ဗြဟ္မဝိဟာရ အရကား = ထိုမဟဂ္ဂုတ်ဈာန်တို့၏ အစွမ်းဖြင့် ဖြစ်သော မေတ္တာဈာန် စသော အပ္ပမညာ ၄-ပါးကို ရ၏။ အရိယဝိဟာရ အရကား = ဖလသမာပတ် ၄-ပါးလုံးကို ရ၏။

ttp://www.dhammadownload.com


မေး။ အညတရဝိဟာရသမင်္ဂိပရိဒီပနမေတံ ပါဌ်ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ အညတရဝိဟာရသမင်္ဂိပရိဒီပနမေတံ ပါဌ်ဖြင့် = ဝိဟာရ လေးပါးလုံး တစ်ပေါင်းတည်း မဖြစ်နိုင်သောကြောင့် တစ်ပါးသော ဝိဟာရဖြင့်လည်းကောင်း၊ နှစ်ပါးကုန်သော ဝိဟာရတို့ဖြင့်လည်းကောင်း ပြည့်စုံလျက်သာ နေတော်မူသည်၏ အဖြစ်ကို ပြသည်။

မေး။ ဝိဟာရတိ အရ = ဝိဟာရလေးပါးကို မယူဘဲ ဣရိယာပထ ဝိဟာရကိုသာ ယူရခြင်း အကြောင်းကို ဖြေဆိုခဲ့ပါ။

ဖြေ။ ဒိဗ္ဗ,ဗြဟ္မ,အရိယ ဝိဟာရတို့သည် ဣရိယာပထ ဝိဟာရနှင့် မကင်းသည်ဖြစ်၍ ဣရိယာပထ ဝိဟာရကို ပြသည်ရှိသော် ထိုဒိဗ္ဗ,ဗြဟ္မ,အရိယ ဝိဟာရတို့ကိုလည်း အဝုတ္တသိဒ္ဓိနည်းဖြင့် ယူပြီး ဖြစ်သောကြောင့်လည်းကောင်း၊ သုဏာတု မေ ဘန္တေ သံဃော စသော ဝိနည်း ဥ တ်ပါဠိတော်၌ သံဃောအရ သမ္မုတိသံဃာကို ယူလိုက်လျှင် ပရမတ္ထသံဃာကိုလည်း အလိုအလျောက် ပါဝင်ယူထားပြီး ဖြစ်သကဲ့သို့ ဝိဟာရတိအရ ဣရိယာပထ ဝိဟာရကို ယူလိုက်လျှင် ကျန်သော ဒိဗ္ဗ,ဗြဟ္မ,အရိယ ဝိဟာရတို့ကိုလည်း ယူပြီး ဖြစ်သောကြောင့်လည်းကောင်း ဣရိယာပထ ဝိဟာရကိုသာ ယူသည်။

မေး။ ဧကံ ဣရိယာပထဗာဓနံ စသော စကားကို ဆိုခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ မြတ်စွာဘုရားသည် တစ်ခုသော ဣရိယာပုထ်ဖြင့်သာလျှင် ကြာမြင့်စွာသော ကာလပတ်လုံး ဖြစ်ခြင်းငှာ (ဝါ) နေခြင်းငှာ စွမ်းနိုင်ပါသော်လည်း ဥပါဒိန္နက ခန္ဓာကိုယ်အား ဤသို့သော ညောင်းညာနာကျင်ခြင်းသဘော ရှိပေသတည်းဟု သိစေလိုသောကြောင့် "ဧကံ ဣရိယာပထဗာဓနံ" စသော စကားကို ဆိုသည်။ (ဋီသစ်)

မေး။ ဒိဗ္ဗ,ဗြဟ္မ,အရိယ ဝိဟာရတို့ဖြင့် နေတော်မူလျက် သတ္တဝါတို့၏ အထူးထူးသော ဟိတသုခကို မြတ်စွာဘုရား ဆောင်တော်မူပုံကို သေချာစွာ ဖြေပြပါ။

ဖြေ။ သတ္တဝါတို့ ကာမဂုဏ်တို့၌ ဖောက်ပြန်စွာ ကျင့်ရာအခါ၌ ထိုသတ္တဝါတို့အား အလောဘ ကုသလမူလ ဖြစ်စေခြင်းငှာ ဗုဒ္ဓသည် ဒိဗ္ဗဝိဟာရဖြင့် နေတော်မူ၏။ အစိုးရခြင်း အကျိုးငှာ သတ္တဝါတို့ ဖောက်ပြန်စွာ ကျင့်ရာအခါ၌ ထိုသတ္တဝါတို့အား အဒေါသ ကုသလမူလ ဖြစ်စေခြင်းငှာ ဗုဒ္ဓသည် ဗြဟ္မဝိဟာရဖြင့် နေတော်မူ၏။ ရဟန်းတို့ ဓမ္မအဓိကရဏ်းကို ငြင်းခုံကြရာ အခါ၌ ထိုရဟန်းတို့အား အမောဟ ကုသလမူလ ဖြစ်စေခြင်းငှာ ဗုဒ္ဓသည် အရိယဝိဟာရဖြင့် နေတော်မူ၏။ ဤသို့လျှင် ဒိဗ္ဗ,ဗြဟ္မ,အရိယ ဝိဟာရတို့ဖြင့် နေတော်မူလျက် သတ္တဝါတို့၏ အထူးထူးသော ဟိတသုခကို မြတ်စွာဘုရား ဆောင်တော်မူပါ၏။ (စာစဉ်)

မေး။ သတ္တဝါတို့၏လည်းကောင်း၊ မိမိ၏လည်းကောင်း ဝိဝိဓသုခကို ဆောင်ရွက်၍ မြတ်စွာဘုရား နေတော်မူပုံကို ဖော်ပြပါ။

ဖြေ။ မြတ်စွာဘုရားသည် တစ်စုံတစ်ခုသော အရပ်၌ နေတော်မူသည် ရှိသော် ဝေနေယျတို့အား တရားဟောတော်မူလျက်လည်းကောင်း၊ အမျိုးမျိုးသော သမာပတ်တို့ဖြင့် အချိန်ကို လွန်စေတော်မူလျက်လည်းကောင်း နေတော်မူသည်။ (ဋီသစ်)

မေး။ အဘယ်ကို ညွှန်ပြလို၍ "**ရာဇဂဟေ အမ္ဗဝနေ**"ဟူသော အာဓာရ ပါဌ်တို့ကို မိန့်ဆိုသနည်း၊ အသီးသီး ဖြေဆိုခဲ့ပါ။

ဖြေ။ မြတ်စွာဘုရား၏ ဂေါစရဂါမကို ညွှန်ပြခြင်း အကျိုးငှာ "ရာဇဂဟေ"ပါဌ်ကို မိန့်ဆို၏။
မြတ်စွာဘုရား၏ အနုရူပ နိဝါသဋ္ဌာနကို ညွှန်ပြခြင်း အကျိုးငှာ "အမ္ဗဝနေ"ပါဌ်ကို မိန့်ဆို၏။

ttp://www.dhammadownload.com



မေး။ သမီပတ္တေ ဟောတဲ ဘုမ္မဝစနံ ပါဌ်ဖြင့် သိစေအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ဘုရားရှင်သည် သရက်ဥယျာဉ်၌သာလျှင် သီတင်းသုံး နေတော်မူခြင်း ဖြစ်သည်။ သို့ရာတွင် "ဂင်္ဂါယံ ဂါဝေါ စရန္တိ၊ ကူပေ ဂဂ္ဂကုလံ" ပြယုဂ်ကဲ့သို့ ဤ၌ ရာဇဂြိုဟ်မြို့၏ ထိုသရက်ဥယျာဉ်၏ အနီးဖြစ်သောကြောင့် ဂေါစရဂါမ်ကို ပြခြင်းအကျိုးငှာ သတ္တမီဝိဘတ်ဖြင့် ရာဇဂဟေဟုလည်း ဟောတော်မူအပ်၏ဟူသော အဓိပ္ပါယ်ကို "သမီပတ္တေ ဟောတဲ ဘုမ္မဝစနံ" ပါဌ်ဖြင့် သိစေအပ်သည်။ (ဋီသစ်)

မေး။ သမီပတ္တေ ဟောတဲ ဘုမ္မဝစနံ ပါဌ်ဖြင့် အဘယ်သို့သော စောဒနာမျိုးကို တားမြစ်ပါသနည်း။

ဖြေ။ ရာဇဂဟေ အမ္ဗဝနေ ဟူသော အဓိကရဏ နှစ်ပါးသည် အဓိကရဏ၏ အဓိကရဏ မရှိသင့်, မဖြစ်သင့် သောကြောင့် "မသင့်"ဟူသော စောဒနာကို တားမြစ်သည်။

**(၅၊ နှာ ၁၂၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သမားတော်ဇီဝက အမ္ဗဝန်ကျောင်းတော် လှူရခြင်း အကြောင်းနှင့် လှူဒါန်းပုံ အစီအစဉ်ကိုလည်း အဋ္ဌကထာ၌ လာသည့်အတိုင်း ဖော်ပြပါ။

ဖြေ။ "ငါသည် တစ်နေ့ နှစ်ကြိမ်,သုံးကြိမ် မြတ်စွာဘုရားကို ဆည်းကပ်လုပ်ကျွေးဖို့ရာ သွားထိုက်၏။ ဤဝေဠုဝန် ကျောင်းတော်သည် အလွန်ဝေး၏။ ငါ့သရက်ဥယျာဉ်ကား အလွန်နီး၏။ ဤသရက်ဥယျာဉ်၌ မြတ်စွာ ဘုရား၏ ကျောင်းတော်ကို ဆောက်လုပ်ရပါမူကား ကောင်းလေစွ"ဟူ၍ ဇီဝက ကြံစည်၏။ ထို့နောက် ဇီဝကသည် ထိုသရက်ဥယျာဉ်၌ ညနေရာ, နေ့နေရာ, လိုဏ်, ကုဋီ, မဏ္ဍပ် စသည်တို့ကို ပြည့်စုံအောင် စီရင်၍ ဗုဒ္ဓအား လျော်ကပ်သော ဂန္ဓကုဋိ ကျောင်းတော်ကို ဆောက်လုပ်စေပြီး၍ ၁၈-တောင် အမြင့်ရှိ သော ကြေးနီရောင် အဆင်းရှိသော တံတိုင်းအကာအရံဖြင့် ကာရံစေပြီး၍ ဘုရား အမှူးရှိသော ရဟန်း သံဃာတော် အပေါင်းကို သင်္ကန်းနှင့်တကွသော ဆွမ်းကို ဆက်ကပ်လျက် ရေစက်ချ၍ အမ္ဗဝန် ကျောင်း တော်ကို လှူဒါန်းပါသည်။ (ဋ္ဌ)

မေး။ မဂဓဇနပုဒ်သည် တစ်ခုတည်းသာ ဖြစ်လျက် "မဂဓာနံ"ဟု ဗဟုဝုစ်ဖြင့် အဘယ်ကြောင့် ဆိုသနည်း။

ဖြေ။ ဇနပုဒ် အမည်ရသော သဒ္ဒါတို့၏ ပုံလိုင်, ဗဟုဝုစ် အဆုံးရှိသည်၏ အဖြစ်ကြောင့် (တစ်နည်း) မဂဓမည်သော ဇနပုဒ်တစ်ခုကို ညွှန်ပြခြင်းအားဖြင့် ထို၌နေသူ လူအများကို ယူအပ်သောကြောင့် "မဂဓာနံ"ဟု ဗဟုဝုစ်ဖြင့် ဆိုသည်။ (ဋီသစ်)

မေး။ "အဇာတသတ္တု"အမည်ရပုံကို ဖြေခဲ့ပါ။

ဖြေ။ မိဖုရားကြီးသည် ကိုယ်ဝန်ရှိစဉ်ကပင် ဗိမ္ဗိသာရ မင်းကြီး၏ လက်မောင်းသွေးကို သောက်လိုသော ချင်ခြင်း ဖြစ်ရကား = မမွေးဖွားမီကပင် မင်းကြီး၏ ရန်သူဖြစ်လတ္တံ့ဟု နိမိတ်ဆရာတို့ ညွှန်ပြ နိမိတ်ဖတ်သည်ကို အစွဲပြု၍ "အဇာတသတ္တု" မည်၏။ (ဋ္ဌ)

မေး။ သံစားလည်း ရှိပါလျက် အဘယ်ကြောင့် ရွှေစား (သုဝဏ္ဏသတ္တကေန)ဟု ဆိုသနည်း။

ဖြေ။ သံစားဖြင့် ရှင်ဘုရင်၏ လက်မောင်းကို မခွဲထိုက်သောကြောင့် ရွှေစားဟု ဆိုသည်။

မေး။ သွေးကို ရေဖြင့် ရော၍ (ဥဒကေန သမ္ဘိန္ဒိတွာ) အဘယ်ကြောင့် တိုက်ရသနည်း။

ဖြေ။ ရေမရောဘဲ သွေးချည်းသက်သက် တိုက်လျှင် ကိုယ်ဝန်ဆောင် မိန်းမတို့မှာ အစာကြေခဲသောကြောင့် ရေဖြင့် ရော၍ တိုက်ရသည်။

ttp://www.dhammadownload.com



(ဌ၊ နှာ ၁၂၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ သရီရံ စတုမဓုရေန မက္ခေတွာ၌ စတုမဓု ဖော်စပ်ပုံကို အာစရိယဝါဒ၊ မဇ္ဈိမဒေသ၊ မြန်မာနိုင်ငံ အလိုက် ဖော်ပြပါ။

ဖြေ။ အာစရိယဝါဒအားဖြင့် စတုမဓုကို ၁။ သပ္ပိ-ထောပတ် ၂။ သက္ခာရ-သကာ (ဝါ) သကြား ၃။ မဓု-ပျားရည် ၄။ နာဠိကေရတေလ-အုန်းဆီ လေးပါးတို့ဖြင့် ဖော်စပ်၏။

မဇ္ဈိမဒေသ၌ စတုမဓုကို ၁။ ဒဓိ-နို့ခမ်း (ဝါ) နို့ချဉ် ၂။ သပ္ပိ-ထောပတ် ၃။ မဓု-ပျားရည် ၄။ ဖာဏိတ-တင်လဲ လေးပါးတို့ဖြင့် ဖော်စပ်၏။

မြန်မာနိုင်ငံ၌ စတုမဓုကို ၁။ နှမ်းဆီ ၂။ ပျားရည် ၃။ ထောပတ် ၄။ တင်လဲ လေးပါးတို့ဖြင့် ဖော်စပ်၏။

မေး။ အဘယ်ကြောင့် ဗိမ္ဗိသာရမင်းကြီးသည် မိဖုရား၏ ကိုယ်ကို လျှာဖြင့် လျှက်၍ မျှတရသနည်း။

(ကသ္မာ သရီရံ လေဟိတွာ ယာပေတိ)

ဖြေ။ မိမိ၏ လုံ့လဖြင့် သေခြင်းသည် မသင့်ဟု နှလုံးသွင်းသောကြောင့်လည်းကောင်း၊ အရိယာတို့ မည်သည် မိမိကိုယ်ကို သေအောင် မပြုကြသောကြောင့်လည်းကောင်း မင်းကြီးသည် စတုမဓု သုတ်လိမ်းထားအပ်သော မိဖုရား၏ ကိုယ်ကို လျှာဖြင့် လျှက်၍ မျှတသည်။

(ဌ၊ နှာ ၁၂၆-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ရာဇာ ကိရ ပုဗ္ဗေ စေတိယင်္ဂဏေ သဉပါဟနော အဂမာသိ၊ နိသဇ္ဇနတ္ထာယ ပညတ္တကဋသာရကဉ္စ အဓောတေဟိ ပါဒေဟိ အက္ကမိ ဝါကျ၌ လာသော စေတိယင်္ဂဏ၊ နိသဇ္ဇန၊ ပညတ္တကဋသာရက အမည် ရပုံတို့ကို အသီးသီး ဖြေပြပါ။

ဖြေ။ ပန်းနံ့သာတို့ဖြင့် ပူဇော်ရာ စေတီ၏ မြေပြင်သည် စေတိယင်္ဂဏ မည်၏။

ရဟန်းသံဃာတို့၏ ထိုင်ရာအရပ်သည် နိသဇ္ဇန မည်၏။

ရဟန်းသံဃာတို့ ထိုင်ဖို့ရာ သီးသန့်ခင်းထားအပ်သော ဖျာ,သင်ဖြူးများသည် ပညတ္တကဋသာရက မည်၏။

မေး။ ဗိမ္ဗိသာရမင်းကြီး၏ ခြေဖဝါး ဓားခွဲ,မီးကင် ခံရခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ ရှေးအခါက စေတီရင်ပြင်ပေါ်၌ ဖိနပ်စီးသွားမိခြင်း၊ သံဃာတော်များ ထိုင်ရန် ခင်းထားအပ်သော သင်ဖြူးကိုလည်း ခြေမဆေးဘဲ တက်နင်းခြင်း မကောင်းမှု၏ အကျိုးဆက်ကြောင့် ခြေဖဝါး ဓားခွဲ,မီးကင် ခံရခြင်း ဖြစ်သည်။

အမှာ။ ထိုလွန်ကျူးမှုသည် ပြစ်မှားသော စိတ်၏ အစွမ်းဖြင့်သာ ပြုခဲ့သည်ဟု မှတ်ပါ။

မေး။ ဗိမ္ဗိသာရမင်းကြီးသည် များစွာသော ကောင်းမှု ရှိပါလျက် အဘယ်ကြောင့် စာတုမဟာရာဇ် နတ်ပြည်၌ ဝေဿဝဏ် နတ်မင်းကြီး၏ အလုပ်အကျွေး (ပရိစာရက) ဇနဝသဘနတ်သား ဖြစ်ရပါသနည်း။

ဖြေ။ ဗိမ္ဗိသာရမင်းကြီးသည် များစွာသော ကောင်းမှုရှိသူ ဖြစ်သော်လည်း ထိုစာတုမဟာရာဇ် နတ်ပြည်၌ ရှေးက ကြိမ်ဖန်များစွာ ဖြစ်ဘူးသောကြောင့် ကြာမြင့်စွာ လေ့ကျက်အပ်သော နိကန္တိ၏ အစွမ်းဖြင့် ထိုနတ်ပြည်၌ပင် ဝေဿဝဏ် နတ်မင်းကြီး၏ အလုပ်အကျွေး (ပရိစာရက) ဇနဝသဘနတ်သား ဖြစ်ရသည်။ (ဋီသစ်)

မေး။ ဟုတွာနှင့် နိဗ္ဗတ္တိတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ပဋိသန္ဓေ၏ အစွမ်းဖြင့် ဖြစ်ခြင်းသည် ဟုတွာ။ ပဝတ္တိ၏ အစွမ်းဖြင့် ဖြစ်ခြင်းသည် နိဗ္ဗတ္တိ။

ttp://www.dhammadownload.com



**(၄၊ နှာ ၁၂၇-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ပဉ္စ ဝတ္ထူနိ ယာစိတွာ ပါဠိ၌ လာသော ဒေဝဒတ် တောင်းဆိုသည့် ပဉ္စဝတ္ထု သရုပ်ကို ဖော်ပြပါ။

ဖြေ။ ၁။ အရညကင်စုတင် ဆောက်တည်ရန်၊
၂။ ပိဏ္ဍပါတ်စုတင် ဆောက်တည်ရန်၊
၃။ ပံသုကူစုတင် ဆောက်တည်ရန်၊
၄။ ရုက္ခမူစုတင် ဆောက်တည်ရန်၊
၅။ အမဲ,သား,ငါးတို့ကို မစားရန်တို့တည်း။

မေး။ **ဝေဒေဖာိပုစ္ဆောတိ** အယံ ကောသလရညော ဓီတာယ ပုတ္တော ဝါကျ၌ လာသော "ကောသလ ရညော"၌ ကောသလ အရ = မည်သည့် ကောသလမင်းကို ယူရမည်နည်း။

ဖြေ။ ကောသလ အရ = ပသေနဒီကောသလမင်း၏ အဖဖြစ်သော မဟာကောသလမင်းကို ယူပါ။ (ဋီသစ်)

အမှာ။ ပသေနဒီကောသလမင်းနှင့် အဇာတသတ်၏ မိခင် ဝေဒေဟီတို့သည် မောင်နှမအရင်း ဖြစ်ကြသည်။

မေး။ **ဝေဒေဖာိပုစ္ဆော** ပါဠိ၌ လာသည့် ပုတ္တဘေဒနှင့် ဣဓာဓိပ္ပေတ ပုတ္တတို့ကိုလည်း ဝါဒစုံစွာ ဖော်ပြပါ။

ဖြေ။ ပုတ္တဘေဒကား ...
၁။ အတိဇာတပုတ္တ - ဖခင်ထက် မြတ်သောသား၊
၂။ အနုဇာတပုတ္တ - ဖခင်နှင့် တန်းတူ ဖြစ်သောသား၊
၃။ အဝဇာတပုတ္တ - ဖခင်အောက် ယုတ်သောသားဟူ၍ သုံးပါး အပြားရှိ၏။ (ဣတိဝုတ်ပါဠိတော်)
ဣဓာဓိပ္ပေတ ပုတ္တအရကား = အဇာတသတ်မင်းသည် ဖခင် ဗိမ္ဗိသာရမင်းအောက် ယုတ်ညံ့သောသား ဖြစ်သောကြောင့် အဝဇာတပုတ္တကိုသာ ယူရမည်။

အမှာ။ ဖခင်ထက် မြတ်မှု, ဖခင်အောက် ယုတ်မှု စသည်ကို သရဏဂုံ တည်မှု, ငါးပါးသီလ တည်မှုတို့ဖြင့် ဆုံးဖြတ်ပါ။
(တစ်နည်း) ပုတ္တဘေဒကား ...
၁။ အတ္တဇပုတ္တ - မိမိခန္ဓာကိုယ်ကြောင့် ဖြစ်ပေါ်လာသောသား၊
၂။ ခေတ္တဇပုတ္တ - မိမိ၏ ပိုင်ဆိုင်ရာ ဧရိယာ မြေအတွင်း၌ ဖြစ်ပေါ်လာသောသား၊
၃။ ဒိန္နကပုတ္တ - ကျွေးမွေးစောင့်ရှောက်ရန် သူတစ်ပါးက ပေးလာသည့်အတွက် စောင့်ရှောက်မွေးမြူရသော သား (ဝါ) ကိတ္တိမပုတ္တဟု ဆိုအပ်သည့် မွေးစားသား၊
၄။ အန္တေဝါသိကပုတ္တ - ပညာရည်နို့ သောက်စို့ရန်အတွက် အနီးနေ တပည့်အဖြစ်ဖြင့် နေသောသူကို ဆရာသမားတို့က ပြုစုစောင့်ရှောက် ကျွေးမွေးထားရသောသားဟူ၍ လေးပါး အပြားရှိ၏။
ဣဓာဓိပ္ပေတ ပုတ္တအရကား = အဇာတသတ်မင်းသည် ဖခင် ဗိမ္ဗိသာရမင်းကြီး ခန္ဓာကိုယ် အတ္တဘောကြောင့် ဖြစ်ပေါ်လာရသောသား ဖြစ်သောကြောင့် အတ္တဇပုတ္တကိုသာ ယူရမည်။ (မဟာနိဒ္ဒေသပါဠိတော်)

မေး။ အယျော အာနန္ဒော ဝေဒေဟမုနိ ပါဠိ၌ လာသည့် မုနိဘေဒနှင့် ဣဓာဓိပ္ပေတ မုနိကိုလည်း အကြောင်းပြ၍ တိကျစွာ ဖော်ပြပါ။

ဖြေ။ မုနိဘေဒကား ...

ttp://www.dhammadownload.com



၁။ အဂါရမုနိ – လူ့ဘောင်၌ အကျင့်မြတ်ကို ကျင့်သူ၊
၂။ အနာဂါရမုနိ – လူ့ဘောင်ကို ရှောင်ကွင်း၍ ရဟန်းအဖြစ်ဖြင့် အကျင့်မြတ်ကို ကျင့်သူ၊
၃။ သေက္ခမုနိ – သောတာပတ္တိမဂ္ဂဋ္ဌာန်မှ စ၍ အရဟတ္တမဂ္ဂဋ္ဌာန် တိုင်အောင်သော ခုနစ်ယောက်သော သေက္ခပုဂ္ဂိုလ်များ၊
၄။ အသေက္ခမုနိ – ရဟန္တာ၊
၅။ ပစ္စေကမုနိ – ပစ္စေကဗုဒ္ဓါများ၊
၆။ မုနိမုနိ – မြတ်စွာဘုရားဟူ၍ ခြောက်ပါး အပြားရှိ၏။

ဤကာဓိပ္ပေတ မုနိအရကား အရှင်အာနန္ဒာသည် ထိုအချိန်၌ သောတာပတ္တိဖလဋ္ဌာန် ဘဝသာ ရှိသေးသော ကြောင့် သေက္ခမုနိကိုသာ ယူရမည်။

မေး။ သီလေန ဝါ အနသနေန ဝါ–၌ (က) သီလ အရ (ခ) အနသန အရတို့ကို ဖော်ပြပါ။

ဖြေ။ (က) သာသနာတော်အတွင်း အရိယာဥပုသ် သီလကို ယူပါ။
(ခ) အစာမစားခြင်းမျှဟု ဆိုအပ်သော သာသနာပ အယူဝါဒီ ပုဂ္ဂိုလ်တို့၏ ဥပုသ်သီလကို ယူပါ။ (ဋီသစ်)

မေး။ သီလေန ဝါ အနသနေန ဝါ–၌ ဝါသဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ ဝါသဒ္ဒါသည် အနိယမ အနက်ရှိ၏။
ယင်း ဝါသဒ္ဒါဖြင့် အချို့သော မနောဒုစရိုက်ကိုလည်းကောင်း၊ ဒုသီလျ စသည်ကိုလည်းကောင်း သိမ်းယူ သည်ဟု ပြ၏။ (ဋီသစ်)

မေး။ "သုဒ္ဓဿုပေါသထော သဒါ" စသည်ဖြင့် ဘုရားရှင် ဟောတော်မူခြင်း၏ အကြောင်းကို ပြည့်စုံစွာ ဖော်ပြပါ။

ဖြေ။ သုန္ဒရိက ဘာရဒွါဇ ပုဏ္ဏားသည် တပေါင်းလ ဥတ္တရဖဂ္ဂုဏီ နက္ခတ်နှင့် ယှဉ်သောနေ့၌ ဆိပ်ကမ်းရေ ချိုးသူအား တစ်နှစ်ပတ်လုံး ပြုသော မကောင်းမှုများ မျောပါလွင့်ပျောက်၏ဟု အယူရှိ၏။ ပုဏ္ဏားကို ထိုအခြေအမြစ် မရှိ, အဓိပ္ပါယ်ကင်းမဲ့သော အယူမှ စင်ကြယ်စေလိုသောကြောင့် "သုဒ္ဓဿုပေါသထော သဒါ" စသည်ဖြင့် ဘုရားဟောတော်မူသည်။

## (၅၊ နှာ ၁၂၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **တဒဟုပေါသထေ ပန္နရသေ** ပါဠ်၌ လာသော ဥပုသ်အပြားကို ဖော်ပြ၍၊ အဘယ်အကျိုးငှာ "ပန္နရသေ"ပုဒ်ကို ထည့်ဆိုရသနည်း။

ဖြေ။ တဒဟုပေါသထေ ပန္နရသေ ပါဠ်၌ လာသော ဥပုသ်အပြားကား . . .
၁။ အဋ္ဌမီ ၂။ စာတုဒ္ဒသီ ၃။ ပန္နရသီဟု ၃–ပါးရှိ၏။
အဋ္ဌမီ ဥပုသ်နှင့် စာတုဒ္ဒသီ ဥပုသ်တို့ကို တားမြစ်ခြင်း အကျိုးငှာ "ပန္နရသေ"ပုဒ်ကို ထည့်ဆို၏။

မေး။ **"တဒဟုပေါသထေ ပန္နရသေ"** ပုဒ်တို့နှင့် **"ကောမုဒိယာ"** စသော ပုဒ်တို့ကို မည်သည့်အစွမ်းဖြင့် ဆိုသနည်း။

ဖြေ။ "တဒဟုပေါသထေ ပန္နရသေ" ပုဒ်တို့ကို ဒိဝသ၏အစွမ်းဖြင့် ဆို၏။
"ကောမုဒိယာ" စသော ပုဒ်တို့ကို ထိုနေ့၏ တစ်စိတ်တစ်ဒေသဖြစ်သော ညဉ့်၏အစွမ်းဖြင့် ဆို၏။ (ဋီသစ်)

မေး။ **ကောမုဒီ** ပုဒ်၌ တဒ္ဓိတ် ဏပစ္စည်း၏ ဇောတကတ္ထကို ဖော်ပြပါ။

ဖြေ။ ကောမုဒီ ပုဒ်၌ တဒ္ဓိတ် ဏပစ္စည်းသည် ... ဗဟုတ္တ–အများဟူသော အနက်၊ အတိသယ–အလွန်အကဲ ဟူသော အနက်တို့ကို ထွန်းပြ၏။ (ဋီသစ်)

အမှာ။ တဒ္ဓိတ် ဏပစ္စည်းသက်ရာ ဝိသယကို မေးကလည်း = ဗဟုတ္တ၊ အတိသယဟုပင် ဖြေပါ။

ttp://www.dhammadownload.com



မေး။ အဘယ်ကြောင့် လပြည့်ည (ဝါ) လကို "ပုဏ္ဏ"ဟု ဆိုသနည်း။

ဖြေ။ ၁၆–စိတ်သော ကလာတို့၏ အစွမ်းဖြင့် လသည် ပြည့်သည်ဖြစ်၍ ထင်ရှားသောကြောင့် လပြည့်ည (ဝါ) လကို "ပုဏ္ဏ"ဟု ဆိုသည်။

မေး။ အဘယ်ကြောင့် တန်ဆောင်မုန်း လပြည့်နေ့ကို "ပုဏ္ဏမာ"ဟု ဆိုသနည်း။

ဖြေ။ တန်ဆောင်မုန်းလ၏ ပြည့်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ မိုးဥတု၏ ပြည့်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ တန်ဆောင်မုန်းလဖြင့် မှတ်အပ်သော နှစ်၏ ပြည့်သည်၏ အဖြစ်ကြောင့်လည်းကောင်း တန်ဆောင်မုန်း လပြည့်နေ့ကို "ပုဏ္ဏမာ"ဟု ဆိုသည်။

မေး။ **ရာဇာမစ္စပရိဝုတော** ။ပ။ ကဥ္စနာသနေ နိသိန္နော ဟောတိ၌ အဇာတသတ်မင်းသည် မင်းအမတ်အပေါင်း ခြံရံလျက် မြတ်သော ပြာသာဒ်ထက်ဝယ် အဘယ်အကျိုးငှာ နေသနည်း၊ အဋ္ဌကထာဆရာ နှစ်သက်သော ဝါဒဖြင့် အကျယ်ရှင်းလင်းပြပါ။

ဖြေ။ အဇာတသတ်မင်းသည် အဖကို သတ်ဖို့ရာ လုံ့လပြုသော နေ့မှ စ၍ "အိပ်တော့မည်"ဟု မျက်စိ မှိတ်ကာမျှ၌ပင် မျက်လုံးတို့ကို လှံတစ်ရာဖြင့် ထိုးဆွခံရသကဲ့သို့ ငိုမြည်တမ်းလျက်သာလျှင် နိုးလာသည်။ "အဘယ်ကြောင့် ငိုမြည်တမ်း၍ နိုးရသနည်း"ဟု မေးလျှင် "ဘာတစ်ခုကိုမျှ မပြောဆိုနိုင်ပေ"။ ထို့ကြောင့် အဇာတသတ် မင်းသည် အိပ်ခြင်းကို မနှစ်သက်ရကား အိပ်ခြင်းကို ပယ်ဖျောက်ခြင်း အကျိုးငှာ မင်းအမတ်အပေါင်း ခြံရံလျက် ပြာသာဒ်ထက်၌ နေ၏။ ဤကား = အဋ္ဌကထာဆရာ နှစ်သက်သော ဝါဒတည်း။

အမှာ။ ဝဒန္တိဆရာတို့ကား = နက္ခတ်ပွဲလမ်း သဘင်နေ့ ဖြစ်သောကြောင့် နေသည်ဟု ဆိုကြ၏။ မင်းမျိုးတို့၌ အခါခပ်သိမ်း နက္ခတ်ပွဲလမ်း သဘင် ရှိနေသောကြောင့် ယင်းဝါဒကို မသင့်ဟု မှတ်ပါ။ အိပ်ခြင်းကို ပယ်ဖျောက်ခြင်း အကျိုးငှာသာ နေသည်ဟူသော အဋ္ဌကထာဝါဒကို အနှစ်သာရအားဖြင့်သာ မှတ်ရာ၏။

မေး။ ရာဇာမစ္စေဟိ၌ ရာဇ အရနှင့် အမစ္စ အရတို့ကို ဖော်ပြပါ။

ဖြေ။ ရာဇ အရ = မင်းမျိုးမှ ဆင်းသက်လာသော အမတ်ကြီးများကို ယူပါ။

(တစ်နည်း) လက်အောက်ခံမင်း, ဘုရင်ခံများကို ယူပါ။

အမစ္စ အရ = အမတ်ကြီးများကို ယူပါ။

မေး။ ပါသာဒနှင့် ကဥ္စနာသနတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ မျက်စိနှင့် စိတ်တို့၏ ကြည်နူးဖွယ်ရာ အဆောက်အဦသည် ပါသာဒ မည်၏။

(တစ်နည်း) လေးထောင့်ဖြစ်သော နေထိုင်ရာ အိမ်အထူးသည် ပါသာဒ မည်၏။ (ဓာန်ဋီ)

ခြင်္သေ့ရုပ် ပဓာနရှိသော ရွှေဖြင့် စီခြယ်အပ်သော သီဟာသန ပလ္လင်သည် ကဥ္စနာသန မည်၏။ (ဋီသစ်)

မေး။ ဝီထိနှင့် ရစ္ဆတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ရထားသွားလောက် ထုတ်ခြင်း ပေါက်သော လမ်းမကြီးသည် ဝီထိ။

ရထားမသွားလောက် ထုတ်ခြင်း မပေါက်သော လမ်းငယ်သည် ရစ္ဆ။ ဤသို့ ထူးသည်။ (ဋီသစ်)

**(၄၊ နှာ ၁၂၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အဝသေကနှင့် ဩဃတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ စွန့်ခြင်း၏ အစွမ်းဖြင့် အဝသေသ၊ ရေအလျဉ်၏ အစွမ်းဖြင့် ဩဃ၊ ဤသို့ ထူး၏။ (စာစဉ်)

ttp://www.dhammadownload.com



မေး။ "ဥဒါန်း"၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ လက်ခံ နားထောင်မည့်သူကို ငဲ့ကွက်ခြင်း မရှိသော, "မည်သူ့အား ပြောမည်"ဟု ရည်ရွယ်ချက် မရှိသော, သက်သက်မွှန်မြတ်သော, ပီတိအဟုန်ကြောင့် မိမိသဘောအားဖြင့် နှုတ်မှ အလိုလို ရုတ်တရက် ပေါ်ထွက်လာသော စကားသံကို "ဥဒါန်း"ဟု ခေါ်သည်။ (ဋီသစ်)

မေး။ ဒေါသိနာ ပုဒ်ကို အမျက်ဒေါသ ရှိသူဟု မဖွင့်ဘဲ ဒေါသာပဂတာ–ညစ်ညူးခြင်း အပြစ်မှ ကင်းသတည်းဟု အဘယ်ကြောင့် ဖွင့်ဆိုရသနည်း။

ဖြေ။ ပါဠိတော်ဝယ် ဒေါသိနာပုဒ်၏ အနီး၌ ဆိုထားသည့် ရမဏီယာ, အဘိရူပါ, ဒဿနီယာ, ပါသာဒိကာ, လက္ခညာ ဟူသော ငါးပုဒ်တို့ကို ထောက်၍လည်းကောင်း၊ အဋ္ဌကထာ၌လည်း = သာ ဟိ မဟာဇနဿ မနံ ရမယတီတိ **ရမဏီယာ**။ ဝုတ္တဒေါသဝိမုတ္တာယ စန္ဒပ္ပဘာယ ဩဘာသိတတ္တာ အတိ ဝိယ သုရူပါတိ **အဘိရူပါ**။ ဒဿိတုံ ယုတ္တာတိ **ဒဿနီယာ**။ စိတ္တံ ပသာဒေတီတိ **ပါသာဒိကာ**။ ဒိဝသမာသာဒီနံ လက္ခဏံ ဘဝိတုံ ယုတ္တာတိ **လက္ခညာ**ဟု ဖွင့်ဆိုလတ္တံ့သည့် အဖွင့်သံဝဏ္ဏနာများကို ထောက်ဆ၍လည်းကောင်း ဤနေရာ၌ ဒေါသိနာ ပုဒ်သည် အမျက်ဒေါသ ရှိသူဟူသော အဓိပ္ပါယ် မဖြစ်နိုင်။ ညစ်ညူးခြင်း အပြစ်မှ ကင်းသတည်း ဟူသော အဓိပ္ပါယ်သာ ဖြစ်နိုင်သောကြောင့် ဒေါသိနာ ပုဒ်ကို ဒေါသာပဂတာ–ညစ်ညူးခြင်း အပြစ်မှ ကင်းသတည်းဟုသာ ဖွင့်ဆို၏။

မေး။ ဝိနည်းပါဠိတော်, အင်္ဂုတ္တိုရ် ပါဠိတော်တို့၌ စန္ဒိမသူရိယုပက္ကိလေသ ၄–ပါးသာ လာပါလျက် ဤသီလက္ခန္ဓဝဂ္ဂဋ္ဌကထာ၌ ပဉ္စဟိ ဥပက္ကိလေသေဟိဟု ဆိုခြင်းတို့ကို မဆန့်ကျင်အောင် ရှင်းပြ ဆုံးဖြတ်ပါ။

ဖြေ။ ပါဠိတော်၌ "အဗ္ဘာ, မဟိကာ, ဓူမောရဇော, ရာဟု" ဟူ၍ လေးပါးသာ ဆို၏။ အဋ္ဌကထာ၌ကား တတိယ ဥပက္ကိလေသ ဖြစ်သော "ဓူမောရဇော"ကို အခိုးနှင့်မြူဟု နှစ်မျိုး ခွဲခြား၍ ပြခြင်း၏ အစွမ်းဖြင့် "ပဉ္စဟိ ဥပက္ကိလေသေဟိ"ဟု ဆို၏။ ဤသို့ တွဲခြင်း, ခွဲခြင်းမျှသာ ကွာသောကြောင့် ပါဠိတော်နှင့် အဋ္ဌကထာ မဆန့်ကျင်ပါ။ (ဋီသစ်)

မေး။ ဓူမ အရ အဘယ်ကို ယူရမည်နည်း။

ဖြေ။ ဓူမ အရ = မီးခိုးကို မယူရ၊ ရေခိုးရေငွေ့ဟူသော အခိုးအငွေ့ကို ယူရမည်။

အမှာ။ ထိုရေခိုးရေငွေ့သည် တိမ်တိုက်ဖြစ်သောကြောင့် အဗ္ဘနှင့် ဓူမကို သဘောတူ ယူ၍ ပေါင်းလျှင် ဥပက္ကိလေသ ၄–မျိုးသာ ဖြစ်၏။

မေး။ ဝုတ္တဒေါသဝိမုတ္တာယ စသော ပါဌ်တို့နှင့် လက္ခညာ ပါဌ်တို့ဖြင့် မည်သည့် အရာများကို ပြဆိုသနည်း၊ အသီးသီး ဖြေဆိုခဲ့ပါ။

ဖြေ။ ဝုတ္တဒေါသဝိမုတ္တာယ စသော ပါဌ်တို့ဖြင့် = လဆန်းရက်၏ အစွမ်းဖြင့် ညဉ့်၏ ပါသာဒိက အဖြစ်ကို ပြသည်။ လက္ခညာ ပါဌ်ဖြင့် = ရက်,လ,ဥတု, နှစ်တို့ဖြင့် မှတ်သားထိုက်သည်ကို ပြသည်။ (စာစဉ်)

မေး။ **သမဏံ ဝါ ဗြာဟ္မဏံ ဝါ** ပါဌ်၌ လာသော သမဏ, ဗြာဟ္မဏ အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ "ယံ နော ပယိရုပါသတော စိတ္တံ ပသီဒေယျ"ဟု ဆိုသောကြောင့် စိတ်ကို ကောင်း ကြည်လင်စေနိုင်သော ပရမတ္ထသမဏ, ပရမတ္ထဗြာဟ္မဏတို့ကို ယူပါ။ (ဋီသစ်)

မေး။ **ယံ နော ပယိရုပါသတောတိ** ဝစနဗျတ္တယော သေ ဝါကျ၌ လာသော ဝစနဗျတ္တယ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ဧကဝုစ်ဖြင့် ဆိုထိုက်ရာ၌ ဗဟုဝုစ်ဖြင့် ဆိုခြင်းကို ဝစနဗျတ္တယ (ဝုစ်ပြန်ခြင်း)ဟု ခေါ်၏။

ttp://www.dhammadownload.com



မေး။ **ယံ နော ပယိရုပါသတော**တိ ဝစနဗျတ္တယော သေ ဝါကျ၌ လာသော ပယိရုပါသတောကို ဝစနဗျတ္တယဟု ဆိုရခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ဤ၌ နော-သည် ဗဟုဝုစ်၊ ပယိရုပါသတောသည် ဂစ္ဆတောကဲ့သို့ ဧကဝုစ်တည်း။ ဝိသေသန, ဝိသေသျ ဖြစ်သော ထိုနှစ်ပုဒ်တို့သည် ရုပ်ချင်း, ဝုစ်ချင်း တူသင့်ပါလျက် မတူသောကြောင့် ပယိရုပါသတောကို ဝစနဗျတ္တယဟု ဆိုရသည်။

မေး။ တစ်ဦးတစ်ယောက်ပင် ဖြစ်သော်လည်း ဗဟုဝုစ်ဖြင့် ဆိုနိုင်သော ဌာနတို့ကို ဖော်ပြပါ။

ဖြေ။ ၁။ မိမိကိုယ်ကို မြှောက်ပင့် ဆိုရာ၌လည်းကောင်း ၂။ အလေးအမြတ် ပြုအပ်သော အရာဌာန၌လည်းကောင်း တစ်ဦးတစ်ယောက်ပင် ဖြစ်သော်လည်း "ဗဟုဝုစ်"ဖြင့် ဆိုနိုင်၏။ (ဋီသစ်)

မေး။ (က) တေန ဟိ ဘဂဝတော ဥပဋ္ဌာကော အရိယသာဝကော အတ္တနော ပိတာ မာရိတော။
(ခ) ဒေဝဒတ္တော စ တမေဝ နိဿာယ ဘဂဝတော ဗဟုံ အနတ္ထမကာသိ ဝါကျတို့တွင် (ခ)ဝါကျ၌ အဘယ့်ကြောင့် "စသဒ္ဒါ"ကို ထည့်၍ ဆိုသနည်း။

ဖြေ။ အဇာတသတ်မင်းသည် မြတ်စွာဘုရား၏ အလုပ်အကျွေး အရိယသာဝက ဖြစ်သော မိမိ၏ ဖခမည်းတော်ကို သတ်ခြင်းဖြင့် ကြီးလေးသော အပြစ်ရှိသူ ဖြစ်သကဲ့သို့၊ ထို့အတူ မြတ်စွာဘုရားအား များစွာသော အကျိုးမဲ့ကို ပြုလုပ်သူ ဒေဝဒတ်၏ မှီခိုရာ၏ အဖြစ်ဖြင့်လည်း ကြီးလေးသော အပြစ်ရှိသူ ဖြစ်၏။ ဤသို့သောအနက် ကပ်ဆောင်နိုင်သည်ကို ပြလိုသောကြောင့် (ခ)ဝါကျ၌ "စသဒ္ဒါ"ကို ထည့်၍ ဆို၏။

မေး။ ဌ၊ နှာ ၁၂၉-လာ ဗဟုံ အနတ္ထမကာသိ အရ မြတ်စွာဘုရားရှင် အပေါ်၌ ဒေဝဒတ်၏ အကျိုးမဲ့ ပြုပုံများကို ဖော်ပြပါ။

ဖြေ။ ဒေဝဒတ်သည် ၁။ အဇာတသတ်မင်းအား လူသတ်သမားတို့ကို စေလွှတ်၍ မြတ်စွာဘုရားကို သတ်စေခြင်း ၂။ ဒေဝဒတ်ကိုယ်တိုင် ဂိဇ္ဈကုဋ်တောင်သို့ တက်ပြီး ယန္တရားဖြင့် ကျောက်တုံးပစ်လွှတ်၍ မြတ်စွာဘုရားကို လုပ်ကြံခြင်း ၃။ နာဠာဂီရိဆင်ကို လွှတ်စေ၍ မြတ်စွာဘုရားကို လုပ်ကြံခြင်း ၄။ ပဉ္စဝတ္ထု တောင်းမှုကို အကြောင်းပြု၍ သံဃာသင်း ခွဲခြင်းတို့ ဖြစ်သည်။ (ဌ၊ နှာ-၁၂၇)

မေး။ ဇီဝကသည် သြဘာသနိမိတ် ပြုမှုကို သိပါလျက် အဘယ်ကြောင့် ဆိတ်ဆိတ်နေပါသနည်း။

ဖြေ။ စကား၏ ပျံ့လွင့်ခြင်းကို ဖြတ်ခြင်း အကျိုးငှာ (တစ်နည်း) မိမိ စကားကို ပယ်ရှားမှုကို ဖြတ်ခြင်းအကျိုးငှာ ဆိတ်ဆိတ်နေပါသည်။

မေး။ အသိက္ခိတာနံ ဟူသည် အဘယ်နည်း။

ဖြေ။ ကိုယ်,နှုတ် စောင့်စည်းမှုတည်းဟူသော အကျင့်သိက္ခာမှ ကင်းကုန်သော တိတ္ထိဆရာကြီးများနှင့် ယင်းတို့၏ နောက်လိုက် တပည့်များကို "အသိက္ခိတာနံ"ဟု ဆို၏။ (ဋီသစ်)

**(ဌ၊ နှာ ၁၃၀-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သော ကိရ အညတရဿ ကုလဿ ဂေဟဒါသသတ် ပုရယမာနော ဇာတော ဝါကျ၌ ကိရသဒ္ဒါ ထားရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ "နှစ်မသက်ကား၊ တစ်ဆင့်ကြား၊ ထားလေ ကိရသာ" နိယံနှင့်အညီ ရှေးအဋ္ဌကထာမှ တစ်ဆင့်ကြားရသော အကြောင်းအရာ ဖြစ်သည်ကို ပြလိုသောကြောင့် ကိရသဒ္ဒါကို ထားသည်။ (ဘာဋီ)

အမှာ။ ဌ၊ နှာ ၁၃၁-လာ မက္ခလိပုဒ်၏ ဝိဂ္ဂဟပြရာ၌ ကိရသဒ္ဒါ ထားရခြင်း အကြောင်းကို မေးခဲ့သော် = ဤ အဖြေအတိုင်းသာ ဖြေပါ။

ttp://www.dhammadownload.com



မေး။ အစေလက ပူရဏ ကဿပ အမည်ရပုံကို ရေးခဲ့ပါ။

ဖြေ။ အဝတ်ကို ချွတ်ယူသွားရာမှ ဆက်မဝတ်ဘဲ နေသောကြောင့် အစေလက အမည်ရ၏။
တစ်ယောက်ဖြင့် ယုတ်သော ကျွန်တို့ကို တစ်ရာ ပြည့်စေသောကြောင့် ပူရဏ အမည်ရ၏။
အနွယ်အားဖြင့် ကဿပ ဖြစ်သောကြောင့် ကဿပ အမည်ရ၏။
ဤသို့လျှင် တိတ္ထိဆရာကြီးသည် အစေလက ပူရဏ ကဿပဟူသော အမည်ကို ရလေတော့၏။

မေး။ အဘယ်ကြောင့် ပူရဏကဿပကြီးကို မင်္ဂလာကျွန်ဟု ခေါ်ရသနည်း။

ဖြေ။ ကျွန် ၉၉-ယောက်ရှိသော အမျိုးတစ်ဦးအား ပူရဏကဿပ မွေးဖွားလာခြင်းဖြင့် ကျွန်တစ်ရာ ပြည့်သွားသောကြောင့် ပူရဏကဿပကြီးကို မင်္ဂလာကျွန်ဟု ခေါ်၏။

မေး။ ပူရဏကဿပ အဝတ်မဝတ်ခြင်း အကြောင်းကို ဖြေဆို၍ ပူရဏကဿပထံ ရဟန်းပြုသော ပုဂ္ဂိုလ်တို့၏ အရေအတွက်ကိုလည်း သင်္ချာမှု ဖော်ပြပါ။

ဖြေ။ ကျွန်ရှင်တို့ထံမှ ထွက်ပြေးလာသော ပူရဏကဿပ၏ အဝတ်တို့ကို သူခိုး, ဓားပြတို့သည် လုယက်ကုန်၏။ ပူရဏကဿပသည် မြက်,သစ်ရွက်တို့ဖြင့် ဖုံးလွှမ်းဖို့ရာကိုမျှ မသိသည် ဖြစ်၍ အဝတ်မပါ ဗလာကိုယ်ချည်းဖြင့်သာလျှင် (နီးစပ်ရာ) ရွာတစ်ရွာသို့ ဝင်၏။ ထိုရွာ၌ နေသော လူတို့သည် "ပူရဏကဿပအား အလိုနည်းသူ, ရဟန္တာ"ဟု ထင်မှတ်ကုန်၍ မုန့်,ထမင်း စသော ခဲဘွယ် ဘောဇဉ်တို့ကို လှူဒါန်းကုန်၏။ ချဉ်းကပ်ပူဇော်ကုန်၏။ ပူရဏ ကဿပသည် "ငါ အဝတ်မဝတ်ဘဲ နေသဖြင့် ဤသို့သော ပူဇော်သက္ကာရ လာဘ်, လာဘတို့ ဖြစ်ကုန်၏"ဟု ကြံစည်နှလုံးသွင်းသောကြောင့် ထိုအခါမှ စ၍ အဝတ်ကို ရသော်လည်း မဝတ်တော့ပါ။ ထိုအဝတ်မမှီး အချည်းနီးသော သဘောသည်သာလျှင် ပဗ္ဗဇ္ဇဟု ယူသောကြောင့်လည်း အဝတ်မဝတ်တော့ပါ။
ပူရဏကဿပထံ ရဟန်းပြုသော ပုဂ္ဂိုလ် အရေအတွက် = ၅၀၀ ရှိသည်။ (၄)

မေး။ **သင်္ဃီ, ဂဏီ**တို့၏ အဓိပ္ပါယ်ကို ကေစိဝါဒ အလိုကျ ဖြေပြ၍ ယင်း ကေစိဝါဒ သင့်/မသင့်ကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ ကေစိဆရာတို့က "ရဟန်းအပေါင်း၏ အစွမ်းဖြင့် (ဝါ) ပဗ္ဗဇိတအပေါင်း ခြံရံလျက် ရှိသောကြောင့် ပူရဏကဿပကြီးသည် သင်္ဃီ မည်၏။ လူအပေါင်း၏ အစွမ်းဖြင့် (ဝါ) ဆည်းကပ်ခစားနေသည့် လူအပေါင်း ခြံရံလျက် ရှိသောကြောင့် ပူရဏကဿပကြီးသည် ဂဏီ"မည်၏ဟု ဆိုကြ၏။
ယင်း ကေစိဆရာတို့၏ အယူသည် မသင့်။ အကြောင်းကား = လောကဝယ် ဂဏသဒ္ဒါ ဟောသော အနက်၌ပင် သံဃသဒ္ဒါကို တင်စား ခေါ်ဝေါ်သောကြောင့်တည်း။ (ဋီသစ်)

မေး။ ပူရဏကဿပသည် မည်သည့်အစွမ်းဖြင့် ထင်ရှားသည်ကိုလည်း ဖြေဆို၍ အာစာရသိက္ခာပန၀သေနနှ်၌ အာစာရ အရကို ဖော်ပြပါ။

ဖြေ။ ပူရဏကဿပသည် သင်္ဃီ အစရှိသည်တို့၏ အစွမ်းဖြင့် ထင်ရှား၏။
အာစာရ အရ = အစေလကအကျင့် အစရှိသော မိမိကြံဆကာမျှ ဖြစ်သော အကျင့်ကို ယူပါ။

**(၄။ နှာ ၁၃၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အယူဝါဒ ဟူသမျှကို "တိတ္ထ"ဟု ခေါ်ဆိုနိုင်ခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ သံသရာတည်းဟူသော သြဃမှ ကူးမြောက်ကြောင်း ဖြစ်ကုန်သောကြောင့်လည်းကောင်း၊ မှားသည် ဖြစ်စေ, မှန်သည်ဖြစ်စေ တိတ္ထဟု သမုတ်အပ်သောကြောင့်လည်းကောင်း အယူဝါဒ ဟူသမျှကို "တိတ္ထ"ဟု ခေါ်သည်။

ttp://www.dhammadownload.com



မေး။ အဿုတဝတော၌ ဆဋ္ဌီဝိဘတ်၏ သက်ရာအနက်နှင့် စပ်ရာပုဒ်ကို ဖော်ထုတ်ခဲ့ပါ။ (ဌ၊ ၁၃၁)

ဖြေ။ အဿုတဝတော၌ ဆဋ္ဌီဝိဘတ်သည် ကတ္တားအနက်၌ သက်၏။ သမ္ဘတော၌ စပ်ရမည်။

မေး။ **စိရပဗ္ဗဇိတာနှင့် ရတ္တညူ ပုဒ်နှစ်ခုတို့၏ အထူးကို ဖြေခဲ့ပါ။**

ဖြေ။ စိရပဗ္ဗဇိတောဖြင့် = ပူရဏကဿပ၏ ကြီးရင့်သော သီလသိက္ခာ ရှိသည်၏ အဖြစ် (ကျင့်ကြံကျိုးကုတ် အားထုတ်မှု များခဲ့၍ တိုးပွားပြီးသော သီလသိက္ခာ ရှိသည်၏ အဖြစ်)ကို ပြသည်။ ရတ္တညူဖြင့် = ထိုကြီးရင့်ပြီးသော သီလသိက္ခာ၌ ကောင်းစွာ သိနေ, အမှတ်ရနေသော ပညာ, ဉာဏ်, အဆင်အခြင် ရှိသည်၏ အဖြစ်ကို ပြသည်။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ အဒ္ဓဂတော ပုဒ်ကို ဆိုပြီး ဖြစ်လျက် အဘယ့်ကြောင့် ဝယောအနုပ္ပတ္တော ပုဒ်ကို တစ်ဖန် ဟောရသနည်း။

ဖြေ။ အဒ္ဓဂတော ဟူသော ပုဒ်ဖြင့် ပဌမအရွယ်နှင့် ဒုတိယအရွယ် နှစ်ပါးကိုသာ ရည်ရွယ်၍ ဟောတော်မူသောကြောင့်လည်းကောင်း၊ ဝယောအနုပ္ပတ္တော၌ ဝယသဒ္ဒါသည် ပါရိသေသနည်းအားဖြင့် ပဌမအရွယ်, ဒုတိယအရွယ်တို့မှ တစ်ပါး ပစ္ဆိမအရွယ် တစ်ခုတည်းကိုသာ ငဲ့သောကြောင့်လည်းကောင်း၊ အဒ္ဓဂတော ပုဒ်နှင့် ဝယောအနုပ္ပတ္တော ဟူသော နှစ်ပုဒ်တို့၏ အနက်အဓိပ္ပါယ်သည် ထူးခြားသောသဘော ရှိသည်သာ ဖြစ်သောကြောင့်လည်းကောင်း ဝယောအနုပ္ပတ္တော ပုဒ်ကို တစ်ဖန် ဟောတော်မူ၏။ (ဋီသစ်)

အမှာ။ အချို့သော နောက်နောက်သော ဆရာတို့ကား = မင်းပြောင်းမင်းလွဲ မကြာခဏ ကြုံရသောကြောင့် အရွယ်ငယ်သော်လည်း အဒ္ဓဂတ ဖြစ်နိုင်၏။ ယင်းသို့သော အဒ္ဓဂတမျိုးကို ယူမည်စိုးသောကြောင့်လည်းကောင်း၊ ယင်းအဒ္ဓဂတမျိုးကို ပယ်မြစ်လိုသောကြောင့်လည်းကောင်း ဝယောအနုပ္ပတ္တော ပုဒ်ကို တစ်ဖန် ဟောတော်မူရ၏ဟု ဆိုကြသေး၏။

မေး။ အမနာပမ္ပိ တံ ကထံ အဓိဝါသေတွာ၌ အဓိဝါသန (သည်းခံခြင်း)၏ အကြောင်းကို ဖော်ပြပါ။

ဖြေ။ "အကယ်၍ ငါဘုရင်သည် သူ့ကို အော်ငေါက်မြည်တမ်း၍ လည်ပင်းဆွဲကာ ထုတ်ပစ်စေလျှင် 'စကားပြောသူတိုင်းကို ဘုရင်သည် ဤလိုချည်း လုပ်သည်'ဟု ကြောက်ရွံ့ကုန်၍ အခြားသော သူသည်လည်း ဘာမျှ ပြောတော့မည် မဟုတ်"ဟု ကြံစည်မိသောကြောင့် မနှစ်သက်သော်လည်း သည်းခံနေရ၏။

မေး။ ဂေါသာလာယ ဇာတတ္တာ၌ ဂေါသာလ အရကို နည်းစုံလင်စွာ ကောက်ပြပါ။

ဖြေ။ ဂေါသာလ အရ = (ပဌမနည်း) ဂေါသာလရွာကို ယူပါ။
(ဒုတိယနည်း) နွားတင်းကုပ်ကို ယူပါ။

အမှာ။ ထိုနှစ်နည်းတို့တွင် ဂေါသာလရွာ၌ မွေးဖွားသော ကလေးဟူသမျှ "ဂေါသာလ"ချည်း အမည် ရနိုင်သောကြောင့် ပဌမနည်းသည် ဘာမျှ မထူးခြားပါ။ နွားတင်းကုပ်၌ မွေးဖွားခြင်းသာ ထူးခြား၍ "ဂေါသာလ"ဟု နာမည်ပေးဖို့ရာ အလွန် သင့်လျော်သဖြင့် ဒုတိယနည်းကို ပို၍ နှစ်မြို့က်၏။ သို့သော် ဒုတိယနည်းသည်လည်း ရှေးအဋ္ဌကထာတို့၌ လာသောနည်း မဟုတ်သောကြောင့် "ကေစိဝါဒ"ဟုသာ မှတ်သားရာ၏။ (ဋီသစ်)

**(ဌ၊ နှာ ၁၃၂–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **ကေသကမ္ဗလ**၏ ယုတ်ညံ့ခြင်း အပြစ် ၆–မျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ သီတေ သီတော – အေးသောအခါ အေးခြင်း၊
၂။ ဥဏှေ ဥဏှော – ပူသောအခါ ပူခြင်း၊
၃။ ဒုဗ္ဗဏ္ဏော – မကောင်းသော အဆင်းရှိခြင်း၊
၄။ ဒုဂ္ဂန္ဓော – မကောင်းသော အနံ့ရှိခြင်း၊

ttp://www.dhammadownload.com



၅။ ဒုက္ခသမ္ဘသော – ဆင်းရဲသော အတွေ့ရှိခြင်း၊
၆။ အပ္ပဌေါ – နည်းသော အဖိုးရှိခြင်း။ (ဌ)

အမှာ။ အဋ္ဌကထာ၌ အပ္ပဋ္ဌေါ အပြစ်တစ်မျိုးကို မပြ၊ အဋ္ဌကထာအလို = အပြစ် ငါးမျိုးသာ ရှိ၏။

မေး။ သီတုဒကပဋိက္ခိတ္တကော သေ၊ ဝစ္စံ ကတွာပိ ဥဒကကိစ္စံ န ကရောတိ ဝါကျဝယ် "ကတွာပိ"၌ ပိသဒ္ဒါ၏ အနက်ကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ ပိသဒ္ဒါသည် = သမ္ဘာဝန အနက်ရှိ၏။
အကြောင်းကား = ယင်းပိသဒ္ဒါဖြင့် "ကျင်ကြီး စွန့်ပြီးမှသာ ရေဆေးခြင်း ကိစ္စကို မပြုသည်သာ မဟုတ်သေး၊ ဘောဇဉ်ကို စားပြီး၍လည်း, တစ်စုံတစ်ခုသော မစင်ဖြင့် လူးမိ၍လည်း ရေဆေးခြင်း ကိစ္စကို မပြုသည်သာတည်း"ဟူသော အနက်ကို ပေါင်းဆည်းသောကြောင့် သမ္ဘာဝန အနက်ရှိ၏။ (ဋီသစ်)

မေး။ ပကုဓကစ္စာယန ဂိုဏ်းဆရာကြီး သဲပုံစေတီ တည်ရခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြပါ။

ဖြေ။ ပကုဓကစ္စာယန ဂိုဏ်းဆရာကြီးသည် မြစ်ရေကိုလည်းကောင်း၊ လမ်းခရီး၌ ရှိသော ရေကိုလည်းကောင်း ကျော်လွန်မိ၍ "ငါ၏ ကျင့်ဝတ်သီလသည် ပျက်စီးခဲ့ပြီ"။ သဲပုံစေတီ တည်ခြင်းကို ပြု၍ ပျက်စီးခဲ့သော ကျင့်ဝတ်သီလကို တစ်ဖန် ဆောက်တည်အံ့ဟူသော ရည်ရွယ်ချက်ဖြင့် သဲပုံစေတီကို တည်ပါသည်။

မေး။ ကိလေသဂဏ္ဍ၌ ကိလေသ အရကို ဖော်ပြပါ။

ဖြေ။ ကိလေသာ အရ = သံသရာ၌ နှောင်ဖွဲ့ခြင်း ကိစ္စရှိသော လယ်ယာ, သားမယား စသည်လျှင် အာရုံရှိသော ရာဂ စသော ကိလေသာကို ယူပါ။ (ဋီသစ်)

**(ဌ၊ နှာ ၁၃၃–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဝိဟာရာဘိမုခေါ ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာ၌ အဘယ်ရှိခိုးခြင်းသည် "ပဉ္စပတိဋ္ဌိတဝန္ဒနာ"မည်သနည်း။

ဖြေ။ ခြေ,လက်,နဖူး,တတောင်,ဒူး ဟူသော ငါးပါးသော အင်္ဂါတို့ဖြင့် ရှေ့ရှုတည်၍ ရှိခိုးခြင်းသည် "ပဉ္စပတိဋ္ဌိတဝန္ဒနာ" မည်၏။ (ဋီသစ်)

ဆောင်။ ခြေ,လက်,နဖူး၊ တတောင်,ဒူး၊ ငါးဦး တည်မျိုး၊ များရှိခိုး၊ ကျမ်းကိုး သုတ်ဋီကာ။ (နိသျသစ်)

မေး။ သာမညဖလသုတ်လာ လောက၌ ထင်ရှားသော မြတ်စွာဘုရား၏ အံ့ဘွယ် ဂုဏ်တော်များကို ဖော်ပြပါ။

ဖြေ။ ၁။ မယ်တော်မာယာ ဝမ်းသို့ သက်ရောက်ခြင်း၊
၂။ ဖွားမြင်တော်မူခြင်း၊
၃။ တောထွက်တော်မူခြင်း၊
၄။ သစ္စာလေးပါးတရား သိတော်မူခြင်း၊
၅။ ဓမ္မစကြာ တရား ဟောတော်မူခြင်း၊
၆။ တန်ခိုးပြာဋိဟာ ပြတော်မူခြင်း၊
၇။ တာဝတိံသာမှ သင်္ကဿမြို့သို့ သက်ဆင်းတော်မူခြင်းတို့ ဖြစ်သည်။

အမှာ။ ယင်းအခါတို့၌ လောကဓာတ် တစ်သောင်း တုန်လှုပ်သည်။ (ဌ)

မေး။ အတုမရှိသော ဘုရားရှင်၏ အကျင့်ဟူသမျှတို့သည် အံ့သြဘွယ်ချည်းသာ ဖြစ်လျက် မယ်တော်ဝမ်းသို့ သက်ရောက်ခြင်း စသော ဂုဏ်တော် ၇–မျိုးကိုသာ အဘယ်ကြောင့် ဋီကာ ပြောသနည်း။

ဖြေ။ ဘုရားရှင်၏ အကျင့်ဟူသမျှသည် အခြားပုဂ္ဂိုလ်နှင့် မဆက်ဆံ, လိုက်၍ မမှီနိုင်သော အံ့သြဘွယ်ချည်းသာ ဖြစ်၏။ သို့သော် မယ်တော်ဝမ်းသို့ သက်ရောက်ခြင်း စသည်တို့မှာ နတ်ဗြဟ္မာနှင့်တကွသော သတ္တလောကဝယ် အလွန်ထင်ရှား၍ မည်သူမျှ မပယ်ရှားနိုင်သောကြောင့် ထိုဂုဏ်တော် ၇–မျိုးကိုသာ ဋီကာ ပြောသည်။

ttp://www.dhammadownload.com



မေး။ **တံ ခေါ ပန ဘဂဝန္တံ ပုဒ်သည် သမ္ဗန်အနက် ဖြစ်၍ သမ္ဗန်အနက်၌ ဆဋ္ဌီဝိဘတ်သာ သက်သင့်ပါလျက်၊ ဣတ္ထမ္ဘူတာချာန အနက်၌ ဒုတိယာဝိဘတ် သက်ရခြင်း အကြောင်းကို ရေးခဲ့ပါ။**

ဖြေ။ အဗ္ဘုဂ္ဂတော၌ အဘိကို ကမ္မပ္ပဝစနီယ အမည်မှည့်၍ ထိုကမ္မပ္ပဝစနီယနှင့် ယှဉ်သောကြောင့် ကမ္မပ္ပဝစနီယ ယုတ္တေ သဒ္ဒဥပဒေသ သုတ်အရ တံ ခေါ ပန ဘဂဝန္တံ ပုဒ်ဝယ် ဣတ္ထမ္ဘူတာချာန အနက်၌ ဒုတိယာဝိဘတ် သက်ရသည်။

မေး။ **တံ ခေါ ပန ဘဂဝန္တံ၌ ဒုတိယာဝိဘတ်သည် သာမိအနက်၌ ဖြစ်လျက် "ဣတ္ထမ္ဘူတာချာနတ္ထေ ဥပယောဂ ဝစနံ"ဟု အဘယ်ကြောင့် ဖွင့်ဆိုသနည်း။**

ဖြေ။ တံ ခေါ ပန ဘဂဝန္တံ၌ ဒုတိယာဝိဘတ်သည် သာမိအနက်၌ ဖြစ်သော်လည်း အပဓာနအားဖြင့် ဣတ္ထမ္ဘူတာ ချာနတ္ထကို ထွန်းပြတတ်သောကြောင့် ဣတ္ထမ္ဘူတာချာနတ္ထေ ဥပယောဂဝစနံဟု ဆိုသည်။

အမှာ။ အဗ္ဘုဂ္ဂတော၌ အဘိသဒ္ဒါသည် = ပဓာနအားဖြင့် ဥဂ္ဂမန ကြိယာဟူသော အပြားကို ထွန်းပြတတ်သောကြောင့် ဣတ္ထမ္ဘူတဇောတကတည်း။

မေး။ တံ ခေါ ပန ဘဂဝန္တံ ပုဒ်၌ ဒုတိယာ ဧကဝုစ် အံဝိဘတ်သာ သက်ပါလျက် တံ ခေါ ပန ဘဂဝန္တံ ပုဒ်ကို ဥပယောဂဝစနတ္ထ မယောဇနာမူ၍ တဿ ခေါ ပန ဘဂဝတောဟု အဘယ်ကြောင့် သာမျတ္ထ, သမ္ဗန္ဓတ္ထ သာ ယောဇနာရသနည်း။

ဖြေ။ တံ ခေါ ပန ဘဂဝန္တံ ဟူသော ပုဒ်သည် အဘိသဒ္ဒါနှင့် သဒ္ဒါအနေအားဖြင့် ယှဉ်စပ်ခြင်း မရှိပါသော်လည်း အနက်အားဖြင့်ကား ယှဉ်စပ်ခြင်း ရှိသောကြောင့်လည်းကောင်း၊ တံ ခေါ ပန ဘဂဝန္တံ ပုဒ်၌ သက်သည့် အံဝိဘတ်သည်လည်း ဥပယောဂဝစနတ္ထကို ဟောသည့် ရိုးရိုး အံဝိဘတ် မဟုတ်, ဣတ္ထမ္ဘူတာချာနတ္ထကို ဟောသည့် သာမျတ္ထ, သမ္ဗန္ဓတ္ထ အံဝိဘတ်သာ ဖြစ်သောကြောင့်လည်းကောင်း တံ ခေါ ပန ဘဂဝန္တံ ပုဒ်ကို သာမျတ္ထ, သမ္ဗန္ဓတ္ထသာ ယောဇနာရသည်။

သတိ။ သဒ္ဒါယှဉ်မှုနှင့် အနက်ယှဉ်မှု နှစ်မျိုးတို့တွင် "အတ္ထံ ဟိ နာထော သရဏံ အဝေါစ" ဟိတ်ကို ရှု၍ အနက် ယှဉ်မှုသည်သာ အဓိကပဓာန ကျ၏။

မေး။ **တံ ခေါ ပန ဘဂဝန္တံ ဣတ္ထမ္ဘူတာချာနတ္ထေ ဥပယောဂဝစနံ၌ (က) ဣတ္ထံ (ခ) ဣတ္ထမ္ဘူတ (ဂ) ဣတ္ထမ္ဘူတာချာန (ဃ) ဣတ္ထမ္ဘူတာချာနတ္ထ (င) ဣတ္ထမ္ဘူတာချာနတ္ထဇောတကတို့ကို ဖော်ပြပါ။**

ဖြေ။ (က) ဣတ္ထံ အရ = ဥဂ္ဂမနကြိယာ ရ၏။

(ခ) ဣတ္ထမ္ဘူတ အရ = ကိတ္တိသဒ္ဒ ရ၏။

(ဂ) ဣတ္ထမ္ဘူတာချာန အရ = တံ ခေါ ပန ဘဂဝန္တံ သဒ္ဒါ ရ၏။

(ဃ) ဣတ္ထမ္ဘူတာချာနတ္ထ အရ = တံ ခေါ ပန ဘဂဝန္တံ သဒ္ဒါပင် ရ၏။

(င) ဣတ္ထမ္ဘူတာချာနတ္ထဇောတက အရ = အဗ္ဘုဂ္ဂတော၌ အဘိသဒ္ဒါ ရ၏။

မေး။ **တံ ခေါ ပန ဘဂဝန္တံ စသည်၌ ဣတ္ထံ စသော လေးပါးကို ကောက်ပြပါ။**

ဖြေ။ အဗ္ဘုဂ္ဂတော၌ ဥဂ္ဂတောသည် ဣတ္ထံ၊

ကိတ္တိသဒ္ဒေါသည် ဣတ္ထမ္ဘူတ၊

တံ ခေါ ပန ဘဂဝန္တံသည် ဣတ္ထမ္ဘူတာချာနတ္ထ၊

အဘိ ဥပသာရပုဒ်သည် ဣတ္ထမ္ဘူတာချာနတ္ထဇောတက။ (ပါရာဇိကဏ် ဂဏ္ဌိသစ်)

ttp://www.dhammadownload.com



မေး။ အဇ္ဈတ္တတော၌ အဘိ၏ ကံနှင့် ဥဂ္ဂတော၏ ကံတို့ကို ဖော်ပြပါ။

ဖြေ။ အဇ္ဈဂ္ဂတော၌ အဘိ၏ ကံကား = သဒ္ဒေဝကံ လောကံ ဖြစ်သည်။

ဥဂ္ဂတော၏ ကံကား = ဗြဟ္မလောကံ ဖြစ်သည်။

မေး။ သော ဘဂဝါ၌ 'သော'၏ တသဒ္ဒါ သုံးမျိုးနှင့် ဤ၌ ဖြစ်သင့်ရာ တသဒ္ဒါကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ၁။ အစွဲ တိုက်ရိုက်ရှိသော တသည် ပသိဒ္ဓဝိသယ တ–ဖြစ်၏။

၂။ ရှေ့ဝါကျမှ ဒြပ်ကို စွဲသော တသည် ပက္ကန္တဝိသယ တ–ဖြစ်၏။

၃။ ရှေ့ဝါကျမှ ကြိယာကို စွဲသော တသည် အနုဘူတဝိသယ တ–ဖြစ်၏။

ထိုတွင် ဣတိပိ သော ဘဂဝါ၌ 'သော'ကား = ဘဂဝါဟု အစွဲတင်းလင်း ရှိသောကြောင့် ပသိဒ္ဓဝိသယ တ–ဖြစ်သည်။

နိယံ။ အစွဲတင်းလင်း၊ ရှိတုံလျှင်း၊ မှတ်ရင်း ပသိဒ္ဓါ။

ပုဗ္ဗဝါကျ၊ စွဲ ဒဗ္ဗ၊ မှတ်ကြ ပက္ကန္တာ။ (ဝါ) လွန်ပြီး ဒြဗ်၊ စွဲတုံလတ်၊ ခေါ်မှတ် ပက္ကန္တာ။

ပုဗ္ဗဝါကျ၊ ကိရိယ၊ စွဲရ နုဘူတာ။ (ဝါ) ရှေးဝါကျက၊ ကြိယ၊ စွဲရ နုဘူတာ။

မေး။ သော ဘဂဝါ ။ပ။ ဣတိပိ ဘဂဝါတို့၌ ဘဂဝါသဒ္ဒါ နှစ်ခုတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ သော ဘဂဝါ၌ ဘဂဝါသည် = မြတ်စွာဘုရား၏ အမည်ကို ကြားသော နာမဝါစက, နာမကိတ္တနသဒ္ဒါ ဖြစ်သည်။ ဣတိပိ ဘဂဝါ၌ ဘဂဝါသည် = မြတ်စွာဘုရား၏ ဂုဏ်တော်ကို ကြားသော ဂုဏဝါစက, ဂုဏကိတ္တနသဒ္ဒါ ဖြစ်သည်။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ မြတ်စွာဘုရားသည် ဂုဏ်တော်အနန္တ ရှိသည် ဖြစ်ပါလျက် အဘယ့်ကြောင့် ဂုဏ်တော် ကိုးပါးတို့ဖြင့်သာ ချီးမွမ်းရသနည်း။

ဖြေ။ အရဟံ စသော ဂုဏ်တော် ကိုးပါးတို့သည် နတ်နှင့်တကွသော လောက၌ အလွန်အကဲ ထင်ရှား၏။ အထူးထူး အပြားပြား များသော အခြင်းအရာအားဖြင့် ထင်ရှား ပြတတ်ကုန်၏။ ထို့ကြောင့် ဂုဏ်တော် ကိုးပါးတို့ဖြင့်သာ ချီးမွမ်းရသည်။ (စာစဉ်)

မေး။ အဘယ့်ကြောင့် ဣတိပိ သဒ္ဒါကို အရဟံ စသော ကိုးဌာနတို့၌ ယှဉ်စပ်၍ ရွတ်ဆိုရသနည်း။

ဖြေ။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း အားထုတ်သော ကမ္မဋ္ဌာနိက ပုဂ္ဂိုလ်သည် ဣတိပိ သဒ္ဒါကို အရဟံ စသော ကိုးဌာနတို့၌ အသီးသီး ယှဉ်စပ်၍ ဗုဒ္ဓဂုဏ်တော်တို့ကို အမှတ်ရအပ်သကဲ့သို့ ... ထို့အတူ ဗုဒ္ဓဂုဏ်တော်များကို ရွတ်ဆိုသော သူသည်လည်း ဣတိပိ သဒ္ဒါကို အရဟံ စသော ကိုးဌာနတို့၌ အသီးသီး ယှဉ်စပ်၍ ရွတ်ဆိုအပ်သည်ကို ပြလိုသောကြောင့်တည်း။ (စာစဉ်)

မေး။ အရီနံ, အရာနဉ္စ ဟတတ္တာ၌ အရီနံ အရကို ပြည့်စုံတိကျစွာ ဖော်ပြပါ။

ဖြေ။ အရီနံ အရ = ကိလေသာတည်းဟူသော ရန်သူတို့ကို ယူရမည်။ (ဋီသစ်)

(တစ်နည်း) မာရ်ငါးပါးကို ယူရမည်။ (ဋီသစ်)

(တစ်နည်း) သာသနာ့ရန်စွယ် အန္တရာယ်များ ဖြစ်ကြသော အညတိတ္ထိယ မိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်များကို ယူရမည်။

မေး။ ပစ္စယာဒီနံ၌ အာဒိ အရကို ဖော်ပြပါ။

ဖြေ။ ပူဇာဝိသေသကို ရ၏။ (ဋီသစ်)

ttp://www.dhammadownload.com



(ဌ၊ နာ ၁၃၄-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ထာမော စ ဖလဥ္စ အတ္ထိဋ္ဌ (က) ထာမ (ခ) ဖလ အရတို့ကို ဖော်ပြပါ။

ဖြေ။ (က) ထာမ အရ = ဒေသနာ ဉာဏ်တော်အစွမ်းကို ယူပါ။

(ခ) ဖလ အရ = ဆယ်ပါးသော ဉာဏ်တော်အားကို ယူပါ။ (ဌ)

မေး။ ပဥ္စဝဏ္ဏာပီတိ သရုပ်ကို ဖော်ထုတ်ပါ။

ဖြေ။ ၁။ ခုဒ္ဒကာပီတိ ၂။ ခဏိကာပီတိ ၃။ ဩက္ကန္တိကာပီတိ ၄။ ဥဗ္ဗေဂါပီတိ ၅။ ဖရဏာပီတိ။

မေး။ အဇာတသတ်မင်းသည် ဂုဏ်တော်ကို ကြားရရုံမျှဖြင့် အဘယ်ကြောင့် ထိုမျှလောက် ပီတိဖြစ်ရသနည်း။

ဖြေ။ အဇာတသတ်မင်းသည် ရှေး၌ အလွန်အကဲ ပြုအပ်ခဲ့သော ကောင်းမှုပါရမီထူး ရှိပြီး ဖြစ်သောကြောင့်တည်း။

အမှာ။ ပိတုဃာတက ကံဟူသော အန္တရာယ်အစွမ်းဖြင့် ထိုမင်း၏ ပါရမီဂုဏ်ရှိသော ခန္ဓာကိုယ်ကို တူးဖြိုဖျက်ဆီး အပ်၏။ အန္တရာယ်မရှိလျှင် ထိုဘဝ၌ မဂ်ဖိုလ်ရလောက်အောင် အဇာတသတ်မင်းသည် ကောင်းမှုပါရမီ ရှိခဲ့သူ ဖြစ်၏။ (ဋီသစ်)

မေး။ အဘယ်ကြောင့် ဆင်ယာဉ်ကိုသာ က,စေသနည်း။

ဖြေ။ ဆင်ယာဉ်သည် ဥတ္တမဘာဝ ဖြစ်သောကြောင့်လည်းကောင်း၊ အပ္ပသဒ္ဒ ဖြစ်သောကြောင့်လည်းကောင်း ဆင်ယာဉ်ကိုသာ က,စေပါသည်။ (ဌ)

မေး။ ပါဠိတော်၌ ဟတ္ထိယာနာနိ ကပ္ပါပေဟိဟု သာမညသာ ဆိုထားပါလျက် ဆင်ထီးယာဉ်ကို မယူဘဲ အဘယ် ကြောင့် ဆင်မယာဉ်ကိုသာ ယူရသနည်း။

ဖြေ။ မာန်တည်းဟူသော အဆိပ်အတောက် မရှိသည့် ဘုရားရှင်၏ အထံသို့ သွားရာ၌ ဆင်ယာဉ်တို့တွင်လည်း မာန်တည်းဟူသော အဆိပ်အတောက် မရှိသော ဆင်မယာဉ်ကိုသာ ယူလိုသောကြောင့်လည်းကောင်း၊ ပါဠိတော်၌ ဆိုလတ္တံ့ဖြစ်သည့် "ပဥ္စမတ္တာနိ ဟတ္ထိနိကာသတာနိ ကပ္ပါပေတွာ"ဟူသော သဒ္ဒန္တရိက်ကို ထောက်သောကြောင့်လည်းကောင်း ဆင်မယာဉ်ကိုသာ ယူရသည်။ (ဋီသစ်+အဖြေသစ်)

မေး။ ပဒါနုပဒ အရ ခြေကို ယူရမည်လော? ခြေရာကို ယူရမည်လော? အကြောင်းသွင်း၍ ဖြေပြပါ။

ဖြေ။ ဤနေရာ၌ ပဒါနုပဒ သဒ္ဒါသည် ကာရဏူပစာ သဒ္ဒါသာ ဖြစ်သောကြောင့် ခြေရာကိုသာ ယူရမည်။

မေး။ နိဗ္ဗုတသာ ပန ဘဂဝတော သန္တိကေ နိဗ္ဗုတေဟော ယာနေဟိ၌ နိဗ္ဗုတသဒ္ဒါ နှစ်ခုတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ နိဗ္ဗုတဿ၌ နိဗ္ဗုတကား = အလုံးစုံသော ကိလေသာတည်းဟူသော အပူတို့မှ ငြိမ်းအေးခြင်းကို နိဗ္ဗုတဟု ဆိုသည်။

နိဗ္ဗုတေဟော၌ နိဗ္ဗုတကား = အပ္ပသဒ္ဒဖြစ်၍ အသံမထွက်, အသံကြောင့်ဖြစ်သော တုန်လှုပ်ခြောက်ချား မှုမှ ငြိမ်သက်ခြင်းကို နိဗ္ဗုတဟု ဆိုသည်။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ အဘယ့်ကြောင့် ဘုရားရှင်သည် နိဗ္ဗုတ မည်သနည်း။

ဖြေ။ အလုံးစုံသော ကိလေသာတည်းဟူသော အပူတို့မှ ငြိမ်းအေးတော်မူပြီး ဖြစ်သောကြောင့် ဘုရားရှင်သည် နိဗ္ဗုတ မည်တော်မူ၏။ (ဋီသစ်)

မေး။ အဘယ့်ကြောင့် ဆင်ယာဉ်သည် နိဗ္ဗုတ မည်သနည်း။

ဖြေ။ ဆင်ယာဉ်သည် အပ္ပသဒ္ဒဖြစ်၍ အသံမထွက်, အသံကြောင့်ဖြစ်သော တုန်လှုပ်ခြောက်ချားမှုမှ ငြိမ်သက် သောကြောင့် ဆင်ယာဉ်သည် နိဗ္ဗုတ မည်၏။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ဆင်မယာဉ်သာ ငါးရာတို့၌ မိန်းမတို့ကိုသာ စီးရန် စီစဉ်ရာဝယ် ဆရာဇီဝက၏ နှလုံးသွင်း အာဘော်ကို ဝါဒစုံလင်စွာ ဖော်ပြပါ။

ဖြေ။ မင်း၏ ယုံမှားသင်္ကာကို နစ်စေခြင်းအကျိုးငှာ ယင်းသို့ စီစဉ်သည်။ (အာစရိယဝမ္မပါလတ္ထေရဝါဒ) (တစ်နည်း) မိန်းမတို့ကို မှီ၍ ယောကျ်ားတို့အား ဘေးရန်မည်သည် မရှိ၊ ချမ်းသာစွာ မိန်းမအပေါင်း ခြံရံလျက် သွားအံ့ဟု နှလုံးသွင်း၍ ယင်းသို့ စီစဉ်သည်။ (အဋ္ဌကထာဝါဒ)

မေး။ ဆရာဇီဝကသည် မိန်းမတို့ကို အဘယ်ကြောင့် ယောကျ်ားအသွင် ပြင်ဆင်စေလျက် လက်နက်စွဲကိုင် စေသနည်း။

ဖြေ။ မိန်းမအပေါင်း ခြံရံနေသော်လည်း တစ်ပါးသော ရန်သူများကမူ လက်နက်ကိုင် ယောကျ်ားများဟု အထင်ရှိ၍ ဘုရင်၏ အနီးသို့ မကပ်ဝံ့စေလိုသောကြောင့် မိန်းမအပေါင်းကို ယောကျ်ားအသွင် ပြင်ဆင်စေလျက် လက်နက်တို့ကို စွဲကိုင်စေသည်။ (ဋီသစ်)

**(ဌ၊ နှာ ၁၃၄+၁၃၅–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အဇာတသတ်မင်း၏ ဘုရားထံ သွားရောက်မည့်အကြောင်း သတင်းပို့, စည်လည်စေရာ၌ ဇီဝက၏ နှလုံးသွင်းကို ဖော်ပြပါ။

ဖြေ။ "အဇာတသတ်မင်းအား ဤဘဝ၌ မဂ်,ဖိုလ် ရနိုင်သော ဥပနိဿယသတ္တိ မရှိ၊ ဘုရားရှင်တို့ မည်သည် မဂ်,ဖိုလ် ရနိုင်သော ဥပနိဿယကို မြင်တော်မူမှသာ တရားဟောကုန်၏။ ယခုအခါ ငါသည် လူအပေါင်းကို စည်းဝေးစေအံ့။ ဤသို့ လူအများ စည်းဝေးခဲ့သော် ယင်းလူတို့တွင် တစ်ယောက်ယောက်သော လူ၏ မဂ်,ဖိုလ် ရနိုင်သော ဥပနိဿယ သတ္တိကြောင့် ဘုရားရှင် တရား ဟောတော်မူလတ္တံ့၊ ယင်းတရားဒေသနာသည် များစွာသော လူအပေါင်းအား ကျေးဇူးများသည် ဖြစ်လတ္တံ့"ဟု ဆရာဇီဝက နှလုံးသွင်း၏။ (ဌ)

**(ဌ၊ နှာ ၁၃၅–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဒွိန္နံ မဟာရဋ္ဌာနံ အရကို ဖော်ပြပါ။

ဖြေ။ အင်္ဂတိုင်းနှင့် မဂဓတိုင်းကို ယူပါ။ (ဌ)

မေး။ အဇာတသတ်မင်း အစိုးရသော တိုင်းနိုင်ငံတို့၏ အမည်နှင့် အကျယ်အဝန်းတို့ကို ဖော်ပြပါ။

ဖြေ။ အဇာတသတ်မင်း အစိုးရသော တိုင်းနိုင်ငံတို့ကား = အင်္ဂတိုင်း, မဂဓတိုင်းတို့ ဖြစ်၏။
အကျယ်အဝန်းကား = အသီးသီး ယူဇနာ (၃၀၀)စီ ရှိကြသည်။ (ဌ+ဋီသစ်)

မေး။ ခုဇ္ဇဝါမနကကိရာတာဒယော၌ ခုဇ္ဇဝါမနက၊ ကိရာတ၊ အာဒိ အရတို့ကို အသီးသီးဖော်ပြပါ။

ဖြေ။ ခုဇ္ဇဝါမနက အရ = အသွင်၏ အစွမ်းဖြင့် ကုန်းသော အသွင်ရှိသူ, ပုကွသော အသွင်ရှိသူတို့၏ အသွင်ကို ယူပါ။
ကိရာတ အရ = တောင်သူလူရိုင်း စသော အမျိုးဇာတ်ကို ယူပါ။
အာဒိ အရ = သဝရလူမျိုး, အန္ဓကလူမျိုးတို့ကို ယူပါ။

အမှာ။ ဤသူတို့သည် နာဋကိတ္ထိ (ကချေသည်မ)တို့၏ အလုပ်အကျွေးတို့သာတည်း။

**(ဌ၊ နှာ ၁၃၆–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ရဋ္ဌိယပုတ္တ အရကို ဖော်ပြပါ။

ဖြေ။ ရဋ္ဌိယပုတ္တ အရ = တိုင်းပြည်အတွင်း လှည့်လည်ကုန်သော မှူးမတ်တို့၏ သားတို့ကို ယူပါ။

ttp://www.dhammadownload.com



(တစ်နည်း) တိုင်းပြည် နှစ်ပြည်၏ အကြား၌ ရှိသော အခြား တိုင်းပြည်ငယ်ကို အပိုင်စားရသော တိုင်းစားတို့၏ သားတို့ကို ယူပါ။ (ဋီသစ်)

မေး။ ပဉ္စင်္ဂိကာနိ တူရိယာနိ၌ "ပဉ္စင်္ဂိက" သရုပ်ကို ဖော်ထုတ်ပါ။

ဖြေ။ ၁။ ကြေးဖြင့် ပြုအပ်သော တူရိယာ၊
၂။ ကြိုးဖြင့် ပြုအပ်သော တူရိယာ၊
၃။ သားရေဖြင့် ပြုအပ်သော တူရိယာ၊
၄။ ပါးစပ် (လေ)ဖြင့် ပြုအပ်သော တူရိယာ၊
၅။ ဝါး,လက်ခုပ် စသော တူရိယာ။

ဆောင်။ ကြေး, ကြိုး, သားရေ၊ လေနဲ့ လက်ခုပ်၊ အချုပ် တူရိယာ။

မေး။ ဆရာဇီဝကသည် အခြံအရံများကို အဘယ်ကြောင့် အထပ်ထပ် စီစဉ်သနည်း။

ဖြေ။ ထိုခေတ်၌ လက်နက်အားလုံးတို့တွင် လေးလက်နက်သည်သာ အဝေးသို့ အရောက်နိုင်ဆုံးတည်း။ ပရိသတ်အစွန်မှ နေ၍ ပစ်အပ်သောမြား မင်းထံသို့ မရောက်စေလိုသောကြောင့် အခြံအရံများကို အထပ်ထပ် စီစဉ်သည်။

မေး။ ဆရာဇီဝက ဘုရင်၏ အနားမှ လိုက်သွားရခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ တစ်စုံတစ်ခုသော ဘေးရန်ဖြစ်ခဲ့သော် အလုံးစုံသော သူတို့မှ ရှေးဦးစွာ မင်းအား အသက်အလှူ ပေးလိုသောကြောင့် မင်း၏ အနီးအနားမှ ဆရာဇီဝက လိုက်သွားသည်။ (ဋ္ဌ)

မေး။ ဘယလေးမျိုးနှင့် ယင်းတို့၏ တရားကိုယ်ကို တွဲစပ်၍ ဖော်ပြပြီးလျှင်၊ **အဟုဒေဝ ဘယံ**၌ ယူရမည့် ဘယကိုလည်း ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ၁။ စိတ္တုတြာသဘယ – ဒေါသမူစိတ္တုပ္ပါဒ်၊
၂။ ဉာဏဘယ – ဉာဏ်, အမောဟစေတသိက်၊
၃။ အာရမ္မဏဘယ – ကြောက်မက်ဖွယ် အာရုံ ၆–ပါး၊
၄။ ဩတ္တပ္ပဘယ – ဩတ္တပ္ပစေတသိက် (ဝါ) ဩတ္တပ္ပနှင့် တကွဖြစ်သော ဉာဏ်။
အဟုဒေဝ ဘယံ၌ ဘယ အရ = စိတ္တုတြာသဘယကို ယူပါ။ (ဋ္ဌ)

မေး။ ဘယဉာဏ်ဟူသည် အဘယ်နည်း။

ဖြေ။ ဘယဉာဏ်ဟူသည် = ခန္ဓာငါးပါးကို ကြောက်စရာဟူ၍ သိတတ်, ဆုံးဖြတ်တတ်သော ဉာဏ်, အမောဟစေတသိက်သာတည်း။

မေး။ "တေပိ တထာဂတဿ ဓမ္မဒေသနံ သုတွာ ယေဘုယျေန ဘယံ သံဝေဂံ သန္တာသံ အာပဇ္ဇိံ့"၌ ယေဘုယျေနဟု အဘယ်ကြောင့် ဆိုသနည်း။

ဖြေ။ မြတ်စွာဘုရား၏ တရားသံကို ကြားရာ၌ ရဟန္တာ ဖြစ်ကုန်သော နတ်,ဗြဟ္မာတို့အား အာသဝေါကုန်ပြီးဖြစ်၍ ဘယသံဝေဂ မဖြစ်ကုန်ရကား ထိုရဟန္တာ ဖြစ်ကုန်သော နတ်,ဗြဟ္မာတို့ကို ဖယ်စေလိုသောကြောင့် "ယေဘုယျေန"ဟု ဆို၏။ (ဋီသစ်)

အမှာ။ မြတ်စွာဘုရား၏ တရားသံကို ကြားရာ၌ ကြောက်ခြင်း, ထိတ်လန့်ခြင်း ကင်းသူများကို ဖော်ပြပါဟု မေးသော် ဖြေနိုင်စေ။

ttp://www.dhammadownload.com



### (ဌ၊ နှာ ၁၃၇-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ (အပဟုဒေဝ ဘယ်) အဇာတသတ်မင်း ဘုရားရှင်ထံသို့ သွားရာ လမ်းခရီး၌ ကြောက်ခြင်း အကြောင်းကို ကေဆရာတို့အလို ဖြေဆို၍၊ ယင်းဆရာတို့၏ အကြောင်းပြချက် ခိုင်လုံမှု ရှိ/မရှိကိုလည်း စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ အဇာတသတ်မင်းသည် အမိုက်တိုက်ကြောင့် ကြောက်သည်ဟု ကေ (ဉတ္တရဝိဟာရဝါသီ) ဆရာတို့ ဆို၏။ ယင်းဆရာတို့၏ အကြောင်းပြချက်သည် ခိုင်လုံမှု မရှိပါ။

အကြောင်းကား = အဇာတသတ်မင်း ဘုရားထံသွားရာ ထိုအခါ၌ မီးရှူးတို့သည် အရာ,အထောင်, အသိန်း အပိုင်းအခြား မရှိ၊ များပြားလှသည်၏ အဖြစ်ကြောင့်တည်း။

စင်စစ်ကား = အဇာတသတ် မင်းသည် အမ္ဗဝန် ဉယျာဉ်၏ ဆိတ်ငြိမ်သော အသံ ရှိသည်၏ အဖြစ်ကို မှီ၍ ဇီဝကဌ် ယုံမှားသံသယ ရှိသောကြောင့် ကြောက်သည်။ (ဤကား အဋ္ဌကထာဝါဒတည်း။)

မေး။ အန္ဓကာရေနာတိ ကေ ဝဒန္တိ၌ ကေ အရကို ဖော်ပြပါ။

ဖြေ။ ကေ အရ = ဉတ္တရဝိဟာရဝါသီ ဂိုဏ်းဆရာတို့ကို ယူပါ။

မေး။ ရာဇဂြိုဟ်မြို့၌ တံခါးပေါက်ငယ် ၆၄-ပေါက် ရှိရခြင်း အကြောင်းကို ဖြေဆိုပါ။

ဖြေ။ ရာဇဂြိုဟ်မြို့၌ တံခါးမကြီး ၃၂-ပေါက် ရှိ၏။ တံခါးမကြီး တစ်ပေါက်, တစ်ပေါက်လျှင် တံခါးပေါက်ငယ် နှစ်ပေါက်, နှစ်ပေါက်စီ ခြံရံလျက် ရှိသောကြောင့် ရာဇဂြိုဟ်မြို့၌ တံခါးပေါက်ငယ် ၆၄-ပေါက် ရှိခြင်းဖြစ်၏။

အမှာ။ ထို့ကြောင့် အဋ္ဌကထာ၌လည်း "စတုသဋ္ဌိ ခုဒ္ဒကဒွါရာနိ"ဟု ဆိုသည်။ (ဋီသစ်)

မေး။ အမ္ဗဝန် ဉယျာဉ်၏ တည်ရာဌာနကို ဖော်ပြပါ။

ဖြေ။ ရာဇဂြိုဟ်မြို့၏ တံတိုင်းနှင့် ဂိဇ္ဈကုဋ်တောင် ယင်းနှစ်ခုတို့၏ အကြား၌ တည်ရှိ၏။ (ဌ)

မေး။ သမ္ဘ, ဝယသ သဒ္ဒါတို့သည် "အရွယ်တူ"ကိုသာ ဟောနိုင်သလော၊ ဉပမာနှင့်တကွ ဖြေပြပါ။

ဖြေ။ သမ္ဘ, ဝယသ သဒ္ဒါတို့သည် သဒ္ဒါနည်းအားဖြင့် "အရွယ်တူ"ကိုသာ ဟောနိုင်သော်လည်း အထင်ရှဋ္ဌီအားဖြင့် အရွယ်မတူစေကာမူ သဟာယ်ချင်း (သူငယ်ချင်း)ဟူသမျှကိုလည်း ဟောနိုင်၏။

ဉပမာအားဖြင့် = "အဟံ ဝိယ ဒိဿတီတိ မာရိသော" ဝိဂြိုဟ်အရ မာရိသသဒ္ဒါသည် "ငါနှင့်တူသူ ငါ့လို စိတ်ချမ်းသာသူ" အနက်ကို ဟောစေကာမူ ဒုက္ခရှိနေသော ငရဲသားကိုလည်း ရှဋ္ဌီအားဖြင့် "မာရိသ"ဟု ခေါ်နိုင်သကဲ့သို့တည်း။ (ဋီသစ်)

### (ဌ၊ နှာ ၁၃၈-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အာမေဍိတ် အပြား ၉-ပါးကို ဖော်ပြပါ။

ဖြေ။ ဘယေ ကောမေ ပသံသာယံ၊ တုရိတေ ကောတူဟလေစ္ဆရေ။
ဟာသေ သောကေ ပသာဒေ စ၊ ကရေ အာမေဍိတံ ဗုဓော။ (အဘိဓာန်)

မေး။ **အဘိက္ကမ မဟာရာဇ၊ အဘိက္ကမ မဟာရာဇ** ဟူသော ပါဠိတော်သည် မည်သည့် အာမေဍိတ် အမျိုးအစား ဖြစ်သနည်း၊ အာဂမယုတ္တိနှင့်တကွ ဖြေဆိုခဲ့ပါ။

ဖြေ။ တရမာနောဝ ပါဌ်ကို ထောက်၍ တုရိတအာမေဍိတ် ဖြစ်သည်။ (ဋီသစ်)

မေး။ ဘဂဝတော တေဇော ရညော သရီရံ ဖရိ။ အထဿ သကလသရီရတော သေဒါ မုစ္စိံသုဟု အဋ္ဌကထာဆရာ ဆိုသဖြင့် အဇာတသတ်မင်း၏ ချွေးထွက်ခြင်းသည် ဘုရား၏ တေဇောကြောင့် ချွေးထွက်သည်ဟု မှတ်ရမည်လော၊ ရှင်းပြ ဖြေဆိုပါ။

ttp://www.dhammadownload.com



ဖြေ။ ဘုရားရှင်၏ တေဇသည် ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ၏ အကြောင်း ဖြစ်သောကြောင့် မင်း၏ ချွေးထွက်ခြင်းသည် ဘုရားရှင်၏ တေဇကြောင့် မဟုတ်ပါ။ မိမိ၏ အပရာဓကို အောက်မေ့မိသောကြောင့်သာ ဖြစ်သည်။ ထို့ကြောင့် "အတ္တနော အပရာဓံ သရိတွာ မဟာဘယံ ဥပ္ပန္နံ" ဟူ၍ အဋ္ဌကထာဆရာ ဆက်ဖွင့်ပြသည်။

မေး။ နာဠာဂီရိဆင်၏ ရအပ်သော အမည်တစ်မျိုးနှင့် ယင်းအမည် ရခြင်း အကြောင်းကိုလည်း ဖြေဆိုပါ။

ဖြေ။ "ဓနပါလဆင်" ဖြစ်သည်။

ထိုဆင်ကို ဘုရားရှင်အား နင်းသတ်ဖို့ စေလွှတ်အပ်သော်လည်း ဘုရားရှင်၏ မေတ္တာတော်ကြောင့် ယဉ်ကျေးရာ ထိုအခါ၌ မြို့သူမြို့သားတို့က ပူဇော်အပ်သော ဥစ္စာအစုကို ရအပ်သောကြောင့် "ဓနပါလ"ဟူ၍ ခေါ်ဝေါ်အပ်၏။ (ဋီသစ်)

**(၄၊ နှာ ၁၃၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အဘယ်သို့သော အရပ်၌ နေထိုင်သည်ကို "**ဧကမန္တံ အဋ္ဌာသိ**"ဟု ဆိုသနည်း။

ဖြေ။ ၁။ ဘုရားရှင်၏ နောက်ကျောဘက်တည့်တည့် အရပ်၊

၂။ ဘုရားရှင်၏ အရှေ့တည့်တည့် အရပ်၊

၃။ ဘုရားရှင်နှင့် အလွန်နီးကပ်လွန်းသော အရပ်၊

၄။ ဘုရားရှင်နှင့် အလွန်ဝေးလွန်းသော အရပ်၊

၅။ ဘုရားရှင်၏ လေညာ အရပ်၊

၆။ ဘုရားရှင်၏ လေကြော,လေအောက် အရပ် (ဝါ) စိုစွတ်သော အရပ်၊

၇။ ဘုရားရှင်အောက် အလွန်နိမ့်လွန်းသော အရပ် (ဝါ) မြစ်ကမ်း စသော နိမ့်လွန်းသော အရပ်၊

၈။ ဘုရားရှင်ထက် မြင့်မောက်ရာ အရပ်၊

ဤအပြစ် ၈–ပါး ရှိရာ အရပ်ဒေသကို ဖယ်ကြဉ်၍ မိမိနေထိုင်ရန် သင့်လျော်လျောက်ပတ်သော နေရာအရပ်၌ နေထိုင်သည်ကို "ဧကမန္တံ အဋ္ဌာသိ"ဟု ဆိုသည်။ (ဋီသစ်)

အမှာ။ ဋီသစ်၊ ပဋ္ဌမနည်းအလို ဆ နိသဇ္ဇဒေါသကို အလိုရှိမူ နံပါတ် ၆–နှင့် ၇–ကို ပယ်ပါ။

မေး။ **ဧကမန္တံ အဋ္ဌာသီ**တိ ဘဂဝန္တံ ဝါ ဘိက္ခုသံဃံ ဝါ ဝါကျ၌ လာသည့် (က) ဘိက္ခုအရ (ခ) သံဃအရတို့ကို တိကျစွာ ဖော်ပြပါ။

ဖြေ။ (က) ဘိက္ခု အရ = ဘုရားရှင်ကို ဝန်းရံ၍ ထိုင်နေတော်မူသော ပါဠိတော်၌ ပြဆိုခဲ့ပြီးသည့် ၁၂၅၀–သော ရဟန်းများကို ရ၏။

(ခ) သံဃ အရ = ဘုရားရှင်ကို ဝန်းရံ၍ ထိုင်နေတော်မူသော ပါဠိတော်၌ ပြဆိုခဲ့ပြီးသည့် ၁၂၅၀–သော ရဟန်းများကို ရ၏။

အမှာ။ ဤသို့လျှင် ဘိက္ခုသံဃ ဟူသော သဒ္ဒါသည် ဘိက္ခုအရနှင့် သံဃအရကို မကွဲပြားဘဲ ကွဲပြားသကဲ့သို့ ကြံဆထားသော အဘေဒဘေဒူပစာသဒ္ဒါ ဖြစ်သောကြောင့် ဘိက္ခုသံဃ ပုဒ်ကို ဘိက္ခူနံ သံဃော ဘိက္ခုသံဃောဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် တွဲစပ်ရမည်။ ဘိက္ခုသံဃ ဟူသော သဒ္ဒါကို ဥပစာသဒ္ဒါ မဟုတ်၊ မုချသဒ္ဒါသာတည်းဟု ကြံဆလျှင်ကား = ဘိက္ခု စ သော သံဃော စာတိ ဘိက္ခုသံဃောဟု ကမ္မဓာရည်းသမာသ် တွဲစပ်ရမည်။ တပ္ပုရိသ် မတွဲရပါ။

ttp://www.dhammadownload.com



မေး။ တုဏှီဘူတ တုဏှီဘူတဟု နှစ်ကြိမ်ထပ်၍ ဆိုခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ အဇာတသတ်မင်းသည် ဘုရားရှင်ကို ဖူးမြော်သည့်အခါ ရဟန်းသံဃာအားလုံး ဆိတ်ဆိတ်နေသော အဖြစ်၏ အကြွင်းမဲ့ ပျံ့နှံ့သည်၏ အဖြစ်ကို ထင်ရှားပြလိုသောကြောင့် (ဝါ) ရဟန်းတိုင်း ရဟန်းတိုင်း တစ်ပါးမကျန် ဆိတ်ဆိတ်နေသည်၏ အဖြစ်ကို ထင်ရှားပြလိုသောကြောင့် "တုဏှီဘူတ တုဏှီဘူတ"ဟူ၍ ဝိစ္ဆာအားဖြင့် နှစ်ကြိမ်ဆိုသည်။ (ဋီသစ်)

မေး။ ဟတ္ထကုက္ကုစ္စံ ဝါ ပါဒကုက္ကုစ္စံ ဝါ-၌ ကုက္ကုစ္စ၏ အဓိပ္ပါယ်ကို ဖြေဆိုပြီး၊ ဝါသဒ္ဒါ၏ အနက်နှင့် ယင်း ဝါသဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

ဖြေ။ အသညမ-လက်ခြေကို မစောင့်စည်းခြင်း (လက်ခြေလှုပ်ခြင်း)၊ အသုပ္ပဇ္ဇကိရိယာ-မဆင်မခြင်၊ မစဉ်းမစား ပြုခြင်းဟူသော အမူအရာကို "ကုက္ကုစ္စ"ဟု ခေါ်သည်။
ကုက္ကုစ္စံ ဝါ-၌ ဝါသဒ္ဒါသည် အဝုတ္တဝိကပ္ပန အနက်ရှိ၏။
ယင်းဝါသဒ္ဒါဖြင့် ထိုကုက္ကုစ္စတို့မှ တစ်ပါးလည်း ဖြစ်သော စက္ခု၊သောတ စသော အသညမ မရှိဟူ၍ ထင်စွာပြပါသည်။ (ဋီသစ်)

မေး။ သဗ္ဗာလင်္ကာရပဋိမဏ္ဍိတံ နာဋကပရိဝါရံ ဘဂဝတော အဘိမုခေ ဋ္ဌိတံ ရာဇာနံ ဝါ ရာဇပရိသံ ဝါ ကောဘိက္ခုပိ န ဩလောကေသိ ဝါကျ၌ အဘယ့်ကြောင့် သဗ္ဗာလင်္ကာရပဋိမဏ္ဍိတံ နာဋကပရိဝါရံ ပုဒ်တို့ကို ထည့်၍ ဆိုရသနည်း။

ဖြေ။ စောင့်စည်းခြင်း အလုံးစုံတို့တွင် မျက်စိကို စောင့်စည်းခြင်းသည် အလွန် တားမြစ်နိုင်ခဲ၏။ ထိုစက္ခုအသံယမ၏ မရှိခြင်းကို ပြလိုသောကြောင့်တည်း။

မေး။ အဇာတသတ်မင်းသည် ပရစိတ္တဝိဒူပုဂ္ဂိုလ် မဟုတ်သဖြင့် ရဟန်းသံဃာတို့၏ မာနသိက ဥပသမကို မသိနိုင်ပါဘဲလျက် အဘယ်ကြောင့် "မာနသိကေန စ (သီလူပသမေန ဘိက္ခုသံဃော ဥပသန္တော)"ဟု ဆိုသနည်း။

ဖြေ။ ပရိစိတ္တဝိဒူပုဂ္ဂိုလ် မဟုတ်သော်လည်း ကာယိက ဥပသမ, ဝါစသိက ဥပသမတို့ကို တိုက်ရိုက်တွေ့သဖြင့် မာနသိက ဥပသမကိုလည်း မှန်းဆသော အနုမာနနည်းအားဖြင့် ရအပ်, သိအပ်သည်သာ ဖြစ်သောကြောင့် "မာနသိကေန စ"ဟု ဆိုသည်။

**(ဌ၊ နှာ ၁၃၉+၁၄၀-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အဖသတ် မင်း ၅-ဆက်ကို ဖော်ပြပါ။

ဖြေ။ ၁။ အဇာတသတ်မင်း ၂။ ဥဒယဘဒ္ဒမင်း ၃။ မဟာမုဏ္ဍိကမင်း ၄။ အနုရုဒ္ဓမင်း ၅။ နာဂဒါသမင်း တို့ဖြစ်သည်။

အမှာ။ "ဤမင်းတို့သည် အမျိုးအနွယ်ကို ဖြတ်တာတ်သူတို့ ဖြစ်၍ အကျိုးမရှိကုန်"ဟု နှလုံးသွင်း၍ တိုင်းသူ ပြည်သားတို့ အမျက်ထွက်ကာ နာဂဒါသမင်းကို သတ်ကုန်သဖြင့် အဖသတ် မင်းဆက် ပြတ်လေတော့၏။

**(ဌ၊ နှာ ၁၄၀-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ တသ္မာ ရညော ဝစနာနန္တရံ "**အဂမာ ခေါ တွံ မဟာရာဇ ယထာပေမ**"န္တိ အာဟ ဝါကျ၌ လာသော ဝစနာနန္တရံ ဝယ် ဝစန အရကို တိကျစွာ ဖော်ပြပါ။

ဖြေ။ ဝစန အရ = ဘုရားရှင်ကို ဖူးမြင်သော အဇာတသတ်မင်း ရှေးဦးစွာ ကျူးရင့်သော ဣမိနာ မေ ဥပသမေန ဥဒယဘဒ္ဒေါ ကုမာရော သမန္နာဂတော ဟောတု၊ ယေနေ+တရဟိ ဥပသမေန ဘိက္ခုသံဃော သမန္နာဂတော ဟူသော ပါဠိတော်၌ လာသော စကားရပ်ပင် ဖြစ်၏။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ **အဂမာ ခေါ တွံ မဟာရာဇ ယထာပေမံ စကား၏** အဓိပ္ပါယ်ကို ဥပမာဆောင် ထင်ရှားအောင် ရေးခဲ့ပါ။

ဖြေ။ မြတ်သော မင်းကြီး၊ ဥပမာမည်သည် မြင့်မောက်သော အရပ်၌ ရှာသွန်းသော မိုးရေသည် နိမ့်သော ချိုင့်ဝှမ်းရှိရာ အရပ်သို့ သွားသကဲ့သို့ ... ဤအတူသာလျှင် ရဟန်းသံဃာကို အစဉ်အတိုင်း ကြည့်ရှု၍ ချစ်ခြင်းရှိရာ အရပ်သို့ သွားပြီ။ ဤကား = အဂမာ ခေါ တွံ မဟာရာဇ ယထာပေမံ၏ အဓိပ္ပါယ်တည်း။

မေး။ ဇဝံမဟာပရာဝံ နာမ မံ ပါဠိ၌ အဇာတသတ်မင်း ကိုယ်တိုင် ဝန်ခံထားသော အပြစ်ကြီး လေးမျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ ငါသည် မြတ်စွာဘုရား၏ အလုပ်အကျွေး ဖြစ်သော ခမည်းတော်ကို သတ်အပ်ပြီ။
၂။ ဒေဝဒတ်၏ စကားကို နာယူ၍ လေးသမားတို့ကို စေလွှတ်အပ်ပြီ။
၃။ နာဠာဂီရိ ဆင်ကို လွှတ်အပ်ပြီ။
၄။ ဒေဝဒတ်သည် ငါ့ကို အမှီပြု၍ ကျောက်တုံးကို လိမ့်ချပစ်လွှတ်အပ်ပြီ။ (ဋ)

မေး။ အဘယ်ကို ရည်ရွယ်၍ "မုခံ နပ္ပဟောတိ"ဟု ချဲ့ထွင်ဆိုသနည်း။

ဖြေ။ ပြုအပ်သော အပြစ်ရှိသူအား စကားပြောဖို့ ခဲယဉ်းသောကြောင့် အပြစ်ရှိသော မိမိအား အနည်းငယ်သော စကားပြောခြင်းကိုပင် ရည်ရွယ်၍ "မုခံ နပ္ပဟောတိ"ဟု ချဲ့ထွင်ဆိုသည်။
(တစ်နည်း:) အဂမာ ခေါ တွံ မဟာရာဇ ယထာပေမံ ဟူသော စကားဖြင့် ညွှန်ပြအပ်သော ထိုအချိန်က ထိုအနက်ကို ပြသည့် အခြင်းအရာအားဖြင့် ဖြစ်သော နည်းအမျိုးမျိုးတို့ဖြင့် ဆန်းကြယ်သော မြတ်စွာဘုရား၏ ချိုမြိန်သော စကားကိုလည်း ရည်ရွယ်၍ "မုခံ နပ္ပဟောတိ"ဟု ချဲ့ထွင်ဆိုသည်။ (ဋီသစ်)

မေး။ အဟော ဘဂဝါ ပဋ္ဌဟာကာရေဟိ တာဒိလက္ခဏေ သုပ္ပတိဋ္ဌိတော ဝါကျ၌ လာသော "ပဋ္ဌဟာကာရေဟိ"ဝယ် ပဋ္ဌသရုပ်ကို ဖော်ထုတ်ပါ။

ဖြေ။ ၁။ မိမိအောက် ယုတ်သောသူ၊
၂။ မိမိနှင့် တူသောသူ၊
၃။ မိမိထက် လွန်သောသူ၊
၄။ မိမိ၏ ရန်သူ၊
၅။ မိမိ၏ အကျိုးကို အလိုရှိသူတို့ ဖြစ်၏။

**(၅၂. နှာ ၁၄၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ န မေ ပဥ္စဝိသဇ္ဇနေ ဘာရော အတ္ထိ ပါဠိဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ န မေ ပဥ္စဝိသဇ္ဇနေ ဘာရော အတ္ထိ ပါဠိဖြင့် မြတ်စွာဘုရားအား အလုံးစုံသော အာရုံ, အလုံးစုံသော ပြဿနာတို့၌ ပိတ်ပင် ဆီးတားခြင်း မရှိသော ဉာဏ်တော်ဖြင့် အလုံးစုံသော အာရုံ, အလုံးစုံသော ပြဿနာတို့ကို သိမြင်နိုင်စွမ်း ရှိသည်၏ အဖြစ်ဖြင့် အနက်ရောက်သည်ကို ပြသည်။

မေး။ ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝကတို့သည် အဘယ်ကြောင့် "သုတွာ ဝေဒိဿာမ"ဟုသာ ပြောဆိုကြသနည်း။

ဖြေ။ ပစ္စေကဗုဒ္ဓါ စသည်တို့သည် ပဒေသဉာဏ်၌သာ တည်ကြသောကြောင့် "သုတွာ ဝေဒိဿာမ"ဟုသာ ဆိုကြသည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ဗုဒ္ဓဘူမိနှင့် ဗောဓိသတ္တဘူမိ ပုဒ်တို့၏ အရကို ဖော်ပြပါ။

ဖြေ။ ဗုဒ္ဓဘူမိ အရ = အာသဝက္ခယဉာဏ်၊ သဗ္ဗညုတာဉာဏ်တို့ကို ရ၏။
ဗောဓိသတ္တဘူမိ အရ = ပါရမီသမ္ဘာရဉာဏ်ကို ရ၏။

**(၄၊ နှာ ၁၄၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သိပ္ပမေဝ **သိပ္ပါယတန**ံဟု သိပ္ပါယတနံ ပုဒ်၌ အာယတန သဒ္ဒါကို အနက်မဲ့ဟု အဘယ်ကြောင့် ဖွင့်ဆိုရသနည်း။

ဖြေ။ သိပ္ပါယတနံ၌ သိပ္ပပုဒ် ဟောသော အနက်ကိုပင် အထူးပြုခြင်း၏ အစွမ်းဖြင့် ထိုသိပ္ပပုဒ် ဟောသော အနက်ကို အာယတန သဒ္ဒါကလည်း ဟောနိုင်၏။ ထိုသို့ ဟောနိုင်သော်လည်း အာယတန သဒ္ဒါနှင့် ကင်း၍ သိပ္ပပုဒ်ဖြင့်ပင် အနက်ကို သိနိုင်သောကြောင့် အာယတန သဒ္ဒါကို အနက်မဲ့ဟု ဆို၏။

အမှာ။ အာယတနသဒ္ဒါ အနက်မဲ့ဟူသည် = မိမိ၏ သီးခြားအနက် မရှိသည်ကိုသာ ရည်၏။ "န တု သဒ္ဒါ အနတ္ထာ"ဟူသော ဘေဒစိန္တာ ပရိဘာသာအရ သိပ္ပဟူသော မိမိမှီရာ ပုဒ်၏ အနက်၌ ပေါင်းမြှောင်, ကပ်မြှောင်၍ သိပ္ပအနက်ကိုကား ဟောနိုင်သည်ဟု မှတ်ပါ။

မေး။ အတတ်ဖြစ်သော သိပ္ပတို့ကို စတည်၍ လျှောက်ပါလျက် အဘယ်ကြောင့် "သိပ္ပိက-အတတ်သည်"တို့ကို သရုပ်ဖော်၍ ဖြေဆိုတော်မူသနည်း။

ဖြေ။ စကား ကျယ်မည်ကို ရှောင်လွှဲလိုသောကြောင့်တည်း။ (ဋီသစ်)

အမှာ။ အတတ်ပညာများကို ပြလျှင် အတတ်ပညာရှင်များကိုလည်း ပြရမည်။ ဤသို့ ပြလျှင် အတတ်ပညာကို တစ်ကြိမ်, အတတ်ပညာသည်ကို တစ်ကြိမ် နှစ်ကြိမ်ပြရမည်။ စကား ကျယ်တော့မည်တည်း။

မေး။ **ပိဏ္ဍဒါယကာ**၌ ပိဏ္ဍ အရကို အဋ္ဌကထာ နည်းအတိုင်း စုံလင်စွာ ဖော်ပြပါ။

ဖြေ။ ပိဏ္ဍ အရ = ပရသေနာသမူဟ-တစ်ဖက်ရန်သူ စစ်တပ်အပေါင်းကို ယူပါ။
(တစ်နည်း) ကျပ်တည်း ကျဉ်းမြောင်းမှုနှင့် ကြုံတွေ့နေရသော မိမိစစ်သား အပေါင်းကို ယူပါ။

မေး။ ပိဏ္ဍမိဝ၌ ပိဏ္ဍ အရကို ဋီကာသစ် နည်းအတိုင်း စုံလင်စွာ ဖော်ပြပါ။

ဖြေ။ ပိဏ္ဍ အရ = ထန်းသီးခိုင်ကို ယူပါ။ (ဋီသစ်)
(တစ်နည်း) အသားစိုင် အသားတုံးကို ယူပါ။ (ဋီသစ်လာ-အာစရိယ ဓမ္မပါလတ္ထေရဝါဒ)

မေး။ တေ ကိရ ပရသေနံ ပဝိသိတွာ ပရသီသံ ပိဏ္ဍမိဝ ဆေတွာ ဆေတွာ ဒယန္တိ ဝါကျ၌ လာသော ဆေတွာကို ဖြတ်၍/ပြတ်၍ဟု နှစ်နက်ပေးနိုင်ရာ ဤဝါကျ၌ အဘယ်အနက် သင့်မြတ်သည်ကို အကြောင်းပြ ဆုံးဖြတ်ပါ။

ဖြေ။ ပရသီသံ ဟူသော ကံပုဒ်ကို ထောက်၍ ဆေတွာ၌ ဆိဒိဓာတ်သည် ရုဓာဒိဂဏ်ကဓာတ်သာ ဖြစ်၏။ ထို့ကြောင့် ဤနေရာ၌ "ဆေတွာ-ဖြတ်၍"ဟု သမ္ဗန်သော အနက်သာ သင့်၏။

**(၄၊ နှာ ၁၄၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ မုဒ္ဒိကာတိ ဟတ္ထမုဒ္ဒါယ ဂဏနံ နိဿာယ ဇီဝိနော ဝါကျဝယ် ဟတ္ထမုဒ္ဒါယ ပုဒ်၌ ဟတ္ထ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ "န ဘုဥ္ဇမာနော သဗ္ဗံ ဟတ္ထံ မုခေ ပက္ခိပိဿာမိ" အစရှိသည်တို့၌ကဲ့သို့ ဟတ္ထမုဒ္ဒါယ၌ ဟတ္ထ သဒ္ဒါသည် အပေါင်းဖြစ်သော လက်ငါးချောင်းလုံး၏ ဟတ္ထဟူသော အမည်ကို အစိတ်ဖြစ်သော လက်တစ်ချောင်း, တစ်ချောင်း၌ တင်စား၍ ဆိုသော ဧကဒေသူပစာသဒ္ဒါသာ ဖြစ်သောကြောင့် ဟတ္ထ အရ = အစိတ်ဖြစ်သော လက်တစ်ချောင်း, တစ်ချောင်းကိုသာ ယူရမည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ သမဏဗြာဟ္မဏေသု ဥဒ္ဒဂ္ဂိကံ ဒက္ခိဏံ ပတိဋ္ဌပေန္တိ သောဝဂ္ဂိကံ သုခဝိပါကံ သဂ္ဂသံဝတ္တနိကံ ဟူသော ပါဠိတော် (နှာ-၄၈)၌ လာသည့် "သဂ္ဂသံဝတ္တနိကံ"ဝယ် သဂ္ဂ အရကို တိကျစွာ ဖော်ပြပါ။

ဖြေ။ သဂ္ဂသံဝတ္တနိကံ၌ သဂ္ဂ အရ = ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, အာယု, ဝဏ္ဏ, သုခ, ယသ, အာဓိပတေယျ ဟူသော ၁၀-ပါးသော တရားကို ယူပါ။ (၄)

မေး။ ရူပနှင့် ဝဏ္ဏတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ မိမိသည် ခံစားထိုက်သော အပြင်အာရုံသည် ရူပ။
မိမိ၏ ကိုယ်ရည်အဆင်း ကောင်းခြင်းသည် ဝဏ္ဏ။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ **သာမညဖလ၌** (က) သာမည အရ (ခ) ဖလ အရတို့ကို ဖော်ပြပါ။

ဖြေ။ (က) သာမည အရ = အရိယာ မဂ်လေးပါးကို ယူပါ။
(ခ) ဖလ အရ = အရိယာ ဖိုလ်လေးပါးကို ယူပါ။ (၄)

မေး။ အဇာတသတ်မင်းသည် ဖိုလ်လေးပါးကို အဘယ်ကြောင့် မသိသနည်း။

ဖြေ။ အရိယဓမ္မ၌ မကျွမ်းကျင်သည်၏ အဖြစ်ကြောင့်တည်း။

မေး။ သာမညဖလ (ရဟန်းပြုခြင်း အကျိုး)ကို ပူရဏကဿပ စသော ဆရာကြီးတို့အား မေးပြီး ဖြစ်လျက် အဘယ်ကြောင့် မြတ်စွာဘုရားအား တဖန်ထပ်မေးရသနည်း။

ဖြေ။ ကျွန်,လယ်သမား စသည့် ဘဝမှ ရဟန်းပြုသူတို့အား လူအများထံမှ ရှိခိုးခြင်း စသည်ကို ရခြင်းသည် သန္ဒိဋ္ဌိက သာမညဖလ မည်၏ဟု ကြံ၍ ဤအကျိုးမျှကို သိသော သမဏ, ဗြာဟ္မဏ တစ်စုံတစ်ယောက်မျှ ရှိလေသလောဟု စုံစမ်းလိုသဖြင့် ပူရဏကဿပ စသော သူတို့အား မေးလသော် နှစ်သက်မှု မရခဲ့သော ကြောင့် မြတ်စွာဘုရားအား ဤအကြောင်းအရာကို တဖန်ထပ်၍ မေးသည်။ (ဋီသစ်)

မေး။ ကဏှပက္ခနှင့် သုက္ကပက္ခတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ပြဿနာကို မေးရာဝယ် အဖြေအဖြစ်ဖြင့် ရထိုက်သော မိစ္ဆာအယူနှင့် စပ်သော အဖို့ကို "ကဏှပက္ခ"ဟု ခေါ်၏။ ထိုကဏှပက္ခ၏ ဆန့်ကျင်ဘက် ဖြစ်သော အထက်ပါဠိတော်၌ လာသော သီလ စသော အဖို့ကို "သုက္ကပက္ခ"ဟု ခေါ်၏။

**(၄၊ နှာ ၁၄၃+၁၄၄-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သဗ္ဗညုဘုရားရှင်သည် အားလုံးကို သိပြီး ဖြစ်၍ တိတ္ထိဆရာကြီးတို့၏ အဖြေစကားကို ဘုရားရှင် ကိုယ်တော် တိုင် မိန့်နိုင်ပါလျက်၊ အဇာတသတ် ဘုရင်ကိုယ်တိုင် လျှောက်တင်ဖို့ရန် တာဝန်ပေးတော်မူခြင်း အကြောင်းကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ တိတ္ထိဆရာကြီးတို့၏ အဖြေစကားကို ဘုရားရှင် ကိုယ်တော်တိုင် မိန့်တော်မူလျှင် တိတ္ထိယ သာဝကတို့က "ဘုရားရှင်ကို သမဏကောလာဟလ, သမဏဘဏ္ဍနတွေချည်း ပြောနေသည်"ဟု ကဲ့ရဲ့ကြမည်။ တရားကို ရိုသေစွာ နာယူကြမည် မဟုတ်၊ ရှင်ဘုရင်ကိုယ်တိုင် ဖြေဆိုလျှောက်ထားလျှင်ကား ရှင်ဘုရင်ကို ကဲ့ရဲ့ဝံ့ တော့မည် မဟုတ်သောကြောင့် ရှင်ဘုရင်ကိုယ်တိုင် လျှောက်ဖို့ရန် တာဝန်ပေးတော်မူသည်။ (၄)

**(၄၊ နှာ ၁၄၄-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အဘယ်ပုဂ္ဂိုလ်တို့ကို "ပညာပတိရူပက" ပုဂ္ဂိုလ်ဟု ခေါ်ဆိုသနည်း၊ ဥပမာနှင့်တကွ ဖြေခဲ့ပါ။

ဖြေ။ အစိမ်း ဖြစ်ပါလျက် မှည့်ရောင်ဝင်းနေသော သစ်သီးများကဲ့သို့ ပညာရှိ အစစ်အမှန် မဟုတ်ဘဲ ပညာရှိယောင် ဆောင်နေသော (ပညာရှိတို့တွင် ပါဝင်နေသော) ပုဂ္ဂိုလ်တို့ကို "ပညာပတိရူပက" ပုဂ္ဂိုလ်ဟု ခေါ်ဆိုသည်။

ttp://www.dhammadownload.com



မေး။ ပါဠိပဒအတ္ထဇျွှနေသည့် "ဇျွှန" အရကို ဋီကာနှင့်အညီ ပြည့်စုံစွာ ကောက်ပြပါ။

ဖြေ။ ဇျွှန အရ = ပါဠိဟု ဆိုအပ်သောပုဒ်, အနက်တို့၌ အကျုံးဝင်နေသော အက္ခရာ ဟူသမျှကို ယူပါ။ (တစ်နည်း) ပုဒ်အပေါင်းဖြစ်သော ပဒသမူဟ ဝါကျကို ယူပါ။ (ဋီသစ်)

**(၄၊ နှာ ၁၄၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သတ္တဝါကို ညှဉ်းဆဲသတ်ဖြတ်သော်လည်း မကောင်းမှုကို ပြုသည် မမည်, အပြစ် မရှိ, အကုသိုလ် မဖြစ်ဟု ဆိုသော စကား၌ (တစ်နည်း) မကောင်းမှု ပြုလုပ်ပါလျက် မကောင်းမှုကို ပြုလုပ်သည် မမည်ဟု ဆိုသော စကား၌ (တစ်နည်း) **ကရောတော န ကရီယတိ ပါပံ** (တစ်နည်း) နတ္ထိ ပါပံ (တစ်နည်း) မကောင်းမှု မရှိဟု ဆိုသော စကား၌ ပူရဏကဿပ ဆရာကြီး၏ သန္ဓာယ ဘာသိတတ္ထ အဓိပ္ပါယ်ကို ဝေဘန်ရှင်းပြခဲ့ပါ။

ဖြေ။ ညှဉ်းဆဲသတ်ဖြတ်ခံရသော သတ္တဝါ၏ အတ္တသည် နိစ္စဖြစ်၍ ဖောက်ပြန်ပြောင်းလဲမှု မရှိသည်၏ အဖြစ်ကြောင့် ထိုးခုတ်မှု ကြိယာ, ညှဉ်းဆဲသတ်ဖြတ်မှု ကြိယာများသည် အထိုးအခုတ်ခံ, ညှဉ်းဆဲသတ်ဖြတ်ခံရသော သတ္တဝါ၏ အတ္တဘောပေါ်သို့ မကျရောက်နိုင်သောကြောင့်လည်းကောင်း (ဝါ) အတ္တကို မသတ်နိုင်သောကြောင့်လည်းကောင်း၊ အတ္တ၏ မှီရာ ခန္ဓာကိုယ်အိမ် အတ္တဘောကြီးသည် စိတ်,စေတနာ မရှိ၊ ထင်းတုံးပမာ, ဖွဲထင်းပမာသာ ဖြစ်သောကြောင့်လည်းကောင်း မကောင်းမှုကို ပြုလုပ်သည် မမည်ဟု ပူရဏကဿပ ဆရာကြီး ကြံစည်ယူဆ ပြောဆိုခြင်း ဖြစ်သည်။ (ဋီသစ်)

မေး။ ကရောမီတိ သညာယ ပါဠိ၌ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ကရောမီတိ သညာယ ပါဠိ၌ဖြင့် စေတနာနှင့်တကွ စေ့ဆော်၍ ပြုပါသော်လည်း မကောင်းမှုကို ပြုရာ မရောက်၊ စေတနာ မပါမှုကား ဆိုဘွယ်ရာ မရှိဟု ပြသည်။

မေး။ **ခုရပရိယန္တေန** ပါဠိ၌ ခုရ အရကို အကြောင်းပြ၍ ကောက်ပြပါ။

ဖြေ။ ခုရ အရ = သင်ဓုန်းသွားကို ယူရမည်။
အကြောင်းကား = အဋ္ဌကထာ၌ပင် ခုရဓာရသဒိသပရိယန္တေန ဝါ-ဟု ဖွင့်သောကြောင့်လည်းကောင်း၊ သင်ဓုန်းသွား ဟူသည်လည်း အပေါင်းဖြစ်သော သင်ဓုန်းစက် တစ်ခုလုံး၏ အတွင်းဝင်သောကြောင့်လည်းကောင်း၊ ခုရဟူသော သဒ္ဒါသည် ဥပစာရအားဖြင့် ကေဒေသျူပစာရသဒ္ဒါ, ဌာနျူပစာရသဒ္ဒါသာ ဖြစ်သောကြောင့်လည်းကောင်း၊ ခုရဟူသော သဒ္ဒါသည် မုချအားဖြင့်လည်း ခုရဿ ဓာရာ ခုရာဟု နောက်ပုဒ်ပြဋ္ဌာန်းသော ဥတ္တရပဒလောပ တပ္ပုရိသ်သမာသ် ကြံဆရသော သဒ္ဒါသာ ဖြစ်သောကြောင့်လည်းကောင်းတည်း။ (ဋီသစ်၊ အဖြေသစ်)

မေး။ ပူရဏကဿပဝါဒ ဝဏ္ဏနာကို ရှု၍ အပ္ပဋိရူပဒေသနှင့် ပတိရူပဒေသတို့ကို ဖော်ပြပါ။

ဖြေ။ ဂင်္ဂါမြစ်၏ တောင်ဘက်အရပ်သည် အပ္ပဋိရူပဒေသ။
ဂင်္ဂါမြစ်၏ မြောက်ဘက်အရပ်သည် ပတိရူပဒေသ။ (ဋီသစ်)

မေး။ အဘယ်ပုဂ္ဂိုလ်တို့ကို ရည်ရွယ်၍ **ဟနန္တော**ဟုလည်းကောင်း၊ **ဒဒန္တော**ဟုလည်းကောင်း ဆိုသနည်း။

ဖြေ။ ဂင်္ဂါမြစ်၏ တောင်ဘက်ကမ်း၌ နေကုန်သော လူတို့သည် အနိုင်အထက် ပြုကုန်, ကြမ်းတမ်းကုန်၏။ ထိုလူတို့ကို ရည်ရွယ်၍ "ဟနန္တော"ဟု ဆိုသည်။
ဂင်္ဂါမြစ်၏ မြောက်ဘက်ကမ်း၌ နေကုန်သော လူတို့သည် သဒ္ဓါတရားနှင့် ပြည့်စုံကြကုန်၏။ ရတနာသုံးပါးကို ကြည်ညိုကုန်, မြတ်နိုးကုန်၏။ ထိုပုဂ္ဂိုလ်တို့ကို ရည်ရွယ်၍ "ဒဒန္တော"ဟု ဆိုသည်။ (၄)

မေး။ **ဒမေန သံယမေန သစ္စဝဇ္ဇေန**၌ (က) ဒမ (ခ) သံယမ (ဂ) သစ္စဝဇ္ဇ အရတို့ကို ဖော်ပြပါ။

ttp://www.dhammadownload.com



ဖြေ။ (က) ဒမ အရ = ဣန္ဒြိယသံဝရ (တစ်နည်း) ဥပေါသထသီလကို ယူပါ။
(ခ) သံယမ အရ = ဥပုသ်သီလမှ တစ်ပါးသော (ဥပုသ်မစောင့်ဘဲ ကျင့်ရသော) ကိုယ်နှုတ်စောင့်စည်းခြင်း ငါးပါးသီလ, အာဇီဝဋ္ဌမကသီလ စသည်ကို ယူပါ။
(ဂ) သစ္စဝဇ္ဇ အရ = မှန်ကန်သော စကားကို ယူပါ။

မေး။ ဣန္ဒြိယဒမနှင့် ဥပေါသထကမ္မတို့သည် အနက်, အဓိပ္ပါယ်အားဖြင့် တူသလော? ထူးသလော? ဝါဒစုံစွာ စိစစ်၍ တင်ပြပါ။

ဖြေ။ ကေစိဝါဒအလို = ဣန္ဒြိယဒမနှင့် ဥပေါသထကမ္မတို့သည် ဝိသေသန, ဝိသေသျမျှသာ ကွဲ၏။ အနက်, အဓိပ္ပါယ်အားဖြင့်ကား တူ၏။
သမာနဝါဒနှင့် အပရေဝါဒတို့အလို = သဒ္ဒါအနေအားဖြင့် ဣန္ဒြေကို စောင့်စည်းမှု ဣန္ဒြိယသံဝရသီလနှင့် ဥပုသ်စောင့်သုံးမှု ဥပေါသထသီလ နှစ်ပါးတို့ကို တစ်ခုစီ ခွဲခြား၍ နှစ်မျိုး ဟောနိုင်သောကြောင့်လည်းကောင်း၊ ဣန္ဒြိယဒမနှင့် ဥပေါသထကမ္မဟူသော ပုဒ်နှစ်ခုတို့ ဟောနိုင်သော အနက်၏လည်း တစ်ခုနှင့် တစ်ခု မတူကွဲပြား ထူးခြားသောကြောင့်လည်းကောင်း ဣန္ဒြိယဒမနှင့် ဥပေါသထကမ္မ ပုဒ်နှစ်ပါးတို့သည် အနက်,အဓိပ္ပါယ် မတူ၊ ထူး၏ဟု မှတ်ရမည်။ ကေစိဝါဒကား ယုတ္တိမရှိ၍ မသင့်ပါ။ (ဋီသစ်)

အမှာ။ ဖော်ပြပါ အဓိပ္ပါယ်ကို ရှု၍ ဥပေါသထကမ္မေန ပုဒ်နောင် ဝါသဒ္ဒါ, စသဒ္ဒါတို့လည်း မပါသင့်ဟု မှတ်ပါ။

မေး။ သစ္စဝဇ္ဇကို အဘယ်ကြောင့် သီးခြား ထုတ်ပြသနည်း။

ဖြေ။ လူအများက အလွန်လေးစားအပ်သော ကောင်းမှုဟု သမုတ်ထားသောကြောင့် သစ္စဝဇ္ဇကို သီးခြား ထုတ်ပြသည်။

သတိ။ အကုသိုလ်တရားတို့တွင် မုသာဝါဒသည် အပြစ်အကြီးဆုံး ဖြစ်သကဲ့သို့ ကုသိုလ်တရားတို့တွင်လည်း သစ္စဝဇ္ဇသည် အလေးအပြုအပ်ဆုံး ဖြစ်၏။ (ဋီသစ်)

နိယံ။ အကုသိုလ်မှာ၊ မုသာဝါဒ၊ ကုသိုလ်မှာကား၊ သစ္စဝါစာ၊ လေးဆုံးသာတည်း။ (မဃဒေဝ)

မေး။ ဥဂ္ဂဟိတ, နိက္ခန္တိတဉ္စ ကာရဏကို ဖော်ပြပါ။

ဖြေ။ ဥဂ္ဂဟိတ, နိက္ခန္တိတဉ္စ ကာရဏကား = ပူရဏကဿပဆိုတိုင်း မြတ်စွာဘုရား၏ အထံ၌ လျှောက်ထားနိုင်ခြင်း ဖြစ်သည်။ (ဋီသစ်)

### (၄၊ နှာ ၁၄၆-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ပရဿ ဩဝါဒါနုသာသနိံ နိဿာယ၌ ဩဝါဒနှင့် အနုသာသနီတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ရှေးဦးစွာသော အဆုံးအမသည် ဩဝါဒ။
နောက်ထပ် အဖန်ဖန် ဆုံးမသွန်သင် ညွှန်ကြားပြသအပ်သော အဆုံးအမသည် အနုသာသနီ။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ အဘယ်ကို ရည်ရွယ်၍ "ဋ္ဌပေတွာ မဟာသတ္တံ"ဟု ဆိုသနည်း။

ဖြေ။ သူတစ်ပါး၏ အဆုံးအမကို အမှီပြု၍ လောကုတ္တရာ တရားရသော ပုဂ္ဂိုလ်တို့တွင် ဘုရားအလောင်း (မဟာသတ္တ)တို့ မပါဝင်ပါ။ နောက်ဆုံးဘဝ၌ ဘုရားအလောင်း၏ လောကုတ္တရာ တရားရမှု၌ တစ်ပါးသော ဆရာ၏ အကူအညီ မရှိသောကြောင့် လောကုတ္တရာ တရားရမှုကို ရည်ရွယ်၍ "ဋ္ဌပေတွာ မဟာသတ္တံ"ဟု ဆိုသည်။

သတိ။ လောကီ ဈာန်တရားရမှု၌ကား = အာဠာရ, ဥဒက ဆရာတို့ကို မှီရသေး၏။

ttp://www.dhammadownload.com



မေး။ ဌပေတွာ မဟာသတ္တံ၌ မဟာသတ္တ အရ = ပစ္စေကဗုဒ္ဓါတို့ကိုလည်း ယူသင့်/မသင့် အကြောင်းနှင့်တကွ ဖြေဆိုပါ။

ဖြေ။ ပစ္စေကဗုဒ္ဓါတို့လည်း လောကုတ္တရာ တရားရရာ၌ တစ်ပါးသော ဆရာ၏ အကူအညီ မရှိသောကြောင့် “မဟာသတ္တ”အရ၌ သွင်းယူသင့်၏။ (ဋီသစ်)

မေး။ အဘယ့်ကြောင့် **နတ္ထိ ပုရိသကာရေ** (ယောကျ်ားတို့၏ လုံ့လ မရှိ)ဟု ဆိုရသနည်း။

ဖြေ။ အတ္တကာရ ဖြစ်သော ကံကိုလည်းကောင်း၊ ပရကာရ ဖြစ်သော ဩဝါဒ, အနုသာသနီ စသည်ကိုလည်းကောင်း ပယ်အပ်ခဲ့ပြီး ဖြစ်ရကား ကိုယ်စီကိုယ်စီ ပြုအပ်သော ယောကျ်ားလုံ့လ၏ အကျိုးမည်သည် မရှိဟု ပယ်မြစ်ပြီး ဖြစ်၏။ ကံ၏ အကျိုး မရှိလျှင် ထိုကံကို ပြုခြင်းကြောင့် ဖြစ်သော လုံ့လ၏ အကျိုးမှာ အထူး ပြောဘွယ် မလို၊ မရှိနိုင်တော့ချေ။ ထို့ကြောင့် နတ္ထိ ပုရိသကာရေ (ယောကျ်ားတို့၏ လုံ့လ မရှိ)ဟု ဆိုရ၏။

မေး။ ယမိ့ အတ္တနော ဗလေ ပတိဋ္ဌိတာ သတ္တာ ဝီရိယံ ကတွာ တာ သမ္ပတ္တိယော ပါပုဏန္တိ၊ တံ ဗလံ ပဋိက္ခိပတိ ဝါကျ၌ ဗလေ ပတိဋ္ဌိတာဟု ဆိုပြီး ဖြစ်ပါလျက် အဘယ်ကြောင့် ဝီရိယံ ကတွာဟု ထပ်ဆင့်၍ ဆိုရသနည်း။

ဖြေ။ ဤနေရာ၌ကား ဝီရိယဖြင့် ကြိုးစားအားထုတ်မှုကို ပြုလုပ်သူများသည်သာ ဒေဝသမ္ပတ္တိ စသည်တို့သို့ ရောက်နိုင်ကုန်၏ဟူသော ရည်ရွယ်ချက် အထူးကို ညွှန်ပြလိုသောကြောင့်လည်းကောင်း၊ ဗလေ ပတိဋ္ဌိတာ ဟုသာ သာမညဆိုလျှင် စစ်သည်ဗိုလ်ပါ အပေါင်း၌ တည်ရှိနေကြသူများသည်လည်းကောင်း၊ အစွမ်းသတ္တိ ထက်မြက်မှု၌ ရပ်တည်နေကြသူများသည်လည်းကောင်း၊ ဒေဝသမ္ပတ္တိ စသည်တို့သို့ ရောက်နိုင်၏ဟူသော အဓိပ္ပါယ်ကို တားမြစ်ကန့်ကွက်လိုသောကြောင့်လည်းကောင်း ဝီရိယံ ကတွာဟု ထပ်ဆင့်၍ ဆို၏။

မေး။ တာ သမ္ပတ္တိယော ပါပုဏန္တိ ဝါကျ၌ သမ္ပတ္တိ အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ သမ္ပတ္တိ အရ = ဒေဝသမ္ပတ္တိ, ဗြဟ္မသမ္ပတ္တိ, နိရယဒုက္ခဝိပ္ပတ္တိ, တိရစ္ဆာနဒုက္ခဝိပ္ပတ္တိ စသော သမ္ပတ္တိ+ဝိပ္ပတ္တိ နှစ်ပါးစုံကို ယူရမည်။

အကြောင်းကား = ဝေါဒါနိယ ဗလကို ပယ်ခြင်းဖြင့် သံကိလေသိက ဗလကိုလည်း ပယ်ရာ ရောက်သော ကြောင့်လည်းကောင်း၊ မက္ခလိဂေါသာလသည် သမ္ပတ္တိ+ဝိပ္ပတ္တိ နှစ်ပါးစုံတို့သို့ ရောက်နိုင်သည့် အားထုတ်မှု ဝီရိယကို ပယ်ထားသောကြောင့်လည်းကောင်း၊ ဤနေရာ၌ သမ္ပတ္တိဟူသော သဒ္ဒါသည်လည်း ဧကဒေသူပစာ, အဝယဝူပစာ, ဥပလက္ခဏနည်း, နိဒဿနနည်းအားဖြင့် ဆိုထားသောသဒ္ဒါ ဖြစ်သောကြောင့်လည်းကောင်း တည်း။ (ဋီသစ်၊ အဖြေသစ်)

မေး။ ဗလ, ဝီရိယ, ထာမ, ပရက္ကမ သဒ္ဒါတို့၏ တူပုံ၊ ထူးပုံတို့ကိုလည်း ဖြေဆိုခဲ့ပါ။

ဖြေ။ တူပုံ = ဗလ, ဝီရိယ, ထာမ, ပရက္ကမ သဒ္ဒါတို့သည် ဝီရိယစေတသိက်ကို အရကောက်သောအားဖြင့် အဘိ ဓေယျတ္ထ တူကြ၏။

ထူးပုံ = ထိုထိုသက်ဆိုင်ရာ အလုပ်ကိစ္စများ ပြုလုပ်သည့်အခါ ပြန့်ပြောများပြားတတ်သော အနက်သဘော ကြောင့် ဝီရိယစေတသိက်သည် ဗလ မည်၏။ ရဲရင့်မှု, ကြိုးစားအားထုတ်မှုကို ဆောင်ရွက်တတ်သော အနက်သဘောကြောင့် ဝီရိယစေတသိက်သည်ပင် ဝီရိယ မည်၏။ မြဲမြံတတ်သော အနက်သဘောကြောင့် လည်းကောင်း၊ ယောကျ်ားတို့ ဆောင်ရွက်ထိုက်သော ဝန်ဟူသမျှကို ဆောင်ရွက်သောအားဖြင့် ဖြစ်စေအပ်သော ကြောင့် ဝီရိယစေတသိက်သည် ထာမ မည်၏။ အဆင့်ဆင့်သော ဌာနအထူးသို့ သက်ရောက်ကျော်နင်းသည့် အစွမ်းအားဖြင့် ဖြစ်တတ်သောကြောင့် ဝီရိယစေတသိက်သည် ပရက္ကမ မည်၏။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ **သဗ္ဗေ ဓိဝါ** အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ မက္ခလိဂေါသာလ ဆရာကြီးသည် သလေး, မုယော, နတ်ကောက်, မြက်, သစ်ပင် စသည်တို့၌ သန်စွမ်းကြီးမား ပေါက်ရောက်ကြီးပွား စည်ပင်တတ်သည်၏ အဖြစ်ဖြင့် (အညွန့်,အရွက်,အသီး စသည်တို့ ဖြစ်သဖြင့်) သစ်ပင် စသည်တို့ကို အသက်ရှိသည်ဟု ထင်မှတ်သောကြောင့် သဗ္ဗေ ဇီဝါ အရ = ထိုသလေး, မုယော, နတ်ကောက်, မြက်, သစ်ပင် စသည်တို့ကို ရ၏။ (၄၊ ဋီသစ်)

**(၄၊ နှာ ၁၄၇–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ မက္ခလိဂေါသာလ ဆရာကြီး၏ ဝါဒကို ပြရာ **ကမ္မေ စ ဥပမုကမ္မေ စ** ဟူသော စကားရပ်၌ အဘယ်ကြောင့် အဘယ်အရာကို ကမ္မ, ဥပမုကမ္မဟု ခေါ်ဆိုရသနည်း၊ ယင်းဆရာကြီး၏ အလိုကျ ဖြေဆိုခဲ့ပါ။

ဖြေ။ ရှန့်ရင်းကြမ်းတမ်းမှု ရှိသောကြောင့် ကာယကံ, ဝစီကံတို့ကို ကမ္မဟု ခေါ်၏။

ရှန့်ရင်းကြမ်းတမ်းမှု မရှိသောကြောင့် မနောကံကို ဥပမုကမ္မဟု ခေါ်၏။ (ဋီသစ်)

(တစ်နည်း) မက္ခလိဂေါသာလသည် ကာယကံ, ဝစီကံတို့၌ ကိုယ်,နှုတ်,စိတ် သုံးပါးလုံး ပြည့်စုံစွာ ပါသည်ဟု ယူဆသောကြောင့် ကာယကံ, ဝစီကံတို့ကို ကမ္မဟု ခေါ်၏။

မနောကံ၌ ကိုယ်,နှုတ်နှစ်မျိုး မပါသဖြင့် ကံတစ်ဝက်သာဟု ယူဆသောကြောင့် မနောကံကို ဥပမုကမ္မဟု ခေါ်၏။

မေး။ မဟာကပ်တစ်ခု၌ အသင်္ချေယျကပ် မည်မျှ ရှိသည်ကို ဖော်ပြ၍၊ အဘယ်ကြောင့် အဘယ်အရာကို အန္တရကပ်ဟု ခေါ်သနည်း။

ဖြေ။ မဟာကပ်တစ်ခု၌ အသင်္ချေယျ ၄–ကပ် ရှိ၏။

အသင်္ချေယျကပ်ကြီး၏ အကြား၌ ဖြစ်သောကြောင့် ကပ်ငယ်တစ်ခုကို (ဝါ) ဆုတ်ကပ်တစ်ခုကို အန္တရကပ်ဟု ခေါ်၏။

မေး။ သတ္တဝါတို့၏ နေရာ အဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်၌ အန္တရကပ်ပေါင်း ၆၄–ကပ် ရှိသည် ဖြစ်လျက် အဘယ်ကြောင့် "ဒွေ့န္တရကပ္ပါ"ဟု ဆိုသနည်း။

ဖြေ။ မက္ခလိဂေါသာလ ဆရာကြီးသည် အန္တရကပ် ၂–ကပ်ကို မသိသောကြောင့် "ဒွေ့န္တရကပ္ပါ"ဟု ဆို၏။

မေး။ မက္ခလိဂေါသာလကြီးသည် အဘယ်ကြောင့် နှစ်ပါးသော အန္တရကပ်တို့ကို မသိသနည်း။ (တစ်နည်း) မက္ခလိဂေါသာလကြီးသည် အဘယ်ကြောင့် အဇာနန္တ အမည်ကို ရသနည်း။

ဖြေ။ သာသနာတော်တွင်း၌ ဘုရားတရားကို နာကြားမှု မရှိသော ပုဂ္ဂိုလ်များသည် နှစ်ပါးသော အန္တရကပ်တို့ကို မသိနိုင်သောကြောင့်လည်းကောင်း၊ ဤအရာဌာနသည် သာသနာပ မိစ္ဆာအယူ ရှိသော ပုဂ္ဂိုလ်တို့ သိနိုင်လောက်သော အရာဌာန မဟုတ်သောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

မေး။ ဘိက္ခူ **နိလာဘိဇာတီ**တိ ဝဒတိ၊ တေ ကိရ စတူသု ပစ္စယေသု ကဏ္ဍကေ ပက္ခိပိတွာ ခါဒန္တိ။ "ဘိက္ခူ ကဏ္ဍကဝုတ္တိကာ"တိ အယဥ္စသ ပါဠိယေဝ ဝါကျတို့၌ လာသော ဘိက္ခူ အရတို့ကို ဖော်ပြပါ။

ဖြေ။ ဗုဒ္ဓ သာသနာတော်ဝန်ထမ်း ရဟန်းတော်များကို ရ၏။

မေး။ အထ ဝါ ကဏ္ဍကဝုတ္တိကာ ဧဝ နာမ ဧကေ ပဗ္ဗဇိတာတိ ဝဒတိ ဝါကျ၌ လာသော ပဗ္ဗဇိတ အရကို ဖြေပါ။

ဖြေ။ ဘုရားရှင်၏ သာသနာတော်မှ အပဖြစ်သော ပဗ္ဗဇိတ အမည်ခံ ရသေ့,ရဟန်းတို့ကို ရ၏။

မေး။ နိဂဏ္ဌနှင့် အစေလကတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ နိဂဏ္ဌတို့သည် အဝတ်တစ်ထည်ကို ဝတ်ရုံ၏။

အစေလကတို့သည် အဝတ်ကို လုံအောင် မဝတ်ကြ။ ဤသို့ ထူးသည်။

ttp://www.dhammadownload.com



(ဌ၊ နှာ ၁၄၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အဘယ်ကြောင့် အဘယ်ပုဂ္ဂိုလ်တို့ကို **"အာဇီဝက"**ဟု ခေါ်သနည်း။

ဖြေ။ ငါတို့ကတော့ အသက်မွေးဝမ်းကြောင်း စင်ကြယ်သည်ဟု ပြောဆို ကြွားဝါလေ့ရှိသောကြောင့် တိတ္ထိတို့ကို "အာဇီဝက"ဟု ခေါ်၏။

(ဌ၊ နှာ ၁၄၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ပဗ္ဗတေ ဝါ ရုက္ခဂ္ဂေ ဝါ ဌတွာ ဝါကျ၌ ပါသည့် ဝါသဒ္ဒါ၏ အမျိုးအစားကို အကြောင်းနှင့်တကွ ညွှန်ပြပါ။

ဖြေ။ ဤဝါကျ၌ ပါသည့် ဝါသဒ္ဒါသည် ပဗ္ဗတေ တစ်ခုတည်းကိုသော်လည်းကောင်း၊ ရုက္ခဂ္ဂေ တစ်ခုတည်းကိုသော်လည်းကောင်း၊ ပဗ္ဗတေ ရုက္ခဂ္ဂေ နှစ်ခုလုံးကိုသော်လည်းကောင်း ယူနိုင်သောကြောင့် အနိယမတ္ထ ဝါသဒ္ဒါ အမျိုးအစား ဖြစ်၏။

မေး။ နတ္ထိ ဒိန္နန္တိ ဒိန္နဖလာဘာဝံ သန္ဓာယ ဝဒတိ။ ယိဋ္ဌံ ဝုစ္စတိ မဟာယာဂေါ။ ဟုတန္တိ ပါဟုနကသက္ကာရော အဓိပ္ပေတော။ တမ္ပိ ဥဘယံ ဖလာဘာဝမေဝ သန္ဓာယ ပဋိက္ခိပတိ ဝါကျဝယ် "တမ္ပိ"၌ ပိသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ သမုစ္စည်းအနက် ရှိ၏။

မေး။ **နတ္ထိ ဒိန္န၌ ဒိန္န အရကို မုချ, ဥပစာ ခွဲခြား၍ ကောက်ပြပါ။**

ဖြေ။ မုချအားဖြင့် = ပေးလှူထိုက်သော အန္န,ပါန စသော ဒေယျဓမ္မကို ရ၏။

ဖလူပစာအားဖြင့် = ပေးလှူကြောင်း ဒါနစေတနာကို ရ၏။

ကာရဏူပစာအားဖြင့် = ထိုဒါနစေတနာ၏ အကျိုးကို ရ၏။ (ဋီသစ်)

အမှာ။ ဒိန္န၏ အရကောက်အချုပ်ကား = ဒါနစေတနာ၏ အကျိုးပင်တည်း။

မေး။ အဇိတကေသမ္ဗလသည် **"နတ္ထိ ဒိန္န"**ဟူသော စကားဖြင့် ဒေယျဓမ္မ၊ ဒါနစေတနာ၊ ဒိန္နဖလတို့တွင် မည်သည့် အရာကို အဓိကထား၍ ပယ်လိုသနည်း။

ဖြေ။ ဒိန္နဖလ (ဒါနစေတနာ၏ အကျိုး)ကို အဓိကထား၍ ပယ်လိုသည်။ (ဋ)

မေး။ **နတ္ထိ ဒိန္န၊ နတ္ထိ ယိဋ္ဌ၊ နတ္ထိ ဟုတံ ပါဌ်တို့ဖြင့် မည်သည့် အရာတို့ကို ပယ်သနည်း၊ အသီးသီး ဖြေပြပါ။**

ဖြေ။ နတ္ထိ ဒိန္န ပါဌ်ဖြင့် = အန္န,ပါန စသည်ကို လှူကြောင်း ဒါနစေတနာ၏ အကျိုးကို ပယ်သည်။

နတ္ထိ ယိဋ္ဌ ပါဌ်ဖြင့် = ယဇ်ကြီး ပူဇော်ကြောင်း စေတနာ၏ အကျိုးကို ပယ်သည်။

နတ္ထိ ဟုတံ ပါဌ်ဖြင့် = ယဇ်ငယ် ပူဇော်ကြောင်း စေတနာ၏ အကျိုးကို ပယ်သည်။

မေး။ **ယိဋ္ဌနှင့် ဟုတတို့၏ အထူးကို ဖြေပြပါ။**

ဖြေ။ လူအားလုံးနှင့် ဆက်ဆံသော ကြီးကျယ်သော ပေးလှူပူဇော်ခြင်းကို ယိဋ္ဌ။

အာဂန္တုက ဒါနအဖြစ် ပြုထိုက်သော ပူဇော်ခြင်းကို ဟုတ။ ဤသို့ ထူးသည်။ (ဋီသစ်)

(ဌ၊ နှာ ၁၅၀–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ န တဘော ပရံ ဖလဒါယကံ ဟုတွာ ဂစ္ဆတီတိ အတ္ထော ဝါကျ၌ ပါသည့် အတ္ထော ပုဒ်သည် အဓိပ္ပါယ်အားဖြင့် သိစေလို၍ ညွှန်းသော အတ္ထောပုဒ် ဖြစ်သလော? သဒ္ဒါရေးအားဖြင့် သိစေလို၍ ညွှန်းသော အတ္ထောပုဒ် ဖြစ်သလော? အကြောင်းသွင်း၍ ဆုံးဖြတ်ပါ။

ttp://www.dhammadownload.com



ဖြေ။ အဓိပ္ပါယ်အားဖြင့် သိစေလို၍ ညွှန်းသော အတ္တောပုဒ် ဖြစ်၏။ သဒ္ဒါရေးအားဖြင့် သိစေလို၍ ညွှန်းသော အတ္တောပုဒ်ကား မဖြစ်။

အကြောင်း = သဒ္ဒါရေးအားဖြင့် ဆိုခဲ့ပြီးသော အဖွင့်ခံ သံဝဏ္ဏေတဗ္ဗ ပုဒ်ကို မသိအပ်သောကြောင့်တည်း။

မေး။ ဝိပါကံ၌ ဝိပါက သရုပ်ကို ဖော်ပြပါ။

ဖြေ။ ဝိပါက သရုပ်ကား = အာနိသံသဝိပါက၊ နိဿန္ဒဝိပါက၊ သဒိသဝိပါက တို့ဖြစ်သည်။ (ဋီသစ်)

မေး။ နိယတ မိစ္ဆာဒိဋ္ဌိ သုံးမျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ အဟေတုကဒိဋ္ဌိ ၂။ အကိရိယဒိဋ္ဌိ ၃။ နတ္ထိကဒိဋ္ဌိ။ (ဋ)

သတိ။ နိယတ မိစ္ဆာဒိဋ္ဌိ သုံးမျိုးတွင် တစ်မျိုးက အကျိုးပေးလျှင် ကျန်နှစ်မျိုးက အားပေးထောက်ပံ့သော အယူ ဖြစ်သည်။

မေး။ ပဌမဇဝနေ သတေကိစ္ဆာ ဟောန္တိ၊ တထာ ဒုတိယာဒီသုဟု ဆိုသောကြောင့် ပဌမဇောအစ ဆဋ္ဌဇောတိုင်အောင်သော ခဏ၌ နိယတ မိစ္ဆာအယူကို ပျောက်ကင်းအောင် ကုစားနိုင်သည်ဟူသော စကားကို မုချ မှတ်ရမည်လော၊ အကြောင်းပြ၍ ဝိနိစ္ဆယ ချခဲ့ပါ။

ဖြေ။ မုချ မမှတ်ရပါ။

အကြောင်းကား = ပဌမဇဝနေ သတေကိစ္ဆာ ဟောန္တိ၊ တထာ ဒုတိယာဒီသု ဟူသော စကားကို ပရမတ္ထဓမ္မ သဘာဝကို ပြရုံမျှသာ ဆိုခြင်း ဖြစ်သောကြောင့်လည်းကောင်း၊ ပဌမဇောအစ ဆဋ္ဌဇောတိုင်အောင်သော ခဏ၌ နိယတ မိစ္ဆာအယူ ဖြစ်သည် တည်သည်ရှိသော် ဇောများသည် ပဌမဇောအစ ဆဋ္ဌဇောတိုင်အောင် သော အခိုက်အတန့်၌ ရပ်တန့်နေရိုး ထုံးစံမရှိ၊ သတ္တမဇောတိုင်အောင် တားမြစ်နိုင်စွမ်းလည်း မရှိ၊ သတ္တမ ဇောတိုင်အောင် အမှန်မုချ ဖြစ်တော့မည်သာ ဖြစ်သောကြောင့်လည်းကောင်း၊ ဤသို့လျှင် အလွန်လျင်မြန်စွာ ဖြစ်သော စိတ်အစဉ် အတွင်း၌ ဩဝါဒ၊ အနုသာသန၏ အစွမ်းဖြင့် မည်သူမျှ နိယတ မိစ္ဆာအယူကို ပျောက်ကင်းအောင် ကုစားမှု မပြုလုပ်နိုင်သောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

မေး။ ဝဋ္ဋခါဏုကဟု ဆိုရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ နိယတ မိစ္ဆာဒိဋ္ဌိအယူ ရှိမိလျှင် အဝီစိမှ လွတ်လာပြီးသော်လည်း ဤဘဝက ရအပ်ခဲ့သော အထုံဝါသနာ (အာသေဝန)ကြောင့် ထိုအယူကို ယူတတ်သေး၏။ ဤသို့ ဆက်ကာ ဆက်ကာ ယူတတ်၍ များသောအားဖြင့် ဘဝမှ မထနိုင် သံသရာမှ မလွတ်နိုင်သောကြောင့် "ဝဋ္ဋခါဏုက"ဟု ဆိုသည်။ (ဋီသစ်)

မေး။ ယေဘုယျေန ဧဝရူပဿ ဘဝတော ဝုဋ္ဌာနံ နာမ နတ္ထိ ဝါကျ၌ အဘယ်ကြောင့် "ယေဘုယျေန" သဒ္ဒါကို ထည့်၍ ဆိုသနည်း။

ဖြေ။ ဝဋ္ဋခါဏုက သတ္တဝါသည် အခြားမဲ့ ဘဝ၌သာလျှင် အပါယ်သို့ လားခြင်း မြဲသည်။ နောက်နောင်သော ဘဝတို့၌ သပ္ပုရိသူပနိဿယ စသော အကြောင်းကို ရ၍ ထိုအယူကို စွန့်လျှင် မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရနိုင်သည်။ ထို့ကြောင့် "ယေဘုယျေန"သဒ္ဒါ ထည့်၍ ဆိုသည်။

**(၄၊ နှာ ၁၅၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **အကဋ္ဌဝီစိ** အရ သရုပ်ကို ပြည့်စုံစွာ ဖော်ပြပါ။

ဖြေ။ ပထဝီကာယ၊ အာပေါကာယ၊ တေဇောကာယ၊ ဝါယောကာယ၊ သုခ၊ ဒုက္ခ၊ ဇီဝ ၇-ပါး။ (ပါဠိတော်)

အမှာ။ အကဋ္ဌ၊ အနိမ္မိတ၊ အနိမ္မာတာတို့၏ အရလည်း အထက်ပါ ကာယ ၇-ပါးပင် ဖြစ်၏။

ttp://www.dhammadownload.com



မေး။ **စာတုယာမသံဝရသံဝုတောဒ္ဓ စတုသရုပ်ကို ဖော်ထုတ်ခဲ့ပါ။**

ဖြေ။ ၁။ သဗ္ဗဝါရိဝါရိတ ၂။ သဗ္ဗဝါရိယုတ္တ ၃။ သဗ္ဗဝါရိဓုတ ၄။ သဗ္ဗဝါရိဖုဋ္ဌ။

မေး။ **သဗ္ဗဝါရိယုတ္တော၊ သဗ္ဗဝါရိဓုတော၊ သဗ္ဗဝါရိဖုဋ္ဌော ဟူသော သံဝဏ္ဏေတဗ္ဗ** သုံးပုဒ်တို့၏ အထူးကို ဖြေခဲ့ပါ။ (ဝါ) ယင်းသံဝဏ္ဏေတဗ္ဗ သုံးပုဒ်တို့၌ ပါဝင်သော သဗ္ဗဝါရိ အရ = မကောင်းမှုမှ တားမြစ်ပုံ သုံးမျိုးတို့၏ ကွာဟ ထူးခြားမှုကိုလည်း ဖြေခဲ့ပါ။

ဖြေ။ သဗ္ဗဝါရိယုတ္တောဖြင့် = သံဝရ လက္ခဏာမျှကို ဆိုအပ်၏။
သဗ္ဗဝါရိဓုတောဖြင့် = ပါပနိဇ္ဇရ (မကောင်းမှု ဆွေးမြည့်ခြင်း) လက္ခဏာကို ဆိုအပ်၏။
သဗ္ဗဝါရိဖုဋ္ဌောဖြင့် = ကမ္မက္ခယ လက္ခဏာကို ဆိုအပ်၏။ ဤသို့ မကောင်းမှု တားမြစ်ပုံသည် အဆင့်ဆင့် ရင့်သောကြောင့် အချင်းချင်း ကွာဟ ထူးခြားသည်။ (ဋီသစ်)

မေး။ နိဂဏ္ဌနာဋပုတ္တသည် အဘယ့်ကြောင့် ရေအေးကို မသုံးဆောင်သနည်း။

ဖြေ။ နိဂဏ္ဌနာဋပုတ္တသည် ရေအေး၌ သတ္တဝါဟု အမှတ်သညာ ရှိသောကြောင့် ရေအေးကို မသုံးဆောင်ပါ။

မေး။ နိဂဏ္ဌနာဋပုတ္တ ဝါဒသည် (အသုဒ္ဓလဒ္ဓိ) မိစ္ဆာဒိဋ္ဌိအယူ ဖြစ်ပါလျက် အဘယ်ကို ရည်ရွယ်၍ "ကိဉ္စိ သာသနာနုလောမံ"ဟူသော စကားကို ဆိုသနည်း။

ဖြေ။ ကိဉ္စိ သာသနာနုလောမ ဟူသော စကားကို သဗ္ဗဝါရိယုတ္တော စသော ပုဒ်တို့ဖြင့် ပြဆိုအပ်သော မကောင်းမှုမှ ပိတ်ပင်တားမြစ်ခြင်းကို ရည်ရွယ်၍ ဆိုသည်။ (ဋီသစ်)

မေး။ နိဂဏ္ဌတက္ကတွန်းကြီး၏ သာသနာနုလောမ အယူဝါဒကား အဘယ်ပါနည်း။

ဖြေ။ သဗ္ဗဝါရိယုတ္တော စသော ပုဒ်တို့ဖြင့် ပြဆိုအပ်သော မကောင်းမှုမှ ပိတ်ပင်တားမြစ်ခြင်းပင်တည်း။ (ဋီသစ်)

မေး။ နိဂဏ္ဌနာဋပုတ္တဝါဒ၌ သာသနာနုလောမအယူ ပါဝင်နေပါလျက် အဘယ်ကြောင့် "အသုဒ္ဓလဒ္ဓိ"ဟု ဆိုရသနည်း။

ဖြေ။ "ဇီဝသည် ထင်ရှားရှိ၏၊ ထိုထင်ရှားရှိသော ဇီဝသည် ရံခါ မြဲ၏၊ ရံခါ မမြဲ" စသည်ဖြင့် ညစ်နွမ်းသော အယူ ရှိသောကြောင့် "အသုဒ္ဓလဒ္ဓိ"ဟု ဆိုသည်။ (ဋီသစ်)

မေး။ ကိဉ္စိ သာသနာနုလောမံ ဟူသော စကားနှင့် အသုဒ္ဓလဒ္ဓိ ဟူသော စကားတို့ မဆန့်ကျင်အောင် ညှိနှိုင်းပြပါ။

ဖြေ။ မကောင်းမှုကို ပယ်ရှားတားမြစ်ခြင်း ဟူသော သဗ္ဗဝါရိသည် သာသနာတော်အား လျော်၏။ သို့သော် မကောင်းမှုကို ပယ်ရာ၌လည်း "အသက်ဇီဝ, အတ္တက ပယ်၏"ဟုလည်းကောင်း၊ ထိုအတ္တသည် "အချို့ မြဲ၏၊ အချို့ မမြဲ"ဟုလည်းကောင်း အယူရှိသောကြောင့် "အသုဒ္ဓလဒ္ဓိ–မစင်ကြယ်သော အယူ"ဖြစ်သွား၍ အယူအားလုံးပင် မိစ္ဆာအယူချည်း ဖြစ်ကြရလေတော့သည်။ ထို့ကြောင့် ကိဉ္စိ သာသနာနုလောမံ ဟူသော စကားနှင့် အသုဒ္ဓလဒ္ဓိ ဟူသော စကားတို့ မဆန့်ကျင်ပါ။ (ဋီသစ်)
(တစ်နည်း) အသုဒ္ဓလဒ္ဓိဖြင့် မစင်ကြယ်သောအယူ ရှိသည်ကိုသာ ဆိုသည်။ သာသနာတော်အားလျော်သည်ကို မပယ်ပါ။ ထို့ကြောင့် ကိဉ္စိ သာသနာနုလောမံ ဟူသော စကားနှင့် အသုဒ္ဓလဒ္ဓိ ဟူသော စကားတို့ မဆန့်ကျင်ပါ။ (ဘာဋီ)

မေး။ သာမညဖလသုတ်လာ "ဆ သတ္ထာရ" သရုပ်ကို အစဉ်မပျက် ရေတွက်ပြပါ။

ဖြေ။ ၁။ ပူရဏကဿပ ၂။ မက္ခလိဂေါသာလ ၃။ အဇိတကေသကမ္ဗလ ၄။ ပကုဓကစ္စာယန ၅။ နိဂဏ္ဌနာဋပုတ္တ ၆။ သဉ္စယဗေလဋ္ဌပုတ္တ။

ttp://www.dhammadownload.com



## (၄၊ နှာ ၁၅၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **ပုညာနိ ကရေယျ၌** ပုညအရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ ပုညအရ = အလွန်မြင့်မြတ်သော ကုသိုလ်များကို ယူရမည်။
အကြောင်း = တစ်ပါးသော အချိန်အခါများ၌ ပြုလုပ်ပြီး, ပြုလုပ်ဆဲ ဖြစ်သော ကုသိုလ်ကောင်းမှုများထက် အလွန်မွန်မြတ်သည့် ရဟန်းအဖြစ်၌ ရှိသော ကုသိုလ်ကောင်းမှုများကို အလိုရှိအပ်သောကြောင့်တည်း။

မေး။ **ပုညာနိ ကရေယျ၌** ပုညသရုပ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ၁။ ကာယေန သံဝုတော ဝိဟရေယျ ၂။ ဝါစာယ သံဝုတော ဝိဟရေယျ ၃။ မနသာ သံဝုတော ဝိဟရေယျ ၄။ ဃာသစ္ဆာဒနပရမတာယ သန္တုဋ္ဌော ၅။ အဘိရတော ပဝိဝေကေ။ (ပါဠိတော်)

မေး။ အဘယ်ပုဂ္ဂိုလ်သည် ဃာသစ္ဆာဒနပရမတာ ပုဂ္ဂိုလ် မည်သနည်း။

ဖြေ။ ဃာသစ္ဆာဒနပရမဟု ဆိုအပ်သော မြင့်မြတ်သည်၏ အဖြစ်၌ တည်သော ပုဂ္ဂိုလ်အတွက် ဆာလောင်မှုကို ပယ်ဖျောက်ရုံမျှသော အစာအာဟာရ, ခန္ဓာကိုယ်ကို ဖုံးလွှမ်းရုံမျှသော အဝတ်တို့သည် ထိုပုဂ္ဂိုလ်၏ စည်းစိမ် ဥစ္စာ အကုန်ပင် ဖြစ်၏။ ထို့ထက်ပို၍ တစုံတစ်ခုသော အာမိသာဟာရနှင့် အဝတ်တို့ကို ရှာလည်း မရှာ၊ တောင့်တလည်း မတောင့်တ။ ထိုပုဂ္ဂိုလ်မျိုးသည် ဃာသစ္ဆာဒနပရမ ပုဂ္ဂိုလ် မည်၏။ (ဋီသစ်)

မေး။ အနေသနံ ပဟာယ၌ အနေသန သရုပ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ အနေသန သရုပ်ကား ...

၁။ အံ့သြဖွယ် ဖြစ်အောင် ပြောဆို နေထိုင်ခြင်း၊
၂။ ပစ္စည်း လာဘ်လာဘ ရအောင် ဆွယ်၍ ပြောဆိုခြင်း၊
၃။ အခြားသူတို့ လှူဒါန်းထားသည်ကို အခြားသူတို့အား သိစေခြင်း၊
၄။ အခြားပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊
၅။ တစ်နေရာမှ ရသော ပစ္စည်းကို အခြား တစ်နေရာ၌ ပေးကမ်းခြင်း၊
၆။ သစ်သားကို ပေးခြင်း၊
၇။ ထန်းရွက်, သက်ငယ်ရွက် စသည်ကို ပေးခြင်း၊
၈။ ရေချိုးရာ၌ အသုံးပြုသော ဆပ်ပြာမှုန့်, ဆပ်ပြာခဲ စသည်ကို ပေးခြင်း၊
၉။ မိမိကိုယ်ကို နှိမ့်ချ၍ "ကျွန်ုပ်, ကျွန်တော်" စသည်ဖြင့် လူတို့နှင့် ပြောဆိုခြင်း၊
၁၀။ အမှန်နည်းပါး အမှားများသော စကားကို ပြောဆိုခြင်း၊
၁၁။ မျက်နှာသစ်ရေ စသည် ပေးခြင်း၊
၁၂။ ကလေးထိန်းပေးခြင်း, ကလေးကို ချော့မြှူခြင်း၊
၁၃။ မပင့်ဖိတ်ပဲ အိမ်ထဲသို့ ဝင်ရောက်၍ နေထိုင်ခြင်း၊
၁၄။ မြေနေရာ ကောင်း,မကောင်းကို ရွေးချယ်ခြင်း၊
၁၅။ တိရစ္ဆာန်တို့၏ လက္ခဏာကျမ်း အတတ်ကို သင်ပေးခြင်း, ရွေးချယ်ပေးခြင်း၊
၁၆။ ယောကျာ်း, မိန်းမတို့၏ လက္ခဏာ ကောင်းဆိုးကို ဟောပြောပေးခြင်း၊
၁၇။ နက္ခတ်ကို ရွေးချယ်ပေးခြင်း၊
၁၈။ လူတို့ ခိုင်းစေသည်ကို လုပ်ကိုင်ပေးခြင်း၊
၁၉။ လူတို့ သတင်းစကားကို ယူဆောင်၍ ပြောဆိုပေးခြင်း၊

ttp://www.dhammadownload.com



၂၀။ စားသောက်ဖွယ်ကို ပေးကမ်းခြင်း၊

၂၁။ မိမိအား လှူထားသည်ကို ပြန်ပေးခြင်းတို့ ဖြစ်၏။ (မဟာနိဒ္ဒေသ ပါဠိတော်)

အမှာ။ အနေသန ၂၁-ပါးကို မဟာနိ.ပါ၊ ပဏ်.၂-ဖါ၊ ပဏ်.၂-ဋ္ဌ၊ ခုဒ္ဒက.ပါ၊ ခုဒ္ဒက.ဋ္ဌ၊ သုတ္တ.ဋ္ဌ၊ စူဠနိ.ပါ၊ မိလိန္ဒ.ပါ-တို့၌ လာ၏။ ဤအနေသန ၂၁-ပါးကို ရေတွက်ရာ၌ တစ်ကျမ်းနှင့်တစ်ကျမ်း အနည်းငယ် ကွဲပြားကြ၏။ ဤ၌ကား မဟာနိဒ္ဒေသ ပါဠိတော်၌ လာသည်ကို မြန်မာပြန်၍ ဖော်ပြထား၏။

မေး။ **အာဇီဝဋ္ဌမက ပါတိမောက္ခ၌** ဝိဝေက သရုပ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ဝိဝေက သရုပ်ကား = ၁။ ကာယဝိဝေက ၂။ စိတ္တဝိဝေက ၃။ ဥပဓိဝိဝေက တို့ဖြစ်သည်။ (ဋ္ဌ)

မေး။ ကာယဝိဝေကကို ကျန်သော ဝိဝေက နှစ်ပါးတို့နှင့် တကွဖြစ်၏ဟု ဆိုနိုင်/မဆိုနိုင် အကြောင်းပြ၍ ဖြေပြပါ။

ဖြေ။ ဆိုနိုင်၏။

အကြောင်း = စိတ္တဝိဝေက, ဥပဓိဝိဝေက နှစ်ပါးတို့နှင့် ပြည့်စုံမှသာ ကာယဝိဝေက ပြည့်စုံသောကြောင့်တည်း။

မေး။ ကာယဝိဝေကသည် ကျန်သော ဝိဝေက နှစ်ပါးတို့နှင့် ကင်း၍လည်း ဖြစ်နိုင်/မဖြစ်နိုင် အကြောင်းပြ၍ ဖြေပြပါ။

ဖြေ။ ကင်း၍လည်း ဖြစ်နိုင်၏။

အကြောင်း = စိတ္တဝိဝေက, ဥပဓိဝိဝေက နှစ်ပါးတို့၏ ပြည့်စုံမှု မရှိသော်လည်း ကာယဝိဝေက၏ ပြည့်စုံမှုကား ဖြစ်နိုင်သောကြောင့်တည်း။ (ဋီသစ်)

အမှာ။ စိတ္တဝိဝေကကိုလည်း ကာယဝိဝေကကဲ့သို့ပင် မှတ်ပါ။

မေး။ ဥပဓိဝိဝေကသည် ကာယဝိဝေက, စိတ္တဝိဝေက နှစ်ပါးတို့နှင့် ကင်း၍လည်း ဖြစ်နိုင်/မဖြစ်နိုင် အကြောင်းပြ၍ ဖြေပြပါ။

ဖြေ။ ကာယဝိဝေက, စိတ္တဝိဝေက နှစ်ပါးတို့နှင့် ကင်း၍ကား လုံးဝ မဖြစ်နိုင်ပါ။

အကြောင်း = ကာယဝိဝေက, စိတ္တဝိဝေက နှစ်ပါးတို့ ပြီးပြည့်စုံမှသာလျှင် ဥပဓိဝိဝေက၏ ပြီးပြည့်စုံမှု ဖြစ်နိုင်သောကြောင့်တည်း။ (ဋီသစ်)

မေး။ ဥပဓိဝိဝေကော စ နိရုပဓီနံ ပုဂ္ဂလာနံ ဝိသင်္ခါရဂတာနံ၌ နိရုပဓိနံဝယ် (က) ဥပဓိ (ခ) ဝိသင်္ခါရ (ဂ) ဝိသင်္ခါရဂတ အရတို့ကို အသီးသီး ကောက်ပြပါ။

ဖြေ။ (က) ကိလေသူပဓိ, အဘိသင်္ခါရူပဓိ နှစ်ပါးကို ယူပါ။

(ခ) ဝိသင်္ခါရ အရ = နိဗ္ဗာန်ကို ယူပါ။

(ဂ) ဝိသင်္ခါရဂတ အရ = ရဟန္တာပုဂ္ဂိုလ်ကို ယူပါ။ (ဋီသစ်)

**(ဌ၊ နှာ ၁၅၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အဘိနိမန္တနယျာမ ပါဌ်နှင့် ဆက်စပ်၍ ဖိတ်မန်ခြင်း နှစ်မျိုးကို အဓိပ္ပါယ်နှင့်တကွ တွဲစပ် ဖော်ပြပြီး၊ ဤနေရာ၌ အလိုရှိအပ်သော ဖိတ်မန်ခြင်းကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ဖိတ်မန်ခြင်းသည် ...

၁။ "အရှင်ဘုရားတို့သည် အလိုရှိတိုင်း, အလိုရှိတိုင်းသော ခဏ၌ တပည့်တော်တို့အား သင်္ကန်း စသည်တို့ကို ပြောတော်မူကြပါ၊ လိုအပ်သည်ကို အမိန့်ရှိတော်မူပါ"ဟု ပြောဆိုလျှောက်ထားခြင်းသည် ဝါစာနိမန္တန-နှုတ်ဖြင့် ဖိတ်မန်ခြင်း မည်၏။

ttp://www.dhammadownload.com



၂။ သက်န်း စသည်တို့၏ ချို့တဲ့ခြင်းကို မှတ်သား၍ "ဤသက်န်းကို အလှူခံတော်မူကြပါဘုရား"ဟု ထိုချို့တဲ့သော သက်န်း စသည်တို့ကို လှူခြင်းသည် ကာယနိမန္တန–ကိုယ်ဖြင့် ဖိတ်မန်ခြင်း မည်၏။ ဤနေရာ၌ နှစ်မျိုးလုံးကို ယူရမည်။ (၄)

မေး။ **ရက္ခာဂုတ္တိနှင့် အာဝရဏဂုတ္တိတို့၏** အထူးကို ရေးခဲ့ပါ။

ဖြေ။ အနာဂတ်၌ ဖြစ်လတ္တံ့သော အကျိုးမဲ့ကို မဖြစ်စေခြင်း၏ အစွမ်းဖြင့် စောင့်ရှောက်ခြင်းသည် ရက္ခာဂုတ္တိ။ ဖြစ်ဆဲ ပစ္စုပ္ပန်ဖြစ်သော အကျိုးမဲ့ကို တားမြစ်ခြင်း၏ အစွမ်းဖြင့် စောင့်ရှောက်ခြင်းသည် အာဝရဏဂုတ္တိ။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ ဝိဟာရသီမာယ၌ ဝိဟာရသိမ် ဟူသည် အဘယ်နည်း။

ဖြေ။ ဝိဟာရသိမ် ဟူသည် = ဥပစာရသိမ်, လာဘသိမ်ပင်တည်း။ (ဋီသစ်)

မေး။ (က) ယထာ ပန အဝေလာယ ကဋ္ဌဟာရိကပဏ္ဏဟာရိကာဒယော ဝိဟာရံ န ပဝိသန္တိ၊ မိဂလုဒ္ဒကာဒယော ဝိဟာရသီမာယ မိဂေ ဝါ မစ္ဆေ ဝါ န ဂဏှန္တိ၊ ဧဝံ သံဝိဒဟန္တေန ဓမ္မိကာ နာမ ရက္ခာ သံဝိဟိတာ ဟောတိ။

(ခ) တံ သန္ဓာယာဟ "ဓမ္မိက"န္တိ။ နှစ်ဝါကျတို့တွင် (က) ဝါကျ၌ လာသည့် ယထာသဒ္ဒါ၏ အနက်ကို လည်းကောင်း၊ (ခ) ဝါကျ၌ လာသော တသဒ္ဒါ၏ စွဲရာအနက်ကိုလည်းကောင်း ဖော်ပြပါ။

ဖြေ။ (က) ဝါကျ၌ လာသော ယထာသဒ္ဒါကား = အာကာရတ္ထ, ပကာရတ္ထ ဖြစ်၏။

(ခ) ဝါကျ၌ လာသော တသဒ္ဒါဖြင့် = "တံ ရက္ခံ–ထိုတရားနှင့်ယှဉ်သော အစောင့်အရှောက်ကို"ဟု စွဲရမည်။

မေး။ ဂဟပတိနှင့် **ဂဟပတိကတို့၏** အထူးကို ရေးခဲ့ပါ။

ဖြေ။ များစွာသော အိမ်တို့၏ (တစ်မျိုးလုံးရှိ အိမ်များ၏) အကြီးအမှူး ဖြစ်သူသည် ဂဟပတိ။ တစ်အိမ်တည်း၏ အကြီးအမှူး ဖြစ်သူသည် ဂဟပတိက။ (ဋီသစ်)

**(၄၊ နှာ ၁၅၄–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဒါသဝါရ၌ ဘောဂက္ခန္ဓသဒ္ဒါ မပြရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ကျွန်ဆိုသူမှာ ကိုယ့်ကိုယ်ကိုမျှပင် မပိုင်၊ စည်းစိမ်ဥစ္စာကို ပိုင်ဖို့ရာကား အလွန်ဝေးသေးသဖြင့် ကျွန်၌ ပိုင်ဆိုင်စရာ စည်းစိမ်ဥစ္စာ မရှိသောကြောင့် ဒါသဝါရ၌ ဘောဂက္ခန္ဓသဒ္ဒါကို မပြရခြင်း ဖြစ်၏။ (၄)

မေး။ ဒါသဝါရ၌ ဉာတိပရိဝဋ္ဋ မဟောခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ ကျွန်၏ စည်းစိမ်တို့သည်လည်း အရှင်သခင်ဟူသော သူတစ်ပါးနှင့် စပ်သည်၏ အဖြစ်ကြောင့် မိမိစည်းစိမ် မမည်ကုန်သကဲ့သို့၊ ကျွန်၏ ဆွေမျိုးတို့သည်လည်း သူတစ်ပါးနှင့် စပ်သည် ဖြစ်၍ မိမိဆွေမျိုးတို့ မမည် ကုန်သည်သာ ဖြစ်သောကြောင့် ဒါသဝါရ၌ ဉာတိပရိဝဋ္ဋကို မဟော။ (ဋီသစ်)

မေး။ မြတ်စွာဘုရားသည် သာမညဖလသုတ်ကို တစ်နေ့လုံး, တစ်ညလုံးသော်လည်းကောင်း၊ ထို့ထက်အလွန်သော် လည်းကောင်း ဟောခြင်းငှာ အဘယ့်ကြောင့် စွမ်းနိုင်သနည်း။

ဖြေ။ ဘုရားရှင်သည် အဆုံးအပိုင်းအခြား မရှိသော အနန္တပဋိဘာန် ဉာဏ်တော်ရှင်၏ အဖြစ်ဖြင့် အထူးထူးအပြား ပြား ဆန်းကျယ်သော နည်းမျိုးစုံကို ပြတော်မူလျက် တရားတော်ကို ဟောတော်မူခြင်း၌ စွမ်းနိုင်သောသတ္တိ ရှိတော်မူသောကြောင့်တည်း။ (ဋီသစ်)

အမှာ။ ပဟောတိ ဘဂဝါ သကလမ္ပိ ရတ္တိန္ဒိဝံ တတော ဝါ ဘိယျောပိ ဧဝရူပါဟိ ဥပမာဟိ သာမညဖလံ ဒီပေတုံ ဟူ၍ အဘယ့်ကြောင့် ဖွင့်ဆိုရသနည်းဟု မေးလျှင်လည်း ဖော်ပြခဲ့သော အဖြေကိုသာ ဖြေပါ။

ttp://www.dhammadownload.com



မေး။ ဝစနသာဝနေ၊ ဝစနသဝနေ ပါဠိအားလျော်စွာ . . .

၁။ ဘုရားရှင်အား တရားတော်ကို နာစေခြင်း၌ အဆုံးအပိုင်းအခြား မရှိခြင်း အကြောင်း၊

၂။ အဇာတသတ်မင်းအား တရားတော်ကို နာကြားရခြင်း၌ နာကြားလိုသောဆန္ဒ အပိုင်းအခြား မရှိခြင်း အကြောင်းတို့ကို အသီးသီးဖော်ပြပါ။

ဖြေ။ ၁။ အဆုံးအပိုင်းအခြား မရှိသည့် နည်းရှိသော ဒေသနာတော်ကို ဟောခြင်းငှာ စွမ်းနိုင်သောသတ္တိ ရှိသောကြောင့် ဖြစ်သည်။

၂။ နာကြားခြင်း၌ မရောင့်ရဲသဖြင့် အလွန့်အလွန် နာကြားလိုသည်၏ အဖြစ်ကို ဖြစ်စေတတ်သောကြောင့် ဖြစ်သည်။ (ဠီသစ်)

မေး။ အဘယ့်ကြောင့် တေသ ဘဂဝတော ဝစနသာဝနေ (ဝါ) ဝစနသဝနေ ပရိယန္တံ နာမ နတ္ထိဟု ဆိုရသနည်း။

ဖြေ။ အဆုံးအပိုင်းအခြား မရှိသည့် နည်းရှိသော ဒေသနာတော်ကို ဟောခြင်းငှာ စွမ်းနိုင်သောသတ္တိ ရှိသောကြောင့် တည်း။ (ဝါ) နာကြားခြင်း၌ မရောင့်ရဲသဖြင့် အလွန့်အလွန် နာကြားလိုသည်၏ အဖြစ်ကို ဖြစ်စေတတ် သောကြောင့်တည်း။ (ဠီသစ်)

မေး။ သဝနေ ဥယျောဇေန္တော စသော ပါဠိဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ သဝနေ ဥယျောဇေန္တော စသော ပါဠိဖြင့် သဒ္ဒါတို့သည် များစွာသောအနက် ရှိကုန်သော်လည်း ဝဒန္တပုဂ္ဂိုလ်၏ အလိုသို့ အစဉ်လိုက်ကုန်သည် ဖြစ်၍သာ ထိုထိုအနက်ကို ပြတတ်ကုန်၏ဟူသော အနက်အဓိပ္ပါယ်ကို ပြသည်။ (ဠီသစ်)

မေး။ သာဓုကံ သာဓုတိ ကေတ္ထမေတံ ပါဠိဖြင့် နစ်စေအပ်သော စောဒနာကို ရှင်းလင်းစွာ ဖော်ပြပါ။

ဖြေ။ သာဓုကံ သာဓုတိ ကေတ္ထမေတံ ပါဠိဖြင့် အယဉ္စိ သာဓုသဒ္ဒေါ အာယာစနသမ္ပဋိစ္ဆနသမ္ပဟံသနသုန္ဒရ ဒဠှီကမ္မာဒီသု ဒိဿတိဟု သာဓုကံ မနသိကရောဟိ ပါဠိ၌ သာဓုသဒ္ဒါ၏ အတ္ထုဒ္ဓါရကို မဆိုသင့်၊ သာဓုက သဒ္ဒါ၏ အတ္ထုဒ္ဓါရကိုသာ ဆိုသင့်သည် မဟုတ်လောဟူသော စောဒနာကို နစ်စေ၏။

မှန်၏၊ သာဓုသဒ္ဒါ, သာဓုကသဒ္ဒါတို့ကား အနက်မထူးသောကြောင့် သာဓုသဒ္ဒါဖြင့်လည်း သာဓုကသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ဆိုသင့်၏ဟူလို။

မေး။ **သာဓုကံ မနသိ ကရောဟိ** ဝါကျ၌ ပါသည့် သာဓုသဒ္ဒါ၏ ဤနေရာ၌ ဟောနိုင်သော အနက်တို့ကို ဖော်ပြပါ။

ဖြေ။ ဤ၌ သာဓုသဒ္ဒါသည် ဒဠှီကမ္မ၊ အာဏတ္တိ၊ သုန္ဒရ အနက်တို့ကို ဟောသည်။ (ဠ)

**(ဠ၊ နှာ ၁၅၄+၁၅၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အာယာစနနှင့် အာဏတ္တိတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ အာဏာမရှိသော သူ၏ တိုက်တွန်းခြင်းသည် အာယာစန မည်၏။

အာဏာရှိသော သူ၏ တိုက်တွန်းခြင်းသည် အာဏတ္တိ မည်၏။ ဤသို့ ထူးသည်။

**(ဠ၊ နှာ ၁၅၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **မနသိ ကရောဟိ**၌ အလိုရှိအပ်သော မနသိကာရနှင့် အလိုမရှိအပ်သော မနသိကာရတို့ကို ခွဲခြား၍ ဖြေဆိုပါ။

ဖြေ။ ဝီထိပဋိပါဒက, ဇဝနပဋိပါဒက မနသိကာရတို့ကို အလိုရှိအပ်၏။ အာရမ္မဏပဋိပါဒက မနသိကာရကို အလိုမရှိအပ်။ (စာစဉ်)

မေး။ ဘုရားရှင်သည် အဇာတသတ်မင်းအား သာမညဖလကို ဟောမည်ဟု ပဋိညာဉ်ပြုရာ၌ ဒေသေဿာမိဟု

ttp://www.dhammadownload.com



ပဋိညာဉ် မပြုဘဲ **ဘာသိဿာမိဟု** ပဋိညာဉ် ပြုရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ သာမညဖလသုတ်ကို အကျယ်အားဖြင့် ဟောတော်မူလတ္တံ့ ဖြစ်သောကြောင့် ဒေသေဿာမိဟု ပဋိညာဉ် မပြုမူ၍ ဘာသိဿာမိဟု ပဋိညာဉ် ပြုသည်။

မေး။ ဒေသေဿာမိနှင့် ဘာသိဿာမိတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ဒေသေဿာမိသည် သံခိတ္တဒီပန မည်၏။
ဘာသိဿာမိသည် ဝိတ္ထာရဒီပန မည်၏။ ဤသို့ ထူးသည်။ (၄)

အမှာ။ ဒေသေတိနှင့် ဘာသတိ၊ ဒေသနာနှင့် သာသနာတို့၏ အထူးကိုလည်း နည်းတူမှတ်ပါ။

မေး။ ဒေသေဿာမိ၏ သံခိတ္တဒီပနသဒ္ဒါ၊ ဘာသိဿာမိ၏ ဝိတ္ထာရဒီပနသဒ္ဒါ ဖြစ်ကြောင်းကို အဘယ်ကြောင့် သိနိုင်သနည်း။

ဖြေ။ အရှင်ဝင်္ဂီသ မထေရ်သည် ဒေသေတိကို သံခိတ္တေနဟုလည်းကောင်း၊ ဘာသတိကို ဝိတ္ထာရေနဟုလည်း ကောင်း ဝိသေသန ပြု၍ ဆိုသောကြောင့် ဒေသေဿာမိ၏ သံခိတ္တဒီပနသဒ္ဒါ, ဘာသိဿာမိ၏ ဝိတ္ထာရ ဒီပနသဒ္ဒါ ဖြစ်ကြောင်းကို သိနိုင်သည်။ (၄)

မေး။ ပဋိဘာနံ ဥဒီရယိ၌ ပဋိဘာန အရကို ဖော်ပြပါ။

ဖြေ။ ပဋိဘာန အရ = ထိုထိုအခြင်းအရာအားဖြင့် ထင်လာသော အသံကို ယူပါ။ (ဋီသစ်)

မေး။ "ဣဓ တထာဂတော လောကေ ဥပ္ပဇ္ဇတိ"၌ လောက အရကို ဖော်ပြပါ။

ဖြေ။ လောက အရ = ဇာတိခေတ် (စကြာဝဠာတစ်သောင်း)ကို ယူပါ။
ထိုဇာတိခေတ် (စကြာဝဠာတစ်သောင်း)တို့တွင်လည်း ဤစကြာဝဠာလောကကို ယူပါ။

**(၄၊ နှာ ၁၅၅+၁၅၆-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သွာယံ ကတ္ထစိ လောကံ ဥပါဒါယ ဝုစ္စတိ။ ယထာဟ "ဣဓ တထာဂတော လောကေ ဥပ္ပဇ္ဇတီ"တိ ဝါကျ၌ ပါသည့် ဣဓသဒ္ဒါသည် မည်သည့် အနက်ကို ဟောသနည်း၊ အကြောင်းပြ၍ ဖြေပြပါ။

ဖြေ။ လောကအနက်ကို ဟော၏။
အကြောင်း = ယင်းဝါကျ၌ ပါသည့် ဣဓသဒ္ဒါသည် လောကသဒ္ဒါနှင့် သမာနာဓိကရဏ ဖြစ်သည်၏ အဖြစ်ကြောင့်တည်း။ (ဋီသစ်)

မေး။ ကတ္ထစိ သာသနံ။ ယထာဟ "ဣဓေဝ ဘိက္ခဝေ ပဌမော သမဏော၊ ဣဓ ဒုတိယော သမဏော"တိ ဝါကျ၌ ပါသည့် ဣဓသဒ္ဒါတို့သည် မည်သည့် အနက်ကို ဟောသနည်း၊ အကြောင်းပြ၍ ဖြေပြပါ။

ဖြေ။ သာသနာအနက်ကို ဟော၏။
အကြောင်း = ဣဓေဝ ဘိက္ခဝေ ပဌမော သမဏော၊ ဣဓ ဒုတိယော သမဏော ဝါကျတို့၌ ပါသည့် သဒ္ဒန္တရိက်ကို ထောက်၍ သာသနာအနက်ကိုသာ ဟောသင့်သောကြောင့်တည်း။ (ဋီသစ်)

မေး။ ကတ္ထစိ ဩကာသံ။ ယထာဟ "ဣဓေဝ တိဋ္ဌမာနဿ၊ ဒေဝဘူတဿ မေ သတော။ ပုနရာယု စ မေ လဒ္ဓေါ၊ ဧဝံ ဇာနာဟိ မာရိသာ"တိ ဝါကျ၌ ပါသည့် ဣဓသဒ္ဒါသည် မည်သည့် အနက်ကို ဟောသနည်း၊ အကြောင်းပြ၍ ဖြေပြပါ။

ဖြေ။ ဩကာသအနက်ကို ဟော၏။
အကြောင်း = ဣဓေဝ တိဋ္ဌမာနဿ၌ ရပ်တည်ခြင်းကို ဟောသော တိဋ္ဌမာန သဒ္ဒါကို ထောက်ဆ၍ ဤနေရာ၌ ဣဓသဒ္ဒါသည် အရပ်ဒေသကိုသာ ဟောသင့်သောကြောင့်တည်း။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ "ဣဓေဝ တိဋ္ဌမာနဿ၊ ဒေဝဘူတဿ မေ သတော။
ပုနရာယု စ မေ လဒ္ဓေါ၊ ဧဝံ ဇာနာဟိ မာရိသ။" ဂါထာ၌ ဖြစ်သင့်သော အနာဒရစတုက္ကကို ထုတ်ပြပါ။

ဖြေ။ တိဋ္ဌမာနဿ ကြိယာနှင့် သတော ကြိယာတို့သည် အနာဒရိယ၊ ဒေဝဘူတဿနှင့် မေတို့သည် အနာဒရိယဝန္တ၊ လဒ္ဓေါသည် အနာဒရ၊ အာယုသည် အနာဒရဝန္တ။

မေး။ ကတ္တစိ ပဒပူရဏမတ္တမေဝ။ ယထာဟ "ဣဓာဟံ ဘိက္ခဝေ ဘုတ္တာဝီ အဿံ ပဝါရိတော"တိ ဝါကျ၌ ပါသည့် ဣဓသဒ္ဒါသည် မည်သည့် အနက်ကို ဟောသနည်း၊ အကြောင်းပြ၍ ဖြေပြပါ။

ဖြေ။ ပဒပူရဏမတ္တမျှသာ ဖြစ်၏။
အကြောင်း = ယင်းဝါကျ၌ ပါသည့် ဣဓသဒ္ဒါသည် အရပ်ဒေသ စသော အနက်ကို ညွှန်ပြမှု မထင်ရှားသဖြင့် တစုံတစ်ခုသော အနက်ထူးကို မသိစေနိုင်၊ မဟောကြားနိုင်သောကြောင့်တည်း။ (ဋီသစ်)

**(၄။ နှာ ၁၅၆–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဘုရားရှင်တို့သည် နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ မပွင့်မူ၍ လူ့ပြည်၌သာ အဘယ့်ကြောင့် ပွင့်တော်မူရသနည်း။

ဖြေ။ နတ်ပြည်, ဗြဟ္မာ့ပြည်တို့သည် ဘုရားရှင်တို့အတွက် မြတ်သော အကျင့်ကို ကျင့်သုံး၍ နေထိုင်ရာ အရပ်ဒေသ မဟုတ်ကြသောကြောင့်လည်းကောင်း၊ ဘုရားရှင်တို့ကား လက်ဖျစ်တီးပြီး အံ့ချီးထိုက်သော သဘောရှိသော ပုဂ္ဂိုလ်ထူးများ ဖြစ်ကုန်၏, နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ ပွင့်လျှင် ထိုကဲ့သို့သော အစ္ဆရိယ ဂုဏ်များဖြင့် အံ့ဩဘွယ်ရာ မရှိသောကြောင့်လည်းကောင်း၊ နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ ပွင့်လျှင် ဘုရားရှင်တို့ကို အစိုးရသူ, တန်ခိုးကြီးသူ, ဖန်ဆင်းတည်ထောင်သူဟု ဣဿရနိမ္မာနဝါဒ ပုဂ္ဂိုလ်များက ယူဆပြောဆိုဘွယ် ရှိ၍ ထိုအယူဝါဒမှ ကင်းလွတ်စေလိုသောကြောင့်လည်းကောင်း၊ နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ ပွင့်လျှင် နတ်သက်, ဗြဟ္မာသက်သည် အလွန်ရှည်လွန်း၍ ဘုရားရှင်ကား အမြဲတည်နေသူ, ဝေနေယျသတ္တဝါများကား အသက်တို၍ အမြဲ မတည်သူဟု ဧကစ္စ သဿတဝါဒ ပုဂ္ဂိုလ်များက ယူဆပြောဆိုဘွယ် ရှိ၍ ထိုအယူဝါဒမှ ကင်းလွတ်စေလိုသောကြောင့်လည်းကောင်း နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ ဘုရားရှင်တို့ မပွင့်မူ၍ လူ့ပြည်၌သာ ပွင့်တော်မူကြ၏။ (သုတ်မဟာဝါလာ–သမာနဝါဒ)

အမှာ။ ဘုရားရှင်တို့သည် လူ့ပြည်ဝယ် ပွင့်တော်မူကြရာ၌လည်း ဤစကြဝဠာရှိ လူ့ပြည်၌သာ ပွင့်ရိုးထုံးစံ ရှိ၏။ အခြားသော စကြဝဠာရှိ လူ့ပြည်များ၌ ပွင့်ရိုးထုံးစံ မရှိပါ။

မေး။ ဘုရားရှင်တို့သည် အဘယ့်ကြောင့် ဥပပါတ် ပဋိသန္ဓေ မနေကြသနည်း။

ဖြေ။ နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ ဥပပါတ် ပဋိသန္ဓေ နေလျှင် နတ်ပြည်, ဗြဟ္မာ့ပြည်တို့သည် ဘုရားရှင်တို့အတွက် မြတ်သော အကျင့်ကို ကျင့်သုံး၍ နေထိုင်ရာ အရပ်ဒေသ မဟုတ်ကြသောကြောင့်လည်းကောင်း၊ ဘုရားရှင်တို့ကား လက်ဖျစ်တီးပြီး အံ့ချီးထိုက်သော သဘောရှိသော ပုဂ္ဂိုလ်ထူးများ ဖြစ်ကုန်၏, နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ ပွင့်လျှင် ထိုကဲ့သို့သော အစ္ဆရိယ ဂုဏ်များဖြင့် အံ့ဩဘွယ်ရာ မရှိသောကြောင့်လည်းကောင်း၊ နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ ပွင့်လျှင် ဘုရားရှင်တို့ကို အစိုးရသူ, တန်ခိုးကြီးသူ, ဖန်ဆင်းတည်ထောင်သူဟု ဣဿရနိမ္မာနဝါဒ ပုဂ္ဂိုလ်များက ယူဆပြောဆိုဘွယ် ရှိ၍ ထိုအယူဝါဒမှ ကင်းလွတ်စေလိုသောကြောင့်လည်းကောင်း၊ နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ ပွင့်လျှင် နတ်သက်, ဗြဟ္မာသက်သည် အလွန်ရှည်လွန်း၍ ဘုရားရှင်ကား အမြဲတည်နေသူ, ဝေနေယျသတ္တဝါများကား အသက်တို၍ အမြဲ မတည်သူဟု ဧကစ္စ သဿတဝါဒ ပုဂ္ဂိုလ်များက ယူဆပြောဆိုဘွယ် ရှိ၍ ထိုအယူဝါဒမှ ကင်းလွတ်စေလိုသောကြောင့်လည်းကောင်း၊ နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ ဥပပါတ် ပဋိသန္ဓေ နေလျှင် ပရိနိဗ္ဗာန် စံတော်မူပြီးသော အခါ၌ သရီရဓာတ်တော်များ ကြွင်းကျန်မှု မရှိသောကြောင့်လည်းကောင်း ဘုရားရှင်တို့သည် ဥပပါတ် ပဋိသန္ဓေ မနေကြပါ။ (သုတ်မဟာဝါလာ–သမာနဝါဒ)

ttp://www.dhammadownload.com



မေး။ ဘုရားရှင်တို့သည် လူ့ပြည်ဝယ် ပွင့်တော်မူကြရာ၌လည်း ဤစကြဝဠာရှိ လူ့ပြည်၌သာ ပွင့်တော်မူကြ၍ အခြားသော စကြဝဠာရှိ လူ့ပြည်များ၌ အဘယ့်ကြောင့် ပွင့်တော်မမူကြသနည်း။

ဖြေ။ ရှေးဘုရားများ၏ ထံတော်၌ ဘုရားလောင်းများ, ပစ္စေကဗုဒ္ဓါလောင်းများ, အဂ္ဂသာဝကလောင်းများ စသော ပုဂ္ဂိုလ်မြတ်တို့သည် မိမိတို့နှင့် သက်ဆိုင်ရာ ဘုရား, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက စသည်တို့ ဖြစ်ဖို့ရာအတွက် ဆုတောင်းမှု၊ ပါရမီတော်များကို ဖြည့်ဆည်းပူးမှု၊ ပါရမီတော်များ ရင့်ကျက်မှု စသည်တို့သည် ဗုဒ္ဓခေတ် ဖြစ်သော ဤစကြဝဠာရှိ လူ့ပြည် ဇမ္ဗူဒိပ်ကျွန်း၌သာ ပြည့်စုံနိုင်၍ အခြားသော စကြဝဠာရှိ လူ့ပြည်များ၌ ကား မပြည့်စုံနိုင်သောကြောင့်တည်း။ (သုတ်မဟာဝါလာ-သမာနဝါဒ)

မေး။ မဇ္ဈိမဒေသကို နယ်နိမိတ် ငါးရပ်ဖြင့် ပိုင်းခြားသတ်မှတ်ပြပါ။

ဖြေ။ ၁။ အရှေ့လားသော် = ဂဇင်္ဂလနိဂုံး၏ အပြင်ဘက် အင်ကြင်းပင်၊
၂။ အရှေ့တောင်လားသော် = သလ္လဝတီမြစ်၊
၃။ တောင်လားသော် = သေတကဏ္ဏိကနိဂုမ်း၊
၄။ အနောက်လားသော် = ထူဏပုဏ္ဏားရွာ၊
၅။ မြောက်လားသော် = ဥသိရဒ္ဓဇတောင်၊
ဤနယ်နိမိတ် ငါးရပ်အတွင်းသည် မဇ္ဈိမဒေသ မည်၏။ (အပြင်ဘက်သည် ပစ္စန္တရာဇ် မည်၏)

မေး။ မဇ္ဈိမဒေသ၏ အလျား, အနံ, အကျယ်အဝန်းတို့ကို ယူဇနာဖြင့် ဖော်ပြပါ။

ဖြေ။ အလျား = ယူဇနာ ၃၀၀၊ အနံ = ယူဇနာ ၂၅၀၊ အဝန်း = ယူဇနာ ၉၀၀။ (၄)

အမှာ။ မဇ္ဈိမဒေသ အရပ်သည် = လှည်းဘီးကဲ့သို့ ပိုင်းဝန်းသော ပုံသဏ္ဍာန်, စတုရန်းကဲ့သို့ လေးထောင့် ပုံသဏ္ဍာန် အားဖြင့် မတည်ရှိပါ။ မုရိုးစည် ပုံသဏ္ဍာန်ကဲ့သို့သာ တည်ရှိ၏။ ယူဇနာကို တိုင်းတာရာဝယ် ဖြောင့်သော နေရာ၌ ဖြောင့်သည့် အတိုင်းသော်လည်းကောင်း၊ ကွေ့ကောက်သော နေရာ၌ ကွေ့ကောက်သည့် အတိုင်း သော်လည်းကောင်း တိုင်းတာ၍ ယူရမည်။ (ဋီသစ်)

မေး။ မဇ္ဈိမဒေသ၌သာ ဖြစ်နိုင်သော ပုဂ္ဂိုလ်ထူးများကို ဖော်ပြပါ။

ဖြေ။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ အသီတိ မဟာထေရ၊ ဘုရားမယ်တော်၊ ဘုရားခမည်းတော်၊ စကြာမင်း၊ သာရပ္ပတ္တ ပုဏ္ဏားသူကြွယ်တို့ ဖြစ်သည်။ (၄)

အမှာ။ သုနာပရန္တတိုင်းသား ဖြစ်သော ပုဏ္ဏထေရ်သည် မဟာသာဝကတို့တွင် တစ်ပါးအပါအဝင် ဖြစ်သောကြောင့် အသီတိ မဟာထေရ်တို့ မဇ္ဈိမဒေသ၌ ဖြစ်ကုန်၏ဟူသော စကားကို ယေဘုယျဟု မှတ်ပါ။

အမှာ။ သုနာပရန္တတိုင်း၌ ဘုရားရှင် အရဏ်တက် မခံသည်ကို ထောက်ဆ၍လည်းကောင်း၊ မဇ္ဈိမဒေသဟု သတ် မှတ်အပ်သော အရပ်ဒေသမှ အပြင်ဘက် ဖြစ်သောကြောင့်လည်းကောင်း သုနာပရန္တတိုင်းသည် ပစ္စန္တရစ် အရပ်ဒေသသာတည်း။ (ဋီသစ်)

**(၄၊ နှာ ၁၅၇-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ (က) တတ္ထ တထာဂတော သုဇာတာယ ဒိန္နမဓုပါယာသဘောဇနတော ယာဝ အရဟတ္တမဂ္ဂေါ၊ တာဝ **ဥပ္ပဇ္ဇတိ** နာမ။

(ခ) အရဟတ္တဖလေ **ဥပ္ပန္နော** နာမ။

(ဂ) မဟာဘိနိက္ခမနတော ဝါ ယာဝ အရဟတ္တမဂ္ဂေါ၊ တုသိတဘဝနတော ဝါ ယာဝ အရဟတ္တမဂ္ဂေါ၊ ဒီပင်္ကရပါဒမူလတော ဝါ ယာဝ အရဟတ္တမဂ္ဂေါ၊ တာဝ **ဥပ္ပဇ္ဇတိ** နာမ။

ttp://www.dhammadownload.com



(ဃ) အရဟတ္တဖလေ ဥပ္ပန္နော နာမ။
ဖော်ပြပါ ဝါကျတို့ကို အဘယ်၏ အစွမ်းဖြင့် ပြဆိုပါသနည်း၊ အသီးသီး ဖြေဆိုခဲ့ပါ။

ဖြေ။ (က) ဝါကျကို အလွန်နီးကပ်သော အကျင့်ကို ပြခြင်း၏ အစွမ်းဖြင့် ဆိုသည်။
(ခ) ဝါကျကို ဘုရားအဖြစ်ကို ဆောင်နိုင်သော ရဟန်း ပြုတော်မူရာ အခါမှ စ၍ နီးကပ်သော အကျင့်ကို ပြခြင်း၏ အစွမ်းဖြင့် ဆိုသည်။
(ဂ) ဝါကျကို ဘုရားအဖြစ်ကို ပြုတတ်သော ပါရမီဓမ္မ၏ ပြည့်ရာ အခါမှ စ၍ ဘုရားအဖြစ် အကျိုးငှာ ကျင့်ခြင်း၏ အစွမ်းဖြင့် ဆိုသည်။
(ဃ) ဝါကျကို ဘုရားအဖြစ်ကို ပြုတတ်သော ပါရမီဓမ္မတို့ကို စတင် အားထုတ်ရာမှ စ၍ ဗောဓိဉာဏ်၌ မြဲသူ၏ အဖြစ်ကို ပြခြင်း၏ အစွမ်းဖြင့် ဆိုသည်။ (စာစဉ်)

မေး။ **ဥပ္ပဇ္ဇတိကာလနှင့် ဥပ္ပန္နကာလ**တို့ကို အဋ္ဌကထာ လာသည့်အတိုင်း ဖော်ပြပါ။

ဖြေ။ သုဇာတာ သူဌေးသမီး လှူအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေးရာ ကာလမှ အရဟတ္တမဂ် ခဏတိုင်အောင် (ဝါ) တောထွက်တော်မူရာ အခါမှ အရဟတ္တမဂ် ခဏတိုင်အောင် (ဝါ) တုသိတာနတ်ပြည်မှ အရဟတ္တမဂ် ခဏတိုင်အောင် (ဝါ) ဒီပင်္ကရာဘုရား ခြေတော်ရင်းမှ အရဟတ္တမဂ် ခဏတိုင်အောင်သော ကာလတို့သည် ဥပ္ပဇ္ဇတိကာလ မည်၏။
အရဟတ္တဖိုလ် ခဏသည် ဥပ္ပန္နကာလ မည်၏။ (ဋ္ဌ)

မေး။ "ဥပ္ပဇ္ဇတိ–ဘုရားဖြစ်ဆဲ" နှင့် "ဥပ္ပန္န–ဘုရားဖြစ်ပြီးပြီ" ဟူသော ဝေါဟာရနှစ်ခုတို့၏ အထူးကို ဖြေဆိုခဲ့ပါ။

ဖြေ။ သဗ္ဗညုတ ဉာဏ်တော်နှင့်တကွ ဗုဒ္ဓ၏ဆိုင်ရာ ဉာဏ်တော်အားလုံးသည် အရဟတ္တမဂ် ခဏ၌ ပြည့်စုံ၏။ ထို့ကြောင့် အရဟတ္တမဂ် ခဏ၌ "ဥပ္ပဇ္ဇတိ–ဘုရားဖြစ်ဆဲ"ဟု ဆိုရ၏။
အရဟတ္တဖိုလ်သို့ ရောက်သောအခါ ဘုရားဖြစ်ခြင်းကိစ္စ ပြီးပြီဖြစ်၏။ ထို့ကြောင့် အရဟတ္တဖိုလ်ခဏ၌ "ဥပ္ပန္န–ဘုရားဖြစ်ပြီးပြီ"ဟု ဆိုရ၏။ ဤသို့ ထူးသည်။

မေး။ သမ္မာသမ္ဗောဓိ နိယတဗျာဒိတ် ရပြီးသော ပုဂ္ဂိုလ်ကို "ဗုဒ္ဓေါ ဥပ္ပဇ္ဇတိ"ဟု ဆိုသင့်/မသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ ဆိုသင့်၏။
ဥပ္ပါဒသ္သ ဧကန္တိကတ္တာ – ဘုရားဖြစ်ဖို့ရာ ဧကန်မုချ သေချာသောကြောင့်တည်း။

မေး။ အလွန်နီးကပ်သော အကျင့်၌ တည်သော ဘုရားအလောင်းကို "ဗုဒ္ဓေါ ဥပ္ပဇ္ဇတိ"ဟု ဆိုသင့်/မသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ ဆိုသင့်၏။
ဥပ္ပါဒသ္သ ဧကန္တိကတ္တာ – ဘုရားဖြစ်ဖို့ရာ ဧကန်မုချ သေချာသောကြောင့်တည်း။

အမှာ။ ဘုရားဖြစ်မည့်နေ့ဟု ဆိုလျှင်ကား = ပဋိပတ်၏ အထွဋ်အထိပ်၌ တည်နေသည် ဖြစ်၍ "ဗုဒ္ဓေါ ဥပ္ပဇ္ဇတိ"ဟု ဆိုသင့်ကြောင်းမှာ ပြောဘွယ်ရာ မလိုတော့ပေ။

မေး။ ဘုရားရှင်သည် အရဟတ္တဖိုလ်ခဏ၌ ဘုရား ဖြစ်ပြီးသည် မည်၍ တထာဂတော ဥပ္ပန္နောဟု အတိတ်ကြိယာဖြင့် ဆိုသင့်လျက် မဆိုဘဲ၊ အဘယ်ကို ရည်ရွယ်လို၍ ဥပ္ပဇ္ဇတိဟု ပစ္စုပ္ပန်ကြိယာဖြင့် ဆိုသနည်း။

ဖြေ။ တထာဂတော ဥပ္ပဇ္ဇတိ၌ အလုံးစုံသော ဝေနေယျတို့၏ ရှေးဦးစွာ ဖြစ်ပြီးသည်၏ အဖြစ်ကို ရည်ရွယ်လို၍ "ဥပ္ပဇ္ဇတိ"ဟု ပစ္စုပ္ပန်ကြိယာဖြင့် ဆိုသည်။ (ဋီသစ်၊ ဘာဋီ)

ttp://www.dhammadownload.com



မေး။ ဝသဝတ္တိနတ်ပြည်၌ မာရ်နတ်မှတစ်ပါး ဝသဝတ္တိနတ်မင်း စသော နတ်မင်းများ ရှိသည်ဖြစ်၍ ထိုနတ်မင်းတို့၏ အမည်ဖြင့် ဝသဝတ္တိနတ်ပြည်ကို ဝိသေသန မပြုဘဲ မာရ်နတ်၏ အမည်ဖြစ်သော မာရ သဒ္ဒါဖြင့်သာ ဝိသေသန ပြု၍ **"သမာရကံ"**ဟု အဘယ်ကြောင့် ဆိုသနည်း။

ဖြေ။ တိုင်းပြည်၌ သူပုန်ထသော မင်းသားသည် တိုင်းပြည်ကို မရသော်လည်း အလွန်ထင်ရှားသကဲ့သို့ ထို့အတူ ဝသဝတ္တိနတ်ပြည်၌ မာရ်နတ်သည် သူပုန်စားပြကဲ့သို့ နေသဖြင့် သာ၍ ထင်ရှားသောကြောင့် ဝသဝတ္တိ နတ်ပြည်ကို မာရသဒ္ဒါဖြင့်သာ အထူးပြု၍ "သမာရကံ"ဟု ဆိုသည်။ (ဘာဋီ၊ ဋီသစ်)

မေး။ "သမာရက" သဒ္ဒါဖြင့် ယူရမည့် နတ်ပြည်နှင့် နတ်တို့ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ နတ်ပြည် ၆-ထပ်ရှိ နတ်လောကသည် မာရ်နတ်က အထူး အာဏာပြလျှင် မာရ်နတ်၏ အလိုသို့ လိုက်ရသော ကြောင့် သမာရက သဒ္ဒါဖြင့် နတ်ပြည် ၆-ထပ်ရှိ ကာမာဝစရ နတ်အပေါင်းကို ယူပါ။

မှန်၏၊ နတ်ပြည် ၆-ထပ်သည် မာရ်နတ်၏ သူပုန်စားပြကဲ့သို့ အလိုကျ ဖြစ်ရာအရပ်တည်း။

မေး။ မာရော မဟာနုဘာဝေါ ဆကာမာဝစရိဿရောဟု ဆိုလျှင် ပြီးကောင်းပါလျက် အဘယ်အကျိုးငှာ "ဝသဝတ္တိ" ပုဒ်ကို ဆက်၍ ဆိုသနည်း။

ဖြေ။ ဆကာမာဝစရိဿရော ဟူ၍သာ ဆိုအပ်သော် သိကြားမင်း, သုယာမနတ်မင်း စသည်တို့ကိုလည်း မာရ်နတ်က အစိုးရသည်ဟူသော ယုံမှားသင်္ကာကို တားမြစ်ခြင်းငှာ "ဝသဝတ္တီ"ပုဒ်ကို ဆက်၍ ဆို၏။

အမှာ။ မာရ်နတ် အစိုးရ၏ဟူသည် ...ထိုနတ်များကို ပူးဝင်ခြင်း, သူပုန်စားပြကဲ့သို့ အာဏာ ပြခြင်းအားဖြင့် အလိုသို့ လိုက်စေနိုင်သော အစိုးရခြင်းတည်း။ မာရ်နတ်သည် သူ၏နေရာ ပရနိမ္မိတဝသဝတ္တိ နတ်ပြည်၌ သော်မှ အစိုးမရပေ။ (ဋီသစ်)

**(၄၊ နှာ ၁၅၈-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဧဝံ သဗ္ဗေပိ တိဘဂ္ဂဟေ သတ္တေ တီဟာကာရေဟိ တီသု ပဒေသု ပက္ခိပိတွာ ပုန ဒွီဟိ ပဒေဟိ ပရိယာဒိ ယန္တော **"သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ"**န္တိ အာဟ ဝါကျ၌ ပါသည့် တိ,ဒွိ သရုပ်တို့ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ တိဘဂ္ဂဟေ၌ တိသရုပ်ကား = ကာမဘုံ, ရူပဘုံ, အရူပဘုံ ဟူသော ဘုံသုံးပါး။

တီဟာကာရေဟိ၌ တိသရုပ်ကား = ဒေဝ, မာရ, ဗြဟ္မာတို့နှင့်တကွ ဖြစ်သည်၏ အဖြစ်ဟူသော အခြင်းအရာ သုံးပါ။

တီသု ပဒေသု၌ တိသရုပ်ကား = သဒေဝကံ, သမာရကံ, သဗြဟ္မကံ ဟူသော ပုဒ်သုံးပါး။

ဒွီဟိ ပဒေဟိ၌ ဒွိသရုပ်ကား = သဿမဏဗြာဟ္မဏိံ, သဒေဝမနုဿံ ဟူသော ပုဒ်နှစ်ပါး။

မေး။ ဧဝံ သဗ္ဗေပိ တိဘဂ္ဂဟေ သတ္တေ တီဟာကာရေဟိ တီသု ပဒေသု ပက္ခိပိတွာ ပုန ဒွီဟိ ပဒေဟိ ပရိယာဒိ ယန္တော **"သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ"**န္တိ အာဟ ဝါကျ၌ အဘယ့်ကြောင့် ပုနသဒ္ဒါကို ဆိုရသနည်း။

ဖြေ။ "သဿမဏဗြာဟ္မဏိံ ပဇံ, သဒေဝမနုဿံ"ဟူသော ပုဒ်နှစ်ပါး အပေါင်း၌ သိမ်းကျုံး ထည့်သွင်း၍ ပြပြန်သည် ဟူသော အဓိပ္ပါယ်ကို သိစေလိုသောကြောင့် ပုနသဒ္ဒါကို ဆို၏။ (ဋီသစ်)

မေး။ ဧဝံ ပဉ္စဟိပိ ပဒေဟိ တေန တေနာကာရေန တေဓာတုကမေဝ ပရိယာဒိန္နန္တိ ဝါကျ၌ လာသော "ပဉ္စဟိ ပဒေဟိ" အရကို ဖော်ပြပါ။

ဖြေ။ ပဉ္စဟိ ပဒေဟိ အရ = သဒေဝကံ၊ သမာရကံ၊ သဗြဟ္မကံ၊ သဿမဏဗြာဟ္မဏိံ၊ သဒေဝမနုဿံ ငါးပုဒ်တို့ ဖြစ်၏။

ttp://www.dhammadownload.com



မေး။ **သစ္စိကတ္တာတိ** ပစ္စက္ခံ ကတွာ၊ ဧတေန အနုမာနာဒိပဋိက္ခေပေါ ကတော ဟောတိ ဝါကျ၌ လာသော အနုမာနာဒိပဋိက္ခေပေါ၀ယ် အာဒိဖြင့် ယူရမည့် အရာတို့ကို အကြောင်းပြ၍ ညွှန်ပြပါ။

ဖြေ။ အနုမာနာဒိ၌ အာဒိဖြင့် = ဥပမာန, အတ္ထာပတ္တိ, သဒ္ဒန္တရသန္နိဓာန, သမ္ဘဝယောဂ, ဝိပ္ပယောဂ, သဟာစရဏ အစရှိသော နည်းတို့ကို ယူရမည်။

အကြောင်းကား = ဤနည်းတို့သည် အဓိပ္ပါယ် ယူဆသည့် အခါ၌ အနုမာနနည်းနှင့် အဓိပ္ပါယ်တူ, ပုံစံတူ ဖြစ်နေ၍ အကြောင်းအမြွက်ဖြင့် သိစေခြင်းကို သိမ်းကျုံး ပေါင်းယူနိုင်သောကြောင့်တည်း။ (ဋီသစ်)

မေး။ ဘုရားရှင်တို့သည် အလုံးစုံသော တရားတို့ကို သိတော်မူရာ၌ ပစ္စက္ခ (မျက်မှောက်)အားဖြင့် သိသလော၊ အနုမာနအားဖြင့် သိသလော၊ အကြောင်းနှင့်တကွ ဖြေပြပါ။

ဖြေ။ သစ္စိကတ္တာ ပဝေဒေတိဟု ဆိုသောကြောင့်လည်းကောင်း၊ အလုံးစုံသော အရာဌာနတို့၌ အပိတ်အပင် အတားအဆီး မရှိသော သဗ္ဗညုတ ဉာဏ်တော်၏ ကျက်စားရာအာရုံ ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း ဘုရားရှင်တို့သည် အလုံးစုံသော တရားတို့ကို ပစ္စက္ခသာ သိတော်မူကြသည်။ (ဋီသစ်)

သတိ။ **သစ္စိကတ္တာတိ** ပစ္စက္ခံ ကတွာ၊ ဧတေန အနုမာနာဒိပဋိက္ခေပေါ ကတော ဟူသော ဌ၊ အဖွင့်ကို သတိပြုပါ။

မေး။ ဟိတွာပိ အနုတ္တရံ ဝိဝေကသုခံ ဟူသော ပါဠ်၌ ပိသဒ္ဒါ၏ သမုစ္စယတ္ထကို ဖော်ပြပါ။

ဖြေ။ ပိသဒ္ဒါဖြင့် ဖလသမာပတ် ဝင်စားနေစဉ် အတွင်း၌လည်း တစ်ရံတစ်ခါ ဘုရားရှင်သည် တရားဟောတော်မူ၏ ဟူသော အနက်ကို ပေါင်း၏။

အမှာ။ ဘုရားရှင်သည် တရားဟောနေစဉ် ပရိသတ် သာဓု ခေါ်နေချိန်၌လည်းကောင်း၊ ကြားနာပြီး တရားစဉ်းစား နေချိန်၌လည်းကောင်း ဖလသမာပတ် ဝင်စားတော်မူ၏။ သမာပတ်မှ ထ၍ တရားကို ဆက်လက် ဟောတော်မူ၏။

မေး။ ဘုရားရှင်သည် မည်သည့် ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် တရားတော်ကို အနည်း/အများ ဟောတော်မူသနည်း။ (အပ္ပံ ဝါ ဗဟုံ ဝါ ဒေသေန္တော)

ဖြေ။ ဉဂ္ဃဋိတညူ ပုဂ္ဂိုလ်၏ အစွမ်းဖြင့် အနည်းကိုလည်းကောင်း၊ ဝိပဉ္စိတညူပုဂ္ဂိုလ်, နေယျပုဂ္ဂိုလ်တို့၏ အစွမ်း ဖြင့် အများကိုလည်းကောင်း ဟောတော်မူသည်။ (ဋီသစ်)

မေး။ အာဒိမှိပိ ကလျာဏံ ဘဒ္ဒကံ အနဝဇ္ဇမေဝ ကတွာ ဒေသေတိ စသော ဝါကျတို့၌ အဘယ့်ကြောင့် တရား တော်ကို အပြစ်မရှိ (အနဝဇ္ဇ)ဟု ဆိုရသနည်း။

ဖြေ။ နိယျာနိကဓမ္မ ဖြစ်သောကြောင့်တည်း။ (စာစဉ်)

မေး။ လေးပါဒရှိသော ဂါထာတစ်ခု၌ အာဒိကလျာဏ၊ မဇ္ဈေကလျာဏ၊ ပရိယောသာနကလျာဏ အားလျော်စွာ အာဒိ၊ မဇ္ဈ၊ အန္တအားဖြင့် ခွဲပြပါ။

ဖြေ။ ဂါထာ၏ ပဌမပါဒသည် အာဒိ မည်၏။
ဂါထာ၏ ဒုတိယပါဒနှင့် တတိယပါဒတို့သည် မဇ္ဈ မည်၏။
ဂါထာ၏ စတုတ္ထပါဒသည် ပရိယောသာန မည်၏။ (ဌ)

**(ဌ၊ နှာ ၁၅၉-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ပဋိပတ္တိသာသနာတော်၌ အာဒိကလျာဏ၊ မဇ္ဈေကလျာဏ၊ ပရိယောသာနကလျာဏ အားလျော်စွာ အာဒိ၊ မဇ္ဈ၊ အန္တအားဖြင့် ခွဲပြပါ။

ဖြေ။ သီလ, သမာဓိ, ပညာတို့သည် အာဒိကလျာဏ မည်၏။

ttp://www.dhammadownload.com



အရိယာမဂ်သည် မဇ္ဈေကလျာဏ မည်၏။
ဖိုလ်, နိဗ္ဗာန်တို့သည် ပရိယောသာနကလျာဏ မည်၏။ (၄)
(တစ်နည်း) သီလသည်လည်းကောင်း၊ ယင်းသီလသဒ္ဒါဖြင့် (သာမညအားဖြင့်) သီလနှင့် ဆက်သွယ်သော သသမ္ဘာရသီလသည်လည်းကောင်း အာဒိကလျာဏ မည်၏။
အရိယာမဂ်သည်လည်းကောင်း၊ ယင်းမဂ္ဂသဒ္ဒါဖြင့် (သာမညအားဖြင့်) မဂ်နှင့် ဆက်သွယ်သော သသမ္ဘာရ မဂ္ဂသည်လည်းကောင်း မဇ္ဈေကလျာဏ မည်၏။
နိဗ္ဗာန်သည်လည်းကောင်း၊ ယင်းနိဗ္ဗာနသဒ္ဒါဖြင့် (သာမညအားဖြင့်) နိဗ္ဗာန်နှင့် ဆက်သွယ်သော သသမ္ဘာရ နိဗ္ဗာနသည်လည်းကောင်း ပရိယောသာနကလျာဏ မည်၏။

အမှာ။ ဤသို့ ယူသဖြင့် ဒေသနာတော်၏ အနက်အားလုံးကို သိမ်းကျုံး ယူနိုင်ခြင်း အကျိုးရှိ၏။

မေး။ ပဋိပတ္တိသာသနာတော်၌ အာဒိကလျာဏ၊ မဇ္ဈေကလျာဏ၊ ပရိယောသာနကလျာဏတို့၏အရ သီလ, မဂ်,နိဗ္ဗာန် သုံးပါးကိုသာ အထူးပြု၍ ယူရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ပဋိပတ္တိ သာသနာတော်၏ ပြည့်စုံမှုဝယ် သီလသည် အရင်းခံ ဖြစ်သောကြောင့်လည်းကောင်း၊ မဂ်သည် အလယ် ဖြစ်သောကြောင့်လည်းကောင်း၊ နိဗ္ဗာန်သည် အဆုံး ဖြစ်သောကြောင့်လည်းကောင်း အာဒိကလျာဏ စသည်တို့၏အရ သီလ,မဂ်,နိဗ္ဗာန် သုံးပါးကိုသာ အထူးပြု၍ ယူရသည်။

မေး။ သဗ္ဗနိရောဌ ဗျဉ္ဇနာနှင့် သဗ္ဗဝိသဋ္ဌ ဗျဉ္ဇနာတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ အထက်အောက် နှုတ်ခမ်းတို့ကို မထိစေဘဲ ဌာန်,ကရိုဏ်းတို့ကို ဖွင့်၍ ရွတ်ဆိုအပ်သောကြောင့် ဝိမုတ္တ အသံချည်းရှိသော ဒေသနာကို သဗ္ဗနိရောဌ ဗျဉ္ဇနာဟု ခေါ်၏။
သဒ္ဒါအားလုံး ဝိသဇ္ဇနီယံ ပါနေသောကြောင့် အားလုံး လွှတ်အပ်သော အသံရှိသော ဒေသနာကို သဗ္ဗ ဝိသဋ္ဌ ဗျဉ္ဇနာဟု ခေါ်၏။

## (၄၊ နှာ ၁၆၀-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ပရိပုဏ္ဏန္တိ အနူနာဓိကဝစနံ၌ အနူနနှင့် အနဓိက၏ အဖြစ်ကို အဘယ်အကြောင်းဖြင့် သိအပ်, သိနိုင်ပါ သနည်း၊ ကျနစွာ ဖြေဆိုပါ။

ဖြေ။ အကြင်အကျိုးငှာ ဟောတော်မူအပ်၏၊ ထိုအကျိုးကို ပြီးစေတတ်သောကြောင့် အနူန အဖြစ်ကို သိအပ်၏။ ထိုဟောအပ်သော အကျိုး၏ ဆန့်ကျင်ဘက် ဖြစ်သော မဟောအပ်သော အကျိုးကို မပြီးစေတတ်သောကြောင့် အနဓိက အဖြစ်ကို သိအပ်၏။ (ဋီသစ်+ဂဏ္ဌိ)
(တစ်နည်း) ဒေသနာတော်တွင်း၌ ထည့်သွင်း ဟောအပ်သော, ဖြူစင် ကောင်းမြတ်သော အနက်အဓိပ္ပါယ် ဟူသမျှကို မဟောဘဲ ကျန်နေသေးသည်၏ အဖြစ် မရှိသောကြောင့် အနူန အဖြစ်ကို သိအပ်၏။
ဒေသနာတော်တွင်း၌ ပယ်အပ်သော, ညစ်ညမ်းသော အနက်အဓိပ္ပါယ်များကို ဟောထားအပ်သည်၏ အဖြစ် မရှိသောကြောင့် အနဓိက အဖြစ်ကို သိအပ်၏။ (ဋီသစ်)

အမှာ။ အနူနတာ, အနဓိကတာ၏ အကြောင်းများကို ဖြေပြပါဟု မေးလျှင်လည်း ယင်းအဖြေများကိုသာ ဖြေပါ။

မေး။ ပရိပုဏ္ဏန္တိ အနူနာဓိကဝစနံ၌ အနူနဒေသနာနှင့် အနဓိကဒေသနာတို့ကို ခွဲခြားပြခဲ့ပါ။

ဖြေ။ ရည်ရွယ်အပ်သော အနက်အဓိပ္ပါယ်၏ မပြည့်မစုံ ဖြစ်နေခြင်းကို 'ဦန-လျော့'ဟု ဆို၏။ ထိုသို့ အလျော့ မရှိသော ဒေသနာတော်သည် "အနူနဒေသနာ" မည်၏။

ttp://www.dhammadownload.com



ထိုရည်ရွယ်အပ်သော အနက်အဓိပ္ပါယ်၏ ဆန့်ကျင်ဘက် အနက်အဓိပ္ပါယ် ပါနေခြင်းကို 'အဓိက–ပို'ဟု ဆို၏။ ထိုသို့ မပါသော ဒေသနာတော်သည် "အနဓိကဒေသနာ" မည်၏။

(တစ်နည်း) ဤဒေသနာတော်တွင်း၌ ဖြုစင် ကောင်းမြတ်သော အနက်အဓိပ္ပါယ် ကျန်နေသေးလျှင် ထည့်သွင်း ကပ်ဆောင်ရပေလိမ့်မည်။ ဒေသနာတော်အတွင်း၌ ညစ်ညမ်းသော အနက်အဓိပ္ပါယ် ပါနေလျှင်လည်း ထိုအနက်ကို စွန့်ပယ်ရပေလိမ့်မည်။

ထိုသို့ ထည့်သွင်းဘွယ် မရှိသော ဒေသနာတော်သည် "အနူနဒေသနာ" မည်၏။

ထိုသို့ စွန့်ပစ်ဘွယ် မရှိသော ဒေသနာတော်သည် "အနဓိကဒေသနာ" မည်၏။

မေး။ ဥပနေတဗ္ဗအပနေတဗ္ဗဿ အဘာဝတော ကေဝလပရိပုဏ္ဏံ ဝါကျ၌ ပါသည့် ဥပနေတဗ္ဗနှင့် အပနေတဗ္ဗ အရတို့ကို ဖော်ပြပါ။

ဖြေ။ ဥပနေတဗ္ဗ အရကား = သန့်ရှင်း စင်ကြယ်သော အနက်အဓိပ္ပါယ်ကို ဟောကြားသော တစုံတစ်ခုသော ဟိတသုခကို ပြီးစေတတ်သော ပါဠိတော် ပုဒ်များကို ရ၏။

အပနေတဗ္ဗ အရကား = မသန့်ရှင်းသော ညစ်ညမ်းသော အနက်အဓိပ္ပါယ်ကို ဟောကြားသော တစုံတစ်ခုသော ဟိတသုခကို မပြီးစေတတ်သော ပါဠိတော် ပုဒ်များကို ရ၏။ (ဋီသစ်)

မေး။ တဿ အပရိသုဒ္ဓါ ဒေသနာ ဟောတိ၌ အဘယ်ကြောင့် "အပရိသုဒ္ဓဒေသနာ" ဖြစ်ရသနည်း။

ဖြေ။ "တရားဟောခြင်းကို အမှီပြု၍ လာဘ်လာဘကိုလည်းကောင်း၊ ပူဇော်သက္ကာရကိုလည်းကောင်း ရလတ္တံ့"ဟူ၍ တဏှာဟူသော စွဲလန်း တပ်မက်မောတတ်သည့် ညစ်နွမ်းသော သုံးသပ်မှု စိတ်ထားဖြင့် ဟောကြားသည့် တရားဒေသနာ ဖြစ်သောကြောင့် "အပရိသုဒ္ဓဒေသနာ" ဖြစ်ရ၏။ (ဋ္ဌ+ဋီသစ်)

မေး။ လောကာမိသနိရပေက္ခော၌ လောကာမိသ အရကို ဖော်ပြပါ။

ဖြေ။ သင်္ကန်း စသော ပစ္စည်းတို့ကို ရ၏။ (စာစဉ်)

**(ဋ္ဌ၊ နှာ ၁၆၁–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ စတုရင်္ဂသမန္နာဂတံ ဗြဟ္မစရိယံ၌ စတုရင်္ဂ အရကို ဖော်ပြပါ။

ဖြေ။ စတုရင်္ဂ အရ = တပဿီ, လူခ, ဇေဂုစ္ဆီ, ပဝိဝိတ္တတို့ကို ရ၏။ (စာစဉ်)

မေး။ **တထာဂတေ သတ္တံ မင်္ဂလဘာတိ** ဝါကျ၌ သဒ္ဓ အရကို အကြောင်းပြ၍ ကောက်ပြပါ။

ဖြေ။ မဇ္ဈိမဒေသ ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော သဒ္ဓါတရားကို ရ၏။

အကြောင်း = မဇ္ဈိမဒေသ ပုဂ္ဂိုလ်တို့သည် ပုဂ္ဂိုလ်တစ်ပါးကို ကြည်ညိုရာဝယ် ထိုပုဂ္ဂိုလ်၏ သန္တာန်၌ တရားကောင်း, တရားမှန် ရှိ/မရှိ, ပြည့်စုံ/မပြည့်စုံကို ရှေးဦးစွာ စဉ်းစား၏။ တရားမှန် ရှိကြောင်းကို သိမှသာ ကြည်ညိုကြ၏။ ရုပ်ချောရုံ, အသံကောင်းရုံ, နာမည်ကြီးရုံ, ခေါင်းခေါင်းပါးပါး ကျင့်ရုံမျှဖြင့် မကြည်ညိုကြသောကြောင့်တည်း။ (စာစဉ်)

**(ဋ္ဌ၊ နှာ ၁၆၁+၁၆၂–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **ဗြဟ္မစရိယံ ပကာသေတိ**၌ ဗြဟ္မစရိယ အရကို ဖော်ပြပါ။

ဖြေ။ သိက္ခာသုံးပါး အပေါင်းဖြင့် သိမ်းယူရေတွက်အပ်သော ပရိယတ်, ပဋိပတ်, ပဋိဝေဓအားဖြင့် အလုံးစုံသော သာသနာတော်ကို ယူပါ။ (ဋ္ဌ)

ttp://www.dhammadownload.com



## (၄၂၊ နှာ ၁၆၂–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ နိဟတမာနတ္တာဟု ဆိုရခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ မာနကို ဝေးစွာ ကောင်းကောင်း ပယ်ရှားအပ်သော သူအားသာ သမ္မာပဋိပတ် ဖြစ်သင့်၏၊ မာနကြီးသူအား မဖြစ်သင့်။ ထို့ကြောင့် "နိဟတမာနတ္တာ"ဟု ဆိုသည်။

မေး။ မာနနှင့် ဒပ္ပတို့၏ အထူးကို ဖြေခဲ့ပါ။

ဖြေ။ အားနည်းသော ထောင်လွှားခြင်း မာန်မာနသည် 'မာန'။
အားကြီးသော ထောင်လွှားခြင်း မာန်မာနသည် 'ဒပ္ပ'။ ဤသို့ ထူးသည်။ (၄)

မေး။ ခတ္တိယ, ဗြာဟ္မဏ, ဟီနဇစ္စတို့ကို မညွှန်းခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ မင်းမျိုးသည် ဇာတ်ကို မှီ၍ မာန ကြီးတတ်၏။ ပုဏ္ဏားမျိုးသည် ဗေဒင်ကို မှီ၍ မာန ကြီးတတ်၏။ ဟီနဇစ္စသည် ဇာတ်ယုတ်ညံ့သောကြောင့် သီလ၌ တည်ခြင်းငှာ မစွမ်းနိုင်။ ထို့ကြောင့် ခတ္တိယ, ဗြာဟ္မဏ, ဟီနဇစ္စတို့ကို ဘုရားရှင် မညွှန်းပါ။ (၄)

မေး။ **သမ္မာခေ ဃရာဝါသောတိ** သစေပိ သဋ္ဌိဟတ္ထေ ဃရေ ယောဇနသတန္တရေပိ ဝါ ဒွေ ဇာယမ္ပတိကာ ဝသန္တိ၊ တထာပိ နေသံ သကိဋ္ဌနသပလိဗောဓဋ္ဌေန ဃရာဝါသော သမ္မာဓောယေဝ ဟူသော စကားရပ်ဖြင့် ဆောင်၍ သိအပ်သော နေယျတ္ထ အဓိပ္ပါယ်ကို ဖော်ပြပါ။

ဖြေ။ အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်း၏ဟု ဆိုသဖြင့် ရဟန်းဘောင်၌ နေရခြင်းသည် ကိဋ္ဌနပလိဗောဓ မရှိသောကြောင့် ကျယ်လွန်း၏ဟူသော အဓိပ္ပါယ်ကို ဆောင်၍ သိအပ်သည်။

မေး။ ဒွေ ဇာယမ္ပတိကာ၌ "ဒွေ"ဟု ဝိသေသန မ,ရခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ "ဇာယမ္ပတိကာ"ဟု ဆိုလျှင် မယားနှင့်လင် နှစ်ယောက်ဟု သိသာသော်လည်း အချို့ ယောကျ်ား၌ မယား အများ ရှိတတ်သေး၏။ ထိုသူတို့တွင် မယားတစ်ယောက်သာ ရှိသူသော်မှ ဃရာဝါသသည် ကျဉ်းမြောင်း သေး၏။ မယားအများ ရှိသူမှာ ပြောဘွယ်ရာပင် မလိုဟု ပြလိုသောကြောင့် "ဒွေ"ဟု ဝိသေသန မ,သည်။

မေး။ ကိဋ္ဌနနှင့် ပလိဗောဓတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ဖိစီးနှိပ်စက် ကန့်ကွက် တားမြစ်တတ်သော ရာဂ စသော အန္တရာယ်သည် ကိဋ္ဌန။
ထက်ဝန်းကျင်မှ ပိတ်ပင်နှောက်ယှက် ကန့်ကွက် တားမြစ်တတ်သော လယ်,ယာ,ကိုင်းကျွန်း စသော အန္တရာယ် သည် ပလိဗောဓ။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ **ရဇောပထောတိ** ရာဂရဇာဒီနံ ဝါကျဝယ် ရာဂရဇာဒီနံ၌ အာဒိအရကို ဖော်ပြပါ။

ဖြေ။ အာဒိအရ = ဒေါသမြူ, မောဟမြူများကို ရ၏။ (ဋီသစ်)

မေး။ **ရဇောပထောတိ** ရာဂရဇာဒီနံ **ဥဋ္ဌာနဋ္ဌာနန္တိ** မဟာအဋ္ဌကထာယံ ဝုတ္တံ။ အာဂမနပထောတိပိ ဝဒန္တိ ဟူသော ဝါကျ၌ ဥဋ္ဌာနဋ္ဌာနနှင့် အာဂမနပထ ဟူသော သံဝဏ္ဏနာ နှစ်ခုတို့၏ တူပုံ, ထူးပုံကို ဖော်ပြပါ။

ဖြေ။ ရာဂမြူ အစရှိသည်တို့၏ လာရာ လမ်းကြောင်း၏ အဖြစ်သည်လည်း ရာဂမြူ အစရှိသည်တို့၏ ထရာ အရပ်ပေတည်း။ ထို့ကြောင့် သံဝဏ္ဏနာ နှစ်ခုတို့သည် အနက်အဓိပ္ပါယ်တူ၍ သဒ္ဒါမျှသာ ထူးသည်။

မေး။ အိမ်ရာထောင်သူ လူအဖြစ်သည် အဘယ်ကြောင့် (သမ္မာဓ) ကျဉ်းမြောင်း၍ ရှင်,ရဟန်းအဖြစ်သည် အဘယ်ကြောင့် (အဗ္ဘောကာသ) လွင်ပြင်ကျယ်နှင့် တူသည်ကို ယုတ္တိပြ၍ ဖြေခဲ့ပါ။

ttp://www.dhammadownload.com



ဖြေ။ အတောင် ၆၀–ရှိသော အိမ်၌ ဖြစ်စေ, လင်မယား နှစ်ယောက်တို့၏ အကြား ယူဇနာ ၁၀၀–ခြားသော အရပ်၌ ဖြစ်စေ၊ လင်မယား နှစ်ယောက်တို့ အတူ နေကြရစေကာမူ ထိုလင်မယား နှစ်ယောက်တို့အား ဖိစီး နှိပ်စက်တတ်သော ရာဂ စသော အန္တရာယ်, ထက်ဝန်းကျင်မှ နှိပ်စက်တတ်သော လယ်,ယာ,ကိုင်းကျွန်း စသော အန္တရာယ်နှင့်တကွ ဖြစ်သော အနက်သဘောကြောင့် အိမ်ရာထောင်သူ လူ၏ အဖြစ်သည် ကျဉ်းမြောင်း၏။

ရှင်,ရဟန်းသည် ပိတ်အပ်ပြီးသော တံခါးမ, လေသောက်ပြူတင်း, တံခါးရွက် ရှိကုန်သော ဖုံးကွယ်အပ်ကုန်ပြီး သော စုလစ်မွတ်ချွန်း အထွဋ်တပ်သော ကျောင်း, ရတနာပြာသာဒ်, နတ်ဗိမာန် စသည်တို့၌ နေပင်နေရ စေကာမူ ကပ်ငြိနှောင်ဖွဲ့ခြင်း မရှိ၊ ထို့ကြောင့် ရှင်,ရဟန်း အဖြစ်သည် လွင်ပြင်ကျယ်နှင့် တူ၏။

(တစ်နည်း) ကုသိုလ်ပြုခြင်းငှာ (အလိုရှိတိုင်း) အခွင့်အလမ်း မရှိခြင်းကြောင့် အိမ်ရာထောင်သူ လူ၏ အဖြစ်သည် ကျဉ်းမြောင်း၏။ ကုသိုလ်ပြုခြင်းငှာ အလိုရှိတိုင်း အခွင့်အလမ်း ရှိခြင်းကြောင့် ရှင်,ရဟန်း အဖြစ်သည် လွင်ပြင်ကျယ်နှင့် တူ၏။ (ဌ)

**(ဌ၊ နှာ ၁၆၃–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ယံနူနာဟံ ကေသေ စ မဿုဉ္စ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ **ကာသာယာနိ** ဖြဟ္မစရိယံ စရန္တာနံ အနုစ္ဆဝိကာနိ ဝတ္ထာနိ **အစ္ဆာဒေတွာ** ပရိဒဟိတွာ အဂါရသ္မာ နိက္ခမိတွာ အနဂါရိယံ ပဗ္ဗဇေယျန္တိ ဝါကျကို အဓိပ္ပါယ် လိုရင်းမိအောင် ဖြေဆို၍၊ အစ္ဆာဒေတွာ ပရိဒဟိတွာ ပုဒ်တို့၏ အဓိပ္ပါယ်ကို ပေါ်လွင်အောင် အနက်ပေးပါ။

ဖြေ။ အမေးဝါကျကို မြန်မာပြန်ရုံပင်တည်း။

အစ္ဆာဒေတွာ ပရိဒဟိတွာ – "ဝတ်ရုံ၍" ဟု အနက်ယောဇနာပါ။ (ဋီသစ်)

မေး။ အဂါရဿ ဟိတံ ကသိဝါဏိဇ္ဇာဒိကမ္မံ **အဂါရိယန္တိ** ဝုစ္စတိ ဝါကျဝယ် အဂါရဿ၌ အဂါရ အရကို အကြောင်း နှင့်တကွ ဖြေပြပါ။

ဖြေ။ အဂါရ အရကား = အိမ်ပေါ်၌ နေသူ လူအများကို ရ၏။

အကြောင်း = အဂါရဟူသော သဒ္ဒါသည် ဌာနဖြစ်သော အိမ်၏ အဂါရဟူသော အမည်ကို ဌာနီဖြစ်သော အိမ်ပေါ်၌ နေသူ လူအများ၌ တင်စား၍ အိမ်ပေါ်၌ နေသူ လူအများကို အဂါရဟု ဆိုရသော ဌာနူပစာရ သဒ္ဒါ ဖြစ်သောကြောင့်တည်း။

(တစ်နည်း) အဂါရဟူသော ပုဒ်သည် အဂါရေ ဝါသော အဂါရံဟု နောက်ပုဒ် ပြဋ္ဌာန်းသော ဥတ္တရပဒတ္ထ လောပ တဒ္ဓိတ်ရိသ်သမာသ် ကြံဆရသောပုဒ် ဖြစ်သောကြောင့်တည်း။ (ဋီသစ်)

မေး။ ကသိဝါဏိဇ္ဇာဒိကမ္မ၌ အာဒိအရကို ဖော်ပြပါ။

ဖြေ။ နွားကျောင်းခြင်း–ဂေါရက္ခ၊ ထင်းခွေခြင်း–ကဋ္ဌဟာရက အစရှိသော လူတို့၏ အစီးအပွား အလုပ်ကိစ္စ ဟူသမျှကို ယူရမည်။

မေး။ အပ္ပံ ဝါ ဘောဂက္ခန္ဓံ ပဟာယ စသည်၌ စည်းစိမ်နှင့် ဆွေမျိုးတို့၏ အပ္ပနှင့် မဟာယူပုံ အထူးကို ဖော်ပြပါ။

ဖြေ။ အသပြာ တစ်ထောင်အောက် ယုတ်လျော့သော စည်းစိမ်ဥစ္စာသည် အပ္ပ။

အသပြာ တစ်ထောင်မှ စ၍ အထက်သည် မဟာ။

ဆွေမျိုးဆက် နှစ်ဆယ်အောက်သည် အပ္ပ။

နှစ်ဆယ်မှ စ၍ အထက်သည် မဟာ။ (ဌ)

ttp://www.dhammadownload.com



မေး။ **အာစာရဂေါစရသမ္ပန္နောဌ်** ဂေါစရ သရုပ် (ဆွမ်းမခံကောင်းသော အရပ်)တို့ကို ဖော်ပြပါ။

ဖြေ။ ၁။ ပြည့်တန်ဆာမ ၂။ လင်သေမုဆိုးမ ၃။ အရွယ်လွန်၍ လင်မရသော မိန်းမ ၄။ ရဟန်းမိန်းမ (ဘိက္ခုနီမ) ၅။ ပဏ္ဍုက်တို့ ဖြစ်၏။

မေး။ **အဏုမတ္တဝဇ္ဇ** (အပ္ပမတ္တကဝဇ္ဇ) အာပတ်နှစ်မျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ လွန်ကျူးလိုသော စေတနာ မပါဘဲ သင့်အပ်သော အနုရုဒ္ဒက အာပတ်၊
၂။ အဆောတလျင် ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ် အပြစ်တို့တည်း။ (ဋီသစ်)

မေး။ **အဏုမတ္တေသု ဝဇ္ဇေသု**၌ အဏုမတ္တ ဟူသည် အဘယ်နည်း။

ဖြေ။ လွန်ကျူးလိုသော စေတနာ မပါဘဲ သင့်အပ်သော အနုရုဒ္ဒက အာပတ်တို့၏ အစွမ်းဖြင့်လည်းကောင်း၊ အဆောတလျင် ဖြစ်သော အကုသိုလ် စိတ္တုပ္ပါဒ် အပြစ်တို့၏ အစွမ်းဖြင့်လည်းကောင်း နည်းသော အတိုင်းအရှည် ရှိသည်၏ အဖြစ်သည် အဏုမတ္တ မည်၏။ (စာစဉ်)

မေး။ အဘယ်ကြောင့် အဘယ်အရာကို "အဏု"ဟု ခေါ်သနည်း။

ဖြေ။ အဏုမြူနှင့် တူသည်၏ အဖြစ်ကြောင့် အပ္ပမတ္တကကို "အဏု"ဟု ခေါ်၏။ (စာစဉ်)

မေး။ **ကာယကမ္မဝစီကမ္မေန သမန္နာဂတော ကုသလေန ပရိသုဒ္ဓါဇီဝေါ** ဝါကျ၌ "ကာယကမ္မဝစီကမ္မေန သမန္နာဂတော" ပုဒ်ကို ဘုရားရှင် ထည့်သွင်း ဟောတော်မူခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ အာဇီဝပါရိသုဒ္ဓိ သီလဖြစ်ရာ ဒွါရကို ပြခြင်းဟူသော အနက်အထူးကို သိစေလိုသောကြောင့် "ကာယကမ္မဝစီကမ္မေန သမန္နာဂတော"ပုဒ်ကို ထည့်သွင်း ဟောတော်မူသည်။ (ဋ္ဌ)

မေး။ **ပရိသုဒ္ဓါဇီဝေါ** ဟုသာ ဟောလျှင်လည်း အာဇီဝပါရိသုဒ္ဓိ သီလဖြစ်ကြောင်း ပြီးနိုင်ပါလျက် အဘယ်အကျိုးငှာ **ကာယကမ္မဝစီကမ္မေန သမန္နာဂတော ကုသလေန** ဟူသော ပုဒ်တို့ကို ထည့်၍ ဟောသနည်း။

ဖြေ။ သိဒ္ဓေ သတိပိ ပုနာရမ္ဘော နိယမာယ ဝါ ဟောတိ အတ္ထန္တရဝိညာပနာယ ဝါ ဟူသော ပရိဘာသာ ရှိ၏။ ဤ၌ကား အာဇီဝပါရိသုဒ္ဓိ သီလ၏ ကာယဒွါရ, ဝစီဒွါရ၌ ဖြစ်ပုံကို ပြရခြင်းဟူသော အနက်အဓိပ္ပါယ် တစ်မျိုးကို သိစေရခြင်း အကျိုးငှာ ကာယကမ္မဝစီကမ္မေန သမန္နာဂတော ကုသလေန ပုဒ်တို့ကို ထည့်၍ ဟောသည်။

မေး။ သမ္ပန္န မပါသော အာစာရဂေါစရဂ္ဂဟဏေနေဝ ပါဌ်၌ သမ္ပန္နသဒ္ဒါကို ထည့်၍ အဓိပ္ပါယ် ယူရ/မယူရ အကြောင်း, သာဓကတို့နှင့်တကွ ဖြေဆိုပါ။

ဖြေ။ အာစာရဂေါစရဂ္ဂဟဏေနေဝ ပါဌ်၌ အာစာရဂေါစရသမ္ပန္နဂ္ဂဟဏေနေဝဟု သမ္ပန္နသဒ္ဒါကို ထည့်၍ အဓိပ္ပါယ် ယူရမည်။

အကြောင်းကား = သမ္ပန္နသဒ္ဒါ မပါဘဲ အာစာရဂေါစရသဒ္ဒါ သက်သက်မျှဖြင့် ကုသိုလ် ကာယကံ, ဝစီကံတို့ကို ယူမှု မဖြစ်နိုင်သောကြောင့်တည်း။ (ဋီသစ်)

ပါဠိသာဓကကား = ကုသလေ ကာယကမ္မဝစီကမ္မေ ဂဟိတေပိ ဟူသော အဋ္ဌကထာပါဠိပင် ဖြစ်၏။

မေး။ အာစာရသီလနှင့် ဂေါစရသီလတို့၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ အာစာရသီလ ဟူသည်ကား = ကာယဒွါရ, ဝစီဒွါရ, မနောဒွါရတို့ဖြင့် အကုသိုလ် တရားတို့မှ ရှောင်ကြဉ်သော သီလတည်း။

ဂေါစရသီလ ဟူသည်ကား = ပြည့်တန်ဆာမ၊ လင်သေမုဆိုးမ၊ အရွယ်လွန်၍ လင်မရသော မိန်းမ၊ ရဟန်းမိန်းမ (ဘိက္ခုနီမ)၊ ပဏ္ဍုက် ဤဂေါစရ ငါးမျိုးတို့ကို ကြဉ်၍ ဆောက်တည်သော သီလတည်း။

ttp://www.dhammadownload.com



မေး။ (က) အနာစာရ (ခ) အာစာရ (ဂ) ဂေါစရတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ (က) ဒါယကာ ဒါယိကာမတို့အား ဝါးပေးခြင်း, အိမ်မိုးမှု စသည်ပြုဖို့ရန် သစ်ရွက်ပေးခြင်း စသော ကုလဒူသန အမှုကို အနာစာရဟု ဆို၏။

(ခ) ဒါယကာ ဒါယိကာမတို့အား ဝါးပေးခြင်း, အိမ်မိုးမှု စသည်ပြုဖို့ရန် သစ်ရွက်ပေးခြင်း စသော ကုလဒူသန အမှုများကို မပြုဘဲ ဝိနည်းတော်နှင့်အညီ ပြုကျင့်ခြင်းကို အာစာရဟု ဆို၏။

(ဂ) ပြည့်တန်ဆာမ၊ လင်သေမုဆိုးမ၊ အရွယ်လွန်၍ လင်မရသော မိန်းမ၊ ရဟန်းမိန်းမ (ဘိက္ခုနီမ)၊ ပဏ္ဍုက် ဤဂေါစရ ငါးမျိုးတို့ကို ကြဉ်၍ သဒ္ဓါတရား ရှိသော အိမ်တို့၌သာ ကျက်စားခြင်းကို ဂေါစရဟု ဆို၏။ (ဘာဋ္ဌီ)

မေး။ ဥပ္ပတ္တိဒွါရဒသကတွင်၌ ဒွါရ၏ တရားကိုယ်ကို ကောက်ပြပါ။

ဖြေ။ ဒွါရ၏ တရားကိုယ်ကား = ကာယဝိညတ်, ဝစီဝိညတ်ကို ယူပါ။

မေး။ သမဏမုဏ္ဍိကပုတ္တသုတ္တန္တဝဏ္ဏနာ ဝါ ဇေတာ် ဝုတ္တ်၌ ဝါသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ ဝါသဒ္ဒါသည် သုတ္တန်တစ်ပါးဖြင့် နီးနှောခြင်းဟု ဆိုအပ်သော အတ္တန္တရဝိကပ် အနက်ရှိ၏။

သတိ။ အနက်အဓိပ္ပါယ် တစ်မျိုးကို ပြသော အတ္တန္တရဝိကပ် မဟုတ်ပါ။ (ဋီသစ်)

**(ဌ၊ နှာ ၁၆၄-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **ဣဒမ္ပိဿ ဟောတိ သီလသ္မိန္တိ** ဣဒမ္ပိ အဿ ဘိက္ခုနော ပါဏာတိပါတာ ဝေရမဏိ သီလသ္မိံ ဇော် သီလံ ဟောတီတိ အတ္ထော။ ပစ္စတ္တဝစနတ္ထေ ဝါ ဇော် ဘုမ္မံ။ မဟာအဋ္ဌကထာယဥ္စိ ဣဒမ္ပိ တဿ သမဏဿ သီလသ္မိံ အယမေဝ အတ္ထော ဝုတ္တော ဝါကျတို့၌ ပါဝင်သည့် ဣဒမ္ပိဿ ဟောတိ သီလသ္မိံ ဟူသော သံဝဏ္ဏေတဗ္ဗ ဝါကျဝယ် သီလသ္မိံ ပုဒ်၌ သ္မိံ ဝိဘတ်၏ သက်နိုင်ရာ အနက်တို့ကို ခိုင်လုံသော ယုတ္တိတို့နှင့်တကွ ဖော်ပြပါ။

ဖြေ။ သ္မိံ ဝိဘတ်သည် နိဒ္ဓါရဏ အနက်၌ သက်၏။

ယုတ္တိကား = သီလသ္မိံ ပုဒ်နောင် ဇော် သီလံ ဟူသော နိဒ္ဓါရဏီယတ္ထ ပုဒ်ကို ထည့်၍ ဖွင့်ထားသည်ကို ထောက်ဆသောကြောင့်တည်း။ (ဋီသစ်)

(တစ်နည်း) သ္မိံ ဝိဘတ်သည် အာဓာရ အနက်၌ သက်၏။

ယုတ္တိကား = အပေါင်းဟူသည် အစိတ်စိတ်သော တရားများ၏ တည်ရာ အာဓာရသဘော ဖြစ်ရကား ဇော် သီလံ ဟူသော အစိတ်ပုဒ်သည်လည်း အပေါင်းဖြစ်သော သီလသ္မိံ ပုဒ်၌သာ တည်ရသည်ဟူသော အဓိပ္ပါယ်ကို ပြလိုသောကြောင့်တည်း။ ဥပမာကား = ရုက္ခေ သာခါ စသည်တို့ကဲ့သို့တည်း။ (ဋီသစ်)

(တစ်နည်း) သ္မိံ ဝိဘတ်သည် ပစ္စတ္တဝစန (ပဌမာ) အနက်၌ သက်၏။

ယုတ္တိကား = ပစ္စတ္တဝစနတ္ထေ ဝါ ဇော် ဘုမ္မံ။ မဟာအဋ္ဌကထာယဥ္စိ ဣဒမ္ပိ တဿ သမဏဿ သီလသ္မိံ အယမေဝ အတ္ထော ဝုတ္တော ဟူသော အဋ္ဌကထာဖွင့်ပင် ဖြစ်၏။

မေး။ မဟာအဋ္ဌကထာယဥ္စိ ဣဒမ္ပိ တဿ သမဏဿ သီလသ္မိံ ဝါကျဝယ် ဣဒမ္ပိ၌ အပိသဒ္ဒါသည် မည်သည့် အရာတို့ကို ပေါင်းသနည်း။

ဖြေ။ ဣဒမ္ပိ၌ အပိသဒ္ဒါသည် အဒိန္နာဒါနာဝေရမဏိ စသော အခြားသော သီလတို့ကို ပေါင်းသည်။

မေး။ မဟာသီလအဆုံး "**ဣဒမဿ ဟောတိ သီလသ္မိံ**" ပါဠိ၌ ဣဒမဿဟုသာ ဆို၍ "ဣဒမ္ပိဿ"ဟု အပိသဒ္ဒါ ထည့်၍ မဆိုခြင်း အကြောင်းကို ရေးပါ။

ttp://www.dhammadownload.com



ဖြေ။ မဟာသီလ အဆုံး၌ အပေါင်းမှ ထုတ်စရာအနက် မရှိသောကြောင့် ပထမာဝိဘတ် အနက်၌သာ ဖြစ်သင့်ရကား "ဣဒမသ္မ"ဟုသာ ဆိုသည်။ "ဣဒမ္ပိသ္မ"ဟု အပိသဒ္ဒါကို ထည့်၍ မဆိုပါ။

မေး။ အသံဝရမူလကာနိ ဘယာနိ၌ ဘယ အရကို ဖော်ပြပါ။

ဖြေ။ ဘယ အရ = အတ္တာနုဝါဒဘေး၊ ပရာနုဝါဒဘေး၊ ဒဏ္ဍဘေး စသည်တို့ကို ယူပါ။ (ဋီသစ်)

မေး။ ယထာဝိဓာနဝိဟိတေန ခတ္တိယာဘိသေကေန မုဒ္ဓနိ အဝသိတ္တော ဝါကျ၌ မည်သည့်ပါဌ်ဖြင့် မည်သည့် ခတ္တိယာဘိသိက် အင်္ဂါကို ပြသနည်း။

ဖြေ။ ၁။ ယထာဝိဓာနဝိဟိတေန-ပါဌ်ဖြင့် ရှေးမင်းအဆက်ဆက်တို့ လေ့ကျက်အပ်သော အစီအရင်နှင့် ပြည့်စုံသည်၏ အဖြစ်ဟူသော အင်္ဂါတစ်ပါးကို ပြ၏။

၂။ ခတ္တိယာဘိသေကေန-ပါဌ်ဖြင့် မင်း၏အဖြစ်ကို ဆောင်တတ်သည်၏ အဖြစ်ဟူသော အင်္ဂါတစ်ပါးကို ပြ၏။

၃။ မုဒ္ဓနိ အဝသိတ္တော-ပါဌ်ဖြင့် ထိပ်ထက်၌သာ ရေစင်ဖြင့် သွန်းလောင်းအပ်သည်၏ အဖြစ်ဟူသော အင်္ဂါ တစ်ပါးကို ပြ၏။ ဤအင်္ဂါ ၃-ပါးကို ခတ္တိယာဘိသိက် အင်္ဂါ ၃-ပါးဟု ခေါ်၏။

အမှာ။ ဤခတ္တိယာဘိသိက် အင်္ဂါ ၃-ပါးဖြင့် သွန်းလောင်းအပ်သော မင်းတို့၏ အာနုဘော်သည် ပြည့်စုံနိုင်၏။

မေး။ ခတ္တိယာဘိသိက် သွန်းပုံကို ဋီသစ်လာသည့်အတိုင်း ပြည့်စုံစွာ ဖြေပြပါ။

ဖြေ။ ရွှေခရုသင်း, ငွေခရုသင်း, ရတနာခရုသင်း သုံးမျိုးကိုလည်းကောင်း၊ ဂင်္ဂါမြစ်ရေကိုလည်းကောင်း၊ အဂ္ဂမဟေသီ မြှောက်မည့် ခတ္တိယဇာတ် မင်းသမီးကိုလည်းကောင်း ဤသုံးမျိုးတို့ကို ဦးစွာပဌမ အသင့်ရှိစေရမည်။ အဘိသိက် သွန်းရန်အတွက် တန်ဆာဆင်ထားသည့် ရေသဖန်းသား မဏ္ဍပ်အတွင်းဝယ် တည်ရှိသော ရေသဖန်းသား အင်းပျဉ်(ပလ္လင်)၌ အဘိသိက်ခံမည့် ခတ္တိယဇာတ်ရှိသူ မင်းလောင်းကို ထိုင်နေစေရမည်။ တန်ဆာများကို ဝတ်ဆင်ထားသော ခတ္တိယဇာတ် ရှိသည့် ခတ္တိယ မင်းသမီးက ဂင်္ဂါရေပြည့်သော ရွှေခရု သင်းဖြင့် မင်းလောင်း၏ ဦးခေါင်းထက်၌ ဂင်္ဂါရေကို ရှေးဦးစွာ သွန်းလောင်းရမည်။ သွန်းလောင်းခိုက်၌ လည်း မင်းသမီးက ဤသို့ ရွတ်ဆိုရမည်။ "အရှင်မင်းမြတ်၊ သင့်ကို ခတ္တိယဇာတ်ရှိသူ အားလုံးတို့က မိမိ တို့ကိုယ်ကို အဘိသိက်သွန်းကာ မင်းမြှောက်ကြပါကုန်၏။ သင်သည် ရာဇဓမ္မ၌ တည်၍ တရားနှင့်အညီ ကျင့်တော်မူပါ။ မင်းမျိုးအပေါင်း၌ သားကဲ့သို့ ချစ်ခင်ကြင်နာ သနားပြီး စီးပွားကို အလိုရှိသော မေတ္တာစိတ် ရှိတော်မူပါ။ တရားနှင့်အညီ စောင့်ရှောက် ကာကွယ်မှုကိုလည်း ပေးတော်မူပါ"ဟု ရွတ်ဆိုရမည်။

ဒုတိယမြှောက် ပုရောဟိတ်ရာထူးနှင့် သင့်လျော်သော တန်ဆာတို့ကို ဆင်ယင်ထားသော ပုရောဟိတ် ပုဏ္ဏား က ဂင်္ဂါရေပြည့်သော ငွေခရုသင်းဖြင့် မင်းလောင်း၏ ဦးခေါင်းထက်၌ ဂင်္ဂါရေကို သွန်းလောင်းရမည်။ သွန်းလောင်းခိုက်၌လည်း ပုရောဟိတ် ပုဏ္ဏားက ဤသို့ ရွတ်ဆိုရမည်။ "အရှင်မင်းမြတ်၊ သင့်ကို ဗြာဟ္မဏ ဇာတ်ရှိသူ အားလုံးတို့က မိမိတို့ကိုယ်ကို အဘိသိက်သွန်းကာ မင်းမြှောက်ကြပါကုန်၏။ သင်သည် ရာဇ ဓမ္မ၌ တည်၍ တရားနှင့်အညီ ကျင့်တော်မူပါ။ ပုဏ္ဏားမျိုးအပေါင်း၌ သားကဲ့သို့ ချစ်ခင်ကြင်နာ သနားပြီး စီးပွားကို အလိုရှိသော မေတ္တာစိတ် ရှိတော်မူပါ။ တရားနှင့်အညီ စောင့်ရှောက် ကာကွယ်မှုကိုလည်း ပေးတော် မူပါ"ဟု ရွတ်ဆိုရမည်။

တတိယမြှောက် သူဌေးကြီးရာထူးနှင့် သင့်လျော်သော တန်ဆာတို့ကို ဆင်ယင်ထားသော သူဌေးကြီးက ဂင်္ဂါရေပြည့်သော ရတနာခရုသင်းဖြင့် မင်းလောင်း၏ ဦးခေါင်းထက်၌ ဂင်္ဂါရေကို သွန်းလောင်းရမည်။ သွန်းလောင်းခိုက်၌လည်း သူဌေးကြီးက ဤသို့ ရွတ်ဆိုရမည်။ "အရှင်မင်းမြတ်၊ သင့်ကို ဝေဿဇာတ်ရှိသူ

ttp://www.dhammadownload.com



အားလုံးတို့က မိမိတို့ကိုယ်ကို အဘိသိက်သွန်းကာ မင်းမြှောက်ကြပါကုန်၏။ သင်သည် ရာဇဓမ္မ၌ တည်၍ တရားနှင့်အညီ ကျင့်တော်မူပါ။ သူဌေး,သူကြွယ်မျိုး အပေါင်း၌ သားကဲ့သို့ ချစ်ခင်ကြင်နာ သနားပြီး စီးပွားကို အလိုရှိသော မေတ္တာစိတ် ရှိတော်မူပါ။ တရားနှင့်အညီ စောင့်ရှောက် ကာကွယ်မှုကိုလည်း ပေးတော်မူပါ"ဟု ရွတ်ဆိုရမည်။ ဤကား သီလက္ခန်၊ ဋီကာသစ်၌ လာသည့် ခတ္တိယာဘိသိက် သွန်းပုံ အစီအရင်တည်း။

အမှာ။ ဖော်ပြခဲ့သော နည်းအတိုင်း ရွတ်ဆို၍ အဘိသိက် သွန်းသူတို့သည် "သင်မင်းမြတ်သည် ငါတို့ ပြောသည့်အတိုင်း မခံယူဘဲ အုပ်ချုပ်ခဲ့ပါမူကား သင့်ဦးခေါင်းသည် ခုနစ်စိပ်, ခုနစ်ဖြာ ကွဲပါစေသတည်း"ဟူ၍ မဆိုသော်လည်း ဆိုသကဲ့သို့, မကျိန်ဆဲသော်လည်း ကျိန်ဆဲသကဲ့သို့ပင် ဖြစ်၏ဟု မှတ်ပါ။

မေး။ **အနဝဇ္ဇသုခန္တိ** အနဝဇ္ဇံ အနိန္ဒိတံ ကုသလံ သီလပဒဋ္ဌာနေဟိ အဝိပ္ပဋိသာရပါမောဇ္ဇပီတိပဿဒ္ဓိဓမ္မေဟိ ပရိဂ္ဂဟိတံ ကာယိကစေတသိကသုခံ ပဋိသံဝေဒေတိ ဝါကျဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ကုသလသီလလျှင် ပဒဋ္ဌာန်ရှိသော အဝိပ္ပဋိသာရ ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ တရားတို့ ဖြစ်၏။ အဝိပ္ပဋိသာရစသော အကြောင်းရှိသော စေတသိကသုခကို ခံစား၏။ စေတသိကသုခကြောင့် ဖြစ်သော ပဏီတရုပ်တို့ဖြင့် တွေ့ထိအပ်သော ကိုယ်၌ ဖြစ်သော ကာယိကသုခကို ခံစား၏ဟူသော အဓိပ္ပါယ်ကို ပြဆိုပါ၏။

မေး။ တိဝိဓေန သီလေန၌ သီလသရုပ်ကို ဖော်ထုတ်ပါ။

ဖြေ။ ၁။ စူဠသီလ ၂။ မဇ္ဈိမသီလ ၃။ မဟာသီလတို့ ဖြစ်ကြ၏။

## (ပွ၊ နှာ ၁၆၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **စက္ခုနာ** ရူပံ၌ စက္ခုသရုပ်နှင့် တရားကိုယ်တို့ကို တွဲစပ်ဖော်ပြ၍ ဣဓာဓိပ္ပေတ စက္ခုကိုလည်း ဖော်ပြပါ။

ဖြေ။ ၁။ ဗုဒ္ဓစက္ခု – အာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊
၂။ သမန္တစက္ခု – သဗ္ဗညုတဉာဏ်၊
၃။ ဓမ္မစက္ခု – အောက်မဂ်သုံးပါးဉာဏ်၊
၄။ ပညာစက္ခု – ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, အာသဝက္ခယဉာဏ်၊
၅။ ဒိဗ္ဗစက္ခု – ဒိဗ္ဗစက္ခုဉာဏ်၊
၆။ ပသာဒစက္ခု – စက္ခုပသာဒရုပ်။
ဣဓာဓိပ္ပေတ စက္ခုကား = ပသာဒစက္ခုတည်း။ (ပွ)

မေး။ စက္ခုသဒ္ဒါ၏ စက္ခုဝိညာဉ်၌လည်း ဖြစ်နိုင်ပုံကို ဝါဒစုံစွာ ဖော်ပြပါ။

ဖြေ။ စက္ခုသဒ္ဒါသည် ပသာဒစက္ခု၏ နာမည်ဖြင့် စက္ခုဝိညာဉ်ဟူသော အနက်၌ ဖြစ်၏။ (ပွ)
စက္ခုသဒ္ဒါသည် မုချအားဖြင့် ပသာဒစက္ခု၌သာ ဖြစ်၏။ ပရိယာယ်အားဖြင့် မှီရာ စက္ခုပသာဒ၏ နာမည်ဖြင့် နိဿိတကို ဆိုအပ်သောကြောင့် "မဉ္စာ ဥက္ကုဋ္ဌိံ ကရောန္တိ"ကဲ့သို့ စက္ခုဝိညာဉ်၌လည်း ဖြစ်၏။ (ဋီသစ်)

မေး။ အဘိက္ကန္တံ ဝုစ္စတိ ဂမနံ၊ ပဋိက္ကန္တံ နိဝတ္တနံ ဝါကျ၌ လာသည့် ဂမနနှင့် နိဝတ္တန အရတို့ကို အသီးသီး ဖော်ပြပါ။

ဖြေ။ ဂမန အရ = ရှေ့သို့ တိုးခြင်း ကြိယာကို ရ၏။
နိဝတ္တန အရ = နောက်သို့ ဆုတ်ခြင်း ကြိယာကို ရ၏။ (ပွ)

အမှာ။ ဋီသစ်ညွှန်းသော စာစဉ်၌ကား ဂမန အရကို = ဆုတ်နစ်၍လည်းကောင်း, မဆုတ်နစ်၍လည်းကောင်း သွားခြင်းကို ယူရမည်ဟု ဆို၏။

ttp://www.dhammadownload.com



မေး။ ဂမနနှင့် နိဝတ္တန ကြိယာနှစ်ပါးတို့သည် အဘယ်သို့သော ကြိယာများ ဖြစ်ကြသနည်း။

ဖြေ။ ရှေ့တိုးခြင်းကို ထောက်ဆ၍ နောက်ဆုတ်ခြင်း ကြိယာ ဖြစ်ပေါ်လာ၏။ နောက်ဆုတ်ခြင်းကို ထောက်ဆ၍ ရှေ့တိုးခြင်း ကြိယာ ဖြစ်ပေါ်လာ၏။ ဤသို့လျှင် ဂမနနှင့် နိဝတ္တန ကြိယာ နှစ်ပါးတို့သည် အချင်းချင်း ထောက်ဆ၍ ကပ်ယူအပ်သော ကြိယာများ ဖြစ်ကြ၏။ (စာစဥ်)

မေး။ **သမ္ပဇာနကာရီ ဟောတိ၌** သမ္ပဇဉ်အပြားကို ဖော်ပြပါ။

ဖြေ။ ၁။ သာတ္ထကသမ္ပဇဉ် ၂။ သပ္ပါယသမ္ပဇဉ် ၃။ ဂေါစရသမ္ပဇဉ် ၄။ အသမ္မောဟသမ္ပဇဉ်။

အမှာ။ အကျယ်ကို ၄၊ နှာ ၁၆၆–၌ ရှုပါ။

မေး။ သော ဟိ အဘိက္ကန္တာဒီသု သမ္ပဇည် ကရောတေ၀ ဝါကျ၀ယ် "ကရောတေ၀"၌ ဧဝသဒ္ဒါ၏ အနက်နှင့် အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ဧဝသဒ္ဒါသည် = အဝဓာရဏအနက် ရှိ၏။
ယင်းဧဝသဒ္ဒါဖြင့် = ဉာဏ်မပါဘဲ မည်သည့် ကိစ္စကိုမျှ မပြုဟု ကန့်မြစ်၏။

**(၄၊ နှာ ၁၆၆–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အသပ္ပါယ ဘုရားပွဲအရပ်နှင့် သပ္ပါယ ဘုရားပွဲအရပ်တို့ကို ဖော်ပြပါ။

ဖြေ။ လူစည်ကားရာ ဘုရားပွဲများ၌ ဣဋ္ဌာရုံနှင့် တွေ့လျှင် လောဘ ဖြစ်တတ်သည်။ အနိဋ္ဌာရုံနှင့် တွေ့လျှင် ဒေါသ ဖြစ်တတ်သည်။ မညီမမျှ ကြည့်ရှုလျှင် မောဟ ဖြစ်တတ်သည်။ ကာယသံသဂ္ဂ အာပတ်သို့လည်း ရောက်တတ်သည်။ အသက်, သာသနပြဟ္မစရိယ၏ အန္တရာယ်သော်လည်း ဖြစ်တတ်သည်။ ဤသို့ ဖြစ်လသော် ထိုဘုရားပွဲအရပ်သည် အသပ္ပါယ–မလျောက်ပတ်ပါ။ ဆိုခဲ့ပြီးသော အန္တရာယ်များ မဖြစ်သော ဘုရားပွဲအရပ်သည် သပ္ပါယ–လျောက်ပတ်၏။

အမှာ။ တန်ခိုးကြီးမားသော ဘုရားနှင့် အခြံအရံများသော မထေရ်ကြီးတို့အား ဖူးမြင်ရာ၌ အသပ္ပါယ, သပ္ပါယ ဖြစ်ပုံကို သိပါလေ၊ ထိုအခါမျိုး၌ သပ္ပါယသမ္ပဇဉ် ဖြစ်အောင် ကျင့်ပါ။ (၄)

မေး။ ဝုတ္တပ္ပကာရအန္တရာယာဘာဝေ သပ္ပါယံ စသော ဝါကျတို့၌ ပါသည့် ဝုတ္တပ္ပကာရ ဟူသည် အဘယ်အမှုမျိုးကို ဆိုလိုပါသနည်း။

ဖြေ။ ဆယ်ယူဇနာ, တစ်ဆယ့်နှစ်ယူဇနာ အတွင်း၌ ပရိသတ်များစွာ ရောက်ရှိ စည်းဝေးကြမှု၊ မိမိတို့ စည်းစိမ်အားလျော်စွာ တန်ဆာဆင်ထားသော မိန်းမ, ယောကျ်ားတို့၏ ပန်းချီ, ပန်းပုရုပ်များကဲ့သို့ လှည့်လည်သွားလာ နေမှုမျိုးကို ဝုတ္တပ္ပကာရဟု ဆို၏။ (၄၊ ဋီသစ်)

မေး။ မဟာပရိသပရိဝါရာနံ ထေရာနံ ဒဿနေပိ ဧသေဝ နယော ဝါကျ၌ ပါသည့် မဟာပရိသပရိဝါရ အရကို ဖော်ပြပါ။

ဖြေ။ မဟာပရိသပရိဝါရ အရ = ရံဖန်,ရံခါ တရားနာခြင်း အစရှိသော အကျိုးငှာ ရောက်လာကြသော မိန်းမ, ယောကျ်ားများဖြင့် အရောရော, အနှောနှော ဖြစ်နေသော များစွာသော လူပရိသတ် အခြံအရံကို ယူရမည်။ ရဟန်းပရိသတ်ကို မယူရပါ။ (ဋီသစ်)

မေး။ ဒွေ ကထာ နာမ န ကထိတပုဗ္ဗာ၌ "ဒွေ ကထာ"ဟူသည် အဘယ်နည်း။

ဖြေ။ ရှင်ပြုသော နေ့မှ စ၍ ရဟန်းတို့ ခေါ်ကြောင်း စကားကို ...
၁။ အလိုသို့ လိုက်နာ ပြုကျင့်သော စကား၊
၂။ အလိုသို့ မလိုက်နာ မပြုကျင့် (ခေါ်သည်ကို ပြန်မထူး)သော စကားဟူ၍ စကားနှစ်မျိုး ရှိသည်ကို "ဒွေ ကထာ"ဟု ဆိုသည်။

ttp://www.dhammadownload.com



မေး။ ဒွေ ကထာ နာမ န ကထိတပုဗ္ဗာ ဟူသည် အဘယ်နည်း။

ဖြေ။ ရှင်ပြုသော နေ့မှ စ၍ ရဟန်းတို့ ခေါ်ကြောင်း စကားကို ...

၁။ အလိုသို့ လိုက်နာ ပြုကျင့်သော စကား၊

၂။ အလိုသို့ မလိုက်နာ မပြုကျင့် (ခေါ်သည်ကို ပြန်မထူး)သော စကားဟူ၍ စကားနှစ်မျိုး ရှိ၏။ ထိုနှစ်မျိုးတို့တွင် အလိုသို့ လိုက်နာ ပြုကျင့်သော စကားမျိုးကိုသာ ပြောဘူး၍ အလိုသို့ မလိုက်နာ မပြုကျင့် (ခေါ်သည်ကို ပြန်မထူး)သော စကားမျိုးကို မပြောဘူးခြင်းကို "ဒွေ ကထာ နာမ န ကထိတပုဗ္ဗာ" ဟု ဆို၏။ (ဋီသစ်)

**(ဌ၊ နှာ ၁၆၇-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ကမ္မဋ္ဌာန်း-၄၀ ရှိပါလျက် ဇဝ် ပရိဂ္ဂဟိတသာတ္ထကသပ္ပါယဿ ပန အဋ္ဌတိံသာယ ကမ္မဋ္ဌာနေသု ဝါကျ၌ "အဋ္ဌတိံသာယ ကမ္မဋ္ဌာနေသု-ကမ္မဋ္ဌာန်း ၃၈-ပါး"ဟုသာ အဘယ့်ကြောင့် ဆိုရသနည်း။

ဖြေ။ အာလောကကသိုဏ်းသည် ဩဒါတကသိုဏ်း၌ အကျုံးဝင်၏။ ပရိစ္ဆိန္နာကာသဟု ဆိုအပ်သော အာကာသကသိုဏ်းသည်လည်း ကသိဏုဂ္ဃါဋိမာကာသကိုသာ အရကောက်ရမည် ဖြစ်၍ အာကာသာနဉ္စာယတန၌ အတွင်းဝင်၏။ သို့ဖြစ်၍ အာလောကကသိုဏ်းနှင့် အာကာသကသိုဏ်း နှစ်ခုတို့ကို ချန်ပြီး ပါဠိတော်၌ ကသိုဏ်းကို ပထဝီကသိုဏ်း စသည်ဖြင့် ၈-ပါးဟုသာ ဘုရားရှင် ဟောတော်မူသောကြောင့် "အဋ္ဌတိံသာယ ကမ္မဋ္ဌာနေသု-ကမ္မဋ္ဌာန်း ၃၈-ပါး"ဟုသာ ဆိုရ၏။ (သာရတ္ထ)

အမှာ။ ပါဠိတော်နည်း၌ကား ပြဆိုခဲ့သည့်အတိုင်း ၃၈-ပါးသာ ရှိ၏။ အဋ္ဌကထာနည်း, သင်္ဂြိုဟ်နည်း၌ကား အာလောကကသိုဏ်း, အာကာသကသိုဏ်းတို့ကို သီးခြားယူ၍ ဆိုထားသောကြောင့် ကမ္မဋ္ဌာန်း ၄၀-ဖြစ်၏။

**(ဌ၊ နှာ ၁၆၈-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အဘယ့်ကြောင့် အဘယ်ကမ္မဋ္ဌာန်းတို့သည် သဗ္ဗတ္ထက ကမ္မဋ္ဌာန်း မည်သနည်း။

ဖြေ။ အလုံးစုံသော ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်မှု မှန်သမျှ၌ သတ္တဝါတိုင်း အချိန်မရွေး အလိုရှိအပ်သော ကမ္မဋ္ဌာန်းများ ဖြစ်ကြသောကြောင့် မေတ္တာနှင့် မရဏာနုဿတိ ကမ္မဋ္ဌာန်း ၂-ပါးတို့သည် သဗ္ဗတ္ထက ကမ္မဋ္ဌာန်း မည်၏။ (ဝိသုဒ္ဓိမဂ်၊ ပါရာဇိကဏ္ဍဋ္ဌကထာ)

အမှာ။ ဇကေဆရာတို့ကား အသုဘကမ္မဋ္ဌာန်း ၁၀-ပါးတို့သည်လည်း သဗ္ဗတ္ထက ကမ္မဋ္ဌာန်း မည်၏ဟု ဆိုကြသေး၏။

မေး။ အဘယ့်ကြောင့် အဘယ်ကမ္မဋ္ဌာန်းတို့သည် ပါဠိဟာရိယ ကမ္မဋ္ဌာန်း မည်သနည်း။

ဖြေ။ မိမိ မိမိတို့ စရိုက်အားလျော်စွာ တစ်သီးတစ်ခြား အမြဲတမ်း ဆောင်ထားအပ်သည့် ကမ္မဋ္ဌာန်းများ ဖြစ်ကြသောကြောင့် မိမိ မိမိတို့ စရိုက်အားလျော်စွာ သင့်လျော်သော ကမ္မဋ္ဌာန်း ၄၀-တို့သည် ပါဠိဟာရိယ ကမ္မဋ္ဌာန်း မည်၏။

မေး။ အဘယ်အရာကို ကမ္မဋ္ဌာန်းဟု ခေါ်ဆိုသနည်း။

ဖြေ။ စီးဖြန်းပွားများမှု၏ နီးစွာသော အကြောင်းဖြစ်သော (ဝါ) စီးဖြန်းမှုကို ပြီးစေတတ်သော အကြောင်းဖြစ်သော သမထဝိပဿနာ အလုပ်၏ အာရုံနိမိတ်ကို ကမ္မဋ္ဌာန်းဟု ခေါ်၏။

(တစ်နည်း) ပွားများ အားထုတ်မှုသည်ပင်လျှင် တရားထူး, ချမ်းသာထူးကို ရခြင်း၏ အကြောင်းဖြစ်သော ယောဂီပုဂ္ဂိုလ်၏ ပွားများအားထုတ်မှု သမထဝိပဿနာ အလုပ်ကိုပင် ကမ္မဋ္ဌာန်းဟု ခေါ်၏။ (မဏိမဉ္ဇူ)

ttp://www.dhammadownload.com



မေး။ နိဝတ္တိယမာနောပိ မနုဿေဟိ အနုဂတောဝ၌ ပိသဒ္ဒါ၏ အနက်နှင့် အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ပိသဒ္ဒါသည် = ကြွလာတုန်းက ခရီးဦး ကြိုဆိုပုံကို ပေါင်းခြင်း သမ္ပိဏ္ဍန အနက်ရှိ၏။ ကြွလာတုန်းက ခရီးဦး ကြိုဆိုရုံသာမက ပြန်ကြွတော့လည်း လိုက်ပို့ကြသည် ဟူလို။

အမှာ။ မူချုပ်ပါဠိ၌ နိဝတ္တိယမာနောပိဟု ရှိ၏။ မူတင်ပါဠိ၌ နိဝတ္တိယမာနေဟိပိဟု ရှိ၏။

**(၄၂ နှာ ၁၆၉-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ (က) ပဥ္စဝိဓ စေတောခီလ သရုပ် (ခ) ပဥ္စဝိဓ စေတောဝိနိဗန္ဓ သရုပ်တို့ကို ဖော်ပြပါ။

ဖြေ။ (က) ၁။ ဗုဒ္ဓေ ဝိစိကိစ္ဆာ ၂။ ဓမ္မေ ဝိစိကိစ္ဆာ ၃။ သံဃေ ဝိစိကိစ္ဆာ ၄။ သိက္ခာယ ဝိစိကိစ္ဆာ ၅။ သဗြဟ္မစာရီသု ကောပ။

(ခ) ၁။ ကာမ အဝီတရာဂ ၂။ ကာယ အဝီတရာဂ ၃။ ရူပ အဝီတရာဂ ၄။ သုခါနုယောဂ ၅။ ဒေဝပတ္ထနာ။

**(၄၂ နှာ ၁၇၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ စိတ်နှစ်ပါး ပြိုင်၍ မဖြစ်ခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ စိတ်ဟူသမျှသည် နှစ်ပါး ပြိုင်၍ ဖြစ်လေ့မရှိ၊ ရှေ့စိတ် ချုပ်ပြီးမှ (ထိုစိတ်၏ အနန္တရသတ္တိ စသည်ဖြင့် ကျေးဇူးပြုချက်အရ) သင့်လျော်သော နောက်စိတ်တစ်ပါး ဖြစ်လာရသည်။ ထို့ကြောင့် စိတ်ဟူသမျှသည် နှစ်ပါး ပြိုင်၍ ဖြစ်လေ့မရှိပါ။ (ဋီသစ်)

မေး။ အာလောကိတ, ဝိလောကိတ ပုဒ်တို့၏ အရ၌ = ဩလောကိတ ဥလ္လောကိတ အပလောကိတတို့ကို အဘယ်ကြောင့် သီးခြား မယူသနည်း၊ စုံလင်စွာ ဖော်ပြပါ။

ဖြေ။ သမဏ အသာရုပ္ပ ဖြစ်သောကြောင့်လည်းကောင်း၊ သာရုပ္ပဝသေန ပန ဣမာနေဝ ဒွေ ဂဟိတာနိဟု အဋ္ဌကထာဆရာ ဖွင့်သောကြောင့်လည်းကောင်း ဩလောကိတ စသော သုံးမျိုးတို့ကို မယူရပါ။

(တစ်နည်း) တံမြက်လှည်းခြင်း စသည်၌ ဩလောကိတ, မိတာန်မျက်နှာကျက်ကို သုတ်သင်ခြင်း စသည်၌ ဥလ္လောကိတ, နောက်မှ လာသော ဘေးရန်ကို ရှောင်လွဲခြင်း စသည်၌ အပလောကိတ ဖြစ်သင့်ရကား ဥပလက္ခဏ နည်းအားဖြင့် အာလောကိတ, ဝိလောကိတကို ယူသဖြင့် ဩလောကိတ စသော သုံးမျိုးတို့ကိုလည်း ယူပြီး ဖြစ်သောကြောင့်လည်းကောင်း၊ ဣမိနာ ဝါ မုခေန သဗ္ဗာနိပိ တာနိ ဂဟိတာနေဝါတိဟု အဋ္ဌကထာ ဆရာ ဖွင့်သောကြောင့်လည်းကောင်း ယင်းဩလောကိတ စသော သုံးမျိုးတို့ကို သီးခြား မယူရခြင်း ဖြစ်သည်။

မေး။ သာရုပ္ပဝသေန ပန ဣမာနေဝ ဒွေ ဂဟိတာနိ ဝါကျ၌ သာရုပ္ပဝသေန ပါဋ္ဌ်ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ သာရုပ္ပဝသေန ပါဋ္ဌ်ဖြင့် = အသာရုပ္ပ၏ အစွမ်းဖြင့် အာလောကိတ, ဝိလောကိတတို့မှ တစ်ပါးသော ဩလောကိတ, ဥလ္လောကိတ, အပလောကိတ သုံးပါးတို့ကို မယူခြင်းသည် ပြီးစီး၏ဟူသော အဓိပ္ပါယ်ကို ပြဆိုပါ၏။

မေး။ ဣမာနေဝ ဒွေ ဂဟိတာနိ ဝါကျဝယ် ဣမာနေဝ ဒွေ၌ ဂဟေတဗ္ဗတ္ထနှင့် နိဝတ္တေတဗ္ဗတ္ထတို့ကို ဖော်ပြပါ။

ဖြေ။ ဂဟေတဗ္ဗတ္ထကား = အာလောကိတ, ဝိလောကိတ နှစ်ပါးတည်း။

နိဝတ္တေတဗ္ဗတ္ထကား = ဩလောကိတ, ဥလ္လောကိတ, အပလောကိတ သုံးပါးတည်း။

မေး။ အာလောကိတ, ဝိလောကိတ ပုဒ်တို့၌ အဘယ် နည်း+ဥပစာတို့ကို ရနိုင်ပါသနည်း၊ သာဓကပြ၍ ဖြေပြပါ။

ဖြေ။ ယင်းပုဒ်တို့၌ ဥပလက္ခဏနည်း, ပဓာနနည်း, နိဒဿနနည်း+ဧကဒေသူပစာတို့ကို ရနိုင်၏။

သာဓက = ဣမိနာ ဝါ မုခေန သဗ္ဗာနိပိ တာနိ ဂဟိတာနေဝါတိ ဟူသော အဋ္ဌကထာပြ ဝါကျပင် ဖြစ်၏။

ttp://www.dhammadownload.com



(ဌ၊ နှာ ၁၇၄–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ စက္ခုဒွါရေ အာဂန္တုကပုရိသော ဝိယ ဟောတိ၌ အာဂန္တုက နှစ်မျိုးနှင့် ဤ၌ ယူရမည့် အာဂန္တုကကိုလည်း ဖော်ပြပါ။

ဖြေ။ မကြာမကြာ လာတတ်သောကြောင့် အလေ့အကျင့် ရပြီးသော ဧည့်သည်ကို "အတိထိ အာဂန္တုက"။ အလေ့အကျင့် မရှိသေးသော ယခုမှ ရောက်လာသော ဧည့်သည်ကို "အဗ္ဘာဂတ အာဂန္တုက"။ ဤ၌ "အဗ္ဘာဂတ အာဂန္တုက"ကို ယူပါ။ (ဋီသစ်)

(ဌ၊ နှာ ၁၇၇–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ သီတာလုကဿ ယန် ဒုပဋ္ဋံဟု အဋ္ဌကထာ ဆိုသဖြင့် အအေးကြောက်သော ရဟန်းတော်အတွက် ဒုပဋ္ဋ– နှစ်ထပ်ထက် ပို၍ ထပ်ထားသော သင်္ကန်းတိုင်း အသပ္ပါယ ဖြစ်၏ဟု မှတ်ရမည်လော၊ အကြောင်းနှင့်တကွ ရှင်းပြပါ။

ဖြေ။ အသပ္ပါယ ဖြစ်၏ဟု မမှတ်ရပါ။ သပ္ပါယ ဖြစ်၏ဟုသာ မှတ်ရမည်။
အကြောင်းမှာ = အငွေ့များသော ဂိုဒေါင် စသည်၌ ကြာမြင့်စွာ ထားအပ်သည် ဖြစ်၍ နည်းနည်း ဆွေးနေသော အဝတ်များကို သင်္ကန်းချုပ်ရာ၌ "လေးထပ်သင်္ကန်းကြီး, နှစ်ထပ်ဧကသီ, နှစ်ထပ်သင်းပိုင် ချုပ်နိုင်၏၊ ပံသုကူ အဝတ်ဖြစ်မူ အလိုရှိသလောက် ထပ်နိုင်၏"ဟု ဘုရားရှင် ခွင့်ပြုတော်မူသောကြောင့် ဒုပဋ္ဋ ဟူသော စကားကို နိဒဿနနည်း + ဧကဒေသူပစာအားဖြင့် ဆိုသည်ဟု မှတ်၍ အလိုရှိသလောက် ထပ်နိုင်ပါ၏။

မေး။ အဂ္ဂဠာဒိဒါနေန၌ အဂ္ဂဠ၏ အဓိပ္ပါယ်နှင့် အာဒိ အရတို့ကိုလည်း ဖော်ပြပါ။

ဖြေ။ ရိနေသော အဝတ်အသားကို ထုတ်နုတ်၍ ထိုအပေါက်နေရာ၌ ငြိကပ်စေအပ်သော အဝတ်ပိုင်းသည် အဂ္ဂဠ (အဖာ)မည်၏။
အာဒိ အရ = စုတ်နေသဖြင့် အပ်ချုပ်ရမှု တုန္နကမ္မ စသည်တို့ကို ယူပါ။

မေး။ တထာ ပဋ္ဋုဏ္ဏဒုကူလာဒိဘေဒံ လောဘနီယစီဝရံ၌ တထာ သဒ္ဒါ၏ အနက်ကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ တထာ သဒ္ဒါသည် = အသပ္ပါယမေဝကို ငင်သောကြောင့် အနုကမ္မန အနက်ရှိ၏။

မေး။ ပဋ္ဋုဏ္ဏဒုကူလာဒိဘေဒံ၌ ပဋ္ဋုဏ္ဏနှင့် ဒုကူလတို့၏ အထူးကို ရေး၍၊ အာဒိသဒ္ဒါ၏ အရကိုလည်း ဖော်ပြပါ။

ဖြေ။ ပဋ္ဋုဏ္ဏတိုင်း၌ ဖြစ်သော ပိုးချည်အဝတ်သည် ပဋ္ဋုဏ္ဏ။
ဝါချည်အထူးဖြင့် ရက်အပ်သော ဘွဲ့ဖြူအဝတ်သည် ဒုကူလ။
အာဒိ အရ = ကောသေယျ, ကမ္ဗလ စသော သာနုလောမ ကပ္ပိယစီဝရကို ယူပါ။

မေး။ ပဋ္ဋုဏ္ဏဒုကူလာဒိဘေဒံ လောဘနီယစီဝရံ။ တာဒိသဉှိ အရညေတော ဧကကဿ နိဝါသန္တရာယ ကရံ, ဇီဝိတန္တရာယကရဉ္စာပိ ဟောတိ ဟူသော အဋ္ဌကထာပါဌ်၌ဝယ် နိဝါသန္တရာယ၌ အန္တရာယ် အရနှင့် ပဋ္ဋုဏ္ဏ, ဒုကူလ သင်္ကန်းတို့သည် အရဟတ္တဓဇ ဖြစ်ပါလျက် အန္တရာယ် ပြုတတ်၏ဟု အဘယ်ကြောင့် ဆိုသနည်း။

ဖြေ။ နိဝါသန္တရာယ၌ အန္တရာယ် အရ = ဗြဟ္မစရိယန္တရာယ် တစ်စိတ်တစ်ဒေသကို ယူပါ။
ခိုးသူ စသည်တို့နှင့် ဆက်ဆံသောကြောင့် အန္တရာယ် ပြုတတ်သည်ဟု ဆိုသည်။ (ဋီသစ်)

(ဌ၊ နှာ ၁၇၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဝိနည်း၌ လေးဖွဲ့,ငါးဖွဲ့ ရှိသော သပိတ်ကို သုံးဆောင်ခြင်းငှာ အပ်၏ဟု ဘုရားရှင် ဟောထားပါလျက် ဤသုတ္တန်ပိဋကာ၊ သာမညဖလသုတ်၊ သတိသမ္ပဇည အခန်း၌ အဘယ့်ကြောင့် ယင်းသပိတ်ကို "အသပ္ပါယ– မသင့်လျော်, မလျောက်ပတ်"ဟု ဆိုရသနည်း။

ttp://www.dhammadownload.com



ဖြေ။ ဤသုတ္တန်ပိဋက၊ သာမညဖလသုတ်၊ သတိသမ္ပဇဉ အခန်း၌ကား လေးဖွဲ့,ငါးဖွဲ့ ရှိသော သပိတ်သည် ကမ္မဋ္ဌာနိက ရဟန်းအား ဆေးကြောသုတ်သင်ရန် အလွန်ခဲယဉ်းသည် ဖြစ်၍ သပိတ်၌ ပြဲဘွယ်ကိစ္စ ကြောင့် ကြဗျာပါရ များသောကြောင့် ယင်းသပိတ်ကို "အသပ္ပါယ–မသင့်လျော်, မလျောက်ပတ်"ဟု ဆိုရ၏။ (ဋီ)

မေး။ ယဿ ကဿစိ စတုပဥ္စဂဏ္ဌိကာဟတော ဒုဗ္ဗိသောဓနီယော အသပ္ပါယော၀ ဝါကျ၌ အဘယ့်ကြောင့် အဘယ်သပိတ်သည် "ဒုဗ္ဗိသောဓနီယပတ္တ" မည်သနည်း။

ဖြေ။ လေးဖွဲ့,ငါးဖွဲ့ ဖွဲ့ထားသောကြောင့် ဆေးကြောသုတ်သင်ရန် အလွန်ခဲယဉ်း ခက်ခဲသော သပိတ်သည် "ဒုဗ္ဗိသောဓနီယပတ္တ" မည်၏။

အမှာ။ စတုပဥ္စဂဏ္ဌိကာဟတော ပုဒ်ကို ဒုဗ္ဗိသောဓနီယော ပုဒ်၏ ဟေတုမန္တဝိသေသန အဖြစ် ကြံ၍ စဉ်းစားပါ။

မေး။ ဒုဒ္ဒေါတပတ္တောပိ န ဝဋ္ဋတိ ဝါကျ၌ အဘယ့်ကြောင့် အဘယ်သပိတ်သည် "ဒုဒ္ဒေါတပတ္တ" မည်သနည်း။

ဖြေ။ အထုံးအဖွဲ့ တစ်ခုမျှ မထုံးဖွဲ့ရသေးသော်လည်း ပင်ကိုယ်ပကတိ သဘာဝကပင် ချောမွေ့ပြေပြစ်မှု မရှိသောကြောင့် ဆေးကြောသုတ်သင်ရန် အလွန်ခဲယဉ်း ခက်ခဲသော သပိတ်သည် "ဒုဒ္ဒေါတပတ္တ" မည်၏။

မေး။ မဏိဝဏ္ဏပတ္တော ပန လောဘနီယော ဟူသော ပါဌ်ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ မဏိဝဏ္ဏပတ္တော ပန လောဘနီယော ဟူသော ပါဌ်ဖြင့် "ပတ္တမြား အဆင်းနှင့် တူသော အဆင်းရှိသော ထိုသပိတ်သည် ဝိနည်း ပရိယာယ်အားဖြင့် အပ်သည်။ သို့ရာတွင် သုတ္တန် ပရိယာယ်အားဖြင့် ထိုသပိတ်သည် အန္တရာယ်ကို ပြုတတ်သောကြောင့် အသပ္ပါယ ဖြစ်၏" ဟူသော အဓိပ္ပါယ်ကို ပြသည်။ (ဋီသစ်)

မေး။ အဘယ်သတ္တဝါမျိုးသည် နီလမက္ခိကာ မည်သနည်း။

ဖြေ။ နွားစသော သတ္တဝါတို့၏ အနာကြီးတို့၌ အကျိုးမဲ့ ပျက်စီးခြင်းကို ပြုတတ်သော ယင်ဥများကို ဥချထားခဲ့ တတ်သော ယင်မမဲရိုင်းကြီးများသည် နီလမက္ခိကာ မည်၏။

### (၄၊ နှာ ၁၇၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ကမ္မဋ္ဌာနိက ရဟန်းသည် သင်္ကန်း, သပိတ်, ဆွမ်းတို့ကို ဝတ်ရုံသုံးဆောင်ရာ၌ အသမ္မောဟ သမ္ပဇဉ်ဖြင့် ဥတ္တမ သမ္ပဇဉ်ကို ပြုလေ့ရှိသူ မည်ပုံကို အဋ္ဌကထာ လာသည့်အတိုင်း ဥပမာန+ဥပမေယျ နီးနှော၍ အနှစ်ချုပ် ဖော်ပြခဲ့ပါ။

ဖြေ။ ကမ္မဋ္ဌာနိက ရဟန်းသည် အမာလွှမ်း ပုဆိုးကဲ့သို့ သင်္ကန်းကို မှတ်၍ ဝတ်ရုံ၏။ ဆေးထည့်သော အိုးခြမ်းကွဲကဲ့သို့ သပိတ်ကို မှတ်၍ သုံးဆောင်၏။ အိုးခြမ်းကွဲ၌ ထည့်ထားသော ဆေးကဲ့သို့ သပိတ်၌ ရသော ဆွမ်းကို မှတ်၍ သုံးဆောင်၏ ဤသို့လျှင် သင်္ကန်း, သပိတ်, ဆွမ်းတို့ကို ဝတ်ရုံသုံးဆောင်ရာ၌ ကမ္မဋ္ဌာနိက ရဟန်းသည် အသမ္မောဟ သမ္ပဇဉ်ဖြင့် ဥတ္တမ သမ္ပဇဉ်ကို ပြုလေ့ရှိသူ မည်၏။ (ဋ္ဌ)

### (၄၊ နှာ ၁၈၂–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အဘယ့်ကြောင့် အသမ္မောဟ သမ္ပဇဉကို မဟာသတိပဋ္ဌာန သုတ်၌ အလိုရှိရပါသနည်း။

ဖြေ။ အခြားမရှိသော ဣရိယာပုထ်များ၌ ဖြစ်သော ရုပ်နာမ်ဓမ္မများသည် ထိုထိုသက်ဆိုင်ရာ ဣရိယာပုထ်များ၌ပင် ချုပ်ပျောက် ပျက်စီးမှုကို ပြခြင်း၏ အစွမ်းအားဖြင့် ပညာအဆင်အခြင် ပြုမှုကို အလိုရှိအပ်သောကြောင့် အသမ္မောဟ သမ္ပဇဉကို မဟာသတိပဋ္ဌာန သုတ်၌ အလိုရှိရပါ၏။

မေး။ ဤသာမညဖလသုတ်၌ သမ္ပဇဉ ၄–ပါးလုံး ရခြင်း၏ အကြောင်းကို ဖော်ပြပါ။

ဖြေ။ ဤသာမညဖလသုတ် ဒေသနာတော်၏ ရဟန်းအဖြစ်၏ အကျိုးထူးကို ပြခြင်းလျှင် ပြဋ္ဌာန်းခြင်း ရှိသောကြောင့် (ဝါ) ဤသာမညဖလသုတ် ဒေသနာတော်၏ ရဟန်းအဖြစ်၏ အကျိုးထူးကို ပြသော ဒေသနာတော် ဖြစ်သောကြောင့် ဤသုတ်၌ သမ္ပဇဉ ၄–ပါးလုံးကို ရခြင်းဖြစ်သည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ **သမ္ပဇာနကာရီ**တိ စ သဗ္ဗပဒေသု သတိသမ္ပယုတ္တာသေဝ သမ္ပဇညသာ ဝသေန အတ္ထော ဝေဒိတဗ္ဗော ဟူသော ဝါကျ၌ သတိသမ္ပယုတ္တသေဝ ပါဠ်ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ သတိသမ္ပယုတ္တာသေဝ ပါဌ်ဖြင့် "သမ္ပဇည၏ သိခြင်း ကိစ္စအားဖြင့် ပြဓာန်းသည်၏ အဖြစ်ကို ယူအပ်သကဲ့သို့ ဤအတူ သတိ၏လည်း အောက်မေ့ခြင်း ကိစ္စအားဖြင့် ပြဓာန်းသည်၏ အဖြစ်ကို ယူအပ်၏"ဟူသော အနက်အဓိပ္ပါယ်ကိုလည်းကောင်း၊ ထိုသတိသမ္ပယုတ္တာသေဝ ဟူသော ပုဒ်သည် သတိသမ္ပဇညနှင့် အတူ တကွ ဖြစ်ကာမျှကို ပြကြောင်းဖြစ်သော ပုဒ်ကား မဟုတ်ဟူသော အနက်အဓိပ္ပါယ်ကိုလည်းကောင်း ပြသည်။

မေး။ သတော သမ္ပဇာနော အဘိက္ကမတိ ဟူသော ဝိဘင်းပါဠိဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ သတော သမ္ပဇာနော အဘိက္ကမတိ ဟူသော ဝိဘင်းပါဠိဖြင့် သမ္ပဇာနသည် ပဓာန ဖြစ်သကဲ့သို့ သတိသည်လည်း ပဓာန ဖြစ်သည်ဟု ထင်ရှားပြသည်။

မေး။ သတော သမ္ပဇာနောဟု သတိနှင့် သမ္ပဇညကို တွဲစပ်၍ ဟောရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ဉာဏ်သည် သတိနှင့် ကင်း၍ တစ်ခါတစ်ရံမျှ ဖြစ်ခြင်းသဘော မရှိသောကြောင့် (ဉာဏ်ယှဉ်ရာ စိတ်တိုင်း၌ သတိယှဉ်သည်သာ ဖြစ်သောကြောင့်) သတော သမ္ပဇာနောဟု သတိနှင့် သမ္ပဇညကို တွဲစပ်၍ ဟောတော်မူသည်။ (ဋီသစ်)

မေး။ **သန္တောသ**၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ကောင်းစွာ နှစ်သက်ခြင်း (ဝါ) တင်းတိမ်ရောင့်ရဲခြင်းကို သန္တောသဟု ခေါ်၏။

မေး။ သန္တောသအပြား ၃-ပါးကို အဓိပ္ပါယ်နှင့်တကွ ရေးခဲ့ပါ။

ဖြေ။ ၁။ ယထာလာဘ သန္တောသ = ရသမျှဖြင့် အားရနှစ်သက်ခြင်း။

၂။ ယထာဗလ သန္တောသ = မိမိ အားအစွမ်း အားလျော်စွာ အားရနှစ်သက်ခြင်း၊ ရောဂါကြောင့် မသင့်မြတ်သော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးတို့ကို ရလျှင် ဝိနည်းကို လေးစားသူ ဖြစ်၍ သဘောတူသော ရဟန်း၏ အထံဝယ်ရှိသော သင့်မြတ်သော ဆွမ်းစသည်ဖြင့် လဲ၍ မျှတခြင်း။

၃။ ယထာသာရုပ္ပ သန္တောသ = လျောက်ပတ်သည့် အားလျော်စွာ ရောင့်ရဲခြင်း၊ ကောင်းသော ဆွမ်း - စသည်တို့ကို ရလျှင် ထေရ်ကြီး, ဆရာသမားကြီးတို့အား လှူ၍ မိမိမှာ သင့်တော်သော ဆွမ်း-စသည်ဖြင့် ရောင့်ရဲခြင်း။

မေး။ သန္တောသ ၁၂-မျိုးကို စနစ်တကျ ပြည့်စုံစွာ ရေတွက်ပြပါ။

ဖြေ။ သင်္ကန်း၌ ၁။ ယထာလာဘသန္တောသ ၂။ ယထာဗလသန္တောသ ၃။ ယထာသာရုပ္ပသန္တောသ၊
ဆွမ်း၌ ၁။ ယထာလာဘသန္တောသ ၂။ ယထာဗလသန္တောသ ၃။ ယထာသာရုပ္ပသန္တောသ၊
ကျောင်း၌ ၁။ ယထာလာဘသန္တောသ ၂။ ယထာဗလသန္တောသ ၃။ ယထာသာရုပ္ပသန္တောသ၊
ဆေး၌ ၁။ ယထာလာဘသန္တောသ ၂။ ယထာဗလသန္တောသ ၃။ ယထာသာရုပ္ပသန္တောသ၊
ဟူ၍ ပစ္စည်းလေးပါး၌ သန္တောသ ၃-မျိုးစီ ပြားရကား သန္တောသ ၁၂-မျိုး ဖြစ်၏။ (ဋ)

**(ဋ၊ နှာ ၁၈၄-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ပရိက္ခာရာ ၈-ပါးသရုပ်ကို ဖော်ထုတ်ပါ။

ဖြေ။ သင်းပိုင်၊ ကိုယ်ရုံ၊ ဒုကုဋ်၊ ခါးပန်းကြိုး၊ သပိတ်၊ အပ်၊ ပဲခွပ် (သင်ဓုန်းဓား)၊ ရေစစ်။ (ဋ)

မေး။ ကာယ ပရိဟာရိယနှင့် ကုစ္ဆိ ပရိဟာရိယတို့၏ အထူးကို ဖြေခဲ့ပါ။

ttp://www.dhammadownload.com



ဖြေ။ ကိုယ်၏ အပြင်ပ ကိစ္စ၌ ကိုယ်အား ကျေးဇူးများသော ပစ္စည်းကို "ကာယပရိဟာရိယ"ဟု ခေါ်၏။ စားသောက်ခြင်း၏ အစွမ်းဖြင့် ကိုယ်တည်တံ့ရန် ကျေးဇူးများသော ပစ္စည်းကို "ကုစ္ဆိပရိဟာရိယ"ဟု ခေါ်၏။ ဤသို့ ထူးသည်။ (ဋီသစ်)

အမှာ။ ဋ္ဌ-၌ ပရိဟာရိကဟု ရှိ၍၊ ဋီသစ်၌ ပရိဟာရိယဟု ရှိ၏။

**(ဋ္ဌ၊ နှာ ၁၈၆-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ "မမ ဝိဟာရော ပရိဝေဏံ ဥပဋ္ဌာကော"တိ အာသင်္ဂေါ ဝါ ဗန္ဓော ဝါ န ဟောတိ ဝါကျ၌ အာသင်္ဂနှင့် ဗန္ဓ အရတို့ကို ဖော်ပြပါ။

ဖြေ။ အာသင်္ဂ အရ = ငါ့ဥစ္စာဟူ၍ တပ်မက်တတ်သော တဏှာကို ရ၏။
ဗန္ဓ အရ = ငါ့ဥစ္စာဟူ၍ သိမ်းပိုက်တတ်သော တဏှာကို ရ၏။ (စာစဉ်)

မေး။ အဘယ်ဆင်ကို "မဒဟတ္ထီ"ဟု ခေါ်သနည်း။

ဖြေ။ မျက်စိ, နား, အင်္ဂါဇာတ် သုံးပါး အပြားအားဖြင့် မုန်ယိုသော ဆင်ကို "မဒဟတ္ထီ"ဟု ခေါ်၏။

မေး။ "စာတုဒ္ဒိသော အပ္ပဋိဃော စ ဟောတိ၊ သန္တုဿမာနော ဣတရီတရေန။
ပရိဿယာနံ သဟိတာ အဆမ္ဘီ၊ ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။"
ဤဂါထာ၌ လာသော ပရိဿယ (ဘေးရန်) ၂-မျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ သီဟ,ဗျဂ္ဃ စသော ဗာဟိရ ကာယစိတ္တ ဘေးရန်၊
၂။ ကာမစ္ဆန္ဒ စသော အဇ္ဈတ္တိက ကာယစိတ္တ ဘေးရန်။ (ဋီသစ်)

မေး။ အဘယ်ပုဂ္ဂိုလ်သည် "သဟိတာ"မည်သနည်း။

ဖြေ။ အပြင်ရန် ပေါ်လာသောအခါ အဓိဝါသန ခန္တီဖြင့် သည်းခံသူသည် "သဟိတာ" မည်၏။ (တစ်နည်း) ဝီရိယ စသော တရားတို့ဖြင့် ထိုအပြင်ရန်, အတွင်းရန်တို့ကို ပယ်ရှားနိုင်သူသည် "သဟိတာ" မည်၏။

မေး။ အဘယ်ကို (က) ခဂ္ဂ (ခ) ခဂ္ဂဝိသာဏဟု ခေါ်သနည်း။

ဖြေ။ (က) ကျွဲလောက် ပမာဏ ရှိ၍ ဦးချို တစ်ချောင်းသာ ရှိသော ကြံ့သတ္တဝါကို "ခဂ္ဂ"ဟု ခေါ်၏။
(ခ) တစ်ပါးတည်း နေလေ့ရှိသည်၏ အဖြစ်ကြောင့် ကြံ့၏ တစ်ချောင်းတည်းသာ ရှိသော ဦးချိုနှင့် တူသော ပုဂ္ဂိုလ်ကို "ခဂ္ဂဝိသာဏ"ဟု ခေါ်၏။ (ဋီသစ်)

မေး။ ပါဠိတော်၌ "သေယျထာပိ မဟာရာဇ သကုဏော"ဟုသာ ဟောလျှင် ပြီးပါလျက် "ပက္ခီ"ဟူသော ဝိသေသန ပုဒ်ကို အဘယ်ကြောင့် ထည့်ဟောသနည်း။

ဖြေ။ လေ စသည် တိုက်ခတ်မှု ဘေးရန်ကြောင့် အတောင်ကျိုးသော ငှက်, အလွန်ငယ်သေး၍ အတောင်မပေါက်သေးသော ငှက်တို့ကို တားမြစ်ပိတ်ပင်၍ ဤနေရာ၌ ကောင်းကင်ဝယ် ပျံစွမ်းနိုင်သော အတောင်ရှိသည့် ငှက်ကိုသာ အလိုရှိအပ်၏ဟူသော အနက်ထူး, အဓိပ္ပါယ်ထူးကို ပြလိုသောကြောင့် "ပက္ခီ"ဟူသော ဗျဝစ္ဆေဒက ဝိသေသန ပုဒ်ကို ထည့်၍ ဟောသည်။ (ဋီသစ်)

**(ဋ္ဌ၊ နှာ ၁၈၇-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ နီဝရဏကထာ၌ လာသော ဣမေ စတ္တာရော ပစ္စယာ နတ္ထိ၌ "စတ္တာရော" သရုပ်ကို ဖော်ထုတ်ပါ။

ဖြေ။ ၁။ သီလက္ခန္ဓ သမန္နာဂတ ၂။ ဣန္ဒြိယသံဝရ သမန္နာဂတ ၃။ သတိသမ္ပဇည သမန္နာဂတ ၄။ သန္တုဋ္ဌိတ သမန္နာဂတတို့ ဖြစ်၏။

ttp://www.dhammadownload.com



မေး။ ကာဋ္ဌကနှင့် တီလကတို့၏ အထူးကို ဖြေခဲ့ပါ။

ဖြေ။ ပညတ်တော်ကို လွန်ကျူးခြင်းဟု ဆိုအပ်သော ရှန့်ရင်းသော အပြစ်သည် အမည်းကွက်နှင့် တူသောကြောင့် "ကာဋ္ဌက"။ ဖောက်ပြန်မှားယွင်း ကျူးလွန်ခြင်းဟု ဆိုအပ်သော သိမ့်မွေ့သော အပြစ်သည် "တီလက"။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ အရိယဘူမိ ဟူသည် အဘယ်နည်း။

ဖြေ။ လောကုတ္တရာဘူမိသည် အရိယဘူမိ မည်၏။

မေး။ အပ္ပသဒ္ဒနှင့် အပ္ပနိဂ္ဃောသတို့၏ အထူးကို ဖြေခဲ့ပါ။

ဖြေ။ လူတို့၏ ပကတိ ပြောရိုးအသံ မရှိခြင်းကို အပ္ပသဒ္ဒ။
မြို့,ရွာတို့မှ စုပေါင်း ပြောဆိုအပ်သော အသံ (မြို့,ရွာ တွန်သံ) မရှိခြင်းကို အပ္ပနိဂ္ဃောသ။ ဤသို့ ထူးသည်။

မေး။ ဝိဝိတ္တ (သုည)ပုဒ်ကို အဘယ့်ကြောင့် "အပ္ပသဒ္ဒ-လူတို့၏ ပကတိ ပြောရိုးအသံ မရှိခြင်း၊ အပ္ပနိဂ္ဃောသ-မြို့,ရွာတွန်သံ မရှိခြင်း"ဟူ၍ ဖွင့်ဆိုသနည်း။

ဖြေ။ ဝိဝိတ္တဟူသော ဤနေရာဌာနသည် ဈာန်,မဂ်,ဖိုလ်ကို ရအောင် အားထုတ်ဖို့ရာအတွက် တောကျောင်းသို့ အဋ္ဌပရိက္ခာရိက ရဟန်း ချဉ်းကပ်ရာ ဌာန ဖြစ်၏။ အသံသည် ဈာန်၏ ဆူးငြောင့်သဖွယ် ဆန့်ကျင်ဘက် အန္တရာယ် ဖြစ်၏။ အသံကင်းဆိတ်သော အပ္ပသဒ္ဒ, အပ္ပနိဂ္ဃောသ ဌာနသည်သာလျှင် ဝိဝိတ္တ မည်၏ဟူသော အနက်အဓိပ္ပါယ်ကို ပြလိုသောကြောင့် ဝိဝိတ္တ (သုည)ပုဒ်ကို "အပ္ပသဒ္ဒ, အပ္ပနိဂ္ဃောသ"ဟု ဖွင့်ဆို၏။ (ဋီ)

သတိ။ အထက်ပါ အဖြေကို ရှု၍ ဈာန်၌ အသံဟူသော ဆူးငြောင့် ရှိသည်ကို သတိပြု။

မေး။ သေနာသန လေးမျိုးကို အသီးသီး သရုပ်များနှင့်တကွ တွဲစပ်ဖော်ပြပါ။

ဖြေ။ ၁။ ဝိဟာရ သေနာသန – ဝိဟာရ၊ အဍ္ဍယောဂ၊ ပါသာဒ၊ ဟမ္မိယ၊ ဂုဟာ။
၂။ မဉ္စပီဌ သေနာသန – မဉ္စ၊ ပီဌ၊ ဘိသိ၊ ဗိမ္ဗောဟန။
၃။ သန္ထတ သေနာသန – စိမိလိကာ၊ စမ္မခဏ္ဍ၊ တိဏသန္ထာရ၊ ပဏ္ဏသန္ထာရ။
၄။ ဩကာသ သေနာသန – ရဟန်းတို့ ဝင်ရာ,ထိုင်ရာ အရပ်။ (ဌ)

**(ဌ၊ နှာ ၁၈၇+၁၈၈-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ တတ္ထ **အရညန္တိ** "နိက္ခမိတွာ ဗဟိ ဣန္ဒခီလာ သဗ္ဗမေတံ အရည"န္တိ ဣဒံ ဘိက္ခုနီနံ ဝသေန အာဂတံ ဝါကျ၌ ဘိက္ခုနီနံ ဝသေန အာဂတံ ဟူသော စကားရပ်ကို ဝိနည်းဒေသနာလာ တောကျောင်းကို "အရည"ဟု ခေါ်ဆိုလိုသောကြောင့် ထည့်သွင်း ရေးထားခဲ့ပါသလော၊ ကျနစွာ ရှင်းပြပါ။

ဖြေ။ ဘိက္ခုနီနံ ဝသေန အာဂတံ ဟူသော စကားရပ်ကို ထည့်ဆိုထားခြင်းသည် ဝိနည်းဒေသနာလာ တောကျောင်းကို အရညဟု ခေါ်ဆိုလိုသောကြောင့် ထည့်ဆိုထားခြင်း မဟုတ်ပါ။
ဝိနည်းပါဠိတော်၌ "နိက္ခမိတွာ ဗဟိ ဣန္ဒခီလာ သဗ္ဗမေတံ အရည"ဟူ၍ အဘိဓမ္မာ ဈာနဝိဘင်းလာ စကားရပ်နှင့် ထပ်တူ ဟောကြားထားချက် ရှိသေး၏ဟူ၍ သိရှိနိုင်ရန်သာလျှင် ရည်ရွယ်၍ ဘိက္ခုနီနံ ဝသေန အာဂတံ ဟူသော စကားရပ်ကို ထည့်ဆိုထားခြင်း ဖြစ်သည်။

မေး။ တတ္ထ **အရညန္တိ** "နိက္ခမိတွာ ဗဟိ ဣန္ဒခီလာ သဗ္ဗမေတံ အရည"န္တိ ဣဒံ ဘိက္ခုနီနံ ဝသေန အာဂတံ ဝါကျ၌ အရည အရ = ယူရမည့် တောကို အကြောင်းနှင့်တကွ ဖြေဆိုပါ။

ဖြေ။ ဝိနည်း,သုတ္တန် ဒေသနာတော်များသည် ဥပစာရ ပရိယာယ်ပြမျှသာ ဖြစ်၏။ အဘိဓမ္မာ ဒေသနာတော်သည်သာ မုချ, နိပ္ပရိယာယပြ ဒေသနာတော် ဖြစ်၏။ ထို့ကြောင့် အဘိဓမ္မာ ဒေသနာတော်လာ "တော"ကိုသာ တတ္ထ အရညန္တိ ဝါကျ၌ အရည အရ = ယူရသည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ အဋ္ဌပရိက္ခာရိက ရဟန်းအား သင့်လျော်လျောက်ပတ်သော (အရညဝိဟာရ) တောကျောင်း၏ တည်ရှိရာ အရပ်ဒေသကို ဖော်ပြပါ။

ဖြေ။ အရံရှိသောရွာ ဖြစ်ခဲ့မူ ရွာ၏ အရံမှ, အရံမရှိသောရွာ ဖြစ်ခဲ့မူ အဆုံးစွန်သော အိမ်၏ ဥပစာမှ ရပ်၍ ထာမမဇ္ဈိမပုရိသသည် ပစ်လွှတ်လိုက်သော ခဲတစ်ကျ အရပ်မှ စ၍ ညှို့တင်ထားသော လေးဆရာတို့၏ လေးဖြင့် တိုင်းတာအပ်သည် ရှိသော် ကုတ်လုပ်လေးတာ အပြန်ငါးရာ ကွာဝေးသော အရပ်၌ တည်ရှိသော ကျောင်းသည် အဋ္ဌပရိက္ခာရိက ရဟန်းအား သင့်လျော်လျောက်ပတ်သော (အရညဝိဟာရ) တောကျောင်းမည်၏။

**(၄၂၊ နှာ ၁၈၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **ပဗ္ဗတန္တိ** သေလံ ဝါကျ၌ ပဗ္ဗတ အပြားကို ဖော်ပြပါ။

ဖြေ။ ၁။ ကျောက်တောင် ၂။ မြေသက်သက်တောင် ၃။ မြေနှင့်ကျောက် ရောသော တောင်ဟူ၍ သုံးပါးရှိ၏။

မေး။ **ဂိရိဂုဟန္တိ** ဒွိန္နံ ပဗ္ဗတာနံ အန္တရံ, ဧကသ္မိံယေဝ ဝါ ဥမင်္ဂသဒိသံ မဟာဝိဝရံ ဝါကျ၌ ဥမင်္ဂသဒိသံ, မဟာဝိဝရံ ဟူသော ပါဠိနှစ်ချက်ကို ဆိုခဲ့ပြီးသော သံဝဏ္ဏနာများနှင့် မည်ကဲ့သို့ ဆက်စပ်၍ အဓိပ္ပါယ် ယူရမည်နည်း၊ ရှင်းပြပါ။

ဖြေ။ တောင်တစ်လုံးတည်း၌ ဖြစ်သော ကျယ်စွာသော အခေါင်းအပေါက်သည်သာလျှင် အထက်၌ မိုးအပ်သော အမိုးရှိသောကြောင့် ဥမင်သဖွယ် ဖြစ်သည်။ အတွင်း၌ လှိုဏ်သဖွယ်လည်း ဖြစ်သည်။ ထို့ကြောင့် ဥမင်္ဂသဒိသံ ပါဠိကို ဧကသ္မိံယေဝ ဟူသော အာစရ တစ်ပုဒ်တည်း၌သာလျှင် ဆက်စပ်၍ အဓိပ္ပါယ် ယူရမည်။

တောင်နှစ်လုံးတို့၏ အကြားအရပ် ဖြစ်သော ကျယ်စွာသော အခေါင်းအပေါက်သည် အထက်၌ တစ်စုံတစ်ခုသော အမိုးအကာ မရှိသောကြောင့် ဥမင်သဖွယ်လည်း မဖြစ်၊ လှိုဏ်ခေါင်းနှင့်လည်း မတူ။ ထို့ကြောင့် ဥမင်္ဂသဒိသံ ပါဠိကို ဒွိန္နံ ပဗ္ဗတာနံ အန္တရံ ပါဠိရပ်နှင့် ဆက်စပ်၍ အဓိပ္ပါယ် မယူရပါ။

မဟာဝိဝရံ ပါဠိကိုကား ဒွိန္နံ ပဗ္ဗတာနံ အန္တရံ ဟူသော ပါဠိ, ဧကသ္မိံယေဝ ဟူသော ပါဠိ ဤပါဠိ နှစ်ရပ်လုံးနှင့်ပင် "အတ္ထယုတ္တိ ရှိသောကြောင့်" ဆက်စပ်၍ အဓိပ္ပါယ် ယူရမည်။ (ဋီသစ်)

မေး။ အဘယ့်ကြောင့် အဘယ်အရာသည် **ဝနပတ္ထ** မည်သနည်း။

ဖြေ။ တောနှင့်တူသော သစ်ပင်ကြီးကို တောင်ထွဋ်ဟု ဆိုအပ်၏။ ထိုတောင်ထွဋ်နှင့် တူသည်၏ အဖြစ်ကြောင့် လူတို့၏ လှည့်လည်ရာ မဟုတ်သော တောသည် ဝနပတ္ထ မည်၏။ (စာစဉ်)

မေး။ **ဝနပတ္ထန္တိ** ဂါမန္တံ အတိက္ကမိတွာ မနုဿာနံ အနုပစာရဋ္ဌာနံ ဝါကျ၌ ပါသည့် အနုပစာရဋ္ဌာန ဟူသည် အဘယ်နည်း။

ဖြေ။ လယ်ထွန်ခြင်း, စိုက်ပျိုးခြင်းတို့၏ အစွမ်းဖြင့် ပကတိ လှည့်လည်ခြင်းကို ပယ်မြစ်ထားသော အရပ်သည် အနုပစာရဋ္ဌာန (လူတို့၏ ဥပစာ မဟုတ်သော အရပ်) မည်၏။ (စာစဉ်)

မေး။ တေနေဝါဟ "ဝနပတ္ထန္တိ ဒူရာနမေတံ သေနာသနာနံ အဓိဝစန"န္တိ အာဒိ၌ အာဒိဖြင့် ယူရမည့် ပါဠသေသ တို့ကို ဖော်ပြပါ။

ဖြေ။ အာဒိဖြင့် = "ဝနပတ္ထန္တိ ဝနသဏ္ဍာနမေတံ သေနာသနာနံ အဓိဝစနံ၊ ဝနပတ္ထန္တိ ဘီသနကာနမေတံ၊ ဝနပတ္ထန္တိ သလောမဟံသနမေတံ၊ ဝနပတ္ထန္တိ ပရိယန္တာနမေတံ၊ ဝနပတ္ထန္တိ န မနုဿူပစာရာနမေတံ သေနာသနာနံ အဓိဝစနံ"ဟူသော ဝိဘင်းပါဠိတော်လာ ပါဠသေသတို့ကို ယူပါ။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ဂစ္ဆဂုမ္ဗာဒီနမ္ပိ ဥပရိ ပလာလံ ပက္ခိပိတွာ ဝါကျ၌ ပိသဒ္ဒါ၏ အနက်နှင့် အဓိပ္ပါယ်ကို ဖော်ပြပါ။

ဖြေ။ ပိသဒ္ဒါကား = ဝုတ္တသမုစ္စည်းအနက်, သမ္ဘာဝနာအနက် ရှိ၏။
ယင်းပိသဒ္ဒါဖြင့် = ဆိုခဲ့ပြီးသော ရှေ့နည်းလာ အနက်, အဓိပ္ပါယ်များကို ပေါင်းဆည်း ယူရ၏။ (ဋီသစ်)

အမှာ။ ဆိုခဲ့ပြီးသော ရှေ့နည်းလာ အနက်,အဓိပ္ပါယ်များကို ပေါင်းဆည်းယူ၏ ဟူသည် = ကောက်ရိုးပုံကြီးမှ ကောက်ရိုးများကို ဆွဲငင်စုရုံး၍ လိုဏ်ဂူသဖွယ် ဆောက်လုပ်ထားသော ကောက်ရိုးအိမ်များသည်သာ ပလာလပုဉ္ဇ မည်သည် မဟုတ်သေး၊ ခြုံပုတ်များ အပေါ်၌ ကောက်ရိုးများကို တင်၍ ထားအပ်သော ကောက်ရိုးအိမ်များသည်လည်း ပလာလပုဉ္ဇ မည်သေးသည်ဟူသော အနက်,အဓိပ္ပါယ်ကို ပေါင်းဆည်းယူ၏ဟု ဆိုလိုပါ၏။

မေး။ **ပလ္လင်္ကံ** သမန္တတော ဥရုဗဒ္ဓါသနံ၌ ယူရမည့် အနက်ကို အတ္ထာပတ္တိ နည်းအားဖြင့် ဝိနိစ္ဆယ ချခဲ့ပါ။

ဖြေ။ ဥရုဗဒ္ဓါသန ပလ္လင်္ က် ဟူသော အနက်ကို ယူပါ။
နိသီဒိတဗ္ဗ ပလ္လင်္ က် ဟူသော အနက်ကို မယူရ။ (ဋီသစ်)

နိယံ။ ဗျတိရေက, အနွယ၊ နွယဗျတိ၊ ပြန်လှန်ဘိ၊ အတ္ထာပတ္တိ နည်းပေတည်း။

မေး။ **ပလ္လင်္ကံ အာဘုဇိတွာ**၌ ပလ္လင်္ က်သရုပ်နှင့် ဣဓာဓိပ္ပေတ ပလ္လင်္ က်ကို ဖော်ပြပါ။

ဖြေ။ ပလ္လင်္ က် သရုပ်ကား ...
၁။ ပေါင်တို့ကို ဖွဲ့ခွေခြင်း၏ အစွမ်းဖြင့် ထိုင်နေခြင်းဟု ဆိုအပ်သော ဥရုဗဒ္ဓါသန ပလ္လင်္ က်၊
၂။ ထိုင်ရာနေရာ ကုဋင်, ညောင်စောင်း ဟူသော နိသီဒိတဗ္ဗာသန ပလ္လင်္ က်၊
၃။ အပရာဇိတပလ္လင်ဟု ခေါ်ဝေါ်အပ်သော ပလ္လင်္ က်ဟု သုံးမျိုးရှိ၏။
ဣဓာဓိပ္ပေတ ပလ္လင်္ က်ကား = ဥရုဗဒ္ဓါသန ပလ္လင်္ က် ဖြစ်သည်။ (ဋီသစ်)

မေး။ **ဥဇုံ ကာယံ ပဏိဓာယ**၌ ယူရမည့် ကာယကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ အောက်ပိုင်းဖြစ်သော ကိုယ်ကို အဖြောင့် မဟုတ်ဘဲ ထားခြင်းကို ထိုင်ခြင်း အနက်ဟော နိသီဒတိ သဒ္ဒါဖြင့်ပင် သိစေအပ်ပြီး ဖြစ်သောကြောင့် ဥဇုံ ကာယံ၌ ကာယ အရ = ဥပရိမကာယကို ယူပါ။ (ဋီသစ်)

အမှာ။ ဤနေရာ၌ ကာယပုဒ်ကို ဥပစာတင်လိုသော် ဧကဒေသူပစာ တင်ရမည်။

မေး။ **ဥဇုံ ကာယံ ပဏိဓာယာ**တိ ဥပရိမံ သရီရံ ဥဇုံ ဌပေတွာ အဋ္ဌာရသ ပိဋ္ဌိကဏ္ဍကေ ကောဋိယာ ကောဋိံ ပဋိပါဒေတွာ။ ဧဝဉှိ နိသိန္နဿ စမ္မမံသနှာရူနိ န ပဏမန္တိ ဝါကျဝယ် ဧဝဉ္ဟိ၌ ဧဝံသဒ္ဒါနောင် ကျေပျောက်နေသော ဝိဘတ်နှင့် ယင်းဝိဘတ်အားလျော်သော ဧဝံသဒ္ဒါတို့၏ အနက်တို့ကို ဋီသစ်အလိုကျ ဖော်ပြပါ။

ဖြေ။ ဧဝံနောင် သိမ် ဝိဘတ် ကျေ၏။
သိမ် ဝိဘတ် အကျေကြံသော် ဧဝံ ပုဒ်ကို "ဧဝံ တထာ ဌပနေ–ဤသို့ ကျောက်ကုန်းရိုးတို့ကို အချင်းချင်း ထိစေ၍ အထက်ဖြစ်သော ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထားခြင်းသည်၊ သတိ–ဖြစ်လသော်"ဟူ၍ ဧဝံကို လက္ခဏဝန္တ၊ သတိကို လက္ခဏအနက် ယောဇနာရမည်။
(တစ်နည်း) ဧဝံနောင် နာဝိဘတ် ကျေ၏။
နာဝိဘတ် အကျေကြံသော် ဧဝံ ပုဒ်ကို "ဧဝံ တထာ ဌပနဟေတုနာ–ဤသို့ ကျောက်ကုန်းရိုးတို့ကို အချင်းချင်း ထိစေ၍ အထက်ဖြစ်သော ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထားခြင်းဟူသော အကြောင်းကြောင့်"ဟူ၍ ဧဝံကို ဟိတ်အနက် ယောဇနာရမည်။ (ဋီသစ်)

အမှာ။ ဤကား ဋီသစ်အလိုတည်း။ ဤဝါကျရှိ ဧဝံ ပုဒ်၌ အနက်ပေးပုံ အပြည့်အစုံကို အနက်ပေးနည်း စည်းမျဉ်း ကဏ္ဍ၌ ပြထားပါ၏။

ttp://www.dhammadownload.com



မေး။ ဝိဝိတ္တံ သေနာသနံ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ပါဠ်တို့ဖြင့် အဘယ်ကို ပြဆိုပါသနည်း၊ အသီးသီး ဖြေဆိုခဲ့ပါ။

ဖြေ။ ဝိဝိတ္တံ သေနာသနံ ပါဠ်ဖြင့် = ဘာဝနာ အားထုတ်ခြင်း၌ လျောက်ပတ်သော ကျောင်းကို ပြ၏။
နိသီဒတိ ပါဠ်ဖြင့် = မတွန့်ဆုတ်ခြင်း, မပျံ့လွင့်ခြင်း အဖို့၌ ဖြစ်သော ဣရိယာပုထ်ကို ပြ၏။
ပလ္လင်္ကံ အာဘုဇိတွာ ပါဠ်ဖြင့် = ထိုင်ခြင်းဖြင့် ခိုင်မြဲသည်ကို ပြ၏။ (စာစဉ်)

**(၄၊ နှာ ၁၈၉-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **အဘိဇ္ဈံ လောကေ** ဟူသော ပါဠ်၌ လောကေ ပုဒ်ကို ဝါဒစုံစွာ အနက်ယောဇနာ ပြီးလျှင်၊ မသင့်သော ဝါဒ, သင့်သော ဝါဒတို့ကိုလည်း အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ ၁။ လောကေ-ပျက်စီးတတ်, ဖြစ်တတ်သော သင်္ခါရလောက၌။ (ကေစိဝါဒ)
၂။ လောကေ-ပျက်စီးတတ်, ပရမ်းပတာ ပျက်စီးတတ်, ခဏခဏတိုင်း ပျက်စီးတတ်သော ဥပါဒါနက္ခန္ဓာ ဟူသော သင်္ခါရလောက၌။ (သာရတ္ထ-သမာနဝါဒ)
၃။ လောကေ-ခဏဘင်အားဖြင့် ပျက်စီးခြင်းသဘော, စုတိဘင်အားဖြင့် အလွန်အကဲ ပျက်စီးခြင်းသဘော ရှိသော ဥပါဒါနက္ခန္ဓာဟူသော လောက၌။ (ဝံသတ္ထပကာသနီ)

ယင်းဝါဒသုံးရပ်တို့တွင် ကေစိဝါဒသည် ဘုရားရှင်၏ ပါဠိတော်နှင့် ဆန့်ကျင်သောကြောင့်လည်းကောင်း၊ လုဇ (ဝါ) လုစ ဓာတ်သည် ဖြစ်ခြင်း ဥပ္ပါဒက္ခဏကို မဟောနိုင်ခြင်းကြောင့်လည်းကောင်း မသင့်ပါ။ သာရတ္ထ-သမာနဝါဒနှင့် ဝံသတ္ထပကာသနီ ဝါဒတို့သည် ကေစိဝါဒ၌ ပြဆိုအပ်သော အကြောင်းတို့မှ ပြောင်းပြန်ဖြစ်သော အကြောင်းတို့ကြောင့် သင့်၏။ (ဋီသစ်)

မေး။ "လုဇ္ဇတီတိ လောကော-ပျက်တတ်သောကြောင့် လောက"ဟုဆိုလျှင် လောကုတ္တရာ ခန္ဓာတို့လည်း ဘင်ခဏ၌ ပျက်တတ်ရကား လောကအမည် ရသင့်သည် မဟုတ်ပါလော။

ဖြေ။ အနိစ္စာနုပဿနာဖြင့် ပျက်တတ်သောကြောင့် ဥပါဒါနက္ခန္ဓာ လောကကိုသာ လောကဟူ၍ ယူထိုက်၏။ ထိုသို့ ယူခြင်းမှ ကင်းကုန်သောကြောင့်လည်းကောင်း၊ လောကုတ္တရာ တရားတို့အား လောက၏ အဖြစ် မရှိသောကြောင့်လည်းကောင်း လောကုတ္တရာ ခန္ဓာတို့သည် လောကအမည် မရသင့်ပါ။ (ဋီသစ်)
(တစ်နည်း) ပုထုဇဉ်တို့၏ တေဘူမက တရားကို နိစ္စဟူသော အယူကို တားမြစ်ဖို့ရာ "လောက-ပျက်သော တရား"ဟု တမင်လာ နာမည်တင်ရ၏။ လောကုတ္တရာ တရားကား အရိယာတို့၏ အာရုံဖြစ်၍ ယင်းတရားကို မပျက်ဟု အရိယာတို့က အယူ မရှိသောကြောင့် လောကဟု ပြောဆိုနေဘွယ် မလိုရကား လောကဟူသော အမည် မရသင့်ပါ။ (ဋီသစ်)
(တစ်နည်း) ဒုက္ခသစ္စာ နယ်အတွင်း၌ အတွင်းဝင်နေသော လောကီ ဥပါဒါနက္ခန္ဓာ ငါးပါးကိုသာ အထင် ရှဋ္ဌီအားဖြင့် လောကဟု ယူရမည်။ လောကုတ္တရာ ခန္ဓာတို့ကား ဒုက္ခသစ္စာ နယ်ပယ်မှ လွန်မြောက်ပြီး ဖြစ် သောကြောင့် လောကဟူသော အမည်ကို မရသင့်ပါ။ (ဋီသစ်၊ အဖြေသစ်)

မေး။ **ဝိဂတာဘိဇ္ဈေနာ**တိ ဝိက္ခမ္ဘနဝသေန ပဟီနတ္တာ၌ "ဝိက္ခမ္ဘနဝသေန ပဟီနတ္တာ"ဟူသော စကားသည် မုချ စကား ဖြစ်သလော၊ အကြောင်းနှင့်တကွ ဆုံးဖြတ်ခဲ့ပါ။

ဖြေ။ ဝိက္ခမ္ဘနဝသေန ပဟီနတ္တာ ဟူသော စကားသည် ဥပစာစကား ဖြစ်၏။
အကြောင်း = ကမ္မဋ္ဌာနိက ရဟန်းသည် ဈာန်ကို မရသေး၍ ဆန့်ကျင်ဘက် နီဝရဏတို့ကို ဝိက္ခမ္ဘနပ္ပဟာန် အားဖြင့် မပယ်ခွာနိုင်သေးသောကြောင့်လည်းကောင်း၊ ပဟီနဟူသော သဒ္ဒါသည်လည်း အတူဖြစ်သော

ttp://www.dhammadownload.com



ဝိက္ခမ္ဘနပ္ပဟာနဖြင့် အဘိဇ္ဈာကို ပယ်ခွာခြင်း ပဟီနပဟူသော အမည်ကို အတူရှိသော တဒင်္ဂပ္ပဟာနဖြင့် အဘိဇ္ဈာကို ပယ်ခွာခြင်း၌ တင်စား၍ အတူရှိသော တဒင်္ဂပ္ပဟာနဖြင့် အဘိဇ္ဈာကို ပယ်ခွာခြင်းကို ပဟီနဟူ၍ ခေါ်ဝေါ်သုံးနှုန်းထားသော သဒိသူပစာသဒ္ဒါသာ ဖြစ်သောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

အမှာ။ ယင်းအဖြေကို ရှု၍ ဤနေရာ၌ "ဝိက္ခမ္ဘနဝသေန ပဟီနတ္တာ"ဟူသော စကားသည် အဘိဇ္ဈာကို တဒင်္ဂပ္ပဟာန် အားဖြင့်သာ ပယ်ခွာ၏ဟု မှတ်ပါ။

မေး။ ဗျာပန္နတိ ဣမိနာ စိတ္တံ ပူတိကုမ္မာသာဒယော ဝိယ ပုရိမပကတိံ ဝိဇဟတီတိ ဗျာပါဒေါ ဝါကျ၌ "ပုရိမပကတိ" ဟူသည် အဘယ်နည်း။

ဖြေ။ ထက်ဝန်းကျင် စင်ကြယ်၍ ဖြူသော စိတ်၏ ပင်ကိုယ်သဘောသည် "ပုရိမပကတိ" မည်၏။ (စာစဉ်)

မေး။ **အာလောကသညီ**တိ ရတ္တိမ္ပိ ဒိဝါပိ ဒိဋ္ဌာလောကသဥ္ဇာနနသမတ္ထာယ ဝါကျ၌ ဒိဋ္ဌာလောက အရကို ဖော်ပြပါ။

ဖြေ။ ညအခါ၌ = လရောင်၊ ကြယ်ရောင်၊ ဆီမီးရောင်၊ မီးရှူးရောင် စသည်တို့ကိုလည်းကောင်း၊ နေ့အခါ၌ = နေရောင်ကိုလည်းကောင်း ရ၏။ (စာစဉ်)

မေး။ **သတော သမ္ပဇာနော**တိ သတိယာ စ ဉာဏေန စ သမန္နာဂတော ဟူသော ဝါကျ၌ ဒေသနာတော်ကို ပုဂ္ဂလာ ဓိဋ္ဌာန်အားဖြင့် ဖွင့်ဆိုထားပြီး ဖြစ်ပါလျက် အဘယ့်ကြောင့် ဣဒံ ဥဘယံ အာလောကသညာယ ဥပကာရတ္တာ ဝုတ္တံ ဟူသော ဝါကျ၌ "ဣဒံ ဥဘယံ-ဤသတိ,ပညာ တရားနှစ်ပါး အပေါင်းကို"ဟူ၍ ဓမ္မာဓိဋ္ဌာန်အားဖြင့် ဆက်လက် ဖွင့်ဆိုရသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ သတော သမ္ပဇာနောဟု ဟောထားတော်မူခဲ့သည့် ပါဠိတော်အားလျော်စွာ ပုဂ္ဂိုလ်ဒြပ်ရအောင် ပုဂ္ဂလာဓိဋ္ဌာန် အားဖြင့် **သတော သမ္ပဇာနော**တိ သတိယာ စ ဉာဏေန စ သမန္နာဂတော ဟူသော ဝါကျကို ဖွင့်ဆိုထားခြင်း ဖြစ်၏။ ပါဠိတော်၌ သတော သမ္ပဇာနောဟု ပုဂ္ဂလာဓိဋ္ဌာန် ဒေသနာတော်၏ အစွမ်းဖြင့် ဟောကြားထား သော်လည်း အမှန်မုချအားဖြင့်ကား ဤနေရာ၌ သတိ+ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်များကို အလိုမရှိအပ်၊ ထိုပုဂ္ဂိုလ်များ၌ ရှိသော သတိ+ဉာဏ် တရားနှစ်ပါး အပေါင်းကိုသာ အလိုရှိအပ်၍ ဤ၌ ယူရမည့် ဓမ္မဒြပ်ကို အတိအကျ ဆက်လက် ညွှန်ပြလိုသောကြောင့် ဣဒံ ဥဘယံ အာလောကသညာယ ဥပကာရတ္တာ ဝုတ္တံ ဟူသော ဝါကျ၌ "ဣဒံ ဥဘယံ-ဤသတိ,ပညာ တရားနှစ်ပါး အပေါင်းကို"ဟူ၍ ဓမ္မာဓိဋ္ဌာန်အားဖြင့် ဆက်လက် ဖွင့်ဆိုရ၏။ (ဋီသစ်မှီး အဖြေသစ်)

မေး။ ရှေ့လူကို နောက်လူက ကျော်သွားခြင်းမျိုးကဲ့သို့ ကျော်လွန်မှုမျိုးကို "ဝိစိကိစ္ဆံ တရိတ္ဝာ အတိက္ကမိတွာ ဌိတော-ဝိစိကိစ္ဆာကို ကျော်လွန်၍ တည်သည်"ဟု ဆိုလိုပါသလော၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ရှေ့လူကို နောက်လူက ကျော်သွားခြင်းမျိုးကဲ့သို့ ကျော်လွန်မှုမျိုးကို "ဝိစိကိစ္ဆံ တရိတွာ အတိက္ကမိတွာ ဌိတော"ဟု ဆိုလိုသည် မဟုတ်ပါ။

ချာန်မရမီ ရှေးအဘို့၌ ဖြစ်သည့် ပုဗ္ဗဘာဂဘာဝနာခေါ်သော ကာမာဝစရ ကုသိုလ်ဘာဝနာဖြင့် ဝိစိကိစ္ဆာကို ပယ်စွန့်ခြင်းကိုသာလျှင် "ဝိစိကိစ္ဆံ တရိတွာ အတိက္ကမိတွာ ဌိတော"ဟု ဆိုလိုပါ၏။ (ဋီသစ်)

**(၄၊ နှာ ၁၉၀-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ကာကဏိကမတ္တ အရကို ဝါဒစုံစွာ တင်ပြပါ။

ဖြေ။ ကာကဏိကမတ္တ အရကို ...

၁။ ကေဂုဉ္ဇမတ္တ - တစ်ချင်ရွေး ပမာဏမျှကိုသာ ယူရမည်။ (ဝဒန္တိဝါဒ)

၂။ ဒီယမုဝီဟိမတ္တ - စပါးလုံး တစ်လုံးခွဲ ပမာဏမျှကိုသာ ယူရမည်။ (ဝိနည်းဋီကာ)

၃။ ခုဒ္ဒကကုဏ္ဍကပမာဏမေဝ - သေးငယ်သော ဆန်ကျိုး(ဆန်ကွဲ) ပမာဏမျှကိုသာ ယူရမည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ သော ဟိ “အဏာဏောမှီ”တိ အာဝဇ္ဇန္တော ဗလဝပါမောဇ္ဇံ လဘတိ၊ သောမနဿံ အဓိဂစ္ဆတိ ဝါကျ၌ ယထာလာဘနည်းဖြင့် ယူရမည့် အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ သော ဟိ “အဏာဏောမှီ”တိ အာဝဇ္ဇန္တော ဗလဝပါမောဇ္ဇံ လဘတိ၊ သောမနဿံ အဓိဂစ္ဆတိလာ ဝါကျဝယ် ပါမောဇ္ဇ, သောမနဿ နှစ်ပါးစုံကို ရခြင်း၏ အကြောင်းကို ထုတ်ပြရာ၌ “ငါ့မှာ ကြွေးမြီ မရှိ”ဟု ဆင်ခြင် သုံးသပ်မိခြင်းဟူသော အကြောင်းတစ်မျိုးကိုသာ ထုတ်ပြသည်။

ယထာလာဘနည်းဖြင့်ကား = ငါသည် ကြွေးမြီဟူသော ပလိဗောဓမှ ကင်းစင်လွတ်မြောက်ပြီဟု ဆင်ခြင် သုံးသပ်မိသောကြောင့် ဗလဝပါမောဇ္ဇကို ရသည်။ ငါ့မှာ အသက်မွေးဖို့ရန် အရင်းအနှီး ပစ္စည်း,ဥစ္စာ ကျန်ရှိ သေး၏ဟု ဆင်ခြင် သုံးသပ်မိသောကြောင့် သောမနဿကို ရသည်။ ဤသို့ ခွဲခြား၍ ယူရသည်။ (ဋီသစ်)

မေး။ **အာဗာဓိကနှင့် ဒုက္ခိတ**တို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ အာဗာဓဟု ဆိုအပ်သော မူလ အနာရောဂါကြောင့် ဆင်းရဲဒုက္ခ ရောက်နေသူကို “အာဗာဓိက”။ ဆိုခဲ့ပြီးသော ထိုမူလ အနာရောဂါဖြင့် ဆက်ကာဆက်ကာ လွန်စွာ ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခ ရောက် နေသူကို “ဒုက္ခိတ”။ ဤသို့ ထူးသည်။

မေး။ ဘတ္တစ္ဆဿ ဟူသော ပါဠိတော်ကို ထောက်၍ န ရုစ္စေယျ ပုဒ်၏ ဖြစ်သင့်သော အနက်ကို ဆုံးဖြတ်ပါ။

ဖြေ။ ဘတ္တစ္ဆဿ ဟူသော ပါဠိတော်၌ အဿ ဟူသော ကတ္တားပါဌ်ကို မြင်ရသောကြောင့် န ရုစ္စေယျ ပုဒ်သည် ကမ္မတ္တကြိယာပုဒ် ဖြစ်၏။ (ဋီသစ်)

မေး။ အဘယ့်ကြောင့် **ဘုဇိဿ** မည်သနည်း။

ဖြေ။ သူတစ်ပါးတို့နှင့် မစပ်ဆိုင်တော့သည် ဖြစ်၍ မိမိ၏ လက်ရုံးကဲ့သို့ မိမိကိုယ်ကို မိမိအလိုကျ စေခိုင်းနိုင် သောကြောင့် ဘုဇိဿ မည်၏။ (စာစဉ်)

မေး။ **ဘုဇိဿော** ပုဒ်ကို အဘယ့်ကြောင့် အတ္တနော သန္တကောဟု ဖွင့်ဆိုရသနည်း။

ဖြေ။ ဘုဇိဿ–ကျွန်အဖြစ်မှ တော်လှန်ပြီးသူဟူသည် ကျွန်အဖြစ်မှ လွတ်မြောက်ပြီးသူကို ဆိုလိုပါ၏။ ကျွန်အဖြစ် မှ လွတ်မြောက်လျှင် မိမိစိတ်သဘောအလျောက် သွားလိုရာ သွား, စားလိုရာ စား, လုပ်လိုရာ လုပ်နိုင်ခွင့်ကို ရရှိပြီးသော သဘောပင် ဖြစ်၏။ ဤသို့ ကိုယ်ခန္ဓာကြီးကို မိမိအလိုဆန္ဒအတိုင်း ပိုင်လာပြီ ဖြစ်၍ မိမိခန္ဓာ ကိုယ်ကြီးကို မိမိဥစ္စာဟု ဆိုထိုက်ပေတော့၏။ မိမိခန္ဓာကိုယ်ကြီးကို သူတစ်ပါး၏ ဥစ္စာဟု မဆိုထိုက်တော့ ပါ။ ထို့ကြောင့် ဘုဇိဿော ပုဒ်ကို အတ္တနော သန္တကောဟု ဖွင့်ဆိုရ၏။ (ဋီသစ်+အဖြေသစ်)

မေး။ **ဒါသဗျာ၌** ဒါသသရုပ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ၁။ အန္တောဇာတဒါသ – အိမ်ပေါက်ကျွန်၊

၂။ ဓနက္ကီတဒါသ – ငွေဝယ်ကျွန်၊

၃။ ဒါသဗျဥပဂတဒါသ – သူ့အလိုအလျောက် ကျွန်အဖြစ်သို့ ကပ်ရောက်လာသောကျွန်၊

၄။ ကရမရာနီတဒါသ – စစ်မြေအရပ်မှ ခေါ်ဆောင်အပ်သော သုံ့ရကျွန်, စစ်သုံ့ပန်းကျွန်။ (အဘိဓာန်)

မေး။ **ကန္တာရဒ္ဓါနမဂ္ဂန္တိ** ကန္တာရံ အဒ္ဓါနမဂ္ဂံ၊ နိရုဒကံ ဒီဃမဂ္ဂန္တိ အတ္ထော ဝါကျ၌ လာသော ကန္တာရဒ္ဓါနမဂ္ဂ သရုပ်ကို ဖော်ထုတ်၍၊ ဤကန္တာရဒ္ဓါနမဂ္ဂပုဒ်၌ အလိုရှိအပ်သော ကန္တာရဒ္ဓါနမဂ္ဂကိုလည်း အထောက်ပြ၍ ညွှန်ပြပါ။

ဖြေ။ ကန္တာရဒ္ဓါနမဂ္ဂ သရုပ်ကား ...

ttp://www.dhammadownload.com



၁။ စောရကန္တာရဒ္ဓါနမဂ္ဂ – ခိုးသားဓားပြ ထကြွသော လမ်းခရီး၊
၂။ ဝါဠကန္တာရဒ္ဓါနမဂ္ဂ – သားရဲတိရစ္ဆာန်များ ထကြွသော လမ်းခရီး၊
၃။ နိရုဒကကန္တာရဒ္ဓါနမဂ္ဂ – ရေမရှိသော လမ်းခရီး၊
၄။ အမနုဿကန္တာရဒ္ဓါနမဂ္ဂ – ဘီလူး, သားရဲတို့ ပိုင်ဆိုင်အုပ်စိုးသော လမ်းခရီး၊
၅။ အပ္ပဘက္ခကန္တာရဒ္ဓါနမဂ္ဂ – စားသောက်စရာ အာဟာရ မရှိသော လမ်းခရီး။

ဤကန္တာရဒ္ဓါနမဂ္ဂပုဒ်၌ "နိရုဒကံ ဒီဃမဂ္ဂန္တိ အတ္ထော" ဟူသော အဖွင့်ကို ထောက်၍ နိရုဒကကန္တာရဒ္ဓါနမဂ္ဂကို ယူရမည်။

မေး။ နီဝရဏ ၅–မျိုးနှင့် ဥပမာ ၅–မျိုးတို့ကို တွဲစပ်၍ ဖော်ပြပါ။

ဖြေ။ ၁။ ကာမစ္ဆန္ဒ နီဝရဏ – ကြွေးမြီနှင့် တူ၏။
၂။ ဗျာပါဒ နီဝရဏ – သည်းခြေပျက် ရောဂါနှင့် တူ၏။
၃။ ထိနမိဒ္ဓ နီဝရဏ – နှောင်အိမ်နှင့် တူ၏။
၄။ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ – ကျွန်အဖြစ်နှင့် တူ၏။
၅။ ဝိစိကိစ္ဆာ နီဝရဏ – အစွန့်ရှည်သော ခရီးနှင့် တူ၏။ (ပါ၊ နှာ–၆၉)

မေး။ အကြွေး မထားကောင်းသော အရာလေးမျိုးကို ဖော်ပြပါ။

ဆောင်။ ရောဂါအကြွင်း၊ ကြွေးအကြွင်းနှင့်၊ မီးကြွင်း တစ်ဖန်၊ ရန်ကြွင်းမှန်၊ ကျန်လျှင် မကောင်းတည်း။ (ဘာဋီ)

**(ဌ၊ နှာ ၁၉၁–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သာသနရသံ န ဝိန္ဒတိ ဝါကျလာ "သာသနရသ" ကို အတိအကျ ဖော်ပြပါ။

ဖြေ။ ဈာနသုခါဒိဘေဒံ သာသနရသံ ဟူသော အဋ္ဌကထာ စကားကို ထောက်၍ ဈာန်ချမ်းသာ စသည်ကို သာသနရသ အရ ယူပါ။

**(ဌ၊ နှာ ၁၉၄–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ က္ကမိနှာ နေက္ခမ္မသုခေန၌ နေက္ခမ္မသုခ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ နေက္ခမ္မသုခ အရ = ဥပစာရသုခ, အပ္ပနာသုခ နှစ်ပါးလုံးကို ယူပါ။

အကြောင်းကား = သုခံ ဝေဒေတိ စသည်ဖြင့် ဆိုခဲ့ပြီးသော စကားအစဉ်ဖြင့် သံကိလေသ နီဝရဏ ပက္ခမှ ထွက်မြောက်လာခဲ့ပြီး ဖြစ်သောကြောင့် ဥပစာရသုခကို ယူရ၏။ ပဌမဈာန် ပက္ခ၌ ဖြစ်လာ, ယှဉ်လာသော ကြောင့် အပ္ပနာသုခကို ယူရ၏။ ထို့ကြောင့် နေက္ခမ္မသုခ အရ = ဥပစာရသုခ, အပ္ပနာသုခ နှစ်ပါးလုံးကို ယူရ၏။ (ဋီသစ်)

မေး။ ဥပရိဝိသေသဒဿနတ္ထံ၌ ဥပရိဝိသေသ အရကို ဖော်ပြပါ။

ဖြေ။ ဥပစာရ သမာဓိ, ပဌမဈာနာဒိ သမာဓိမှ အထက်ဖြစ်သော ပဌမဒုတိယဈာနာဒိ ဝိသေသကို ယူပါ။ (ဋီသစ်)

မေး။ ပဘေဒဒဿနတ္ထံ၌ ပဘေဒ အရကို ဖော်ပြပါ။

ဖြေ။ ဒုတိယဈာနာဒိ ဝိဘာဂ, ပဌမာဘိညာဒိ ဝိဘာဂ၏ အထူးအပြားကို ယူပါ။ (ဋီသစ်)

မေး။ **က္ကမမေဝ ကာယံ**၌ ရူပကာယကိုသာ ယူရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ရူပကာယ၏သာ အဘိသန္ဒန စသော ကြိယာအား လျော်ကပ်သောကြောင့် က္ကမမေဝ ကာယံ၌ ရူပကာယကိုသာ ယူရပါသည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ကရဇကာယ်၌ ကရဇ အရကို ဖော်ပြပါ။

ဖြေ။ ကရဇ အရ = အဏ္ဍဇ, ဇလာဗုဇတို့၏ အစွမ်းဖြင့် ဖြစ်သော ဂဗ္ဘသေယျက သတ္တဝါတို့၏ ရူပကာယကို ယူပါ။

မေး။ ဩပပါတိက, သံသေဒဇ သတ္တဝါတို့လည်း ဈာန်,မဂ်,ဖိုလ်ကို ရနိုင်ပါလျက် အဘယ်ကြောင့် ဂဗ္ဘသေယျက သတ္တဝါများ၏ ရူပကာယကို ရည်ရွယ်၍ "ဣမံ ကရဇကာယံ"ဟု ဖွင့်ဆိုရသနည်း။

ဖြေ။ ဩပပါတိက, သံသေဒဇ သတ္တဝါတို့လည်း ဈာန်,မဂ်,ဖိုလ် ရဖို့ရာ အကြောင်း ပြည့်စုံခဲ့လျှင် ဆိုခဲ့ပြီးသော သမာဓိ ဈာန်တရားများ ဧကန်မုချ ရနိုင်ပါကုန်သော်လည်း များသောအားဖြင့် ဂဗ္ဘသေယျက သတ္တဝါများသာ ဈာန်,မဂ်,ဖိုလ်ကို ရကြသောကြောင့်လည်းကောင်း၊ ဂဗ္ဘသေယျက သတ္တဝါတို့၏ ဈာန်,မဂ်,ဖိုလ် ရမှုသည်သာ ထင်ရှား ပေါ်လွင်နေသောကြောင့်လည်းကောင်း ဂဗ္ဘသေယျက သတ္တဝါတို့၏ ရူပကာယကို ရည်ရွယ်၍ "ဣမံ ကရဇကာယံ"ဟု ဖွင့်ဆိုသည်။ (ဋီသစ်)

### (၄၊ နှာ ၁၉၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **ခရောတိ** ဆေကော ပဋိဗလော နှာနီယစုဏ္ဏာနိ ကာတုဉ္စေဝ ပယောဇေတုဉ္စ သန္နေတုဉ္စ ဝါကျ၌ ရေချိုးသမား၏ ဒက္ခ-ကျွမ်းကျင်သည်၏ အဖြစ်ကို အသို့ သိနိုင်သနည်း။

ဖြေ။ ရေချိုးသမား၏ ကျွမ်းကျင်သည်၏ အဖြစ်ကို "ကံသထာလေ နှာနီယစုဏ္ဏာနိ အာကိရိတွာ" စသော ပါဠိတော်လာ သဒ္ဒန္တရိက်ကို ထောက်၍လည်းကောင်း၊ နှာပက, နှာပကန္တေဝါသီတို့ကို ပြရာ ပကရဏ အားဖြင့်လည်းကောင်း ဆပ်ပြာမှုန့်တို့ကို ပြုခြင်း, ယှဉ်စပ်ခြင်း, အခဲပြုခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ဖြင့် သိနိုင်သည်။ (ဋီသစ်)

မေး။ **ကံသထာလေတိ** ယေန ကေနစိ လောဟေန ကတဘာဇနေ ဝါကျ၌ ပါဝင်သည့် ကံသသဒ္ဒါ၏ အတ္ထုဒ္ဓါရ နှင့် အတ္ထုဒ္ဒေသတို့ကို ဖော်ပြပါ။

ဖြေ။ ကံသသဒ္ဒါ၏ အတ္ထုဒ္ဓါရကား ...

၁။ ရွှေ ၂။ ကိတ္တိမလောဟခေါ်သော ကြေးနီအတု, သံအတု ၃။ ကံသဘုရင် စသော နာမပညတ် ၄။ အမှတ်မထား တစ်ပါးပါးသော ကြေးနီ(သံ) ၅။ ခွက်သာမန် ၆။ လေးကျပ်ဟူသော တစ်ကံသ ဤ ၆-နက်တို့ကို ဟော၏။ (ဋီသစ်+အဘိဓာန်)

ဤနေရာ၌ ကံသသဒ္ဒါ၏ အတ္ထုဒ္ဒေသကား = အမှတ်မထား တစ်ပါးပါးသော ကြေးနီ(သံ)ဟူသော အနက် ပင်တည်း။

မေး။ ဝါသဒ္ဒါ သုံးမျိုးကို နမူနာပုံစံ တစ်ခုစီမျှနှင့် တွဲစပ်၍ ဆရာနည်းကျကျ ဖော်ပြပြီးလျှင်၊ အန္တဒ္ဓမာသံ ဝါ အနု ဒသာဟံ ဝါတိ အတ္တော ဝါကျ၌ ပါသည့် ဝါသဒ္ဒါ၏ အနက်ကိုလည်း အကြောင်းနှင့်တကွ ထုတ်ပြပါ။

ဖြေ။ ၁။ တစ်ခုဖြစ်ခိုက် တစ်ခုကို မယူရသော ဝါသဒ္ဒါသည် ဝိကပ် အနက်ရှိသော ဝါသဒ္ဒါမျိုး ဖြစ်၏။ ပုံစံကား = ပိယေဟိ မေ မနာပေဟိ နာနာဘာဝေါ ဝါ ဝိနာဘာဝေါ ဝါ ဘဝိဿတိ စသော ဝါကျ၌ ပါသည့် ဝါသဒ္ဒါမျိုး ဖြစ်၏။

၂။ အနက်အားလုံးကို သိမ်းကျုံးယူရသော ဝါသဒ္ဒါသည် သမုစ္စည်း အနက်ရှိသော ဝါသဒ္ဒါမျိုး ဖြစ်၏။ ပုံစံကား = ရာဇတော ဝါ စောရတော ဝါ မနုဿတော ဝါ အမနုဿတော ဝါ အဂ္ဂိတော ဝါ စသော ဝါကျ၌ ပါသည့် ဝါသဒ္ဒါမျိုး ဖြစ်၏။

ttp://www.dhammadownload.com



၃။ အနက်ယူပုံ မမြဲမူ၍ တစ်ခုဖြစ်ခိုက် ရံခါ တစ်ခုကို ယူရပြီး ရံခါ အလုံးစုံကို ယူရသော ဝါသဒ္ဒါသည် အနိယမ အနက်ရှိသော ဝါသဒ္ဒါမျိုး ဖြစ်၏။ ပုံစံကား = ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ စသည်၌ ပါသည့် ဝါသဒ္ဒါမျိုး ဖြစ်၏။

နိယံ။ အတ္ထတစ်ချို့၊ တစ်ဖို့ဖို့သာ၊ ယူထိုက်ရာ၊ သဒ္ဒါ ဝါ–ဝိကပ်။

ဥသုံ အနက်၊ တပြိုင်နက်တည်း၊ ရအောင်ဆည်း၊ သမုစ္စည်း ဝါ–တစ်ရပ်။

အနိယမ၊ ဝါသဒ္ဒမှာ၊ အတ္ထယူပုံ၊ မစုံတနဲ၊ စုံတနဲ၊ အမြဲ မမှတ်အပ်။ (မောင်းထောင်)

အန္ဓဒ္ဓမာသံ ဝါ အနုဒသာဟံ ဝါတိ အတ္ထော ဝါကျ၌ ပါသည့် ဝါသဒ္ဒါများကား = အန္ဓဒ္ဓမာသ၌ မိုးတစ်ကြိမ် ရွာခိုက် အနုဒသာဟ၌ မိုးရွာမှု မဖြစ်နိုင်၊ အနုဒသာဟ၌ မိုးတစ်ကြိမ် ရွာခိုက် အန္ဓဒ္ဓမာသ၌ မိုးရွာမှု မဖြစ်နိုင်။ ဤသို့လျှင် တစ်ခုဖြစ်ခိုက် တစ်ခု မဖြစ်ကြသောကြောင့် ဝိကပ် အနက်ရှိသော ဝါသဒ္ဒါများသာ ဖြစ်ကြ၏။ (အဖြေသစ်)

မေး။ **သီတာ ဝါရိဓာရာ ဥဋ္ဌိဟိတွာတိ** သီတာ ဝါရိဓာရာ တံ ရဟာဒံ ပူရယမာနာ ဥဋ္ဌိဟိတွာ ဝါကျ၌ လာသော ရေသည် အဘယ်ကြောင့် အေးမြစင်ကြယ်သနည်း။ (ဝါ) သီတာဝါရိဓာရ ဖြစ်သနည်း။

ဖြေ။ လှုပ်ချောက်ချားခြင်း မရှိသောကြောင့်လည်းကောင်း၊ ဟောင်းနွမ်းသော သစ်ရွက်,မြက်,ထင်း စသည် ရောပြွမ်းခြင်း မရှိသောကြောင့်လည်းကောင်း အေးမြစင်ကြယ်သည်။ (ဝါ) သီတာဝါရိဓာရ ဖြစ်သည်။

မေး။ ဤဒုတိယစျာန် ချမ်းသာ၏ ဥပမာ၌ ဥဗ္ဘိဒေါဒက ရေအိုင်ကိုသာ ယူ၍ အခြားရေအိုင်ကို မယူခြင်းသည် အဘယ် အပြစ်ကြောင့်ပါနည်း၊ အဋ္ဌကထာ လာသည့်အတိုင်း ဖြေဆိုပါ။

ဖြေ။ ဟေဋ္ဌာ ဥဂ္ဂစ္ဆနဥဒကဉှိ ॥ပ॥ တေန အဖုဋ္ဌောကာသော နာမ န ဟောတီတိ ဟူသော အဋ္ဌကထာ ပါဌ်ကို မြန်မာပြန်၍ ဖြေရုံသာတည်း။ (ဋ)

**(ဋ၊ နှာ ၁၉၆–နှင့် ဆက်စပ်သည့် အစိပ္ပါယ်)**

မေး။ **ဥပ္ပလိနီ** ပါဌ်၌ ဥပ္ပလအရ ယူရမည့် ကြာများကို အကြောင်းနှင့်တကွ ဖော်ပြ၍၊ ယင်းဥပ္ပလကြာ၏ အရောင်တို့ကို ဖြေခဲ့ပါ။

ဖြေ။ ပဒုမ, ပုဏ္ဍရီကတို့ကို သီးခြား ယူလတ္တံ့ ဖြစ်သောကြောင့် ပါရိသေသ နည်းအားဖြင့် ပဒုမ, ပုဏ္ဍရီက ကြာတို့မှ တစ်ပါးသော ကြာများကိုသာ ဥပ္ပလ အရ ယူပါ။

ယင်း ဥပ္ပလကြာသည် = ကြာဖြူ, ကြာနီ, ကြာညိုဟု အရောင်သုံးမျိုး ရှိ၏။ (ဘာဋီ)

မေး။ ဥပ္ပလ, ပဒုမ, ပုဏ္ဍရီက သုံးမျိုးတို့တွင် ဥပ္ပလပုဒ်ကို ပဒုမ, ပုဏ္ဍရီက ပုဒ်တို့ကဲ့သို့ ထူးခြားစွာ မဖွင့်ဆိုဘဲ၊ ယံ ကိဉ္စိ ဥပ္ပလံ ဥပ္ပလမေဝဟုသာ အဘယ်ကြောင့် ဖွင့်ဆိုသနည်း။

ဖြေ။ ဥပ္ပလ သဒ္ဒါသည် သာမညာ နာမည်၏ အစွမ်းအားဖြင့် အလုံးစုံသော ကြာမျိုးတို့၌ ဖြစ်သည်၏ အဖြစ်ကြောင့် "ယံ ကိဉ္စိ ဥပ္ပလံ ဥပ္ပလမေဝ"ဟုသာ ဖွင့်ဆိုသည်။ (ဋီသစ်)

မေး။ ဥပ္ပလ ကြာအရ ကြာဖြူ, ကြာနီ, ကြာညိုတို့တွင် မည်သည့် ကြာကို ယူရမည်နည်း၊ အကြောင်းသွင်း၍ ဖြေပြပါ။

ဖြေ။ ဥပ္ပလ သဒ္ဒါသည် သာမညာ နာမည်၏ အစွမ်းအားဖြင့် အလုံးစုံသော ကြာမျိုးတို့၌ ဖြစ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သေတရတ္တနီလေသု ယံ ကိဉ္စိ ဥပ္ပလံ ဥပ္ပလမေဝဟု အဋ္ဌကထာ၌ ဖွင့်ပြသောကြောင့်လည်းကောင်း၊ ဥပ္ပလ ကြာအရ = ကြာဖြူ, ကြာနီ, ကြာညိုအားလုံးကို ယူရမည်။ (ဋီသစ်+ဋ)

ttp://www.dhammadownload.com



မေး။ ဉီနကသတပတ္တံ ပုဏ္ဍရီကံ၊ သတပတ္တံ ပဒုမံ ဝါကျ၌ လာသော သတသဒ္ဒါ နှစ်ခုတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ဉီနကသတပတ္တံ ပုဏ္ဍရီကံ၌ သတသဒ္ဒါသည် = တစ်ရာ ဟူသော အနက်ကို ဟော၏။
သတပတ္တံ ပဒုမံ၌ သတသဒ္ဒါသည် = အရာမက များပြားခြင်းအနက် (ဗဟုတ္တ)ကို ဟော၏။ ဤသို့ ထူးသည်။

မေး။ ပွင့်ချပ် တစ်ရာထက် ပိုလွန်သော ကြာကို မည်သည့် ကြာအမျိုးအစား၌ ထည့်သွင်း ရေတွက်ရမည်နည်း၊ အကြောင်းနှင့်တကွ ဖြေခဲ့ပါ။

ဖြေ။ ပွင့်ချပ် တစ်ရာထက် ပိုလွန်သော ကြာကို ပဒုမ္မာကြာ၌ပင် ထည့်သွင်း ရေတွက်ရမည်။
အကြောင်းကား = သတပတ္တံ ပဒုမံ၌ သတသဒ္ဒါသည် "သတဂ္ဃိ သတရံသိ သူရိယော" စသည်တို့၌ကဲ့သို့ အရာမက များပြားခြင်း အနက်ဟော ဗဟုသဒ္ဒါ၏ ပရိယာယ် ဖြစ်၍ အနေကသချာ ဖြစ်နေသော ကြောင့်တည်း။

မေး။ ပဒုမနှင့် ပုဏ္ဍရိကတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ တစ်ရာ, တစ်ရာထက်မက ပွင့်ချပ်ရှိသော ကြာသည် "ပဒုမ"။
တစ်ရာအောက် ယုတ်လျော့သော ပွင့်ချပ်ရှိသော ကြာသည် "ပုဏ္ဍရိက"။
(တစ်နည်း) ကြာဖြူသည် "ပဒုမ"။
ကြာနီသည် "ပုဏ္ဍရိက"။ (ဤကား = သာသနဝေါဟာရတည်း။)
(တစ်နည်း) ကြာနီသည် "ပဒုမ"။
ကြာဖြူသည် "ပုဏ္ဍရိက"။ (ဤကား = လောကဝေါဟာရတည်း။)

အမှာ။ သာသနဝေါဟာရနှင့် လောကဝေါဟာရတို့သည် ပြောင်းပြန်တည်း။ အဋ္ဌကထာကား သာသနဝေါဟာရကို သာ ယူ၍ ပြ၏။
* ပုဏ္ဍရီကံ သိတံ ရတ္တံ၊ ကောကနဒံ ကောကာသကော။ (ဓာန်)
* ရတ္တံ ပဒုမံ သေတံ ပုဏ္ဍရီကံ။ (ဋီသစ်)

မေး။ စတုတ္ထဈာနသုခ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ပရိသုဒ္ဓေန စေတသာတိ စိတ်ကို နာမည်တပ်ခဲ့သော်လည်း ထိုစိတ်ဖြင့် စတုတ္ထဈာန်စိတ်နှင့် ယှဉ်သော သုခဝေဒနာကို (တစ်နည်း) ဉပေက္ခာဝေဒနာကိုပင် (အလွန်ငြိမ်သက်သောကြောင့်) ယူရသည်။ (ဋီသစ်)

မေး။ ဩဒါတေန ဟိ ဉပမာယ ဝတ္ထံ ဝိယ ကရဇကာယော၊ ဉတုဖရဏံ ဝိယ စတုတ္ထဈာနသုခံ ဝါကျ၌ ဉပမာဖြစ်သော ဝတ္ထသဒ္ဒါဖြင့် ယူရမည့် အရာကို ရှင်းလင်းစွာ ဖော်ထုတ်ပါ။

ဖြေ။ စင်ကြယ်သော အဝတ်ဖြင့် အလုံးစုံသော ကိုယ်အား အနွေးငွေ့ ဖြန့်ခြင်း မဖြစ်သင့်သောကြောင့်လည်းကောင်း၊ ဉပမေယျနှင့် မသင့်လျော်သောကြောင့်လည်းကောင်း ကာယဖြင့် ကိုယ်ကို ခြုံထားသော အဝတ်ကို ယူ၍ ဝတ္ထသဒ္ဒါဖြင့် ထိုအဝတ်ကြောင့် ကိုယ်ငွေ့ ဖြန့်ရပုံကို ယူရသည်။
မှန်၏၊ ဤဉပမာကို နေယျတ္ထနည်းအားဖြင့် ဟောတော်မူ၏။ (ဋီသစ်)

မေး။ စတုက္ကနည်း၌ စတုတ္ထဈာန်သည် ဉပေက္ခာ, ဧကဂ္ဂတာနှင့်သာ ယှဉ်၍ သာတလက္ခဏာ ရှိသော သုခဝေဒနာ မရှိပါဘဲလျက် အဋ္ဌကထာ၌ စတုတ္ထဈာနသုခံ စတုတ္ထဈာနသုခေန ဟူ၍ အဘယ်ကြောင့် ရေးသား ဖွင့်ဆို သနည်း၊ ရှင်းပြပါ။

ttp://www.dhammadownload.com



ဖြေ။ စတုက္ကနည်း စတုတ္ထဈာန်၌ သာတလက္ခဏာ ရှိသော သုခဝေဒနာသည် ဧကန်မုချ မရှိပါသော်လည်း ယင်းစတုတ္ထဈာန်၌ ယှဉ်နေ, ရှိနေသည့် ဥပေက္ခာဝေဒနာသည် ငြိမ်အေးသောသဘော ရှိသောကြောင့် သုခဝေဒနာ၌ပင် ထည့်သွင်း ရေတွက်အပ်ရကား ဥပေက္ခာဝေဒနာကို သုခဝေဒနာဟူ၍ပင် ဆိုသင့်, ဆိုထိုက်သည်။ ထို့ကြောင့် စတုတ္ထဈာနသုခံ စတုတ္ထဈာနသုခေန ဟူ၍ အဋ္ဌကထာဆရာ ရေးသား ဖွင့်ဆိုထားခြင်း ဖြစ်၏။ (ဋီသစ်) .

မေး။ အရူပဈာန်တို့လည်း မရလျှင် မပြီး အရေးကြီးသော ဈာန်များ ဖြစ်ပါလျက် ပါဠိတော်၌ အဘယ်ကြောင့် အရူပဈာန်တို့ကို မဟောဘဲ ရူပစတုတ္ထဈာန်၌သာ တန့်ရပ်၍ ဟောတော်မူသနည်း၊ ရှင်းပြပါ။

ဖြေ။ အဘိညာဉ် အားလုံးတို့၏ အခြေခံ အကြောင်းဖြစ်သော ဈာန်သည် ဝိသေသအားဖြင့် ရူပါဝစရ စတုတ္ထဈာန်သာ ဖြစ်သောကြောင့်လည်းကောင်း၊ ထိုအဘိညာဉ် အားလုံးတို့၏ အခြေခံ အကြောင်းဖြစ်သော ဈာန်ကို သိစေခြင်း အကျိုးငှာလည်းကောင်း ပါဠိတော်ဝယ် ရူပစတုတ္ထဈာန်၌သာ တန့်ရပ်၍ ဟောတော်မူ၏။ အရူပဈာန်တို့ကို ဤနေရာ၌ မယှဉ်သောကြောင့်, အသုံးမဝင်သောကြောင့် မဟောခြင်းကား မဟုတ်ပါ။

မေး။ အရူပဈာန်တို့ကိုလည်း ပါဠိ၌ ယူထိုက်ပါကုန်လျက် မယူဘဲ အဘယ်ကြောင့် သာဝသေသပါဠိ ပြု၍ ရူပါဝစရ စတုတ္ထဈာန်၌ ရပ်တန့်ပြီး မြတ်စွာဘုရား ဟောတော်မူပါသနည်း။

ဖြေ။ ဖော်ပြခဲ့သော အဖြေကိုသာ ဖြေပါ။

မေး။ အဋ္ဌသု သမာပတ္တီသု စုဒ္ဒသဟာကာရေဟိ၌ စုဒ္ဒသ သရုပ်ကို ဖော်ထုတ်ပါ။

ဖြေ။ ၁။ ကသိဏာနုလောမတော ၂။ ကသိဏပဋိလောမတော ၃။ ကသိဏာနုလောမပဋိလောမတော
၄။ ဈာနာနုလောမတော ၅။ ဈာနပဋိလောမတော ၆။ ဈာနာနုလောမပဋိလောမတော
၇။ ဈာနုက္ကန္တိကတော ၈။ ကသိဏုက္ကန္တိကတော ၉။ ဈာနကသိဏုက္ကန္တိကတော
၁၀။ အင်္ဂသင်္ကန္တိတော ၁၁။ အာရမ္မဏသင်္ကန္တိတော ၁၂။ အင်္ဂါရမ္မဏသင်္ကန္တိတော
၁၃။ အင်္ဂဝဝတ္ထာနတော ၁၄။ အာရမ္မဏဝဝတ္ထာနတော။ (ဋီသစ်)

မေး။ ဈာန်တို့၌ အာဝဇ္ဇန်း စသော ဝသီဘော် ငါးပါး ရှိပါလျက် အဘယ့်ကြောင့် "စုဒ္ဒသဟာကာရေဟိ စိဏ္ဏဝသီဘာဝံ "ဟူ၍ ဆိုရသနည်း။

ဖြေ။ ဤ ၁၄-ပါးကုန်သော ဝသီဘော်တို့သည်သာ အဘိညာဉ် ဖြစ်ခြင်း၌ စင်စစ်အားဖြင့် အလိုရှိသည်ကို ပြလိုသောကြောင့် "စုဒ္ဒသဟာကာရေဟိ စိဏ္ဏဝသီဘာဝံ "ဟူ၍ ဆိုရ၏။ (စာစဉ်)

**(ဋ္ဌ၊ နှာ ၁၉၇-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဝိပဿက ပုဂ္ဂိုလ်တို့၏ အပြားအားဖြင့် ပြားသော ဝိပဿနာ သရုပ်ကို ဖော်ထုတ်၍၊ အဘယ်ပုဂ္ဂိုလ်တို့၏ ဝိပဿနာသည် အဘယ်ဉာဏ်မျိုး ဖြစ်သည်ကိုလည်း အသီးသီး ခွဲခြားပြပါ။

ဖြေ။ ဝိပဿနာသည် ဝိပဿက ပုဂ္ဂိုလ်တို့၏ အပြားအားဖြင့် ၁။ ဘုရားအလောင်းတို့၏ ဝိပဿနာ ၂။ ပစ္စေကဗုဒ္ဓါတို့၏ ဝိပဿနာ ၃။ သာဝကတို့၏ ဝိပဿနာဟူ၍ သုံးပါး အပြားရှိ၏။
ထိုတွင် ဘုရားအလောင်းနှင့် ပစ္စေကဗုဒ္ဓါတို့၏ ဝိပဿနာသည် စိန္တာမယဉာဏ်နှင့် ဆက်စပ်ခြင်း ရှိသည်ဖြစ်၍ သယမ္ဘူဉာဏ် ဖြစ်၏။ သာဝကတို့၏ ဝိပဿနာဉာဏ်သည် သုတမယဉာဏ်နှင့် ဆက်စပ်ခြင်း ရှိသည်ဖြစ်၍ ပရောပဒေသ (သူတစ်ပါးတို့ ညွှန်ပြခြင်း ရှိသော)ဉာဏ် ဖြစ်၏။(ဋီသစ်)

မေး။ ဆဟိ ပဒေဟိ သမုဒယော ကထိတော၊ အနိစ္စပဒေန သဒ္ဓိံ ပစ္ဆိမေဟိ ဒွီဟိ အတ္ထင်္ဂမော ဝါကျဝယ် ဆဟိ ပဒေဟိ၌ ဆသရုပ်နှင့် ဒွီဟိ အတ္ထင်္ဂမော၌ ဒွိသရုပ်တို့ကို ဖော်ထုတ်ခဲ့ပါ။

ttp://www.dhammadownload.com



ဖြေ။ ဆသရုပ်ကား ... ရူပီ၊ စာတုမဟာဘူတိကော၊ မာတာပေတ္တိကသမ္ဘဝေါ၊ သြဒနကုမ္မာသုပစယော၊ ဥစ္ဆာဒန ဓမ္မော၊ ပရိမဒ္ဒနဓမ္မော။
ဒွိသရုပ်ကား ... ဘေဒနဓမ္မော၊ ဝိဒ္ဓံသနဓမ္မော။

မေး။ ရတနာပေါင်း မြောက်များစွာ ရှိပါလျက် ဤဝိပဿနာခဏ်း၌ လောကူပမာကို ပြရာဝယ် မဏိဝေဠုရိယ ခေါ်သည့် ပတ္တမြား ရတနာကိုသာ ဥပမာအဖြစ် ဘုရားရှင် ဟောထားရခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ စကြာဝတေးမင်းတို့ သုံးဆောင်ထိုက်၍ အလွန်မွန်မြတ်လှသော ရတနာ ဖြစ်သောကြောင့် ပတ္တမြား ရတနာကို သာလျှင် ပါဠိတော်၌ ဥပမာန အဖြစ်ဖြင့် ထုတ်ဆောင်၍ ဘုရားရှင် ဟောတော်မူသည်။ (ဋီသစ်)

မေး။ ပါဠိတော်၌ မဏိဟု ဟောလျှင် ပြီးပါလျက် အဘယ့်ကြောင့် ဝေဠုရိယော ပုဒ်ကို ဆက်၍ ဟောရသနည်း။

ဖြေ။ ပတ္တမြား၏ ဇာတိမာန် အနေအားဖြင့် ဖြစ်ရာအရပ်ကား ဝိဋူရ တောင်၏လည်းကောင်း၊ ဝိဋူရ ရွာ၏ လည်းကောင်း အနီး၌ တည်ရှိသည့် သန့်ရှင်း စင်ကြယ်သော ပတ္တမြားတွင်းပင် ဖြစ်၏။ ယင်းတွင်းမှ ထွက်သော ပတ္တမြား ဖြစ်၏ဟူသော အနက်,အဓိပ္ပါယ်ကို သိစေလိုသောကြောင့် ဝေဠုရိယော ပုဒ်ကို ဆက်၍ ဟောတော်မူ၏။

မေး။ အဘယ်ကြောင့် ဝေဠုရိယ ပတ္တမြား မည်သနည်း။

ဖြေ။ ဝိဋူရ တောင်၏လည်းကောင်း၊ ဝိဋူရ ရွာ၏လည်းကောင်း အနီး၌ တည်ရှိသည့် သန့်ရှင်း စင်ကြယ်သော ပတ္တမြားတွင်းမှ ဖြစ်သောကြောင့် ဝေဠုရိယ ပတ္တမြား မည်၏။

မေး။ ဝေဠုရိယ ပတ္တမြား၏ အဆင်းကို ဖော်ပြပါ။

ဖြေ။ ဥဒေါင်းလည်ပင်း အဆင်းကဲ့သို့လည်းကောင်း၊ ကျေး၏အတောင် အဆင်းကဲ့သို့လည်းကောင်း၊ ပြေပြစ်သော ဝါးရွက်အဆင်းကဲ့သို့လည်းကောင်း အဆင်းရှိ၏။

အမှာ။ ပတ္တမြားသည် ဤကဲ့သို့သော အဆင်းအရောင် ရှိလျှင် နတ်ပြည်၌ ဖြစ်သော်လည်း ဝေဠုရိယ ပတ္တမြားဟုသာ ခေါ်ရမည်။

မေး။ ဓောဝနဝေဓနာဒီဟိ၌ ဓောဝနနှင့် ဝေဓနတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ကျောက်ပြား စသည်တို့၌ အရောင်ထွက်အောင် ပွတ်ခြင်း, သွေးခြင်းသည် ဓောဝန မည်၏။
အမည်းစက် စသည်ကို ပယ်ဖျောက်ခြင်းသည်လည်းကောင်း၊ ချည်သီဖို့ရာ ထွင်းဖောက်ခြင်းသည်လည်း ကောင်း ဝေဓန မည်၏။ (ဋီသစ်)

မေး။ ဓောဝနဝေဓနာဒီဟိ၌ အာဒိအရကို ဖော်ပြပါ။

ဖြေ။ အရောင်ထွက်အောင် ထပ်ခါ,ထပ်ခါ သွေးခြင်း (တာပ)၊ နူးညံ့ပြေပြစ်အောင် ပြုလုပ်ခြင်း (သဏှကရဏ) စသည်တို့ကို ယူရမည်။ (ဋီသစ်)

**(၄၊ နှာ ၁၉၇+၁၉၈-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဥပမာသံသန္ဒန် ဝေဒိတဗ္ဗံ၌ ဥပမာန+ဥပမေယျတို့ကို နှီးနှောပြပါ။

ဖြေ။ ပတ္တမြားနှင့် ကရဇကာယ။
ထိုးသီအပ်သော ချည်နှင့် ဝိပဿနာဉာဏ်။
မျက်စိရှိသော ယောကျ်ားနှင့် ဝိပဿနာဉာဏ်ရသော ရဟန်း။
ပတ္တမြား ထင်ရှား ဖြစ်ရာအခါနှင့် စာတုမဟာဘူတိကကာယ ထင်ရှား ဖြစ်သောအခါ။ (၄)

ttp://www.dhammadownload.com



**(၄၊ နှာ ၁၉၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဣဒဥ္စ ဝိပဿနာဉာဏံ မဂ္ဂဉာဏာနန္တရံ ဝါကျ၌ (က) မဂ္ဂ (ခ) မဂ္ဂဉာဏာနန္တရ အရတို့ကို အကြောင်းနှင့်တကွ ကောက်ပြပါ။

ဖြေ။ (က) မဂ္ဂ အရ = အရဟတ္တမဂ်ကိုသာ ယူရသည်။
အကြောင်းကား = အရဟတ္တမဂ်သည်သာလျှင် အဘိညာဉ်၌ အကျုံးဝင်သောကြောင့်လည်းကောင်း၊ အဘိညာဉ်နှင့် စပ်သဖြင့် စောဒနာ ဖြစ်သင့်သောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

(ခ) မဂ္ဂဉာဏာနန္တရ အရ = သိခါပတ္တဝိပဿနာ ဖြစ်သော ဂေါတြဘုဉာဏ်ကို ယူရသည်။
အကြောင်းကား = ထိုဂေါတြဘုဉာဏ်သည်သာလျှင် အရဟတ္တမဂ်အားလည်းကောင်း၊ အလုံးစုံသော မဂ်ဖိုလ်တို့အားလည်းကောင်း အခြားမဲ့၌ဖြစ်သော အနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုနေသောကြောင့် လည်းကောင်းတည်း။ (ဋီသစ်)

(ဂ) မဂ္ဂဉာဏာနန္တရ အရ = ဝိပဿနာဉာဏ် အားလုံးကို ယူရသည်။
အကြောင်းကား = ဝိပဿနာဉာဏံ မဂ္ဂဉာဏာနန္တရံ ဟူ၍ သာမည ဆိုထားရကား ပဓာနနည်းဖြင့် ဂေါတြဘုဉာဏ်ကို ဆိုလျှင် အပဓာန ဖြစ်သော ဝိပဿနာဉာဏ် အားလုံး သက်ဆိုင် ပါဝင်နေသော ကြောင့်တည်း။ (ဋီသစ်)

မေး။ မဂ္ဂဉာဏာနန္တရံ၌ "အနန္တရ–အခြားမရှိ" ဟူသည် အဘယ်နည်း၊ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ သိခါပတ္တ ဂေါတြဘုဖြစ်သော ဝိပဿနာဉာဏ်သည် အရဟတ္တမဂ်၏ ရှေ့နား၌ တစုံတစ်ခုသော ပရိကမ္မ ဇောဝီထိ စသည်ဖြင့် အခြားမရှိဘဲ အနန္တရ ပစ္စယသတ္တိဖြင့် အရဟတ္တမဂ်အား ကျေးဇူးပြုနိုင်လောက်အောင် အရဟတ္တမဂ်၏ ရှေ့၌ ကပ်၍ ဖြစ်နေသည်ကိုပင် "အနန္တရ–အခြားမရှိ" ဟု ဆိုလိုပါ၏။ (အဖြေသစ်)

မေး။ ယသ္မာ စ အနိစ္စာဒိဝသေန အကတာသမ္မသနဿ ဒိဗ္ဗာယ သောတဓာတုယာ ဘေရဝံ သဒ္ဒံ သုဏတော, ပုဗ္ဗေနိဝါသာနုဿတိယာ ဘေရဝေ ခန္ဓေ အနုဿရတော, ဒိဗ္ဗေန စက္ခုနာ ဘေရဝမ္ပိ ရူပံ ပဿတော ဘယံ သန္တာသော ဥပ္ပဇ္ဇတိ ဝါကျဝယ် ယသ္မာ စ–၌ စသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ သမုစ္စည်းအနက် (ဝါ) အတ္ထန္တရဝိကပ်အနက် ရှိ၏။

အမှာ။ အနက်တစ်မျိုး (ဝါ) အကြောင်းတစ်မျိုးကို ပြလိုရာ၌ ထားသော စသဒ္ဒါတို့ကို တွေ့တိုင်း = သမုစ္စည်းအနက် (ဝါ) အတ္ထန္တရဝိကပ်အနက် ရှိ၏ ဟုသာ ဆုံးဖြတ်ပါ။ (ဋီသစ်)

မေး။ ဘယဝိနောဒနဟေတုသမ္မာဒနတ္ထမ္ပိ၌ ဘယဝိနောဒနဟေတု အရကို ဖော်ပြပါ။

ဖြေ။ ဘယဝိနောဒနဟေတု အရ = ဘေးကို ပယ်ဖျောက်ခြင်း၏ အကြောင်းဖြစ်သော ပြုအပ်ပြီးသော သမ္မသန ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ဝိပဿနာဉာဏ်ကို ယူပါ။ ယင်းဝိပဿနာဉာဏ်ဟူသည် = သိခါပတ္တ ဝိပဿနာ ဉာဏ်ဖြစ်သော ဂေါတြဘုဉာဏ်ပင်တည်း။ (ဋီသစ်)

မေး။ **မနောမယန္တိ မနေန နိဗ္ဗတ္တိတံ** ဝါကျ၌ လာသော မန အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ မန အရ = အဘိညာဉ်စိတ်, အဓိဋ္ဌာန်စိတ်ကို ယူပါ။
အကြောင်းကား = အဘိညာဉ်ဝီထိ ဖြစ်မှ ထိုနိမ္မိတရုပ် ပေါ်လာသောကြောင့်လည်းကောင်း၊ ထိုနိမ္မိတရုပ် ပေါ်လာဖို့ အဓိဋ္ဌာန်ဝီထိလည်း ဖြစ်ရသောကြောင့်လည်းကောင်း ထိုနှစ်မျိုးလုံးကို ယူနိုင်သည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ **သဗ္ဗင်္ဂပစ္စင်္ဂီ** သဗ္ဗေဟိ အင်္ဂေဟိ စ ပစ္စင်္ဂေဟိ စ သမန္နာဂတံ ဝါကျ၌ ပါသော အင်္ဂနှင့် ပစ္စင်္ဂ အရတို့ကို တိကျစွာ ဖော်ပြပါ။

ဖြေ။ ဦးခေါင်း,လက်,ခြေ အစရှိသော ကြီးစွာသော အင်္ဂါအစိတ်အပိုင်းများသည် အင်္ဂ။ ထိုထိုကြီးစွာသော အင်္ဂါအစိတ်အပိုင်းများ၌ ပါဝင်တည်ရှိလျက် အသီးအခြား ဖြစ်ပေါ်နေသော မျက်စိ,နား,နှာခေါင်း,လက်ချောင်း, ခြေချောင်း အစရှိသော ငယ်သော အင်္ဂါအစိတ်အပိုင်းများသည် ပစ္စင်္ဂ။ (ဋီသစ်+ဘာဋီ)

မေး။ သဏ္ဌာနဝသေန အဝိကလိန္ဒြိယံ ပါဌ်ဖြင့် ပြအပ်သော အဓိပ္ပါယ်နှင့် သဏ္ဌာန အရကိုလည်း ဖော်ပြပါ။

ဖြေ။ သဏ္ဌာနဝသေန အဝိကလိန္ဒြိယံ ပါဌ်ဖြင့် နိမ္မိတရုပ်၌ ပသာဒရုပ်များသာ မရှိသည် မဟုတ်သေး၊ ဇီဝိတိန္ဒြေ စသည်တို့လည်း ကေန်မရှိဟူသော အဓိပ္ပါယ်ကို ပြဆိုပါ၏။ (ဋီသစ်)

သဏ္ဌာန အရ = ကြာရွက် စသည်နှင့် တူသော ပုံသဏ္ဌာန်မျှကို ယူပါ။ ရူပါရုံ စသည်ကို ထိခိုက်ခြင်းငှာ ထိုက်သော ပသာဒ စသော ဣန္ဒြေကို မယူရ။

မေး။ တမ္ပိ အဝိဒ္ဓကဏ္ဏန္တိ ဧဝံ သဗ္ဗာကာရေဟိ တေန သဒိသမေဝ ဟောတိ ဝါကျ၌ "သဗ္ဗာကာရ" အရကို ဖော်ပြပါ။

ဖြေ။ ဝဏ္ဏ, သဏ္ဌာန, အဝယဝ, ဝိသေသ စသော အခြင်းအရာ အားလုံးကို ရ၏။ (စာစဉ်)

မေး။ **ကရဏ္ဍာတိ** ဣဒမ္ပိ အဟိကဉ္စုကဿ နာမံ၌ အဟိကဉ္စုကကိုသာ ယူ၍ ဝိလီဝကရဏ္ဍကို မယူရခြင်း၏ အကြောင်းရင်းကို ယုတ္တိသွင်း၍ ဖြေရှင်းခဲ့ပါ။

ဖြေ။ ဝိလီဝကရဏ္ဍသည် အဟိနှင့် မတူသောကြောင့်လည်းကောင်း၊ ဤဣဒ္ဓိဝိကုဗ္ဗနာ၌ သဒိသဘောကို ပြခြင်းငှာ ဥပမာသုံးရပ်ကို ဟောတော်မူသောကြောင့်လည်းကောင်း အဟိကဉ္စုကကိုသာ ယူ၍ ဝိလီဝကရဏ္ဍကို မယူပါ။

## (ဌ၊ နှာ ၁၉၈+၁၉၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ မြွေ၏ မိမိဇာတိရုပ်ကို မစွန့်ရာ အခါငါးပါးကို ဖော်ပြပါ။

ဖြေ။ ၁။ ပဋိသန္ဓေ နေသောအခါ ၂။ သေသောအခါ ၃။ လွတ်လွတ်အိပ်ပျော်နေသောအခါ ၄။ ဇာတ်တူသူနှင့် မေထုန်မှီဝဲသောအခါ ၅။ အရေလဲသောအခါ ဤအခါ ငါးပါးတို့၌ မြွေသည် မိမိဇာတိရုပ်ကို မစွန့်ပါ။ တန်ခိုးရှိသော နဂါးတို့ပင်လည်း ဇာတိရုပ်ကို မစွန့်နိုင်ကြဟူလို။ (ဋီသစ်)

ဆောင်။ နေ, သေ, အိပ်, မှီ၊ ရေလဲပြီ၊ မြွေသည် မစွန့်ပါ။

## (ဌ၊ နှာ ၁၉၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ကန္တာရဒ္ဓါနမဂ္ဂေါ သာသကော် ဟောတိ သပ္ပဋိဘယော ဝါကျ၌ ပါသည့် ကန္တာရဒ္ဓါနမဂ္ဂ အရကို မုချ၊ ဥပစာ ခွဲခြား၍ ကောက်ပြပါ။

ဖြေ။ ကန္တာရဒ္ဓါနမဂ္ဂ အရ မုချအားဖြင့် = နိရုဒကကန္တာရဒ္ဓါနမဂ္ဂကို ရ၏။

ကန္တာရဒ္ဓါနမဂ္ဂ အရ ဥပစာအားဖြင့် = စောရကန္တာရဒ္ဓါနမဂ္ဂ၊ ဝါဠကန္တာရဒ္ဓါနမဂ္ဂ၊ အမနုဿကန္တာရဒ္ဓါနမဂ္ဂ၊ အပ္ပဘက္ခကန္တာရဒ္ဓါနမဂ္ဂတို့ကို ရ၏။

အမှာ။ ကန္တာရဒ္ဓါနမဂ္ဂ ဟူသော သဒ္ဒါသည် အတူဖြစ်သော နိရုဒကကန္တာရဒ္ဓါနမဂ္ဂ၏ ကန္တာရဒ္ဓါနမဂ္ဂ ဟူသော အမည်ကို အတူရှိသော စောရကန္တာရဒ္ဓါနမဂ္ဂ၊ ဝါဠကန္တာရဒ္ဓါနမဂ္ဂ၊ အမနုဿကန္တာရဒ္ဓါနမဂ္ဂ၊ အပ္ပဘက္ခကန္တာရဒ္ဓါနမဂ္ဂတို့၌ တင်စား၍ အတူရှိသော စောရကန္တာရဒ္ဓါနမဂ္ဂ၊ ဝါဠကန္တာရဒ္ဓါနမဂ္ဂ၊ အမနုဿကန္တာရဒ္ဓါနမဂ္ဂ၊ အပ္ပဘက္ခကန္တာရဒ္ဓါနမဂ္ဂတို့ကို ကန္တာရဒ္ဓါနမဂ္ဂဟူ၍ ဆိုသောကြောင့် ကန္တာရဒ္ဓါနမဂ္ဂ ဟူသော သဒ္ဒါ၌ သဒိသူပစာ+ရုဋ္ဌီနည်း ရ၏ဟု မှတ်ပါ။

ttp://www.dhammadownload.com



မေး။ "သီသေ သာဠကံ ကတွာ–ဦးခေါင်းပေါ်၌ အဝတ်ကို တင်၍ သွား၏"ဟု ဆိုရာဝယ် ဖြစ်သင့်သော အကြောင်း တရားကို ဖော်ပြပါ။

ဖြေ။ လေခတ်ခြင်း, နေပူခြင်း စသော ဘေးကို တားမြစ်ခြင်းငှာ (ဝါ) တားမြစ်ခြင်းဟူသော အကြောင်းကြောင့် ဦးခေါင်းပေါ်၌ အဝတ်ကို တင်၍ သွားသည်။

မေး။ ကျမ်းပြုဆရာတို့သည် ဥပမာ, ဥပမေယျ, အကြောင်း ဥဒါဟရဏ်, ဝိသေသန, ဝိသေသျ စသော စကားတို့ကို ပြည့်ပြည့်စုံစုံ အဘယ်ကြောင့် ရေးသား ဖော်ပြရသနည်း။

ဖြေ။ ဥပမာ ပြည့်စုံခြင်းကြောင့် ဥပမေယျ ပြည့်စုံခြင်း အကျိုးရှိ၏။ အလိုရှိအပ်သော ဥပမေယျ အနက်ကို သာ၍ သိနားလည် လွယ်စေခြင်း အကျိုးရှိ၏။ အကြောင်း ဥဒါဟရဏ်, ဝိသေသန, ဝိသေသျ စသည်တို့နှင့် ပြည့်စုံသော စကားကြောင့် ပညာရှိများ၏ လေးစားနှစ်သက်ခြင်းကို ဖြစ်စေနိုင်၏။ ထို့ကြောင့် ကျမ်းပြု ဆရာတို့သည် ထိုအားလုံးကို ပြည့်ပြည့်စုံစုံ ရေးသား ဖော်ပြသည်။ (ဋီသစ်)

မေး။ ဗာလ, တရုဏ, ဝုဍ္ဎတို့၏ အသက်အရွယ် အပိုင်းအခြားကို ဖော်ပြပါ။

ဖြေ။ မွေးဖွားသည်မှ စ၍ အသက် ၁၆–နှစ် အတွင်း၌ တည်ရှိသော အရွယ်ရှိသူသည် ဗာလ။
အသက် ၁၆–နှစ်မှ စ၍ အသက် ၇၀–နှစ် အတွင်း၌ တည်ရှိသော အရွယ်ရှိသူသည် တရုဏ။
အသက် ၇၀–နှစ်မှ စ၍ သေဆုံးသည့်တိုင်အောင် အရွယ်ရှိသူသည် ဝုဍ္ဎ။ (သူစိ)

မေး။ ဓမာရောဟု ဟောလျှင် ပြီးပါလျက် ယုဝါ ဟူသော ဝိသေသနပုဒ်ကို အဘယ်ကြောင့် ထပ်၍ ဟောသနည်း။

ဖြေ။ ဒဟရ အရ = နုနယ်သော ပက်လက် အိပ်နေရသော ကလေးငယ်ကို ယူမည်စိုးသောကြောင့် ပါဠိတော်၌ "ယုဝါ–လူပျို"ဟူသော ဝိသေသနပုဒ်ကို ထပ်၍ ဟော၏။

မေး။ ကာဠတိလက ဟူသည် အဘယ်နည်း။

ဖြေ။ မုန်ညင်းစေ့ ပမာဏ, နှမ်းစေ့ ပမာဏ အတိုင်းအရှည် ရှိကုန်သော ညိုမည်းသော အပြောက်ကွက်, တင်းတိတ် ကွက်, မှဲ့ကွက်တို့သည် "ကာဠတိလက" မည်၏။ (ဋီသစ်)

မေး။ ကာဠနှင့် တိလကတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ မုန်ညင်းစေ့ ပမာဏရှိသော မည်းသော အပြောက်ကွက်, တင်းတိတ်ကွက်တို့သည် ကာဠ။
နှမ်းစေ့ ပမာဏရှိသော အပြောက်ကွက်, မှဲ့ကွက်တို့သည် တိလက။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ ကာဠတိလကဝင်္ဂမုခဒူသိပီဠကာဒီနိ ပါဠိ၌ ပါသော ဝင်္ဂနှင့် မုခဒူသိပီဠက ဟူသည် အဘယ်နည်း။

ဖြေ။ ဝင်္ဂ ဟူသည် = ပင်ကိုယ်သဘာဝမှ ဖောက်ပြန်သော နှုတ်ခမ်းရွဲ့မှု, မျက်စိစွေမှု, နှာတံကောက်မှု, သွားခေါ မှု အစရှိသော ဖောက်ပြန်သည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းတည်း။ (ဋီသစ်)
မုခဒူသိပီဠက ဟူသည် = မျက်နှာအလှကို ဖျက်ဆီးတတ်သော, မျက်နှာ၌ ပေါက်ရောက်နေသော, ကြမ်း တမ်းသော ဝက်ခြံဖု, အိုင်းအမာ အစရှိသည်တည်း။ (ဋီသစ်)

သတိ။ ဝင်္ဂကို ဝိ+အင်္ဂဟု ပုဒ်ခွဲပါ။

မေး။ မုခေ ဒေါသော ပါကဋော ဟောတိ၌ မုခဒေါသ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ မုခဒေါသ ဟူသော ပုဒ်ကို ဥပလက္ခဏနည်းအားဖြင့် ဆိုထားသောကြောင့် မုခဒေါသ အရ = မုခဒေါသ, မုခအဒေါသ နှစ်မျိုးလုံးကို ယူပါ။
(တစ်နည်း) မုခအဒေါသ၌လည်း အသရကို ချေလျှင် မုခဒေါသဟု ဖြစ်၏။ ထို့ကြောင့် သာမညနိဒ္ဒေသ နည်း, ဧကသေသနည်းအားဖြင့် မုခဒေါသ အရ = မုခဒေါသ, မုခအဒေါသ နှစ်မျိုးလုံးကို ယူပါ။

ttp://www.dhammadownload.com



(တစ်နည်း) မုခဒေါသောပိဟု ဆိုအပ်လျက် အပိသဒ္ဒါကို အကျေကြ၍ ထိုအပိသဒ္ဒါဖြင့် မုခအဒေါသကိုလည်း ဆည်းယူနိုင်သောကြောင့် မုခဒေါသ အရ = မုခဒေါသ, မုခအဒေါသ နှစ်မျိုးလုံးကို ယူပါ။ (ဋီ)

မေး။ (က) မုခဒေါသနှင့် တူသောစိတ် (ခ) မုခအဒေါသနှင့် တူသောစိတ်တို့ကို အသီးသီး ဖော်ပြပါ။

ဖြေ။ (က) သရာဂ, သဒေါသ စသော မကောင်းသော စိတ်သည် မုခဒေါသနှင့် တူ၏။

(ခ) ဝီတရာဂ, ဝီတဒေါသ စသော ကောင်းသော စိတ်သည် မုခအဒေါသနှင့် တူ၏။ (ဋီသစ်)

**(ဋ၊ နှာ ၂၀၀-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဣဒဥ္စ ဒေသနာသုခတ္တမေဝ ဝုတ္တံ ဝါကျ၌ ဒေသနာသုခတ္တ၏ အဓိပ္ပါယ်ကို ဖော်ပြပါ။

ဖြေ။ ဟောခြင်းငှာလည်းကောင်း၊ ကြားနာရသူ ပုဂ္ဂိုလ်တို့ သိစေခြင်းငှာလည်းကောင်း လွယ်ကူသော အကျိုးသည် "ဒေသနာသုခတ္တ" မည်၏။ (ဋီသစ်)

**(ဋ၊ နှာ ၂၀၀+၂၀၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အာသဝက္ခယ အရ အရဟတ္တမဂ်ဉာဏ်ကို ယူရမည်ဟု ဓမ္မပဒဋ္ဌကထာ၌ ဖွင့်ဆိုထားပါလျက် ဤသီလက္ခန် အဋ္ဌကထာ၌ အဘယ့်ကြောင့် အာရာ သော အာသဝက္ခယာတိ ဧတ္ထ နိဗ္ဗာနံ ဟူ၍ ဖွင့်ဆိုရပါသနည်း၊ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ အာသဝတရားများ တိုးပွားခဲ့သည် ရှိသော် သင်္ခါရတရားများလည်း တိုးပွားသည်သာ ဖြစ်၍ နိဗ္ဗာန်မှ ဝေးသည်ထက် ဝေး, အလွန်ဝေးသည်သာ ဖြစ်သောကြောင့် "အာရာ သော အာသဝက္ခယာ"၌ အာသဝက္ခယ ပုဒ်သည် နိဗ္ဗာန်ဟော ဖြစ်သင့်ရကား ဤသီလက္ခန် အဋ္ဌကထာ၌ အာရာ သော အာသဝက္ခယာတိ ဧတ္ထ နိဗ္ဗာနံ ဟူ၍ ဖွင့်ဆိုရပါ၏။ (ဋီသစ်+အဖြေသစ်)

မေး။ အာသဝါနံ ခယ ပုဒ်၏ အတ္ထုဒ္ဓါရကို ပြရာ၌ အဘယ့်ကြောင့် အာသဝက္ခယ ပုဒ်ကို ထုတ်ဆောင်၍ ပြရသနည်း။

ဖြေ။ အာသဝက္ခယ ပုဒ်သည် သမာသ်၏ အစွမ်းဖြင့် ဒွေဘော်ပြု၍ ဆိုထားသည်သာ ဖြစ်သောကြောင့်လည်းကောင်း၊ အာသဝါနံ ခယ ပုဒ်နှင့် အာသဝက္ခယ ပုဒ်တို့သည် အနက်တူသာ ဖြစ်သောကြောင့်လည်းကောင်း အာသဝါနံ ခယ ပုဒ်၏ အတ္ထုဒ္ဓါရကို ပြရာ၌ အာသဝက္ခယ ပုဒ်ကို ထုတ်ဆောင်၍ ပြရ၏။ (ဋီသစ်)

မေး။ **အာသဝါနံ ခယဉာဏာယ**၌ ခယ အရကို ဖော်ပြပါ။

ဖြေ။ ခယ အရ = အဝိနာဘာဝနည်းအားဖြင့် နိဗ္ဗာန်ကိုလည်းကောင်း၊ ဥက္ကဋ္ဌနိဒ္ဒေသနည်းအားဖြင့် အရဟတ္တမဂ်ကိုလည်းကောင်း ယူရပါသည်။

မေး။ **အာသဝါနံ ခယဉာဏာယ**၌ ခယ အရ = နိဗ္ဗာန်နှင့် အရဟတ္တမဂ် နှစ်ပါးလုံးကို အဘယ်ကြောင့် ယူရသနည်း။

ဖြေ။ နိဗ္ဗာန်ကို အာရုံမပြုမူ၍ အရဟတ္တမဂ်ချည်း သက်သက်ဖြင့် အာသဝေါတရားတို့ကို အကြွင်းမဲ့ ပယ်သတ်ခြင်း မည်သည် မဖြစ်နိုင်။ နိဗ္ဗာန်ကို အာရုံပြုသော အရဟတ္တမဂ်ဖြင့်သာ အာသဝေါတရားတို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်ရကား အရဟတ္တမဂ်နှင့် နိဗ္ဗာန်တို့သည် အဝိနာဘာဝနည်းအားဖြင့် မကွေမကွာ ဖြစ်ရသောကြောင့် ခယ အရ = ယင်းနှစ်ပါးလုံးကို ယူရသည်။ (ဋီသစ်+အဖြေသစ်)

**(ဋ၊ နှာ ၂၀၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **စိတ္တံ အဘိနီဟရတိ**၌ စိတ္တ အရကို ဖော်ပြပါ။

ဖြေ။ စိတ္တံ အဘိနီဟရတိ၌ စိတ္တ အရ = ဝိပဿနာစိတ်ကို ရ၏။ (ဋ)

ttp://www.dhammadownload.com



မေး။ "ယထာဘူတံ ပဇာနာတိ-ယထာဘူတသိ" (တစ်နည်း) "အသမ္မောဟ ပဋိဝိဇ္ဈန-မတွေဝေဘဲ သိခြင်း" (တစ်နည်း) "အသမ္မောဟ ပဋိဝေဓ-မတွေဝေဘဲ သိခြင်း"ဟူသည် အဘယ်နည်း။

ဖြေ။ ဝိပဿနာဉာဏ်, မဂ်ဉာဏ် ဖြစ်ပေါ်လာခဲ့သည် ရှိသော် ဖြစ်ပေါ်ပြီး နောက်၌ လောကီစိတ် ကောသီတိ, လောဘ ကြဉ်သော စေတသိက် ကေပညာသ, ရုပ်အဋ္ဌဝီသ ဟူသော ဒုက္ခသစ္စာ၏ သရုပ် အစရှိသော အပိုင်းအခြား၌ ပစ္စက္ခအားဖြင့်လည်းကောင်း၊ ပရိစ္ဆိန္ဒအားဖြင့်လည်းကောင်း၊ အနဝသေသအားဖြင့်လည်းကောင်း မတွေဝေဘဲ သိမြင်သော အခြင်းအရာအားဖြင့် ဝိပဿနာဉာဏ်, မဂ်ဉာဏ်များ ဖြစ်ပေါ်လာခြင်းကိုပင် "ယထာဘူတံ ပဇာနာတိ-ယထာဘူတသိ" (တစ်နည်း) "အသမ္မောဟ ပဋိဝိဇ္ဈန-မတွေဝေဘဲ သိခြင်း" (တစ်နည်း) "အသမ္မောဟ ပဋိဝေဓ-မတွေဝေဘဲ သိခြင်း"ဟု ခေါ်၏။ (ဋီသစ်+အဖြေသစ်)

မေး။ **သော ဣဒံ ဒုက္ခန္တိ** အာဒီသု "ဧတ္တကံ ဒုက္ခံ, န ဣတော ဘိယျော"တိ သဗ္ဗမ္ပိ ဒုက္ခသစ္စံ သရသလက္ခဏ ပဋိဝေဓေန ယထာဘူတံ ပဇာနာတီတိ အတ္ထော ဝါကျ၌ အဘယ်ကို ပြလို၍ "သရသလက္ခဏပဋိဝေဓေန" ဟူသော ကြိယာဝိသေသနပုဒ် ထည့်ဖွင့်ရသနည်း၊ ရှင်းပြဖြေဆိုပါ။

ဖြေ။ ပါဠိတော်၌ ယထာဘူတံ ပဇာနာတိဟု ရှိ၏။ ဒုက္ခသစ္စာ၏ သဘာဝလက္ခဏာကို ထိုးထွင်း၍ သိမှသာ "ယထာဘူတသိ"ဟု ဆိုနိုင်ကြောင်းကို ပြလို၍ "သရသလက္ခဏပဋိဝေဓေန"ဟူသော ကြိယာဝိသေသန ပုဒ်ကို ထည့်၍ ဖွင့်သည်။ (ဋီသစ်၊ ဘာဋီ)

မေး။ "ဒုက္ခသစ္စာ ချုပ်ရာ ဌာနသည်သာ နိရောဓသစ္စာ မည်၏"ဟူသော စကားသည် မှန်/မမှန် ယုတ္တိပြ၍ ဖြေဆိုပါ။

ဖြေ။ မမှန်ပါ။

ယုတ္တိကား = တဒုဘယမ္ပိ ယံ ဌာနံ ပတွာ နိရုဇ္ဈတိ၊ တံ တေသံ အပ္ပဝတ္တိ နိဗ္ဗာနံ ဟူသော အဋ္ဌကထာ အဖွင့်ကို ထောက်၍ ဒုက္ခနှင့် သမုဒယ သစ္စာနှစ်ပါးလုံးတို့၏ ချုပ်ရာ ဌာနသည်သာ နိရောဓသစ္စာ မည်သော ကြောင့်တည်း။

မေး။ ဒုက္ခနှင့် သမုဒယ သစ္စာနှစ်ပါးလုံးတို့၏ ချုပ်ရာ ဌာနသည်သာ နိရောဓသစ္စာ မည်ပါလျက် အဘယ်ကြောင့် "အယံ ဒုက္ခနိရောဓော"ဟူ၍ ဆိုရသနည်း။

ဖြေ။ ဒုက္ခသစ္စာ ချုပ်ပျောက်လျှင် ယင်းဒုက္ခသစ္စာကို ဖြစ်စေတတ်သော သမုဒယသစ္စာသည်လည်း ချုပ်ပျောက်သွားသည်သာ ဖြစ်ရကား ထိုသမုဒယသစ္စာ၏လည်း ချုပ်ပျောက်သွားမှုကို ပြလိုသောကြောင့် "အယံ ဒုက္ခနိရောဓော"ဟူ၍ ဆိုရ၏။ (ဋီသစ်)

အမှာ။ အယံ ဒုက္ခနိရောဓော ပါဌ်၌ ဒုက္ခ ပုဒ်ကို နည်း+ဥပစာ တင်လိုလျှင် = အစိတ်ဖြစ်သော ဒုက္ခသစ္စာ၏ ချုပ်မှုကို ဆိုသဖြင့် အပေါင်းဖြစ်သော ဒုက္ခ+သမုဒယ သစ္စာနှစ်ပါးလုံးတို့၏ ချုပ်ပျောက်မှုကိုလည်း ယူရသော ကြောင့် ဧကဒေသူပစာ+ဥပလက္ခဏနည်း, ပဓာနနည်း, နိဒဿနနည်း တင်ရမည်။

မေး။ ဧဝံ သရူပတော သစ္စာနိ ဒဿေတွာ ပုန ကိလေသဝသေန ပရိယာယတော ဒဿေန္တော "**ဣမေ အာသဝါ**" တိ အာဒိမာဟ ဝါကျ၀ယ် ကိလေသဝသေန ပါဌ်၌ ယူရမည့် ကိလေသာတို့ကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ လောဘ,ဒိဋ္ဌိ,မောဟ ဟူသော အာသဝထိုက်သော ကိလေသာ သုံးပါးကိုသာ ယူရမည်။

အကြောင်း = ပါဠိတော်၌ အာသဝါနံ ခယဉာဏာယဟုလည်းကောင်း၊ ကာမာသဝါပိ ဘဝါသဝါပိ အဝိဇ္ဇာသဝါပိ စိတ္တံ ဝိမုစ္စတိဟုလည်းကောင်း အာသဝထိုက်သော ကိလေသာ သုံးပါးတို့ကိုသာ ဟောတော်မူသောကြောင့်တည်း။ (ဋီသစ်+အဖြေသစ်)

ttp://www.dhammadownload.com



မေး။ ပါဠိတော်၌ ဒိဋ္ဌာသဝါပိ စိတ္တံ ဝိမုစ္စတိဟု မဟောသောကြောင့် ရဟန္တာအား ဒိဋ္ဌာသဝ ရှိသေးသည်ဟု ယူသော် သင့်/မသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ မသင့်ပါ။

အကြောင်း = ဘဝါသဝကို ယူခြင်းဖြင့် ဘဝရာဂကို သိမ်းကျုံးယူပြီး ဖြစ်သကဲ့သို့ ဘဝဒိဋ္ဌိဟု ခေါ်ဆိုအပ်သော ဒိဋ္ဌာသဝသည်လည်း ဘဝါသဝ အတွင်းသို့ ဝင်ရောက်သည် ဖြစ်ရကား ဘဝါသဝါပိ စိတ္တံ ဝိမုစ္စတိဟူသော ဝါကျ၌ ဘဝါသဝကို ယူခြင်းဖြင့် ဒိဋ္ဌာသဝကိုလည်း သိမ်းကျုံးယူပြီး ဖြစ်သောကြောင့်တည်း။

မေး။ **ခီဏာ ဇာတိတိအာဒိဟိ၌ အာဒိအရကို ဖော်ပြပါ။**

ဖြေ။ ဝုသိတံ ဗြဟ္မစရိယံ တစ်ဝါကျ၊ ကတံ ကရဏီယံ တစ်ဝါကျ၊ နာပရံ ဣတ္ထတ္တာယ တစ်ဝါကျ ပေါင်းသုံးဝါကျကို ယူရမည်။ (ပါဠိတော်)

မေး။ (ခီဏာ ဇာတိ) ရဟန္တာတို့ အဘယ်ကြောင့် ဇာတိကုန်သနည်း။

ဖြေ။ မဂ်ကို ပွားများအပ်ပြီး ဖြစ်သောကြောင့် ဧကဝေါကာရ, စတုဝေါကာရ, ပဉ္စဝေါကာရ ဘဝတို့၌ ခန္ဓာ ၁-ပါး, ၄-ပါး, ၅-ပါးပြားသော ဇာတိသည် နောင်အခါ ဖြစ်ခြင်းသဘော မရှိသည်၏ အဖြစ်သို့ ရောက်သောကြောင့် ရဟန္တာတို့ ဇာတိကုန်သည်။ (အနာဂတ်ဇာတိကို ကုန်စေရာ ရောက်သည်ဟူလို) (ဋ္ဌ)

မေး။ (ခီဏာ ဇာတိ) ရဟန္တာတို့ ဇာတိကုန်ခြင်းကို အဘယ်ပုံ, အဘယ်နည်းဖြင့် သိသနည်း။

ဖြေ။ ရဟန္တာပုဂ္ဂိုလ်သည် မဂ်ကို ပွားများပြီး ဖြစ်၍ ပယ်အပ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်လသော် "ငါ့အား ကိလေသာ မရှိသည် ဖြစ်၍ ထင်ရှားရှိသော ကံသည် နောင်အခါ ပဋိသန္ဓေ အကျိုးကို မပေးတော့ပါ"ဟု သိမြင် ဆင်ခြင်သောအားဖြင့် ရဟန္တာတို့ ဇာတိကုန်ပုံကို အပြားအားဖြင့် သိတော်မူ၏။ (ဋ္ဌ)

မေး။ ပါဠိတော်၌ ဗြဟ္မစရိယံဟု သာမညအားဖြင့် ဟောတော်မူသောကြောင့် ဗြဟ္မစရိယအရ မေထုန်အမှုမှ ရှောင်ကြဉ်ခြင်း အစ လောကီသီလ, သမာဓိ, ဝိပဿနာများနှင့် လောကုတ္တရာမဂ်တို့ကို ယူသင့်ပါလျက် ဤနေရာ၌ အဘယ့်ကြောင့် ဗြဟ္မစရိယအရ မဂ္ဂဗြဟ္မစရိယကိုသာ ယူရသနည်း။

ဖြေ။ ဝုသိတန္တိ ဝုတ္ထံ ပရိဝုတ္ထံ ဟူသော သဒ္ဒန္တရိက်တို့ကို ထောက်ဆလျှင် ဤနေရာ၌ ဗြဟ္မစရိယ ဟူသော သဒ္ဒါသည် အမြတ်ဆုံးကို ညွှန်ပြသော ဥက္ကဋ္ဌနိဒ္ဒေသနည်းအားဖြင့် ဟောထားတော်မူသော သဒ္ဒါသာ ဖြစ်သောကြောင့် ဗြဟ္မစရိယအရ မဂ္ဂဗြဟ္မစရိယကိုသာ ယူရသည်။ (ဋီသစ်)

မေး။ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်သည် မဂ်မရပါဘဲလျက် **ဗြဟ္မစရိယန္တိ** မဂ္ဂဗြဟ္မစရိယံ။ ပုထုဇ္ဇနကလျာဏကေန ဟိ သဒ္ဓိံ သတ္တ သေက္ခာ ဗြဟ္မစရိယံ ဝသန္တိ နာမ ဝါကျဝယ် ဗြဟ္မစရိယံ ဝသန္တိ စာရင်း၌ အဘယ့်ကြောင့် ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်ကို ထည့်၍ ဆိုရသနည်း။

ဖြေ။ ကလျာဏပုထုဇဉ်သည်လည်း သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်း အကျိုးငှာ ကျင့်ဆဲမည်၏ဟု ဒက္ခိဏဝိဘင်္ဂသုတ် စသည်၌ ထိုထိုသော အခြင်းအရာအားဖြင့် ဆိုအပ်သောကြောင့်တည်း။

**(ဋ္ဌ၊ နှာ ၂၀၁+၂၀၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ပါဠိတော်၌ သော ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ စသည်ဖြင့် သမ္မာဒိဋ္ဌိ မဂ္ဂင်တစ်ပါးတည်းကိုသာ ဟောကြားအပ်၏။ သမ္မာသင်္ကပ္ပ စသော မဂ္ဂင်တို့ကို မဟောကြားအပ်ပါဘဲလျက် "သစ္စာလေးပါးတို့၌ မဂ်လေးပါးတို့ဖြင့် ပရိညာ, ပဟာန, သစ္ဆိကိရိယာ, ဘာဝနာ၏ အစွမ်းအားဖြင့် မဂ်ကိစ္စ ၁၆-ချက်တို့ကို ပြီးဆုံးစေအပ်ပြီ (စတူသု သစ္စေသု စတူဟိ မဂ္ဂေဟိ ပရိညာပဟာနသစ္ဆိကိရိယာဘာဝနာဝသေန သောဠသဝိဓံ ကိစ္စံ နိဋ္ဌာပိတံ)"ဟု မဂ္ဂင် ရှစ်ပါးလုံးနှင့် ဆက်ဆံသောအားဖြင့် အဘယ့်ကြောင့် ဆိုရသနည်း။

ttp://www.dhammadownload.com



ဖြေ။ သမ္မာသင်္ကပ္ပ စသော မဂ္ဂင်တို့၏လည်း ပရိညာ, ပဟာန, သစ္ဆိကိရိယာ, ဘာဝနာ ဟူသော လေးပါးသော ကိစ္စတို့ကို ပြီးစေသည်၏ အစွမ်းဖြင့် ဖြစ်သောကြောင့်တည်း။ (ဋီသစ်)

**(၄၊ နှာ ၂၀၂–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဣဒါနိ ပုန ဣတ္ထဘာဝါယ ဇဝံ သောဠသကိစ္စဘာဝါယ, ကိလေသက္ခယဘာဝါယ ဝါ ကတ္တဗ္ဗံ မဂ္ဂဘာဝနာကိစ္စံ နတ္ထိ ဝါကျဝယ် သောဠသကိစ္စဘာဝါယနှင့် ကိလေသက္ခယဘာဝါယ ပုဒ်တို့ကို ဖွင့်ဆိုရေးသားရခြင်း အကြောင်းတို့ကို အသီးသီး ဖြေပြပါ။

ဖြေ။ မဂ်ကို ဆင်ခြင်သည့် သောဠသကိစ္စကို ဆင်ခြင်ခြင်းသည် လွယ်ကူစွာ ပြီးစီးသောကြောင့် ပုဂ္ဂိုလ်အား မဂ်၏ အာနုဘော်ဖြင့် ထင်ရှားကုန်၏။ ဤနည်းဖြင့် ဆက်ဆံသော လေးပါးသော မဂ်တို့၌ အသီးသီး ဖြစ်ကုန်သော တစ်မဂ်စီ, တစ်မဂ်စီတို့၌ လေးပါးသော ကိစ္စတို့၏ အစွမ်းဖြင့် သောဠသကိစ္စ ဖြစ်သည်၏ အဖြစ်ကို ပြလိုသောကြောင့် သောဠသကိစ္စဘာဝါယ ပုဒ်ကို ဖွင့်ဆိုရေးသားသည်။

ပရိညာကိစ္စ, သစ္ဆိကိရိယာကိစ္စ, ဘာဝနာကိစ္စတို့၏ ပဟာနကိစ္စသာလျှင် ပြဋ္ဌာန်းသော ကိစ္စရှိ၏ဟု ပြလိုသောကြောင့် ကိလေသက္ခယဘာဝါယ ပုဒ်ကို ဖွင့်ဆိုရေးသားသည်။

(တစ်နည်း) ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၏ အဆင့်ဆင့်ဖြင့် ၁၉–ပါးသော ပစ္စဝေက္ခဏာဉာဏ် အစီအရင်ကို ပြလိုသောကြောင့် သောဠသဘာဝါယ ပုဒ်ကို ဖွင့်ဆိုရေးသားသည်။

ပယ်အပ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်ခြင်း အစီအရင်သာ ပြဋ္ဌာန်းသည်ကို ပြလိုသောကြောင့် ကိလေသက္ခယဘာဝါယ ပုဒ်ကို ဖွင့်ဆိုရေးသားသည်။ (ဋီသစ်+သျှသစ်)

မေး။ မည်သို့သော အကြောင်းကြောင့် မဂ်ကို ဆင်ခြင်သော သူအား သောဠသကိစ္စများ ထင်ရှားစွာ ဖြစ်ပေါ်လာ ရသနည်း။

ဖြေ။ မဂ်ကို ဆင်ခြင်ခဲ့သော် ထိုမဂ်ကိစ္စကို ဆင်ခြင်၍ ပစ္စဝေက္ခဏာ ဝီထိဖြင့်လည်း ချမ်းသာလွယ်ကူစွာ ကိစ္စဟူသမျှ ပြီးစီးနိုင်ရကား မဂ်၏ အစွမ်းသတ္တိ အာနုဘော်ကြောင့် မဂ်ကို ဆင်ခြင်သော သူအား သောဠသကိစ္စများ ထင်ရှားစွာ ဖြစ်ပေါ်လာရ၏။ (ဋီသစ်+အဖြေသစ်)

မေး။ သဟစရဏနည်းနှင့် ယထာလာဘနည်းတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ သဘာဝ အနက်,အဓိပ္ပါယ်အားဖြင့် မရအပ်ပါသော်လည်း အတူတကွ ယှဉ်စပ်မှု, အတူတကွ ဖြစ်နေတည်နေမှု၏ အစွမ်းအားဖြင့် ဟောကြားခဲ့ခြင်းမျှကို စွဲ၍ ဖြစ်ပေါ်လာသော နည်းသည် သဟစရဏနည်း မည်၏။

အများနှင့် ဆက်ဆံသောအားဖြင့် ဝေဝုစ်သဒ္ဒါကို ရောရောနှောနှော ဟောကြားခဲ့ပါသော်လည်း ဖြစ်သင့်, ဖြစ်ထိုက်သော အနက်,အဓိပ္ပါယ်၏ အစွမ်းအားဖြင့် ဝေဝုစ်သဒ္ဒါကို အမှန်အတိုင်း ယှဉ်စပ်၍ ယူရသောနည်းသည် ယထာလာဘနည်း မည်၏။ (ဋီသစ်+အဖြေသစ်)

မေး။ သီပ္ပိကသမ္ဗုကမ္ပိ သက္ခရကထလမ္ပိ မစ္ဆဂုမ္ဗမ္ပိ စရန္တမ္ပိ တိဋ္ဌန္တမ္ပိ ဟူသော ပါဠိတော် ဝါကျ၌ မည်သည့်နည်း တို့ကို ရသနည်း။

ဖြေ။ သဟစရဏနည်း, ယထာလာဘနည်းတို့ကို ရ၏။

မေး။ ဣတရမ္ပိ ဒွယံ တိဋ္ဌန္တန္တိ ဝုတ္တံ။ ဣတရဉ္စ ဒွယံ စရန္တံ ဝါကျတို့၌ ပါသည့် ဣတရသဒ္ဒါ နှစ်ခုတို့၏ အရကို လည်း တိကျစွာ ဖော်ပြပါ။

ဖြေ။ ဣတရသဒ္ဒါ နှစ်ခုလုံး၏ အရကား = သီပ္ပိကသမ္ဗုက (ခရုယောက်သွား)နှင့် မစ္ဆဂုမ္ဗ (ငါး) နှစ်ပါးတို့ကို ရ၏။

ttp://www.dhammadownload.com



မေး။ အဇာတသတ်မင်းအား ဘုရားရှင် ညွှန်ပြအပ်သော ဉာဏ် ၁၀–ပါးကို ဖော်ပြ၍၊ ထိုဉာဏ်တို့တွင် အစဖြစ်သော ဉာဏ်၏ ပြနိုင်သော အာရုံတို့ကိုလည်း ရေးခဲ့ပါ။

ဖြေ။ ဉာဏ် ၁၀–ပါးကား ၁။ ဝိပဿနာဉာဏ် ၂။ မနောမယဉာဏ် ၃။ ဣဒ္ဓိဝိဓဉာဏ် ၄။ ဒိဗ္ဗသောတဉာဏ် ၅။ စေတောပရိယဉာဏ် ၆။ ပုဗ္ဗေနိဝါသဉာဏ် ၇။ ဒိဗ္ဗစက္ခု၏ အစွမ်းဖြင့် ဖြစ်သော အနာဂတံသဉာဏ် ၈။ ဒိဗ္ဗစက္ခု၏ အစွမ်းဖြင့် ဖြစ်သော ယထာကမ္မူပဂဉာဏ် ၉။ ဒိဗ္ဗစက္ခုဉာဏ် ၁၀။ အာသဝက္ခယဉာဏ်။ (ဋ) အစဖြစ်သော ဝိပဿနာဉာဏ်သည် ပရိတ္တ၊ မဟဂ္ဂတ၊ အတီတ၊ အနာဂတ၊ ပစ္စုပ္ပန္န၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ အစွမ်းအားဖြင့် ၇–ပါးသော အာရုံကို အာရုံပြုနိုင်၏။ (ဋ)

**(ဋ၊ နှာ ၂၀၂+၂၀၃–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဉာဏ် ၁၀–ပါးတို့တွင် မနောမယဉာဏ်နှင့် အာသဝက္ခယဉာဏ်တို့၏ အာရုံတို့ကို ဖော်ပြပါ။

ဖြေ။ မနောမယဉာဏ် (ဣဒ္ဓိဝိဓဉာဏ်)သည် ဖန်ဆင်းအပ်သော ရူပါယတနမျှကိုသာလျှင် အာရုံပြု၏။ ထို့ကြောင့် ကာမာဝစရ ပစ္စုပ္ပန်ဖြစ်သော ဗဟိဒ္ဓတရားကို အာရုံပြု၏။

အာသဝက္ခယဉာဏ်သည် အပ္ပမာဏဖြစ်သော ဗဟိဒ္ဓ ပညတ်တရားကို အာရုံပြု၏။ (ဋ)

**(ဋ၊ နှာ ၂၀၄–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဣမာယ ဒေသနာယ ရတနတ္တယေ ပသန္နစိတ္တော စသော စကားရပ်ကို အဋ္ဌကထာဆရာ အဘယ့်ကြောင့် ဆိုရသနည်း။

ဖြေ။ ဤသာမညဖလသုတ် ဒေသနာတော်ကို ကြားနာရသောကြောင့်သာ အဇာတသတ်မင်းသည် ဘုရားရှင်အား လွန်လွန်ကဲကဲ ကြည်ညိုသောစိတ် ဖြစ်ပေါ်လာရသည်ဟူသော အဓိပ္ပါယ်ကို သိစေလိုသောကြောင့် ဣမာယ ဒေသနာယ ရတနတ္တယေ ပသန္နစိတ္တော စသော စကားရပ်ကို အဋ္ဌကထာဆရာ ဆို၏။ (ဋီသစ်)

**(ဋ၊ နှာ ၂၀၅–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၌** သရဏံ ပုဒ်ကို ဒုတိယ ကံပုဒ် အဖြစ်ဖြင့် အနက်ယောဇနာသော် သင့်/မသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ မသင့်ပါ။

အကြောင်း = ဂစ္ဆာမိ၌ ဂမုဓာတ်၏ ကံပုဒ်ကား ဘဂဝန္တံဟု ရှိနေပြီး ဖြစ်၏။ ယင်းဂမုဓာတ်သည် ဒွိကမ္မက ဓာတ် မဟုတ်၊ ဧကကမ္မက ဓာတ်သာ ဖြစ်၍ ဒုတိယ ကံပုဒ်ကို အလိုမရှိအပ်သောကြောင့်တည်း။ (ဋီသစ်)

"မှတ်သားဘွယ်ရာ ဒွိကမ္မကဓာတ်များ"

ဒုဟ ယာစ ရုဓိ ပုစ္ဆ၊ ဘိက္ခ သာသ ဝစာဒယော။
နီ ဝဟ ဟာရမာဒီစ၊ ဥဘယေတေ ဒွိကမ္မကာ။ (ဘေဒစိန္တာ)

မေး။ **ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၌** ဘဂဝန္တံနှင့် သရဏံ နှစ်ပုဒ်တို့ကို တုလျာဓိကရဏ ဝိသေသန+တုလျာဓိကရဏ ဝိသေသျ အဖြစ်ဖြင့် ကြံဆ၍ ယူသော် သင့်/မသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ မသင့်ပါ။

ttp://www.dhammadownload.com



အကြောင်း = ဘဂဝန္တနှင့် သရဏ နှစ်ပုဒ်တို့ကို တုလျာဓိကရဏဝိသေသန+တုလျာဓိကရဏဝိသေသျ အဖြစ်ဖြင့် ကြံဆ၍ ယူခဲ့သော် ဘုရားရှင်အား အမှန်မုချအားဖြင့် ကိုးကွယ်မှီခိုရာဟု ဆည်းကပ်သူ, ပဒေါသ စိတ်ဖြင့် ဘုရားရှင်ကို နှိပ်စက် ညှဉ်းပမ်းရန်အတွက် ဘုရားရှင်၏ ထံပါးသို့ ရောက်လာသူ နှစ်ဦးလုံးသည် ပင် ဗုဒ္ဓသရဏဂုံ ယူသူ ဖြစ်စေတော့သည်။ ဤ၌ ဘုရားရှင်ကို နှိပ်စက် ညှဉ်းပမ်းရန်အတွက် ဘုရားရှင်၏ ထံပါးသို့ ရောက်လာသော သူသည် ဗုဒ္ဓသရဏဂုံ ယူသူ မဖြစ်နိုင်သောကြောင့် ဘဂဝန္တနှင့် သရဏ နှစ်ပုဒ် တို့ကို တုလျာဓိကရဏဝိသေသန+တုလျာဓိကရဏဝိသေသျ အဖြစ်ဖြင့် ကြံဆ၍ ယူသော် မသင့်ပါ။ (ဋီ)

မေး။ **ဘဂဝန္တံ သရဏံ ဂစ္ဆာမီတိ** ဘဂဝါ မေ သရဏံ ပရာယဏံ အဃဿ တာတာ, ဟိတဿ စ ဝိဓာတာတိ ဣမိနာ အဓိပ္ပါယေန ဘဂဝန္တံ ဂစ္ဆာမိ ဝါကျ၌ "ဣတိ ဣမိနာ အဓိပ္ပါယေန"ဟူ၍ အဋ္ဌကထာဆရာ အဘယ့် ကြောင့် ဆိုရသနည်း။

ဖြေ။ ဂမုဓာတ်၏ ကေကမ္မက ဓာတ်သာ ဖြစ်သောကြောင့်လည်းကောင်း၊ ဘုရားရှင်ကို နှိပ်စက် ညှဉ်းပမ်းရန် အတွက် ဘုရားရှင်၏ ထံပါးသို့ ရောက်လာသော သူသည် ဗုဒ္ဓသရဏဂုံ ယူသူ မဖြစ်နိုင်၍ ဘဂဝန္တနှင့် သရဏ နှစ်ပုဒ်တို့ကို တုလျာဓိကရဏဝိသေသန+တုလျာဓိကရဏဝိသေသျ အဖြစ်ဖြင့် ကြံဆ၍ မယူနိုင် သောကြောင့်လည်းကောင်း၊ အမှန်မုချအားဖြင့် ကိုးကွယ်မှီခိုရာဟူ၍ ဘုရားရှင်ကို ကိုးကွယ် ဆည်းကပ်သူ သည်သာ ဗုဒ္ဓသရဏဂုံ ယူသူ ဖြစ်နိုင်သောကြောင့်လည်းကောင်း၊ ဤဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဝါကျ၌ သရဏံ ပုဒ်နောင် ဣတိသဒ္ဒါကို လုတ္တနိဒ္ဒိဋ္ဌ ကြံလျက် အာကာရတ္ထ ယောဇနာရမည်ကို သိစေလိုသောကြောင့်လည်း ကောင်း "ဣတိ ဣမိနာ အဓိပ္ပါယေန"ဟူ၍ အဋ္ဌကထာဆရာ ဆိုတော်မူ၏။ (ဋီသစ်)

မေး။ အဃဿ တာတာဝယ် အဃဿ၌ 'သ' ဝိဘတ်သည် အဘယ်အနက်၌ ဖြစ်သနည်း၊ ယုတ္တိပြ၍ ဖြေဆိုပါ။

ဖြေ။ ရက္ခဏတ္ထ အနက်ရှိသော (တာတာ၌) တာဓာတ်၏ အယုဉ် ဖြစ်သောကြောင့်လည်းကောင်း၊ အဃဿာတိ နိဿက္ကေ သာမိဝစနံဟု ဋီသစ်ဖွင့်သောကြောင့်လည်းကောင်း အဃဿ၌ 'သ' ဝိဘတ်သည် အပါဒါန် အနက်၌ သက်၏။

မေး။ ဘဇန၊ သေဝန၊ ပယိရုပါသန (ဆည်းကပ်ပုံ, ချဉ်းကပ်ပုံ) သုံးမျိုးတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ဘုရားရှင်ကို အားထားမှီခို ကိုးကွယ်လိုသဖြင့် ဆည်းကပ်ခြင်း သရဏာဓိပ္ပါယသည် ဘဇန၊
ဘုရားရှင်ထံပါး အနီးနား၌ ကျင်လည်ခြင်း သန္တိကာဝစရဘာဝသည် သေဝန၊
ဘုရားရှင်၏ ဝတ်ကြီး,ဝတ်ငယ်ကို ပြုခြင်းဖြင့် လုပ်ကျွေးခြင်း ဥပဋ္ဌာနသည် ပယိရုပါသန။
ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ (က) အဓိဂတမဂ္ဂေ, သစ္ဆိကတနိရောဓေ (ခ) ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ ပါဌ်တို့ဖြင့် ယူရမည့် ပုဂ္ဂိုလ်တို့ကို အသီးသီး ဖော်ပြပါ။

ဖြေ။ (က) အဓိဂတမဂ္ဂေ, သစ္ဆိကတနိရောဓေ ပါဌ်ဖြင့် ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့ကို ယူပါ။
(ခ) ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ ပါဌ်ဖြင့် မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့ကို ယူပါ။ (ဋီသစ်)

မေး။ ကလျာဏ ပုထုဇဉ်တို့သည် ဆုံးမသည့်အတိုင်း ကျင့်တတ်သော ပုဂ္ဂိုလ်များ ဖြစ်၍ "ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ" ပါဌ်ဖြင့် ယင်းကလျာဏ ပုထုဇဉ်ကို ယူသင့်လျက် မယူခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်သည် ဆုံးမသည့်အတိုင်း ကျင့်တတ်သော ပုဂ္ဂိုလ် ဖြစ်ပါသော်လည်း မဂ္ဂနိယာမသို့ သက်ရောက်ခြင်း မရှိသောကြောင့် မုချအားဖြင့် ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ ပါဌ်ဖြင့် မဂ္ဂဋ္ဌာန်ကိုသာ ယူ၍ ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်ကို မယူရပါ။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ စတူသု အပါယေသု အပတမာနေ ဓာရေတီတိ ဓမ္မော၊ သော အတ္ထတော အရိယမဂ္ဂေါ စေဝ နိဗ္ဗာနဉ္စ ဝါကျ၌ "စတူသု အပါယေသု"ဟု ဆိုထား၍ အပါယ်လေးပါးတို့၌သာ မကျအောင် ဆောင်နိုင်ရုံမျှဖြင့် ဓမ္မ မည်၏ဟု မှတ်ရမည်လော၊ အသို့ မှတ်ရမည်နည်း၊ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ အပါယ်လေးပါးတို့၌သာ မကျအောင် ဆောင်နိုင်ရုံမျှဖြင့် ဓမ္မ မည်၏ဟု မမှတ်ရပါ။

အကြောင်း = အပါယ်လေးဘုံတို့သည် များစွာသော ဒုက္ခတို့၏ တည်ရာဌာန ဖြစ်သောကြောင့် ပဓာနနည်း၏ အစွမ်းဖြင့် "စတူသု အပါယေသု"ဟု ဆိုထားခြင်း ဖြစ်၏။ အမှန်အားဖြင့်ကား = အရိယမဂ်နှင့် နိဗ္ဗာန်တို့ သည် အပါယ်ဒုက္ခတို့၌လည်းကောင်း၊ အလုံးစုံသော သံသရာ ဝဋ္ဋဒုက္ခတို့၌လည်းကောင်း မကျအောင် ဆောင်နိုင်သောကြောင့် ဓမ္မ အမည်ရကုန်၏ဟူသော အနက်,အဓိပ္ပါယ်ကိုသာ ကေန်မုချ မှတ်ရမည်။ (ဋ္ဌီ)

အမှာ။ ယင်းဝါကျ၌ စတူသု အပါယေသု ပုဒ်ကို နည်း+ဥပစာ တင်လိုလျှင် = ဧကဒေသူပစာ+ဥပလက္ခဏနည်း၊ ပဓာနနည်း၊ နိဒဿနနည်း တင်ရမည်။

မေး။ ဝုတ္တဉ္စေတံ "ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ တေသံ အဂ္ဂမက္ခာယတီ"တိ ဝိတ္ထာရော ဝါကျ၌ ဝိတ္ထာရောပုဒ် ဆိုထားရခြင်း၏ ရည်ရွယ်ချက်ကို ရေးခဲ့ပါ။

ဖြေ။ နိဗ္ဗာန်၏ မုချဓမ္မ မည်ခြင်း၌ ကျန်ရှိသော အကိုးသာဓကကို ပေါင်းဆည်းယူရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဝိတ္ထာရော ပုဒ်ကို ဆို၏။ (ဋ္ဌီသစ်)

မေး။ **ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၌** ဓမ္မ အရကို မုချ, ဥပစာအားဖြင့် ခွဲခြား၍ စုံလင်စွာ ကောက်ပြပါ။

ဖြေ။ ဓမ္မ အရ မုချအားဖြင့် = အရိယမဂ်နှင့် နိဗ္ဗာန်ကို ယူပါ။

ဖလူပစာအားဖြင့် = ပရိယတ္တိဓမ္မကို ယူပါ။

ကာရဏူပစာအားဖြင့် = အရိယဖိုလ်ကို ယူပါ။ (ဋ္ဌ)

မေး။ ပရိယတ္တိဓမ္မနှင့် အရိယဖိုလ် လေးပါးတို့၏ ဥပစာအားဖြင့် ဓမ္မအမည်ရခြင်း အကြောင်းများကို မှတ်သား လောက်အောင် ရေးပြပါ။

ဖြေ။ ၁။ ပရိယတ္တိသည် နိယျာနဓမ္မဟု ဆိုအပ်သော မဂ်ကို ရခြင်း၏ အကြောင်း ဖြစ်သောကြောင့် ဖလူပစာအားဖြင့် ဓမ္မမည်၏။

၂။ ဖိုလ်သည် မဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်အပ်ပြီးသော ကိလေသာတို့ကို တစ်ဖန် ငြိမ်းစေခြင်း ပဋိပ္ပဿ ဒ္ဓိပ္ပဟာန ကိစ္စရှိရကား မဂ်အားလျော်စွာ ဖြစ်သောကြောင့် ကာရဏူပစာအားဖြင့် ဓမ္မမည်၏။ (ဋ္ဌီသစ်)

မေး။ ရာဂဝိရာဂမနေဇ ဂါထာ၌ လာသော ရာဂနှင့် ဇော နှစ်ပါးတို့၏ ခြားနားပုံကို ဖော်ပြပါ။

ဖြေ။ အရဟတ္တမဂ်သည် သမုစ္ဆေဒ ပဟာနသတ္တိဖြင့် ပယ်သတ်အပ်သော တဏှာသည် ရာဂမည်၏။ အရဟတ္တဖိုလ်သည် ပဋိပ္ပဿဒ္ဓ ပဟာနသတ္တိဖြင့် ငြိမ်းစေအပ်ပြီးသော တဏှာသည် ဇော မည်၏။ ဤသို့ ပဟာယကအားဖြင့် ခြားနားကြပါသည်။

မေး။ အဋ္ဌ စ ပုဂ္ဂလ ဓမ္မဒသာ၌ ဓမ္မ အရကို ဖော်ပြပါ။

ဖြေ။ ဓမ္မ အရ = စတုသစ္စဓမ္မ (တစ်နည်း) နိဗ္ဗာနဓမ္မ (တစ်နည်း) အရိယဓမ္မကို ယူပါ။ (ဋ္ဌီသစ်)

မေး။ သရဏဂမန အစီအရင်၌ အဘယ့်ကြောင့် သရဏဂမနဝေါဒါန ပုဒ်ကို သီးခြား မဆိုရသနည်း။

ဖြေ။ သရဏဂမန အစီအရင်၌ သံကိလေသော ပုဒ်ဖြင့် သရဏဂုံ ညစ်ညူးမှုကို ယူထား၊ ဆိုထားခဲ့လျှင် ယင်း သရဏဂုံ ညစ်ညူးမှုမှ ပြန်လှန်သောအားဖြင့် သရဏဂုံ ဖြူစင်သန့်ရှင်းမှုသည်လည်း အနက်သဘောအား ဖြင့် ထင်ရှားသည်သာ ဖြစ်သောကြောင့် သရဏဂမနဝေါဒါန ပုဒ်ကို သီးခြား မဆိုတော့ပါ။ (ဋ္ဌီသစ်)

ttp://www.dhammadownload.com



မေး။ **သရဏံ** ပုဒ်၏ အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ သရဏံ ဟူသော သဒ္ဒါသည် အပေါင်းဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်နှင့် ရတနတ္တယတို့၏ သရဏ ဟူသော အမည်ကို အစိတ်ဖြစ်သော ရတနတ္တယ၌ တင်စား၍ အစိတ်ဖြစ်သော ရတနတ္တယကို သရဏ ဟူ၍ ဆိုထားသော ဧကဒေသူပစာ+အထင်ရှင်္ဂနည်း သဒ္ဒါသာ ဖြစ်သောကြောင့်လည်းကောင်း၊ အဋ္ဌကထာ၌လည်း ရတနတ္တယသေဝေတံ အဓိဝစနံဟု ဖွင့်ဆိုထားသောကြောင့်လည်းကောင်း သရဏံ ပုဒ်၏ အရကို = ရတနတ္တယကိုသာ ယူရမည်။

သတိ။ ဝုစ္စတိ၊ ဝုတ္တံ၊ အဓိဝစနံ၊ နာမံ ရှိရာ၊ ဥပစာ၊ အထင် ရှင်္ဂသာ။

မေး။ သရဏဂမနေန ဘယံ သန္တာသံ ဒုက္ခံ ဒုဂ္ဂတိပရိကိလေသံ ဟနတိ ဝါကျ၌ ပါသည့် ဘယ၊ သန္တာသ၊ ဒုက္ခ တို့၏ အရကို ဖော်ပြပါ။

ဖြေ။ ဘယ အရ = သံသရာ ဝဋ်ဘေး (အာရမ္မဏဘယ)ကို ရ၏။

သန္တာသ အရ = စိတ်၏ ချောက်ချားမှု စိတ္တုတြာသဘယကိုလည်းကောင်း၊ ထိုစိတ္တုတြာသဘယဖြင့်ပင်လျှင် စေတသိကဒုက္ခကို သိမ်းကျုံး ယူအပ်သည်၏ အဖြစ်ကြောင့် စေတသိကဒုက္ခများ ဖြစ်ကြသော ဉာဏဘယ, ဩတ္တပ္ပဘယကိုလည်းကောင်း ရ၏။

ဒုက္ခ အရ = ကာယိကဒုက္ခကို ရ၏။ (ဋီသစ်)

မေး။ သရဏဂမနေန ဘယံ သန္တာသံ ဝါကျဝယ် ဘယံ ပုဒ်၌ ဘယအရ ဘယလေးမျိုးတို့တွင် မည်သည့် ဘယကို ယူရမည်နည်း၊ အကြောင်းပြ၍ ဖြေပြပါ။

ဖြေ။ ဘယ အရ = အာရမ္မဏဘယကို ရ၏။

အကြောင်း = သန္တာသံ ပုဒ်ဖြင့် စိတ္တုတြာသဘယ, ဉာဏဘယ, ဩတ္တပ္ပဘယတို့ကို ယူလတ္တံ့ ဖြစ်သောကြောင့်တည်း။ (အဖြေသစ်)

**(ဋ္ဌ၊ နှာ ၂၀၆–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အပ္ပကာနမ္ပိ ကာရာနံ ဝိပုလဖလပဋိလာဘကရဏေန သံဃော ဝါကျ၌ "ဝိပုလဖလပဋိလာဘကရဏ"၏ အကြောင်းကို ဖော်ပြပါ။ (တစ်နည်း:) ကုသိုလ် အနည်းငယ်မျှသာ ပြုသူတို့အားလည်း သံဃာတော်သည် များစွာသော အကျိုးတို့ကို ရရှိအောင် ပြုနိုင်ပါ၏ဟု ဆိုနိုင်ခြင်း၏ အကြောင်းကို ဖော်ပြပါ။

ဖြေ။ သံဃာတော်တို့သည် အတုမရှိ လွန်မြတ်သော အလှူခံပုဂ္ဂိုလ် ဖြစ်သောကြောင့်တည်း။ (ဋီသစ်)

မေး။ တပ္ပသာဒတဂ္ဂရုတာဟိ ဝိဟတကိလေသော ဝါကျ၌ တပ္ပသာဒပုဒ်, တဂ္ဂရုတာပုဒ်တို့ဖြင့် ရည်ညွှန်းအပ်သော သရဏဂုံတို့ကို ခွဲခြား၍ ဖော်ပြပါ။

ဖြေ။ တပ္ပသာဒဖြင့် = လောကီ သရဏဂုံကို ရည်ညွှန်း၏။

တဂ္ဂရုတာဖြင့် = လောကုတ္တရာ သရဏဂုံကို ရည်ညွှန်း၏။

မေး။ တပ္ပသာဒတဂ္ဂရုတာဟိ ဝိဟတကိလေသော ဝါကျ၌ တပ္ပသာဒပုဒ်ကို ဝိဟတပုဒ်၌ စပ်ခိုက် အဘယ် ကိလေသာသည် ဝိဟတကိလေသာ မည်သနည်း။

ဖြေ။ တဒင်္ဂပဟာန်ဖြင့် ပယ်အပ်သော ကိလေသာသည် ဝိဟတကိလေသာ မည်၏။ (အဖြေသစ်)

မေး။ သရဏဂုံ နှစ်မျိုး (ဝါ) သရဏဂုံအပြား နှစ်ပါးကို ဖော်ပြပါ။

ဖြေ။ ၁။ လောကုတ္တရာ သရဏဂုံ ၂။ လောကီ သရဏဂုံတို့တည်း။

အမှာ။ လောကုတ္တရာ သရဏဂုံသည် အရိယာမဂ် ခဏ၌ ပြီးစီးပါသည်။ (ဋ္ဌ)

ttp://www.dhammadownload.com



မေး။ လောကုတ္တရံ ဒိဋ္ဌသစ္စာနံ မဂ္ဂက္ခဏေ သရဏာဂမနုပက္ကိလေသသမုစ္ဆေဒေန ။ပ။ ရတနတ္တယေ ဣဇ္ဈတိ ဝါကျ၌ "သရဏာဂမနုပက္ကိလေသသမုစ္ဆေဒေန"ဟု ဆိုရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ မဂ်လေးပါးဟု ဆိုအပ်သော သစ္စာလေးပါးကို ရခြင်းသည်ပင် လောကုတ္တရာ သရဏဂုံ မည်၏။ ဤသို့ လောကုတ္တရာ သရဏဂုံနှင့် မဂ်ဉာဏ်တို့၏ အထူး မရှိသောကြောင့် "သရဏာဂမနုပက္ကိလေသ သမုစ္ဆေဒေန"ဟု ဆိုခြင်း ဖြစ်သည်။

မေး။ လောကီ သရဏဂုံနှင့် လောကုတ္တရာ သရဏဂုံတို့၏ အရကောက် အဘိဓေယျတ္ထကို တိကျစွာ ဖော်ပြပါ။

ဖြေ။ လောကီ သရဏဂုံ၏ အရကား = ဘုရား အစရှိသော ရတနာ သုံးပါးတို့၌ ကိုးကွယ်မှီခို အားထားရာဟူ၍ ကိုင်းရှိုင်းညွတ်တွားသော အခြင်းအရာအားဖြင့် ဖြစ်သော သဒ္ဓါ ပြဋ္ဌာန်းသော ဉာဏဝိပ္ပယုတ် စိတ္တုပ္ပါဒ်ကို လည်းကောင်း၊ သဒ္ဓါ အားကောင်းမှုနှင့် တကွဖြစ်သော သမ္မာဒိဋ္ဌိ ပြဋ္ဌာန်းသော ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ကိုလည်းကောင်း ရ၏။ (ဋ္ဌ+ဋီသစ်+အဖြေသစ်)

သတိ။ ယင်းတရားတို့ကို ပုညကြိယာ ဝတ္ထု ၁၀-ပါးတို့၌ ထည့်လျှင် ဒိဋ္ဌိဇုကမ္မပင် ဖြစ်၏။

လောကုတ္တရာ သရဏဂုံ၏ အရကား = သစ္စာလေးပါးတို့ကို သိမြင်သော မဂ်လေးပါး၌ ယှဉ်သော ဉာဏ် ပညာကိုလည်းကောင်း၊ လောကုတ္တရာ သရဏဂုံ ဟူသည် ဤဘဝ၌ပင် မဆိုထားဘိ၊ နောက်နောက်သော ဘဝများ၌သော်လည်း ပျက်စီးမှု မရှိရကား မဂ်နှင့် မကင်းရာ, မကင်းကြောင်း ဖြစ်သည့် ဖိုလ်လေးပါး၌ ယှဉ်သော ဉာဏ်ပညာကိုလည်းကောင်း ရ၏။ (ဋ္ဌ+ဋီသစ်+အဖြေသစ်)

**(ဋ္ဌ၊ နှာ ၂၀၇-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ စည်းစိမ်ဥစ္စာတို့ကို ၄-စုခွဲ၍ သုံးစွဲနည်းကို ဗုဒ္ဓ လမ်းညွှန်ချက်အတိုင်း ဖော်ပြပါ။

ဖြေ။ စည်းစိမ်များကို လေးစုလေးပုံ ခွဲခြားဝေဘန်၍ တစ်ပုံဖြင့် စားဝတ်နေရေး သုံးစွဲရ၏။ နှစ်ပုံတို့ဖြင့် လယ်ယာလုပ်ငန်း ကူးသန်းရောင်းဝယ်ရန် သုံးစွဲရ၏။ စတုတ္ထ အပုံတစ်ပုံကိုကား ဘေးရန်ပေါ်လာလျှင် သုံးစွဲရန် သိမ်းဆည်းထားရ၏။

အမှာ။ စားဝတ်နေရေး သုံးစွဲရန် အပုံမှ ရဟန်းတို့အား လှူခြင်း, တောင်းရမ်းသူတို့အား ပေးခြင်းဟူသော ဒါနမှု၊ ယက်ကန်း, လက်ခ စသည် ပေးခြင်းတို့ကိုလည်း ပြုရမည်။

မေး။ ကမ္မံ ပယောဇယေနှင့် အာပဒါတို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း အမှုသည် "ကမ္မံ ပယောဇယေ" မည်၏။
မင်းစသော ရန်သူမျိုး ငါးပါးသည် "အာပဒါ" မည်၏။ ဤသို့ ထူးသည်။

**(ဋ္ဌ၊ နှာ ၂၀၈-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ မင်းကို ကြောက်သည်၏ အစွမ်းအားဖြင့် ရှိခိုးသော ပုဂ္ဂိုလ်၊ အတတ်သင်ပေးသော တိတ္ထိကို ဆရာဟူသော အမှတ်ဖြင့် ရှိခိုးသော ပုဂ္ဂိုလ်တို့အား သရဏဂုံ ပျက်/ မပျက် သာဓကပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ မပျက်ပါ။

သာဓကကား = တထာ ရာဇာနံ ဘယဝသေန ဝန္ဒတော။ သော ဟိ ရဋ္ဌပူဇိတတ္တာ အဝန္ဒိယမာနော အနတ္ထမ္ပိ ကရေယျာတိ။ တထာ ယံ ကိဉ္စိ သိပ္ပံ သိက္ခာပကံ တိတ္ထိယမ္ပိ "အာစရိယော မေ အယ"န္တိ ဝန္ဒတောပိ န ဘိဇ္ဇတိ။ (ဋ္ဌ၊ နှာ-၂၀၈)

ttp://www.dhammadownload.com



မေး။ ဒိဋ္ဌိသမ္ပန္န (မဂ်ပညာနှင့် ပြည့်စုံသော) ပုဂ္ဂိုလ်သည် စကြာမင်းစည်းစိမ်, မိမိအသက်ဟူသော အကြောင်းကြောင့်လည်း မိခင်ကို မသတ်သည် ဖြစ်ပါလျက် "အဋ္ဌာနမေတံ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော ။ပ။ မာတရံ ဇီဝိတာ ဝေါရောပေယျ"ဟူသော စကားကို အဘယ်အလို့ငှာ ဆိုသနည်း။

ဖြေ။ ဒိဋ္ဌိသမ္ပန္န ပုဂ္ဂိုလ်သည် စကြာမင်းစည်းစိမ်, မိမိအသက်ဟူသော အကြောင်းကြောင့်လည်း မိခင်ရင်းကို မသတ်သော်လည်း = ပုထုဇဉ် အဖြစ်၏ မဟာသာဝဇ္ဇ–အပြစ်ကြီးမားသည်၏ အဖြစ်ကို ပြခြင်းငှာလည်းကောင်း၊ အရိယာ အဖြစ်၏ ဗလဝ–အားကောင်းသည်၏ အဖြစ်ကို ထင်ရှား ပြခြင်းငှာလည်းကောင်း ယင်းစကားကို ဆိုသည်။ (ဋီသစ်)

**(၄၊ နှာ ၂၀၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သရဏာဂမနပ္ပဘေဒကို ပြရာဌာန ဖြစ်ပါလျက် သရဏဂုံ မပျက်စီးမှုကိုပါ ထည့်သွင်း ပြဆိုထားရခြင်း အကြောင်းကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဆိုအပ်ခဲ့ပြီးသော သရဏဂုံ အပြားကို ဝေဘန်မှုနှင့် စပ်သောအားဖြင့် သရဏဂုံ မပျက်စီးပုံကိုလည်း ပြဖို့ရန် လွယ်ကူသောကြောင့် သရဏာဂမနပ္ပဘေဒကို ပြရာ ဤဌာန၌ သရဏဂုံ မပျက်စီးမှုကိုလည်း ထည့်သွင်း ပြဆိုထားခြင်း ဖြစ်၏။ (ဋီသစ်)

**(၄၊ နှာ ၂၁၀–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ "ပဉ္စိမာ ဘိက္ခဝေ ဝဏိဇ္ဇာ ဥပါသကေန အကရဏီယာ"ပါဠိ၌ ပဉ္စသရုပ်ကို အကြောင်းနှင့်တကွ ဖော်ထုတ်ပါ။ (ဝါ) ဥပါသကာတို့ မပြုထိုက်သော ကူးသန်းရောင်းဝယ်ခြင်း ငါးမျိုးကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ၁။ သတ္ထဝဏိဇ္ဇာ – လက်နက် ကူးသန်းရောင်းဝယ်ခြင်း၊
အကြောင်း = သူတစ်ပါးကို နှိပ်စက်ကြောင်း ဖြစ်သောကြောင့်။
၂။ သတ္တဝဏိဇ္ဇာ – လူသတ္တဝါကို ကူးသန်းရောင်းဝယ်ခြင်း၊
အကြောင်း = လူကို ကျွန်အဖြစ် ပြုရာ ရောက်သောကြောင့်။
၃။ မံသဝဏိဇ္ဇာ – တိရစ္ဆာန် မွေးမြူ၍ အသားကို ကူးသန်းရောင်းဝယ်ခြင်း၊
အကြောင်း = တိရစ္ဆာန်တို့အား သတ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့်။
၄။ မဇ္ဇဝဏိဇ္ဇာ – သေရည်အရက်ကို ကူးသန်းရောင်းဝယ်ခြင်း၊
အကြောင်း = ကုသိုလ်ကောင်းမှု၌ မေ့လျော့ကြောင်း ဖြစ်သောကြောင့်။
၅။ ဝိသဝဏိဇ္ဇာ – အဆိပ် ကူးသန်းရောင်းဝယ်ခြင်း
အကြောင်း = သူတစ်ပါးတို့ကို သတ်ဖြတ်ကြောင်း ဖြစ်သောကြောင့်တည်း။

အမှာ။ ဤငါးမျိုးတို့ကို ဥပါသကာတို့ ရောင်းဝယ်ခြင်း မပြုထိုက်။ (ဋ္ဌ+ဋီသစ်)

မေး။ ဥပါသကစဏ္ဍာလ၏ အင်္ဂါငါးပါးကို ဖော်ပြပါ။

ဖြေ။ ၁။ အဿဒ္ဓေါ ဟောတိ – သဒ္ဓါတရား မရှိခြင်း၊
၂။ ဒုဿီလော ဟောတိ – သီလ မရှိခြင်း၊
၃။ ကောတူဟလမင်္ဂလိကော ဟောတိ – အထူးအဆန်းဖြစ်သော ဒိဋ္ဌ, သုတ, မုတကို မင်္ဂလာဟု အယူရှိခြင်း၊
၄။ မင်္ဂလံ ပစ္စေတိ, နော ကမ္မံ – ဒိဋ္ဌ, သုတ, မုတကို မင်္ဂလာကို ယုံကြည်၍ ကံကို မယုံကြည်ခြင်း၊

. ttp://www.dhammadownload.com



၅။ ဣတော စ ဗဟိဒ္ဓါ ဒက္ခိဏေယျံ ပရိယေသတိ, တတ္ထ စ ပုဗ္ဗကာရံ ကရောတိ – ဤသဗ္ဗညု ဘုရား သာသနာမှ ပြင်ပ၌လည်း အလှူခံအပ်သော ပုဂ္ဂိုလ်ကို ရှာမှီးရှံသာမက၊ ထိုသာသနာတော် ပြင်ပ၌ ရှေးဦးစွာ ပြုထိုက်သော ဒါန,မာနန စသော အမှုကို ပြုခြင်း။

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသူကို ဥပါသကစဏ္ဍာလဟု ခေါ်၏။ (ဠ)

မေး။ ဥပါသကရတနာ၏ အင်္ဂါငါးပါးကို ဖော်ပြပါ။

ဖြေ။ ၁။ သဒ္ဓေါ ဟောတိ – သဒ္ဓါတရား ရှိခြင်း၊

၂။ သီလဝါ ဟောတိ – သီလ ရှိခြင်း၊

၃။ န ကောတူဟလမင်္ဂလိကော ဟောတိ – အထူးအဆန်း ဖြစ်သော ဒိဋ္ဌ, သုတ, မုတကို မင်္ဂလာဟု အယူ မရှိခြင်း၊

၄။ ကမ္မံ ပစ္စေတိ, နော မင်္ဂလံ – ကံကို ယုံကြည်၍ ဒိဋ္ဌ, သုတ, မုတကို မင်္ဂလာဟု မယုံကြည်ခြင်း၊

၅။ န ဣတော ဗဟိဒ္ဓါ ဒက္ခိဏေယျံ ဂဝေသတိ, ဣဓ စ ပုဗ္ဗကာရံ ကရောတိ – ဤသဗ္ဗညုဘုရား သာသနာမှ ပြင်ပ၌လည်း အလှူခံအပ်သော ပုဂ္ဂိုလ်ကို မရှာမှီး၊ ဤသာသနာတော်၌ ရှေးဦးစွာ ပြုထိုက်သော ဒါန,မာနန စသော အမှုကို ပြုခြင်း။

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသူကို ဥပါသကရတနာဟု ခေါ်၏။ (ဠ)

**(ဠ၊ နှာ ၂၁၁–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **ပါဏာပေတံ၌** ပါဏ အရကို အထောက်ပြ၍ ဖော်ပြပါ။

ဖြေ။ ပါဏ အရ = ယာဝ မေ ဇီဝိတံ ပဝတ္တတိကို ထောက်၍ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကိုသာ ရ၏။ (ဋီသစ်)

မေး။ အဘယ်သို့သော ဆည်းကပ်ခြင်းမျိုးသည် အာပါဏကောဋိက သရဏဂုံ မည်သနည်း၊ ရှင်းလင်း ဖြေပြပါ။

ဖြေ။ နှုတ်ဖြင့်သာ လျှောက်ထား၍ ရတနတ္တယကို ကိုးကွယ် ဆည်းကပ်ခြင်း, တစ်ကြိမ် တစ်ထိုင်မျှ ကိုးကွယ် ဆည်းကပ်လိုသော စိတ်ထားဖြင့် ကိုးကွယ် ဆည်းကပ်ခြင်းမျိုးတို့သည် အာပါဏကောဋိက သရဏဂုံ မမည်။ မိမိသန္တာန်၌ အသက်ဇီဝိတိန္ဒြေ တည်ရှိနေသမျှ (အသက်ရှင်သမျှ) ကာလပတ်လုံး, မိမိအသက်ကို စွန့်၍ အသက်ထက်ဆုံး ရတနတ္တယကို ကိုးကွယ် ဆည်းကပ်ခြင်းသို့ ရောက်ခြင်းမျိုးသည်သာ အာပါဏ ကောဋိက သရဏဂုံ မည်၏။ (အဖြေသစ်)

မေး။ **ဓမ္မိကဲ ဓမ္မိရာဇာနံ၌** ဓမ္မ အရကို ဖော်ပြပါ။

ဖြေ။ ဓမ္မ အရ = မင်းကျင့်တရား ၁၀–ပါးကို ယူပါ။ (ဋီသစ်)

မေး။ မင်းကျင့်တရား ၁၀–ပါးကို ဖော်ပြပါ။

ဖြေ။ ဒါနံ သီလံ ပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ တပံ။

အက္ကောဓံ အဝိဟိံသဉ္စ၊ ခန္တိံ စ အဝိရောဓနံ။ (မဟာဟံသဇာတ်)

မေး။ ဓမ္မေနဝ ရာဇာ၌ ဓမ္မ အရကို ဖော်ပြပါ။

ဖြေ။ ဓမ္မ အရ = ကုသလဓမ္မကို ယူပါ။ (ဋီသစ်)

မေး။ **ယထာဓမ္မံ ပဋိကရောသိတိ၌** ဓမ္မ အရကို ဖော်ပြပါ။

ဖြေ။ ဓမ္မ အရ = သူတော်ကောင်းတို့၏ အလေ့အကျင့်ဖြစ်သော ကုသိုလ်တရားကို ယူပါ။ (ဘာဋီ)

မေး။ "ယထာဓမ္မ ပဋိကရဏ"၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ပြုအပ်ပြီးသော အပြစ်ကို သည်းခံစေခြင်း (ဝါ) တောင်းပန်ခြင်းသည် "ယထာဓမ္မ ပဋိကရဏ" မည်၏။

ttp://www.dhammadownload.com



မေး။ ဒေသနာ ၄-မျိုးကို ဖော်ပြ၍ ဤနေရာ၌ အလိုရှိအပ်သော ဒေသနာကိုလည်း ညွှန်ပြပါ။

ဖြေ။ ဒေသနာ ၄-မျိုးကား ၁။ ပုဂ္ဂလာဓိဋ္ဌာန ဓမ္မဒေသနာ ၂။ ပုဂ္ဂလာဓိဋ္ဌာန ပုဂ္ဂလဒေသနာ ၃။ ဓမ္မာဓိဋ္ဌာန ပုဂ္ဂလဒေသနာ ၄။ ဓမ္မာဓိဋ္ဌာန ဓမ္မဒေသနာတို့ ဖြစ်ကုန်၏။ (ဋီသစ်)

ဤနေရာ၌ အလိုရှိအပ်သော ဒေသနာကား = ပုဂ္ဂလာဓိဋ္ဌာန ဓမ္မဒေသနာ (အဇာတသတ် မင်းတည်းဟူသော ပုဂ္ဂိုလ်လျှင် တည်ရာရှိသော တရားဒေသနာ)ပင် ဖြစ်၏။ (အဖြေသစ်)

မေး။ ပုဂ္ဂလဓိဋ္ဌာန် ဒေသနာတော်ကို ဟောတော်မူခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ဒေသနာတော်ကို တင့်တယ်စမွာယ်စေလိုသော သဗ္ဗညုတဉာဏ်၏ အစွမ်းဖြင့်လည်းကောင်း၊ ဝေနေယျျွှာ သယ၏ အစွမ်းဖြင့်လည်းကောင်း ပုဂ္ဂလဓိဋ္ဌာန် ဒေသနာတော်ကို ဟောတော်မူသည်။

မေး။ ယထာဓမ္မံ ပဋိကရောတိသည် အာယတိံ သံဝရံ အာပဇ္ဇတိ၏ ပုဗ္ဗကာလ ကြိယာသာ ဖြစ်၏၊ ဝုဒ္ဓိ ဖြစ်ကြောင်းကား မဖြစ်နိုင် ဟူသော ဇေစိဝါဒသည် သဘာဝ ကျ/မကျ အကြောင်းပြ၍ စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ သဘာဝ မကျပါ။

အကြောင်း = အပြစ်အားလျော်စွာ ကုစားမှု၊ တောင်းပန် ကန်တော့မှုသည်လည်း အကျိုးစီးပွား တိုးတက်ရာ၊ တိုးတက်ကြောင်း ဖြစ်နိုင်သောကြောင့်တည်း။ ဓမ္မောပမာဏအားဖြင့် အရိယူပဝါဒ ကံအရာ၌ အရိယာ ပုဂ္ဂိုလ်များကို ပြစ်မှား စွပ်စွဲသော ပုဂ္ဂိုလ်သည် ပြစ်မှားခဲ့ပြီးသော အရိယာ ပုဂ္ဂိုလ်ထံသို့ သွားရောက်၍ အပြစ်အားလျော်စွာ ကုစားမှု၊ ကျိုးနွံခယ တောင်းပန်မှု ပြုလုပ်ခဲ့သည် ရှိသော် ကျူးလွန်ပြီးသော အရိယူ ပဝါဒအပြစ် ကင်းပျောက်၍ အကျိုးစီးပွား တိုးတက်ရာ၊ တိုးတက်ကြောင်း ဖြစ်သကဲ့သို့ပင် ဖြစ်သောကြောင့် တည်း။ (ဋီသစ်+အဖြေသစ်)

အမှာ။ သမာနဝါဒ အလိုကား = ယထာဓမ္မံ ပဋိကရောတိသည် အာယတိံ သံဝရံ အာပဇ္ဇတိ၏ ပုဗ္ဗကာလ ကြိယာ ဝိသေသနလည်း ဖြစ်၏။ ဝုဒ္ဓိဟေသာဍ္ဌ တေ၏ ပဋိနိဒ္ဒေသိတဗ္ဗ (ဝါ) ဝုဒ္ဓိ အရလည်း ဖြစ်၏။

မေး။ **ဗဟုကိစ္စာ ဗဟုကရဏီယာ၌** ကိစ္စနှင့် ကရဏီယတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ မပြုမနေ ဧကန် ပြုလုပ်ရမည့် အလုပ်သည် ကိစ္စ မည်၏။

ပြုသင့်လျှင် ပြုရမည့် အလုပ်သည် ကရဏီယ မည်၏။ ဤသို့ ထူးသည်။ (ဋီသစ်)

(တစ်နည်း) ရှေးဦးစွာ ပြုအပ်သော အလုပ်သည် ကိစ္စ မည်၏။

နောက်မှ ပြုအပ်သော အလုပ်သည် ကရဏီယ မည်၏။ ဤသို့ ထူးသည်။ (ဋီသစ်)

(တစ်နည်း) သေးငယ်သော အလုပ်သည် ကိစ္စ မည်၏။

ကြီးကျယ်သော အလုပ်သည် ကရဏီယ မည်၏။ ဤသို့ ထူးသည်။ (ဋီသစ်)

**(ဌ၊ နှာ ၂၁၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **ခတာယံ ဘိက္ခဝေ ရာဇာတိ** "ခတော အယံ ဘိက္ခဝေ ရာဇာ။ **ဥပဟတာယန္တိ** ဥပဟတော အယံ" ဝါကျလာ ခတော ဥပဟတော၌ တူးဖြို ဖျက်စီးအပ်သော တရားကို ဖော်ပြပါ။

ဖြေ။ ခတော ဥပဟတော၌ တူးဖြို ဖျက်စီးအပ်သော တရားကား = ဤပစ္စုပ္ပန်ဘဝ၌ အကျိုးပေးလတ္တံ့သော မိမိ (အဇာတသတ်မင်း)၏ ရှေးဘဝက ပြုခဲ့ပြီးသော ကုသိုလ်မူလများ ဖြစ်သည်။ (ဋီသစ်)

မေး။ ခတော ဥပဟတော နှစ်ပုဒ်တို့ဖြင့် ပြအပ်သော ဒဿနတ္ထကိုလည်း အကြောင်းနှင့်တကွ ဖော်ထုတ်ပါ။

ဖြေ။ ခတော ဥပဟတော နှစ်ပုဒ်တို့သည် ပရိယာယ်တူ ဖြစ်သောကြောင့် ယင်းနှစ်ပုဒ်တို့ဖြင့် ပြအပ်သော ဒဿနတ္ထကား = ကမ္မာပရာဓ တည်း။ ဤနေရာ၌ ကမ္မာပရာဓ ဟူသည် = ပိတုဃာတက အပြစ်ပင်တည်း။

ttp://www.dhammadownload.com



မေး။ အဘယ်ကို ဘိန္နပတိဋ္ဌဟု ဆိုသနည်း။

ဖြေ။ ကုသိုလ် ဉပနိဿယကြောင့် ပြည့်စုံခြင်းဟူသော တည်ရာသည် ခမည်းတော်ကို သတ်ခြင်းဟူသော အမှုအရာ ကြိယာ အပြစ်ဖြင့် ပျက်စီးသွားခြင်းကို ဘိန္နပတိဋ္ဌဟု ဆို၏။ (စာစဉ်)

မေး။ ဓမ္မေသု ဝါ စက္ခုံ၌ ဓမ္မနှင့် စက္ခု အရတို့ကို ဖော်ပြပါ။

ဖြေ။ ဓမ္မ အရ = သစ္စာလေးပါး။

စက္ခု အရ = သစ္စာလေးပါးတို့၌ ဖြစ်သော, သစ္စာလေးပါးတို့ကို သိမြင်တတ်သော သောတာပတ္တိမဂ်ဉာဏ်။

(တစ်နည်း) ဓမ္မ အရ = အောက်မဂ်သုံးပါးဟူသော အပေါင်း၌ အစိတ်၏ အဖြစ်ဖြင့် တည်နေသော သောတာပတ္တိမဂ်ဉာဏ်။

စက္ခု အရ = သစ္စာလေးပါးတို့၌ ဖြစ်သော, သစ္စာ လေးပါးတို့ကို သိမြင်တတ်သော သောတာပတ္တိမဂ်ဉာဏ်။

မေး။ ဓမ္မစက္ခု၌ ဓမ္မအရကို ဋီသစ်၌ "ဟေဋ္ဌိမေသု တီသု မဂ္ဂဓမ္မေသု"ဟု ဖွင့်ထားပါလျက် အောက်မဂ်သုံးပါးကို မယူဘဲ အောက်မဂ်သုံးပါးဟူသော အပေါင်း၌ အစိတ်၏ အဖြစ်ဖြင့် တည်နေသော သောတာပတ္တိမဂ်ဉာဏ် ကိုသာ အဘယ်ကြောင့် ယူရသနည်း။

ဖြေ။ ဓမ္မစက္ခု ဟူသော ပုဒ်သည် အပေါင်း+အစိတ်၏ အစွမ်းအားဖြင့် ဓမ္မေသု စက္ခု ဓမ္မစက္ခုဟု အာဓာရတ္ထ သမာသ် တွဲစပ်ထားသော ပုဒ်သာ ဖြစ်၏။ နိဒ္ဓါရဏတ္ထသမာသ် တွဲစပ်ထားသောပုဒ် မဖြစ်သောကြောင့် လည်းကောင်း၊ ဤအာဓာရတ္ထသမာသ် ပုံစံမျိုးသည်လည်း သာသနာကျမ်း, သဒ္ဒါကျမ်းတို့နှင့်တကွ အလုံး စုံသော ကျမ်းတို့၌ ပြီးစီး ထင်ရှားသောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

မေး။ ဤသာမညဖလသုတ်၌ အဘယ့်ကြောင့် သောတာပတ္တိမဂ် တစ်ပါးတည်းကိုသာ ယူရသနည်း။

ဖြေ။ သောတာပတ္တိမဂ်ကိုမျှ မရသော် တစ်ပါးသော သကဒါဂါမိမဂ်, အနာဂါမိမဂ်တို့ကို ရရှိဖို့ရာကား ဆိုဘွယ်ရာ မရှိ၊ ကေန် မရသည်သာ ဖြစ်သောကြောင့် ဤသာမညဖလသုတ်၌ သောတာပတ္တိမဂ် တစ်ပါးတည်းကိုသာ ယူရသည်။

မေး။ ဓမ္မမယံ ဝါ စက္ခုံ၌ ဓမ္မနှင့် စက္ခု အရတို့ကို ဖော်ပြပါ။

ဖြေ။ ဓမ္မ အရ = သမထ ဝိပဿနာတရား။ စက္ခု အရ = သောတာပတ္တိမဂ်။

(တစ်နည်း) ဓမ္မ အရ = သီလက္ခန္ဓ၊ သမာဓိက္ခန္ဓ၊ ပညာက္ခန္ဓ သုံးပါး။

စက္ခု အရလည်း = သီလက္ခန္ဓ၊ သမာဓိက္ခန္ဓ၊ ပညာက္ခန္ဓသုံးပါး။ (ဋီသစ်)

မေး။ ပါပမိတ္တသံသဂ္ဂေန ပနဿ အန္တရာယော ဇာတော ဝါကျ၌ ပါသည့် ပါပမိတ္တ အရကိုလည်း ဖော်ပြပါ။

ဖြေ။ ပါပမိတ္တ အရ = ဒေဝဒတ်နှင့် ဒေဝဒတ်၏ ပရိသတ်တို့ကို ရ၏။ (အဖြေသစ်)

မေး။ သာမညဖလသုတ် တရားတော်ကို ကြားနာရသဖြင့် အဇာတသတ်မင်းအား ရအပ်သော ဒိဋ္ဌဓမ္မ အကျိုး, သမ္ပရာယိက အကျိုးတို့ကို ဖော်ပြပါ။

ဖြေ။ ဒိဋ္ဌဓမ္မ အကျိုးကား = အိပ်ပျော်ခြင်းကို ရခြင်း၊ ရတနာသုံးပါးတို့အား များသော ပူဇော်သက္ကာရ ပြုရခြင်း၊ ပုထုဇဉ်တို့၏ ဉစ္စာဖြစ်သော လွန်ကဲသော သဒ္ဓါတရားနှင့် ပြည့်စုံခြင်း အကျိုးတို့တည်း။

သမ္ပရာယိက အကျိုးကား = မဟာအဝီစိ ငရဲကြီး၌ မခံရမူ၍ အနုစ် ခြောက်သောင်းမျှဖြင့် လောဟကုမ္ဘီ ငရဲမှ လွတ်မြောက်နိုင်ခြင်း၊ ဝိဇိတာဝီ မည်သော ပစ္စေကဗုဒ္ဓါ ဖြစ်၍ ပရိနိဗ္ဗာန် စံဝင်ရမည် ဖြစ်ခြင်း အကျိုး တို့တည်း။ (ဋ)

အမှာ။ ထိုမျှလောက် မကြီးကျယ်သော အကျိုးများမှာ မရေမတွက်နိုင်အောင်ပင် များပြားလှသည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ အဇာတသတ်မင်းသည် အဖသတ်သော ကံကြောင့် ခံရမည့် (က) ငရဲ အမည် (ခ) ငရဲ သက်တမ်း (ဂ) ငရဲ ခံရပုံ (ဃ) ငရဲမှ လွတ်လျှင် ဖြစ်ရမည့် ပုဂ္ဂိုလ်ဘဝတို့ကို တိကျစွာ ဖော်ပြပါ။

ဖြေ။ (က) လောဟကုမ္ဘီငရဲ။

(ခ) အနှစ် ခြောက်သောင်း။

(ဂ) လောဟကုမ္ဘီ ငရဲ၌ လောဟကုမ္ဘီ ငရဲအိုးကြီး၏ အထက်ပိုင်း အိုးအဝမှ အိုးအောက်ခြေသို့ ရောက်အောင် အနှစ် သုံးသောင်းပတ်လုံး ဒုက္ခ ခံစားရမည်။ တစ်ဖန် အိုးအောက်ခြေမှ အထက်ပိုင်း အိုးအဝသို့ ရောက်အောင် အနှစ် သုံးသောင်းပတ်လုံး ဒုက္ခ ခံစားရမည်။

(ဃ) ငရဲမှ လွတ်လျှင် ဝိဇိတာဝီမည်သော ပစ္စေကဗုဒ္ဓါ ဖြစ်၍ ပရိနိဗ္ဗာန် စံဝင်မည်။ (ဋ္ဌ)

မေး။ ပစ္စေကဗုဒ္ဓါဟူသည် မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်သနည်း၊ ဋီကာသစ် လာသည့်အတိုင်း ဥပမာဆောင်၍ ထင်ရှားအောင် ဖြေဆိုခဲ့ပါ။

ဖြေ။ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတို့ကဲ့သို့ သစ္စာလေးပါး တရားကို သူတစ်ပါးတို့အား သိစေတော်မမူနိုင်၊ အသီးအခြား တစ်ပါးတည်းသာ သစ္စာလေးပါး တရားကို သိတော်မူသော ဘုရားသည် ပစ္စေကဗုဒ္ဓါ မည်၏။ မှန်၏၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ကိုယ်တော်တိုင်သာ သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူကုန်၏။ သူတစ်ပါးတို့အား သိစေတော် မမူတတ်ကုန်။ အနက်အရသာ (အတ္ထရသ)ကိုသာ ထိုးထွင်း၍ သိတော်မူကုန်၏။ သူတစ်ပါးတို့အား ဟောပြောရန် နာမပညတ် စကားလုံးဖြစ်သော ဓမ္မအရသာ (ဓမ္မရသ)ကို သိတော် မမူကြကုန်။

ဥပမာကား = လူအ,သည် သူမြင်အပ်သော အိပ်မက်ကို သူတစ်ပါးတို့အား ပြန်၍ မပြောနိုင်သကဲ့သို့ လည်းကောင်း၊ တောမုဆိုးသည် မြို့၌ သံုဿအပ်သော ဟင်း၏ အရသာကို ပြန်၍ မပြောနိုင်သကဲ့သို့ လည်းကောင်းတည်း။ (ဋီသစ်)

မေး။ အဇာတသတ်မင်းသည် နောင်တစ်ချိန်၌ ပစ္စေကဗုဒ္ဓါ ဖြစ်မည့်သူတည်း၊ သို့ဖြစ်လျက် ပါဠိတော်၌ "သစာယံ ဘိက္ခဝေ ရာဇာ ပိတရံ ဓမ္မိကံ ဓမ္မရာဇာနံ ဇီဝိတာ န ဝေါရောပေဿထ၊ ဣမသ္မိံယေဝ အာသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥပ္ပဇ္ဇိဿထ"ဟူ၍ အဘယ့်ကြောင့် ဘုရားရှင် ဟောတော်မူရသနည်း၊ ရှင်းလင်းစွာ ဖြေပြပါ။

ဖြေ။ အဇာတသတ်မင်းသည် နဂိုကပင် ပစ္စေကဗောဓိကို ရည်ရွယ်ထားသူ ပစ္စေကဗုဒ္ဓါ အလောင်းလျာတည်း။ လောဟကုမ္ဘီ ငရဲမှ လွတ်ပြီးသော အခါ၌လည်း ပါရမီ ပြည့်အောင် ထပ်၍ ဖြည့်ရဦးမည်။ ထိုပစ္စေကဗုဒ္ဓါ အလောင်းလျာများသည် နိယတအဖြစ်သို့ မရောက်မီ ကြားကာလ၌ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့နှင့် တွေ့လျှင် ပကတိသာဝကလည်း ဖြစ်နိုင်ကြသေး၏။ ထို့ကြောင့် "သစာယံ ။ပ။ ဥပ္ပဇ္ဇိဿထ"ဟူ၍ ဘုရားရှင် ဟောတော်မူ၏။ (ဋီသစ်၊ စာစဉ်)

> အောက်တန်းအကျဆုံးကား...
>
> စိတ်ဓာတ် အောက်တန်းကျခြင်းသာတည်း။

ttp://www.dhammadownload.com



# အမှဋ္ဌသုတ်

**(၄၊ နှာ ၂၁၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **ကောသလေသု**တိ ကောသလာ နာမ ဇနပဒိနော ရာဇကုမာရာ ဝါကျ၌ အဘယ်ရည်ရွယ်ချက်ဖြင့် "ဇနပဒိနော" ပုဒ်ကို အဋ္ဌကထာဆရာ ထည့်သွင်း ရေးသားရသနည်း။

ဖြေ။ မင်းသားတို့သည်သာ ဇနပုဒ်ကို အစိုးရခြင်း ရှိရကား ယင်းမင်းသားတို့၏ နေထိုင်မှုကို အစွဲပြု၍ ဇနပုဒ်၏ နာမည် ဖြစ်လာသည်ဟု ပြလိုသော ရည်ရွယ်ချက်ဖြင့် "ဇနပဒိနော"ပုဒ်ကို အဋ္ဌကထာဆရာ ထည့်သွင်း ရေးသားသည်။ (ဋီသစ်)

မေး။ တေသံ နိဝါသော ဧကောပိ ဇနပဒေါ ရုဠှီသဒ္ဒေန **"ကောသလာ"**တိ ဝုစ္စတိ ဝါကျ၌ တစ်ခုတည်းသာ ဖြစ်သော ဇနပုဒ်ကို "ကောသလေသု"ဟု ဗဟုဝုစ်ဖြင့် အဘယ်ကြောင့် ဆိုသနည်း။

ဖြေ။ (ဥာနိနိဿိတ-မင်းသားတို့၏ များသည်၏ အဖြစ်ကို ဥာနနိဿယ ဇနပုဒ်၌ တင်စားကြောင်း) ရုဠှီသဒ္ဒါ ဖြစ်သောကြောင့် "ကောသလေသု"ဟု ဗဟုဝုစ်ဖြင့် ဆို၏။

မေး။ ရုဠှီသဒ္ဒေန၌ ရုဠှီသဒ္ဒါ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ဥာနီနိဿိတ ဖြစ်သော မင်းသားတို့၌ ယှဉ်သော များသည်၏ အဖြစ်ကို (ဝါ) ဗဟုဝုစ်ဝိဘတ်ကို ဥာနနိဿယ ဖြစ်သော ကောသလတိုင်း ဇနပုဒ်၌ တင်စားခေါ်ဝေါ်၍ ဆိုထားခြင်းသည် ဤအရာ၌ ရုဠှီ မည်၏။ (ဋီသစ်)

မေး။ တတ္ထ ဒူရေပိ ဗောဓနေယျပုဂ္ဂလံ ဒိသွာ တဿ ဗောဓနတ္ထာယ သဟသာ ဂမနံ **တုရိတစာရိကာ** နာမ ဝါကျဝယ် "ဒူရေပိ"၌ ပိ(ဝါ)အပိ သဒ္ဒါ၏ အနက်ကို ကျနစွာ ဖော်ပြပါ။

ဖြေ။ ပိ(ဝါ)အပိ သဒ္ဒါသည် = နာတိဒူရေကို ပေါင်းခြင်း သမ္ပိဏ္ဍန အနက်ရှိ၏။ (ဋီသစ်)
(တစ်နည်း) နာတိဒူရေကို ဆည်းခြင်း အဝုတ္တသမုစ္စည်း အနက်ရှိ၏။ (ဘာဋီ)

**(၄၊ နှာ ၂၁၃+၂၁၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ တုရိတစာရိကာ၊ အတုရိတစာရိကာတို့၏ အဓိပ္ပါယ်ကို အဋ္ဌကထာ လာသည့်အတိုင်း ဖြေဆိုပါ။

ဖြေ။ ဝေးသော အရပ်၌လည်း သစ္စာလေးပါး သိထိုက်သော ပုဂ္ဂိုလ်ကို မြင်၍ ထိုပုဂ္ဂိုလ်ကို သစ္စာလေးပါး သိစေခြင်း အကျိုးငှာ အဟောတလျင် ရှောင်တခင် ကြွသွားတော်မူခြင်းသည် တုရိတစာရိကာ မည်၏။
ရွာ,နိဂုံး အစဉ်အားဖြင့် နေ့စဉ် တစ်ယူဇနာ, နှစ်ယူဇနာ၏ အစွမ်းဖြင့် ဆွမ်းခံလှည့်လည်လျက် လောကကို ချီးမြှောက်ရန်အတွက် ကြွသွားတော်မူခြင်းသည် အတုရိတစာရိကာ မည်၏။ (ဋ)

**(၄၊ နှာ ၂၁၄-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဘဂဝါ ကိရ သဒေဝကဿ လောကဿ မဂ္ဂဒေသကောပိ သမာနော ဝါကျဝယ် မဂ္ဂဒေသကော၌ မဂ္ဂ အရကို ဖော်ပြပါ။

ဖြေ။ မဂ္ဂ အရကား = နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ခရီးတည်း။
(တစ်နည်း) သုဂတိဘုံ ဟူသမျှသို့ ရောက်ကြောင်း အကျင့်ဖြစ်သော သုဂတိဘုံ ရောက်ကြောင်း လမ်းခရီး တည်း။ (ဋီသစ်)

မေး။ တိဂါဝုတေ မဂ္ဂေ၌ သုံးဂါဝုတ် အတိုင်းအရှည် ရှိသော ခရီးကို လက်သစ် အတိုင်းအတာ ပမာဏဖြင့် ညွှန်ပြပါ။

ဖြေ။ တစ်ဂါဝုတ်၌ လက်သစ်ပေါင်း ၂၆၈၈၀၀-ရှိရကား သုံးဂါဝုတ်၌ = လက်သစ်ပေါင်း (၂၆၈၈၀၀ × ၃ = ၈၀၆၄၀၀) ဖြစ်သည်။

ttp://www.dhammadownload.com



## (၄၊ နှာ ၂၁၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အတုရိတစာရိကာ၏ အဝန်သုံးမျိုးကို အတိုင်းအတာ ပမာဏနှင့်တကွ ကြွတော်မူသော် ကြာမည့် အချိန်ကာလကိုပါ တွဲစပ်၍ ဖော်ပြပါ။

ဖြေ။ ၁။ မဟာမဏ္ဍလ = ယူဇနာ ကိုးရာ၊ ကိုးလ ကြာသည်။

၂။ မဇ္ဈိမမဏ္ဍလ = ယူဇနာ ခြောက်ရာ၊ ရှစ်လ ကြာသည်။

၃။ အန္တောမဏ္ဍလ = ယူဇနာ သုံးရာ၊ ခုနစ်လ, ခြောက်လ, ငါးလ, လေးလ ကြာသည်။

အမှာ။ မဇ္ဈိမဒေသ အတွင်း၌သာ ဘုရားရှင်သည် အတုရိတစာရိကာဖြင့် လှည့်လည်တော်မူ၏။ ပစ္စန္တရစ် အရပ်၌ကား အကြောင်းကိစ္စ ရှိ၍ ကြွတော်မူလျှင် တုရိတစာရိကာဖြင့်သာ ကြွတော်မူ၏။ ထိုပစ္စန္တရစ်၌ အရဏ်လည်း တက်စေတော်မမူ။

မေး။ (က) တရဏာသမထ (ခ) တရဏဝိပဿနာ အရတို့ကို ဖော်ပြပါ။

ဖြေ။ (က) ဥပစာရသမာဓိ။

(ခ) သင်္ခါရပရိစ္ဆေဒဉာဏ်၊ ကင်္ခါဝိတရဏာဉာဏ်၊ သမ္မသနဉာဏ်၊ မဂ္ဂါမဂ္ဂဉာဏ် လေးပါးကိုယူပါ။ (ဋီသစ်)

## (၄၊ နှာ ၂၁၅+၂၁၆-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူရာ၌ အကြောင်းအမျိုးမျိုးကို ဖော်ပြပါ။

ဖြေ။ အလွန်ဆင်းရဲကုန်သော, အလွန်အိုမင်းကုန်သော, ပြင်းပြစွာသောအနာ နှိပ်စက်ခြင်း ရှိကုန်သော သူတို့သည် မြတ်စွာဘုရားကို လာရောက်၍ မဖူးမြင်နိုင်ကြကုန်။ မြတ်စွာဘုရား ဒေသစာရီ ကြွသွားတော်မူမှသာ ထိုလူအပေါင်းသည် မြတ်စွာဘုရားအား ဖူးမြင်ရလတ္တံ့။ ထိုလူတို့တွင် အချို့သော လူတို့သည် စိတ်ကြည်လင်ကုန်လတ္တံ့။ အချို့သော လူတို့သည် ပန်းအစရှိသည်တို့ဖြင့် ပူဇော်ကုန်လတ္တံ့။ အချို့သော လူတို့သည် တစ်ယောက်မ, တစ်ဇွန်းမျှလောက်သော ဆွမ်းကို ပေးလှူကုန် လတ္တံ့။ အချို့သော လူတို့သည် မိစ္ဆာအယူကို ပယ်စွန့်ကုန်၍ သမ္မာဒိဋ္ဌိ အယူကို ယူကုန်လတ္တံ့။ ထိုလူတို့၏ ရှည်စွာသော နေ့ညဥ့်ပတ်လုံး စီးပွားချမ်းသာဖြစ်ဖို့ရာ လောကကို အစဉ်သနား စောင့်ရှောက်တော်မူသဖြင့် မြတ်စွာဘုရား ဒေသစာရီ ကြွတော်မူ၏။

(တစ်နည်း) ၁။ သလုံးမြင်းခေါင်း လှည့်လည်သည်၏ အစွမ်းဖြင့် ကိုယ်တော် ချမ်းသာစေခြင်း အကျိုးငှာလည်းကောင်း ၂။ တရားဟောဖို့ရာ အဋ္ဌုပ္ပတ္တိ ဖြစ်ပေါ်မည့် ကာလကို စောင့်မျှော်ခြင်း အကျိုးငှာလည်းကောင်း ၃။ ရဟန်းတို့အား သိက္ခာပုဒ် ပညတ်ခြင်း အကျိုးငှာလည်းကောင်း ၄။ ထိုထိုအရပ်၌ ဣန္ဒြေ ရင့်ကျက်ခြင်းသို့ ရောက်ကုန်သော, သစ္စာလေးပါး သိထိုက်ကုန်သော သတ္တဝါတို့ သစ္စာလေးပါးကို သိခြင်း အကျိုးငှာလည်းကောင်း မြတ်စွာဘုရား ဒေသစာရီ ကြွတော်မူ၏။

(တစ်နည်း) သတ္တဝါတို့ ငါးပါးသီလကို ဆောက်တည်ကုန်လတ္တံ့ဟူသော ရည်ရွယ်ချက်ဖြင့် မြတ်စွာဘုရား ဒေသစာရီ ကြွတော်မူ၏။

(တစ်နည်း) သတ္တဝါတို့သည် ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ အာကာသာနဉ္စာယတန သမာပတ္တိ၊ ဝိညာနဉ္စာယတန သမာပတ္တိ၊ အာကိဉ္စညာနဉ္စာယတန သမာပတ္တိ၊ နေဝသညာနာသညာယတန သမာပတ္တိကို ရကုန်လတ္တံ့ဟူသော ရည်ရွယ်ချက်ဖြင့် မြတ်စွာဘုရား ဒေသစာရီ ကြွတော်မူ၏။

(တစ်နည်း) သတ္တဝါတို့သည် မဂ်လေးတန်၊ ဖိုလ်လေးတန်ကို ရကုန်လတ္တံ့ဟူသော ရည်ရွယ်ချက်ဖြင့် မြတ်စွာဘုရား ဒေသစာရီ ကြွတော်မူ၏။

ttp://www.dhammadownload.com



### (ဌ၊ နှာ ၂၁၆–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဘုရားရှင်သည် အဘယ့်ကြောင့် လောကဓာတ် တစ်သောင်းကိုသာ ကြည့်တော်မူရသနည်း။

ဖြေ။ လောကဓာတ်တစ်သောင်း အရပ်အတွင်း၌သာ ကျွတ်ထိုက်သော ဝေနေယျသတ္တဝါများ ထင်ရှားရှိသောကြောင့်တည်း။

### (ဌ၊ နှာ ၂၁၇–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **ကလ္လာနုဂ်လ/ ကလ္လာနုဂ်လ** ပါဠိနှစ်ချက်လုံး သင့်မြတ်ကြောင်းကို အဘယ်ကြောင့် အဋ္ဌကထာဆရာများ ဖွင့်ဆိုထားရသနည်း။

ဖြေ။ ထိုရွာ၏ နာမည်မျှသာ ဖြစ်၍ ဤနေရာမျိုး၌ အနက်အား လျော်ညီစွာ ဖြစ်သော တစ်စုံတစ်ခုသော ဗျုပ္ပတ်ကို ရှာကြံခြင်းဖြင့် အကျိုးမရှိသော ရုဠ္ဌီနာမ်ပုဒ် ဖြစ်သောကြောင့် ပါဠိနှစ်ချက်လုံး သင့်မြတ်၏ဟု အဋ္ဌကထာဆရာများ ဖွင့်ဆိုထားရခြင်း ဖြစ်သည်။ (ဋီသစ်)

မေး။ **ကလ္လာနုဂ်လေ ဝိဟရတိ ကလ္လာနုဂ်လဝနသဏ္ဍေတိ** ကလ္လာနုဂ်လံ ဥပနိဿာယ ကလ္လာနုဂ်လဝနသဏ္ဍေ သီလခန္ဓာဝါရံ ဗန္ဓိတွာ သမာဓိကောဋ္ဌံ ဥဿာပေတွာ သဗ္ဗညုတညာဏသရံ ပရိဝတ္တယမာနော ဓမ္မရာဇာ ယထာဘိရုစိတေန ဝိဟာရေန ဝိဟရတိ ဝါကျ၌ သီလ,သမာဓိ,ပညာ တရားသုံးပါးကိုသာ အဘယ်ကြောင့် ယူရသနည်း၊ ဘုရားရှင်တို့၌ အနန္တဓမ္မ ရှိသည် မဟုတ်လော။

ဖြေ။ တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏ အကျင့် ပဋိပတ်တော် ဟူသမျှသည် အဓမ္မကို အကုန်အစဉ် နှိမ်နင်းခြင်းသာလျှင် ပြဋ္ဌာန်းခြင်း အရေးကြီးဆုံး ဖြစ်ခြင်းရှိ၏။ ထိုအကျင့် ပဋိပတ်တော် ဟူသည်လည်း သီလ,သမာဓိ,ပညာ၏ အစွမ်းအားဖြင့်သာ ဖြစ်သောကြောင့် ယင်းဝါကျ၌ သီလ,သမာဓိ,ပညာ တရားသုံးပါးကိုသာ ယူရခြင်း ဖြစ်သည်။ (ဋီသစ်)

မေး။ အဘယ့်ကြောင့် အဘယ်အရာကို "ခန္ဓာဝါရ"ဟု ခေါ်သနည်း။

ဖြေ။ သစ်တုံး, ထန်းတုံး, ကျောက်, အုဋ် စသော အတုံးအခဲတို့ဖြင့် ပတ်ဝန်းကျင်မှ ဘေးရန်တို့ကို ကာရံရာ, တားမြစ်ရာ ဖြစ်သောကြောင့် တပ်မြို့ကို "ခန္ဓာဝါရ"ဟု ခေါ်၏။

ဤသီလခန္ဓာဝါရံ ဗန္ဓိတွာ ပါဠိ၌ကား = ဓမ္မရာဇာ၏ သီတင်းသုံးတော်မူရာ ဖြစ်၍ ဘေးရန်တို့ကို တားမြစ်တတ်သည်၏ အဖြစ်ဖြင့် ထိုလုံခြုံသော တပ်မြို့နှင့် တူသောကြောင့် လုံခြုံသော သီလတော်ကို သဒိသူပစာရအားဖြင့် "ခန္ဓာဝါရ"ဟု ခေါ်၏။ (ဘာဋီ)

မေး။ ဝိဟာရေန ဝိဟရတိ၌ ဝိဟာရ၏ ဘေဒနှင့် ဣဓာဓိပ္ပေတတ္ထကို ယုတ္တိပြ၍ ဖော်ထုတ်ပါ။

ဖြေ။ ဝိဟာရ၏ ဘေဒကား = ဣရိယာပထဝိဟာရ, ဒိဗ္ဗဝိဟာရ, ဗြဟ္မဝိဟာရ, အရိယဝိဟာရ ဟူ၍ လေးပါးသာတည်း။

ဣဓာဓိပ္ပေတတ္ထကား = ဆိုခဲ့ပြီးသော ဝိဟာရလေးပါးတွင် အမှတ်မထား တစ်ပါးပါးသော ဝိဟာရတည်း။ အကြောင်းကား = သာမညဝစနံ သဗ္ဗသာဓာရဏံ စကားအရ ပါဠိတော်၌ "ဝိဟရတိ"ဟူသာ သာမညအားဖြင့် ဆိုထားခဲ့သောကြောင့်လည်းကောင်း၊ အဋ္ဌကထာ၌လည်း "ယထာရုစိတေန"ဟု ဖွင့်သောကြောင့်လည်းကောင်းတည်း။

မေး။ ဖြပ္ပါ့ အဏာတီတိ ဗြာဟ္မဏော၊ မန္တေ သဇ္ဈာယတီတိ အတ္ထော။ ဣဒမေဝ ဟိ ဇာတိဗြာဟ္မဏာနံ နိရုတ္တိဝစနံ ဝါကျဝယ် ဣဒမေဝ၌ ဝေသဒ္ဒါ၏ နိဝတ္တေတဗ္ဗကို ဖော်ပြပါ။

ttp://www.dhammadownload.com



ဖြေ။ နိဝတ္တေတဗ္ဗကား = ဖြဟ္မနှာ ဓာတော ဖြာဟ္မဏော၊ ဖြဟ္မတော ဓာတော ဖြာဟ္မဏော၊ ဖြဟ္မနော အပစ္စံ ဖြာဟ္မဏော စသော ဝစနတ္ထတို့ ဖြစ်သည်။ (ဋီသစ်၊ သာရတ္ထ)

မေး။ အဘယ်ကြောင့် အဘယ်အရာကို မန္တန်ဟု ခေါ်သနည်း။

ဖြေ။ လုံခြုံစွာ ရွတ်ဆိုအပ်၊ ပြောဆိုအပ်သည်၏ အဖြစ်ဟူသော အနက်သဘောကြောင့် ဣရုဝေဒ၊ ယဇုဝေဒ၊ သာမဝေဒ ဟူသော ဗေဒင် သုံးပုံတို့ကို မန္တ (မန္တန်)ဟု ခေါ်သည်။ (ဋီသစ်)

မေး။ ပေါက္ခရသာတိ ပုဏ္ဏား၏ ကိုယ်,ဦးခေါင်း စသော ရုပ်ရည်ရူပကာယ၏ လှပတင့်တယ် ကျက်သရေ ရှိပုံကို အဋ္ဌကထာ လာသည့်အတိုင်း ဖော်ပြပါ။

ဖြေ။ ၁။ ပေါက္ခရသာတိ ပုဏ္ဏား၏ ခန္ဓာကိုယ်သည် ပဒုမ္မာ ကြာဖြူနှင့် တူသော ဖြူသော အဆင်းရှိ၏။ နတ်ပြည်၌ စိုက်ထူအပ်သော ငွေတုရိုဏ်းတိုင်ကဲ့သို့ တင့်တယ်၏။

၂။ ဦးခေါင်း၌ ပေါက်သော ဆံပင်တို့သည် ဣန္ဒနီလာ ပတ္တမြားညိုကဲ့သို့ မည်းနက်သော အဆင်းရှိ၏။

၃။ မုတ်ဆိတ်ကျင်စွယ်သည် လဝန်း၌ မည်းနက်သော မိုးတိမ်ရေး ထင်သကဲ့သို့ မျက်နှာ၌ ထင်ထင်ရှားရှား ထင်၏။

၄။ မျက်လုံးတို့သည် ကြာညိုပန်းနှင့် တူကုန်၏။

၅။ နှာခေါင်းတို့သည် ငွေကျည်တောက်ကဲ့သို့ ကောင်းစွာ လုံးဝန်း၍ သန့်ရှင်း စင်ကြယ်ကုန်၏။

၆။ လက်ဖဝါးပြင်၊ ခြေဖဝါးပြင်၊ နှုတ်ခမ်းတို့သည် ချိပ်ရည်ဖြင့် သွန်းလောင်းသကဲ့သို့ နီမြန်းသော အဆင်း ရှိ၍ တင့်တယ်၏။

၇။ ပုဏ္ဏား၏ ခန္ဓာကိုယ် တစ်ကိုယ်လုံးသည် အလွန်တင့်တယ်၏။

၈။ ဘုရင် မရှိသော တိုင်းပြည်၌ ပေါက္ခရသာတိ ပုဏ္ဏားကို ဘုရင်အဖြစ် တင်မြှောက်ဖို့ရာ သင့်လျော်ပါ၏။

ဤသို့လျှင် ပုဏ္ဏား၏ ရုပ်ရည်ရူပကာယသည် တင့်တယ်လှပ ကျက်သရေ ရှိနေပါ၏။ (ဋ္ဌ)

မေး။ ပေါက္ခရသာဒီနှင့် ပေါက္ခရသာတိတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ပဒုမ္မာ ကြာဖြူပန်းနှင့် တူသောအဆင်း ရှိသောကြောင့် ပုဏ္ဏားကို ပေါက္ခရသာဒီဟု ခေါ်၏။

ပဒုမ္မာ ကြာဖြူပန်း၌ ကိန်း၍ ဖြစ်သောကြောင့် ပုဏ္ဏားကို ပေါက္ခရသာတိဟု ခေါ်၏။

အရကောက်အားဖြင့် = နှစ်ပုဒ်လုံးသည် ပုဏ္ဏားဒြဗ်ကိုသာ ရ၍ အရကောက် မကွဲပြား။

သဒ္ဒါအားဖြင့် = အနည်းငယ်မျှ အနေအထား ကွဲပြားခြင်းသာ ထူး၏။

**(ဋ္ဌ၊ နှာ ၂၁၈-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ပဏ္ဍိတနှင့် ဗျတ္တတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ပဋိသန္ဓေ ပညာဟု ဆိုအပ်သော သဘာဝ ပညာရှိသူသည် ပဏ္ဍိတ။

ထိုထိုပြုဘွယ် ကိစ္စတို့၌လည်းကောင်း၊ ဝေဒကျမ်းစာတို့၌လည်းကောင်း ထက်မြက်သော ပညာရှိသူသည် ဗျတ္တ။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ **အဇ္ဈာဝသတိ**ကို ဝသတိဟု ဖွင့်ခြင်းကြောင့် အဓိ+အာ ဥပသာရပုဒ်များ အနက်မရှိရကား "န တု သဒ္ဒါ အနတ္ထာ"ဟူသော ဘေဒစိန္တာ စကားနှင့် မဆန့်ကျင်ပါသလော၊ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ အဇ္ဈာဝသတိကို ဝသတိဟု ဖွင့်ခြင်းကြောင့် အဓိ+အာ ဥပသာရများ အနက်မရှိဟု ဆိုထားခြင်းမှာ မိမိတို့ ကိုယ်တိုင် တသီးတခြား ဟောနိုင်သော အနက်များ မရှိခြင်းကို ရည်ရွယ်၍ ဆိုခြင်း ဖြစ်သည်။ အဇ္ဈာဝသတိ၌ အဓိ+အာ ဥပသာရပုဒ်များသည် ဝသတိကြိယာ ဟောပြီးသော နေခြင်းကြိယာကိုပင် အစဉ်လိုက်၍ ဟောသော

ttp://www.dhammadownload.com



ကြောင့် အနက်ရှိရကား "န တု သဒ္ဒါ အနတ္ထာ"ဟူသော ဘေဒစိန္တာ စကားနှင့် မဆန့်ကျင်ပါ။

မေး။ (က) **ဥက္ကဋ္ဌ အဇ္ဈာဝသတီ**တိ ဥက္ကဋ္ဌနာမကေ နဂရေ ဝသတိ။

(ခ) အဘိဘဝိတွာ ဝါ အာဝသတိ။ တဿ နဂရဿ သာမိကော ဟုတွာ ယာဝ မရိယာဒါယ တတ္ထ ဝသိတဗ္ဗံ၊ တာယ မရိယာဒါယ ဝသိ ဟူသော (က၊ ခ)ဝါကျ အဖွင့်တို့ကို အသီးသီး ရှု၍ တတ္ထ လက္ခဏာ သဒ္ဒသတ္တတော ပရိယေသိတဗ္ဗံ အရ "ဥက္ကဋ္ဌံ"၌ ဒုတိယာကေဝုစ် အံဝိဘတ် သက်ပုံ အစီအရင်ကို ဖော်ပြပါ။

ဖြေ။ (က) ဝါကျ အဖွင့်အရ အဓိသဒ္ဒါ+အာသဒ္ဒါတို့သည် ဥပသဂ္ဂမတ္တ ဓာတွတ္ထာနုဝတ္တက ဖြစ်ကြ၏။ ယင်းသို့ ဥပသဂ္ဂမတ္တ ဓာတွတ္ထာနုဝတ္တကဖြစ်သော အဓိ+အာ ဟူသော ဥပသာရပုဒ်တို့နှင့် ယှဉ်သောကြောင့် တတိယာသတ္တမီနဥ္စ သုတ်ဖြင့် အဓိ+အာ ရှေ့ရှိသော ဝသဓာတ်၏ ယှဉ်ရာ သတ္တမီအနက်၌ "ဥက္ကဋ္ဌံ" ပုဒ်ဝယ် ဒုတိယာဝိဘတ် သက်၏။

(ခ) ဝါကျ အဖွင့်အရ အဓိသဒ္ဒါသည် ဣဿရိယတ္ထ (အဘိဘဝနတ္ထ)၊ အာသဒ္ဒါသည် မရိယာဒအနက် ဟောခိုက် ဖြစ်၏။ ယင်းအခိုက်၌ အဓိ+အာ ပုဒ်များသည် ဥပသာရ ဟူသော အမည်မှ တစ်ပါး ကမ္မပ္ပဝစနီယ ဟူသော အမည်သစ် တစ်ခုကို ရရှိထားသောကြောင့် = ကမ္မပ္ပဝစနီယယုတ္တေ သုတ်ဖြင့် အဓိ+အာ ဟူသော ကမ္မပ္ပဝစနီယ အယှဉ်၌ "ဥက္ကဋ္ဌံ"ပုဒ်ဝယ် ဒုတိယာဝိဘတ် သက်၏။ (ဋီသစ်)

အမှာ။ **သတ္တုဿဒံ** စသော ဝိသေသန ၇-ပုဒ်တို့သည် ဥက္ကဋ္ဌံ ပုဒ်နှင့် သကတ်ကွဲသော်လည်း ထိုဝိသေသန ပုဒ်များနှင့် ဥက္ကဋ္ဌံ ဟူသော ဝိသေသျပုဒ်တို့သည် "ဥက္ကဋ္ဌမြို့"ဟူသော တစ်နက်တည်းကိုသာ ဟောကြသည် ဖြစ်၍ တုလျာဓိကရဏ ဖြစ်ကြသောကြောင့် သတ္တုဿဒံ စသော ဝိသေသန ၇-ပုဒ်တို့၌ အံဝိဘတ် သက်ပုံ အစီအရင်ကိုလည်း "ဥက္ကဋ္ဌံ"၌ အံဝိဘတ် သက်ပုံ အစီအရင်တိုင်း ဖြေရုံသာတည်း။

မေး။ (မနုဿာ) ဥက္ကာသု ဓလမာနာသု အဂ္ဂဟေသုံ ဝါကျ၌ "လက္ခဏာစတုက္က"ထုတ်ပြပါ။

ဖြေ။ ဓလမာနာသု ကြိယာသည် = မှတ်သားတတ်သော ကြိယာ ဖြစ်သောကြောင့် လက္ခဏ၊
ဥက္ကာသုသည် = ဓလမာနာသုဟူသော လက္ခဏကြိယာ၏ ကံပုဒ် ဖြစ်သောကြောင့် လက္ခဏဝန္တ၊
အဂ္ဂဟေသုံသည် = မှတ်သားမှုကို ခံရသော ကြိယာ ဖြစ်သောကြောင့် လက္ချ၊
မနုဿာသည် = အဂ္ဂဟေသုံဟူသော လက္ချကြိယာ၏ ကတ္တား ဖြစ်သောကြောင့် လက္ချဝန္တ မည်၏။

မေး။ (မနုဿာ) ဥက္ကာသု ဓလမာနာသု အဂ္ဂဟေသုံ ဝါကျ၌ "အနာဒရစတုက္က"ထုတ်ပြပါ။

ဖြေ။ ဓလမာနာသုသည် = မရှိမသေ အပြုခံရသော ကြိယာ ဖြစ်သောကြောင့် အနာဒရိယ၊
ဥက္ကာသုသည် = ဓလမာနာသုဟူသော အနာဒရိယ ကြိယာ၏ ကတ္တား ဖြစ်သောကြောင့် အနာဒရိယဝန္တ၊
အဂ္ဂဟေသုံသည် = ဓလမာန ကြိယာ၏ မပြီးဆုံးသေးခင် မရှိမသေပြုကာ ပေါ်ပေါက်လာသော ကြိယာ ဖြစ်သောကြောင့် အနာဒရ၊
မနုဿာသည် = အဂ္ဂဟေသုံဟူသော အနာဒရ ကြိယာ၏ ကတ္တား ဖြစ်သောကြောင့် အနာဒရဝန္တ မည်၏။

မေး။ "ဥက္ကာသု ဓလမာနာသု ဌိတာ = ဥက္ကဋ္ဌာ"ဟူသော အဖွင့်အလိုအားဖြင့် ဥက္ကဋ္ဌမြို့ဟု ခေါ်ရခြင်း အကြောင်းကို ဖြေဆိုပါ။

ဖြေ။ ထိုဥက္ကဋ္ဌမြို့ကို စ၍ တည်ထောင်သော အခါ၌ ညဉ့်ကာလဝယ် ကောင်းသော နက္ခတ်, အချိန်အခါသည် ဖြစ်၏။ ထိုခဏကောင်းကို လွန်မသွားစေလို၍ ထိုခဏကောင်း၌ပင် မီးရှူးမီးတိုင်တို့ကို ထွန်းလျက် မြို့နေရာကို ယူကြသည် ဖြစ်သောကြောင့် ၎င်းကို အစွဲပြု၍ "ဥက္ကဋ္ဌမြို့"ဟု ခေါ်၏။

ttp://www.dhammadownload.com



မေး။ "ဥက္ကဋ္ဌ"မြို့ အမည်ရခြင်း အကြောင်းကို အပရေဝါဒအတိုင်း ဖော်ပြပါ။

ဖြေ။ ဘူမိဘာဂ သမ္ပတ္တိ၊ ဥပကရဏ သမ္ပတ္တိ၊ မနုဿ သမ္ပတ္တိ ဟူသော သမ္ပတ္တိ သုံးမျိုးဖြင့် မြတ်သော ဥက္ကဋ္ဌဂုဏ်နှင့် ယှဉ်ခြင်းကြောင့် ထိုမြို့သည် "ဥက္ကဋ္ဌ"မည်၏ဟု အပရေဆရာတို့ ဆိုကြသည်။ (ဋီသစ်)

မေး။ ဩက္ကဋ္ဌန္တိပိ ပါဠော၊ သောဃေ၀တ္တော ဝါကျ၌ သောဃေ၀တ္တော ပါဌ်ဖြင့် ပြအပ်သော ဗျတိရေကကို ထုတ်ပြပါ။

ဖြေ။ ဘူမိဘာဂ သမ္ပတ္တိ၊ ဥပကရဏ သမ္ပတ္တိ၊ မနုဿ သမ္ပတ္တိ ဟူသော သမ္ပတ္တိ သုံးမျိုးဖြင့် မြတ်သော ဥက္ကဋ္ဌဂုဏ်နှင့် ယှဉ်ခြင်းကြောင့် ထိုမြို့သည် "ဥက္ကဋ္ဌ"မည်၏ဟု ဆိုသော အပရေဆရာတို့၏ ဝါဒကို ဗျတိရေကအားဖြင့် သောဃေ၀တ္တော ပါဌ်ဖြင့် ပြ၏။

မေး။ တဿ အနုပယောဂတ္တာ စ သေသပဒေသု၌ သေသပဒ အရကို ဖော်ပြပါ။

ဖြေ။ သတ္တုဿဒံ၊ သတိဏကဋ္ဌောဒကံ၊ သဓညံ၊ ရာဇဘောဂ္ဂံ၊ ရညာ ပသေနဒိနာ ကောသလေန ဒိန္နံ၊ ရာဇဒါယံ၊ ဗြဟ္မဒေယျံ ဟူသော ၇-ပုဒ်တို့ပင် ဖြစ်၏။ (ဋီသစ်)

မေး။ ပေါက္ခရဏီနှင့် တဠာကတို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ တူး၍ ပြုအပ်သော ရေကန်သည် ပေါက္ခရဏီ။
ကန်ဘောင်,ကန်သင်း ဖွဲ့၍ ပြုအပ်သော ရေကန်သည် (ဝါ) အထက်မှ လာသော ရေကို ကာဆီး၍ ပြုအပ်သော ရေကန်သည် တဠာက။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ ဥဒကဿ နိစ္စဘရိတာနေဝ ပါဌ်ဖြင့် အဋ္ဌကထာဆရာ သိစေအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ဥဒကဿ နိစ္စဘရိတာနေဝ ပါဌ်ဖြင့် = "ဇလဇကုသုမဝိစိတ္တာနိ-ရေပန်းတို့ဖြင့် ဆန်းကြယ်၏"ဟူသော စကား၌ ယင်းရေပန်း (ကြာပန်း)များသည် အမြဲမပြတ် ရေရှိသည့် နေရာ၌သာလျှင် ပေါက်ရောက်ကုန်၏, ပွင့်ကုန်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဋီသစ်)

မေး။ ဥဒကဿ နိစ္စဘရိတာနေဝ ဝါကျဝယ် ဥဒကဿ၌ ဆဋ္ဌီဝိဘတ်သည် အဘယ်ကြောင့် အဘယ်အနက်၌ သက်ရသည်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ဥဒကဿ၌ ဆဋ္ဌီဝိဘတ်သည် = နိစ္စဘရိတာနေဝ၌ ပြည့်ခြင်းအနက်ဟော ဘရိတ ကြိယာနှင့် ယှဉ်နေခြင်းကြောင့် ကရိဏ်းအနက်၌ သက်သည်။ (ဋီသစ်)

နိယံ။ ပရိပူရ၊ သမ္ပုဏ္ဏနှင့်၊ ပူရ တူပြီ၊ ယှဉ်စပ်မှီ၊ ဆဋ္ဌီ ကရိဏ်းသာ။ (တောင်တွင်း)

**(ဌ၊ နှာ ၂၁၈+၂၁၉-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **သဓညံ၌** ဓည အရကို ဖော်ပြပါ။

ဖြေ။ ဓည အရ = စပါး ၇-မျိုးနှင့်တကွ ကောင်းစွာ စိုက်ပျိုးအပ်သည်၏ အဖြစ်ဖြင့် ဖြစ်သော ပဲ,ဖူး,ဖရုံ စသော စားဖွယ် အားလုံးကို ရ၏။ (စာစဉ်)

မေး။ **သတ္တုဿဒံ၊ သတိဏကဋ္ဌောဒကံ၊ သဓညံ၊ ရာဇဘောဂ္ဂံ၊ ရာဇဒါယံ** ပါဌ်တို့ဖြင့် အသီးသီး ပြအပ်သော အဓိပ္ပါယ် တို့ကို ဖြေဆိုပါ။

ဖြေ။ သတ္တုဿဒံ ပါဌ်ဖြင့် ထိုဥက္ကဋ္ဌမြို့၌ မွေးမြူထားအပ်သော ဆင်,မြင်း,ဥဒေါင်း စသော တိရစ္ဆာန်သတ္တဝါ၊ လူသတ္တဝါတို့ဖြင့် ပေါများသည်၏ အဖြစ်ကို ပြ၏။
သတိဏကဋ္ဌောဒကံ ပါဌ်ဖြင့် ထိုဥက္ကဋ္ဌမြို့၌ ဆင်,မြင်း စသော သတ္တဝါတို့၏ အစာဖြစ်သော မြက်၊ အိမ်မိုးဖို့ရာ မြက်၊ ထင်း,သစ်သား၊ ရေ ဟူသော အသုံးအဆောင် ပြည့်စုံပုံကို ပြ၏။
သဓညံ ပါဌ်ဖြင့် ထိုဥက္ကဋ္ဌမြို့၌ လူတို့၏ စားသောက်ဖွယ်ရာ ဖြစ်သော ကောက်ပဲသီးနှံ ပြည်စုံပုံကို ပြ၏။

ttp://www.dhammadownload.com



ရာဇဘောဂ္ဂံ ပါဠိဖြင့် ထိုဥက္ကဋ္ဌမြို့သည် မင်း၏ အထံမှ ရအပ်သော စည်းစိမ် ဖြစ်ကြောင်းကို ပြ၏။
ရာဇဒါယံ ပါဠိဖြင့် ထိုဥက္ကဋ္ဌမြို့ကို သားစဉ်မြေးဆက် ဆက်၍ သုံးစွဲနိုင်အောင် အမွေစား, အမွေခံ အဖြစ်ဖြင့် ပေးအပ်ကြောင်းကို ပြ၏။

**(၅၂ နှာ ၂၁၉-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ပသေနဒီ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ရှေ့ရှုတက်လာသော တစ်ဘက်စစ်သည်တို့ကို အောင်နိုင်သော မင်းဖြစ်သောကြောင့် ပသေနဒီဟု ခေါ်၏။
(တစ်နည်း) ပွဲတော် တည်သောအခါ စားသောက်ဖွယ်ရာ များလွန်းသဖြင့် ရှေ့တည့်တည့်၌ ထား၍ မဖြစ်ဘဲ နံပါး၏ ဘေးနှစ်ဘက်၌လည်း ထား၍ ပေးအပ်ရာ မင်းဖြစ်သောကြောင့် ပသေနဒီဟု ခေါ်၏။

မေး။ ပေါက္ခရသာတိ ပုဏ္ဏားသည် ကောသလမင်း၏သား မဟုတ်ဘဲ ပုဏ္ဏားအား ဥက္ကဋ္ဌမြို့ကို ပေးရာ၌ အဘယ်ကြောင့် "ရညော ဒါယဘူတံ-မင်း၏ အမွေဥစ္စာ ဖြစ်၍ ဖြစ်ထသော"ဟု ဆိုရသနည်း။

ဖြေ။ ပေါက္ခရသာတိ ပုဏ္ဏားသည် ကောသလမင်း၏သား မဟုတ်ငြားသော်လည်း သားမြေးမြစ် အစဉ်အဆက် တိုင်အောင် အမျိုး၏ ဥစ္စာအဖြစ်ဖြင့် ကောသလမင်းထံမှ ရအပ်သော ဥစ္စာ ဖြစ်သောကြောင့် "ရညော ဒါယဘူတံ-မင်း၏ အမွေဥစ္စာ ဖြစ်၍ ဖြစ်ထသော"ဟု ဆိုသည်။ (ဋီသစ်)

မေး။ ဆေဇ္ဇနှင့် ဘေဇ္ဇတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ပြစ်မှု ကျူးလွန်သူ၏ ခန္ဓာကိုယ်အား ကြိမ်ဒဏ်ပေးခြင်း, ထောင်ချခြင်း, လက်ခြေ စသော အင်္ဂါကြီးငယ်များကို ဖြတ်ခြင်း, အသက်ဆုံးသည်ထိအောင် စီရင်ခြင်း စသော သရီရဒဏ္ဍသည် ဆေဇ္ဇ။
ပြစ်မှု ကျူးလွန်သူထံမှ လယ်ယာမြေ ကျွဲနွား စသည်တို့ကို သိမ်းယူခြင်း, ငွေကြေး စသော ဒဏ်ဆောင် စေခြင်း စသော ဓနဒဏ္ဍာဒိဘေဒသည် ဘေဇ္ဇ။ (ဋီသစ်)
(တစ်နည်း) လက်ခြေ စသည်ကို ဖြတ်ခြင်းသည် ဆေဇ္ဇ။
ပါးကို ဖေါက်ခြင်းသည် ဘေဇ္ဇ။ (နေရင်း)

မေး။ နဒီတိတ္ထပဗ္ဗတာဒီသု၌ အာဒိ အရကို ဖော်ပြပါ။

ဖြေ။ ရွာတံခါးဝ, တောအုပ်အဝင်ဝ စသည်တို့ကို ယူပါ။ (ဋီသစ်)

မေး။ ဘုရင်တို့အား မင်းမြောက်တန်းဆာ ငါးပါး ရှိပါလျက် သေတစ္ဆတ္တံ ဥဿာပေတွာ ရညာ ဟုတွာ ဘုဥ္ဇိတဗ္ဗံ ဝါကျ၌ "သေတစ္ဆတ္တ-ထီးဖြူ" တစ်မျိုးတည်းကို အဘယ်ကြောင့် ပြသနည်း။

ဖြေ။ မင်းမြောက်တန်းဆာ ငါးပါးတို့တွင် ထီးဖြူသာ အဦးပဓာန ဖြစ်၏။ ပဓာနဖြစ်သော သေတစ္ဆတ္တ သဒ္ဒါဖြင့် ကြွင်းသော မင်းမြောက်တန်းဆာများကိုလည်း ဧကဒေသူပစာအားဖြင့် ယူနိုင်သောကြောင့် "သေတစ္ဆတ္တ-ထီးဖြူ" တစ်မျိုးတည်းကိုသာ ပြ၏။ (ဋီသစ်)

အမှာ။ ယင်းအဖြေကို ရှု၍ သေတစ္ဆတ္တ အရ = မင်းမြောက်တန်းဆာ ငါးပါးလုံး ယူရမည်ကို သတိပြု။

မေး။ ရညာ ဟုတွာ ဘုဥ္ဇိတဗ္ဗံ ဝါကျ၌ ဟုတွာ သဒ္ဒါကို အဘယ်ကြောင့် ထည့်ဆိုသနည်း။

ဖြေ။ ရညာ ဘုဥ္ဇိတဗ္ဗံဟုသာ ဆိုသော် ဤ၌ အလိုရှိအပ်သော အနက်,အဓိပ္ပါယ် မထင်ရှားသောကြောင့် ဟုတွာ သဒ္ဒါ ထည့်၍ ဆိုသည်။
မှန်၏၊ ထိုသူသည် မင်းမျိုးမှ လာသူ မဟုတ်သော်လည်း မင်းလို သုံးဆောင်ခွင့် ရနိုင်ပေ၏။

မေး။ သောတဒ္ဒါရသမ္ဘတ္တဝစနနိဋ္ဌေါသာနုသာရေန အညာသိ ဝါကျ၌ သဝန အရ ယူရမည့် ဝိထိနှင့် မယူရမည့် ဝိထိတို့ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ttp://www.dhammadownload.com



ဖြေ။ သမဏော ခလု ဘော ဂေါတမော စသည်ဖြင့် ဆိုအပ်သော အနက်ကို ရအပ်, သိအပ်သောကြောင့် သောတဒွါရသို့ အစဉ်လိုက်နေသော သုဒ္ဓမနောဒွါရ ဝီထိဖြင့် သိခြင်းကိုသာ ဤ၌ သဝန အရ ယူရသည်။
သမဏော ခလု ဘော ဂေါတမော စသည်ဖြင့် ဆိုအပ်သော အနက်ကို မရအပ်, မသိအပ်သောကြောင့် သောတဒွါရ ဝီထိအစွမ်းဖြင့် ကြားကာမျှကို မယူရပါ။ (ဋီသစ်)

မေး။ ဓါတိ အဝဓာရဏတ္ထေ, ပဒပူရဏမတ္တေ ဝါ နိပါတော ဝါကျ၌ (က) အဝဓာရဏတ္ထေ ဟူသော ပဌမဝိကပ် (ခ) ပဒပူရဏမတ္တေ ဝါ နိပါတော ဟူသော ဒုတိယဝိကပ်တို့ကို ဆိုရခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ (က) ဝါကျတိုင်း၌ အဝဓာရဏ အနက်ကို တိုက်ရိုက်ပြနိုင်သော ပုဒ်ရှိလျှင် ထိုပုဒ်က အဝဓာရဏ အနက်ကို တိုက်ရိုက်ပြမှု သာ၍ ထင်ရှားသောကြောင့် "အဝဓာရဏတ္ထေ" ဟူသော ပဌမဝိကပ်ကို ဆို၏။
(ခ) အသေသာသိဟု ဆိုသဖြင့် (အခြားအနက်ကို ပယ်ရှားနိုင်သော) အညတ္ထာပေါဟနနည်းအားဖြင့်လည်းကောင်း၊ သဗ္ဗဝါကျံ သာဝဓာရဏံ ဟူသော ပရိဘာသာအားဖြင့်လည်းကောင်း ကြားသိဘို့ရန် အန္တရာယ်တစ်စုံတစ်ရာ မရှိဟူသော အနက်ကို သိအပ်သောကြောင့် "ပဒပူရဏမတ္တေ ဝါ နိပါတော" ဟူသော ဒုတိယဝိကပ်ကို ဆို၏။

မေး။ အဝဓာရဏတ္ထ ခေါ်သဒ္ဒါ၏ (က) ဂဟေတဗ္ဗတ္ထ (ခ) နိဝတ္တေတဗ္ဗတ္ထတို့ကို ဖော်ပြပါ။

ဖြေ။ (က) ဂဟေတဗ္ဗတ္ထ = အသေသာသိဧဝ။
(ခ) နိဝတ္တေတဗ္ဗတ္ထ = နာသေ ကောစိ သဝနန္တရာယော အဟောသိ။

မေး။ ပဒပူရဏမတ္တေ ဝါ နိပါတော၌ မတ္တသဒ္ဒါ ဟောသောအနက်နှင့် ယင်းမတ္တသဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ပဒပူရဏမတ္တေ၌ မတ္တသဒ္ဒါသည် = ဧဝ အနက်ကို ဟော၏။
ယင်းမတ္တသဒ္ဒါဖြင့် = ပဒပူရဏမှတစ်ပါး အခြား အနက်ထူး မရှိဟူသော အဓိပ္ပါယ်ကို ပြ၏။

မေး။ သမဏော ဂေါတမော ဟူသော ပုဒ်တို့ဖြင့် အသီးသီး ပြဆိုအပ်သော အဓိပ္ပါယ်တို့ကို အကြောင်းနှင့်တကွ တွဲစပ်၍ ဖော်ပြပါ။

ဖြေ။ သမဏော ပုဒ်ဖြင့် = ကုသိုလ်ကို ရှာမှီးကြကုန်သော လူအပေါင်းတို့သည် မြတ်စွာဘုရားအား အလွန်မြတ်နိုးအပ်သည်၏ အဖြစ်ကို ပြ၏။
အကြောင်း = ထိုလျှင် အရာရှိသော သမိတပါပ အဖြစ်ကို ချီးမွမ်း ပြောဆိုအပ်သောကြောင့်တည်း။
ဂေါတမော ပုဒ်ဖြင့် = လောကီ လူအပေါင်းသည် မြတ်စွာဘုရားအား အလွန် မြတ်နိုးအပ်သည်၏ အဖြစ်ကို ပြ၏။
အကြောင်း = ထိုလျှင် အရာရှိသော မွန်မြတ်သော အနွယ်မှ ကောင်းစွာ ဖြစ်သည်ကို ချီးမွမ်း ပြောဆိုအပ်သောကြောင့်တည်း။ (စာစဉ်)

မေး။ သမိတပါပတ္တာ **သမဏော**၌ သမိတပါပ အရ = ယူရမည့် အရာကို သဘာဝယုတ္တိ, အာဂမယုတ္တိနှင့်တကွ ဖော်ပြပါ။

ဖြေ။ သမိတပါပ အရ = ဧကန်စင်စစ် မုချအားဖြင့် ဝါသနာနှင့်တကွ အကုသိုလ်မှန်သမျှကို အကြွင်းမရှိ ငြိမ်းစေမှုမျိုးကိုသာ ယူပါ။
ယင်းသို့ ယူမှသာလျှင် ဗာဟိရကဝီတရာဂ, သေက္ခ, အသေက္ခ ပုဂ္ဂိုလ်တို့၏ အကုသိုလ်ကို ငြိမ်းစေမှုမျိုးထက်

ttp://www.dhammadownload.com



ဘုရားရှင်၏ အကုသိုလ်မှန်သမျှကို ငြိမ်းစေမှုသည် ထိုက်သည့်အားလျော်စွာ ထူးခြား ကွဲပြားလာမည် ဖြစ်သောကြောင့်လည်းကောင်း၊ (ဤကား = သဘာဝယုတ္တိ)

ဘဂဝါ စ အနုတ္တရေန အရိယမဂ္ဂေန သမိတပါပေါဟု အဋ္ဌကထာဆရာ ဖွင့်ဆိုသည်ကို ထောက်သော ကြောင့်လည်းကောင်းတည်း။ (ဤကား = အာဂမယုတ္တိ)။ (ဋီသစ်)

မေး။ အာလုပ်အပြား သုံးပါးကို ဖော်ပြ၍၊ မည်သည့်အာလုပ်၌ မည်သည့်ဝုစ် ရနိုင်သည်ကိုလည်း ခွဲခြား၍ ဖြေခဲ့ပါ။

ဖြေ။ အာလုပ်သည် ၁။ ပုဂ္ဂလာလပန အာလုပ် ၂။ ဓမ္မာလပန အာလုပ် ၃။ နိဗ္ဗိဝါလပန အာလုပ်ဟူ၍ သုံးပါးရှိ၏။ ထိုတွင် ဓမ္မာလပန အာလုပ်၌ = ကေဝုစ်သာ ရ၏။ ကြွင်းနှစ်ပါးတို့၌ = ကေဝုစ်+ဗဟုဝုစ် နှစ်ပါးစုံ ရ၏။

မေး။ အာလုပ် အနက်ဟော ဘောသဒ္ဒါ၏ ဖြစ်နိုင်သော ပဒတို့ကို ဖော်ပြ၍၊ မည်သည့် ပဒ၌ မည်သည့် လိင်, ဝုစ် ရသနည်း၊ ခွဲခြား၍ ဖြေခဲ့ပါ။

ဖြေ။ အာလုပ် အနက်ဟော ဘောသဒ္ဒါသည် ပဒအားဖြင့် = နာမပဒ, နိပါတပဒအားဖြင့် နှစ်မျိုး ဖြစ်နိုင်၏။ ထိုတွင် နာမပဒဖြစ်မူ = ပုလ္လိင်, နပုလ္လိင်၊ ကေဝစနန္တသာတည်း။ နိပါတပဒဖြစ်မူ = တိလိင်၊ ဒွိဝုစ်တည်း။

မေး။ **ဘော** ဟူသော ပုဒ်နှင့် ပိယသမုဒါဟာရ အဖြစ်ဖြင့် တူသော အာလုပ်ပုဒ်တို့ကို ဖော်ပြပါ။

ဖြေ။ အာဝုသော၊ ဒေဝါနံ ပိယ တို့ဖြစ်သည်။ (ဋီသစ်)

မေး။ **ဂေါတမော** ပုဒ်၌ လာသော 'ဂေါ'သဒ္ဒါ၏ အတ္ထုဒ္ဓါရနှင့် ဤ၌ အလိုရှိအပ်သော အတ္ထုဒ္ဒေသကို ဖော်ပြပါ။

ဖြေ။ 'ဂေါ'သဒ္ဒါ၏ အတ္ထုဒ္ဓါရကား . . .

စကား, နွား, မြေ၊ ဣန္ဒြေ၊ ရေ, နေ, ပညာ, ရောင်။

ဂေါသဒ္ဒါနက်၊ ဤရှစ်ချက်၊ နူတ်တက် အရဆောင်။

နွားဟော–ထီ+ပုံး၊ ကျန်နက်–ပုံး၊ မြတ်ထုံး သတိဆောင်။ (ဋီသစ်ရှုသော–အောင်ပန်း)

ဤနေရာ၌ အလိုရှိအပ်သော အတ္ထုဒ္ဒေသကား = စကား (သဒ္ဒါ), ပညာ (အသိဉာဏ်) အနက်များကို ဟော၏ ။

မေး။ ကေနစိ ပါရိဇုညေန၌ ပါရိဇုည သရုပ်ကို ဖော်ထုတ်ပါ။

ဖြေ။ ၁။ ဉာတိပါရိဇုည ၂။ ဘောဂပါရိဇုည ၃။ ရောဂပါရိဇုည ၄။ သီလပါရိဇုည ၅။ ဒိဋ္ဌိပါရိဇုည။ (တစ်နည်း) ၁။ ဉာတိပါရိဇုည ၂။ ဘောဂပါရိဇုည ၃။ ဇရာပါရိဇုည ၄။ ဗျာဓိပါရိဇုည။

အမှာ။ ပနည်းကား = မစိုးရိမ် ဆရာတော်တို့၏ အလိုတည်း။ ဒုနည်းကား = အောင်ပန်းဆရာတော် အလိုတည်း။

**(၅၊ နှာ ၂၁၉+၂၂၀–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ကေနစိ ပါရိဇုညေန အနဘိဘူတော ပါဌ်ဖြင့် သိစေအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ကေနစိ ပါရိဇုညေန အနဘိဘူတော ပါဌ်ဖြင့် = မကုန်ခမ်းနိုင်သည်သာလျှင် ဖြစ်သော ထိုသာကီဝင်မင်းမျိုး ကို ပယ်စွန့်ခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (စာစဉ်)

မေး။ **သကျပုတ္တော** ပါဌ်ဖြင့် ဥစ္စာကုလ အဖြစ်ကို အဘယ့်ကြောင့် ပြရသနည်း။

ဖြေ။ မကုန်ခမ်းနိုင်သည်သာလျှင် ဖြစ်သော ထိုသာကီဝင်မင်းမျိုးကို ပယ်စွန့်ခြင်းပင် ဖြစ်၏ဟူသော အနက်ကို သိစေအပ်သောကြောင့်တည်း။ (စာစဉ်)

မေး။ **သကျကုလာ ပဗ္ဗဇိတော** ပါဌ်ဖြင့် သဒ္ဓါပဗ္ဗဇိတ အဖြစ်ကို အဘယ့်ကြောင့် ပြရသနည်း။

ဖြေ။ များစွာသော ဆွေမျိုး အသိုင်းအဝိုင်းနှင့် စည်းစိမ်ဥစ္စာကို ပယ်စွန့်ခဲ့၍ သဒ္ဓါပဗ္ဗဇိတ အဖြစ်သည် အနက် အားဖြင့် ပြီးသောကြောင့်တည်း။ (စာစဉ်)

ttp://www.dhammadownload.com



**(၄၊ နှာ ၂၂၀-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အတ္တာဝဟံ သုခါဝဟန္တိ ပါဋ္ဌ်၌ လာသော အတ္တသုခ သရုပ် (၃)မျိုးကို ဖော်ပြပါ။

ဖြေ။ ဒိဋ္ဌဓမ္မိက အတ္တသုခ၊ သမ္ပရာယိက အတ္တသုခ၊ ပရမတ္ထ အတ္တသုခ တို့ဖြစ်၏။ (ဋီသစ်)

မေး။ ယထာရူပါ တေ ဘဝန္တော အရဟန္တောဟု မဖွင့်ဆိုဘဲ ယထာရူပေါ သော ဘဝံ ဂေါတမောဟု အဋ္ဌကထာဆရာ အဘယ်ကြောင့် ဖွင့်ဆိုသနည်း။

ဖြေ။ ယထာရူပါ တေ ဘဝန္တော အရဟန္တောဟု မဖွင့်ဆိုဘဲ ယထာရူပေါ သော ဘဝံ ဂေါတမောဟု ဖွင့်ဆိုခြင်းသည် "တထာရူပါနံ အရဟတံ" ဟူသော သံဝဏ္ဏေတဗ္ဗ၌ ရှိသော နံဝိဘတ်သည် ရိုးရိုး ဗဟုဝုတ္တ နံဝိဘတ် မဟုတ်၊ ဘုရားရှင်၌ အရှိအသေ အလေးအမြတ် ပြုသည်၏ အစွမ်းအားဖြင့် ဖြစ်သော ဂရုဂါရဝ ဗဟုဝုစ် ဝိဘတ်၏ အဖြစ်ကို သိစေလိုသောကြောင့်တည်း။ (ဘောဒိစိန္တာ၊ ဋီသစ်)

မေး။ ယထာဘုစ္စဂုဏာဓိဂမေန လောကေ အရဟန္တောတိ လဒ္ဓသဒ္ဒါနံ အရဟတံ ပါဋ္ဌ်ဖြင့် ပြအပ်သော အဓိပ္ပါယ် ကို ရေးခဲ့ပါ။

ဖြေ။ ယထာဘုစ္စ ။ပ။ အရဟတံ ပါဋ္ဌ်ဖြင့် ဘုရား,ရဟန္တာ အဖြစ်သည် ဓမ္မပ္ပမာဏ, လူခပ္ပမာဏ သတ္တဝါတို့၏သာ ထိုက်သင့်သည့်အားလျော်စွာ အာရုံဖြစ်သောကြောင့် ကြည်ညိုမှုကို ခံထိုက်သော မဖောက်မပြန် မှန်ကန်သော ဂုဏ်များကို ဆောင်နိုင်သည်၏ အဖြစ်ကို မုချအားဖြင့် ပြသည်။

ရူပပ္ပမာဏ, ဃောသပ္ပမာဏ သတ္တဝါတို့၏ ကြည်ညိုမှုကို ခံထိုက်သော ဂုဏ်များကို ဆောင်နိုင်သည်၏ အဖြစ်ကို ကာရဏူပစာ, အဝိနာဘာဝနည်းအားဖြင့် ပြသည်။ (ဋီသစ်)

မေး။ **အဇ္ဈာယကောတိ** ဣဒံ "န ဒါနိမေ ဈာယန္တိ န ဒါနိမေ ဈာယန္တီတိ ခေါ ဝါသေဋ္ဌ 'အဇ္ဈာယကာ အဇ္ဈာယကာ' တွေဝ တတိယံ အက္ခရံ ဥပနိဗ္ဗတ္တ'န္တိ ဝါကျ၌ အဘယ်အရာကို ထောက်ဆ၍ "တတိယံ အက္ခရံ ဥပနိဗ္ဗတ္တံ- သုံးခုမြောက်သော နာမည် ဖြစ်၏"ဟု ဆိုရသည်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ သုတ်ပါထေယျ ပါဠိတော်, အဂ္ဂည သုတ္တဝဂ်, ဗြာဟ္မဏမင်္ဂလ သုတ်လာ = ပါပကေ အကုသလေ ဓမ္မေ ဝါဟေန္တီတိ ခေါ ဝါသေဋ္ဌ "ဗြာဟ္မဏာ ဗြာဟ္မဏာ"တွေဝ ပဌမံ အက္ခရံ ဥပနိဗ္ဗတ္တံ ဟူ၍ ရှေးဦးစွာ ဖြစ်ပေါ် လာသည့် ဗြာဟ္မဏ နာမည်ကို ထောက်ဆ၍လည်းကောင်း၊ သုတ်ပါထေယျ ပါဠိတော်, အဂ္ဂည သုတ္တဝဂ်, ဗြာဟ္မဏမင်္ဂလ သုတ်လာ = အရညာယတနေ ပဏ္ဏကုဋီသု ဈာယန္တိ"တိ၊ ဈာယန္တီတိ ခေါ ဝါသေဋ္ဌ "ဈာယကာ ဈာယကာ"တွေဝ ဒုတိယံ အက္ခရံ ဥပနိဗ္ဗတ္တံ ဟူ၍ ဒုတိယမြောက် ဖြစ်ပေါ်လာသည့် ဈာယက နာမည်ကို ထောက်ဆ၍လည်းကောင်း ဤသီလက္ခန် အဋ္ဌကထာလာ = အဇ္ဈာယက ဟူသော နာမည်ကို "တတိယံ အက္ခရံ ဥပနိဗ္ဗတ္တံ-သုံးခုမြောက်သော နာမည် ဖြစ်၏"ဟု ဆိုထားခြင်း ဖြစ်သည်။ (ဋီသစ်)

မေး။ အဘယ်ပုဂ္ဂိုလ်ကို "မန္တဓရေ"ဟု ခေါ်သနည်း၊ ဖြေဆိုခဲ့ပါ။

ဖြေ။ သင်ယူအပ်ပြီးသော မန္တန် (ဝေဒ)တို့ကို မပျောက်ပျက်အောင်, မေ့မသွားအောင် စာပြန်သလို ပြန်သောအားဖြင့် နှုတ်တက်စေပြီးလျှင် စိတ်နှလုံး၌ ဆောင်ထားနိုင်သူကို "မန္တဓရေ"ဟု ခေါ်သည်။

မေး။ အဘယ်ကျမ်းကို သာမဖေဒင်ကျမ်းဟု ခေါ်သနည်း။

ဖြေ။ မကောင်းမှုအကုသိုလ် ဟူသမျှကို ဆုံးခန်းတိုင်ရောက် ချုပ်ပျောက်သွားအောင် ပြုလုပ်ကြောင်း ဖြစ်သော ကျမ်းကို (ဝါ) မကောင်းမှုအကုသိုလ် ဟူသမျှကို ခေါင်းပါးသွားအောင် ပြုလုပ်ကြောင်း ဖြစ်သော ကျမ်းကို သာမဖေဒင်ကျမ်းဟု ခေါ်၏။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ **တိဏ္ဏံ ဝေဒါနံ၌** တိဏ္ဏံ သရုပ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ဣရုဝေဒ, ယဇုဝေဒ, သာမဝေဒ တို့ဖြစ်၏။

မေး။ **တိဏ္ဏံ ဝေဒါနံ၌** အာထဗ္ဗဏ ဗေဒင်ကို အဘယ်ကြောင့် မယူသနည်း။

ဖြေ။ အာထဗ္ဗဏ ဗေဒင်ဟူသည် သူတစ်ပါးကို သတ်ဖြတ် ညှဉ်းဆဲမှုကို ပြတတ်သော ဗေဒင် ဖြစ်ရကား သူတော်ကောင်းတို့ မသုံးဆောင်ထိုက်သောကြောင့် အာထဗ္ဗဏ ဗေဒင်ကို မယူရခြင်း ဖြစ်သည်။ (ဋီသစ်)

မေး။ ဗေဒင်သည် ဣရု,ယဇု,သာမ ဟူသော ဗေဒင်သုံးပုံသာ ရှိ၍ ဣတိဟာသကျမ်းသည် စတုတ္ထမြောက် ဖြစ်ရကား ဣတိဟာသစတုတ္ထာနံဟု ဟောသင့်လျက် မဟောဘဲ အဘယ်ကြောင့် **ဣတိဟာသပဉ္စမာနံ** ဟုသာ ဟောရသနည်း။

ဖြေ။ တိဏ္ဏံ ဝေဒါနံ၌ အာထဗ္ဗဏ ဗေဒင်ကို ရေတွက်ခြင်း သင်္ချာမျှဖြင့် လေးခုမြောက် ထည့်၍ ဆိုထားခြင်း ဖြစ်သောကြောင့် "ဣတိဟာသပဉ္စမာနံ"ဟုသာ ဟောတော်မူ၏။

မေး။ အဘယ်သို့သော ကျမ်းသည် မဟာပုရိသကျမ်း မည်သနည်း။

ဖြေ။ မဟာပုရိသဟု ဆိုအပ်သော ဘုရားရှင် စသော သူတို့၏ နိဂြောဓဗိမ္ဗ စသော တစ်သောင်းနှစ်ထောင်သော လက္ခဏာတို့ကို ပြဆိုသော ကျမ်းသည် မဟာပုရိသကျမ်း မည်၏။ (စာစဉ်)

မေး။ မဟာပုရိသဗုဒ္ဓ စသည်တို့၏ လက္ခဏာကို ပြသော ကျမ်း၏ အမည်ကို ဖော်ပြ၍၊ (က) ယင်းကျမ်း၏ ပမာဏ (ခ) ယင်းကျမ်းလာ ဗုဒ္ဓမန္တန်တို့၏ ပမာဏကို ဖော်ပြပါ။

ဖြေ။ ကျမ်း၏ အမည်ကား = မဟာပုရိသ လက္ခဏာကျမ်း ဖြစ်သည်။

(က) ယင်းကျမ်း၏ ပမာဏကား = တစ်သောင်း, နှစ်ထောင်သော ဂါထာ အတိုင်းအရှည်ရှိ၏။

(ခ) ယင်းကျမ်းလာ ဗုဒ္ဓမန္တန် ပမာဏကား = တထောင့်, တစ်ဆယ့်, ခြောက်ဂါထာ အတိုင်းအရှည် ရှိ၏။

**(ဋ္ဌ၊ နှာ ၂၂၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဝယောဟု ဟောလျှင် ပြီးနိုင်လျက် အဘယ့်ကြောင့် ပဋိသေဓ နှစ်ချက်ဆင့်ကာ **အနဝယော**ဟု ဟောကြားရသနည်း။

ဖြေ။ အမ္ဗဋ္ဌသည် လောကီအရာ ဗေဒင်သုံးပုံ၌ ဧကန်မုချ အကြွင်းအကျန်မရှိ တတ်လေသလော? (သို့မဟုတ်) အနေကန်အားဖြင့် အချို့အဝက်သာ တတ်၍ အချို့အဝက် မတတ်ဘဲ ရှိနေသေးသလော?ဟူသည့် ဒွိဟ သံသယကို ပယ်ဖျောက်၍ အမ္ဗဋ္ဌသည် လောကီအရာ ဗေဒင်သုံးပုံ၌ အကြွင်းအကျန်မရှိ ပြည့်စုံကုံလုံစွာ တတ်၏ဟူသော ဧကန်သိအပ်သော ပကတိ အနက်အဓိပ္ပါယ်ကို အထူးသဖြင့် ပြလိုသောကြောင့် ပဋိသေဓ နှစ်ချက်ဆင့်လျက် "အနဝယော"ဟု ဟောသည်။

အမှာ။ ပဋိသေဓ နှစ်ချက်ဆင့်၍ ဆိုခြင်းသည် ပကတိအနက်ကို အထူးသဖြင့် ပြနိုင်သည်။ (ဋီသစ်)

မေး။ ဗေဒင်သုံးပုံသည် အနဓိကာရ, အဒေသ ဖြစ်ပါလျက် အဘယ်ကြောင့် ကတရသ္မိံ အဓိကာရေဟု အဓိကာရ, ဒေသအဖြစ်ဖြင့် မေးရခြင်း အကြောင်းကို ရှင်းလင်းညွှန်ပြပါ။

ဖြေ။ ဗေဒင်သုံးပုံသည် အမှန်မုချအားဖြင့် ဒေသ (တည်ရာ)အဖြစ်ဖြင့် မဟုတ်ငြားသော်လည်း တည်ရာ ဒေသကဲ့သို့ ဥပရိက္ခာအားဖြင့် ကြံဆကာ ဆိုထားခြင်းမျှသာ ဖြစ်သောကြောင့် ကတရသ္မိံ အဓိကာရေဟု အဓိကာရ, ဒေသအဖြစ်ဖြင့် မေးသည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ဣမသ္မိံ လောကေ 'အဟံ ဗုဒ္ဓေါ, အဟံ ဗုဒ္ဓေါ'တိ ဥဂ္ဂတသဒ္ဒေ နာမံ ဂဟေတွာ ဗဟူ ဇနာ ဝိစရန္တိ ဝါကျ၌ ဥဂ္ဂတ အရကို ဖော်ပြ၍၊ အဘယ်ပုဂ္ဂိုလ်တို့ကို ရည်ရွယ်၍ ဗဟူ ဇနာဟု ဆိုရသည်ကိုလည်း ဖြေဆိုခဲ့ပါ။

ဖြေ။ ဥဂ္ဂတ အရ = ရှေး၌ ထင်ရှား၍ ကျော်စောသံရှိသော ပုရာဏဇနေတို့ကို ရ၏။
ပူရဏကဿပ စသော ပုဂ္ဂိုလ်တို့ကို ရည်ရွယ်၍ "ဗဟူ ဇနာ"ဟု ဆိုသည်။

မေး။ ဧကေစ္စဉ္စိ ဥပသင်္ကမန္တဿ အပက္ကမနမ္ပိ ဂရု ဟောတိ၊ အနတ္ထောပိ ဥပ္ပဇ္ဇတိ ဝါကျ၌ လာသော (က) ဧကေစ္စ အရ (ခ) ဂရု ဟောတိ ပါဌ်ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် (ဂ) အနတ္ထောပိ ဥပ္ပဇ္ဇတိ ပါဌ်တို့ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို အသီးသီး ဖော်ပြပါ။

ဖြေ။ (က) ဧကေစ္စ အရကား = ခတ္တိယ စသော ဇာတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ် (ဝါ) လူအပေါင်းက သမုတ်အပ်သော ပုဂ္ဂိုလ်ကို ယူပါ။ (ဋီသစ်)

(ခ) ထိုဆည်းကပ်မိရာ ဆရာ့အထံမှ မိမိကို လွှတ်စေ၍ ဖဲခွာသွားဖို့မျှသည်ပင် ခဲယဉ်းလှ၏။ ထို့ထက်အလွန် သူ့ကို တစ်စုံတစ်ခု ပြုနိုင်ဖို့ အရေးမှာ သာ၍ ဝေးတော့၏။ ဤကား ဂရု ဟောတိ ပါဌ်ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ပင် ဖြစ်၏။

(ဂ) ဆည်းကပ်မိရာ ဆရာ့အထံမှ ဖဲခွာဖို့ရန် ခဲယဉ်းရုံသာမက ကဲ့ရဲ့ခံရခြင်း, ချုပ်ချယ်ခံရခြင်း, စော်ကားခံရခြင်း စသော စီးပွားမဲ့များလည်း ဖြစ်တတ်ချေ၏။ ဤကား အနတ္ထောပိ ဥပ္ပဇ္ဇတိ ပါဌ်ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ပင် ဖြစ်၏။

မေး။ အနတ္ထောပိ ဥပ္ပဇ္ဇတိ ပါဌ်၌ "အနတ္ထ"ဟူသည် အဘယ်နည်း။

ဖြေ။ အနတ္ထ ဟူသည် = ဖယ်ခွာခြင်း စသည်တို့ကြောင့် ကဲ့ရဲ့ခံရခြင်း၊ စော်ကားခံရခြင်း၊ ချုပ်ချယ်မှုနှင့်တကွ ဖြစ်ခြင်း စသည်တို့ပင် ဖြစ်၏။ (စာစဉ်)

မေး။ **တံ ဘဝန္တံ** တဿ ဘောတော ဂေါတမဿ။ **တထာ သန္တံယေဝ**ါတိ တထာ သတောယေဝ။ ဣတောပိ ဟိ ဣတ္ထမ္ဘူတာချာနတ္ထဝသေနေဝ ဥပယောဂဝစနံ ဝါကျဝယ် အဘယ်ကြောင့် "ဣတောပိ"၌ ပိ(ဝါ)အပိ သဒ္ဒါကို ထည့်၍ ဆိုသနည်း။

ဖြေ။ တံ ဘဝန္တံ ဂေါတမံကို ပေါင်းလိုသောကြောင့် "ဣတောပိ"၌ ပိ(ဝါ)အပိ သဒ္ဒါကို ထည့်၍ ဆို၏။ (ဘာဋီ)

မေး။ ဇိဝံ ဝုတ္တေ ကိရ နံ ဥပဇ္ဈာယော ဝါကျ၌ အဘယ်ပုဂ္ဂိုလ်ကို ဥပဇ္ဈာယ်ဟု ခေါ်သနည်း။

ဖြေ။ သာသနာပ အခါ၌ ဆရာကို ဥပဇ္ဈာယ်ဟု ခေါ်ဝေါ်သုံးနှုန်းမှု အလေ့အကျင့် ရှိသောကြောင့် ဆရာကို ဥပဇ္ဈာယ်ဟု ခေါ်၏။ (ဋီသစ်)
(တစ်နည်း) ပုဏ္ဏားတို့၌ သိက္ခာတင်ပေးသော ဆရာကို ဥပဇ္ဈာယ်ဟု ခေါ်၏။ (ဘာဋီ)

မေး။ **မန္တေသု** ပုဒ်ကို "တီသု ဝေဒေသု"ဟု အဘယ်ကြောင့် ဖွင့်သနည်း။

ဖြေ။ ဝေဒသည် မန္တဝေဒ, ဗြဟ္မဝေဒ, ကပ္ပဝေဒအားဖြင့် သုံးမျိုးရှိ၏။ ထိုဝေဒသုံးပုံကိုပင် ဤနေရာ၌ "မန္တ"ဟု ဆို၏။ ထို့ကြောင့် မန္တေသု ပုဒ်ကို "တီသု ဝေဒေသု"ဟု ဖွင့်၏။ (ဋီသစ်)
(တစ်နည်း) ဝေဒသည် ဣရုဝေဒ, ယဇုဝေဒ, သာမဝေဒအားဖြင့် သုံးမျိုးရှိ၏။ ထိုဝေဒသုံးပုံကိုပင် ဤနေရာ၌ "မန္တ"ဟု ဆို၏။ ထို့ကြောင့် မန္တေသု ပုဒ်ကို "တီသု ဝေဒေသု"ဟု ဖွင့်၏။ (ဘာဋီ)

မေး။ ဝေဒသည် သုံးပုံရှိ၍ ပါဠိတော်၌ တီသု မန္တေသုဟု ဆိုသင့်လျက် "**မန္တေသု**"ဟုသာ သာမည အဘယ်ကြောင့် ဆိုသနည်း။

ttp://www.dhammadownload.com



ဖြေ။ ဝေဒသည် မန္တဝေဒ, ဗြဟ္မဝေဒ, ကပ္ပဝေဒအားဖြင့် သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် မန္တဝေဒသည်သာ အရင်းမူလ ပဓာန ဖြစ်သောကြောင့်လည်းကောင်း၊ ဗြဟ္မဝေဒ, ကပ္ပဝေဒတို့သည်လည်း ထိုမန္တဝေဒကို မှီ၍သာ ဖြစ်ရကား မန္တဝေဒကို ယူလိုက်လျှင် ဗြဟ္မဝေဒ, ကပ္ပဝေဒတို့ကိုလည်း ယူပြီး ဖြစ်သောကြောင့်လည်းကောင်း "မန္တေသု" ဟုသာ သာမည ဆိုသည်။ (ဋီသစ်)

(တစ်နည်း) ဝေဒသည် ဣရုဝေဒ, ယဇုဝေဒ, သာမဝေဒအားဖြင့် သုံးမျိုးရှိ၏။ ထိုဝေဒသုံးမျိုးကိုပင် ဤနေရာ၌ "မန္တ"ဟု ဆို၏။ ထို့ကြောင့် "မန္တေသု"ဟုသာ သာမည ဆိုသည်။ (ဘာဋီ)

မေး။ မန္တ၊ ဗြဟ္မ၊ ကပ္ပတို့၏ အဓိပ္ပါယ်ကို အသီးသီး ရေးခဲ့ပါ။

ဖြေ။ အာထဗ္ဗဏ စသော ရသေ့တို့ စီရင်အပ်သော မူလဝေဒကျမ်းသည် မန္တ မည်၏။

ထိုမန္တန်၏ အနက်အဖွင့်ကျမ်းသည် ဗြဟ္မ မည်၏။

မန္တ, ဗြဟ္မတို့၌ ဆိုအပ်သည့်အတိုင်း ယဇ်ပူဇော်ပုံ အစီအရင်ကို ပြသော ကျမ်းသည် ကပ္ပ မည်၏။ (စာစဉ်)

## (ဌ၊ နှာ ၂၂၁+၂၂၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ တေန ပုဗ္ဗေ ဝေဒေသု မဟာပုရိသလက္ခဏာနိ အာဂစ္ဆန္တိ ဝါကျ၌ လာသော "ပုဗ္ဗေ"အရ ယူရမည့် အခါကို ဖော်ပြပါ။

ဖြေ။ ပုဗ္ဗေ = မြတ်စွာဘုရား ပွင့်တော်မမူမီ အခါမှ စ၍ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိသည့်တိုင်အောင်သော အခါကို ယူပါ။

## (ဌ၊ နှာ ၂၂၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ပရိနိဗ္ဗုတေ ပန တထာဂတေ အနုက္ကမေန အန္တရဓာယန္တိ ဝါကျ၌ လာသော "အနုက္ကမေန အန္တရဓာယန္တိ" ဟူသည် အဘယ်ကို ဆိုလိုသနည်း။

ဖြေ။ အနုက္ကမေန အန္တရဓာယန္တိ ဟူသည် = မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် မဟာပုရိသ လက္ခဏာ တို့သည် အစဉ်အားဖြင့် (တရွေ့ရွေ့, တစစအားဖြင့်) ကွယ်ပျောက်ကုန်ခြင်းကို ဆိုလို၏။

မေး။ (ပရိနိဗ္ဗုတေ ပန တထာဂတေ အနုက္ကမေန အန္တရဓာယန္တိ) မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် မဟာပုရိသ လက္ခဏာတို့ ကွယ်ပျောက်ခြင်းသည် တန်ခိုးကြောင့် အလိုလို ကွယ်ပျောက်ကုန်ခြင်း ဖြစ်သလော၊ ဝိနိစ္ဆယချခဲ့ပါ။

ဖြေ။ တန်ခိုးကြောင့် အလိုလို ကွယ်ပျောက်ကုန်ခြင်း မဟုတ်၊ ပုဏ္ဏားတို့၌ ဆောင်နိုင်သော ဉာဏ်မရှိသောကြောင့် ကွယ်ပျောက်ကြခြင်း ဖြစ်သည်။

မေး။ မဟာပုရိသပုဂ္ဂလ ဟူသည် အဘယ်ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ် ဖြစ်သနည်း။

ဖြေ။ အလွန်မြင့်မြတ်လှသော ပဏိဓိ,သမာဒါန,ဉာဏ,ကရုဏာ အစရှိသော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံ၍ အလွန် မြင့်မြတ်ကြီးကျယ်သော အာဇာနည် ယောကျ်ားမျိုးသည် "မဟာပုရိသပုဂ္ဂလ" ဖြစ်၏။

ဆောင်။ ပဏိဓိ တစ်ဖြာ၊ သမာဒါန၊ ဉာဏ, ကရုဏာ၊ စဖွာ စုံလတ်၊

ဂုဏ်သကတ်တို့၊ ကြီးမြတ် လှစွာ၊ ပုဂ္ဂလာ၊ မဟာပုရိသ။ (အောင်ပန်း)

ဆောင်။ ပဏိဓိခေါ်၊ ဆုပန်တော်မြင့်၊ ပါရမီကျင့်လည်း၊ အမြင့်ချည်းသာ၊ ဉာဏ်ပညာနှင့်၊

ကရုဏာ စသည်၊ မြင့်မြတ်ပြီမို့၊ ဇာနီမှန်လှ၊ ပုရိသ၊ ဘွဲ့ရ မဟာမည်။ (ဘာဋီ)

ttp://www.dhammadownload.com



မေး။ ပဏိဓိ, သမာဒါန, ဉာဏ, ကရုဏာဒိ ပုဒ်တို့ကို အဋ္ဌကထာဆရာ အလိုကျ အတ္ထဝိနိစ္ဆယ ချခဲ့ပါ။

ဖြေ။ ဘုရားဆုကို ပန်ဆင်ခြင်း, ဘုရားအဖြစ်ကို တောင့်တခြင်းဟူသော သမ္မာဆန္ဒသည် ပဏိဓိ။
ပါရမီတို့ကို ကောင်းစွာ ဆောက်တည်ခြင်းဟု ဆိုအပ်သော ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်ဆည်းပူးခြင်း, ဘုရားဖြစ်ကြောင်း ကောင်းမှုတို့ကို အားထုတ်ခြင်းတို့သည် သမာဒါန။
ကမ္မဿကတာ အစရှိသော ဉာဏ်ပညာများသည် ဉာဏ။
ကရုဏာ သဒ္ဓါ သီလ စသည်သည် ကရုဏာဒိ။ (ဋီသစ်)

မေး။ ကရုဏာဒိ၌ အာဒိ အရကို ဖော်ပြပါ။

ဖြေ။ အာဒိဖြင့် = ခတ္တိယ,ဗြာဟ္မဏ အစရှိသော ဇာတ်၊ ကောဏ္ဍည,ဂေါတမ အစရှိသော မြင့်မြတ်သော အနွယ်၊ သာကိယ,ကောလိယ အစရှိသော အမျိုးကို ညွှန်ကြားမှုအားဖြင့် မြင့်မြတ်သော ကုလ,ပဒေသ စသည်တို့ကို ယူပါ။ (ဋီသစ်)
(တစ်နည်း) အာဒိဖြင့် = သဒ္ဓါ,သီလ,ခန္တီ,မေတ္တာ,သစ္စာ,အဓိဋ္ဌာန ဟူသော ပါရမီဂုဏ်တို့ကို ယူပါ။ (ဘာဋီ)

မေး။ ယေဟိ လက္ခဏေဟိ သမန္နာဂတော ရာဇာ ဝါကျ၌ ပါသည့် လက္ခဏ အရကို ဖော်ပြပါ။

ဖြေ။ နိဂြောဓမိဂ္ဂတို့ကြောင့် ဖြစ်သော လက္ခဏာတို့ကို ရ၏။ (စာစဉ်)

မေး။ ရာဇာ စက္ကဝတ္တိ ဟောတိ ဝါကျ၌ လာသော ရာဇာနှင့် စက္ကဝတ္တိတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ရာဇာဟူသော နာမည်သည် မင်းအားလုံးတို့နှင့် ဆက်ဆံနေခြင်းကြောင့် သာမညနာမည် ဖြစ်၏။
စက္ကဝတ္တိဟူသော နာမည်သည် စကြဝတေးမင်းမှ တစ်ပါးသော ပဒေသရာဇ် စသော မင်းတို့နှင့် မဆက်ဆံသောကြောင့် ဝိသေသနာမည် ဖြစ်၏။ ဤသို့ ထူးသည်။
* "ရာဇာ"တိ သာမည်၊ "စက္ကဝတ္တိ"တိ ဝိသေသံ။ (ဋ)

မေး။ မြတ်စွာဘုရား၏ လက္ခဏာနှင့် စကြာမင်း၏ လက္ခဏာတို့ (က) ထူးပုံ (ခ) တူပုံတို့ကို ထင်ရှားစွာ ဖော်ပြပါ။

ဖြေ။ (က) ဘုရားရှင်၏ လက္ခဏာတို့သည် . . .
၁။ သုဝိသဒ – အလွန်သန့်ရှင်း စင်ကြယ်ကုန်၏။
၂။ သုပရိဗျတ္တ – အလွန်ထင်ရှားကုန်၏။
၃။ ပရိပုဏ္ဏ – ပြည့်ပြည့်စုံစုံလည်း ရှိကုန်၏။
စကြာမင်း၏ လက္ခဏာတို့သည်ကား = ယင်းဂုဏ်သုံးပါးတို့ မရှိကြကုန်။ ဤသို့ ထူးသည်။
(ခ) စကြာမင်း၌လည်းကောင်း၊ ဘုရားဖြစ်မည့် ပုဂ္ဂိုလ်၌လည်းကောင်း "ဇာတိသာမညတော"ဟူသော အဋ္ဌကထာပါဠိကို ထောက်ဆ၍ နိဂြောဓပရိမဏ္ဍလ လက္ခဏာ ပါရှိခြင်းဟူသော အမျိုးဇာတ်အားဖြင့် တူကြသည်။ (ဋီသစ်၊ ဘာဋီ)

မေး။ စတူဟိ အစ္ဆရိယဓမ္မေဟိ, သင်္ဂဟဝတ္ထူဟိ စ လောကံ ရဉ္ဇနတော ရာဇာ ဝါကျ၌ လာသော (က) စတု အစ္ဆရိယဓမ္မ သရုပ် (ခ) စတု သင်္ဂဟဝတ္ထု သရုပ်တို့ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ (က) စတု အစ္ဆရိယဓမ္မ သရုပ်ကား . . .
၁။ အဘိရူပတာ – အလွန် အဆင်းလှပမှုနှင့် ပြည့်စုံခြင်း၊
၂။ ဒီဃာယုကတာ– အသက်ရှည်ခြင်း၊
၃။ အပ္ပါဗာဓတာ – အနာရောဂါ မရှိခြင်း (အနာရောဂါ ကင်းခြင်း)၊

ttp://www.dhammadownload.com



၄။ ဗြဟ္မဏဂဟပတိကာနံ ပိယမနာပတာ – ပုဏ္ဏား, သူကြွယ် အစရှိသော တိုင်းသူပြည်သား လူအများတို့ ချစ်ခင်မြတ်နိုးခြင်းတို့ ဖြစ်ကြသည်။ (ဋီသစ်)

ဆောင်။ လှပသက်ရှည်၊ နာကွင်းကွေလျက်၊ ချစ်ပေလူများ၊ ပေါင်းလေးပါး၊ မှတ်သား အစ္စရိ။

(ခ) စတု သင်္ဂဟဝတ္ထု သရုပ်ကား . . .

၁။ ဒါန – ပေးကမ်းလှူဒါန်းခြင်း၊

၂။ ပေယျဝဇ္ဇ (ဝါ) ပိယဝစန – ချစ်ဘွယ်သော စကားကို ဆိုခြင်း၊

၃။ အတ္ထစရိယ – သူ၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်း၊

၄။ သမာနတ္တတာ – မိမိနှင့် တန်းတူရည်တူ ထားခြင်းတို့ ဖြစ်ကြသည်။ (ဋီသစ်)

ဆောင်။ ပေးကမ်း တစ်သွယ်၊ ချစ်ဘွယ်စကား၊ စီးပွားဆောင်လင့်၊ ကိုယ်တူ ကျင့်၊ လေးဆင့် သင်္ဂဟ။

မေး။ သင်္ဂဟနှင့် သင်္ဂဟဝတ္ထုတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ မိမိဘက်သား ဖြစ်အောင် (မိမိကို ချစ်ခင်အောင်) ချီးမြှောက်ခြင်း, သိမ်းယူခြင်း, သိမ်းသွင်းခြင်းကို "သင်္ဂဟ"ဟု ခေါ်၏။ ထိုသို့ ချီးမြှောက်ခြင်း၏ အကြောင်းဝတ္ထုကို "သင်္ဂဟဝတ္ထု"ဟု ခေါ်၏။ (ဘာဋီ)

မေး။ ရဋ္ဌနတော ရာဇာ၌ "ရာဇာ"မည်ခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ အစ္စရိယဓမ္မ လေးပါးတို့ဖြင့်လည်းကောင်း၊ သင်္ဂဟဝတ္ထု လေးပါးတို့ဖြင့်လည်းကောင်း လူအပေါင်းကို နှစ်သက်ဝမ်းမြောက်စေတတ်သောကြောင့် "ရာဇာ" မည်၏။

အမှာ။ လူအပေါင်းကို နှစ်သက်ဝမ်းမြောက်မှု မဖြစ်စေတတ်သော မင်းတို့ကား ရုဠှီအားဖြင့် "ရာဇာ"မည်၏ဟု မှတ်ပါ။

မေး။ အဘယ်သို့ ဖြစ်စေခြင်းကို "စက္ကရတနံ ဝတ္တေတိ"ဟု ဆိုသနည်း၊ ရှင်းပြ ဖြေဆိုပါ။

ဖြေ။ စကြဝတေးမင်းသည် ကိုယ်ရုံကို တင်၍ လက်ဝဲလက်ဖြင့် ရွှေကရားကို မြှောက်ချီ၍ လက်ယာလက်ဖြင့် စကြာရတနာကို ကိုင်၍ "အရှင်စကြာရတနာ ဖြစ်ပါလော၊ အရှင်စကြာရတနာ အောင်ပါလော"ဟု ရေဖြင့် သွန်းလောင်းလိုက်သော် စကြာရတနာသည် လက်တစ်သစ်, နှစ်သစ်မျှ ကောင်းကင်သို့ တက်သွားခြင်းကို "စက္ကရတနံ ဝတ္တေတိ"ဟု ဆို၏။

မေး။ စတူဟိ သမ္ပတ္တိစက္ကေဟိ ဝတ္တတိ ဝါကျ၌ လာသော စတု သမ္ပတ္တိစက္က သရုပ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ စတု သမ္ပတ္တိစက္က သရုပ်ကား . . .

၁။ ပဋိရူပဒေသဝါသ – သင့်လျော်သော အရပ်၌ နေခြင်း၊

၂။ သပ္ပုရိသူပနိဿယ – သူတော်ကောင်းကို မှီခြင်း၊

၃။ အတ္တသမ္မာပဏိဓိ – စိတ်ကောင်းထားခြင်း၊

၄။ ပုဗ္ဗေ စ ကတပုညတာ – ရှေးကုသိုလ် ရှိခြင်းတို့ ဖြစ်ကြသည်။

ဆောင်။ သင့်ရာမှာနေ၊ မှီလေ သူတော်ကောင်း၊ စိတ်ကောင်းထားဘိ၊
ကုသိုလ် ရှိငြား၊ ဤလေးပါးသည်၊ မှတ်သား သမ္ပတ္တိစက်ပေတည်း။

မေး။ ဓမ္မေန စရတီတိ ဓမ္မိကော ဝါကျ၌ "သဒတ္ထပရတ္ထေ"ဟူသော ပါဌသေသ ကံပုဒ်ကို အဘယ်ကြောင့် ထည့်၍ ဋီသစ်ဆရာ ယောဇနာသနည်း။

ဖြေ။ "ဣဒံ နာမ စရတိ"ဟု မဆိုအပ်သော်လည်း သာမညဇောတနာသည် ဝိသေသ၌ တည်သောကြောင့်လည်းကောင်း၊ ဝိသေသဖြင့် အလိုရှိသော သူသည်လည်း ဝိသေသကို ယှဉ်စပ်အပ်သောကြောင့်လည်းကောင်း "သဒတ္ထပရတ္ထေ"ဟု ကံပုဒ် ထည့်၍ ယောဇနာသည်။

ttp://www.dhammadownload.com



မေး။ ဓမ္မေန ရဇ္ဇံ လဘိတွာ ရာဇာ ဝါကျ၌ လာသော ဓမ္မ အရကို ဖော်ပြပါ။

ဖြေ။ ဓမ္မ အရ = တရားနည်းလမ်း (ဝါ) ကုသလဓမ္မကို ယူပါ။

မေး။ စတုဗ္ဗိဓဒီပဝိဘူသိတာယ စ ပထဝိယာ ဣဿရော ဝါကျ၌ စတုဒီပဝိဘူသိတာယဟု မဆိုဘဲ စတုဗ္ဗိဓဒီပ-ဝိဘူသိတာယဟု ဝိသေဒ္ဒါကို အဘယ်ကြောင့် ထည့်၍ ဆိုသနည်း။

ဖြေ။ သဒ္ဒါ အပိုအလွန်ဖြင့် အနက် အပိုအလွန်ကို သိအပ်, သိနိုင်သောကြောင့်လည်းကောင်း၊ အဖို့အစု-ကောဋ္ဌာသ အနက်ဟော ဝိသေဒ္ဒါဖြင့် တူသော အဖို့ရှိသော ကျွန်းငယ်တို့ကိုလည်း ယူအပ်, ယူနိုင်သောကြောင့်လည်း ကောင်း၊ အသီးသီးသော ကျွန်းငယ် ငါးရာတို့ကိုလည်း ကျွန်းကြီး လေးကျွန်း (စတုဒီပ)၌သာလျှင် သိမ်း ယူခြင်း အကျိုးငှာ ဝိသေဒ္ဒါကို ထည့်၍ ဆိုသည်။ (ဋီသစ်)

မေး။ စတုဒီပ-ကျွန်းကြီးလေးကျွန်းတို့ကို ဖော်ပြပါ။

ဖြေ။ ၁။ ပုဗ္ဗဝိဒေဟ-အရှေ့ကျွန်း ၂။ ဇမ္ဗုဒီပ-တောင်ကျွန်း ၃။ အပရဂေါယာန-အနောက်ကျွန်း ၄။ ဥတ္တရကုရု-မြောက်ကျွန်းတို့ ဖြစ်၏။

မေး။ အဇ္ဈတ္တံ ကောပါဒိပစ္စတ္ထိကေ, ဗဟိဒ္ဓါ စ သဗ္ဗရာဇာနော ဝိဇေတိတိ **ဝိဇိတာဝီ** ဝါကျ၌ အာဒိသဒ္ဒါဖြင့် ယူရမည့် အရာတို့ကို ဖော်ပြ၍၊ စကြာမင်းကို ဘက်ပြိုင် တိုက်ခိုက်မည့် တစ်စုံတစ်ယောက်သော ရန်သူ မရှိပါဘဲလျက် အဘယ်ကြောင့် သဗ္ဗရာဇာနော ဝိဇေတိဟု ဆိုရသနည်း၊ ရှင်းပြပါ။

ဖြေ။ ကောပါဒိ၌ အာဒိသဒ္ဒါဖြင့် = ကာမ,မောဟ,မာန,မဒ စသည်တို့ကို သိမ်းယူပါ။ (ဋီသစ်) စကြာမင်းကို ဘက်ပြိုင် တိုက်ခိုက်မည့် တစ်စုံတစ်ယောက်သော ရန်သူ မရှိသော်လည်း = အကယ်၍ စစ်ထိုးမှုဖြင့် ဘက်ပြိုင် တိုက်ခိုက်ရမည့် ရန်သူ ပေါ်ပေါက်ခဲ့မူ ဧကန်မုချ အောင်နိုင်စွမ်း သတ္တိရှိသည့် မင်းဖြစ်သောကြောင့် (ဝါ) စစ်တိုက်၍ အောင်ရမည့် ကိစ္စအားလုံး ပြီးပြီးသည်၏ အဖြစ်ကို ပြလိုသောကြောင့် "သဗ္ဗရာဇာနော ဝိဇေတိ"ဟု ဖွင့်ဆိုသည်။ (ဋီသစ်၊ ဘာဋီ)

မေး။ အစလနှင့် အသမ္ပဝေဓိ နှစ်ပုဒ်တို့၏ တူပုံ, ထူးပုံတို့ကို ဋီကာသစ် လာသည့်အတိုင်း ရေးခဲ့ပါ။

ဖြေ။ အစလနှင့် အသမ္ပဝေဓိ နှစ်ပုဒ်သည် = အနက်တူ ပရိယာယ်ပုဒ်များဖြစ်၍ အဓိပ္ပါယ် တူသည်။
ထူးပုံကား = ခိုးသူတို့၏ လုယက် တိုက်ခိုက်မှုဖြင့် မတုန်လှုပ်ခြင်းသည် အစလ မည်၏။
တော်လှန်ပုန်ကန်သူ သူပုန်တို့၏ လုယက် တိုက်ခိုက်မှုမှ မထိတ်လန့်ခြင်းသည် အသမ္ပဝေဓိ မည်၏။
(တစ်နည်း) ခိုးသူတို့၏ လုယက်မှုကြောင့် မတုန်လှုပ်ခြင်းသည် အစလ မည်၏။
ရန်သူမင်းတို့ကြောင့် မထိတ်လန့်ခြင်းသည် အသမ္ပဝေဓိ မည်၏။
(တစ်နည်း) အလွန် မနူးညံ့လွန်းသည်၏ အဖြစ်ဖြင့် တုန်လှုပ်မှု မရှိခြင်းသည် အစလ မည်၏။
အလွန် မကြမ်းတမ်းလွန်းသည်၏ အဖြစ်ဖြင့် မထိတ်လန့်ခြင်းသည် အသမ္ပဝေဓိ မည်၏။ ဤသို့ ထူးသည်။

**(ဌ၊ နှာ ၂၂၂+၂၂၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ စကြာဝတေးမင်း၏ ရတနာ ၇-ပါးတို့ကို ဖော်ပြ၍၊ ယင်းရတနာတို့ကြောင့် စကြာဝတေးမင်း ရရှိသော အကျိုးတို့ကိုလည်း အသီးသီးဖော်ပြပါ။

ဖြေ။ ၁။ စက္ကရတနာ ၂။ ဟတ္ထိရတနာ ၃။ အဿရတနာ ၄။ မဏိရတနာ ၅။ ဣတ္ထိရတနာ ၆။ ဂဟပတိရတနာ ၇။ ပရိဏာယက (သားကြီး)ရတနာတို့ ဖြစ်၏။
စက္ကရတနာဖြင့် = မအောင်အပ်သေးသော ရန်သူကို အောင်နိုင်၏။
ဆင်,မြင်းရတနာတို့ဖြင့် = အောင်ပြီးသော တိုင်းနိုင်ငံတို့၌ အလိုရှိတိုင်း လှည့်လည်နိုင်၏။

ttp://www.dhammadownload.com



(ဝါ) နံနက်ပိုင်း၌ပင် ပုဗ္ဗဝိဒေဟ စသော ကျွန်းကြီးလေးကျွန်းကို လှည့်လည်၍ ပြန်လာနိုင်၏။
ပတ္တမြားရတနာဖြင့် = တစ်ယူဇနာအတွင်း အရောင်အလင်းကို ရ၏။
မိဖုရားရတနာဖြင့် = စိတ်ကြည်နူးခြင်းကို ရ၏။
သူကြွယ်ရတနာဖြင့် = ပစ္စည်းများကို အလိုရှိတိုင်း ရ၏။
သားကြီးရတနာဖြင့် = တိုင်းပြည်နိုင်ငံကို စောင့်ရှောက်နိုင်၏။
ရတနာ ၇-ပါးတို့ကြောင့် ဤသို့သော အကျိုးတို့ကို စကြာဝတေးမင်း ရရှိ၏။

**(ဋ္ဌ၊ နှာ ၂၂၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဝီရင်္ဂရူပါ ပုဒ်၌ ကေစိဝါဒနှင့် သမာနဝါဒတို့၏ အရကောက် ထူးခြားပုံကို ဖော်ပြပါ။

ဖြေ။ ဝီရင်္ဂရူပါ ပုဒ်၌ သာရသမာသကျမ်းပြု ကေစိဆရာတို့ အလို = သိကြားမင်း၏ စစ်သည်နတ်သားတို့၏ ကိုယ်နှင့် တူသောကိုယ် ရှိကြကုန်သော စကြာဝတေးမင်း၏ သားတော်များကို "ဝီရင်္ဂရူပါ"ဟု ဆိုသည်။ သမာနဝါဒ အလို = ရဲရင့်သူတို့၏ အကြောင်းဖြစ်သော ဝီရိယသည် ဖြစ်စေအပ်သော (ဝီရိယကြောင့် ဖြစ်သော)ကိုယ် ရှိကုန်သကဲ့သို့ ဖြစ်ကုန်သော စကြာဝတေးမင်း၏ သားတော်များကို (ဝါ) ဝီရိယသာလျှင် ဖြစ်သော (ဝီရိယအတိ ပြီးသော)ကိုယ် ရှိကုန်သကဲ့သို့ ဖြစ်ကုန်သော စကြာဝတေးမင်း၏ သားတော်များကို "ဝီရင်္ဂရူပါ"ဟု ဆိုသည်။ ဤသို့ ထူးသည်။

မေး။ ဝီရင်္ဂရူပါ၌ ရူပ ပုဒ်ကို သဘာဝတ္တဟောဟု ကြံဆလျှင် ဝီရင်္ဂရူပါ ပုဒ်ကို မည်ကဲ့သို့သော အဓိပ္ပါယ် ယူရမည်နည်း။

ဖြေ။ ဝီရင်္ဂရူပါ၌ ရူပ ပုဒ်ကို သဘာဝတ္တဟောဟု ကြံဆလျှင် ဝီရင်္ဂရူပါ ပုဒ်ကို "ကြိုးစားအားထုတ်မှု ဝီရိယရှိသည့် သဘောရှိကုန်သော စကြာမင်း၏ သားတို့တည်း"ဟူသော အဓိပ္ပါယ်ကို ယူရမည်။

မေး။ ဝီရင်္ဂရူပါ၊ ဝီရိယမယသရီရာ ဝိယာတိ ဝုတ္တံ ဟောတိ ဝါကျ၌ အဘယ်ကို သိစေလို၍ "ဝိယ"သဒ္ဒါကို ဆိုသနည်း။

ဖြေ။ ဝီရိယသည် စင်စစ် ကိုယ်ရှိသည် မဟုတ်ဟု သိစေလို၍ "ဝိယ"သဒ္ဒါကို ဆိုသည်။ (ဂဏ္ဌိ)

မေး။ ပါဠိတော်လာ **အဒဏ္ဍေန အသတ္ထေန ဓမ္မေန** ပါဌ်၌ (က) ဒဏ္ဍသရုပ် (ခ) ဓမ္မ အရတို့ကို ဖော်ပြပါ။

ဖြေ။ (က) ဒဏ္ဍသရုပ်ကား ၁။ ဓနဒဏ္ဍ ၂။ သတ္တဒဏ္ဍ တို့ဖြစ်၏။ (ဋီသစ်)
(ခ) ဓမ္မ အရကား ပါဏော န ဟန္တဗ္ဗော စသော ငါးပါးသီလ တရားကို ရ၏။ (ဋ္ဌ)
(ဝါ) ပြုအပ်, ဆည်းပူးအပ်ပြီးသော မိမိ၏ ကုသိုလ်ဓမ္မကို ရ၏။ (ဋီသစ်)

မေး။ ဆဒန ၇-ပါးတို့တွင် မောဟနှင့် အဝိဇ္ဇာတို့သည် တရားကိုယ် အတူတူ ဖြစ်ကြပါလျက် အဘယ်ကြောင့် နှစ်မျိုး ခွဲခြား၍ ပြသနည်း။

ဖြေ။ မောဟနှင့် အဝိဇ္ဇာတို့သည် တရားကိုယ် တူသော်လည်း = မိန်းမောတွေဝေတတ်သော အနက်သဘောကြောင့် မောဟမည်၏။ မသိမှုကို ပြုတတ်သော အနက်သဘောကြောင့် အဝိဇ္ဇာမည်၏။ ဤသို့လျှင် ဖြစ်ပုံ အခြင်းအရာ ကွဲပြားသောကြောင့် နှစ်မျိုးခွဲခြား၍ ပြသည်။ (ဋီသစ်)

မေး။ ဆဒန ၇-ပါးတို့တွင် ဒုစ္စရိတ (ဒုစရိုက်တရား) အရ၌ မိစ္ဆာဒိဋ္ဌိ ပါဝင်ပြီး ဖြစ်ပါလျက် အဘယ်ကြောင့် မိစ္ဆာဒိဋ္ဌိကို ဒုစ္စရိတမှ ခွဲထုတ်၍ သီးခြား ဆိုသနည်း။

ဖြေ။ မိစ္ဆာဒိဋ္ဌိသည် အထူးသဖြင့် သတ္တဝါတို့၏ အသိဉာဏ်ကို ဖုံးလွှမ်းတတ်သောကြောင့်လည်းကောင်း၊ ရာဂ စသော ကျန်သော တရားများထက် ပိုမိုလွန်ကဲစွာ အပြစ် ကြီးသောကြောင့်လည်းကောင်း မိစ္ဆာဒိဋ္ဌိကို ဒုစ္စရိတမှ ခွဲထုတ်၍ သီးခြား ဆိုရသည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ပူဇော်ခံထိုက်သောကြောင့် ဘုရားဖြစ်သလော? ဘုရားဖြစ်သောကြောင့် ပူဇော်ခံထိုက်သလော? ဟူသော ပြဿနာကို အဋ္ဌကထာ သာဓကပြ၍ ဖြေရှင်းခဲ့ပါ။

ဖြေ။ ပူဇော်ခံထိုက်သောကြောင့် ဘုရားဖြစ်သည် မဟုတ်၊ ဘုရားဖြစ်သောကြောင့်သာ ပူဇော်ခံထိုက်သည်။ အဋ္ဌကထာ သာဓကကား = ဒုတိယေန တသ္မာ ဟောတု၊ ယသ္မာ သမ္မာသမ္ဗုဒ္ဓေါတိ။

မေး။ ဘုရားဖြစ်သောကြောင့် ကိလေသာ ကင်းသလော? ကိလေသာ ကင်းသောကြောင့် ဘုရားဖြစ်သလော? ဟူသော ပြဿနာကို အဋ္ဌကထာ သာဓကပြ၍ ဖြေရှင်းခဲ့ပါ။

ဖြေ။ ဘုရားဖြစ်သောကြောင့် ကိလေသာကင်းသည် မဟုတ်၊ ကိလေသာ ကင်းသောကြောင့် ဘုရားဖြစ်သည်။ အဋ္ဌကထာသာဓကကား = တတိယေန ဗုဒ္ဓတ္တဟေတုဘူတာ ဝိဝဋ္ဋစ္ဆဒတာ ဝုတ္တာ။

မေး။ ဗုဒ္ဓတ္တဟေတုဘူတာ ဝိဝဋ္ဋစ္ဆဒတာ ဝုတ္တာ ဝါကျ၌ ဗုဒ္ဓတ္တဟေတုဘူတာပုဒ် ထည့်ဖွင့်ရခြင်း အကြောင်းကို ဖြေဆိုပါ။

ဖြေ။ ဝါသနာနှင့်တကွ အလုံးစုံသော ကိလေသာတို့ကို ပယ်ခြင်း၏ ရှေ့သွားဖြစ်သောကြောင့် (ဝါ) ပယ်ခြင်းလျှင် ပြဓာန်းခြင်း ရှိသည်၏အဖြစ်ကြောင့် ဗုဒ္ဓတ္တဟေတုဘူတာပုဒ် ထည့်၍ ဖွင့်သည်။ (ဋီသစ်)

မေး။ ဝဋ်ကင်းခြင်း၊ ကိလေသာအမိုး ကင်းခြင်းကြောင့် ဘုရားရှင် ရရှိသော အကျိုးတို့ကို အဋ္ဌကထာ လာသည့် အတိုင်း ဖြေဆိုပါ။

ဖြေ။ ဝဋ်ကင်းခြင်းကြောင့် အရဟံ–ပူဇော်အထူးကို ခံတော်မူထိုက်ခြင်း အကျိုးကို ရသည်။ ကိလေသာအမိုး ကင်းခြင်းကြောင့် သမ္မာသမ္ဗုဒ္ဓေါ–မဖောက်မပြန် ကိုယ်တော်တိုင် အလုံးစုံသော တရားတို့ကို သိတော်မူခြင်း အကျိုးကို ရသည်။ (ဌ)

**(ဌ၊ နှာ ၂၂၄–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အယာနဘူမိံ ဒွါရကောဋ္ဌကသမီပံ ဂန္တွာ ဝါကျ၌ အယာနဘူမိ အရကို ဖော်ပြပါ။

ဖြေ။ အယာနဘူမိ အရ = ယာဉ်ဖြင့် သွားခြင်းငှာ မစွမ်းနိုင်လောက်သည့် ဌာနဖြစ်သော တံခါးမုခ်၏ အနီးအရပ်ကို ယူရမည်။ (စာစဉ်)

မေး။ ပါဠိတော်၌ **တေန ခေါ ပန သမယေန**ဟု သာမန်ဆိုခဲ့လျက် မည်သို့သော အကြောင်းကြောင့် “ဠိတမဇ္ဈန္ဟိက သမယေ–နေမွန်းတည့်ချိန်”ဟူ၍ အချိန်ကို တိကျစွာ အဋ္ဌကထာဆရာ ဖွင့်ဆိုရသနည်း။

ဖြေ။ တေန ခေါ ပန သမယေန ဟူ၍ သာမန်ဆိုခဲ့ပြီးသော်လည်း အနက်ပြန်ဆိုသည့်အခါ အဋ္ဌကထာ ပမာဏ အားဖြင့် ဝိသေသ ယူသင့်၊ ယူထိုက်သောကြောင့် “ဠိတမဇ္ဈန္ဟိကသမယေ–နေမွန်းတည့်ချိန်”ဟူ၍ အချိန်အခါကို တိကျစွာ ဖွင့်ဆိုသည်။ (ဋီသစ်)

မေး။ ကသ္မာ ပန တသ္မိံ သမယေ စင်္ကမန္တီတိ? ပဏီတဘောဇနပစ္စယဿ ထိနမိဒ္ဓဿ ဝိနောဒနတ္ထံ၊ ဒိဝါပဓာနိကာ ဝါ တေ ဟူသော ဝါကျတို့၌ လာသော ဝိဿဇ္ဇနာ စကားနှစ်ရပ်တို့၏ ထူးခြားပုံကိုလည်း ပုဂ္ဂလပရာမသနဖြင့် ကွဲပြားအောင် ဖေါ်ထုတ်ခဲ့ပါ။

ဖြေ။ ပဏီတဘောဇနပစ္စယဿ ထိနမိဒ္ဓဿ ဝိနောဒနတ္ထံ ဟူသော အဖြေစကားဖြင့် ရဟန်းအားလုံးတို့နှင့် သက်ဆိုင်သော စင်္ကြံလျှောက်ခြင်း၏ အကြောင်းကို ပြသည်။

ဒိဝါပဓာနိကာ ဝါ တေ ဟူသော အဖြေစကားဖြင့် ရဟန်းအားလုံးနှင့် မသက်ဆိုင်၊ ကမ္မဋ္ဌာန်း စီးဖြန်း ပွားများမည့် ရဟန်းတော်တို့နှင့်သာ သက်ဆိုင်သော စင်္ကြံလျှောက်ခြင်း၏ အကြောင်းကို ပြသည်။ ဤကား အထူးတည်း။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ထင်ရှားပြကြောင်း "အပဒေသ" လေးမျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ ရူပအပဒေသ ၂။ ဇာတိအပဒေသ ၃။ မန္တအပဒေသ ၄။ ကုလအပဒေသတို့တည်း။ (၄)

ဆောင်။ ရုပ်, ဇာတ်, မန္တန်၊ အမျိုးမှန်၊ လေးတန် ညွှန်ပြကြောင်း။ (အောင်ပန်း)

**(၅၊ နှာ ၂၂၄+၂၂၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ မာဏဝါန် သတေနာပိ သဟဿေနာပိ ပဥ္စ ပုဌ္ဌဿ ဝါကျ၌ ပါသည့် "သတေနာပိ သဟဿေနာပိ"ဟူသော ပုဒ်တို့သည် မည်သည့် သင်္ချာတဒ္ဓိတ်ပုဒ်မျိုး ဖြစ်ကြသည်ကိုလည်း အကြောင်းပြ၍ ဖြေပြပါ။

ဖြေ။ သတေနာပိ သဟဿေနာပိဟု ပြောဆိုသော စကားသည် သာမညအားဖြင့် ဆိုသောစကား ဖြစ်၏။ သာမညအားဖြင့် ပြောဆိုသောစကား ဖြစ်သော်လည်း ဝိသေသကို သိစေခြင်းငှာ ရည်ရွယ်၍ ပြောဆိုသော စကား ဖြစ်သဖြင့် "သတေနာပိ-ရာပေါင်းများစွာဖြင့်လည်း၊ သဟဿေနာပိ-ထောင်ပေါင်းများစွာဖြင့်လည်း" ဟူ၍ ဝိသေသဖြစ်သည့် အနေကအနက်ကို ယူနိုင်သောကြောင့် သတေနာပိ သဟဿေနာပိ ပုဒ်တို့သည် အနေက သင်္ချာတဒ္ဓိတ်ပုဒ်များ ဖြစ်ကုန်၏။ (စာစဉ်)

**(၅၊ နှာ ၂၂၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ပါဠိတော်၌ **ဝိဟာရေ** (ကျောင်း)ဟုသာ သာမည ဆိုထားပါလျက် အဘယ်ကြောင့် ဂန္ဓကုဋိ (နံ့သာ ကျောင်းတော်)ဟု ဖွင့်ဆိုရသနည်း။

ဖြေ။ ဝိဟာရေဟု သာမညဆိုသော်လည်း "သာမညဝစနီယဿ ဝိသေသေ အဝဋ္ဌာနတော ဝိသေသတ္ထိနာ စ ဝိသေသော ပယောဇိယတေ"ဟူသော ပရိဘာသာနှင့်အညီ ပကရဏ (အရာ)အားလျော်စွာ "ဂန္ဓကုဋိ"ဟူသော ဝိသေသ အနက်ကို ယူနိုင်သောကြောင့်လည်းကောင်း၊ ဤစကားမျိုးသည် "ပစ္စက္ခဘာသိတ-တိုက်ရိုက် ဆိုအပ်သော စကား မဟုတ်၊ သန္ဓာယဘာသိတ စကား, နေယျတ္ထ နည်းအားဖြင့် ဆိုအပ်သော စကားသာ ဖြစ်သောကြောင့်လည်းကောင်း ဝိဟာရေကို ဂန္ဓကုဋိဟု ဖွင့်ဆိုနိုင်သည်။ (ဘာဋီ)

မေး။ သဏိကံ ပဒပ္ပမာဏဋ္ဌာနေ ပဒံ နိက္ခိပန္တော ဝါကျ၌ ပဒပ္ပမာဏဋ္ဌာန အရကို တိကျစွာ ဖော်ပြပါ။

ဖြေ။ ပဒပ္ပမာဏဋ္ဌာန အရ = ရှေ့ခြေ, နောက်ခြေတို့၏ အတွင်း တောင်ဆုပ် ပမာဏရှိသော အရပ်ကို ရ၏။

မေး။ သိန္ဒုဝါရ ဟူသော အပင်သည် မည်သည့် အပင်မျိုး ဖြစ်သည်ကို ဖော်ပြ၍ သိန္ဒုဝါရ အပင်၏ ပါဠိဘာသာဖြင့် ရနိုင်သေးသော အမည် တစ်မျိုးကိုလည်း ဖြေဆိုပါ။

ဖြေ။ သိန္ဒုဝါရ အပင်ဟူသည် = အပွင့်ဖြူ ပွင့်သော သစ်ပင်တစ်မျိုးတည်း။ အဘိဓာန်၌ ယင်းအပင်ကို ကြောင်ပန်း ပင်ဟု ဆို၏။ ဆရာတို့က "ရေအုန္တပင်"ဟုလည်း ဆိုကြသေး၏။
ယင်းအပင်ကို ပါဠိဘာသာ၌ "နိဂုဏ္ဍိ" ဟူ၍လည်း ဆိုကြသည်။ (အဘိဓာန်)

မေး။ တံခါးခေါက်သူတို့ လိုက်နာရမည့် ဒွါရာကောဋ္ဌနဝတ်ကို ဖော်ပြပါ။

ဖြေ။ တံခါးကို အလွန်မြင့်သော အရပ်၌ လူမဟုတ်ကုန်သော နတ်,ဘီလူးတို့ ခေါက်ကုန်၏။ အလွန် နိမ့်ကျသော အရပ်၌ ကျောက်ကုန်းရှည်သော ဇာတ်ရှိကုန်သော မြွေနဂါးတို့ ခေါက်ကုန်၏။ လူတို့သည်ကား = အလွန်မြင့်လွန်း, အလွန်နိမ့်လွန်းသော အရပ်၌ တံခါးကို မခေါက်ကုန်မူ၍ တံခါး၏ အလယ်, သံကောက် ပေါက် (ဝါ) သော့ပေါက်၏ အနီး၌ လက်သည်းခွံတို့ဖြင့် ဖြည်းဖြည်း ခေါက်ရမည်။ ဤဆိုအပ်ပြီးသည်ကား တံခါးခေါက်သူတို့ လိုက်နာ ပြုကျင့်ရမည့် ဒွါရာကောဋ္ဌနဝတ် ဖြစ်ပေသတည်း။ (၄)

ttp://www.dhammadownload.com



မေး။ အလိုလို တံခါး ပွင့်ရခြင်း အကြောင်းကို ဝါဒစုံစွာ ဖော်ပြပါ။

ဖြေ။ လက်ကို ဆန့်တန်းတော်မူခြင်းကြောင့် (ဌ)
ပါရမီ၏ အစွမ်းအာနုဘော်ကြောင့် (ဋီသစ်) အလိုလို တံခါးပွင့်သည်။

မေး။ ဒါနံ ဒဒမာနေဟိ ပါဌ်ဖြင့် မည်သည့်အဓိပ္ပါယ်ကို အဋ္ဌကထာဆရာ ပြသနည်း။

ဖြေ။ ဒါနံ ဒဒမာနေဟိ ပါဌ်ဖြင့် = ဖြည့်ကျင့် ဆည်းပူးခဲ့သော ပါရမီတော်၏ အစွမ်းသတ္တိ အာနုဘော်ကြောင့် အလိုအလျောက်သာလျှင် တံခါးပွင့်သွား၏ဟူသော အဓိပ္ပါယ်ကို ပြသည်။ (ဋီသစ်)

မေး။ သီတောဒကံ ဝိယ ဥဏှောဒကေန သမ္မောဒိတံ ဇကီဘာဝံ အဂမံသု ဝါကျ၌ အဘယ်ပုဂ္ဂိုလ်သည် သီတောဒကနှင့် တူ၍ အဘယ်ပုဂ္ဂိုလ်သည် ဥဏှောဒကနှင့် တူသနည်း၊ အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ကိလေသာအပူ ငြိမ်းအေးပြီးသည်၏ အဖြစ်ကြောင့် မြတ်စွာဘုရားသည် သီတောဒကနှင့် တူသည်။ ကိလေသာအပူ မငြိမ်းအေးကုန်သေးသည်၏အဖြစ်ကြောင့် လုလင်တို့သည် ဥဏှောဒကနှင့် တူသည်။ (ဋီသစ်)

မေး။ ယာဟ စ "ကစ္စိ ဘော ဂေါတမ ခမနီယံ၊ ကစ္စိ ယာပနီယံ၊ ကစ္စိ ဘောတော စ ဂေါတမဿ, သာဝကာနဉ္စ အပ္ပါဗာဓံ အပ္ပါတင်္ကံ လဟုဋ္ဌာနံ ဗလံ ဖာသုဝိဟာရော"တိ အာဒိကာယ ကထာယ သမ္မောဒိံသု၊ တံ ပီတိ ပါမောဇ္ဇသင်္ခါတသမ္မောဒဇနနတော, သမ္မောဒိတုံ ယုတ္တဘာဝတော စ **သမ္မောဒနီယံ** ဝါကျ၌ ပါရှိသော စ– သဒ္ဒါတို့၏ ဇောတကတ္ထများကို တိကျစွာ အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ ယာဟ စ–၌ စသဒ္ဒါကား = ဘဂဝတာ သဒ္ဓိံ သမ္မောဒိံသု ပုဒ်၏ အဖွင့်မှတစ်ပါး သမ္မောဒနီယံ ဟူသော ပုဒ်တစ်ပါး၏ အဖွင့်သံဝဏ္ဏနာ ဟူသော အဖို့တစ်ပါးကို ထွန်းပြသောကြောင့် ပက္ခန္တရ ဇောတက ဖြစ်၏။ ဘောတော စ ဂေါတမဿ, သာဝကာနဉ္စ၌ စသဒ္ဒါ နှစ်လုံးကား = အပြန်အလှန် အချင်းချင်း ဆည်းသော ကြောင့် အညမညသမုစ္စယ ဇောတက ဖြစ်သည်။
သမ္မောဒိတုံ ယုတ္တဘာဝတော စ–၌ စသဒ္ဒါကား = ပီတိပါမောဇ္ဇသင်္ခါတသမ္မောဒဇနနတော ဟူသော ဆိုခဲ့ပြီးသည့် ဟိတ်ကိုပင် ဆည်းသောကြောင့် ဝုတ္တသမုစ္စယ ဇောတက ဖြစ်သည်။

မေး။ အပ္ပါဗာဓနှင့် အပ္ပါတင်္ကတို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ နှိပ်စက်ပြင်းစွာ မခံသာသော ဦးခေါင်းခဲနာ စသော ရောဂါကြီး၏ မရှိခြင်းသည် အပ္ပါဗာဓ။
ဆင်းရဲငြိုငြင်စွာ အသက်မွေးရခြင်း မရှိသည်၏ အဖြစ်သည် အပ္ပါတင်္က။
(ဝါ) ဆင်းရဲငြိုငြင် အသက်ရှင်ဘွယ် ရောဂါငယ်၏ မရှိခြင်းသည် အပ္ပါတင်္က။ ဤသို့ထူး။ (ဋီသစ်၊ သူစိ)

မေး။ အာဗာဓနှင့် အာတင်္ကတို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ နှိပ်စက်ပြင်းစွာ မခံသာသော ဦးခေါင်းခဲနာ စသော ရောဂါကြီးသည် အာဗာဓ။
ဆင်းရဲငြိုငြင်စွာ အသက်မွေးရခြင်းသည် အာတင်္က။
(ဝါ) ဆင်းရဲငြိုငြင် အသက်ရှင်ဘွယ် ရောဂါငယ်သည် အာတင်္က။ ဤသို့ ထူးသည်။ (ဋီသစ်၊ သူစိ)

မေး။ ပီတိနှင့် ပါမောဇ္ဇတို့၏ အထူးကို ရေးပါ။

ဖြေ။ အားကြီးသော ပီတိသည် ပီတိ မည်၏။
အားသေးသော ပီတိသည် ပါမောဇ္ဇ မည်၏။ ဤသို့ ထူးသည်။ (ဋီသစ်)

**(ဌ၊ နှာ ၂၂၆–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **အာစရိယနှင့် ပါစရိယတို့၏** အထူးကို ရေးခဲ့ပါ။

ဖြေ။ အာစာရ, သမာစာရ နှစ်မျိုးကို သင်ကြားပေးသော ဆရာသည် "အာစရိယ" မည်၏။
ထိုအာစရိယတို့၏ ဆရာသည် "ပါစရိယ" မည်၏။ ဤသို့ ထူး၏။

ttp://www.dhammadownload.com



မေး။ တီသု ဣရိယာပထေသု ဗြာဟ္မဏော အာစရိယဗြာဟ္မဏေန သဒ္ဓိံ သလ္လပိတုမရဟတိ ဝါကျဝယ် တီသု ဣရိယာပထေသု၌ ယူရမည့် ဣရိယာပုထ်၊ မယူရမည့် ဣရိယာပုထ်တို့ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ တီသု ဣရိယာပထေသု အရ = ရပ်ခြင်း၊ သွားခြင်း၊ ထိုင်ခြင်း ဣရိယာပုထ် သုံးပါးကိုသာ ယူပါ။

ယူရခြင်း အကြောင်းကား = ယင်းဣရိယာပုထ် သုံးပါးတို့၌သာ ဆရာနှင့်တပည့် အတူတကွ စကားပြောသင့်၊ ပြောထိုက်သည်၏ အဖြစ်ကြောင့်တည်း။

တီသု ဣရိယာပထေသု အရ = လျောင်းခြင်း ဣရိယာပုထ်ကို မယူရပါ။

မယူရခြင်း အကြောင်းကား = ဆရာသမားတို့ အိပ်နေစေကာမူ အလေးအမြတ် ပြုအပ်ကုန်သော ထိုဆရာသမားတို့၏ မျက်မှောက်၌ အလေးအမြတ် ပြုတတ်ကုန်သော တပည့်တို့သည် စကားပြောဖို့ကို မဆိုထားဘိ၊ အိပ်နေသော ဆရာသမား၏ အနီး၌ တပည့်က အိပ်မှုကိုပင် မပြုအပ်၊ မပြုထိုက်သည်၏ အဖြစ်ကြောင့်တည်း။ (ဋီသစ်၊ ဘာဋီ)

## (၅၊ နှာ ၂၂၇-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **ယေ စ ခေါ တေ ဘောဝ ဂေါတမ မုဏ္ဍကာ** စသော အဖွင့်ခံပါဠိတော်၏ ရှေးနား၌ သာဝသေသ အနေဖြင့် ချန်ထားခဲ့သော ပါဠိတော်များကို ဖော်ထုတ်ပြခဲ့ပါ။

ဖြေ။ သာဝသေသ ပါဠိတော်ကား = ဧဝံ ဝုတ္တေ အမ္ဗဋ္ဌံ မာဏဝံ ဘဂဝါ ဧတဒဝေါစ "အမ္ဗဋ္ဌ ဂစ္ဆန္တေသု ဝါ ဂစ္ဆန္တေန ဋ္ဌိတေသု ဝါ ဋ္ဌိတေန ။ပ။ ကိံ တေ အာစရိယော ဂေါရူပံ၊ ဥဒါဟု တွ"န္တိ။ (၅-၂၂၇)

(တစ်နည်း) ဧဝံ ဝုတ္တေ အမ္ဗဋ္ဌံ မာဏဝံ ဘဂဝါ ဧတဒဝေါစ "ကိံ တေ အာစရိယော ဂေါရူပံ၊ ဥဒါဟု တွ"န္တိ ဟူသော ပါဠိစုကိုသာ သာဝသေသဟု ယူသည်။ (ပါဠိတော်နိသျ ဆရာတော်)

မေး။ သမဏတို့ကို ဣဗ္ဘာဟု ပြောဆိုရာ၌ အမ္ဗဋ္ဌ၏ အယူဝါဒကို ဖော်ပြပါ။

ဖြေ။ တင့်တယ်စွာ သွားတတ်သော ဣဘဟု ဆိုအပ်သော ဆင်သည် မိမိအလို မဖြစ်ရဘဲ သူတစ်ပါး အလိုအားဖြင့် ဖြစ်ရသကဲ့သို့ ဤသမဏတို့သည်လည်း ပုဏ္ဏားတို့၏ စကားကို နားထောင်ရသော သုဒ္ဒမျိုးများ ဖြစ်၍ မိမိအလို မဖြစ်ရဘဲ ပုဏ္ဏားတို့ အလိုအားဖြင့်သာ ဖြစ်ကြရ၏။ ဤသို့လျှင် ဣဘဆင်၏ ပယောဂနှင့် တူစွာ ပင်ပင်ပန်းပန်း လုပ်ရခြင်းဟူသော ပယောဂ ရှိသောကြောင့် သမဏတို့ကို "ဣဗ္ဘာ"ဟု ဆိုသည်။ ဤကား သမဏတို့ကို ဣဗ္ဘာဟု ပြောဆိုရာ၌ အမ္ဗဋ္ဌ၏ အယူဝါဒတည်း။ (ဋီသစ်+ဘာဋီ)

အမှာ။ ဂဟပတိတို့ကို ဣဗ္ဘာဟု ပြောဆိုရာ၌ အမ္ဗဋ္ဌ၏ အယူဝါဒကို ဖော်ပြပါဟု မေးလျှင်လည်း ဖော်ပြခဲ့သော အဖြေ၏ သမဏ နေရာများ၌ ဂဟပတိဟု လှယ်၍ ဖြေရုံသာတည်း။

မေး။ ရဟန်းဟူက ကုန်သည်သူကြွယ်မျိုးသာ ဖြစ်၏ဟူသော အနေဖြင့် ဣဗ္ဘာ၊ ကဏှာပုဒ်တို့ကို အမ္ဗဋ္ဌ ဆိုခြင်းသည် ဆင်ခြင် စဉ်းစားဉာဏ် ကြီးမားစွာဖြင့် ပြောဆိုခြင်း ဖြစ်သလော? ရှင်းလင်းစွာ ဖြေဆိုခဲ့ပါ။

ဖြေ။ ရဟန်းဟူက ကုန်သည်သူကြွယ်မျိုးသာ ဖြစ်၏ဟူသော အနေဖြင့် ဣဗ္ဘာ၊ ကဏှာပုဒ်တို့ကို အမ္ဗဋ္ဌ ဆိုခြင်းသည် ဆင်ခြင် စဉ်းစားဉာဏ် ကင်းမဲ့စွာဖြင့် ပြောမိပြောရာ ပြောခြင်းဖြစ်သည်။

အကြောင်းကား = ရဟန်းဟူက ခတ္တိယ စသော အမျိုးလေးပါးလုံး၌ အကျုံးဝင်နေသည် ဖြစ်၍ ရဟန်း အဖြစ်သည် အမျိုးလေးပါးလုံးနှင့် ဆက်ဆံနေသောကြောင့်လည်းကောင်း၊ မင်းမျိုးမှ ရှင်ရာဟုလာ၊ ရှင်အာနန္ဒာ ထေရ်၊ ဗြာဟ္မဏမျိုးမှ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်ထေရ်၊ ဝေဿမျိုးမှ ရှင်သောဏ၊ ရှင်ပုဏ္ဏထေရ်၊ သုဒ္ဒမျိုးမှ ရှင်သုနီတ၊ ရှင်ဓနိယ၊ ရှင်လောသကတိဿထေရ် အစရှိသော အမျိုးလေးပါးလုံးမှ မထေရ်များ ရဟန်းဖြစ်ကြသည်ကို ထောက်သောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ဋ္ဌမ္ဘာ ကဏ္ဍာဟူသော ဆိုခဲ့ပြီး စကားနှင့် ဗန္ဓုပါဒါပစ္စာဟူသော ပြောဆိုဆဲ စကားတို့၏ ရှေ့နောက် မညီမညွတ် ဖြစ်နေမှုကို ညီညွတ်လျော်ကန်အောင် အမ္ဗဋ္ဌ၏ အလိုဆန္ဒနှင့်အညီ ရှင်းလင်းဖော်ပြပါ။

ဖြေ။ ဋ္ဌမ္ဘာ ကဏ္ဍာ ပုဒ်ဖြင့် = ရဟန်းများကို အမျိုးလေးပါးတွင် ထည့်သွင်းသည့်အခါ ဝေဿမျိုး ကုန်သည် သူကြွယ်မျိုး၌ ထည့်သွင်းရမည်ဟု အမ္ဗဋ္ဌအနေဖြင့် သိစေလိုရင်း ဖြစ်သည်။

ဗန္ဓုပါဒါပစ္စာ ပုဒ်ဖြင့်ကား = ကုန်သည်သူကြွယ်မျိုးများသည် ဗြဟ္မာမင်း၏ ချက်မှ ဖွားလာကြသကဲ့သို့ သမဏများသည် ဗြဟ္မာမင်း၏ ချက်မှ ဖွားလာကြခြင်း မဟုတ်၊ ဗြဟ္မာမင်း၏ ခြေဖမိုးမှ ဖွားလာခြင်း ဖြစ်သည်ဟူသော ရှေးဦးစွာ ဖြစ်မှု, ဖွားမှု၏ သဘောကို အမ္ဗဋ္ဌအနေဖြင့် သိစေလိုရင်း ဖြစ်သည်။

ထို့ကြောင့် အမ္ဗဋ္ဌ၏အလို ကုလ၏ အစွမ်းဖြင့် ဋ္ဌမ္ဘာ ကဏ္ဍာဟူသော ရှေးစကားကို၊ ပဋ္ဌမမုပ္ပတ္တိ၏ အစွမ်းဖြင့် ဗန္ဓုပါဒါပစ္စာဟူသော နောက်စကားကို ဆိုသည်ဖြစ်ရကား ညှိဘွယ်မလို။ (ဋီသစ်)

မေး။ သမဏတို့ကို ဗန္ဓုပါဒါပစ္စာဟု ပြောဆိုရာ၌ အမ္ဗဋ္ဌ၏ အယူဝါဒကို အဋ္ဌကထာ လာသည့်အတိုင်း ဖြေခဲ့ပါ။

ဖြေ။ ပုဏ္ဏားတို့သည် ဗြဟ္မာ၏ ခံတွင်းမှ ထွက်လာကုန်၏။ မင်းမျိုးတို့သည် ဗြဟ္မာ၏ ရင်မှ ထွက်လာကုန်၏။ ဝေဿလူမျိုးတို့သည် ဗြဟ္မာ၏ ချက်မှ ထွက်လာကုန်၏။ သုဒ္ဒလူမျိုးတို့သည် ဗြဟ္မာ၏ ပုဆစ်ဒူးဝန်းမှ ထွက်လာကုန်၏။ ရဟန်းတို့သည် ဗြဟ္မာ၏ ခြေဖမိုးမှ ထွက်လာကုန်၏။ ဤကား သမဏတို့ကို ဗန္ဓုပါဒါ ပစ္စာဟု ပြောဆိုရာ၌ အမ္ဗဋ္ဌ၏ အယူဝါဒတည်း။ (ဋ္ဌ)

မေး။ ပုဏ္ဏားတို့သည် ဗြဟ္မာကြီး၏ ခံတွင်းမှ ထွက်လာကုန်၏ဟု ဆိုသောစကား သင့်/မသင့်ကို အကြောင်းယုတ္တိ သွင်း၍ စိစစ်ခဲ့ပါ။

ဖြေ။ လူအားလုံးတို့သည် ခတ္တိယ စသည် မကွဲပြားမီသာ ဥပပါတ် ပဋိသန္ဓေ နေကြသည်။ ထို့နောက်တွင် မိခင်၏ ပဿာဝ မဂ်မှချည်း မွေးဖွားကြသည်။ ပုဏ္ဏားတို့သည် သူတို့ကို အထင်ကြီးအောင် ဗြဟ္မာမင်း၏ ခံတွင်းမှ ပုဏ္ဏားမျိုးများ ထွက်ခဲ့ကြသည်ဟု ဆိုခြင်းသည် ... ပုဏ္ဏေးမ၏ ပဿာဝ မဂ်ကိုပင် ဗြဟ္မာမင်းကြီး၏ ခံတွင်းဟု ဆိုရာရောက်သောကြောင့် မသင့်ပါ။

မေး။ မာနမေဝ နိဿာယ ကထေသိ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။ (ဝါ) အမ္ဗဋ္ဌသည် အဘယ်ရည်ရွယ်ချက်ဖြင့် "မုဏ္ဍကာ, သမဏကာ" စသော စကားကို ပြောဆိုရသနည်း။

ဖြေ။ မာနကို အခြေခံ၍ မိမိကိုယ်ကို ချီးမြှောက်လျက်လည်းကောင်း၊ ရဟန်းတော်များကို နှိမ့်ချလျက်လည်းကောင်း "မုဏ္ဍကာ, သမဏကာ" စသော စကားကို ပြောဆိုခြင်း ဖြစ်သည်။

မေး။ အတ္တာနော ပမာဏံ န ဇာနာတိ ဟူသော ဥပမေယျ ဝါကျ၏ ဥပမာ သုံးချက်ကို ဖော်ပြပါ။

ဖြေ။ ဥပမာ သုံးချက်ကား . . .

၁။ လျင်သော အဆိပ်ရှိသော မြွေကို ကိုင်သော ယောက်ျား၊

၂။ မီးပုံကြီးကို ပွေ့ဖက်သော ယောက်ျား၊

၃။ မုန်ယစ်သော ဆင်ကို နှာမောင်း၌ သုံးသပ်ကိုင်တွယ်သော ယောက်ျား။ (ဋ္ဌ)

မေး။ **အတ္ထိကာဝစာေဘ၌** (က) **အတ္ထိက** (ခ) **အတ္ထိကာဝါ** အရတို့ကို အသီးသီး ကောက်ပြပါ။

ဖြေ။ (က) အတ္ထိက အရ = ရည်ရွယ်ချက် ကိစ္စရှိသော စိတ်ကို ရ၏။

(ခ) အတ္ထိကဝါ အရ = ကိစ္စရှိသော စိတ်ရှိသော အမ္ဗဋ္ဌလုလင် ရ၏။

သတိ။ ဤသို့ အဿတ္ထိအနက် နှစ်ချက်ရှိရာ၌ ဇာတ်တူ အဿတ္ထိပစ္စည်း နှစ်ထပ် မသက်ရ၊ ဣကနှင့် ဝန္တုကဲ့သို့ ဇာတ်မတူသော အဿတ္ထိပစ္စည်းကိုကား သဒ္ဒါကျမ်းတို့၌ နှစ်ထပ် သက်ခွင့်ပြုသည်ကို သတိပြု။ (ဘာဋီ)

ttp://www.dhammadownload.com



## (၄၊ နှာ ၂၂၇+၂၂၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ တဿဓေဝ္ဟော ––– ပဿထ ဘော အယံ အမ္ဗဋ္ဌော မာဏဝေါ အာစရိယကုလေ အဝုသိတဝါ အသိက္ခိတော အပ္ပဿုတော၀ သမာနော ဟူသော ဝါကျ၌ တစ်ပါးသော အာစရိယပါဠိတို့ကို မထည့်ဘဲ အာစရိယကုလေ ဟူသော အာစရိယပါဠိကိုသာ ထည့်သွင်း ဖွင့်ဆိုထားခြင်း အကြောင်းကို ဓမ္မောပမာဖြင့် ရှင်းလင်း ဖော်ပြပါ။

ဖြေ။ သင်္ဂဟကျမ်းအစ စိတ္တသင်္ဂဟ၌ ဒိဋ္ဌိဂတသမ္ပယုတ္တံ စကားရပ်ဝယ် သမ္မာဒိဋ္ဌိဟူ၍လည်းကောင်း၊ မိစ္ဆာဒိဋ္ဌိ ဟူ၍လည်းကောင်း ကွဲပြားအောင် ဝိသေသအားဖြင့် မဆိုခဲ့သော်လည်း ဋီကာကျော်ဆရာ နိသျဆရာတို့က မိစ္ဆာဒိဋ္ဌိ ဟူ၍ ဖွင့်ဆို ရေးသားခဲ့ကြခြင်းသည် အကုသိုလ်အရာ ဖြစ်နေခြင်းကြောင့် ဖြစ်ပါသည်။
ဤ၌လည်း ထိုနည်းမခြား အဃာတူစွာ "ဝုသိတ–နေ၏"ဟူ၍ သာမန်ဆိုခဲ့ငြားသော်လည်း ပညာသင်ကြား ဆည်းပူးရမည့် အရာဌာနဖြစ်သောကြောင့် တစ်ခြားတစ်ပါးသော အာစရိယနှင့် မသင့်လျော် မညီညွတ်ဘဲ "ဆရာသမားကောင်းထံ၌"ဟူသော အာစရိယသာ သင့်လျော် ညီညွတ်မှု ရှိသောကြောင့် 'အာစရိယကုလေ' ဟူသော အာစရိယပါဠိကိုသာ ထည့်သွင်းဖွင့်ဆိုသည်။ (ဋီသစ်)

## (၄၊ နှာ ၂၂၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ "ကိမညတြ အဝုသိတတ္တာ"ဝယ် အဝုသိတတ္တာ၌ သက်သော ဝိဘတ်ကို သက်ရခြင်း အကြောင်း၊ သက်ရာ သုတ်၊ သက်ရာ အနက်တို့နှင့်တကွ ဖော်ပြပါ။

ဖြေ။ အဝုသိတတ္တာ၌ သတ္တမီဝိဘတ် သက်၏။
အညတြ ဟူသော နိပါတ်ပုဒ်နှင့် ယှဉ်သောကြောင့် ဓာတုနာမာန စသော သုတ်လာ အာဒိသဒ္ဒါဖြင့် ဥပယော ဂတ္ထ၌ ယင်းပဉ္စမီ သတ္တမီဝိဘတ်ကို သက်၏။

နိယံ။ ရိတေ, နာနာ၊ ဝိနာ, ညတြ၊ ယှဉ်လတ်က၊ ဒု, တ, ပဉ္စမီသက်။

မေး။ "ကိမညတြ အဝုသိတတ္တာ"ဟု ဆိုရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ဗာဟုဿစ္စ မည်သည်ကို ကိုယ်, နှုတ်, စိတ်မှုတို့၏ ငြိမ်သက်ခြင်း တိုင်အောင်သော အကျိုးငှာသာ အလိုရှိ ထိုက်၏။ အမ္ဗဋ္ဌအား ထိုငြိမ်သက်မှု မရှိ၊ ကြွစောင်းစောင်း ဖြစ်နေသောကြောင့် အဝုသိတဝါ, အသိက္ခိတ, အပ္ပဿုတ ဟူ၍ သိအပ်၏။ ဤသို့လည်း အတ္ထာပတ္တိနည်းအားဖြင့် အကြောင်းကို ထင်ရှား ပြလိုသောကြောင့် "ကိမညတြ အဝုသိတတ္တာ"ဟု ဆိုသည်။ (ဋီသစ်)

မေး။ ဒေါသံ ဥဂ္ဂိလေတွာ ပါဌ်၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ဒေါသံ ဥဂ္ဂိလေတွာ ဟူသည် = ဆီကို သောက်စေခြင်းဖြင့် ပျော့လာသော လေ, သည်းခြေ, သလိပ်ဟူသော အပြစ်ကို အန်ထွက်အောင် ပြုခြင်း ဖြစ်သည်။ (ဋီသစ်)

မေး။ ဂေါတ္တနှင့် ကုလာပဒေသတို့၏ အထူးကို ဥပမာနှင့်တကွ ဖြေခဲ့ပါ။

ဖြေ။ ဂေါတ္တ ဟူသည် = ထိုအနွယ်အဆက်၌ အစဆုံး ယောက်ျားကို စွဲ၍ ရအပ်သော အနွယ်တည်း။ ကုလာပဒေသ ဟူသည် = ထိုအနွယ်၌ ထင်ရှားသော ယောက်ျားကို အကြောင်းပြု၍ ဖြစ်သော အမျိုးတည်း။
ဥဂမာကား = အဒိတိ နတ်သမီး၏ သားဖြစ်သော ပဌမယောက်ျားကို စွဲ၍ ဘုရားရှင်၏ အနွယ်ကို "အာဒိစ္စ ဂေါတ္တ"ဟု ဆိုရသကဲ့သို့လည်းကောင်း၊ သိကြားမင်း၏ မဃလုလင်ဘဝ၌ ထင်ရှားသောကြောင့် ထိုမဃ လုလင်ကို အစွဲပြု၍ ထိုအမျိုးကို "မဃဝကုလ"ဟု ခေါ်ရသကဲ့သို့လည်းကောင်းတည်း။ (ဋီသစ်၊ ဘာဋီ)

ttp://www.dhammadownload.com



မေး။ စက္ခု အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ ဖရုသာ ပုဒ်ဖြင့် နှုတ်ကြမ်း, စိတ်ကြမ်းခြင်းတို့ကို ယူလတ္တံ့ဖြစ်သောကြောင့် စက္ခု အရ = ကိုယ်ကြမ်းခြင်းကို ယူရမည်။ (စာစဥ်)

မေး။ မာနနိဿိတကောယေတ္တာ စကားရပ်၌ "မာနကို မှီသော ဒေါသ"ဟု ဆိုရာဝယ် ဒေါသသည် မာနကို အဘယ်ကဲ့သို့ မှီသနည်း၊ လူအများ တိုင်ကို မှီနည်းကဲ့သို့ မှီသလော၊ ရှင်းပြပါ။

ဖြေ။ "မာနကို မှီသော ဒေါသ"ဟု ဆိုရာဝယ် လူအများ တိုင်ကို မှီသကဲ့သို့ကား မမှီပါ။ မာနက ဒေါသ ဖြစ်လာအောင် ပကတူပနိဿယပစ္စည်း, အာရမ္မဏပစ္စည်းတို့၏ အစွမ်းအားဖြင့် ကျေးဇူးပြုလျက် နိဿိတ အဖြစ်ဖြင့် ဖြစ်စေ, တည်စေခြင်းကိုပင် မှီသည်ဟု ဆို၏။ (ဋီသစ်)

အမှာ။ မာနသည် ဒေါသအား ပကတူပနိဿယပစ္စည်း, အာရမ္မဏပစ္စည်းတို့၏ အစွမ်းအားဖြင့် ကျေးဇူးပြုသည်။ သဟဇာတ စသော ကျန်ပစ္စည်းတို့၏ အစွမ်းဖြင့် ကျေးဇူးမပြု။ (ဋီသစ်)

မေး။ အပ္ပကေနေဝ တုဿန္တိ ဝါ ဒုဿန္တိ ဝါ၊ ဥဒကပိဋ္ဌေ အလာဗုကဋာဟံ ဝိယ အပ္ပကေနေဝ ဥပ္လဝန္တိ ဝါကျ၌ "ဥပမာစတုက္က" ထုတ်ပြပါ။

ဖြေ။ အနည်းငယ်မျှဖြင့် ရေပြင်၌ ပေါ်လော ပေါ်နေသော ဗူးတောင်း,ဗူးခွံသည် = နှိုင်းယှဥ်ကြောင်း ဖြစ်သောကြောင့် ဥပမာန၊

အနည်းငယ်မျှဖြင့် နှစ်သက်တတ်, ပြစ်မှားတတ်သော သာကီမင်းများသည် = နှိုင်းယှဥ်မှုကို အပြုခံရသောကြောင့် ဥပမေယျ၊

သာကီမင်းများ၏ အနည်းငယ်မျှဖြင့် နှစ်သက်တတ်, ပြစ်မှားတတ်ခြင်းနှင့် ဗူးတောင်း,ဗူးခွံ၏ အနည်းငယ်မျှဖြင့် ရေပြင်၌ ပေါ်လော ပေါ်နေခြင်းအားဖြင့် တူသည်၏ အဖြစ်ဟူသော သဒိသဘောဂုဏ်သည် ဥပမာ၊ ဝိယသဒ္ဒါသည် = ဥပမာအနက်ကို ထွန်းပြတတ်သောကြောင့် ဥပမာဇောတက။

မေး။ **ဘဿာတိ** ဗဟုဘာဏိနော ဝါကျဝယ် ဗဟုဘာဏိနော နေရာ၌ အဋ္ဌကထာမှတ္တက ဖြစ်သည့် ကေစိ, အပရေ နှစ်ထွေသော သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ကေစိဝါဒ = **ဘဿာတိ** သာဟာသိကာ။ အပရေဝါဒ = **ဘဿာတိ** သာရမ္ဘကာ။

## (ဌ၊ နှာ ၂၂၉-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အမ္ဗဋ္ဌ ရောက်လာချိန်၌ အဘိသိက်သွန်းအပ်သော မင်းသည် တစ်ယောက်သာ ရှိထိုက်၍ ဧကဝုစ်ဖြင့် ဆိုသင့်လျက် "အဘိသိတ္တရာဇာနော"ဟု ဗဟုဝုစ်ဖြင့် အဘယ်ကြောင့် ဖွင့်ဆိုသနည်း။

ဖြေ။ သာကီဝင် မင်းမျိုးတွင် အကြီးဆုံးလည်း ဖြစ်, စွန်းရည်သတ္တိလည်း ရှိသော တစ်ယောက်သည် အဘိသိက် ခံပြီးနောက် "မင်းအဖြစ်မည်သည် ကိစ္စလည်း များ၏၊ ကြောင့်ကြဗျာပါရလည်း များ၏"ဟု နှလုံးသွင်းကာ ငြီးငွေ့လာ၏။ ထိုအခါ မိမိအောက် အခြားတစ်ယောက်အား လွှဲအပ်တတ်၏။ ထိုသို့ လွှဲအပ်သဖြင့် ထိုသူသည် အဘိသိက် ခံရပြန်၏။ ဤနည်းအားဖြင့် အသက်မသေသေးဘဲ အထက်မင်းက ထီးနန်းအလွှဲခံရသော အဘိသိတ္တမင်းတွေ တစ်ချိန်တည်း၌ အများ ရှိနိုင်သောကြောင့် "အဘိသိတ္တရာဇာနော"ဟု ဗဟုဝုစ်ဖြင့် ဖွင့်ဆိုရပါသည်။

(တစ်နည်း:) မိမိဆိုင်ရာ ရာထူးဝယ် ပထဗျာရာဇာ, ပဒေသရာဇာ စသည်ဖြင့် အဘိသိက်သွန်းအပ်သော သကျမင်းတို့၏လည်း များသည်၏ အဖြစ်ကို ရည်ရွယ်သောကြောင့် "အဘိသိတ္တရာဇာနော"ဟု ဗဟုဝုစ်ဖြင့် ဖွင့်ဆိုရပါသည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ (သောပိ အတ္တနော ကုလဝံသံ ဇာနာတိ) အမ္ဗဋ္ဌသည် သူ၏ မျိုးနွယ်ကို မည်သို့မည်ပုံ သိသနည်း၊ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ ကဏှာယတန ရသေ့မှ စ၍ အစဉ်အဆက် ဆင်းသက်လာသော အမ္ဗဋ္ဌ အမျိုးအနွယ်ကို တစ်ဆင့် ကြားခြင်း၏ အစွမ်းဖြင့် သိသည်။

မှန်၏၊ အမျိုးနှင့် စပ်၍ မာန်ရှိသူတို့သည် များသောအားဖြင့် အခြားသူတို့၏ အမျိုးမြတ်ပုံ၊ နိမ့်ပုံကို အမှန် အတိုင်း သိအောင် အားထုတ် ဆောင်ယူခဲ့ကြကုန်၏။ မိမိ၏ အမျိုးအနွယ်ကိုလည်း သိကြသည်။ အမ္ဗဋ္ဌလည်း အမျိုးနှင့် စပ်၍ မာန်ရှိသူ ဖြစ်သောကြောင့် ထိုသူတို့ကဲ့သို့ပင် တစ်ဆင့်ကြားခြင်း အစွမ်းဖြင့် သူ၏ မျိုးနွယ်ကို သိလေတော့၏။

အမှာ။ မမညေဝ မညေဟု ကြံစည်သောကြောင့်လည်းကောင်း၊ နောင်၌ မြတ်စွာဘုရား မေးအပ်သည် ဖြစ်၍ ဝရဇိန်လက်နက်ကိုင် သိကြားမင်းကို ကြောက်ခြင်းကြောင့် မိမိ၏ အမျိုးအနွယ်ကို ဟုတ်မှန်တိုင်း ဝန်ခံရ လေ၏။ (ဋီသစ်)

မေး။ အမ္ဗဋ္ဌလုလင်သည် မိမိ ကဏှာယတန မည်ကြောင်းကို ပြဆိုရာ၌ တစ်ဦးတည်းပိုင် အမည်ဖြစ်၍ ဆိုပါသလော၊ အသို့ဖြစ်၍ ဆိုပါသနည်း၊ ဝိနိစ္ဆယ ချပါ။

ဖြေ။ အမ္ဗဋ္ဌလုလင်သည် မိမိ ကဏှာယတန မည်ကြောင်းကို ပြဆိုရာ၌ တစ်ဦးတည်းပိုင် အမည်ဖြစ်၍ ဆိုသည်ကား မဟုတ်ပါ။ ထိုကဏှာယတန ဟူသော အမည်သည် ကဏှရသေ့မှ စ၍ အမျိုး အစဉ်အဆက်၏ အစွမ်းဖြင့် သက်ဆင်းလာသော အမည်ဖြစ်ရကား မျိုးနွယ် အစဉ်အဆက်၏ အစွမ်းဖြင့် သက်ဆင်းလာသော အမည်ကို မိမိ (အမ္ဗဋ္ဌ)အပေါ်၌ တင်စား၍ ဆိုထားခြင်း ဖြစ်သည်။ (ဋီသစ်)

## (ဌ၊ နှာ ၂၂၉+၂၃၀-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ "ကဏှာယနောဟမသ္မိ ဘော ဂေါတမာ"တိ ဣဒံ ကိရ ဝစနံ အမ္ဗဋ္ဌော တိက္ခတ္တုံ မဟာသဒ္ဒေန အဝေါစ ဟူသော ဝါကျ၌ "တိက္ခတ္တုံ မဟာသဒ္ဒေန အဝေါစ"ဟူ၍ ဆိုရခြင်း အကြောင်းကို ညွှန်ပြပါ။

ဖြေ။ ပေါ်လွင် ထင်ရှားမှုကို ပြခြင်း၌ အလိုရှိသည်၏ အဖြစ်ကြောင့် "တိက္ခတ္တုံ မဟာသဒ္ဒေန အဝေါစ"ဟူ၍ ဆိုသည်။ (ဋီသစ်)

## (ဌ၊ နှာ ၂၃၀-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အမ္ဗဋ္ဌကို **ဒါသီပုတ္တောဟု** နှိပ်ချ၍ မိန့်တော်မူသော စကားသည် ဖရုသဝါစာ မဖြစ်သလော၊ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ အမ္ဗဋ္ဌသည် မိမိအမျိုးကို မှီ၍ မာနဖြင့် ခက်ထန်နေသူတည်း။ သူ၏ မျိုးရိုးဇာတ်ကို အမှန်အတိုင်း ပေါ်လွင် ထင်ရှားအောင် မပြလျှင် အမ္ဗဋ္ဌ၏ မာနကား လျော့မည်မဟုတ်၊ မာန မလျော့လျှင် အမ္ဗဋ္ဌသည် သာကီဝင် များကိုသာမက ရတနာသုံးပါးကို မာန၏ အစွမ်းအားဖြင့် ကျူးလွန် ပြစ်မှားပေလိမ့်မည်။ ရတနာသုံးပါးကို အထင်သေးလိမ့်မည်။ မာနလျော့လျှင်ကား ရတနာသုံးပါး၌ ကြည်ညိုသဒ္ဓါ တိုးပွားပေလိမ့်မည်။ ရတနာ သုံးပါးကို အထင်မသေးဘဲ ဆည်းကပ်လိမ့်မည်။ ဤသို့လျှင် ရတနာသုံးပါးကို ပြစ်မှားမှု၊ အထင်သေးမှုမှ ရှောင်ရှားစေလိုသည့် သဘော၊ ရတနာသုံးပါးကို ကြည်ညိုသဒ္ဓါ တိုးပွားစေလိုသည့် သဘော၊ အထင်မသေး စေလိုသည့် သဘောဖြင့် အမ္ဗဋ္ဌ၏ အကျိုးကို မျှော်၍ "ဒါသိ ပုတ္တော"ဟု မြတ်စွာဘုရား မိန့်တော်မူရကား စိတ်နူးညံ့ သိမ်မွေ့သည်၏ အဖြစ်ကြောင့် ဖရုသဝါစာ မဖြစ်ပါ။ (ဋီသစ်၊ ဘာဋီ)

ttp://www.dhammadownload.com



မေး။ တဿ ကိရ ရညော ကထနကာလေ ဥက္ကာ ဝိယ မုခတော ပဘာ နိစ္ဆရတိ၊ တသ္မာ တံ "သြက္ကာကော"တိ သဉ္ဇာနိံသူတိ ဝါကျ၌ "ဥပမာစတုက္က" ထုတ်ပြပါ။

ဖြေ။ ဥက္ကာ–မီးရှူးအရောင်သည် = နှိုင်းယှဉ်ကြောင်း ဖြစ်သောကြောင့် ဥပမာန၊
တဿ ရညော ကထနကာလေ မုခတော ပဘာ (နိစ္ဆရတိ) – သြက္ကာကမင်း၏ ခံတွင်းမှ ထွက်လာသော အရောင်သည် = ပေါ်လွင်အောင် နှိုင်းယှဉ်မှုကို အပြုခံရသောကြောင့် ဥပမေယျ၊
သြက္ကာကမင်း၏ ခံတွင်းမှ ထွက်လာသော အရောင်နှင့် မီးရှူးအရောင်၏ တလက်လက် ထွက်ပုံခြင်း တူသော အခြင်းအရာ သဒိသာကာရ ဘောဂုဏ်သည် ဥပမာ၊
ဝိယသဒ္ဒါသည် = ဥပမာအနက်ကို ထွန်းပြတတ်သောကြောင့် ဥပမာဇောတက။

မေး။ မုခတော ပဘာ နိစ္ဆရတိ ဝါကျ၌ လာသော "မုခ" အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ မုခဟူသော သဒ္ဒါသည် = ဌာနဖြစ်သော ခံတွင်းပါးစပ်၏ မုခဟူသော အမည်ကို ဌာနီဖြစ်သော သွားဒြပ်၌ တင်စား၍ ဆိုသော ဌာနူပစာသဒ္ဒါသာ ဖြစ်သောကြောင့် မုခ အရ = သွားကိုသာ ယူပါ။

မေး။ သြက္ကာကမင်း၏ ခံတွင်း (သွား)အရပ်မှ မီးရှူးရောင်နှင့် တူသော အရောင်တလက်လက် အဘယ်ကြောင့် ထွက်သနည်း။

ဖြေ။ အရောင်ထွက်ရခြင်းမှာ = ထိုသို့ အရောင်ကို ထွက်စေနိုင်သော သဘောရှိသော ကုသိုလ်ကောင်းမှုကံကြောင့် ဖြစ်၏။ (ဋီသစ်)

## (ဌ၊ နှာ ၂၃၁–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အဘယ်ကြောင့် "ကပိလပုဏ္ဏား"ဟု ခေါ်သနည်း။

ဖြေ။ ကပိလသဒ္ဒါသည် အညို+အဝါ အရောင်နှစ်မျိုး ရောသော, ကြောင်သော အဆင်းကို ဟော၏။ ထိုအဆင်း ရှိသောကြောင့် "ကပိလပုဏ္ဏား"ဟု ခေါ်သည်။ (ဘာဋီ၊ ဋီသစ်)

မေး။ အဘယ်အတတ်ကို "ဘုမ္မဇာလ" အတတ်ဟု ခေါ်သနည်း။

ဖြေ။ မြေ၌ဖြစ်သော ဂုဏ်အပြစ်ကို (ထင်ရှား)ပြတတ်သော အတတ်ကို "ဘုမ္မဇာလ" အတတ်ဟု ခေါ်၏။
(တစ်နည်း) မြေ၌ဖြစ်သော ဂုဏ်အပြစ်ကို ထွန်းပြကြောင်း အတတ်ကို "ဘုမ္မဇာလ" အတတ်ဟု ခေါ်၏။

## (ဌ၊ နှာ ၂၃၄–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ သာကီဝင် မင်းမျိုးတို့၏ အစဦးဆုံး ဖြစ်ပေါ်ရာ နေ့နှင့် အစဦးဆုံး ဖြစ်သော ပုဂ္ဂိုလ်ကို ဖော်ပြပါ။

ဖြေ။ "သက္ယာ ဝတ ဘော ကုမာရာ ပရမသက္ယာ ဝတ ဘော ကုမာရာ"ဟူ၍ သြက္ကာကမင်းကြီး ဥဒါန်း ကျူးရင့်သော နေ့သည် သာကီဝင်မင်းမျိုးတို့၏ အစဦးဆုံး ဖြစ်ပေါ်ရာ နေ့ပင် ဖြစ်တော့၏။
သာကီဝင် မင်းမျိုးတို့၏ အစဦးဆုံး ပုဂ္ဂိုလ်ကား = သြက္ကာက မင်းကြီးပင်တည်း။ (ပါဠိတော်)

မေး။ ပစ္စူဋ္ဌမသာသုဒါဋ္ဌိက် ပါဌ်လာ မသာ (မုတ်ဆိတ်)နှင့် ဒါဋ္ဌိကာ (နှုတ်ခမ်းမွေး၊ဝါ– ကျင်စွယ်)တို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ မေးစေ့၌ ပေါက်သော အမွေးအပင်များသည် "မဿု" မည်၏။
အထက်နှုတ်ခမ်း၏ နံပါးနှစ်ဖက်တို့၌ အစွယ်သဏ္ဌာန်အားဖြင့် ပေါက်သော အမွေးအပင်များသည် "ဒါဋ္ဌိကာ" မည်၏။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ "အယံ ဇာတော ပဗ္ဗာဟာသိ၊ ကဏှော ဇာတော ပိသာစော ဇာတော"ဟူသော ပါဠိတော်၌ လာသော ကဏှ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ttp://www.dhammadownload.com



ဖြေ။ ဓာတော ပဗ္ဗာဟာသိ ကဏှော ဟူသော ပဓာနကြိယာ၌ စကားပြောဆိုခြင်းကို ထောက်သောကြောင့်လည်းကောင်း၊ ကဏှဟူသော သဒ္ဒါသည် အတူဖြစ်သော ကဏှမည်သော ဘီလူး၏ ကဏှဟူသော အမည်ကို အတူရှိသော ဒိသာမည်သော ကျွန်မ၏ သား၌ တင်စား၍ ခေါ်ဝေါ်သုံးစွဲသော သဒိသူပစာသဒ္ဒါသာ ဖြစ်သောကြောင့်လည်းကောင်း ကဏှ အရ = ဒိသာကျွန်မ၏ သားဖြစ်သော ကဏှကို ယူပါ။

မေး။ ပါဠိတော်ဝယ် "ကဏှော ဓာတော"ဟုသာ ဟောက လိုအပ်သောအနက် ပြီးပြီးသည် ဖြစ်ပါလျက် အဘယ်ကြောင့် "ပိသာစော ဓာတော"ဟူသော ပါဠိဝါကျကို ထပ်၍ တဖန် ဘုရားရှင် ဟောကြားရသနည်း။

ဖြေ။ "ကဏှော ဓာတော"ဟုသာ ဟောက လိုအပ်သောအနက် ပြီးစီးနိုင်သော်လည်း = ယခုအခါ ဘီလူးကို ဟောသည့် ထင်ရှားသော နာမည်ဖြင့် လွယ်ကူစွာ သိစေလိုသည် ဖြစ်၍ ကဏှ ဟူသော ရှေ့ပုဒ်၏ ပရိယာယ်ဖြစ်သော ပိသာစ ဟူသော ဝေဝုစ်ဖြင့် ထပ်ဆင့်ကာ ညွှန်ပြလိုသောကြောင့် "ပိသာစော ဓာတော"ဟူသော ပါဠိဝါကျကို ဘုရားရှင် ဟောကြားတော်မူ၏။ (ဋီသစ်)

မေး။ ကဏှကို ပိသာစဟု ခေါ်ဆိုရပုံကိုလည်း ရှင်းလင်းစွာ ဖြေပြပါ။

ဖြေ။ မွေးအပ်ကာမျှ၌သာလျှင် ကျယ်စွာသော အသံကို ပြုခြင်းနှင့်တကွ မြေဘုတ်ဘီလူးကို ပိသာစဟု ခေါ်ဆိုအပ်သကဲ့သို့ ... ထို့အတူ ကဏှကိုလည်း ပိသာစဟု ခေါ်ဆိုရသည်။ (စာစဉ်)

**(၄၊ နှာ ၂၃၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **အဿုံ၌** တသဒ္ဒါဖြင့် စွဲယူသုံးသပ်အပ်သည့် အရာကိုလည်း ရှင်းလင်းစွာ ဖြေပြပါ။

ဖြေ။ တသဒ္ဒါဖြင့် = စတ္တာရောမေ ဘော ဂေါတမ ဝဏ္ဏာ အစရှိသည်ဖြင့် အမ္ဗဋ္ဌ ပြောဆိုအပ်သော ဇာတိဝါဒကို စွဲယူ သုံးသပ်သင့်သော်လည်း ဇာတိဝါဒသည် ဝေဒကျမ်း၌ လာသော အစီအရင်ဖြင့်သာ အမေး,အဖြေကို ပြုလုပ်၏။ ထို့ကြောင့် မေး,ဖြေခြင်း၏ အကြောင်း၏ အဖြစ်ဖြင့် ပြီးသော ဗေဒင်သုံးပုံ စကားကိုသာ စွဲယူ သုံးသပ်အပ်၏။ (စာစဉ်)

မေး။ အတ္တနာ ဗဒ္ဓ ပုဋကံ အတ္တနာဝ မောစေတ ဝါကျ၏ ဆိုလိုချက် အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ မဆွေးနွေးမီကပင် ဦးခေါင်းကို မြှောက်ခြင်းငှာ မစွမ်းနိုင်သောကြောင့်လည်းကောင်း၊ ဇာတ်ကို သိနိုင်ခဲသောကြောင့်လည်းကောင်း၊ တရားတွေ့မှုကို ပြုနိုင်ခဲသောကြောင့်လည်းကောင်း၊ သကျတို့၌ ဣဗ္ဘဝါဒကို ကျစေခြင်းကြောင့် မိမိအပေါ်၌ ဒါသိပုတ္တဝါဒ ကျရောက်လာရကား ထိုဒါသိပုတ္တ ဟူသော အထုပ်ကို မိမိကိုယ်တိုင် ဒါသိပုတ္တ မဟုတ်ခြင်း၏ အကြောင်းကို ပြ၍ ဖြေပါစေတော့ဟု ဆိုလိုသည်။ (ဋီသစ်)

မေး။ **သဟာဓမ္မိကောတိ** သဟေတုကော သကာရဏော ဝါကျ၌ ဟေတုနှင့် ကာရဏ သဒ္ဒါနှစ်ခုတို့၏ (က) တူပုံ (ခ) ထူးပုံကို ရေးခဲ့ပါ။

ဖြေ။ (က) တူပုံ = ဟေတုနှင့် ကာရဏသည် အကြောင်းဟော သဒ္ဒါချည်း ဖြစ်သောကြောင့် ပရိယာယ် အဖြစ် တူသည်။

(ခ) ထူးပုံ = ဖြစ်စေတတ်သော ဇနကအကြောင်းသည် ဟေတု၊
ထောက်ပံ့နိုင်စေတတ်သော ဥပတ္ထမ္ဘကအကြောင်းသည် ကာရဏ။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ ဇဋ္ဌေဝါသီ၌ အန္တေဝါသီပုဒ်၏ ဘေဒနှင့် အဓိပ္ပေတတ္ထတို့ကို ညွှန်ပြခဲ့ပါ။

ဖြေ။ အန္တေဝါသီပုဒ်၏ ဘေဒကား ...
၁။ ပဗ္ဗဇ္ဇန္တေဝါသီ ၂။ ဥပသမ္ပဒန္တေဝါသီ ၃။ နိဿယန္တေဝါသီ ၄။ ဓမ္မန္တေဝါသီ ဟူ၍ လေးပါးရှိ၏။
ဣဓာဓိပ္ပေတတ္ထကား = အမ္ဗဋ္ဌ လုလင်သည် ပေါက္ခရသာတိ ပုဏ္ဏား၏ ဓမ္မန္တေဝါသီ တပည့်တည်း။ ထို့ကြောင့် ဓမ္မန္တေဝါသီကို ဤ၌ အလိုရှိအပ်၏။

ttp://www.dhammadownload.com



**(၄၊ နှာ ၂၃၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အဘယ်အကျိုးငှာ ပါဠိတော်၌ **မလ္လောမောဟု** ဆိုရသနည်း။

ဖြေ။ ကြောက်ခြင်းဖြင့် နှိပ်စက်အပ်သော သူတို့သည် ကြောက်သည် ဖြစ်၍ ခန္ဓာကိုယ် တောင့်တင်းခြင်း၊ အထက်၌ အဖျားရှိသော မွေးညှင်းတို့ ရွှင်ခြင်း ဖြစ်တတ်ကုန်၏။ မကြောက်သော သူတို့အား ခန္ဓာကိုယ် တောင့်တင်းမှု မရှိခြင်း၊ ကျသော အမွေးတို့ ရှိခြင်း၊ မရွှင်သော အမွေးတို့ ရှိခြင်း ဖြစ်တတ်ကုန်၏။ ဘေးမရှိ ချမ်းသာစွာ တည်ကြကုန်၏။ ထိုသို့ ကျသော အမွေးတို့ ရှိခြင်းကြောင့် ထိုမင်းသား၏ ချမ်းသာသည်၏ အဖြစ်သည် ထင်ရှား၏။ ဤသို့လျှင် အကျိုးဖြင့် အကြောင်းကို ပြခြင်းအကျိုးငှာ ပါဠိတော်၌ ပလ္လောမောဟု ဆိုရ၏။

မေး။ မန္တေ ပရိဝတ္တိတေ ကုမာရဿ နာဘိယံ ပတိဋ္ဌပေသိ ဝါကျ၌ လာသော မန္တန်သည် မည်သည့် မန္တန်မျိုး ဖြစ်သနည်း၊ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ မန္တေ ပရိဝတ္တိတေ၌ လာသော မန္တန်ကား = လက်ရုံး တောင့်တင်းနေအောင် ပြုကြောင်း ဖြစ်သော မူလမန္တန်၏ သတ္တိကို ဖြေကြောင်း မန္တန်တည်း။
မှန်၏၊ သူတစ်ပါးကို နှိပ်စက်ကြောင်း မန္တန်ဟူသမျှ၌ အဖြေမန္တန်လည်း ရှိမြဲတည်း။ (ဋီသစ်)

မေး။ "ဓီတရံ အဒါသိ–သမီးတော်ကို ပေးရာ၌" (က) သမီးမပေးမီ ကဏှာအား ပေးသော အခွင့်အရေးနှင့် (ခ) သမီးပေးပြီးနောက် ကဏှာအား ပေးသော အခွင့်အရေးတို့ကို ဖော်ပြပါ။

ဖြေ။ (က) သမီးတော် မပေးမီ သမီးတော်ကို သူတစ်ပါးက ကျွန်၏ မယားဟု မစွပ်စွဲနိုင်ဘို့ရန် ကဏှာကို ကျွန် အဖြစ်မှ လွတ်စေ၏။
(ခ) သမီးတော်ကို ပေးပြီးသောအခါ ထိုက်တန်သော၊ မြင့်မြတ်သော ရာထူး၌ ကဏှာကို ထားသည်။ (၄)

မေး။ (က) အဘယ်သို့သော အလှူမျိုးသည် "**သဒ္ဓ**" (ခ) အဘယ်သို့သော ထမင်းမျိုးသည် "**ထာလိပါက**" မည်သနည်း၊ ဖြေပြပါ။

ဖြေ။ (က) အခြားအကျိုးမဖက် သက်သက် ဝေဒကျမ်းအားလျော်စွာ သေလွန်သော မိဘဆွေမျိုးတို့ ရလိမ့်မည် ဟူသော ယုံကြည်ချက်ဖြင့်သာ ပြုထိုက်သော အလှူသည် "သဒ္ဓ" မည်၏။ (ဋီသစ်)
(ခ) မင်္ဂလာကိစ္စ၊ နက္ခတ်ပွဲ၊ ဘုရားပွဲ စသည် ပြုလုပ်ရာဝယ် အိုးကြီးအိုးငယ်ဖြင့် ချက်အပ်သော ထမင်းသည် "ထာလိပါက" မည်၏။

မေး။ "**ယည**–ယဇ်ပူဇော်ခြင်း"၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ မိမိ ပြုမိသော မကောင်းမှုကို စောင့်ရှောက်ခြင်း(ကုစားခြင်း) စသော အကျိုး ရှိလိမ့်မည်ဟု ရည်ရွယ်၍ မီးနတ်ကို ပူဇော်မှု စသည်ကို "ယည–ယဇ်ပူဇော်ခြင်း"ဟု ခေါ်၏။

မေး။ အဘယ်ကဲ့သို့သော ထမင်းသည် "ပါဟုနက" မည်သနည်း။

ဖြေ။ ဧည့်သည်တို့အတွက် ပြုအပ်သော ထမင်းသည် (တစ်နည်း) လက်ဆောင် ပေးအပ်သော ထမင်းသည် "ပါဟုနက" မည်၏။ (ဘာဋီ)

**(၄၊ နှာ ၂၄၀–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ တဿပိ ဟိ ကိဉ္စိ ကိဉ္စိ သီလံ အတ္ထိ ဝါကျ၌ ကိဉ္စိ ကိဉ္စိ သီလံ အရကို ဖော်ပြပါ။

ဖြေ။ အဟိံသန စသော ယမသီလ၊ နိယမ လက္ခဏာရှိသော အပ္ပမတ္တက သီလကို ရ၏။ (စာစဉ်)

မေး။ အထက်ဖြစ်သော ဈာန်စသည်၌ စရဏဖြင့်သာ နိဂုမ်းအုပ်ရခြင်း၏ အကြောင်းကို ဖော်ပြပါ။

ဖြေ။ ထိုကဲ့သို့သော အခြင်းအရာအားဖြင့် ငြိကပ်ခြင်း မရှိသည်၏ အဖြစ်ကြောင့်တည်း။ (စာစဉ်)

ttp://www.dhammadownload.com



မေး။ ဝိဇ္ဇာစရဏကထာကို ဟောရာ ပါဠိတော်၌ ရူပါဝစရ စတုတ္ထဈာန် အထိသာ ညွှန်ပြထား၍ စတသောပိ သမာပတ္တိယော စရဏန္တိဟု ဖွင့်သင့်လျက် မဖွင့်ဘဲ အဘယ်ကြောင့် အဋ္ဌပိ သမာပတ္တိယော "စရဏ"န္တိဟု အဋ္ဌကထာဆရာ ဖွင့်ရသနည်း။

ဖြေ။ ရူပါဝစရ စတုတ္ထဈာန်ကို ညွှန်ပြခြင်းဖြင့်ပင် အရူပါဝစရ ဈာန်တို့ကိုလည်း ညွှန်ပြအပ်သည်၏ အဖြစ်သို့ ရောက်သောကြောင့် အဋ္ဌပိ သမာပတ္တိယော "စရဏ"န္တိဟု ဖွင့်ဆိုသည်။ (ဋီသစ်)

မေး။ အရဏိ ကမဏ္ဍလု သုဇာစာမရာဒယော၌ အာဒိ အရကို ဖော်ပြပါ။

ဖြေ။ အရင်းအဖျား နှစ်ဘက်လုံး၌ သုံးခွစီရှိသော တောင်ဝှေး စသည်တို့ကို ယူပါ။ (ဋီသစ်)

မေး။ ခီဏာသဝ သာမဏေသည် ပုထုဇဉ်ရဟန်း၏ အလုပ်အကျွေး-ပရိစာရက အဘယ်ကြောင့် ဖြစ်ရသနည်း။

ဖြေ။ အသိန်းမက များလှစွာသော သံဝရဝိနည်းတို့ကို ကျင့်သုံးဆောက်တည်ခြင်း၏ အစွမ်းဖြင့် ရဟန်းအဖြစ်၏ သာမဏေအဖြစ်ထက် ထူးကဲမြင့်မြတ်သည်၏ အဖြစ်ကြောင့် ရဟန္တာသာမဏေသည် ပုထုဇဉ်ရဟန်း၏ အလုပ်အကျွေး-ပရိစာရက ဖြစ်ရသည်။ (ဋီသစ်)

နိယံ။ ကိုးထောင့်တစ်ရာ၊ ရှစ်ဆယ်သာ၊ သချာ ကုဋေထုတ်၊
ငါးသန်းသုံးသောင်း၊ ခြောက်ထောင်ဆောင်း၊ များတောင်း သိက္ခာပုဒ်။ (ဘာဋီ)

မေး။ ကာမဥ္စ ဂုဏာဓိကောပိ ခီဏာသဝသာမဏေရော ပုထုဇ္ဇနဘိက္ခုနော ဝုတ္တနယေန ပရိစာရကော ဟောတိ၊ အယံ ပန န တာဒိသော ဂုဏဝသေနပိ ဝေယျာဝစ္စကရဏသေနပိ လာမကောယေဝ ဝါကျဖြင့် ပြသော ပိဏ္ဍတ္ထ အဓိပ္ပါယ်ကို ဋီကာသစ် လာသည့်အတိုင်း ပေါ်လွင်အောင် ဖော်ပြပါ။

ဖြေ။ ရဟန္တာ သာမဏေသည်လည်း ပုထုဇဉ်ရဟန်း၏ သဘာဝတ္တအနေဖြင့် အလုပ်အကျွေး ဖြစ်ပါသော်လည်း ထိုသို့ ဖြစ်ရခြင်းသည် ဝတ်ကြီးဝတ်ငယ်ကို လုပ်ပေးခြင်းမျှဖြင့်သာ အလုပ်အကျွေး ဖြစ်ရသည်။ ရဟန္တာ သာမဏေက ပုထုဇဉ်ရဟန်းအောက် ယုတ်ညံ့နေသော အဖြစ်ဖြင့် အလုပ်အကျွေး ဖြစ်ရခြင်း မဟုတ်။ ရသေ့သည်ကား သီလစသော ဂုဏ်၏ အစွမ်းအားဖြင့်လည်းကောင်း၊ ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်ပေးခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း နှစ်ပါးစုံအားဖြင့် ရဟန်းအောက် ယုတ်ညံ့နေသည်၏ အဖြစ်ဖြင့် အလုပ်အကျွေး ဖြစ်ရသည်။ ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်ပေးကာမျှဖြင့် အလုပ်အကျွေး ဖြစ်ရခြင်း မဟုတ်။ ဤသို့ ရဟန္တာ သာမဏေနှင့် ရသေ့တို့၏ အလုပ်အကျွေး ဖြစ်ရမှု ထူးခြား ကွဲလွဲပုံကို ရည်ရွယ်၍ ရသေ့၏ သာလျှင် ရဟန်း၏ အလုပ်အကျွေး အဖြစ်ကို ဤ၌ ဆိုလိုရင်းဖြစ်သည်ဟူသော ပဒပိဏ္ဍတ္ထကို အဋ္ဌကထာ ဆရာ ပြသည်။ (ဋီသစ်)

### (ဠ၊ နှာ ၂၄၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ရသေ့ရှစ်မျိုးတို့ကို ဖော်ပြပါ။

ဖြေ။ ၁။ သပုတ္တဘရိယတာပသ ၂။ ဥဥ္ဆာစရိယတာပသ ၃။ အနဂ္ဂိပက္ကိကတာပသ ၄။ အသာမပါကတာပသ ၅။ အသ္မမုဋ္ဌိကတာပသ ၆။ ဒန္တဝက္ကလိကတာပသ ၇။ ပဝတ္တဖလဘောဇနတာပသ ၈။ ပဏ္ဍုပလာသိက တာပသတို့ ဖြစ်၏။

### (ဠ၊ နှာ ၂၄၀+၂၄၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ စတုအပါယမုခကထာ၌ ရသေ့ရဟန်း၏ အဖြစ်သည် သာသနာ၏ ပျက်စီးကြောင်း ဖြစ်၏ဟု ဘုရားရှင် ဟောရာ၌ ဘုရားရှင်၏ သန္ဓာယဘာသိတကို ဖော်ပြပါ။

ဖြေ။ ဠ၊ နှာ-၂၄၀+၂၄၁-လာ ယသ္မာ ဂစ္ဆန္တံ ဂစ္ဆန္တံ သာသနံ တာပသပဗ္ဗဇ္ဇာဝသေန ဩသက္ကိဿတိ ။ပ။ ဣဒံ သန္ဓာယ ဘဂဝါ တာပသပဗ္ဗဇ္ဇံ သာသနဿ ဝိနာသမုခန္တိ အာဟကို မြန်မာပြန်၍ ဖြေရုံသာ။

.ttp://www.dhammadownload.com



မေး။ ဝိဇ္ဇာစရဏသမ္ပဒါယ စတ္တာရိ အပါယမုခါနိ ဘဝန္တိ ဟူသော ပါဠိတော်၌ အပါယမုခ ၄-ပါး သရုပ်ကို သိသာရုံမျှ ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ၁။ ပဝတ္တဖလဘောဇနိကာ – အလိုလို ကြွေကျသော သစ်သီးကို စားရသော ရသေ့၏ အဖြစ်၊
၂။ ကန္ဒမူလဖလဘောဇနိကာ – သစ်ဖု, သစ်မြစ်ကို စားရသော ရသေ့၏ အဖြစ်၊
၃။ အဂျာဂါရိကာ – မီးကို လုပ်ကျွေးသော ရသေ့၏ အဖြစ်၊
၄။ အာဂါရိကာ – ရေဖြင့် လုပ်ကျွေးပူဇော်၍ ခရီးဆုံ၌ နေရသော ရသေ့၏ အဖြစ်တို့တည်း။ (ဋီသစ်)

**(၄၂ နှာ ၂၄၁+၂၄၂–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ရသေ့ရှစ်မျိုးတို့၏ အဓိပ္ပါယ်ကိုရေးခဲ့ပါ။

ဖြေ။ ကေဏိယမည်သော ရသေ့ကဲ့သို့ ဥစ္စာကို ကောင်းစွာ တည်တံ့စေ၍ နေကြကုန်သော ရသေ့တို့သည် "သပုတ္တဘရိယတာပသ–သားမယားနှင့် တကွဖြစ်သော ရသေ့"တို့ မည်ကုန်၏။

သားမယားနှင့်တကွ ဖြစ်သည်၏ အဖြစ်မည်သည် (ဝါ) သားမယား ရှိသူ၏ အဖြစ်မည်သည် ရသေ့ရဟန်းအား မသင့်ဟု ကြံစည်၍ ကောက်ရိတ်ရာ,နယ်ရာ ဌာနတို့၌ ကောက်စပါး, ပဲနောက်, ပဲကြီး, နှမ်း အစရှိသည်တို့ကို အလှူခံသောအားဖြင့် စုရုံး၍ ချက်၍ သုံးဆောင်ကြသော ရသေ့တို့သည် "ဥဉ္ဆာစရိယတာပသ –ကောက်ပဲတို့ကို ရှာမှီးခြင်းဟူသော အသက်မွေးဝမ်းကြောင်း အကျင့်ရှိသော ရသေ့"တို့ မည်ကုန်၏။

ကောက်ပဲနယ်ရာ တလင်းတစ်ခုဖြင့် ကောက်ပဲနယ်ရာ တလင်းတစ်ခုသို့ လှည့်လည်သွားလာ၍ ကောက်ပဲကို ဆောင်ယူပြီးလျှင် ထောင်းထု၍ သုံးဆောင်ရခြင်းမည်သည် ရသေ့ရဟန်းအား မသင့်ဟု ကြံစည်၍ ရွာ, နိဂုံးတို့၌ ဆန်ဆွမ်းကို ခံယူပြီး ချက်ပြုတ်၍ သုံးဆောင်ကြသော ရသေ့တို့သည် "အနဂ္ဂိပက္ကိကတာပသ– မီးဖြင့် ချက်အပ်သော ဆွမ်းဖြင့် အသက်မွေးသူများ မဟုတ်သော ရသေ့"တို့ မည်ကုန်၏။

ရသေ့ရဟန်းအား ကိုယ်တိုင် ချက်ချင်းဖြင့် အဘယ်မှာ သင့်တော်အံ့နည်းဟု ကြံ၍ ရွာတွင်းသို့ ဝင်ကာ ချက်အပ်ပြီးသော ထမင်းကို ခံယူကုန်သော ရသေ့တို့သည် "အသာမပါကတာပသ–ကိုယ်တိုင်ချက်ခြင်း မရှိသော ရသေ့"တို့ မည်ကုန်၏။

နေ့စဉ်နေ့တိုင်း ဆွမ်းကို ရှာမှီးရခြင်းမည်သည် ရသေ့ရဟန်းအား ဆင်းရဲ၏ဟု ကြံ၍ လက်ဆုပ်ပမာဏရှိသော ကျောက်ဖြင့် ဇုံး(ဇွေး)ပင် အစရှိကုန်သော သစ်ပင်တို့၏ အခွံအခေါက်ကို ထုရိုက်၍ ခဲစားကုန်သော ရသေ့တို့သည် "အသ္မမုဋ္ဌိကတာပသ–လက်ဆုပ်ပမာဏရှိသော သံကဲ့သို့ မာသော ကျောက်ဖြင့် အသက်မွေး သော ရသေ့"တို့ မည်ကုန်၏။

ကျောက်ဖြင့် ကောက်စပါးကို ထောင်းထု၍ လှည့်လည်ရခြင်းမည်သည် ဆင်းရဲ၏ဟု ကြံ၍ သွားတို့ဖြင့် သစ်ခွံ, သစ်ခေါက်ကို ထုတ်နုတ်၍ ခဲစားကုန်သော ရသေ့တို့သည် "ဒန္တဝက္ကလိကတာပသ–သွားတို့ဖြင့် ထုတ်နုတ်အပ်သော အခွံအခေါက်ဖြင့် အသက်မွေးကြသော ရသေ့"တို့ မည်ကုန်၏။

သွားတို့ဖြင့် နုတ်ယူအပ်သော သစ်ခွံသစ်ခေါက်ကို စားသော ရသေ့အား ဆင်းရဲ၏ဟု ကြံစည်၍ ခဲ,ဒုတ် အစရှိသည်တို့ဖြင့် ပုတ်ခတ်၍ ကျစေအပ်ကုန်သော သစ်သီးတို့ကို သုံးဆောင်ကြကုန်သော ရသေ့တို့သည် "ပဝတ္တဖလဘောဇနတာပသ–ဖြစ်စေအပ်သော သစ်သီးဟူသော အစာရှိသော ရသေ့"တို့ မည်ကုန်၏။

ခဲ,ဒုတ်တို့ဖြင့် ကျစေ၍ သုံးဆောင်ရခြင်းမည်သည် ရသေ့များအား မလျောက်ပတ်ဟု ကြံ၍ အလိုလို ကြွေကျ ကုန်သော အပွင့်,အသီး,အဖု,သစ်ရွက် အစရှိသည်တို့ကို ခဲစားကြကုန်, မျှတကြကုန်သော ရသေ့တို့သည် "ပဏ္ဍုပလာသိကတာပသ–ဖျော့တော့ဝင်းဝါသော သစ်ရွက်တို့ဖြင့် အသက်မွေးကြသော ရသေ့"တို့ မည် ကုန်၏။

ttp://www.dhammadownload.com



## (၄၊ နှာ ၂၄၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **အာပါယိကောပိ အပရိပူရမာနောကို** အာပါယိကေနာပိ အပရိပူရမာနေနဟု အဋ္ဌကထာဆရာ ဖွင့်ဆိုခြင်းသည် သံဝဏ္ဏေတဗ္ဗပုဒ်၌ ရှိသော သိဝိဘတ်များကို ကရဏတ္တ၌ သက်ကြသည်ကို သိစေလိုသောကြောင့်ဟု ယူခဲ့သော် သင့်/မသင့်ကို အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ မသင့်ပါ။

အကြောင်းကား = ကတ္တားနှင့် ကရိဏ်းပုဒ်တို့မည်သည် အရကွဲရမည်သာ ဖြစ်သောကြောင့်လည်းကောင်း၊ ဤ အာပါယိကေန အပရိပူရမာနေန ဟူသော တတိယန္တ ပုဒ်တို့နှင့် အာစရိယေန ဗြာဟ္မဏေန ပေါက္ခရသာတိနာ ဟူသော အဝုတ္တကတ္တား ပုဒ်တို့သည် ပေါက္ခရသာတိပုဏ္ဏား တစ်ယောက်တည်းသာ ဖြစ်၍ အရတူ နေသောကြောင့်လည်းကောင်း၊ အရတူသော ပုဒ်အချင်းချင်း ကရိဏ်း အဖြစ်သို့ မရောက်နိုင်သောကြောင့် လည်းကောင်းတည်း။ (ဋီသစ်)

မေး။ သမ္မုခါဝဋ္ဋနီ အတတ်ဟူသည် အဘယ်နည်း။

ဖြေ။ ပေးခြင်းငှာ အလိုမရှိပါသော်လည်း ပေးလိုမှုကို ပြ၍ မျက်မှောက်၌ အလွန်လည်အောင်, တွေဝေအောင် ပြုကြောင်းဖြစ်သော အတတ်တည်း။ (စာစဉ်)

မေး။ ပေါက္ခရသာတိပုဏ္ဏားအား ပသေနဒီကောသလမင်း၏ မျက်မှောက်တွေ့ခွင့် မပေးခြင်း အကြောင်းကို အဋ္ဌကထာ လာသည့်အတိုင်း ဖော်ပြပါ။

ဖြေ။ ၁။ ပေါက္ခရသာတိပုဏ္ဏားသည် သမ္မုခါဝဋ္ဋနီမာယာ အတတ်ကို တတ်၏။ ထိုအတတ်ဖြင့် အလိုရှိသော ပစ္စည်းကို ပိုင်ရှင်ထံမှ တောင်းယူတတ်သောကြောင့်လည်းကောင်း၊

၂။ မင်းကြီးနှင့် ပုဏ္ဏားတို့ ရင်းနှီးကြသည်ကို သည်းမခံနိုင်ကြသော မနာလိုကြသော အမတ်စသော ပုဂ္ဂိုလ်များက "ပုဏ္ဏားမှာ ခရုသင်း သမင်ဖြူ နူနာ ရှိသည်, ကိုယ်လက်တွေ့ထိ နီးနှောခြင်းဖြင့် ရောဂါကူးစက် နိုင်ပါသည်"ဟု ဂုံးတိုက်ထားသောကြောင့်လည်းကောင်း မျက်မှောက် တွေ့ခွင့် မပေးခြင်း ဖြစ်၏။(၄)

မေး။ ပေါက္ခရသာတိသည် မျက်မှောက်၌ လှည့်ပတ်တတ်သော သမ္မုခါဝဋ္ဋနီ မာယာအတတ်ကို တတ်ခြင်း၊ ပေါက္ခရသာတိ၌ ခန္ဓာကိုယ်ဝယ် ခရုသင်း သမင်ဖြူ နူနာပေါက်ရောက်လျက် ရှိခြင်းဟူသော အကြောင်း နှစ်ပါးတို့ကြောင့် မျက်မှောက်တွေ့ခွင့် မပေးခြင်းဟူသော အကြောင်းနှစ်မျိုးတို့တွင် ဣဓာဓိပ္ပေတတ္ထကား အဘယ်နည်း၊ အကြောင်းပြ ဖြေဆိုပါ။

ဖြေ။ ဣဓာဓိပ္ပေတတ္ထကား = သူများ မပေးလိုသော ဥစ္စာများကို မျက်မှောက်၌ပင် လှည့်ပတ်၍ ယူတတ်သော သမ္မုခါဝဋ္ဋနီ မာယာအတတ်ကို တတ်ခြင်းသာတည်း။

အကြောင်းကား = နူနာရှိခြင်း အကြောင်းသည် နောက်မှ မင်းနှင့် ပေါက္ခရသာတိ အလွန်ကြွမ်းဝင်မှုကို သည်းမခံနိုင်ကြသော မနာလိုကြသော အမတ်စသော ပုဂ္ဂိုလ်များက ဆိုကြသော အကြောင်း ဖြစ်သော ကြောင့်တည်း။

မေး။ ဗြာဟ္မဏော ပဏ္ဍိတော ခတ္တဝိဇ္ဇာယ ကုသလော ဝါကျ၌ "ခတ္တဝိဇ္ဇာ" သရုပ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ခတ္တဝိဇ္ဇာသရုပ်ကား = အိမ်ရာမြေကြန်ကို သိကြောင်းဖြစ်သော အင်္ဂေယျကျမ်း (ခေါ်) အဗ္ဗေယျကျမ်း၊ မာသုရက္ခကျမ်း၊ ရာဇသတ်ကျမ်း အစရှိသော နီတိကျမ်းများ ဖြစ်သည်။ (၄၊ ဋီသစ်)

(တစ်နည်း) အမတ်ကြီးများ အမြဲအသုံးပြုသော အတတ်ပညာများကို ရေးသားထားသည့် နီတိကျမ်းများ ဖြစ်သည်။ (အဖြေသစ်)

ttp://www.dhammadownload.com



မေး။ "န တု သဒ္ဒါ အနတ္တာ–အနက်ကို မဟောကြားနိုင်သော သဒ္ဒါမရှိ"ဟူသော ဘေဒစိန္တာ စကားနှင့် **တိရော ဒုဿန္ဒေနနဲ့** "အန္တသဒ္ဒါ အနက်မရှိ"ဟု ဖွင့်သော အဋ္ဌကထာ စကားတို့ကို ဆန့်ကျင်မှု မရှိအောင် ကျမ်းညှိပြပါ။

ဖြေ။ န တု သဒ္ဒါ အနတ္တာတိ၊ နျာယေန ပဒပူရဏော။ ပဒတ္ထော သုတိယာ တဿ၊ ပဒတ္ထေဝ ပဝတ္တိတော ဟူသော ဘေဒစိန္တာ ဂါထာကို ထောက်၍ "အနက်ကို မဟောကြားနိုင်သော သဒ္ဒါမရှိ"ဟူသော စကားသည် ကေန်မုချနည်းအားဖြင့် ဆိုထားခြင်း ဖြစ်သည်။

တိရောဒုဿန္ဒေနနဲ့ "အန္တသဒ္ဒါ အနက်မရှိ"ဟု ဖွင့်ဆိုသော စကားသည် မိမိတို့ ကိုယ်ပိုင်အနက် မရှိခြင်းကို ရည်ရွယ်၍ ဆိုခြင်းဖြစ်သည်။ မိမိနှင့် ယှဉ်စပ်တည်ရာ ရှေ့ပုဒ်၏ အနက်ကိုကား ထပ်ဆင့်ကပ်မြှောင်၍ ဟောကြားနိုင်သဖြင့် အန္တသဒ္ဒါသည်လည်း အနက်ရှိသော သဒ္ဒါသာ ဖြစ်သောကြောင့် "န တု သဒ္ဒါ အနတ္တာ" ဟူသော စကားနှင့် မဆန့်ကျင်ဘဲ ညီညွတ်၍ နေပေတော့၏။

မေး။ **တိရောဒုဿန္ဒေနနဲ့** ဒုဿ အရ ယူရမည့်အရာကို ယုတ္တိနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဒုဿ အရ = တင်းတိမ်ကန့်လန့်ကာ အရုံတစ်ခုတည်းကိုသာ ယူပါ။

ယုတ္တိကား = "သာဏိပါကာရဿ အန္တော ဌတ္ဝာ"ဟု အဋ္ဌကထာဆရာ ဆိုသောကြောင့်လည်းကောင်း၊ ဒုဿဟူသော သဒ္ဒါသည် အပေါင်းဖြစ်သော အဝတ်အားလုံးတို့၏ ဒုဿဟူသော အမည်ကို အစိတ်ဖြစ်သော တင်းတိမ်ကန့်လန့်ကာ အရုံတစ်ခုတည်း၌သာ တင်စား၍ ဆိုသော ဧကဒေသျူပစာသဒ္ဒါသာ ဖြစ်သောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

မေး။ **ပဃာတ**ဟူသည် အဘယ်နည်း။

ဖြေ။ မတကဘတ် အသွင်ဖြင့် ဖြစ်စေ, နိစ္စဘတ် အသွင်ဖြင့် ဖြစ်စေ ရှေ့ရှုဆောင်၍ လှူအပ်သော ကုတ်ဟီးထမင်း သည်လည်းကောင်း၊ အမြဲရအပ်သော ထမင်းသည်လည်းကောင်း ပဃာတ မည်၏။

**(ဌ၊ နှာ ၂၄၄–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ တေ ကိရ ဒိဗ္ဗေန စက္ခုနာ ဩလောကေတွာ ပရူပဃာတံ အကတွာ ကဿပသမ္မာသမ္ဗုဒ္ဓဿ ဘဂဝတော ပါဝစနေန သဟ သံသန္ဒိတွာ မန္တေ ဂန္ထိံသု ဟူသော ဝါကျ၌လာသော ဒိဗ္ဗေန စက္ခုနာ၏အရ ယူရမည့် တရားနှင့် မယူရမည့် တရားတို့ကို တိကျစွာ ရှင်းလင်းကောက်ပြပါ။

ဖြေ။ ဒိဗ္ဗေန စက္ခုနာ အရ = ဒိဗ္ဗစက္ခု အဘိညာဉ်ဉာဏ်၏ အခြံအရံသဖွယ် ဖြစ်သော, ဒိဗ္ဗစက္ခု ဟူသော ပရိကမ်ရှိသော ယထာကမ္မူပဂ ဉာဏ်ကိုလည်းကောင်း၊ ဒိဗ္ဗစက္ခုနှင့် မြင်တတ်ခြင်း တူသော, ဒိဗ္ဗစက္ခု ဉာဏ်ကဲ့သို့ အတိတ်အာရုံများကို လှမ်းမျှော် ကြည့်ရှုနိုင်သော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ကိုလည်းကောင်း ယူရမည်။ ဒိဗ္ဗစက္ခုအဘိညာဉ် ဉာဏ်အစစ်ကို မယူရပါ။

ရှင်းပါဦးအံ့။ ဝေဒမန္တာန်ကို ပြုစီရင်ကြကုန်သော ရှေးရသေ့တို့သည် ဒိဗ္ဗစက္ခုဖြင့် သတ္တဝါတို့ကို မြင်၍ "မည်သည့် ကံကြောင့် ဤသို့ ဖြစ်ရပါလိမ့်မည်နည်း"ဟု စဉ်းစားကြကုန်၏။ ထိုအခါ ယထာကမ္မူပဂ ဉာဏ်ဖြင့် ထိုသတ္တဝါတို့၏ ရှေးက ပြုအပ်ခဲ့သော ကံကို သိကြရကုန်၏။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ရှေးရှေးကမ္ဘာတို့၌ ရသေ့,ဗြာဟ္မဏတို့၏ ဝေဒမန္တာန် စီရင်ခဲ့ပုံကိုလည်း မြင်ကြရကုန်၏။ သတ္တဝါတို့၏ အတိတ်ကံနှင့် အတိတ်ကမ္ဘာတို့၌ ရသေ့,ဗြာဟ္မဏတို့၏ ဝေဒမန္တာန် စီရင်ခဲ့ပုံတို့ကို သိမြင်ကုန်၍ ဝေဒမန္တာန် များကို ပြုစီရင်ကြကုန်၏။ ဤသို့လျှင် အတိတ်အာရုံများကို အာရုံပြု၍ ဝေဒမန္တာန်များကို ပြုစီရင်ရသည် ဖြစ်ရကား ဒိဗ္ဗေန စက္ခုနာ အရ = ဤနေရာ၌ ယထာကမ္မူပဂ ဉာဏ်ကိုလည်းကောင်း၊ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ကိုလည်းကောင်း ယူရသည်။

ttp://www.dhammadownload.com



ဒိဗ္ဗစက္ခု အဘိညာဉ်သည် ပစ္စုပ္ပန်ရူပါရုံကိုသာ အာရုံပြုနိုင်၏၊ အတိတ်အာရုံများကို အာရုံမပြုနိုင်။ အတိတ်အာရုံများကို အာရုံပြု၍ ဝေဒမန္တာန်များကို ပြုစီရင်ရသည် ဖြစ်ရကား ဒိဗ္ဗေန စက္ခုနာ အရ = ဒိဗ္ဗစက္ခု အဘိညာဉ် ဉာဏ်အစစ်ကို မယူရပါ။ (ဘာဋီ+ဋီသစ်)

မေး။ တေ ကိရ ဒိဗ္ဗေန စက္ခုနာ ဩလောကေတွာ ပရူပဃာတံ အကတွာ ကဿပသမ္မာသမ္ဗုဒ္ဓဿ ဘဂဝတော ပါဝစနေန သဟ သံသန္ဒိတွာ မန္တေ ဂန္ထိံသု ဟူသော ဝါကျ၌လာသော ပါဝစနေန၏ အရကောက်ကို တိကျစွာ ရှင်းလင်းကောက်ပြပါ။

ဖြေ။ ပါဝစနေန အရ = ကဿပဘုရား ဟောကြားတော်မူသော ဝဋ္ဋနိဿိတ ပါဠိတော် စကားများကို ယူရမည်။ အကြောင်းကား = ကဿပဘုရားရှင် ဟောကြားတော်မူခဲ့သော ဝဋ္ဋနိဿိတ ပါဠိတော်များနှင့် မဆန့်ကျင်ဘဲ ညီညွတ်နီးနှောမိအောင် ဗေဒင်ကျမ်းများကို ရေးသားခဲ့သောကြောင့်လည်းကောင်း၊ ကဿပဘုရားရှင် ဟောကြားတော်မူခဲ့သော ဝိဝဋ္ဋနိဿိတ ပါဠိတော်များနှင့် ယင်း၏ စကား အနက်,အဓိပ္ပါယ်ကို အဋ္ဌက စသော ဗေဒင်ကျမ်းပြု ရသေ့များ မျက်မှောက်ထင်ထင် မသိမမြင် နားမလည် နိုင်ကြသောကြောင့်လည်း ကောင်းတည်း။ (ဋီသစ်)

မေး။ ဗေဒင်ကျမ်းများကို အဘယ်ဘာသာ, အဘယ်ဖွဲ့နည်းတို့ဖြင့် ရေးဖွဲ့သနည်း။ (မန္တေ ဂန္ထိံသု)

ဖြေ။ ဗေဒင်ကျမ်းများကို သက္ကဋဘာသာဖြင့်သာ ရေးဖွဲ့ခဲ့ကြသည်။

ဖွဲ့နည်းကား . . .

၁။ ပဇ္ဇဗန္ဓ–ဂါထာဖြင့် သီကုံးသောအဖွဲ့ ၂။ ဂဇ္ဇဗန္ဓ–စုဏ္ဏိယဝါကျဖြင့် သီကုံးသောအဖွဲ့ ဟူသည့် ဖွဲ့နည်း (ဗန္ဓ)နှစ်ပါးတို့၏ အစွမ်းအားဖြင့် သင့်လျော်သလို ရေးဖွဲ့ခဲ့ကြသည်။ (ဋီသစ်)

မေး။ **နေတံ ဌာနံ ဝိဇ္ဇတီတိ ယေန တွံ ဣသိ ဘဝေယျာသိ၊ တေ ကာရဏံ န ဝိဇ္ဇတိ** ဟူသော ဝါကျ၏ သံဝဏ္ဏနာ အနိယမ စကား၌ ဣသိ အရကိုလည်း အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ ဣသိဟု ဆိုခြင်းကား နိဒဿနမျှသာတည်း။ ထို့ကြောင့် ရသေ့ကိုလည်းကောင်း၊ ရသေ့ဖြစ်ရန် ကျင့်နေသူကို လည်းကောင်း ဣသိ အရ ယူရမည်။ (ဋီသစ်)

**(၄။ နှာ ၂၄၅–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **ကုတ္တဝါလေဟီတိ** သောဘာကရဏတ္ထံ ကပ္ပေတုံ ယုတ္တဋ္ဌာနေသု ကပ္ပိတဝါလေဟိ ဝါကျ၌ လာသော ယုတ္တဋ္ဌာနေသု၌ ယုတ္တဋ္ဌာနများကို ဖော်ပြပါ။

ဖြေ။ သင့်လျော်သော လည်ပင်း, ဦးခေါင်း, မြီးဆံဖျား အစရှိသော အရပ်တို့ ဖြစ်သည်။ (ဋီသစ်)

မေး။ ဝဠဝါနံ့ယေဝ ဝါလာ၌ ဝါလ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဝါလ အရ = မြီးဆံနှင့် အမွေးတို့ကို ရ၏။

အကြောင်းကား = ဝါလဟူသော သဒ္ဒါသည် မုချအားဖြင့် မြီးဆံကို ဟောသော်လည်း ... ဤ၌ကား အစိတ်ဖြစ်သော မြီးဆံ၏ ဝါလဟူသော အမည်ကို အပေါင်းဖြစ်သော မြီးဆံ,အမွေးတို့၌ တင်စား၍ ဝါလဟု ခေါ်ဝေါ်သုံးစွဲထားသော ဧကဒေသူပစာ သဒ္ဒါသာ ဖြစ်သောကြောင့်တည်း။ (ဋီသစ်)

မေး။ မြင်းမတို့၏ အမွေးတို့ကိုသာ ရိတ်ဖြတ်အပ်ကုန်၏၊ ရထားတို့၌ ရိတ်ဖြတ်စရာ အမွေးအပင် မရှိပါဘဲလျက် အဘယ်ကြောင့် ရထားတို့ကို "ကုတ္တဝါလာ"ဟု ဆိုသနည်း။

ဖြေ။ မြင်းမတို့၏ အမွေးတို့ကိုသာ ဖြတ်အပ်ကုန်၏၊ ရထားတို့၌ ဖြတ်စရာ အမွေးအပင် မရှိ။ သို့သော် အမွေး ဖြတ်ထားပြီးသော မြင်းမတို့ဖြင့် ထိုရထားတို့ကို ကပ်ယှဉ်အပ်ကုန်သောကြောင့် သဟစရဏနည်း+ဌာနျူပစာရ အားဖြင့် ရထားတို့ကိုလည်း "ကုတ္တဝါလာ"ဟု ဆိုသည်။ (ဋီသစ်+ဘာဋီ)

ttp://www.dhammadownload.com



မေး။ **နဂရူပကာရိကာသု** ပါဠိ၌ အင်္ဂတေအမူကို "ဥပကာရိကာ"ဟု ဆိုရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ကတာသုတာကမ္ဘဒ္ဒါနကို မြို့၏ အနီး၌ ပြုအပ်သောကြောင့်လည်းကောင်း၊ လျော်သော ကျေးဇူးကို ပြုတတ်သော ကြောင့်လည်းကောင်း အင်္ဂတေအမူကို "ဥပကာရိကာ"ဟု ဆိုသည်။ (ဋီသစ်)

မေး။ ဧဝံ ဝတ္တာ ပန ယသ္မာ ဗုဒ္ဓါနံ နိသိန္နာနံ ဝါ နိပန္နာနံ ဝါ ကောစိ လက္ခဏံ ပရိယေသိတုံ န သက္ကောတိ ဝါကျ၌ "န သက္ကောတိ"ဟု ဆိုထားရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ထိုင်ခြင်း,လျောင်းခြင်း ဣရိယာပုထ် နှစ်ပါး၌ ကိုယ်အင်္ဂါတို့သည် တွန့်နေ, ကွေးနေရကား အချို့ လက္ခဏာ တော်များကို အကုန်အစင် အထင်အရှား မမြင်ရသောကြောင့် "န သက္ကောတိ"ဟု ဆိုသည်။

မေး။ ဌိတာနံ ပန စင်္ကမန္တာနံ ဝါ သက္ကောတိ ဝါကျ၌ "သက္ကောတိ"ဟု ဆိုထားရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ရပ်ခြင်း, စင်္ကြံကြွသွားခြင်း ဣရိယာပုထ် နှစ်ပါး၌ လက္ခဏာများကို အကုန်အစင် ထင်ထင်ရှားရှား တွေ့မြင် ရသောကြောင့် "သက္ကောတိ" ဟု ဆိုသည်။

**(ဌ၊ နှာ ၂၄၆-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ကဠိ၊ ဝိစိကိစ္ဆာ၊ အနမိမုစ္စနတာတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ အားနည်းသော တွေးတော ယုံမှားခြင်းသည် ကဠိ။
အလယ်အလတ်ဖြစ်သော တွေးတော ယုံမှားခြင်းသည် ဝိစိကိစ္ဆာ။
အားကြီးသော တွေးတော ယုံမှားခြင်းသည် အနမိမုစ္စနတာ။
ဤသို့ အခိုက်အတန့်အားဖြင့် ထူးသည်။ (ဌ)

မေး။ အဘယ်ကို "ဝတ္ထိကောသ"၊ အဘယ်ကို "ကောသောဟိတ"ဟု ခေါ်သနည်း။

ဖြေ။ နွားလားဥသဘ, ဂန္ဓဆင်မင်းတို့၌ ချက်၏ အောက်နားဝယ် အင်္ဂါဇာတ်ကို ဖုံးထားသော အိတ်တစ်မျိုး ရှိ၏။ ထိုအိတ်ကို "ဝတ္ထိကောသ"ဟု ခေါ်သည်။
ထိုအိတ်ဖြင့် ဖုံးထားအပ်သော ဘုရားရှင်၏ အင်္ဂါဇာတ်တော်ကို "ကောသောဟိတ"ဟု ခေါ်သည်။

အမှာ။ ထိုအင်္ဂါဇာတ်သည် ဖွားမြင်သည်မှ စ၍ အိတ်နှင့်တကွ ပါလာ၏။ သာမန်လူတို့ကဲ့သို့ တိုးလို့ တန်းလန်း မဟုတ်၊ ကိစ္စရှိမှ အပြင်ဘက်သို့ ထွက်ပေါ်လာသည်။

မေး။ ဘုရားရှင်၏ အင်္ဂါဇာတ်တော်သည် ကောပိန ဖြစ်ပါလျက် "အကောပိန"ဟု ဆိုရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ဘုရားရှင်၏ အင်္ဂါဇာတ်တော်သည် အပ,အတွင်း အညစ်အကြေးတို့ဖြင့် မညစ်ပေသောကြောင့်လည်းကောင်း၊ ကြာမြင့်စွာ ကာလပတ်လုံး ဆည်းပူးအပ်ခဲ့သော ဗြဟ္မစရိယဟူသော ကောင်းမှုအထူး ရှိသောကြောင့်လည်း ကောင်း၊ ကောင်းစွာတည်သော ပုံသဏ္ဌာန်၏ လုပပြည့်စုံခြင်းကြောင့်လည်းကောင်း ကောပိန (လျှို့ဝှက် စရာ အင်္ဂါ)ပင် ဖြစ်သော်လည်း အကောပိန (လျှို့ဝှက်စရာ မဟုတ်သော အင်္ဂါ)ဟု ဆိုရပေသည်။ (ဋီသစ်)

မေး။ လူအများ အရှက်ကို ပြုအပ်ရာ ဝတ္ထဂုယှကို အမ္ဗဋ္ဌလုလင်အား ပြတော်မူရာ၌ အဆုံးအဖြတ်ကို ဖော်ပြပါ။

ဖြေ။ ဝတ္ထဂုယှကို အမ္ဗဋ္ဌအား ပြတော်မူရာ၌ မြတ်စွာဘုရားသည် လျှို့ဝှက်အပ်သော အင်္ဂါဇာတ် အစစ်ကို ပြတော်မူသည်ကား မဟုတ်၊ တန်ခိုးဖန်ဆင်းတော်မူ၍ သင်းပိုင်ဝတ်သော ခါးပန်းကြိုးပန်းသော သင်္ကန်းရုံသော အင်္ဂါဇာတ်၏ အရိပ်အရောင် အတုကလေးမျှကိုသာ ပြတော်မူခြင်း ဖြစ်၏။ (ဌ)

မေး။ ဘုရားရှင်သည် အမ္ဗဋ္ဌအား မိမိ၏ လျှာတော်ကို အဘယ်သို့ ပြသနည်း၊ ထိုသို့ ပြခြင်းဖြင့် အဘယ်သို့သော အကျိုးကို မြော်ကိုးပါသနည်း၊ အသီးသီးဖြေဆိုပါ။

ttp://www.dhammadownload.com



ဖြေ။ ဘုရားရှင်သည် လျှာတော်ကို ထုတ်၍ နားနှစ်ဘက်, နှာခေါင်းနှစ်ပေါက်, နဖူးပြင်တို့ကို သုံးသပ်ပါသည်။ နားနှစ်ဘက်ကို သုံးသပ်ခြင်းသည် ရှည်သော လျှာရှိကြောင်းကို ပြရန် ဖြစ်၏။ နှာခေါင်း နှစ်ပေါက်ကို သုံးသပ်ခြင်းသည် ပါးလွှာသော လျှာရှိကြောင်းကို ပြရန် ဖြစ်၏။ နဖူးပြင်ကို သုံးသပ်ခြင်းသည် ကျယ်ပြန့်သော လျှာရှိကြောင်းကို ပြရန်ဖြစ်၏။ ဤသို့ ပြခြင်းသည် အမ္ဗဋ္ဌ၏ ယုံမှားမှုကို ပယ်ဖျောက်ခြင်း စသော အကျိုးတို့ကို မြော်ကိုးသည်။

**(ဌ၊ နှာ ၂၄၇–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **သဟတ္ထာ** ပုဒ်၌ ရှိသော ဝိဘတ်ကို သက်ရာအနက်နှင့်တကွ သုတ်ထောက်၍ ညွှန်ပြခဲ့ပါ။

ဖြေ။ သဟတ္ထာ ပုဒ်၌ ရှိသော ဝိဘတ်သည် နာဝိဘတ် မဟုတ်၊ သ္မာဝိဘတ်သာတည်း။
ယင်းသ္မာဝိဘတ်သည် ဓာတုနာမာန စသော သုတ်၌လာသော စသဒ္ဒါဖြင့် ကရဏတ္ထ၌ သက်သည်။ (တစ်နည်း) အပါဒါနေ ပဉ္စမီ သုတ်၌ အပါဒါနေ ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ကရဏတ္ထ၌ သက်သည်။ (ဋီသစ်)

မေး။ ပါဠိတော်လာ ပေါက္ခရသာတိသ နိဝေသနံ၌ "နိဝေသန"၏ အရကို သဘာဝကျကျ ဖော်ပြပါ။

ဖြေ။ ပုဏ္ဏားကြီးသည် ဘုရားထံတော်သို့ လာစဉ်ကပင် ခဲဖွယ်, ဘောဇဉ်တို့ကို စီစဉ်ပြီး ယာဉ်၌ တင်ထားခဲ့ပြီး ဖြစ်၍ "နိဋ္ဌိတံ ဘတ္တံ"ဟု ချက်ခြင်း လျှောက်ထားနိုင်သည်ကို ထောက်သောကြောင့် ...
နိဝေသန အရ = ပုဏ္ဏား၏ မြို့တွင်းက အိမ်ကို မယူရ၊ ခေတ္တတည်းခိုရာ နေရာကိုသာ ယူပါ။

အမှာ။ ပါဠိတော်နှင့် တွဲ၍ ရှုမှသာ ဤအဓိပ္ပါယ်ကို မြင်မည်။

**(ဌ၊ နှာ ၂၄၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **သမ္ပဝါရေသီ**တိ သုဋ္ဌု ပဝါရေသိ၊ "အလံ အလ"န္တိ ဟတ္ထသညာယ ပဋိက္ခိပါပေသိ ဝါကျ၌ ဟတ္ထသညာယ အရ = လက်အမှတ်သားဖြင့်သာ ပယ်မြစ်မှုကို ရနိုင်သလော၊ အဘယ်အရာတို့ကိုလည်း ယူနိုင်သနည်း၊ အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဟတ္ထသညာယ အရ = ဟတ္ထသညာ (လက်အမှတ်သား), မုခဝိကာရ (မျက်နှာ၏ ထူးခြားသော အမူအရာ), ဝစီဘေဒ (နှုတ်မြွက်ခြင်း)တို့ဖြင့် ပယ်မြစ်မှုကို ယူရမည်။
အကြောင်းကား = ဟတ္ထသညာယ ဟူသော စကားသည် ပဓာနနည်း, ဥပလက္ခဏနည်း, နိဒဿန နည်း+ဧကဒေသူပစာအားဖြင့် ဆိုထားသော စကား ဖြစ်သောကြောင့်လည်းကောင်း၊ တော်ပြီ, တန်ပြီဟု ပယ်မြစ်ခြင်းသည် လက်အမှတ်သားဖြင့်သာ မဟုတ်၊ တစ်ပါးသောအရာ၌ မုခဝိကာရ (မျက်နှာ၏ ထူးခြားသော အမူအရာ), ဝစီဘေဒ (နှုတ်မြွက်ခြင်း)တို့ဖြင့်လည်း ပယ်မြစ်မှုကို ဟောတော်မူအပ်သည်၏ အဖြစ် ကြောင့်လည်းကောင်း၊ တပြိုင်နက်သော ခဏ၌ပင် ဟတ္ထသညာ, မုခဝိကာရ, ဝစီဘေဒတို့ဖြင့် ပယ်မြစ်မှုကို ရနိုင်သောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

မေး။ သယမ္ဘုဉာဏေန ဒိဋ္ဌာ အသာဓာရဏာ အဋ္ဌေသန္တိ ဝါကျ၌ "အသာဓာရဏာ အဋ္ဌေသံ"ဟု ဆိုရခြင်း အကြောင်းကို ဖြေဆိုခဲ့ပါ။

ဖြေ။ လောကုတ္တရာတရားကို ရခြင်း၌ သူတစ်ပါးတို့၏ ညွှန်ပြခြင်းမှ ကင်းသောကြောင့်လည်းကောင်း၊ တစ်ပါး တည်းသာလျှင် လောက၌ ရှေးဦးစွာ အနုတ္တရ သမ္မာသမ္ဗောဓိကို ထိုးထွင်း၍ သိသောကြောင့်လည်းကောင်း "အသာဓာရဏာ အဋ္ဌေသံ"ဟု ဆိုသည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ပါဠိတော်လာ ဓမ္မစက္ခု ဥဒပါဒိ ပါဌ်၌ ဓမ္မစက္ခု အရကို ကောက်ပြ၍၊ ယင်းဓမ္မစက္ခု ဖြစ်ပုံ အခြင်းအရာကိုလည်း ဖော်ပြပါ။

ဖြေ။ ဓမ္မစက္ခု အရ = သာမညဖလ, အမ္ဗဋ္ဌသုတ်တို့၌ သောတာပတ္တိမဂ် ဖြစ်သည်။
ဓမ္မစက္ခု ဖြစ်ပုံ အခြင်းအရာကား = အလုံးစုံသော တေဘူမက သင်္ခါရ တရားအပေါင်းသည် ဖြစ်ခြင်းသဘော ရှိ၏။ ထိုဖြစ်ခြင်းသဘော ရှိသော တေဘူမက သင်္ခါရ တရားအားလုံးသည် ချုပ်ခြင်းသဘော ရှိ၏။
* ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ။ (ပါဠိတော်)

အမှာ။ ဓမ္မစက္ခု အရကို = ဗြဟ္မာယုသုတ်၌ အောက်မဂ်သုံးပါး၊ စူဠရာဟုလောဝါဒသုတ်၌ အာသဝက္ခယဉာဏ်တို့ကို ယူသည်။ (ဋီသစ်)

မေး။ တဉ္စ ခေါ နိရောဓံ အာရမ္မဏံ ကတွာ ကိစ္စဝသေန ဧဝံ သဗ္ဗသင်္ခတံ ပဋိဝိဇ္ဈန္တံ ဥပ္ပဇ္ဇတိ ဝါကျ၌ လာသော ကိစ္စဝသေန၌ ကိစ္စ အရကို ဖော်ပြပါ။

ဖြေ။ အသမ္မောဟပဋိဝေဓ ကိစ္စကို ယူပါ။ (ဋီသစ်)

==================

## သောဏဒဏ္ဍသုတ်

### (၄၊ နှာ ၂၄၉-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **အင်္ဂသူတိ** အင်္ဂါ နာမ အင်္ဂပါသာဒိကတ္တာယ ဧဝံ လဒ္ဓဝေါဟာရာ ဇနပဒိနော ရာဇကုမာရာ၊ တေသံ နိဝါသော ဧကောပိ ဇနပဒေါ ရူဠှီသဒ္ဒေန အင်္ဂါတိ ဝုစ္စတိ ဝါကျ၌ လာသော ရူဠှီသဒ္ဒေန ပါဌ်ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို နာနာဝါဒ သွင်း၍ ထင်လင်းစွာ ရေးသားခဲ့ပါ။

ဖြေ။ ရူဠှီသဒ္ဒေန ပါဌ်ဖြင့် အင်္ဂသု သဒ္ဒါသည် နိဿိတ,ဌာနီ ဖြစ်သော မင်းသားတို့၌ ယှဉ်အပ်သော ဗဟုဝုစ် ဝိဘတ်ကို (ဝါ) များသည်၏ အဖြစ်ကို နိဿယ,ဌာန ဖြစ်သော ဇနပုဒ်၌ တင်စားထားသော ဌာနျူပစာ သဒ္ဒါပင်တည်းဟူသော အဓိပ္ပါယ်ကို ပြသည်။
ကေစိဆရာတို့ အလိုအားဖြင့် အင်္ဂသုဟူသော သဒ္ဒါသည် နိဿိတ,ဌာနီ ဖြစ်သော မင်းသားတို့၏ အင်္ဂဟူသော အမည်ကို နိဿယ,ဌာန ဖြစ်သော ဇနပုဒ်၌ တင်စားသော ဌာနျူပစာ သဒ္ဒါပင်တည်းဟူသော အဓိပ္ပါယ်ကို ပြသည်။ (ဋီသစ်)

အမှာ။ ကောသလေသု, မဂဓေသုတို့၌လည်း နည်းတူမှတ်ပါ။

မေး။ **စာရိကန္တိ** ဣဓာပိ အတုရိတစာရိကာ စေဝ နိဗဒ္ဓစာရိကာ စ အဓိပ္ပေတာ ဝါကျ၌ လာသော "ဣဓာပိ"၌ ပိသဒ္ဒါ၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ဣဓာပိ၌ ပိသဒ္ဒါကား = ဝုတ္တသမုစ္စည်း (ခေါ်) သမ္ပိဏ္ဍန အနက်ရှိ၏။
ယင်းပိသဒ္ဒါဖြင့် = အတုရိတစာရိကာ, နိဗဒ္ဓစာရိကာ နှစ်မျိုးကို အမ္ဗဋ္ဌသုတ်၌သာ လိုအပ်သည် မဟုတ်သေး၊ ဤ သောဏဒဏ္ဍသုတ်၌လည်း ယင်းစာရိကာ နှစ်မျိုးကို လိုအပ်သည်ဟု ပေါင်းဆည်း၏။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ဤသုတ်၏ အဋ္ဌကထာ အဖွင့်ကို ရှု၍ မြတ်စွာဘုရားရှင် အင်္ဂတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရခြင်း၏ အကြောင်းတို့ကို ရေးပါ။

ဖြေ။ ဒေသစာရီ လှည့်လည်တော်မူရခြင်း၏ အကြောင်းတို့ကား ...

၁။ မြတ်စွာဘုရားရှင်သည် တစ်သောင်းသော လောကဓာတ်ကို ရှုကြည့် ဆင်ခြင်တော်မူလသော် သောဏဒဏ္ဍ ပုဏ္ဏားသည် သဗ္ဗညုတ ဉာဏ်တော်တည်းဟူသော ကွန်ယက်၏ အတွင်း၌ ထင်လာခြင်း၊

၂။ ထိုအခါ မြတ်စွာဘုရားသည် "ဤပုဏ္ဏားသည် သဗ္ဗညုတ ဉာဏ်တော်တည်းဟူသော ကွန်ယက်၏ အတွင်း၌ ထင်လာ၏၊ ထိုပုဏ္ဏား၏ အားကြီးသော မှီရာ အကြောင်းဥပနိဿယသည် ရှိလေသလော"ဟု ဉာဏ်တော်ဖြင့် စူးစမ်းတော်မူခြင်း၊

၃။ စူးစမ်းသောအခါ "ငါဘုရားသည် ထိုသောဏဒဏ္ဍပုဏ္ဏား ရှိရာအရပ်သို့ ကြွသွားတော်မူသည်ရှိသော် ပုစ္ဆာဝိဿဇ္ဇနာ အဆုံး၌ သရဏဂုံ တည်သူ ဖြစ်လာလိမ့်မည်"ဟု မြင်တော်မူခြင်းတို့တည်း။ (ဌ)

မေး။ သောဏဒဏ္ဍပုဏ္ဏား၏ ဥပနိဿယ ရှိပုံကို မြတ်စွာဘုရား အဘယ်သို့ မြင်တော်မူပါသနည်း။

ဖြေ။ ငါဘုရားသည် သောဏဒဏ္ဍပုဏ္ဏား ရှိရာအရပ်သို့ ကြွသွားတော်မူသည် ရှိသော် ထိုပုဏ္ဏား၏ အနီးနေ တပည့်တို့သည် ၁၂-ပါးကုန်သော အခြင်းအရာတို့ဖြင့် ပုဏ္ဏား၏ ဂုဏ်ကျေးဇူးကို ပြောဆို ချီးမွမ်းကြကုန်၍ ငါဘုရား၏ အထံတော်သို့ လာခွင့်ကို ပေးကြလိမ့်မည် မဟုတ်ကုန်။ ပုဏ္ဏားသည်ကား ထိုတပည့်တို့၏ အယူဝါဒကို ပယ်ဖျက်၍ ၂၉-ပါးကုန်သော အခြင်းအရာတို့ဖြင့် ငါဘုရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုချီးမွမ်း၍ ငါဘုရားသို့ ချဉ်းကပ်ပြီးလျှင် ပြဿနာကို မေးလတ္တံ့။ ပြဿနာကို ဖြေဆိုပြီးသည်၏ အဆုံး၌ ပုဏ္ဏားသည် (ရတနာသုံးပါးကို) ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်လတ္တံ့ဟူ၍ သောဏဒဏ္ဍပုဏ္ဏား၏ အကြောင်း ဥပနိဿယ ရှိပုံကို မြတ်စွာဘုရား မြင်တော်မူ၏။

အမှာ။ မယိ တတ္ထ ဂတေ ။ပ။ သရဏံ ဂမိဿတိ ဟူသော အဋ္ဌကထာပါဠိကို မြန်မာပြန်ရုံပင်တည်း။

မေး။ ဒွါဒသာကာရေဟိ ဗြာဟ္မဏဿ ဝဏ္ဏံ ဘာသိတွာ ဝါကျ၌ ဒွါဒသ သရုပ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။
၁။ ဘုန်းကျက်သရေနှင့် ပြည့်စုံခြင်း၊
၂။ အမျိုးနှင့် ပြည့်စုံခြင်း၊
၃။ ဥစ္စာနှင့် ပြည့်စုံခြင်း၊
၄။ အတတ်ပညာနှင့် ပြည့်စုံခြင်း၊
၅။ အဆင်းနှင့် ပြည့်စုံခြင်း၊
၆။ ပွားပြီးသော အကျင့်သီလနှင့် ပြည့်စုံခြင်း၊
၇။ ပြေပြစ်ဆန်းကျယ်သော စကားနှင့် ပြည့်စုံခြင်း၊
၈။ အခြံအရံနှင့် ပြည့်စုံခြင်း၊
၉။ အရွယ်နှင့် ပြည့်စုံခြင်း၊
၁၀။ မင်းတို့သည် ပူဇော်အပ်သော ဂုဏ်နှင့် ပြည့်စုံခြင်း၊
၁၁။ ပေါက္ခရသာတိ အစရှိသော ပုဏ္ဏားတို့သည် ပူဇော်အပ်သော ဂုဏ်နှင့် ပြည့်စုံခြင်း၊
၁၂။ စမ္ပာပြည်ကို အစိုးရခြင်းဟူသော ဂုဏ်နှင့် ပြည့်စုံခြင်းတို့ပင် ဖြစ်၏။ (နေရင်း)

အမှာ။ ဤ ၁၂-ပါးကို သောဏဒဏ္ဍ ပုဏ္ဏားကြီး၏ ဂုဏ်ပုဒ် ၁၂-ပါးဟူ၍လည်း မှတ်ပါ။

ttp://www.dhammadownload.com



မေး။ စမ္မာမြို့ အမည်ရပုံကို ဖော်ပြပါ။

ဖြေ။ စမ္မာမြို့ကို တည်ထောင် ဖန်ဆင်းစဉ်အခါက စကားပင်များ အလွန်များပြားစွာ ရှိနေသည့် နေရာဌာန ဖြစ်၍ ယင်းနေရာ၌ တည်သည့်မြို့ ဖြစ်သောကြောင့်လည်းကောင်း၊ ဌာနျူပစာရအားဖြင့် ဌာနီ စကားပင်တို့၏ စမ္မာဟူသော အမည်ကို ဌာနဖြစ်သော မြို့၌ တင်စား ခေါ်ဝေါ်သောကြောင့်လည်းကောင်း "စမ္မာ"မြို့ဟူသော အမည်ကို ရ၏။ (ဋီသစ်)

(တစ်နည်း) စားသောက်ရာ နေရာဌာန ဖြစ်သောကြောင့် "စမ္မာ"မြို့ဟူသော အမည်ကို ရ၏။ (မောဂ်၊ သုစိ)

မေး။ တဿာ တီရေ သမန္တတော နီလာဒိပဉ္စဝဏ္ဏကုသုမပဋိမဏ္ဍိတံ မဟန္တံ စမ္ပကဝနံ ဝါကျ၌ လာသော စကားပန်း ၅-မျိုး (ဝါ) ပဉ္စသရုပ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ စကားပန်းသည် ...

၁။ နီလာသောက – အသောက ပန်းညို၊
၂။ ကဏိကာရ – မဟာလှေကား၊
၃။ ကောဝိဠာရ – ပင်လယ်ကသစ်၊
၄။ ကုန္ဒ – သင်းခွေပန်း၊
၅။ ရာဇရုက္ခ – ငုပန်းတို့ ဖြစ်သည်။ (ဋီသစ်)

(တစ်နည်း) စကားပွင့်ညို၊ စကားစိမ်း၊ စကားနီ၊ စကားဖြူ၊ စကားဝါပန်းတို့ ဖြစ်သည်။ (နိသျှဟောင်း)

အမှာ။ စကားပင် တစ်မျိုးတည်းမှ ထိုအဆင်းငါးမျိုးစုံသောပန်း ပွင့်လာသည်ဟု မှတ်ပါ။

မေး။ တသ္မိံ ဘဂဝါ ကုသုမဂန္ဓသုဂန္ဓေ စမ္ပကဝနေ ဝိဟရတိ ဝါကျကို အဘယ်ကြောင့် အဋ္ဌကထာဆရာ ရေးသားရသနည်း။

ဖြေ။ မြို့တည်တုံးက များစွာ ပေါက်လျက်ရှိသော စမ္ပက (စကား)ပန်းပင်တို့သည် နောက်အခါ၌လည်း ဘုရားရှင် ကြွလာတော်မူချိန်တိုင်အောင် မျိုးအဆက်ဆက် ဆက်၍ ပေါက်လျက် ရှိနေကြသေးသောကြောင့် တသ္မိံ ဘဂဝါ ကုသုမဂန္ဓသုဂန္ဓေ စမ္ပကဝနေ ဝိဟရတိ ဝါကျကို အဋ္ဌကထာဆရာ ရေးသားရသည်။ (ဋီသစ်)

မေး။ ကုသုမဂန္ဓ အရကို ဖော်ပြပါ။

ဖြေ။ စကားပန်း စသည်တို့နှင့် ရောသော ငါးမျိုးသော ပန်းတို့၏ အနံ့ကို ရ၏။ (တစ်နည်း) စင်ကြယ်သော ပန်းတို့၏ အနံ့ကို ရ၏။ (စာစဉ်)

မေး။ **သဃံ** ပုဒ်သည် ဧကဝုစ်လော? ဗဟုဝုစ်လော? ဝါဒစုံစွာဖြင့် အကြောင်းပြ ဆုံးဖြတ်ပြပါ။

ဖြေ။ ပါဠိတော်လာ ဗြာဟ္မဏဂဟပတိက အားလုံးတို့ကို သဃီအရ အလိုရှိအပ်သောကြောင့် သဃီနောဟု ဆိုလို လျက် ဗဟုတ္တ၌ ဧကဝုစ်ဝိဘတ် သက်၍ သဃီဟု ဆိုသောကြောင့်လည်းကောင်း၊ "ဧတေသံ"ဟူသော ပါဠ်ကို အဋ္ဌကထာဆရာ ဖွင့်ဆိုသည်ကို ထောက်သောကြောင့်လည်းကောင်း ဧကဝုစ် ဖြစ်၏။ (ဋီဟောင်း)

(တစ်နည်း) ပါဠိတော်လာ ဗြာဟ္မဏဂဟပတိက အားလုံးတို့ကို ဤသဃီအရ အလိုရှိအပ်သောကြောင့်လည်း ကောင်း၊ ဒီဃ၏ အစွမ်းအားဖြင့် ဗဟုတ္တ၌မှ ဗဟုဝုစ်ဝိဘတ် သက်ထားသောပုဒ် ဖြစ်သောကြောင့်လည်း ကောင်း ဗဟုဝုစ် ဖြစ်၏။ (ဋီသစ်)

အမှာ။ ဒဏ္ဍီနော, ဒဏ္ဍီ ပြယုဂ်ကဲ့သို့ သဃီပုဒ်သည် ဗဟုဝုစ် ပြယုဂ်ဖြင့် ထင်ရှားရှိ၏။

ttp://www.dhammadownload.com



မေး။ အဘယ့်ကြောင့် အမတ်ကြီးတို့ကို ခတ္တဟူ၍ ဆိုရသနည်း။

ဖြေ။ မင်း,မင်းမျိုး စသူတို့၏ ဘဏ္ဍာတို့ကို ဖျက်ဆီး ယူဆောင်တတ်သော ယောကျ်ားတို့မှ စောင့်ရှောက်တတ်သောကြောင့် ခတ္တဟူ၍ ဆိုရ၏။ (ဋီဟောင်း+ဘာဋီ)

(တစ်နည်း) မင်းမျိုး စသူတို့၏ ဒဏ်ကို ဆောင်သော ပုဂ္ဂိုလ်တို့သည် ခတ္တိယ မည်၏။ ထိုခတ္တိယတို့ကို စောင့်ရှောက်တတ်သောကြောင့် ခတ္တဟူ၍ ဆိုရ၏။ (ဋီသစ်)

**(၄။ နှာ ၂၅၀-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **ကေနစိဒေဝ ကရဏီယေနာ**တိ တသ္မိံ ကိရ နဂရေ ဒွိဟိ ကရဏီယေဟိ ဗြာဟ္မဏာ သန္နိပတန္တိ ယညာနုဘာဝနတ္တံ ဝါ မန္တသဇ္ဈာယနတ္တံ ဝါ ဟူသော ဝါကျ၌ ပါဝင်သော ဝါသဒ္ဒါတို့၏ အနက်ကို ရှင်းလင်းစွာ ဖြေဆိုပါ။

ဖြေ။ အနိယမတ္ထ အနက်ရှိ၏။

ရှင်းပါဦးအံ့။ **ကေနစိဒေဝ ကရဏီယေနာ**တိ တသ္မိံ ကိရ နဂရေ ဒွိဟိ ကရဏီယေဟိ ဗြာဟ္မဏာ သန္နိပတန္တိ ယညာနုဘာဝနတ္တံ ဝါ မန္တသဇ္ဈာယနတ္တံ ဝါ ဝါကျကို ရှုသော် ရံခါ ယညာနုဘာဝနတ္တကိစ္စ+မန္တသဇ္ဈာယနတ္တကိစ္စ ဟူသော ကိစ္စ နှစ်ပါးစုံတို့ကြောင့်လည်း ပုဏ္ဏားများ စည်းဝေးကြလိမ့်မည်။ တဒါ စ တသ္မိံ နဂရေ ယညော နတ္ထိ၊ သောဏဒဏ္ဍဿ ပန သန္တိကေ မန္တသဇ္ဈာယနတ္တံ ဧတေ သန္နိပတိတာ။ တံ သန္ဓာယ ဝုတ္တံ "ကေနစိဒေဝ ကရဏီယေနာ"တိ ဝါကျတို့ကို ရှုသော် ရံခါ မန္တသဇ္ဈာယနတ္တကိစ္စ ဟူသော ကိစ္စ တစ်ပါးကြောင့်လည်း ပုဏ္ဏားများ စည်းဝေးကြလိမ့်မည်။

ဤသို့လျှင် ရံခါ ကိစ္စ နှစ်ပါးစုံကိုလည်းကောင်း၊ ရံခါ ကိစ္စ တစ်မျိုးမျိုးကိုသာလည်းကောင်း ယူရသောကြောင့် မေးခွန်းဝါကျလာ ဝါသဒ္ဒါများသည် အနိယမတ္ထ ဝါသဒ္ဒါများ ဖြစ်ကြသည်။

နိယံ။ အနိယမ၊ ဝါသဒ္ဒမှာ၊ အတ္ထယူပုံ၊ မစုံတနဲ့၊ စုံတနဲ့၊ အမြဲ မမှတ်အပ်။

မေး။ တဒါ စ တသ္မိံ နဂရေ ယညော နတ္ထိ၊ သောဏဒဏ္ဍဿ ပန သန္တိကေ မန္တသဇ္ဈာယနတ္တံ ဧတေ သန္နိပတိတာ။ တံ သန္ဓာယ ဝုတ္တံ "ကေနစိဒေဝ ကရဏီယေနာ"တိ ဟူသော ဝါကျတို့ကို ရှု၍ ကေနစိဒေဝ ကရဏီယေန၌ ကရဏီယ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ကရဏီယ အရ မန္တသဇ္ဈာယနတ္တကို ယူပါ။

အကြောင်းကား = ဤနေရာ၌ ကရဏီယဟူသော သဒ္ဒါသည် အပေါင်းဖြစ်သော ယညာနုဘာဝနတ္တ, မန္တသဇ္ဈာယနတ္တ နှစ်ပါးတို့၏ ကရဏီယဟူသော အမည်ကို အစိတ်ဖြစ်သော မန္တသဇ္ဈာယနတ္တ၌သာ တင်စား၍ ဆိုသော ဧကဒေသူပစာ သဒ္ဒါသာ ဖြစ်သောကြောင့်တည်း။

မေး။ သောဏဒဏ္ဍပုဏ္ဏားသည် မည်သည့် အရာတို့ဖြင့် "ဥဂ္ဂတဗြာဟ္မဏ-အလွန် ကျော်စောထင်ရှားသော ပုဏ္ဏား, ဥတ္တမဗြာဟ္မဏ-အလွန် မြင့်မြတ်သော ပုဏ္ဏား" ဖြစ်ရပါသနည်း။

ဖြေ။ မြတ်သော အမျိုး၌ မွေးဖွားခြင်း, အမျိုးအနွယ်၏ ပြည့်စုံခြင်း, မျိုးရိုးကောင်းမွန် မြင့်မြတ်ခြင်းဟူသော အဘိဇနသမ္ပတ္တိအားဖြင့်လည်းကောင်း၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော စည်းစိမ်ဥစ္စာ ရတနာများနှင့် ပြည့်စုံခြင်းဟူသော ဝိတ္တသမ္ပတ္တိအားဖြင့်လည်းကောင်း၊ ဝေဒကျမ်းကို တစ်ဖက်ကမ်းရောက်အောင် တတ်မြောက်ကျွမ်းကျင်မှုနှင့် ပြည့်စုံခြင်းဟူသော ဝိဇ္ဇာသမ္ပတ္တိအားဖြင့်လည်းကောင်း "ဥဂ္ဂတဗြာဟ္မဏ-အလွန် ကျော်စောထင်ရှားသော ပုဏ္ဏား, ဥတ္တမဗြာဟ္မဏ-အလွန် မြင့်မြတ်သော ပုဏ္ဏား" ဖြစ်ရသည်။ (ဋီသစ်)

မေး။ ပါဠိတော်၌ **ဥဘတော သုဇာတော** ဟုသာ ဆိုလျှင် လိုအပ်သောအနက် ပြီးပြည့်စုံနေသည် ဖြစ်ပါလျက် **"မာတိတော စ ပိတိတော စ"**ပုဒ်တို့ကို ထည့်သွင်းဟောရခြင်း အကြောင်းကို သာဓကနှင့်တကွ ဖြေပြပါ။

ttp://www.dhammadownload.com



ဖြေ။ ဥဘတော သုဇာတောဟုသာ ဆိုလျှင် မည်သည့် နှစ်ဘို့, မည်သည့်နှစ်ဘက်မှန်း မသိနိုင်ခြင်း၊ သုဇာတ သဒ္ဒါကလည်း သုဇာတော စာရုဒသိနော စသော ပါဠိရပ်တို့၌ အရုပ်အမောင်း ကောင်းခြင်းကိုလည်း ဟောနေခြင်းတို့ကြောင့် မိဘက်, ဖဘက်တည်းဟူသော နှစ်ဘက်ကို "ဥဘတော"ဟု သိစေလိုသောကြောင့်လည်းကောင်း၊ အမျိုးဇာတ်အားဖြင့် သုဇာတ ဖြစ်ကြောင်းကို ထင်ရှားပြလိုသောကြောင့်လည်းကောင်း "မာတိတော စ ပိတိတော စ"ပုဒ်တို့ကို ထည့်သွင်းဟောသည်။ (ဋီသစ်)

သာဓကကား = **မာတိတော စ ပိတိတော စာ**တိ ဘောဘော မာတာ ဗြာဟ္မဏီ၊ မာတုမာတာ ဗြာဟ္မဏီ၊ တဿာပိ မာတာ ဗြာဟ္မဏီ၊ ပိတာ ဗြာဟ္မဏော၊ ပိတုပိတာ ဗြာဟ္မဏော၊ တဿာပိ ပိတာ ဗြာဟ္မဏောတိ ဧဝံ ဘဝံ ဥဘတော သုဇာတော မာတိတော စ ပိတိတော စ ဝါကျ၌ လာသော သံဝဏ္ဏနာများတည်း။

မေး။ **သံသုဒ္ဓဂဟဏိကော**၌ အဘယ်ကြောင့် အဘယ်အရာကို "သံသုဒ္ဓ"ဟု ဆိုရသနည်း။

ဖြေ။ အခြားယောက်ျားတို့ သွားလာဆက်ဆံမှု မရှိခြင်းကြောင့် သောဏဒဏ္ဍပုဏ္ဏား၏ မယ်တော်ဝမ်းကို "သံသုဒ္ဓ"ဟု ဆို၏။ (ဋီသစ်)

မေး။ အဘယ့်ကြောင့် **သံသုဒ္ဓဂဟဏိကော** ပါဠ်ကို ဆိုရသနည်း။

ဖြေ။ မာတိတော ပိတိတော အရ = မွေးစားသော မိဘမဟုတ်၊ အမိရင်း, အဖရင်း ဖြစ်ကြောင်းကို ပြလိုသောကြောင့် သံသုဒ္ဓဂဟဏိကော ပါဌ်ကို ဆို၏။ (ဋီသစ်)

(တစ်နည်း) လောက၌ မွေးစားသား၏ အစွမ်းဖြင့်လည်း အမေ,အဖေ အမည်သည် ထင်ရှား၏။ ဤ၌ကား ဩရသပုတ္တ (ရင်၌ ဖြစ်သောသား)၏ အစွမ်းဖြင့်သာ အလိုရှိအပ်သည်ကို ပြလိုသောကြောင့် သံသုဒ္ဓဂဟဏိကော ပါဌ်ကို ဆို၏။ (စာစဉ်)

မေး။ **မာတိတော စ ပိတိတော စ**ဟု ဟောလျှင် ပြီးပါလျက် အဘယ်ကြောင့် **သံသုဒ္ဓဂဟဏိကော**ပုဒ်ကို ထပ်မံ၍

ဖြေ။ လောက၌ မွေးစားသား၏ မိဘများကိုလည်း "မာတာပိတု-အမိ,အဖ"ဟု ခေါ်ဝေါ်သုံးနှုန်းကြသည် ဖြစ်၍ မာတိတော စ ပိတိတော စ-မျှသာ ဟောလျှင် သောဏဒဏ္ဍ၏ မိဘတို့သည် မွေးစားမိဘတို့လေလောဟု ယုံမှားဘွယ် ရှိ၏။ ဤမာတိတော စ ပိတိတော စ-၌ မိဘအရ မွေးစားမိဘကို အလိုမရှိအပ်၊ ရင်သွေးအစစ်, သားအစစ်၏ အစွမ်းအားဖြင့် သောဏဒဏ္ဍ၏ အမိရင်း, အဖရင်းကိုသာ အလိုရှိအပ်သည်ဟု သိစေလိုသောကြောင့် "သံသုဒ္ဓဂဟဏိကော"ပုဒ်ကို ထပ်မံ၍ ဟောသည်။ (ဋီသစ်)

မေး။ **သုဇာတော မာတိတော စ ပိတိတော စ** (မိ,ဖ နှစ်ဘက်လုံးမှ ကောင်းမြတ်သော အမျိုးဇာတ်ရှိသူ)ဟူသော ရှေးစကားနှင့် **ယာဝ သတ္တမာ ပိတာမဟယုဂါ သံသုဒ္ဓဂဟဏိကော** (အဘိုးအမျိုး ခုနစ်ဆက်တိုင်အောင် အဖဘက်မှ စင်ကြယ်သော အမိဝမ်းရှိသူ) ဟူသော နောက်စကားတို့၏ ရှေ့,နောက် မညီမညွတ် ဖြစ်နေမှုကို ညီညွတ်အောင် အဋ္ဌကထာ အလိုကျ ဖြေပြပါ။

ဖြေ။ သမ္ဗေပိ ပုဗ္ဗပုရိသာ, ယာဝ သတ္တမော ပုရိသော (အဋ္ဌကထာ)၊ ယာဝ သတ္တမာ ပိတာမဟယုဂါ (ပါဠိတော်) ပုဒ်တို့၌ ပုရိသသဒ္ဒါ, ပိတာမဟသဒ္ဒါတို့ကို ဥက္ကဋ္ဌ နိဒ္ဒေသအားဖြင့် ဆိုထားခြင်း ဖြစ်သည်။ ဥက္ကဋ္ဌပဓာန ဖြစ်သော ယောက်ျားကို ဆိုသဖြင့် အပဓာန ဖြစ်သော မိန်းမကိုလည်း ဧကဒေသူပစာ+ဥပလက္ခဏာနည်း, နိဒဿနနည်း, ပဓာနနည်း, ဥက္ကဋ္ဌနည်းအားဖြင့် ယူပြီးဖြစ်၍ ပိတာမဟ အရ = အဖ,အဖိုး စသော ခုနစ်ဆက်သာ မဟုတ်၊ အမေ,အဖွား စသော ခုနစ်ဆက်တို့ကိုလည်း ယူပြီး ဖြစ်သောကြောင့် "မာတိတော

ttp://www.dhammadownload.com



စ ပိတိတော စ" ဟူသော ရှေးစကားနှင့် "ယာဝ သတ္တမာ ပိတာမဟယုဂါ"ဟူသော နောက်စကားတို့ မဆန့်ကျင်ပါ။ (ဋီသစ်)

(တစ်နည်း) အဋ္ဌကထာ မုတ္တကနည်းအားဖြင့် = မာတာ စ ပိတာ စ ပိတရောဟု ဝိရူပေကသေသ ကြံပါက ပိတရော အရ = အမေ+အဖေ နှစ်ဦးလုံးကိုပင် ရနိုင်သောကြောင့်လည်းကောင်း၊ ယင်းပုဒ်နောင် ပိတ္တုန် ပိတရော ပိတာမဟောဟု ပိတုတဒ္ဓိတ် ဆင့်လိုက်ပါက အဖိုးအဖွား နှစ်ဦးစလုံးကို ရနိုင်သောကြောင့်လည်း ကောင်း၊ ယုဂသဒ္ဒါကိုလည်း ယုဂေါ စ ယုဂေါ စ ယုဂါဟု ဧကသေသ ကြံဆ၍ပင် အဖိုးအဖွား အစုံကို ရနိုင်သောကြောင့်လည်းကောင်း၊ ပိတာမဟယုဂ သဒ္ဒါဖြင့် အမိဘက်/အဖဘက် နှစ်ဘက်လုံးကိုပင် ယူနိုင် သည့်အတွက် နောက်နောင်ဖြစ်သော ဘေး,ဘေးမ စသည့် နှစ်ဦးလုံးစီပင် ရနိုင်သောကြောင့် "မာတိတော စ ပိတိတော စ"ဟူသော ရှေးစကားနှင့် "ယာဝ သတ္တမာ ပိတာမဟယုဂါ"ဟူသော နောက်စကားတို့ မဆန့်ကျင်ပါ။ (ဋီသစ်)

အမှာ။ ဋီသစ်၌ လာသော အဋ္ဌကထာ မုတ္တကနည်းတည်း။

မေး။ ယာဝ သတ္တမာ ပိတာမဟယုဂါ ပုဒ်ကို မည်ကဲ့သို့ အဓိပ္ပါယ် ယူရမည်နည်း၊ ရှင်းလင်းစွာ ဖြေပါ။

ဖြေ။ ယာဝ သတ္တမာ ပိတာမဟယုဂါ ပုဒ်သည် သံသုဒ္ဓဂဟဏိကော ဟူသော ရှေ့ပုဒ်နှင့်လည်းကောင်း၊ အက္ခိတ္တော အနုပက္ကုဋ္ဌော ဟူသော နောက်ပုဒ်တို့နှင့်လည်းကောင်း နှစ်ဘက် ငဲ့နေသောပုဒ် ဖြစ်၏။ ထို့ကြောင့် ကာကော လောကနနည်းဖြင့် ...

(သံသုဒ္ဓဂဟဏိကောနှင့် စပ်ခိုက်) ယာဝ သတ္တမာ ပိတာမဟယုဂါ–မိဘဘိုးဘေး စသော ခုနစ်ဆက် တိုင်အောင် သန့်ရှင်းစင်ကြယ်သော အမိဝမ်းရှိသူ ဖြစ်၍ (အက္ခိတ္တော အနုပက္ကုဋ္ဌောနှင့် စပ်ခိုက်) မိဘဘိုးဘေး စသော ခုနစ်ဆက်တိုင်အောင် ပုဏ္ဏားဇာတ်အားဖြင့် မပစ်ပယ်အပ်သူ, မကဲ့ရဲ့ထိုက်သူ ဖြစ်၏ဟု ရှေ့ပုဒ်+ နောက်ပုဒ်တို့နှင့် စပ်၍ အဓိပ္ပါယ် ယူရမည်။

**(ဌ၊ နှာ ၂၅၁–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အဘယ်ကြောင့် အစိုးရသူများ ချမ်းသာသနည်း။

ဖြေ။ အစိုးရသည်၏ အဖြစ်ကို ဖြစ်စေတတ်သော ကံ၏ အစွမ်းကြောင့် အစိုးရသူများ ဖြစ်ကြရ၏။ လောက၌ အုပ်စိုးသူသည် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသည်။ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝမှသာ သူများအပေါ် လွှမ်းမိုး အုပ်စိုးနိုင်၏။ အုပ်စိုးမှု အစိုးရမှုကို ဖြစ်စေနိုင်သော ကံရှိလာပါက ယင်းကံသည် ပစ္စည်းဥစ္စာ ပေါများ အောင်လည်း ပြုနိုင်, ထင်ရှားအောင်လည်း ပြုနိုင်သည် ဖြစ်၏။ အုပ်စိုးမှု အစိုးရမှုနှင့် ကြွယ်ဝချမ်းသာမှုတို့သည် အကြောင်းရင်းကံ တူကြသည့်အတွက် ယှဉ်တွဲ ဖြစ်ပေါ်ကြသောကြောင့် အစိုးရသူများ ချမ်းသာကြသည်။

အမှာ။ **အဍ္ဎော** ပုဒ်ကို ဣဿရောဟု အဘယ်ကြောင့် ဖွင့်ရသနည်းဟု မေးသော် ယင်းအဖြေအတိုင်းသာ ဖြေပါ။

မေး။ **ဗြဟ္မဝဏ္ဏီနှင့် ဗြဟ္မဝစ္ဆသီတို့၏** အထူးကို ရေးခဲ့ပါ။

ဖြေ။ မြတ်သော ရွှေအဆင်းနှင့် တူသော အဆင်း ရှိသောကြောင့် ဗြဟ္မဝဏ္ဏီဟု ခေါ်၏။ မြတ်သော ဗြဟ္မာမင်း၏ ကိုယ်ရောင်နှင့် တူသော ကိုယ်ရောင်ကိုယ်ဝါများ ပြိုးပြိုးပြက်ပြက် ထွက်ရှိသောကြောင့် ဗြဟ္မဝစ္ဆသီဟု ခေါ်၏။ ဤသို့ ထူးသည်။

အမှာ။ မြတ်သော ဗြဟ္မာမင်း၏ ကိုယ်ရောင်နှင့် တူသော ကိုယ်ရောင်ကိုယ်ဝါများ ပြိုးပြိုးပြက်ပြက် ထွက်ရှိသော ကြောင့်သာ ဗြဟ္မဝစ္ဆသီဟု ခေါ်ခြင်း ဖြစ်၏။ ဗြဟ္မာ၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်ခန္ဓာ ရှိသည် ဟူ၍ကား မမှတ်ရပါ။

ttp://www.dhammadownload.com



မေး။ သေဋ္ဌေန သုဝဏ္ဏဝဏ္ဏေန သမန္နာဂတောတိ အတ္ထော ဝါကျ၌ သေဋ္ဌေနကို သုဝဏ္ဏဝဏ္ဏေနဟု ဖွင့်ရခြင်း အကြောင်းကို ဖြေပြပါ။

ဖြေ။ အဆင်း အားလုံးတို့တွင် ရွှေအဆင်းသည်သာ အသာဆုံး၊ အမြတ်ဆုံး ဖြစ်၏။ ဘုရားရှင်နှင့် စကြာဝတေးမင်းတို့သည် ရွှေအဆင်း ရှိကြ၏။ ထို့ကြောင့် သေဋ္ဌေနကို သုဝဏ္ဏဝဏ္ဏေနဟု ဖွင့်သည်။ (ဋီသစ်)

မေး။ **အစုဒ္ဒါဝကာသော၌** အဝကာသ သရုပ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ အဝကာသ သရုပ်ကား = သောဏဒဏ္ဍပုဏ္ဏားအ၏ ကိုယ်၌ တည်ရှိနေသော အလုံးစုံသော အင်္ဂါကြီးငယ်များ ဖြစ်သည်။ (ဋီသစ်)

မေး။ သောဏဒဏ္ဍပုဏ္ဏား၏ ခန္ဓာကိုယ်ဝယ် မသေးငယ်၊ ကြီးကျယ်ထယ်ဝါသော ကြည့်ရှုစရာ အရပ်ရှိ၏ (**အစုဒ္ဒါဝကာသော ဒဿနာယ**)ဟု အဘယ်ကြောင့် ဆိုသနည်း။

ဖြေ။ သောဏဒဏ္ဍပုဏ္ဏားသည် အရပ်အမောင်း လုံးရပ်သဏ္ဌာန်နှင့် ကောင်းမြတ် ပြည့်စုံခြင်းကြောင့်လည်းကောင်း၊ အစိတ်အစိတ်သော ကိုယ်အင်္ဂါကြီးငယ်များ၏ လှပပြည့်ဖြိုးခြင်းကြောင့်လည်းကောင်း သောဏဒဏ္ဍပုဏ္ဏား၏ ခန္ဓာကိုယ်ဝယ် မသေးငယ်၊ ကြီးကျယ်ထယ်ဝါသော ကြည့်ရှုစရာ အရပ်ရှိ၏ (အစုဒ္ဒါဝကာသော ဒဿနာယ)ဟု ဆိုသည်။ (ဋီသစ်)

မေး။ **သီလဝါ** စသည်ဖြင့် ပဉ္စသီလမျှဖြင့်သာ သောဏဒဏ္ဍ ပုဏ္ဏားကြီးကို ချီးမွမ်းထောမနာ ပြုကြရာ၌ ချီးမွမ်းထောမနာ ပြုရာ မရောက်ဘဲ နှိမ်ချပြောဆိုရာ ရောက်သလော၊ အကြောင်းပြ ဖြေဆိုပါ။

ဖြေ။ နှိမ်ချပြောဆိုရာ မရောက်ပါ။
အကြောင်းကား = ထိုသောဏဒဏ္ဍ ပုဏ္ဏားကြီး၌ ငါးပါးသီလထက် လွန်သောသီလ မရှိသောကြောင့်လည်းကောင်း၊ ချီးမွမ်းထောမနာမှု ပြုကြသော ပုဏ္ဏားတို့သည်လည်း ငါးပါးသီလထက် လွန်သော အခြားသီလများကို မသိသောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

မေး။ **သီလဝါ, ဝုဒ္ဓသီလီ, ဝုဒ္ဓသီလေန** သုံးပုဒ်ကို မည်သည့်သီလကို ရည်ရွယ်၍ ပြောဆိုသနည်း၊ အကြောင်းနှင့်တကွ ဖြေပြပါ။

ဖြေ။ သီလဝါ, ဝုဒ္ဓသီလီ, ဝုဒ္ဓသီလေန သုံးပုဒ်ကို ငါးပါးသီလမျှကိုသာ ရည်ရွယ်၍ ပြောဆိုကြသည်။ (ဌ)
အကြောင်းကား = ထိုသောဏဒဏ္ဍ ပုဏ္ဏားကြီး၌ ငါးပါးသီလထက် လွန်သောသီလ မရှိသောကြောင့်လည်းကောင်း၊ ချီးမွမ်းထောမနာမှု ပြုကြသော ပုဏ္ဏားတို့သည်လည်း ငါးပါးသီလထက် လွန်သော အခြားသီလများကို မသိသောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

မေး။ **သီလဝါ ဝုဒ္ဓသီလီ ဝုဒ္ဓသီလေန သမန္နာဂတော** ဟူသော သုံးပုဒ်တို့၌ သီလတို့၏ အရထူးခြားပုံကို ရေးခဲ့ပါ။

ဖြေ။ အမြဲ စောင့်အပ်သည်၏ အဖြစ်ဟူသော လက္ခဏာရှိသော ယမသီလနှင့် အာဂန္တုက–ရံခါ စောင့်သုံး အပ်သည်၏ အဖြစ်ဟူသော လက္ခဏာရှိသော နိယမသီလ နှစ်ပါးကို သီလဝါ ပုဒ်၌ သီလအရ ယူရမည်။
ကြာမြင့်စွာ စောင့်သုံးရာ ညဥ့်ကို သိသူ၏ အဖြစ်အားဖြင့် ကာလကြာမြင့်အောင် စောင့်သုံးခဲ့သော အဖြစ် အားဖြင့် ရင့်ကျက်ပြီး၊ တိုးပွားပြီးသော သီလကို အထူးအားဖြင့် ဝုဒ္ဓသီလီ၌ သီလအရ ယူရမည်။
အခါခပ်သိမ်း ကောင်းစွာ အားထုတ်ခြင်းကြောင့် ရင့်ကျက်တိုးပွားပြီးသော မြဲမြံစွာ စောင့်သုံး၍ တည်ရှိ နေပြီးသော သီလကို ဝုဒ္ဓသီလေန သမန္နာဂတော၌ သီလအရ ယူရမည်။ ဤကား အထူးတည်း။ (ဋီသစ်)

မေး။ သီလဝါ စသော သုံးပုဒ်တို့သည် ဆိုခဲ့ပြီးသော အဓိပ္ပေတတ္ထတို့ကို ရှု၍ အဓိပ္ပေတတ္ထအားဖြင့် ကွဲပြား ကြပါလျက် အဘယ်ကို ရည်ရွယ်၍ "ဣဒံ ဝုဒ္ဓသီလီပဒဿေဝ ဝေဝစနံ"ဟူသော ဝါကျကို အဋ္ဌကထာဆရာ ဆိုရသနည်း။

ttp://www.dhammadownload.com



ဖြေ။ သီလဝါဒ်၌ ဝန္တပစ္စည်းသည် အဿတ္ထိ တဒ္ဓိတ်အနက်၌ သက်သောပစ္စည်း ဖြစ်၏။ ဝုဒ္ဓသီလီ၌ ဤပစ္စည်းသည်လည်း အဿတ္ထိ တဒ္ဓိတ်အနက်၌ သက်သောပစ္စည်း ဖြစ်၏။ ဝုဒ္ဓသီလေန သမန္နာဂတောသည်လည်း အဿတ္ထိကိုပင် ဖွင့်ပြသော စကားဖြစ်၏။ ဤသို့လျှင် သီလဝါ စသော သုံးပုဒ်တို့သည် သဒ္ဒါအနေအားဖြင့် ထူးခြားခြင်း မရှိသောကြောင့် သဒ္ဒမတ္တဖြင့်သာလျှင် ဝေဝုစ်ပရိယာယ် စကားလှယ်များသာ ဖြစ်သည်ကို ရည်ရွယ်၍ "ဣဒံ ဝုဒ္ဓသီလီပဒဿေဝ ဝေဝစနံ"ဟူသော ဝါကျကို အဋ္ဌကထာဆရာ ဆိုရသည်။ (ဋီသစ်)

မေး။ အဘယ်ကြောင့် အဘယ်အရာတို့ကို "ပရိမဏ္ဍလ ပဒဗျဉ္ဇနာ–ထက်ဝန်းကျင် ဝန်းဝိုင်းသော ပုဒ်ဗျည်းရှိသည်"ဟု ဆိုသနည်း။

ဖြေ။ ဌာန်ကရိုဏ်းတို့၏ ပြည့်စုံခြင်း (ဝါ) ပြည့်စုံအောင် ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုနိုင်ခြင်းကြောင့်လည်းကောင်း၊ သိက္ခာကျမ်းအရ သင်ပြအပ်သော ရွတ်ဆိုပုံ ရွတ်ဆိုနည်းနှင့် ပြည့်စုံခြင်းကြောင့်လည်းကောင်း အရာဌာန တစ်စုံတစ်ခု၌မျှ ယုတ်လျော့မှု မရှိသော အက္ခရာ,ပုဒ်,ဝါကျတို့ကို "ပရိမဏ္ဍလ ပဒဗျဉ္ဇနာ–ထက်ဝန်းကျင် ဝန်းဝိုင်းသော ပုဒ်ဗျည်းရှိသည်"ဟု ဆို၏။

မေး။ ပရိမဏ္ဍလပဒဗျဉ္ဇနာ၌ ပဒနှင့် ဗျဉ္ဇနတို့၏ အရကို အကြောင်းပြ၍ အသီးသီး ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ပဒ အရ = အနက်ကို သိကြောင်း ဖြစ်သောကြောင့် အက္ခရာတို့ကို ရ၏။

ဗျဉ္ဇန အရ = အနက်ကို ထင်စွာ ပြတတ်သောကြောင့် အက္ခရာတို့ကိုပင် ရ၏။

(တစ်နည်း:) ပဒ အရ = (ပဇ္ဇတိ အတ္ထော ဧတေနာတိ ပဒံ ဟူသော ဝစနတ္ထနှင့်အညီ) အနက်ကို သိကြောင်း ဖြစ်သောကြောင့် ပုဒ်ကို ရ၏။

ဗျဉ္ဇန အရ = (အတ္ထံ ဗျဉ္ဇေတိ ပကာသေတီတိ ဗျဉ္ဇနံ ဟူသော ဝစနတ္ထနှင့်အညီ) အနက်ကို ပြတတ်သောကြောင့် ပုဒ်ကိုပင် ရ၏။

(တစ်နည်း:) ပဒ အရ = (ပဇ္ဇတိ အတ္ထော ဧတေနာတိ ပဒံ ဟူသော ဝစနတ္ထနှင့်အညီ) အနက်ကို သိကြောင်း ဖြစ်သောကြောင့် နာမ်ပုဒ်, အာချာတ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ်ဟူသော ပုဒ်လေးမျိုးကို ရ၏။

ဗျဉ္ဇန အရ = (ယထာဓိပ္ပေတံ အတ္ထံ ဗျဉ္ဇေတိ ပကာသေတီတိ ဗျဉ္ဇနံ ဟူသော ဝစနတ္ထနှင့်အညီ) ဆိုလိုသည့် အနက်အဓိပ္ပါယ်များကို ထင်ရှားအောင် ပြတတ်သောကြောင့် ဝါကျများကို ရ၏။ (အားလုံး–ဋီသစ်)

## (ဌ၊ နှာ ၂၅၂–နှင့် ဆက်စပ်သည့်အဓိပ္ပါယ်)

မေး။ သန္ဒိဋ္ဌ (မှုကွဲ)၊ သန္ဒိဒ္ဓ၊ ဝိလမ္ဗိတတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ကိုက်ဖြတ်၍ ဖြစ်သကဲ့သို့ အကုန် ပြောမလိုလိုနှင့် တစ်စိတ်တစ်ပိုင်းကိုသာ ပြောခြင်းသည် သန္ဒိဋ္ဌ မည်၏။ အက္ခရာ တစ်လုံးကိုပင်လျှင် နှစ်ကြိမ်သုံးကြိမ် ထပ်၍ ရွတ်ဆိုခြင်းသည် သန္ဒိဒ္ဓ မည်၏။ ဖြည်းဖြည်းနှေးနှေး ကြာပြီးမှ ပြောဆိုခြင်းသည် ဝိလမ္ဗိတ မည်၏။ ဤသို့ ထူးသည်။

မေး။ သန္ဒိဒ္ဓဝိလမ္ဗိတာဒိ၌ အာဒိ အရကို ဖော်ပြပါ။

ဖြေ။ အာဒိ အရ = ဒုက္ခလိတ အနုကမ္ပိတ စသည်တို့ကို ယူရမည်။ (ဋီသစ်)

မေး။ အဒ္ဓါနသဒ္ဒါ၏ ဒီဃကာလဝါစက ဖြစ်ရခြင်းကို ဥပမာနှင့်တကွ ရှင်းပြပါ။

ဖြေ။ အဒ္ဓါပုဒ်+အယနပုဒ် ဟူသော ပုဒ်နှစ်ပုဒ်လုံး ကာလအခွန့် ဟောချည်းဖြစ်၍ နှစ်ပုဒ်ထပ်ဆင့် ဆိုထားခြင်းကြောင့် "ပရိယာယ်ဆင့်၊ မြင့်သောအနက်၊ ထွက်စမြဲ" စကားအတိုင်း သာမန် ကာလအခွန့်ကို မဟောကြားတော့ဘဲ ရှည်စွာသော ကာလအခွန့်ကို ဟောကြားနေ၍ ဒီဃကာလဝါစက ဖြစ်ရသည်။

ဥပမာကား = ပဒဋ္ဌာန်၌ အကြောင်းဟော ပဒသဒ္ဒါ+ဌာနသဒ္ဒါဟူသော သဒ္ဒါနှစ်ခု ဆင့်ကာ ဆိုထားခြင်းကြောင့် သာမန်အကြောင်းကို မယူရတော့ဘဲ အလွန်နီးသော အကြောင်းကိုသာ ယူရသကဲ့သို့တည်း။ (သုစိ)

ttp://www.dhammadownload.com



မေး။ ပစ္ဆိမဝယော နာမ ဝဿသတဿ ပစ္ဆိမော တတိယော ဘာဂေါ ဝါကျ၌ ဝဿသတဿဟုသာ ဆို၍ ဝဿသဟဿဿ စသည်ဖြင့် မဆိုထားရခြင်း အကြောင်းကို ဖြေဆို၍၊ ပစ္ဆိမဝယ အရ = အသက် အပိုင်း အခြားကိုလည်း ဋီကာသစ်အလိုကျ တိကျစွာ ညွှန်ပြပါ။

ဖြေ။ သောဏဒဏ္ဍသုတ် ဖြစ်ပေါ်ရာကာလ, သောဏဒဏ္ဍပုဏ္ဏားကြီး ထင်ရှားရှိရာ ကာလသည် ဘုရား ပွင့်ချိန် ဖြစ်၍ ဘုရားရှင်လက်ထက် သက်တမ်းကို ရည်ရွယ်လိုသောကြောင့် ဝဿသတဿဟုသာ ဆို၍ ဝဿ သဟဿဿ စသည်ဖြင့် မဆိုပါ။

ပစ္ဆိမဝယ အရ = အသက်အပိုင်းအခြား ၆၇-နှစ် ပြည့်ပြီးသည်မှ စ၍ နောက်ဆုံးဖြစ်သော အရွယ်ကို ယူပါ။ (ဋီသစ်)

မေး။ **ဝဏ္ဏေါတိ** သီလာစာရာဒိဂုဏဝဏ္ဏယာ ယုတ္တော ဟူသော ဝါကျ၌ လာသော ဝဏ္ဏပုဒ်၏ အရကို အကြောင်းပြ၍ ဖော်ထုတ်ပါ။

ဖြေ။ ဝဏ္ဏဟူသော သဒ္ဒါသည် = အပေါင်းဖြစ်သော ဂုဏဝဏ္ဏ, ဇာတိဝဏ္ဏတို့၏ ဝဏ္ဏဟူသော အမည်ကို အစိတ်ဖြစ်သော ဂုဏဝဏ္ဏ တစ်ခုတည်း၌ တင်စား၍ အစိတ်ဖြစ်သော ဂုဏဝဏ္ဏကိုသာ ဝဏ္ဏဟု တင်စားခေါ်ဝေါ်သော ဧကဒေ သျူပစာသဒ္ဒါ ဖြစ်သောကြောင့်လည်းကောင်း၊ ပါရိသေသနည်းအားဖြင့် ဝယော အနုပ္ပတ္တော ပုဒ်ဖြင့် ဆိုလတ္တံ့ ဖြစ်သည့် ဇာတိဝဏ္ဏမှ ကြွင်းကျန်သော ဂုဏဝဏ္ဏကိုသာ ဝဏ္ဏအရ ကောက်ယူရမည် ဖြစ်သောကြောင့်လည်းကောင်း ဝဏ္ဏ အရ = ဂုဏဝဏ္ဏ တစ်ခုတည်းကိုသာ ယူပါ။ (ဋီသစ်)

မေး။ **မဟလ္လကောတိ** ဝိဘဝမဟတ္တတာယ သမန္နာဂတော ဟူသော ဝါကျ၌ လာသော မဟလ္လကပုဒ်၏ အရကို အကြောင်းပြ၍ ဖော်ထုတ်ပါ။

ဖြေ။ အပေါင်းဖြစ်သော ဝိဘဝမဟလ္လက, ဇာတိမဟလ္လကတို့၏ မဟလ္လကဟူသော အမည်ကို အစိတ်ဖြစ်သော ဝိဘဝမဟလ္လက တစ်ခုတည်း၌ တင်စားခေါ်ဝေါ်သော ဧကဒေသျူပစာသဒ္ဒါ ဖြစ်သောကြောင့်လည်းကောင်း၊ ပါရိသေသနည်းအားဖြင့် ဝယော အနုပ္ပတ္တော ပုဒ်ဖြင့် ဆိုလတ္တံ့ဖြစ်သည့် ဇာတိမဟလ္လကမှ ကြွင်းကျန်သော ဝိဘဝမဟလ္လကကိုသာ မဟလ္လကအရ ကောက်ယူရမည် ဖြစ်သောကြောင့်လည်းကောင်း မဟလ္လကအရ = ဝိဘဝမဟလ္လကကိုသာ ယူပါ။ (ဋီသစ်)

## (ဌ၊ နှာ ၂၅၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **မဟန္တံ ဉာတိသံဃံ ဩဟာယ**၌ ဉာတိသံဃ သရုပ်ကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ဉာတိသံဃ သရုပ်ကား = တစ်သိန်း ခြောက်သောင်းသော ဆွေတော်မျိုးတော် အပေါင်းတည်း။ (ဌ)

ဆောင်။ မိဘနွယ်ပေါင်း၊ သိန်းခြောက်သောင်းလျှင်၊ မင်းကောင်းစဉ်ရိုး၊ ကျော်လံဟိုးလျက်။ (ရှင်မဟာရဋ္ဌသာရ)

မေး။ သီလက္ခန် အဋ္ဌကထာ၌ = ဆွေတော်မျိုးတော် အပေါင်းကို တစ်သိန်းခြောက်သောင်း ရှိ၏ဟု ဆိုသောစကားနှင့် ဓမ္မပဒဋ္ဌကထာ၌ = ဆွေတော်မျိုးတော် အပေါင်းကို ရှစ်သောင်း ရှိ၏ဟု ဆိုသော စကားနှစ်ရပ်တို့ကို မဆန့်ကျင်အောင် ညှိနှိုင်းပြခဲ့ပါ။

ဖြေ။ သီလက္ခန် အဋ္ဌကထာ၌ = ဆွေတော်မျိုးတော် အပေါင်းကို တစ်သိန်းခြောက်သောင်း ရှိ၏ဟု ဆိုခြင်းသည် အမိဘက်+အဖဘက် နှစ်ဖက်လုံးကို ပေါင်း၍ ထုတ်ထားခြင်း ဖြစ်၏။

ဓမ္မပဒဋ္ဌကထာ၌ = ဆွေတော်မျိုးတော် အပေါင်းကို ရှစ်သောင်း ရှိ၏ဟု ဆိုခြင်းသည် အမိဘက် (သို့မဟုတ်) အဖဘက် တစ်ဘက်တည်းကိုသာ ထုတ်ပြထားခြင်း ဖြစ်၏ဟုယူလျှင် စကားနှစ်ရပ်တို့ မဆန့်ကျင်ဘဲ ညီညွတ်နိုင်နေမိပါသည်။ (ဋီသစ်)

နိယံ။ ဆွေတော် ရှစ်သောင်း၊ မျိုးတော်ပေါင်း။ (ဓမ္မပဒ-ဌ)

ttp://www.dhammadownload.com



မေး။ သမဏော ခလု ဘော ဂေါတမော ပဟူတံ ဟိရညသုဝဏ္ဏံ ဩဟာယ ပဗ္ဗဇိတော ဘူမိဂတဉ္စ ဝေဟာသဋ္ဌဉ္စ ဟူသော ပါဠိတော်၌ လာသော (က) ဘူမိဂတ၌ ဘူမိ (ခ) ဝေဟာသဋ္ဌ၌ ဝေဟာသ အရတို့ကို အသီးသီး ကောက်ပြခဲ့ပါ။

ဖြေ။ (က) ဘူမိဂတ၌ ဘူမိ အရကား = မင်းရင်ပြင်မြေ, ဥယျာဉ်မြေ, ပြေပြစ်စွာ ပြုထား, တူးထားအပ်သော ရေကန်တွင်းရှိ မြေများကို ရ၏။ (၄)

(ခ) ဝေဟာသဋ္ဌ၌ ဝေဟာသ အရကား = ပြာသာဒ်အထွဋ်ရှိသော အရပ် (ဝါ) ပြာသာဒ်အထက်၌ တင်ထားအပ်သော ထုပ်,လျှောက်စွန်း စသည့် အရပ်များကို ရ၏။ (၄)

မေး။ မြတ်စွာဘုရား ဖွားတော်မူသောအခါ ပေါ်ပေါက်လာသော ရွှေအိုးကြီး လေးလုံးတို့၏ အမည်ကို အတိုင်းအတာ ပမာဏနှင့်တကွ ဖော်ပြ၍၊ ထိုရွှေအိုးကြီးတို့၏ သတ္တိထူးကိုလည်း ထုတ်ပြပါ။

ဖြေ။ ၁။ သင်္ခ ရွှေအိုး – တစ်ဂါဝုတ် ရှိ၏။
၂။ ဧလ ရွှေအိုး – ယူဇနာဝက် ရှိ၏။
၃။ ဥပ္ပလ ရွှေအိုး – သုံးဂါဝုတ် ရှိ၏။
၄။ ပုဏ္ဍရီက ရွှေအိုး – တစ်ယူဇနာ ရှိ၏။

ရွှေအိုးကြီးတို့၏ သတ္တိထူးကား = ထိုရွှေအိုးကြီးတို့၌ ယူတိုင်း ယူတိုင်းသော အရပ်သည် ဉစ္စာဖြင့် ပကတိအတိုင်း ပြန်ပြည့်သည်။ (၄)

မေး။ အနာဒရတ္ထေ သာမိဝစနံ – အဋ္ဌကထာ ဝါကျကိုရှု၍ ...
သမဏော ခလု ဘော ဂေါတမော အကာမကာနံ မာတာပိတူနံ အဿုမုခါနံ ရုဒန္တာနံ ကေသမဿုံ ဩဟာရေတွာ ပဗ္ဗဇိတော ပါဠိတော်၌ "အနာဒရစတုက္က" ထုတ်ပြပါ။

ဖြေ။ ရုဒန္တာနံကား = ရှေးက ဖြစ်နှင့်ပြီးသော ကြိယာ ဖြစ်၍ မရိမသေ အပြုခံရသော ကြိယာ ဖြစ်သောကြောင့် အနာဒရိယ၊

အကာမကာနံ မာတာပိတူနံ အဿုမုခါနံကား = ရုဒန္တာနံ ဟူသော အနာဒရိယ ကြိယာ၏ ကတ္တား ဖြစ်သောကြောင့် အနာဒရိယဝန္တ၊

ပဗ္ဗဇိတောကား = နောက်မှ ဖြစ်ပေါ်လာသော ကြိယာ ဖြစ်၍ ရှေးက ဖြစ်နှင့်ခဲ့ပြီးသော ရုဒန ကြိယာကို မရိမသေ ပြုလုပ်တတ်သောကြောင့် အနာဒရ၊

သမဏောဂေါတမောကား = ပဗ္ဗဇိတော ဟူသော အနာဒရ ကြိယာ၏ ကတ္တား ဖြစ်သောကြောင့် အနာဒရဝန္တ မည်၏။

## (၄၊ နှာ ၂၅၄-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ရာဟုအသူရိန်၏ အရပ်အမြင့်, လက်ဖဝါး, ခြေဖဝါး စသည်တို့၏ ပမာဏကို အဋ္ဌကထာ လာသည့် အတိုင်း ပြည့်စုံစွာ ထုတ်ပြပါ။

ဖြေ။ မျက်ခုံးနှစ်ဘက်တို့၏ အကြား ၅၀-ယူဇနာ၊
လက်ဆစ်, ခြေဆစ် ၅၀-ယူဇနာ၊
ခံတွင်းပါးစပ် အကျယ် ၂၀၀-ယူဇနာ၊
ကိုယ်လုံးအလယ် ပမာဏ ၆၀၀-ယူဇနာ၊
လက်ဖဝါး,ခြေဖဝါး အပြန့်အကျယ် ၃၀၀-ယူဇနာ၊

ttp://www.dhammadownload.com



| | |
|---|---|
| နဖူးပြင် | ၃၀၀–ယူဇနာ၊ |
| လည်ပင်း | ၃၀၀–ယူဇနာ၊ |
| ခံတွင်းပါးစပ် အဝန်းအဝိုင်း | ၃၀၀–ယူဇနာ၊ |
| ခံတွင်းပါးစပ် အစောက် | ၃၀၀–ယူဇနာ၊ |
| ဦးခေါင်း | ၉၀၀–ယူဇနာ၊ |
| လက်မောင်းနှစ်ခုတို့၏ အကြား | ၁၂၀–ယူဇနာ၊ |
| အရပ်အမြင့် | ၄၈၀၀–ယူဇနာ။ |

"ရာဟုအသုရိန်ကြီး၏ ကိုယ်အင်္ဂါပမာဏပြ လင်္ကာ"

သူရိန်ရာဟု၊ တိုင်းတာရှုက၊ ဘမုကန္တရေ၊ လက်ဆစ်ခြေတို့၊ များထွေ ယူဇနံ၊ ပဏ္ဏာသံတည်း။ အနံပါးစပ်၊ နှစ်ရာမှတ်လော့။ လုံးပတ်ခန္ဓာ၊ ဆသတာနှင့်၊ နှစ်ဖြာခြေလက်၊ ဖဝါးထက်တွင်၊ နဖူးပြင်ခင်း၊ သူ့လည်ပင်းတန်၊ ခံတွင်း မဏ္ဍလ၊ ဥဗ္ဗေဓညီ၊ သုံးရာစီမှတ်၊ အမြတ် သီသ၊ နဝသတံ၊ နှစ်တန်မောင်းကြား၊ အထုအားဖြင့်၊ မှတ်သား ဗာရည်၊ စွန်းလတ်ပိုတယ်၊ တစ်ရာကျယ်၏။ တသွယ်မြင့်ဆောင်၊ လေးထောင်ရှစ်ရာ၊ ယူဇနာကြောင့်၊ သတ္တာအရပ်၊ နတ်ပါ ခသည့်၊ အဒုတိယော၊ ဗုဒ္ဓေါမြတ်စွာ၊ တို့ဆရာကို၊ ဖူးကာ ရှုမြင်၊ ကြည့်ပါချင်လည်း၊ အောက်တွင်ငုံ့လျှိုး၊ လယ်ဂုတ်ရိုးတို့၊ ဖြိုးဖြိုးဖြတ်ဖြတ်၊ ညောင်းမည်မှတ်၍၊ မအပ်မရာ၊ ကြံစည်ကာလျှင်၊ ရှောင်ခွာမကပ်၊ ပါယ်လမ်းရပ်လျက်၊ နေသောထက်တွင်၊ ဘဝင်တိုင်ယံ၊ ချိမ့်ချိမ့်ညံသော၊ မြတ်ရှင်စောကို၊ မနောစိတ်တွင်၊ ကယ်မမြင်က၊ ဘယ်တွင်မတည်၊ လူးလည်ခေါက်တုံ၊ တအုံ့နွေးနွေး၊ ဆွေးကြီးဆွေး၍၊ မနေးမကြာ၊ ရုံတာစိခါ၌၊ ရောက်လာဖူးမြင်၊ လျှောင်းတော်ရှင်ကို၊ ကောင်းကင်ပဝင်း၊ ရွှေလမင်းသို့၊ လည်ပင်းကိုလျှင်၊ မော့ကာတင်၍၊ သူပင်မော်ဖူး၊ အံ့ဖွယ်ထူးသည်၊ နှစ်ဦး မရှိသူပေကိုး။

(ဆရာတော် ဘဒ္ဒန္တဇယဒိဿာဘိဝံသ သီကုံးပူဇော်သည်။)

**(ဌ၊ နှာ ၂၉၅–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အဘယ့်ကြောင့် မြတ်စွာဘုရားသည် **ဗဟူနံ အာစရိယပါစရိယ** ဟူသော အမည်ကို ရသနည်း။

ဖြေ။ မြတ်စွာဘုရား၏ တစ်ကြိမ်, တစ်ကြိမ်သော တရားဟောခြင်းဖြင့် ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့သည်လည်းကောင်း၊ အပိုင်းအခြား မရှိကုန်သော နတ်လူတို့သည်လည်းကောင်း မဂ်,ဖိုလ်ဟူသော အမြိုက်အရသာကို သောက်ကြရကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဗဟူနံ အာစရိယပါစရိယ ဟူသော အမည်တော်ကို ရလေတော့၏။

မေး။ **ဝိဂတစာပလ္လောတိ** "ပတ္တမဏ္ဍနာ စီဝရမဏ္ဍနာ သေနာသနမဏ္ဍနာ ဣမဿ ဝါ ပူတိကာယဿ ။ပ။ ကေဠနာ ပဋိကေဠနာ" ဝါကျ၌ ပေယျာလ ပါဠ်များကို ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ပေယျာလပါဠ်များကား = ဗာဟိရာနံ ဝါ ပရိက္ခာရာနံ မဏ္ဍနာ ဝိဘူသနာ စသည်တို့ ဖြစ်သည်။ (ဋီသစ်)

မေး။ ရွှေအဆင်းလို ဝါဝင်းနေသော လူ၏ ကိုယ်ကို "ဣမဿ ပူတိကာယဿ"ဟု ခေါ်နိုင်/မခေါ်နိုင် ဥပမာနှင့်တကွ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ရွှေအဆင်းလို ဝါဝင်းနေသော လူ၏ ကိုယ်ကို "ဣမဿ ပူတိကာယဿ"ဟု ခေါ်နိုင်သည်။ လောကောပမာအားဖြင့် ထိုနေ့၌ပင် မွေးဖွားလာသည့် မြေခွေးငယ်ကလေးကို "ဇရသိင်္ဂါလ–မြေခွေးအိုကြီး" ဟူ၍ သုံးနှုန်းခေါ်ဝေါ် ပြောဆိုနိုင်သကဲ့သို့လည်းကောင်း၊ ပေါင်လုံးအတိုင်းအရှည် ပမာဏ ရှိသော မပုပ်မဆွေးဘဲ ခိုင်မာနေသေးသည့် ဆင်တုန်းမနွယ် (ဝါ) ဆင်သမနွယ်ကို "ပူတိလတာ–နွယ်ပုပ်"ဟူ၍ပင် သုံးနှုန်းခေါ်ဝေါ် ပြောဆိုနိုင်သကဲ့သို့လည်းကောင်းတည်း။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ခန္ဓာကိုယ်ကို တန်ဆာဆင်နေကြသော ဝဿသတိက ပုဂ္ဂိုလ်များ စပလ အရ၌ ပါနိုင်/မပါနိုင် အကြောင်းပြ ဖြေဆိုပါ။

ဖြေ။ စပလ အရကောက်၌ ပါဝင်နိုင်၏။

အကြောင်းကား = ခန္ဓာကိုယ်ကို တန်ဆာဆင်နေကြသော ဝဿသတိက ပုဂ္ဂိုလ်များသည် ထိုနေ့ ထိုရက်၌ပင် မွေးဖွားလာသည့် ကလေးသူငယ်အသွင် ဖြစ်နေကြသောကြောင့်တည်း။ (ဋီသစ်)

မေး။ အပါပေ၌ ဣစာဓိပ္ပေတ္တ အသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ ပဋိပက္ခတ္တ (ဝါ) ဝိရဟိတတ္တတည်း။

မေး။ ဗြဟ္မညာပုဒ်၌ အဘယ်ကြောင့် ဗြဟ္မညာဟု ဆိုရသည်ကိုလည်း ဝိဂ္ဂဟအားလျော်စွာ ခွဲခြား၍ ဖြေခဲ့ပါ။

ဖြေ။ ဗြဟ္မနိ (သေဋ္ဌေ ဘဂဝတိ) ဘဝါတိ ဗြဟ္မညာ ဝိဂ္ဂဟကို ရှု၍ = ဘုရားရှင် ဟောတော်မူသော တရားဒေသနာတော်၏ အစွမ်းအားဖြင့် ဖြူစင်သော အရိယာ အမျိုးအနွယ်ဇာတ်၌ ဖြစ်လာကြသောကြောင့် ရှင်သာရိပုတ္တရာ စသော ဝိသုဒ္ဓိဗြာဟ္မဏ ရဟန္တာများကို "ဗြဟ္မညာ–မြတ်သော ဘုရားရှင်၌ ဖြစ်လာသူများ"ဟု ဆို၏။

ဗြဟ္မုနော (ဘဂဝတော) အပစ္စံ ဗြဟ္မညာ ဝိဂ္ဂဟကို ရှု၍ = ဘုရားရှင်အား ရိုသေသမှု အလေးဂရု ပြုကြခြင်းအားဖြင့်လည်းကောင်း၊ ဘုရားရှင် ဟောကြားညွှန်ပြ ဆုံးမတော်မူသည့်အတိုင်း ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြခြင်းအားဖြင့်လည်းကောင်း ဘုရားရှင်၏ သားအစစ်သဖွယ် ဖြစ်ကြသောကြောင့် ရှင်သာရိပုတ္တရာ စသော ဝိသုဒ္ဓိဗြာဟ္မဏ ရဟန္တာများကို "ဗြဟ္မညာ–မြတ်သော ဘုရားရှင်၏ သားများ"ဟု ဆို၏။

ဗြဟ္မံ (သေဋ္ဌံ အရိယမဂ္ဂံ) ဇာနာတီတိ ဗြဟ္မညာ ဝိဂ္ဂဟကို ရှု၍ = အလေးအမြတ် ပြုခြင်း, ဆုံးမသည့်အတိုင်း ကျင့်ခြင်းဖြင့် မြတ်သော အရိယာမဂ်ကို သိမြင်တတ်သောကြောင့် ရှင်သာရိပုတ္တရာ စသော ဝိသုဒ္ဓိဗြာဟ္မဏ ရဟန္တာများကို "ဗြဟ္မညာ–မြတ်သော အရိယာမဂ်ကို သိတတ်သူများ"ဟု ဆို၏။ (ဋီသစ်)

အမှာ။ ဗြဟ္မညာ ဝိဂ္ဂဟများ၌ = နာမလာဘဟိတ်ကို ရေးခဲ့ပါဟု မေးသော် ယင်းအဖြေအတိုင်း ဖြေရုံသာ။

မေး။ ရှင်သာရိပုတ္တရာ၏ သာရိပုတ္တရာ အမည်မှ တစ်ပါးသော ထင်ရှားစွာ ရခဲ့သည့် အမည်တို့ကို ဖျုပ္ပွတ်မြှော်၍ အကြောင်းနှင့်တကွ အသီးသီး ဖော်ထုတ်ပြခဲ့ပါ။

ဖြေ။ ဓမ္မသေနာပတိ အမည်နှင့် ဥပတိဿ အမည်တို့ ဖြစ်၏။

ဓမ္မသေနာပတိ အမည်ရခြင်း အကြောင်း = ကုသိုလ်တရားဟူသော လက်နက်တို့ဖြင့် ကာမ အစရှိကုန်သော အကုသိုလ်တရားတို့ကို အောင်မြင်တော်မူပြီးကုန်သော ဘုရားရှင်၏ ကုဋ္ဌေတစ်သိန်း မကသော သာဝကတည်းဟူသော ဓမ္မစစ်သည်တော်တို့၏ အကြီးအမှူး ဦးစီးနာယက ပဓာနပုဂ္ဂိုလ်ကြီး ဖြစ်တော်မူသောကြောင့် ရှင်သာရိပုတ္တရာသည် "ဓမ္မသေနာပတိ" အမည်ကိုလည်း ရသေးသည်။ (သူစိ)

အမှာ။ ဤဓမ္မသေနာပတိ ဟူသော အမည်သည် ရှင်သာရိပုတ္တရာ အရိယာအဖြစ်သို့ ရောက်သောအခါမှ ဘုရားရှင် မှည့်ခေါ်သော အမည်ဖြစ်၏။

ဥပတိဿ အမည်ရခြင်း အကြောင်း = ပူဇော်အပ်, ပူဇော်ထိုက်သောကြောင့်လည်းကောင်း၊ ရှင်သာရိပုတ္တရာထံ ရောက်လာပါက ဟိတသုခ အကျိုးများ ပြီးစီးသောကြောင့် နှစ်သက်ဘွယ်ရာ ပုဂ္ဂိုလ်ကြီး ဖြစ်သောကြောင့်လည်းကောင်း ရှင်သာရိပုတ္တရာသည် "ဥပတိဿ" အမည်ကိုလည်း ရသေးသည်။ (သူစိ)

(တစ်နည်း:) ဥပတိဿ ဟူသော အမည်သည် = ငယ်ရွယ်စဉ် အခါက မိဘတို့ အလိုရှိသလို သုံးစွဲခေါ်ဝေါ်ထားသော ရုဋ္ဌိနာမ်ပုဒ်မျှသာ ဖြစ်သောကြောင့် ဥပတိဿ အမည်အတွက် အကြောင်းဖျုပ္ပွတ် ရှာစရာ မလိုပါ။

ttp://www.dhammadownload.com



မေး။ ရှင်မောဂ္ဂလ္လာန်၏ မောဂ္ဂလ္လာန် အမည်မှ တစ်ပါးသော ထင်ရှားစွာ ရခဲ့သည့် အမည်ကို ဗျုပ္ပတ် မျှော်၍ အကြောင်းနှင့်တကွ ဖော်ထုတ်ပြခဲ့ပါ။

ဖြေ။ ကောလိတတည်း။

ကောလိတ အမည်ရခြင်း အကြောင်း = မြင့်မြတ်သော ပုဏ္ဏားမျိုး၌ ဖြစ်လာသူ ဖြစ်သောကြောင့် (ဝါ) မိမိ၏ ဂုဏ်ကို ချဲ့ထွင်တတ်သောကြောင့် ရှင်မောဂ္ဂလ္လာန်သည် "ကောလိတ" အမည်ကိုလည်း ရသေး၏။ (တစ်နည်း) ကောလိတ ဟူသော အမည်သည် = ယေဝ်ရှယ်စဉ် အခါက မိဘတို့ အလိုရှိသလို သုံးစွဲခေါ်ဝေါ် ထားသော ရုဠှီနာမ်ပုဒ်မျှသာ ဖြစ်သောကြောင့် ကောလိတ အမည်အတွက် အကြောင်းဗျုပ္ပတ် ရှာစရာ မလိုပါ။ (သူစိ)

မေး။ ရဋ္ဌနှင့် ဇနပဒတို့ကို ခွဲခြား၍ ပြခဲ့ပါ။

ဖြေ။ မင်းတစ်ပါး၏ တိုင်းပြည်ဖြစ်သော ကာသိတိုင်း, ကောသလတိုင်း စသည်ကဲ့သို့ ဇနပုဒ်အများ စုပေါင်းထားသော ဌာနကို "ရဋ္ဌ"ဟု ခေါ်သည်။

မင်းတစ်ပါး၏ တိုင်းပြည်၌ တစ်ခုတစ်ခု အစိတ်ဖြစ်သော ဥတ္တရာပထ, ဒက္ခိဏာပထ စသော ဇနပုဒ်ငယ်, ပြည်နယ်ခရိုင် တစ်ခုကို "ဇနပဒ"ဟု ခေါ်သည်။

**(ဌ၊ နှာ ၂၅၆-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **န တသ္မိံ ဂါမေ** ဝါတိ ယတ္ထ ကိရ ဘဂဝါ ပဋိဝသတိ၊ တတ္ထ မဟေသက္ခာ ဒေဝတာ အာရက္ခံ ဂဏှန္တိ၊ တံ နိဿာယ မနုဿာနံ ဥပဒ္ဒဝေါ န ဟောတိ ဝါကျ၌ လာသော ကိရသဒ္ဒါ၏ အတ္ထုဒ္ဓါရနှင့် အတ္ထုဒ္ဓေသကို ဖော်ပြပါ။

ဖြေ။ ကိရသဒ္ဒါ၏ အတ္ထုဒ္ဓါရကား ၁။ အနုဿဝနတ္ထ-တစ်ဆင့်ကြားခြင်း အနက် ၂။ အရုစိသံသူစနတ္ထ-မနှစ်သက်မှုကို ညွှန်ပြခြင်း အနက်တို့ ဖြစ်၏။ (ဓာန်)

ဤနေရာ၌ အလိုရှိအပ်သော အတ္ထုဒ္ဓေသကား = အရုစိသံသူစနတ္ထ ဖြစ်၏။

မေး။ **န တသ္မိံ ဂါမေ** ဝါတိ ယတ္ထ ကိရ ဘဂဝါ ပဋိဝသတိ၊ တတ္ထ မဟေသက္ခာ ဒေဝတာ အာရက္ခံ ဂဏှန္တိ၊ တံ နိဿာယ မနုဿာနံ ဥပဒ္ဒဝေါ န ဟောတိ ဝါကျ၌ လာသော ကိရသဒ္ဒါဖြင့် ပြဆိုအပ်သော ဒဿနတ္ထတို့ကို ရေးခဲ့ပါ။

ဖြေ။ ဤနေရာ၌ ကိရသဒ္ဒါသည် = အရုစိသံသူစနတ္ထကို ဟော၏။ ယင်းကိရသဒ္ဒါဖြင့် မြတ်စွာဘုရားရှင် သီတင်းသုံး နေထိုင်တော်မူရာ အရပ်၌ မဟေသက္ခ နတ်များ၏ စောင့်ရှောက်မှုကြောင့် လူတို့အား ဘေးရန် ကင်း၏ဟု ဆိုသော စကားသည် မှန်ချ မဟုတ်ပါ။ အမှန်စင်စစ်အားဖြင့်ကား ဘုရားရှင်၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် မဟေသက္ခ နတ်များက စောင့်ရှောက်မှုကို တာဝန်ယူထားရခြင်း ဖြစ်၍ ဘုရားရှင်၏ အာနုဘော်တော်ကြောင့်သာ လူတို့အား ဘေးရန် ကင်းသည်ဟူသော အဓိပ္ပါယ်ကို ယင်းကိရသဒ္ဒါဖြင့် ပြသည်။

မေး။ ပံသုပိသာစကာဒယော ဝေ ဟိ မနုဿေ ဝိဟေဌေန္တိ ဝါကျ၌ လာသော ပံသုပိစကာဒယော၌ အာဒိအရကို ဖော်ပြပါ။

ဖြေ။ ဘူတ (ဘုတ်, ပြိတ္တာ, တစ္ဆေ)၊ ရက္ခသ (ရက္ခိုသ်ဘီလူး) စသည်တို့ကို ယူပါ။ (ဋီသစ်)

မေး။ သမဏော ခလု ဘော ဂေါတမော သင်္ဃီ ဂဏီ ဂဏာစရိယောဝ်၌ သင်္ဃီနှင့် ဂဏီတို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ ဆုံးမအပ်သော ဝေနေယျ သတ္တဝါအပေါင်း ရှိသောကြောင့်လည်းကောင်း၊ မိမိကိုယ်တိုင် ဖြစ်စေအပ်သော အရိယာ ပုဂ္ဂိုလ်အပေါင်း ရှိသောကြောင့်လည်းကောင်း မြတ်စွာဘုရားသည် "သင်္ဃီ" မည်၏။

ttp://www.dhammadownload.com



မိမိကိုယ်တိုင် ဖြစ်စေအပ်သော (သယံ ဥပ္ပါဒိတကဲ့သို့ ရှုအပ်သော သဘောရှိသော) အရိယာပုဂ္ဂိုလ် အပေါင်း ဟူသော ဂိုဏ်းရှိသောကြောင့် မြတ်စွာဘုရားသည် "ဂဏီ" မည်၏။ ဤသို့ ထူးသည်။ (ဋ္ဌ၊ ဋီသစ်)

**(ဋ္ဌ၊ နှာ ၂၅၇-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဝုတ္တမ္ပိ စေတံ ---

"ဗုဒ္ဓေါ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊ ကပ္ပမ္ပိ စေ အညမဘာသမာနော။

ခီယေထ ကပ္ပေါ စိရဒီဃမန္တရေ၊ ဝဏ္ဏော န ခီယေထ တထာဂတဿာ"တိ ဟူသော ဝါကျ၀ယ် ကပ္ပမ္ပိ၌ ကပ္ပ အရကို ကောက်ပြပြီး၊ ယင်းဂါထာသည် လောကဓမ္မတာ ဖြစ်ရိုးဖြစ်စဉ်အားဖြင့် တကယ်တမ်း ဖြစ်နိုင်သော ဂါထာ ဟုတ်/မဟုတ်ကိုလည်း စိစစ်ပြပါ။

ဖြေ။ ကပ္ပ အရ = အာယုကပ် (လက်ရှိ လူတို့၏ အသက်တမ်းဖြစ်သော ကပ်)ကို ယူပါ။ (ဋီသစ်)

မေးခွန်း၌ လာသော ဂါထာသည် "ကပ္ပမ္ပိ စေ ဘဏေယျ"၌ ပရိကပ္ပဇောတက စေသဒ္ဒါ, ယေျဝိဘတ်တို့ဖြင့် ဆိုထားသည်ကို ထောက်၍လည်းကောင်း၊ ဘုရားရှင်တို့မည်သည် ဝေနေယျသတ္တဝါတို့၏ ဟိတသုခ အတွက်သာ ပွင့်ပေါ်လာခြင်း ဖြစ်၍ ဘုရားတစ်ဆူ၏ ဂုဏ်ကို တစ်ဆူသော ဘုရားရှင်က ချီးမွမ်းထောမနာ ပြုနေခြင်းမည်သည် မရှိဟူသော သဘာ၀ကို ရှု၍လည်းကောင်း လောကဓမ္မတာ ဖြစ်ရိုးဖြစ်စဉ်အားဖြင့် တကယ်တမ်း ဖြစ်နိုင်သော ဂါထာ မဟုတ်ပါ။ မဖြစ်နိုင်သည်ကို ကြံဆသည်၏ အစွမ်းအားဖြင့် အဋ္ဌကထာတို့၌ ဆိုထားသော ဂါထာမျှ ဖြစ်သည်။ (ဋီသစ်)

**(ဋ္ဌ၊ နှာ ၂၅၇+၂၅၈-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ မြတ်စွာဘုရားအား သောဏဒဏ္ဍပုဏ္ဏား လက်အုပ်မျှသာ ချီရခြင်း အကြောင်းကို အဋ္ဌကထာ လာသည့်အတိုင်း တင်ပြပါ။

ဖြေ။ စမ္ပာပြည်၌ နေကုန်သော ရဟန်းပုဏ္ဏားတို့သည် မိစ္ဆာဒိဋ္ဌိဝါဒီနှင့် သမ္မာဒိဋ္ဌိဝါဒီဟူ၍ အုပ်စုနှစ်စု ရှိကုန်၏။ မြတ်စွာဘုရားအား လက်အုပ်ချီသော သောဏဒဏ္ဍ ပုဏ္ဏားကြီးကို မိစ္ဆာဒိဋ္ဌိ အယူရှိကုန်သော သူတို့သည် "အဘယ့်ကြောင့် ရဟန်းဂေါတမကို ရှိခိုးရသနည်း"ဟု အပြစ်တင်ကုန်သည် ရှိသော် ထိုမိစ္ဆာဒိဋ္ဌိ အယူရှိကုန်သော သူတို့အား "လက်အုပ်ချီခြင်းကို ပြုရုံမျှနှင့် ရှိခိုးခြင်း ဖြစ်သလော"ဟူ၍လည်းကောင်း၊ သမ္မာဒိဋ္ဌိ အယူရှိကုန်သော သူတို့သည် "အဘယ့်ကြောင့် ဘုရားကို ရှိမခိုးရနည်း"ဟု အပြစ်တင်ကုန်သည် ရှိသော် "ဦးခေါင်းဖြင့် မြေကြီး၌ ထိမှသာ ရှိခိုးခြင်း ဖြစ်သလော၊ လက်အုပ်ချီသော အမှုသည်လည်း ရှိခိုးသည်သာ မဟုတ်လော"ဟူ၍လည်းကောင်း ပြောဆိုချေပအံ့ဟု ကြံစည်သောကြောင့်တည်း။ (ဋ္ဌ)

**(ဋ္ဌ၊ နှာ ၂၅၈-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ "အပ္ပေကစ္စေ တုဏှီဘူတာ ဧကမန္တံ နိသီဒိံသု" ပါဠိတော်၌ ဘုရားရှင် ရှေ့တော်မှောက် ရောက်နေပါလျက် တုဏှီဘော နေကြသူတို့ကို တုဏှီဘော နေကြကုန်ခြင်း၏ အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဘုရားရှင် ရှေ့တော်မှောက် ရောက်နေပါလျက် တုဏှီဘော နေကြသူတို့ကား = ကောက်ကျစ် စဉ်းလဲသော ဗြာဟ္မဏများနှင့် ပညာဉာဏ် မဲ့၍ မိုက်ကမ်းကြသော ဗြာဟ္မဏများ ဖြစ်ကြသည်။

ကောက်ကျစ်စဉ်းလဲသော ဗြာဟ္မဏများသည် = ဘုရားရှင်နှင့် စကားတစ်ခွန်း, နှစ်ခွန်းမျှလောက်သာ ပြောကြား လိုက်ရပါက ချစ်ကြွမ်းဝင်လာမည်။ ထိုသို့ ချစ်ကြွမ်းဝင်လာပါက ဆွမ်း တစ်ကြိမ်,နှစ်ကြိမ်မျှလောက်တော့

ttp://www.dhammadownload.com



ကပ်လျှပူဇော်မှသာ ကောင်းပေလိမ့်မည်။ ထိုသို့ ချစ်ကြွမ်းဝင်မှု, ဆွမ်း တစ်ကြိမ်နှစ်ကြိမ်မျှလောက် ကပ်လှူပူဇော်ရမှုတို့မှ မိမိတို့ကိုယ်ကို လွတ်မြောက်စေလိုသောကြောင့် တုဏှီဘော နေကြသည်။

ဉာဏ်ပညာမဲ့ မိုက်ကမ်းသော ဗြာဟ္မဏတို့သည်ကား = ပညာမဲ့ကြကာ မိုက်ကမ်းကြကုန်သောကြောင့်ပင်လျှင် တုဏှီဘော နေကြသည်။ (ဌ)

မေး။ (က) **သုဇံ ပဋ္ဋကျန္တနုံ့** ယညယဇနတ္ထာယ ပဂ္ဂဏှန္တေသု ဗြာဟ္မဏေသု ပဌမော ဝါ ဒုတိယော ဝါတိ အတ္တော။

(ခ) သုဇာယ ဒိယျမာနံ မဟာယာဂံ ပဂ္ဂဏှန္တာနန္တိ ပေါရာဏာ – ဟူသော နှစ်ဝါကျတို့တွင် ပဌမ, ဒုတိယဟု ဖွင့်ဆို သတ်မှတ်ရာ၌ (က) ဝါကျလာ ရှေးဝါဒနှင့် (ခ) ဝါကျလာ ပေါရာဏဝါဒတို့ ထူးခြားပုံကို ရှင်းပြပါ။

ဖြေ။ (က) ဝါကျလာ ရှေးဝါဒ၌ ယဇ်ကို ပေးလှူသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ပဌမ, ဒုတိယဟု ဖွင့်ဆို သတ်မှတ်၏။

(ခ) ဝါကျလာ ပေါရာဏဝါဒ၌ ယဇ်ကို ခံယူသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ပဌမ, ဒုတိယဟု ဖွင့်ဆို သတ်မှတ်၏။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ ယဇ်မွှေယောက်မ ကိုင်ဆောင်ခွင့်ရသော ပုဂ္ဂိုလ်ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ယဇ်မွှေယောက်မကို ဣရုဝိဇ္ဇာတတ်သူ ယဇ်ဆရာ ဗြာဟ္မဏတို့သာ ကိုင်ဆောင်ခွင့် ရှိသည်။

အကြောင်းကား = ဣရုဗေဒင်၏ အစွမ်းအားဖြင့် (ဝါ) ဣရုဝေဒနည်းအရ ယဇ်ပူဇော်ရသောကြောင့်တည်း။

မေး။ ပါဠိတော်ဝယ် **သုဇံ ပဋ္ဋကျန္တနံ**ဟုသာ ရှိပါလျက် သုဇာယ ဒိယျမာနံ မဟာယာဂံ ပဂ္ဂဏှန္တာနန္တိဟု အဋ္ဌကထာဆရာ ဖွင့်သောအခါ၌ အဘယ်ကြောင့် ဒိယျမာနံ ပုဒ်ကို ထည့်ဖွင့်ရသနည်း။

ဖြေ။ ယဇ်သည် မီးပူဇော်ခြင်းသာလျှင် အဦးအစ ရှိသည် ဖြစ်၍ ယဇ်ပူဇော်သောအခါ ရှေးဦးစွာ မီးထဲသို့ ယဇ်မွှေယောက်မ အဖျားဖြင့် ထောပတ် စသည်ကို ထည့်ပေးရသောကြောင့် ဒိယျမာနံ ပုဒ်ကို ထည့်၍ ဖွင့်သည်။

မေး။ ဘဂဝါ ပန ဝိသေသတော ဥတ္တမဗြာဟ္မဏသ ဒဿနတ္ထံ "**ဏ္ဏမေသံ မနာ**"တိ အာဒိမာဟ ဟူသော ဝါကျ၌ လာသော ဝိသေသ အရကို ဖော်ပြ၍၊ အဘယ်ပုဂ္ဂိုလ်သည် အဘယ်ကြောင့် "ဥတ္တမဗြာဟ္မဏ" မည်သနည်း။

ဖြေ။ ဝိသေသ အရ = ဝိဇ္ဇာစရဏ ဝိသေသကို ယူပါ။ ပုဏ္ဏားတို့ အလိုရှိအပ်ကာမျှဖြစ်သော ဝိဇ္ဇာစရဏကို မယူရပါ။ (ဋီသစ်)

ရဟန္တာပုဂ္ဂိုလ်သည် အနုတ္တရ ဒက္ခိဏေယျ ဖြစ်သောကြောင့် "ဥတ္တမဗြာဟ္မဏ" မည်၏။ (ဋီသစ်)

**(၄၊ နှာ ၂၉၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **ကိံ ဝဏ္ဏော ကရိဿတီ**တိ အဇ္ဈတ္တရေ ဂုဏေ အသတိ ကိံ ကရိဿတိ ဝါကျဝယ် ဂုဏေ၌ ဂုဏ အရကို ဖော်ပြပါ။

ဖြေ။ ဂုဏ အရ = ဆိုအပ်ပြီးသော ငါးပါးသီလတည်းဟူသော ဂုဏ်ကို ယူပါ။ (ဋီသစ်)

မေး။ သမ္မောဟမတ္တံ ဝဏ္ဏာဒယော၌ "သမ္မောဟမတ္တ" ဖြစ်ရခြင်း၏ အကြောင်းကို ဖော်ပြပါ။

ဖြေ။ အဆင်း, မန္တန်, ဇာတ်တို့သည် ဗြာဟ္မဏအဖြစ်၏ အကြောင်းတည်းဟု မှတ်ထင်ခြင်းကြောင့်လည်းကောင်း၊ မမှုမတ ရှုကြည့်ခြင်းကြောင့် (ဝါ) မစူးစမ်း မဆင်ခြင်ဘဲ မှတ်ထင်ခြင်းကြောင့်လည်းကောင်း "သမ္မောဟမတ္တ–ပြင်းစွာတွေဝေခြင်း" ဖြစ်ရသည်။ (ဋီသစ်)

မေး။ ဒုဿီလပုဂ္ဂိုလ်၌ အဘယ်ကြောင့် ပညာ မရှိပါသနည်း။

ဖြေ။ (သမာဟိတော ယထာဘူတံ ပဇာနာတိ–သမာဓိ ရှိသူသည်သာ ဟုတ်မှန်တိုင်းကို သိတတ်သူ ဖြစ်၏) ဒုဿီလပုဂ္ဂိုလ်၌ကား သမာဓိ မရှိသောကြောင့် ဝိပဿနာဟု ဆိုအပ်သော ပညာ မရှိပါ။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ဧဠမူဂပုဂ္ဂိုလ်၌ အဘယ်ကြောင့် သီလ မရှိပါသနည်း။

ဖြေ။ ပညာကင်းသော ဧဠမူဂပုဂ္ဂိုလ်သည် သီလဝိဘာဂကိုလည်းကောင်း၊ သီလ စင်ကြယ်ခြင်း၏ အကြောင်းနည်းလမ်းကိုလည်းကောင်း မသိသောကြောင့် ဧဠမူဂပုဂ္ဂိုလ်၌ သီလ မရှိပါ။ (ဋီသစ်)

မေး။ သီလညာဏ်ဟုဆိုက ပြီးပါလျက် အဘယ်ကြောင့် 'ပ'သဒ္ဒါ ထည့်၍ **သီလပညာဏ်**ဟု ဆိုရသည်ကို ဖြေဆို၍၊ **ပညာဏ်** အရကိုလည်း ဖော်ထုတ်ခဲ့ပါ။

ဖြေ။ ပကတိဖြစ်သော ဉာဏ်ကို တားမြစ်၍ ဝိပဿနာ စသော မြတ်သော ဉာဏ်ကို အလိုရှိအပ်၏ဟု သိစေလိုသောကြောင့် 'ပ'သဒ္ဒါထည့်၍ သီလပညာဏ်ဟု ဆိုသည်။ (ဋီသစ်)

ပညာဏ် အရ = ဝိပဿနာ စသော ဉာဏ်ကို ယူပါ။ (ဋီသစ်)

**(ဌ၊ နှာ ၂၆၀-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ (က) သီလပရိဓောတာ ပညာ - သီလဖြင့် ဆေးကြောပြီးသော ပညာရှိသော ပုဂ္ဂိုလ်၊

(ခ) ပညာပရိဓောတံ သီလံ - ပညာဖြင့် ဆေးကြောပြီးသော သီလရှိသော ပုဂ္ဂိုလ်တို့တွင် စံပြနမူနာ ယူသင့်သော ပုဂ္ဂိုလ်အဖြစ် အဋ္ဌကထာဆရာ ညွှန်းဆိုထားသည့် ပုဂ္ဂိုလ်တို့ကို ရှင်းလင်းစွာ ညွှန်ပြခဲ့ပါ။

ဖြေ။ (က) ပုထုဇဉ်သီလ၌ အနှစ် ၆၀-ပတ်လုံး မကျိုးမပေါက် မပြောက်မကြားရအောင် စောင့်ရှောက်လျက် သေခါနီးကာလဝယ် ကိလေသာအားလုံးကို သတ်ဖြတ်ပြီး အရဟတ္တဖိုလ်ကို ရယူသွားသော ဝါတော် ၆၀-ရှိပြီးသော ကန္ဒရသာလ ပရိဝုဏ်နေ မထေရ်ကြီးတည်း။

(ခ) ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်အဖြစ်ဖြင့် လေးပါဒရှိသော ဂါထာ၏ အဆုံး၌ ပညာဖြင့် သီလကို ဆေးကြောကာ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ရှိကာ ရဟန္တာဖြစ်သွားသော သန္တတိအမတ်ကြီးတည်း။ (ဌ)

**(ဌ၊ နှာ ၂၆၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ကုသလေ ဓမ္မေ သမာဒပေတွာ ဂဏှာပေတွာ ဝါကျဝယ် ကုသလေ ဓမ္မေ၌ "ကုသလ" အရကို (က) မုချ (ခ) ပရိယာယ်နည်းတို့ဖြင့် ခွဲခြား ကောက်ပြ၍ ပရိယာယ်နည်း အရကောက်ရာ၌ အာဂုမ်သာကေ ပါဠိကိုလည်း ထုတ်ပြပါ။

ဖြေ။ ကုသလ အရ ...

(က) မုချအားဖြင့် တေဘူမက ကုသိုလ်တရားကို ယူပါ။

(ခ) ပရိယာယ်အားဖြင့် (လောကုတ္တရာကုသိုလ်သည် နောင်အခါ ရလတ္တံ့ ဖြစ်သောကြောင့်) စတုဘူမက ကုသိုလ်တရားကို ယူပါ။

ပရိယာယ်ပြ သာဓကကား ...

တထာ ဟိ ဝက္ခတိ "အာယတိံ နိဗ္ဗာနတ္ထာယ, ဝါသနာဘာဂိယာယ ဝါ"တိ။ (ဋီသစ်)

**(ဌ၊ နှာ ၂၆၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဗြာဟ္မဏော ပန အတ္တနော ကုဟကတာယ ဘဂဝတိ ဓမ္မဝသံ ဝသိတေ ဝိသေသံ နိဗ္ဗတ္တေတုံ နာသက္ခိ ဝါကျ၌ လာသော ကုဟကတာယ ပါဠ်ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ကုဟကတာယ ပါဠ်ဖြင့် သောဏဒဏ္ဍပုဏ္ဏားအား၏ အားထုတ်မှုလုံ့လ ပယောဂသမ္ပတ္တိ မရှိသည်၏ အဖြစ်ကို ပြသည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ သောဏဒဏ္ဍ သုတ္တန်ကို ပုရိမကထာ၊ ပစ္ဆိမကထာအားဖြင့် ပိုင်းခြားပြခဲ့ပါ။

ဖြေ။ သောဏဒဏ္ဍသုတ္တန် ဒေသနာအစမှ စ၍ သောဏဒဏ္ဍပုဏ္ဏား အဖြေဆုံးသည့်တိုင်အောင်သော စကားတော်သည် ပုရိမကထာ မည်၏။

မြတ်စွာဘုရား၏ သီလပညာကို ဖြေဆိုသော စကားတော်သည် ပစ္ဆိမကထာ မည်၏။ (ဠီသစ်)

====================

## ကူဋဒန္တသုတ်

### (ဌ၊ နှာ ၂၆၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ပါဠိတော်၌ **မဟာယညော ဥပက္ခဋော**ဟု ဟောတော်မူရခြင်း၏ အကြောင်းကို ဖြေဆိုခဲ့ပါ။

ဖြေ။ ယဇ်တွင်းကို ကောင်းစွာ ပြင်ဆင်ပြီးသော ယဇ်ကြီးကို ရည်ရွယ်၍ သဝိညာဏက, အဝိညာဏက ဖြစ်ကုန်သော ယဇ်အဆောက်အဦတို့ကို အနီး၌ တည်စေအပ်ကုန်၏ဟူသော အနက်အဓိပ္ပါယ်ကို ရည်ရွယ်တော်မူလိုသောကြောင့် မဟာယညော ဥပက္ခဋောဟု ပါဠိတော်၌ ဟောတော်မူသည်။ (ဠီသစ်)

မေး။ မဂဓေသု ဇနပဒေ ဝါကျ၌ မဂဓ ပုဒ်၏ အစ "မ"ကို အဘယ်ကြောင့် "မာ"ဟု ဝုဒ္ဓိ မပြုသနည်း။

ဖြေ။ အတင်ရုဠ္ဌီအားဖြင့်လည်းကောင်း၊ ပစ္စည်း ချေထားသောအားဖြင့်လည်းကောင်း ထိုမင်းသားတို့၏ နေရာဖြစ်သော မဂဓ ဇနပုဒ်၌ "မာ"ဟု ဝုဒ္ဓိ မပြုရ။

မေး။ မဂဓေသု ဇနပဒေ ဝါကျဝယ် (က) မဂဓေသု ပုဒ်၌ ဗဟုဝုစ် (ခ) ဇနပဒေ ပုဒ်၌ ဧကဝုစ် ထားရခြင်း အကြောင်းကို ဖြေဆိုပါ။

ဖြေ။ (က) ပုမ္ဗဟုတ္တေ ကုရူ သက္ကာ ဟူသော အဘိဓာန် ပါဠိကို ထောက်၍ ကုရူ,သက္ကာ စသော ဇနပုဒ်၏ ဝိသေသ အမည်၌ ပုလ္လိင်, ဗဟုဝုစ်ဖြင့် ထားရိုးထုံးစံ ရှိ၏။ ဤ မဂဓ ဟူသော အမည်သည်လည်း မဂဓ ဇနပုဒ်၏ ဝိသေသ အမည်သာ ဖြစ်သောကြောင့် "မဂဓေသု"ဟု ဗဟုဝုစ်ဖြင့် ထားသည်။

(ခ) ဇနပဒ သဒ္ဒါကား သာမည ဇနပုဒ် ဇာတ်ကို ဟောသောသဒ္ဒါ ဖြစ်သောကြောင့်လည်းကောင်း၊ တစ်ခုဖြစ်လျှင် ဧကဝုစ်, နှစ်ခု စသည် ဖြစ်လျှင် ဗဟုဝုစ် ထားရိုးထုံးစံ ရှိ၍ မဂဓ ဇနပုဒ်သည် တစ်ခုတည်းသာ ဖြစ်သောကြောင့်လည်းကောင်း "ဇနပဒေ"ဟု ဧကဝုစ်ဖြင့် ထားသည်။ (ဘာဋီ၊ ဠီသစ်)

မေး။ အနေကေသံ မိဂပက္ခီနံ၌ မိဂ အရနှင့် ပက္ခီ အရတို့ကို ဖော်ပြပါ။

ဖြေ။ မိဂ အရ = ကျွဲ, ဆတ်, ချေ(ဂျီ), ပြောင်, စိုင် စသော သားကောင်တို့ကို ယူပါ။

ပက္ခီ အရ = ဥဒေါင်း, ကြိုးကြာ, ငုံး, ခါ, ခို စသော ငှက်တို့ကို ယူပါ။

### (ဌ၊ နှာ ၂၆၄-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အထ ဝါ စတုဗ္ဗိဓာ **ကောသော** ဟတ္ထီ အဿာ ရထာ ပတ္တီတိ။ **ကောဋ္ဌာဂါရံ** တိဝိဓံ ဓနကောဋ္ဌာဂါရံ ဝတ္ထကောဋ္ဌာဂါရံ ဓညကောဋ္ဌာဂါရဉ္စ ဟူသော ဝါကျ၌လာသော သေနင်္ဂလေးမျိုးတို့ကို သရုပ်နှင့်တကွ တွဲစပ်ဖော်ပြ၍၊ ဝတ္ထကောဋ္ဌာဂါရနှင့် ဓနကောဋ္ဌာဂါရတို့၌ သိမ်းအပ်သော ဥစ္စာတို့ကိုလည်း ခွဲခြားဖော်ပြပါ။

ttp://www.dhammadownload.com



ဖြေ။ သေနင်္ဂလေးမျိုးကား . . .
၁။ ဟတ္ထီ – စစ်သား ၁၂–ယောက်ပါသော ဆင်၊
၂။ အဿ – စစ်သား ၃–ယောက်ပါသော မြင်း၊
၃။ ရထ – စစ်သား ၄–ယောက်ပါသော ရထား၊
၄။ ပတ္တိ – မြားကိုင် (လက်နက်ကိုင်) စစ်သား ၄–ယောက်။ (ဝိ–၂၊ ၁၄၀)
ဝတ္ထကောဋ္ဌာဂါရဉ္စ = ရွှေငွေမှ တစ်ပါးသော အလုံးစုံသော ကုပ္ပဘဏ္ဍာ–စောင့်ရှောက်ထိုက်သော အနှစ်သာရ မရှိသော ဘဏ္ဍာတို့ကို သိုမှီးသည်။
ဓနကောဋ္ဌာဂါရဉ္စ = ရွှေငွေကို သိုမှီးသည်။ ဤသို့ ထူးသည်။ (ဋီသစ်)

**(ဌ၊ နှာ ၂၆၅–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ တေသံ ဘဝံ ရာဇာ ဗီဇဘတ္တံ အနုပ္ပဒေတု ပါဠိတော် ဝါကျဝယ် "ဗီဇဘတ္တ"အရကို အကြောင်းပြ၍ ကောက် ပြပါ။

ဖြေ။ ဗီဇဘတ္တဟူသော သဒ္ဒါသည် = အစိတ်ဖြစ်သော မျိုးစေ့ထမင်း၏ ဗီဇဘတ္တဟူသော အမည်ကို အပေါင်း ဖြစ်သော မျိုးစေ့ထမင်း, လယ်ထွန်ခြင်း၏ အဆောက်အဦ အားလုံး၌ တင်စား၍ ဆိုသည့် ဧကဒေသူပစာ+ နိဒဿနနည်း ရသောသဒ္ဒါ ဖြစ်သောကြောင့် ဗီဇဘတ္တ အရ = အပေါင်းဖြစ်သော မျိုးစေ့ထမင်း, လယ် ထွန်ခြင်း၏ အဆောက်အဦ အားလုံးကို ယူပါ။

မေး။ ဒိန္နေ အပ္ပဟောန္တေ ပုန အညမ္ပိ ဗီဇဥ္စ ဘတ္တဉ္စ ကသိဥပကရဏဘဏ္ဍဉ္စ သမ္ပဒေတူတိ အတ္ထော ဝါကျဝယ် "ဒိန္နေ အပ္ပဟောန္တေ"၌ ရနိုင်သော နည်းကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ "အနု (ဝါ) ပုန–နောက်ထပ်ပေးပါ"ဟု ဆိုသဖြင့် ပေးပြီး ဖြစ်သော ဗီဇဘတ္တဖြင့် မလောက်သော်ဟု အဓိပ္ပါယ် ကျရောက်သောအားဖြင့် ရအပ်သောကြောင့် အတ္ထာပန္နနည်းကို ရ၏။

မေး။ **ပါဘတံ အနုပ္ပဒေတူတိ** သက္ခိ အကတွာ ပဏ္ဏေ အနာရောပေတွာ မူလစ္ဆေဇ္ဇဝသေန ဘဏ္ဍမူလံ ဒေတူတိ အတ္ထော ဝါကျ၌ အဘယ်ကြောင့် "သက္ခိ အကတွာ ပဏ္ဏေ အနာရောပေတွာ မူလစ္ဆေဇ္ဇဝသေန"ဟု ဝိသေသန ပြုရသနည်း။

ဖြေ။ အရင်းအနှီး ထုတ်ပေးရာ၌ ပြန်၍ ယူလိုသူတို့မှာ သက်သေလည်း ထားရ၏။ စာချုပ်လည်း ချုပ်ရ၏။ ဤနေရာ၌ကား ပြန်၍ တောင်းယူမည် မဟုတ်သောကြောင့် ထိုနှစ်မျိုးလုံးကို မပြုရတော့။ ထို့ကြောင့် "သက္ခိ အကတွာ ပဏ္ဏေ အနာရောပေတွာ မူလစ္ဆေဇ္ဇဝသေန"ဟု ဝိသေသန ပြုသည်။ (ဋီသစ်)

မေး။ ဘတ္တဝေတနံ၌ (က) ဘတ္တ (ခ) ဝေတန အရတို့ကို အသီးသီး ကောက်ပြပါ။

ဖြေ။ (က) ဘတ္တ အရ = နေ့စဉ် ပေးရသည့် ထမင်းကို ရ၏။
(ခ) ဝေတန အရ = တစ်လ တစ်ကြိမ်, တစ်လခွဲ တစ်ကြိမ်, ဥပုသ်တစ်ပတ် တစ်ကြိမ် စသည်ဖြင့် ပေးရ သည့် လစာရိက္ခာကို ရ၏။ (ဋီသစ်)

မေး။ **ဘတ္တဝေတနန္တိ** ဒေဝသိကဘတ္တဉ္စေဝ မာသိကာဒိပရိဗ္ဗယဉ္စ တဿ တဿ ကုလကမ္မ သူရဘာဝါနုရူပေန ဌာနန္တရဂါမနိဂမာဒိဒါနေန သဒ္ဓိံ ဒေတူတိ အတ္ထော ဤဝါကျ၌ အဘယ်ကြောင့် အဘယ်အရကို "အတ္ထော"ဟု ဆိုသနည်း။

ဖြေ။ ဘတ္တဝေတနံ ပကပ္ပေတု ဟူသော ပါဠိတော်စကား၌ စကားကျအားဖြင့် ရအပ်သော ကုလကမ္မသူရဘာဝါ နုရူပေန ဌာနန္တရဂါမနိဂမာဒိဒါနေန သဒ္ဓိံ ဟူသော အနက်ကို အဋ္ဌကထာဆရာ ဖွင့်ပြသောကြောင့် စကားကျဖြစ်သော အနက်ကို ဤနေရာ၌ "အတ္ထော"ဟု ဆို၏။

ttp://www.dhammadownload.com



မေး။ ဂါမ, နိဂမ, နဂရ သုံးမျိုးတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ တံတိုင်း မရှိ၊ ဈေး မရှိ၊ ခေါ်ဘိ ဂါမသာ။

တံတိုင်း မရှိ၊ ဈေးသာ ရှိ၊ ခေါ်ဘိ နိဂမာ။

တံတိုင်းလည်းရှိ၊ ဈေးလည်းရှိ၊ ခေါ်ဘိ နဂရာ။ (ဋီသစ်ပြ–ဝိနယဋီကာ)

အမှာ။ တိုးပွားသော, ကြီးကျယ်သော အဝင် (ဝင်ပေါက်တံခါး) ရှိသော ရွာကြီးသည် နိဂမ မည်၏ဟု "နိဂမ"ပုဒ် အတွက် ဋီသစ်၌ တစ်နည်း ဖွင့်ပြသေး၏။

**(၄၊ နှာ ၂၆၆–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အဘယ်ပုဂ္ဂိုလ်မျိုးကို ဒါနသူရဟု ဆိုသနည်း။

ဖြေ။ ပေးလှူအပ်သော ဝတ္ထု၌ အနည်းငယ်မျှလည်း ငြိကပ်မှုကို မပြုဘဲ လွတ်လွတ် စွန့်ကြဲတတ်သူ အလှူရှင်မျိုးကို ဒါနသူရဟု ဆို၏။ (ဋီသစ်)

မေး။ ဒါနသူရ ဖြစ်ပုံကို အဘယ်နည်းဖြင့် သိနိုင်သနည်း။

ဖြေ။ ဒါနသူရ ဖြစ်ပုံကို ကမ္မဿကတာဉာဏ်၏ ထက်မြက်, သန့်ရှင်းသည်၏ အဖြစ်ဖြင့် သိနိုင်သည်။ (ဋီသစ်)

မေး။ အဘယ်ပုဂ္ဂိုလ်ကို **"ဒါနပတိ"**ဟု ခေါ်သနည်း၊ ကျနစွာ ရှင်းပြပါ။

ဖြေ။ မိမိပေးလှူရမည့် ဒါနဝတ္ထုကို အာရုံပြုကာ လောဘ ဖြစ်နေတတ်၏။ ထိုလောဘကို ကောင်းစွာ လွှမ်းမိုးနိုင်သော ဒါနစေတနာသည် အရှင်သခင် အစစ်တည်း။ အကြောင်းဖြစ်သော ထိုဒါနစေတနာ၏ ဒါနပတိ အမည်ကို အကျိုးဖြစ်သော အလှူရှင်၌ တင်စား၍ ကာရဏူပစာရအားဖြင့် ဒါနပတိဟု ဆိုထားသောကြောင့် အလှူရှင်ကို "ဒါနပတိ"ဟု ခေါ်၏။ (ဋီသစ်)

အမှာ။ ဒါနဒါသ, ဒါနသဟာယ ပုဒ်တို့၌လည်း နည်းတူမှတ်ပါ။

မေး။ **ဒါနပတီ**တိ ယံ ဒါနံ ဒေတိ၊ တဿ ပတိ ဟုတွာ ဒေတိ၊ န ဒါသော, န သဟာယော။

ယော ဟိ အတ္တနာ မဓုရံ ဘုဉ္ဇတိ, ပရေသံ အမဓုရံ ဒေတိ၊ သော ဒါနသင်္ခါတဿ ဒေယျဓမ္မဿ ဒါသော ဟုတွာ ဒေတိ။

ယော ယံ အတ္တနာ ဘုဉ္ဇတိ, တဒေဝ ဒေတိ၊ သော သဟာယော ဟုတွာ ဒေတိ။

ယော ပန အတ္တနာ ယေန ကေနစိ ယာပေတိ, ပရေသံ မဓုရံ ဒေတိ၊ သော ပတိ ဇေဋ္ဌကော သာမီ ဟုတွာ ဒေတိ။

ဖော်ပြပါပါဠိကျမ်းတို့၌ (က) န ဒါသော, န သဟာယော ၊ဝါ– ဒါန န ဒါသ, ဒါန န သဟာယ (ခ) ဒါသော ဟုတွာ ဒေတိ ၊ဝါ– ဒါနဒါသ (ဂ) သဟာယော ဟုတွာ ဒေတိ ၊ဝါ– ဒါနသဟာယ (ဃ) သာမီ ဟုတွာ ဒေတိ ၊ဝါ– ဒါနပတိဟု ဆိုရခြင်းတို့၏ အကြောင်းတို့ကိုလည်း အသီးသီး ဖော်ထုတ်ပြခဲ့ပါ။

ဖြေ။ (က) ဒါနဝတ္ထုကို အာရုံပြုသော, ဒါန၏ မိတ္တရဖြစ်သော လောဘဖြင့် မကပ်ငြိသောကြောင့် "န ဒါသော, န သဟာယော (ဝါ) ဒါန န ဒါသ, ဒါန န သဟာယ"ဟု ဆိုသည်။

(ခ) တဏှာ၏ ကျွန်အဖြစ်သို့ ကပ်ရောက်သောကြောင့် "ဒါသော ဟုတွာ ဒေတိ (ဝါ) ဒါနဒါသ"ဟု ဆိုသည်။

(ဂ) လှူဘွယ်ဝတ္ထု၏ နှစ်သက်ဘွယ်ကို မစွန့်နိုင်သောကြောင့် "သဟာယော ဟုတွာ ဒေတိ (ဝါ) ဒါနသဟာယ"ဟု ဆိုသည်။

(ဃ) လှူဘွယ်ဝတ္ထု ဒါနမှု၌ တဏှာကျွန်အဖြစ်မှ မိမိကိုယ်,စိတ်ကို လွတ်စေလျက် လွှမ်းမိုး၍ ဖြစ်သောကြောင့် "သာမီ ဟုတွာ ဒေတိ (ဝါ) ဒါနပတိ"ဟု ဆိုသည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ဒါနပတိကို သာမိပရိဘောဂနှင့် တူ၏ဟု ဆိုလျှင် သင့်/မသင့်ကို ဆရာနည်း စုံလင်စွာဖြင့် တင်ပြ၍ ဆုံးဖြတ်ချက် ချခဲ့ပါ။

ဖြေ။ ဒါနပတိကို သာမိပရိဘောဂနှင့် တူ၏ဟု ဆိုလျှင် ဒါနပတိ ပေးလှူခြင်းနှင့် ရဟန္တာ၏ သုံးဆောင်ခြင်း နှစ်မျိုးတို့၏ တဏှာကျွန်၏ အဖြစ်ကို လွန်မြောက်နိုင်ခြင်းနှင့် တူသည်ကို ရည်ရွယ်၍ဆိုသော် သင့်၏။ မုချအားဖြင့် တူ၏ဟု ဆိုလျှင်ကား မသင့်။

အကြောင်းကား = ရဟန္တာ၏ သုံးဆောင်ခြင်းသည် သာမိပရိဘောဂ ဖြစ်သကဲ့သို့ ရဟန္တာအားသာ လှူခြင်းသည် ဒါနသာမိ (ဒါနပတိ) ဖြစ်၏ဟူသော အဓိပ္ပါယ် မဖြစ်သင့်သောကြောင့်တည်း။ (ဋီဟောင်း၊ ဋီသစ်)

မေး။ ယော ဟိ အတ္တနာ မဓုရံ ဘုဉ္ဇတိ ဝါကျဝယ် မဓုရ အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ မဓုရ သဒ္ဒါသည် = အစိတ်ဖြစ်သော မဓုရ ခါဒနီယ,ဘောဇနီယ ဝတ္ထုတို့၏ မဓုရဟူသော အမည်ကို အပေါင်းဖြစ်သော မဓုရ ခါဒနီယ,ဘောဇနီယ ဝတ္ထုတို့၌ တင်စား၍ ဧကဒေသူပစာ+ဥပလက္ခဏနည်း, နိဒဿနနည်းအားဖြင့် ဆိုထားသော သဒ္ဒါ ဖြစ်သောကြောင့် မဓုရ အရ = အပေါင်းဖြစ်သော မဓုရ ခါဒနီယ, ဘောဇနီယ ဝတ္ထုကို ရ၏။

မေး။ **ဝဏိဗ္ဗကနှင့် ယာစကတို့၏** အထူးကို ရေးခဲ့ပါ။

ဖြေ။ "အလိုရှိအပ်သော ဝတ္ထု, နှစ်သက်အပ်သော ဝတ္ထု, စိတ်နှလုံးကို ပွားစေတတ်သော ဝတ္ထု, လျောက်ပတ်သော အခါ၌ အပြစ်မရှိသော ဝတ္ထုကို လှူအပ်၏။ လှူသော သူသည် စိတ်ကို ကြည်ညိုစေရာ၏။ လှူသော အရှင်သည် ဗြဟ္မာ့ပြည်သို့ ရောက်ပါစေသတည်း" ဤသို့ အစရှိသော နည်းဖြင့် ဒါန၏ ကျေးဇူးကို ချီးမွမ်းကုန်လျက် လှည့်လည်သွားကုန်သော သူတို့သည် ဝဏိဗ္ဗက မည်ကုန်၏။

"တလက်ဆွမ်းမျှကို လှူကုန်လော၊ ခွက်ငယ်ပြည့်ရုံမျှကို လှူကုန်လော" ဤသို့ အစရှိသော စကားတို့ကို ပြော၍ တောင်းကုန်လျက် လှည့်လည်သွားကုန်သော သူတို့သည် ယာစက မည်ကုန်၏။ (၄)

## (၄၂ နှာ ၂၆ ပိုဒ်-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဧတေဟိ ကိရ အဋ္ဌဟင်္ဂေဟိ သမန္နာဂတဿ ဒါနံ သဗ္ဗဒိသာဟိ မဟာဇနော ဥပသင်္ကမတိ။ "အယံ ဒုဇ္ဇာတော ကိတ္တကံ ကာလံ ဒဿတိ၊ ဣဒါနိ ဝိပ္ပဋိသာရီ ဟုတွာ ဥပစ္ဆိန္ဒိဿတိ"တိ ဇေမာဒီနိ စိန္တေတွာ န ကောစိ ဥပသင်္ကမိတဗ္ဗံ မညတိ ဟူသော ဝါကျဝယ် ဇေမာဒီနိ၌ အာဒိ သဒ္ဒါဖြင့် ယူရမည့်အရာများကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် . . .

၁။ အယံ ဝိရူပေါ ကိတ္တကံ ကာလံ ဒဿတိ၊ ဣဒါနိ ဝိပ္ပဋိသာရီ ဟုတွာ ဥပစ္ဆိန္ဒိဿတိ၊
၂။ အယံ ဒလိဒ္ဒေါ ကိတ္တကံ ကာလံ ဒဿတိ၊ ဣဒါနိ ဝိပ္ပဋိသာရီ ဟုတွာ ဥပစ္ဆိန္ဒိဿတိ၊
၃။ အပ္ပေသက္ခော ကိတ္တကံ ကာလံ ဒဿတိ၊ ဣဒါနိ ဝိပ္ပဋိသာရီ ဟုတွာ ဥပစ္ဆိန္ဒိဿတိ၊
၄။ အသဒ္ဓေါ ကိတ္တကံ ကာလံ ဒဿတိ၊ ဣဒါနိ ဝိပ္ပဋိသာရီ ဟုတွာ ဥပစ္ဆိန္ဒိဿတိ၊
၅။ အပ္ပဿုတော ကိတ္တကံ ကာလံ ဒဿတိ၊ ဣဒါနိ ဝိပ္ပဋိသာရီ ဟုတွာ ဥပစ္ဆိန္ဒိဿတိ၊
၆။ န အတ္တညူ ကိတ္တကံ ကာလံ ဒဿတိ၊ ဣဒါနိ ဝိပ္ပဋိသာရီ ဟုတွာ ဥပစ္ဆိန္ဒိဿတိ၊
၇။ န မေဓာဝီ ကိတ္တကံ ကာလံ ဒဿတိ၊ ဣဒါနိ ဝိပ္ပဋိသာရီ ဟုတွာ ဥပစ္ဆိန္ဒိဿတိတို့ကို သိမ်းယူရမည်။

ttp://www.dhammadownload.com



မေး။ တေသု ဟိ အသတိ "ဧဝံ ဒုစ္စာတသ္မ သံဝိဓာနေန ပဝတ္တာဒါနံ ကိတ္တကံ ကာလံ ပဝတ္တိဿတိ"တိ အာဒီနိ ဝတွာ ဥပသက်မိတာရော န ဟောန္တိ ဟူသော ဝါကျဝယ် အာဒိသဒ္ဒါဖြင့် ယူရမည့် အရာများကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် ...

၁။ ဧဝံ အနစ္ဆာယကဿ သံဝိဓာနေန ပဝတ္တာဒါနံ ကိတ္တကံ ကာလံ ပဝတ္တိဿတိ၊

၂။ ဒုဿီလဿ သံဝိဓာနေန ပဝတ္တာဒါနံ ကိတ္တကံ ကာလံ ပဝတ္တိဿတိ၊

၃။ ဒုပ္ပညဿ သံဝိဓာနေန ပဝတ္တာဒါနံ ကိတ္တကံ ကာလံ ပဝတ္တိဿတိတို့ကို သိမ်းယူရမည်။ (ဋီသစ်)

မေး။ **သော ဘောတော ရဇ္ဇော**တိ ဣဒံ ကရဏတ္ထေ သာမိဝစနံ ဝါကျဝယ် ကရဏတ္ထေ သာမိဝစနံ၌ ကရဏတ္ထ အရကို အကြောင်းပြ ဖြေပါ။

ဖြေ။ ပါဠိတော်လာ "သော ဘောတော ရဇ္ဇော"ဟူသော ပုဒ်တို့သည် ဝိပ္ပဋိသာရော န ကရဏီယောဝယ် န ကရဏီယော၌ စပ်ရသော ပုဒ်တို့ဖြစ်၍ ကရဏီယ သဒ္ဒါကို ငဲ့နေသောကြောင့် ကရဏတ္ထ အရ = အဝုတ္တကတ္တား အနက်ကိုသာ ယူပါ။ ကရိုဏ်းအနက်ကို မယူရ။ (ဋီသစ်)

မေး။ **သော ဘောတော ရဇ္ဇော**တိ ဣဒံ ကရဏတ္ထေ သာမိဝစနံ ဝါကျဝယ် ကရဏတ္ထေ သာမိဝစနံ၌ ကရဏတ္ထေ ပုဒ်ကို ကရိုဏ်းအနက်၌ဟု အနက်ပြန်ဆိုသော် သင့်/မသင့် အကြောင်းပြ ဖြေဆို၍၊ ပြန်ဆိုသင့်သည့် အနက်ကိုလည်း ပြန်ဆိုပြခဲ့ပါ။

ဖြေ။ ကရဏတ္ထေပုဒ်ကို ကရိုဏ်းအနက်၌ဟု အနက် မပြန်ဆိုသင့်။

အကြောင်းကား = ပါဠိတော်လာ "သော ဘောတော ရဇ္ဇော"ဟူသော ပုဒ်တို့သည် ဝိပ္ပဋိသာရော န ကရဏီယောဝယ် န ကရဏီယော၌ စပ်ရသော ပုဒ်တို့ဖြစ်၍ ကရဏီယ သဒ္ဒါကို ငဲ့လျက် အဝုတ္တကတ္တား အနက် ဖြစ်သင့်သောကြောင့်တည်း။

ထို့ကြောင့် "ကရဏတ္ထေ–တတိယာဝိဘတ်၏ အနက်၌ (ဝါ) အဝုတ္တကတ္တားအနက်၌"ဟု အနက်ပြန် ဆိုသင့်သည်။ (သျှသစ်)

မေး။ အဝုတ္တကတ္တတ္ထ ပြန်ဆိုရမည် ဖြစ်လျက် "ကရဏတ္ထေ"ဟု ဆိုရခြင်း အကြောင်းကို ရှင်းပြပါ။

ဖြေ။ တတိယာဝိဘတ်များသည် ယေဘုယျနည်းအားဖြင့် ကရိုဏ်းအနက်ကို ဟောရိုးထုံးစံ ရှိသောကြောင့် "ကရဏတ္ထေ"ဟု ဆိုထားခြင်း ဖြစ်သည်။ (ဋီသစ်)

မေး။ ဧဝဉ္စိ ဒါနံ မဟပ္ဖလံ ဟောတီ"တိ ဒဿေတိ ဝါကျ၌ လာသော ဒါနမျိုး၏ မဟပ္ဖလ ဖြစ်ရခြင်း၏ အကြောင်းကို ရေးပါ။

ဖြေ။ ပုဗ္ဗစေတနာကို မတုန်မလှုပ်မူ၍ တည်စေလျက် လှူဒါန်းအပ်သော အလှူ၏ (ဝါ) အလှူကို ဝိပ္ပဋိသာရသည် မညစ်နွမ်းစေအပ်သည်ဖြစ်၍ နောင်အခါ၌လည်း ကြီးကျယ်ဖွံ့ဖြိုး များပြတ်ပြန့်ပြောသော အကျိုးရှိသောကြောင့် မဟပ္ဖလ ဖြစ်ရသည်။ (ဋီသစ်)

မေး။ ပုဗ္ဗစေတနာ ပန အစလာ ပတိဋ္ဌပေတဗ္ဗာ၊ ဧဝဉ္စိ ဒါနံ မဟပ္ဖလံ ဟောတီ"တိ ဒဿေတိ။ ဣတရေသုပိ ဒွီသု ဌာနေသု ဧသေဝ နယော ဝါကျ၌ ဒွီသု ဌာနေသု အရကို ဖော်ပြပါ။

ဖြေ။ စွန့်လှူဆဲ မုဉ္စစေတနာ ဌာနနှင့် စွန့်လှူပြီး အပရစေတနာ ဌာနတို့ကို ရ၏။

**(ဌ၊ နှာ ၂၆၇+၂၆၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ မုဉ္စစေတနာပိ, ဟိ ပဏ္ဍာ သမနုဿရဏစေတနာ စ နိစ္စလာဝ ကာတဗ္ဗာ ဝါကျဝယ် "မုဉ္စစေတနာပိ"၌ ပိ (ဝါ) အပိသဒ္ဒါ၏ အနက်ကို ကျနစွာ ဖော်ပြပါ။

ttp://www.dhammadownload.com



ဖြေ။ "မုဋ္ဌစေတနာပိ"၌ ပိ (ဝါ) အပိသဒ္ဒါသည် = ပုဗ္ဗစေတနာကို ပေါင်းခြင်း သမ္ပိဏ္ဍန အနက်ရှိ၏။

မေး။ အဘယ်သို့သော သဘောကို "မုဋ္ဌစေတနာ မတုန်လှုပ် (ဝါ) မုဋ္ဌစေတနာ နိစ္စလဘာဝ"ဟု ဆိုသနည်း။

ဖြေ။ နှမြောတွယ်တာမှု မရှိဘဲ လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲခြင်း–မုတ္တစာဂတာ, မလ္လမီ ရှေ့အဖို့က ပြုပြင်မှု ရှိခြင်း ပုဗ္ဗာဘိသင်္ခါရတို့၏ အစွမ်းအားဖြင့် မွန်မွန်မြတ်မြတ် ထက်ထက်သန်သန် ရှိခြင်းကို "မုဋ္ဌစေတနာ မတုန်လှုပ် (ဝါ) မုဋ္ဌစေတနာ နိစ္စလဘာဝ"ဟု ဆိုသည်။ (ဋီသစ်)

**(ဋ္ဌ၊ နှာ ၂၆၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့အား ပေးလှူရာ၌ အပရစေတနာ ချို့တဲ့လျှင် မည်ကဲ့သို့ ဖြစ်တတ်သနည်း။

ဖြေ။ အပရစေတနာ ချို့တဲ့လျှင် (ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာများ၌ လှူသည့်အတွက်) မွန်မြတ်သော စည်းစိမ်ကို ရသော်လည်း ထိုစည်းစိမ်၌ ခံစားလိုစိတ်မရှိဘဲ လူဆင်းရဲကဲ့သို့ စားသောက် နေထိုင်ရတတ်သည်။ (ဋီသစ်)

မေး။ တဿ ကိရ ဇဝံ အဟောသိ "သစာယံ ရာဇာ ဒုဿီလေ ဒိသွာ 'နဿတိ ဝတ မေ ဒါနံ၊ ယဿ မေ ဝေရူပါ ဒုဿီလာ ဘုဥ္ဇန္တီ'တိ သီလဝန္တေသုပိ ဝိပ္ပဋိသာရံ ဥပ္ပါဒေဿတိ ဝါကျဝယ် သီလဝန္တေသုပိ၌ ပိ (ဝါ) အပိသဒ္ဒါ၏ အနက်နှင့် အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ သီလဝန္တေသုပိ၌ ပိ (ဝါ) အပိသဒ္ဒါသည် သမ္ပိဏ္ဍန အနက်ရှိ၏။ ယင်းပိ (ဝါ) အပိသဒ္ဒါဖြင့် ဒုဿီလကို ပေါင်းဆည်းသည်။

ယင်းပိ (ဝါ) အပိသဒ္ဒါဖြင့် ဒုဿီလ၌သာ ဝိပ္ပဋိသာရကို ဖြစ်စေနိုင်သည် မဟုတ်သေး၊ မိမိစည်းစိမ်ဥစ္စာ ကုန်ဆုံးခြင်းဟူသော အကြောင်းဖြင့် သီလဝန္တပုဂ္ဂိုလ်တို့၌လည်း ဝိပ္ပဋိသာရကို ဖြစ်စေတတ်သေးသည်ဟူသော အနက်အဓိပ္ပါယ်ကို ပြ၏။

မေး။ **ပေဿနှင့် ကမ္မကရတို့၏ အထူးကို** ရေးခဲ့ပါ။

ဖြေ။ အစားပြုရာ အခါမှ ရှေးဦးစွာသာလျှင် နေ့တိုင်းနေ့တိုင်း ပြုအပ်သော အမှုအားလျော်သော ဥစ္စာကို ယူ၍ အမှုကို ပြုကုန်သော ပုဂ္ဂိုလ်တို့သည် ပေဿ။ နေ့စာထမင်း, လစာရိက္ခာတို့ကို ယူကုန်၍ အမှုကို ပြုကုန်သော သူတို့သည် ကမ္မကရ။ ဤသို့ ထူးသည်။ (ဋ္ဌ)

(တစ်နည်း) အမှုမလုပ်မီ ကြိုတင် အခယူ၍ လုပ်သော သူတို့သည် ပေဿ။ အလုပ်လုပ်ပြီးမှ အစားရိက္ခာ, လုပ်ခ ယူ၍သာ လုပ်သော သူတို့သည် ကမ္မကရ။ ဤသို့ ထူးသည်။ (ဋ္ဌ၊ ဂဏ္ဌိ)

**(ဋ္ဌ၊ နှာ ၂၆၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ အဘယ်ကြောင့် အဘယ်အရာကို "သံ"ဟု ခေါ်သနည်း။

ဖြေ။ သိုမှီး သိမ်းဆည်းအပ်သောကြောင့်လည်းကောင်း၊ မိမိ၏ ကိုယ်ပိုင်ဥစ္စာ ဖြစ်သောကြောင့်လည်းကောင်း ဓန–ဥစ္စာကို "သံ"ဟု ခေါ်၏။

**(ဋ္ဌ၊ နှာ ၂၇၀–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ယာဂုံ ပိဝိတွာဝယ် ယာဂု ပုဒ်၏ အရကို အကြောင်းပြ၍ ကောက်ပြပါ။

ဖြေ။ ယာဂုံ ပိဝိတွာ၌ ယာဂုဟူသော သဒ္ဒါသည် = အစိတ်, ပဓာနဖြစ်သော ယာဂု၏ ယာဂုဟူသော အမည်ကို အပေါင်းဖြစ်သည့် အပဓာနဖြစ်သော နံနက်စာ ဘောဇဉ်အားလုံး၌ တင်စား၍ ဧကဒေသူပစာ+ပဓာနနည်း, ဥပလက္ခဏာနည်းအားဖြင့် ဆိုထားသော သဒ္ဒါသာ ဖြစ်သောကြောင့် ယာဂု အရ = နံနက်စာ ဘောဇဉ် အားလုံးကို ယူပါ။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ **နိစ္စဒါနာနီတိ** စုဝဒါနာနိ နိစ္စဘတ္တာနိ၌ နိစ္စဒါန အရကို ဝါဒစုံစွာ ဖော်ပြပါ။

ဖြေ။ နိစ္စဒါန အရ = အမြဲ ပေးလှူအပ်သော စာရေးတန် ဆွမ်းအလှူကို ရ၏။ (ဋ)

(တစ်နည်း) ဆွမ်းကို အဦးပဓာန ပြု၍ ပစ္စည်းလေးပါးလုံးကို ရ၏။ (ဋီသစ်)

**(ဋ္ဌ၊ နှာ ၂၇၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဆဠင်္ဂသမန္နာဂတာယ ဒက္ခိဏာယ၌ "ဆဠင်္ဂ" သရုပ်ကို ဖော်ထုတ်ပါ။

ဖြေ။ ပုဗ္ဗ, မုဉ္စ, အပရစေတနာ ပြည့်စုံသောအားဖြင့် အလှူပေး ဒါယကာ၏ အစွမ်းအားဖြင့် သုံးပါး။ ဝီတရာဂ ဖြစ်ခြင်း, ဝီတရာဂ ဖြစ်ခြင်းငှာ ကျင့်ခြင်း၊ ဝီတဒေါသ ဖြစ်ခြင်း, ဝီတဒေါသ ဖြစ်ခြင်းငှာ ကျင့်ခြင်း၊ ဝီတမောဟ ဖြစ်ခြင်း, ဝီတမောဟ ဖြစ်ခြင်းငှာ ကျင့်ခြင်းဟူသော အလှူခံပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သုံးပါး ဤသို့လျှင် ပေါင်းအင်္ဂါ ခြောက်ပါးတည်း။ (ဂဏ္ဌိ)

**(ဋ္ဌ၊ နှာ ၂၇၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဝိရတီ သုံးပါးတို့တွင် သေတုဃာတ ဝိရတီ၏ (က) တရားကိုယ် (ခ) အာရုံတို့ကို ဖော်ပြပါ။

ဖြေ။ (က) မဂ်နှင့်ယှဉ်သော ဝိရတီကို ရ၏။

(ခ) နိဗ္ဗာန် ဖြစ်၏။ (ဋ)

**(ဋ္ဌ၊ နှာ ၂၇၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ (သေတုဃာတဝိရတိယာ ပန ဘေဒေါ နာမ နတ္ထိ) အဘယ်ကြောင့် သေတုဃာတဝိရတီ၌ ပျက်စီးခြင်း မရှိရသနည်း။

ဖြေ။ ဆန့်ကျင်ဘက် တရားတို့ကို အကြွင်းမဲ့ ဖြတ်တောက်ခြင်းအားဖြင့် မပျက်စီးတတ်သောသဘော ရှိသောကြောင့် သေတုဃာတဝိရတီ၌ ပျက်စီးခြင်း မရှိပါ။ (ဋီသစ်)

မေး။ အရိယသာဝကကြောင့် သတ္တဝါတို့အား ဘေးရန် ရှိနိုင်/မရှိနိုင် အကြောင်းနှင့်တကွ ဆုံးဖြတ်ပါ။

ဖြေ။ အရိယသာဝကတို့သည် အလုံးစုံသော သတ္တဝါတို့၏ အပေါ်၌ ဒုတ်ကို မကိုင်ဘဲ ချထားသည် ဖြစ်၍ အလုံးစုံသော သတ္တဝါပေါင်းအားလည်း အဘယဒါနကို ပေးလှူသောကြောင့် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်မှ အရိယသာဝကကြောင့် ဘေးရန် မရှိနိုင်ပါ။ (ဋီသစ်)

မေး။ အရိယသာဝကော ဇီဝိတဟေတုပိ နေဝ ပါဏံ ဟနတိ န သုရံ ပိဝတိဟု အဋ္ဌကထာ ဆိုရကား အရိယသာဝကသည် အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ ဟူသော အလယ်သီလ သုံးပါးတို့ကို မရှောင်ဟု မှတ်ရမည်လော၊ အကြောင်းပြ၍ ဖြေဆိုပါ။

ဖြေ။ မမှတ်ရပါ။

အကြောင်းကား = နေဝ ပါဏံ ဟနတိ န သုရံ ပိဝတိ ဟူသော စကားသည် အဒိန္နာဒါနဝိရတိ စသော အလယ်သီလ သုံးပါးတို့ကို ပေယျာလမြှုပ်၍ မချေပေယျာလနည်း, မိဂပဒဝဠဉ္ဇနနည်း, အာဒျန္တဒီပကနည်း တို့ဖြင့် ဆိုထားသော စကား ဖြစ်သောကြောင့်လည်းကောင်း၊ အရိယသာဝကသည် အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ, မုသာဝါဒ သုံးပါးတို့ကိုလည်း မလွန်ကျူးသောကြောင့်လည်းကောင်း အရိယသာဝကသည် အဒိန္နာ ဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ ဟူသော အလယ်သီလ သုံးပါးတို့ကိုလည်း ရှောင်သည်ဟုသာ မှတ်ပါ။

မေး။ န သုရံ ပိဝတိဟု အဋ္ဌကထာ ဆိုရကား အရိယသာဝကသည် သုရာ (အရက်)ကိုသာ မမှီဝဲ၊ မေရယမဇ္ဇ တို့ကိုကား မှီဝဲသည်ဟု မှတ်ရမည်လော၊ အကြောင်းပြ၍ ဖြေဆိုပါ။

ttp://www.dhammadownload.com



ဖြေ။ မမှတ်ရပါ။

အကြောင်းကား = သုရံ ဟူသော စကားသည် ဥပလက္ခဏနည်း, နိဒဿနနည်း+ဧကဒေသူပစာအားဖြင့် ဆိုထားသော စကား ဖြစ်သောကြောင့် အရိယသာဝကသည် သုရာနှင့် မေရယမဇ္ဇ ဟူသမျှကို မမှီဝဲပါ။

အမှာ။ ယင်းအဖြေကို ရှု၍ သုရံ အရ = ယစ်မူးမေ့လျော့ကြောင်းဖြစ်သော သုရာနှင့် မေရယမဇ္ဇ ဟူသမျှကို ယူပါ။

မေး။ (သစေ ပိဿ သုရဋ္ဌ ခီရဋ္ဌ မိဿေတွာ မုခေ ပက္ခိပန္တိ၊ ခီရမေဝ ပဝိသတိ၊ န သုရာ) အရိယာတို့၏ ခံတွင်း၌ အရက်နှင့် ရောသော နို့ကို ထည့်သည် ဖြစ်လျက် နို့သာ ဝင်၍ အရက် မဝင်ခြင်းသည် အဘယ်ကြောင့်နည်း၊ ဥပမာနှင့်တကွ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ ပစ္ဆိမဘဝိက ဘုရားအလောင်းသည် ကိုယ်ဝန် တည်သောအခါ မယ်တော် ဖြစ်သူ၌ ဓမ္မတာသိဒ္ဓ (တရားသဘော)ကြောင့် ၅-ပါးသီလ တည်တော့သကဲ့သို့လည်းကောင်း၊ ဘုရားအလောင်းတော် ဖွားမြင်ပြီးသော အခါ မယ်တော်သည် နတ်ရွာ စံရသကဲ့သို့လည်းကောင်း ...

အရိယာတို့၏ ခံတွင်း၌ နို့ရည်သာ ဝင်၍ အရက် မဝင်ခြင်းသည် "ဓမ္မတာသိဒ္ဓ"ကြောင့်သာတည်း။ (ဋီသစ်)

မေး။ ကွဒံ ယောနိသိဒ္ဓန္တိ စေ ? ကွဒံ ဓမ္မတာသိဒ္ဓန္တိ စ ဝေဒိတဗ္ဗံ ဟူသော ဝါကျ၌ ဓမ္မတာအားဖြင့် ပြီး၏ဟူသည် အဘယ်နည်း။

ဖြေ။ ဓမ္မတာအားဖြင့် ပြီး၏ဟူသည် = မဂ္ဂဓမ္မတာ သဘောအားဖြင့် (ဝါ) အရိယမဂ်တို့၏ အာနုဘာဝဓမ္မတာ သဘောအားဖြင့် ပြီးခြင်းကို ဆိုလို၏။ (ဋီသစ်)

မေး။ (ကောဉ္စသကုဏာနံ ခီရမိဿကေ ဥဒကေ ခီရမေဝ ပဝိသတိ၊ န ဥဒကံ) ကြိုးကြာငှက်တို့၏ ခံတွင်း၌ နို့နှင့်ရောသော ရေကို ထည့်သည် ဖြစ်လျက် နို့သာ ဝင်၍ ရေမဝင်ခြင်းသည် အဘယ်ကြောင့်နည်း၊ ဥပမာနှင့် တကွ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ တိရစ္ဆာန်တို့သည် လူ၏ အထက် ရှည်ခြင်း, တိရစ္ဆာန်တို့၏ အလျား ရှည်ခြင်းသည် ယောနိသိဒ္ဓ ဖြစ်သကဲ့သို့လည်းကောင်း၊ မိုးသံကြောင့် ဗျိုင်းအောက်တို့ ကိုယ်ဝန်ယူခြင်း, လေကြောင့် ကြက်မတို့ ကိုယ်ဝန်ယူခြင်းသည် ယောနိသိဒ္ဓ ဖြစ်သကဲ့သို့လည်းကောင်း ...

ကောဉ္စတို့၏ ခံတွင်း၌ နို့ရည်သာ ဝင်၍ ရေမဝင်ခြင်းသည် "ယောနိသိဒ္ဓ"ကြောင့်သာတည်း။ (ဋီသစ်)

မေး။ သီလကို ဒါနဟု ဆိုသင့်/မဆိုသင့်၊ အကြောင်းနှင့်တကွ ဆုံးဖြတ်ပါ။

ဖြေ။ ဆိုသင့်သည်။

အကြောင်းကား = သီလ၏ ဘေးမရှိခြင်းကို ပေးတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အကြွင်းအကျန် မရှိသော သတ္တဝါအပေါင်းကို စောင့်ရှောက်တတ်သောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

မေး။ ပဉ္စသီလကို (က) အပေါင်းခံယူနည်း (ခ) အစိတ်ခံယူနည်းတို့ကို ဖော်ပြ၍၊ ယင်းခံယူနည်း နှစ်မျိုးတို့၏ အထူးကိုလည်း ရေးခဲ့ပါ။

ဖြေ။ (က) ပဉ္စင်္ဂသမန္နာဂတံ သီလံ သမာဒိယာမိ။ (ဋီသစ်)

(ခ) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။ (တစ်ပါးစီ ခံယူသည်။)

ttp://www.dhammadownload.com



သိက္ခာပုဒ် ငါးပါးလုံးကို တစ်ပေါင်းတည်း ခံယူသူအား တစ်ပါးပါး ပျက်လျှင် ငါးပါးလုံး ပျက်သည်။ အစိတ် ခံယူသူအား လွန်ကျူးသော သိက္ခာပုဒ်သာ ပျက်သည်။ (ဋီသစ်)

အမှာ။ အပေါင်း ခံယူရာ၀ယ် တစ်ပါးပျက်လျှင် အလုံးစုံ ပျက်၏ဟု ဆိုရာ၌ ပဋိဂ်ိက မဖြစ်သောကြောင့် ပျက်သည်ဟု ဆိုခြင်း ဖြစ်သည်။ သို့သော် တစ်ပါး ကျူးလွန်လျှင် တစ်ပါးအတွက်သာ ကမ္မပထ ဖြစ်၏။ ဤအပေါင်း, အစိတ် ခံယူနည်းမှာ လူတို့အတွက်သာ ဖြစ်သည်။ သာမဏေတို့၌ကား = အပေါင်းဖြစ်စေ, အစိတ်ဖြစ်စေ ခံယူလျှင် တစ်ပါး ပျက်က အားလုံးပျက်သည်။

မေး။ (က) ပဥ္စသီလတို့ကို မည်သူကမျှ မကောင်းဟု မပြောခြင်း အကြောင်း (ခ) သူ့အသက်သတ်ခြင်း စသော မကောင်းမှု ငါးမျိုးကို မည်သူကမျှ အကောင်းဟု မပြောခြင်း အကြောင်းတို့ကို ဖြေပါ။

ဖြေ။ (က) ငါးပါးသီလသည် မျက်မှောက်ဘ၀၌ ဖြစ်သော စီးပွား, တမလွန်ဘ၀၌ ဖြစ်သော စီးပွားကို ပြီးစေနိုင်သောကြောင့်လည်းကောင်း၊ အလေးဂရု ပြုထိုက်သော ဂရုဓမ္မသီလ ဖြစ်သောကြောင့်လည်းကောင်း မည်သူကမျှ မကောင်းဟု မပြောပါ။

(ခ) သူ့အသက် သတ်ခြင်း စသော မကောင်းမှု ငါးမျိုးသည် ငါးပါးသီလ၏ ဆန့်ကျင်ဘက် ရန်သူသဖွယ် ဖြစ်သောကြောင့်လည်းကောင်း၊ လောက၌ သတ္တ၀ါတို့၏ ဘေးရန် ဖြစ်သောကြောင့်လည်းကောင်း မည်သူကမျှ အကောင်းဟု မပြောပါ။

အမှာ။ ပဥ္စသီလ၏ မိတ္တ (မိတ်ဆွေ)မည်ခြင်း အကြောင်းနှင့် ပါဏာတိပါတ စသော မကောင်းမှု ငါးမျိုးတို့၏ ဝေရ (ရန်)မည်ခြင်း အကြောင်းတို့ကို ရေးခဲ့ပါဟု မေးသော် = ယင်းအဖြေတိုင်းသာ။

မေး။ က္ကဒဥ္စ ပန သီလပဥ္စကံ "အတ္တသိနေဟဥ္စ ဧဝိတသိနေဟဥ္စ ပရိစ္စဇိတွာ ရက္ခိသာမိ"တိ သမာဒိန္နတာယ "ယ[illegible]"တိ ဝုစ္စတိ ဝါကျကို ရှု၍ ယည အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ "မိမိကိုယ်ကို ချစ်ခြင်းကိုလည်းကောင်း၊ အသက်ကို ချစ်ခြင်းကိုလည်းကောင်း စွန့်၍ သီလ စောင့်အံ့"ဟူ၍ ဆောက်တည်အပ်သည်၏ အဖြစ်ကြောင့် ယည အရ = ငါးပါးသီလကို ရ၏။ (ဋ)

**(ဌ၊ နှာ ၂၇၄-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ပဥ္စသီလထက် သရဏဂမနက အဘယ်ကြောင့် မဟာနိသံသ, မဟပ္ဖလ ဖြစ်ရသည်ကို ဝိနိစ္ဆယ ချခဲ့ပါ။

ဖြေ။ ပဥ္စသီလသည် အခါခပ်သိမ်း ရှိ၏။ ဘုရားရှင်တို့ ပွင့်တော်မူရာ အခါမှ တစ်ပါးသော သာသနာပ အခါ၌ လည်း ထိုပဥ္စသီလကို ပညာရှိတို့ ဆောက်တည်ကြ၏။ ဗာဟိရက တိတ္ထိပုဂ္ဂိုလ်တို့လည်း ငါးပါးသီလကို ဆောက်တည်နိုင်ကြသောကြောင့် ငါးပါးသီလသည် ဧကန်စင်စစ်အားဖြင့် အရဟတ္တဖိုလ် ဝိမုတ္တိ၏ အကြောင်း လည်း မဖြစ်။ သရဏဂုံကား ဘုရားရှင်တို့ ပွင့်တော်မူရာ အခါ၌သာ ရှိ၏။ ဘုရားရှင်တို့ ပွင့်တော်မူခြင်းလျှင် အကြောင်းရင်း ရှိသည်။ ဧကန်စင်စစ်အားဖြင့် အရဟတ္တဖိုလ် ဝိမုတ္တိ၏ အကြောင်းလည်း ဖြစ်သည်။ ထို့ကြောင့် ပဥ္စသီလထက် သရဏဂုံက မဟာနိသံသ, မဟပ္ဖလ ဖြစ်သည်။ (ဋီသစ်)

လူတစ်ယောက်ရဲ့ ဘုန်းတန်ခိုးဆိုတာ အလုပ်လုပ်ခြင်းဘဲ။

ttp://www.dhammadownload.com



# မဟာလိသုတ်

## (ဌ၊ နှာ ၂၇၆–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ကိစ္စနှင့် ကရဏီယ အထူးကို ရေးခဲ့ပါ။

ဖြေ။ မပြုဘဲနေခြင်းကြောင့် အကျိုး မယုတ်သော, အကြောင်း မညီညွတ်သော် မပြုခြင်းငှာလည်း သင့်သော, အကြောင်း ညီညွတ်မှသာ ပြုရမည့် အမှုမျိုးသည် ကိစ္စ မည်၏။

အကြင်အမှုကို မပြုလျှင် မပြုသော ပုဂ္ဂိုလ်သည် ကြီးစွာသော ဆုံးရှုံးခြင်း ဖြစ်နိုင်သော, မချွတ်ကေန် ပြုအပ်, ပြုသင့်, ပြုထိုက်သော ထိုအမှုမျိုးသည် ကရဏီယ မည်၏။ ဤသို့ ထူးသည်။ (ဌ+ဋီသစ်)

မေး။ **ပဋိသလ္လီနော၌ ပဋိဃသညာ၏ အစွမ်းအားဖြင့် အထူးထူးသော အာရုံ၌ စိတ်တော် ဖြစ်ခြင်းမှ ဖဲကြဉ်တော်မူပါလော၊** ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ ပဋိသလ္လီနော၌ ပဋိဃသညာ၏ အစွမ်းအားဖြင့် အထူးထူးသော အာရုံ၌ စိတ်တော် ဖြစ်ခြင်းမှ ဖဲကြဉ်တော်မူသည် မဟုတ်။

ဘုရားရှင်တို့၏ သန္တာန်၌ ဖြစ်နိုင်သော နာနတ္တသညာတို့၏ အစွမ်းအားဖြင့် အထူးထူးသော အာရုံ၌ စိတ်တော်၏ ဖြစ်ခြင်းမှ ဖဲကြဉ်တော်မူ၍ ဈာန်သမာပတ်ဖြင့် တစ်ခုတည်းသော သဘောရှိသော အာရုံ၌ ငြိကပ် စွဲလမ်းတော်မူသည်ကို "ပဋိသလ္လီန" ပြုတော်မူသည်ဟု ဆိုသည်။ (ဋီသစ်)

အမှာ။ နာနတ္တသညာသည် အာရုံအမျိုးကို အာရုံပြုသည်။ ပဋိဃသညာကား ရူပါရုံ စသော အာရုံ တစ်မျိုးမျိုးကိုသာ အာရုံပြုသည်။

မေး။ **ပဋိသလ္လီနော ဘဂဝါ၌** နောက်လိုက်နောက်ပါ အလုပ်အကျွေးရဟန်း စသည်များ မပါဘဲ ကိုယ်တော်ထီးတည်း ကိန်းအောင်း နေတော်မူခြင်းကို ပဋိသလ္လီနဟု ဆိုသော် မှန်/မမှန် သာဓကပြ၍ ဆုံးဖြတ်ချက် ချခဲ့ပါ။

ဖြေ။ နောက်လိုက် နောက်ပါ အလုပ်အကျွေးရဟန်း စသည်များ မပါဘဲ ကိုယ်တော်ထီးတည်း ကိန်းအောင်း နေတော်မူခြင်းကို ဤ၌ ပဋိသလ္လီနဟု ဆိုသည်မှာ မမှန်ပါ။

သာဓကကား = ဧကီဘာဝံ တည်း။

အမှာ။ ဧကီဘာဝံကို အနေကောပိ ဧကော ဟုတွာ ဘဝတီတိ ဧကီဘာဝေါ၊ (တံ) ဧကီဘာဝံဟု ဝိဂ္ဂဟ ပြုပါ။

မေး။ ဩဋ္ဌဒ္ဓလိစ္ဆဝီ ဝတ္ထု၌ လာသော ပဓာနဇာတ်ကောင် ဖြစ်သည့် လိစ္ဆဝီ၏ "ဩဋ္ဌဒ္ဓ" နာမည်တွင်ခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ထိုလိစ္ဆဝီမင်း၏ အထက်နှုတ်ခမ်းသည် အဖျားဘက်က အလျားလိုက် ဖြတ်ထားအပ်သကဲ့သို့ ဖြစ်ရကား တစ်ဝက်သာ ရှိ၏။ အထက်အလယ် သွားလေးချောင်းနှင့် ဘေးအစွယ် နှစ်ချောင်းတို့ကို အထက်နှုတ်ခမ်းဖြင့် မဖုံးနိုင်၊ ထိုသို့ အထက်နှုတ်ခမ်းအတွက် တစ်ဝက်သာ ရှိသောကြောင့် "အဒ္ဓေါဋ္ဌ"ဟု ဆိုထိုက်ပါလျက် အဒ္ဓဟူသော ဝိသေသနကို နောက်ချ၍ "ဩဋ္ဌဒ္ဓ"ဟု နာမည်တွင်သည်။

## (ဌ၊ နှာ ၂၇၇–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ အယံ ပရိသာ မဟာတီ ။ပ။ မဟန္တေန ဥဿာဟေန ဓမ္မံ ဒေသေဿတိ စကားကို ရှု၍ ဘုရားရှင်သည် ပရိသတ် အနည်း,အများကို လိုက်ပြီး တရားဟောသည်ဟု မှတ်ထိုက်/မမှတ်ထိုက် ဖြေဆိုပါ။

ttp://www.dhammadownload.com



ဖြေ။ ဘုရားရှင်သည် နေရာတိုင်း၌ ခြသေ့်မင်းနှင့် တူသော ဖြစ်ခြင်း (အားထုတ်ခြင်း) ရှိတော်မူသောကြောင့်လည်းကောင်း၊ အယံ ပရိသာ မဟတီ ။ပ။ မဟန္တေန ဥဿာဟေန ဓမ္မံ ဒေသေဿတိ စကားသည်လည်း ပရိသတ်များလျှင် ပရိသတ်၏ အဓ္ဈာသယ အားလျော်စွာ ဖြစ်ပေါ်လာသော တရားဒေသနာ၏ ထူးခြားမှု ရှိနိုင်သည်ကို ရည်ရွယ်၍ ဆိုထားသော စကားသာ ဖြစ်၍ မုချ ဆိုထားသော စကားကား မဟုတ်သောကြောင့်လည်းကောင်း ဘုရားရှင်သည် ပရိသတ် အနည်း,အများကို လိုက်၍ တရားဟောသည်ဟု မမှတ်ထိုက်ပါ။

မေး။ ဘုရားနှင့် သာဝကတို့၏ ကိလေသာပယ်ပုံ အထူးကို ရေးခဲ့ပါ။

ဖြေ။ ဘုရားရှင်သည် ကိလေသာတို့ကို ဝါသနာနှင့်တကွ ပယ်သည်။

သာဝကတို့ကား ဝါသနာနှင့်တကွ ကိလေသာကို မပယ်နိုင်။ ဤသို့ ထူးသည်။ (ဋီသစ်)

အမှာ။ သာဝကတို့ကား ကိလေသာကိုသာ ပယ်နိုင်၏။ ဝါသနာ ကြွင်း၏ဟူလို။

မေး။ သီဟာသာမဏေ ခင်းထားသော နေရာသို့ ဘုရားရှင် ကျောင်းတော်မှ ထွက်ကြွလာပုံကို ဥပမာနှင့်တကွ ထင်ရှားအောင် ရေးခဲ့ပါ။

ဖြေ။ မြတ်စွာဘုရားသည် တံခါးပေါက်, လေသောက် ပြူတင်းကြားတို့မှ ထွက်၍ ထိုမှ ဤမှ ပျံ့နှံ့ကွန့်မြူးသော ခြောက်သွယ်သော ရောင်ခြည်တော်တို့ ကောင်းစွာ ပြအပ်သော ထွက်တော်မူလာခြင်း ရှိသည် ဖြစ်၍ တိမ်တိုက်ကြားမှ လပြည့်ဝန်း ထွက်လာသကဲ့သို့ စုလစ်မွန်းချွန်း အထွဋ်ရှိသော ကျောင်းတော်မှ ထွက်ကြွတော်မူ၍ ခင်းထားအပ်သော မြတ်သော ဘုရားနေရာ၌ ထိုင်တော်မူသည်။ (ဋ)

**(ဌ၊ နှာ ၂၇၉-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **ယဒဂ္ဂေတိ** မူလဒိဝသတော ပဋ္ဌာယ ယံ ဒိဝသံ အဂ္ဂံ ပရကောဋိံ ကတွာ ဟူသော ရှေ့ဝါကျ၌ လာသော “ယဒဂ္ဂေ” ပုဒ်နှင့် အထ ဝါ **ယဒဂ္ဂေတိ** ယံ ဒိဝသံ အဂ္ဂံ ကတွာ ဟူသော နောက်ဝါကျ၌ လာသော “ယဒဂ္ဂေ” ပုဒ်တို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ရှေ့ဝါကျ၌ လာသော ယဒဂ္ဂေကို “ယဒဂ္ဂေ ယံ ဒိဝသံ-အကြင်နေ့ကို၊ အဂ္ဂေ အဂ္ဂံ-နောက်အစွန်းကို (ဝါ) အတိတ်အစွန်းကို”ဟု အနက်ယောဇနာရမည်။

နောက်ဝါကျ၌ လာသော ယဒဂ္ဂေကို “ယဒဂ္ဂေ ယံ ဒိဝသံ-အကြင်နေ့ကို၊ အဂ္ဂေ-လက်ဦးအစ ပဌမကို”ဟု အနက်ယောဇနာရမည်။ ဤသို့လျှင် အနက်ပေးပုံသာ ထူး၏။ (ဋီသစ်)

မေး။ အထ ဝါ **ယဒဂ္ဂေတိ** ယံ ဒိဝသံ အဂ္ဂံ ကတွာ န စိရံ တီဏိ ဝဿာနိ ဝိဟာရာမီတိပိ အတ္ထော၊ ယံ ဒိဝသံ အာဒိံ ကတွာ န စိရံ ဝိဟာသိံ တီဏိယေဝ ဝဿာနီတိ ဝုတ္တံ ဟောတိ ဝါကျ၌ အထ ဝါ-ပုဒ် ဆိုရခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ဝိဟာရာမိ ပုဒ်ကို ယဒဂ္ဂေ ပုဒ်နှင့် စပ်ခြင်းဟူသော ဥဇုက သမ္ဗန္ဓမှ တစ်ပါး “န စိရံ တီဏိ ဝဿာနိ ယဒဂ္ဂေ” ဟူသော ပုဒ်တို့နှင့် စပ်ခြင်း ဟူသော ကုဋိလ သမ္ဗန္ဓကို လဲလှယ်လိုသောကြောင့် အထ ဝါ-ပုဒ်ကို ဆိုသည်။

မေး။ သုနက္ခတ္တရဟန်း ဒိဗ္ဗသောတဉာဏ် မရခြင်း အကြောင်းကို သာဓကနှင့်တကွ ရေးပြပါ။

ဖြေ။ သုနက္ခတ္တရဟန်းသည် ရှေးအတိတ်ဘဝ၌ သီလဝန္တ ရဟန်းတစ်ပါးကို နားရွက်၌ ပုတ်ခတ်၍ နားပင်းအောင် ပြုလုပ်ခဲ့ဘူးသောကြောင့် ဤဘဝ၌ ပရိကမ်ကို ပြုသော်လည်း ဒိဗ္ဗသောတ အဘိညာဉ်ကို မရ။

သာဓက = အယန္တု အတီတေ ဧကံ သီလဝန္တံ ဘိက္ခုံ ကဏ္ဏသက္ခလိယံ ပဟရိတွာ ဗဓိရမကာသိ၊ တသ္မာ ပရိကမ္မံ ကရောန္တောပိ အဘဗ္ဗော ဒိဗ္ဗသောတာဓိဂမာယ။ (ဋ)

ttp://www.dhammadownload.com



(၄၊ နှာ ၂၇၉–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **သောတာပန္နော စောဘီတိ** မဂ္ဂသောတံ အာပန္နောဥ္စ သောတပုဒ်ကို မဂ္ဂသောတံဟု မဂ္ဂသဒ္ဒါ ထည့်၍ ဝိသေသ ပြုရခြင်း အကြောင်းကို ရေး၍၊ မဂ်တရား၏ သောတ အမည်ရခြင်း အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

ဖြေ။ ဤ၌ သောတသဒ္ဒါသည် နားဟူသော အနက်ကို မဟော၊ မဂ်ဟူသော အနက်ကို ဟော၏ဟု သိစေလိုသော ကြောင့် မဂ္ဂသောတံဟု မဂ္ဂသဒ္ဒါ ထည့်၍ ဝိသေသန ပြုသည်။

မဂ်တရားသည် ဆန့်ကျင်ဘက် ကိလေသာတို့ကို ပယ်တတ်သောကြောင့် သောတ အမည်ရ၏။ (ဘာဠီ)

မေး။ **နိယတောတိ** ဓမ္မနိယာမေန နိယတော ဝါကျဝယ် နိယတော၌ နိယတ ဖြစ်ပုံကို အဋ္ဌကထာနည်း, အဋ္ဌကထာ မုတ္တကနည်းတို့ဖြင့် သိသာထင်ရှားအောင် ဖေါ်ပြခဲ့ပါ။

ဖြေ။ ခုနစ်ဘဝမှ အထက်၌ ကာမဘုံဝယ် မဖြစ်ဘဲရန် အမြဲသတ်မှတ် ဆုံးဖြတ်တတ်သော အထက်မဂ် သုံးပါးဟု ဆိုအပ်သော ဓမ္မနိယာမဖြင့် မြဲသည်။ (အဋ္ဌကထာနည်း)

အောက်ဆုံး အပိုင်းအခြားအားဖြင့် ခုနစ်ဘဝမှ အထက်၌ ကာမဘုံဝယ် မဖြစ်ခြင်းသဘော ရှိသည်၏ အဖြစ်အားဖြင့် မြဲသည်။ (အဋ္ဌကထာမုတ္တကနည်း)

အမှာ။ နှစ်နည်းလုံး ငြိသစ်၍ လာ၏။

မေး။ **သမ္ဗောဓိပရာယဏော**၌ "သမ္ဗောဓိ" အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ "သမ္ဗောဓိ" အရ = မဂ်လေးပါးလုံး ရနိုင်သော်လည်း သောတာပတ္တိမဂ်ကို ရပြီး ဖြစ်သောကြောင့် ပါရိသေသ နည်းအားဖြင့် အထက်မဂ် သုံးပါးကိုသာ ယူပါ။

# ဇာလိယသုတ်

(၄၊ နှာ ၂၈၃–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဃောသကနတ်သား, ဃောသကသူဌေးသား၏ အသံကောင်းကြောင်း ဖြစ်သော အတိတ်ကောင်းမှုများကို ဖော်ပြပါ။

ဖြေ။ ဃောသကနတ်သားသည် အတိတ်ဘဝ ခွေးဖြစ်စဉ်အခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ် ဆွမ်းစားချိန်၌ ဆွမ်းစားချိန် တန်ကြောင်းကို ကျောင်းဝ၌ အသံပြုခြင်း၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ဘေးမရှိအောင် အခြား တောကောင် တို့ကို ဟိန်း၍ ထွက်ပြေးစေခြင်း ထိုကောင်းမှုတို့ကြောင့် အသံကောင်းသော ဃောသက နတ်သား, ဃောသက လူဃောကျော်ား သူဌေးသား ဖြစ်ရသည်။

မေး။ ဃောသကနတ်သား၏ စကားသံ ကျယ်ပြန့်ပုံကို ရေးသားခဲ့ပါ။

ဖြေ။ ဃောသကနတ်သား၏ စကားသံသည် = နားရင်း ကပ်ပြောလျှင် ၁၆–ယူဇနာ ပြန့်နှံ့၏။

ပကတိ စကားပြောသံကား = ယူဇနာ တစ်သောင်းရှိသော နတ်ပြည်တစ်ခုလုံး ပြန့်နှံ့၏။

(၄၊ နှာ ၂၈၅–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ယသ္မာ ပနဿ ဥပဇ္ဈာယော ဒါရုမယေန ပတ္တေန ပိဏ္ဍာယ စရတိ၊ တသ္မာ ဒါရုပတ္တိ ကန္တေဝါသီတိ ဝုစ္စတိ ဝါကျဝယ် အဿ ဥပဇ္ဈာယော၌ ဥပဇ္ဈာယ် အရကို ဖော်ပြပါ။

ဖြေ။ ဥပဇ္ဈာယ် အရ = သာသနာတော်၌ကဲ့သို့ ဥပဇ္ဈာယ် လက္ခဏာနှင့် ညီသော ဥပဇ္ဈာယ်မျိုးကို မယူရ၊ သာသနာပ အယူမှုဖြင့် ဇာလိယ စသော သူတို့၏ ဆိုင်ရာအတတ်ကို သင်ပေးသော ဥပဇ္ဈာယ်မျိုးကိုသာ ယူပါ။

ttp://www.dhammadownload.com



# မဟာသီဟနာဒသုတ်

## (ဋ္ဌ၊ နှာ ၂၉၀-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **သာဝဇ္ဇာတိ** သဒေါသာ ဝါကျ၌ (က) ဝဇ္ဇ (ခ) အဝဇ္ဇ (ဂ) သာဝဇ္ဇ အရတို့ကို ဖော်ပြပါ။

ဖြေ။ (က) ဝဇ္ဇ အရ = အပြစ်ကို ရ၏။

(ခ) အဝဇ္ဇ အရ = အသဒ္ဒါသည် တဗ္ဘာအနက်၌ ဖြစ်သောကြောင့် အဝဇ္ဇ အရလည်း အပြစ်ကိုပင် ရ၏။

(ဂ) သာဝဇ္ဇ အရ = အပြစ်နှင့်တကွဖြစ်သော အကုသိုလ်ကို ရ၏။

မေး။ သံဃာကို ချီးမွမ်းခြင်းဖြင့် အဘယ်ကြောင့် မြတ်စွာဘုရားကို ချီးမွမ်းခြင်းကိစ္စ ပြီးသနည်း။

ဖြေ။ သံဃာတော်များသည် ဘုရားရှင်လျှင် အမွန်အစ ရှိသောကြောင့် (ဝါ) ရှိသည် ဖြစ်၍ သံဃသမ္ပတ္တိဖြင့်လည်း သတ္ထုသမ္ပတ္တိကို ထင်စွာ ဖြစ်စေအပ်သောကြောင့် သံဃာကို ချီးမွမ်းခြင်းဖြင့်လည်း မြတ်စွာဘုရားကို ချီးမွမ်းခြင်းကိစ္စ ပြီး၏။ (ဋီသစ်)

မေး။ ပသီဒမာနာပိ ဟိ ဗုဒ္ဓသမ္ပတ္တိယာ သံဃေ၊ သံဃသမ္ပတ္တိယာ စ ဗုဒ္ဓေ ပသီဒန္တိ ဝါကျဝယ် ပသီဒမာနာပိ၌ ပိသဒ္ဒါ၏ အနက်နှင့် ယင်းပိသဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

ဖြေ။ ပိသဒ္ဒါသည် အပသီဒမာနာကို ပေါင်းခြင်း သမ္ပိဏ္ဍန အနက်ရှိ၏။

ယင်းပိသဒ္ဒါဖြင့် မကြည်ညိုကုန်သော သူတို့သည်လည်း ဆရာ၏ မပြည့်စုံခြင်းဖြင့် (ဝါ) ကြောင့် သံဃာ၌ မကြည်ညိုကြကုန်၊ သံဃာ၏ မပြည့်စုံခြင်း, ဖောက်ပြန်ခြင်းဖြင့် (ဝါ) ကြောင့် ဆရာ၌ မကြည်ညိုကြကုန် ဟူသော အဓိပ္ပါယ်ကို ပေါင်းစည်း၍ ပြသည်။ (ဋီသစ်)

## (ဋ္ဌ၊ နှာ ၂၉၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ သောဝီရက ဟူသည် အဘယ်ကဲ့သို့သော အရာမျိုး ဖြစ်သနည်း၊ သမာနဝါဒ, ကေစိဝါဒ အလိုအားဖြင့် စုံလင်စွာ ဖော်ပြပါ။

ဖြေ။ သောဝီရက ဟူသည် သမာနဝါဒ အလို = အလုံးစုံသော ကောက်, အဆောက်အဦတို့ဖြင့် ပြုအပ်သော ကဥ္စိယ (ခေါ်) ဆန်ပအုန်းရည်တည်း။ ကေစိဝါဒ အလိုကား = လောဏသောဝီရကတည်း။ (ဋီသစ်)

မေး။ ကေစိဆရာတို့က **ထုသောဒက** ဟူသည် လောဏသောဝီရက ဆေးရည်ပင်တည်းဟု ဖွင့်ဆိုကြရာ ထိုကေစိ ဆရာတို့ စကား သင့်/မသင့် ဝိနိစ္ဆယ ချခဲ့ပါ။

ဖြေ။ ကေစိဆရာတို့က ထုသောဒက ဟူသည် လောဏသောဝီရက ဆေးရည်ပင်တည်းဟု ဖွင့်ဆိုကြသော်လည်း ထိုကေစိဆရာတို့ ဆိုသော စကားသည် မသင့်ပါ။

အကြောင်းကား = လောဏသောဝီရက ဆေးရည်ကို "သဗ္ဗသဿသမ္ဘာရေဟိ ကတံ-အလုံးစုံသော ကောက်, အဆောက်အဦတို့ဖြင့် ပြုအပ်၏"ဟု အဋ္ဌကထာ၌ ဆိုသောကြောင့်လည်းကောင်း၊ "သဗ္ဗမစ္ဆမံသပုပ္ဖဖလာဒိ သမ္ဘာရကတံ-အလုံးစုံသော ငါး,အမဲ,အပွင့်,အသီး အစရှိကုန်သော အဆောက်အဦတို့ဖြင့် ပြုအပ်၏"ဟု ဋီကာသစ်၌ ဆိုသောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

မေး။ သုရာပါနမေဝ သာဝဇ္ဇံ၌ သုရာ အရ = မေရယကိုလည်း ယူနိုင်/မယူနိုင် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မူးယစ်စေခြင်း လက္ခဏာအားဖြင့် တူသော လက္ခဏာဟာရ နေတ္တိနည်းဖြင့်လည်းကောင်း၊ ဧကသေသ နည်းဖြင့်လည်းကောင်း သုရာ အရ = မေရယကိုလည်း ယူနိုင်၏။ (ဋီသစ်)

ttp://www.dhammadownload.com



(၄၂၊ နှာ ၂၉၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ မဟာသီဟနာဒ သုတ်သည် အဘယ်ကြောင့် "အနုတ္တရ" ဖြစ်သနည်း။

ဖြေ။ အခြားသော ပုဂ္ဂိုလ်များနှင့် မဆက်ဆံသောကြောင့်လည်းကောင်း၊ အနညသာဓာရဏ အနက်ဟူသော အရာ ရှိသောကြောင့် (အနညသာဓာရဏ အနက်ကို အကြောင်းပြု၍ မိန့်မြွက်တော်မူအပ်သောကြောင့်) လည်းကောင်း မဟာသီဟနာဒ သုတ်သည် "အနုတ္တရ" ဖြစ်ရသည်။ (ဋီသစ်)

(၄၂၊ နှာ ၂၉၇-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ မဟာသီဟနာဒ သုတ်၌ သီဟနာဒပေါင်း မည်မျှ ပါဝင်သည်ကို သချာမျှ ဖော်ပြ၍၊ ဒီဃနိကာယ်လာ ဤမဟာသီဟနာဒ သုတ်နှင့် မဇ္ဈိမနိကာယ်လာ မဟာသီဟနာဒ သုတ်တို့၏ ထူးခြားပုံကိုလည်း ဖြေခဲ့ပါ။

ဖြေ။ ဤမဟာသီဟနာဒ သုတ်၌ သီဟနာဒပေါင်း = ၁၁၀-ပါဝင်သည်။

ဤသုတ်ကို သီဟနာဒ အရေအတွက် များသောကြောင့် "မဟာသီဟနာဒ"သုတ်ဟု ခေါ်သည်။

မဇ္ဈိနိကာယ်လာ သီဟနာဒ သုတ်ကား = စူဠသီဟနာဒ သုတ်ကို ထောက်၍ "မဟာသီဟနာဒ"သုတ်ဟု ခေါ်သည်။ ဤသို့ ထူးသည်။ (ဋီသစ်)

မေး။ ဤသုတ်ကို အဘယ်ကြောင့် "မဟာသီဟနာဒ"သုတ်ဟု ခေါ်သနည်း။

ဖြေ။ များသည်၏ အဖြစ်ကြောင့် မဟာ၊ မြတ်သော ကျူးရင့်ခြင်းဖြင့် ကျူးရင့်သောကြောင့် မဟာနာဒ (ဝါ) သေဋ္ဌနာဒ၊ ခြင်္သေ့မင်း၏ ကျူးရင့်ခြင်းကဲ့သို့သော ကျူးရင့်ခြင်းဖြင့် ကျူးရင့်သောကြောင့် သီဟနာဒ၊ ထိုအကြောင်းတို့ကြောင့် ဤသုတ်ကို "မဟာသီဟနာဒ"သုတ်ဟု ခေါ်၏။ (ဋီသစ်)

(၄၂၊ နှာ ၂၉၈-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဥပသမ္ပဒတ္ထိကေန ပန နာတိကာလေန ကာမပ္ပဝေသနာဒီနိ အဋ္ဌ ဝတ္တာနိ ပူရေန္တေန ပရိဝသိတဗ္ဗံ ဝါကျ၌ လာသော "အဋ္ဌဝတ္တ" သရုပ်ကို ပြည့်စုံစွာ ဖော်ထုတ်ပါ။

ဖြေ။ ၁။ အလွန်စောသော အခါ၌ ရွာသို့ မဝင်ရခြင်း၊

၂။ "ပျိုကြီးဝေဟာ၊ ပြည့်တန်ဆာ၊ လင်ကွာ, မုဆိုးမ။ ဘိက္ခုနီ, ပဏ္ဍကာ၊ အဂေါစရာ၊ ငါးဖြာ သရုပ်ပြ" ဟူသော အဂေါစရဋ္ဌာနတို့၌ မကျက်စားရခြင်း၊

၃။ သီတင်းသုံးဖော်တို့၏ ပြုဖွယ်ကိစ္စများ၌ ကျွမ်းကျင်နားလည်ကာ မပျင်းမရိ လုပ်ရခြင်း၊

၄။ ဥဒ္ဒေသ ပရိပုစ္ဆာ စသည်တို့၌ ထက်သန်သောဆန္ဒ ရှိရခြင်း၊

၅။ တိတ္ထိတို့၏ အပြစ်ကို ပြောရာ၌ နှစ်သက်ခြင်း၊

၆။ ရတနာသုံးပါးတို့၏ အပြစ်ကို ပြောရာ၌ မနှစ်သက်ခြင်း၊

၇။ တိတ္ထိတို့၏ ဂုဏ်ကို ပြောရာ၌ မနှစ်သက်ခြင်း၊

၈။ ရတနာသုံးပါးတို့၏ ဂုဏ်ကို ပြောရာ၌ နှစ်သက်ခြင်းတို့ ဖြစ်သည်။ (ဋီသစ်)

(၄၂၊ နှာ ၂၉၉-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **ကုလပုတ္တာတိ** အာစာရကုလပုတ္တောဝ၌ ကုလပုတ္တ အရကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ။ ကုလပုတ္တ အရ = သမ္မဒေဝ ဟူသော သဒ္ဒန္တရကြောင့် အာစာရကုလပုတ္တကို ယူပါ။

အမှာ။ ပါဠိတော်လာ "ယဿတ္ထာယ ကုလပုတ္တာ သမ္မဒေဝ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ" ဝါကျ၌ ကုလပုတ္တ အရသည် ယင်းအဖြေနှင့် တူ၏။

ttp://www.dhammadownload.com



မေး။ **ကုလပုတ္တာတိ** အာစာရကုလပုတ္တော၌ "ကုလပုတ္တ"ကို အဘယ်ကြောင့် "အာစာရကုလပုတ္တ"ဟု ဖွင့်သနည်း။

ဖြေ။ အမျိုးကောင်းသော ဇာတိကုလပုတ္တပင် ဖြစ်သော်လည်း အကျင့် မကောင်းလျှင် အရဟတ္တဖိုလ် တရားထူး မရနိုင်ရကား အမျိုးကောင်းသည် ဖြစ်စေ, မကောင်းသည် ဖြစ်စေ အကျင့်ကောင်းခြင်းသည်သာ ပဓာနဖြစ်သောကြောင့် "အာစာရကုလပုတ္တာ"ဟု ဖွင့်သည်။

အမှာ။ ကုလပုတ္တ အရ၌ = အကျင့်နှင့် ပြည့်စုံသော ဇာတိကုလပုတ္တတို့လည်း ပါဝင်သည်ဟု မှတ်ပါ။

## ပေါဋ္ဌပါဒသုတ်

### (ဌ၊ နှာ ၃၀၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဤသုတ်လာ ယံနူန သဒ္ဒါနှင့် တစ်ပါးသော သုတ်တို့၌ လာသည့် ယံနူန သဒ္ဒါတို့၏ အနက် ထူးခြားပုံကို ရေးခဲ့ပါ။

ဖြေ။ ယံနူန သဒ္ဒါသည် တစ်ပါးသော သုတ်တို့၌ = သံသယတ္ထ ဇောတက နိပါတ်တည်း။
ဤသုတ်၌ကား အဋ္ဌကထာ အလို = သံသယပတိရူပကတ္ထ နိပါတ်သာတည်း။
ဋီကာတို့ အလို = ပရိကပ္ပတ္ထ ဇောတက နိပါတ်သာတည်း။ (ပခုက္ကူ)

မေး။ အဘယ်ကြောင့် မြတ်စွာဘုရားတို့အား ယုံမှားသံသယ မရှိကြသနည်း။
(ဝါ) အဘယ်ကြောင့် "ဗုဒ္ဓါနဉ္စ သံသယော နာမ နတ္ထိ"ဟု ဆိုသနည်း။

ဖြေ။ ဘုရားရှင်တို့သည် ဗောဓိပင်ရင်း၌ပင် ယုံမှားမှု သံသယကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်ပြီး ဖြစ်သောကြောင့် မြတ်စွာဘုရားတို့အား ယုံမှားသံသယ မရှိကြပါ။ (ဝါ) "ဗုဒ္ဓါနဉ္စ သံသယော နာမ နတ္ထိ"ဟု ဆို၏။

မေး။ အလုံးစုံသော ဘုရားရှင်တို့အား "ဣဒံ ကရိဿာမ" စသော ပရိဝိတက္က ပုဗ္ဗဘာဂကို ရတော်မူခြင်း၏ အကြောင်း (ဝါ) အလိုရှိအပ်သော ကိစ္စ၏ ရှေးအဘို့၌ဖြစ်သော အကြံကို ရတော်မူခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ သံသယ၏ အစွမ်းအားဖြင့် ဖြစ်သောကြောင့်ကား မဟုတ်၊ စိစစ်တော်မူခြင်း၏ အစွမ်းအားဖြင့်သာလျှင် ဖြစ်သောကြောင့်တည်း။ (ဋီသစ်)

မေး။ မြတ်စွာဘုရားတို့အား ယုံမှားသံသယ မရှိကြပါဘဲလျက် အဘယ်ကြောင့် "**ယံနူနာဟံ**"သဒ္ဒါကို ဆိုသနည်း။

ဖြေ။ မြတ်စွာဘုရားတို့အား ယုံမှားသံသယမည်သည် မရှိပါသော်လည်း "ဤအမှုကို ပြုကုန်အံ့, ဤအမှုကို မပြုကုန်အံ့, ဤသူအား တရားကို ဟောကုန်အံ့, ဤသူအား တရားကို မဟောကုန်အံ့"ဟူ၍ ပရိဝိတက္က ပုဗ္ဗဘာဂကိုကား အလုံးစုံသော ဘုရားရှင်တို့အား ရအပ်သောကြောင့် "ယံနူနာဟံ" သဒ္ဒါကို ဆို၏။

### (ဌ၊ နှာ ၃၀၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **စိရဿံ ခေါ ဘန္တေ** ဟူသော စကားကို ဘုရားရှင်သည် ပရိဗိုဇ်တို့ နေရာအရပ်သို့ ရှေးက ကြွတော်မူဘူး၍ လျှောက်ထားခြင်း ဖြစ်ပါသလော၊ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ ကြွတော်မူဘူး၍ လျှောက်ထားခြင်း မဟုတ်။
ဘုရားရှင်သည် ပရိဗိုဇ်တို့ နေရာအရပ်သို့ ရှေးက ကြွတော်မမူဘူးသော်လည်း လူတို့အား "အဘယ်အရပ်သို့

ttp://www.dhammadownload.com



သွားကုန်သနည်း၊ အဘယ်အရပ်မှ လာကုန်သနည်း၊ လမ်းခရီး မှားကုန်သလော၊ အလွန်ကြာမှဘဲ ကြွလာကုန်ပါပကော" ဤသို့ အစရှိကုန်သော ချစ်ဖွယ်စကားကို ဆိုသောအလေ့ ရှိကုန်၏။ ထို့ကြောင့် စိရဿ ခေါ ဘန္တေ ဟူသော စကားကို လျှောက်ထားခြင်း ဖြစ်၏။

**(ဌ၊ နှာ ၃၀၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဥစ္စာကုလီနတာယ ပါဠိဖြင့် ပြအပ်သော ဒဿနတ္တ အဓိပ္ပါယ်ကို ဖြေဆိုပါ။

ဖြေ။ ဥစ္စာကုလီနတာယ ပါဠိဖြင့် သာသနာ၌ မကြည်ညိုကုန်သော သူတို့သည် အမျိုးကို ရှိသေလေးစားသောအားဖြင့် မြတ်စွာဘုရား၌ အရှိအသေ ပြုကြသည်ဟု ပြ၏။ (ဋီသစ်)

**(ဌ၊ နှာ ၃၀၇-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ သာ လောကိယာနံ ကိစ္စကာရကသမာပတ္တီနံ အဂ္ဂတ္တာ သညဂ္ဂန္တိ ဝုစ္စတိ ဝါကျ၌ လာသော (က) လောကိယာနံ (ခ) ကိစ္စကာရက ဟူသော ဝိသေသန ပုဒ်တို့ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ (က) လောကိယာနံ ဟူသော ဝိသေသနပုဒ်ဖြင့် ဤအာကိဉ္စညာယတန သမာပတ်၏ လောကုတ္တရာ သမာပတ်တို့ထက် မမြတ်ကြောင်းကို ပြသည်။ (ဋီသစ်)

(ခ) ကိစ္စကာရကသမာပတ္တီနံ၌ ကိစ္စကာရက ဟူသော ဝိသေသနပုဒ်ဖြင့် အကိစ္စကာရက ဖြစ်သော နေဝသညာနာသညာယတန သမာပတ်ထက် မမြတ်ကြောင်းကို ပြ၏။ (ဋီသစ်)

**(ဌ၊ နှာ ၃၁၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **သဠုဇ္ဇုရိမက်သူ**တိ သဠုဇ္ဇုရိတံ နိရန္တရံ ဖုဋ္ဌ အကံသု၊ ဥပရိ ဝိဠိုံသူတိ ဝုတ္တံ ဟောတိ ဝါကျ၌ လာသော "အကံသု (ဥပရိ) ဝိဠိုံသု"၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ "အကံသု (ဥပရိ) ဝိဠိုံသု - ပြုကြကုန်၊ ထိုးဆွကြကုန်၏"ဟူသည် = တုတ်၊နှင်တံ၊လှံ စသည်တို့ဖြင့် ထိုးဆွကြကုန်သည် မဟုတ်၊ တစ်ရာလောက်သော လှံတို့ဖြင့် တစ်ကိုယ်လုံး ထက်ဝန်းကျင် ထိုးသကဲ့သို့ ပေါဋ္ဌပါဒ ဆရာကြီးကို သုံးထောင်မျှသော တပည့်ပရိဗ္ဗိုဇ်တို့က စကားတည်းဟူသော လှံတို့ဖြင့် ထက်ဝန်းကျင် ထိုးဆွကြကုန်ခြင်းကိုပင် "အကံသု (ဥပရိ) ဝိဠိုံသု"ဟု ဆို၏။ (ဋီသစ်)

**(ဌ၊ နှာ ၃၁၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ ဇဝံ အတ္တနော အတ္တနော သမယေ လောကထူပိကာဒိဝသေန နိဋ္ဌံ ပညပေန္တိ ဝါကျ၌ တိတ္ထိတို့ ပြောဆိုသော နိဋ္ဌာနှင့် လောကထူပိက ဟူသည် အဘယ်နည်း၊ ရှင်းလင်းစွာ ဖြေပြပါ။

ဖြေ။ တိတ္ထိတို့သည် "နိဗ္ဗာန် နိဗ္ဗာန်"ဟူသော စကား တူခြင်းမျှကို ယူ၍ လောကထူပိက စသည်ကို နိဋ္ဌာဟု ဆို၏။

လောက၏ အထွဋ်နှင့် တူခြင်းကို ကြံဆခြင်းဖြင့် ဗြဟ္မာဘုံကို လောကထူပိကဟု ဆို၏။ (ဋီသစ်)

မေး။ ကေစိဆရာတို့ ဆိုသော လောကထူပိကကို ဖော်ပြ၍၊ ထိုကေစိဝါဒ သင့်/မသင့်ကိုလည်း အကြောင်းသွင်း၍ ဆုံးဖြတ်ပါ။

ဖြေ။ ကေစိဆရာတို့က = နေဝသညာနာသညာယတနဘုံကို လောကထူပိကဟု ဆို၏။
ထိုကေစိဝါဒသည် မသင့်။
အကြောင်းကား = အဋ္ဌကထာတို့၌ ထိုသို့သော အခြင်းအရာအားဖြင့် မဆိုသောကြောင့်တည်း။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ နိဗ္ဗ, နိဗ္ဗာ, နိဗ္ဗာမဂ္ဂတို့ကို သာသနာတော် အယူအဆ, ဗာဟိရကတိတ္ထိတို့၏ အယူအဆ ခွဲခြား၍ ဝါဒစုံစွာ ဖော်ပြပါ။

ဖြေ။ သာသနာတော်အလို = နိဗ္ဗာန်သည် နိဗ္ဗ၊ အရဟတ္တဖိုလ် ဝိမုတ္တိသည် နိဗ္ဗာ၊ အရဟတ္တဖိုလ် ဝိမုတ္တိသို့ သွားရာ လမ်းခရီး ရှေးရှေး ဝိပဿနာအကျင့် စသည်သည် နိဗ္ဗာမဂ္ဂ မည်၏။

ဗာဟိရက တိတ္ထိတို့အလို = (သာသနာသုံးနှင့် စကားတူကာမျှ) နိဗ္ဗာန်သည် နိဗ္ဗ၊ တိတ္ထိတို့တွင် ဗြာဟ္မဏတို့အလို = ပဠမဈာန်ဘုံသည် နိဗ္ဗာ၊ ဝေခနပ အစရှိသော ရသေ့တို့အလို = အာဘဿရ ဘုံသည် နိဗ္ဗာ၊ သဥ္စယ အစရှိသော ပရိဗ္ဗိုဇ်တို့အလို = သုဘာကိဏှာဘုံသည် နိဗ္ဗာ၊ အာဇီဝကတို့အလို = အသညသတ်ဘုံသည် နိဗ္ဗာ၊ ထိုထို လောကထူပိကာ ဝိမောက္ခ စသည်သို့ သွားရာ လမ်းခရီး ပညတ်များသည် နိဗ္ဗာမဂ္ဂ မည်၏။

## (၄၊ နှာ ၁၁၅–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဘုရားရှင်တို့၏ ကထာသည် အဘယ်ကြောင့် နှစ်ပါး ပြားရသနည်း။

ဖြေ။ ဝေနေယျတို့က သမ္မုတိကထာဖြင့် စ၍ ဟောအပ်မှ သိနိုင်မည့် ပုဂ္ဂိုလ်, ပရမတ္ထကထာဖြင့် စ၍ ဟောအပ်မှ သိနိုင်မည့် ပုဂ္ဂိုလ်ဟု ပုဂ္ဂိုလ်နှစ်မျိုး ပြားသောကြောင့် ဘုရားရှင်တို့၏ ကထာလည်း နှစ်ပါး ပြားရသည်။

## (၄၊ နှာ ၁၁၆–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဘုရားရှင်တို့သည် ပကတိအခါ၌ သမ္မုတိကထာ, ပရမတ္ထကထာတို့တွင် အဘယ်ကထာမျိုးကို ရှေးဦးစွာ ဟောကြားသနည်း၊ အကြောင်းနှင့်တကွ ဖြေပြပါ။

ဖြေ။ ပရမတ္ထကထာကို ရှေးဦးစွာ ဟောကြားတော်မူသည် ရှိသော် ဝေနေယျတို့အား အသိခက်သည်၏ အစွမ်းအားဖြင့် ခေါင်းပါးကြမ်းတမ်းသော အခြင်းအရာ ရှိသောကြောင့် (ဝါ) စိုစိုပြေပြေ မရှိ, ခြောက်ကပ်ကပ်နိုင်ခြင်းကြောင့် ဘုရားရှင်တို့သည် ပကတိအခါ၌ သမ္မုတိကထာကို ရှေးဦးစွာ ဟောကြားသည်။ (၄)

မေး။ သမ္မုတိကထာ ဟောရခြင်း အကြောင်း ၈–မျိုးကို ရေးခဲ့ပါ။

ဖြေ။ သမ္မုတိကထာ ဟောရခြင်း အကြောင်း ၈–မျိုးကား . . .

၁။ ဟိရောတ္တပ္ပ ဒီပနတ္ထံ – ဟိရီ,ဩတ္တပ္ပကို ပြတော်မူလိုသောကြောင့်လည်းကောင်း၊

၂။ ကမ္မဿကတာ ဒီပနတ္ထံ – ကံသာလျှင် မိမိဥစ္စာ ရှိသည်၏ အဖြစ်ကို ပြလိုသောကြောင့်လည်းကောင်း၊

၃။ ပစ္စတ္တပုရိသာကာရ ဒီပနတ္ထံ – အသီးသီးသော ထိုထိုယောက်ျားသည် ပြုအပ်သော ကိစ္စကို ပြလိုသောကြောင့်လည်းကောင်း၊

၄။ အာနန္တရိယ ဒီပနတ္ထံ – စုတိ၏ အခြားမဲ့၌ အကျိုးပေး မြဲသော ပဉ္စာနန္တရိယကံကို ပြလိုသောကြောင့်လည်းကောင်း၊

၅။ ဗြဟ္မဝိဟာရ ဒီပနတ္ထံ – မေတ္တာစသော ဗြဟ္မဝိဟာရ လေးပါးကို ပြလိုသောကြောင့်လည်းကောင်း၊

၆။ ပုဗ္ဗေနိဝါသ ဒီပနတ္ထံ – ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို ပြလိုသောကြောင့်လည်းကောင်း၊

၇။ ဒက္ခိဏာဝိသုဒ္ဓိ ဒီပနတ္ထံ – အထူးသဖြင့် စင်ကြယ်သော အင်္ဂါခြောက်ပါး ရှိသော အလှူကို ပြလိုသောကြောင့်လည်းကောင်း၊

၈။ လောကသမ္မုတိယာ အပ္ပဟာနတ္ထံ – လောကသမ္မုတိကို မပယ်ခြင်း အကျိုးငှာ (ဝါ) မပယ်လိုသောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ဒုဝေ သစ္စာနိ အက္ခာသိ၌ သစ္စာ နှစ်မျိုးလုံးကို ဟောကြားတော်မူရခြင်း၏ အကြောင်းကို ဋီကာသစ် လာသည့်အတိုင်း ဖြေပြပါ။

ဖြေ။ အမျိုးမျိုးသော ဒေသဘာသာတို့၌ ကျွမ်းကျင်သော, ဗေဒင်သုံးပုံတို့၏ အနက်ကို ဖွင့်ဆိုသော ဆရာကဲ့သို့ အမျိုးမျိုးသော သမ္မုတိ, ပရမတ္ထတို့၌ ကျွမ်းကျင် လိမ္မာတော်မူသောကြောင့်လည်းကောင်း၊ သမ္မုတိကထာဖြင့် ဗုဒ္ဓနကသတ္တဝါ, ပရမတ္ထကထာဖြင့် ဗုဒ္ဓနကသတ္တဝါ ဟူသော ဝေနေယျသတ္တဝါတို့ အားလျော်စွာ ဟောကြားသည် ဖြစ်သောကြောင့်လည်းကောင်း သစ္စာ နှစ်မျိုးလုံးကို ဟောကြားတော်မူရသည်။ (ဋီသစ်)

# သုဘသုတ်

## (၄၊ နှာ ၁၁၇–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ပရိနိဗ္ဗာနတော ဥဒ္ဓံ မာသမတ္တေ ကာလေ ဝါကျ၌ အဘယ်ကာလကို ရည်ရွယ်၍ "မာသမတ္တေ"ဟု ဆိုသနည်း။

ဖြေ။ ပရိနိဗ္ဗာန် စံတော်မူရာ ကဆုန်လပြည့်နေ့မှ အထက် နယုန်လပြည့်တိုင်အောင် ကာလကို ရည်ရွယ်၍ "မာသမတ္တေ"ဟု ဆိုသည်။ (ဂဏ္ဌိ)

မေး။ တောဒေယျပုတ္တ၏ (က) နာမည်ရင်း (ခ) ယင်းနာမည်ရခြင်း အကြောင်းတို့ကို ရေးခဲ့ပါ။

ဖြေ။ (က) တောဒေယျပုတ္တ၏ နာမည်ရင်းမှာ = သုဘလုလင် ဖြစ်သည်။

(ခ) လက်ခြေစသော အင်္ဂါကြီးငယ်, ရုပ်ရည်အဆင်း လှပတင့်တယ်သည်၏ အဖြစ်ကြောင့် "သုဘ"အမည်ကို ရသည်။ (ဋီသစ်)

မေး။ ရှေး၌ "လောဘကြောင့် ခွေးဖြစ်သည်ဟု ဆိုခဲ့ပြီ"ဟူသော ရှေးစကားနှင့် "ယခု 'ဘော ဘော'ဟု ပြောမှုကြောင့် ခွေးဖြစ်သည်"ဟု ဆိုသော နောက်စကားတို့သည် ရှေ့နောက် မဆန့်ကျင်ပါသလော၊ ရှင်းပြပါ။

ဖြေ။ ထိုကံနှစ်မျိုးစလုံးပင် ခွေးဖြစ်ဖို့ရန် ဆက်ဆံသော အကြောင်း ဖြစ်သောကြောင့် မဆန့်ကျင်ပါ။ မှန်၏၊ ကံသည် ဝိပါကဖလ ဟူသော အကျိုးရင်းကို ပေးသောကံ, အာနိသံသဖလ ဟူသော အကျိုးဆက်ကို ပေးသောကံဟု နှစ်မျိုးရှိ၏။ ပဋိသန္ဓေဝိပါက် အကျိုးကို ပေးရာ၌ ကံတစ်မျိုးကသာ ပေးသော်လည်း ပဝတ္တိဝိပါက်နှင့်တကွ အာနိသံသ အကျိုးကို ပေးရာ၌ကား ကံအမျိုးမျိုးက ပေးနိုင်၏။ ထို့ကြောင့် ခွေးဖြစ်ရာ၌ လောဘပြဋ္ဌာန်းသော ကံ, ဘော ဘောဟု ဘုရားကို လွှမ်းမိုး၍ ပြောဆိုကြောင်း ကံ, ထိုကံနှစ်မျိုးစလုံးနှင့်ပင် သက်ဆိုင်နေရကား ရှေ့တစ်မျိုး, နောက်တစ်မျိုး နှစ်မျိုး မိန့်တော်မူရခြင်း ဖြစ်၍ ရှေးစကားနှင့် နောက်စကားတို့ မဆန့်ကျင်ပါ။ (ဋီသစ်၊ ဘာဋီ)

## (၄၊ နှာ ၁၂၀–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ရူပဈာနာနေဝ အာဂတာနိ၊ န အရူပဈာနာနိ၊ အာနေဉ္ဇာ ပန ဒီပေတဗ္ဗာနိ ဝါကျ၌ အရူပဈာန်တို့ကို မဟောထားသည် ဖြစ်လျက်၊ အဘယ်ကြောင့် အရူပဈာန်တို့ကို ဆောင်၍ ပြတော်မူအပ်ကုန်၏ (အာနေဉ္ဇာ ဒီပေတဗ္ဗာနိ)ဟု ဆိုရသနည်း။

ဖြေ။ သမာပတ် ရှစ်ပါးတို့၌ ၁၄–ပါးသော စိတ်ကို ဆုံးမခြင်းနှင့် ကင်း၍ လောကီအဘိညာဉ်တို့ မပြည့်စုံနိုင်သောကြောင့်လည်းကောင်း၊ အဘိညာဉ်ကို ဟောလျှင်ပင် နာနန္တရိက နည်းအားဖြင့် အရူပဈာန်တို့ကိုလည်း ဟောပြီး ဖြစ်သောကြောင့်လည်းကောင်း အရူပဈာန်တို့ကို ဆောင်၍ ပြတော်မူအပ်ကုန်၏ (အာနေဉ္ဇာ ဒီပေတဗ္ဗာနိ)ဟု ဆိုရသည်။ (ဋီသစ်)

ttp://www.dhammadownload.com



မေး။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်ပါမှု "နတ္တေ၀ ဥတ္တရိ ကရဏီယံ"ဟု ဆိုတန်စေ၊ သုက္ခဝိပဿက ရဟန္တာ ဖြစ်ရုံမျှဖြင့် အဘယ်သို့လျှင် "နတ္တေ၀ ဥတ္တရိ ကရဏီယံ"ဟု ဆိုနိုင်မည်နည်း။

ဖြေ။ အရဟတ္တဖိုလ် အကျိုးငှာ ဘုရားရှင်၏ အထံတော်၌ ဖြဟ္မစရိယ အကျင့်ကို ကျင့်သုံးရ၏။ ထိုအရဟတ္တဖိုလ်သည် ပြီးစီးသောကြောင့် လောကီအဘိညာဉ်, ပဋိသမ္ဘိဒါတို့ကို မရသော်လည်း သုက္ခဝိပဿက ရဟန္တာ ဖြစ်ရုံမျှဖြင့် "နတ္တေ၀ ဥတ္တရိ ကရဏီယံ"ဟု ဆိုနိုင်၏။ (ဋီသစ်)

# ကေဝဋ္ဋသုတ်

## (ဌ၊ နှာ ၃၂၁-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ "ကေဝဋ္ဋ"ဟု အမည်ရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ တံငါသည်တို့သည် စောင့်ရှောက်အပ်သောကြောင့် "ကေဝဋ္ဋ"ဟု အမည်ရ၏။
(တစ်နည်း) တံငါသည်တို့၏ အထံ၌ ကြီးပွားရသောကြောင့် "ကေဝဋ္ဋ" အမည်ရ၏ဟုလည်း ကေစိတို့က ဆိုကြသည်။ (ဋီသစ်၊ ဘာဋီ)

မေး။ **ကေဝဋ္ဋောတိ ဣဒံ တဿ ဂဟပတိပုတ္တဿ နာမံ၊ သော ကိရ စတ္တာလီသကောဋိဓနော ဂဟပတိမဟာသာလော အတိဝိယ သဒ္ဓေါ ပသန္နော အဟောသိ** ဝါကျ၌ (က) သဒ္ဓေါ (ခ) ပသန္နောဟု ဆိုရခြင်း အကြောင်းတို့ကို အသီးသီးရေးခဲ့ပါ။

ဖြေ။ (က) ပုထုဇဉ်တို့၏ သန္တာန်၌ ဖြစ်သော ပေါထုဇ္ဇနိက သဒ္ဓါနှင့် ပြည့်စုံသောကြောင့် (တစ်နည်း) ကံ,ကံ၏ အကျိုးကို ယုံကြည်ခြင်းနှင့် ပြည့်စုံသောကြောင့် "သဒ္ဓေါ"ဟု ဆို၏။
(ခ) ရတနာသုံးပါး၌ အထူး ကြည်ညိုသောကြောင့် "ပသန္နော"ဟု ဆို၏။ (ဋီသစ်)

## (ဌ၊ နှာ ၃၂၂-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **ဂန္ဓာရီ** နှစ်မျိုးတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ သုံးနှစ်အတွင်းက သေခဲ့သော သတ္တဝါတို့၏ ဖြစ်ရာဌာနကို သိသော အတတ်သည် စူဠဂန္ဓာရီ။ ထိုကဲ့သို့ သိသည့်အပြင် မန္တန်ကို စုတ်၍ ဣဒ္ဓိဝိဓ အဘိညာဉ်၏ဆိုင်ရာ တန်ခိုးကို မျက်လှည့် ပြသကဲ့သို့ ပြနိုင်သော အတတ်သည် မဟာဂန္ဓာရီ။ ဤသို့ ထူးသည်။

မေး။ **စေတသိကန္တိ သောမနဿဒေါမနဿံ အဓိပ္ပေတံ** ဝါကျ၌ (က) သောမနဿ သဒ္ဒါ (ခ) ဒေါမနဿ သဒ္ဒါတို့ဖြင့် ယူရမည့် တရားများကို ဖော်ပြပါ။

ဖြေ။ (က) သောမနဿ သဒ္ဒါဖြင့် = သောမနဿနှင့် အတူတကွ တစ်ခုသော စိတ်၌ ယှဉ်နေ တည်နေသည့် ရာဂ စသော, သဒ္ဓါ စသော တရားတို့ကို ယူရမည်။
(ခ) ဒေါမနဿ သဒ္ဒါဖြင့် = ဒေါမနဿနှင့် အတူတကွ တစ်ခုသော စိတ်၌ ယှဉ်နေ တည်နေသည့် ဒေါသ စသော တရားတို့ကို ယူရမည်။ (ဋီသစ်)

မေး။ **ဝေမှိ တေ မနော** ဝါကျကို ဟောပြီးပါလျက် အဘယ်ကြောင့် **ဣတိပိ တေ စိတ္တံ** ဝါကျကို ထပ်မံ၍ ဟောရသနည်း။

ttp://www.dhammadownload.com



ဖြေ။ "ဝေမွိ တေ မနော"ဖြင့် သောမနဿ ရှိသူ စသည်မျှကိုသာ ပြဆိုနိုင်၏။ သောမနဿ ရှိသူ, ဒေါမနဿ ရှိသူ၏ ဖြစ်ကြောင်း စိတ်ကို မပြဆိုနိုင်သေး၍ သောမနဿ ရှိသူ, ဒေါမနဿ ရှိသူ၏ ဖြစ်ကြောင်းဖြစ်သော ထိုစိတ်ကို ပြတော်မူလိုသောကြောင့် "ဣတိ ပိ တေ စိတ္တံ" ဝါကျကို ဟောတော်မူ၏။ (ဋီသစ်)

မေး။ စိန္တာမဏိမန္တန် တတ်သူတို့ သူတစ်ပါး စိတ်ကို သိပုံ သိနည်း, ဖြေဆိုပုံ ဖြေဆိုနည်းကို ကေစိ, အပရေ နှစ်ထွေသော ဝါဒတို့ဖြင့် ကျနစွာ ဖော်ပြပါ။

ဖြေ။ ထို(စိန္တာမဏိ)မန္တန်ကို ပြီးစေသော တတ်သိနားလည်သော ပုဂ္ဂိုလ်သည် သင့်လျော်သော ဒေသ, ကာလ၌ မန္တန်စုတ်၍ အကြင်သူ၏ စိတ်ကို သိလို၏။ ထိုသိလိုသော သူ၏ ဒိဋ္ဌသုတ စသော အထူး၌ မှတ်သားမှုကို အဦးပြု၍ (ဝါ) သိလိုသော ပုဂ္ဂိုလ်၏ မြင်ခဲ့ရ, ကြားခဲ့ရ, စားခဲ့ရ, နမ်းခဲ့ရသည်ကို ဦးစွာမေးမြန်း၍ ထိုထို မြင်ခဲ့ရမှု စသည်ကို မှန်းဆကာ စိတ်အလေ့အကျက်ကို နိူင်းချိန်လျက် (ဝါ) ဤအရာကို မြင်ခဲ့လျှင် ဤစိတ် ဖြစ်နိုင်သည် စသည်ဖြင့် ချင့်ချိန်လျက် သူတစ်ပါး စိတ်ကို သိသည်, မေးလျှင် ဖြေဆိုသည်ဟု ကေစိဆရာ ဆိုသည်။

ထို(စိန္တာမဏိ)မန္တန်ကို ပြီးစေသော တတ်သိနားလည်သော ပုဂ္ဂိုလ်သည် သင့်လျော်သော ဒေသ, ကာလ၌ မန္တန်စုတ်၍ အကြင်သူ၏ စိတ်ကို သိလို၏။ ထိုသိလိုသော သူကို စကား ပြောစေ၍ ထိုစကား၌ အက္ခရာကို မှတ်သားခြင်း၏ အစွမ်းဖြင့် စိတ်အလေ့အကျက်ကို နိူင်းချိန်လျက် (ဝါ) ဤမျှ အရေတွက်ရှိသော စကားကို ပြောလျှင် ဤစိတ် ဖြစ်နိုင်သည်ဟု ချင့်ချိန်လျက် သူတစ်ပါး စိတ်ကို သိသည်, မေးလျှင် ဖြေဆိုသည်ဟု အပရေဆရာ ဆိုသည်။ (ဋီသစ်)

## (ဌ၊ နှာ ၃၂၃-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဤကေဝဋ္ဋသုတ်၌ (က) သံသရာဝဋ်မှ ထွက်မြောက်ကြောင်း အကျင့် (ခ) သံသရာမှ မထွက်မြောက် ကြောင်း အကျင့် (ဂ) ပါဋိဟာရိယကြောင့် ရအပ်သော အပြစ်များကို ဖော်ပြပါ။

ဖြေ။ (က) အနုသာသနီပါဋိဟာရိယ။

(ခ) ဣဒ္ဓိပါဋိဟာရိယ၊ အာဒေသနာပါဋိဟာရိယတို့ ဖြစ်သည်။ (ဌ)

(ဂ) ဣဒ္ဓိပါဋိဟာရိယကြောင့် ရအပ်သော အပြစ် = ပါဠိတော် ပိုဒ်ရေ ၄၈၄-၌ ရှုပါ။
အာဒေသနာပါဋိဟာရိယကြောင့် ရအပ်သောအပြစ် = ပါဠိတော် ပိုဒ်ရေ ၄၈၅-၌ ရှုပါ။

မေး။ ယာဝ ဗြဟ္မလောကာပိ ကာယေန ဝသံ ဝတ္တေန္တော ဒေဝလောကံ ယာတိ ဝါကျ၌ လာသော ကာယေန ဝသံ ဝတ္တေန္တော၌ ကိုယ်ဖြင့် အလိုသို့ လိုက်စေနိုင်ခြင်းဟူသည် အဘယ်နည်း။

ဖြေ။ ကာယေန ဝသံ ဝတ္တေန္တော၌ ကိုယ်ဖြင့် အလိုသို့ လိုက်စေနိုင်ခြင်းဟူသည် = နတ်ပြည်, ဗြဟ္မာ့ပြည်ဝယ် သွားလိုရာ အရပ်သို့ ရောက်အောင် သွားနိုင်ခြင်းပင် ဖြစ်သည်။ (ဋီသစ်)

## (ဌ၊ နှာ ၃၂၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ နိဗ္ဗာန်နှင့် တူသော ဥပမာကို ရနိုင်ပါသလော၊ ရှင်းလင်းစွာ ဖြေဆိုပါ။

ဖြေ။ နိစ္စ ဖြစ်သော၊ တဘက်ပြိုင်ဘက် မရှိ, တစ်ပါးတည်းသာ ဖြစ်သော၊ စင်စစ် သန္တပဏီတ ဖြစ်သော နိဗ္ဗာန်နှင့် တူသော ဥပမာကို ဘယ်နည်းနှင့်မျှ မရနိုင်။ (ဝါ) တစ်စုံတစ်ခုသော အကြောင်းကြောင့်မျှ မရနိုင်ပါ။

ttp://www.dhammadownload.com



(ဌ၊ နှာ ၃၂၆-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **ဝိညာဏဿ နိရောဓေန**၌ ဝိညာဏ အရကို အဋ္ဌကထာဆရာ အလိုကျ ဖော်ပြပါ။

ဖြေ။ ဝိညာဏ အရ = စရိမက ဝိညာဏ်နှင့် အဘိသင်္ခါရ ဝိညာဏ်ကို ယူပါ။ (ဋ)

မေး။ စရိမက ဝိညာဏ်နှင့် အဘိသင်္ခါရ ဝိညာဏ်တို့၏ အရကို ဖော်ပြပါ။

ဖြေ။ စရိမက ဝိညာဏ် အရ = ရဟန္တာတို့၏ စုတိစိတ်တည်း။
အဘိသင်္ခါရ ဝိညာဏ် အရ = ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရနှင့် ယှဉ်သော စိတ်တည်း။ (ဘာဋီ)

# လောဟိစ္စသုတ်

(ဌ၊ နှာ ၃၂၈-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ဆန္နံ ဒေဝလောကာနမေတံ အဓိဝစနံ၌ "ဒေဝလောက" အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဒေဝလောက အရ = နတ်ပြည် ၆-ထပ်ကိုသာမက ဗြဟ္မာ့ပြည်ကိုလည်း ယူပါ။
အကြောင်းကား = ဆန္နံ ဒေဝလောကာနံ ဟူသော စကားကို နိဒဿနနည်း+ဧကဒေသူပစာအားဖြင့် ဆိုထားသောကြောင့်လည်းကောင်း၊ ဗြဟ္မာ့ပြည်၏လည်း ဒိဗ္ဗဝိဟာရ၏ အကြောင်း၏ အဖြစ်ဖြင့် ဗြဟ္မာ့ပြည်ကိုလည်း ယူနိုင်သောကြောင့်လည်းကောင်းတည်း။ (ဋီသစ်)

# တေဝိဇ္ဇသုတ်

(ဌ၊ နှာ ၃၃၄+၃၃၅-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ **ကာမဂုဏာ**၌ ဂုဏသဒ္ဒါ၏ ဤ၌ ရထိုက်သော ဗန္ဓနအနက်ကိုသာ မပြဘဲ အခြားသော ဟောနိုင်သမျှ အနက်တို့ကို ထုတ်ပြခြင်းသည် အဘယ်အကျိုး ရှိသနည်း။ (အတ္ထုဒ္ဓါရ ပြုရခြင်းအကျိုး)

ဖြေ။ ပဋလ စသော အနက်များ၏ ဤနေရာ၌ မဖြစ်သင့်သောကြောင့် ပါရိသေသ နည်းအားဖြင့် (ကောဋ္ဌာသ အနက်နှင့်တကွ) "ဗန္ဓန အနက်သာ သင့်၏"ဟု ပြခြင်း အကျိုးငှာ ဤအတ္ထုဒ္ဓါရကို ထုတ်ပြသည်။ (ဋီသစ်)

အမှာ။ အတ္ထုဒ္ဓါရ လာသမျှ၌ ဤနည်းချည်းသာ။ (ဘာဋီ)

(ဌ၊ နှာ ၃၃၆-နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)

မေး။ ပါဠိတော်၌ တမေနံ ဟူသော ကံပုဒ်ကို **တာဝဒေဝ အဝသင်္ဂ** ပါဌ်ဖြင့် အဘယ်ကြောင့် ဝိသေသန ပြုရသနည်း။

ဖြေ။ ဇာတ+သံဝဓ္ဓ ပုဒ်နှစ်ပါး အပေါင်းဖြင့် အနက်ပြည့်စုံမှု မရှိသောကြောင့် တမေနံ ဟူသော ကံပုဒ်ကို တာဝဒေဝ အဝသင်္ဂ ပါဌ်ဖြင့် တစ်ဖန် ဝိသေသန ပြုရသည်။ (ဋီသစ်)

မေး။ မာရာဝဋ္ဋနာဒိဝသေန၌ အာဒိ အရကို ဖော်ပြပါ။

ဖြေ။ အာဒိ အရ = မျက်စိလည်ရာအခါ, တွေဝေရာအခါ စသည်တို့ကို ယူပါ။ (ဋီသစ်)

ttp://www.dhammadownload.com



**(ဌ၊ နှာ ၃၃၇–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ **ဥလ္လုမ္ပတု ဘဝံ ဂေါတမော ဗြာဟ္မဏိံ ပဇံ** ပါဌ်၏ ဆိုလိုရင်း အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ "အရှင်ဂေါတမသည် ပုဏ္ဏားကလေးကို အပါယ်ရောက်ကြောင်း လမ်းမှ ထုတ်ဆောင်၍ ဗြဟ္မာ့ပြည် ရောက်ကြောင်း လမ်း၌ တည်စေတော်မူပါ"။ ဤကား = ဥလ္လုမ္ပတု ဘဝံ ဂေါတမော ဗြာဟ္မဏိံ ပဇံ ပါဌ်၏ ဆိုလိုရင်း အဓိပ္ပါယ်တည်း။ (ဌ)

မေး။ **ယံ ပမာဏကတံ ကမ္မံ** ၌ (က) ပမာဏကတ (ခ) အပ္ပမာဏကတတို့၏ အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ (က) ပမာဏကတ အရ = ကာမာဝစရကံကို ယူပါ။ (ဌ၊ ဋီသစ်)

အကြောင်း = နှိုင်းယှဉ်ခြင်းကို ပြုတတ်သော သံကိလေသ တရားတို့ကို မခွာနိုင်သောကြောင့်တည်း။

(ခ) အပ္ပမာဏကတ အရ = ရူပါဝစရကံ, အရူပါဝစရကံကို ယူပါ။ (ဌ၊ ဋီသစ်)

အကြောင်း = နှိုင်းယှဉ်ခြင်းကို ပြုတတ်သော သံကိလေသ တရားတို့ကို ခွာနိုင်သောကြောင့်တည်း။

**(ဌ၊ နှာ ၃၃၈–နှင့် ဆက်စပ်သည့် အဓိပ္ပါယ်)**

မေး။ နောက်တစ်ဖန် ထပ်၍ ဒုတိယအကြိမ် သရဏဂုံ ဆောက်တည်ရခြင်း အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ နောက်တစ်ဖန် ထပ်၍ သရဏဂုံ ဆောက်တည်ခြင်းသည် သာ၍ ခိုင်မြဲ၏။ အကျိုးလည်း ပို၍ များ၏။ ထို့ကြောင့် ဒုတိယသရဏဂုံ ဆောက်တည်ရခြင်း ဖြစ်သည်။ (ဋီသစ်)

**၈–နံပါတ် အဓိပ္ပါယ် ပြီးပါပြီ။**

## ရွှေသီလကွန် (ပထမတွဲ) ပြီးပါပြီ။

**သဗ္ဗေ ပူဇေန္တု သက်ပ္ပါ**

ရွှေညဝါ ဦးသုန်
သာသနဓဇ ဓမ္မာစရိယ (တတိယ)
သာသနပါလ ဓမ္မာစရိယ (ဒုတိယ)
ရွှေဟင်္သာသဟာယ ဓမ္မာစရိယ (ဒုတိယ)
ရွှေညဝါ+ရွှေသီလကွန် ကျမ်းပြု ရွှေညဝါ+ဒီကာမ္ဗိက
၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်နေ့
၈၊ ၁၀၊ ၂၀၀၈

ttp://www.dhammadownload.com



## နောက်ဆက်တွဲ ဖြည့်စွက်ကဏ္ဍ

စည်းမျဉ်းကဏ္ဍ၌ အကြောင်းအမျိုးမျိုးကြောင့် မဖော်ပြရသေးသော စည်းမျဉ်းအချို့ကို ဤနောက်ဆက်တွဲ ဖြည့်စွက်ကဏ္ဍ၌ ဖော်ပြအပ်ပါ၏။

### ၁-နံပါတ် အနက်ပေးနည်းစည်းမျဉ်း ဖြည့်စွက်ချက်

* ဝုစ္စတိ ပါသော ဝါကျ၌ နိယမာနိယမ အနက်ပေးနည်း။
ဝုစ္စတိ ပါသော ဝါကျ၌ ကံပုဒ်ကို အနိယမ, နိယမ အဖြစ်ဖြင့် ကြံ၍ အနက်ပေးသော နည်းသည် ဝုစ္စတိ ပါသော ဝါကျ၌ နိယမာနိယမ အနက်ပေးနည်း မည်၏။

ပုံစံ။ မဇ္ဈာတိ ဝုစ္စတိ ပမာဏံ။ (သီ၊ ဋ၊ နှာ-၅၅)
ယံ ပမာဏံ-အကြင်အတိုင်းအရှည်သည်၊ အတ္ထိ-ရှိ၏၊ တံ ပမာဏံ-ထိုအတိုင်းအရှည်ကို၊ မဇ္ဈာတိ-မဇ္ဈာ ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

### ၃-နံပါတ် စောဒကာသောဓိဒိစည်းမျဉ်း ဖြည့်စွက်ချက်

#### သန္ဓာယ ပါသောဝါကျ စတုက္က ပုံသေထုတ်နည်း

သန္ဓာယ ပါသော ဝါကျတို့၌ သံဝဏ္ဏေတဗ္ဗ (ဝါ) ပါဠိတော်သည် စောဒကာဘောဂ ဖြစ်၏။ သံဝဏ္ဏနာ (ဝါ) အဋ္ဌကထာ ဖွင့်ပြချက်သည် စောဒနာ ဖြစ်၏။ သန္ဓာယ ပါသော ဝါကျသည် ပရိဟာရာဘောဂ ဖြစ်၏။

(ပုံစံ-၁)

(က) ဣဓ ပန ရဇောဝ နိသီဒနာသနမေဝ အတ္ထိ။
(ခ) တံ ပဋ္ဌပ္ပေတွာ ။ပ။ နိသီဒိသု။
(ဂ) တံ သန္ဓာယ ဝုတ္တံ "ပညတ္တေ အာသနေ နိသီဒီ"တိ။ (ဋ၊ နှာ-၄၉)

"(က+ခ) စတုက္က"

(၁) နနု ပါဠိယံ "ပညတ္တေ အာသနေ"တိ အဝိသေသတောယေဝ ဝုတ္တံ။
(၂) အထ ကသ္မာ ရဇော နိသီဒနာသနမေဝါတိ ဝိသေသတော တယာ သံဝဏ္ဏိတံ။
(၃) နနု တံ သန္ဓာယ ဝုတ္တံ "ပညတ္တေ အာသနေ နိသီဒီ"တိ။
(၄) တသ္မာ ရဇော နိသီဒနာသနမေဝါတိ ဝိသေသတော မယာ သံဝဏ္ဏိတံ။

(ပုံစံ-၂)

ဝိဟာရေဟတိ ဂန္ဓကုဋိံ သန္ဓာယ အာဟံသု။ (ဋ၊ နှာ-၂၂၅)

"စတုက္က"

(၁) နနု ပါဠိယံ ဝိဟာရေဟတိ အဝိသေသေန ဝုတ္တံ။
(၂) အထ ကသ္မာ ဂန္ဓကုဋိန္တိ ဝိသေသေန တယာ သံဝဏ္ဏိတံ။
(၃) နနု ဝိဟာရေဟတိ ဂန္ဓကုဋိံ သန္ဓာယ အာဟံသု။
(၄) တသ္မာ ဂန္ဓကုဋိန္တိ ဝိသေသေန မယာ သံဝဏ္ဏိတံ။

ttp://www.dhammadownload.com



### သံဝဏ္ဏေတဗ္ဗ+သံဝဏ္ဏနာတို့ ကွဲလေဟန် ဖွင့်ရာ၌ စတုက္က ပုံသေထုတ်နည်း

သံဝဏ္ဏေတဗ္ဗနှင့် သံဝဏ္ဏနာတို့ကို ကွဲပြားခြားနားလေဟန် ဖွင့်ပြရာဝယ် = သံဝဏ္ဏနာ နှစ်ဆင့်ရှိသော ဝါကျ၌ သံဝဏ္ဏေတဗ္ဗသည် စောဒကာဘောဂ ဖြစ်၏။ ဒုတိယသံဝဏ္ဏနာ ဝါကျသည် စောဒနာ ဖြစ်၏။ ပထမသံဝဏ္ဏနာ ဝါကျသည် ပရိဟာရာဘောဂ ဖြစ်၏။

(ပုံစံ–၁)

(က) **သဉ္ဇီယမ္မောတိ** သဉ္ဇီယာ ဝုစ္စတိ ကထာ။

(ခ) ကထာဓမ္မောတိ အတ္ထော။ (ဋ္ဌ၊ နှာ–၄၃+၄၄)

"(က+ခ) စတုက္က"

(၁) နနု ပါဠိယံ သဉ္ဇီယဓမ္မောတိ ဝုတ္တော။

(၂) အထ ကသ္မာ ကထာဓမ္မောတိ အတ္ထောတိ ဝေဒိတဗ္ဗော။

(၃) နနု သဉ္ဇီယာ ဝုစ္စတိ ကထာ။

(၄) တသ္မာ ကထာဓမ္မောတိ အတ္ထောတိ ဝေဒိတဗ္ဗော။

(ပုံစံ–၂)

(က) **မမန္တိ** သာမိဝစနံ။

(ခ) မမာတိ အတ္ထော။ (ဋ္ဌ၊ နှာ–၅၂)

"(က+ခ) စတုက္က"

(၁) နနု ပါဠိယံ မမန္တိ ဝုတ္တံ။

(၂) အထ ကသ္မာ မမာတိ အတ္ထောတိ ဝေဒိတဗ္ဗော။

(၃) နနု မမန္တိ သာမိဝစနံ ဟောတိ။

(၄) တသ္မာ မမာတိ အတ္ထောတိ ဝေဒိတဗ္ဗော။

### သံဝဏ္ဏေတဗ္ဗ+သံဝဏ္ဏနာတို့ ကွဲလေဟန် ဖွင့်ရာ၌ စတုက္က ပုံသေထုတ်နည်း

သံဝဏ္ဏေတဗ္ဗနှင့် သံဝဏ္ဏနာတို့ကို ကွဲပြားခြားနားလေဟန် ဖွင့်ပြရာဝယ် = သံဝဏ္ဏနာ တစ်ဆင့်တည်းသာ ရှိသော ဝါကျ၌ သံဝဏ္ဏေတဗ္ဗသည် စောဒကာဘောဂ ဖြစ်၏။ သံဝဏ္ဏနာသည် စောဒနာ ဖြစ်၏။ ဋီကာပြ ဟိတ်ပါဠ်သည် ပရိဟာရာဘောဂ ဖြစ်၏။

(ပုံစံ–၁)

**အဝိသံဝါဒကော လောကဿာတိ** တာယ သစ္စဝါဒိတာယ လောကံ န ဝိသံဝါဒေတိ။ (ဋ္ဌ၊ နှာ–၇၂)

"လောကံ ပုဒ်ကို ရှု၍ စတုက္က"

(၁) နနု သံဝဏ္ဏေတဗ္ဗပါဠိယံ "လောကဿာ"တိ ဝုတ္တံ။

(၂) အထ ကသ္မာ "လောက"န္တိ တယာ သံဝဏ္ဏိတံ။

(၃) နနု "လောကဿာ"တိ ဧတ္ထ ကမ္မတ္ထေ ဆဋ္ဌီ ဟောတိ။ (ဋီသစ်)

(၄) တသ္မာ "လောက"န္တိ မယာ သံဝဏ္ဏိတံ။

ttp://www.dhammadownload.com



(ပုံစံ-၂)

**အနုပ္ပဒါတာတိ** သန္ဓာနာနုပ္ပဒါတာ။ (ဋ္ဌ၊ နှာ-၇၃)

(၁) နနု သံဝဏ္ဏေတဗ္ဗပါဠိယံ "အနုပ္ပဒါတာ"တွေဝ ဝုတ္တံ။

(၂) အထ ကသ္မာ သန္ဓာနပဒံ ဝဓေတွာ "သန္ဓာနာနုပ္ပဒါတာ"တိ အာဟ။

(၃) နနု ကဿ အနုဗလပ္ပဒါနံ, အနုဝတ္တနဥ္စာတိ? "သဟိတာန"န္တိ ဝုတ္တတ္တာ သန္ဓာနဿာတိ ဝိညာယတိ။ (ဋီသစ်)

(၄) တသ္မာ သန္ဓာနပဒံ ဝဓေတွာ "သန္ဓာနာနုပ္ပဒါတာ"တိ အာဟ။

## ၆-နှုပါတ် အာဘော်+သံဝဏ္ဏနာစည်းမျဉ်း ဖြည့်စွက်ချက်

(နိယံ) ဝိဘတ်မခြား၊ ရှေ့သွင်းငြား၊ ရုပ်ကြား၊ ဓိပ္ပါယာ။

ရှင်း။ သံဝဏ္ဏေတဗ္ဗပုဒ်နှင့် ဝိဘတ်မခြားဘဲ ပုဒ်အပိုတို့ကို ရှေ့၌ ထည့်သွင်း၍ ဖွင့်ပြလျှင် သရုပ်ကြား အဘိဓေယျတ္ထ သံဝဏ္ဏနာသော်လည်းကောင်း၊ အဓိပ္ပါယ်ပြ ဘာဝတ္ထ သံဝဏ္ဏနာသော်လည်းကောင်း ဖော်ရမည်။

ပုံစံ။ **ပရိဗ္ဗာဇကောတိ** သဥ္စယဿ အန္တေဝါသီ ဆန္နပရိဗ္ဗာဇကော။ (ဋ္ဌ၊ နှာ-၃၆)
ဆန္နပရိဗ္ဗာဇကော ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ဤနေရာ၌ ပရိဗ္ဗာဇကအရ အဝတ်မဝတ်သော အစေလက ပရိဗိုဇ်ကို မယူရ၊ အဝတ်ဝတ်သော ဆန္နပရိဗိုဇ်ကို ယူရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။ (အာဘော်)
သရုပ်အနက်ကို ဖွင့်ပြသောကြောင့် သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ မည်၏။ (သံဝဏ္ဏနာ)

* သံဝဏ္ဏေတဗ္ဗ ပရိဗ္ဗာဇက ပုဒ်နှင့် ဝိဘတ်မခြားဘဲ ဆန္န ပုဒ်အပိုကို ရှေ့၌ ထည့်သွင်း၍ ဖွင့်ပြသောကြောင့် သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ ဖော်ရသည်။

ပုံစံ။ **ဝယော အနုပ္ပတ္တောတိ** ပစ္ဆိမဝယံ အနုပ္ပတ္တော။ (ဋ္ဌ၊ နှာ-၁၃၁)
ပစ္ဆိမဝယံ ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ဝယော အနုပ္ပတ္တော၌ ဝယအရ ပစ္ဆိမဝယ ဟူသော နောက်ဆုံးအရွယ်ကို ယူရမည်၏ အဖြစ်ကို ဖွင့်ပြသိစေပါသည်။ (အာဘော်)
သရုပ်အနက်ကို ဖွင့်ပြသောကြောင့် သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ မည်၏။ (သံဝဏ္ဏနာ)

* သံဝဏ္ဏေတဗ္ဗ ဝယပုဒ်နှင့် ဝိဘတ်မခြားဘဲ ပစ္ဆိမ ပုဒ်အပိုကို ရှေ့၌ ထည့်သွင်း၍ ဖွင့်ပြသောကြောင့် သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ ဖော်ရသည်။

ပုံစံ။ **နိဋ္ဌေါသောတိ** ကထာသလ္လာပနိဋ္ဌေါသော။ (ဋ္ဌ၊ နှာ-၁၃၇)
ကထာသလ္လာပနိဋ္ဌေါသော ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် နိဋ္ဌေါသ ဟူသည် တစ်စုံတစ်ခုသော အသံ မဟုတ်၊ စကားပြောသံပင် ဖြစ်၏ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြသိစေပါသည်။ (အာဘော်)
အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ မည်၏။ (သံဝဏ္ဏနာ)

* သံဝဏ္ဏေတဗ္ဗ နိဋ္ဌေါသ ပုဒ်နှင့် ဝိဘတ်မခြားဘဲ ကထာသလ္လာပ ပုဒ်အပိုကို ရှေ့၌ ထည့်သွင်း၍ ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ ဖော်ရသည်။

အမှာ။ သံဝဏ္ဏေတဗ္ဗပုဒ်နှင့် ဝိဘတ်မခြားဘဲ ပုဒ်အပိုတို့ကို ရှေ့၌ ထည့်သွင်း၍ ဖွင့်ပြလျှင် များသောအားဖြင့် သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာသာ ဖော်တော်မူပါ။

ttp://www.dhammadownload.com



# ဓမ္မမှတ်တမ်းလွှာ

ဤကျမ်းစာ ဖြစ်မြောက်အောင်မြင်ရန်အတွက် . . .
အဖက်ဖက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးတော်မူခဲ့ကြသော သံဃာတော်အရှင်သူမြတ်များ၊ သီလရှင် ဆရာလေးများနှင့် ဒါယကာ+ဒါယိကာမများ။

စာမူကြမ်းကို ပရူ(ဖ်)ဖတ်၍ ဝေဖန်အကြံပြုပေးခဲ့ကြသော ဦးဇာဂရ (သာသနဓဇ ဓမ္မာစရိယ)၊ ရွှေဘုံသာကျောင်း၊ မြောက်ဥက္ကလာပမြို့။ ဦးစန္ဒပိယ (သာသနဓဇဓမ္မာစရိယ)၊ မိုးကောင်းစာသင်တိုက်၊ ဟင်္သာတမြို့။ မသုန္ဒရဝတီ (တိုင်းပဌမကျော်၊ ဓမ္မာစရိယ–သီ+ဏီ နှစ်ကျမ်းစွဲ၊ B.E,)၊ မြစ်ကွေ့စာသင်တိုက်၊ ဟင်္သာတမြို့။ ဦးကျော်မြင့် (သ.စ.အ သိရီပဝရ ဓမ္မာစရိယ၊ ပါဠိပါရဂူ)၊ မြတ်ရတနာရွှေဆိုင်၊ ဓနုဖြူမြို့နှင့် စာပေပညာရှင်များ။

ဤကျမ်းစာအုပ်ကို နိဂုံးကမ္ပတ် အဆုံးသတ်ရာဝယ် အခက်အခဲ အကြပ်အတည်း အလွန်များပြားလှသည့် ၂၀၀၇၊ ၂၀၀၈–ခုနှစ်တို့၌ ဝိုင်းဝန်းကူညီခဲ့ကြသော ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့၊ (၂)ရပ်ကွက်၊ အာသာဝတီလမ်း၊ ပွေးလှကမ္ဘာအေးကျောင်း မိသားစု။

စာရေးသူ၏ ကျမ်းစာအုပ်များကို ထုတ်ဝေနိုင်ရန်အတွက် ပင်မပဒေသာပင် စိုက်ထူလှူဒါန်းပေးသော မောင်ဇေယျာစိုး+မသက်သက်ချို မိသားစု၊ ရန်ကုန်မြို့။

ကွန်ပျူတာ စာစီပေးသော ရှင်–အရှင်ပညာသိရီ (စာချ, ဂဏဝါစက)၊ စေတီကြီးပရိယတ္တိ စာသင်တိုက်၊ ပင်းတယမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။

ပန်းတနော်မြို့၊ မြတောင်စာသင်တိုက်မှ စာချ–အရှင်ကုသလနှင့် အရှင်သီလပိယ၊ ကြည့်မြင်တိုင်မြို့မှ မောင်ထွန်းဇော်လင်း (ခ) ဖိုးဇော်ကြီး၊ မထူးထူးအောင် (ခ) မထူး၊ မဝင်းမင်းသန်း (ခ) မန်း အစရှိသော ကွန်ပျူတာ ဝိုင်းတော်သားများ။

ttp://www.dhammadownload.com

မြောက်ဥက္ကလာပမြို့မှ ကိုညွန့်ဝင်းနှင့် စာပေဝိုင်းတော်သားများ အစရှိသော ဓမ္မမိတ်ဆွေ အပေါင်းတို့သည် ဤကျမ်းစာအုပ် ဖြစ်မြောက်အောင်မြင်ရာ၌ ကူညီပံ့ပိုးပေးသူများပင် ဖြစ်၏ဟူ၍ ဓမ္မမှတ်တမ်းတင်အပ်ပါသည်။

## ထပ်ဆင့်ဓမ္မမှတ်တမ်းလွှာ

ကျမ်းပြု အရှင်သည် တစ်နေရာတည်း၌ ငြိမ်ငြိမ်နေလေ့ မရှိပါ။ အနည်းဆုံး တစ်နှစ်တစ်ကျောင်း ပြောင်းလေ့ရှိ၏။ စာမူများကိုလည်း ကိုယ်တိုင် လက်ရေးဖြင့် ရေးသားလေ့ မရှိပါ။ ကွန်ပျူတာ စာစီသမားအား နှုတ်ဖြင့်သာ ခေါ်ပေးလေ့ရှိ၏။ အကြိမ်ကြိမ် မှား၏။ အကြိမ်ကြိမ် ဖျက်ပြီး ပြန်ရိုက်ရ၏။ ဓိဇာအလွန်ကြောင်၏။ ဤသို့သဘောရှိသော ကျမ်းပြုအရှင် ဖြစ်၏။ ကျမ်းပြုအရှင် ပြောင်းရွှေ့သော ကျောင်းတိုက်များသို့ အတူတကွ လိုက်ပါပြောင်းရွှေ့ပြီး ပရိယတ္တိ သာသနာတော် အကျိုးကို အာရုံပြု၍ မညည်းမငြူ ကွန်ပျူတာစာစီပေးတော်မူသော ရှာစံ–အရှင်ပညာသိရီ (ပင်းတယ)သည် ဤရွှေသီလက္ခန် ကျမ်းစာအုပ် ဖြစ်မြောက် အောင်မြင်ရေးအတွက် အဓိက ပါဝင် ဆောင်ရွက်ပေးသော အရှင်မြတ်ပင် ဖြစ်၏ဟူ၍ အထူးဓမ္မမှတ်တမ်းတင်အပ်ပါသည်။

**သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ**

ရွှေညဝါ ဦးသုန်
ရွှေညဝါ+ဒိကမ္ပိက

၁၃၇၀ ပြည့် နှစ် သီတင်းကျွတ်လဆန်း ၉ ရက်နေ့
၈၊ ၁၀၊ ၂၀၀၈

ttp://www.dhammadownload.com



# ရွှေဆုမွန်

ဇီဝဇိုးငှက်ငယ်လေးသည် လောကကြီး၌ ပြန့်ကြဲနေသော အစာများကို ရှာဖွေ၍ ဝမ်းထဲသို့ ထည့်၏။ ထို့နောက် ယင်းအစာများကို ကမ်းပါးယံ၌ ထွေးအန်၍ အသိုက်ဆောက်၏။ ယင်းငှက်ငယ်များ၏ အစာသိုက်သည် လောကသားတို့အတွက် ဆေးဘက်ဝင်၏။ ယင်းအသိုက်ကို "ငှက်သိုက်"ဟု ခေါ်၏။

ရ. စာရေးသူသည်လည်း ပိဋကတ်ပင်လယ်၌ ပြန့်ကြဲနေသော ဓမ္မများကို ရှာဖွေ၍ ဝမ်းထဲသို့ တတ်စွမ်းသမျှ ထည့်၏။ ထို့နောက် ယင်းဓမ္မများကို ထုတ်ဖော်ပါ၏။ ဆရာသမား, သီတင်းသုံးဘော် သူငယ်ချင်းတို့၏ ကျောင်းတိုက်များနှင့် အသိဒါယကာတို့၏ အိမ်များ၌ သီတင်းသုံး၍ ကြုံသလို အနေအထားဖြင့် ကျမ်းစာအုပ်များကို ရေးသားပါ၏။ ကျမ်းပြုစဉ်အချိန်၌ အစားအသောက် အဆင်မပြေခြင်း, နေရာထိုင်ခင်း မရှိခြင်း, ကျန်းမာရေး ချို့တဲ့ခြင်း အစရှိသော အခက်အခဲများ၊ ဆရာသမားများ ပျံလွန်တော်မူခြင်း, ဖခင်ကြီး အနိစ္စရောက်ခြင်း အစရှိသော ဗျသနတရားများနှင့်လည်း စာရေးသူ ကြုံတွေ့ခဲ့ပါ၏။

ယင်းအခက်အခဲများကြားမှပင် စာရေးသူ စာလိုက်ခဲ့ရသော စာချဆရာတော်တို့၏ နည်းများကိုလည်းကောင်း၊ ဖတ်ရှုလေ့လာ မှတ်သားခဲ့ရသော ကျမ်းစာအုပ်တို့မှ နည်းများကိုလည်းကောင်း၊ စာရေးသူ တီထွင်ခဲ့သော နည်းများကိုလည်းကောင်း မတိမ်ကော မပပျောက်စေခြင်း, နောင်လာနောက်ဖွား စာသင်သားများ လွယ်ကူစွာ သိနားလည်စေခြင်း အကျိုးငှာ ရည်သန်၍ စာရေးသူသည် ရွှေညဝါ, ရွှေသီလက္ခန် စသော ကျမ်းများကို ရေးသားပြုစုပါ၏။ (ဝါ) စာရေးသူသည် ဝမ်းထဲ၌ ထည့်သွင်း သိမ်းထားသော ဓမ္မများကို ထွေးအန်၍ အသိုက်ဆောက်ပါ၏။

အခက်အခဲ အတိကြားမှ မွေးဖွားတည်ဆောက်ထားသော ကျမ်းပြုအရှင်၏ ဓမ္မသိုက်ကို အချို့အချို့သော ပုဂ္ဂိုလ်များကား "ငါ့အသိုက်၊ ငါ့အသိုက်"ဟု ဟစ်ကြွေးနေကြချေ၏။

အသို့ ဆိုစေ ... ဇီဝဇိုးငှက်လေး၏ အစာသိုက်သည် လူသားများအတွက် အကျိုးပြု၏။ ထို့အတူ စာရေးသူ၏ ဓမ္မသိုက်သည်လည်း စာချ+စာသင် သံဃာတော် အရှင်မြတ်များအတွက် အကျိုးပြုပါစေဟုသာ ဆုမွန်ပါ၏။ ဤဆုသည်ကား ရွှေညဝါ+ဒိကမ္ဘိက အရှင်၏ အသည်းနှလုံးမှ ယိုစိမ့်လာသော ရွှေဆုမွန်သာ ဖြစ်ပေတော့သတည်း။

ttp://www.dhammadownload.com



# ရွှေညဝါ-ဦးသုန် ခြယ်မှုန်းသော ရွှေစာစဉ်များ

| | | | |
|---|---|---|---|
| (မူ-သီးသန့်) | တိကမာတိကာ | ရွှေညဝါအမှတ်(၁) | (ထွက်ပြီ) |
| (ငယ်-သီးသန့်) | မာ+စာ | ရွှေညဝါအမှတ်(၂) | (ထွက်ပြီ) |
| (လတ်-သီးသန့်) | မာ+စာ | ရွှေညဝါအမှတ်(၃) | (ထွက်ပြီ) |
| (လတ်) | ရွှေယမိုက် | ရွှေညဝါအမှတ်(၄) | (ထွက်ပြီ) |
| (ကြီး) | ရွှေယမိုက် | ရွှေညဝါအမှတ်(၅) | (ထွက်ပြီ) |
| (ကြီး) | ရွှေပဋ္ဌာန်း | ရွှေညဝါအမှတ်(၆) | (ရေးဆဲ) |
| (စာချ) | ရွှေသီလက္ခန်(ပ+ဒု) | ရွှေစာစဉ်အမှတ်(၇) | (ထွက်ပြီ) |
| (စာချ) | ရွှေသီလက္ခန်(တ) | ရွှေစာစဉ်အမှတ်(၇) | (ရေးဆဲ) |
| (စာချ) | ရွှေပါရာဇိကဏ် | ရွှေစာစဉ်အမှတ်(၈) | ( မျှော် ) |
| - | ရွှေသဒ္ဒါ | ရွှေစာစဉ်အမှတ်(၉) | ( မျှော် ) |
| | ရွှေစကား (ဒဿနများ) | ရွှေစာစဉ်အမှတ်(၁၀) | ( မျှော် ) |

ရွှေသီလက္ခန် ဒုတိယတွဲ၌ စတုက္က၊ ဝိဂြိုဟ်၊ သမ္ဘန် နိဂုတ္တိတို့ကို ပုံစံ ၁၀၀၀-စီတို့ဖြင့် စီရရီ ခြယ်မှုန်းတင်ပြထားသည်။

**"ရွှေအစာ"**

ရွှေကျမ်းညဝါ၊ သုတ်သီလာဝယ်
စစ်ရှာဖွေလှန်၊ စောဒနံကို
သယံ သောဓနာ၊ ဖြေမလာဘဲ
ယံဝါ တံဝါ၊ လုပ်နေရှာလျှင်
သေချာပြီပေါ့ သဟာယ်ချင်း။

ရင်ကိုလှန်ကြည့်၊ မှန်မသိလျှင်၊ နိုး(NO)ပဏ္ဍိဘဲ သူငယ်ချင်း။
အစစ်ဖယ်သွန်၊ အတုညွှန်၊ မလွန်ဘူးလား သူငယ်ချင်း။